

သက်နိုင်စာပေ

# မင်းဒင်ရဲ့ သက်ခိုင်





ခေတ်ရေစီးကို
စုန်ဆန်ကူးခတ်လျက်
လောကစံကို
ဖက်ပြိုင်အံတုခဲ့သူတယောက်၏
ရုပ်ပုံလွှာ ဘဝထုပ္ပတ်
သို့မဟုတ် ...
ခေတ်၏ မြင်ကွင်းကျယ်
ရောင်စုံရုပ်ပုံကားချပ် ...

ISBN 978-99971-0-043-6
9789997100436

သေစာရှင်စာမျုပင် တတ်မြောက်မသွားခဲ့ရှာသော
ကွယ်လွန်သူ မိခင်ကြီးသို့

သက်နိုင် စာပေ
အမှတ်(၁၆၄)၊ ၃၄လမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
၀၉ - ၇၃၀၁၁၀၆၈၀၀၊ ၀၉ - ၄၃၁၀၆၄၅၅၂

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများ အား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ် မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မင်းဒင် ရဲ့ သက်ခိုင်

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ = သက်နိုင်စာပေ
(၁၃၂၀၈ ယ ၁၇၄၇၀၆၁၃)
ပုံနှိပ်သူ = နေသစ်ဦး
အမှတ် (၁၆၅)၊ ၃၄ လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိသူ = သက်နိုင် စာပေ (မြန်မာတစ်ပြည်လုံးအတွက်)
အမှတ် (၁၆၄)၊ ၃၄ လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၇၃၀၁၁၆၈၀၊ ၀၉-၄၃၁၆၄၅၅၂

ထုတ်ဝေခြင်း = ဒုတိယအကြိမ် (၂၀၁၃-ခုနှစ်၊ ဖွန်လ)
အုပ်ရေ = ၁၀၀၀
တန်ဖိုး = ၆၀၀၀ - ကျပ်

895.83
မင်းခင်
မင်းခင်ရဲ့သက်နိုင် / မင်းခင်။ ရန်ကုန်
သက်နိုင် စာပေ၊ ၂၀၁၃
၇၃၀-စာ
(၂) မင်းခင်ရဲ့သက်နိုင်

ISBN 978.99971-0-043-6

# မာတိကာ

## အပိုင်း (၁)

## သက်ခိုင်၏ ဘဝကောက်ကြောင်း


အခန်း

၁။ သက်ခိုင်ဟုခေါ်သည် ၁၇

၂။ သူသည်သက်ခိုင် ၂၃

၃။ ခြေကျင်းပြုတ်ချင်သည် ၂၇

၄။ ဘဝချင်းဆုံခဲ့သူများ ၃၁

၅။ အတိတ်ကိုလှန်၊ ဇာတ်ကြောင်းပြန်သော် ၃၅

၆။ ဇာတိနတ်မောက်၊ မကွေးခရိုင် ၃၉

၇။ နတ်မောက်သွားတောလား ၄၃

၈။ မကွေးရာနယ်မြေက သက်ခိုင် ၄၇

၉။ ကျော်ရှိန်(ခ)အငယ်လေး(ခ) ကမာရွတ် ၅၁

၁၀။ ကုလားလူမိုက်အာရကီး ၅၅

၁၁။ အရှုံးတွေကြားက သက်ခိုင် ၅၉

၁၂။ စာကြမ်းပိုးသက်ခိုင်၊ ဘဝကြမ်းပိုးသက်ခိုင် ၆၅

၁၃။ ခိုးသည်၊ ဆိုးသည် ၇၁

၁၄။ မယ်တော့်ကို အတိုးပေးသူများ ၇၇

၁၅။ အဇာတသတ်နဲ့တွေ့ဆုံခြင်း ၈၁

၁၆။ လူသည်နိုင်ငံရေးသတ္တဝါဖြစ်သည် ၈၅

၁၇။ ဆူပူလှုပ်ရှား၊ အဖျက်သမားသက်ခိုင် ၉၁

၁၈။ မဆလကို မုန်းသည် ၉၇

၁၉။ စနစ်ကို အတင်းပြောင်းမည် ၁၀၃

၂၀။ လွဲခဲ့လေသော ရတနာပုံ ၁၀၇

၂၁။ နောက်တခါလာပြန်ပြီဟေ့ ၁၁၁

၂၂။ လူဆိုးတွေနဲ့ ရှန်ရှူဒင် ၁၁၅

၂၃။ မြန်မာပြည် ချူကလီးယား စီမံကိန်း၏အစပေလော ၁၂၀

၂၄။ သက်ခိုင်ရဲ့ မရဏာနုဿတိ ၁၂၅
၂၅။ ဘဝစစ်မြေပြင်သို့ ၁၂၉

## အပိုင်း (၂)
## သက်ခိုင်၏ မုန်တိုင်းထန်သော ကာလများ

၂၆။ ဒါရိုက်တာသက်ခိုင် ၁၃၇
၂၇။ ချိုတမြမြခါးသလေလေ့ ၁၄၃
၂၈။ ဝိဘတ်ကြမ္မာလော ၁၄၉
၂၉။ ဦးသာစရဲ့နားပန်းဆံ ၁၅၅
၃၀။ ဂျာအေးကို သူ့အမေရိုက်နေသူများ ၁၅၉
၃၁။ ရံခါ၌ ဤသို့ဖြစ်တတ်၏ ၁၆၅
၃၂။ မိုက်တယ်ဆိုတာ လွယ်ပါတယ် ၁၇၁
၃၃။ အောင်စစ်သည်များသို့တမ်းချင်း ၁၇၇
၃၄။ သက်ခိုင်နှင့် သူ၏စစ်ဗိုလ်များ ၁၈၁
၃၅။ ကိုယ်တွေ့ရှေ့တန်းစစ်မြေပြင် ၁၈၇
၃၆။ ဗိုလ်မှူးအောင်မြင့် ကောင်းရာသုဂတိလားပါစေ ၁၉၃
၃၇။ ကိုဘိုကေရယ်၊ ဒေါင်းလန်းကြီးရဲ့အလယ် ၁၉၇
၃၈။ ဘဝတဆစ်ချိုး ၂၀၁
၃၉။ မုန်တိုင်းနှင့် လက်တကမ်းအလို ၂၀၅
၄၀။ မုန်တိုင်းဝင်ပြီ ၂၁၁
၄၁။ မုန်တိုင်းထန်သော ရက်စွဲများ ၂၁၇
၄၂။ နိုင်ငံတော်ကို သွေးစွန်းခဲ့သည် ၂၂၃
၄၃။ ဓားကိုဓားချင်း၊ လှံကို လှံချင်း ၂၂၉
၄၄။ နွားသိုးမှန်ရင်တော့၊ ကျို(ချို)ချက် ဘယ်ကင်းပါ့မလဲ ၂၃၅
၄၅။ သွေးကြွေးဆပ်ခြင်း(သို့) စံရိပ်ငြိမ်ဘဏ်တိုက်ပွဲ ၂၃၉
၄၆။ အမြောက်သံစိန်သံ ဗုံးသံတွေကြား ၂၄၅
၄၇။ ရဲဘော်လှခင်၊ သင့်အားဦးညွှတ်ပါ၏ ၂၅၁
၄၈။ လက်နက်ကိုင်တော်လှန်ရေးဆီသို့ ၂၅၇
၄၉။ ဖြစ်ပျက်ရာပုံတော်ခရီးသည် ၂၆၁
၅၀။ စိုးနှောင့်ဗျာပွေ၊ တာရှည်သည့်နေ့ရက်များ ၂၆၇

## အပိုင်း (၃)
## သက်ခိုင်၏ စီးချင်းထိုးပွဲများ


၅၁။ လူကြီးမင်းကိုယ်တိုင် မပျက်မကွက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည် ၂၇၅
၅၂။ မင်းလည်းယောက်ျား၊ ငါလည်းယောက်ျား ၂၈၁
၅၃။ မောင့်ကိုသေစေ၊ ညွှန်းရော့လေသလား ၂၈၇
၅၄။ မူးယစ်ဝေ၊ နွေရက်များကို ဖြတ်ကျော်ခြင်း ၂၉၅
၅၅။ ကျောမွဲများဆီသို့ တခေါက် ၃၀၁
၅၆။ ဒုက္ခနဲ့ ဆော့ကစား၊ နင်လားဟဲ့ လောကဓံ ၃၀၇
၅၇။ လူမိုက်ဆိုတာ ဂျို(ချို)နဲ့လားဗျို့ ၃၁၃
၅၈။ ဦးအိုက်ထွန်းနှင့် စီးချင်းထိုးခြင်း ၃၁၉
၅၉။ အမေ ၃၂၇
၆၀။ အာရကီးနဲ့ကြောက်ကွဲ ၃၃၃
၆၁။ တိမ်ပေါ်ခုန်တက်၊ မိုက်လိုက်စမ်း ၃၃၉
၆၂။ သန်းကောင်ထက်နက်တဲ့ညဥ့် ၃၄၅
၆၃။ တိတ်ဆိတ်သော်လည်း ကြားနိုင်သည် ၃၅၃
၆၄။ မိုးကိုဒူးနှင့်တိုက်ချင်သူ ၃၅၉
၆၅။ ချစ်တီးသူရဲ ၃၆၅
၆၆။ အင်းစိန်စီအိုင်ဒီနှင့် တပွဲတလမ်း ၃၇၁
၆၇။ မိန်းမဆိုးအမုန်း ၃၇၉
၆၈။ ပွဲတိုင်းကျော် ၃၈၃
၆၉။ မြင့်မိုရ်ကိုဖျက်ချေ၊ ပျက်ကြွေမဲ့ယောက်ျား ၃၈၉
၇၀။ ခါချဉ်တကောင်ရဲ့မာန ၃၉၅
၇၁။ တော်ရာမှာ မပျော်သာတဲ့ မင်းခယောက်ျား ၄၀၃
၇၂။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ပေါက်ယူချန်း ၄၀၉
၇၃။ ဘာမထီသက်ခိုင် ၄၁၇
၇၄။ နေဆီပျံမည့်ငှက် (သို့) မုန်တိုင်းဇင်ယော် ၄၂၇
၇၅။ ကွေကွင်းနောက်ဆုံး၊ အမုန်းမှတ်တိုင် ၄၃၅

# အပိုင်း (၄)
# သက်ခိုင်၏ မဆုံးသောနိဂုံး


| | |
|---|---|
| ၇၆။ သေခြင်းတရားနဲ့ ထွေခင်းကစားခဲ့ | ၄၄၅ |
| ၇၇။ ဆုံးရမဲ့မှာတယ်၊ ဘိုဘဝတကွေ့ဝယ် | ၄၅၃ |
| ၇၈။ မျှော်လင့်ချက်မဲ့တဲ့ နေ့တွေလည်းရှိ | ၅၆၃ |
| ၇၉။ ဘုရားဖြစ်မဲ့ အုတ်နီခဲ | ၄၇၃ |
| ၈၀။ စခန်းမြေဟိုတခိုမှာလ | ၄၇၉ |
| ၈၁။ ဖော်ကောင်သက်ခိုင် | ၄၈၉ |
| ၈၂။ နတ်မိမယ်တို့ ပျော်စံရာ | ၅၀၃ |
| ၈၃။ ပျံလေတဲ့ ငှက်ခါး | ၅၁၁ |
| ၈၄။ အောင်ကျော်ချမ်းအေး၊ မန္တလေး | ၅၂၀ |
| ၈၅။ သက်ခိုင်ရဲ့ အိုင်ယာကော့ကာ | ၅၃၃ |
| ၈၆။ သေရွာပြန်နိဒါန်း | ၅၄၇ |
| ၈၇။ ရာဇဝင်ထဲက မောင်ဝိတ် | ၅၅၉ |
| ၈၈။ ဘဝတခုပျက်သုဉ်းခြင်း | ၅၇၃ |
| ၈၉။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဒေါ်ကြည်ကြည် | ၅၈၅ |
| ၉၀။ မယားပြိုင်ဟု ခေါ်တွင်စေရမည် | ၅၉၇ |
| ၉၁။ ကမ္ဘာခြားလေသူများ | ၆၀၉ |
| ၉၂။ သပွတ်အူထဲက သက်ခိုင် | ၆၁၇ |
| ၉၃။ ညစ်သမျှကို | ၆၃၃ |
| ၉၄။ သေရွာပြန်သက်ခိုင် | ၆၄၅ |
| ၉၅။ စိုးမြတ်နဲ့ သက်ခိုင် | ၆၅၅ |
| ၉၆။ ယစ်ထုပ်သက်ခိုင် | ၆၆၇ |
| ၉၇။ သက်ခိုင်ရဲ့ကုဏ္ဍလိနီ | ၆၈၁ |
| ၉၈။ ကာမဘုံသား၊ ဆုံလည်နွား | ၆၈၉ |
| ၉၉။ တရုပ်သံအမတ်ကြီးလျှန်တုန်းနှင့်သက်ခိုင် | ၇၀၅ |
| ၁၀၀။ မောင်ဝိတ်နှင့်အတွံ့အလှည့် | ၇၁၅ |
| ၁၀၁။ မဆုံးသောနိဂုံး | ၇၂၅ |

## ဒုတိယအကြိမ် ပုံနှိပ်ခြင်းအတွက် စာရေးသူ့အမှာ

"မင်းဒင်ရဲ့ သက်ခိုင်" သည် စာရေးသူ၏ရင်တွင်း၌ နှစ်ကာလအားဖြင့် ကြာရှည်လေးမြင့်စွာကပင် ဖြစ်ပေါ် တည်ရှိခဲ့သော ဇာတ်လမ်းတပုဒ်ဖြစ်ပါသည်။ အခွင့်သာသည့် ၂၀၀၈ ခုနှစ်ဝန်းကျင်၌ www.mindin.info တွင် စတင်လူးလွန့်နိုးကြားလာခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ပထမအကြိမ် ပုံနှိပ်စာအုပ်အဖြစ် အလားမြောက်ခဲ့ပါသည်။ မျှော်လင့်မထားသည့် အခြေအနေတရပ်အထိ စာဖတ်သူတို့၏ အားပေးမှုများ ရရှိခဲ့သောကြောင့် သက်ခိုင်ကိုထုဆစ် ဖန်တီးရကျိုးနပ်သည်ဟူသော ဝမ်းမြောက်ပီတိဖြင့် စာဖတ်သူများအား ကျေးဇူးစကား လေးနက်စွာဆိုပါ၏။ စင်စစ် ထိုကျေးဇူးတရား၏ နောက်ဆက်တွဲသည်ပင် "မင်းဒင်ရဲ့သက်ခိုင်" ကို ဒုတိယအကြိမ် ထပ်မံပုံနှိပ်ထုတ်ဝေနိုင်ခြင်း၏ အခြေခံအကြောင်းတရားဖြစ်ချေသည်။

ဤစာအုပ်တွင် ဇာတ်ကောင်အမည်အများစုမှာ သက်ရှိထင်ရှားရှိခဲ့သူများ၊ ရှိနေသူများ၏ အမည်နာမများ ပါဝင်နေလေရာ ကာယကံရှင်ပုဂ္ဂိုလ်အချို့အနေဖြင့် မနှစ်မြို့စရာဖြစ်ကြမည်မှာ သေချာလှသော အချက်ဖြစ်၏။ စင်စစ် သက်ခိုင်သည် အမှန်တကယ်သက်ရှိထင်ရှားရှိသည့် ဇာတ်ကောင်ဖြစ်ရုံမက သူကျင်လည်ခဲ့သည့် ခေတ်ကာလအပိုင်းအခြားမှာလည်း လက်ရှိကာလနှင့် မနီးမဝေးသည့် ကာလပင်ဖြစ်၍ ဤဇာတ်အိမ်သည် သက်ရှိထင်ရှားဇာတ်ကောင်များနှင့် ဆပ်စပ်နေရခြင်း ဖြစ်ပေသည်။ စာရေးသူအနေဖြင့် မျက်မှောက်ခေတ်လူငယ်များအား ဘဝသင်ခန်းစာ၊ သမိုင်းသင်ခန်းစာဖြစ်လိုဖြစ်ငြားသာ ရည်ရွယ်ခဲ့ပြီး တစုံတယောက်သို့ ထိခိုက်နစ်နာစေရန် ရည်သန်ခဲ့သည်မဟုတ်ချေ။ စာရေးသူအနေဖြင့် သက်ခိုင်ကို ဖန်တီးရာ၌ အာဃာတရားကို အတတ်နိုင်ဆုံး မေ့ပျောက်ဖယ်ရှားလျက် သံဝေဂတရားဖက်သို့ ဇောင်းပေးရေးသားခဲ့ရိုးအမှန်ဖြစ်ပါသည်။ ရေးသားနေစဉ်ကာလတွင်လည်း စာရေးသူ၏ စိတ်အစဉ်ကို ကြိမ်ဖန်များစွာ ဆုံးမခဲ့သည်မှာလည်း မှန်သောသစ္စာစကားဟု လိပ်ပြာသန့်စွာ ဆိုဝံ့ပါသည်။

ထို့ကြောင့် ဇာတ်လမ်းပါ အကြောင်းခြင်းရာအားလုံးမှာ စာရေးသူ တတ်စွမ်းသမျှ ချယ်မှုန်းပုံဖော်ထားသည့် သက်ခိုင်၏ ခံစားချက်အတွေးအမြင်မျှသာဖြစ်လေရာ စာဖတ်သူတို့အနေဖြင့် ဖော်ပြထားသမျှသော အချက်အလက်၊ ဖြစ်ရပ်အားလုံးသည် ပရမတ်ဆတ်ဆတ် မုချ အမှန်ချည်းဖြစ်သည်ဟု ယူဆကြရန်မဟုတ်မူဘဲ မိမိတို့ ကိုယ်ပိုင် ဆင်ခြင်တုံတရားဖြင့် အကြောင်း ယုတ္တိတန်သည် မတန်သည်ကို ဝေဖန်ပိုင်းခြားကြရန် ဖြစ်ပါသည်။

ဒုတိယအကြိမ်ရိုက်နှိပ်ခြင်းတွင် ပထမအကြိမ်ရိုက်နှိပ်စဉ်က လွဲမှားစွာဖော်ပြမိခဲ့သော အကြောင်းအချက် အမည်နာမအချို့ကို ပြည့်စွက်ပြင်ဆင်ဖော်ပြထားပါသည်။ ထိုသို့ဖော်ပြနိုင်ရန်အတွက် မေတ္တာစေတနာဖြင့် ထောက်ပြပြင်ဆင်ပေးခဲ့သူများအား ကျေးဇူးအထူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ရသစာအုပ်တအုပ် ပီပြင်စွာဖြစ်ပေါ် လာနိုင်ခြင်းမှာ အခိုက်အတန့်အားဖြင့် စာရေးသူတွင် ပူးကပ်လာသော ရှာန်သဘောနှင့် အခြေအနေပေးမှု အပေါ်တွင်သာ မူတည်လေရာ ဒုတိယအကြိမ်ရိုက်နှိပ်ထုတ်ဝေရခြင်းအတွက် စာရေးသူအနေဖြင့် ဂုဏ်ယူပလွှားစရာ အကြောင်းမမြင်ဘဲ၊ ဤစာအုပ်ဖြစ်ပေါ် လာနိုင်ရေးအတွက် ဝိုင်းဝန်းအားထုတ်ပေးခဲ့ကြသည့် ပန်းချီမျိုးမြင့်၊ ရခိုင်သတင်းစာ အယ်ဒီတာဦးဌေးဝင်း၊ ဓာတ်ပုံ ဂျစ်ထူး (မုံရွာ)၊ ကိုသီဟမောင်မောင်၊ ကဗျာဆရာနှင်းခါးမိုး၊ ကိုဈာန်၊ ကိုဝင်းဟိန်း၊ ကိုဝင်းမြင့် (စက်ာပူ)၊ ကိုရဲ (စက်ာပူ)၊ ရွှေပြည်စိုး (စက်ာပူ) နှင့်တကွ စာဖတ်ပရိတ်အားလုံး၏ ကျေးဇူးတရားသို့သာ ဦးညွှတ်လိုပါသည်။

ချမ်းသာကိုယ်စိတ်မြဲပါစေ

လေးစားမှုများဖြင့်

မင်းဒင်

mindin3000@gmail.com

၂၀၁၃ ခုနှစ်၊ မတ်လ (၃၁) ရက်

ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေ

## "မင်းဒင်ရဲ့ သက်ခိုင်" ကို ဤသို့ ရှုမြင်ကြသည်

ကိုသက်ခိုင် အကြောင်းဖတ်ရတာ ခေတ်ကြီးကို ဒေါင်လိုက်ရော အလျားလိုက်ပါ မြင် နေရသလို ပါပဲဗျာ။ ကျွန်တော်တို့ တယောက်စကား တယောက်နားနဲ့ပဲ ပြီးခဲ့ရတဲ့အချိန်တွေ နည်းမှ မနည်းတော့ တာ။ အခုလို ဖော်ထုတ်ရေးသားမှပဲ အများသိခွင့်ရတော့တာပဲဗျာ။ ဒီဇာတ်လမ်းက လူတစ်ယောက် အကြောင်းပါ။ ဒါပေမဲ့ တပြိုင်နက်တည်း ခေတ်ကြီးအကြောင်းလည်း ဖြစ်နေတယ်ဗျာ။ သစ်တစ်ပင် တော့ သစ်တစ်ပင်ပါပဲ။ ဒါပေမဲ့ တချိန်တည်းမှာပဲ တောအုပ်ကြီးကိုလည်း မြင်နေရပါတယ်။ ကျွန်တော် တို့ စာပေမှာ ကွက်လပ်ဖြစ်နေတဲ့နေရာတွေ လိုက်ဖြည့်ပေးတဲ့အတွက် ကျေးဇူးပါ။

ညီထက်ညီ
smsy.mmwordpress.com

■

အမြဲ စောင့်ဖတ်နေမိတယ်။ အကြောင်းအရာရော၊ အရေးအသား တင်ပြပုံပါ ကောင်းလွန်းလို့ တစ်ပိုင်း ဖတ်ပြီးတိုင်း နောက်တစ်ပိုင်း မျှော်မိတယ်။ မြန်မာပြည်မှာ စီးပွားရေး အကြီးအကျယ် လုပ်ကြတာတွေ၊ မထူးဆန်းစွာ ပျက်စီးခြင်းငါးပါး ဆိုက်သွားတာတွေ ဖတ်ရပြီး ကျနော်တော့ Powerful Actors တွေနဲ့ Power Play နေကြတာလို့ပဲ စိတ်မျက်လက်ပျက်မြင်မိတယ်။

**Mg September**

■

ဘလော်ဂါ အများစုသည် လူငယ်များဖြစ်သည်။ ရှုပ်ထွေးလှသော မြန်မာ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အခြေအနေများကို သိသလိုလို မသိသလိုလို ဖြတ်သန်းလာရသော လူငယ်များအဖို့ မြန်မာပြည်၏ ခေတ်၊ စနစ်သည် အထူးအားထုတ် လေ့လာမှု မရှိလျှင် လုံးစေ့ပတ်စေ့ နားလည်ရန် ခက်နိုင်မည်။ မှတ်တမ်းမှတ်ရာ၊ ပြောကြဆိုကြသည်မှာကလည်း ပြန့်ကျဲ၍နေသည်။ ထိုထို ပြန့်ကျဲပြီး

နားလည်ရခက်နေသည့် သော့ချက်ကို မင်းဒင်ရဲ့သက်ခိုင်က ဖွင့်ပေးလိုက်သလိုရှိသည်။ ထို့ကြောင့် 'လှပ' သည်ဟု ကျနော် အကဲခတ်သည်။

မင်းဒင်နှင့်သက်ခိုင်သည် တယောက်တည်းဖြစ်စေ၊ နှစ်ယောက်ဖြစ်စေ ဤအချက်သည် အဓိက မကျလှ။ ဝါးတားတားစာမျက်နှာဖြစ်နေသည့် အနီးကပ်သမိုင်း (ခေတ်ပြိုင်သမိုင်း)ကို သိချင်သည်က ကျနော်၏အာသာ။ အပျက်ပျက်ခေတ်ကြီး၊ အလွဲလွဲစနစ်ကြီး၏ အမြစ်ကို တူးဆွကြည့်ချင်သောဆန္ဒကို မင်းဒင်ရဲ့သက်ခိုင်က ဖြည့်ဆည်းပေးသည်။ သေချာသည်က မင်းဒင်ရဲ့သက်ခိုင်သည် အသက်ရှူနေသော ဝတ္ထု၊ သို့မဟုတ် အတွင်းသားကိုလှစ်ပြသည့် ခေတ်ပြိုင်သမိုင်းပျို ဖြစ်သည်။ ဒါကိုပဲ ကျေနပ်လှပြီ။

သင်တာ

www.mmfreethinker.wordpress.com

■

Hi U Min Din,

your writing style is so nice and creative. Don't stop it. Really I told you that you are Burmese George Owel. Keep in mind U Min Din, DON'T STOP YOUR WRITING. You are SO CREATIVE. I'll spread your blog whom are interested in.

**Stay Away**

■

Hi My respected writer Ko Min Din,

In the recent days, I happened to find out your blog "www.mindin.info" and I tasted "Thet Khine (87), ..Mg Wait"and then, I was extremely excited to read your writing. And I downloaded all "Thet Khine Of Min Din" 1, 2, 3 and I read them all.

Within the two consecutive days without doing nothing about my Job. I like it, I love it, I enjoy it, I feel it, so so much.

Honor to you, Ko Min Din. Let me say something about my reading status, I'm no longer a fan of Min Thein Kha. I was it when I was only at the ages of teen.

Now, I'm 40. I've read From "Gone With The Wind", "War and Peace","City of Joy", "Beyond Love", "Catcher in the Rye","Stranger/Outsider", "PawThut", "A-Yine", "Toot-Pe" to "Digital Fortress".

So, please kindly let me say about your writing. "Thet Khine Of Min Din" would be one of the greatest writing ever in modern Burmese literature history .

I see the Economy, Ecology, Politics, Culture, Religion, Social Relations, Philosophy, History, Drama, Action, Romance, Love, Justice, Injustice, Coward, Bravery, etc,

etc, etc and all the different levels of various kinds of people of our great golden land, Burma. I was shocked, amazed, crashed, pleased, happy, sorry, frightened, active, hopeless, optimistic, pessimistic, etc, etc, etc. Please, please carry on, please be confident, let us continue to read Thet Khine.

**Anonymous**

■

Hello Ko Min Din,

Your novel is very, very intresting and very good one. Please more quickly. When you finish this please made all pdf file.

Go on Ko Min Din,
**hta2**

■

ကျနော်မထင်မှတ်ဘဲ ကိုမင်းဒင်ရဲ့ သက်ခိုင်ဇာတ်လမ်းကို အွန်လိုင်းမြန်မာ့ဖော်ရမ်တစ်ခုက ညွှန်းလို့ အမှုမဲ့အမှတ်မဲ့ ဖတ်လိုက်မိပါတယ်။ ဘဝတစ်ဆစ်ချိုးပြောင်းပြီး ပတ်ဝန်းကျင် နေရာဒေသတွေ ကွာခဲ့လို့ မြန်မာ့ရသစာပေတွေကို မခံစားနိုင်ခဲ့တာကြာပါပြီ။ ကျနော် ၈၈၈၈ အရေးတော်ပုံမှာ ပါဝင်ခဲ့ပြီး ထိုင်း-မြန်မာနယ်စပ်မှာ ၈ နှစ်ကြာနေခဲ့ပြီး ပြည်ပကိုပညာသင်ချင်လို့ ထွက်လာခဲ့သူ တစ်ဦးဖြစ်ပါတယ်။

ဦးသက်ခိုင် ဇာတ်လမ်းကို စဖတ်စက အမှုမဲ့ အမှတ်မဲ့ သာမန်ကာလျှံကာပါပဲ။ နောက်သိလာရတာ ဇာတ်လမ်းအရဇာတ်ကောင်တစ်ခုကို အခြေခံထားပေမဲ့ ကျနော်တို့ သိခွင့်မရတဲ့ လက်ရှိပြည်တွင်းမှာ ဘာတွေ ဖြစ်ပျက်နေတယ်။ လောဘသားကောင်တွေ တစ်ယောက် နဲ့တစ်ယောက် ဘယ်လို ခုတ်ထစ်လှီးကြ၊ ခွင်တွေဘယ်လိုဖန်တီးကြ၊ ပြည်သူတွေကို ဘယ်လိုခေါင်းပုံဖြတ်ကြ၊ ဘယ်သူတွေ ဘယ်သူ့ကိုပင်းပြီး ဘယ်လိုပေါင်းစားကြဆိုတာ မျက်စိထဲမှာ မျက်ဝါးထင်ထင်ပေါ် လာတာပါပဲ။ နောက်ပြီး ဖြတ်သန်းလာခဲ့တဲ့ခေတ်အဆက်ဆက်နဲ့ လူတွေရဲ့အကြောင်းတွေကိုပါ တပါတည်း သိခွင့်ရပါတယ်။

**Methalone**

■

မင်းဒင်ရဲ့ သက်ခိုင်ကို အတွဲ(၃)ထိ တထိုင်ထဲဖတ်လိုက်မိတဲ့အထိ ဆွဲဆောင်မှုကောင်းလှပါတယ်။ နောက်ဆက်တွဲလေးလည်း မျှော်နေမိတယ်။

**tharthar1111@yahoo.co.jp**

■

U Min Din,
You showed us the real life of Myanmar.
You showed us the truth of Buddhism.
You showed us black business of Myanmar.
I am waiting your coming Thet Khaing's episodes.
Please continue Ko Thet Khaing's episodes to support Burmese literature, for youths motivating, to understand what is permanent and what not (the core of Buddhism) is......

**Phone Pyae**

■

Dear U Min Din

Well done. The present writing is much better. It is like Swe Hlaing Oo. Please continue writing Thet Khaing as he was and is.

Sincerely,
**Maung Maung Nyo**

■

နှစ်နဲ့ချီပြီး စောင့်ဖတ်ပြီးတဲ့နောက်မှာတော့ကျနော် ဘာကြောင့် သက်ခိုင် ဇာတ်လမ်းတွဲ တွေကို သဘောကျသလဲဆိုတာ ဧစ့ငုမိတော့ လူလတ်တန်းစားတွေ မသိမမြင်နိုင်တဲ့ လှမ်းကြည့်ခွင့်မရတဲ့ အလွှာတစ်ခုကို သူ အရိုးရှင်းဆုံး ချပြထားတယ်။ လက်လှမ်းမမှီခဲ့တဲ့ လူမိုက်လောက အကြောင်းက လည်း သုတရသကို တပြိုင်နက်တည်း ပေးခဲ့တယ်။

ပြည်သူတွေ ပြန်ပြောခွင့်မရသေးတဲ့ လူတစ်စုရဲ့ လုပ်ရပ်တွေကို အတွင်းကျကျသိလာရတော့ ငုံလျှိုနေခဲ့တဲ့ မခံချင်စိတ်တွေက၊ ဒင်းတို့လည်း ဘာမှမဟုတ်ပါဘူးဆိုတဲ့ အားရမှုကို ဖြစ်ပေါ် စေခဲ့တယ်။ စီးပွားရေးလောကရဲ့ လောကခံအနိမ့်အမြင့်တွေ လာဘ်ပေးလာဘ်ယူမှုတွေကို သက်ရှိထင်ရှား ရှိသေးတဲ့ ရာထူးကြီးသူတွေနဲ့ ပေါင်းစပ်လိုက်တဲ့အခါမှာတော့ သက်ခိုင်အကြောင်းက အပျော်ဖတ် ဇာတ်လမ်း တစ်ခု မဟုတ်တော့ဘူး။ ဒါဟာ ကျနော်တို့ မသိခဲ့တဲ့ သမိုင်းတစ်ခုပါပဲ။ တကယ်တော့ သက်ခိုင်ဆိုတာ လူတစ်ယောက်ရဲ့ အထ္ထုပ္ပတ္တိထက်ပိုတယ်။

မြစ်ကျိုးအင်း
www.myitkyoeinn.com

■

အသေးစိတ် ဝတ္ထုရှည်ကြီးရေးခဲ့တဲ့ အားထုတ်မှုကို ချီးကျူး လေးစားပါတယ်။ အမြင်မှာ တကယ် ရှိတဲ့ ဇာတ်ကောင်တွေကို ထည့်ထားတာ၊ ဖြစ်စဉ်တွေကို အကွက်စေ့စေ့ ပြောပြထားတာ၊ ဇာတ်လိုက်ဟာ ဒီလောက်နဲ့ စပ်ပေါက်ရောက်ပြီးရှိရှိသမျှ နာမည်ကြီးတွေနဲ့ အသိအကျွမ်းဖြစ်ဆက်စပ် ပတ်သက်နေတာတွေက တအံ့တသြ စိတ်ဝင်စားစရာ ဖြစ်စေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လူတွေ့ရင်ထဲ စွဲစေမယ့် မှတ်တမ်းတစ်ပုဒ်ပါ။

ပန်ဒိုရာ
pandora-and-pandora.blogspot.com

■

# အပိုင်း (၁)

## သက်နိုင်၏ ဘဝကောက်ကြောင်း

## အခန်း (၁)

# သက်ခိုင်ဟုခေါ်သည်

အချိန်ကာလကား ၁၉၆၂ ခုနှစ် ဝန်းကျင်တဝိုက်ဖြစ်လေ၏။ ကွမ်းခြံဘူတာ (ယခု ရန်ကုန် ဘူတာကြီး) တွင်တောင်တွင်းကြီးရထား ဆိုက်ချိန်ဖြစ်၍ ရထားဆင်းခရီးသည်များ၊ ပျားပန်းခတ် ရှုပ်ထွေးနေချိန်။ အညာတဘက်ကို ခေါင်းတွင်ပေါင်းထားသော အသက်သုံးဆယ်အရွယ် အမျိုးသမီး သည် နှစ်နှစ်အရွယ် ကလေးတယောက်ကို ခါးထက်ခွင်လျက်၊ လက်နှစ်ဖက်မှ အညာလုပ် ထန်းပလပ် ခြင်းတောင်း နှစ်ခြင်းကိုဆွဲကာ ရထားပေါ်မှ ဆင်းလာလေ၏။ ၄င်းနှင့်အတူ အခြား လေးနှစ်အရွယ် ယောင်ပေစူးနှင့် ယောကျ်ားကလေးတယောက်သည်လည်း သူမနောက်မှ ကပ်လျက် လိုက်ပါလာ၏။

အထွက်ပေါက် အနီးသို့အရောက်တွင် အဆိုပါ ကလေးငယ်သည် မလှမ်းမကမ်း မှ အပြာရောင် ယူနီဖောင်းဝတ်တဦးကို မြင်လိုက်သည့်အခါ ရုတ်တရက်ခြေလှမ်း တန့်သွားလေသည်။ ရှေ့မှ သွားနေ သော မိခင်၏နောက်သို့ ဆက်မလိုက်ဖြစ်တော့ချေ။ ကလေးငယ်သည် မိခင်ကို ဂရုမစိုက်နိုင်တော့။ သူတကြိမ် တခါမှ မမြင်ဖူးသည့် အထက်အောက် ဝတ်စုံအပြာနှင့်လူကိုသာ ထူးဆန်းကြောက်လန့်စွာ တိုင်ကွယ်တခုမှ ချောင်းကြည့်နေလေ၏။

ဘူတာအပြင်ဘက်သို့ရောက်သွားသော မိခင်မှာ ရုတ်တရက်သတိရ၍ နောက်မှလိုက်လာသော သားငယ်ကို လှည့်ကြည့်ရာ မတွေ့တော့သဖြင့် ထိတ်ထိတ်ပြာပြာ ဖြစ်သွားလေသည်။ ဘူတာအတွင်း ဘက်သို့ အူယားဖားယား ပြေး၍ရှာရာ တိုင်တခုကိုကွယ်၍ ငေးနေသော ကလေးငယ်ကို တွေ့ရသဖြင့်

'ဟဲ့ ဘာလို့ ဒီမှာ ရပ်ကျန်ခဲ့တာလဲ သားရဲ့' ဟု စိုးရိမ်တကြီးမေးလိုက်၏။ ကလေးငယ်သည် ဘာမှပြန်မဖြေဘဲ ဝတ်စုံပြာနှင့်လူရှိရာသို့သာ ကြောက်ကြောက်လန့်လန့်နှင့် ခပ်ရွံ့ရွံ့လက်ညှိုးထိုးလိုက် လေသည်။ ထိုအခါမှ မိခင်ဖြစ်သူလည်း သားငယ်၏အဖြစ်ကို ရိပ်မိလေ၏။ ကလေးငယ်ကား ဝတ်စုံ နှင့်လူကို ကြောက်လန့်နေသဖြင့် ရှေ့မတိုးရဲခြင်းဖြစ်သတည်း။

'အော် ဒီကလေးနဲ့တော့ ခက်တော့တာပဲ။ အဲဒါ ကူလီဟဲ့ သက်ခိုင်ရဲ့'

■

၁၉၈၂ ခုနှစ် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်မြစ်လမ်းမကြီး (၁၂) လမ်းနှင့် (၁၃) လမ်းကြားရှိ ရွှေလီဇီလက်ဖက်ရည်ဆိုင်သည် နံနက်ခင်းထုံးစံအတိုင်း လူစည်ကားလျက် ရှိချိန်ဖြစ်၏။ စစ်တပ်မှ အငြိမ်းစားတပ်ကြပ်ကြီး လှရွှေသည် အခြားရပ်ကွက်ကောင်စီ လူကြီးနှစ်ယောက်နှင့်အတူ ဝိုင်းဖွဲ့လျက် ရှိရာသို့ အသက်နှစ်ဆယ်ကျော် လူရွယ်တယောက် ဝင်လာလေသည်။ တပ်ကြပ်ကြီးဟောင်း လှရွှေကား အသက်လေးဆယ်ခန့်ရှိသည်။ ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်ကာ ညတိုင်းမူးပြီး ကွန်မန်ဒိုလှရွှေကွဟု ကြွေးကြော်ကာ ဇနီးကို ရိုက်နှက်တတ်သူအဖြစ် ရပ်ကွက်လုံးက ရွံ့ကြောက်ကြောက်ရသူဖြစ်၏။ လူရွယ်သည် ကိုလှရွှေ ဘေးတွင် ဝင်ထိုင်လိုက်ပြီး

'ကိုလှရွှေ ခင်ဗျားအမူးပြေပြီနော်'

ဟု ပြောပြောဆိုဆို အနီးရှိ မုန့်ဘီဒိုပေါ်မှ တပေခန့်ရှိ ပေါင်မုန့်လှီးဓားကို ဇတ်ကနဲ ဆွဲယူ၍ ကိုလှရွှေရှေ့ စားပွဲပေါ် ပစ်တင်ကာ

'ရော့ ကိုလှရွှေ၊ ခင်ဗျား ကျုပ်ကိုထိုး၊ ခင်ဗျား ကွန်မန်ဒိုဆိုတော့ လူတွေ သတ်ဖူးမှာပေါ့။ ထိုးလေ၊ ဘာကြည့်နေတာလဲ၊ ညက ခင်ဗျား ကျုပ်ကိုစော်ကားတုန်းကလို၊ သတ္တိမျိုးနဲ့ ထိုးလိုက်လေ'

တပ်ကြပ်ကြီး လှရွှေသည် တုတ်တုတ်မျှ မလှုပ်။ လူရွယ်သည် စိတ်မထိန်းနိုင်တော့ဟန် ပေါက်လာသည်။

'ခင်ဗျား မထိုးရင် ကျုပ်ထိုးမှာနော်၊ ထိုးလေ၊ ထိုးလိုက်လေ၊ ကဲဗျာ၊ ခင်ဗျား မထိုးရဲရင် ကျုပ်ထိုးတယ်'

ကောင်စီ လူကြီးနှစ်ယောက်မှာ ကြောက်လန့်တကြား လှမ်းအော်တားလိုက်ကြ၏ ။

'ဟေ့ကောင် သက်ခိုင်၊ မင်းလွန်မယ်နော်'

■

၁၉၈၄ ခုနှစ်။

လှိုင်မြို့နယ် အခြေခံပညာ မူလတန်းကျောင်းအမှတ်(၁၆) နှင့်ကပ်လျက် ငါးမွေးကန်ကြီး တခု၏ ကန်ပေါင်ရိုးပေါ်မှ အရွက်ဖားဖား ငှက်ပျောပင်များ အောက်တွင်ဖြစ်သည်။ အချိန်ကား ညကိုးနာရီခန့်။ နွယ်သည် ဘာတခွန်းမှ မပြောဘဲ နှုတ်ဆိတ်နေလေသည်။ လူရွယ်သည် စိတ်ရှည်ပုံ မရတော့။

'ပြောပါအုံး နွယ်ရယ်။ ကိုယ်မေတ္တာရှိတာ နွယ် တကယ်မယုံဘူးလား'

နွယ်သည် တုတ်တုတ်မျှ မလှုပ်ပြန်။

'ကဲ နွယ် ဒီလောက်တောင် မယုံရင် ကြည့်'

လူရွယ်သည် အသင့်ပါလာသော ဓားမြှောင်တချောင်းကို ဆွဲထုတ်ကာ ညာလက်မောင်း လက်ဖျံပေါ်သို့ ထိုးစိုက်ချလိုက်လေသည်။ လက်ဖျံမှ သွေးတို့ ဖြာကနဲ ပန်းထွက်လာလေ၏။

'အို ဒုက္ခပါပဲ၊ ကိုသက်ခိုင်ရယ် ဘာတွေ လျှောက်လုပ် နေတာလဲ'

■

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်။

လမ်းမတော်မြို့နယ်၊ ဦးနော်ဇရပ်ဘေးကပ်လျက်က မူလတန်းကျောင်းတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျီတီအိုင်ကျောင်းသားများသမဂ္ဂ ရုံးစိုက်ထားသည်။ သမဂ္ဂဥက္ကဋ္ဌကား အမ်အီးဘွဲ့ရမြကြီးဖြစ်၍ အတွင်းရေးမှူးမှာ အောင်ကျော်ဇောဖြစ်၏။ မနေ့ညနေ လေးနာရီက စစ်တပ်မှ အာဏာသိမ်းခဲ့ပြီ။ သို့သော် ကျောင်းသားအများစုမှာ ပုံမှန်အတိုင်းပင် ထိုနေ့နံနက်ကလည်း လူစုမိသည်။ မြို့ထဲဘက်သို့ တန်းစီချီတက်ရန် ငါးယောက်တတွဲ တန်းစီနေကြသည်။ ငါးရာခန့်ရှိမည့် ကျောင်းသားတန်းကြီး ထွက်တော့မည့်ဆဲဆဲ

'ဟေ့ နေကြဦးကွ၊ ဘယ်မလဲ၊ မြကြီးနဲ့ အောင်ကျော်ဇော' တစ်ုတဦးက မေးလိုက်ရာ တန်းစီထားသော လူအုပ်ထဲမှ အသံတချို့ ထွက်လာသည်။

'သူတို့ စခန်းလုံခြုံရေးအတွက် ကျန်ခဲ့မယ်တဲ့'

'ဘာလဲကွာ၊ သူ့အမေ့လင်တွေက အာဏာသိမ်းပြီး မဲမဲမြင် စွတ်ပစ်ဖို့ အသင့်နေရာယူပြီး နေကြပြီ၊ ဘာစခန်းလုံခြုံရေးမှ မလိုဘူး။ မြကြီး၊ အောင်ကျော်ဇော၊ ထွက်ခဲ့ကွာ၊ ရှေ့ဆုံးအတန်းမှာ ငါ မင်းတို့အတူ နေရာယူမယ်။ ထွက်ဆိုထွက်ကွာ' တန်းစီထားသော ကျောင်းသားထုထဲမှ အသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

'ဟေး သက်ခိုင် ပြောတာမှန်တယ်။ သက်ခိုင်ကွ၊ သက်ခိုင်'

■

၁၉၈၉ ခုနှစ် မတ်လ။

မင်္ဂလာဒုံ တပ်မတော် ထောက်လှမ်းရေး အကူတပ်ဝင်း၊ တပ်မှူးရုံးခန်း။

ထောက်လှမ်းရေးတပ်မှူးဖြစ်သူ ဗိုလ်မှူးသန်းထွန်း (ယခုထောက်လှမ်းရေးမှ အရာကျကာ ထိန်းသိမ်းခံနေရသူ ဗိုလ်မှူးချုပ်ဟောင်း)သည် အင်ဒိုနီးရှားပါတိတ် ဟာဝေယံ ရှပ်အကျႌနှင့်၊ တရုတ်ပုံကြီးရှေ့မှာ အလုပ်ရှုပ်နေသည်။ စစ်ဆေးရေး အရာရှိတယောက်က ဦးခေါင်းကို နက်ပြာရောင် စွပ်ထားသော လူတဦးကို တပ်မှူးရှေ့သို့ ခေါ် လာသည်။ တပ်မှူးက

'သူ့ကို ခေါင်းစွပ် ဖြုတ်ပေးလိုက်ပါကွာ'ဟု အမိန့်ပေးသဖြင့် ခေါင်းစွပ်ကို ဖြုတ်လိုက်ရာ ရုပ်ရည် သန့်ပြန့်သော အသက်သုံးဆယ်ဝန်းကျင် လူရွယ်တယောက်ဖြစ်နေသည်။ တပ်မှူးက

'ထိုင်ဗျာ' ဟု ဆိုသဖြင့်အဆိုပါ လူရွယ်ကအနီးမှ ကုလားထိုင်တွင် ခပ်မတ်မတ် ဝင်ထိုင် လိုက်သည်။

'အားလုံးက အမှန်အတိုင်း အစစ်ခံပြီးပြီ။ ခင်ဗျားတယောက်တည်းပဲ ထွက်ချက်လွဲနေတယ်။ အမှန်အတိုင်း အေးအေးဆေးဆေး အစစ်ခံရင် ကောင်းမယ်ဗျာ။ ခင်ဗျား သိထားပါ။ ကျုပ်တို့ဟာ ဦးနေဝင်း အတွက်လုပ်နေတာလည်း မဟုတ်ဘူး။ ဗိုလ်မှူးချုပ် ခင်ညွန့် အတွက်လည်း လုပ်နေတာ မဟုတ်ဘူး။ ရွေးကောက်ပွဲ ပြီးရင် ကျနော်တို့ လုပ်နေတာတွေ အားလုံးရှင်းသွားမယ်'ဟု ပြောလိုက်ရာ ရှေ့မှ လူရွယ်က ချက်ချင်းပင်

'အခု ကျနော် လုပ်ခဲ့တဲ့ အလုပ်အားလုံးထဲမှာလည်း ကျနော့်ကိုယ်ကျိုး တရွေးသားမှ မပါဘူး။ ကျနော်သိသမျှ အစစ်ခံခဲ့ပြီးပြီ။ ကျနော့်ထက် ငယ်ရွယ်သူတွေ ဒုက္ခရောက်အောင်တော့ ကျနော် မပြောနိုင်ဘူး။ ဒါကို ဗိုလ်မှူး နားလည်ပါ'ဟု ခွန်းတုံ့ပြန်ရာ တပ်မှူးက

'ခင်ဗျား တော်တော် ခေါင်းမာပါလား ကိုသက်ခိုင်'

■

၁၉၉၅ ခုနှစ်၊ ကန်တော်မင်္ဂလာ ဥယျာဉ် စားသောက်ဆိုင်။

သီးသန့်ခန်းထဲက စားပွဲမှာ လူနှစ်ဆယ်ခန့် ဝိုင်းဖွဲ့နေကြသည်။ အစားအသောက်မှိုစုံ မှာယူပြီးချိန်တွင် စားပွဲထိပ်မှဗုဏ္ဍိုလ်က သူနှင့်ကပ်လျက်ထိုင်နေသော ဦးအိုက်ထွန်းဘက်သို့ လှည့်ကာ

'ကဲ ကိုအိုက်ထွန်း၊ ဒါက ခင်ဗျားအတွက် ကျနော့်ရဲ့နှစ်သစ်ကူးလက်ဆောင်၊ ခင်ဗျား ရုံးအဖွဲ့တွေ အတွက်လည်း သီးသန့်လုပ်ထားတယ်။ လိုတာရှိလည်းပြော။ အားမနာနဲ့'ဟု ဆိုလိုက်ရာ ဦးအိုက်ထွန်းက

'ပြည့်စုံပါတယ်ဗျာ၊ ကျေးဇူးတင်တယ်၊ ဒါနဲ့ ခင်ဗျားရုံးမှာလည်း စည်စည်ကားကားလေးဖြစ်အောင် အမျိုးသမီးဝန်ထမ်းလေး ဘာလေး ခန့်ပါအုံး၊ ကိုသက်ခိုင်'

■

၁၉၉၉ ခုနှစ်။

ရန်ကုန်မြို့၊ ဇော်ဂျီလမ်း ခြံနံပါတ်(၈)၊ ည ၇း၀၀ ကျော်ခန့်။

ညှော်ခန်းအတွင်းတွင် ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကား ရှုးရှုးရှားရှား ဒေါသအိုးပေါက်တွဲလျက် ရှိ၏။

'ဟေ့ကောင် ကျော်ဇော၊ ငါ့သေနတ်ပေးစမ်းကွာ၊ ဒီကောင့်ကို ပစ်သတ်ပစ်မှ အေးမယ်'

သူ့ရှေ့မှာ ရပ်နေသော လူလတ်ပိုင်းပုဂ္ဂိုလ်ကား မတ်တတ်ရပ်လျက်

'ဗိုလ်ချုပ်ကြီး ပစ်သတ်လည်း ကျနော် ရှင်းပြစရာရှိတာ ရှင်းရမှာပဲ။ ပစ်တာ မပစ်တာ ကျနော့် အလုပ်မဟုတ်ဘူး'

'ဟေ့ကောင် ကျော်ဇော၊ သေနတ်ပေးစမ်းဆိုကွာ'

မတ်တတ်ရပ်လျက် အနေအထားဖြင့် အကြိမ်းခံနေရသော လူလတ်ပိုင်းပုဂ္ဂိုလ်သည် အလျှော့ပေးမည့်ဟန် မရှိချေ။ သူက

'ဗိုလ်ချုပ်ကြီး မပစ်ခင် အကုန်ရှုပ်ကုန်မယ်နော်'ဟု ဆိုလိုက်ရာ လက်သမားကိရိယာ၊ ရဲဒင်း၊ တူ ကိုယ်စီနှင့် မတ်တတ်နေသော သူ့အလုပ်သမား နောက်ပါတို့သည်းလှုပ်လှုပ်ရှားရှား ဖြစ်လာကြ၏။ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးကျော်ဇောကား ဘာလုပ်ရမှန်းမသိ ငိုင်နေရာ၊ အပေါ် ထပ် လှေခါးမှဆင်းလာသော ဝန်ကြီးကတော် ဒေါ် တင်တင်အေး၏ အသံထွက်ပေါ် လာပြီး အခြေအနေအရပ်ရပ်ကို ကောင်းစွာ ထိန်းသိမ်းလိုက်သည်။

'ကဲ အအကြီးရယ်၊ စိတ်ကို လျှော့လိုက်ပါ၊ ကိုသက်ခိုင်၊ ပြန်လိုက်ပါရှင်၊ သူစိတ်ပြေမှ အကျိုး အကြောင်း မမပဲ ရှင်းပြလိုက်ပါ့မယ်၊ ကိုသက်ခိုင် ပြန်လိုက်ပါနော်'

■

၂၀၀၀ ခုနှစ်။

ရန်ကုန်မြို့၊ အင်းလျားလမ်း၊ စားသောက်ဆိုင်တစ်ခု၏ အထူးအတွင်းခန်း။

မောင်ဝိတ်အင်ဖင်မလီ ကုမ္ပဏီပိုင်ရှင် မောင်ဝိတ်ကား လေအေးခန်းထဲတွင် ဇောချွေး ပြန်နေလေ၏။ သူ့အသက်သည် သုံးဆယ်မကျော်သေးသော်လည်း သောကပိစီးနေမှုကြောင့် မျက်နှာမှာ အရွယ် ထက် ပိုမို ရင့်ရော်နေသည်။

သူအလွန် အမင်း စိတ်လှုပ်ရှား နေဟန်ရှိ၏။ သူ့ရှေ့တွင်ထိုင်နေသော ပုဂ္ဂိုလ်အား စာရွက် တရွက်ထိုးပေးကာ

'သေချာ ဖတ်ကြည့်ပါအုံးဗျာ။ ကျနော်တော့ တော်တော်အကြပ်ရိုက်နေပြီ။ ကျနော် ဒီကိစ္စကို အောင်မင်း ကိုတောင် အသိ မပေးဘူးဗျာ။ ကျနော်တော့ခေါင်းမီးတောက်နေပြီ။ ခင်ဗျားသိတဲ့အတိုင်း ကျနော်ကလည်း မင်္ဂလာဆောင်မဲ့ဆဲဆဲဗျာ။ ဒီကိစ္စက ကျနော့်လူရင်းက ကျနော့်ကို ပြန်ချတာဗျ'

စာမှာ နာမည်ကြီး ရှေ့နေတဦးမှ ဆင့်ဆိုလိုက်သော နို့တစ်စာဖြစ်၏။ ထိုပုဂ္ဂိုလ်သည် နို့တစ်စာကို ဖတ်ပြီးသည့်အခါ ခပ်အေးအေး လေသံဖြင့်

'ကိုမောင်ဝိတ် ခင်ဗျား စိတ်အေးအေးထားလိုက်ပါ၊ ဒီကိစ္စဟာ လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ကျနော်ရှင်းနိုင်ပါလိမ့်မယ်၊ ကျုပ်ကလည်း ဒါမျိုးမှ လုပ်ချင်နေတာ။ ခင်ဗျားကိစ္စကို နားအေးပြီ လို့သာ မှတ်လိုက်ပါတော့၊ မတော်တဆ ခြေလွန်လက်လွန် ဖြစ်ရင်လည်း ခင်ဗျားတာဝန်သာ ကျေပါစေ၊ လူတော့ သေစရာ မလိုလောက်ပါဘူး။ သွေးထွက်သံယိုတော့ ရှိကောင်းရှိ မယ်'ဟုဆိုလိုက်ရာ မောင်ဝိတ်သည် အတန်ငယ် စိတ်သက်သာရာ ရသွားဟန်ဖြင့်

'အေးဗျာ၊ ကြံစမ်းဖန်စမ်းပါအုံး ကိုသက်ခိုင်၊ ဒီကိစ္စက ခင်ဗျားပဲတတ်နိုင်မယ့်သူ ရှိတော့တယ်၊ ဘယ်သူမှလည်း ဖွင့်တိုင်ပင်လို့ မရတဲ့ကိစ္စ၊ ကျနော် ခင်ဗျားကို ယုံပါတယ် ကိုသက်ခိုင်'

■

၂၀၀၂ ခုနှစ်၊

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းရှိ ခေတ်မီ အဆောက်အဦးတခု၏ ဒုတိယထပ်တွင် ဖွင့်လှစ်ထားသော ထရေးဒင်း ကုမ္ပဏီ၏အတွင်းခန်းတွင် လူတစ်ယောက် စားပွဲပေါ်၌ လက်တင် မျက်နှာအပ်ကာ အိပ်ပျော်လျက် ရှိစဉ် ဖုန်းသံမြည်လာသည်။ အချိန်ကား နံနက်ငါးနာရီခွဲခန့်၊ အိပ်ပျော်နေ သူသည် ရုတ်တရက် အိပ်မှုန်စုံမွှားဖြင့် ဖုန်းခွက်ကို ကိုင်လိုက်သည်။

'ဟုတ်ကဲ့၊ သက်ခိုင်ပါ'

'ဟေ့ကောင်၊ မင်း အခု ဘယ်ရောက်နေသလဲ'

အရေးအခင်းကာလက တိုက်ပွဲဝင်ရှေ့နေများအသင်း၏ အတွင်းရေးမှူးဟောင်း ဦးဇော်မျိုးဝင်း ၏ အသံဖြစ်သည်။ သူကား သရက်အကျဉ်းထောင်မှ နှစ်စေ့၍ ပြန်လွတ်လာသည်မှာ မကြာသေး။ ဖုန်းကိုင်သူက စိတ်မရှည်သည့် အသံဖြင့်

'စောစောစီးစီးဗျာ၊ ညက ကျနော်အိမ်ပြန်မအိပ်ဘူး၊ မူးနေလို့၊ အခုဘုန်းကြီးလမ်း ရုံးခန်းမှာပဲ အိပ်တယ်'

'ဒါဆိုသေချာပြီ၊ ထိပ်ထိပ်ကြဲကို မင်းဖြိုလိုက်ပြီပေါ့၊ လူမိုက် စိုးမြတ်ကို မင်းရှင်းလိုက်ပြီပေါ့၊ မင်းတော်တော် လက်ယဉ်ပါလား၊ သက်ခိုင်'

'ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲဗျာ၊ ကျုပ်ဘာမှ မသိသေးဘူး'

'မင်းကသာ ဘာမှ မသိဘူးပြောနေ၊ စိုးမြတ်က မင်းရုံးခန်းနားမှာသေနေပြီ'

'ဟုတ်ရဲ့လား၊ ဦးဇော်ရာ'

'တော်ပါ သက်ခိုင်ရာ၊ မင်းရဲ့ ဒါမျိုး အချိုးတွေ ရိုးနေပါပြီ'

'မဟုတ်ပါဘူး ဆိုနေမှဗျာ'

ထိုသို့သော ဤသို့သောလူစား ကိုသက်ခိုင်တို့ ကျနော်သည် အောက်ပါအတိုင်း တွေ့ကြုံခဲ့ ဆုံခဲ့ရပါသည်။

■

## အခန်း (၂)

# သူသည် သတ်ခိုင်

၂၀၀၃ ခုနှစ်၏ မိုးသည်းသော တနေ့၊ ကျနော်ကား ဟသ်ာတမြို့နယ် ကုန်သွယ်လယ်ယာတွင် ဒိုင်မှူးဘဝဖြင့် တာဝန်ထမ်းဆောင်နေရာမှ စာရင်းအင်းကွာဟမှုကြောင့် ပုဒ်မ ၆(၁)နှင့် အရေးယူခံရကာ ထောင်ဒဏ် ၅နှစ် ချမှတ်ခံရပြီး ဟသ်ာတထောင်မှတဆင့် အကျဉ်းဦးစီးဌာန ဘဝသစ်(--)ရဲ့ဘက်စခန်းသို့ ရောက်ရှိနေချိန်ဖြစ်သည်။

ထိုနေ့က ကျနော်တို့ စခန်းပြောင်းရသည်။ စခန်းပြောင်းရသည် ဆိုခြင်းထက် စခန်းများသို့ အကျဉ်းသားအသစ်များ ခွဲပို့သည်ဆိုခြင်းက ပိုမှန်မည်။ အကျဉ်းသား အသစ်အားလုံး ပင်မစခန်းမှာ တလခန့်နေရပြီးမှ စခန်းခွဲများသို့ ပို့ခြင်းဖြစ်သည်။

စခန်းခွဲလေးခု ရှိသည့်အနက် ကျနော်က စခန်းခွဲ (၁)ကို ပြောင်းသည့်အသုတ်ထဲမှာ ပါသည်။ စခန်းခွဲကို ပို့သည့်နေရာမှာလည်း အလုပ်ပင်ပန်းမှု၊ သက်သာမှု၊ သွားလာမှု၊ လွယ်ကူခက်ခဲမှုတို့အပေါ် မူတည်၍ သူ့ပေါက်ဈေးနှင့်သူရှိသည်။ အနည်းဆုံး ကျပ်သုံးသောင်းမှ တသိန်းဝန်းကျင်။ ပင်မစခန်းမှာလည်း သူ့ဘုတ်နှင့် သူ့ဈေးနှုန်းနှင့်သူ။

ကျနော်ကား တပ်ကြပ်ကြီးစံသိန်းနှင့် လိုင်းဝင်ပြီး သုံးသောင်းနှင့် ဈေးတည့်ခဲ့ခြင်းဖြစ်၏။ ထို့နေ့က လှေငယ်တစီးပေါ်တွင် ခြေကျင်းခတ် ခံထားရသော အကျဉ်းသား နှစ်ဆယ်ခန့်ကို မချိမဆန့် တင်ကာ လေးမိုင်ခန့်ဝေးသော စခန်းခွဲသို့ မိုးသည်းသည်းကြားမှာ ရေလမ်းခရီးနှင်ခဲ့ကြခြင်း ဖြစ်သည်။ မိုးလယ်ကာလဖြစ်၍ နှစ်မိုင်ခန့်မြင်ကွင်းမှာ ကြည့်လေရာ ရေပြင်ချည်း ဖြစ်နေသည်။

ရေသည် နက်သည် တိမ်သည် မသိရချေ။ လူနှစ်ဆယ်ခန့်ကို မချိမဆန့်တင်လာသော လှေငယ်သည် လှိုင်းကြားတွင် သိသိသာသာလူးနေ၏။ လှေဦးနှင့်ပဲ့တွင် သေနတ်ကိုင် အကျဉ်းဦးစီးဝန်ထမ်း ဝါဒါနှစ်ယောက်က စောင့်ကြပ်လိုက်ပါလာသည်။

လေသည် မိုးနှင့်အတူ ပြင်းစွာ တိုက်လာလေရာ လှေသည် လူးသည့်ထက်လူးပြီး လိုရာသို့ မသွားတော့။ လှိုင်းရေပြင်ကျယ်ကြီးတွင် လည်နေသည်။ အကျဉ်းသား အုပ်စုမှာ သွေးဖျက်လာသည်။

အကျဉ်းသားအားလုံးမှာ ခြေကျင်းကိုယ်စီနှင့်ဖြစ်၍ လှေမှောက်သော် သေလမ်းကလွဲ၍ အခြားမရှိ။ အကျဉ်းသားများထံမှ ကျွက်စီကျွက်စီအသံတို့ထွက်လာသည်။ ညည်းသံလိုလို အော်သံလိုလို အသံမျိုးစုံ ထွက်လာသည်။ လှေဦးနှင့်ပဲ့က ထောင်ဝါဒါတို့ပါ မျက်စိမျက်နှာပျက်ဖြစ်လာပြီး

'ဟေ့ကောင်၊ နိုင်ဝင်း ''း လို လှော်နေတာလား၊ ဒီမအေ ''း လှော်နေပုံနဲ့တော့ အကုန်သေကုန်တော့မှာပဲ'ဟု မိုးမွန်အောင်ဆဲကာ ထပ်ခါထပ်ခါ ကြိမ်းမောင်းနေသည်။ လေရှော မိုးရော ကြမ်းသည့်ထက် ကြမ်းလာရာ ဆူညံစွာအော်ဟစ်သံများ အဆက်မပြတ်ပေါ်ထွက်လာသည်။ ထိုအခိုက် အောင်မြင် ပြတ်သားသော အသံတခု ထွက်ပေါ်လာလေ၏။

'ဟေ့ကောင်တွေ၊ တိတ်ကြစမ်းကွာ။ ငါက သေချင်နေတာနော်၊ လှေပါဆွဲမှောက်ပြီး အကုန်လုံး အဖော်ခေါ်သွားမှာ၊ ငြိမ်ငြိမ် နေကြစမ်းကွာ၊ မင်းတို့ပါးစပ်တွေကို ပိတ်ထားစမ်း'

ထူးဆန်းစွာပင် အသံမျိုးစုံသည် စခန်းခွဲရောက်သည့်တိုင် မကြားရတော့ချေ။ သို့သော် အသံရှင်ကိုမူ ကျနော်မမြင်ရ။

စခန်းခွဲ(၁)ကား ရေပတ်လည် ဝိုင်းရံလျက်ရှိ၏။ ကုန်းမြေဟူ၍ အလျား ပေသုံးရာ၊ အနံ ပေ နှစ်ရာထက် မပို။ ထိုကုန်းမြေနေရာတွင် ပေခြောက်ဆယ်၊ ပေနှစ်ဆယ်ခန့် ဘားတိုက်ပုံစံ ခပ်ယိုင်ယိုင် ခြေတံရှည်-သက်ကယ်မိုးဖျဉ်ကာ အဆောက်အဦတလုံးသည် ကျနော်တို့ ရဲဘက်သစ်များကို မျက်နှာ ထားတင်းတင်းဖြင့် ကြိုနေသယောင်။ ပါလာသည့် အဝတ်အထည်နှင့် အစားအစာထုပ်များကို သိမ်း ဆည်းရန် အဆောင်ပေါ်သို့ ရောက်ကြပြီ။ ထိုစဉ် ရဲဘက်ဟောင်းနှစ်ဦးသည် ကျနော်တို့ အုပ်စုရှိရာ သို့ ရုတ်တရက် ရောက်လာသည်။ ထို့နောက် အလန့်တကြား ရေရွတ်သံ ထွက်ပေါ်လာ၏။

'ဟာ၊ ဆရာကြီး ပါလား'

ထိုအော်သံကြောင့်ပင် ဆရာကြီးဆိုသူ ထံသို့ကျနော် ကြည့်မိသည်။

အသက်လေးဆယ်ကျော်အရွယ်။ အသားလတ်လတ်။ အကောင်းစား အဲရိုးရှပ် အဖြူကို ရဲဘက် လုံချည်ဖြူ နှင့်တွဲဝတ်ထားသည်။ သူသည် ခြေကျင်းကို စိုက်ကြည့်နေ၏။ မျက်နှာသည် ညှို့မှိုင်းနေ၏။ မျက်ခုံးထူထူကြီးများကို ကျုံ့ထားသည်။ ကြီးစွာသော သောကကို ခံစားနေရဆဲမှာပင် တည်ကြည်သော မျက်နှာထားသည် မြင်သာလျက်ပင်ရှိသေး၏။ သက်ပြင်းတချက်ကို ခပ်လေးလေး ချလိုက်ပြီး

'အော် မြင့်လွင်တို့ ညီအကိုပါလား။ မင်းတို့လည်း ရောက်နေသကိုး' ဟု ခပ်ညည်းညည်း လေသံထွက်လာသည်။ ကျနော့်စိတ်မှာ ယခုလို ဝေးလံသီခေါင်သောရဲဘက်တွင် ဆရာတပည့် ပြန် လည်ဆုံတွေ့ခန်းကို စပ်စုနေမိသည်။

ဆရာကြီးဆိုသူသည် မည်သူနည်း။ သိလိုသော အဖြေကို ရရန် မကြာလိုက်ပါ။ ကျနော်တို့ ပါလာသောအထုပ်အပိုးများကို အဆောင်ပေါ်တွင် နေရာချပြီး စခန်းတာဝန်ခံ ထောင်မှူးဦးအေးနိုင် က ရဲဘက်အသစ်များကို တယောက်စီ တန်းစီလူစစ် အမည်ခေါ်သည့်အခါ သိခွင့်ရသည်။

'သက်ခိုင်'

'ရှိ'

'အော် ခင်ဗျား ကိုသက်ခိုင်လား၊ ကျနော့်ကို ညွှန်မှူးမှာထားပါတယ်၊ ထိုင်ပါ ကိုသက်ခိုင်'

ထောင်မှူး၊ ထောင်ပိုင်၊ ထောင်ဝန်ထမ်းတို့မည်သည် ထောင်ကျကို ခပ်ရိုင်းရိုင်း ခပ်ကြမ်းကြမ်း ဆက်ဆံရစမြဲ။ သို့မှ အစွယ်ချိုးထားရာ ရောက်မည်။ မြင်မြင်သမျှ အကျဉ်းသားအားလုံးကို ငါချင်းမိုးမွန် အောင် အော်ဆဲမှ လိုင်းကြေးကြီးကြီးရမည်။ များများကြောက်အောင်လုပ်ထားလေ ငွေပိုရလေဟူသော သဘော။ ကျနော် သူ့ကို အသံကောလူပါ တွဲမိလာသည်။ သေချင်စိတ်ပေါက်လောက်အောင် ဘဝကို နာကျည်းနေသော၊ ရဲဘက်ဟောင်းနှစ်ဦး၏ ဆရာကြီးဖြစ်သော၊ စခန်းတာဝန်ခံက မြင်မြင်ချင်း အရေး

တယူ မျက်နှာသာပေးသော၊ အရပ် ခြောက်ပေနီးပါးရှိသော၊ ညိုမှောင်သော်လည်း တည်ကြည်ဆဲဖြစ်သော မျက်နှာထားနှင့် ကြီးစွာသော သောကဖိစီးနေဟန်ရှိသော သူ။ သူကား သက်ခိုင်တည်း။

■

## အခန်း (၃)

# ခြေကျင်းပြုတ်ချင်သည်

စခန်းခွဲသို့ရောက်ပြီးစတွင် ကျနော်တို့၏ အတောင့်တဆုံးသောဆန္ဒကား ခြေကျင်း ပြုတ်လိုခြင်း ပင်တည်း။ ခြေကျင်းဇာတ်လမ်းကား အင်းစိန်ထောင်တွင် စသည်။ ရဲဘက်ထွက်ရန် စာရင်းပါပြီဆိုလျှင် မိနစ်ရေးအနီးမှာ ခြေကျင်းရိုက်ခံရသည်။ ခြေကျင်းကို သံုးပဲလုံးသံဖြင့် လုပ်ထားသည်။ ခြေကျင်းဝတ် နှင့် အနေတော်ပုံစံကို (Rivet) လေပစ် ရိုက်ထားသည်။ ကွင်းအကျယ်၊ အကျဉ်း မှာလည်း ငွေနှင့် လိုင်းနှင့် ဆိုင်သည်။ ငွေပေးနိုင်လျှင် လိုင်းဝင်ထားလျှင် ထောင်အခေါ် ရှပ်ပေါက်လျှင်၊ ကွင်းကျယ် ကျယ် ရနိုင်သည်။ အစစချို့တဲ့သူ အကျဉ်းသားတို့အတွက်ကား လေပစ်ရိုက်စဉ် ချော်ထုမိတာပါ အဆစ်ရနိုင်သည်အထိ အန္တရာယ်ရှိ၏။ ခြေကျင်းသံကွင်းကို တပေခွဲခန့်ရှိသော ငါးပဲသံချောင်းဖြင့် ဆက်ထားသည်။ ပြီးလျှင် နောက်ငါးပဲလုံး၊ တပေခွဲ သံချောင်းဖြင့်ပင် ကွင်းဆက်ထပ် ဆက်ထားသည်။ ထိုအခါ ခြေကျင်းသည် ခါးဆီသို့ ရောက်လာသည်။ လမ်းလျှောက်၍ရရန် ထိုခြေကျင်း အပေါ် ဘက် အစကို ခါးမှာ ကြိုးချည်ထားရသည်။ လမ်းလျှောက်လျှင် ဘဲသွားသာ သွား၍ရ၏။ အလွန်ကြီးသော ဒုက္ခ။ ကျနော် မျှော်လင့်ထားသကဲ့သို့ပင် စခန်းခွဲရောက်ပြီး တပတ်ခန့် အကြာတွင် ရဲဘက်အသစ်များ အားလုံးထဲတွင် ကိုသက်ခိုင် ခြေကျင်း အရင်ပြုတ်သွားသည်။

ကျနော်လည်း ခြေကျင်းပြုတ်ချင်စိတ် ပြင်းပြသဖြင့် သူ့ကိုချဉ်းကပ်ကာ အဆင်ပြေနိုင်မည့် နည်းလမ်းကို မေးရသည်။ သူခြေကျင်းပြုတ်သည့်နေ့က ညဘက် အိပ်ချိန်မရောက်ခင် သူ့အိပ်ရာနား ကျနော်ရောက်အောင်သွားကာ

'ဆရာကြီး ခြေကျင်းပြုတ်တာ လိုင်းဘယ်လို ဝင်သလဲဗျ'

'ဘာမှ မဆန်းပါဘူးဗျာ၊ ငွေပါပဲ'

'ဒါဆို ကျနော့်ကိုလည်း လိုင်းဝင်ပေးပါအုံးဗျာ။ တော်တော် ဒုက္ခကြီးတယ်ဗျာ၊ ခြေကျင်းဝတ်မှာ အနာတွေ ပေါက်ကုန်ပြီ'

'ကျနော်ပြောကြည့်ပေးမယ်လေ၊ ဈေးအနည်းအများသာ ကွာမှာပါ။ လောလောဆယ်တော့ ကျုပ်တွေးနေခဲ့သလို နပိုလီယံနဲ့ ထက်ထက်မိုးဦးအကြောင်းပဲ တွေးနေပေါ့'

'ဘာလဲဗျ၊ နပိုလီယံနဲ့ ထက်ထက်မိုးဦး၊ မဆီမဆိုင်ကြီးပါလား'

'အော် ဥရောပတိုက်ကြီးတတိုက်လုံး ဖိနဲ့ဖိနဲ့တုန်အောင် ကြောက်ခဲ့ရတဲ့ နပိုလီယံလည်း စိန့်ဟယ်လီနာကျွန်းလို နေရာမျိုး ရောက်တာပဲလို့ စိတ်ကိုဖြေခိုင်းတာ၊ နောက် ထက်ထက်မိုးဦးက အကျဉ်းဦးစီးကို ခြေကျင်းအစုံတထောင် ယကြာချေတဲ့အနေနဲ့ လှူထားတယ်ဆိုတော့ မိန်းမလှလေးရဲ့ ကုသိုလ်ကို မုဒိတာပွားပေါ့ဗျာ'

'တကယ်လားဗျာ။ ထက်ထက်မိုးဦးက လှူတယ်ဆိုတာ'

ကျနော်က တအံ့တဩမေးလိုက်သော်လည်း သူက ခပ်အေးအေးလေသံဖြင့်ပင် တုန့်ပြန်သည်။

'အင်းစိန်မှာ ကျနော် ကြားလာတာ ပြောတာပါ၊ ထက်ထက်မိုးဦးကတော့ လှူမယ် မထင်ပါဘူး ဗျာ၊ အုတ်ရိုးဘီဘီစီအကြောင်း ခင်ဗျားလည်း သိပြီးသားပဲ'

သူပြောသော အုတ်ရိုးဘီဘီစီကို ကျနော် နားမလည်ပြန်ပါ။

'ဘာလဲဗျ၊ အုတ်ရိုးဘီဘီစီ'

'ခင်ဗျား ကြည့်ရတာ အင်းစိန်ထောင်ကလာတာ ဟုတ်ပုံမရဘူး။ ထောင်တွင်း ကောလဟာလ တွေပေါ့ဗျာ၊ ဘယ်တော့ထောင်ခါမယ်၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးမယ်ဆိုတာ ဆယ်နှစ်တခါ လာတယ်၊ ကုလသမဂ္ဂက ဘယ်ကိုယ်စားလှယ်လာရင် ဘာဖြစ်မယ်။ ဘယ်ဘုရားကြီးပြီးရင် ဘယ်လိုလွတ်မယ် ဆိုတာမျိုးတွေပေါ့ဗျာ၊ နေအုံးဗျ၊ ထောင်မှာ ခြေကျင်းတွေခတ်ဖို့ကတော့ ပြည်ထဲရေး ဝန်ကြီးဟောင်း ဗိုလ်မှူးကြီးဘိုနီဆိုလား။ ဒီမောင်က အစ္စရေးကနေဆိုလား အတုယူလာတာတဲ့ဗျ'

'ဟုတ်ရဲ့လားဗျ၊ အတုယူစရာ ရှားလို့ဗျာ'

'အေးဗျာ၊ ဘိုနီလည်း ခြေကျင်းပြန် အခတ်ခံခဲ့ရသေးသတဲ့ဗျာ။ တာလဝီဘက်ဆိုပါတော့၊ မဆလ ခေတ်ကပေါ့၊ သူကအာဏာ အလွဲသုံးပြီး နိုင်ငံခြားပြန်သွားသူတွေရဲ့ တိုက်ခန်းတွေ ယူတဲ့အမှု၊ ဇိမ်ခံ ပစ္စည်းတွေ တရားမဝင်သွင်းတဲ့ အမှုတွေနဲ့ ဦးဘိုနီလည်း ထောင်ထဲရောက် ခြေကျင်းခတ်ခံခဲ့ရတယ်လို့ ကြားတယ်၊ သူတွင်လိုက်တဲ့ ခြေကျင်းကို သူပြန်စွပ်သွားရတယ် ဆိုပါတော့'

သူက ကျနော် ခံစားနေရသော စိတ်ဒုက္ခကို သက်သာရာရအောင် စကားလမ်းကြောင်း ပြောင်း နေမှန်း ကျနော်ရိပ်မိလာသည်နှင့်

'ကဲ ဘိုနီ့ခြေကျင်း ခဏထားပါဗျာ၊ ကျနော့်ခြေကျင်း ပြဿနာ ထုပ်ပါအုံး'

သူက ကျနော့်မျက်နှာကို သနားစရာ သတ္တဝါ တကောင်လို လှမ်းကြည့်လိုက်ပြီး ခပ်လေးလေး လေသံဖြင့်

'အေးဗျာ၊ ဒီလို မခံစားနိုင်အောင် တမင်လုပ်ထားတာဗျ'

ကျနော် အံ့ဩလွန်းသဖြင့် ရုတ်ခြည်း မေးခွန်း ပြန်ထုတ်လိုက်မိသည်။

'ဘာလဲဗျာ၊ ခြေကျင်းက သတ်မှတ်ချက်စည်းကမ်းအတိုင်း ဖြုတ်ပေးရတာ မဟုတ်ဘူးလား'

'မဟုတ်ဘူး၊ လိုင်းဝင်ဖို့လမ်းကြောင်းနေတာ၊ ပိုပြီးရှင်းအောင်ပြောရရင် ခြေကျင်းဖြုတ်ခများ များရအောင် ခွင်(ဂွင်)ချနေတာ၊ ကျုပ်ကို ဖြုတ်ပေးတာက ညွှန်မှူးလိုင်းနဲ့မို့ ဖြုတ်ပေးတာ၊ ကျုပ်ဇနီးက ညွှန်မှူးအိမ်သွားပြီး ငွေပို့ထားလို့ ခြေကျင်းဖြုတ်တယ်၊ အခု ခင်ဗျားတို့က ကျုပ်ကို ကြည့်ပြီးအားကျ တယ်။ ဒီတော့ ကျုပ်ကိုလာမေးတယ်။ အဲသလို မေးအောင်ကို ခွင်(ဂွင်)ဖန်ထားတာ၊ ထားပါလေ၊ ခင်ဗျား ခြေကျင်းကတော့ သိပ်လောရင် တသောင်းလောက်ကျမယ်၊ ရှေ့က နှစ်ယောက် သုံးယောက် လောက် ဖြုတ်တာစောင့်ရင် ငါးထောင်ထက် မပိုဘူး'

'တသောင်းဆိုလည်း တသောင်းပေါ့ဗျာ။ ကျနော် မခံစားနိုင်တော့ဘူး။ ဘုတ်ဆင်းတဲ့ ကောင်တွေတော့ ဘယ်လိုနေလဲမသိဘူး။ ကျနော်တော့ အထိုင်ခက် အထခက်နဲ့ တော်တော့်ကို ညစ်နေပြီ'

'ခင်ဗျားက ရဲဘက်ပါး မဝသေးဘဲကိုး၊ ဘုတ်ဆင်းတဲ့ကောင်တွေက ခြေကျင်းကို ဂွင်းအကျယ်ကြီး ဖြင်ထားတာ၊ ဘုတ်ထဲရောက်တာနဲ့ ဘုတ်ကိုင်ဝန်ထမ်းက ညှိပြီး ဇာနေကုန် ချွတ်ထားတာ၊ ဘုတ်ပြန်တက်ခါနီးမှ ပြန်စွပ်လာတာ၊ ခင်ဗျားမှ မသိဘဲ၊ ကဲပါဗျာ ကျူပ် ကိုအေးနိုင်ကို ပြောပေးပါ့မယ်'

နောက်နှစ်ရက်အကြာမှာ ကိုသက်ခိုင်လမ်းညွှန်ချက်ဖြင့် ညှိတွေ့လာသောဇနီးကို စခန်းတာဝန်ခံဆီလွှတ်ပြီး ငွေငါးထောင်ပို့ခိုင်းလိုက်ရာ ကျနော့်ခြေကျင်း ပြုတ်သွားသည်။ မောင်မင်းကြီးသား ကျေးဇူးကြီးလေစွ။

■

## အခန်း (၄)

# ဘဝချင်း ဆုံခဲ့သူများ

ကိုသက်ခိုင်ပြောမှ ကျနော် စခန်းခွဲအကြောင်း ပြန်စဉ်းစားမိသည်။ တုန်းမြေ ကွက်ကွက်လေးရှိသော လူနှစ်ရာဝန်းကျင်သာရှိသော ဤစခန်းငယ်ကား ကျနော့်အတွက် တကျွန်းလို ဖြစ်နေသည်။ သီးခြားကမ္ဘာလို ဖြစ်နေသည်။ နေရာကသေးသေး။ လိုင်းတွေ ခွင်(ဂွင်)တွေက များလိုက်သမှ ရှုပ်ယှက်ခတ်နေသည်။

ဖိုကြီးတာဝန်ခံကား ကိုအောင်ကြည်။ အသက် လေးဆယ်ဝန်းကျင်။ သူက အရက်ပိုင်းမှာမူးပြီး တွေ့ရာတုတ်နှင့် တောက်ရိုက်ရာက လက်လွန်ပြီး ထောင်ဒဏ်ခုနစ်နှစ်ကျလာသူ။ ကိုအောင်ကြည်လိုလူ လူသတ်ခဲ့သည် ဆိုခြင်းမှာ အလွန်အံ့ဩဖို့ ကောင်းသည်။ သူသည် လူပျော်။ ခါးအောက်ပိုင်း ပြက်လုံးမျိုးစုံ၊ ရယ်စရာ ပေါက်ပေါက်ရှာရှာမျိုးစုံကို ပြောနေတတ်သူ။ သူလည်း ဖိုကြီး တာဝန်ခံအဖြစ် လိုင်းကြေး နှင့် ဝင်ခဲ့သည်ဟု ဆိုသည်။

ရဲဘက်မှာ စခန်းကပေးတာဟူ၍ ဆန်သာရှိသည်။ လူနှစ်ရာခန့်အတွက် ကိုအောင်ကြည် လက်ပစ်ကွန်တဖုံနှင့်တွေ့ရာ ငါးဖားရှာရသည်။ တွေ့ရာအရွက်မျိုးစုံဖြင့် ရောသမမွှေ တာလဘော ဟင်းချို ဖန်တီးရသည်။ အသက်ကြီးရင့်နေပြီဖြစ်သော သူ့အမေ ညှော်တွေ့လာသည့်အခါ ကိုအောင်ကြည်သည် အပြစ်ကင်းစင်လှသော တကာယ့်ကဇလေးငယ်တယောက်ပုံစံ ပြုမူနေတတ်ပြန်သည်။ အမေ တခု သားတခုဖြစ်သည်။ သူကားလူမျိုကြီး။

နောက်တယောက်က တောင်ယာဘုတ်ကိုင် သန်းအောင်။ အသက်သုံးဆယ်ကျော်အရွယ် ပိန်ပိန်ပါးပါးပုံစံဖြစ်သည်။ သူသည်လည်း အိပ်ထောင်မရှိ လူပျို။ သူသည် မြန်မာ့တပ်မတော်မှ တပ်ကြပ်ဟောင်း တပ်ပြေး။ သူတပ်ပြေးပုံ အဖမ်းခံရပုံက နည်းနည်းတော့ ထူးသည်ဆိုရမည်။ သူသည် နာမည်ကျော် မဲသဇေါ်တိုက်ပွဲ မာနယ်ပလောတိုက်ပွဲကာလက အေဘီအက်စ်ဒီအက်ဖ် ကျောင်းသားတပ်ဖွဲ့တွေနှင့် တိုက်ပွဲမှာ သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်ရခဲ့သည် ဆို၏။

ထိုသူရဲကောင်း မှတ်တမ်းဝင်လက်မှတ်သည်ပင် သူ့ကို ထောင်ထဲ ပို့ခဲ့သည်အရာ။ သူခွင့်ပြန်ပြီး ရက်ကျော်သွားရာက တပ်ကိုပြန်ချင်စိတ်မရှိ၍ မပြန်ဖြစ်တော့ဟုဆိုသည်။ ထိုသို့ လေးငါးနှစ်ခန့် ဟန်မပျက်နေခဲ့ပြီးမှ တနေ့ မရိုးဖြစ်သူနှင့် ချဲထိုးကိစ္စ စကားများရာက ညည့်ခန်းမှာ ချိတ်ထားသော သူရဲကောင်းမှတ်တမ်းဝင် လက်မှတ်ပေါ်က ကိုယ်ပိုင်နံပါတ်ကိုကြည့်ကာ ရဲစခန်းသွားတိုင်သဖြင့် ထောင်ထဲ ရောက်လာရသူ။ သူလည်း လိုင်းကြေးတသောင်းနှင့် အေးရာအေးကြောင်း ဖြစ်အောင် ခွင်(ဂွင်)ချထားသည်။

သူ့တပည့်ကတုံးကလည်း လူထူးလူဆန်း။ သူ့တကိုယ်လုံး ဘာမွေးမှ မရှိ။ သူ့ခေါင်းမှာ ဆံပင် တမွေးမှ မရှိ၊ ကျောပြင်တခုလို ပြောင်ချောနေသည်။ ကျိုင်းမွေး မျက်ခုံးမွေးမှ အစ၊ တကိုယ်လုံးမှာ ဘာအမွေးမှ မရှိတာ မယုံသူတွေက အကုန်လှန်လှောစစ်ကြသည်။ တကယ်ပင် ဘာအမွေးမှ တကိုယ်လုံးမှာ မရှိ။ ဖြစ်ပုံကို စပ်စုကြည့်တော့ သူ နှစ်နှစ်သားလောက်မှာ ကလေးသဘာဝ သူ့ အမေသောက်သော မီးမကင်ဆေးတဗူးလုံး သောက်မိရာက ဖြစ်ခဲ့သည်ဆို၏။

အဖော်ကောင်းသဖြင့် ကြံစောသချိုင်းသို့ အသုဘ လာပို့သည့် ကားကို ဓားပြတိုက်ခဲ့သည့် အမှုကြောင့် ခုနစ်နှစ်ကျခဲ့သည်။ သူကစာမတတ်။ ကြောင်တောင်တောင် အူကြောင်ကြောင် ဒီဗိုင်း ဖြစ်သည်။ သူ့အသက်ကိုမေးလျှင် လွန်ခဲ့သောသုံးနှစ်က ထောင်ကျရဲဘက်တဦးပြောထားသော ၂၀ နှစ်ကိုသာ အမြဲပြောတတ်သည်။

'မင်းဥစ္စာ (၂၀)နှစ်က မတက်တော့ဘူး' ဆိုလာသူရှိပါက၊ သူသည် အံ့သြတကြီးဖြင့်

'ဟာ အဲဒီအသက်ဟာ တဖြည်းဖြည်း၊ တိုးတိုးသွားတတ်သလား'ဟု တအံ့တသြ ပြန်ပြန် မေးတတ်သည်။

'ဟေ့ကောင် အသက်ဆိုတာ အခုရောက်နေတဲ့ သက္ကရာဇ်ထဲက မင်းမွေးသက္ကရာဇ်ကို နုတ်ရတာကွ'ဟု ပြန်ထောက်ပြသူများကို သူက ငေးကြောင်ကြောင် ကြည့်ပြီး

'ကျနော်က ဘယ်တုန်းက မွေးတာလဲ။ ကျနော်မွေးတုန်းက ကျနော်က ကလေးဆိုတော့ ကျနော် မွေးတဲ့အချိန်ကို ကျနော် ဘယ်မှတ်မိမလဲ၊ နောက်တခုက နုတ်တာပေါင်းတာ လုပ်ကြည့်ရအောင် ကျနော်မှ စာမတတ်တာ။ ဘယ်လို လုပ်သိမလဲ'ဟု ပုံမှန်ပြန်ဖြေမြဲ။ ကျနော် အစတော့ သူနောက် ပြောင်နေတာဟုသာ ထင်သည်။ နောက်ကြာတော့ သူတကယ် မသိတာမှန်း သိလာရသည်။ သူလည်း လိုင်းကြေးနှင့် မကင်း။ သူ့ ဆရာသန်းအောင်က စိုက်ပေးထားပုံရသည်။

နောက် ဦးမြစိမ်း။ သူက ဘိုးတော်။ ဖိုးတွပ်တီးအမှုနှင့် ကျလာသူ။ သူ့အမှုမှာ စစ်တိုင်းမှူး တယောက်နှင့် ပတ်သက်သည်ဆို၏။ ပွဲစားက လျှောက်လွှာတစောင်ကို အဆိုပါ စစ်တိုင်းမှူး လက်မှတ် ထိုးပေးလျှင် သိန်းနှစ်ဆယ်ပေးမည်ကမ်းလှမ်းသဖြင့် သူက လက်မှတ်ထိုးပေးရုံ တာဝန်ယူခဲ့သည်။ ထို့နောက် အဆိုပါစစ်တိုင်းမှူး ရုံးခန်းသို့ ဝင်တွေ့ပြီး ဆယ်မိနစ် မပြည့်မီပင် တိုင်းမှူးက လက်မှတ်ထိုး ပေးလိုက်သည် ဆို၏။ အလုပ်အပ်သူ ပွဲစားလည်း အေးမှပါသွားလေရာ သူ့မျက်စိရှေ့မှာပင် တိုင်းမှူး လက်မှတ်ထိုးသည်ကို တွေ့သောကြောင့် သဘောတူထားသော သိန်းနှစ်ဆယ်ကို ထုတ်ပေးခဲ့သည်။ နောက် သက်ဆိုင်ရာဌာနကို လျှောက်လွှာသွားတင်သောအခါ လက်မှတ်ထိုးသော တိုင်းမှူးက နောက် စာတစောင်ဖြင့် ပယ်ဖျက်ပြီးဖြစ်၍ အမှုဖြစ်ကာ ထောင်ထဲရောက်လာခဲ့ခြင်းပင်။ ကျနော်က စပ်စုချင် သည်နှင့်

'ဦးမြစိမ်း၊ စစ်တိုင်းမှူးကို ဘယ်လိုလုပ်ပြီး လက်မှတ်ထိုးခိုင်းခဲ့တာလဲဗျ'ဟု မေးမိရာ

'စိတ်ညှို့ပညာလေ'ဟူ၍သာ တုံးတိတိ အဖြေပေးသည်။

သူကား အားအားရှိ တရုတ်ဘုန်းကြီးများကိုင်လေ့ရှိသည့် အဝါရင့်ရောင် ကျောက်ပုတီးကြီး တကုံးကို တချောက်ချောက် စိတ်ကာ အချိန်ကုန်နေသူ။ သူလည်း ရေကန်ဘုတ်ကိုင်ရာထူးကို ရထားသည်။ စိတ်ညို့ပညာနှင့်တော့ မဟုတ်ပါ။ လိုင်းကြေးတစ်သောင်းနှင့်ပင် ဖြစ်ပါသည်။

ကျန်ရဲဘက်အများစုကား ဘုတ်ဆင်းကြရသူများတည်း။ ဘဝတူရဲဘက်များကို မြင်တွေ့နေရသည်မှာ ကျနော်ငယ်စဉ်က ဖတ်ခဲ့ဖူးသော 'လင်းယုန်သစ်လွင်၏ ဂျပန်ခေတ်ချွေးတပ်မှတ်တမ်း' ကိုပင် သတိရစရာ ကောင်းလှပါတော့သည်။

ဘုတ်ဆင်းရသည့် ရဲဘက်အားလုံး နံနက်(၇း၃၀)မှ ညနေ(၅း၀၀)တိုင်အောင် တနေကုန်ရေထဲမှာ ဒိုက်ဆွဲကြရသည်။ ရှုမျှော်မဆုံးသော ကွင်းပြင်ကြီးတခုလုံး ရေလွှမ်းနေလေရာ ရေပြင်တခုလုံး ဒိုက်အပြည့်ဖြစ်နေသည်။ အဆိုပါ ဒိုက်များကို စပါးစိုက်ရန် ဒိုက်ဆွဲဒိုက်ရှင်း လုပ်ကြရခြင်းဖြစ်သည်။ စခန်း ပတ်ပတ်လည်မှာ ရေနက်ကွင်းဖြစ်သည်။ အဆိုပါ ရေနက်ကွင်းကို ရဲဘက်တို့၏လုပ်အားဖြင့် စပါးစိုက်မည့် စီမံကိန်းကို မည်သူက ရွှေဉာဏ်တော် စူးရောက်သည်တော့ မသိ။

နွေနှင့် ဆောင်းက ကျန်ခဲ့သော ရိုးပြတ်နှင့်ပေါင်းမြက်မျိုးစုံမှာ မိုးကျသည့်အခါ ရေနူးနေသောမြေမှ ကြွတက်လာကြသည်။ ကြည့်လေရာ မြင်ကွင်းမှာ ပေါလောဖြစ်နေသည့် ဒိုက်တွေချည်း ပြည့်နေသည်။ ကြာပင်၊ မြက်ရိုင်းရှည်၊ ဘောစကိုင်းတချို့ အပါအဝင် အပင်မျိုးစုံ။ ဒိုက်တွေကို သည်အတိုင်း ဆယ်၍ ဖယ်၍ မရ။ အောက်ခြေမှာ အမြစ်ရှည် တွယ်ငြိနေသည်။ အပေါ်က ဒိုက်ကို ဆွဲယူနိုင်ရန် အောက်က အမြစ်ရှည်တွေကို ဝါးရိုးရှည် တပ်ထားသော တံဇဉ်အကြီးပုံစံ ဓားကောက်ရှည်ဖြင့်ဖြတ်ရသည်။

ဓားဆွဲသူက ရှေ့က။ ဒိုက်ကို လိပ်တင်သူ တွန်းသူတွေက နောက်က။ ဓားကြောင်း မလွတ်သူကတော့ ဒိုက်ခွဲတဲ့ တံဇဉ်ဒဏ်ခံကြပေရော့။ လက်ထိသူ၊ ခြေထိသူ နေ့စဉ်နီးပါး။ ထိလိုက်လျှင်လည်း အရိုးသို့တိုင်အောင်၊ ပြတ်မထွက်ရုံတည်းတည်း ကျန်သည်အထိ ဖြစ်ရသည်ချည်းပင်။ အထူးသဖြင့် လယ်အလုပ်ကြမ်း အတွေ့အကြုံ လုံးဝမရှိသော ရဲဘက်အသစ်တွေ အထိများသည်။ ဓားမထိသော်လည်း ဒိုက်ပင်မျိုးစုံကို လက်ဖျံနှင့် တနေကုန် တွန်းတင်ရသူများလည်း ဒိုက်ရှကာ ဓားရှသလို ဒဏ်ရာမျိုးစုံရသည်။ အနာမကျက်သည့်အခါ လက်မောင်းတခုလုံး ပြည်တရွဲရွဲနှင့်။ ထည့်စရာ ဆေးမရှိ။ နားချင်တိုင်း နားခွင့်မရ။ လက်မောင်းတခုလုံး ဖူးယောင်နေလည်း လိုင်းဝင်မထားလျှင် သည်အတိုင်း ဘုတ်ဆက်ဆင်းပေရော့။

ရေထဲမှာ တနေကုန်နီးပါး လည်ပင်းမြုပ်နေသည့်နေရာမှာ လုပ်နေကြရသဖြင့် ရဲဘက် အများစုမှာ အန္တရာယ်ကင်းသော အလုပ်ဘုတ်တွင် နေရာရရန်၊ သက်သက်သာသာ အလုပ်မျိုး လုပ်ခွင့်ရစေရန်၊ ထောင်ပိုင်၊ ထောင်မှူး၊ ထောင်ဝန်ထမ်းတို့ထံ ငွေပေးလာဘ်ထိုး၍ ထောင်နှင့် ရဲဘက်အခေါ် လိုင်းဝင်ပေးရန် ငည့်လာတွေ့သည့် မိသားစုဝင်တို့ကို မျက်ရည်လည်ရွဲ အပူကပ်ကြရတော့သည်။

ကျနော်နေ့စဉ်မြင်တွေ့နေရသော ရဲဘက်တို့၏ အကျဉ်းစခန်း ဒုက္ခမျိုးစုံကို စာဖွဲ့လျှင်ကား အာကာလွှာပုံပြု သမုဒ်မင်ဖျော် ရေးလျှင်သော်မှ ကုန်နိုင်ဖွယ်ရှိမည် မဟုတ်ချေ။

■

## အခန်း (၅)

# အတိတ်ကိုလှန် ဇာတ်ကြောင်းပြန်သော်

ကျနော့်စိတ်ထဲ ကိုသက်ခိုင်ကို ကြည့်ရသည်မှာ တခုခု ထူးခြားနေသည် ထင်သည်။ သူ တခုခု လုပ်ထားပုံရသည်။ မျက်နှာမှာ အပြုံးမှိုင်းနေသည်။ တခါတခါ သူ့မျက်နှာမှာ စိတ်အိုက်လွန်း၍ ပေလော၊ ဇောချွေးလိုလို အဆီလိုလို ပြန်နေတတ်သည်။ ကျနော်က အဆောင်သန့်ရှင်းရေးဖြစ်၍ သူနှင့် နေ့လည်ခင်း အတူရှိတာများသည်။ ထို့ကြောင့် မနေနိုင်မထိုင်နိုင် မေးမိသည်။

'ဆရာကြီး တခုခု ထူးနေသလိုပဲ'

သူက ကျနော့်ကို ဘုကြည့် ပြန်ကြည့်လိုက်သည်။

'ဆရာကြီး လုပ်မနေနဲ့ဗျာ၊ သက်ခိုင်လို့ပဲခေါ်၊ အရက်သောက်ထားလို့ ကျုပ်နည်းနည်းမူးနေတယ်'

'ဟာဗျာ ပြဿနာပါလား၊ ဦးအေးနိုင် သိရင်တော့ မချောင်ဘူး ထင်တယ်'

'ခင်ဗျား ပါးစပ် ပိတ်ထားစမ်းဗျာ၊ သိရင် မချောင်မှာ ကျုပ်မဟုတ်ဘူး၊ သိအောင်သွားပြောမယ့် ခင်ဗျားသာအနေကျပ်သွားမှာ'

'မပြောရဲပါဘူးဗျာ့၊ ကိုသက်ခိုင်ကျေးဇူး ကျနော့်အပေါ်မှာ ရှိပါတယ်၊ ဒါမျိုး ချွန်တွန်းလုပ်တာ ကျနော် ဝါသနာမပါဘူး၊ ဘာလို့ ဒီလောက်အများကြီး ချထားတာလဲဗျာ'

'စိတ်ညစ်လို့ပေါ့ဗျာ။ သေလည်း အေးရောဗျာ။ ခင်ဗျားကော နည်းနည်း လုပ်အုံးမလား။ ရှိသေးတယ်'

'လုပ်တော့လုပ်ချင်တယ်၊ မလုပ်ရဲဘူး။ ခင်ဗျား ကိုမထိရဲပေမဲ့ ကျုပ်ဆို ဟသ်ာတဆောင် ပြန်ရောက်သွားလိမ့်မယ်။ ဒါနဲ့ ဒီလောက်တင်းကျပ်ထားတာကို ဘယ်လိုလုပ်ပြီး သွင်းလာတာလဲဗျ'

'တင်းကျပ်တော့ ဈေးကြီးတာတခုပဲ။ နည်းတွေက အများကြီး။ စခန်းခွဲကို ဈေးလာရောင်းတဲ့ မချိုတို့ကိုမှာမလား။ ဖိုကြီးက ကိုအောင်ကြည်နဲ့ တိုင်ကယ်ချိတ်မလား။ တပ်ကြပ်ကျော်ဌေးနဲ့ လိုင်းဖူးမလား။ ထောင်မှူးဘက်စမင်း ကုလားကို ကပ်မလား။ လမ်းမကြီးဘက် ဘုတ်ဆင်းကျတဲ့ ဝါဒါကို ညှိထားမလား။

အေး၊ မှာတဲ့ကောင်ကသာ ရုပ်ပေါက်ဖို့လိုတယ်။ ရဖို့မခက်ဘူး၊ ဆိုလိုတာက အရက်သောက်တာ မိသွားရင် ဘယ်သူယူလာပါတယ်ဆိုတာ မဖော်မယ့်လူမျိုးပေါ့ဗျာ။ စီပလပ်ပုလင်းတလုံး သုံးဆယ်ပဲရှိတာ တရာပေးတော့ ဝယ်ပေးချင်တဲ့သူက တန်းတောင်စီနေ သေးတယ်။ ငါးလုံးမှာရင် သူ့အတွက် သုံးရာ့ငါးဆယ်။ နေ့တွက်ထက်တောင် ကျော်နေသေးတာ လုပ်ချင်တဲ့ သူချည်းပါပဲဗျာ၊ ဘာသားနဲ့ ထုထားတာမှတ်လို့'

'ခင်ဗျားဗျာ၊ ရောက်တာမှ တလမပြည့်သေးဘူး။ လိုင်းတွေကလည်း စုံလို့ပါလား'

'လိုင်းစုံတာက အရေးမကြီးဘူး၊ ကျုပ်ကျန်းမာရေးနဲ့ ဒီအတိုင်းသာ ဆက်သောက်ရင် မကြာခင် ကြွမှာပဲ၊ ကျုပ် ရဲဘက်မှာတော့ မသေချင်ဘူးဗျာ'

သူ့ပုံစံသည် တကယ်ပင် စိတ်ဓာတ်ကျဆင်းနေသည့်ပုံ။ အမြဲတမ်းသေသေသပ်သပ် နေတတ်သူဖြစ်၍ ဘေးလူများအဖို့ မသိသာသော်လည်း အနီးကပ်ရှိသူ ကျနော့်အဖို့ သိသာလွန်းသည်။ စကားပြောရပ်သွားစဉ် သူ့အဝတ်အိတ်ထဲက စီပလပ်တလုံးကို ထုတ်၍ တချက်တည်း မော့လိုက်ပြန်သည်။

သည်အဝတ်အိတ်ကို ကျနော် ကောင်းကောင်းသိသည်။ အဆောင်ပေါ်မှာ ရှာဖွေရေးလုပ် (တလာစီ) လေတိုင်း၊ ထောင်ဝန်ထမ်းရော၊ တာဝန်ကျရဲဘက်ပါ ဖွင့်ကြည့်သူ မရှိသည့်အိတ်။ ညွန့်မှူးအပ်ထည်။ ငွေကြေးတတ်နိုင်သူ။ အခြားသူများအပေါ် တတ်နိုင်သလို ကူညီနေသော ကိုသက်နိုင်ကို ခြွင်းချက်အဖြစ် ထားကြဟန်တူ၏။ သူက စကားဆက်ပြန်သည်။

'ညည ကျနော်ကောင်းကောင်း အိပ်မပျော်ဘူးဗျာ၊ ဘာကိုမှ လောဘကြီးကို သတိမရဘဲ နှစ်နှစ်ခြိုက်ခြိုက် တခါလောက် အိပ်ပျော်ရင် သေပျော်ပြီလို့တောင် တွေးမိတယ်၊ အိပ်မယ် ခေါင်းချလိုက်ရင် လူသတ်ချင်စိတ်ချည်း ပေါက်နေတာနဲ့ အိပ်လို့မရတော့ဘူး'

'ကိုသက်နိုင် ဒီစခန်းမှာ ခင်ဗျား အငြိမ်ဆုံး။ အေးအေးဆေးဆေး အနေရဆုံး။ ကျနော်တောင် ခင်ဗျားကို အားကျမိတယ်'

'တော်ပါတော့ဗျာ၊ သူများအားကျတဲ့ ဘဝတွေကိုရဘို့ အကြိမ်ပေါင်းများစွာ ကြိုးစားခဲ့ပြီးပါပြီ။ အောင်မြင်ခဲ့တယ်။ ကျဆုံးခဲ့တယ်။ အခု သေရတော့မယ်။ တောက်၊ ဘဝဟာ ဘာမှ အဓိပ္ပါယ်မရှိပါလားဗျာ'

'ခင်ဗျားဟာ အမြင့်ကြီးက ကျလာပုံရတယ်'

'အင်း ကျုပ်ဟာ အမြင့်ကြီးမှာလည်း နေဖူးတယ်၊ အရှုပ်ထုပ်တွေထဲမှာလည်း ပျော်ဘူးတယ်၊ တက်လိုက် ကျလိုက်ဖြစ်နေတာကိုပဲ ကျုပ်စွဲလန်းခဲ့ဖူးတယ်ဗျာ'

'ခင်ဗျားပုံစံနဲ့ ခင်ဗျားအကြောင်းဟာ တော်တော်စိတ်ဝင်စားဖို့ ကောင်းမယ်။ ပြောပြနိုင်ရင် ပြောပြပါလားဗျာ'

ကျနော်က အားတက်သရော မေးလိုက်သည်တွင် သူသည် အတန်ကြာမျှ ငေးငိုင်လျက်

'အေးဗျာ၊ ဘယ်နေ့သေမယ်မှန်းမသိတဲ့ အခြေအနေမှာ ကျုပ်ဘဝအကြောင်းကို ပြောခဲ့ချင်တယ်၊ ဒါပေမဲ့ အားကျဖို့တော့ မဟုတ်ဘူး၊ ကျုပ်ကို အားကျတဲ့တပည့်တွေ တော်တော်များများ ဒုက္ခရောက်ခဲ့ပြီးပြီ၊ ခြေရာတူလိုက်နင်းလို့ပေါ့၊ ကျနော့်အကြောင်းကို ခင်ဗျားတခြားသူတွေကို ပြန်ပြောတဲ့အခါ ကျနော့်ကို လူတော်လူတတ်ကြီး၊ လူသူတော်ကောင်းကြီးဆိုတဲ့ ပုံစံမျိုးတော့ မပေါက်စေချင်ဘူး။ ကျနော်ပြောတဲ့ အထဲက ပုဂ္ဂိုလ်တွေဟာ သက်ရှိထင်ရှား ရှိနေတဲ့သူတွေ၊ သူတို့ကို နစ်နာစေလိုတဲ့စိတ် ကျနော့်မှာ မရှိဘူး။ သို့သော် ကျနော်အမှန်တွေချည်း ပြောခဲ့တယ်ဆိုတာတော့ ခင်ဗျား သံသယကင်းစေချင်တယ်'

သူက ကွင်းပြင်ကျယ်ကြီးဆီသို့ ခပ်ငေးငေး လှမ်းကြည့်လိုက်၏။ နောက် သက်ပြင်းကို ခပ်လေးလေး ချပြန်သည်။

'အင်း၊ အေးဗျာ ကျနော်ကြုံခဲ့ ဆုံခဲ့ ဖြတ်သန်းကျင်လည်ခဲ့တဲ့ ဘဝမျိုးစုံကို ကျနော် မသေခင် ပြောခဲ့ရရင် စိတ်သက်သာရာများ ရမလားလို့၊ အထူးသဖြင့် ဘဝကို ရှုပ်ရှုပ်ထွေးထွေး ကျင်လည် ဖြတ်သန်းဖို့ ပြင်ဆင်နေကြတဲ့လူငယ်တွေ သိစေချင်တာပါပဲ'

'ပြောပါ ကိုသက်ခိုင်၊ ကျနော် ကိုသက်ခိုင်ရဲ့ ဘဝကို နားထောင်ချင်ပါတယ်၊ တကယ်လို့ အခွင့်သာခဲ့ရင် ကိုသက်ခိုင် ဖြစ်စေချင်သလို လူငယ်တွေကို တနည်းနည်းနဲ့ ပြန်ပြောပြလို့ရတာပေါ့ဗျာ၊ ကျနော်လည်း နေ့ဘက်ဆို အဆောင်ပေါ် မှာ အားနေတာပဲ။ နောက် အပျင်းလည်းပြေ ဗဟုသုတလည်း ရတာပေါ့'

'အော်၊ ဘယ်လိုအကြောင်းတရားတွေက ဒီလိုဘဝကို တွန်းပို့ခဲ့သလဲဗျာ၊ ကျနော်ဟာ ငယ်ငယ် ကဆို အေးချမ်းပျော်ရွှင်တဲ့ ဘဝတခုကို တောင့်တခဲ့တာဗျ။ ကျနော့် ဘိုးဘွားတွေဟာလည်း ပြောပြရင် မယုံနိုင်လောက်အောင်ကို အေးအေးချမ်းချမ်း နေခဲ့ကြတဲ့ တောသူတောင်သား ဆွေစဉ်မျိုးဆက်တွေ။ မွေးခဲ့တဲ့ နေရာဒေသကလည်း တကယ် ရိုးသားအေးဆေးတဲ့ဝန်းကျင်'

ကျနော်က သိချင်ဇောနှင့် စကားထောက်လိုက်မိသည်။

'အော် ဒါနဲ့ ကိုသက်ခိုင် ဘယ်ဇာတိလဲဗျ'

■

## အခန်း (၆)

# ဇာတိနတ်မောက် မကွေးခရိုင်

သူ့ရပ် သူ့ရွာ၊ သူ့ဇာတိ အကြောင်းကို အစပျိုးလိုက်၍ ပေလောမသိ။ ကိုသက်ခိုင်၏ မျက်လုံးများသည် အရောင်တောက်လာဟန်ရှိ၏။ သူ့မျက်နှာသည် တစုံတခုကို အခိုင်အမာ ဆုံးဖြတ်ပြီးသည့် တက်ကြွသောအမူအရာသို့ ရုတ်ခြည်းပြောင်းလဲလာသည်။ ဤတွင် သူ့ဘဝ ဇာတ်လမ်းရှည်ကြီးကို စတင် နောက်ကြောင်းပြန်လေတော့၏။

'ကျနော့်ကို နတ်မောက်မှာ မွေးတာဗျ။ မွေးချင်း ရှစ်ယောက်မှာ လေးယောက်မြောက်ပေါ့။ ကျနော့် အထက်ကတယောက် ကိုပေါ်ဆိုတာက အဘိုးမောင်းတဲ့လှည်းပေါ်ကနေ အဆင်းမှာ လှည်းဘီးအောက် ရောက်သွားပြီး ငါးနှစ်အရွယ်လောက်က ဆုံးသွားရှာတယ်။ ကျနော်တို့ရွာနာမည်က မှိုက်ပင်တဲ့၊ မှိုက်ပင်ဆိုတာ သစ်ပင်ကြီးတမျိုးရဲ့ နာမည်ဗျ။ နတ်မောက်ဘူတာကနေ လေးအိမ်ဘူတာ ကျော်ပြီး သားမြားဘူတာမှာ ဆင်းရတယ်၊ ဘူတာစဉ် နာမည်တွေကလည်း အထူးအဆန်းတွေလို့ ပြောလို့ရတယ်။ ဘာတဲ့၊ ဓားတွေလှံတွေချွန်တဲ့နေရာကို ဒလန့်ညွန့်တဲ့၊ သားတော်တွေအများကြီး စုနေခဲ့တဲ့နေရာကို သားမြားတဲ့။ ကျနော်ကြားဘူးသလောက် အလောင်းဘုရား စစ်ချီတုန်းက ပေးခဲ့တဲ့ နာမည်တွေလို့ ဆိုတယ်။

သားမြားဘူတာကနေ နှစ်တိုင် (လေးမိုင်) လောက် လှည်းလမ်းအတိုင်းသွားရင် ကျနော်တို့ရွာကို ရောက်တယ်၊ ရွာနဲ့ဘူတာကြားမှာ ထင်ထင်ရှားရှား ရှိနေတာကတော့ သက်တမ်း လေးငါးရာထက် မနည်းတဲ့ ဖျောက်ဆိပ်ပင်ကြီးပဲ။ တကယ့်ကို ရောမသစ်ပင်ကြီးဗျာ၊ လမ်းတလျှောက်လုံး ယာခင်းတွေချည်းပဲ။ ပိုင်းတန်းတွေ ခရိုးတို့မှာ ဩဇာပင်တွေ ဒင်းကြမ်း၊ အညာဒေသဆိုတော့ မန်ကျည်း၊ ဇီး၊ ထနောင်းပင်တွေ ပေါတယ်ဗျ။

ရွာမှာ ယာသမားချည်းပဲဗျာ။ ပဲနှမ်း တသီးပဲစိုက်လို့ရတယ်။ စိုက်ချိန်မဟုတ်ရင် လူး၊ ဆပ်၊ ပြောင်းတို့ ခရမ်းချဉ်တို့ ကြဲထားလိုက်ကြတာပဲတဲ့၊ လူးတို့ ဆပ်တို့ဆိုတာလား၊ နှံစားသီးနှံ တမျိုးပေါ့ဗျာ။ ဆန်စေ့နဲ့တူတဲ့ အစေ့သေးသေးလေးတွေဗျ။ အမေပြောဖူးတာတော့ ဂျပန်ခေတ်က

အစားအသောက် ရှားပါးတုန်းမှာ လူးတို့ ဆပ်တို့ ပြောင်းတို့ကို ဖရုံသီးတို့ သခွားသီးတို့နဲ့ ကျိုပြီး စားခဲ့ရဘူးသတဲ့။ လူးဆန်ကို ကျနော် စားဖူးပါသကောဗျာ။ ပူတုန်းစားမှဗျ။ အေးသွားရင်မာပြီး စားရခက်တယ်။

ကျနော်ဟာ ရှေးမြန်မာကြီးမျိုးဗျ။ ကျနော်မွေးတဲ့ရွာမှာ တရုတ်ကုလား မဆိုထားနဲ့။ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား တယောက်မှမရှိဘူး။ တခါတခါ ရွာကို ဈေးလည် တရုတ် ကုလား လာရင် အထူးအဆန်းဖြစ်ပြီး ထွက်ကြည့်ကြတဲ့ အထိ၊ ကျနော်မှတ်မိတာတခုက ဆေးမြစ် လာရောင်းတဲ့ ရှမ်းဘောင်းဘီ ရှမ်းခမောက်နဲ့ လူတွေကို တရွာလုံးက ရဲရဲ မကြည့်ရဲကြဘူး၊ ဘာတဲ့၊ ပညာတွေဘာတွေ တတ်လို့ဆိုလား၊ အယူသည်းပြီး ခေတ်နောက်ကျတယ် ဆိုပါစို့ဗျာ၊ နောက် ကျနော်တို့ရွာမှာ ထူးခြားတာ တော်တော်များများ ရှိတယ်'

လင်ကွာ မယားကွာ မရှိဘူးဗျာ။ နောက်ယောကျ်ား ယူတာ၊ နောက်မိန်းမ ယူတာ မရှိဘူး။ အိမ်ထောင်ရေး ဖောက်ပြန်မှုဆိုတာ မကြားဖူးသလောက်ပဲ။ တချို့ အိမ်ထောင်သည်ယောကျ်ားလုပ်သူတွေ လေးငါးဆယ်နှစ် အောက်ပြည်အောက်ရွာ ရန်ကုန်လို အထက်မန္တလေးတို့လို ဒေသတွေမှာ အလုပ်သွားလုပ်လည်း အိမ်ထောင်ရေးနဲ့ ပတ်သက်လို့ ဘာပြဿနာမှ မရှိဘူး။

နေအုံး။ ရှေးမြန်မာကြီးလို့ပြောတာ အကြောင်းရှိတယ်ဗျ။ ချစ်ဦးညိုရဲ့ လက်ာဒီပချစ်သူ ဇာတ်လမ်းထဲက အာရိယန်နဲ့ ဒြာဗိဒီယန်ဆိုတာ ကြားဘူးတယ် မဟုတ်လား။ ဖြူပြီး ရှည်တဲ့အုပ်စုနဲ့ မဲပြီး ပုတဲ့အုပ်စုလေ။ ကျနော်တို့ရွာမှာလည်း အဲဒီလို အုပ်စုနှစ်စု ကွဲနေတယ်။ ဒါပေမဲ့ မတူတာက ကုလားတွေမဲတာနဲ့ မတူဘူး။ အသားညိုတယ် ပြောရမယ်ထင်တယ်။

နောက်တခုက ဖြူပြီး အရပ်မြင့်တဲ့ အုပ်စုက အစဉ်အဆက် အုပ်ချုပ်သူ သူကြီးမျိုးရိုးဗျ။ ကျနော့်အဖေက အဲဒီအုပ်စုကပေါ့။ သူ့ဦးလေးက သူကြီး ဦးချစ်ခိုင်လေ။ သူကြီးအမ ဒေါ်ရွှေအဲ့က ကျနော့်အဖွားပေါ့။ သူညီမက ဒေါ်ရွှေလှဲ့တဲ့။ ကျနော့်စိတ်ထဲ သူတို့နေတာထိုင်တာ ကြည့်ရတာ နည်းနည်း နန်းဆန်နေသလားလို့။ နောက် နေပုံထိုင်ပုံကလည်း နည်းနည်း ကြီးကျယ်ကြတယ်လို့ ကျနော့်စိတ်ထဲ ထင်မိတယ်။ ကျနော့်အရပ် ခြောက်ပေနီးပါးရှိတာက အဖေ့ဘက် နွယ်လို့ဖြစ်မယ်။ နောက် ကျနော်တို့ရွာကို ဘယ်ပုလိပ်ဘယ်ရဲမှ မလာဖူးဘူး။ ရွာသူကြီး အဆုံးအဖြတ်ပဲ။ ဘာကွန်ပလိမ်း၊ ဘာအယူခံမှ မရှိဘူး။ ဘယ်လို ဆုံးဖြတ်သလဲ ဟုတ်လား။ အေးဗျ၊ မီးတို့ရေတို့နဲ့ အဆုံးအဖြတ်ဆိုတာ ခင်ဗျား ကြားဖူးလား။ ကျနော်တို့ ရွာမှာ အမှုအခင်း အငြင်းအခုန်ဖြစ်ရင် ရေတို့မီးတို့နဲ့ ဆုံးဖြတ်ခဲ့ကြတယ်ဆိုပဲ။ အမှုဖြစ်ရင်ဗျာ၊ သူကြီးအိမ်ခေါ်။ ဖယောင်းတိုင်နှစ်တိုင်ကို အမှုသည် နှစ်ယောက်ရှေ့မှာ တပြိုင်တည်းထွန်းပြီး သစ္စာပြုကြရတယ်။ မှန်တဲ့သူရဲ့ဖယောင်းတိုင်က အရင်ငြိမ်းတယ်ပေါ့ ရေနဲ့တော့ ကျုပ်ငုသေချာမမှတ်မိတော့ဘူး။ မီးနဲ့က အမေကိုယ်တိုင် ကြုံဖူးလို့ပြောပြတာ မှတ်မိနေတယ်။

နေအုံးဗျ။ ထူးထူးဆန်းဆန်း လူပျိုအပျိုကိစ္စ ရှိသေးတယ်။

ယောကျ်ားလေး တယောက်က မိန်းကလေး တယောက်ကိုကြိုက်လို့ အောင်သွယ်တွေ ဘာတွေနဲ့ ကြိုးစားလို့မှ မရရင် အဲဒီမိန်းကလေး ယာကအပြန် ရွာပြင်တနေရာရာမှာ ဇွတ်ဆွဲလို့ ရသတဲ့ဗျာ။ အဆွဲခံရရင်တော့ ယူလိုက်ကြတာများတယ်။ ဒါမှ သဘောမတူရင်၊ ဆက်ငြင်းနေရင် မိန်းကလေး ဘက်က တောင်းသလောက် လျော်ပေတော့တဲ့။ ဘယ်လို ထုံးစံကြီးလဲတော့ မသိဘူး။ ကျနော်အမေ့ကို ဒီထုံးစံအကြောင်းမေးတော့ သားရယ် တစ်ထောင်တယောက်ပါ။ ဖြစ်ခဲပါတယ်။ ထုံးစံကတော့ရှိတာ အမှန်ပဲတဲ့။ တခါတခါ မိန်းမဗွေ(အညာစကား မိန်းမလေးတွေ)ကလည်း အိမ်က သဘောမတူလောက်လို့ သူတို့ကိုယ်တိုင် ဆွဲခိုင်းတာလည်း ရှိတယ်တဲ့။

အဲဒီ အလေ့အထတွေကို ကြည့်ရင် ဗိုလ်ချုပ်အောင်ဆန်းက သူ့အမျိုးဆက်တွေ တရုတ်တွေ ဝင်တိုက်လို့ ပုဂံပြည်ပျက်တဲ့ ချိန်မှာ နတ်မောက်မိဖုရား က နောက်လိုက်တွေနဲ့အတူ နတ်မောက်ကို ပြန်လာပြီး ရွာတွေ တည်နေခဲ့တယ်ဆိုတာ တော်တော်ဖြစ်နိုင်ခြေများတယ်။ ရေနဲ့ မီးနဲ့ ဆုံးဖြတ်တာလား။ အခုတော့ဘယ်ရှိတော့မလဲဗျာ။ အမေကို ဆုံးဖြတ်တုန်းကတောင် အမေနဲ့ပြဿနာ ဖြစ်သူရဲ့ ဖယောင်းတိုင်ကို သူကြီးကတော်က အမေ မသိလောက်ဘူးထင်ပြီး ငြိမ်းပစ်ခဲ့တယ်တဲ့။ သူကြီးကတော်လည်း ကျနော်တို့ အမျိုးပါပဲဗျာ။

ဟုတ်တယ်၊ အမေက အရပ်ပုတယ်။ အသားညိုတယ်။ ကျနော့် အဖေက မန္တလေးရောက်နေတုန်းဆိုတော့ အမေ့ခမျာ ရိုးရိုးအအနဲ့ အဖေ့အမျိုးတွေ အနိုင်ကျင့်တာ ခံခဲ့ရတယ်လို့ ကျနော်နားစွန်နားဖျား ကြားဖူးတယ်။ ကျနော့်ရဲ့ မဟုတ်ရင် မခံချင်တဲ့စိတ်ဟာ အဲဒီကိစ္စ တွေနဲ့လည်း စတင်ပတ်သက်နိုင်တယ်ဗျ။ နောက်ရွာက ဆီတအိုးဟာ မြို့မှာချိန်ရင် (၁၁) ပိသာရှိတယ်။ အလေးတင်းတောင်းချိန်တွယ်တဲ့ စနစ်က ထူးခြားနေတယ်။ ဝယ်ဈေးအတိုင်း ပြန်ရောင်းရင် တဆယ် မြတ်သေးတယ်။ ဒီအလေးချိန် စနစ်ပျောက်သွားတာတော့ သိပ်မကြာသေးဘူး။ ၁၉၇၀ ခုနှစ် လောက်အထိ ရှိနေသေးတယ်။ ကျနော့် ဦးလေးတွေ ရန်ကုန်တက်ပြီး ဆီရောင်းတာ ကျနော်မှတ်မိနေတုန်း။

နောက်တခုက အကြွေးပေးရင်ယူရင် ပေးတဲ့သူက မမှတ်ဘူး။ ယူတဲ့သူက မှတ်ရတယ်။ ပေးတဲ့သူက ပြည့်အောင်လည်း ချိန်သွားအုံးဆိုပြီး ပြောရုံပဲ။ လူကိုယ်တိုင်လာပြီး ချိန်တွယ်မပေးဘူး။ နောက်ယာထွန်ရင် လက်စားလိုက်ပြီး ထွန်ကြတာဗျ။ လက်စားလိုက်တယ်ဆိုတာဗျာ၊ သူ့ယာ ထွန်မယ့်နေ့မှာ ကိုယ်က လိုက်ထွန်ပေး၊ ကိုယ့်ယာ ထွန်တဲ့နေ့ကျတော့ သူက လိုက်ထွန်ပေးပေါ့။

ကျန်သေးတယ်။ မြို့က အမျိုးတွေ ရွာလာလည်လို့ ရောင်းစရာ ချစရာ ပါလာရင်၊ ဈေးနှုန်းပြောပြီး အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ တင်ထားလိုက်ရုံပဲ။ ကိုယ့်ဘာသာ ချိန်တွယ်ယူပြီး ပြန်မယ့်နေ့ ငွေဖြစ်ဖြစ် ပဲနှမ်း ဖြစ်ဖြစ် လာပို့တာပဲ။

အော် ကျနော့်တို့ရွာမှာ ငွေကိုင်ပြီး သိပ်မသုံးကြဘူး ဗျ။ ပဲနဲ့နှမ်းနဲ့ လဲကြတာ။ ရွာက ဈေးဆိုင်ဆိုလည်း ဒီအတိုင်းပဲ ဒုံးခြောက် (ပုဇွန်ခြောက်) တစလယ် (နို့ဆီ နှစ်ဗူး)ဖိုး ဆိုတာမျိုးပေါ့။ ဘယ်ပစ္စည်းမဆို ပဲနဲ့နှမ်းနဲ့ လဲလို့ရတယ်။

ရှင်ပြု အလှူကျတော့လည်း တဘာသာဗျ။ တယောက်ယောက် ရှင်ပြု အလှူ လုပ်မယ် ဆိုရင် တရွာလုံးက ဝိုင်းပြီးအလှူငွေ ထည့်ကြတာ။ တခါတလေ ဝိုင်းလှူတာက များနေလို့ မူရင်း အလှူရှင်က ကျုပ် ဘာသွားလှူတော့မလဲ တားယူရတဲ့ ထိ။ တရွာလုံး ပတ်ချာလည် အမျိုးဖြစ်နေတာလဲ ပါတယ်ဗျ။ အဲ မင်္ဂလာဆောင်နဲ့ နာရေးကျတော့ ဧည့်သည်တွေက ငွေကူတဲ့အလေ့ မရှိပြန်ဘူးဗျာ၊ ဒီကိစ္စတွေမှာ အမျိုးရင်းတွေ ဝိုင်းရှင်းကြရသတဲ့။ ဧည့်သည်များ ရွာရောက်လာရင် တအိမ်တနပ် ထမင်းစားဖိတ်တော့တာပဲ။ ဘယ်သူ့အိမ်ကိုဘယ်နေ့၊ မနက်စာက ဘယ်အိမ်၊ ညစာက ဘယ်အိမ်ဆိုပြီး သူတို့ဟာသာညှိပြီး ဖယားဆွဲကြတော့တာ၊ မလာလို့တော့ အိမ်ရှေ့လာထိုင်စောင့်ပြီး ပေခေါ်နေတော့တာပဲ။ မတော်တဆ ပြန်မယ့်ရက်က ကပ်နေပြီး ထမင်းစားဖိတ်တာ နှစ်အိမ်ထပ်နေလို့ကတော့ ပထမအိမ် ထမင်းဝိုင်းဘေးအထိလိုက်လာပြီး ငုတ်တုတ်ထိုင်စောင့်ကြတာ၊ ကျုပ်တို့ အိမ်မှာ စားဘို့ချန်အုံး။ အဝမစားခဲ့နဲ့။ ဒီမှာချက်တဲ့ ဟင်းနဲ့ မတူအောင် ချက်ထားတာ၊ လုပ်တဲ့အထိ။

ကျုပ်တို့ရွာက တော်တော်တော့ ခေါင်တယ်ဗျာ။ ကတ္တရာလမ်း မရှိဘူး။ သဲထူထူလမ်းဆိုတော့ စက်ဘီးတို့ ဆိုင်ကယ်တို့လည်း စီးမရဘူး။ ဖိနပ်စီးပြီး လမ်းလျှောက်ရင်တောင် သဲက နောက်ကျောဘက် ဂုတ်ပိုးထဲ ဝင်တဲ့အထိ သဲထူတယ်။

အေးပေါ့ဗျာ၊ ထွန်စက်လာလို့ တရွာလုံးထွက်ပြီး ဝိုင်းကြည့်ကြတာ ကျောင်းပိတ်ရတယ်ဆိုတဲ့ ရွာမျိုးပေါ့။ နတ်မောက်နဲ့လား၊ (၁၀)မိုင်လောက်ဝေးတယ်။ မဖြစ်မနေ နတ်မောက်သွားစရာရှိရင် ထွန်စက်က ကျနော်တို့ရွာက မာစီးဒီးပေါ့။

ဗိုလ်ချုပ်အောင်ဆန်း အိမ်လား၊ ရောက်ဖူးတာပေါ့ဗျာ။

■

## အခန်း (၇)

# နတ်မောက်သွား တောလား

ကျနော်တို့ရွာနဲ့ ဗိုလ်ချုပ်အောင်ဆန်းအိမ်ရှိတဲ့ နတ်မောက်မြို့တွင်းဟာ ၁၀ မိုင်လောက်ဝေးတယ်။ နတ်မောက်မြို့ဘက်ကို ယာခင်းတွေ တောင်ခါးပန်းတွေကို ထွေလာ (နောက်တွဲပါ လယ်ထွန်စက်)နဲ့ ကျနော် သွားဖူးတယ်။ ရန်ကုန်ကနေ ဆယ်တန်းအောင်ပြီးမှ သွားဖူးတာ။ ငယ်ငယ်က ဘယ်သွားဖူးမလဲဗျာ။ ကျနော်က လေးနှစ်သား ကျော်ကျော်လောက်ကတည်းက ရန်ကုန်ရောက်နေတာ။

နတ်မောက်ဘက်ကို ရွာကနေ ထွက်လို့ တတိုင် (နှစ်မိုင်) လောက်ရောက်ရင် အင်ကြင်းတောကို ရောက်တယ်။ အင်ကြင်းတောဟာ အင်ကြင်းငုတ်တိုတွေချည်းပဲ ရှိတဲ့နေရာ။ ထူးဆန်းတာက အဲဒီ အင်ကြင်းငုတ်တိုတွေ အားလုံးဟာ အားလုံး ကျောက်ဖြစ်နေတာပဲ။

ဟုတ်တယ်။ လေးပေ ဝန်းကျင်လောက် အမြင့်ရှိတဲ့ အင်ကြင်းငုတ်တိုအားလုံးဟာ မြေကြီးမှာ သစ်ပင်တွေလို ရှိနေလျက်နဲ့ ကျောက်ဖြစ်နေတာ။ အင်ကြင်းငုတ်တိုတွေ ရာဂဏန်းချီပြီး ရှိတယ်။ ကျနော်က ထွေလာရပ်ခိုင်းပြီး စပ်စုတော့ အဲဒီငုတ်တိုတွေမှာ ပုဆိန်လို ရဲဒင်းလို အသွားထက်ထက်နဲ့ ခုတ်ဖြတ်ထားတဲ့အရာတွေ ထင်ထင်ရှားရှား တွေ့ရတယ်။ ကျနော် ကြားဖူးသလောက် အင်ကြင်းပင်ကနေ အင်ကြင်းကျောက်ဖြစ်လာဖို့ နှစ်သိန်းသန်းချီပြီး ကြာသတဲ့ဗျ။

ကျနော်တို့အမျိုးတွေပဲလား။ သူတို့အရင် အနွယ်တွေလားတော့ မဆိုနိုင်ဘူး။ ကျနော်တို့အရပ်မှာ လူတွေအခြေချခဲ့တာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ဆိုပါတော့ဗျာ။

အင်ကြင်းတောက အခုထိ ရှိသေးတယ်။ သတင်းစာတွေထဲမှာ အင်ကြင်းကျောက်တွေကို တရုတ်ပြည်က ဝယ်နေတယ်လို့ဖတ်ရတယ်။ ရောင်းရမှန်းသိလို့ တူးရောင်းကုန်ရင်တော့ မပြောတတ်ဘူး။ တူးရင်တောင် တော်တော်နဲ့ ကုန်နိုင်မယ် မထင်ဘူး။ ဝန်ချီစက်တို့ ကရိန်းတို့ သုံးမှ ဖြစ်မယ်ထင်တယ်။ သုတေသန လုပ်သင့်တာပေါ့။ ဒါပေမဲ့ဗျာ၊ နတ်မောက်ဟာ အမေ့ခံဒေသ ဖြစ်ခဲ့ပါပြီ။

နတ်မောက်မြို့နဲ့ နီးလာရင် နန့်ကြားထူး ခေါ်တဲ့ရွာကို ရောက်တယ်။ နန့်ကြားထူးကနေ နွေအခါ ရေစပ်စပ်ပဲ ရှိတဲ့ ချောင်းတိမ်လေးကိုကျော်ရင် နတ်မောက်ကတ္တရာလမ်းပေါ် ကို ရောက်ပြီ။

ကျနော် အခုပြောတာက ထွေလာနဲ့ လာတဲ့လမ်း။ နတ်မောက်ဘူတာကနေလည်း နတ်မောက်မြို့ပေါ် ကို ကျနော်သွားဖူးတယ်။ ဘူတာကဆင်းရင် မြို့ကို တန်းမရောက်ဘူး။ ယင်းချောင်းကျယ်ကြီးကိုဖြတ်ရတယ်။ နွေအခါတော့ ရေခန်းတယ်။ သဲသောင်နုန်းမြေတွေအပေါ် မှာ စိုက်ခင်းတွေတောင်ရှိတယ်။ မိုးတွင်းဆို ယင်းချောင်းမှာ ရေပြင်ကျယ်ကြီးလို ဖြစ်နေတယ်၊ တချို့ ညှော်သည်တွေ နတ်မောက်ဘူတာကနေ နတ်မောက်မြို့ထဲ ရောက်အောင် အဲဒီယင်းချောင်းရေပြင်ကို ကျော်ဖို့ ရေတိမ်တဲ့နေရာကနေ လမ်းပြပေးတဲ့သူတွေ ရှိတယ်ဗျ၊ ကျနော်ရောက်တုန်းက လမ်းပြဈေးနှုန်းကို ကြားခဲ့တာက ဆွဲတဆယ် ပွေ့ငါးကျပ်တဲ့၊ အေးလေ၊ မိန်းကလေးတွေ ကူးချင်ရင် လက်နဲ့ဆွဲခေါ်ပြီး လမ်းပြရမယ်ဆိုရင် တဆယ်၊ ရင်ခွင်မှာပွေ့ပြီး ခေါ် သွားရမယ်ဆိုရင် ငါးကျပ်ပဲပေးဆိုတာမျိုးပေါ့၊ အပြောင်အပြက် ပြောတယ် ထင်ပါရဲ့ဗျာ။

အဲဒီ ယင်းချောင်း သဲပြင်ကြီး ပေါ့ဗျာ။ ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကျောင်းသားဘဝ နွေရာသီကျောင်းပိတ်လို့ အိမ်ပြန်ရင် ဖိနပ်ကို ခါးကြားထိုး၊ ပါလာတဲ့အိတ်ကို ဆွဲပြီး နေပူပူမှာ ခေါင်းငိုက်စိုက်ငိုက်စိုက်နဲ့ သူ့အမေ့အိမ်ကို ရောက်ဖို့ဖြတ်ခဲ့တဲ့ ယင်းချောင်းကြီးပေါ့။ ဗိုလ်ချုပ်က တခြား တက္ကသိုလ်ကျောင်းသားတွေလို ဘူတာမှာ တကူးတကလာကြိုတာကို သဘောမကျဘူးဆိုပဲ။ ပြန်လာမဲ့ရက်ကို စာတွေဘာတွေရေးပြီး အသိမပေးဘူးတဲ့။ နေကျဲကျဲ ပူနေတဲ့အချိန် သဲပြင်ကြီးကို ခြေပလာနဲ့ ဖြတ်ပြန်လာတဲ့ဗိုလ်ချုပ်ဟာ လမ်းမှာတွေ့တဲ့ ယာတဲမှာ ရေတောင်းသောက် ရေနွေးတောင်းသောက်နဲ့ လုပ်တတ်သတဲ့။ ကျနော်ကိုယ်တိုင် ဘယ်သိမလဲ။ နတ်မောက်ဘုန်းကျော်ရေးတဲ့ စာအုပ်မှာတွေ့တာ။ နတ်မောက်ဘုန်းကျော်လား၊ သူက ဗိုလ်မှူး အငြိမ်းစား၊ ဗိုလ်ချုပ်မကျဆုံးခင် အနီးကပ်နေခဲ့တယ်။

နတ်မောက်က လူကြီးသူမတွေက နတ်မောက်သားချင်းဆိုတော့ ဗိုလ်မှူးဘုန်းကျော်ကို ဗိုလ်ချုပ်ကို သေချာစောင့်ရှောက်ပါကွာ၊ လူဆိုတာ ချစ်တဲ့သူတွေချည်း ရှိတယ်လို့ တွက်လို့မရဘူးလို့ မှာထားကြဖူးတယ်တဲ့။

ဗိုလ်မှူးဘုန်းကျော် ခွင့်နဲ့ နတ်မောက်ကို ပြန်လာတုန်း ဗိုလ်ချုပ်တို့ လုပ်ကြံခံရတော့

'ခွေးမသားလေး၊ မင်းပြောတော့ စောင့်ရှောက်ပါတယ်၊ ကျန်တဲ့သူတွေနဲ့ စိတ်ချရပါတယ်ဆို၊ အခုတော့ ရေတိမ်နစ်ပြီ'ဆိုပြီး ဝိုင်းဆူတာဆဲတာတောင် ခံရဖူးတယ်တဲ့။ သူရေးထားတဲ့ စာအုပ်တွေထဲမှာ ကျနော် ဖတ်ဖူးတယ်။

နတ်မောက်က ကတ္တရာလမ်းအရှည် သိပ်မရှိလှဘူး။ ကျနော့်စိတ်ထင် နတ်မောက်မှာ ကတ္တရာလမ်း ခင်းထားတဲ့အရှည်ဟာ စုစုပေါင်း ငါးမိုင်ခြောက်မိုင်ထက် မပိုဘူး။

မြို့ထဲကို ဝင်မိလို့ သိပ်မကြာဘူး ဗိုလ်ချုပ်တို့အိမ်ကို ရောက်တယ်။ သုံးနှစ်သစ်သားတန်းတွေနဲ့ ခြံစည်းရိုး ဝင်းခတ်ထားတယ်။ ကျနော်ရောက်တာက ၁၉၇၇ ခုနှစ် ဝန်းကျင်ဆိုတော့ ဗိုလ်ချုပ်အိမ်ကို ပြတိုက်လုပ်ဖို့ ဦးစန်းယု (နောင်သမ္မတ ဖြစ်လာခဲ့သူ) အမိန့်ပေးသလိုလို ကြားခဲ့ရတယ်။

ကျနော်တွေ့ခဲ့တဲ့ ဗိုလ်ချုပ်ရဲ့အိမ်ကလည်း အိမ်ဟောင်းကို မီးလောင်သွားလို့ ပြန်ဆောက်ထားတဲ့ အိမ်ဆိုပဲ။ ပုံစံတူအတိုင်း ပြန်ဆောက်ထားသတဲ့။

ဗိုလ်ချုပ်အိမ်က ကျနော်တို့ရွာမှာ မြင်နေကျ သာမန်အိမ်မျိုးပါပဲ။ တောသူဌေးအိမ်ဆိုပါတော့။ သွပ်မိုး ဝါးထရံကာ၊ ခြေတံရှည်အိမ်၊ အောက်ဖက်မှာ မြေစိုက်။ နေအုံးဗျ၊ ဗိုလ်ချုပ်အိမ် အောက်ထပ်မှာ ဝါးထရံကို အောက်ပိုင်းမှာ ကာထားတော့ တခန်းနှစ်ခန်းစာတော့ အခင်းရှိပုံရတယ်။ အညာဓလေ့အရ အိမ်အောက်ထပ်တွေမှာ ကွပ်ပျစ်တွေပဲထားတာ။

ပေါ်မှာ အပူတပြင်းလက်ထပ်ပေးဖို့ ကျနော့်ကို ကျားပိန်တွယ် တွယ်ပါတော့တယ်။

တကယ့်ကို အုံ့ဩစရာပါပဲ။ သမီးဆေးရုံတင်ထားတာကို သတင်းတချက်မမေးပဲ သူနောက် အိမ်ထောင်ထူဖို့ စိုင်းပြင်းနေတဲ့ဇော်ဝင်းဦးကို ဘယ်လိုမှ နားချစရာအကြောင်းမမြင်တဲ့အဆုံး သူ့အလို ကိုလိုက်ဖို့ ဆုံးဖြတ်လိုက်ရပါတော့တယ်။

နောက်ဆုံးတော့ ကျနော်ဟာ ဘားလမ်းက ရန်တုန်တိုင်းတရားရုံးကိုသွားပြီး မိတ်ဆွေ တယောက်အကူအညီနဲ့ လက်ထောက်တိုင်းတရားသူကြီးတယောက်ကို လက်ထပ်စာချုပ်တစောင် လက်မှတ်လိုက်ထိုးပေးဖို့ နားပူလိုက်တော့ တရားသူကြီးကလည်း စိတ်လိုလက်ရလိုက်လာသဗျာ။

တရားသူကြီးကိုတင်ခေါ် လာတဲ့ ကားလည်း အာရှတော်ဝင်ဆေးရုံရှေ့ရောက်ရော တရားသူ ကြီးက ဟ၊ ခင်ဗျားတို့ လက်ထပ်မယ့်နေရာက ဟိုတယ်လည်းမဟုတ်ပါလား၊ ဒါ ဆေးရုံပါလားတဲ့ဗျာ၊ ကျနော်လည်း မှုသားမပါ လက်ာမချော၊ အဆင်ပြေအောင် ရှင်းပြ၊ တရားသူကြီးကို သတို့သား ဇော်ဝင်းဦးနဲ့ သတို့သမီး စုစုရွှေတို့ရှိရာအခန်းထဲကို တွန်းပို့ပြီး အပြင်ကို ပြန်ထွက်လာခဲ့ရပါတယ်။

ကျနော်ပြန်ထွက်လာတာ အကြောင်းနှစ်ချက်ရှိပါတယ်။ ပထမအချက်က ဒီလက်ထပ်တဲ့ ကိစ္စမှာ မလွှဲမရှောင်သာလို့သာ လိုက်လုပ်နေရတာ၊ ကျနော်သက်သေအဖြစ် ပါချင်တဲ့စိတ်မရှိပါဘူး။ ဒုတိယအချက်က ဒီသတင်းကို မီးမီး နားစွန်နားဖျားကြားထားတာကြောင့် ဆေးရုံကိုလိုက်လာပြီး ပွဲကြမ်းမယ်ဆိုတာကြောင့်ပါပဲ။ အမှန်တော့ မီးမီးကိုနိုင်အောင် ထိန်းသိမ်းထားမြစ်နိုင်တဲ့လူစွမ်းကောင်း က ကျနော်ကလွဲရင် ဇော်ဝင်းဦးမှာ အခြားမိတ်ဆွေမရှိတာကြောင့် ဆိုပါတော့။ ကံအားလျော်စွာ အဲဒီနေ့က ဇော်ဝင်းဦးနဲ့စုစုရွှေတို့လက်ထပ်စာချုပ်ဟာ အလွယ်တကူ ပြီးမြောက်သွားခဲ့ပါတယ်။ ဇော်ဝင်းဦး စုစုရွှေကိုလက်ထပ်တဲ့ကိစ္စမှာ ဇော်ဝင်းဦးနဲ့သူ့အဖေ ကုံကော်ရွှေပြည် ဦးသန်းထွန်းတို့ အချီအချပြောတဲ့စကားတခွန်းကတော့ တော်တော်မှတ်လောက်သားလောက်သဗျာ။

ဘာတဲ့။ ငါ့သား မင်းယူမယ့်မိန်းကလေးကြည့်ရတာ ခပ်နုံ့နုံ့ပုံစံထဲကပါပဲကွာလို့ မှတ်ချက်ပေး တော့ ဇော်ဝင်းဦးက အဖေ့သား ဒါမျိုးမှကြိုက်တာ အဖေသိပြီးသားပဲတဲ့ဗျား။ ကောင်းကြပါလေရော။ သားက ကြားတဲ့စကားမဟုတ်ရပေါင်ဗျာ။ ဇော်ဝင်းဦးကိုယ်တိုင် ပြန်ပြောပြခဲ့တာပါ။

ဒါလည်း ဇာတ်လမ်းက မပြီးသေးဘူးဗျာ။ ဇော်ဝင်းဦးဟာ စုစုရွှေကို တင့်တောင့်တင့်တယ် မင်္ဂလာဆောင်ပါ့မယ်လို့ ကတိပေးထားတာကြောင့် မင်္ဂလာဆောင်ကို နေ့ပွဲညပွဲကျင်းပချင်တယ် လုပ်ပြန်ပါရော။ တကယ့်ကို မျက်နှာပြောင်တဲ့ ဇော်ဝင်းဦးပါပဲဗျာ။

ကျနော်လည်း ပို့မယ့်ဗို့ ကူးတို့ရောက်ပါစေတော့ဆိုပြီး မင်္ဂလာဆွမ်းကျွေးကိစ္စကို ကျနော်နဲ့ ဆရာရင်းဒကာရင်းဖြစ်နေတဲ့ မရမ်းကုန်းမဟာဂန္ဓာရုံကျောင်း တိပိဋကဓရဆရာတော် ဦးသုမင်္ဂလကို သွားလျှောက်ပြီး လုပ်ပေးလိုက်ရပြန်ပါတယ်။ ဆရာတော်က မင်္ဂလာတရားချီးမြှင့်တဲ့အခါ အထစ်အငေါ့ မဖြစ်ရလေအောင် သတို့သားဟာ အိမ်ထောင်ရှိခဲ့ဘူးတယ်ဆိုတာကိုလည်း ကြိုတင် လျှောက်ထားရ ပြန်သဗျ။

ညနေပွဲကိုလည်း အဲဒီနေ့ အင်းလျားလိပ်မှာကျင်းပတဲ့နေရာမှာတော့ ကျနော်လည်း ခပ်ရှောင် ရှောင်ပဲ နေလိုက်ပါတော့တယ်။ ဇာတ်လမ်းကိုချုပ်ရရင် ဇော်ဝင်းဦးနဲ့ စုစုရွှေမင်္ဂလာဆောင် ကိစ္စမှာ ဇော်ဝင်းဦးမိဘတွေက ငွေထုတ်မပေးတာကြောင့် မင်္ဂလာဆောင် ကုန်ကျငွေအရပ်ရပ်အတွက် ဂွင်ဖန်တဲ့ကိစ္စမှာလည်း ကျနော်နဲ့မကင်းပြန်ပါဘူး။

တိတိကျကျပြောရရင် ဇော်ဝင်းဦးနဲ့စုစုရွှေတို့မင်္ဂလာပွဲ တင့်တောင့်တင့်တယ်ဖြစ်ခဲ့တာ သက်ခိုင် ကောင်းမှုလို့ ဆိုနိုင်ပါတယ်။ ဖြစ်ပုံက အဲဒီအချိန် ဇော်ဝင်းဦးလက်ထဲမှာ ငွေအလုံအလောက်မရှိတာ ကြောင့် ကျနော့်မိတ်ဆွေ ကိုသက်တင်ဆီကနေ အိမ်ဂရန်တခုကို အာရှခနဘဏ်မှာ အပေါင် ထားပြီး

အထဲတော့ ကျနော် ဝင်မကြည့်ဖြစ်တော့ပါဘူးဗျာ။ ထူးခြားတာက အိမ်ရှေ့ဘေးဖက်မှာ ဆီလှောင်တဲ့ ကန်တဲ့။ အလျား ဆယ့်ငါးပေ၊ အနံ ရှစ်ပေ၊ အမြင့်သုံးပေခွဲလောက် ရှိမယ်။ အစဉ်အဆက် ချမ်းသာတဲ့မျိုးဆိုတော့ ဆီကို အုတ်ကန်နဲ့ လှောင်နိုင်တာနေမှာပေါ့။ ချမ်းသာတဲ့မိခင် ဖြစ်နေလို့ ဗိုလ်ချုပ်ဟာ မိသားစုအတွက် နောက်လှည့်မကြည့်ရဘဲ တိုင်းပြည် တာဝန်ကို တစိုက်စိုက်မတ်မတ် လုပ်နိုင်ခဲ့ပုံပဲ။

နတ်မောက်မြို့လယ်မှာ ဗိုလ်ချုပ်ပန်းခြံရှိတယ်။ ပန်းခြံထဲမှာ ဗိုလ်ချုပ်အောင်ဆန်းရုပ်ထု ရှိတယ်။ ဗိုလ်ချုပ်က စာရွက်ခေါက်တခုကိုကိုင်ပြီး လက်တင်ပြားကြီးကြီးနဲ့ နောက်မှီကုလားထိုင်ကြီးတခုပေါ်မှာ စမတ်ကျကျ ထိုင်နေတဲ့ပုံစံ ရုပ်တု။ ပန်းခြံသာဆိုတယ် ဘာပန်းမှ မရှိတဲ့ ပန်းခြံပါဗျာ။

တပိုင်းတစခြောက်နေတဲ့ ပုဏ္ဏရိပ်ပင်ကျိုးတိုးကျဲတဲ ခပ်ပုပုလေးတွေရှိတယ်။ ကာထားတဲ့ စည်းရိုးဝင်းထရံကလည်း သစ်သားတန်း ခနော်ခနဲ့ပါပဲ။ ခပ်ခြောက်ခြောက် မစိုမပြည်နေရာပါ။ ကျနော် အဲဒီရောက်တော့ ဗိုလ်ချုပ်နဲ့ ပတ်သက်ပြီး အစာမကြေတဲ့ ကာတွန်းဆရာတယောက် မဂ္ဂဇင်းတခုမှာ သရော်ထားတဲ့ ကာတွန်းတခု သွားသတိရတယ်။ ကာတွန်းပုံမှာ ဆွဲထားတာ အဲဒီရုပ်တုပုံစံမျိုး ဗိုလ်ချုပ်ဗျ။ သူက စာရွက်လိပ်ကို ကိုင်လျက် ကုလားထိုင်ပေါ်ကနေထပြီး စကားပြောနေတဲ့ပုံ။

ဘာတဲ့၊ အင်း ငါ့စကားကို နားထောင်မထောင်တော့ မသိဘူး။ ငါရုပ်တုနားက နွားတွေတောင် ငါကိုယ်တိုင် မောင်းနေရပါလားတဲ့။ အေးဗျာ၊ ပြောရရင် မကျေမချမ်းဖြစ်စရာတွေချည်းပါပဲ။ ထားလိုက်ပါတော့လေ။ ကျနော် မေးလိုက်အုံးမယ်ဗျာ။ အိပ်ပျော်လို အိပ်ပျော်ကြားပေါ့။ တခုခုတော့ လုပ်အုံးမှပါ။ ဒီအတိုင်း ဆက်သွားနေရင်တော့ အလောင်းကို ဘယ်နေရာမြှုပ်မယ်မှန်း မသိတဲ့ ဘဝရောက်ဖို့ သိပ်မဝေးတော့ဘူး ထင်တယ်။ ဟုတ်တယ်၊ ကျနော် တခုခု လုပ်ရမယ်။ တခုခု လုပ်မှဖြစ်မယ်။ ခင်ဗျားလည်း ရေတိုင်ကီ သွားဖြည့်လိုက်အုံး။ တော်ကြာ ဘုတ်တက်လာပြီး ရေမရှိရင် ခြေထောက် စင်အောင် မဆေးဘဲ အဆောင်ပေါ် တက်လာကြလို့ ညစ်ပတ်ကုန်မယ်။ ပြန်ဆေးတော့လည်း စိုစိစိုစိနဲ့ စိတ်ညစ်ဖို့ ကောင်းပါတယ်ဗျာ။

■

## အခန်း (၈)

# မကွာရာနယ်မြေက သက်ခိုင်

စခန်းခွဲ (၁) သို့ရောက်ရှိပြီး တလကျော်အချိန်တွင် ဖြစ်၏။

ကိုသက်ခိုင်သည် တမူထူးနေပြန်လေသည်။ အဆိုပြန်နေသော မျက်နှာနှင့် မဟုတ်တော့။ ရောက်စက တနေကုန် သူအမြဲနှိပ်နေသော တရုတ်ပြည်လုပ် ပုတီးစိတ်စက်ကလေးကိုလည်း သူ့လက်ထဲတွင် မတွေ့ရပြန်ချေ။ တစုံတခုကို သဲသဲမဲမဲ အာရုံစူးစိုက်နေဟန် ရှိသည်။ သူ ဇနီး ညည့်တွေ့လာစဉ် ယူလာသော တရားစာအုပ်တထပ်ကြီးကို သဲသဲမဲမဲ ဖတ်နေချိန် များသည်။ စကားပြောချိန် နည်းလာသည်။ အချို့အပြောအရ ညညတွင် ကိုသက်ခိုင် တရားထိုင်သလိုလို သမထ ကျင့်သလိုလို လေ့ကျင့်ခန်း လုပ်နေသည်ဟုလည်း ကြားရသည်။ ဖွင့်မေးလျှင် ကြောင်တောင်တောင် ဖြစ်မည်စိုး၍ ကျနော် သူ့ကို မမေးဖြစ်ချေ။

တနေ့ ဘုတ်ကိုင် အရိုက်လွန်ရာက အရိုက်ခံရသော ဘုတ်သားအုပ်စု ပြဿနာတက်တော့မည့် အခြေအနေကို ကိုသက်ခိုင် ဝင်ရှင်းနေသည်။ ထိုနေ့က စခန်းတာဝန်ခံ ပင်မစခန်းသို့ ထွက်သွားချိန်ဖြစ်၍ ဒုတပ်ကြပ် ခင်မောင်ဌေးတယောက်သာ စခန်းမှာ ကျန်ရစ်၍ သူလည်း မရှင်းနိုင်၊ အစောင့်ရဲတွေကလည်း ဘက်ပြေးအတွက်သာ တာဝန်ရှိ၍ တစုံတရာ ဝင်မစွက်ကြ။

သတ်မယ်ဖြတ်မယ်အထိ တင်းမာနေသော အုပ်စုကြားမှာ ဘယ်လိုဘယ်ပုံ ကိုသက်ခိုင် ရှင်းလိုက်သည် မသိ။ ခဏချင်း ငြိမ်းသွားသည်။ ကိုသက်ခိုင်ကို ကြည့်ရသည်မှာ လက်ရဲဇက်ရဲအုပ်စုကို ထွေထွေထူးထူး ဂရုစိုက်ပုံ မပေါ်။

ကျနော်က စပ်စုလိုက်မိသည်။

'တော်တော် ကြောက်ဖို့လန့်ဖို့ကောင်းတဲ့ကောင်တွေဗျာ။ ဓားတွေ၊ ပေါက်ပြားတွေနဲ့ ဖြစ်လိုက်ရင်တော့ ခင်ဗျားပါ မချောင်ဘူးထင်တယ်'

'ကျနော် လူဆိုးလူမိုက်တွေရဲ့ နယ်မြေမှာ ကြီးခဲ့တာဗျ။ ဒါတွေ ကျနော့်အတွက် မဆန်းလှဘူး။ သို့သော် ကျနော် စေတနာအမှန်နဲ့ ရှင်းပေးခဲ့တာ သူတို့နားလည်မှာပါ။ လူမိုက်လည်း ကြော(ချော)

သိရင် ဆက်ဆံရတာ မခက်ပါဘူး'

'လူဆိုးလူမိုက်နယ်မြေ ဆိုတာ ဘယ်နေရာလဲဗျ'

'မက္ခရာနယ်မြေ ဆိုပါတော့'

'ဘာလဲဗျ၊ မက္ခရာနယ်မြေဆိုတာ။ ဘာလို့ မက္ခရာလို့ ခေါ်ကြတာလဲ'

'အော် ၁၉၇၄ ဝန်းကျင်က တနိုင်ငံလုံး ကျော်ကြားခဲ့တဲ့ ရုပ်ပြကာတွန်း စာအုပ်တအုပ် ရှိခဲ့တယ်ဗျ။ မက္ခရာခေါ် တဲ့။ ဂျပန်ရုပ်ပြကို မှီးသလား တရုတ်သိုင်းဇာတ်လမ်းကို မှီးသလားတော့ မသိဘူး။ မြန်မာဇာတ်ကောင်တွေ ထည့်ပြီး တက္ကသိုလ်မင်းလွင် ဆွဲတာ။ သီပေါမင်း ပါတော်မူချိန်ကို အခြေခံထားတာ။ အထူးသဖြင့် ဓားသမား အချင်းချင်း တိုက်ကြခိုက်ကြ သတ်ကြဖြတ်ကြတဲ့ ဇာတ်လမ်း။ ဇာတ်လမ်းကလည်းကောင်း၊ ရုပ်ပုံတွေကလည်း သေသပ်တော့ မဖတ်ဖူးသူ မရှိလောက်အောင် နာမည်ကြီးသွားတယ်။ စာအုပ်တွဲပေါင်း ကိုးတွဲလောက်ရှိမယ် ထင်တယ်၊ အဲဒီ ကာတွန်းစာအုပ် နာမည်ကြီးပြီးတဲ့နောက် ခဏခဏ သတ်တာဖြတ်တာတွေ ဖြစ်ဖြစ်နေတဲ့နေရာကို မက္ခရာနယ်မြေလို့ ခေါ်ကြတာပဲ'

'ဘယ်နေရာလဲဗျ'

'ရန်ကုန်တိုင်း လှိုင်မြို့နယ်၊ ကမာရွတ် ဘူတာရုံလမ်းက သံကြိုးတိုင်၊ အေးရပ်ကွက်ဆိုတဲ့ နေရာတွေပေါ့။ အေးဗျာ၊ လူတယောက်ရဲ့ဘဝမှာ ဗီဇနဲ့ ပတ်ဝန်းကျင် နှစ်မျိုးလုံးနဲ့ ဆိုင်တယ်ဆိုတာ ဖြစ်နိုင်တယ်ဗျ၊ ကျနော် လက်ရဲဇက်ရဲ ဖြစ်လာတာနဲ့များ သက်ဆိုင်နေလေရော့သလားတော့ မဆိုတတ်ဘူး'

'တော်တော်ဆိုးကြသလားဗျာ'

'နားထောင်ကြည့်ပေါ့ဗျာ၊ မက္ခရာနယ်မြေက ကျနော့်ကိုယ်တွေ့ ဇာတ်လမ်းတွေ'

ကျနော့်အဖေက အဖွားစကား မလွန်ဆန်ရဲလို့ အမေနဲ့သာညားတာ သားသမီးလေးယောက်ရတဲ့ အထိထင်ရာ လျှောက်လုပ်နေတုန်း။ အမေ့ကို မနှစ်သက်ပဲ ယူရလို့လားတော့ မသိဘူး၊ မန္တလေးတက်ပြီး ထင်တိုင်းကြဲ နေလိုက်တာ။ ကျနော်အကိုလည်း လှည်းနင်းမိလို့ ဆုံးရော၊ နောင်တရသွားပုံပဲ။ ရန်ကုန်ကို ထပ်တက်သွားပြီး သုံးဘီးကား ထောင်တယ်၊ ဆိုက်ကားထောင်တယ်၊ အဆင်ပြေလာတော့ အမေနဲ့ ကျနော်တို့ မောင်နှမတွေကို လှမ်းခေါ် တယ်။

အဲဒီမှာ ကျနော်တို့မိသားစု ရန်ကုန်ရောက်လာတယ်။ ကျနော်လေးနှစ်သား ကျော်ကျော်ပေါ့။ လှိုင်မြို့နယ်၊ ဘူတာရုံလမ်းမှာ အိမ်လေးတလုံး ဝယ်တယ်။ နောက်မှ ကျနော်တို့ သိလာတာက အဖေဟာ ကျနော်တို့ပညာရေးအတွက် စီစဉ်ခဲ့တာ ဆိုတာပဲ။

ကျနော်အဖေကလည်း သူ့ခေတ်နဲ့သူတော့ သူထင်ရာ စိုင်းခဲ့တယ်ဆိုပဲ၊ ရန်ကုန်လာခါနီး မန္တလေးမှာ အနိုင်ကျင့်တဲ့ လူမိုက်တယောက်ကို စိတ်မထိန်းနိုင်တာနဲ့ ခေါင်းကို အရက်ပုလင်းနဲ့ ကြေမွနေအောင်ရိုက်၊ ရေနီမြောင်းထဲ ကန်ချထားခဲ့ပြီး ကြက်စိန် အဲဥပွဲရုံက ကားပေါ် တက်လိုက်လာလိုက်တာ ရန်ကုန်ရောက်လာသတဲ့။ အဖေက ကျနော့်ကို သိပ်ချစ်တော့ သူသောက်ထားတုန်း ကျနော့်ကလွဲရင် ဘယ်သူနဲ့မှ စကားမပြောဘူး။ အဲဒီအကြောင်း သိတာကလည်း သူသောက်ထားတုန်း ပြောလို့သိတာ၊ အဖေဟာ ရန်ကုန်ရောက်ကတည်းက ဖဲလည်းမရိုက်တော့ဘူး၊ ရန်ဖြစ်တာလည်း မတွေ့တော့ဘူးဗျ။

၁၉၆၂ ခုနှစ်ဝန်းကျင်မှာ နယ်အစုံက စရိုက်အစုံနဲ့လူတွေ ရန်ကုန်တက်လာကြတဲ့ အချိန်ထင်ပါရဲ့။ ရန်ကုန်မြို့အနှံ့မှာ မြို့သစ်ကွက်သစ်တွေ အများကြီးပေါ် လာသလို ကျူးကျော်ရပ်ကွက်တွေလည်း ရေလို့တောင် မနိုင်အောင် များလာတယ် ထင်ပါ့ဗျာ။ ရန်ပွဲတွေ တချိန်းချိန်းနဲ့။ ကျနော်တို့လည်း

အစတော့ ထူးဆန်းသလိုပေါ့။ နောက်တော့ ခဏခဏ ရန်ပွဲတွေ သတ်တာဖြတ်တာတွေ တွေ့ဖန်များလာတော့ ရိုးသလို ဖြစ်လာတယ်။

ပထမဆုံး ကျနော် အမှတ်ရတာက ကျနော်နဲ့ ခုနှစ်တန်းတက်နေတဲ့ တတန်းတည်း သူငယ်ချင်း စိုးဝင်း။ သူက ရှိလှရင် ဆယ့်ငါးနှစ်ပဲ၊ နေတာလည်း ခပ်အေးအေးပုံစံ။ တနေ့ ကျနော်တို့ ကျောင်းအဆင်း အိမ်အပြန် ဓားနဲ့ထိုးလို့ဆိုတဲ့ အသံတွေ ထွက်လာတယ်။ ကျနော့် ရှေ့မှာလည်း လူတွေ အုံကြည့်နေကြတယ်။ ကျနော်လည်း မဝံ့မရဲနဲ့ လူအုပ်ထဲ တိုးပြီး ကြည့်လိုက်မိတယ်။ အသက်နှစ်ဆယ်အရွယ် လူငယ်တယောက် ရင်ဘတ်ကို လက်နဲ့အုပ်ပြီး သွေးအိုင်ထဲမှာ မှောက်လျက်လဲနေတယ်။

ဘယ်သူ သတ်တာလဲ၊ ဘာလို့သတ်တာလဲဆိုတဲ့ စပ်စုနေကြတဲ့လူတွေထဲကပဲ အသံထွက်လာတယ်။ ၁၆ လမ်းက စိုးဝင်းထိုးတာတဲ့။ သူ့အစ်မကို စလိုက်ပေးလို့တဲ့။

ဟာ အဲဒါ ကျနော့်သူငယ်ချင်းပဲဗျ။ သူဆိုတာ သေချာတယ်။ သူက ငါ့အစ်မကို စလိုက်ပေးတဲ့ကောင်ကို ငါသတ်မယ်လို့ ဒီလိုမဖြစ်ခင် တနေ့ကပဲ ကျနော့်ကို ပြောခဲ့ဖူးတာ ကောင်းကောင်းမှတ်မိနေတယ်။ သူ တကယ်လူသတ်မယ်လို့ ကျနော် ဘယ်တုန်းကမှ မထင်ခဲ့ဘူးဗျာ။

နောက် ဓားထိုးမှု၊ လူသတ်မှုတွေကလည်း မကြာမကြာဖြစ်နေတော့တာပါပဲ။ ဘယ်လောက်များ လွယ်လွယ် လူသတ်ကြသလဲဆိုရင် ရေထမ်းတဲ့ထမ်းပိုး မငှားလို့ဆိုပြီး နွေခင်းပိုင်း ခါးပန်းပေါ် ခေါင်းတင်အိပ်နေတဲ့သူ့ကို ထင်းခုတ်တဲ့ဓားမနဲ့ အိမ်ပေါ် တက်ပိုင်းတာ ခေါင်းတခြားကိုယ်တခြား ဖြစ်သွားတဲ့အထိ။ ကျနော်လည်း မြင်ဖူးချင်လို့သွားကြည့်တော့ အသတ်ခံရတဲ့သူရဲ့ခေါင်းက ခါးပန်းအောက် ကြမ်းပြင်မှာ၊ ကိုယ်ပိုင်းကြီးက ခါးပန်းအထက်မှာ။ သတ်တဲ့လူက သူခုတ်ခဲ့တဲ့ ထင်းခုတ်ဓားမကြီးကို သူ့ကိုမငှားတဲ့ ရေထမ်းတံပိုးဘေးမှာ ပစ်ချထားခဲ့သေးတယ်။ ဓားမမှာ သွေးတွေနဲ့။ နောက်သွေးစီးကြောင်းကြီးတခုက အိမ်ပေါ်ကနေ အိမ်အောက် ရေမြောင်းထဲကို စီးကျနေတယ်။ မြောင်းရေတချို့တောင် နီရဲလို့။

အဲဒီလို ထူးမခြားနား သတ်တဲ့ဖြတ်တဲ့ ဇာတ်လမ်းတွေကတော့ အများကြီးပါဗျာ။ ကျနော်တို့က တောသူတောင်သားမိသားစုဆိုတော့ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်ကျောင်းကိုယ်တက် နေလာခဲ့တာပဲ။ ဒါပေမဲ့ ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတော့ မကြည့်ချင် မြင်လျက်သား ဖြစ်နေခဲ့တာပေါ့။

အလိုလို သိနေတော့တာပေါ့ဗျာ။ ရန်ကုန်မြို့မှာ ၁၉၇၇ ခုနှစ်ဝန်းကျင်က သုံးလအတွင်း လူရှစ်ယောက်ကို တယောက်ပြီးတယောက် ရက်ချိန်းပေးပြီး ရုပ်ရှင်ဆန်ဆန်သတ်ခဲ့လို့ နာမည်ကျော်ခဲ့တဲ့ ကျော်ရှိန် (ခေါ်) အငယ်လေး (ခေါ်) ကမာရွတ်ဟာ ကျနော့်အိမ်မျက်စောင်းထိုးမှာ နေခဲ့တာဗျ။ ဟုတ်တယ်၊ ကမာရွတ်ဆိုတဲ့ နာမည်ဟာ ရန်ကုန်လူမိုက်လောကမှာ မသိသူမရှိလောက်အောင်ကို ကျော်ကြားခဲ့ဖူးတယ်၊ နာမည်ဆိုးနဲ့ပေါ့။

■

## အခန်း (၄)

# ကျော်ရှိန် (၁) အငယ်လေး (၁) ကမာရွတ်

သူ့နာမည်အရင်းက ကျော်ရှိန်။ အရပ်ငါးပေခွဲလောက်ရှိမယ်၊ ခပ်ပိန်ပိန်ပါးပါးပုံစံမို့ လူမိုက် လို့တောင်ပြောရင် ယုံနိုင်စရာ မရှိတဲ့ပုံ၊ သူ့အဖေက ဦးအေးဗျ။ ကျော်ရှိန့်အမေက ဈေးရောင်း တယ်။ အဖေကတော့ ဘာမှလုပ်တာ မတွေ့ဘူး၊ တနေကုန် မူးနေတာပဲ တွေ့တယ်၊ အမူးလွန်လာရင် မိန်းမကို ရိုက်တယ်။ အပြန်အလှန် ညစ်ညစ်ပတ်ပတ်၊ ယုတ်ယုတ်မာမာ အော်ဟစ်ဆဲဆိုကြနဲ့ တော်တော်စိတ်ပျက်ဖို့ကောင်းတဲ့ မိသားစုပါပဲဗျာ။

သူ့အကိုနာမည်ကလည်း မောင်မောင်အေးပဲ။ မောင်အေးလည်း လူမိုက်ပဲ၊ ဒါပေမဲ့ သူညီလောက် တော့ နာမည်မကြီးဘူး၊ မောင်အေးကို အကြီးတောင်လို့ခေါ် ရာက သူလည်း အငယ်လေး ဖြစ်လာတာ။ ကမာရွတ်လို့ နာမည်တွင်လာပုံက ဒီလိုဗျ၊ သူလူသတ်မှုတွေ တလှေကြီးနဲ့ ရုံးတင်စစ်ဆေးနေတုန်း အမိန့်ချမယ့်နေ့ကိုရောက်လာတယ်၊ အမှုတွေတများ ချလိုက်တဲ့ ပြစ်ဒဏ်တွေကလည်း များလွန်းတော့ အမိန့်ကို တော်တော်နဲ့ မပြီးနိုင်ဘူး၊

ဒီမှာတင် ကျော်ရှိန်က အမိန့်ချမယ့် တရားသူကြီးကို လက်ထိပ်တန်းလန်းကြီးနဲ့ တရားရုံးရှေ့က ကုလားထိုင်ဆွဲပြီး တရားသူကြီးကို ထရိုက်ရင်း ငါ့နာမည် ကျော်ရှိန်ကွ၊ ကမာရွတ်သားကွဆိုတဲ့ အော်သံကြီးကို လူတွေကြားပြီး ကမာရွတ်ဆိုတဲ့ နာမည်တွင်သွားတာ။ ကျနော် သူနဲ့ နှစ်နှစ်လောက် အတန်းအတူတူ တက်ဖူးတယ်။ သူဘာလို့ ဒီလောက်ဆိုးသွားတာလဲ ဆိုတာလည်း နောက်ကြောင်း ဇာတ်လမ်းလေး ရှိသေးတယ်။

ကျော်ရှိန်က နှစ်တန်းသုံးတန်းလောက်ပဲ ကျောင်းနေပြီး တေပေနေတယ်။ သူ့အဖေနဲ့အမေ ကလည်း တကျက်ကျက် ရန်ဖြစ်တယ်။ ကျော်ရှိန်တို့ညီအစ်ကို အိမ်မှာမကပ်ဘဲ ကျနော်တို့ ရပ်ကွက်နား က ကုလားဆရာလေးရဲ့ ဓနိတောမှာ ဓနိရည်သောက် ဖဲရိုက် ကြက်တိုက်၊ နောက်တော့ ကီလီဖက်မှာ စားကျက်ကျသွားကြတယ်။

ဒါလည်း ကျော်ရှိန့်အမေက ကုန်စိမ်းရောင်းတော့ ကီလီမှာ ရှုပ်ဖို့လမ်းစ ရသွားတာ။ ပေလိုက် တောလိုက် ရန်ဖြစ်လိုက်နဲ့။ မမျှော်လင့်ဘဲ ကျော်ရှိန် မိန်းမရသွားတယ်။ မိအေးတဲ့။ မိအေးက သူ့ သူငယ်ချင်း မွန်နားရဲ့ညီမ။

မိန်းမရပြီး သိပ်မကြာခင် ဓားထိုးမှုတခုနဲ့ ကျော်ရှိန် ထောင်တနှစ် ကျသွားတယ်။ အဲဒီဓားထိုးမှု ကလည်း သူ့သူငယ်ချင်း မိုက်ဖော်မိုက်ဖက်တွေကြောင့် သူက ဓားစာခံဖြစ်ခဲ့ရတာလို့ ဆိုတယ်။

ဘယ်ကဘယ်လို ဇာတ်လမ်းတွေ ရှုပ်ကုန်လည်းတော့အသေးစိတ် မသိတော့ဘူးဗျာ။ ကျော်ရှိန် ထောင်ထဲရောက်ပြီး ကိုးလဆယ်လလောက်ရှိတော့ မိအေးက လိုင်းဖြစ်သွားတယ်။ လိုင်းဆိုတာ လိုင်းပေါ့ဗျာ။ တချို့အဆိုအရ မိအေး ဒီဘဝရောက်အောင် ကျော်ရှိန့်ဘော်ဒါ လူရင်းတွေက လိုင်းသွင်းလိုက်တာတဲ့။ အပြင်က မိအေးသတင်းကို ထောင်ထဲကကျော်ရှိန် ဘယ်လိုရသွားမှန်း မသိဘူး။ ထောင်ထဲကလွတ်လာတဲ့ ကျော်ရှိန်ဟာ ထောင်ထဲကနေ ရာဇသံ ပို့လိုက်တယ်။ မင်းတို့အားလုံး တယောက်မကျန် ငါသတ်မယ် တဲ့။ သူ့အုပ်စုက ငယ်ပေါင်းတွေဆိုတော့ ဘယ်ယုံကြမလဲဗျာ။ မယုံရင် ပုံပြင်သာ မှတ်ပေတော့ဗျာ။

ကျော်ရှိန်ဟာ တကယ်ပဲ သူပြောသလို လုပ်ခဲ့တယ်။

ဟုတ်တယ်။ တယောက်ပြီးတယောက် အကွက်ကျကျစီစဉ်ပြီး သတ်ခဲ့တယ်။ ရုပ်ရှင်ဆန်သလိုလို စိတ်ကူးယဉ်ဆန်သလိုလိုတော့ ရှိသားဗျ။ ဒါပေမဲ့ ကျော်ရှိန်ဟာ တကယ်ကို လူသတ်မှုတွေ ဆက်တိုက် ကျူးလွန်ခဲ့တယ်။

ကျော်ရှိန် လူသတ်တဲ့ စာရင်းမှာ ပထမဆုံး အလှည့်ကျသွားတာက တင်ထွန်းပဲဗျာ။ တင်ထွန်း အသတ်ခံရတော့ တင်ထွန်းအသက် ၂၂ နှစ်ထက် မပိုလောက်ဘူး ဗျ။ သူ့ကို ကျနော် ကောင်းကောင်း မှတ်မိနေတာက သူ အသတ်မခံရခင် တရက် ကျနော်တို့ အိမ်ရှေ့ကို သူရောက်လာတယ်။ တင်ထွန်းက အထပ်သားစက်ရုံမှာ အလုပ်လုပ်တယ်။ သူက ကျော်ရှိန်နဲ့ ဆိုးဘက်တော့ မဟုတ်ဘူး။ မိအေးကို ဖျက်ဆီးတဲ့အထဲမှာ သူ အဓိကနေရာက ပါတယ်လို့ ကျော်ရှိန်က စာရင်းထည့်ထားတယ်။ တင်ထွန်းက လူဖြောင့် ဗျ။ အသားအရည် အရုပ်အမောင်း မိန်းမကြိုက် ရုပ်ရည်ပဲ။ သူ့ပုံစံက ကျနော်တို့ငယ်ငယ်က ဂျပန် စနိုက်ပါမင်းသား ဆန်နီးချီးဘားပုံစံ။ နောက် သူက အားကစားသမားဗျ။ နိုင်ငံခြားလက်ဝှေ့ကို မြို့နယ်လက်ရွေးစင်အဆင့် ရှိတယ်။ တချို့ပြောတာက တင်ထွန်းဟာ ပြိုင်ဘက်ကို ကြမ်းပြင်ပေါ် လှဲသိပ်တဲ့နေရာမှာ သိပ်မြန်၊ သိပ်သေသပ်တယ်လို့ ဆိုတယ်။

အဲဒီနေ့က သူက ကျနော့်ရှေ့မှာ ကျော်ရှိန် သူ့ကို ချိန်းတဲ့အကြောင်း ရယ်စရာလုပ်ပြီး ပြောနေ တာဗျ။ ဘေးက နားထောင်နေတဲ့သူတွေက အိမ်ဘေးက အမျိုးသမီးတချို့။ သူတို့ မျက်နှာ အမူအရာ က တင်ထွန်းလို လူမျိုးကို တယောက်ချင်းချိန်းပြီး ယှဉ်ရင်လူမိုက်မို့လို့ပဲ ဆိုတဲ့ပုံစံ ပေါက်နေတယ်။ သူ့ကို ကျော်ရှိန်က ကမာရွတ်ဘူတာရုံနားက မြတ်လေးရုံလမ်းထဲမှာ နောက်နေ့ည ရှစ်နာရီ တယောက် ချင်းရှင်းဖို့ ချိန်းထားတယ်လို့ပြောတယ်။ မြတ်လေးရုံလမ်းဟာ ကမာရွတ်ဘူတာရုံ ပလက်ဖောင်းဘေးနဲ့ ထိပ်တိုက်တိုးနေတဲ့လမ်း။

မြတ်လေးရုံလမ်းဆိုတာကလည်း အဲဒီခေတ်က မြတ်လေးရုံလမ်းလူသတ်မှုဆိုပြီး ဟိုးလေး တကျော်ကျော် ဖြစ်နေတဲ့လမ်း။

တရုတ်သူဌေးကြီးတယောက်ကို ညဖက်အိပ်ရာထဲမှာ တယောက်ယောက်က လာသတ်သွားတဲ့ ပုံစံဖြစ်နေလို့ အင်းစိန်စီအိုင်ဒီကဝင်ပြီး ကိုင်တွယ်ဖော်ထုတ်ခဲ့တဲ့အမှု။ သတင်းစာတွေထဲမှာ မြတ်လေး ရုံလမ်းလူသတ်မှုကို လူတွေ စောင့်ဖတ်ကြရတဲ့အထိ။ နောက်ဆုံး အမှုပေါ် တော့ တရုတ်ကြီး ရဲ့ဇနီးက တရုတ်ကြီး နှိပ်စက်လွန်းလို့ သူ့မောင်နဲ့ တိုင်ပင်ပြီး သတ်ခိုင်းတယ်ဆိုတာ ပေါ် သွားတယ်။ ကျော်ရှိန်က

အဲဒီ မြတ်လေးရှုံလမ်းမှာ တင်ထွန်းကိုချိန်းခဲ့တာလေ။ တင်ထွန်းကိုကြည့်ရတာ ချိန်းတဲ့နေရာကို ဘာမှ ဂရုမစိုက်ဘဲ သွားမယ့်ပုံ။ သူ့ကိုယ်သူလည်း တော်တော် ယုံကြည်မှုရှိတဲ့ပုံပဲ။

ဟုတ်တယ်ဗျာ။ သူသွားခဲ့တယ်။ သူသေခဲ့တယ်။ နောက်နှစ်ရက်လောက်အကြာမှာ တင်ထွန်း သေပြီလို့ မနက်အစောကြီးမှာ ကျနော် ရပ်ကွက်ထဲက ကြားတယ်။ ဘယ်လိုဘယ်ပုံ ကျော်ရှိန်နဲ့ ချိန်းတွေ့ပြီး ဘယ်လို တိုက်ကြခိုက်ကြ ရင်ဆိုင်ကြသလဲတော့ မသိဘူး။ နောက်နေ့မနက် ခြောက်နာရီ လောက်၊ မြလေးရှုံလမ်းဘေး ရေမြောင်းထဲမှာ တင်ထွန်းအလောင်းကို ဖျာစုတ်တခုနဲ့ အုပ်ထားတာကို တွေ့ကြရတာတဲ့ဗျာ။ ရင်ဘတ်မှာ ဓားဒဏ်ရာ နှစ်ချက်နဲ့တဲ့။"

တင်ထွန်း အသတ်ခံရပေမယ့် ကျော်ရှိန် နာမည်ကြီးလှသေးတာမဟုတ်ဘူး။ နောက် တလ လောက်ကြာတော့ အေးကြူအလှည့် ရောက်လာတယ်။ အေးကြူက ကျော်ရှိန့်ဘော်ဒါအရင်း၊ ဆိုးဖော် ဆိုးဖက် တဖော်တဖက်။ မိအေးဇာတ်လမ်းမှာ သူလည်း မကင်းဘူးတဲ့။ ကျော်ရှိန်က အေးကြူကို ရက်ချိန်းပေးပြန်တယ်။ ဒိုဘီလိုင်းဘက်က စည်ပင်သာယာ မီးလွှာကန်နားမှာ။ ကျနော်တို့က အဲဒီနေရာ ကို ချိုးကန်လို့ပဲ အလွယ်ခေါ်ကြတာ။

ဒီတခါ အေးကြူက သူတယောက်တည်း မသွားဘူးတဲ့။ အဖော်နှစ်ယောက်ခေါ် သွားတယ်။ ဘယ်လိုဖြစ်သလဲ အသေးစိတ် မပြောနိုင်ပေမဲ့ အေးကြူလည်း ချိန်းတဲ့နေ့ ကျော်ရှိန့်ဓားချက်နဲ့ အသက် ပျောက်ပြန်တာပဲ။

လူနှစ်ယောက် သတ်ပြီးခဲ့ပေမယ့် ကျော်ရှိန်ကို ဖမ်းမမိဘူး။ ထောင်ထဲမှာ နေခဲ့တာ ဒုစရိုက် လောကနဲ့ အဆက်ရခဲ့တယ် ထင်ပါရဲ့။ ရှောင်နည်းတိမ်းနည်းတွေတတ်နေတော့ ရဲက သူ့ကို မဖမ်းနိုင် ဘူး။ မဖမ်းနိုင်ရုံမကဘူး၊ ကျော်ရှိန်က နောက်ထပ် ခြောက်ယောက်ကို တသီတတန်းကြီး ထပ်သတ်ပြန် တယ်။

အော်ကုလားကို ကမာရွတ် ကွဲခေါင်းဆီး ကန်ဘေးမှာ၊ ဟန်သိန်းကို စက်တွင်းလမ်း အဆုံးမှာ၊ လှမင်းကို နိဗ္ဗာန်ဆန်စက်ထဲမှာ၊ ရုပ်ရှင်ဖာန်ဆန် ရက်ချိန်းနဲ့သတ်ခဲ့တယ်။ လူကုန်သလောက်ရှိပြီး ရှစ်ယောက်မြောက် လူသတ်မှု ဖြစ်ပြီးတဲ့အချိန် ကျော်ရှိန်ကို ရဲက ဖမ်းမိသွားတယ်။ မဖမ်းနိုင်လို့လည်း မဖြစ်တော့ဘူး။ ရန်ကုန်တမြို့လုံး ကျော်ရှိန့်ကြောင့် ချောက်ခြားကုန်ကြပြီ။

ကျော်ရှိန့်ကို ရုံးတင်တော့ ကျော်ရှိန်က အားလုံးကို ဝန်ခံတယ်။ တရားသူကြီးကိုလည်း သိပ်ဂရု မစိုက်ဘူး။ ခဏခဏ မချိန်းနဲ့ကွာ၊ ထောင်သာမြန်မြန်ချ။ ဒီကောင်တွေ အခု ပြန်ရှင်လာရင် ထပ်သတ် အုံးမှာဆိုတာချည်း ကြိမ်းဝါးနေတယ်တဲ့။

နောက်ဆုံး တရားသူကြီးက လူသတ်မှု တခုချင်းစီအတွက် အမိန့်ချတဲ့နေ့ရောက်လာရော။ အမိန့်က အမှုတခုချင်းအတွက် ဖတ်နေတော့ ပထမအမှုအတွက် ထောင်ဒဏ်အနှစ်နှစ်ဆယ်၊ နောက် ဒုတိယအမှုအတွက် အနှစ်နှစ်ဆယ်၊ တတိယအမှုအတွက် သေဒဏ်ဆိုပြီး အမိန့်ဖတ်လို့မဆုံးနိုင်အောင် ဖြစ်နေတဲ့အချိန် ကျော်ရှိန်က လက်ထိပ်တန်းလန်းနဲ့ ကုလားထိုင်ဆွဲပြီး တရားသူကြီးကို ပြေးရိုက်တာနဲ့ ရုန်းရင်းဆန်ခတ်ဖြစ်ပြီး အမိန့်ဖတ်တာ ရပ်သွားတော့တာပဲ။

ကျော်ရှိန် သေဒဏ်နဲ့ နှစ်ပေါင်း ဘယ်လောက်မှန်းမသိ ကျသွားတယ်။ နောက်တော့ သေဒဏ် ကနေ လွတ်သွားတယ်။

နောက်ထောင်ထဲမှာ လူသတ်မှု နှစ်ကြိမ်လောက်ထပ်ဖြစ်ပြီး ရန်ကုန် လူဆိုးလူမိုက်လောကမှာ ကျော်ရှိန် (ခေါ်) အငယ်လေး (ခေါ်) ကမာရွတ်ဆိုပြီး ဖိန့်ဖိန့်တုန်အောင် ကြောက်ကြရတဲ့ ရာဇဝင် လူဆိုး ဖြစ်လာတော့တယ်။

၁၉၈၈ ခုနှစ် အရေးအခင်း ဖြစ်တော့ ကျော်ရှိန် လွတ်လာတယ်။ အေးဗျာ၊ ယုံနိုင်စရာတော့ မရှိဘူး။ ကျော်ရှိန်ဟာ ကျနော့် လက်ရင်းတပည့် ဖြစ်လာခဲ့တယ်။ ဘယ်လိုဘယ်ပုံ ဖြစ်လာတယ်တော့ နောင်အကြောင်းသင့်မှ ပြောပါ့မယ်။

အခုတော့ လူမိုက်တွေ အကြောင်းပြောနေတာ။ ကျနော်က လူမိုက်မဟုတ်ဘူး။ ဒါပေမယ့် အရေးကြုံလာရင်တော့ မိုက်ဖို့ဝန်မလေးပြန်ဘူး။ အဲဒီလောက် ဟိုးလေးတကျော် နာမည်ကြီးခဲ့တဲ့ ကျော်ရှိန့်လက်ကို ကျနော်ခုတ်ဖြတ်ပစ်ဖို့ လုပ်ခဲ့ဖူးသေးတယ်။ သေချာကြည့်ရှုစောင့်ရှောက်နေတဲ့ ကြားက ကျနော့်ရုံးကိုလာလည်တဲ့ ဆရာမတယောက်ရဲ့ ဒီဂရီမျက်မှန်ကို ခိုးလို့၊ အမယ်သူက ကျနော့်ကို ရက်ချိန်းပေးပြီး စာရင်းရှင်းမယ် လုပ်ခဲ့သေးတယ်၊ ချိန်းတဲ့နေ့မှာ ကျနော်က သူ့ထက်ဦးအောင် အကွက်ချပြီး အနိုင်ယူပြလိုက်တော့ ချိုကျိုးသွားတယ်ဆိုပါတော့။ တကယ်တော့ လူမိုက်ဆိုတာ သူ့ခေတ်နဲ့သူပါဗျာ၊ ဇနောက်တခုက လူမိုက်အများစုဟာ ဉာဏ်ရည်နိမ့်တယ်။ ကျနော်က ဉာဏ်သမားလေ။

ကျနော်ဟာ ဘယ်လို လူမိုက်တွေရဲ့ဆရာဖြစ်လာသလဲဆိုတာလည်း နောင် ဇာတ်ရည်လည်လာပါလိမ့်မယ်။ အခုတော့ ကျနော့်ကိုယ်တွေ့ ရန်ကုန်လူမိုက်လောကက ထိပ်သီးလူမိုက် အာရကီး အကြောင်း ပြောပါရစေအုံး။

■

## အခန်း (၁၀)

# ကုလားလူမိုက် အာရကီး

တကယ်တော့ အာရကီးဟာ လူကြောက်ဗျ။ ဒါပေမဲ့ သူ လူသတ်တာက တရားခွင်မှာ တရားသူကြီးရှေ့မှာ။

တိတိကျကျ ပြောရရင် ဆိပ်ကမ်းတရားရုံး အပေါ်မှာ။ အေးပေါ့ဗျာ၊ တရားရုံးပေါ်မှာ လူသတ်တယ်ဆိုတာ ယုံနိုင်စရာ ဘယ်ရှိပါ့မလဲ။ ဒါပေမဲ့ တကယ်ပဲဖြစ်ခဲ့တယ်။ သေချာပြောပြမှ ပြည့်စုံမှာပဲ။ အဲဒီအချိန် အဲဒီခေတ်က အခုနာမည်ကျော် ရုပ်ရှင်မင်းသားကြီး ကျော်ဟိန်းရဲ့ စိန်ဂေါ်လီ ဂိုဏ်းဆိုတာကို လူငယ်တွေ အားကျနေတဲ့အချိန်ပေါ့။

ကမာရွတ် (ခေါ်) ကျော်ရှိန်တို့နဲ့ တချိန်တည်းလောက်မှာ ကီလီပွဲရုံတန်းမှာ စားကျက်ကျနေတဲ့ ဟိန္ဒူကုလား အုပ်စုတခုမှာ နာသန်ဆိုတဲ့ ကုလားတစ်ယောက်က ဦးဆောင်ပြီး ဂိုဏ်းတခုဖွဲ့တယ်။ နာသန်က ဟိန္ဒူလူမျိုးပေမဲ့ ခရစ်ယာန်ဘာသာ ကိုးကွယ်တာ။ အဲဒီခေတ်က လမ်းသူရဲဂိုဏ်း ဆိုပါတော့။ နာမည်တော့ ကျနော်မမှတ်မိတော့ဘူး။ နာသန်၊ မန်းနီး၊ ဘားလား၊ အာရကီးတို့အပါအဝင် ဂိုဏ်းဝင်နှစ်ဆယ်ကျော်ရှိတယ်။

ပြဿနာကို စပြီး မီးမွှေးတာကတော့ နာသန်ပဲ။ နာသန်က ကြည့်မြင်တိုင် တဖက်ကမ်း၊ အေးရွာကို ကူးသွားပြီး အဲဒီရွာက ကုလားမလေးတယောက်ကို သွားကြူရာကနေ ရွာခံတွေနဲ့ ရန်ဖြစ်လာတယ်။ နာသန်က တယောက်တည်းဖြစ်နေတော့ ဒီဘက်ကမ်းကို ပြန်ကူးလာပြီး လူစုတယ်။ အေးရွာက မောင်တွေကလည်း မခံချင်စိတ်နဲ့ ဒီဘက်ကမ်းအထိ လိုက်လာတယ်။

တိုတိုပြောရရင် အုပ်စုနှစ်စု တုတ်၊ ဓား၊ လက်နက်အပြည့်အစုံနဲ့ ထိပ်တိုက်တိုးတော့တာပေါ့။ နှစ်ဘက် ရင်ဆိုင်နေတုန်း နာသန်က ဟိုဘက်လူအုပ်ရှေ့ကို အမှတ်တမဲ့ကျွံသွားတယ်။ အဲဒီမှာ ဟိုဘက်က ဓားနဲ့ပိုင်းလိုက်တာ နာသန်ရဲ့ ညာဘက်လက်ဟာ အရင်းကနေ ပြတ်ကျသွားတယ်။

မထင်မှတ်ဘဲ ဖြစ်သွားတာကြောင့် နှစ်ဖက်စလုံး တန့်သွားတယ်။ လက်ဦးမှုရသွားတဲ့ အေးရွာအုပ်စုက လူစုခွဲသွားတော့ နာသန်ကို ရန်ကုန်ဆေးရုံကြီးကို ပို့ကြတယ်။ ညဖက်ကျတော့ ရန်ကုန်

ဆေးရုံကြီးမှာ သူတို့အဖွဲ့ ဂိုဏ်းဝင်တွေစုပြီး လက်စားချေဖို့အတွက် တိုင်ပင်ကြတယ်။

နောက်ဆုံးရတဲ့အဖြေက ဂိုဏ်းသားအားလုံးမဲနှိုက်ပြီး မဲကျတဲ့သူက နာသန်ရဲ့လက်ကို ဖြတ်ခဲ့တဲ့ ကောင်ကို ရတဲ့နည်းနဲ့ ပြန်သတ်ဖို့ အားလုံးသဘောတူပြီး မဲနှိုက်ကြတယ်။

စုစုပေါင်း နှစ်ဆယ့်ငါးယောက်တိတိရှိတော့ နှစ်ဆယ့်ငါးမဲလိပ်ပြီး နှိုက်ကြတာပေါ့။ အဲဒီတုန်းက လူမိုက်နာမည်ကြီးတွေထဲမှာပါတဲ့ မင်္ဂလာတောင်ညွန့်က မန်းနီး၊ ကမာရွတ်က'ဘားလားတို့ ဦးဆောင်ပြီး တက်တက်ကြွကြွနဲ့ အရင်ဆုံး မဲနှိုက်တယ်။

ဖြစ်နေပုံကတော့ ကုလားကားရုပ်ရှင်ထဲကလိုပါပဲဗျာ။ အာရကီးက ငယ်လည်းငယ် ကြောက်လည်းကြောက်ဆိုတော့ မဲမနှိုက်ရဲဘူးလို့ ဆိုတယ်။ ဖြစ်ချင်တော့ ရှေ့က နှစ်ဆယ့်လေးယောက်လုံး နှိုက်လိုက်တာ တယောက်မှ မပေါက်ဘူးတဲ့။

နောက်ဆုံးပေါက်မဲနဲ့ အာရကီးပဲကျန်တော့ တယောက်က အာရကီးလိုကောင်က ဘယ်လို သတ်ရဲမှာလဲလို့ အသံလည်း ထွက်လာရော အာရကီးက အနဲ (အကို) ပါးစပ်ကို ပိတ်ထား၊ ကျနော် ရအောင်သတ်ပြမယ်ဆိုပြီး မဲတောင် မနှိုက်ကြည့်တော့ဘဲ သတ်ဖို့ သဘောတူလိုက်တယ်။

ဘယ်လို သတ်မလဲ ဟုတ်လား၊ ရတဲ့နေရာ၊ ရတဲ့အချိန်မှာ အမြန်ဆုံးသတ်ဖို့ပေါ့။ ဖြစ်ချင်တော့ နောက် သုံးရက်လောက်အကြာမှာ နာသန့်လက်ကို ခုတ်ဖြတ်တဲ့တရားခံကို ရဲက ဖမ်းမိသွားတယ်။ ရဲစခန်းမှာ ပြောင့်ချက်ပေးတော့ ရမန်ယူဖို့ ဆိပ်ကမ်းတရားရုံးကို ရုံးထုတ်လာတယ်။ တရားသူကြီးက အမှုတွဲကြည့်ပြီး ရမန်ပေးဖို့ လုပ်နေတုန်း တရားရုံးထဲကို အာရကီးဝင်လာပြီး တရားခံကို တရားသူကြီး ရှေ့ ရုံးပေါ် မှာတင် ခါးကြားထဲကဓားနဲ့ ဝင်ထိုးတာ ပွဲချင်းပြီးပါလေရော။

အဲဒီအမှုနဲ့ အာရကီး သေဒဏ်ကျတယ်။ နောက်တော့ ထောင်ဒဏ် အနှစ်နှစ်ဆယ်ပြောင်း သွားတယ်။ ထောင်ထဲမှာ လူသတ်မှုထပ်ဖြစ်တယ်။ အရေးအခင်းပြီးတော့မှ အာရကီး ထောင်က လွတ်လာတယ်။ အာရကီးဟေ့ဆိုရင် ပွဲပြီးတဲ့အထိ နာမည်ကြီး လူဆိုးပေါ့။

ကျနော် ဘာလို့ အသေးစိတ်သိသလဲ ဟုတ်လား။ ဘားလားတလည်း ကျနော့်တပည့်အရင်း ဖြစ်လာတယ်လေ။ သူ တလုံးမကျန် ပြန်ပြောတာပေါ့ဗျာ။

ဘားလားလိုလူမျိုးက ကျနော့်ကို ဆရာတင်တယ်ဆိုတာ တကယ်တော့ လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူးဗျ။ ကျနော့်ရဲ့ လက်ရုံးရည်နှလုံးရည်ကို ဘားလား အကြိမ်ပေါင်းများစွာ စမ်းခဲ့ဖူးတယ်။ တကြိမ်တုန်းက ဘားလားကြီးရဲ့ ပဏ္ဍိတလမ်းကိုဒေါင်မှာ ထိပ်ထိပ်ကြဲဖဲသမားတွေ၊ လူမိုက်တွေတင် မကဘူး၊ မိန်းမလှလေးတွေပါ ခေါ် ထားပြီး ဘားလား ကျနော့်ကို အချဉ်ဖောက်ဖို့ ကြိုးစားဖူးတယ်။ ဘယ့်နှယ်ဗျာ၊ တကောင်မှဆယ်တန်းမအောင်ဘဲ ကျနော့်ကိုလာဖောက်တာ ကျနော့်အတွက် ရယ်စရာ တောင်ဖြစ်နေသေးတယ်၊ ဖဲဝိုင်းထဲမှာတင် မိန်းမလှလေးကို ကျနော့်ဘက်လုံးလုံးပါလာအောင် သူတို့ ထက် ဈေးနှစ်ဆပိုပေး ဝယ်လိုက်တာ၊ ဘားလားတို့ လိမ်ဆင် အကုန်ပေါ် ရုံမက ရင်ခွင်ထဲကတောင် မထွက်တော့ပါဘူး ဖြစ်တဲ့အထိ၊ လူငယ် ခြေတက်လေးဘဝနဲ့ ရှုပ်ခဲ့တုန်းကပေါ့ဗျာ။ နောက်ပိုင်းတော့ ဘားလားဟာ ကျနော့်အပေါ် တကယ်ကိုသစ္စာရှိခဲ့ပါတယ်၊ ပွဲကြီးပွဲကောင်းတွေမှာ အမှုတွဲတွေ ဖြစ်လာ ခဲ့ပါတယ်။

ကျနော့်ဘဝဟာ လူဆိုးလူမိုက်တွေနဲ့ ဘယ်လိုရေစက်ပါခဲ့ သလဲတော့ မသိဘူး။ နိုင်ငံရေး ပုဒ်မ ၅ (ည)၊ ၁၇ (၁) နဲ့ ထောင်ထဲ ရောက်တုန်းကလည်း နာမည်ကျော်တွေနဲ့ချည်း ထပ်တွေ့ပြန်တယ်။ စိုးအောင်၊ မျိုးအောင် (နွားကြီး၊ နွားလေး)၊ အလုံစိုးမြင့်၊ ကြိုးသိန်းဝင်း၊ မရမ်းကုန်းဦးကို၊ တင်ဌေး၊ သယ်န်းကျွန်းစိုးသန်းတို့တွေနဲ့လည်း ကောင်းကောင်းအဖွဲ့ကျခဲ့တယ်။ အဖွဲ့ကျရုံ မကဘူး။ သူတို့အပြင်

ရောက်လာတော့ ကျနော်ဟာ ရန်ကုန်မြို့မှာ လူဆိုးလူမိုက်မှန်သမျှ မပတ်သက်ဘူးတဲ့သူ မရှိသလောက် ဖြစ်လာခဲ့တယ်။

ကျနော် လူဆိုးမဟုတ်ပါဘူး။ သတ်တာဖြတ်တာလည်း မလုပ်ခဲ့ပါဘူး။ လိုလည်း မလိုတော့ဘူးလေ။ ကျနော့်ပါးစပ်က ပြောလိုက်ရုံပဲ။ ဒါပေမဲ့ ကျနော်ဟာ အကြမ်းနည်းကို သုံးခဲ့တယ်၊ မတတ်သာလွန်းမှသာ ကြမ်းတဲ့ရမ်းတဲ့နည်းကို သုံးတယ်။ ကျနော် အကြမ်းနည်းသုံးပြီဆိုရင် ဒိတ်ဆိုတဲ့ လူမိုက်တွေ ဖျားသွားလောက်တဲ့ နည်းတွေကို သုံးဘို့ ကြံဆတတ်တယ်။

တခါတုန်းက ရန်ဘက်တယောက်ကို ဘယ်လိုမှ ပြောလို့ဆိုလို့မရတဲ့အဆုံး ဘားလားရာ၊ ရုံးခေါ်ပြီး နားထဲကို လေးလက်မသံတွေပြီး လက်ဖမိုးနဲ့ ခပ်ဆတ်ဆတ် ရိုက်ထည့်လိုက်လို့ ပြောလိုက်တော့ ဘားလားမျက်နှာပျက်ပြီး လန့်သွားလိုက်တာ ဟန်တောင်မဆောင်နိုင်ဘူးဗျ။

အခု သေချာပြန်စဉ်းစားတဲ့အခါ အဲဒါတွေအားလုံးဟာ ကျနော့်နှလုံးသားကို စူးဝင်ခဲ့တဲ့ ဆူးတွေ ကြောင့်ဗျ။ သေရာပါမယ့် ဆူးတွေပေါ့ဗျာ။ ဘယ်လိုဘယ်ပုံ စူးဝင်ခဲ့သလဲ ဟုတ်လား၊ သေချာပြောပါ့မယ်။ နာကျည်းစိတ်နဲ့တော့ မဟုတ်တော့ဘူး။ သံဝေဂနဲ့ပဲ ကျနော်ပြောပါ့မယ်။ အခု ကျနော် အေးရာ အေးကြောင်း တခုလုပ်နေတယ်ဗျာ။ တကယ်လည်း အထိုက်အလျောက် အေးခဲ့ပြီ ထင်ပါတယ်။

■

## အခန်း (၁၁)

# အရှုံးတွေကြားက သက်ခိုင်

ရဲဘက်စခန်းတခုလုံးကား နို့စွဲမှုစ လှုပ်ရှားမှု ပုံစံအတိုင်းပင်။ နံနက် ခြောက်နာရီ ထ၊ ဘုရားရှိခိုး၊ ခုနစ်နာရီ အိပ်ဆောင်ဖွင့်၊ ဆန်ပြုတ်သောက်၊ ခုနစ်နာရီခွဲမှာ ဘုတ်ဆင်း၊ လည်မျိုအထိ နက်သော ရေနက်ကွင်းမှာ ဒိုက်ဆွဲ၊ နေပူမိုးရွာနား၍မရ။ တဖြည်းဖြည်း ရဲဘက်အများစု ဂိ (လူမမာပုံစံဖြစ်) ကုန်ကြပြီ။ မင်ပန်းသည့်ဒဏ် မခံနိုင်သည့်အဆုံး ဘုတ်ဆင်းနေရာက ထွက်ပြေးဖို့ကြိုးစားကြသည်။ ခဏခဏ ပြေးသည်။ ခဏခဏ ပြန်မိသည်။

ပြန်မိလျှင် အရှင်လတ်လတ် ငရဲပြည်ရောက်သည်ထက် ဆိုးသည်။ ဒဏ်ရာ မပေါ်အောင် နည်းမျိုးစုံ ညှဉ်းပန်းသည်။ ရိုက်နှက်ခံရသည်။ မြော့နေအောင်အရိုက်ခံရပြီးမှ နောက်အမှု ထပ်ဖွင့်ရန် ရဲစခန်း ပို့သည်။ နောက် အင်းစိန်ထောင်ပြန်ရောက်သည်။

ရဲဘက်ပြေးသည့်ကိစ္စမှာ အနေမတတ်လျှင် ကိုယ်ပါ အမှုပတ်နိုင်သည်။ အလွန်အန္တရာယ်ကြီးသည်။ ဆိုလိုသည်က ရဲဘက်ပြေးသည်ဆိုသည်နှင့် မမီ မီအောင် ဝိုင်းဖမ်းရသည်။ တုံ့နှေးတုံ့နှေး လုပ်နေသည်ဟု စခန်းတာဝန်ခံကယူဆလျှင် သူပါ အမှုတွဲဖြစ်သွားတတ်သည်။ ထွက်ပြေးလွတ်မြောက်ရန် အားပေးကူညီမှု။

ထုံးစံအတိုင်း ရဲဘက်ပြေးလျှင် ကိုသက်ခိုင်လည်း အငြိမ်မနေရ။ သို့သော် သူကတော့ ဘယ်သောအခါမှ ရဲဘက်ပြေးနောက် မလိုက်။ စခန်းတာဝန်ခံ ဦးအေးနိုင်ဘေးက ကပ်လျှောက်နေ သည်။ လိုက်နေရင်း ပြေးတဲ့ကောင်က လွတ်အောင် မပြေးနိုင်ပဲ တနေရာရာမှာ ဝပ်နေပြီး ထောင်မှူးကို ဒုက္ခပေးနေရင် ဒုက္ခ။ ကျနော် ထောင်မှူးကို စိတ်မချဘူးဟူသော တခွန်းတည်းနှင့် ဦးအေးနိုင်ကို ပွဲသိမ်းပစ်တတ်သည်။

တကယ်တော့ ကိုသက်ခိုင်တယောက် သူ့အလုပ်နှင့်သူ ရှုပ်နေပုံရသည်။ မျက်လုံးကိုစင်း၍ စဉ်းစားသလိုလို၊ တရားမှတ်သလိုလို၊ ဘိန်းမှိန်းသလိုလို လုပ်လိုက် ရေတုံကင်ကို ယကြာချေသလို တနေကုန်ထိုးလိုက် လုပ်နေတာများသည်။

တနေ့ စခန်းမှာ မိုးမီးလောင်သလို ရဲဘက်ပြေး ပြဿနာတက်သည်။ ဖြစ်ပုံမှာ လူသတ်မှုနှင့် ခုနှစ်နှစ် ကျလာသော အကျဉ်းသားရဲဘက် ခင်မောင်သိန်း ဘုတ်ဆင်းနေစဉ် ထွက်ပြေးသည်။ ပြေးရင်း အလုပ်လုပ်နေစဉ်က ကိုင်ထားသော ပေါက်တူးကိုပါ တပါတည်းယူသွား၏။ ရည်ရွယ်ချက်ကား သူ့ကိုယ်သူ ကာကွယ်ရန်နှင့် နောက်မှလိုက်လာသူများကို အပြတ်ရှင်းရန်ပင်။ မိုင်ဝက်ခန့် ရောက်ပြီးမှ ခြေထောက်သပွတ်တိုင်လည်ပြီး ဆက်မပြေးနိုင်ဘဲ လဲနေလေသည်။ အမှီလိုက်လာသော အခြား ရဲဘက်များကို ပေါက်တူးနှင့် လဲရာက ရမ်းနေသည်။

ဝန်ထမ်းများနှင့် တာဝန်ကျရဲဘက်တို့၏ လေးဂွဒဏ်၊ ခဲဒဏ်တွေ မခံနိုင်သည့်အဆုံး မလွတ်နိုင်သောအဖြစ်ကို မကျေချမ်း၍လော၊ စိတ်ဖောက်ပြန်သွားလေသလောမသိ။ သူ့ခြေထောက်ကို သူ့လက်ထဲမှ ပေါက်တူးနှင့် ဒုတ်ကနဲ ခုတ်ဖြတ်တော့သည်။ ခြေမျက်စေ့ အောက်ပိုင်း ပြတ်လုနီးပါး ဖြစ်သွား၏။ ရဲဘက်ပြေးကို ဝိုင်းရိုက်ဖို့နေနေသာသာ ထောင်မှူးပါ ဘာလုပ်ဘာကိုင်ရမှန်းမသိအောင် အကျပ်ရိုက် ကုန်တော့သည်။

သွေးလွန်ပြီးသေသွားလျှင် ထောင်မှူးပြဿနာတက်မည့်ကိန်း။ သွေးလွန်မသေခင် ဆေးရုံရောက်ဖို့ ထောင်မှူးခမျာ ကိုသက်ခိုင်နှင့် ခေါင်းချင်းရိုက်နေသည်။ ကိုသက်ခိုင်ကလည်း ဖြစ်စဉ်အကျဉ်းကို အမြန်ရေးပေးပြီး လှေပေါ် လူနာတင်ကာ ဘေးကြယ်ကြီးနှင့် ပင်မစခန်းကို အမြန်လွှတ်ရသည်။ ခဏအကြာ ကျနော် ကိုသက်ခိုင် တဲဘက်ကို ထွက်လာခဲ့သည်။ သူက ထိုင်လျက် မျက်လုံးကိုမှိတ်ပြီး မှိန်းနေသည်။

'ကိုသက်ခိုင် ပြေးတဲ့သူတွေကို ခင်ဗျား ဘယ်လိုမြင်သလဲ'

'လွတ်ချင်လို့ ပြေးတယ်လို့ မြင်တာပေါ့ဗျ'

'မဟုတ်ဘူးလေဗျာ။ လုပ်သင့်မလုပ်သင့်ဆိုတာ ပြောတာ'

'ပြောရရင် ခြေကျင်းဝင်မယ့်အပေါက်'

'ပြောပါဗျာ၊ ကျနော်နဲ့ခင်ဗျားက လူရင်းတွေပါ'

'ပြေးတာမမှားဘူး၊ ပြေးနည်း မှားနေတာ'

'ဗျာ'

'မဗျာနဲ့ ဒီမှာ စခန်းမြေပုံ။ ဒီဘက်က ဆင်သေချောင်း၊ ဒီဘက်က ကားလမ်း၊ ဒီဘက်က နှစ်မိုင်လောက်ရှိတဲ့ ဒိုက်တော၊ ဒီဘက်က လေကြောင်း အရန်ငါးကန်။ ဒါတင်မကသေးဘူး၊ ဘယ်ဘက်မှာ ဘယ်လောက်ဝေးဝေးပြေးရင် လမ်းမပေါ် ရောက်နိုင်သလဲဆိုတာ ပေနဲ့ပါ တွက်ထားတယ်။ အခု ခင်မောင်သိန်း ပြေးတာ ဒိုက်တောဘက်ကို စွတ်ပြေးတာ၊ ရင်ဆို့လောက်ရှိတဲ့ ရေထဲမှာ နှစ်မိုင် ဘယ်လိုပြေးမလဲ'

'ဟာ ခင်ဗျား ဘယ်လိုလုပ် အသေးစိတ်သိနေတာလဲ၊ ကျနော်တို့ အခုထိ စခန်းနေရာကို လည်နေတုန်း'

'ဘာဆန်းလို့လဲ၊ စိုက်ကွင်းမြေပုံတွေအားလုံး ကျနော့်လက်ထဲမှာ၊ တချို့နေရာတွေ ကျနော် လှေနဲ့ လိုက်ကြည့်ပြီးသား။ ခင်မောင်သိန်း ကျနော့်ကို တိုင်ပင်ရင် ဒီလို ဒုက္ခမရောက်ဘူး'

'ခင်ဗျားကို ကျနော်တောင် ကြောက်လာပြီ'

'ကျနော့်ကို ကြောက်တဲ့သူတွေ အများကြီးပါဗျာ။ အမှန်တော့ သူတို့ကို ကျနော်က အရင် စကြောက်ခဲ့ရတာဗျ။ ဟုတ်တယ်၊ ကျနော်ကြောက်ခဲ့တယ်။ လူ့လောကကြီးမှာ ရှုံးမှာကို ကျနော် အကြောက်ဆုံးပဲ။ ဘာဖြစ်လို့လဲ သိလား။ ခဏခဏ ရှုံးခဲ့ရလို့'

'ဘာတွေများ ရှုံးခဲ့လို့လဲဗျာ'

'ရှုံးခဲ့ပါသော်ကောဗျာ၊ ကျနော်ပြောခဲ့တဲ့ ဆူးတွေဆိုတာ ခင်ဗျားမှတ်မိလား၊ ကျနော်ရဲ့ မမြင်နိုင်သော စိတ်တနေရာမှာ စူးခဲ့တဲ့ ဆူးတွေပေါ့။ ဆူးတွေအကြောင်း နားထောင်ကြည့်ပါအုံးဗျာ'

တကယ်တမ်းပြောရရင် ဒီအကြောင်းတွေဟာ အခုထိ ကျနော့် ရင်ထဲမှာ ပူပူနွေးနွေး ရှိနေတုန်း။ ကလေးဘ၀ က ဖြစ်ခဲ့လို့လားတော့ မဆိုနိုင်ဘူး။

ကျနော် အသက်ငါးနှစ်လောက်ကျတော့ အဖေက ကျောင်းအပ်တယ်။ ငါးနှစ်လောက်လို့ ပြောရတာလည်း အကြောင်းရှိတယ်။ ကျနော်တို့မွေးချင်း ရှစ်ယောက်မှာ ဆုံးသွားတဲ့ ကျနော့်အကိုက အစ အားလုံးမှာ မွေးစာရင်း ရက်ချုပ်ဇာတာတွေရှိတယ်။ ထူးထူးဆန်းဆန်း ကျနော့် ရက်ချုပ်ဇာတာ ကတော့ ရှာမရဘူး။ ရက်ချုပ်ဇာတာဆိုတာ ထန်းရွက်ပေါ်မှာ ကညစ်နဲ့ရေးထားတာဗျ။ အမိဘယ်သူ အဖဘယ်သူက ဘယ်ခုနှစ်သက္ကရာဇ်မှာ၊ ဘယ်နေ့နံနက်၊ မွန်းတည့်၊ မွန်းလွဲ၊ ညဦးသန်းခေါင်ကျော်တွင်း မီးရှူးသန့်စင် ဘာညာဆိုပြီး ရေးထားတာ။ ဘာတဲ့။ အသက်တစ်ရာ့နှစ်ဆယ် ရှည်စေသတည်း ဆိုတာ တောင် ပါသေး။

အမေကလည်း ဒီကလေး မီးတွင်းတုန်းက ဆောင်းတွင်းကြီး၊ နှင်းတွေအရမ်းအုံ့လို့ဆိုတော့ အဖေက ကျနော့် အစ်ကိုနဲ့ညီ မွေးတဲ့ကြားထဲက သက္ကရာဇ်တခုကို ရှာတယ်။ နှစ်နှစ်ကြီး နှစ်နှစ်ငယ် ဆိုတော့ ရှာရတာ မခက်လှဘူး။ မွေးတဲ့လလား၊ ဆောင်းတွင်းဆိုတော့ တန်ဆောင်မုန်းဆိုပြီး ထည့်လိုက်တာပဲ။ ရက်လား၊ မှန်းတုတ်ရမ်းတုတ်ပေါ့ဗျာ။ ဆယ်တန်းစာမေးပွဲ ဖြေဖို့လုပ်တော့ အင်္ဂလိပ်လို မွေးသက္ကရာဇ်ထည့်တော့လည်း၊ ထိုနည်းလည်းကောင်းပဲ။ ဆရာမက ဗမာသက္ကရာဇ်နဲ့ တိုက်လို့မရတဲ့ အဆုံး ထင်ရာမြင်ရာစွတ်ပြီး မွေးနေ့ကိုထည့်လိုက်တာ အောက်တိုဘာ (၂၄) တဲ့။ ဟုတ်တယ်၊ အဲဒါ ကမ္ဘာ့ကုလသမဂ္ဂနေ့ပဲ။ အဲဒီတတည်းက ပညတ်သွားရာ ဓာတ်သက်ပါလေရော့ သလားတော့ မသိဘူး။ ရှုပ်လိုက်တဲ့ဘ၀။ ကုလသမဂ္ဂထက်တောင် သာသေးဗျာ။

တကယ်တမ်းပြောမယ်ဆိုရင် ကျနော်ဟာ ဘယ်နေ့ ဘယ်ရက်က လူ့လောကကြီးထဲကို ရောက် လာခဲ့တယ်ဆိုတာ ကျနော်မသိပါဘူး၊ သိတဲ့သူလည်း မရှိတော့ပါဘူးဗျာ။

ကျနော် မဆိုးသွမ်းခဲ့ပါဘူး။ ကျောင်းမှာ ကောင်းကောင်း စာကြိုးစားခဲ့ပါတယ်။ ကျနော့် ဉာဏ်ရည်ကလည်း ပင်ကိုယ်က အတိုက်အလျောက်ရှိတော့ ထူးချွန်တဲ့ကျောင်းသားထဲမှာ ပါခဲ့ပါတယ်။ ဆိုလိုတာက ကျောင်းစထားကတည်းက ပ၊ ဒု၊ တ စာရင်း၀င်တာကို ပြောတာ။ ဒါပေမဲ့ အဲဒီ ပ၊ ဒု၊ တ က ကျနော့်ဘ၀ရဲ့ အစမှာ ဘာမှအသုံးမ၀င်ဘူး။ နတ်မောက်လို တောမြို့က တက်လာကြတဲ့ ကျနော်တို့မိသားစုဟာ ပတ်၀န်းကျင်မှာ ခပ်နုံနုံ ခပ်အအ မိသားစု ဖြစ်နေတယ်။ ပတ်၀န်းကျင်မှာက အားလုံး လက်ရဲဇက်ရဲတွေချည်းပဲ။ ထစ်ကနဲရှိရင် မိုက်တဲ့ကောင်ထွက်ခဲ့ ဆိုတာချည်းပဲ။

အေးလေ၊ ကျနော်တို့က မိုက်မှမမိုက်တာ ဘယ်ထွက်ရဲမလဲ။ ဒါပေမဲ့ ကျောင်းမှာ ခဲတံနဲ့ထိုးတာ၊ ကျောက်သင်ပုန်းနဲ့ ခုတ်တာ၊ လက်သီးချင်းထိုးတာ၊ နပမ်းလုံးတာ၊ ရပ်ကွက်ထဲမှာ ကြက်ပျောက်၊ ဘဲပျောက်၊ အရက်မူးပြီး ရမ်းတာကအစ၊ အားလုံး ကမ်းအွန် ချဲလင့်ချည်းပဲဆိုတော့ ကျနော်လည်း ဘယ်ရှောင်နိုင်ပါ့မလဲ။ ကျနော်က ငယ်ငယ်ကလူဖလံလေးဗျ။

မှတ်မှတ်ရရ ကျနော့်ကို စပြီး သမတာကတော့ ဖိုးအေးပဲ။ သူက ကျနော့်ထက် တတန်းငယ် တယ်။ ကျောက်ဒိုးပစ်ရာက ချဲလင့်လုပ်ကြရော ဆိုပါတော့။ နှစ်ယောက်သား မျက်နှာချင်းဆိုင် လိုက်တာနဲ့ ကျုပ်စိတ်ထဲ ငါဘာလုပ်ရင် ကောင်းမလဲ စဉ်းစားနေတုန်းရှိသေး၊ ဖိုးအေး ပစ်သွင်း လိုက်တဲ့လက်သီးက ကျနော့် ညာဘက်နားထင်ကို တည့်တည့်ထိပြီး ခေါင်းထဲမှာ မီးပွင့်သွားတယ်။

အိမ်ပြန်ရောက်တော့ ကျနော့်ညီ သက်နိုင်က အားပေးတယ်။ မင်းက လက်နှေးတာကိုးကွ၊ နည်းတောင်နည်းသေးတယ်တဲ့။ ကလေးပေမယ့် ကျနော်ရှက်တာပေါ့။ ညာဘက်မျက်လုံးကလည်း

ပိတ်နေသလို ဖြစ်သွားတာကြောင့် ဖိုးအေးလက်ချက်နဲ့ ကျနော် အီစလံဝေတာကို လမ်းထဲကရော၊ ကျောင်းမှာပါ သိကုန်တယ်။ အမေကတော့ သူ့လက်သုံးစကားအတိုင်းပဲ၊ သားရယ် ခွေးပါးရင် အမြီးကုတ်၊ လူပါးရင် နောက်ဆုတ်သတဲ့ဆိုပြီး ကြပ်ထုပ်ထိုးထိုးပေးတယ်။ ကျုပ်လား၊ ဘယ် နောက်ဆုတ်မလဲ။

ရဲထွဋ် ဆိုတဲ့ ဂျပုတကောင်နဲ့ ညဘက် ဆယ်နာရီလောက် နှစ်ယောက်ချင်း ချိန်းပြီးထိုးတယ်။ ဒါကလည်း ကျနော်တို့ထက် အသက်ကြီးတဲ့သူတွေက မြှောက်ပေးတာ။ မင်းတို့နှစ်ယောက် ရွယ်တူတယ်။ ဘယ်ကောင် ဗိုလ်လဲဆိုတာက ဖိုက်တင်ဇာတ်လမ်း စတာ။

ဘေးနှစ်ဖက်မှာ အုန်းပင်တုံးတွေ ဖြတ်ပြီးကာထားတဲ့ လမ်းကြားလေးထဲမှာဗျ။ ကျနော်တို့နှစ်ယောက်ရဲ့ လက်ရည်စမ်းပွဲက နှစ်ယောက်စလုံး ပုဆိုးခါးတောင်းကျိုက်ပြီး အသင့်အနေအထားနဲ့ စပြီး ရင်ဆိုင်လိုက်ကြတာပေါ့။

ထုံးစံအတိုင်းပဲ အရေးအကြောင်းဆို ကျနော့် လက်နှစ်ဖက်က လှုပ်မရတော့ဘူး။ ခေါင်းထဲကသာ ဘယ်နေရာထိုးရင် ကောင်းမလဲ စဉ်းစားနေတာ။ ရဲထွဋ်ဟာ မိုက်တိုင်စန်လိုကောင်မျိုးဗျ။ ဘယ်လို ထိုးလိုက်မှန်း မသိဘူး။ သတိထားမိတော့ အုန်းတုံးတွေဘေးကို ကျနော် လွင့်ကျသွားတာ သိလိုက်တယ်။ ကျနော်လား၊ ဘယ်လျှော့ပါ့မလဲ၊ နတ်မောက်သွေးပဲ။ ပြန်ထ ပြန်ရင်ဆိုင်တာပေါ့။ မထူးပါဘူး၊ သုံးချီသုံးလား အုန်းတုံးတွေနဲ့ နှစ်ပါးသွားရတာချည်းပဲ။

ဒါနဲ့လည်း ကျနော် အားမလျှော့ဘူး။ ကမာရွတ်ဈေးကြီးထဲမှာ ၁ ရပ်ကွက်ကကောင်တွေနဲ့ စွန်လိုက်ရင်း ပွဲကြီးပွဲကောင်း နွှဲလိုက်သေးတယ်။ ကံကြီးလို့ပေါ့ဗျာ။ နောက်ကောက်ပွဲမဖြစ်ခင် ညီတော်မောင်ရောက်လာပြီး ဝင်သမသွားလို့။

ခံပွဲတွေကတော့ ပြောမကုန်နိုင်ဘူး။ ကျောင်းလူဆိုးစာရင်းဝင် သံကြိုးတိုင်ဖက်က ကျောင်းသားတယောက်က ကျနော့်ကို ကျောင်းဆင်းချိန် ဘာမှန်းမသိ ပါးရိုက်သွားတာလည်းပါသေး။ နောက်တော့မှ သိတာက ကျနော့်ကို ပါးရိုက်ပြမယ်။ မုန့်ဝယ်ကျွေးကြေးဆိုပြီး ရိုက်တာတဲ့။ အဲဒီတော့ ကျနော် ခြောက်တန်းရောက်နေပြီ။ နေအုံးဗျာ၊ ခြောက်တန်းမရောက်ခင် လေးတန်းတုန်းကလည်း ပြဿနာအကြီးအကျယ် တက်သေးတယ်။ ဒါက မိန်းမကိစ္စ။

လေးတန်းမှာ မိန်းမကိစ္စဆိုတာ ရည်းစားစာပေးတဲ့အမှု။ ဖြစ်ပုံက ကျနော်ရေးတဲ့စာစီစာကုံးတွေက အတန်းထဲမှာ အမြဲတမ်းလိုလို ဆရာမက ချီးမွမ်းရာက စတာ။ ကျနော်နဲ့ တခုံတည်းထိုင်တဲ့ တရုတ်မောင်မောင်နဲ့ ချစ်စိန်က မင်းဒီလောက် စာရေးတတ်နေတာ ရည်းစားစာ ရေးကြည့်ပါလားတဲ့။ ဟ ဘယ်သူ့ကို ဘာကိစ္စ ရည်းစားစာ ရေးရမှာလဲဆိုတော့ အတန်းထဲက ခပ်ချောချော ကောင်မလေး ခင်အေးသန်းကို ရေးကွာတဲ့။

ကျနော့်စိတ်ထဲ ခင်အေးသန်းကို ဘယ်လိုမှ မနေဘူး။ ဟိုစိတ်ဒီစိတ် ဖြစ်ရမယ့်အရွယ်မှ မဟုတ်တာ။ ရန်ပွဲတိုင်း ခံရဖန်များတော့ ဒီတခါ အစွမ်းပြလိုက်မဟဲ့ဆိုပြီး ရည်းစားစာ ရေးလိုက်ရော။ ကလေးပဲဗျာ။ ကလေးလို ရေးတာပေါ့။

သို့၊ ချစ်လှစွာသော ခင်အေးသန်းပေါ့။ နေ့တိုင်းမြင်နေတော့ ချစ်မိတယ်။

ချစ်ရင်အကြောင်းပြန်၊ မုန်းရင်သည်းခံ။

တော်သေးပြီပေါ့။

စာရေးနည်းကလည်း အညာက စာတွေ စာတိုက်ကလာရင် အမေ့ကို ဖတ်ဖတ်ပြနေလို့ အတုခိုးတာပါဗျာ။ ဘယ်က ဘယ်လို မောင်မောင်တို့ ချစ်စိန်တို့ လှုပ်ရှားလိုက်သလဲတော့ မမှတ်မိတော့ပါဘူးဗျာ။ ခင်အေးသန်း လွယ်အိတ်ထဲကို ကျနော့်နာမည်နဲ့ ရည်းစားစာ ရောက်သွားပါလေရော။

အခု ကျနော်ပြောနေတာတွေဟာ ရယ်စရာလိုပဲ။ သို့သော် အဲဒီနေ့ကအဖြစ်ဟာ ကျနော့်ဘဝမှာ အနှစ်နှစ်ဆယ်ကျော် မေ့ပျောက်လို့မရတဲ့ ဆူးကြီးတချောင်းဆိုတာ အခုမှ ကျနော်သိလာတယ်။

ကျနော်က မဟုတ်တာ လုပ်ထားတဲ့သူဆိုတော့ အဲဒီနေ့က အိမ်ကို တန်းမပြန်ရဲဘူး။ လမ်းထိပ်မှာ ဟိုလိုလို ဒီလိုလို ယောင်ပေပေ လုပ်နေလိုက်တယ်။ ငါလုပ်တာ မှားပြီထင်တယ်လို့လည်းတွေးနေတယ်။ ကြောက်လည်း ကြောက်နေတယ်။ ကြောက်ဆို ခင်အေးသန်း အဖေက ပပက လူကြီးဗျ။ ပပက ဆိုတာ အခုခေတ် သမဝါယမ လိုဆိုပါတော့။

သူ့အမေ ဒေါ်လှခင်က တော်တော့်ကို အာကြမ်းလျှာကြမ်း။ ကျနော်ထင်တာ မမှားဘူး။ ခင်အေးသန်းက ကျောင်းက ပြန်ရောက်ရောက်ချင်း သူ့အမေကို ကျနော် ရေးထားတဲ့စာပြတော့ ဒေါ်လှခင်ဟာ လုံချည်ကို ခါးအထိမပြီး ကျနော်တို့အိမ်ကို ချီတက်တယ်။ ပါးစပ်ကလည်း အညာသား တွေ လုပါးဝလို့ ငါ့သမီး ပိစိလေးကို စာပေးရတယ်လို့။ မအေနှမ မျိုးစုံအောင် အသံချဲ့စက်ရှုံးလောက်တဲ့ စစ်ချီတေးတွေနဲ့ပေါ့။

ထုံးစံအတိုင်း ပပက လူကြီးမိန်းမဆိုတော့ တရပ်ကွက်လုံး ပွဲခံသလို ထွက်ကြည့်ကြတာပေါ့ဗျာ။ ကျနော့် အိမ်လည်းရောက်ရော နေမကောင်းလို့ စောင်ခြုံအိပ်နေတဲ့ ကျနော့်အကိုကို ကျနော် မှတ်ပြီး စွတ်ရိုက်တော့တာပဲတဲ့။ ဒါတွေက နောက်မှ ကျနော့်အကို ပြန်ပြောပြတာ။ ကျနော်ကတော့ အမေရှိတဲ့ဈေးဘက်ကို ထွက်သွားလိုက်တယ်။

ကျနော့်ပုံစံက မူပျက်နေတော့ အဖေက အမေ့ကို နင့်သားဘာတွေ လုပ်လာပြန်ပြီလဲ မသိဘူး။ မေးစမ်းပါအုံးဆိုတော့ ကျနော်လည်း မဖြေတတ်ဘူး။ မျက်ရည်ပဲ ဝဲနေတယ်။ နောက်တော့ အစ်ကို လိုက်လာပြီး အကြောင်းစုံသိတော့ အဖေက သက်ခိုင်ရာ မင်းဘာတွေလျှောက်လုပ်တာလဲ၊ မင်းနဲ့တော့ ပြဿနာပဲတဲ့၊ ရိုက်တော့မရိုက်ဘူး။ အမေက ငါ့သားရယ် ဒါမျိုးမလုပ်ရဘူး။ ကလေးက ကလေးလို နေမှပေါ့။ ဟိုက လူကြီးသမီးတဲ့။

ပြဿနာက မပြီးသေးဘူး၊ ဒေါ်လှခင်က ရာဇသံပို့တယ်။ မိဘတွေ ကိုယ်တိုင် သေချာ လာ တောင်းပန်မှကျေမယ်၊ ရဲစခန်းပို့မယ်၊ ကလေးထောင်ရောက်အောင်လုပ်မယ်ချည်း ကြိမ်းနေတာကြောင့် အဖေရော အမေပါ သွားတောင်းပန်ရတယ်။ အမေက မသိသာဘူးဗျ။ ကျနော့်အဖေ မျက်နှာအောက် ချပြီး စိတ်ရှုပ်နေတဲ့ပုံကို ဒီနေ့အထိ ကျနော့်မျက်စေ့ထဲက မထွက်ဘူး။ အေးပေါ့ဗျာ၊ ရပ်ကျော်ရွာကျော် ဖြစ်မယ့် ဇာတာပါ ထင်ပါ့။

■

## အခန်း (၁၂)

# စာကြမ်းပိုး သက်ခိုင်၊ ဘဝကြမ်းပိုး သက်ခိုင်

ကျနော့်သတင်းကတော့ဗျာ၊ စီအန်အန်တို့၊ ဘီဘီစီ၊ ဗွီအိုအေတို့ကလွှင့်တဲ့ သတင်းထက်တောင် မြန်သေး။ တရပ်ကွက်လုံး အုတ်အော်သောင်းနင်းဖြစ်ကုန်တယ်။ ဒီကောင်ပေါ့ လေးတန်းပဲရှိသေးတယ်။ ခင်အေးသန်းဆိုတဲ့ ကလေးမလေးကို စာပေးလို့ အရိုက်ခံရတဲ့ကောင်ဆိုပြီး ကျောင်းမှာပါ အကြိမ်ကြိမ် လှုပ်ိုင်းကြည့်၊ ဝိုင်းဟားခံရတဲ့အထိ။

နောက်နေ့ကျောင်းဆင်းချိန်တွေမှာ ကျနော် ခင်အေးသန်းတို့အိမ်ရှေ့က ဖြတ်မပြန်ရဲဘူး။ တခြားပြန်စရာလမ်းလည်း မရှိတော့ မပြန်လို့လည်း မရဘူး။ ကြောက်တာရော၊ ရှက်တာရော၊ ဖိုးရိမ်တာရော ခံစားမှုမျိုးစုံနဲ့ ဆယ်နှစ်ကျော်ကျော် ဖြတ်ဖြတ်ပြန်နေခဲ့ရတယ်။ အဲဒီအိမ်ရှေ့က ဖြတ်တိုင်း ကျနော့်မှာ ဒီဝေဒနာနဲ့ချည်းပဲ။

အေးဗျာ၊ လူတကာနဲ့ လက်ရုံးရည်ယှဉ်လိုက်တိုင်း ကျနော် အရှုံးဘက်ကချည်းပဲ။ စာလေး တစောင် အစွမ်းပြချင်လို့ ရေးမိပါတယ်၊ စကြာဝဠာတတိုက်လုံး မီးလောင်တဲ့အတိုင်းပဲ။ ကျနော့်စိတ်ဟာ အဲဒီအရာတွေကို စက်ဆုပ်လွန်းလို့ ဘယ်လို လွတ်မြောက်နိုင်မလဲဆိုတာ မသိမသာ ရှာဖွေနေခဲ့ပြီ။ ဟုတ်တယ်၊ ကျနော့်မသိစိတ်က ရှာဖွေနေခဲ့တာ။ အခု ကျနော် ဘာလို့ သေချာပြောနိုင်သလဲဆိုတော့ ကျနော့် စိတ်ကို ကျနော် ရှာဖွေတွေ့ရှိခဲ့လို့ပါပဲ။

ဒီလိုနဲ့ ကျနော် ခုနှစ်တန်း ရှစ်တန်းလောက်ကို ရောက်လာတယ်။ ကျနော် အပြင်ထွက်ရမှာ ရှက်လာတယ်။ ဆယ့်တစ်လမ်းထိပ်က စာအုပ်ဆိုင်က ကျနော့်အစ်မ ငှားလာတဲ့ ပုံပြင်စာအုပ်တွေ ဖတ်ဖတ်နေလိုက်တယ်။ နောက်အမေ ဈေးက ဝယ်ဝယ်လာတဲ့ ရွှေသွေး၊ တေဇ၊ တို့ကျောင်းသား၊ ရှဉ့်ပြူး၊ မိုးသောက်ပန်း၊ ရှေ့သို့၊ ဘားမားစတား၊ ပြည်သူ့ ဖလင်တွေ အကုန်ဖတ်တယ်။ မောင်သတ္တိတို့ ဒီလုံးတို့လို လုံးချင်းကာတွန်းတွေက အစပေါ့။ နောက်ပိုင်း ပုံပြင်နဲ့ ကာတွန်းတွေနဲ့တင် မတင်းတိမ် နိုင်တော့ဘူး။ စာအုပ်ဆိုင်ကို ကိုယ်တိုင်သွားမွှေတယ်။

မူဝံ၊ ကြူမွှေး၊ လင်းယုန်မောင်မောင်၊ ပါရဂူ၊ တက္ကသိုလ် တင်ထွန်းအောင်၊ အထောက်တော်

လှအောင်၊ ဒဂုန်ရွှေမျှား၊ ရွှေဥဒေါင်း၊ သော်တာဆွေ၊ မြသန်းတင့်၊ ဂျာနယ်ကျော် မမလေး၊ ခင်နှင်းယု၊ နိုင်လင်း၊ အောင်လင်း၊ ထင်လင်း၊ သခင်မြသန်း၊ မင်းကျော်၊ ဒေါက်တာ မောင်မောင်ဖြူ၊ သိန်းဖေမြင့်၊ တက်တိုး၊ ဆွေလှိုင်ဦး၊ လင်းယုန်သစ်လွင်၊ ပီမိုးနင်း၊ မြင့်ကျော်၊ မြင့်နီ၊ ကရမက်၊ မောင်သာရ၊ ပွင့်လန်း (သတ္တုတွင်း)၊ လူထု ဒေါ်အမာ၊ အိုဗျာ၊ အဲဒီခေတ်က စာရေးဆရာတွေရဲ့ ထွက်သမျှ စာအုပ်မှန်သမျှ ကျနော်မဖတ်ဖူးတဲ့ စာအုပ် မရှိသလောက်ပဲ။

ဘာတဲ့ဗျာ၊ သံမဏိသူရဲကောင်း၊ သူရဲတစ်ထောင်၊ မရဏမောင်းလော အောင်စည်လော၊ အရိုင်းစံပယ်၊ မုန်း၍မဟူ၊ သူလိုလူ၊ စိတ္တရလေခါ၊ အဖြူကို မည်သူ အနက်ဆိုးသနည်း၊ စစ်အတွင်း ခရီးသည်၊ တရုတ်ပြည်ပေါ်က ကြယ်နီ၊ ကမ္ဘာကျော် လျှောက်လဲချက်များ၊ ဘဝချင်းမတူသည့် တရုတ်ပြည်၊ ချေသော်မကြေ၊ အချစ်နှောင်ထုံး စစ်တောင်ကုန်း၊ မချောဆယ်ယောက် ကိုယ်တယောက်၊ လေဟုန်စီး၍ မြေကြီးတုန်၊ ဂျက်မ၊ နျူရင်ဘတ် စစ်ခုံရုံးမှတ်တမ်းများ၊ မှောင်လွန်းသော နေ့ရက်များ၊ မှောင်လွန်းသောညများ၊ မတ်တပ်ရပ်လို့ လမ်းမှာငို၊ ကျဉ်တုတ်ခံဝံ့ မခံဝံ့ အသားနက်မကြီး အောင်လံထူ၊ လမ်း၌ တွေ့သော သစ်တပင်၊ မျိုးမမ ပကာသနီ၊ လျှောက်ရွတ်ရင် မဆုံးတော့ပါဘူး။

ကဲ ထားပါတော့၊ ဒါကျနော် လက်တမ်းရွတ်ပြနေတာ။ စဉ်းစားပြီးပြောရင် တညလုံး မိုးလင်းပြောနိုင်တယ်။ တချို့စာအုပ်တွေဆို မူရင်းအတိုင်း ရွတ်နိုင်တယ်။ ဆိုပါတော့၊ ပါရဂူရဲ့ စိတ္တရလေခါ စာအုပ်ရဲ့ စစချင်း အပိုဒ်က နို့ မကောင်းမှုဆိုတာက ဘယ်ဟာတုန်း၊ သေတာ်က က မေးလျှောက်လိုက်သည် ဆိုတာမျိုး။

ကျနော်ကြွားနေတာ အထင်ကြီးအောင် ပြောနေတာ မဟုတ်ပါဘူး။ စာအုပ်ဖတ်တာ ကောင်း တာပေါ့လို့ လွယ်လွယ်ပြောရင် ရပါတယ်။ သို့သော် ကျနော်ဟာ စာအုပ်ပေါင်းများစွာကိုဖတ်ရင်း ကျနော့်ဘဝမှာ ပျောက်ဆုံးနေတဲ့ 'အနိုင်' ဆိုတဲ့အရာကို မသိစိတ်က ရှာနေခဲ့တာဗျ။ စာအုပ်မှာ ရှာရုံနဲ့တော့ ဘယ်လုံလောက်မလဲဗျာ။

ကျနော် စွဲစွဲလမ်းလမ်း ဖြစ်တာတခုက ဇာတ်ပွဲတွေ။ ကျနော်တို့ခေတ်က ကမာရွတ် ချစ်တီးဘုရား မီးနင်းတဲ့ ကွင်းကြီးထဲမှာ ပွင့်လင်းရာသီ၊ အထူးသဖြင့် ဆောင်းကာလဆိုရင် ပွဲတွေသွင်းတယ်။ ဇာတ်ရုံ နာမည်က နဝရတ် ရုံတဲ့။

အဲဒီခေတ်က ပွဲရှိတဲ့နေ့တွေဆို ဒေါ့ဂျစ်ကားဘေးမှာ ဇာတ်ပိုစတာကြီးတွေကပ်ပြီး ရပ်ကွက်ထဲကို လော်စပီကာနဲ့ လျှောက်အော်ပြီး ကြော်ငြာတာဗျ။ ဘာတဲ့၊ မှတ်မိသေးတယ်။

'ဒီနေ့ည နဝရတ် ရုံတော်မင်္ဂလာကြီးမှာဖြင့် ရွှေမန်း ဦးတင်မောင်ရဲ့ တောထွက်ခန်းကို အထူး စီစဉ်တင်ဆက်မှာမို့ မကြည့်လိုက်ရ မရှိရလေအောင် ပွဲလက်မှတ်၊ ဖျာလက်မှတ်များကို အမြန်ဝယ်ယူကြ ဖို့နဲ့ ရုံဝင်ခများဟာဆိုရင်ဖြင့် အထူးတန်း' ဘာညာပေါ့ဗျာ။ စပီကာနဲ့လည်အော်၊ ဇာတ်ပွဲ ကြော်ငြာတွေ လည်း ကားပေါ်ကနေပစ်ချ။ ကျနော်တို့ကလည်း လမ်းဘေး ကားနောက်ကနေလိုက်ပြီး ကြော်ငြာ မရရအောင်လိုက်လု။ ကြော်ငြာစာရွက် ရရင်ဗျာ ထီပေါက်တာထက်တောင် ပျော်မိတယ် ထင်ပါ့။

ရွှေမန်းတင်မောင်တင် မကဘူး။ စိန်အောင်မင်း၊ စိန်မာဒင်၊ နောက် စိန် မဟာသဘင်၊ အောင်လံ တော်ခင်စိန်၊ ပန်တျာကြည်လင်၊ ဦးမောင်မောင်ဆပ်ကပ်၊ ရွှေမန်းကံညွန့်ဆပ်ကပ်၊ မြို့တော်သိန်းအောင် ဇာတ်၊ တော်တော်များများကို မလွတ်တမ်း ကြည့်ခဲ့ဖူးတယ်။

ရုံဝင်လက်မှတ်လား၊ အမြဲတမ်းတော့ ဘယ်ဝယ်နိုင်မလဲဗျ။ မဝယ်နိုင်ရင် ဇာတ်ရုံထဲက ထွက်လာ တဲ့ အသံကို စောင့်တယ်။ အေးလေ၊ ဇာတ်ပွဲဆိုတာ အော်ပရာနဲ့ ပြဇာတ်ပြီးရင် လူတော်တော်များများ အိမ်ပြန်လေ့ရှိတယ်။

ကျနော်ကတော့ နောက်ပိုင်းဇာတ်ထုပ်ဆိုလည်း ကြည့်လိုက်တာပဲ။ အဲ စောစောစီးစီး ဝင်နိုင်ရင်တော့ ပြဇာတ်ကို မီတာပေါ့ဗျာ။

အဲဒီတုန်းက ရုံပြင်ထွက်ရင် ကျနော့်တို့အရွယ် ကလေးတွေရဲ့ လက်ဖျံပေါ် ကို ရာဘာတံဆိပ်တုံးနဲ့ တံဆိပ်ထုပေးလိုက်တယ်။ အဲဒီတံဆိပ်တုံးက တယောက်နဲ့တယောက် လက်ဖျံချင်းကပ်ပြီး ကူးလို့ရတယ်။ လတ်လတ် ဆတ်ဆတ်ဆို ပိုကောင်းတယ်။ တခါတလေ ခြောက်သွားရင် မသိမသာ ရေဆွတ်ပြီး ကပ်ကြတယ် အော် သူ့အလှည့် ကိုယ့်အလှည့်ပေါ့ဗျာ။ ကိုယ်ကလည်း ကပ်ပေးတဲ့အခါရှိ သူ့ဆီက ပြန်ကပ်တာလည်း ရှိပေါ့။

တချို့ဇာတ်တွေကျတော့ တံဆိပ်တုံး မထုဘူး။ ရုံပြင်ထွက်တဲ့လက်မှတ်ပေးတယ်။ အဲဒီအခါမျိုးကျရင် ပြန်ချင်တဲ့ကောင်၊ ဆက်မကြည့်ချင်တဲ့ကောင်ကို ရှာရတယ်။ တခါတခါ အလကားရတယ်။ တခါတခါ တဝက်ကြေး။ တဝက်ကြေးလောက်တော့ ကျနော့်မှာ ရှိတတ်ပါတယ်။ မရှိတဲ့ အခါလား၊ ခပ်ဆိုးဆိုးကောင်တွေ လုပ်သလိုပေါ့ဗျာ။ ရုံဘေးမှာ မယောင်မလည်လုပ်ပြီး လူလစ်တာနဲ့ ရုံအမိုးပေါ် ကို အေးဖက်ကနေတက်ပြီး ရုံထဲ ခုန်ချလိုက်တာပေါ့။ အန္တရာယ်တော့များတယ်။ အမြဲတမ်း လုပ်လို့မရဘူး။

ဇာတ်ပွဲက လူသိပ်များနေပြီး ရုံလျှံတော့မယ့် အခါကျမှ ဒီနည်းကို သုံးလို့ရတာ။ ဇာတ်ပွဲတွေ ဆပ်ကပ်တွေကို ဈေးသက်သာအောင်၊ အလကားကြည့်ရအောင် လုပ်တဲ့နည်းတွေ ကျနော့်မှာ အများကြီးရှိတယ်။ ကျနော်က တရက်၊ နှစ်ရက် လာကြည့်တာမှ မဟုတ်တာ၊ နေ့တိုင်းနီးပါး ဝင်လို့ရတဲ့ အချိန်ကြည့်တယ်။ မချောင်ရင်စောင့်တယ်၊ မီတဲ့အခန်း ကြည့်တယ်။ ပြီးတဲ့အထိ ကြည့်တယ်။

တခါတလေများ နောက်ပိုင်းဇာတ်က မျောပြီး သိမ်းမရလို့ မနက်မိုးလင်း ခုနှစ်နာရီ မတ်တင်းလောက်မှ သိကြားမင်း ဇွတ်ဆင်းပြီး ဇာတ်သိမ်းတာတွေတောင် ကြုံသေးဗျာ။

ကျနော့်မှာ အကျင့်တခု ရှိတယ်။ ဘယ်အရာကိုမဆို စေ့စေ့စပ်စပ် သိရအောင်လုပ်တဲ့အကျင့်။ တခါက ဇာတ်စင်ပေါ် မှာ ကနေတဲ့ ပန်တျာကြည်လင်ဟာ ကျနော့်မျက်စိထဲမှာ ကြည့်လို့ အရမ်းအဆင်ပြေနေတယ်။ ဒီလောက် ချောမောလှပနေအောင် ဘယ်လိုများ ဖီးလိမ်းပြင်ဆင်ထားပါလိမ့်ဆိုပြီး ဇာတ်စင်ဘေးက ကန့်လန့်ကာဆွဲတဲ့ထောင့်ကို မရောက်ရောက်အောင်သွားပြီး မင်းသား ဆင်းအလာကို စောင့်ကြည့်တယ်၊ မီးရောင်အောက်မှာ မဟုတ်ရင် သူလိုကိုယ်လို ပါပဲဗျာ။

နောက်မင်းသမီးတွေကိုလည်း ဇာတ်ထရံပေါက်က ချောင်းကြည့်ဖူးတယ်၊ ဟိုစိတ်ဒီစိတ်နဲ့ မဟုတ်ရပါဘူးဗျာ၊ နတ်မိမယ်တွေလိုဖြစ်အောင် ဘယ်လိုပြင်ကြသလဲ သိချင်လို့ပါ။ ကျနော်တယောက်တည်းတော့ ဘယ်ဟုတ်မလဲ။ တခြားကောင်တွေလည်း ပါတာပေါ့။ ခြင်ထောင်တွေ သေတ္တာတွေ ရှုပ်ယှက်ခတ်နေတဲ့ကြားထဲမှာ မှန်တင်ခုံတွေကိုယ်စီနဲ့ တို့ပတ်ရိုက်နေတာတွေ၊ ချွေးစီးပြန်နေတာ ထမီရင်လျားတွေနဲ့ ဟိုလျှောက်ဒီလျှောက် လုပ်နေတာတွေကြည့်ပြီး ကျနော်လည်း ဖွတ်ချက်ချမိတယ်။ ဒီလိုဆိုတော့ သူတို့လည်း လူလိုပါပဲလားပေါ့ဗျာ။

နောက် ကျနော်ကြိုက်တာ ရှိသေးတယ်။ အဲဒါက မျက်လှည့်ဝိုင်း။ တခြားလူတွေက အပျော်တမ်းခဏကြည့်တာ ဖြစ်မယ်၊ ကျနော်က မျက်လှည့်ဆရာရဲ့ ပြောပုံ ဆိုပုံ၊ လှည့်ပုံ ပတ်ပုံ၊ ဆေးရောင်းခါနီး လှုံ့လုံး ဆင်ပုံ၊ လူများများ ပိုဝယ်လာချင်အောင် ဂွင်ဆင်ပုံ၊ သူ ပြထားတဲ့ မျက်လှည့်ကို အဆုံးမသတ်ဘဲ ဖုံစိုက်ပြီး ကျုံးသွင်းနေပုံတွေကို သေချာလေ့လာတယ်။ ကျနော် ဒါကို သိပ်စိတ်ဝင်စားတယ်။

အပြောကောင်းတဲ့ မျက်လှည့်ဆရာတွေကတော့ အများကြီး ကြုံဖူးတယ်ဗျ။ တခါများ မျက်လှည့်ဆရာတယောက်က သူ့ရှေ့ကကြိုးခွေကို မိုးပေါ် ပစ်တင်လိုက်ရင် ကြိုးဖျားဟာ ဟိုး ကောင်းကင်ကို တက်သွားပြီး မိုးတိမ်တွေကို ကျော်ဖောက်သွားမယ်၊ အဲဒီကြိုးကိုတွယ်ပြီး သူတက်သွားရင် ကောင်းကင်မြို့တော်ကြီးတခုဆီ ရောက်သွားမယ်၊ သူ့ကြိုးမှာ ထုံးထားတဲ့ အထုံးလေးတွေက ကိုင်လိုက်တာနဲ့

တထစ်ချင်း တက်သွားတာမျိုးတဲ့။ မယုံကြည်တဲ့သူ အတူလိုက်ပါလို့တဲ့သူတွေ အဆင်သင့်လုပ်ထားပါတဲ့။

နောက် အဲဒီခရီးကို မသွားခင် အခု ကြည့်နေတဲ့ ရွှေပွဲလာ ပရိသတ်ကြီးကို ကယ်တင်ဘို့ သူ့မှာ အစီအစဉ်ထားတာရှိလို့ ခဏနေပါအုံး တဲ့။ ဒါလေးပြီးရင်တော့ သူလည်း ကောင်းကင်ခရီးကို သွားတော့မှာပါတဲ့။ ကျနော်လည်း ကလေးဆိုတော့ ကောင်းကင်မြို့တော်ဆိုတာကြီးကို လိုက်ကြည့်အုံးမှ ဆိုပြီး စောင့်တာပေါ့။

နောက်တော့ သူက အဲဒီကောင်းကင်တက်မယ့် ကြိုးကိုစွကိုရပ်ပြီး လင်းကွင်းတီးနေတဲ့ သူ့တပည့်တယောက်ကို အကျီချွတ်ခိုင်းတယ်။ နောက် ထန်းခေါက်ဖာတခုထဲက မြွေခပ်ကြီးကြီး တကောင်ကို သေတ္တာတခုထဲပြောင်းထည့်တယ်။ ဖာက လူတကိုယ်စာ ဝင်ဆန့်ရုံသာသာရှိတယ်။ အဲဒီ ထန်းခေါက်ဖာထဲ သူ့တပည့်ကို ဝင်ခိုင်းတယ်။

ဖာက သိပ်မကြီးတော့ အဲဒီလူ ဝင်လိုက်တာ ခပ်ကျပ်ကျပ်ဗျ။ နောက်သူက ကျနော့်တပည့်ဟာ ဒီဖာထဲမှာ မရှိတော့ဘူးလား ရှိနေလား ခေါ် ပြပါ့မယ် ဆိုပြီး ငါ့တပည့်ရေ မင်းဖာထဲမှာ ရှိနေသေးလား ဆိုတာ ပရိသတ်ကြီးကို ပြလိုက်ပါကွ သိအောင် ဆိုတော့ အထဲက တပည့်က ဖာကိုလှုပ်ပြတယ်ဗျာ။ ခင်ဗျားလည်း ကြုံဖူးချင် ကြုံဖူးမှာပါ။ ကျနော် ပြောချင်တာက မျက်လှည့်ဆရာရဲ့ ရိုက်ချက်တွေကို ပြောချင်တာ။

နောက်တော့ အဲဒီဖာကို အသင့်ပါလာတဲ့ လှံတိုတွေ၊ ဓားရှည်တွေနဲ့ နေရာအနှံ့ ထိုးတော့တာပဲဗျာ။ ပရိသတ်က အသက်တောင် မရှုရဲတော့ဘူး။ အားလုံးပေါင်း ဓားနဲ့ လှံတို ဆယ့်ငါးချောင်းလောက် ရှိမယ်။

နောက်သူက ဒီလို သူ့တပည့်ကို အော်ခေါ် ပြန်ရော။ ဓားချက်ပေါင်းများစွာ ထိုးထားတဲ့ဖာကြီးက လှုပ်လာပြန်ရော။ သုံးလေးခွန်းခေါ် ပြီးတဲ့ နောက်မှာတော့ သူ့တပည့်ဟာ ဓားပြီး လှံပြီးနေတာတဲ့။ ဓားနဲ့ ထိုးရင် ဓားကျိုးသတဲ့၊ လှံနဲ့ ထိုးရင် လှံခွေသတဲ့။

နောက်သူက ဒီလို ဓားလှံပြီးဘို့ သူ့ဆရာရသေ့က အစီအစဉ်နဲ့ နေ့နံ့သေချာရွေးပြီး ထုထားတဲ့ ရှင်သီဝလိရုပ်ကလေးတွေ သူ့မှာပါလာတယ်တဲ့။ အခု သူ့တပည့်ဟာ အဲဒီ ရှင်သီဝလိရုပ်ကလေးတွေကို ညာဘက်ပါးစောင်မှာငုံထားသတဲ့။

ပရိသတ်ကြီးမှာ ဒီ ရှင်သီဝလိရုပ်တွေကို အလကားရဘို့ ကံဇာတာ ပါလာသတဲ့ဗျာ။ အကြောင်းမတိုက်ဆိုင်လို့ကတော့ အနှစ်တရာစောင့်လည်း မရနိုင်ဘူးတဲ့။ အရုပ်ကလေးတွေက အိမ်တွေရဲ့ ဘုရားပလ္လင် အောက်မှာ စီထည့်ထားတတ်တဲ့ ခြင်္သေ့ရုပ်ကလေးတွေ အရွယ်တကယ့် သေးသေးလေးတွေဗျ။

သူကပြောသေးတယ်၊ ခင်ဗျားတို့က မင်းပစ္စည်းအတွက် တို့က ဘယ်လောက်ပေးရမလဲလို့ မေးကြမယ်။ ငါးပြားစေ့ကို လှနဲ့တိုက် ကျလာတဲ့ အမှန့်တောင် ပေးဖို့ မလိုဘူးတဲ့ဗျာ။ ပြောလည်းပြော လျှောက်လည်း ဝေပေါ့ဗျာ။ လူကုန်သလောက်ရှိအောင် လျှောက်ဝေတော့ ကျနော်လည်း လိုချင်တာပေါ့။ ဒါပေမဲ့ ကျနော် ကလေးဆိုတော့ သူက မပေးဘူး။ ဒီတော့ မရဘူးပေါ့။ အေးဗျာ မရတာလည်း ခပ်ကောင်းကောင်းဗျ။ ဘာလို့လဲ ဟုတ်လား။

ဝေလည်းပြီးရော၊ ရှင်သီဝလိရုပ်ကလေးတွေကို ထားချင်သလိုထားလို့ကတော့ ကုန်းသွားရင် ကုန်းဘေး၊ ရေသွားရေဘေး၊ ခြင်ထောင်ထဲ ထိုင်နေရင်တောင် မြွေမပွေးကိုက်မတဲ့ဗျား။ ဟာ၊ ပရိသတ်လည်း ရှင်သီဝလိရုပ်ကလေးတွေ ကိုယ်စီနဲ့ ဘာလုပ်ရမှန်းမသိအောင် ဝိုင်ကုန်တာပေါ့။ အလကားဆိုလို့ ယူမိတာတော့ ငါးပါးမှောက်ပြီ ဆိုတဲ့ မျက်နှာပေးတွေနဲ့ပေါ့။

မျက်လှည့်ဆရာက ဆက်ပြောတယ်။ မပူကြပါနဲ့တဲ့၊ သူ့မှာပါလာတဲ့ ပန်းပေါင်းတစ်ထောင်နဲ့ ဖော်စပ်ထားတဲ့ ရေမွှေးပုလင်းလေးတွေ ပါသတဲ့။ တကမ္ဘာလုံးမှာရှိသမျှ ရေမွှေးတွေက အယ်လကို ဟော ပါသတဲ့။ ဒီတော့ တခြားရေမွှေးပုလင်းထဲ ထည့်လိုက်တော့ ကျိန်စာအမိပဲတဲ့။ အဲဒီ ရေမွှေး ပုလင်းလေးတွေထဲမှာ ထည့်ပြီး ကိုးကွယ်မှ မူလထက် ဆယ်ဆလောက် အစွမ်းထက်သတဲ့။ နောက် အဲဒီ ရေမွှေးပုလင်းအတွက်လည်း ငွေတပြားမှ ပေးစရာမလိုဘူးတဲ့။ လူတွေရဲ့ မျက်နှာတွေလည်း ဒီတော့မှ ပြန်ရွှင်လာကြတယ်။

နောက်သူက သူ့မှာ ရေမွှေးပုလင်းက အများကြီး မပါဘူးတဲ့။ ဝေထားတဲ့ အရုပ်နဲ့ဆိုလောက်ငှမှာ မဟုတ်ဘူးတဲ့။ လူတွေ စိတ်ရှုပ်သွားပြန်ရောပေါ့ဗျာ။

ဒီတော့သူက ဒီလိုလုပ်ပါဗျာတဲ့။ အခု သူ့မှာပါလာတဲ့ မြွေတွေကို အစာကျွေးဖို့ မြွေစာဖိုး လှူနိုင်တဲ့သူကိုတော့ ရေမွှေးပုလင်းကို လက်ဆောင်အဖြစ် ပေးပါမယ်တဲ့ဗျာ။

အေးပေါ့ဗျာ၊ လူတွေက မရရင်တော့ဒုက္ခပဲလို့ တွေးတယ်ထင်ပါ့။ သူ့စကားထဲမှာ ပါသေးတယ် လေ၊ သူ့ဆရာရသေ့ အမိဋ္ဌာန်နဲ့ လုပ်ထားတာမို့ သဒ္ဓါတရားမရှိသူ ကိုင်မိရင် ကျိန်စာသင့်မယ်လည်းဆို တယ်။ ဒီတော့ ဘယ်သူမှ ပြန်မပေးရဲတော့ဘူးပေါ့ဗျာ။

တိုတိုပြောကြပါစို့ဗျာ၊ အလုအယက်ဝယ်လိုက်ကြတာ မျက်လှည့်ဆရာလည်း အိတ်ဖောင်းသွား ရော ဆိုပါတော့။ ဖာထဲက လူလား၊ တနာရီလောက်အကြာ ဆေးလည်းရောင်းပြီး ဓားတွေလှံတွေ တချောင်းချင်းချွတ်လိုက်တော့ အကောင်းပကတိ ပြန်ထွက်လာတာပေါ့။

မိုးပေါ် တက်မယ့် ကြိုးခွေလား၊ ဒီကြိုး မိုးပေါ် တက်ဘို့ အနှစ်ငါးဆယ်လောက်မှ တခါ နက္ခတ်ကြုံ တာတဲ့။ ဝိုင်းစတုန်းက ကြုံနေတဲ့ နက္ခတ်ဟာ အခု ဝိုင်းထဲက မသမာတဲ့ လူတယောက်ကြောင့် စည်းပေါက်သွားလို့တဲ့။ လူတွေကလည်း ဖာထဲက လူပြန်ထွက်လာတာကို အံ့ဩတကြီး ဖြစ်နေတော့ ကြိုးကိစ္စကို စိတ်မဝင်စားတော့ဘူးထင်ပါ့။ နှစ်နာရီနီးပါးဆိုတော့လည်း ညောင်းညာနေလောက်ပြီလေ။

အဲဒီလို အလားတူမျက်လှည့်ဝိုင်းပေါင်း များစွာကို ကြည့်ခဲ့တယ်။ သရက်စေ့ကို မြေကြီးထဲ မြှုပ်ပြီး တတောင်လောက် သရက်ပင် တနာရီလောက်အတွင်း ထွက်လာတာ၊ တိုင်ကီထဲကို လူထည့်၊ ရေနံဆီလောင်းပြီး မီးရှို့တာ၊ သေတ္တာပုံးသေးသေးလေးထဲက ဘဲလေးတွေ ကြက်လေးတွေ ထွက်လာတာ၊ အစုံပါပဲဗျာ။

အကြိမ်ပေါင်းများလာတော့ ကျနော်လည်း ဒါတွေ ဘယ်လိုလိမ်တယ်၊ လှိမ့်တယ်ဆိုတာ အကုန် သိလာတယ်။ အခုတောင် ဖာတခုထဲထည့်ပြီး လှံတွေဓားတွေနဲ့ ကျနော်ထိုးပြနိုင်တယ်။ အထဲက လူကသာ ကျနော့်စကား နားထောင်။

မခက်ပါဘူးဗျာ၊ ဖာက ဘယ်လောက်ကြပ်ကြပ် ဓားတချောင်း လှံတချောင်း ထိုးနိုင်တဲ့ လွတ်ကွက်တွေ အများကြီး။ ပေါင်ကြား ချိုင်းကြား နံဘေးစောင်း၊ ကျနော့်စိတ်ထင် အချောင်းငါးဆယ် ထိုးတောင် မထိနိုင်ဘူး။ နောက်အထဲက မောင်က ဓားချက် လွတ်တယ် မလွတ်ဘူးဆိုတာ ဓားဖျားကို ကိုင်ပြီး အချက်ပေးရတယ်။ ဒါကတော့ ပညာပဲ။ အချက်ပေးတာနဲ့ အားစိုက်ထိုးလိုက်ပေတော့။

သေချာဘာလို့သိလဲ ဟုတ်လား၊ အဲဒီဓားထိုးခံတဲ့ကောင်လေးက ကျနော်နဲ့ မတိမ်းမယိမ်း။ နောက်တော့ သီရိမြိုင်မှာနေတာမို့ ကျနော်နဲ့သူငယ်ချင်းဖြစ်သွားလို့ အကုန်သိတာပေါ့။ သိရုံတင် ဘယ်ကမလဲ၊ အမေအညာက တက်လာတုန်းကယူလာတဲ့ အိမ်ကသန်းခေါက်ဖာကြီးနဲ့ ကျနော် ကိုယ် တိုင်စမ်းတာပေါ့။ မျက်လှည့်ဝိုင်းမှာလိုတော့ ဘယ်စွတ်ထိုးမလဲ။ သူက အထဲကနေ ဘယ်နေရာကို စထိုး။ နောက်ဒုတိယ တတိယအချက်တွေ ဘယ်နေရာထိုးပေါ့။ ဖာကိုဟာပြီး ထိုးကြည့်တာပေါ့။

■

## အခန်း (၁၃)

# ခိုးသည်၊ ဆိုးသည်

ခင်ဗျားစိတ်မှာ ကျနော်ဘာတွေ လျှောက်လုပ်နေတာလဲလို့ တွေးတယ်မဟုတ်လား။ လေ့လာရမယ်လေ။ လူတွေကို မလှန်နိုင်အောင် ကျိုးသွင်းတဲ့နည်းတွေ ကျနော်တတ်မှဖြစ်မယ်။ သူများမသိတာ အကုန်သိမှ ဖြစ်မယ်။ သူများထက် ခေါင်းတလုံးပိုမြင့်နေမှ အနှိမ်ခံ၊ အနိုင်ကျင့်ခံနေရတဲ့ဘဝက လွတ်မှာ မဟုတ်လား။ အဲဒီတုန်းကတော့ ဘယ်သိပါ့မလဲဗျာ။ အခုမှ ဘဝ နောက်ဆုံးအချိန်တွေမှာ စေ့စေ့တွေးလို့ပေါ်တာပါ။

ဒီလောက်နဲ့တော့ အဌာရသ တဆယ့်ရှစ်ရပ် ဘယ်စုံအုံးမလဲ။ နောက် ကျနော်ဟာ ကြံ့ရင်ကြံ့သလို ကြက်ဝိုင်းတွေဘက်လည်း ရောက်တယ်။ ကျနော်တို့ရပ်ကွက်ထဲက ဦးလှရွှေက ကြက်ကြီးလှရွှေလို့ နာမည်တွင်လောက်အောင် ကြက်ဝါသနာပါတယ်။ သူ့သားကမှတ်ကြီးတဲ့။ သူလည်းလူဆိုးပဲ။

မှတ်ကြီးကတော့ ကျနော့်ကို သိပ်အနိုင်မကျင့်လှဘူး။ သူ့အဖေ ကြက်ဝိုင်းရှိရင် ကျနော့်ကို တိုးတိုးတိတ်တိတ် လာပြောတယ်။ ကြက်ဝိုင်းက ခနီတောထဲမှာဗျ။ တခါတခါ ကြက်ဝိုင်းကောင်းရင် ကြက်ပွဲ ပရိသတ်က ရာချီရှိတယ်။

ကျနော်က ကလေးဆိုတော့ လူကြီးတွေ ပြောတာလောက်ပဲ ဘေးကနေပြီး လိုက်စပ်စုရတာပေါ့။ ဘယ်ကြက်က ဇိမ်း၊ ဘယ်ကြက်က ဖောင်း၊ ဘယ်နှစ်ပွဲ နိုင်ထားတယ်၊ အထက်ကြေးဘယ်လောက် အောက်ကြေးဘယ်လောက်၊ ဘယ်သူ ကြက်ကိုင်တယ်၊ လောင်းကြေး ဘယ်လောက်၊ နောက် ဝိုင်းစပြီးမှ လက်ဖျားဆွဲတာ ဘယ်လောက် စတာတွေပေါ့ဗျာ။

ကြက်ဆွဲက ရေပေးတာ၊ ကြက်ပါးစပ်ထဲ ရေလောင်းထည့်၊ လည်ပင်းကိုရိုက်ပြီး ချွဲချတာတွေလည်း ကျနော် သိပ်စိတ်ဝင်စားတယ်။ သို့သော် ကြက်နဲ့ ကျနော်နဲ့က သိပ်ရေစက်ရှိပုံ မရဘူး။ ကြက်ဝိုင်းထဲကို ကျနော် ဝင်မရတာလည်းပါမယ် ထင်ပါရဲ့။ ကြက်ဝိုင်းကို ရဲဝင်ဖမ်းတာ နှစ်ခါလောက်ကြုံတော့ ကျနော် ကြက်ဝိုင်းကို မသွားရဲတော့ဘူး။ ရဲကို ကျနော် ကြောက်တယ်ဗျ။ လေးနှစ်သား

အရွယ်လောက် ရန်ကုန်ကို စတက်လာတဲ့နေ့က ရန်ကုန်ဘူတာကြီးမှာ ရထားဘူတာက ကူလီထမ်းတဲ့ လူကို အထက်အောက်ဝတ်စုံအပြာနဲ့ဆိုတော့ ကျနော်ကို ဖမ်းမယ့်ရဲမှတ်ပြီး အမေ့နောက် ဆက် မလိုက်ရဲ တော့ဘူးလေ။ အဲဒီမှာ ကျနော် ကြက်ကျမ်း မကြေလိုက်ဘူး ဆိုပါတော့။

အေးဗျာ၊ ကြက်ဝိုင်းထဲကို လူကိုယ်တိုင် ဝင်မရတော့ ကိုယ်တိုင်ဝင်လို့ရတဲ့ ဖဲဝိုင်းဘက် လှည့်တာပေါ့။ အစတော့ တကယ့် ဖဲချပ်ကြီးတွေ ဘယ်ဟုတ်ပါ့မလဲ။ ကျနော်တို့ငယ်ငယ်က ပေါ်တဲ့ အရုပ်ကားချပ်တွေက စတာပေါ့။ တာဇံအရုပ်တို့၊ ဇောရိုးအရုပ်တို့၊ ဇောရိုးဆိုတာ မျက်နှာမှာ တေက်ပြား မျက်နှာဖုံးနဲ့လေ။

အရုပ်တွေ တယောက်တပြား တလှည့်စီ ထပ်ပြီး အရုပ်ချင်း တူရင်စား၊ မတူရင် ဆက်ထပ်။ နောက်ကျတော့ လက်ထဲက ရှိသမျှအရုပ် ဖဲချပ်တွေကို တဆက်တည်း ဆက်တိုက်ဆက်တိုက်ထပ်။ တူတာတွေ ဘေးမှာ ဖယ်ထား။ လက်ထဲမှာရှိတာလည်း ကုန်ရော၊ ဘေးချထားတဲ့ တူတဲ့အကြိမ်ကို မှတ်ထားတဲ့ဖဲချပ်တွေကို ရေတွက်ကြည့်၊ များတဲ့သူက စားပေါ့၊ လွယ်ပါတယ်။

ကျောက်ဒိုးဝိုင်းတွေ၊ မြောက်ပန်းဝိုင်းတွေ၊ ပိုက်ဆံထောင်ပစ်တာလည်း ဘယ်ကင်းမလဲ။ တကယ့်ကို လူကြီးတွေ စည်းစိမ်ပြုတ်လောက်အောင် ကစားကြတဲ့ မြောက်ပန်းဝိုင်းတွေမှာတောင် ကျနော်က နာမည်ကျော်။ ကျော်မှာပေါ့ဗျ။ လူရာဝင်အောင် ပြင်းပြင်းထန်ထန် လေ့ကျင့်နေတာကိုး။ နောက်မကြာခင် မှတ်ကြီးက သူတို့အိမ် ကျိတ်ဝိုင်းကကျတဲ့ ဖဲထုပ်အဟောင်းတထုပ် ယူလာတယ်။ အတော်နေရာကျသဗျာ။ အရုပ်ကားတွေနဲ့လည်း ဖဲရိုက်ဖူးတာပါပဲ။ သို့သော် အရုပ်ဖဲချပ်က အပေါ် ဘက်က ပွတ်တာ၊ ဘေးကပွတ်တာ လုပ်မရတော့ သိပ်ပညာမပါဘူး။ တကယ့်ဖဲချပ်ကြီးကမှ ပွတ်လို့ ရတာ။ ဒါကို ကျနော်သဘောကျတယ်။ ချွန်းလား၊ ဘေးကွက်လား၊ ဘေးစိတ်လား၊ သုံးတန်းလား၊ ပျောက်နေသလား၊ ဒါတွေ ကြည့်တတ်ရင် ကိုယ့်ဖဲကိုယ် အနီးစပ်ဆုံးမှန်း နိုင်တာကိုး။

ဒီလိုပဲ တစတစနဲ့ ကျွန်တော် ဖဲသမားဖြစ်လာတယ်။ ကျနော့်ပညာရေးလား၊ ဘယ်မေ့မလဲ။ ကျောင်းပညာကို ကျနော် ဂရုစိုက်ပါတယ်။ အခုလျှောက်လုပ်နေတာတွေက အဖေ လစ်ရင်လစ်သလို လျှောက်လုပ်နေတာ။ ပညာရေး မှတ်တမ်းက ဖတ်စ်၊ စက္ကင်း၊ သာ့ဒ်၊ တိုင်းအဆင့် လူရည်ချွန်ရွေးတဲ့ စာရင်းတွေ ဘာတွေမှာ ပါနေတာဆိုတော့ အဖေက ကျနော် လျှောက်လုပ်နေတာကို သိပ်ဂရုမစိုက်မိ ဘူး။ မိဖူးတာပေါ့။ အဖေမိလို့ကတော့ အမေ ကျနော့်ကို နှုတ်နှင်းနဲ့ ကြပ်ထုတ်ထိုးပေတော့ပဲ။ အဖေက လည်း ဈေးကြီးထဲမှာ ခြောက်ခန်းတွဲကုန်စုံဆိုင်ကြီးနဲ့ အလုပ်ရှုပ်နေတော့ ကျနော့်တို့ ညီအစ်ကိုတွေကို သိပ်ဂရုမစိုက်နိုင်ဘူး။

အဖေ့ဆိုင်က ကျနော့်အတွက် ပဒေသာပင်ဗျ။ လောင်းကစားလုပ်ပါတယ်ဆိုမှ ရှုံးချည်တခါ နိုင်ချည်တလှည့်၊ ဘာတဲ့ နှဲသမားပါးစပ်လို ပိန်လိုက်ဖောင်းလိုက်ပေါ့။ ရှုံးတဲ့အခါ ပိုက်ဆံလိုတော့ တိုတာလျှိုတာ လုပ်ရတာပေါ့။ တိုတယ်၊ လျှိုတယ် ဆိုတာ ပိုက်ဆံခိုးတာကို ပြောတာဗျ။ အဖေ့ဆိုင်က ပိုက်ဆံကို အဆင့်မြင့်နည်းပညာတွေနဲ့ကို ခိုးတာ။ အဖေဘယ်လောက် ကျနော့်အိတ်ကပ်နဲ့ ပုဆိုးကြား ကို စစ်စစ် ဘယ်တော့မှ မမိဘူး။

ဘယ်လို ခိုးသလဲဟုတ်လား။ မိဘပိုက်ဆံ ခိုးတယ်ဆိုတာ မိဘကို ဒုက္ခပေးတာဗျ။ ကျနော် သူတပါးပစ္စည်းတော့ မခိုးပါဘူး။ ဒီအလုပ်တွေကို ကျနော် နောင်တနဲ့ပြောနေတာ။ အားကျစေချင်လို့ မဟုတ်ဘူး။

ကျနော် မိဘပိုက်ဆံကို အကြိမ်ပေါင်းများစွာ နည်းပေါင်းများစွာနဲ့ ခိုးဖူးတယ်။ ဒိုင်ယာဘောလစ် လိုတော့ ဘယ်ဟုတ်မလဲဗျာ။ ကလေးဘဝဆိုတော့ ကလေးခိုးနည်းပေါ့။ ဒါပေမဲ့ ကွက်ပျောက်နည်းတွေ။ သိချင်ရင် ပြောပါ့မယ်။ အတုတော့ မခိုးလေနဲ့။

ကျောင်းမသွားခင်နဲ့ ကျောင်းပြန်ဆင်းချိန်တွေမှာ စျေးဆိုင်မှာ ဝိုင်းကူရတယ်ဗျ။ ပစ္စည်း ထုပ်ပိုးပေးတာ၊ ကားပေါ် ဆိုက်ကားပေါ် လိုက်တင်ပေးတာ၊ စျေးဝိုင်းရောင်းတာ၊ ကျနော်က ငွေအမြဲတမ်း လိုနေတာဆိုတော့ အချိန်တိုင်းလို ဘယ်လို ပိုက်ဆံနိုးရမယ်ဆိုတာ ချောင်းနေတာ။ ဘာလို့ ငွေလိုသလဲ ဟုတ်လား။

ကျနော် ငွေလိုတဲ့အချက် နှစ်ချက်ရှိတယ်။ ကျနော် ငွေများများ သုံးနိုင်ရင် ဘော်ဒါများတယ်။ ငွေရှိရင် လူမိုက်တွေကအစ မျက်နှာချိုသွားလို့၊ နောက်တခုက ဖဲရိုက်။ မြောက်ပန်းလှန် စတဲ့ လောင်းကစား လုပ်ဖို့၊ ခိုးနည်းလား၊ ရှပ်အင်္ကျီရဲ့ ရင်ဘတ်ကြယ်သီးတန်း အောက်တည့်တည့်အဆုံး လက်လေးလုံးလောက် အထက်မှာ ဘရိတ်ဓားလေးနဲ့ ဖြလိုက်ရင် ပိုက်ဆံထည့်လို့ရတယ်။ တချို့အင်္ကျီ တွေက အဆင်သင့်ပါတယ်။ တချို့အင်္ကျီက ဘေးလိုင်း ချုပ်မထားဘူး။ ဒါလည်း လွယ်ပါတယ်။အပ်ချိတ်နဲ့ တွယ်လိုက်ရုံပဲ။

နောက် အင်္ကျီလက်ဖျားမှာလည်း ဓားလေးနဲ့ မသိမသာခွဲပြီး ထည့်လို့ရတယ်။ ဂုတ်ပိုး ကော်လံနောက်ဖက်မှာလည်း ရတယ်။ ဒီနည်းတွေက အစတော့ အဆင်ပြေတယ်။ နောက်ပိုင်း အဖေရိပ်မိပြီး အရှိုးရာတွေထပ်အောင် ကျောတစ်ရာ ရင်တစ်ရာ ကြိမ်ဒဏ်ခတ်ခံရတာနဲ့ အသေချာဆုံးနည်းလမ်းကို ရှာရတယ်။ ပိုက်ဆံ မရှိလို့ မဖြစ်ဘူးလေ။

လိုလျှင်ကြံဆ နည်းလမ်းရ ဆိုသမို့လား။ ကျနော်တို့ကျောင်း မုန့်စျေးတန်းမှာ ကုလားပဲသုပ်ရောင်းတဲ့ စကီနာဆိုတဲ့ ကုလားမကြီးကို ကျနော်စည်းရုံးတယ်။ ဘာလို့လဲဆိုတော့ သူက ကျနော်တို့ စျေးဆိုင်မှာ နေ့တိုင်း စျေးလာဝယ်နေကျလေ။ သူ့ဝယ်တဲ့ စျေးဖိုးကျသင့်ငွေကို ကျနော်မယူဘူး။ ကျောင်းကျမှ ယူတယ်။ တခါတခါ စျေးမဝယ်ရင် အဖေအလစ်မှာ ပိုက်ဆံသေတ္တာထဲက ငါးကျပ်ဖြစ်ဖြစ် ဆယ်တန်ဖြစ်ဖြစ် လိပ်ပြီး သူ့ဆီကို ပစ်ပေးလိုက်တယ်။ သူကလည်း ဝယ်စရာ မရှိရင်တောင် ဆိုင်မှာ ဟိုဟာကိုင်ကြည့် ဒီဟာကိုင်ကြည့်နဲ့ လူမိုက်အားပေးပေါ့။ အဲ သူခိုးအားပေးပေါ့။

ကျောင်းရောက်ရင် စာရင်းရှင်းတယ်။ အားလုံးတော့ ဘယ်ရမလဲ။ ငါးကျပ်တန်ပေးလိုက်ရင် တကျပ်ဖိုးလောက်တော့ သူ့ပဲသုပ်ဝယ်ရတယ်။ နေ့တိုင်း ပဲချည်း ဘယ်စားနိုင်ပါ့မလဲဗျ။ ဘော်ဒါဘော်ဂျတ်တွေကို ဝေစား ဝါးစေသတည်းပေါ့။

အဲဒီအချိန်မျိုးမှာ အပေါင်းအသင်းကတော့ ဘာပေါသလဲ မမေးနဲ့။ အေးဗျာ ရွှေတကျပ်သားကို လေးငါးရာပဲ ပေးရတဲ့ ခေတ်ကြီးမှာ ကျနော်အိမ်က ပိုက်ဆံကို တနေ့ အစိတ်သုံးဆယ် ခိုးနေခဲ့တာ။ အခု ပြန်စဉ်းစားမိရင် နောင်တရလို့ မဆုံးဘူးဗျာ။ ဖဲရိုက်တာကလည်း လေးငါးကျပ်နဲ့ မရဘူးလေ။ ဖဲဝိုင်းအနည်းဆုံး အစိတ်တန်တရွက်ပစ်ချလိုက်မှ လူရှိသေ ရှင်ရိုသေ ဖြစ်တာကလား။

ဖဲကစားတယ် ဆိုတာလည်း ဆရာလိုတယ်ဗျ။ အူကြောင်ကြောင် ဘုမသိဘမသိ ဝင်ကစားလို့ မရဘူး။ ကျနော်တို့ ရပ်ကွက်မှာက ဂျင်ပေါ်ကထုံးဆိုတဲ့ ဖဲသမားတွေချည်းပဲ။ လှိုင်မြို့နယ်ဆိုတာ ကိုမြဟန်၊ ကိုတိုး၊ ကိုနီ၊ တင်ထွေး၊ ကိုကျော်ဦး စတဲ့ တကယ့်ဒိတ်ဒိတ်ကြဲ ဖဲသမားတွေ ပေါ်ထွန်းခဲ့တဲ့ ဘူမိနက်သန်။ ကျော်ဦးဆိုတာ ရန်ကုန်တက္ကသိုလ်ထဲက ကျောင်းသားတွေကိုတောင် ဖဲလိမ်ရိုက်နည်း သင်တန်းပေးနိုင်တဲ့အထိ ဆရာတဆူ။ သူ့တပည့်ထဲမှာ ရဟတ်ယာဉ် ပျက်ကျပြီး ကွယ်လွန်သွားတဲ့ အတွင်းရေးမှူးနှစ် ဗိုလ်ချုပ်ကြီးတင်ဦးရဲ့ ညီအရင်း ကိုလှမြင့်တောင်ပါသေး။ သူလည်း တကယ့် ဖဲသမား။ နောင်တော့ ကျနော့်ကုမ္ပဏီမှာ ဒါရိုက်တာ ဝင်လုပ်သေးတယ်။ ကျော်ဦးက ဖဲပဲ တသက်လုံး ရိုက်စားတာ။ သူ့အိမ်မှာတော့ ကျော်ဦးတေလာဆိုပြီး အပ်ချုပ်ဆိုင် ဖွင့်ထားပေမယ့် သူ့မိန်းမနဲ့ပဲ လွှဲထားတာ။ ကိုလှမြင့် ဖဲလိမ်ကောင်းလို့ စိုးမြတ်အုပ်စုက ကောင်တွေနဲ့ငြိလို့ ကျနော်တောင် ဝင်ရှင်းပေးခဲ့ရ ဖူးသေးတယ်။ ဒါတွေ ထားပါဗျာ။ နောင် ကြုံရင် ပြောပါအုံးမယ်။ အခုက ကျနော့် ဖဲသမားဘဝ

ပြန်စရအောင်။

ကျနော်က အတော်ဆုံး ဖဲသမား ကျော်ဦးဆီမှာ တပည့်ခံတယ်။ ကုလားဖန်ထိုးတာ၊ ဖဲကောက်တာ၊ နှပ်ကြောင်းပေးတာ၊ အပေါ် ဖဲ အောက်ဖဲကို ဘယ်သူမှ မသိအောင်လဲပြီး ဆွဲတာ၊ ဖဲကောက်တယ်ဆိုတာ လိမ်ဖို့ဖဲကို ဝိုင်းတဝိုင်းပြီးလို့ ဖဲတွေပြန်အသိမ်းမှာ ကောက်တာကို ပြောတာ။ ကောက်ပြီးတာနဲ့ လိမ်ဘို့စီပြီး အဆင့်သင့် ဖြစ်နေပြီ။

နောက် ရှိုးဝိုင်းတွေမှာ အောက်ဖဲကို ကိုယ့်လက်လှန်သိအောင် အချက်ပေးတာ။ တချပ်မှောက်က အောက်ဖဲအရေးကြီးတယ်လေ။ အေးလို့ အသံထွက်ရင် တစ်၊ နာတယ်ကွာဆို ကိုး၊ ဖဲချပ်ကို လက်နဲ့ တောက်ရင် ကင်း၊ နှာခေါင်းကိုင်ပြရင် ဘာ၊ နားရွက်ကိုင်ပြရင် ဘာ၊ မျိုးစုံလို့ဆိုပါတော့။ ဒါပေမဲ့ ကျနော့်အဆင့်ဟာ နတ်အဆင့် မရောက်ခဲ့ဘူးဗျ။ နတ်ဆိုတာ လည်မှန်းမသိအောင်၊ လိမ်မှန်းမသိအောင် လိမ်နိုင်တဲ့အဆင့်။ နတ်ချဉ်ဆိုတာ ရှိသေးတယ်။ သူများလိမ်မလိမ်တော့ သိတယ်။ ဘယ်ပုံဘယ်နည်း လိမ်တယ်ဆိုတာ အသေးစိတ်မသိဘူး ဆိုတဲ့အဆင့်ကို နတ်ချဉ်လို့ခေါ်တယ်။

နေအုံးဗျ။ ကျော်ဦးက ကျနော့်ကို တပည့်အဖြစ်သင်ပေးတာ ကျနော်အဖေကို လေးစားတာ ပါတယ်ဗျ။ ဖဲနဲ့ပတ်သက်လို့ အဖေ့ရဲ့ထူးခြားတဲ့အဖြစ်ကို ကျနော်တခါ ကြုံဖူးတယ်။ အဖေဟာ ရွာမှာကော မန္တလေးမှာပါ ဖဲကို သဲသဲမဲမဲရိုက်ခဲ့ဖူးတယ်။ ပါလာတဲ့လှည်းတွေ နွားတွေပါ ဖဲဝိုင်းမှာ ချပေါင်တဲ့ထိ တဖွတ်ထိုး စွတ်လုပ်တယ်။ ဖဲသမားလောကမှာ နတ်မောက်တနယ်လုံး အဖေ့ဩဇာရှိတယ်။

ကျနော့် အကိုဆုံးတော့ သူနောင်တ အကြီးအကျယ်ရပြီး ဖဲဆို ကိုင်တောင်မကြည့်တော့ဘူး။ ဒါပေမယ့် တနေ့ဗျာ၊ လမ်းထဲက ဦးကိုကြီးဆိုတဲ့ အဖေ့မိတ်ဆွေ လူကြီးတယောက် လေဖြတ်ပြီး ရုတ်တရက် ဆုံးသွားတယ်။ လူစုံစုံရှိတဲ့ နေရာတွေကို ရှောင်လေ့ရှိတဲ့အဖေဟာ ဦးကိုကြီးကို လေးစားရင်းစွဲ ရှိတယ်ထင်ပါ့။ ဦးကိုကြီး အသုဘကို သွားတယ်။ ကျနော်လည်း အဆန်းပဲဆိုပြီး နောက်က လိုက်သွားတာပေါ့။ အသုဘအိမ်ဆိုတော့ ဖဲဝိုင်းရှိတာပေါ့ဗျ။ ဒါက ကျနော်တို့ရပ်ကွက်ရဲ့ ယဉ်ကျေးမှု။ ဦးကိုကြီးအိမ်လည်း ရောက်ရော နာမည်ကျော်ဖဲသမားတွေက ကွင်းလယ်ခေါင်မှာ အဆင်သင့် နေရာယူထားပြီးကြပြီ။ အဖေ့ကိုမြင်တော့ ကျော်ဦးက ဦးလေးရာ ဝင်ကစားပါလား၊ ကျနော်တို့လည်း အသုဘ အစောင့်သဘောနဲ့ အပျော်တမ်း လုပ်နေတာပါတဲ့။ အဖေက ပြုံးပြီး ငြင်းတယ်၊ ငါ့တူတို့ပဲ လုပ်ကြပါကွာတဲ့။ မရဘူးဗျ၊ မြဟန်ကော၊ ကျော်ဦးကော၊ ကိုနီကော ဖွတ်အတင်း အဖေ့ကို ဝိုင်းထဲဝင်ဘို့ ထပ်ခါတလဲလဲ အပူတိုက်နေတယ်။ နာရီဝက်လောက်ကို ရှိမယ်။ နောက် အဖေက ဘာစိတ်ကူးပေါက်တယ် မသိဘူး။ ထသွားတဲ့ပြီး ဖဲဝိုင်းထဲ ဝင်ထိုင်လိုက်တယ်။

ငါခိုင်ကိုင်မယ်၊ မင်းတို့ထိုးကွာတဲ့။ အားလုံးက ဝမ်းမြောက်ဝမ်းသာနဲ့ ဝိုင်းပြီး ထိုးကြတာပေါ့။ အဖေက ဖဲထုပ်ကို ကုလားဖန် လေးငါးချက် ထိုးလိုက်တယ်။ ဖဲတွေဝေပြီး ထိုးသားအိမ်တွေကို လှျောက်ကြည့်တယ်။ သူ့ဖဲကို သူမကြည့်သေးဘူး။ ပြီးတော့ ဒီအိမ်စားတယ်၊ ဒီအိမ်စားတယ်၊ ဒီအိမ်လည်း စားတယ်၊ နောက်တအိမ်ကျတော့ မင်းကို လျော်မယ်တဲ့။ သူ့ဖဲကို လှန်မကြည့်ဘဲ လှျောက်ပြီး လျော်တယ် စားတယ် လုပ်နေတယ်။ အလျော်အစား ပြီးတော့မှ သူ့ဖဲကို ထိုးသားတွေရှေ့ ပစ်ချလိုက်တယ်။ သူပြောတဲ့ အလျော်အစား ကွက်တိပဲဗျာ။

အဖေ ဖဲကောက်တာ ကုလားဖန်ထိုးတာ ဖဲဝေတာကို ဝိုင်းထဲက ဖဲကျိုးတွေက မျက်တောင်မခတ်ဘဲ ဝိုင်းကြည့်နေကြတယ်။ အဖေ သုံးလှည့်တိတိ ဒိုင်ကိုင်ခဲ့တယ်။ ထိုးသားတွေဆီက ငွေတော်တော် များများ အဖေ့ရှေ့ ရောက်လာတယ်။ အဖေက တော်ပြီလို့ ပြောလိုက်တယ်။

ကျော်ဦးတို့အုပ်စုက ဟာ ဦးလေးကလည်းဆိုရော မဟာနဲ့၊ မင်းတို့ ပိုက်ဆံတွေအားလုံး မင်းတို့ ပြန်ယူလိုက်။ မင်းတို့က ပျော်ချင်တယ်ဆိုလို့ ခဏဝင်ထိုင်တာ ပြောပြောဆိုဆို အိမ်ပေါ် က ဆင်းလာ

တယ်။ နာမည်ကျော်ဖဲသမားတွေ ပါးစပ်အဟောင်းသားနဲ့ ကျန်ခဲ့သဗျာ။ ကျနော်လည်း အဖေ့နောက်က ခပ်သုတ်သုတ် လိုက်ပြန်ရတာပေါ့။

ကျနော့်တသက်မှာ အဖေ ဖဲထုပ်ကိုင်တာကို ပထမဆုံးနဲ့နောက်ဆုံး မြင်ဖူးတာပဲဗျာ။ လမ်းတဝက်လောက်ရောက်တော့ အဖေက ကျနော်ကို လှည့်ကြည့်တယ်။ သက်ခိုင် မဟုတ်တာကို အားမကျနဲ့၊ ခွေးဖြစ်မယ့်အလုပ်တွေတဲ့။

အေးဗျ၊ ကျနော်ဟာ ဖဲသမားလိုင်းမှာ တကယ့်ပါရဂူတွေရဲ့ အန္တေဝါသိက ဖြစ်ခဲ့တယ်။ ကျိတ်ဝိုင်းတွေ မသာအိမ်ဝိုင်းတွေမှာ ပွဲကြီးပွဲကောင်းတွေတော့ တိုးခဲ့ပါရဲ့။ မာစတာအဆင့် ကိုးစ်မကုန်ခင်ဘဲ ဖဲဝိုင်းကို ကျောခိုင်းခဲ့ရပြန်တယ်။ ဒါကြောင့် ထင်ပါရဲ့။ ကျနော်ဟာ ခွေးမဖြစ်တော့ဘဲ ကျောင်းဆရာဖြစ်လာတယ်။ ဟုတ်တယ်၊ ဘဝဆိုတာ ထူးဆန်း အံ့သြဖွယ်ရာတွေနဲ့ ပြည့်နေတာကလား။ ကျနော့်ရဲ့ ဉာဏ်ရည်နဲ့ ပညာရေးအဆင့်အတန်းဟာ ဆေးကျောင်းတို့၊ အာအိုင်တီတို့ ရောက်လောက်တဲ့ အခြေအနေပါ။ ဒါပေမဲ့ ဖြစ်ချင်တာ မဖြစ်ခဲ့ပြန်ဘူး။ ဘာလို့လဲ ဟုတ်လား၊ အဖေ ကားတိုက်ခံရပြီး ရုတ်တရက် ဆုံးသွားလို့ဗျ။

ကျောင်းဆက်မတက်နိုင်အောင် ကျနော်တို့ မချို့တဲ့ပါဘူးဗျာ။ ဒါပေမဲ့ ကျနော်က ဘဝကို စိန်ခေါ်ရတာ နှစ်သက်ခဲ့တယ် ထင်ပါရဲ့။ ဆယ်တန်းအောင်တော့ တက္ကသိုလ်ဆက်မဆက်ဘဲ ဆရာ အတတ်သင် သွားလိုက်တယ်။

ကျနော်တို့ငယ်ငယ်က ခေတ်စားခဲ့တဲ့ စကားတောင် ရှိသေးတယ်၊ life is challenge ဆိုလား။

■

အခန်း (၁၄)

## မယ်တော့်ကို အတိုးပေးသူများ

ထိုနေ့က စခန်းခွဲသို့ နိုင်ငံတကာကြက်ခြေနီအဖွဲ့(အိုင်စီအာစီ)လာသည်။

အိုင်စီအာစီ လာမည်ဟုသတင်းရသည့် လွန်ခဲ့သော တပတ်ခန့်ကပင် ပင်မစခန်းရော၊ စခန်းခွဲတွေ အားလုံးပါ၊ ပဒူအုံ တုတ်နှင့်ထိုးသလို လှုပ်လှုပ်ရွရွဖြစ်နေကြသည်။ ဆေးတွေသုတ်၊ ဆိုင်းဘုတ်တွေ အသစ်ပြန်ရေး၊ ဆေးနားလူနာတွေ သီးသန့်နေရာတွေ ရွှေ့ပို့၊ လူတွေ၊ ကားတွေ၊ လှေတွေ၊ စက်ဘီးတွေပါ မနားနိုင်တော့။ ထုံးစံအတိုင်း ကိုသက်ခိုင်လည်း အလုပ်ရှုပ်နေသည်။ သူက ကျနော့်ကိုပါ ချောဆွဲထားသည်။

'ကိုမင်းဒင် ကျနော့်အထင် အိုင်စီအာစီ လာရင်၊ စခန်းတခုလုံး ပြဿနာ တက်လိမ့်မယ်'

'ဘာဖြစ်လို့လဲ ကိုသက်ခိုင်'

'လူမမာရှုပ် ပေါက်နေတဲ့ ရဲဘက်မှန်သမျှ မြွေခေါင်းဆိုတဲ့နေရာကို ပို့ထားတယ်တဲ့။ ပို့တာမှ တယောက်မကျန် ပို့တာတဲ့'

'ဘာဖြစ်လို့ ပို့တာလဲဗျာ'

'အားလုံးကောင်းပါသည် ခင်ဗျားလို့ ထောင်ပိုင်က ပြချင်နေတာ'

'အားလုံးကောင်းတယ်လို့ထင်သွားရင် မကောင်းဘူးလားဗျ'

'မကောင်းဘူးဗျ'

'ဘာဖြစ်လို့လဲ ကိုသက်ခိုင်'

'အသေးစိတ် ရှင်းပြရင်တော့ ကြာနေမယ်။ လောလောဆယ် ခင်ဗျားပါ ပါမသွားအောင် သတိထားပေတော့။ လိုင်းဝင်ထားတဲ့ရဲဘက်တွေ ပါသွားရင် ပေးထားတဲ့ငွေ၊ ဝင်ထားတဲ့လိုင်းတွေ အကုန်ပျောက်ကုန်ပြီပေါ့ဗျာ။ ကဲပါ၊ ခင်ဗျား စောင့်သာကြည့်၊ ပြဿနာကတော့ အကြီးအသေးပဲ ကွာမယ်၊ တက်ကို တက်လိမ့်မယ်'

ကိုသက်ခိုင် ဟောကိန်းကား သွေးထွက်အောင်မှန်လေသည်။ နံနက် ဆယ့်တစ်နာရီခန့်တွင် အိုင်စီအာစီမှ အဖွဲ့ဝင်လေးဦး စခန်းခွဲ(၁)သို့ ရောက်လာသည်။ ခေါင်းဆောင်ကား မြန်မာပြည် အိုင်စီအာစီတာဝန်ခံ မစ္စတာဘာထရန်ဟု ဆိုသည်။ မြန်မာစကားပြန် အမျိုးသားတဦးပါသည်။ နောက် တစ်ယောက်က ရဲဘက်တို့၏ ကျန်းမာရေးအတွက် မေးမြန်းစစ်ဆေးမည့် ပြင်သစ်အမျိုးသမီးဖြစ်ပြီး ကျန်တယောက်မှာ အိမ်နှင့် အဆက်အသွယ်ပြတ်နေသော ရဲဘက်တို့အတွက် ဆက်သွယ်ဆောင်ရွက် ပေးမည့်သူဟုဆို၏။ သူကား ဩစတြေးလျနိုင်ငံသူဟု မိတ်ဆက်စကားအရ သိရသည်။

အဦးဆုံး ထမင်းချက် ဖိုကြီးကို စစ်သည်။ မြန်မာစကားပြန်က ဒယ်အိုးအတွင်းမှ ဆီပြန်နေသော ဟင်းတွေကို ကြည့်ပြီး 'ကျနော်တောင် ဒီမှာ နေချင်လာပြီ' ဟုရယ်ကျဲကျဲ ဆိုသည်။ အဖွဲ့ဝင် အမျိုးသမီး နှစ်ယောက်က ဗိုက်ကို လက်နှင့်ပွတ်ပြီး တယောက်မျက်နှာ တယောက်ကြည့်ကာ နောက်နေပုံရသည်။ အမှန်တကယ်လည်း ဤဆီပြန်ဟင်းသည် အိုင်စီအာစီ လာမည်ဆိုသောကြောင့် ချက်ထားခြင်းဖြစ် ကြောင်း သူတို့လည်း သိနေကြဟန်တူသည်။

ပြီးတော့ ရဲဘက် ဆယ့်ငါးဦးလောက်ကို ကိုသက်ခိုင်တဲရှေ့မှာ သီးခြား ခေါ်ယူမေးမြန်းနေသည်။ အိုင်စီအာစီလေးယောက်က နှစ်ယောက်စီ နှစ်ဖွဲ့ခွဲပြီး မေးမြန်းနေခြင်းဖြစ်၏။ နောက် ကိုသက်ခိုင်ကို ခေါ်သည်။ ကိုသက်ခိုင်ကို မေးနေသည်မှာ တော်တော်နှင့်မပြီး။ ကျန်ရဲဘက်တွေနှင့် စကားပြောရာတွင် စကားပြန်မှ တဆင့် ပြောသော်လည်း ကိုသက်ခိုင် နှင့် ဘာထရန် နှစ်ယောက်တည်း ပြောနေသည်မှာ တနာရီခန့်ရှိမည်။

မွန်းလွဲ နှစ်နာရီလောက်တွင် ဘာထရန်တို့ အဖွဲ့စခန်းခွဲက ပြင်ဆင်ထားသော နေ့လည်စာကိုပင် မစားတော့ဘဲ ပြန်ထွက်သွားသည်။ စခန်းခွဲ တာဝန်ခံ ဦးအေးနိုင်လည်း မျက်စိမျက်နှာပျက်လျက် နောက်လှေနှင့် လိုက်သွားသည်။

ညနေ လေးနာရီခန့်တွင် ဦးအေးနိုင်ပြန်ရောက်လာပြီး ကိုသက်ခိုင်ကိုခေါ်ကာ ရဲဘက်အားလုံးကို တန်းဖြုတ်ခိုင်းလိုက်သည်။

'ဘာတွေ ဖြစ်ကုန်ပြီလဲ ကိုသက်ခိုင်'

'အိုင်စီအာစီက ဒီစခန်းကို ဆက်မစစ်တော့ဘူးတဲ့။ စာရင်းထဲမှာပါတဲ့အကျဉ်းသား တချို့ဟာ ဘာအကြောင်းကြောင့်မှန်း မသိရပဲ ပျောက်ဆုံးနေတယ်တဲ့'

'ကိုသက်ခိုင် ခင်ဗျားက ဒီပြဿနာ ဖြစ်မယ် ဆိုတာ ကြိုသိထားလျက်နဲ့ ဦးအေးနိုင်ကို မပြောပြဘူးလား'

'ပြောပါသော်ကောဗျာ၊ သူလည်း ထောင်ပိုင်ဦးမြင့်သောင်းလုပ်တာဆိုတော့ မပြောရဲဘူး ထင်ပါ့'

'ကိုသက်ခိုင် ရဲဘက်စခန်းတွေက နံရံက နားတွေဟာ အရမ်းပါးတယ်နော်။ ဒီကိစ္စကို အိုင်စီအာစီ သိအောင် ခင်ဗျားလုပ်လိုက်တာလို့ထင်ရင် ဘယ်နှယ့်လုပ်မလဲ။ ခင်ဗျား ပြောလိုက်တာလားဗျ'

'အော် ခက်နေပါလား ကိုမင်းဒင်၊ ထောင်ပိုင်ပြတဲ့ အကျဉ်းသားစာရင်းက မှင်တောင် မခြောက် သေးဘူးတဲ့။ သူတို့ရုံးချုပ်က ယူလာတဲ့စာရင်းနဲ့ လွဲနေတယ်တဲ့။ အိုင်စီအာစီက ဒီကို မလာခင် တပြည်လုံးက ရဲဘက်စခန်းတွေရဲ့ လူစာရင်း၊ ထောင်ပြန်ပို့တဲ့စာရင်း၊ သေဆုံးတဲ့စာရင်း၊ ကြိုပြုစုပြီးသားတဲ့။ နောက်တခုကဗျာ၊ ဒီလောက် အဆက်အသွယ်ပြတ်တောက်ပြီး ငရဲခန်းလိုနေရာ ရဲဘက်ငါးရာလောက်ထဲမှာ တယောက်မှ မဖျားမနာဘူးဆိုတာ ယုတ္တိရှိပါ့မလားဗျာ။ အခု ဗိုဆိုးတာက ဘာထရန်က ပျောက်နေတဲ့သူတွေအကုန် သေကုန်ပြီ ထင်နေတာ။ အဲဒါ ကျနော့်ကို ထပ်တလဲလဲ မေးနေတာ။ သေကုန်တာလား၊ နှိပ်စက်ထားတာ အရမ်းရုပ်ပျက်ဆင်းပျက် ဖြစ်နေပြီလား၊ သေမကုန် သေးရင်လည်း အဲဒီ ရဲဘက်လူမမာတွေကို ဘယ်မှာထားသလဲပေါ့'

'သေကုန်ပြီထင်နေတယ် ဟုတ်လား၊ ပိုတောင်ဆိုးနေပါလားဗျာ။ ဘယ်လို ရှင်းကြမလဲဗျ'

'အင်း ချစ်တီးဘုရားကျောင်း ဂေါပက ပြောသလို မယ်တော်ကို အတိုးပေးထားပါဘယ်လို့သာ ဖြေရုံပဲ ရှိတော့တာပေါ့'

'ဘာလဲဗျ၊ မယ်တော်ကို အတိုးပေးထားတယ် ဆိုတာ'

'ပြောချင်တာကတော့ ပြဿနာဖြစ်လာပြီဆိုမှတော့ အဓိပ္ပာယ်ရှိရှိ မရှိရှိ ရရာဆင်ခြေကို ပေးပေတော့ ဆိုတဲ့ သဘောပါ။ မယ်တော်ကို အတိုးပေးတဲ့ မူရင်း ဇာတ်လမ်းကတော့ ဒီလိုဗျ'

ကျနော်နေခဲ့တဲ့ လှိုင်မြို့နယ် အင်းစိန်လမ်းမကြီး၊ ကမာရွတ်ဘူတာရုံလမ်း ဘတ်စ်ကားမှတ်တိုင်နားမှာ သျှရီမာရီယာမန်ဆိုတဲ့ ချစ်တီးဘုရားကျောင်းကြီး ရှိတယ်။ ကနုတ်လက်ရာတွေ ပန်းတမော့လက်ရာတွေနဲ့ တော်တော်ကြီးတဲ့ကျောင်းဗျ။ မြင့်လည်း အတော်မြင့်တယ်။ မြန်မာပြည်ချစ်တီးဘုရားကျောင်းတွေထဲမှာ တွံ့တေးဘက်ကကျောင်းနဲ့ ကမာရွတ် ချစ်တီးဘုရားကျောင်း နှစ်ကျောင်းဟာ အကြီးဆုံးပဲတဲ့။

သျှရီမာရီယာမန် တင်ပယ်ဆိုတော့ မယ်တော်ရဲ့ကျောင်းပေါ့။ အာနန္ဒာဘုရားလို ဂူကျောင်းပုံစံအတွင်းက လိုဏ်ခေါင်းနဲ့။ အထဲမှာ အလယ်ခေါင်တည့်တည့်က သံဘာဂျာတံခါးနဲ့၊ လုံခြုံရေးတင်းကြပ်ထားတဲ့ မယ်တော်ရုပ်တုရှိတယ်။ ရုပ်တုပုံကလား၊ လက်တွေ အများကြီးနဲ့ တဘက်သောလက်က သွေးစွန်းနေတဲ့ဓါးကို ကိုင်ထားပြီး နောက်လက်တဘက်က ခေါင်းပြတ်ကြီးတခုကို ဆံပင်ကနေဆုပ်ကိုင်ထားတယ်။ မယ်တော့် မျက်လုံးကလည်း ပြူးနေတယ်။ ခေါင်းပြတ်ကြီးရဲ့ မျက်နှာကလည်း ကြောက်စရာကြီးဗျ။

ခန်းမကျယ်ကြီးထဲမှာ တခြားချစ်တီးဘုရား သျှီဝတို့ ဗိသျှနိုးတို့ ရုပ်တုတွေလည်း အများကြီးပဲ။ ချစ်တီးဘုရားပွဲ တနှစ်တခါလုပ်တော့ ဘုရားတင်တဲ့ မြင်းရုပ်ကြီးတွေလည်းရှိတယ်။ နောက်ဘာတဲ့ ယားကြီး မယားငယ်ဆိုလား၊ နတ်ဘုရား ရုပ်တုတွေလည်း ရှိတယ်။

ချစ်တီးဘုရားလှည့်ရင် ဆယ်ရက်လောက်လှည့်တာ။ တရက်ကို ရုပ်တုတမျိုးနဲ့။ နောက် မီးအိုးပိုက်တဲ့ရက်တွေ ဘာတွေလည်း ရှိသေးဗျာ။ ကျနော် အကုန်သိနေတာက ငယ်ငယ်တည်းက အဲဒီချစ်တီးဘုရားကျောင်းထဲမှာ သွားကစားနေကျ။ နောက် ကိုးတန်းလောက်ရောက်တော့ ချစ်တီးဘုရားလှည့်ရင် လိုက်တီးတဲ့ ဒိုးဝိုင်းထဲမှာလည်း လိုက်ဖွားတယ်။

ကဲ ဒါတွေထားပါတော့၊ ကျနော်ပြောမယ့် မယ်တော်ကို အတိုးပေးတယ်ဆိုတာက ဓားဓားကဓားနဲ့ ခေါင်းကိုဖြတ်ပြီး ကိုင်ထားတဲ့ မယ်တော်ရဲ့ ရွှေဆွဲကြိုး ကိစ္စ။

အဲဒီ မယ်တော်ရဲ့ရုပ်တုမှာ ရွှေအစစ်နဲ့ လုပ်ထားတဲ့ ဆွဲကြိုးကြီး တကုံးဆင်ထားတယ်ဗျ။ အလေးချိန်က လေးဆယ်သားလောက် ရှိတယ်တဲ့။ အေးလေ၊ ဘုရားကျောင်းပိုင်ပေါ့။ လာလာသမျှဘုရားဖူးဧည့်သည်ခံတွေက လှူဒါန်းသွားတာကို ပေါင်းပြီးလုပ်ထားသလား၊ တယောက်တည်းကပဲ လာလှူထားသလား၊ ဒါတော့ ကျနော်မသိဘူး။ ငွေသားအလှူရှင်တွေလည်း အတော်များတယ်။ တရုတ်သံရုံးတွေကလည်း အဲဒီ ချစ်တီးဘုရားကျောင်းကို လာကြတယ်။

အေးပေါ့ဗျာ၊ အလှူငွေ အများကြီးရှိတဲ့ကျောင်းဆိုတော့ ဂေါပကလုပ်ချင်တဲ့သူ များတာပေါ့၊ တနှစ်တခါ ဂေါပက ရွေးပွဲလုပ်ရင် ကုလားလူမိုက်အုပ်စုတွေက ကျောင်းအပြင်ဘက်က အဆင်သင့်စောင့်နေကြတာ။ သူတို့လူ အရွေးမခံရရင် ဒါမှမဟုတ် သူတို့လူကို ယှဉ်ပြိုင်အရွေးခံလို့ နိုင်သွားရင် စောင့်ရိုက်ဖို့ ပြင်ထားတာ။ ဘာသာရေးဆိုတော့ မြို့နယ်ကောင်စီကလည်း ကြီးကြပ်ရုံလောက်ပဲ။ တိုက်ရိုက် ဝင်စွက်ဖက် မတူဘူး။

တနေ့တော့ မြို့နယ်ကောင်စီကို ဟိန္ဒူလူမျိုးတစုရဲ့ တိုင်စာရောက်လာတယ်။ အဲဒီတိုင်စာကတော့

မယ်တော်ရဲ့ လေးဆယ်သားလောက်ရှိတဲ့ ဆွဲကြိုးကြီးကို ဂေါပကအဖွဲ့က ပေါင်သုံးထားတယ်။ ရွှေရည်စိမ်အတုကြီးနဲ့ လဲထားတာ စစ်ဆေးပေးပါဆိုတဲ့ တိုင်စာ။ မြို့နယ်ကောင်စီကလည်း ဘယ်ယုံမလဲ။ တိုင်စာပို့တဲ့အဖွဲ့ကို ခေါ်ပြီး 'မင်းတို့ဥစ္စာ ဟုတ်မှလည်း လုပ်ပါကွာ၊ လူကြားမကောင်းပါဘူး' ဆိုတော့ တိုင်သူတွေက အခုချက်ချင်း လိုက်စစ်ပါ၊ မမှန်ရင် သူတို့ကိုဖမ်းပါဆိုတော့ မြို့နယ်ကောင်စီလည်း မနေသာပဲ လိုက်စစ်တယ်။

ဂေါပကအဖွဲ့ အတွင်းလူက မကျေနပ်လို့ တိုင်တာဆိုတော့ တိုင်တဲ့အတိုင်းမလွဲဘူး။ မယ်တော်ရဲ့ ရုပ်တု တံခါးကို ဖွင့်ပြီး ဆွဲကြိုးကို စစ်လိုက်တော့ ရွှေရည်စိမ်အတုကြီး။ ဒါနဲ့ တာဝန်ရှိ ဂေါပကတွေကို မြို့နယ်ကောင်စီက ခေါ်ပြီးမေးတော့ ဂေါပကတွေက 'ဟုတ်တယ်လေ၊ ဒါ ကျနော်တို့ သဘောနဲ့ချည်း လုပ်တာ မဟုတ်ပါဘူး။ မလုပ်ခင် မယ်တော်ကို လျှောက်တော့ မယ်တော်က ဘာမှပြန်မပြောဘူးတဲ့။ မကျေနပ်တဲ့အကြောင်း အိပ်မက်လည်း မပေးဘူး။ ဝင်ပူးပြီးလည်း မပြောဘူးတဲ့။ ဒါနဲ့ နှစ်ကျပ်တိုး မယ်တော်ကို လှူပါ့မယ်ဆိုတော့လည်း မယ်တော်က ငြိမ်နေတယ်တဲ့။ အဲဒါနဲ့ ဂေါပကအဖွဲ့က ရံပုံငွေလည်း တိုးအောင်၊ မရှိတဲ့သူတွေလည်း စီးပွားရေးလုပ်နိုင်အောင် အကျိုးရှိရှိ လုပ်လိုက်တာတဲ့၊ မယ်တော်ကိုလည်း အတိုးမှန်မှန် ပေးပါသတဲ့'

'ကြိကြိဖန်ဖန် ကိုသက်ခိုင်ရာ၊ ခင်ဗျားနောက်ပြောနေတာလား'

'အော် ဒါနောက်စရာမှ မဟုတ်တာ။ ဂေါပက အဆက်ဆက် ကျနော်နဲ့မကင်းတာ များတယ်။ သူများဘာသာရေး မဟုတ်တာ ကျနော်ပြောပါ့မလား။ ကဲ အခုလည်း ထောင်ပိုင်ကြီး ဦးမြင့်သောင်း မယ်တော့်ကို အတိုးပေးထားတယ်လို့သာ ဖြေပေတော့။ ငြင်းရင်သတ်ပစ်တယ် ထင်နေတာ ပိုဆိုးလာမယ်'

'အရေးထဲ ခင်ဗျားက နောက်နေပြန်ပါပြီ။ ဒါနဲ့ကိုသက်ခိုင် စခန်းခွဲမှာ ပွဲဆူနေတုန်း ဒါလေး ချလိုက်ရရင် မကောင်းဘူးလားဗျ' ကျနော်က လက်မကို ပါးစပ်ဝ တေ့ပြလိုက်သည်။

'ကျနော်မလုပ်တော့ဘူး ကိုမင်းဒင်။ ကျနော် လေ့ကျင့်ခန်းတခု လုပ်နေတယ်'

'မသိပါဘူး။ ယမကာပုလင်းလေးတွေ ကိုသက်ခိုင် အိတ်ထဲမှာတွေ့မိသလားလို့'

'ဟိုတုန်းက လိုရင်အဆင်သင့်ဖြစ်အောင် ဆောင်ထားတယ်။ အခုတော့မင်းနောင်ကို လက်ကျန် အကုန် ပေးပစ်လိုက်တယ်။ အေးဗျာ၊ ခင်ဗျားနည်းခင်ဗျားဟန်နဲ့ ဖန်တီးနိုင်ရင်တော့ ခင်ဗျားသဘောပဲ။ ကျနော်တားလည်း မတားဘူး။ အားလည်း မပေးဘူး။ ကျနော်လည်း အလွန်အကျွံလုပ်ခဲ့တဲ့သူဆိုတော့ နတ်စကားထွက်သလို ဖြစ်မယ်။

သို့သော် တခုတော့သတိပေးပါရစေ။ အရက်ဟာ အန္တရာယ်ရှိတယ်။ သတိလက်မလွှတ်စေနဲ့။ အရက်သောက်တာဟာ အပ်ချည်ကြိုးလေးတွေနဲ့ ကြိုးဆွဲချနေတာ။ ပထမ တပင်တည်းဆိုတော့ ကြိုးပြတ်တာပေါ့။ အပင်ပေါင်းများလာတော့ လျှာထွက်တာပေါ့။ ကံမကောင်း အကြောင်းမလှရင် အရက်ကြောင့် မဂ်တား ဖိုလ်တားတောင် ဖြစ်နိုင်တယ်'

'ဘာလဲဗျ။ မဂ်တား ဖိုလ်တား ဆိုတာ'

■

## အခန်း (၁၅)

# အဇာတသတ်နှင့် တွေ့ဆုံခြင်း

'မင်္ဂိုလ်နီဗွာန် ဆိုတာကို ဘယ်လိုပဲ အားထုတ်အားထုတ် မရောက်နိုင်တော့ဘူးပေါ့'

'အရက်သောက်ရုံလေးနဲ့တော့ ဒါလောက်မဖြစ်နိုင်ဘူး ထင်တယ် ကိုသက်ခိုင်'

'ရော၊ ခက်ပါလား၊ အရက်သောက်ပြီး နောက်ဆက်တွဲ ပြဿနာမရှိတဲ့လူ ရှားတယ်ဗျ'

'ဘယ်လောက်ကြီးတဲ့နောက်ဆက်တွဲ ပြဿနာမို့ မင်္ဂိုလ်တားရတာလဲဗျာ'

'ကိုယ့်အဖေ ကိုယ်ပြန်သတ်ပစ်လို့ပေါ့ဗျာ။ အဲဒီလူက ကျနော်နဲ့ သိပ်ရင်းနှီးတယ်၊ သူ့နာမည်က ကိုအေးသောင်တဲ့'

ကိုအေးသောင် လို့ စလိုက်တာနဲ့ ကျနော်ပြေးသတိရတဲ့ ရွှေမန်းတင်မောင်ရဲ့သီချင်းရှိတယ်။ အတဲ့ 'တဦးမေတ္တာ တဦးမှာ၊ ကူးကာဆက်စပ် ဆုံပြန်ပါသည်၊ ကေနမလွဲ အမှန်ပါပဲအတည်။ ရွှေမန်းမောင်တင်၊ ကြည်လင်သော မေတ္တာဓာတ်ကို သိမှတ်ကြပေလိမ့်မည်၊ သောတဆင်ကြတဲ့ လူထုဖိုးသတ်ကြီးကစုံညီ၊ မွန်မွန်မြတ်မြတ်နဲ့သာ အားပေးမယ်လို့ ကျနော်ယုံကြည်' ဆိုတဲ့ သီချင်းလေ။ အဲဒါ ကိုအေးသောင် အမြဲဆိုနေကျသီချင်းဗျ။

ကိုအေးသောင်အကြောင်းပြောတာ သူ့ကို သိက္ခာကျစေတော့လို့ ကျနော့်စိတ်ထဲ မရှိလို့အမှန်ပါ။ ဒါပေမဲ့ လူတွေသိစေချင်တယ်။ သူ့လို မမှားကြအောင်လို့။ ကိုအေးသောင်ရဲ့ မူလစိတ်က တကယ်ခင်မင်စရာကောင်းတာဗျ။ လူကလည်း လူပုံချော။ ကျနော်တို့ခေတ်က တောင်သူလယ်သမားကြိုက် ရုပ်ရှင်မင်းသားကြီး ရွှေဘနဲ့ ချွတ်စွတ်။ သူ့အိမ်ဧည့်ခန်းမှာ သူ ရွှေဘစတိုင်နဲ့ ရိုက်ထားတဲ့ ဓာတ်ပုံတွေ ချိတ်ထားတယ်။ သူကတောင် ပိုချောသေး ထင်ပါ့ဗျာ။

သူ့အိမ်ရောက်ဖူးဆို ကျနော်တို့အိမ်အပေါင်းနဲ့ ကပ်လျက်ဗျ။ သူ့အမေက ဒေါ်ဝါနု။ တကယ့်ကို မိန်းမချော မိန်းမခန့်ကြီး၊ မာနလည်း ကြီးပုံရတယ်။ ကမာရွတ် ဈေးကြီးထဲမှာ အထည်ဆိုင်ကြီး ဖွင့်ထားတယ်။ ကိုအေးသောင် မယ်မယ်ရရ အလုပ်တော့မလုပ်ဘူးဗျ။ ကျနော် သတိထားမိသလောက် အားအားရှိ ဝိတ်မနေတာများတယ်။ သူ့ကိုယ်လုံးကိုယ်ပေါက်ကလည်း တကယ့်ကို လူငယ်တွေ

အားကျစရာ။ ကျနော်တောင် သူ့အားကျပြီး သူဝိတ်မတဲ့ရုံထဲမှာ ဝင်ကျင့်ဖူးသေးတယ်။ တပတ်နှစ်ပတ် တည်းဆိုတော့ ဘာမှ မထူးခဲ့ပါဘူး။ နံပိန်က နံပိန်ပါပဲ။ ကျနော်ငယ်ငယ်က လူဖလံလေးဗျ။

သူ့ညီက ကိုဟန်တင်ဗျ၊ သူလည်း တသက်လုံး ဖဲပဲရိုက်နေတာ။ ကိုဟန်တင် မုဒိမ်းမှု ဖြစ်တယ်လည်း ကြားဖူးတယ်၊ သေချာတော့ မသိဘူး။ သို့သော် ကျနော်တို့ခေတ်က မုဒိမ်းမှုဆိုတာ လူတွေ အရမ်းအံ့ဩကြတဲ့အမှုမို့ ကျနော်လည်း အံ့ဩပြီး မှတ်မိနေတာပါ။ နောက် ဒေါ်ဝါနု မွေးစား တဲ့ မြင့်မြင့်အေးဆိုတာ ရှိသေးတယ်။ သူက ယောကျ်ားလျှာ။ ကိုအေးသောင့်အမေက ချမ်းသာတော့ ကိုအေးသောင်ဟာ အမေ့စည်းစိမ်နဲ့ပဲ ရှိုးထုတ်နေတာများတယ်။ သူ့မိန်းမ မခင်သန်းကတော့ ငါးရောင်းတယ်။ ကလေးတွေ ရှိတာပေါ့။ ဝင်းဝင်းမော်၊ စိုးသန်း၊ အေးအေးမော် သုံးယောက်တောင်။ ကိုအေးသောင်က အရက် မသောက်ရင် တကယ့်လူကောင်းပါ။ ဒါပေမဲ့ အရက်သောက်တဲ့အခါ လူတကာကို လျှောက်ရမ်းတော့တာပဲ။ ရမ်းရင်လည်း လမ်းမပေါ် ခေါက်တုန့်ခေါက်ပြန်လျှောက်ပြီး တရပ်ကွက်လုံးကို ချဲ့လင့်တောင်း တော့တာပဲ။ လက်ထဲမှာလည်း လက်စွဲတော်မှိန်းလုံ့ကြီးနဲ့။ ကျနော်လည်း အဲဒီလုံ့ကြီးနဲ့ ဘယ်ကင်းခဲ့မလဲ။ သူမူးပြီး ကျနော့်ကို လာရမ်းလို့ ကျနော်က စိတ်ပေါက်ပေါက်ရှိတာနဲ့ ခင်ဗျား ထိုးရဲရင် ထိုးလိုက်စမ်းဗျာ ဆိုပြီး လုံ့ကိုင်ထားတဲ့ သူ့ရှေ့မှာ အကျီရင်ဘတ်ဖြဲပြီး ရင်ဆိုင်ခဲ့ဖူးတယ်။ ပြန်တွေးရင် အသည်းယား သဗျာ။ အဲဒီ လုံ့ပေါ့ဗျ။ သူ့အဖေ ဦးသိန်းမောင်ကို ထိုးသတ်ခဲ့တဲ့လုံ့။

ကိုအေးသောင်နဲ့ ကိုဟန်တင် သားနှစ်ယောက်စလုံး မလိမ္မာတော့ ဦးသိန်းမောင်ဟာ စိတ်ပျက်ပြီး ရဟန်းဘောင် ဝင်သွားသေးတယ်။ သုံးလေးနှစ်နေမှ လူပြန်ထွက်လာတယ်။ အမှန်က သားအရင်း လက်ချက်နဲ့ သေရမယ့်ဝဋ်ကြွေး ပါလာတယ် ထင်ပါ့ဗျာ။ လောကကြီးက တော်တော်ဆန်းကြယ်တာဗျ။ ကိုအေးသောင် သူ့အဖေကို မသတ်ခင် ကမာရွတ်ဈေးကြီးပိုင်းက လူမိုက်တွေနဲ့ ဓားချင်းခုတ်ကြတာ ကိုအေးသောင် မသေရုံတမည် ခံလိုက်ရသေးတယ်။

ဇေယျဝတီကျောင်းရှေ့မှာ အထည်စတွေ ခင်းရောင်းတဲ့ သူ့ညီမ (ဒေါ်ဝါနု မွေးစားသမီး) ကို နောက်ရပြောင်ရပါ့မလားဆိုပြီး ဓားပွဲဖြစ်ကုန်တာပဲ။ ကိုအေးသောင် အတွင်းလူနာအဖြစ် တော်တော် ကြာ ဆေးရုံတက်ရသေးတယ်။ သူ့လက်မောင်းမှာ သေရာပါ ဓားခုတ်ရာကြီးကို ကျနော် အခုထိ မြင်ယောင်နေတုန်း။ အေးလေ၊ ဒီတုန်းက သူသေသွားရင် သူ့အဖေကို သူ ပြန်မသတ်ဖြစ်တော့ဘူး ပေါ့ဗျာ။

နောက်တခုက ကိုအေးသောင်မှာ ဝက်ရူးပြန်ရောဂါလို့ခေါ်တဲ့ တက်တတ်တဲ့ရောဂါ ရှိတယ်ဗျ။ အထူးသဖြင့် အရက်သောက်ပြီး နောက်တရက်နှစ်ရက်ဆို သူ တက်တော့တာပဲ။ တခါတခါ လူမသိ သူမသိ တက်နေတာလည်းရှိတယ်။ ကျနော် သူ့ကို နှစ်ခါကယ်ဖူးတယ်။ တခါက အိပ်နေရင်း တက်ပြီး ခေါင်းရင်းအပေါက်က ပြုတ်ကျ၊ အိမ်အောက် ရွှံ့ဗွက်ထဲမှာ တခူးခူးနဲ့ တက်နေတာ။ မနက် ကိုးနာရီ လောက် ကျနော် အိမ်မှာ တယောက်တည်းရှိနေတုန်း ကြားရတဲ့အသံကြီးက ထူးဆန်းပါတယ်ဆိုပြီး ကျနော် သူ့အိမ်အောက် ငုံ့ကြည့်ရာက တွေ့တာပေါ့ဗျာ။ နောက်တခါက သူ့အိမ်ပေါ်မှာ ဆားအိုးထဲ လက်နှိုက်ရင်း 'တက်' သွားတော့ အိုးနဲ့ မျက်နှာဆောင့်မိပြီး မှေ့နေတာ။ ကျနော်က သူ့အိမ်ရှေ့ ဝိတ်ရုံမှာ ရောက်နေတုန်းမို့ ကယ်လိုက်နိုင်တာ။ ဒီကျေးဇူးထင်ပါရဲ့၊ ကျနော့်ရင်ဘတ်ကို လုံ့စာ မကျွေးလိုက်တာ။ သူက အရက်သောက် ဝက်ရူးပြန်ပြီး ဆရာဝန်တွေဘာတွေနဲ့ ပြပြီးရင် တကယ့် လူကောင်း ပြန်ဖြစ်သွားပြန်ရောဗျ။ တလမ်းလုံး တအိမ်ဝင် တအိမ်ထွက် သူမူးတုန်းက မှားခဲ့ ရိုင်းခဲ့တာတွေ ဖွေမယူဘို့၊ ခွင့်လွှတ်ဖို့ လျှောက်တောင်းပန်တော့တာပဲ။ ကျနော့်လည်း ပြောပါ့ဗျာ။

'ငါ့တူ ဦးလေးကို စိတ်မဆိုးနဲ့နော်။ ငါ့ဝိတ်ပြားတွေ မင်းယူထား။ ဝိတ်မတယ် ဆိုတာ ခြေသလုံး၊ နောက်ကြော၊ လက်ဖျံ၊ ခါး၊ သူ့နေရာနဲ့သူ ကြီးလာအောင် လုပ်ရတာ၊ တနေရာတည်း စွတ်မလုပ်နဲ့။ အရမ်းပင်ပန်းအောင်လည်း မလုပ်နဲ့' ဘာညာပေါ့ဗျာ၊ ကျနော်လည်း ကျေနပ်တာပေါ့ဗျ။ သူက တောင်းပန်နေပြီပဲ။ နောက်ဆို ကျနော် အကင်းပါးသွားတယ်။ သူမူးလာရင် ရှောင်နေလိုက်တယ်လေ။

အဲဒီရက်ပိုင်းက သူ့မိန်းမမခင်သန်း ဈေးရင်းဖို့ ငွေထပ်လိုသလိုလိုတော့ကြားတယ်၊ အိမ်ချင်းကပ်နေတာကိုး။ ခါတိုင်းလည်း ကိုအေးသောင် သူ့အမေဆီ သွားတောင်းနေကျ၊ ရနေကျပါ။ ဒီတခါ အသံထွက်လာတာက သူ့အဖေဦးသိန်းမောင် လူထွက်လာပြီး ကြားထဲကဟန့်နေလို့ ဒေါ်ဝါနုကြီးက ထုတ်မပေးဘူးလို့လည်း အသံသဲ့သဲ့ ကြားတယ်။

နောက်တရက် နှစ်ရက်နေတော့ ညနေ ငါးနာရီခွဲလောက်မှာ ကိုအေးသောင် မူးပြန်ရောဗျာ။ ထုံးစံအတိုင်း လက်စွဲတော် အရိန္ဒမာလှံကြီးနဲ့ပါပဲ။ ကျနော်လည်း နပ်နေပြီဆိုတော့ လမ်းထိပ်ဖက် ထွက်သွားလိုက်တယ်။ လမ်းထိပ်က တံတားပေါ်မှာ သူ့ညီ ကိုဟန်တင် ရပ်နေတယ်။ ကျနော့်ကိုတောင် လှမ်းပြောသေးတယ်။ လူမိုက်ကြီး၊ မူးရမ်းနေပြန်ပြီ မဟုတ်လားတဲ့။ မကြာဘူးဗျ၊ ကိုအေးသောင် လမ်းထိပ် ထွက်လာတယ်။ ပါးစပ်ကလည်း အော်ကျယ် အော်ကျယ် ကြိမ်းမောင်းပြီး သူ့အဖေ အိမ်ဖက် ထွက်သွားတယ်။ ဘာတဲ့ ငါ ိုးမသား ကြီးကိုသတ်ပစ်မှ အေးမယ်တဲ့။ ကျနော်က သူ့အဖေကို ကြိမ်းတယ်လို့မထင်ဘူး၊ ကိုဟန်တင်ကတော့ သိပုံရတယ်။

'သက်ခိုင် အေးသောင် သူ့အစ်ကိုနဲ့ ဘာငြိနေပြန်ပြီလဲမသိဘူး' တဲ့။ သူ့အစ်ကိုဆိုတာ ဦးသိန်းမောင်ကို ရွဲ့ပြောနေတာဗျ။ ကျနော်အိမ်ပြန်ရောက်ပြီး နာရီဝက်တောင် မရှိတတ်သေးဘူး ထင်ပါ့ဗျာ။ တရပ်ကွက်လုံး ကမာရွတ်တနယ်လုံး သတင်းဆိုးကြီးတခုပျံ့လာတော့တာပါပဲ။ ကိုအေးသောင် သူ့အဖေ ဦးသိန်းမောင်ကို လှံနဲ့ထိုးသတ်လိုက်တာ သေပြီတဲ့ဗျာ။

ကျနော် ဒေါ်ဝါနုတို့အိမ်ရှေ့ ပြေးကြည့်မိသေးတယ်။ ရဲတွေ ရှုပ်ယှက်ခတ်နေပြီ။ ဒေါ်ဝါနုလည်း အသံကျယ်ကြီးနဲ့ အော်ငိုနေတယ် ကိုသိန်းမောင်ရေ့၊ ရှင့်သေတွင်း ရှင်ပြန်လာတာလား၊ ရှင့်သား ဖလိမ္မာကြီးလက်ချက်နဲ့ သေရပါပေါ့လား၊ နောက် ပါသေးတယ် ' ကျမသား ရောဂါသည် အရှုံးကို မဖမ်းကြပါနဲ့' တဲ့။

အေးဗျာ၊ တော်တော် စိတ်မချမ်းသာစရာမြင်ကွင်းနဲ့ အသံတွေချည်းပဲ။ ဘေးအိမ်က လူတွေကလည်း အမျိုးမျိုးပြောကြ။ ကိုအေးသောင်အဖေက ကိုအေးသောင် လှံနဲ့ဝင်လာတော့ ထမင်းစားနေတုန်း တန်းလန်းကြီးတဲ့။ ခင်ဗျားကို သတ်မယ်၊ ခင်ဗျားကို သတ်မယ်လို့ ကိုအေးသောင်က လှံတဆဆ၊ ထိုးမယ်တကဲကဲနဲ့ရှယ်လိုက် ကြိမ်းလိုက်လုပ်နေတော့ ဦးသိန်းမောင်က 'ငါ့သားရယ် အဖေ့ကို မသတ်ပါနဲ့' လို့ တောင်းပန်ပြီး ကိုအေးသောင်ကို ဦးချ ကန်တော့သတဲ့။

ကန်တော့နေတုန်း ဦးသိန်းမောင် ရင်ဝကို ကိုအေးသောင် လှံချက်ဝင်သွားတော့တာပါပဲတဲ့ဗျာ။ ပြောရင်းတောင် ကြက်သီး ထသဗျာ။

နောက် ကိုအေးသောင်ကို ရုံးတင်တရားစွဲတယ်။ ဝက်ရူးပြန်ရောဂါသည်ဖြစ်ကြောင်း မူးနေလို့ ဖြစ်ရကြောင်းတွေ တရားရုံးမှာ ထုချေတယ်လို့လည်း သူ့သား စိုးသန်းဆီက သိရတယ်။ နောက်တော့ ကိုအေးသောင် ထောင်ဆယ်နှစ် ကျသွားတယ်။ ဇာတ်လမ်းက မပြီးသေးဘူးဗျ။

နှစ်တွေ ဘယ်လောက် ကြာသွားခဲ့သလဲတော့ မသိတော့ဘူး။ ခန့်မှန်းခြေ ခြောက်နှစ်၊ ခုနစ်နှစ်လောက် ရှိမယ်ထင်တယ်။ စိုးသန်းလေးက ကျနော်အိမ်ရှေ့မှာ ရေချိုးနေတုန်း 'ဆရာ နောက် တလဆို အဖေ လွတ်တော့မယ်' တဲ့။ ကျနော်လည်း 'အေးကွာ လွတ်လာရင် ကောင်းတာပေါ့' လို့ မှတ်ချက်ပေးလိုက်မိတယ်။ ဟုတ်တယ်၊ အဲဒီတော့ ကျနော်က ကျောင်းဆရာ ဖြစ်နေပြီ။

ဒါကို ခဏထားပါ။ နောက် သိပ်မကြာဘူး၊ ဆယ်ရက်ဝန်းကျင်မှာ စိုးသန်း ရောက်လာပြန်တယ်။ 'ဆရာ၊ အဖေ ထောင်ထဲမှာ သေသွားပြီ' တဲ့။ ကျနော်လည်း 'ဟ ဘယ်လိုဖြစ်တာလဲ၊ မင်းပြောတော့ ကျန်းကျန်းမာမာဆို၊ နောက်တလကြာရင် လွတ်တော့မယ်ဆို' ဆိုတော့ စိုးသန်းက အဖေ့ကို 'ထောင်ထဲက လူမိုက်တွေက လွတ်ခါနီးမှာ စောင်နဲ့အုပ်ပြီး ဝိုင်းရိုက်ကြတာတဲ့၊ လူရုပ်မပေါ် အောင် ရုပ်ဖျက်ဆင်းဖျက် အရိုက်ခံထားရလို့ ကျနော်တို့မိသားစုတောင် အလောင်းကို မကြည့်လိုက်ရဘူး' တဲ့။

အေးဗျာ၊ တွေးလိုက်ရင် မနေ့တနေ့ကလိုပဲ။ ကိုအေးသောင် ဆက်ဆိုဆိုနေတာ ရှိပါသေးတယ်။ 'စီးပွားရေးရယ် ကြီးပွားရေးရယ် သမီးရည်းစား အရေးလည်း အောင်ပါစေ၊ ပြည်တဝှမ်းမှာ လျှုဒါန်းမဲ့သူတွေ အောင်ပါစေ၊ မင်္ဂလာရက်မြတ် လက်ထပ်မယ့်သူတွေ အောင်ပါစေ၊ မြန်ပြည်တိုင်းမှာ ကြံစည်တိုင်း အောင်ပါစေ' တဲ့ဗျာ။

နားထဲ ကြားနေတုန်းပဲ။ သူကတော့ အရက်ကြောင့် ဘာတခုမှ အောင်မသွားခဲ့ဘူး။ ကဲ အဲဒါ ကျနော့်ကိုယ်တွေ့ အဇာတသတ်ဇာတ်လမ်းပါပဲဗျာ။

တက်တတ်တဲ့ရောဂါက ဆေးဝါးတွေနဲ့ကုရင် သက်သာပျောက်ကင်းနိုင်တဲ့ ရောဂါပါ။ အခုတ အရက်ဝင်ရှုပ်တာနဲ့ ပိုရှုပ်ကုန်တယ် ထင်တာပဲ။ အမိအဘကို သတ်တဲ့သူဟာ ဒီဘဝမှာ ဘယ်လောက် အားထုတ် အားထုတ်၊ တရားထူး မရနိုင်ဘူးလို့ ဗုဒ္ဓစာပေတွေမှာ ဖော်ပြထားတယ်။ ကျနော်သား အဲဒီအချိန်က အရက်သောက်တတ်နေပြီ။

ကျောင်းဆရာ ဆိုတော့ ခွက်ပုန်းပေါ့။ ဒီလို အသိဉာဏ်တွေလည်း မပေါ် သေးဘူးလေ။

၉

## အခန်း (၁၆)

# လူသည် နိုင်ငံရေးသတ္တဝါဖြစ်သည်

ရဲဘက်စခန်းတွင် ရေဒီယို နားထောင်ခွင့်ရသူမှာ ထုံးစံအတိုင်း ကိုသက်ခိုင် တယောက်တည်းပင်။ အကျဉ်းသားရဲဘက် ရေဒီယို နားထောင်ခွင့်မရှိ။ ကိုသက်ခိုင်က ဆိုနီရေဒီယိုတလုံးနှင့် အချိန်မှန် အလုပ်ရှုပ်နေသည်။ စခန်းတာဝန်ခံ ဦးအေးနိုင်ကအစ 'ကိုသက်ခိုင် ဘာသတင်းထူးသေးသတုန်းဗျ' ဟု ခဏခဏ မေးသံကြားသည်။ တရက် အဆောင်ပေါ် ကို ရေဒီယို ကိုင်တက်လာသော ကိုသက်ခိုင် ပြုံးစေ့စေ့ ဖြစ်နေသဖြင့်

'ကိုသက်ခိုင် ဘာတွေ သတင်းထူးလို့ ပြုံးနေတာလဲ ဗျ'

ဟု ကျနော်က မေးလိုက်မိသည်။

'အော် မြန်မာပြည်ကို လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာပီညဲရိုး လာတယ်တဲ့'

'ပီညဲရိုးလာတာ ရယ်စရာလားဗျ'

'ဟုတ်တယ်၊ လူ့အခွင့်အရေးအတွက် လာတဲ့သူက သူ့အခွင့်အရေးတောင် မရတာကို သဘောကျလို့'

'ဘာလဲဗျာ။ မရှင်းမရှင်းနဲ့'

'အော်၊ ပီညဲရိုးက အင်းစိန်ထောင်ထဲမှာရှိတဲ့ အကျဉ်းသားတွေနဲ့ သီးသန့်အခန်းတခုထဲမှာ တွေ့တယ်တဲ့။ လွတ်လွတ်လပ်လပ် ပြောရအောင်ပေါ့ဗျာ။ အဲဒီလို အကျဉ်းသားနဲ့ ပြောနေတုန်း အခန်းထဲမှာ လျှို့ဝှက်တပ်ထားတဲ့ အသံဖမ်းစက် တွေ့သတဲ့။ ပီညဲရိုးလည်း ဒေါသထွက်၊ စားပွဲတွေ ဘာတွေ လက်သီးနဲ့ထုပြီး ပြန်သွားသတဲ့'

'နေပါအုံး ကိုသက်ခိုင်၊ ခင်ဗျားက နိုင်ငံရေးတွေ ဘာတွေ စိတ်ဝင်စားသလားဗျ'

'လူတွေ အကြောင်းမှန်သမျှ ကျနော် အကုန်စိတ်ဝင်စားတယ်'

'ဒါဆို နိုင်ငံရေးတွေ ဘာတွေလုပ်ဖူးလား'

'ကျနော် နိုင်ငံရေးဆိုတာကို သီးသန့်မလုပ်ဖူးပါဘူး။ ဒါပေမဲ့ ကျနော်မှန်တယ်ထင်တဲ့ နိုင်ငံ့အရေး

နဲ့ ပတ်သက်တာတွေ ကျနော် တော်တော်များများ လုပ်ဖူးတယ်'

'ဒါနဲ့ ခင်ဗျားက စီးပွားရေးသမားဆို'

'စီးပွားရေးလုပ်တဲ့သူ ငွေရှာနေတဲ့သူ နိုင်ငံ့အရေးမလုပ်ရဘူးလို့ ဘယ်ဒဿနိကဆရာက ဟောခဲ့လို့လဲ'

'ဒါဆို ရှစ်ဆယ့်ရှစ် အရေးအခင်းတုန်းက ပါခဲ့သေးတယ်ပေါ့'

'နေအုံးဗျာ၊ ခင်ဗျားပြောမှ စဉ်းစားမိတယ်။ ကျနော့်ဘဝထဲကို တိုင်းရေးပြည်ရေးတွေ ဝင်တာ ၁၉၇၄ ခုနှစ်လောက်ကဗျ။ မှတ်မှတ်ရရဗျာ၊ ဆင်မလိုက်အလုပ်သမားတွေ အလုပ်သမားအခွင့်အရေးအတွက် ဆန္ဒပြတာကို စစ်တပ်က သေနတ်နဲ့ပစ်ပြီး နှိမ်နှင်းခဲ့တုန်းကပေါ့။ အဲဒီနှစ်တွေက အရေးအခင်းတွေ ဆက်တိုက်ဖြစ်နေတဲ့အချိန်ဗျ။ ဦးသန့်အရေးအခင်း၊ နောက် မှိုင်းရာပြည့်၊ နောက်တော့ ရှစ်လေးလုံးဆိုပါတော့'

'ခင်ဗျားက အဲဒီ အရေးအခင်းတွေအားလုံးထဲမှာ ပါခဲ့တာလား'

'ကြုံခဲ့ပုံကို ပြောမယ်လေ၊ ပါတယ်မပါဘူးဆိုတာ ခင်ဗျားဆုံးဖြတ်။ ခင်ဗျားဗျာ၊ ကျောင်းဆရာဘဝ ပြောမလို့ ပျိုးနေတုန်း အရေးအခင်းတွေက ဝင်လာပြန်ပြီ'

ခင်ဗျားကလည်း ဘာမှတောင် မပြောရသေးဘူး၊ အထင်တကြီး ကြည့်နေပြန်ပြီ။ အလုပ်သမားအရေးခင်းဖြစ်တော့ ကျနော်က ရှစ်တန်းလောက်ပဲ ရှိသေးတာ။ ခရေစေ့တွင်းကျ ဘယ်သိုလုပ်သိပ့်မလဲ။ ဒါပေမဲ့ တရားခြင်း မတရားခြင်းဆိုတာလောက်တော့ ရိပ်မိတဲ့ အရွယ်ဗျ။ အလုပ်သမားအရေးအခင်းမှာ တကယ် ကိုယ်တိုင်ကိုယ်ကျပါခဲ့တာက ကျနော့် အဖေ့ညီ ကျနော့် ဦးလေး။ ဦးလေးကိုကျော်နိုင်ဗျ။ ဘယ်ကလာ နိုင်ငံရေးသမား ဟုတ်ရမလဲ၊ ဘုန်းကြီးလူထွက်ဗျ။

ဦးလေး ကိုကျော်နိုင်က ရဟန်းဘဝနဲ့ ဆယ်နှစ်ကျော်ကျော် နေခဲ့တယ်၊ နောက်မှ လူထွက်လိုက်တာ။ လူထွက်တာကလည်း ကျနော့်အကို စနက်ကြောင့်။ ကျနော့်အကို သက်ပိုင်က ကျနော့်အရင် ရန်ကုန်ကို အဖေက ခေါ်ထားတာ။ သူက ကျနော့်ထက် ခြောက်လလောက်စောပြီး ရန်ကုန်ကို ရောက်တယ်။ ရောက်ကာစဆိုတော့ သက်ပိုင်ကို အဖေ့ညီ ဦးဇင်း ဦးကျော်နိုင် ကျောင်းမှာ ခဏထားတယ်။ အဲဒီတုန်းက ဘုန်းကြီးကျောင်းက ကျောင်းထိုင်နှစ်ပါးဗျ။ တပါးက ဦးသုနန္ဒတဲ့၊ တပါးက ကျနော့်ဦးလေးပေါ့။ ကိုသက်ပိုင် ကျောင်းရောက်ပြီး တလလောက်ရှိတော့ အဲဒီက ကျောင်းသားကြီး ကိုသန်းအောင်ဆိုတဲ့မောင်က အနိုင်ကျင့်လို့ဆိုပြီး ရန်ထဖြစ်ကြတယ်။ ဖြစ်တဲ့အချိန်က ဘုန်းကြီးတွေ ဆွမ်းစားချိန်ကြီး။

ဘုန်းကြီးတွေနဲ့ မလှမ်းမကမ်းဆိုတော့ အသံသိပ်မထွက်ဘဲ ကြိတ်ဖြစ်နေတာ။ အကိုက စိတ်မထိန်းနိုင်တာကြောင့် အနားက ဘုန်းကြီးဖိနပ်နဲ့ သန်းအောင်ကို ကောက်ပစ်လိုက်တာ ဦးသုနန္ဒ ဘုန်းပေး နေတဲ့ ဆွမ်းစားပန်းကန်ထဲ တည့်တည့်ရောက်သွားပါလေရောတဲ့။

ဦးသုနန္ဒက ထဆော်တော့တာပေါ့ဗျာ။ တွေ့တဲ့သစ်သား သုံးနှစ်ပိုင်းကောက်ပြီး ဦးသုနန္ဒက ကျနော့်အစ်ကိုကို ရိုက်တော့တာပေါ့။ ဘေးက ဦးဇင်း ဦးကျော်နိုင်က အစတော့ ဘာမှမပြောဘူး။ နောက် စိတ်လိုက်မာန်ပါ ဒေါသကြီးလာတဲ့ ဦးသုနန္ဒကို 'ကိုယ်တော်ရယ် ကလေးမို့ဖြစ်တာပါ၊ တော်ပါတော့' ဝင်တားရာက ဘုန်းတော်ကြီးချင်းပါ ရန်ပွဲဆက်ပြီး ကျောင်းကိုပါ ခွဲဖို့ခြမ်းဖို့တွေ ဖြစ်လာပြီး ဦးလေး ဦးကျော်နိုင် လူထွက်ဖြစ်တော့တာပဲတဲ့။

လူထွက်ပြီး အဖေနဲ့ လာနေတယ်။ နောက်မကြာပါဘူး။ အိမ်နီးနားက မစောကြည်နဲ့ အိမ်ထောင်ကျတယ်။ နောက် ဆင်မလိုက်သင်္ဘောကျင်းမှာ အလုပ်ဝင်လုပ်တယ်။ အလုပ်သမား အရေးအခင်းဖြစ်တော့ လုပ်သက် ငါးနှစ် ခြောက်နှစ် လောက်ရှိပြီ။

ဆင်မလိုက်သင်္ဘောကျင်းက ကျနော်တို့အိမ်နဲ့နီးတယ်ဗျ။ ကမာရွတ်ဘူတာနဲ့ လှည်းတန်း ဘူတာကြားမှာ။ အဲဒီတုန်းက အခုလို တိုက်တွေတာတွေ ဘယ်ရှိပါ့မလဲ။ ဆင်မလိုက် သင်္ဘောကျင်း တဝိုက်မှာ ကြည့်လေရာ ကန်စွန်းခင်းတွေချည်းပဲ။ ရွှံ့နွံထူလွန်းလို့ ဆင်တောင် မလိုက်တာကြောင့် ဆင်မလိုက်လို့ခေါ်တယ်လည်း ကြားဖူးတယ်ဗျ။ ဦးလေးကိုကျော်နိုင်က အဲဒီသင်္ဘောကျင်းက ဖိုမင်ဆိုလားပဲ။

အဲဒီရက်ပိုင်းတွေက ဦးလေးကိုကျော်နိုင်ပြောတဲ့ အထဲမှာ အထက်လူကြီးတွေ လုပ်ပုံကိုင်ပုံ သိပ်မဟုတ်ဘူး၊ ဆူဆူပူပူ ဖြစ်လိမ့်မယ် ထင်တယ်တဲ့။ အလုပ်နားချိန်တွေ အချိန်ပို လုပ်ခတွေ သတ်မှတ်တာ မတရား နိုင်ထက်စီးနင်းကျတယ်တဲ့၊ သူကိုယ်တိုင်လည်း သိပ်ကျေနပ်ပုံ မပေါ်ဘူး။

နောက်သိပ်မကြာပါဘူးဗျာ၊ ဆင်မလိုက် သင်္ဘောကျင်းမှာ ဆန္ဒပြကုန်ပြီဆိုပြီး အသံတွေထွက်လာတယ်။ ဈေးတွေ ကျောင်းတွေမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားတယ်။ အဖေလည်း သူ့ညီကို စိတ်မချဘူးထင်ပါရဲ့၊ သင်္ဘောကျင်းဘက်ကို လိုက်သွားတယ်။

အဖေပြန်လာတော့ ဦးလေး ကိုကျော်နိုင်ပါမလာဘူး၊ အထဲမှာ ပိတ်ပြီး ဆန္ဒပြနေလို့ မတွေ့ရဘူးတဲ့။ အဲဒီတုန်းကဗျာ၊ ဆန္ဒပြတယ်ဆိုတာ ကျနော့်စိတ်ထဲ တော်တော်ထူးဆန်းနေတယ်၊ ဒါပေမဲ့ မတရားတာကို ဆန့်ကျင်တယ် ဆိုတာလောက်တော့သိတယ်လေ။

နောက်နေ့ကျတော့ ဦးလေးကိုကျော်နိုင်ပြန်လာတယ်၊ တိုက်ပွဲက မပြီးသေးဘူးတဲ့။ ကျနော့်စိတ်ထဲ အလို ဘုန်းကြီးလူထွက်ကတောင် တိုက်ပွဲတွေဘာတွေ ပြောလို့ပါလား တွေးမိသေးဗျာ။ ဦးကျော်နိုင် ပြောပြတဲ့အထဲမှာ အလုပ်သမားတွေအတွက် လုပ်အားခ တိုးပေးဖို့၊ အချိန်ပို လုပ်ခပြင်ဆင်သတ်မှတ်ဖို့၊ သက်သာချောင်ချိရေးဆိုလား ပါသေး၊ ဒါတွေ မရရင် သပိတ်မလှန်ကြဘူးဆိုပဲ။ နောက်ဦးလေး ကိုကျော်နိုင်ပြန်သွားတယ်၊ ဦးလေး ကိုကျော်နိုင် ပြန်လာလိုက် ပြန်သွားလိုက် လုပ်နေတာ ဘယ်နှစ်ရက်မှန်းတော့ မသိတော့ဘူး။ သင်္ဘောကျင်းမှာ စစ်တပ်က သေနတ်နဲ့ ပစ်ကုန်ပြီဟေ့ဆိုပြီး အရပ်ထဲမှာ ပွက်လောရိုက်ကုန်ပြန်တယ်။ နှစ်နာရီလောက်အကြာမှာ ဦလေးကိုကျော်နိုင် တကိုယ်လုံးစုတ်ပြတ်ပြီး ဗွက်အလိမ်းလိမ်းနဲ့ အိမ်ပြန်ရောက်လာတယ်။

ကုန်းပေါ် ကရော ရေထဲကပါ ညှပ်ပစ်လို့အလုပ်သမားတွေ တော်တော်များများ သေကုန်ပြီတဲ့၊ သူက မြောင်းထဲမှာ ဝပ်ပြီးနေရာက မြောင်းအတိုင်း အပြင်ဘက်ကိုရောက်အောင် ထွက်လာခဲ့တာတဲ့၊ သူ့ပါးစပ်ကလည်း တတွတ်တွတ် မကြေမချမ်း ပြောနေတယ်။

'တော်တော်မိုက်ရိုင်းတဲ့ကောင်တွေကွာ၊ လက်နက်မရှိတဲ့ အလုပ်သမားတွေကို ရက်ရက်စက်စက်ပစ်တာ၊ အကုန်သေအောင်ကို ပစ်တာ၊ ရိုင်းချက်ကတော့ကွာ၊ ရိုင်းချက်ကတော့ကွာ' နဲ့ တကွာတည်းကွာနေတာ တော်တော်နဲ့ မပြီးဘူး။

ကျနော်လား၊ ဘယ်ကျေနပ်မလဲ။ ကျနော့်ဦးလေးက လူအေးလူရိုး၊ ဘုန်းကြီးလူထွက်။ မတရားတာမို့ သူပါတာဖြစ်မှာပေါ့။ လုပ်ခ တိုးပေးဖို့၊ အချိန်ပို ပြန်သတ်မှတ်ပေးဖို့ တောင်းဆိုတဲ့ အလုပ်သမားတွေကို သေနတ်နဲ့ ပစ်တယ်ဆိုတာ ဒါ ရှေ့တန်းစစ်မြေပြင်မှ မဟုတ်တာ။ မတော်တရော် မတရားလုပ်တာလို့ ကျနော် ထင်တယ်။ ကျနော့်ဦးလေးကို ကျနော်ယုံတယ်။ ကွန်မြူနစ်တို့ အနီတို့ ဖြာတို့ဆိုတာ သူနဲ့ ဝေလာဝေး။ နောက် ကျနော် ကိုးတန်းကျောင်းသားဘဝမှာ ထပ်ကြုံတာက ဦးသန့်အရေးအခင်း။ ဦးသန့်အရေးအခင်းဖြစ်တော့ ကျနော် ဦးသန့်အကြောင်း ကောင်းကောင်း သိတယ်ဗျ။ တက္ကသိုလ်စိန်တင် ထင်ပါရဲ့။ သူရေးတဲ့ ပန်းတနော်ဦးသန့်စာအုပ်လည်း ဖတ်ပြီးပြီ။ သူ့အကြောင်းလည်း လေးတန်းငါးတန်း ဖတ်စာထဲမှာ သင်ရတယ်လေ။

ဘာတဲ့၊ တတိယ ကမ္ဘာစစ်ဖြစ်မည့်အရေးကို နှစ်ကြိမ်တိုင်တိုင် တားဆီးပေးနိုင်ခဲ့ခြင်းတဲ့။ တခုက ကျူးဘားပြဿနာကြောင့် အမေရိကန်နဲ့ရုရှ စစ်ဖြစ်လုလုဆဲဆဲအထိ တင်းမာတာတဲ့။ ကျူးဘားနိုင်ငံ

ဘက်ကို မောင်းနေတဲ့ ရုရှသင်္ဘောတွေပေါ်မှာ စစ်လက်နက်တွေ တင်လာတယ်ဆိုပြီး အမေရိကန်ရေတပ်သင်္ဘောတွေက လမ်းကဖြတ်ပြီး ပိတ်တားဆို့တာတွေ လုပ်တယ်တဲ့။ ရုရှတွေကလည်း ရှာတာဖွေတာ လက်မခံလို့ ကမ္ဘာစစ်ကြီး ဖြစ်လုနီးနီး အခြေဆိုက်သွားတယ်တဲ့။ အဲဒါကို ဝင်ရှင်းတာ ကျနော်တို့ မြန်မာနိုင်ငံသား ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်တဲ့။

ဦးသန့်ဟာ ဦးနှောက်ကောင်းလွန်းလို့ သူသေရင် သူ့ဦးနှောက်ဟာ ဘယ်လို ဖွဲ့စည်းထားသလဲ သိရအောင် ဝယ်ချင်တဲ့သူတွေတောင် ရှိဆိုလား။ နောက် သူက ကုလသမဂ္ဂမှာ တာဝန်ထမ်းနေတုန်း ဗိုလ်ချုပ်နေဝင်းနဲ့ အဆင်မပြေဘူးဆိုတာလည်းပါရဲ့။

မြန်မာနိုင်ငံသားတယောက် ဒီလို ကြီးကျယ်မြင့်မြတ်နေတာ ကျနော် ဂုဏ်ယူတယ်၊ အားလည်းကျတယ်။

နောက် ဦးသန့်အလုပ်က အနားယူပြီး သိပ်မကြာခင်မှာ ကွယ်လွန်ပြီဆိုတဲ့သတင်း ထွက်လာပါတယ်။ ဦးသန့်က သူ့ရဲ့အလောင်းကို သူမကွယ်လွန်ခင် မြန်မာပြည် ပြန်ပို့စေလိုတဲ့ ဆန္ဒရှိသတဲ့။ အဲဒီ ဦးသန့်ကိုမြှုပ်နှံဖို့ အစိုးရက ကြံတောသုသာန်မှာ နေရာပေးတယ်တဲ့။ ပြည်သူလူထုကတော့ မကျေနပ်ကြဘူး။

ဒါနဲ့ ဦးသန့်ရဲ့ရုပ်အလောင်းဟာ အထူးပြုလုပ်ထားတဲ့ ခမ်းနားလှပတဲ့ အလျူမီနီယမ် ခေါင်းတလားကြီးနဲ့ မင်္ဂလာဒုံလေဆိပ်ကို ရောက်လာခဲ့တယ်။ အဲဒီမှာတင် တက္ကသိုလ်ကျောင်းသားတွေနဲ့ ဘုန်းတော်ကြီးတွေက ဦးသန့်ရဲ့အလောင်းကို လေဆိပ်ကနေ ကျိုက္ကဆံကွင်း၊ ကျိုက္ကဆံကွင်းကနေ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ရှေ့ကို သယ်သွားကြရော။

သေချာသိနေတယ်လေ၊ ဆယ်တန်းရောက်နေပြီ၊ သတင်းစာ ကောင်းကောင်းဖတ်တတ်နေပြီပဲ။ ဒါတင် ဘယ်ကမလဲ၊ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ရှေ့အထိပါ သွားကြည့်တာပေါ့၊ အိမ်နဲ့ သိပ်မဝေးလှဘူး။ အေးလေ၊ ကမာရွတ်ဘူတာရုံလမ်းနဲ့ ရန်ကုန်တက္ကသိုလ်ဟာ တမိုင်ခွဲထက်မပိုဘူး။ အင်းလျားကန်သွားနေကျ ဖြတ်လမ်းကဆို ပိုတောင် နီးသေးဗျာ။

ဦးသန့်ရဲ့ ရုပ်အလောင်းထည့်ထားတဲ့ သတ္တုရောင် ခေါင်းတလားကြီးကို ကျနော် မြင်ရတယ်၊ ဘုန်းတော်ကြီးတွေ တက္ကသိုလ် ကျောင်းသားတွေအများကြီး စုဝေးရောက်နေကြတယ်။ ခေတ်ပုံတွေလည်း တဖျတ်ဖျတ် ရိုက်နေတယ်။

ကျနော့်စိတ်ထဲ သူတို့ကို ထောက်ခံနေတယ်။ လူကတော့ ငချွတ်ပဲ။ ဒီလောက် အရည်အချင်းရှိပြီး တိုင်းပြည်ဂုဏ်ဆောင် ပုဂ္ဂိုလ်ကြီးကို ကြံတောလို နေရာမျိုးမှာ မြေမြှုပ်လိုက်ကြဖို့ အမိန့်ပေးတဲ့ အစိုးရဟာ တခုခုတော့ မှားနေသလိုပဲလို့ ကျနော့်စိတ်က ခံစားနေရတယ်။

အဲဒီ ဘွဲ့နှင်းသဘင်မှာ သိပ်မကြာလိုက်ဘူးဗျ။ နောက် လေးငါးရက်အတွင်း ထင်ပါရဲ့၊ အစိုးရက သင့်တော်တဲ့နေရာချမပေးလို့ ဦးသန့်ရဲ့ရုပ်အလောင်းကို မန္တလေးဆောင်နဲ့ မျက်နှာချင်းဆိုင် ဗိုလ်အောင်ကျော် အထိမ်းအမှတ် ကျောက်တိုင်ရှိတဲ့ မြေကွက်လပ်ကြီးမှာဂူသွင်းလိုက်ကြတယ်။ အဲဒီ အုတ်ဂူဒီဇိုင်းကို ရန်ကုန် စက်မှုတက္ကသိုလ် ကျောင်းသားတွေက ဆွဲတာတဲ့၊

ဦးသန့်အုတ်ဂူကို အနီးကပ်တော့ ကျနော်မမြင်ရဘူးဗျ။ ခပ်ရိုးရိုး တည်တည်တန့်တန့် ဒီဇိုင်းလောက်ပဲ မှတ်မိတယ်။

နေအုံးဗျ၊ အဲဒီကွက်လပ်ကြီးက ဦးနေဝင်းအာဏာသိမ်းစက မိုင်းခွဲဖျက်ဆီးပစ်လိုက်တဲ့ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အဆောက်အဦနေရာဟောင်းတဲ့။ တဖြည်းဖြည်းသိလာတာက ကျနော်က အဲဒီ ဦးသန့်အလောင်း မြှုပ်ထားတဲ့နေရာကို ညတိုင်းရောက်လို့။

ဟုတ်တယ်၊ ကျနော်ညတိုင်းရောက်တယ်။ အဲဒီမှာ ကျောင်းသားတွေ အများကြီး စုဝေးပြီး အစိုးရကို ဝေဖန်တဲ့တရားတွေ ဟောတယ်။ တက္ကသိုလ်ကျောင်းသား မဟုတ်ပေမဲ့ သူတို့ဟောတဲ့ တရားကို ကျနော် သိပ်သဘောကျတယ်။ ဖျင်းဖို့လည်း မကောင်းဘူးဗျာ။ လူထုကလည်း အစား အသောက်တွေ ငွေကြေးတွေ အဆက်မပြတ် လာလှူနေကြတယ်။ စည်ကားလိုက်ပုံများ ဘုရားပွဲလား အောက်မေ့ရတယ်။ ဈေးဆိုင်တန်းတွေ စီးကရက် အချဉ်ထုပ် ရောင်းတဲ့သူတွေနဲ့ တကယ့် ပွဲဈေးတန်း ကြီးကို ဖြစ်လို့။

ကျနော် မှတ်မိတာတခု ရှိသေးတယ်။ အဲဒီ ဦးသန့်အုတ်ဂူရဲ့ဘေးက ကွက်လပ်မှာရှိတဲ့ စင်မြင့်ပေါ်မှာ ပြည်သူ့တရားရုံးဆိုပြီး ဖွင့်တယ်။ တကယ့်တရားရုံး ထိုင်ခုံတွေနဲ့တော့ မဟုတ်ဘူးပေါ့ဗျာ။ ကျောင်းသားတယောက်က ဦးနေဝင်း ကျူးလွန်ခဲ့တဲ့ အမှားတွေ၊ လုပ်ရပ်တွေကို စာရွက်တရွက်နဲ့ တန်းစီပြီး ဖတ်သွားတယ်။ နောက် နားထောင်နေတဲ့ပရိသတ်ကို ဘယ်လိုပြစ်ဒဏ်မျိုး ထိုက်တန်ပါသလဲ လို့ စင်မြင့်ပေါ်ကနေ လှမ်းမေးတယ်။ အားလုံးက တညီတည်းအသံထွက်တယ်၊ သေဒဏ် သေဒဏ် တဲ့။ ဘာကြောင့်လဲတော့ ကျနော်လည်း ရှင်းမပြတတ်ဘူး၊ သူတို့လုပ်ရပ်ကို ကျနော်သဘောတူတယ်။ ကျနော့်စိတ်ထဲမှာ ဦးသန့် ဈာပနကို အစိုးရ ဒီလိုလုပ်တာ ပြင်းပြင်းထန်ထန် ဆန့်ကျင်တယ်။

ကျနော်လည်း အော်တာပေါ့၊ သေဒဏ် သေဒဏ်လို့။

အဲဒီပြည်သူ့ခုံရုံးက တညတည်း မဟုတ်ဘူး။ ညစဉ် အစီအစဉ်တခုအနေနဲ့ ဖွင့်နေတာ။ မှတ်မှတ်ရရ ကျနော် သုံးညလောက် သေဒဏ်သေဒဏ် လိုက်အော်လည်း ပြီးရော နောက်နေ့ကျတော့ ကျနော် အော်လို့မရတော့ဘူး။ ဘာလို့လဲ၊ ဟုတ်လား။ ထုံးစံအတိုင်း စစ်တပ်က အတင်းဝင်ရှင်းလို့ ပေါ့ဗျာ။ အဲဒီ စစ်တပ် ဝင်ရှင်းတဲ့နေ့ကိုတော့ ကျနော် သေချာမှတ်မိတယ်။ နောက်တနေ့ကိုလည်း မှတ်မိနေတုန်းပဲ။ မှတ်မိမှာပေါ့ဗျာ။ ကျနော့်ဘဝမှာ စစ်တပ်နဲ့လူထု ထိပ်တိုက်တွေ့တဲ့ပွဲထဲကို ပထမ ဦးဆုံး ပါဝင်ခဲ့တဲ့နေ့ပဲ။

■

## အခန်း ( ၁၇ )

# ဆူပူလှုပ်ရှား အဖျက်သမားသက်ခိုင်

အဲဒီနေ့က ရန်ကုန်တက္ကသိုလ်ရဲ့ တံခါးတွေကို ခါတိုင်းနေ့တွေလို ဖွင့်မထားဘူး။ ထူးထူးခြားခြား ဝင်းတံခါးတွေ ပိတ်ထားတယ်။ ကျနော်က ထုံးစံအတိုင်း စပ်စုလိုက်တယ်။ မကြာပါဘူး၊ အသံထွက်လာတယ်။ သတိထားနေကြ၊ မဆလပါတီဝင်တွေ ကျောင်းဝန်းကို မသိမသာ ဝိုင်းထားတယ်၊ ညကတည်းက ပါတီစိတ်မှူးတွေ အစည်းအဝေးခေါ်ပြီး လာခိုင်းထားတယ်တဲ့၊ ရန်ကုန်တက္ကသိုလ်ကို ဝိုင်းဖို့။ သိတဲ့အတိုင်းပေါ့ဗျာ၊ ကျုပ်က စပ်စုတဲ့နေရာမှာ ဒိတ်ဆိုတော့ မျက်စိကြီးနားကြီး ဖြစ်နေတာလေ။

ဒါနဲ့ ကျောင်းဝင်းထဲကို ဘယ်လို ဝင်ခွင့်ပေးနေသလဲဆိုတာ သိရအောင် ဂိတ်ဝနား ရစ်သီရစ်သီ လုပ်ကြည့်လိုက်တော့ အော် အဝါရောင် ခွပ်ဒေါင်းပုံပါတဲ့ နဖူးစည်းအနီလေးတွေ ပါရင် ဝင်လို့ရတာကိုး။

ဟာ အတော်ပဲ၊ ကျနော့်မှာ အဲဒီခေါင်းစီးအနီရှိတယ်။ ကျနော်က တက္ကသိုလ်ကျောင်းသားတော့ မဟုတ်ဘူးပေါ့ဗျာ၊ လွန်ခဲ့တဲ့ နှစ်ရက်လောက်က သူ့ကိုယ်သူ အညာမြေ မောင်ဖြူစင်လို့ ပြောပြောနေတဲ့ စာရေးဆရာဆီက တောင်းထားတာ။ သူက ကျနော်တို့ရပ်ကွက်ဘက်ကို ခဏခဏလာတော့ မျက်မှန်းတန်းမိပြီး လှည်းတန်းမီးပွိုင့်နားမှာ ဆုံတဲ့နေ့က တောင်းထားလိုက်တာ။

ဒါပေမဲ့ အဲဒီနဖူးစည်း အနီနဲ့ ကျနော် မဝင်ဖြစ်ဘူးဗျ။ ကျနော့်မှာ ထူးခြားချက်တခုရှိတယ်။ အန္တရာယ်တခုခု တွေ့ရတော့မယ်ဆို အနံ့ရသလိုလို အာရုံရသလိုလိုမျိုး။ ကျနော် သိပ်စိတ်မဖြောင့်တာနဲ့ အင်းလျားကန်ဘက်က ပတ်ပြီး မသိမသာ လျှောက်ကြည့်တယ်။ ညနေ လေးနာရီလောက် ရှိနေပြီဗျ။ လူတချို့ ကျောင်းဘေးက မြောင်းကြီးထဲမှာ နေရာယူထားတယ်၊ စစ်သားတွေမဟုတ်ဘူး။ ရိုးရိုးအရပ်ထဲက လူတွေ။ သေချာတယ်။ တယောက်ဆို ကျနော်မျက်မှန်းတန်းမိတဲ့သူ၊ သူက ပါတီ စိတ်မှူးဆိုလား ဘာလား။ ကျနော်တွေ့တဲ့ မြောင်းထဲက ပုဂ္ဂိုလ်တွေ စုစုပေါင်း ငါးယောက်လောက်ရှိမယ်၊ တချို့က မြောင်းထဲ ဆင်းမနေဘူး။ မြောင်းနှုတ်ခမ်းပေါ်မှာ ဟိုလိုလို ဒီလိုလို လုပ်နေတာ။ ကျနော် စဉ်းစားတယ်၊ ရန်ကုန်တက္ကသိုလ် တဝင်းလုံးကို ဒီလူတွေ မသိမသာ ဝိုင်းနေတာပါကလားပေါ့။

နောက် အသံတွေ တိုးတိုး ထပ်ကြားပြန်တယ်။ အထဲက ကျောင်းသားတွေက ဒီလို မဆလ ပါတီဝင်တွေ ဝိုင်းထားတာကိုသိတယ်တဲ့၊ ဒါပေမဲ့လုပ်စရာရှိတာ ဆက်လုပ်သွားမယ်တဲ့။ ဒီလိုနဲ့ တဖြည်းဖြည်း နေဝင်သွားတယ်ဗျ။ ကျနော်လည်း အထဲက ကျောင်းသားတွေတောင် မကြောက်သေးတာ ငါလည်း ဘာကြောက်စရာရှိလဲပေါ့။ ကျောင်းထဲကို ခွပ်ဒေါင်းခေါင်းစည်းပြပြီး ဝင်လိုက်တော့ မယ်ဆုံးဖြတ်ပြီး ဂိတ်ဘက်ကို လျှောက်သွားတယ်။ ဂိတ်တွေပိတ်သွားပြီဗျ။ စီးပွားရေးတက္ကသိုလ် ရှေ့ကိုရောက်တဲ့ လမ်းရဲ့ဂိတ်၊ အဓိပတိလမ်းမကြီးတည့်တည့်က ဂိတ်၊ အားလုံး ပိတ်ကုန်ပြီ။

လွယ်ပါတယ်ဗျာ၊ ရန်ကုန်တက္ကသိုလ်ဟာ ကျနော့်စားကျက်ပါ။ အဲဒီဝင်းထဲမှာနေပြီး ကျောင်းသားတွေကို ထမင်းချက်ကျွေးနေတဲ့ ဦးဖိုးဝင်းတို့ အလုပ်သမားတန်းလျားကိုဝင်တဲ့ မလွယ်ပေါက်ကို ကျနော်သိတယ်။ ဦးချစ်လက်ဖက်ရည်ဆိုင် ဘေးဘက်ကအပေါက်။

ဦးသန့်အလောင်း ကျောင်းထဲ မရောက်ခင်ကတည်းက ကျနော်ဝင်နေကျ။ အဲဒီ ဂိတ်ပေါက်လေးကိုရောက်တော့ ပိတ်ထားတယ်။ ရတယ်လေ။ ကျော်ဝင်လိုက်တာပေါ့။ အချိန်ဟာ ည ခုနှစ်နာရီလောက်ရှိပါပြီ။

အထဲမှာတော့ ပုံမှန်ပါပဲ။ တောင်ငူဆောင်ဘက်မှာ ကြွေးကြော်သံ၊ ပိုစတာတွေ အများကြီးကပ်ထားတယ်။ ရေးလက်စတွေနဲ့ အလုပ်ရှုပ်နေတဲ့ ကျောင်းသားတွေလည်း တွေ့တယ်။ စားစရာသောက်စရာတွေ အပြည့်နဲ့ ဝါးခြင်းတောင်းကြီးတွေလည်း တော်တော်များများတွေ့တယ်။ ဦးသန့်ဂူရှိတဲ့ ကွင်းပြင်ထဲမှာလည်း အရင်လို ဟောနေပြောနေကြတုန်းပဲ။

တခု ထူးခြားတာက ကျောင်းသားတော်တော်များများ ခွပ်ဒေါင်းနဖူးစည်းတွေ စည်းထားတယ်။ တချို့က ခွပ်ဒေါင်းလက်ပတ်တွေနဲ့။ အရင်ရက်တွေက ဒီလို အများကြီးပတ်ထားတာ မတွေ့ဘူး။ အေးပေါ့ဗျာ။ သူ့လူကိုယ့်လူ ခွဲလို့ရအောင်ပေါ့။ ဒါလောက်တော့ ကျနော်လည်း သိပါတယ်။

တိုက်ဆိုင်တာပဲလား၊ ကံတရားပဲ ဆိုမလားတော့ မသိဘူး။ ညကိုးနာရီလောက်ကျတော့ ကျောင်းဝင်းထဲမှာ နေရတာ ကျနော် သိပ်စိတ်မပါတော့ဘူး။ တခုခုကို စိတ်လေးနေသလိုပဲ။ ဒါနဲ့ လာတုန်းက ကျော်ဝင်လာခဲ့တဲ့ မလွယ်ပေါက်ဘက်ကို လျှောက်သွား၊ သံတိုင်တွေကို ကျော်ခွပြီး အပြင် ထွက်ခဲ့တယ်။ အပြင်မှာ မီးတိုင်တချို့ လင်းနေပေမဲ့ မှောင်တဲ့နေရာက များနေတယ်ဗျ။ အမှောင်ထဲပေမဲ့ ကျောင်းဝင်းအပြင်က မြောင်းထဲကိုတော့ ကျနော်သတိပြုမိတယ်။ ကုန်းကုန်းကုန်းကုန်းနဲ့ မြောင်းထဲမှာ ဝပ်နေတဲ့သူတွေ ကျနော် မဝင်ခင်ကထက် ပိုများနေပြီ။

ဘာကားမှ မရှိတာနဲ့ ကုန်းကြောင်းလျှောက်ပြီး ပြန်ခဲ့တယ်။

အိမ်ရောက်တော့ တချိုးတည်း အိပ်ပျော်သွားလိုက်တာ မနက်ခြောက်နာရီခွဲလောက်ကျမှ ဆူဆူညံညံ အသံတွေကြောင့် လန့်နိုးလာတယ်။ ဘာတဲ့၊ ရန်ကုန်တက္ကသိုလ်ကို စစ်တပ်က ဝင်စီးလိုက်ပြီတဲ့။ ဦးသန့် အုတ်ဂူကိုလည်း ဘူဒိုဇာနဲ့ ကော်ပြီး ယူသွားပြီတဲ့။

မျက်နှာတောင်မသစ်နိုင်ဘဲ ကျနော် ဘူတာရုံလမ်းထိပ်ဘက်ကို ထွက်ခဲ့တယ်။ လမ်းမပေါ်မှာ စစ်ကားတွေ အရှိန်ပြင်းပြင်းနဲ့ မောင်းနေတယ်။ တစီးပြီး တစီး၊ အစီးရေတောင် မမှတ်မိနိုင်ဘူး။ ကားတွေပေါ်ကို ကျနော်လှမ်းကြည့်လိုက်တယ်။ ကျောင်းသားတွေ၊ တချို့လူကြီးတွေ စစ်ကားကြမ်းပြင်ပေါ်မှာ ဆောင့်ကြောင့်ထိုင်လျှက်၊ လက်နှစ်ဖက်က နောက်စေ့ကို ကိုင်ထားရတဲ့ပုံစံနဲ့ ဘေးမှာ စစ်သားတွေက သေနတ်ကိုယ်စီနဲ့။ နောက်မှ ဘေးလူတွေ တိုးတိုးပြောလို့ သိရတာက ဒီပုံစံဟာ ထောင်မှာ အကျဉ်းသားတွေကို ထိုင်ခိုင်းတဲ့ ပုံစံဆိုပဲ။ ဒီတုန်းက ကျုပ်ဟာ ထောင်ဆိုတာ ဘာမှန်း သိသေးတဲ့ကောင်မဟုတ်ဘူး။

နည်းနည်းနောနော မဟုတ်ဘူးဗျာ။ အစီးရေသုံးလေးဆယ်နဲ့လည်း ကျောင်းသားတွေကို ဖမ်းတင်လာတဲ့ ကားတန်းက မဆုံးသေးဘူး၊ အစီးတိုင်း လူအပြည့်။

ဘယ်ကနေ ဘယ်လို ရောက်လာမှန်း မသိတော့ပါဘူး။ ကိုယ့်ကိုယ်ကို ကျနော်သတိပြုမိတော့ လှည်းတန်းမီးပွိုင့်ကို ရောက်နေပြီ။

ကျောင်းသားတွေ၊ ကျောင်းဝင်းထဲကသူတွေ အားလုံးကို ဖမ်းတင်လာတဲ့ကားတွေဟာ တက္ကသိုလ်ရိပ်သာ လမ်းမကြီးဘက်က လာနေတာဗျ။ အင်းစိန်လမ်းဘက်က ပုံမှန်အတိုင်းဖွင့်ထားတယ်။ လှည်းတန်းဘက် အခြမ်းလည်း ဖွင့်ထားတယ်။ လမ်းငါးဆုံမှာ လေးဘက်ဖွင့်ထားတယ်။

လမ်းဘေးတဘက်တချက်မှာ ရပ်ကြည့်နေတဲ့သူတွေ တစတစ များလာတယ်။ မနက် ခုနစ်နာရီခွဲလောက်ပဲ ရှိအုံးမယ်။ ကျောင်းသားတွေကို ဖမ်းတင်လာတဲ့ ကားတွေက တက္ကသိုလ်ရိပ်သာ လမ်းဘက်ကနေ ဆက်တိုက် လာနေတုန်းပဲ။

အေးလေ၊ ဦးသန့်အုတ်ဂူက မိန်းဂိတ်နဲ့ နီးတာကိုး။ စစ်ကားပေါ်မှာ ထောင်သားပုံစံနဲ့ တသုတ်ပြီး တသုတ်ပါသွားတဲ့ ကျောင်းသားတွေ အဖမ်းခံရသူတွေကို လမ်းဘေးက ကြည့်နေကြရင်း လူအုပ်ကြီးဆီက မကျေမချမ်းသံတွေထွက်လာတယ်။ လှုပ်လှုပ် လှုပ်လှုပ်ဖြစ်လာကြတယ်။ ကျနော်လား၊ ကမာရွတ်မီးပွိုင့်က လိပ်ပြာတောင်ကိုဒေါင်နဲ့ မလှမ်းမကမ်းမှာ။ အခု ခြောက်ထပ်တိုက်ကြီး ဆောက်ထားတဲ့နေရာ၊ အရင် ကမာရွတ်ရဲစခန်းနဲ့ မျက်နှာချင်းဆိုင်။

လူအုပ်ကြီးဆီကနေ ထွက်လာတဲ့အသံတွေက ပိုကျယ်လောင်လာတယ်။ ခင်ဗျားတို့ ဒီလို မတရားမှုကို လက်ပိုက်ကြည့်နေကြမှာလားဆိုတဲ့ အသံတခုကိုကြားရပြီး မကြာခင် ဟေး ဟေး ဟေး ဆိုတဲ့အော်သံတွေ ဆက်ထွက်လာတယ်။ အဲဒီအချိန်မှာ တက္ကသိုလ်မှောရုံဝင်းဘက်ကနေ ကြိမ်ချင်းတွေကို ဒိုင်းအဖြစ်ကာပြီး နံပါတ်တုတ်ကိုယ်စီနဲ့ ရဲတပ်ဖွဲ့တရာကျော်လောက်တန်းစီးပြီး တလှမ်းချင်း လူအုပ်ကြီးရှိရာကို တိုးလာပါတယ်။ သူတို့လည်း ညာသံပေးပြီး တက်လာတာပဲဗျာ။ ဘာတဲ့ ဟိတ်၊ ဟိတ်၊ ဟိတ် တဲ့။

ဒါပေမဲ့ သူတို့ကြာကြာ မဟိတ်နိုင်လိုက်ဘူးဗျ။ လူအုပ်ကြီးဆီက တပြိုင်နက်ရွာလိုက်တဲ့ ခဲမိုးကြောင့် ပါးစပ်တွေပိတ်ပြီး မဟိတ်နိုင်တော့ဘဲ နောက်ဆုတ်သွားကြတယ်။ လူအုပ်က ရဲစခန်းဘက်ခြမ်းမှာများတယ်။ အသံလွှင့်ရုံဘက်ခြမ်းက မရှိသလောက်ဘဲ။ လှည်းတန်းဈေးကြီးဘက်ကိုတော့ ကျနော်မမြင်ရဘူး။

တုတ်ဒိုင်းတပ်ဖွဲ့ကို ထုလိုက်တဲ့ လူထုမေတ္တာခဲမိုးဟာ လမ်းဆုံမီးပွိုင့်က မီးလုံးတွေကိုပါ ဖျက်ဆီးပစ်တော့တယ်။

တုတ်ဒိုင်းတပ်ဖွဲ့က သုံးကြိမ်တိတိ ရှေ့တိုးနောက်ဆုတ် သွေးတိုးစမ်းပေမဲ့ တစတစ များပြားလာတဲ့ လူအုပ်ကြီးကို ဘယ်လိုမှ မလှန်နိုင်တာကြောင့် နောက်ဆုံး တပ်လန်သွားတယ်။ မကြာပါဘူးဗျာ။ ဘယ်သူတွေက ဘယ်လိုစလိုက်မှန်းမသိ၊ အသံလွှင့်ရုံဘက်က မောင်းလာတဲ့ဘတ်စကား လိုင်းကားတစီးကို မှောက်ပြီး မီးရှို့ပစ်ကြပါလေရော။

ကျနော့်စိတ်ထင် လှည်းတန်းမီးပွိုင့်မှာ လူအုပ်ကြီးဟာ ငါးသောင်းလောက်ရှိနေပါပြီ။ မနက်ကိုးနာရီလောက်ရှိနေပြီ။ နောက်ထပ် ကားနှစ်စီး မီးရှို့လိုက်ပြန်တယ်။ တက္ကသိုလ်ရိပ်သာလမ်းဘက်က အဓိကရုဏ်း နှိမ်နင်းရေးကားတွေ ရောက်လာတယ်။ သံဆန်ခါတပ်ထားပြီး ကားခေါင်မိုးပေါ်မှာ လော်စပီကာ အလတ်စားလေးတွေ တပ်ထားတယ်။ လူစုခွဲဖို့ အသံချဲ့စက်က ဆက်တိုက်အော်နေတယ်။ ကျောင်းသားတွေကို ဖမ်းတင်ခေါ်လာတဲ့ ကားတန်းကြီးလည်း ရပ်သွားပြီ။ လူအုပ်ကြီးဟာ ထိန်းမရတော့ဘူး။

ကျနော်လား၊ ကျနော်လည်း လူအုပ်ကြီးနဲ့ အတူတူပဲလေ၊ အော်တာပေါ့။ ဟေး ဆိုတာလည်း ပါတယ်၊ မတရား မလုပ်ကြနဲ့ကွလို့လည်း အော်တယ်။

ဒါပေမဲ့ သိပ်မကြာပါဘူး။ ကျနော် အအော်ရပ်သွားတယ်။ မောလို့ အအော်ရပ်တာမဟုတ်ဘူး။ မျက်ရည်ယိုဗုံးဒဏ်ကြောင့်။

အစပိုင်းမှာတော့ လူအုပ်ကြီးထဲမှာ ကျနော်ဟာ ရောယောင် အော်ဟစ်နေခဲ့ပါတယ်။ ခဲနဲ့ထုတာ ကားမီးရှို့တာကို ဝင်ပြီး ကူညီတာတွေ မလုပ်ပါဘူး။ တနာရီကျော်ကျော်လောက် အကြာမှာ ကျနော့်တသက် မမေ့နိုင်စရာဖြစ်တဲ့ မျက်ရည်ယိုဗုံးဒဏ်ကြောင့် ကျနော်ဟာ ဆူပူဖျက်ဆီးသူ စာရင်း ဝင်ခဲ့ပါတော့တယ်။

အေးဗျာ လူအုပ်ကြီးဟာ ရဲနဲ့ ထုပ်ဆီးတိုးသလို ရှေ့တိုးနောက်ဆုတ် လုပ်လိုက်ဖြစ်နေတဲ့အချိန်၊ အဓိကရုဏ်းနှိမ်နှင်းတဲ့ ကားခေါင်မိုးဆီကနေ မီးခိုးတန်းသုံးခု ရှိုးကနဲဆိုတဲ့ အသံနဲ့အတူ ပေါ်ထွက်လာတယ်။

တခုသောအရာဟာ မြေပေါ်ကို ဘုတ်ကနဲ ကျလာတယ်။ အဲဒီအရာကနေ မီးခိုးတန်း ခပ်သေးသေးတခုထွက်လာတယ်။ တထွာကျော်ကျော်လောက်ရှိတဲ့ အဝါရောင်ခါးပတ်ကြား၊ လုံးပတ်က ကရင်ဆော်ဒါပုလင်းထက် နည်းနည်းသေးမယ်။ ကျသွားတဲ့နေရာက ကိုယုန်ဆီချက်ဆိုင်ရဲ့ ရှေ့တည့်တည့်နဲ့ မျက်နှာချင်းဆိုင်ဘက်အခြမ်း။

ကျနော်ကလည်း အဲဒီဘက်အခြမ်း ရောက်နေတယ်။ လူအုပ်ကြီးဆီကနေ အသံထွက်လာတယ်။ မျက်ရည်ယိုဗုံး နဲ့ပစ်နေတာဟေ့တဲ့။

အနီရောင်ခါးပတ်ကြားနဲ့ နောက်တလုံးဟာ ပထမအလုံးနဲ့ မလှမ်းမကမ်းမှာ ထပ်ကျလာပြန်ရော။ မီးခိုးတန်းကလေးနဲ့ပေါ့။ ကျနော်စိတ်ထဲမှာ အဲဒီမျက်ရည်ယိုဗုံးနားကို သွားမှ တခုခုဖြစ်မယ်လို့ ထင်လိုက်တာကြောင့် ကိုယုန်ဆီချက်ဆိုင်ဘက်ကို ကူးသွားလိုက်တယ်။ လူအုပ်ကြီးလည်း ဗရုန်းသုန်းကား ဖြစ်နေပြီ။ လှည်းတန်းဈေးဘက်ကို စွတ်ပြေးနေကြပြီ။

ကျနော်လည်း မျက်ရည်ယိုဗုံးနဲ့ ကားလမ်းခြားနေတဲ့ဘက်ကနေ လှည်းတန်းဈေးဘက်ကို ပြေးတယ်လေ။ ပြေးရင်း အဲဒီမျက်ရည်ယိုဗုံးကို လှမ်းလှမ်းကြည့်မိတယ်။ ဘယ်လိုများ မျက်ရည်ယိုစေတာပါလိမ့်ပေါ့ဗျာ။ မကြာပါဘူးဗျာ၊ အဲဒီ ကိုရွှေမျက်ရည်ယိုဗုံးနဲ့ တည့်တည့်နေရာကို ဖြတ်မိတဲ့အချိန်မတော့ ကျနော်ဟာ မျက်နှာကို ယောင်ယမ်းပြီး လက်နဲ့အုပ်မိပါတော့တယ်။ ဆိုးလိုက်တဲ့ ခံစားမှုဗျာ။ မျက်လုံး၊ နှာခေါင်းနဲ့ ပါးစပ်ထဲမှာ အလွန် ပူလောင်ပြင်းထန်တဲ့ဝေဒနာကို ခံစားရပါတော့တယ်။ အသက်ရှူလေ ပိုဆိုးလေဗျာ၊ အသက်ရှူလို့က မဝ၊ ရှူပြန်တော့လည်း ပိုပူ၊ ဝေဒနာကို အနီးစပ်ဆုံး ဥပမာပေးရရင် ငြုပ်သီးအစိမ်းမှုန့်စစ်စစ်နဲ့ မျက်နှာကို ပက်လိုက်သလိုပါပဲ။ ပိုဆိုးတာက မမြင်ရတဲ့ အငွေ့တွေက ပါးစပ်နဲ့နှာခေါင်း အတွင်းပိုင်းကို အကုန်စွတ်ဝင်နေတာကြောင့် မျက်လုံးတွေက လမ်းကို မမြင်တော့ဘူး။ ဘယ်ရပ်နေလို့ ဖြစ်မလဲဗျာ၊ မမြင်မကမ်းနဲ့ ဆက်ပြေးရလေသတည်းပေါ့။

နားထဲမှာ အသံတွေ ဆက်တိုက်ကြားတယ်၊ ရေနဲ့ဆွတ်၊ ရေနဲ့ဆွတ်လိုက်၊ ရေနဲ့ဆွတ်ဟေ့တဲ့။ နောက် ဒီကိုလာ ဒီကိုလာ ဒီမှာ ရေရပြီ၊ ရေရှိတယ်တဲ့။ မျက်စေ့ကို ကြိုးစားဖွင့်ရင်း ရေရှိတယ်ဆိုတဲ့ နေရာကို သွားလိုက်တယ်။

အဲဒီနေရာက ရွှေဝါထွန်းစတိုးဘေးက ခြံဗျ။ ဘာလီပုံးတွေ ရေအပြည့်နဲ့ လေးငါးပုံးချ ခြံတံခါးဝချပြီး လူတွေကို လှမ်းခေါ်နေတာ။ ကျေးဇူးတင်ဖို့တောင် သတိမရပါဘူးဗျာ၊ ခံစားရတာက ဆိုးလွန်းလို့ ဘာလီပုံးထဲက ရေနဲ့ မျက်နှာကို အငမ်းမရဆွတ်ရတယ်။ ခြံထဲက ကုသိုလ်ရှင်ကလည်း များများဆွတ် ရွှဲနေအောင်ဆွတ်မှ သက်သာမှာတဲ့။ ဒါနဲ့ကျနော်လည်း လက်ဝါးနှစ်ဖက်နဲ့ မျက်နှာတခုလုံးတင်မက

လူပါစိုအောင် လုပ်လိုက်တယ်။ ပါးစပ်ထဲ ရေငုံပြီးလည်း ထွေးထွေးထုတ်တယ်။ အမယ် အဟုတ်သား ဗျ။ သိသိသာသာ သက်သာလာတယ်။ လုံးလုံးရှင်းရှင်းတော့ မပျောက်သေးဘူးပေါ့။ နေလို့ထိုင်လို့တော့ ရလာတယ်။ ဘာဆက်လုပ်သလဲဟုတ်လား၊ လူအုပ်ကြီးနဲ့ လှည်းတန်းကုံးကျော်တံတားဘက်ကို ချီတက်တာပေါ့၊ အဲ အဲ လိုက်သွားတာပေါ့။

မျက်ရည်ယိုဗုံး ထိပြီးတော့လူတွေက ပိုကြမ်းတမ်းလာတယ်ဗျ၊ ကျနော်လည်းပါတယ်။ တွေ့တဲ့ဟာ ပြဿနာရှာတော့မယ့်ပုံ ဖြစ်လာတယ်။ သိပ်ကြာကြာ မလျှောက်လိုက်ရပါဘူးဗျာ၊ လှည်းတန်းကုံးဆင်းက ကမာရွတ်မြို့နယ် ကောင်စီရုံးနားကို ရောက်လာတော့တာပါပဲ။ ကောင်စီရုံးထဲမှာ လူတွေမရှိတော့ဘူးဗျ။ ရုံးပိတ်ရက်လား၊ လူအုပ်ကြီးကြောင့် ထွက်ပြေးတုန်ကြသလားတော့ မသိဘူး။ လူအုပ်ကြီးဟာ ရုံးအဆောက်အဦကို မီးရှို့ကွာ မီးရှို့ကွာဆိုပြီး တယောက်တပေါက် အသံတွေ ထွက်လာတယ်။ နောက် အသံခပ်ကျယ်ကျယ်တသံက ဟေ့ မီးမရှို့ကြနဲ့၊ ရပ်ကွက်နဲ့နီးတယ်၊ မလုပ်ကြနဲ့လို့လဲ ဆိုရော လူတွေဟာ ယိမ်းတိုက်ထားသလို ကမာရွတ်မြို့နယ်ကောင်စီရုံးကို တွေ့ရာလက်နက်နဲ့ ရိုက်ချိုးဖျက်ဆီးတော့တာပဲ။ ရှေ့မျက်နှာစာတခုလုံး ရစရာ မရှိတော့ဘူး။ အဆောက်အဦ ဖျက်တဲ့အထဲတော့ ကျနော် မပါသေးဘူးဗျ။

လူက စိတ်တော့ တိုနေပြီ။ လူအုပ်ကြီးနဲ့ရောနေတော့ စိတ်လည်းကြွနေပြီ ထင်ပါ့။

■

## အခန်း (၁၈)

# မဆလကို မုန်းသည်

မြို့နယ်ကောင်စီရုံး အတွင်းပိုင်းက ဝင်လိုက်တော့ မဲပုံးခွဲအထပ်ကြီးကို တွေ့တော့တာပဲ။ ဒီမဲပုံးတွေအကြောင်း ကျနော် ကောင်းကောင်းသိတာပေါ့။ မကြာသေးခင်ကမှ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဖိုလားလုပ်တုန်းက သုံးခဲ့တာ။

မဲပုံးတွေကို သုံးထပ်သားနဲ့ လုပ်ထားတာဗျ။ ဆေးအဖြူနဲ့ အမှန်ခြစ်အမှတ်အသား လေးဘက်လုံးမှာ ရေးထားတဲ့ပုံး။ ဆေးအမည်းနဲ့ အမှားခြစ် လေးဘက်စလုံးမှာ ရေးထားတဲ့ ပုံးတွေ။ ဘာလဲဗျာ၊ အောင်ကိုလတ် သီချင်းတောင်ရှိသေး။

'မဲရုံမဲရုံကိုလာ၊ တပြည်လုံး မဲဆန္ဒနဲ့၊ တပြည်လုံးမဲဆန္ဒနဲ့ ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင်၊ ကိုင်းနိုင်ငံပြည်နယ် မကွဲပဲတို့မကွာ' ဆိုတဲ့ သီချင်းလေ။

ကျနော်တို့ရပ်ကွက်ထဲမှာလည်း မဲရုံတွေ လုပ်ခဲ့တယ်။ လူတွေအများကြီး ထောက်ခံတယ်လို့လည်း ကြားတယ်။ ဒါပေမဲ့ ကျနော်ကိုယ်တိုင်သိခဲ့တာက အဲဒီမဲရုံတွေမှာ အမည်းပုံးထဲက မဲပြားတွေ အဖြူ ထဲကို ပြောင်းထည့်ပစ်တာဗျ။ ကျနော် ပြောချင်တာက လူထုအများစု ထောက်ခံတာ မထောက်ခံ တာတော့ သေသေချာချာမသိဘူး။ မဲပုံးတွေထဲက မဲတွေ ပြောင်းတာတော့ သေချာတယ်။ သေချာ တယ်လို့ ပြောနိုင်တာက ကျနော်ကိုယ်တိုင်တွေ့ခဲ့လို့ဗျ။ အော် ဖြစ်ချင်တော့ အဲဒီဆန္ဒခံယူပွဲလုပ်တဲ့ ညနေပေါ့။

အဲဒီနေ့က မနက်အစောကြီးကတည်းက မဲရုံရှေ့ကို ကျနော်ရောက်နေတယ်။ ကိုးတန်း တက် နေတဲ့ အချိန်ပေါ့။

ထုံးစံအတိုင်း ထူးထူးဆန်းဆန်းဆို ရှေ့တန်းကပါတဲ့ကောင်ဆိုတော့ မဲရုံဘက်လာကြည့်လိုက်၊ အိမ်ဘက် ပြန်သွားလိုက် တနေကုန်လုပ်နေတယ်။ စိတ်ဝင်စားတာက ဒီမဲပုံးကိစ္စကို ဘာလို့လူကြီးတွေ တသည်းအသန် ဂရုတစိုက် လုပ်နေကြသလဲ၊ ဘယ်လိုလုပ်ကြတာလဲ သိချင်လို့။ အဲဒီညနေမှာ မဲရုံနား ရောက်တော့ လူတွေ မတွေ့ပါလားဆိုပြီး မဲရုံထဲဝင်ပြီး လိုက်ကာအပြာကို အသာမ ချောင်းလိုက်တာ၊

မဲရုံမှူး ကိုမောင်မောင်အေး အမည်းပုံးကြီးကို ကိုင်ရင်းတန်းလန်း၊ အဖြူရောင်ပုံးထဲကို ပြောင်းထည့်နေတာ၊ ဘေးမှာလည်း မဲရုံအဖွဲ့ဝင် နှစ်ယောက်နဲ့။ ကျနော့်ကို တွေ့တော့ ကိုမောင်မောင်အေးက 'သက်ခိုင်မင်းလျှောက်မပြောနဲ့' တဲ့။ မောင်မောင်အေးတို့ ကျနော့်ကို အဲဒီအချိန်မှာ လူရာသွင်းစပြုနေပြီ ဆိုပါတော့။

နောက် မဲမပေးခင်လည်း ကျနော်တို့ကျောင်းမှာ ရပ်ကွက်ထဲကလူတွေကိုခေါ်ပြီး မူကြမ်းဆိုတာတွေလည်း ရှင်းရှင်းပြသေးတယ်။ လူတွေကတော့ ခေါ်တယ်ဆို လာလိုက်ကြတာပဲ။ နောက်ရှင်းပြတာ ငူတူတူ ထိုင်နားထောင်ပြီး ပြန်သွားကြတာပဲ။ ဘယ်သူမှလည်း နားလည်ပုံ မရဘူး။ ဘာလို့သိလဲ ဟုတ်လား၊ ကျနော့်ကို အဖေက သက်ခိုင် မင်းသွားနားထောင်လိုက်ကွာဆိုလို့။ အေးလေ၊ ကျနော်လည်း တလုံးမှ နားမလည်ဘူး။ ရှင်းပြတဲ့ပါတီလူကြီး ထောင်ထောင်ပြတဲ့ စာအုပ်အရောင်တော့ မှတ်မိတယ်၊ အနီရောင်၊ ဒီလောက်ပဲ။

နေအုံးဗျာ၊ ကျနော်တို့နယ်မြေက အူကြောင်ကြောင်ကောင်တွေ များတယ်ဗျ။ ကြုံဖူးတာလေး ပြောပြချင်သေးတယ်။

ခုနှစ်တော့ အတိအကျ မမှတ်မိတော့ဘူး၊ (၁၉၈၀) ဝန်းကျင် မဆလ ခေတ်ပဲ။

ရပ်ကွက်၊ မြို့နယ်၊ တိုင်း၊ လွှတ်တော်ကိုယ်စားလှယ်တွေစာရင်းကို လူထုကြား ချပြတယ်တဲ့။ ချပြတယ်ဆိုတာချပြတာ။ ဘာမှတော့ ပြောခွင့်မရှိဘူး။ ဒါပေမဲ့ ပြောချင်တာ ပြောပါလို့လည်း ဆန္ဒတောင်းသေးတယ်။ သဘောတူပါသလားဆိုတာလည်း မေးသေးတယ်။ မြန်မြန်ပြီး အေးရောလို့ သဘောထားကြတယ် ထင်ပါ့ဗျာ။ အစည်းအဝေးတက်လာတဲ့ လူတွေကလည်း 'တူပါတယ်' ချည်းပဲ။ အဲဒီနေ့အစည်းအဝေးက သမိုင်းချည်စက်မှာလုပ်တာဗျ။ လှိုင်တမြို့နယ်လုံးက ပါတီဝင်တွေတက်ရတာ။ ကျနော်လား အဖေနဲ့လိုက်သွားတာလေ။ ဟုတ်တယ်။ အဖေက ပါတီဝင်။ ဒါပေမဲ့ ပါတီအကြောင်း ဘာမှသိပုံမရဘူး။

ကျနော့်အဖေမို့ ကျနော်ပြောတာ မဟုတ်ရပါဘူး။ အဖေ့ကို အကဲခတ်ရတာ ဒီပါတီဟာ လူတွေကို ကောင်းအောင်လုပ်ပေးမယ့် ပါတီလို့တော့ သူ့စိတ်ထဲ အနည်းအကျဉ်း ခံယူပုံရတယ်။ သူ့မျက်နှာရိပ် မျက်နှာကဲ ကြည့်ရတာ ပြောပါတယ်။ ဒါပေမဲ့ သူက ပါတီကောင်းကြောင်း ဆိုးကြောင်း တလုံးမှ မပြောဘူး။ ဘယ်သူ့ကိုမှလည်း ဆွယ်တရားမဟောဘူး။ ဒီလိုနဲ့ အဖေလည်း တင်းပြည့်ပါတီဝင် ဖြစ်လာတာ။ သူ့ကိုလာပေးတဲ့ လစဉ်ထုတ် ပါတီရေးရာတွေလား။ ကျနော်အကုန်ဖတ်တာပေါ့။ ဖတ်ရတာပျင်းဖို့ကောင်းတယ်ဗျ။ ဒါတွေ ထားလိုက်ပါအုံးဗျာ။ အူကြောင်ကြောင်နယ်မြေဆိုတာ ပြန်ဆက်ရအောင်။

အစည်းအဝေးစတော့ လူကြီးတွေ တယောက်ပြီးတယောက် မိန့်ခွန်းတွေ အမှာစကားတွေ ချွေကြတယ်။ နေအုံး အဲဒီနေ့က ဦးစိန်လွင်ကို ကျနော်တွေ့တယ်။ အေးလေ၊ ဆယ့်ခုနစ်ရက် သမ္မတလုပ်သွားတဲ့ ဦးစိန်လွင်။ ၁၉၈၈ ခုနှစ် အရေးအခင်းမှာ လူထုတွေရော၊ ကျောင်းသားတွေရော ပစ်သတ်ခံရအောင် အမိန့်ပေးခဲ့တဲ့ ဦးစိန်လွင်ပေါ့၊ အရပ်အမောင်း ကောင်းတယ်၊ သူက မျက်မှန်အထူကြီးနဲ့ဗျ။ တိုက်ပုံအကျႌ ပင်နီရောင် ခပ်ဖျော့ဖျော့ဝတ်ထားတယ်၊ အစည်းအဝေးခန်းထဲ မဝင်ခင် ကျနော်ရပ်နေတဲ့ ချည်စက်ရိပ်သာ ခန်းမဘေးပေါက်ကိုလာတုန်း သေချာကြည့်မိတာ။ ကျနော့်စိတ်ထဲ မျက်ခမ်းစပ်နေသလိုလိုပဲ၊ ထားပါတော့ဗျာ။

အစည်းအဝေးစလို့ မကြာပါဘူးဗျာ၊ ဘယ်ရပ်ကွက်အတွက် ဘယ်သူ့ကို ပါတီက လျာထားပါတယ်၊ ၁၆ ရပ်ကွက်တောင်ရှိတာဆိုတော့ တော်တော်ကြာတယ်၊ ကျနော်လည်း လူကြားထဲ ငြိမ်နေရတာပေါ့၊ ဘေးကိုလည်း အကဲခတ်မိတယ်။

ကျနော့်ဘေး တယောက်ကျော်က လူဟာ ဝိုက်ပုံထဲက ပုလင်းပြားလေးထုတ်ပြီး လူမသိအောင် မော့မော့နေတယ်။ တယောက်တည်းတောင် မဟုတ်ဘူး၊ ဘေးက မောင်နဲ့လည်း ပုလင်းပြားလေး လက်ဆင့်ကမ်းနေသေးတယ်။ ဒီလူတွေ (၁၆) ရပ်ကွက်ကဗျ၊ အစည်းအဝေးခန်းမမှာ ကျနော်တို့ (၅) ရပ်ကွက်နဲ့ ဘေးချင်းလာကပ်ရက်ကျနေတယ်။ သူ့အုပ်စုနဲ့သူဆိုတော့ တခြားသူတွေ ဘယ်ရိပ်မိမလဲဗျာ။

ဒါနဲ့ဗျာ၊ ရပ်ကွက်ပြီး မြို့နယ်၊ မြို့နယ်ပြီးတိုင်း၊ လျာထားတဲ့ ကိုယ်စားလှယ်တွေ နာမည်တွေ ပြောလိုက်၊ သဘောတူပါသလား မေးလိုက်၊ အစည်းအဝေးက သုံးနာရီနီးပါး ကြာနေပြီ။ ဒီလောက် ကြာတဲ့ စည်းအဝေးမို့လည်း တချို့က ပုလင်းပြားလေးတွေ ယူလာတာဖြစ်မှာဗျ။ ရန်ကုန်တိုင်း ကိုယ်စားလှယ်နာမည်ကို အတည်ပြုပြီးလို့ လွှတ်တော်ကိုယ်စားလှယ်နာမည်လည်း ကြေညာရော၊ စောစောက ပုလင်းပြားနဲ့ အလုပ်ရှုပ်နေတဲ့မောင်က စဖောက်တော့တာပဲ။

စင်မြင့်ပေါ်ကနေ ကြေငြာလိုက်တယ်။

'ကျနော်တို့ လှိုင်မြို့နယ် အမှတ် (၂) မဲဆန္ဒနယ်မြေရဲ့ လွှတ်တော်ကိုယ်စားလှယ် အမည်ကို ဆက်လက် ကြေညာပါ့မယ်။ ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၂) မဲဆန္ဒနယ်မြေ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် လျာထားသတ်မှတ်ခြင်း ခံရသူကတော့ ဦးမောင်မောင်ခ ပဲ ဖြစ်ပါတယ်' တဲ့။ နောက်သူက ဆက်မေးတယ်၊ 'ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးမောင်မောင်ခအား အဆိုတင် သွင်းခြင်းကို သဘောတူပါသလား ခင်ဗျား' တဲ့။

သူ့စကားတောင် မဆုံးသေးဘူးဗျာ၊ ပုလင်းလေးနဲ့မောင်က ရုတ်တရက် ထတဲ့ပြီး အသံကျယ်ကြီးနဲ့ 'ကျနော်သဘောမတူဘူး' တဲ့၊ စင်ပေါ်ကလူဟာ ဆက်မမေးနိုင်တော့ပဲ ရပ်သွားတယ်။ ထအော်တဲ့ လူရဲ့ဘေးက သူ့သူငယ်ချင်းက 'ဟေ့ကောင်၊ အဲဒါ ဦးမောင်မောင်ခကွ' ဆိုပြီး သူ့လက်ကိုဆွဲ၊ အတင်း ပြန်ထိုင်ခိုင်းနေတယ်၊ သူက မလျှော့ဘူး၊ 'အေးကွ၊ ငါကလည်း မောင်မောင်ခ ဆိုတဲ့ကောင်ကို ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး' တဲ့။

'အဲဒီ မောင်မောင်ခကို ငါတက်ယှဉ်မယ်ကွ၊ ငါတန့်ကွက်တယ်၊ ငါနဲ့ယှဉ်မယ်' တဲ့။

ဘေးက ဆွဲတဲ့လူကလည်း စိုးရိမ်တကြီး ပြောရင်း ဆွဲထိုင်ခိုင်းရင်းလုပ်နေတယ်။ အစည်းအဝေး ခန်းကြီး ရုတ်တရက် ငြိမ်ကျသွားတယ်ဗျာ၊ ငြိမ်သက်နေတော့ ဘေးလူရဲ့ပြောနေသံကို အတိုင်းသား ကြားနေရတယ်။ ဘာတဲ့၊ 'ဟေ့ကောင် အဲဒါ နိုင်ငံတော်ကောင်စီဝင် ဦးမောင်မောင်ခတဲ့ (နောင်တွင် နိုင်ငံတော်ဝန်ကြီးချုပ်ဖြစ်လာသူ) မင်းနဲ့မတည့်တဲ့ ဦးမောင်မောင်ခ မဟုတ်ဘူး' တဲ့၊ 'ပြဿနာတော့ တက်တော့မှာပဲ၊ ထိုင်ဆိုထိုင်ကွာ' တဲ့။

အစည်းအဝေးခန်းမှာ ကျွက်စီကျွက်စီအသံတွေ ပေါ်လာပါတယ်၊ မူးမူးနဲ့ စွတ်အော်နေတဲ့ ကိုရွှေငနဲလည်း ပြန်ထိုင်သွားပါတယ်။ ဒါတွေ ပြောနေတာ အကြောင်းရှိတယ်ဗျ။

သွေးဆူနေတဲ့လူအုပ်ကြီးနဲ့အတူ ကမာရွတ်ပြည်သူ့ကောင်စီ ရုံးထဲကို ရောက်နေတဲ့ ကျနော်ဟာ မျက်ရည်ယိုဗုံးစာလည်း ခံထားရ၊ အကြောင်းကြောင်းအဖြစ်တွေကိုလည်း ကြုံခဲ့ရတော့ အရိုင်းစိတ် ပေါ်လာတယ်။ အနီးနားက သံပိုက်လုံးတတောင်လောက်ကို ကောက်ကိုင်ပြီး မဲပုံးတွေကို ဆက်တိုက် ရိုက်ခွဲမိတော့တာပါပဲဗျာ။

ဟုတ်တယ်၊ ကမ္ဘာမှာ ဗမာတော့လို့ ကြွေးကြော်လောက်အောင် ထူးချွန်ထက်မြက်တဲ့၊ ဦးသန့်လို ပုဂ္ဂိုလ်မျိုးရဲ့ နောက်ဆုံးဈာပနမှာ လူရှိသေရှင်ရှိသေ နေရာမျိုးလေးတခုတောင် ရှောရှောရှူရှူခွင့် မပြုဘူး။ ထိန်းမနိုင်သိမ်းမရဖြစ်လာမှ ရွှေတိဂုံအရှေ့ဘက်မုခ်မှာ နေရာပေးတယ် ဘာညာ လျှောက် လုပ်တယ်။ ဦးသန့်ရဲ့ညီ ဦးခန့်ကို ထုတ်သုံးပြီး ကျောင်းသားတွေ ထင်ရာစိုင်းပါတယ်ဆိုတဲ့ပုံစံ ချိုးတယ်။

၁၇၊ ၁၈ နှစ်အရွယ်ဆိုပေမဲ့ ကျနော်ဒါတွေ ကောင်းကောင်းသိနေပြီ။

ဒီလိုလုပ်ရပ်ကို လက်မခံနိုင်လို့ ဦးသန့်ရဲ့ရုပ်အလောင်းကို သင့်တော်သလို ဖွတ်လုပ်တဲ့ ကျောင်းသားတွေ စုဝေးရာ၊ နောက်တက္ကသိုလ်ဝင်းကြီးတခုလုံးကို အင်အားသုံး ဝင်စီးပြီး တွေ့သမျှ အကုန်ဖမ်းတယ်၊ တကယ့် ရာဇဝင်လူဆိုးတွေ ဖမ်းခေါ် သလို ကားပေါ် မှာ ထောင်ပုံစံ ထိုင်ခိုင်းပြီး ထောင်ပို့တယ်၊ လမ်းဘေးမှာ ရပ်ကြည့်တဲ့ လူအုပ်ကြီးကိုလည်း မျက်ရည်ယိုဗုံးတွေနဲ့ပစ်တယ်။ ဒါကြောင့် ကောင်စီရုံးထဲက မဲပုံးတော်တော်များများကို ကျနော် ရိုက်ခွဲပစ်တယ်။

ကမာရွတ် မြို့နယ်ကောင်စီရုံးက မဲပုံးတွေတင်မကဘူး။ လူအုပ်ကြီး ရှေ့ဆက်သွားလေရာမှာ တွေ့သမျှ ရပ်ကွက်ကောင်စီရုံး၊ လိပ်ပြာတောင်လို့ခေါ် တဲ့ ကုန်သွယ်ရေး အရောင်းဆိုင်တွေထဲကိုလည်း ဝင်ပြီး ဖျက်ဆီးပစ်တယ်။

သောင်းဂဏန်းချီတဲ့ လူအုပ်ကြီးဗျာ။ လှည်းတန်းဂုံးကိုကျော်ပြီး ကြည့်မြင်တိုင် ကမ်းနားလမ်း အတိုင်း တွေ့တဲ့ကောင်စီရုံး၊ ပြည်သူ့ဆိုင်၊ ကုန်သွယ်ရေး အရောင်းဆိုင်မှန်သမျှ ရိုက်ချိုး ဖျက်ဆီးတော့ တာပဲဗျာ။ အခုနေ ပြန်တွေးရင် ကျနော်လုပ်ခဲ့တာတွေ ဘယ်မှန်ပါ့မလဲဗျာ။

ဒီလိုနဲ့ လူအုပ်ကြီးရဲ့ဖျက်ဆီးရေးခရီးစဉ်ကြီးဟာ ကြည့်မြင်တိုင် ညဈေးနားအထိ ရောက်လာ တယ်။ နောက် အိုးဘိုဂါတ်ကို သွားကြမယ်ဟေ့ဆိုတဲ့ အသံကြားပြန်တယ်။ ဒါပေမဲ့ဗျာ၊ မနက်အစော ကြီး ကတည်းက မျက်နှာတောင်မသစ်ဘဲ လူအုပ်ကြီးနဲ့ရောပါလာပြီး ပွဲဝင်ကြမ်းနေ တဲ့ကျနော်ဟာ လူလည်းပမ်း ဝမ်းလည်းဟာတာကြောင့် ဟံသာဝတီဘူတာကနေ ရထားစီးပြီး ပြန်ခဲ့တယ်။ အဖေ တော်တော် စိတ်ပူနေတယ်ဗျ။ ရိုက်မောင်း ပုတ်မောင်းတော့ မလုပ်ဘူး။ သက်ခိုင် ကိုယ့်အလုပ် ကိုယ်လုပ်တဲ့၊ မင်းက လက်တောက်လောက်ရှိသေးတယ် တဲ့။ ကျနော်လည်း အသာလေး ကုပ်ပြီး ထမင်းစားနေလိုက်တယ်။ နေအုံးဗျ၊ နောက်နေ့မှာ သတင်းကြားသေးတယ်။ အိုးဘိုဂါတ်ဘက်ကို ချီတက်တဲ့လူအုပ်ကြီး အဲဒီ ကြည့်မြင်တိုင် အိုးဘိုဂါတ်ကနေ ရဲက သေနတ်နဲ့ပစ်လို့ လူတွေ သေသေး တယ် တဲ့ဗျ။ ဘယ်ရပ်အုံးမလဲ၊ သိပ်မကြာပြန်ဘူး၊ ရန်ကုန်တက္ကသိုလ်ရှေ့မှာ မိုင်းရာပြည့်နဲ့ ကြုံပြန်ရော၊ သခင်ကိုယ်တော်မှိုင်းအကြောင်း ကျနော်ကောင်းကောင်း ဖတ်ဖူးတယ်ဗျ။

သီပေါမင်းပါတော်မူတာကို ကျောင်းသားဘဝက မြင်လိုက်တာတို့၊ ချဉ်ပေါင်ရွက်သည် မောင်မှိုင်း ထဲက ဇာတ်ကောင် မောင်မှိုင်းနာမည်ရှေ့မှာ မစွတာတပ်ပြီး သရော်တာတို့၊ ဗိုလ်ချုပ် အောင်ဆန်းကို ဂျပန်တွေခေါ် လာတဲ့ ကိစ္စနဲ့ပတ်သက်လို့ 'အောင်ဆန်းရာ၊ မင်း ပင့်လာတဲ့ ဘုရားတွေ အနေကဇာ တင်လို့ မရပါလား'လို့ ပြောခဲ့တာတို့၊ ပထမကျောင်းသားသပိတ်တုန်းက အမျိုးသားကျောင်းတွေ ဖွင့်ကြတော့ မလောက်မငှလစာနဲ့ ကျောင်းဆရာ ဝင်လုပ်တာတို့၊ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဖရင့် တက်ခဲ့တာ တို့ပေါ့ဗျာ၊ မှိုင်းရာပြည့်မှာ ကျနော်ပါခဲ့ပုံလား။

ပြောမယ်ဆို ပြောစရာပဲ။ ကျနော်က ဆယ်တန်းပဲ ရှိသေးတာ။ အဲဒီနေ့က ကျနော် ရန်ကုန် တက္ကသိုလ်ရှေ့ကို ရောက်နေတယ်။ မှိုင်းရာပြည့်ကို လာတာမဟုတ်ဘူး။ ကျောင်းသား အဆောင်တွေက ထမင်းချက် ဦးဖိုးဝင်းဆီကို အဖေ့ဆိုင်က ပစ္စည်းတွေလာပို့ရင်း ရောက်နေတာ။

ပစ္စည်းပို့ပြီး ပြန်လာတော့ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ဆိုတဲ့ ဆိုင်းဘုတ်ကြီးရှေ့မှာ ကျောင်း သားတွေ စုစု စုစုလုပ်နေတယ်။ မနက်ကိုးနာရီ လောက်ရှိပြီ။ တဖြည်းဖြည်း ကျောင်းသားတွေ များ လာလိုက်တာ သုံးလေးရာဝန်းကျင်ဖြစ်လာတယ်။ ကျောင်းသားတယောက်က ပင်မတံခါးကြီးရဲ့ အုတ် တိုင်ပေါ် ကို တက်လိုက်တယ်။ မှိုင်းရာပြည့်အထိမ်းအမှတ်နဲ့ ရွှေတိဂုံဘုရားကို ချီတက်မယ်၊ တန်းစီ ကြတဲ့။

ဘယ်က ဘယ်လို တန်းစီမိသွားသလဲတောင် မမှတ်မိတော့ဘူး။ ကျနော်လည်း တက္ကသိုလ်ကျောင်းသားတွေထဲမှာ ကန့်လန့်ကန့်လန့်နဲ့ ပါသွားပြန်ရော။ ကျောင်းသား ငါးရာနဲ့ တထောင်ကြားရှိတဲ့ မှိုင်းရာပြည့်ချီတက်ပွဲဟာ ရွှေတိဂုံမှာ လမ်းဆုံးသွားတယ်။ ရွှေတိဂုံရင်ပြင်ပေါ်မှာ စခန်းဖွင့်မယ် ဘာညာ အသံတွေ ကြားပေမဲ့ ကျနော်ပြန်ခဲ့တယ်။

ပြန်ရမယ်လေ။ ဒီတခါ အဖေသိရင် ကျနော်မချောင်ဘူး။

နောက် ကျနော်က တက္ကသိုလ်ကျောင်းသားမှ မဟုတ်တာ၊ ဘယ်သူနဲ့မှလည်း မသိဘူး၊ တကိုယ်တော် ကြောင်တောင်တောင် လိုက်သွားတာ။ ဘာဖြစ်လို့လဲ ဟုတ်လား၊ သခင်ကိုယ်တော်မှိုင်းဆိုတာ လေးစားအပ်တဲ့ပုဂ္ဂိုလ်ကြီးလေ။ ကျနော် အဲဒီတုန်းက သိတာ ဒီလောက်ပဲ။

၁၉၈၈ ခုနှစ်၊ ရှစ်လေးလုံး အရေးအခင်းလား။

ဒါက တော်တော် ရှည်လျားပါလိမ့်မယ်။ အဲဒီအရေးအခင်း မကြုံခင် ကျနော့်ဘဝမှာ အရေးအခင်းကြီးတခု ပေါ်လာတယ်။ ကျနော့်အဖေဆုံးသွားတဲ့ ကျနော့်ဘဝ အရေးအခင်းကြီးပေါ့။

■

အခန်း (၁၄)

# စနစ်ကို အတင်းပြောင်းမည်

စခန်းခွဲ ဝန်းကျင်တဝိုက်သည် တဖြည်းဖြည်း မြင်ကွင်းရှင်းလာသည်။ နေရာအနှံ့မြင်နေရသော ‌ကျ်မျိုးစုံ၊ ရဲဘက်တို့ကောင်းမှုဖြင့် ပြောင်သလောက် ဖြစ်သွားသည်။ ရှင်းပစ်လိုက်သော ဒိုက်တို့က ယ်တန်သင်းများ ဖြစ်လာသည်။ အချို့နေရာများတွင် ပျိုးခင်းအတွက် ပြင်ဆင်နေပြီ။

ကိုသက်ခိုင်နှင့် ဦးအေးနိုင် စခန်းနှင့် မလှမ်းမကမ်း တာရိုးဘောင်တခုပေါ် မှာ အချီအချ တိုင်ပင် နေသည်။

ညနေထမင်းစားပြီးချိန်ဖြစ်၍ အဆောင်ပေါ် မှာ အကျဉ်းသားရဲဘက်များ ထုံးစံအတိုင်း ဟိုတစု တစု ဝိုင်းဖွဲ့နေသည်။ ကျနော်က ကိုသက်ခိုင်ကို ထူးထူးဆန်းဆန်း ပြောစရာရှိ၍ သူတို့ဆီ လျှောက် ွားသည်။ ဦးအေးနိုင်က ကျနော့်ကို လှမ်းခေါ် သည်။

'လာလေ ကိုမင်းဒင်'

ကျနော်က ကိုသက်ခိုင်ကို ပြောစရာရှိကြောင်း မျက်ရိပ်ပြလိုက်သည်။ သူတို့စကားစ မပြတ်။ ကိုသက်ခိုင်က

'ဆရာ ဒီလိုလုပ်ပါလား၊ အခု ပျိုးကြဲဘို့ ပင်မစခန်းက ပို့တဲ့မျိုးတွေကို ပြန်ရောင်းလိုက်၊ ောက် ဒီရေနက်ကွင်းနဲ့ကိုက်မယ့် မျိုးစပါး ထပ်ဝယ်၊ လိုတာ ကျနော်စိုက်မယ်' ဦးအေးနိုင်က တစုံတရာ ှန်မပြေ။ ကိုသက်ခိုင်က ဆက်ပြန်သည်။

'သေချာ စဉ်းစားပါအုံး ဆရာ၊ ရဲဘက်တွေ ဒီလောက် အသေခံပြီး ရှင်းလင်းထွန်ယက်ထားတဲ့ ွင်းပြင်ကြီးမှာ ဒီနေရာနဲ့ ဘယ်လိုမှ မအပ်စပ်တဲ့ မျိုးစပါးတွေကြဲဖို့ စီစဉ်တာ မဟုတ်သေးဘူးထင်တယ်။ ောက် ဒါက ရေနက်ကွင်း၊ ရေနက်ကွင်းစိုက်တဲ့ စပါးမျိုးက သီးခြားမျိုး၊ ရေမြင့်တက်လာတာနဲ့ သီးသီးတဲ့ ရိုးတံတွေက အလိုက်သင့် လိုက်တက်သွားတဲ့မျိုးမှ ဖြစ်မှာပေါ့။ အခုပျိုးမယ့် ါးမျိုးတွေ ရိုးရိုးမျိုးတွေ၊ ရေမြုပ်ရင် အကုန်သေကုန်မှာ။ ဒီတော့ ရေနက်ကွင်း မျိုးစပါးမျိုးကို ပျိုးမှ ကောင်းမယ်၊ ောက်ဆုံး စပါးထွက်လာရင် ဘယ်လိုလုပ်လုပ် ဘယ်သူသုံးသုံး၊ ဆရာ သုံးချင်လည်းသုံး၊ ထောင်ပိုင်

သုံးချင်လည်းသုံး၊ တယောက်ယောက်အတွက် တနေရာရာမှာ အသုံးကျမှာပဲ၊ အကျဉ်းဦးစီး မြန်မအပ်လည်းနေ၊ မျိုးအတွက် ကျသင့်တာ ကျနော်ပေးမယ်။ အခုဟာက ရဲဘက်တွေ သေလောက်အောင် လုပ်ထားရတာ ဘာမှ အဓိပ္ပါယ်မရှိသလို ဖြစ်နေတယ်' ဦးအေးနိုင်ထံမှ အသံထွက်လာသည်။

'အဲဒီလို လုပ်လို့မဖြစ်ပါဘူးဗျာ၊ ခင်ဗျား စေတနာကို ကျနော်နားလည်ပါတယ် ကိုသက်ခိုင်၊ ဘာလို့လဲဆိုတော့ ကျနော်တို့စခန်းခွဲက ကွင်းက တခြားစခန်းကွင်းထက် ပိုကောင်းနေရင် လာစစ်တဲ့ ညွှန်မှူးက ဒီကွင်းနမူနာအတိုင်း ထွက်နှုန်းဖြတ်ရင် ထောင်ပိုင်ရော၊ ကျနော်ရော၊ တခြားစခန်း တာဝန်ခံတွေပါ အကုန်ကွဲကုန်မှာ။ နောက်တခုက နောက်နှစ်တွေ ဒီစခန်းက ဒီလောက်မထွက်ရင် ကျနော်မချောင်ဘူး' ကိုသက်ခိုင် ဘာမှ ဆက်မပြောတော့။

ဦးအေးနိုင်ကို ခွင့်တောင်းပြီး ကျနော်နှင့် ပြန်လိုက်လာသည်။ သူ့ပုံစံက စိတ်အနှောင့်အယှက်ဖြစ်နေသည်မှာ သိသာသည်။ ကျနော်ကလည်း အရေးကြီးကိစ္စမို့ သူ့ကို စကားစရသည်။

'ကိုသက်ခိုင် ကျနော် ပြောစရာရှိတယ်'

'ပြောလေ၊ ကိုမင်းဒင်'

'ဟိုစခန်းရှေ့က ရေကန်ထဲက ပလုံစီတဲ့ကိစ္စ သိပြီးပြီလား။'

'သိတယ်၊ ခင်ဗျား ရေနံကြောရှိတယ်ထင်တယ် ပြောမလို့မဟုတ်လား'

'ဟာ ခင်ဗျား သိပြီးသားလား'

'သိတယ်လေ'

'အဲဒါ ဦးအေးနိုင်တို့၊ ထောင်ပိုင်ကြီးတို့ကို မပြောဘူးလားဗျ'

'ကျနော်သိတာ နှစ်ပတ်လောက်ရှိပြီ၊ အဲဒီရေကန်ထဲက တခါ တခါ ဒီဇယ်လိုလို အဆီတွေ ပလုံစီတာ။ ရဲဘက်တွေ ပန်းကန်ဆေးရင်း ကျခဲ့တဲ့ ဆီတွေလား၊ ရေနံလို ဒီဇယ်လို အဆီတွေလား ဆိုတာ ကွဲကွဲ ပြားပြား သိရအောင်လည်း နည်းမျိုးစုံ ကျနော်စမ်းပြီးပြီ။ သေချာတယ်၊ ဒါဟာ ရေနံ သို့မဟုတ် သဘာဝဓာတ်ငွေ့နဲ့ ပတ်သက်နိုင်တယ်။ ဒီနေရာနဲ့ လေးမိုင်လောက် ဝေးတဲ့နေရာမှာ ရေနံတွင်း အသစ်ရှိနေတာကြောင့် ဖြစ်နိုင်ချေ အလွန်များတယ်။ တခြားလူတွေ မရိပ်မိတာက အချိန်တိုင်း ဖြစ်နေတာ မဟုတ်လို့'

'ခင်ဗျား ဦးအေးနိုင်ကို မပြောဘူးလား ကိုသက်ခိုင်'

'ခင်ဗျား တော်တော်ခက်တဲ့လူပါလား ကိုမင်းဒင်၊ အခု စပါးမျိုးကိစ္စက အဲဒီရေနံအကြောင်း ပြောချင်လို့ တောက်ကြည့်နေတာ။ ခင်ဗျား ကြားတဲ့အတိုင်းပဲ၊ ဘာမှ မလုပ်ရဲဘူး။ သူ့ကို ပြောမိရင် ဒီစခန်းခွဲကို အစိုးရက လာစစ်ဆေးပြီး ရေနံမြေဖြစ်သွားမှာတောင် ကြောက်နေမှာ သေချာတယ်'

'ဟ ဒီလိုဆို တိုင်းပြည်အတွက် နစ်နာတာပေ့ါဗျာ'

'ကျနော် ဒီကိစ္စမှာ ခင်ဗျားနဲ့ တသဘောတည်း ရှိပါတယ်၊ နည်းမျိုးစုံလည်း ကြံဆခဲ့ပါပြီ။ ကျနော်တို့ အချိန်တခုကို စောင့်ကြရပါလိမ့်မယ်။ ကျနော်တို့ဟာ ရဲဘက်တွေဆိုတာ မမေ့ပါနဲ့။ တောစကား တောပျောက်ရင် ကောင်းမယ်။ ရေနံကြောဆိုတာ မေ့လိုက်တော့။ စနစ်ကို အတင်းပြောင်းချင်ရင် နှစ်ခါအရိုက်ခံရတဲ့ခေတ်ဗျ'

'ဘာလို့ စနစ်ကို အတင်းပြောင်းမယ့်သူက နှစ်ခါ အရိုက်ခံရတာလည်းဗျာ'

'အော် ရန်ကုန်ဘဆွေရဲ့ စနစ်ကို အတင်းပြောင်းမည် ဆိုတဲ့ဝတ္ထုတို တပုဒ်ကို သွားသတိရလို့ဗျ'

'ဘာအကြောင်းလဲဗျ။ နိုင်ငံရေး ဝတ္ထုလား'

'မဟုတ်ပါဘူး။ တောသားလေးတယောက် အကြောင်းပါ၊ ကျနော် အတိုချုံ့ ပြောပြပါ့မယ်။ ဒီလိုပါ

ရန်ကုန်မြို့ကိုတက်လာတဲ့ တောသားလေးတယောက်ဟာ ရွာက သူကြီးတော်မှာလိုက်တဲ့ မတရားမှုကို လက်ပိုက်ကြည့်မနေနဲ့ဆိုတဲ့ ဩဝါဒအတိုင်း တသွေမတိမ်းလိုက်နာဖို့ ဆုံးဖြတ် ထားခဲ့တယ်တဲ့။

တောသားကောင်လေးဟာ မြို့ကိုရောက်ပေမဲ့ ရွာက သူ အလွန် လေးစားမြတ်နိုးတဲ့ ကြီးတော် လုပ်သူ မှာလိုက်တာကို သေချာမှတ်သားပြီး မတရားမှုကို ဆန့်ကျင်ဖို့၊ အမှန်တရားကို ဖော်ထုတ်ဖို့ ဆုံးဖြတ်ထားချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် တောသား အဘိုးကြီးတယောက်ကို မြို့သားလူလိမ်အုပ်စုက လမ်းဘေး ဖဲသုံးချပ်ဝိုင်းတခုမှာ လိမ်နေတာ တွေ့ရောတဲ့။

ဖဲသုံးချပ်ဝိုင်းဆိုတာဗျာ၊ ကျနော်တို့ လူပျိုပေါက်က ရန်ကုန်နေရာအနှံ့မှာ တွေ့ရတတ်တယ်။ ဖဲက တသုံးချပ်တည်းပါ။ တချပ်မှာ အမှတ်အသားတခု လုပ်ထားတယ်။ လမ်းဘေးမှာ ပလတ်စတစ် မိုးကာစလေးတချပ် ခင်းပြီး ဖဲချပ်လေးတွေကို ပြလိုက်၊ ဒါလေးကို မထိုးနဲ့၊ ဟောဒီအမှတ်ကလေးနဲ့ ဖဲချပ်ကိုထိုး၊ မှန်တာနဲ့ သုံးဆရမယ်၊ လွယ်လွယ်လေး၊ ဒါလေးကိုထိုး၊ ဒါလေးကိုမထိုးနဲ့ပေါ့၊ ဘေးက လူတချို့လည်း ဝင်ထိုးလိုက် ဒိုင်ကလျော်လိုက်ပေါ့၊ ဒါပေမဲ့ သတိထားရမှာက အဲဒီ ထိုးလိုက်လျော်လိုက် လုပ်နေတာဟာ တကယ်ကစားနေတာနည်းတယ်။ သူ့အလံရှူးနဲ့ သူ၊ ဘေးလူ ဝင်လာအောင် ဆွယ်နေတာ။

အဲဒီဝိုင်းမျိုးမှာ တောသားအဘိုးကြီးက ဝင်ထိုးနေတော့ ပါသမျှငွေလေးတွေ တဖြည်းဖြည်း ကုန်လာတော့ပေါ့။

ကျနော်တို့ ဇာတ်လိုက်ကြီးကလည်း ဒီလို မတရားလုပ်တာ မခံဘူးဆိုပြီး နီးစပ်ရာစခန်းကို သတင်းပို့တယ်။ ရဲ ဆိုတဲ့ မောင်တွေကလည်း လိုင်းကြေးယူပြီး ခွင့်ပြုထားတာဆိုတော့ မလာဘူးပေါ့။ ရဲအလာကို စောင့်လေ၊ ရဲက မလာနိုင်လေ၊ တောသားအဘိုးကြီးက တဖြည်းဖြည်း ပါသမျှ ကုန်လာလေ၊ နောက် လက်ပတ်နာရီလည်းကုန်၊ မရှိ ရှိတာ ချထိုးမယ်ဆိုပြီး အဘိုးကြီးက သူ့လည်ပင်းက ရွှေဆွဲကြိုးလည်း ဖြုတ်လိုက်ရော ဇာတ်လိုက်ကျော်က ငြိမ်ပြီး ထိုင်ကြည့် မနေနိုင်တော့ဘဲ ဝိုင်းထဲဝင်ပြီး၊ ဦးလေး၊ ဒီကောင်တွေ ဦးလေးကို လိမ်နေတာဗျဆိုပြီး တားလိုက်တာ စကားတောင် မဆုံးလိုက်ဘူး၊ ဖဲလိမ်အဖွဲ့ အလံရှူးတွေရဲ့ လက်ချက်မိသွားတယ်။

ခွပ်ကနဲအသံနဲ့အတူ ကြယ်တွေ၊ လတွေ ပွင့်ပြီး အဲဒီ တောသားကောင်လေး မေ့သွားရောတဲ့၊ အချိန်အတော်ကြာမှ သတိရလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ သူ ကူညီလိုက်တဲ့တောသားကြီးက သူ့ကို အပေါ်က မိုးပြီးကြည့်နေတာ တွေ့သတဲ့။ ဒီတော့ သူက စိတ်ထဲမှာ ကျေးဇူးတင်စရာ မလိုပါဘူး ဦးလေးရယ်၊ ကျနော့်ရွာက ကြီးတော်မှာထား ပြီးသားပါ။ ဒုက္ခရောက်တဲ့သူကို ကယ်ရမယ်၊ အမှန်တရား ကို ဖော်ထုတ်ရမယ်ဆိုတာ ဘာညာပေါ့။ ဒါပေမဲ့ သူ့အတွေးမဆုံးခင် နောက်ထပ် ခွပ်ကနဲ ထပ် အရိုက်ခံရပြီး မေ့သွားပြန်တယ်တဲ့။ နားထဲမှာလည်း အသံတခု ကြားလိုက်တယ်တဲ့၊

ခွေးမသားလေး၊ မင်းဝင်ရှုပ်လို့ ငါ့အရင်းပြန်ရကာနီးမှာ ဝိုင်းပျက်သွားတာ။ ကဲ မှတ်ကရောတဲ့။ အဲဒါပဲဗျာ။ စနစ်ကို အတင်းပြောင်းချင်သူရဲ့ နိဂုံး။

■

## အခန်း (၂၀)

# လွဲခဲ့လေသော ရတနာပုံ

ကိုသက်ခိုင်သည် ကျနော့် ရေနံတွင်းသဲလွန်စသတင်းကို အရယ်အမောနှင့် စကားလမ်းကြောင်း လွှဲနေလေသည်။ ကျနော်က မချင့်မရဲဖြစ်လှသည်နှင့်

'ကိုသက်ခိုင်၊ ဒီကိစ္စက သတင်းပို့တဲ့သူအတွက် အကျိုးတော့ ရှိနိုင်တယ်နော်'

'အော် ရတနာပုံဆိုက်ချင်နေတဲ့လူနဲ့ လာတိုးနေပါလား။ ခင်ဗျားကို ဘာမှ အပြစ်မပြောချင်ဘူး၊ သို့သော် ကျနော့်ဘဝမှာ ရတနာပုံဆိုက်တဲ့ကိန်းတွေနဲ့ ကြုံလည်းကြုံခဲ့၊ လွဲလည်းလွဲခဲ့တာတွေ များလွန်းလို့ သိပ်မဆန်းလှတော့ပါဘူးဗျာ'

'ဘာတွေများ ရတနာပုံ ဆိုက်ခဲ့လို့လဲဗျာ'

'ခေတ်ပျက်ကြီးထဲက ရတနာပုံဆိုက်ကိန်းတွေကို သိချင်တာလား၊ ဆိုက်ကိန်း ခဏထားပြီး ကျနော့်ဘဝရဲ့ 'ရတနာပုံလွဲကိန်း' ကို အရင်နားထောင်ပါ၊ ခင်ဗျားလည်း သဘောသရုပ် အမှာစကားနဲ့ ဟောထုတ်မှာကြားတဲ့ စောဗုဒ္ဓါဘုရားရဲ့ လောကုတ္တရာတရားနဲ့ ပြေလို့ပြေသွားအောင်'

'၁၉၉၂ ခုနှစ်ဝန်းကျင်ပေါ့၊ ဗိုလ်ချုပ်မှူးကြီး စောမောင်ကို ကျန်းမာရေးကြောင့်ဆိုပြီး အနားပေး၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်လာတယ်။ တပြည်လုံးမှာ တံတားကြီးကိုးစင်း ဆောက်မယ်၊ ဘာညာဆိုပြီး သတင်းစာတွေမှာ အကြီးအကျယ်သတင်းအဖြစ် ပါလာတယ်။ ဖြစ်ချင်တော့ အဲဒီအချိန်မှာ ရှု စစ်သံမှူးကြီးက ဗိုလ်မှူးကြီးသာဝင်းဗျ၊ (မကြာသေးမီက ကွယ်လွန်သွားပြီးဖြစ်သည်) သူဟာ အရင်က တနင်္သာရီတိုင်း တိုင်းမှူး၊ နောက်တော့ ရုရှကို စစ်သံမှူးအဖြစ် ပြောင်းသွားရတာ။ အဲဒီ ဗိုလ်မှူးကြီးသာဝင်းက ရုရှကနေ ရန်ကုန်ကို ခဏပြန်လာတုန်း ကျနော့်ကို တွေ့ချင်လို့ဆိုပြီး သူ့သားမက်ကနေတဆင့် လှမ်းခေါ်တယ်။ သူ့သားမက်က ကျနော်ရုံးက မန်နေဂျာလေ၊ ကျနော်က အဲဒီအချိန်မှာ ကိုယ်ပိုင်ကုမ္ပဏီနဲ့ဘာနဲ့ အထိုင်ကျနေပြီ။ ဗမာပြည်စီးပွားရေးလောကထဲမှာ အထိုက်အလျောက် ခြေစွမ်းပြနေပြီ။ ဟိုခေတ်က ရှော်ဖီတို့လို ပုဂ္ဂိုလ်ကြီးတွေတောင် အစည်းအဝေးတက်ရင် လက်မှတ်ကို ဘယ်နေရာမှာထိုးလို့ ကျနော် ပြနေရလောက်အောင် အရွယ်တွေကျသွားခဲ့ပြီ။

တရက်ညနေပိုင်းလောက်မှာ ကျနော် ဗိုလ်မှူးကြီးသာဝင်းရဲ့ သုဝဏ္ဏကအိမ်ကို လိုက်သွားတယ်။ သူ့အိမ်ရောက်တော့ ကျနော့်ကို ရှုရှုအကြောင်း ဘာသိလဲတဲ့။ စစ်တိုင်းမှူးဟန်က မပျောက်ဘူးဗျ။ တလောကလုံး သူအသိဆုံးထင်နေတဲ့ ပုံစံအပြည့်နဲ့။ ကျနော်က ဘာမှမပြောပဲ ငြိမ်နေလိုက်တယ်။

သူက စစ်အေးတိုက်ပွဲ ပြီးတဲ့အတွက် ရှုရှုက လက်နက်စက်ရုံတွေအားလုံး ပိတ်သွားကြောင်း၊ လက်နက်ထုတ်ဖို့ စက်ရုံပေါင်းများစွာမှာ ကုန်ကြမ်းအဖြစ် သိုလှောင်ထားတဲ့ သံနဲ့ သံမဏိ အမြောက်အများ သုံးမကုန်လောက်အောင် ကျန်နေကြောင်း၊ ရှုရှုမှာ သူက မိတ်ဆွေအသိုင်းအဝိုင်းများကြောင်း၊ ဒီသံ၊ သံမဏိတွေကို မြန်မာပြည်ထဲ ရောက်အောင်လုပ်နိုင်ရင် ရတနာပုံဆိုက်မယ့်အကြောင်း တသီတတန်းကြီး ရှင်းနေတယ်။

သူ့စကားမဆုံးခင် ကျနော့်မျက်လုံးထဲမှာ သတင်းစာထဲက တံတားကြီးကိုးစင်းရဲ့ ပုံစံငယ်တွေကို ပြေးမြင်လိုက်ပါပြီ။ သူက စကားဆက်ပြန်တယ်၊

'မောင်ရင် ကက်ဘိနက်ထဲကို ထိုးဖောက်နိုင်သလား' တဲ့။ ကျနော်ငြိမ်နေတယ်၊

လွယ်လွယ်မဖြေနဲ့ တဲ့၊ ကိုယ်က ကက်ဘိနက်ထဲမှာ ထိုင်လာတာတဲ့၊ အရေးထဲ ကြော်ငြာဝင်နေသေးတယ်ဗျာ။ ကျနော်လည်း

'ကျနော်လုပ်ကြည့်မယ်လေ၊ ထိုးဖောက်နိုင်သလား မထိုးဖောက်နိုင်ဘူးလားဆို တာ သိရဖို့ သိပ်မကြာဘူး ထင်ပါတယ်။ နည်းလမ်းအသေးစိတ်ကိုတော့ ကျနော် အခုမပြောပါရစေနဲ့' ဆိုတော့ သူက ရှုရှုက သံ၊ သံမဏိ လိုက်စပ်နေတဲ့ ကြော်ငြာလေးတခုရဲ့ မိတ္တူကို ထုတ်ပေးတယ်။ ဘာတဲ့၊ (TO WHOM IT MAY CONCERN) တဲ့ ထိပ်ဆုံးမှာ။

မကြာခင် ဗိုလ်မှူးကြီးသာဝင်း ရှုရှုကို ပြန်သွားတယ်၊ အမြန်လုပ်ပါတဲ့၊ ရှုရှုကုန်သည်တွေ အများကြီး တန်းစီစောင့်နေတာတဲ့၊ မှာသွားသေးတယ်။ ကျနော်လည်း လောဘသားပေါ့ ဒီအကွက်ကြီးကို ကျနော် သဘောကျတယ်၊

အထူးသဖြင့် လက်ကွက်ဆန်းဆန်းလေးတွေကို နှိပ်ရတာ ကျနော်ကြိုက်တယ်၊ လမ်းဟောင်းက နေ ဖောက်ထွက်ပြီး လမ်းသစ်ထွင်ရတာကို ပျော်တယ်။ ကျနော်ရှိသမျှ ပညာတွေ ထုတ်သုံးတယ်၊ ဘယ်နည်းနဲ့မှ မလွတ်နိုင်တဲ့ နည်းလမ်းတွေနဲ့ ချိတ်တယ်၊ အဲဒီတုန်းက ဝန်ကြီးချုပ်ရုံးအပါအဝင် တတိုင်းပြည်လုံးမှာရှိတဲ့ ဝန်ကြီးဌာနအားလုံးကို လိုသမျှ သံ၊ သံမဏိ တင်သွင်းခွင့်ပြုဖို့ စာတိုစာရှည်တွေ ကျနော့်ကုမ္ပဏီနာမည်နဲ့ တင်လိုက်တယ်။ အနီးဆုံးကက်ဘိနက် အစည်းအဝေးမှာ တင်နိုင်အောင်လည်း ကျနော်တတ်သမျှ မှတ်သမျှ အစွမ်းကုန် ချိတ်ဆက် ဖန်တီးလိုက်တယ်။

တလဝန်းကျင်တောင် မကြာလိုက်ဘူး ထင်ပါရဲ့။ ကျနော်ရဲ့ရိုက်ချက်ဟာ ပစ်မှတ်ကို တန်းကနဲ စိုက်ဝင်သွားပါတော့တယ်။ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်လွန်းမောင်ဆီကနေ ကျနော့်ကို သူနဲ့လာတွေ့ဖို့ စာရောက်လာတယ်။

တွေ့လိုတဲ့ အကြောင်းအရာထဲမှာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်အရ တဲ့။ စုတ်တွေလာဘ်တွေ ဝင်လာလိုက်တာ ဒါနဲ့တင်မရပ်သေးဘူး။ မီးရထားဝန်ကြီးဌာန၊ ဆည်မြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မီတီ၊ နောက် သတ္တုတွင်း၊ အိုး၊ လာလိုက်တဲ့ အမှာစာတွေဗျာ၊ ဖိတ်လိုက်တဲ့ ညှိနှိုင်းအစည်းအဝေးတွေ၊ ကျနော် ရှုရှုကို ဖုန်းလှမ်းဆက်လိုက်တယ်။ ဗိုလ်မှူးကြီး ကက်ဘိနက်က မီးစိမ်းပြပြီလို့၊ သူက ဆက်လုပ်ထားပါတဲ့၊ ကျနော်လည်း ကယ်ရီးအွန်ပေါ့။

ကျနော် ဝန်ကြီးချုပ်ရုံးဝန်ကြီးဆီ ရောက်သွားတယ်။ ဈေးနှုန်း၊ ပစ္စည်းအမျိုးအစား၊ တင်သွင်းမယ့် ကုမ္ပဏီစတဲ့ (Profile) တွေ တင်ခိုင်းတယ်။ ကျနော်နဲ့ပတ်သက်တာကို သီးသန့် ကိုင်တွယ်ဖို့ ဝန်ကြီးချုပ်ရုံးဝန်ကြီးရဲ့ ရုံးအဖွဲ့မှူး ဗိုလ်မှူးလှသန်းကို သီးသန့်တာဝန်လွှဲပေးထားတယ်။ မှတ်မှတ်ရရ သူက

ပြောသေးတယ်။ 'ခင်ဗျားဆီက ပစ္စည်းဝယ်ဖို့ ဘိုးတော်ကြီးကိုယ်တိုင် အမိန့်ချတာ' တဲ့၊ 'ရော့ သူမှတ်ချက်ကို ကြည့်' ဆိုပြီး ကျနော့် လျှောက်လွှာနောက်ကျောမှာ မှင်အနီနဲ့ရေးထားတဲ့ 'ဘယ်နိုင်ငံက လဲ၊ ဘယ်ဈေးလဲ၊ ညှိနှိုင်း ဝယ်ယူပါ' ဆိုတဲ့ မှတ်ချက်ကို ပြတယ်။ သူက ဆက်ပြောသေးတယ်၊ 'ခင်ဗျား တော့ ရတနာပုံ ဆိုက်တဲ့ကိန်းပဲ' တဲ့။

အေးပေါ့ဗျာ၊ အဲဒီအချိန်က မြန်မာပြည် သံ၊ သံမဏိလောကမှာ အခု နာမည်ကြီးနေတဲ့ မောင်ဝိတ်ဆိုတာ စာရင်းမရှိသေးဘူး။ ကျနော့်နောက်မှာ အလားတူအခွင့်အရေးမျိုးအတွက် တန်းစီ စောင့်နေတဲ့ ဒိတ်ဒိတ်ကြဲအုပ်စုတွေ၊ အဖွဲ့နှစ်ဆယ်ကျော်သတဲ့။ ကျနော် ရွှေပုံပေါ် မှာ စံရပြီလို့ ခင်ဗျား ထင်နေပြီ မဟုတ်လား၊ ဆက်နားထောင်ပါအုံးလေ။

ဝန်ကြီးချုပ်ရုံး၊ အခြားဝန်ကြီးဌာန လေးငါးခုနဲ့ စာချုပ်တွေ ချုပ်ဖို့ အဆင့်သင့်ဖြစ်နေတဲ့ အချိန်မှာ ရှုစစ်သံမှူးကြီး ဗိုလ်မှူးကြီးသာဝင်းကို ဘယ်လိုမှ ဆက်သွယ်လို့ မရတော့ပါဘူး။ သူ့ သားမက်ကလည်း ယောက္ခမဂုဏ်ဆောဆိုတဲ့အထဲ ပါနေတော့ ဘာမှ ဝင်မပြောနိုင်ဘူး။ အေးဗျာ၊ ထီလက်မှတ်ပျောက်ရုံတင် မကဘူး၊ ထီပေါက်စဉ်ရိုက်တဲ့ ပုံနှိပ်တိုက်ကိုပါ လိုက်ပိတ်ရတဲ့ကိန်း ဆိုက်တော့တာပဲဗျာ။ ဒီလိုပဲဗျ၊ စစ်ဗိုလ်ဆိုတဲ့မောင်များလုပ်လိုက်ရင် လက်တွေ့မပါတဲ့ သဘောတရားတွေများတယ်။ ပြီးရင် ရှူးသလို လို၊ ကြောင်သလိုလို၊ ထီလက်မှတ်ပျောက်သလို၊ အတိတ်မေ့သလို လုပ်တတ်တယ်။

ကျနော်လား၊ ရိုက်သတ်ချင်လောက်အောင် စိတ်တိုခဲ့တာပေါ့။ ဒါပေမဲ့ ဘာမှ မတတ်နိုင်ဘူး။ သူတို့ခေတ်ပဲလေ။ ကျနော့်မှာဗျာ၊ ချပေးတဲ့ ပါမစ်ကို ပြန်ရုတ်သိမ်းသွားအောင် ဝန်ကြီးချုပ်ရုံးဝန်ကြီးကို ဂေါ့ဖ်ဆက် (Golf Set) တွေပို့ မျက်နှာချိုသွေးရ၊ တခြားဝန်ကြီးဌာနတွေရဲ့ တာဝန်ခံ ညွှန်မှူးခဲတွေကို ပိတ်ရဆို့ရနဲ့ ထောင်မကျအောင်တောင် တော်တော်လုံးပမ်းလိုက်ရတယ်။ တခါတခါ စစ်တပ် အရာရှိ တချို့ဟာ ကိုယ့်လုပ်ရပ် ကိုယ်ပြန်မသုံးသပ်တာတွေ ကျနော်အများကြီးကြုံဖူးတယ်။ ဖြုတ်သွားရင် ပိုတောင်ဆိုးသေး။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးတဲ့၊ ဖြုတ်လည်းသွားရော ချောင်းဝ ဆရာ တော်ဆီ နေ့တိုင်းလိုရောက်၊ ချဲ နံပါတ်ချည်းတောင်းနေတာဗျာ။ ဟုတ်တယ်လေ၊ ဗိုလ်ချုပ် မောင်သင့်။ သူ့သားရော သူရော ရန်ကုန်ချဲလောကမှာ နာမည်ကြီးပဲ။ တိုင်းရင်းသားလူမျိုးတွေများ ဒီအကြောင်း သိခဲ့ရင် ငါတို့အတွက်ခန့်ထားတဲ့ဝန်ကြီးဟာ လက်စသတ်တော့ ချဲသမားပါလားလို့ ရင်တောင် ထုလေ မလားပဲဗျာ။

ဗိုလ်သာဝင်းက ကျနော်ကို ဖြတ်ရိုက်သွားသလား ကျနော် စောင့်ကြည့်သေးတယ်။ တကယ်တော့ သူ့လက်ရည်ဟာ အဆင့်မရှိလှပါဘူး။ သံ၊ သံမဏိ ဇာတ်လမ်းနောက် ဗိုလ်သာဝင်းဟာ လက်နက်သွင်း ဖို့ ခွင်ဆင်သေးတယ်။ သူ့သားမက် အားကိုးနဲ့ပါ။

အမှန်က ရုရှားက လက်နက်ကိုဝယ်ဖို့ ရုရှကိုသွားတာက ရဟတ်ယာဉ်ပျက်ကျပြီး ဆုံးသွားတဲ့ ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး။ သူ့ညီ ကိုလှမြင့်က ကျနော့်ကုမ္ပဏီက ဒါရိုက်တာ၊ ဗိုလ်တင်ဦးက ရုရှမှာ ဗိုလ်သာဝင်း ညွှန်တဲ့ လက်နက်ပွဲစားတွေနဲ့ စကားပြောခဲ့တာ။ နောက် ရုရှလက်နက်ပွဲစားတွေ ရန်ကုန် ရောက်လာတယ်။

ဗိုလ်သာဝင်းက သူ့သားမက်ကို ပေါင်မုန့်ကားလေးတစင်းငှားပြီး မင်္ဂလာဒုံလေဆိပ်မှာ သွားကြို ခိုင်းတယ်။ ဘယ်လောက်တုံးသလဲ စဉ်းစားသာကြည့်တော့၊ ရုရှလက်နက်တုန်သည် ရှစ်ယောက်ကို ပေါင်မုန့်ကားတစီးနဲ့ သွားကြိုသတဲ့။

နောက် ဘာဖြစ်လဲ ဟုတ်လား၊ မောင်ကေဇက ဘယ်လို သတင်းရပြီး ဘယ်သူတွေနဲ့ ခွင်ဆင် လိုက်သလဲတော့ မသိဘူး။ လေဆိပ်ကို ပရာဒိုရှစ်စီး ဟန်းဖုန်းရှစ်လုံးပို့၊ ကြိုခိုင်း၊ ဖြတ်ခုတ်ပြီး ရုရှက မောင်တွေကို တင်သွားလို့ ဗိုလ်သာဝင်း ပက်လက်လန် ကျန်ခဲ့ရော။ ■

## အခန်း ( ၂၁ )

# နောက်တခါ လာဖြန့်ပြီတော့

ပြောရရင် အများကြီးပါဗျာ။ နောက် အခုအချိန်အထိ ရန်ကုန်မြို့ စိန့်ဂျွန်းဈေးဟောင်းကြီး နေရာမှာ ကွက်လပ်ကြီးဖြစ်နေတဲ့ ဇာတ်လမ်းကလည်း ကျနော့်ရဲ့ ရတနာပုံ လွဲကိန်းပဲ။ လွဲရတာက ဘူးတောင်းနှစ်ပြီး ဇောင်းချမ်းပေါ် လို့ပေါ့ဗျာ။ မြန်မာပြည်မှာ လူတော်တွေအတွက် နေရာမရှိဘူး။ စိန့်ဂျွန်းဈေး စီမံကိန်းဟာ ကျနော်ကို ရတနာပုံ လွဲခဲ့စေရုံမက လူတော်တယောက်ပါ ဘဝတခု ကမောက်ကမ ဖြစ်ခဲ့သေးတယ်။ ခင်ဗျား အဆိုတော်အေးချမ်းမေဆိုတာ ကြားဘူးလား၊ သူနဲ့ ဘာလိုလိုဖြစ်ခဲ့တဲ့ ရှန်ရှူခင်ဆိုတာလေ၊ သူက ဗမာပြည်မှာ မွေးတာပါ။ သူ့အဖေက မြန်မာ့တပ်မတော်မှာ အမှုထမ်းခဲ့တာ ဗိုလ်မှူးထွန်းညိုတဲ့၊ ဒီလိုဗျ။

ဗိုလ်ချုပ်မှူးကြီးရဲ့အမ ဒေါ်ကြည်လွင်ရဲ့သား တပ်ကြပ်ဘဝကနေ ထွက်လာတဲ့ဖွေးအောင်က ရန်ကုန်မှာ အလုပ်မရှိတာနဲ့ ထွန်းနိုင်ရွှေကို အပူကပ်တယ်။ ထွန်းနိုင်ရွှေက ဗိုလ်ချုပ်မှူးကြီးရဲ့သား၊ ဖွေးအောင်နဲ့ ညီအကိုဝမ်းကွဲပေါ့။

ထွန်းနိုင်ရွှေက မြို့တော်ဝန် ဦးကိုလေးကို ပြောပေးတယ်။ ဒီတော့ ရန်ကုန်မြို့တော်ဝန် ဦးကိုလေး က ဗိုလ်ချုပ်မှူးကြီးအိမ်အထိလာပြီး ရန်ကုန်မြို့က အဓိကရနေရာ စိန့်ဂျွန်းဈေးဟောင်းကြီးကို အသစ် ပြန်ဆောက်ဖို့ အကောင်းဆုံး စီမံကိန်းကြီးတခုကို အလုပ်ချပေးတယ်၊ လွယ်လိုက်ပုံများဗျာ။

ဒီတော့ ဖွေးနအောင်လည်း တွေ့တဲ့လူတွေနဲ့ကောက်ပြီး ကုမ္ပဏီတခု ဖွင့်လိုက်တယ်။ အဲဒီ ကုမ္ပဏီ ဒါရိုက်တာတွေက တကယ့်ကမ္ဘာကျော် လူလည်တွေဗျာ။ မင်းကြိုင်ခေါ် စနေမောင်မောင်တဲ့၊ နာမည် ကတော့ မင်းသိင်္ခဇာတ်လိုက် နာမည်ပေါ့ဗျာ၊ စနေမောင်မောင်နဲ့ ဘာတခုမှ မတူတဲ့ စနေမောင်မောင်။ နောက် မင်းမင်းထွန်း၊ ဦးဘရင်၊ စိုးမင်းဟိန်း၊ နောက် ကျနော့်မိတ်ဆွေ ဘိအီးဘွဲ့ရ ကိုသန်းဝင်းဆိုတာ လည်း ပါတယ်။ ကုမ္ပဏီနာမည်က ဘာတဲ့ အော် GROUPER တဲ့။ ရောင်းရင်းများလို့ ပြန်ရမလား၊ တကယ့် ဘာတခုမှ မလုပ်တတ်ဘဲ အချောင်ငွေလိုချင်တဲ့ ရောင်းရင်းများပါပဲဗျာ။

အလုပ်ချပေးတာ သုံးလလောက်သာ ရှိသွားတယ်၊ ဘာတခုမှ မယ်မယ်ရရ မလုပ်နိုင်ဘူး။ အဲ၊ ဒါပေမဲ့ ကိုယ်တော်ချောတွေက ဟာဂျီကိုမြင့်သိန်းဆိုတဲ့ လူဆီကတော့ စီမံကိန်းကို လက်ညှိုးထိုးပြ ပြီး သိန်းတရာကျော်လောက်တော့ ဝိုက်ပြီးပြီ။ ရန်ကုန် စည်ပင်သာယာရေးကော်မီတီက အစည်းအဝေး

ခေါ်တိုင်း ဘာတိုးတက်မှုမှ မပြနိုင်။ ဟန်ပြ မြေကြီးတူးနေတာကလည်း ငွေမရှင်းနိုင်။ ဘယ်ရှင်းနိုင်မလဲဗျာ၊ ရသမျှ အကုန်ခွဲယူ၊ ဦးတဲ့သူ သုံးနေတာ။

ဒါနဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မီတီက ခေါ်တဲ့ အစည်းအဝေးတောင် မတက်ရဲတဲ့ အခြေအနေဆိုက်လာတယ်။

ဒီတော့ ကိုသန်းဝင်းကတဆင့် ဒီအထုပ်ရှုပ်ကြီး ကျနော့်ဆီ ရောက်လာတော့တာပေါ့။ သူက စက်မှုတက္ကသိုလ်ဆင်းဗျ။ လူကောင်းပါ၊ သူလည်း လူရှုပ်တွေကြား ညပ်ပြီး ဘာလုပ်ရမှန်း မသိတာနဲ့ ကျနော်ဆီ ပေါက်ချလာတာ။

အမှန်ကိုပြောရရင် ကျနော့်အကျင့်က သူများ မလုပ်နိုင်တော့ဘူးဆိုတဲ့ အလုပ်ကို စိတ်ဝင်စားတယ်ဗျ။ ဒါနဲ့ သူတို့ မတက်ရဲတဲ့ အစည်းအဝေးကို သွားတက်ပြီး အခြေအနေ လေ့လာလိုက်တယ်။ ရန်ကုန်စည်ပင် အတွင်းရေးမှူးက ဗိုလ်မှူးကြီးကျော်ဝင်း၊ သူပြောပုံက ဒွေးအောင်တို့အုပ်စု လုပ်နေတာ ဘာမှ မပီပြင်ဘူး။ သို့သော် မိုးပေါ်ကကျလာတဲ့ အုပ်စုမို့ သိသိသာသာတော့ မကောရဲဘူး။ ဒါကို ကျနော် ရိပ်မိတယ်။ ဒါနဲ့ အစည်းအဝေးက ပြန်လာတော့ GROUPER အုပ်စုနဲ့တွေ့ပြီး ကျနော့်ခြေ ကျနော့်လက် လုပ်ခွင့်ပေးရင် ဆက်တာဝန်ယူပေးမယ်ဆိုတော့ သူတို့လည်း နွားနို့အိုးကွဲကို ရွှေစည်းခံ လှူလိုက်တယ် ဆိုပါစို့။

သူတို့သဘောတူညီချက်ကို စာနဲ့ပေနဲ့ စာချုပ်စာတမ်းနဲ့ ရေးယူပြီး စစ်ဆင်ရေးကို စရတော့တာပဲ။ ဟုတ်တယ်၊ စစ်ဆင်ရေး။ အဲဒီစစ်ဆင်ရေးက ဒီစိန်ဂွမ်းဈေးသစ်ကြီး စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမယ့်သူကို အပူတပြင်းရှာရတဲ့ စစ်ဆင်ရေး။ ရွှေကိုယ်တော်တွေရဲ့ သတင်းကလည်း တနိုင်ငံလုံး မွှေးပြီးသား၊ တွေ့တဲ့ကြုံတဲ့သူတွေဆီကလည်း ရသမျှ လျှောက်ပြီး နို့ညှစ်ထားပြီးသားဆိုတော့ ထင်သလောက်တော့ မလွယ်လှဘူး။ ဒီလိုကိစ္စမျိုးမှာ ကျနော့်ပါရမီ ထင်ပါရဲ့။

ဦးစံတင်ဆိုတဲ့ သင်္ဘောသားဟောင်းတယောက်ရဲ့ အဆက်အသွယ်နဲ့ ရှန်ရှုဒင်ကို ချိတ်မိတယ်။ သူ့ဗမာနာမည်က ဆန်နီတဲ့၊ လမ်းသုံးဆယ်မှာ မွေးတာတဲ့၊ အခု မလေးရှား နိုင်ငံသားတဲ့။ သူ ဘာလုပ်သလဲ ဟုတ်လား၊ ပြည်လမ်း လိပ်ခုံးကြီးနဲ့ မျက်နှာချင်းဆိုင်မှာ PRIME COMMERCIAL BANK ဆိုပြီး ဘဏ်ဖွင့်ထားတယ်။ ဟုတ်တယ်၊ မြန်မာပြည် ခေတ်သစ်ဘဏ်လုပ်ငန်းမှာ ရှန်ရှုဒင်ဟာ PIONEER ပဲ။ အဲဒီတုန်းက သူဟာ စီးပွားရေးဆိုင်ရာ ဒေါက်တာဘွဲ့တခုအတွက် စာတမ်းတစောင် တင်ထားတဲ့အချိန်၊ နောင်တော့ ဒေါက်တာရှန်ရှုဒင် ဖြစ်လာတယ်။ တချို့က ဒေါက်တာရှန်လို့ ခေါ်ကြတယ်။ သူက မူဆလင်ဘာသာဝင်ဗျ။ ကျနော်ကတော့ သူ့ကို လူတော်စာရင်းသွင်းပါတယ်။

ပထမဆုံး ရှန်ရှုဒင်နဲ့ ကျနော်တွေ့တဲ့နေ့ကပေါ့၊ သူ့ဘဏ် အပေါ်ထပ်က အထူးအစည်းအဝေးခန်းကြီးထဲမှာ၊ ကျနော်နဲ့ ဗိုလ်ချုပ်အေးသောင်ရဲ့သား ထွန်းနိုင်အေး ပါလာတယ်။ ဒါကလည်း လိုလိုမယ်မယ် ဝိတ်သုံးလာတာ။

သူက ကက်ဆက်ခွေတွေနဲ့ အလုပ်ရှုပ်နေတယ်ဗျ။

ကျနော့်ကိုလည်း တခွေလှမ်းပေးတယ်၊ ‘ကိုသက်ခိုင် ဒါ ကျနော်စီစဉ်တာလေ’ တဲ့၊ ‘အသင့်သွင်းပြီးခွေ နောက်ထပ် ကွန်တိန်နာတလုံး ထပ်မှာထားရတယ်’ တဲ့။ ကျနော်ကလည်း ဘာအဆက်အစပ်မှ မရှိတော့ ‘ဘာခွေလည်းဗျ’ လို့ မေးလိုက်တယ်။ သူနည်းနည်း ကြောင်အမ်းအမ်းဖြစ်သွားတယ်။ ‘စောရန်နိုင်ဆိုတာ ကျနော်လေ’ တဲ့။ ပိုဆိုးသွားပြန်ရော။ သူပြောနေတာ ကျနော် သဘောမပေါက်သေးဘူး။ ဒါနဲ့ဘေးက ပါလာတဲ့ ထွန်းနိုင်အေးက ဝင်ကူညီပြီး ရှင်းလိုက်တယ်။ ကိုသက်ခိုင် အဲဒီအခွေက ‘အေးချမ်းမေရဲ့ ပျော်ရွှင်ခြင်းနိုင်ငံ’ တဲ့၊ အရမ်းပေါက်နေတဲ့ အခွေတဲ့၊ အော် သူပြောမှ ကျနော်

ရုပ်မြင်သံကြားမှာ မိန်းကလေးတယောက် လမ်းလျှောက်ရင်း ဖန်ခွက်ကလေးတလုံးကို ချခွဲပစ်လိုက်တဲ့ ကြော်ငြာလေး မျက်စေ့ထဲ ပေါ်လာတယ်။ ကျနော်လည်း အချိန်မီ ဖာထေးလိုက်ရတယ်၊

'အော် ကျနော် သိပြီ၊ အဲဒီ အခွေကြော်ငြာကို ကျနော် ကြည့်ဖူးတယ်၊ တော်တော်ကောင်းတဲ့ ရိုက်ချက်ဗျာ၊ အဆင့်မြင့်တယ်' ဘာညာ ပြောလိုက်မှ လမ်းကြောင်းတည့်သွားတော့တယ်။

စိန်ဂျွန်းဈေးစီမံကိန်း ကိစ္စလည်း စဆွေးနွေးရော ကျနော်ရိပ်မိလိုက်တာက ကျနော်လူရွေးမှန်ပြီ ဆိုတာပဲ။ သူဟာ ထိုက်သင့်တဲ့ အရင်းအနှီး တကယ်ရှိတယ်၊ လုပ်တတ်ကိုင်တတ်တယ်၊ လိုအပ်ရင် ပြည်ပရင်းနှီးမြှုပ်နှံမှုအတွက်၊ သူ့နောက်မှာ ကျောထောက်နောက်ခံရှိတယ်၊ နှစ်ဖက်စလုံးရဲ့ အခြေအနေဟာ တကယ်သာရိုးသားကြရင် အားလုံး ရှေ့ပြည်သာမယ့်ကိန်းဗျ။

သူက ကျနော် ရှင်းပြတဲ့ စီမံကိန်းအနေအထား၊ ရန်ကုန်စည်ပင်သာယာရေးကော်မီတီနဲ့ အပေးအယူ ၆၅ ရာခိုင်နှုန်း၊ ၃၅ ရာခိုင်နှုန်းတွေ အားလုံးကို သဘောတူတယ်။ ကျနော်တို့တောင်းတဲ့ အမြတ် ၁၀ ရာခိုင်နှုန်းကိုလည်း သဘောတူတယ်။ သူက စီမံကိန်းအတွက် ကုန်ကျမယ့် ခန့်မှန်းခြေ ငွေပမာဏကို မေးတယ်။ အမှန်တကယ်က GROUPER နဲ့ ရန်ကုန် မြို့တော် စည်ပင်သာယာရေး ကော်မီတီကတွက်ထားတာ ဗမာငွေ သိန်းတသောင်း (သန်းတစ်ထောင်) ပဲ ရှိတယ်။ ဒါပေမယ့် ကျနော် သူ့ကို သိန်းပေါင်းတသိန်း (သန်းတစ်သောင်း) ကျမယ်လို့ တောက်လိုက်တယ်။ သူက အချိန် တော် တော်ကြာငြိမ်နေတယ်။ သူဟာ ဗမာပြည်မှာမွေးခဲ့ပေမယ့် ဗမာပြည်အကြောင်း အရည်မလည် သေးတဲ့ အချိန်လေ။ မလေးရှားမှာပဲ ကြီးပြင်းခဲ့ ပညာရှာခဲ့တယ်လို့ သိရတယ်။

နောက်မှ 'ကိုသက်ခိုင်၊ ခင်ဗျား ကျနော့်ကို တခု ကူညီဗျာ'တဲ့၊ အခု ခင်ဗျားတို့ ခန့်မှန်းထားတဲ့ ကုန်ကျစားရိတ် ခန့်မှန်းခြေစုစုပေါင်းကို သိန်းငါးသောင်း (သန်းငါးထောင်) အထိ ဖြစ်အောင် ဆွဲတင် ပါ' တဲ့။

ဘာပြောကောင်းမလဲဗျာ၊ ကျနော့်စိတ်ထဲ ဖိုးကျိုင်းတုတ် ဖြစ်သွားတော့တာပေါ့၊ ခွင်က ထင်တာ ထက် ပိုကျနေပြီလေ။

ရန်ကုန်စည်ပင်သာယာရေးက လိုချင်တာက ၃၅ ရာခိုင်နှုန်း၊ တန်ဖိုးရှိတဲ့ အဆောက်အဦသစ် တွေ၊ တည်ဆောက်သူက ၆၅ ရာခိုင်နှုန်းရမှာ။ မူလခန့်မှန်းထားတဲ့ သိန်းပေါင်း တသောင်းတန် စီမံ ကိန်းဆိုရင် စည်ပင်က သိန်းသုံးထောင့်ငါးရာဖိုးပဲရမယ်။ ကျနော်ပြောတဲ့ပမာဏဆို ကျနော်တို့ ဆယ်ရာ ခိုင်နှုန်းအတွက် သိန်းတထောင်ပဲရမယ်။ ရှန်ရှူဒင်တောင်းဆိုတဲ့ ပမာဏဆို သိန်းငါးထောင်ရမယ်။

ဘေးက ထွန်းနိုင်အေးက ကျနော့်ကို လှမ်းကြည့်နေတယ်၊ မြန်မြန် ခေါင်းငြိမ့်လိုက်ဆိုတဲ့ သဘော။ ကျနော် ဘယ်ခေါင်းငြိမ့်မလဲ၊ 'နေအုံးဗျ၊ မစ္စတာ ရှန်ရှူဒင် ခင်ဗျားတောင်းဆိုတဲ့အတိုင်း ကျနော် ကြိုးစားကြည့်မယ်၊ တကယ်လို့ အဆင်ပြေခဲ့ရင် ကျနော်ပြောထားတဲ့ ဆယ်ရာခိုင်နှုန်းအမြတ်ဆိုတဲ့ နေရာမှာ နောက်ထပ်နှစ်ရာခိုင်နှုန်းကို အဲဒီစီမံကိန်းထဲက အခန်းတွေနဲ့ တန်ဖိုးဖြတ်ပြီး ထပ်ဆောင်းပေး ရမယ်၊ ခင်ဗျား ဒါကို သဘောတူနိုင်သလား'ပေါ့။

ဟုတ်တယ်လေ၊ ကျနော် အလုံးကြီး ပစ်သွင်းလိုက်တာ။ သူခဏ ငြိမ်သွားတယ်၊ နောက်တော့ ခေါင်းငြိမ့်တယ်။ လှေနဲ့ရေနဲ့တော့ ငြိခဲ့ပြီပေါ့ဗျာ။

ခင်ဗျား စဉ်းစားကြည့်လေ၊ သန်းငါးထောင်ရဲ့ ဆယ်ရာခိုင်နှုန်း သန်းငါးရာကို GROUPER ဘက်က ရမယ်။ ပိုတဲ့ နှစ်ရာခိုင်နှုန်းကို ကျနော် သီးသန့်ရမယ်၊ စည်ပင်သာယာဘက်ကိုလား၊ ဘာမှ ပူစရာ မလိုဘူး။ အလိုလို သဘောတူမဲ့ကိစ္စဆိုတာ သွားညှိစရာမလိုအောင်ကို ဖြစ်နေတာ၊ အရှင်းကြီး။

ဗျာ၊ အေးချမ်းမေနဲ့ စောရန်နိုင် (ခေါ်) ရှန်ရှူဒင်ကိစ္စလား၊ ခင်ဗျားဗျာ၊ အလုပ်အကြောင်း ပြောနေပါတယ်ဆို၊

ရှန်ရှူးဒင် ရန်ကုန်ရောက်ခါစက အေးချမ်းမေကို စားသောက်ဆိုင်မှာ သီချင်းဆိုနေတာ တွေ့တယ်၊ သူက စားပွဲမှာထိုင်နေရင်း တထောင်တန်တွေကို ကြိုးနဲ့သီပြီး ပထမ အစတရှက်ကို အေးချမ်းမေဆီ တပည့်တယောက်ကို သွားပို့ခိုင်းတယ်တဲ့။

အေးချမ်းမေဂ၊ တထောင်တန်တွေကို တရှက်ချင်းသိမ်းရင်း ရှန်ရှူးဒင့် စားပွဲကို ရောက်လာသတဲ့၊ ဟုတ်မဟုတ်တော့ ကျနော် အသေအချာမသိပါဘူး၊ တဆင့်ကြားပါ။

ခင်ဗျား တယ်ခက်ပါလား၊ ကျနော်အခုပြောနေတာ ဘယ်သူ့ကိုမှ အပုပ်ချနေတာ မဟုတ်ဘူး။ ကြုံခဲ့ဆုံခဲ့ရသမျှကို သင်ခန်းစာယူနိုင်စေတော့လို့ ပြောနေတာဗျ။ ကျနော့် ပြောစကားနဲ့တော့ သူတပါးကို အထင်သေးစိတ် မဖြစ်ပါလေနဲ့။ နောက်တော့လား၊ စာချုပ်တွေ ချုပ်ဖြစ်တယ်လေ။ ဟာဂျီကိုမြင့်သိန်းဆီက 'ရှိက်စား' လုပ်ထားတဲ့ ငွေတွေလည်း ပြန်အမ်းဖို့ လုပ်ရတာပေါ့။ အင်းကံတရားက ဒီလိုပဲဗျ၊ တခါတခါတော့ မျက်နှာသာ ပေးတတ်သား။

■

အခန်း (၂၂)

# လူဆိုးတွေနဲ့ ရှန်ရှုဒင်

ဒေါက်တာရှန်ရှုဒင်ဟာ ကျနော်နဲ့တွေ့တော့ အသက်သုံးဆယ် မပြည့်လောက်သေးဘူး၊ သူ တတ်တဲ့ပညာနဲ့ သူ့အနေအထားအရ အထိုက်အလျောက် ကီး (KEY) မြင့်တာတော့ရှိတယ်။ မှတ်မှတ်ရရ နှစ်ဘက်လုပ်ငန်း သဘောတူစာချုပ်ချုပ်ဖို့ အင်းလျားလမ်းက သူ့အိမ်ကို ချိန်းတော့ ကျနော်နဲ့ ဦးစံတင် သွားကြတယ်။ စာချုပ်အကြမ်းရေးဖို့ အချက်အလက်တွေ ဆွေးနွေးတော့ သူက စွပ်ကျယ်ချိုင်းပြတ်နဲ့ တခြား ကုလားထိုင်တလုံးပေါ် ကို ခြေထောက်တချောင်း ပစ်တင်ပြီး ကျနော်တို့ကို စကားလက်ခံပြော နေတယ်။

အမှန်ပြောရရင် ကျနော့်စိတ်ထဲ ဘယ်လိုမှ မနေဘူး။ သူ့ဒီလို အနံကြီးလေ၊ ကျနော့် ရိုက်ချက်မှာ တားခနဲ နေလေဖြစ်မှာ။ ဒါပေမဲ့ ဦးစံတင်ကိုတော့ ကျနော် အားနာတယ်။ သူက ပညာတတ် သူဌေးအနွယ်ဖြစ်ခဲ့တယ်၊ သင်္ဘောသား လုပ်ခဲ့တယ်၊ လတ်တလော အချိန်မှာတော့ အဆင်မပြေလှ ဘူး။ နွမ်းပါးရှာတယ်။ နောက် သူတို့နှစ်ယောက်စလုံး မူဆလင်ဘာသာဝင်ချင်း အတူတူ၊ လူကြီးနဲ့ လူငယ် ဘာကြောင့် ဒီလိုဆက်ဆံနေသလဲဆိုတာ ကျနော် နားမလည်နိုင်ဘူး။ နောက် ဦးစံတင်က ရှန်ရှုဒင့်အဖေ ဗိုလ်မှူးထွန်းညိုနဲ့ ခင်တာတဲ့။ ရှန်ရှုဒင်က ဦးစံတင်ကို 'အန်ကယ် အင်္ဂလိပ်လို ရေးတတ် သလား' လို့လည်း မေးလိုက်ရော ခပ်အေးအေးနေတဲ့ ဦးစံတင်ဟာ ဆတ်ကနဲ ဖြစ်သွားတယ်။ ပါးစပ်က မပြောပေမဲ့ ဦးစံတင်ရဲ့ အမူအယာကို ကျနော်ကောင်းကောင်း အကဲခတ်မိတယ်။ 'တကမ္ဘာလုံးမှာ အင်္ဂလိပ်စာကို မင်းတယောက်တည်း တတ်တယ် မှတ်နေသလား' ဆိုတဲ့ အဓိပ္ပါယ်။

သူက 'မစ္စတာရှန်ရှုဒင် နှုတ်ကသာ ပြောချင်တာကို ရွတ်လိုက်ပါ။ ကျနော် လိုက်ရေးဖို့ အဆင်သင့်ပါပဲ' တဲ့။ အဲဒီမှာ ရှန်ရှုဒင်က မျက်လုံးကိုစင်းရင်း စာကြမ်းကို ရွတ်တော့တာပဲ၊ ဘာတဲ့

PARTY (A) MUST BE ....

PARTY (B) MUST BE ....

အိုကေပြီ ပေါ့ဗျာ။ ကျနော်စောင့်နေတာ အဲဒီ 'MUST BE' ပဲ လေ၊

စာချုပ်အကြမ်းပြီးတော့ GROUPER နဲ့ ပြေးညှိရသေးတယ်။ ဘိုလိုရေးထားတဲ့ စာချုပ်အကြမ်းကို ကိုသန်းဝင်းကလွှဲလို့ ဘယ်သူမှ မဖတ်တတ်ဘူး။ အဲ မင်းမင်းထွန်းလည်း ကျောင်းကျောင်းမပြေးပေမယ့် သဘောနားလည်တဲ့အထဲမှာပါတယ်။ ကျနော်လား၊ ဥပဒေအဓိကနဲ့ အဝေးသင်က ဘွဲ့လေးရဘူးတော့ ဒါတွေ ကျနော် ဖတ်နေကျဖြစ်နေတော့ တတ်တယ်ဆိုပါစို့။

GROUPER ဆိုတာ ဘယ်လိုလူတွေ ဖွဲ့ထားသလဲဆိုတာ ပြောချင်သေးတယ်ဗျာ။

ဉက္ကဌက ဒွေးအောင်။ တပ်ကြပ်နဲ့ထွက်လာတာ၊ ဗိုလ်ချုပ်မှူးကြီးရဲ့တူ။ သူက ဗိုလ်ချုပ်မှူးကြီးကို တိုက်ရိုက် မပေါက်ဘူး။ သူ့အမေ ဒေါ်ကြည်လွင်ကို ဗိုလ်သန်းရွှေက အတော်လေးစားသတဲ့။ ဒါကြောင့် ဝင်စရာရှိရင် ဒေါ်ကြည်လွင်က ဖြစ်ဖြစ်၊ ထွန်းနိုင်ရွှေကဖြစ်ဖြစ် ဝင်တတ်တယ်။

သေချာတာက ဒွေးအောင်ဟာ ဘာမှမတတ်တဲ့ လူအေး။ မတတ်တာကို မတတ်ဘူးလို့ မပြော တာတခုတော့ ဆိုးတယ်။ ဉက္ကဌ၊ ဉက္ကဌ လို့ အခေါ်ခံနေရရင် တလောကလုံး မေ့နေတဲ့လူ။ မေ့ရုံတင် မက သတိပြန်လည်မလာအောင်လည်း မင်းကြိုင် (ခေါ်) စနေမောင်မောင်က ခွင်ချထားသေးတယ်။ သူ့လေးဆက်မြောက် မိန်းမရဲ့အစ်မဝမ်းကွဲ မိမိလေးဆိုတဲ့ အမျိုးသမီးကို ဒွေးအောင့်ရင်ခွင်ထဲကို တွန်းပို့ထားတယ်။ ဒီကိစ္စက သေချာတယ်။ ဒီထက်ဆိုးတာတွေ ရှိသေးတယ်။

ဒါပေမဲ့ ပုဂ္ဂိုလ်ရေးဆန်မှာစိုးလို့ ဒီလောက်ပဲထားလိုက်တော့၊ အားလုံးလည်းသိပြီးသား။ မဟုတ်ဘဲ သူများသိက္ခာကျအောင် ပြောစရာ အကြောင်းမရှိဘူး။ ကျနော် သူ့ကို မမုန်းပါဘူး။ အခု ပြောနေရတာ က ခင်ဗျားခန့်မှန်းလို့ရအောင်။

ဒီတော့ ဒွေးအောင်ကို ဉက္ကဌ လိုမ့်ခေါ်ပြီး ကွယ်ရာမှာ လူပေါကြီးလို့ စာရင်းထည့်ထားတာ။ အရေးပေါ် ဆိုရင်တော့ ဒွေးအောင်ကို ပွဲထုတ်ရမယ်လေ။

ကျနော့်အမြင် GROUPER မှာ အဆိုးဆုံး ကျနော်မကြိုက်ဆုံးက မင်းကြိုင် (ခေါ်) စနေမောင် မောင်။ အမှန်က သူ့နာမည်အရင်းက မင်းကြိုင်၊ ငယ်နာမည် မောင်မောင်။ ဘယ်ကဘယ်လို ရှေ့က စနေ တပ်သလဲ မသိဘူး။ စနေမောင်မောင် ဖြစ်လာတယ်။ သူ့ကြည့်ရတာ ဆရာမင်းသိခ်ရဲ့ စနေမောင် မောင်ဝတ္ထုကိုတောင် ဖတ်ဖူးပုံမရဘူး။ ပြောသံလည်း မကြားဖူးဘူး။ တခါတခါ သူ့ကို ဆရာမင်းသိခ် ကိုယ်တိုင်ပဲ စနေမောင်မောင်လို့ နာမည်ပေးသလိုလို ယောင်ဝါးလုပ်ချင်တယ်။

ကျနော်က စာကြမ်းပိုး လူလည်ဆိုတော့ ကျနော့်ရှေ့တော့ သူ ရှောင်တယ်။ သူ့ကို ကျနော်ဘာလို့ မကြိုက်တာလဲ၊ ဟုတ်လား။ မဟုတ်တာကို မျက်နှာပြောင်ပြောင်နဲ့ ပြောတတ်၊ လုပ်တတ်လို့။ ကျနော့် မှာ အကျင့်တခုရှိတယ်။ ကျနော် မဟုတ်တာ မမှန်တာ လုပ်မိတဲ့အခါ ကျနော် လိပ်ပြာမသန့်ဘူး။ လုပ်သာလုပ်ရ ပြောသာပြောရတယ်၊ မျက်နှာပြောင်ပြောင် မထားတတ်ဘူး။ ကျနော်မဟုတ်တာတွေ လုပ်ခဲ့ပါတယ်။ အတော်များများကို လုပ်ခဲ့ပါတယ်။ သို့သော် ကျနော်ကိုယ်တိုင် မဟုတ်တာမှန်း သေချာပေါက်သိနေတဲ့အတွက် စိတ်မသန့်ပဲ လုပ်ခဲ့တာချည်းပဲ။ ယုံချင်လည်းယုံကွာဆိုပြီး တဖက်လူ မျက်နှာကို သေချာမကြည့်ပဲ ပြောခဲ့ လုပ်ခဲ့တာချည်းပဲ။ အခု မင်းကြိုင်ဆိုတဲ့မောင်က မဟုတ်တာကြီး ဆိုတာ လူတကာသိနေတာကိုပဲ မျက်နှာပြောင်ပြောင်နဲ့ အမြဲတမ်း လုပ်နေတာကို ကျနော် လုံးဝ သဘော မတွေ့ဘူး။ နမူနာလေးတခု ပြောမယ်။

တခါက သူ့နေစရာမရှိလို့ အင်းစိန်ဘက်က ခြံနဲ့ဝင်းနဲ့ တိုက်ကလေးတလုံးကို ပိုင်ရှင်ဆီက ခွင်ချပြီး သူ့တက်နေလို့ရအောင် ကျနော်လုပ်ပေးလိုက်တယ်။ အိမ်နဲ့မဆိုင်တဲ့ အခြားလုပ်ငန်း စာချုပ် တွေအပေါ် မှာ ငွေပေးငွေယူတွေ ရှုပ်နေတာကို လှည့်ပတ်၊ စာချုပ်တွေ ပြောင်းချုပ်ပြီး အဲဒီအိမ်ကို သူ့လက်ထဲရောက်အောင် လွှဲပေးလိုက်တာ။ ငွေတပြားမှ မကုန်ဘူး။ နောက် အိမ်ရှင်က ကျနော့်နာမည်

နဲ့ အိမ်ကိုအရောင်းအဝယ်စာချုပ် ချုပ်ပေးတာ။ ကျုပ်က တကယ်မှ မပိုင်တာ မလိုချင်ဘူး။ ဒီတုန်းက မင်းကြိုင်နေစရာ မရှိတာမို့ သူ့ကို ပြန်လွှဲပေးလိုက်တယ်။ ကျနော်လည်း တပြားမှမယူခဲ့ဘူး။

အဲဒါ ဗျာ၊ နောက်တနှစ်လောက်ကြာတော့ ပိုင်ရှင်နဲ့သူ ပြဿနာတက်တယ်။ ပိုင်ရှင်က စာချုပ်တွေ ပြောင်းချုပ်တုန်းက ဟနေတဲ့ငွေ ပြန်ပေးပါ့မယ်၊ သူ့အိမ်ကို ပြန်ပေးပါဆိုတော့ မင်းကြိုင်က ကျနော့်အိမ် အစောကြီး ပေါက်ချလာပြီး ကိုသက်ခိုင် သက်သေလိုက်ပေးပါတဲ့။ ဒီအိမ် ကျနော်ပိုင်တာ ကိုသက်ခိုင် အသိဆုံးတဲ့။ ကြည့် လုပ်ပုံက။

ခက်တာက GROUPER မှာ ဌေးအောင်ကို အခိုင်ဆုံးကြိုးနဲ့ ချည်ထားတာက မင်းကြိုင်ဆိုတော့ သူ့စကားက ပေါက်ရောက်သလို ဖြစ်နေမြန်ရော။

နောက်တယောက်က ဦးဘရင်။ သူက ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌ၊ မင်းကြိုင်ရဲ့ငယ်သူငယ်ချင်း။ တခါတခါ မင်းကြိုင်ကို ငါနဲ့ ကိုင်တုတ်နိုင်တဲ့သူ။ မင်းကြိုင်နဲ့ ဆိုးဖော်ဆိုးဖက်၊ ထောင်ထဲမှာ အတော်ကြာအတူ နေခဲ့ကြဖူးတယ်လို့ ဆိုတယ်။ မတော်မတရား စိတ်မျိုးတော့ ရှိတဲ့သူမျိုး မဟုတ်ဘူး။ နောင်မှသာ မင်းကြိုင်ကောင်းမှုနဲ့ မိန်းမအငယ်လေးတွေ ဘာတွေ ထပ်ယူပြီး ဇာတ်ရှုပ်ကုန်တာ။ သူကလည်း မင်းကြိုင်ကို ငယ်နိုင်ဆိုတော့ ဖယ်ထားလို့မရပြန်ဘူး။

နောက်တယောက်က မင်းမင်းထွန်း သူက မင်းသမီးရဲ့ အကိုအရင်း။ ဘာမှမဟုတ်ပဲ ဟုတ်နေတဲ့သူ။ လူတကာကြားက ဟ နေတဲ့ အဟာကို လိမ်လိမ်မာမာဝင်ပြီး ခွင်ချတတ်တဲ့လူ။ လက်သုံးစကားကတော့ ကျနော် ဘာမှမသိဘူးနော် ဆိုပြီး ဘာဘာ ဘာမှ မသိပါဆိုတဲ့ ပုံစံ။

သူက ကားပွဲစားလောကက လာတော့ သိပ်တော့မဆန်းလှဘူး။ သူ့ရဲ့ ရံဖန်ရံခါ ထောက်ချက်တွေကို ဘယ်သူမှ မလှန်နိုင်လို့ ပါးစပ်အဟောင်းသားနဲ့ နေကြတာများတယ်။ စိန်ဂျွန်းစီမံကိန်းကို ကျနော့် လက်ထဲလွှဲဖို့ စိတ်ကူးရတာ သူနဲ့ ကိုသန်းဝင်းဆိုတော့ သူ့ကိုလည်း ဖယ်ဖို့ ပဖို့ ခပ်ခက်ခက်။

နောက် စိုးမင်းဟိန်း။ နာမည်အရင်းက စိုးမင်းပဲ။ ဘယ်ကဘယ်လို ဟိန်းသလဲ မသိဘူး။ ဆရာမင်းသိခ် ဟိန်းခိုင်းသလိုလိုပါပဲ။ သူက အိုက်တင်နဲ့ ဟန်နဲ့။ အကုန်သိတဲ့ ဒီဗိုင်း ဖမ်းထားတာ။ သို့သော် သူနဲ့ထိပ်တိုက်တိုးလိုက်ရင် ကျနော်ပြောတာက ကိုသက်ခိုင် ပြောတာနဲ့ အတူတူပဲဆိုပြီး လျှောလျှော ချတတ်တယ်။ သူက ဌေးအောင်ရဲ့ အနီးကပ်လူယုံတော်။ သူကလည်း GROUPER မှာ တဘာသာ။ ဒါနဲ့ စကားမစပ် အခုလောလောဆယ် စိုးမင်းဟိန်းတောင် အင်းစိန်ထောင်ထဲမှာပဲ၊ ဟုတ်တယ်၊ လမ်းလေးဆယ်ထိပ်က သီဟရုပ်ရှင်ရုံကို ဖျက်ပြီး ပြန်ဆောက်မယ့် စီမံကိန်းကို ပိုင်ပြီဆိုပြီး တစင်ထောင်လိုက်တာ၊ ဘာမှမလုပ်တတ်၊ မရှင်းတတ်ပဲ ထောင်ကျသွားတာ၊

ဒီစီမံကိန်းထဲက အခန်းတော်တော်များများကို မင်းသားကြီးကျော်ဟိန်းကတောင် ကြိုဝယ်ချင်တယ်ဆိုပြီး ကမ်းလှမ်းဖူးသေးတယ်ဗျ။ အခုအချိန်အထိတော့ သီဟရုံလည်း ကွက်လပ်အတိုင်းပါပဲ။ ဖောင်ဒေးရှင်းလုပ်ငန်းအတွက် နည်းနည်းပါးပါး မြေတူးလုပ်ငန်းလေး အစပျိုးထားတာတော့ရှိတယ်။ အခုတော့ ငါးကလေးတွေ မွေးသလိုဖြစ်နေတာပေါ့။

စီမံကိန်းကတော့ ဆောက်လုပ်ရေးပေါ့ဗျာ။ မလုပ်တတ်တဲ့ ခွင်သမားတွေ လက်ထဲရောက်တော့ မွေးမြူရေး ဖြစ်သွားတာပါ။

နောက်ဆုံးက ကိုသန်းဝင်း၊ သူက ၁၀၀ ရာခိုင်နှုန်းတော့ ပုရိသစိတ် မဟုတ်ရှာဘူး။ ဒီ တချက်က လွဲရင် ပညာတတ်၊ တည်တည်ကြည်ကြည် နေတတ်တဲ့သူ၊ စဉ်းစားချင့်ချိန်နိုင်တဲ့ အရည်အချင်းမျိုးလည်း ရှိတယ်။ သူ GROUPER မရောက်ခင် ကျနော်နဲ့အလုပ်တွေ တွဲလုပ်ဖူးတယ်။ လူကောင်းပါ၊ ခက်တာက သူက တယောက်တည်း။ ကမ္ဘာကျော်တွေက တဖွဲ့လုံး။ သူ့ရဲ့ အဆိုးဆုံးအားနည်းချက်က

တခါတခါ သူက ကိုမင်းကြိုင် ကျနော့်လက္ခဏာကို ကြည့်ပေးပါအုံးဆိုပြီး မင်းကြိုင်ကို ဆရာသွားသွား စာင်နေတာ။

ဘာလို့ သူတို့တယောက်ချင်းအကြောင်းကို အသေးစိတ်နေလဲ၊ ဟုတ်လား။ လိုတယ်လေ၊ ဒီလို ပုဂ္ဂိုလ်မျိုးတွေ စုထားတဲ့ ကုမ္ပဏီတခုက နိုင်ငံတခုရဲ့မြို့တော် အထင်ကရနေရာတခုမှာ သန်းငါးထောင် ကျော် တန်ဖိုးရှိတဲ့ စီမံကိန်းတခုကို ဘယ်လိုပျက်အောင် ဖျက်ခဲ့ကြသလဲဆိုတာ သူတို့အားလုံး အကြောင်း ပြောမှ ပြည့်စုံတော့မပေါ့။

ပျက်တာမှ ရိုးရိုးပျက်တာမဟုတ်ဘူး၊ အခု ကျနော်ပြောနေတဲ့အချိန်အထိ အဲဒီစီမံကိန်းကြီးဟာ ဘယ်သူမှလည်း ထိမရ၊ ကိုင်မရ၊ ဘယ်သူ့အတွက်မှလည်း အကျိုးမရှိ၊ လုံးဝ ရပ်ဆိုင်းပြီး အားလုံးအချည်း အနှီး အလဟဿ ဖြစ်နေတုန်းပဲ။

ဘာလို့လဲ ဟုတ်လား၊ အလုပ်ရတဲ့ ကုမ္ပဏီက ဗိုလ်ချုပ်မှူးကြီးတူလေ၊ လွှဲပြောင်းယူထားတာက စီးပွားရေးဒေါက်တာဘွဲ့ရထားတဲ့ ဒေါက်တာ ရှန်ရှူဒင်၊ ရှန်ရှူဒင့်နောက်မှာ ရင်းနှီးမြုပ်နှံထားခဲ့တာက မလေးရှားနဲ့စင်္ကာပူအဖွဲ့တွေ၊ နှစ်ဖက်စလုံး ရှေ့တိုးလို့မရအောင် ညပ်နေတာ။ ညပ်မှာပေါ့ဗျာ၊ မူလကတည်းက အလုပ်ကို အမည်ပေါက်ရထားတဲ့ GROUPERဟာ တကယ်အလုပ်လုပ်မယ့် အဖွဲ့မှ မဟုတ်ဘဲ။ ကျနော်ပြောတာ လွန်တယ်ထင်ရင် ရန်ကုန်မြို့မှာ GROUPER ဆိုတဲ့ ကုမ္ပဏီ နာမည်နဲ့ ဆောက်ထားတဲ့ တဲတလုံးလောက် ပြဗျာ။

စာချုပ်အကြမ်းတွေရေးပြီး ရှန်ရှူဒင်ကိုယ်တိုင် လုပ်ငန်းခွင်ထဲကို နှစ်ခေါက်သုံးခေါက် လာကြည့်ပြီးတဲ့အခါ ရွှေကိုယ်တော်တွေ လေသံပြောင်းလာတယ်။ စိန်ဂွန်းဈေးစီမံကိန်းကို ရှန်ရှူဒင် နာမည်ရွေးထားတဲ့ CITY SQUARE ဆိုတဲ့ ဆိုင်းဘုတ်တင်အခန်းအနားအတွက် ဝတ်စုံတွေ အပြိုင်အဆိုင် ချုပ်နေကြလေရဲ့။

တရက်မှာ အင်းလျားလမ်းက ရှန်ရှူဒင့်အိမ်ရှေ့ကို မင်းကြိုင်တို့အုပ်စု အလျှုံ တံခါးသွားခေါက် သလို လုပ်တယ်။

မစ္စတာ ရှန်ရှူဒင်ကို တွေ့ပါရစေ၊ GROUPER ဉက္ကဌလည်း ပါပါတယ်ပေါ့။ ရှန်ရှူဒင်က လက်ခံတော့ စကားပြောလိုက်တယ်။ နောက် ကျနော့်ကို ရှန်ရှူဒင် ဖုန်းဆက်တယ်။ သူတို့က 'တကယ့် ပိုင်ရှင်တွေ' လို့ပြောတယ် တဲ့။ ကျနော် သိလိုက်ပါပြီဗျာ၊ ငန်းကို ဗိုက်ခွဲမယ့် မောင်တွေ ခြေလှမ်းစပြီလို့။ ကျနော်နဲ့ဆုံကြတော့ သူတို့မသွားသလို ရှုးချင်ယောင်ဆောင်ကြတယ်။ ကိုသန်းဝင်းကလည်း ခင်ထိန်း တယ်။ ဒါပေမဲ့ ကျနော့်အကျင့်က ဟန်ဆောင်ပန်ဆောင်နဲ့ တိတ်တိတ်လေး အကောက်ကြံနေရတဲ့ အလုပ်မျိုးကို မုန်းတယ်။ ကျနော်က ပြောင်သမား၊ စီးပွားရေးလောကထဲမှာ အကောင်ကြီးကြီး ကျုပ် အမျိုး တကောင်တမြီးမှမရှိဘဲ တကိုယ်တော်ကြနေတာ။ အခုလို ခေတ်ပျက်ကြီးထဲမှာ ကျနော့်အတွက် အလုပ်မရှားဘူး။

မှတ်မှတ်ရရကတော့ ရှန်ရှူဒင် ပထမအရစ် ငွေပေးစာချုပ် ချုပ်တဲ့နေ့ကပေါ့ဗျာ။ ပြည်လမ်း က ရှန်ရှူဒင်ရဲ့ PRIME COMMERCIAL BANK ဘဏ် အပေါ်ထပ်မှာ စာချုပ်တွေ လက်မှတ်ထိုး ဖို့ ပြင်ဆင်နေကြတယ်။ ရှန်ရှူဒင်က ဘယ်လိုနည်းနဲ့မှ ပြင်ဆင်ပယ်ဖျက်လို့ မရအောင် စာချုပ်ပါအချက် တွေကို ပြည်တွင်းပြည်ပ ဥပဒေပညာရှင်တွေနဲ့ တိုင်ပင်ပြီး ထည့်နေတယ်။ တိုက်ပုံ အသစ်ချတ်ချွတ် တွေနဲ့ GROUPER လူကြီးမင်းတွေလည်း စုံနေပြီ။ GROUPER ရဲ့ စီးပွားရေးဦးတည်ချက်ကတော့ မြင့်တယ်။ သေဒဏ်ပေးတယ်လို့ရေးထားတဲ့ စာချုပ်ဆိုလည်း လက်မှတ်ထိုးမှာပဲ။

များများပေး၊ မြန်မြန်ပေး၊ ကုန်ရင်ထပ်ပေး။ သူတို့သိတာ ဒါအကုန်ပဲ။ နောက် ဆိုးလွန်းတာက အစည်းအဝေးခန်း အပြင်ဘက် ပြည်လမ်းမတဘက်ခြမ်း ပလက်ဖောင်းဘေးမှာ မြေကြီးတူးခ မရသေး

တဲ့ ကိုမြင့်သန်းတို့ အလုပ်သမားအဖွဲ့ လူနှစ်ဆယ်လောက်ရယ်၊ ကျောက်ဖိုးသဲဖိုး မရသေးတဲ့ ရွှေဘုံသာလမ်းက မေခလာဆေးတိုက်ပိုင်ရှင် ဒေါက်တာကြည်ကြည်ဝင်းတို့ လင်မယားရယ်၊ သစ်မျိုးစုံသွင်းပြီး ငွေမရသေးတဲ့ သစ်ဆိုင်အုပ်စုရယ်၊ လူငါးဆယ်ဝန်းကျင်ဟာ အဲဒီဘဏ်ရှေ့မှာ တဝုန်းဝုန်းနဲ့ဗျာ။ ရှန်ရှုဒင်ကတော့ မသိရှာဘူး ထင်ပါ့။

ပထမဆုံး အရစ်အနေနဲ့ သိန်းနှစ်ထောင်လောက် ရနိုင်တဲ့ အခြေအနေကို ငွေအောင်နဲ့ မင်းကြိုင် စကားပြောတာကို နားထောင်ပြီး အောက်ဖဲတွေ ပေါ်ကုန်တာကြောင့် သိန်းခြောက်ရာကို လေးရစ်ခွဲပေးမယ့် အဆင့်ရောက်သွားတော့တာပဲ။ အောက်ဖဲ ပေါ်တယ်ဆိုတာဗျာ၊ စကားပြောကြည့်လိုက်တာနဲ့ ငွေရပြီးရောဆိုတဲ့ အမူအကျင့်တွေ အကုန်ပေါ်လာတာပေါ့။ စာချုပ်ပါ အချက်အလက်ကို ဘာတခုမှ စေ့ဒက မတက်တော့ဘူး။ တွင်တွင်မေးနေတာက ဘယ်လောက်ပေးမှာလဲ၊ ဘယ်တော့ပေးမှာလဲ ချည်းပဲ ထပ်နေတာ။ ကျနော်လား၊ ဘာမှ မပြောသာတော့ဘူးဗျ။

လူတဝုန်းဝုန်းနဲ့ ခွေးသေကောင် လဒဆွဲသလို ဝိုင်းထဲမှာ ကျုပ်မပါချင်တော့ဘူး။

ကိုသန်းဝင်းကို ကျနော်ခေါ်ပြီး စာရင်းရှင်းဖို့ ပြောတယ်။ ကျနော်ဆက်မလုပ်ချင်တော့ဘူး။ ကျနော်စိုက်ထားတဲ့ငွေနဲ့ ရသင့်တဲ့ အကျိုးအမြတ်တချို့သာ ရှင်းဖို့ ပြောလိုက်တော့တယ်။ ကိုသန်းဝင်း တာဝန်ခံတာနဲ့ ကျနော် စိန်ဂျွန်းဈေးစီမံကိန်းထဲကနေ နောက်ဆုတ်လိုက်တယ်။

ရှန်ရှုဒင်ကတော့ စီးတီးစကွဲယားဆိုပြီး ရောမစီမံကိန်းကြီးကို အားကြိုးမာန်တက် အကောင်အထည်ဖော်ရှာတယ်။ ပိုင်ရိုက်တဲ့ စက်တွေသွင်း၊ ပိုင်ချောင်းတွေ သင်္ဘောနှစ်စီးတိုက်လောက် တင်သွင်းနဲ့ မြန်မာပြည် ရန်ကုန်ရွှေမြို့တော်ကြီးရဲ့ စီးတီးစကွဲယားကြီးကို တည်ဆောက်လိုက်တာ မြေကွက်လပ် အဆင့်က မတက်ခင် နောက်ဆုံး ရှန်ရှုဒင် ထောင်ထဲ ရောက်သွားတော့တာပဲ။ ဘာမှုလဲ ဟုတ်လား၊ ပြည်တန်ဆာမှုလိုလို ပုဒ်မမျိုးပဲ။ ဗမာပြည်လေ၊ ဘာတဲ့ သူဖွင့်တဲ့ နိုက်ကလပ်မှာ ပြည့်တန်ဆာတွေ ထားလို့ဆိုလား။ ဘာဖြစ်ရမှာလဲ အမှုစစ်ပြီးတော့ ထောင်ကျတော့တာပေါ့။ လေးနှစ်ဆိုလား။ စီးတီးစကွဲယားကြီးကော ဟုတ်လား၊ အခုလည်း ဒုံရင်းကဒုံရင်း မြေကွက်လပ်ကြီးပါပဲဗျာ။

■

## အခန်း (၂၃)

# မြန်မာပြည် ချူကာလီးယားစီမံကိန်း၏ အစပေလော

အသေးစိတ်တော့ ကျနော်မသိတော့ဘူး၊ ရှန်ရှူဒင်ကလည်း GROUPER အချိုးကို ရိပ်မိပြီး၊ သူ့နည်းသူ့ဟန်နဲ့ ကျော်လိုက်ခွလိုက်တော့၊ ဗိုလ်ချုပ်မှူးကြီးအိမ်အထိ ပေါက်သွားတယ် ဆိုတယ်။ ဘာတဲ့ဗိုလ်ချုပ်မှူးကြီးကတော် ဒေါ်ကြိုင်ကြိုင်ကတောင် 'သား' လို့ခေါ်ပြီး အိမ်ကို အဝင် အထွက် ယက်ခံတဲ့အထိတဲ့။ ကိုသန်းဝင်း ပြန်ပြောတာပါဗျာ။

နောက်တခုကြားတာက စိန့်ဂျွန်းဈေး (CITY SQUARE) စီမံကိန်း ဖောင်ဒေးရှင်းလုပ်ငန်းမှာ ပိုင်ရိုက်တဲ့ တုန်ခါမှုတွေကြောင့် တလမ်းကျော်က စွမ်းအင်ဝန်ကြီး၊ ဝန်ကြီးရုံးက ကန့်ကွက်တယ်လို့ ဆိုတယ်။

နောက် အဲဒီတုန်ခါမှုတွေက ဘေးမှာရှိတဲ့ ဂျပန်ဆေးရုံကြီး အရေးပေါ်ခွဲစိတ်မှုတွေအတွက် အကြီးအကျယ်ထိခိုက်ပါတယ်လို့ ကန့်ကွက်တာလည်း ရှိတယ်တဲ့။ ကျနော်အယူအဆကတော့ ဒါတွေအားလုံးဟာ အကြောင်းပြချက်သက်သက်တွေလို့သာ ယူဆတယ်။ ကမောက်ကမ ခေတ်ကြီးမှာ ပရမ်းပတာလူတွေနဲ့ ချီလေတဲ့ချီလေ ခေတ်ကြီးမို့ ဖြစ်ရတာလို့သာ ကောက်ချက်ဆွဲလိုတယ်။

ရှန်ရှူဒင်ရဲ့ ပုဂ္ဂိုလ်ရေးကို ဘေးဖယ်ထားပြီး သူ့အားထုတ်မှုနဲ့ ရည်မှန်းချက်ဟာ ခေတ်ရှေ့ပြေးခဲ့တာ အမှန်ပဲ။ ဒါပေမဲ့ တခါတခါ ခေတ်နဲ့လူ အံလွဲနေတာမျိုးတွေ ဖြစ်တတ်တယ်ဗျ။ နောက်တော့သူ့ရဲ့ PRIME COMMERCIAL BANK လည်းပိတ်လိုက်ရတယ်။ သူ့ကို နောက်ဆုံး လူချင်းမမြင်ရပဲ သူ့အကြောင်း သိလိုက်ရသေးတယ်ဗျ။ သူထောင်ထဲ ရောက်နေတဲ့အချိန်ပေါ့။

တနေ့ အကျဉ်းဦးစီးမှာ ညွှန်မှူးဖြစ်နေတဲ့ ဗိုလ်ကြီးရွှေကျော်က ညနေပိုင်း အရက် အတူသောက်ရအောင် လှမ်းခေါ်တော့ ကျနော် အင်းစိန်ထောင်ဘက် ရောက်သွားတယ်။ ကျနော်တို့ လာမယ် ပြောထားတော့ အင်းစိန်ထောင်ရဲ့ တံခါးမကြီးကို ကြိုဖွင့်ထားတယ်။ ပင်မဝင်ပေါက်ကြီးရဲ့ ညာဘက် အပေါ်ထပ်မှာ ကိုရွှေကျော်နေတယ်။ သူ့အခန်းမှာ အတူသောက်နေရင်း သူက 'ကိုသက်ခိုင် ဒေါက်တာ ရှန်ရှူဒင် ကိုသိသလား' တဲ့။ သူထောင်ထဲ ရောက်နေတယ်တဲ့။

ကျနော်တို့ အရက်သောက်နေတဲ့ အပေါ်ထပ်အခန်း ပြတင်းပေါက်ကနေ ရှန်ရှူခင်နေတဲ့ သီးသန့်ဆောင်ဆီကို လက်ညှိုးညွှန်ရင်း ဒီလူက လူတော်ဗျတဲ့။ ဘယ်လိုလုပ် ထောင်ထဲ ရောက်နေသလဲ၊ သူ မစဉ်းစားတတ်ဘူး တဲ့။ ကျနော်ခေါင်းပဲ ညိတ်နေလိုက်မိတယ်။ သူမေးတဲ့ မေးခွန်းရဲ့အဖြေကို ကျနော်လည်း သိချင်နေတာပါ။ ဗိုလ်ကြီးရွှေကျော်က ဗိုလ်ချုပ်ကြီးတင်ဦးရဲ့လူရင်းဗျ။ သူ့ဆရာ ရဟတ်ယာဉ်ပျက်ကျပြီးဆုံးသွားလို့ အလောင်းကို ရန်ကုန်ပြန်သယ်လာတော့ သွားကြည့်သတဲ့။ သွားကြည့်ပြီး ပြန်လာတော့ ကိုရွှေကျော် သူ့ကိုယ်သူသတ်သေသွားတယ်။ ရေချိုးခန်းထဲမှာ ဆွဲကြိုးချတာတဲ့။ တဆင့်စကားပါဗျာ၊ ဒါမျိုးကလည်း တိတိကျကျသိဖို့ ခက်တာကလား။

ဒီခေတ်စီအချိန် မြန်မာပြည်ကြီးမှာ ရတနာပုံနဲ့လွဲတာတွေက ကျနော်တယောက်တည်းတော့ မဟုတ်ပါဘူးဗျာ။

ရတနာပုံ လွဲရတဲ့အပြင် အသက်ကိုရန်ရှာမှာ ကြောက်နေရတဲ့ သူတယောက်ရဲ့ ထူးထူးဆန်းဆန်းလို့ ပြောရမယ့် အဖြစ်တခုရှိသေးတယ်ဗျ။

၁၉၉၅ ခုနှစ်ဝန်းကျင်လောက်ဖြစ်မယ် ထင်ပါရဲ့၊ တနေ့ မဆလခေတ်က တရားရေးဝန်ကြီး ဦးတင့်အောင်ဟိန်းရဲ့ ချွေးမ ဒေါက်တာခင်ဌေးဝင်းက ကျနော့်ကို အရေးတကြီး ဖုန်းဆက်တယ်။ သူ့အမျိုးသားက ဒေါက်တာအောင်နိုင်။ သူတို့ လင်မယားလည်း ဆေးခန်းဖွင့်တာ အဆင်မပြေဘူးထင်ပါရဲ့။တခါတခါ အလုပ်ပွဲစားလေး ဘာလေးလုပ်တယ်။ ဒါကြောင့် ကျနော်နဲ့ ခင်နေတယ်။ သူတို့က အင်းစိန်ဘက်မှာ နေတာ။ ဦးတင့်အောင်ဟိန်းလား။ ဗိုလ်မှူးဗိုလ်ပို့နေတယ်တဲ့။

ဒါနဲ့ ကျနော် အင်းစိန်က သူ့အိမ်ကို သွားလိုက်တော့ သူက မျက်စိမျက်နှာပျက်ပျက်နဲ့ သူ့မိတ်ဆွေ တယောက်ကို စစ်ထောက်လှမ်းရေးက သတ်ပစ်တော့မယ် ထင်တယ်တဲ့။ သူပြောတာတွေက ဝလုံးဝဆွေး ဖြစ်နေတယ်။ သတ္တုတွင်း ဝန်ကြီးဌာနဆိုတာလည်းပါတယ်။ ရွှေရှာတာရော၊ အနုမြူရော၊ ပြောလေ ရှုပ်လေဖြစ်နေတယ်။

ကျနော်က သေချာရှင်းပြပါအုံးဆိုတော့ လူတယောက်ကို ဖုန်းဆက်ပြီး ခေါ်လိုက်တယ်။ နာရီဝက်လောက်ကြာတော့ အဲဒီပုဂ္ဂိုလ် ရောက်လာပါတယ်။

သူ့နာမည်က ကိုစံလင်းတဲ့။ မဟာမေဒင်ဘာသာဝင်။ အသက်ငါးဆယ်ဝန်းကျင်လောက် ရှိမယ်။ ဓာတုဗေဒ ဘွဲ့ရတဲ့။ သူ့ကုမ္ပဏီကတ်ပြားလေး ထုတ်ပေးလို့ ကြည့်လိုက်တော့ HOSTING FLAG တဲ့။ အလံလေး တလူလူ ဖြစ်နေတဲ့ပုံလေးနဲ့ လိပ်စာကတ်အပြာလေးကို အခုထိ ကျနော်မှတ်မိနေတယ်။ သူဟာ ကုမ္ပဏီတခုထောင်ပြီး ရွှေနဲ့သတ္တု ရှာဖွေရေးလုပ်နေတဲ့ သူပါ။ သူလှုပ်ရှားခဲ့တာက စစ်ကိုင်းတိုင်းတဝိုက်မှာပါ။ ကိုယ့်စားရိတ်နဲ့ကိုယ် စီးပွားဖြစ် ထုတ်နိုင်လောက်တဲ့ သတ္တုကြောတွေကို ရှာ။ တွေ့ရင် အစိုးရကို တင်ပြပြီး အစိုးရနဲ့ သူတို့ကုမ္ပဏီ ၆၅ နဲ့ ၃၅ ရာနှုန်း ခွဲဝေယူကြဖို့ စာချုပ်ချုပ်ဆိုထားကြသတဲ့။

တနေ့ သူတို့ကုမ္ပဏီဟာ စစ်ကိုင်းတိုင်း၊ သပိတ်ကျင်းဘက်မှာ HEAVY SAND လို့ခေါ်တဲ့ သဲတမျိုးကို ရှာဖွေတွေ့ရှိခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီ HEAVY SAND ထဲမှာ ရွှေအပြင် တခြားဒြပ်စင်တွေပါ ပါနေတာမို့ စီးပွားဖြစ်ထုတ်ဖို့ အစိုးရကို တင်ပြပြီး HEAVY SAND နမူနာတွေကို သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာန ဓာတ်ခွဲခန်းကို ပို့ပြီး အစစ်ဆေးခံခဲ့ကြပါတယ်။

တပြိုင်နက်တည်းမှာ အဲဒီ HEAVY SAND ကို ပြည်ပကုန်သည်တဦးဆီ နမူနာပို့ပြီး ဈေးကွက်ရှာခဲ့ကြတယ်။

မကြာခင်မှာ ပါကစ္စတန်ကုန်သည်တဦးနဲ့ အဆက်အသွယ်ရတယ်။ ရသလောက်ယူမယ်၊ ဈေးကောင်းပေးမယ်ဆိုတာနဲ့ သတ္တုတွင်းဝန်ကြီးဌာနနဲ့ ကြားဖြတ်ညှိနှိုင်းပြီး စထရင်းပော်တယ်မှာ အရောင်းအဝယ်စာချုပ် ချုပ်လိုက်ကြတယ်တဲ့။

မရှေးမနှောင်းမှာပဲ သိပ္ပံနဲ့နည်းပညာ ဝန်ကြီးဌာနကို ပို့ထားတဲ့ နမူနာကို စစ်ဆေးတွေ့ရှိချက် စာတ်ခွဲခန်း အဖြေထွက်လာပါတယ်။ အဲဒီစစ်ဆေးချက်ကို ဝန်ကြီးထံ သိသာရန် တင်ပြထားပြီး မိတ္တူတစောင်ကို ကိုစံလင်း ရခဲ့ပါတယ်။ အဲဒီ မိတ္တူကို ကျနော်ဖတ်ရတယ်ဗျ။

HEAVY SAND ထဲမှာ ရွှေ၊ အလျူမီနီယမ်၊ ယူရေနီယမ်၊ တိုက်တေနီယမ်၊ ပလူတိုနီယမ် စတဲ့ အမျိုးအစား ရှစ်မျိုးပါဝင်ကြောင်း ရာခိုင်နှုန်းအလိုက် ခွဲခြားဖော်ပြထားပါတယ်။

ကိုစံလင်း တယောက် HEAVY SAND တွေကို ပါကစ္စတန်ကုန်သည်ရဲ့ အမှာစာမှာပါတဲ့ ထုတ်ပိုး ပုံစံအတိုင်း PACKING LIST၊ အိတ်အမျိုးအစားတွေနဲ့ အိတ်စပို့လုပ်ဖို့ အိတ်သွတ်နေတဲ့ အချိန်။ သိပ္ပံနဲ့နည်းပညာ ဝန်ကြီးဌာနကနေ သတ္တုတွင်းဝန်ကြီးဌာနကို ညွှန်ကြားစာတစောင် ရောက်လာပါတယ်။ အဲဒီစာက အဲဒီကိုစံလင်းတို့ သတ္တုရှာဖွေနေတဲ့ စီမံကိန်းကို ချက်ချင်းရပ်ပြီး သိပ္ပံနဲ့နည်းပညာဌာနကို လွှဲအပ်ဖို့ လုပ်ရမယ်တဲ့။

သတ္တုတွင်းဝန်ကြီးလည်း တပ်ချုပ်ကြီးက ခေါ်ပြီး အကြိမ်းခံရတယ်လို့ ဆိုပါတယ်။

အဲဒီတော့ ကိုစံလင်းလည်း ဘာလုပ်ရမှန်း မသိတော့ဘူး။ သူက သူ့အလုပ်ကို သဲကြီးမဲကြီး အာရုံစိုက်နေလိုက်တာ သူ့ခန္ဓာကိုယ်မှာတောင် ရေဒီယို သတ္တိကြွနေပြီလို့ ပြောတယ်ဗျ။ ကိုစံလင်းက သူ့ကို အစိုးရ ထောက်လှမ်းရေးတွေက လူမသိသူမသိခေါ်ပြီး သတ်ပစ်မှာလည်း တော်တော်ကြောက် နေပုံရတယ်။ တချိန်တည်းမှာပဲ တန်ဖိုး ရှိမှန်းသိနေပြီဖြစ်လို့ အစိုးရအနေနဲ့ ကြိုက်တဲ့ ခြပ်စင်ခြပ်ပေါင်းကို ယူ၊ သူ့ကို အဲဒီ HEAVY SAND မှာပါတဲ့ ရွှေရဲ့ ၆၅ ရာခိုင်နှုန်းကိုပဲ ရအောင်လုပ်ပေးပါလို့ ကျနော့်ကို နားပူတယ်ဗျာ။ ကျနော်လည်း ရုတ်တရက် ဘာမှ မတတ်နိုင်တာနဲ့ နားထောင်နေရုံပဲ တတ်နိုင်ခဲ့တယ်ဗျ။

သူပြောတဲ့ စကားထဲမှာ တချို့ HEAVY SAND ထည့်ထားတဲ့အိတ် ကားလေးစီးတိုက်လောက် ဟာ မန္တလေးတောင် ရောက်နေပြီတဲ့၊ အဲဒီပစ္စည်းအားလုံးကို 'လောမြို့' မှာ ရှိတဲ့ ရွှေသန့်စင်စက်ရုံကို ပို့ရမယ်ဆိုတာလည်း ပါသေးဗျာ။

သိပ္ပံနဲ့နည်းပညာ ဝန်ကြီးကတော့ အဲဒီအချိန်ကစပြီးတန်ခိုးထွားလာတော့တာပါပဲ။

ကိုစံလင်း နောက်ဘာဖြစ်သလဲတော့ ကျနော်မသိတော့ဘူး။ ကျနော်က ခင်ဗျားတင်ပြတဲ့ အချက်ဟာ မှန်တသားပဲ၊ သူတို့လိုချင်တာယူပြီး ကျန်တာကိုသာ မူလစာချုပ်အတိုင်း ဆောင်ရွက်ပါလို့ တင်ပြထားတဲ့စာရဲ့အဖြေကို စောင့်ပါလို့သာ ကျနော်ပြောနိုင်ခဲ့တယ်။

ကဲ၊ ကြည့်ပေတော့၊ မြန်မာပြည်ကြီးမှာ ဖြစ်နေပုံတွေဟာ။ ဒါကြောင့်ကျနော် ခင်ဗျားကို သတိပေး နေတာ၊ ဒီရဲဘက်စခန်းမှာ ရေနံ တွေ့နိုင်တယ် ဘာညာလျှောက်ပြီး အာမချောင်နဲ့လို့။

နောက်ဆုံး ကိုစံလင်း ဘာဖြစ်သွားလဲ၊ ဟုတ်လား။ ရတနာပုံနဲ့လွဲခဲ့ပြီး ဘာဆက်ဖြစ်သလဲ ကျနော်မသိတော့ပါဘူး။ တကယ်ပါ။ ကျနော်လည်း ဒေါက်တာခင်မွေးဝင်းတို့နဲ့ မဆုံဖြစ်တော့ဘူး။ သတင်းလည်း ထပ်မကြားတော့ဘူးဗျ။ နေအုံးဗျ၊ သန့်စင်လို့ရတဲ့ရွှေတွေကို ဦးသောင်းကိုယ်တိုင် တပ်ချုပ်ကြီးဆီပို့ရတယ်။ ဝန်ကြီးဦးသောင်းက တပ်ချုပ်ကြီးဆီကို တင်တဲ့စာထဲမှာပါတဲ့ ရွှေရာခိုင်နှုန်းက နည်းနေတော့ လစဉ်ပို့ရတဲ့ရွှေတွေကို အပြင်ဘက်ကပါ တခါတခါဝယ်ပို့ရတယ်လို့လည်း သူ့ရုံးအဖွဲ့မှူး ဆီက သိရသေးတယ်။ အေးဗျ၊ ဒါဟာ ဗမာပြည်ရဲ့ နျူကလီးယားစီမံကိန်း အစများ ဖြစ်နေမလားပဲဗျာ။

■

## အခန်း (၂၄)

# သက်ခိုင်ရဲ့ မရဏာနုဿတိ

ထိုနေ့က အိပ်ဆောင်ဖွင့်ဖွင့်ချင်း မနက်ခြောက်နာရီခွဲလောက်မှာ ရဲဘက်အိပ်ဆောင်နှင့် ကပ်လျက်က မြောင်းကျဉ်းလေးထဲမှာ အလောင်းတလောင်းပေါ်လာသည်။ စတွေ့သူက ရဲဘက်တဆောင်မှူး နိုင်ဝင်း။ အလောင်းက ရဲဘက်တွေကို အစောင့်ချထားသော ရဲတပ်သား၏အလောင်း။ အဆိုပါ ရဲတပ်သားမှာလည်း လွန်ခဲ့သောနှစ်ရက်ကမှ ဤစခန်းခွဲသို့ တာဝန်ကျလာသူ၊ ကျနော်လည်း မမြင်ဖူးလိုက်။ ဇာတ်လမ်းက သပွတ်အူလိုက်လာသည်။

အမှန်ပင် သေပုံက ထူးဆန်းသည်။ စခန်းခွဲ (၁) ၏ စုစုပေါင်း နေရာအကျယ်အဝန်းမှာ အလျားပေသုံးရာ၊ အနံပေနှစ်ရာထက် မပို။ ရဲဘက်အိပ်ဆောင်နှင့် ကပ်လျက်မှာ အရှည်ပေရှစ်ဆယ်ခန့် အကျယ်ဆယ့်ငါးပေခန့် ရေမြောင်း။ ရေမြောင်းဘေး ပေနှစ်ဆယ်ခန့်အကွာမှာ အစောင့်ရဲများနေသည့် မြေစိုက်တဲ၊ ကျူထရံကာ သက်ကယ်မိုး တဲငယ်ရှိသည်။ စခန်းအနေအထားက ကွင်းပြင်ကျယ် ဟင်းလင်းပြင်ကြီးထဲမှာ တည်နေသောကြောင့် ဘယ်သူ၊ ဘယ်နေရာမှာ ဘာလုပ်လုပ် အကုန်မြင်နေရသည့် အခြေအနေ။

သူ့အလောင်းကို နိုင်ဝင်းနှင့် မင်းနောင် ရေထဲမှ ဆယ်ပြီးမှ ကြည့်မိရာ အသက်သုံးဆယ်ပင် ပြည့်ဟန် မတူသေး။ အမှန်ဆိုရလျှင် အစောင့်ကျသော ရဲတပ်သားအားလုံးသည်လည်း လူရုပ်မပေါ်လှ။ ရသည့်လစာနှင့် မလောက်မငှဖြစ်နေပုံမှာ သိသာလှသည်။ အစောင့်ရဲတို့လည်း ရဲဘက်တွေအပေါ်မှာသာ မှီခိုကြရသည်။ လိုင်းရှိက်ပုံက အလုပ်သက်သာချင်သော ရဲဘက်က အစောင့်ရဲ ခေါင်းဆောင် တပ်ကြပ်ကြီးကို တနေ့စားရိတ် တရာခန့်ပေးလျှင် ထိုရဲဘက်ကို ရဲကင်း အထွေထွေလုပ်သားအဖြစ် ခေါ်ထားသည်။ တချို့လည်း လခနှင့် ဖြတ်ပေးသည်။ သို့သော် ရဲကင်း အထွေထွေလုပ်သားရဲဘက်မှာ အနေအထိုင် တတ်ရသည်။ စခန်းတာဝန်ခံ ငြိုငြင်လို့တော့ မဖြစ်။ ကြားညပ်တတ်သော နေရာ။

ယခု လတ်တလော ပြဿနာကား အဆိုပါရဲသားသည် မည်သည့်အတွက်၊ မည်သည့်အချိန်က

ရေနစ်သေဆုံးနေသနည်း။ ရဲဘက်တဦးဦးက သတ်လေသလော။ ရဲဘက်တွေ အားလုံးကို အဆောင်ထဲမှာ အရေးပေါ် တန်းစီခိုင်းထားသည်။ ဦးအေးနိုင်လည်း ပြာယာခတ်နေသည်။ ရဲကင်းခေါင်းဆောင် တပ်ကြပ်ကြီးလည်း မျက်နှာမှာ သွေးမရှိတော့။ အဖတ်ကွာကိန်း၊ အပွင့်ပြုတ်ကိန်းတွေ။ ပင်မစခန်းနှင့် သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးတို့ထံ သတင်းပို့ပြီးဖြစ်၍ မကြာမီ ကွင်းဆင်းစစ်ဆေးရန် ရောက်လာတော့မည်။။။

ထုံးစံအတိုင်း ထိုပြဿနာသည် ကိုသက်ခိုင်ဘက်သို့ မြားဦးလှည့်လာတော့သည်။ လှည့်ရသည့် အကြောင်းရင်းကလည်း စခန်းရဲကင်းနှင့် အရင်းနှီးဆုံးမှာ ကိုသက်ခိုင်။ ကိုသက်ခိုင် စခန်းရောက်စက ရဲကင်းမှာ ရဲတွေနှင့်အတူ တနေကုန် ဖဲရိုက်နေတတ်သည်။ သူ ရိုက်သည့်စံနစ်က နိုင်ရင်ပြန်ပေး ရှုံးရင် အဆုံးခံ။ စိတ်ညစ်ညစ်နှင့် လျှောက်လုပ်နေသည့် ပုံစံ။ နောက်ပိုင်းတော့ ပုတီးစိတ်သလိုလို တရားထိုင်သလိုလိုနှင့် ဖဲဝိုင်းဘက်သွားသည်ကို မတွေ့တော့။ ရေချိုးကန်ကို ရေဖြည့်သော တုံကင်မှာ တယောက်တည်း သည်းသည်းမဲမဲ ရေလှိမ့်ထိုးနေသည်ကို တွေ့နေရတတ်သည်။

အဆောင်ပေါ်က ရဲဘက်များကို တယောက်ပြီးတယောက် ဦးအေးနိုင် ခေါ်မေးနေသည်မှာ ထမင်းစားချိန်လည်း မပြီး။ နောက် ကိုသက်ခိုင်ကိုခေါ်ပြီး ခေါင်းချင်းရိုက်နေပြန်သည်။

ပင်မစခန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးအဖွဲ့ ရောက်လာတော့ အလောင်းက ကိုင်လို့မရတော့။ ရေနွေး နေသောအလောင်းသည် နေပူရှိန်ကြောင့် ကိုင်လိုက်တိုင်း အရေပြားတွေ လန်ကုန်သည်။

တနာရီခန့် စစ်ဆေးမေးမြန်းပြီး အလောင်းကို ပီနန်အိတ်၊ ဝါးနှစ်လုံးဖြင့် ကြက်ခြေခ်ိ လူနာ ထမ်းစင်ပုံစံလုပ်လျက်၊ မော်တော်ပေါ် တင်ကာ စစ်ဆေးရေးအဖွဲ့ ပြန်ထွက်ခွါသွားချိန်တွင် ညနေ သုံးနာရီခွဲခန့်ရှိပြီ။ ထိုအချိန်မှ ရဲဘက်အားလုံး နံနက်စာ စားကြရသည်။ ကျနော် ထမင်းအမြန်စား၍ ကိုသက်ခိုင်တဲဘက် ထွက်ခဲ့သည်။ သူ ဘယ်ပုံပြဿနာ ရှင်းလိုက်သည်ကို သိချင်စိတ် စောနေသည်။

'ကိုသက်ခိုင် စားပြီးပြီလားဗျာ၊ ဘယ်လို ရှင်းလိုက်ကြသလဲဗျ' သူ့ပုံစံက ခပ်အေးအေးပင်

'ကော်ဖီမစ်နဲ့ပဲ ရောင့်ရဲလိုက်တော့မယ်။ ရဲဘက်တွေတော့ တနေကုန် ထမင်းငတ်တာပဲ'

ကျနော့်အမေးနှင့် သူ့အဖြေက တခြားစီ

'မဟုတ်ဘူး၊ ဒီရဲ သေတဲ့ မှုက အေးပါ့မလားဗျ'

'ဘာမအေးစရာရှိလို့လဲဗျာ၊ သွေးရိုးသားရိုးသေတာပဲ'

'သွေးရိုးသားရိုးလို့ ဘယ်လို အဖြေထွက်သလဲဗျာ'

'ကိုယ်ချင်းစာ ကြည့်ရာက ထွက်လာတာ'

'ရှင်းအောင် ပြောစမ်းပါဗျာ'

'အော် ဒီလိုဗျ။ ဒီရဲဘော်က လွန်ခဲ့တဲ့ နှစ်ရက်လောက်က ပြောင်းလာတာတဲ့။ ကျနော် ကိုယ်တိုင်လည်း သူ့ကို သတိမထားမိဘူး။ နောက် သူဟာ ဒီကို ပြောင်းမလာခင် အရက် အလွန်အကျွံ သောက်တတ်လို့ ဒီကိုရွှေ့လိုက်တာတဲ့၊

မသေခင် ညက သူ့အရင် ရောက်နေတဲ့ ရဲဘော်တွေကို အနီးအနားမှာ အရက် ဘယ်လိုရသလဲ ထပ်ချည်းတလဲလဲ မေးနေသတဲ့။ နောက် သူက နဂိုကလည်း သိပ်ကျန်းမာပုံမရဘူး၊ ယိုင်နဲ့နဲ့ပုံစံတဲ့။ အားလုံး ဆက်စပ်စဉ်းစားလိုက်တော့ သူ အချိန်မတော် ယင်းထပြီး အရက်ရှာဖို့ ရဲဘက်တွေရဲ့ အဆောင်ကို လာတာ။ မြောင်းကိုကျော်ဖို့ ခင်းထားတဲ့ ဝါးပိုးဝါးပေါ်ကနေ ဖြတ်အလျှောက်မှာ ကတုန်ကယင်ဖြစ်နေတဲ့ အချိန်မို့ ရေထဲ ပြုတ်ကျတယ်၊ ကျကျခြင်း ဝါးပိုးဝါးတံတားနဲ့ ခေါင်းနဲ့ ရိုက်မိတယ်၊ အဲဒီမှာ တစခန်း သိမ်းသွားရှာတာပဲ။ အဆောင်ပေါ်က ကျနော့်တပည့် မြင့်လွင်တောင် ဝုန်းကနဲ အသံတခု ကြားလိုက်တယ်လို့ပြောတယ်။ သေချာတာက တံတားဖြတ်ထိုးထားတဲ့ ဝါးပိုးဝါးနဲ့

သူခေါင်းရိုက်မိတဲ့ ဝါးပိုးအဆစ်နေရာမှာ ဆံပင်စတချို့ ငြိကျန်ခဲ့တယ်။ ကျနော် တစစီဆက်စပ်ပြတော့ အားလုံး လက်ခံကြတယ်။ အရက်အတွက်ဖြင့် အသက်ပင်သေသေဆိုတဲ့ စာရင်းထဲမှာ ကျနော်လည်း ပါခဲ့တာကိုး။ ကိုအေးနိုင်ရယ်၊ ရဲကင်းခေါင်းဆောင် တပ်ကြပ်ကြီးရယ်၊ အဲဒီ ဇာတ်လမ်းအညွှန်းအတိုင်း ရှင်းလိုက်ကြတာပဲ။ တကယ်တမ်းလည်း လွန်ခဲ့တဲ့ နှစ်ရက်လောက်ကမှ ရောက်လာတဲ့ ရဲဝန်ထမ်းကို သတ်ပစ်မယ့်သူ၊ သတ်ပစ်လောက်တဲ့အကြောင်း ဘာမှမရှိပါဘူး'

'ခင်ဗျားတို့ရှင်းတဲ့ ဇာတ်လမ်းကို စစ်ဆေးရေးအဖွဲ့က လက်ခံသလားဗျ'

'လက်မခံလို့ မရဘူးလေ။ အစပိုင်းတော့ မြို့နယ်မှူးက နည်းနည်းရစ်ချင်တယ်။ နောက် ကျနော်က တိုင်းရဲမင်းကြီးဆီ ကျနော် စာရေးပေးလိုက်ပါ့မယ်။ သက်ခိုင်နဲ့တွေ့တယ် ပြောပါ။ သူ့ ကိုယ်ရေးအရာရှိ ရဲအုပ် ကိုစစ်နိုင်ကတဆင့် ခင်ဗျားလိုတဲ့ အကူအညီတောင်းနိုင်တယ်၊ အခုဖြစ်ရပ်ဟာ သွေးရိုးသားရိုးပါ ဆိုတာ တာဝန်ယူတဲ့အကြောင်းပြောမှ လျှော့သွားတာ။ ကျနော် ဘယ်လိုလူဆိုတာ ရဲမင်းကြီး သိပြီး သားပါ' ကျနော်က မနေနိုင်မထိုင်နိုင် သံသယတပိုင်းဖြင့် တအံ့တသြမေးလိုက်မိသည်။

'ဟ တိုင်းရဲမင်းကြီးနဲ့ခင်ဗျားက တကယ်ရင်းနှီးသလားဗျ'

'ရင်းနှီးတယ်လေ။ သူနဲ့အလုပ်တချို့ အတူတွဲလုပ်ဖူးယုံတင်တောင် မကဘူး၊ သူနဲ့ မညားလိုက်တဲ့ သူငယ်ရည်းစားက ဒေါ်မြသီတာတဲ့။ ကျနော် ဆရာအတတ်သင် တက်တုန်းက ကျနော်တို့ သချာၤဌာနမှူး။ နေအုံး၊ ကျနော်စိတ်မကောင်းတာက ဒီရဲဘော်ဟာ ညဘက်အချိန်မတော်ကြီးမှာ အရက်ကို ကျနော့်ဆီကများ ရနိုင်မလားလို့တွေးပြီး ဒီဖက်ကို ကူးလာပုံပဲဗျ။ ဖြစ်မှဖြစ်ရလေ ယမကာလုလင်လေး ရယ်လို့တောင် ညည်းရမလိုလို ပါပဲဗျာ'

'ဒါနဲ့ကိုသက်ခိုင်၊ ခင်ဗျား တနေကုန် ဒီအလောင်းကြီးနား သွားလိုက် ပြန်လိုက်နဲ့ အလုပ်ရှုပ်နေတာ စိတ်ထဲ ဘယ်နှယ့်မှ မနေဘူးလားဗျာ'

'လူပဲဗျ၊ စိတ်ထဲတော့ သိပ်မသတီလှဘူးပေါ့။ ဒါပေမဲ့ ကျနော်အခု လုပ်နေတဲ့ လေ့ကျင့်ခန်းမှာ တော့ အသုံးတည့်တယ်' ကိုသက်ခိုင်ကို အူကြောင်ကြောင်များ ဖြစ်နေရော့သလား ကျနော်ထင်လာ သည်။

'လာပြန်ပြီ၊ ဘယ်နှယ့် လူသေအလောင်းက အသုံးတည့်နေရပြန်တာတုန်းဗျာ'

'မရဏာနုဿတိဆိုတာ ခင်ဗျား ကြားဖူးတယ် မဟုတ်လား။ ဒီအလောင်းကို ထပ်ခါတလဲလဲ ကြည့်ရင်း ငါဟာလည်း ထိုသဘောအတိုင်းဖြစ်တယ်၊ သူ့လို အရိုးအရေတွေနဲ့ တည်ဆောက်ထား၊ ဖွဲ့စည်းထားတယ်။ ငါသေခဲ့ရင်လည်း ဒီပုံစံအတိုင်းဖြစ်မယ်၊ သူ့ဆံပင် ငါ့ဆံပင်၊ သူ့သွား ငါ့သွား၊ သူ့အရိုး ငါ့အရိုး အားလုံး တသဘောတည်းပဲလို့ စဉ်းစားတာပေါ့ဗျာ။ တကယ်တော့ ကျနော်တို့ ခန္ဓာကိုယ်ဟာ စက်ကြီးဗျ'

'ဗျာ၊ စက်ကြီး ဟုတ်လား။ ဘာစက်ကြီးလဲဗျာ'

'ခန္ဓာစက်ကြီးပေါ့ဗျာ။ ကျနော် အဲဒီ ခန္ဓာစက်ကြီးရဲ့သဘောကို အိတ်ဇောပိုက်ကထွက်တဲ့ လေကတဆင့် လေ့လာနေတာ'

'ဘယ်အိတ်ဇောပိုက်လဲဗျ'

'နှာသီးဝလေ။ အဲဒါ ခန္ဓာစက်ကြီးရဲ့ အိတ်ဇောပိုက်ပဲ။ စက်ကြီး အလည်မြန်နေရင် အိတ်ဇောပိုက်အဝက လေထွက်တာ အရှိန်ပြင်းတယ်၊ အလည်နှေးရင် လေထွက်နှေးတယ်။ နောက် တဖြည်းဖြည်း အလေ့အကျင့်ရသွားရင် အဲဒီအိတ်ဇောပိုက်တလျှောက် သိစိတ်က လိုက်ပါသွားရင် ခန္ဓာစက်ကြီးတခုလုံး အချိန်မလပ် ခုတ်မောင်းနေတဲ့သဘောကိုတောင် သိလာတယ်ဗျ။ အဲဒီစက်ကြီး ဟာ ဘဝအလိုက် ပုံစံ ပြောင်းပြောင်းနေတာတဲ့ဗျ။ လူဘော်ဒီနဲ့စက် ခွေးဘော်ဒီနဲ့စက်။ နွားဘော်ဒီနဲ့

စက် ဆိုတာမျိုးပေါ့။ ပုံစံ ဘယ်လိုပြောင်းပြောင်း သူ့အတွင်းပိုင်းစွမ်းအင်ကတော့ ထပ်ချပ် လိုက်ပါတည်ရှိနေတာတဲ့' သူက ဘာကိုမှ အာရုံမစိုက်ဘဲ ဆက်ပြောနေပြန်သည်။

'ထူးခြားတာက ခန္ဓာစက်ထဲမှာ စိတ်ဆိုတဲ့ သိမှုသဘောဗျ။ ဘော်ဒီပိုင်းမှာက အမာအပျော့ အမှုန်၊ အပူချိန်၊ လေဖိအားတွန်းအား၊ ချောဆီလို သဘော၊ ဒါတွေ ပေါင်းထားတယ်။ စိတ်အစုမှာက သိတာ၊ မှတ်သားတာ၊ ခံစားတာ၊ တုန့်ပြန်တာ တွေပါတယ်။ ဘော်ဒီပိုင်းကို တစုထား၊ စိတ်အစုလေးခုနဲ့ဆို ခန္ဓာစက်မှာ အစိတ်အပိုင်းငါးခုလို့ ပြောနိုင်တယ်။ ဟိုတုန်းက ကျနော်နားမလည်ခဲ့တဲ့ ခန္ဓာငါးပါး ဆိုတာပေါ့ဗျာ။ နောက် အဲဒီစက်ကြီးက ကျနော်တို့ သိသိမသိသိ သူ့သဘောသူဆောင်ပြီး လည်ပတ်နေတာ၊ စက်ကြီးရဲ့နောက်ကြောင်း၊ မျက်စိကလာတဲ့ အမြင်အာရုံ၊ နားကကြားတဲ့ အကြားအာရုံ၊ နှာခေါင်းကလာတဲ့ အနံ့အာရုံ၊ တွေးတောမှုကလာတဲ့ စိတ်အာရုံ၊ အထိအတွေ့ကလာတဲ့ ရသာရုံစတဲ့ အထုပ်ရှုပ်တွေနဲ့ စဉ်ဆက်မပြတ် လည်နေတာတဲ့။ ဒါတွေကို ဆင်ခြင်မိတော့လည်း သေသွားတဲ့ ရဲသားရဲ့အလောင်းဟာ အထူးအဆန်း မဟုတ်တော့ပါဘူးဗျာ'

အမှန်အားဖြင့် ထိုစဉ် ကိုသက်ခိုင် ပြောနေသော အကြောင်းကို ကျနော်နားမလည်ချေ။ နောင်သော် သူ့ စိတ်လေ့ကျင့်ခန်းနှင့်ပတ်သက်၍ ရှင်းပြသောအခါမှ ကျနော် အတန်ငယ် နားရှင်းခဲ့သည်။

'ဒါနဲ့ ကိုသက်ခိုင်။ ခင်ဗျား စောစောကပြောတော့ ဆရာအတတ်သင်က ခင်ဗျားဆရာမဆို၊ ခင်ဗျားက ဘယ်လိုလုပ်ပြီး ဆရာအတတ်သင် ရောက်သွားတာလဲဗျ'

'အော် ဖြစ်ချင်တာလည်း မဖြစ်ရပါ၊ မဖြစ်ချင်တာတွေလည်း ဖြစ်ရတာတဲ့။ ကျနော် ဆရာအတတ်သင်ရောက်သွားတာကို သိသွားတဲ့ ကျနော့် အတန်းပိုင်ဆရာမက 'သက်ခိုင်ရယ် ဒီထက်တုံးတဲ့အလုပ်ကို မရွေးတတ်တော့ဘူးလား' လို့ ကရုဏာဒေါသော အပြစ်တင်တဲ့အထိပါပဲ။

ဘာဘဲဖြစ်ဖြစ်ဗျာ၊ အခုအချိန်မှာ အားလုံးကို ပြန်စဉ်းစားရင် ကျနော် အရာရာကို ကျေနပ်တတ်လာပါပြီ။ ကျနော့်ကိုယ်ကျနော် သတ်သေချင်စိတ်၊ ရန်သူတော်ကို သတ်ချင်စိတ်၊ အရာရာကို မကျေချမ်းတဲ့စိတ်တွေ ကွယ်ပျောက်ခဲ့ပါပြီ။ အေးဗျာ ကျနော့် ဆရာအတတ်သင် ကျောင်းသားဘဝဟာ ကျနော့်အစွမ်းအစတွေကို စပြီး ပြခွင့်ရ၊ လူတောတိုးခွင့်ရတဲ့ ဘဝအစမို့ ပျင်းရိငြီးငွေ့စရာတော့ မရှိဘူးဗျ။ တကယ့်ကို တသက်တာ မမေ့နိုင်လောက်တဲ့ လေးစားထိုက်တဲ့ ဆရာတွေ၊ သူသူငါငါ လူသားတိုင်း မကာင်းနိုင်ကြတဲ့ အချစ်ဇာတ်လမ်း၊ အချစ်ဇာတ်ကြမ်းတွေလည်း ပါပါရဲ့ဗျာ'

■

အခန်း (၂၅)

# ဘဝစစ်မြေပြင်သို့

၁၉၇၅ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့မှာ ကျနော့်အဖေဟာ ရုတ်တရက် ကမာရွတ်ဘူတာရဲ့ ယမ်းမကြီးပေါ်မှာ ကားအတိုက်ခံရတယ်။ အဖေ ဆေးရုံပေါ် ရောက်တော့ စကားမပြောနိုင်တော့ပါဘူး။ ပြင်းထန်တဲ့ဝေဒနာကို ခံစားရင်း ဘေးကရပ်နေတဲ့ မိသားစုကို မျက်လုံးဖွင့်ပြီး တယောက်စီကို ထိုက်ကြည့်နေတယ်။

အဖေ့မျက်လုံးတွေက ကျနော်ဆီ ရောက်လာတယ်။ သူများတွေထက် ပိုကြာအောင် ကျနော့်ကို စိုက်ကြည့်နေတယ်။ သူပြောချင်တာတွေ အများကြီးရှိပါလိမ့်မယ်။ သေချာတာတခုက အဖေဟာ ကျနော်ကို အများကြီး မျှော်မှန်းခဲ့တယ်။ ဒါတွေကို ဘယ်လိုမှ ဆက်လက်ဖန်တီး မပေးနိုင်တော့တဲ့ အတွက် ကိုယ့်အားကိုယ်ကိုးတော့လို့ ပြောနေတယ်လို့ ကျနော် အဓိပ္ပါယ်ဖွင့်ခဲ့တယ်။ နောက်နေ့ အဖေဆုံးတယ်၊ နောက် ခြောက်လလောက်ကြာတော့ ကျနော် ဆယ်တန်းအောင်တယ်။

အမှတ်ကောင်းကောင်းနဲ့ကို ကျနော်အောင်ခဲ့ပါတယ်။ ကျနော့်တန်းခွဲမှာ ကျောင်းသားဦးရေ ၆၄ ယောက်ရှိတယ်။ လေးယောက် (က) စာရင်းက အောင်တယ်။ အဲဒီအထဲမှာ ကျနော်က ဒုတိယ ထိုက်ပါတယ်။ မိသားစုမှာက ကျနော်နဲ့ပါဆို ကျောင်းသားချည်း ငါးယောက်။ ကျနော့်မိသားစုက ထိပ်ချုံ့ချုံ့တဲ့တဲ့ မဟုတ်ပေမဲ့ လူ့လောကကြီးထဲမှာ လင်ယောက်ျားမျက်နှာ တကမ္ဘာမှတ်ပြီး ရန်ကုန် မြို့ကြီးကိုရောက်လာတဲ့ အမေ့လုပ်စာနဲ့ ကျနော် တက္ကသိုလ်ဆက်တက်ဖို့ဆိုတာ မဖြစ်စကောင်းဘူးလို့ ခံယူတယ်။ အဲဒီနှစ်က ဒေသကောလိပ်ဆိုတာ စပေါ်လာလို့ ကျနော်ဆရာအတတ်သင် ရောက်သွား တာလည်း ပါတယ်ဗျ။ ဘယ်တက္ကသိုလ်ကို ဆက်တက်ရမယ်ဆိုတာ နောက်နှစ်နှစ်ကြာမှ သိရမှာ ဆိုတော့ အမေ့ကို ဒုက္ခမပေးတော့ဘူးဆိုတဲ့ ခံယူချက်က ပိုပြင်းထန်လာတယ်။ ဒါနဲ့ ဦးစန်းမောင်ဆိုတဲ့ ကျောင်းဆရာတယောက်က ဆရာအတတ်သင် ကျောင်းဝင်ခွင့်လျှောက်လွှာတွေ ခေါ်နေတယ် ဆိုတာနဲ့ ဝင်ဖြေပြီးအောင်တော့ ဘိုကလေး ဆရာအတတ်သင် ရောက်ခဲ့တော့တာပဲ။

ကျနော်နဲ့အတူ အောင်ခဲ့တဲ့မောင်တွေလား၊ ခင်ဇော်က ရေတပ် ဗိုလ်မှူး၊ မြင့်လွင်က စွမ်းအင်အေအီး။ ကိုကိုလေးက ဆက်သွယ်ရေးအေအီး၊ အားလုံး ဘီအီးတွေပေါ့။ အခု ကျနော်ကတော့ ရဲဘက်မှာလေ။ ဟား ဟား လောကကြီးဟာ တခါတခါ ရယ်စရာတော့ အကောင်းသားဗျာ။

တခုပြောစရာ ရှိတယ်ဗျ။ အဲဒီတုန်းက ကျနော်ဟာ အသက်ဆယ့်ရှစ်နှစ်သာ ရှိသေးပေမဲ့ တွေးတာတောတာ တော်တော်ကြီးကျယ်နေပြီဗျ။ ဒါကလည်း ဖတ်ခဲ့တဲ့စာတွေနဲ့ ဆုံခဲ့တဲ့သူတွေကြောင့် ထင်ပါရဲ့။ ဖတ်ခဲ့တဲ့စာတွေက ထားပါတော့၊ ကျနော် မထင်မှတ်ဘဲ တွေ့ခဲ့တဲ့ လူပညာရှိ တယောက်အကြောင်း ပြောချင်တယ်ဗျ။

စာပေဟော ကွက်စိပ်ဆရာကြီး ခေတ္တရာစိန်ဆိုတာ ကျနော် ဆုံခဲ့ဖူးတယ်၊ ကျနော် ဆယ်တန်းအောင်ပြီးတဲ့ အချိန်ပေါ့။ ကျနော်တို့အိမ်ရှေ့အိမ်က ဘကြီး ဦးညွန့်မောင်တို့အိမ်မှာ ဘုရားကိုးဆူကပ်တယ်။ ဘုရားကိုးဆူဆရာက ဆရာကြီး ခေတ္တရာစိန်ဗျ။ အဲဒီခေတ်က ဆရာကြီး ရေဒီယိုကနေဟောဟောနေတဲ့ ကွက်စိပ်တွေ ကျနော် အမြဲနားထောင်နေကျ၊ ဘာတဲ့ သောတရှင်များ မေတ္တာမပိုနိုင်တဲ့ ကျနော် ခေတ္တရာစိန်ပါတဲ့။ ရေဒီယိုထဲက ကွက်စိပ်ဆရာဟာ အပြင်မှာ ဘယ်လိုနေပါလိမ့်ဆိုပြီး ဘကြီးဦးညွန့်မောင်တို့အိမ်ဘက် ကူးပြီး ဆရာကြီးနဲ့ စကားပြောဖြစ်သွားတယ်၊

ဆရာကြီးက အဲဒီတုန်းကတောင် အသက်ခုနစ်ဆယ် ကျော်ပြီ၊ ယောင်ထုံးကြီးနဲ့ဗျ။ ကွမ်းစားတယ်၊ အသားညိုညို ထောင်ထောင်မောင်းမောင်း၊ မှတ်မှတ်ရရ စကားနှစ်ခွန်းပါပဲဗျာ၊ ကျနော်သေချာမှတ်မိနေတယ် 'တခါသေဖူး၊ ပျဉ်ဖိုးနားလည်' နောက်တခုက 'သတိမမူ ဂူမမြင်'၊ သူ့ အယူအဆကတဘာသာဗျ။

'မောင်သက်ခိုင်' တဲ့၊ 'လူတွေအမြဲပြောပြီး အမြဲမှားနေတဲ့ စကားပုံနှစ်ခုရှိတယ်' တဲ့၊ ပထမတခုက 'တခါသေဖူး ပျဉ်ဖိုးနားလည်' တဲ့၊ 'မင်း သေချာစဉ်းစားကြည့်စမ်း၊ သေသွားတဲ့ လူတယောက်ကသူ့အလောင်းထည့်တဲ့၊ သူ့အခေါင်းတွေစပ်တဲ့ ပျဉ်ချပ်တွေရဲ့တန်ဖိုးကို နားလည်သွားတယ်ဆိုတဲ့အဓိပ္ပာယ် ဖြစ်နေတယ်။ မသေခင် ကျွန်းသစ်ဘယ်ဈေး၊ ပျဉ်းကတိုး ဘယ်ဈေး၊ တောသစ် ဘယ်ဈေးသိအောင် စုံစမ်းသွားရမယ့် အဓိပ္ပာယ်ဖြစ်နေတယ် ငါ့မြေး' တဲ့။

တကယ်တမ်း ဖြစ်ရမယ့်အမှန်က 'တခါသေဖူး၊ ပြင်ဖို့နားလည်' တဲ့။

'တခါ သေဖူးတဲ့သူက မိမိမှားခဲ့တဲ့ကိစ္စတွေကို ပြုပြင်ဖို့နားလည်ရမယ်လို့ ပညာရှိတွေက မှာခဲ့တာစကားပုံ ဆိုရိုးပြုခဲ့တာ' တဲ့။ 'ရှေ့ဆက် စဉ်းစားအုံး၊ တို့ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်တွေ သေဆုံးသွားရင်ယမမင်းက ဘာအမှားတွေ လုပ်ခဲ့တယ် ဆိုတာ စစ်ဆေးတယ်၊ အဲဒီတော့မှ သေသူက သူ့အမှားတွေကိုသတိရသွားတယ်၊ အမှတ်ရသွားတယ်၊ ဒီတော့ တခါသေဖူးတဲ့သူဟာ သူ့အမှားကို ပြုပြင်ဖို့ နားလည်သွားတယ်၊ ကဲ မင်းကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားစမ်း၊ ဘယ်စကားက ပိုသင့်မြတ်သလဲ' တဲ့။

'ဒုတိယတခုက သတိမမူ ဂူမမြင်ဆိုတဲ့ စကားကွ ငါ့မြေးရ' တဲ့။ 'မောင်သက်ခိုင်က ဆယ်တန်းတွေဘာတွေ အောင်ပြီးသားဆိုတော့ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားရအောင် အဘက စေတနာနဲ့ ပြောနေတာ' တဲ့။

'ကဲ၊ ဘာလဲကွ 'သတိမမူ ဂူမမြင်၊ သတိမူမှ ဂူမြင်တယ်' ဆိုတဲ့ စကား၊ အဓိပ္ပာယ်က ဘာလဲတဲ့၊ မောင်သက်ခိုင်တို့ ပြောနေတာက သတိမထားမိတဲ့သူတယောက်က လမ်းလျှောက်ရင်း အုတ်ဂူကို မမြင်ဘဲ ဝင်တိုက်မိတယ်ဆိုတဲ့သဘော ရောက်မနေဘူးလား၊ ဒီလူက အုတ်ဂူတွေကြားထဲ လျှောက်သွားနေလို့လား' တဲ့၊ မဟုတ်သေးဘူးကွ။

တကယ်တမ်း ဖြစ်ရမှာက သတိမမူ ကူးမမြင်ကွ။ သတိမူမှ၊ ကူးမြင်တယ်တဲ့။ ငါ့မြေး သေချာမှတ်ထား ဘယ်ကိစ္စမဆို သတိမူနိုင်ရင် တင်ကူးပြီး ကြိုပြီး မြင်နိုင်သိနိုင်တယ်လို့ ဆိုလိုတာ။ ဥပမာ

ဆိုပါတော့၊ ငှက်တွေ အသိုက်နိမ့်နိမ့်ဆောက်ရင် လေပြင်းတိုက်ခတ်မှာ၊ ဂဏန်းတွေ၊ ပုရွက်ဆိတ်တွေ၊ ပုတ်သင်ညိုတွေရဲ့ အခြေအနေတွေကို သတိပြုပြီး လေ့လာရင် ရေကြီးမယ်၊ မိုးဦး ကောင်းမယ်၊ မိုးလယ် ကောင်းမယ် စတာတွေကို တင်ကူးကြိုတင် သိမြင်နိုင်တယ်လို့ ဆိုလိုရင်းဖြစ်တယ်' တဲ့။

အဲဒီ စကားနှစ်ခွန်းကို ကျနော်သေချာမှတ်ထားပေမဲ့ ဘယ်နေရာမှာမှ ထုတ်မပြောရဲဘူး။ တခါနှစ်ခါ စကားစကြည့်တော့လည်း လူတကာ ရှင်းရှင်းလင်းလင်းသိထားတဲ့ စကားကို မင်းက ဘာကွန့်တာလဲဆိုတဲ့ အချိုးတွေချည်း တွေ့နေလို့။

ကျနော့်စိတ်ကတော့ သိပ်သဘောကျနေခဲ့တယ်။ နောက်နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်ကျမှ တယ့ာမဂ္ဂဇင်းမှာ ဆရာကြီး ဒေါက်တာသန်းထွန်းက ဒီစကားနှစ်ခွန်းရဲ့ အဓိပ္ပါယ်အမှန်ကို ဆရာကြီး ခေတ္တရာစိန်ပြောတာနဲ့ တသဘောတည်းရေးလိုက်မှ ကျနော်လည်း ရဲရဲထုတ်ပြောရဲတော့တယ်။

ကျနော် ဆရာအတတ်သင်သွားဖို့ အမေ့ကို ပြောတော့ ငါ့သားသဘောတဲ့၊ အမေတို့က ငါ့သား ပညာရေးကို ဘယ်ဟာကောင်းတယ် မကောင်းဘူးဆိုတာ လမ်းမညွှန်တတ်လို့ ငါ့သား ကောင်းတယ် ထင်တာကို လုပ်ပါတဲ့။ ကျောင်းအပ်ခ ကုန်မယ့်ငွေ ထုတ်ပေးတယ်။ ငါ့သား ကိုယ်တိုင်ဆုံးဖြတ်တဲ့။ ကျနော်လည်း ဒေသကောလိပ်ဆိုတဲ့နေရာ တက်ချင်တာပေါ့။ ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာ လွန်ဆွဲနေတယ်။ အဝတ်တွေထည့်ထားတဲ့ သစ်သားသေတ္တာပေါ်မှာ တော်တော်ကြာ ထိုင်စဉ်းစားနေခဲ့တယ်။ နောက် ကျနော် နေ့စဉ်မှတ်တမ်းစာအုပ်မှာ စာတကြောင်း ချရေးလိုက်တယ်။

ဘာလဲ ဟုတ်လား၊ ဘာတဲ့ 'ဘဝကို စိန်ခေါ် သည်။ ကိုယ့်လမ်းကိုယ်ဖောက် ရဲရဲလျှောက်မည်' တဲ့။ အဲဒီနေ့ညနေ ကျနော် အဝတ်သေတ္တာထမ်းပြီး ဘိုကလေးသင်္ဘောပေါ် တက်လာခဲ့တော့တယ်။

ဘိုကလေး ဆရာအတတ်သင်မှာ ကျနော်မမေ့မရတဲ့ ဆရာတယောက်ရှိတယ်။ သူက ဘိုကလေး ဆရာအတတ်သင် ကျောင်းအုပ်ကြီးဗျ။ နာမည်က ဦးဘိုတဲ့။ ရုတ်တရက်ကြည့်ရင် တောသားကြီး တယောက်ပုံစံ၊ ကျနော်မမေ့မရတာက သူ့ရဲ့ ဉာဏ်ပညာ ကြီးမြင့်မှုဗျ။ စာတတ်တာကို ပြောမဟုတ်ဘူး။ ပြဿနာတခုကို ကိုင်တွယ်ဖြေရှင်းခဲ့တာကို ကျနော့်တသက် မမေ့နိုင်တာဗျ။

ဆရာအတတ်သင်ရောက်တော့ ကျနော့်အသက်က ဆယ့်ရှစ်နှစ်ကျော်ရုံပဲ ရှိသေးတယ်။ တခြားသင်တန်းသားတွေက အများအားဖြင့် သုံးဆယ်ဝန်းကျင်တွေ။ လုပ်ငန်းခွင်ထဲက ဆရာတွေဆို လေးဆယ်ကျော်တွေ။ သင်တန်းသားတွေက ယောကျ်ားရော မိန်းမရော၊ အဲ သင်တန်းသူတွေကော ဆိုပါတော့။ သင်တန်းစည်းကမ်းအရ ကိုယ်ဝန်ဆောင်တွေ တက်ခွင့်မရှိဘူး။ နောက်သင်တန်းမှာ ကိုယ်ဝန်ရှိလာတာတို့ ဘာတို့ဆို မူလအလုပ်ခွင်ကို ပြန်ပို့တာ။ ဘာကြောင့်လည်းဆိုတာ ကျနော်လည်း သိပ်နားမလည်လှပါဘူး။ ကျနော်က ကလေးပဲ ရှိသေးတာလေ။

ထုံးစံအတိုင်းပေါ့ဗျာ။ ယောကျ်ားနဲ့ မိန်းမ အတူရှိကြတဲ့ သင်တန်းကျောင်းမှာ ဖိုမ ပြဿနာ ဆိုတာ ဆန်းတော့မဆန်းလှပါဘူး။ အခု ဆရာကြီး ဦးဘိုနဲ့ ထိပ်တိုက်တိုးခဲ့တဲ့ ပြဿနာကတော့ ဆိုးလွန်းသဗျာ။ ပြဿနာက ကျနော့်ပြဿနာ မဟုတ်ဘူး။ ကျနော်က ဆရာအတတ်သင်မှာ 'ဦးသက် နိုင်' လို့သာ နာမည်ရှေ့မှာ ဦးတပ်ခေါ်နေတာ လူက ချွတ်ဆိုတော့ နေရာတကာ စပ်စပ် လျှောက်ပါ နေတယ်။ ကျနော် ထင်ပေါ်ကျော်ကြားနေတာလည်း ရှိတယ်။ ဒါတွေ ထားပါအုံး။ ဆရာကြီးဦးဘို အကြောင်း ဆက်ရအောင်။

ပြဿနာ ဖန်တီးရှင်က ကိုသိန်းမြင့်တဲ့။ ပဲခူးတိုင်း၊ ကဝဇာတိ သင်တန်းသားပေါ့။ သူက အသက် သုံးဆယ်ဝန်းကျင်။ သူနဲ့ငြိနေတာကလည်း နာမည်တူ ထူးထူးဆန်းဆန်း မသိန်းမြင့်တဲ့။ သူတို့ နှစ်ယောက်စလုံးက လူလွတ်တွေပါ။

ဘယ်တုန်းက ဘယ်လိုငြိသွားကြမှန်းတော့ ကျနော်လည်းမသိဘူး။

တနေ့ ကိုသိန်းမြင့်က 'သက်ခိုင် ငါနဲ့ ခဏလိုက်ခဲ့စမ်းပါ' တဲ့၊ ဘယ်ကို ဘာလိုက်လုပ်ရမှာလဲ ဆိုတော့ 'ငါ မသိန်းမြင့်နဲ့ ချိန်းထားလို့' တဲ့။ ကျနော်လည်း ဘာမှ ထွေထွေထူးထူး မေးမနေတော့ဘူး။ သူ့နောက်ကို လိုက်သွားလိုက်တယ်။

စာသင်ဆောင်တွေက အိပ်ဆောင်တွေနဲ့ တော်တော်လှမ်းတယ်ဗျ။ သူ ကျနော့်ကို ခေါ်သွားတာက အစွန်ဆုံးက အီးဆောင်၊ အေဘီစီဒီအီးလေ၊ အဲဒီမှာ မသိန်းမြင့်က အဆင်သင့်စောင့်နေတယ်။ ကိုသိန်းမြင့်က ကျနော့်ကို မှာတယ်၊

သေချာ စောင့်နေနော်တဲ့၊ တကယ်ပါဗျာ၊ ကျနော်က သိပ်ငယ်လွန်းနေတော့ ဘယ်လိုဘာညာတွေလည်း တောင်တောင်အီအီ မစဉ်းစားမိပါဘူး၊ အဆောင်ကိုတက်တဲ့ အုတ်လှေကားခုံပေါ်မှာ ထိုင်နေတာပါပဲ။ အထဲမှာ သူတို့ ဘာလုပ်နေကြလဲ ဟုတ်လား၊ ကျနော် အပြင်မှာသာ စောင့်နေတာ၊ ချောင်းလည်း မကြည့်ပါဘူး။ ဘာလုပ်နေကြမှန်း တကယ် မသိရိုး အမှန်ပါ၊ နောက် မိုးမီးလောင်သလိုဖြစ်မှ ရိပ်မိတာ။

ကျနော် စာအုပ်တအုပ်ဖွင့်ဖတ်ရင်း ထိုင်စောင့်နေလိုက်တာ ဘယ်လောက်ကြာမှန်းမသိဘူး။

'ဟေ့ မောင်သက်ခိုင် တယောက်တည်း ဘာထိုင်လုပ်နေတာတုန်း' ဆိုတဲ့ အသံကြားလို့ မော့ကြည့်လိုက်တော့ လားလား ကျောင်းအုပ်ကြီး ဦးကိုပါလားဗျာ။

နောက်သူက ပြောပြောဆိုဆို အဆောင်လှေကားကနေတက်၊ ဟနေတဲ့တံခါးကို ဖွင့်ပြီး ကိုသိန်းမြင့်တို့ ချိန်းတွေ့နေတဲ့ အတွင်းဘက်ကို လှမ်းကြည့်တယ်။ ဆရာကြီးဟာ ရုတ်တရက် ချာကနဲ လှည့် ပြန်ဆင်းလာပြီး 'သက်ခိုင် မင်းနဲ့ မင်းသူငယ်ချင်း ငါ့အိမ်ကို ဒီည လာခဲ့အုန်း' ဆိုပြီး ခပ်သုတ်သုတ် သူ့အိမ်ဘက်ကို ထွက်သွားပါတော့တယ်။

ကျနော်လည်း ငိုင်ပြီး ဘာပြောရမှန်းမသိ ဖြစ်နေတုန်း ကိုသိန်းမြင့်တို့နှစ်ယောက် အဆောင်ထဲက ထွက်လာတယ်။ မျက်စိမျက်နှာပျက်ပြီး 'သက်ခိုင် စောစောကလာသွားတာ ကျောင်းအုပ်ကြီးလား' တဲ့။ အဲဒီတော့မှ သူတို့ အဝတ်အစားပုံစံတွေကို ကြည့်ပြီး ကျနော်လည်း ရေးတေးတေး သဘောပေါက်တော့တယ်။ သေချာတာပေါ့ဗျာ၊ တကယ့်ကို မိုးမီးလောင်တဲ့ကိန်းပေါ့။ ဘာတဲ့၊ ဓားခုတ်ရာ လက်သျှိုဆိုတာလေ၊ သူတို့ကလည်း သူတို့အပြစ်နဲ့သူတို့၊ ကျနော်ကလည်း ကြရာပါစာရင်းဝင်၊ သင်တန်းကလည်း ကြီးလိုက်တဲ့ စည်းကမ်း၊ ဆရာကြီးက ဘာတွေ့သွားတာလဲ ဟုတ်လား၊ စဉ်းစားသာ ကြည့်ပေတော့၊ ထုတ်လွှင့်ပြသရန် မသင့်လို့ ကျနော်တော့ မပြောပါရစေနဲ့တော့၊ သူ့ထက်ကြီးတဲ့ ပြဿနာတောင် သူ့လောက်မကြီးဘူး ထင်ပါရဲ့ဗျာ။

မသိန်းမြင့်လည်း ဘိုသီဘတ်သီဒီဇိုင်းနဲ့ အမျိုးသမီးဆောင်ဖက်ပြန်၊ ကိုသိန်းမြင့်လည်း ကြောင်အမ်းအမ်းနဲ့ ငူငူကြီးလုပ်နေ၊ နောက်ဆုံးတော့ ချင်းတွင်းဆောင်မှာ အရေးပေါ်ညီလာခံ ခေါ်ရတော့တာပဲ။ တက်ရောက်သူတွေက ပဲခူးဦးတင်အေး၊ ရေတာရှည်မောင်သောင်း (ပဲခူးဘောလုံးလက်ရွေးစင်)၊ တောင်ငူတင်ဝင်း (ပဲခူးတိုင်း ဘောလုံးလက်ရွေးစင်)၊ ကိုကျော်မြ (ဧရာဝတီတိုင်း ဘော်လီဘောလက်ရွေးစင်)၊ ပဲခူးဦးကျော်ရွှေ၊ စုစုပေါင်း ဆယ်ယောက်ရှိမယ်။

ဦးသောင်းက 'နေပါအုံး သိန်းမြင့်ရ၊ ဆရာကြီး ဝင်ကြည့်တော့ မင်းတို့က ဘာလုပ်နေကြတုန်း' တဲ့။ အလိုက်မသိ စွတ်မေးနေတယ်ဗျာ။ ကိုသိန်းမြင့် မဖြေနိုင်ဘူး၊ ခေါင်းကို တွင်တွင်ကုတ်ပြီး 'ကျနော် မသိန်းမြင့်ကို ယူလိုက်တော့မယ်ဗျာ၊ နှစ်ယောက်စလုံး ကျောင်းကနေ ထွက်သွားတော့မယ်' တဲ့။ တက်ရောက်သူအားလုံးလည်း ဆက်မေးဖို့မလိုဘဲ ငြိမ်ကုန်ကြရော။ သေချာစဉ်းစားလေ၊ အရှက်တကွဲ အကျိုးနည်းမဲ့ကိစ္စဆိုတာ ထင်ရှားလေပဲဗျာ။ သင်တန်းက ထွက်ခိုင်းလို့ ကိုယ့်အရပ် ကိုယ်ပြန်ရရင်တောင် ဘာပြဿနာကြောင့် ပြန်လာသလဲ မဖြေနိုင်တဲ့ကိစ္စ။

အကုန်လုံး ငွေတူတူ ငိုင်တိုင်တိုင် ဖြစ်နေကြတုန်း ပဲခူးဦးတင်အေးက ရုတ်တရက် "ဟို အမှုတွဲ တရားခံ 'ဒါရိုက်တာ ကိုသက်ခိုင်လေး' ကော ဘာလုပ်မှာလဲ" တဲ့။ သူပြောတာ နှစ်ခုစလုံး မှန်တယ်ဗျာ။ ကျနော်က ဒီအမှုမှာ ကြံ့ရာပါ အမှုတွဲ၊ နောက် ကျနော်က ဒါရိုက်တာ ဖြစ်နေပြီဗျ။ ဘယ်ကလာ ကုမ္ပဏီဒါရိုက်တာ ရမှာလဲဗျ။ ပြဇာတ်ဒါရိုက်တာ ပြောရမလား၊ ကဇာတ်ဒါရိုက်တာ ပြောရမလား။ ဆရာအတတ်သင်ကိုရောက်ပြီး တလလောက်လည်းကြာရော ကျနော် ဒါရိုက်တာ ဖြစ်တော့တာပဲဗျာ။

■

# အပိုင်း (၂)

## သက်ခိုင်၏ မုန်တိုင်းထန်သော ကာလများ

## အခန်း (၂၆)

# ဒါရိုက်တာ သက်ခိုင်

ဒီလိုဗျ၊ ဆရာအတတ်သင် ရောက်ကာစက ဘောလုံးကန်လိုက်၊ ပင်ပေါင်ရိုက်လိုက်နဲ့ အချိန်ဖြုန်းနေခဲ့တာဗျ၊ ကျနော်ရောက်နေတာက ကျောင်းဖွင့်မယ့်ရက်ထက် ဆယ်ရက်လောက် စောနေတာလည်းပါတယ်။ နောက်တဖြည်းဖြည်း သင်တန်းသားတွေ စုံလာတဲ့အချိန်မှာ မောင်မယ်သစ်လွင် ကြိုဆိုပွဲအတွက် ပြင်ဆင်ကြတယ်။

အဲဒီမှာ ထူးခြားတာက မောင်မယ်သစ်လွင်ကြိုဆိုပွဲမှာ အစီအစဉ်လေးခုပါတယ်။ အစီအစဉ်တခုစီကို ဌာနမှူးတယောက်စီက ကြီးကြပ်တင်ဆက်တာ။ ဆရာအတတ်သင်ဆိုတော့ ကျောင်းအသင်းလေးသင်း ဝါစိမ်းနီပြာ ခွဲတဲ့သဘောလည်း ပါမယ်ဗျ။

စိုက်ပျိုးရေးဌာနမှူးက ဦးအောင်မောင်း၊ သူက 'နပမ်းဆံယိမ်း'၊ ပညာရေး သိပ္ပံဌာနမှူး ဦးဘစန်းက 'ပြည်ထောင်စု' ပြဇာတ်၊ သမိုင်းဌာနမှူး ဒေါ်စုစုလှိုင်က 'မြန်မာပြည်သား' တေးသရုပ်ဖော်။ အားလုံးခွင်ချပြီးနေပေမဲ့ အသစ်ရောက်လာတဲ့ သင်္ချာဌာနမှူး ဒေါ်မြသီတာက ဘာလုပ်ရမယ်ဆိုတာ စဉ်းစားမရ ဖြစ်နေတုန်း၊ ကျနော်သာ ကိုယ်တိုင် ဒါရိုက်တာလုပ်ရရင် လုပ်ပြလိုက်ချင်တယ်ဆိုပြီး တတ်သမျှ၊ မှတ်သမျှ ဇာတ်ညွှန်းကို ကိုယ့်ပါးစပ်ဆိုင်းနဲ့ကိုယ် အဆောင်ထဲကမောင်တွေကို နမူနာ လုပ်လုပ်ပြနေတဲ့သတင်း ဒေါ်မြသီတာဆီ ပေါက်သွားပါလေရော။

ဆရာမက ကျနော့်ကိုခေါ်ပြီး 'ဦးသက်ခိုင် ပြောတဲ့ဇာတ်ကို ဆရာမကို ခင်းပြစမ်းပါ' တဲ့။ ဘာပြောကောင်းမလဲဗျာ၊ ဇာတ်ပိုးဝင်နေတဲ့ ကျနော် နမူနာလုပ်ပြတာ ဆယ်မိနစ်တောင်မကြာလိုက်ပါဘူး၊ ဆရာမက သဘောကျပြီး 'ဟုတ်ပြီ၊ ဒီအစီအစဉ်ကို ဆရာမတို့အသင်းက တင်မယ်' လို့ သဘောတူလိုက်ပါရောဗျာ။

ခင်ဗျားက ကျနော့်ဇာတ်ပိုးကို မသိသေးလို့၊ ကျနော်က ဆယ့်လေးနှစ်သားလောက်ကတည်းက ဇာတ်စင်ပေါ် တက်ခဲ့တာ။ ရွှေမန်းတင်မောင်တို့၊ ပန်တျာကြည်လင်တို့လို ဇာတ်တော့မဟုတ်ပါဘူး၊ ကျနော်တို့ခေတ်က တန်ဆောင်တိုင်၊ သီတင်းကျွတ်တွေမှာ အရပ်ဇာတ်စင်တွေ အများကြီး ပေါ်ခဲ့တဲ့

ခေတ်လေ။ အထူးသဖြင့် တေးသရုပ်ဖော်တွေ ခေတ်စားတဲ့ကာလပေါ့။ သီချင်းကို သရုပ်ဖော်တာရော၊ ဇာတ်လမ်းကို သရုပ်ဖော်တာရော စုံလို့။ အဲဒီ အရုပ်စင်တွေမှာ ပါခဲ့တာလေ။

အစဆုံး ပါဝင်ခဲ့တဲ့ဇာတ်က ကလိင်္ဂအောင်ပွဲဗျ။

အာသောကဘုရင်က ကလိင်္ဂတိုင်းကို ဝင်တိုက်ပြီး အောင်ပွဲရတယ်၊ တိုက်ပွဲ ပြင်းထန်လွန်းလို့ လူတွေအများကြီး သေတယ်၊ အဲဒီတိုက်ပွဲအပြီးမှာ အာသောကဘုရင်ဟာ စစ်ကို စိတ်ကုန်သွားတယ်။ အဲဒီ ဇာတ်လမ်းမှာ ကျနော် စပြီးပါခဲ့တာ။ ဘယ်နေရာမှာလဲ ဟုတ်လား၊ စစ်မြေပြင်မှာ ကျဆုံးခဲ့တဲ့ စစ်သည် အလောင်းတွေထဲက အလောင်းတလောင်းအဖြစ် သရုပ်ဆောင်ရတာ။ လိုက်ကာဖွင့်လိုက်တာနဲ့ ဇာတ်စင်ကြမ်းပြင်ပေါ်မှာ လူသေကောင်လို မှောက်နေရတာ၊ ဇာတ်လမ်းဆုံးတဲ့အထိပဲ။ နောက်ခံသီချင်း ကို ခုထိ နားထဲကြားနေတုန်း၊ 'ကလိင်္ဂတိုင်း ဝိုင်းကာ၊ စစ်ရေးဆင်၊ ယနေ့သည်လည်း ငါ၏ အောင်ပွဲပင်' တဲ့။

သိပ်လည်း အထင်သေးမသွားနဲ့အုံး၊ နောက်ပိုင်း ဘကြီးအောင်ညာတယ်ဆိုတဲ့ ဇာတ်လမ်းမှာ ကျနော်က မောင်ချစ်ဖြစ်သွားတယ်။ ပြောရရင်ဗျာ အဲဒီ အရုပ်ဇာတ်ပွဲပေါင်းများစွာကို ကြုံခဲ့တဲ့ ကျနော်ဟာ တကယ်လို့များ အခွင့်သာ ကြုံပါစေ၊ တခုခုတော့ ထူးထူးခြားခြား လုပ်ပြလိုက်အုံးမယ်ဆိုတဲ့ အတွေးလည်း ရှိခဲ့ဖူးတယ်။ အခုတော့ ရေကန်အသင့် ကြာအသင့် ပါပဲဗျာ။

အော် ဆရာအတတ်သင် မောင်မယ်သစ်လွင်ဆိုလို့ ချောက်တီးချောက်ချက် ထင်လို့လား။ ဇာတ်စင်အခမ်းအနား၊ ဇာတ်ဆောင်အဝတ်အစား၊ မြန်မာ့ဆိုင်းဝိုင်းကြီး၊ ကာလပေါ်တီးဝိုင်းပစ္စည်း အစုံအလင်ဟာ ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပေးတာဗျ။ ဆိုင်းအဖွဲ့က ယဉ်ကျေးမှုဝန်ကြီးဌာန ဆိုင်းအဖွဲ့၊ ကာလပေါ်တီးဝိုင်းက ကျနော်တို့ ဆရာအတတ်သင်တ 'ဂီတဌာနမှူး ဂီတနက်သန် ဦးအုံးလွင်' ဆိုတော့ သူ့တပည့်တွေနဲ့ သင်တန်းသားတချို့ ဝင်တီးခတ်ကြတာ။ နောက်ပိုင်းတော့ ကျနော်လည်း ဆရာဦးအုန်းလွင် တပည့်ပေါ့။

ကျနော်တင်တဲ့ဇာတ်က 'ခေတ်သစ်ဥမ္မာဒန္တီ' တဲ့။ တေးသရုပ်ဖော်ရော၊ အကရော ရောလို့။ အသုံးပြုမယ့်သီချင်းတွေကို ကျနော်ကိုယ်တိုင် ရွေးတယ်၊ ဆက်တယ်။ ဆက်တယ်ဆိုတာ သီချင်းတွေက တောင်တပုဒ်၊ မြောက်တပုဒ်တွေမို့ အခန်းကူးပြောင်း အဆင်ပြေအောင် ဆက်စပ်တာကို ပြောတာ။ ကျနော့်ဇာတ်မှာ ဇာတ်ဆောင်ဝင်လုပ်ချင်တဲ့သူတွေ များလွန်းလို့ တားယူရတဲ့အထိ။ ကျနော်ကိုယ်တိုင်လည်း ဥမ္မာဒန္တီနေရာမှာ သရုပ်ဆောင်၊ စုစုပေါင်း သရုပ်ဆောင် ဆယ့်လေးယောက်နဲ့ဗျာ။

ကျနော်ဟာ မြန်မာ့ဆိုင်းဝိုင်းကြီးနဲ့ရော၊ ခေတ်ပေါ်တီးဝိုင်းနဲ့ပါ ဇာတ်တိုက်ရတယ်။ ဘယ်နေရာမှာ ဘယ်လိုတီးပါ၊ ဘယ်နေရာမှာ ရပ်ပါ၊ ဘယ်လို အခန်းပြောင်းတီးလုံး ဝင်ပါ ဆိုတာတွေပေါ့။ အမှန်က ကျနော်က ပိုးဝင်ပြီး ဇောနဲ့သာ စီမံခန့်ခွဲနေတာ၊ ကျနော့် ဂီတအခြေခံက ဒိုးဝိုင်းမှာ ဝါးလက်ခုပ်တီးတဲ့ အဆင့်ဗျ။

နောက်တခု မှတ်မှတ်ရရဖြစ်ချင်တော့ ဇာတ်သီချင်းတွေ ကက်ဆက်တလုံးနဲ့ ကူးနေတုန်း ရေဒီယိုထဲက ရုတ်တရက်ဝင်လာတဲ့ ရှရှားစကားလိုလို အသံကြီးကြီးနဲ့ ခပ်ကြောင်ကြောင် အသံတခု ကူးမိသွားတယ်။ ကျနော်နားထဲတော့ 'အချိန်စေ့တော့မယ်လားဟေ့' ဆိုတာမျိုး ကြားမိတာပဲ။ တော်တော့်ကို ကြောင်စီစီ အက်ကွဲကွဲ အသံကြီးဗျာ။ အဲဒီ အသံကြီးကို ကျနော့်ဇာတ်ဝင်ခန်း အစမှာ သုံးလိုက်တယ်။

တိုတိုပြောရရင်ဗျာ၊ ဆယ်ရက်လောက် ဇာတ်တိုက်ပြီး ကဇာတ်ကို တင်တဲ့ မောင်မယ်သစ်လွင် ကြိုဆိုပွဲညမှာ ကန့်လန့်ကာဖွင့်ဖွင့်ချင်း 'အချိန်စေ့တော့မယ်လားဟေ့' နဲ့ ခပ်ဆင်ဆင်တူတဲ့ ခပ်ဆန်းဆန်း အသံကြီးကို ပရိသတ် ပွဲစကျလိုက်တာ ကျနော်တင်တဲ့ဇာတ်ဟာ ဘိုကလေးတမြို့နယ်လုံး ဟိုးဟိုး

ကျော်ခဲ့ရော ဆိုပါတော့။ ကျော်ဆို ရောဝတီတိုင်းအဆင့် အရာရှိတွေ၊ မြို့မိမြို့ဖ အကုန်ကြွလာကြည့်ကြတယ်လေ။

ခင်ဗျားက စကားလမ်းကြောင်းလွဲနေပြီ ထင်လို့လား၊ မလွဲပါဘူးဗျာ၊ အခု ကိုသိန်းမြင့်ပြဿနာကို အစည်းအဝေးထိုင်နေကြတဲ့ ဆရာသမားအားလုံးက ကျနော်တင်ခဲ့တဲ့ ခေတ်သစ်ဥမ္မာဒန္တီထဲက ကျနော့်ဇာတ်ဆောင်တွေချည်းပဲဗျ။

ဒါကြောင့် ပြဿနာကိုနောက်ဆုံးအဖြေရှာဖို့ ချွတ်ဒါရိုက်တာလေးဆီ ရောက်လာတာ။ အမှန်အတိုင်းပြောရရင် ကျနော်စိတ်ထဲ သိပ်မစိုးရိမ်မိတော့ဘူး။ ကျနော်လိုက်သွားတာ မှန်တယ်၊ အပြစ်က စောင့်နေတယ်၊ အထဲမှာ သူတို့ဘာလုပ်သလဲ ကျနော်မသိဘူး၊ ဒါအမှန်တရားပဲ။ ဘာပဲဖြစ်ဖြစ် ကျနော် ဒီပြဿနာကို ရှင်းလို့ရမယ်လို့ ယုံကြည်နေတယ်။

ဒါနဲ့ ကျနော် ကိုသိန်းမြင့်ကို လက်ကုတ်ပြီး ခပ်လှမ်းလှမ်းကို ခေါ်လိုက်တယ်။

'ကိုသိန်းမြင့်၊ ခင်ဗျား သိပ်စိတ်ပူမနေနဲ့၊ ကျနော်လိုက်ရှင်းမယ်၊ တခု ရှင်းရှင်းလင်းလင်း သိချင်တာက ခင်ဗျားတို့ကို ဘယ်ပုံစံနဲ့ ကျောင်းအုပ်ကြီး တွေ့သွားသလဲ၊ ဒါတော့ ကျနော့် တယောက်တည်းကို ခင်ဗျား ဖွင့်ပြောပါ၊ ဒါမှ ကျနော်က ဘယ်လိုရှင်းပြ၊ တောင်းပန်ရမယ်ဆိုတာ သိမှာပေါ့' လို့ဆိုတော့ ကိုသိန်းမြင့်က အတော်ကြာငြိမ်နေပြီးမှ 'တို့က အိုက်တာနဲ့ အဝတ်အစားတွေ ချွတ်ထားတာ' တဲ့။ ကျနော်ကလည်း သိချင်စိတ် ထိန်းမရတော့တာနဲ့ 'အိုက်လို့ချွတ်ထားတာက အပေါ်ပိုင်းပဲလား ဆိုတော့ သူက 'ဟင့်အင်း တကိုယ်လုံး' တဲ့။

ကျနော်လည်း သူပြောကာမှ ရှင်းတော့တယ်။ ဟား ကောင်းကြရောပေါ့ဗျာ။ ဘာပဲဖြစ်ဖြစ် ကျနော့်ကတိအတိုင်း ကျနော်လိုက်ရှင်းမယ်၊ ကျနော်ဦးဆောင်ပြီး ရှင်းမယ်၊ သက်သက်ညှာညှာ စဉ်းစားပေးဖို့ ဆရာကြီးကို ကျနော် တောင်းပန်မယ်ဆိုပြီး အဆောင်ပေါ်က ဆင်းပြီး ဆရာကြီးအိမ်ဘက်ကို ဦးတည်လိုက်တယ်။ နောက်က ဦးသောင်းက အသံပြကြီးနဲ့ အော်နေတယ်။ ဘာတဲ့၊ 'အချိန်စေ့တော့မယ်လားဟေ့ ရဲဘော်သက်ခိုင် ချီတက်' တဲ့။

ကျနော်တို့အဆောင်နဲ့ ကျောင်းအုပ်ဆရာကြီးအိမ်ဟာ သိပ်မဝေးလှဘူးဗျ။ ဆယ်မိနစ်လောက်ပဲ လျှောက်ရတယ်။ ကျောင်းအုပ်ဆရာကြီးအိမ်ကို ရောက်တော့ ည ခုနှစ်နာရီခွဲလောက် ရှိနေပြီ။ ကျနော်က ရှေ့က၊ ကိုသိန်းမြင့်က နောက်က။ အိမ်ပေါ်ကို ခပ်ရှိုရှို တက်သွားကြတယ်။ ဆရာကြီးက ကုလားထိုင်မှာထိုင်ရင်း တိုင်းမ် မဂ္ဂဇင်းတစောင်ကို ဖတ်နေတယ်။

ကျနော်က ဆရာကြီးနဲ့ မလှမ်းမကမ်းက ခုံပုလေးပေါ်မှာ ခပ်ကျုံ့ကျုံ့လေး ထိုင်ချလိုက်တယ်။ ကျနော်က တိုးလျှိုးတဲ့လေသံနဲ့ 'ဆရာကြီး ခင်ဗျာ' ဆိုတော့ 'ဟေ' တဲ့။ ကျနော်လည်း ထစ်ထစ်အအနဲ့ စကားဆက်ရတယ်။ 'ကျနော့်ကို စကားနည်းနည်း ပြောခွင့်ပေးပါခင်ဗျာ' ဆိုတော့ 'အေး' တဲ့။ ကျနော် ပြောနေတာကို သူ စိတ်မဝင်စားသလိုပဲ။ ဖတ်လက်စ တိုင်းမ်မဂ္ဂဇင်းကို ဆက်ဖတ်နေတယ်။ နောက်က ကိုသိန်းမြင့်ကို လှည့်ကြည့်လိုက်တော့ တခြားခုံပုလေးပေါ်မှာ မျက်နှာကို အောက်ငုံ့ထားပြီး စကျွုငြွေ ချနေလေရဲ့ဗျာ။

ကျနော်လည်း ပြောလက်စနဲ့ မထူးတော့ပါဘူးဆိုပြီး ဆက်တွန်းတော့တာပေါ့။

'ဆရာကြီး၊ ညနေက ကျနော်တို့ မှားသွားပါတယ်၊ ဆရာကြီးကို မရိုသေ၊ မလေးစားလို့ မဟုတ်ပါဘူး။ နောက် သင်တန်းစည်းကမ်းကိုလည်း နားလည်ပါတယ်။ အခုဖြစ်သွားရတာက မမျှော်လင့်ပဲ' လို့ စကားစရုံရှိသေး၊ ဆရာကြီးက ရုတ်တရက် စာဖတ်တာကိုရပ်ပြီး ကျနော်ဘက်ကိုလှည့်လက်ပြပြီး တားလိုက်တယ်။ 'တော်တော့သက်ခိုင် တော်တော့' တဲ့။ ဟာ ကျနော်လည်း တော်တော်လန့်သွားတယ်။ နောက်သူက လေသံအေးလေးနဲ့ တခွန်းချင်း ပြောလိုက်တယ်။

'မှားတာက မင်းတို့မဟုတ်ဘူး၊ ငါမှားတာ။ ကျောင်းနောက်ပေါက်က ငါဝင်လာမိတာကိုက ငါမှားတာ။ အဆောင်ထဲမှာလည်း မှောင်မဲနေတော့ ဘာရှိမှန်းတောင် ငါမသိဘူး။ မင်းတို့ ဘာလုပ်နေသလဲဆိုတာလည်း ငါမသိဘူး။ ကဲ၊ ကဲ မင်းတို့ပြန်တော့' တဲ့။

အောင်မလေးဗျာ၊ တော်ပါသေးရဲ့။ ကျနော့်စိတ်ထဲ ကျွမ်းထိုးချင်စိတ်တောင် ပေါက်သွားတယ်။ အဆောင်ကို ဘယ်လို ပြန်ရောက်လာမှန်းတောင် မသိတော့ပါဘူး။

ကျနော့် ဆရာအတတ်သင် ကျောင်းအုပ်ကြီးရဲ့ ဩဝါဒကတော့ ဤမျှသာပါပဲ။ သူဘယ်လောက် ဉာဏ်ပညာကြီးတယ်ဆိုတာ ခင်ဗျားသာ ဆက်စဉ်းစားတော့။ ကျနော်လည်း ငယ်တုန်းဆိုတော့ သူဖြေရှင်းလိုက်တဲ့နည်းလမ်းကို သတိမထားမိဘူး။ သာမန်ကာလျှံကာ နေခဲ့တာပဲ။ ဒါပေမဲ့ ရွှေနေ ဦးရေးတို့ ဘာတို့ အကြောင်းတွေ နောင်ဖတ်မိတော့မှ ဆရာကြီးရဲ့ ပြဿနာဖြေရှင်းပုံကို နားလည်လာခဲ့တယ်။ ကိုယ်တိုင်လည်း အရှင်းရခက်တဲ့ အခြေအနေ ခပ်ကြပ်ကြပ်တွေ ဆုံတိုင်း သတိရတာပါပဲ။ ဘယ်ဘက်ကကြည့်ကြည့် ပြေငြိမ်းနေအောင် အဖြေတခုထုတ်ဖို့ဆိုတာ လွယ်မယောင် ခက်တာမျိုးကလားဗျာ။

ဗျာ၊ ရွှေနေ ဦးရေးအကြောင်း ဟုတ်လား။ အဲဒါ ရတနာပုံခေတ်က မန္တလေးမြို့က အမိန့်တော်ရ ရွှေနေမင်းဗျ။ သူ့ အဆုံးအဖြတ် အယူအဆတွေက နည်းနည်းတော့ ထူးတယ်၊ ဒီလိုဗျ။

ရွှေနေဦးရေးရဲ့ သမီး၊ မမယ်ရင် မီးဖွားတုန်းကတဲ့။ သမီးက မီးဖွားခါနီးထုံးစံ တညတော့ ဗိုက်နာလာသတဲ့။ ဒီတော့ အသံထွက်ပြီး 'အမယ်လေး အဖေရယ်၊ နာလိုက်တာ၊ မကယ်နိုင်ကြတော့ဘူးလား'လို့ အော်သတဲ့။ ဦးရေးရဲ့ဇနီးက ဆုံးပါးသွားပြီ။ ဒီတော့ သမီးလုပ်သူက ဗိုက်နာတာ မခံနိုင်လွန်းလို့ အဖေကို အားကိုးတကြီး တပြီး အော်နေတာ။ ဒီတော့ ဦးရေးက သမီးမယ်ရင်၊ နာသလား သမီးရယ်လို့ မေးတော့၊ သမီးလုပ်သူက 'နာတာပေါ့အဖေရယ်' လည်းဆိုရော၊ သူ့သားတွေထဲက တယောက်ကို 'ဟေ့ကောင်ငရွှေ၊ သွား တောင်ပြင်က လက်သည်တယောက် သွားခေါ် ချေ'တဲ့။ နောက်တခါ သမီးလုပ်သူက အော်ပြန်ရော၊ ဦးရေးက မေးပြန်ရောတဲ့။ 'သမီးမယ်ရင်၊ နာသလား သမီးရယ်' တဲ့။ 'နာတာပေါ့ အဖေရယ်' ဆိုပြန်ရော။ နောက်သားတယောက်ကို 'ဟေ့ကောင်ငအောင်၊ သွား မြောက်ပြင်က လက်သည်တယောက် ထပ်ခေါ်ခဲ့' ဆိုပြီး ခိုင်းပြန်ရောတဲ့။

ဒီလိုနဲ့ နာသလားမေးလိုက် လက်သည်ထပ်ခေါ်လိုက်နဲ့ မန္တလေးမြို့၊ လေးပြင်လေးရပ်က လက်သည် ကုန်ရော။ မယ်ရင်လည်း ကလေးမွေးရော ဆိုပါတော့။ ဒီလိုနဲ့ နောက်နေ့မနက်လည်း မိုးလင်းရော ညကရွှေနေဦးရေး သူ့သမီး မီးဖွားတာကို မြို့ရှိလက်သည် အကုန်ခေါ်တဲ့သတင်း မန္တလေးတမြို့လုံးပျံ့နေရောတဲ့။ ဒီတော့ သားလုပ်သူတွေက ရှက်တာနဲ့ အဖေဖြစ်သူ ရွှေနေဦးရေးကို ပြောတယ်တဲ့။ 'အဖေလုပ်ပုံ ကောင်းသေးရဲ့လား၊ အခုအဖေ့သမီး မီးဖွားတဲ့ကိစ္စ၊ အဖေ့လုပ်ပုံကြောင့် တမြို့လုံး ပြောစရာဖြစ်ကုန်ပြီ' လို့ ဆိုကြတော့ ဦးရေးက မှတ်လောက်သားလောက်တဲ့ စကားတခွန်း ပြောတယ်တဲ့။

'ငါ့သားတွေ'တဲ့။ 'ပြောတာက အရပ်၊ ဆုံးမှာက ငါ့သွေး' တဲ့။ 'ငါ့သမီး မယ်ရင် တစုံတခုများ ဖြစ်ရင် ရင်ထုမနာ ဖြစ်ရမယ့်အထဲမှာ မင်းတို့လည်းပါတယ်' တဲ့။ 'ဒါကြောင့် အရပ်က ဘယ်လောက်ပြောပြော ဒီကိစ္စမှာ မကြားသလိုသာ နေလိုက်ကြ'တဲ့။

နောက် ဦးရေး ဇာတ်လမ်း ရှိသေးတယ်ဗျ။ တနေ့ ဦးရေး အိမ်ရှေ့ကို အမူးသမားတယောက်က ဖြစ်လျှောက်သွားရင်း 'ဟေ့ကောင် ငရေး မင်းလို ကောင်မျိုး ' ဒါ ' ပဲထင်တယ်' ဆိုပြီး ဆဲဆိုသွားသတဲ့။ ဦးရေးက အိမ်အပေါ်ထက်ကနေ အဲဒီဆဲသံကို ကောင်းကောင်းကြီး ကြားလိုက်တယ်တဲ့။ အောက်ထပ်က သူ့သားတွေလည်း ကြားတော့ သူ့အဖေရှိရာ အပေါ်ထပ် ပြေးတက်လာပြီး 'အဖေ

ကြားတယ် မဟုတ်လား၊ အဖေ့ကို စော်ကားသွားတာ၊ ကျနော်တို့ မခံနိုင်ဘူး၊ ဒင်းကို သတ်ရမှ အေးမယ် ' ဆိုပြီး ဒုတ်ဆွဲ ဓါးဆွဲ လုပ်ကြတယ်တဲ့ဗျ။

ဒီတော့ ရှေ့နေဦးရေးက 'ဟေ့ကောင်တွေ နေကြအုံး၊ မင်းတို့ကသာ ငါ့ကို ဆဲသံကြားတယ် ပြောနေတာ၊ ငါကိုယ်တိုင်တော့ ဘာမှ မကြားလိုက်ဘူး၊ ဆဲတယ်ဆိုလည်း မင်းတို့ကို ဆဲတာမဟုတ်ဘူး၊ ငါ့ကိုဆဲတာ ငါကိုယ်တိုင် ရှင်းမယ်' လို့ ခဏဟန့်ထားသတဲ့။ သားလုပ်သူတွေက 'အဖေကိုယ်တိုင် မရှင်းလို့ကတော့ ကျနော်တို့က အသတ်ပဲ' ဆိုပြီး လက်တုန့်ပြန်ဖို့ အသင့်ပြင်ထားကြတယ်တဲ့။

နောက် ချက်ချင်းဆိုသလို ဦးရေး သူ့လူယုံတယောက်ကို ခေါ်ပြီး စောစောက ဆဲသွားတဲ့ ငမူးရဲ့ မိဘတွေအိမ်ကို လွှတ်တယ်၊ ငွေတကျပ်ပါ ပေးလိုက်တယ်တဲ့။ အဲဒီငွေတကျပ်နဲ့ ကန်တော့ပွဲ တပွဲဝယ်ပြီး ငါ့အိမ် ချက်ချင်းလာခဲ့ကြလို့ မှာလိုက်တယ်တဲ့။ တကယ်တော့ ဦးရေးကို ဆဲတဲ့သတင်းက တမြို့လုံးပြန့်ပြီး ဆဲတဲ့ငမူးရဲ့ပိဘတွေ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတဲ့အချိန်၊ ဦးရေးပြောတဲ့အတိုင်း ကန်တော့ပွဲဝယ်ပြီး ဦးရေးရှေ့ ရောက်လာကြတာပေ့ါ။ မလာလို့လည်း မရဘူးလေ။ အဲဒီခေတ်က ရှေ့နေဆိုတာ သာမန်အရပ်သားတွေ သေလောက်အောင် ကြောက်ရတဲ့ခေတ်။

ဒီတော့ ဦးရေးက ဘာမှမသိတဲ့ အမူအယာနဲ့ 'မင်းတို့က ကန်တော့ပွဲတွေ ဘာတွေနဲ့ ဘာလာ လုပ်ကြသတုန်း' လို့မေးတယ်တဲ့။ ငမူးရဲ့ မိဘတွေက 'ကျနော်မျိုးတို့သား ငမိုက် မလိမ်မိုး မလိမ်မာက အမိန့်တော်ရမင်းကို မရှိမသေလုပ်သွားလို့ပါဘုရား' ဆိုတော့ ဦးရေးက 'ဟေ ဘယ်တုန်းကလဲကွ၊ ငါတော့ မကြားလိုက်ဘူး' တဲ့။ 'နေအုံး ကြားလိုက်တဲ့ကောင်တွေ ရှိတယ်' ဆိုပြီး သူ့သားတွေကို လှမ်းခေါ်တယ်။ 'ဟေ့ ငါ့သားတွေ မင်းတို့ပြောတဲ့ကိစ္စ ဒီမှာ ကန်တော့ပွဲနဲ့ဘာနဲ့ လာတောင်းပန်နေပြီ။ အေးကွာ၊ မကြားလိုက်တာတောင် လာတောင်းပန်သဟေ့၊ မင်းတို့က ကြားတဲ့သူတွေဆိုတော့ မခံချင်စိတ် ဖြစ်မိပေမပေ့ါ။ အေး အခု လာတောင်းပန်နေပြီ၊ ငါက မကြားလိုက်တော့ ကျေနပ်ပြီးသား၊ မင်းတို့လည်း ကျေနပ်လိုက်ကြတော့' ဆိုပြီး ဇာတ်သိမ်းသတဲ့။ ဒါကြောင့်ရှေ့နေဦးရေးရဲ့ ဉာဏ်ပညာနဲ့ လုပ်ရပ်ကို တမြို့လုံး အံ့ဩချီးမွမ်းကြရသတဲ့ဗျာ။

ဒါကြောင့် ကျနော်တို့ဆရာကြီးရဲ့ အရည်အချင်းကို ခင်ဗျားသာ ဆက်စဉ်းစားပေတော့လို့ ကျနော် ပြောခဲ့တာဗျ။

■

## အခန်း (၂၇)

# ချိုတမြမြ ခါးသလေလေ့

ရှေ့နေ ဦးရေးကို ဆဲတယ်ဆိုတဲ့ မေးအကြောင်း ပြောတော့မှ ကျနော်လည်း မေးဘဝစခဲ့တာ သွားသတိရတယ်။

ကျနော် အရက်စသောက်တတ်တာ ဆရာအတတ်သင်ရောက်မှဗျ။ ပြဇာတ်ဒါရိုက်တာလေး လုပ်လိုက်တော့ လူရာလေး နည်းနည်းဝင်လာ၊ အပေါင်းအသင်းက စုံလာဆိုပါတော့။ အပေါင်းအသင်း လို့သာ ပြောရတယ်၊ အားလုံးက ကျနော့်ဦးလေးအရွယ်၊ အဖေအရွယ်တွေချည်းပဲ။

အရက်နဲ့ကျနော့်ကို သေချာမိတ်ဆက်ပေးတာကတော့ ပဲခူးမောင်သောင်းပဲ။ သူက ပဲခူးတိုင်း လက်ရွေးစင် ဘောလုံးသမားဟောင်း၊ အဲဒီခေတ်က ပဲခူးဘောလုံးအကျော်အမော် ချန်ထွန်းတို့နဲ့ ကစားဘက်၊ အသက်လေးဆယ် ဝန်းကျင်လောက်ရှိမယ်။ သူက လုပ်ငန်းခွင်ကနေ သင်တန်းလာတက် တာ။ ကျောက်ပေါက်မာသဲ့သဲ့နဲ့၊ ရေတာရှည်ဘက်ကတဲ့။

သူက ကျောင်းဆရာလုပ်ရှုတင် မဟုတ်ဘူး။ တောဆရာဝန်၊ အပ်ပုန်းလေး ဘာလေးပါ လုပ် တယ်တဲ့။ သူက အချိန်မှန် ယမကာလေးနဲ့ ဇရက်မင်းစည်းစိမ်လေးနဲ့ နေချင်တယ် ထင်ပါရဲ့။ ခက်တာက သင်တန်းမှာအရက်သောက်ရင် အပြစ်သိပ်လေးတယ်။ တော်ရုံလူ မသောက်ရဲဘူး။ ဒီတော့ သူက နေ့တိုင်း အရက်ရနိုင်လောက်အောင် ဖန်တီးနိုင်မယ့်လူ လိုနေတယ်။ ဒီလိုဗျ၊ သင်တန်းသားတွေက ရောဝတီတိုင်း၊ ပဲခူးတိုင်းက သင်တန်းသားများတယ်။ အားလုံးက ခပ်အေးအေး တောသူတောင်သား သားသမီးတွေ များတယ်။ အပြင်ထွက် အရက်ဝယ်ပြီး ကျောင်းထဲသွင်းလာရဲတဲ့သူ မရှိဘူး။ ကျောင်းက လည်း ဖွင့်ကာစဆိုတော့ အပြင်ဘက် ထွက်မရှုပ်တတ်သေးဘူး ဆိုပါတော့။ သူကလည်း လူလည် တယောက်ကို ရှာနေ၊ ကျနော်ကလည်း လောကကြီးကို အကြီးအကျယ် စူးစမ်းနေတဲ့အရွယ်။ ဂေါ်ဏေန၊ ဂေါ်ဏောလား၊ သမဏေန သမဏောဏောလား မပြောတတ်တော့ပါဘူး။ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ တွေ့ကြရော ဆိုပါတော့ဗျာ။

ဘိုကလေး ဆရာအတတ်သင်နဲ့ ဘိုကလေး ရဲသိပ္ပံနဲ့က တော်တော်နီးတယ်၊ ဘုန်းကြီးကျောင်း

တကျောင်းပဲ ခြားတာဗျ။ ကျနော်တို့ မရောက်ခင် နှစ်နှစ်လောက်က ရဲသိပ္ပံနဲ့ ဆရာအတတ်သင် ရိုက်ပွဲဆင်ကြသေးဆိုပဲ။ ကိုသောင်းတို့ စားကျက်ကျတဲ့ အရက်ဆိုင်က ရဲသိပ္ပံဘက်မှာဆိုတော့ နယ်မြေအခြေအနေနဲ့ နောက်ကြောင်းရာဇဝင်လေး ဘာလေး တီးခေါက်ထားရသေးတယ်။ ဆိုင်သွား သောက်တာက သိပ်မခက်လှဘူးဗျ။ သောက်ပြီးပြန်လာမှ သတင်းပေးရန် ကြောက်ရတာ။ သင်တန်းသားထဲမှာ စွမ်းအားရှင်လို ကောင်တွေလည်း ရှိသေးဗျာ။။

ဒီတော့ ကိုသောင်းကြီးက နေရာတကာနှံ့စပ်တဲ့ ကျနော့်ကို စည်းရုံးနေတာ။ ကျနော်က ရောက်တာမှ မကြာသေးဘူး။ ဌာနမှူးတွေသာတင်တဲ့ ကဇာတ်ကို တင်နိုင်တဲ့ကောင်ဆိုတော့ လူရာဝင်နေတယ် ဆိုရမလားဗျာ၊ ချွတ်ကလေးဆိုပေမဲ့ လူရှိန်တယ်ပေါ့။။

ဒါနဲ့ ကိုသောင်းက ရဲကျောင်းဘက်က အရက်ဆိုင်သွားတိုင်း ကျနော့်ကို အဖော်ခေါ်တယ်။ အဲဒီတုန်းက အရက်တလုံးမှ တဆယ်လောက်ခေတ်ဗျ။ ဘီအီး ပေါ့ဗျာ။ ဘီအီးကို ကျနော် ဆုံခဲ့တာ ကြာပြီ။ ဆယ်သုံးနှစ်သား လောက်ကတည်းက အရက်ဆိုင်ထဲ ရောက်ဖူးတာ။ ကမာရွတ် ဘူတာနားမှာ အစိုးရအရက်ဆိုင် ရှိတယ်။ အထပ်သား စက်ရုံမှာ လုပ်တဲ့ အိမ်ဘေးက ကိုလှမြင့်ဆိုတဲ့ လူနဲ့ အရက်ဆိုင်ထဲကို ခဏခဏ လိုက်သွားဖူးတယ်။ သောက်ဖို့ မဟုတ်ပါဘူး။ စပ်စုချင်တာနဲ့ လိုက်သွားတာ။ အသက်ဆယ့်ရှစ်နှစ်အောက် မရောင်းပါလို့ စာတန်းချိတ်ထားတယ်ဗျ။ သေချာမှတ်မိတာက တပက်ပြားနှစ်ဆယ်ဆိုတာပဲ။

နေအုံးဗျ၊ အချိန်အတွယ်က နည်းနည်းကွဲပြားတယ်။ ဆိုင်မှာ ဆယ့်နှစ်ပက်ဆို တလုံး။ အပြင်ရောက်တော့ ဆယ့်ခြောက်ပက် ဖြစ်သွားတယ်။ ဒီအလုံးပဲ။ ကျနော့်စိတ်ထဲ ဆိုင်ထဲက အလုံးက ခေါင်းချိုးထားလို့လားလို့၊ မဟုတ်ဘူးဗျ၊ အတူတူ။ ဒါပေမဲ့ အုံ့ဩဖို့ကောင်းတာက ဒီသတ်မှတ်ချက်ကို ယမကာကိုယ်တော်တွေ အားလုံးတညီတညွတ်တည်း သဘောတူကြတယ်ဗျာ။ ဆိုင်က အလုံးလိုက် မရောင်းဘူး။ တယောက်တခါတန်းစီရင် ခြောက်ပက်တပိုင်း။ ဆိုင်ထဲမှာတင် ချချင်ရင်လည်း ရတယ်။ ရေအိုးအဆင့်သင့်၊ ရေခွက်ကတော့ နို့ဆီခွက်ကို ကြိုးတပ်ထားတာ။ ပထမ ကျနော့်စိတ်ထဲမှာ နို့ဆီခွက် ကို ဘာကြောင့်ကြိုးတပ်ထားတာလည်း စဉ်းစားလို့မရဘူး။ နောက်တော့မှ သိရတာက ခဏခဏ ပျောက်လို့တဲ့။

အမြည်းလား၊ ရတယ်လေ။ ငါးရှဉ့်ကြော်၊ အမဲကြော်၊ ဝက်ဆီဖတ်၊ လက်ဘက်သုတ်၊ မရမ်းသီးသုတ်၊ စုံပါ့ဗျာ။ နှစ်ပေ၊ သုံးပေအရွယ် ခုံအသေးလေးတွေနဲ့ အမြည်းဆိုင်တွေမှ ပွလို့။ အရက်ဆိုင်က အမြည်းကို ကျနော် သွားရည် အကျသားဗျ။ အဲဒီခေတ်က အရက်ဆိုင်မှာ အမြည်း ရောင်းတာ ဂေါ်ရင်ဂျီ ကုလားမတွေပဲဗျ။ နောက်တော့ မြန်မာအမျိုးသမီးတွေပါ ဝင်တိုးလာတယ်၊ အာကြွမ်းလျှာကြွမ်းတွေပါဗျာ။ ကျနော်တော့ အရက်ဆိုင်မှာ အမြည်းရောင်းတဲ့မိန်းမကြီးတွေဆို အသေ လန့်တယ်။ အစပိုင်းက အမြည်းဆိုင်မှာ အရက် မရဘူးဗျ။ ဆိုင်မှာ လိုသလောက်ရနေတော့ အပြင်ဈေးကွက် မရှိဘူးပေါ့ဗျာ။

ပထမ ဝယ်လာတဲ့ ခြောက်ပက် ကုန်ပြီလား၊ ရတယ်၊ ထပ်ပြီးတန်းစီလိုက်။ နောက် ခြောက်ပက် ရမယ်။ အရက်ဆိုင် မပိတ်မချင်း တန်းစီလိုက် သောက်လိုက် လုပ်ပေတော့။ အရက်ဆိုင် ဖွင့်ချိန်လား၊ ညနေလေးနာရီကနေ ညခုနစ်နာရီလောက်ဗျ။ ဆိုင်ပိတ်သွားလည်း အပြင်မှာ ဈေးသိပ်ကွာပုံ မရပါဘူး ဗျာ။ နောက်တော့ တပက်ပြားလေးဆယ် ဖြစ်လာတယ်။

ပြောရင်း သတိရလာပြန်ပြီ၊ အရက်သမား ဇာတ်လမ်းတခု။ အဲဒီအရက်သမားက ပေါ့သေးသေး တော့ မဟုတ်ဘူး။ ရဲဘော်သုံးကျိပ်ဝင်တဲ့။ ဗိုလ်စောနောင် ထင်ပါရဲ့။ သူက လှိုင်မြို့နယ် (၉) ရပ်ကွက်

ရှမ်းစုဘက်မှာနေတယ်။ ဦးနေဝင်းက မရမ်းကုန်း အေဒီလမ်းမှာ နေတာ။ စစ်ရုံးသွားရင် ပြည်လမ်း အင်းလျားကန်ဘောင်ဘေးကို ဖြတ်ဖြတ်သွားတယ်တဲ့။

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စောနောင်ကလည်း အစိုးရက ဘာမှ မယ်မယ်ရရ ထောက်ပံ့မထားတော့ အရက်ချည်း လိမ့်သောက်နေတယ် ထင်ပါ့ဗျာ။ တနေ့ ဦးနေဝင်းလာနေတဲ့ လမ်းကြောင်းကားကို အင်းလျားကန်ဘောင်ဘေးကနေ ဖြတ်တားသတဲ့။ အစောင့်စစ်သားတွေနဲ့ ရှုန်းရှုန်းဖြစ်နေတာကို ဦးနေဝင်းတွေ့တော့ ကားပေါ်က လှမ်းမေးတယ် တဲ့။ ဘယ်သူလဲဆိုတော့ ဗိုလ်စောနောင်လို့လည်း သိရော ကားပေါ်က ဆင်းလာတယ်တဲ့။ ဘာလိုချင်လို့လဲ မေးတော့ ဗိုလ်စောနောင်က 'ကိုရှုမောင်၊ ကျုပ်မှာ အရက်တောင်သောက်ဖို့ မရှိဘူး' ပြောတာနဲ့ ဦးနေဝင်းက အရက်ဘိုးပေးပြီးကုန်သွယ်ရေး (၄) မှာ အရာရှိခန့်သတဲ့ဗျာ။ အဲဒီတုန်းက ကုန်သွယ်ရေး (၄) ဆိုတာ အရက်ဖြန့်တဲ့ဌာနလေ။

စင်တင်ပြဇာတ် ဒါရိုက်တာ၊ ကျနော်လည်း ကျနော့်ပါဝါလေးသုံးပြီး ကိုသောင်းကို အရက်ဝယ်ဝယ်ပေးတယ်။ လူသိခံလို့တော့ ဘယ်ဖြစ်မလဲ၊ ခိုင်လျှိုလေးပေါ့။ နေ့တိုင်းမဟုတ်ဘူး၊ သုံးရက်တခါလောက်။ သူ့ကိုလည်း ပြောထားရသေးတယ်။

ခင်ဗျား အုပ်စု မဖွဲ့နဲ့နော်၊ တယောက်ထဲ ခိုင်လျှိုလုပ်။ အုပ်စုများလာရင် ကျနော်ပါ ဂျောက်ကျမယ်ပေါ့။ ကျောင်းအပြင်ထွက်ဖို့ကလည်း ထင်သလောက် မလွယ်ဘူး။ တံခါးစောင့်ရှိတယ်။ ညနေခြောက်နာရီနောက်ပိုင်းမှ ဌာနမှူးတယောက်ယောက်ရဲ့ ဂိတ်ပတ်စ်ပါမှ ထွက်ရတာ။ ကျနော်က ဒေါ်မြသီတာရဲ့ လက်စွဲတော်ဆိုတော့ ဖရီးပါတ်စ်ဖြစ်နေတာ။ ကျနော်လို ချွတ်က အရက်ပုလင်းကို တိုက်ပုံထဲ ဖွက်လာမယ်လို့ ဂိတ်စောင့်က ယောင်လို့တောင် တွေးဟန်မတူပါဘူးဗျာ။

ကိုသောင်းက သူသောက်တဲ့နေ့တိုင်း ကျနော့်ကို ဝင်သောက်ဖို့ အဖော်စပ်တယ်။ ကျနော်က အဖေ အရက်သောက်တာတောင် ကြည့်မရခဲ့တဲ့ကောင်ဆိုတော့ အစပိုင်းတော့ ငြင်းတာပေါ့။ သူက 'ဟေ့ကောင်လေး၊ အရက်ဆိုတာ ဘယ်ဘုံမှာမှ မရဘူး။ သုံးဆယ့်တစ်ဘုံမှာ လူ့ဘုံတခုပဲ အရက်ရတာ၊ လူဖြစ်တုံး ချထား' တဲ့။

ကျနော်ကလည်း 'ခင်ဗျားဖာသာ ဝအောင်သောက်စမ်းပါဗျာ၊ သူများကို မဆွယ်စမ်းပါနဲ့' လို့ ငြူစူး ခံတွန်းနေတာ။ တွန်းရဲတယ်လေ၊ ကဇာတ်တိုက်တုန်းက ကိုသောင်း တင်မကဘူး၊ ဦးတင်အေးတို့ ကိုကျော်မြတို့ပါ ကျနော်က ဒီလိုကပါ၊ ဒီလိုဆိုပါ၊ ဒီလိုပြောပါလို့ သင်ပေးခဲ့တာ။ တနေ့တော့ ကျနော် နည်းနည်း ညစ်လာတယ်။ ညစ်တာက ကိုယ်လုပ်တဲ့ကိစ္စ မဟုတ်ဘူး။ ကိုယ်နဲ့လည်းဆိုင်တယ် ဆိုပါတော့။ ဒီလို ဒီလို။

ရန်ကုန်ကနေ ဘိုကလေးကို ပထမဆုံးလာတဲ့ခရီးမှာ သင်္ဘောပေါ်မှာ ဘိုကလေးသူတချို့နဲ့ ခင်လာကြတယ်။ တယောက်တည်းတောင် မဟုတ်ဘူး၊ သုံးယောက်။ စပြီးခင်သွားတာကလည်း ကျနော်ရေငတ်လို့ ရေတောင်းသောက်ရင်း ထမင်းပါ ဝင်စားဖြစ်ပြီး ခင်မင်သွားတာ။ ညီအမအရင်း နှစ်ယောက် မမြင့်မြင့်ခင်နဲ့ ခင်သန်းတဲ့။ နောက်ညီမဝမ်းကွဲ တယောက်က မော်မော်တဲ့။

ကျနော်ကလည်း ဒါမျိုး ရှုပ်ရှုပ် ရှုပ်ရှုပ်မှာ ရှေ့တန်းကဆိုတော့ အတူပါလာတဲ့ ကိုဝမ်းကို ယက်တိုပြီး အဖော်စပ်လိုက်တယ်။ သူက ကျနော့်ကို ဆရာအတတ်သင်တက်ဖို့ တိုက်တွန်းတဲ့ ဆရာဦးစန်းမောင်ရဲ့ညီ။ နောက်ကျောင်းရောက်တော့ ကျနော့်လို ခပ်ရှုပ်ရှုပ် ခပ်ပြောင်ပြောင် စမ်းချောင်းက အောင်ခင်ဆွေနဲ့ ထပ်အဖွဲ့ကျလိုက်တော့ ကျနော်တို့က သုံးယောက်၊ မမြင့်မြင့်ခင်တို့က သုံးယောက်၊ ဘက်စီ၊ ဘက်စီ ဖြစ်သွားရော ဆိုပါတော့။

နောက် ကျနော်တို့ ကျောင်းရောက်ပြီးတော့ မမြင့်မြင့်ခင်တို့က နှစ်ပတ်တခါ ကျောင်းကိုလာတယ်ဗျ။ အပြင်မှာ ထမင်းလိုက်ကျွေးတာ။ တကယ့်ကို မမေ့နိုင်တဲ့ နေ့တွေဗျ။ အော် မဟုတ်ဘူး။

အဲဒီ မိန်းခလေးတွေနဲ့ ပလူးနေရလို့ မဟုတ်ဘူး၊ ဝါးတီးကောင်းလို့။ တကယ်ဗျာ၊ ထမင်းတစ်ပွဲကို သုံးကျပ်ခွဲ၊ ပုဇွန်ထုတ်ကြီးဆီပြန်နဲ့၊ ချဉ်ရည်ရော၊ အသုတ်ရော၊ တကယ့်ကို မမေ့တဲ့နိုင်ပဲ။ ဘိုကလေးက သားငါးရော၊ ဆန်စပါးပါ တော်တော်ပေါတဲ့မြို့ဗျ။

ဘာညာ သာရကာလား၊ နေအုံး ကျနော်ရိပ်မိသလောက်တော့ မမြင့်မြင့်ခင်က ကိုဝမ်းကို နည်းနည်းကျနေပုံပဲ။ ဒါပေမဲ့ မသိသာဘူး။ ဟုတ်ချင်မှလည်း ဟုတ်မယ်။ အောင်ခင်ဆွေကတော့ မော်မော့်ကို လစ်တာနဲ့ တော့ကီပေးတာပဲ။ ရည်းစားစကားတော့ ဟုတ်ဟန်မတူဘူး။ စမ်းချောင်းသား လူလည်ဆိုတော့ လုံးနေတာ ထင်ပါ့ဗျာ။ ကျနော်လား၊ ခင်အေးသန်းလွှယ်အိတ်ထဲ စာထည့်ပေးမိလို့ အိမ်ပေါ် အထိ တက်အရိုက်ခံရတဲ့ပြဿနာ ဖြစ်ပြီးကတည်းက ကျနော့်စိတ်ထဲ ဣတ္ထိယဆို ခပ်လန့်လန့် ဖြစ်နေတုန်း။ တခုရှိတာက မမြင့်မြင့်ခင်က ကျနော့်ဆိုက် မဟုတ်ဘူး။ မော်မော်က အောင်ခင်ဆွေ မှန်းနေတာဆိုတော့ ကျန်တဲ့မခင်သန်းက ရှစ်ရည်ဘယ်လို ရှိမလဲ စဉ်းစားပေတော့ဗျာ။ ကျနော်ကလည်း လှလှနဲ့ ခက်ခက်ကိုမှ လိုချင်တာလေ။

ကဲပါဗျာ၊ ကျနော်တော့ အဆောင်ဟင်းထမင်းက ခပ်ညံ့ညံ့ဆိုတော့ အပြင်ကိုလည်း ထွက်လည်၊ တခါတခါ ရုပ်ရှင်ကြည့်ကြ၊ ဝါးတီးကလည်းမှန်၊ ကျနော်ကလည်း အကောင်းကြိုက်ဆိုတော့ ဘုရားပွဲ တွေ့ပြီး ပျော်မဆုံးနဲ့နေ့တွေပေါ့။

အော် ကိုဝမ်းအကြောင်းပြောဖို့မေ့နေတယ်။ ကျနော့်ထက် ခြောက်နှစ်လောက် ကြီးမယ်။ ၂၅ နှစ် ဝန်းကျင်၊ သူက ပန်းချီတွေ ဘာတွေဆွဲတယ်။ မထုံတက်တေး၊ မခုတ်တတ်တဲ့ ဒီဂိုမ်း။ မမြင့်မြင့်ခင်တို့ ထမင်းလိုက်ကျွေးတော့ သမာဓိ အေးချိတ်ပြီး သူလည်း အငမ်းမရကျိတ်တာပဲ။ မြင့်မြင့်ခင်ကိုတော့ စိတ်ဝင်စားဟန် မပြဘူး။ မကြိုက်တာလား၊ လန့်နေတာလား၊ ကျနော်လည်း မခွဲခြားတတ်ဘူး။ သူက ရိပတ်ပလစ်ကင်၊ ကျနော်နဲ့အောင်ခင်ဆွေက ဒီမိုကရက်တစ် ဆိုပါတော့ဗျာ။

အခုပြဿနာက သူ့ဖာသာ ရိပတ်မှာ ပလစ်ကင့်မနေဘဲ ထပြီးကြောင်လို့ ပေါ် ရတဲ့ ပြဿနာ ဗျာ။ ပြဿနာလို့သာ ပြောရတာ ပြဿနာ ဖြစ်လောက်တဲ့ ကိစ္စလည်း မဟုတ်ပြန်ဘူး။ ကိုဝမ်း ထ မကြောင်ခင် အထိပေါ့။

ကျနော်တို့အဖွဲ့ အပြင်ကိုထွက်ပြီး ထမင်းလိုက်စားတိုင်း အငမ်းမရငတ်ကြီးကျနေတာကို မမြင့်မြင့်ခင်က ရိပ်မိပုံရတယ်။ သနားတယ် ထင်ပါရဲ့။ တရက်ညနေမှာ မမြင့်မြင့်ခင်တို့ ညီအမ သုံးယောက် ဧရာမငါးဆင့်ချိုင့်ကြီးနဲ့ ဟင်းတွေချည်း လာပို့ပါလေရောဗျာ။ ကျနော် ဖွင့်ကြည့်လိုက်တော့ ပုဇွန်ထုတ်ကြော်၊ ငါးပိကြော်၊ နောက် ဘဲဥတွေချည်း ကြော်ထားတာ အလုံးအစိတ်လောက်တောင် ရှိမလားပဲ။ ဟန်ကျလိုက်လေဗျာ၊ အောင်ခင်ဆွေကို ခေါ် ပြတော့လည်း မြူးပြီးဖြီးနဲ့ သွားရည်ကျနေ တယ်။ လာပို့တဲ့ မမြင့်မြင့်ခင်တို့ကတော့ ချိုင့်ထားပြီး ပြန်သွားတယ်။

ကျနော်က အဖွဲ့သားတေ သုံးယောက်ဆိုတော့ ကိုဝမ်းကိုလည်း ဝမ်းသာအားရ သတင်းပို့တာပေါ့။ အဲ ပုဇွန်တကောင်တော့ နှိုက်စားပြီးပြီ။ ကိုဝမ်း ဆိုတဲ့ လူဗျာ၊ ဟင်းချိုင့်ကို သေချာကြည့်လိုက်၊ သူ့ မုတ်ဆိတ်မွေးကို ကိုင်လိုက်နဲ့ တခုခုကို အလေးအနက် စဉ်းစားနေတယ်။ နောက်တော့ ခပ်လေးလေး အသံနဲ့ 'မင်းတို့ ဒီချိုင့်ကို ပြန်ပို့လိုက်ကြ' တဲ့။

ကျနော်လည်း သူ့မှတ်ချက်ကို တော်တော် အံ့ဩသွားတယ်။ အောင်ခင်ဆွေကလည်း မြူး ကြောင်ကြောင် ဖြစ်နေတယ်။ 'ဟေ့လူ ကိုဝမ်း၊ ခင်ဗျား မစားချင်လည်းနေ၊ ပြန်ပို့လို့တော့ မကောင်းဘူးထင်တယ်' လို့ ကျနော် လေပြေထိုးပါသေးတယ်၊ ကိုယ်တော်က ငွာဗျာ၊ ပြန်ပို့ဆို အခု ပြန်ပို့ကွာတဲ့။ မင်းတို့လည်း မစားနဲ့၊ ငါလည်း မစားဘူး။ ပြန်ပို့ကို ပို့ရမယ်တဲ့။ ကျနော်ကလည်း စိတ်နဲ့ဗျ။ ဒီလောက်တောင် ပြန်ပို့ချင်လှတာ၊ မစားရတော့ ဘာအရေးလဲ ဆိုပြီး 'ကဲ ဒီလောက်တောင်

ပြန်ပို့ချင်နေလည်း အခုသွားပြန်ပို့မယ်။ ဟော့ကောင် အောင်ခင်ဆွေ မင်းလည်းလိုက်ခဲ့'ဆိုပြီး သုံးယောက်သား မမြင့်မြင့်ခင်တို့အိမ် ရောက်ရော ဆိုပါတော့ဗျာ။။

မမြင့်မြင့်ခင်တို့ဟာ ဘိုကလေးမြို့ပေါ်မှာ သူ့ဦးလေး အိမ်မှာရောက်နေတာဗျ။ သူတို့ရွာက ဘိုကလေးနဲ့ တမနက်ခရီးလောက် ဝေးသေးတယ်။ လာပြန်ပို့တဲ့ချိုင့်ကို မမြင့်မြင့်ခင်က မပြီး ဆကြည့် လိုက်တယ်။ နောက် ဖွင့်ကြည့်တယ်။ ပြီးလည်း ပြီးရော 'ဒါ ဘာဖြစ်တာလဲ' တဲ့။ အောင်ခင်ဆွေကလည်း ချက်ချင်းဆိုသလို 'ကိုဝမ်းက ပြန်ပို့ဆိုလို့' ထ တဲ့ပြီး ဖြေလိုက်ရောဗျာ မမြင့်မြင့်ခင် ပွဲထကြမ်းပါလေရော။

ထိုင်နေတဲ့ ဆိုဖာကနေ ထတယ်၊ မဟာညာဏ်ကြီးရှင် ကိုဝမ်းရှေ့တည့်တည့်ကို လျှောက်လာ၊ လက်နှစ်ဖက် ခါးကိုထောက်ပြီး 'ကိုဝမ်း ဘာသဘောနဲ့ ရှင်ဒီလို လုပ်တာလဲ' တဲ့။ သူ့ဦးလေးတွေလည်း အားတုံ့အားနာ ပုံစံတွေနဲ့ဗျာ။

ကိုဝမ်းက တိုနံ့နံ့ နှုတ်ခမ်းမွေးကို ရွစိရွစိလှုပ်ရင်း 'ဟို ဟို ဒီလို၊ ဒီလို' ဆိုပြီး အအ လုညီးနင်းနေ ရော။ မမြင့်မြင့်ခင်ကတော့ဗျာ၊ ဖုံးကြိုလေယာဉ်မှူးက ဖုံးကြိုခလုတ်ကိုဆွဲသလို အတွဲလိုက်ကို ကြဲတော့ တာပဲ။

'ကိုဝမ်း ဒီအထဲမှာ ရှင်အကြီးဆုံး၊ ရှင်အသုံးမကျဆုံး၊ လူ့စကားနားမလည်ဆုံး။ ဘာလဲ၊ ရှင်က ရှင့်ကို ကျမက ကြိုက်နေလို့ ပိုးကြေးပန်းကြေး လာပို့နေတယ် ထင်လို့လား'တဲ့။

ရှေ့ကိုယ်တော် မောင်ဝမ်းကတော့ လဒကို ဘိန်းကျွေးထားတာထက်တောင် ဆိုးသေး၊ ခေါင်းကြီး အောက်စိုက်နဲ့ တကယ့်လူဗျာ။ ကျနော်ကတော့ သူတို့နှစ်ယောက်ကြားမှာ ဘာများမြှုပ်တွက် ရှိသလဲလို့ အောက်ဖဲများ ကောင်းသလားလို့ အခုဟာက အောက်ရှစ်ကြီးနဲ့ တဝိုင်းလုံး လျှောက်တွန်းနေတာကိုး။ ကျနော်လည်း ပွဲက ကြည့်မကောင်းတော့ဘူးဆိုတော့ ကြားဝင်လိုက်ရတယ်၊ အရေးအကြောင်းဆို ကျနော့်ဉာဏ်က ထွက်ထွက်လာတတ်တယ်။

'နေပါအုံး အမရယ်၊ ဖြစ်တာနဲ့ပြောတာနဲ့က တလွဲစီဗျ။ အခုဟာက ဟင်းတွေထာပြန်ပို့တာ မဟုတ်ဘူး။ ပို့တာတွေ များလွန်းတော့ တရက်တည်း စားလို့မကုန်ဘူး။ အဲဒါ ထည့်သိမ်းဖို့ ဗူးလေးခွက် လေး လာတောင်းတာ ' ဆိုပြီး လိုမ့်ရတော့တာပေါ့။

ကံကောင်းတယ် ဆိုရမလား၊ ဉာဏ်ကောင်းတယ် ဆိုရမလား မပြောတတ်တော့ပါဘူးဗျာ။ ကျနော် ပစ်သွင်းလိုက်တဲ့အလုံးက မမြင့်မြင့်ခင် အချိုက်တည့်တည့် ထိသွားတယ်ဗျာ၊ တော်ပါသေးရဲ့။ မီးကိုရေနဲ့ငြိမ်းတာကမှ ရှဲတာနဲ့ ပြည်အုံးမယ်။ အခုဟာက လုံးဝ အသံတိတ်သွားတယ်။

'အော် ကိုဝမ်းရယ်၊ ရှင်အူကြောင်ကြောင်လုပ်တာနဲ့ ကျမလည်း စကားတွေလွန်ကုန်ပြီ။ ကန်တော့ ကန်တော့' တဲ့။ 'တိုသက်ခိုင်ကလည်း စောစောတတည်းက ပြောတာ မဟုတ်ဘူး'

ဘာညာဆိုပြီး လျှောချသွားရောဗျာ။

ချိုင့်ထဲကဟင်းတွေကို ဗူးတွေနဲ့ထည့်ပြီး ပြန်လာတော့ ကိုဝမ်းတိုလည်း စိတ်က အချဉ်ပေါက်၊ လာပို့ထားတာတွေလည်း စားချင်စိတ်မရှိတာနဲ့ ကိုသောင်းတုတင်အက်ရောက်သွားတယ်။ သူက ထုံးစံအတိုင်း 'ဂန်ဒူးလေး၊ ချမလား' တဲ့။ ကျနော်လည်း စိတ်က ခပ်တင်းတင်းဖြစ်နေတာမို့ သူကမ်းပေး တဲ့ ခွက်ကို ဇတ်ကနဲလှမ်းယူပြီး မော့ချလိုက်တယ်။

'ခင်ဗျား လျှောက်အော်မနေနဲ့၊ လဒလောက်တော့ ငှက်တိုင်းလှတယ်။ ခင်ဗျား သွေးနီတယ် ဆိုတာ၊ ကျနော့်သွေး ရေကိုးဆ ရောထားသလောက်ပဲရှိတယ်' လို့။

မခံချင်စိတ်နဲ့သာ မော့လိုက်တာဗျ။ ကျနော့် အာခေါင်ထဲကို မီးစနဲ့ထိုးလိုက်သလိုပဲဗျာ၊ ပူပြင်းစပ်ခါးတဲ့ အရသာကြီးဗျာ။ ဝမ်းထဲရောက်တော့လည်း အပူမရပ်ဘူး။ ကျနော် ပါးတွေနားတွေ

ခပ်ထူထူဖြစ်လာတယ်။ ဒါနဲ့ သတင်းစာစက္ကူနဲ့ ဖြန့်တင်ထားတဲ့ ဘယာကြော်တခြမ်းကို ကောက်ဝါး လိုက်ရတယ်။

တောင်ပြောမြောက်ပြောနဲ့ မိနစ်နှစ်ဆယ်လောက်ကြာတော့ ကိုသောင်းက တခွက်လောက် ထပ်ချလိုက်အုံးဆိုတာနဲ့ မထူးတော့ပါဘူးလေဆိုပြီး အဲဒီညက လေးငါးခွက်လောက် ကျိတ်လိုက်တယ်။ အောင်မယ်၊ ကျနော့် စိတ်ထဲမှာ အဲဒီညက ကျနော်ပြောတဲ့ ဒဿနကွေ၊ တချို့စကားလုံးတွေက ပို ပြောင်မြောက်လာတယ် ထင်ပါ့ဗျာ၊ ခပ်ထွေထွေလေးဆိုတော့ အာကသွက်၊ ဖတ်ထားမှတ်ထားတဲ့ စာတိုပေစလေးတွေရွတ်ပြတော့၊ ဘေးလူတွေက အထင်ကြီးတဲ့ မျက်လုံးတွေနဲ့။

အမှန်တော့ ကျနော်ဟာ အဲဒီညက ကိုယ်လည်ပင်းကိုယ် အလွန်သေးတဲ့ ကြိုးငယ်လေး တချောင်းနဲ့ စပြီး ဆွဲကြိုး စချခဲ့တာပါပဲ။ အေးပေါ့ဗျာ၊ ကြိုးကလည်းသေး တပင်တည်းလည်းဖြစ်ပြန် ဆိုတော့ လည်ပင်းမအစ်ပဲ ကြိုးပြတ်သွားတာပေါ့။ ကြိုးပြတ်သွားတော့ နောက် ဆက်တိုက် ဆက်တိုက် အပ်ချည်တပင်ချင်း တိုးပြီး ဆွဲကြိုး ဆက်ချတော့တာပေါ့။

ကျနော် အရက်သမား ဖြစ်လာတယ်လေ။ အမှန်တော့ ကျနော် အရက်သမား ဖြစ်လာတဲ့အထိ အရက်ရဲ့အရသာကို ကျနော် မကြိုက်ဘူးဗျ။ ခါးတာကို ကျနော်မုန်းတယ်။ ခံစားရတာ စိတ်ကြွလာတာ ကို ကျနော်သဘောကျတယ်။

ဘေးတီးတဲ့ လူတွေကလည်း သက်ခိုင်တို့က ဘယ်လောက်သောက်သောက် စကားမမှားဘူးကွာ။ သောက်ထားတာတောင်မှ ပြောလိုက်တဲ့ စကားတွေက ချက်ကျလက်ကျချည်းပဲ၊ ညတုန်းက ဘယ်လောက်များများ မိုးလင်းရင် ဘာမှ လုပ်မထားသလိုပဲ။ အရက်ကို လူကနိုင်တယ်ဆိုတာ ဒါမျိုး ထင်တယ် ဘာညာ လျှောက်ပြောကြတာပေါ့ဗျာ။

အဲဒီတညသောက်ပြီး ချက်ချင်းကြီး အရက်သမားဖြစ်သွားတာတော့ ဘယ်ဟုတ်မလဲဗျာ၊ အစ ပျိုးမိသွားတာကို ပြောတာဗျ။ ကျောင်းဆရာဘဝ ရောက်တော့လည်း ကိုယ့်သိက္ခာ ကိုယ်ထိန်းနေရတာ နဲ့ တခါတလေလောက်ပဲ သောက်ဖြစ်တာပေါ့။ သောက်လည်း လူမသိသူမသိ ခွက်ပုန်းမှော့ရတာပေါ့။ စီနီယာကျောင်းဆရာတွေထဲမလည်း ယမကာလုလင်တွေ အပေါသားဗျ။ လခထုတ်တဲ့ နေ့မျိုးမှာ ဝိုင်းလေးလုပ်လိုက်ကြရအောင်ဆိုရင် ကန့်ကွက်သူမရှိ ထောက်ခံအတည်ပြုပြီးသားပဲ။ အဲဒီအချိန်က တော့ နှစ်ယောက်တပိုင်း၊ တယောက်တစိတ်ဆို ရေချိန်ကိုက်ပြီ၊ နောက်ပိုင်း နှစ်ယောက်ကို တပိုင်း တစိတ်တွေ ဘာတွေ ဖြစ်လာတယ်။ ဒါပေမဲ့ ကျောင်းဆရာဘဝမှာ ကျနော် အလွန်အကျွံသောက်တဲ့ ဘဝ မရောက်ခဲ့ဘူး။ အရက်သမားဘဝထဲကို တစတစ နစ်လာတာက ကျောင်းဆရာဘဝက ထွက်ပြီး အငယ်တန်းအင်ဂျင်နီယာ (ဂျေအီး) ဘဝနဲ့ ဆောက်လုပ်ရေးကို ပြောင်းမှဗျ။

ဟုတ်တယ်၊ ကျနော် ကျောင်းဆရာလုပ်နေရင်း အင်းစိန်ဂျီတီအိုင် ဆက်တက်ဖြစ်သေးတယ်။ အလုပ်လုပ်ရင်းတန်းလန်းဆက်တက်တာ။ ဒါကို ထားလိုက်ပါအုံးလေ။ ကျနော် ကြုံခဲ့ရတဲ့ ဝိဘက်ကြမ္မာ ပေလောဆိုတဲ့ ဇာတ်လမ်းလေးကို နားထောင်ပါအုံးဗျာ။

■

## အခန်း ( ၂၈ )

# ဝိဘာက်ကြမ္မာပေလော

ကျနော် ဆောက်လုပ်ရေးကိုရောက်တော့ ကျနော့်အအေးအီးရော၊ အက်စ်အေအီးရော အရက်ကို နေ့တိုင်း ပုံမှန်သောက်တယ်။ အထူးသဖြင့် အင်းလျားလိပ်ဟော်တယ်မှာ သောက်တဲ့နေ့တွေ များ တယ်။ ကျနော့်လစာနဲ့ ဘယ်သောက်နိုင်မလဲဗျာ။ အေအီးနဲ့ အက်စ်အေအီး တလှည့်စီ ဒကာခံကြတာ ပေါ့။ ကျနော့်ကို သူတို့ တော်တော်မျက်နှာသာ ပေးတာဗျ။ ဖြစ်ပုံက ဒီလို။

ကျနော်အလုပ်ခွင်က ရေကြောင်းသိပ္ပံအိမ်ရာ ဆောက်လုပ်ရေး၊ ရေကြောင်းသိပ္ပံကို တိုးချဲ့နေ တာ။ ဆင်မလိုက်ဘေးမှာလေ။ အဲဒီစီမံကိန်း အလုပ်သမားအများစုက ဆင်မလိုက်၊ လှိုင်နဲ့ ကမာရွတ် သားတွေ အများစုဗျ။ မကွရာ နယ်သားတွေ။ စရိုက်က ခပ်ကြမ်းကြမ်းဆိုတော့ သူတို့ကို အုပ်ချုပ်ရတာ မလွယ်ဘူး။ ကျနော်က ကမာရွတ်နယ်ခံလည်းဖြစ်၊ ကျောင်းဆရာဘဝကလာတော့ အလုပ်သမား တော်တော်များများနဲ့ မကင်းရာ မကင်းကြောင်းတွေများတယ်။ ဒီတော့ တိုတိုပြောရရင် ကျနော့်ကို အေအီး၊ အက်စ်အေအီးက လက်သပ်မွေးထားတယ် ဆိုပါတော့။ ဒါပေမဲ့ ကျနော် အလုပ်သမားတွေကို နှိပ်ထက်စီးနင်းတော့ မလုပ်ခဲ့ဘူး။ တခါတခါ လုပ်ခ လုပ်ငန်းပုတ်ပြတ် မကိုက်တဲ့ အခြေအနေတွေမှာ အေအီးနဲ့ အက်စ်အေအီး တင်ပြပြီး ဘီလပ်မြေ ဘယ်နှစ်အိတ် ထုတ်ရောင်းလိုက်ကွာဆိုပြီး ဘလိုင်း ထုတ်ပေးတာတွေတောင် ရှိသေးဗျာ။ ဒါတင် မကဘူး။ အပိုင်နယ်ထိန်းတို့ ရဲတို့မေးရင် ဆရာဦးသက်ခိုင် ပေးလိုက်တာလို့ပြောကွာဆိုပြီး နောက်ပိုင်းမှာ မီးသေတဲ့အထိ တာဝန်ယူတော့ အလုပ်သမားတွေ ကျနော့်ဩဇာ မလွန်ဆန်နိုင်တာများတယ်။ ကျနော်က ကမာရွတ် လူဆိုးမှန်သမျှ မကင်းသလို ရဲနဲ့ လည်း အဖွဲ့ကျတယ်။ ဘာမှ အထင်မကြီးနဲ့။ သူတို့ သားသမီးတွေက ကျနော့်တပည့်မို့လို့။ ကမာရွတ် (ခေါ်) ကျော်ရှိန် သတ်လိုက်တဲ့ ကိုတင်ထွန်းသားတောင် ကျနော့်အတန်းက ထွက်တာ၊ တပည့်ရင်း၊ ကျနော့်လက်ထွက်။

အေအီးရော၊ အက်စ်အေအီးပါ အရက်၊ မိန်းမ မကင်းဘူးဗျာ။ ငွေက လွယ်လွယ်ရနေတာကိုး။ TASK WORK လို့ခေါ်တဲ့ ပုတ်ပြတ်အလုပ်တွေကို အလုပ်သမားတွေကိုချပေးတဲ့ လုပ်ကွက်ကတမျိုး၊

သူတို့ အက်စ်အီးရုံးကိုတင်ပြီး တောင်းတဲ့နှုန်းက တမျိုး။ ကျနော့်စိတ်ထင် အလုပ်သမားရတာနဲ့ သူတို့တွက်တာ သုံးဆလောက်ကွာမယ် ထင်ပါ့ဗျာ။ နောက် ခန့်မှန်းခြေတွက်ချက်မှုနဲ့ ကွာဟပြီးပိုနေတဲ့ ဘိလပ်မြေ၊ သံချောင်း၊ သုတ်ဆေး၊ အမိုးပြား၊ လျှပ်စစ်ပစ္စည်းတွေကလည်း တောင်ပုံရာပုံ။ ဒီတော့ ကျနော်တို့လို ဂျေအီးပေါက်စတွေကို အင်းလျားလိပ်လိုနေရာမှာ နေ့တိုင်းနီးပါး အရက်တိုက်နိုင်တာ မထူးဆန်းလှဘူးဗျ။ တခါတလေ အုတ်သဲကျောက် ကန်ထရိုက်တို့၊ သံပန်းသံတံခါး ကန်ထရိုက်တို့က ညှိခံတာတွေကလည်း ပါသေးဗျာ။ အင်းလျားလိပ် ပြည်တွင်းဘားမှာ ရမ်လေးချလိုက်၊ တခါတခါ ဝါသနာအရ လာပြီးဖျော်ဖြေနေတဲ့ ဒေါက်တာအင်ဒရူးကောင်းရဲ့ စန္ဒယားလက်သံလေး နားထောင် လိုက်နဲ့ ပျက်စီးခြင်းငါးပါး စတော့တာပဲ။

မှတ်မှတ်ရရ တခုရှိသေးတယ်၊ ဂီတပညာရှင် ဒေါက်တာအင်ဒရူးကောင်းနဲ့ ပတ်သက်လို့။ သူက အင်းလျားလိပ် ညှိခန်းထဲက စန္ဒယားကြီးကို တခါတခါ လာတီးရင်း ညှိခံတတ်တယ်။ လာသောက်တဲ့ လူတွေထဲက ဝါသနာပါတဲ့သူတွေလည်း နားထောင်ရတာပေါ့ဗျာ။ နောက်တခု သတိထားမိတာက အဲဒီအချိန်တုန်းက အင်းလျားလိပ်မှာရှိတဲ့ စန္ဒယားကြီးဟာ ရိုးရိုးစန္ဒယား မဟုတ်ဘူးဗျ။ ကျနော်တော့ နာမည် သေချာမခေါ်တတ်ဘူး။ ခြေထောက်နဲ့ နှိပ်တာတွေကော၊ ခလုပ် ရောင်စုံတွေနဲ့ကော။ တီးတတ်တဲ့သူတီးရင် တီးဝိုင်းကြီးတဝိုင်း တီးနေသလိုမျိုး အသံထွက်တယ်ဗျာ။

တနေ့ သူက ရှာနဝင်ပြီး တီးနေတော့ ဘေးကပရိသတ်လေးငါးဆယ်လောက် ငြိမ်ပြီး နားထောင် နေကြတယ်။ အဲဒီအချိန်မှာ ဗြုန်းဆို ကျနော်တို့အဖွဲ့ထဲက သံပန်းကန်ထရိုက် ဦးမောင်မြင့် ဆိုတဲ့လူက မူးမူးနဲ့ ဒေါက်တာအင်ဒရူးကောင်းဆီ ထသွားပြီး စန္ဒယားပေါ် ကို ငွေတရာ ပစ်တင်လိုက်ပါ ရောဗျာ။ ဒေါက်တာအင်ဒရူးကောင်းက ဒေါကန်ကန်နဲ့ ကိုမောင်မြင့်ရင်ဘတ်က အကျီစကို ထဆွဲပြီး 'ခင်ဗျား ဘယ်လောက် ချမ်းသာသလဲ' ဖြစ်ပါရောဗျား။

အက်စ်အေအီး ကိုသန်းဆောင် ဝင်ဆွဲပြီး တောင်းပန်လိုက်လို့ ပွဲကတော့ ပြီးသွားတယ်။ အရက်ဝိုင်းပုံပြင်တွေကတော့ ပြောမဆုံးဘူးဗျ။ အက်စ်အေအီး ကိုသန်းဆောင်ဆိုလို့ အေအီး အကြောင်း ခေါင်းထဲရောက်လာပြန်ပြီဗျာ။ သတိသံဝေဂ တော်တော်ယူစရာကောင်းတဲ့ အဖြစ်ဗျ။ အေအီးနာမည်က ဦးအောင်မြင့်တဲ့။ အသက်က ငါးဆယ့်ခြောက်နှစ်လောက်ရှိပြီ။ သူက လမ်းတံတား ကလာတာ၊ ဘီအက်စီ အင်ဂျင်နီယာ။ သူ့ဘဝ အချိန်တော်တော်များများက လမ်းသစ်ဖောက်တဲ့ စီမံကိန်းတွေမှာ အချိန်ကုန်ခဲ့တာတဲ့။ လမ်းဖောက်ရင် တောတွေရှင်း မိုင်းတွေခွဲတာတွေလည်း တော်တော်အတွေ့အကြုံရှိတယ်။ သူ့ဝါသနာက အမဲပစ်တောလိုက်တာတဲ့ဗျ။ တောလိုက်တဲ့ ဇာတ်လမ်းတွေ ခဏခဏ ပြောတတ်တယ်။

ဆင်ပစ်တာတွေ ကျားပစ်တာတွေလည်း ပါရဲ့။ ဒါပေမဲ့ သူခဏခဏပြောတဲ့ တောပစ် ဇာတ်လမ်းက မျောက်ကိုပစ်တဲ့ ဇာတ်လမ်းဗျာ။ သူက မျောက်တွေကို တစိုက်မတ်မတ် လျှောက်ပစ်ခဲ့ တယ်တဲ့။ ဘာလုပ်ဖို့လဲ၊ ဟုတ်လား။ သူက မျောက်ကိုပစ်တာ မျောက်သားစားချင်လို့ မဟုတ်ဘူးတဲ့။ မျောက်ချေးခါး လိုချင်လို့တဲ့။ မျောက်ချေးခါးဆိုတာ မျောက်ရဲ့ အူချို့လိုနေရာမျိုးက အဆီတမျိုးတဲ့။ အဲဒီ မျောက်ချေးခါးကို မသေမရှင်ဖြစ်နေတဲ့ မျောက်ရဲ့ ဗိုက်ကိုခွဲပြီး ထုတ်ယူနိုင်မှ ပိုပြီး အရာသာရှိတယ်၊ ဆေးဘက်ဝင်တယ်ဆိုလားပဲ။ သူက မျောက်ကို သေနတ်နဲ့ပစ်ချလို့ အောက်ကျလာပြီဆိုရင် ခါးကြား က ဓါးကိုထုတ်ပြီး မျောက်ကိုလည်လှီး၊ သွေးခံ၊ ပြီးတော့ မျောက်ဗိုက်ကို ခွဲပြီး မျောက်ချေးခါးကို အမြန်ထုတ်တယ်တဲ့၊ သူ အမြဲလုပ်နေကျ။ မျောက်သွေးကလည်း ယောကျ်ားတွေအတွက် ကောင်းသတဲ့ ဗျာ။ အေးဗျာ၊ သူမျောက်ပစ်တဲ့ ဇာတ်လမ်းထဲက အမြဲလိုလို ထည့်ထည့်ပြောတဲ့ ဇာတ်လမ်းက

တော်တော် တုန်လှုပ်ဖို့ကောင်းတယ်။ သူက အားရပါးရ ပြောနေ၊ ဘေးက နားထောင်နေတဲ့ လူတွေက စိတ်မသက်သာနဲ့ ပုံစံတွေနဲ့။

ဇာတ်လမ်းက ဒီလိုဗျ။

တခါတော့ အေအီးဟာ မျောက်ပစ်ဖို့ တောလိုက်ရင်း သစ်ပင်ပေါ်က သားသည်အမေ မျောက်မကြီးကိုတွေ့တယ်တဲ့။ မျောက်မကြီးက မျောက်သားလေးကို ချီထားသတဲ့။ အဲဒီ မျောက်အရွယ်ဆို မျောက်ချိုးခါး အတော်များများ ရနိုင်တာတဲ့၊ ဒီတော့ သူက ဖစ်ကွင်းကို သေချာချိန်ပြီး မျောက်မကြီးကို ပစ်ချလိုက်ရောတဲ့ဗျာ။ မျောက်မကြီးရဲ့ ရင်အုံ၊ ချက်ကောင်းကို ဒိုင်းကနဲ ထိသွားတော့တာပဲတဲ့။ တခြားမျောက်တွေဆို ရင်အုံကို ထိတာနဲ့ မြေပြင်ကို အုန်းကနဲ ပြုတ်ကျတာချည်းပဲတဲ့။ အဲဒီ မျောက်မကြီးကတော့ ချက်ကောင်း ထိတာတောင် ပြုတ်မကျဘူးတဲ့။ လက်တဖက်က သူ့သားကို ဖိုလျက်၊ ကျန်တဲ့တဖက်က အနီးအနားက သစ်ကိုင်းတစကို မလွှတ်တမ်း ဆွဲထားသတဲ့။

ပြုတ်ကျမလာလို့ နောက်တချက် ထပ်ပစ်သတဲ့။ ချက်ကောင်း ထိတာပဲ၊ ဒါပေမဲ့ သူ့လက်က သစ်ကိုင်းကို မလွှတ်ဘူးတဲ့။

အမှန်က မျောက်မကြီးဟာ သူ့အောက်ကို ပြုတ်ကျသွားရင် သူ့သားသေသွားမှာ ကြောက်နေတာ တဲ့ဗျ။ အေးပေါ့ဗျာ၊ တတိယမြောက် သေနတ်ဒဏ်နဲ့ သူရောသူ့သားပါ ပြုတ်ကျပြီး သေတာပေါ့။ ဒါကို အေအီးက ခါးဆွဲထုတ်ပြီး လည်လှီး၊ အူထဲက မျောက်ချေးခါးကို လုပ်နေကျအတိုင်း ထုတ်တယ်တဲ့။ ဒါတိုင်း တပုလင်းသာသာလောက်ရပေမဲ့ အဲဒီ မျောက်မကြီးကျတော့ သုံးပုလင်းလောက် ရတယ်တဲ့။ ဒါကို သူက သေချာသိမ်းထားပြီး အရက်နဲ့လည်းသောက်၊ ဟင်းထဲလည်း ထည့်ချက်စားသတဲ့။ တော်တော်ကောင်းဆိုပဲဗျာ။

ဘေးက နားထောင်နေတဲ့ ကျနော့်ဘေးက စတိုမှူး၊ ဖဲရိုက်တဲ့တရားသမား ကိုသိန်းမြင့်ကတော့ တော်ပါတော့ အေအီးရာလို့ တားတော့တာပဲ၊ အေအီးက တဟားဟားနဲ့ ဒါကြောင့် မျောက်သားစားရင် မျောက်မျက်နှာ မကြည့်နဲ့လို့ ပြောတာကွတဲ့။ အမှန်ကိုပြောရရင် ကျနော့်စိတ်ထဲမှာလည်း အေအီး မျောက်သားအမိ ဇာတ်လမ်းနားထောင်ရတာ စိတ်မသက်သာလိုက်တာဗျာ။ ဒါပေမဲ့ အေအီးကတော့ သူ့မျောက်သားအမိဇာတ်လမ်းကို နည်းနည်းမူးလာရင် ပြောပြော နေတတ်တော့တာပဲဗျာ။။

သူ့မျောက်သားအမိ ဇာတ်လမ်းက မဆုံးသေးဘူးဗျ။ ဝဋ်လည်တယ်လို့ ပြောရမလား၊ မျောက် အမေကြီးရဲ့ ကျိန်စာများ မိလေသလား၊ ဘယ်လိုဘယ်ပုံ ပြောရမှန်းကို မသိတော့ပါဘူးဗျာ။ ကြေကွဲစရာ၊ သံဝေဂရစရာအဖြစ်ဟာ နောက်တနှစ် မပြည့်ခင်မှာ ဖြစ်လာတော့တာပါပဲ။

အဲဒီနေ့က နေ့လည် တနာရီခွဲလောက်ဗျ။ အေအီးရဲ့ရုံးရှေ့က ကတ္တရာလမ်းပေါ်မှာ အလုပ်သမားတွေ ဖယ်ခုံတောက်နေကြတယ်ဗျ။ အဲဒီအထဲမှာ အေအီးရဲ့သားလည်းပါတယ်။ သူက အထွေးဆုံးသား၊ သူ့အထက်နှစ်ယောက်က မိန်းခလေးတွေ။ အေအီးက သမီးနှစ်ယောက်ဖြစ်နေလို့ သားရူးရူးနေတုန်း ဒီကလေးမွေးလာတော့ အေအီး အသည်းကျော်ပေါ့။ အဲဒီတုန်းက အေအီးရဲ့သား ထွန်းထွန်းလေးက ဆယ်ခြောက်နှစ်ကျော်ကျော်လောက်၊ ဆယ်တန်းတောင် အောင်ပြီးနေပြီ။ လူကောင်လေးက ခပ်သေးသေးလေး။

အေအီးက သူ့ဂျစ်ကားကို ရုံးဝင်းထဲမောင်းလာချိန်မှာ အလုပ်သမားတွေ ဖယ်တောက်နေတာကို တွေ့တော့ သူ့ဂျစ်ကားလီဗာကို ခပ်ပြင်းပြင်း အသံထွက်အောင်နင်းပြီး အရှိန်မြှင့်လိုက်တယ်။ အလုပ်သမားတွေက အေအီးကားလာနေတယ်။ အရှိန်နဲ့ဆိုတော့ ဘေးကို လွတ်အောင် ရှောင်ကြတာပေါ့။ ထွန်းထွန်းကတော့ မရှောင်ဘူး။ ဖယ်ခုံပေါ်က တောက်လက်စ ဖယ်သီးတွေ နေရာပျက် မသွား

အောင်၊ ဇယ်ခုံကို ရင်ဘတ်အထိမပြီး မတ်တတ်ရပ်လိုက်တယ်။ လက်နှစ်ဖက်က ဇယ်ခုံကို အောက်က နေ မထားတယ်။

အေအီးက သူ့သားကို မြင်ပုံ မရဘူးဗျာ။ တခြားအလုပ်သမားတယောက်လို့ မှတ်တယ်ထင်ပါ့။ ကားက အရှိန်မလျှော့ဘူး။ အနားရောက်မှ သူ့သားမှန်းသိတော့ ကားကို ရုတ်တရက် ဘေးကို ဆွဲချလိုက်တယ်။ ကားခေါင်းနဲ့ လွတ်သွားပေမယ့် နောက်ပိုင်းဟာ ဇယ်ခုံဘောင်ကို အရှိန်ခပ်ပြင်းပြင်းနဲ့ ရိုက်မိသွားတယ်။ ထွန်းထွန်းလေးဟာ 'အား' ကနဲ အော်ရင်း 'အဖေ ရမ်းလှချည်လားဗျ' လို့ တခွန်းသာ ပြောနိုင်ပါတော့တယ်။ ဇယ်ခုံသစ်သားဘောင်နဲ့ ရင်ဘတ်ရိုက်မိတဲ့ ဒါဏ်ကြောင့် နံရိုးသုံးချောင်းကျိုးပြီး နေရာတင် အသက်ပျောက်တော့တာပါပဲဗျာ။

အေအီးရော၊ သူ့မိန်းမပါ ရူးကြောင်ကြောင်ဘဝ ရောက်တော့တာပဲဗျာ။ လူသတ်မှုမဖြစ်အောင်လည်း တော်တော်ငွေကုန်ကြေးကျခံပြီး အမှုမကြီးအောင် လုပ်ရသေးတယ်။ စတိုမှူး ကိုသိန်းမြင့်ကတော့ 'သက်ခိုင်ရေ ဝဋ်လည်တာကွ၊ ဝဋ်လည်တာ' တဲ့။ ကျနော်လည်း ကျနော့်မျက်စေ့အောက်မှာတင် မြင်လိုက်ရတာဆိုတော့ ဝဋ်ဆိုတာ လက်ခံရတော့မလိုပါပဲဗျာ။ အင်း ထွန်းထွန်းလေးတယောက် သူ့အချစ်တော်ခွေးလေး ဇင်မိုနဲ့ ဆော့နေတဲ့မြင်ကွင်းကို ကျနော်အခုထက်ထိ မြင်နေတုန်းပဲဗျာ။

အေးပါဗျာ၊ အေအီးနဲ့မျောက်သားအမိဇာတ်လမ်း ဆုံးပေမဲ့ အရက်သမားဇာတ်က အခုမှ အစရှိပါသေးတယ်။ သောက်ဖော်သောက်ဖက်ထဲမှာ ကျနော်တို့ခေတ်ရဲ့ နိုင်ငံသိအရက်သမား၊ နိုင်ငံကျော် စာရေးဆရာကြီး သော်တာဆွေတောင် ပါသေးဗျာ။

အော်၊ ခင်ဗျားက ဆရာအတတ်သင်မှာ အရက်နဲ့မိန်းမအကြောင်းပဲ ကျနော်ပြောနေလို့ အလကားသင်တန်း ထင်နေရော့မယ်။ ဒါတော့ မဟုတ်ဘူးဗျ။ ကျနော်တို့ကျောင်းရဲ့ ဆောင်ပုဒ်က ဘက်စုံယာဉ်ဖြင့် စက်ကုန်နှင်အံ့ တဲ့။ တကယ့်ကို ဘက်စုံယာဉ်ကို မောင်းနှင်နိုင်အောင် လေ့ကျင့်ပေးခဲ့တဲ့ သင်တန်းပါ။ အေးဗျ။ ထူးခြားတာက အဲဒီကျောင်းဆောင်ပုဒ်ကို ရွေးချယ်စဉ်းစားခဲ့သူဟာ ပညာရေးဌာနက ပညာရှင် မဟုတ်ဘူးဗျ။ ကျနော်တို့အရင် လေးငါးနှစ်က တက်ခဲ့တဲ့ သင်တန်းသား ကိုညိုမှိုင်း ဆိုပဲဗျ။

ဟုတ်ပါတယ်။ ဘက်စုံပညာရေး ခေတ်စားနေတဲ့အချိန်ပေါ့။ တိုင်းပြည်အနာဂတ်အတွက် အရေးကြီးတဲ့ မျိုးဆက်သစ်ကလေးငယ်တွေကို ဗလငါးတန်ပြည့်ဝသူတွေ ဖြစ်လာအောင် ဦးဆောင်မယ့် ဆရာလောင်းတွေက ဗလငါးတန် အရင်ပြည့်အောင် မနားမနေ လေ့ကျင့်နေခဲ့ရတာဗျ။ ဒီလိုဗျာ၊ ကလေးတွေအတွက် တနှစ်လုံး သင်ကြားလေ့ကျင့်ပေးရမယ် ဘက်စုံသင်ခန်းစာတွေကို သင်တန်းသားတွေက တပုံစံတည်း လိုက်လုပ်၊ လိုက်လေ့ကျင့်ထားရတာဗျ။

ဥပမာ ဆိုပါတော့၊ ဇန်နဝါရီလအတွက် သင်မယ့်သင်ခန်းစာကို သင်ရိုးညွှန်းတမ်းခွဲပြီး ပြုစုရုံနဲ့ မပြီးဘူး။ အဲဒီလအတွက် လွတ်လပ်ရေးနေ့ စာစီစာကုံးပြိုင်ပွဲ၊ ကျောင်းနံရံကပ်စာစောင်တွေ အတွက်ပါ လေ့ကျင့်စီစဉ်ရတာ။ ဒီတော့ဗျာ၊ တနှစ်ပတ်လုံးဆိုတော့ ထမနဲထိုးတာ၊ လေ့လာရေးသွားတာ၊ ကျောင်းတွင်း ကျောင်းပေါင်းစုံ အားကစား ပြိုင်ပွဲတွေ လုပ်တာ၊ စာဆိုတော်နေ့၊ အာဇာနည်နေ့စတဲ့ ရှိရှိသမျှ အမှတ်တရနေ့တွေအတွက် အခမ်းအနားတွေ၊ ပြိုင်ပွဲတွေ လုပ်တတ်အောင် လုပ်ထုံးလုပ်နည်းတွေ၊ စည်းမျဉ်းစည်းကမ်းတွေ အားလုံးကို မနက်ခြောက်နာရီကနေ ညနေခြောက်နာရီအထိ မနားတမ်း [illegible] လေ့ကျင့်ခဲ့ရလေရဲ့ဗျာ။ [illegible] [illegible]ဗျာ၊ ကျနော်တို့ [illegible] အားလုံး [illegible] ပြောင်းလဲ [illegible] ရှိတာ [illegible] မယ်ဗျ။ ဆရာ [illegible] တွေဖြစ်လာအောင် သင်တန်း [illegible] ဆရာ [illegible] တွေက [illegible] လိုက်တာတော့ အမှန်ပဲဗျ။ ပထမဆုံး ကျနော် အံ့ဩထိတ်လန့်မိတဲ့ ထူးထူးခြားခြား ပြောင်းလဲသွား

တဲ့သူက ကျနော့်ဆရာမ ဒေါ်မြသီတာဗျ။ ကျနော် ဆရာမကို အပြစ်တော့ မဆိုသာပါဘူး။ သို့သော် ကျနော့်ရင်ထဲတော့ တမျိုးကြီးပဲဗျာ။

ဆရာမ တက္ကသိုလ်ကျောင်းသူဘဝက ပဲခူးတိုင်း ရဲမင်းကြီး ဦးတင့်အောင်နဲ့ ဇာတ်လမ်း ရှိခဲ့တယ် ထင်ပါရဲ့။ ကျနော်က ပဲခူးတိုင်းမှာ စီမံကိန်းတချို့လုပ်နေရင်း ရဲမင်းကြီးနဲ့ အဝင်အထွက်ရှိနေတယ်။ ၁၉၉၀ ဝန်းကျင်ဗျ။ ကျောင်းဆရာက ထွက်၊ အငယ်တန်းအင်ဂျင်နီယာအဖြစ်က ထွက်ပြီး ကိုယ်ပိုင် ကုမ္ပဏီနဲ့ ဖြစ်နေတဲ့အချိန်ပေါ့။။

ရဲမင်းကြီးက အသည်းရောဂါနဲ့ ဂျပန်ဆေးရုံကြီးမှာ တက်နေတယ်။ ဆရာမဒေါ်မြသီတာက တောင်ဥက္ကလာ ဆောင်မှာ ပညာရေးသင်တန်းတခုအတွက် ရောက်နေတယ်။ ကျနော်က အပြင်မှာ ကြီးပွား နေတဲ့အချိန်ဆိုတော့ ဆရာမကို သွားသွားတွေ့တယ်။ တနေ့ ကျနော်က ဆရာမဆီ သွားတွေ့ပြီး ခဏအကြာ 'ဆရာမ ကျနော့်ကို ခွင့်ပြုအုံး၊ ရဲမင်းကြီးတယောက် ဆေးရုံတက်နေလို့ သွားစရာရှိလို့ပါ' ဆိုတော့ 'ဘယ်ရဲမင်းကြီးလဲ' တဲ့၊ 'ပဲခူးတိုင်းကပါ' ဆိုတော့၊ 'ဘယ်သူလဲ' တဲ့။ 'ဦးတင်အောင် ပါ'ဆိုတော့ 'ဒါဆို ဆရာမပါ လိုက်ခဲ့မယ်လေ' ဆိုပြီး အတူပါလာရောဗျာ။

ဆေးရုံရောက်တော့ ရဲမင်းကြီးရဲ့အခန်းကို ကျနော် အရင်ဝင်သွားတယ်။ ဆရာမက နောက်က ခပ်ခွာခွာ လိုက်လာတယ်။ ကျနော်မေးတဲ့ ပဋိသန္ဓာရတွေကို စိတ်မပါ့တပါဖြေနေတဲ့ ရဲမင်းကြီးဟာ နောက်ကလိုက်လာတဲ့ ဆရာမကိုလည်းမြင်ရော တစ္ဆေတကောင်မြင်လိုက်သလို ထအော်တော့တာပဲ ဗျာ။ 'ဟာ မြသီတာ၊ မင်းဘယ်လို ရောက်လာတာလဲ၊ သက်ခိုင် မင်းခေါ် လာတာလား' တဲ့။ 'မြသီတာ ကိုယ် စီးကရက် မသောက်တော့ဘူး' တဲ့။ နောက် ဆရာမက 'ကိုတင်အောင်ရယ် စီးကရက်နဲ့ ဘာမဆို ယှဉ်နိုင်ခဲ့တာ မဟုတ်လား' တဲ့။ ဘာတွေလျှောက်ပြောနေမှန်း မသိပါဘူးဗျာ။

နေဦး၊ ခင်ဗျား မဟုတ်တာ လျှောက်တွေးမနေနဲ့။ ကျနော် ဆိုလိုချင်တာက ဆရာမ ဒေါ်မြသီတာ ဟာ ရဲမင်းကြီးတယောက်က လေးလေးစားစား အသိအမှတ်ပြုရတာကို ပြောချင်တာ။ သူတို့ နောက်ကြောင်း အသေးစိတ်တော့ ကျနော်မသိဘူး။ သို့သော် ဆရာမဟာ ဆက်ထက်မြက်မြက်ရှိသူ ဖြစ်ကြောင်း၊ ရဲမင်းကြီးအမူအယာမှာ အထင်အရှားပေါ်နေတယ်။ ဒါတင် မကပါဘူး၊ ကျနော် သင်တန်းသားဘဝက ဆရာမရဲ့ အတွေးအခေါ် တွေကို လေးစားအားကျခဲ့တယ်။

သူပြောနေကျ စကားတခွန်း ရှိတယ်။ 'သက်ခိုင်' တဲ့၊ 'ဗမာပြည်မှာ လူတန်းစား နှစ်မျိုးပဲရှိတယ်' တဲ့။ 'တမျိုးက ထားစရာမရှိတဲ့သူ၊ တမျိုးက စားစရာ မရှိတဲ့သူ' တဲ့။ တရားမှု၊ မတရားမှုတွေ၊ အုပ်ချုပ်သူ တွေရဲ့ ချို့ယွင်းအားနည်းချက်တွေကို ချက်နဲ့လက်နဲ့ ထောက်ပြတဲ့ ဆရာမဗျ။ နေတာထိုင်တာရော စည်းကမ်းပိုင်းမှာပါ တခြားဌာနမှူးတွေက အလေးထားရအောင် တည်ကြည်တဲ့ ဆရာမဗျာ။ ပြောင်းလဲ သွားပုံများ ယုံနိုင်ဖို့တောင် ခပ်ခက်ခက်ပါပဲဗျာ။ ဒါပေမဲ့ ဆရာမဟာ တကယ်ပဲ ပြောင်းလဲသွားခဲ့ပါ တယ်။ အဲဒီလို ပြောင်းလဲသွားတာကိုလည်း သူကိုယ်တိုင် ဝန်ခံနိုင်တဲ့အတွက် ဘာတွေဖြစ်ကုန်တာလဲလို့ ညည်းမိတော့တာပါပဲ။

■

အခန်း (၂၉)

# ဦးသာစရဲ့ နားဝန်းဆံ

၁၉၉၃ ဝန်းကျင်ထင်ပါရဲ့။ ကျနော်မော်လမြိုင်ဘက်ကို ရောက်သွားတယ်။ ကိစ္စက မော်လမြိုင် မိုင်ဒါဈေးကြီးကို ခေတ်မီဈေးကြီးအဖြစ် ပြင်ဆောက်ဖို့။ ကျနော်နဲ့အတူ အဲဒီတုန်းက ကိုင်းမျှုး ဗိုလ်ချုပ်တက်စိန်ရဲ့ ပတ်သက်ရာပတ်သက်ကြောင်းတွေလည်း ပါတယ်။ သွားတုန်းကတော့ ဒီစီမံကိန်း အတွက် လှုပ်ရှားနေတာ ကျနော်တို့တဖွဲ့တည်းလို့ ထင်တာပေါ့။ မော်လမြိုင်ရောက်မှ တခြားအဖွဲ့တွေပါ ကျိတ်လှုပ်ရှားနေမှန်း သိတာ။

ဒီတော့ဗျာ ဒီစီမံကိန်းအတွက် ဘယ်သူအရေးပါသလဲဆိုတာ စုံစမ်းတော့ ဌာနမှူးတယောက်ကို ကပ်ဖို့ မြို့ခံတယောက်က သတင်းပေးတယ်။ ဗိုလ်မှူးတင်လှတဲ့။ ဒီတော့ လက်ဆောင်ပစ္စည်း တမွေ့ တပိုက်ကြီးနဲ့ လိုင်းဝင်ဖို့ ဗိုလ်မှူးတင်လှအိမ်ကို ညဘက်ကြီး ရောက်သွားကြရော ဆိုပါတော့။ ဧည့်ခန်း စားပွဲမှာ ထိုင်လိုက်ပြီး ပါလာတဲ့ လက်ဆောင်ပစ္စည်းတွေချ၊ မြို့ခံက မိတ်ဆက်ပေး၊ အလုပ်အကြောင်း စကားစမလို့ ရှိသေးဗျာ၊ အတွင်းခန်းထဲကထွက်လာတဲ့ အသံနဲ့အတူ လူကိုပါမြင်လိုက်ရော ကျနော် လည်း ဘာဆက်ပြောရမှန်း မသိတော့ပါဘူး။ 'ဟဲ့ သက်ခိုင် မင်းဘာလာလုပ်တာလဲ' တဲ့။ ဟုတ်ပါ့ဗျာ၊ အဲဒါ ကျနော့်ဆရာမ ဒေါ်မြသီတာပါပဲ။ အော် ဆရာမ အိမ်ထောင်ကျတာ ဗိုလ်မှူးတင်လှနဲ့ကိုးလို့ပါ ဆက်တွေးမိပါတော့တယ်။ ဒီမြို့မှာ ဗိုလ်မှူးတင်လှ ဖန်နေတဲ့ ဂွင်တော်တော်များများကို ကျနော် ကြားခဲ့ပြီးပါပြီ။ ကျနော်ရုတ်တရက် ဘာကိုမှ မယုံနိုင်လောက်အောင် ဖြစ်သွားခဲ့ပါတယ်။

ကျနော်က ခပ်ငူငူဖြစ်နေတာကို ဆရာမရိပ်မိပုံရတယ်။ စားပွဲပေါ်က ကျနော် လာဘ်ထိုးဖို့ ယူလာတဲ့ပစ္စည်းတွေကို မျက်စိလွှဲရင်း သူလည်း ခပ်လေးလေး ခပ်ဆိုင်းဆိုင်း အသံနဲ့ 'သက်ခိုင်ရေ့၊ ဆရာမလိုလူတောင် စီးပွားရေးသမားတွေ လာလာဗိုတဲ့ အရက်ပုလင်းတို့ စီးကရက်တို့ လက်ခံတတ်နေ ပြီတဲ့' ဗျာ။

ကျနော် အလုပ်ကိစ္စကို သိပ်ဖောင်းမဖေးတော့ဘဲ တတ်နိုင်သမျှ ကူညီဖို့သာပြောပြီး ပြန်ခဲ့ပါ တယ်။ အဲဒီ မိုင်ဒါဈေးစီမံကိန်းကိုလည်း ကျနော် ဆက်မလိုက်တော့ပါဘူး။ ဆရာမကိုရော၊ လောက

ကြီးကိုပါ ကျနော် မျက်နှာပူလို့ပါ။

ဘိုကလေးဆရာအတတ်သင်က နောက်ထပ် ကျနော့် ဆရာတယောက်ကိုလည်း အဲဒီနှစ်တွေ ဝန်းကျင်မှာပဲ ကျနော် တွေ့ခဲ့ပါသေးတယ်။ ဘိုကလေး ဆရာအတတ်သင်က သမိုင်းကထိက ဆရာဦးမြင့်မောင်ပါ။ တကယ့်ကို လေးစားစရာကောင်းလောက်အောင် ကိုယ်ကျင့်သိက္ခာ ပြည့်စုံတဲ့ ဆရာဗျ။ စည်းကမ်းလည်းကြီးတယ်။

ဆယ်တန်းဖြေထားတဲ့ ကျောင်းသားတွေ အလိုက်ကောင်းရင် အမှတ်တိုးလို့ ရတယ်ဆိုလို့ မကင်းရာ မကင်းကြောင်း မိတ်ဆွေတယောက်နဲ့ ရန်ကုန်တက္ကသိုလ်ထဲကို ပါသွားတယ်။ သူ့သားက ဆယ်တန်း ဖြေထားတယ်လေ။ ဒါနဲ့ အမှတ်ခြစ်တဲ့ အဖွဲ့ထဲက ဆရာတွေနဲ့ ဝိုင်းထိုင်မိတော့ ဒီတိုက်ပုံ ခပ်နွမ်းနွမ်းနဲ့ဆရာကို ငါမြင်ဖူးပါတယ်လို့ စဉ်းစားလိုက်တော့ ဒါ ဆရာဦးမြင့်မောင်ပဲလို့ ပြန်ပေါ်လာတယ်ဗျာ။ ငွေယူပြီး အမှတ်တိုးပေးတဲ့အထဲမှာ ဆရာ ပါမပါ ကျနော် မသိရိုး အမှန်ပါ။ ဒါပေမဲ့ဗျာ၊ ဒီလို အခြေအနေမျိုးမှာ ဒီနေရာမှာ ပြန်တွေ့လိုက်ရတာကို ကျနော် စိတ်မကောင်းဘူး။

ဆရာဟာ သိပ်ကျန်းမာရေးကောင်းပုံလည်း မရဘူး။ ကျနော်တော့ စားသောက်ဝိုင်းအတွက် ကျသင့်တာ စိုက်ရှင်းပြီး ကသိကအောက် စိတ်နဲ့ပြန်လာခဲ့တယ်။ လောကကြီးမှာ ဘာတွေ ဖြစ်ကုန်ပြီလဲဗျာ။ ကျနော်တို့ ခေတ်တုန်းက ဆယ်တန်းစာမေးပွဲကို နောက်က လိုက်လို့ရတယ်ဆိုတာ ကြားတောင် မကြားဖူးပါဘူးဗျာ။

အော် ခင်ဗျားပါ ရောစိတ်ညစ်နေတဲ့ ပုံပါလား။ ပျော်စရာနေ့ရက်တွေ ရှိပါသေးတယ်ဗျာ။ တဆောင်တည်းနေတဲ့ ကျနော့်သူငယ်ချင်း တိုက်ကြီး ချိုးထုပ် သန်းအောင်တို့၊ ဦးသာစတို့ အကြောင်း စဉ်းစားရင် ငယ်ဘဝက ပြုံးစရာတွေလည်း အများကြီးရှိပါရဲ့။ ဦးသာစက အသက်လေးဆယ်ကျော်ဗျ။ ခပ်တည်တည်နေပြီး မျက်နှာပြောင်တာ။

မှောင်မယ်သစ်လွင်တုန်းက နပန်းဆံယိမ်းမှာ သူခေါင်းဆောင်လေ။ ခါးတောင်းမြှောင်အောင် ကျိုက်၊ တင်ပါးပြောင်ကြီးနှစ်ဖက်မှာ သနပ်ခါးအကွက်ကြီး ကွက်ပြီး ပရိသတ်တဆောင်ကျော် ရှေ့မှာကို မျက်နှာပြောင်တာ။ အသားကဖြူ တင်ပါးကဖြူနဲ့ဗျာ၊ တော်တော်လည်း လိုက်ဖက်တဲ့ ဇာတ်ရုပ်ဗျ။ သီချင်းထဲက သာလှနပန်းဆံထက်၊ အပြင်က သာစဖင်ပါးကွက်က ပိုပြီး ပရိသတ်ကို တအုံးအုံးဖြစ်အောင် လုပ်ခဲ့တာ။

သန်းအောင်နဲ့ ဦးသာစ ဇာတ်လမ်းက တညတည်း ဖြစ်တဲ့ဇာတ်လမ်းတွဲဗျ၊ ခွဲ ပြောလို့မရဘူး။

ဒီလိုဗျာ။ သန်းအောင်က ကျနော်နဲ့အသက် မတိမ်းမယိမ်းဗျ။ သူလည်း ကလေးသာသာပဲရှိသေးတာ။ အမေတခုသားတခု တဲ့၊ သူ့အမေကလည်း သားကို တော်တော်ချစ်တယ်ထင်ပါရဲ့။ သန်းအောင်ဟာ သင်တန်းသားအဖြစ်သာ ရောက်လာတယ်၊ ကလေးစိတ် သိပ်မကုန်ချင်သေးဘူး၊ ကျနော်နဲ့စာရင် ပြောပါတယ်။

တနေ့ညနေ သူ အိပ်ယာထဲကနေ ကျနော့်ကို လှမ်းခေါ်တယ်။ 'ကိုသက်ဒိုင် ကျနော် နေမကောင်းလို့ဗျာ' တဲ့။

ကျနော်လည်း သူ့စောင်းနားသွားပြီး 'ဘာလုပ်ပေးရမလဲ ကိုသန်းအောင်' ဆိုတော့ ဆရာမကို ခေါ်ပေးပါတဲ့။ သူ ပြောတဲ့ဆရာမက သင်တန်းက ဆေးမှူးဆရာမကို ပြောနေတာဗျ။ ဒေါ် ဒွေးဒွေးတဲ့၊ အသက်သုံးဆယ့်ဝန်းကျင်လောက်ကြီး။

ကျနော်က နေပါဦး ကိုသန်းအောင်၊ ခင်ဗျား ဆေးလေးဘာလေး မသောက်ဘူးလား၊ နေမကောင်းတာ ဘယ်နှစ်ရက်ရှိပြီလဲမေးတော့ 'သုံးရက် ရှိပြီ၊ ကျောင်းဆေးခန်းကိုသွားပြပြီးပြီ' တဲ့။ သွေးလန့်တုပ်ကွေးဖြစ်မှာ စိုးရိမ်ရတယ်လို့ ပြောသတဲ့။ နောက် စမ်းသွားတဲ့အခါ အရောင်ကို

သတိထားကြည့်ပါလို့ မှာထားတာကြောင့် ဆရာမကို သွားခေါ် ပေးပါ။ သူ့ဝမ်းက အရောင်ပြောင်းနေပြီ တဲ့။ ဖြစ်တာကနည်းနည်း သူ့အကဲပိုနေတာက များနေတာ ကျနော် သိတယ်။ ဒါပေမဲ့ဗျာ၊ မိဝေးဖဝေး လာနေရတဲ့သူတွေ အချင်းချင်းဆိုတော့ ကိုယ်ချင်းစာမိတာနဲ့ 'ဒါဆို ခင်ဗျား ခဏစောင့်၊ ကျနော် သွားခေါ် ပေးမယ်' ဆိုပြီး ဆရာမဒေါ် ဌေးဌေးအိမ်ဘက် ထွက်လာတယ်။ အပြင်မှာ မှောင်စပြုနေပြီဗျ။ ဆရာမက အိမ်မှာမရှိပြန်လို့ အမျိုးသမီးဆောင်ဘက် လိုက်ခေါ် ရပြန်တယ်၊၊ တွေ့ပြန်တော့ ညဘက်မှာ အမျိုးသားဆောင်ဘက်ကို သူ လိုက်လို့မသင့်တော်ဘူး ဖြစ်ပြန်ရော။ ကျနော် ဘယ်လက်လျှော့မလဲ၊ 'ဆရာမရယ် ဆရာမကိုပဲ အားကိုးစရာရှိတာ၊ အခုသန်းအောင်က အိပ်ရာထဲက မထနိုင်လို့ပါ' ဘာညာ လုပ်တော့ အဖော်နှစ်ယောက်နဲ့အတူ ပြန်ပို့ပါ့မယ်ဆိုတဲ့ ခံဝန်ချက်ပေးရတယ်၊ သူလိုက်လာတယ်။

ကျနော်တို့ ချင်းတွင်းဆောင်ကို ရောက်တော့ ညခုနစ်နာရီခွဲလောက်တောင် ရှိပါပကောဗျာ။ သန်းအောင်ကုတင်လည်းရောက်ရော သန်းအောင်က လှဲနေရာကနေ ထလာတယ်။ ဆရာမက ဝမ်းအရောင် ပြောင်းတယ်ဆို၊ ဘယ်လိုနေလို့လဲဆိုတော့၊ သန်းအောင်က ခဏလေးဆရာမ ဆိုပြီး ကုတင်အောက်က အင်ဖက်နဲ့ထုတ်ထားတဲ့ အထုပ်တထုပ်ကို ကုတင်ခြေရင်းကနေ ဆွဲယူလိုက်တယ်။ ကျနော်က ဆရာမကို ပြန်ပို့ရမှာဆိုတော့ ဘေးက ရပ်စောင့်နေတာဗျ။ သန်းအောင်ဟာ သူ့အထုပ် ကိုသူ သတိနဲ့ ဖြည်းဖြည်းချင်းဖြည်နေတယ်။ အင်ဖက်နဲ့ အထပ်ထပ် ထုတ်ထားတာဗျ။ အင်ဖက် လေးငါးထပ်လောက် ခွာနေတော့ ကျနော်လည်း ဘာများပါလိမ့်ဆိုပြီး ရှေ့တိုးကြည့်လိုက်တယ်။ ဖြည်လည်းပြီးရော၊ သန်းအောင်က ဆရာမကြည့်ပါအုံး ဆိုပြီးပြတယ်။ ဟ ဘာများဖြသလဲ။ ဆရာမ ရော ကျနော်ပါ သေချာကြည့်လိုက်တော့ ခပ်မည်းမည်း ခဖ်ညိုညိုတွေဗျ။ နောက် အနံ့ထွက်လာတယ်။ တော်တော်ဆိုးတဲ့ကောင်ဗျာ၊ တော်တော်လည်း စေ့စပ်ပါရဲ့။ အဲဒါ ဘာလဲ သိလား။ သူပါထားတဲ့မစင် ကို သူ သေချာထုပ်ထားတာဗျ။ တကယ့်ကို ချီးထုပ်ပါပဲဗျာ။

ဆရာမကလည်း နှာခေါင်း ခပ်ရှုံ့ရှုံ့နဲ့ နောက်ဆုတ်လိုက်တယ်။ ကဲ၊ ကဲ ပြန်ထုပ်လိုက်တော့တဲ့။ ကျနော်ကလည်း မနေနိုင်ဘူး။ သန်းအောင်ရာ၊ အရောင်ကို မှတ်ထားရင် ပြီးတာပဲကွာ၊ မင်းလုပ်ပုံက ဆိုတော့၊ သန်းအောင်က ကျနော် စကားနဲ့ပြောရင် မသေချာမှာ စိုးလို့ပါဗျာတဲ့။ ညောင်နာနာအသံနဲ့ ညည်းပြော ပြောနေတယ်။

အေးပေါ့ဗျာ၊ အဲဒီ ချီးထုပ်က ကျနော့်ခေါင်းပေါ် ရောက်တာပေါ့ဗျာ။ ကျနော်လည်း ဆရာမ၊ ခဏလေးဆိုပြီး သန်းအောင်အထုပ်ကို နှာခေါင်းရှုံ့ရှုံ့နဲ့ အပြင်ထုတ်လိုက်ရတယ်။ နေဦးဗျာ။ အဲဒီ အထုတ် သွားပစ်နေတုန်း ဦးသာစကိုတော့ အတွေ့သား။ ပုဆိုးတထည် ပုခုံးပေါ် တင်လို့။ အထုပ်က အရေးကြီးနေတော့၊ သူ့ကို ဆရာမရောက်နေတာလည်း မပြောမိဘူး။ ပြောဖို့လည်း မလိုဘူးလေ၊ ဆိုင်မှ မဆိုင်တာ။ ဒါပေမဲ့ ဆိုင်တယ်ဗျာ။ အော် မေ့နေလို့ အဆောင်အပြင်ဖက်က မီးတွေဟာ ရှစ်နာရီဆို အကုန်ပိတ်တယ်ဗျ။

သန်းအောင်ရဲ့အထုပ်ကို ရှင်းပြီးမယ် ကြံကာရှိသေး၊ ဦးသာစ နိကက်ပလေး ဓာတ်လမ်းက ဆက်ပြန်ရောဗျာ။ ဆရာမ ဒေါ် ဌေးဌေးက သန်းအောင်ကို လိုအပ်တဲ့ဆေးတွေပေး၊ မှာစရာရှိတာမှာပြီး ပြန်ဖို့လုပ်တော့ ကျနော်လည်း လိုက်ပို့ရမှာမို့ ကိုသိန်းမြင့်ကို အဖော်စပ်ရသေးတယ်။ နောက် အဆောင်ရှေ့မီးကို ဖွင့်အုံးမှဆိုပြီး မီးခလုတ်တွေရှိတဲ့ဘက်ကို သွားလိုက်တယ်။

ဆရာမက ရှေ့ကနေ အဆောင်အောက် အမှောင်ထဲကို ဆင်းသွားတယ်။ ကျနော်လည်း မီးဖွင့်လိုက်ရော ချက်ချင်းဆိုသလိုပါပဲဗျာ၊ ဒေါ် ဌေးဌေးဟာ အဆောင်ပေါ် ကို ပြန်ပြေး တက်လာတယ်။ နောက်က ဦးသာစ အသံကိုလည်း ကြားနေရတယ်။ 'ဟေ့ကောင် မီးဖွင့်တာ ဘယ်ကောင်လဲကွ၊ မီးပိတ်ကွ၊ မီးပိတ်' တဲ့။

ကျနော်လည်း ဘာဖြစ်ပါလိမ့်ဆိုပြီး မီးမပိတ်သေးဘဲ အဆောင်အောက်က အသံလာတဲ့ အုတ်ရေကန်ဘက်ကို လှမ်းကြည့်လိုက်တယ်။ ဦးသာစပေါ့ဗျာ၊ ရေကန်အုတ်နံရံမှာ ခေါင်းလေးဖော်ပြီး ကျနော့်ကို လှမ်းဆဲနေလေရဲ့။

သေချာအောင် ထပ်ကြည့်လိုက်တော့ လား လား ဦးသာစက လူလစ်ပြီဆိုပြီး ဂျပန်စတိုင် ရေချိုးနေတာကလား။ ဟုတ်တာပေါ့ဗျာ၊ ရုတ်တရက် မီးဖွင့်လိုက်တော့ ပုဆိုးကိုပြေးယူရအောင်က လည်း မီးရောင်အောက်ကို ဝင်ရမှာဆိုတော့ ရေကန်ဘေးမှာ တံတောင်ဆစ်ကလေး တင်ပြီး ကျနော့်ကို လှမ်းဆဲနေတာလေ။ ဆရာမတွေ အဆောင်၊ ကျနော်က မီးအဖွင့်၊ ဦးသာစ ဝတ်လစ်စလစ်နဲ့ဆိုတော့ ဆရာမ ပြန်ပြေးတက်လာခဲ့တဲ့အဖြစ်ပေါ့။ ဆဲသံကြောင့် တဆောင်လုံး ထွက်ကြည့်တော့ ပိုဆိုးပြန်ရော။ ဇာတ်စင်ပေါ် တက်ပြသလို ဖြစ်တော့တာပေါ့ဗျာ။

ဆရာမ ဒေါ်ဌေးဌေးလည်း အပြန်မှာ ဗျစ်တောက်ဗျစ်တောက်နဲ့ဗျာ။ ကျမ မလာချင်ပါဘူး ပြောလျက်နဲ့ ကိုသက်ခိုင် ဇွတ်ခေါ်လို့တဲ့။ ကျနော့်ဘက် လှည့်ရမ်းတော့တာပေါ့။

ညကအဖြစ်ဟာ သိပ်တော့လူမသိလိုက်ဘူး။ နောက်နေ့ သမိုင်းဆရာမ ဒေါ်စုစုလှိုင် စာသင်ချိန်မှာ ထွန်းမြင့်ဆိုတဲ့မောင် နှောက်လိုက်ခါမှ တကျောင်းလုံး မသိသူမရှိ ဖြစ်ကုန်တာ။ ဒီလိုလေ၊ ဆရာမက ဆရာမ ရှင်းပြတာ အားလုံး ရှင်းကြရဲ့လား ဆိုတော့ ထွန်းမြင့်က ထအော်တယ်၊ 'ဟုတ်ကဲ့ပါ ဆရာမ၊ ရှင်းပါတယ်ခင်ဗျာ၊ ဦးသာစ ရေချိုးသလိုပါပဲ' တဲ့။

အေးပေါ့ဗျာ၊ အတန်းထဲမှာတင် ဦးသာစ ထပြီး ငါနဲ့ ကိုင်တုတ်တော့တာပဲ။ တကျောင်းလုံးလည်း သိကုန်ကြရောပေါ့။ ယနေ့ထက်တိုင် မမေ့ရက်နိုင် ဆိုကြပါစို့ဗျာ။

■

## အခန်း (၃၀)

## ဗျာအေးကို သူ့အာမေရိုက်နေသူများ

ယနေ့ကိုသက်ခိုင် စခန်းခွဲမှတနေကုန်ပျောက်နေသည်။ နံနက် ခုနစ်နာရီခွဲခန့်ကတည်းက ဗိုလ်မှူးအဆင့် တပ်မတော်အရာရှိတဦး စခန်းခွဲသို့ရောက်လာပြီး ကိုသက်ခိုင်ကို ခေါ် သွားခြင်းဖြစ်သည်။ ဗိုလ်မှူးနေဝင်း ဆိုသူဖြစ်၏၊ သူကား ရာထူးမှ ဖြုတ်သွားသော အတွင်းရေးမှူး (၃) ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၏ ကိုယ်ရေးအရာရှိလုပ်ခဲ့ဖူးသူဟုဆို၏။

'ကျနော့် အကိုကြီးကို မြို့ထဲ ခဏခေါ် သွားချင်လို့' ဆိုကာ စခန်းတာဝန်ခံကို ဝတ်ကျေတန်းကျေ သတင်းပို့သည်။ ဦးအေးနိုင်ကလည်း တလေးတစားပုံစံဖြင့် 'ထောင်ပိုင်ကြီး ခွင့်ပြုပြီးသားပါ။ ဗိုလ်မှူး ခေါ် သွားလို့ရပါတယ်' ဟု အလွယ်တကူ လိုက်လျောသည်။ ကိုသက်ခိုင် စခန်းအပြင်ထွက်၍ အိမ်ပြန်နေသည်မှာ ဤတကြိမ်တည်း မဟုတ်။ အကြိမ်ပေါင်းများစွာ။

အခြားရဲဘက်တဦးအပို့ မြို့ထဲသို့သွားရန်၊ အိမ်ခဏပြန်ရန်မှာ အောင်ဘာလေထီ ပေါက်သည်ထက် ခက်သည်။ တခါတရံ အကြောင်းသင့်မှ ထောင်အရာရှိအချို့ ခရီးစဉ်မှာအတူလိုက်ပါ၍ ထွက်ခွင့်ရတတ်သည်။ ဤနည်းသည်လည်း မလွတ်လပ်ရုံမျှမက အကြောင်းအပေါင်းသင့်ဖို့ လွယ်တော့မလွယ်လှ။

ညနေမိုးစုပ်စုပ်ချုပ်မှ ကိုသက်ခိုင် ပြန်ရောက်လာသည်။ အိပ်ဆောင်ပိတ်ပြီး ကျနော် သူ့တဲပေါ် မှာ အစောင့်ကျနေသည်။ အဆောင်ပိတ်စာရင်းတွင် ကိုသက်ခိုင် ပြန်ရောက်ကြောင်း ဖြည့်သွင်းရန် ကျနော် စောင့်နေခြင်းပင်။

အိမ်က ပြန်လာသော သူ့မျက်နှာသည် ထူးထူးခြားခြား မရှိလှ။ ကျနော်က ကိုသက်ခိုင်ကို စကား စလိုက်သည်။

'ခင်ဗျားကတော့ တကယ့် ကံထူးရှင်ပဲဗျာ'

သူက ချက်ချင်းပင်

'ခင်ဗျားက ကျနော့် ကို အားကျနေပြန်ပြီ။ ဒါတွေ က အခုအချိန်မှာ ကျနော့်အတွက် မင်္ဂလာ

ဖိုလ်တားတွေဗျ'

'လာပြန်ပြီလား၊ မဂ်တားဖိုလ်တား'

'အော် ကျနော်လုပ်နေတဲ့ စိတ်လေ့ကျင့်ခန်းကို ဖြောင့်ဖြောင့် မလုပ်နိုင်ဘူးပေါ့ဗျာ'

ကျနော် သူ့ကို တအံ့တဩ ကြည့်မိသည်။

'ကိုသက်ခိုင်၊ ရဲဘက်ကနေ အိမ်ပြန်ခွင့်ရတယ်ဆိုတာ ဖြစ်တောင့်ဖြစ်ခဲနော်၊ ခင်ဗျား အတွက်တော့ ထမင်းစား ရေသောက်သလို ဖြစ်နေပြီ'

'ကျနော် သိပါတယ် ကိုမင်းဒင်၊ အိမ်ပြန်လည်း အိမ်အပူ၊ ရဲဘက်မှာနေလည်း ရဲဘက်အပူ၊ နေရာတကာ အပူတွေချည်းပဲလို့ ကျနော် မြင်နေပြီဗျာ'

'ခင်ဗျား လူ့တမျိုးပဲဗျာ၊ ကျနော်တော့ ဘေးကနေကြည့်နေတာ။ စခန်းတာဝန်ခံ ဦးအေးနိုင် တောင် ခင်ဗျားကို အားကျနေသလိုပဲ'

'ခင်ဗျား မသိသေးလို့၊ လူတွေဟာ ဒီလိုပဲဗျ။ ကိုယ့်ကို သူအားကျ၊ သူ့ကို ကိုယ်အားကျနဲ့ အားကျမှု ပတ်လည်ရိုက်နေတာ၊ အပြန်အလှန် အားကျနေတာဗျ။ လောကကြီးဟာ တော်တော် အံ့ဩဖို့တော့ အကောင်းသား'

'ခင်ဗျားက အပြန်အလှန် ပတ်လည်ရိုက်ပြီး အားကျတာမျိုး ကြုံခဲ့ဖူးလို့လားဗျာ'

'အော် မှတ်မှတ်ရရကို ကြုံခဲ့ဖူးတာပေါ့ဗျာ၊ ကျနော် ခင်ဗျားကို ကျနော့်မိတ်ဆွေ နှစ်ယောက် အကြောင်းပြောပြမယ်ဗျာ။ အားကျတာ၊ အတုယူတာနဲ့ ပတ်သက်လို့ ဇာတ်လမ်းဆုံးတော့ ခင်ဗျား ကြိုက်သလို ဆုံးဖြတ်ချက်တခု ချပေတော့'

ပထမတယောက်က ကိုမိုးမြင့်ဗျ။ သူက ကျနော်နဲ့ ကျောင်းဆရာအတူလုပ်ခဲ့တာ။ သူ ကျနော့်ထက် ဆယ်နှစ်လောက်ကြီးတယ်။ အမယ် သူ့အဖေက ကွန်မြူနစ်၊ အလံနီဗိုလ်ဆိုပဲ။ ဘိုကလေး ဘက်က။ အစိုးရတပ်နဲ့ တိုက်ပွဲဖြစ်ပြီး သူ့အဖေကျသွားတော့ သူ့အမေဟာ ဘိုကလေးမြစ်ထဲ တောင် ခုန်ချခဲ့တယ်လို့လည်း ပြောဖူးတယ်။ ဒါပေမဲ့ အဆယ်ဦးလို့ အသက်တော့ မသေခဲ့ပါဘူး၊ လူမမယ် မောင်နှမနှစ်ယောက် ကျန်ခဲ့တာပေါ့။ အကြီးကောင်က ကိုမိုးမြင့်ပဲ။

အလံနီရဲ့သားဆိုတာ ယုံနိုင်စရာတောင် မရှိပါဘူးဗျာ၊ တကယ့်လူအေး လူဖျော့။ ဟိုက်စကူး ဖိုင်နယ် (တန်းမြင့်ကျောင်းထွက်လက်မှတ်ရ) စာမေးပွဲအောင်ပြီး ကျောင်းဆရာဝင်လုပ်နေတာ။ ကျနော် အလုပ်ဝင်တော့ သူ့လုပ်သက်က ရှစ်နှစ်လောက်ဖြစ်နေပြီ။ နောက် ကျနော်နဲ့အတူ လုပ်နေရင်း ကျနော် ဘေးတီးကောင်းတာကြောင့် ကျောင်းတွေ၊ ဘာတွေ ဆက်တက်ဖြစ်ပြီး ဘွဲ့ရ၊ ရက်တိုသင်တန်း လည်း ပြီးလိုက်တော့ မူလတန်းကျောင်းအုပ်လေး ဘာလေး ဖြစ်လာတယ်။

ကျနော်လား၊ လုပ်သက်လေးနှစ်ပြည့်၊ ဘွဲ့ရတော့အလယ်တန်းပြဖြစ်နေပြီ။ အလုပ်က မူလတန်း ကျောင်းမှာ၊ ပီဂျေပေါ့။

ကျနော်က သူရိုးသားတာကို သဘောကျတယ်။ သူက ကျနော် ခပ်ရှုပ်ရှုပ်နေတာ၊ ကွက်ကျော်မြင်တာ တွေ သဘောကျတယ် ထင်ပါ့ဗျာ။ နေဦးဗျ၊ သူက နည်းနည်းတော့ ကြောင်သလိုပဲ။ သူ့ဘဝ ဇာတ်လမ်း တွေ နားထောင်ကြည့်ရတာ ပြောပါတယ်။

သူ မိန်းမရတဲ့ပုံကို ကြည့်လေ။ အမေလုပ်သူက ကိုမိုးမြင့်ကို အိမ်ထောင်ပြုပါတော့၊ ရည်းစား သနာရှိရင်လည်း ပြောဆိုတော့၊ မရှိသေးပါဘူးတဲ့။ ဒါနဲ့အမေလုပ်သူက သားတော်မောင် အရည်အချင်း ကို သိတယ်ထင်ပါ့။ ဒါဆို ငါ့သား အမေတို့ ငယ်သူငယ်ချင်း ကျောင်းဆရာဦးတင်မြသမီးကို သဘောကျသလားပေါ့။ ကိုမိုးမြင့်က အဲဒီဆရာရဲ့ တပည့်ဟောင်းလည်း ဖြစ်ဖူးတယ်။ ဒီတော့ အမေ သဘောကျရင် ပြီးရောဆိုပြီး ခေါင်းညိတ်လိုက်ရောတဲ့။

ဇာတ်လမ်းက အဲဒီမှာကတည်းက စလွဲနေပြီဗျ။ တကယ်တော့ ဦးတင်မြမှာ သမီးနှစ်ယောက်ရှိတာ။ ကိုမိုးမြင့်က အငယ်မလေးထင်ပြီး ခေါင်းညိတ်လိုက်တာ။ တကယ်တမ်း စွဲစပ်တာက အကြီးမ။ အကြီးမရုပ်ရည်က ရှက်ကြမ်းရေကျိုတောင် မရှိတာမို့ ကိုမိုးမြင့်က မကြိုက်ဘူးတဲ့။ ဒါပေမဲ့ အမေကို အားနာပြီး မြိုစိစိ လုပ်နေတော့ ရှင်းရှင်းလင်းလင်း ပြောမထွက်ဘူး ဖြစ်နေတယ်။

မင်္ဂလာဆောင်ပြီးတဲ့ ညနေမှာ ရှုပ်ကုန်ကြရော ဆိုပါတော့ဗျာ။ တော်တော် အူကြောင်ကြောင်နိုင်တဲ့ ကိုမိုးမြင့်ဗျာ။ မင်္ဂလာဆောင် အခမ်းအနားလည်းပြီးရော သတို့သမီး မခင်စောမူကို 'ငါနင့်ကို မကြိုက်ဘူး။ ငါ့အမေပြောတုန်းက နင့်ညီမထင်လို့ ခေါင်းညိတ်တာ' ဆိုပြီး လုပ်ပါလေရော။ ကြည့်ရတာ ကာလသားအဖွဲ့တွေ ဝိုင်းတိုက်ထားတဲ့ ယမကာအရှိန်လေးလည်း ပါမယ်ထင်ပါရဲ့။

မခင်စောမူခမျာဗျာ၊ ရှက်ရှက်နဲ့ သူတို့အိမ်နားက အုတ်ကျင်းဘူတာဖက်ထွက်၊ မီးရထား အကြိတ်ခံပြီး အသေခံမယ်လုပ်လို့ အရပ်က ဝိုင်းဆွဲရတဲ့ကိန်း ရောက်ကုန်ကြရောတဲ့။ ဘယ်သိပ်ကြာမလဲဗျာ။ နှစ်လလောက်ပေါင်းပြီး ကွဲကြလေသတည်းပေါ့။ ဒါပေမဲ့ မခင်စောမူက ကိုယ်ဝန်ကြီးနဲ့ ကျန်ခဲ့တယ်။ နောက် ကလေးမီးဖွားပြီးတော့ မခင်စောမူ ကလေးနီတာရဲလေးနဲ့ ကျောင်းဘက် လာလာနေတာ တွေ့တွေ့နေတယ်။ ကျနော်က အမြင်မတော်တာနဲ့ 'ကိုမိုးမြင့် ခင်ဗျားလုပ်ပုံ ဟန်မကျသေးဘူး' လို့ ထွက်တွန်းလိုက်တာ မစွန်းရင်းနဲ့ ကန်စွန်းခင်း ပြန်ငြိသွားပြီး ပြန်ပေါင်းထုတ်ကြပါလေရော။

အံ့ဩဖို့တော့ အကောင်းသားဗျာ။ ပြန်ညားတော့ ကိုမိုးမြင့်က မိန်းမကြောက်ရတဲ့နေရာမှာ နှစ်ယောက် မရှိပြန်ဘူး။ ကုန်ကုန်ပြောရရင်ဗျာ၊ လင်မယားသဘာဝ ဟိုစိတ်၊ ဒီစိတ်ပေါ် တာတောင် ပါမစ်စောင့်ရသလိုမျိုးတွေ အထိ။ ကျနော့်ကို ဂျီလာကျတယ်။ ကျနော်လည်း 'ဟာ၊ ကိုမိုးမြင့် ဒီကိစ္စ ကျနော်နားချလို့ရတာမျိုး မဟုတ်ဘူး' လို့ ဝင်လာတဲ့ ဘောလုံးကို ပြန်ကန်ကန်ထုတ်နေရတယ်။

သူညည်းတာများတော့ ကျနော်လည်း 'နေဦး ကိုမိုးမြင့်ရာ၊ ခင်ဗျားအခြေအနေ ကျနော့်ကို အကုန်သာ ပြောပြ။ ခင်ဗျားမိန်းမကို နိုင်တဲ့အကွက် ကျနော် ဖန်တီးပေးမယ်' ဆိုပြီး နှစ်သိမ့်လိုက်ရတယ်။ ပြောတာပေါ့ဗျာ။ ညီအစ်ကိုအရင်းလိုလည်း ခင်မင်နေ၊ ကျနော့်ကိုလည်း အားကိုးဆိုတော့ သူတို့လင်မယားအကြောင်း အိတ်သွန်ဖာမှောက်ကို ပြောတာ။ ဟိုဟာဒီဟာ တပါတ်နှစ်ခါတို့၊ ဘာအဓိဋ္ဌာန် ဘယ်နှစ်ရက်ကြောင့်၊ ပါမစ် ဘယ်နှစ်ရက် ပိတ်တာတွေ စုံလို့ပေါ့ဗျာ။ ဒါနဲ့ တနေ့တော့ သူပြောတဲ့အထဲမှာ ထူးထူးခြားခြား တချက်ပါလာတယ်။

ဘာတဲ့၊ သူ့မိန်းမက သူ့ကို နောက်အသစ်ရောက်လာတဲ့ ဆရာမတယောက်နဲ့ သိပ်မသင့်ဘူး ဆိုပဲ။ ဒါနဲ့ ကျနော်က မေးတယ်။

'ကိုမိုးမြင့် တကယ်တော ခင်ဗျား ရှုပ်နေတာလား' ဆိုတော့ 'ဟာဗျာ၊ ကြီးကြီးစည်ရာ' တဲ့။

ဒီတော့ ကျနော်လည်း 'ဒါဆို ဒီနေ့ကစပြီး ခင်ဗျားမိန်းမကို နိုင်ပြီလို့သာ မှတ်လိုက်တော့' လို့ ယတိပြတ် ပြောချလိုက်တယ်။

ကိုရွှေမိုးမြင့်က ကျနော့် စကားလည်းကြားရော ပြူးကြောင်ကြောင်မျက်လုံးနဲ့ 'တကယ်လား ဆရာသမားရယ်' တဲ့။ ကျနော် သူ့ကို သေချာသင်ပေးလိုက်တယ်။ ခင်ဗျားကို မသင်္ကာဖြစ်နေတဲ့ကိစ္စကို ခင်ဗျား 'မဟုတ်ပါဘူး' လို့ ခင်စောမူကို ရှင်းမပြပါနဲ့။ သူဖာသာ အထင်လွဲလက်စနဲ့ ဆက်လွဲနေပလေ့စေ။ ဒီအခြေအနေလေးကို ခင်ဗျား တယုတယ မွေးထားပါဗျာ၊ နောက်တကယ်တမ်းလည်း အဲဒီ ဆရာမနဲ့ မရှုပ်ပါနဲ့။ ဒီနှစ်ခွန်းပဲ သင်လိုက်တယ်။ နှစ်ရက်လောက်ကြာတော့ ကိုယ်တော်ချော ဝမ်းသာအားရလေသံနဲ့ ဆရာသက်ရေ၊ ထမင်းအိုးတည်၊ အဝတ်လျှော်တဲ့ဘဝက လွတ်ပြီတဲ့။ ခင်စောမူက ဒီအလုပ်တွေ ရှင်လုပ်လို့ မတော်ဘူးတဲ့။ ကျောင်းအုပ်ဆရာကြီးဆိုတော့ ကိုယ့်သိက္ခာနဲ့ ကိုယ်နေရမှာ ပြောတယ်ဆိုပဲ။

အေးပေါ့ဗျာ၊ ကျနော့်ကို ကျေးဇူးရှင်ကြီး ပုံစံနဲ့ လစာထုတ်တဲ့နေ့မှာ လက်ဖက်ရည်ရော၊ အရက်ရော တိုက်ပေါ့။ ဒီနည်းတွေ ဘယ်လိုတတ်သလဲ၊ ဟုတ်လား။ တကယ်ကို မသိပါဘူးဗျာ။ တချို့ကိစ္စတွေမှာ ကျနော်က အလိုလို သိနေတတ်တာတွေ ရှိတယ်ဗျ။

သူကျွေးတာစားနေရင်း ကိုယ့်လူကိုယ် စိတ်မချတာနဲ့ 'ကိုမိုးမြင့်ရေ၊ သေချာတော့ မှာပါရစေနော်။ ခင်ဗျား သက်ာမရှင်းပဲ နေတဲ့ကိစ္စဟာ ဘာမှ မဟုတ်ပါဘူးလို့ ယောင်လို့တောင် ဖွင့်မပြောလေနဲ့။ ဖွင့်ပြောတဲ့နေ့၊ ခင်ဗျား ရာထူးပြန်လျှောတဲ့နေ့လို့ အောက်မေ့ပေတော့' လို့။

ကိုမိုးမြင့်ကတော့ ညှံ့သလားမမေးနဲ့ဗျာ။ သေချာမှာထားလျက်နဲ့၊ နောက်တလကျော်လောက်ကြာတော့ ကိုသက်ခိုင်ရေ၊ အိမ်စောစော ပြန်မှဗျတဲ့။ အဝတ်လျှော်၊ ထမင်းချက်ဂျူတီ ရှိသေးတယ်တဲ့။ ဟ ခင်ဗျား ဘယ်တုန်းက ရာထူး ပြန်ကျသွားတာလဲဆိုတော့ သုံးရက်လောက် ရှိပြီတဲ့။ ဘယ်လိုကျသွားရပြန်တာတုန်းဆိုတော့ 'ဘာမှ မဟုတ်ဘူး' ဆိုတာ ဖွင့်ပြောလိုက်လို့တဲ့။ ခင်ဗျား တော်တော်ညံ့တာပဲ၊ ကျနော် သေချာမှာထားလျက်နဲ့ဆိုတော့၊ 'အေးဗျာ။ ခင်စောမူက သိပ်လည်တယ်ဗျ' တဲ့။ တကယ့် ပွဲကြီးပွဲကောင်းအချိန် ဂိုးသမားနဲ့ နှစ်ယောက်ချင်းတွေ့တုန်း ရှုတ်တရက်မေးလိုက်တော့ ကျနော်လည်း ကန့်သွင်းချင်စိတ် များနေတာနဲ့ မင်းစိုးရိမ်တာ ဘာမှမဟုတ်ဘူး။ ငါ့ကို သက်ခိုင်ပြောလို့ ဟန်ဆောင်နေတာလည်း ဆိုလိုက်ရော အနီကဒ်တန်းထိပြီး နောက်နေ့ ရှင် အဝတ်ပြန်လျှော်၊ ထမင်းပြန်ချက်တော့ ဖြစ်ရောတဲ့ဗျာ။

အေးလေ။ ကျနော်က သူ့အေးပုံနဲ့ ရိုးဂုဏ်ကို ကျိတ်အားကျပြီး နေရာတကာ လိုက်ကူညီနေတာဗျ။ သူကလည်း ကျနော့်ဉာဏ်ရည်ကို အားကျပြီး ပြောသမျှ လိုက်လုပ်တော့တာပဲ။ အမယ် မပြောရပဲ လိုက်အတုခိုးကောင်းလို့ ကိုမိုးမြင့် အကြီးအကျယ် ချောက်ကျကိန်းတောင် ကြုံခဲ့သေးဗျာ။

ကျနော် ကျောင်းဆရာဘဝက ထွက်ပြီး ကိုယ်ပိုင်ကုမ္ပဏီနဲ့ ဘာနဲ့ဖြစ်နေတော့ ကျနော့်ရုံးခန်းကို ခဏခဏ ပေါက်ပေါက်လာတယ်။ အရက် အတူတူသောက်မိပြီဆိုရင် ကိုသက်ခိုင် ခင်ဗျားကို ကျနော် အားကျသဗျာတဲ့။ ဘာများအားကျသလဲဆရာရယ် ဆိုတော့ ဟိုဗျာတဲ့ မိန်းမလှလေးတွေကိစ္စတဲ့။ အေးဗျ၊ ကျနော်ဟာ ကျောင်းဆရာဘဝကသာ ခြေငြိမ်တာ။ စီးပွားရေးလောကထဲရောက်တော့ မိန်းမကိစ္စ မကင်းတော့ဘူး။ ဟုတ်ပါတယ်၊ ကျနော် အိမ်ထောင်ကျနေပြီ။ ဒါပေမဲ့ မိန်းမကိစ္စ ကြိုကြား ကြိုကြား မကင်းလှဘူး။ အေးလေ၊ ကျနော်တို့ခေတ်က အင်းလျားလမ်းက ထင်းရှူးတောဆိုတာ ဌာနဆိုင်ရာ အရာရှိကြီး တော်တော်များများ မကင်းဘူး။ ကျနော်က သူတို့နဲ့လည်း မကင်း၊ ထင်းရှူးတော ငိမ်နန်းပိုင်ရှင် ကိုခင်မောင်လွင်နဲ့လည်း ရင်းနှီးပြန်ဆိုတော့ဆိုတော့၊ ဆိုတော့ပေါ့ဗျာ။ နောက် တခါတခါ ကျနော်တွဲလာတဲ့ အပျိုစားလေးတွေကို သူကြည့်ပြီး သွားရည်ကျတယ် ထင်ပါ့ဗျာ။

ကိုသက်ခိုင် ကျနော့်ကို နည်းလမ်းလေးဘာလေး မစပါအုံးတဲ့။ ကြောင်ညည်းသလို ခွေးညည်းသလို လာလာနားပူနေတယ်ဗျာ။

ကျနော်က ကိုယ့်လူလက်ရည် ကိုယ်သိပြီးသားဆိုတော့ ဗီတိုနဲ့ ပယ်ရတော့တာပေါ့။ မလုပ်ပါနဲ့ ကိုမိုးမြင့်ရယ်၊ ဒီအလုပ်က အားကျစရာ မဟုတ်ဘူး။ နောက် ခင်ဗျား မအူမလည်ပုံနဲ့ ကိုယ့်ဇာတ်ကို ကိုယ်မနိုင်ရင် အရှင်းရခက်တယ်ဆိုပြီး တားထားလိုက်တယ်။

ဒါမျိုးကျတော့ နားမထောင်ပါဘူးဗျာ။ ဒီလောက်တားနေတဲ့ကြားက ဘယ်ကဘယ်လို ဆက်ဆော့လိုက်တယ် မသိပါဘူး။ ကြည်ကြည်ဌေးဆိုတဲ့ တခုလပ်အမျိုးသမီးတယောက်နဲ့ ဇာတ်လမ်းဖြစ်ပါလေရော။ ထုံးစံအတိုင်း မအူမလည်ဆိုတော့ မိုးမီးလောင်တော့တာပေါ့။

မနက်အစောကြီး ကျနော့်အိပ်ရာဘေး ရောက်ချလာတယ်။ ကိုသက်ခိုင် ကျနော်တော့ ဒုက္ခတွေ့ပြီတဲ့။ ဘာလဲဗျာဆိုတော့ ကြည်ကြည်ဌေးက သူ့ကိုလက်မထပ်ရင် ပညာရေးမှူးတက်တိုင်မယ် တဲ့။

ခင်စောမူကို ကွာပေးရမယ်တဲ့။ သူ့စကားတောင် မဆုံးသေးဘူး။ နောက်က မခင်စောမူပါ ငိုကြီးချက်မနဲ့ လိုက်လာပြန်ရော။ စောစောစီးစီးဗျာ။

မခင်စောမူလည်း ရှုံ့မဲ့မဲ့နဲ့ ကိုမိုးမြင့်ရယ်၊ ရှင် ဒီတခါ ကျမကိုဒုက္ခပေးတာ ချက်ကောင်းကို ထိပါတယ်တော် တဲ့။

ကျနော်လည်း ရဲဘော်ရဲဘက်ဆိုတော့ မနေသာပြန်ဘူး။ ကဲ မခင်စောမူ၊ ခင်ဗျား အေးအေး ဆေးဆေး အိမ်ပြန်ပါတော့။ ခင်ဗျား ယောက်ျားကြီး ဘေးမသီရန်မခအောင် ကျနော် ကူညီနိုင်ပါတယ် ဆိုမှ ပြန်သွားလေရဲ့။ မခင်စောမူ ပူမယ်ဆို ပူလောက်ပါရဲ့၊ ကိုမိုးမြင့်နဲ့ မခင်စောမူက ကလေးက သုံးယောက်တောင် ရှိနေပြီ။ အော်၊ ကိုမိုးမြင့်၊ ကိုမိုးမြင့် မိန်းမတောင်းတုန်းက ညီမနဲ့ အစ်မလွဲပြီး ညားလို့သာပေါ့ဗျာ။ ကျနော်လည်း ဇာတ်လမ်းဇာတ်ကွက် သေချာမေးပြီး ဝင်ရှင်းရပြန်တာပေါ့ဗျာ။

ကြည်ကြည်ဌေးနဲ့ သူ့အရင်အိမ်ထောင်က တရားဝင် မကွဲရသေးဘူးဆိုပဲ။ ကိုမိုးမြင့် မယူဘူးဆိုရင် သူ့ယောက်ျားကို ဖွင့်ပြောပြီး ပြဿနာရှာမယ်လုပ်တာ။ ဒါနဲ့ ညနေပိုင်း ကြည်ကြည်ဌေးကို ချိန်းလိုက်ရတယ်။ ကိုမိုးမြင့်လည်း ပါတယ်လေ။ သံလမ်းဘက် ရတနာပုံ ထမင်းဆိုင်ဘေးက အအေးဆိုင်မှာ။ ထိုင်လိုက်တာနဲ့ ကျနော်က မကြည်ကြည်ဌေး၊ ခင်ဗျား ကိုမိုးမြင့်ကို တကယ်ချစ်သလားလို့ မေးလိုက်တယ်။ အမယ် နှစ်ယောက်စလုံး ရှက်နေကြသဗျာ။ ကျနော် တကယ်မေးနေတာ၊ ခင်ဗျား ကိုမိုးမြင့်ကို တကယ်ချစ်တယ်ဆိုရင် အခု ခင်ဗျားလုပ်နေပုံက ချစ်ရာမရောက်ဘူး။ ပေါင်းရမယ့်ကိန်းလည်း မဟုတ်ဘူးလို့လည်းဆိုရော ကျမ ဘာလုပ်ရမလဲ တဲ့။ ကျမ သူနဲ့မခွဲနိုင်ဘူးတဲ့။ ကဲ ဒီလိုဆို ကျနော် နည်းလမ်းပေးမယ်၊ ခင်ဗျား အရင်အမျိုးသားဆီက ကွာရှင်းစာ တောင်းပါ။ ခင်ဗျား ကွာရှင်းစာတောင်းနေတဲ့ အချိန် ကိုမိုးမြင့်အတွက် ခင်စောမူဆီက ကွာရှင်းစာရဖို့ ကျနော့်တာဝန်ထားဆိုတော့ သူငြိမ်နေတယ်။ ခင်ဗျားနဲ့ကိုမိုးမြင့် တလလောက်တော့ ခပ်ခွာခွာနေဖို့လိုတယ်ဆိုရော၊ ကြည်ကြည်ဌေးကလည်း မညံ့ဘူးဗျ။ ကျမက ကွာစာယူလာပြီးမှ ကိုမိုးမြင့်က မယူရင် ဘယ်လိုလုပ်မလဲ တဲ့။ ကျနော်လည်း အတည် လိုလို နောက်သလိုလိုနဲ့ ဆက်တွန်းရတော့တာပေါ့။ ခင်ဗျားဗျာ ကျနော်တာဝန်ယူပါတယ်ဆိုတာ မယုံသေးဘူးလား။ ကဲ ခင်ဗျား ကွာစာရလာလို့ ကိုမိုးမြင့်မယူရင် ကျုပ်ယူမယ်ဗျာ လုပ်လိုက်မှ ပါးစပ် ပိတ်သွားသဗျာ။ အောင်မယ်လေး ကျန်သေးတယ်ဗျာ။ ခွဲနေကြတုန်း ကိုမိုးမြင့်စားဖို့သောက်ဖို့ ဘယ်လို ဖို့ရမလဲတဲ့။ ကဲပါဗျာ၊ ကျုပ်ဆီလာပို့ထား။ ကျုပ်တဆင့်ပို့ပေးမယ် တာဝန်ခံလိုက်ရသေးတယ်ဗျာ။

ကိုမိုးမြင့်ကို သေချာမှာရသေးတယ်။ ခင်ဗျား ယောင်လို့မှ သွားမဆက်ပါလေနဲ့၊ ဒီတခါ ကျနော့် စကား နားမထောင်ရင် ကျနော်လည်း တာဝန်မယူနိုင်တော့ဘူးလို့၊ ကွာစာရလား ဟုတ်လား၊ တယ်ရမလဲ။ ကြည်ကြည်ဌေးယောက်ျားက လျှပ်စစ်ရုံးမှာလုပ်တာ။ သူ့ဆရာ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာတင် မကဘူး၊ ညွန်ချုပ် ဗိုလ်မှူးကြီး ခင်မောင်သိန်းလောက်အထိ ကျနော် အဝင်အထွက် ရှိနေတာ။ ပတ်သက်ရာ ပတ်သက်ကြောင်းနဲ့ ကြည်ကြည်ဌေးယောက်ျားဟောင်းကြီးကို ကွာမပေးဖို့ ပိတ်ရဆို့ရတာပေါ့။ သူကလည်း နောက်မိန်းမနဲ့ပါဗျာ။။ မတရားသဖြင့်တော့ မဟုတ်လောက်ဘူး ထင်ပါရဲ့။ ကြည်ကြည်ဌေးလာပို့တဲ့ စားစရာတွေတော့ ကျနော်အရက်နဲ့ မြည်းလိုက်တာပဲ။ ကိုမိုးမြင့် ကတော့ ဆေးခတ်မှာ ကြောက်တယ်ဆိုပြီး တို့တောင် မကြည့်ပါဘူးဗျာ။ ကွာစာမရတော့ ဇာတ်လမ်း လည်း ငြိမ်းရောဆိုပါတော့။

■

## အခန်း (၃၁)

# ရခါ၌ ဤသို့ဖြစ်တတ်၏

နောက်တယောက်ကတော့ ထူးထူးဆန်းဆန်း သူသေခါနီးမှာ ကျနော်ကို အားကျတဲ့အကြောင်း ဖွင့်ပြောသွားရှာတယ်ဗျာ။ သူ့နာမည်က ကိုကျော်မြင့်တဲ့။

သူလည်း ကျနော့်ထက် ဆယ်နှစ်လောက်ကြီးတယ်။ ကျနော် ကျောင်းဆရာလုပ်နေတဲ့ ရပ်ကွက်က ကောင်စီအတွင်းရေးမှူး။ ကောင်စီလူကြီးသာဆိုတယ်၊ တကယ် သမာသမဂ်ကျတဲ့သူဗျ။ လူချစ်လူခင်လည်း များတယ်။ တရပ်ကွက်လုံးလိုလို သူ့ကိုလေးစားကြတယ်။

ကျနော် ကျောင်းဆရာဘဝ၊ မိဘဆရာအသင်း အတွင်းရေးမှူးလုပ်နေတဲ့အချိန် သူ့သား သိဟကျော်ကို ကျောင်းစထားချင်တာ ငါးနှစ်ပြည့်ဖို့ လေးလလောက်လိုလို့ အကူအညီတောင်းရာတနေ ခင်မင်သွားခဲ့တာပါ။ မိဘဆရာအသင်းမှာ ကိုကျော်မြင့်ပါနေတော့ ကျောင်းနဲ့ပတ်သက်တာတွေကို ဝိုင်းကူညီနေလို့ ပိုခင်နေတယ်ဆိုပါတော့။

တနေ့ ကျနော် ဘုန်းကြီးလမ်းကုမ္ပဏီရုံးကို ဇနီးဖြစ်သူက ဖုန်းလှမ်းဆက်တယ်။ ဦးကျော်မြင့် ဆေးရုံတင်ထားလို့တဲ့။ ကျနော်လည်း ရုံးဆင်းချိန်ရောက်တော့ ရန်ကုန်ဆေးရုံကြီးဘက် သွားလိုက်ရတယ်။ သူ့ရောဂါက အဆုတ်ကင်ဆာဆိုပဲဗျာ။

အေးဗျ၊ သူ ကျနော့်ကို အားကျပုံက ကိုမိုးမြင့်နဲ့ တော်တော်ကွာတယ်။ ကိုမိုးမြင့်က ပြောင်အားကျနေတာ။ သူက တိတ်တိတ်အားကျနေတာ။ တကယ်တော့ ကျနော့်လုပ်ပုံကိုင်ပုံတွေက အားကျစရာ မကောင်းတာတတော့ သိပ်သေချာတဲ့ အချက်ပါဗျာ။ ကျောင်းဆရာဘဝက ကျနော့်လုပ်ပုံတွေကို ကြည့်လေ။

ကျနော်နဲ့ နေလဆီစက်သူဌေး ဦးချစ်စိန်ဖြစ်ခဲ့တဲ့ ပြဿနာမျိုး ဆိုပါတော့။ အမှန်က ဒုတ်ကျင်းကသူဌေးနဲ့ လှိုင်ကကျောင်းဆရာ အဝေးကြီးဗျာ။ ဘာမှပတ်သက်စရာ မရှိပါဘူး။ ဖြစ်ချင်တော့ ပြဿနာကို စဖန်တီးတာက ကြက်သမားမောင်သောင်း။ မဟုတ်ဘူးလေ၊ ဒီမောင်သောင်းက လှိုင် (၄) ရပ်ကွက်က ကြက်သမားမောင်သောင်း။ ရေတာရှည်မောင်သောင်းနဲ့ တခြားစီ။ သူ့အစ်ကိုက

လည်း နာမည်ကြီးဗျာ၊ မြွေပွေးသန်းရွှေတဲ့။ သူပိုင်တဲ့ လယ်ကွက်တွေထဲကနေ အုတ်ကျင်းဂုန်နီစက်ရုံကို ခြေလျင်သွားတဲ့ အလုပ်သမားတွေ ဖြတ်လျှောက်လို့၊ လယ်တွေပျက်တယ်ဆိုပြီး မြွေပွေးတွေကို မသေမရှင် ခါးရိုက်ချိုး၊ ကန်သင်းတွေပေါ် တင်ထားလို့ မြွေပွေးသန်းရွှေဆိုပြီး နာမည်ကြီးနေတာဗျ။

ပြဿနာက မောင်သောင်းက သူ အမွေဆိုင်ပိုင်ပါတယ်ဆိုပြီး ကျောင်းဘေးနားက ပေငါးဆယ် ပေတရာ လောက်အကွက်လေးကို ဆရာကိုသက်ခိုင် ဝယ်လိုက်ပါဗျာလုပ်ရာက စတာဗျို့။ ကျနော်လည်း အိမ်ထောင်ကမကျသေး၊ တပည့်တွေ တရှန်းရှန်းနဲ့ဖြစ်နေတဲ့အချိန်။ တပည့်တွေကလည်း ဆယ်လေးငါးနှစ် သားတွေလည်းပါ၊ ကျောင်းကထွက်သွားပြီး အဆက်အာန်းတက်နေတဲ့ နှစ်ဆယ်ဝန်းကျင်တွေလည်း ပါပေါ့။ အဲဒီမြေကွက်မှာ ဆရာတပည့်တွေ စုလို့ကောင်းအောင်ဆိုပြီး ငါးထောင်နဲ့ ဝယ်ဖြစ်ရောဆိုပါတော့။ ဝယ်ပြီးလို့ နှစ်ပတ်တောင် မကြာပါဘူးဗျာ။ အုတ်ကျင်းဆီစက်သူဌေး ဦးချစ်စိန် ဆီက နို့တစ်စာ ရောက်လာပါလေရော။

မြွေပွေးသန်းရွှေ အမည်ပေါက်ထားတဲ့ လယ်ကွက်တွေအားလုံး သူဝယ်ထားပြီးသားတဲ့။ တပါတ် အတွင်း ဖယ်ရှားပေးရမတဲ့။ အေးပေါ့ဗျာ၊ မလွတ်မကင်း ဆိုတော့လည်း ငွေပြန်တောင်းရတော့တာပေါ့။ ဒါပေမဲ့ဗျာ၊ မောင်သောင်းက ဝေ့လည်ကြောင်ပတ်လုပ်နေတယ်။ ပြန်ပေးမလို ပြန်မပေးဘူးလိုလိုနဲ့။ အေးပေါ့ဗျာ၊ ဒီခေတ် ငွေငါးထောင်ကတော့ ဘယ်တန်ဖိုးရှိပါ့မလဲ။ အဲဒီတုန်းက ကျနော့်လစာကမှ တလ သုံးရာ့တဆယ်ဗျာ။ နှမြောတာပေါ့ဗျ။ မောင်သောင်းကတော့ မထုံတက်တေးနဲ့၊ ဖဲရှုံးသလိုလို ကြက်ဝိုင်းမှာ ပြောင်သလိုလိုနဲ့ အရှူးဇာတ်ခင်းနေတယ်။

ကျနော်လည်း သူဌေးဦးချစ်စိန် ဆီစက်ကိုသွား ရှင်းပြတောင်းပန်၊ မြွေပွေးသန်းရွှေကိုလည်း အကူအညီ တောင်းပေါ့။ ကျနော်ပေးထားတဲ့ ငွေလေးတော့ ပြန်ကြည့်ကြပါအုံးလို့။ ဦးချစ်စိန်က ကောင်းကောင်းတောင် စကားလက်ခံမပြောဘူး။ မြွေပွေးသန်းရွှေကလည်း သူနဲ့မဆိုင်ဘူးတဲ့။ စကား တခွန်းတောင် လက်ဆောင်ပါးလိုက်သေးဗျာ။ 'သက်ခိုင်လိုကောင်မျိုးက ဦးချစ်စိန်ကို သွားယှဉ်ရင် လေယာဉ်ပျံအီးကို ဖက်ပြီးလိုက်သလိုနေမှာပ' တဲ့ဗျာ။

အဲဒီမှာတင် ကျနော့်လူမိုက်ဗီဇ ပေါ်တော့တာပဲဗျာ။ သူတို့ပြောတဲ့ လေယာဉ်ပျံအီး ဆိုတာကို စီးဖူးတယ်ရှိအောင် စီးကြည့်လိုက်ဖို့ ဆုံးဖြတ်လိုက်တယ်ဗျာ။ ဦးချစ်စိန် ဝယ်ထားတယ်ဆိုတဲ့ လယ်မြေ မှန်သမျှ နိုင်ငံတော်ကပိုင်တာမို့ အရောင်းအဝယ် လုပ်ထားတာဟာ တည်ဆဲလယ်ယာမြေအက်ဥပဒေ နဲ့ မညီတဲ့အကြောင်း၊ မြို့နယ်ကောင်စီက အီးစီ နှုတ်ခမ်းမွေးဦးအောင်ရှိန်နဲ့ ခွင်ချပြီး အရောင်းအဝယ် လုပ်ထားတဲ့အကြောင်း နိုင်ငံတော်သမ္မတဆီ လိပ်မူပြီး၊ တိုင်းကောင်စီကို မိတ္တူတိုင်စာတွေ တထပ်ကြီး ပို့လိုက်တော့တာပေါ့။

တိုင်စာပို့ပြီးလို့ တလတောင်မကြာပါဘူးဗျာ၊ ပြဿနာက မီးခိုးကြွက်လျှောက် လိုက်တော့တာ ပါပဲ။ စစ်ဆေးရေးအဖွဲ့တွေဆင်းပြီး အကုန်မြေလှန်တော့တာပဲ။ ဦးချစ်စိန်လည်း ပိတ်ရဆို့ရ ဖာရထေးရ နဲ့၊ အလစ်အငိုက် ဖုံးကြိခံလိုက်ရသလို ဖြစ်သွားပါလေရော။ လွယ်လွယ်နဲ့ရှင်းလို့ ဘယ်ပြီးတော့မလဲဗျာ၊ ကျနော့်တိုင်စာမှာ ဦးချစ်စိန် ဝယ်ထားပါတယ်ဆိုတဲ့ ထွက်ချက်ပါတဲ့ နို့တစ်မိတ္တူတွေ၊ တည်ဆဲ လယ်ယာမြေအက်ဥပဒေတွေထဲက တချို့အခန်းတွေကို တွဲတင်လိုက်တာကိုး။ နှုတ်ခမ်းမွှေးဦးအောင်ရှိန် လို သူ့ခေတ်ကတမြို့နယ်လုံး ဖိန့်ဖိန့်တုန်ရတဲ့လူကတောင် 'သက်ခိုင် မင်း တော်တော်ရက်စက်တဲ့ ကောင်' တဲ့။ သူပြောမယ်ဆိုရင် ပြောလောက်ပါတယ်။ ကျနော့်တိုင်စာကြောင့် အဖွဲ့မျိုးစုံကို အစစ်ခံလိုက်ရတာ ဦးအောင်ရှိန် စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး ကိုယ်အလေးချိန် ပေါင်သုံးဆယ် လောက် ကျသွားတဲ့အထိ။

ခင်ဗျားလည်း အားတော့ မကျလိုက်ပါလေနဲ့။ ကျနော် လူမိုက်တောထဲမှာနေလာတော့ ဓာတ်ကို ဒီလို သုံးလို့မရဘူးဆိုတာ အလိုလိုသိနေတယ်။ ခေတ်က အေးတယ်သာပြောတာ၊ ကျနော့်ကျောင်းရှေ့မှာ ကိုသန်းဝင်းဆိုတဲ့ အရက်ရော ဆေးခြောက်ရော ကြောင်နေတဲ့ မောင်တယောက်က နယ်ထိန်းတပ်ကြပ်ကို ဓားနဲ့ထိုးတာ ပွဲချင်းပြီး သေပါရောလား။

မောင်သောင်းကို စရှင်းဖို့ ကျနော် ကျိတ်ကြံတယ်။ လက်ဦးမှုရမှ ဖြစ်မယ်လေ။

ဘောလုံးသမား၊ အရက်သမား ကိုနီက သူ့ကလေးတွေအားလုံး စာမေးပွဲအောင်လို့ဆိုပြီး ကျနော့်ကို ထမင်းဖိတ်ကျွေး၊ အရက်ခေါ် တိုက်တဲ့ နေ့ပေါ့ဗျာ။ အဲဒီအိမ်ကို မောင်သောင်းပါ ရောက်နေတယ်။ အတော်ပဲဗျာ၊ ကျနော်လည်း မောင်သောင်းက ကျေရာကျေကြောင်းတွေပြော၊ တပည့်ကျော် တင်ဝင်းကို မောင်သောင်းခွက်ထဲ အရက် အဆက်မပြတ် ထည့်ခိုင်းလိုက်တယ်။ မျက်ရိပ်မျက်ခြေနဲ့ပေါ့ဗျာ။ ကျနော်တော့ နည်းနည်းပဲသောက်ပြီး ချိထားလိုက်တယ်။

သူလည်း ရေချိန်လွန်လောက်ရော တဲ ကိုသောင်း၊ ခင်ဗျားနဲ့ကျနော် နည်းနည်းညှိလိုက်ကြရအောင် ဒီမှာမကောင်းဘူး။ ကျောင်းဘက် သွားကြမယ်ဆိုပြီး ချော့ခေါ်၊ သူရောင်းထားတဲ့ မြေကွက်နားလည်းရောက်ရော ကျနော်လည်း 'မင်းလားကွ ငသောင်း' ဆိုပြီး သင်ခန်းစာပေးရတော့တာပဲ။ သူ့အကျီနဲ့ လုံချည် နှစ်ခုစလုံးဆုံတဲ့ ခါးလည်ကနေ လက်တဖက်နဲ့ အသေဆုပ်ကိုင်လိုက်ပြီး ကျန်တဲ့တဘက်နဲ့ အားကုန်ကျိတ်ပစ်လိုက်တယ်ဗျာ။ ကံကောင်းချင်တော့ မိုးတွေ အရမ်းရွာနေတယ်ဗျာ။ သူကလည်း 'သက်ခိုင် ကျနော့်ကိုသတ်နေပါတယ်' လို့ စွတ်အော်၊ ဘယ်သူမှလည်း မကြား၊ တင်ဝင်းကပါ ဝင်လုပ်မယ်ပြင်တော့ ကျနော် ခပ်ထန်ထန် တားလိုက်ရတယ်။ ဒါ မင်းကိစ္စ မဟုတ်ဘူး၊ အသာနေလို့။

လက်နဲ့တင် မဟုတ်ဘူးဗျာ။ အနားက ကျောင်းဆောင်နံရံနဲ့ပါ ပစ်ဆောင့်ပြီး စိတ်ရှိလက်ရှိ ကိုင်ဆောင့်နေတာ။ ကျနော် လူဖလံလေး မဟုတ်တော့ဘူးဗျ။ အရပ်ခြောက်ပေနီးပါးနဲ့ လူကောင်ခပ်ထွားထွား ဖြစ်နေပြီလေ။ သူ့မျက်နှာတွေရော တကိုယ်လုံးပါ စုတ်ပြတ်ကုန်တော့တာပဲ။ ကံဆိုးချင်တော့ သူ ကြောက်အားလန့်အားနဲ့ ရုန်းလိုက်တာ သူ့ပုဆိုးနဲ့အကျီက ကျနော့်လက်ထဲမှာကျန်ပြီး သူက ကိုယ်တုံးလုံးနဲ့ လွတ်ထွက်သွားပါလေရော။

ကျနော် စိတ်မပြေသေးဘူး။ နောက်က ဆက်လိုက်သွားတယ်။ သူက လမ်းမှာတွေ့တဲ့ အဝတ်တန်းတခုက မိန်းမ ထမီတခုကို ပြေးရင်းလွှားရင်း ကောက်ပတ်သွားတယ်။ သူက ထမီကို ခါးမှာပတ်ပြီး ဆက်ပြေး၊ ကျနော်က ဆက်လိုက်နဲ့ဗျာ။ လမ်းထိပ်က ဦးလုံးကွမ်း လက်ဘက်ရည်ဆိုင်အထိ ရောက်ရောဆိုပါတော့။ အဲဒီ ဆိုင်ထဲမှာ ကိုကျော်မြင့်တို့ ကောင်စီအဖွဲ့က လက်ဖက်ရည်သောက်နေတဲ့ အချိန်။ မောင်သောင်း ဆိုင်ထဲဝင်ပြေးပြီး ဥက္ကဋ္ဌ ဦးခကို တိုင်၊ ကျနော်က ဝင်ရိုက်၊ သူက စားပွဲဝိုင်းတွေ ပတ်ပြေး၊ နောက်ဆုံး ကိုကျော်မြင့် ကျနော့်ကို ဝင်ဆွဲမှ ရပ်ရော ဆိုပါတော့။

နောက်တနေ့နက် ဆယ်နာရီလောက်မှာလည်း သူ့ညီကို ကျနော်ရိုက်တဲ့သတင်းကြားလို့ မြွေပွေးသန်းရွှေက လမ်းပေါ် မှာ စောင့်ပြီး၊ ကျနော့်ကို ဓားနဲ့ ရှင်းဖို့လုပ်သေးတယ်။ သူ့ဓားက သူ့ညည ကမ်းနားမှာပိုက်သွားချရင်ကိုင်တဲ့ ပိုက်ဖြတ်တဲ့ ဓားလေးပါဗျာ။ ကျနော်က အဘက်ဘက်က သတိထားနေပြီးသား။ သွေးကလည်း ကြွနေတဲ့အရွယ်၊ လမ်းဘေးက ခြံစည်းရိုးတန်းကို ဆွဲချိုးပြီး ပြန်လိုက်ရိုက်တာပေါ့ဗျ။ သူဟာမြွေပွေးဆိုပေမဲ့ အကောင်ကြီးသွားပြီဗျ။

အသက်နှစ်ဆယ်ကျော် ကျနော့်ကို ယှဉ်ဖို့ မလွယ်တော့ဘူး။ နောက် သူကံကောင်းတာက ကျနော် သူ့ဓားအရွယ်ကို ကြည့်ပြီး ကျနော့်လွယ်အိတ်ထဲက ဂျပန်ကင်ဒိုဓားအတို တမေ့ခွဲလောက်ကို မထုတ်တာ။ လူမိုက်နယ်မြေမှာ ကြီးလာတာဗျာ။ ရှင်းမယ်ကြံရင် အကုန်ပြင်ဆင်ထားရမယ်လေ။

ဘာပဲဖြစ်ဖြစ်ဗျာ၊ ဦးသန်းရွှေလည်း နောက်ပိုင်း ကျနော့်ကို ဘာမှ ရန်မီးမပွားရှာပါဘူး။

နောက်တပတ်လောက်ကြာတော့ မောင်သောင်း ကျနော့်ဆီလာပြီး ငွေငါးထောင်လာပေးတယ်။ ဦးချစ်စိန် ပေးခိုင်းတာတဲ့။ ကျနော်လည်း ပြန်ယူထားလိုက်ပါတယ်။ ဖာတ်လမ်းတခု အေးလည်း ပြီးတာပဲပေါ့ဗျာ။

ကဲ ဒီလောက် ရပ်ကျော်ရွာကျော်ဖြစ်နေတဲ့ ပညာတတ်လူမိုက်ကို ဦးကျော်မြင့်လို လူမျိုးက ဘာများ အားကျစရာရှိသလဲဗျာ။ ကျနော် ကျောင်းဆရာအလုပ်က ထွက်ပြီး ဟန်ကျပန်ကျဖြစ်နေတဲ့ အချိန်လည်း သူနဲ့ မကြာမကြာတွေ့တယ်ဗျ။ သူက ကုန်သွယ်ရေး၊ စာအုပ်နဲ့စာရေးကိရိယာမှာ အလုပ်လုပ်တာ။ ကျနော့်ရုံးကလည်း ဘုန်းကြီးလမ်းမှာ။ သူ တခါတလေ လာတတ်တဲ့ ဒေါ်သိန်းတင် လမ်းဘက်ကို ကျနော် ခဏခဏရောက်တယ်။ တယောက်တည်းတော့ မဟုတ်ဘူး။ မိန်းမလှလေးတွေနဲ့ပေါ့။ ဒေါ်သိန်းတင်လမ်းက ကျည်ကွယ်မျက်ကွယ်သဘောလို့ ကျနော်ယူဆလို့ ဆိုပါတော့။

ကိုကျော်မြင့်က အရက်တော့ မသောက်ဘူးဗျ။ ဘီယာလေးဘာလေး ချနေတာတော့တွေ့တယ်။ ကျနော် ကျောင်းဆရာဘဝက ကျောင်းအတွက် ကုန်သွယ်ရေးက စာအုပ်ထုတ်တဲ့ကိစ္စရော၊ ကျောင်းအခမ်းအနား ဓာတ်ပုံတွေ ကူးတာ ဆေးတာ၊ အစိုးရဈေးနဲ့ရအောင် တပြားမှမယူပဲ သူပဲ လိုက်လိုက်ကူညီခဲ့တာ။ ကျနော် ရပ်ကွက်ထဲ ထင်တိုင်းကြဲသမျှကိုလည်း သူပဲ လိုက်ရှင်းခဲ့တာလေ။ နေတာကလည်း တရပ်ကွက်ခြားပဲဆိုတော့ အခင်အမင်မပျက် ဆက်ရှိနေတာပေါ့ဗျာ။ အပြင်မှာ ခဏခဏတွေ့ကြ၊ စကားပြောဖြစ်ကြ၊ တခါတခါ ကျနော့်မှာ မိန်းမလှလေးတွေပါရင်လည်း သူ့ကို မမြင်ချင်ယောင်ဆောင်ရတာလည်း ရှိတာပေါ့။

အေးဗျာ၊ ကျနော် ဆေးရုံရောက်သွားတော့ ကိုကျော်မြင့်ကို ကင်ဆာဆောင်မှာ တွေ့ရတယ်။ သူ့ဘေးမှာ သီဟကျော်လည်း ရောက်နေတယ်။ သီဟကျော်တောင် ဘီအီးနဲ့ ကျောင်းပြီးနေပြီဗျ။ ကိုကျော်မြင့်နဲ့ ကျနော် ပတ်သက်ခဲ့တဲ့အချိန်တွေ တွက်သာကြည့်ပေတော့။ ကျနော်က ကိုကျော်မြင့် ဘယ်နှယ့်နေသလဲ မေးတော့ သူက ဆရာရေ့၊ အချိန်မီတယ်လို့ ပြောတယ်ဗျ။ ဓာတ်မှန်မှန်ကင်လိုက်ရင် ပျောက်သွားမှာတဲ့။

နောက် သူဆက်ပြောတဲ့စကားကြောင့် ကျနော် အူကြောင်ကြောင်ဖြစ်သွားတယ်။ ဘာတဲ့ ကျနော် မြန်မြန်နေကောင်းအောင် ကြိုးစားမယ်တဲ့၊ နေကောင်းလာရင် ဆရာနေသလို ကျနော် နေတော့မယ်။ ဆရာ့ကို ကျနော် သိပ်အားကျတယ်တဲ့။

တကယ်ပါဗျာ၊ ကျနော့် နားတွေတောင် အူသွားသလိုပါပဲ။ ကျနော် ကြောင်တောင်တောင် ပြန်စိုက်ကြည့်နေတော့ သူက မကျန်းမာတဲ့ကြားက အားယူပြီး ထပ်ပြောနေသေးတယ်၊ ကျနော် တကယ်ပြောနေတာ တဲ့။ ကျနော် တဘဝလုံး ကျနော် နေချင်သလို တခါမှ မနေခဲ့ရဘူးတဲ့။ ကျနော် ရိုးရိုးကုပ်ကုပ် နေခဲ့တယ်၊ ဆင်ဆင်ခြင်ခြင်နေခဲ့တယ်၊ ကိုယ့်စိတ်တိုင်းကျ ဘဝမှာ နေခွင့်မရခဲ့ဘူး။ ဆရာနဲ့တော့ ကွာလိုက်တာ။ တကယ့်ကို ဆရာ့ကို ကျနော် အားကျတယ်။ ဘဝမှာ ကိုယ့်စိတ်ထဲက ရှိသလို နေဖူးတယ်ရှိအောင် ဆရာနေသလိုကို နေလိုက်အုံးမယ်တဲ့။

ကျနော်လည်း မနေတတ်တော့တာနဲ့ ကိုကျော်မြင့်ရာ၊ ကျနော်က လူဆိုးဗျ။ ကျနော် လုပ်ခဲ့တာတွေဟာ အမှားတွေ များပါတယ်။ ခင်ဗျားနေပုံထိုင်ပုံကမှ တကယ့်အားကျစရာပါဗျာ။ ကိုယ်ကျင့်တရားကအစ ခင်ဗျား အကောင်းဆုံး နေခဲ့တာပါဆိုတော့ ကိုကျော်မြင့်က အေးလေ၊ ကျနော့် ဘဝတလျှောက်လုံး ကောင်းကောင်းနေခဲ့တယ်။ ကျနော့်မှာ အပြစ်ပြောစရာဆိုလို့ ဒီဆေးပေါ့လိပ် သောက်တာတခုပဲ အလွန်အကျွံလုပ်ခဲ့တယ်။ ဟော အခုပဲ ဒါလေးအတွက် သေရမလိုဖြစ်နေပြီ၊ လူဖြစ်ရကျိုး မနပ်လိုက်တာ ဆရာရယ်။ ဆရာနေထိုင်ပြုမူခဲ့သလို လူ့ဘဝမှာ နေဖူးတယ်ရှိအောင် နေကိုသွားဦးမယ်တဲ့ ဗျာ။

အေးဗျာ၊ ကျနော့်လို တပေါက်တီကပေါက်ချာကောင်ကို သေကောင်ပေါင်းလဲ ဖြစ်နေတဲ့သူ တယောက်က အရမ်းအားကျနေတာကို ကျနော်လည်း မတွေးတတ်တော့ပါဘူး။ အေးက သူ့သားတော်မောင် သီဟကျော်ကတော့ ဖအေနဲ့ဆရာ အပြန်အလှန်ပြောနေတာကို ကြောင်စီစီ ကြည့်နေလေရဲ့။

ကိုကျော်မြင့်ခမျာ သူအားကျတဲ့ ကျနော့်ပုံစံ၊ ထင်ရာစိုင်းတဲ့ ဘဝကို နေခွင့်ရမသွားရှာပါဘူးဗျာ။ သူ ဆေးရုံတက်လို့ တလလောက်အကြာမှာ ဆုံးသွားရှာပါတယ်။

■

## အခန်း (၃၂)

# မိုက်တယ်ဆိုတာ လွယ်ပါတယ်

လောကကြီးက ဆန်းတော့အဆန်းသားဗျာ။ ကျနော်လည်း ကိုယ့်ကိုယ်ကို သိပ်မသတိလို့ ကောင်းကောင်းမွန်မွန်နေဖို့တော့ ကြိုးစားခဲ့ဘူးသေးတယ်ဗျ။ ကျနော်လည်း ကိုကျော်မြင့်လို လူရှိသေရှင်ရှိသေဘဝကို အားကျတယ်လေ။

အံ့ဩစရာတော့ အကောင်းသား၊ လောကကြီးဟာ လူဆိုးဘဝကလာတဲ့ လူကောင်းကို ရုတ်တရက် လက်မခံတတ်ဘူး ထင်ပါရဲ့။ ဒီလိုဗျ၊ ကျနော် မိမိကိုယ်ကို ကောင်းအောင် ပြန်ပြီး ကြိုးစားဖူးတဲ့ တချိန်က အဖြစ်အပျက်လေးတခုပေါ့။

ကျနော်က လူတမျိုးဗျ။ ကျနော်လုပ်ခဲ့တဲ့ အလုပ်မှန်သမျှ ပြန်ပြန်ပြီး စဉ်းစားတတ်တဲ့ အကျင့်တခု ရှိတယ်။ စဉ်းစားရမယ်လေ၊ ကျနော် ထင်သလိုလုပ်ခဲ့တာ အကြိမ်ပေါင်း မနည်းတော့ဘူး မဟုတ်လား။ ဒီးဖြစ်တဲ့သူကတောင် တခါတခါ စိတ်အချဉ်ပေါက်တဲ့ အခါမျိုးမှာ

'ကိုသက်ခိုင် ရှင်က သေမယ်ဆိုရင် သေပျော်ပြီ' တဲ့။ ကျနော်လည်း တအံ့တဩနဲ့ 'ဟ ဟ ဘာကြောင့် သေပျော်ရမှာလဲ' လို့ဆိုတော့ ရှင့်ဘဝမှာ လုပ်ချင်တာ အကုန်လုပ်ခဲ့ပြီးပြီ၊ ခံစားစရာ အကုန်ခံစားပြီးပြီ၊ ရှင်လုပ်ချင်တာ အကုန်လုပ်ပြီးပြီ တဲ့၊ ဒီတော့ ရှင် သေပျော်ပြီတဲ့။

မှန်ပါတယ်၊ ကျနော့်ဘဝမှာ လုပ်ချင်တာအတော်တော်များများကို စိတ်လိုက်မာန်ပါ လုပ်ခဲ့ပြီးပါပြီ။ အမှားတွေလည်း ဒုနဲ့ဒေးပေါ့ဗျာ။

ကျနော် လူကောင်းဖြစ်အောင် ကြိုးစားခဲ့ဖူးပါတယ်။ တကယ်ပါဗျာ၊ အစစ ပြည့်စုံနေတဲ့ အချိန်မျိုးမှာပါ။ ငွေကိုလည်း ထင်သလို သုံးနိုင်၊ တပည့်တပန်းတွေ အဆက်အသွယ်တွေကလည်း များ။ တခါတခါ ထင်ရာစိုင်းလိုက်ရင် ကျော်မကောင်းကြားမကောင်းချည်းပဲမို့ လူကောင်းတယောက်လို နေဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ပထမဆုံး ဒီကိစ္စကို ကျနော့်လက်စွဲတော်ဘားလားနဲ့ တိုင်ပင်ကြည့်တယ်။ ဘားလားဟာ တကယ့်ကို လက်ရဲဇက်ရဲ ကုလားလူမိုက်ပါ။ ထစ်ကနဲရှိ မျက်နှာတည့်တည့်ကို အရက်ပုလင်းခွဲပြီး

ထိုးလိုက်၊ ခါးနဲ့ဗိုက်ကို ဖွင့်လိုက်နဲ့၊ ထောင်ထဲ ဝင်လိုက်ထွက်လိုက်လုပ်နေတဲ့ လူမိုက်ပါ။ သူက ကျနော့်ကိုတော့ တော်တော်ကို တလေးတစား ဆက်ဆံတယ်။

ဒါကလည်း နောက်ကြောင်းလေးနဲ့ဗျ။

ဘားလားကြီးက အမေကိုတော့ တော်တော်ချစ်ရှာတယ်။ သူ့အမေက တကယ့် ဟိန္ဒူရှေးရိုးစွဲ ကုလားမကြီးဗျာ။ နားကွင်းကျယ်ကြီးနဲ့။ မနက်မိုးလင်းရင် ဘုရားရှိခိုးမယ်၊ သားသမီးတွေ မြေးတွေ မြစ်တွေအတွက် ချက်မယ်ပြုတ်မယ်။

အဲဒီ ဘားလားကြီးအမေက ကျနော့်အမေကို အရမ်းခင်နေတယ်။ အိမ်လာလည်လို့ ခင်တာ မဟုတ်ဘူးဗျ။ ဈေးမှာ ခင်ကြတာ၊ ဘားလားအမေက အမေ့ရဲ့ဖောက်သည်လေ၊ အမေကလည်း တောသူ ရိုးရိုးအအဆိုတော့ အလွမ်းသင့်ကြတယ် ထင်ပါရဲ့။ နောက်တော့ ဘားလားခယ်မတွေက ကျနော်ကျောင်းဆရာဘဝက တပည့်တွေဗျ။

နောက်တော့ ဘားလားက ကျနော့်ညီ သက်နိုင်နဲ့ ခင်ရာက ကျနော့်ဆီ ရောက်လာတယ်။ လူမိုက်ဆိုတာလည်း အားနည်းချက်တော့ ရှိတတ်စမြဲဗျ။ သူက ကျနော့်ကို တော်တော် စိတ်ဝင်စားပုံ ရတယ်။ ပညာတတ်လူမိုက်မို့ ထင်ပါရဲ့။

အထူးသဖြင့် ကျနော်က ဖတ်ဖူးမှတ်ဖူးတဲ့ အိန္ဒိယခေါင်းဆောင် ချန်ဒရာဘို့အကြောင်းတို့၊ ဂန္ဒီကြီး အကြောင်းတို့ ပြောတဲ့အခါ ကလေးလေးတယောက်လို မျက်တောင်မခတ်ပဲ နားထောင်တာ။ နောက် ဟိန္ဒူနတ်ဘုရား သျှီဝတို့၊ ရာမတို့၊ ဒြာဗီဒီယန် အာရီယန်ဇာတ်လမ်းတွေလည်း ပါတာပေါ့။ သူက ကျနော်နဲ့တွေ့ရ င် 'ပုံပြောပါဆရာ' ချည်းလုပ်နေတာ။ နောက် သူက ဝန်ခံသေးတယ်၊ ကျနော် တခြားကုလားတွေနဲ့ ဆုံရင် ဆရာပြောတာတွေ ပြန်ပြောပြတာ သူတို့ ကျနော့်ကို အရမ်း အထင်ကြီး ကြတယ် တဲ့။ ကျနော့်မှာဗျာ၊ သူနဲ့ဆုံရင်ပြောဖို့ ကုလားပုံပြင်တွေ ရှာရှာဖတ်ထားရတယ်။ ကျနော့်အိမ်လာရင် ကျနော်အမေကို တွေ့တဲ့အခါ အံ့ဩတကြီး ပြောသေးတယ်။ ဒီလိုအမေက ဆရာ့လိုသားမျိုးကို ဘယ်လိုမွေးသလဲ ကျနော်စဉ်းစားလို့ မရဘူးတဲ့။ ကျနော် ဆိုးတာရှုပ်တာ သူအကုန် သိနေတယ်လေ။

ကျနော်ဘားလားနဲ့ အမှုတွဲဘဝနဲ့ ထောင်ထဲမှာလည်း အတူနေခဲ့ဖူးတယ်။ အရက်အတူတူလည်း အကြိမ်ပေါင်းများစွာ သောက်ဖူးတယ်။ ဒါပေမဲ့ ထူးဆန်းတာက သူက အရက်အတူတူသောက်ဖို့ ပြောရင် ဆရာနဲ့အတူ မသောက်ပါရစေနဲ့တဲ့။ ဆရာနဲ့ကျနော်တို့က အခြေအနေချင်း မတူဘူးတဲ့။ ကျနော်တို့က လူမိုက်တွေ တဲ့။ သူ ရှောင်ရှောင်နေတတ်တယ်ဗျ။

တညပေါ့၊ ကျနော်သူ့ကို ဖွင့်ပြောမိတယ်။

ဘားလားရာ၊ ကိုယ် ထင်ရာစိုင်းနေတာ များပြီ၊ မိုက်ခဲ့တဲ့ အကြိမ်ပေါင်းလည်း မနည်းတော့ဘူး။ ဒီတော့ ကိုယ် ကောင်းကောင်းနေတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ လို့။ အမယ် လေးတန်းတောင် မအောင်တဲ့ကုလားက ဘာပြန်ပြောတယ် အောက်မေ့သလဲ၊ ဆရာ အခုချက်ချင်း လိမ္မာလို့ ဘယ်ဖြစ် မလဲတဲ့၊ ဆရာ မှားသွားမှာပေါ့တဲ့။ ဟ လိမ္မာတာ မကောင်းဘူးလားကွာဆိုတော့ ဆရာ ကျနော် ကုလားရုပ်ရှင် ဇာတ်လမ်းတခု ပြောပြမယ်တဲ့။ လုပ်ပါလေရော။ သူ့ ကုလားဇာတ်လမ်းက ဒီလို။

လူဆိုးတယောက်မှာ သမီးတယောက်ရှိတယ်တဲ့။ အဖေ လူဆိုးဘဝနဲ့ စီးပွားရှာနေတာကို သမီးက မသိဘူး တဲ့။ သမီးဖြစ်သူ အရွယ်ရောက်လာတော့ ရဲအရာရှိတယောက်နဲ့ ချစ်ကြိုက် သွားကြတယ်တဲ့။ ရဲအရာရှိက သူ့အဖေကို ထောက်လှမ်းနေတာ တဲ့။ အဲဒီ ရဲအရာရှိကို အဖေဖြစ်သူက ရှင်းပစ်နိုင်ပေမဲ့ သမီး ရင်ကွဲနာကျမှာစိုးလို့ မရှင်းဖြစ်ဘူးတဲ့။

နောက်ဆုံးတော့ အဲဒီ ရဲအရာရှိနဲ့ အဖေဖြစ်သူ လူဆိုးဟာ ထိပ်တိုက်တိုးကြရောတဲ့။ သမီးလုပ်တဲ့ သူလည်း အဲဒီအချိန်မှာ ရှိနေတယ် တဲ့။ သမီးကပါ သူ့အဖေကို အဖေရယ်၊ အဖေ လိမ္မာလိုက်ပါတော့။ အဖေ့လက်ထဲက သေနတ်ကိုချလိုက်ပါ ဆိုတော့၊ အဖေလုပ်သူက သမီးနားမလည်လို့၊ အဖေ့ကို ထက်နက်ချခိုင်းနေတာ။ လူဆိုးဘဝမှာ ရက်စက်မှုရယ်၊ လက်နက်ရယ်မရှိရင် ဘာမှအဓိပ္ပာယ် မရှိတော့ ဘူးတဲ့၊ လူဆိုးကို အမျှားလေးစားတာ မိုက်ဂုဏ်ပဲတဲ့။ အဖေကျွမ်းကျင်တာ၊ အဖေတသက်လုံးလုပ်ခဲ့တာ လူမိုက်တဲ့။ အဲဒီဂုဏ်ပုဒ် ပျောက်ဆုံးသွားရင် အဖေ့ဘဝရော သမီးဘဝပါ ပျောက်ဆုံးခြင်းပဲတဲ့။

နောက်ဆုံးတော့ ကျည်ဆံမပါတဲ့ သေနတ်နဲ့ ရဲအရာရှိကို ထိုးချိန်ပြီး၊ ရဲအရာရှိလက်ချက်နဲ့ အသေခံသွားသတဲ့။ ဒါကြောင့် ဆရာလိမ္မာလိုက်ရင် ဆရာ့ဘဝပါ ပျောက်သွားမယ်တဲ့။

ဆိုင်တာမဆိုင်တာတော့ ကျနော်လည်း မသိဘူးဗျာ။ သူ့စကားကိုလည်း ကျနော် နားမဝင်ပါဘူး။ ကောင်းကောင်းနေဖို့ပဲ ဆုံးဖြတ်လိုက်တယ်။ ဘာဖြစ်ဖြစ် သည်းခံတော့မယ်လို့ပါ ဆုံးဖြတ်ခဲ့တယ်။ အေးဗျာ၊ မယုံနိုင်စရာပါပဲ။ ဘားလားစကား သွေးထွက်အောင်မှန်သဗျာ။

လူကောင်းဘဝနဲ့နေတော့မယ်လို့ ဆုံးဖြတ်ပြီး တပတ်လောက်ကြာတဲ့ တညပေါ့။ ကျနော် ကိုယ့်ကားကိုယ်မောင်းပြီး ဘူတာရုံလမ်းအတိုင်း အိမ်ပြန်လာတယ်။ ရွှေလိပ် လက်ဘက်ရည် ဆိုင်နားလည်းရောက်ရော စိုးညွန့်ဆိုတဲ့မှူးက ကျနော်ကားထဲ သူ့ဖိနပ်ကို ခြေနဲ့လျှောတိုက်ချွတ်ပြီး ကန်သွင်းလိုက်ပါရောဗျာ။ ကျနော့် ဆလွန်းကား ဘေးဘက်တံခါးကို ဖွင့်ထားမိတော့ ဖိနပ်က ကားထဲ တိုက်ရိုက်ဝင်လာတယ်။ နောက် သူက ကျနော် ကားရှေ့ကနေ ပိတ်ရပ်ပြီး တားတယ်။ ဒါတင်ဘယ်က မလဲဗျာ။ ဟော့ကောင် ငါ့ဖိနပ်ပြန်ကောက်ပေးစမ်းတဲ့။ ကျနော် အေးအေးဆေးဆေးပဲ ဆင်းလိုက်ပြီး၊ စိုးညွန့်ရာ ငါပါ၊ သက်ခိုင်ပါ၊ ငါမှန်းတောင် မသိတော့ဘူးလားလို့ မေးလိုက်တယ်ဗျ။ ပိုဆိုးတယ်ဗျာ၊ မင်းမှန်းသိလို့ တမင်လုပ်တာကွတဲ့။ စိတ်ထဲမှာ ထောင်းကနဲ ဖြစ်သွားတာတော့အမှန်ပဲဗျ။

ကျနော်က လူကောင်းဖြစ်အောင်နေမယ်လို့ ဆုံးဖြတ်ထားတော့ ဒီလောက်တော့ သည်းခံမယ်လို့ တွေးပြီး စိုးညွန့်ရာ၊ သောက်ပြီးရင်လည်း အေးအေးဆေးဆေး နေပါတော့လားကွာလို့ ပြောလည်းပြော၊ ကားထဲက ဖိနပ်ကိုလည်း ပြန်ကောက်ပေးလိုက်တယ်ဗျာ။

အိမ်ပြန်ရောက်တဲ့အထိ ကျနော့်စိတ်ထဲတော့ တနုံ့နုံ့ဖြစ်သွားတာလည်း အမှန်ပဲ။ စိုးညွန့်ဆိုတာ လူမိုက်စာရင်း ဝင်တာမှ မဟုတ်တာ။ ကျနော့်ယောက္ခမအိမ်မှာတောင် ကပ်စားသွားသေးတာ။ ဘာပဲဖြစ်ဖြစ်ဗျာ၊ သည်းခံနိဗ္ဗာန်ရောက်လို့ပဲ သဘောပိုက်ပြီး နေလိုက်ပါတယ်။

ဒါပေမဲ့ ဒါပေမဲ့ဗျာ၊ ဇာတ်လမ်းက မပြီးရေးချ မပြီးဗျာ။

နောက်တပတ်လောက် ကြာပြန်တော့ ကျနော် အဲဒီအချိန် အဲဒီနေရာကို ကားဖြတ် မောင်းမိပြန် ရော။ လမ်းမှာ ဘာမှ မဖြစ်ပါစေနဲ့လို့လည်း ဆုတောင်းလာတာပါပဲ။ ဘယ်ချိန်က စောင့်နေတယ် မသိပါဘူးဗျာ။ စိုးညွန့်ဖိနပ်က ယခင်နည်းအတိုင်း ပုံတူဝင်လာပြန်ပါလေရော။ ဒါပေမဲ့ အခြေအနေက မတူတော့ပါဘူး။ ကျနော် အဲဒီညက သောက်လာပါတယ်၊ စိုးညွန့်ရဲ့ ဟော့ကောင်သက်ခိုင် ငါ့ဖိနပ် ပြန်ကောက်ပေးအုံးဆိုတဲ့ အသံလည်းကြားရော ကျနော့်စိတ်ကို ကျနော် မထိန်းနိုင်တော့ပါဘူး။

ကားထဲက ချက်ချင်းဆင်းလိုက်ပြီး စိုးညွန့်ရင်ဘတ်ကို ကိုင်၊ ဘေးက အုတ်ခဲပုံပေါ်က အုတ်ခဲတလုံးဆွဲယူပြီး ဘေးတိုက် ရိုက်ချလိုက်တော့တာပဲဗျာ။ ရော့ကွာ၊ ဒါ မင်းဖိနပ်လို့။ စိုးညွန့် နားထင်ပွင့်ပြီး သွေးတွေ စီးကျလာရော။ နောက် ကျနော် အားမရတာနဲ့ အုတ်ခဲပုံပေါ် သူ့ခေါင်းကို တင်လိုက်ပြီး လက်ထဲက အုတ်ခဲနဲ့ ထုခြေမယ်လုပ်တော့ ဘယ်ချိန်က ရောက်နေမှန်းမသိတဲ့ ကျနော့်ညီသက်နိုင်က ကိုကြီးတော်တော့၊ သေသွားလိမ့်မယ်ဆိုမှ ရပ်သွားရော ဆိုပါတော့ဗျာ။

တကယ်တော့ ကျနော် ညာဉ်မကောင်းဘူးဗျ။ တခုခုလုပ်မိရင် ဆက်တိုးတတ်တယ်။ နောက်နေ့ မနက်အစောကြီး လေးနာရီလောက် ရွှေလိပ်လက်ဘက်ရည်ဆိုင်ကို ဓားမြှောင်၊ ဓားရှည် အပြည့်အစုံ ပါတဲ့၊ တပည့်ကျော်တွေနဲ့သွားပြီး၊ ပိုင်ရှင်ဦးကြည်ကို သွားရမ်းသေးတယ်။ ခင်ဗျားက ဆိုင်မှာ ကျနော့်ကို စော်ကားမယ့်ကောင်တွေ မွေးထားတာ ဘာသဘောလဲဆိုပြီး တဆိုင်လုံး ရိုက်ခွဲဖို့ လုပ်သေးတယ်။ ဦးကြည်တောင်းပန်ပုံက သနားစရာကောင်းလွန်းလို့ ကျနော့်တပည့်တွေက ကျနော့်ကို ပြန်ဆွဲနေတာနဲ့ ပြန်လျှော့လိုက်ရတယ်။

အော် လောကကြီးဟာ တော်တော်ထူးဆန်းပါလားဗျာ။ နောက်နေ့ညနေ အိမ်ပြန်ရောက်တော့ ဇနီးလုပ်သူက ရှင်ပြန်လာပြီလားလို့ စိုးညွန့်တို့အမေတွေ လာလာမေးနေတယ်တဲ့။ ရမ်ပုလင်းနှစ်လုံး တောင် ထားသွားသေးတယ်၊ သူ့သားကိစ္စ တောင်းပန်ချင်လို့ ဆိုလားပဲတဲ့။ ကျနော်လည်း တော်ပါ တော့ကွာလို့၊ တောင်းပန်ရမှာက အရင်တဖက်က။ ပြီးခဲ့တဲ့ညက သူကံကောင်းတာ၊ အခုမှတော့ တောင်းပန်နေလည်း အပိုပဲ။ ငါလည်း လက်တုန့်ပြန်ပြီးပြီလို့။ သူ့အမေ လာရင်လည်း သူ့သား ရှေ့ဆက်မတိုးသရွေ့ ငါကျေနပ်တယ်သာ ပြောလိုက်တော့။ ငါ ဒီကောင်တွေ မျက်နှာမြင်ရင် ထပ်ရှုပ် ကုန်လိမ့်မယ်လို့။ လာပို့တဲ့အရက်လား၊ သောက်ပစ်လိုက်တာပေါ့ဗျာ။

တကယ်တော့ ကျနော့်ရပ်ကွက်ထဲကမောင်တွေ ကျနော့်အကြောင်းကို ကောင်းကောင်းကြီး သိနေလောက်ပါပြီဗျာ။

ကျနော်က ရိုးရိုးရမ်းတာမဟုတ်ဘူးဗျ။ ရမ်းရင်းဉာဏ်များ၊ ဉာဏ်များရင်းရမ်းဆိုတဲ့ အထဲမှာ ထိပ်ဆုံးက ပါတယ်။ ဒါနဲ့ ကြုံတုန်း ကျူပ် ဉာဏ်များခဲ့ပုံလေး မှတ်မိသေးဗျာ။

ကျူပ် ကိုးတန်းကျောင်းသားလောက် အရွယ်ပေါ့၊ ကျနော်တို့အတန်းထဲက အသက်အကြီးဆုံး ကျောင်းသား ကိုသိန်းနိုင်ရဲ့ညီ၊ ဖားကြီးဆိုတဲ့မောင်ဟာ ထိုးတဲ့ကြိတ်တဲ့နေရာမှာ တော်တော်လက်မြန် တယ်ဗျ။ ၁၂ လမ်းထိပ်က ဇလီရှေ့ရေဘုံပိုင်မှာ ဒီကောင်နဲ့ကျနော် စပြီတယ်၊ ဒီကောင့်သတင်း ကျနော်သိထားတော့ သူကစပြီး ကြမ်းမယ်အလုပ်မှာ ကျနော် အသာလေးအလျှော့ပေးပြီး အိမ်ပြန် လာတယ်။ ဒီကောင့်ကို ဘယ်လိုဖြိုရမလဲ၊ ဘယ်လက်နက်သုံးရမလဲ အမျိုးမျိုးစဉ်းစားတယ်။ ရေဘုံပိုင်မှာ ရန်ဖြစ်တာလောက်ဆိုတော့ ဓားသုံးလောက်တဲ့ကိစ္စလည်း မဟုတ်သေးဘူး။ နောက်တခုက အဲဒီအရွယ် က ကျနော် ဓားမကိုင်ရဲသေးဘူး၊ ရဲဖမ်းမှာ ကြောက်လို့။

ဒါနဲ့ အကြံတခု ရလာတယ်။ ကျနော် ကမာရွတ်ဘူတာရုံကို သွားပြီး သံလမ်းပေါ် က လိပ်သည်း ကျောက် ခပ်ချွန်ချွန် လက်သီးဆုပ်အရွယ် လေးငါးလုံး ကောက်လာလိုက်တယ်။ အိမ်ရောက်တော့ အထက်ဆုံးအချွန်ပါတဲ့ ကျောက်ခဲကို သီးသန့်ရွေးပြီး အဖေ လည်ပင်းမှာပတ်တဲ့ မာဖလာထောင့်မှာ ထုပ်ပြီး သားရေကွင်းနဲ့ ခိုင်အောင် သေချာပတ်တယ်။

နောက် ထောင့်မှာ ကျောက်ခဲထုပ်ထားတဲ့ မာဖလာကို လည်ပင်းမှာ စမ်းပြီးပတ်ကြည့်တယ်။ အိုကေတယ်ဗျ။ ဘယ်လိုမှ မသိသာဘူး။ နောက်နေ့မနက်လည်းရောက်ရော လမ်းထိပ်ထွက်သွားပြီး ဖားကြီး ထွက်အလာကို စောင့်တယ်။ ဖားကြီးလည်း ထွက်လာရော ကျနော်က စပြီး ပော့ကောင်၊ ဖားကြီး စာရင်းရှင်းလိုက်ကြရအောင်လို့လည်း ချလင့်လုပ်လိုက်ရော ဒီကောင်က သူ့အကျင့်အတိုင်း ခွတ်ဝင်ထိုးဖို့ တိုးလာတယ်လေ။ ဘယ်ရမလဲဗျာ၊ ကျနော်က လည်ပင်းကမာဖလာကို ရုတ်တရက် ဖြုတ်လိုက်ပြီး ကျောက်ခဲမပါတဲ့အဖျားကို ကျနော့်လက်မှာကိုင်၊ ကျောက်ခဲထုပ်ပါတဲ့ဘက်ကို သူ့ခေါင်း တည့်တည့်ချိန်ပြီး ဝှီးကနဲ ဆော်ထည့်လိုက်တယ်။
တော်တော်ပြင်းတဲ့ အရှိန်ဗျာ၊ ကျနော်လည်း လူသတ်မှုဖြစ်ဘို့ ဇာတာမပါ၊ ဒီကောင်လည်း သေနေ့မစေ့ ဘူး ထင်ပါ့။

ကျောက်ခဲထုပ်ဟာ ဒီကောင့်ခေါင်းနားကနေ ကပ်ပြီး ချော်သွားတယ်၊ ဒီကောင် အလန့်တကြား ငုံ့ရှောင်ပြီး နောက်ကြောင်းလှည့်၊ တချိုးတည်း လစ်တော့တာပဲ။ အမယ် ပွဲကြည့်ပရိသတ်ထဲမှာ မနေ့တုန်းက ဖားကြီး ကျနေဒ့်ကို ဗိုလ်ကျနေတုန်း တပြုံးပြုံးလုပ်နေခဲ့တဲ့ (၁၂) လမ်းသူ အဒေါ်ကြီး တယောက်က မကြားတကြား လုပ်လိုက်သေးတယ်။

'အညာသား တော်တော် မိုက်ရိုင်းတယ်' တဲ့။

ဒါကြောင့် ပြောတာပေါ့ဗျာ၊ မိုက်တယ်ဆိုတာ သိပ်ခက်လှတဲ့ အလုပ်ကြီးတော့မဟုတ်ဘူး။ အဲ ညက်ပါဖို့တော့ လိုတယ်နော။

■

## အခန်း (၃၃)

## အောင်စစ်သည်များသို့ တမ်းချင်း

'ပုံစံ'

'အားလုံးနားထောင်မယ်၊ သေချာနားထောင်မယ်။ ပြောထားလျက်နဲ့ ဖောက်လာရင် အသားပါနာမယ်။ ဒီတော့မှ အဆိုးမဆိုနဲ့။ လုံးဝမလုပ်ပါနဲ့ မကြာခင် ထောင်ပိုင်လာစစ်မယ်။ ဘာတင်ပြစရာရှိသလဲဆိုရင်၊ ဘာမှတင်ပြစရာ မရှိဘူးလို့ဖြေမယ်၊ တိုတိုဖြေမယ်။ မရှိပါဘူး လို့ဖြေပါ၊ ဘယ်လိုဖြေမလဲ'

'မရှိပါဘူး'

'ဟုတ်ပြီ။ လျှာရှည်ပြီး ရှိပါတယ်ပြောလည်း ဘာမှလုပ်ပေးမှာ မဟုတ်ဘူး။ အလုပ်ရှုပ်ရုံပဲ။ စကားရှုပ် ပြဿနာရှုပ်ရုံပဲ၊ သေချာ မှာထားတယ်နော်၊ မရှိပါဘူးလို့ပဲဖြေမယ်။ စခန်းခွဲမှာရှိတဲ့ ပြဿနာကို စခန်းခွဲမှာပဲ ရှင်းပေးမယ်။ ဟိုလူဒီလူ အားကိုးနဲ့ အာချောင်ရင် အလုပ်ရှုပ်အောင်လုပ်ရင် ကိုယ့်သမိုင်း ကိုယ်ရေး။ ပြောတာ သဘောပေါက်ရဲ့လား'

'ပေါက်ပါတယ်'

'အဆင်မပြေတာ တင်ပြစရာရှိရင် အခုတင်ပြနိုင်တယ်။ တတ်နိုင်သမျှ ရှင်းပေးမယ်။ ကိုယ်ချင်းစာတယ်။ လုပ်ပေးနိုင်တာ အကုန်လုပ်ပေးနေတယ်။ နောင်လည်း လုပ်ပေးမယ်။ ဘာတင်ပြစရာ ရှိလဲ'

'မရှိပါဘူး'

'မင်းနောင်'

'ရှိ'

'တပ်မှာမနေချင်လို့ပြေးလာတဲ့ မင်းတို့စစ်ပြေးအုပ်စုကို မင်းနိုင်အောင်ထိန်းပါ။ လူလည်လိုလို လူတတ်လိုလို ထလုပ်လို့ ရှုပ်လာရင် မင်းကိုပါ ဘုတ်ထဲ မောင်းချပြီးသားမှတ်'

'ဟုတ်'

ရဲဘက်စခန်းအရာရှိ မဟုတ်ပါ။ ရဲဘက် တရာ့ငါးဆယ်ခန့်ကို၊ ကိုသက်ခိုင် မိန့်ခွန်းခြွေနေခြင်းဖြစ်ပါသည်။ အမှန်တော့ နှစ်လတကြိမ်ခန့်လုပ်သော ထောင်ပိုင်တန်းစီမှာ အလွှန်စိတ်ပျက်ဖွယ်

ဖြစ်သည်။ မနက်ခုနှစ်နာရီခန့်က ထောင်ပိုင်လာမည် သိရချိန်ကတည်းက ရဲဘက်အားလုံးကို တန်းစီခိုင်းထားရသည်။ ပင်မစခန်းမှာ စခန်းခွဲနှင့် လေးမိုင်ခန့်ဝေး၍ ထောင်ပိုင် စက်လှေနှင့် လာမည်ကို ရဲဘက်တယောက် သစ်ပင်အမြင့်ပေါ် တက်ပြီး စောင့်ကြည့်နေရသေးသည်။

ကျနော့် အမြင်ပြောရလျှင် ထောင်ပိုင်လာစစ်သည်ဆိုခြင်းမှာ အကျဉ်းသားရဲဘက်များအတွက် ဘာအကျိုးမှမရှိ။ အာဏာလာပြပြီး ဗိုလ်ရှုခံ လာခြင်းသက်သက်။ တုတ်တုတ်မျှ မလှုပ်ဝံ့သော တန်းစီထားသည့် ရဲဘက်များရှေ့တွင် ထောင်မှူးလေးငါးယောက်၊ အခြားအဆင့် ဆယ်ယောက်ခြံရံ လျက် ပြောချင်တာပြော၊ မေးချင်တာမေး၊ မရှိမဲ့ ရှိမဲ့ ချကျွေးသမျှ စားသောက်ကာ ပြန်သွားရုံ သက်သက်။ ဟန်ပြသဘော ဖိုကြီးဝင်စစ်၊ စိုက်ခင်းတချို့ ဝင်ကြည့်တာတွေလည်းရှိသည်။ အမှန်က အကျဉ်းသားအတွက် ကြည့်ခြင်းမဟုတ်။ စခန်းတာဝန်ခံ ဖန်ထားသည့် ခွင်ကို လာစစ်နေခြင်း ဖြစ်သည်။ ခွင်သိပ်ကျနေတာမျိုးတွေလျှင် ထောင်ပိုင်ခွဲတမ်းအဖြစ် ပြန်အန်ထွက်လာအောင် နည်းမျိုးစုံဖြင့် ကြပ် တတ်သေးသည်။

ကိုးနာရီလာမည့် ထောင်ပိုင်က တခါတရံ နေ့လည် နှစ်နာရီလောက်မှ ရောက်လာတတ်သည်။ ထိုအခါမျိုးမှာ မနက်စာ ဝေ်ကိန်း။ တချို့ ရဲဘက်တယောက်တလေက တင်ပြစရာရှိသည် ဆိုလို့က တော့ အကုန်ဇယား ရှုပ်ကုန်တတ်သည်။

ပင်မစခန်းပြန်ပို့ ဝင်ထားပြီးသား လိုင်းတွေပျောက်၊ ကျန်ရဲဘက်တွေပါ စည်းကမ်းတွေ ကြပ်ကုန် တတ်သည်။ အထူးသဖြင့် စစ်ပြေးအများစုက ထိုအကျင့်ရှိသည်။ လူတရာကျော်ရှိသည့်စခန်းမှာ စစ်ပြေးအရေအတွက်က နှစ်ဆယ်ကျော်။

ထို့ကြောင့် ထောင်ပိုင်တန်းစီမှာ ပြဿနာမရှုပ်ရအောင် ကိုသက်ခိုင်ဝင်ပြီး ထိန်းနေခြင်းဖြစ်သည်။ ထိုနေ့ ထောင်ပိုင်တန်းစီမှာ နံနက်ဆယ့်တစ်နာရီခန့်တွင် ပြီးဆုံးသွားသည်။ ကိုသက်ခိုင်က စခန်း တာဝန်ခံကို တင်ပြ၍ ရဲဘက်အားလုံးကို တနေကုန် အနားပေးသည်။ ကျနော်က

'ကိုသက်ခိုင်၊ ခင်ဗျား အသံဩဇာက ဘာမှပြောစရာ မရှိဘူး။ ဒါပေမဲ့ ခင်ဗျားပြောပုံက ထောင်သား ရဲဘက်တွေကို ပြောတဲ့ဒီဇိုင်း မပေါက်ပဲ ရှေ့တန်းမှာ စစ်သားတွေကို အမိန့်ပေးတဲ့ စစ်ဗိုလ်ပုံစံ ပေါက်နေတယ်ဗျ'

ဟု ဆိုလိုက်ရာ၊ကိုသက်ခိုင်က

'တော်ပါဗျာ၊ ဒီခေတ်စစ်ဗိုလ်တော့ မဖြစ်ပါရစေနဲ့'

ဟု ဖြေလိုက်သဖြင့်စကားဆက်မိသွားကြသည်။

'ဟ ဘာလို့မဖြစ်ချင်ရတာတုန်းဗျာ'

'ကျနော်တို့ခေတ်ကစစ်ဗိုလ်နဲ့ အခုခေတ်စစ်ဗိုလ် မတူတော့လို့ဗျ။ မတူရုံတင်မကဘူး၊ ဂုဏ်သိက္ခာချင်းကလည်း တော်တော်ကွာသွားပြီလေ။ ကျနော်တို့ခေတ်က စစ်ဗိုလ်မပြောနဲ့ သာမန် စစ်သားတောင် ရပ်ကွက်ထဲကို ယူနီဖောင်းနဲ့ ဝင်လာရင် တော်တော်လူချစ်လူခင်ပေါတာဗျ၊ ပြောပြရရင် အရှည်ကြီးဖြစ်နေမယ်။ တိုတိုပြောရရင် ဒီခေတ်မှာ စစ်သားမပြောနဲ့၊ ဗိုလ်ချုပ်ကြီးအဆင့်တောင် လူအများ မလေးစားတော့ဘူးဆိုတာကတော့ အသေအချာပဲ။

ဒီနေရာမှာ တခုသတိပေးချင်တာက ရင်ထဲအသည်းထဲက လေးစားမှုနဲ့ အကြောက်တရားကို ကွဲကွဲပြားပြား မြင်တတ်ဖို့တော့လိုတယ်။

ကျနော့် သူငယ်ချင်းတွေ၊ အမျိုးတွေ၊ တပည့်တွေထဲမှာ စစ်ဗိုလ်စစ်သားတွေ ရှိဖူးပါတယ်။ အရင်နဲ့အခု မတူတော့ဘူးဗျာ။ ခင်ဗျား စကားစလာတာနဲ့ ကျနော့်ခေါင်းထဲကို စစ်သားတွေ ဝင်လာပြန်ပြီဗျ။ ကျနော်အမှတ်အရဆုံး စစ်သားက ကျနော့်ငယ်သူငယ်ချင်း တင်ရွှေဗျ။ ဟုတ်တယ်၊

သူက စစ်သားမှ တကယ့် ရိုးရိုးစစ်သား၊ မထင်မရှား စစ်သား၊ ကျနော် အထင်ကြီးတဲ့စစ်သား ဆိုပါတော့။

တင်ရွှေက အတန်းချင်းသာ တူတာ၊ ကျနော့်ထက် ငါးနှစ် ခြောက်နှစ်လောက်ကြီးမယ်။ ကျနော့် ခေါင်းရင်းအိမ်က ဦးအေးမောင်ရဲ့သားဗျ။ ငယ်ငယ်က သူ့ကို ကျနော်အားကိုးတယ်။ သူက ကျနော်တို့အုပ်စုထဲမှာ သူ သတ္တိအကောင်းဆုံး။ သေချာမှတ်မိနေတဲ့ တနေ့ပဲဗျာ။

ကျနော် ရှစ်နှစ်သားလောက် ရှိမယ်ဗျ။ ကျနော်တို့ ကလေးဘဝက ချောင်းဝ ဘုန်းကြီးကျောင်း ထဲမှာ ကင်းဗိုလ် ဘောလုံးပစ်တမ်း ကစားကြတယ်။ ကင်းဗိုလ်ဆိုတာဗျာ၊ တင်းနစ်ရိုက်တဲ့ဘောလုံးနဲ့ ပစ်တမ်းကစားတာ၊ ထိတဲ့လူက ကျန်တဲ့လူတွေကို လိုက်ပစ်ရတာ။ အေးလေ၊ အခုနာမည်ကြီးနေတဲ့ ကျော်ဟိန်းတို့၊ ခွေးတို့ ကိုးကွယ်တဲ့ ချောင်းဝဆရာတော်ရဲ့ ကျောင်းပေါ့။ အဲဒီတုန်းကတော့ ဆရာတော် ဟာ လူသေထည့်တဲ့အခေါင်းထဲမှာ ဝင်ပြီးကျင့်တယ်၊ ဘာညာတော့ ကျနော်ကြားဖူးတယ်။ အခုလို စည်စည်ကားကား မဟုတ်ပါဘူးဗျာ။ ကွင်းလယ်ခေါင် ထီးထီးကြီးမှာ ခြေတံရှည် နှစ်ထပ်ကျောင်း ဟောင်းကြီးပါ။ အဝင်ဝရဲ့ ဘယ်ဘက်မလှမ်းမကမ်းမှာ ရင်ဆို့လောက်အုတ်တံတိုင်း ကာထားတဲ့ ပေနှစ်ရာပတ်လည် ပရဝုဏ်တခုရှိတယ်။ အဲဒီမှာ ကျနော်တို့ နေ့တိုင်းနီးပါး ကင်းဗိုလ်ကစားကြတာ။ အုတ်နံရံ ကာထားတော့ ဘောလုံးက အပြင်ထွက်မသွားဘူးပေါ့။

အဲဒီနေ့က ဒီရေတက်တဲ့နေ့ဗျ။ ကျနော်တို့နေတဲ့ ရပ်ကွက်က လှိုင်မြစ်နဲ့ သိပ်မဝေးတော့ ဒီရေအတက်အကျ ရှိတယ်လေ။ အေးဗျာ ကံဆိုးချင်တော့ လိုက်နေတဲ့ကောင် ပစ်လိုက်တဲ့ဘောလုံး ဟာ အရှိန်လွန်ပြီး ခပ်လှမ်းလှမ်းက ချောင်းကျယ်ကြီးထဲကို ရောက်သွားပါလေရောဗျာ။ အတူတူ ကစားနေကြတဲ့ ကျနော်တို့ ချာတိတ်ခုနစ်ယောက်လုံး ရေစီးထဲမှာ တရွေ့ရွေ့မျောပါသွားတဲ့ ဘောလုံး လေးကို ဆုံးပါပြီလို့ ငေးကြည့်နေတာပေါ့ဗျ။

ချောင်းက တော်တော်ကျယ်တာဗျ။ ရေစီးတဲ့အရှိန်လည်း ရှိနေတော့ ကျနော်တို့အရွယ်တွေ ငေးရုံကလွဲလို့ ဘာမှ မတတ်နိုင်ဘူး။ တင်ရွှေဗျာ၊ ဘာမပြောညာမပြောနဲ့ အဲဒီချောင်းကျယ်ကြီးထဲကို ဝုန်းကနဲ ဒိုင်ဗင်ထိုးချလိုက်ပြီး ဘောလုံးကို မရအရ လိုက်ဆယ်တော့တာပဲဗျာ။

ထင်သလောက်တော့ မလွယ်ဘူးဗျ။ ဒါပေမဲ့ တင်ရွှေဟာ ရေစီးထဲမှာ မျောနေတဲ့ ဘောလုံးကို မိဖို့ နာရီဝက်နီးပါးလောက်ကို ကူးပြီး လိုက်ဆယ်ရတာ။ ကျနော်တို့က ကုန်းပေါ်ကနေ ရင်တထိတ်ထိတ်နဲ့ ကြည့်နေရုံပဲ တတ်နိုင်တာပေါ့။

ဖွဲ့နပဲကြီးလှတဲ့ တင်ရွှေဟာ ဘောလုံးကိုမီအောင် ရအောင် လိုက်ဆယ်နိုင်ခဲ့ပါတယ်။ ဆယ်ရပြီး လို့ပြန်ကစားကြတော့လည်း သူက သူလိုက်ဆယ်ခဲ့တဲ့ ကိစ္စကို ဘာမှ ထူးထူးခြားခြား ခံစားပုံမရဘူး။ တခြားကလေးတွေတော့ မသိဘူးဗျာ။ ကျနော်တော့ အဲဒီနေ့က တင်ရွှေ့မျက်နှာကို ခုထိ မေ့မရဘူး။ ဒါတင်ဘယ်က မလဲ၊ တင်ရွှေဟာ သူ့ရှေ့မှာ ကျနော့်ကို အနိုင်ကျင့်တဲ့ တုံးကြီးတို့၊ သန်းဝင်းတို့ကိုလည်း မင်းတို့ သက်ခိုင်နဲ့မချနဲ့၊ ငါနဲ့ တယောက်ချင်းရှင်းရအောင်ဆိုပြီး ချဲလင့်လုပ်တာ ခဏခဏဗျ။ ကျနော် တယောက်တည်းတင် မဟုတ်ပါဘူး။ ကျနော်တို့အုပ်စုထဲက တခြားကောင်တွေ အနိုင်ကျင့် ခံလာရရင် လည်း သိတဲ့အချိန် လိုက်လိုက် ရှင်းတတ်တယ်ဗျ။

အသက်ဆယ့်ရှစ်နှစ်လောက်မှာ သူ့တပ်ထဲကို ဝင်သွားတယ်။ သူ့စစ်တပ်အတွေ့အကြုံတွေကို လည်း ကျနော်မသိဘူး။ နောက် ကျနော်တို့လမ်းထဲက မတင်ရီနဲ့ စာချင်းအဆက်အသွယ် ရှိသလိုလို တော့ ကြားလိုက်တယ်။ မကြာလှပါဘူး၊ သူတိုက်ပွဲမှာ ကျသွားတယ် ပြောတယ်။ ကျနော်ကပဲ စိတ်စွဲလွန်းလို့လားတော့ မသိဘူး၊ တင်ရွှေဟာ ကျနော် အထင်ကြီးလေးစားတဲ့ စစ်သားပဲ။

နောက် ကျနော့်အကိုဝမ်းကွဲ တပ်ကြပ်မျိုးကြည်။ သူက ပုသိမ် ခလရ (၂၇) မှာ တာဝန်ထမ်းခဲ့ဖူးတယ်။ ပန်သပွတ်စခန်းဆိုလား။ အဲဒီတုန်းက ထော်ပိုင်စစ်ဆင်ရေးဗျ။ အမှန်အတိုင်းပြောရရင် ဘယ်သူတွေနဲ့ တိုက်ကြတယ်၊ ဘာညာအသေးစိတ် ကျနော်မသိဘူး။ ဒါပေမဲ့ ကိုမျိုးကြည် ခွင့်နဲ့ပြန်လာလို့ သူ့တပ်ထဲကအကြောင်းတွေ ပြန်ပြောတဲ့အခါ ကျနော်လည်း ပါးစပ်ဟောင်းသားနဲ့ နားထောင်နေတတ်တယ်။ ဘာတဲ့၊ တိုက်ပွဲမှာ အသေခံဖို့ လူရွေးရင် အညာသားတွေချည်း အရင်ထွက်ကြတာပဲတဲ့၊ လုံ့စွပ်ထိုးတိုက်ပွဲမှာ သူပါခဲ့တာတဲ့ပေါ့ဗျာ။ ဘာရယ်ညာရယ်တော့ မဟုတ်ဘူး၊ စွန့်စွန့်စားစား အလုပ်တွေကို ကျနော် ဝါသနာပါတယ်။ သူ့ကိုလည်း ကျနော်အားကျတယ်။ ကျနော် ဆယ်တန်းအောင်တော့လည်း မွေးသက္ကရာဇ်က ရမ်းသန်းမှန်းသန်း မွေးသက္ကရာဇ်ဆိုတော့ အသက်က တလလောက်စွန်းပြီး၊ ဗိုလ်ဒေတ်လမ်း ဝင်တိုးလို့ မရခဲ့ဘူး။ ရိုးရိုးတပ်သားအဖြစ်နဲ့ ဝင်ဖို့လောက်အထိတော့ ကျနော်စိတ်မသန်ဘူးလို့ ဝန်ခံပါရစေ။ ကျနော့်ဉာဏ်ရည်နဲ့ တခြားနေရာတွေမှာလည်း တွင်ကျယ်နိုင်တယ်လို့ ယုံကြည်နေခဲ့တာလည်း ပါပေမပေါ့ဗျာ။

ဒါပေမဲ့ဗျာ၊ ကျနော် စီးပွားရေးလောကထဲကိုရောက်တော့ တွေ့လိုက်တဲ့စစ်သားတွေဗျာ။ ငရာမစစ်သားတွေ ဆိုပါတော့။ ရာထူးအဆင့်တွေကလည်း ကြီးပါ့ဗျာ။ ဗိုလ်ချုပ်ကြီးလောက် အဆင့်အထိကို ကျနော်ဆက်ဆံခဲ့ဖူးပါတယ်။

မမေ့နိုင်တဲ့ တယောက်ကတော့ တပ်မ (၂၂) တပ်မမှူးလုပ်ခဲ့တဲ့ ဗိုလ်မှူးကြီးတင်လှ ပဲ။ ဒါပေါ့ဗျာ၊ အရေးအခင်းကာလမှာ သိပ်လက်သံပြောင်ခဲ့တယ်ဆိုတဲ့ မောင်ပေါ့။ နောက်ပိုင်း ဒုတိယ ဗိုလ်ချုပ်ကြီးတွေ ဘာတွေဖြစ်၊ ဒုတိယဝန်ကြီးချုပ်ဆိုလား ဖြစ်လိုက်သေးတယ်။ နောက် ဂျပန်နဲ့ ဖက်စပ်လုပ်တဲ့ မြိုင်ကလေး အမှတ် (၂) ဘိလပ်မြေစက်ရုံကိစ္စ အပါအဝင် လာဘ်စားမှုမျိုးစုံနဲ့ ပြုတ်သွားတဲ့ပုဂ္ဂိုလ်ပေါ့။

(၈၈) အရေးအခင်းပြီးတော့ ကျနော့်အဖွဲ့တွေလည်း တောထဲရောက်၊ ကျနော်တယောက်ပဲ မြို့ပေါ်မှာကျန်နေ၊ ကြီးပွားချင်တဲ့ စိတ်ကလည်း ရှိနေပြန်ဆိုတော့ စီးပွားရေးဆက်လုပ်ဖြစ်တယ် ဆိုပါတော့။ အရေးအခင်းပြီးတဲ့အချိန် တည်ဆောက်ပြုပြင် မြန်ပြည်တခွင်ဆိုပြီး ဆောက်လုပ်ရေး စီမံကိန်းတွေ အကြီးအကျယ် စလုပ်တဲ့အချိန်ပေါ့။ မှတ်မိသလောက် ၁၉၈၉ ခုနှစ် နိုဝင်ဘာလောက်မှာ ထင်ပါရဲ့။ အုတ်ကျင်းအလွန် ဘုရင့်နောင်လမ်းမကြီးရဲ့ဘေးမှာ ဘုရင့်နောင်ဈေးသစ်ကြီးဆိုပြီး ဆောက်ဖို့ ပြင်ကြတယ်။ ဘုရင့်နောင်လမ်းမကြီးကလည်း ဖောက်လက်စတန်းလန်းပါပဲ။ ကျနော့် ကုမ္ပဏီနာမည်နဲ့ ဈေးပြိုင်တင်ဒါ တင်လိုက်တာ ဈေးဆိုင်တန်း အဆောင်နှစ်လုံး ဆောက်ခွင့်ရတယ်။ အဲဒီ စီမံကိန်း အတွက် ကန်ထရိုက်တွေအားလုံးကို ပထမဆုံး အစည်းအဝေးခေါ်တဲ့နေ့ပေါ့။ စီမံကိန်း လုပ်မယ့်နေရာကို ယာယီဝင်းကြီးခတ်ပြီး ယာယီရုံးခန်းမှာခေါ်တဲ့ အစည်းအဝေးပေါ့။

ရန်ကုန်စည်ပင်သာယာရေးကော်မီတီက ဌာနမှူး ဗိုလ်မှူးကြီးပန်းအောင်တို့၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်က အရာရှိ အတော်တော်များများလည်း ပါတာပေါ့ဗျာ။ အစည်းအဝေး စတာနဲ့ တပ်မမှူး ဗိုလ်မှူးကြီးတင်လှက မိန့်ခွန်းရှည်ကြီး ခြွေတော့တာပဲဗျာ။

သူ့မိန့်ခွန်းထဲမှာ ခဏခဏ ပါနေတာက 'ကျနော်တို့စစ်သားဆိုတာ မလုပ်တတ်တာ မရှိဘူး' ဆိုတာပဲ။ သူ့မိန့်ခွန်းကို ကျနော်မှတ်မိသလောက် ပြောပြမယ်။ အဲဒီမိန့်ခွန်းလည်း ပြီးရော ကျနော်နဲ့ ထိပ်တိုက် တွေ့တော့တာပါပဲဗျာ။

ကျနော်ပြောသားပဲ၊ ကျနော်က လုပ်လိုက်ရင် ပွဲဆူတာချည်းပဲလို့။

■

## အခန်း (၁၄)

# သက်ခိုင်နှင့် သူ၏ စစ်ပိုလ်များ

သူ့မိန့်ခွန်းက နည်းနည်းတော့ ဟိန်းသံဟောက်သံ ပါနေသလိုပဲဗျာ။ ကျနော်မှတ်မိသလောက် ပြန်ပြောရရင် 'အခုစီမံကိန်း လုပ်မယ့်နေရာဟာ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က သေနတ်ပစ်ကွင်း စက်ပစ်ကွင်းအဖြစ် အသုံးပြုခဲ့ဖူးတဲ့နေရာဖြစ်တာကြောင့် တပ်မတော်ကပိုင်တယ်။ ဒါကြောင့် တပ်မတော်မှာ လုပ်ပိုင်ခွင့်ရှိတယ်၊ ဒီစီမံကိန်းကို သုံးလနဲ့အပြီး တည်ဆောက်ရမယ်။ ကျနော်တို့ စစ်သားဆိုတာ ဘာမဆိုလုပ်တတ်တယ်ဆိုတာ ခင်ဗျားတို့ အားလုံးနားလည်ထား။ ဘာအကြောင်းပြ ချက်မှ မလိုချင်ဘူး၊ လိုတာအကုန်ပေးမယ်။ အဲ စာချုပ်ထဲမှာ ကျနော်တို့အက်က ပံ့ပိုးမယ် ပြောထား တာတွေအားလုံး ပေးမယ်။ တရက်မှစွန်းတာ မလိုချင်ဘူး။ လောလောဆယ် ပုံစံအချော ထွက်မလာ ခင်မှာ ပုဂ္ဂနိုင်တောင်က ဈေးသစ်ပုံစံကို ကြည့်ပြီးဆောက်ကြ။ အဲဒီလို ဆောက်ထားတာနဲ့ ထွက်လာတဲ့ ပုံစံ တပေပိုနေရင် တပေဘိုး ထပ်ပေးမယ်။ တပေလျော့နေရင် တပေဘိုး ပြန်နှုတ်မယ်။ တင်ပြစရာ ရှိတာ တင်ပြပါ' တဲ့။ အစည်းအဝေးတက်နေတဲ့သူ အားလုံးဟာ ဘာသံမှ ထွက်မလာကြဘူးဗျာ။ တပ်မ (၂၂) တပ်မမှူး ဆိုတော့ ရန်ကုန်မှာ မဲမဲမြင် စွတ်ပစ်ခဲ့တာကြောင့်လား၊ နားမလည်လို့ပဲလား မသိဘူးဗျာ။

အဆောက်အဦပေါင်းများစွာ ဆောက်မဲ့စီမံကိန်းကြီးတခုမှာ ပုံစံထွက်မလာသေးပဲ လောလော ဆယ် မှန်းပြီး ဆောက်ထားကြ၊ နောက်မှ လိုတိုးပိုလျော့လုပ်ပြီး ငွေချေမယ်ဆိုတဲ့ မိန့်ခွန်းကို ဘယ်သူမှ ခံမတွန်းကြပါဘူး။ ကျနော် သိပ်သတ္တိကောင်းတဲ့လူစားတော့ မဟုတ်ဘူးဗျာ။ သိပ်မတော် မတည့်တာ ကြီးကို ငြိမ်နားထောင်ဖို့က ပိုသတ္တိနည်းတယ်လို့သာ ပြောပါရစေတော့။ ကျနော်မတ်တတ် ရပ်လိုက်ပြီး တပ်မမှူးကြီးခင်ဗျာ၊ ကျနော် စကားနည်းနည်း ပြောပါရစေလို့ ထပြောလိုက်ပါတယ်။ သူက နည်းနည်း တော့ အံ့ဩသွားပုံရတယ်။ နောက်မှ သူက ခင်ဗျားနာမည် ပြောပါတဲ့။ သက်ခိုင်ပါ လည်းဆိုရော ဟော့ကောင် ကံချွန် (အဲဒီတုန်းက ဗိုလ်မှူးကံချွန်ဟာ သူ့ ကိုယ်ရေးအရာရှိပါ)၊ အဲဒီလူ နာမည် သက်ခိုင်တဲ့၊ သေချာ မှတ်ထားစမ်းကွာဆိုပြီး၊

'ကဲ ဘာပြောချင်သလဲ၊ ပြောပါ' တဲ့။

တက်ရောက်လာတဲ့ မင်းပရိသတ်ကတော့ ကျနော် ဘယ်လိုချောက်ကျတော့မယ်ဆိုတာ အပ်ကျသံတောင် မကြားလောက်အောင်ငြိမ်ပြီး နားစွင့်နေကြတော့တာပဲဗျ။

တပ်မမှူးကြီးခင်ဗျား၊ စောစောက တပ်မမှူးကြီး ပြောတဲ့ထဲမှာ အဆောက်အဦပုံစံ မကျခင် ပုဇွန်တောင် ဈေးပုံစံကို ကြည့်ပြီး ဆောက်ထား၊ တပေပိုရင် တပေဘိုး တိုးပေးမယ်၊ တပေလျော့ရင် တပေဘိုး လျော့ပေးမယ် ဆိုတာ မဖြစ်နိုင်ပါဘူး။ တကယ်လို့ တပေပိုနေရင် တပေလိုနေရင် ဆောက်ထားပြီးတဲ့ အဆောက်အဦး တန်ဘိုးရယ်၊ ဖျက်ခရယ်၊ နောက် အသစ်ဆောက်မယ့် အဆောက်အဦ တန်ဘိုးရယ်၊ အဲဒါ အားလုံးကို ပြန်ပေးမှရမှာပါ။ ဒီတော့ စီမံကိန်းမစခင် အဆောက် အဦရဲ့ပုံစံကို အတည်ပြုပေးဖို့ လိုပါတယ်ခင်ဗျာလို့ စွတ်တင်လိုက်ပါလေရောဗျာ။

ဗိုလ်မှူးကြီးတင်လှုတာ ရှတ်တရက် ကျနော် စွတ်ပြောချလိုက်တာကို တော်တော် အံ့သြသွားပုံ ပါပဲဗျာ။ သူ့ကို ဘယ်သူမှ ခံမတွန်းလောက်ဘူးလို့ တွက်ထားပုံရတော့ ဘယ်လိုပြန်ဖြေရှင်းရမယ်ဆိုတာ ပြင်ဆင်ထားပုံ မရဘူး။ အမယ် ဒါပေမဲ့ သူလည်း ရေးတတ် ဖတ်တတ်ဗျ။ အသံထွက်လာတယ်။

'ဟော့ကောင် မောင်မောင်မြင့်၊ ထစမ်းကွာ' တဲ့။

သူပြောတဲ့ ဗိုလ်ကြီးမောင်မောင်မြင့်ကို ကျနော်ကောင်းကောင်းသိပါတယ်။ သူဟာဘီအီး မြို့ပြနဲ့ ကျောင်းပြီးထားတဲ့ဗိုလ်ကြီးပါ။ အရေးအခင်းအပြီး ဝန်ထမ်းတိုင်းဖြေရတဲ့ (၃၄) ချက်လား၊ (၃၆) ချက်လား မမှတ်မိတဲ့ မေးခွန်းတွေဖြေရာက အနားယူလိုက်ရတဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မီတီ၊ အဆောက်အဦဌာနက အရာရှိပါ။

'မောင်မောင်မြင့်၊ သူပြောနေတာ ဟုတ်သလား' တဲ့။

အေးဗျာ၊ ပရိသတ်က ပိုပြီးငြိမ်ကျသွားတယ်။ ဗိုလ်ကြီး မောင်မောင်မြင့်ဟာ တည်တည်ငြိမ်ငြိမ် ထရပ်လိုက်ပါတယ်။ အားနာခြင်း၊ ကြောက်ရွံ့ခြင်းကင်းတဲ့ ပုံစံနဲ့ပါပဲဗျာ။

'တပ်မမှူးကြီး ခင်ဗျား၊ သူတင်ပြတာ အမှန်ပါ' တဲ့၊ တော်ပါသေးရဲ့ဗျာ။

ဗိုလ်မှူးကြီးတင်လှုဟာ ကျနော့်ဘက်ကနေ မြားဦးကို ဗိုလ်မှူးကြီးပန်းအောင်ဘက်ကို လှည့်လိုက်ပါတော့တယ်။

'ကဲ၊ အဘပန်း ဘယ်လိုလုပ်ကြမလဲ။ ခင်ဗျားတို့ဘက်က စီမံကိန်းမစခင် ဆွဲရမယ့်ပုံစံကို ဘာလို့ အချိန်မီ မတင်နိုင်တာလဲ။ ဒီတော့ ချက်ချင်းစီမံကိန်း စနိုင်အောင် ပုံစံကို ချက်ချင်းတင်ပြ ဆွဲထုတ်ပေးပါ' တဲ့။

ဘယ်လိုလုပ် နေရာရလာတယ်တော့ ကျနော်မပြောတတ်ဘူးဗျာ။ အဘပန်းလို့ခေါ်ကြတဲ့ ဗိုလ်မှူးကြီးပန်းအောင်ဟာ တော်တော် အသက်ကြီးနေပါပြီ။ အဲဒီတုန်းက ကျနော့်စိတ်ထင် သူဟာ ခြောက်ဆယ့်ငါးဝန်းကျင်လောက် ရှိနေပါပြီ။

နောက် အရေးအခင်းကာလမှာ စစ်တပ်ကပစ်လို့ မသေမရှင်ဖြစ်နေတဲ့ အလောင်းတော်တော် များများကို အဘပန်းတာဝန်ယူပြီး ကြံတောမီးသဂြိုဟ်စက်မှာ လက်စဖျောက်ခဲ့တယ်လို့ အသံတွေ လည်း ထွက်ခဲ့သေးတယ်။ ဟုတ်မဟုတ်တော့ ကျနော်လည်း သေချာမသိဘူး။ ကျနော်နဲ့ အလုပ်အတူ လုပ်နေတုန်းကတော့ ကွမ်းတမြုံ့မြုံ့နဲ့ ခပ်အေးအေး၊ သဘောကောင်းကောင်း စစ်သားအိုကြီး ဒိုင်းဒိုင်းပါပဲ။

နောက်ဆုံးတော့ တပ်မမှူးကြီးဟာ ကျနော့်ဘက်ကို ပြန်လှည့်ပြီး ကိုသက်ခိုင်၊ ခင်ဗျား တင်ပြသလို ဒီအဆောက်အဦရဲ့ပုံစံကို စည်ပင်သာယာရေး ကော်မတီက အမြန်ထုတ်ပေးပါလိမ့်မယ်။ စာချုပ်ထဲမှာ ပါတဲ့ ကျနော်တို့ဘက်က ပံ့ပိုးပေးမယ့် ဘိလပ်မြေတွေ၊ သံချောင်းတွေကိုရအောင်လည်း ကျနော်

တာဝန်ယူပါတယ်တဲ့။ ဒါပေမဲ့ ရက်ပေါင်းကိုးဆယ်အတွင်း မပြီးလို့ကတော့ ဘယ်သူ့ကိုမှ ကျနော်တို့ မညှာဘူးတဲ့။

တိုတိုပြောကြပါစို့ဗျာ၊ အဲဒီ စီမံကိန်း ပွဲဦးထွက်မှာပဲ ကျနော်က လူသိများသွားရော ဆိုပါတော့။ ဒါပေမဲ့ဗျာ၊ သူနဲ့ကျနော်က ဇာတ်လမ်း မပြီးဘူးဗျ။ စီမံကိန်းစလို့ တလမပြည့်သေးဘူး၊ စီမံကိန်းရုံးရှေ့မှာ မြို့တော်စည်ပင်က ဘိလပ်မြေ၊ သံချောင်းကိစ္စ မပေးပါနှင့်ဆိုပြီး ဆိုင်းဘုတ်ကြီးထောင်ပြီး ကြေညာပြန်ပါလေရော။ ဘာတွေလဲဗျာ၊ ပြောတာတမျိုး လုပ်တာတမျိုးချည်းဖြစ်နေတော့ ကိုရွေကန်ထရိုက်တွေက တပ်မမှူးဆီ သွားတင်ပြဖို့ လူမိုက်ရွေးတော့ ကျနော်ပါပြန်ရော။ ဒီတခါတော့ ကျနော်တယောက်တည်း မဟုတ်တော့ဘူးဗျ။ ဗိုလ်မှူးကြီးတင်လှနဲ့ တပတ်စဉ်တည်းဆင်းတဲ့ ယှဉ်စစ်မှုထမ်းဟောင်းဉက္ကဋ္ဌ ဗိုလ်မှူးတင်မြင့်ပါ အဖော်ပါလာတယ်။ ရှေ့တန်းစခန်းတခုလို တပ်စွဲနေတဲ့ မြည်သူ့ဥယျာဉ်ထဲက ပြည်ထောင်စုရိပ်သာ အဆောက်အဦကို ရောက်သွားပြန်ရော။

ဗိုလ်မှူးကဲ့ချွန်က ကျနော့်ကို ကောင်းကောင်း မျက်မှန်းတန်းမိနေပြီဗျ။

တပ်မမှူးနဲ့တွေ့၊ သူပြောထားတဲ့ ကတိကို ပြန်ထောက်ပြ၊ လွယ်လွယ်နဲ့ ပြီးချပြန်ပါရော။ ပြီးခဲ့တယ်ဆိုတာ အဲဒီစီမံကိန်းအတွက်လိုတဲ့ ဘိလပ်မြေအားလုံးကို ရန်ကုန်စည်ပင်သာယာရေး ကော်မီတီက လှောင်ထားတဲ့ ဒညင်းကုန်းဂိုဒေါင်ထဲက ရှိသမျှ 'ဘိလပ်မြေ အားလုံး ထုတ်ပေးစေ'လို့ တထုတ်ပေးလိုက်တာ။ နောက်က ကန်ထရိုက်အုပ်စုကတော့ ဝမ်းစမိုးပေါ့ဗျာ။

ဒါပေမဲ့ နောက်မကြာခင် စီမံကိန်းထဲကို မြို့တော်ဝန်ဦးကိုလေး ရောက်လာတော့ ကျနော့်ကို တွေ့အောင်ရှာပြီး သက်ခိုင်၊ မင်းက ထစ်ကနဲရှိ တပ်မမှူးကို သွားသွားပြောမနေနဲ့လေ။ ဒို့က တခြား နေရာတွေမှာ သုံးစရာတွေ အများကြီး ရှိသေးတယ်။ နောင်လိုအပ်တာကို ကိုယ့်ကို တိုက်ရိုက်ပြောလို့ ရပါတယ်တဲ့။ အခုမင်းလုပ်လိုက်ပုံက ဒို့မှာရှိသမျှ အကုန်ထုတ်ပေးလိုက်ရပြီတဲ့။ ချော့သလိုလို ခြောက်သလိုလို လုပ်သွားသေးတယ်ဗျာ။ ဒီစီမံကိန်းဟာ ဒါနဲ့တင် ဇာတ်လမ်းက မပြီးသေးဘူးဗျာ။ ရက်ပေါင်းကိုးဆယ်နဲ့ အပြီးတည်ဆောက်ပေးရမယ်ဆိုတဲ့ စီမံကိန်း၊ လေးဆယ့်ငါးရက်လောက်အရောက် မှာ စီမံကိန်းတဝင်းလုံး ရေဖုံးသွားပြန်ပါရောဗျာ။ ဒီရေရော၊ မိုးရေရော၊ ရေလွှဲပေါက်တွေ ကျုံ့ကုန်တာတဲ့ဗျာ။ ကျနော် နားမလည်တာက ဒီစီမံကိန်း စတော့မယ်ဆိုကတည်းက ဒီကွင်းထဲ ရေဝင်မလာအောင်လောက်တောင် ဘာမှ မတွက်ချက် မလုပ်ဆောင်ခဲ့ကြဘူးလားဆိုတဲ့အချက်ပဲ။

ရေတွေ ဖုံးသွားတော့ဘာလုပ်သလဲ ဟုတ်လား၊ ရေကျအောင် ထိုင်စောင့်ကြတာပေါ့။ သတ်မှတ် ရက်နဲ့ မပြီးတော့ပါဘူးဗျာ။ စီမံကိန်းတခုလုံး ရေလွှမ်းနေပုံကတော့ မိုးရေတက်ရေ တဖွေးတဖွေး ကွင်းကျယ်အဝေးဝေးပဲဗျို့။

ရေပြန်ကျသွားတော့ ပြန်ဆောက်လိုက်ကြတာ သွပ်မိုးတဲ့အချိန် ရောက်လာပြန်ရောဗျာ။ သွပ်အထူအပါး သုံးဆယ်ဂိတ်နဲ့ သုံးဆယ့်နှစ်ဂိတ် ငြင်းလိုက်ကြသေးတယ်။ ဂိတ်သုံးဆယ်ဆိုရင် ဈေးကွက်ထဲမှာ မရှိလို့ အချိန်မီ မပြီးနိုင်ဘူးလည်းဆိုရော သုံးဆယ့်နှစ်ဂိတ်ကို ခွင့်ပြုပြန်ရော။

အဆောင်တွေ အားလုံးလည်း သွပ်တွေမိုးပြီးရော၊ ပြဿနာက တခု ဝင်လာပြန်ရော။ ဒီတခါ ပြဿနာက ထူးဆန်းတယ်ဗျာ။ ဘုရင့်နောင်ဈေးသစ်ကြီးကို မိုးထားတဲ့ အမိုးအသစ်တွေကို နေရောင် ကျတာကြောင့် ထွက်လာတဲ့ အလင်းရောင်ပြန်ဟာ ကောင်းကင်မှာ လေယာဉ်ပျံမောင်းတဲ့ ပိုင်းလော့ တွေကို အကြီးအကျယ် အနှောက်အယှက် ဖြစ်တယ်ဆိုပဲ။ နေ့ချင်းညချင်း ဆေးတွေသုတ်ဖို့ အမိန့်ပေး ကြပြန်တာပေါ့။ ခက်တာက အဲဒီဆေးသုတ်တယ်ဆိုတာ ဆေးဖိုးလက်ခ အလကားမှမရတာ။ ဘာဆေး သုတ်မယ်၊ ဘယ်လောက်ကျမယ်ဆိုတာ တွက်တင်ကြရပြန်ရော။ နောက် တပ်မမှူးက တာဝန်ယူတယ် ဆေးဖိုးရောသုတ်ခပါ ပေးမယ်ဆိုတော့ သုတ်ကြပြန်သတည်းပေါ့ဗျာ။

ခင်ဗျားက ဒါတွေ အလိုလို အဆင်ပြေချောမွေ့နေတယ် ထင်သလား၊ မဟုတ်ဘူးဗျ။ စစ်တပ်က မောင်တွေလည်း တစတစ ပေးတာယူတာတွေ တတ်လာတယ်။ ကျနော့် အပေးအယူဇာတ်လမ်းက အခုမှ စတာ။ သူ့တပည့်ကျော် စီမံကိန်းလုံခြုံရေးတာဝန်ယူထားတဲ့ ဗိုလ်မှူးအောင်နိုင်ထွန်းက ကျနော့်ကို ထမင်းအတူလာစားဖို့ ဖိတ်ရင်း အကူအညီတခု တောင်းချင်တယ် ဆိုတယ်ဗျ။ ဗိုလ်မှူးဘာလို သလဲ၊ ပြောပါဆိုတော့ သူ့တပ်မမှူးကို အောက်စက်တလုံး ကန်တော့ချင်လို့တဲ့။ ဟာ၊ ကျနော်ကလည်း ဗိုလ်မှူးရဲ့ တပ်မမှူးကြီးက အောက်စက်တောင် မရှိဘူးလားဆိုတော့ ရှိတယ်တဲ့၊ အခု ကန်တော့ချင်တာက အလဲဗင်းချင်နယ်ဆိုလား၊ ဒါနဲ့ ဘယ်လောက်ကျမှာလဲဆိုတော့ သုံးသောင်းခွဲတဲ့။ ကဲ ဒါဆို ဝယ်မှာသာ ဝယ်လိုက်ပါဆိုပြီး ငွေထုတ်ပေးလိုက်တော့ သူဝယ်လာတယ်။ သူနဲ့ကျနော် တပ်မမှူးနေတဲ့ တိုက်ခန်းကို သွားပို့တယ်။

အေးပေါ့ဗျာ၊ သိပ်မကြာပါဘူး။ ရန်ကုန်မြို့မှာ ရှိသမျှစီမံကိန်း သက်ခိုင် မလုပ်နိုင်တော့မှ သူများကိုပေးဆိုတဲ့ နှုတ်မိန့် ထွက်လာတော့တာပဲ။ စီမံကိန်း နှစ်ခုလောက်ပြီးတော့ ကျနော်လည်း တော်တော် အဆင်ပြေ။ ဗိုလ်မှူးအောင်နိုင်ထွန်းလည်း တိုက်ခန်းတွေ၊ ကားတွေနဲ့ ဖြစ်လာတော့တာပဲ။ အခုတော့ ဗိုလ်မှူးကြီးအောင်နိုင်ထွန်း ဖြစ်လာပြီး ရခိုင်မှာ တာဝန်ကျနေတယ် ပြောတယ်ဗျ။

တပ်မမှူးကြီးလား၊ မိုးမခရိပ်သာမှာ ရောမအိမ်ကြီးတလုံး ဖြစ်လာတယ်။ သေချာတာပေါ့ဗျာ၊ အဲဒီအိမ်ကိုဆောက်တာ ကျနော့်မိတ်ဆွေရင်း ယမ်းဘီလူးသန်းထွေးပဲ။ ယမ်းဘီလူးပေါ့ဗျာ၊ (၂၂) တပ်မမှူး အိမ်ကိုဆောက်နေတဲ့ကောင်ဆိုပြီး အောက်ခြေလွတ်တယ်ထင်ပါ့၊ မူးမူးနဲ့ကားမောင်းတာ လှိုင်ရဲစခန်းနားမှာ လူသေအောင်တိုက်လိုက်လို့ ကျနော် လိုက်ထုတ်ရသေးဗျာ။

နေဦးဗျ၊ ကျနော့်စိတ်ထဲမှာ စစ်သားတွေ ဘယ်လိုဖြစ်ကုန်ကြပါလိမ့်လို့ ခဏခဏ တွေးမိတယ်။ ကျနော် ခွင်တည့်နေတုန်းလည်း ကျနော် တွေးနေလျက်ပဲ။ နောက် မဆီမဆိုင်တောင် တွေးမိသေးဗျာ။ ငါ စစ်တပ်နဲ့ ခွင်ရိုက်နေတာ ဗိုလ်ချုပ်အောင်ဆန်းလိုလူနဲ့ တွေ့လို့ကတော့ ပါးရိုက်ခံရမယ့်ကိန်းလို့။ ဒီတည်ဆောက်ရေးစီမံကိန်းတွေက စစ်တပ်နဲ့ ကန်ထရိုက်အတွက် တော်တော် ခွင်တည့်တဲ့အလုပ်ဗျ။ အော် ဘယ်လိုတည့်သလဲ သိချင်တာလား၊ လွယ်ပါ့ဗျာ။

ဥပမာ ဘုရင့်နောင်ဈေးသစ်ကြီး ဆိုပါတော့၊ အခန်းပေါင်း ငါးထောင်ကျော်လောက် ရှိမယ်။ ကျနော်တို့ ကန်ထရိုက်ကို တခန်း နှစ်သောင်းနှုန်းလောက် ပေးတယ်။ ဆိုင်ခန်းဝယ်ချင်တဲ့လူကို စည်ပင်သာယာက ပြန်ရောင်းတာက ခြောက်သောင်းနှုန်း။ ဒါတောင် လိုချင်တဲ့လူတိုင်း မရဘူးနော်၊ ပတ်သက်ရာပတ်သက်ကြောင်းမှတဆင့် ပြန်ရောင်းတဲ့ဈေးက တသိန်းခွဲ ဝန်းကျင်လောက်ရှိတယ်။ ကဲ၊ အဲဒီစီမံကိန်းမှာတင် အမြတ်က သိန်းနှစ်ထောင် ကျော်နေပြီ။

အေးလေ၊ နိုင်ငံပိုင်မြေကွက်တွေကို ဆောက်တာဆိုတော့ မြေဖိုး အလကားရသလို ဖြစ်နေတယ်။ နာမည်တပ်တော့ ဘာတဲ့၊ 'တည်ဆောက်ပြုပြင် မြန်ပြည်တခွင်' တဲ့။

ဘုရင့်နောင့်ဈေးဆိုတာ နောက်စီမံကိန်းတွေနဲ့စာရင် ချတ်တားစီမံကိန်းလေးပါဗျာ။ မကြာခင် ကျနော့်ကို ရှစ်မိုင်လမ်းဆုံက CITY HOTEL ဆောက်ဖို့ချပေးသေးတယ်။ ထုံးစံအတိုင်း ဘယ်လို ငွေချေမယ်ဆိုတာ အတိအကျမသိ၊ ပုံစံကလည်း အတည်မဖြစ်၊ လုပ်မှာသာစလုပ် ဆိုတာနဲ့ မသိမသာ လက်ရှောင်ပြီး ပဲခူးတိုင်းမှူး အခေါ် တော်ရှိလို့ ပဲခူးဘက် ရောက်သွားတာ။ အော် ဗိုလ်မှူးကြီး တင်လှက ပဲခူးတိုင်းမှူးရဲ့ တပည့်တဲ့ဗျ။ တိုင်းမှူးလား ဗိုလ်မှူးချုပ်အေးသောင်လေ။

ပဲခူးတိုင်းမှူး ဗိုလ်ချုပ်အေးသောင်က ခပ်အေးအေးလူစားထဲမှာ ပါပါတယ်။ ရှုပ်ရှင်မှာ ရွှေဘ၊ တိုင်းမှူးမှာ ကျော်ဘ၊ ကိုရွှေထွန်းကြည်တို့လိုတော့ နာမည်မကြီးလှပါဘူး။ အေးလေ၊ ရွှေထွန်းကြည် ဆိုတာ အဲဒီတုန်းက မန္တလေးတိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည်ကို ပြောတာ။ အရပ်ထဲမှာ အတည်လိုလို

အပြောင်အပြက်လိုလိုနဲ့ လူတကာပြောခဲ့ကြတဲ့ အဖြစ်တခုရှိတယ်လေ။ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့် မန္တလေးကိုသွားပြီး လုပ်ငန်းတွေ ဘာတွေစစ်ဆေးပြီး ပြန်မယ်လုပ်တော့ ဗိုလ်ခင်ညွန့်က ကဲ၊ ပြန်လိုက်အုံးမယ် ကိုရွှေထွန်းကြည်ရေလို့ နှုတ်ဆက်သတဲ့။ ဒီတော့ ဗိုလ်ချုပ်ထွန်းကြည် ကလည်း ချက်ချင်းဆိုသလို ကောင်းပါပြီ ဖိုးခင်ညွန့်ရေ လို့ ပြန်ခွပ်သတဲ့။ အေးပေါ့ဗျာ၊ ဗိုလ်ချုပ်ထွန်းကြည်က ရွှေချောင်းချည်း လိုမ့်စု၊ ဗိုလ်ခင်ညွန့်က တိုင်းရင်းသားအဖွဲ့တွေနဲ့ ခွင်ကျပြီး နံပါတ်ဖိုးနဲ့ ဟန်ကျနေတယ် ဆိုတဲ့ သဘောဗျ။ တကယ်လား မမေးနဲ့လေ၊ အရပ်သတင်းပါ ဆိုနေမှ။

ဗိုလ်ချုပ်အေးသောင်ကလည်း အေးတော့အေးပါရဲ့၊ တခါတခါ သူလည်း ယင် ဘီလူးပဲ။ ပဲခူးမြို့လည်ခေါင်က သနပ်ပင်လမ်းကိစ္စဆိုပါတော့။ လေးလပတ်အစည်းအဝေးက ပြန်လာတဲ့ ဗိုလ်ချုပ်အေးသောင်ဟာ တနိုင်ငံလုံးက တိုင်းမှူးတွေ၊ အဆောက်အဦအဟောင်းတွေ လျှောက်ဖျက်နေတာ အားကျလာတယ် ထင်ပါရဲ့။ ရောက်ရောက်ချင်း အစည်းအဝေးခေါ်ပြီး သနပ်ပင်လမ်းကို လေးလမ်းသွားလမ်းမကြီးဖြစ်အောင် ချဲ့မယ်တဲ့၊ မလွတ်တာမှန်သမျှ အကုန်ဖျက်တဲ့၊ သစ်သားနဲ့လုပ်ထားရင် သစ်သားကိုဖျက်၊ သံနဲ့လုပ်ထားရင် သံကိုဖျက်၊ သံမဏိနဲ့လုပ်ထားရင် သံမဏိကို ဖျက်တဲ့ဗျာ။

အမှန်တော့ လမ်းအသစ်ဖောက်တယ်ဆိုတာ သူ့စိတ်ထဲမှာ အိမ်တွေမရှိရင် ပြီးရော ထင်နေတဲ့ ပုံဗျ။ ဘေးက ရဲမင်းကြီးတို့၊ တိုင်းအတွင်းရေးမှူး ဗိုလ်မှူးအောင်မြင့်တို့ကတော့ ဒါကို မဖြစ်နိုင်တဲ့ကိစ္စ ဆိုတာ သဘောပေါက်ပုံရတယ်။

နောက်တချက်က သနပ်ပင်လမ်းဆိုတာ တကယ့် ရှေးအိမ်ကြီးအိမ်ကောင်းတွေချည်းပဲ ရှိတာ။ ခရစ်ယာန်ဘုရားကျောင်းတွေ ဘာတွေလည်းရှိတယ်။ ဒါကို ဘေးနှစ်ဘက် ပေတရာစီ ဖျက်ပစ်လိုက်ရင် တိုင်လေးလုံးနဲ့အိမ်က တိုင်နှစ်လုံးပဲကျန်ပြီး ပဲခူးတမြို့လုံး စုတ်ချာသွားမှာ။ နောက်အရေးအကြီးဆုံးက အဲဒီလမ်းမှာ CULVERT လို့ခေါ်တဲ့ ချောင်းလေးတွေကို ဖြတ်ထားတဲ့ တံတားသေးသေးလေးတွေ ချည်း နှစ်ဆယ်ကျော်လောက် ရှိတာ။ အမှန်က လမ်းချဲ့တော့မယ်ဆိုရင် အဲဒီ CULVERT တွေကို အရင်ဆုံး ချဲ့ရမှာ။ အခုက လမ်းသာချဲ့မယ်၊ ဘာ ဘတ်ဂျက်မှလည်း မရှိ၊ ချဲ့ပြီးရင် CULVERT နေရာတွေမှာ လမ်းကြီးက ခါးသိမ်နေတဲ့နေရာတွေ အများကြီးနဲ့ တော်တော်ကို အရုပ်ဆိုးနေမယ့် ဇာတ်လမ်း။ လမ်းသာ ကျယ်သွားမယ်၊ တကယ်တမ်း သုံးမရဘူးဗျ။

ဒါပေမဲ့ ထုံးစံအတိုင်း ဘယ်သူမှ မပြောရဲဘူးဗျာ။ အေးလေ၊ အမိန့်ကလည်း ပြင်းလွန်းသကိုး။ ညနေပိုင်းကျတော့ တိုင်းမှူးက တောင်ငူကို ထွက်သွားတယ်။ ငါပြန်လာရင် သနပ်ပင်လမ်းက အိမ်တွေ ဖျက်ပြီးသား မြင်ချင်တယ်လို့လည်း သေချာမှာသွားသတဲ့။ ညကိုးနာရီလောက်မှာ ကျနော့်ကို ဗိုလ်မှူးအောင်မြင့်က ဖုန်းလှမ်းဆက်တယ်။ ညီလေး တိုင်ပင်စရာရှိလို့ လာပါအုံးတဲ့။ သူ့ဆီရောက်တော့ ရဲမင်းကြီးပါ ရောက်နေတယ်။ ညနေက အဘ အမိန့်ပေးသွားတဲ့ကိစ္စကို ကိုယ့်ညီ သိပြီးပြီလားတဲ့။ သိပါတယ်လည်းဆိုရော အဲဒါ ကိုယ့်ညီ တောင်ငူကိုလိုက်သွားပြီး ရှင်းပြပေတော့တဲ့၊ ဘယ်လိုမှ လုပ်လို့ မဖြစ်ဘူးဆိုတာ။

ကျနော်က ငယ်လည်းငယ်၊ ဘိုးတော်နဲ့လည်း လေပေးဖြောင့်လို့ လူမိုက်ငှားတာဗျ။ နောက်တခု က ပဲခူးမြို့ မျက်နှာဖုံးတော်တော်များများကလည်း သနပ်ပင်လမ်းမှာ နေကြတာ။ သူတို့အသံလည်း ကျနော် ကြားပြီးပြီ၊ တမြို့လုံး ပွက်လောရိုက်တော့မယ့် ကိစ္စဗျာ။

ကျနော်လည်း ဗိုလ်မှူးအောင်မြင့်ကို လေးစားရင်းစွဲရှိတာမို့ ခေါင်းငြိမ့်ပြီး ရန်ကုန်မြန်ဆင်း သွားလိုက်တယ်။

ဟုတ်တယ်၊ လမ်းမကြီးတခုနဲ့ လမ်းသွယ်ဆက်စပ်တဲ့နေရာ၊ အထူးသဖြင့် CULVERT တွေကို ခေတ်ပုံ လျှောက်ရိုက်ရတယ်။ အင်းယားလမ်းဘက်မှာပေါ့ဗျာ။ ရိုက်ရမယ်ဗျ၊ CULVERT ဆိုတာ ဒါပဲလို့ သေချာပြောနိုင်မှ ဇာတ်လမ်းအေးမှာ။

နောက်တနေ့ မနက်စောစော ရမ်နှစ်လုံးနဲ့ အမြည်းလေးတွေတင်ပြီး တပည့်ကျော် ဒုတ်စာနဲ့အတူ တောင်ငူဘက်ကို လိုက်သွားတယ်။ ဒုတ်စာဆိုတာ ဘာလုပ်လုပ် ရိုက်ပေါက်ကြီးပဲမို့ အရပ်က ချစ်စနိုး ပေးထားတဲ့နာမည်။ အထင်တော့ မသေးနဲ့။ သူလည်း မဆလခေတ်က ပဲခူးဒေသပါတီ ကော်မီတီ ဥက္ကဋ္ဌရဲ့ကားကို မောင်းလာတာ။ မှင်နဲ့မောင်းနဲ့ ဖြတဲ့နေရာမှာတော့ ဒေသဥက္ကဋ္ဌတောင် သူ့ကို မီမယ် မထင်ဘူး။ ဒီလိုမောင်မျိုးနဲ့ ကျနော်က တခါတလေ ဟန်တော့အကျသား၊ လမ်းမှာ သောက်လိုက် မောင်းလိုက်နဲ့ တောင်ငူရောက်တော့ မနက်ဆယ်နာရီလောက် ဖြစ်နေပြီ။ အဲဒီတုန်းက သူ့ ကိုယ်ရေး အရာရှိက ဗိုလ်ကြီးလှရွှေ (ယခု ဒုတိယ စစ်ရေးချုပ်) ဗျ။

ဗိုလ်လှရွှေက ကေတုမတီခန်းမကြီးရဲ့ရှေ့မှာ စောင့်နေတယ်။ ကားတောင် အရပ်မခိုင်းတော့ဘူး။ အဘမေးရင် လမ်းမှာ မိုးရွာလို့လို့ပြောတဲ့။ ကားဘေးက ပြေးလိုက်ရင်း သင်နေတယ်။ အစည်းအဝေးခန်း ထဲမှာ ခဝတတွေရော၊ မဝတတွေရော စုံနေပြီဗျ။ ကျနော်ကအစည်းအဝေးနဲ့ မဆိုင်ဘူး။ ကျနော်လာမယ်ဆိုလို့ အစည်းအဝေး မစဖြစ်သေးတာ။ တိုင်းမှူးက ကျနော်နဲ့ စကားပြောရအုံးမယ်လေ၊ ငမူးတို့များ ဘုန်းကံကြီးလိုက်ပုံ ပြောပါတယ်။ ကျနော် လမ်းကိစ္စ ရှင်းပြနေတော့ ဒုတိုင်းမှူး ဗိုလ်မှူးကြီး မောင်ထီက ဘေးမှာ ခပ်ရှို့ရှို့လေးဗျာ။ ကျနော်လည်း လိုတိုရှင်းလိုက်ပါတယ်။

ကံကောင်းချင်တော့ တိုင်းမှူးကလည်း လက်ခံတယ်။ ကိုဖေဝင်းတို့ကလည်း ဘာမှ ရှင်းရှင်း လင်းလင်း မတင်ပြဘူးဗျာ တဲ့။ အခုမောင်ရင် ပြောသလိုဆို ဒါ ဖြေးဖြေးမှ အကောင်အထည်ဖော်မှ ကောင်းမယ်။ CULVERT တွေ လုပ်ဖို့ ငွေအရင်ရှာအုံးမှ တဲ့။ ဘာလိုတာရှိသလဲ မေးတော့ ကျနော့် အလုပ်သမားတွေအတွက် ဆန်အိတ် (၃၀) တောင်းပြီး ပြန်ခဲ့ရော။ ပါမစ်ပေးလိုက်တာပါဗျာ။ ပဲခူး ရောက်တော့ ပြန်ရောင်းလိုက်တာပေါ့။ အေးလေ၊ လမ်းစရိတ်ပေါ့။

■

## အခန်း (၃၅)

# ကိုယ်တွေ့ ရွှေတန်းစစ်မြေပြင်

စစ်သားတွေနဲ့ ဆောက်လုပ်ရေးစီမံကိန်းတွေမှာတင် ဆုံခဲ့တာ မဟုတ်ပါဘူးဗျာ။ မြန်မာစစ်တပ် ရှေ့တန်းမှာ လုပ်ကိုင်နေတာတွေ ကျနော် တွေ့ခဲ့တာတွေ ရှိသေးတယ်ဗျ။ ကျနော့်အတွက်တော့ တော်တော်ဆန်းတယ်ပြောရမယ်။ ကလေးတွေက ကျည်ဆံသေတ္တာတွေ၊ အမြောက်ကျည်ဆံတွေ သယ်လို့၊ ရွာတွေကိုလည်း မီးရှို့ထားသေးဗျာ။

အေးဗျာ၊ ပြောရမယ်ဆိုရင် အလွယ်တကူ ယုံနိုင်စရာတော့ မရှိဘူး။ တကယ့် ကျနော့်ကိုယ်တွေ့ ရှေ့တန်းပါပဲဗျာ။ မှတ်မိသလောက် ၁၉၉၄ ဝန်းကျင်ပဲဗျ။ ရှေ့တန်းမှ ကျောက်ကြီး ရွှေကျင်ဘက်မှာ တိုက်နေခိုက်နေတဲ့ ရှေ့တန်း။

ဟုတ်တယ်ဗျာ၊ တိုင်းမှူးနဲ့ ရင်းနှီးနေတော့ ပဲခူးတိုင်းထဲက တည်ဆောက်ရေးဆိုတာတွေ အကြေးချည်း လျှောက်လုပ်ထားတာ။ သူလည်း အလုပ်သမားဝန်ကြီးအဖြစ် ရန်ကုန်ပြောင်းရမယ် ဆိုရော အကြွေးစာရင်းရှင်းဖို့ လုပ်ရတော့တာပေါ့။ မဟုတ်ဘူးဗျ။ ဝန်ကြီးခန့်တဲ့စာ ထွက်လာတော့ တိုင်းမှူးက ကျောက်ကြီးကို ရောက်နေတာ။ အဲဒီမှာ ကေအန်ယူနဲ့ အပြင်းအထန် တိုက်နေတာ။ သူက ရှေ့တန်းကနေ တဝတ ရုံးကို စက်နဲ့ လှမ်းအကြောင်းကြားတယ်။ သက်ခိုင်ကို ကျောက်ကြီး လိုက်ခဲ့ဖို့ ပြောလိုက်တဲ့။ ဒါနဲ့တမြို့လုံးကရှိသမျှ ကန်ထရိုက်တွေရဲ့ အကြွေးစာရင်း၊ တိုင်းရုံးက တင်ပြစာ တထပ်ကြီးနဲ့အတူ ကေအင်ယူခေါင်းဆောင် ဗိုလ်မြရဲ့ဇာတိ ထိမူဒီးကို ထိုးစစ်ဆင်နေတဲ့ ရှေ့တန်းကို ကျနော် ရောက်ခဲ့ရော ဆိုပါတော့ဗျာ။ ပဲခူး မန္တလေး လမ်းမကြီးကနေ မဒေါက်ကားလမ်းခွဲ ထင်ပါရဲ့၊ အဲဒီလမ်းခွဲအတိုင်း နှစ်နာရီသာသာလောက်လည်း မောင်းမိရော၊ စစ်တောင်းမြစ်ကမ်းကို ရောက်တော့ တာပဲဗျာ။

ကျနော်ကို ကြိုဖို့တာဝန်ကျနေတဲ့သူက၊ မြန်မာ့ ဂျူဒိုလက်ရွေးစင်ဟောင်း တပ်ကြပ်ကြီး စံမောင်ဗျ။ သူက ရခိုင်။ သူက ရှေ့တန်းစစ်မြေပြင်ထောက်လှမ်းရေး။ တွေ့တွေ့ချင်း အသောက် သမားချင်း ဝါသနာတူတွေ တွဲမိတော့တာပဲ။

ကျောက်ကြီးကို မရောက်သေးဘူးဗျ။ ဟိုဘက်ကမ်း ကူးရအုံးမှာ။ ဒီဘက်ကမ်းမှာပဲ စားသောက်ဆိုင်လိုလို အရက်ဆိုင်လိုလို ဆိုင်လေး သုံးလေးဆိုင်လောက် ရှိတယ်။ သူကပဲ ဦးဆောင်ပြီး ဆိုင်တဆိုင်ထဲ ခေါ်သွားတယ်။ အာမီတလုံး မှာလိုက်တယ်။ ပလပ်စတစ်ထိုင်ခုံပုလေးမှာ ထိုင်မိတော့မှ မြစ်ကမ်းဘက်ကို သေချာလှမ်းကြည့်မိတော့တယ်။ ဟ ကလေးလေးတွေ အများကြီးပါလား။ တကယ့် ကလေးလေးတွေဗျာ။ မိန်းခလေးတွေရော၊ ယောကျ်ားလေးတွေရော၊ အသက်လေးဆယ်ကျော် မိန်းမတချို့လည်း ပါလေရဲ့။ စုစုပေါင်း ရှစ်ဆယ်၊ တရာ ဝန်းကျင်လောက် ရှိမယ် ထင်ပါရဲ့။

ကလေးတွေက အသက်ဆယ့်သုံးလေးနှစ် ဝန်းကျင်တွေ။ တကယ့် နေပူကျဲကျဲကြီးမှာဗျာ၊ မိန်းခလေးတွေဆို ခေါင်းခုလေးတွေနဲ့ မော်တာကျည်ဆံတွေကို မနိုင့်တနိုင်ရွက်လို့။

စစ်တောင်းမြစ်ထဲမှာ စက်လှေ အလတ်စားတစင်း ရပ်ထားတယ်ဗျ။ အဲဒီအပေါ်က လက်နက်ပစ္စည်းမျိုးစုံကို ကမ်းပေါ်ကို ချနေတာ။ နောက် ခပ်လှမ်းလှမ်းက ယာယီအဆောက်အဦတခုဆီကို သယ်ပို့နေကြတာ။ ထူးဆန်းတာက သယ်နေတဲ့သူတွေက ကလေးလေးတွေက အများစု၊ သယ်နေတဲ့ ကလေးရော လူကြီးတွေပါ စုတ်ပြတ် မွဲခြောက်နေတာချည်းပဲ။

လူမမယ်အရွယ်ကလေးတွေ အမြောက်ကျည်လိုဟာတွေကို ခေါင်းပေါ်ရွက်ပြီး သဲသောင်ပြင်ပေါ်၊ နေပူပူမှာ သယ်နေကြတာမြင်တော့၊ ကျနော်က အံ့ဩတကြီးနဲ့ ကိုစံမောင်ကို မေးလိုက်မိတယ်။ ဟေ့လူ ကလေးတွေက ဘယ်လိုလုပ် ကျည်ဆံသေတ္တာတွေ ထမ်းနေကြတာလဲလို့။ နေအုံး ကျနော့် စိတ်ထဲ ကျောင်းပိတ်ရက်တွေမှာ မုန့်ဖိုးလေးဘာလေးရအောင်များ ဝင်လုပ်နေကြတာလား ထင်မိသေးတယ်ဗျ။

သူက ကျနော့်မေးခွန်းကို စိတ်မဝင်စားဘူးဗျာ။ ပြီးခဲ့တဲ့ အပတ်က သူ ချဲ တကွက်ပေါက်တဲ့ အကြောင်း၊ ဒီအပတ် ပဲခူးကနေ ဘာနံပါတ်ကြားသေးလဲ လုပ်နေပါတယ်။ ကျနော်က အရက်သာ အစွဲအလန်းကြီးတာ၊ လောင်းကစားကို သိပ်မစွဲလန်းတော့ဘူး။

သူမဖြေပေမဲ့ ကျနော့်ဘာသာ စဉ်းစားလိုက်ပါတယ်။ ကြည့်ရတာ ချောဆွဲတယ်ဆိုတာ ဒါပဲ ထင်တယ်လို့။ ကျနော်က သိချင်စိတ် များနေတာကြောင့် လက်မလျှော့ဘူး။ ပဲခူးက ချဲနံပါတ်ကို ဒုတ်စာပြောလိမ့်မယ်။ အဲဒီလိုင်း သူကျွမ်းတယ်လို့ တိုတိုပြတ်ပြီး ဒီကလေးတွေ ဘာလုပ်နေကြသလဲလို့ ထပ်မေးပါတယ်။ သူက စိတ်မပါ့တပါနဲ့ အော် ကိုသက်ခိုင်ရာ၊ ဒါဟာ စစ်မြေပြင်ဗျ။ အလုပ်သမား အလုံအလောက် ဘယ်မှာသွားရှာမလဲ၊ ဒီလိုပဲ ရရာအလုပ်သမား ရှာခိုင်းရတာပေါ့တဲ့။ သူတို့ နေ့တွက် ပိုက်ဆံ ရသလားဆိုတော့ ဟာ ခင်ဗျားဗျာ၊ စစ်သားတွေက အသက်နဲ့ရင်းပြီး စစ်တိုက်နေတာ၊ သူတို့ ဒီလောက်တော့ လုပ်အားပေးရမှာပေါ့တဲ့ဗျာ။ ကျနော်စိတ်ထဲ သိပ်တော့ဘဝင်မကျလှဘူး။ ဒါနဲ့ တနာရီလောက်လည်းနေရော၊ လှေအဆင်သင့်ဖြစ်ပြီဆိုလို့ တဘက်ကမ်းကို ကူးသွားကြရော ဆိုပါတော့။

ကျနော်ရောက်သွားတဲ့အချိန်က မိုးမကုန်သေးဘူးဗျ။ စစ်တောင်းမြစ်ကို ဖြတ်နေတုန်း ဟိုဘက်ကမ်းရော၊ ဒီဘက်ကမ်းမှာပါ ယာယီတံတားလိုလို သံဘောင်တချို့လည်းတွေ့တယ်။ ကြည့်ရတာ မိုးကုန်ရင် နွေလုံးလုံးရောက်ရင် ဒီယာယီတံတားကို သုံးနိုင်တယ်ထင်တယ်။ ဟိုဘက်ကမ်းရောက်တော့ ကတ္တရာလမ်း ရှိနေသဗျာ။ အရပ်သားတွေကိုတင်တဲ့ တောလိုင်းကား ဂျစ်ကားတွေလည်း တွေ့တယ်။ အရပ်သားတချို့လည်း ကျနော့်ကို ထူးထူးဆန်းဆန်း မျက်လုံးတွေနဲ့ ကြည့်နေလေရဲ့။ အမှန်တော့ ထူးဆန်းလို့ကြည့်တာ မဟုတ်ဘူးဗျာ။ ကျနော့်ကို စိုးရိမ်လို့ကြည့်တာ။ ဒါလည်း နောက်မှ သိတာဗျ။ ကိုစံမောင်က နည်းနည်း မှန်လာတယ်ထင်တယ်။ ကျနော့်ကို ခပ်တိုးတိုးမေးတယ်။ ခင်ဗျား

အရပ်ကား စီးမှာလား၊ တပ်ကား စီးမှာလားတဲ့။ ကျနော်လည်း မသိဘူးလေဆိုတော့ သူက သက်ပြင်းချတယ်။

ကျနော့်တာဝန်က ကိုသက်ခိုင်ကို ဟိုဘက်ကမ်းကနေ ဒီဘက်ကမ်းပို့ရုံပဲတဲ့။ အခု ကျနော်စက်ပေါ်ကနေ ဒီဘက်ကမ်းရောက်ကြောင်း သတင်းပို့ပြီးပြီတဲ့။ အေးဗျာ၊ ခင်ဗျား ဖြစ်နိုင်ရင် အရပ်သားကားနဲ့ သွားတာ ပိုအန္တရာယ်ကင်းလိမ့်မယ်တဲ့။ ကျနော်လည်း အမှုးတောင်ပြေသွားသလိုလို ဖြစ်သွားတယ်။ ဘာအန္တရာယ်ရှိတာလဲဗျဆိုတော့ ကိုသက်ခိုင်ရေ၊ ပြီးခဲ့တဲ့ တပတ်ကပဲ တိုင်းမှူးစီးလာတဲ့ကားကို ဖွေးတွေက ကားရှေ့တည့်တည့် တတ္တာရာလမ်းပေါ်မှာ သေနတ်ထောက်ပြီး စွတ်ဆွဲလို့ နှစ်ယောက်ကျသွားပါရောလားတဲ့။ တိုင်းမှူးလည်း တော်တော်ကံကောင်းတယ်၊ ဟိုမှာကြည့်ဆိုပြီး ခပ်လှမ်းလှမ်းကခေါင်းမှာပတ်တီးစီးထားတဲ့ စစ်သားတယောက်ကို လက်ညှိုးထိုးပြပါတယ်။ အဲဒီမောင်က ရှုပ်ထိသွားတာတဲ့။

အမှန်အတိုင်းပြောရင် ကျနော်လည်း နည်းနည်းတော့ စိုးရိမ်သွားတယ်ဗျ။ ဒါပေမဲ့ဗျာ၊ သောက်ထားတဲ့ အရှိန်လေးနဲ့ နတ်မောက်သွေး အထင်သေးခံလို့တော့ ဘယ်ဖြစ်ပါ့မလဲ။ မကြာပါဘူး၊ ရောက်လာတဲ့ တပ်ကားတစီးနဲ့ ဗိုလ်ကြီးတယောက်၊ ရဲဘော် ခြောက်ယောက်ယောက်နဲ့ ကျောက်ကြီးဘက်ကို ထွက်ခဲ့ရောဆိုပါတော့။ ညနေ ခြောက်နာရီဝန်းကျင်လောက် ရှိပြီဗျ။ အလင်းရောင်တော့ ရှိသေးတယ်။ ဒါပေမဲ့ မကြာခင် မှောင်တော့မယ့်ပုံဗျ။

ကျနော့်ကို လာခေါ်တဲ့ကားက ဟိုင်းလတ်ဗျ။ မိုင်ရှင်က ကျောက်ကြီးက။ ဒါလည်း ချောဆွဲလာတာပဲ။ ခေါင်းခန်းထဲမှာ ဗိုလ်ကြီးနဲ့ အတူထိုင်လာတာ။ ဒရိုင်ဘာနဲ့ဆိုသုံးယောက်ပေါ့။ လာကြိုတဲ့ဗိုလ်ကြီးက တိုင်းမှူးအထူးညွှန်ကြားထားသည်ဆိုတော့ လေးစားတဲ့အမူအရာ အပြည့် ရှိပါတယ်။ သူကြည့်ရတာတခုခု စိုးရိမ်နေသလိုလိုပဲ။

ဆယ့်ငါးမိနစ်လောက် မောင်းလာတော့ သူက ဒီနေရာမှာပေါ့ဗျာ တဲ့၊ အဘတို့အပစ်ခံရတာတဲ့။ ကားရှေ့တည့်တည့်က လမ်းပေါ်မှာ သေနတ်ကို ထောက်ပြီး အသေခံပစ်တာဗျာ။ ကံကောင်းလို့ပေါ့။ အဘကြီးပါ ကျကုန်ပြီ အောက်မေ့နေကြတာတဲ့။

ကျနော် လမ်းဘေးဝဲယာကို ကြည့်လိုက်မိတယ်ဗျ။ တခုခုတော့ ထူးနေသလိုပဲလို့၊ သေချာတာပေါ့ဗျာ။ လမ်းဘေးနှစ်ဘက်စလုံးဟာ ဘာသစ်ပင်မှ မရှိဘဲ ရှင်းနေတယ်ဗျ။ ရှင်းနေတာမှ သိသိသာသာကြီးကို ရှင်းနေတာ၊ လမ်းတဘက်တချက်ကို ပေနှစ်ရာ ရှစ်ရာလောက်ကို ရှင်းနေတာ။ တချို့ လူတဖက်လောက်ရှိမယ့် သစ်ငုတ်တိုတွေလည်း တွေ့နေရတယ်။ သစ်ငုတ်ဆိုပေမဲ့ မြက်ပင်သာသာလောက်ပဲရှိတော့တာ။ ကျနော်လည်း စပ်စုလိုက်မိတယ်။ ဒီနေရာက တမင်ခုတ်ရှင်းထားတာ ယားလို့ ဆိုတော့ ဗိုလ်ကြီးက ဟုတ်တယ်လေ၊ အဘကြီးက သူ့အပစ်ခံရပြီးနောက်နေ့ ဒီနေရာက ဘေးနှစ်ဘက်စလုံးက သစ်ပင်တွေကို ဒီနားက ရွာသားတွေကို အပြောင်ရှင်းဖို့ အမိန့်ပေးထားတာတဲ့၊ အဓိကကတော့ဗျာတဲ့၊ သေနတ်နဲ့ ခြုံတွေ၊ သစ်ပင်တွေကွယ်ပြီး ပစ်လို့မရအောင်ပေါ့တဲ့။ သေနတ်တပစ်စာအထိ ရှင်းခိုင်းထားတာတဲ့။ ကျနော့်စိတ်ထဲ အနားကရွာသားတွေ ဒုက္ခကိုတွေးပြီး စိတ်မသက်မသာ ဖြစ်မိတော့တာပဲ။ ဘယ့်နှယ့်ဗျာ၊ လေးငါးမိုင်လောက်အရှည် လမ်းဘေးဝဲယာမှာ ပေခုနှစ်ရာဝန်းကျင် အပြောင်ရှင်းဖို့ဆိုတာ လွယ်တဲ့အလုပ်တော့ မဟုတ်ဘူးဗျာ။ ထုံးစံအတိုင်း လုပ်အားပေးလို့ ဆိုပါသဗျာ။

နာရီဝက်လောက်ကြာတော့ လမ်းဘေးဝဲယာမှာ မီးခိုးတွေ တအူအူနဲ့ဗျ။ အနားရောက်လို့ သေချာကြည့်လိုက်တော့ ရွာတွေဗျ။ ဟုတ်တယ် မီးရှို့ခံထားရတဲ့ရွာတွေ။ ကျနော်ကလည်း တခါတခါ တော်တော်တုံးတယ်ဗျာ။ ဒီရွာတွေက သူပုန်တွေ မီးရှို့သွားတာလားဆိုတော့၊ ဗိုလ်ကြီးက ကျနော်တို့တပ်က

ရှင်းထားတာတဲ့။ ဒီရွာတွေက အမာခံတွေဗျတဲ့။ နည်းနည်းနောနောလားဗျာ။ အနည်းဆုံး ဆယ့်လေး ငါးရွာလောက်ရှိမယ်။ မီးလောင်ထားတဲ့ ငုတ်တိုတွေ၊ စပါးကျီလို အဆောက်အဦတွေ၊ ခြံစည်းရိုး ဟောင်းတွေ၊ တချို့ မီးခိုးမတိတ်ကြသေးဘူးဗျာ။

ကျနော်တော့ တွေ့လိုက်သမျှ အကုန်ထူးဆန်းနေတာပဲဗျာ။ နောက် ခြံစည်းရိုးအသစ်တွေနဲ့ ရွာကြီးတခု တွေ့ပြန်ရော။ ဟုတ်တယ်ဗျာ၊ အသစ်စက်စက်ရွာကြီး။ အခုမှ ဆောက်ထားတဲ့ရွာကြီး။ တဲတွေကလည်း ဖြစ်ကတတ်ဆန်းတဲတွေ။ ဒုက္ခသည်စခန်းဆိုတာ ဒါမျိုးထင်ပါ့လို့ တွေးမိသေးဗျာ။ ကျနော်က မနေနိုင်တာနဲ့၊ ဒီရွာကျတော့ အသစ်ကြီးပါလားဗျာဆိုတော့ ဗိုလ်ကြီးက စောစောက ဖျက်ထားတဲ့ရွာတွေက လူတွေကို ဒီမှာလာစုထားတာ တဲ့၊ အော် ဒီလိုကိုး၊

စစ်ပွဲနဲ့နီးတဲ့ ဒေသက ရွာသားတွေရဲ့ဒုက္ခ၊ တော်တော်ကြီးတာပဲဗျာ။ သူက ဆက်ပြောသေးတယ်၊ ကျနော်တို့ဖျက်ထားတဲ့ ရွာတွေက စပါးတွေရော ဆန်တွေပါ အကုန်သိမ်းထားတာဗျတဲ့။ သူတို့ ဘယ်လိုစားကြသလဲဗျာဆိုတော့ တခါချက် တခါလာထုတ်တဲ့။ ဒီလိုသိမ်းမထားလို့ မရဘူးတဲ့။ ငပွေး တွေက ဒီအမာခံရွာတွေကို အားကိုးပြီး ရိက္ခာရနေတာတဲ့။ အမှန်အတိုင်းပြောရရင် ရက်စက် လိုက်တာလို့ ကျနော့်စိတ်ထဲ ခံစားမိတာ အမှန်ပဲဗျာ။ အော် စစ်တို့ရဲ့သဘောဆိုတာ ဒါလားဗျာ။

ကျနော်စီးလာတဲ့ ကားဟာ ကျောက်ကြီးမြို့ကိုသွားတဲ့ နောက်ဆုံးကားပါပဲ။ လမ်းမှာလည်း ချောင်းဖြတ်တဲ့ နေရာတိုင်းမှာ ဝါးဩော်င့်တွေနဲ့၊ လုံခြုံရေးကင်းနဲ့၊ တကယ့်စစ်ဆင်ရေး နယ်မြေပါဗျာ။ ခုနစ်နာရီခွဲလောက်မှာ ကျောက်ကြီးမြို့ကိုရောက်တယ်။ မြို့ကိုကျော်ကြည့်လိုက်ရင် တောင်တန်းကြီးကို လှမ်းမြင်နေရတယ်။ ဘာတောင်မှန်းတော့ ကျနော်လည်း မသိဘူး။ လာခေါ် တဲ့ဗိုလ်ကြီး နေရာချပေးတဲ့ ရုံးခန်းမှာ ခဏစောင့်နေ၊ ညရှစ်နာရီလောက်ကျတော့ တိုင်းမှူးနဲ့ တွေ့ရတယ်။ သူက ယောပုဆိုးအသစ်နဲ့ နားနားနေနေပုံစံဗျ။ သူကပြောသေးတယ်။ ကိုသက်ခိုင်လေးရေ့ တိုက်ရခိုက်ရတာ သိပ်တော့ မလွယ် လှဘူး၊ ပထမ တပ်ရင်းသုံးရင်း တက်ထိုးတယ်၊ မရတော့ လေးရင်း၊ လေးရင်းနဲ့မရတော့ ငါးရင်း၊ တပည့်တွေနဲ့ လွှတ်ထားတာလေတဲ့။ ဒါပေမဲ့ မရဘူးဗျ၊ အခုဆို ဆရာကိုယ်တိုင်တက်ပြီး တစ်ရင်း ဆယ်ရင်းနဲ့ ထိုးနေတာတဲ့။ ရဲဘော်တွေ အစားအသောက် တော်တော်ဆင်းရဲတယ်တဲ့။ မောင်ရင်တို့ လုပ်ငန်းရှင်တွေ တတ်နိုင်တာ လှူကြအုံးတဲ့။ ဘာလှူရမလဲအဘဆိုတော့ ခေါက်ဆွဲခြောက်တဲ့။

အမှန်တော့ ကျနော် ပဲခူး တဝတာရုံးမှာ တိုင်းမှူးကို သွားသွားတွေ့နေတုန်းက ဒီစစ်ဆင်ရေးနဲ့ ပတ်သက်လို့ ကျနော့်ရှေ့မှာ တယ်လီဖုန်းနဲ့ အမိန့်ပေးနေတာတွေ ကျနော် ကြားခဲ့ဖူးပါတယ်။ ရိက္ခာ တွေကို တနေရာတည်းမှာ သေချာစုထား၊ လက်နက်တွေကို ဂရုစိုက်၊ လက်နက်လိုတာ ချက်ချင်းပို့ပေး မယ်၊ စာရင်းအသေးစိတ် အမြန်တင်ပြ၊ စုံလို့ပါပဲ။

အခုတော့ ကျနော့်စိတ်ထဲမှာ ရိက္ခာတွေစုထားဆိုတာ အနားကရွာတွေမှာရှိတဲ့ ဆန်တွေ စပါးတွေကို ဆိုလိုနေရော့သလား၊ လက်နက်တွေကိုပို့နေတာ ဘေးရွာတွေမှာ ရှိရှိသမျှရွာသားတွေကို ချောဆွဲနေတာပါလား၊ ကျနော့်စိတ်ထဲ သိပ်တော့ မလန်းလှဘူးဗျာ။ တိုင်းမှူးက ကျနော့်အကြွေးတွေ အားလုံးရှင်းပေးဖို့ ဗိုလ်မှူးအောင်မြင့်နဲ့ ပဲခူးတိုင်းစည်ပင်အရာရှိ ဦးဖေဝင်းကို စာရေးပေးပါတယ်။ ဘာတဲ့၊ ပြောလိုက်သေးတယ်ဗျ။ တိုင်းမှူးကနေ ဝန်ကြီးဖြစ်သွားတယ်ဆိုတာ ရာထူးကျတာမဟုတ်ဘူး တဲ့။

တိုင်းမှူးဆိုတာ တိုင်းလောက်နဲ့ပဲ ဆိုင်တာ၊ ဝန်ကြီးဆိုတာ နိုင်ငံတော်အဆင့်တဲ့ဗျ။ ကျနော်သိထားတာ တချို့လည်း ရှိပါသေးတယ်ဗျာ။ သူ့နေရာကို အစားထိုးရောက်လာတဲ့ ဗိုလ်ချုပ်စိုးမြင့်နဲ့ သူ အဆင်မပြေ ဘူးဗျ။ ဝန်ကြီးရာထူးနဲ့ အမိန့်စာထွက်ပြီးမှ ချက်ချင်းမပြောင်းချင်လို့ ရှေ့တန်းမှာ တမင်အချိန်ဆွဲ နေတယ်လို့ ဗိုလ်ချုပ်စိုးမြင့်က ထင်နေတာ။

ဟုတ်တယ်လေ၊ ရေဘင်မျက်မှန် အမြဲတပ်နေလို့ စစ်သားတွေက ကွယ်ရာမှာ ရေဘင်စိုးမြင့်လို့ခေါ်နေကြတဲ့ ဗိုလ်ချုပ်စိုးမြင့်ပေါ့။ အဆင်မပြေတာ သေချာတယ်ဗျ။ ကျနော်မရောက်ခင် နှစ်ရက်က ဘဲကျပြီး အတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦး ကိုယ်တိုင်လာပြီး ရာထူးအပြောင်းအလဲ လာလုပ်ပေးသွားတာ။ ဘဲကျတယ်ဆိုတာ ရဟတ်ယာဉ်ဆင်းတာကို ပြောတာလေ။ ဘယ်လိုသိလဲ ဟုတ်လား၊ ကိုစံမောင် မူးမူးနဲ့ ပြောတာပေါ့ဗျ။

■

အခန်း (၃၆)

# ဗိုလ်မှူးအောင်မြင့် ကောင်းရာသုဂတိလားပါစေ

လောကကြီးမှာ အဆိုးရှိသလို၊ အကောင်းလည်း ရှိတာပါပဲဗျာ။ ကျနော့် ပဲခူးတိုင်းအတွေ့အကြုံ ကိုပြောရင် စစ်သားကောင်းပီသတဲ့၊ ဗိုလ်မှူးအောင်မြင့်အကြောင်းနဲ့ ဒေါ်အောင်ဆန်းစုကြည်အတွက် ဂုဏ်ယူနေတဲ့ စစ်ဗိုလ်တချို့အကြောင်း ပြောမှ ပြည့်စုံမယ်ဗျာ။

ဗိုလ်မှူးအောင်မြင့်ဟာ တကယ့်ကို စစ်သားပီသတဲ့လူဗျ။ နောက်သူက ကရင်သွေးပါတယ်။

ဒီခေတ်ကြီးထဲမှာ သူလိုလူမျိုးကို တွေ့လိုက်ရတော့ အံ့ဩဖို့တော့ အကောင်းသား။ တကယ့် ခေတ်ကောင်းကြီးမှာ ပဲခူးတိုင်း တဝတ အတွင်းရေးမှူး ဖြစ်နေတဲ့သူဗျာ။ ပြောရင် ယုံနိုင်စရာတောင် မရှိဘူး။ အဲဒီခေတ်က လူတိုင်းလိုလို လာဘ်ပေးလာဘ်ယူ မကင်းတဲ့အချိန်၊ သူနဲ့ကျနော် အဖွဲ့ကျသွားပုံ က နည်းနည်းတော့ ထူးခြားတယ်ဆိုရမယ်။ တိုင်းအစည်းအဝေး တခုမှာဗျ။

ကျနော်က ပဲခူးမြို့တွင်းက ဈေးတွေ၊ ပလက်ဖောင်းတွေ၊ ရေနုတ်မြောင်းတွေ လုပ်နေတဲ့အချိန်၊ တိုင်းက အစိုးရဈေးနဲ့ ဓာတ်ဆီ၊ ဒီဇယ်၊ ဘိလပ်မြေတွေ ထုတ်ပေးတယ်။ စီမံကိန်းကို ကြီးကြပ်တာက တိုင်းမှူးအပါအဝင် တဝတ အတွင်းရေးမှူး၊ တိုင်းအထွေထွေအုပ်ချုပ်ရေး ဦးစီးအရာရှိ (တိုင်းမင်းကြီး) နဲ့ တိုင်းစည်ပင်အုပ်ချုပ်ရေးမှူးတို့ ပါတာပေါ့။

ကျနော်လုပ်နေတဲ့ စီမံကိန်းတွေကို တယောက်မဟုတ်တယောက် ဝင်ဝင်စစ်ပြီး အနည်းအကျဉ်း ခွင်းဖန်တာတွေရှိပါတယ်။ အဲဒီအချိန်မှာ တဝတအတွင်းရေးမှူး ဗိုလ်မှူးအောင်မြင့်နဲ့ ကျနော်က အဝင် အထွက် မရှိသေးဘူး။ ရဲမင်းကြီးက ကျနော့်ဆရာမနဲ့ ခင်နေတော့ ဘာမှပြောစရာ မလိုဘူး။ သူလိုတာ တောင်းရင်၊ ကျနော်လိုတာပြန်တောင်းပြီး အပြန်အလှန် ကျုပ်ကြက်လိ လိုက်ရုံပဲ။ တိုင်းမင်းကြီးကလည်း အထွေအထူး မကြပ်လှဘူး။ အဆိုးဆုံးက တိုင်းစည်ပင်အုပ်ချုပ်ရေးမှူး ဦးဖေဝင်းပဲ။

ကျနော်က ပလက်ဖောင်းတွေ ခင်းသွားလိုက်၊ ခြံဝမှာ ကားဝင်ဖို့နေရာ ချန်ချင်တဲ့သူက သူ့မြေး ကပ်လိုက်၊ သူက ဘယ်လောက်ပေးဆိုတာမျိုး ဇယားဆွဲလိုက်၊ ပြန်ဖျက်လိုက်၊ လျှောက်လုပ်နေတော့ တော်တော်နဲ့ မပြီးနိုင်ဘူး။ ဒါနဲ့ တိုင်းမှူးက တနေ့မနက်မှာ မြို့ထဲလှည့်စစ်နေရင်း ဖျက်လိုက်ပြင်လိုက်နဲ့

အချိုးမကျနေတဲ့ ဇာတ်လမ်းကို တွေ့သွားပါလေရောဗျာ။ နေ့လည် အစည်းအဝေးမှာ ဒီစီမံကိန်းကို တာဝန်ယူတဲ့ ကန်ထရိုက်ကိုယ်တိုင် ရှင်းလင်းချက်ပေးပါ ဖြစ်ပါလေရော။

ဒါနဲ့ ကျနော်လည်း အချိန်မီ အစည်းအဝေး သွားတက်လိုက်ရတယ်။ အစည်းအဝေး စတာနဲ့ တိုင်းမှူးက မနက်ပိုင်း သူလှောက်ကြည့်တုန်းက တွေ့ခဲ့တဲ့ အချိုးမပြေတာတွေကို စပြောတာပေါ့။ ကျနော့် နာမည်တော့ ဒဲ့ဒိုး ထည့်မပြောဘူးဗျ။

တိုင်းမှူး စကားလည်းဆုံးရော ဦးဖေဝင်းက ထတဲ့ပြီး ပဲခူးမြို့မှာ လုပ်နေတဲ့ကန်ထရိုက် အားလုံးထဲမှာ ကိုသက်ခိုင်လုပ်တာ မပီပြင်ဆုံးပါပဲဆိုပြီး တချက်တည်းနဲ့ အသေဘလိုင်း ထခွပ်လိုက်ရောဗျာ။ စစ်တပ်က ထင်တိုင်းကြနေတဲ့အချိန်ဗျာ၊ ကံဆိုးရင် အသေထွက် ထွက်သွားနိုင်တယ်။ ကျနော် တော်တော် အံ့ဩသွားတယ်။ တကယ်တော့ ဦးဖေဝင်းဟာ ကျနော့်ကို တိုင်းမှူးက လှမ်းခေါ်ထားတာဆိုတော့ ကျနော်မရှိမှ သူ့အတွက် ခွင်ချောင်မယ်လို့ အပိုင်တွက်ပြီး ကျနော့်ကို အသေဆော်ပြီး ဖျာလိပ်ခိုင်းတာဗျို့။ အမှန်တော့ ကျနော် သူ့ကို ချောက်ချဖို့ စိတ်မကူးခဲ့ပါဘူး၊ လူကြီး စိတ်ပြေအောင် လုပ်တဲ့နည်းတွေ ကျနော်တတ်ပါတယ်၊ သူက ကျနော့်ကို အသေဆော်နေတော့ ကျနော် စိတ်ပေါက်သွားတယ်။ အော် ဒီလိုကြေးလား၊ ရတာပေါ့ဗျာ။

ကျနော်က တိုင်းမှူးကို စကားပြောခွင့် တောင်းပြီး ဦးဖေဝင်း ဘယ်အိမ်က ဘယ်လောက်ယူပြီး ဘယ်လိုစာတွေထုတ်၊ လုပ်ပြီးသမျှ ပြန်ဖျက်ခိုင်းပြီး ခွင်ဖန်နေတယ်ဆိုတာ သူ့ရုံးစာမိတ္တူတွေ တင်ပြ၊ ဘယ်နှစ်ခု သူ့အမိန့်အရ ဖျက်ရလို့ ဘယ်လောက် နောက်ကျရပါတယ်ဆိုပြီး သူသေကိုယ်သေ ပြန်တိုက်လိုက်တာပေါ့ဗျာ။ အေးလေ၊ သူ ပိုက်ဆံ ဘယ်လောက်ယူတယ်ဆိုတာ အိမ်ရှင်တွေက ကျနော့်ကို ပြောပြီးသား။ ကျနော်လုပ်ထားတာတွေ ပြန်ဖျက်ဖို့တောင်တိုင်းစည်ပင်ကို ပိုက်ဆံပေးထားပြီးသားဆိုတဲ့ လေသံမာမာတွေနဲ့။ ကျနော်လည်း စည်ပင်ကစာလေး ကျနော့်ကို မိတ္တူ ပေးထားပါဗျာဆိုပြီး လိုလိုမယ်မယ် လက်နက်ပုန်းဆောင်ထားတယ်လေ။ ဒီတော့ တိုင်းမှူးက ကျနော်တင်တဲ့စာတွေ သေချာယူကြည့်ပြီး ကိုဖေဝင်း၊ ဒီစာတွေ ခင်ဗျား ထုတ်တာလား တဲ့။

ဦးဖေဝင်းဗျာ အမှန်ကို တည့်တည့်ထိထားတော့ တောင်ဖြေမြောက်ဖြေနဲ့ ကျနော့်ဘက်ကို အသေကန်သွင်းတဲ့ဘောလုံးဟာ သူ့ဂိုးသူသွင်းသလို ဖြစ်ပြီး အစည်းအဝေးအပြီးမှာ သုံးရက်လောက်တောင် ဖျားတယ်ဆိုပဲ။ ဒီပွဲလည်းပြီးရော၊ ဗိုလ်မှူးအောင်မြင့်နဲ့ ကျနော် အဖွဲ့ကျသွားရောဗျာ။ သူက လာဘ်ပေးလာဘ်ယူကိစ္စကို တကယ်မလိုလားတဲ့သူဗျ။ ဦးဖေဝင်းကို ကျနော် ချက်နဲ့လက်နဲ့ ခံတွန်းလိုက်တာကို တော်တော်သဘောကျနေတယ်။ ကိုယ့်ညီ ချဲလိုက်တဲ့ပုံစံကို ကိုယ်သဘောကျတယ်လို့တောင် သူက ဖွင့်ပြောတယ်။

သူ့ကို ကျနော် ပစ္စည်းမျိုးစုံ တော်တော်များများ သွားပို့ဖူးတယ်။ သွားပေးဖူးတယ်။ သူ တခါမှ လက်မခံဘူး။ နောက် သူပြောပုံက ခပ်အေးအေးပဲ။ ကိုသက်ခိုင် ခင်ဗျား ကျနော့်ဆီလာရင် ဘာမှ ယူမလာပါနဲ့တဲ့။ ကျနော်လည်း ပြေလည်တဲ့သူတော့ မဟုတ်ဘူး၊ အခု ခင်ဗျား ယူလာတဲ့ ပစ္စည်းတွေက ကျနော့်အတွက် အသုံးမဝင်ပါဘူးတဲ့။ ကျနော်လိုချင်တာရှိတဲ့အခါ ခင်ဗျားကို ကျနော်ပြောပါ့မယ်တဲ့။ အကြိမ်ပေါင်း မနည်းဘူးဗျာ။ ကျနော် ဇွတ်ထားခဲ့မယ်လုပ်လည်း သူက ခင်ဗျားထားခဲ့ရင် ခင်ဗျားနဲ့ ကျနော် မိတ်ဆွေကနေ ရန်သူဖြစ်သွားမယ်တဲ့။ ပြန်ယူလာခဲ့ရတာချည်းပဲဗျ။ ကျနော့်ဆီကမှ မဟုတ်ဘူး။ ဘယ်သူ့ဆီက တံစိုးလက်ဆောင်မှ သူမယူဘူးဗျ။ ကျနော်လို နှံ့စပ်တဲ့သူအဖို့ ပဲခူးလိုမြို့ ကျဉ်းကျဉ်းလေးမှာ ဗိုလ်မှူးအောင်မြင့်ကို ဘယ်သူမှ လိုင်းဝင်လို့ မရဘူး ဆိုတာ သူများသိတာထက် ပိုသိနေပါတယ်။ ဒါပေမဲ့ သူလုပ်ပေးရမယ့် အလုပ်ဆိုရင် မျက်နှာကြီးငယ်မရွေး ချက်ချင်းလုပ်ပေးတာချည်းပဲ။ ဒါပေမဲ့ အနေတည်တယ်၊ မျက်နှာထား တင်းသလိုလိုတော့ ရှိပါတယ်။

ကုန်ကုန်ပြောရရင် တခါတခါ နေ့လည်ဘက်ကြီး ကျနော်အရက်သောက်လာပြီး သူ့အခန်းထဲကို ဝင်ခွင့်တောင်းတာ ညှိသည်တွေ ရှုပ်နေလို့ အလှည့်မကျဘဲ အကြာကြီးစောင့်နေရတဲ့အခါ သူက အခန်းအပြင်ကို မသိမသာထွက်လာပြီး ကိုယ့်ညီ၊ ပြန်အိပ်နေလိုက်တဲ့၊ မောင်ရင့်လျှောက်လွှာကို ကိုယ်လက်မှတ်ထိုးပြီးရင် ဦးထွန်းအောင်ကို ဖုန်းဆက်ခိုင်းလိုက်မယ်တဲ့။ နောက် ကျနော် လက်ပံတန်း အချုပ်ထဲ ရောက်နေတုန်းလည်း ကျနော် ခွဲတမ်းရဖို့ရှိနေတဲ့ ဘီလပ်မြေအိတ် လက်ကျန် တော်တော်များများကို ကျနော့်ဇနီးဆီ ဖုန်းလှမ်းဆက်ပြီး ထုတ်ပေးတဲ့ အထိ။

တနေ့တော့ သူက ကျနော်ကို သူ့အိမ်လှမ်းခေါ်ပြီး လိုချင်တာတခုတောင်းလေရဲ့ဗျာ။ ကိုသက်ခိုင်တဲ့ မိုးကာအကျီ အပါးလေးတထည် လိုချင်တယ်တဲ့။ ကျနော်က ဗျာ မိုးကာအကျီ၊ ဟုတ်လား ဆိုတော့၊ ဟုတ်တယ်ဗျ တဲ့။ ကျနော့်ယူနီဖောင်းအပေါ်က ထပ်ဝတ်ဖို့ မိုးကာအကျီ အကြေသားလေး တထည် လိုချင်တယ်တဲ့။

ကျနော်လည်း ငွေကြေးသိန်းဂဏန်း ပေးတာတောင် လက်မခံတဲ့သူက မိုးကာအကျီလေး တထည်လိုချင်တယ် ပြောလာတော့ ဘယ်နှစ်သိန်းပေးရပေးရ ဝယ်ပေးမယ်လို့လည်း ပြောလိုက်ရော သူက တထည်ပဲတော်ပြီ တဲ့။ ဒါပေမဲ့ ကိုယ်လိုချင်တဲ့ အမျိုးအစားတော့ ဖြစ်ပါစေတဲ့။ ကျနော်ဗျာ သူမှာတာနဲ့ လွဲနေမှာစိုးလို့ ရန်ကုန် ချက်ချင်းပြန်ပြီး ဗိုလ်ချုပ်ဈေးက အကောင်းဆုံးဆိုတဲ့ မိုးကာအကျီ အထူအပါးမျိုးစုံ ခြောက်ထည်ဝယ်ပြီး သူ့ဆီ သွားပို့တယ်။ ထူးဆန်းနေတာက တထည်မှ သူမကြိုက်ဘူးတဲ့။ ကိစ္စမရှိဘူး၊ ထပ်ရှာပါအုံးတဲ့။ ဒါတွေအားလုံးလည်း ပြန်ယူသွားတဲ့။

အေးဗျာ။ သူ့အကြိုက် မိုးကာအကျီအပါးလေးကို ကျနော် သုံးလေးကြိမ် သုံးလေးထည် ဝယ်ဝယ်ပြီး သွားသွား ပြကြည့်ပါတယ်။ မဟုတ်သေးဘူးချည်း ဖြစ်နေတယ်။ အဲဒီအချိန်မှာပဲ သူ ဒုတိယဗိုလ်မှူးကြီး ရာထူးအတွက် ဗထူးကို ရက်တိုသင်တန်း တက်ဖို့၊ သင်တန်းပြီးရင် မိုင်းရှူး ရတနာမြေကို ပြောင်းဖို့အမိန့် ထွက်လာတယ်။ သူက ကျနော့်ကို သေချာမှာနေတယ်။ မိုးကာအကျီရအောင် ထပ်ရှာဖို့၊ နောက်မိုင်းရှူးကို လိုက်ခဲ့ဖို့၊ နောက်ဆုံးနှုတ်ဆက်တဲ့ ညစာစားပွဲမှာတောင် ကျနော့်ကို တခြား သူ့တပည့်ဗိုလ်ကြီးတွေနဲ့ ဆက်သောက်နေမှာစိုးလို့ဆိုပြီး သူနဲ့အတူပြန်လိုက်ဖို့ စောင့်ခေါ် သွားသေးဗျာ။

နောက် တလတောင် မပြည့်လိုက်ပါဘူး။ ဗိုလ်မှူးအောင်မြင့် ဗထူးသင်တန်းကျောင်းမှာ ဆုံးပြီဆိုတဲ့သတင်း ကြားရပါတော့တယ်။ ရုတ်တရက် သွေးဆောင့်တိုးပြီး ကွယ်လွန်တာလို့ ကြားရတာပါပဲဗျာ။ အခုအချိန် အထိပဲဗျ။ မိုးကာအကျီပါးပါး၊ အကြေသား တံဆိပ်ကောင်းကောင်းလေးတွေ မြင်ရင် သူ့ကို ကျနော် အမှတ်ရနေတုန်း။ ကျနော့်ဘဝတလျှောက်၊ ကြုံခဲ့ရတဲ့ စစ်သားတွေထဲမှာတော့ တကယ့်ကို ရှားရှားပါးပါး စစ်သားလို့ ဆိုပါတော့။

ဒေါ်အောင်ဆန်းစုကြည် အတွက် ဂုဏ်ယူတယ်ဆိုတဲ့ စစ်ဗိုလ်တွေအကြောင်းလား။ ဒီလိုဗျ၊ ကျနော်က ပဲခူး စရောက်တော့ ၁၉၉၁ ဗျ။ နေအုံး မှတ်မှတ်ရရ၊ ပဲခူးတိုင်းရုံးကို ကျနော် စရောက်တဲ့နေ့က တိုင်းရုံးအောက်ထပ်မှာ မီးဖိုတွေနဲ့ ကြေးသွန်းတဲ့ အလုပ်သမားအဖွဲ့ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီး ကြေးရုပ်ကို သွန်းနေကြတယ်ဗျ။ အေးလေ၊ အခုပဲခူးတိုင်းရုံးနဲ့ မလှမ်းမကမ်းက ဘုရားလမ်းနဲ့ တောင်ငူလမ်း (ပဲခူး မန္တလေးလမ်း)ဆုံတဲ့ထောင့်မှာ ရှိနေတဲ့ ဗိုလ်ချုပ်မြင်းစီး ကြေးရုပ်ကြီးပေါ့။ တိုင်းရုံး ပေါ်မှာ ကျနော်ထိုင်နေရင်း ကြေးကျိုလို့ထွက်တဲ့ ညှော်နံ့ကြီးက တမျိုးကြီးပါလားဆိုပြီး စပ်စုလို့ သိလိုက်တာလေ။

နောက်မကြာခင် ကျနော့်ကို တိုင်းမှူးက မနက်ဆယ်နာရီ တပ်မ (၇၇) ထဲကို လာတွေ့ပါဆိုလို့ ဒုတ်စာကို ကားမောင်းခိုင်းပြီး ဝင်သွားလိုက်တယ်။ အမှန်က ကျနော် တောင်ငူဘက်က ပြန်လာတာဗျ။ တိုင်းမှူး တွေ့ချင်တဲ့အကြောင်း ဖုန်းရလို့ ပြန်လာတာ။ တပ်မ (၇၇) ထဲက လမ်းတွေကို အဝင်အထွက်

လည်းမသိ၊ ဒုတ်စာရော ကျနော်ပါ နည်းနည်းသောက်လာတော့ လမ်းပြောင်းပြန် မောင်းလာတာ။ ကျနော့်ကားကို မှတ်မိနေတော့ ဘယ်သူမှ မတားပါဘူးဗျာ။

တိုင်းမှူးရုံးခန်းရှေ့ရောက်တော့ မနက်ကိုးနာရီလောက်ပဲ ရှိအုံးမယ်။ ကျနော့်လိုပဲ တိုင်းမှူးကို တွေ့ဖို့ စောင့်နေတဲ့သူတွေထဲမှာ ကိုငွေသိန်းဆိုတဲ့ ပဲခူးက သတင်းထောက်ကြီးကို တွေ့တယ်။ ဒီလူက တကယ့်လူတကာ အော့ကြောလန်အောင် အဖားသန်တာဗျ။ အဲဒီအချိန်က တိုင်းမှူးတွေလုပ်သမျှကို တီဗီရိုက်ပြီး မြန်မာ့ရုပ်မြင်သံကြားမှာ ပြပြနေတဲ့အချိန်ဆိုတော့ သူကလည်း လူရာ တော်တော်ဝင်နေတာ။ ကျနော်လည်း အရက်ရှိန်တလေးနဲ့ ကိုငွေသိန်းကိုလည်း မျက်စေ့နောက်နေတော့၊ တိုင်းမှူးရုံးခန်းရှေ့မှာ တာဝန်ကျနေတဲ့ ဗိုလ်ကြီးရဲ့ စားပွဲပေါ်က စက္ကူတရွက်ကို ကောက်ယူလိုက်ပြီး စက္ကူစအရှည်ကြီး ဖြစ်သွားအောင်လိပ်ပြီး ဖြဲလိုက်တယ်။ အဲဒီနေ့က တပ်မ (၇၇) တိုင်းမှူးရုံးခန်းရှေ့မှာ ဗိုလ်ကြီး လေးငါးယောက်လောက် ရှိနေတယ်ဗျ။ နှစ်ယောက်လောက်က ကျနော်နဲ့ မျက်မှန်းတန်းပြီး ခင်နေတယ်။ နာမည်တွေတော့ မမှတ်မိတော့ပါဘူးဗျာ။

ကျနော်က ကျနော်ဖြဲထားတဲ့ စက္ကူစအရှည်ကြီးကိုကိုင်ရင်း ဗိုလ်ကြီးတယောက်ကို လှမ်းကြည့်လိုက်တယ်။ သူက ရယ်ပြတာနဲ့ ကျနော်က ကိုငွေသိန်း တင်ပါးရှိရာကို မျက်လုံးနဲ့ အချက်လှမ်းပြလိုက်တယ်။ ဗိုလ်ကြီးကလဲ ငယ်ရာက ကြီးလာတော့ ကျနော့်အထာကို ချက်ချင်းရိပ်မိသဗျ။ ဘယ်တုန်းက ကိုငွေသိန်းကို ချစ်နေလည်း မသိဘူး။ စားပွဲပေါ်က ကော်ဗူးကို မသိမသာယူလာပြီး ကျနော့်ကို ကမ်းပေးတယ်။ ကျနော်လည်း စက္ကူစကို ကော်သုတ်ပြီး ကိုငွေသိန်း မတ်တပ်ရပ် နေတဲ့နေရာကို လျှောက်သွားလိုက်ပြီး၊ ဟား၊ ဦးငွေသိန်း ရောက်နေတာကြာပြီလားဗျဆိုပြီး သူ့တင်ပါးကို လှမ်းပုတ်ရင်း ကော်သုတ်ထားတဲ့ စက္ကူစကို ကပ်ပေးလိုက်တယ်။ ချက်ချင်းပါပဲဗျာ၊ တိုင်းမှူး အတွင်းခန်းက ဗိုလ်ကြီး တယောက် ထွက်လာပြီး ဦးငွေသိန်း အဘကို ဝင်တွေ့လို့ရပါပြီတဲ့။ ကိုငွေသိန်း အမြီးတန်းလန်းနဲ့ တိုင်းမှူးအခန်းထဲ ဝင်သွားပါလေရောဗျာ။ ကျနော် နောက်နေတာကတခြား၊ တိုင်းမှူးရုံးခန်းရှေ့မှာ ဗိုလ်ကြီးတွေ တရှန်းရှန်းလုပ်နေတာက တခြားဗျ။ သူတို့ထဲက တယောက်က

'ဒီမနက်ပဲ ကြေညာသွားတာ သေချာတယ်' တဲ့ ။ တယောက်က 'မင်းဥစ္စာ ဟုတ်မှလည်းလုပ်ပါ၊ ဒီနိုဘယ်ဆုကို ငါတို့မြန်မာပြည်ကဒေါ် အောင်ဆန်းစုကြည်ကို ပေးတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား' တဲ့။ ဒီတော့စပြောတဲ့မောင်က

'ဟေ့ကောင် သေချာတယ်ကွ၊ ငါကိုယ်တိုင် ဘီဘီစီ နားထောင်လာခဲ့တာ၊ အခု ဒီနှစ် အတွက် နိုဘယ်ဆုကို ဒေါ် အောင်ဆန်းစုကြည်ရတာ သေချာတယ်' တဲ့။ အဲဒီအချိန်မှာပဲ တိုင်းမှူးရုံးခန်းထဲက ဗိုလ်ကြီးထွက်လာတယ်။

'ဟေ့ကောင်တွေ တိုးတိုးလုပ်လေ၊ မင်းတို့ အမေ့လင် ရုံးခန်းထဲမှာ ရှိတယ်၊ မင်းကြီးဒေါ် သတင်းကို ဆူညံဆူညံ လုပ်မနေနဲ့' တဲ့။ ကျနော် လူကဲခတ် မညံ့ပါဘူး။ အဲဒီ စစ်ဗိုလ်တွေအားလုံး ဒေါ် အောင်ဆန်းစုကြည် နိုဘယ်ဆုရတာကို ဝိုင်းပြီးဂုဏ်ယူနေကြတာဗျ။ ကျနော်လည်း သူတို့ပြောတာ နားထောင်မှ အဲဒီအကြောင်းသိတာ။ ဘာပဲဖြစ်ဖြစ်ဗျာ၊ သူတို့ ဝမ်းသာနေတာ၊ ဂုဏ်ယူနေတာတွေတော့ ကျနော်လည်း ရောပြီး ဝမ်းသာမိတာ အမှန်ပါပဲ။

အော်ကိုငွေသိန်း ကိစ္စလား၊ နာရီဝက်လောက်အကြာ သူပြန်ထွက်လာတော့ ကျနော့်ကို ညိုမည်းနေတဲ့မျက်နှာနဲ့ ခင်ဗျားဗျာ နောက်စရာရှားလို့တဲ့။ အဘကတောင် ကျနော့်ကို ရယ်နေတယ်တဲ့။ ကျနော်လည်း ဘာမှ မသိတဲ့ မျက်နှာပေးနဲ့ 'ကိုငွေသိန်းပြောတာ ကျနော်နားမလည်ဘူး'လို့ ရှူးလိုက်ရတာပေါ့။

■

## အခန်း (၃၇)

# ကိုဘိုကေရယ်၊ ဒေါင်းလန်းကြီးရဲ့အလယ်

ယနေ့ကား အကျဉ်းသား ရဲဘက်တို့အတွက် ဗိုက်ခွေးနမ်းမည့်နေ့ဖြစ်သည်။ စခန်းခွဲနှင့် နှစ်မိုင်ခန့်ဝေးသော မူဆလင်ငါးမွေးကန်မှ ဘက္ကရီးအစ်နေ့ဖြစ်၍ အမဲသားဟင်းများ လာရောက်ပေးပို့ လှူဒါန်းထားခြင်းကြောင့် ဖြစ်သည်။

တဆယ်သားခန့်ရှိသော အတုံးများကို ဆီပြန်နေအောင် ချက်ထားပြီး ဘာလီပုံးများဖြင့်ထည့်၍ လာပို့ခြင်းဖြစ်သည်။ အလှူရှင်က ထောင်ဝန်ထမ်းများမှတဆင့် မလှူလိုပဲ တိုက်ရိုက်လှူဒါန်းရန် တောင်းဆိုခဲ့သည်ဆို၏။ သို့သော် ထိုနေ့က စခန်းခွဲမှာချက်သည့်ထမင်းက အဆင်မပြေပြန်။ ဆန်ပြဿနာ မဟုတ်။ ထင်းပြဿနာ ဖြစ်သည်။

ရဲဘက်များအတွက် ဆန်မှာ နီကြောင်ကြားဖြစ်သည်။ ထိုဆန်ကို ညံချောင်းနှင့် ကောက်ရိုးမီးတို့ဖြင့် ချက်သည်။ ညံချောင်းဆိုသည်မှာ ညံပင်ကိုင်းခြောက်များဖြစ်၏။ ညံပင် ဟူသည်ကား

'ရိုးတလျှောက်၊
ဖြိုးမောက်ပါတဲ့ လယ်ပဒူ။
အရွက်ချွန်း၊ ကန်ငွန်းပုဝွန်စာနှင့်
လွန်တရာ ကညို့ပေါ်တယ်၊
တောဖြစ်လို့ထူ။
မှိုနတို့ ငွေရောင်ဖျော့ငယ်နှင့်
ရွှေကနဖော့ ကြာရိုးဖြူ၊
ချိုးယူလို့ မကုန်ခမ်း။
ပတ္တမြားရောင်၊ ဖားကပေါင်သံလွင်လွင်နှင့်၊
ရွှေညံပင် ရှုပ်မရှင်းတယ်၊
ကွင်းပြည့်ခမန်း။'

ဟူသော စာချိုးထဲမှ ညံ့ပင်တည်း။

စခန်းပတ်ဝန်းကျင် တခွင်တပြင်လုံးမှာ ညံ့ပင်များနှင့်ပင် ကွင်းပြည့်ခမန်း ဖြစ်သည်မှာအမှန်။ သို့သော် ချိုးယူလွန်း၍ မခံနိုင်။ ညံ့ပင်တောမှာ စခန်းနှင့် တဖြည်းဖြည်း ဝေးဝေးသွားပြီ။ ဖိုကြီးအတွက် အဓိကလောင်စာမှာ ညံ့ချောင်းဖြစ်၍ ဒုတိယမှာ ကောက်ရိုး။ ဘုတ်ဆင်းသော ရဲဘက်များက အပြန်ခရီးတွင် ညံ့ချောင်းစည်းများကို တနိုင်တပိုင် သယ်လာရသည်။ ပြီးနောက် ဖိုကြီးဘေးမှာ သိုလှောင်ထားသည်။ စပါး ရိတ်ပြီးချိန်များတွင်မူ ကောက်ရိုးကို သုံးသည်။ သို့သော် ကောက်ရိုးရော၊ ညံ့ချောင်းပါ ပြတ်ထွက်ကုန်သည့်အခါများရှိ၏။

ညံ့ပင်တော ပြုန်းသွားခြင်းကြောင့် မဟုတ်။ ညံ့ချောင်းအခြောက် ရနိုင်လောက်အောင် အလျှဉ်မမီခြင်းပင်။ မိုးဆက်တိုက်ရွာသည့်ရက်များတွင် လှောင်ထားသည့် လက်ကျန် ပြတ်သွားတတ်သည်။

ညံ့ချောင်း၊ ကောက်ရိုးတို့ဖြင့်ချက်သော ဆန်ရောင်စုံကား ဘယ်သောအခါမှ နပ်သည် ဟူ၍မရှိ။ ယနေ့ ညံ့ချောင်းခြောက်ပြတ်၊ ကောက်ရိုးပြတ်ကာ ညံ့ချောင်းအစိုများဖြင့် မီးထိုးနေရသည့်အတွက် အမဲသားဟင်း ဝေပြီးချိန်တွင် ဖိုကြီးထမင်းက အဆင်သင့်မဖြစ်။ ကိုသက်ခိုင်က ကျနော့်ကို ဖိုကြီးဘက် လိုက်ခဲ့ရန်ခေါ် သဖြင့် ကျနော် ထလိုက်သွားသည်။။

အ်ပ်ဆောင်နှင့် ပေတရာကျော်ခန့်သာဝေးသော ဖိုကြီးကား သက်ကယ်မိုး၊ မြေစိုက်ဝါးထရံကာ ဖြစ်၏။ ဖိုကြီးတခုလုံး မီးခိုးလုံးတွေအောက်တွင် ပျောက်နေသည်။ ကိုသက်ခိုင်က ဖိုကြီး တာဝန်ခံကို လှမ်းအော်ခေါ် သည်။

'ဟေ့ ကိုအောင်ကြည်၊ မီးခိုးတွေအူလှချည့်လားဗျာ၊ ကိုယ်ပျောက်အောင် ဖိုထိုးနေတာလားဗျ' ဟု အသံပေးလိုက်ရာ ကိုအောင်ကြည် မျက်ရည်တရွှဲရွှဲနှင့် တံထောင်ဆစ်နှင့်မျက်လုံးကို ပွတ်ကာ ထွက်လာသည်။

'လက်မထပ်ရသေးတဲ့ မယားငယ်လေး လင်ငယ်နောက်လိုက်သွားလို့ ဆရာသက်ရေ'

ထုံးစံအတိုင်း ကိုအောင်ကြည်က အရွှန်းလေးနှင့် တုန့်ပြန်သည်။ သူက ဆက်၍

'ဟာ တော်တော် ဒုက္ခပေးတဲ့ ညံ့ကိုင်းတွေဗျာ။ အစိုတွေချည်းပဲ အရွက်တွေ ပါပါနေတော့ ပိုဆိုးနေတယ်။

'ဘိုးတော်ကို ကြည့်ထိန်းပါအုံးဆရာ။ နောက်တနာရီလောက်ဆို ရပါပြီဆရာ'

အမှန်က ထမင်းဝေချိန် အလွန်နောက်ကျနေ၍ စခန်းတာဝန်ခံ လာကြိမ်းမှာကို ကြောက်နေခြင်း ဖြစ်သည်။ ကိုသက်ခိုင်က

'ကိုအောင်ကြည်ရာ၊ ဒီလိုမှန်းသိရင် ဒီနေ့အတွက်ထမင်းပါ ကျနော် အလှူခံလိုက်ပါရဲ့။ ကျနော်က မာဒဂ်မှော်အောင်ထားတော့ လွယ်ပါတယ်။ အခု အဆောင်ပေါ် က မောင်တွေ ဟင်းတုံးတွေချည်း ဖဲ့ဖဲ့စားကုန်ကြပြီ။ နဂိုကမှ ခင်ဗျားတို့ဆန်က တက္ကနီကာလာဗျာ။ အခု ညံ့ချောင်း အစိုနဲ့ဆိုရင် စားလို့မှ ရပါတော့မလားဗျ'ဟု မေးရာ ကိုအောင်ကြည်က ရယ်ကျဲကျဲနှင့်

'ဘာလဲ ဆရာက ရဲဘက်တွေကို ပေါ် ဆန်းမွှေးကျွေးပြီး ဆေးရုံ အကုန်တင်ရအောင် လုပ်မလို့လား'ဟု ပြန်မေးသည်။ ကိုသက်ခိုင်က အူကြောင်ကြောင်ဟန်ဖြင့်

'ဘာဆိုင်လို့လဲဗျာ၊ ပေါ် ဆန်းမွှေး ကျွေးတာနဲ့ ဆေးရုံတက်တာ'

'ဆရာက မသိသေးဘဲကိုး ဆရာရဲ့၊ ချေးစားနေကျ ခွေးက ထမင်းဖြူကျွေးရင် ဝမ်းပျက်တယ် ဆရာရဲ့'ဟု ဆိုလိုက်သဖြင့်ကိုသက်ခိုင် မျက်နှာ တချက်တည်သွားသည်။

'ကိုအောင်ကြည် ခင်ဗျားစကားက ကြမ်းလှချည်လား၊ ရဲဘက်လည်း လူပါပဲဗျ'

'အော်၊ တကယ် ဆရာရဲ့၊ ဒီစခန်းက ရဲဘက်တွေကို ရောင်စုံဆန် ကျွေးနေရာကနေ၊ ထမင်းဖြူနဲ့ ခရမ်းသီးဟင်းကျွေးမိလို့ တော်တော်များများ ဆေးရုံတင်လိုက်ရဘူးတယ်'

'ရှင်းစမ်းပါအုံးဗျာ'

'လွန်ခဲ့တဲ့ နှစ်က ဆရာမရောက်သေးဘူး၊ ပင်မစခန်းနဲ့ ငါးမွေးကန်တွေကို သွားတဲ့လမ်းက တော်တော်ဆိုးနေတာနဲ့ ထောင်ပိုင်ကြီးနဲ့ ငါးမွေးကန်ပိုင်ရှင်တွေညှိပြီး အဲဒီလမ်းကို အမြန်ပြင်ဖို့ လုပ်ကြတယ်။ အဲဒီလမ်းက ကျနော်တို့ စခန်းခွဲနဲ့နီးနေတော့ ဒီက ရဲဘက်တွေပဲ တာဝန်ကျတယ်လေ။ မနက်မိုးလင်း ခြောက်နာရီလောက်ကစပြီး သစ်ငုတ်ဖော်၊ မြေတွေတူးတင်၊ လူအင်အား တရာ့ငါးဆယ် လောက်နဲ့ ခပ်ပြင်းပြင်းမောင်းလိုက်တာ ညနေငါးနာရီလောက်ကျတော့ လမ်းကြီးကို ဖြောင့်ပြီး ရှင်းနေ တော့တာပဲဗျာ၊ ဘေးက ငါးကန်ပိုင်ရှင်တွေက ကျေးဇူးတင်လွန်းလို့ ဆိုပြီး ထမင်းဖြူနဲ့ ခရမ်းသီးနှပ်တွေ ချက်ကျွေးပါလေရော၊ ရဲဘက်တွေလည်း မောမောဆာဆာနဲ့ ထမင်းဖြူ မစားရတာ ကြာပြီဆိုတော့ အသားကုန် ကျိတ်လိုက်ကြတာ အဲဒီညမှာပဲ ရဲဘက်ငါးဆယ်လောက် ဝမ်းပျက်ပြီး ဆေးရုံတင်လိုက်ရ တော့တာပဲဆရာရေ့။ ဆရာဝန်ပေးတဲ့မှတ်ချက်က စားနေကျ အစာမဟုတ်ပဲ အစာသစ်ကို အများကြီး စားလိုက်လို့ ဆိုလား'

'ဟ၊ မှတ်သားစရာပါလားဗျာ'

ကိုသက်ခိုင် တအံ့တဩပြောလိုက်ရာ ကိုအောင်ကြည်က ဆက်ပြန်သည်။

'ဒါတင်ဘယ်ကမလဲဆရာ။ ဒီရဲဘက်မှာက အစားအသောက် ချို့တဲ့လွန်းလို့ ရရာ ရှာစားနေကြ တာဗျ။ မြွေတွေတောင် ရဲဘက်အသံကြားရင် ပြေးတာဆရာ။ ရဲဘက်တွေက မြွေဟောက်လို့ အသံကြား ရင် ကြောက်ဖို့နေနေသာသာ၊ ရအောင်ဖမ်းဖို့ မြွေနောက် လျှောက်လိုက်နေတာ။ မြွေတကောင်ရရင် ဟင်းတခွက်ပဲလေ။ နောက် မြက်အနုလေးတွေကိုလည်း စားတဲ့လူတွေတောင် ရှိသေးဗျာ၊ ဘေးကြယ် ကြီးတို့ မိသားစုကလည်း လယ်ထဲမှာ ကြွက်တွင်း လျှောက်တူးနေတာ'

ကိုသက်ခိုင်က စကားဖြတ်လိုက်သည်။

'ခင်ဗျား ဗျာ၊ ကြွက်ကျော်တို့၊ ကြွက်ကင်တို့စားတာ ဘာဆန်းလို့လဲ' ဟု ဆိုလိုက်သည်။

'မဟုတ်ဘူးဆရာရဲ့၊ ကြွက်ပေါက်စ၊ ကြွက်ဖလောင်းလေးတွေ လျှောက်တူးပြီး ဆီပူလှိမ့်ပြီး စားတာကို ပြောတာ။ တချို့ဆို ကြွက်ဖလောင်း ကြွက်ပေါက်စလေးတွေကို ဒီအတိုင်း ပါးစပ်ထဲထည့်ပြီး မျိုချပစ်တာ'

ကိုသက်ခိုင် ပုခုံးပါတွန့်အောင် ရွံ့မဲ့သွားသည်။

'တော်ပါတော့ ကိုအောင်ကြည်ရယ်၊ ခင်ဗျားတို့ဟာ လူတွေမှ ဟုတ်ကြသေးရဲ့လား၊ နောက် တချို့ကောင်တွေ ကျနော်ကြည့်နေတယ်။ ချောင်းထဲက ရေတွေနဲ့ ကော်ဖီမစ်ထုပ်တွေ ဖျော်ဖျော် သောက်နေကြတာ။ တော်တော်ကို စိတ်ပျက်ဖို့ ကောင်းတာပဲ'

ထိုနေ့က ရဲဘက်တို့ နေ့လည် တနာရီခွဲလောက်မှ ထမင်းရသည်။ ထို့နေ့က ညနေပိုင်း ဘုတ်နား သည်။ ကိုသက်ခိုင်က အလှူရှင်လာပို့သော အမဲသားဟင်းကို မစား၊ သူ့ ရိက္ခာခြောက်တချို့ ထုတ် လွေးနေသဖြင့် ကျနော်က သူ့ကို မေးမိသည်။

'ကိုသက်ခိုင်၊ အမဲသား ဘာလို့မစားတာလဲဗျာ၊ လယ်တီဆရာတော်ရဲ့ နွားမေတ္တာစာတွေ၊ ဘာတွေ ဖတ်ပြီး မစားတာလား'

'မဟုတ်ပါဘူးဗျာ။ နွားသတ်တာကို မြင်ဖူးပြီး စိတ်ထဲမှာ မကောင်းလွန်းလို့ မစားပဲနေတာ'

'ဘယ်မှာ နွားသတ်တာကို မြင်ဘူးတာလဲဗျ'

'ကျနော် ဆယ်တန်းအောင်ပြီး နတ်မောက်ကို ပြန်ခဲ့တဲ့တခေါက်ပေါ့ဗျာ။ ညနေပိုင်း ထန်းရည်လေးမူးမူးနဲ့ ဦးလေးကိုညိုခေါ်တာနဲ့ နွားသတ်ကုန်းဘက်ထွက်ခဲ့တယ်။ ရွာကအထွက် ရှိသေးဗျာ၊ အမဲသားတွဲတွေ ထမ်းပြီးဝင်လာတဲ့ လူတယောက်ကိုသတိပြုမိတယ်။ ယာခင်းတွေကိုကျော်ပြီး တမိုင်ကျော်ကျော်လောက် လျှောက်လိုက်တော့ နွားသတ်ကုန်းကို ရောက်တယ်။ နွားသတ်ကုန်းက အဝေးကြီးကနေ သိသာတယ်ဗျာ။ ကောင်းကင်မှာ လင်းတတွေ ဝဲနေတာ။ မိုးချုပ်လု ချုပ်ခင်ကြီးဗျာ။ မြင်ဖူးချင်လို့ စပ်စပ်စုစုသွားမိပါတယ်။ တော်တော် စိတ်ပျက်ဖို့ကောင်းတဲ့မြင်ကွင်းဗျာ။

တောမှာ နွားသတ်တာ နွားရဲ့ချိုနှစ်ဖက်ကြားက အဖုကို ရဲဒင်းနဲ့ထုတာတဲ့၊ ကျနော်ရောက်သွားတော့ နွားသေကြီးက ဗိုက်ဟောင်းလောင်းကြီးနဲ့ သွေးတိုက်လဲနေတယ်ဗျ။ ခြေတဘက်နဲ့ လက်တဘက်က မရှိတော့ဘူး။ ကျန်တဲ့ ခြေတဘက် လက်တဘက်က ဖျက်နေတုန်း၊ အစာအိမ်ဖြူဖြူကြီးကလည်း သွေးထွက်နေတယ်ဗျာ၊ ဖျက်ပြီးသား ခြေတဘက် လက်တဘက်က ထွက်တဲ့ အသားတွေက စောစောက ကျနော် ရွာကအထွက်မှာ တွေ့လိုက်တဲ့ အသားတွဲတွေပဲ၊ ကျနော် စိတ်အထိခိုက်ဆုံးက အဲဒီ နွားသေကြီးဟာ အသားတွေ တဆတ်ဆတ် တုန်နေတုန်းဗျ၊ အသက်မထွက်သေးတာလည်း မဟုတ်လောက်ဘူး ထင်တယ်။ အသားတွေ တုန်နေလိုက်တာဗျာ။ ကျနော်ကြည့်ရင်း အမူးပြေသွားတယ်။ အဲဒီကစပြီး ကျနော်အမဲသား မစားတော့ဘူး ဆိုပါတော့။ ရက်စက်လွန်းတယ်လို့ထင်တယ်ဗျာ။ ဒါကြောင့် မစားတာ။ ကျနော့်မှာ ခံယူချက်တခုရှိတယ်၊ နိုင်တိုင်း ရက်ရက်စက်စက်လုပ်တာကို လက်မခံချင်ဘူး။ ကျနော်လည်း နိုင်နေရင် ဆက်ပြီးမရက်စက်ဘူး။ အဲဒီစိတ်ကြောင့်ပဲ ကျနော် နိုင်ငံရေးပုဒ်မနဲ့ ထောင်ထဲ စရောက်တာ'

'ဟာ ကိုသက်ခိုင် ခင်ဗျားက ဘယ်တုန်းက နိုင်ငံရေးလုပ်လိုက်တာလည်းဗျာ'

'ကျနော်တော့ နိုင်ငံရေးလုပ်ခဲ့တယ်လို့ မထင်ဘူး၊ မှန်တယ်ထင်တာကို လုပ်ခဲ့တာ၊'

'ဘယ်တုန်းကလဲဗျာ'

'မှတ်မှတ်ရရ ပြောရရင် (၁၉၈၈) ခုနှစ်ပေါ့။ အရေးအခင်းကာလပေါ့ဗျာ'

'အော် ကိုသက်ခိုင်က (၈၈) အရေးအခင်းမှာ ပါခဲ့သေးတာကိုး'

'သေချာတာပေါ့ဗျာ၊ ဒါပေမဲ့ သူများတွေနဲ့ တူချင်မှတူပါလိမ့်မယ်။ ခင်ဗျား နားထောင်ကြည့်ပါလေ၊ ကျနော့် ဘဝခရီးဝက်ပါကို ပြည့်ပြည့်စုံစုံ ဖြစ်အောင် ပြောပါ့မယ်ဗျာ'

■

## အခန်း (၃၈)

# ဘဝတဆစ်ချိုး

အရေးအခင်းကြီးဖြစ်တဲ့ (၈၈) မှာ ကျနော်က တော်တော်အဆင်ပြေနေပြီဗျ။ လျှပ်စစ်ဝန်ကြီးဌာနက ပစ္စည်းဟောင်းတွေ လေလံဆွဲပြီး ရောင်းဝယ်နေတာ တနေ့ဝင်ငွေ တသိန်းလောက်ကို ရှိနေတာ။ နေအုံး အဲဒီအချိန်က ကျနော် အစုစပ်လုပ်ငန်းတခု ထောင်ပြီးပြီ။

ကျနော့် အစုစပ်လုပ်ငန်းက ဗမာပြည်မှာ ဈေးကွက်စီးပွားရေးစတဲ့အချိန်မှာ မှတ်ပုံတင် နံပါတ် တစ်ပဲ။ အစုစပ်လုပ်ငန်းအတွက် ကုန်သွယ်ရေးမှတ်ပုံတင်ရုံးကို သွားလျှောက်တော့ ဦးခင်မောင်အေး ဆိုတဲ့ ညွှန်ကြားရေးမှူးက

'ခင်ဗျားဘယ်လောက် ချမ်းသာလို့ မှတ်ပုံတင် လာလျှောက်တာလဲ' တဲ့။ ကျနော်က 'ငွေတသိန်းပဲ ချမ်းသာတယ်' လို့ အမှန်ပဲပြောလိုက်တယ်။ သူက ဒီအတိုင်း စီးပွားရေးလုပ်နေလည်း ရတာပဲတဲ့။ ကျနော်လည်း 'ကျနော့် လျှောက်လွှာသာ လက်ခံလိုက်ပါ။ ဒီတသိန်းကုန်မယ်ဆိုလည်း ကျနော့်အတွက် ပြဿနာမရှိဘူး။ ကျနော် သူညက စခဲ့တာ။ ကိစ္စမရှိဘူး' လို့။

အေးပေါ့ဗျာ၊ အရေးအခင်းစဖြစ်တော့ ကျနော်ဟာ ကိုယ်ပိုင်အစုစပ်လုပ်ငန်းတခုနဲ့ အကြီးအကျယ် အဆင်ပြေနေတဲ့အချိန်ပေါ့။ ဘာလို့ အရေးအခင်းထဲပါသလဲ ဟုတ်လား၊ ကျနော့် စိတ်ထဲမှာ မတရားဘူး ထင်လို့။

အရေးအခင်းဖြစ်လာတော့ ကျနော့်အသက်က သုံးဆယ်ဝန်းကျင်ဗျ။ သမီးတောင် သုံးနှစ်လောက်ရှိနေပြီ။ ကျောင်းဆရာအလုပ်က ထွက်ပြီးတော့ စီးပွားရေးလုပ်ငန်းတွေ လုပ်နေပြီ။ အမှန်အတိုင်းပြောရရင် ကျနော် ကြီးပွားချင်သေးတယ်။

လောကကြီးမှာ ပြည့်ပြည့်စုံစုံ မတောင့်မတ မကြောင့်မကျ ဘဝမျိုးကို အရှုံးအမှုး တောင့်တခဲ့တယ်။ ကျောင်းဆရာဘဝက ထွက်လိုက်တာလား။ ကျနော့်အကြောင်းကတော့ နည်းနည်းထူးတယ်။ ကျနော် ကျောင်းဆရာဘဝက ထွက်လိုက်တဲ့ အဓိကအကြောင်းရင်းက ကျနော် ပညာဆက်သင်မိတဲ့ အမှုဗျ။ အေးဗျ၊ ကျနော်က ဖြစ်လိုက်ရင်အဆန်းချည်းပဲ၊ ဒီလိုဗျ။

ကျနော် မူလတန်းပြဆရာ အလုပ်ဝင်ပြီးတော့ စာပေးစာယူတက်တယ်။ ဥပဒေ အဓိကနဲ့လေ။ ဥပဒေအဓိက ယူတာကလည်း အမှတ်များတဲ့လူတွေသာ တက်ခွင့်ရတဲ့ ဘာသာမို့သာ တက်လိုက်တာ။ ဒီလောကမှာ ကျနော်မကြိုက်ဆုံးအလုပ်က ရှေ့နေပဲ။ ဒီနေ့အထိ အဲဒီဘာသာနဲ့ ဘာမှမလုပ်ခဲ့ဖူးဘူး။ ကျနော့်ကျောင်းနေဖက်တွေထဲမှာတော့ တရားသူကြီးတွေ၊ ဥပဒေအရာရှိတွေ၊ ရှေ့နေတွေ ရိုက်သတ်လို့တောင် မကုန်ဘူးဗျာ။

ဥပဒေတတိယနှစ်ရောက်တော့ ကျနော့်ငယ်သူချင်း အေးလွင်ဆိုတဲ့မောင်က ဂျီတီအိုင်တက်နေတယ်။ သူက ကျနော်နဲ့ လက်ဖက်ရည်ဆိုင်ထိုင်တိုင်း၊ ဂျီတီအိုင် အမွှန်းတင်ခန်းတွေချည်း လာလာပြောနေတယ်။ ကျနော်ကလည်း ကျောင်းဆရာဘဝရောက်နေတော့ စိတ်ထဲမှာ နည်းနည်းတော့သိမ်ငယ်သလိုဖြစ်နေတဲ့အချိန်၊ သူက 'တောင်တောရယ်သာ' ဆိုတော့ 'မြောက်တောကသုံးမရဘူး' ဆိုတဲ့အဓိပ္ပာယ် ရောက်နေတယ်။ သူက 'ဂျီတီအိုင်ဆိုတာ တက်ခွင့်ရဘို့သိပ်ခက်တယ်' ဆိုတာ သုံးခါလောက်လည်း ပြောပြီးရော ကျနော့်စိတ်ထဲ ခပ်ချဉ်ချဉ် ရှိတာနဲ့

'ဟေ့ကောင်၊ အေးလွင်၊ မင်း ဂျီတီအိုင်ကို ငါတရေးနိုး ထဖြေလည်း ရအုံးမှာပဲ'လို့ ပြန်တွန်းလိုက်ရော။ အေးလေ၊ ချတ်တားဘဝတည်းက တတန်းတည်းနေခဲ့တာ ကျနော့် နောက်မှာချည်းနေခဲ့တဲ့မောင်က ကျနော့်ကို လာဆွနေတယ်။ သူကလည်း မလျှော့ဘူး။

'မင်းက မဖြစ်နိုင်တာကို လာပြောနေတာဟ' တဲ့။ 'မခံချင်စိတ်နဲ့ပြောနေတာ၊ တကယ် မဖြစ်နိုင်ဘူး' တဲ့။ ကျနော်လည်း

'မင်းစောင့်သာကြည့်၊ မင်းငါ့ကို ဟိုတုန်းကလည်းလိုက်လို့မမီဘူး၊ အခုလည်း လိုက်လို့မမီနိုင်သေးဘူးလို့သာ အောက်မေ့တော့' လို့ပြောပြီး အလုပ်တဖက်နဲ့ ဂျီတီအိုင်ဝင်ခွင့် လျှောက်လိုက်ရောဆိုပါတော့။ အလုပ်က ထွက်လို့မရဘူးဗျ၊ လျော်ရမှာ။ ဒါကြောင့် အလုပ်ထဲကနေ တက်ဖို့ဆုံးဖြတ်ပြီး ဝင်ခွင့်တင်တာ။ ဦးစားပေးဘာသာ၊ ဦးစားပေးကျောင်းတွေ ရွေးရတာပေါ့ဗျာ။ ပထမဦးစားပေး ကနေ ဆဋ္ဌမဦးစားပေးအထိ အင်းစိန်၊ အင်းစိန်၊ အင်းစိန်။ မြို့ပြ၊ မြို့ပြ၊ မြို့ပြတွေချည်း ရေးချလိုက်တယ်။ နောက်အဲဒီတုန်းက ဂျီတီအိုင်ဝင်ခွင့်ကျူရှင် ကျော်မြင့်သိန်းမှာ တလလောက်သွားတက်လိုက်တယ်။ ဟ၊ တွက်တာချက်တာနဲ့ လေးနှစ်ကျော်လောက်ပြတ်နေတော့ သိပ်တော့မလွယ်ဘူးဗျာ။ လော့ဂရစ်သမ်တို့ ဘာတို့ မေ့သလောက်ဖြစ်ကုန်ပြီလေ။ ဒါပေမဲ့ လုပ်မယ်လို့ ဆုံးဖြတ်ပြီးရင် မားတောင်တွေ မီးပင်လယ်တွေမမှုတဲ့ ကျနော့်စရိုက်အတိုင်း ဇွဲတင်းလိုက်တာ၊ ကျနော်လျှောက်တဲ့ အင်းစိန်မှာပဲ မြို့ပြအဓိကနဲ့ ဝင်ခွင့်ရပါလေရော။ တနိုင်ငံလုံး တန်းစီရင် နံပါတ်ဆယ့်တစ်လောက်နဲ့ ဝင်ခွင့်ရခဲ့ပါတယ်ဆိုပါတော့ဗျာ။

ပြဿနာက ကျောင်းစတက်တဲ့နေ့ဗျ။ ကျနော်က တခြားကျောင်းသားတွေနဲ့စာရင် အသက်ပိုကြီးနေပြီဗျ။ အလုပ်ကိုလည်း စိတ်မဖြောင့်၊ ကျနော်နဲ့ သက်တူရွယ်တူကလည်း မရှိသလောက်၊ သင်နေတဲ့စာကိုလည်း ဂရုမစိုက်နိုင်။ ဘာတွေ သင်မှန်းတောင် မသိလိုက်ဘူး ဆိုပါတော့ဗျာ။

အတို ချုပ်ကြပါစို့ဗျာ။ ကျနော် အင်းစိန်ဂျီတီအိုင် ကျောင်းကို မနက်ရှစ်နာရီကနေ၊ ဆယ့်တစ်နာရီအထိတက်တယ်။ ကျောင်းဆရာအလုပ်ကို ဆယ့်နှစ်နာရီကနေ ညနေလေးနာရီခွဲအထိ လုပ်တယ်။ ညပိုင်း ရောက်တော့ ဆယ့်တစ်လမ်းထဲက ဂျီတီအိုင်က အတန်းတူ ချိုချိုလွင်ဆိုတဲ့ ကလေးမလေးဆီက စာအုပ်တွေယူပြီး ကူးတယ်။ နားမလည်တာ မေးတယ်။ ကျနော် ဂျီတီအိုင် တက်နိုင်ခဲ့တာဟာ သူ့ကျေးဇူးလည်းပါတယ်။ အလုပ်ထဲကနေ တက်ခွင့်ပေးတဲ့ ကျောင်းအုပ်ကြီး ဦးမျိုးမြင့်၊ နောက် ကျနော် အလုပ်မလာနိုင်တဲ့ ရက်တွေမှာ ကျနော့်အတန်းကို ဝင်ထိန်းပေးနေတဲ့ လုပ်ဖော်ကိုင်ဖက် ကျောင်းဆရာ-တွေရဲ့ ကျေးဇူးတွေလည်းပါတယ် ဆိုပါတော့ဗျာ။

ဂျီတီအိုင် ပထမနှစ်၊ ဥပဒေ တတိယနှစ်၊ ဂျီတီအိုင် ဒုတိယနှစ်၊ ဥပဒေ စတုတ္ထနှစ်၊ ဂျီတီအိုင် နောက်ဆုံးနှစ်၊ ဥပဒေ နောက်ဆုံးနှစ်၊ အဆင့်ဆင့်သင်ရိုးကုန်ကျွတ်ခဲ့ရော ဆိုပါတော့ဗျာ။ ကျနော့် သူငယ်ချင်း ဂျီတီအိုင် အမှတ်တင်ခဲ့တဲ့ အေးလွင်လား၊ ကျနော်ဂျီတီအိုင် ပြီးလာတဲ့အထိ သူက ဒုတိယနှစ်က မတက်သေးဘူးဗျ။ ဘာပဲ ဖြစ်ဖြစ် ကျနော့်ဘဝ တဆစ်ချိုးအတွက် စေ့ဆော်ပေးခဲ့ သူအဖြစ် သူ့ကို ကျနော် ကျေးဇူးတင်နေတုန်းပဲဗျာ။

စာပေးစာယူဘွဲ့နဲ့ ဂျီတီအိုင်ဒီပလိုမာ ရလာတော့ ကျနော် အလယ်တန်းပြဆရာ ဖြစ်လာတယ်။ ရာထူးတိုးဖို့အတွက် ဘွဲ့လက်မှတ်တွေကို ဆားဗစ်ဘုတ် (Service Book) လို့ခေါ်တဲ့ ဝန်ထမ်းမှတ်တမ်းမှာ ထည့်ရတယ်။ မြို့နယ်ပညာရေးမှူးကတော့ ထည့်ပေးပါရဲ့။ အစာမကြေတဲ့လူနဲ့လည်း တွေ့ရော အတိုင်ခံရပါလေရောဗျာ။

ဘာလို့အတိုင်ခံရသလဲ၊ ဟုတ်လား။ အေးဗျာ၊ လောကကြီးဟာ တခါတခါ အတော်ကို နားလည်ရခက်တယ်ဗျာ။ အကောင်းတွေချည်း လျှောက်လုပ်ရင်လည်း ရန်များတာပဲဗျ။ ကျနော်က ငယ်လည်းငယ်၊ ရည်မှန်းချက်ကလည်းကြီးဆိုတော့ ကျောင်းမှာ မိဘဆရာ အသင်းရေးမှူး ဖြစ်လာတယ်။ နောက် ဒီကျောင်းမှာ တက်နေတဲ့ ဆင်းရဲသားကလေးတွေအတွက် အကောင်းဆုံးတွေ ဖြစ်အောင်လုပ်မယ်ဆိုပြီး ကျနော့်စိတ်ထဲ ကောင်းမယ်ထင်တာတွေ လျှောက်လုပ်တော့တာပဲဗျာ။ အဆောင်သစ်တွေ၊ စာရေးခုံအသစ်တွေ၊ အားကစားအသင်းတွေ၊ စာကြည့်တိုက်တွေ၊ ဘာမှ လိုလေသေးမရှိ လုပ်ခဲ့တာပဲဗျ။ ကျောင်းကို လာစစ်တဲ့ မြို့နယ်ပညာရေးမှူး ဆရာကြီးဦးဘခိုင်က တောင်၊ ကိုသက်ခိုင်၊ ခင်ဗျား လုပ်ထားတာတွေ သိပ်ကောင်းလွန်းတယ်၊ ပြဿနာဖြစ်တတ်တယ်တဲ့။ ကျနော် ဆရာကြီးဦးဘခိုင် ပြောတာကို သဘောမပေါက်တာ အမှန်ပဲဗျာ။ ဟား၊ သူပြောတာ မှန်လိုက်လေဗျာ။ သိပ်မကြာပါဘူး၊ ကျနော့်ရဲ့ ဆန်းသစ်တီထွင်မှုတွေကြောင့် ဆရာဆရာမ တချို့လည်း အနေကြပ်လာတယ် ထင်ပါရဲ့။ အဲဒီအထဲက ဒေါ်စန်းမြင့်ဆိုတဲ့ ဆရာမတယောက်က ကျနော်ဟာ အယ်လ်အယ်လ်ဘီ၊ အေဂျီတီအိုင် ဖြစ်တဲ့အကြောင်း၊ နောက်က အေဂျီတီအိုင်ဟာ ကျောင်းဆရာ လုပ်ရင်းအလုပ်ခွင်ထဲကနေ တက်လို့ ရထားတာဖြစ်တဲ့အကြောင်း၊ တကျောင်းလုံးမှာ ကျနော် ထင်ရာစိုင်းနေတဲ့ အကြောင်း စုံလို့ပါပဲဗျာ။ တိုင်းကောင်စီ၊ မြို့နယ်ကောင်စီ၊ တိုင်းပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးပါ မကျန် ရွှေပေလွှာတွေတင်ပြီး တိုင်ရော ဆိုပါတော့ဗျာ။

ကျနော့်တို့ခေတ်တုန်းက ကျောင်းဆရာတယောက် အတိုင်ခံရတယ်ဆိုတဲ့အမှုဟာ ပညာရေး လောကမှာ တကယ့်အဆန်းတကြယ်အမှုကြီး ဖြစ်နေပါလေရောဗျာ။ မိဘဆရာအသင်း ရံပုံငွေ ကိစ္စတွေ ဘာတွေက အထွေအထူး ရှင်းစရာမလိုပဲ ပြီးသွားပေမဲ့ ကျနော် တရားမဝင် ကျောင်းတက်တဲ့ ကိစ္စဟာ တော်တော်နဲ့ မပြီးနိုင်တော့ဘူး။ လာစစ်တဲ့ အဖွဲ့တွေကလည်း ဒီအမှုမျိုး မကြားဘူးတော့ ကျနော့်ကို တရားပဲ စွဲရမလိုလို၊ ထောင်ပဲ ချရမလိုလို။ နောက်သေချာစစ်ဆေးပြန်တော့ ကျနော်က ကျနော့်အလုပ်ခွင်အချိန်မှာ မဖျက်ပြန်ဘူး။ အစစ်ခံလိုက်ရတဲ့ ကျနော့် လုပ်ဖော်ကိုင်ဖက်တွေဗျာ၊ စစ်နေတာ သုံးလေးလနဲ့ မပြီးတော့ဘူး။ မြို့နယ်၊ တိုင်းအရာရှိတွေနဲ့ သီးသန့်အဖွဲ့တွေ ဖွဲ့စစ်လေ၊ ဘာလုပ်ရမှန်း မသိလေ ဖြစ်တော့တာပဲ။ ကျနော်လည်း သိပ်စိတ်မရှည်တော့ဘူးဗျာ။ ကောင်းအောင် လုပ်ခဲ့ပါတယ်ဆိုမှ တမြို့နယ်လုံး အုတ်အော်သောင်းနင်းဖြစ်ရတယ်လို့။ ကဲ၊ ဒီလောက်တောင် ဖြစ်လှတာ၊ ဖြစ်ချင်တာဖြစ်စမ်းကွာဆိုပြီး၊ လွှမ်းတော်မူရမယ်ဆိုလည်း လွှမ်းလိုက်တော့မယ်ကွာ ဆိုပြီး တရှည်ကြီးတစောင် စီလိုက် ပါလေရောဗျာ။ ဘာတဲ့

သို့ ပညာရေးဝန်ကြီး

ပညာရေးဝန်ကြီးဌာနပေါ့ဗျာ။ မိတ္တူကို နေရာနှစ်ဆယ်လောက်ကို ညွှန်းလိုက်တာပေါ့။ စာထဲမှာ ကျနော့် ကိုယ်ရေးရာဇဝင် အတိုချုပ်နဲ့ ပညာဆက်သင်မိလို့ ခုံရုံးဖွဲ့ပြီး အတိုင်ခံရနေသူ ဖြစ်ကြောင်း၊ တိုင်စာပါ ပညာဆက်လက် သင်ကြားခဲ့ခြင်း မှန်ကန်ကြောင်း၊ ထိုသို့ သင်ယူခဲ့ခြင်းမှာ တာဝန်ချိန် ဖြစ်ပတွင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာဆက်လက် သင်ကြားမိခြင်းအတွက် အပြစ်ရှိမည်ဆိုပါက ယခု စစ်ဆေးနေခြင်းကို ရပ်တန့်၍ တည်ဆဲဥပဒေတရပ်ဖြင့် ပြစ်ဒဏ်ချမှတ်ပါရန်၊ ပညာသင်မိ၍ ထောင်ကျခံရသော ပထမဆုံး မြန်မာနိုင်ငံသားအဖြစ် ပြစ်ဒဏ်ကို ရဲဝံ့စွာ ခံယူမည်ဖြစ်ကြောင်းပေါ့ဗျာ။ စိတ်ကလည်း ခပ်ထက်ထက်အရွယ်ဆိုတော့ ဖြစ်ချင်တာ မဖြစ်ရင်၊ ဖြစ်ချင်တာ ဖြစ်စမ်းကွာဆိုတဲ့စိတ် မွေးလိုက်တော့တာပဲဗျို့။

ဆန်းတော့ အဆန်းသားဗျာ။ ကျနော်စာတင်ပြီး တလလောက်မှာ ခုံရုံးပိတ်သွားတယ်။ ကျနော် လည်း အလုပ်ကို မသွားတော့ဘူး။ နောက်လည်း ဆက်ပြီး စစ်တာဆေးတာ မလာတော့ဘူး။ မြို့နယ် ပညာရေးမှူးကတော့ ခေါ် ပြောရှာတယ်။

သက်ခိုင်၊ မင်းသုံးလိုက်တဲ့ TONE က သိပ်မြင့်လွန်းတယ်တဲ့။ မင်းနဲ့ ဒီအလုပ်နဲ့ကြာရှည် မသင့်တော်ဘူးတဲ့။ ကျနော်လည်း စိတ်ပျက်နေတာနဲ့အတော်ပဲ၊ အလုပ်က ထွက်လိုက်ရော။ ကျောင်း ဆရာဘဝလည်း တခန်းသိမ်းရော ဆိုပါတော့။

အလုပ်ကသာ ထွက်လိုက်တယ်၊ နောက်အလုပ်က ဘာမှ ရေရေရာရာ ရှာမရသေးတော့ မနက်မိုးလင်းရင် မိန်းမထည့်ပေးတဲ့ ထမင်းဗူးယူပြီး ရွှေတိဂုံဘုရားပေါ် မှာ ယောင်လည်ယောင်လည် တလလောက် သွားသွားထိုင်နေလိုက်တယ်။ ဘာတရားမှ အားထုတ်တာ မဟုတ်ပါဘူးဗျာ၊ ယောက္ခမ အထင်သေးမှာ ကြောက်လို့၊ ဘုရားရဲလုပ်နေတဲ့ ကျနော့်သူငယ်ချင်း ဇော်မျိုးဦးရှိလို့ သွား အချိန်ဖြုန်းနေတာ။ အလုပ်လည်း တဖက်ကရှာပေါ့။ နောက်တလလောက်နေတော့ စက်မှု(၁) မြင်ထိန်းမှာ အလုပ်ရတယ်။ ကျနော့် ဂျီတီအိုင်က ဆရာ ဦးထွန်းခင် ကောင်းမှုနဲ့ပေါ့။

အလုပ်က ရန်ကုန်မှာ မဟုတ်ဘူးဗျ။ သာယာဝတီ ပန်းကန်စက်မှာ။ အရာရှိအိမ်တွေ၊ ဝန်ထမ်း အိမ်တွေဆောက်တာ။ အဲဒီတော့မှ အစိုးရပစ္စည်း တိုတာ၊ လျှိုတာ၊ ဘုံးတာ အကုန်တတ်ရော ဆိုပါတော့ဗျာ။ အေးလေ၊ ကျောင်းဆရာဘဝက ကောင်းအောင်လုပ်တာ ထောင်ကျတော့မလို့။ ဒီတော့ ရတဲ့အခွင့်အရေးယူ၊ စက်ရုံမှူးကို ခွဲတမ်းပေး၊ အထက်က အေအီးကို ပို့စရာ ရှိတာပို့၊ ဟန်ကို ကျလို့။

. အဲဒီ သာယာဝတီပန်းကန်စက်မှာဗျာ၊ ဦးနေဝင်း သမ္မတ ပေါက်ခေါင်းကို တနှစ်တခါ ပြန်တဲ့ခါ ဝင်ပြီးနားဖို့ဆောက်ထားတဲ့ ညှိရိပ်သာကြီးကလည်း လက်စသတ်နေတုန်းဆိုတော့ ဘုံးစရာ၊ ဖျောစရာတွေကလည်း တပြုံကြီး။ ပါနီထဲက ငွေ၊ ပါနီထဲ သွားတာပါပဲဗျာ။ သောက်လိုက်စားလိုက် ဖြုန်းလိုက်ပေါ့။ နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဂျေအီး လျှောက်လွှာတွေခေါ် တော့ ဝင်ဖြေလိုက်တာ ပါသွားပြန်တယ်။ ဒီတော့ ရန်ကုန်ပြည်လမ်း စီမံကိန်းကို ရောက်သွားပြန်ရော။ တကယ့်ကို စံနစ်ကျတဲ့ စီမံကိန်းကြီးဗျာ။ အေဒီဘီ 'ASIA DEVELOPMENT BANK' ရဲ့ ချေး ငွေနဲ့ လုပ်နေတာ။ ဒါပေမဲ့ ကျနော် အလုပ်ထဲကို စိတ်မပါပြန်ဘူး။ ဒီလိုသာ ခိုးနေ၊ ဘုံးနေ၊ ဝစုယူနေရင် ကြာရင် ဟန်မယ့်ပုံ မပေါ် ဘူးလို့၊ ဒါကြောင့် အပြင်စီးပွားရေးကို ခြေစမ်းချနေတာဗျ။

ခင်ဗျားက ကျနော့် စကားတွေ ချော်တောငေါ့သွားတယ်ထင်လို့လား၊ မချော်ပါဘူးဗျာ။ အဲဒီ အချိန်ပေါ့၊ ကျနော် ရန်ကုန်ပြည်လမ်းမှာ ဂျေအီး လုပ်နေတဲ့အချိန်၊ အပြင်မှာလည်း အစုစပ် လုပ်ငန်း တခု ကိုယ်ပိုင်ထောင်ထားတဲ့အချိန်မှာ အရေးအခင်း စဖြစ်တော့တာပေါ့။

■

အခန်း (၃၉)

# မုန့်တိုင်းနှင့် လက်တကမ်းအလို

၁၉၈၈ ခုနှစ်ဟာ တော်တော် ရှုပ်ရှုပ်ထွေးထွေးနှစ်ပါပဲဗျာ။

အစိုးရရဲ့ ထူးထူးဆန်းဆန်းလုပ်ရပ်ကတော့ လက်ရှိသုံးနေတဲ့ ငွေစက္ကူတွေ တရားမဝင်တော့ဘူးလို့ ကြေညာလိုက်တာပါပဲဗျာ။ ခုနှစ်ဆယ့်ငါးကျပ်တန်တို့၊ သုံးဆယ့်ငါးကျပ်တန်တို့၊ ငါးဆယ်တန်တို့ပေါ့။ ပထမတကြိမ်က ပြန်လဲပေးတယ်ဗျ။ ဒုတိယအကြိမ်မှာ လဲမပေးတော့ဘူး။ အေးဗျ၊ ဘာတွေဖြစ်ကုန်ပြီလဲဆိုတာ ကျနော်လို လူလည်တောင် နားမလည်နိုင်တော့ဘူး။

အော် လက်စသတ်တော့ ငါ့လက်ထဲက ပိုက်ဆံတွေဟာ အစိုးရက တရားမဝင်ဘူး ကြေညာလိုက်ရင် ပါနီဖြစ်သွားတာပါလားလို့ ဗဟုသုတ ရလိုက်တော့တာပဲ၊ မသိဘူးလေဗျာ။ ကျနော်တို့ငယ်ငယ်တုန်းက ဗိုလ်ချုပ်အောင်ဆန်းပုံပါတဲ့ ငွေစက္ကူတွေမှာ စံလင်းတို့၊ မောင်ကောင်းတို့ လက်မှတ်တွေနဲ့ ပိုက်ဆံတွေက မည်သည့် ငွေစက္ကူထုတ်လုပ်ရာဌာနတိုင်း၌ မဆို ငွေဒင်္ဂါး (---) နှင့် လဲလှယ်ခွင့်ရှိကြောင်း အာမခံသည်လို့ ရေးထားတာကိုး။

ဘယ်ချိန်က ဘယ်လို အာမ မခံတော့တာလည်း ကျနော်လည်း မသိလိုက်ပါဘူးဗျာ။ နောင်သိရတာတော့ ဟိုတုန်းက မြန်မာငွေတွေအားလုံးက ကမ္ဘာ့ဘဏ်မှာ ရွှေချောင်းတွေနဲ့ အာမခံတင်ထားတာတဲ့။ နောက်တော့ ဦးနေဝင်းက ရွှေချောင်းတွေ ပြန်ထုတ်ပြီး တိုင်းပြည်ကို တံခါးပိတ်စနစ်ကျင့်သုံးလိုက်တာတဲ့။ ထုတ်နေတဲ့ ငွေစက္ကူတွေက ဘာမှ အာမခံချက် မရှိတော့ဘူးတဲ့ ။ စက္ကူသာသာငွေစက္ကူတွေနဲ့ တိုင်းပြည်ကြီးဗျ။ သိပ်တော့မနိပ်လှဘူး။

ကျနော်လည်း ကြံကြံဖန်ဖန် စဉ်းစားမိသေးတယ်။ သူတောင်းစားတွေ လက်ထဲက ပိုက်ဆံတော့ဒုက္ခပဲလို့။ စဉ်းစားကြည့်လေဗျာ။ စားစရာမရှိလို့ သနားတတ်တဲ့သူတွေဆီက တောင်းထားတဲ့ ရှိစုမဲ့စုပိုက်ဆံလေးက တရားမဝင်တော့ဘူးလေ။ တနေ့လုပ် တနေ့စားတဲ့ လူတွေလည်း ရှိတဲ့ငွေလေး သုံးမရတော့ ခွက်ပျောက်တာပဲ။

နေအုံးဗျ၊ အဲဒီ တရားမဝင်တော့ပါဘူးဆိုတဲ့ ငွေစက္ကူတွေက အရောင်းအဝယ်ဖြစ်နေသေးတယ်ဗျ။ ဥပမာ ဗျာ၊ တရားမဝင်တဲ့ငွေ တသိန်းကို တရားဝင်သုံးလို့ရတဲ့ ငွေနှစ်သောင်းနဲ့ ဝယ်တာမျိုးပေါ့။ တချို့ကလည်း ပြန်လဲနိုင်တဲ့ခွင့် ရှိတယ်ထင်ပါ့ဗျာ။ တချို့ကတော့ ပြန်လဲပေးခဲ့ရင် ထောကြောဆိုပြီး မျှော်လင့်ချက်နဲ့၊ ငွေငွေချင်းတင် မကဘူးဗျို့၊ အိမ်တွေ၊ ခြံတွေ၊ ကားတွေပါ တရားမဝင်ငွေနဲ့ အရောင်းအဝယ် ဖြစ်နေကြသေးဗျာ။

ဒါပေါ့ဗျ၊ ကျောင်းသားတွေက လူငယ်တွေဆိုတော့ အဲသလိုမျိုး အမြီးအမောက်မတည့်တဲ့ လုပ်ပေါက်တွေကို လက်မခံဘူး။ ဆူဆူပူပူလုပ်တာ၊ ဆန့်ကျင်ကန့်ကွက်တာတွေ ခဏခဏ လုပ်တော့တာပေါ့။ အစိုးရကတော့ ထုံးစံအတိုင်း ထစ်ကနဲရှိ ကျောင်းပိတ်လိုက်တာပဲ။

ကျနော် သိလိုက်တာတခု ရှိသေးတယ်ဗျာ၊ ၁၉၇၅၊ ၇၆ ဝန်းကျင်က ရန်ကုန်စက်မှုတက္ကသိုလ်က တင်မောင်ဦးဆိုတဲ့ ကျောင်းသားတယောက်ကို သေဒဏ်ပေးသတဲ့။ သူက နိုင်ငံတော်ပုန်ကန်မှုလိုမျိုး ကျူးလွန်ခဲ့တယ်ဆိုပဲ။ အလုပ်သမားအရေးခင်း၊ ဦးသန့်အရေးအခင်းတွေမှာ အဓိကနေရာက ပါခဲ့တာလို့ ဆိုတယ်ဗျ။ တက္ကသိုလ်ကျောင်းသားတယောက်က နိုင်ငံတော်ကို ပုန်ကန်နိုင်တယ်ဆိုတာ နည်းတဲ့ အရည်အချင်းတော့ မဟုတ်ဘူးဗျ။ ကျနော်ကတော့ တော်တော်ကိုအထင်ကြီးသဗျာ။ သူ့ရဲကောင်း တယောက်လို အသက်စွန့်သွားတာမျိုးကို ကျနော်အားကျတယ်ဗျာ။

မြန်မာပြည်မှာ သေဒဏ်ဆိုတာ တရားရုံးတွေက အမိန့်သာချတာ။ တကယ်လည်ပင်း ကြိုးကွင်းစွပ်ပြီး သေဒဏ်ပေးတယ်ဆိုတာ မရှိသလောက် ရှားပါတယ်ဗျာ။ ကျနော်သိသလောက်တော့ တင်မောင်ဦးရယ်၊ ဗိုလ်ကြီးအုန်းကျော်မြင့်ရယ်၊ အာဇာနည်ကုန်းကို ဗုံးခွဲခဲ့တဲ့ မြောက်ကိုးရီးယား ထောက်လှမ်းရေး ဗိုလ်မှူးဇင်မိုရယ်၊ သုံးယောက်ပဲရှိမယ် ထင်ပါရဲ့။ သူတို့ကို ကြိုးပေးခဲ့တဲ့ အင်းစိန် ထောင်ထဲက ကြိုးစင်ကို ကျနော် အနီးကပ် လေ့လာဖူးတယ်ဗျာ။ ဒုတိယအကြိမ် ပုဒ်မ ၅ (ည)နဲ့ အင်းစိန်ထောင် ရောက်တုန်းကလေ။ ကျနော်က ခပ်ရှုပ်ရှုပ်ကောင်ဆိုတော့ လေ့လာရမယ်လေ။ ကိုယ်နဲ့ကြိုးကွင်း မတော်တဆ တနေ့ လာညားနေမလားလို့ပေါ့။

အင်းစိန်ထောင်ရဲ့ အချုပ်ဆောင် အမှတ် (၂) ဘေးက တောင်ယာဘုတ်ကို ကျော်ရင် ကြိုးစင်ကို ရောက်တယ်ဗျ။ နှစ်ကြိမ်းသမားနှစ်ယောက်ရယ် ကျနော်ရယ် သွားကြည့်ဖြစ်တာ။ သေချာတာပေါ့ဗျာ၊ ကျနော် ကြည့်ချင်တယ်လို့ နားပူလို့ လိုက်ပို့ကြတာပေါ့။ မီလ္လာဘုတ် ထုတ်ရင်း ကျနော့်ကို ကြိုးစင်နား ခေါ်သွားတယ်။

အင်းစိန်က ကြိုးစင်က လူနှစ်ယောက် တပြိုင်တည်း ကြိုးပေးလို့ရအောင် လုပ်ထားတာဗျ။ ဒေါက်ဖြုတ်ရင်လည်း တခုဖြုတ်ရင် သံတံခါးနှစ်ချပ်လုံး ပွင့်တယ်။ ကြိုးသမားရပ်ရမယ့်နေရာက သံပြား တမူးထုလောက်ခင်းထားတာ။ မောင်းတံနဲ့တူတဲ့ ဒေါက်ကလည်း မူးထုလောက်ပဲ။ လေးပေလောက် အရှည်ရှိတယ်။ အလယ်နှစ်ပေလောက်မှာ မူလီစုပ်ပြီး လှည့်နိုင်အောင် လုပ်ထားတယ်။ ဒေါက် မဖြုတ်ခင် ဟိုဘက်နှစ်ပေ၊ ဒီဘက်နှစ်ပေဟာ ကြိုးသမားရပ်နေတဲ့ သံပြားကို ထိန်းထားတာ။ သံပြားက သံချောင်း ခံနေတော့ လူတက်ရပ်လို့ ရတာပေါ့။ ဒေါက်ဖြုတ်လိုက်တော့ သံပြားက အံပွင့် ကျသွားတာ ကြိုးစင်က ခြောက်ပေခွဲလောက် မြင့်တယ်။ လေ့ခါးထစ်ပေါင်းက ကျနော် အမှတ်မမှားဘူးဆိုရင် ကိုးထစ်ပဲ။ ကြိုးစင်အောက်မှာလည်း မြေတိုက်ခန်းလိုရှိတယ်။ လှေခါးဆယ့်တထစ် ရှိတယ်။ ကြိုးပေးပြီး တဲ့အလောင်းကို အပေါ် ပြန်တင်နိုင်ဖို့ လုပ်ထားတာ။ တွဲလောင်းဖြစ်နေတဲ့ အလောင်းကို ကြိုးမဖြုတ်ခင် မသေသေအောင် အောက်ကလူက ဆွဲချရသေးတယ်တဲ့။

ဒီလိုဗျ။ ဒေါက်ဖြုတ်လိုက်တော့ ကြိုးသမားရပ်နေတဲ့ သံပြားကြီးက ဂျိုင်းကနဲပွင့်ကျသွားတယ်။ နောက် လည်ပင်းကကြိုးတပ်ထားတော့ တွဲလောင်းကြီးဖြစ်နေတယ်။ တချို့ကြိုးသမားက အဲဒီ

ဘခြေအနေမှာတောင် မသေနိုင်သေးတာ ကြုံတတ်တယ်တဲ့။ ဒီတော့ မသေသေအောင် အောက်ကနေ ခြေထောက်ကို ဆွဲချတာကိုပြောတာ။ မြေအောက်ခန်း ကြမ်းပြင်ကနေ ကြိုးသမားခြေထောက်ကို မှီအောင် ခွေးခြေလိုဟာမျိုး ချပြီး ဆွဲရတာတဲ့။ နောက် အလောင်းကို အပေါ် တင်လာပြီး စောစောက ကြိုးစင်ရှေ့အောက်မှာ သီးသန့်နေရာလေးတခု လုပ်ထားတယ်။

အဲဒီမှာ တာဝန်ကျ ဆရာဝန်က ကြိုးသမားသေဆုံးကြောင်း အတည်ပြုရတာတဲ့။ သေချာမေးထားတာလေ။ မပြည်စုံတာကို အခု စခန်းခွဲတာဝန်ခံ ကိုအေးနိုင်ကိုတောင် ထပ်မေးမိသေးဗျာ။ နှစ်ကြီးသမားတွေ အပြောကတော့ ကြိုးပေးတဲ့နေ့ဆို လှမ်းမြင်နိုင်တဲ့ အဆောင်တွေပေါ် မှာ ဝါးထရံတွေ ကာထားတယ်တဲ့။ ဘယ်သူမှ လှမ်းကြည့်ခွင့် မရှိဘူးတဲ့။ ကြိုးပေးချိန်က မနက်ငါးနာရီ ဝန်းကျင်တဲ့။ ကျနော်က စင်ပေါ် တက်ကြည့်ချင်ပါတယ်လုပ်တော့ နှစ်ကြီးသမားတွေက 'ကိုသက်ဒိုင်၊ ခင်ဗျားဗျာ၊ နိမိတ်မရှိ နမာမရှိ။ ဒါမျိုးက ကျနော်တို့တောင် မပြောရဲဘူး' တဲ့။ ကျနော့် ပါးစပ်ကို လက်နဲ့ပါ လှမ်းပိတ်သေးဗျာ။

ဗိုလ်ကြီးအုန်းကျော်မြင့် အကြောင်းလား၊ ၁၉၇၇ ဝန်းကျင်လောက်ပေါ့။ ဗိုလ်ကြီးအုန်းကျော်မြင့်က တိုင်းပြည်မှာ ဖြစ်နေတာတွေဟာ မတော်မတရားတွေများနေပြီဆိုပြီး မဆလခေတ်က ထိပ်တန်း ခေါင်းဆောင်တွေကို လုပ်ကြံတဲ့ အစည်းအဝေးတခုမှာ အပြတ်ရှင်းပြီး တိုင်းပြည်ကို ကယ်တင်ဖို့ အားထုတ်ခဲ့တာဗျ။ သူ့အကြောင်းကတော့ သတင်းစာတွေထဲမှာ အကျယ်တဝင့် ပါခဲ့တာပေါ့ဗျာ။

အော် ဗိုလ်ကြီး အုန်းကျော်မြင့်က သူ့စစ်ဆင်ရေးအတွက် တပ်ထဲက လူတချို့ကို စည်းရုံးခဲ့တယ်ဗျ။ သူက အဲဒီတုန်းက ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးကျော်ထင်ရဲ့ ကိုယ်ရေးအရာရှိဗျ။ သူက သူ့ဗိုလ်လောင်း အပတ်စဉ်မှာ အကောင်းဆုံးဗိုလ်လောင်းဆိုပဲ။ သူနဲ့ အမှုတွဲတွေဖြစ်တဲ့ ဗိုလ်ကြီးဘချစ်တို့၊ ဗိုလ်ကြီး ဝင်းသိန်းတို့၊ ဗိုလ်မှူး စိန်မြင့်တို့ လောက်တော့ ကျနော်မှတ်မိတယ်။ သူတို့စစ်ဆင်ရေး အတွက် 'စကားဝှက် ပြုတ်သီး' ဆိုတာလည်း ပါသေးဗျာ။ နောက်ဆုံး သူ့စီမံချက်ကို သက်ဆိုင်ရာက ရိပ်မိသွားတဲ့ အချိန်အထိ၊ တိုက်လေယာဉ်တစင်းကို မောင်းပြီး ဦးနေဝင်းနေတဲ့ အိမ်တော်ကို ဗုံးကြဲဖို့တောင် ကြိုးစားခဲ့သေးတယ်တဲ့။ လေတပ်ဦးစီးချုပ်က တိုက်လေယာဉ် လာတောင်းတာကို သက်ဆိုင်ရာကို လှမ်းတိုင်လိုက်တော့ သူ့အကြံ အထမမြောက်ဘူး ဖြစ်သွားတယ်။

တိုက်တိုက်ဆိုင်ဗျာ၊ ကျနော်တောင် (၈၈) နောက်ပိုင်း စစ်တပ်အာဏာသိမ်းပြီး ကန်ထရိုက်တွေ ဘာတွေလုပ်တော့ အဲဒီ နိုင်ငံတော်ပုန်ကန်မှုမှာ ပါခဲ့တဲ့ ဗိုလ်ကြီးဝင်းသိန်းနဲ့တောင် ခင်မင်ခဲ့သေးဗျာ။ ဘာတဲ့၊ ဒဂုံဖွံ့ဖြိုးအောင်ဆိုတာ သူ့ကုမ္ပဏီပေါ့။ မြေနီကုန်းကဒဂုံစင်တာဆိုတာ သူ့ကုမ္ပဏီက ဆောက်ခဲ့တာပေါ့ဗျ။

ငယ်ငယ်တုန်းကတော့ သူ့ခံယူချက်ကို မပြောတတ်ဘူးဗျာ။ တိုင်းပြည်အတွက် တကယ်စွန့်လွှတ်ဖို့ကြိုးစားခဲ့လေသလား၊ မတော်တဆ ရောယောင်ပါသွားသလားဆိုတာ ဝေခွဲရခက်ပါတယ်။ ကျနော်နဲ့ တွေ့တဲ့အချိန်မှာတော့ တကယ့်စီးပွားရေးသမား ပုံစံသက်သက်ပါပဲ။ ကျနော်နဲ့အတူတူပဲလေ။ အော် ဗိုလ်မှူး စိန်မြင့်ကိုလည်း တွေ့ဘူးတယ်ဗျ။

သူလား၊ တက္ကစီမောင်းနေတုန်း တွေ့တာဗျာ။

မှတ်တော့မှတ်မိနေသေးတယ်ဗျာ။ အဲဒီကာလမှာ ဦးနေဝင်း မိန့်ခွန်းတွေ ရုပ်မြင်သံကြားကနေ ကြားနေရတယ်ဗျ။ တပါတီစံနစ်ကိုပဲ ကြိုက်သလား၊ ပါတီစုံစံနစ်ကိုပဲ ကြိုက်သလား၊ လူထုဆန္ဒခံယူပွဲ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ကျနော်နဲ့အတူ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မီတီဝင်တချို့ပါ အနားယူကြမှာဖြစ်ပါတယ်။ အနားယူကြမယ့်သူတွေကတော့ ဦးကျော်ထင်၊ ဦးမောင်မောင်ခ၊ ဦးစန်းယုတို့ဖြစ်ပါတယ်တဲ့။ ထူးခြားတာက ဦးနေဝင်းက သူထွက်မယ့်အကြောင်း သူကိုယ်တိုင်

မပြောဘူးဗျ။ ဦးထွေးဟန်ဆိုတဲ့ပုဂ္ဂိုလ်ကို 'ထွေးဟန် လာအုံး၊ ဒါဖတ်ပြလိုက်' ဆိုပြီး ပြောခိုင်းတာ။ အရပ်ထဲမှာတောင် 'ဟော့ကောင် ထွေးခံ လာအုံး' လို့ ရယ်စရာလုပ်နေကြသေးဗျာ။

နောက်စာမျက်နှာ လေးဆယ့်နှစ်မျက်နှာပါတဲ့ ဦးအောင်ကြီးရဲ့ မဆလပါတီရဲ့ အားနည်းချက်တွေကို ဖွင့်ချထားတဲ့ စာရွက်တွေလည်း ပလူပျံနေတယ်။ ထူးဆန်းတာက အဲဒီ ဦးအောင်ကြီးရဲ့စာတွေက ဝန်ထမ်းအရာရှိ ခပ်ကြီးကြီးတွေပါ ဖတ်နေကြတာကို ကျနော်သိတယ်လေ။ လျှပ်စစ်ဝန်ကြီးဌာနက စီမံညွှန်မှူး ဗိုလ်မှူးစိုးအောင်ဆီက ကြားနေတာ။

နေအုံးဗျာ၊ အဲဒီကာလတွေမှာပဲ ပေဖူးလွှာမဂ္ဂဇင်းမှာ ဗိုလ်ချုပ်အောင်ကြီးက 'ကျနော် အညာသားပါခင်ဗျား' ဆိုတဲ့ခေါင်းစဉ်နဲ့ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်အကြောင်းတို့၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သားတွေ ရှင်ပြုတဲ့အကြောင်းတို့ အခန်းဆက်တွေ ရေးရေးနေတယ်ဗျ။ ဖတ်လို့တော့ တော်တော်ကောင်းသဗျာ။ မငြင်းနိုင်တဲ့အချက်က မြန်မာပြည်သူတွေဟာ ဗိုလ်ချုပ်အောင်ဆန်းကိုတင် မကဘူး၊ ဗိုလ်ချုပ်ရဲ့မိသားစုကိုပါ သံယောဇဉ် ကြီးနေကြတုန်းဗျာ။ သူတို့ ဘယ်ရောက် နေကြပြီလဲ၊ ဘာတွေများလုပ်နေကြသလဲ၊ ဘယ်ပုံများ ရှိလေမလဲပေါ့ဗျာ။

အဲဒီအချိန်မှာ ဗိုလ်ချုပ်အောင်ကြီး ပေဖူးလွှာမှာရေးနေတဲ့ ဗိုလ်ချုပ်မိသားစုအကြောင်း ဆောင်းပါးတွေကို ကျနော် မလွတ်တမ်းဖတ်တယ်။ ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်ရဲ့အိမ်ကို ဗိုလ်ချုပ်အောင်ကြီး သွားလည်တော့ ဒေါ်ခင်ကြည် အာလူးနွှာနေတာတို့၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒေါ်ခင်ကြည် လက်ထပ်ပွဲအတွက် ဗိုလ်မှူးချုပ်မောင်မောင်နဲ့ ဗိုလ်ချုပ်အောင်ကြီးတို့က ဗိုလ်ချုပ်မိန်းမယူတာ အကဲပါလွန်းတယ်ဆိုပြီး ညစ်ခံပွဲအတွက်ဝတ်မယ့် တောင်ရှည်ပုဆိုးကို မတော်တရော်အဝါကွက်ကြားကြီး ဝယ်ပေးတာတို့၊ ဗိုလ်ချုပ်က အရွဲ့တိုက်တာကို မသိရှာဘဲ သဘောကျပြီး ဝတ်နေခဲ့တာတို့၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သားနှစ်ယောက် ရန်ကုန်မှာ ရှင်ပြုလာလုပ်တာတို့ တော်တော်ကို ပြည့်ပြည့်စုံစုံ ရေးပြတာဗျ။

နတ်မောက်သား ဆိုတော့ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို သူများထက် စိတ်ဝင်စားတာတော့ အမှန်ပဲဗျ။

ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်လို့လား။

ကျနော် အမှန်အတိုင်း ပြောမယ်ဗျာ။ ကျနော့်ဇာတိချက်ကြွေအရပ်ဟာ ကျနော်အစပိုင်းက ပြောခဲ့ဖူးသလိုပဲ ဗမာသွေးစစ်စစ်တွေချည်း နေတဲ့အရပ်ဗျ။ တခြား တိုင်းရင်းသားတွေတောင် မရှိတဲ့အရပ်။ လင်ကွာမယားကွာ မရှိတဲ့အရပ်။

ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားသားနဲ့ အိမ်ထောင်ပြုတာကို ကျနော်သဘောမကျဘူး။ ကုန်ကုန်ပြောမယ်ဗျာ၊ တခြားသူ သဘောမကျဘူးဆိုတာ ကျနော် သဘောမကျတာရဲ့ အပုံတသောင်းပုံ တပုံတောင် မရှိနိုင်ဘူးဗျာ။ ကျနော်က ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းတွေ နားထောင်ရင်တောင် ကြက်သီးထသလို၊ ယောက်ျားတန်မဲ့ မျက်ရည်စို့ချင်သလို ဖြစ်တဲ့အထိ ဗိုလ်ချုပ်ကို လေးစားတာကလားဗျာ။ ဗိုလ်ချုပ်နဲ့ ပတ်သက်သမျှ အားလုံးကို ခြောက်ပစ်ကင်းစေချင်တဲ့ စိတ်က စွဲနေတာလည်း ပါပေမပေါ့။

ဒါပေမဲ့ဗျာ၊ ဒေါ်အောင်ဆန်းစုကြည်ဟာ တိုင်းပြည်နဲ့လူမျိုး ဒုက္ခရောက်နေတာကို မကြည့်ရက်လို့ အပူအပင် အကြောင့်အကျမရှိတဲ့ ဘဝကနေ ငရဲခန်းထဲ ခုန်ဆင်းလာသလိုမျိုး အနစ်နာခံတဲ့ လုပ်ရပ်တွေကိုတော့ ကျနော်လေးစားမှု တရားမယ်လို့ ထင်တယ်ဗျာ။ ကြည့်လေဗျာ၊ လင်ယောကျ်ားနဲ့ သေကွဲ၊ သားတွေနဲ့ ရှင်ကွဲ။ အမှန်ပြောရရင်ကျနော်လည်း သူ့လို မစွန့်လွှတ်နိုင်ဘူးဗျ။

သူ့ကို စေဖန်နေတဲ့သူတွေလည်း သူလို စွန့်လွှတ်ဖို့ မလွယ်ဘူးထင်ပါရဲ့ဗျာ။ ကျနော်လို မာပါတယ် ဆိုတဲ့လူတောင် သပိုးမျက်နှာ၊ ဇနီးမျက်နှာ ပြန်မြင်လိုက်ရင် ဇာတိမာန် ပိန်ရှုံ့ သွားတတ်သေးတာဗျာ။ လူဆိုတာ နေရာတိုင်း ခြောက်ပစ်တော့ မကင်းနိုင်ပေဘူးဗျ။ သူ့ရဲ့ အလွန်ကြီးမားသော စွန့်လွှတ် အနစ်နာခံမှုကိုတော့ ကျနော် အလေးအနက် အသိအမှတ်ပြုတယ်ဗျာ။ ခင်ဗျားလည်း ခင်ဗျားသဘော ပေါ့၊ တူချင်တူ ကွဲချင်ကွဲပေါ့၊ အခုပြောနေတာက ကျနော့် အယူအဆ သက်သက်ပါ။

ဒေါ်အောင်ဆန်းစုကြည်တို့မိသားစုကိုလား။ ကျနော် တွေ့ဖူးတာပေါ့ဗျ။

ဒေါ်ခင်ကြည်ဆုံးပြီး နောက်နေ့လားပေါ့။ ကျနော် ဒေါ်ခင်ကြည်နေတဲ့ အင်းလျားအိမ်ကို ရောက်သွားတယ်။ ဒေါ်ခင်ကြည် ရုပ်ကလာပ်ကို အသုဘရှုဖို့ဆိုပါတော့ဗျာ။ ကျနော့်လက်စွဲတော် ဘာလားတောင် ပါလိုက်သေးဗျာ။ အော် ဒါနဲ့ဘားလားက ဒေါ်ခင်ကြည်ကို သိတယ်ဗျ။ သိတာမှ လူကို အနီးကပ် မြင်ဖူးတာ။ ဘယ်တုန်းကလဲ၊ ဟုတ်လား။ ဒေါ်ခင်ကြည်တို့ခြံထဲက ဘယ်ကာလက မြေကြီးထဲ မြုပ်နေမှန်းမသိတဲ့ ရေပိုက်လိုင်းအဟောင်းတွေကို ခြစောင့်က ရောင်းချင်တယ်ဆိုလို့ သွားဖော်တုန်းကတဲ့ဗျာ။ အေးပေါ့ဗျာ၊ ရေစက်ဆိုတာ ဒါထင်ပါရဲ့။ ကျနော်နဲ့ ဒေါ်ခင်ကြည်တွေတော့ သူဟာ ကုတင်ပေါ်မှာ လဲလျောင်းပြီး အနိစ္စရောက်နေခဲ့ပါပြီဗျာ။

အဲဒီနေ့က ဒေါ်အောင်ဆန်းစုကြည်၊ မိုက်ကယ်အဲရစ်၊ သူ့သားနှစ်ယောက် မြင့်ဆန်းအောင် (အလက်ဇန္ဒား)၊ ထိန်လင်း (ကင်မ်) တို့ကိုပါ တွေ့တာပေါ့ဗျာ။

အေးဗျာ လွန်ခဲ့တဲ့ အနှစ်ငါးဆယ်ဝန်းကျင်က၊ ကျနော်တို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း အရွှးအမူးမြတ်နိုးခဲ့တဲ့ သူနာပြုဆရာမလေး မခင်ကြည်၊ ဘေးကရဲဘော်တွေတောင် ဗိုလ်ချုပ်ကမိန်းမယူမယ့်ကိစ္စကို အကဲပိုလွန်းတယ်လို့ မြင်ပြင်းကပ်လောက်အောင် ရွဲလန်းခဲ့တဲ့ မခင်ကြည်၊ ဗိုလ်ချုပ်ကျဆုံးပြီးတဲ့နောက်မှာ အိန္ဒိယနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းခဲ့တဲ့ မခင်ကြည်၊ အမေ့ခံ ဒေါ်ခင်ကြည် ဆိုပါတော့ဗျာ။ သူဟာ ကျနော့် မျက်စေ့အောက်က ရှေးဟောင်း ကျွန်းကုတင်ကြီးထက်မှာ မနိုးသောအိပ်ခြင်းနဲ့ အနားယူနေပါပြီ။ ဒေါ်ခင်ကြည်ဟာ အသားညို ပါတယ်။

အဖွားသေလို့ မြေးပျော်သလားတောင် ဆိုရမလိုပါပဲဗျာ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့သား အငယ်ကောင် ထိန်လင်းက ကျနော့် စိတ်ထင်ခုနစ်နှစ်သားလောက် ရှိမယ်ထင်ပါတယ်။ လှေခါးပေါ် ပြေးတက်လိုက် ပြေးဆင်းလိုက်နဲ့ အူမြူးနေတဲ့ပုံပါပဲ။ သားအကြီး မြင့်ဆန်းအောင်ကတော့ ဆယ်သုံးလေးနှစ်အရွယ်မို့ သူ့အဖေ မိုက်ကယ်အဲရစ်နဲ့ ဘေးချင်းယှဉ်ရပ်ပြီး ကင်မရာတလုံးကို ထည်ပင်းမှာလွယ်လို့ တည်တည်ငြိမ်ငြိမ်ပဲရှိနေပါတယ်။ မိုက်ကယ်အဲရစ်ဟာ အရပ်ခြောက်ပေနီးပါး ရှိတဲ့ ကျနော့်ထက်ကို လေးငါးလက်မလောက် မြင့်အုံးမယ်ဗျာ။ စိတ်ရင်းကောင်းမယ့်ပုံပေါ် ပါတယ်။ ကျနော့် အထင်ပေါ့လေ။

ဒေါ်ခင်ကြည် ဈာပနနေ့က ဦးအောင်ဆန်းဦးကို တွေ့ဖူးပြန်ပါတယ်။ ဦးသန့်ရဲ့အုတ်ဂူနဲ့ သခင်ကိုယ်တော်မှိုင်းရဲ့အုတ်ဂူ မလှမ်းမကမ်းမှာ ဂူသွင်းမယ့်အချိန်မှာ တွေ့တာဗျ။ ဈာပနပွဲမှာ အုံနဲ့ကျင်းနဲ့ လိုက်ပါလာတဲ့ ကျောင်းသားတွေက နိုင်မြန်မာရေးတဲ့ 'ကမ္ဘာမကြေဘူး' ဆိုတဲ့သီချင်းကို အသံကုန်အော်ဆိုနေကြတယ်။ ရာဇဝင်တွေလည်း ရိုင်းခဲ့ရပြီ အဖရေ့ ဆိုတဲ့နေရာမှာ ဦးအောင်ဆန်းဦးကို ဦးတည်ပြီး အားကိုးတကြီးဆိုနေကြတာပေါ့ဗျာ။ ဒါနဲ့ ကျနော်လည်း ဒီအချိန် ဦးအောင်ဆန်းဦးမျက်နှာ ဘယ်လိုရှိလေမလဲလို့ အနီးကပ်သေချာ ငေးလှလာမိလိုက်ပါတယ်။ ကျနော် လူကဲခတ် မညံ့ပါဘူးဗျာ။ အဲဒီ 'အဖရေ့' ဆိုတဲ့ စာသားနေရာမှာ တော်တော်ကို ကျယ်ကျယ်

လောင်လောင်နဲ့ ခံစားချက်အပြည့်နဲ့ အော်နေပေမဲ့ ဦးအောင်ဆန်းဦးဟာ ရှာပနမြန်မြန်ပြီးလည်း အေးရောဆိုတဲ့ပုံမျိုး ပေါက်နေသဗျာ။

ပရိသတ်ကြားထဲမှာ အသားမဲမဲ၊ နဖူးပြောင်ပြောင်၊ မျက်မှန်နဲ့ ချွေးပြန်ပြီး စိတ်ဒိုက်နေတဲ့ သူ့ပုံကို အခုထိ ကျနော် မြင်ယောင်နေတုန်းဗျ။ ထူးဆန်းတာတခုက ကျနော်မြန်မာပြည်ကြီးနဲ့ ပတ်သက်လို့ ဦးအောင်ဆန်းဦးကို တခါမှ စိတ်ကူးနဲ့တောင် အားမကိုးမိပါဘူးဗျာ။ ဘာကြောင့်လဲ၊ ဟုတ်လား။ သူ့ပုံစံက လူအများကို လွှမ်းမိုးဦးဆောင်နိုင်မယ့်ပုံ မရှိတာကြောင့်ဗျို့။

■

အခန်း (၄၀)

# မုန်တိုင်းဝင်ပြီ

ကျနော်ဟာ ကျောင်းသားအရွယ်လည်း မဟုတ်တော့တဲ့အတွက် အရေးအခင်းရဲ့ အစပိုင်းအချိန်တွေမှာ တောင်ကြည့်မြောက်ကြည့်လောက်ပဲ လုပ်နေခဲ့တာဗျ။ ရုတ်ခြည်း ဗုန်းကနဲ ထဖြစ်လာတာတော့ မဟုတ်ပါဘူး။ တစတစ အခြေခံလာတဲ့ အကြောင်းရင်းတွေကတော့ အများကြီးပါ။

စက်မှုတက္ကသိုလ်ကမောင်တွေ ကြို့ကုန်းလက်ဖက်ရည်ဆိုင်မှာ ရန်ပွဲဖြစ်ရာက ဆူဆူညံညံဖြစ်တာတွေလည်း ကြားရဲ့။ အဲဒီ လက်ဖက်ရည်ဆိုင်က စက်မှုတက္ကသိုလ် ရှေ့လမ်းကနေ ကြို့ကုန်းဘူတာဘက်ကို သွားတဲ့လမ်းမှာ ရှိတာဗျ။ အဲဒီရန်ပွဲကို အစိုးရ ကိုင်တွယ်ဖြေရှင်းလိုက်ပုံက ပစ်ဟယ်၊ ခတ်ဟယ်ဆိုတော့ သေတာကြေတာတွေ ဖြစ်ကုန်ရောဗျာ။ ဘုန်းမော်ဆိုတဲ့ စက်မှုကျောင်းသား သေနတ်မှန်ဆုံးတော့ ပြဿနာက ကြီးသထက်ကြီးလာတယ်။

နောက်သတိရမိတာတခုက ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ထဲက အပန်းဖြေရိပ်သာ (အာစီ) ရှေ့မှာ စင်ထိုးပြီး ကျောင်းသားတွေ တက်ဟောနေပြောနေကြတာ၊ ကျနော့်နံမည် မိုးသီးပါ၊ ဇွန်လမှာ မွေးလို့ မိုးသီးဇွန်လို့ ခေါ်တာပါဆိုပြီး လွယ်အိတ်ကို ဘေးတိုက် စလွယ်သိုင်းပြီး တက်ကြွနေတဲ့ မိုးသီးဇွန်ကိုလည်း တွေ့ခဲ့သေးဗျာ။ သူရော၊ နောက်ကျောင်းသား နှစ်ယောက် ဟောနေပြောနေကြတာက ကျောင်းသုံး စာရေးကိရိယာ အလုံအလောက်ရဖို့၊ ကျောင်းတွေမပိတ်ဖို့နဲ့ ဦးနေဝင်း လိင်ကိစ္စ ဖောင်းကျန်းတဲ့ အကြောင်းတွေလောက်ပဲ ကျနော်နားထောင်မိသဗျာ။

ပြည်လမ်း အင်းလျားကန်ဘောင်အနားမှာ ကျောင်းသူကျောင်းသား တော်တော်များများကို ရက်ရက်စက်စက် ရိုက်နှက်နှိမ်နင်းလိုက်တဲ့နေ့က ကျနော် အလုံဘက်ကို ရောက်နေတယ်ဗျ။ ဗိုလ်မှူးစိုးအောင်နဲ့ အဖွဲ့ကျနေတာ။ သူ့မိန်းမက ဦးနေဝင်းရဲ့ဇနီး သမိုင်းကထိက ဒေါ်နီနီမြင့် သူငယ်ချင်းဗျ။ သူ့ရုံးမှာ ထိုင်နေရင်း သတင်းနားထောင်ရတာ သတင်းစုံတယ်၊ တိကျတယ်ဗျာ။ ဗိုလ်မှူးစိုးအောင်က တယ်လီဖုန်းသတင်းတခု နားထောင်ရင်း စစ်တပ်ကလည်း စွတ်ပစ်နေတော့တာပဲကွာတဲ့။ လေးငါးကြိမ်

ညည်းပြော ပြောနေတယ်ဗျ။ ကျနော့်စိတ်ထဲ စစ်ဗိုလ်ကိုယ်တိုင်က စစ်တပ်ကြီး စွတ်ပစ်နေတယ်လို့ ပြောတာကိုကြားတော့ နည်းနည်းတော့ ဆန်းသလိုပဲဗျ။

နောက်တခုဗျာ၊ သိမ်ဖြူလမ်းနဲ့ ဗိုလ်ချုပ်လမ်းထောင့်က ဆန္ဒပြတဲ့သူတွေကို အသားတင်တဲ့ အအေးခန်း အလုံပိတ်ကားတွေနဲ့တင်ပြီး ဖမ်းလာတာ အသက်ရှူကြပ်ပြီး သေကုန်တယ်လည်းကြားရော၊ ကျနော် ဒီအရေးအခင်းထဲပါမှ ဖြစ်တော့မယ်လို့ ဆုံးဖြတ်မိရောဗျာ။ အေးလေ၊ ကျနော် ပြောခဲ့ပြီးပါပကော။ သိပ်မတရားလွန်းရင် ကျနော်မကြိုက်ဘူး၊ ငြိမ်မနေတတ်ဘူးလို့၊ နောက်ဗျာ၊ ကျောင်းသားတွေကိုပစ်တဲ့ သေနတ်တွေရဲ့ အမျိုးအစား၊ ကျည်ဆံ အမျိုးအစား၊ ဘယ်သူက ပစ်တယ်၊ ဘာညာနဲ့ ပေါ်ကြောင်ကြောင် ခေါင်းရှောင်တဲ့ အစီရင်ခံစာတွေလည်း ထွက်လာသေးတယ်။

ကျနော် တော်တော်ချောင်လည်နေတဲ့ အချိန်ဗျ။ အဝတ်အစားထည့်တဲ့ သေတ္တာထဲမှာ ပိုက်ဆံထည့်တာတောင် သော့ပိတ်မရချင်လောက်အောင် အဆင်ပြေနေတာ။ ကျနော် တယောက်တည်း ကောင်းစားနေလို့ မဖြစ်သေးဘူးလေ။

ကျနော် ကျောင်းဆရာဘဝက ကျောင်းပတ်လည်မှာ ဖွံ့ဖြိုးသည်ချည်းပဲဗျ။ အမြင်မတော်လွန်းလို့ ကျောင်းဆရာလခလေးထဲကနေ ဖွံ့ဖြိုးသည်အုပ်စုက ကလေးငယ်လေးတွေအတွက် ဆေးတို့၊ နို့မှုန့်တို့၊ အဟာရမှုန့်တို့၊ ဝယ်ဝယ်ပေးနေရတာလည်း အကြိမ်ပေါင်း မနည်းပါဘူးဗျာ။ ခေတ်တွေ စံနစ်တွေ ပြောင်းလဲမှ ဖွံ့ဖြိုးသည်တွေလည်း လူလူသူသူ ဖြစ်လာတော့မပေါ့။

ကျနော်ကသာ ဖွံ့ဖြိုးသည်တွေဆီ စိတ်ရောက်နေတာ၊ အဲဒီအချိန်မှာ ကျနော်တို့နိုင်ငံက ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ ဖြစ်နေပြီတဲ့ဗျာ။ အော် ကမ္ဘာ့ဖွံ့ဖြိုးသည် ဆိုပါတော့ဗျာ။ ဒီတော့ ကျနော် စနစ်ကြီးကို ပြောင်းစေချင်တယ်။ ကျနော် တတ်နိုင်သမျှ ပါဝင်ပြီး လုပ်သင့်တယ်လို့ ယူဆတယ်။

ပြောရင်တော့ ယုံဖို့တောင် ခပ်ခက်ခက်ပဲ။ ဂဏန်းသုံးခု ဥဿုစ်ထုဆိုတဲ့ တဘောင်ကို အခြေခံပြီး ရှစ်လေးလုံးမှာ ဂဏန်းက သုံးခုတင်မက လေးခုဖြစ်နေလို့ တနိုင်ငံလုံး အုံကြွမယ်၊ ဆူပူမယ်၊ တိုင်းပြည်ပျက်မယ်ပေါ့ဗျာ။ ဒါပေမယ့် အဲဒီ (၈) ရက် (၈) လ (၈၈) ခုနှစ်က မနက်ကိုးနာရီဝန်းကျင်အထိ ဘာမှ မထူးခြားသေးပါဘူးဗျာ။ နောက် ၁၁ နာရီကျော်လောက်ကျမှ အဖြူအစိမ်းနဲ့ အထက၊ အလကသမဂ္ဂလို့ ခေါ်မလားဗျာ၊ အဲဒီ အထက်တန်း၊ အလယ်တန်း ကျောင်းသားကလေးငယ်လေးတွေက စလိုက်တာတော့ သေချာတယ်ဗျာ။

ကျနော် အရေးအခင်းထဲ ဘယ်လို ဝင်ပါသလဲ၊ ဟုတ်လား။ ခင်ဗျားဗျာ၊ နေ့တိုင်းနီးပါး ချီတက်ဆန္ဒပြပွဲတွေ ရှိနေတာ။ ကျနော်လည်း အဆင်သင့်တဲ့ ဖွဲ့တွေနဲ့ တန်းစီချီတက် ကြွေးကြော်ပေါ့။ အေးလေ၊ ဒီမိုကရေစီ ရရှိရေး၊ ဒို့အရေး။ ကြားဖြတ်အစိုးရ ဖွဲ့စည်းရေး၊ ဒို့အရေးပေါ့။ ကျနော်က ဘွဲ့ရထားပြီး အသက်ကလည်း ကြီးနေပြီဆိုတော့ ဘွဲ့ရကျောင်းသားများသမဂ္ဂမှာ ပါလိုက်သေးတယ်။ ဘာကောင်မှ မဟုတ်ပါဘူးဗျာ။ အဖွဲ့ဝင်ရိုးရိုးပေါ့။ နေရာက အရေးမကြီးပါဘူးဗျာ။ ဒီခေတ်၊ ဒီစံနစ်ကြီး ပြောင်းဖို့သာ အဓိကပါ။

ဘယ်တလာ ကွန်မြူနစ်တွေ၊ ဘာတွေနဲ့ပတ်သက်ရုံမှာလည်းဗျာ။ လူထုဒေါ် အမာသား ထွန်းကျော်ခေါ် စိုးဝင်းတို့အဖွဲ့ တောခိုသွားတာ လည်မျိုကို ဝါးရင်းတုတ်နဲ့ ရိုက်သတ်ခံခဲ့ကြရတာကို သခင်သန်းထွန်း နောက်ဆုံးနေ့များမှာ အသေးစိတ်ရေးပြတာ ဖတ်ပြီးကတည်းက ကွန်မြူနစ်ဆို လေသံတောင် မကြားချင်လောက်အောင် ဖြစ်ကုန်ကြပြီ။ နေအုံးဗျ။

ကျနော်တင်မကဘူး၊ အိမ်က ဇနီးလုပ်သူ မရွှေချောကပါ သူ့အစီအစဉ်နဲ့သူ တနေကုန် မြို့ထဲလိုက်ပြီး ဆန္ဒပြနေသေးဗျာ။ ဘယ်လောက် ဇွဲကောင်းသလဲတော့ မပြောနဲ့တော့ဗျာ။ သူရော၊

ကျနော်ပါ၊ ပါးတွေမှာ နေလောင်ပြီး အဖတ်တွေ ကွာကုန်တယ်။ ညည သနပ်ခါးထူထူ လိမ်းနေတာက တခုကွဗျာ။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမှာ ထူးထူးခြားခြား ပြည်သူလူထု သဘောကျတဲ့ ဆိပ်တန်းအရာရှိ ဗဟိုကော်မတီဝင်တယောက် ရှိတယ်ဗျ။ ဟုတ်တယ်၊ ဦးတင်အောင်ဟိန်းလေ။ ဘာတဲ့၊ ပြည်သူ့ တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌဆိုလား။ သူက လူတမျိုးဗျ။ အဲဒီခေတ်က ဝန်ကြီးတွေစီးတဲ့ နိုင်းတူးနိုင်းကို ဒရိုင်ဘာနဲ့ ဘေးချင်းယှဉ်ပြီးစီးတတ်လို့ နာမည်ကြီးတယ်။ တခြားဝန်ကြီးတွေက နောက်ခန်းမှာ ထိုင်ကြတာ။ ကိုယ်ရေးအရာရှိကသာ ယာဉ်မောင်းနဲ့အတူ ထိုင်တာလေ။

အင်း အဲဒီ ဦးတင်အောင်ဟိန်းပေါ့ဗျာ။ လူထုက တပါတီစနစ်ကို ကြိုက်၊ မကြိုက် ဆန္ဒယူပွဲ တခု လုပ်မယ်ဆိုပြီး အရေးအခင်း ဖြစ်နေချိန်ကြီးဗျာ၊ လူအုပ်ကြီးထဲကို ဦးတင်အောင်ဟိန်း ပေါက်ချလာတယ်။ နိုင်းတူးနိုင်းကြီးနဲ့ပါပဲဗျာ။

ကျနော် သူ့ကို အနီးကပ်တွေ့ရတယ်။ ဦးဝိစာရလမ်းပေါ် က အင်ဖိုင်းခန်းမနားမှာဗျာ။ သူလာမယ်ဆိုတာ လူထုက ကြိုသတင်းရထားတော့ တပါတီစနစ်ကို မကြိုက်တော့တဲ့အကြောင်း ဆန္ဒဖော်ထုတ်ဖို့ လမ်းအပြည့် ရောမလူအုပ်ကြီးက စောင့်နေတယ်။ သူ့ကားက မနက်ကိုးနာရီလောက်မှာ ဝင်လာတယ်။ လူတွေက သိပ်များနေတော့ ကားက မောင်းမရဘူး။ တလိမ့်ချင်းလိမ့်နေတယ်။ တော်တော်ကို သတ္တိကောင်းတဲ့ ဘိုးတော်ဗျာ။ အခန့်မသင့်ရင် ကားရောလူပါ တစစီ ဖြစ်သွားနိုင်တာနော်။ သူ့တော့ ခပ်အေးအေးပုံစံ၊ သူ့ကိုယ်သူ ယုံကြည်မှုအပြည့် ရှိနေပုံပဲ။ နောက်ဆုံးတော့ ဦးတင်အောင်ဟိန်းဟာ လူအုပ်ကြီးရဲ့ပမာဏကို ကြည့်ပြီး ဆန္ဒခံယူစရာ မလိုတော့ဘူးဆိုတဲ့ မှတ်ချက်နဲ့ ပြန်ထွက်ခွာသွားပါလေရောဗျာ။

ခင်ဗျားလည်း သိပြီးသားတွေ နေမှာပါဗျာ။ တနိုင်ငံလုံး ရှုပ်ထွေးနေတဲ့အချိန်မှာ ဦးစိန်လွင်က ၁၇ ရက် သမ္မတ တက်ဖြစ်လိုက်သေးဗျာ။ ဦးစိန်လွင်ဟာ ဗွတ်တရွတ်သမား၊ တကယ့်ကို ရက်စက်တဲ့သူဗျ။ အရပ်သတင်း ဖြစ်လိုက်သေးတယ်ဗျာ။ နိုင်ငံတော် ဗေဒင်ဆရာ၊ ဆရာမြိုင်ဆိုတဲ့ပုဂ္ဂိုလ်က ဦးစိန်လွင်ကို အခါတော်ပေးသတဲ့။ ကျောင်းသားခြောက်ထောင် ပစ်သတ်လိုက်ရင် တိုင်းပြည် အခြေအနေ ကောင်းသွားမယ်ဆိုလား။ ဒီတော့ဦးစိန်လွင်က ခြောက်သောင်း သတ်ရလည်း သတ်မယ် ဆိုသတဲ့ဗျာ။ တကယ်ဟုတ် မဟုတ်တော့ ကျနော်လည်း အတည်မပြုနိုင်ဘူးဗျာ။

ဒါပေမဲ့ သေချာတာတခုကတော့ ဦးစိန်လွင်တာဝန်ယူခဲ့တဲ့ သမ္မတသက်တမ်း ၁၇ ရက်မှာ ကျောင်းသားတွေရော ပြည်သူတွေပါ အများကြီး ပစ်သတ်ခံခဲ့ရတာတော့ အမှန်တရားပဲ။ မြို့တော်ခန်းမရှေ့မှာ အေးအေးချမ်းချမ်း ဆန္ဒပြနေတဲ့ လူအုပ်ကြီးထဲကို စွတ်ပစ်တယ်ဗျာ။ သေလိုက်တာမှ အတုံးအရုံးဗျာ။ မသေမရှင်တွေ ကားပေါ် အကုန်ဆွဲတင်ပြီး ဘယ်လို လက်စဖျောက်မှန်းမသိ အဖျောက်ခံရတယ်။ ကျနော်တို့လမ်းထဲက ကြက်ရောင်းတဲ့ ဦးစိုးဝင်းသား တင်ထွန်းဆိုတဲ့ ဆယ်တန်းကျောင်းသားလေးတို့၊ တက္ကစီမောင်းတဲ့ မောင်ချစ်တို့လည်း အဲဒီ တမလာ သတင်းမကြား၊ ဘယ်ဂတိလားမှန်းမသိ ပျောက်ခဲ့ရတာတွေပေါ့ဗျာ။ သူတို့အလောင်းကို ဘယ်လိုသဂြိုဟ်လိုက်ကြတယ်ဆိုတာ ဒီနေ့အထိ မသိကြရပါဘူး။

အရေးအခင်းကာလမှာ ကျနော် သဘောအကျဆုံးကတော့ သတင်းစာတွေပဲဗျာ။ သတင်းစာတွေဟာ တကယ့်ကို လွတ်လွတ်လပ်လပ် ရေးနိုင်ခဲ့တဲ့ အချိန်လေးပေါ့ဗျာ။ ဘာတဲ့ ကမ္ဘာဆုံးတိုင် ဝန်ကြီးချုပ် ဦးနု၊ ဦးနု ဝန်ကြီးချုပ် တပြားသားမှ မလျှော့၊ အောင်၊ စု၊ တင် အကွဲအပြဲပေလော စုံလို့ပါပဲဗျာ။ ဒီမိုကရေစီ အမြည်းလေး တဇွန်း နှစ်ဇွန်း စားလိုက်ရသလိုပါပဲဗျာ။

ဦးစိန်လွင် ပြုတ်ပြန်တော့ ဒေါက်တာမောင်မောင် သမ္မတ ဖြစ်လာပြန်ရောဗျာ။ သူတော့ လူအေးလူဖျော့လို့ ကျနော်ထင်တယ်။ သူပြောခဲ့တာတွေ ကျနော် မှတ်မိနေသေးတယ်ဗျာ။ နိုင်ငံတော်ကောင်စီကို ဖျက်ပါ၊ ဖျက်ပါ၊ ပြည်သူ့လွှတ်တော်ကို ဖျက်ပါ၊ ဖျက်ပါ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖျက်ပါ၊ ဖျက်ပါနဲ့ ဘယ်အရာကို တောင်းဆိုနေကြတာလဲ။ ၁၉၆၂ ခုနှစ်တုန်းကတခါ မလွှဲသာ၊ မရှောင်သာလို့ တပ်မတော်က အာဏာသိမ်းလိုက်ရတယ်။ ကောင်းတဲ့ အစဉ်အလာတော့ မဟုတ်ဘူး။ သုံးလ၊ ရက်ပေါင်း ကိုးဆယ်အတွင်း ရွေးကောက်ပွဲ ပြုလုပ်ပေးပါ့မယ်၊ တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အဦးကြီးကို ပျော်ပျော်ပါးပါး အုတ်မြစ်ချကြပါစို့၊ အစိုးရရုံးတွေ အဆင့်ဆင့်သော ကောင်စီရုံးတွေကိုသိမ်းပြီး ထင်တိုင်းကြနေတာတွေ ရပ်တန်းကရပ်ကြပေတော့ သူ ပြောတာတော့ အရှည်ကြီးပဲဗျာ၊ အဲဒီမိန့်ခွန်းကိုလည်း ရုပ်မြင်သံကြား၊ ရေဒီယိုတို့ကနေလွှင့်တဲ့ အကြိမ်ပေါင်းလည်း မနည်းလှပါဘူးဗျာ။

သူ မျက်ရည်တွေစို့ပြီး ပြောနေတာဗျ။ ကျနော်ကတော့ ဒေါက်တာမောင်မောင် ဒီလိုပြောနေတာ နားထောင်ရတာ စိတ်ထဲ မကောင်းလှဘူးဗျာ။ ကျနော့်အကျင့်က အေးအေးဆေးဆေး ချော့မော့ပြောရင် လက်ခံချင်တဲ့ မာတ်ခံဉာဉ်ရှိတယ်။ ကျနော်သိသလောက် တတ်သလောက်တော့ ဒေါက်တာမောင်မောင်ပြောတာ လက်ခံသင့်တယ် ထင်တာပဲဗျာ။

တကယ်တမ်းပြောရရင် လူတွေဟာ ဆန္ဒသာပြနေကြတာ၊ ဘာကို ဘယ်လိုဦးတည်နေမှန်း သိပ်မသိကြတော့သလိုပဲဗျာ။ ဒီကြားထဲမှာ စစ်တပ်က စဖောက်ပေးခဲ့တဲ့ ဂိုဒေါင်တွေကိုဝင်ပြီး ရရာထမ်းကြ၊ သူကြ၊ သယ်ကြနဲ့ ဖြစ်ချင်တိုင်းကို ဖြစ်နေတော့တာပဲဗျို့။

ဒေါက်တာမောင်မောင် တက်လာပြီး စစ်အုပ်ချုပ်ရေးဥပဒေကို ရုပ်သိမ်းလိုက်တော့ စစ်သားတွေနဲ့ ဆန္ဒပြတဲ့လူတွေ တွဲပြီး ကကြခုန်ကြသေးဗျာ။ ကျနော်တော့ ဝမ်းသာသဗျာ။ တချို့ မိန်းမပျိုလေးတွေလည်း စစ်သားတွေကို ပန်းကုံးတွေဘာတွေ စွပ်ကြလို့ပေါ့။

အေးဗျာ၊ ကျနော်လည်း ဘာကောင်မှမဟုတ်၊ နိုင်ငံရေးဆိုတာလည်း သိပ်နားလည်လှတာ မဟုတ်ပါဘူး။ တိုင်းပြည်ဆင်းရဲတယ်၊ လူတွေ ဒုက္ခရောက်ကြတယ်၊ ဒီတော့ တိုင်းပြည်ကြီးပွားမယ့် စံနစ်တခု ပြောင်းစေချင်တယ်၊ ကျနော်နားလည်တာ ဒီလောက်ပဲဗျ။

နောက်တခုက လူထုဆန္ဒပြပွဲကြီးကို ကျနော်လေးစားတဲ့ ဆရာဇော်ဂျီတို့၊ ဆရာကြီးမင်းသုဝဏ်တို့လို သူတွေကအစ တကယ်တတ်ကျွမ်းနားလည်တဲ့ သူတွေကလည်း ထောက်ခံကြတော့ ကျနော်လည်း ထောက်ခံလိုက်တာပဲ။ ဆက်ပြီး ဆန္ဒပြနေတာပဲဗျ။

ကျနော့်စိတ်ထင် ကုန်သွယ်ရေးရုံးချုပ်၊ ခြောက်ထပ်ရုံးမှာဖြစ်ခဲ့တဲ့ ပြဿနာကလည်း တိုင်းပြည်ကြီး တမျိုးတဖုံဖြစ်အောင် ဖန်တီးခဲ့လေသလား ထင်မိတော့တာပဲဗျာ။

ကုန်သွယ်ရေးရုံး ပြဿနာက ဒီလိုဗျ။

အဲဒီရုံးပေါ်မှာ စစ်တပ်က တပ်ခွဲတခွဲ တာဝန်ကျနေတယ်။ အောက်ဘက်လမ်းမပေါ်မှာ ထုံးစံအတိုင်း ဆန္ဒပြနေတဲ့ လူအုပ်ကြီး။ အဲဒီရုံးအပေါ်ထပ်မှာ တာဝန်ကျနေတဲ့ တပ်ခွဲထဲက တယောက်က ဆန္ဒပြနေတဲ့ လူအုပ်ကြီးရဲ့ အပေါ်ကိုကျော်ပြီး သေနတ်နဲ့ လှမ်းပစ်တာ ကုန်သည်လမ်းဘက်က တိုက်နံရံကိုမှန်ပြီး ပြန်ကန်လာတဲ့ကျည်ဆံက ဆန္ဒပြနေတဲ့ လူအုပ်ကြီးထဲက တယောက်ရဲ့ ခေါင်းကို ရုပ်မှန်သွားတယ်။ သေနတ်သံနဲ့သွေးကိုမြင်တော့လူအုပ်ကြီးဟာ တကယ့်ကို ထိန်းရခက်လာပါတော့တယ်။ ကျနော်လား၊ အဲဒီ ကုန်သွယ်ရေးရုံးရှေ့ကို ရောက်နေတယ်လေ။

အမှန်က သေနတ်နဲ့ပစ်လိုက်တာက အုတ်နံရံကိုဗျ။ နံရံက ပြန်ကန်လာတဲ့ ကျည်ဆံကမှ လူကို ထိတာ။ နားထင်ကို ရုပ်မှန်တာ။ ကျည်ဆံမှန်ထားတဲ့ အုတ်နံရံက ကျည်ဆံရာကိုလည်း ကျနော်

ကြည့်လိုက်ရတယ်။ နောက်မှ သိရတာ အဲဒီတပ်ခွဲကို ဦးဆောင်တာက ဗိုလ်ကြီးခင်မောင်ချိုတဲ့။ ပြဿနာက ကြီးချင်တော့ဗျာ၊ ကုန်သွယ်ရေးရုံး အပေါ် ထပ်ကနေ လူအုပ်ကြီးကိုပစ်ပါတယ်ဆိုတဲ့သတင်းဟာ ရန်ကုန်တမြို့လုံးကို ပျံ့သွားလိုက်တာများ တောမီးထက်တောင် ဆိုးသေးဗျာ။

အဲဒီတော့ လူထုကြီးက ကုန်သွယ်ရေးရုံးကို အောက်ကနေ ဝိုင်းထားကြတော့တာပဲ။ ရုံးရှေ့မှာ စစ်ကား တီအီးသုံးစီး ရပ်ထားတယ်ဗျ။ ကားပေါ် မှာ မော်တာကျည်ဆံလိုလိုလည်း သုံးခုလောက် တွေ့တယ်။ ဘယ်သူက ဘယ်လို ဘယ်ပုံ လုပ်လိုက်တယ် မသိပါဘူးဗျာ။ အဲဒီ စစ်ကားသုံးစီးလုံးဟာ ယာဉ်တွေမှာ လေမရှိတော့ဘူး။ အကုန် ပြားချပ်ကုန်ပြီ။

ကျောင်းသားတဖွဲ့ကတော့ ကုန်သွယ်ရေးရုံးရှေ့မှာ ထိုင်သပိတ် မှောက်နေကြလေရဲ့။ အစပိုင်းက လူလေးငါးရာထက် မပိုပါဘူးဗျာ။ တမြို့လုံးက အဖွဲ့တွေ စုလာလိုက်ကြတာ ကုန်သွယ်ရေးရုံး ပတ်ဝန်းကျင်တစိုက်ဟာ ခြေချစရာတောင် မရှိလောက်အောင် လူအုပ်ကြီးနဲ့ ပြည့်နေပါတော့တယ်။

ရုံးပေါ် ကတပ်ခွဲနဲ့ လမ်းပေါ် ကလူအုပ်ကြီးကို ကြားဝင်ဖျန်ဖြေနိုင်ဖို့ အဖွဲ့တော်တော်များများ လာကြတယ်ဗျ။ ဦးအောင်ကြီးတို့၊ ဦးတင်ဦးတို့၊ တိုက်ပွဲဝင်ရှေ့နေများတို့၊ တော်တော်များများက ရုံးပေါ် တက်သွားလိုက်၊ ပြန်ဆင်းလာလိုက်၊ ညှိနှိုင်းနေကြတာပါပဲဗျာ။ ညနေသုံးနာရီဝန်းကျင်လောက်မှာ မင်းကိုနိုင် ရောက်လာတယ်ဗျာ။ ကျနော့် စိတ်ထင် ဟိုင်းလတ်ကားထင်ပါရဲ့၊ အမိုးဖွင့်ထားတယ်။ မင်းကိုနိုင်က နောက်ခန်းရဲ့ရှေ့တန်းမှာ မတ်တပ်ရပ်ရင်း၊ လက်ကိုင်စပီကာ တလုံးနဲ့ 'ကျနော်တို့ကျောင်းသားတွေ မြင်းခွာတချက်ပေါက်ရင် တတိုင်းပြည်လုံး မီးဟုန်းဟုန်း တောက်စေရမယ်' တဲ့။ တကယ့်ကို ရဲရဲတောက်မိန့်ခွန်းတွေ ခြွေနေလေရဲ့ဗျာ။ သူလာတော့ လူထု အထိုက်အလျောက် အားတက်ငြိမ်သက်သလို ဖြစ်သွားတာလည်း အမှန်ပဲဗျာ။

မင်းကိုနိုင်ကို ကျနော် ဘယ်လိုမြင်သလဲ ဟုတ်လား။ အေးဗျာ၊ ကျနော်က သုံးဆယ်ဝန်းကျင်၊ သူ့အသက် အစိတ်ဝန်းကျင်ရှိမယ် ထင်ပါရဲ့။ သူ့လေသံနဲ့ အမူအရာဟာ သူ တကယ်ယုံကြည်ရာကို လုပ်နေတာတော့ ထင်ရှားတယ်ဗျ။ အရုပ်အမောင်းကလည်း သိပ်တောင်းလှတယ်တော့ မဟုတ်ဘူး။ သူ့အသံကတော့ ပြတ်သားတယ်ဗျ။ ဘာပဲ ဖြစ်ဖြစ်ဗျာ၊ လူငယ်တွေက တက်တက်ကြွကြွ ယုံကြည်ချက်အပြည့်နဲ့ လုပ်နေတာကို ကျနော်တော့ အားပေးတယ်။

ကျနော် တခုပြောဖို့ မေ့နေတယ်ဗျာ။ ဆန္ဒပြတဲ့ရက် အတော်ညောင်းလာတော့ ဂျီတီအိုင် တက်ဖက် ကျနော့်သူငယ်ချင်းတချို့နဲ့ ဆက်မိတယ်။ သူတို့က မြန်မာနိုင်ငံလုံးဆိုင်ရာ ဂျီတီအိုင်များသမဂ္ဂတဲ့၊ ဦးနေဇာ ဇရပ်ဘေးက မူလတန်းကျောင်းမှာ သပိတ်စခန်းလို့ ခေါ် မလား၊ ရုံးထိုင်တယ် ခေါ် မလား၊ စုရပ်လုပ်ထားတယ် တဲ့၊ လိုက်ခဲ့ပါတဲ့၊ ဘုန်းကျော် (ယခု အမေရိကန်နိုင်ငံတွင်နေထိုင်လျက်ရှိ)၊ ရဲမွန်လှိုင် (ယခု ဩစတေးလျတွင် ရောက်ရှိနေ)၊ ချစ်စိန်နဲ့ အေးလွင်တို့ပေါ့ဗျာ။ ကျနော်လိုက်သွားလိုက်တယ်။ တကယ်တမ်း ကျနော့်ရည်ရွယ်ချက်က သူတို့ငွေရေးကြေးရေးအပါအဝင် လိုအပ်တာရှိရင် ကူညီပေးဖို့ဗျ။ ဥက္ကဋ္ဌက အမ်အီးတက်နေတဲ့ မြကြီးတဲ့၊ အတွင်းရေးမှူးက အောင်ကျော်ဇောတဲ့။ အောင်ကျော်ဇောက မူဆလင် ထင်ပါရဲ့ဗျာ။

သမဂ္ဂကို ရောက်သွားတော့ ကျနော့်အုပ်စုတွေက ကျနော့်ကို စည်းကမ်းထိန်းသိမ်းရေးနဲ့ လုံခြုံရေးမှာ တာဝန်ယူဖို့ပြောတယ်။ ဘာတဲ့ စည်းလုံးဆိုလား။ ကျနော်က ငါ ဘာမှမလုပ်ချင်ဘူး၊ မင်းတို့ လိုတာသာပြော၊ ငါတတ်နိုင်သလောက် ငွေရေးကြေးရေး ထောက်ပံ့ချင်တယ်ဆိုတော့ အဲဒီတုန်းက ဘာမှ လိုလေသေးမရှိပါဘူးတဲ့ဗျာ။

အေးလေ၊ ဘယ်လိုမလဲဗျာ။ တရုတ်တန်းနဲ့နီးနေတော့ နေ့ရောညရော စားစရာ အလျှံပယ်ပါပဲ။ ကောင်းပေ့ဆိုတဲ့ ထမင်းထုပ်၊ ခေါက်ဆွဲကြော်ထုပ်တွေ ရွေးစားနေရုံပါပဲ။ ငွေကြေးလိုလာရင်လည်း ရပ်ကွက်လူကြီးတွေက ချက်ချင်းထောက်ပံ့နေပုံ ရပါတယ်။

ကုန်သွယ်ရေးရုံးအောက်မှာ ကျနော်တို့ ဂျီတီအိုင်သမဂ္ဂက မောင်တွေလည်း ဘယ်ကဘယ်လို သတင်းကြားလို့ ရောက်လာတယ် မသိပါဘူး၊ အဖွဲ့လိုက် ချီတက်လာပါလေ့ရောဗျာ။ ကျနော်တို့ကျောင်းက ကထိကဆရာ ဦးအောင်ကျော်ဇောလည်း ပါသဗျာ။ တကယ့် တည်တံ့ပြီး ခံယူချက်ပြင်းတဲ့ ဆရာဗျ။ နောက်ပိုင်းမှာ သူ့မိတ်ဆွေ ဆရာ ဦးခင်ဝင်းဆိုတဲ့ ပုဂ္ဂိုလ်နဲ့ ကျနော့်ကို မိတ်ဆက်ပေးတယ်ဗျ။

ဆရာဦးခင်ဝင်းဟာ တဦးတည်းသောသား စစ်တပ်ကပစ်လို့ သေသွားသတဲ့ဗျာ။ ဒီအတွက် စစ်တပ်ကို တော်တော်နာကျည်းနေပုံရတယ်ဗျ။ စစ်တပ်ကို လက်လုပ်ပစ္စည်းမျိုးစုံနဲ့ ဒုက္ခပေးနည်း၊ ချေမှုန်းနည်းတွေ ကျနော့်ကို သင်ပေးခဲ့ပါသေးတယ်။ သူဟာ တကယ့်ပါရမီရှင် ဆိုရမယ်ဗျ။ စမုံနက်စေ့တွေနဲ့ တပ်ခွဲတခွဲလုံး နှာခေါင်းသွေးယိုစေတဲ့ နည်းတွေ၊ သံဆူးကြိုး အပိုင်းလေးတွေကို ဖြတ်ပြီး စစ်ကားတွေလာရာလမ်းမှာ ချထားတာမျိုး၊ လက်လုပ်ဗုံး လုပ်နည်းမျိုးစုံ၊ ကလေးတွေ ကစားတဲ့ ရိမ့်ဒ်ကွန်ထရိုးပါတဲ့ အရုပ်တွေနဲ့ ဖောက်ခွဲရေးပစ္စည်းတွေကို ဆက်စပ်နည်းတွေက အစပေါ့။

သူသင်ပေးခဲ့တာတော့ အများကြီးဗျ။ မှတ်စုနဲ့ မှတ်ခွင့် မပေးဘူး။ နားထောင်ပြီး မှတ်ထားစေတဲ့ နည်းသက်သက်ပဲဗျာ။ ကျနော်လား၊ အဲဒီနည်းတွေကို အခုထိ မသုံးဖြစ်ပါဘူးဗျာ။ အကြမ်းဖက်တယ်၊ ဖောက်ခွဲဖျက်ဆီးတယ်ဆိုတာ လုပ်ကိုင်း ကောင်းတာမျိုးမှ မဟုတ်ပဲဗျ။ နောက် ကျနော့်အကျင့်က ခိုးကြောင်ခိုးဝှက် လုပ်ရတာကို တယ်သဘောမကျလှဘူးဗျာ။

ကျနော်လည်း ညနေပိုင်းရောက်လာတော့ ဂျီတီအိုင်အုပ်စုနဲ့ ပေါင်းမိသွားတယ် ဆိုပါတော့။ ဆရာဦးအောင်ကျော်ဇောက ကျနော့်ကို သူ့အနားခေါ်ပြီး လူငယ်တွေကို ကြည့်ထိန်းပေးဖို့ ပြောနေတယ်။ အစက ကျနော်တယောက်တည်း မနက်ကိုးနာရီဝန်းကျင်ကတည်းက အဲဒီကုန်သွယ်ရေးရုံးရှေ့ကို ရောက်နေတာဗျ။ ဘယ်လိုဘယ်ပုံ ရောက်နေလည်း မမှတ်မိတော့ပါဘူးဗျာ။ မနက်ကိုးနာရီလောက်က စလိုက်တဲ့ ပြဿနာဟာ ညနေလေးနာရီခွဲ ကျော်ကျော်လောက်ကျတော့ ထိန်းမရတော့ပါဘူးဗျာ။

လူအုပ်ကြီးဟာ ခြောက်ထပ်ရုံးကို တထပ်ပြီးတထပ် တက်ပြီး စီးနင်းလိုက်ကြတယ်။ တထပ်တက်လည်း စစ်သားဆိုတာ ရှာမတွေ့၊ နှစ်ထပ်တက်လည်း ရှာမတွေ့၊ နောက်ဆုံး အထပ်အားလုံးသာ ကုန်သွားတယ်၊ စစ်သားဆိုလို့ တကောင်တမြီးမှ မတွေ့တော့ပါဘူးဗျာ။ အေးလေ၊ ကျနော်လည်း တထပ်ချင်း တက်လိုက်သွားတာပေါ့။

အခုမနက် ကြားဝင်စေ့စပ်နေတဲ့တဖွဲ့က အရပ်ဝတ်လဲပြီး ခေါ်သွားခဲ့ကြပါပြီ။ ဘယ်အချိန်မှာ ခေါ် ထုတ်သွားမှန်းတောင် မသိလိုက်ကြပါဘူး။ ကောင်းပါလေရဲ့ဗျာ။ ထိပ်တိုက်တွေ့ရင် နှစ်ဘက်စလုံး နာကုန်မယ့်အဖြစ်ကြီးပါဗျာ။ သူတို့ခေါ် ထုတ်သွားတဲ့နည်းကို ကျနော် သဘောကျပါတယ်။

လူတွေက ခက်တော့ခက်တယ်ဗျာ။ စစ်သားတွေလည်း မတွေ့ရော၊ တချို့က စစ်သားတွေ ထားခဲ့တဲ့ သေနတ်တွေကို လူအုပ်ရှိရာ ကိုင်မြှောက်ပြီး အောင်ပွဲခံသလို လုပ်လိုလုပ်၊ အဆိုးဆုံးကတော့ ရုံးပစ္စည်းတွေ ဖျက်၊ အပေါ်ထပ်တွေမှာ တွေ့တဲ့ဆန်အိတ်တွေကို အောက်ပစ်ချတဲ့သူ ပစ်ချ၊ ထမ်းသွားတဲ့ကောင်တွေက ထမ်း၊ တော်တော်တော့ စိတ်ပျက်ဖို့ကောင်းတဲ့ မြင်ကွင်းပါပဲဗျာ။

■

## အခန်း (၄၁)

# မုန်တိုင်းထန်သော ရက်စွဲများ

နေ့ရက်အတိအကျတော့ မမှတ်မိတော့ဘူးဗျ။ အရေးအခင်းအတွင်းမှာပဲ ဗိုလ်ချုပ်အောင်ကြီး အင်းစိန်ထောင်က လွတ်လာပြီး တရားဟောမယ်ဆိုလို့ လှိုင်ကနေ မြေနီကုန်း စမ်းချောင်း ပဒုမ္မာကွင်းကို အပြေးလာလိုက်ရသေးဗျာ။ ဘာကားမှ မရှိတော့ ကုန်းကြောင်းတလှည့်၊ မြေကျင် တလှည့်၊ အပြေး ကပိုင်းပေါ့ဗျာ။ ကျနော် ပဒုမ္မာကွင်းကို ရောက်တော့ တရားပွဲက စရုံပဲ ရှိသေးတယ်ဗျာ။

ညနေလေးနာရီ ဝန်းကျင်ပေါ့။ ဗိုလ်ချုပ်အောင်ကြီးက ဗိုလ်ချုပ်အောင်ဆန်းမိသားစု အကြောင်းတို့၊ ဒေါ်အောင်ဆန်းစုကြည်အကြောင်းတို့ ရေးခဲ့တဲ့လူဆိုတော့ ကျနော် သူဟောတာ နားထောင်ချင်တာပေါ့ဗျာ။ သူပြောတာ ဟောတာ ကျနော် မမှတ်မိတော့ပါဘူး။ မှတ်မိနေတာက ဒီလိုကရေစီ သေချာပေါက်ရမယ်။ တပ်မတော်ကို စိတ်နဲ့တောင် မပြစ်မှားနဲ့၊ တပ်မတော်ကို စိတ်နဲ့တောင် မပြစ်မှားနဲ့တဲ့။ အဲဒီ အသံတွေချည်း ထပ်နေတော့တာပဲဗျာ။ သူ ဘယ်လို တွေးခေါ် သလဲ ဆိုတာတော့ ကျနော်လည်း ဉာဏ်မမှီပါဘူး။ စစ်တပ်အကြောင်းကို စစ်ဗိုလ်ချုပ်တယောက်က ပိုသိလို့ ပြောနေတာ လည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ စစ်တပ်ဘာလုပ်မယ်ဆိုတဲ့ ခြေလှမ်းကို သိနေလို့လည်း ဖြစ်နိုင်တာပဲ ဗျ။ ဒါပေမယ့်ဗျာ၊ အဲဒီ တပ်မတော်ကို စိတ်နဲ့တောင်မပြစ်မှားနဲ့ဆိုတာကြီးကို ကျနော် အပါအဝင် ပရိသတ်အများစု မကြိုက်ကြဘူးဗျာ။ ကျနော့်မှာဗျာ၊ သုံးမိုင်လောက် ပြေးလာလိုက်ရတာ အဟောမပြေလိုက်တာလို့ အပြန်လမ်းမှာ မြေနီကုန်းက တရုတ်ဆေးမြစ်စိမ်တဲ့ အရက်လေးငါးပက် လောက် ဝင်ချလိုက်ရသေးဗျာ။

အော် ဒေါ်အောင်ဆန်းစုကြည် တရားပွဲလား။ ကျနော့် စိတ်ထင် ၁၉၈၈ ခုနှစ် ဩဂုတ်လ (၂၆) ရက်နေ့ ထင်တာပဲ။ ရွှေတိဂုံ အနောက်ဘက်မုခ်မှာလေ။ ရောက်တာပေါ့ဗျာ၊ များလိုက်တဲ့ လူထုကြီးဗျာ။ ကျနော့် တသက်နဲ့တကိုယ်မှာ ဒီလောက်များတဲ့ လူထုပရိသတ်ကို ဘယ်တုန်းကမှ မမြင်ဖူးဘူး။ ရုပ်ရှင်ထဲမှာ မြင်ခဲ့ဖူးတဲ့ လူသိမ်းများပါတယ်ဆိုတဲ့ ရိုက်ကွက်ရိုက်ကွင်းတွေထဲက လူအုပ်ကြီးတောင် အဲဒီ ဒေါ်အောင်ဆန်းစုကြည် တရားပွဲက ပရိသတ်ကို မီမယ် မထင်ဘူးဗျာ။

ခြေထောက်မှာ ဗွက်တွေပေနေတဲ့ လူတွေရော၊ တကယ့်တောသား ကျောပြောင်တွေရော၊ ဖိနပ်မပါတဲ့ သူတွေရော။ အော် ဗိုလ်ချုပ်သွေးကို မြင်ချင်စိတ်၊ သူ့စကား ကြားချင်စိတ်တွေ သိပ်ပြင်း ထန်နေတယ် ထင်ပါ့ဗျာ။ ကျနော်လည်း ထိုနည်းလည်းကောင်းပေါ့။

အဲဒီနေ့က လူထုကြီးဟာ ကျနော့်စိတ်ထင် ငါးသိန်းလောက်တောင် ရှိမယ်ထင်တယ်ဗျာ။ လူအုပ်ကြီးထဲမှာ ကြပ်ညပ်ပြီး မူးမေ့သွားတဲ့သူတောင် အယောက်သုံးလေးဆယ်လောက် ရှိသတဲ့ဗျာ။ တရားပွဲစမယ့်အချိန်ထက် တော်တော်နောက်ကျမှ ဒေါ်အောင်ဆန်းစုကြည် ရောက်လာသဗျာ။ အေးလေ၊ ဒီလောက်များတဲ့ လူအုပ်ကြီးကို ပြောဖို့ ဟောဖို့၊ တခြား ဗာဟီရတွေလည်း ရှိပေမပေါ့။ ကိစ္စမရှိပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး ရုပ်နဲ့အသံကို မြင်ရ၊ ကြားရဖို့ ဒီလောက်စောင့်ရတာ ဘာမှ အပန်းမကြီးပါဘူးဗျာ။

အမယ် ထူးဆန်းတာ တခုရှိသေးတယ်ဗျာ။ ဒေါ်အောင်ဆန်းစုကြည် တရားဟောတော့မယ် လုပ်တော့ ရောမပရိသတ်ကြီးကို ငြိမ်သွားအောင် ဘယ်လို ထိန်းတယ် မှတ်သလဲ။ အသံနဲ့ထိန်းတာဗျ။ ကျနော်တောင် တော်တော် အံ့ဩသွားတယ်။

ဒီလိုဗျ။ လူငယ်လေးငါးရာလောက်က တညီတညွတ်တည်း ပြိုင်တူအော်ပြီး ထိန်းတာ ‘စည်းကမ်းရှိပါ’ ‘စည်းကမ်းရှိပါ’ ‘စည်းကမ်းရှိပါ’ တဲ့။ အောင်မယ် လေးငါးခွန်းလည်းအော်လိုက်ရော သိန်းချီတဲ့လူထုကြီးက ငြိမ်သွားပါလေရောဗျာ။ ဘယ်သူ့များ ဒီနည်းကို တီထွင်လိုက်သလဲတော့ မသိဘူးဗျ။ အတော်တော့ ဟန်အကျသား။

ဒေါ်စု ဘာပြောလဲ၊ ဟုတ်လား။ အော်၊ ဖေဖေ ထူထောင်ခဲ့တဲ့ တပ်မတော်ဟာ လူထုကို ညှင်းပန်း နှိပ်စက်ဖို့မဟုတ်ဘူး။ ပြည်သူ့တပ်မတော်ဖြစ်တယ်။ ပြည်သူလူထုရဲ့ အားကိုးရာ၊ မှီခိုရာ၊ လဲလျောင်းနားခိုရာ ဖြစ်ရမယ် ပေါ့ဗျာ။ နောက် သူပြောသေးတယ်။ အခုတိုက်ပွဲဟာ ဒုတိယအကြိမ် ဗမာ့လွတ်လပ်ရေးတိုက်ပွဲတဲ့။ အခမ်းအနားမှူးက ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေဗျ။ အသံကတော့ စံပဲပေါ့ဗျာ။ ကျနော် ဦးထွန်းဝေရဲ့ အသံကို ရုပ်ရှင်ထဲမှာလည်း တော်တော် သဘောကျတယ်ဗျ။

နေဦးဗျာ။ အရေးအခင်း အရှိန်မြင့်နေတုန်းမှာ တုန်လှုပ်ထိတ်လန့်စရာတွေ၊ ယုတ်မာ ကောက်ကျစ်မှုတွေ၊ အထင်အမြင် လွဲမှားမှုတွေလည်း ဒုနဲ့ဒေးဗျာ။

တောင်ဥက္ကလာ ကြည်ကြည်ဘီစကွတ်စက်ရဲ့ ဝန်းကျင်မှာ မဆလထောက်ခံတဲ့ အုပ်စုက ဂျင်ကလိတွေ၊ တုတ်တွေ၊ ဓားတွေနဲ့ ရန်ပြုလို့ဆိုပြီး တရပ်ကွက်လုံးကို အပြောင်ရှင်းဖို့ လုပ်ကြသေးဗျာ။ နောက်ဆုံး ငွေကြာယံစာသင်တိုက်က ဝင်ကယ်လိုက်တယ်ဆိုလား။

နောက်တခုက သောက်ရေတွေနဲ့ ထမင်းထုပ်တွေမှာ အဆိပ်တွေ ခပ်လာတယ်ဗျာ။ အဲဒါ ကောလဟာလ လုံးဝ မဟုတ်ဘူး။ ဘူတာရုံလမ်းထိပ်တည့်တည့်က အုတ်သဲကျောက်ရောင်းဝယ်ရေး လုပ်နေတဲ့ လွှတ်တော်ရှေ့နေကြီး ဦးမောင်ကလေးလို့ ရေးထားတဲ့တိုက်က ကျနော့် မိတ်ဆွေ ကိုကျော်မင်းလေးရဲ့အကို၊ ကိုကျော်မင်း၊ မရမ်းကုန်းမှာ သောက်ရေကနေ အဆိပ်မိတာက ကံကောင်းလို့ မသေတာပေါ့ဗျာ။

ကျနော်နဲ့ စကားပြောဖြစ်တုန်းကတောင် သူက ‘အေးဗျ၊ သောက်လိုက်တာနဲ့ အဆိပ်ပါမှန်း ချက်ချင်းသိတယ်’ တဲ့။ ခေါင်းထဲမှာ ချာချာလည်ပြီး မေ့သွားတော့တာပဲတဲ့။ သူသတိရတော့ ဆေးရုံ ရောက်နေပြီ တဲ့။ သူ့အပြင် လှိုင် မြို့နယ်မှာတင် လေးငါးယောက်ထက်မနည်း အဆိပ်မိသဗျာ။

အရေးအခင်း အရှိန်မြင့်နေတုန်းမှာ ထူးထူးဆန်းဆန်း ကြေညာချက်တစောင်ထွက်လာတာ မှတ်မိသေးတယ်ဗျာ။ ဒုတိယ ဗိုလ်မတော်ကာကွယ်ရေး ဦးစီးချုပ် (ရေ) နဲ့ (လေ) က ထုတ်ပြန်တာဆိုပဲ။ အဲဒါကတော့ စစ်အစိုးရအနေနဲ့ အာဏာကို သတ်မှတ်ရက်အမီ မလွှဲပြောင်းဘူးဆိုရင် ရန်ကုန်မြို့မှာရှိ

တဲ့ အရေးကြီးတဲ့ အစိုးရဌာနရုံးတွေ၊ သမ္မတအိမ်တော်တွေကို တပ်မတော် (ရေ) နဲ့ (လေ) က ဖုံးကြိတိုက်ခိုက်မယ်ဆိုတဲ့ ကြေညာချက်ဗျ။ ပစ်ခတ်မယ့်စာရင်းထဲမှာ လွှတ်တော်အဆောက်အဦ၊ အေဒီလမ်းတလျှောက် ဆိုတာတွေလည်း ပါတယ်၊ အေဒီလမ်းမှာ ဦးနေဝင်း နေအိမ်ရှိလို့ ထင်ပါရဲ့ဗျာ။ ကျနော်တောင် ကြေညာချက်ဖတ်ရတော့ အမေ့ဆီပြေးပြီး၊ နတ်မောက်ဖြစ်ဖြစ်၊ ပဲခူးဘက်ဖြစ်ဖြစ် ရှောင်နေဖို့တောင် ပြောမိသေးဗျာ။ အမေကတော့ သိပ်ပူပင်ဟန် မပြပါဘူးဗျာ။ လူဆိုးတွေကိုရှင်းတာ ကိုယ်ပါသွားလည်း ကံတရားပေါ့တဲ့။

ဒေါသထွက်နေတဲ့ လူအုပ်ကြီးဟာ ဆင်ခြင်တုံတရား မရှိတော့ဘူးဗျ။ ဆန္ဒပြတာကလည်း တနိုင်ငံလုံး စုံနေပြီဗျာ။ မင်္ဂလာဒုံလေတပ်ကလည်း ပါလာတယ်။ အင်းစိန်တဖက်ကမ်း၊ ကြည့်မြင်တိုင်တဖက်ကမ်း၊ လှိုင်မြစ်တဖက်ကမ်း ရွာတွေက လူတွေလည်း ရန်ကုန်မြို့ပေါ် ရောက်ကုန်ပြီ။

ဖြတ်လိုက်တဲ့ ခေါင်းတွေဗျာ။ တောင်ဥက္ကလာပ၊ အလုံ၊ အုတ်ကျင်း၊ ဦးဝိစာရ အိမ်ယာ၊ မြောက်ဥက္ကလာပ၊ အို ကျနော်မသိတဲ့ မြို့နယ်တွေလည်း အများကြီး ရှိအုံးမှာပါဗျာ။ အလုံဘက်မှာ ခေါင်းဖြတ်ခံရတဲ့ ကုလားလေး ဟူစိန်ဆိုရင်၊ ကျနော့်ကျောင်းနားမှာ နေတာလေ။ သူ့အဖေက ဆိတ်မွေးတာဗျ။ ဟူစိန် မိန်းမရတော့ ကျနော် ကျောင်းဆရာလုပ်တဲ့ ကျောင်းဘေးက ဗမာမလေးနဲ့ ရတာ။ မြို့ထဲကနေ လှိုင်မြို့နယ်ကိုအပြန် သူက ဘယ်က ဘယ်လိုယူလာသလဲတော့ မသိဘူး။ သူ့လက်ထဲမှာ လျှပ်စစ်နဲ့ရေနွေးအိုးကျိုတဲ့ ငေါက်တွေ့ပြီး အဲဒါ ဖောက်ခွဲရေးပစ္စည်းပဲဆိုပြီး ဖမ်းလိုက်တော့တာပဲ။

သူ့ကိုဖမ်းပြီး ခေါင်းဖြတ်မယ်လုပ်တော့ သူ့မိန်းမလေးက ကျနော့်ကိုလိုက်ရှာပြီး ငိုကြီးချက်မနဲ့ လိုက်ရှင်းခိုင်းတော့တာပဲ။ ဘာကောင်မှ မဟုတ်ပါဘူးဗျာ။ ကျောင်းဆရာမို့ အကူအညီတောင်းတဲ့ သဘောပါ။ ကျနော်သိတော့ နေ့လည်နှစ်နာရီ။ အလုံကို ကျနော် ရောက်သွားတော့ ညနေသုံးနာရီခွဲ၊ ဟူစိန် ကံဆိုးရှာသဗျာ။ ကျနော် ရောက်တော့ သူ့ခေါင်းကို ဖြတ်ပြီးနေပြီ။ အလုံ လျှပ်စစ်ဝင်းမှာ ကျနော် လေလံဆွဲနေတော့ နယ်ခံလူမိုက်တွေနဲ့ကျနော် သိနေတယ်။ အကျိုးအကြောင်း မေးပြီး ဟူစိန်ယူလာတဲ့ ဖောက်ခွဲရေးပစ္စည်းကို ပြစမ်းပါဆိုတော့ ရေနွေးကျိုတဲ့ ငေါက်ဗျာ။

ကျနော်က ခင်ဗျားတို့ဗျာ၊ နားလည်တဲ့သူလည်း မေးစမ်းပြီးမှ လုပ်သင့်တာပေါ့ ဆိုတော့ ကျနော်တို့မေးတယ် ဆရာရဲ့တဲ့။ စစ်သားလူထွက်တယောက်က အဲဒါ မိုင်းခွဲရင်သုံးတဲ့ စနက်တံလိုလိုနဲ့ တော့တူတာပဲဆိုပြီး ပြောချလိုက်တာ၊ ခေါင်းဖြတ်ဖြစ်သွားတော့တာပဲတဲ့။ စိတ်ညစ်ဖို့တော်တော်ကောင်းတယ်ဗျာ။ စိတ်ထိခိုက်စရာချည်းပါပဲ။

တချို့ခေါင်းဖြတ်ခံရတဲ့ လူတွေက ဘာမှ မေးလို့စမ်းလို့မရပဲ ခပ်တင်းတင်း ခပ်ရဲရဲ အသေခံသွားတယ် ဆိုတဲ့ သတင်းတွေကလည်း ရှိသေးဗျာ။ စိတ်ကြွဆေးတွေ တိုက်ထား ထိုးထားတယ်လို့လည်း ဆိုကြသဗျာ။ ဘယ်သူက လုပ်တယ်လို့တော့ ကျနော်လည်း အတတ်မပြောနိုင်ဘူး။ သို့သော် ဒီကာလကြီးမှာ ဒီလိုလုပ်ဖို့ဆိုတာ တော်ရုံ အတွေ့အကြုံ၊ ကျောထောက်နောက်ခံ၊ ငွေကြေးထောက်ပံ့မှုနဲ့တော့ လုံးဝမဖြစ်နိုင်ဘူးဗျာ။ ရိုးရိုးအရပ်သားတွေတော့ မလုပ်ရဲလောက်တဲ့ အလုပ်ဗျ။ လုပ်ခဲ့ရင်တောင် ဒီကာလမျိုးမှာ မတော်တဆပေါ် သွားရင် ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် ဒုက္ခရောက်မယ့်ကိစ္စ။ ကျနော့်တယောက်တည်းရဲ့ အယူအဆအရ ဒါတွေဟာ ထောက်လှမ်းရေးလို အဖွဲ့မျိုးက ဖန်တီးနေတယ်လို့ ထင်တာပဲ။ အရေးအခင်းပြီးတဲ့အချိန် ဗိုလ်ချုပ်ခင်ညွန့်ရဲ့ ညာလက်ရုံးတယောက်ဖြစ်တဲ့ တပ်ကြပ်ကြီး မောင်တင်နဲ့ ခင်မင်သွားတော့ သူပြောတဲ့ ကားထဲမှာ ဗိုလ်ခင်ညွန့်ကိုယ်တိုင် အရေးအခင်း ကာလမှာ လူအုပ်ထဲကို ရောက်ခဲ့တယ်။ သူ့အဖွဲ့တွေ လူအုပ်ထဲကို လွှတ်ထားခဲ့တယ်ဆိုတာတော့ အသေအချာပါပဲဗျာ။ သူတို့ အဆိပ်ခတ်တာ၊ ဆေးထိုးဆေးခတ်တာမျိုးတွေ လုပ်မလုပ်တော့ ကျနော်လည်း မသိဘူး။

မလုပ်ကောင်းတဲ့ အလုပ်တွေပါဗျာ။ ကျနော်လက်မခံဘူး။ ဒီလိုအလုပ်မျိုးကို လုပ်ခဲ့တဲ့သူဆိုရင်လည်း ဘယ်သူ့ကိုမဆို ခွင့်မလွှတ်သင့်ဘူးလို့ ထင်တယ်ဗျာ။

အေးပါဗျာ၊ ခေါင်းဖြတ်တဲ့အထဲမှာတော့ နာမည်အကြီးဆုံးက ဦးဝိစာရလမ်းမှာ ဖြတ်တဲ့ မဂျူး ဆိုတဲ့ အမျိုးသမီးပေါ့။ သူ့ ရုပ်ရည်လည်း တော်တော်ချောဆိုပဲ။ ကျနော်တော့ မမြင်ဖူးလိုက်ဘူး။ ထောင်ထဲမှာရှိတုန်း မဂျူး ရေချိုးတာ၊ သွားချောင်းဖို့ နှစ်ကြီးသမားတွေ ကျနော့်ကို အဖော်စပ်သေးတယ်။ 'မလိုက်ချင်ဘူး' ငြင်းလွှတ်လိုက်တယ်ဗျာ။ ဘယ့်နှယ့်ဗျာ၊ ကျနော်က လူမြင်ချင်တာဗျ၊ မဟုတ်တရုတ် လိုက်ကြည့်ချင်တာမှ မဟုတ်တာ။

မကြာပါဘူးဗျာ။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ (၁၈) ရက်နေ့ ညနေ ပေါ့။ညနေ လေးနာရီလောက်မှာ ကျနော် အိမ်က တီဗီကို ဖွင့်လိုက်တာနဲ့ စစ်ချီသီချင်းတွေ ထူးထူးဆန်းဆန်း ထွက်လာတော့တာပဲ။ ကျနော့် အိမ်အပေါ်ထပ်ကနေ လှမ်းကြည့်လိုက်တော့ လမ်းမပေါ်မှာ ထုံးစံအတိုင်း နဖူးပြောင်ပြောင်၊ ဦးမောင်မောင်၊ အရှုံးထောင်ကို ပို့လိုက်ပို့လိုက်။ ဆန်တပြည် ဆယ့်ငါးကျပ်၊ စိန်လွင့်ခေါင်းကိုဖြတ်တဲ့။ အော်လို့ကောင်းတုန်း။ ကျနော်လည်း စိတ်ပေါက်ပေါက်နဲ့ လူအုပ်ထဲကို အသံကုန် လှမ်းအော်လိုက်မိတယ်ဗျာ။ ဟော့လူတွေ စွတ်အော်မနေနဲ့အုံး။ တပ်က အာဏာသိမ်းနေပြီ ထင်တယ်။ တီဗွီလေးဘာလေးဖွင့် ရေဒီယိုလေးဘာလေး နားထောင်ကြအုံးလို့၊ ကျနော်ကသာ လှမ်းအော်နေတာပါဗျာ။ ဒီလောက်များတဲ့ လူအုပ်ကြီးက ကျနော့်အသံကို ကြားတယ်တောင် မထင်ရ ပါဘူး။ နေဦးဗျ၊ ကျနော့်အိမ်ရှေ့ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးကြည်ကတော့ ကျနော် လှမ်းအော်နေတာ ကို သတိပြုမိပုံရတယ်။ သူ့ ခြေတန်လက်ဟန်နဲ့ ဘာလဲလို့ လှမ်းမေးနေတယ်ဗျာ။ ကျနော်က တီဗီဖွင့်လိုက်လို့ လှမ်းအော်လိုက်တယ်။ ကျနော်ကိုယ်တိုင် တီဗီကို ထပ်လှည့်ကြည့်လိုက်တဲ့ အချိန်မှာတော့ သတင်းကြေညာသူဟာ ဦးတည်ချက်တွေ ရွတ်နေပါပြီ။ သေချာပါပြီဗျာ၊ စစ်တပ်က အာဏာသိမ်းလိုက်ပြီဗျ။

ကျနော် အရိုးသားဆုံးပြောရရင် ပထမဆုံး ကျနော်စိတ်ပူသွားတာက ဦးနော့ဇရပ်အေးက ကျနော့် အဖွဲ့သားတွေ အတွက်ပါပဲ။ စစ်တပ်ဆိုတာ ထစ်ကနဲရှိ ပစ်ဟယ်၊ ခတ်ဟယ်လုပ်ဖို့ နည်းနည်းလေးမှ ဝန်လေးတာ မဟုတ်လို့ ပိုစိတ်ပူပါတယ်။ အဲဒီညက ကျနော် ကောင်းကောင်းအိပ်မပျော်ပါဘူး။ ဘာတွေ ဆက်ဖြစ်လာမလဲ။ ဘာတွေ ဖြစ်ကုန်ပြီလဲ။ ကျနော် မတွေးတတ်တော့ပါဘူး။

မိုးမလင်းခင် ကျနော် ဦးနော့ဇရပ်ကို အရောက်သွားရပါ့မယ်။ လွယ်တဲ့အလုပ်တော့ မဟုတ်ဘူးဗျ။ ဘာဖြစ်လို့လဲ၊ ဟုတ်လား။ လမ်းတွေ အကုန်လုံးက သစ်တုံးတွေ၊ သံစည်ပိုင်းတွေ၊ အထပ်ထပ်ပိတ်ဆို့ထားဆီးထားတဲ့ အခြေအနေပါ။ ဒါနဲ့ ကျနော့်ဘေးအိမ်က ဆိုင်ကယ်သိန်းဝင်းကို အဖော်စပ်ပြီး သူ့ဆိုင်ကယ်နောက်ကနေ လိုက်ခဲ့ရတော့တာပေါ့ဗျာ။

အာဏာသိမ်းတယ်သာဆိုတယ်၊ နောက်နေ့မနက်အထိ စစ်တပ်ဟာ ဘာမှ ရေရေရာရာ မထိန်းချုပ်နိုင်သေးပါဘူးဗျာ။ ကျနော် သမဂ္ဂရုံးကို ရောက်သွားတော့ မနက်ရှစ်နာရီ ဝန်းကျင်လောက်ရှိနေပြီ။ အံ့ဩဖို့တော့ အကောင်းသားဗျာ။

ကျနော့်လို စိတ်ပူပြီး ရောက်နေတဲ့သူတွေ အများကြီးဗျ။ ကျနော် သိချင်တာတခုက ဒီလိုအခြေအနေမျိုးမှာ ဘာဆက်လုပ်ဖို့ ဘယ်သူ ဘယ်လိုအမိန့်မျိုး လမ်းညွှန်ချက်မျိုးပေးမယ်ဆိုတာပါပဲ။ စစ်တပ်ဘက်ကိုပြောနေတာ မဟုတ်ဘူးဗျ။ ကျနော်တို့ ဆန္ဒပြနေကြတဲ့ဘက်က ပြောနေတာ။ တွေ့သမျှလူကို ကျနော် လျှောက်မေးနေတယ်။ ဟော့၊ ဘာဆက် လုပ်ကြမှာလဲဆိုတော့ အကုန်လုံးက ယောင်ဝါးဝါး ချည်းပါပဲဗျာ။ ဒါနဲ့ ကိုးနာရီလောက်မှာ ကျောင်းနောက်ဘက်က စာသင်ခန်းတခုထဲမှာ လူစုလိုက်ကြတယ်။ အစည်းအဝေးပေါ့ဗျာ။

ကျနော် တကယ်ကို စိတ်ဝင်စားပါတယ်။ အဲဒီနေ့ အစည်းအဝေးလုပ်ချိန်မှာ ဂျီတီအိုင် ကျောင်းသားဟောင်းတွေရော၊ အသစ်တွေပါပေါင်းရင် နှစ်ရာဝန်းကျင်လောက်ရှိမယ်ဗျ။ ကျနော့် မှတ်ဉာဏ်ကြောင့်လည်း ဖြစ်နိုင်ပါတယ်။ သမဂ္ဂထဲမှာ မိန်းကလေးတွေ သိပ်မတွေ့မိဘူးဗျ။ အေးလေ၊ ဂျီတီအိုင်က နဂိုကတည်းက ကျောင်းသူနည်းတဲ့ ကျောင်းကိုး။ အစည်းအဝေးဆိုပေမယ့် သေရေးရှင်ရေး နေ့ဆိုတော့ တော်တော်များများက ဘာဆက်လုပ်မယ်ဆိုတာ ကျနော့်လိုပဲ စိတ်ဝင်စားနေကြတာဗျ။ လူစုံဆိုတော့ဗျာ၊ ထိုင်ခုံမှာ ထိုင်တဲ့သူရော၊ စားရေးတဲ့ခုံပေါ် ဖင်လွှဲထိုင်တဲ့သူရော၊ မတ်တတ်ရပ်ကော စုံလို့ပါပဲဗျာ။ အေးလေ၊ ထိုင်ဖို့ထဖို့ အရေးကြီးတာမှ မဟုတ်တာ။ လူစုံသလောက်ရှိတော့ အတွင်းရေးမှူး ကိုအောင်ကျော်ဇောက ထတဲ့ပြီး ရှေ့ဘာဆက်လုပ်မယ်ဆိုတာ ပြောပါမယ်တဲ့။ အားလုံးဟာ ရုတ်ခြည်း ငြိမ်သက်သွားကြပါသဗျာ။

ကိုအောင်ကျော်ဇော ပြောတာ အကုန်တော့ မမှတ်ဘူးတော့ဘူးဗျ။ စစ်တပ်က အာဏာ သိမ်းလိုက်ပြီဆိုတဲ့အကြောင်း၊ ဆက်လက်တိုက်ပွဲဝင်သွားမယ့်အကြောင်းပေါ့။ ဘယ်လို ဆက်တိုက်မှာလဲ လို့ တယောက်က ထမေးတဲ့အခါ ကိုအောင်ကျော်ဇော ဖြေလိုက်တာက ရန် လာ၊ ငါ ဆုတ် တဲ့။ ကျောင်းသားအများစုဟာ တွေဝေသွားပုံပဲဗျ။ ကိုအောင်ကျော်ဇောရဲ့ လမ်းညွှန်ချက်ဟာ ရန်လာ ငါဆုတ် တလုံးတည်းနဲ့ပဲ ပြီးသွားပါတော့တယ်။ ကျနော်တော့ဗျာ၊ ရန်လာတာကို ဘယ်လို ငါက ဆုတ်မှာလဲ၊ ရှင်းကို မရှင်းဘူးဗျာ။ ဒီစခန်း ဒီရှုံးကို စွန့်ခွာသွားကြတော့မှာလား၊ ဘယ်လို စွန့်ခွာကြမှာလဲ၊ ကျနော် သိချင်နေတာရော၊ တခြား ကျောင်းသားကျောင်းသူတွေ သိချင်တာရော ဒီသဘောပဲ ဖြစ်မှာပါဗျာ။

နောက်တော့ ဘယ်ပုံဘယ်လို အစီအစဉ်ပြောင်းသလဲ မပြောတတ်တော့ဘူးဗျ။ ကျနော် ကျောင်းရှေ့ထွက်လိုက်တော့ မြို့ထဲကို ခါတိုင်းနေ့လိုပဲ ချီတက်ဆန္ဒပြဖို့ ငါးယောက်တတွဲ တန်းစီပြီး နေပါပြီ။ ရန်လာ ငါဆုတ်နဲ့တော့ တခြားစီပဲဗျို့။

ကျနော်လည်း အဖွဲ့တွေ လိုက်ရှာလိုက်တော့ အေးလွင်၊ ရွှေသွေး၊ ရဲမွန်လှိုင်၊ ချစ်စိန်၊ ဘုန်းကျော် အားလုံးတန်းစီ ပြီးနေပါပြီဗျာ။ အေးလွင်က တန်းစီနေရင်း သက်ခိုင်လာလေကွာ ဆိုပြီး သူ့ဘေးမှာ နေရာပေးပါတယ်။ တကယ်တော့ ကျနော် စိတ်သောက ရောက်နေပါပြီ။ ကျနော်ဟာ ဂျီတီအိုင် ပထမနှစ်ကိုရောက်တော့ ဥပဒေတတိယနှစ်ကျောင်းသား အသက်အရွယ်ရော မြင်ပ အတွေ့အကြုံပါ သူတို့ထက်ကြီးနေတော့ သူတို့ထက် ပိုစဉ်းစားရပါမယ်။ ဒီအချိန် အားလုံး အိမ်ပြန်ကြ ဆိုတာလည်း မဖြစ်နိုင်ပါဘူး။ ကျနော်ကိုယ်တိုင်လည်း ပြန်ချင်စိတ် မရှိဘူးလေ။ ဘာပဲ ဖြစ်ဖြစ် ရှေ့ဆက် ရင်ဆိုင်လိုက်ကြဖို့ ကျနော် သဘောတူတယ်ဗျ။ ဒါပေမယ့်ဗျာ၊ တခုခုတော့ လွဲနေပြီလို့ ကျနော် အလိုလို သိလိုက်ပါတယ်။

သပိတ်ပေါင်းစုံကြီးကြပ်ရေးကော်မတီကလား၊ ဘယ်ကလာမှန်းမသိတဲ့ ရန်လာငါဆုတ် လမ်းညွှန်ချက်နဲ့ကွဲလွဲပြီး မြို့ထဲကို ချီတက်ဖို့လုပ်နေကြတာလေ။ တကယ်တော့ ကျနော်လည်း နောက်မဆုတ်ချင်ဘူး။ လာတဲ့ရန်ကို ပြေးတွေ့ဖို့သာ အများနည်းတူ သဘောပိုက်လိုက်ပါတယ်။

ကျနော် ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်ပါတယ်။ အေးလွင်ခေါ်တဲ့နေရာမှာ ကျနော် ဝင်ပြီး တန်းမစီပဲ အသံခပ်ကျယ်ကျယ်နဲ့ ဟေ့၊ ဥက္ကဋ္ဌမြကြီးနဲ့ အတွင်းရေးမှူး အောင်ကျော်ဇော ဘယ်မှာလဲကွာလို့ အော်မေးလိုက်ပါတော့တယ်။ တခွန်းတင် ဘယ်ကမလဲဗျာ။ သုံးလေးခွန်း ဆက်တိုက် ထွက်သွားတော့တာပေါ့။

လူအုပ်တွေထဲကနေ အသံပြန်ထွက်လာတယ်ဗျ။ စခန်းလုံခြုံရေးအတွက် သူတို့ကျန်ခဲ့မယ်တဲ့။ အောင်ကျော်ဇော ဖြေသလား၊ မြကြီး ဖြေသလား၊ ဘယ်ပွဲစားက ဖြေလိုက်သလဲတော့ မသိဘူးဗျာ။

ကျနော် တော်တော် ဒေါပွသွားတယ်။ ခပ်ပြတ်ပြတ်ပဲ အသံလာရာကို တုန့်ပြန်လိုက်ပါတယ်။ ဟ မင်းတို့ အမေ့လင်က အာဏာသိမ်းပြီးပါပြီဆိုနေမှ ဘာစခန်းလုံခြုံရေးမှ မလိုဘူးကွာ။ မင်းတို့ ရှေ့ဆုံးက ထွက်တန်းစီ။ ငါလည်း မင်းတို့နဲ့အတူစီမယ်ဆိုပြီး ရမ်းပစ်လိုက်တော့တာပဲဗျာ။

တန်းစီထားတဲ့ ကျောင်းသားတွေဆီက အသံတွေ ထွက်လာပါတော့တယ်။ ဟုတ်တယ် ဟုတ်တယ် ဒါမှန်တယ် ထွက်၊ ထွက်၊ အားလုံးထွက် ဆိုတာနဲ့ တိုက်ပုံနဲ့ အောင်ကျော်ဇော ထွက်လာပါတယ်။ လက်ထဲမှာ လက်ကိုင်စပီကာနဲ့ပါ။ မြကြီးလည်း သူ့နောက် ဆက်ပြီး ထွက်လိုက်လာပါတော့တယ်ဗျာ။

■

အခန်း (၄၂)

# နိုင်ငံတော်ကို သွေးစွန်းခဲ့သည်

အေးပေါ့ဗျာ၊ အာဏာသိမ်းပါတယ်ဆိုတာကို အာဏာဖီဆန်ပြီး လမ်းပေါ် ကို ရဲရဲတင်းတင်း ထွက်လာတဲ့ လူတန်းကြီးရဲ့ရှေ့ဆုံးမှာ ကျနော်ပါလာခဲ့ပါပြီ။ ဟိုအရင်ရက်တွေက ဂီတီအိုင်သမဂ္ဂနဲ့ဖြစ် ဖြစ် တခြားအဖွဲ့နဲ့ဖြစ်ဖြစ် လမ်းလျှောက်ချီတက်ခဲ့တုန်းက ကျနော်က နောက်ကချည်း နေခဲ့တာဗျ။

နေရတဲ့ အကြောင်းက ကျနော်က သူတို့နဲ့ အသက်နည်းနည်း ကွာနေပြီ မဟုတ်လားဗျာ။ ဒီနေ့က ကျနော်တို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂီတီအိုင်များ သမဂ္ဂဟာ မြို့ထဲကို ပထမဦးဆုံး လှည့်လည် ချီတက်ကြတဲ့ အဖွဲ့ပါပဲဗျာ။

ကြွားတာ မဟုတ်ဘူးဗျ။ အဲဒါ တကယ်ပဲဗျာ။ မနက်ကိုးနာရီကျော်ကျော်လောက်ပဲ ရှိအုံး ယ်။ ကျုံးကြီးလမ်းကနေ သိမ်ကြီးဈေးဘက်ကို ချီတက်သွားတယ်။ မှတ်မှတ်ရရ ကျနော်တို့ သိမ်ကြီး ဈေးဒေါင့် ရောက်တော့ ကိုဇာဂနာတို့က လူစုတုန်းဗျာ။ နောက် ရုပ်ရှင်မင်းသားဇင်ဝိုင်းကိုလည်း တွေ့မိသေးတယ်။ နောက် သိမ်ကြီးဈေးရှေ့ကနေ အနော်ရထာလမ်းအတိုင်း လမ်းမတော် သံဈေး ဘက်ကို ချီတက်ပြန် တယ်။ နောက် ဘုန်းကြီးလမ်းရောက်တော့ ကျုံးကြီးလမ်းဘက်ကို ပြန်ကွေ့တယ်။ ပြောရင်းတောင် စိတ်ထဲတမျိုး ဖြစ်လာတယ်ဗျာ။ ကျနော်တို့ ချီတက်ဆန္ဒပြနေရင်း အသံကုန် ဖော်ဆိုခဲ့တဲ့ သီချင်းကို သတိရလို့ဗျာ။

ဘာတဲ့၊

'ရဲရဲတောက် ဒို့ဗမာတွေ သတ္တိခဲတွေ ရာဇဝင်ထိုးလောက်အောင် စွန့်ပေ။ ဒို့တိုင်းဒို့ပြည် သတ္တိသွေးတွေ၊ အာဇာနည်မျိုးတွေ၊ အရိုးကြေကြေ ဒို့မြေ ဒို့ပြေ၊ ခေတ်ဆွေးကို ပြောင်းပြန်၊ ခေတ်သစ်ကို စီမံ၊ လွတ်လပ်ဖို့ စိတ်အကြံ၊ ညီစေနော်၊ ဒို့ရဲဘော် ချီတက်ကြစို့ တူပျော်ပျော်၊ ဘယ်ညာ ဘယ်ညာ၊ ဗမာပြည် ငါတို့ပြည်၊ ဗမာပြည် ငါတို့ပြည်၊ ညီညီညာညာ အမျိုးဂုဏ်စောင့်ကြ၊ ဘယ်ညာ ဘယ်ညာ လာပြီလေ၊ သာကီတွေ၊ ဒီအချိန်နော် ညီညာစေ၊ ဗမာဆိုတားကိုဆွဲလို့ ထွက်ဖို့တော်ပြီလေ' တဲ့။ စစ်သားမှ တိုင်းပြည်ချစ်ပြီး ဒီသီချင်းဆိုရတာမှ မဟုတ်တာဗျာ။ နဂိုကမှ သီချင်းဆိုတာ

ဝါသနာခပ်ပါပါ။ အခုလို စိတ်ဓာတ်တက်ကြွနေတဲ့ အချိန်မျိုးမှာ အသံတွေ ဝင်ကုန်အောင် သံကုန်ဟစ်ပစ်လိုက်တယ်ဗျာ။ သူများတွေလား၊ ကျနော့်လိုချည်းပဲပေါ့ဗျာ။

ဆိုလို့လည်းကောင်း၊ အားလည်းတက်ဖို့ ကောင်းတယ်ဗျာ။ လမ်းတလျှောက်လုံးမှာ ပန်းကုံးထွက်စွပ်ပေးတဲ့ ယောက်ျား၊ မိန်းမ၊ ကလေး၊ လူကြီးတွေလည်း မနည်းလှဘူးဗျာ။ လည်ပင်းမှာ ပန်းကုံးတွေနဲ့ မိုးရေစက်စက်ကြားမှာပေါ့။ မိုးက သည်းကြီးမဲကြီးတော့မဟုတ်ဘူး။ ခပ်ဖွဲဖွဲရွာလိုက်၊ တိတ်သွားလိုက်ပေါ့ဗျာ။ ဝတ်ထားတဲ့ အင်္ကျီ လုံချည်တွေလည်း စိုလိုက်ခြောက်လိုက်ပေါ့ဗျာ။ ကျနော့်စိတ်ထဲမှာ အဲဒီအချိန် အသက်စွန့်ရမယ်ဆိုရင်တောင် ဝန်မလေးတဲ့စိတ်တွေ ပေါ်နေပြီဗျ။ ကျနော်တယောက်တည်းတင် မဟုတ်ပါဘူး။ အားလုံးလည်း ဒီအတိုင်းချည်း နေမှာပါဗျာ။

အရေးထဲဗျာ၊ ဒုတိယတခေါက်ထပ်ပတ်တော့ ကျုံးကြီးလမ်းအလွန်လောက်မှာ ချစ်စိန်ရဲ့ကောင်မလေးက လမ်းဘေးကနေ ချစ်စိန်ကို လှမ်းခေါ်နေတယ်။ အော်၊ ပြောဖို့မေ့နေလို့ အေးလွင်တို့ချစ်စိန်တို့၊ ရွှေသွေးတို့အားလုံး လူပျိုတွေချည်းပဲဗျ။ ကျနော် တယောက်တည်းသာ အိမ်ထောင်ကျပြီး ဇနီး၊ သမီးတွေနဲ့ဖြစ်နေတာလေ။ ရုတ်တရက် ဘေးမှာ အားပေးနေတဲ့ လူထုကြီးက ရှိနေတော့ အေးလွင်က ကျနော့်ကြို သတင်းလှမ်းပို့တယ်။ ဟော့ကောင် သက်ခိုင်၊ ဟိုမှာ ချစ်စိန်ချာတိတ်မက ချစ်စိန်ကို လှမ်းခေါ်နေတယ်။ ဘယ်လိုလုပ်ရင် ကောင်းမလဲတဲ့။ ကျနော်လည်း မင်းတို့ဟာ အရေးထဲကွာလို့၊ နောက်မှတွေ့လို့ မရဘူးလားဆိုတော့ ပထမတခေါက်တည်းက ခေါ်နေတာတဲ့။ ကဲ ဒီလိုဆိုလည်း သွားပေ့စေကွာဆိုပြီး မီးစိမ်းလိုက်တော့ ဖိုးချစ်စိန်တို့များ သွက်လိုက်တဲ့ဖြစ်ခြင်း၊ လူအုပ်ထဲ ဘယ်လိုဝင်သွားမှန်းတောင် မသိလိုက်ပါဘူးဗျာ။

ပထမလမ်းကြောင်းအတိုင်း ဒုတိယအကြိမ်ပတ်မိတဲ့ အချိန်မှာ ကျနော်တို့စစ်ကြောင်းဟာ လူအင်အား အဆမတန် များလာပါပြီ။ ကိုဇာဂနာတို့ ဇင်ဝိုင်းတို့လည်း ဒုတိယအခေါက်မှာ ရောပါလာပါပြီ။ ဘာအဖွဲ့ ညာအဖွဲ့ ခွဲမနေတော့ပါဘူးဗျာ။ အဆင်ပြေသလိုဝင်ပြီး တန်းစီ ချီတက်ပေါ့။ ချီလေတဲ့ချီလေပေါ့။ ရန်ကုန်မြို့တမြို့လုံးဟာ စစ်တပ်အာဏာသိမ်းတာကို မြို့လုံးကျွတ် ဆန္ဒပြနေကြပြီဗျာ။

တတိယမြောက်အခေါက်ကျတော့ ကျနော်တို့စစ်ကြောင်းဟာ ဘုန်းကြီးလမ်းဘက်ကို ပြန်မကွေ့တော့ပဲ ဆူးလေဘုရားဘက်ကို ချီတက်ဖို့ ဦးတည်ဖြစ်ပါတော့တယ်။ အေးဗျာ၊ ဒီနေရာမှာ ကျနော် အခုထိ နားမလည်နိုင်တာ တခုရှိတယ်ဗျ။ ကျနော်တို့အဖွဲ့ဟာ ဘာလို့ ပထမအခေါက်ကတည်းက ဆူးလေဘက်ကို ဦးတည်ချီမတက်ခဲ့တာလဲ ဆိုတာပဲဗျ။ ဖစ်မှာခတ်မှာကို စိုးရိမ်လို့လား၊ ဒီလိုပဲ ရည်ရွယ်ချက်မရှိ ခင်္ဂတကြောင်းတည်းကို နှစ်ကြိမ်ပတ်ခဲ့မိသလားပေါ့။ဘာကြောင့်လဲ၊ ဟုတ်လား။ သိပ်အရေးကြီးတဲ့ အချက်ပေါ့ဗျာ။ ဆူးလေဘက်ကို လှည့်လို့ ဆယ့်ငါးမိနစ်တောင် မကြာလိုက်ဘူး ထင်ပါရဲ့။ ကမ္ဘာပျက်သလို ဖြစ်တော့တာပါပဲဗျာ။ အဲဒီအချိန်၊ အဲဒီနေ့၊ အဲဒီနေရာကို ကျနော့်တသက် ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ပါဘူး။

ကျနော်တို့က စထွက်လာတုန်းကသာ ရှေ့ဆုံးကဗျ။ နောက်ပိုင်းမှာ ဟိုအဖွဲ့ဝင်စီလိုက်၊ ဒီအဖွဲ့ဝင်စီလိုက်နဲ့ တတိယအကျော့မှာ ကျနော်တို့နဲ့ တပ်ဦးဟာ ဓာတ်တိုင်သုံးတိုင်လောက်ကို ကွာသွားပြီဗျ။ (၃၁) လမ်းထိပ်ကို ကျနော်တို့အရောက်ပေါ့။ ၁၉၈၈ ခုနှစ် ဧက်တင်ဘာလ (၁၉) ရက် မနက် ၁၁ နာရီဝန်းကျင်ပေါ့ဗျာ။ သေနတ်သံတွေ ဆက်တိုက်ထွက်လာတော့တာပါပဲဗျာ။ တချက်နှစ်ချက် မဟုတ်ဘူးဗျ။ ဆက်တိုက် အတွဲလိုက်နေရာအနှံ့က ပေါ်လာတာ။ ချီတက်နေတဲ့ လူတန်းကြီးဟာ ဝရုန်းသုန်းကားဖြစ်သွားတယ်။

ဖြစ်ပုံက စစ်တပ်ဟာ ဆူးလေဘုရားလမ်းမကြီးရဲ့ ကမ်းနားဘက်ခြမ်းကနေ စောင့်နေတာဗျ။ စစ်တပ်ဟာ ကျနော်တို့တပ်ဦးကို ရက်ရက်စက်စက် စပြီးပစ်ခတ်နေပါတော့တယ်။ လက်ထဲမှာ အပ်တိုကချောင်းတောင် မပါတဲ့လူထုကြီးကို မညှာမတာကို ပစ်နေတာဗျ။

မဟာဗန္ဓုလပန်းခြံနဲ့ ဟိုတယ်ခရီးသွားလာရေးရုံးကြားမှာ၊ အမေရိကန်သံရုံးနဲ့ နီးတယ်လေ။ ကျနော်တို့တပ်ဦး ဘယ်လိုဖြစ်တယ်ဆိုတာ နောက်ပိုင်း ခိုးရိုက်ထားတဲ့ဗီဒီယိုအခွေတွေမှာ အသေးစိတ် တွေ့ရပါတယ်။ စစ်သားတရာကျော်လောက်ဟာ ရင်ဘောင်တန်းပြီး သေနတ်တွေကို လူထုကြီးဆီ ထိုးချိန်ပြီး တတန်းပစ်လိုက်၊ ခေါင်းဖယ်ပေးလိုက်၊ နောက်ကအတန်းက ပစ်လိုက်နဲ့ တကယ့်ကို လူမဆန် တဲ့ လူသတ်ပွဲကြီးကို ဆင်နွှဲနေခဲ့တော့တာပဲဗျာ။

ဘာမှိုင်းမိနေမှန်းမသိပဲ လူစိတ်ပျောက်နေတဲ့ သေနတ်ကိုင်ရဲဘော်တွေ ဘယ်လောက် ပစ်အားကောင်းသလဲ မမေးနဲ့ဗျ။ ဗီဒီယို အခွေထဲမှာ မူရင်းအသံတခုပါ ပါလာတယ်။ စစ်ဗိုလ်က အော်ဆဲနေတဲ့ အသံ။ ပီပီသသကြီးကို ကြားနေရတာ။ 'ဟေ့ကောင်တွေ၊ စွတ်ပစ်မနေနဲ့အုံးဟ၊ မအေ ...တွေရဲ့၊ ငါပစ်ဆိုမှ ပစ်' တဲ့။ ရက်စက်မိုက်ရိုင်းချက်ကတော့ ကမ်းကုန်တာထက် ဟိုဘက်တောင် လွန်သေးဗျာ။

ဒါတင်ဘယ်ကအုံးမလဲဗျာ။ လမ်းဘေးမြောင်းထဲကနေ ခေါင်းထောင်အကြည့်မှာ ဗိုင်းကနဲ သေနတ်စာမိပြီး လန်ကျသွားတာတွေ။ လူအုပ်ကြီး အပြုံလိုက်အလဲလဲ သွေးအလူးလူးနဲ့ မြင်ကွင်းတွေ အစုံပေါ့။ ကျနော်လား၊ ခဲနဲ့ပစ်ရင်တောင် ရောက်တဲ့နေရာမှာဗျ။

အဲဒီနေရာနဲ့ တံတောင်ဆစ်ချိုးနေရာမှာ။ အေးလေ၊ သေနတ်သံတွေ ဆူညံနေတော့ ကျနော်လည်း ကျည်ကွယ်မျက်ကွယ် ရှာရတော့တာပေါ့။ သတ္တိနည်းတယ် ပြောချင်လည်း ပြောပေ တော့ဗျာ။ ကိုယ်က စားမတိုတောင်မပါတာ ဟိုကအတွဲလိုက်ဆွဲလိုက်နေတာကို ရင်ကော့ဝင်သွား လောက်အောင်တော့ ကျနော် သတ္တိမကောင်းဘူး။ ကျနော် ဆက်သွယ်ရေး တာဝါတိုင် ထောင်ထားတဲ့ အဆောက်အဦးဘေးကို ပြေးကပ်နေလိုက်တယ်။

ယမ်းငွေ့တွေ ဖုံးနေတဲ့ ဆူးလေဘက်က အခြေအနေကို လှမ်းကြည့်နေလိုက်တယ်။ လူအုပ်ကြီးဟာ ဟိုဟိုဒီဒီ ဘေးကင်းမယ်ထင်ရာကို စွပ်ပြေးနေကြတယ်ဗျ။ နေရာအနှံ့ ကြည့်လေရာမှာ လူတွေပြေးလွှားနေကြတာကိုပဲ တွေ့နေရတယ်။ သေနတ်သံတွေလည်း ဆက်တိုက်ကြားနေရတုန်း။ အဲ၊ အဲဒီအချိန်မှာပါဗျာ။ ကျနော့်ဘေးကို ဘယ်ကဘယ်လို ရောက်လာမှန်းမသိတဲ့ အဖြူအစိမ်းနဲ့ ဆယ့်ငါးနှစ်လောက်အရွယ် ကျောင်းသူလေးတယောက်ဟာ ပွန်းပဲ့စုတ်ပြတ်တဲ့ ဒဏ်ရာတွေနဲ့ ရောက်လာပါလေရောဗျာ။

သူက ကျနော့်ကို အားကိုးတကြီး ပြောရှာတယ်။ 'ဦးရယ်၊ ကယ်ပါအုံး'တဲ့၊ 'ကျမသူငယ်ချင်းကို သေနတ်ထိသွားပြီ'တဲ့။ သွေးတွေ၊ တံတောင်တွေ စုတ်ပြတ်ပြီး သွေးစို့နေတာကို သတိတောင် ထားမိပုံ မပေါ်ဘူးဗျာ။ 'ဟိုမှာလဲနေတာ ကျမသူငယ်ချင်း' တဲ့။ လက်ညှိုးကို ဆူးလေဘုရားဘက်က ကတ္တရာ လမ်းမပေါ်ကို ထိုးပြနေတယ်။

အော် အရေးအကြောင်းဆိုတော့ ငါ ဘာလုပ်ပေးနိုင်သလဲ၊ ဘယ်လိုအကြံပေးရင် ကောင်းမလဲ၊ ကျနော်လည်း တတ်နိုင်သလောက် ဉာဏ်ကို အပြေးအလွှား ထုတ်ရပါတော့တယ်။

ရုတ်တရက် ကျနော့်ခေါင်းထဲမှာ အကြံရလာတယ်ဗျ။ ဒါနဲ့ 'ခဏလေးနေဦး၊ မင်းတို့အထဲမှာ ကြက်ခြေနီအလံနဲ့ ကြက်ခြေနီအကျႌပါလား' လို့မေးလိုက်တယ်။ သူတို့ကလည်း ချက်ချင်းပဲဗျာ။ အလံရော၊ အကျႌပါ ပါတယ်ဆိုပြီး ဘယ်က ယူလာမှန်းတောင် မသိလိုက်ဘူး။ အဆင်သင့် ဖြစ်နေတယ် ဗျာ။

‘ကဲ ဒါဆို ကြက်ခြေနီအလံကိုထောင်လိုက်၊ နောက် ကြက်ခြေနီအကျီဝတ်ထားတဲ့ တယောက်က သူငယ်ချင်းကို သွားတောက်’ လို့ လူတတ်ကြီးလုပ်လိုက်ပါရောဗျာ။ ကြက်ခြေနီအကျီ ဝတ်ထားတဲ့ ကလေးမလေး နှစ်ယောက်ကရှေ့က၊ အလံကိုင်ထားတဲ့ ယောက်ျားလေးတယောက်က နောက်က၊ အပြေးတက်ပြီး သူတို့သူငယ်ချင်းကို တက်ဆွဲပါလေရောဗျာ။ သုံးယောက်စလုံး ဆယ့်ငါးနှစ်ထက် မကျော်ဘူးဗျ။

အဲဒီပြေးထွက်သွားတဲ့ ကလေးတွေဆီကို ဗိုင်းပစ်လိုက်တဲ့ နားကွဲမတတ် ဆူညံတဲ့ သေနတ်သံတွေ ထွက်လာပြန်ပါတော့တယ်ဗျာ။ ဘယ်လောက် ဗိုင်းပစ်နေကြသလဲဆိုရင် ကျနော် ရှိတဲ့ဘက်ကို ပြန်ပြေးလာတဲ့ ကလေးနှစ်ယောက်ရဲ့နောက်က ကတ္တရာလမ်းမျက်နှာပြင်ကို သေနတ်မှန်လို့ မီးပွင့် ပွင့်နေတာ ကျနော် တွေ့နေရတယ်ဗျာ။ ကလေးတွေက ရှေ့ကပြေး နောက်က မီးပွင့်တွေက ထပ်ချပ်လိုက်နေတာဗျာ။ နောက်သတိထား လေ့လာလိုက်တော့ ဆက်သွယ်ရေး တာဝါတိုင်ပေါ်မှာ ဝမ်းလျားမှောက်ပြီး လမ်းပေါ်ကို ပစ်နေတဲ့ စစ်သား နှမစောင်း သုံးကောင်ကို တွေ့နေရသဗျာ။

‘တောက်’ စစ်သားတဲ့ဗျာ။ အသက်ဆယ့်လေးငါးနှစ်အရွယ် ကြက်ခြေနီအလံနဲ့ အကျီ ဝတ်ပြီး လူနာကောက်ဖို့သွားတဲ့ ကလေးတွေကို စိမ်ပြေနပြေ ပစ်နေလိုက်တာများဗျာ။ ကျနော်လည်း စစ်သမိုင်းတွေ စစ်တပ်အကြောင်းတွေ ကြုံဖူးကြားဖူးပါရဲ့။ ဘယ်ကမ္ဘာ၊ ဘယ်သမိုင်းမှာမှ မရှိတဲ့ အာဂစစ်သားတွေပါပဲဗျာ။ လူတွေမှ ဟုတ်ကြသေးရဲ့လား။ စစ်တပ်ကိုတော့ တော်တော်ကို စိတ်ကုန်ဖို့ကောင်းတဲ့ အတွေ့အကြုံပါပဲဗျာ။

ကလေးနှစ်ယောက်က ကျနော့်ဘေးနားကို ဘာဒဏ်ရာမှမရပဲ ပြန်ရောက်လာတယ်ဗျာ။ တယောက်ကတော့ သေသလား ရှင်သလား မသိတော့ပါဘူးဗျာ။ ကျုပ်လည်း ဒီကိစ္စကို တသက်လုံး နောင်တရလို့ မဆုံးတော့ဘူးဗျာ။ အမှန်က ငါကိုယ်တိုင် တက်ဆွဲရမှာ၊ မဟုတ်တဲ့နေရာမှာ လူတတ်ကြီး လုပ်လိုက်မိလို့ နောက်တယောက် ဘယ်လိုဖြစ်မှန်းမသိ ကြုံသွားရပြီလို့။ ကျနော် သိထားတာက ကြက်ခြေနီအလံတို့၊ ကြက်ခြေနီဝန်ထမ်းတို့ဆိုရင် ကမ္ဘာစစ်ကြီး ဖြစ်တာတောင် မပစ်ရ၊ မခတ်ရဘူးလို့ နားလည်ထားခဲ့လို့ ကျနော် အကြံပြုမိတာပါဗျာ။ ကျနော်ဗျာ၊ ကြောက်နေတဲ့စိတ် ဘယ်ပျောက်သွားမှန်း မသိဘူး၊ ဘေးက ကလေးတွေကြည့်ပြီး မျက်ရည်ကျလာတယ်။ သူတို့ကို (၃၁) လမ်း အတွင်းပိုင်းကို လက်ညှိုးညွှန်ပြီး ဘေးကင်းရာကို အမြန်သွားဖို့ အမူအရာပြလိုက်ရပါတော့တယ်။ ကျနော် စကား မပြောနိုင်တော့ပါဘူးဗျာ။ ရင်ထဲမှာ ဆို့နေတယ်။ အခုပြန်တွေးရင် အခုရင်ဆို့တုန်းဗျ။ ကျနော်ဟာ ရုတ်တရက် စိတ်ဖောက်ပြန်သွားသလားတောင် အောက်မေ့တော့တာပဲဗျာ။ လမ်းမပေါ်မှာလူတွေ ရှင်းနေတဲ့အချိန် စစ်ကားတွေ၊ စစ်သားတွေက တလမ်းချင်း ရှေ့တက်ပြီး အတားအဆီးတွေ ဖယ်လိုက်။ ရှေ့တလမ်း တိုးလာလိုက် လုပ်နေတဲ့အချိန်ကြီးမှာ ဆူးလေကနေ လှိုင်မြို့နယ်က ကျနော့်အိမ်ရှိရာကို ခြေကျင်လျှောက် ပြန်နေပါတယ်။

နောက်က စစ်ကားတွေ၊ စစ်သားတွေ တရွေ့ရွေ့လိုက်လာနေတာကို ကျနော်က တလှမ်းချင်း ခေါင်းငိုက်စိုက် ငိုက်စိုက်နဲ့ ပြန်လာနေတာပေါ့ဗျာ။ လမ်းပေါ်မှာက အတားအဆီးတွေ အများကြီးရှိနေတော့ ထင်သလောက်တော့ သူတို့မြန်မြန် ရှေ့မတိုးနိုင်တော့ ကျနော့်ကို မမီနိုင်ဘူးပေါ့။ ကျနော့်ကို လိုက်ပို့တဲ့ ဆိုင်ကယ်သိန်းဝင်းလား၊ ဒီလောက် ပစ်ခတ်နေမှတော့ သူလည်း သူဘာသာ ပြန်ပြီပေါ့ဗျာ။

ကျနော် လမ်းလျှောက်ပြန်နေတာဟာ အင်းစိန်လမ်းမကြီးအတိုင်းဗျ။

ဟံသာဝတီအဝိုင်းအထိ ဘာပြဿနာမှ မရှိပေမယ့် အဿလွှင့်ရုံနားရောက်တော့ စစ်ကားအစီးရေ တော်တော်များများ ရောက်နေပြီ။ ကျနော့်လိုပဲ အင်းစိန်ဘက်ကို လျှောက်ပြန်နေတဲ့

လူတချို့လည်း ရှိသေးဗျာ။ လမ်းမပေါ် လျှောက်ပြန်ကြတာတော့ ဘယ်ဟုတ်မလဲဗျ။ သစ်ပင်တွေ တွယ်ကသွားလိုက်၊ လမ်းကြားတကြားထဲဝင်လိုက်၊ အခြေအနေကြည့်လိုက် ပြန်နေကြတာ။ လေးယောက်တစု ငါးယောက်တစုတွေပေါ့။ တမြို့လုံးဟာ ချောက်ချားစရာ ကောင်းလောက်တဲ့ တိတ်ဆိတ်ခြင်းမျိုးနဲ့ တိတ်လို့ပေါ့ဗျာ။ နေ့လည် နှစ်နာရီလောက် ရှိနေပြီဗျ။ တိုက်တိုက်ဆိုင်ဆိုင်ဗျာ ဟံသာဝတီအပိုင်းနားက စက်မှု (၁) ပြုပြင်ထိန်းသိမ်းရေးရုံး ရှေ့တည့်တည့်ရောက်တော့ အပ်ချုပ်ဆင်တန်းဖွင့်ထားတဲ့အိမ်ထဲမှာ ခဏခိုနေတဲ့ ကျနော်နဲ့ ကျောင်းဆရာလုပ်ဘက် လှိုင် (၆) ရပ်ကွက်စိတ္တသုခလမ်းထဲက ဆရာကိုတင်မြင့်ကို တွေ့လိုက်ရတယ်။ သူလည်း တခုခု ထိတ်လန့်နေတဲ့ပုံပဲ။ ဒါပေမယ့် သူက အမြဲတမ်း ရယ်ကျဲကျဲလုပ်နေတော့ သိပ်မသိသာဘူး။ သူက ကျနော့်ကို လှမ်းခေါ်ပြီး ပုဆိုးကို ပေါင်ကြားနေရာ ဟ ပြတယ်။ ဟော့ ကိုသက်ခိုင် တဲ့၊ ဒီမှာ ကြည့်ပါအုံးတဲ့။

ဟ၊ ဘာများတုန်းဆိုပြီး သေချာကြည့်လိုက်တော့ ပုဆိုးကို ထုတ်ချင်းခတ်ပေါက်နေတဲ့ အပေါက်ကလေး နှစ်ပေါက်ဗျာ။ သူက လန့်နေတဲ့ကြားက စပ်ဖြဲဖြဲနဲ့။ ကံကောင်းလို့ မသေတာ ဆရာရေ တဲ့။ ကျနော့်ဘေးက လူတွေတော့ တော်တော်များများ အတုန်းအရုန်း လဲကျကျန်ခဲ့ကြတာပဲတဲ့။ ကျနော်လည်း ကျည်ဆံပေါင်ကြားကိုဝင်ပြီး ပုဆိုးဖောက်သွားတာ မသိလိုက်ဘူး။ လွတ်ရာရောက်မှ ဘယ်နေရာထိသွားလဲ လျှောက်လှန်ကြည့်တော့ တွေ့တာဗျို့ တဲ့။ တကယ့်ကို ကံကြီးတဲ့လူဗျာ။

အတော်ပဲဗျာ။ သူနဲ့ကျနော် အဖော်ရသွားတာနဲ့ အခြေအနေကြည့်ပြီး ရှေ့ဆက်ချီတက်သွားတယ်။ လမ်းမပေါ် ပြောင်တက်လျှောက်ပြီး ချီတက်တာ ဘယ်ဟုတ်မလဲဗျာ။ ဘေးကင်းရာကင်းကြောင်း ခိုးကြောင်ခိုးဝှက်နဲ့ ကျီးကန်းတောင်းမှောက် မျက်လုံးတွေနဲ့ပေါ့။ ဓာတ်ပွဲထဲမှာ ရွက်နင်းသလို သူခိုးသွားလေးပေါ့ဗျာ။

ဘယ်လို အမိန့်မျိုးကို ဘယ်သူကပေးနေသလဲတော့ မပြောတတ်တော့ဘူးဗျာ။ ထူးဆန်းနေတာ တွေ့ရပြန်ရော။ ဟံသာဝတီအပိုင်းကို ကျော်လာတော့ အသံလွှင့်ရုံရှေ့မှာ ရပ်ထားတဲ့ စစ်ကားတွေက လမ်းတခြမ်းကိုပဲ နေရာယူထားတယ်။ တခြမ်းကို လွတ်ထားတယ်။ တချို့လူတွေ သွားနေတာကို လှမ်းမြင်နေရတယ်။ ခပ်ကြောက်ကြောက် စိုးရိမ်ထိတ်လန့်နေတဲ့ ပုံစံတွေနဲ့ပေါ့။ ကျနော်နဲ့ ကိုတင်မြင့်လည်း အသံလွှင့်ရုံရှေ့ကနေ ခပ်သုတ်သုတ် ဖြတ်လျှောက်လာတော့ ပညာရေးတက္ကသိုလ်ရှေ့ ရောက်လာတယ်။ အသံလွှင့်ရုံနဲ့ ဓားလွယ်ခုတ်လေ။ လိပ်ခုံးရှေ့လည်းရောက်ရောဗျာ၊ ဆေးတက္ကသိုလ် (၁) နဲ့ ပညာရေးတက္ကသိုလ်ဝင်းထဲမှာ လေးငါးရာလောက်ရှိတဲ့ လူတွေဗျာ၊ ရရာတွေ့ရာ ပစ္စည်းတွေ ဝင်သယ်နေလိုက်ကြတာ။ ကျနော် တော်တော် အံ့သြသွားတယ်။

ကျနော်က ကျောင်းဆရာလူထွက်ဗျ။ ပညာရေးတော့ စိတ်ဝင်စားတယ်လေ။ ဒီအသံလွှင့်ရုံရှေ့က စစ်သားကိုယ်တော်ချောတွေက အပြစ်မဲ့ ဆန္ဒပြတဲ့လူအုပ်ကြီးကိုတော့ စွတ်ပစ်နေပြီး တက္ကသိုလ်ဝင်းကြီးတခုလုံးကို ဖြောင်းဆန်အောင်လုပ်နေတဲ့ လူစုကျတော့ ဘေးမဲ့ ပေးထားသဗျာ။ ကျနော်တော့ ညစ်နေကြောက်နေတဲ့ကြားက ရင်ကျိုးမိတော့တာပါပဲဗျာ။ ဒီလို တက္ကသိုလ်ကြီးမျိုးတခု ဖြစ်လာဖို့ဆိုတာ လွယ်တဲ့အလုပ်မှ မဟုတ်တာ။ စက္ကူထုတ်တွေ၊ အနုကြည့် မှန်ပြောင်းတွေ၊ ဘီဒိုတွေ၊ အို ရှိရှိသမျှအကုန် ဆိုပါတော့ဗျာ။ စစ်သားတွေက လှမ်းမြင်နေရတာ၊ သေနတ်တချက် ဖောက်လိုက်ရင်တောင် တန့်သွားမှာကို ဘာမှမလုပ်ပဲ ကြည့်နေသဗျာ။

ဘာလဲ၊ ခင်ဗျားက စစ်သားဆိုတာ အမိန့်နာခံ ရတယ်။ အသံလွှင့်ရုံ လုံခြုံရေး ယူထားတာမို့ ဆေးတက္ကသိုလ်နဲ့ ပညာရေးတက္ကသိုလ်ကို လှမ်းစွက်ဖက်လို့ မရဘူး ပြောမလို့လား၊ အဖြေက နောက်နာရီဝက်လောက် ကျတော့ ရှင်းသွားတယ်ဗျာ။ လှည်းတန်းလည်းကျော်ရော လမ်းဘေးဝဲယာမှာ

အထုပ်ကြီး အထုပ်ငယ်တွေနဲ့ နီးစပ်ရာစက်ရုံတွေက ပစ္စည်းမျိုးစုံ ထမ်းပိုးသယ်လာနေကြတဲ့ လူအုပ်ကြီးကို တွေ့ရပါလေရောဗျာ။ ပွဲတော်ကြီးကို ဖြစ်လို့။

ကျနော်လည်း မနေနိုင်တော့တာနဲ့ စစ်တပ်လာရင် ဘယ်လိုလုပ်မလဲလို့ နီးရာလူတယောက်ကို မေးလိုက်မိတယ်။ ဒီလူက ကျနော့်ကို ခပ်ကြောင်ကြောင်ပြန်ကြည့်ပြီး စက်ရုံတွေကို စစ်တပ်က ဖွင့်ပေးထားခဲ့တာလေတဲ့။ သူတို့လိုချင်တာ သယ်သွားပြီးပြီ တဲ့။

အော် ကျနော်လည်း အဲဒီတော့မှ စစ်တပ်ဟာ အကွက်ကျကျစီမံပြီး မကြံကောင်း မစည်ရာ၊ မလုပ်အပ်တဲ့ အလုပ်မျိုးကိုလုပ်နေပါလားလို့ ရိပ်မိလာပါတော့တယ်ဗျာ။ ခင်ဗျားက ကျနော် မသေချာပဲ ရမ်းစွပ်စွဲတယ် ထင်နေလို့လား။ လှိုင်၊ အုတ်ကျင်း၊ သမိုင်း ဆိုတဲ့နေရာတွေမှာလည်း တထေရာတည်း တပုံစံတည်းပါပဲဗျာ။ သမိုင်းချည်မျှင်နဲ့ အထည်စက်၊ သိပ္ပံပစ္စည်းစက်ရုံ၊ စီးကရက်စက်ရုံ၊ ထီးစက်၊ ဆပ်ပြာစက်ရုံ၊ ရှိရှိသမျှစက်ရုံ အကုန်လျှောက်ဖွင့်ပေးပြီး လူထုကို မငြိမ်မသက်ဖြစ်အောင် လမ်းလွဲကို လောဘနဲ့ လိုက်အောင် စစ်တပ်က အသေအချာ စီမံကိန်းချခဲ့တာပေါ့ဗျာ။ ဘာလို့လဲ ဟုတ်လား။ လူတွေ အဲဒီလို လွယ်လွယ်ရတာတွေနောက်လိုက်ပြီး ခိုးနေ၊ ဝှက်နေ၊ သယ်နေ၊ မ နေမှ သူတို့ အာဏာသိမ်းတဲ့ကိစ္စ လျှောလျှောလျှူလျှူ ဖြစ်မှာလေဗျာ။

အလကားရတဲ့ပစ္စည်းဆိုတော့ သူ့သူ့ကိုယ်ကိုယ် လိုချင်ကြတာကလား။ ဒီတော့ တခေါက်နဲ့ မတင်းတိမ်၊ နှစ်ခေါက်နဲ့မတင်းတိမ်၊ အခေါက်ပေါင်းများစွာ သယ်ကြ၊ ယူကြ။ ဘယ်လောက်များ ကမ်းကုန်အောင် ဖြစ်ကုန်ကြသလဲဆိုရင် ဆပ်ပြာစက်ရုံက ဆပ်ပြာချက်တဲ့ ဆီပေပါတွေဟာ အလုံးပေါင်း သောင်းချီရှိမယ်။ ဆီအပြည့်နဲ့နော်။ တလုံးကို အဲဒီခေတ်ကတောင် သုံးသောင်းလောက်တန်မယ်။ ဒါတွေကိုဗျာ၊ လူတွေက ဆီအပြည့်နဲ့ မမနိုင်တော့ ဆီတွေကိုစောင်းပြီးသွန်၊ ပေပါခွံတွေ ယူကြသဗျာ။ ပေပါခွံကို တယောက်တယောက် နှစ်လုံးသုံးလုံးလှိမ့်ပြီး တွန်းလာကြသဗျာ။ ပေပါခွံတလုံး သုံးရာတဲ့၊ ဆပ်ပြာတသေတ္တာ လေးရာတဲ့၊ တိုင်းပြည်ပျက်အောင် ဖျက်ပြီး အာဏာရရင်ပြီးရော လုပ်လိုက်ကြတာဗျာ။

အခေါက်ပေါင်းများလာတဲ့ အချိန်မှာ စစ်တပ်က အာဏာသိမ်းတာ တစစ အနိုင်ပြလာ၊ အားသာလာတော့ စက်ရုံတွေကို မသမာသူတွေက ဖောက်ပါတယ်ဆိုပြီး ပစ်မိန့်လည်း ပေးလိုက်ရော စိမ်ပြေနပြေ စိတ်အေးလက်အေးလာသယ်တဲ့သူတွေ သေနတ်မှန်ပြီး သေလိုက်ကြတာ သောက်သောက်လဲပေါ့ဗျာ။ ကျနော်ကိုယ်တိုင်တောင် ဒေါ့ဂျစ်ကားတစီးတိုက် အလောင်းတွေ သဖော့တောသုသာန်မှာ လိုက်မြှုပ်ပေးခဲ့ရသေးဗျာ။

အေးပေါ့ဗျာ၊ အာဏာလည်း သေချာသိမ်းနိုင်ရော၊ အဲဒီစက်ရုံပေါင်းစုံ အဖျက်အစီးတွေကို တီဗီရိုက်ပြီး ရုပ်မြင်သံကြားကနေ 'ဆုံးရှုံးရသမျှ ပြည်သူ့ဘဏ္ဍာ' ဆိုပြီး လွှင့်လိုက်တဲ့ရက်ပေါင်း မနည်းပါဘူးဗျာ။ တည့်တည့်ပြောရရင် ဆုံးရှုံးရသမျှ ပြည်သူ့ဘဏ္ဍာဟာ စစ်တပ်လုပ်လို့ အကွက်ဆင်လို့ ဆုံးရှုံးကုန်တာဗျ။ အေးဗျ၊ ဒီအကြောင်း ပြန်တွေးမိရင် ရှာထားတဲ့တရားတောင် မေ့ချင်ချင်ပဲဗျာ။ တော်တော်တော်တဲ့ စစ်တပ်လို့သာ ဩချမိတော့တာပဲဗျ။

■

## အခန်း (၄၁)

# မားကို မားချင်း၊ လုံကို လုံချင်း

အော်၊ စက်ရုံဖောက်ဓာတ်လမ်းဘက်ရောက်သွားလိုက်တာ ကျနော် ပြောလက်စက အိမ်ထောင် ပြန်မရောက်သေးဘူး။ ဒီလိုနဲ့ ကျနော် ဘူတာရုံလမ်းထိပ် ပြန်ရောက်လာတယ်။ အတော်ပဲဗျာ၊ ဘုံဒီလမ်းထိပ်က ဗန်ဒါပင်ဆိုင်လို့ခေါ် တဲ့ ကိုသန်းညွန့်အရက်ဆိုင်ထဲ ဝင်ပြီး ဘီအီးတလုံးကျော်ကျော်သောက် မူးအောင်သောက်ပစ်လိုက်တယ်။ ဘေးက မောင်တွေလည်း ကျွက်စီကျွက်စီနဲ့ ဝိုးတိုးတိုးတိုးနဲ့ ပြောချင်ရာပြောနေတာကို ကျနော် စိတ်မဝင်စားတော့ဘူးဗျာ။ အဲဒါ ကျနော် မှားပြန်ရော။ တကယ်တော့ သူတို့ ပြောနေတာဟာ တကယ့်ပွဲကြီးပွဲကောင်းတခု ဖြစ်လာတော့မဲ့ အကြောင်းဗျ။

ကျနော်က မြို့ထဲမှာ ပွဲကြမ်းနေတာလောက်ပဲ သိတာလေ။ လှိုင်မှာ ဘာမှမဖြစ်ဘူး ထင်တာပေါ့။ လူကလည်း ခြောက်ခြောက်ခြားခြားဖြစ်နေတော့ မူးလေကောင်းလေဆိုပြီး စွတ်သောက်လိုက်တာ ညနေ လေးနာရီလောက်ကျတော့ အသိဆိုက်ကားတစီးနဲ့ ခေါင်းငိုက်စိုက်ချပြီး ဘူတာရုံလမ်းအတိုင်းပြန်လာရောဗျာ။ အဲဒီနေ့က မူးချက်ကတော့ဗျာ ခေါင်းငိုက်စိုက်ကျနေတာများ နဖူးနဲ့ဆိုက်ကားခြေနင်းခုံထိနေတယ်မှတ်တာပဲ။ ဒုတ်ဒုတ်နဲ့ ဆိုက်ကားက သံလမ်းကိုကျော်တဲ့အသံကြားတော့ ကမာရွတ်ဘူတာကျော်လာပြီဆိုတာ သိတာပေါ့။

တအောင့်ကြာတော့ အသံနက်ကြီးတခုက ကျနော့်နားထဲ ဆောင့်ဝင်လာတယ်။ ဆရာ ကျနော်သွားတော့မယ် ဆရာတဲ့။ ဘယ်ကကောင် ဇာတ်လာရှုပ်ပြန်ပြီလဲဆိုပြီး မူးနေတဲ့ကြားက ခေါင်းကိုအားယူပြီး မော့ကြည့်လိုက်တော့ ကျနော့်တပည့်ကျော် အုန်းမြင့်ပါလားဗျာ။ မီးသတ် ဝတ်စုံနက်ပြာကိုအပေါ်အောက် ဝမ်းဆက်ဝတ်လို့၊ ဂျိုသရီးလိုလို သေနတ်ကို ကိုင်ထားတာ နားရွက် နားကပ်ပြီးခုံပေါ် ထောင်လို့၊ ရမ်ဘို စတားလုံး စတိုင်ဗျ။ အေးပေါ့ဗျာ၊ စံရိပ်ငြိမ်ဘဏ်တိုက်ပွဲမှာ တကယ့်ကိုလက်သံပြောင်ခဲ့တဲ့ ကျနော့်တပည့်ကျော် အုန်းမြင့်ပေါ့။ သူ့ဘေးမှာလည်း လူအုပ်ကြီးနဲ့။ နောက်ဆုံးအောင် ထပ်ကြည့်လိုက်တော့ သူ့နောက်မှာလည်း သေနတ်ကိုယ်စီနဲ့ လူတွေဗျ။ ကျနော့်

စိတ်ထင် ဆယ်ယောက်ကျော်ကျော်ရှိမယ်။ အုန်းမြင့်က ကျနော်စီးလာတဲ့ဆိုက်ကားကို ဟန်ဒယ်ကိုင်ဖြီး ရပ်ခိုင်းတယ်။ ဆရာ၊ ဆရာ့တပည့်သွားဆော်တော့မယ် ဆရာတဲ့။

လူအုပ်ကြီးလည်း ခဏရပ်သွားတယ်ဗျ။ ကျနော်လည်း အူကြောင်ကြောင်နဲ့ အိပ်မက်မက်နေတာလား၊ အမူးလွန်နေသလား ဝေခွဲမရခင်မှာပဲ အုန်းမြင့်က ဆရာ စိတ်မပူနဲ့တဲ့။ လူအုပ်ကြီးနဲ့ ဆက်ပါ သွားပါလေရောဗျာ။

ဒီလိုနဲ့ဆိုက်ကားဆရာက ကျနော့်ကို အိမ်ရောက်အောင် ဆက်နင်းပို့နေတုန်း၊ တဖြည်းဖြည်း အိမ်နဲ့နီးလာလေ၊ ကျနော်ဟာ အသိစိတ် ပြန်ဝင်လာလေဖြစ်လာတယ်ဗျ။ ကျနော့် တပည့်ကျော် အုန်းမြင့်အကြောင်း ကျနော်အသိဆုံး။ ဒီကောင်က လုပ်လိုက်ရင် သေဒဏ်ရမ်းချည်းပဲ ဆိုတဲ့အထဲမှာ ထိပ်ဆုံးက။ အော် ဒါနဲ့ အုန်းမြင့်အကြောင်း ပြောရအုံးမယ်။ ကျနော်က လျှပ်စစ်ဝန်ကြီးဌာနနဲ့ အလုပ်အတော်များများ လုပ်ဖူးတယ်ဗျာ။ အရေးအခင်း မဖြစ်ခင်ကပေါ့ဗျာ။ အလုံ လျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းထဲမှာ လမ်းခင်းတဲ့ကန်ထရိုက် ရဖူးတယ်လေ။

ကျနော့်လုပ်ပုံကိုင်ပုံက သူများနဲ့ နည်းနည်းကွဲတယ်။ ကျနော်က အလုပ်ကို ဇယားဆွဲတဲ့နေရာမှာ လူကြီးကြိုက်အောင်လုပ်တတ်တယ် ဆိုပါတော့။ သူတို့ပြီးချင်တဲ့အချိန်၊ ပြီးချင်တဲ့အလုပ်ကို ကျနော်လုပ်ပေးနိုင်တယ်။ အဲဒီလို လုပ်ပေးနိုင်ဖို့ အလုပ်သမားကောင်းတွေ လိုတယ်။ သူတို့ကို အလိုလိုက်သင့်တာလိုက်၊ လူမှုရေးအရ ထောက်ပံ့စရာရှိထောက်ပံ့တာမျိုးတွေ လုပ်ပေးလေ့ရှိတော့ ကျနော့်မောင်တွေဟာ ကျနော်ကသာခိုင်းရင် မိုး မီးနဲ့တက်ရှို့မယ့် ကောင်ချည်းပဲဗျ။

အရေးအခင်းမဖြစ်ခင် တနှစ်လောက်က သက်နှီးကျွန်းဓာတ်အားပေးစက်ရုံကို အင်္ဂလန်က ဝန်ကြီးတယောက်လာမယ်ဆိုတော့ အရေးပေါ် လုပ်ငန်းတချို့ ကျနော် လုပ်ပြခဲ့ဖူးတယ်။ သိပ်ရေးကြီးခွင်ကျယ်တော့ မဟုတ်ပါဘူးဗျာ။ စုတ်ပြတ်နေတဲ့ နေရာကို လူမြင်သူမြင်ကောင်းအောင် လိုတာမှန်သမျှ လျှောက်မွမ်းမံရတာမျိုးပါ။ ဒါပေမယ့် ပေးနိုင်တဲ့အချိန်က သိပ်နည်းနေလို့ သူတို့ဌာနက အရာရှိတွေ ဘယ်လိုမှ မလုပ်နိုင်တဲ့အလုပ်ကို ဧည့်သည်ဝန်ကြီး လာမယ့်ရက်အမီ ကျနော် လုပ်ပေးခဲ့တယ်။ ကျသင့်တာထက် သုံးဆလောက် ပိုတောင်းလိုက်တယ်။ တပည့်ကျော်တွေကို လုပ်အားခနှစ်ဆနဲ့ ပုတ်ပြတ်ပေးလိုက်တော့ ဘယ်မပြီးပဲနေမလဲဗျာ။ သိပ်လည်း အထင်ကြီးစရာတော့ မရှိပါဘူး။

အဲဒီတုန်းက အုန်းမြင့်ဟာ မြောက်ကိုးလမ်းလို့ ကျနော်တို့ခေါ်ခေါ်နေတဲ့ လှိုင်မြစ်လမ်း မြောက်ပိုင်း ကိုးလမ်းကနေ ကျနော့်အလုပ်ကိုဝင်လုပ်ရာက သိတာ။ သူကလည်း ရာဇဝင်နဲ့ဗျာ။ တပ်ထဲမှာ ဒုတပ်ကြပ်အဆင့်ကနေ တပ်ခွဲမှူးကို သေနတ်နဲ့ပစ်မှုနဲ့ စစ်ထောင်မှာ ထောင်ငါးနှစ်ကျပြီး လွတ်လာတာ။ တပ်ခွဲမှူးရဲ့အောက်ပိုင်းကို ဂျီသရီးနဲ့ လေးငါးချက်ဆွဲရမ်းလိုက်တာ ပေါင်ရော၊ ခြေသလုံးတွေပါ ကျေကုန်တယ်ဆိုပဲ။ အေးဗျ၊ လူမိုက်တွေနဲ့တော့ ဘယ်ဘဝက ရေစက်မှန်းတောင် မသိတော့ပါဘူးဗျာ။

ပထမ သူကနေ့စား။ နောက်တော့ သူ့ ဇကလေးကလည်းရှိတော့ သူ့ကိုပုတ်ပြတ်ပေးဖို့ ကျနော့်ကို အရေးဆိုရာက သူနဲ့ကျနော် တွဲမိသွားတာ။ ဆရာတပည့်အရင်း ဖြစ်သွားရော ဆိုပါတော့ဗျာ။ ထူးဆန်းတာက ဒီကောင် အရက်မသောက်တတ်ဘူးဗျ။ သူက ဖွန်လိုင်း၊ မိန်းမဆို အသေရော အရှင်ရော မထားဘူးဆိုတဲ့အထဲက။ ဒါပေမယ့် ကျနော်သောက်တာကိုတော့ လိုက်လိုက်ပြီး ထိန်းရှာတယ်။ ဒီကောင်က ကျနော့်တလက်ကိုင်ဗျ။ ဘယ်သူနဲ့မှလည်း သိပ်တည့်လှတယ် မရှိဘူးဗျ။

အုန်းမြင့် ကျနော့်ဆီရောက်နေတာ တနှစ်လောက်ရှိနေပြီ ဆိုပါတော့ဗျာ။ လူကောင်က ခပ်ထွားထွား၊ အရပ်က ငါးပေကိုးလောက်နဲ့ဆိုတော့ သူ့ပုံက လူရှိန်တယ်ပြောရမယ်။ ဆိုက်ကားဆရာက ဆရာ၊ အိမ်ရောက်နေပြီဆရာဆိုမှ ကျနော်လည်း သတိပြန်ကပ်သွားတယ်ဗျ။ ဒါနဲ့ ပုံမပျက်ကလေး

ထင်းလိုက်တယ်။ ကျနော့်အကျင့်က အပြင်မှာ ဘယ်လောက်မူးလာလာ အိမ်ရှေ့ရောက်ရင် ထိန်းနိုင်သွားတယ်။ အံ့ဩစရာ မဟုတ်ပါဘူးဗျာ။ ယောက္ခထီးကြီး အထင်သေးမှာစိုးလို့ ထိန်းကျင့်ရသွားတာပါ။

အိမ်ထဲတောင် မဝင်ရသေးပါဘူးဗျာ။ ကျနော့်ဇနီးက မျက်စေ့ပျက်မျက်နှာပျက်နဲ့ ကိုသက်ခိုင်၊ ရှင့်တပည့်အုန်းမြင့်တို့ သေနတ်တွေနဲ့ထွက်သွားပြီ။ ကိုလှရွှေလည်း ပါသွားတယ်တဲ့။ ရှင့်ကောင်က ကမူးရှူးထိုးကောင်၊ ဘာတွေဖြစ်ကုန်မလဲ မသိဘူးတဲ့။ ဒါနဲ့ ကျနော်က နေပါဦးဟ၊ ညည်းဥစ္စာက အရင်းမရှိ အဖျားမရှိနဲ့။ ငါလည်း အုန်းမြင့်ကို လမ်းမှာတွေလိုက်တယ်။ သူတို့လက်ထဲက သေနတ်တွေက တကယ့်သေနတ်တွေလား။ ဒီကောင် ငါ့ကို လှမ်းအော်သွားသေးတယ်လို့လည်းဆိုရော နှီးလုပ်သူက ဇာတ်စုံ ခင်းပါတော့တယ်။

ဖြစ်ပုံက ဒီလိုတဲ့ဗျာ။ သေနတ်တွေက စီးကရက်စက်ရုံ ဂိုဒေါင်တွေမှာ အစောင့်ကျတဲ့ လုံထိန်းတပ်ခွဲရဲ့ လက်နက်တွေတဲ့။ ရန်ကုန် အင်းစိန်လမ်းမကြီးကနေ ကမာရွတ်ဘူတာရုံလမ်း (လှိုင်မြစ်လမ်း) အတိုင်းဝင်လာရင် လှိုင်အထက (၁) အလွန်မှာ မယ်စီကုန်းလမ်းဆိုတာရှိတယ်။ အထက (၁) နဲ့ ကပ်လျက်ပဲ။ အဲဒီလမ်းထဲချိုးရင် ဘယ်ဘက်မှာ မြလေးရုံလမ်း၊ စိတ္တသုခလမ်း၊ နောက် လှိုင်မြို့ စီးကရက်စက်ရုံ အမှတ် (၂) ကို ရောက်ရောပဲ။

နေဦး၊ အဲဒါက စီးကရက်ထုတ်လုပ်တဲ့ စက်ရုံသက်သက်ဗျ။ ထုတ်တဲ့စီးကရက်တွေလား၊ ဒူးယား၊ ခပေါင်း အစီခံရော၊ အစီခံမပါတာရော အကုန်ထုတ်သဗျာ။ ကြည့်ရတာ မြန်မာစီးကရက်တွေက နိုင်ငံခြား ဈေးကွက်တွေမှာ ပေါက်ပုံရတယ်။ သိတဲ့အတိုင်းပေါ့ဗျာ။ တလွဲဆံပင်ကောင်းနေတဲ့ တိုင်းပြည်ကြီးလေ။ မြန်မာဘီယာ၊ မြန်မာစီးကရက်ဆို နိုင်ငံတော်တော်များများက ကြိုက်ကြတယ် ထိုလေရဲ့။

စီးကရက် စက်ရုံက လစာအပြင် ဘောနပ်စ်တို့၊ စီးကရက်ခွဲတမ်းကိုတာတို့၊ အိုဗာတိုင်တို့ပါ ရတော့ စီးကရက် စက်ရုံလုပ်သားတွေ အထိုက်အလျောက် ချောင်လည်ကြတယ်။ စီးကရက်စက်ရုံမှာ အလုပ်ရဖို့ တော်ရုံတန်ရုံ အကပ်နဲ့လည်း မရနိုင်ဘူး။

အဲဒီ စီးကရက်စက်ရုံ ရှေ့တည့်တည့် ညာဘက်ကိုချိုးသွားတဲ့လမ်းက သုခလမ်းပဲ။ သုခလမ်းထဲကို စီးကရက်စက်ရုံရှေ့ကနေ ခါတ်တိုင် လေးငါးခြောက်တိုင်လောက် ဆက်လျှောက်လိုက်ရင် ၂၃ လမ်း၊ ၂၄ လမ်း၊ ၂၅လမ်း ဆိုပြီး ဘယ်ကဘယ်လို ပေါ်လာမှန်းမသိတဲ့ နံပါတ်စဉ်တပ်ထားတဲ့ လမ်းကျဉ်းလေးတွေရှိတယ်။ အဲဒီလမ်းတွေထဲမှာ စီးကရက်စက်ရုံက ထွက်သမျှ ကုန်ချောတွေ၊ စီးကရက်လုပ်တဲ့ ကုန်ကြမ်းတွေကို ဧရာမဂိုဒေါင်ကြီးတွေနဲ့ လှောင်ထားတာဗျ။ လှောင်ထားတဲ့ ပစ္စည်းတွေက တန်ဘိုးသိပ်ကြီးတယ် ထင်ပါရဲ့ဗျာ။ အရေးအခင်း ဖြစ်လာတော့ လုံထိန်းတပ်ခွဲတခွဲကို စောင့်ဖို့ထိန်းဖို့ တာဝန်ချထားတယ်ဗျ။ ဂိုဒေါင်တွေဘေးမှာ လူနေအိမ်တွေဗျ။ တကယ့်အိမ်ကြီး အိမ်ကောင်းတွေ။ ထူကုံထံအိမ်တွေ။ အော် ပြောရင်းတောင် သတိရလာပြီ။ အဲဒီ သုခလမ်းထိပ်နားမှာ ဦးနေဝင်းရဲ့ တတိယလား၊ စတုတ္ထလား မသိတဲ့ဇနီး၊ သမိုင်းကထိက ဒေါ်နီနီမြင့်တို့အိမ် ရှိသဗျာ။

ကဲပါလေ၊ တိုတိုပြောကြပါစို့ဗျာ။

အာဏာသိမ်းပြီး နောက်နေ့မနက် ကျနော် ရန်ကုန်မြို့ထဲ ရောက်နေတဲ့အချိန် မနက်ကိုးနာရီလောက်တဲ့ဗျာ။ အဲဒီစီးကရက်စက်ရုံ ဂိုဒေါင်မှာ တာဝန်ကျနေတဲ့ လုံခြုံရေးယူနေတဲ့ လုံထိန်းတပ်ခွဲကို ဧရာမလူအုပ်ကြီးက ဝိုင်းမိသွားသတဲ့။ လက်နက်မဲ့ လူအုပ်ကြီးက လက်နက်အပြည့်နဲ့ လုံထိန်းတွေကို ဝိုင်းမိနေသတဲ့ဗျ။ ဝိုင်းမိနေတုန်းမှာပဲ နှစ်ဘက် ညှိလိုက်ကြတာ လူထုက လုံထိန်းတွေ လက်နက်အားလုံး လူထုကိုအပ်ခဲ့ရင် အေးအေးချမ်းချမ်း ထွက်သွားခွင့်ပေးမယ်လို့လည်း ညှိလိုက်ရော

လုံထိန်းအရာရှိက သဘောတူတယ်တဲ့။ နောက်တော့ လုံထိန်းတွေက လက်နက်တွေကို လူအုပ်ကြီးနဲ့ အတူရှိနေတဲ့ ရပ်ကွက်ထဲက ဘုန်းတော်ကြီးတွေလက်ထဲကို အပ်လိုက်ပါရောတဲ့ဗျာ။

သေနတ် အားလုံးပေါင်း ရှစ်လက်တဲ့။ ကျနော် မြင်လိုက်တာကတော့ အုန်းမြင့်ကိုင်သွားတဲ့ ဂျီသရီးလိုလို ရယ်။ နောက်ပိုင်းမှာ ကိုလှရွှေ လက်ထဲကနေ ကျနော့်လက်ထဲကို ရောက်လာတဲ့ နေဝင်းစတင်း တလက်ရယ်ဗျ။ ကျနော့်လက်ထဲကို အဲဒီသေနတ် ဘယ်လိုရောက်လာသလဲ ဟုတ်လား။ အဲဒါကို ခဏထားလိုက်ပါအုံးဗျာ။ တိုက်ပွဲလေး ဆက်လိုက်ကြရအောင်။

အဲဒီ လူအုပ်ကြီးဟာ လုံထိန်းကိုဝိုင်းတာက အကြောင်းရှိတယ်ဗျ။ ရန်ကုန်မြို့လည်ခေါင်မှာရော၊ တနိုင်ငံလုံး နေရာအနှံ့အပြားမှာ စစ်တပ်က ရက်စက်ချင်တိုင်း ရက်စက်၊ ထင်တိုင်းကြဲနေတာကို တယ်လီဖုန်းသတင်းတွေရော၊ တဆင့်စကား တဆင့်နားကြားနဲ့ရော သိကုန်ကြပြီး ဘယ်လိုနည်းနဲ့ အကောင်းဆုံးတုန့်ပြန်ကြမယ်ဆိုတာ လုံးပမ်းကြံဆကြရာက တောက်လာတဲ့မီးပွားဗျ။ အလကားနေရင်း လက်ဆော့ပြီး တက်ပစ်တာမဟုတ်ဘူး။ ဘယ်လိုမှ သည်းမခံနိုင်လွန်းလို့ ပေါက်ကွဲကြတာ။

အော် အဲဒီလက်နက်တွေကို ခွဲဝေပုံက တော်တော်စိတ်ဝင်စားဖို့အကောင်းသားဗျ။ နောက် လက်နက်တွေကိုလည်းမြင်လိုက်ကြရော လူထုထဲက စစ်တပ်ကို တက်ရင်ဆိုင်မယ့်၊ တက်ပစ်ရဲတဲ့လူတွေ အများကြီး ဖြစ်နေသတဲ့ဗျာ။

သေနတ်ကိုင်ပြီး စစ်တပ်ကို ရင်ဆိုင်တိုက်ရဲတဲ့သူတွေ တန်းစီကြပါဆိုတော့ တန်းစီလိုက်ကြတာ ထောင်ချီတဲ့အတန်းကြီး ဖြစ်သွားတယ်တဲ့။ သေနတ်တွေကိုလား၊ ဘုန်းတော်ကြီးတွေကသိမ်းထားပြီး တက်ပစ်မယ့် လူစွမ်းကောင်းတွေကို လူအုပ်ထဲက ခေါင်းဆောင်တချို့နဲ့ တိုင်ပင်နေတာလေ။

နေဦး စီးကရက်စက်ရဲ့ ဂိုဒေါင်တွေရဲ့ နောက်တည့်တည့်မှာ လှိုင်မြို့နယ် ပရဟိတကျောင်း ရှိတယ်ဗျ။ မိဘမဲ့ကလေးတွေအတွက် ဒိုက်ဦးဇာတိ စက်ပူ ကျားဘမ်းပရုပ်ဆီသူဌေး အော်ဘွန်ပေါ်နဲ့ အော်ဘွန်ပါတို့ ညီအကို တည်ထောင်ထားတာတဲ့။

နေဦးဗျာ၊ အရေးထဲမှာ ကြားဖြတ်ပြီး ကြွားလိုက်အုံးမယ်။ စာရေးဆရာ ဇင်သန့်ရဲ့ ဒိုက်ဦး မှသည် စကော့ပူသို့ဆိုတဲ့စာအုပ်က ကျနော်ထုတ်တာဗျ။ ဇင်သန့်က ကျနော့်မိတ်ဆွေအရင်း၊ သူ့သားက ကျနော်ကျောင်းဆရာဘဝတုန်းက တပည့်။ ကျနော် တပြားမှငွေမြန်မယူဘဲ ကျနော်ငွေစိုက်ပြီး ထုတ် ပေးခဲ့တာဗျာ။ ဒါကြောင့် ကျားကျောင်းအကြောင်း ပိုသိနေတာလေ။ ထားလိုက်ပါ တော့ဗျာ။

ဂိုဒေါင်တွေနောက်ဘက်ဟာ ကျားကျောင်းရဲ့နောက်ဘက်ပဲ။ ကျားကျောင်းရှေ့ပေါက်က ဘူတာရုံ လမ်းဘက်မှာ။ ကျောင်းဝတိုင်ထိပ်က ဆိုင်းဘုတ်မှာ အော်ဘွန်ညီအကို နာမည်ထိုးထားတာ ပရုပ်ဆီပုလင်းမှာပါတဲ့ ကျားရုပ်နှစ်ရုပ်တောင် ပါလိုက်သေးတယ်။ ရုပ်ထု မဟုတ်ဘူး၊ သံပန်းနဲ့လုပ်ထား တဲ့ ဆိုင်းဘုတ်ပါဗျာ။ ကျောင်းဝင်းထဲမှာ 'မဲ့နေသူ ပြုံးအောင်လုပ်ပါ' 'သူတပါး၏ဒုက္ခကို သုခဖြင့် အစားထိုးပါ' ဆိုတဲ့ ကျနော်ငယ်ငယ်က တော်တော်ကိုသဘောကျတဲ့ စာတန်းဆိုင်းဘုတ်လေးတွေ ထောင်ထားတယ်။ တချို့စာတန်းအောက်မှာ 'မဟာတ္တမဂန္ဒီ' လို့လည်း ရေးထားသေးတယ်။ ဘူတာရုံ လမ်းဘက်က မြင်ရတဲ့ ကျောင်းစိုက်ခင်းတွေကြားမှာ၊ ကျောင်းတွင်းတချို့ လမ်းဘေးတွေမှာ ထောင် ထားတာဗျာ။

ရှိတဲ့ သေနတ်က ရှစ်လက်၊ တက်ပစ်ချင်တဲ့သူက ထောင်ချီရှိနေတော့ ဒီနည်းနဲ့ မဖြစ်ချေဘူး ဆိုပြီး အရပ်က အယုံအကြည်ရှိတဲ့၊ တကယ့်ကို စွမ်းစွမ်းတမံ တက်ပစ်ရဲတဲ့ စစ်ရေးအတွေ့အကြုံရှိတဲ့ စစ်မှုထမ်းဟောင်းတွေပဲ တန်းစီကြဆိုပြီး လုပ်ရပြန်ရောတဲ့။ ဒါနဲ့ တန်းစီနေတဲ့ ထောင်ချီရှိတဲ့ လူစွမ်း ကောင်းတွေထဲက စစ်သားမဟုတ်တဲ့မောင်တွေ ဖေးထွက်လိုက်ကြတယ်။

ဒါတောင် ခြောက်ဆယ်လောက် ကျန်နေသေးသတဲ့ဗျာ။ ဒါနဲ့ စစ်မှုထမ်းဟောင်းထဲကနေ ဘယ်သူတက်ပစ်ဆိုတာတော့ စစ်သားဟောင်း အချင်းချင်းပဲ ရွေးကြပေတော့ဆိုပြီး ဘုန်းတော်ကြီးတွေက စစ်သားဟောင်းချင်းညှိကြပို့လွှဲလိုက်ရောတဲ့ဗျ။ အော် တခု ကျန်ခဲ့အုန်းမယ်၊ နေဦး တက်ပစ်ဖို့ဝင်တန်းစီတဲ့အထဲမှာ အရာရှိတယောက်မှ မပါဘူးဗျ။ အမြင့်ဆုံးက တပ်ကြပ်ကြီးပဲတဲ့။

■

## အခန်း (၄၄)

# နွားသိုးမှန်ရင်တော့ ချိုချက်ဘယ်တင်းပါ့မလဲ

အဲဒီ လူစွမ်းကောင်းတွေထဲက စစ်သက်အရင့်ဆုံး၊ တပ်ကြပ်ကြီး လှရွှေဟာ ကျနော်နဲ့ တလမ်းတည်းနေတဲ့ ကိုလှရွှေပဲ။ ကျနော်နဲ့လား၊ ရင်းနှီးပါသော်ကောဗျာ။ ကျနော်နဲ့တောင် ဖိုက်တင်မလေးတဲ့ ဇာတ်လမ်းလေး ရှိသေးဗျာ။ အဲဒီဇာတ်လမ်းကြောင့်ပဲ ကျနော်နဲ့ ကိုလှရွှေကြားမှာ နားလည်မှုလွဲပြီး ကိုလှရွှေ ထောင်ဆယ်နှစ်ကျသွားရတယ်။ စိတ်မကောင်း စရာပါဗျာ။

ကိုလှရွှေက မူဆလင်ဗျ။ တပ်ကြပ်ကြီးအဆင့်နဲ့ ဆေးပင်စင်ယူလာတာ။ တပ်ထဲမှာတုန်းက ကွန်မန်ဒိုတဲ့ဗျ။ သူ့မျက်နှာ သူ့ကိုယ်ဟန်အနေအထားဟာ တကယ့်ကို ကွန်မန်ဒိုပုံပေါက်တယ်ဗျ။ ကြံ့ခိုင်မှုအပြည့်ရှိတယ်။ စစ်သားပုံပေါက်တယ်။ ကိုလှရွှေမိန်းမက ရှမ်းသွေးပါတယ်ဗျာ။ တောင်ကြီးဘက်က၊ စစ်ဆင်ရေးသွားရင်း အိမ်ထောင်ကျခဲ့တာလို့ ကိုလှရွှေ ပြောဖူးတယ်။။

တပ်က ပင်စင်ယူပြီး စီးကရက်စက်ရုံမှာ လင်မယားနှစ်ယောက်စလုံး အလုပ်ရတယ်ဆိုတော့ သူတို့မိသားစု အထိုက်အလျောက် ချောင်လည်ကြပုံ ပေါ်ပါတယ်။ သူဆိုးတာက အရက်မူးရင် မိန်းမကို 'ကွန်မန်ဒို လှရွှေကွ ဆိုတဲ့ ကြွေးကြော်သံနဲ့ ရိုက်တတ်တဲ့အကျင့်ပဲ။ လမ်းထဲက တော်ရုံတန်ရုံလူမိုက်တောင် သူ့ကိုလန့်တယ်။

သူနဲ့ကျနော့်ပြဿနာက သိပ်ကြီးကျယ်လှတာ မဟုတ်ပါဘူးဗျာ။ ကျနော် သွေးကြွတာလည်း ပါတယ်။ သူ မူးပြီး ပါးစပ်ဆော့တာလည်းပါတယ်။

အရေးအခင်းမဖြစ်ခင် တနှစ်ကျော်လောက်က ကျနော် ညခုနစ်နာရီလောက် လမ်းထိပ်ထွက်လာတယ်။ ဘာအကြောင်းနဲ့မှ မဟုတ်ဘူး။ အိမ်ထဲမှာ စာဖတ်နေတာကြာလို့ ခါးဆန့်ချင်တာနဲ့ ထွက်လာတာ။ ကံဆိုးချင်တော့ ကိုလှရွှေ မူးပြန်လာတာနဲ့ တိုးနေရောဗျာ။ သူက ဆိုက်ကားပေါ်က ဆင်းဆင်းချင်း ကျနော့်ကို မြင်တယ်ထင်ပါရဲ့။ ကျနော့်ဆီဦးတည်ပြီး တန်းလျှောက်လာတယ်။ သူက ခပ်ထွေထွေလေနဲ့ စကားစတယ်။ ဆရာ၊ ထမင်းစားပြီး ပြီလားတဲ့။ ဟာ ကျနော်လည်း ကိုလှရွှေ နှုတ်ဆက်နေတာ လူကြီးလူကောင်းပုံစံပဲဆိုပြီး ဟုတ်ကဲ့ စားပြီးပါပြီ လို့လည်းပြေလိုက်ရော သူက

ဒါဆို ဆရာတို့အိမ်ရှေ့က ခင်ဒွေးရီကို ကျနော် ဟိုဟာ လုပ်ချင်တယ်တဲ့။ ဘာမှလည်း မဆိုင်ပါလား ဗျာ။

သူပြောတဲ့ခင်ဒွေးရီက ကျနော်တို့အိမ်ရှေ့တည့်တည့်ကဗျ။ ကိုယ်ခန္ဓာအချိုးအစား တော်တော်လှတယ်။ ရုပ်ကတော့ ရွက်ကြမ်းရေကျိုပဲ။ ကိုလှရွှေက ဘယ်တုန်းက ခင်ဒွေးရီကို စိတ်ဆာ နေတယ် မသိဘူး။ နောက် ကျနော်နဲ့ခင်ဒွေးရီ ဘာလိုလို ထင်နေပုံရတယ်။ မူးနေတော့ သူ့စိတ်မှာ တိတ်တခိုးမျိုသိပ်ထားရတာ ပွင့်အံလာတယ်ထင်ပါရဲ့။

သူထင်တာ အရေးမကြီးဘူးလေဗျာ။ လူကို ဆရာခေါ်ပြီး အိမ်ရှေ့ကမိန်းမကို ဟိုဟာလုပ်ချင် တယ်ဆိုတော့ ကျနော် ဘယ်ဘဝရောက်သွားပြီလဲ။

ကျနော် အသာလေး ဒေါသကို ချုပ်တီးလိုက်တယ်။ အဲဒီနေ့ညက ကျနော်တညလုံး အိပ် မပျော်ဘူး။ စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေတယ်။ နောက်နေ့ ကိုလှရွှေ အလုပ်သွားမယ့်အချိန် လမ်းထိပ်မှာ ခုနစ်နာရီလောက်ကတည်းက ထွက်စောင့်နေလိုက်တယ်။ ဖြစ်ချင်တော့ အဲဒီနေ့က ရုံးပိတ်တော့ ကိုယ်တော်က မနက်ကိုးနာရီလောက်မှ လမ်းထိပ် ထွက်လာရော။ ကွန်မန်ဒိုသတိတော့ မပျောက်သေး ဘူးဗျာ။ အန္တရာယ်အနံ့ကို သူသတိထားမိပုံရတယ်။ ကျနော့် မလှမ်းမကမ်းကနေ ဟန်မပျက် ဖြတ် လျှောက်သွားပြီး (၁၂) လမ်းထိပ်က ရွှေလိပ်လက်ဘက်ရည်ဆိုင်ထဲ ဝင်သွားတယ်။ နောက် ကောင်စီ လူကြီး ဦးအောင်နိုင်တို့အဖွဲ့ ထိုင်တဲ့ဝိုင်းမှာ သွားထိုင်တယ်။ ကျနော်လည်း သူ့နောက်က ကပ်လိုက်သွား ပြီး ခပ်လှမ်းလှမ်းကခုံမှာ ထိုင်လိုက်တယ်။ သူက နောက်ကျောမလုံဘူး။ နောက်ကို လှည့်လှည့် ကြည့်နေတယ်။ ကောင်စီလူကြီးတွေဝိုင်းဆိုတော့ ကျနော်ရှုတ်တရက် မရမ်းလောက်ဘူးလို့လည်း သူတွက်ပုံရတယ်။

ကျနော်လည်း တညလုံးမအိပ်နိုင်ပဲ စိတ်ပေါက်နေတာနဲ့ လက်ဘက်ရည်ဆိုင်၊ မုန့်ဘီဒိုပေါ်မှာ တင်ထားတဲ့ ပေါင်မုန့်လှီးတဲ့ တပေခွဲလောက်အရှည်ဓားကို ဆတ်ကနဲကောက်ပြီး ကိုလှရွှေထိုင်တဲ့ဝိုင်းကို ကူးသွားလိုက်ပြီး သူ့ရှေ့ကို ဓား ပစ်ချပေးလိုက်တယ်ဗျာ။

ရော့ ခင်ဗျားက ကွန်မန်ဒိုဆိုတော့ သတ္တိကောင်းတယ်။ ညက ခင်ဗျား ကျုပ်ကို စော်ကား သွားတာ ကျုပ်မကျေနပ်ဘူး။ ဒီတော့ ခင်ဗျား ကျုပ်ကို ထိုးရင်ထိုး၊ မထိုးရင် ကျုပ်ထိုးမယ် လုပ်လိုက်ရော ဆိုပါတော့။

သူ့ တော်တော်ကြာအောင် ကြောင်နေလို့ ကျနော်က ဓားပြန်ယူပြီး ထိုးမယ်လုပ်တော့ လူတွေ ဝိုင်းဆွဲကြပေါ့ဗျာ။ ငယ်စိတ်တွေပါဗျာ။ တကယ်တော့ ဂုဏ်ယူစရာမဟုတ်ဘူး။ ဒါဟာ ရန်ကို ရန်ချင်း တုန့်နှင်းချင်တဲ့၊ ရမ်းကားချင်တဲ့၊ မိုက်သွေးပြချင်တဲ့ စိတ်သက်သက်ပါ။ တကယ်တမ်း အခုနေ ပြန်စဉ်းစားရင် ကျနော်ဟာ သူ့လောက် တိုင်းပြည်အတွက်မစွန့်စားနိုင်ခဲ့ပါဘူး။ သူ တကယ့်ကို စစ်သား ဟောင်းဘဝနဲ့တောင် လူထုအတွက် စွန့်စားခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။

သူ ဒီလို စွန့်စားလိုက်တဲ့ အကြောင်းရင်းက သားဇောနဲ့ ရှက်စိတ်လဲပါတယ်ဗျ။

ကိုလှရွှေမှာ သားတယောက်၊ သမီးတယောက်၊ သားက အကြီးကောင်။ အဲဒီတုန်းက ကိုးတန်းကျောင်းသားထင်တယ်။ ကလေးက ဆန္ဒပြတဲ့အထဲ လျှောက်ပါနေတယ်။ အဖေကို သိပ်ကြောက်ရတဲ့သားဟာ ကိုလှရွှေ ဘယ်လောက်ကြိမ်းကြိမ်း၊ ဘယ်လောက်ရိုက်ရိုက် သူ့သားက လစ်တာနဲ့ လူအုပ်ထဲမှာ ဆန္ဒလျှောက်ပြတော့တာပဲ။ ကလေးက ရှိလှမှ ဆယ့်လေးနှစ်၊ ဆယ့်ငါးနှစ်ပေါ့။

စစ်တပ်က အာဏာသိမ်းပြီဆိုတော့ ကိုလှရွှေက စစ်သားလူထွက်ပီပီ စစ်တပ်အကြောင်း ရိပ်မိတယ်ထင်ပါရဲ့။ သူ့သားကို လိုက်ခေါ်ရာက စီးကရက်စက်ရှေ့ ကိုဒေါင်က လုံထိန်းတပ်ဖွဲ့ကိုဝိုင်းပြီး လက်နက်တွေသိမ်းတဲ့ ဇာတ်လမ်းထဲကို ရောက်လာတာပေါ့ဗျာ။

ကိုလှရွှေ သူ့သားကိုလိုက်ရှာတာ တွေ့မယ့်တွေ့တော့ သူ့သားဟာ စစ်တပ်ကို တက်ပစ်ဖို့ ၈န်းစီနေတဲ့လူတန်းထဲမှာ သွားတွေ့သတဲ့ဗျာ။ ကလေးက ငယ်ငယ်တုန်းက တပ်ထဲမှာ နေဘူးတော့ သေနတ်ကိုအကျွမ်းတဝင်ဖြစ်နေတယ်။ နောက် သူတက်ပစ်ရင်လည်း ဖြစ်မယ်ထင်နေတာကိုး။ ကိုလှရွှေက သူ့သားကိုတော်တော်ချစ်ရှာတယ်ဗျ။ ချော့မော့ပြီး အဖေနဲ့ ပြန်လိုက်ခဲ့ပါသားရယ် ဆိုပြီး ခေါ်တယ်။ သားက ခပ်မာမာ၊ ခပ်ပြတ်ပြတ်ငြင်းတယ်။

ဒါနဲ့ ကိုလှရွှေက သူ့သားကို မင်းစစ်တပ်အကြောင်း ဘယ်လောက်သိလို့လဲကွ။ နေရာ တကာမှာ ပစ်ကုန်ပြီ။ မင်းပြန်မလိုက်ဘူးလား၊ လိုက်မလား ခပ်ကြမ်းကြမ်းလုပ်ပါလေရော။ သူတို့ သားအဖ အချေအတင်ဖြစ်နေတာက တကယ့်လူအုပ်ကြီးထဲမှာဆိုတော့ အားလုံးလည်း ဝိုင်းကြည့် နေကြတဲ့အချိန် ထင်ပါရဲ့ဗျာ။

နောက်ပိုင်းမှာ ကျနော့်ကို ကိုလှရွှေကိုယ်တိုင် ပြန်ပြောဖူးတယ်။ ပိန်းမလျာလိုနေတဲ့ ကျနော့်သားကဗျာ၊ လူအုပ်ကြီးထဲမှာ ကျနော့်ကို အဖေက ကွန်မန်ဒိုစစ်သားသာ ပြောနေတာ၊ အခြောက်လောက်တောင် သတ္တိမရှိဘူးလို့ ခံလည်းတွန်းလိုက်ရော၊ ကျနော်ဗျာ သေသွားတာကမှ ကောင်းဦးမယ်ဆိုပြီး ကဲ ကဲ ငါ့သား မင်းတက်မပစ်နဲ့တော့၊ မင်း ဒီလောက်ပစ်ချင်နေတဲ့ စစ်တပ်ကို အဖေကိုယ်တိုင် တက်ပစ်ပေးမယ်ကွာဆိုပြီး ကျနော် သားနေရာမှာ ဝင်စီလိုက်ပြီး လက်ရွေးစင်တပ်ဖွဲ့ကို ဦးစီးခဲ့တာပါပဲတဲ့။ အားလုံးပေါင်း ရှစ်ယောက်။

ကဗျာဆန်ဆန် ပြောရရင် ရှစ်ယောက်၊ ရှစ်လက်နဲ့ ရှစ်လေးလုံး သွေးကလဲ့စားလို့တောင် ပြောလို့ရသဗျာ။ သေနတ်တွေဝေတော့ ညနေလေးနာရီ ဝန်းကျင်ဗျ။ အားလုံးဟာ စစ်မှုထမ်းဟောင်း တွေချည်းပဲ။ တပ်ကြပ်ကြီး၊ တပ်ကြပ်၊ ဒု တပ်ကြပ်၊ တပ်သား အစုံပေါ့ဗျာ။ သေနတ်နဲ့ ကျည်ဆံတွေ လည်း ကိုယ်စီလည်း ဝေခြမ်းပြီးရော ဘယ်သူက ဘယ်သေနတ်ကို ကိုင်မယ်၊ ဘယ်သူနဲ့ တွဲလျက်ရှိမယ်၊ ဘယ်လို နေရာယူမယ်၊ ဘယ်သူ့ အမိန့်ပေးမယ်ဆိုတာတွေကို အသေးစိတ်ညှိကြသတဲ့။

ကျည်ဆံအင်အား၊ သေနတ်တွေရဲ့ကြံ့ခိုင်မှု၊ အရာရောက်မှု၊ တယောက်ချင်းရဲ့စစ်သက်၊ စစ်ရေးကျွမ်းကျင်မှုတွေကိုပါ ထည့်တွက်ကြရသတဲ့ဗျာ။ သိနေကြတယ်လေ။ တံခါးပိတ်အစည်းအဝေးမှ မဟုတ်တာ၊ လူအုပ်ကြီးရှေ့၊ ကိုဒေါင်ရှေ့ မြေပြင်မှာ ဒူတ်နဲ့ မြေပုံခြစ်ပြီး စစ်ဆင်ရေးကို ဇယားဆွဲနေကြ တာတဲ့။

ရဲဘော်ရှစ်ယောက်ဟာ ရန်ကုန်ဘက်ကနေ အင်းစိန်ဘက်ကို တလမ်းချင်း သိမ်းပြီး၊ ဆန္ဒပြ အပြစ်မဲ့ပြည်သူတွေကို စိတ်တိုင်းကျ ပစ်ခတ်တက်လာနေတဲ့ မြန်မာ့တပ်မတော်ကြီးရဲ့ တခုသော စစ်ကြောင်းကို ရန်ကုန် အင်းစိန်လမ်းမ ကြားဖြတ်တနေရာကနေ ရင်ဆိုင်တိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်ကြ သတဲ့ဗျာ။ အဲဒီလို ဆုံးဖြတ်ပြီး လူအုပ်ကြီး ဝန်းရံချီတက်လာတဲ့ အုန်းမြင့်တို့အဖွဲ့ကို လမ်းမှာ ကျနော်တိုး ခဲ့တာပေါ့။

ကျနော် မမှုးချင်ဟန်ဆောင်စရာ မလိုတော့ပါဘူး။ တကယ့်ကို အမူးပြေသွားပါပြီ။ ကျနော် အုန်းမြင့်နောက်ကို လိုက်မှဖြစ်တော့မယ်လို့ ဆုံးဖြတ်ပြီး ရေချိုးခန်းထဲ ဝင်၊ ခေါင်းကို ရေလေးငါး ခြောက်ခွက်လောင်းချ၊ အဝတ်အစားကောက်လဲပြီး အုန်းမြင့်တို့၊ ကိုလှရွှေတို့ ချီလေတဲ့ လှည်းတန်းဘက် ကိုဦးတည်ပြီး ကမူးရှူးထိုး ထွက်ခဲ့ပါတော့တယ်။

ဘာလုပ်ဖို့လဲ ဟုတ်လား။ အုန်းမြင့်ကို စိတ်ပူလို့ဗျို့။ သောက်ရမ်းလျှောက်လုပ်ရင် မဖြစ်သင့် တာတွေ လျှောက်ဖြစ်ကုန်မှာ စိုးလို့။ နောက်တချက်က ကျနော်ကိုယ်တိုင်ကလည်း ပွဲကြီးပွဲကောင်းကို လွတ်သွားမှာ ကြောက်တာလည်း ပါနိုင်သပေါ့ဗျာ။

အေးလေ၊ အိပ်ကနေ ဘူတာရုံလမ်းထိပ်ကိုတော့ ဆိုက္ကားနဲ့ပေါ့ဗျာ။ လမ်းထိပ်ရောက်တော့ ဆိုက္ကားမပြောနဲ့ ခွေးတကောင် ကြောင်တမြီးမှ မရှိတော့ဘူးထင်ရအောင်တောင် လူရှင်းနေလေရဲ့။

အော် ရန်ကုန် အင်းစိန်လမ်းမကြီးပေါ်ကို ပြောတာဗျ။ လမ်းခွဲ လမ်းသွယ်တွေထဲမှာ လူတွေက ပြူတစ်ပြူတစ်နဲ့ ရှေ့ဆက် ဘာဖြစ်လေမလဲ၊ စိတ်စောနေကြတဲ့သူတွေချည်းပေါ့ဗျာ။ ကျနော် လှည်းတန်းဘက်ကို လှမ်းမျှော်ကြည့်လိုက်ပါတယ်။ လမ်းမပေါ် နေရာအနှံ့အပြားမှာ အတားအဆီး အဖြစ်ချထားတဲ့ စည်ပိုင်းဟောင်းတွေ၊ သစ်သားတုံးတွေ၊ အုန်းပင်တွေကို ခုတ်ဖြတ်ထားတဲ့ အုန်းတုံး ပြတ်တွေ၊ ကွန်ကရစ်တုံး ခပ်လတ်လတ်၊ ခပ်ကြီးကြီးတွေကိုသာ မြင်နေရပါတယ်။ ရှေ့မျှော်ကြည့်လည်း ဒီမြင်ကွင်းပါပဲ။ ကျနော် သတိချပ်လိုက်ပါတယ်။ တစုံတရာ ဖြစ်လာတော့မယ့် အရိပ်အငွေ့၊ အနံ့ အသက်ကို ကျနော်ကောင်းကောင်း ရနေပါပြီ။ ဘူတာရုံလမ်းထိပ်ဓာတ်ဆီဆိုင်ရှေ့ ဘေးကျကျကနေ လှည်းတန်းဘက်ကို အပြေးတပိုင်းသွားနေတာပေါ့ဗျာ။ ပလက်ဖောင်းပေါ် တောင် မတက်ရဲဘူးဗျာ။ ကျည်ဆံက အဝေးကြီး ခရီးတွင်တယ်ဆိုတာလောက်တော့ သိနေတယ်လေ။

ပိုစိတ်ချရအောင် ဓာတ်တိုင် တတိုင်ပြီးတတိုင် ကွယ်ကွယ်ပြီး ကူးသွားလိုက်တယ်။ ဓာတ်ဆီ ဆိုင်ကျော်တော့ သဖော့တောသချိုင်းကုန်းလမ်းထိပ် ရောက်ရောဗျာ။ အဲဒီလမ်းလည်း ဝါးကပ်တွေနဲ့ ပိတ်ထားလေရဲ့။ တကယ့်ကို အင်းစိန်လမ်းမပေါ် မှာ လူရှင်းနေတယ်ဗျာ။

နောက်ကနေ ရှူး ရွှတ် ရွှတ် ဆိုတဲ့အသံကြားလို့ လှည့်ကြည့်လိုက်တော့ သဖော့တောလမ်း ကို ပိတ်ထားတဲ့ ဝါးကပ်ကြားက မျိုးမြင့်ဆိုတဲ့ ကျနော့် အသိတယောက်ရဲ့ခေါင်းကို လှမ်းမြင်နေရတယ်။ သူက သက်ခိုင် မသွားနဲ့တဲ့။ သူ့လက်ညှိုးကို ကွေးကွေးပြတယ်။ အဲဒီလက်ညှိုးက လှည်းတန်းဘက် ညွှန်နေတယ်။ လှည်းတန်းဘက်မှာ ပစ်တာခတ်တာတွေ ဖြစ်လိမ့်မယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။

ရောက်ချင်လို့သွားပါတယ်ဆိုနေမှ မသွားပါနဲ့ လာတားနေသဗျာ။ ဘာမှ ပြန်မပြောမနေပဲ ဆက်သွားလိုက်တော့ ကမာရွတ်နဲ့ လှိုင်မြို့နယ်ကို နယ်နိမိတ်စည်းခြားထားတဲ့ ရေမြောင်းကြီးနားကို ရောက်လာတယ်။ နောက် ဆင်ရေတွင်းမှတ်တိုင်ကိုလည်း ကျော်ပြီးရော အာတီစီဝင်းရှေ့ ရောက်ရော ဆိုပါတော့။ ကျနော်က အာတီစီဝင်းဘက်မှာ မဟုတ်ဘူး။ မျက်နှာချင်းဆိုင်ဘက်အခြမ်းမှာ ကျနော် လှည်းတန်းအဝိုင်းကို လှမ်းမြင်နေရပါပြီ။ အမှန်က သိပ်သတ္တိကောင်းလွန်းလို့ သတ်ကွင်းစစ်မြေပြင် ဖြစ်တော့မယ့် နေရာဘက်ကို တိုး တိုးသွားနေတာတော့ မဟုတ်ဘူးဗျ။ အုန်းမြင့်ကို မီလိုမီငြားဆိုတဲ့စိတ် ရှေ့က ဦးဆောင်နေတာ တပိုင်းပါပါလိမ့်မယ်။

ဟံသာဝတီဘက်ကနေ စစ်ကားနှစ်စီး မီးထိုးပြီး လာနေတယ်ဗျ။

အေးလေ၊ နေ့ခင်းကြောင်တောင်တော့ မဟုတ်ဘူးပေါ့။ ညနေလေးနာရီခွဲ သာသာပေါ့။ ဘာလဲ (ယ) ရက်ကို မှတ်ထားချင်လို့လား၊ ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်ပေါ့ဗျာ။ (၄) နာရီကို သေချာချင်ရင်တော့ ညနေသုံးနာရီထက် မစော၊ ငါးနာရီခွဲထက် နောက်မကျတဲ့အချိန်သာ မှတ်ထားပေတော့ဗျ။

ဟုတ်တယ်လေ၊ ကျနော် လက်ပတ်နာရီတော့ ကြည့်မထားမိဘူး။ သေချာတာက အဲဒီ တိုက်ပွဲမတိုင်ခင်အချိန်နဲ့ တိုက်ပွဲပြီးတဲ့အချိန်တွေမှာ မှတ်မှတ်ရရဖြစ်စရာတွေ အများကြီးရှိနေလေတော့ ကြားထဲက ဟနေတဲ့အချိန်ဟာ တိုက်ပွဲချိန်ပဲ။ သေချာသလား မမေးနဲ့တော့ဗျာ။

■

## အခန်း (၄၅)

# သွေးကြွေးဆပ်ခြင်း (သို့) စံရိပ်ငြိမ်ဘဏ်တိုက်ပွဲ

အစိမ်းရင့်ရောင် တီအီး စစ်ကားနှစ်စီးဟာ လှည်းတန်း မီးပွိုင့်ဆီကို မောင်းလာနေတယ်၊ နောက်လှည်းတန်း မီးပွိုင့်ကို ကျော်လာတယ်။ ကားတွေမှာ အမိုးကိုင်းပဲပါတယ်။ အမိုးဖျင် အုပ်မထားဘူးဗျ။ ကားနောက်ပိုင်းမှာ စစ်သားတွေ အပြည့်ပါလာတယ်။ ခပ်ဖြေးဖြေး မောင်းလာနေတယ်ဗျာ။

လှည်းတန်းမီးပွိုင့်နားက လှည်းတန်းရဲ့စခန်းကိုကျော်လာတော့ ကားနှစ်စီးလုံး ရှတ်တရက် ရပ်လိုက်တယ်။ လှည်းတန်းမှတ်တိုင်လေ၊ မှတ်မိလား။ ပန်းကမ္ဘာအအေးဆိုင်ဆိုတာရှိတယ်ဗျာ။ ကားနှစ်စီးလာနေတာက လမ်းတလမ်းလုံးကို နေရာယူပြီး မောင်းလာတာနော်။ ဘယ်ဘက်ယာဉ်ကြောမှာ တစီး၊ ညာဖက် ယာဉ်ကြောမှာ တစီး။ အင်းစိန်ဘက်ကိုချည်း ဦးတည်ပြီး မောင်းလာနေတာဗျ။

ကျနော်လား၊ စံရိပ်ငြိမ်ဘဏ်ရှေ့ကို ရောက်လာပြီလေ။ ဆင်ဝင်အုတ်တိုင်ကြီးတွေနဲ့ ရှေးဟောင်း အဆောက်အဦပုံစံ စံရိပ်ငြိမ်ဘဏ်ရှေ့ လမ်းဘေးခြံစည်းရိုးမှာ ကပ်လျက် ကျနော်ရှိနေတယ်။ အဲဒီ စံရိပ်ငြိမ် မြန်မာ့စီးပွားရေးဘဏ်က နှစ်ထပ်တိုက်လေ။ ပြည်သူပိုင်သိမ်းထားတာထင်ပါရဲ့။ နောက်သူ့ဘေး ကပ်လျက်က လူမှုဖူလုံရေးရုံး။ တံကောင်းချင်တော့ ကျနော်ရှိနေတဲ့ စည်းရိုးက အတွင်း ဘက်ကို မသိမသာ ထောင့်ချိုး ချိုးနေတဲ့နေရာ။ ဒီတော့ ကျနော်ကသာ သူတို့ကို လှမ်းမြင်နေရတာ၊ သူတို့ ကျနော့်ကို လှမ်းမမြင်နိုင်ဘူး။ မတ်တပ်ရပ်နေလို့ဘယ်ဖြစ်မလဲဗျာ့။

ကျနော်လည်း ရှုပ်ရှင်စစ်ကားတွေ အများကြီးကြည့်ဖူးတယ်လေ။ မြေကြီးပေါ် ဝပ်ပြီး မိကျောင်းတွားလေး ဘာလေးနဲ့ပေါ့။ စည်းရိုးအုတ်နံရံကြား အပေါက်ကလေးကနေ ချောင်းကြည့်နေလို့ မြင်နေရတာ။ လမ်းမကြီးပေါ် မှာ စစ်ကားနှစ်စီးနဲ့ စစ်သားတွေသာရှိပါတယ်။

မိုးလည်း မရွာ၊ နေလည်း မပူတဲ့ အခြေအနေ။ မိုးတိမ်မိုးသား ခပ်ပါးပါးနဲ့ဗျ။ စစ်သားနဲ့ စစ်ကားတွေကိုကျော်ပြီး ဟိုးအဝေးကြီးက ဟံသာဝတီဘက်ကို လှမ်းကြည့်လိုက်တော့လည်း ငြိမ်သက်တိတ်ဆိတ်၊ ခြောက်ကပ်နေတဲ့မြင်ကွင်းပါပဲ။

စစ်သားတွေ ဆင်းမလာဘူးဗျာ။ စစ်ကားနှစ်စီးဟာ ငါးမိနစ်လောက်ရပ်ပြီး ရှေ့ကို ခုနစ်တိုင် သုံးလေးတိုင်စာလောက် တိုးလာပြန်တယ်။ နောက် ရပ်လိုက်တယ်။ လှည်းတန်းမှတ်တိုင်နဲ့ စံရိပ်ငြိမ် မှတ်တိုင် ကြားမှာပေါ့။

နောက် ကမာရွတ်ရဲစခန်းဘက်အခြမ်းက စစ်ကားရဲ့ ခေါင်းခန်းတံခါးပွင့်လာပြီး အရာရှိ တယောက်ဆင်းလာတယ်။ ဗိုလ်ကြီးဗျ။ အသက်သုံးဆယ်ဝန်းကျင်။ သူ့ပုခုံးပေါ်က ကြယ်ပွင့်တွေကို တောင်လှမ်းမြင်နေရတယ်။ ရှေ့တန်းစစ်ဆင်ရေးတွေမှာ အညိုရောင်ကြယ်ပွင့်တွေ တပ်လေ့ရှိတယ် ဆိုပေမယ့် အဲဒီနေ့က ဗိုလ်ကြီးတပ်ထားတာ ရွှေရောင်ဗျ။

နောက် ဆက်တိုက်ဆိုသလို နောက်ကားတစီးပေါ်က နောက်ထပ်ဗိုလ်ကြီးတယောက် ဆင်းလာပြန်တယ် ကားတံခါးတွေကို မပိတ်ဘူးဗျာ။ ဖွင့်လျက်သားပဲ။ ဗိုလ်ကြီးက ကားတံခါးကို လက်တဖက်နဲ့ ကိုင်ထားလိုက်သေးတယ်။ ကျန်တဲ့တဘက်က ခါးထောက်ထားတယ်ဗျ။ စစ်ဦးထုပ် အပျော့ကို ဆောင်းထားတယ်။ သူတို့တခုခု သိနေလေပြီလားလို့ ထင်မိသေးတယ်ဗျ။

အဲဒီအချိန်မှာ ကျနော့်ခေါင်းထဲကို အုန်းမြင့် ဝင်လာတယ်ဗျာ။ ဒီကောင်ဘယ်နေရာမှာ နေရာယူနေသလဲပေါ့။ အောင်မယ် ဘဏ်အပေါ်ထပ်က အသံတချို့ ကြားနေရတယ်။ တခုခု အချင်းချင်း လှမ်းပြောနေတဲ့အသံတွေ၊ ဘာတဲ့ လာနေပြီ။ အသင့်ပြင်ထားဆိုတာလောက်တော့ ကြားတယ်။ ခပ်အုပ်အုပ် အသံတွေဆိုတော့ အကုန်လုံးတော့ မသဲကွဲလှဘူး။ လက်စသတ်တော့ အုန်းမြင့်တို့အဖွဲ့ထဲက တချို့က ဘဏ်ပေါ်မှာ နေရာယူထားကြတာကိုး။ တော်တော်ကို နေရာအရွေး တော်တယ်ဆိုရမယ်ဗျာ။ တကယ့်ချက်ကောင်းတွေချည်း မှန်အောင် ပစ်နိုင်တဲ့နေရာဗျ။

ဟား ကျနော်လည်း ပွဲကောင်းတော့မယ်ဆိုကာမှ ကျနော့် ဟိုဘက်ကတ္တရာလမ်း အခြမ်းဘက်ကို လှမ်းကြည့်မိတယ်။ အော် သေနတ်ကိုင်ထားတဲ့ အကျီအညိုရောင်နဲ့လူတယောက်က ရေမြောင်းအုတ်ခုံကို နောက်မှီပြီး အဆင်သင့် နေရာယူထားလေရဲ့ဗျာ။

လက်နက်ကိုင် ရဲဘော်ရှစ်ယောက်ဆိုပေမယ့် လောလောဆယ် ကျနော် လှမ်းမြင်နေရတဲ့ တယောက်ရယ်၊ ဘဏ်အပေါ်ထပ်က နှစ်ယောက် (သို့မဟုတ်) သုံးယောက်ရယ်၊ အားလုံး သုံးလေး ယောက် နေရာယူထားတာကိုပဲ သိနေရတာဗျ။ ကျန်တဲ့လေးယောက် ဘယ်လိုနေရာမှာ ရှိနေသလဲ ဆိုတာတော့ ကျနော်လည်း မသိနိုင်ပါဘူးဗျာ။ တခုသတိထားမိတာက ဘဏ်ပေါ်ကို ကျနော့်ရှေ့က လူက လှမ်းလှမ်းကြည့်နေတော့ သူဟာ ဘဏ်ပေါ်က ရဲဘော်ရဲ့အချက်ပေးချက် (သို့မဟုတ်) စတင် ပစ်ခတ်မှုကို သူ စောင့်နေတာလောက်တော့ ကျနော်ရိပ်မိနေတယ်။ အော် အချိတ်အဆက်နဲ့ပါကလား။

အဲဒီး ချိန်မှာ ကားနောက်ပိုင်းမှာ ပါလာတဲ့စစ်သားတွေဟာ ကားပေါ်ကနေ ခုန်ဆင်းချလာ ပါတော့တယ်။ အားလုံး လက်နက်ကိုယ်စီနဲ့၊ ကိုယ်ခန္ဓာမှာ စစ်အသုံးအဆောင်အပြည့်နဲ့။ သံခမောက် ဦးထုပ်တွေနဲ့လေ။ ကျနော် ရှင်းရှင်းလင်းလင်း လှမ်းမြင် နေရတယ်။ ဆင်းလာကြတာက ကားရဲ့ ညာဘက်ကိုချည်း ဆင်းလာတာဗျ။ တစီးတစီးမှာ စစ်သားနှစ်ဆယ်ဝန်းကျင်လောက် ပါလာ တယ်။ နောက် ရင်ဘောင်ပ/န်းပြီး တန်းစီလိုက်ကြတယ်။ ခင်ဗျားမျက်စိထဲ မြင်လာအောင် ပြောရရင် စစ်ကားတစီးဘေးမှာ စစ်သားနှစ်ဆယ်၊ ဆယ်ယောက်နှစ်တန်း။ နောက်စစ်ကားတစီး။ ဘေးမှာ စစ်သားနှစ်ဆယ်၊ ဆယ်ယောက် နှစ်ကန်း၊ ခန့်မှန်းခြေနော်။ တစ်နှစ်သုံးလေးလို့တော့ မရေလိုက်မိဘူး။ ကားတွေရော၊ စစ်သားတွေပါ ရင်ဘောင်တန်းပြီး စီထားတာ။ စစ်သားတွေက သေနတ်ကို ရင်ဘတ်မှာ ကန့်လန့်ဖြတ်ပုံစံ အသင့်အနေအထားနဲ့ ကိုင်ထားကြလေရဲ့ဗျာ။

အမှန်တော့ သူတို့အားလုံးဟာ သတ်ကွင်းထဲမှာ အသေခံဖို့ အဆင်သင့် ပြင်ပေးနေတာနဲ့ တူနေတယ်ဗျ။ ကျနော့်စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေတာက လှိုင်မြို့နယ်က လူထုကြီးဟာ လက်နက်တချို့

ရသွားပြီးသူတို့ကို ရင်ဆိုင်တိုက်ခိုက်ကြတော့မယ် ဆိုတဲ့သတင်းကို သူတို့ သိမသိဆိုတာပဲ။ တကယ်တမ်း ဆိုရင် အခုလို ရင်ဘောင်တန်းပြီး အဆင်သင့် အသေခံဖို့ တန်းစီပေးထားတာမျိုး လုပ်ပါ့မလားပေါ့။ နောက်တချက်က ကားတွေရပ်ပြီး စစ်သားတွေ သေနတ်ကိုယ်စီ အသင့်အနေ အထားနဲ့ တန်းစီနေတယ်ဆိုတော့ တခုခု သတိထားရမယ့်သတင်း ရနေတယ်ဆိုတာ သေချာနေတာ ပေါ့။ ကျနော်တွေးတာ မဆုံးလိုက်တော့ပါဘူး။ ဒိုင်းကနဲ ပထမဆုံးသေနတ်သံကို စကြားလိုက် ပါတော့တယ်။ ဆက်တိုက် ဆက်တိုက် သေနတ်သံတွေ ဆူညံပြည်ဟီး ထွက်ပေါ် လာပါတော့တယ်။

မြင်ကွင်းကတော့ ရှင်းသလား မမေးနဲ့ဗျာ။ ကျနော်နဲ့ ခတ်တိုင်နှစ်တိုင်အတွင်းလောက်သာ ကွာတဲ့နေရာဗျ။ တခုပဲရှိတယ်။ လူထုရဲဘော်တွေ ဘယ်လိုနေရာယူနေကြသလဲ အတိအကျမသိတာ ပေါ့။ စစ်တပ်လူပ်ရှားမှုတော့ အားလုံးမြင်နေရတယ်ဗျာ။ စစ်ကားနှစ်စီးလုံးရဲ့ ရှေ့ကာမှန်တွေ ကွဲကြေ ကုန်ပါတယ်။ နောက်ကားတွေရဲ့ ဘေးတံခါးတွေကို ဖွင့်ထားတော့ အဲဒီတံခါးတွေရဲ့ မှန်တွေရော၊ တံခါးဘောင်တွေရော ချွင်ကနဲ၊ ဒုတ်ကနဲ၊ ဒက်ကနဲ၊ နေရာအနှံ့က ထွက်လာတဲ့ကျည်ဆံတွေ ဆက်တိုက် မှန်နေတော့တာပဲဗျို့။

ကျနော် သေချာမြင်လိုက်တာကတော့ ဘယ်ဘက်ကားဘေးက ဗိုလ်ကြီးဟာ ဇတ်ကနဲ နောက်လန်ကျသွားတာကိုပါပဲ။ ဟုတ်ပါတယ်၊ ကတ္တရာလမ်းမပေါ် ကို တည့်တည့်နောက်လန်ကျသွား တာဗျာ။ အသင့်နေရာယူထားတဲ့ စစ်သက်ရင့်ပြည်သူ့ရဲဘော်တွေဟာ အမိန့်ပေးမဲ့ဗိုလ်ကြီးကို အရင်ဖြိုရ တယ်ဆိုတာ ကြိုသိထားကြတယ်ထင်ပါရဲ့။ သူ အရင်ဆုံး စ ကျတာပဲဗျ။

ဆက်တိုက်ဆက်တိုက် လူထုရဲဘော်တွေကချည်းပစ်နေလိုက်တာ ရင်ဘောင်တန်းနေတဲ့ စစ်သားလေးဆယ်လောက်ထဲက တဝက်လောက်နီးပါးဟာ အရှပ်ကြိုးပြတ် တယောက်ပြီး တယောက် ကျကုန်ကြရောဗျာ။ ကျပုံက ကျည်ဆံမှန်တာဆိုတော့ ဆတ်ကနဲ ဆတ်ကနဲ၊ တွန့်ကနဲ တွန့်ကနဲ ကျကျကုန်တာပေါ့ဗျာ။ ဘာမှကို လုပ်ချိန်၊ မြင်ချိန်မရပါဘူး။ ဘယ်နေရာက ပစ်လိုက်မှန်းလည်း သိမှ မပေါ် ပါဘူး။ အေးလေ ပစ်တဲ့ဘက်ကနေ ကြိုရောက်နေတဲ့ ကျနော်တောင် ဘယ်နေရာမှာ ရဲဘော်တွေ နေရာယူထားမှန်း မသိတာ။

ကျနော်နဲ့ မလှမ်းမကမ်း ကားလမ်းဟိုဘက်ခြမ်းက ပြည်သူ့ရဲဘော်ကလည်း သေနတ်ကို မရေမြောင်းနုတ်ခမ်းဘောင်ပေါ် တင်ပြီး လက်ညှိုးကို ကွေးလိုက်ဆန့်လိုက်နဲ့ ဆက်တိုက်ပစ်နေလေရဲ့ဗျာ။ သူ့ဘေးက ခြစည်းရိုးဟာ စစ်အတွင်းက လေယာဉ်တွေဆင်းရင်သုံးတဲ့ သံပြားပေါက်အပိုင်းတွေ ကာထားတာကို တွေ့နေရတယ်။ သူကဘေးကိုတောင် လှည့်မကြည့်အားပါဘူး။ သူ့သေနတ်က ကျည်ဆံတတောင့် ထွက်သွားတိုင်း သူ့ခေါင်းက ဆတ်ကနဲ ဆတ်ကနဲ ငြိမ့်ငြိမ့်သွားတယ်ဗျ။ ရှုပ်ရှင်ထဲက အတိုင်းပေါ့ဗျာ။ လက်မြန်တဲ့ သတိကောင်းတဲ့ စစ်သားနှစ်ယောက်သုံးယောက်လောက်က ပြန်ပစ်လေ သလားတော့ မသိတော့ဘူးဗျာ။ ဘေအေပေါ် ထပ်က မှန်တချို့ကွဲသံတွေလည်း ကြားနေရတယ်။

ကျနော်တို့ဘက်ကို ရောက်လာတဲ့ သေနတ်သံတချို့ ကြားတယ်ဗျ။ ကျနော်လည်း သံကြောက်ကြောက်နဲ့ ပြန်ဝပ်နေလိုက်တယ်။ ပြန်ပစ်တဲ့ အသံက ခပ်ကျဲကျဲဗျ။ ပြန်ပစ်သံအဆုံးမှာ လူထုရဲဘော်တွေ ကျနော်ရှိနေတဲ့ အနားတဝိုက်ကနေ ထပ်ပြီးပစ်လိုက်တဲ့ အဆက်မပြတ် သေနတ်သံ တွေ ထွက်လာပြန်ရောဗျာ။ နံရံကို ကျောပေးမှီပြီး ရင်ထိတ်နေတဲ့ကျနော်ဟာ စစ်ကားတွေ စက်နှိုးတဲ့ အသံကြားတော့ အလန့်တကြား လှမ်းကြည့်မိလိုက်ပါတယ်။ ကိုယ်တော်ချောတွေ ရှေ့ကိုများ ဆက်တက်လာသေသလားပေါ့ဗျာ။

ရှေ့ဆက်တက်လာတာ မဟုတ်ဘူးဗျ။ နောက်ကို ပြန်လှည့်မောင်းနေတာဗျ။ ကျသွားတဲ့ ဗိုလ်ကြီးနဲ့ ရဲဘော်တွေရဲ့အလောင်းတွေလည်း ကတ္တရာလမ်းပေါ် မှာ မရှိတော့ဘူးဗျာ။ ကျနော်ကြည့်မိတဲ့

အချိန်မှာ ပြန်လှည့်နေတဲ့ စစ်ကားနှစ်စီးလုံး တဝက်ပဲ ကျွေ့ရသေးတယ်ဗျာ။ ဘေးထိုင်ခုံတွေမှာ စစ်သားတယောက်မှ မတွေ့ရတော့ဘူး။ စစ်သားတွေဟာ ကြမ်းပြင်မှာ ဝပ်နေကြတာမို့ သေနတ်တချို့ ထိုးထိုး ထောင်ထောင်တော့ လှမ်းမြင်နေရ သေးတယ်ဗျို့။ တိုက်ပွဲအစအဆုံးဟာ ဆယ်မိနစ်ထက် ပိုမကြာလိုက် ပါဘူး။ကျနော့်အဖြစ်က ဆန်းတော့အဆန်းသားဗျာ။

အဲဒီမနက်ပိုင်းမှာပဲ လက်နက်မဲ့ ဆန္ဒပြတဲ့လူထုကြီးကို စစ်တပ်က ရက်ရက်စက်စက် ရမ်းချင် တိုင်းရမ်းပြီး ပစ်ခတ်တာကိုလည်း မျက်မြင်ကိုယ်တွေ့။ ဟော အခု လက်နက်ကိုင်ထားတဲ့ ပြည်သူ့ဘက် တော်သားတွေက လက်သံပြောင်ပြောင်နဲ့ တက်ချလို့ စစ်သားတွေ အတုံးအရုံးကျကုန်တာလည်း မြင်ရတယ်။

နောက်ပိုင်း သတင်းအရ ဗိုလ်ကြီး တယောက်နဲ့ စစ်သား ဆယ့်ခွန်နှစ်ယောက် ကျသတဲ့ဗျာ။ လူထုရဲဘော်တွေဘက်က တယောက်ကျသတဲ့။ ကျဆုံးသွားတဲ့ လူထုရဲဘော်နာမည်က လှခင် (၁) ကရင်ကြီးတဲ့။ လှိုင်(၅)ရပ်ကွက် ဗိုဟီလိုင်းဘက်ကတဲ့။ ဘာပဲဖြစ်ဖြစ် အဲဒီနေ့က သေတဲ့သူ၊ ဒါဏ်ရာ ရတဲ့သူ၊ ပစ်ခတ်တဲ့သူအားလုံးဟာ မြန်မာနိုင်ငံသားတွေချည်းပါပဲဗျာ။ ဒါတော့ ခင်ဗျား မေ့မနေနဲ့အုံး။ ကျနော် ဟာ အဲဒီအချိန်ကတော့ ဒီလောက်တောင် ရမ်းကားတဲ့စစ်တပ်၊ မှတ်ကရောကွ ဆိုတဲ့စိတ်မျိုး ပေါ်မိတာ အမှန်ပါပဲဗျာ။

တိုက်ပွဲသာပြီးသွားတယ်၊ ဇာတ်လမ်းက မပြီးသေးပါဘူးဗျာ။ ခန့်မှန်းခြေ ဆယ်မိနစ်လောက် အတွင်းမှာ စစ်တပ်က နောက်တချီ ပြန်တက်လာပြန်တယ်လေ၊ ဘယ်အရင်စစ်သားတွေ ဟုတ်ပါ့မလဲ ဗျာ။ နောက်တပ်ခွဲတွေပေါ့။ သူတို့ လူတွေ အပစ်ခံရတယ်၊ အတုံးအရုံးကျကုန်တယ်ဆိုပြီး နာကျည်းစိတ် နဲ့ လက်စားချေရအောင်၊ လူထုကိုထပ်ပြီး ရက်စက်ရအောင် ထပ်ပြီး တက်လာတာပေါ့ဗျာ။

အသံလွှင့်ရုံဘက်က နောက်ထပ်တက်လာတဲ့ စစ်တပ်ကကားတွေကို လှည်းတန်းကျော် အောင် မောင်းမလာတော့ဘူးဗျ။ ဂိုးရှိုး အထည်ဆိုင်မရောက်ခင် ဓာတ်တိုင် လေး ငါးတိုင်လောက် အကွာမှာ ရပ်ပြီး လမ်းဘေးရေမြောင်းတွေ ဓာတ်တိုင်တွေကို ကွယ်ပြီး တက်လာကြတာ။ ဟား ပစ် သလား မမေးနဲ့ဗျို့။ ကျည်ကုန်သုံး ပစ်ပြီးတော့ကို တက်လာတာဗျ။

အဲဒီ အချိန်မှာ ကျနော့်နားထဲကို အသံတွေ ဝင်လာတယ်။ ဟေ့ကောင်တွေ ဆုတ်၊ ဆုတ်၊ ဆုတ်၊ ဆုတ်တော့၊ မင်းတို့နောက်ဆုတ်တော့ ငါတို့ခံပစ်မယ်တဲ့။ တခွန်းတည်း မဟုတ်ဘူး၊ ဆက်တိုက် အော်နေတာ။ မင်းတို့ ဆုတ်တော့၊ မင်းတို့ဆုတ်တော့၊ ငါတို့ခံပစ်မယ်၊ ငါတို့ ခံပစ်မယ်ဆိုတဲ့ အသံတွေပဲ ဆူညံနေတယ်ဗျာ။

လူထုဘက်က ခံပစ်တဲ့ ရဲဘော်တွေထဲက တချို့ဟာ နောက်တက်လာတဲ့ စစ်တပ်ကို ခံပစ်ပြီး ကျန်တဲ့ရဲဘော်တွေကို ဆုတ်ခိုင်း နေတာဗျ။ ဘယ်သူတွေ ဆုတ်တယ်၊ ဘယ်သူတွေ ကျန်ခဲ့တယ်ဆိုတာ တော့ ဘယ်သိမလဲဗျာ။ ကျုပ်လား ဆုတ်တယ်လေ။ ဆုတ်တာမှ ပြေးပြီးဆုတ်တာ။

လမ်းမပေါ် တက်ပြေးရင် နောက်စေ့ ကျည်ဆံဝင်သွားမှာပေါ့ဗျာ။ ခြံစည်းရိုးတွေဘက်ကို အတတ်နိုင်ဆုံးကပ်ပြီး ပြေးရတော့တာပေါ့။ အေးလေ၊ ကျည်ဆံတွေက အဖော်နဲ့အပေါင်းနဲ့ တဖျောဖျော တဒိုင်းဒိုင်းဆိုတော့ နေဦးဗျ။ ကျုပ်ပြေးနေရင်း လူထုဘက်ကတိုက်နေတဲ့ မောင်တွေထဲက နောက်ချန်ခံပစ်ရင်း ကျန်ရစ်တဲ့မောင်တွေကို ကျေးဇူးတင်မိနေသေးဗျာ။ ဒီမောင်တွေသာ ခံပစ်မထားရင် ပြေးရင်း ကိုယ်ကျိုးနည်းရချည့်ရဲ့။

ကျနော့်စိတ်ထင် လူထုရဲဘော်တွေဟာ လူနေရပ်ကွက်တွေထဲဘနေဖြတ်ပြီး တလမ်းဝင် တလမ်းထွက် ဆုတ်သွားကြပုံရတယ်။ လမ်းပေါ်မှာ ဘယ်သူ့ကိုမှ မတွေ့ရလို့။ ဒါနဲ့ ကျနော်လည်း ဘူတာရုံလမ်းထိပ်ကို ပြန်ရောက်လာတယ်။

ထူးထူးဆန်းဆန်း တိတ်နေတယ်ဗျ။ ကျနော်က ဘူတာရဲ့ လမ်းထိပ်ကိုရောက်ရင် ပြည်သူ့ရဲဘော်တွေကို တွေ့ရမယ်ထင်နေတာ။ ဘယ်သူမှ မတွေ့ဘူးဗျာ။

ဒါနဲ့ ကျနော် ကမာရွတ်ဘူတာရုံဘက်ကို ဆက်ပြီး ပြေးသွားလိုက်တယ်။ ကျနော်သိလိုက်တယ်လေ။ ဒီရဲဘော်တွေ ဘယ်လိုဆုတ်တယ်ဆိုတာ ကျနော်ရိပ်မိသွားပြီ။ အေးပေါ့ဗျ။ အဏ်နောက်ဘက်ကနေ ခိုင်ရွှေဝါလမ်းဘက်ဖြတ်ပြီး ကန်းဇွန်းခင်းတွေကိုဖြတ်၊ ရထားလမ်းကူး၊ နောက်လှိုင်မြစ်လမ်းဘက်ရောက်အောင် ပြန်ဆုတ်သွားတာလေ။ ဒီတော့ ကမာရွတ်ဘူတာရုံဘက်ကို ကျနော်ပြန်မှ သူတို့နဲ့ ဆုံနိုင်မှာလေ။

ကျနော် မယ်စီကုန်းလမ်းကျော်ရုံရှိသေး၊ တယောက်ကျသွားတယ် တယောက်ကျသွားတယ်ဆိုတဲ့အသံတွေ ကြားရပြန်ရော။ ဘယ်သူက ဘယ်သူ့ကို ပြောနေမှန်းတော့ မသိဘူးဗျာ။ တယောက်ကျသွားတယ်ဆိုတော့ ကျနော်လည်း အုန်းမြင့်အကြောင်း ခေါင်းထဲပြန်ဝင်လာပြန်ရော။ ကျသွားတယ်ဆိုတာ အုန်းမြင့်များလားပေါ့ဗျာ။

■

## အခန်း (၄၆)

# အမြောက်သံ စိန်သံ ဗုံးဆံတွေကြား

ဒါနဲ့ ကျနော်ဟာ မိုက်ရူးရဲစိတ် ဘယ်လိုပေါက်လာသလဲ မပြောတတ်တော့ပါဘူးဗျာ။ နောက်ကြောင်းကို ချက်ချင်းပြန်လှည့်ပြီး ဘူတာရုံလမ်းထိပ် ပြန်ပြေးသွားမိပြန်ရော။ တောင်ပြေးမြောက်ပြေး တယောက်တည်း အလုပ်ရှုပ်နေတာလေ။ အဲဒါ ကျနော့်ရဲ့ မိုက်မဲမှုပဲဗျ။

ကျနော် ဘူတာရုံလမ်းထိပ်ပြန်ရောက်တော့ ဆင်ရေတွင်းမြောင်းနားအထိ တောင်မကြည့်မြောက်မကြည့် ရောက်သွားရောဗျာ။ အမှန်က မဲမဲမြင်ပစ်နေတဲ့၊ နောက်ထပ်တက်လာတဲ့ စစ်တပ်ဟာ စံရိပ်ငြိမ်လောက်မှာပဲ ရပ်သွားမယ်လို့ ထင်လို့ဗျ။ သေနတ်သံတွေ တိတ်နေပြန်ပြီလေ။ တကယ်တော့ အသားကုန်ပစ်နေတဲ့ စစ်တပ်ဟာ ဆင်ရေတွင်း မှတ်တိုင်အထိ ရောက်နေပြီဗျ။ ပစ်တာရပ်ပြီး အခြေအနေကို ခဏစောင့်ကြည့်နေတာ။ ဒါကို ကျနော်က စွတ်ပြေးသွားမိနေတာ။

လားလား တော်တော်လည်းကန်းတဲ့ ကျနော်ဗျာ။ ဆင်ရေတွင်းမြောင်း လှိုင်ဘက်ခြမ်းကနေ လှည်းတန်းဘက် လှမ်းကြည့်လိုက်တော့မှ ကျနော်နဲ့ ခာတ်တိုင်သုံးတိုင်လောက်အကွာမှာ ရင်ဘောင်တန်းပြီး တလမ်းလုံးအပြည့် သေနတ်ကိုယ်စီနဲ့ လျှောက်လာနေတဲ့ ကိုယ်တော်ချောတွေကို ဘွားကနဲ တွေ့ရပါလေရောဗျာ။ အလင်းရောင်က အမှောင်ဘက်ကို လုနေတာလည်း ပါမယ်ဗျ။

ရှေ့ကိုယ်တော်တွေဟာ ကျနော့်ကိုလည်းမြင်ရော ရုတ်တရက် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး ဖော်ဟစ်ကြိမ်းမောင်းသံတွေနဲ့အတူ သေနတ်တွေနဲ့ ထိုးချိန်လိုက်တယ်ဗျာ။ ထိုးချိန်တာမှ တယောက်တည်း မဟုတ်ဘူး။ တဒါဇင်ကျော်ကျော်လောက်ရှိတဲ့ စစ်သားတန်းက တပြိုင်တည်း ထိုးချိန်လိုက်ကြတာဗျ။

ကျနော်လည်း ကမန်းကတန်း ပြေးပေါက်ရှာရတော့တာပေါ့။ နောက်လှည့်ပြေးလို့လည်း မဖြစ်။ ဘေးမှာလည်း ဝင်စရာလမ်းမရှိ။ ခြံတိုင်း၊ အိမ်တိုင်း တံခါး အသေပိတ်ထားကြတဲ့ အချိန်ဆိုတော့ ပြေးပေါက်ဟာ ထင်သလို မလွယ်တော့ဘူးဗျို့။ ဒါနဲ့ အပြေးအလွှား ကြောက်လန့်တကြား ရှေ့တည့်တည့်ကို လှမ်းကြည့်မိတော့ ကတ္တရာလမ်း ဟိုဘက်ခြမ်းမှာ တံခါးဖွင့်ထားတဲ့ ခြံတံခါးတခုကို

တွေ့လိုက်တာနဲ့ လမ်းပေါ်မှာချထားတဲ့ သစ်သားစည်ပိုင်းတွေ၊ သစ်တုံးတွေကိုကွယ်ပြီး လမ်းဟိုဘက် ရောက်အောင် လှိမ့်ချလိုက်တော့တာပေါ့ဗျာ။

ဘယ်ပြောကောင်းမလဲဗျာ။ ကျနော်လည်း ကူးရော၊ သူတို့လည်း ပစ်ရောဆိုပါတော့။ ပစ်သလားလို့ မမေးနဲ့ဗျို့။ ကျည်ဆံတော်တော်များဟာ ကျနော့်နားက ဖြတ်ဖြတ်သွားနေတာ ရှိုကနဲ ရှိုကနဲ အသံတွေကိုတောင် ကြားနေရတော့တာပဲဗျ။ ပစ်ရုံတင် ဘယ်ကမလဲ၊ တန်းစီထားတဲ့ စစ်သားတန်းကြီးတခုလုံးကို ပစ်တက် တက်လာသေးသဗျာ။

ကျနော် နားလည်လိုက်ပါပြီ။ တကယ်တော့သူတို့ဟာ ကျနော့်ကို စောစောက တက်ပစ်သွားတဲ့ ပြည်သူ့ရဲဘော်တွေထဲက နောက်ချန်နေခဲ့တဲ့အထဲက တယောက်ယောက်လို့ ထင်ပြီး အသေ လိုက်ပစ်နေတာဗျို့။

ကျနော်ဆိုတဲ့ကောင်ကလည်း သေခါနီးတောင် လေတချက် လည်လိုက်ချင်သေးတယ် ဆိုတဲ့ကောင်ဗျာ။ လှိမ့်နေရင်းတန်းလန်းနဲ့ ဒီငနဲတွေကို လှမ်းကြည့်ဖြစ်အောင် ကြည့်လိုက်မိသေးတယ်။ ဆဲသံ၊ ဆိုသံ မေတ္တာပို့သံမျိုးစုံနဲ့ပစ်ရင်း အပြေးလျှောက်၊ အပြေးလျှောက်ရင်းပစ် လုပ်နေကြသဗျာ။

ငါကြီးပုံများ ဘယ်လိုလုပ်ပြီး ကတ္တရာလမ်းဟိုဘက်ကို ရောက်သွားမှန်းတောင် မသိတော့ပါ ဘူးဗျာ။ ခလုပ်မထိ ဆူးမငြိ၊ ပိန်းကြာဖက်တွင် ရေမတင် ဆိုသလိုပေါ့။ ဒါနဲ့ ခြံထဲ ဆက်လှိမ့်ဝင်လိုက် တာ အဲဒီအိမ်အပေါ်ထပ်ကိုတက်တဲ့ လှေကားရင်းကိုရောက်ရောဗျာ။ အဲဒီအိမ်ရဲ့လှေကားက အိမ်နောက်ဘက် ခပ်ကျကျမှာဗျ။ ကျနော် ဟောဟဲလိုက်နေတဲ့ကြားက လှေကားအတိုင်း အပေါ်ကို ပြေးတက်သွားလိုက်တယ်။

ခင်ဗျား မျက်စေ့ထဲမှာ မြင်ကြည့်လိုက်ဗျာ။ လှေခါးဆောက်ထားပုံက နောက်ကနေ အိမ်ရှေ့ကို ပြန်တက်သွားတဲ့ပုံစံဗျ။ အိမ်နောက်ဖက် ခပ်ကျကျနေရာကနေ လှေခါးအတိုင်း တက်လာ တော့ အပေါ်ထပ်လည်းရောက်ရော လမ်းမဘက်မျက်နှာပြုနေတဲ့ ဝရန်တာပေါ်ကို ရောက်တာပေါ့။ ကျနော်ဝရန်တာက ဖိနပ်တွေဘေးမှာ ပက်လက်လှန်ပြီး လှဲနေတုန်းမှာပဲ ရွှေကိုယ်တော်တွေက ကျနော့် အောက်တည့်တည့်ရောက်နေပြီဗျာ။

တကယ်တမ်း သူတို့နဲ့ ကျနော့်အကွာအဝေးဟာ ပေကြိုးဆွဲပြီးတိုင်းရင် ခြောက်ပေထက် မကွာပါဘူး။ အသံတွေ အတိုင်းသားကြားနေပါတယ်။ 'ဒီထဲကို ဝင်ပြေးသွားတာကွ' 'အပေါ်တက်သွား တယ် ထင်တယ်' 'ထင်ရင် ပစ်သာထည့်လိုက်ကွာ' တဲ့။

အောင်မယ်လေးဗျာ၊ ထင်တယ်ပြောနေတဲ့မောင်ရဲ့ အပေါ်တည့်တည့်မှာ ကျနော် ရှိနေတာ ဗျ။ ပစ်လိုက်လို့ကတော့ဗျာ။ ကျည်ဆံဟာ ကျောကိုဖောက်ပြီး မျက်နှာကျက်ကို တန်းမှန်တော့မှာပဲ။ ကျနော် အသက်တောင် မရှူရဲဘူး။ ပက်လက်ကလေးကနေ တုပ်တုပ်တောင် မလှုပ်မိအောင် ငြိမ်နေ လိုက်ရတယ်။ ဘုရားတဖို့တောင် သတိမရတော့တဲ့ အထိဗျာ။

ကျနော် သေနေ့မစေ့သေးဘူး ထင်ပါရဲ့ဗျာ။ ခပ်လှမ်းလှမ်းက အသံတသံက ဟေ့ကောင်တွေ အဲဒီမှာ သွားပြုမနေနဲ့။ ပြန်ဆုတ်၊ ပြန်ဆုတ်တော့တဲ့။ အောင်မယ်လေး၊ ငါကြီးပေလို့သာပေါ့ဗျာ။ ကျေးဇူးရှင်တွေ ချက်ချင်းပြန် ထွက်သွားကြလေရဲ့ဗျာ။ သူတို့ပြန်ဆုတ်သွားတဲ့ ဖိနပ်သံတွေက ကျနော့် အတွက် မင်္ဂလာစည်ဗျောသံတွေပေါ့။ ထုတိသြဘာသံဆိုလည်း ရသဗျာ။

ဒါတင် စိတ်ချနေလို့ မရသေးဘူးဆိုပြီး အိမ်ထဲကို နားစွင့်လိုက်တော့ တိုးတိုးပြောနေတဲ့ အသံတချို့ကြားတာနဲ့ ကျနော် အိတ်ကပ်ထဲက ဘွဲ့ရကျောင်းသားဟောင်းများအဖွဲ့က ကဒ်ပြားလေး ရယ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂျီတီအိုင်များ သမဂ္ဂကဒ်ကလေးရယ်ကို တံခါး အောက်ခြေလွတ်နေတဲ့ နေရာလေးကနေ အသာထိုးသွင်းလိုက်တယ်။ ချက်ချင်းဆိုသလို တံခါး ပွင့်လာလေရောဗျ။

ကျနော်လည်း ပက်လက်ကနေလှိမ့်ရင်း အိမ်ထဲရောက်သွားရော ဆိုပါတော့။ တံခါးဖွင့်ပေး
ကာက အသက်ဆယ့်ရှစ်လောက်ရှိတဲ့ တရုတ်မလေးတယောက်နဲ့ သူ့အမေထင်ပါရဲ့။ သားအမိအရွယ်
နှစ်ယောက်ဗျ။ အရေးထဲဗျာ။ အိမ်ထဲမှာ ကျနော့်လို ပြေးရင်းလွှားရင်း ကျနော့်အရင် ရောက်နေတဲ့
မောင်တယောက်က ရှိနေသေးတယ်။ အဲဒါ ဂျာဝါးပေါ့။

ဟုတ်တယ်၊ ဂျာဝါးဆိုတာ ရန်ကုန်မှူးယစ်ဆေးဝါးလောကမှာ နာမည်ကြီးနေတဲ့ ဂျာဝါး။
ကမယ်၊ သူလည်း ခေတော့မခေဘူး။ ရုပ်ရှင်မင်းသားကြီး ကျော်ဟိန်းရဲ့ဘော်ဒါဆိုလားပဲ။

ဂျာဝါးတို့ ဆိုးတဲ့လောကမှာတော့၊ သူ့အမေ ကုလားမကြီး ရှိရှိသမျှ စည်းစိမ် တိုက်ခန်းတွေ၊
ကတွင်းပစ္စည်း လက်ဝတ် လက်စားတွေ အားလုံးပြောင်တာ ဂျာဝါးလက်ချက်ချည်းပဲ။ ဘူတာရုံ
လမ်းထိပ်လို နေရာမျိုးမှာ ဂျာဝါးအမေ နာမည်နဲ့ တိုက်ခန်းအကျယ်ကြီးတွေ လေးခုလောက်ပိုင်တာ။
ဂျာဝါး ဂျင်ရှုံးလိုက်၊ နီးစပ်ရာက ဆွဲသုံးလိုက်နဲ့၊ နောက်ဆုံး တက်တက်စင်အောင် ကုန်တော့တာပဲဗျာ။

ကျနော်နဲ့ ဂျာဝါး စသိတော့ သူ့အသက်သုံးဆယ်ကျော်လောက် ရှိနေပြီဗျ။ ဘယ်အချိန်
ကြည့်လိုက်ကြည့်လိုက် ဂျာဝါးတို့က ရှိုးအပြည့်နဲ့။ အော် ဂျာဝါးက ဆေးသမားမဟုတ်ဘူးဗျ။ ဂျင်သမား။
ကျနော်တောင် ဂျင်ဝိုင်းရောက်ဖူးတာ သူ့အဆက်အသွယ်မကင်းဘူး။ ကျနော့်ဂျင်ဝိုင်းအတွေ့အကြုံလား။
နောက်များမှ ကြုံရင်ပြောပြရသေးတာပေါ့။ နောက်ဆုံး ဂျာဝါး ဘယ်လောက်များ ဒုက္ခရောက်သွား
သလဲဆိုရင် ကျနော်တောင် သူ့ဒုက္ခကို မကြည့်ရက်လွန်းလို့ ဘိန်းတောင် ရောင်းပေးခဲ့ရတဲ့အထိ။

ဘိန်းမှ ရိုးရိုးဘိန်းတောင် မဟုတ်ပါဘူးဗျာ၊ ဘိန်းဖြူ။ အေးဗျ၊ တသက်နဲ့တကိုယ် ဘယ်တော့မှ
မလုပ်ပါဘူးလို့ ဆုံးဖြတ်ထားတဲ့ ဘိန်းဖြူရောင်းတဲ့ လုပ်တောင် လုပ်ပေးခဲ့ဖူးတာ အမှန်ပဲ။ ကျနော်က
တခါတခါ စွတ်ရမ်းလုပ်ပစ်တတ်တဲ့အကျင့်ရှိတယ်။

ဒီလိုပါဗျာ။ ဂျာဝါးဟာ ဂျင်ထိုးတာကို သဲသဲမဲမဲ ဝါသနာကြီးတာကြောင့် စည်းစိမ်ပြုတ်ရော
ဆိုပါတော့။ စည်းစိမ်လည်းပြုတ်ရော မိန်းမလည်း ရရောဗျာ။ ရတဲ့မိန်းမကလည်း အရင်အိမ်ထောင်
ရှိရှိတင်မကဘူး။ အရက်ပါ စွဲနေတဲ့မိန်းမ။ အရင်အိမ်ထောင်ကပါလာတဲ့ ကလေးတွေကလည်း
ဆယ့်ငါးနှစ်၊ ဆယ်ခြောက်နှစ်ဝန်းကျင်တွေချည်း နှစ်ယောက်။ ဂျာဝါးနဲ့ကတယောက် စုစုပေါင်း
သုံးယောက်ပေါ့။

ဂျာဝါး ဘိန်းဖြူစ ရောင်းတာကလည်း ဂျင်ရှုံးရာက စတာပဲ။ ဂျာဝါးက ဘိန်းမစားဘူး၊
ဘိန်း မထိုးဘူး။ အဲ အရက်တော့သောက်တယ်။ ကျနော်နဲ့ တခါတခါ တွဲသောက်တယ် ဆိုပါတော့။
ကျနော့်အန္တိအတာတွေ ခံတာလည်း ရှိခဲ့ဖူးတယ်။ ဂျာဝါးက တခြားမိတ်ဆွေတွေဆီကနေ အကူအညီ
တောင်းဖူးတယ်ဆိုတာ မရှိသလောက်ပါပဲ။ ကျနော့်ဆီကိုတော့ တခါတခါ တထောင်မျိုး နှစ်ထောင်မျိုး
တောင်းဖူးတယ်။ တနေ့တော့ ဂျာဝါး ခေါင်းငိုက်စိုက်နဲ့ ကျနော့်ရုံးကို ရောက်လာတယ်။

ဆရာ ကျနော့်ကို ကူညီပါအုံးတဲ့။ ဒါနဲ့ ကျနော်လည်း အိတ်ကပ်ထဲက ငွေနှစ်ထောင်ထုတ်ပြီး
စားပွဲပေါ် လည်း တင်ပေးလိုက်ရော ထူးထူးဆန်းဆန်း သူက မယူဘူးဗျာ။ ဒီတော့ ကျနော်က သူ့ကို
စိုက်ကြည့်လိုက်တော့ ဆရာ၊ ကျနော်တို့ အရောင်းအဝယ်တခုမှာ မျက်နှာလိုက်ပြပေးပါ တဲ့။
ဘာအရောင်းအဝယ်လဲဆိုတော့ ဆေး တဲ့။ ဘာဆေးလဲ ရှင်းအောင် ပြောစမ်းပါကွာဆိုတော့ သူ့လက်
လေးချောင်း ထောင်ပြတယ်။ ကျနော် ဒေါကန်သွားတယ်။ ဂျာဝါး ကိုယ် ဒီအလုပ်မျိုးလုပ်တဲ့ကောင်
မဟုတ်ဘူးဆိုတာ သိရက်သားနဲ့ ဘာတွေလာပြောတာလဲဆိုတော့ သူက တကယ့်ကို စိတ်ဆင်းရဲခြင်း
ကြီးစွာ ခံစားနေရတဲ့လေသံနဲ့ ဆရာ ကျနော် အကြီးအကျယ် ဒုက္ခရောက်နေလို့ပါဆရာတဲ့။

သူပြောတာတွေကဇတော့ အစုံပဲဗျာ။ ထမင်းတောင် ချက်ဖို့မရှိတာ၊ ကလေးတွေ ကျောင်းအပ်ရမှာ၊ မိန်းမ အရက်ဖိုး၊ သူ့ဂျင်ကြွေး၊ မပေးနိုင်ရင် သူ့အသက်ပါ ဒုက္ခရောက်တော့မယ့် ဇာတ်လမ်းတွေ၊ သူထက်စုံတာတောင် သူ့လောက်မစုံဘူး။

ကျနော်လည်း ဇာတ်ကသိပ်နာလာတော့ ဒါဆိုလာစမ်းကွာ။ ဂျာဝါး ငါ မင်းအိမ် လိုက်ကြည့်ချင်တယ်ဆိုပြီး ကန်လမ်းထဲက ဘောကန်ကျော်မြင့် ဗိနုဗ်ဆိုင်နောက်မှာရှိတဲ့ သူ့အိမ်ရောက်သွားရော။ လမ်းလျှောက်သွားရုံပဲလေ။ ကျနော့်ရုံးက ရှမ်းစု (၁) လမ်းထိပ်မှာ ရှိတာဆိုတော့။

အိမ်ထဲတောင် မဝင်ရသေးပါဘူးဗျာ။ ဂျာဝါးမိန်းမ ကဗျာရွတ်သံ ကြားရတော့တာပဲ။ ဟုတ်တယ်ဗျ။ အမေဂျမ်းဝင်သလို အယုတ္တအနတ္တတွေ ရွတ်နေတာ။ နောက် ဆယ့်ခြောက်နှစ်လောက် အရွယ် မယားပါ သမီးလေးကလည်း အားတုံ့အားနာပုံစံနဲ့။ ဒါတင်မကသေးဘူး၊ ဒန်ခွက်လွတ်တခုရှေ့မှာ ငုတ်တုတ်ငူတူတူ ဖြစ်နေတဲ့ခုနှစ်နှစ်အရွယ် ကလေးလေးကလည်း လူရုပ်သိပ်မပေါ်ချင်ဘူး။ ရောဂါသည် ပုံစံ။ ဂျာဝါးမိန်းမ ဆိုတာလည်း အဲဒီတော့မှ ကျနော် သေချာမြင်ဘူးတာ။ ဂျာဝါးနဲ့ တွေ့တုန်းက ဘယ်လောက် ချောမောသလဲတော့ မသိဘူးဗျာ။ ကျနော်မြင်တာကတော့ တကယ့်ကို အရှုမတယောက် ပုံစံပေါက်နေတယ်။ မိန်းမတယောက် အရက်သိသိသာသာ မူးနေတာ ကိုမြင်ဖူးတာ ဒါ ပထမဆုံးအကြိမ်ပဲ။

ကျနော်လည်း အာရုံနောက်ပြီး ပြန်ထွက်လာတယ်။ နောက် ဂျာဝါးကို ကိုယ် ဘာလုပ်ပေးရမှာလဲ ပြောကွာလို့လည်း မေးလိုက်ရော ဘိန်းဖြူကုန်သည်က စိတ်ချရတဲ့ ရုပ်ခံရှိရင် ပစ္စည်းကို လွှဲထားပေးခဲ့မယ်လို့ ပြောတယ်တဲ့။ ဟ ကိုယ်က ရုပ်ခံရှိမရှိ ဘယ်လိုလုပ်သိနိုင်မလဲဆိုတော့ ကျနော့်ပါတနာကို ဆရာ့ပုံစံ ခေါ်ပြပြီးပြီတဲ့။ သူက ဖြစ်တယ်ဆိုလို့ ဆရာ့ကို အကူအညီတောင်းတာတဲ့။ နောက်မှ သိရတာက ဂျာဝါးက သူ့ပါတနာကို ကျနော်အရက်သောက်နေကျ ရွှေလမင်းဘားထဲ ခေါ်ပြီး ကျနော့်ပုံစံကို ပြထားပြီးသား။ ဒီရုပ်ခံနဲ့ဆို ဖြစ်တယ်လို့ ထောက်ခံတယ်ဆိုပဲ။

သူ့ပါတနာလား။ အဆိုတော်နော်လီဇာရဲ့ ပထမယောက်ျားလို့ ပြောတာပဲဗျာ။ မောင်မောင်ကြီးတဲ့။ မွတ်ဆလင်ကုလား။ အရပ်ခြောက်ပေကျော်ကျော် ရှိမယ်။ ပါးသိုင်းနဲ့ မုတ်ဆိတ်နဲ့။ တိုတိုပြောရရင် ဗျာ။ နောက်တနေ့ညှ ခုနစ်နာရီလောက်မှာ ကချင်ပြည်နယ်၊ မန်စီဘက်ကနေ ရန်ကုန်ကို ရောက်နေတဲ့ နံပါတ်ဖိုးကုန်သည်နဲ့ဆုံဖို့ ချိန်းလိုက်ကြရော ဆိုပါတော့။ ပထမဆုံးချိန်းတာက သိမ်ဖြူလမ်းက ခါလာကြီးဆိုတဲ့ စားသောက်ဆိုင်မှာ။ နောက် ကျနော်က အလုပ်လုပ်ရင် ဇယားလေးနဲ့ လုပ်တတ်တာ ဆိုတော့ ခါလာကြီးဆိုင်ကနေ နောက်ထပ် နှစ်နေရာကို မိနစ်သုံးဆယ်လောက်အတွင်း ထပ်ထပ်ရွှေ့ပြီးမှ အဲဒီကုန်သည်ကို လက်ခံတွေ့လိုက်တယ်။

ချိန်းတဲ့ဆိုင်ထဲမှာ ကျနော်ရယ်၊ ဂျာဝါးရယ်၊ မောင်မောင်ကြီးရယ်၊ ဘိန်းဖြူကုန်သည်ရယ် စားပွဲမှာ ဝိုင်းထိုင်လိုက်ကြရော။ အမှန်က ကုန်သည်က တော်တော်ချောက်ခြားနေပြီ။ သူ့နောက်က သတင်းရလို့ လိုက်နေတာ သူသိတယ်တဲ့။သူကိုယ်တိုင် ဖွင့်ပြောရှာတယ်။

သူ့ပုံစံက ရှမ်းတရုတ်ဗျ။ အသက်သုံးဆယ်ဝန်းကျင်ပဲ။ ဗမာစကားတောင် သိပ်မပီဘူး။ ကျနော်လည်း ပွဲမြန်မြန်သိမ်းမှဆိုပြီး အိတ်ထဲက ဘဏ်ချက်စာအုပ်ထုတ်ပြီး ကဲ ခင်ဗျားတို့ ပစ္စည်းနဲ့ ဈေးနဲ့တည့်ရင် ကျတဲ့ Amount ကိုသာ ပြောတော့။ ကျနော်လည်း ဒီလောကထဲက မဟုတ်ဘူးလို့ လုပ်လိုက်ရော။

ဘယ် တကယ်ရေးပေးမလဲဗျ။ ဘလိုင်းရှိုးလိုက်တာ။ ချက်လက်မှတ်ရေးပြီး ဘိန်းဖြူဝယ်လို့ ဘယ်ဖြစ်ပါ့မလဲ။ ဒါနဲ့ ကုန်သည်က သူ့လက်ဆွဲအိတ်ထဲက ခြူးနှစ်ကောင် ကမ္ဘာလုံးတံဆိပ် သုံးထုပ်ကို စားပွဲပေါ် တင်လိုက်တယ်။ အေးပေါ့ဗျာ။ စားသောက်ဆိုင်က သီးသန့်ခန်းရှိတဲ့ဆိုင်ပေါ့။

ကျနော်က မှင်မောင်းနဲ့သာ လုပ်နေတာ၊ ဘိန်းဖြူခြူးနှစ်ကောင်တံဆိပ်ဆိုတာ အခုမှ ဓာပြင်မှာ မြင်ဖူးတာဗျို့။ ကျနော်လည်း သေချာမြင်ဖူးတယ်ရှိအောင် မသိမသာ နိုးနိုးကြည့်ရတာပေါ့ဗျ။ ဖယင်စတစ်အိတ်ပေါ် မှာ အနီရောင်နဲ့ ခြူးနှစ်ကောင်က အဝါရောင်၊ ကမ္ဘာလုံးပေါ် ကို ဘေးနှစ်ဘက်က ထက်နေတဲ့ပုံဗျ။ တကီလို ထုပ်ချည်းပဲ သုံးထုပ်။

ကျနော်လည်း ဂိုဏ်းခေါင်းဆောင်အိုက်တင်နဲ့ ဟော့ကောင် ဂျာဝါး ပစ္စည်းစစ်ကွာလို့ ပြောတော့ ဂျာဝါးက အိတ်သုံးအိတ်ထဲက တအိတ်ကိုဖောက်ပြီး အမှုန့်နည်းနည်းထုတ်၊ လျှာနဲ့လျက်ကြည့်တယ်။ ကျနော် သိသလောက်က ဘိန်းဖြူအစစ်ဟာ ခါးပြီးခါးတယ်ဆိုပဲ။ နောက် ဂျာဝါးက ကျနော့်ကို ခေါင်းငြိမ့်ပြတယ်။ စစ်တယ်ဆိုတဲ့ သဘောပေါ့ဗျာ။

ကျနော်လည်း တည်တည်ငြိမ်ငြိမ်ပါပဲ။ ဒါဆို ဈေးညှိလေလို့ ဆက်တွန်းလိုက်ပြန်တော့ ကုန်သည်က ပေါက်ဈေးပဲ ပေးပါတဲ့။ ဟော့ကောင်ဂျာဝါး ဈေးဘယ်လောက်ပေါက်သလဲ ဆိုတော့ ဂျာဝါးဆိုတဲ့ ကောင်ဗျာ၊ မူးယစ်ဆေးဝါး ရောင်းနေတဲ့ကောင်တဲ့။ အ ထစ် အ ထစ်နဲ့ ဆရာ တဖုံးကို ဩးယောင်။ တဖောင်းကို ဘယ်လောက်၊ တပုလင်းဆို ဘယ်လောက် လျှောက်ပြီး အသေးစိတ် တွက်နေတယ်။ ကျနော် စိတ်မရှည်တော့ဘူး။ စားပွဲအောက်ကနေ ကျနော့် ရှူးဖိနပ်ခွာနဲ့ သူ့ခြေဖမိုးကို ဆောင့်ချလိုက်တယ်။

အမယ် မောင်မောင်ကြီးက လူလည်ဗျ။ ကျနော် လုပ်လိုက်တာကို ရိပ်မိတယ်။ ဂျာဝါး မျက်နှာပျက်သွားလို့။ မောင်မောင်ကြီးက ဝင်ပြီး ဆရာပဲ ကီလိုဈေးဖြတ်လိုက်ပါတဲ့။ ကြည့် လုပ်ပုံက ကျနော်ခေါင်းပေါ် ပြန်လွှဲချနေတယ်။

ခက်နေပါလားဗျာ။ ဘိန်းဖြူကို သေချာမမြင်ဖူးတဲ့ကောင်က ခေါင်းဆောင်နေတာကို တကယ်တမ်း အရောင်းအဝယ်လုပ်နေတဲ့ မောင်တွေက ငြိမ်ဝပ်ပိပြားနေတာကို ကျနော် အံ့ဩလွန်းလို့။ ကျနော်က သက်သက် ရှပ်ရှင်ရိုက်နေတာလေ။ သူတို့ကပါရောပြီး ကျွတ်နေသလိုပဲ။

ကဲ မထူးတော့ပါဘူးဆိုပြီး ကုန်သည်ဘက်လှည့်၊ ကဲ ခင်ဗျားဘက်ကသာ ပေါက်ဈေး ဆိုတာကို ဖွင့်လိုက်။ ရန်ကုန်မှာက နယ်မြေအလိုက် ဈေးက သိပ်တူတာမဟုတ်ဘူး။ ခင်ဗျားကို ဖျောနှိမ်သလိုဖြစ်ရင် မကောင်းဘူး။ နောက် လက္ကားဈေးသာ တခါတည်းပြောချလိုက်ဆိုတော့မှ တကီလို ရှစ်သိန်းခွဲတဲ့။

ကျနော်က ဂျာဝါးမျက်နှာ လှမ်းကြည့်လိုက်တော့ ခေါင်းငြိမ့်တယ်။ ဒါနဲ့ကျနော်ကပဲ ကဲ၊ ခင်ဗျား ဈေးက လက်လီဈေးဖြစ်နေတယ်။ ကျနော်ပဲ ဖြတ်လိုက်တော့မယ်။ သုံးကီလိုကို ဆယ့်ငါးသိန်း ယူလိုက်၊ တခုရှိတာက ခင်ဗျားပစ္စည်းက နောက်ကြောင်း သိပ်ပူလွန်းတယ်လည်း လုပ်လိုက်ရော ကိုယ်တော်က သဘောတူသဗျာ။

ဒါနဲ့ ငွေချေမယ့်ရက်ကို နောက်ဆယ့်ငါးရက်ကို ချိန်းတယ်။ ကျနော်လည်း နောက်ထပ် မပတ်သက်ချင်တော့တာနဲ့ ကဲ နောက်ဆယ့်ငါးရက်မှာ ကျသင့်ငွေ ဆယ့်ငါးသိန်းကို ဒီနေရာမှာ လာယူပေတော့။ ဒီကောင်တွေပဲ လာပို့ပေးမယ်။ တကယ်လို့ ချိန်းတဲ့နေ့ ငွေမရရင် ကျနော့်ကို ဖုန်း ဆက်။ ကျနော်ရှင်းပေးမယ် ဆိုပြီး ဇာတ်လမ်းပြတ်ခဲ့ရော ဆိုပါတော့။

ကျနော်လား၊ အဲဒီ အရောင်းအဝယ်က တပြားမှ မယူခဲ့ပါဘူးဗျာ။ ကျနော့်အတွက်ဆိုလို့ ရမ်တစ်တစ်နဲ့ အာလူးကြော် လေးငါးဖတ်၊ ကန်စွန်းရွက်ကြော် သုံးငွန်းပါပဲ။ ကျနော်ယူမယ်ဆိုရင် အမြတ်တဝက်ယူပါလို့ ပြောပါသဗျာ။ ကျနော်က ဒီအလုပ်ဟာ မလုပ်မဖြစ် လုပ်သာလုပ်လိုက်ရတယ်၊ တိုင်းပြည်ရော လူမျိုးအတွက်ပါ မကောင်းဘူးလို့ သိနေတာပဲဗျ။

အမြိတ်လား၊ အဲဒီသုံးကီလိုထဲနဲ့တင် ဂျာဝါးနဲ့ မောင်မောင်ကြီး တယောက် ဆယ်သိန်းစီလောက် ပိုက်သွားတယ်။ နောက် ကျနော် ၅(ည)ပုဒ်မနဲ့ အင်းစိန်ထောင်ထဲ ရောက်သွားတော့ မောင်မင်းကြီးသားတွေ ထောင်အနှစ်နှစ်ဆယ်စီ ကျနေလေရဲ့။ ဟုတ်တယ်ဗျ။ ဂွင်ချောင်ပြီဆိုပြီး နောက်အချိတွေ ဆက်လုပ်ကြတာလေ။ အဲဒီကုန်သည်နဲ့ပဲတွဲ။ ကျနော်လိုက်သွားတဲ့နေ့က ဂျာဝါးတို့စီးလာတဲ့ ဘလက်တက္ကစီဒရိုင်ဘာတောင် အမှုတွဲ ပါလိုက်သေး။ ငွေအလွယ်ရတာ အားကျတယ်ထင်ပါ့ဗျာ။

ဂျာဝါးအကြောင်း စာဖွဲ့နေလိုက်တာ စောစောက စစ်သားတွေနဲ့ လိုက်တမ်းပြေးတမ်းဖြစ်နေတဲ့ ဇာတ်လမ်းတောင် ဘယ်ရောက်သွားပါလိမ့်။

အော် အဲဒီ ဂျာဝါးက မိုးထဲရေထဲ ကျနော့်ကို တပ်က သေနတ်နဲ့ လိုက်ပစ်လို့ တွေ့တဲ့အိမ်ပေါ် တက်ပြေးနေတုန်း၊ သူလည်း ပြေးရင်းလွှားရင်းနဲ့ လာတွေ့နေတယ်ဗျာ။ အိမ်ရှင်မိန်းကလေးက နောက်ဖေးဘက်ခေါ် သွားပြီး နောက်တံခါးဖွင့်ပေးတာနဲ့ ဂျာဝါးနဲ့ကျနော် ဆင်ရေတွင်း ရေမြောင်းကြီးအတိုင်း ရွံ့တွေ၊ နွံတွေ၊ အိမ်သာတွေ ကြားကနေ ဆက်ပြေးကြရတော့တာပေါ့။ ဂျာဝါးက လှိုင်ဘက်ကို ပြေးတယ်။ ကျနော်က ဆင်ရေတွင်း ကမာရွတ်ဘက်ခြမ်းကို ပြေးတယ်။ တကယ်ဗျ။ ကျနော့် အကျင့်က တော်ရုံနဲ့ နောက်မဆုတ်ချင်ဘူး။ စောစောကတော့ ကြောက်တာပေါ့ဗျာ။ ကျနော် ဒီဘက်ကိုလာတာက တိုက်ပွဲမှာ အုန်းမြင့်ကျတာ ဟုတ်မဟုတ်သိချင်တာလေ။ ဒါကြောင့် စောစောက တိုက်ပွဲဖြစ်တဲ့နေရာကို ရောက်အောင်သွားမယ်လို့ ဆုံးဖြတ်ထားတာ။

စစ်တပ်က တနာရီကျော်လောက် တက်ပစ်ပြီး ဟံသာဝတီဘက်ကို ပြန်ဆုတ်သွားပြီဗျ။ ဒါပေါ့၊ ကျနော် စောစောက တိုက်ပွဲဖြစ်ခဲ့တဲ့ နေရာကိုရောက်တယ်။ ကျသွားတာ လှခင် (ခေါ်) ကရင်ကြီးဆိုတာ သေချာသိလိုက်ရတယ်။ အလောင်းကို တပ်ကြပ်ကြီးလှရွှေတို့ မရ ရအောင် ပြန်ဆွဲသွားတယ်တဲ့။

စံရိပ်ငြိမ်ဘဏ်ရဲ့ ရှေ့တည့်တည့် ဟိုဘက်ပလက်ဖောင်းဒေါးက ရေမြောင်းထဲမှာ အလောင်းတလောင်းတွေ့လို့တောင် မြောင်းပေါ် ဆွဲတင်ပေးခဲ့ရသေးဗျာ။ လူငယ်လေးဗျ။ ဆယ့်ခြောက်နှစ်လောက်ပဲရှိမယ်။ အကျီလက်တို အဖြူရောင်နဲ့ သူ့ဗိုက်ရဲ့ဘယ်ဘက်မှာ သေနတ်မှန်ထားတယ်။ နောက်တချက်ကနဖူးမှာ။ ကျပ်ပြားဝိုင်းလောက် အပေါက်ကလေးတွေ့ရတယ်။ အနီးကပ် ပစ်သတ်သွားတာပေါ့ဗျ။ ဒီကလေးက ဘယ်လိုလုပ် ဒီလို အပစ်ခံရတယ်ဆိုတာ ကျနော်လည်း မတွေးတတ်တော့ပါဘူး။ အလောင်းကို ဆိုက္ကားတစီးပေါ် တင်ပေးပြီး လှိုင်မြို့နယ်ဖက်ကို ပြန်လာတယ်။အဲဒီမှာလည်း နောက်ဆိုက္ကားတစီးနဲ့ နောက်တလောင်း တင်ထားတာ တွေ့ပြန်ရော။ မဲမဲမြင်စွတ်ပစ်သွားတယ် ဆိုတာ ယုံလိုက်ပေတော့ဗျာ။ အဲဒီအလောင်းက လှခင် (ခေါ်) ကရင်ကြီး အလောင်းထင်လို့လား။ မဟုတ်ဘူး။ လှခင်ရဲ့အလောင်းက လှိုင်မြစ်လမ်းထဲက ကျနော့်အိမ်ရှေ့မှာ ရောက်နေပြီ။ ဟုတ်တယ်။ ကျနော့်အိမ်ရှေ့မှာတင် မဟုတ်ဘူး။ ကျနော် ပြန်အလာကို အလောင်းက စောင့်နေတာ။

■

## အခန်း (၄၇)

# ရဲဘော်လှခင်၊ သင့်အားဦးညွှတ်ပါ၏

ကျနော်အိမ်ပြန်ရောက်တော့ ညနေခြောက်နာရီ ကျော်နေပါပြီ။ တိုက်ပွဲမှာ ကျသွားတဲ့ လှခင် (ခေါ်) ကရင်ကြီးရဲ့အလောင်းဟာ ကျနော့်အိမ်ရှေ့လမ်းဟိုဘက်ခြမ်း ကုက္ကိုပင်ကြီးရဲ့အောက်မှာ ရောက်နေပါတယ်။ ဟာ၊ ဘယ်နှယ့် ဒီအလောင်းက ဒီနားမှာ ကျောက်ချနေသလဲ တွေးလို့တောင် မဆုံးသေးပါဘူးဗျာ။

'ကိုသက်ခိုင် ပြန်လာပြီဟေ့' ဆိုတဲ့ အသံက ဆူညံသွားတာကြောင့် အလောင်းဆီကို လျှောက်သွားလိုက်ရတယ်ဗျာ။ အမှန်က ကရင်ကြီးရဲ့အလောင်းကို သဖော့တောသုသာန်မှာ သွားမြှုပ်ဖို့ ကျနော့်ကို စောင့်နေကြတာပါ။

နောက်မှ ကျနော် သိရတာက တိုက်ပွဲမှာကျတဲ့ ကရင်ကြီးကို ကိုလှရွှေတို့က အလောင်း ရအောင် ပြန်ဆွဲလာတယ်။ ရပ်ကွက်ထဲရောက်တော့ သူ့ကိုဂုဏ်ပြုတဲ့အနေနဲ့ တလမ်းဝင် တလမ်းထွက် အလောင်းကို တိုက်ပွဲဝင်ရဲဘော်တွေက ထမ်းပြီး လျှောက်လှည့်ပြကြတယ်။ အလောင်းကိုမြှောက်၊ သေနတ်တွေကိုမြှောက်၊ ဒီမိုကရေစီရရှိရေး ဒို့အရေး ဒို့အရေး။ အရေးတော်ပုံအောင်ရမည်။ အောင်ရမည်လို့ အော်ဟစ်ကြွေးကြော်ပြီး လှည့်တာမှ လေးရပ်ကွက်၊ ငါးရပ်ကွက် လမ်းပေါက်စေ့ဆိုပဲဗျာ။ ကရင်ကြီးအလောင်း မြေကျဖို့ ရပ်ကွက်လူထုက ဝိုင်းပြီး သူတို့ အသိစိတ်ဓာတ် နဲ့ သူတို့ လှူကြတန်းကြတာ သိန်းချီပြီးတောင် ရတယ်ဆိုပဲ။ အဲဒီငွေတွေအားလုံးကို ကရင်ကြီးရဲ့ ဇနီးလက်ထဲကို အပ်လိုက်ကြတယ်။ စိတ်မကောင်းစရာက ကရင်ကြီးဟာ မိန်းမရတာ ရက်ပိုင်းပဲ ရှိသေးတယ်တဲ့ဗျ။

အလောင်းက ဝါးခနီသယ်တဲ့ တွန်းလှည်းနဲ့ တင်ထားတာဗျ။ အေးလေ၊ တွန်းလှည်း ဘီးတွေက သံခွေတွေကို တာယာဟောင်းခံပြီး လုပ်ထားတာ။ သစ်သားအိမ်နဲ့ နောက်ကနေ တွန်းရတဲ့ လှည်းမျိုး။ အလောင်းက တွန်းလှည်းကြမ်းပြင်အောက်ခြေမှာ ချထားတာ မဟုတ်ပါဘူး။ တွန်းလှည်းရဲ့ အပေါ်နှုတ်ခမ်းကို သစ်သားတန်းပစ်ပြီး ခင်းထားတဲ့အထပ်သားခင်း အပေါ်မှာပါ။ တတ်နိုင်သလောက် အဖြစ်နိုင်ဆုံးနည်းတွေနဲ့ သူ့ကိုဂုဏ်ပြုထားတာသိသာပါတယ်။ ကရင်ကြီး ခေါ် လှခင်ဟာ အသား

လတ်လတ်နဲ့ အသက်သုံးဆယ် မကျော်ပါဘူး။ သေနတ်ဒဏ်ရာတွေကြောင့် သွေးဆံ့ရဲရဲ ဖြစ်နေမယ်လို့ ကျနော်ထင်တာ။ မဟုတ်ဘူးဗျ။ အဝတ်အစားအသစ်တွေ လဲပေးထားတယ်။ သွေးစတွေတချို့ တွေ့ရပေမယ့် ခြောက်နေပါပြီဗျာ။

ကျနော် ဆုံးဖြတ်ချက်တခုကို အခိုင်အမာ ချရပါတယ်။ အလောင်းကို မြေမြှုပ်ဖို့ အချိန်တန်နေပါပြီ။ ဟုတ်တယ်လေ။ ညခုနှစ်နာရီထိုးတော့မယ်ဗျ။ သဖော့တောသုဿန်ဟာ စောစောက တိုက်ပွဲဖြစ်ခဲ့တဲ့ လှည်းတန်းဘက်ကို ပြန်သွားရမှာပါ။ အသုဘပို့ လိုက်မယ့် လူထုကြီးကလည်း ထောင်ချီရှိနေပါတယ်။ ဒီတော့ ဒီလူထုကြီးနဲ့ သွားလို့ မတော်တဆ စစ်တပ်နဲ့ ထပ်တိုးနေရင် မဖြစ်သင့်တာတွေ ထပ်ဖြစ်ကုန်ပါလိမ့်မယ်။ ဒါကြောင့် ပြေးနိုင်လွှားနိုင်တဲ့လူတချို့နဲ့ ကရင်ကြီးမိန်းမလောက်သာ လိုက်ပို့ဖို့ နားချရပါတယ်။ နောက်တခုက သေနတ်တွေအတွက် ကျည်ဆံလက်ကျန်ဟာ နည်းနေပါပြီ။ အုန်းမြင့်နဲ့ ကိုလှရွှေတို့ကတော့ သွေးဆူနေတုန်းပါ။ ကရင်ကြီးအလောင်း မြေကျပြီးတာနဲ့ ကမာရွတ်ဘူတာရုံမှာ ရှိတဲ့ ဂုံးကျော်တံတားပေါ် ကနေ နေဝင်းစတင်းကိုထောက်ပြီး ဘူတာရုံလမ်းတလျှောက် ဝင်လာမယ့် စစ်တပ်ကို ထပ်ပြီးရင်ဆိုင်ဖို့ အားသန်နေကြပြန်ပါတယ်။ တကယ်တော့ ဘူတာရုံလမ်းဟာ လမ်းကျဉ်းတခုပါ။ ဒီလမ်းကျဉ်းထဲမှာ စစ်တပ်နဲ့ သူတင်ကိုယ်တင် ပစ်ခတ်ဖို့ဆိုတာ ဘယ်နည်းနဲ့ မဖြစ်နိုင်ပါဘူး။ ဆိုလိုတာက ရပ်ကွက်ထဲက အိမ်တွေထဲကို ကျည်ဆံတွေ ဝင်ကုန်မှာ သေချာတာပေါ့။ ကျနော် ကိုလှရွှေကို နားချ၊ အုန်းမြင့်ကို ဖိဟောက်ပြီး တားရပါတော့တယ်။ အမှန်ကိုဝန်ခံရရင် ကျနော့် အသိဉာဏ်ကသာ တားနေတာ။ ကျနော်ကိုယ်တိုင် စစ်တပ်ကို ဘယ်နေရာကနေ ပစ်ရင် ခွင်ကျမလဲ တွေးနေတာဗျ။

အတိုချုပ်ရရင်တော့ဗျာ၊ ညခုနှစ်နာရီကျော်မှာ လက်ရွေးစင် လူငါးဆယ်လောက်နဲ့အတူ ကရင်ကြီးရဲ့ အလောင်းကို သဖော့တောသုဿန်ကို သယ်ခဲ့ကြရောဆိုပါတော့။ အလောင်းဘေးမှာ ကရင်ကြီး မိန်းမလေးကလည်း တရှုံ့ရှုံ့နဲ့ငိုပြီး လိုက်လာတာပေါ့ဗျာ။ တခု ထူးခြားတာကဗျာ၊ အသုဘပို့ လိုက်လာကြတဲ့လူတွေဟာ တိုင်းပြည်အတွက် အသက်စွန့်သွားရှာတဲ့ သူရဲကောင်းတယောက်ရဲ့ နောက်ဆုံးခရီးကို ဂုဏ်ပြုလိုက်ပါ ပို့ဆောင်နေကြတဲ့ပုံစံဗျ။ ဟုတ်တယ်။ ကျနော့်စိတ်ထဲမှာလည်း ဒီအတိုင်းပဲဗျာ။ ဘဝဆိုတာ တိုက်ပွဲမကင်းဘူး။ တိုက်ပွဲမှာ သူရဲကောင်းပီသစွာ ကျဆုံးရတာမျိုးကို ကျနော် နှစ်သက်တယ်။ ကျနော်တင် မကပါဘူးဗျာ။ ကျနော့်အမေပါ ပါလိုက်သေးလို့ ဆိုရမယ်ဗျာ။

ကရင်ကြီး အသုဘကို သဖော့တောပို့ခါနီးလေးမှာ ကျနော် အမေ့ဆီ ခဏဝင်လိုက်တယ်ဗျ။ အမေ ကျနော့်ကို စိတ်ပူနေမှာစိုးလို့ပေါ့ဗျာ။ ကျနော်က အမေ စစ်သားတွေနဲ့ ရင်ဆိုင်တိုက်တာ ဒီဘက်က ကျသွားတဲ့ ရဲဘော်အလောင်းကို ကျနော် သွားမြှုပ်ပေးမလို့ဆိုတော့ အမေက သူသိပြီးပြီ ဆိုပဲ။ နောက် စကားဆက်သေးတယ်။ အမေစိတ်မကောင်းဘူး။ သတ္တိကောင်းချက်ကတော့ သူ့သေကိုယ်သေကို တိုက်ရဲတဲ့လူတွေ၊ အဲ့ချက်တဲ့။

တကယ်တော့ အမေဟာ စစ်ကို ဆန်းတယ်မှတ်တဲ့အထဲ မပါဘူးဗျ။ အမေ ခဏခဏ ပြောဘူးတာတွေရှိတယ်။ လွတ်လပ်ရေးအကြို ကာလတွေတုန်းက ကျနော်တို့ရွာဘက်ကို မဟာမိတ် လေထီးတပ်တွေ ဆင်းဖူးတယ်တဲ့။ ဂျပန်တပ်တွေနဲ့ ဗမာ့တော်လှန်ရေးတပ်တွေ ရွာနားမှာ တိုက်ပွဲဖြစ်ဖူးတယ်တဲ့။ နောက် ကျနော်တို့ဒေသတဝိုက်မှာ မထူးထ ခဲ့ဘူးသတဲ့။ မထူးထတယ်ဆိုတာ အဲဒီဒေသ တဝိုက်မှာ ဆင်းရဲကြပ်တည်းလွန်းလို့၊ စစ်ဘေးစစ်ဒဏ်ပြင်းထန်လွန်းလို့ ကိုယ်ပိုင်တပ်တွေ ထောင်ပြီး မထူးတော့ပါဘူးဆိုပြီး လုကြယက်ကြ၊ တိုက်ကြခိုက်ကြတာတဲ့။ နတ်မောက်ဘက်က ဂျပန် တော်လှန်ရေးဟာ မထူးတပ်တွေ တုတ်တာလည်း ပါတယ်တဲ့။

သဖော့တောရောက်တော့ သုသာန်လူကြီး ဦးကျော်ခင်ကို အကူအညီတောင်းတယ်။ ကျော်ခင်လို လူကတောင် လှိုက်လှိုက်လှဲလှဲ ကူညီသဗျာ။ ပိုက်ဆံတွေ ဘာတွေ လုပ်မနေပါနဲ့ဆရာတဲ့။ ရာကြိုက်တဲ့နေရာပြောပါတဲ့။ သူက ကျနော့်ကို သုသာန်ထဲခေါ် သွားပြီး တွင်းသစ်တွင်းဟောင်း ကြွက်ပြနေသေးတယ်။ အေးလေ၊ ကရင်ကြီး အလောင်းက သရက်ဂုံတင်တဲ့ဇရပ်ပေါ် က ခုံတခုပေါ် မှာ နေတယ်။ နေဦးဗျာ၊ မေ့နေလို့။ အသုဘချလာရင်း မီးရထားလမ်းကျော်လာတော့မှ သရက်ဂုံတင်ဘို့ နန်းတော်ကြီးသုံးပါးကို အလံတိုင်ကျောင်းက ဝင်ပင့်လာသေးတယ်။ ဇရပ်ပေါ် မှာ သရက်ဂုံတင်နေ နန်း ကျနော်နဲ့ ဦးကျော်ခင်က မြေနေရာလိုက်ရွေးနေတာ။

အဲဒီတုန်းက သုသာန်တွေဟာ တော်တော် အော်ဂလီဆန်စရာ ကောင်းတာကလားဗျာ။ ဗိုလ်ချုပ်အနံ့ကြီးက တော်တော်ကို စိတ်ပျက်ဖို့ကောင်းပါတယ်။ တချို့နေရာတွေမှာ လူရိုးတွေ ခေါင်းခွံတွေတောင် မြင်မြင်နေရတယ်၊ ခွေးတွေ လာလာယက်လို့ ဆိုလားဗျာ။ စိုစိစိုစိမြေပေါ် မှာ ကမိုးတွေ ခေါင်းခွံတွေ ကျော်ခွပြီး ဦးကျော်ခင်က လျှောက်ခေါ်နေတော့ ကျနော်လည်း တန့်နေလို့ ဘယ်ဖြစ်တော့မလဲ။ လိုက်ရတော့တာပေါ့။ သူက ဘယ်နေရာဟာ တွင်းနှစ်ထပ်။ ဘယ်နေရာက သုံးထပ်၊ ကလေးနဲ့လူကြီး ဘယ်လိုထပ်မြှုပ်ထားတယ် ဆိုတာတွေပါ လျှောက်ရှင်းပြနေသေးတယ်။ နောက်ဆုံးတော့ ဦးကျော်ခင် ကောင်းတဲ့နေရာသာ ရွေးပါတော့ ဆိုပြီး အာဏာကုန်လွှဲရတော့သဗျာ။ အခု မရှိတော့တဲ့ သဖော့တောသုသာန်ရဲ့ ဇရပ်ညာဘက်ဘေး လမ်းမနဲ့ မလှမ်းမကမ်းမှာ ကရင်ကြီးကို မြှုပ်လိုက်ကြတယ်ဗျာ။ ကျနော်ကတော့ ဦးကျော်ခင်နဲ့ မောက်သည်ဖြစ်သွားတယ် ပြောရမှာပဲ။

ဟုတ်တယ်ဗျ။ နောက်နေ့လည်း ကျနော်လူသေ လာမြှုပ်ရသေးတယ်။ တလောင်းတည်း တောင် မဟုတ်ပါဘူးဗျာ။ ခြောက်လောင်းတပြိုင်နက်။ ဒီလိုဗျာ။ စစ်တပ်ကို ရင်ဆိုင်တွန်းလှန်နေတဲ့ သူတွေရှိသလို အချောင်ရတုန်း လုပ်ထားမှဆိုတဲ့သူတွေလည်း ဒုနဲ့ဒေးဗျ။ စစ်တပ်က ဖွင့်ထားခဲ့လို့ ပွင့်နေတဲ့ ဂိုဒေါင်တွေကနေ ပစ္စည်းသွားသယ်နေကြတဲ့ သူတွေကလည်း ပွဲတော်ကြီးလို ဖြစ်နေပြန်ပြီဗျာ။ စစ်တပ်ကလည်း အာဏာသိမ်းတာ ဟန်ကျလောက်ပြီထင်တော့ ဂိုဒေါင်တွေဖောက်တယ် ဆိုပြီး ပစ်မိန့် ပေးတယ်။ လူထုကတော့ဗျာ၊ စစ်တပ်ဆင်တဲ့ ထောင်ချောက်ထဲ တည့်တည့်ကို တိုးတော့တာပဲ။ သယ်လာထမ်းလာကြတဲ့ လူတွေလည်း တရွှန်းရွှန်း၊ ပစ်လို့ခတ်လို့ သေရတဲ့ မသာတွေလည်း အတုံးအရုန်း ဆိုပါတော့။

၂၀၊ ၉၊ ၁၉၈၈ နေ့လည်မှာ ကိုလှရွှေတို့က ကရင်ကြီး မြှုပ်ထားတဲ့နေရာကိုသွားပြီး သေနတ် တင် အလေးပြုကြသေးတယ်။ အော် စစ်သားဟောင်းချင်းတော့ သံယောဇဉ် ကြီးကြရှာသားပဲဗျာ။ စစ်ထုံးစံနဲ့အညီ အလေးပြုတာတဲ့။ မြေမြှုပ်ဖို့ သွားတုန်းက သူတို့ မပါဘူးလေ။ ကျနော်ပဲ ခင်ဗျားတို့ နေရစ်ခဲ့ကြလို့ ထားခဲ့တာ။ မလိုလားအပ်ပဲ ဇာတ်တွေ ထပ်ရှုပ်ကုန်မှာစိုးလို့။

ကိုလှရွှေတို့က ကျဆုံးရဲဘော် ကရင်ကြီးကို အလေးပြုပြီး ကမ်းနားဘက်ကို ပြန်ကြတယ်။ ကျနော်က ဘူတာရုံလမ်းထိပ်က ကိုသန်းညွန့် အရက်ဆိုင်ဘက်ကို သွားတယ်။ ဒါပေါ့ဗျာ။ ကျနော်လည်း နေ့တွေ ညတွေ ရောကုန်ပြီလေ။ နည်းနည်းတော့ သောက်လိုက်အုံးမှပေါ့။ သုံးစိတ်လောက်လည်း ချပြီးရော အိမ်ပြန်ဦးမှဆိုပြီး ဆိုင်ထဲကနေထွက်ပြီး လမ်းမဘက်ခြမ်းကို ကူးလိုက်တယ်။ လမ်း တဘက်တောင် မရောက်သေးဘူးဗျာ၊ ဒေါ့ဂျစ်ကားတစီးက ဟွန်း အဆက်မပြတ်တီးပြီး လာနေလို့ ဘေး ရပ်ပေးလိုက်ရတယ်။ လမ်းလည်ခေါင် တည့်တည့်မှာ။ ဒီကား ဘာကြောင့် ဟွန်းရှည်တီးရသလဲ လှမ်းပြီး စပ်စုလိုက်တော့ လားလား ကားနောက်မှာ လူတွေ ပိုးလိုးပက်လက်နဲ့။ ခေါင်းတွေက ကားမောင်းတဲ့အရှိန်နဲ့ ဘယ်ညာရမ်းနေတယ်ဗျာ။ လက်စသတ်တော့ အလောင်းတွေပါလား။

ဟုတ်တယ်၊ သမိုင်း ဘုရားလမ်းဘက်က သိပ္ပံပစ္စည်းစက်ရုံမှာ ဂိုဒေါင်တွေ ဖွင့်ထားတယ်ဆိုပြီး သွားသယ်ရာက ကျည်ဆံနဲ့ ညားလာကြတာတဲ့။

ဒေါ့ဂျစ်ကားက ရှေ့ဆက်မမောင်းဘူးဗျာ။ ဘူတာရုံလမ်းထိပ်မှာတင် ရပ်နေတယ်။ ရပ်တာက ကျနော့်ကိုတွေ့လို့ ရပ်တာလေ၊ ဒရိုင်ဘာက ကားကို လမ်းဘေး မကျတကျရပ်ပြီး ဆင်းလာတယ်။ ဘယ်သူ ရှိရမလဲဗျာ။ ဘူတာရုံလမ်းထိပ်က ကုလားလှဝင်းပေါ့။ စစ်တပ်က အတင်းတင်ပေးလိုက်လို့ ကြောက်ကြောက်နဲ့ တင်မောင်းလာရတာတဲ့။ ကျနော့်ဆီ တန်းတန်းမတ်မတ် လျှောက်လာပြီး ဆရာလိုက်ခဲ့ပါအုံး၊ ဒါတွေကို သဖော့တောမှာ လိုက်မြှုပ်ပေးပါအုံးတဲ့။ ကောင်းကြရောပေါ့ဗျာ။ ကျနော် ဘယ်လိုငြင်းမလဲဗျ။ မလိုက်ချင် မပို့ချင်ဘူးဆိုရင် ဒီအလောင်းတွေ ရှာလည်နေအုံးမယ်။ ဘေးက လူတွေကလည်း အမှုပတ်မှာ ကြောက်တဲ့ပုံစံနဲ့ ခပ်လှမ်းလှမ်းကနေ အသုဘ ကမ္ဘာ့ဌာန်းလှမ်းရှုနေကြတာ။ တချို့လည်း ဘယ်စက်ရုံကဖောက်လာမှန်းမသိတဲ့၊ ဘာမှန်းမသိတဲ့ ပစ္စည်းမျိုးစုံ ထမ်းပိုးပြီး သူတို့အလုပ်နဲ့ သူတို့ ရှုပ်နေတာလေ။

ဒါနဲ့မထူးပါဘူး၊ ပို့တာပေါ့ကွာ၊ ဦးကျော်ခင်နဲ့ငါ ရင်းနှီးပါတယ်ဆိုပြီး မူးမူးနဲ့ ကားခေါင်းခန်းပေါ် တက်ထိုင်ပြီး သဖော့တောမောင်းကွာ လုပ်လိုက်ရတော့တာပေါ့။ သဖော့တောရောက်တော့ ဦးကျော်ခင်က ဆရာလာပြန်ပြီလားတဲ့။ ဒီလောက် အလောင်းတွေကို ကျင်းစေ့တူးဖို့ မလွယ်ဘူးတဲ့။ အလောင်းစုစုပေါင်း ခြောက်လောင်းဗျာ။ ယောကျ်ားအလောင်းတွေချည်းပဲ၊ ကတုံးတွေရော၊ အကျီ ရင်ဘတ် ဟကွဲနဲ့ရော၊ ပုဆိုးခါးစုံစ ခပ်ရှည်ရှည်နဲ့ရော၊ ဘောင်းဘီတိုနဲ့ရော၊ အလောင်းဒီဗိုင်းအစုံ။ ဒါပေမယ့် အလောင်းတွေအားလုံးဟာ အညိုရောင် သမ်းနေပြီဗျ။ ဘာတတ်နိုင်မလဲဗျာ။ တကျင်းထဲ တော့ မလုပ်ပါနဲ့၊ သုံးယောက်တကျင်းလောက်လုပ်ပါ ဈေးဆစ်ပြီး ကိစ္စဖြတ်လိုက်ရတော့တာပေါ့။ အခုမှ သတိရတယ်ဗျာ၊ အဲဒီတုန်းက ကျနော် ဦးကျော်ခင်ကို ပိုက်ဆံတပြားမှ မပေးခဲ့ဘူးဗျ။ ကျနော်ခေါင်းထဲဝင်လာတာက ဒီလူတွေ ဘယ်ကလဲ၊ အသက်ဘယ်လောက်လဲ၊ သူတို့မိသားစုတွေ ဘယ်လိုလုပ် သိမလဲ ဆိုတာတွေပဲ။ သောက်ထားတဲ့ အရက်အရှိန်လေးတောင်ဘယ်ပျောက်သွားမှန်း မသိတော့ပါဘူးဗျာ။

အဲဒီရက်ပိုင်းတွေက ကျနော် အလုပ်ရှုပ်နေတာများဗျာ၊ ပြောတောင် မကုန်လောက်တော့ ဘူး။ ကရင်ကြီးကို မြှုပ်ပြီးတဲ့နေ့ ညကိုးနာရီလောက်ကို ကျနော် ရန်ကုန်တက္ကသိုလ်ရှေ့ကို ရောက်သွားသေးတယ်။ ဘာလို့လဲ၊ ဟုတ်လား။ တက္ကသိုလ်ကျောင်းထဲမှာ ကျောင်းသားတွေ ပိတ်မိ ကုန်ပြီကြားလို့ ပြေးသွားတာပေါ့။ ခင်ဗျားကတော့ မဆိုင်ဘူးပြောမှာပဲ။ ကျနော့်စိတ်ထဲမှာ ဆိုင်နေတယ်။ စစ်တပ်ရဲ့ မတော်မတရားလုပ်မှုကို ကျနော်တတ်နိုင်သမျှ တားဆီးကာကွယ်ရမယ်။ ကျနော် ဘာကောင်မှတော့ မဟုတ်ဘူး။ တက္ကသိုလ်ရှေ့ကို ကျနော်ရောက်သွားတော့ တံခါးပိတ်ထားတယ်။ တက္ကသိုလ်စာတိုက်နဲ့ မျက်နှာချင်းဆိုင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်ဆိုတဲ့ မိန်းဂိတ်ပေါက်မှာပေါ့ဗျာ။ တံခါးအပြင်မှာ ရပ်ကွက်ထဲက လူနှစ်ရာကျော်လောက် ရောက်နေတယ်။ အထဲက ကျောင်းသားတချို့ က ဝင်ခွင့်မပေးဘူး။ မလှမ်းမကမ်းက စစ်ကားတွေ မောင်းသံ၊ ဟွန်းတီးသံတွေတောင်ကြားနေရတယ်။

ကျနော့်မှာ လူရှုပ်ဇာတာပါလာတယ်ဆိုတာ အမှန်ပဲ။ ကျနော် ဝင်ရှင်းလိုက်တော့ ကျောင်း အထဲကို ဝင်ခွင့်ရသွားတယ်။ ဖြစ်နေပုံက ကျောင်းထဲက ကျောင်းသားတချို့က ကျောင်းကနေ တဖဝါးမှ မခွာပဲ အသေခံမယ်လုပ်ပြီး တံခါးဖွင့် မပေးတာဗျ။ အထဲရောက်တော့ စစ်ကားတွေ အသံတွေ သိပ်နီးလာတာနဲ့ အဓိပတိလမ်းမကြီးအတိုင်း ဘွဲ့နှင်းသဘင်ခန်းမဘက်ကို ပြေးကြရတယ်။ ကျနော်လည်း ပြေးနေရင်းတန်းလန်းနဲ့ နီးရာအပေါက်က ထွက်ကြဖို့အော်နေရတယ်။

အော်ရမယ်ဗျ။ စစ်တပ်ဟာ ဘာဆင်ခြင်တုံတရားမှ မရှိတော့ဘူး။ ပစ်တာခတ်တာ၊ သေတာကြေတာ ကျနော့်မျက်မြင်ကိုယ်တွေ့မို့ မင်းတို့ ငါ့စကားကို နားထောင်ပါ။ အကုန်သေကုန်လိမ့်မယ်လို့ ဝှတ်အော်နေရတယ်။ မှတ်မှတ်ရရ ကျောင်းသူမိန်းခလေးတယောက်က ဘွဲ့နှင်းသဘင်ရှေ့မှာ နေရစ်ပြီး အသေခံပါ့မယ်လုပ်နေလို့ တော်တော်နားချယူရတယ်။ ငိုယိုပြီးတော့ကို ဇွတ်နေရစ်မယ်လုပ်နေလို့ စီးပွားရေးတက္ကသိုလ်ဘက် အပေါက်ကနေ တရွတ်တိုက်ဆွဲခေါ် လာရတယ်ဗျာ။ တကယ့်ကို အမှတ်တရ နေ့တနေ့။ မမေ့နိုင်တဲ့နေ့တနေ့ပေါ့။

အာဏာသိမ်းတော့ ကျနော်ခြေငြိမ်သွားတယ် ထင်လို့လား။ မငြိမ်ဘူးဗျာ။ ကျနော့်အကျင့်ကိုက ခက်ခက်ကိုမှ လိုချင်တာ။ ဒီစစ်တပ်ကို ဘယ်နည်းနဲ့ ဒုက္ခပေးရမယ်၊ ဖြိုအောင် ဖြိုရမလဲဆိုတာ ကျနော် ဆက်ကြံတာပေါ့။ အဲဒီအချိန်မှာ ကျနော့်ဆရာဦးအောင်ကျော်ဇောက သူ့မိတ်ဆွေ ဦးခင်ဝင်းနဲ့ မိတ်ဆက်ပေးတယ်။ ဦးခင်ဝင်းရဲ့သားက အရေးအခင်းမှာ အပစ်ခံရလို့ ဆုံးသတဲ့။ သူက ဓာတုဗေဒနဲ့ ပတ်သက်ပြီး တော်တော်နှံ့စပ်တဲ့ ပုဂ္ဂိုလ်။ ဆရာဦးအောင်ကျော်ဇောက လျှာမှာ ကင်ဆာဖြစ်နေလို့ သိပ်မနေရတော့ဘူးဆိုတာ ကျနော်သိနေတယ်။ သူ့ပါးစပ်ပါးချောင်မှာ နွယ်ချိုမြစ်ကလေးဝါးရင်း အရေးအခင်းတလျှောက်လုံး သံရုံးပေါင်းစုံကို ကျနော်နဲ့ လျှောက်သွားနေတာ။ စာပို့တာ၊ အကူအညီတောင်းတာ မျိုးစုံပဲ။ အားကိုး ရလိုရငြားပေါ့ဗျာ။ ဆရာက ကျနော့်ကို တော်တော်အားထားပုံရတယ်။ ဦးခင်ဝင်းနဲ့ မိတ်ဆက်ပေးတာဟာ ကျနော် ဘာဆက်လုပ်သင့်တယ် ဆိုတာ ပညာသားပါပါ လမ်းညွှန်လိုက်တယ်လို့ ကျနော်ထင်တယ်။ ဟုတ်ချင်မှလည်း ဟုတ်မယ်ပေါ့ဗျာ။

ခင်ဗျားကို ဟိုတခါ ကျနော်ပြောခဲ့သလိုပေါ့။ ဓာတ်ဆီတိုင်ကီတွေကို ကုန်းကျော်တံတားတွေလို ဆင်ခြေလျှောနေရာမှာထားပြီး စစ်ကားတွေလာတာနဲ့ လှိမ့်ပြီး မီးရှို့တာကနေ အဝေးထိန်းခလုတ်ပါတဲ့ ကလေးကစားစရာတွေနဲ့ ထိန်းချုပ်ဖောက်ခွဲတာတို့အထိ အမျိုးကို စုံအောင် ကျနော် လျှောက်လေ့လာခဲ့ပါသဗျာ။ ဖြစ်နိုင်မဖြစ်နိုင်တာထက် ကျနော့်စိတ်မှာ ထက်သန်နေလို့ လျှောက်လုပ်နေတာဗျ။ ဆရာဦးခင်ဝင်းနဲ့ တလလောက် တွဲလိုက်ပြီး ရုတ်တရက် အဆက်အသွယ်ပြတ်သွားတယ်။ ပြတ်မယ်လေ။ ဖမ်းတာ၊ ဆီးတာ၊ စစ်တာ၊ ဆေးတာတွေ လုပ်လာနေပြီကိုး။ သူဘာဖြစ်လေသလဲတော့ မသိဘူး။ ကျနော့်ကို ပို့ချနေတဲ့ သင်ခန်းစာတွေကတော့ အဲဒီမှာ တစခန်းရပ်သွားတော့တာပဲ။

■

အခန်း (၄၈)

# လက်နက်ကိုင်တော်လှန်ရေးဆီသို့

ကျနော် နောက်ဆုံးတမျိုး ကြံဖြစ်တာကတော့ တောခိုပြီး လက်နက်ကိုင်ပုန်ကန်ဖို့ပဲ။ မိန်းမက တောင် သဘောတူတယ်ဗျ။ ကျနော်နဲ့အတူ တောခိုမယ့်အထဲမှာ ရဲမွန်လှိုင်၊ ရွှေသွေး ဘုန်းကျော်တို့ ပါတယ်ဗျ။ ဘာကြောင့် တောခိုဖို့ စိတ်ကူးသလဲ ဟုတ်လား။ ဘာပါတီ၊ ဘာဝါဒကြောင့်မှ မဟုတ်ဘူး။ မတရားဘူး ထင်လို့။ တောခိုမဲ့ အုပ်စုထဲမှာ စာစုံဖတ် စာကျပိုးဆိုလို့ ကျနော်တယောက်ပဲပါတာ။ ကျန်တဲ့ ဘုန်းကျော်၊ ရဲမွန်လှိုင်၊ ရွှေသွေးတို့ဆိုတာ ကျနော်နဲ့စာရင် တကယ့်အဖြူထည်သက်သက်တွေ။ လူငယ်စိတ်နဲ့ မတရားမှုကို ခံတွန်းနိုင်မယ့် နည်းကိုရှာရင်း တောခိုဖို့ ဆုံးဖြတ်တာဗျ။

ဒီနေရာမှာ ကျနော် ခင်ဗျားကို တခုတော့ ပြောပါရစေ။ တောခိုမယ်ဆိုလို့ ဘာမှ အထင်မကြီး လိုက်ပါနဲ့။ ကျနော်တယောက်တည်း မဟုတ်ဘူး။ တတိုင်းတပြည်လုံးက လူငယ်လူရွယ်မှန်သမျှ အဲဒီအချိန်၊ အဲဒီကာလက အားလုံး ဒီစိတ်ပေါက်ကြတာပဲ။ ကုန်ကုန်ပြောမယ်ဗျာ၊ အခု စစ်တပ်ထဲမှာ အခု ဗိုလ်မှူးကြီးလောက် ဖြစ်နေတဲ့မောင်တွေတောင် ပါပါတယ်။ စစ်တပ်ကြီး မတော်မတရားလုပ်တာ ကလေးလူကြီး အကုန်သိနေတာပဲ။ သူတို့ ရိုးရိုးသားသား ဝန်ခံခဲ့ရင်ပေါ့ဗျာ။

တောခိုမယ်သာပြောတာ ဘယ်နေရာကနေ တောထဲရောက်အောင်သွားရတယ် ဆိုတာကို သေချာ မသိကြဘူးပါဗျာ။ အနီးစပ်ဆုံးက မော်လမြိုင်ဘက်ကနေ နယ်စပ်ကိုရောက်နိုင်တယ် ဆိုတာ လောက်ပဲ သိကြတာ။ မော်လမြိုင်တော့ ကျနော်ကျွမ်းတယ် ဆိုရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော့် ယောက်ဖတော် ဆေးသမားအကျော်အမော်က တောင်စွန်းရဲဘက်ကို ရောက်ခဲ့ဖူးလို့။ ရောက်လိုက်တာ များ အခေါက်ပေါင်းများစွာဗျာ။

ကြားဖြတ်ပြောရရင် ကျနော့်ယောက်ဖဟာ တဦးတည်းသော သားလည်းဖြစ်၊ ယစ်မူးတာကို ကြိုက်လွန်းသူလည်း ဖြစ်တာကြောင့် သူ့ခေတ်နဲ့သူတော့ တကယ့်အထင်ကရ ဆေးသမားပါဗျာ။ ဆေးသမားမှ အပြားလိုင်း အရည်လိုင်းထက်မြင့်တဲ့ ဒုတ်လိုင်း။ အကြောထဲကို ထိုးသွင်းတာကို ပြောတာ လေ။ ကျနော်ပြောလို့ ဆေးစွဲနေတာ သိတော့ သူ့မိဘတွေက ဆေးရုံပို့ဖြတ်ခိုင်းပေမယ့် မပြတ်ဘူး။

ဆေးဖိုးလိုလို့ကတော့ နည်းလမ်းပေါင်းစုံနဲ့ ရှာတယ်၊ နည်းမျိုးစုံသလား မမေးနဲ့။ အိမ်ကြမ်းပြင်ကို ခွာတ်ဆီလောင်းတယ်။ လက်ထဲမှာ မီးခြစ်နဲ့၊ မပေးရင် ရှို့လိုက်မယ် လုပ်တဲ့အထိ။ ထောင်ထဲရောက်သွားတာကလည်း ရဲမိတာမဟုတ်ဘူး။ သူ့မွေးသမိခင် ကျနော့်ယောက္ခမကိုယ်တိုင် ကျမသား ဆေးစွဲနေပါတယ်ဆိုပြီး ထောင်ထဲသွင်းလိုက်လို့ဗျို့။ ယောက္ခမကြီးက ပြတ်တော့ပြတ်သားဗျ။ ထောင်ဝင်စာတောင် မသွားဘူး။ ကျနော်ကသာ မနေနိုင်လွန်းလို့ ရဲဘက်အထိလိုက်တွေ့ပြီး လိုတာလိုက်လုပ်ပေးရတာလေ။ အော် သူက ကျနော့်သမီးကိုတော့ တော်တော်ချစ်ရှာသားဗျာ။

မှတ်မှတ်ရရ တခေါက်တောင် ရှိသေးတယ်ဗျ။ သည်းထိတ်ရင်ဖို ဆိုပါစို့။ ကျနော် တောင်စွန်းရဲဘက်ကို ရောက်တဲ့တခေါက်ပေါ့။ ကျနော် ရဲဘက်ရောက်တယ်ဆိုတာ ဒီလိုထောင်ကျ မဟုတ်ပါဘူးဗျာ။ ယောက်ဖရောက်နေတဲ့ ရဲဘက်ကို သွားတာကို ပြောတာဗျ။ ခဏခဏ ရောက်နေတော့ ရဲဘက်က ထောင်မှူးဦးသိန်းထွန်းနဲ့တောင် အရက်သောက်ဘက်ဖြစ်ပြီး ရင်းနှီးနေတယ်။ အမယ် နောက်ပိုင်းမှာ ဒီလူတောင် လူမှုထူးချွန်တွေ ဘာတွေ ရသေးဆိုပဲ။ အေးလေ၊ ထောင်ကျရဲဘက်တွေကို ကျွဲလိုနွားလိုခိုင်းပြီး၊ တနေ့လုံးမှုးနေတဲ့မောင်က ဘာတွေထူးပြီး ချွန်သလဲ ကျနော်လည်း စဉ်းစားမရဘူး။

အဲဒီတခေါက် ကျနော် တောင်စွန်းရဲဘက်ကိုရောက်တော့ ညနေလေးနာရီကျော် ဘုတ်ပြန်သိမ်းတဲ့အချိန်။ ဦးသိန်းထွန်းက ကိုသက်ခိုင်၊ ခင်ဗျားယောက်ဖ ဘုတ်ပြန်ဝင်တော့မှာ။ ဗူးဝကပဲ စောင့်နေတော့တဲ့။

ထောင်ကျဦးရေ ငါးရာလောက် တန်းစီပြီး အိပ်ဆောင်ထဲ ပြန်ဝင်တာကို ထိုင်ကြည့်ပြီး ယောက်ဖကို ရှာလိုက်တာ၊ လူသာကုန်တယ် မတွေ့ဘူးဗျာ။ ဦးသိန်းထွန်းကတောင် ကိုသက်ခိုင် မမှတ်မိလို့နေပါလိမ့်မယ်တဲ့။ ဟာ၊ ကျနော် မမှတ်မိရင် ကျနော် ငုတ်တုတ်ထိုင်နေတာ ကျနော့်ယောက်ဖက လှမ်းခေါ်မှာပေါ့ဗျာလို့ ပြန်ပြောလို့တောင် မဆုံးသေးဘူး၊ သေနတ်သံတွေ ဆူညံပြီး ရဲဘက်တွေ ပြေးတယ်ဆိုတဲ့အသံ ကြားတော့တာပဲဗျာ။

ကိုသိန်းထွန်းလည်း မျက်စေ့ပျက်မျက်နှာပျက်နဲ့ သေနတ်ဆွဲပြီးလိုက်၊ ကျနော်လည်း တည်းတဲ့အိမ်ပြန်နေ။ ဇာတ်လမ်းကိုချုံ့ရရင် ငါးယောက်ပြေးတယ်၊ ကျနော့်ယောက်ဖပါတယ်၊ နှစ်ယောက်လွတ်တယ်၊ နှစ်ယောက်မိတယ်။ တယောက်အသေမိတယ်။ ကျနော့်မှာ အသေမိတယ်ဆိုတဲ့မောင်ဟာ ယောက်ဖများလားလို့ အလောင်းတင်လာတဲ့လှည်းပေါ်က အလောင်းအုပ်ထားတဲ့ သဖော့ဖျာကို ဖွင့်ကြည့်ပြီးမှ ဟင်းချနိုင်သဗျာ။ ကိုယ်တော်က အရှင်မိတဲ့အထဲပါတာကိုး။ ဒါနဲ့ နောက်မှ နဲ့ မော်လမြိုင်ရှုံးလိုက် ဘာလိုက်နဲ့ မော်လမြိုင်ကို အကျွမ်းဝင်နေတာဗျို့။

တောခိုမဲ့ ကျနော်တို့အုပ်စု မော်လမြိုင်ထွက်မဲ့ဆဲဆဲ ညမှာပေါ့။ မှတ်မှတ်ရရ ၁၉၈၈ ခုနှစ် နိုဝင်ဘာလ (၁၀) ရက်ပေါ့။ အဲဒီနေ့ဟာ ကျနော် အိမ်ထောင်သက် နှစ်နှစ်ပြည့်တဲ့နေ့ပဲ။ တောခိုမဲ့ ကျနော်တို့သူငယ်ချင်းလေးယောက်လုံး ကျနော့်အိမ်ရောက်နေကြပြီ။ မိန်းမက ကျနော် ယူသွားဖို့ အဝတ်အစားတွေ မီးပူတိုက်နေတယ်။ အဲဒီတုန်းမှာ ရဲမွန်လှိုင်က ကောက်ကာငင်ခါ မပီတလာ ပီကလာနဲ့ စကားတခွန်းပြောလိုက်တယ်။ အေးလေ၊ ရဲမွန်လှိုင်က အသက်သာနှစ်ဆယ်ကျော်တာ၊ စကားပြောရင် မပီသေးဘူးဗျ။

နေဦးတဲ့၊ ကျနော်တို့အားလုံး တောခိုသွားတော့ မြေပေါ်မှာ ဘယ်သူကျန်ခဲ့မှာလဲ။ ကိုသက်ခိုင်က အိမ်ထောင်နဲ့ဆိုတော့ မြေပေါ်မှာ ကျန်ခဲ့ပါ၊ တောခိုတဲ့သူတွေ မိသားစုနဲ့ ဆက်ချင်ရင်၊ အကြောင်းကိစ္စရှိရင် ကူညီနိုင်မယ်တဲ့။ သူ့စကားက ဟုတ်သလိုလိုဖြစ်နေတော့ ကျနော်လည်း ဘာမှတ်ချက်မှ မပေးနိုင်ဘူး။ မီးပူတိုက်နေတဲ့ မိန်းမတောင် တွေသွားတယ်။ ဘေးက ရွှေသွေးတို့ ဘုန်းကျော်တို့ကလည်း ရဲမွန်လှိုင်စကားကို ဝိုင်းထောက်ခံကြပြန်ရော။ ဒါနဲ့ အစီအစဉ်ကို

တမျိုးပြောင်းရတယ်။ ရွှေသွေး၊ ဘုန်းကျော်နဲ့ ကိုရန်ဝင်းထည့်လိုက်မဲ့ ချာတိတ်သုံးယောက်က တဖွဲ့၊ တရက်ကြိုပြီး အရင်သွားနှင့်၊ ကျနော်နဲ့ ရဲမွန်လှိုင်က နောက်နေ့ ဆက်လိုက်မယ်ပေါ့။

တိုတို ပြောကြစို့ဗျာ။ နောက်နေ့မနက် ငါးနာရီမှာ ဘုန်းကျော်နဲ့ရွှေသွေး ဦးဆောင်တဲ့ အဖွဲ့ကို ငွေသုံးသောင်းထုတ်ပေးပြီး ရန်ကုန်ဘူတာကြီးကနေ မော်လမြိုင်ရထားပေါ် တင်ပေးလိုက်တယ်။ နောက်တနေ့ ကျနော်နဲ့ရဲမွန်လှိုင် မော်လမြိုင်လိုက်သွားတယ်။ မော်လမြိုင်ကမ်းနားလမ်းက လေညှင်းသာဟိုတယ်မှာ တည်းပြီး ခရီးလမ်းစ ရှာတယ်။ မွန်ပြည်သစ်ပါတီနဲ့ ချိတ်တာဗျို့။ ကံကောင်းချင်တော့ တကယ်တက်ကြွတဲ့ မွန်ဘုန်းတော်ကြီးတပါးနဲ့ ဆက်မိတယ်။ သူက မွန်ပြည်သစ်ပါတီ ဗဟိုကော်မတီဝင်ဟောင်း နိုင်ကင်ချွန်းနဲ့ မိတ်ဆက်ပေးသဗျာ။ ဟုတ်ပါတယ်။ မုဒုံမှာ ချွန်းရှပ်ရှင်ရုံ ဆိုတာကို သူပိုင်တာပါပဲ။

မော်လမြိုင်ထောက်လှမ်းရေးကို မျက်ခြေပြတ်ရင်း နိုင်ကင်ချွန်းနဲ့ ဆုံကြတယ်။ နိုင်ကင်ချွန်းဟာ ကျနော်နဲ့တွေ့တော့ အသက်ခုနှစ်ဆယ်ကျော်ပြစ်နေပါပြီ။ ရုပ်ရှင်ရုံနားက သူ့အိမ်မှာ အထက်ဂိုဏ်းဆရာတွေလက်စွဲ၊ ကန်တော့ပွဲမျိုးစုံနဲ့ဗျာ။ ထူးထူးဆန်းဆန်း နိုင်ကင်ချွန်းက ကျနော့်လက်မှတ်နမူနာကို သူ့မှတ်စုထဲမှာ ထိုးပေးခဲ့ပါဆိုပြီး တောင်းထားလိုက်သဗျာ။ ကျနော့်စိတ်ထဲ ဆန်းတော့ဆန်းနေသလိုပဲ။ မယုံရင် ပုံပြင်သာမှတ်ပေတော့။ အဲဒီလက်မှတ်ဟာ ပြည်ထဲရေးဝန်ကြီးဟောင်း ဗိုလ်မှူးကြီးစိန်မြ တောခိုတဲ့အခါ လွတ်မြောက်အောင်လုပ်ပေးနိုင်တဲ့လက်မှတ် ဖြစ်လာတယ်ဗျာ။

ဖြစ်ပုံက မော်လမြိုင်မှာ လေးငါးရက်နေတော့ ထောက်လှမ်းရေးက သံသယရှိလာပုံရတယ်။ အေးညှင်းသာ တည်းခိုခန်းကို ရပ်ကွက်လူကြီးတွေက လာစစ်လို့ ကျနော့် ငယ်သူငယ်ချင်း ရေတပ်က ဗိုလ်ကြီးခင်ဇော်ကို လှမ်းဖုန်းဆက်ရသေးတယ်။ ငါ့အလုပ်သမားတွေကို မင်းတို့လူတွေ လာမေးနေတာ ကြည့်ပြောပါအုံးပေါ့။ ဟုတ်ပါတယ်၊ တကယ့်တော့ခင်ဇော်နဲ့ကျနော် ငယ်သူငယ်ချင်းပါ။ သူ ဆယ်တန်းအောင်တာတောင် ကျနော့်ကျေးဇူးမကင်းဘူး ဆိုနိုင်တယ်ဗျ။ ဒီလိုလေ၊ ဆယ်တန်းစာမေးပွဲ နောက်ဆုံးနေ့ သင်္ချာဖြေတဲ့နေ့က သူမဖြေနိုင်လို့ အဖြေလွှာတွေ ခြစ်ပစ်မယ်လုပ်လို့ ကျနော်တားလိုက်ရတယ်။ ဆယ်တန်းအောင်တော့ အမှတ်နည်းပေမယ့် ဒေသကောလိပ်တွေပေါ် လာတော့ အာအိုင်တီ ဆက်တက်ခွင့်ရတယ်။ ဘီအီးနဲ့ပြီးတော့ စစ်တပ်ထဲဝင်ပြီး ဗိုလ်ဖြစ်လာတာ။ သူ့လည်း ကျနော့်ကို ခင်ရှာလွန်းလို့ တောခိုမဲ့မောင်တွေကို အမသိအမသိ အကာအကွယ်ပေးခဲ့တယ်ဗျို့။ ကျနော် သူ့ကို တပတ်ရိုက်ခဲ့တာလည်း ပါသပေါ့ဗျာ။

နောက်ဆုံး ရွှေသွေး၊ ဘုန်းကျော်၊ ရဲမွန်လှိုင်နဲ့ ကိုရန်ဝင်း ထည့်ပေးလိုက်တဲ့ လူငယ်သုံးယောက်ဟာ သေဘောအိုးစခန်းကို ချောချောမောမော ရောက်သွားပါသဗျာ။ ကျနော်က မော်လမြိုင်မှာ တင်ကျန်ရစ်ရော ဆိုပါတော့။ ကိုရန်ဝင်းဆိုတာ အခု အေဝမ်းကုမ္ပဏီထောင်ပြီး အထည်ချုပ်လုပ်ငန်းတွေနဲ့ ကြီးပွားနေသူပါ။ သူဟာ အရေးအခင်းကာလမှာ တကယ့်ကို အားတက်သရော လှုပ်ရှားခဲ့သူပါ။ အထူးသဖြင့် ငွေရေးကြေးရေးကိစ္စတွေမှာ ဘယ်တော့မှ လက်တွန့်ခဲ့သူ မဟုတ်ဘူးဗျ။ အခုတော့လည်း သူ့ဘဝနဲ့ သူ့အကြောင်းပေါ့ဗျာ။ ကျနော်တောင် နောက်ပိုင်း စစ်အစိုးရနဲ့ မကင်းနိုင်ခဲ့သေးတာပဲဗျာ။

အော် ဗိုလ်မှူးကြီးစိန်မြ ကိစ္စလား။ ကိုရန်ဝင်းပဲ စီစဉ်တာပေါ့ဗျာ။ နောက်တလလောက်အကြာမှာ ဗိုလ်မှူးကြီးစိန်မြကို ရန်ကုန်ကို လာပြန်ခေါ်တာက ရွှေသွေး။ ရဲမွန်လှိုင်တောင် မော်လမြိုင်အထိ ပါလာသေးဆိုပဲ။ ဗိုလ်မှူးကြီးစိန်မြနဲ့အတူ သူ့လူရင်းတယောက်ပါ တောခိုတယ်။ သူက အခု မဲဆောက်မှာ ပြည်သူ့ကာကွယ်ရေးတပ်(ပီဒီအက်ဖ်) ဥက္ကဋ္ဌလုပ်နေတဲ့ ကိုကျော်ထက်ပဲ။ ကိုကျော်ထက်က ရန်ကုန်မှာတုန်းကတော့ ကျနော်နဲ့ မခင်ဘူးဗျ။ မုတ်ဆိတ်လက်ဖက်ရည်ဆိုင်မှာ တခါလား

ဆိုခဲ့ဖူးတယ် ထင်ပါ့။ အခု ကျနော် ထောင်ထဲမဝင်ခင် မဲဆောက်ရောက်တော့ တွေ့ခဲ့ပါသေးတယ်။ ဗိုလ်မှူးကြီး စိန်မြနဲ့ ကိုကျော်ထက် မော်လမြိုင် ရောက်နေတဲ့ သတင်းကို ထောက်လှမ်းရေးက ရသွားတယ်။ ပိုဆိုးတာက ဗိုလ်မှူးကြီးစိန်မြဟာ တပ်ထဲမှာ တာဝန်ထမ်းတုန်းက မွန်ပြည်နယ် စစ်ဆင်ရေးတွေ ကိုင်ခဲ့တဲ့ သူဆိုတော့ မွန်ပြည်သစ်ပါတီက နယ်ကျော်ခွင့်မပေးဘူး။ ရှေ့ရော နောက်ရော ညပ်နေတဲ့ အချိန်ဆိုပါတော့ဗျာ။

ထုံးစံအတိုင်း အဲဒီပြဿနာဟာ ကျနော့်ခေါင်းပေါ် ရောက်လာပြန်တာပဲ။ မော်လမြိုင်မှာ ပိတ်မိနေတဲ့ ဗိုလ်မှူးကြီး စိန်မြကို လွတ်လွတ်ကင်းကင်းဖြစ်အောင် လုပ်ပေးပါအုံးလို့ ရွှေသွေးက မော်လမြိုင်ကနေ ဖုန်းဆက်တယ်။ ကျနော့်ဆီဆက်တာ မဟုတ်ဘူး။ မောင်မောင်မြင့်ဆိုတဲ့ ဂျီတီအိုင် ကျောင်းဆင်းတယောက်ကို ဆက်တာ။ နောင် ကျနော့်ကို ထောက်လှမ်းရေးကဆွဲတော့ မောင်မောင် မြင့်ဟာ ကျနော့်အမှုတွဲ ဖြစ်လာတယ်ဗျာ။

မောင်မောင်မြင့်က ကျနော့်ရုံးကို အရေးတကြီးလိုက်လာပြီး ပြဿနာကို ကိုယ်စားလှယ် လွှဲတော့တာပဲ။ ကိုယ့်အရေးနဲ့ တိုင်းပြည်အရေး ယှဉ်လာတာမို့ တိုင်းပြည်အရေးကို ဦးစားပေးဖို့ ကျနော် တကယ့်ကို အဆင့်သင့်ရှိနေခဲ့ပါတယ်။ တိုက်ဆိုင်လာတာက မွန်ပြည်သစ်ပါတီဟာ နိုင်ကင်ချွန်းက ထောက်ခံခဲ့ရင် သူတို့နယ်မြေကို ဖြတ်ကျော်ခွင့်ပေးမယ် ဆိုတာပါပဲ။ နိုင်ကင်ချွန်းက ကျနော်ကို သူသိပ်သံယောဇဉ်ရှိပြီး ဆုံးပါးသွားရှာပြီဖြစ်တဲ့ သူ့တူတယောက်နာမည်ကလည်း သက်ခိုင် ဖြစ်နေတာမို့ အရေးအကြောင်းရှိရင် ကူညီနိုင်အောင် ကျနော့်လက်မှတ်ကို ယူထားလိုက်တာဆိုတာ နောက်ပိုင်းမှာ ကျနော်သိလာရတယ်ဗျာ။

တကယ်တော့ ရန်ကုန်မှာ ကျနော် လှုပ်လို့မရတော့ပါဘူး။ အနီးကပ်စောင့်ကြည့်တာ ခံနေရပါပြီ။ ကျနော်ကိုယ်တိုင် လိုက်သွားရင် လမ်းမှာတင် ကွဲကနဲနေမှာမို့ မောင်မောင်မြင့်ရဲ့လက်ထဲ ကို နိုင်ကင်ချွန်းဆီရေးတဲ့စာနဲ့ လမ်းစားရိတ်ထည့်ပေးပြီး ညတွင်းချင်း မော်လမြိုင်ကို လွှတ်လိုက်ရ ပါတော့တယ်။ အချိန်က ရှုပ်ရှုပ်ထွေးထွေး ကာလပေါ့။ ၁၉၈၉ ခုနှစ်ဖေဖော်ဝါရီလလောက်မှာပါ။ ပါတီမျိုးစုံ ထောင်တာတို့၊ ရွေးကောက်ပွဲအတွက် ပြင်ဆင်တာတို့ပါ လုပ်နေကြတဲ့ တကယ့် ရှုပ်ရှုပ်ထွေး ထွေး ကာလပါဗျာ။

ကျနော်ရေးပေးလိုက်တဲ့စာနဲ့ လက်မှတ်နမူနာကိုကြည့်ပြီး နိုင်ကင်ချွန်းဟာ ဗိုလ်မှူးကြီးစိန်မြနဲ့ ကိုကျော်ထက်တို့ကို မွန်ပြည်သစ်ပါတီ စိုးမိုးတဲ့နယ်မြေကို ဖြတ်ကျော်ခွင့်ရအောင် ကူညီပေးခဲ့ပါတယ်။ ဗိုလ်မှူးကြီးစိန်မြတို့ လွတ်သွားပေမယ့် ကျနော်ကတော့ မလွတ်ပါဘူး။ မောင်မောင်မြင့် ပြန်လာပြီး တလကျော်လောက်လည်းနေရော ကျနော့်ကို ထောက်လှမ်းရေးအဖွဲ့တပ်က ပင့်ဖိတ်တော့တာပါ ပဲဗျာ။ ပုဒ်မ ၁၇(၁)၊ ၅(ည) တဲ့။ လက်နက်ကိုင်သောင်းကျန်းသူနှင့် ဆက်သွယ်မှု၊ ၁၉၅၀ ပြည့်နှစ် နိုင်ငံတော်လုံခြုံရေး အက်ဥပဒေတွေနဲ့ပေါ့။

အော် ခရေစေ့တွင်းကျ သိချင်ပြန်ပြီလား။ ဖြေးဖြေးပေါ့၊ ပြောမှာပါဗျာ။

■

## အခန်း (၄၉)

# ဖြစ်ပျက်ရှာပုံတော် ခရီးသည်

'အော် ဖြစ်ခဲ့ပျက်ခဲ့သမျှ အခုနေပြန်တွေးရင် အိပ်မက်လိုပါပဲလားဗျာ'

ဇာတ်ရှည်ကြီးကို ခင်းနေသော ကိုသက်ခိုင်ထံမှ ညည်းတွားသလို အသံကြောင့် ကျနော် ရုတ်တရက် သတိပြန်ဝင်လာသည်။

ကိုသက်ခိုင်ကား ထုံးစံအတိုင်း စကားပြောလိုက်၊ ကွမ်းယာစားလိုက်၊ မျက်လုံးကိုမှေးစင်း၍ အိန်းမှိန်းသလိုလို၊ တရားမှတ်သလိုလို လုပ်လိုက် ပုံသေအိုက်တင်နှင့်ပင်။ အမှန်ဆိုရလျှင် ကျနော် ကိုသက်ခိုင်၏ဇာတ်ကြောင်းကို ကျနော်ကိုယ်တိုင်ဝင်၍ စိတ်ကူးထဲတွင် သရုပ်ဆောင်နေမိ၍ ငြိမ်နေခြင်းဖြစ်၏။

အဆောင်နှင့် မလှမ်းမကမ်းတွင်တည်ရှိသော ကိုသက်ခိုင်၏ တဲငယ်ထဲတွင်ပင်ဖြစ်သည်။ ညနေ ခြောက်နာရီခွဲပြီ။ ဘုတ်ပြန်တက်ပြီး စားသောက်ပြီးကြချိန်။ ကျနော်က ကျောခင်းလျက်။ ကိုသက်ခိုင်က တင်ပလ္လင်ခွေလျက်။ သူ့ပုံမှာ ဘိုးတော်လိုလို၊ ဂိုဏ်းဆရာလိုလို ပုံစံပေါက်နေသည်။ မုတ်ဆိတ်နှင့် ပါးမုန်းမွေးတချို့ပင် အတော်ရှည်လျားနေချေပြီ။

သူ့ကို စကားဆက်စေရန် ကျနော် တရားထောက်ကလေး လုပ်ဦးမှဟု စိတ်ကူးပေါ် သည်နှင့်

'ကိုသက်ခိုင် ခင်ဗျား မုတ်ဆိတ်လေး ဘာလေး ရိတ်ပါဦးလား။ နည်းနည်း ရုပ်ပျက်နေသလား လို့'

ဟု ဆိုလိုက်ရာ ကိုသက်ခိုင်က ခပ်ထွေထွေ အပြုံးဖြင့် 'ကျနော်အကျင့်က တခုခုလုပ်ရင် ဇောက်ချလုပ်တယ်။ ကျန်တာတွေကို မေ့မေ့နေတယ်။ တမင်လုပ်နေတာတော့ မဟုတ်ဘူး။ ဘေးကြယ်ကြီးကတောင် ဆရာ၊ သန့်ရှင်းရေးလေးဘာလေး လုပ်ပါဦး တဲ့။ မတွေ့မချင်း မရိတ်ဘူးဗျာ' ကိုသက်ခိုင့်စကားကို ကျနော် နားမရှင်းပါ။ ထို့ကြောင့် ချက်ချင်း ပြန်မေးလိုက်သည်။

'ဘာရှာနေလို့လဲဗျ'

'ဖြစ်ပျက်လေ'

'ဖြစ်ပျက်ကို ခင်ဗျားတွေ မတွေ့တာ့ မသိဘူး။ အခုတော့ ဆာဒူးတယောက်ကို ကျနော် ရှာတွေ့သလို ဖြစ်နေတယ်။ ခင်ဗျားက ဖြစ်ပျက်ဆိုတာ ရှာတွေ့နိုင်တယ်လို့ ဘာလို့ စိတ်စွဲနေတာလဲဗျာ'

ကိုသက်ခိုင်က အလွန်တည်တန့်သော အကြည့်တချက်ဖြင့် ကျနော့်ကိုလှမ်းကြည့်သည်။ နောက် စကားကို တခွန်းချင်း ပြောသည်။

'အော် ကိုမင်းဒင်၊ သိဒ္ဓတ္ထဆိုတဲ့ပုဂ္ဂိုလ်က စိတ်ရူးပေါက်ပြီး နန်းတော်ထဲကထွက်သွားတာတော့ မဟုတ်လောက်ဘူး။ သိဒ္ဓတ္ထလည်း လမ်းမှန်မရောက်ခင် ဘယ်လမ်းဟာ အမှန်လဲ၊ စမ်းတဝါးဝါး ရွေးရတာပဲလေ။ နောက် တကယ့် အကျင့် သိက္ခာ သမာဓိနဲ့ပြည့်စုံတဲ့ ဆရာတော်ကြီးတွေကလည်း စားကောင်းသောက်ကောင်း လျှောက်ရေး လျှောက်ပြော လျှောက်ပေါ်နေတာတော့ မဟုတ်လောက်ဘူး။ ဒီနေရာမှာ ယုတ္တိနည်းနဲ့ လက်ခံသင့်တယ်လို့ ကျနော်ထင်တယ်'

ကျနော်လည်း ဤတကြိမ်တော့ ကိုသက်ခိုင့်စကားကို ပြန်ထောက်လိုက်သည်။

'ဒါနဲ့ ခင်ဗျားပဲ ကာလာမသုတ်မှာ ယုတ္တိနည်းနဲ့ ဆင်ခြင်မိရုံမျှနဲ့ လက်မခံပါနဲ့အုံးဆို'

'ရော ခက်ပါလား ကိုမင်းဒင်ရာ အဲဒါက ဘာသာအယူဝါဒတခုကို တသက်လုံးစွဲပြီ လက်ခံဖို့ ဆိုလိုတာဗျ။ အခု ကျနော်ပြောနေတာက လေ့ကျင့်ခန်းရဲ့ ပထမအဆင့်ကို ပြောနေတာပါ။ အခု ကျနော်လေ့ကျင့်နေတာက 'ဒီလို လေ့ကျင့်ကြည့်၊ ဒါတွေ တွေ့မယ်၊ ဒါတွေ သိမယ်၊ ဒါတွေ ရှိတယ်' ဆိုတာ ဟုတ်မဟုတ် တသွေမတိမ်း ခပ်ပြင်းပြင်းလုပ်ကြည့်နေတာ၊ နောက် လေ့ကျင့်ခန်းဆိုတာကလည်း ဓားစိုက်ထားတယ် ဗိုက်မှောက်ချလိုက် ဆိုတာမျိုးမှ မဟုတ်ပဲ၊

လေဝင်လေထွက်ကို စောင့်ကြည့်ရုံကိစ္စ၊ အစွန်းရောက်တယ်မဆိုနိုင်ဘူး၊ သိဒ္ဓတ္ထအပါအဝင် လောကကောင်းကျိုးကို တကယ် မျှော်ကိုးအားထုတ်ခဲ့တယ်ဆိုတဲ့ သာသနာ့အာဇာနည်ပုဂ္ဂိုလ်တွေဟာ ဒီနည်းကို လက်မလွှတ်ခဲ့ဘူး၊ ဒီတော့ တကယ်ဟုတ်မဟုတ် နည်းလမ်းတကျ လေ့ကျင့်ကြည့်နေတာ၊ ကျနော်တို့ ဗုဒ္ဓဘာသာဝင်အများစုဟာ စာကို သေချာမဖတ်ဘူး၊ တရားကို သေချာမနာဘူး၊ လက်တွေ့ မကျင့်ကြဘူး၊ သူရေးတာ သူပြောတာဆို ဟုတ်မှာပါပဲဆိုပြီး ဇွတ်ယုံတော့တာပဲ'

ကိုသက်ခိုင်၏ မျက်နှာထားသည် တစုံတရာကို ပြတ်ပြတ်သားသား ဆုံးဖြတ်ထားဟန်ရှိ၏။ သူက စကားဆက်ပြန်သည်။

'နောက်တခု ရှိသေးတယ်၊ ကိုယ်က စိတ်မဝင်စားတဲ့အကြောင်း၊ ကိုယ်လုပ်ဖို့ခက်ခဲတယ် ဆိုတဲ့ ကိစ္စမျိုးနဲ့ တွေ့လာရင် ဟုတ်ချင်မှ ဟုတ်မှာပါ၊ ဒါကိုလုပ်နေတဲ့လူတွေက ငါတို့နဲ့လိုင်းမတူဘူး လုပ်ချပစ်လိုက်ရော၊ အဆိုးဆုံးကတော့ အဲဒီအလုပ်မျိုး လုပ်နေတဲ့သူတွေကို ခပ်ကြောင်ကြောင်လိုင်းထဲ သွင်းပစ်လိုက်ရော။ ဒီထက်ဆိုးတာ ရှိသေးတယ်ဗျာ။ တကယ်လေ့ကျင့်တဲ့လူက အထိုက်အလျောက် သမာဓိလေးရလာလို့ ရှိစုမဲ့စု သမာဓိလေးနဲ့ အထူးအဆန်း လုပ်ပြလို့ကတော့ဗျာ၊ တခါတည်း အဖေကြီးကို အားကိုးပါတယ် ဖြစ်တော့တာပဲ၊

ဒါတွေ ဘာကြောင့်ဖြစ်သလဲ၊ လူအများစုဟာ လောကကြီးကို တပ်မက်စရာတွေ ပြည့်နေတယ်ထင်လို့၊ ပတ်သက်မှုတွေကနေ ပြဿနာရှုပ်တာကို မသိလို့၊ လွတ်မြောက်မှုအစစ် ရှိတယ်ဆိုတာ မသိလို့၊ လွတ်မြောက်ရေးလေ့ကျင့်ခန်းတွေ နည်းစနစ်တွေရှိတယ်ဆိုတာ မသိလို့။ တချို့သိတယ်ဆိုတဲ့လူကို မေးကြည့်လိုက်၊ ဘယ်စာအုပ်မှာလေ၊ ဘယ်ဆရာတော် ဟောတာလေဆိုပြီး အိုယောင်ဝါးလုပ်ချလိုက်တာ ကိုးဆယ့်ကိုးရာခိုင်နှုန်း။ အခု ကျနော်ရှာနေတာက မှန်ကန်ချက်တခုကို ရှာနေတာ၊ ပြည့်စုံတိကျတဲ့ နည်းစနစ်ကြီးတခုဟာ ဒီလောကကြီးထဲမှာ တကယ်ရှိမရှိ သိချင်လို့။ စာထဲမှာ ရေးထားတာ၊ ဆရာတော်တွေ ရေးထားတာ ဟုတ်မဟုတ်၊ ကျနော့်ခန္ဓာကိုယ်မှာ ရှာကြည့်နေတာ၊ သူတို့က ဇွတ်ယုံခိုင်းခဲ့တာ မဟုတ်ဘူး၊ လေ့ကျင့်ပြီး ရှာကြည့်၊ တွေ့မယ်ဆိုလို့ လေ့ကျင့်တာ၊

တိကျကျ လေ့ကျင့်လို့ မတွေ့ဘူးဆိုရင် အဲဒီလို မတွေ့ရခြင်းရဲ့အကြောင်းကို ခိုင်ခိုင်လုံလုံ ရှင်းမပြနိုင်
င် ဒီလေ့ကျင့်ခန်းကို ကျနော်ရပ်မယ်။ ဗုဒ္ဓဘာသာဆိုတာလည်း ကျနော် ကိုးကွယ်ရမယ့်ဘာသာ
ဟုတ်တာ သေချာပြီ'

'ဒီလိုဆို ကိုသက်ခိုင်က လေ့ကျင့်ခန်းကနေ တခုခု သိလာတာရှိလို့ ဆက်လုပ်နေတာလား'

'ဒါပေါ့ဗျ၊ သူ့အဆင့်နဲ့သူ တဆင့်ချင်း လက်ခံနိုင်စရာတွေရှိလို့ ဆက်လုပ်နေတာပေါ့'

'ဘာတွေများ တွေ့သိလာသလဲဗျာ'

'အခုတော့ နေဦးဗျာ။ ကျနော်ကိုယ်တိုင် ရှင်းရှင်းလင်းလင်း သဘောပေါက်လာတဲ့ တနေ့မှာ
ဗွိစ်ဖျက်ရှာပုံတော် ခရီးသည်'ဆိုပြီး ဇာတ်လမ်းတွဲတခုခင်ဗျားကိုပြောပြနိုင်ပါလိမ့်မယ်။ အခုနေ
လျှောက်ပြောရင် တောင်တခွန်းမြောက်တခွန်းနဲ့ မပြည့်စုံလောက်ဘူး'

'တဲပါ ကိုသက်ခိုင်ရာ၊ မပြည့်စုံလည်း နေပါစေ၊ ထူးဆန်းရင် ပြီးရောဗျာ။ ခင်ဗျားတွေ့တာ
လေး တခုလောက်တော့ ပြောစမ်းပါ။ အနည်းဆုံး ဗဟုသုတလောက်တော့ ဖြစ်တာပေါ့'

'ခက်တာပဲ ကိုမင်းဒင်ရာ၊ ခင်ဗျားတို့ ကျနော်တို့တသက်လုံး ဒီအထူးအဆန်း အံ့ဩစရာတွေ
ပဲ နပမ်းလုံးခဲ့ကြတာကလား'

'အရေးထဲ ခင်ဗျားက ဈေးကိုင်နေပြန်ပြီဗျာ'

'ဈေးမကိုင်ပါဘူးဗျာ။ ကျုပ်က တချိန်မှာ ခင်ဗျား အမှန်တရားရှာတဲ့အခါ လမ်းလွဲနေမှာစိုးလို့
အထူးအဆန်းကို ဦးစားမပေးချင်တာ၊ ဒါပေမယ့် ကျနော် နောက်ဆုံးတွေ့တဲ့ဖြစ်ရပ်က ခင်ဗျားပါ
အရန်ဇာတ်ဆောင်အဖြစ် ပါနေလို့ ပြောလိုက်ပါ့မယ်၊ ဒီလိုဗျ၊ ကျနော် လေ့ကျင့်ခန်းလုပ်ပြီး တပတ်
လောက်မှာပဲ အလင်းမှုန်တွေ၊ အလင်းတန်းတွေ တွေ့တွေ့လာတယ်၊ စာထဲမှာ ပါတဲ့အတိုင်းပေါ့ဗျာ။
နောက်တဆင့်တက်လာတော့ အိပ်ပျော်ခြင်းနဲ့ အိပ်မပျော်ခြင်း ကာလနှစ်ခုစပ်ကြားမှာ မြင်တာကြား
တာတွေ ဖြစ်လာတယ်။ ပြောရရင်တော့ အများကြီးပဲ။ အခုပြောမှာက မနေ့ညကမှတွေ့တဲ့
နောက်ဆုံးပေါ် အဖြစ်။

ထုံးစံအတိုင်း လေ့ကျင့်ခန်းဖြုတ်ပြီး အိပ်ရာထဲကို အမှတ်မဲ့ပဲ လှဲလိုက်တယ်ဗျာ။ ပထမ
ညာဘက်ကို စောင်းနေတာ၊ နေ့လည်က ကွမ်းစားတာများလို့လားတော့ မသိဘူး၊ အသက်ရှူရတာ
သိပ်အဆင်မပြေတာနဲ့ ပက်လက်လှန်လိုက်တယ်။ အသက်ရှူလို့ အဆင်မပြေဘူးဆိုတာ လေရှူရတာ
ပြင်းထန်နေလို့။ အဲဒီလို ပက်လက်လှန်ပြီး မျက်စေ့မှိတ်ထားလို့ ငါးမိနစ်သာသာလောက်ရှိတော့ ကျနော့်
နားထဲကို အသံတခုဝင်လာတယ်။ ဒီမှာ ကြည့်စမ်းပါတဲ့။ ဟ ဘာများတုန်းဆိုပြီး မျက်စိဖွင့်ကြည့်လိုက်
တယ်ဗျာ'

ကိုသက်ခိုင်ကို ကြည့်ရသည်မှာ တခုခုကို ဇောကပ်ပြီး ပြောနေဟန်ရှိသည်။ လူကသာ
ကျနော့်အနားမှာ ရှိနေသည်။ သူ့စိတ်က တနေရာရာသို့ ရောက်နေသည့်ပုံဖြင့် စကားဆက်ပါသည်။

'ကြောင်တယ်တော့ မထင်လိုက်နဲ့။ ကျနော့်အိပ်ရာအထက် ခြောက်ပေလောက်အမြင့်မှာ
ပန်းခင်းကြီးတခု ပေါ်နေတယ်ဗျ။ ပန်းတွေမှ တောင်ကြီးရှီးပန်းတွေဗျာ။ နေဦး၊ ကျနော့်ရုံးခန်းမှာ
ဘုရားစင်ကောင်းကောင်းရှိတယ်။ ဗုဒ္ဓဘာသာဝင်မို့သာ ဘုရားစင် လုပ်ထားတာပါဗျာ။ ဘုရားတရား
အားထုတ်တဲ့အထဲ မပါခဲ့ပါဘူး။ အဲဒီ ဘုရားစင်ကို ဘုရားပန်းတင်ရင် တောင်ကြီးရှီးပန်းတွေကို
ကျနော်တင်လေ့ရှိတယ်။ ဘုရားက တောင်ကြီးရှီးပန်းကို ကြိုက်မကြိုက်တော့ ကျနော်မသိဘူး။ တင်တာ
က ကျနော်ကြိုက်လို့။ ဒါကြောင့် တောင်ကြီးရှီးပန်းတွေကို ကျနော်ရင်းနှီးနေတာ၊ သိနေတာလေ။
ကျနော့်အိပ်ရာအထက်မှာ လေထဲဆိုင်းပြီးပေါ်နေတဲ့ ပန်းခင်းဟာ အလျားခြောက်ပေ အနံလေးပေ
လောက် ရှိမယ်။ တီဗွီမှာ ပေါ်နေတာမျိုးနဲ့လည်း ခပ်ဆင်ဆင်ပဲဗျာ။ ကျနော်က ဒါနဲ့ပဲ ယုံလိုက်ရော

ထင်လို့လား၊ သက်ခိုင်ပဲဗျာ၊ ဆက်ပြီး စပ်စုတာပေါ့။ သေချာစိုက်ကြည့်နေလိုက်တယ်။ ပန်းတွေက တရောင်တည်းမဟုတ်ဘူး၊ ရောင်စုံ။ အပြာ၊ လိမ္မော်၊ အဝါ၊ နောက် စပ်ကြားအရောင်တွေ။ ဒါပေမယ့် တခုသိသာတာက အဝါရောင်တွေများတယ်။ ပန်းတွေကို ကြည့်နေရင်း ကျနော့်မျက်လုံးက ပန်းခင်း အောက်ခြေကို ရောက်သွားတယ်။

ဒီပန်းတွေ ဘယ်လိုစိုက်ထားပြီး ဘယ်လို လာပေါ်နေတာလဲဆိုတာ သိချင်လို့။ ဟာ ကျနော် မြှုအိပ်နေတဲ့စောင်က ပန်းခင်းအောက်ခြေကို ရောက်နေသဗျာ။ ဒါနဲ့ ကျနော်လည်း ငါ့စောင် လေးတော့ ပြန်ယူထားအုံးမှဆိုပြီး စောင်ကိုလှမ်းဆွဲလိုက်တယ်။ မတ်တတ်ရပ်ပြီး ဆွဲတာပေါ့ဗျ။ အောင်မယ်၊ စောင်က ကျနော့်လက်ထဲကို အလိုက်သင့် ပြန်ပါလာသဗျာ။ အမှန်အတိုင်း ပြောရရင် ကျနော် နည်းနည်းလန့်သွားတယ်။

ဒီလောက်ထူးဆန်းနေတာ ဘာသဘောလဲ၊ ငါတယောက်တည်း ကြည့်နေလို့ မပြီးသေးဘူး၊ တခြားသူတွေပါ ခေါ်ပြအုံးမှလို့ စိတ်ကူးပေါက်လာတယ်။ ဒါနဲ့ ကျနော့်ခေါင်းထဲမှာ ခင်ဗျားနာမည် ပေါ်လာတာနဲ့ အသံခပ်ကျယ်ကျယ်နဲ့ ဗျို့ ကိုမင်းဒင်လို့ လှမ်းခေါ် လိုက်တော့ ခင်ဗျားက အိပ်ချင်မူးတူး နဲ့ ရောက်လာတယ်။ အမယ်၊ အဖော်တောင် ပါလိုက်သေးဗျာ။ ဘယ်သူရှိရမလဲ၊ မူဆလင်ကိုတင်ဝင်း ပေါ့။

ကျနော်က ခင်ဗျားတို့နှစ်ယောက်ကို ပန်းခင်းကြီးကို လက်ညှိုးထိုးပြပြီး ‘ကဲ ကြည့်ကြ စမ်းပါအုံးဗျာ’လို့ ပြောတော့၊ ခင်ဗျားတို့နှစ်ယောက်ကလည်း အံ့ဩတကြီး ပန်းခင်းကို မော့ကြည့် နေကြတယ်။ နောက်ခင်ဗျားက ပြောသေးတယ်။ ထူးဆန်းလှချည်လား။ ဒီပန်းခင်းကြီးက ဒီအိပ်ရာပေါ် ဘယ်လိုလုပ်လာပေါ်နေတာလဲတဲ့။ ကျနော်က ကျနော်မသိလို့ ခင်ဗျားတို့ကို ခေါ်ပြတာပေါ့ဗျာလို့ အငေါ် တူးလိုက်သေးတယ်။

ခင်ဗျားရော၊ ကိုတင်ဝင်းပါ တော်တော်ကြာအောင် ငူတူတူ ငေးတေးတေး စဉ်းစားပြီး ခေါင်းရှုပ်တဲ့ပုံစံနဲ့ ပြန်ထွက်သွားတယ်ဗျာ။ ပန်းခင်းကြီးနဲ့ကျနော် နှစ်ယောက်တည်း ကျန်နေခဲ့ပြန်တော့ အသံတခု ထွက်လာတယ်။ ဒါဟာ ပညတ်တွေတဲ့။ ပညတ်ဆိုတာလည်းကြားရော တရားစကားပါလား လို့ ကျနော်လန့်ပြီး ထပ်ကြည့်လိုက်တော့ ပန်းခင်းကြီးလည်း ပျောက်သွားတယ်။ ခင်ဗျားတို့ တကယ် လာသွားသလား ပြန်စဉ်းစားနေတယ်။ ဒီလောက်ပဲဗျာ’

‘ဘာအဓိပ္ပါယ်လဲ ကိုသက်ခိုင်ရယ်။ ပန်းခင်းကြီးနဲ့ ပညတ် ဘာဆိုင်လို့လဲ’

‘ခင်ဗျားကလည်း ရှင်းတာကို ရှုပ်အောင်လုပ်နေပြန်ပါပြီ။ ပညတ်ဆိုတာ တကယ်ရှိတာ မဟုတ်ဘူးလို့ ဆိုလိုတာလေ။ တိတိကျကျ ပြောရရင် ဒီပန်းခင်းကြီးဟာ ကျနော့် အိပ်ယာပေါ် မှာ တကယ်ရှိတာ မဟုတ်ဘူးပေါ့ဗျာ’

‘ဘာကြောင့် လာပေါ် နေသလဲဗျ’

‘အဲဒါ ဖြစ်ပျက်ကို ကျကျနန မတွေ့သေးလို့ အားကောင်းလွန်းတဲ့ သမာဓိကြောင့် ပေါ်တာ လို့ပဲ ကျနော် ယူဆတယ်။ ဝိပဿနာလမ်းလွဲပေါ့။ ဝိပဿနာမှာတင် လမ်းလွဲရှိတာ မဟုတ်ဘူး၊ ဒီမိုကရေစီမှာလည်း လမ်းလွဲရှိတယ်’

‘ကိုသက်ခိုင်ကတော့ ထပ်ရှုပ်အောင် ပြန်လုပ်နေပြန်ပါပြီ’

‘မရှုပ်ရပါဘူးဗျာ။ လောကုတ္တရာမှာ မဂ်ဖိုလ်ကို မျှော်မှန်းသလို လောကီမှာ ဒီမိုကရေစီရေး ကို မျှော်မှန်းကြတာပဲလေ။ ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ကို ဟောပြောလှုံ့ဆော်ခဲ့သူတွေဟာ အရူးတွေမှ မဟုတ်ပဲ။ ကိုယ်ကျိုးတွေစွန့်၊ အသက်တွေစွန့်ပြီး လမ်းညွှန်သွားခဲ့ကြတာပဲ။ ဒါကြောင့်

ဒီမိုကရေစီရအောင် ကြိုးပမ်းတာဟာ မမှားဘူး။ သို့သော် ဒီမိုကရေစီလမ်းလွဲ ရောက်မသွားဖို့သာ လိုတယ်'

'ခင်ဗျားက ဒီမိုကရေစီကို စိတ်မကုန်သေးဘူးလားဗျာ။ အခုလည်း မင်္ဂတရား၊ ဖိုလ်တရား ရှာနေပြီလည်းဆိုသေး'

'ခင်ဗျားနဲ့တော့ ခက်နေပါပြီ ကိုမင်းဒင်။ ခင်ဗျား ပြောနေပုံက မဂ်ဖိုလ်အလုပ်လုပ်တဲ့သူက တသက်လုံး ဒီမိုကရေစီရေး မလုပ်ရဘူး၊ ဒီမိုကရေစီရေး လုပ်နေတဲ့သူက မဂ်ဖိုလ်ကို မစူးစမ်းရဘူးလို့ ဆိုလိုရာရောက်နေတယ်။ အဲဒါ အမှားကြီးဗျ။ ကျနော်က အခု တရားတွေ့ပြီး မိုးပေါ် ပျံတက်သွားမှာ မဟုတ်ဘူး။ အမြင့်ဆုံး ဉာဏ်အလင်းရပြီလို့ ဆိုရင်တောင် ဒီခန္ဓာ သက်တမ်းကုန်အောင် ဝန်ထမ်းရအုံးမယ်။ လွတ်မြောက်ခြင်းဆိုတာ ဘယ်ကာလမှာ ဖြစ်ပေါ် လာမယ်ဆိုတာ ကျနော်မသိဘူး။ ဒါကြောင့် မလွတ်မြောက်ခင် စပ်ကြား လေ့ကျင့်ခန်းလည်းဆင်၊ လောကအကျိုးလည်း တတ်နိုင်တာ ဆောင်ရွက်ပေါ့၊ လေ့ကျင့်ထားလို့ အမှန်တရားကြီးကို သိနေရင် ပူပူလောင်လောင် မခံစားရဘူးပေါ့။ အခု ကျနော်လုပ်နေတာ ရဟန္တာဖြစ်အောင် လုပ်နေတာမဟုတ်ဘူး။ ကျနော်တို့ ခင်ဗျားတို့လို လူတွေ အတွက် ရဟန္တာဖြစ်နည်းဆိုတာလည်း မရှိဘူး။ ဒါက Origin နဲ့ ဆိုင်တယ်။ တချို့လူတွေရဲ့ နောက်ကြောင်းတရားဟာ ဂျပန်အင်ဂျင်လို အနိူးမြန်တာ၊ ကြာကြာခံတာ၊ ဆွဲအားကောင်းတာမျိုးလည်း ရှိတော့ အချိန်တိုတိုနဲ့ အောင်မြင်ထမြောက်သွားတာမျိုးတော့ ရှိတတ်ပါရဲ့၊ ကျနော်တို့ ခင်ဗျားတို့လို လူသာမန်အနေနဲ့ကတော့ အမှန်တရားကို သိအောင်လုပ်တဲ့နည်းသာ ရှိတယ်။ သိလာရင် သူ့အလုပ်သူ ဆက်လုပ်ပြီး တိုက်ဆိုင်အံကျလာတဲ့ တဆင့်ပြီးတဆင့် သူ့အလိုလို ဖြစ်လာတတ်တာမျိုး။ ဒီမိုကရေစီ လည်း ဒီနည်းအတိုင်းပဲ၊ အကျိုးကို အားမထုတ်ပဲ အကြောင်းကိုသာဖြည့်ရင် ဒီမိုကရေစီမင်္ဂဟာ အချိန်တန်ရင် ဆိုက်လာတာမျိုးပဲလို့သာမှတ်'

'ကဲ ခင်ဗျားရဲ့လောကုတ္တရာကြောင်းကို ခဏထားပါအုံးဗျာ။ ဒီမိုကရေစီလမ်းလွဲဆိုတာ ခင်ဗျား ကြုံခဲ့ဘူးလို့လား'

'ဟာ ကြုံပါသော်ကောဗျာ။ အရေးအခင်းအပြီးမှာ အရောင်အလင်းတွေမြင်၊ အာရုံမျိုးစုံရ၊ သူ့ဌေးဖြစ်ချင်တဲ့စိတ်က တားမရတော့ လမ်းလွဲရောက်သွားတာပေါ့'

'ကဲ ခင်ဗျားရဲ့ ဒီမိုကရေစီလမ်းလွဲတရားလေး နာပါရစေ ကိုသက်ခိုင်ရာ'

'အော် ဒီလိုလား။ လမ်းလွဲတရား မနာခင် ထောက်လှမ်းရေး အချုပ်စခန်းတရားလေး စဟောမှ ပြည့်စုံပေမပေါ့ဗျာ။

ဗိုလ်မှူးကြီးစိန်မြတို့ လွတ်မြောက်နယ်မြေဆိုလား ရောက်သွားပြီးလို့ တလကျော်လောက်မှာ ပေါ့'

ဤသို့လျှင် အစချီလျက် မဂ်တရား ဖိုလ်တရားရှာနေသော ကိုသက်ခိုင်သည် သူ၏ ဒီမိုကရေစီ လမ်းလွဲတရားကို ဆက်၍ ဟောပြန်တော့၏။

■

## အခန်း (၅၀)

# စိုးနှောင့်ဗျာပွေ၊ တာရှည်သည့်နေ့ရက်များ

ကျနော့်လူတွေ တောခိုရာကို ကျနော်လိုက်မသွားဖြစ်တာဟာ မြေပေါ်မှာ လိုတာလုပ်ပေးဖို့ တခုတည်းတော့ မဟုတ်ဘူးဗျ။ စံရိပ်ငြိမ်မှာ စစ်တပ်ကို သေနတ်တွေနဲ့ တက်ပစ်တဲ့နေရာမှာ ပါခဲ့တဲ့ မောင်တွေအတွက် ရတက်မအေးတာလည်း ပါပါတယ်။

အေးလေ၊ စစ်တပ်ဘက်က လူနှစ်ဆယ်နီးပါးကျအောင် တက်ပစ်ထားတဲ့ကိစ္စဟာ မငြိမ်းနိုင်သောမီးဆိုတာလောက်တော့ ကျနော် သေချာသိထားတယ်။ တခြားလူတွေကို လက်လှမ်း မမီပေမဲ့ ကုန်းမြင့်နဲ့ ကိုလှရွှေအတွက် ကျနော့်မှာ တာဝန်ရှိတယ်လေ။ ဒါပေမဲ့ဗျာ၊ တခုထူးခြားတာက ဒီဖြစ်စဉ်ကို စစ်တပ်က သိပ်ပြီး လူသိစေချင်တဲ့ပုံ မပေါ်ဘူး။

အေးလေ။ တကယ်လို့ ဟိုးလေးတကျော်ဖြစ်ကုန်ရင် စစ်တပ်သိက္ခာကျမယ်၊ ပြည်သူတွေက ဒီလောက်တောင် မေတ္တာထားနေပြီဆိုပြီး စည်းရုံးရေးပါ ထိခိုက်နိုင်တယ်။ ဒါကြောင့် ဒီ စစ်တပ်နဲ့ ပြည်သူ ရင်ဆိုင်တိုက်ပွဲကို မှောင်ချထားပုံရတယ်ဗျ။

စစ်တပ်ကကောင်တွေကလည်း လေည်တွေဗျ။ တက်ပစ်တဲ့လူတွေကို စိတ်မဝင်စားပါဘူးတဲ့။ သေနတ်တွေကတော့ လုံခြုံရေးအရ အရေးကြီးလို့ ပြန်လိုချင်ပါတယ်တဲ့။ ကျနော့်ကို လာပြောတာ မဟုတ်ဘူးလေ။ ငါးရပ်ကွက် ဓမ္မသုခ (၁) လမ်းထဲမှာရှိတဲ့ ဇေယျာသိဒ္ဓိဘုန်းကြီးကျောင်းက ကျောင်းထိုင်ဆရာတော်ကို လျှောက်တာလေ။ အမှန်က ဆရာတော်ဟာ ရပ်ကွက်နဲ့ မရင်းနှီးသေးဘူးဗျ။ ရပ်ကွက်ကောင်စီလူကြီး ဦးအောင်နိုင်က ရွှေဘို ရေဦးဘက်ကနေပင့်လာပြီး ကျောင်းဆောက် ကိုးကွယ်ထားတာ မကြာသေးဘူး။ ဒါကြောင့် ထုံးစံအတိုင်း ရပ်ကွက်ထဲမှာ ဘယ်ကောင် လူရည်လည်သလဲ လျှောက်ကြည့်တော့ ကျနော်ကို တွေ့တော့တာပဲ။

အေးဗျ။ ကျနော်ကလည်း အရေးအခင်း မဖြစ်ခင်က ရန်ကုန်ကို ရောက်လာကြတဲ့ ရဲအဖွဲ့အသစ် နေပြည်တော်ရဲဆိုတာတွေနဲ့တောင် အတော်အဖွဲ့ကျခဲ့တာကလား။ အဲဒီ နေပြည်တော်ရဲတွေက အရင်ရဲတွေနဲ့ကွာတာ ဦးထုပ်ပဲ။ အရင်ရဲတွေ ဦးထုပ်က လမ်းစဉ်လူငယ်တို့၊ ကြက်ခြေနီတို့

ဆောင်းတဲ့ဦးထုပ်မျိုး။ အသစ်ရောက်လာတဲ့ နေပြည်တော်ရဲတွေရဲ့ ဦးထုပ်က စစ်တပ်က အရာရှိတွေ ဆောင်းတဲ့ဦးထုပ်မျိုး။ ကျနော်တော့ နာမည်မခေါ်တတ်ဘူး။ ဘာမှမဟုတ်ဘူး။ ရဲတပ်ဖွဲ့ဝင်တွေ သွေးကြွအောင် တမင်ထွင်တာလို့ပဲ ကျနော်ထင်တယ်။

အဲဒီရဲတွေက ဒေသအစုံက ပြောင်းလာတော့ သူတို့ကလေးတွေကို လှိုင်မှာ ကျောင်းပြန်အပ်ကြရတယ်။ လှိုင် ကျောင်းဆရာလောကမှာ ကျနော်က ခပ်ရှုပ်ရှုပ်စာရင်းထဲ ပါနေတော့ ကျောင်းအပ်တာ၊ မေးခွန်းလိုချင်တာတွေ၊ စာမေးပွဲအောင်ချင်တာတွေ အထိုက်အလျောက် ကူညီနိုင်တယ်။ နောက်တခုက လူဆိုးတွေနဲ့ ကျနော်နဲ့က ဝယ်မွေးခြံပေါက်တွေ ဖြစ်နေတာလည်း ပါပါရဲ့။

ဇာတ်လမ်းဆက်ရရင် အဲဒီကျောင်းထိုင်ဆရာတော်က ကျနော်ကို သူ့ကျောင်းလာပါဦးလို့ ဦးအောင်နိုင်ကတဆင့် ခေါ်ခိုင်းတယ်။ ခေတ်ပြောင်းနေတော့ ဦးအောင်နိုင်လို ကောင်စီပြုတ်က ဘာအာဏာမှ မရှိတော့ဘူးလေ။ ကျနော်က ဦးအောင်နိုင်ကိုတော့ ခင်ပါတယ်။ သူလည်း ဟော့ဟော့ရမ်းရမ်းမဟုတ်ဘူး။ အသက်ငါးဆယ်ကျော်လောက်ရှိတဲ့၊ ရွှေဘိုသားပါ။ ပြောစရာဆိုလို့ မဆလလုပ်တာမှန်သမျှ အားလုံးကောင်းတယ် လိုက်အော်တာ တခုပဲ။

ဒါနဲ့ ကျနော် ကျောင်းထိုင်ဆရာတော်ဆီ ရောက်သွားရောဆိုပါတော့။ ကျနော်တို့လူမျိုးက ဘုန်းကြီးခေါ်ရင် ငြင်းတဲ့လူမျိုး မဟုတ်ဘူးလေ။ ကျောင်းရောက်တော့ ဘုန်းကြီးက 'ဒကာကြီး ရပ်ကွက်မနာအောင် ကူညီပါ' တဲ့။ ကျနော်လည်း ခပ်တုံးတုံးကောင်မှ မဟုတ်တာ။ ဘုန်းကြီးစကား မဆုံးခင် သေနတ်တွေ ပြေးမြင်တော့တာပဲ။ ဘာပြဿနာမှ နောက်ဆက်တွဲ မဖြစ်အောင် သူ့တာဝန်ယူပါတယ် တဲ့။ စစ်တပ်က တပ်ရင်းမှူးကိုယ်တိုင်ကလည်း စံရိပ်ငြိမ်မှာ တက်ပစ်တဲ့သူတွေကို ဘာမှ အရေးမယူပါဘူးလို့ ကတိပြုပါသတဲ့ဗျာ။

ဒါနဲ့ ကျနော်လည်း 'အရှင်ဘုရား သေနတ်တွေက တပည့်တော် သိမ်းထားတာ မဟုတ်ဘူးလေ။ တက်ပစ်တုန်းက တပည့်တော်က မြို့ထဲမှာရောက်နေတာ' ပေါ့။ ငါးဖယ်တိုးလေးနဲ့ ရှောင်ကြည့်တာပေါ့ဗျာ၊ မရဘူးဗျ။ ဒကာကြီးရာ။ ဒီလူတွေ ဒကာကြီးပြောရင် နားထောင်မဲ့သူတွေဆိုတာ ဘုန်းကြီး သိပါတယ်တဲ့။ သေနတ်တွေပြန်အပ်ဖို့ နားချပေးပါ တဲ့။ ဇွတ်တွန်းနေပြန်ရောဗျာ။

နောက်ဆုံးတော့ ကျနော်လည်း ဒီသေနတ်တွေ ဆက်ရှိနေရင်၊ သေချာအသုံးမပြုတတ်ရင် ကောင်းကျိုးထက် ဆိုးကျိုးသာများမယ်လို့ တွေးမိတာနဲ့ ကဲ အရှင်ဘုရား နောက်ဆက်တွဲ ပြဿနာ အတွက် တာဝန်ယူတယ်ဆိုတာသာ သေချာပါစေ။ တပည့်တော် ဘယ်လိုလုပ်ပေးရမယ်ဆိုတာသာ အမိန့်ရှိပါလည်းဆိုရော ဒကာကြီး ကောင်းသလို သင့်တော်သလို လုပ်ပါ။ သေနတ်တွေ ပြန်ရရင်ပြီးပါတယ် တဲ့။ ကြည့် ဒီခေါင်းပေါ် တည့်တည့်ပြန်ကျတာပါပဲဗျာ။

ဒါနဲ့ မထူးပါဘူးလေဆိုပြီး အရှင်ဘုရား နှစ်ရက်သုံးရက် စောင့်ပါ။ ဘယ်နေရာမှာ ဘယ်အချိန် လာယူရမယ်ဆိုတာ တပည့်တော် လာထပ်လျှောက်ပါ့မယ်ဆိုပြီး ကိုလှရွှေတို့ကို နားချရတော့တာပေါ့။ မငြင်းကြပါဘူးဗျာ။ ဆရာ တာဝန်ယူရင် ပြီးရောတဲ့။ လာပြန်တာပဲ ခေါင်းပေါ် ကို။ ကဲ ဒါဆို ခင်ဗျားတို့ သေနတ်တွေ သိမ်းထားတဲ့ရဲဘော်တွေကို အချင်းချင်းသံချောင်းသာ ခေါက်လိုက်ပေတော့။ ညဆယ့်နှစ်နာရီမှာ ဘယ်ကင်းတဲကို ဘယ်သေနတ်လာပို့မယ်ဆိုတာသာ ပြောပေတော့လို့ ဇယားဆွဲ လိုက်ရတော့တာပေါ့။

နောက်တနေ့ည ကိုလှရွှေနဲ့ ပြန်ဆုံတော့ ဆယ့်နှစ်လမ်းထိပ်က မူဆလင်ဗလီရှေ့ တည့်တည့်မှာဗျ။ သူ့ နေဝင်းစတင်းကို ပုဆိုးဟောင်းတထည်နဲ့ ထုပ်ထားတယ်။ ဘာမှတောင်မပြောရ သေးဘူး၊ ရော့ ဆရာ၊ ဆရာ့ဖာသာ ကြည့်ရှင်းပေတော့တဲ့။ ကောင်းရော။

ကျနော်လည်း ပုဆိုးကိုဖြေပြီး နေဝင်းစတင်းလေးကို ကြည့်မိတယ်။ နောက်ဘက်ကဒင်ဟာ ကွင်းလေးနဲ့ပေါ့ဗျာ။ အားလုံးသံချည်းပဲလေ။ စစ်သားမဟုတ်တော့ သေနတ်ကို ကြံ့တုန်း ရင်းနှီးအောင် လုပ်ထားမှုလို့ မအပ်ခင် စပ်စုနေတာ။ ဟော့လူ ကိုလှရွှေ ကျည်ဆံတွေကိုရော ဆိုတော့ ကုန်ပြီဆရာတဲ့၊ ကျည်ဆံမကုန်ရင် ဆရာ့ကို သေနတ်ပြန်အပ်ချင်မှပြန်အပ်ဖြစ်မှာတဲ့။

သိပ်ကြာကြာ ကိုင်မထားလိုက်ပါဘူးဗျာ။ ကိုလှရွှေ လာပေးတော့ ညဆယ်နာရီ။ ကျနော် ဆယ့်တလမ်းထိပ် ရေမြောင်းနားက မီးကင်းတဲကို သွားတင်ထားလိုက်တော့ ညဆယ့်နှစ်နာရီ။ နောက် ကျနော့်ညီအငယ်ဆုံးကို ဘုန်းကြီးကျောင်းလွှတ်ပြီး သေနတ်တလက် သွားသိမ်းလို့ရပြီလို့ သတင်းပို့ လိုက်တော့တာပဲဗျာ။

လက်လွှတ်စပါယ်တော့ ဘယ်ထားခဲ့မလဲဗျ။ အဲဒီ မီးကင်းတဲကို ကျနော့် အိမ်ရှေ့က လှမ်းမြင် နေရတယ်။ ကျနော် လှမ်းလှမ်းကြည့်နေတာပေါ့။ ဘယ်လိုသတင်းဆက်ပို့သလဲတော့ ကျနော်မသိဘူး။ ညသန်းခေါင်ကျော်၊ နှစ်နာရီလောက်မှာ စစ်ကားတစီး ခပ်ဖြည်းဖြည်းမောင်းလာတယ်။ နောက်တော့ မီးကင်းနားမှာ ခဏထိုးရပ်ပြီး သေနတ်ကို လာသိမ်းသွားလေရဲ့ဗျာ။

ကျန်တဲ့သေနတ်တွေလည်း ထိုနည်းလည်းကောင်းပေါ့ဗျာ။ နေ့ရက်၊ အချိန်၊ နေရာတော့ ကွာတာပေါ့။ ပြန်အပ်၊ ပြန်သိမ်းတဲ့နည်းကတော့ အတူတူပါပဲ။

ကျနော် စိတ်ချနေတယ်လို့ ခင်ဗျားထင်လို့လား။ ကျနော် ဒီလောက် မအဘူးဗျ။ နောက် နှစ်ရက်လောက်နေတော့ ကျနော် အုန်းမြင့်ကို ခေါ် လိုက်တယ်။ မင်းဘယ်လို သဘောရသလဲလို့ မေးတယ်။ သူက ဆရာ့သဘောပဲလေတဲ့။ ဒါနဲ့ ကိုလှရွှေကိုပါ ထပ်ခေါ်ပြီး တနေရာရာကို ရှောင်နေဖို့ အကြံပေးတယ်။ သူလည်း အစပိုင်းမှာ ကျနော့်သဘောလို့ဆိုပေမယ့် ကျနော်နဲ့သူက ငြိထားဘူး တာလည်းရှိ၊ သူ့မိန်းမ မစန္ဒာကလည်း ဘာမှမဖြစ်လောက်ပါဘူး ပြောတာကို နားဝင်နေတော့ နောက်ပိုင်း ကျနော်ဆွဲတဲ့ ဇယားထဲမှာ မပါတော့ဘူး။

ကျနော် စိတ်မအေးတာ အကြောင်းရှိတယ်ဗျ။ တရက် ရှမ်းစုလမ်းထိပ်က ကျနော့်ရုံးခန်းကို နယ်ထိန်းရဲ တပ်ကြပ်ထွန်းထွန်း ရောက်လာပြီး ဆရာ့တပည့်ထဲမှာ အုန်းမြင့်ဆိုတာ ရှိသလား။ စစ်တပ်က ထွက်လာတာလေတဲ့။ အမှန်က အုန်းမြင့်က နောက်ခန်းထဲမှာ အိပ်နေတာ။ ကျနော် ချက်ချင်း ပြန်ဖြေလိုက်ရတယ်။ အုန်းမြင့်တော့ခိုသွားတာ တလတောင် ကျော်ပြီလို့။

ဒါနဲ့ အုန်းမြင့်ကို လမ်းစားရိတ်ထုတ်ပေးပြီး ရောဝတီတိုင်းဘက်ကို ရှောင်ခိုင်းလိုက်တယ်။ သူသွားမဲ့နေရာကို ကျနော့်ကိုတောင် မပြောနဲ့လို့ ပြောရတယ်။ မင်းလိုတာရှိရင်သာ ငါ့ကို လှမ်းဆက် လို့၊ ဟုတ်တယ်လေ၊ ကျဉ်းထဲကျပ်ထဲမှာ မပြောမဖြစ်ရင် သိမနေတာအကောင်းဆုံးလို့ ကျနော်ထင်လို့။

အုန်းမြင့်ရှောင်သွားလို့ ဆယ်ရက်မပြည့်ခင် ကိုလှရွှေတို့ကို ဆွဲတော့တာပဲ။ ဖမ်းမိတာ ခုနှစ်ယောက် တဲ့။ နောက်ပိုင်း ကိုလှရွှေတို့ကို ရုံးထုတ်တော့ ဘားလမ်းမှာ တကြိမ်သွားတွေ့သေးတယ်။ ဆိုင်မဆိုင်တော့ တိတိကျကျ ပြောဖို့ခက်တယ်ဗျာ။ အရေးအခင်းအပြီးနောက်ပိုင်း ဇေယျသိဒ္ဓိ ဘုန်းကြီး ကျောင်းဟာ တိုက်ကျောင်းဖြစ်ပြီး ဘုန်းကြီးလာတာပဲဗျ။ အေးလေ အရင်က သစ်သားကျောင်း။ ကျနော်တောင် ကြမ်းခင်းလျှာထိုးပျဉ်တွေ လှူဖူးသေးတယ်။ ဒီအကြောင်းက မပြောတာ ပိုကောင်းပါ လိမ့်မယ်။ ကျနော့်အတွက်တော့ ကျနော့်ရဲဘော်တွေကို ကတိအတိုင်းတည်အောင် မထာက်နိုင်ခဲ့ဘူး လို့သာ ပြောပါရစေ။

မကြာပါဘူးဗျာ။ ကျနော့်ကိုဖမ်းတဲ့နေ့ ရောက်လာတာပါပဲ။ မှတ်မှတ်ရရ ၁၉၈၉ ခုနှစ် မတ်လ (၂၄) ရက်နေ့ပဲဗျာ။ ဘာလို့ မှတ်မိလဲ၊ ဟုတ်လား။ ကျနော့်ကိုမိပြီး ထောက်လှမ်းရေးအကျဉ်းမှာ ချုပ်ထားတာ နှစ်ရက်ကြာတော့ တော်လှန်ရေးနေ့လေ။ အခုတော့ တပ်မတော်နေ့ ဆိုလားဗျာ။

အဖမ်းခံရမယ့်နေ့က နည်းနည်းတော့ ထူးခြားနေတယ်ဆိုတာ မနက်ကိုးနာရီလောက်ကတည်းက သိနေတာ။ ဒီလိုလေ၊ မနက်ရှစ်နာရီလောက်မှာ မောင်မောင်မြင့် ကျနော့်ရုံး ရောက်လာတယ်။

သူနဲ့ လုပ်ရှားဘက် သောကြာဆိုတဲ့မောင်ကို ဖုန်းဆက်လို့ မရဘူးတဲ့။ တခုခုတော့ဖြစ်ပြီထင်တယ်တဲ့။ သောကြာဆိုတာက ကျနော်နဲ့အမှုတွဲပဲ။ သူ့ကို ထောက်လှမ်းရေးတိုက်ထဲမှာ အသံသာကြားဖူးတာ။ လူချင်း ဒီနေ့အထိ မမြင်ဖူးဘူး။

မောင်မောင်မြင့်က သောကြာကို ဆက်မရဘူး ပြောတော့မှ ကျနော် ကိုရန်ဝင်းကို သတိရမိတော့တယ်ဗျာ။ ဖုန်းဆက်ကြည့်တယ်။ ကိုရန်ဝင်းတပည့် ဖုန်းကိုင်တယ်။ သူ့အသံက တုန်တုန်ရီရီနဲ့ မရှိဘူး၊ မသိဘူးချည်း လုပ်နေတယ်။

ဒါနဲ့ စိတ်ထဲမှာ ပိုရှုပ်သွားအောင် သူလေဘုရားနားက ကိုရန်ဝင်း အလုပ်ဆိုင်ထဲကို လိုက်သွားလိုက်တယ်။ အခု Sofitel Hotel တပိုင်းတစ ဆောက်ထားတဲ့နေရာလေ။ ဟိုတယ်ခရီးသွားရုံးနဲ့ မဝေးလှဘူး။ ခင်ဗျားမှတ်မိအောင် ပြောရရင် အဲဒီကွက်လပ်ကြီးက ဘတ်စ်ကားမှတ်တိုင်နဲ့ နီးတယ်။ ဘတ်စ်ကားစောင့်တဲ့ ယောကျ်ားတွေ အပေါ့သွားလို့ရတဲ့ ကွက်လပ်ကြီး။ နောက် အာဏာသိမ်းပြီး နောက်တနေ့ စစ်တပ်က ရက်ရက်စက်စက်ပစ်တာ အဲဒီနေရာပဲဗျာ။

ကိုရန်ဝင်း လုပ်ငန်းခွင်ရုံးထဲကိုရောက်တော့ သူ့တပည့်တချို့ မျက်စေ့မျက်နှာပျက်နေတာ တွေ့တယ်။ ဘာမှ မေးလို့မရဘူး။ တခါတခါ ကြိုသိနေတာ မကောင်းဘူးဗျ။ ထောက်လှမ်းရေးက ဖမ်းတော့မယ်ဆိုတာ ကျနော် ကြိုသိနေပြီ။ အဖမ်းခံရတာက ငါးနာရီခွဲ၊ သိနေတာက နေ့လည်နှစ်နာရီ တော်တော်ခံစားရခက်တဲ့ ဝေဒနာဗျာ။ ကျနော်က မတုန်လှုပ်ပါဘူးလို့ လိမ်မပြောချင်ဘူး။ ကျနော်လည်း သွေးနဲ့သားနဲ့ကိုယ် ကြောက်တာပဲ။ ဒါပေမယ့် လုပ်သင့်လုပ်ထိုက်တာကို ကျနော်လုပ်ဖို့ မမေ့ဘူးဗျ။

ကျနော်နဲ့ မောင်မောင်မြင့် လှိုင်ရှမ်းစုရုံးကို ပြန်ရောက်တော့ ညနေသုံးနာရီထိုးနေပြီ။ ကျနော် သူ့ကို သေချာပြောတယ်။ မောင်မောင်မြင့် မင်းရှောင်နေချင်ရင် အချိန်ရတယ်။ ငါတော့ ဒီအချိန်မှ မရှောင်တော့ဘူး။ ဒီတော့ မင်းရှောင်နေမလား၊ အဖမ်းခံမလား၊ မင်းဖာသာ ဆုံးဖြတ်၊ အချိန်သိပ်မရှိဘူး လို့။

မောင်မောင်မြင့်က ကလေးဗျ။ အသက်က ကျနော့်ထက် ငါးနှစ်လောက်ငယ်တယ်။ ရေဒီယို သတင်းတွေ နားထောင်ပြီး စကားကြီး စကားကျယ်တွေသာ ပြောနေတာ၊ တကယ့် မိုးထဲရေထဲကျတော့ အင်းမလှုပ်အဲမလှုပ်၊ ဒူးကြောင်ကျားနေတယ်လေ။ ကျနော့်ဘက်ကတော့ ဝတ္တရားကုန်ပြီလေ။ သူကိုယ်တိုင် ဆုံးဖြတ်ဖို့သာ လိုတော့တယ်ဆိုပြီး ရုံးခန်းထဲမှာ ငုတ်တုတ်သွားထိုင်နေလိုက်တယ်။ အရက်လား၊ တကယ်ဗျာ၊ အဲဒီနေ့က အရက်သောက်ချင်စိတ် ကုန်နေတယ်။ နောက်တခုက ဒီအချိန်မျိုးမှာ အရက်ပါလာရင် ပိုရှုပ် ပိုဆိုးကုန်မှာကိုလည်း သိနေလို့ဗျ။

မောင်မောင်မြင့်လား ကျနော့်ရုံးဘေးက ဝါးတပ်တွေပုံထားတဲ့ အပုံပေါ်မှာ ပက်လက်လှန် နေတယ်။ အကျီဖြူတ်ကြီးနဲ့လေ။ ရေချိုးမလို့ ပြင်နေထင်ပါရဲ့။

မကြာပါဘူးဗျာ၊ ညနေငါးနာရီခွဲ ဝန်းကျင်ပေါ့။ ကျနော့်ရုံးရှေ့ကို ပေါင်မုန့်ကားတစင်း ဝင်ချလာတယ်။ ပေါင်မုန့်ရောင်းတဲ့ကား မဟုတ်ပါဘူးဗျာ။ Town Ace တို့၊ Lite Ace တို့လို ဗင်ကားမျိုးကို ပြောတာပါ။ အဲဒီကားကို ကျနော့်ခြံတံခါးကိုကျော်ပြီး ကျနော်မြင်နေရတယ်။ ကျနော့်ရုံးခန်းက လမ်းမကြီးပေါ်မှာ မဟုတ်ဘူး။ လမ်းမကြီးကနေ အုတ်တံတိုင်း တခုကို ကွေ့ကျော်ပြီးမှ ရောက်တာ၊ ရုတ်တရက် လူတရှန်းရှန်းဖြစ်လောက်တဲ့ နေရာမဟုတ်ဘူးဗျ။ ကားပေါ်ကနေ အရပ်ဝတ်နဲ့

လူနှစ်ယောက်ဆင်းလာတယ်။ အသက်သုံးဆယ်ကျော် ဝန်းကျင်တွေ၊ ကားမောင်းတဲ့ ဒရိုင်ဘာကတော့ မဆင်းဘူး။

ကျနော်သိလိုက်ပါပြီ။ ဒီလူတွေဟာ ကျနော့်ကို လာပင့်တဲ့ ပုဂ္ဂိုလ်တွေဆိုတာကိုပေါ့။ ကျနော် ကြောက်စိတ် နည်းသွားပြီဗျ။ မလာခင် ကြောက်ပြီးပြီလေ။ တော်ရောပေါ့။ လုပ်စရာရှိတာ ရှင်းစရာရှိတာ ရှင်းရုံပဲ။ ကျနော် ရုံးရှေ့ကို ဆင်းချသွားလိုက်တယ်။ နောက် ခြံတံခါးနားကို လျှောက်အသွားမှာ စေ့ရုံစေ့ထားတဲ့ ခြံတံခါးကို တွန်းဖွင့်ပြီး လူနှစ်ယောက် ဝင်လာတယ်။

အဲဒီအထဲက တယောက်ဟာ ကျနော်နဲ့ အရမ်းကပ်နေတယ်။ နောက်တယောက်က ခပ်လှမ်းလှမ်းက။ ကျနော်နဲ့ကပ်နေတဲ့လူက ကျနော် တပ်မတော်ထောက်လှမ်းရေးကပါတဲ့။ ပြောနေရင်း သူ့အိတ်ကပ်ထဲကို လက်နှိုက်ပြီး မှတ်ပုံတင်ကဒ်တခုကို တဝက်ကျော်ကျော် ထုတ်ပြတယ်။ ကျနော် မှတ်မိတာတော့ အဲဒီမှတ်ပုံတင်ကဒ်မှာ ဓာတ်ပုံတပုံနဲ့ အနီရောင် ကြက်ခြေခတ် ခပ်ကြီးကြီးတခု ကန့်လန့်ဖြတ် ခတ်ထားတယ်ဆိုတာပဲ။ နောက် သူ့ကဒ်ကို ပြန်ထည့်လိုက်ရင်း ကိုသက်ခိုင်ဆိုတာ ခင်ဗျားလားတဲ့။

သက်ခိုင် ရှေ့တည့်တည့်ရပ်ပြီး သက်ခိုင်လားဆိုတော့ ဟုတ်ပါတယ်၊ ကျနော်သက်ခိုင်ပါ ပေါ့ဗျာ။ ဘာလဲ ခင်ဗျားကြည့်ပုံက သူတို့လုပ်သမျှ ခံရလေသတည်းလို့ ထင်လို့လား။ ဟား ဟား သက်ခိုင်ဗျ။ သူတို့တွေးနေတာက တခြား၊ ကျနော်ကြံနေတာက တခြား၊ သက်ခိုင် သူများနဲ့မတူဘူးဆိုတာ ဒီမောင်တွေ နောက်သုံးရက်ကြာတော့မှ သိသွားတယ်။

ရယ်စရာလို့ သဘောထားပါဗျာ။ ကြွားတာမဟုတ်ရပါဘူး။ ဒီမောင်တွေ ကျနော့်ကို သက်ခိုင်လား မေးနေမှတော့ သက်ခိုင်ဆိုတာဘယ်သူလဲ သူတို့ ကြိုမသိတာ ထင်ရှားနေတာပေါ့။

အော် ခင်ဗျားကလဲ၊ မျက်လုံးပြူးကြီးနဲ့ ကြည့်နေပြန်ပါပြီ။ အမှန်က ကျနော်ဟာ ကျနော့်ဘေးမှာ ကပ်ရပ်နေတဲ့ မောင်မောင်မြင့်ကို အတူတူ အဖမ်းမခံရအောင် အကြံကြီး ကြံနေတာဗျ။

■

# အပိုင်း (၃)

## သက်နိုင်၏ စီးချင်းထိုးပွဲများ

## အခန်း (၅၁)

# လူကြီးမင်းကိုယ်တိုင် မပျက်မကွက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်

ကိုသက်ခိုင်ကို ကျနော်တို့မေးစရာရှိလို့ ခဏလိုက်ခဲ့ပါတဲ့။ သိတဲ့အတိုင်းပေါ့ဗျာ၊ ကျနော့်ကို သူတို့ ဖမ်းလိုက်ကြပါပြီ။

ကျနော် စိတ်ကိုလျှော့ထားလိုက်ပါတယ်။ မောင်မောင်မြင့်ကတော့ ကျနော့်ဘေးက လိုက်ခဲ့ပါ မြန်မာဆိုပြီး ခေါ် နေတဲ့မောင်ရဲ့ ဓားလွယ်ခုတ်မှာ၊ အကျီချွတ်ကြီးနဲ့ ပုဆိုးကို မိန်းမတွေ ထမိန်ရင်လျား ထားသလို ပုံစံနဲ့၊ ပါးစပ်လေး ဟ လို့။ ကျနော်လည်း ခေါင်းငြိမ့်လိုက်ရော၊ သူက ကိုမောင်မောင်မြင့်ကို သိလားတဲ့။ ဒီလူ ထောက်လှမ်းရေးသာလုပ်နေတာ တော်တော်ညံ့တာပဲလို့ စိတ်ထဲမှာ တွေးလိုက်မိ တယ်။ ကျနော်က ခပ်အေးအေးလေသံနဲ့ သိတယ်လို့လည်း ဖြေလိုက်တော့ သူဘယ်မှာ နေသလဲတဲ့။

ကျနော်က တကယ့်ကို တည်ငြိမ်အေးဆေးတဲ့ လေသံနဲ့ 'မောင်မောင်မြင့်နဲ့ကျနော် တနေ့လုံး အတူရှိနေတာဗျ။ မနက်ရှစ်နာရီလောက်က ကျနော့်ရုံးကိုလာတယ်၊ တနေ့လုံးနီးပါးနေပြီး ညနေ ငါးနာရီလောက်ကမှ သူ့အိမ်ပြန်သွားတာ' လို့ ပြောင်လိမ်လိုက်ရောဗျာ၊ လူလည်ပါဆို။ မောင်မောင်မြင့် အကြောင်းပြန်ဖြေတော့ မောင်မောင်မြင့်ဘက် ဘယ်လှည့်ကြည့်မလဲ။ ကျနော်လှိမ့်လုံးက ထောက်လှမ်း ရေးကိုယ်တော်ရဲ့ ဂိုးပေါက်ထဲကို တန်းဝင်သွားတော့တာပဲဗျာ။

ကိုမောင်မောင်မြင့်အိမ်ကို လိုက်ပြပေးပါတဲ့။ သူက ခပ်လောလော ကျနော်လက်မောင်းကို ကိုင်ပြီး ကားပေါ် တက်ဖို့ လက်ဟန်ပြလိုက်တယ်။ ကျနော်ပေါင်မုန့်ကားထဲ ဝင်ထိုင်လိုက်တယ်။ ထိုင်လို့ တောင် နေရာမကျသေးဘူး။ ကျနော့်ဘေးမှာ ဝင်ထိုင်တဲ့တယောက်သောမောင်က စိတ်တော့မရှိပါနဲ့ ဗျာ၊ ဒါလေး စွပ်လိုက်ပါတဲ့။

အေးပေါ့ဗျာ နက်ပြာရောင်ခေါင်းစွပ်ပေါ့။ အနက်ရောင်မဟုတ်ဘူး၊ နက်ပြာရောင်။ ဝင်ပိတ်စခပ်ထူထူနဲ့ချုပ်ထားတာ။ ဘယ်ချောင်ကနေ လာကာနီး ဝင်ဆွဲလာသလဲတော့ မသိဘူးဗျာ။ ခေါင်းစွပ်က ခပ်ညစ်ညစ်နဲ့၊ အောက်သိုးသိုး မှိုစော်တောင် နံနေပြီဗျာ။ ဘယ်တတ်နိုင်မလဲ။ စွပ်ဆိုစွပ်ရုံ ပေါ့။ စွပ်ပြီးတော့လည်း မပြီးဘူးဗျာ။ ကျနော် သေချာထိုင်လိုက်တော့မှ ကျနော့်အရပ်ကြီးနဲ့ ထိုင်နေတာ

ကားအပြင်ကို ထင်းထင်းကြီး မြင်နေရတယ်။ ဒီတော့ ခင်ဗျား ခေါင်းငုံ့ထားတဲ့။ ငုံ့တယ်။ မရဘူးဗျာ။ ဘေးမှန်အောက်ကို မရောက်ဘူး။ ဒါနဲ့ သူက ကိုသက်ခိုင် လှဲပြီးတော့သာ အိပ်နေပါဗျာ တဲ့။ လှဲတယ်ဗျာ။ အိပ်တယ်ဗျာ။ ကားမောင်းထွက်တော့ ကျနော်လည်း ကောက်ကောက်ကွေးကွေးပုံစံနဲ့ လှဲလျက်ပါသွားပါတော့တယ်။ မောင်မောင်မြင့်ကတော့ ဘယ်လိုပုံနဲ့ ကျန်နေခဲ့လေသလဲ မသိတော့ဘူး။ ကျနော့်ဝတ္ထုရားတော့ ကုန်လောက်ပြီ ထင်ပါတယ်။

မောင်မောင်မြင့်အိမ်ကို ဘယ်လိုမောင်းရမယ်ဆိုတာ လှဲနေရင်း လမ်းညွှန်လိုက်တာ ရောက်သွားရော ဆိုပါတော့။ မောင်မောင်မြင့်အိမ်ကိုရောက်တော့ သူတို့ကောင်စီလူကြီးကို ရှာသေးတယ်။ ကောင်စီလူကြီးတွေရော ထောက်လှမ်းရေး နှစ်ယောက်ပါ မောင်မောင်မြင့် အိမ်အတွင်းထဲကို နေရာအနှံ့ဝင်ပြီး ပိုက်စိတ်တိုက်နေတာကို အသံတွေ ကြားနေရတယ်ဗျို့။ မောင်မောင်မြင့်အမေရဲ့ အသံတောင် ကြားရသေး။ ဘာတဲ့ ကိုသက်ခိုင်ရုံးဘက်ကို မနက်ရှစ်နာရီလောက်ကတည်းက ထွက်သွားတာ ခုထိ ပြန်မလာသေးဘူးတဲ့။

မောင်မောင်မြင့်ရှေ့က ထွက်လာပြီး မောင်မောင်မြင့်ကို လာရှာနေတာ ဘယ်တွေ့မလဲဗျ။ နာရီဝက်သာသာလောက် အိမ်ထဲမွှေပြီး မကျေမချမ်းအသံတွေနဲ့ ပြန်ထွက်လာကြတယ်။ ကျနော်လည်း ကားထဲမှာ လှဲနေရင်း ရယ်ချင်စိတ် ပေါက်နေတယ်။

ထုံးစံအတိုင်းပေါ့ဗျာ။ ထောက်လှမ်းရေးက ဖမ်းခေါ်လာတယ်ဆိုတော့ လမ်းကို ဖြောင့်ဖြောင့်တန်းတန်း မမောင်းပဲ၊ ဟိုကွေ့ ဒီကွေ့ မောင်းနေတာပေါ့။ သူတို့အချင်းချင်း တိုးတိုးတိုးတိုး လုပ်နေတာ ကျနော် ရိပ်မိနေတယ်လေ။

ကျနော်လည်း မထူးတော့ပါဘူးဆိုပြီး အသက်လေးမှန်မှန်ရှူပြီး မျက်လုံးမှိတ်နေလိုက်တာ အိပ်ပျော်သွားသဗျာ။ အချိန် ဘယ်လောက်ကြာသလဲတော့ မသိဘူး။ ဟေ့လူ ကိုသက်ခိုင် ထတော့တဲ့၊ ခင်ဗျားဗျာ၊ ဒါအိပ်ပျော်နေရမယ့် အချိန်လားဗျ တဲ့။ ကျနော်လည်း လူးလဲထပြီး ကားပြင်လည်း ထွက်လိုက်ရော တယောက်သောမောင်က ကျနော့်လက်တဖက်ကို တွဲပြီး အဆောက်အဦတခုထဲကို ခေါ်သွားသဗျာ။ မျက်စေ့ကတော့ မမြင်ရဘူးလေ။ ဒါပေမယ့် အောက်က သမံတလင်းကို ခြေထောက်က သတိပြုမိတယ်၊ နောက်ပြီး အဆောက်အဦ အတွင်းအပြင် အလင်းအမှောင် ခြားနားချက်ရှိတော့ သိနေတယ်လေ။

အဆောက်အဦးထဲမှာ ဟိုကွေ့ဒီကွေ့ သုံးလေးကွေ့လည်းပြီးရော အခန်းတခုထဲကို ရောက်လာရော။ နောက် ကျနော့်ခေါင်းကအစွပ်ကို ဖြုတ်ပေးလိုက်တယ်။ ဟာ တခန်းလုံး မှောင်အတိ ဖုံးနေပါရောလားဗျာ။ ဟုတ်တယ်ဗျ။ သူတို့ ကျနော့်ကို အမှောင်ခန်းတခုထဲမှာ ထားခဲ့ပြီး ထွက်သွားကြပြီ။ တကယ့်အမှောင်ခန်းဗျာ။ အလင်းရောင် တစက်မှမဝင်နိုင်တဲ့အပြင် နံရံကိုတောင် ဆေးအမည်းတွေ သုတ်ပြီး မည်းမှောင်နေအောင် လုပ်ထားတာဗျ။ ဘာကြောင့် ဖမ်းလာတဲ့လူတယောက်ကို အမှောင်ခန်းထဲ စထည့်ရတယ်ဆိုတာတော့ မသိဘူးလေ။

ကျနော် အမှောင်ခန်းထဲလည်းရောက်ရော၊ အမှောင်ထဲမှာ တောင်စမ်းမြောက်စမ်းလုပ်ရင်း အခန်း ဘယ်လောက်ကျယ်သလဲ၊ ဘာစက်တွေများ တပ်ထားသလဲ လျှောက်စပ်စုတယ်။ အခန်းက ၁၅ ပေ၊ ၈ ပေ လောက်ရှိမယ်၊ အမြင့် ၉ ပေလောက်ရှိတယ်။ အရမ်းမှောင်နေတယ် ဆိုပေမဲ့ နည်းနည်းကြာလာတော့ ခပ်ရေးရေးမြင်နိုင်တာတွေ ရှိတယ်လေ။ ဝင်လာတဲ့ တံခါးပေါက်နဲ့တည့်တည့် အခန်းအဆုံး နံရံအထက် ၈ ပေလောက်အမြင့်မှာ စပီကာသေးသေးတလုံးလိုဟာမျိုးကို တွေ့နေရတယ်။ ခင်ဗျားက ရှုပ်တယ်ပြောလည်း ခံရုံပဲဗျာ။ ကျနော် သတိပြန်ဝင်လာတော့ ရင်ထဲမှာ ဒိတ်ကနဲ ဖြစ်သွားတယ်။ ထိတ်ရမှာပေါ့ဗျာ။ ကျနော့်အိတ်ကပ်ထဲမှာ ဒေါ်လာတသန်း တန်တယ်ဆိုလား။

(၁၈၀၄)ခုနှစ်က အမေရိကန်မှာထုတ်တဲ့ ရှေးဟောင်း ငွေဒင်္ဂါးတပြား ပါလာတာကို အခုမှ သတိရတော့တယ်ဗျာ။

ဒုက္ခတော့ရောက်ကြပြီ ထင်ပါရဲ့။

ဒီလိုဗျ။ ကျနော့်မှာ ငယ်ဆရာတယောက် နာမည်က ဦးမြမောင်တဲ့၊ ကျနော် အလယ်တန်းကျောင်းသားဘဝက စာသင်ခဲ့တာ။ နှစ်တွေအများကြီး ကွဲနေပြီးတော့ လွန်ခဲ့တဲ့ တနှစ်ကျော်လောက်ကမှ အဆက်အသွယ်ပြန်ရတာ။

သူက အင်းသားဗျ။ အင်းသားဆိုတာ ညောင်ရွှေဘက်က အင်းလေးမှာ မွေးတာလို့ပြောတာဗျ။ သူက ကျောင်းဆရာအလုပ်က ထွက်ပြီး ကျောင်းသုံးစာအုပ်တွေ ထုတ်နေတာ။ သူတို့အင်းလေးမှာ ရှေးဟောင်းပစ္စည်းတွေ တော်တော်များများ ရှိတယ်ဆိုပဲ။ တနေ့ ကျနော့်ရုံးခန်း ရောက်လာပြီး ရှေးဟောင်းဒင်္ဂါးတပြား ထုတ်ပြတယ်။ ထုတ်တဲ့ခုနှစ်က (၁၈၀၄)ခုနှစ်။ တဘက်မှာ အမျိုးသမီးတယောက်ရဲ့ ဦးခေါင်း၊ နောက်တဘက်မှာ လင်းယုန်ငှက်တကောင်က မြှားတွေကို ခြေသည်းမှာဆုပ်ထားပြီး သံလွင်ခက်တွေ ရုံထားတဲ့ပုံ၊ ဒင်္ဂါးတခုတည်း မြင်ရုံနဲ့တော့ အယ်လောက်တန်ပါတယ်ဆိုတာ ယုံပါ့မလားဗျာ။ ကျနော့်ဆရာက ဒင်္ဂါးရော၊ ဒင်္ဂါးတွေအကြောင်း အသေးစိတ်ဖော်ပြထားတဲ့ ကတ်တလောက် စာအုပ်တအုပ်ရော၊ နောက် အဲဒီ (၁၈၀၄)ခုနှစ် အမေရိကန်ဒင်္ဂါးရဲ့ နောက်ဆုံး လေလံပွဲအကြောင်း မှတ်တမ်းတင်ထားတဲ့ ဗွီဒီယိုအခွေတခုပါ ပါတာဗျ။

ကြားဖြတ်ပြောရရင် ကျနော်တောင် အင်းလေးဘက်ကို ဆရာနဲ့လိုက်သွားဖူးတယ်။ မှတ်မှတ်ရရကတော့ ဖောင်တော်ဦး ရောက်တော့လည်း သောက်ထားတာပဲ။ အင်းလေးရေပြင်ကျယ်ကြီးမှာ လှေတစီးနဲ့ ရှာနီးချုပ်စပ်တွေ လျှောက်လည်တော့လည်း သောက်ထားတာပဲ။ ကျနော်ရောက်သွားတာ အင်းလေး ဟဲယားရွာမဗျ။ ဆရာဦးမြမောင် ဇာတိလေ။

ခင်ဗျားကို ဗဟုသုတအနေနဲ့ ပြောရဦးမယ်။ အရက်သောက်ပြီး အင်းလေးရေပြင်လှေပေါ်မှာ အိပ်နေရင် ဖျားတတ်သတဲ့ဗျ။

ရေပေါ်မှာ ခရမ်းချဉ်သီးလို စိုက်ခင်းတင်မကဘူး၊ ဘောလုံးကန်တဲ့ကွင်းရော၊ ဘောလီဘောခိုက်တဲ့ကွင်းရော ရှိတယ်။ ဆရာ့အစ်မ အိမ်ကနေ အင်းလေးအရက်ဆိုင်သွားရင် ဘောလီဘောကွင်းကို ဖြတ်ဖြတ်သွားရလို့ တအံ့တဩနဲ့ မှတ်မိနေတာဗျ။ တအိမ်နဲ့တအိမ်၊ ခြံဝင်းတဝင်းနဲ့တဝင်း ဆက်ထားတာက ရေပေါ်မှာလုပ်ထားတဲ့ မြေလမ်းလေးတွေနဲ့ဗျာ။ နောက် သုံးဆယ့်ခြောက်ကောင်ဆိုတာလည်း ဗ်စုခဲ့သေးတယ်။ ကျနော် နားလည်သလောက်တော့ ဖွင့်မဲ့အကောင်ကို မနက်ပိုင်းမှာ အိတ်ထဲထည့်ပြီး အိမ်ခေါင်မှာ ဆွဲထားတာ။ နောက် ကဗျာလိုလို၊ တဘောင်လိုလို စာချိုးလေးနဲ့ အတိတ်စိမ်းပေးတယ်။ ဒါကို လူတွေက မှန်းဆပြီး ထိုးကြတာ။ သေချာတော့ သဘောမပေါက်ဘူး။ ကျနော် နားလည်သလောက်တော့ လူလိမ်တွေပါရင် ကစားလို့ကောင်းတဲ့ အလုပ်မဟုတ်ဘူး ထင်တာပဲ။

ဟုတ်တယ်လေ။ ထုပ်တန်းမှာ ဆွဲထားတာ အချိန်မရွေးချပြီး ပြင်လို့မရဘူးလား တွေးမိလို့။

နေဦးဗျ။ ကျနော်မူးမူးနဲ့ ဘီလူးချောင်းအတိုင်း ဆန်တက်သွားဘူးတယ်။ ခပ်တိမ်တိမ်၊ ခပ်ကျဉ်းကျဉ်း ချောင်းလေးပါဗျာ။ တချို့နေရာတွေဆို လှေအသေးစားတောင် မြေကြီးနဲ့ မလွတ်လို့ လှေကို လူက ဆင်းဆင်းတွန်းနေရသေးတယ်။ ချောင်းတဘက် တဘက်မှာ ခြံတွေချည်းပဲဗျာ။ ထိမ့်ခြံတွေ၊ ကျွဲကောခြံတွေ။ အပြန်တောင် ဆရာ့အသိ ကျွဲကောခြံတခြံထဲ ဝင်ပြီး ရွှေလိမ္မော်တပုလင်း ချခဲ့သေးတယ်။ ကြိုက်တယ်လေ။

ချောင်းအထက်ကို လေးနာရီခရီးလောက် တော်တော်ဝေးဝေး သွားလိုက်တော့ ဈေးရောင်းနေတဲ့ နေရာတခုကို ရောက်တယ်။ နာမည်တော့ မမှတ်မိဘူး၊ တော်တော်ခေါင်တဲ့ နေရာဗျ။ တောင်ရိုးပေါ်

မှာ နေတဲ့လူတွေ ဆင်းလာပြီးရောင်းကြ ဝယ်ကြတာ။

ထူးထူးဆန်းဆန်းဗျ။ အဲဒီဈေးနေ့မှာ ထမင်းရောင်းတာ ပီသသာချိန်နဲ့ တပိဿာ နှစ်ရာလောက်ရှိမယ်။ ထမင်းဝယ်ရင် ပဲဟင်းခပ်ညှိညှိ အလကားပေးတယ်ဗျာ။ ကျနော်က မိုးလင်း လှေပေါ်ရောက်ကတည်းက သောက်ထားတော့ ဗိုက်ထဲဟာတာတာရှိတာနဲ့ ပဲဟင်းနဲ့ ထမင်းကိုနယ်ပြီး တလုပ်လွေးလိုက်တာ ဟာ ခါးလိုက်တာဗျာ။ ဘယ်လိုကြောင့် ပဲဟင်းအခါးကြီးကို အများကြိုက်နေကြသလဲတော့ ကျနော်လည်း အခုထိ မသိဘူး။ ဆရာပြောတာတော့ အဲဒါ ရိုးရာအစားအစာဆိုပဲ။

နောက် ဈေးနဲ့မလှမ်းမကမ်း တောင်ကမူလေးပေါ်မှာ ဉာဏ်တော် ခပ်မြင့်မြင့် စေတီတော်တဆူရှိတယ်။ ဉာဏ်တော်က ပေတရာကျော်လောက်ကို ရှိနိုင်တယ်ဗျ။ ကျနော် လှေကားအတိုင်းတက်သွားသေးတယ်။ ဆရာပြောတော့ မင်းတုန်းမင်းကြီးကောင်းမှုတဲ့။ ဘယ်နှယ့် ဒီလောက်ချောင်ကျတဲ့နေရာမှာ ဒီလောက်ဘုရားအကြီးကြီး ဘယ်လိုလုပ် လာတည်ထားသလဲတောင် တွေးမိသေးဗျာ။ အမယ် ဘုရားရဲ့ပရဝုဏ်ကို ကာထားတဲ့တံတိုင်းမှာ ဗိုလ်မှူးကြီး သူရကျော်စွာ ကောင်းမှုတဲ့။ အေးလေ၊ အရေးအခင်းတုန်းက စစ်ကိုင်းမှာ ဆန္ဒပြတဲ့ပြည်သူတွေကို ရာနဲ့ချီပြီးသေအောင် ရက်ရက်စက်စက်ပစ်ခတ်ဖို့ အမိန့်ပေးခဲ့တဲ့ သူရကျော်စွာပေါ့။ ဟုတ်ပါတယ်၊ အဲဒီရက်စက်မှုကြောင့် (သဲကုန်း)သီတဂူဆရာတော် ဦးဉာဏိဿရက ရာဇဝါဒ ဆိုပြီး မင်းကျင့်တရားဆယ်ပါးအကြောင်း ဟောဖြစ်တာပေါ့။

အဲဒီ အင်းလေးဈေးထဲမှာ ဟင်းသီး ဟင်းရွက်ကနေ ရွှေထည်တွေအထိ ရောင်းတယ်လေ။ ဆိုင်ခန်းတော့ သီးခြားမရှိဘူး။ ပါလာတဲ့ မိုးကာဖျင်ကာစကို မြေကြီးပေါ် ချခင်းလိုက်ရင် ဆိုင်ဖြစ်ရော။ အင်ရွက်တွေနဲ့တော့ အမိုးမိုးထားတာပေါ့ဗျ။ ခင်ဗျားကလည်း ကပ်တီးကပ်ဖဲ့ အမိုးမရှိပဲတော့ ဘယ်နေမလဲ။ ကျနော်လိုက်လာတဲ့လှေက အဲဒီဈေးမှာ ရွှေထည်လာရောင်းတဲ့ ဆရာဦးမြမောင်ရဲ့တူ ပိုင်တဲ့လှေလေဗျာ။

အရေးထဲ ခင်ဗျားက ဒင်္ဂါးအကြောင်း စိတ်ရောက်နေပြန်ပါပြီ။ အဲဒီ ဒင်္ဂါးအကြောင်းကပြောရရင် အရှည်ကြီးဗျ။ အစစ်ဟုတ်မဟုတ် ခွဲတဲ့အချက်တွေတောင် နှစ်ဆယ်နီးပါးလောက်ရှိတယ်။ UNITED STATES OF AMERICA, IN GOD WE TRUST, ONE DOLLAR ဆိုတဲ့စာတန်းတွေက ဘယ်လို၊ ကြယ်တွေကဘယ်ပုံ။ အမျိုးသမီးခေါင်းက ဆံပင်ဒီဇိုင်းက အတုအစစ်ဘယ်လိုကွဲတယ်။ သံလွင်ခက်က တမျိုး၊ တော်တော့်ကို ရှုပ်ရှုပ်ထွေးထွေး၊ ခက်ခက်ခဲခဲ ခွဲရမယ့်အလုပ်ပါဗျာ။ အေးလေ ဒါကြောင့် ကျနော့်ဆီ ရောက်လာတာပေါ့။

တကယ်တမ်း စစ်မစစ်တော့ မသိဘူး။ ထိတ်ထိတ်ကြဲသူဌေးတွေ တယောက်နှစ်ယောက်ပြကြည့်တော့ သူတို့လည်း တော်တော် စိတ်ဝင်စားကြတယ်။ ကျနော်ကတော့ အမြေမှန်ထွက်အောင်ရှေးဟောင်းသုတေသနက ကျွမ်းကျင်သူတယောက်ယောက်နဲ့ ချိတ်ပြီး စစ်ဆေးဖို့လုပ်နေတုန်း အချိန်ပေါ့။ တခု အံ့ဩဖို့ကောင်းတာက အဲဒီဒင်္ဂါးပြားကို လက်ညှိုးနဲ့ လက်မကြားမှာထားပြီး ပါးစပ်နဲ့မှုတ်လိုက်၊ နောက် နားနားမှာကပ်ပြီး နားထောင်ရင် လိုဏ်သံကြားတယ်ဗျ။ တော်တော်ကို သိသာတာ။ ထောက်လှမ်းရေးက လာခေါ်တော့ ကျနော့်အိတ်ကပ်ထဲ ပါလာတာပဲဗျာ။ ဒီလိုပဲဗျ။ ကျနော့်အကျင့်ကတခြားလူတွေ သိပ်ဂရုစိုက်နေတာကို ကျနော်က သိပ်အလေးမထားတတ်ဘူး။ ကောင်းတဲ့ အကျင့်တော့မဟုတ်လောက်ဘူး။ အခု ကြည့်လေ။ ဒီလောက် တန်ဘိုးရှိပါတယ်ဆိုတဲ့ ပစ္စည်းက ကျနော့်အိတ်ကပ်ထဲကနေ ထောက်လှမ်းရေးက တွေ့သွားရင် ပြဿနာ ပို့ရှုပ်ပြီပေါ့။

ကံဆိုးရင် ကျနော့်ဆရာတောင် အဖော်ပါလာအုံးတော့မယ်။ အမှန်က ကျနော့်ကို ခေါ်လာတဲ့မောင်တွေက ဇတုံးတွေမို့ဗျ။ တကယ်လည်တဲ့ကောင်ဆို ကျနော့်ကို အမှောင်ခန်းထဲ မသွင်းခင် တကိုယ်လုံး ပိုက်စိတ်တိုက်ရမှာ။

ကျနော်လည်း ခေါင်းအေးအေးနဲ့ အကြံထုတ်လိုက်တယ်။ ရပြီ ကျနော်စီးလာတဲ့ ခြေညှပ်သားရေဖိနပ် မြမာလာအသစ်ကြီးရဲ့ အောက်ခံသားရေကို အစ မရရအောင်ရှာပြီး ခွာသာလေးခွာတယ်၊ အများကြီး ခွာလို့မရဘူးလေ။ ဒဂ်ီးတပြားစာ သာသာပေါ့။ ပြီးတော့ အဲဒီ အောက်ခံသားရေနဲ့ အပေါ်သားရေကြားကို ဒင်္ဂါးပြားကို ညှပ်နေအောင် သေချာထိုးထည့်လိုက်တယ်။ ကံကြီးပါပေ့ဗျာ။ ကျနော်လွတ်တဲ့အထိ အဲဒီဒင်္ဂါးပြားဟာ အပြင်ကို ပြန်ပါလာသဗျာ။

မောင်မောင်မြင့်ကို မျက်နှာပြောင်ပြောင်နဲ့ ပြောင်လိမ်ပြီး ချန်ထားခဲ့တဲ့ ကိစ္စလား။ ပထမနှစ်ရက် ကျနော်ကိုစစ်ဆေးနေတဲ့အထိ ဘာပြဿနာမှ မရှိပေမယ့် နောက်သုံးရက်မြောက်မှာ မောင်မောင်မြင့်ကို ဖမ်းမိတော့ ကျနော် ချောက်ကျတော့တာပဲ။

သုံးရက်မြောက်မနက်မှာ ကျနော့်ကိုတိုက်ပိတ်ထားတဲ့ အခန်းထဲကနေ အပေါက်ကျဉ်းကျဉ်းလေးထဲက ချောင်းကြည့်လိုက်တော့ ခေါင်းကိုနက်ပြာရောင်စွပ်ထားတဲ့ မောင်တယောက်ကိုတွေ့တာနဲ့ သေချာအောင် စပ်စုလိုက်တာဟာ အဲဒါ မောင်မောင်မြင့်ပါပဲဗျာ။ သေချာတာပေါ့။ ကျနော်တော့ ခေါင်းထဲမှာ ချာချာလည်သွားတော့တာပဲဗျို့။ ကျိုင်ကတော့ တက်ပြီဗျာ။ အေးလေ၊ မောင်မောင်မြင့်ကို ကျနော်ထားခဲ့တယ်။ နောက်မောင်မောင်မြင့်နဲ့ကျနော် လုပ်ခဲ့သမျှကိစ္စတွေကို ကျနော် အားလုံးမလိမ့်တပတ် လုပ်ထားတာလေ။

မကြာပါဘူးဗျာ။ မောင်မောင်မြင့်ကို သွားဆွဲတဲ့မောင်က ကျနော့်ကို ဆွဲခဲ့တဲ့မောင်ပဲဆိုတော့ ကျနော့်ကိုထည့်ထားတဲ့ အခန်းရှေ့ကို မောကြီးပမ်းကြီး ရောက်လာပြီး သံဇကာပေါက်သေးသေးလေးကနေ ကိုသက်ခိုင် မောင်မောင်မြင့်ကို ကျနော်တို့ မိလာပြီ။ ခင်ဗျား တော်တော့်ကိုလည်တဲ့လူပဲဗျာ။ ကျနော်တို့ကိုတောင် တပတ်ရိုက်တယ်။ တပ်မှူးသိရင်တော့ ကျနော် ဒုက္ခကောင်းကောင်းရောက်မယ့်အပေါက် တဲ့။ ခင်ဗျား သတိ ကြပ်ကြပ်ထားပါတဲ့၊ ကဲ။

■

## အခန်း (၅၂)

# မင်းလည်းယောကျ်ား၊ ငါလည်းယောကျ်ား

ကျနော့်ကို ဖမ်းလာပြီး ပထမနှစ်ရက်မှာ စစ်ပုံဆေးပုံလေးကို အသေးစိတ်ပြောပြမှ ပြည့်စုံပါလိမ့်မယ်ဗျာ။

အမှောင်ခန်းထဲကို ရောက်နေတုန်း ကျနော်လည်း ဒဂါးပြားကို ဖိနပ်အောက်ထိုးသွင်းပြီးရော ကိုယ်တော်နှစ်ယောက် ရောက်လာပြီး ကျနော့်ကို ပြန်ထုတ်သွားကြတယ်။ ခေါင်းစွပ်တော့ မစွပ်တော့ဘူးဗျာ။ အခန်းတခုထဲကိုရောက်တော့ ကုလားထိုင်တလုံးမှာ ထိုင်ခိုင်းတယ်။ ကျနော်တို့ ခေတ်က မင်္ဂလာဆောင်တွေမှာသုံးတဲ့ သစ်သားခေါက်ကုလားထိုင်မျိုးပါဗျာ။

အခန်းက စစ်ဖို့ဆေးဖို့ သီးသန့်လုပ်ထားတဲ့အခန်းဗျ။ ဘာမှ ရှုံးသုံးပစ္စည်းမရှိဘူး။ စားပွဲသေးသေးတလုံးနဲ့ ကုလားထိုင် သူတလုံး၊ ကိုယ်တလုံး။ သူ့ကုလားထိုင်က ကျနော့်လို မဟုတ်ဘူး။ လက်တန်းနဲ့ လက်တင်နဲ့။ ဘာမှတောင် မမေးရသေးဘူးဗျာ။ ဘယ်ကရောက်လာမှန်းမသိတဲ့ မောင်တကောင်က ကျနော့်ရှေ့ကစားပွဲကို လက်ဝါးနဲ့ ဝုန်းကနဲ ခပ်ပြင်းပြင်းရိုက်လိုက်တယ်။ ပြီးတော့ ပြောသေးတယ်၊ ကောင်းကောင်းမေးတာကို ကောင်းကောင်းဖြေတဲ့။

ရုတ်တရက်တော့ လန့်သွားတာအမှန်ပဲ။ နောက် ချက်ချင်းဒေါကန်သွားတယ်။ သက်ခိုင်ဗျာ၊ ခင်နဲ့ဒိတ်ဆိုတဲ့ လူမိုက်တွေကြားမှာ ကြီးလာတာ။ ဟိုဒင်းကို ဟိုဒင်းနဲ့ လာခြောက်သလိုဖြစ်နေလို့။ ကျနော့်ကို စစ်မယ့်မောင်က လုပ်သေးတယ်၊ အဲဒီလူက ခါးပတ်နက်တဲ့။ အေးပေါ့ဗျာ၊ ခါးပတ်နက်နဲ့ခြောက်တော့လည်း ဖြေလိုက်ရတာပေါ့။ ဖြေလိုက်တာမှ အရေးကြီးတဲ့ နေရာတွေမှာ ယောင်ဝါးနဲ့ အမှားကြီးပဲ။ ဒါလည်း ကျနော့်အကျင့်ဗျ။ ကျနော်က ခြိမ်းလားခြောက်လား၊ မင်းဘာလဲ၊ ငါဘာလဲ လုပ်တဲ့ကောင်တွေကို ဖြိုရမှ အရသာရှိတယ် ထင်တဲ့ကောင်။

ကျနော့်မျက်နှာရှေ့မှာ ခေတ်ပုံရိုက်တဲ့ အခန်းတွေထဲမှာသုံးတဲ့ အားကောင်းကောင်း မီးအလိုက်တလုံး ထိုးထားပြီး စ စစ်တော့တာပဲဗျို့။ ကျနော့်ကိုစစ်တဲ့ အဖွဲ့ခေါင်းဆောင်နာမည်က စိုးသန်းတဲ့။ တပ်ကြပ်ကြီး အဆင့်။ ကျနော့်ကို လာဖမ်းတဲ့ မောင်ပဲလေ။

နာမည် သက်ခိုင်၊ တခြားနာမည်ရှိသေးလား၊ အဖေနာမည်ပြော ဆိုတာတွေနဲ့ ညရှစ်နာရီလောက်က စလိုက်တာ မနက်ခြောက်နာရီ ထိုးရော။ အဲဒီတော့ ခဏအိပ်ဆိုပြီး စစ်တဲ့မောင်က ထွက် သွားတယ်။ နောက် ခြောက်နာရီခွဲတော့ နောက်တယောက် ရောက်လာတယ်။ ထတော့တဲ့။ မျက်နှာသစ်လိုက်တဲ့။ ဒန်ခွက်ခပ်ကြီးကြီးနဲ့ ရေတခွက် လာချပေးတယ်။ မျက်နှာတောင် သစ်မပြီးသေးဘူး။ ဗိုလ်မှူးကြီးစိန်မြအကြောင်း ဆက်ကြရအောင်တဲ့။ ဆက်လိုက်တာ ညနေ လေးနာရီထိုးပြန်ရော။ ထမင်းချိန်တော့ ထမင်းပန်းကန် လာလာချပြီး စားရင်းနဲ့ဖြေပါ လုပ်တယ်ဗျ။ ဘယ်စားနိုင်မလဲဗျာ။ စားချင်စိတ်လည်း မရှိဘူးဗျ။

သူတို့သာ လူလဲတာ ကျနော်က တယောက်တည်း ဒိုင်ခံ။ နောက်နေ့ လေးနာရီမှာ စစ်တာခဏရပ်ပြီး သူတို့ အပြင်ထွက်သွားတယ်။ ခဏတော့ အိပ်လိုက်ဦးမယ် လုပ်ကာရှိသေး၊ မရှင်းတာရှိလို့ ထပါဦး တဲ့။ ကျနော် သိလိုက်ပါပြီ။ ကျနော့်ကို တမင်ညှဉ်းနေတယ်ဆိုတာကိုပေါ့။ နောက်ညလည်း မအိပ်ရဘူးဗျာ။ မှတ်မှတ်ထင်ထင် ပြောရရင် စုစုပေါင်း မနားတမ်း နာရီငါးဆယ်ကျော်လောက်ရှိမယ်။ ကြာတော့မခံနိုင်ဘူးဗျ။ နေ့လား ညလား သိပ်မကွဲတော့ဘူး။ စိတ်ကလည်း မရှည်ချင်တော့ဘူး။

အေးလေ ကျနော် အိပ်ချင်စိတ်ကြောင့် ရှေ့ကို ငိုက်ငိုက်ကျတော့ စားပွဲနဲ့နဖူးနဲ့ ခဏခဏရိုက်မိနေလို့ ကျနော် နဖူးတခုလုံး ကျိန်းနေပြီ။ မျက်နှာသစ်တဲ့ ရေခွက်ထဲကို လှမ်းကြည့်လိုက်တော့ ကျနော့်နဖူးတခုလုံး သပြေသီးမှည့်ရောင် ပေါက်နေပြီ။

ကျနော်လည်း မေးသမျှကို လိမ့်နိုင်သလောက် လိမ့်တာပဲ။ ထောင်စကားနဲ့ ပြောရရင် ရိုက်တော့ရိုက်တယ် မမှတ်မိပေါ့။ တခု ကျနော့်ဘက်က အားသာနေတာက ဗိုလ်မှူးကြီးစိန်မြတို့ ရှိနေတဲ့မော်လမြိုင်ကို ကျနော်လိုက်သွားတာ မဟုတ်ဘူး။ မောင်မောင်မြင့် လိုက်သွားတာဆိုတော့ မောင်မောင်မြင့်ကို မမိဘဲ ဘယ်လိုမှ သူတို့အမှန်အတိုင်း မသိနိုင်ဘူး။ ဒါကြောင့် ကျနော် ပတ်တာ လိမ့်တာကို သူတို့ခံနေရတာ။ ထိုနေ့က ကျနော် လိုက်ပါမသွားပါ။ မုတ်ဆိတ်လက်ဖက်ရည်ဆိုင်တွင် ဆုံခဲ့သူများမှာ ငါးဦးခန့်ရှိမည် ထင်ပါသည်။ နာမည်များတော့ မမှတ်မိပါ။ နေ့စွဲအတိအကျကို မမှတ်မိတော့ပါ။ လူမြင်လျှင်မှတ်မိပါသည်။ တောခိုသွားသူများ ယခုဘယ်ရောက်နေသည်ကို မသိပါ စသည်ဖြင့်ပေါ့ဗျာ။ အားလုံး ဂျက်စီကျိန်း အဖြေတွေချည်းဆိုပါတော့။ မောင်မောင်မြင့်အတွက် ကျနော်မပူဘူးလေ။ ဘေးလွတ်အောင် ကျနော် လုပ်ပေးထားခဲ့ပြီပဲ။

သူ့အစီအစဉ်နဲ့သူ ရွှေသွေးတို့နောက် လိုက်သွားရုံပဲပေါ့။ ကျနော် စိတ်မရှည်နိုင်လို့ ခင်ဗျားတို့ ရေးချင်တာသာ ရေးတော့ဗျာလို့ နှစ်ခါလောက် ပြန်တွန်းလိုက်သေးတယ်ဗျာ။ ဒါလည်း နောက်ပိုင်း ပြဿနာတက်ပြန်တာပဲ။

နာရီ ငါးဆယ်ကျော်လောက်လည်း စစ်ပြီးရော စစ်ဆေးချက် စာရွက်ပေါင်း ရှစ်ဆယ်ကျော် ရှိသွားတယ်။ သိတယ်လေ။ တရွက်ချင်းထိပ်မှာ နံပါတ်စဉ်တွေ တပ်ထားလို့။

ကျနော့်ကို မျက်နှာဖုံးပြန်စွပ်ပြီး အလုံပိတ် အခန်းတခုထဲကို ပို့လိုက်တယ်။ အခန်းထဲ မသွင်းခင် ကိုစိုးသန်းက ကျနော့်ကို တိုးတိုးလေး မေးတယ်။ ခင်ဗျားအခု ဘယ်ရောက်နေသလဲဆိုတာ သိလားတဲ့။ ကျနော်က သိတယ်လို့လည်း ဖြေလိုက်တော့ ဘယ်နေရာလဲတဲ့။ မင်္ဂလာဒုံ ထောက်လှမ်းရေးတပ်လို့လည်း ပြန်ဖြေရော ဟာ ကိုသက်ခိုင်၊ ခင်ဗျား ဘယ်လိုသိတာလဲ တဲ့၊ မျက်ကလဲဆန်ပြာ လုပ်ပါရော။ ခင်ဗျားဗျာ၊ အခု ခင်ဗျား ပြန်ခေါ် လာတုန်း ကျနော် မျက်နှာဖုံးစွပ်ထဲက ချောင်းကြည့်တော့ အဖြူအနီကြား ဆေးသုတ်ထားတဲ့ တိုင်ကီတွေတင်ထားတဲ့ ရေစင်အမြင့်ကြီးတွေ တွေ့တယ်။ စစ်နေတဲ့ နေ့တွေ၊ ညတွေ လေယာဉ်ပျံ ဆင်းသံတက်သံတွေ ကြားရတယ်၊ ဒါ မင်္ဂလာဒုံ မဟုတ်လို့ ဘယ်နေရာ ဖြစ်ရမလဲ လုပ်လိုက်ရောဗျာ။

သူ့ ခပ်ညစ်ညစ်အသံနဲ့ ခင်ဗျားသိလည်း မတတ်နိုင်ဘူးဗျာ။ ဒါပေမယ့် ခင်ဗျားသိတယ်ဆိုကာ တပ်မှူး မသိပါစေနဲ့တဲ့။ အခန်းထဲ သွင်းလိုက်ရောဗျ။

ကျနော့်ကိုချုပ်ထားတဲ့ အခန်းဟာ စနစ်တကျဆောက်ထားတဲ့ အကျဉ်းခန်း မဟုတ်ဘူးဗျာ။ လက်နက်တိုက် တခြမ်းကို အခန်းနှစ်ခန်းဖွဲ့ပြီး အချုပ်ခန်းလို ဖြစ်ကတတ်ဆန်း လုပ်ထားတာ။ ပေလေးဆယ်ကျော်လောက် အဆောက်အဦးဟာ အလယ်ခေါင်တည့်တည့်မှာလမ်းရှိတယ်။ ဘေးတဖက်တချက်မှာ အခန်းနှစ်ခန်းစီ စုစုပေါင်းလေးခန်းရှိတယ်။ ညာဘက်က နှစ်ခန်းက အချုပ်ခန်း။ ဘယ်ဖက်မှာက လက်နက်တွေ သိမ်းထားတာ။ ဖြစ်ကတတ်ဆန်းလို့ပြောရတာက တချို့ပြတင်းပေါက်တွေကို အထပ်သားအဟောင်းတွေ၊ ကတ္တူစက္ကူချပ်တွေနဲ့ ကာထားတာကို ပြောတာ။ ဂျီသရီးကိုင်ပြီး နေ့ရောညရော စောင့်နေတဲ့ အစောင့်စစ်သား သုံးယောက် အမြဲရှိတယ်။ သူတို့က လက်နက်တိုက်ကိုလည်း စောင့်၊ ကျနော်တို့ကိုလည်း စောင့်။ တချက်ခုတ် နှစ်ချက်ပြတ် လုပ်ထားတာ။

အခု မင်္ဂလာဒုံထောက်လှမ်းရေး အကူတပ်ကိုဝင်လာရင် အဝင်ဝကနေ ဓာတ်တိုင်လေးငါးတိုင်လောက် အကွာ၊ ဘယ်ဘက်မှာရှိတဲ့ အဆောက်အဦပဲ။ ဒီနေရာကို ဘာလို့ တိတိကျကျပြောနိုင်သလဲ၊ ဟုတ်လား။ ကျနော်နောက်တခေါက် ရောက်သေးတယ်လေ။ ဘယ်ကလာ အချုပ်ထပ်ကျရမှာလဲ။ ဝ အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ရဲ့ ရန်ကုန်တိုင်း စီးပွားရေး တာဝန်ခံအဖြစ် ဦးသက်ခိုင်အား အသိအမှတ်ပြုပါသည်။ ပုံ သန်းကြိုင် (ဗိုလ်မှူး) တပ်မှူး။ တပ်မတော် ထောက်လှမ်းရေး အကူတပ်ဆိုတဲ့ ထောက်ခံချက်ကို လာထုတ်တာ။ ကျနော့်ကို သူတို့ ညှို့သည် ဖောင်းကြီးမှန်း မသိကြတော့ဘူးလေ။ ဘပ်မှူးကလည်း နောက်တယောက် ပြောင်းသွားပြီကိုး။

အံ့ဩသွားလား၊ ဟုတ်ပါတယ်။

ဝ လွတ်မြောက်ရေးတပ်မတော်က ပေါက်ယူချန်းတို့အဖွဲ့ပေါ့။ ဒီအကြောင်းပြောရင် နည်းနည်းရှည်မယ်။ နောက်များ ကြုံမှ ပြောကြစို့၊ ပေါက်ယူချန်းရဲ့ ညာလက်ရုံး ဦးကျောက်အိုက်နပ်က ကျနော်နဲ့ ဘယ်လို ခင်မင်သွားတယ် ဆိုတဲ့အကြောင်းပေါ့။ အခုတော့ ရေခန်းလေးပဲ ဆက်လိုက်ကြအုံးစို့။

အခန်းထဲရောက်တော့ ဖျာတချပ်၊ စောင်တထည် တွေ့တယ်။ ရေသောက်ချင်ရင် အပြင်က ခပ်ပေးမယ်တဲ့၊ သေနတ်ကိုင်ထားတဲ့ မောင်က ခပ်တင်းတင်း ပြောတယ်။ အခန်းက ဆယ့်နှစ်ပေပတ်လည်လောက်ရှိတယ်ဗျ။ ကျနော့်ကို ထည့်ပြီး မကြာပါဘူး၊ ဘေးခန်းက အသံကြားတယ်။ သောကြာထွက်မယ် တဲ့။ သောကြာ အပြင်ထွက်မယ် တဲ့။ အော် မောင်မောင်မြင့်ဘော်ဒါ သောကြာက ကျနော့်အခန်းနဲ့ ကပ်လျက်အခန်းမှာ ရောက်နေတာကိုး။

ကိုရန်ဝင်းလည်း ရောက်လောက်ပြီပေါ့။ အေးလေ၊ တပ်ကြပ်ကြီးစိုးသန်း ကျနော့်ကို စစ်နေတုန်းမှာ 'ကိုရန်ဝင်းပြောတော့ ဘယ်လို ဘာညာ' ထည့်ပြောတာကိုး။ ကျနော် ရိပ်မိတာ မထူးဆန်းပါဘူးဗျ။

အခန်းထဲကို ကျနော်ရောက်တော့ မနက်ခုနှစ်နာရီလောက် အိပ်မပျော်သေးလို့ အပြင်ဘက်ကို ကျနော် ချောင်းကြည့်လိုက်တာ မောင်မောင်မြင့်ကို တွေ့တာပေါ့။ ပြဿနာကတော့ စတက်နေပါပြီဗျာ။ ခင်ဗျားတို့ ရေးချင်သလိုသာ ရေးတော့ဗျာလို့ ပြောမိတဲ့ စနက်ပေါ့။

တိုက်ထဲ စပိတ်တဲ့နေ့ ညနေလေးနာရီလောက်မှာ ကျနော့်ကို မျက်နှာဖုံးစွပ်ပြီး လာခေါ်ပြန်တယ်။ ငါးမိနစ်ကျော်ကျော်လောက် လျှောက်မိတော့ အရာရှိရုံးခန်းတခုထဲကို ရောက်သွားတယ်။ ကျနော်ရောက်စက အရာရှိ ရောက်မလာသေးဘူး။ တအောင့်ကြာမှ အင်ဒိုနီးရှားပါတိတ် ဟာဝေယံရှပ်အကျီနဲ့ ဆရာက ရောက်ချလာတယ်။

သူ့အသက်က ရှိလှရင် သုံးဆယ့်တစ်၊ သုံးဆယ့်နှစ် ပေါ့။ ကျနော် ဗိုလ်မှူးသန်းထွန်း ပါတဲ့။ ဟုတ်ကဲ့ ကျနော်သက်ခိုင်ပါ ပေါ့ဗျာ။

အေးပေါ့ဗျ။ နောက်ပိုင်း ထောက်လှမ်းရေးမှာ ဗိုလ်မှူးချုပ်အထိ ဖြစ်လာပြီး ကမ္ဘာပေါ် မှာ လူတွေ မြန်မာပြည်က စဖြစ်တယ်ဆိုတာမျိုး ရုပ်ကြွင်းပရိုင်းမိတ်တွေ တူးဖော် မှတ်တမ်းတင်တဲ့ဘက်မှာ လူတွင်ကျယ်ဖြစ်လာတဲ့မောင်ပေါ့။

သူက ကျနော့်ထွက်ချက် အရှည်ကြီးကို အကြာကြီးဖတ်နေတယ်။ ကျနော့်နောက်မှာ ကိုစိုးသန်းက မတ်တတ်ရပ်ပြီး စောင့်နေတယ်။ ကျနော့်စိတ်ထင် တနာရီနီးပါးလောက်ကို ကြာမယ်ထင်တယ်။ ထွက်ချက်တွေ ဖတ်လို့လည်းဆုံးရော ဗိုလ်မှူးသန်းထွန်းဟာ စိတ်ပျက်လက်ပျက်ပုံစံနဲ့ ကိုသက်ခိုင် ခင်ဗျားဗျာ၊ တပ်မတော်ကို လက်နက်စွဲကိုင်တော်လှန်မှ ဒီမိုကရေစီရမယ်လို့ ခင်ဗျား ယုံကြည်တယ် ဆိုတာ တကယ်ပဲလားဗျာ။ တော်တော်ခက်တဲ့လူပဲဗျာတဲ့။ သူက ဆက်ပြောသေးသဗျာ။ ကျနော်တို့ လုပ်နေတာ ဦးနေဝင်းခိုင်းလို့ မဟုတ်ဘူး။ ဗိုလ်မှူးချုပ် ခင်ညွန့် ခိုင်းလို့ မဟုတ်ဘူး။ ရွေးကောက်ပွဲပြီးရင် ကျနော်တို့ ဘာလုပ်နေတယ်ဆိုတာ အားလုံးရှင်းသွားမှာပါ တဲ့။

အမှန်တော့ အရှင်းကြီးဗျ။ တောခိုမယ့် လူငယ်ကျောင်းသားတွေကို အိမ်မှာတည်းခိုင်း၊ စားရိတ်ထုတ်ပေး၊ လွှတ်အောင်လိုက်ပို့၊ ပြည်ထဲရေးဝန်ကြီးဟောင်းကိုလည်း မလွတ်လွတ်အောင် လုပ်ပေး။ ဒါဟာ လက်နက်ကိုင်လမ်းစဉ်ကို ယုံကြည်လို့ပေါ့။ ဒါပေမယ့် သူက ကျနော့်စစ်ချက်ကိုကိုင် ပြောနေတော့ စစ်ချက်ထဲမှာ ငါလည်း မပြောမိပါလားလို့ တွေးမိပြီး တချက် ပြန်ထောက်လိုက်တယ်။

နေပါဦး ဗိုလ်မှူး၊ ကျနော်လုပ်ခဲ့တာ ကိုယ်ကျိုးတပြားသားမှ မပါခဲ့ဘူး။ မဆိုင်တဲ့ ကလေးတွေ မပါအောင်သာ ထွက်ချက်ပေးခဲ့တာ။ အခု ဗိုလ်မှူးက ကျနော့်ထွက်ချက်မှာ ဘာရေးထားတာ တွေ့လို့လဲ လို့။ ကျနော်လည်း မေးလိုက်ရော ဟ ခင်ဗျားက ခင်ဗျားထွက်ချက်ကို ခင်ဗျား ပြန်ဖတ်မကြည့်ရ သေးဘူးလား။ ဒီမှာ ဖတ်ကြည့်၊ ခင်ဗျား ထွက်ဆိုထားတာဆိုပြီး နောက်ဆုံးစာရွက်နှစ်ရွက်ကို ကျနော့် ရှေ့ ထိုးပေးလိုက်တယ်။ ကျနော် ဖတ်တာပေါ့။ အမယ် တပ်မတော်ကို လက်နက်စွဲကိုင် တော်လှန်မှ ဒီမိုကရေစီရမယ်လို့ ကျနော် ယုံကြည်တဲ့အကြောင်း ရေးထားလိုက်တာ ဖတ်လို့တောင် ကောင်းနေသေး ဗျာ။ ဒီအချက်နဲ့ကို နိဂုံးချုပ်ထားတာ။ ဒါနဲ့ ကျနော်လည်း ဖတ်ပြီးရော ဝမ်းနည်းပါတယ်ဗိုလ်မှူး၊ ဒီစာထဲက စာလုံးတွေကို ကျနော် မပြောခဲ့ဘူး။ ခင်ဗျားတို့ ရေးချင်တာရေးလို့တော့ ပြောမိတယ် လို့လည်း ပြောမိရော ဗိုလ်သန်းထွန်းဟာ သူ့တပည့်ရှိရာကို ကျနော့်စစ်ချက် စာရွက်ထပ်ကြီးနဲ့ လှမ်း ပေါက်လိုက်ပါလေရောဗျာ။

ဟော့ကောင် စိုးသန်း၊ မင်း သူဘာတွေရထားသလဲဆိုတာ ဖတ်မကြည့်ဘူးလားတဲ့။ သူပြောမှ ကျနော်လည်း သတိရတယ်၊ ဟုတ်သားပဲ၊ ကျနော့်မှာ လူရှိသေ ရှင်ရှိသေ၊ စာပေးစာယူ ဥပဒေတွဲ့လေး တခု ရှိသေးတယ်လို့၊ ခင်ဗျား အထင်သေးလည်း မတတ်နိုင်ဘူးဗျာ။ လုပ်စရာရှိတာ လုပ်ခဲ့ပြီးပြီ။ ဒါကို ရင်ကော့ပြီး အမြစ်ပိုကြီးချင်ကြီးပေ့စေလို့ သဘောထားပြီး သူရေးသလို စကားမျိုးတော့ ကျနော် မပြောခဲ့တာ အမှန်။

နောက်တနေ့မနက် ဆယ်နာရီလောက်ကျတော့ ကျနော်မတွေ့ဘူးတဲ့ မောင်နှစ်ယောက် ရောက်လာပြီး ခေါင်းစွပ်စွပ်၊ ကားပေါ် တင် ခေါ် သွားပြန်ရော။ ကားကလည်း တီအီးကားကြီးပါဗျာ။ ထုံးစံအတိုင်း လှဲအိပ်ပြီး လိုက်လာရတာပါပဲ။ လှည်းတန်းမရောက်ခင် ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကို နှစ်ပတ်ပတ်နေသေးတယ်။ နောက်ဆုံးတော့ ဘားလမ်း ရောက်တာပါပဲ။ သိတယ်ဗျ၊ ကျနော်က လစ်တာနဲ့ ခိုးခိုးကြည့်နေတာ။

ဘားလမ်းလည်းရောက်ရော ကျနော့်ခေါင်းစွပ်ကိုစွပ်ပြီး ပထမထပ်ကို ဒေါးနှစ်ဘက် လူနှစ်ယောက်ညှပ်ပြီး ခေါ်သွားတယ်။ နောက် တရားသူကြီးတယောက်ရဲ့ ရုံးခန်းထဲကို ရောက်သွားတယ်။ အဲဒီတရားသူကြီးက ဟိုမောင်တွေတင်ပြတဲ့ စာရွက်တချို့ကို ဖတ်ပြီး ကျနော့်ကို လှမ်းပြောတယ်။ ကိုသက်ခိုင် ခင်ဗျားကို ပုဒ်မ (၁၇) (၁)။ ပုဒ်မ ၅ (ည) တွေနဲ့ ချုပ်နှောင်ခွင့် ရီမန် ယူတယ်။ 'ခင်ဗျား ဘာပြောစရာရှိသလဲ' တဲ့။

ကျနော်လည်း နည်းနည်းတော့ လျှာရှည်လိုက်မိတယ်၊ 'အဲဒီပုဒ်မတွေက ဘာတွေလဲ ကျနော် သိချင်တယ်' လို့။ တရားသူကြီးက မျက်မှန်ကိုကျော်ပြီး ကျနော့်ကိုကြည့်တယ်။ သက်ပြင်းချတယ်။ နောက် တခွန်းချင်းပြောတယ်။ ပုဒ်မ (၁၇) (၁) က လက်နက်ကိုင် သောင်းကျန်းသူနဲ့ ဆက်သွယ်မှု၊ ပုဒ်မ ၅ (ည) က ၁၉၅၀ ပြည့်နှစ် နိုင်ငံတော်လုံခြုံရေး အရေးပေါ် အက်ဥပဒေ တဲ့။ ဒါနဲ့ ကျနော်လည်း ရှင်းပါပြီဆိုတဲ့ အဓိပ္ပါယ်နဲ့ ခေါင်းညိတ်ပြလိုက်တယ်။

ဒေါးကမောင်နှစ်ယောက်ကလည်း တရားသူကြီး လက်မှတ်ထိုးထားတဲ့ စာရွက်ကို ကောက်ယူပြီး ကျနော့်ကို အပြင်ပြန်ခေါ် ထုတ်လာတယ်။ ပါးစပ်ကလည်း ဆီမန်းမန်းသလို ပြောနေလေရဲ့။ 'ဒါကြောင့် တပ်မှူးက မှာလိုက်တာ၊ သက်ခိုင်ဆိုတဲ့မောင် စာတတ်တယ် သတိထားလို့' တဲ့။ တခုထူးတာက ကိုရန်ဝင်းတို့၊ ဒေါ်ကြာတို့ကို ရုံးထုတ်ပြီး ရီမန်မယူဘူး။ ခိုးမှုတို့၊ မသင်္ကာမှုတို့နဲ့ အချုပ်ထဲက မထုတ်ဘဲ ယူတာတဲ့။ သူတို့လွတ်လာတော့ ပြန်ပြောတယ်လေ။ ရီမန်ယူပြီးလို့ ဘားလမ်း ဖုံကြီးပေါ် ကနေ လှေခါးတထစ်ချင်း ဆင်းလာကြတယ်။ ကျနော်က အလယ်က၊ ဒေါးလူ နှစ်ယောက်က တိုက်ပုံကိုယ်စီနဲ့၊ သူတို့က တိုက်ပုံအင်္ကျီအိတ်တွေထဲကို လက်နှိုက်ထားကြတယ်။ အော် ကျနော့်ကို လက်ထိပ် ခတ်မထားဘူးဗျ။

လက်ထိပ်ခတ်မထားလို့ပေါ့ဗျာ။ လှေကားတဝက်လောက် ရောက်တော့ ကျနော်တို့ ဂျီတီအိုင် ကျောင်းသားများသမဂ္ဂထဲမှာ ဆုံခဲ့တဲ့ တင်ဋ္ဌေးဆိုတဲ့မောင်က ကျနော့်ကို လှမ်းမြင်သွားပြီး ဘာအရိပ်အကဲမှ မကြည့်ပဲ ကျနော် ရှေ့တည့်တည့်ကနေ လာရပ်တယ်။ ပြီးတော့ ဝမ်းသာအားရ နှစ်ပေါင်းများစွာကွဲနေတဲ့ ယောက်ဖကို တွေ့တဲ့လေသံနဲ့ ဟား ကိုသက်ခိုင်ကြီး နေကောင်းရဲ့လားတဲ့။ ခက်တော့နေပါပြီ။

ကျနော် သူ့ကို မျက်လုံးပြူးပြီး ကြည့်လိုက်ပါတယ်။ ခေါင်းကို ဘယ်ညာမရမ်းစေပဲ မျက်လုံး နှစ်လုံးကို ဟိုဒေါင့်ကပ် ဒီဒေါင့်ကပ် လုပ်လိုက်ပါတယ်။ အဓိပ္ပါယ်ကတော့ မင်းကျီးဒေါ် လင်တွေ ဒေါးမှာပါတယ် ဆိုလိုတာပဲ။ အမယ် အကင်းတော့ အပါးသားဗျ။ တင်ဋ္ဌေးဟာ ကျနော့်နဲ့ ပုခုံးချင်း ယှဉ်ပြီး ဒေါးကနေ လှေကားအတိုင်း ဆက်တက်သွားလေရဲ့။ ဒေါးက မောင်နှစ်ယောက်တောင် ခပ်ကြောင်ကြောင်ဖြစ်သွားပြီး လှေကား လေးငါးထစ်လောက် လွန်ခါမှ စောစောကလူ ခင်ဗျားကို နှုတ်ဆက်လိုက်သလားလို့ တဲ့။ ကျနော်လည်း ဗျာ ဘယ်သူလဲဗျ ဆိုပြီး အရူးကွက် နင်းလိုက်ရတာပေါ့။

နေ့လည် နှစ်နာရီလောက်မှာ အချုပ်ခန်းထဲ ပြန်ရောက်တော့ ကျနော့်အိမ်က ပို့ထားတဲ့ အဝတ်အစားနှစ်စုံနဲ့ ဘုရားရှိခိုးအမျိုးမျိုး စာအုပ်တအုပ် တွေ့လိုက်ရတယ်။ အဝတ်အစားနှစ်စုံဟာ ရှပ်အကျီ နှစ်ထည်၊ ပုဆိုးနှစ်ထည်နဲ့ စွပ်ကျယ်နှစ်ထည်၊ စုစုပေါင်း ခြောက်ထည်ဗျ။ ကျနော်က ရှပ်အကျီကို အောက်ခံစွပ်ကျယ် မပါရင် မဝတ်တတ်ဘူးလေ။

အေးဗျာ။ သုံးရက်လုံးလုံး ဒါဝတ်ဘိုင်နဲ့နေလာတာ၊ စစ်လိုက်ဆေးလိုက်နဲ့ လောကကြီးကို အဆက်ပြတ်သလိုဖြစ်နေတာ။ အိမ်က ပစ္စည်းတွေမြင်ကာမှ၊ အော် ငါတကယ် အဖမ်းခံနေရပြီပဲလို့ သတိကပ်မိတော့တယ်ဗျာ။ အမှန်အတိုင်း ဝန်ခံရရင် အဲဒီ တခဏမှာ ကျနော့်စိတ်ထဲမှာ ဝမ်းနည်းသလိုလို၊ ခြောက်ခြားသလိုလို ဖြစ်သွားတယ်ဗျ။ သူပြော ငါပြော၊ တအံ့တသြ ပြောလေ့ရှိကြတဲ့၊

ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲမှာ ဖွဲ့ကြ၊ ရေးကြတဲ့ ထောက်လှမ်းရေး၊ ဇှင်းထောက်လှမ်းရေး၊ ထို ထောက်လှမ်းရေးကို ကျနော် နဖူးတွေ့ဒူးတွေ့ ကြုံနေရပါပြီ။

■

## အခန်း (၅၃)

# မောင့်ကိုသေစေ ညွှန်းရော့လေသလား

အရွယ်မရောက်သေးတဲ့ သမီးငယ်၊ ယောက်ျားလုပ်သမျှ အမြဲမှန်သည်ဆိုတဲ့ ဇနီးသည်၊ ကျနော့် သတင်းတခုခုကြားရင် အိမ်ကို လူလွှတ်ခေါ် ခိုင်းပြီး ငါ့သား ဘာတွေ လျှောက်လုပ်နေတာလဲ အမြဲမေးတတ်တဲ့ အမေ ကျနော့်ခေါင်းထဲကို တန်းစီ ဝင်လာတော့တာပဲဗျာ။

ကျနော် အစောင့်စစ်သား မမြင်နိုင်တဲ့ အဝင်တံခါးနဲ့ သုံးပေလောက်အကွာ နံရံကို ကျောမှီထိုင်ပြီး လက်နှစ်ဘက်ကို ဒူးနှစ်လုံးပေါ် တင်လိုက်မိတယ်။ ခေါင်းတော့ မငုံ့ဘူး၊ ခေါင်းငုံ့စရာ မလိုဘူးလေ။ ကျနော် လုပ်ခဲ့သမျှဟာ ကိုယ်ကျိုးမပါခဲ့ဘူး။ ယုံကြည်ရာကို စိတ်သန့်သန့်နဲ့ လုပ်ခဲ့တာမို့ပါ။ ခဏကြာတော့ စိတ်ထဲမှာ တခုခု လုပ်ချင်စိတ် ပေါက်လာတယ်။ ဘေးဘီကို သေချာရှာလိုက်တော့ ဇီးစေ့ခပ်ကြီးကြီး အရွယ်ရှိတဲ့ အုတ်နီခဲစလေးတစ တွေ့တာနဲ့ ဇတ်ကနဲ ကောက်ပြီး နောက်ကျောက နံရံမှာ တိုင်းပြည်နှင့် လူမျိုးကို ချစ်ခြင်း၏သင်္ကေတ။ သက်ခိုင် ၂၉၊ ၀၃၊ ၁၉၈၉ ဆိုတဲ့ စာလုံးတွေကို အုတ်နီခဲစ မကုန်မချင်း လျှောက်ခြစ်နေမိတယ်။ တကယ်ချစ်တယ် မချစ်တယ်တော့ မေးမနေပါနဲ့တော့။ အားငယ်သလိုလိုဖြစ်ပြီး မာန်တင်းတဲ့သဘော ထင်ပါရဲ့။

အဲဒီအချိန်မှာ ကျနော့် ဘေးအခန်းက တဒေါက်ဒေါက်အသံတွေ ကြားနေရတယ်၊ သောကြာရောက်နေတဲ့ အခန်းကလေ၊ တောက် တောက်၊ တောက်တောက်တောက်၊ တောက်တောက်တဲ့၊ ဘာလုပ်နေပါလိမ့်ပေါ့ဗျာ။ နောက်ပိုင်း အပြင်ရောက်မှ သိရတာက အဲဒါ သောကြာက ကျနော့်ကို သင်္ဘောသားတွေလို မော့စ်နဲ့ စကားပြောနေတာတဲ့။

မသိပါဘူးဗျာ။ မော့စ်ရိုက်တယ်ဆိုဝေ့ါ ကျနော့်အိမ်ဘေးက ကိုသက်ဦးဆိုတဲ့ သင်္ဘောသား တယောက် ကျင့်ကျင့်နေတာ တွေ့တော့တွေ့ဘူးတယ်။ ဒစ်ဒစ်ဒါဒါ၊ ဒါဒစ်ဒစ် ဆိုလား။ ဒီလောက်ပဲ သိတယ်။ ခဏကြာတော့ ကျနော်နားမလည်တာ သူသိသွားဟယ် ထင်ပါရဲ့။ အသံထွက် လာတယ်။ ကျနော်နဲ့နီးတဲ့ နံရံနားကနေ ကပ်ပြောနေတာ။

ကိုသက်ခိုင်လား တဲ့။

ဟုတ်ကဲ့ သက်ခိုင်ပါ ဆိုတော့ 'ဓာရဏ ပရိတ်' ရလားတဲ့။

ကျနော် ချက်ချင်းသိလိုက်တယ်။ သောကြာက လူလည်ပဲ။ လက်နက်ကိုင်အစောင့် ဟောက်လို့မရအောင် ဝိနည်းရှောင်တာလေ။ အမှန်က သူ စကားပြောချင်လို့။ အတော်ပဲ၊ ကျနော် လည်း စကားပြောချင်နေတာနဲ့၊ ခင်ဗျား ကိုသောကြာဆိုတာလား ပြန်မေးတော့ ဟုတ်ပါ တယ်တဲ့။ ကျနော့်မှာ ဓာရဏပရိတ် စာအုပ်ရှိတယ်။ ယူမလား၊ ဓာရဏပရိတ်က တကယ်စွမ်းတာဗျ၊ နေ့တိုင်းရွတ်၊ အချုပ်အနှောင်က အမြန်လွတ်တယ်တဲ့။ ကျနော့်အဖွားက နှစ်အုပ်တောင်ထည့်ပေးလိုက် တာတဲ့။

ယူမယ်ဗျာ၊ ယူမယ်လို့လည်း ပြောပြီးရော သူ့အသံငြိမ်သွားတယ်။ နောက် တအောင့်ကြာ တော့ အစောင့်စစ်သားကို ဘယ်လို စည်းရုံးလိုက်သလဲ မသိဘူး။ တံခါးအောက်ခြေကနေ အဝါရောင် ဓာရဏပရိတ် စာအုပ်လေး ဝင်လာတယ်။ အမှန်က ဓာရဏပရိတ်ကို စိတ်ဝင်စားလွန်းလို့ မဟုတ်ဘူး။ ကိုယ့်လူအချင်းချင်း စကားပြောချင်နေတာပါဗျာ။

မောင်မောင်မြင့်ဆီက သိရသလောက် သောကြာဟာ မြန်မာစာအဓိကနဲ့ မဟာဘွဲ့ တက် နေတာတဲ့။ ကျနော်လည်း ဘာရယ်မဟုတ်ဘူး၊ သောကြာရေးတဲ့ ဇာတ်ညွှန်း ပိုပီပြင်သွားအောင်ဆိုပြီး ဓာရဏပရိတ် စာအုပ်လေးဖွင့်ပြီး သုံးလေးပိုဒ်လောက် အသံထွက် ဖတ်လိုက်တယ်။ သောကြာဆီကနေ အသံပြန်ထွက်လာတယ်။ ခင်ဗျား ရွတ်နေတာ အသံထွက်မမှန်ဘူးတဲ့။ မှားတဲ့နေရာတွေ လိုက်ထောက် ပေးနေတယ်။

တခြားစကားတော့ ပြောလို့မရဘူးဗျ။ အစောင့်က တခြားအကြောင်းပါလာရင် ဝင်ဝင်တား တယ်။ ဓာရဏပရိတ်အကြောင်းဆိုရင် ဘာမှ ဝင်မပြောဘူး။ ဓာရဏပရိတ်ဟာ အချုပ်က လွတ်မလွတ် မသိပေမယ့် လောလောဆယ်တော့ အသုံးဝင်သဗျာ။

ဒါနဲ့ မိုးချုပ်သွားရော ဆိုပါတော့။ ည ဆယ်နာရီလောက်မှာ အချုပ်ခန်းဘေး ပြူတင်းပေါက် ဘက်က အသံတွေ ကြားနေရတယ်။ မှန်းကြည့်ရတာ အဲဒီနားမှာ စားပွဲခုံလိုဟာမျိုး ရှိပုံရတယ်။ ပန်းကန်တွေ၊ ခွက်တွေချတာ ကြားလို့လေ။

သိပ်မကြာပါဘူးဗျာ။ ဘယ်လိုမှ မျှော်လင့်မထားပဲ အဲဒီ ပြူတင်းပေါက်ကို အပြင်ကနေခေါက် နေတယ်။ ဟုတ်တယ်၊ ကျနော့်ကို ခေါ် နေတာဗျ။ မသိမသာ တဒေါက်ဒေါက်ခေါက်ပြီး ခေါ် နေတာ။ ဒါနဲ့ ကျနော်လည်း ပြူတင်းပေါက်နား ထသွားပြီး ပြန်ခေါက်လိုက်တယ်။ ဒေါက် ဒေါက် ဒေါက်ပေါ့။

ကျနော့်ဒေါက်သံလည်း ကြားရော အပြင်ဘက်က လူတယောက်အသံ ထွက်လာတယ်။ အထဲက ဂျက်ကို ဖြုတ်လိုက်လေ တဲ့။ ကျနော်လည်း ဂျက်ဖြုတ်လိုက်ရော အပြင်က လူဟာ ပြူတင်း တံခါးရွက်ကို အသာလေး ဆွဲဟ လိုက်လေရဲ့။ ဟ နေတဲ့ တံခါးရွက်နဲ့ သံတိုင်ကြားကနေ သူက လေသံတိုးတိုးနဲ့ မေးတယ်။။ ခင်ဗျားတို့က ကျောင်းသားတွေလား တဲ့။ ဘာဖြစ်ကြတာလဲဗျ တဲ့။ သံတိုင်တွေကြားကနေ အသက်သုံးဆယ့်ငါးနှစ်လောက်အရွယ်၊ မျက်နှာခပ်ရှင့်ရှင့်၊ ရှေ့တန်းပြန် ပုံစံနဲ့ တပ်ကြပ်ကြီးတ-ယောက်ကို တွေ့လိုက်ရတယ်။

ကျနော်လည်း ချက်ဆို နားခွက်က မီးတောက်လိုက်ပြီ။ ဒီစစ်သားဟာ ရန်ကုန်က မဟုတ်ဘူး။ အစိုးရဟာ ရန်ကုန်မှာအဓိကရုဏ်းတခုခုဖြစ်ရင် ဝေးလံတဲ့ဒေသကို ရောက်နေတဲ့ စစ်တပ်ကို ခေါ် ခေါ်ပြီး သုံးတတ်တယ်ဆိုတာ ကျနော် ကြားဖူးထားတယ်။ အခုတော့ ဒါ မှန်နေပြီဗျ။

ကျနော်လည်း ပုံမှန်လေသံနဲ့ ခင်ဗျားတို့စစ်တပ်က ဗိုလ်မှူးကြီးဟောင်းတယောက် တောခို တာကို ကူညီမိလို့ ခေါ် စစ်နေတာလို့။ ကျနော်က ကျောင်းသားတော့ မဟုတ်ဘူး၊ ဘွဲ့ရ ကျောင်းသား ဟောင်းလို့လည်း ပြန်ဖြေရော သူက ကျနော်တို့ နောင်ချိုဘက်ကနေ ရောက်လာတာ ရက်ပိုင်းပဲ

…သားတယ်တဲ့။ ရန်ကုန်မှာ ဘာတွေ ဖြစ်နေကြတာလဲ၊ ကျနော် တပ်ကြပ်ကြီး ခင်မောင်သောင်း …ါတဲ့။ သူ့ကြည့်ရတာ တကယ့်စိတ်ရင်းနဲ့ မေးနေ ပြောနေပုံပဲဗျ။

ကျနော်လည်း တအံ့တဩနဲ့ ဒီလောက် ကမ္ဘာ့ဖျက်မတတ် တတိုင်းပြည်လုံး ဆန္ဒပြပွဲတွေ …ဖြစ်ခဲ့တာ ခင်ဗျား မသိဘူးလား၊ အစိုးရကို မကျေနပ်လို့ ကျောင်းသားတွေ ပြည်သူတွေ ဆန္ဒပြခဲ့ကြ …တာလေဆိုတော့ သူက ကြားတော့ကြားတယ်။ ဒါပေမယ့် ဘာတွေဖြစ်နေတယ်ဆိုတာ သေသေ …ချာချာမသိဘူး တဲ့။ သူ့ ပြောနေရင်း စားပွဲပေါ်က အိုးတလုံးထဲကနေ ခွက်နဲ့ခပ်ပြီး ဘာမှန်းမသိ …သောက်နေတယ်။ ရေမဟုတ်ဘူးဗျ။ သူပြောတာ ခေါင်ရည်လေ။ သူကိုယ်တိုင် စိမ်ထားတာတဲ့။ …နောက် သူက ရီရီမောမောနဲ့ သောက်ဦးမလား၊ သောက်တတ်လားတဲ့။

ကျနော်လည်း ခေါင်းရမ်းပြပြီး ကျေးဇူးတင်တယ်ဗျာလိုက်ရတယ်။ တကယ်ပါ၊ အဲဒီအချိန် …တွေက ကျနော် အရက်သောက်ချင်စိတ်မရှိဘူး။ ရှေ့ဘာဆက်ဖြစ်မယ်ဆိုတာကိုပဲ တွေးနေတာ။ …တပ်ကြပ်ကြီး ခင်မောင်သောင်း မေးသမျှ သိသလောက် ပြန်ဖြေရင်း ညတစ်နာရီလောက် ဖြစ်သွား …တယ်။ အဲဒီညက ကျနော် ကောင်းကောင်းအိပ်ပျော်တယ်ဗျ။

မနက် မိုးလည်းလင်းရော ပြဿနာကအသင့်စောင့်နေလေရဲ့။ အေးလေ၊ မောင်မောင်မြင့်ကို …မိလာပြီဆိုတော့ စစ်နေပြီလေ။ နည်းနည်းစစ်လိုက်တာနဲ့ သူ့ထွက်ချက်တွေနဲ့ ကျနော်ထွက်ချက်တွေက …တယ်လိုမှ ဆက်စပ်လို့ မရအောင် ကွဲနေတာကို မကြာခင် သဘောပေါက်သွားတဲ့ ပြဿနာပေါ့။

အမှန်တော့ မောင်မောင်မြင့် အဖမ်းခံလိုက်တာဟာ သူ့ညီကြောင့်ပါ။ ကျနော် ဒီအချက်ကို ကျနော် ထည့်မတွက်ခဲ့မိဘူး။ သူ့ညီ မောင်မောင်အောင်က တိမ္မေးကုနဲ့တွဲ့ရပြီး ဗိုလ်ကြီးဖြစ်နေတာလေ။ ကျနော်နဲ့လည်း ရင်းနှီးပါတယ်။ ရင်းတာမှ ကျနော် သူ့လူပျိုဆောင်ကို မိန်းမလှလေးတယောက် …ခေါ်သွားဖူးတာ သူနဲ့တောင် နောက်ပိုင်းငြိကျန်ခဲ့သေးဗျာ။ ဒါလည်း ထားလိုက်ပါဗျာ။ ပြောချင်တာက မောင်မောင်မြင့် အဖမ်းမခံရင် မောင်မောင်အောင်ပါ ပြုတ်ပေါက်လေ။ နောက်ပိုင်း သိရတာက မောင်မောင်မြင့်ကို သူ့ညီကိုယ်တိုင် လာပို့သွားတာတဲ့။

အခုပြောနေတာ မောင်မောင်မြင့်ကို နာကျည်းနေတာ မဟုတ်ဘူးဗျ။ ဗိုဒ္ဓမ်ကုန်လို့ ပြောနေ …တာ။ အေးလေ မောင်မောင်မြင့်က ဗယ်လည်းဗယ် ကြောက်လည်းကြောက်တတ်ဆိုတော့ မေးသမျှကို …ရေစေ့တွင်းကျတာထက် အသေးစိတ်အောင် အစစ်ခံတာကလား။ သူက အသေးစိတ်လေ သူ့ထွက် …ချက်ထဲမှာ ကျနော်လုပ်ခဲ့သမျှ အကုန်ပေါ်လေပေါ့။

ခင်ဗျား သိအောင် ပြောရအုံးမယ်၊ ထောက်လှမ်းရေးတို့၊ စသုံးလုံးတို့က ဆွဲတဲ့အမှုတွေမှာ အမှုတွဲတွေရဲ့ ထွက်ချက်တွေက အချိတ်အဆက်မိမှ စစ်တာဆေးတာကိုရပ်တာ။ လွဲနေလို့ကတော့ တိုင်ပတ်ပြီမှတ်။ အခု တိုင်ပတ်နေပြီလေ။

မိုးလင်း မျက်နှာသစ်ပြီးလို့ သံပန်းကန် ခပ်စုတ်စုတ်ထဲက ဘူးသီးဟင်းချိုနဲ့ ထမင်းတောင် …တးလို့ မပြီးတတ်သေးဘူး။ ဆယ်နာရီခွဲလောက်မှာ မောင်စိုးသန်း ရောက်လာပြီး ပြန်ခေါ် ထုတ်သွား …ပါပြန်လေရော။ နာရီကိုသိနေတာက အချုပ်ခန်းရှေ့မှာ အချုပ်ခန်းစောင့်တွေ ကြည့်တဲ့ တိုင်ကပ်နာရီ …ရှိလို့ဗျ။ ဟုတ်ပါတယ် ခေါင်းစွပ်နဲ့ပေါ့။ ဘေးကနေ တွဲခေါ် နေရင်း ကိုဗိုးသန်းက ခင်ဗျားဗျာ၊ တကယ့်ကို အလုပ်မရှုပ်ရှုပ်အောင် လက်တလုံးခြားလုပ်တဲ့လူ၊ တော်တော်ကြောက်ဖို့ကောင်းတဲ့ လူပါလားတဲ့။ …ခင်ဗျားလုပ်တာနဲ့ အကုန် အစအဆုံး ပြန်လုပ်ရတော့မယ်။ ဘေးကနေ ပွစိပွစိလုပ်နေလေရဲ့။ အော် …ပြောဖို့မေ့နေလိုက်တာ၊ အဲဒီနေ့က တော်လှန်ရေးနေ့ဗျ။ ၁၉၈၉ခုနှစ် မတ်လ(၂၇) ရက်နေ့။ ဘယ်မေ့မလဲ …ဗျာ။ အရှင်လတ်လတ် ရေကျခဲ့ရတဲ့နေ့လေ။

ရေဲက နည်းနည်းတော့ ထူးတယ်။ ဘယ်သူမှတောင် ကြုံဖူးမယ်မထင်ဘူးဗျ။ စိုးသန်းက ကျနော့်ကို ကွင်းလယ်ခေါင်မှာရှိတဲ့ အမိုးခပ်နိမ့်နိမ့်အဆောက်အဦတခုဆီကို ခေါ်သွားတာ။ အဲဒီ အဆောက်အဦက ပေနှစ်ဆယ်ပတ်လည်လောက်ရှိမယ်။ အခန်းထဲမှာ စားပွဲတလုံးနဲ့ ကုလားထိုင်တလုံး ပဲရှိတယ်။

ထူးခြားတာကတော့ အဲဒီအခန်းဟာ ဝင်လိုက်တာနဲ့ တော်တော်ကို ပူလောင်နေတာပဲ။ သူက ကျနော့်ကို လေသံအေးအေးလေးနဲ့ ထိုင်ဗျာတဲ့။ စိုးသန်းဟာ ခါးတုတ်တုတ်နဲ့ အညာသားပုံဗျ။ မျက်နှာကတော့ ခပ်ချိုချိုပါပဲ။ ကျနော် အချုပ်က လွတ်ပြီးတာတောင် ကျနော့်အိမ်ကို ရောက်ရောက် လာတတ်လို့ အပြန်မှာ အဝတ်အစားလေးဘာလေး လက်ဆောင် ထည့်ထည့်ပေးနေရသေးတယ်။

သူက ကျနော့်ရှေ့မှာ ငါးမိနစ်လောက်ထိုင်၊ စာရွက်တချို့ ဟိုလှန်ဒီလှန်လုပ်ပြီး ခဏနေဦး ဗျာ၊ ကျနော် ရေနွေးအိုးသွားကျိုလိုက်ဦးမယ်ဆိုပြီး ထွက်သွားပါလေရောဗျာ။ တကယ်တော့ သူဟာ ကျနော့်ကို အကွက်ကျကျစီစဉ်ပြီး ရေဲခန်းထဲ ထည့်ခဲ့တာဗျ။ ကျနော်လည်း အစက သဘောမပေါက် ဘူး။ နောက် နှစ်နာရီလောက်ကြာမှ သဘောပေါက်တော့တယ်။

အခန်းတခုထဲမှာ တယောက်တည်း ထားခဲ့တာများ ဘယ့်နှယ် ရေဲခန်းဖြစ်ရမှာလည်း မေးပေမပေါ့။ သေချာနားထောင်။ အချိန်က မတ်လ နေခြစ်ခြစ်တောက် ပူတဲ့ရာသီ။ ထားသွားတာက အမိုးခပ်နိမ့်နိမ့် မျက်နှာကျက်တောင်မရှိပဲ သွပ်မိုး မိုးထားတာ။ အချိန်က ဆယ့်တစ်နာရီ၊ မြတင်း တံခါးရွက်တွေက မှန်တွေကို သံတိုင်ကာထားတယ်။ ပထမ တနာရီက ဘာမှ မသိသာပေမယ့် နေ့လည် ဆယ့်နှစ်နာရီလည်း ကျော်ရော ဘယ်လိုမှ နေလို့ မရတော့ဘူးဗျာ။

ကုလားထိုင်မှာထိုင်နေရင်း ပူလွန်းလောင်လွန်းလို့ အင်္ကျီရော၊ ပုဆိုးပါ ချွေးတွေရွှဲလာတယ်။ တကိုယ်လုံး ရွှဲနစ်လာတော့ အင်္ကျီကိုချွတ်ပြီး ချွေးညှစ်ရတယ်။ ပုဆိုးတော့ မချွတ်ဘူးဗျ။ အောက်ခံ ဘောင်းဘီ ပါမလာလို့။ ချွေးညှစ်ပြီး အင်္ကျီပြန်ဝတ်တယ်။ မဝတ်လို့ မရဘူးဗျ။ ပူလွန်းတော့ အင်္ကျီ အစိုလေးနဲ့ သက်သာသလိုပဲ။ အခုအထိ မမေ့သေးဘူးဗျာ၊ အဲဒီတုန်းက ကျနော်ဝတ်ထားတဲ့ အင်္ကျီက အစိမ်းရောင်အောက်ခံမှာ အနက်စင်းထရံကွက်တွေနဲ့၊ မကြာဘူး၊ ပြန်ခြောက်။ နောက်တော့ ပြန်စိုပဲ။ ညှစ်လိုက်၊ ပြန်ဝတ်လိုက်၊ ပြန်ခြောက်လိုက်၊ ချွေးပြန်စိုလိုက်နဲ့ နေ့လည် နှစ်နာရီလောက်လည်း ကျရော ခေါင်းတွေပါ မူးလာတော့တာပဲဗျာ။

ပိုဆိုးတာက သောက်စရာရေလည်း မရှိဘူးဗျာ။ နံရံမှာကပ်ထားတဲ့ နာရီတလုံးကလွဲရင် ဘာဆိုဘာမှမရှိတဲ့ အခန်းလေ။ အပြင်ကို သံတိုင်တွေ၊ မှန်ချပ်တွေ ကြားကနေ လှမ်းကြည့်တော့လည်း နေရောင်ကျဲကျဲအောက်မှာ ကွင်းပြင်ကြီးကိုကျော်ပြီး ထောက်လှမ်းရေး ဝန်ထမ်းအိမ်ရာတွေကိုပဲ မြင်နေရတယ်။ နှမစောင်းတွေ ဒီလိုနှိပ်စက်တဲ့နည်းကို ဘယ်ကဘယ်လို ရှာတွေ့ကြပါလိမ့်လို့လည်း ဒေါကန်နေတယ်။ ဒီလိုလုပ်တာဟာ တပ်မှူးဆိုတဲ့မောင်က လမ်းညွှန်လိုက်တာလား၊ စိုးသန်းပဲ ရှေ့ဉာဏ် တော် စူးရောက်သလား သိချင်နေတယ်ဗျ။

အဲဒီအချိန်မှာ ကျနော်အတောင့်တဆုံးကတော့ တပ်ကြပ်ကြီးစိုးသန်း ပြန်လာရေးပါပဲ။ ရေငတ်တာ သူပြန်လာမှ သောက်ရမှာလေ။ တံခါးမှန်တွေကို ထိုင်နေတဲ့ကုလားထိုင်နဲ့ ရိုက်ခွဲဖို့တောင် စိတ်ထဲပေါ်လာသေးတယ်။ ဒါပေမဲ့ ထူးထူးဆန်းဆန်း ကျနော့်မာနစိတ်ကလေးက ပေါ်လာသေးဗျာ။

သူတို့နှိပ်စက်တာကို ငါမခံနိုင်ဘူးဆိုတာ သူတို့မသိစေရဘူးဆိုတဲ့ စိတ်ဗျ။

လှုပ်လိုက်တာနဲ့ မူးလာတာကြောင့် ငြိမ်ငြိမ်လေး နေလိုက်ရတယ်။ အတတ်နိုင်ဆုံး စိတ်ကို တင်းရတယ်။ သက်ခိုင် မင်းဒီလောက်တော့ ခံနိုင်ရမယ်၊ မင်းကို ရေနွေးပူစိမ်ပြီး လက်သည်းခွံခွာနေတာ မဟုတ်ဘူး။ နေပူထဲက အခန်းထဲမှာ ထားသွားတာလောက်တော့ မင်းခံနိုင်ရမယ်ပေါ့ဗျာ။ ညနေ

ဆုံးနာရီနောက်ပိုင်းကျတော့ နည်းနည်းခံသာသလို ရှိလာတယ်။ စိုးသန်းလား၊ နှမတောင်းက လေးနာရီကျော်လောက်မှ ပြန်ရောက်လာတယ်။ ရေနွေးအိုးတလုံးနဲ့။ ရောက်ရောက်ချင်း ဆောရီး ကိုသက်ခိုင်ရာ၊ ဒီနေ့ တော်လှန်ရေးနေ့ဆိုတော့ နည်းနည်း အလုပ်ရှုပ်တယ်၊ ရော့ ရေနွေးသောက် လိုက်ဦး တဲ့။

ကောင်းကြရောပေါ့ဗျာ။ ပါလာတဲ့ရေနွေးမှုပူက ချက်ချင်းသောက်မရပြန်ဘူးလေ။ ကျနော်လည်း မခံချင်စိတ်က ရှေ့ထွက်လာတာနဲ့ ကိုစိုးသန်း၊ ခင်ဗျား လက်စားချေနည်းက ထူးဆန်းပေမဲ့ ထူမဆန်းဘူးလို့ ခံတွန်းလိုက်သေးတယ်။

တကယ်တော့ ကျနော်ဟာ ခုံပေါ်မှာ မူးပြီးလဲကျမသွားအောင် အနိုင်နိုင်ထိန်းနေရပါပြီ။ ရင်ထဲမှာလည်း လှပ်လှပ် လှပ်လှပ်နဲ့ဗျာ။ စိုးသန်းက ကျနော်ခံတွန်းတာကို ဘာမှပြန်မပြောပဲ စာရွက် ထပ်ကြီးတခုကို တောင်လှန် မြောက်လှန်လုပ်နေတယ်။ မောင်မောင်မြင့် ထွက်ချက်တွေလေ။

အေးလေ၊ ကိုယ့်ဘက်ကလည်း သူတို့ကို တပတ်ရိုက်ပြီး မောင်မောင်မြင့်ကို ချန်ထားတာ ရယ်၊ မှင်သေသေနဲ့ ထွက်ချက်တွေ လိမ်ထားတာရယ်၊ တပ်မှူးက စက္ကူလိပ်နဲ့ ကောက်ပေါက်တာ ခံထားရတာရယ်ဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့ဗျာ။

ကံကောင်းတယ်ပဲ ပြောရမလား၊ နောက် ဆယ့်ငါးမိနစ်လောက်မှာ ပဲဟင်းတခွက်နဲ့ ကြက်ရိုး နှစ်တုံး ထမင်းပန်းကန် ရောက်လာတယ်။ အမှန်က ကျနော့်ကိုကျွေးနေတာ ထောင်ထမင်း၊ အချုပ်ထမင်းတော့ ဟုတ်ဟန်မတူဘူး။ ထောက်လှမ်းရေး မိသားစုတွေစားတဲ့ အထဲကလို့ ကျနော် ထင်တယ်။ အဲဒီနေ့က ထမင်းတနပ်ကတော့ ဘယ်ဟိုတယ်က အစားအသောက်မှ မမီနိုင်ဘူး ထင်တာ ပဲဗျာ။ ဗိုက်ထဲ အစာဝင်သွားတော့မှ နည်းနည်း နေသာထိုင်သာ ဖြစ်သွားတယ်။ ဒါပေမယ့် ဒါပေမဲ့ဗျာ။ အခုမှ ပွဲက စတာတလား။

ကျနော့်ထမင်းလုပ် လည်ချောင်းဝကတောင် မဆင်းသေးဘူး၊ မောင်စိုးသန်းက ကဲ ကိုသက်ခိုင်၊ နေအေးတုန်း အလုပ်လေး စလိုက်ရအောင်တဲ့။ အရင်တကြိမ်လို ကျနော် မချောင်တော့ ပါဘူး။ နာမည်နဲ့ မိဘအမည်၊ အလုပ်အကိုင်လောက်သာ ရှောရှောရှူရှူ ဖြစ်ပါတော့တယ်။ အရေးအခင်းတွင် ပါဝင်ခဲ့မှုများဆိုတာ စလိုက်တာနဲ့ ကျနော်ပြောသမျှ မယုံတော့ပါဘူး။ ဘယ်အချိန်က ယူလာမှန်းမသိလိုက်ပဲ စားပွဲပေါ်ကို ရောက်နေတဲ့ မီးဆလိုက်တခုကလည်း မင်းသားချောကို ဗုက္ကလှလှပေးဖို့ အဆင်သင့် ဖြစ်နေပြီဗျ။ ခြောက်နာရီလောက်မှာ မီးရောင်အောက်ကို ဝင်ရတော့တာ ပဲ။ မီးဆလိုက်က ကြာတော့ ပူလာတယ်ဗျာ။ နေရထိုင်ရတာလည်း တော်တော် စိတ်အိုက်ဖို့ ကောင်း တယ်။

မောင်မောင်မြင့်နဲ့ မတွေ့မချင်း အခြေအတင်ဖြစ်နေပါတော့တယ်။ မေးလိုက်၊ ဖြေလိုက်၊ မတူလိုက်၊ စာရွက်တွေ ဆွဲဆုတ်ပစ်ယိုက်နဲ့ ဂျာအေး သူ့အမေရိုက်နေပါတော့တယ်။

ဆယ်နာရီလောက်မှာ နောက်တယောက်လဲ စစ်ပြန်ပါတယ်၊ ညလည်း နက်လာပါပြီ။ သန်းခေါင်ကျော် တနာရီမှာ နောက်တယောက် ပြောင်းပြန်ပါတယ်။ မောင်မောင်မြင့်နဲ့ မတူလိုက်၊ ပြန်မေးလိုက်၊ ပြန်စဉ်းစားခိုင်းလိုက်၊ ကျနော်က အိပ်ငိုက်သွားလိုက်၊ မျက်နှာသစ်ခိုင်းလိုက်။ ကြာတော့ ကျနော်လည်း ညစ်လာတာပေါ့ဗျာ။ စာမျက်နှာ ရှစ်ဆယ်ကျော်ကို တသဝေမတိမ်းတူဖို့ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စဗျ။

သူတို့ အဓိကဇောင်းပေးနေတာက ဗိုလ်မှူးကြီးစိန်မြကို မွန်ပြည်သစ်နယ်မြေ ဖြတ်ခွင့် ရအောင် မွန်ပြည်သစ်ပါတီနဲ့ ကျနော် ဘယ်အတိုင်းအတာအထိ ပတ်သက်တယ်ဆိုတာကို သိချင်နေ တာဗျ။ ဒီလောက် ဝိုင်းဝန်းပိတ်ဆို့ထားတဲ့ကြားထဲကနေ လွတ်သွားအောင် လုပ်ခဲ့တာကိုလည်း

စဉ်းစားရကြပ်နေပုံရတယ်။ ခက်တာက ကျနော်ပတ်သက်ခဲ့တာကို မောင်မောင်မြင့် မသိ။ မောင်မောင်မြင့် လုပ်ခဲ့တာကို ကျနော်မသိနဲ့၊ မုန့်လုံးကို စက္ကူကပ်နေတာ။

ဒီထက်ပိုရှုပ်လာတာက ကိုရန်ဝင်း ထွက်ချက်တွေကိုပါ ယူလာပြန်ရောဗျာ။ နှစ်ယောက်တောင် မတူတာ၊ သုံးယောက်ဆိုတော့ ပိုဆိုးကုန်ပြန်တာပဲဗျို့။ ကျနော်နဲ့ ကိုရန်ဝင်းကလည်း သိပ်အဆက်အသွယ်ရှိလှတာ မဟုတ်ဘူးလေ။ ဒါပေမဲ့ ဒါကို သူတို့က မယုံပြန်ဘူး။

မနက်ခြောက်နာရီလောက်မှာ တနာရီလောက် အိပ်ခွင့်ပေးပြီး ထပ်စစ်ပြန်ပါရောဗျာ။ ကျနော့်စိတ်ထဲမှာ မြန်မြန်ပြီးပြီးရောဆိုတဲ့စိတ်တွေ ပေါ်နေပါပြီ။ ဒါကြောင့် ခင်ဗျားတို့ သဘောအတိုင်း တခြားလူထွက်ချက်တွေနဲ့ ကျနော့်ထွက်ချက် ညီအောင်သာ ရေးလိုက်ပေတော့ ပြောတော့လည်း တော်ပါတော့ကိုသက်ခိုင်၊ နောက်တခါ ဒုက္ခ ထပ်မပေးပါနဲ့တော့တဲ့။

နောက်တနေ့ နေ့လည်လောက် ရောက်လာပြန်ပါတယ်။

ဒီနေရာမှာ တခုပြောချင်တာက တကယ်တော့ ကျနော် အမှန်တွေချည်း ပြောတော့မယ်လို့ ဆုံးဖြတ်ပြီးနေပြီဗျ။ အေးလေ၊ လိမ်နေလည်း အပိုပဲဖြစ်နေပြီလေ။ ကိုရန်ဝင်းလည်း အမှန်၊ မောင်မောင်မြင့်လည်း အမှန်၊ ကျနော်တယောက်တည်း ထွက်ချက်ကွဲနေတာ။ ဒါကို ရွှေကိုယ်တော်တွေက ကျနော့်ကို လိုတာထက်ပိုပြီး အထင်ကြီးနေတာဗျ။ သူတို့စိတ်ထဲမှာ ကျနော်က ရဲရဲတောက်သွေးနဲ့ အာခံနေတယ် ထင်နေတာ။ ဘယ်ကလာ ရဲရမှာလဲ၊ ပါတားနီ ဖြစ်နေပြီ။ ပါတားနီ ဆိုတာတောင် မသိဘူးလားဗျာ။

ကျနော်တို့ငယ်ငယ်တုန်းက ဒန်အိုးဒန်ခွက် အဟောင်းတွေကို ပါတားနီလို့ခေါ်တဲ့ ဆေးနီဆိုးထားတဲ့ ပဲလုံးလေးတွေနဲ့ လဲလို့ရတယ်။ အဲဒီပါတားနီက စားလိုက်ရင် ပါးစပ်မှာ နီကုန်တယ်၊ စားတုန်းခဏပဲ နီတာ၊ နောက် ခဏကြာရင် ပျောက်သွားရော။ ကျနော်နဲ့ ကာလူးချဘက် အလံနီလူထွက်ကိုတင်ထွန်းကို ကျနော်ပေးထားတဲ့နာမည်က ပါတားနီ။

သူက သခင်စိုး တပည့်အရင်း။ အခု ကျနော်လည်း ပါတားနီ ဖြစ်နေပြီလို့ ဆိုလိုတာလေ။ တခုတော့ ကျနော် အသေအကြေ ဖုံးကွယ်ထားတာရှိတယ်။ ဒါက ဗိုလ်ကြီးခင်ဇော်ကိစ္စ။ ထောက်လှမ်းရေးတွေ ခြေချင်းလိမ်နေတဲ့အချိန်၊ ကျနော် မုဒ္ဒုန်ရေတပ်စခန်းမှာ သွားသွားအိပ်နေတဲ့ကိစ္စ။ မလုပ်ကောင်းဘူး၊ မဖြစ်သင့်ဘူး ထင်လို့ပါဗျာ။ မတော်တဆပေါ် သွားရင် ခင်ဇော်ခမျာ မိန်းမရတာတောင် မကြာသေးဘူး၊ တခါတည်း တန်းပြုတ်ပြီး ထောင်ထဲဝင်ရမဲ့ကိန်းလေ။ ဒါတော့ ကျနော်ထိန်းရမယ်။ ကံကောင်းချင်တော့ ခင်ဇော့်ကို ကျနော့်အဖွဲ့တွေတယောက်မှ မသိကြဘူး။

နေဦး၊ ကြုံတုန်း ခင်ဇော့်ကို ကျနော်ဂျိကျတာ ပြောရအုံးမယ်။ ဘုန်းကျော်၊ ရွှေသွေးနဲ့ ရဲမွန်လှိုင်တို့လည်း လွတ်သွားရော၊ ကျနော်က မုဒ္ဒုန်ရေတပ်မှာရှိတဲ့ ခင်ဇော့်အခန်းမှာ သွားအိပ်နေလိုက်တယ်။ သုံးညလောက်ရှိမယ်။ ဒီကောင်ကလည်း ဗိုလ်ကြီးဖြစ်မှ ဘာသောက်သလဲ မမေးနဲ့ အရက်ဆို လာသာလာခဲ့၊ အချိန်မရွေးဆိုတဲ့အထဲက။ အကာလိကောလည်း ချတာပဲ။ ကျနော်နဲ့တော့ တကယ့်ကို ဘက်ကျနေတာပဲ။ ကျနော် မော်လမြိုင်ကိုလာတာ ငန်းတေးလျှပ်စစ်စက်ရုံက မီးထိုးဆီပျက်တွေ လေလံဆွဲမလို့ လာတာလို့ ပြောထားတာ၊ သူလည်း တခွန်းမှ ထပ်မမေးဘူး။ ကျနော်ကလည်း မမေးလေ ကြိုက်လေ။ လူချင်းတွေ့တာနဲ့ ပုလင်းဖွင့်တာပဲ။ အရက်က အာမီလေ။ သူ့အခန်းမှာ အလုံအလောက်ရှိတယ်။

တည ခင်ဇော်နဲ့ကျနော် မူးပြီး တပ်အပြင်ဘက်ထွက်တယ်။ သောက်ပြီး ထမင်းစားမလို့ ဟင်းထွက်ဝယ်တာ ထင်တယ်။ ခင်ဇော့်မိန်းမက ရန်ကုန်ခဏ ပြန်သွားတယ်လေ။ ဒါကြောင့် သူ့အိမ်မှာ

ဘာမှ စားစရာမရှိတာ။ ဘာ၀ယ်ပြီး ပြန်လာမှန်းတောင် မမှတ်မိတော့ပါဘူးဗျာ။ တပ်ထဲ ပြန်အဝင်မှာ စခန်းအဝင်ဝက ဆိုင်းဘုတ်ကြီးကို ကျနော်ကြည့်ပြီး အသံပြဲကြီးနဲ့ အော်ဖတ်ပစ်လိုက်တယ်။

တပ်မတော်သားအမိ၊ တပ်မတော်သားအဖ၊ ဒို့သားအဖသုံးယောက် လို့။

နောက်တခွန်းလည်း ထပ်အော်လိုက်ရော ကင်းတဲက တပ်ထိန်းနှစ်ယောက် ထွက်လာပါလေရော။ ခင်ဇော်ကိုတွေ့တော့ အလေးပြုတယ်။ ခင်ဇော်က ငါ့သူငယ်ချင်းပါကွာ မူးနေလို့တဲ့။ ဟော့ကောင် သက်ခိုင် တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖ၊ ဒို့တာဝန်အရေးသုံးပါးပါကွ၊ သေချာလည်း မဖတ်ပဲနဲ့တဲ့။ သူ့ခမျာ လိုက်ဖုံးရှာ၊ ကာရှာတယ်ဗျာ။

သူ့အိမ်မှာ အရက်ထိုင်သောက်ရင်း ရုပ်မြင်သံကြားမှာ စစ်ချီသီချင်းတွေ ပေါ်လာရင် ထထပြီး ပိတ်ပေးတယ်။ ကျနော် မကြိုက်တာ ရိပ်မိပုံရတယ်။ ဒါတွေကြောင့် ဒီပြဿနာမှာ ခင်ဇော့်ကို ပါမလာစေချင်ဘူး။

ကဲပါဗျာ၊ စစ်တဲ့ဆေးတဲ့ဇာတ်လမ်းကို ဖြတ်ကြပါစို့၊ ဂျာအေးနဲ့ မုန့်လုံးဇာတ်ဟာ လေးဆယ့်ရှစ်နာရီလောက် မနားတမ်းစစ်ပြီးတော့ နိဂုံးချုပ်သွားရော ဆိုပါတော့။ ကျနော်လည်း အရိုက်အနှက် မခံရပဲ ခပ်မျော့မျော့ပဲ ကျန်တော့တယ်။

နောက်နေ့တော့ နေပူထဲ မထားခဲ့တော့ဘူးဗျ။ သူတို့လည်း ပြတင်းတံခါးတွေဖွင့်၊ ပန်ကာတွေ ယူလာပြီး ဆက်စစ်တာ။ ကျနော့်အခန်းပြန်ရောက်တော့ တချိုးတည်း ထိုးအိပ်လိုက်တာ နေ့တနေ့ တောင် ပျောက်သွားတယ် ထင်ပါရဲ့ဗျာ။

■

## အခန်း (၃၄)

# မှူးယာစ်ဝေါ၊ နွေရက်များကို ဖြတ်ကျော်ခြင်း

ခြောက်ရက်မြောက်နေ့၊ နေ့လည်မှာ သောကြာက ဇာတ်လမ်းတခု ထွင်ပြန်ရော။ တောတွင်းကနေ ဆက်သွယ်တဲ့ အရေးကြီး စာရွက်စာတမ်းတချို့ သူ့အိမ်မှာရှိနေတာ အခုမှ သတိရတယ်တဲ့။ အစောင့်စစ်သားကို သတင်းပို့နေတယ်။

မကြာပါဘူးဗျာ၊ ဝုန်းဒိုင်းဆို တံခါးဖွင့်သံကြားပြီး သောကြာကို ခေါ် ထုတ်သွားပါလေရော။ အဲဒီနေ့က သောကြာ ပြန်ရောက်တော့ ညစာနာရီခွဲလောက်ရှိနေပြီ။ ခေါ် သွားတဲ့နေ့ခွေရဲ့ မကျေမချမ်းအသံတွေ ကြားနေရတယ်။ အလုပ်ရှုပ်အောင် လုပ်တဲ့ကောင်ကွာတဲ့။ သေလည်း မသေချာပဲနဲ့တဲ့။

နောက်နေ့မနက် အစောင့်အလစ်မှာ ဟေ့၊ ကိုသောကြာ မနေ့က ဘာတွေဖြစ်ကုန်သလဲ ဆိုတော့၊ သူက အိမ်ကိုခဏပြန်ရတာအမြတ်ပဲလေ။ စာရွက်တွေက ဘယ်မှာအထားမှားသလဲ မသိဘူး၊ ရှာမရတော့ဘူးတဲ့။ ကြည့် လုပ်ပုံကိုက၊ ခပ်ရှုပ်ရှုပ်။ ကိုယ်တယောက်တည်း ထင်နေတာ၊ သူက ကိုယ့်ထက်တောင် သာနေသေးဗျာ။

နောက်ရက်တွေလား၊ စာရဏာပရိတ်နဲ့ နှစ်ပါးသွားတယ်လေ။ ဘာအလုပ်မှမရှိတာ၊ ဒါရွတ်ရင် မြန်မြန်လွတ်တယ်လည်းဆိုတော့ ရွတ်တယ်လေ။ လွတ်ချင်တယ်လေ၊ ရွတ်လိုက်သမှ နှစ်ရက်လောက်နေတော့ အာဂုံဆောင်၊ နှုတ်တိုက်ရပြီး ဂျောင်းဂျောင်းပြေး ရွတ်လာနိုင်တော့တာပဲဗျာ။

စာရဏာပရိတ် မရွတ်တဲ့အချိန်လား၊ သီချင်းဆိုတယ်လေ။ ဘာလဲဗျာ လွှမ်းမိုးသီချင်းလေ။ ကို အကိုကြီးရဲ့ မခင်နှင်းဆီက ကျနော့်မှုပိုင်ပဲ၊ ဆိုတာမှ ဗျာန်နဲ့မာန်နဲ့၊ ဗျာန်ကရိုဏ်းကျကျကို ဆိုတာ။ ဒေါ် စင်တင်ပြဇာတ်တွေကိုတင်လာတဲ့ ဒါရိုက်တာလေ။ သီတင်းကျွတ်၊ တန်ဆောင်တိုင်တွေမှာ နှစ်ပွဲသုံးပွဲလောက် နွှဲဘူးတယ်။ THE KING ဆိုတာ လွှမ်းမိုးထောင်ထားတဲ့ တီးဝိုင်း။ THE KING က တီးဝိုင်းပစ္စည်းတွေငှားပြီး သီချင်းတိုက်ကြတော့ ကျနော် လွှမ်းမိုးသီချင်းဟဲနေတုန်း ကိုစိုးစိုး (လွှမ်းမိုး) ရောက်လာဘူးတယ်လေ။ သူက နားထောင်ပြီး ကျနော့်သီချင်းတွေ ကိုသက်ခိုင် ဆိုလို့ဖြစ်တယ်ဆိုပဲဗျ။

အေးဗျာ၊ ဖြစ်သမျှအကြောင်း အကောင်းမှတ်လိုက်ရတော့တယ် ဆိုပါတော့။

ကျနော်တို့ကိုချုပ်ထားတဲ့ အချုပ်ခန်းက ကွင်းပြင်မှာဆိုတော့ လွတ်လပ်တယ်လေ။ နေ့ဘက် စောင့်တဲ့ စစ်သားအစောင့်တွေတောင် မကြာမကြာ ပွဲတောင်းပါသဗျာ။ ညဖက်ဆို ကိုခင်မောင် သောင်းက အားပေးပြန်ရော။ ကိုသက်ခိုင် လုပ်ပါဦးဗျ၊ ခင်ဗျားရဲ့ 'မခင်နှင်းဆီလေး' တဲ့။ တချို့ရက်တွေ ဆို အဲဒီတပုဒ်တည်းကို ခြောက်ခါလောက် ဆိုနေရတယ်။ အစောင့်ရဲဘော်တယောက်ကတော့ ခတ်ကူးသွားတယ် ထင်ပါရဲ့။ စာရွက်လေးတရွက်နဲ့ ဘောပင်ထိုးပေးပြီး အဲဒီသီချင်းလေး ရေးပေးပါဗျာ တဲ့။ တောင်းတောင်းပန်ပန် ပြောရှာတယ်။ ကိုခင်မောင်သောင်းကလည်း သကြိန်ကျတော့မှာဗျ၊ သကြိန်မှာ ဇာတ်စင်ထိုးမှာ၊ မိုက်ကရိုဖုန်းကို ဒီအချုပ်ခန်းထဲသွင်းပြီး ခင်ဗျားကို သီချင်းဆိုခိုင်းရမယ်တဲ့။ ဇာတာတက်ပုံများ ထောက်လှမ်းရေး အချုပ်ထဲ ရောက်နေတာတောင် တေးချစ်သူပရိသတ်တွေနဲ့ဗျာ။

သောကြာကတော့ ရသမျှ စာအုပ်တွေချည်းသွင်းပြီး ဖတ်နေလေရဲ့။ တခါတခါ ရှိတယ် တောင် မထင်ရဘူးဗျာ။ သူက ကျနော့်သီချင်းသံကို နားငြီးတယ် ထင်ပါရဲ့။ တခါမှ ပွဲမတောင်းဖူးဘူး။

ကိုခင်မောင်သောင်းပြောတာရော၊ ကျနော်သိထားသလောက်ရောဆိုရင် ကျနော်တို့ကို စစ်ဆေးထားတဲ့ မှတ်တမ်းတွေကို တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးဆီ တင်ထားတာပါ။ သူ့အမိန့်ကို စောင့်နေတာပါ။ နောက်တချက်က တရားရုံးကျင့်ထုံးအရ ကျနော်တို့ကို ချုပ်နှောင်ထားခွင့် ဟာ ဆယ့်လေးရက်ပဲရှိပါတယ်။ ဒီရက်မတိုင်ခင် လွှတ်ရင်လွှတ်၊ မလွှတ်ရင် တရားစွဲဆိုခံရဖို့ သေချာ ပါပြီ။ တရားစွဲခံရရင် တပ်ထားတဲ့ ပုဒ်မတွေနဲ့ဆို အနည်းဆုံး ဆယ်နှစ်လောက်တော့ တန်းနေပါပြီ။

ကိုခင်မောင်သောင်းကတော့ ဗိုလ်မှူးချုပ်ခင်ညွန့်ကို ညညမှာ မေတ္တာပို့ပါလားတဲ့။ ညွှန်မှူး က သဘောကောင်းပါတယ်တဲ့။ အေးဗျ၊ ကိုယ့်ဖမ်းထားတဲ့လူကို မေတ္တာပို့ဖို့ဆိုတာ ထင်သလောက် တော့ မလွယ်လှဘူးဗျ။ ပို့မိသလား မပို့မိဖူးလား မမှတ်မိတော့ပါဘူးဗျာ။

ဟုတ်ပါတယ်၊ ခါရဏပရိတ် ရွတ်လိုက်၊ သီချင်းဆိုလိုက်နဲ့ လက်ရှိအခြေအနေကို မေ့ပျောက်နေနိုင်အောင် ကျနော်ကြိုးစားနေပါပြီ။ လွှတ်ဇစိတ်လို့ပြောရမလား။ ကြောင်တယ်ပြောမလား။ မာတယ်ပြောမလား၊ ကြိုက်သလိုသာ ပြောပေတော့ဗျာ။

မနက်မိုးလင်းရင် အပြင်ကိုထွက်ပြီး မျက်နှာသစ်ခွင့်ပေးတယ်။ ဧပြီလဆန်းရောက်လာတာ ကြောင့် အဝေးမှာ လှမ်းမြင်နေရတဲ့ ပိတောက်ပင်ကြီးတချို့ဆို ကျိုးတိုးကျဲတဲ့ ပွင့်တဲ့ အပင်တွေတောင် ပွင့်နေကြတာမြင်နေရပြီဗျ။ ဒါပေမယ့် ငါနဲ့မဆိုင်ဘူးလို့သာ သဘောပိုက်ရတော့သဗျ၊

လူပဲဗျာ၊ ရိုမန်ပြည့်မယ့်နေ့ကိုတော့ မျှော်တာပေါ့။ အေးလေ၊ ရိုမန် မပြည့်ခင် လွှတ်လိုက်ရင် ပွဲပြီးပြီပေါ့။ အထဲမှာဆိုပေမယ့် အပြင်က သတင်းတွေလည်း သိနေရတာပါပဲဗျာ။ အချုပ်ခန်းထဲကို သတင်းသွင်းပေးတယ်ဗျ။ တောခိုသွားတဲ့ ကျောင်းသားတွေကို မိဘရင်ခွင် ပြန်လည်ပို့ဆောင်ပေးနေ တာတို့။ ဘယ်အဖွဲ့က နိုင်ငံတော်အလံကိုကိုင်ပြီး လေယာဉ်ပျံပေါ်က ဆင်းလာတာတို့ သိနေရတယ်။

နည်းနည်းတော့ စိတ်ထဲမှာ ကွက်မိတယ်ဗျာ။ ပို့မိတဲ့ကောင်တွေက အချုပ်ထဲက မထွက်ရ သေးဘူး၊ ပြန်လာတဲ့ကောင်တွေက လေယာဉ်ပျံပေါ်က ဆင်းလာနေလို့။ တခါတခါများ ကားလမ်း ပေါ်က ကားတွေမောင်းသွားတဲ့ အသံကြားရင်၊ အဲဒီကားတွေပေါ်မှာ တောခိုကျောင်းသားတွေများ ပါခဲ့ရင် လမ်းကြုံတုန်း ငါတို့ကိုဝင်ကြည့်ဦးဟ လို့တောင် အော်ချင်စိတ် ပေါက်တဲ့အထိဗျာ။

ထောင်မှာ လွတ်ကြောင်းဆိုတာ ကြားဖူးတယ် မဟုတ်လား။ လွတ်ခါနီးတဲ့ အကျဉ်းသားက စိတ်ကယောင်ချောက်ချား ဖြစ်တတ်တာလေ။ သေချာပေါက် လွတ်မယ်ဆိုတာ သိနေတဲ့ အကျဉ်းသား ဟာ နှစ်ရက်၊ သုံးရက်အလိုမှာ အိပ်မပျော် စားမဝင်တော့ဘူး။ လွတ်ချင်စိတ်စောပြီး ကပေါက်တိ ကပေါက်ချာတွေ လျှောက်ပြောတတ်တယ်။ အခု ကျနော်က သေချာပေါက်လွတ်မယ်ဆိုတာ မသိလို့ အဲဒီလောက်တော့ မဆိုးဘူး။ မျှော်တော့ မျှော်တာပဲ။

ဒီလိုနဲ့ ရီမန်ကြီးနှစ်ပတ်ပြည့်တဲ့နေ့ကို ရောက်လာပါတော့တယ်။ တနေ့လုံး ဓာရဏာပရိတ်ကို ရွတ်ပါတော့တယ်။ ထမင်းလည်း ဖြောင့်ဖြောင့် မစားနိုင်တော့ပါဘူး။ အချုပ်ခန်းတံခါးကို ဘယ်အချိန် လာဖွင့်ပြီး 'ခင်ဗျား အိမ်ပြန်လို့ရပြီ' လို့ လာပြောမှာကိုပဲ စောင့်နေမိတော့တာပါပဲဗျာ။

တကယ့်ကို နေ့တာရှည်တဲ့နေ့ကြီးတနေ့ပါပဲ။ အချိန်တွေဟာ ထင်တာထက်တောင် တုန့်ခဲ နေပါတယ်။ အိပ်ရာထဲမှာ ပက်လက်လှဲလိုက်၊ လမ်းထလျှောက်လိုက်၊ ပြန်လှဲလိုက်နဲ့ လှဲလျှောက် သံသရာလည်နေတာပေါ့ဗျာ။

ညနေ ခြောက်နာရီသာ ထိုးသွားတယ်၊ မျှော်နေတဲ့ခေါ် သူက ရောက်မလာတော့ပါဘူး။ မခင်နှင်းဆီကိုလည်း မတ နိုင်တော့ပါဘူး။ စိတ်ကို လျှော့လိုက်ရပါတော့တယ်။ ထောင်ထဲမှာ နှစ်ပေါင်း များစွာ နေနိုင်တဲ့နည်းလမ်းကို ငါ ရှာရတော့မယ်။ ဘာပဲဖြစ်လာဖြစ်လာ ရင်ဆိုင်လိုက်ဖို့ တလမ်းသာ ကျန်ပါတော့တယ်။

တကယ်တော့ ကျနော်ဟာ ဘယ်အချုပ်၊ ဘယ်ထောင်မှ ရောက်ခဲ့ဘူးတာ မဟုတ်ဘူးဗျ။ အခု ထောက်လှမ်းရေး အချုပ်ခန်းထဲကို ရောက်နေတာဟာ ပထမဦးဆုံးအကြိမ်။ ပွဲဦးထွက် ကိုင်းကြီး ကြီးမှာ နားပြီလို့လည်း တွေးမိသပေါ့ဗျာ။ ညဘက်ရောက်တော့ ကိုခင်မောင်သောင်းက ပြတင်းပေါက် သံတိုင်တွေကြားကနေ တိုးတိုးလေး ကပ်ပြောတယ်။ ကိုရန်ဝင်းဆိုတဲ့လူကို ဒီနေ့လွှတ်လိုက်ပြီတဲ့။

အော်၊ သေချာပါပြီ။ ကျနော့်ကို မလွှတ်တော့ဘူးပေါ့။ ရီမန်လည်း စေ့သွားခဲ့ပါပြီ။

ဓာရဏာပရိတ်ကြောင့်ပဲလား။ တောခိုရာကနေ မိဘရင်ခွင် ပြန်လာပါတယ်ဆိုတဲ့ ဖမောင်တွေ ရဲ့ ကျေးဇူးပေပဲလား။ ဗိုလ်မှူးချုပ်ခင်ညွန့်ရဲ့ မဟာဂရုဏာတော်ကြောင့်ပဲလား သေချာမပြောနိုင်ပေမယ့် နောက်တနေ့နံနက် ၁၀ နာရီဝန်းကျင်မှာ ကျနော် ထောက်လှမ်းရေးအချုပ်က ပြန်လွှတ်လာပါတယ်။ ဒီလိုဗျာ။

အဲဒီမနက်က ဘာမှ မျှော်လင့်စရာမရှိတာနဲ့ ကျနော်လည်း ခပ်ငေါင်ငေါင် အချုပ်ခန်းထဲမှာ ထိုင်နေတုန်း မောင်စိုးသန်း ဖြူန်းဆို ရောက်လာသဗျ။ ကိုသက်ခိုင် ခင်ဗျားကို တပ်မှူးက တွေ့ချင်လို့ ဆိုပဲ။ ထုံးစံအတိုင်း ခေါင်းစွပ်တလေး ခေါင်းမြီးခြုံပြီး လိုက်သွားရတာပါပဲ။

တပ်မှူးရုံးခန်းထဲရောက်တော့ ဗိုလ်မှူးသန်းထွန်းဟာ ဖော်ဖော်ရွေရွေမျက်နှာထားနဲ့ ထိုင်ဗျာ ကိုသက်ခိုင် တဲ့။ သူ့ပုံစံက ရေမိုးချိုးပြီး ရှင်ရှင်လန်းလန်း ပုံစံနဲ့ပါပဲ။ သူကြည့်ရတာ အင်ဒိုနီးရှားပါတိတ် ခရေဇီထင်ပါရဲ့။ ကျနော်နဲ့တွေ့တိုင်း စစ်ဝတ်စုံနဲ့မဟုတ်ပဲ ဟာဝေယံရှပ်နဲ့ချည်း တွေ့နေလို့ဗျ။

ကျနော်ကတော့ ဘာမှမျှော်လင့်စရာမရှိတော့ဘူးဆိုတဲ့ အသိစိတ်နဲ့ ဘာပြစ်ဖြစ် ရင်ကော့ခံ လိုက်ဖို့ စိတ်ကို တင်းနေရပါတယ်။ တကယ်တော့ သိပ်လည်း စိုးရိမ်ပူပင်မှုရှိလှတယ် မဟုတ်တော့ဘူးဗျ။ အဆိုးချည်းပဲ တွေးရဖန်များလာတော့ မတွေးချင်တော့တာလည်း ပါမယ်ထင်ပါရဲ့။

တပ်မှူးက စားပွဲပေါ်က စာရွက်ထပ်ထဲက ဘာရှာနေမှန်းမသိ၊ တရှုပ်ရှုပ်နဲ့ လှန်ရှာနေ တယ်ဗျ။ ကျနော်ကတော့ ကျနော်သိသလောက် ဥပဒေလုပ်ထုံးလုပ်နည်းနဲ့ ရဲစခန်းကို လွှဲလေမလား၊ ထောင်ကို တန်းပို့လေမလား စဉ်းစားနေတယ်။

အဲဒီအချိန်မှာ ဗိုလ်သန်းထွန်းဟာ ဘာမှ နိဒါန်းမပျိုးပဲ ကိုသက်ခိုင် ခင်ဗျားကို ဒီနေ့ လွှတ်မယ်တဲ့။

တကယ်ပါဗျာ၊ ကျနော့်နားတွေ အူသွားတယ်။ သူက တခွန်းချင်း ထပ်ပြောတယ်ဗျာ။ ဟုတ်တယ်ဗျ။ ခင်ဗျားကို လွှတ်ရမဲ့စာက မနေ့ကညနေမှ ဝင်လာတယ်။ ကျနော်တို့ညွှန်ချုပ်က ခင်ဗျားတို့အဖွဲ့ကို လွှတ်ပေးဖို့ မှတ်ချက်ပေးတယ် တဲ့။ ပြောချင်သလိုသာ ပြောပေတော့ဗျာ။ လွှတ်မယ် ဆိုတာ သေချာတယ်လည်းဆိုရော၊ ကျနော်ဟာ ကုလားထိုင်မှာ ထိုင်နေရာကနေ စိတ်ထဲမှာ

နောက်ဂျမ်းထိုးလိုက်တာ သုံးရာ့ခြောက်ဆယ်ဒီဂရီ ဖြစ်သွားတယ်ဗျ။ လူကသာ ထိုင်နေတာ စိတ်က နောက်ဂျမ်းပစ်သွားတာလေ။ ကျနော် လွတ်သွားတဲ့စိတ်ကို အချိန်မီ ထိန်းလိုက်ရတယ်။

တပ်မှူးကတော့ လွှတ်ကာနီး ပေါနေကျတရားတွေ ထင်ပါရဲ့။ ကျနော့်ကို နှစ်နှစ် စောင့်ကြည့်နေမယ်ဆိုတဲ့အကြောင်း၊ နှစ်နှစ်အတွင်း ကောင်းမွန်စွာနေဖို့ အကြောင်း၊ တပ်မတော်ကို အထင် မလွဲဖို့၊ ဗိုလ်တာဝန် အရေးသုံးပါးကိုသာ အမြဲထမ်းဆောင်နေမယ့်အကြောင်း၊ တပ်မတော်နဲ့ လက်တွဲပြီး ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးမှာ ပါဝင်ကြဖို့အကြောင်း၊ စုံလို့ပါပဲဗျာ။ နောက် ထူးထူးခြားခြား စကားတခွန်းကတော့ ကိုသက်ခိုင် ခင်ဗျားစီးပွားရေးလုပ်ငန်းတွေမှာ ကျနော်တို့ အကူအညီ လိုရင်ပြောဗျ။ ဘာမဆို ကူညီဖို့ပိုးပေးမယ်ဆိုပဲ။ အချိန်မရွေး ဝင်ဖို့ထွက်ဖို့တောင်ပါသေး။

အော်၊ ဒီအတိုင်း အိမ်ကို တန်းပြန်လွှတ်လိုက်တာတော့ ဘယ်ဟုတ်မလဲဗျ။ တရားရုံးကို ခေါ်သွားသေးတယ်။ တပ်မှူးရုံးခန်းကနေ တပ်မှူးရဲ့ လွှတ်တရားနာပြီး ကျနော့်အခန်းကို ပြန်ခေါ် လာတယ်။ ကိုသက်ခိုင် ပစ္စည်းတွေသိမ်းထားပါတဲ့။ နာရီဝက်လောက်နေရင် ပြန်လာခေါ် မယ်ဆိုပြီး ကိုစိုးသန်း ထွက်သွားတယ်။

ပစ္စည်းတွေ သိမ်းလို့သာပြောတာ၊ အဝတ်အစား နှစ်စုံကလွဲလို့ ဘာမှမှမရှိတာ။ စိုးသန်း ပြန်အလာကိုပဲ ထိုင်စောင့်နေတာပေါ့။ နေဦးဗျာ၊ သောကြာ အသံပျောက်နေတယ်ဗျ။ ကျနော် ရီမန်မစေ့ခင် တရက်အထိ အဆက်အသွယ်ရသေးတယ်။ သူပြောတာကတော့ ကိုသက်ခိုင် ခင်ဗျားက လွတ်မှာတဲ့။ သူ့တော့ တောထဲက ပြန်ဝင်လာတာမို့ လွတ်ဖို့ လမ်းမမြင်ဘူးတဲ့။ အေးဗျ၊ သူ့သတင်းကို ကျနော် မကြားမိဘူးဗျာ။

သတိရလို့ ပြောရဦးမယ်ဗျ။ နာရီဝက်လောက်နေတော့ စိုးသန်းပြန်လာခေါ် လို့ အချုပ်ခန်းထဲက လွတ်ပြီကျွတ်ပြီဟော့ဆိုတဲ့စိတ်နဲ့ အားရပါးရ ခြေတလှမ်း စလှမ်းလိုက်တာ ဒူးတွေ ခွေကျသွားတယ်ဗျာ။ ခွေကျသွားတာက မြန်လွန်းလို့ သံမံတလင်းကို လက်ထောက်ပြီး ချက်ချင်း မတ်တတ်ပြန်ရပ်လိုက်ရတယ်။ စိတ်လျှော့လိုက်လို့လား၊ အခန်းကျဉ်းလေးထဲမှာ နှစ်ပတ်ထည့်ထားလို့ လား၊ သေချာတော့ ကျနော် မသိဘူးဗျ။ သေချာတာကတော့ ကိုယ့်ကိုယ်ကို ဒေါကန်သွားတာပဲ။ ဒီလောက်တောင် ပျော့ရသလားကွာလို့။

ဒီတခါ ကျနော့်ကို ခေါ် သွားတဲ့တရားရုံးက ဘားလမ်းရုံးမဟုတ်ဘူး။ ပန်းဆိုးတန်း တရားရုံးဗျ။ လမ်းတော့ မမှတ်မိတော့ဘူး။ ဆူးလေဝန်းကျင်မှာပဲ။ တရားရုံးလည်းရောက်ရော တရားခွင်ကို တန်းပြီးခေါ် သွားတယ်။ တရားသူကြီးက ကျနော့်အရင် စင်မြင့်မှာ နေရာယူပြီးနေပြီ။ တရားခွင်ပုံစံတော့ သိပ်မကျလှပါဘူး။ ကျနော်နဲ့လည်း မျက်နှာချင်းဆိုင်မိရော တရားသူကြီးက နာမည်တဲ့။

ကျနော်က သက်ခိုင်လို့ တုံးတိတိ ဖြေလိုက်တယ်။ သူက မျက်မှန်ကိုပင့်ပြီး

'ခင်ဗျားနာမည် မေးနေတာ'တဲ့။

ဟုတ်တယ်လေ၊ ကျနော်ဖြေတာ ကျနော့်နာမည်ပဲလေ။ သက်ခိုင် သက်ခိုင်လို့ အပ်ကြောင်း ထပ်လိုက်တယ်။ တရားသူကြီးက ခပ်တည်တည်နေတဲ့ အမူအရာကနေ ချက်ချင်း ရယ်တော့မဲ့ပုံစံ ပြောင်းသွားတယ်ဗျ။

တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ ကျနော့်နာမည်လည်း သက်ခိုင်ပဲတဲ့။

အေးဗျာ၊ သက်ခိုင်က သက်ခိုင်ကို လွှတ်လိုက်တယ် ဆိုပါစို့။ နေဦး၊ ဘာတွေ ရေးထားမှန်း မသိတဲ့ စာရွက်တချို့လည်း လက်မှတ်ထိုးပေးခဲ့ရသေးတယ်။ အေးလေ၊ တရားသူကြီးလုပ်တဲ့

သက်ခိုင်က ဒီနေရာမှာ လက်မှတ်ထိုးလိုက်ပါတဲ့။ ဘာမှထွေထွေထူးထူး မဟုတ်ဘူး၊ လုပ်ထုံးလုပ်နည်းပါတဲ့။ ကျနော်လည်း မြန်မြန်ပြီး ပြီးရော ထက်မှတ်ထိုးခဲ့တယ်ဗျာ။

ရုံးအပြင်လည်း ထွက်လိုက်ရော မဒမ်သက်ခိုင်၊ မစွက်သက်ခိုင် ရောက်နေသဗျာ။ ကျနော်က အံ့ဩတကြီးနဲ့ ညည်းက ငါလွတ်မှာ သိလို့လားလို့ အလောတကြီး မေးလိုက်တော့ ကိုရန်ဝင်းကို ဒီဖုံးကနေ လွှတ်လိုက်တာလို့ ကိုရန်ဝင်း ဖုန်းဆက်လို့ သိသတဲ့။ ဒါကြောင့် လွတ်လိုလွတ်ငြား လာစောင့်နေတာတဲ့။ ကိုစိုးသန်းတို့ကလည်း ကိုသက်ခိုင် ခင်ဗျား အမျိုးသမီးရောက်နေပြီပဲ။ ကျနော်တို့ ထိုက်မပို့တော့ဘူး ဆိုပြီး နှုတ်ဆက် ပြန်သွားလေရဲ့။

ပတ်ဝန်းကျင်ကို သေချာကြည့်လိုက်တော့ ဆူးလေစေတီတော်ကို လှမ်းမြင်နေရတယ်ဗျာ။ ကျနော် နီးစပ်ရာဆိုင်တခုထဲကနေ ကိုရန်ဝင်းကို ဖုန်းလှမ်းဆက်လိုက်တော့ သူလာခဲ့မယ်တဲ့။ မကြာပါဘူး သူ့ပါပလစ်ကာလေးနဲ့ရောက်လာပြီး ကျနော့်အိမ် လိုက်ပို့သဗျာ။ အိမ်ရှေ့ရောက်လို့ ကားပေါ်ကသည်း ကျနော်ဆင်းရော လူလေးငါးဆယ်လောက် ဝိုင်းကြည့်နေကြသဗျ။ ကျနော့်စိတ်ထဲမှာ ငါထောက်လှမ်းရေးက ပြန်လွှတ်လာတာမို့ ဝိုင်းကြည့်ကြတယ် ထင်နေတာ၊ မဟုတ်ဘူးဗျ။ အိမ်ပေါ်ရောက်မှ မှန်ကြည့်လိုက်တော့ မုတ်ဆိတ်ကျင်စွယ်တွေနဲ့ စုတ်ပြတ်နေတာ သိတော့တယ်။

ကျနော် အိမ်ပြန်ရောက်ပြီး တပါတ်လောက်ကြာတော့ ရှေ့သွေးဟာ ထောက်လှမ်းရေးတွေကို ကျော်လွှားပြီး ကျနော့်အိမ် ရောက်လာသေးသဗျာ။ ကိစ္စက ကျနော့်အိမ်မှာ ထားခဲ့တဲ့ သူ့အမေဓာတ်ပုံ လာယူတာဗျ။ မှတ်မိသလောက် သကြိန်နောက်ဆုံးရက်လို့ ထင်တယ်။ သူ့ အကျီမှာ ရေတောင်စိုနေသေးတယ်။ ကျနော်လည်း အခြေအနေ ရှင်းပြပြီး ရန်ကုန်က မြန်မြန် ခွာဖို့ လိုတာ လှမ်းမှာဖို့ပြောလိုက်ရတယ်။

တောခိုတဲ့ တချို့ကျောင်းသားတွေ ပြန်လာကြ။ ပါတီတွေထောင်ကြတဲ့ အချိန် ရောက်နေပြီဗျာ။ ကျနော့် စိတ်ထဲမှာလည်း ဒီလောက် တတိုင်းတပြည်လုံး မကြိုက်ပါဘူးလို့ တညီ တညွတ်တည်းကန့်ကွက်ခဲ့ကြတဲ့ စံနစ်ကြီးလည်း ချုပ်ငြိမ်းတော့မှာပဲလို့ ထင်ခဲ့တယ်။ ရွေးကောက်ပွဲ အတွက်မြင်တာဆင်တာတွေလည်း လုပ်နေကြပြီလေ။

ကျနော်နဲ့ သောက်ဖော်သောက်ဖက် ရှေ့နေ ဝင်းဆွေဦးတို့တောင် သူ့တို့ရှေ့နေတွေ စုပြီး People Solidarity ပါတီဆိုလား ထောင်ကြသေးဗျာ။

ကျနော်လား၊ ပိုးက ဘယ်သေမလဲ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို သွားဝင်တယ်လေ။ ဖြစ်ချင်တော့ ဝင်လို့မရဘူးဗျာ။ ကျနော်က ဝန်ထမ်းအဖြစ်ကနေ မထွက်ရသေးလို့တဲ့။

အမှန်က ကျနော်ကိုယ်တိုင်လည်း ဆောက်လုပ်ရေး ဂျေအီးသာ ဝင်လုပ်နေတာ၊ အလုပ်ရှိတယ်လို့ အောက်မေ့တဲ့ကောင် မဟုတ်ဘူးလေ။ ပါတီဝင်လျှောက်လွှာထဲမှာ အလုပ်အကိုင်ဖြည့်တော့ ဇစိုးရဝန်ထမ်းများ လျှောက်ထားခြင်းမပြုနိုင် ဆိုတာတွေ့တာ။

နေဦး၊ ကျနော့် ပါတီဝင်ဖို့ လျှောက်လွှာသွားတင်တာ ဒေါ်အောင်ဆန်းစုကြည် ခြံထဲမှာဗျ။ ပါတီဝင်မဲ့ လူတွေက ကျနော်တယောက်တည်း ဘယ်ဟုတ်မလဲ။ ကျိတ်ကျိတ်ကို တိုးနေတာ။ လူတွေ သောင်းချီရှိမယ်။ အစိုးရဝန်ထမ်း ဖြစ်နေရင် ဝင်မရဘူးဆိုတော့ လွယ်လွယ်နဲ့ လက်မလျှော့ချင်တာနဲ့ ခြံဝန်းထဲက ရုံးခန်းကို ဝင်သွားလိုက်တယ်။ ကျနော် သိချင်တဲ့အဖြေကို ဖြေနိုင်မဲ့သူကို ရှာလိုက်တယ်။ မကြာပါဘူး၊ ရှေ့နေကြီး ဒေါ်မြင့်မြင့်ခင်ကို တွေ့ခွင့်ရတယ်။

သူ့ပုံစံကို ကျနော် သိပ်သဘောမကျဘူးဗျာ။ ကျနော်က အားကြိုးမာန်တက် ပါတီဝင်ဖြစ်နိုင်မဲ့ နည်းလမ်းကို မေးနေတယ်။ သူကပြောတာ တခွန်းပဲ။ ဝင်လို့မရဘူးတဲ့။ အလုပ်က ထွက်ပြီးမှ လာဝင်ပါတဲ့။ ဒါတော့ နိုထရီပဗ္ဗလစ်တယောက် ဖြေမှုလားဗျာ။ ကျနော့်လို စာပေးစာယူ ဥပဒေဘွဲ့ရ

တယောက်တောင် သိသေးတာ။ ဒေါ်မြင့်မြင့်ခင်ဟာ ဆေးလိပ်တွေများ သိပ်သောက်သလားတော့ မသိဘူး။ နှုတ်ခမ်းပြာပြာနဲ့ စွာမယ့်ပုံ ပေါက်နေတယ်။ ကျနော် မကြိုက်တာ လန်နေတဲ့ သူ့နှုတ်ခမ်းပဲ။ ထားလိုက်ပါတော့ဗျာ၊ ကျနော်လည်း အလုပ်ထဲက ဘယ်လိုထွက်ရမလဲ၊ အလုပ်မှာ ဘာတွေ ဖြစ်ကုန်ပြီလဲ သိချင်တာနဲ့ အလုပ်ထဲကို ပြန်ပြီး ခြေဦးလှည့်ခဲ့တယ် ဆိုပါတော့၊

■

အခန်း (၅၅)

# ကျောမွဲများဆီသို့ တခေါက်

ထောက်လှမ်းရေးဟာ ကျနော့်ကို ခေါ်ယူစစ်ဆေးတဲ့အကြောင်း ကျနော့်အလုပ်ဌာနကို အကြောင်းကြားတာ အသိပေးတာ မလုပ်ခဲ့ပါဘူး။ ဒါကြောင့် ကျနော့်အလုပ်ရှိရာကို ဘာမှမဖြစ်ခဲ့တဲ့ ပုံစံနဲ့ ပြန်ဝင်နိုင်ခဲ့ပါတယ်။

ကျနော့်အလုပ်က ရန်ကုန်ပြည်လမ်း တိုးချဲ့ဆောက်လုပ်ရေး စီမံကိန်းဗျ။ အာရှဖွံ့ဖြိုးရေးဘဏ် အကူအညီနဲ့ ဖောက်နေတာ။ အဲဒီစီမံကိန်းမှာ လမ်းပိုင်း၊ စီမံ၊ ကျောက်ထုတ်၊ ဆိုဆိုပြီး အပိုင်းတွေ ခွဲထားတယ်။ ကျနော်က ကျောက်ထုတ်လုပ်ရေးမှာ ကျတယ်။ ကျနော် အလုပ်စဝင်တော့ လမ်းကို စချဲ့နေတာ မင်္ဂလာဒုံတောင် မကျော်သေးဘူး။ အလုပ်ဝင်တုန်းက စီမံကိန်းမန်နေဂျာ အေစီအီးက ဦးပေါ်ဝင်း၊ နောက်တော့ ဦးအေအောင်ကြီး။

ကျနော်က အစိုးရဝန်ထမ်း နာမည်ခံသက်သက်ပဲဗျ။ အလုပ်ထဲကို သိပ်သွားလှတယ်မဟုတ်ဘူး။ စီမံကိန်းရုံးက မှော်ဘီအလွန်မှာဗျ။ ကျနော်တို့ အေအီးဦးအုန်းကျော်က ပြည်နားက ရွှေတောင်မှာ ကျောက်စုဆောင်းရေးရုံးခွဲ ဖွင့်ထားတယ်။ ရန်ကုန်မှာ ကျနော့်စီးပွားရေးခွင်တွေလည်းရှိ၊ သွားရတာလည်းဝေး၊ အလုပ်ထဲမှာ ခွင်လည်းကျမယ့်ပုံမရတာနဲ့ ခပ်ရှောင်ရှောင် လုပ်နေတာလေ။

ခွင်မကျဘူးဆိုတာက ဆောက်လုပ်ရေးမှာ အေအီး၊ အက်စ်အေအီး၊ ဂျေအီး၊ ရုံးဝန်ထမ်းတွေ အတွက် လေးသုံးနှစ်တစ်ဆိုတဲ့ အကြံအဖန် ဝေစုခွဲတဲ့မှု ရှိတယ်။ တရားဝင်တော့ ဘယ်ဟုတ်မလဲဗျာ။ နားလည်မှုနဲ့ တတိုင်းပြည်လုံး လိုက်နာနေကြတာ။ ကျနော်တို့အေအီးဦးအုန်းကျော်က ဒီမှုကို မသိချင်ယောင်ဆောင်နေတယ်။ ကျနော်ကလည်း အဲဒီအောက်ဆိုက်ကို မလိုချင်ဘူး။ ကိုယ့်ဖာသာကိုယ် အပြင်မှာ ဂျလမ်းနေချင်တာ။ သူက တခါနှစ်ခါတော့ ကျနော့်ကို ပွမ်တယ်။ နောက် သူ့လိပ်သည်း ကျောက်ပုံတပုံကို တိုင်းတော့ သူလုပ်နေတာ ကျနော် အားလုံးဓာတ်ပေါက်တယ်ဆိုတဲ့ အထာလည်း ပြလိုက်ရော အပွမ်ရပ်ပြီး ကျနော်မလာလေ သူ အန္တရာယ်ကင်းလေဆိုတာ သဘောပေါက်သွားတယ်။ အော် ကျနော် မရှိုင်းပါဘူးဗျာ။ တလတခါ နှစ်လတခါဆိုသလို ကျောက်မြောင်းကသူ့အိမ်ကို ဗုဒ္ဓန်

မြောက်လေး ငါးမြောက် ငါးခြမ်းလေး ပို့ပါသေးတယ်။ ဘာ ဝေစုမှလည်း မယူဘူးလေ။

ဝန်ထမ်းလောကဟာ တခါတခါ ခက်တယ်ဗျ။ အေအီးနဲ့ပိုင်လို့ အေးတယ်မှတ်သလား၊ ကျနော့်ကို ဘယ်မောင်က မျက်စေ့နောက်တယ် မပြောတတ်ဘူး၊ ချွန်လိုက်တယ်ထင်ပါရဲ့၊ ကျနော် ဖရိုးရိုက်နေတာကို အေစီအီး သိသွားပါလေရောဗျာ။

ရုံးစာထုတ်ပြီး လာတွေ့ဖို့ဆင့်ပါလေရော။ အဲဒီခေတ်က အေစီအီးက ဂျေအီးကို စာထုတ်ပြီး တွေ့တယ်ဆိုတာ တကယ့် ထူးထူးဆန်းဆန်းဗျ။ ကျနော်လည်း ပြုတ်လည်းမကာတ်နိုင်ဘူးဆိုပြီး သွားတွေ့ရ တော့တာပေါ့။ အမှန်အတိုင်း ဝန်ခံရရင် ဘာမှမဟုတ်တဲ့ ရာထူးလေးကို လူရှိသေ ရှင်ရိုသေ ရှိနေချင်တဲ့စိတ်က မပျောက်ဘူးဗျာ။ ငွေအတွက်မဟုတ်ဘူး။ ကျနော့်အဆင့်က ဂုဏ်ယူလောက်တဲ့ အဆင့်လည်းမဟုတ်ဘူး။ ဒါကို အလုပ်ထွက်ရမှာ ဝန်လေးနေတာ။ တော်တော်ပြောရခက်တဲ့ စိတ်။

အေစီအီး ဦးအေအောင်ကြီးကိုတွေ့ဖို့ မနက်ရှစ်နာရီလောက်ကနေ သူ့ရုံးခန်းရှေ့မှာ ထိုင်စောင့်လိုက်တာ ဆယ့်တစ်နာရီလောက်မှ တွေ့ခွင့်ရတယ်။ စောင့်နေတဲ့အချိန်မှာတော့ ဘေးက ဘဝတူဝန်ထမ်းတွေ ကျနော်ကိုကြည့်တဲ့အကြည့်ဟာ ကြိုးမိန့်ကျတော့မဲ့ တရားခံကို ကြည့်တဲ့ ပုံပေါက်နေတယ်ဗျာ။

အေစီအီး ရုံးခန်းထဲလည်းရောက်ရော ဦးအေအောင်ကြီးက ခန့်ခန့်ကြီးထိုင်နေတယ်။ ကိုယ်ခန္ဓာ အချိုးအစားကြီးတယ်။ အသားညိုတယ်။ ခရစ်ယာန်ဘာသာဝင်လို့ ကျနော် သိထားတယ်။ သူက ကျနော့်ကို တည်တည်ခန့်ခန့် မျက်နှာပေးနဲ့ စမေးတယ်။

'သက်ခိုင်ဆိုတာ မင်းလား' တဲ့၊

'ဟုတ်ကဲ့ ကျနော် သက်ခိုင်ပါ' ဆိုတော့

'မင်းက အလုပ်ထဲမှာ မနေပဲ ဘာလျှောက်လုပ်နေလို့လဲ။ မင်း ခွင့်မဲ့ပျက်ကွက်တွေလည်း အများကြီးပဲ' တဲ့။

ကျနော်လည်း လိမ်နေအပိုပဲဆိုပြီး အမှန်အတိုင်း ပြောချလိုက်ပါတယ်။

'အေစီအီး ခင်ဗျာ၊ ကျနော့်မှာ အပြင်ကိုယ်ပိုင်အလုပ်ရှိပါတယ်။ ဒီ ဂျေအီး ရာထူးလေးက ဂုဏ်ရှိမလားလို့ လုပ်နေတာပါ။ ကျနော့်အလုပ်နဲ့ကျနော်ရှုပ်နေလို့ အလုပ်ထဲမရောက်တာပါ' လို့ပြေလိုက်တယ်၊ နောက်သူက ကိုယ်ပိုင်အလုပ်ဆိုတာ ဘာလဲတဲ့။ ကျနော်က 'လျှပ်စစ်ဌာနက လေလံတွေ ဝင်ဆွဲနေတာပါ' လို့လည်း ပြေလိုက်ရော သူ့မျက်နှာထားဟာ ချက်ချင်းကို သိသိသာသာ ပြောင်းသွားတော့တာပဲဗျာ။ နောက် အားရပါးရ စကားတွေ ဆက်ပြောတော့တာပဲဗျာ။

'ဪ အေးကွ၊ ဒါဆို မင်းနဲ့ငါနဲ့တူနေပြီ။ ငါလည်း ဂုဏ်ရှိအောင် အစိုးရအလုပ် လုပ်နေတာကွ။ ငါ့ မူရင်းစိတ်က အပြင်စီးပွားရေး လွတ်လွတ်လပ်လပ်လုပ်ချင်တာ' ဆိုပြီး စကားတွေဖောင်ဖွဲ့ တော့တာပါပဲဗျာ။ သူကိုယ်တိုင် ခရမ်းသီးတို့၊ ဂေါ်ဖီထုတ်တို့ စိုက်ဖို့ စီစဉ်တာ၊ စီမံကိန်းမြေမှာ ဘူဒိုဇာ တွေ သုံးပြီး အပေါ်ယံမြေလွှာတွေကို ထိုးကော်မိလို့ အပင်တွေ မဖြစ်တာ၊ အမှန်က အပေါ်ယံမြေလွှာ တွေက သာ အပင်တွေကို ဖြစ်ထွန်းစေတာ၊ တခြား လေလံတင်ဒါတွေ ဝင်ဆွဲတာ။ စုံနေအောင် ပြောလိုက်သမှ နှစ်နာရီနီးပါးကို ရှိသဗျာ။ အပြင်မှာ အေစီအီးကိုတွေ့ဖို့စောင့်နေကြတဲ့ အေအီး တွေလည်း တန်းစီနေ တာကို အပြင်ထွက်တော့မှ သိရတယ်။ အေစီအီးက စကားကို အဆုံးမသတ်ချင် သတ်ချင်နဲ့ ရပ်လိုက်ပြီး ကျနော့်ကို ရန်ကင်းမြို့နယ်က သူ့အိမ်ကိုရောက်အောင်လာခဲ့ဖို့၊ လေလံမှာ ရှယ်ယာဝင်ပါချင်တယ်ဆိုပြီး တဖွဖွမှာနေသေးဗျာ။

အေစီအီး ရုံးခန်းအပြင်လည်းရောက်ရော ရင်မပြီးစောင့်နေတဲ့ ကျနော့်အေအီး ဦးအုန်းကျော်က ကိုသက်ခိုင်ကို အေစီအီးက တော်တော် သဘောကျသွားပုံရတယ်တဲ့။ သူ့မျက်နှာက

ဘူး ဖြူးလှ။ ကျနော်တို့ပြောတာတွေ အပြင်ကကြားနေရတယ် ထင်ပါ့ဗျာ။ ရုံးအဖွဲ့လား၊ ကျနော် ပြန်ထွက်လာတော့ အောင်ပွဲရတဲ့ စစ်သူကြီးကို ကြည့်သလိုပေါ့ဗျာ။ မဆန်းပါဘူးဗျာ၊ လူတွေဟာ ဒီလိုပါပဲလေ။

ကျနော့်ကို အေစီအီး ခေါ် တွေ့တဲ့နေ့ကစပြီး အလုပ်နဲ့ပတ်သက်လို့ နောက်ကြောင်းအေးရော ဆိုပါတော့ဗျာ။ အလုပ်ထဲကို လုံးဝ မသွားတာတော့ မဟုတ်ဘူး။ ကျနော်တို့ဆိုက်ကို ရွှေတောင်ကနေ ပြည်တဘက်ကမ်း အရိုးတောင်ကျောက်မိုင်းကို ရွှေ့တုန်းက သုံးလေးခေါက်လောက် ရောက်ပါတယ်။

ဒါနဲ့ပြောရဦးမယ်၊ ခင်ဗျား ကျောမွဲဆိုတာသိလားဗျ။ ကျနော်လည်း အံရစ်က ကျောမွဲ ယူတန်းစားတို့ ဘာတို့ကို တွံတေး သိန်းတန်ရဲ့ တွေးညှိသီချင်း ဇာတ်လမ်းတွေမှာလောက်သာ သိခဲ့တာ။ ကျောမွဲဆိုတာ မမြင်ဖူးဘူးဗျ။ ကျနော်က နတ်မောက်က ယာသမား ကိုင်းသမား ကျောဖြစ်လောက် သာ မြင်ဖူးတာ။ တကယ့်ကို ကျောမွဲဆိုတာ မြင်ဖူးတာက အဲဒီ ပြည်တဘက်ကမ်းမှာ။ ရန်ကုန်ပြည်လမ်း စီမံကိန်း အတွက် အဓိကလိုအပ်တဲ့ကျောက်တွေကို ကျော်စွာရယ်၊ ပြည်တဖက်ကမ်းကရယ် အဓိက ထုတ်တာဗျ။ လမ်းခင်းတဲ့နေရာမှာ ဘယ်ကျောက်ဘယ်လောက်မာသလဲ ဓာတ်ခွဲခန်းပို့ပြီးလို့ သုံးလို့ရတယ်ဆိုရင် ကျောက်စခန်းဖွင့်တာပဲ။ ရဲဘက်ကျောက်ထုတ်စခန်းတွေလည်း အဲဒီအချိန်ကစပြီး ပေါ်လာတာ ထင်တာပဲဗျာ။

ကျနော်တို့က မိုင်းခွဲတယ်။ နောက် ပုဂ္ဂလိကကုန်သည်တွေဆီကလည်း ဝယ်တယ်။ ကျနော် ကြုံခဲ့တဲ့ ကျောက်သွင်းတဲ့ ကန်ထရိုက်တယောက်နာမည်က ဦးကျောက်ဖားတဲ့။ ပြည်ဇာတိဗျ။ လူပုံက တော့ ဆရာမြသန်းတင့်ရဲ့ ခါးတောင်ဝတ္ထုထဲက ဦးဘရန်ကိုသာ မြင်ကြည့်ပေတော့ဗျာ။ တကယ့်ကို အရင်းရှင် ရုပ်၊ ဘူဇွာလေသံနဲ့။ သူ့ကို ကျနော်တို့အေအီးကအစ ကျွတ်ပုံရတယ်။ ဦးကျောက်ဖားက ကျနော်တို့အဖွဲ့တွေကို လိုလေသေးမရှိ ကျွေးမွေးညှဉ့်ခံတာ အကြိမ်ပေါင်း မနည်းလှဘူး။ တခြား ဂျေအီးတွေအတွက်ကတော့ ဆန်းချင်ဆန်းပေမပေါ့ဗျာ။ ကျနော့် အတွက်ကတော့ ကိုယ်ရိုက်လာတဲ့ နည်းနဲ့ ကိုယ့်လာပြန်ရိုက်နေတာမို့ သူ့ရိုက်ချက်က ကျွန်တော့်ကို မထိဘူးလေ။ ကဲပါဗျာ၊ ပြောချင်တာက ဦးကျောက်ဖားအကြောင်း မဟုတ်ပါဘူး။ သူနဲ့အတူ ပြည်တဖက်ကမ်းက တောင်တန်းတွေပေါ် ရောက် ပြီး ကျောမွဲတွေကို တွေ့တာပဲ။

ကျနော်မှတ်မိသလောက်တော့ ဖိုးဝန်းတောင်ထင်တာပဲဗျာ။ အဲဒီ တောင်ရိုးတလျှောက်မှာ ကျောက်ရှာနေတဲ့ မိသားစုတွေရှိတယ်။ တဲအိမ်တွေကလည်း ဟိုတလုံး ဒီတလုံးနဲ့ ခြေတံရှည် အိမ်တချို့ သည်း တွေ့မိပါရဲ့။ ကျောက်ရှာတယ်ဆိုတာ လမ်းခင်းတဲ့လိပ်သည်းကျောက်တွေကို ဟိုတလုံးဒီတလုံး လျှောက်ရှာတာကိုပြောတာဗျ။

ပြောရင်ယုံနိုင်စရာတောင် မရှိဘူး။ လူတနိုင်စာလောက် ကျောက်တုံးတွေကို တောင်ကြော တလျှောက်၊ လျှောက်ရှာပြီး တနေရာမှာ စုပုံထားတယ်။ နောက်ကုန်သည်က တကျင်းဘယ်ဈေးဆိုပြီး ဈေးဖြတ်ပြီး ဝယ်တယ်။ လူကြီးတွေတင် မကဘူး။ အသက်ဆယ်နှစ်ဝန်းကျင် ကလေးတွေပါ ကျောက်တုံးလျှောက်ရှာပြီး အသက်မွေးနေကြတာဗျ။ ကျနော်တို့ဌာနက ကျောက်တကျင်းကို ငါးထောင်ပေးနေတဲ့အချိန်မှာ ဦးကျောက်ဖားကောက်တဲ့ဈေးက ထောင့်နှစ်ရာပဲရှိတယ်။ "

ကျောက်လိုက်ကောက်နေတဲ့ ကလေးလူကြီးအားလုံး ကျောပြောင်နဲ့ချည်းပဲဗျာ့။

ဦးကျောက်ဖားနဲ့အတူ အဲဒီ ကျောက်ကောက်တဲ့ မိသားစုအိမ်တွေ လျှောက်ဝင်၊ လျှောက် နှုတ်ဆက်နေတုန်း ဦးကျောက်ဖားက ခင်ဗျားတို့ အညာသားကျောမွဲဆိုတာ မမြင်ဖူးရင် ကြည့်ထားကြ ပေတော့လို့ ပြောလို့သိတာ။ ကျနော် သေချာကို သူတို့ကျောတွေကို ကြည့်မိတယ်။ ချစ်တီး ခေါင်းတွေလို မဲပြီး ပြောင်ချောနေတာဗျာ။ အမွေးအမျှင်တောင် ပေါက်တယ် မထင်ဘူးဗျ။

သူတို့ဇာတိကို မေးစမ်းကြည့်တော့ ပုဂံ၊ ညောင်ဦး ဘက်လို့ဆိုတယ်။ ကျနော့်ဇာတိနဲ့ ဝေးလှတယ် မဟုတ်ဘူး။ ကျနော့်စိတ်ထင် မျိုးရိုးတော့ မဟုတ် လောက်ဘူးဗျ။ နေလောင်ဖန် များပြီး မုန့်ကျွဲသည်း ရောင်ပေါက်နေတာ ထင်ပါရဲ့။ အော် နေဦး၊ မုန့်ကျွဲသည်းကို တချို့ အရပ်တွေက အညာသားကျော ကုန်းလို့ ခေါ် ဆိုပဲ။

ကျနော် သူတို့ဆီက ပညာတခုတော့ ရလိုက်တယ်ဗျာ။ ကျောက်တုံးခပ်ကြီးကြီးတွေကို မပင်မပန်းပဲ ခွဲတဲ့ပညာဗျ။

အဲဒီနည်းကို ကျနော် တသက်မမေ့ဘူး။ စစ်ချီစစ်တက်မှာ တေဒင်ရတဲ့ ကမ္ဘာကျော် ကာသေ့စစ်သူကြီး ဟန်နီဘောသုံးခဲ့တဲ့နည်းပဲ။ နောက်ပိုင်း ကျနော့်ဘဝမှာ သိပ်ကျဉ်းထဲ ကျပ်ထဲ ကြုံလာရင် အဲဒီနည်းကို အမြဲခေါင်းထဲရောက်တယ်။

ဒီလိုဗျာ၊

တချို့ကျောက်တုံးအပိုင်းတွေက လူဆယ်ယောက်၊ အယောက်နှစ်ဆယ် မလို့တောင် မရွှေ့နိုင် အောင် ကြီးနေတယ်။ ဆိုပါစို့ အရာရှိတိုင်တဲ့ စားပွဲသုံးလုံးစာလောက် ကြီးတယ်။ ဒါကို ဆယ်ပေါင်တူ ပေါင်နှစ်ဆယ်တူနဲ့ ထုခွဲလို့လည်း မကွဲဘူး။ မလို့လည်း မနိုင်ဘူး။ သူတို့နည်းနဲ့ သူတို့ကတော့ အလွယ် လေးဗျ။ အဲဒီကျောက်တုံးပေါ် မှာ ဟင်းချက်တယ်၊ ထမင်းချက်တယ်၊ ရေနွေးကျိုတယ်။ အဲဒီ အပူရှိန်က ကျောက်တုံးထဲမှာ စုနေတယ် ထင်ပါရဲ့။ မနက်ပိုင်းကျတော့ နှင်းကျတယ်။ မိုးတွင်းဆို မိုးရွာတဲ့အခါပေါ့။ ပူလိုက်အေးလိုက်နဲ့ တပတ်တောင် မကြာဘူး။ အက်ကွဲပြီး လိုက်လာတယ်တဲ့ဗျာ။ မယုံရင် ပုံပြင်သာ မှတ်ပေတော့ဗျို့။

သိပ်မကြာပါဘူး။ အရိုးတောင်ကျောက်မိုင်းမှာ ကျနော် မူးမူးနဲ့ အရှောင်အတိမ်းမတတ်တဲ့ သတင်း အေအီးဦးအုံးကျော် ကြားသွားပြီး ရွှေတောင်မှာပဲနေတော့လို့ ဖြစ်သွားပြန်ရော။ ဖြစ်ပုံက အဲဒီနေ့က ကျောက်ကမ်းပါးယံကြီးကို မိုင်းခွဲမယ့်နေ့။

ကျောက်တောင်နံရံရဲ့ ဝါးသုံးလေးပြန်လောက် အမြင့်မှာ မျောတိုင်လို သစ်သားချောင်းတွေ ငြမ်းဆင်၊ မိုင်းပေါက်တွေတူး၊ ယမ်းတောင့်တွေထည့်ပြီး ဖောက်ခွဲဖို့ အဆင်သင့်ဖြစ်နေတဲ့အချိန်၊ ကျနော်က အဲဒီနားကို ယောင်လည်ယောင်လည် ရောက်သွားတာလေ။ ကျနော့်တာဝန်လည်း မဟုတ် ဘူး။ တောထဲတောင်ထဲ မှာ မနက်ကိုးနာရီလောက် ဖျင်းစရာကောင်းလွန်းလို့ မောနင်းပက်တလေးချပြီး လျှောက်သွားနေတာ။

အရိုးတောင်ကျောက်မိုင်းက ပြည်တဘက်ကမ်းကနေ ရခိုင်ဘက်ကိုသွားတဲ့ လမ်းမပေါ် မှာ ဗျ။ ပုသိမ်မုံရွာ အဝေးပြေးလမ်းမကြီးကလည်း ဖောက်နေတုန်းလေ။ အဲဒီတုန်းက ပြည်တဘက်ကမ်းကို ကူးတဲ့ ရေဝတီမြစ်ကူးတံတားဆိုတာ ဘယ်ဆီနေမှန်းတောင် မသိသေးဘူးဗျ။

ကျနော့်နားထဲမှာ မိုင်းခွဲမယ်၊ ခွဲမယ်၊ ဝေးဝေးမှာနေ၊ ဝေးဝေးမှာနေဆိုတဲ့ အော်သံတွေ ကြားနေတယ်။ အသံတွေက သိပ်မဝေးလှဘူး။ ဒါနဲ့ ကျနော်လည်း ခပ်လှမ်းလှမ်းကိုသွားတဲ့ပြီး တောင်ကျ ချောင်းလေးတခု အဆင့်ဆင့်နဲ့ ကျနေတဲ့နေရာမှာ ရေအိုင်ခပ်သေးသေးကလေးထဲ ဆင်းနေလိုက်တယ်။ သောက်ထားတာ များလို့လားတော့ မသိဘူး ။ ရင်မှူသလိုလိုရှိတာနဲ့ ရေအိုင်ထဲမှာ ခေါင်းကို နှစ်ထား လိုက်တယ်ဗျ။ လူလည်းအေး၊ ဘေးလည်းကင်းပေါ့။

ချက်ချင်းဆိုသလိုပါပဲဗျာ။ ဘယ်ကပေါ် လာမှန်း မသိတဲ့ မောင်တယောက်က ကျနော့်ဂုတ်ကို ပုလိပ်ဆွဲသလို ဆွဲမပြီး

'ခင်ဗျား ဘယ်ကလဲ နားကွဲပြီးသေမှာ မသိဘူးလား' တဲ့။

ကျနော်လည်း သူပြောမှ အမူးပြေသလိုလို ဖြစ်သွားတယ်။ ကျနော် အခုမှပြောင်းလာတဲ့ ဂျေအီးအသစ်လို့လည်း ဖြေလိုက်ရော ဟာ ခက်တော့တာပဲ ဆရာရယ်၊ လာ မြန်မြန် ဆိုပြီး ချိုင်းဘေးကနေ မပြီး ခပ်ဝေးဝေးခေါ် သွားတယ်ဆိုပါတော့။

အဲဒီသတင်းလည်း ဦးအုံးကျော်ကြားရော၊ ရွှေတောင်ပြန်တော့လို့ အမိန့်ချလိုက်တော့တာပဲဗျာ။ ကျနော်လည်း မြေဝယ်မကျပါပဲ ။ ရန်ကုန်ကို တန်းပြန်လာလိုက်တယ်လေ။

ရန်ကုန်ရောက်ပြီး မကြာခင် သံလျက်စွန်း ရောဝတီရေတပ်စခန်းက ဆောက်လုပ်ရေးလုပ်ငန်းတခု ကန်ထရိုက်ရတယ်။ ဘယ်သူ့အကပ်နဲ့မှ မဟုတ်ပါဘူးဗျာ။ ကျနော့်ကုမ္ပဏီနာမည်နဲ့ သတင်းစာထဲမှာ ကျနော် ကြော်ငြာထည့်တာကိုတွေ့ပြီး အလုပ် လှမ်းအပ်တာပါ။

သတင်းစာထဲမှာ ကြော်ငြာထည့်တာတွေ ဘာတွေ ကျနော်တတ်နေပြီဗျ။ ကြုံတုန်း ကြွားရအုံးမယ်၊ ကျနော် ထောင်ထားတဲ့ GRAND AND ABLE PARTNERSHIP ဆိုတာ မြန်မာပြည်မှာ ပထမဆုံး အစုစပ်လုပ်ငန်းပဲ၊ မှတ်ပုံတင်အမှတ် ၁/၈၉ လေ။

ရောဝတီရေတပ်စခန်းဆိုလို့ အရေးအခင်းထဲမှာ ဗိုလ်မှူးဘသော် (စာရေးဆရာမောင်သော်က)က ရေတပ်တပ်သားတွေပါလာဖို့ ဌာနချုပ်မှူး ဗိုလ်မှူးကြီးသန်းညွှန့်ဆီ စာရေးဘူးတယ်လေ။ ဗိုလ်မှူးကြီး သန်းညွှန့် ဖော်ကောင်လုပ်လို့ ဗိုလ်မှူးဘသော်လည်း ထောင်ထဲမှာ သေသွားရှာတယ်။

တခု ပြောရဦးမယ်ဗျ။ စစ်တပ်ဟာ အာဏာသိမ်းပြီးနောက်ပိုင်း လူထုကို ရက်ရက်စက်စက်နှိပ်ကွပ်အုပ်ချုပ်ဖို့ စနစ်တကျ အစီအစဉ်ဆွဲထားခဲ့တာဗျ။ ကျနော်လည်း မထင်မှတ်ပဲ သိလိုက်တာပါ။

သူတို့အပ်တဲ့အလုပ်က ရောဝတီရေတပ်စခန်းထဲက ဈေး၊ ရုပ်ရှင်ရုံတွေ ပြန်ဆောက်ဖို့ဗျ။ အလုပ်အပ်တဲ့စာချုပ်ကို တာဝန်ယူ လက်မှတ်ထိုးတာက ဗိုလ်မှူးကြည်ဝင်းဗျ။ သူ့တပည့်ကျော်ဗိုလ်ကြီးတယောက်က ထွန်းမြင့်သိန်းဆိုတဲ့မောင်။ ဒီမောင်က နည်းနည်းကြောင်တောင်တောင် နိုင်ပုံရတယ်။ သူက စကားပြောရင် တချိန်မှာ ကျနော်ဟာ ဗိုလ်ချုပ်ဖြစ်မှာဆိုတာချည်း ထည့်ထည့်ပြောလေ့ရှိတယ်။ သူ့ကွယ်ရာမှာ ကျနော်က နာမည်ပေးထားတယ်၊ ဗိုလ်ချုပ်လို့။ ပြဿနာ စဖြစ်တာလည်း အဲဒီ ဗိုလ်ချုပ်ပါပဲဗျာ။

တကယ်တော့ ဆောက်လုပ်ရေးလုပ်ငန်းတွေအတွက် သူတို့လိုချင်တဲ့ ပုံစံနဲ့ အရည်အသွေးအတိုင်း ကျနော်က ပုတ်ပြတ်လက်ခံတာ။ အသေးစိတ်တွက်ချက်ပုံတွေပါ တင်ပေးလိုက်တယ်။ လုပ်ငန်းစံညွှန်းသတ်မှတ်ချက်တွေ အတိုင်းပါပဲ။ သူတို့က ငွေသားအစား တချို့ပစ္စည်းတွေ ထုတ်ပေးချင်တယ်ဆိုတော့ ကျနော်လည်း သဘောတူလိုက်မိတယ်။ လုပ်ငန်းလည်းပြီးရော သူတို့ထုတ်ပေးတဲ့ သွပ်ပြား၊ ဘိလပ်မြေနဲ့ သံချောင်းတချို့ ကျန်နေတယ်။ အမှန်က YELLOW BOOK အတိုင်း တွက်ထားလို့ ပိုသင့်တာ ပိုနေတာ၊ ဒါကို သူတို့ကို ပြန်အပ်ရမယ် လုပ်ပါလေရော။ ကျနော်က အဆောက်အဦးစံချိန်စံညွှန်းကိုသာ စစ်ပါ။ ဒီပစ္စည်းက ခင်ဗျားတို့နဲ့မဆိုင်ဘူးလို့ အာပေါက်အောင်ရှင်းလည်း မရဘူးဗျာ။

နောက်တခုက စာချုပ်ထဲမှာ အုပ်စု (၁) သစ်မာလို့ ရေးထားတယ်။ အဲဒီအချိန်က ပျဉ်းကတိုးတွေ ရှားနေချိန်မို့ သစ်ယာတွေကို ခင်းပေးလိုက်တယ်။ အရောင်မနီလို့ဆိုပြီး ပြဿနာထရှာပြန်ရောဗျာ။ ရှင်းနေအပိုပဲဆိုပြီး တောသစ်ဂနိုသားတွေလည်း မှာခင်းလိုက်ရော ဗိုလ်ကြီးထွန်းမြင့်သိန်းဆိုတဲ့မောင် ပြုံးပြုံး ပြုံးပြုံးနဲ့ လွှတ်သဘောကျနေလေရဲ့ဗျာ။ ပိုနေတဲ့ သွပ်ပြားတွေလည်း နောက်ထပ် အဆောင်အမိုးမှာ နှစ်ချပ်သုံးချပ် ထပ်ရိုက်ပစ်လိုက်ကွာလို့ ကျနော့်အဖွဲ့ကို အမိန့်ပေးလိုက်ရတော့တာပဲဗျာ။

ကျနော်နဲ့ ဗိုလ်ကြီးထွန်းမြင့်သိန်း အခြေအတင်ဖြစ်နေတာကို ဗိုလ်မှူးကြည်ဝင်းသိတော့ ဆင်းလာပြီး ဟော့ကောင် ထွန်းမြင့်သိန်း ဒီလူတွေကို လျှော့မပေးနဲ့ကွ။ စာ ဝင်ထားတယ်။ စစ်ဖိနပ်နဲ့ ဆောင့်ကန်တာတို့၊ ရက်ရက်စက်စက် နှိပ်ကွက်တာတို့ လုပ်ရမယ်လို့ ညွှန်ကြားထားပြီးသားတဲ့။ နှိပ်ကွက် (နှိပ်ကွပ်) ဆိုတာ လက်သည်းကွင်းနဲ့ကို ရေးပြီး ညွှန်ကြားထားတာတဲ့။ သူက ကျနော် မကြားဘူးထင်နေတယ်။ ကျနော်က သူတို့ ပြောနေတဲ့နေရာနဲ့ သွပ်ပြားနံရံပဲခြားတဲ့ လုပ်ငန်းခွင် ရုံးခန်းထဲမှာလေ။ ကျနော်လည်း ဆက်လုပ်နေရင် ရှုပ်ကုန်တော့မယ်လို့ သဘောပိုက်ပြီး နောက်ထပ် လုပ်ငန်း ဆက် လက်မခံတော့ပဲ နားလိုက်တယ်။ အဲဒီမှာ ဘုရင့်နောင်ဈေး စီမံကိန်းကို ရောက်သွားတာပေါ့ဗျာ။

အဲဒီစီမံကိန်းကို ကိုင်တဲ့ ဗိုလ်မှူးကြီး တင်လှဟာ စီမံကိန်း အစတုန်းက အိမ်မှာ ရောင်စုံတီဗီတောင် ရှိတာမဟုတ်ပါဘူးဗျာ။ နောက်ထပ် စီမံကိန်းအသစ် ကမာရွတ် အဝေးပြေးစီမံကိန်းလည်း စရော၊ ဗိုလ်မှူးကြီး တင်လှလည်း မိုးမခရိပ်သာထဲမှာ ရောမအိမ်ကြီး စဆောက်တော့တာပဲဗျာ။ သိတယ်ဗျ။ သူ့အိမ်ကိုဆောက်ပေးတာက သန်းထွေးဆိုတဲ့မောင်။ သူက စက်မှု အထက က ဆင်းတာ။

အဲဒီအချိန်က ကားတိုက်မှုဖြစ်ရင် ထောင်ချမယ်လို့ အမိန့်ထုတ်ထားတဲ့အချိန်။ သန်းထွေး မူးမူးနဲ့ လှိုင်ရဲစခန်းရှေ့မှာ လူတယောက်ကို ကားနဲ့တိုက်သတ်သလိုဖြစ်လို့ မြို့နယ်မှူးက ထုမယ်၊ ရိုက်မယ်လုပ်တုန်း ကျနော့်နာမည် အတကောင်းလို့ သက်သာသွားဖူးတဲ့မောင်လေ။ ထောင်ချမယ်သာ ဥပဒေထုတ်ထားတာ၊ သန်းထွေးက တပ်မမှူးအိမ် ဆောက်ပေးနေတဲ့မောင်ဆိုတော့ နောက်ပိုင်း လွှတ်ပေးလိုက်ရတာပါပဲ။ ကျနော့်သဘောအရကတော့ သန်းထွေးဆိုတဲ့မောင် သိပ်မစွံဘူး။ ဘာဖြစ်လို့လဲ၊ ဟုတ်လား။ ကျနော့်ကို တိုက်ခန်းတခန်း ကြိုရောင်းထားပြီး အခန်းလွှဲမပေးပဲ ဘတ်သွားဘူးလို့လေ။

နိုင်ငံရေးခြေအနေလား။ ရွေးကောက်ပွဲအတွက် ရုပ်မြင်သံကြားကနေ ဆယ်မိနစ်လား ဆယ့်ငါးမိနစ်လား ပြောခွင့်ရနေကြတယ်လေ။ ဒေါ်အောင်ဆန်းစုကြည်လည်း နိုင်ငံအနှံ့ မဲဆွယ်တရားပွဲတွေ လုပ်နေပြီ။ ရောဝတီတိုင်းခရီးစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ဗိုလ်ချုပ်မြင့်အောင် နှောင့်ယှက်တဲ့ သတင်းတွေလည်း ကြားနေရတယ်။ စစ်အစိုးရကလည်း ဦးလှတန်ဂရောင်ဆိုတဲ့ တိုင်းရင်းသားခေါင်းဆောင်တယောက်ကို ဆွဲထုတ်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ယှဉ်မလိုလို ဝင်နှောက်တဲ့ သတင်းတွေလည်းပါရဲ့။

ကျနော် နိုင်ငံရေးဘက်ကို သိပ်ခြေဦးမလှည့်ဖြစ်တော့ဘူးဗျ။ ချမ်းသာချင်တဲ့သူဆိုတော့ အခွင့်အရေးဆိုတဲ့ အရောင်အလင်းတွေနဲ့တင် ဒီမိုကရေစီနဲ့ လမ်းလွဲစပြုနေပြီပေါ့ဗျာ။ ဝဋ်ကြွေးက မကုန်သေးဘူး ထင်ပါရဲ့။ ရွေးကောက်ပွဲလည်း နီးရော၊ ကျနော် အချုပ်ကျပြန်ရော။ နိုင်ငံရေးအမှုတော့ မဟုတ်ပါဘူးဗျာ။

■

အခန်း (၃၆)

## ဒုက္ခနဲ့ ဆော့ကစား၊ နှင်လားဟဲ့လောကဓံ

ထိုနေ့ကား ရဲဘက်စခန်းခွဲတွင် မိုးကြီးသည်းသော နေ့တနေ့ဖြစ်လေသည်။ နံနက်ငါးနာရီလောက်တွင် စတင်ခဲ့သောမိုးမှာ ညနေလေးနာရီခန့်တွင်မှ တိတ်သည်။ သို့သော် ရဲဘက်များအတွက်ကား ဘုတ်ဆင်းမပျက်။ မိုးထဲရေထဲမှာပင် ဒိုက်ရှင်းကြရ၏။ ထိုနေ့က နေ့လည်စာကို ရဲဘက်တို့ နေ့လည်နှစ်နာရီကျမှ စားကြရသည်။

ပြဿနာ၏ အကြောင်းရင်းကား ရဲဘက်ဖိုကြီးအတွက်ရသမျှစုဆောင်းထားခဲ့သော ညံရိုးလက်ကျန် ပြတ်သွားခြင်းကြောင့်ပင်။ အမှန်က နံနက်စာချက်စဉ်ကပင် ဖိုကြီးမှာ ထင်းပြဿနာတက်နေပြီဖြစ်၏။။ ညံရိုးကား ရဲဘက်စခန်းဖိုကြီးအတွက် အဓိကလောင်စာဖြစ်၍ ပြဿနာကမသေး။

မိုးအေးလွန်းသောကြောင့် ညနေလေးနာရီခန့်တွင် ဘုတ်ပြန်တက်လာကြသည်။ ထင်းပြဿနာကား မအေး။ ကောက်ရိုးများဖြင့် ကြိုးပမ်းသော်လည်း ရေစိုကောက်ရိုးများကြောင့် ထင်တိုင်းမပေါက်မြန်။ ဤအတိုင်းသာ စခန်းသွားပါက ညနေအိပ်ဆောင်ပိတ်သည့်တိုင် ရဲဘက်တို့ ထမင်းတော်ပေါက်။ တနေ့လုံး မိုးထဲရေထဲ လုပ်ခဲ့ရသော ရဲဘက်တို့ဗိုက်တော်လျှင် နောက်ဆက်တွဲပြဿနာသည် မသေး။ စခန်းတာဝန်ခံမှာလည်း ဖိုကြီးတာဝန်ခံ ကိုအောင်ကြည်ကိုပင် လှိမ့် ကြိမ်းမောင်းနေသည်။ ထုံးစံအတိုင်း ဖိုကြီးမှာတက်နေသောပြဿနာသည် ကိုသက်ခိုင်ထံ ရောက်လာပြန်တော့သည်။ ကိုသက်ခိုင်ကား ခပ်အေးအေးပင်။ ချက်ချင်းပင် စီမံခန့်ခွဲသည်။ ဖိုကြီးက ထမင်းကိုသာ တာဝန်ယူ အချိန်မီအောင်ချက်။ ရဲဘက်အားလုံး အထူးအစီအစဉ်ဖြင့် ဆယ်ယောက်တတွဲ ကိုယ့်ဟင်းကိုယ်ချက်ကြဟူ၏။ ထိုအစီအစဉ်ကို ရဲဘက်အားလုံးက တခဲနက် ထောက်ခံအတည်ပြုကြလေ၏။ အကြောင်းမှာ ရဲဘက်တို့သည် သာမန်အားဖြင့် ကိုယ့်မီး ကိုယ်ဖို၍ ဟင်းချက်ခွင့်သည် အထူးအခွင့်အရေး ဖြစ်သောကြောင့်တည်း။ ရဲဘက်တိုင်းလိုလို ကိုယ်ပိုင်အိတ်တလုံးစီ ကိုယ်နှင့်မကွာ ဆောင်ထားလေ့ရှိကြသည်။ ထိုအိတ်ထဲတွင် ခေါင်းကိုက်ပျားနာပျောက် ဆေးမျိုးစုံ၊ အချိုမှုန့်၊ ဆားပုလင်း၊ ပရုပ်ဆီ၊ တေဇောဘန်း၊ ဇပ်ချည်၊ အပ်၊ ငပိကြော်ပုလင်းတို့ ရှိနေတတ်သည်။ တတ်နိုင်သမျှ အဆင်သင့် စုဆောင်းသိုမှီး

ထားသည့် အသက်ကယ်အိတ်ဖြင့် ရရာအသား၊ ရရာအသီးအရွက် တွေ့ရာနေရာမှာ စစ်ဆင်ရေးပုံစံဖြင့် အသင့် ချက်ပြုတ်နိုင်အောင် လေ့ကျင့်ထားကြရသည် မဟုတ်လော။ ကြွက်လည်းမရှောင်၊ မြွေလည်း အလွတ်မပေး။ ဖားဆို အကောင်သေးသေးကြီးကြီး ဖားပြုတ်ပါ မရှောင်သောသူ များလေ၏။ ကျနော်က မနေနိုင်မထိုင်နိုင် ကိုသက်ခိုင်ကို မေးမိပြန်သည်။

'ဟော့လူ ခင်ဗျားက ခပ်ရှုပ်ရှုပ် ပြဿနာမှန်သမျှ တော်တော်ကို ရင်းနှီးကျွမ်းဝင်နေပုံရတယ်'

ကိုသက်ခိုင်သည် ရုတ်ခြည်း မျက်နှာတည်သွားကာ စပါးကွင်း စိမ်းစိမ်းများဆီသို့ မျှော်ကြည့်လျက်

'ကိုမင်းဒင်ရယ်၊ တကယ်တော့ ကျနော်ဟာ ရှုပ်ထွေးမှုတွေကို မုန်းသူဗျ။ ကျနော့် စိတ်ကူးလေးနဲ့ကျနော် ခြံလေးစိုက် စာလေးဖတ်၊ ပေါ့ပေါ့ပါးပါးဘဝကို တောင့်တခဲ့တာပဲဗျာ၊ ဒါပေမယ့် အတွင်းပိုင်း နက်ရှိုင်းတဲ့ ကျနော့်စိတ်ထဲမှာ ရှုပ်ရှုပ်ထွေးထွေးတွေကို ခင်တွယ်မက်မော နေလေရော့သလားတော့ မဆိုတတ်ဘူးဗျာ။ အောင်မြင်ကျော်ကြားချင်တယ်၊ ကြီးပွားချင်တယ်၊ မိုးကို ဒူးနဲ့တိုက်ချင်တယ်ဆိုတဲ့ စိတ်တွေဟာ ကျနော့်ကို မသိမသာလွှမ်းမိုးနေခဲ့သလား၊ ဒါမှမဟုတ် ကျနော့်ရဲ့ ပတ်ဝန်းကျင်နဲ့ အခြေအနေကပဲ ကျနော့်ကို ပုံသွင်းခဲ့လေသလား။ အဲဒီ နှစ်ခုစလုံးကြောင့်ပဲလား။ ခင်ဗျားကိုယ်တိုင်သာ အဖြေထုတ်ပေတော့ဗျာ။ ကျနော့်ရဲ့ ရှုပ်ရှုပ်ထွေးထွေးဘဝများ ဇာတ်လမ်းကို ဆက်ပြောပြပါ့မယ်လေ။ ဇာတ်လမ်းဆုံးရင်တော့ အဖြေတခု ပေါ်ကောင်းပါရဲ့ဗျာ'

ဒီတခေါက် ကျနော် အချုပ်ကျတာဟာ ကျနော့်ဘဝအတွေးအမြင်ကို ပြောင်းလဲသွားစေတာပဲဗျ။ နောက်ထပ် ဆယ့်လေးရက်နေခဲ့ရတဲ့ အချုပ်ထဲမှာ အခုခေတ် စီးပွားရေး လောကထဲမှာ ထိပ်သီးစာရင်းဝင်နေတဲ့ မင်္ဂလာသန်းမြင့်၊ စလင်း၊ အီဘူး၊ လူမိုက်ထဲမှာ ထိပ်ထိပ်ကြဲဆိုတဲ့ စိုးမြတ်၊ နာမည်ကျော် လူရွှင်တော် ဇာဂနာနဲ့ အရိုင်းတို့ပါ ရောက်နေသဗျာ။

အမှုလား၊ လက်နှိပ်စက်ဝယ်မိတဲ့ အမှုပါဗျာ။ ကျနော့်အစုစပ်လုပ်ငန်းအတွက် ကျနော် ဝယ်လိုက်မိတဲ့ လက်နှိပ်စက်နှစ်လုံးဟာ အရေးအခင်း ကိုဒေါင်ဖောက်တုန်းကပစ္စည်း ဖြစ်နေတဲ့ အမှုပါပဲ။ ဒီကိစ္စကိုတော့ ကျနော် နည်းနည်းရှင်းချင်သေးတယ်ဗျာ။ ကျနော်ဟာ အရေး အခင်းတလျှောက်လုံးမှာ ကိုဒေါင်တွေဖောက်တာ၊ ပစ္စည်းမျိုးစုံ သူခိုးဈေးနဲ့ ရနိုင်နေတာကို လုံးဝ စိတ်ဝင်စားခဲ့တဲ့ကောင် မဟုတ်ပါဘူးဗျာ။ အဲဒီတုန်းက ကျနော့်လက်ထဲမှာ ရှိနေတဲ့ ငွေတွေနဲ့သာ ခေတ်ပျက်ပစ္စည်း ဝယ်ခဲ့မယ်ဆိုရင် ချက်ချင်း သူဌေး ထဖြစ်လောက်တဲ့ အခြေအနေပါ။ ဝယ်လိုက် တာကလည်း အိမ်ဘေးက ဆိုင်ကယ်သိန်းဝင်းဆီကပါပဲ။ ဝယ်လိုက်ပြီးကာမှ ကိုဒေါင်ဖောက်တဲ့ ပစ္စည်းတွေအဖြစ် သိပ်မသကာ်တာနဲ့ သက်ဆိုင်ရာကို ကိုယ်တိုင်သွားအပ်ထားတဲ့ ပစ္စည်းဗျ။ ပြဿနာဖြစ်ခဲ့ရင် ပိုရှုပ်ကုန်မလားလို့ သိန်းဝင်းဆီက ဝယ်တယ်တောင် မပြောခဲ့ဘူး။ ဒါကြောင့်ပဲ အဲဒီ လက်နှိပ်စက်ကြီးကွင်းက ကျနော့် လည်ပင်း စွပ်ကျန်ခဲ့တာဗျာ။ ပြောရင်တော့ ကျနော် ဆင်ခြေပေးတယ် ထင်မှာပဲ။ တကယ့်တော့ ကျနော် အစုစပ်လုပ်ငန်း ထောင်တဲ့အချိန်မှာ ရုံးသုံးလက်နှိပ် စက်ကို ဘယ်ဆိုင်မှာမှ ဝယ်လို့မရတဲ့ ခေတ်ဗျာ။

ဘာကြောင့်၊ ဘယ်လိုဆိုတာ ကျနော်လည်း မရှင်းပြတတ်တော့ဘူးဗျာ။ စသုံးလုံး အရာရှိ ဦးသိန်းထွန်း (ဖားကြီးသိန်းထွန်း) အဲဒီမနက်က အိမ်ရောက်လာပြီး ကိုသက်ခိုင် ခဏလိုက်ခဲ့ပါ၊ အမှုဖြတ်စရာရှိလို့ပါ ဆိုလို့ ဥရောပ ဝတ်စုံနဲ့ကို ဘားလမ်းအချုပ်ထဲ ရောက်သွားတာဗျာ။ ကျနော့်အရင် အချုပ်ထဲရောက်နေတဲ့ စလင်း၊ အီဘူးနဲ့ မင်္ဂလာသန်းမြင့်တို့က အရေးအခင်းအတွင်းကပစ္စည်းတွေ ဝယ်တဲ့အမှုပဲလေ။ သူတို့ဝယ်တာကမှ ရေစုပ်စက်တွေ၊ မော်တာတွေ ကိုဒေါင်အလုံးလိုက်ဝယ်တာဗျ။

ကျနော်နဲ့သူတို့ အချုပ်ထဲမှာနေတုန်း ကျနော်သတိပြုမိတာက ဒီလူတွေဟာ ငွေကို အဓိကထား

ပြီးတော့သာ ရှာနေတာဗျ။ သိပ်လူရည်လည်လှတယ် မဟုတ်ကြပါဘူး။ ကျနော်က စွဲတဲ့အမှုကို အဖြစ်မရှိကြောင်း ချေဖျက်ဖို့ ကြိုးပမ်းနေပေမယ့် သူတို့ကတော့ အမှုပြတ်ဖို့ ငွေဘယ်လောက် ကုန်မလဲပဲ သိချင်တာ။ တချို့ခွင်တွေ၊ လိုင်းတွေ ကျနော်တောင် သူတို့ကို သင်ပေးခဲ့ရသေး။ သဘော်ဆေး၊ သုတ်ဆေး စက်ရုံပိုင်တဲ့ ကိုစလင်းက လူအေးလူဖျော့ဗျ။ မင်္ဂလာသန်းမြင့်ကတော့ လုပ်ရဲကိုင်ရဲတဲ့ တရင်းထဲမှာပါတယ်။ စီးပွားရေးမှာ ပြောတာနော်။ ဆိုးတာမိုက်တာကို ဆိုလိုတာ မဟုတ်ဘူး။ သူက ကျနော့်အပြင်ပြန်ထွက်ရင် ဆက်ဆက်လာဖို့၊ ခွင်ကောင်းတွေ့ရင် လက်တွဲဖို့ မှာတောင်နေသေး။

အဲဒီ ကိုသန်းမြင့်ကနေ မင်္ဂလာသန်းမြင့်ဖြစ်လာပုံကလည်း ရယ်ဖို့တော့ ကောင်းသလိုလိုပဲ ဗျာ။ အဲဒီခေတ်က အိမ်တွေ၊ ဆိုင်တွေမှာချိတ်တဲ့ သစ်ထွင်းစာလုံး ဆိုင်းဘုတ်လေးတွေ လမ်းဘေးမှာ ချချရောင်းတာ ခင်ဗျားသိမယ်ထင်တယ်။ ဖိနပ်ချွတ်ပါ။ ကြိုဆိုပါ၏။ မင်္ဂလာပါ။ ဝင်ခွင့်တောင်းပါ ဆိုတာမျိုးလေးတွေပေါ့ဗျာ။ အဲဒီသစ်ထွင်းစာလုံးတွေထဲက မင်္ဂလာပါဆိုတဲ့စာလုံးကို သူက သူ့ဆိုင်မှာ ချိတ်ထားတယ်။ အောက်မှာ သူ့နာမည်ကို ရေးထားတယ်။ ဆက်တိုက်ဖတ်လိုက်ရင် မင်္ဂလာပါ။ သန်းမြင့်ပေါ့။ မင်္ဂလာသန်းမြင့် ဖြစ်ချင်တော့ အဲဒီ ဆိုင်းဘုတ်ကနေ (ပါ) ဆိုတဲ့ သစ်ထွင်းစာလုံးလေးက ပြုတ်ကျသွားတယ်။ ဒီတော့ မင်္ဂလာပါ၊ သန်းမြင့်ကနေ မင်္ဂလာသန်းမြင့် ဖြစ်သွားရောဗျာ။ ဟုတ်ရဲ့လား မေးမနေပါနဲ့ဗျာ။ သူကိုယ်တိုင် ကျနော့်ကိုပြောပြတဲ့ အဖြစ်မှန်ပါပဲ။

အချုပ်ထဲမှာ နေရတာ သူတို့လည်း ဆယ့်လေးရက်၊ ကျနော်လည်း ဆယ့်လေးရက်ပါပဲ။ ဆယ့်လေးရက်ပြည့်တော့ ဒဏ်ငွေဆောင့်ငါးရာနဲ့ ပြန်လွှတ်လိုက်သဗျာ။ ဒါပေမယ့်ဗျာ၊ အဲဒီ ဆယ့်လေး ရက်ဟာ ကျနော့်တသက် မမေ့နိုင်တဲ့ဆယ့်လေးရက်ပါပဲ။ ဘာဖြစ်လို့လဲ၊ ဟုတ်လား။ ကျနော် အချုပ်ထဲ မှာ ရှိနေတုန်းမှာ စစ်အစိုးရက ရွေးကောက်ပွဲ လုပ်တယ်လေ။ ကျနော် မဲမပေးလိုက်ရဘူးဗျာ။ ကိုဇာဂနာနဲ့ အရိုင်းလား။ သူတို့နှစ်ယောက်က ကိုဇာဂနာ့ အမေဒေါ်ကြည်ဦး ရွေးကောက်ပွဲဝင်ဖို့ မဲဆွယ်စည်းရုံးတဲ့ စင်ပေါ် တက်ပြီး တရားဟောလို့တဲ့။ အလုံစိုးမြတ်ကတော့ အရေးအခင်းအတွင်းမှာ လူသတ်ခေါင်းဖြတ်မှုနဲ့ ရုံးတင်စစ်ဆေးနေတဲ့အချိန်မို့ သူနဲ့ဆုံခဲ့တာ။ လူမိုက်လောကမှာ လျှမ်းလျှမ်း တောက်ခဲ့တဲ့ စိုးမြတ်ဟာ ကျနော့်နဲ့စတွေ့ချိန်မှာပဲ ထင်ပေါ် နေပါပြီ။ လူချင်းတော့မရင်းနှီးသေးဘူးဗျ။ နောက်ပိုင်းတော့ စိုးမြတ်ရွှေခေတ်နဲ့ စိုးမြတ်ဇာတ်သိမ်းမှာပါ ကျနော်နဲ့ အဖွဲ့ကျနေခဲ့ပါတယ်။ ကြုံတော့ ပြောပြရသေးတာပေါ့ဗျာ။

အမှန်အတိုင်းပြောရရင် ဒီအမှုအတွက် ကျနော် ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်တယ်။ ဖြစ်ပုံကိုလည်း ကြည့်ဦးဗျာ။ ဂိုဒေါင်လိုက် အရောင်းအဝယ်လုပ်တဲ့သူတွေက ဒဏ်ငွေ တကြိမ်နဲ့ တင်ပြီးတယ်။ ကျနော်က တကြိမ်နဲ့ မပြီးဘူးဗျ။ ဆယ့်လေးရက် အချုပ်ခံရပြီး တလ လောက်ကြာတော့ ဖားကြီးသိန်းထွန်း ထပ်ရောက်လာပြန်တယ်။ ကိုသက်ခိုင်၊ လိုက်ခဲ့ပါအုံးတဲ့။ ကျနော်ကလည်း ဒီတခါ ခံတင်းတင်းပဲ၊ ခင်ဗျား ဘာအမှုဆိုတာ ရှင်းရှင်းလင်းလင်းပြောမှ ကျနော်လိုက်နိုင်မယ်လုပ်တယ်။ သူက လက်နှိပ်စက်ကိစ္စလေး မပြတ်သေးလို့ပါတဲ့။ ကျနော်က ဟ လက်နှိပ်စက် ကိစ္စ ဘာမပြတ်စရာ ရှိသလဲ၊ တရားရုံးက ဒဏ်ငွေဆောင်ပါဆိုလို့ ဆောင်ခဲ့ပြီးပြီ။ ဒီကိစ္စနဲ့တော့ ကျုပ်မလိုက်နိုင်ဘူးလို့ ပြန်တင်းလိုက်တယ်။

သူကလည်း သူတို့ စွဲတင်ခဲ့တဲ့အမှုဟာ လက်နှိပ်စက်နှစ်လုံးအနက် မြန်မာလက်နှိပ်စက်အတွက် ကိုသာ စွဲတင်လိုက်မိလို့ အင်္ဂလိပ်လက်နှိပ်စက် ကျန်နေတဲ့အတွက် အထက်အရာရှိက ဖိထောင်းနေလို့ အကူအညီ တောင်းတာပါတဲ့။ ကျနော်က ဦးသိန်းထွန်း ဒီကိစ္စမျိုးက အကူအညီတောင်းရမဲ့ ကိစ္စ မဟုတ်ဘူး။ ခင်ဗျားလုပ်တဲ့အလုပ် ကျန်နေတာ ခင်ဗျားတာဝန်။ ကျနော်မလိုက်နိုင်ဘူး ဆိုပြီး ကျနော် ဖွတ်ပေခံနေ တော့ သူပြန်သွားတယ်ဗျာ။

နောက်နှစ်ရက်လောက်ကြာတော့ ကျနော်နဲ့ ဥပဒေစာပေးစာယူ အတူတက်ခဲ့တဲ့ ဥပဒေအရာရှိဆွဲချ တပွင့်နဲ့ဘိုကြီးဆိုတဲ့မောင် ရောက်လာတယ်။ ထုံးစံအတိုင်း သူတို့ကို အကူအညီပေးပါဆိုပြီး ရုံးရှေ့လိုက်ခဲ့ဖို့ ချော့မော့စည်းရုံးတယ်ဗျာ။ မချုပ်မနှောင်ပါဘူးလို့လည်း တာဝန်ခံတယ်။ ဆောင်ရမဲ့ ဒဏ်ငွေကိုလည်း သူတို့စိုက်ဆောင်ပါ့မယ်တဲ့။ တိုတိုပြောကြပါစို့ဗျာ။ ဒီအတိုင်းဆက်နေရင် အမှုင်တတန်းတန်းနဲ့ ဖြစ်နေပါ့မယ်လေဆိုပြီး လိုက်သွားလိုက်တယ်။ ဘားလမ်း တိုင်းတရားရုံး ရောက်တော့ ကျနော့်က တရားခံဝက်ခြံထဲ ဝင်ရပ်ပေးရတယ်။ အဲဒီမှာတင် တရားလို ဦးသိန်းထွန်းက အမှုအယာကောင်းကောင်းနဲ့ ကျနော့်ကို အပြစ်ကျအောင် လျှောက်လဲနေတယ်။ တကယ်တော့ သူ လျှောက်လဲနေတဲ့ တရားသူကြီးအိမ်ကို လွန်ခဲ့တဲ့နှစ်ရက်က ကျနော်ရောက်ခဲ့ပြီးပါပြီ။

စ သုံးလုံးက စွဲတင်တာ ကျန်နေတဲ့ အင်္ဂလိပ်လက်နှိပ်စက်အမှုဟာ ကျနော်နဲ့ ဘာမှ မပတ်သက်ဘူး။ သူတို့ပေါ့ဆမှုပဲ။ ကျနော် ကလန်ကဆန်လုပ်ရင် သူတို့ပါ အမှုတွဲဖြစ်ကုန်လောက်တယ် ဆိုတာလည်း သိထားပြီးနေပါပြီ။

ဘာပဲဖြစ်ဖြစ်ပြီးသင့်တာ ပြီးပါစေတော့လို့ ကျနော့်မခံချင်စိတ်ကို ချိုးနှိမ်ပြီး တရားရုံး လုပ်ထုံးလုပ်နည်းအရ လျှောက်လဲပြောဆိုနေတာတွေကို သည်းခံနားထောင်နေခဲ့ပေမယ့် ကွယ်ရာတမျိုး၊ ရှေ့တင်တမျိုး၊ မင်းသားအိုက်တင် ဖမ်းနေတဲ့၊ စသုံးလုံးသုံးပွင့် ဦးသိန်းထွန်းကို ကျနော် မြင်ပြင်းကပ်နေပါပြီ။ ဦးသိန်းထွန်း တနာရီကျော်လောက် လျှောက်လဲပြီးတော့ တရားသူကြီးက ကျနော့်ကို ဘာတင်ပြချင်တာရှိသလဲ လှမ်းမေးပါတယ်။ ကျနော်လည်း စိတ်ပေါက်ပေါက်ရှိတာနဲ့ တရားသူကြီးမင်းခင်ဗျာ၊ ငွေဒင်္ဂါးတပြားခိုးမှုမှာ ခေါင်းဖက်အတွက်တမူ၊ ပန်းတက်အတွက်တမူ၊ ဖြစ်မှု စီရင်ရမယ်လို့ သတ်မှတ်ထားတာများ ဘယ်စီရင်ထုံး ဘယ်ဥပဒေမှာ ဖော်ပြထားပါသလဲခင်ဗျာလို့ စွတ်တွန်းလိုက်ပါတော့တယ်။ တရားသူကြီးဟာ တကယ်ပါးနပ်တယ် ဆိုရမယ်ဗျာ။ ကျနော့်အမေးကို သူမဖြေပဲ ဦးသိန်းထွန်းကို မေးစေ့နဲ့လှမ်းပြီး ခင်ဗျားဖြေလေလို့ အချက်ပြပါတယ်။ ဒီတော့ ဦးသိန်းထွန်းက ပြာပြာသလဲလဲထပြီး ကိုသက်ခိုင်ရယ်၊ မြန်မြန်ပြတ်သွားရင် မကောင်းဘူးလားဗျာ တဲ့။ ကျနော်ဘာမှ ထပ်မပြောတော့ပါဘူးဗျာ။ နောက်ထပ်ချတဲ့ ဒဏ်ငွေထောင့်ငါးရာ ဆောင်ပြီး ဘိုကြီးတို့အဖွဲ့ကိုပါ ငါးထောင်တိုးလောက် အရက်ထပ်တိုက်ထားခဲ့တယ်ဗျာ။

အေးဗျာ။ အခြေအနေအချိန်အခါတွေဟာ တကယ့်ကိုပြောင်းနေပြီဗျာ။ ကျနော့်စိတ်ထဲမှာ နိုင်ငံရေးဆိုတဲ့ ခေါင်းစဉ်ဟာ မှုန်ဝါးသွားခဲ့တာ အမှန်ပါပဲ။ စစ်တပ်က ပြောတဲ့အတိုင်းလုပ်လိမ့်မယ်လို့ ယုံကြည်ခဲ့တာပါသလို ကျနော့် ဘဝကြီးပွားရေးအတွက် ဇောကပ်သွားတာလည်း ဖြစ်နိုင်ပါတယ်။ တခုတော့ ပြောပါရစေအုံးဗျာ။ တိုင်းပြည်အတွက် လုပ်ချင်ကိုင်ချင်စိတ်ကတော့ ပျောက်မသွားဘူး။ စတီဗင်စပီလ်းပတ်ဂ် ရိုက်တဲ့ ရှန်ဒလားလစ် ရုပ်ရှင်ထဲကလို လုပ်နေတဲ့အလုပ်က စီးပွားရေးသမား၊ တခါတခါ တိုင်းပြည်အကျိုး၊ အများအကျိုး၊ အားကြိုးမာန်တက် လုပ်ချင်စိတ်ပေါ် တာမျိုးနဲ့ ခပ်ဆင်ဆင်များဖြစ်နေရော့သလားတော့ မဆိုနိုင်ဘူး။ ဒါလည်း ကျနော် တယောက်တည်းတော့ မဟုတ်လောက်ပြန်ဘူးဗျ။

ကျနော့် အယူအဆအရဆိုရင် ၁၉၉၀ ကနေ ၁၉၉၅ ပတ်ဝန်းကျင်ဟာ ခေတ်ဗျက်သူဌေးတွေ မှိုလိုပေါက်လာတဲ့အချိန်ပဲ။ မြန်မာပြည်ရဲ့ ချဲထီရွှေခေတ်ပေါ့ဗျာ။ ထူးခြားတာက ကျနော်နဲ့ ငယ်မွေးခြံပေါက် ရာဇဝင်လူဆိုးလူမိုက်တွေဟာ အရေးအခင်းအတွင်းမှာရော၊ အပြီးမှာပါ အားလုံးနီးပါး ထောင်က လွတ်လာကြတာပဲ။ ကမာရွတ် ခေါ် ကျော်ရှိန်၊ အာရကီး၊ စိုးအောင် (နွားလေး)၊ မျိုးအောင် (နွားကြီး) စတဲ့မောင်တွေဟာ ကျနော့်ဘေးကို ဘားလားကတဆင့် ရောက်လာကုန်ပါပြီ။ သူတို့ထောင်

ထဲမှာ နှစ်ပေါင်းများစွာနေလာခဲ့ပြီး အပြင်ကိုရောက်လာတော့ ကျနော်ဟာ သူတို့ အထင်ကြီးလေးစားလောက်တဲ့ အခြေအနေကို ရောက်နေပါပြီ။

ကျနော့်ဆီ ဝင်ထွက်နေပေမယ့် သူတို့ဘဝဟောင်းကို ခြေဦးပြန်မလှည့်ဖို့ ကျနော်တရားဟောပါတယ်။ တတ်နိုင်တာ ကူညီတယ်။ အဆင့်အတန်းမခွဲပဲ ဆက်ဆံတာကြောင့် နဂိုကမှ ယပ်ပေါင်းတွေလို ဖြစ်နေရာက ပိုရင်းနှီးလာပါတယ်။ သူတို့ကိုသာ လိမ္မာဖို့ တရားဟောနေပေမယ့် ကျနော်ကိုယ်တိုင်ကတော့ ထင်ရာစိုင်းတဲ့ အခြေအနေကို ရောက်နေပါပြီဗျာ။

ကျနော်ဟောတဲ့တရားကို ရာဇဝင်လူဆိုးအားလုံး နားဝင်ကြတာတော့ မဟုတ်ပါဘူး။ နွားကြီးလို့ခေါ်တဲ့ မျိုးအောင်ဆို ကမာရွတ်ဘူတာရုံနားက ဈေးလေးထဲမှာ သေနတ်နဲ့ပစ်ဖမ်းရတဲ့အထိ ကြမ်းနေရမ်းနေတုန်းပါပဲ။ ဖြစ်ပုံက နွားကြီးနွားလေး ညီအကိုလို့ နာမည်ကြီးတဲ့ စိုးအောင်မျိုးအောင်လူမိုက်ညီအကိုဟာ အရက်ဆိုင်မှာ နယ်ထိန်းတပ်ကြပ်တင်မြင့်နဲ့ ဘယ်ကဘယ်လို ငြိကြတယ်မပြောတတ်ဘူး။ နယ်ထိန်းတင်မြင့်ကိုရိုက်ပြီး သူ့သေနတ်ကို လုသွားတဲ့ ပြဿနာက စတာပါပဲ။ မျိုးအောင်တို့ညီအကိုကလည်း သေနတ်ပြန်လိုချင်ရင် လှိုင်ရဲစခန်းအချုပ်ထဲက သူတို့လိုချင်တဲ့အချုပ်သားနှစ်ယောက်နဲ့ အလဲအလှယ်လုပ်တဲ့အထိ ပြဿနာကကြီးလာပါတယ်။

အဲဒီတုန်းက မြို့နယ်မှူးအဖြစ် တာဝန်ယူနေတဲ့ ရဲမှူးဦးမြင့်အုန်းကလည်း ကျနော့်မိတ်ဆွေရင်းဖြစ်နေတော့ ကျနော်လည်း မဆီမဆိုင်ကြားညပ်နေပြန်ပါတယ်။ ဘယ်လိုမှ ညှိမရတဲ့အဆုံးတိုင်းရဲမှူးဆီကပစ်မိန့်နဲ့ မျိုးအောင်ကို ဈေးရောင်းဈေးဝယ်သူတွေ တပြုံကြီးရှိနေတဲ့အချိန် ဈေးကလေးထဲမှာ ပစ်ခတ်ဖမ်းဆီးတာတွေ ဖြစ်လာတော့ပါပဲဗျာ။

ဈေးထိပ်က ရောင်နီဦး လက်ဖက်ရည်ဆိုင်မှာ မျိုးအောင်ရှိနေတုန်း နယ်ထိန်းတင်အောင်ကသေနတ်နဲ့ထိုးချိန်ပြီး အဖမ်းခံဖို့ ပြောတာကို နွားကြီးက ခြေသလုံးမှာကပ်ထားတဲ့ ဓားနဲ့ ထထိုးတယ်။ တင်အောင်ကိုတော့မထိလိုက်ဘူး။ တင်အောင်ဟန်ပျက်သွားတုန်း နွားကြီးဈေးထဲကို ဝင်ပြေးတော့ တင်အောင် လိုက်ပစ်တယ်။ ညနေ သုံးနာရီလောက်ဆိုတော့ ဈေးထဲမှာ ဈေးရောင်းဈေးဝယ်တွေ ရှုပ်နေတဲ့အချိန်ဗျာ။ လူတွေပြေးကြလွှားကြ၊ ရှောင်ကြတိမ်းကြ။ ပစ်တာကလည်း အသေလိုက်ပစ်တာဆိုတော့ ကမ္ဘာပျက်သလိုကို ဝရုန်းသုဦးကား ဖြစ်တော့တာပဲ။ စုစုပေါင်း ခြောက်ချက်ပစ်တာ မျိုးအောင်ကို သုံးချက်ထိပါတယ်။ ဘယ်ညာခြေထောက်မှာ နှစ်ချက်နဲ့ မျက်လုံးအောက်နားမှာ တချက်ပါ။ သွေးအလိမ်းလိမ်းနဲ့ မျိုးအောင်ကို ဆေးရုံကို တန်းပို့ရတော့တာပါပဲ။

တကယ်တော့ နွားကြီးကို အသေပစ်နိုင်ခဲ့ရင် ရဲတပ်ဖွဲ့အတွက် အကောင်းဆုံးဖြစ်ပေမယ့် မယုံနိုင်စရာ ဖြစ်ရပ်တွေဖြစ်လာသဗျာ။ ရဲတပ်ဖွဲ့ဘက်က ကံဆိုးသဗျာ။ မျက်လုံးအောက် တလက်မလောက်မှာ ခြောက်လုံးပြူးသေနတ်ကျည်ဆံထိတဲ့ လူတသန်းမှာ လူတယောက် အသက်ရှင်ဖို့ မဖြစ်နိုင်ပေမယ့် နွားကြီးကတော့ လူမိုက်ကံကောင်းတယ်၊ အသက်ပြင်းတယ် ပြောရမယ်ဗျာ။ မျက်လုံးအောက်က ဝင်သွားတဲ့ကျည်ဆံဟာ ဦးနှောက်ကိုဖြတ်ပြီး ဖောက်မသွားပဲ နားရွက်အောက်ကနေ ပြန်ထွက်သွားတာကြောင့် အသက်မသေဘူးဗျာ။ မယုံရင် ပုံပြင်လို့သာ မှတ်ပေတော့။ ကျနော် အကုန်သိနေတာပေါ့ဗျာ။ စိုးအောင်က ကျနော်နဲ့အတူရှိနေသလို မြို့နယ်မှူးဦးမြင့်အုန်းနဲ့လည်း အဆက်အသွယ်ရှိနေတာကိုး။ မျိုးအောင်လည်း မသေရော၊ ရဲတွေ ဟိုပြောင်းဒီရွှေ့ ထုချေလွှာအတောင်းခံရနဲ့ ချာလပတ် ရမ်းကုန်တော့တာပဲဗျာ။ ကျနော်သိသလောက် နွားကြီး (ခေါ်) မျိုးအောင်ဟာ အင်းစိန်ထောင်ထဲမှာပဲ အခုအချိန်အထိ ရှိနေပါသေးတယ်။ ကျနော် ဒီရဲဘက် မလာခင် သူလာတွေ့မယ်လုပ်နေတုန်း ကျနော် ဒီကို ရောက်လာတာပဲဗျ။

■

## အခန်း (၅၇)

# လူမိုက်ဆိုတာ ချိန်နဲ့ လားဗျို့

လက်ထဲမှာ ငွေကြေးလည်းပြည့်စုံ၊ အပေါင်းအသင်းကများ၊ ထောင်တို့အချုပ်တို့ဆိုတာလည်း သိပ်မဆန်းဘူး ထင်လာတဲ့ ကျနော်ဟာ ခပ်ကြမ်းကြမ်းပွဲတွေ ကျနော်နွှဲနေပါပြီ။ ခေတ်ဟောင်းလူမိုက်တွေဟာ ကျနော်ရဲ့ ခေတ်သစ်ပညာတတ်လူမိုက် လုပ်ရပ်တွေကို ဘေးကကြည့်နေရုံသာ တတ်နိုင်ပါတယ်။ ကောင်းသည်၊ ဆိုးသည် သူတို့ မဝေဖန်နိုင်ဘူးလို့ ယူဆပုံရတယ်ဗျ။

အလုပ်သမား နှစ်ရာဝန်းကျင်လောက် ထိန်းနေရတဲ့အတွက် တချို့ပွဲတွေမှာ ခပ်ကြမ်းကြမ်းဇတ်လမ်းတွေ ပါလာပါတယ်။ အခုကျနော် ပြောပြနေတာက ဂုဏ်ယူဝင့်ကြွားပြီး ပြောနေတာမဟုတ်ဘူးဆိုတာ ခင်ဗျား သတိတော့ချပ်စေချင်တယ်။ ဘုရင့်နောင်ဈေးက အချောသပ်လုပ်ငန်းတွေလုပ်နေချိန်၊ ကမာရွတ် အဝေးပြေးယာဉ်ရပ်နားစခန်းက ပန္နက်လုပ်ငန်း စနေတဲ့အချိန်။ ကျနော်ကလည်း အလုပ်များလေ ဗိုသောက်လေ၊ လူဆိုးလူမိုက် တပြုံတမကြီးနဲ့ ဖြစ်ချင်တိုင်းဖြစ်နေတဲ့အချိန်ပါ။

အဲဒီညက ကျနော် ဘုရင့်နောင်လုပ်ငန်းခွင်ထဲကို ညဘက်ဆယ်နာရီလောက်မှာ ရောက်သွားတယ်။ အချောသပ်လုပ်ငန်းလည်းဖြစ်၊ မြန်မြန်လည်း ပြီးဖို့လိုတဲ့အချိန်မို့ ကျနော့်လူရင်းတွေအပြင် တခြားအဖွဲ့တွေကိုပါ နီးစပ်ရာက ဆွဲခေါ်ပြီး ပုတ်ပြတ်ပေးထားလိုက်တယ်။ နောက်ခေါ်တဲ့အဖွဲ့တွေက အဲဒီစီမံကိန်းပတ်ဝန်းကျင်မှာနေတဲ့ အလုပ်သမားတွေ။ သူတို့ကလည်း သိပ်တော့ ရာဇဝင်ဆေးလှတဲ့သူတွေ မဟုတ်ဘူး။ လက်ရဲဇက်ရဲကောင်တွေပါတယ်။ ကျနော့်အလုပ်က မိုက်တာမမိုက်တာနဲ့လည်း မဆိုင်၊ လူမိုက်ဆိုတာ ကျနော် အကျွမ်းဝင်ပြီးသားဆိုတော့ စိတ်ထဲ ဘာမှ မထားခဲ့တာ အမှန်။ ကျနော်ရောက်တာနဲ့ အလုပ်သမားအားလုံးပေါင်း နှစ်ရာကျော်လောက်ကို တန်းစီခိုင်းပြီး မှာစရာရှိတာမှာ၊ လိုတာရှိရင်ပြောဆိုပြီး အလုပ်နေရာခွဲပေးလိုက်တယ်။ တဖွဲ့က ကျနော့် ညာလက်ရုံးဖြစ်တဲ့ မြလှိုင်။ သူက လူကသာဗမာဆိုပေမယ့် ကုလားပုံပေါက်နေတယ်။ ပန်းရံအတတ်ပညာမှာတော့ တကယ့်ကို ပြိုင်စံရှားဆိုလောက်အောင် တော်ပါတယ်။ အင်္ဂတေဖျော်ထားတာကို သံလျက်နဲ့ကော်စရာ

မလိုပဲ ဒယ်လိုက် နံရံကိုပစ်ကပ်ပြီး အချောကိုင်နိုင်လောက်ကို ကျွမ်းကျင်တဲ့မောင်။ သူ့အားနည်းချက်ကတော့ အဲဒီညက ပြဿနာပေါ်တဲ့ ကိစ္စမျိုးပဲဗျာ။ ဒီလိုဗျ။

ကျနော်လည်း ညဘက် အလုပ်ထဲမှာပဲ အိပ်လိုက်တော့မယ်ဆိုပြီး ဝီစကီတလုံးနဲ့ ဇရက်မင်းစည်းစိမ်ယူပြီး ဒရင်းဘက်လေးနဲ့ အိပ်ပျော်သွားရော ဆိုပါတော့။ ကျနော့်နဲ့အတူ ဘားလား၊ စိုးအောင်၊ အာရကီးတို့၊ ကမာရွှတ် (ခေါ်) ကျော်ရှိန်လည်း ပါလာသေးတယ်။ သူတို့က ဘိုအီးလိုင်း၊ နိုင်ငံခြားအရက်ဆို မြန်မာရမ်တောင် အနံ့ခံမရဘူး။ သူတို့လည်း ရေချိန်မှန်တော့ တွေ့ရာဆိုင်ခုံတွေပေါ်မှာ အိပ်လိုက်ကြတော့တာပေါ့ဗျာ။

အရေးထဲ ခင်ဗျားက ဒီလူမိုက်တွေဘာလုပ်သလဲ လာသိချင်နေပြန်ပြီလားဗျာ။ ဒီလိုပဲ အားအားရှိ ကျနော့်ဆီ တရှုန်းရှုန်း လာလုပ်နေကြတာလေ။

ဘားလားက လူမိုက်သာ လုပ်နေတာ၊ သူ့အဖေလက်ငုတ်၊ ထင်းရှူးသေတ္တာပုံးတွေလုပ်တဲ့စက်ရုံရှိတယ်။ မိဘလက်ငုတ် လက်ရင်းပေါ့။ နောက်အလုပ်က ဘုရားဂေါပကလူကြီး။ ကျော်ရှိန်က ကမာရွှတ်ဝက်သတ်ရုံမှာ အချိန်ပိုင်းဝက်သတ်တဲ့အလုပ် ဝင်လုပ်တယ်။ အလုပ်သိမ်းတာနဲ့ ကျနော့်ရုံးခန်းရောက်ရောက်လာတတ်တယ်လေ။ အာရကီးကတော့ အိမ်ထောင်မရှိ ဘာမရှိနဲ့ ဘော်ဒါတွေ အားကိုးနဲ့ ဘယ်လို အထိုင်ချရမယ်ဆိုတာ ကြံတုန်း။

စိုးအောင်ကတော့ နည်းနည်းဆိုးတယ် ပြောရမယ်။ အကြမ်းလိုင်း။ ဓားထောက်လုတာ၊ ဆွဲကြိုးပြတ်တာတွေ လုပ်လေ့လုပ်ထ ရှိတယ်။ ခက်တာက သူက ဒါမျိုးတွေကို မြည်တို့၊ ပဲခူးတို့လိုနယ်ဘက်မှာလုပ်တာ။ ကျနော်က သိသာနေတာ၊ သူ့ကို ဖွင့်ပြောပြီးမတားသာဘူး။ သူ့နည်းနဲ့သူ ရှာလာတဲ့ငွေတွေကို ရန်ကုန်မှာ လာဖြုန်းတယ်။ အစပိုင်းမှာကျနော်နဲ့ စိုးအောင်က သိပ်မရင်းနှီးလှဘူးဗျ။ ဘားလားခေါ် လာလို့ အတူတဝိုင်းတည်းထိုင်သောက်ပြီး ကျနော့်တရားတွေ နှစ်ကြိမ်လောက်လည်းနာပြီးရော ကျနော်ကို သူ့ ဆရာအဖြစ်တင်တော့တာပဲ။

အမှန်က စိုးအောင်တို့ညီအကိုနဲ့ ကျနော်က တရပ်ကွက်တည်းသားတွေဗျ။ ဟိုဘက်အစွန် ဒီဘက်အစွန် ဖြစ်နေတာရယ်၊ သူတို့က ထောင်ကို အပန်းဖြေခရီးထွက်တဲ့နေရာလို သဘောထားပြီး ဝင်လိုက်ထွက်လိုက်လုပ်နေလို့ မရင်းနှီးခဲ့တာ။ စိုးအောင် ရန်ကုန်ရောက်တိုင်း ကျနော့်ရုံးမှာ တနေ့လုံးလာထိုင်ပြီး ကျနော်အလုပ်ပြီးတဲ့အထိ စောင့်တယ်။ ပါလာတဲ့ငွေနဲ့ ကျနော့်ကို ဧည့်ခံ အရက်တိုက်တယ်။ ကြိုက်တာလိုက်စားပါ လုပ်တတ်တယ်။ ကျနော်က သူ ဘယ်လို ငွေရှာလာတယ်ဆိုတာ သိနေတော့ ငြင်းပေမယ့် မရဘူး။ မသောက်ရင် အသားလွတ် စိတ်ဆိုး၊ ဒေါကန်တဲ့ပုံစံမျိုး ထထလုပ်တော့ နားအေးပြီးရော လိုက်လိုက်သွားရတယ်။ အမှန်က သူက သူနဲ့အထိုက်အလျောက် ပတ်သက်နေတဲ့မိန်းကလေးတွေအကြောင်း ကျနော့်ကို ပြောချင်တာဗျ။ မိန်းကလေး သုံးလေးယောက် ဓာတ်ပုံတွေ ဆိုဒ်ကြီး ဆိုဒ်သေး မျိုးစုံကို ထုတ်ပြ၊ ဘယ်သူက ဘယ်မှာနေတယ်၊ ဘာလုပ်တယ်၊ ဘိုင်အိုဂရပ်ဖီတွေ အကုန် ပြောပြ၊ သူ ဘယ်သူ့ကို လက်တွဲသင့်သလဲ ကျနော့်အမြင်ကို ဖွင့်မေးနေတော့တာပဲ။ သူ့အမြင်မှာ ကျနော်ဟာ ပညာတတ်ပြီး အတွေးအခေါ်၊ အမြော်အမြင်ရှိတဲ့သူလို့ ထင်နေပုံရတယ်ဗျာ။ အမှန်က ကျနော်လည်း သူနဲ့သိပ်ခြားနားလှတာတော့ မဟုတ်ပါဘူး။ ယမ်းဘီလူးပဲလေ။

ခင်ဗျား အမြင်တော့ ဘာမှ မဆန်းလှဘူး ထင်ရပေမယ့်၊ တကယ်တော့ လူဆိုးလူမိုက်အဖြစ် နှစ်ပေါင်းများစွာ ထောင်ထဲမှာနေလာခဲ့တဲ့ လူတယောက်ရဲ့ စိတ်အတွင်းပိုင်းမှာ ဖြစ်နေတဲ့ဝေဒနာကို ကျနော်မြင်နေရတယ်ဗျာ။ ကျနော်လည်း သူပြတဲ့မိန်းကလေးဓာတ်ပုံတွေကို သေချာစိတ်ဝင်တစား ကြည့်ပြီး တတ်သမျှမှတ်သမျှ မှတ်ချက်တွေ ပေးရတော့တာပေါ့ဗျာ။အမှန်ပြောရရင် သူပြတဲ့ ဓာတ်ပုံတွေထဲမှာ ကျနော့်မျက်စိနဲ့ ကျနော့်သဘောနဲ့ တိုက်ဆိုင်တဲ့ မိန်းခလေးဆိုလို့ တွေ့ကို မတွေ့မိဘူး။

သူစိတ်ချမ်းသာပါစေတော့၊ အိမ်ထောင်ရက်သားကျသွားရင် ဒုစရိုက်လောက လွတ်ပါစေ တော့လို့သာ ကျနော့်စိတ်မှာရှိခဲ့ပါတယ်။ ဒါပေမယ့်ဗျာ၊ နောက်တနှစ်ကျော်လောက်မှာ စိုးအောင် အသတ်ခံရတယ်။ သတ်တဲ့မောင်ကလည်း ကျနော့်ရုံးခန်းကို သူ့အဖော်အဖြစ်နဲ့ပါလာဖူးတဲ့ ဌေးအောင်ဆိုတဲ့ ချာတိတ်ဆိုပဲ။ မိန်းမကိစ္စဆိုလား၊ ဝေစုမတည့်တာဆိုလား။ ပြည်မှာ ဟိုတယ်တခုတည်း အတူတူ တည်းနေတုန်း ညတနာရီလောက် တံခါးလာခေါက်ပြီး ဓားနဲ့ ထိုးသတ်သွားတယ် ဆိုတာလောက်ပဲ ကျနော်သိရတယ်ဗျာ။ ကဲပါလေ။ ကျနော့်ပွဲကြမ်းလေးဘက် ပြန်လှည့်လိုက်ကြရအောင်ဗျာ။

ညနှစ်နာရီလောက်မှာ ဝုန်းဝုန်းဒိုင်းဒိုင်း ဆူဆူညံညံ အသံတွေကြောင့် ကျနော် လန့်နိုးလာတယ်။ ကျနော်လည်း မျက်လုံးဖွင့်လိုက်ရော ကျနော်အိပ်နေတဲ့ ဒရင်းဘက် တဖက်တချက်မှာ အလုပ်သမားအုပ်ကြီးနှစ်အုပ် ရင်ဆိုင်အနေအထားနဲ့ ရှိနေသဗျာ။ ကျနော်နဲ့ အနီးဆုံးမှာ ရပ်နေတာက ကျနော့်ညာလက်ရုံး ပန်းရံခေါင်းဆောင်မြလှိုင်ပါပဲ။ သူ့ခေါင်းကို လက်နဲ့အုပ်ထားတယ်။ လက်ကြားက သွေးတွေ ယိုကျနေတယ်။ သူ့ပါးစပ်ကလည်း ကျနော့်ကို တိုင်နေတယ်။ ဆရာ သူတို့ကျနော့်ကို ရိုက်ခွဲလိုက်ပြီဆရာ တဲ့။

တပြိုင်တည်း တချိန်တည်းမှာပဲ တဖက်ကအုပ်စု ကနေ လှမ်းပြောတဲ့ အသံကိုပါ ကြားနေရပါတယ်။ ကျနော် ရိုက်ခွဲလိုက်တာ ဆရာတဲ့။ ကျနော့်ရှေ့မှာတင် ကျနော့်ညီမကို အခန်းတခုထဲခေါ်သွားပြီး မတော်တရော်လုပ်တယ်ဆရာ။ ဒီလောက်နဲ့ ကျနော် မကျေနပ်နိုင်ဘူး။ ဆရာမြေလည်အောင် မရှင်းရင် ကျနော်တို့ဆက်ရှင်းမယ်ဆရာတဲ့။

ကျနော်စကားသံထွက်လာရာကို လှမ်းကြည့်လိုက်တော့ ကျနော် အသစ်ထပ်ခေါ်ပြီး ပုတ်ပြတ်ပေးထားတဲ့ ဘေးရပ်ကွက်က ပန်းရံခေါင်းဆောင်စိုးသိန်းကို တွေ့လိုက်ပါတယ်။ သူ့ပုံစံက စိတ်ကောင်းရှိတဲ့ မဟုတ်မခံ လူမိုက်ပါ။ အပြန်အလှန်ပြောပြီး နှစ်ဘက်စလုံးက ဆူဆူညံညံအသံတွေ ထွက်လာပြန်ပါတယ်။ ကျနော် သတိကောင်းကောင်းဝင်လာတဲ့အချိန်မှာ နှစ်ဖက်စလုံးဟာ ဆောက်လုပ်ရေးလုပ်ငန်းသုံး လက်နက်အပြည့်အစုံနဲ့ အသင့်အနေအထားမှာ ရှိနေကြပါပြီ။

ကျနော်သိလိုက်ပြီပေါ့ဗျာ။ ကျနော် အရှင်းမတတ်ရင် ဇာတ်လမ်းက ထိန်းမနိုင် သိမ်းမရဖြစ်တော့မယ်။ ကျနော့်လက်စွဲတော် လူမိုက်တွေလည်း အကုန်နိုးပြီး အူကြောင်ကြောင် မျက်နှာပေးတွေနဲ့ ဒီဇာတ်လမ်းကို ကျနော် ဘယ်လိုရှင်းမလဲ စောင့်ကြည့်နေကြလေရဲ့ဗျာ။

ကျနော် ခေါင်းကိုမော်တာတပ်ပြီး စဉ်းစားလိုက်ရပါတယ်။ မြလှိုင်ရဲ့နောက်က ဒုတိယခေါင်းဆောင် သောင်းကြိုင်ရဲ့မျက်နှာကို လှမ်းကြည့်လိုက်ပါတယ်။ အကြောင်းရှိတယ်ဗျ၊ ကျနော်မအိပ်ခင် သောင်းကြိုင် ကျနော့် အနားလာပြီး 'ဆရာ့တပည့်ကို ကြည့်ထိန်းအုံးဆရာတဲ့၊ ပန်းရံနောက်လိုက်ကောင်မလေးတယောက်ကို အတင်းလိုက်ကပ်နေတယ်။ အခု အသစ်ခေါ်လာတဲ့ ဖွဲ့ထဲမှာ သူ့အစ်ကိုတွေပါလာတယ် ထင်တယ်' ဆိုပြီး၊ ကျနော့်ကို ကပ်ပြောထားခဲ့တာ သွားသတိရလို့။ ကျနော်က ဘာမှမဖြစ်လောက်ဘူးဆိုပြီး မပြောဖြစ်တာ၊ သောင်းကြိုင်က ကျနော့်မျက်လုံးအကြည့်မှာ မျက်လွှာချသွားတယ်ဗျာ။ ကျနော် သိလိုက်ပါပြီ။ သောင်းကြိုင်နဲ့ မြလှိုင်က တကယ့်လူရင်းတွေ။ နောက်တခုက မြလှိုင် မိန်းမကိစ္စသရမ်းတာကို ကျနော် နဂိုကတည်းက သိထားပြီးသား။ ကျနော် ကျောင်းဆရာလုပ်တုန်းက ကျောင်းဘေးမှာ မြလှိုင်နေတာ။ ကိုသောင်းမြင့် ဆိုတဲ့သူရဲ့မယား မမြစန်း ကိုလည်း အလွတ်မပေးဘူး။ မြလှိုင်ရှေ့ ဝါးကားတောင်ဖြတ်မမောင်းနဲ့ ဆိုတာမျိုးအထိ ကျနော် သိပြီးသားလေ။ အခုကိစ္စဟာ ကျနော် တစုံတခုကို ပြတ်ပြတ်သားသား ရှင်းရမယ့်အခြေအနေပါ။ မြလှိုင်တကိုယ်လုံးသွေးသံရဲနေတာလည်း ကျနော့်မျက်မြင်ပါ။ ကျနော်ဟာ မိန်းမကိစ္စကို ခြောက်ပစ် ကင်းတဲ့

သူတော်ကောင်းကြီးတော့ မဟုတ်ဘူးဗျာ။ ဒါပေမယ့်ဗျာ၊ မစားကောင်းတဲ့ အသီးစားတာ၊ လူကျင့်ဝတ်ကို ပုံပျက်ပန်းပျက် ချိုးဖောက်တာကိုတော့ ကျနော် သဘောမတွေ့ဘူး။

စဉ်းစားခန်းဟာ ဆုံးအောင် မရောက်လိုက်ပါဘူး။ ကျနော်ဟာ ရှက်တရက် သွေးသံတရဲရဲ ဖြစ်နေတဲ့ မြလှိုင်ကို ဘယ်ပြန်ညာပြန် နားရင်းဆင့်ရိုက်လိုက်တာ မြလှိုင်ဟာ ကွန်ကရစ်ကြမ်းပြင်ပေါ် ကို ပုံရက်သား လဲကျသွားပါတော့တယ်။ နောက် နီးရာက အုတ်နီခဲတလုံးကို ကောက်ကိုင်လိုက်ပြီး ထပ်ထုမယ် လုပ်တော့ သောင်းကြိုင်ပြေးဝင်လာပြီး တော်ပါတော့ဆရာဆိုတာနဲ့ ရပ်သွားရောဆိုပါတော့။ ကျနော့် ရှင်းပုံရှင်းနည်းဟာ နှစ်ဖက်စလုံးကို မီးကိုရေနဲ့သတ်သလို ငြိမ်သွားစေခဲ့ပါတယ်။

ဘေးက လူမိုက်တွေတပါ ကျနော့်ရဲ့ ထူးထူးဆန်းဆန်း ရှင်းနည်းကို အံ့ဩကုန်ပါတယ်။

အော် နောက်ပိုင်းတော့ မြလှိုင်ကို သေးခန်းပို့ တပတ်စာလုပ်ခတသောင်း ထုတ်ပေးရတာပေါ့ဗျာ။ ကျနော့်တပည့်ကျော် မြလှိုင်ဟာ အရက်နဲ့မိန်းမဆိုရင် တွေ့မရှောင် အချိန်မရွေးဆိုတဲ့ အထဲကဗျ။ နောက်တခါ ကမာရွတ် အဝေးပြေးစီမံကိန်းမှာလည်း မနက်ဆယ်နာရီလောက် လူမှန်းမသိအောင် မူးနေလို့ ရှိတဲ့ကောင်တွေက ကြည့်ထိန်းလိုက်ပါဆိုတာလည်း မရတာနဲ့ ကျနော်ကိုယ်တိုင်လိုက်သွားပြီး ပေါက်တူးနဲ့ ခုတ်ပစ်လိုက်တာ ကံကောင်းလို့ သူလည်း မသေ၊ ကျနော်လည်း လူသတ်မှု မဖြစ်တာဗျာ။ ဖြစ်ပုံကလည်း ရှင်းရှင်းလေးပါဗျာ။ ကျနော် သူမူးရမ်းနေတာကို ကြားတော့ မြလှိုင်ကို အခန်းတခုထဲမှာ သိပ်ထားလိုက်ကွာလို့ပြောတာ မရတာနဲ့ ကျနော်လိုက်သွားတယ်။

ကျနော်လာတယ်လည်း ကြားရော မြလှိုင်က ကျနော်မတွေ့အောင် ပုန်းနေတယ်။ ကျနော် ဆောက်လက်စ အဆောက်အဦတွေကြားကို အသံမပေးပဲ လျှောက်ပြီးရှာနေတုန်း ဖြန်းဆို ကျနော်မရှိလောက်ဘူးထင်တာကြောင့် အဆောင်နှစ်ခုကြား ကွန်ကရစ်ထုတ်တန်းတခုပေါ် ကနေ ခုန်ချလာတာ ကျနော့် ရှေ့တည့်တည့်ကို ရောက်လာတယ်။ ကျနော်လည်း စိတ်မထိန်းနိုင်တာနဲ့ အနားမှာ အင်္ဂတေမဆလာဖျော်ထားတဲ့ အပုံပေါ် က ပေါက်တူးကို ဆွဲယူလိုက်ပြီး အသားကုန် ခုတ်ချလိုက်တော့တာပဲဗျာ။ ဒီကောင်က ဟာ ဆရာဆိုပြီး ပေါက်တူးအရင်းဘက်ကို တိုးလိုက်တာ ကံကောင်းလို့မသေဆိုပါတော့ဗျာ။ အေးဗျာ၊ ကျနော့် တပည့်တွေက ကျနော်ဘာလုပ်လုပ် ခံမတွန်းတာများတယ်။ ကျနော်တလည်း လိုက်လျောနိုင်တာမှန်သမျှ လုပ်ပေးလိုက်ဆိုတဲ့ စိတ်မျိုး။ ကျေးစရာရှိ အန်ကြေးပြီး သည်းမခံနိုင်တော့ မောင်းထဲထည့်ထောင်းသလိုမျိုး ဖြစ်ခဲ့သလားတော့ မဆိုတတ်ဘူး။ ကျုပ်တပည့်တွေနဲ့ ကျုပ်ကတော့ ဟုတ်နေခဲ့တာပဲဗျာ။

အော် ခင်ဗျားက လူမိုက်လူရမ်းကားတွေနဲ့ချည်း စခန်းသွားနေခဲ့တယ် ထင်နေသလား။ ဒီလိုဆိုရင်တော့ မှားသဗျာ။

ကျုပ်ရှေ့ဆက်တိုးခဲ့တဲ့ စီးပွားရေးခွင်တွေထဲမှာလည်း ခပ်ကြမ်းကြမ်းဇာတ်လမ်းတွေ မကင်းခဲ့ပါဘူးဗျာ။ အဲဒီအချိန်က ရှမ်းပြည်နယ်ဘက်က မူးယစ်ဆေးဝါးအရောင်းအဝယ်နဲ့ ကြီးပွားနေတယ်ဆိုတဲ့ အဖွဲ့တခုကနေ ကျောထောက်ခံပေးပြီး မြန်မာ့စီးပွားရေးလောကထဲမှာ တဟုန်ထိုးအောင်မြင်လာတဲ့ အာရှမနတဏ်ကိုထောင်ခဲ့တဲ့ ကိုအိုက်ထွန်းလိုလူနဲ့လည်း သူတပြန်ကိုယ်တပြန် ဇာတ်လမ်းတွေ ရှိပါသေးဗျာ။

တကယ်တော့ ကိုအိုက်ထွန်းက အောက်သက်ကြေတယ် ပြောရမယ်ဗျ။ သူဟာ အရင်တုန်းက လက်ဖက်ခြောက်ရောင်းတဲ့ ကုန်သည်တယောက်ပါပဲ။ နောက်ပိုင်း ဘယ်ကဘယ်လို အဆက်အသွယ်တွေ ကောင်းလာသလဲ မပြောတတ်တော့ဘူး။ ဘဏ်တွေ ဘာတွေထောင်ပြီး ကြီးပွားလာတော့တာပဲ။ အစပိုင်းတော့ ဆယ့်နှစ်လမ်းထိပ်မှာ ဘဏ်ဖွင့်ပြီး သိပ်အလုပ်ဖြစ်လှတယ်

မဟုတ်ဘူး။ အဲဒီအချိန်မှာ သူနဲ့ကျနော် ထိပ်တိုက်တိုးခဲ့တာပေါ့။ လူမိုက်တွေပုံစံတော့ ဘယ်ဟုတ်မလဲ ဗျာ။ သူနဲ့ကျနော် တိုးခဲ့တာက မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဆိုတာ ပေါ်လာပြီး ပထမဦးဆုံး အစိုးရကချပေးတဲ့စီမံကိန်းမှာ တွေ့တာလေ။ ယောမင်းကြီးလမ်းထိပ်က၊ ဆန်းကပေးနဲ့ကပ်လျက် ဒဂုံမြို့နယ် မဝတ ရုံးဟောင်းကြီးကို ဖျက်ပြီး အသစ်ပြန်ဆောက်တဲ့ စီမံကိန်း။ အမျိုးသမီးအသင်း ဥက္ကဋ္ဌက အဲဒီတုန်းက လာပြီလာပြီ ဒေါ်သက်ရီ၊ ဒု-ဥက္ကဋ္ဌက အယ်လ်ဖာဟိုတယ် ဒေါ်စိန်စိန်၊ အတွင်းရေးမှူးက ဒေါ်နုနုရီ တဲ့။ မြန်မာပြည် စီးပွားရေးလောက က ထိပ်ထိပ်ကြဲ အမျိုးသမီးတွေဆိုပါတော့။

သူတို့ကလည်း မအူမလည်အချိန်ဆိုတော့ အဲဒီစီမံကိန်းအတွက် တာဝန်ယူ တည်ဆောက်နိုင်မယ့်အဖွဲ့ကို လေလံခေါ်တယ်။ ကျနော်လည်း စိတ်ဝင်စားတာနဲ့ ရလိုရငြား လေလံလျှောက်လွှာတင်လိုက်တယ်။ ကျနော်တင်လိုက်တာ ဘယ်သူ့အားကိုးနဲ့မှ မဟုတ်ပါဘူးဗျာ။ ဘလိုင်း တင်ထည့်လိုက်တာပါပဲ။ ဖြစ်ချင်တော့ ကိုအိုက်ထွန်းကလည်း သူရမယ်လို့ အသေတွက်ထားတဲ့ စီမံကိန်းဖြစ်နေတယ်။ စီမံကိန်းတန်ဘိုးကလည်း ကြီးနေတယ်။ အကျိုးအမြတ်ကလည်း မက်မောစရာ ဖြစ်နေတဲ့အပြင် ဒီအမျိုးသမီးအဖွဲ့ကို ချိတ်ဆက်ထားနိုင်ရင် အစိုးရအဖွဲ့နဲ့ ရှေ့ရေးအလားအလာ အများကြီးရှိတာကြောင့် ကျနော်နဲ့ ကိုအိုက်ထွန်းတို့ရဲ့ လေလံတိုက်ပွဲဟာ ပြင်းထန်သွားတယ် ဆိုပါစို့ဗျာ။

ဗျာ ကျနော်က ကိုအိုက်ထွန်းလောက် ချမ်းသာသလား၊ ဘယ်ကလာ သူ့လောက် ချမ်းသာရမလဲဗျာ။ လက်ထဲ စုမိဆောင်းမိတဲ့ ငွေသား သိန်းတရာ မကျော်ပါဘူး။ အခု လေလံပစ်နေတာက သူဌေးရွေးပွဲ မဟုတ်ဘူးလေ။ ဘယ်သူတာဝန်ယူ လုပ်နိုင်သလဲဆိုတာ ရွေးတာပါဆိုနေမှ။ ဟုတ်တယ်လေ၊ သူဌေးအသင်းက အလုပ်အပ်မဲ့ စီမံကိန်းဗျ။

■

အခန်း (၃၈)

## ဦးအိုက်ထွန်းနှင့် စီးချင်းထိုးခြင်း

အဆောင်ဘေး ကွင်းပြင်စပ်ဆီမှ ဆူညံစွာပေါ် ထွက်လာသောအသံများကြောင့် ကိုသက်ခိုင် ပြောလက်စစကားရပ်သွားသည်။ ဒေါသတကြီးထွက်ပေါ် လာနေသော အသံများကို ကျွန်တော်ရော ကိုသက်ခိုင်ပါ ကြားနေကြရသည်။

'ပြေးချင်အုံးကွာ၊ ပြေးချင်အုံးကွာ'

'ဖြောင်း၊ ဖြောင်း'

'ခင်ဗျား မဟုတ်တာမပြောနဲ့နော်၊ ကျနော် အသက်ချင်းပါ လဲပစ်မယ်'

'ဟေ့ကောင်၊ ငါ့နံမည် ရဲထွဋ်ကွ။ မင်း ပါးစပ် ပိတ်ထားစမ်း'

'မင်းငါ့ကို သေအောင်မသတ်နိုင်လို့ကတော့ မင်းကိုငါ သေအောင်သတ်ပြီလို့သာ မှတ်ပေတော့ကွ။ ငါ ဘယ်လိုကောင်ဆိုတာ မင်းသိစေရမယ်'

ကိုသက်ခိုင်သည် အသံများပေါ် လာရာဆီသို့ ခေတ္တငေးကြည့်ကာ

'လာပါ ကိုမင်းခင်ရာ။ ရဲထွဋ် ဘာပြဿနာ ရှာနေပြန်ပြီလဲ မသိဘူး။ သွားလိုက်ကြရအောင်'

ဆိုကာ ကျနော့်ကို အဖော်ညှိပြန်လေသဖြင့် ကန့်လန့်တန့်လန့်ပါရပြန်သည်။ ထိုနေ့က စခန်းခွဲတာဝန်ခံ ကိုအေးနိုင် စခန်းတွင်မရှိပါ။ တပ်ကြပ်ကြီး ဌေးအောင်ကို တာဝန်လွှဲကာ မန္တလေး ကလာမည့် ဧနီးကို ရန်ကုန်မှာ သွားကြိုသည်။

အချိန်ကား နေ့လည် နှစ်နာရီခန့်။

ရဲထွဋ်ကား အကျဉ်းဦးစီးဝန်ထမ်း၊ တရစ်နှင့် ဒုတပ်ကြပ်ဖြစ်သည်။ အသက်အစိတ်ဝန်းကျင် သာရှိဦးမည်။ သို့သော် အကျဉ်းသားများအပေါ် ဆက်ဆံရေးကား ရက်စက်ပြင်းထန်လွန်းသူအဖြစ် နာမည်ကြီးသည်။ ညှဉ်းတွေ့လာသမျှ အကျဉ်းသားတိုင်းလိုလို ပါသမျှအစားအစာထဲက ရဲထွဋ်ကို ဝေစုပေးရသည်။ ကျနော်ပင် ကြောက်၍မဟုတ်သည့်တိုင် နားအေးချင်၍ ရဲထွဋ်ကို မသဒ္ဒါရေစာ ဝေနေရသည်။

ကျနော်တို့ရောက်တော့ လူအုပ်က အဆောင်ပေါ် ရောက်နေပြီ ဖြစ်သည်။ လူအုပ်အလယ်မှာ သွေးသံရဲနေသော ရဲဘက်တယောက်ကိုတွေ့ရသည်။ ထို ရဲဘက်ကား မကြာမီကမှ စခန်းခွဲသို့ ပင်မစခန်းမှ ပြောင်းလာသူ ခြေကျင်း မဖြုတ်ရသေးသောရဲဘက်၊ အကျႌချွတ်နှင့်၊ သူ့အကျႌကို ခါးမှာစည်းထားသည်။ စည်းထားသော အကျႌအဖြူမှာ သွေးတွေရွှဲနေသည်၊ ကျောပြင် လက်မောင်းတို့တွင်လည်း အရှိုးရာတွေ ပွနေသည်၊ ထိုအရှိုးရာများကား ဘုတ်ကိုင်ဝန်ထမ်းများ ရဲဘက်တို့ကို ထိန်းကျောင်းရာတွင်သုံးသည့် ကားတာယာအမြှောင်းကို ကြေးနန်းကြိုးရစ်ထားသော ကြာပွတ်တို့၏ ဒဏ်ချက်များဖြစ်သည်။ အခြားအကျဉ်းသားရဲဘက်တို့လည်း ကြောင်စီစီ ဝိုင်းကြည့်နေသည်။ ရဲထွန်းကိုင်သောဘုတ်က အဆောင်နှင့် မဝေးလှသောနေရာမှာ ငုတ်ရှင်းသောဘုတ် ဖြစ်သည်။

ကိုသက်ခိုင် ရောက်လာသည်ကိုမြင်သော ရဲဘက်အုပ်စုသည် အသံတိတ်သွား၏။ ကိုသက်ခိုင်က ဒဏ်ရာရနေသော ရဲဘက်ကို သေချာစပ်စုနေသည်။ သူ့နားထင်စောင်းက ဒဏ်ရာမှာ လေးလက်မခန့် ကွဲနေသည်၊ နက်လည်း နက်ပုံရသည်။ အဖြူရောင် အသားတစ်စကိုပင် မြင်နေရသည်။ နောက်က တပ်ကြပ်ကြီးဌေးအောင်လည်း မောကြီးပန်းကြီး ရောက်လာသည်။

ဦးဌေးအောင်က ကိုသက်ခိုင်ကို သတင်းပို့သည့်ပုံစံဖြင့် အစီရင်ခံနေပြန်သည်။

'ကျနော်လည်း လေကြောင်းအရန်ဘက် သွားနေလို့ဆရာ၊ ဘာတွေ ဖြစ်ကုန်ပြန်ပြီလဲ၊ ဦးအေးနိုင်ကလည်း မရှိဘူး၊ ပြဿနာတော့ ရှုပ်ပြန်ပြီ ထင်တယ်'

ကိုသက်ခိုင်သည် စကားတခွန်းမှ မပြောချေ။ သူ့ ဘေးမှာရပ်နေသော ရဲထွန်းကို စေ့စေ့လှမ်းကြည့်သည်။ ရဲထွန်းဆီက အသံထွက်လာသည်။

'ဒီကောင် ထွက်ပြေးမလို့လုပ်နေလို့ ကျနော် ရိုက်ဖမ်းလာတာ၊ ဆရာကြီးရဲ'

ဒဏ်ရာနှင့် အကျဉ်းသားဆီမှ အသံထွက်လာပြန်သည်။

'ကျနော်က ခြေကျင်းကြီးနဲ့ ထွက်ပြေးရအောင် အရူးမဟုတ်ဘူးဗျ။ ဒီကောင် ကျနော့်ကို လိုင်းမဝင်လို့ သက်သက်ဒုက္ခပေးတာ၊ ထောင်ပိုင်ကို သတင်းပို့ပေးပါ ဆရာကြီး'

ကိုသက်ခိုင်က ဘာမှပြန်မပြောပဲ ဘေးက ရဲဘက်ပရိသတ်ဘက်ဆီ မျက်စေ့ဝေ့လိုက်ပြန်သည်။ အသံတချို့ ထွက်လာပြန်သည်။ ကိုသက်ခိုင်ကို ကြည့်ရသည်မှာ မျက်လုံးဖြင့် လျှောက်ကြည့်ပြီး စိတ်ညှို့နေသည့် ပုံစံပေါက်နေလေသည်။

'ကျနော်တို့လည်း ဘာမှမသိဘူး ဆရာကြီး၊ ဆရာရဲထွန်းက ဟေ့ကောင်တွေ လာကြ၊ ဒီကောင့်ကို ဝိုင်းချုပ်ထားကြဆိုလို့ ပြေးလာကြတာ'

တပ်ကြပ်ကြီး ဌေးအောင်က ကိုသက်ခိုင် မည်သို့ဆုံးဖြတ်မည်ကို သိလိုသောသဘောဖြင့် ကိုသက်ခိုင်ကို လှမ်းကြည့်သည်။ ကိုသက်ခိုင်က ခပ်လေးလေး လေသံဖြင့်

'ခက်တယ် ရဲထွန်းရာ၊ မင်းတို့ အကျဉ်းဦးစီးလက်စွဲ (Burma Jail Manual) မှာ သူ တကယ်ပဲ ထွက်ပြေးတယ် ဆိုစေအုံး၊ ဒီလိုလုပ်ခွင့်မရှိဘူး၊ အခု မင်းတို့ကိုင်ပြီးရိုက်နေတဲ့ ကြာပွတ်တွေက နွားကိုရိုက်ရင်တောင် မခံနိုင်တာ၊ မလွန်လွန်းဘူးလားကွာ၊ မပြောချင်လို့ ကြည့်နေတာကွ။ သိပ်တုံးလွန်းလို့ ငြိမ်ခံနေတယ်လို့ မင်းထင်နေပုံရတယ်၊ အခု သူ ပြေးတာမပြေးတာ အသာထား၊ ဒီဒဏ်ရာကို ဘယ်လိုရှင်းမလဲ၊ နေက သိပ်ပြင်းနေပြီ၊ သွေးကလည်း သိပ်ထွက်နေပြီ။ ဆရာဌေး၊ ပြေးမပြေး ဆိုတာ ဆရာတို့ ဘာသာဆုံးဖြတ်ရမှာ၊ လောလောဆယ်က သူ့ကို ဘယ်လို ဆေးကုပေးကြမလဲ ဆိုတာက အဓိက ဖြစ်နေပြီ'

ဒဏ်ရာရ ရဲဘက် အကျဉ်းသားထံက နာနာကျည်းကျည်း အသံထွက်လာပြန်သည်။

'နေပေ့စေ ဆရာကြီးရာ၊ ကျနော့်ကို နောက်မူဖွင့်ဖို့ ရဲစခန်းသာပို့ပါ။ စစ်ချက်ယူပြီးမှ ဆေးကု
ယ်၊ ကျနော် လုံးဝ မကျေနပ်နိုင်ဘူး၊ အသက်ချင်းလဲပစ်လိုက်မယ် ဆရာကြီးရာ'

ကိုသက်ခိုင်ကအကျဉ်းသားကို လက်အသာကာပြလိုက်သည်။ တပ်ကြပ်ကြီးဌေးအောင့်
ျက်နှာကိုပင် လှမ်းကြည့်သည်။ ဦးဌေးအောင်ကား အသက်ငါးဆယ့်ခြောက်နှစ်ခန့်
ထောင်သမ္ဘာရင့်နေသော တပ်ကြပ်ကြီးဖြစ်၍ ချင့်ချင့်ချိန်ချိန် စကားဆိုသည်။

'ခက်တယ် ဆရာသက်ခိုင်ရာ၊ စခန်းတာဝန်ခံကလည်း မရှိဘူး၊ ထောင်ပိုင်မသိအောင်
ထွက်သွားတာ၊ ပြဿနာက ကျနော့်ခေါင်းပေါ် ရောက်လာမယ်။ ဟော့ကောင် ရဲထွဋ်၊ သေချာရဲ့လားကွာ၊
ာက်ပြေးထပ်ဖွင့်ရင် အကုန် အစစ်ခံရမှာနော်'

ရဲထွဋ် ဆီက အသံထွက်မလာချေ။

ကိုသက်ခိုင်သည် သက်ပြင်းတချက်ကို ခပ်လေးလေးချကာ

'ကဲဗျာ၊ ဒီကိစ္စကို ကျနော် ရှင်းမယ်။ ကိုမင်းဒင် သွားဗျာ။ ကျနော့် အိပ်ထဲမှာ အရက်ပျံပုလင်း
တယ်။ ရေနွေးဆူတာ ယူလာခဲ့ဗျာ၊ ဟော့ကောင်၊ နိုင်ဝင်းလာအုံးကွာ၊ အပ်နဲ့ အပ်ချည်ပါ ယူလာခဲ့
ညီ မင်းတိုင်ချက်ဖွင့်ချင်ရင်လည်း ငါလုပ်နိုင်တာ အကုန်လိုက်လုပ်ပေးမယ်၊ လောလောဆယ် မင်း
သွေးလွန်ပြီး မူးမလဲခင် လုပ်စရာရှိတာလုပ်မှဖြစ်မယ်ကွာ'

'ဆရာဌေး ဦးအေးနိုင်လာမှသာ အခြေအနေကြည့်ပြီး တင်ပြပေတော့၊ ရဲထွဋ် မင်းလည်း
င်းဘာလုပ်ချင်သလဲဆိုတာ စဉ်းစားထားကွာ'

ထုံးစံအတိုင်း ကိုသက်ခိုင်ကား ဗိုတီးသလို အမိန့်တန်းစီပေးနေလေသည်။ ကျနော်
အရက်ပျံနှင့် ရေနွေးယူလာသည့်အခါ ဘယ်လိုဘယ်ပုံ စည်းရုံးစီမံလိုက်သည်မသိ၊ နိုင်ဝင်းက အင်္ကျီ
ာ်ချည် အပြအစုပ်ဖာသည့်အပ်မှာ အပ်ချည်တပ်ကာ ဒဏ်ရာကိုချုပ်ဖို့ အဆင်သင့် ဖြစ်နေလေပြီ။
ကိုသက်ခိုင် သည် ဆေးမှုံးတယောက်ပုံစံမျိုးဖြင့် ဟက်တက်ပြနေသော ဒဏ်ရာကို အရက်ပျံဖြင့်ဆေး၊
ဓတ်တစကို ရေနွေးဖြင့်စိမ်၊ အသားတစ်ကို ပြန်ထိုးထည့်ကာ ဟိုနေရာကို တချက်ဖောက်လိုက်၊
နေရာကို တချက်ဖောက်လိုက်၊ တချက်ချည်လိုက်အုံးဟု တတွတ်တွတ်စကားဆိုလျက် နိုင်ဝင်းနှင့်
လုပ်ရှုပ်နေလေ သည်။ ဒါဏ်ရာကို အချုပ်ခံနေရသောရဲဘက်မှာ ငရာမဒဏ်ရာကြီးကို ဖြစ်သလို
ုပ်နေသည်ကိုပင် တချက်မှမတွန့်အောင် အသည်းကောင်းလွန်းနေလေ၏။

နာရီဝက်ခန့်အကြာ ဒဏ်ရာချုပ်၊ ရှိသမျှ ဆေးတချို့ပေးပြီး ကျနော်တို့ ကိုသက်ခိုင့်တဲ
ိုရောက်လာကြသည်။ ကျနော်က မနေနိုင်မထိုင်နိုင် မေးမိပြန်သည်။

'ခင်ဗျားဗျာ၊ အထည်ချုပ်တဲ့အပ်နဲ့ ဒီဒဏ်ရာကို ချုပ်ရတယ်လို့ ဘယ်သူက သင်လိုက်သလဲ'

'နိုင်ဝင်း လေ'

'ဗျာ နိုင်ဝင်း'

'ဟုတ်တယ်၊ သူနဲ့တခါ စကားစပ်တုန်းက ဒဏ်ရာတော်တော်များများကို ရိုးရိုးအပ်နဲ့
ချုပ်ဖူးတယ်လို့ပြောတာ သတိရလို့ သူ့ကို ချုပ်ခိုင်းတာလေ'

'ခင်ဗျားဗျာ၊ မတော်တရော်တွေ ဖြစ်ကုန်မှဖြင့် '

'ကိုမင်းဒင် ခင်ဗျားစဉ်းစားလေ၊ ဒီနည်းအပြင် တခြားနည်းဘာရှိသလဲ။ လောကကြီးမှာ
ခါတခါ နောက်ဆုံးနည်းတွေကို မလွှဲမရှောင်သာ ထုတ်သုံးရတာတွေ ရှိတယ်ဗျ။ ဦးဌေးအောင်က
ည်း စခန်းတာဝန်ခံမရှိပဲ ပင်မစခန်းကို ပို့ရဲမှာ မဟုတ်ဘူး၊ ဒဏ်ရာနဲ့ရဲဘက်ကလည်း မခံချင်စိတ်နဲ့သာ
န်းနေတာ၊ ရဲဘက်ဆိုတာ နေရာတကာ ခံဘက်ကချည်းပဲဆိုတာ သူသဘော မပေါက်သေးလို့ဗျ။
အတိုင်းကြည့်နေကြရင် သေရုံနဲ့ ပြဿနာရှုပ်ရုံပဲလေ'

'ရဲဘက်က တကယ်ထွက်ပြေးတာဆိုရင် ရဲထွန်းနဲ့ခင်ဗျား ဘယ်လို ရှင်းမလဲ'

'ခက်တာပဲ ကိုမင်းဒင်၊ အဲဒီ ရဲထွန်းဆိုတဲ့ကောင်ကလည်း အကျဉ်းဦးစီးကနေ ထွက်ပြေးဖို့ ကြံနေတဲ့ ဝန်ထမ်းပဲ။ ဘာထူးလဲ။ သူ့အခြေအနေကို တပ်ကြပ် ကိုခင်မောင်ဌေး ကျနော့်ကို ပြောပြထားပြီးသား'

'ဟုတ်ရဲ့လားဗျာ'

'သေချာပါတယ်ဗျာ။ ရဲထွန်းလည်း မအူပင်လည်နဲ့အကျဉ်းဦးစီးရောက်လာတာ၊ အကျဉ်းဦးစီးမှာလုပ်မယ့်ဝန်ထမ်း ရှားတယ်ဗျ။ တနှစ်တခါဆိုသလို ထောင်ဝန်ထမ်းလှုပ်မြဲ နယ်ဘက်က မအူပင်လည်ကောင်တွေကို လက်ရှိဝန်ထမ်းတွေက လျှောက်လျှောက်ရှာနေရတာ ကျနော်သိတယ်။ ဝန်ထမ်းရှာဖို့ ကိုခင်မောင်ဌေး မဲကျတုန်းကတောင် လမ်းစားရိတ်ငါးထောင် ကျနော်ထုတ်ပေးလိုက်သေးတယ်။ ရဲထွန်းလည်း အဲဒီလို နယ်မှာ အရှာခံလာရတဲ့ကောင်လေ။ ခင်ဗျား ကြားဖူးတယ် မဟုတ်လား၊ အချုပ်ခန်းတွေထဲမှာရှိတဲ့ အချုပ်သားတွေ၊ ခြေချုပ်နဲ့ ဝင်လာတဲ့လူဆိုးလေးတွေကို စစ်တပ်ထဲ ဝင်မလား အမှုရုပ်ပေးမယ်၊ လစာကောင်းတယ်၊ နောင်ရေး စိတ်အေးရတယ် ဘာညာဆိုပြီး စည်းရုံးတာမျိုးလေ၊ ကျနော် အချုပ်တွေမှာ နေခဲ့ရတုန်းက ကြုံဖူးပေါင်းများနေပြီဗျ။ ရဲထွန်းလည်း ဝင်မိပြီးမှ ထွက်ပြေးရင်လည်း စစ်ပြေး၊ ရဲပြေးလို့ ပုဒ်မလိုပဲမို့ ဒီကောင် ကြံရာမရဖြစ်နေတာဗျ။ ဒီကောင်က ပြုတ်လည်းပြီးရောဆိုပြီး နင်းကန် ခွင်ဖန်နေတာ '

'ခင်ဗျားကတော့ ဒါမျိုးတွေကို စံနစ်တကျကို သိအောင်လုပ်ထားသလို ဖြစ်နေပါလားဗျာ'

'အေးဗျာ၊ ကျနော် ငယ်ငယ်က လူပလံလေး၊ မိဘက ကျိုကျိုတက်မချမ်းသာဘူး။ အရာရှိအရာခံမျိုးရိုးလည်း မဟုတ်လေတော့ လောကမှာ အနိုင်ဆိုတာကို သေချာပေါက်ရလာဖို့ ဇယားနိုင်အောင် ကျနော် လေ့ကျင့်သလို ဖြစ်ခဲ့တယ်ထင်ပါရဲ့၊ ဒါကြောင့်လည်း ကျနော်ဟာ ကိုအိုက်ထွန်းလို လူမျိုးနဲ့ တက်ယှဉ်နိုင်ခဲ့တာပေါ့'

'အေးဗျာ လုပ်ပါအုံး၊ ခင်ဗျားနဲ့ အာရှမနေသူဌေး ဦးအိုက်ထွန်း စီးချင်းထိုးပွဲလေး'

'ပြောဆိုလည်း ပြောရတာပေါ့ဗျာ၊ ဂုဏ်ယူဝင့်ကြွားစရာရယ်လို့တော့ မယူဆပါနဲ့ဗျာ'

ဤသို့လျှင် ကိုသက်ခိုင်သည် သူ့ဇာတ်လမ်းကို ဆက်ပြန်ပါလေ၏။

မှတ်မိသေးတယ်ဗျာ။ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းရဲ့ အမှတ်အသားက ရွှေရောင်မြန်မာနိုင်ငံ မြေပုံလေးပေါ်မှာ (MWEA)လို့ စာတမ်းဖြတ်ထိုးတာလေးဗျ။ တော်တော် စိတ်ကူးကောင်းတယ် ပြောရမယ်။ Myanmar Women Entrepreneur Association ပေါ့ဗျာ။ အသင်းမှာ အမှုဆောင်နေရာယူထားကြတဲ့ အမျိုးသမီးတွေကလည်း စီးပွားရေးလောကက ဒိတ်ဒိတ်ကြဲဆိုတာတွေချည်းပဲ။ အမယ် သူတို့ရင်ထိုးတွေအားလုံးဟာ တကယ့်ရွှေအစစ်နဲ့ လုပ်ထားကြတာဗျာ။

ဒီအသင်း ပေါ်လာတာကလည်း နိုင်ငံတော်ပေါ် လစီနဲ့ တိုက်ရိုက်ပတ်သက်နေပုံရတယ်။ အယ်လဖာဟိုတယ် ပိုင်ရှင် ဒေါ်စိန်စိန်၊ လာပြီလာပြီ ဒေါ်သက်ရီနဲ့ ဒေါ်နုနုရီတို့က ရှေ့တန်းထွက်ပြီး ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတွေ လုပ်နေကြပေမယ့် နောက်ကွယ်မှာ ဝန်ကြီးကတော်တွေအားလုံး ပါနေတယ်ဗျ။ ဘာလို့သိလဲ၊ ဟုတ်လား။ ခင်ဗျားဗျာ၊ ယောမင်းကြီးလမ်းထိပ်က ဆန်းကဖေးဘေးနားမှာ စီမံကိန်းကြီးတခု ရဖို့ဆိုတာ အိပ်မက်တောင်မက်ဖို့ မလွယ်တဲ့ကိစ္စ၊ အရှင်းကြီးပါဗျာ။

ကိုအိုက်ထွန်း ဒီစီမံကိန်းကို စိတ်ပင်စားတယ်ဆိုတာ ဒီအချက်လည်း ပါပုံရတယ်။ အေးလေ၊ သူ့နောက်က ပံ့ပိုးနေတဲ့အဖွဲ့တွေက ငွေတွေသုံးမကုန်အောင် ရနေတဲ့အဖွဲ့ဗျာ။ နာမည်တော့ကျနော် သေချာ မစပ်စုလိုက်မိဘူး။ ရှမ်းပြည်မြောက်ပိုင်းက အဖွဲ့တဖွဲ့လောက်ပဲ သိလိုက်တယ်။ ကျနော်ပြောနိုင်တာက ကိုအိုက်ထွန်း ရှမ်းပြည်ဘက်ကို ခရီးထွက်တဲ့အခါ တိုင်းရင်းသား အပစ်ရပ် လက်နက်ကိုင်အဖွဲ့

တချို့ လုံခြုံရေး တာဝန်ယူပေးရတယ်ဆိုတာတော့ အဲဒီနယ်မှာ တာဝန်ကျနေတဲ့ ကျနော့် တပည့်ကျော်တယောက်က အတိအကျ လှမ်းသတင်းပေးတယ်လေ။

ဒီစီမံကိန်းကိုရဖို့ ကိုအိုက်ထွန်းကို နောက်ကဖိုးပိုးနေတာက ရွှေကမ္ဘာကုမ္ပဏီအုပ်စုကကိုမောင်မောင် ဗျ။ လူရင်းတွေကတော့ သူ့ကို ခေါ်တောမောင်မောင်လို့ခေါ်တယ်။ ရွှေကမ္ဘာအုပ်စုက ဒီစီမံကိန်းမှာ အဓိကအခန်းက ပါသဗျာ။

ဘာဖြစ်လို့လဲ ဟုတ်လား။ အဲဒီရွှေကမ္ဘာအုပ်စုမှာ ဩဇာရှိတဲ့ မန္တလေး ဇာတိ စိန်သူဌေး ခေါ်ဆယ်က မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှာ နာယကလေ။

အန်တီဆယ်နဲ့တွဲဘက်တွေက ရိုးမဘဏ်ကစက်ဘပူရောက်မြန်မာပြည်ပွားလုပ်ငန်းရှင်ဆပ့်ချ်ပန်းရဲ့မိတ်ဆွေဦးလှကြည်ရယ်၊ ဦးကေဂါးသရန်လို့ခေါ်တဲ့ အိန္ဒိယသွေး စိန်သူဌေးရယ်။ အော်ဗါနဲ့ ဦးကေဂါးသရန်က တကယ့်သူဌေးဆိုပဲ။ သူ့ နာမည်တော့ သိပ်မထွက်ယှဘူး။ ထူးဆန်းတာကသူ့ကို သူဌေးအချင်းချင်း သူဌေးလို့ ပြန်ခေါ်ကြတာပဲ။ ကျနော်နဲ့ ဆက်ဆံမိသလောက် ဦးကေဂါးသရန်က လူအေးဗျ။ ခပ်ရိုးရိုး ခပ်ကုပ်ကုပ်နေတာ။ ပြောမထားရင် သူဌေးလို့တောင် ထင်စရာမရှိအောင်ဖုံခန်းစားပွဲမှာ သာမန် စာရေးကြီးတယောက် ထိုင်နေတဲ့ပုံစံဗျ။

ဒီတော့ဗျာ။ ဒီစီမံကိန်းမှာ ရွှေကမ္ဘာက အဓိကအခန်းက ပါလာတယ်။ နေဦးဗျာ၊ ကြုံတုန်းအန်တီဆယ်တို့ ဦးလှကြည်တို့အကြောင်း နည်းနည်းပြောပြရအုံးမယ်။

အန်တီဆယ်က မန္တလေး ဇာတိပါဗျာ။ သာမန်အရပ်သူ ဈေးသည်ဘဝကနေ ကိုယ့်ဒူးကိုယ်ချွန် ကြိုးစားလာရာကနေ ရိုးဖြောင့်မှုကြောင့် စိန်ကုန်သည်အထိ ကြီးပွားချမ်းသာ လာတာပါ။ ဒီအစိုးရမတက်ခင်ကတည်းက ကျိကျိတက် ချမ်းသာနေပြီးသားပါ။ စစ်အစိုးရ တက် လာတော့ သတိုးသီရိသုဓမ္မသိင်္ဂီဆိုတဲ့ ဘွဲ့တွေဘာတွေရခဲ့သးတယ်လေ၊ စိတ်ရင်းသဘောလည်း ကောင်းရှာပါတယ်။ ပြောတာဆိုတာ တကယ့်တောသူမကြီးလို ရှင်းရှင်းဘွင်းဘွင်း ပြောတတ်တယ်။

စားသောက်နေထိုင်ပုံကအစ ကိန်းခန်းမကြီးပဲ ရိုးရိုးကုပ်ကုပ်ပါပဲဗျာ။ အော် အန်တီဆယ်ရဲ့သားတယောက်ကတော့ ဆေးတွေဘာတွေသုံးတယ်လို့ အသံသဲ့သဲ့ကြားတယ်ဗျ။ သေချာတော့မသိဘူး။ ကျနော်နဲ့တွေ့တာတော့ ခပ်အေးအေးပုံစံပါပဲ။

အန်တီဆယ် ဘယ်လောက်ချမ်းသာသလဲဆိုရင် သီပေါမင်းရဲ့မိဖုရား စုဖုရားလတ်နောက်ဆုံးနေသွားခဲ့တဲ့ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်နားက အိမ်ကြီးကို အန်တီဆယ်ပိုင်တာဗျ။ ဒီအိမ်ကြီးကို သူဝယ်ခဲ့ပုံကလည်း နည်းနည်း ထူးဆန်းတယ်ပြောရမယ်။ မူလပိုင်ရှင်က ဖျာပုံဒေါ်မြနွယ်လို့ ဆိုသဗျာ။ သူလည်း တော်တော်ချမ်းသာတယ်လို့ဆိုပါတယ်။

အန်တီဆယ်က အဲဒီအိမ်ကြီးကို ဖျာပုံဒေါ်မြနွယ်ဆီက ငွေချေပြီး ဝယ်ထားခဲ့ပေမဲ့ ဒေါ်မြနွယ်မသေမချင်း လွှဲမယူခဲ့ဘူးတဲ့။ ဒေါ်မြနွယ် ကွယ်လွန်မှ သူ့နာမည်နဲ့လွှဲယူခဲ့သတဲ့။ အိမ်ကြီးက တကယ့်ရှေးဟောင်းအိမ်ကြီးဗျာ။ စုဖုရားလတ် မကွယ်လွန်ခင်က ခြံထဲကနေ ရွှေတိဂုံစေတီတော်ကြီးကို လှမ်းပြီးဖူးမြော်တာတို့၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့ အဲဒီအိမ်ကြီးကိုလာပြီး မြန်မာပြည်ရဲ့ နောက်ဆုံးမင်းဆက် သီပေါမင်းရဲ့ မိဖုရားကြီးကို လာတွေ့တာတို့တော့ ကျနော့်စာထဲမှာ ဖတ်ခဲ့ဖူးပါရဲ့။

အေးဗျာ၊ ကြုံခဲ့ရတဲ့ဘဝများ ဆန်းလိုက်တာဗျာ။ စုဖုရားလတ် နောက်ဆုံးစံမြန်းခဲ့တဲ့အိမ်ကြီးကို ဖျက်ပစ်ဖို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မီတီမှာ ကျနော် လိုက်လုပ်ပေးရတယ်ဗျာ။ အန်တီဆယ်က သူမသေခင် သူ့မြေးနှစ်ယောက်ကို အမွေပေးခဲ့ချင်လို့တဲ့။ မြေကရှမ်အမည်ပေါက်နာမည်ပြောင်းတာတို့ မြေကွက်ခွဲစိတ်တာတို့က အဲဒီခေတ်က တော်တော်ခက်ခက်ခဲခဲလုပ်ရတဲ့အချိန်ဗျ။ ကျနော်က ခပ်လည်လည်ကောင်လည်းဖြစ်၊ အန်တီဆယ့်စိတ်ကလည်း ရှိတော့ ကျနော့်အဖို့တော့

သိပ်ခက်ခက်ခဲခဲ မရှိခဲ့ပါဘူးဗျာ။ အခုမှ ပြန်စဉ်းစားမိတယ်ဗျာ။ ဒီလို အဆောက်အဦမျိုးတွေက ဖျက်မပစ်ပဲ ရှေးဟောင်းအဆောက်အဦစာရင်းသွင်းပြီး အစိုးရက လက်လွှဲဝယ်လိုက်ရင် မှတ်တမ်းတခုအဖြစ် ရှိနေမှာဗျာ။ ထားလိုက်ပါတော့ဗျာ။ ပြီးတာတွေ ပြီးခဲ့ပါပြီ။

နောက် ဦးလှကြည်ကလည်း အရင်က ရွှေဘုံသာလမ်းမှာ သာမန် ရွှေအရောင်းအဝယ်လုပ်ခဲ့တဲ့သူပဲလို့ ဆိုပါတယ်။ မဆလလက်ထက်မှာ ငွေဇကာစစ်ဆင်ရေး၊ ဘာညာဆိုပြီး အစိုးရက ခေတ်ဆီတပုံးတွေလို့ဆိုလား၊ ထောင်ခုနစ်နှစ် ချလိုက်တယ်တဲ့။ ထောင်ထဲမှာဆုံခဲ့တဲ့ ကုလားသူဌေးတွေနဲ့ ရင်းနှီးပြီး အပြင်ပြန်ရောက်တော့ ရွှေဘုံသာလမ်းက ကုလားသူဌေးတွေရဲ့ ယုံကြည်ကိုးစားမှုခံရရာက ကြီးပွားချမ်းသာလာတယ်လို့ ဆိုတယ်။ အန်ကယ်ဦးလှကြည်ဟာ တကယ့်ကို အလုပ်ကို စည်းကမ်းတကျလုပ်တတ်ပြီး ဖြောင့်မတ်တဲ့သူပါ။ သူ့ခေတ်နဲ့သူတုန်းက ရွှေဘုံသာလမ်းမှာ နေ့တိုင်း ရွှေဈေးဖွင့်ရင် ဦးလှကြည် ပြောတဲ့ဈေးကို အဲဒီနေ့ပေါက်ဈေးအဖြစ် သတ်မှတ်ရတဲ့အထိ သိက္ခာရှိခဲ့တဲ့သူပါ။

ဒီအကြောင်းတွေ အစကတော့ဘယ်ကြိုသိပါ့မလဲဗျာ။ အလုပ်ကိစ္စနဲ့ ဝင်ရင်းထွက်ရင်း တစစ သိလာရတာလေ။ ဗော် သေချာပါတယ်ဗျ။ သူတို့ ကိုယ်တိုင်ပြောတာပဲဟာ။

ဦးအိုက်ထွန်းနဲ့ ကျနော့်ကို မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့က ပထမအကြိမ် မဲခွဲဆုံးဖြတ်တော့ ဆယ်မဲစီနဲ့ အဖြေမထွက်ဘူးလို့ အတွင်းသတင်းအရ ဆိုသဗျာ။ ဒီသတင်းကိုရတော့ ကျနော်က အလုပ်အမှုဆောင်အဖွဲ့ဆီကို စာတစောင်ရေးပို့လိုက်တယ်။ စာက ရိုးရိုးရှင်းရှင်းပါပဲ။

ကျနော်ဟာ ငွေတွေ ထားစရာမရှိလောက်အောင် ချမ်းသာတဲ့သူမဟုတ်တဲ့အကြောင်း၊ ဒီစီမံကိန်းကို အထမြောက်အောင်မြင်အောင် တကယ်လုပ်နိုင်သူတော့ ဖြစ်ကြောင်းပဲဗျာ။

ကျနော့်စာဟာ ပစ်မှတ်ကို တိုက်ရိုက်မှန်သွားတယ် ဆိုပါတော့။ တကယ်တော့ စီမံကိန်းအတွက် လူရွေးနေသူတွေဟာ သူဌေးရွေးနေတာ မဟုတ်ပါဘူး။ သူတို့ကိုယ်တိုင် ကျိကျိတက်ချမ်းသာနေကြသူတွေပါ။ နောက်တခုက ချမ်းသာတဲ့အုပ်စုမှာ နောက်ထပ် ခေတ်ပေါ် သူဌေးတယောက်ကို ရုတ်တရက် လက်မခံချင်တာလည်း ပါပါလိမ့်မယ်။ တိုက်ဆိုင်ချင်တော့ တပ်မ(၂၂) တပ်မှူး ဗိုလ်မှူးကြီးတင်လှ ခေါ် ခေါ် နေခဲ့တဲ့ သူဌေးအစည်းအဝေးတွေမှာ ကျနော့် 'ဇ' ကို ဦးလှကြည် တွေ့ဖူးနေတာလည်း ပါနိုင်ပါတယ်ဗျာ။

ဒုတိယအကြိမ် မဲခွဲတော့ ကျနော်က ဆယ့်ရှစ်မဲ၊ ဦးအိုက်ထွန်းက နှစ်မဲနဲ့ ဒီစီမံကိန်းကို ကျနော်ရလိုက်ပါတယ်။ ကိုအိုက်ထွန်းဟာ တကယ် ခင်မင်လေးစားစရာ ပုဂ္ဂိုလ်ပါ။ ဒီစကားကို ကျနော်ပြောတာက သူ့ နောက်က ဘာအဖွဲ့ ညာအဖွဲ့ ဆိုတာနဲ့ မသက်ဆိုင်ပါဘူး။ သူ့စိတ်ရင်းကို ဆိုလိုတာပါ။

အဲဒီစီမံကိန်းကို ကျနော်ရသွားတော့ ကိုအိုက်ထွန်းဟာ သက်ခိုင်ဆိုတာ ဘယ်လိုလူမျိုးပါလိမ့် သိချင်တယ်ထင်ပါရဲ့။ ကျနော့်ရုံးခန်းကို တကူးတကလာပြီး ခင်ခင်မင်မင်ဆက်ဆံပါတယ်။ လုပ်ချင်တာရှိရင် အတူတူပေါင်းလုပ်ဖို့ အဆင့်သင့်ရှိကြောင်း ပြောရှာပါတယ်။ သူ့စိတ်ဓာတ်ကို လေးစားသောအားဖြင့် ကျနော် သူနဲ့ သူ့ရုံးအဖွဲ့ကို ကန်တော်မင်ပန်းခြံက ရှမ်းကန်စားသောက်ဆိုင်မှာ နှစ်သစ်ကူးညစာ ညှိခံပြီး လက်ဆောင်တော်တော်များများ ပေးခဲ့ဖူးပါတယ်။

နောက်ပိုင်း တဟုန်ထိုးအောင်မြင်ကျော်ကြားလာသည့်တိုင် ကျနော်တောင်းသမျှ အကူအညီကို တခါမှ မငြင်းခဲ့ဖူးပါဘူးဗျာ။ အာရှမနေဘဏ်မှာ ကျနော် ငွေချေးလို့ ထုတ်မပေးတဲ့အကြိမ်ရယ်လို့ မရှိသလောက်ပါပဲ။ အဲဒီပွဲဟာ ရန်ကုန်စီးပွားရေး အသိုင်းအဝိုင်းမှာ ကျနော့်လက်ရည်ကို လုပ်နော်းရှင်

တော်တော်များများ သတိထားမိသွားတဲ့ပွဲလို့ ဆိုရပါလိမ့်မယ်။ ကိုအိုက်ထွန်းဘက်က ရပ်ခဲ့တဲ့ ကိုမောင်မောင်တောင် ကျနော့်ကို အသိအမှတ်ပြုလာပါတယ်။

ဒါနဲ့ စီမံကိန်းအတွက် ပုံစံထုတ်ဖို့ အစုရှယ်ယာတွေခေါ်ဖို့ ဖြစ်လာပါတယ်။ အစုရှယ်ယာဝင်ချင်သူတွေကို ကျနော်ရှာနေစရာ မလိုတော့ပါဘူး။ အန်ကယ်ဦးလှကြည်က ကျနော့်ကိုခေါ်ပြီး ရှယ်ယာဝင်ချင်သူတွေ စာရင်းပြောပြပြီး ကျနော့်သဘောထားကို တောင်းပါတယ်။

ကျနော်လည်း လက်ခံနိုင်တာ သဘာဝကျတာ အားလုံးကိုလက်ခံပါတယ်။ တကယ့်ကို အလုပ်လုပ်ရတာ အားရှိစရာ ကောင်းခဲ့တယ်ဆိုပါတော့။

ဒီနေရာမှာ ကျနော့် စိတ်ခံစားချက်တချို့ကို ထည့်ပြောချင်သေးတယ်ဗျာ။ ကျနော်က ငွေသာရှာနေတာ၊ အတွင်းစိတ်က လူစွမ်းလူစ ပြချင်တဲ့စိတ် ကပ်ပါနေတယ်ဗျ။ အလုပ်တခုကို အကောင်းဆုံးဖြစ်အောင် လုပ်တတ်တာကလည်း ကျနော့်ဗီဇပဲဗျာ။

ရှယ်ယာစာရင်းတွေ၊ အစည်းအဝေးမှတ်တမ်းတွေ၊ ငွေအဝင်အထွက်တွေကို ကျနော် စံနစ်တကျ လုပ်ထားတာကို ဦးလှကြည်လို လူမျိုးတောင်လက်ဖျားခါသွားတဲ့ အထိပါ။ ကြွားတာ မဟုတ်ရပါဘူး။ ဘာလို့ပြောနိုင်သလဲဆိုတော့ စီမံကိန်းအတွက် ကျနော့်ကုမ္ပဏီကထည့်ရမယ့် အချိုးကျ ထည့်ဝင်ငွေနဲ့ပတ်သက်လို့ သူ ဘာအတိုးမှမယူပဲ ထည့်ပေးမယ် ဆိုတဲ့အထိ လိုက်လျောခဲ့လို့ပါပဲ။

တိုတိုချုပ်ရရင် အဲဒီခေတ်က သိန်းပေါင်းလေးထောင့်ငါးရာဝန်းကျင်ရှိတဲ့ စီမံကိန်းမှာ ကျနော့် ကုမ္ပဏီဟာ ၃၀ ရာခိုင်နှုန်း ပိုင်ဆိုင်ခွင့် ရလာပါတယ်။

■

## အခန်း (၅၉)

# အမေ

လောကကြီးမှာ အကောင်းနဲ့အဆိုးဆိုတာ ဒွန်တွဲလာတတ်တာကလား။ အောင်မြင်မှုတွေရဲ့ ူကြေးပြည့်စုံပြီး လုပ်သလိုဖြစ်နေတဲ့အချိန်မှာ ကျနော့်ဘဝမှာ ဘယ်လိုမှ ပြန်လည်အစားထိုးလို့မရတဲ့ ုံးရှုံးမှုကြီးတခု ပေါ် ပေါက်လာခဲ့ပါတယ်။

အဲဒီစီမံကိန်းကို အမြန်စနိုင်ဖို့ တက်သုတ်ရိုက်နေချိန်မှာ ကျနော့်အမေ ဆုံးပါတယ်။ ကျနော် ုပ်သမျှ မှန်တယ်လို့ ခံယူခဲ့တဲ့အမေ၊ ကျနော်ဆိုးသမျှ ခွင့်လွှတ်တဲ့အမေ၊ ကျနော့်အပေါ် နားလည်မှု ျုံးအမေ၊ ကျနော် သမီးတယောက်ရတာတောင် ဖဲဝိုင်းမှာ၊ ရန်ပွဲမှာ လိုက်လိုက်ခေါ် ပြီး 'ငါ့သားမှာ သိဉာဏ်ရှိတယ်လေ၊ အဲဒီအသိဉာဏ်နဲ့ ဆုံးဖြတ်မှပေါ့။ အမေက ငါ့သားလောက် တတ်တာမဟုတ် ူ' လို့ အကြိမ်ပေါင်းများစွာ ပြောခဲ့ဘူးတဲ့ အမေ၊ ကျနော့်ကို အထင်ကြီးလွန်းတဲ့အမေ၊ လူတွေရှေ့မှာ ဒါ ကျမသားပေါ့' လို့ ရင်ကော့ပြီး ကြွေးကြော်ခဲ့တဲ့ အမေ။ ကတ္တရာလမ်းကို တယောက်တည်း ူးတတ်တဲ့ အမေ၊ ကွယ်လွန်ချိန်အထိ ရုပ်ရှင်ရုံမှာ 'အလောင်းဘော်ရာမ' တကားသာ ကြည့်ခဲ့ဖူးတဲ့ မေ၊ သားကိုသခင် လင်ကိုဘုရား ရှေးရိုးစွဲအယူကို ကြည်ကြည်ဖြူဖြူ တသက်လုံး ခံယူသွားတဲ့အမေ။

အမေ၊ အမေ ၊ အမေ။

ဟုတ်ပါတယ်။ အဲဒီအမေဟာ ကျနော့်ကို ခွဲခွာပြီး တမလွန် သံသရာခရီးရှည်မှာ ပြန်မလာ ျပီးနေခဲ့ပါပြီ။

ကျနော့်မှာ တခါတခါ ရှေ့ဖြစ်ကိုကြိုသိနေတဲ့ စိတ်တခု ရှိနေသလားတော့ မပြောတတ်ဘူးဗျာ။ ဒါက အမေသေမယ်ဆိုတာ ကျနော် ကြိုသိနေသလိုပဲ။ ဖြေးဖြေးနားထောင်ပါဗျာ။

အလုပ်တွေ အဆင်ပြေတော့ ကျနော့်ခေါင်းထဲ အမေရောက်လာတယ်ဗျာ။ အမေက ုနော်တို့ သားယောက်ျားတွေနဲ့ မနေချင်ဘူးဗျ။ သူ့သမီးတွေနဲ့သာ နေချင်တာမို့ သူ့အကြိုက်အတိုင်း ပါစေဆိုပြီး ထားရတယ်။ မကြာမကြာတော့ ကျနော် ရောက်ပါတယ်။ အမေက သွေးတိုးရှိတော့

နောင်မှာ ကျန်းမာရေး ဒုတိယဝန်ကြီးဖြစ်လာတဲ့ သမားတော်ကြီး ဦးမြဦးနဲ့ တလတခါ ကျနော် ကိုယ်တိုင် လိုက်ပြပေးပါတယ်။ အဲဒီ ရက်ပိုင်းလပိုင်းတွေက ကျနော့်စိတ်ထဲမှာ တမျိုးခံစားလာရတာနဲ့ ညီမလုပ်သူအိမ်ဝင်ပြီး အမေ အမေ့ကို ကျနော် ကြည့်ရတာ သိပ်အားမရဘူး။ ကျနော့်အိမ် လိုက်နေပါ။ ကျနော် ဂရုတစိုက် ဆေးကုပေးချင်တယ်၊ လမ်းလျှောက်တာတို့၊ အစားအသောက်တို့ကအစ ပြင်မှဖြစ်မယ် ဆိုပြီး ခွတ်ခေါ် ချလာပါတယ်။

ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူးဗျာ။ ဇနီးဖြစ်သူကိုလည်း အထူးဂရုစိုက်ဖို့ အထပ်ထပ်မှာတယ်၊ စီစဉ်တယ်၊ အိမ်မှာ အစားအစာကအစ၊ အင်မပါအောင် ဂရုစိုက် ညနေတိုင်း မနက်တိုင်း ကျနော့်သမီးကို အဖော်လုပ်ပြီး လမ်းလျှောက်ခိုင်းနေရင်းက တလတိတိပြည့်တဲ့နေ့မှာ အမေ သူ့သမီးအကြီးရှိတဲ့ ကမာရွတ်ဈေးထဲသွားရင်း လမ်းမှာ မူးတာကြောင့် ဆေးရုံတင်လိုက်ရတော့ တာပဲဗျာ။ အမေ့ရောဂါက ကျောက်ကပ်၊ သွေးတိုး၊ နှလုံး ပတ်လည်ရိုက်နေတဲ့ ရောဂါပေါ့ဗျာ။

အမေ ဆေးရုံရောက်တာနဲ့ ကျနော် ညီအကိုမောင်နှမအားလုံးကို တပ်လှန့်လိုက်မိတယ်ဗျ။ မင်းတို့သေချာသာ ဂရုစိုက်ကြပေတော့။ အမေ ဒီတခါဆေးရုံတင်ရတာ သိပ်လွယ်မယ်လို့ငါမထင်ဘူး လို့။ ဒါပေမယ့်ဗျာ၊ သူတို့စိတ်ထဲ ထွေထွေထူးထူး ယုံကြည်ကြပုံတော့ မရပါဘူး။ ဟုတ်တော့ဟုတ်ပါ တယ်၊ လူတယောက် သေမယ်ဆိုတာ တွက်နိုင်ရအောင် ကျနော်က ဘာကောင်မှ မဟုတ်ပဲလေ။

ကျနော်ကတော့ကျနော့်စိတ်ဇောနဲ့ကျနော် အမေမသေအောင် သေမင်းကိုတယောက်တည်း စစ်ခင်းသလို လျှောက်လုပ်တော့တာပါပဲ။ သက်ဆိုင်ရာဆရာဝန်ကြီးက လိုလေသေးမရှိ ကုသပေးနေ ပေမယ့် ကျနော်က မကျေနပ်နိုင်ပါဘူး။ မသက်သာတိုင်း နည်းမျိုးစုံပြောင်းကုဖို့ တတ်သမျှမှတ်သမျှ နားပူပါတယ်။ ရန်ကုန်ဆေးရုံကြီးမှာ ရက်နှစ်ဆယ်လောက်ရှိတော့ အမေ့ကို ဓာတ်ရောင်ခြည်တခုနဲ့ စစ်ဆေးမှုလုပ်ရာကနေ ရှော့ ရသွားသလို ဖြစ်ပါတော့တယ်။ သိသိသာသာ ယိုယွင်းစ ပြုလာပါတယ်။

ညီအစ်ကို မောင်နှမတွေက ပုံမှန်ဆေးရုံရောက်လာကြပြီး ဝင်ထွက်နေပေမယ့် ကျနော်ကတော့ ခေါင်းမီးတောက်နေပါပြီ။

ဒါနဲ့ အဲဒီအချိန်က ကျောက်ကပ်သမားတော်ကြီး ဒေါက်တာပိုင်စိုးကလည်း မြန်မာပြည်မှာ နာမည်ကြီးနေတဲ့အချိန်ဆိုတော့ ဒေါက်တာပိုင်စိုးကို မရ ရအောင်ချိတ်၊ အိမ်ကို လူကိုယ်တိုင်သွားတွေ့ပြီး အမေ့ကို ကုပေးဖို့ တောင်းပန်ရပါတော့တယ်။

ကျနော်လည်း ဆေးရုံသုံးစံတွေ နားမလည်တော့ပါဘူးဗျာ။ ဒေါက်တာပိုင်စိုးက လက်ခံကုသ ပေးဖို့ သဘောတူပေမယ့် လက်ရှိကုသနေတဲ့ သမားတော်ကြီး ဒေါက်တာကျော်မြင့်က လွှဲမပေးနိုင်ဘူး ဆိုပါရောဗျာ။ အဲဒီတုန်းက ဒေါက်တာပိုင်စိုးက မျဉ်းမနားဒေါ်ပုဆေးရုံမှာ တာဝန်ကျနေတာဗျာ။ ရန်ကုန်ဆေးရုံကြီးနဲ့ ကျောချင်းကပ်ပေါ့။

ကျနော်ကလည်း ငွတ်သမားပဲဗျာ။ အမေ့အတွက် ပူတာတခုပဲသိတယ်။ အမေသေလို့တော့ ဘယ်နည်းနဲ့မှ မဖြစ်ဘူးဆိုပြီး သမားတော်ကြီး ဒေါက်တာကျော်မြင့်ကို သွားတွေ့ပြီး ဆေးရုံလွှဲပေးဖို့ တောင်းပန်ပါတယ်။ မရပါဘူးဗျာ။ ဘယ်လိုမှ တောင်းပန်မရတဲ့အဆုံး ဒေါက်တာကျော်မြင့် မျက်နှာ စေ့စေ့ကြည့်ပြီး ဆရာ ပြောင်းမပေးနိုင်ရင် ကျနော့်အမေ ကျနော်ပြန်ခေါ် သွားပြီး ကျနော် ကြိုက်တဲ့နေရာကို သွားကုတော့မယ်လို့ ခပ်တင်းတင်းပြောပြီး ဒေါ်ပုဆေးရုံကို ပြောင်းတင်လိုက်ပါလေ ရောဗျာ။

အမေဆေးရုံ စတက်ကတည်းက ကျနော် နံနက်တိုင်း ဆေးရုံကို အစောကြီး ရောက်ပါ တယ်။ မနက်စောစော အမေဆာနေလို့ မတည့်တာစားမိရင် ဒုက္ခဆိုပြီး လမ်းသုံးဆယ်ထိပ်က ငါးရံ့ဆန်ပြုတ်ကို ကမေမနိုးခင် သွားဝယ်ပါတယ်။ ဆေးရုံမဖွင့်သေးရင် ဆန်ပြုတ်ချိုင့်နဲ့ ထိုင်စောင့်နေ

လိုက်တာပါပဲ။ ထူးဆန်းတာက ကျနော် မူးပြီး အိပ်ပျော်လည်း ဆန်ပြုတ်ဝယ်ရမယ့်အချိန်ဆို နိုးနေတာပဲဗျာ။ အခုမှ ပြန်စဉ်းစားမိတာက ကျနော့်စိတ်မှာ အမေသေတော့မယ်ဆိုပြီး စိတ္တဇဖြစ်နေတယ် ထင်ပါရဲ့ဗျာ။

ဒေါ်ပုဆေးရုံရောက်လို့ နည်းနည်းသက်သာပေမယ့် ကျနော် ရင်မအေးနိုင်သေးဘူးဗျ။ ကျောက်ကပ်ရောဂါအတွက် တပတ်တခါ သွေးသန့်စင်တဲ့နည်းတွေ၊ ကျောက်ကပ်အစားထိုးတဲ့နည်းတွေ မျိုးစုံအောင်ကို လျှောက်ကြည့် လေ့လာပြီးဒေါက်တာပိုင်စိုးကို နားပူတာပါပဲ။

ကျောက်ကပ်ဆိုတာ သွေးသားရင်းထဲက လဲရင်ရတယ်ဆိုတာ သိထားတော့ အမေ့ကျောက်ကပ်ကို အစားထိုးဖို့ ညီတော်မောင်ကို တယောက်တလုံးကွာဆိုပြီး ဇွတ် ခေါင်းငြိမ့်ခိုင်းဖြန်ပါတယ်။ ညီလုပ်သူကတော့ ချိတုံချတုံပေါ့ဗျာ။ သူကလည်း နားမလည်ရှာတော့ ကျောက်ကပ်တလုံး ထုတ်လိုက်ရင် သူ ဒုက္ခိတဖြစ်ကျန်ခဲ့မယ် ထင်နေပုံရပါတယ်။

ကျနော်က ကျောက်ကပ်ကို နှစ်လုံးစလုံးလဲရမယ် ထင်နေတာကိုး။ ဒေါက်တာပိုင်စိုးကတော့ အမေ့ အခြေခံကျန်းမာရေးဟာ ကျောက်ကပ်အသစ်ကို လက်ခံနိုင်စွမ်းနည်းနေလို့ အကျိုးထက် အပြစ်သာများတယ်ဆိုပြီး ကျနော့်ကို နားချပါတယ်။

အမေနဲ့ကျနော့်အကြောင်းက ပြောမယ်ဆိုရင် ပြောစရာတွေ အများကြီးပါဗျာ။ ကျနော် ဆေးရုံမှာ ဗျာများနေတာကို အမေသိနေတော့ မဆုံးခင် သုံးရက်လောက်မှာ အမေက ကျနော့်ကို ငါ့သား၊ အမေ့နားလာထိုင်ပါအုံးလို့ပြောတော့ ကျနော်သွားထိုင်လိုက်တယ်။ အမေက ကျနော့်ကို ပြုံးပြုံးကြည့်တယ်။ ငါ့သားတယောက်လည်း အမေ့အတွက် တော်တော်အလုပ်ရှုပ်နေပြီတဲ့။ စိတ်လျှော့လိုက်ပါတော့ ငါ့သားရယ်။ အမေသေမှာ မကြောက်ဘူး။ ငါ့သားသာ နားတော့တဲ့။ အပ်တွေ၊ ပိုက်တွေ ဖြုတ်လိုက်ပါတော့တဲ့။ ကျနော်လည်း ငိုသံပါကြီးနဲ့ အမေဘယ်နည်းနဲ့မှ မသေစေရဘူး၊ မရရအောင် ကျနော်ကုမယ်။ ကျနော်ဘယ်တော့မှ လက်မလျှော့ဘူးဆိုပြီး စွတ်အော်ပစ်လိုက်မိတယ်ဗျာ။

တကယ်တော့ အမေဟာ ကျနော့်ကို သိပ်ယုံကြည်အားကိုးခဲ့တဲ့ အမေဗျ။ ဘယ်လောက်ကြီးတဲ့ ပြဿနာဖြစ်ဖြစ် ကျနော်ရှင်းရင် ရတယ်လို့ချည်း ယုံကြည်ခဲ့တဲ့ အမေ။ အမေ့ရဲ့ သွန်သင်ဆုံးမမှုတွေနဲ့ မဟုတ်မတရားတာကို ကျနော် ဘယ်တော့မှ မလုပ်ဘူးလို့ ယုံကြည်ခဲ့တဲ့ အမေ။ အမေတခုခု ခံစားရတာနဲ့ သက်ခိုင်ကိုသာ ခေါ် လိုက်ပါ။ မင်းတို့ ဘာမှ လုပ်တတ်တာ မဟုတ်ပါဘူးလို့ အားကိုးလွန်ခဲ့တဲ့ အမေ။ ကျနော်ရှိနေရင် သူမသေနိုင်ဘူးလို့ ယုံကြည်နေခဲ့တဲ့ အမေပါဗျာ။

အေးဗျာ အခုမှ ခင်ဗျားကို ကျနော်ဖွင့်ပြောလိုက်ပါ့မယ်။ ကျနော့်အမေဟာ သေစာရင်စာ တောင်မတတ်ပဲ ရန်ကုန်လိုမြို့ကြီးကို အဖေခေါ် လို့ လိုက်လာခဲ့တဲ့ တကယ့် တောသူရိုးရိုးကြီးပါ။ တသက်လုံးလောကကြီးကို အကောင်းမြင်သွားခဲ့တဲ့ အမေ။ ခြောက်ပေနီးပါး အရပ်အမောင်းနဲ့ မြို့ကြီးသားပုံပေါက်နေတဲ့ ကျနော့်ကို အမေနဲ့တွဲပြီးတွေ့ကြတဲ့ အမေ့အသိတွေက ဒွေ့ညာသူ ဒါ ရှင့်သား ဟုတ်ရဲ့လားလို့မေးရင် အမေက အားရပါးရပြုံးပြီး အော်၊ ဒါကျုပ်သားပေါ့။ ရှင်တို့က မယုံကြဘူးလား လို့ ဝင့်ဝင့်ကြွားကြွား ပြောလေ့ရှိတဲ့ အမေပေါ့။ ဟုတ်ပါလိမ့်မယ်ဗျာ။ ဒီလောက်လည်တဲ့ သားကို ဒီလောက် ရိုးအတဲ့ အမေက မွေးတယ်ဆိုတာ မယုံကြတာ ဆန်းတော့ မဆန်းလှပါဘူး။

အခု အမေဟာ ကျနော့်ကို လက်လျှော့ခိုင်းနေပြီကောလို့ ကျနော်ယူကြုံးမရ ဖြစ်မိတာ အမှန်ပဲဗျာ။ တကိုယ်လုံးမှာ အပ်တွေ၊ ပိုက်တွေနဲ့ ရှုပ်ယှက်ခတ်နေတဲ့ အခြေအနေမှာ ခပ်ပြုံးပြုံး လေသံနဲ့ သေမှာမကြောက်ပါဘူးလို့ ပြောခဲ့တဲ့ အမေ့မျက်နှာကို အခုထိ ကျနော် မြင်ယောင်နေတုန်း ဗျာ။ နေ့ရောညရော ဆေးရုံကမပြန်ပဲ ကျနော် စောင့်နေလိုက်တယ်ဗျာ။ အမေက အသက်ပျောက် မသွားသေးပဲ မျောနေသလိုဖြစ်နေတယ်။ တတိယမြောက်နေ့မှာ အိမ်ပြန် ရေချိုးလိုက်အုံးမယ်ဆိုပြီး

တနာရီလောက် အမေ့နားက ခွာသွားလိုက်တာ ကျနော်လည်း ဆေးရုံဝ ရောက်ရော အမေဆုံးတော့တာပဲ။ ကမန်းကတန်း ကျနော် ပြန်ရောက်လာတော့ အမေ့ကုတင်ပေးမှာ လိုက်ကာတွေ ကာထားတာတွေလိုက်ရပါတယ်။ အော် ဖြစ်ရလေ အမေရယ်၊ ကျနော့်ရှေ့မှာ အသက် ထွက်ဖို့ အမေ အားနာနေခဲ့လေသလားပေါ့ဗျာ။

အမေ တကယ်ဆုံးပြီလည်းဆိုရော ကျနော်စိတ်မှာ လောကကြီးဟာ ဆောက်တည်ရာမဲ့သွားသလို ခံစားလိုက်ရပါတယ်။ ဘယ်လိုမှ ရပ်တည်လို့မရတဲ့ ဟင်းလင်းပြင်ကြီးထဲကို ရောက်သွားသလိုပါပဲ။ မှတ်မှတ်ရရ ၁၉၉၆ ခုနှစ် ဇန်နဝါရီလ (၂၁) ရက်ပေါ့ဗျာ။ အမေ့ အသက် (၆၄) နှစ်ပေါ့။

ကျနော့်အမေဆုံးတာကို ကြားတော့ ကျနော့်တပည့်ကျော်တွေက အိမ်မှာ မဏ္ဍပ်ထိုးလိုက်ကြတယ်။ ကျနော့်အစ်မလုပ်သူက သူ့အိမ်မှာ တသက်လုံးနေသွားတာမို့ တလတည်း လာနေတဲ့ ကျနော့်အိမ်မှာ နာရေးမလုပ်ပါနဲ့ဆိုပြီး လာနားပူပြန်တာကြောင့် ထပ်ပြီး စိတ်ဆင်းရဲရပြန်ပါတယ်။ အစ်မကြီး အမိအရာပဲလေ။ သူတို့သာ စိတ်ချမ်းသာစေတော့ဆိုပြီး လက်လျှော့လိုက်ရပြန်ပါတယ်။ အမေ့အတွက် နောက်ဆုံးခရီးမှာ ကျနော် အကောင်းဆုံး လုပ်ပေးလိုက်နိုင်တာကတော့ အမေ့ရက်လည်မှာ ကျနော်ကိုးကွယ်တဲ့ တိပိဋကဓရဆရာတော် ဦးသုမင်္ဂလရဲ့တရားပွဲ ကျနော့်အိမ်ရှေ့မှာ လုပ်နိုင်ခဲ့တာပါပဲ။ ဆရာတော်ကတောင် ကျနော့်သောကကို မကြည့်နိုင်လို့ ဘယ်တုန်းကမှ မကြားဖူးတဲ့ အသုဘရက်လည်တရားပွဲကို လာဟောရှာပါတယ်။

ခင်ဗျားလည်း ကြားဖူးမှာပါ၊ သက်တော် ၂၆ နှစ်၊ ရဟန်းဝါ ခြောက်ဝါမှာ ပိဋကတ်သုံးပုံ အောင်ခဲ့တဲ့ ဆရာတော်လေ။ စစ်အစိုးရကို ပတ္တနိက္ကုဇ္ဇနကံဆောင်ခဲ့လို့ ထောင်ဒဏ်ဆယ်နှစ်အချခံရတယ်။ ဗွေဟသ်ာဆရာတော်ကြီးက အလျှုခံလို့ နှစ်နှစ်အကြာမှာပြန်လွတ်လာပြီး၊ နောက်ပိုင်းမှာ အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တွေ ထပ်ရခဲ့တဲ့ ဆရာတော်ပါ။

အမေဆုံးတဲ့နေ့ကစပြီး အမေ အမြတ်တနိုးဝတ်တဲ့ ယောဂီရောင် ရှန်သားအင်္ကျီလေး တထည်နဲ့ အမေ့ ပါတိတ်ထမိန်တထည်ကို စိတ်ဖြေရာအဖြစ် ကျနော့်ခေါင်းအုံးအောက်မှာ ထားအိပ်နေလို့ ဇနီးသည်တောင် ကျနော့်အခန်းထဲ မဝင်ရဲလောက်အောင် ဖြစ်ကုန်တယ်ဗျာ။ အင်း စိတ်စွဲလမ်းမှုတွေပေါ့ဗျာ။ အဲဒီ ယောဂီရောင်ဝမ်းဆက်ကို ကျနော် သွားကန်တော့တုန်းက ဘာအဝတ်အစားမှ ရွေးချယ်မဝတ်တတ်ခဲ့တဲ့ အမေဟာ ချက်ချင်းဝတ်ပြပြီး အမေနဲ့ လိုက်တယ်သားရဲ့၊ ဥပုသ်စောင့်ရင်း ဝတ်ရမယ် ဆိုတာကို ကျနော် မေ့မရလို့ပေါ့ဗျာ။ ဒါနဲ့ ကျနော့် ငယ်ဆရာတယောက်က လာနားချပြီး မရှိဆင်းရဲတဲ့ မိခင်အိုအရွယ်တွေကို မင်းအမေရဲ့အဝတ်တွေ လှူလိုက်ရင် ပိုကောင်းပါတယ်ဆိုမှ ဇာတ်လမ်းဆုံးတော့တယ် ဆိုပါစို့ဗျာ။

အေးဗျာ ဘာပကာသနမှ မမက်တဲ့ အမေ့ကို မသေခင် သားတွေမြေးတွေ တပြုံကြီးနဲ့ ခေတ်မီ နောက်ဆုံးပေါ် ကားအစီးလေးငါးဆယ်လောက်နဲ့ ရောမ ပဥ္စင်းခံ ရှင်ပြုပွဲကြီးတခု သိန်းရာချီ အကုန်ခံပြီး လုပ်ပေးလိုက်အုံးမယ် ဆိုတဲ့ အိပ်မက်ကလည်း ပျက်ပြယ်သွားခဲ့တယ်ပေါ့ဗျာ။

အေးဗျ။ အမေနဲ့ ပတ်သက်လို့ ကျနော့်စိတ်အစွဲက ပြင်းထန်လေသလား မသိဘူး။ အမေ့ ရှေ့မှာ ပဥ္စင်းခံမယ်၊ တရားအားထုတ်မယ်လို့ ဆုံးဖြတ်ထားတာ၊ အမေဆုံးသွားတော့ အခုထိတောင် ပဥ္စင်းမခံဖြစ်တော့ဘူးဗျာ။

တခုတော့ ကျနော့်စိတ်မှာ ဖြေသာသလို ရှိခဲ့ပါတယ်။ အမေ့ကို ကျနော် အစွမ်းကုန်ကုသခွင့် ရခဲ့လို့ပါပဲ။ အမေဆုံးတော့ အမေ့အတွက် လိုရမယ်ရ ကျနော် ဝယ်ထားတဲ့ ဆေးမျိုးစုံ၊ ကိရိယာမျိုးစုံကို စီပြီး ချထားလိုက်တာ ခွန်ဆာလက်နက်ချတုန်းက စုပုံပြထားတဲ့ လက်နက်ပုံကြီးကိုတောင်

မြေးမြင်မိသလို ဖြစ်ရတဲ့အထိဗျာ။ အမေ့ကိုကုသပြီး ကျန်တဲ့ ဆေးဝါးတွေကို အဲဒီလူနာဆောင်က အမေ့လို ရောဂါခံစားနေရတဲ့ ချို့ချို့တဲ့တဲ့ လူနာတယောက်ကို လှူလိုက်ပါတယ်။

အမေဆုံးပြီး ရက်နှစ်ဆယ်လောက် ကြာတော့ အမျိုးသမီး စွမ်းဆောင်ရှင်များအသင်းရဲ့ အဆောက်အဦနဲ့ပတ်သက်လို့ တချို့လိုအပ်တာတွေ လှူလာရအောင် အန်တီဆယ်နဲ့ ဘန်ကောက်ကို ထွက်ခဲ့တယ်ဗျ။

■

## အခန်း (၆၀)

# အာရတီးနဲ့ ကြောက်တဲ့

ကျနော်နှင့်ကိုသက်ခိုင်တို့ စခန်းခွဲသို့ရောက်ရှိပြီး ငါးလခန့်အကြာတွင် လက်ရှိထောင်မိုင်ဦးအောင်ဆန်းဦး ရုတ်တရက် ရာထူးမှ ကျလေသည်။

အိုင်စီအာစီ လာရောက်စစ်ဆေးသွားခြင်း၏ နောက်ဆက်တွဲ ပြဿနာလော၊ ဌာနတွင်းပြဿနာပေလော၊ ကျနော် မဝေခွဲနိုင်ပါ။ ထူးခြားသည်ကား ယင်းကိစ္စရပ်သည် ကိုသက်ခိုင် ဖန်တီးလေသလောဟု ရဲဘက်ဝန်ထမ်းများနှင့် ရဲဘက်အကျဉ်းသားများအကြား တီးတိုးပြောဆိုသံမျိုးစုံကို ကြားနေရခြင်းပင်။ ကိုသက်ခိုင်ကား အမူအရာရော၊ စကားပြောပုံပါ ပိုမိုထူးခြားသည်ကို မတွေ့ရချေ။ တခါတရံ အင်္ဂလိပ်စာအုပ်အထူကြီးတချို့၊ လက်ရေးစာမူ၊ အဘိဓာန်ကြီးသုံးအုပ်လောက်နှင့် နှစ်ပါးသွားနေပြီး တခါတရံ ဘိန်းမှိန်းသလို တရားမှတ်သလိုသာ လုပ်မြဲဖြစ်လေ၏။

ကျနော်က ကိုသက်ခိုင်အခြေအနေကို အကဲခတ်ပြီး လေးငါးရက်ခန့်ကြာမှ သွယ်သွယ်ဝိုက်ဝိုက် မေးရသည်။

'ခင်ဗျား စာအုပ်တွေက ထူလှချည့်လားဗျ။ ဘာစာအုပ်တွေလဲဗျ'

'ကာရာမာဇော့ညီအကိုများလေ၊ မူရင်းက The Brothers of Karamazov ၊ ရေးတာက ဖြူဒါဒေါ့စတိုယက်စကီး (Fyodor Dostoevsky)၊ ဒါက နတ်နွယ် ဘာသာပြန်တာ၊ ကျနော် အပြင်မှာနေတုန်းက ဖတ်တာ စိတ်ထဲနှစ်လို့မရတာနဲ့ အခု အေးအေးဆေး ပြန်ဖတ်နေတာ'

'ဖတ်တာတော့ ဟုတ်ပါပြီ။ ခင်ဗျား လက်ရေးတွေစာမူတွေက ဘာတွေလဲဗျာ'

'ဒါက သပ်သပ်ဗျ။ ကျနော်က အင်္ဂလိပ်စာ သိပ်မကျွမ်းကျင်လို့ လေ့ကျင့်တဲ့အနေနဲ့ ချားစ်ဒစ်ကင်းရဲ့ မြို့ကြီးနှစ်မြို့အကြောင်းကို ဘာသာပြန်ကြည့်နေတာလေ၊ အဘိဓာန်လှန်လိုက်၊ တကြောင်းပြန်လိုက် လုပ်နေတာ၊ ပြီးတောင်ပြီးတော့မယ်'

'ခင်ဗျားစာအုပ်တွေ အသာထားပါအုံးဗျာ၊ အခုစခန်းမှာ ဘာတွေဖြစ်နေသလဲဆိုတာ ခင်ဗျား မသိချင်ယောင် ဆောင်နေတာလားဗျ။ တိုးတိုးတမျိုး၊ ကျယ်ကျယ်တမျိုးနဲ့ ခင်ဗျားကို မသင်္ကာနေတာ ခင်ဗျား မသိဘူးလား'

'စကားကို ရှင်းအောင် ပြောစမ်းပါဗျာ။ ဝေ့ဝိုက်မနေပါနဲ့ ကျနော် မကြိုက်ဘူး၊ ခင်ဗျား ပြောချင်တာ ထောင်ပိုင်ပြုတ်တဲ့ကိစ္စ မဟုတ်လား'

'အေးလေ၊ ဒါ ရဲဘက်နော်၊ ခင်ဗျားအတွက် စိတ်ပူလို့ပြောနေတာ၊ ထောင်ပိုင်ဟောင်းသာ ပြုတ်သွားတာ၊ သူ့တူထောင်မှူး တပွင့်နဲ့ရော၊ သူ့ဘက်ပါတဲ့ဝန်ထမ်းတွေရော အများကြီးကျန်နေသေး တာ ခင်ဗျား မေ့နေမှာစိုးလို့'

'ခင်ဗျားလေသံနားထောင်ရတာ ထောင်ပိုင်ပြုတ်တာ ကျနော့်လက်ချက်လို့ ထင်နေပုံရတယ်၊ ဒီမယ် ကိုမင်းခင်၊ ကျနော်ရှင်းရှင်းပဲ ပြောမယ်။ ကျနော်သာ ဒီကိစ္စမှာပါရင် ထောင်ပိုင်က ပြုတ်ယုံတင် မကဘူး၊ လူသတ်မှုနဲ့ပါ ထောင်ထဲ တန်းဝင်ရမှာ'

'ခင်ဗျားဗျာ၊ ထောင်ပိုင်က ဘယ်လိုလုပ် လူသတ်မှုနဲ့ ပတ်သက်နေရပြန်တာလဲဗျာ'

'မသိချင်စမ်းပါနဲ့ဗျာ။ အေးအေးနေတာ မကောင်းဘူးလားဗျ၊ ကျနော်လည်း သွားစပ်စုတာ တော့မဟုတ်ဘူး၊ ခင်ဗျားသိတဲ့အတိုင်း ဒီရဲဘက်စခန်းလိုနေရာမျိုးက သပွတ်အူကို ဆွဲလှည်းပေါ် တင်လာတာထက် ဆိုးတဲ့နေရာ'

'ကဲပါဗျာ၊ ပြောမှာသာ ပြောစမ်းပါ'

'တော်တော်ခက်တဲ့လူပါလားဗျာ၊ လွန်ခဲ့တဲ့လေးငါးနှစ်လောက်က ဒီရဲဘက်စဖွင့်တဲ့-အချိန်မှာ ပြေးတဲ့သူတွေ ပြန်မိလို့ ရဲဘက်မှာ ရိုက်နှက်ရင်း လက်လွန်သွားတာတွေရှိတယ်။ စုစုပေါင်း သုံးယောက် သေကုန်တယ်။ ဒါကို ဆင်သေချောင်းကို ဖြတ်တဲ့ ဓာတ်တာနားမှာ ဂုံနီအိတ်နဲ့ ထည့်မြှုပ်တယ်။ ပြီးတော့ ရဲဘက်က ပြေးတယ်ဆိုပြီး စာရင်းပြလိုက်တယ်၊

ဟုတ်ရဲ့လား ထပ်မေးမနေနဲ့ အင်းသူကြီး ကိုခင်မောင်ဝင်း ပြောပြလို့သိတာ၊ သူတို့ကလည်း အကျဉ်းဦးစီး ဒီဘက်မှာ စဖွင့်တော့ လုပ်လက်စတွေ ဖယ်မပေးရအောင် အပေးအယူလေးတွေနဲ့ လုပ်နေကြတာ၊ ဒါတင်မကဘူး။ ဒီစခန်း စဖွင့်ကတည်းက ရောက်နေတဲ့ နှစ်ကြီးသမားနှစ်ယောက်ဆီက လည်း အသေးစိတ် သိထားတာတွေ ရှိသေးတယ်။ ထောင်ပိုင်ကို ဘာမကျေနပ်သလဲ မသိဘူး၊ ကျုပ်ဆီကို လာအန်နေတာဗျာ။ ကဲ ကျေနပ်တော့ဗျာ၊ ဟုတ်လား'

'နေပါဦးဗျာ၊ ကျုပ်သိထားတာ ပြန်ပြောပါရစေအုံး။ ခင်ဗျား အခု ထောင်ပိုင် အသစ် အဟောင်း အလွှဲအပြောင်းမှာ လယ်ကွက်စာရင်း၊ စပါးထွက်စာရင်း၊ ငါးကန်စာရင်းတွေအားလုံး ခင်ဗျားကို ထောင်ပိုင်အသစ်က စစ်ခိုင်းနေတာကို ထောင်ပိုင်အဟောင်းရဲ့အုပ်စုက သေချာ စောင့်ကြည့်နေတာ ခင်ဗျားသိရဲ့လား၊ ခင်ဗျား ကြားညပ်မယ်နော်။ ကိုယ်က ရဲဘက်ဆိုတာလည်း မေ့မနေနဲ့အုံး ဆရာ'

'သတိပေးတာ ကျေးဇူးတင်တယ်ဗျာ။ အခု ကျနော် စစ်ပေးနေတဲ့ စာရင်းတွေက အမှန် အတိုင်းသာ စစ်ပေးရရင် နောက်ပြောင်းလာတဲ့ ထောင်ပိုင်အသစ် ဗိုလ်ကြီးကျော်သင်းလည်း ဘယ်လိုမှ လွှဲယူလို့ရမှာမဟုတ်ဘူး၊ ပြုတ်တော့မဲ့ ထောင်ပိုင်အဟောင်းလည်း ရှိသမျှစည်းစိမ် ထိုးအပ်တာတောင် ပြီးနိုင်စရာမရှိဘူး၊ ဒီတော့ ကျနော် အတတ်နိုင်ဆုံး နှစ်ဘက်လျှောက်နိုင်မယ့်လမ်းကို ကြိုးစား ပေးနေတာ။ ထောင်ပိုင်ဟောင်းရဲ့တူကိုလည်း စာရင်းတွေ ခေါ်ပြပြီး ကျနော် ဘယ်နေရာမှာ ဘာလုပ် ပေးနိုင်သလဲ မေးတယ်။ စာရင်းဖျောက်လို့ ရမရ၊ လိမ်လို့ ရမရ ဝိုင်းစဉ်းစားပေးဖို့ ပြောပြီးပြီ၊ ကျနော့် အတွက်မပူပါနဲ့ဗျာ'

'ခင်ဗျားက စာရင်းတွေလိမ်ပေးတော့ အကျဉ်းဦးစီးရုံးချုပ်က လက်ခံအုံးမှလေ'

'ခင်ဗျားဗျာ၊ ရုံးချုပ်ကမောင်တွေက ရဲဘက်စခန်းမှာ စိုက်တဲ့စပါးနဲ့ ရေနုတ်ကွင်းထဲမှာ အလေ့ကျပေါက်တဲ့ ဒေါင်းစပါးကိုတောင် ခွဲခြားနိုင်တာ မဟုတ်ဘူးဗျ။ စခန်းကို စစ်ဆေးရေးလာတာက အလုပ်ကိုလာစစ်တာ မဟုတ်ဘူး၊ ခွဲတမ်း လာတောင်းတာ သက်သက်ပဲ၊ အခု ကိုအောင်ဆန်းဦးပြုတ်တာက ပြဿနာပေါင်းစုံ လာဆုံနေလို့ဖြစ်တာ၊ အဓိကအကျဆုံးကတော့ ရုံးချုပ်ကိုပို့ရမယ့်ခွဲတမ်းကို လျှော့ပို့ချင်လို့ စာရင်းဖျောက်တာ ပေါ်သွားတဲ့ကိစ္စပဲဗျာ။ ဝေစု မတည့်တာ ဆိုပါတော့ဗျာ'

ကျနော်က သက်ပြင်းကို ခပ်လေးလေးချကာ

'ကိုသက်ခိုင်ရယ်၊ ခင်ဗျားကတော့ အရှုပ်တွေနဲ့ကို ရေစက်ပါလာတယ် ထင်ပါ့ဗျာ'

'အေးဗျ၊ အဲဒါ ဝဋ်ကြွေးလို့တောင် ပြောရမလိုပဲဗျာ။ ကျနော့်ဘဝမှာ အမြဲတမ်း ကြားညပ်ခဲ့တာချည်းပဲ၊ ခင်ဗျားပြောမှ ၈၈ အရေးအခင်းတုန်းက တိုက်ပွဲဝင်ရှေ့နေများအဖွဲ့မှာ ပါခဲ့တဲ့ ကျနော့်မိတ်ဆွေ ကိုဇော်မျိုးဝင်း ကျနော့်ကို ဝေဖန်ခဲ့တာ သွားသတိရတယ်ဗျာ။ ဘာတဲ့၊ သက်ခိုင် မင်းကရင်ဖို့ချင်လို့ ခားပြလှော့ာက်တိုက်နေတဲ့လူနဲ့ တူနေတယ်တဲ့။ ကျနော်က သေချာရှင်းပါအုံးဗျာလို့ဆိုတော့၊ သူက ခားပြတွေ ခားပြတိုက်တာက ပစ္စည်းတို့၊ ငွေတို့ လိုချင်လို့ တိုက်တာတဲ့။ မင်းက ခားပြအဖွဲ့ထဲဝင်ပါပြီး ငွေမလိုချင်ပဲ အရပ်သိလို့ လူဝိုင်းလိုက်တာကို ရင်လေးတဖိုဖိုနဲ့ ပြေးနေရတာ သဘောကျနေတဲ့ကောင်တဲ့။ ဟိုတုန်းက ဒီလူပြောတာ သိပ်သဘောမပေါက်လှဘူး၊ အခု ပြန်စဉ်းစားကြည့်တော့မှ သူပြောတာ ဟုတ်တုတ်တုတ်ဗျ။ ကိုယ့်ကိစ္စထက် သူများကိစ္စမှာ ကြားညပ်လွန်းလို့ ကျနော့်ဘဝက ပိုရှုပ်သွားတယ် ထင်ပါ့ဗျာ'

'ဒီလောက် အပြောခံရလောက်အောင် ခင်ဗျားက ဘာတွေများ ရှုပ်ခဲ့၊ ဘာတွေများ ကြားညပ်ခဲ့ဘူးလို့လည်းဗျာ'

'ခင်ဗျားလုပ်တာနဲ့ ထိုင်းကိုသွားတဲ့အကြောင်း မပြောခင် ထောင်ထဲ ထပ်ရောက်တဲ့ ဇာတ်လမ်းကို ပြန်လှန်ရအုံးမှာပါလားဗျာ။ ဒီလိုပါဗျာ'

ကိုသက်ခိုင်က သူ၏ ဘဝထုပ္ပတ် အရှုပ်ဇာတ်ကို ဆက်ပြန်ပါသည်။

အေးဗျာ။ အခုအချိန်မှာ ပြန်စဉ်းစားမိရင် ရှက်စရာလို့ခံစားရတဲ့ ဖြစ်အပျက်တွေဟာ အမှန်တကယ်ပဲ ရှိခဲ့ပါတယ်။ အားကျစရာလို့တော့ တလွဲ မယူလိုက်ပါနဲ့ဗျာ။

အရေးအခင်းပြီးတော့ ကျနော့် ငယ်မွေးချင်းပေါက် လူမိုက်တော်တော်များများ ထောင်ကထွက်လာတာကို ကျနော် ပြောခဲ့ပြီးပါပြီ။ တခုထူးခြားတာက သူတို့ဟာ ထောင်နံရံတွင်းမှာ နှစ်ရှည်လများ နေလာကြတော့ အပြင်မှာ မနေတတ်ကြတော့ပါဘူး။ ကျော်ရှိန် (ခေါ်) ကမာရွတ်ဆိုရင် ဆရာ ကျနော် ဘာဆက်လုပ်ရမှာလဲ ခဏခဏ လာညည်းတဲ့ အထိပါပဲ။ ကျော်ရှိန်တင်မကပါဘူး။ အာရက်၊ စိုးအောင်၊ မျိုးအောင်၊ မန်းနီးတို့လည်း အလားတူပါပဲ။ မှန်ပါတယ်၊ ခေတ်က ပြောင်းနေပါပြီ၊ သူတို့ မိုက်ခဲ့ ဆိုးခဲ့တယ် ဆိုတာကို နောက်ပေါက်လူငယ်တွေက မသိတော့ပါဘူး။ နှစ်တွေလည်း ကြာခဲ့ပြီကိုး။

ကျနော်က သူတို့နဲ့ ငယ်စဉ်ကတည်းကလည်း အကျွမ်းဝင်ပြီးသားဖြစ်၊ လက်ရှိအခြေအနေ အထိုက်အလျောက် ပြည့်စုံနေသူဖြစ်လေတော့ ရှမ်းစု (၁) လမ်းက ကျနော့်ရုံးခန်းကို ခြေကြောင်းကျနေပါတော့တယ်။ ပိုဆိုးတာက ကျနော်ကလည်း သောက်စားတတ်၊ တပည့်တွေတရုန်းရုန်းနဲ့ နေတတ်တော့ ဂေါ်ဏောနဂေါ်ဏော ဖြစ်နေတော့တာပဲဗျာ။ ကျနော်လည်း သူတို့ကို တတ်သမျှ မှတ်သမျှ အကြံဉာဏ်တွေ ပေးတာလည်းရှိပါတယ်။ အဲဒီခေတ်က ချဲထီရွှေခေတ်ဆိုတော့ မင်းတို့ ဆက်မမိုက်ပါနဲ့တော့။ အရင်မိုက်ဂုဏ်လေးတွေနဲ့ လုပ်စားလို့ရတာတွေရှိပါတယ်။ ချဲဒိုင်တွေက မိုက်

ဂုဏ်ရှိတဲ့ လူအတော်များများကို အလိုရှိနေတဲ့အချိန်လေ။ ကျော်ရှိန်ဆို ကျနော် ဆရာ့ဆီမှာလုပ်မယ်ဗျာ ဆိုလို့ ဘီလပ်မြေဂိုဒေါင်မှာ အလုပ်ပေးလိုက်တာ သုံးရက်လားပဲ လုပ်နိုင်တယ်။ ကျောမှာ ဘီလပ်မြေအိတ်ပွန်းလို့ အရေပြားတွေ လန်ကုန်ပြီး လက်လျှော့သွားပါတယ်။ စိုးအောင်၊ မျိုးအောင်တို့ကတော့ သူတို့လိုင်းနဲ့သူတို့ ဆက်စခန်းသွားကြရင်း နံရံနောက် ပြန်ရောက်ကုန်ပြန်ပါတယ်။

နောက်ပေါက်လူမိုက်လေးတွေနဲ့ ခေတ်ဟောင်းလူမိုက်တွေရဲ့ အားစမ်းပွဲတွေလည်း ခဏခဏ ကြုံရသဗျာ။ အားစမ်းပွဲတခုမှာ အာရကီး အသက်ပျောက်ခဲ့ရောဗျ။ ကျနော်အမှတ်မမှားဘူးဆိုရင် ၁၉၉၂ ဝန်းကျင်ပေါ့ဗျာ။

အဲဒီနေ့က သင်္ကြန်ရက်ကြီးဗျ။ ကျနော်လည်း ကားမသုံးတော့ဘူးဆိုပြီး ဆိုက်ကားတစီးနဲ့ ရှမ်းစုရုံးခန်းကို မနက်ကိုးနာရီကျော်လောက်မှာ ထွက်လာတယ်။ ကမာရွတ်ဘူတာရုံ သံလမ်းအကျော်၊ မိုးပုလဲ လက်ဖက်ရည်ဆိုင်ရှေ့ရောက်တော့ အာရကီးက ရေခဲရေတွေထည့်ထားတဲ့ ကော်ဇလုံကြီးတလုံးနဲ့ ရေပက်နေရာက ကျနော့်ကိုတွေ့တော့ အကို မောနင်းပက်ကလေး ဝင်ချသွားပါအုံးတဲ့။ အမှန်ပြောရရင် ကျနော် သောက်ဖို့ထွက်လာတာပါ။ ဒါပေမယ့် သူ့ကို လက်သပ်မွေးထားတဲ့ မိုးပုလဲဆိုင်ပိုင်ရှင် ဝင်းထွန်းကို ကြည့်မရတာနဲ့ သူသုံးလေးကြိမ်ခေါ်တာကို 'နမော့စတေး' လုပ်ပြီး ငြင်းခဲ့တယ် ဆိုပါတော့။

ညနေလေးနာရီလောက်ကျတော့ ကျနော့်ရုံးခန်းကို ဘားလားပေါက်ချလာပြီး ဆရာ၊ အာရကီး သေပြီတဲ့။ ဟ ဘယ်လိုဖြစ်တာတုန်းကွာ ဆိုတော့ နောက်ပေါက်လေးတွေနဲ့ ငြိတာဆိုပဲ။

ဖြစ်ပုံက အာရကီးနဲ့ကျနော် တွေ့ခဲ့တဲ့နေရာမှာပဲ နေ့လည် ၂ နာရီလောက်မှာ ဘူတာရုံလမ်းအပေါ်ပိုင်းက ချာတိတ်တွေ မူးပြီး မိန်းကလေးတွေကို နောက်ရာကနေ အာရကီးနဲ့ ငြိကြပါလေရောတဲ့။ နှစ်ဘက်စလုံးဝိုင်းဆွဲလို့ ရန်ပွဲက ခဏလေး ပြီးသွားပါတယ်။ မပြီးနိုင်တာက နောက်ပေါက်ချာတိတ်တွေဟာ သူတို့နဲ့ရန်ဖြစ်ခဲ့တာဟာ ရာဇဝင်လူမိုက် အာရကီးလို့ မသိကြတာပါပဲ။ ရန်ပွဲပြီးလို့ သူတို့ ဘူတာရုံလမ်း အထက်ပိုင်းကို ပြန်ရောက်တော့မှ သူတို့နဲ့ ဖိုက်တင်ပလေးခဲ့တာ အာရကီးပဲ။ တကယ့် ဒိတ်ဒိတ်ကြဲကြဲ ရာဇဝင်လူဆိုးပဲဆိုတာ အရပ်က ဝိုင်းပြောကြ၊ ချွန်တာတွန်းတာတွေလည်း ပါကုန်တယ်ထင်ပါ့ဗျာ။ ဒီအတိုင်းငြိမ်နေလို့ကတော့ အာရကီးလက်ချက်နဲ့ ငါတို့အသက်ပျောက်ရချည့်ရဲ့လို့ တွေးကြောက်ကုန်တာလည်း ပါပါလိမ့်မယ်။ အာရကီးကို လက်ဦးအောင် ရှင်းဖို့ စီစဉ်ကုန်ကြပါလေရော။

ဒါနဲ့ ညနေလေးနာရီဝန်းကျင်လောက်မှာ အာရကီးက ကမာရွတ်ဘူတာရုံလမ်း အပေါ်ပိုင်းကို ဆိုက်ကားတစီးနဲ့ တက်လာတယ်။ တက်လာတဲ့အကြောင်းက ရန်ထပ်ဖြစ်ဖို့ လုံးလုံးမဟုတ်ဘူး။ သူ့ဖာသာ မူးမူးနဲ့အင်းစိန် လမ်းမကြီးဘက်ကို ခြေရှည်လာတာ။ ဒါကို အာရကီးတက်လာပြီဟေ့လို့ ကြားတော့ ပြဿနာဖြစ်ထားတဲ့မောင်တွေက ကြိုတင်ပြင်ဆင်မှုအပြည့်နဲ့ စောင့်နေပါလေရောဗျာ။

ကမာရွတ်ဈေးကြီးရှေ့က ဝေဠုဝတီကျောင်းတိုက်အလွန် ချစ်တီးဘုရား ရေကန်နားလည်းရောက်ရော အသင့်စောင့်နေတဲ့ ချာတိတ်တွေက ဆိုက်ကားပေါ်က အာရကီးကို အုတ်နီခဲတလုံးစီနဲ့ နောက်စေ့တည့်တည့်ကို အသားကုန် နှစ်ချက်စီ ကြွေးလိုက်တာ အာရကီး အသံတောင် မထွက်နိုင်ပဲ လောကကြီးကို တာ့တာ့ပြသွားရောပေါ့ဗျာ။ စဉ်းစားကြည့်လေ၊ မူးလို့ ဆိုက်ကားပေါ်မှာ ခေါင်းစိုက်ပြီး လိုက်လာတာကို နောက်စေ့ အုတ်နီခဲစာမိတယ် ဆိုတော့ တကယ့် ချက်ကောင်းပဲဗျာ။ အာရကီးခမျာ ဘာကြောင့် သေရတယ်ဆိုတာတောင် သိမသွားရှာတာ အမှန်ပဲ။

ဘယ်အချိန်ကစခဲ့တဲ့ အစဉ်အလာလည်းတော့ ကျနော်လည်း မသိဘူးဗျ။ ကမာရွတ်ဘူတာရုံလမ်းမကြီးမှာ အပေါ်ပိုင်း၊ အလယ်ပိုင်း၊ အောက်ပိုင်းဆိုပြီး သုံးပိုင်းကွဲနေတယ်ဗျ။ လှိုင်မြစ်ကနေ ကမာရွတ်ဘူတာရုံအထိ အောက်ပိုင်း၊ ဟိုတုန်းက စက်တွင်းလမ်း၊ သံကြိုးတိုင်၊ အေးရပ်ကွက် ဆိုတဲ့ နာမည်ကြီးနေရာတွေ။ ကမာရွတ်ဘူတာရုံကနေ လှိုင်အထက (၁) ကျော်ကျော်အထိ အလယ်ပိုင်း၊

မြလေးရုံလမ်း၊ မယ်ဇီကုန်းလမ်းနဲ့ တစ်ရပ်ကွက် တပိုင်းပေါ့။ အထက (၁) လှိုင်ကနေ အင်းစိန်လမ်းမကြီးအထိက အပေါ်ပိုင်းဗျ။ ကျားကျောင်းရှေ့က အုပ်စုတို့၊ ပေဒါစုက အဖွဲ့၊ သဖော့တောသုဿန်လမ်းကမောင်တွေ ကြီးစိုးတဲ့နေရာ။ အဲဒီအပိုင်းသုံးပိုင်းက ရာဇဝင်နဲ့ချီပြီးကို မတည့်ကြတာဗျာ။ အခု အာရကီးသေရတာလည်း အဲဒီ အပိုင်းအားပြိုင်မှုက နောက်ကွယ်က ပါနေတယ်ထင်ပါရဲ့။ ဘာပဲဖြစ်ဖြစ် လူမိုက်ဆိုတာ ဇာတ်သိမ်း မကောင်းတတ်ပါဘူးလေ။

■

## အခန်း (၆၁)

# တိမ်ပေါ်ခုန်တက် မိုက်လိုက်စမ်း

အာရကီးသေတာဟာ ကျနော်နဲ့ ဘာမှမဆိုင်ဘူး ထင်ရပေမယ့် ဆိုင်နေသလိုဖြစ်နေတာက ဖဲ်ဒီ ရပ်ကွက်အပိုင်း ပြဿနာပါပဲ။ ကျနော်နဲ့ အဖွဲ့ကျနေတဲ့ ရာဇဝင်လူဆိုးတွေက ကျနော်ကြီးပြင်းခဲ့တဲ့ ဘူတာရုံလမ်း အောက်ပိုင်းသားတွေ ဖြစ်နေတဲ့ ကိစ္စပေါ့ဗျာ။ ဘူတာရုံလမ်း အပေါ်ပိုင်းအုပ်စုက ကျနော့်ကို မျက်စေ့ဒေါက်ထောက်ကြည့်နေတာတွေ ရှိလာပါတယ်။ တကယ်တော့ ကျနော့်စိတ်မှာ ဘာမှမဖြစ်မိတာ အမှန်ပဲဗျာ။ တခုရှိတာက ကျနော် တပည့်တရုန်းရုန်းနဲ့ သောက်စားပျော်ပါးနေတာကို ကြည့်မရတာ ဖြစ်နိုင်ပါတယ်။

ဒီလိုနဲ့ ကျနော်ဟာ သူမျှားပြဿနာမှာ ကြားညပ်ပြန်ပါတယ်။ အဲဒါ နောက်တနှစ် သင်္ကြန် ား သေချာမှတ်မိနေတာက အဲဒီသင်္ကြန်အကြိုနေ့မှာ ကျနော် အာရုံတခုရပြန်တယ်။ မနက်ခုနှစ်နာရီ ယောက်ကတည်းက ဒီနေ့ပြဿနာတခုခု ဖြစ်လိမ့်မယ်လို့ သိနေသလို ဖြစ်နေပါတယ်။ ဒီတော့ ကျနော့် ဘလက်ရုံးတယောက်ဖြစ်တဲ့ ဦးတင်ရွှေကို ကြိုတောင် ပြောထားမိတဲ့အထိဗျာ။ ကိုတင်ရွှေ ဒီနေ့ ပြဿနာ ဖြစ်လိမ့်မယ်ထင်တယ်။ ခြံတံခါးကို သေချာသော့ခတ်ထားပါ။ ကျနော် ရုံးခန်းထဲမှာပဲ သောက်မယ်။ သောက်မယ့်သူလာရင်လည်း အထဲသာ ဝင်သောက်ခိုင်းပေတော့။ ကျနော်လည်း အပြင်မထွက်ဘူး၊ ခင်ဗျားလည်း အပြင်မထွက်နဲ့။ အထဲမှာသောက်ပြီး ပြန်ချင်တယ်ဆိုတော့မှ ခြံတံခါး ဖွင့်ပေးပေတော့။ ကုန်ကုန်ပြောမယ်ဗျာ၊ ကျနော်မူးလို့ အပြင်ထွက်ချင်ရင်တောင် ဖွင့်မပေးနဲ့လို့ မှာထား တဗျာ။ အေးလေ၊ ကျနော့်ရုံးခန်းမှာ ဖြစ်တဲ့ပြဿနာလောက်ကတော့ ကျနော် ရှင်းနိုင်တယ်လို့ ယုံထား တို့ပေါ့ဗျာ။

အော် ကိုတင်ရွှေဆိုတာ ကျနော့်ထက် ခြောက်နှစ်လောက်ကြီးမယ်ဗျ၊ ဘူတာရုံနားမှာ နေတာ။ သူက တကယ့်ကာယဗလမောင်တယောက်လို ကြွက်သားတွေ အမြှောင်းလိုက်ထပြီး ကြံ့ခိုင် သန်စွမ်းတဲ့သူ။ သူ့ဗလကြောင့် ကျနော်လည်း လုံခြုံရေးဝန်ထမ်း ခန့်ထားတာလေ။ အသားညိုညို င်တိုတိုပုံနဲ့ဗျာ။ သင်္ကြန်အကြိုနေ့ဆိုတော့ သောက်ဖော်စားဖက်တွေကလည်း ဝင်လာမစဲ တသဲသဲ

ပေါ့ဗျာ။ ရှေ့နေဝင်းဆွေဦး၊ ဆီခဲစက်ရုံက သိန်းဇော်၊ ဘာလားတို့အပြင် ယမကာလုလင်ပေါင်း ဆယ်ယောက်ကျော်လောက်ကို ရှိမယ်ဗျ။ တို့လူလေးများ ဆိုသလေးနဲ့ တယောက်တခွက် ညီညွတ်ရေးနဲ့ အသက်ရှည်ရှည် ခင်မင်လိုက်ကြတာ ကျနော် အရက်ကြိုက်မှန်းသိလို့ ကျနော့်နောင်တော်ကြီးကိုယ်တိုင် နတ်မောက်ကနေ ကိုယ်တိုင်ချက်လာတဲ့ ထန်းလျက်အရက် သုံးဂါလံလောက်တောင် ချောသွားရော ဆိုပါတော့။

ညနေငါးနာရီလောက်ကျတော့ ကဲ ကိုယ့်အသက်ကို နှမြောတဲ့အနေနဲ့ ရပ်လိုက်ကြဦးစို့ဆိုပြီး လူစုခွဲလိုက်ကြတယ်။ သိန်းဇော်နဲ့ ဝင်းဆွေဦးက တတွဲ အရင်ထွက်သွားသဗျ။

ကျနော့်စိတ်ထင် ဆယ့်ငါးမိနစ်တောင် ကြာမယ် မထင်ပါဘူးဗျာ။ သိန်းဇော်မျက်နှာမှာ သွေးချင်းချင်းရဲ စုတ်ပြတ်ပြီး ပြန်ရောက်လာတယ်။ ရုံးခန်းခြံဝကနေ ကိုသက်ခိုင် ကျနော့်ကို ကယ်ပါဦး လို့ စွတ်အော်နေတော့တာပဲဗျာ။ ကျနော်က စိုးရိမ်တကြီးနဲ့ ကိုသိန်းဇော် ဘာဖြစ်လာတာလဲ မေးတော့ သူ ဘူတာရုံလမ်းထိပ်က ကိုသန်းညွန့်ဆိုင်ထဲ ဝင်ပြီး ထပ်ချတာ အဲဒီမှာ ဝိုင်းရိုက်လိုက်ကြတာဆိုပဲဗျ။ ကျနော် သိလိုက်ပါပြီ၊ ကျနော်အပါအဝင် အရက်သမားဆိုတဲ့ လူမျိုးက ဘယ်လောက် သောက်ရ သောက်ရ အားရတယ် မရှိဘူးဗျ။ အိမ်အပြန် တနေရာရာမှာ နောက်ဆုံးခွက်လေး ချလိုက်ရမှ ကျေနပ်တတ်ကြတာကလား။ အခုလည်းကြည့်၊ ကျနော့်ရုံးခန်းမှာ အန်မထွက်ရုံတမယ် သောက်သွား တာကို ကိုသန်းညွန့်ဆိုင် ထပ်ဝင်ပြီး ပြဿနာ ရှာလာပြန်တာပေါ့ဗျာ။

ကျနော် သတိလက်မလွတ်ပါဘူး။ ဘာဒေါသမှလည်း မထွက်ပါဘူး။ ကိုယ့်မိတ်ဆွေ သောက်ဖော်စားဖက်တယောက် ဒီလိုဖြစ်လာတော့ ဘယ်သူတွေနဲ့များ ငြိလာပြန်ပြီလဲဆိုပြီး အကျိုး အကြောင်းသိရအောင် ကိုသန်းညွန့်ဆိုင်ဘက်ကို ထွက်လာခဲ့ပါတယ်။ ကိုတင်ရွှေကတောင် ဆရာ ဘာလေး ညာလေး ယူခဲ့ရအုံးမလား လုပ်နေလို့ မလိုပါဘူးဗျာ၊ ရန်သွားဖြစ်မှာမှ မဟုတ်တာဆိုပြီး တားလိုက်မိပါသေးတယ်။

ရှမ်းစုနဲ့ ကိုသန်းညွန့်ဆိုင်ဟာ မဝေးလှပါဘူး။ ခုတ်တိုင် လေးငါးတိုင်လောက်သာ ကွာပါတယ်။ ကျနော် ဆိုင်နားရောက်သွားတော့ ဆိုင်ရှေ့မှာ လူတယောက် မြက်ဦးထုပ် ခပ်ကြီးကြီး တလုံးကို ခပ်ငိုက်ငိုက် ဆောင်းထားတာ တွေ့ပါတယ်။

ဘေးက ဒဏ်ရာတွေနဲ့ပါလာတဲ့ မောင်သိန်းဇော်က ကျနော့်ကိုသမလိုက်တာ သူပဲဗျ ကိုသက် ခိုင်ဆိုတော့ ကျနော် ကြည့်လိုက်တာ မျက်နှာကို ဦးထုပ်ကွယ်နေတော့ မမြင်ရဘူးဗျာ။ ဒါနဲ့ ကျနော် လည်း ဘယ်သူများပါလိမ့်ဆိုပြီး သူ့ဦးထုပ်ကို လက်နဲ့ အသာလေး မလိုက်မိပါတယ်။ ပြဿနာက တန်းဝင်တော့တာပါပဲဗျာ။

တကယ်တော့ သူက ရန်ပြုဖို့ အသင့်ချောင်းနေတာဗျ။ ကျနော်လည်း ဦးထုပ်ကို လက်နဲ့ ထိလိုက်ရော သူက ဇတ်ကနဲ မတ်တတ်ထရပ်ပြီး တဆက်တည်းဆိုသလို ကျနော့်မျက်နှာဆီကို လက်သီး ပြင်းပြင်းတလုံး ပစ်သွင်းလိုက်တော့တာပဲဗျာ။

ယေ်ယေ်က သက်ခိုင်မဟုတ်တော့ပါဘူးဗျာ။ ကျနော် ဒီနေရာလာကတည်းက သတိကြီး ကြီးနဲ့ လာခဲ့တာပါ။ ဗိုးကနဲ ဝင်လာတဲ့လက်သီးကို နောက်ကို အသာယို့ ရှောင်အပြီးမှာတော့ အဲဒီ မောင်ဟာ ပလက်ဖောင်းဘေးကနေ အင်းစိန်လမ်းမကြီးအလယ် မျဉ်းဖြူပေါ် အထိကို လွင့်သွားတော့ တာ ပါပဲဗျာ။ ဖြစ်ပုံက ကျနော်က သူ့မျက်နှာကို ပြန်ပြီး လှမ်းအထိုးမှာ ကျနော့်ဘေးက ပါလာတဲ့ ကိုတင်ရွှေက သူ့ခြေထောက်နှစ်ချောင်းစလုံးကို ဖြတ်ကန်ပစ်လိုက်လို့ပါပဲ။ ကိုတင်ရွှေက ကားလမ်း အလယ်အထိလျှောက်သွားပြီး အဲဒီမောင်ရဲ့လည်စိကို ထပ်ညှစ်နေလို့ ကျနော် ဝင်တားရသေးဗျာ။

ဆက်နေရင်ပိုရှုပ်ကုန်တော့မှာမို့ ကျနော်တပ်ခေါက်ပြီး ရုံးခန်းဘက်ပြန်လှည့်ခဲ့ပါတယ်။

သေချာစုံစမ်းတော့မှ ဒီမောင်ဟာ မောင်မောင်ခင်ပဲဗျာ။ ဆေးရော၊ အရက်ရော အပုင်လိမ်ပြီး သိန်းဇော်နဲ့ လာငြိတာ။ ကမာရွတ်အပေါ် ပိုင်းက ဆေးခြောက်ရောင်းနေတဲ့ အောင်ဝင်း၊ အေးသိန်းတို့ အကိုဖြစ်မှန်းလည်း သိရပါတော့သဗျ။ ထစ်ကနဲရှိ အုပ်စုနဲ့ကျယ်တဲ့ အမျိုးတွေပေါ့ဗျာ။ ကျနော် ပြဿနာကို အဆုံးတိုင်ရှင်းဖို့ စဉ်းစားရပါတော့တယ်။ သတ်ဖို့၊ ဖြတ်ဖို့၊ ရန်မီးပွားဖို့ မဟုတ်ပါဘူးဗျာ။ တကယ်တမ်းလည်း ကျနော်နဲ့ဖြစ်တဲ့ပြဿနာမှ မဟုတ်တာ၊ ဖြစ်ပုံမျက်ပုံကို အေးအေးဆေးဆေး ရင်ဆိုင်ရှင်းပြလိုက်ရင် ပြေလည်မယ် ထင်တာပေါ့ဗျာ။

ဒါနဲ့ ညရှစ်နာရီလောက်ကျတော့ ကျနော့်ဂျစ်ကား ၈၂၈၅၆ ကို ကိုယ်တိုင်မောင်းပြီး ဘူတာရုံလမ်းထိပ်ကို နောက်တကြိမ် ထွက်ခဲ့ပြန်ရောဗျာ။ ကျနော်တားတဲ့ကြားထဲက ကိုတင်ရွှေက လိုရမယ်ရ ဆိုပြီး ဂျစ်ကားနောက်ခန်းမှာ ပေါက်တူးတလက် တင်လာတာလည်း တွေ့တယ်ဗျ။ ဒီတခါတော့ ကျနော် ဘာမှ မပြောဖြစ်တော့ဘူး။ ကျနော့်စိတ်မှာအေးအေးဆေးဆေး ပြေလည်မယ် ထင်တုန်းပါပဲ။

ကမာရွတ်စာတိုက်ရှေ့ရောက်တော့ ကားရပ်ပြီး မောင်မောင်ခင့်ညီ အောင်ဝင်းနဲ့ စကားပြောပါရစေဆိုပြီး ချာတိတ်တယောက်ကို အခေါ် ခိုင်းလိုက်ပါတယ်။ ဆယ်မိနစ်တောင် မကြာပါဘူးဗျာ။ လက်နက်မျိုးစုံနဲ့ လူနှစ်ဆယ်လောက် ညာသံပေးရင်း ရောက်လာပြီး ကျနော့်ကားကို ဝိုင်းလိုက်ကြပါတော့တယ်။

ကားကို ကျနော်ကိုယ်တိုင် မောင်းလာတယ်။ ဘေးမှာ ရှေ့နေ ဝင်းဆွေဦး၊ နောက်ခန်းမှာ ကိုတင်ရွှေပေါ့ဗျာ။ ဘာကိုမှ စဉ်းစားချိန် မရတော့ပါဘူး။ ကျနော် ချက်ချင်း ကားပေါ် က ခုန်ဆင်းပြီး လူအုပ်ကို ရင်ဆိုင်လိုက်ပါတယ်။ ကိုတင်ရွှေက ပေါက်တူးကိုဆွဲပြီး နောက်ခန်းက ခုန်ချပါတယ်။ ဝင်းဆွေဦးကတော့ ကျနော်မပါဘူးဆိုတဲ့ အသံကျယ်ကြီးနဲ့အော်ပြီး ထွက်ပြေးသွားပါတော့တယ်။

လူအုပ်ဟာ နှစ်ယောက်တည်းကျန်ခဲ့တဲ့ ကျနော်နဲ့ ကိုတင်ရွှေကို နှစ်ဖွဲ့ခွဲပြီး ဝိုင်းလိုက်ပါတယ်။ ကျနော့်ကို ဝိုင်းထားတဲ့ လူဆယ်ယောက်လောက်ဟာ လက်ထဲမှာ ဘာလက်နက်မှ မပါပဲ၊ ခပ်ထန်ထန်ရယ်ပြီး ရင်ဆိုင်နေတဲ့ ကျနော့်ကို မင်တက်မိသလို ဖြစ်နေကြပါတယ်။ ခဏအကြာမှာ လက်ရဲဇက်ရဲရှိပုံရတဲ့ မောင်တယောက်က ကျနော့်ဆီကို ပြေးဝင်လာပြီး လက်ထဲက တခုခုနဲ့ ပြေးထိုးလိုက်ပါတယ်။ အမှန်အတိုင်းပြောရရင် ကျနော်ဘာလုပ်လိုက်မှန်း ကျနော် မသိလိုက်ပါဘူး။ အချွန်တခုနဲ့ ပြေးထိုးလိုက်တဲ့မောင်ဟာ ကျနော့်လက်ချက်နဲ့ ကတ္တရာလမ်းပေါ် ကို ဘိုင်းကနဲ ကျသွားပါတော့တယ်။ နောက်မှ သတိနဲ့ ပြန်စဉ်းစားကြည့်တော့ ကျနော့်ကိုယ်ကို ဘေးတခြမ်းစောင်းလိုက်ပြီး သူ့ ရင်ဘက်ကို လှမ်းဆွဲရင်း အားကုန်ထည့်ပြီး ကတ္တရာလမ်းပေါ် ကို ကိုင်ရိုက်ပစ်လိုက်မိတာဗျ။

ရုတ်တရက် လူတွေ ဘေးကိုရှဲကုန် ပါတယ်။ ကျနော် အခွင့်ကောင်းကို လက်မလွှတ်ပါဘူး။ ချက်ချင်း ကားပေါ် ပြန်တက်ပြီး ကိုတင်ရွှေနဲ့ ရင်ဆိုင်နေတဲ့ လူအုပ်ဆီကို ရုတ်ခြည်း အရှိန်နဲ့မောင်းဝင်လိုက်ပါတယ်။ ကိုတင်ရွှေ ကားပေါ် တက်လို့ တောင် စကားမဆုံးခင် သူဟာ ကားပေါ် ကို လွှားကနဲ ရောက် လာပါတယ်။ လက်ထဲက ပေါက်တူးကို မလွှတ်တမ်း ကိုင်ထားတုန်းဗျာ။ ဒီ ပေါက်တူးကြောင့် သူလည်း သက်သာရာရတာဗျ။ သူက ဆရာ ဘာဖြစ်သွားသေးသလဲတဲ့။ ကျနော်က ခင်ဗျားကို စိတ်ပူနေတာလို့ မောင်းရင်း အမေးအဖြေ လုပ်နေလိုက်တာ ကားနောက်ကို တဒုန်းဒုန်း လာထိမှန်နေတဲ့ ခဲတွေတုတ်တွေကိုတောင် သတိမထားမိတော့ပါဘူး။ ဒီနေရာမှာ ခက်တာက ကျနော့်စိတ်ဗျ။ ဒီလောက် လူအုပ်ကြီးနဲ့ ဝိုင်းသမနေတဲ့ကြားက လွတ်နေပါရက်နဲ့ ကျနော့်ဒေါသက ဘယ်နေရာကထွက်လာမှန်း မပြောတတ်ဘူးဗျာ။ ငါ အေးအေးဆေးဆေး လာရှင်းတာကို ရန်ရှာတဲ့ကောင်တွေ သေဖို့သာ မြင်ပေတော့လို့ ဆုံးဖြတ်မိတယ် ထင်တာပဲဗျာ။ ကားကို လူအုပ်ရှိရာကို ပြန်လှည့်လိုက်တယ်။ လီဗာကို

အသားကုန်တင်၊ လူအုပ်ထဲကို ဇွတ်ထိုးမောင်းဝင်လိုက်ပြီး နတ်မောက်သွေးကို ပြလိုက်ရောဆိုပါတော့ဗျာ။ ကျနော်ပဲ လူသတ်မှုဖြစ်ဖို့ ဇာတာမပါလေသလား။ သူတို့ပဲ ကံကောင်းလေသလား မဆိုနိုင်တော့ပါဘူး။ ထင်မထားပဲ စွတ်ဝင်လာတဲ့ကားကို ဒိုင်ဗင်နဲ့တမျိုး၊ ရှောင်လင်နဲ့တသွယ် ခုန်လွှားရှောင်တိမ်းလိုက်ကြတာ တကယ့်ရုပ်ရှင်ထဲကအတိုင်းပဲ ဆိုပါတော့ဗျာ။

စာရင်းချုပ်လိုက်တော့ ကျနော့်ချက်နားကနေ လည်မျိုအထိ စပါးလုံး တထောက်မနက်တဲ့ အစင်းကြောင်းကြီးနဲ့ နောက်ကျောက စက္ကစ်ပါနဲ့ထိုးရာ တချက်။ ကိုတင်ရွှေလည်း နောက်ကျောမှာ စက္ကစ်ပါဒဏ်ရာ တချက်ပေါ့။ အိမ်သုံးပလာစတာနဲ့တင် လုံလောက်ပါတယ်ဗျာ။ စက္ကစ်ပါဆိုတာတောင် မသိဘူးလားဗျ။ ဆန်နမူနာ ထိုးကြည့်တဲ့ ဆန်ထိုးပိုက်ချွန်နဲ့ တူတယ်။ ဒါပေမဲ့ စက္ကစ်ပါက ပိုပြီးအသားထူ တယ်။ တချို့ စက္ကစ်ပါက သုံးမြှောင့်။ အမြှောင့်တိုင်းမှာ မြှောင့်ပါတယ်။ မြှောင့်ဆိုတာက ထိုးလိုက်တာနဲ့ ချက်ချင်း လေဝင်ပြီး အသက်ထွက်အောင် လုပ်ထားတဲ့ အချိုင့်ကလေး။ ခင်ဗျားကို ပြောရတာ လက်ပေါက်ကပ်လိုက်တာဗျာ။

ရန်မီးရန်စများ ဘယ်တော့မှ မကောင်းပါဘူးဗျာ။ ဒီမောင်တွေကျနော့်ကို သိပ်အခဲကြေပုံ မရဘူးဗျ။ အချိန်တော်တော်ကြာအောင် အပြတ်ရှင်းမယ်လို့ ရာဇသံပို့ပို့နေတယ်လေ။ ကျနော်ကတော့ သိပ်ဆန်းလှတယ်လို့ စိတ်ထဲ မရှိတော့ဘူး။ ရှုတ်ခြည်း ရင်ဆိုင်တွေ့ရင် အကောင်းဆုံး အနေအထား ဖြစ်အောင်သာ သတိထားနေတာ တခုပါပဲဗျာ။ ဒါပေမယ့် ဇာတ်လမ်းက အမျှင်တန်းပြန်တော့ နောက်တခါ သူများကိစ္စ ကြားအညပ်မှာ ထောင်ထဲ ရောက်တော့တာပါပဲဗျာ။ အေးဗျာ။ နောက်တခါလည်း ဒီမောင်တွေအုပ်စုနဲ့ပဲဗျ။

နောက်သုံးလလောက် အကြာပေါ့ဗျာ။ ကျနော့်ရဲ့ ရာဇဝင်လူဆိုးကြီး ကျော်ရှိန်က ကိုသန်းညွန့်ဆိုင်မှာပဲ ဒီမောင်တွေနဲ့ ငြိလာပြန်ရောဗျာ။ ဘယ်ကဘယ်လိုဖြစ်တယ်တော့ ဂယနဏ ကျနော်မသိပါဘူး။ ကျော်ရှိန်နဲ့ ဒီမောင်တွေ သူတပြန် ကိုယ်တပြန် ဖိုက်တင်ပလေးတယ်။ ကျော်ရှိန့် လက်ကို ဓားနည်းနည်း ရှသွားတယ်။ ရဲရောက်လာပြီး ကျော်ရှိန့်ကို ဖမ်းတယ်။ ကျော်ရှိန်က လက်ထိပ်နဲ့ ဆိုက်ကားနောက်မှာ။ ရဲက ဆိုက်ကားရှေ့မှာပေါ့ဗျာ။ စခန်းကိုအသွား ကျနော့်ရုံးခန်းနားလည်း ရောက်ရော ကျော်ရှိန်က ဆိုက်ကားပေါ်ကနေ ခုန်ချပြေးပြီး ကျနော့် ရုံးခန်းထဲဝင်လာပြီး ကယ်ပါအုံး လုပ်တဲ့ ဇာတ်လမ်းပါပဲဗျာ။

ကျနော်လည်း ရုံးခန်းမှာ ညနေပိုင်း နည်းနည်းသောက်ထားပြီး စာရင်းတွေထိုင်လုပ်နေတဲ့ အချိန်။ ကျော်ရှိန် ဒရောသောပါးဝင်လာပြီး ဆရာကျနော့်ကို ကယ်ပါအုံးတဲ့။ နောက်က နယ်ထိန်း တင်ဒွေးကလည်း ထပ်ချပ်မကွာ ပါလာတယ်။ ကျနော့်ရုံးခန်းထဲလည်းရောက်ရော တင်ဒွေးက ကမာရွတ်ကို ထုတ်ပေးခိုင်းတယ်။ တကယ်ဆို ကျနော်လည်း ပြန်ထည့်လိုက်မလို့ဗျ။ သူပြောပုံက ခပ်ထန်ထန်ဖြစ်နေတာရယ်၊ အေးသိန်းတို့၊ အောင်ဝင်းတို့နဲ့ ဖြစ်လာတဲ့ ပြဿနာဆိုတာ သိလိုက်တော့ စိတ်ထဲ ဘာအချဉ်ပေါက်သွားတယ် မပြောတတ်တော့ဘူး၊ တင်ဒွေးရင်ဝကို ဆောင့်တွန်းလိုက်တာ ရုံးခန်းပေါ်ကနေ လွင့်ကျသွားပါလေရောဗျာ။ ပြန်တက်မလာတော့ပဲ စခန်းကို ပြန်လှည့်သွားတယ် ထင်တာပဲဗျ။

ခင်ဗျားကို ကျနော်ပြောဖို့ မေ့နေတယ်ဗျ။ အဲဒါက လှိုင်မြို့နယ်က နေပြည်တော်ရဲတွေဟာ တခြားနယ်ကို ပြောင်းကုန်ပြီး၊ နောက်အသစ်တွေ ရောက်နေတာဗျ။ ရောက်နေတဲ့ ရဲတွေနဲ့လည်း စကတည်းက ယဉ်သကို ဆိုသလို ကျနော်နဲ့ ငြိထားပြီးသား။ ဖြစ်တာကလည်း ကျနော့်ကိစ္စမဟုတ် ပြန်ဘူး။ ကျနော့်ညီ သက်နိုင်အိမ်က ဗီဒီယိုရုံမှာ လစဉ်ကြေး၊ လိုင်းကြေးကိစ္စ ညှိရာကနေ အဆင်မပြေတော့ နယ်ထိန်းတပွင့်နဲ့ ဒုလုံခြုံရေးမှူး အောင်ဇင်က ဗီဒီယိုရုံကို လာဖမ်းတယ်။

ညီတော်မောင်က ကျနော့်ကို လာပင့်တာနဲ့ ကျနော် လိုက်သွားပြီး အောင်ဇင့်ကို ဝရမ်းပါလား မေးတယ်ဗျာ။ မပါဘူးဆိုတော့ သိမ်းထားတဲ့ ဗီဒီယိုခွေ ပြန်ပေးဆိုပြီး အနားမှာတွေ့တဲ့ မီးဖိုထဲ ပစ်ထည့်လိုက်ရော။ နောက် ကျနော်က ဆက်ပြောလိုက်တယ်။ မင်းနောက်တခါ ဖမ်းချင်ရင် ဝရမ်းပါရ မယ်။ ဖမ်းတဲ့အခွေကို စက်ထဲကမထုတ်ပဲ ဖမ်းရတယ်ဆိုတာ မှတ်ထားလို့။ ကျနော် ရမ်းကားလိုက်တာ အရမ်းကောင်းလွန်းလို့ ပြဿနာကကြီးလာလိုက်တာ ကျနော့်အိမ်ကို စခန်းက ရဲရှိ လူကုန်လေးဆယ် ကျော် လာဝိုင်းတဲ့ အထိပါပဲဗျာ။ ကျနော်က ထုံးစံအတိုင်း ငွတ်တိုးမယ်လုပ်တာ အမေအိမ်ကို ရောက် နေတုန်း အချိန်မို့ အမေ့ကိုသနားရင် ရှောင်နေလိုက်ပါသားရယ် ဆိုတာနဲ့ ငြိမ်ကုပ်ပြီး တနေရာ ရှောင်သွားလိုက်ရတယ်ဗျာ။

ဟုတ်တယ်လေ၊ အဲဒီ ရဲနဲ့ကျနော်ရန်ငြိုးကြောင့် နယ်ထိန်းအရာရှိ စန်းလွင်က စစ်တပ်ကို ဖုန်းဆက်တာပေါ့ဗျာ။ သက်ခိုင်ကိုဖမ်းဖို့ ရဲနဲ့တင် မလုံလောက်ပါဘူး၊ တပ်က ဝင်ပြီး ဖမ်းမှရမယ်။ သက်ခိုင်က အုပ်စုသိပ်တောင့်တယ်၊ ဘာညာ လျှောက်လုပ်တော့တာပေါ့ဗျာ။ ကျနော်ကလည်း ကျနော်ပါပဲဗျာ။ ကျော်ရှိန့်လက်ထိပ်ကို ရုံးမှာရှိတဲ့ရဲဒင်းနဲ့ ခုတ်ဖြတ်ဖို့ ကြိုးစားတယ်။ သုံးလေးချက် ခုတ်တာ လက်ချော်ထိမလိုဖြစ်ပြီး ကျော်ရှိန် သေတော့မဲ့ပုံစံ ထထအော်တာနဲ့ မင်းဖာသာ အပြင် တနေရာမှာ ရအောင်ဖြုတ်ပေတော့။ ပြဿနာက အေးမှာမဟုတ်ဘူးဆိုပြီး ခပ်မြန်မြန်လွှတ် လိုက်တယ်။ ကျနော်လည်း အိမ်ပြန်တော့မယ်ဆိုပြီး ပါပလစ်ကာ ၈/၈၅၂၆ ကို အင်းစိန်လမ်းမပေါ် ကို မောင်းထွက်လိုက်တယ်ဗျာ။ ပွဲကြီးပွဲကောင်း တိုးတော့တာပဲဗျို့။

အင်းစိန်လမ်းမပေါ် ကိုရောက်လို့ သုခလမ်းဘက် ချိုးကွေ့လိုက်တော့ ကားက အရှိန်လျှော့ သွားတယ်ဗျ။ အဲဒီမှာတင် ယူနီဖောင်းအပြည့်အစုံနဲ့ ခပ်ငယ်ငယ် ဗိုလ်ကြီးတယောက်က ကျနော့်ကား ဆီကို ကပ်လာပြီး ကျနော့်နားထင်ကို သေနတ်နဲ့ တေ့လိုက်ပါတော့တယ်။ ဟေ့လူ ကားကို အခုရပ် လိုက်တဲ့။ မရပ်ရင် ပစ်မှာနော် ဆိုပဲ၊ ကျုပ်ဆိုတဲ့ကောင်ကလည်း ဒီနေရာမှာ တော်တော်တုံးတဲ့ကောင် ဗျာ။ ကိုယ့်ကားကိုယ်မောင်းလာတာ တစ်ခွဲတခွဲတ လောက်စစ်သားတွေ အင်းစိန်လမ်းမပေါ် မှာ အဆင်သင့်ကြိုပြီး စောင့်နေတာကို မမြင်မိဘူးဗျာ။ နားထင် သေနတ်နဲ့လာထောက်မှောင့်မှ ဘေးပတ် ဝန်းကျင်ကို အကဲခတ်လိုက်တာ လား လား နည်းနည်းနောနော လူအုပ်ကြီး မဟုတ်ပါလားဗျာ။ ကျနော့်စိတ်ထင် ပရိသတ် နှစ်ထောင်ဝန်းကျင်လောက်ဟာ ဖာတ်လိုက်ကျော်ကြီးကို အားပေးနေတယ် ထင်ပါ့ဗျာ။ ကျုပ်ကလည်း သွေးဆူနေတဲ့အချိန်မို့ ထင်ပါရဲ့။ ကားမောင်းမဖျက်ပဲ ပစ်သာပစ်လိုက်ကွာလို့ ခံတွန်းလိုက်ရောဗျ။ ခံတွန်းနေရင်းက ကားကို လီဗာတင်ပြီး မောင်းမယ်အလုပ်မှာ ရှေ့တည့်တည့်ကို ကြည့်လိုက်တော့ စစ်သားအပြည့်တင်ထားတဲ့ စစ်ကားတစီးက လမ်းကိုကန့်လန့်ဖြတ် ပိတ်ရပ်ပြီး ထားထားတာ တွေ့လိုက်ရတော့သဗျာ။

တိုတိုပြောကြပါစို့ဗျာ။ ကျနော်လည်း အချုပ်ထဲရောက်သွားရော ဆိုပါတော့။ ဖြစ်ချင်တော့ အဲဒီ စစ်တပ်ကလည်း ကျနော်နဲ့ အရင်က တပွဲတလမ်း ကြုံဖူးထားတဲ့ စစ်တပ်ဗျ။ အဲဒီတုန်းက ည ဆယ်နာရီကျော်ရင် အပြင်မထွက်ရတဲ့အချိန်လေ။ ကျနော့်အိမ်ရှေ့တည့်တည့်မှာ ညဆယ်နာရီကျော်လို့ အပြင်ထွက်မိတဲ့သူတွေကို စစ်တပ်ကဖမ်းပြီး အချုပ်ထဲ မဝင်ချင်ရင် ဖားခုန် အချက်တစ်ရာခုန်ဆိုပြီး မောင်းနေတဲ့အချိန်၊ အဲဒီညက ဖမ်းမိတဲ့လူဆယ်ယောက်လောက် ဖားခုန် ယိမ်းကနေကြတုန်း ကျနော် ကလည်း စီမံကိန်းတခုကနေ ဆယ်နာရီကျော်မှာ ပြန်အလာဆိုတော့ တည့်တည့်တိုးတော့တာပေါ့ဗျာ။ ကျနော့်ကားကို တွေ့တာနဲ့ ချက်ချင်းရပ်ခိုင်းပြီး ဖားခုန်ခုန်နေတဲ့ ယိမ်းအဖွဲ့ထဲ ငွတ်ဝင်ခိုင်းတော့တာပဲဗျ။ ကျနော်ကလည်း စီမံကိန်းလုပ်ငန်းတွေလုပ်နေသူမို့ ၂၄ နာရီထွက်ခွင့်ရှိတဲ့အကြောင်း စစ်ကြောင်းမှူး ရေးပေးထားတဲ့စာကို ထုတ်ပြပါသေးတယ်။ အဲဒါ စစ်ကြောင်းမှူး အဟောင်းကွ၊ အခု အသစ်ဖြစ်နေပြီ။

ခုနှသာခုနှလည်းဆိုရော ကျနော်ကလည်း မင်းတို့ လုပ်ချင်တာသာလုပ်ပေတော့၊ မခုန်ရေးချမခုန် လုပ်လိုက်ရောဗျာ။ ကျနော်ကလည်း ထုံးစံအတိုင်း မူးနေတယ်လေ။ ဒီတုန်းကလည်း အချုပ်ထဲ ရောက်တာပါပဲဗျာ။ နောက်နေ့မနက်ကျမှ စစ်ကြောင်းမှူးအဟောင်းနဲ့ မြို့နယ်မှူးက ပြန်ထုတ်တော့ ကျနော်က အချုပ်ထဲမှာ တနာရီလောက် ဆက်နေလိုက်ပါရစေအုံး လုပ်လိုက်သေးတယ်။ အချုပ်ခန်းထဲ ကို နိုးသွင်းထားတဲ့ အရက်နှစ်လုံးကို ဘော်ဒါဘော်ကျွတ်တွေနဲ့ ဝိုင်းဖွဲ့နေတာ လက်စမသတ်သေး လို့လေ။

ဒီတခါတော့ ကျနော်မချောင်ဘူးဗျာ။ အချုပ်ခန်းထဲ မသွင်းခင် စခန်းမှူးရုံးခန်းထဲထည့် မီးပိတ်ပြီး စစ်သားလေးငါးယောက် ကျနော့်ကို သဒ္ဓါတရားကြီးကြီးနဲ့ ဆွမ်းကြီး ဝိုင်းလောင်းလိုက်ကြတာ နှာခေါင်းထဲကတောင် သွေးအတောင့်လိုက် ကျလာတဲ့အထိ။ ကျုပ်ဆိုတဲ့ ကောင်ကလည်း မီးပြန်ဖွင့်လို့ အသက်ရှူရတာကြပ်သလိုလို စိတ်ထဲတမျိုးဖြစ်လာတာနဲ့ နှာ ခပ်ပြင်းပြင်းမှုတ်လိုက်မိတယ်။

နှာခေါင်းထဲက သွေးအတောင့်နှစ်ချောင်း လက်ဝါးပေါ် ကျလာတာလည်းမြင်ရော ချက်ချင်း မတ်တတ်ထရပ်၊ တောက်တချက် ခပ်ပြင်းပြင်းခေါက်လိုက်တယ်။ မီးပိတ်ပြီးမှ လက်သံ ပြောင်ရဲတဲ့ စစ်သားတွေဘက်ကို မီးဟုန်းဟုန်းတောက်မတတ် မျက်လုံးတွေနဲ့ ပြန်ကြည့်လိုက်တယ်ဗျာ။ ကဲကောင်းတယ်လို့သာ ပြောကြပါစို့ဗျာ။ ကိုယ်တော်ချောစစ်သားတွေ လက်စွမ်းပြတာရပ်သွားပါတယ်။ စခန်းမှူးအသစ် မျိုးညွန့်ဆိုတဲ့မောင်ကလည်း တညလုံး မအိပ်ပဲ စစ်ဒေသ၊ မဝတ၊ ခဝတ၊ တဝတ၊ ရှိရှိသမျှ ဌာနအကုန်လုံးကို လျှောက်သံတော်ဦးတင်လိုက်တာ နိုင်ငံတော် အရေးပေါ် လုံခြုံရေး စီမံချက် အက်ဥပဒေ ပုဒ်မ (၅) ည နဲ့ အမှုဖွင့်ပြီး အင်းစိန်ထောင်ကို ပို့လိုက်တော့တာပေါ့ဗျာ။ ရဲမှူး မျိုးညွန့်က ကျနော့်ညီ ဗိုဒီယိုကိစ္စမှာကတည်းက ကျနော့်ကို ကောင်းကောင်းတေးထားတာလေ။

ဒီထက်ဆိုးတာ ရှိသေးဗျာ။ ကျနော် ပြဿနာဖြစ်သံကြားလို့ ကျနော့်ရုံးခန်းကို လိုက်လာကြ တဲ့ ညီတော်မောင်သက်နိုင်၊ ဘားလား၊ တပည့်ကျော်ဖိုးနီ အပါအဝင် သတင်းမေးဧည့်သည် အားလုံး ပေါင်းခြောက်ယောက်ကို အမှုတွဲလိုက်သေးတယ်ဗျို့။ ကျနော့်ကောင်းမှုနဲ့ သူတို့လည်း ထောင်ထဲ ရောယောင်ပါလာကြတော့တာပေါ့ဗျာ။ ယုံချင်ယုံ မယုံချင်နေပါဗျာ။ ပြဿနာရဲ့ မူလလက်သည် ကျော်ရှိန် (ခေါ်) ကမာရွတ်ကတော့အမှုမဖြစ်လိုက်ဘူးဗျ။

■

## အခန်း (၆၂)

# သန်းခေါင်ထက်နက်တဲ့ညဥ့်

ခင်ဗျားလည်း သိပြီးသားပါဗျာ။ အဲဒီအချိန်က စစ်ခုံရုံးတွေ ခေတ်စားနေတဲ့ အချိန်ပေါ့။ အမှန်အတိုင်း ပြောရရင်ကျနော်လည်း ထောင်ကို ကြောက်ပါသော်ကောဗျာ။ သိတဲ့အတိုင်းပဲလေ၊ ထောင်ဆိုတာ ဝင်လိုက်တာနဲ့ မင်းတို့ဟာ မင်းတို့ အပြင်မှာ ဗိုလ်ကြီးတွေဖြစ်ဖြစ်၊ ဗိုလ်မှူးတွေဖြစ်ဖြစ်၊ ဌာနဆိုင်ရာအရာရှိကြီးတွေဖြစ်ဖြစ်၊ သူဌေးကြီးတွေဖြစ်ဖြစ် အဲဒါတွေကို ထောင်ဗူးဝမှာ ချိတ်ထားခဲ့ကြ၊ ကျောင်းမှာနေရင် ကျောင်းစည်းကမ်း၊ အိမ်မှာနေရင် အိမ်စည်းကမ်း၊ ထောင်မှာဆိုရင် ထောင်စည်းကမ်း။ အခု မင်းတို့ရောက်နေတာ ထောင်ဆိုတော့ ထောင်စည်းကမ်းဆိုတာတွေ သင်ပြပေးမယ်ဆိုတဲ့ ထောင်ဂါထာရွတ်သံကို အခုထိတောင် နားထဲမှာ ကြားနေတုန်းပဲဗျာ။

ကျနော် အမုန်းဆုံးကတော့ ထောင်အနံ့ပဲဗျ။ ဘယ်လိုမှကို ခံစားလို့မရခဲ့ဘူး။ သံတိုင်တွေအနံ့၊ လူပေါင်းစုံအနံ့၊ အောက်သိုးသိုး ပုပ်အဲ့အဲ့အနံ့၊ ကျနော် ထောင်ဆိုတာမရောက်ဖူးခင် ကျနော့် ယောက်ဖတော် ဆေးချစ်သူ ထောင်ထဲရောက်တုန်းက ထောင်ဝင်စာ သွားတွေ့တာ အဲဒီအနံ့ကြောင့် ထိုးအန်ခဲ့ဖူးတဲ့ အထိဗျ။

အပြင်မှာ ကျန်ခဲ့တဲ့ ကျနော့်ဇနီးလည်း ကျနော်မိတ်ဆွေအရင်းအချာတွေ စစ်တပ်အဆက်အသွယ်တွေ လိုက်ရှာပြီး ပြန်ထုတ်နိုင်ဖို့ တဖားဖား လိုက်လုပ်ရတာပေါ့။ အမှုစွဲတင်တဲ့ မောင်တွေက အမှုမကြီးကြီးအောင် ကျနော်အပြင်မှာရှိနေရင် လှိုင်မြို့နယ်ကို အုပ်ချုပ်လို့မရပါဘူးဆိုတဲ့အထိ ချဲ့ကားထားတော့ ထင်သလောက် မလွယ်ဘူးဗျာ။ ထောင်ဝင်စာလည်း တွေ့ခွင့်မရဘူးဗျာ။ ကျနော်တို့အဖွဲ့အတွက် စားစရာပို့ချင်ရင်တောင် တခြား အကျဉ်းသားတယောက်နာမည်နဲ့ လာတွေ့ပြီးပို့မှ ရတယ်။ ကျနော်ကလည်း လူလည်ဆိုတော့ ထောင်ဝန်ထမ်း တပ်ကြပ်ကြီးစံသိန်းကို အိမ်လွှတ်ပြီး ငွေယူခိုင်းတယ်။ ထုံးစံအတိုင်း ငွေသွင်းခက တရာနှစ်ဆယ်နှုန်းပေါ့ဗျာ။ တခါသွင်းရင် သုံးသောင်းဆိုတော့ ကိုစံသိန်းကလည်း ဘယ်တော့ အိမ်ကို ထပ်သွားပေးရမလဲချည်း မေးမေးနေတော့တာပဲဗျာ။ ကျနော့်

ဇနီးကသာ အပြင်မှာ သောကမျိုးစုံနဲ့ လျှောက်လိုက်နေတာ ကျနော်က ထောင်ထဲမှာ ယခုလည်း မိုက်မြဲမှန်စွာ ရှေ့ကိုတိုးလို့ ဆပိုးမိုက်အုံးမှာဆိုသလို ပြဿနာတွေ ဆက်ဖြစ်နေတုန်းပါပဲ။

နေဦးဗျာ၊ ထောင်ထဲမှာလည်း ကျနော့်ရဲဘော်ဟောင်းတွေက တပြုံကြီးဗျ။ ကျနော် ဘိန်းဖြူ အရောင်းအဝယ် လုပ်ပေးဖူးတဲ့ မောင်မောင်ကြီး၊ ဂျာဝါးအပြင် စိုးအောင်၊ မျိုးအောင်၊ စိုးမြတ်တို့နဲ့လည်း ပြန်ဆုံနေကြတယ် ဆိုပါတော့။ ဒီတော့ ကျုပ်က ထောင်ထဲမှာ မျက်နှာကြီးမျိုး ဖြစ်နေပြန်ရောဗျာ။ မဟုတ်တဲ့နေရာမှာ ထင်ပေါ်ချင်တော့ ထောင်ထဲမှာ ဘိန်းဖြူအရောင်းအဝယ်လုပ်ရင်း ပြဿနာ ထတက်ကြတာ အချင်းချင်း ရှင်းမရတာနဲ့ ကျနော့်ကို ခုံသမာဓိ လုပ်ခိုင်းနေပြန်ရောဗျ။ ကျနော် ထောင်ထဲရောက်လို့ ဆယ့်ငါးရက်လောက်မှာပေါ့။ မနက်ဆယ်နာရီလောက်ရှိမယ် ထင်ပါရဲ့။ ကျနော် ရောက်နေတဲ့ နှစ် ဆောင် အပေါ် ထပ် အခန်းနံပါတ် လေး မှာ ဘိန်းဖြူ အရောင်းအဝယ်လုပ်ရာကနေ ထိုးကြ ကြိတ်ကြဖြစ်ကုန်ရောဗျာ။ ဖြစ်ပုံက ဘိန်းဖြူကို အဝတ်အစားအထပ်ကြီးတထပ်နဲ့ လဲကြရာက စတာပဲဗျာ။ ဟုတ်ပါတယ်ဗျာ၊ ထောင်ထဲမှာ ဘိန်းအရောင်းအဝယ်ကို ငွေနဲ့လည်း လုပ်တယ်၊ နွားဆေးလိပ်နဲ့ လဲတယ်၊ စီးကရက်နဲ့ လဲတယ်၊ အဝတ်အစားနဲ့ လဲတယ်။ ထောင်ထဲမှာ အဝတ်အစား ဈေးကွက်ကြီးရှိနေတာ ခင်ဗျားမသိဘူးလားဗျာ။ ဝယ်မယ့်မောင်တွေက တထောင်လောက်အမြင့်ရှိမယ့် အဝတ်ဟောင်းတထပ်ကြီးယူလာပြီး ဘိန်းရောင်းတဲ့မောင်ကို ဘိန်းဖြူ ထုတ်ပြခိုင်းတယ်ဗျာ။ ဘိန်းဖြူလည်း ထုတ်ပေးလိုက်ရော ချက်ချင်းဆိုသလို တယောက်သောမောင်က စက္ကူလေးတရွက်ပေါ် တင်ပြီး ရှတ်ကနဲ ရှူသွင်းလိုက်တယ်။ ပြီးတာနဲ့ သူ့နှာခေါင်းကို လက်နဲ့ သုံးလေးကြိမ် တရှတ်ရှတ် သပ်နေတယ်။ မကြာပါဘူးဗျာ၊ ဘေးနားက သောက်ရေအိုးအဖုံးနဲ့ ဘိန်းရောင်းတဲ့မောင်ကို ထောက်ထု ပြီး အဝတ်ထပ်ကြီးကို ပြန်မပြီး ထွက်သွားပါလေရော။ ကျနော်က မလှမ်းမကမ်းမှာ ရှိနေတော့ ဖြစ်ပုံပျက်ပုံ အလုံးစုံကို အစအဆုံး သိနေမြင်နေတာပေါ့ဗျာ။

တကယ်တော့ ထောင်ထဲမှာ ဘိန်းရောင်းတယ်ဆိုတာ လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူးဗျ။ နောက်ကွယ်မှာ နှစ်ကြီးသမား ဒိတ်ဒိတ်ကျဲလူမိုက်တွေ၊ ထောင်ဝန်ထမ်းတွေပါ ပါနေတာပါ။ သာမန် တယောက်စာ သုံးတာလောက်ကိုတော့ စအိုထဲ သွင်းယူလာကြတာများပါတယ်။ ထောင်ထဲကို မူးယစ်ဆေးဝါး သွင်းတဲ့နည်းတွေကလည်း စုံပါ့ဗျာ။ ဝန်ထမ်းနဲ့ သွင်းတယ်၊ ဘိန်းရည်ကို နှမ်းပျစ်မှာ သုတ်ပြီး သွင်းတယ်။ ငါးပိကြော်ထဲကို ဘိန်းရည်ထည့်ပြီး သွင်းတယ်။

ဒါနဲ့ ရယ်စရာတခု ပြောရအုံးမယ်။ ထောင်ကျအချင်းချင်း အရှုးလို့ခေါ်နေကြတဲ့ အရှုး အေးမြင့် က ရုံးထွက်အပြန်တခေါက်မှာ ဒိုင်ယာဇီပင်ကို ပလစ်စတစ်နဲ့ထုပ်ပြီး စအိုထဲသွင်းလာတယ်။ အပြားနှစ်ဆယ်လောက် ရှိမယ်ထင်တယ်။ အမှန်က သူ့အမှုတွဲနဲ့ တယောက်တဝက်စီချမယ်ဆိုပြီး သွင်းလာကြတာ။ ထောင်ထဲရောက်တော့ စအိုထဲက ပြန်ထုတ်လိုက်တာ ထုတ်ထားတဲ့ ပလပ်စတစ် အိတ်က ပေါက်နေတယ်ဆိုပဲဗျ။ ဒါနဲ့ ဆေးပြားတွေကို အေးမြင့်ကနမ်းကြည့်ပြီး ဟာ တော်တော်နံနေပြီကွ တဲ့။ ဒီလောက် ချီးစော်နံနေတာ မင်းလုပ်မနေနဲ့တော့၊ ငါပဲ အနစ်နာခံလိုက်တော့မယ်ဆိုပြီး ပါးစပ်ထဲပစ်သွင်းလိုက်တာ သူ့အမှုတွဲခမျာ အောင့်သက်သက်နဲ့ ထရိုက်ရတော့မလို၊ ထိုင်ငိုရတော့မလို ဖြစ်သွားရပါလေရောဗျာ။

ဒါပေမဲ့ အခုဘိန်းမှုက ရယ်စရာမဟုတ်ဘူးဗျာ။ ရောင်းတဲ့အုပ်စုက မကျေနပ်တာနဲ့ ရောမပြဿနာကြီး ဖြစ်လာတယ်လေ။ ဘိန်းဖြူကို အလကားရှူသွားတဲ့မောင်တွေကလည်း မလျှော့ဘူး။ ပြဿနာရှာရင် လက်တုန့်ပြန်မယ်။ ဘိန်းရောင်းနေတာ အကုန်လျှောက်ဖော်မယ်ဆိုပြီး အော်ကြွက် ထုတ်တော့တာပဲဗျို့။ အဲဒီပြဿနာက ကျနော့်ဆီ ရောက်လာတာလေ။ နှစ်ဖက်စလုံးက မောင်တွေက ကျနော့်ကို သာတိုင်ပင်ကြရင်း ပြဿနာကတော့ မိုးမီးလောင်ကုန်တော့မယ်ဗျာ။ ကြားထဲက ဆရာပဲ

တရားသူကြီးလုပ်ပြီး ဆုံးဖြတ်ပေးပါတော့လို့ ဖြစ်လာသဗျ။ အမှန်တော့ သူတို့နှစ်ဘက်စလုံးဟာ ခံတဲ့ အုတ်သျှစ်ကော၊ ထုတဲ့အုတ်သျှစ်ပါ ကွဲကုန်ကြမယ့်ကိန်းမို့ ထင်ပါရဲ့ဗျာ။ ဒါနဲ့ ကျနော်လည်း နောက်တနေ့ကို အပိန်ချမယ်ဆိုပြီး ရုံးချိန်းပေးလိုက်တာပေါ့ဗျာ။

နောက်တနေ့မနက် ကိုးနာရီလောက် အဆောင်ပေါ်မှာ လူရှင်းနေတုန်း ဘိန်းလုရှုတဲ့ အဖွဲ့ကို ကျနော် အရင်ခေါ်လိုက်တယ်။ လာတဲ့သူတွေက လုတဲ့မောင်တွေ မဟုတ်ဘူး။ နောက်ကွယ်က ကြိုးကိုင်နေတဲ့ စိန်ကုလား၊ တင်ဒွေးနဲ့ စိုးအောင်။ ကျနော်က သူတို့အဖွဲ့ကို ပြောလိုက်တယ်။ ဒီကိစ္စ ဆက်ရှည်နေရင် ဘာဖြစ်မယ်ဆိုတာ မင်းတို့ ငါ့ထက် ပိုသိပြီးသားပါ။ မင်းတို့လူက သွားလုတာမို့ မင်းတို့ ဘက်ကလွန်တယ်။ အမှန်မှာ ဟိုဘက်က မင်းတို့ကို တလေးတစား ရှိနေတာအမှန်ပဲ။ ကိုယ့်ကို လေးစားနေတဲ့သူတွေနဲ့ ပြဿနာမဖြစ်သင့်ဘူး။ ကျသင့်တဲ့ငွေကို ငါပဲ စိုက်ပေးပါ့မယ်။ မင်းတို့လက်နဲ့ ပေးလိုက်ပါဆိုတော့ ခပ်ဖေးဖေးလုပ်နေကြပြီး ခေါင်းညိတ်ကြသဗျာ။ ဆရာ့ငွေမလိုပါဘူး တောင်ဆိုပဲ။

ဒါနဲ့ နောက်တဖွဲ့ကို ထပ်ခေါ်လိုက်တယ်။ အေး လုရှုသွားတဲ့ကောင်က ယင်းထပြီး လုပ်သွားပုံရတယ်။ အမှန်က မင်းတို့ကို တလေးတစားရှိပြီးသားပါ။ ဆေးဖြတ်လွန်းလို့ ဖြစ်တာထင်တယ်၊ ဘာဆက်လုပ်ရင် ဘာဆက်ဖြစ်မယ်ဆိုတာ မင်းတို့က ထောင်ပီအိပ်ချိဒီတွေမို့ ငါ့ထက်ပိုသိပြီးသားတွေ။ ထောင်ထဲမှာပြေးကြည့်ရင် ဒီလူတွေပဲ ဆွေမျိုးလို ဖြစ်နေတာမို့ ဆင်ဆင်ခြင်ခြင် စဉ်းစားကြစေချင်တယ်။ မင်းတို့ငွေကို ငါစိုက်ပေးပါ့မယ်လည်း ပြောလိုက်ရော ကိုယ်တော်ချောတွေ ချက်ချင်း ခေါင်းညိတ်ကြသဗျ။ သူတို့ကလည်း ဆရာစိုက်ပေးမနေပါနဲ့။ ကျနော်တို့အလုပ်က ဘိန်းစားတွေနဲ့ လုပ်ရတာမို့ ဒါမျိုးဖြစ်တတ်ပါတယ်ဆိုပဲ။ တိုတိုပြောရရင် အပြန်အလှန် လေးစားနေကြတယ်ဆိုတဲ့ စကားတလုံးနဲ့ အိတ်စိုက်တရားသူကြီးရဲ့ အမိန့်ဟာ အတည်ဖြစ်ပြီး ရန်မီးငြိမ်းကြရော ဆိုပါတော့ဗျာ။ အမှန်တော့ ကျနော်ဟာ ဘော်ဒါကဏ္ဍနဲ့ ဘိန်းဖြူတောင် အလကားလိုက်ဝယ်ပေးတဲ့သူမျိုးဆိုတာ ထောင်ထဲကို ဘိန်းဖြူမှုနဲ့ ကြိုရောက်နေတဲ့ ဂျာဝါးနဲ့ မောင်မောင်ကြီးတို့ ဆီကနေတဆင့် သိပြီးသားဖြစ်တာလည်း ပါပါတယ်ဗျာ။

သူများဘိန်းကိစ္စ ရှင်းပြီးလို့ အေးပြီမှတ်တယ်။ ကျနော့်အမှုတွဲ ဖိုးနီကိစ္စက ထပ်ဝင်လာပြန်သေးတယ်ဗျာ။ ရန်ပွဲကြောင့် ထောင်ထဲရောက်လာပါတယ်ဆိုကာမှ ထောင်ထဲမှာ ရန်ပွဲ ထပ်ကြုံနေရတဲ့ ကိန်းဗျ။ ဖြစ်ပုံက တညနေ ထောင်ပိတ်ခါနီးမှာ ဖိုးနီက အပေါ်ထပ် အဆောင်ရှေ့မှာ ထောင်ထဲက ဒန်ပန်းကန်နဲ့ ထမင်းစားနေသဗျ။ အဲဒီအချိန်မှာ စည်းကမ်းထိန်းဆိုတဲ့ တောင်မရောက် မြောက်မရောက်၊ ထောင်လက်ကောက်တကောင်က သူလာနေတာကို ထမင်းစားနေရပါ့မလားဆိုပြီး လက်ထဲကကြိမ်နဲ့ ဖိုးနီကို သမလိုက်တာ စားလက်စ ဒန်ထမင်းပန်းကန်ပါ လွင့်သွားရောဗျ။ ဖိုးနီလည်း မြန်ထထိုးတော့ သူတပြန် ကိုယ်တပြန် နဖူးမှာ ဘူသီးကိုယ်စီဖြစ်ပြီး ပြဿနာရှုပ်တုန်ပြန်ရော ဗျာ။ အမယ်၊ ကျနော်တို့ အမှုတွဲတွေက ညီတော့ညီသားဗျာ။ ဖိုးနီ အရိုက်ခံရပြီး ရိုက်တဲ့မောင်နဲ့ လုံးထွေးနေတာလည်းမြင်ရော အမှုတွဲခြောက်ယောက်လုံး ပြေးဝင်သွားလိုက်ကြတယ်။ ဝင်တား၊ ဝင်ဆွဲတဲ့ မောင်တွေကြောင့် ပွဲကရပ်သွားပေမယ့် ဒီကိစ္စကို ကျနော်ကိုယ်တိုင် မကျေနပ်ဘူးဗျာ။ ဘယ်နှယ့် ထောင်ထဲ ရောက်နေတာတောင် ထမင်းလေးတလုပ်ကို မြိုမကျအောင် ရိုက်ချရတယ်လို့၊ တကယ်ဆို ဖိုးနီထောင်ထဲ ရောက်လာရတာ ကျနော့်ပယောဂကြောင့်ဆိုတော့ ကျနော့်မှာ တာဝန်ရှိတယ် ထင်လို့ဗျ။

ကျနော်လည်း စိတ်ထဲမှာခံပြင်းလွန်းတာကြောင့် ဖိုးနီကိုရိုက်သွားတဲ့ စည်းကမ်းထိန်းကို ကျောင်းမှန်းကန်မှန်းသိအောင် လက်တုံ့ပြန်ဖို့ စီစဉ်တော့တာပဲဗျာ။

နောက်နေ့မနက်မှာပေါ့ဗျာ၊ တောင်ယာမှာသုံးတဲ့ ဓန်းပြားပေါက်တူးတွေလို စိုက်ပျိုးရေးသုံး ကိရိယာပစ္စည်းတွေသိမ်းတဲ့ ဘုတ်တိုက်ကို ခင်ဗျား သိတယ်မဟုတ်လား။ အဆောင်ဒေါ့ကတဲ့ တထပ် အုတ်တိုက် သေးသေးလေးလေ။ ထောင်လူမိုက်တွေက အရေးအကြောင်းဆို သုံးနိုင်အောင် လက်နက် တချို့ကို အဲဒီမှာ သိမ်းထားတတ်ကြတယ်။ ဒါကို ကျနော် စပ်စုထားတာမို့ သိနေတယ်ဗျ။ အဲဒီ ဘုတ်တိုက်ထဲကို ကျနော် မယောင်မလည်ဝင်သွားပြီး တိုက်ပွဲဝင်လက်နက် ရှာလိုက်တယ်။ ရှစ်လက္မ လောက်အရှည် သံဆူးချွန်နှစ်ချောင်းရလိုက်တယ်။ ဘားလားတချောင်း၊ ကျနော် တချောင်းကိုင်ပြီး မနေ့က ဖိုးနီကို လက်စွမ်းပြသွားတဲ့မောင်ကို တိုးချဲ့ဆောင်မှာ ပက်လက်အိပ်နေတုန်း ဝိုင်းထားလိုက် ကြရောဗျာ။ ဘလိုင်းသွားဝိုင်းတာတော့ ဘယ်ဟုတ်မလဲဗျာ။ ဒီမောင့်နောက်က မဆီမဆိုင်ကောင်တွေ ပါလာရင် ဝင်တားဖို့ ဝင်ပါဖို့ပါ နာမည်ကျော်လူမိုက်တွေကို ကြိုညှိထားရတာပေါ့ဗျာ။ ကြိုတင်ဗျူဟာ ဆွဲထားတယ် ဆိုပါတော့။ သူတို့ကတောင် ကျနော့်ကို တားကြပါသေးတယ်။

ကျနော်ကလည်း ဒေါသက ရှေ့ရောက်နေတော့ နားမဝင်ဘူး။ မင်းတို့ မကူညီနိုင်ရင် ဝေးဝေးနေ၊ ငါ့ကိုလာတားရင် ငါ့ရန်သူပဲလို့ ပြန်ကြိမ်းလိုက်တယ်ဗျာ။ ဒီမောင်က ဘယ်လိုမှ မျှော်လင့် မထားပဲ ရုတ်တရက်ဝိုင်းလိုက်တာကိုလည်းတွေ့ရော၊ နံရံမှာ ခေါင်းကပ်ပြီး ပက်လက်လှန်နေတဲ့ သူ့ မျက်နှာမှာ သွေးမရှိတော့ဘူးဗျာ။ တိုးချဲ့ဆောင်တခုလုံး မဆိုင်တဲ့ကောင် ခပ်ဝေးဝေးနေနော်။ နောက်မှ ငါ့အဆိုးမဆိုနဲ့ဆိုတဲ့ ကျနော့်အသံက ဟိန်းထွက်နေသဗျ။ ဒီကောင့်ကို ဝိုင်းထားတဲ့ ကျနော့် တို့က အတွင်းဝိုင်း၊ အပြင်က ကာကွယ်ထားတဲ့ လူမိုက်တွေက အပြင်ဝိုင်း၊ လူဝိုင်းက နှစ်ထပ်ဖြစ်နေ တယ်ဗျာ။ လူလည်း အဝိုင်းခံရရော ဒီမောင် လက်အုပ်ချီ တောင်းပန်လိုက်တာဗျာ။ ဒေါ့ကလူတွေ တောင် ကျနော်တို့ မရက်စက်သင့်ဘူး ထင်ကုန်တဲ့အထိဗျာ။ ကျနော့်အကျင့်ကလည်း အောင်မယ်လေး တရင် ကြောက်ပါ ပြီ ထပ်အော်ခိုင်းတာကို မကြိုက်တတ်တဲ့သူဆိုတော့ ပြန်သနားသွားပြီး သတိပေးရုံနဲ့ ပွဲပြီးသွားရော ဆိုပါတော့ဗျာ။ အင်း ထောင်ထဲမှာတော့ ဒီလူဟာ ဗယားနိုင်တယ်၊ မတရားဘူးထင်ရင် နေရာမရွေးတဲ့ သူဆိုပြီး မဟုတ်တဲ့နေရာမှာ နာမည်ကြီးပြန်တာပေါ့ဗျာ။

အော်၊ ခင်ဗျားက ကျနော် ထောင်ထဲမှာ ရမ်းကားနေတယ်လို့ချည်း ထင်လို့လားဗျာ။ ဒီလိုတော့ မဟုတ်သေးဘူးဗျ။ ကျနော်ပြုခဲ့တဲ့ ထောင်တွင်းဒါနခန်းလေးတွေ ရှိပါသေးသဗျာ။ မှတ်မှတ်ရရ ပထမဒါနကတော့ ထောင်ထဲကို အူလည်လည်ရောက်လာခဲ့ရတဲ့ ကိုရင်လေးနှစ်ပါးရဲ့ စားရေးသောက်ရေးကို တာဝန်ယူထားတာပဲဗျ။ ဒီကိုရင်လေးနှစ်ပါးက သာကေတဘက်ကပါဗျာ။ သူတို့ ဇာတိရွာ၊ အညာက ဦးလေးတွေမြို့တက်လာတော့ အချိန်မတော် အရက်သောက်ချင်တယ်ဆိုလို့ အရက်ထွက်ဝယ်ပေးတာ လမ်းမှာစစ်တပ်နဲ့တိုးတော့ သာသနာညှိုးနွမ်းစေမှုနဲ့ အမှုဖွင့်ခံရပြီး အချုပ်ကျလာတာဗျာ။ ဘယ်နှယ့် ဆယ့်ငါးနှစ်လောက်အရွယ် ကိုရင်တွေကို သူများသောက်ဖို့ အရက် ဝယ်ပေးမိတာနဲ့ ထောင်ထဲ ဘာကြောင့်ပို့ရသလဲဆိုတာ စဉ်းစားလို့တောင် မရပါဘူးဗျာ။ စားရေး သောက်ရေးက ကျနော့်အတွက် ရေးကြီးခွင်ကျယ်ကိစ္စ မဟုတ်ဘူးဗျ။ မနက်ပိုင်းမှာ စားချင်တဲ့ဟင်း ပြောလိုက်ရုံပဲ၊ ကျနော်ဒေါ့က လူသတ်မှုနဲ့ အချုပ်ကျနေတဲ့ သောင်းမြင့်ဆိုတဲ့ကလေးက ချက်ပေးတာ။ လိုတဲ့ ဟင်းချက်စရာ၊ ဟင်းစားကိစ္စက စိုးအောင်နဲ့ ဘားလား တာဝန်လေ။

အော်၊ သောင်းမြင့်ဆိုလို့ ကျနော် သောင်းမြင့်ကိုလည်း ထောင်ကလွတ်အောင် ကူညီခဲ့သေး တယ်ဗျာ။ တဆက်တည်းပဲ လူတယောက် အသက်ကိုလည်း ကယ်ခဲ့တယ် ဆိုပါတော့။ သောင်းမြင့်က လူထူးလူဆန်းထဲမှာ ပါတယ်ဆိုရမယ်ဗျ။ သူက အသက်သာ အစိတ်ဝန်းကျင်ရှိသေးတာ၊ လူသတ်မှု နှစ်ခါဖြစ်ဖူးတယ်။ ပထမတကြိမ်က သက်သေမခိုင်လုံလို့ လွတ်ခဲ့သတဲ့။ အခုဖြစ်တာ ဒုတိယအကြိမ် ဆိုပဲ။ ကျနော့်ကိုတော့ ခင်နေရှာလို့ သူ တကယ်သတ်ခဲ့တဲ့အကြောင်း ရိုးရိုးသားသား ပြောရှာပါတယ်။

အရေးထဲ ခင်ဗျားက သူ့အမှုအကြောင်း သိချင်နေပြန်ပြီလားဗျာ။ သောင်းမြင့်က အင်းစိန် တဖက်ကမ်းမှာ နေသတဲ့ဗျာ။ ပထမဖြစ်တဲ့ အမှုအကြောင်းကို ကျနော် မသိဘူးဗျ။ အခုဖြစ်လာတဲ့အမှုက သူ့ယောက်ဖကြောင့်တဲ့ဗျာ။ သူ့ယောက်ဖ လယ်ထဲအသွားမှာ သူနောက်ကနေလိုက်သွားတော့ သူ့ယောက်ဖက ရန်ကြွေးရှိတဲ့မောင်တယောက်နဲ့ လူသူပြတ်တဲ့နေရာမှာ ဆုံမိကြတယ်တဲ့။ တယောက်တခွန်း စကားများရာကနေပါလာတဲ့ ကိုင်းခုတ်ဓားတွေနဲ့ ခုတ်ကြတော့မဲ့ အခြေအနေအထိဖြစ်လာတော့ နောက်ကပါလာတဲ့ သောင်းမြင့်က လက်ထဲက ဝါးစိမ်းတုတ်နဲ့ သူ့ယောက်ဖရဲ့ရန်သူတော် အုတ်ဆက်ကို ရိုက်ထည့်လိုက်တာ ဖြောင်းကနဲ အသံမြည်ပြီး တချက်တည်း အသက်ပျောက်သွားရောတဲ့ဗျာ။ ကံကောင်းချင်တော့ သောင်းမြင့် အခုအမှုမှာလည်း သက်သေမရှိဘူးဗျ။ ခပ်လှမ်းလှမ်းမှာရှိတဲ့ လယ်တဲတွေက လူတွေ သက်သေထွက်တော့လည်း အခင်းဖြစ်ပွားချိန်မှာ သေနတ်သံတချက် ကြားလိုက်တယ်ဆိုပြီး တညီတညွတ်တည်း ထွက်ကြသတဲ့။ အမှန်က သောင်းမြင့် ရိုက်လိုက်တဲ့ တုတ်ချက်က အရှိန်ပြင်းပြင်းနဲ့ ချက်ကောင်းကိုထိပြီး အုတ်ဆက်ပွင့်သွားတဲ့ အသံကို သေနတ်သံ ထင်နေကြတာပေါ့ဗျာ။

အမှုစစ်ပြီးလို့ အမိန့်ချဖို့ နှစ်ပတ်အလိုလောက်မှ တရားသူကြီးက ရှေ့ဖတ်စာရေးကနေတဆင့် သောင်းမြင့်တို့ဘက်ကို ငွေတသောင်းခွဲ တောင်းတယ်တဲ့။ သောင်းမြင့်က ပေးရမလားလို့ ကျနော့်ကို လာတိုင်ပင်တော့ ကျနော်လည်းပေးရမယ်၊ သူတောင်းတာ မင်းကိုလွှတ်ချင်လို့ ဖြစ်နိုင်တယ်လို့ အကြံပေးလိုက်ရတယ်ဗျ။ အဲဒီအချိန်မှာ သောင်းမြင့်က ထောင်ထဲမှာ နောက်ထပ် လူတယောက်ကို သတ်ဖို့ဖြစ်လာပါလေရောဗျာ။ သူသတ်မဲ့မောင်က တန်းစီး စိန်ကုလားဗျ။ စိန်ကုလား ဆိုတဲ့မောင်ကလည်း လူသတ်မှုနဲ့ဝင်လာပြီး နှစ်ရှည်အကျဉ်းသားဆိုတော့ အဆောင်နှစ်တန်းစီး ဖြစ်နေတာ။ ဒီမောင်က ဇော်တော်တော့ရိုင်းသဗျာ။ လူကြီးမှန်းမသိ လူငယ်မှန်းမသိ၊ ဆဲလိုက်ဆိုလိုက်၊ ကြိမ်းလိုက်မောင်းလိုက်တာမှ တကယ့် အလုတ္တအနတ္တ။ ထောင်ထဲမှာ ဆဲဆိုကြိမ်းမောင်းတာ မဆန်းပေမယ့် စိန်ကုလား ဆဲတာကတော့ ရိုင်းလွန်းလွန်းတယ်လို့ ထင်သဗျာ။ အဲဒီစိန်ကုလားက သောင်းမြင့်ကို ဘာအငြိုးနဲ့ ဘာကိုတေးထားမှန်းတော့ မသိလိုက်ဘူး။ တန်းစီချိန်မှာ ဝါးဆစ်ပိတ်နဲ့ ဖွတ်ရိုက်ပစ်တာ သောင်းမြင့်ကျောမှာ အရှိုးတွေထင်ကုန်တဲ့အထိဗျ။ အဲဒီမှာတင် သောင်းမြင့်လည်း စိန်ကုလားကို သတ်ဖို့ကြံတော့တာပဲဗျာ။ သောင်းမြင့်ဟာ သွေးအေးအေးနဲ့ တကယ်ကိုကြောက်စရာကောင်းတဲ့ ကလေးဗျ။ စိန်ကုလားကိုသတ်ဖို့သာ ဇယားဆွဲနေတာ၊ စိန်ကုလားကို သူ့လေသံအေးအေးနဲ့ ပြန်တောင်တောင်းပန်နေသေးတယ်။ ငယ်သေးတော့ ဒေါသစိတ်ကြောင့် ထင်ပါရဲ့ဗျာ။ စိတ်ရင်းက ကောင်းရှာပါတယ်။ ကျနော်တို့ကို မညည်းမညူ သူပဲ ချက်ပြုတ်ကျွေးမွေးပြီး လူကြီးကိုလူကြီးမှန်းလည်း သိတတ်ရှာပါတယ်။

ကျနော်နဲ့သောင်းမြင့်က ဘေးချင်းကပ်ရက်အိပ်တာဆိုတော့ သူ ညညမှာ သက်ပြင်းရှည်ကြီး ချချနေတာကို ကျနော်အကဲခတ်မိတယ်။ ကျနော်လည်း စိတ်ထဲမှာ တမျိုးဖြစ်လာတာနဲ့ သောင်းမြင့်ကို မင်းစိတ်ကို လျှော့ထားပါကွာလို့လည်း ပြောလိုက်ရော ဦးလေးက ကျနော်ဘာလုပ်မယ်ဆိုတာ ရိပ်မိလို့လား၊ ကျနော့်ကို မတားပါနဲ့တဲ့။ သူပြန်မေးမှ သူဘာလုပ်မယ်ဆိုတာ ကျနော် တကယ်ရိပ်မိသွားတယ် ဆိုပါတော့ဗျာ။ တကယ်ဆို ကျနော် ဒီကလေးကို ခင်ပါတယ်။ သူ့ခမျာ အိမ်ထောင်ကျ၊ မိန်းမရတာ ခြောက်လတောင် မပြည့်သေးဘူး ဆိုပဲ။ သူ့မိန်းမက သူ့ထက် အသက်ကြီးတော့ သူက မမ လို့ခေါ် တယ်တဲ့။ တခါတခါ သူက သူ့မမအကြောင်းပြောရင် ကျနော့်မှာ စာနာရီကျော်လောက်ကို ဂရုတစိုက် နားထောင်ပေးရတယ်။ သူကလည်း ဒါကို သိပ်သဘောကျတယ် ထင်ပါ့ဗျာ။

ဒါကြောင့်ထင်ပါရဲ့၊ စိန်ကုလားကို သူအပြတ်ရှင်းတော့မယ့်အကြောင်း ကျနော့်ကို ဖွင့်ပြောရှာတယ်။ ပြောတဲ့အချိန်မှာ စိန်ကုလားကို သတ်မဲ့ဆူးချွန်က သူ့ခေါင်းအုံးအောက်ကို ရောက်နေပြီဗျ။ ကျနော်တောင် ရုတ်တရက် လန့်သွားတယ်ဗျာ။ အေးလေ၊ ထောင်မှာ တန်းစီပြီး ပုံစံထိုင်နေတုန်း လည်ပင်းအောက်ခြေက ညှပ်ရိုးကြားကို ဆူးချွန်နဲ့ တချက်တည်း အသေထိုးထည့်လိုက်တဲ့ ဇာတ်လမ်းတွေ ကျနော် ကြားဘူးပေါင်း များနေပါပြီဗျာ။ ဒီတော့ သောင်းမြင့်ကို ကျနော် လေပြေထိုးရတယ်။ မင်းလုပ်ချင်တာကို ငါ ဝှက်မထားဘူး။ ဒါပေမယ့် ဒီနေ့တော့ မလုပ်စေချင်ဘူး။ ငါလည်း မင်းကို သံယောဇဉ်ဖြစ်နေလို့ ဒီညမင်းနဲ့ငါ စကားပြောချင်သေးတယ်ဆိုတော့ သူက ခေါင်းငြိမ့်သဗျာ။

ညဘက်အိပ်ချိန်လည်းရောက်ရော နှစ်ကိုယ်ကြားလေး သူ့မမ အကြောင်း စကားစလိုက်ရတယ်။ သူ့မမနဲ့ ဘယ်လိုတွေ့ကြတယ်၊ ဘယ်လိုအဆင်ပြေသွားတယ်၊ ရည်းစားဖြစ်တာ ဘယ်လောက်ကြာတယ်၊ ဘယ်လိုလုပ်ညားတယ်၊ မင်္ဂလာဆောင်တယ်၊ အာညာကွဲတ လျှောက်မေးရတာပေါ့ဗျာ။

တနာရီနီးပါး သူနဲ့ သူ့မမရဲ့ ချစ်ပုံပြင်ကို နားထောင်ပြီးမှ အေးကွာ၊ တရားသူကြီးကလည်း ငွေတောင်းနေပြီ။ ငါ့စိတ်ထင်တော့ မင်းလွတ်ဖို့ များတယ်ကွ။ လွတ်ရင်တော့ကွာ မင်းမမ ဝမ်းသာလိုက်မယ့်ဖြစ်ချင်း။ ရုံးက အမိန့်ချတာနဲ့ လက်ထိပ်ချွတ်ပြီး အိမ်ပြန်ရုံပဲကွာ။ မင်းမမက အသက်သုံးဆယ်ကျော်ဆိုတော့ သားသမီးစောစောယူထားတာ ကောင်းတယ်ကွ။ ဒါမှ မိသားစု သိုက်သိုက်ဝန်းဝန်းနဲ့ ပျော်စရာကောင်းတာ။ ထောင်ဆိုတာ နောက်ထပ် စိတ်မကူးနဲ့ဟေ့၊ ငါတောင် တော်တော် နောင်တရနေပြီလို့လည်း အလုံးတွေ ပစ်သွင်းလိုက်ရော သောင်းမြင့် တချက်တည်း ငိုင်ဆင်းပြီး မျက်လုံးလေး မှေးနေသဗျာ။ တအောင့်ကြာတော့မှ ခေါင်းထောင်ထပြီး ဦးလေး ကျနော်ဘာလုပ်ရမလဲဗျာတဲ့။ ဒီကောင့်ကို သတ်ချင်စိတ်ကလည်း ပျောက်မရဘူး တဲ့။ ဒါနဲ့ကျနော်က ဒီလိုလုပ်ကွာ၊ မင်း လာမဲ့ ရုံးချိန်းမှာ အမိန့်ချမယ်မဟုတ်လား။ အဲဒီ အမိန့်ကို စောင့်လိုက်။ မလွတ်ရင် မင်းသဘော၊ လွတ်သွားရင် စိန်ကုလားမျက်နှာကို မင်းမမြင်ရတော့ဘူး။ မင်းမမမျက်နှာပဲ မြင်နေရတော့မှာဆိုတော့ ရယ်ပြုံးပြုံးရင်း ခေါင်းညိတ်ရှာတယ်။ သောင်းမြင့်ကုသိုလ်ကံလို့ ဆိုရမယ်ဗျ။ နောက်ရုံးချိန်းမှာ သူလွတ် သွားတယ်ဗျာ။ အဲဒီ ရုံးချိန်းသွားမယ့်နေ့က ကျနော့်ကို ထိုင်ကန်တော့နေလို့ ဆုတောင်းချွေလိုက် မိသေးဗျာ။ ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းရအောင် ငါ့တူ ဒီနေ့လွတ်ပါစေဗျာလို့။

ဟား ဟား၊ သောင်းမြင့်လွတ်ပြီး နောက်တပတ်ကြာတော့ မနက်အစောကြီး ထောင်ဝန်ထမ်းကိုပြူးနဲ့ ကျနော့်ဆီကို မိန်းမပေးလိုက်တဲ့ စာတစောင် ရောက်လာသဗျာ။ ရှင်တို့ကို ဒီနေ့ စစ်ခုံရုံးက လွှတ်မယ်ဆိုပဲ။

ကျနော်လည်း ဝေသာလီဗျိုင်းရှုံးအောင် လည်တဆန့်ဆန့်နဲ့မျှော်လိုက်တာ ညနေခြောက်နာရီထိုးလို့ အဆောင်သာ ပိတ်တယ်၊ လွှတ်မိန့်က ရောက်မလာဘူးဗျာ။ ဒီကြားထဲ စိတ်ကကယောက်ကယက် ဖြစ်လေသလားတော့ မသိပါဘူးဗျာ၊ ပက်လက်လှန်ပြီး မျက်လုံးမှိတ်နေတာ အိုးတော်လိုလို ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးကြီးတယောက်က မင်းဒီနေ့ လွှတ်ကိုလွှတ်မယ်ဆိုလို့ လန့်ပြီး မျက်လုံးဖွင့်လိုက်တာ အဖြူဝမ်းဆက်နဲ့ အချုပ်ရုံးမှာ တာဝန်ကျနေတဲ့ ထောင်ကျမရမ်းကုန်းသား ကုလား ဦးကိုတ ကျနော့်ကို လက်ကမ်းပေးပြီး အစ်ကိုကြီး အိမ်ပြန်ကြမယ် တဲ့။

ဟုတ်ပါတယ်။ ထောင်အချုပ်ကျပြီး ငါးဆယ့်ရှစ်ရက်မြောက်တဲ့နေ့မှာ ကျနော် အပြင်ပြန်ရောက်လာပါတယ်။ ကျနော့်အမှုက စစ်ခုံရုံးထင်ထားတာမို့ လွှတ်မိန့်ဟာ စစ်ခုံရုံးကလာတဲ့အတွက် နေ့မကူးခင် မလွှတ်မဖြစ် လွှတ်ရတာပေါ့ဗျာ။ ကျနော်တို့ ထောင်အပြင် ရောက်တော့ ညခုနှစ်နာရီထိုးကာနီးနေပါပြီ။ ဖိုးနီဆို စိတ်လှုပ်ရှားလွန်းလို့ ထောင်ဖြစ်လည်းရောက်ရော အကျီရော ပုဆိုးပါ ချွတ်ပြီး လွှင့်ပစ်လိုက်တဲ့အထိဗျ။

ပြောရင်းနဲ့ ရယ်စရာကောင်းတာတောင် ပါလာပြန်ပြီဗျာ။ မဆီမဆိုင် ကြံကြံဖန်ဖန် ကျနော်ဟာ ဗိဒိယိုမင်းသားတောင် ဖြစ်အုံးမလို့ဗျ။ ဟား ဟား မင်းသားဖြစ်ဖို့ ကြုံလာတာကလည်း ဒီအမှုကြောင့်ပဲဗျာ။ အော် ခင်ဗျားက မယုံလို့လား။

တကယ်ပါဗျ။ ကြွားတယ်လို့ မထင်လိုက်ပါနဲ့။ မင်းသား ဖြစ်မှာတောင် စိတ်ကူးယဉ် ဇာတ်လမ်းထဲက မင်းသားမဟုတ်ဘူးဗျ။ တနိုင်ငံလုံး ဟိုးဟိုးကျော်ခဲ့တဲ့ ရန်ကုန်မြို့လည်ခေါင်၊ နေ့ခင်း ကြောင်တောင်မှာ ဖြစ်ခဲ့တဲ့လူသတ်မှုတမှုရဲ့ ဇာတ်လမ်းထဲက သက်ရှိထင်ရှား တကယ့်လူတယောက်ရဲ့ ဇာတ်လမ်း။

■

အခန်း (၆၃)

## တိတ်ဆိတ်သော်လည်း ကြားနိုင်သည်

ရေပြည်နှင့် တူနိုင်းအပ်သော ရဲဘက်စခန်းပင် ဖြစ်လင့်ကစား သင်္ကြန်အခါနီးလေပြီဖြစ်၍ မိုးငွေ့လေငွေ့တို့နှင့်အတူ ပိတောက်ဖူးတချို့နှင့် အတာတေးသံတို့ပင် မြင်ရကြားရစပြုနေချေပြီ။ အတာတေးသံကို စခန်းခွဲသို့ ကိုသက်ခိုင်ကပင် ဆောင်ကြဉ်းလာခဲ့ပါသည်။

တခုသော နံနက်ခင်းတွင် ဖြစ်၏။

'မြူမှောင်ဝေကင်း ငွေအဆင်းဆန္ဒ၊ ပြည်ထောင်တိုင်းမြန်ပြေ၊ ငြိမ်းချမ်းအောင်ဆု သွန်းကာရေ၊ အေးစေကြောင်း လောင်းတဲ့လုံမေ၊ ထူးထူးကဲကဲ လှကြပါပေ၊ အဆင်မပြေ မြင်ရသူရှင်မြူးလောက်ပေ၊ သံသာ ချိုမြမြ ဆိုတေးလေးတွေ၊ မန်းမြို့သူရဲ့ ဂုဏ်နဲ့ညီပေ ယဉ်ကျေးသူတွေ၊ မနှစ်ကလဲ လောင်းခဲ့ တာတွေ အေးအေးမြမြ မမေ့တဲ့နိုင်ပေ၊ သင်းပျံ့နေ၊ ရွှေပန်းပိတောက်တွေ တွဲရွဲလို့နေ ဆင်မြန်းမြန်းကာ လှတဲ့မေ၊ ငွေငန်းမောင့်ကိုလောင်းတဲ့ရေ'

'ဟာ၊ ကိုသက်ခိုင်ကြီးက တကယ်အသံကောင်းတာပဲ။ ဟုတ်တယ်နော်၊ ဘာလိုလိုနဲ့ သင်္ကြန်တောင် နီးလာပြီ၊ လတ်တို့က မန္တလေးသူလေ။ ဟုတ်ပြီ ဟုတ်ပြီ။ သင်္ကြန်တွင်း ဒီစခန်းခွဲမှာ ပျော်ပွဲရှင်ပွဲလေးနဲ့ စည်စည်ကားကားလေးဖြစ်အောင် မောင့်ကိုပြောရမယ်'

တေးသံရှင်ကား ကိုသက်ခိုင်ဖြစ်၏။ အာမေဋိတ်သံ ပြုသူမှာ စခန်းခွဲ တာဝန်ခံ ဦးအေးနိုင်၏ ဇနီးအသံဖြစ်သည်။

အကျဉ်းသားများရေချိုးရာ အုတ်ကန်မှာ ခေါတ်ဆင်ခေါတ်ရိုက်သလို ရေတုံကင် လှိမ့်ထိုးနေသော ကိုသက်ခိုင် ဘာစိတ်ကူး ပေါက်သည်မသိ။ အသံဝါကြီးဖြင့် မြူမှောင်ဝေကင်းသီချင်း ထဟာစ်လိုက်သော ကိုသက်ခိုင်၏အသံကို ဦးအေးနိုင်၏ဇနီးသည် မလတ်လတ်ထွေး ကြားပြီး တုံ့ပြန်လိုက်သော အသံဖြစ်သည်။ မလတ်လတ်ထွေးမှာ ခင်ပွန်းသည် တာဝန်ကျရာ ဤစခန်းခွဲသို့ သူမတာဝန်ထမ်းဆောင်ရာ မန္တလေး လှူဝင်မှုကြီးကြပ်ရေးဌာနမှ ခွင့်ရက်ရှည်ယူကာ ရောက်ရှိနေခြင်း ဖြစ်သည်။

ထိုဖြစ်ရပ်သည်ပင်လျှင် ကျနော်တို့ ရဲဘက်စခန်း၏ တခုသော ပျော်စရာသကြိန်ကို စတင်ဖြစ်ပေါ် စေခဲ့ခြင်းပေတည်း။

ထိုညနေတွင် ကိုသက်ခိုင်၏တဲပေါ် သို့ စခန်းတာဝန်ခံ ဦးအေးနိုင်၊ ပေါက်ချလာပြီး 'ကိုသက်ခိုင် ကျနော်တို့ စခန်းခွဲမှာ သကြိန်ပွဲလေးဖြစ်အောင် ဝိုင်းဝန်းပါအုံးဗျာ' ဟု ဆိုပါသည်။ ပထမတော့ ကိုသက်ခိုင်က မလုပ်ချင်ဘူး ငွတ်ဘူးခံသည်။ ဦးအေးနိုင်က ဇနီးသည် အလိုကို လိုက်ချင် ဇောနှင့် ပြောနေမှန်း ရိပ်မိပုံရသည်။ နောက်ပိုင်းသကြိန်ရက်အတွင်း အကျဉ်းသားများ အခွင့်အရေးကို အတတ်နိုင်ဆုံး လိုက်လျောပါမည်ဟူသော သဘောတူညီချက်ရသည့်အခါ ကိုသက်ခိုင်က သကြိန်ပွဲအတွက် သူတတ်နိုင်သမျှ အားလုံးလုပ်ပေးရန် ခေါင်းခံသည်။ စင်စစ် သကြိန်ရက်များအတွင်း အကျဉ်းသားများအခွင့်အရေးသည် ကိုသက်ခိုင်သဘောအတိုင်းသာ ဖြစ်ရပါစေမည်ဟူသော သဘောတည်း။

သကြိန်အစီအစဉ်တွင် ဘုန်းတော်ကြီးများ ဆွမ်းကပ်ခြင်းမှသည် ကံစမ်းမဲဖောက်ခြင်း၊ ကာရာအိုကေသီဆိုခြင်း၊ ဗီဒီယိုပြသခြင်းအထိ ပါဝင်သည်။ အကျဉ်းသားရဲဘက်တို့ အပျော်ကြီး ပျော်နေကြချိန်တွင် ထုံးစံအတိုင်း ကျနော်နှင့်ကိုသက်ခိုင် စကားဖောင်ဖွဲ့နေခဲ့ကြပါသည်။

ကျနော်က ရုပ်ရှင်မင်းသားဖြစ်လောက်အောင် ချောမောသူမဟုတ်ပေမယ့် မင်းသားပုံစံ ပေါက်တယ်လို့တော့ ရုပ်ရှင်မင်းသားကြီး မြတ်လေးကိုယ်တိုင်ကလည်း မှတ်ချက်ချဖူးတယ်ဗျ။ ကြွားတာ မဟုတ်ရပါဘူး။ တရံတခါကအကြောင်းတွေ ကြုံတုန်းမို့ ပြောတယ်လို့သာ မှတ်ပါဗျာ။

ဟုတ်ပါတယ်၊ ကျနော့်ကုမ္ပဏီမှာ မန်နေဂျာလုပ်နေတဲ့ ဦးဝင်းဖေရဲ့သူငယ်ချင်း ဦးချစ်ဝေဆိုတာ ကျနော့်ရုံးကို မကြာမကြာ ဝင်ထွက်နေမို့ ကျနော်နဲ့ခင်နေတယ်။ ဦးချစ်ဝေက ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှာ ဆရာဇော်ဂျီတို့ ဦးသော်ကောင်းတို့ လက်အောက်မှာ အလုပ်လုပ်ခဲ့တာဗျ။ တနေ့ ကျနော်နဲ့ ဦးချစ်ဝေ ဆူးလေဘုရားလမ်းက ဒေါ်ရီတ်ကြီး လက်ဖက်သုတ်ဆိုင်မှာ ထိုင်နေတုန်း ရုပ်ရှင် မင်းသားကြီးမြတ်လေး ရောက်လာတယ်ဗျာ။ ဦးချစ်ဝေကိုတွေ့တော့ ကျနော်တို့ဝိုင်းမှာ သူဝင်ထိုင်လိုက်တယ်။ ဦးချစ်ဝေ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှာ လုပ်ခဲ့တုန်းက ဦးမြတ်လေး ကျောင်းသားဘဝမှာ ခင်ခဲ့ကြတာတဲ့။

ဦးမြတ်လေးက လက်ဖက်သုတ်ကို ဇွန်းနဲ့ခပ်ရင်း ဦးချစ်ဝေ သူကဘယ်သူလဲဗျ တဲ့။ ဦးချစ်ဝေက ကိုသက်ခိုင်ပါလို့လည်း မိတ်ဆက်ပေးရော ဦးမြတ်လေးက ကျနော့်ကို ကိုသက်ခိုင် ခင်ဗျားမှာ မင်းသားတယောက်ရဲ့ တဲလင့် (Talent) ရှိတယ်လို့ မှတ်ချက်ချပါတယ်။

ဟုတ်ပါပြီ၊ ကျနော့်ကို ဗီဒီယိုရိုက်ဖို့ကမ်းလှမ်းတာ မပြောခင် နောက်ကြောင်းလေး နည်းနည်း ပါလိုက်မှ ပြည့်စုံမယ်ထင်လို့ ကျနော် ဇာတ်ပိုးထခဲ့ပုံလေးတွေကို ပြောပါရစေအုံးဗျာ။ အလျဉ်းသင့်၍ ဖော်ပြရအုံးပေဦးတော့မည် ဆိုပါစို့ဗျာ။

ရှုးခဲ့တာတွေကတော့ စုံပါ့ဗျာ။ စဥ္စအိုးထဲခေါင်းစိုက်ဝင်ပြီး သီချင်းအော်ဆိုတာမျိုးကနေ သီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲတွေအထိလည်း အကြိမ်ပေါင်းများစွာ စင်ပေါ် တက်ကြခဲ့ဖူးသေးဗျာ။ မင်းအောင်တို့၊ လွှမ်းမိုးတို့ သီချင်းတွေနဲ့ လက်ခုပ်သံတဖြောင်းဖြောင်းတောင် ရခဲ့ဖူးသေးတာပေါ့။ ကျနော်က ကတာခုန်တာတော့ ဝါသနာမပါဘူးဗျ။ အဆိုအဟဲတော့ အားသန်တယ် ဆိုရမယ်။

ကျနော် သီချင်းဆိုတာ ဝါသနာထုံပုံတော့ မပြောပါနဲ့တော့ဗျာ။ ကျနော် ဆယ်နှစ်သားလောက်က သွားနာနေတာနဲ့ အဖေက သွားနှုတ်ဖို့ ဆရာဝန်ဆီ ခေါ် သွားတယ်။ သွားလည်း နှုတ်ပြီးရော ဆရာဝန်က နှုတ်ထားတဲ့ သွားနေရာမှာ ဂွမ်းထည့်ပြီး ဖိကိုက်ထားခိုင်းတယ်။ နောက် မှာလိုက်သေးတယ်။ အစားမစားနဲ့အုံး၊ ပါးစပ်ကို မဟနဲ့တဲ့၊ အဖေက ဆရာဝန်ကို ပြန်ပြောတာက

နော့်သားက မစားပဲနေနိုင်တယ်၊ ပြဿနာမရှိဘူး။ ခက်တာက သူက သီချင်းတအေးအေးနဲ့ တတ်တော့ သီချင်းမညည်းပါဘူးလို့ ကတိပေးဖို့တော့ ခက်တယ်တဲ့။ တဲ မှတ်ကရော။

အညာသားဖြစ်လို့လားတော့ မသိဘူး၊ ကျနော်ငယ်ငယ်က သီချင်းဆိုရင် ခုနှစ်သံချီအော်ရ တကို သိပ်သဘောကျတယ်။ ကျနော့်ဖေးဘရိတ်ကတော့ တွံတေးသိန်းတန်ပဲဗျ။ နေဦးဗျာ၊ ကျနော်တို့ တ်က လျှမ်းလျှမ်းတောက်စာရင်းဝင်ထဲမှာ ဟသ်ာတအောင်တင်ဝင်းလည်း ပါတယ်ဗျ။ သာတအောင်တင်ဝင်းက ကျနော်တို့လမ်းထဲက ကိုတင်မြ၊ ကိုတင်ခ၊ ကိုသောင်းရွှေ၊ မသိန်းရွှေတို့ရဲ့ တင်အရင်း။ သူ့အမေဒေါ်စံမယ်ကြီးလည်း ကျနော်တို့ လမ်းထဲမှာပဲ နေတယ်၊ ကိုတင်ဝင်းက သူ့အမေ ခဏခဏလာနေတော့ ကျနော်နဲ့ မျက်မှန်းတန်းမိနေတယ်ဗျ။ မပြည့်လေသော ကိုယ့်ဆုတောင်း၊ ရောကန်တော့ပွဲ၊ ပိုးကိုက်တဲ့ပန်း ဆိုတဲ့သူ့သီချင်းတွေက လူတိုင်းပါးစပ်ဖျားမှာ ရေပန်းစားခဲ့တာပေါ့ဗျာ။ သူငယ်ချင်း ကိုထွန်းကြိုင်ဆို ဟသ်ာတအောင်တင်ဝင်းအသံနဲ့ တထပ်တည်းကျအောင်ကို နိုင်တယ်ဗျ။ အေးလေ၊ ဆိုနိုင်ဆို သူနဲ့ဟသ်ာတအောင်တင်ဝင်းက သံကြိုးတိုင် ကမာကလို့ န်ဘောင်ပေါ်မှာ ငယ်ငယ်ကတည်းက ဆိုဘက် သောက်ဘက်တွေလေ။ ကိုတင်ဝင်းလည်း တော်သောက်တယ်ဗျာ။ အရက်နဲ့ပဲ လူလောကကို စောစောစီးစီး ကျောခိုင်းသွားရရှာတာပဲ။

လှိုင်မြို့နယ် ကမာကလုံရေကန်ကြီးဘေးကို ကျနော်လည်း ရောက်ခဲ့တာပေါ့ဗျာ။ ကျနော်နဲ့ ယ်တန်း အတူတက်ခဲ့တဲ့ ကိုအေးကိုဆိုတဲ့ ကျောင်းသားကြီးတယောက်က ပန်တျာချစ်လှိုင်ရဲ့သားဗျ။ တ်တယ်ဗျာ၊ ပန်တျာချစ်လှိုင်ဆိုတာ တကယ့် ဒိတ်ဒိတ်ကြဲ ဂီတပညာရှင် တေးပြုစာဆိုကြီးပါဗျာ။ ဆံပင်တွေက တခေါင်းလုံး ဖွေးဖွေးဖြူနေတယ်။

တွံတေးသိန်းတန်ရဲ့ သူတို့လို၊ လက်ပံတန်း သန်းတင်ရဲ့ ဤဘုံသား၊ အချစ်သူ့ကြောင့် ရတယ် ဆိုတဲ့သီချင်းတွေအပြင် ကျနော်တို့ခေတ်က ပြည်သူ့အချစ်တော် အဆိုတော် တော်တော် များရဲ့ သီချင်းတွေကို ရေးစပ်သီကုံးခဲ့သူပေါ့ဗျာ။ ကျနော်က ဆရာ ပန်တျာချစ်လှိုင်နဲ့သူ့အိမ်မှာ တုန်း 'သူတို့လို' သီချင်းကို ဘယ်လိုမျိုး ရေးဖွဲ့ခဲ့ပါသလဲလို့ စပ်စုမိသေးတယ်ဗျ။

ဆရာကတော့ရယ်ကျဲကျဲနဲ့ အေးဗျ အဲဒီ သီချင်းစပ်တုန်းက အေးကို ငယ်ငယ်ပဲရှိသေးတယ်၊ ကောင် အေးကိုအီးအီးတွေ ပါနေတုန်း၊ တည်ထားတဲ့ ထမင်းအိုးကလည်း ဆူနေတုန်း ရေးလိုက်တာ တဲ့၊ တကယ်လားတော့ ဘယ်သိမလဲဗျာ။ သူကိုယ်တိုင် ပြောတာကတော့ အဲဒီအတိုင်းပဲဗျာ။

ကိုအေးကိုက ကျနော်တို့ထက် သုံးနှစ်လောက်ကြီးမယ်။ သူက ကျနော်တို့ရပ်ကွက်ထဲကို ယ်ဒလင်တလုံးနဲ့ ခဏခဏလာတယ်။ လာရတဲ့အကြောင်းက ကျနော့်တို့အတန်းထဲက အေးအေး ဟ်ဆိုတဲ့ ခပ်ချောချော ကျောင်းသူကို မယ်ဒလင်လေးနဲ့ လာလာကြူတာဗျ။ ကျုပ်ကလည်း င်နေတဲ့ကောင်ဆိုတော့ မယ်ဒလင်လေးနဲ့သာ ဆိုလိုက်ရရင် နိပ်ပြီဟဆိုပြီး သူနဲ့လိုက်လိုက်သွား ယ်။ အေးအေးယုမော်တို့အိမ်နားမှာဆို သူက ဆိုတီးပေါ့။ ကမာကလုံကန်နားမှာတော့ ကျနော်က ဆို၊ သူက အတီးသမား။ အေးအေးယုမော် အိမ်နားမှာတော့ ကျနော် ဆိုခွင့် မရှိဘူးလေ။ သိတယ် တ်လား၊ ခုတ်ရာတခြား ရှရာတခြား ဖြစ်ကုန်မှာစိုးတယ် ထင်ပါရဲ့။ အမှန်ပြောရရင် ကျနော့်စိတ်ထဲ က အေးအေးယုမော်ထက် မယ်ဒလင်ကို လွှတ်သဘောကျနေတာဗျ။

အမယ် နောက်ပိုင်းမှာ ကျနော့်ကို ရေဒီယိုကနေ မြပုလ္လဲမာတီးဝိုင်းနဲ့ အသံလွှင့်ဖို့တောင် ဖွဲ့ခဲ့သေးတယ်ဗျာ။ မရှက်တမ်းပြောရရင် ကျောင်းဆရာလခ နှစ်ရာ့ခြောက်ဆယ်မှာ သီချင်းရေးခ ပုဒ်တရာ့ငါးဆယ် မတတ်နိုင်လို့ မဆိုလိုက်ရဘူးဆိုပါတော့။ အေးဗျ၊ ဆရာကြီး ပန်တျာချစ်လှိုင်က တော့ ကျနော်ဆိုမယ်ဆိုရင် တပုဒ် တစ်ထောင်လောက်တန်တာကို တရာ့ငါးဆယ်နဲ့ကို ရေးပေးမယ်ဆို ပရိုမိုးရှင်းနဲ့ ဈေးလျှော့ပေးခဲ့သေးဗျာ။ ကျနော့်သူငယ်ချင်းအေးကို ကိုလည်း အထင်တော့

မသေးလိုက်နဲ့ဗျ။ အခု နှစ်တိုင်း နိုင်ငံတော်က ကျင်းပနေတဲ့ ဆိုကရေးတီး ပြိုင်ပွဲတွေမှာ ရွှေတံဆိပ်တွေ ချိတ်နေတဲ့ တက္ကသိုလ်အေးကိုဆိုတာ ကျနော့် ကိုအေးကိုကြီးပေါ့ဗျာ။

ချောက်တီးချောက်ချက် အရှုးလျှောက်ထခဲ့တာတွေကတော့ ပြောမကုန်ပါဘူးဗျာ။ တိုတိုပြောရရင် ကာရာအိုကေခေတ်မှာ အတွဲအများဆုံးကတော့ ရန်ကုန်တိုင်း ထောက်လှမ်းရေး ဂျိဝမ်း ဗိုလ်မှူးကြီး မျိုးလွင်ပဲဗျ။ သူက ဝါးခယ်မကိုရဲမောင်ရဲ့တူ။ တကယ့်ထိပ်တန်းဟိုတယ်တွေရဲ့ အကောင်းဆုံး မိုက်ကရိုဖုန်းနဲ့ စက်တွေရှိတဲ့ ကာရာအိုကေခန်းတွေမှာ သူနဲ့ ကျနော်က မိုက်ခဲစာရင်းဝင် တွေ။ မိုက်ကရိုဖုန်းကို ရတာနဲ့ လက်က မလွှတ်တမ်း ခဲခဲထားလို့ မိုက်ခဲလို့ခေါ်တာပေါ့ဗျာ။

ကျနော် ကြုံဖူးခဲ့သလောက် အနုပညာအသိုင်းအဝိုင်းမှာ မူးယစ်ဆေးဝါး သိပ်မကောင်းကြဘူး ဗျ။ အနည်းဆုံး အရက်တော့ သောက်ကြတာပါပဲ။ နာမည်ကျော် အဆိုတော် ခိုင်ထူးလည်း ဖင်ဆီဒိုင်း ချစ်သူပဲ။ ဒါကလည်း အဲဒီကာလက လူငယ်မှန်သမျှ ဖင်ဆီဒိုင်းသုံးတဲ့ ခေတ်ကြီးဖြစ်ခဲ့တာမို့ သိပ်တော့ မဆန်းလှပါဘူး။ ခိုင်ထူးနဲ့ကျနော် တော်တော်ကို ရင်းနှီးပါတယ်။ အသေးစိတ်တော့ နောင်ကြုံရင် ပြောဖြစ်ပါလိမ့်အုံးမယ်ဗျာ။ ကျနော်လည်း ဖင်ဆီဒိုင်းကို စွဲစွဲလန်းလန်း သုံးလေးနှစ်လောက် သုံးခဲ့ဖူး တယ်။ ဒီခံစားမှုကို ကျနော် သိပ်နှစ်ခြိုက်ခဲ့တာလည်း အမှန်ပါပဲ။ စင်ပေါ် တက်ခါနီးဆိုရင် ဖင်ဆီဒိုင်း တစ်လုံးနဲ့ ဘီအီးတစ်စိတ်လောက်ချလိုက်ရင် တကယ့်ကို ဆိုလို့ကောင်း ဟဲလို့ကောင်းဗျာ။ သီချင်းဆိုခါနီး ဖင်ဆီဒိုင်းနဲ့ အရက် နှစ်ပင်လိမ်တာ တယ်လဲ သီချင်းဆိုလို့ကောင်းတာကလား။ ဒီနည်းကို ကျနော် အဆိုတော် လွှမ်းမိုးဆီက ရတာဗျ။ သူက မဆိုခင် ဆေးခြောက်နဲ့အရက်တွဲပြီး နှစ်ပင်လိမ်တာ။ ကျနော်သိနေတယ်လေ။ ကျနော်တို့ကမာရွတ်ဘက်ကို သူ သီချင်းလာဆိုရင် ကျနော်ပဲ ဖန်တီးပေးခဲ့ရ တာလေ။ အားမကျပါနဲ့ဗျာ။ နောက်ပိုင်း ကျနော်ဆေးရုံတက်ပြီး အရက်ဖြတ်ရတဲ့အဆင့်ကို ရောက်တာဟာ အဲဒီ အပင်လိမ်တဲ့ ကိစ္စတွေကြောင့်ပဲဗျ။

တကယ်တော့ ကျနော့်ကို ဗီဒီယိုရိုက်မယ်ဆိုတာ ချောမောလှပလို့ မဟုတ်ဘူးဗျ။ ကျနော့်ပုံက ဂိုဏ်းစတားပုံ ပေါက်နေပုံရတယ်။ ဒီလိုပါ ကျနော်တို့တဖွဲ့လုံး အင်းစိန်ထောင်ကနေ လွတ်လာနိုင်အောင် ဘယ်လို ရုန်းကန်လှုပ်ရှားရတယ်ဆိုတာ အပြင်ရောက်မှ သိရတယ်ဗျာ။ ကျနော်လွတ်လာပုံကလည်း ခပ်ဆန်းဆန်းပဲ။

အဲဒီခေတ်က စစ်ခုံရုံးခေတ်ဆိုတော့ စစ်ခုံရုံးရောက်တဲ့ အမှုမှန်သမျှ ထောင်ဒဏ် အနည်းနဲ့ အများ ကျကြတာချည်းပဲလေ။ ဒါပေမယ့် ကျနော် အမှုဖြစ်တုံးက စစ်ဒေသမှူးက ဗိုလ်မှူးကြီး စိန်မှတ်ဗျ။ ဟုတ်ပါတယ်။ နောက်ပိုင်းမှာ မွေးမြူရေးနဲ့ရေလုပ်ငန်း ညွှန်ချုပ်ဘဝကနေပြုတ်သွားတဲ့သူပါ။ သူ ကျနော့်အမှုကို စိတ်ဝင်စားလို့ နည်းနည်းပါးပါး တီးခေါက်လိုက်တော့ စခန်းမှူးမျိုးညွှန့်နဲ့ကျနော် ငြိခဲ့တာတွေကို သတင်းအစအနရသွားတာနဲ့ မျိုးညွှန့်ကို စစ်ဒေသရုံးခေါ်ပြီး မင်းနဲ့သက်ဆိုင် ပုဂ္ဂိုလ်ရေး ပြဿနာရှိတယ်ကြားတယ်။ ဒါကို ဒီအမှုမှာ မဆိုင်ပဲဆွဲမထည့်ပါဘူးဆိုတာ သေချာအောင် တာဝန်ခံ ခိုင်းနေတာမို့ အမှုက စစ်ခုံရုံးမှာ ချက်ချင်းအမိန့်မချဖြစ်ပဲ ခဏတန့်နေတယ် ဆိုပါစို့။

ဒါနဲ့ ကျနော့်မိတ်ဆွေ လှိုင်မြို့နယ်မှူးဟောင်း ဦးမြင့်အုန်းကတဆင့် ရန်ကုန်တိုင်းစစ်ခုံရုံး အတွင်းရေးမှူး တာဝန်ယူထားတဲ့ ရဲမှူးကြီး ဦးအုန်းမြင့်ဆီကို ဝင်ဖို့ဖြစ်လာတယ်။ ကျနော့်ဇနီးနဲ့သမီး ရဲမှူးကြီး ဦးအုန်းမြင့် အိမ်ရောက်တော့ တိုက်တိုက်ဆိုင်ဆိုင် သူ့သမီးအငယ်လေးနဲ့ ကျနော့်သမီးက မရမ်းကုန်းဒေါ်ယဉ်ဝိုင်းရဲ့မူကြိုမှာ ကျောင်းနေဘက် တခုံတည်းထိုင်တာ ဖြစ်နေသဗျာ။ အတိုချုပ်ရရင် ဗိုလ်မှူးကြီး စိန်မှတ်နဲ့ ရဲမှူးကြီး ဦးအုန်းမြင့်တို့ ကောင်းမှုကြောင့် ချက်ချင်းလွတ်လာတယ် ဆိုပါတော့။ တကယ့်ကို သူတို့ ကောင်းမှုလို့ ဆိုရမယ်ဗျ။ လက်မတင်လေး လွတ်လာတာပါပဲ။

အမှန်တော့ ကျနော်တို့အဖွဲ့ကို လွှတ်မိန့်ကနောက်မှထွက်ပြီး လွှတ်ဝရမ်းက ထောင်ကိုအရင် ောက်လာတာ။ ကျနော်တို့အမှုကို ထောင်ဆယ်နှစ်စီချထားတဲ့အမိန့်က ကျနော်တို့ထောင်ကလွတ်ပြီး ့ရက်ကြာတော့ ရောက်လာတယ်တဲ့ဗျား။ အော် လောကကြီးက ထူးဆန်းတယ်ဗျ။ ကျနော်ထောင်က ွက်လာပြီး ခြောက်လလောက်ကြာတော့ စခန်းမှူးမျိုးညွန့် လာဘ်စားမှုနဲ့ဖြုတ်ပြီး ထင်းရှူးမြိုင် ဖျော်ခန်းမှာ အလုပ်လုပ်ရင်း ထောင်ထဲ ပြန်ရောက်သွားသတဲ့ဗျာ။

ဒီလိုနဲ့နောက်ပိုင်းမှာ ရဲမှူးကြီး ဦးအုန်းမြင့်နဲ့ကျနော် အတော်ခင်သွားကြတယ်။ တနေ့တော့ ှသမီးလေး မွေးနေ့ကို ကျနော်တို့မိသားစုကို ဖိတ်တယ်။ သူက ကျနော့်ကို ဧည့်ခံစားပွဲမှာ နေရာချပေး ်း ကျနော့်တကိုယ်လုံးကို သေချာကြည့်ပြီး ကိုသက်ခိုင် ခင်ဗျား မင်းသား လုပ်ပါလားတဲ့ ကျနော် ည်း ရဲမှူးကြီးရဲ့ အရင်းမရှိအဖျားမရှိစကားကြောင့် နည်းနည်းတော့အူကြောင်ကြောင် နိုင်သွား ယ်ဗျ။ ဇာတ်လမ်းက ဒီလိုပါဗျာ။

ရှစ်ဆယ့်ရှစ်အရေးအခင်း မဖြစ်ခင်ကလေးမှာပဲ ရန်ကုန် မြို့လည်ခေါင် ရွှေဘုံသာလမ်းမှာ ိန်ကုန်သည်တစ်ယောက်ကို ဆိုင်လင်ဇာတပ်ထားတဲ့ သေနတ်နဲ့ ပစ်သတ်ပြီး ပစ္စည်းလုယူသွားတဲ့ မှုတခု ဖြစ်ခဲ့တယ်ဗျ။ ပစ်သွားတဲ့ တရားခံနာမည်က ရှမ်းအမျိုးသား အိုက်ပေါင်းတဲ့။ သူက တကယ့် ကြေးစားလူသတ်သမား၊ အလောင်းအစားဝါသနာထုံတယ်။ နယ်စပ်မှာ ကုန်သည်အချင်းချင်း ရန်ငြိုး ကြောင့် လူသတ်ပေးဖို့ တာဝန်ယူရာကနေ သူ့လက်ထဲကို အသံတိတ်ကိရိယာတပ်ထားတဲ့သေနတ် ောက်လာတာ။ တာဝန်အရ လူသတ်ပေးပြီးနောက် သူကငွေလိုတိုင်း မန္တလေးလို မြို့ကြီးတွေမှာ ကိုယ်တော်ကြပြီး ငွေရှာနေတဲ့လူ။ တစတစ နယ်ကျယ်လာပြီး ရန်ကုန်ကို ရောက်လာတာ။

ရွှေဘုံသာမှာ လူသတ်မိတဲ့နေ့က သူက စိန်ကုန်သည်နောက်ကနေ လိုက်လာတယ်။ စိန်ကုန် ည်က အဆောက်အဦတစ်ခုရဲ့ အပေါ်ထပ်ကို လှေကားကနေ တက်သွားတော့ သူက နောက်ကနေ ိန်ကုန်သည်ရဲ့နောက်စေ့ကို သေနတ်နဲ့လှမ်းပစ်တယ်။

ဖြစ်ချင်တော့ အပစ်ခံရတဲ့ စိန်ကုန်သည်ရဲ့ ခန္ဓာကိုယ်ကြီး သူ့အပေါ် တည့်တည့် ပြုတ်ကျလာ ယ်။ ဒီမှာတင် သေနတ်က လက်ကလွတ်ထွက်သွားပြီး အလောင်းအောက်မှာ ညပ်ကျန်ခဲ့တာတဲ့။ သနတ်ကို မရရအောင် ဆွဲထုတ်နေတုန်း လူတွေ ရောက်လာလို့ ကိုယ်လွတ်ရုန်းပြေးရတော့ သနတ်ကကျန်ခဲ့ပြီး ရန်ကုန်တမြို့လုံး ဟိုးဟိုးကျော်တဲ့ ဆိုင်လင်ဇာနဲ့လူသတ်မှုဖြစ်လာတယ်။

ဒီအမှုက စီအိုင်ဒီကကိုင်တယ်။ တရားခံအိုက်ပေါင်းကို တောင်ကြီးမှာ မိတယ်။ နောက် ရားစွဲဖို့လုပ်နေတုန်း အရေးအခင်းဖြစ်လာတော့ အိုက်ပေါင်းလည်း ထောင်ပေါက်တာနဲ့ကြုံပြီး ွတ်သွားတယ်။ အဲဒါကို ရဲမှူးဦးအုန်းမြင့်က ပေါ်လစီဗီဒီယိုကား ရိုက်ဖို့ ပြင်တာပေါ့ဗျာ။

ဦးအုန်းမြင့် အပြောအရတော့ လူသတ်သမားရဲ့ကိုယ်လုံးကိုယ်ထည်၊ အရပ်အမောင်းဟာ ျနော်နဲ့ တပုံစံတည်းဆိုပဲ။ ဒါနဲ့ ကျနော့်ကို အဲဒီကားမှာ သရုပ်ဆောင်ပေးဖို့ ကမ်းလှမ်းတယ်။ ယ် မင်းသမီးက တင့်တင့်ထွန်း ဆိုပဲ။ ကျနော်ကလည်း ပိုးလေးရှိနေတော့ အခွင့်အရေးလေးရတုန်း ်ကြလိုက်ဦးမှဆိုပြီး ခေါင်းညိမ့်မယ် ရှိသေးဗျာ၊ ဇနီးသည်က ဘယ်ကဘယ်လို ကြားသွားတယ် ိပါဘူး။ ရဲမှူး ဦးအုန်းမြင့်ဆီသွားပြီး အမယ်လေး ဆရာ့ညီက အခုတောင် တားမရဆီးမရ ထင်တိုင်း ြဲနေတာ၊ အဲဒီပိုးဝင်ပြီး ထင်ရာလျှောက်လုပ်မှဖြင့် ဆရာရယ်ဆိုပြီး ငွတ်ဝင်တားတာနဲ့ ပျက်ကရော ှိပါတော့။ နောက်ပိုင်းတော့ အဲဒီ ဆိုင်လင်ဇာနဲ့သေနတ်သမား ဇာတ်လမ်းကို ရန်အောင်နဲ့ မင်းဦးတွဲပြီး ိတ်ဆိတ်သော်လည်း ကြားနိုင်သည်ဆိုတဲ့ခေါင်းစဉ်နဲ့ ဗီဒီယိုခွေ ထွက်လာပါသဗျာ။ အထိုက် လျောက် အောင်မြင်ခဲ့တဲ့ကားပါပဲ။

ပညတ်သွားရာ ဓာတ်သက်ပါ ဆိုရမလားပဲဗျာ။ ရှမ်းပြည်ဖက်က လက်မရှိ လူသတ်သမားရဲ့ ဓာတ်ရုပ်နေရာမှာ သရုပ်မဆောင်လိုက်ရပေမဲ့ နောက်နှစ်နှစ်လောက်ကြာတော့ ကျနော် ရှမ်းပြည် လားရှိုးဘက်ကိုရောက်ပြီး ဘိန်းအရောင်းအဝယ်နဲ့ နာမည်ကြီးနေတဲ့ ဝ လက်နက်ကိုင် (UWSA) တွေကြားကို ရောက်ခဲ့သေးဗျာ။ တကယ့်ကို ထဲထဲဝင်ဝင် ပတ်သက်ခဲ့ပါသေးတယ်။ ရုပ်ရှင်ရိုက်ဖို့တော့ မဟုတ်ပါဘူးဗျာ။ ဘာအတွက်လဲ၊ ဟုတ်လား။ မသောပါနဲ့ဗျ။

ဇာတ်လမ်းအရှုပ်တွေက အခုမှ အစပဲရှိပါသေးတယ်။ ဒါကြောင့်လည်း လူ့ဘဝဆိုတာကို ဇာတ်ခုံကြီးနဲ့တူတယ်လို့ တင်စားကြတာ ထင်ပါရဲ့ဗျာ။

■

## အခန်း (၆၄)

# မိုးကိုဒူးနှင့်တိုက်ချင်သူ

ကျနော်တို့ စခန်းခွဲမှာ ကျယ်ပြောလှသော ရေနက်ကွင်းကြီးတခု၏ ဧရိယာအတွင်းတွင် တည်ရှိသည်။ စခန်းဘေးကပ်လျက် တူးမြောင်းမှာ အမှတ် (၁၆) မြောင်း ဖြစ်၏။ (၁၆) မြောင်းအတိုင်း တစ်နာရီကျော် လှေခရီးတွင် ပင်မစခန်းရှိသည်။ ပင်မစခန်းမှာ ကတ္တရာလမ်းမကြီးဘေးတွင်ရှိ၍ ထိုလမ်း တဘက်ခြမ်းတွင် မူလတန်းကျောင်းငယ် ရှိပြန်ပါသည်။

အမည်ကား ဘဝသစ် မူလတန်းကျောင်းဟူ၏။ အဆိုပါ မူလတန်းကျောင်းတွင် ဘဝသစ် အကျဉ်းစခန်းမှ ဝန်ထမ်းမိသားစုများ၏ ကလေးငယ်အများစုနှင့် ဝန်းကျင်ရွာများမှ ကလေးငယ် နှစ်ရာခန့် ပညာသင်ကြားလျက်ရှိနေသည်။

အဆိုပါ ကျောင်းတွင် ဆရာအခက်အခဲကြောင့် ထောင်ပိုင်ကြီး၏ တာဝန်ပေးချက်အရ ကိုသက်ခိုင် အကျဉ်းသားကျောင်းဆရာ ဖြစ်နေပြန်ပါသည်။ ထို့ကြောင့် ကိုသက်ခိုင် စခန်းခွဲမှ တလ ကျော်ခန့် ကင်းကွာနေခဲ့သည်။ တစ်ခုသောနံနက်တွင် ကိုသက်ခိုင်သည် လှေလမ်းမှ မဟုတ်ပဲ နွေအခါ လယ်ကွင်းများကို ဖြတ်သန်းသွားလာရသော ဖုန်တသောသော ထနေသည့် မြေလမ်းဆီမှ ရုတ်တရက် စခန်းခွဲရှိရာသို့ ပေါက်ချလာပြန်ပါသည်။ ကျနော်က သူ့ကိုတွေ့လျှင်တွေ့ချင်း ဝမ်းသာအားရနှုတ်ဆက် လိုက်မိသည်။

'မင်္ဂလာပါ ဆရာကြီး'

'ဟာ မင်္ဂလာပါ ကိုမင်းဒင်။ ကျနော် ကျောင်းဆရာအလုပ်က အနားယူလိုက်ပြန်ပြီဗျ။ အခု မြို့ပေါ်က ကျောင်းသားစာရေးခုံတွေလုပ်ဖို့ လိုအပ်တဲ့သစ်စာရင်းတွေ၊ သစ်စက်မှာအော်ဒါပေးပြီး စခန်းခွဲကို အပြီးပြန်လာတာ။ နောက်နှစ်ရက်လောက်နေရင်တော့ သစ်ခွဲသားတွေရရင် လက်သမား အဖွဲ့နဲ့ တိုင်ပင်ရအောင် ပင်မစခန်းကို ပြန်သွားရအုံးမယ်။ ဒါပေမယ့် ခဏပါဗျာ'

'ဟ ဘယ်လိုဖြစ်တာလဲဗျ။ ဆရာအလုပ်က ပြုတ်လာတာလား၊ ကျောင်းပိတ်ချိန်လည်း မဟုတ်ပဲနဲ့'

'မဟုတ်ဘူးဗျ။ ပင်မစခန်းမှာလည်း ကျနော့်လို ကျောင်းဆရာအတွေ့အကြုံရှိတဲ့ ဘွဲ့ရ အကျဉ်းသားတယောက် ရှိနေတယ်။ သူက လိုင်းဝင်တဲ့ကိစ္စတွေ ဘာတွေ ငွေကြေးမတတ်နိုင်ရှာလို့ ရိုးရိုးအကျဉ်းသားတွေနဲ့အတူ ဘုတ်ထဲရောဆင်းနေရတာ။ တစ်နေ့ သူ ဘုတ်ကပြန်အတက် ကျနော့်ကို အသည်းအသန်လာတွေ့ပြီး သူလည်း စာပြပေးနိုင်ပါတယ်၊ ကျောင်းဆရာ ထပ်လိုရင်ပြောပါဆိုလို့ ထောင်ပိုင်ကြီးနဲ့ တိုင်ပင်ပြီး သူ့ကို ကျနော့်နေရာ အစားထိုးလိုက်တယ်'

'ဒါဆို ခင်ဗျားက စာသင်ကျောင်းနဲ့ မဆိုင်တော့ဘူးလား'

'ဆိုင်သေးတယ်ဗျ။ စာသင်ကျောင်းတစ်ခု ပြည့်စုံအောင်မြင်ဖို့ဆိုတာ ဆရာတွေချည်း ရှိနေရုံနဲ့ မပြီးသေးဘူးဗျာ။ စာရေးခုံလို ကျောင်းသုံးပရိဘောဂတွေကအစ သင်ကြားမှု အထောက်အကူပြု ရုပ်ပုံကားချပ်တွေအဆုံး အများကြီးလိုသေးတယ်လေ၊ အခု အဲဒီကျောင်းက စာရေးခုံတွေ၊ သင်ထောက်ကူပစ္စည်းတွေအတွက် ကျနော့် တာဝန်ဖြစ်လာတယ်၊ နောက်ထပ်လိုနေတဲ့ စာရေးခုံတွေ၊ ကျောင်းနံရံမှာ ချိတ်မယ့်ကားချပ်တွေ၊ ကျောင်းဆိုင်းဘုတ် အသစ်ရေးဖို့ ကိစ္စတွေအတွက် မြို့ထဲနဲ့ သစ်စက်မှာ ချာလပတ်ရမ်းနေတာ တပတ်လောက်ရှိနေပြီဗျာ၊ သစ်သားက သစ်မာရဖို့အရေးကြီးတယ် ဗျ။ ထုသစ်နဲ့ ခွဲသားကလည်း ဈေးကွာတယ်။ ခွဲသားတွေက အကာသားတွေ ဖြစ်နေပြန်ရင်လည်း သိပ်မနိပ်ပြန်ဘူး'

'အော် ခင်ဗျားက ဂျိတ်ဒိုင်ဆင်း ဆိုတော့ သစ်နဲ့ပတ်သက်ပြီး အထိုက်အလျောက် နားလည် မှာပေါ့'

'မဟုတ်ဘူးဗျ။ ကျနော် ကျောင်းဆင်းခဲ့လို့ သစ်အကြောင်း နားလည်ခဲ့တာ မဟုတ်ဘူး၊ ကျနော်ကိုယ်တိုင် သဲကုန်သည်ဘဝမှာ ကျင်လည်ခဲ့ဘူးသေးတယ်'

'ခင်ဗျားကတော့ လုပ်ပြန်ပြီ ဘဝတမျိုး၊ ခင်ဗျား ဇာတ်ထုပ်တွေက မကုန်နိုင်တော့ဘူးလား ဗျာ'

'ဟုတ်တယ်ဗျာ၊ ကျနော့်ဘဝဟာ တကယ့်ကို ရှုပ်ထွေးပွေလီခဲ့ပါတယ်။ အောင်မြင်မှု ဆိုတာကို ကျနော် အရူးအမူး တောင့်တခဲ့တယ်။ အောင်မြင်မှုသာရပါစေ၊ ဘယ်အရာကိုမဆို ရင်ဆိုင်ဖို့ လည်း အဆင်သင့် ဖြစ်နေခဲ့တယ်။ မိုက်မိုက်ကန်းကန်းတွေလည်း လုပ်ခဲ့တယ်။ ဘာကြောင့် ဒီလိုစိတ်မျိုးတွေ ဖြစ်လာခဲ့ရသလဲ၊ ဘာတွေလုပ်ခဲ့သလဲ၊ ပြည့်ပြည့်စုံစုံကို ကျနော်ပြန်ပြောပြချင်ပါတယ်။ လာဗျာ ဇာတ်လမ်းက နည်းနည်းရှည်နိုင်တယ်၊ တဲပေါ် သွားကြရအောင်'

ပြောပြောဆိုဆို ကိုသက်ခိုင်က သူ့တဲဆီသို့ လျှောက်သွားနေပါသည်။ ကျနော်က သူ့နောက်ဘက်မှ သူ့ကျောပြင်ကိုကြည့်ကာ လိုက်ပါလာခဲ့သည်။ သူ့တဲအတွင်း သူဆက်ခင်းသော သူ့ဇာတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျနော့် ကလေးဘဝတလျှောက်လုံးလိုလို သူတပါး အနိုင်ကျင့်တာ ခံခဲ့ရတယ်။ အနှိမ်ခံခဲ့ရ တယ်၊ အထိုးအကြိတ် ခံခဲ့ရတယ်။ လေးတန်းကျောင်းသားလောက်အရွယ်မှာ ဘာမဟုတ်တဲ့ ကိစ္စလေး အတွက် လူတွေမျက်နှာကို မကြည့်ရဲလောက်အောင် အရှက်သည်းခဲ့ရတယ်။ ကျနော် သေသေချာချာ ခံစားခဲ့ရတာက ရည်းစားစာပေးမိသလို ဖြစ်ခဲ့တဲ့ ခင်အေးသန်းတို့အိမ်ရှေ့ကို ဖြတ်တိုင်း ရှက်တဲ့စိတ် နာကြည်းတဲ့စိတ်ဟာ အနှစ်နှစ်ဆယ်ကျော်ခဲ့တယ်။ ဒီနာကြည်းချက်တွေဟာ လောကကြီးကို စိန်ခေါ်ပြီး ငါတစ်နေ့ သူတို့ကို ကောင်းကောင်းကြီး အနိုင်ယူပြလိုက်မယ်ဟေ့ဆိုတဲ့စိတ်တွေ မွေးဖွားလာဖို့အတွက် မီးစတွေပဲ ထင်ပါရဲ့ဗျာ။

ကျနော့် စိတ်အခြေအနေတစ်ခုကို သိသာအောင် ဆယ်တန်းကျောင်းသားအရွယ်က ကျနော့် ဘဝခံယူချက်နဲ့ပတ်သက်တဲ့ အယူအဆတစ်ခုကို ပြောပြရအုံးမယ်။ တစ်ခုသော ညနေမှာ

ကျနော်တို့ ငယ်သူငယ်ချင်းလေးယောက် ကမာရွတ်ဘူတာရုံနား ဈေးလေးဘေးနဲ့ ကပ်လျက် လှိုင်ရတနာ လက်ဖက်ရည်ဆိုင်မှာ ထိုင်မိကြတုန်းကပေါ့။

ငယ်သူငယ်ချင်းတွေဆိုတာ ချစ်စိန်၊ အေးလွင်၊ တင်လှဆိုတဲ့ ကျောင်းနေဘက်တွေဗျ။ ချစ်စိန်အဖေက ကုန်သွယ်ရေးမှာလုပ်တယ်။ သူ့အမေက ရပ်ကွက်ထဲမှာ ရွှေပေါင်ခံတာလေးဘာလေး လုပ်တော့ အထိုက်အလျောက်ချောင်လည်တယ် ဆိုပါတော့။ အေးလွင်အဖေ ဦးခင်မောင်မြက ရပ်ကွက်လူကြီးဗျ။ အသက်မွေးဝမ်းကျောင်း ဘာလုပ်တယ်ဆိုတာ ကျနော်သေချာမသိဘူး။ တင်လှ အဖေ ဦးတင်ရီက သမဝါယမလူကြီး။ ချစ်စိန်တို့အိမ်က ချောင်လည်ပေမယ့် ကျောင်းပိတ်ရက်တွေဆို ချစ်စိန်က ရပ်ကွက်ထဲမှာ နို့အေးချောင်းပုံးတစ်လုံးနဲ့ ဂလိုင်လေးတစ်လုံးခေါက်ပြီး သုံးဖို့စွဲဖို့လေးရအောင် ဖန်တီးတယ်။ သေချာတာက အဲဒီလို အလုပ်မျိုးကို လူအထင်သေးစရာလို့ ကျနော်မြင်တယ်။

ကျနော်က ကြီးကြီးကျယ်ကျယ်နဲ့ လူခန့်ညားတဲ့အလုပ်မျိုးကို မျှော်မှန်းနေခဲ့တာ။ အေးလွင်ကတော့ ငယ်ငယ်ကတည်းက အလောင်းအစား ဝါသနာကြီးတယ်။ သီရိလမ်းထိပ်က ကွဲခေါင်းသီးတွေစိုက်တဲ့ကန်ဘေးမှာ ဖဲရိုက်နေတုန်း သူ့အဖေ ဦးခင်မောင်မြ နောက်ကရောက်လာပြီး သူ့ဂုတ်ကိုဆွဲတာ ဖဲဝိုင်းမှာ အာရုံများနေတော့ အသာနေစမ်းပါကွာဆိုပြီး သူ့အဖေလက်ကို ထိုင်လျက် နောက်ပြန်ပုတ်ထုတ်လိုက်လို့ သူ့အဖေက ရေကန်ထဲကန်ချလိုက်တာမျိုးတောင် ဖြစ်တဲ့အထိ။ တင်လှကတော့ မလုပ်မရှုပ်မပြုတ်ထဲကပဲ။

မှတ်မှတ်ရရ အဲဒီနေ့က ကျနော်တို့ လက်ဘက်ရည်ဆိုင်ထိုင်ရင်း ပြောဖြစ်တာက လောကကြီး အကြောင်းပဲဗျာ။ ထူးဆန်းတာက သူတို့သုံးယောက်စလုံးဟာ လူ့ဘဝ၊ လူ့လောကကြီး ဘယ်လောက် ညစ်ညူးတို့ကောင်းတဲ့အကြောင်း၊ ပြဿနာများတဲ့အကြောင်း၊ ဘဝကိုရှေ့ဆက်ဖို့ဆိုတာခက်ခဲတဲ့ အကြောင်း စိတ်ပျက်လက်ပျက် ညည်းညူလိုက်ကြတာ စုံလို့ပါပဲဗျာ။

ကျနော် သူတို့ပြောတာကို အကြာကြီး ငြိမ်ပြီး နားထောင်နေရာက ကျနော့်အလှည့်လည်း ရောက်ရော ငါကတော့ လူ့ဘဝကို မင်းတို့ပြောသလို မခံစားမိဘူးကွ။ လူ့ဘဝဆိုတာ ရခဲသတဲ့။ အခုဘဝသာ လူလာဖြစ်တာ နောက်ဘယ်လောက်ကြာမှ လူ့ဘဝပြန်ရမယ်ဆိုတာလည်း မှန်းဆလို့မရဘူး။ ဒီတော့ လူ့ဘဝရောက်ခိုက် လောကကြီးကို စိန်ခေါ်လိုက်တာ အကောင်းဆုံးပဲ။ ဖြစ်လာသမျှ ဒုက္ခမျိုးစုံကို ရင်ဆိုင်မယ်၊ ကျော်ဖြတ်မယ်၊ အောင်မြင်မှု မျိုးစုံရအောင် ကြိုးစားမယ်၊ ဘဝကို ပျော်ပျော်ကြီးရင်ဆိုင်မယ်။ ကုန်ကုန်ပြောမယ်ကွာ၊ ငါနားမလည်တဲ့နိဗ္ဗာန်ဆိုတာလည်း ငါမရောက်ချင်ဘူး။ တကယ်လို့ဖြစ်ခွင့်ရမယ်ဆိုရင် လူ့ဘဝတွေချည်း အဖန်ဖန်တလဲလဲ ပြန်ရချင်တယ်။ လူ့ဘဝကို ခဏခဏကို ပြန်ရောက်ချင်တယ်။ ကြိုးစားရုန်းကန်လိုက်၊ အောင်မြင်မှုရအောင် လုပ်လိုက်၊ အဲဒီကနေ သေသွားလိုက်၊ နောက်တခါ လူပြန်ဖြစ်လိုက်၊ ထပ်ပြီး ကြိုးစားရုန်းကန်လိုက်၊ ထိပ်ဆုံးရောက်အောင် မျှော်မှန်းပြီး လုပ်စရာတွေ လုပ်လိုက်၊ နောက်ပြန်သေသွားလိုက် အဲဒီလို ဘဝမျိုးကိုပဲ ငါကြိုက်တယ်၊ ငါမြတ်နိုးတယ်လို့လည်း စွတ်ပြောချလိုက်ရော သူတို့အားလုံးက ကျနော့်ကို မြူးကြောင်ကြောင်မျက်လုံး / တွေနဲ့ အရူးတစ်ယောက်ကိုကြည့်သလို ပြန်ကြည့်ကြတာ အခုထက်ထိ ကျနော့်မျက်လုံးထဲက မထွက် သေးပါဘူးဗျာ။

အေးပေါ့ဗျာ၊ ခင်ဗျားအနေနဲ့ ကလေးဘဝကပြောခဲ့တာများ ရေးကြီးခွင်ကျယ်လုပ်လို့ ဆိုတာမျိုး တွေးမိပေမပေါ့။ ကျနော့်အနေနဲ့ကတော့ အခုလို ငရဲခန်းရောက်နေချိန်မှာ ဖြတ်သန်းခဲ့တဲ့ ဘဝတွေကို ရုပ်ရှင်အနှေးပြကွက်တွေလို ပြန်ရစ်ကြည့်နေမိတာဆိုတော့ ကျနော့်ဘဝခြေလှမ်းတွေ တလှမ်းချင်းပြန်မြင်နေရသလိုပါပဲဗျာ။ တလှမ်းတည်းလည်းမဟုတ်၊ တခရီးတည်းလည်း မဟုတ်ခဲ့ပါဘူး။

ပြန်ပြင်ဖို့ဆိုတာလည်း မဖြစ်နိုင်တော့ပါဘူး။ ကျနော်ဟာ အရှုံးအမှုးကို အောင်မြင်ကြီးပွားချင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဘဝမျိုးစုံကို ဖြတ်သန်းခဲ့ပါတယ်။ -

မူလတန်းပြဆရာလုပ်သက်သုံးနှစ်၊ အလယ်တန်းပြဆရာလုပ်သက်ငါးနှစ်၊ စုစုပေါင်း ပညာရေးလုပ်သက် ရှစ်နှစ်မှာ ကျနော် ကျောင်းဆရာအလုပ်က ထွက်လိုက်တယ်။ မှတ်မှတ်ရရပြောရရင် ၁၉၈၆ ခုနှစ်ပေါ့။ ကျနော့် မြို့နယ်ပညာရေးမှူးရဲ့မှတ်ချက်ကို ကျနော်သတိရမိသေးတယ်။ သက်ခိုင် ပညာရေးဌာနဟာ မင်းပျော်မွေ့ရမယ့် နေရာဌာနမဟုတ်ဘူး။ မင်းနဲ့သင့်တော်မယ့် ဘဝတခုကို ရွေးချယ်ပါ တော့တဲ့။ တကယ်ကို မှတ်သားထိုက်တဲ့ စကားပါပဲ။

ကျနော်နဲ့သင့်တော်မယ့်ဘဝကို ကျနော် မနေမနား လိုက်လံရှာဖွေ ရွေးချယ်ခဲ့ရပြန်ပါတယ်။

အလုပ်ကထွက်လိုက်တော့ ချက်ချင်း အလုပ်အသစ်တစ်ခု ဘယ်ရနိုင်မလဲဗျာ။ အလုပ်မရှိပဲ ယောက္ခမအိမ်မှာ ထိုင်နေလို့ မဖြစ်တာကြောင့် မနက်လင်းတာနဲ့ ဇနီးသည်ကို ထမင်းချိုင့်ထည့်ခိုင်းပြီး တနေကုန် အလုပ်ရှာတယ်။ တချို့နေ့တွေဆို ရွှေတိဂုံဘုရားမှာ တနေ့လုံး သွားထိုင်နေရတဲ့ ရက်တွေ လည်းရှိရဲ့။

ဘယ်ကလာ ဘုရားမှာ အခိဋ္ဌာန်ရမှာလည်းဗျာ။ ကျနော်နဲ့ ဥပဒေစာပေးစာယူ အတူတက်ခဲ့တဲ့ မျိုးဝင်းညွန့်ဆိုတဲ့မောင်က ဘုရားမှာ ဘုရားရဲ့ တပ်ကြပ်ကြီးလုပ်နေလို့ သူ့ဆီ သွားသွားထိုင်ပြီး အချိန်ဖြုန်းနေခဲ့တာပါဗျာ။ သူကလည်း တကောင်ကြွက် တကိုယ်တည်းသမားဆိုတော့ အံကိုက်ပဲ။

ဒါနဲ့ တလလောက်နေတော့ ကျနော့် ဂျီတီအိုင်က ဆရာ၊ ဆရာဦးထွန်းခင် အဆက်အသွယ်နဲ့ စက်မှု (၁) ပြင်ထိန်းမှာ အလုပ်ရရောဆိုပါတော့။ ကျနော်တာဝန်ကျတဲ့နေရာက သာယာဝတီ ပန်းကန်စက်တဲ့။ ဒါနဲ့ပဲ မက္ခရာနယ်မြေက သက်ခိုင်ဟာ တောင်သူလယ်သမား သူပုန်နယ်မြေ သာယာဝတီကို ရောက်ခဲ့ရာ ဆိုပါတော့ဗျာ။

ကျနော့်ရာထူးလား၊ ဘာရာထူးမှ မဟုတ်ဘူးဗျ။ လုပ်ငန်းတာဝန်ခံအနေနဲ့ ယာယီအစမ်းခန့်ထားတာ။ တာဝန်က ပန်းကန်စက်က အရာရှိတွေအတွက် ဝန်ထမ်းအိမ်ရာတချို့ ဆောက်ပေးဖို့။ အမှန်က သာယာဝတီပန်းကန်စက်သာ ဆိုတယ်၊ သာယာဝတီမှာရှိတာ မဟုတ်ဘူးဗျ။ ပန်းကန်စက်က အင်းရွာမှာရှိတာ။ အင်းရွာက လက်ပံတန်းနဲ့ သာယာဝတီကြားမှာရှိတာ။ အင်းရွာနဲ့ သာယာဝတီက ခြောက်မိုင် ခုနှစ်မိုင်လောက်တော့ ဝေးမယ်ထင်ပါရဲ့။

ပြောရရင် ရယ်စရာတော့အကောင်းသားဗျာ။ ကျနော်က ဂျီတီအိုင်ကသာပြီးခဲ့တာ၊ အဆောက်အဦနဲ့ပတ်သက်လို့ ဘာတစ်ခုမှ အတွေ့အကြုံမရှိလေတော့ အစစအရာရာ လက်သမားခေါင်းဆောင် အားကိုးပဲ။ အရာရှိနေအိမ် စဆောက်လို့ အုတ်မြစ်လုပ်ငန်းအတွက် မြေတူးတာကို တွေ့တော့ ကျနော့်စိတ်ထဲမှာ ဘယ်နှယ့် အဆောက်အဦက အပေါ်တက်ရမှာ မြေကြီးထဲ ဘာ့ကြောင့် ပြန်ဝင်နေရတာလဲလို့ တွေးမိတဲ့အထိကို ကျွမ်းကျင်တာကလား။

လက်သမားခေါင်းဆောင်က ကျနော့်ဦးလေး ဦးကျော်နိုင်နဲ့ ရဟန်းအတူဝတ်ပြီး မရှေးမနှောင်း လူထွက်ခဲ့တဲ့ ကျနော်တို့တရွာတည်းသား ဦးသောင်းရွှေတဲ့ဗျ။ တင်ဝင်းဆိုတဲ့ ကျနော့် တပည့်ကျော်တစ်ယောက်လည်း စတိုစာရေးအနေနဲ့ ပါလာတယ်။

ရန်ကုန်ပြည်လမ်းကနေ အင်းရွာဘူတာဘက်ကိုချိုးတဲ့ လမ်းချိုးတစ်ခုရှိတယ်။ စချိုးတဲ့နေရာမှာ မဆလခေါင်းဆောင်ကြီး ဦးနေဝင်း သူ့ဇာတိပေါက်ခေါင်းကို နှစ်စဉ်ပြန်နေကျမို့ လမ်းခရီးတဝက်မှာ နားနေဖို့အတွက် ဆောက်ထားတဲ့ ညှိရိပ်သာကြီးတစ်လုံးရှိတယ်။ ကျနော် ရောက်တော့ အဲဒီညှိရိပ်သာကြီးက အပြီးမသတ်ရသေးဘူး။ ဒါကို အပြီးသတ်ဖို့လည်း ကျနော် တာဝန်ကျတယ် ဆိုပါတော့။ ကျနော့်စိတ်ထင် ဦးနေဝင်းဟာ အဲဒီ ညှိရိပ်သာမှာ တခါမှ တည်းမသွားရရှာဘူး

ထင်ပါရဲ့။ အေးလေ ၁၉၈၈ ခုနှစ်မှာ တတိုင်းပြည်လုံး အရေးအခင်းကြီးဖြစ်ပြီး သူ ပြုတ်သွားတာ မဟုတ်လားဗျာ။

ညည့်ရိပ်သာဘေးမှာ ကပ်လျက်က ပန်းကန်စက်ပဲဗျ။ ကျနော်တို့ခေတ်က အထိုက်အလျောက် ပြည်တွင်းမှာ ဈေးကွက်ဝင်ခဲ့တဲ့ ပန်းကန်လုံး၊ ပန်းကန်ပြားတွေ အဲဒီစက်ရုံက ထုတ်တာပေါ့။ စက်ရုံမှူးကတော့ ဦးမြင့်သောင်းတဲ့။ ကြည့်ရတာ တရုတ်ကပြားထင်တယ်။ အစပိုင်းတော့ကျနော်နဲ့ သိပ်အဆင်မပြေလှပေမယ့် နောက်ပိုင်း အဝင်အထွက်ကလေးနဲ့ဆိုတော့ ပြေလည်သွားတယ်။ ဒီလိုပဲ အဆင်ပြေအောင် အပေးအယူကိစ္စတွေ ပါလာတယ်ဗျာ။

အဲဒီ အပေးအယူကနေ ကျနော်လည်း ဖျက်စီးခြင်းငါးပါး စပြီး ဆိုက်တော့တာပါပဲ။ ဒီလိုဗျ။ စက်မှု (၁) ပြင်ထိန်းက အဆောက်အဦဆောက်ဖို့ ထုတ်ပေးတာတွေက မပြည့်စုံဘူး။ လိုတာပိုတာတွေ ရှိတယ်။ လိုတာတွေကို ထပ်ဝယ်၊ ပိုတာတွေကို ထုတ်ရောင်းရတာတွေ ရှိတယ်။ နောက်တစ်ခုက အသေးစိတ် ခန့်မှန်းတွက်ချက်မှုကနေ ပိုနေတဲ့ ပစ္စည်းတွေလည်း ရှိလေရဲ့။ ဒီမှာတင် ကိုယ့်အိပ်ကပ်ထဲ ပိုပိုသာသာရောက်အောင် အတိုအလျှိုတွေ စလုပ်တတ်ရော ဆိုပါတော့။ ထုတ်ရောင်းမယ့်ပစ္စည်းထဲက စက်ရုံမှူး လိုချင်တာတွေလည်း ခွဲဝေပေးရတာပေါ့ဗျာ။

အံအလွဲဆုံးအချက်ကတော့ ကျနော်ဆောက်နေတဲ့ အဆောက်အဦအတွက် လိုတဲ့သစ်တွေကို သမိုင်းလမ်းဆုံမှာရှိတဲ့ ပြင်ထိန်းပစ္စည်း သိုလှောင်ရေးစက်ရုံကနေ ထုတ်ပေးတာပဲဗျာ။ ဟုတ်တယ်ဗျ၊ သာယာဝတီနယ်က သစ်ခိုးခုတ်ပြီး ခိုးထုတ်တဲ့ဒေသ။ ပျဉ်းကတိုးနဲ့ ကျွန်းကတော့ ပေါသလားမမေးနဲ့။ ရန်ကုန်ဈေးနဲ့ဆို ထက်ဝက်လောက်ကို ကွာတယ်။

ဒီတော့ ရန်ကုန်ကနေ ကားခ၊ အလုပ်သမားခ အကုန်ခံပြီး သယ်မနေတော့ပဲ ရန်ကုန်က သစ်ကို ရန်ကုန်မှာတင် ဖျောလိုက်ရောဆိုပါတော့။ လိုတဲ့သစ်ကို အော်ဒါပေးလိုက်တာပေါ့ဗျ။ လုပ်ငန်းခွင်ထဲအထိကို ရောက်အောင်ပို့ပါသဗျာ။ ကျနော် သစ်ကုန်သည် သစ်မှောင်ခိုသမားဖြစ်တယ် ဆိုတာလည်း အဲဒီက စတာပါပဲလေ။ သစ်ခွဲသား ရောင်းချင်တဲ့သူတွေက အဆောက်အဦ ဆောက်နေတယ်ဆိုတာ ကြားတာနဲ့ သစ်လိုသလား လာမေးနေတာမို့ အဆက်အသွယ်တောင် တကူးတက လိုက်ချိတ်နေစရာ မလိုပါဘူးဗျာ။

ကျနော့်လုပ်ငန်းခွင်ရုံးက ပန်းကန်စက်ရုံနဲ့ တော်တော်လှမ်းတဲ့ ကွင်းပြင်ကြီးထဲမှာဗျ။ တကယ့်ကွင်းခေါင်ခေါင်ကြီးထဲမှာ။ လုံခြုံရေးအဖြစ် ကျနော် ခန့်ထားတာက ကွန်မြူနစ်လူထွက်ကြီး ဦးနှံတဲ့။ အသက် ခြောက်ဆယ်ကျော်လောက်ရှိမယ်။ သူက တောခိုပြီး အလင်းပြန်ဝင်လာတာလေ။ သူတောခိုတုန်းက ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စောနောင်နဲ့တောင်တွဲပြီး တိုက်ပွဲတွေ ဝင်ခဲ့ဖူးသေးတယ် ဆိုပဲဗျ။ ဗိုလ်စောနောင်ကတော့ မြစ်ကြီးနားဘက်မှာ ကျသွားသလိုလို သူပြောဖူးတယ်။ သူက သာယာဝတီနယ်မှာ ဆရာစံလယ်သမား သူပုန်ထခဲ့တာကိုလည်း တစွန်းတစမီခဲ့သေးဆိုပဲ။ ချစ်တီးကုလားတွေကို အိမ်ပေါ် အထိတက်ပြီး ဓားနဲ့ တက်ခုတ်တဲ့ ဇာတ်လမ်းတွေလည်း ပြောသေးဗျာ။

ဦးနှံပြောတဲ့ ဆရာစံ သူပုန်ထတုန်းက အသတ်ခံခဲ့ရတဲ့ ချစ်တီးတွေရယ်၊ ကျနော် တာဝန်ကျနေတဲ့ လူသူအသွားအလာပြတ်တဲ့ လွင်တီးခေါင် ကွင်းပြင်ကျယ်ကြီးရယ် ဘယ်လိုများ ဆက်စပ်နေသလဲတော့ မသိပါဘူးဗျာ။ ချစ်တီးသူရဲလိုလို အခြောက်ခံခဲ့ရတာ မှတ်မိသေးတယ်ဗျ။

■

## အခန်း (၆၅)

# ချစ်တီးသရဲ

တကယ်တမ်းပြောရရင် တစ္ဆေသရဲဆိုတာ ကျနော့်အနေနဲ့ သိပ်အယုံအကြည်တော့ ရှိလှတယ်မဟုတ်ပါဘူး။ ကျနော်ကြုံခဲ့ရတာက ယုံရခက် မယုံရခက်၊ ထူးဆန်းတာတော့ အမှန်ပဲဗျ။

ကျနော်တို့ လုပ်ငန်းခွင်ရုံးက အခန်းသုံးခန်းတွဲထားတာဗျ။ ညှိခန်းရယ်၊ စတိုခန်းရယ်၊ ကျနော့် အိပ်ခန်းရယ်။ အလုပ်သမားအဖွဲ့တွေကတော့ ဆောက်လက်စအဆောက်အဦမှာပဲ စုတည်းချနေကြတာ။ သိပ်တော့လှမ်းလှတယ် မဟုတ်ပါဘူး။ အလွန်ဆုံးရှိလှ ပေငါးဆယ်အကွာပေါ့။

ချစ်တီးသူရဲဆိုတာကို ထင်ယောင်ထင်မှားဖြစ်ရအောင်၊ အဲဒီမှာ တာဝန်စကျတုန်းအချိန်က ကျနော် အရက်သောက်တာကို ယာယီရပ်ထားတဲ့ အချိန်ဗျ။ သာယာဝတီမြို့ထဲမှာ တစ်လတခါ ခွဲတမ်းရလို့ သွားသွားထုတ်ထားတဲ့ မန္တလေးဘီယာပုလင်း၊ ရမ်ပုလင်းတွေတောင် သေတ္တာထဲ စုသိမ်းထားတဲ့အချိန်။

တညမှာပေါ့ဗျာ၊ ညဆယ့်တစ်နာရီလောက် ကျနော်အိပ်ရာဝင်လိုက်တယ်။ တင်ဝင်းကတော့ အပြင်ခန်းမှာ အိပ်တယ်။ ဒါလည်း တခါတခါကျနော် မသိအောင် အင်းရွာထဲကို နောက်ပိုးဇာတ်သွားသွားခင်းနေတတ်လို့ အဲဒီညက သူအပြင်မှာ ရှိမရှိ ကျနော် မသိဘူးဗျာ။ ကျနော့်ကုတင်ကလည်း ရရာတောသစ်နဲ့ ဖြစ်သလိုရိုက်ထားတဲ့ ကုတင်ပါပဲ။ အဲဒီ ကုတင်ပေါ်ကို ကျနော်ပက်လက်လှန်လိုက်တော့ သိသိသာသာကြီးကို ကျနော့်တကိုယ်လုံး ကြက်သီးဖျန်းကနဲ ဖြစ်သွားတယ်။

ကျနော့်စိတ်ထဲမှာ အပြင်မှာ လေတဟူးဟူးဖြစ်နေတာကြောင့် ဖြစ်မှာပါလေဆိုပြီး နဖူးပေါ်လက်တင်ပြီး မျက်လုံးလည်းမှိတ်လိုက်ရော လား လား ကျနော့်မျက်လုံးထဲမှာ တကိုယ်လုံး မီးသွေးလို မဲတူးပြီး ပြောင်လက်နေတဲ့ကတုံးနဲ့ အရပ်ရှည်ရှည်လူတစ်ယောက် ကုတင်ဘေးမှာ ပတ်လျှောက်နေတာကို မြင်နေရသဗျာ။ ဒါနဲ့ အလန့်တကြား မျက်လုံးဖွင့်ကြည့်လိုက်တော့ ကုတင်ဘေးမှာရော၊ အခန်းထဲမှာပါ လူနဲ့တူတာဆိုလို့ မတွေ့မိပြန်ဘူး။ အခန်းထဲမှာ ဝပ်လေးဆယ်အား မီးလုံးလေးတလုံး ထွန်းထားတာမို့ အားလုံးကို ရှင်းရှင်းလင်းလင်း မြင်နေရပါတယ်။

ကျနော်လည်း မဟုတ်သေးပါဘူးဆိုပြီး မျက်လုံးကို ပြန်မှိတ်လိုက်တယ်။ အမယ် သူ့ပုံက ချက်ချင်းတန်းပြီး ပေါ် လာပြန်သဗျာ။ ဒီတခါသေချာကြည့်လိုက်တော့ သူ့ခန္ဓာကိုယ်အချိုးအစားက တော်တော်ကြီးတယ်ဗျ။ သာမန်လူ ခန္ဓာကိုယ်ထက် လေးဆလောက်ကိုရှိမယ်။ ကျနော် ကြည့်နေမှန်း သူအတိပြုမိသွားတယ် ထင်ပါရဲ့။ သူက ကျနော့်ကို ပြန်ကြည့်တယ်။ ဟား သူ့မှာ မျက်လုံးမပါဘူးဗျ။ သူ ကျနော့်ဘက်ကို လှည့်နေတာကတော့ သေချာတယ်။ ဒါပေမယ့် မျက်နှာ မပါပါဘူး။ တကယ့်ကိုဗျာ၊ ကတ္တရာစေးကို လူရုပ်ထုထားသလိုကို မည်းနက်နေတာကလား။ ကျနော် တော်တော်လန့်သွားတာတော့ အမှန်ပဲဗျာ။ ကျနော် ကြောက်ကြောက်နဲ့ မျက်လုံးပြန်ဖွင့်လိုက်တော့ ပျောက်သွားပြန်ရော။

ကျနော် တင်ဝင်းကို အော်ခေါ် လိုက်ရရင် ကောင်းမလားလို့ စဉ်းစားလိုက်မိသေးတယ်ဗျ။ ဒါပေမယ့် ကျနော့်ဖာသာ စိတ်ထဲမှာ ကယောင်ချောက်ခြားဖြစ်ပြီး မြင်မိမြင်ရာ မြင်နေတာဖြစ်နေရင် ရှက်ဖို့ကောင်းတာနဲ့ မခေါ် ဖြစ်ပြန်ဘူး။ ကျနော့်စိတ်ထဲတော့ ခြောက်ခြားစပြုနေတာ အမှန်ပဲဗျာ။ ဒါနဲ့ပဲ တတ်သမျှမှတ်သမျှ ဘုရားရှိခိုးလေး ဘာလေး ရွတ်ဖတ်ပြီးအိပ်လိုက်တော့ အိပ်ပျော်သွားရော ဆိုပါတော့။

နောက်တနေ့မနက်ကျတော့ ကျနော် အဲဒီအကြောင်းကို မေ့နေတယ်ဗျ။ ဒါပေမယ့် ညအိပ်ရာဝင်ချိန် ဆယ့်တစ်နာရီလောက်လည်းရောက်ရော ကိုယ်တော်ချောက ပေါက်ချလာပြန်ရော ဗျာ။ ဒီတခါ ကျနော်က စစ်ခြင်ထောင်အစိမ်းလေးချပြီး အိပ်မလို့ ပက်လက်လှန်နေတုန်း သူပေါ် လာတာဗျ။ အိပ်မလို့မျက်လုံးအမှိတ်မှာ ဒီတခါ သူက ခြင်ထောင်ထဲကို ဝင်တာဗျို့။

အေးလေ၊ တကိုယ်လုံး မဲမှောင်နေတာဆိုတော့ သူ့ကို လူမှားစရာ မရှိပါဘူးဗျာ။ ခက်နေတာက မျက်လုံးမှိတ်ထားမှ သူ့ကို မြင်ရတယ်။ မျက်လုံးဖွင့်ကြည့်ရင် သူ့ကိုမမြင်ရပြန်ဘူး။ သူ့ကိုယ်ခန္ဓာအရွယ်အစားက ဘယ်လောက်တောင်ကြီးသလဲဆိုရင် ခြင်ထောင်တခုလုံး သူ့မျက်နှာ အစ်ခုနဲ့တင် ပြည့်နေတယ်ဗျာ။ ဒီတခါ ကျနော် ဇောချွေးပြန်လာပြီး မျက်လုံးမမှိတ်ရဲတော့ဘူးဗျ။ တင်ဝင်းနဲ့ အေးကလူတွေ အော်ခေါ် ရမှာကလည်း ကိုယ်ကခေါင်းဆောင်နေရာမှာနေပြီး အဓိပ္ပာယ်မဲ့ ကြောက်လန့်နေတယ် အထင်ခံရမှာစိုးတာကြောင့် မခေါ် ဖြစ်ပြန်ဘူး။ ကြောက်တာကတော့ တော်တော်ကြောက်နေပြီဗျ။ အဲဒါ ကျနော့် အကျင့်ပဲဗျာ။ ကျနော်က ကြောက်ကြောက်နဲ့ ငွတ်တိုးတတ် တဲ့အကျင့်ကို ပျောက်မရဘူး။

နာရီဝက်လောက်ကြာတော့ ရှေကိုယ်တော် ပျောက်သွားလောက်ပါပြီလေဆိုပြီး မျက်လုံး ပြန်မှိတ်ကြည့်လိုက်တယ်။ ပိုဆိုးနေတယ်ဗျာ။ ကျနော့်မျက်နှာကို သူ့လက်ဝါးကြီးနဲ့ လာအုပ်သဗျ။ ဒါနဲ့ မျက်လုံး ပြန်ဖွင့်ရပြန်တော့ ပြန်ပျောက်သွားပြန်ရော။ တော်တော်ဆိုးပါတယ်ဗျာ။ တညလုံး ကောင်းကောင်းကို မအိပ်ရတော့ပါဘူး။ ပျောက်သွားပြီလား၊ မျက်လုံးမှိတ်လိုက်၊ မျက်နှာကိုလက်ဝါးနဲ့ လာအုပ်လိုက် လုပ်နေလိုက်တာ မိုးစင်စင်လင်းရောဆိုပါတော့။ နောက်တနေ့လင်းတော့လည်း ကျနော် ဒီအကြောင်းကို ဘယ်သူ့မှ ဖွင့်မပြောဘူး။ ဒါက အကြောင်းရှိတယ်ဗျ။ ကျနော် အရက်ဖြတ်ထားလို့များ အရက်ကြောင်ကြောင်သလား စဉ်းစားမိလို့ပဲ။ တခုသေချာတာကလည်း အဲဒီတုန်းက အရက်ကို အန္တရာယ်ဖြစ်လောက်အောင် ကျနော် မသောက်တတ်သေးတာပဲ။ နောက်တစ်ခု ကျနော့်စိတ်ထဲမှာ ဖြစ်နေတာက ဒီတစ္ဆေလိုလို သူရဲလိုလိုမောင်ကို သုံးချီသုံးလားတော့ ကြုံလိုက်ချင်သေးတယ် ဆိုတဲ့ စိတ်ပဲ။

ဒါပေမဲ့ဗျာ တတိယမြောက်ညမှာတော့ ကျနော့်လည်ပင်းကိုပါ လာညှစ်ဘို့ ရှေ့တဆင့်တိုး လာတာနဲ့ ဒုတိယည အိပ်ရေးပျက်ပြီးတဲ့နောက်မှာတော့ လက်စွဲတော် တင်ဝင်းကို ငါ ရန်ကုန်

ခဏပြန်အုံးမယ်၊ မင်း ညကျရင် ငါ့အိပ်ရာကို ပြောင်းအိပ်ပါလို့ သေချာမှာပြီး စီးလုံးငှားကားနဲ့ ရန်ကုန်ကို တချိုးတည်း ပြန်လစ်ခဲ့တာ့တာပဲဗျာ။ ရန်ကုန်မှာ သုံးရက်လောက်နေပြီး ကျနော်ပြန်ရောက်လာတော့ ကျနော်ပြန်သွားတဲ့နေ့က ညဆယ့်နှစ်နာရီလောက်မှာ တပည့်ကျော်တင်ဝင်း ကျနော့်မိတ်ဆွေကြီးနဲ့တိုးပြီး လန့်အော်ရှုံမက ကယောင်ကတမ်း ဝင်ပူးဝင်ကပ်သလို ဗျောက်ဖြစ်နေလို့ လက်သမားခေါင်းဆောင် ဦးသောင်းရွှေကိုယ်တိုင် တတ်သမျှမှတ်သမျှ ပရိတ်တရားတွေရွတ်၊ ပရိတ်ရေတွေတိုက်လိုက်ရတာ နောက်တနေ့မနက် သုံးနာရီလောက်ကျမှ ပုံမှန်ပြန်ဖြစ်သွားသတဲ့ဗျာ။

ကျနော့်တပည့်ကို မကောင်းကြံပြီး အိပ်ရာပေါ် ပြောင်းအိပ်ခိုင်းခဲ့တာတော့ မဟုတ်ဘူးဗျ။ တစ္ဆေသူရဲဆိုတာ ရှိမရှိ သေချာချင်တာ ပါပါတယ်။ ကဲ အခုလည်း ကြည့်လေ၊ ကျနော့်အနေနဲ့ တစ္ဆေသရဲဆိုတာ ရှိပါတယ်လို့ ဘယ်လိုလုပ်ပြီး အသေအချာပြောနိုင်ပါ့မလဲဗျာ။

ကျနော့်ကို ခြောက်လှန့်ခဲ့တဲ့သရဲဟာ ချစ်တီးသရဲလား၊ တကယ်ပဲရှိသလား သေချာမပြောနိုင်ပေမယ့် ကျနော်ဟာ အဲဒီနယ်ရဲ့ သစ်မှောင်ခိုလောကမှာ တစ္ဆေသူရဲတစ်ကောင်လို ကျင်လည်လာခဲ့တာတော့ အမှန်ပါပဲ။ ရိုးမတောင်ခြေကနေ ညကြီးအချိန်မတော် ပျဉ်းကတိုးနဲ့ ကျွန်းသစ်လုံးတွေကို ကျွဲတွေက မီးတောက်မတတ်မျက်လုံးတွေနဲ့ ရှုန်းကန်ဆွဲလာတဲ့ မြင်ကွင်းမျိုးတွေဟာ ကျနော့်အတွက် ရိုးသလိုတောင် ဖြစ်နေခဲ့ပါတယ်။

ပန်းကန်စက်ရဲ့ စီမံရေးရာမှာလုပ်တဲ့ ဒေါ်ထားထားညိုဆိုတာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဖုန်းမြင့်ရဲ့ သမီးပဲဗျ။ သူ့ဩဇာက အဲဒီနယ်ဘက်မှာ တော်တော်ကြီးသေးတယ်။ ဒေါ်ထားထားညိုကတဆင့် သစ် မှောင်ခို အကြီးအကျယ်လုပ်တဲ့ လက်ပံတန်းက ကိုမြသိန်းဆိုတဲ့လူနဲ့ အဆက်အသွယ်ရလာတယ်။ သာယာဝတီ လက်ပံတန်းကနေ စစ်ကွင်း၊ မင်းလှ၊ အုတ်ဖိုနယ်အထိ သစ်ကုန်သည်လောကမှာ ရန်ကုန်ကို ခိုးသစ် သွင်းဖို့အတွက် ကျနော်ဟာ မရှိမဖြစ် စာရင်းဝင်လာခဲ့ပါတော့တယ်။

အစပိုင်းတော့ အဆောက်အဦးအတွက်လိုတဲ့သစ်လောက်ကိုပဲ ဝယ်နေရာကနေ ရန်ကုန်ဈေးကွက်မှာ ပြန်ရောင်းတဲ့အထိ ကျနော် ကျွမ်းကျင်လာခဲ့တယ်။ ဟုတ်ပါတယ်၊ ရန်ကုန် သစ်စက်လောကမှာ တရားဝင်ပါမစ်သစ်ရယ်၊ ခိုးသစ်ရယ် လိုင်းနှစ်လိုင်းရှိတယ်။ ခိုးသစ်လိုင်းက တကယ့်ကို အဆက်အသွယ်ကောင်းမှ၊ လုပ်ရဲကိုင်ရဲမှ ဖြစ်တာကလား။ ခိုးသစ်ကို သစ်စက်တိုင်း မဝယ်ရဲဘူး။ သစ်ကုန်သည်တိုင်းလည်း ခိုးသစ်ကို မသယ်ရဲဘူး။ မိလို့ကတော့ အရှင်းမတတ်ရင် ပုဒ်မ ၆ (၁) ပဲ။ ပုဒ်မ ၆ (၁) ဆိုတာ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မလေ။ ကျနော်တို့ခေတ်က ကြောက်စရာကောင်းတဲ့ ပုဒ်မပဲဗျာ။ ခြောက်တစ်နဲ့ပြီးသွားရင် တော်သေးတာပေါ့။ တကယ်လို့ ကာယတန်ဖိုး ကျပ်ငါးသောင်းအထက်ဆို အများပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေ ပုဒ်မ (၃) ဆိုတာလည်း ရှိသေးတယ်။ အဲဒါက တသက်တကျွန်းနဲ့ ထောင်ဒဏ်အထိ ထိုက်သင့်တဲ့ ပြစ်မျိုး။ ကံမကောင်းအကြောင်းမလှရင် သစ်ခိုးထုတ်တယ်၊ ရောင်းဝယ်ဖြန့်ဖြူးတယ်ဆိုတာ အဲဒီ ပုဒ်မတွေနဲ့ ငြိတာသေချာတယ်ဗျာ။ ဒါပေမယ့် တော်တော်ကို ဖြစ်တော့်ဖြစ်ခဲပါဗျာ။ သယ်တာရော ရောင်းတာပါ သစ်တောတို့၊ ရဲတို့နဲ့ ကြိုတင်ညှိပြီးမှ လုပ်ရတာမျိုးဆိုတော့ မဖြစ်သလောက်ပါပဲ။

မှောင်ခိုသစ်လုပ်ခါစကအများကြီးမသယ်ရဲဘူး။ ဟိုင်းလတ်ကားလောက်နဲ့ပဲ ထုံးအိတ်တွေဖုံးပြီးသယ်တာတို့၊ ထင်းလို သစ်တိုသစ်စနဲ့ ရောသယ်တာတို့လောက်ပဲလုပ်တာ။ နောက်ပိုင်းမှာ ဇုတ်တင်တဲ့ကားတွေအောက်မှာ သစ်တွေကို အောက်ကခံပြီး ကားကြီးတွေနဲ့ အစီးလိုက် သွင်းတာတွေအထိ လုပ်နိုင်လာတယ်။ ဟုတ်တယ်ဗျ။ ခိုးသစ်တွေက အရှည်ဆုံးအတုံးမှ ဆယ့်လေးပေ ထက်မပိုဘူး။ ဒါကြောင့်တုန်တင်ကားကြီးတွေနဲ့အလုပ်ဖြစ်တယ်ဆိုပါတော့။ အလုံးလိုက်တော့ ဘယ်ဟုတ်မလဲ ဗျာ။ သစ်လုံးတွေကိုလွှစင်မှာတင်၊ ငါးမန်းလွှနဲ့ ဘေးလေးဘက်ပုတ်ပြီး တင်လာတာလေ။

နောက်ပိုင်းမှာ ကိုယ်တိုင်နယ်ဆင်းစရာမလိုပဲ သစ်ကားတွေဝင်မယ့် မနက်ကိုးနာရီဝန်းကျင်မှာ ထောက်ကြံ့ဂိတ် (သို့မဟုတ်) သယ်န်းကျွန်းဂိတ်ကနေ စောင့်နေလိုက်ရုံပါပဲ။ ဈေးကွက်အရှာကောင်းသလား မမေးနဲ့ အဲဒီအချိန်က သာကေတဓာတ်အားပေးစက်ရုံ ဆောက်နေတဲ့အချိန်မို့ အဲဒီစီမံကိန်းတစ်ခုတည်းတင် သစ်တန်ချိန် ထောင်ချီပြီး သွင်းဖူးတဲ့အထိ။

ခိုးသစ်အရောင်းအဝယ်မှာ အဓိကအရေးအကြီးဆုံးအပိုင်းက နယ်ဘက်ကသွင်းလာတဲ့ သစ်တုံးတွေကို နာရီပိုင်းအတွင်း ခွဲသားဖြစ်အောင်လုပ်နိုင်ဖို့ပဲ။ ခွဲသားဖြစ်သွားရင် ခိုးသစ်လား၊ တရားဝင်သစ်လား ခွဲခြားဖို့ ခက်သွားပြီလေ။ သစ်စက်တော်တော်များများက ခိုးသစ်ကို မခွဲရဲဘူး။ ဒါကြောင့် ကျနော်က ခိုးသစ်သီးသန့်ခွဲတဲ့စက်ကို ရအောင်လိုက်ချိတ်တယ်။

ကံကောင်းချင်တော့ သမိုင်းလမ်းဆုံနားက အောင်မင်္ဂလာသာလမ်းမှာရှိတဲ့ သစ်ခွဲစက်ပိုင်ရှင်ကိုအောင်မြိုင်နဲ့ ချိတ်မိတယ်။ သူကလည်း လူတမျိုး။ သူ့ကိုကျနော် ဂျင်ဝိုင်းတခုမှာ သိခဲ့တာ။ ဂျင်ဝိုင်းကိစ္စကို ခဏထားပါအုံး။ ကိုအောင်မြိုင်က ကျနော်နဲ့ သိပ်ရင်းနှီးလာတော့ သူ့သစ်ခွဲစက်ကို ခိုးသစ်ခွဲဖို့ သဘောတူတယ်။ ကျနော်တစ်ယောက်က လွဲရင် ဘယ်သူ့ကိုမှ လက်မခံဘူး။ ခွဲခကလည်း ပါမစ်သစ်ခွဲတာနဲ့စာရင် သုံးလေးဆ ပိုပေးရတယ်။

ကိုအောင်မြိုင်က လောင်းကစား ဝါသနာထုံတော့ အမြဲတမ်း ငွေလိုနေတဲ့သူလေ။ တိုတိုပြောရရင်ဗျာ၊ ပဲခူးရိုးမဘက်က လာသမျှ ခိုးသစ်တွေဟာ ကျနော့်ကိုကျော်ပြီး ရန်ကုန်မြို့ထဲကို ဝင်လာကာရယ်လို့ မရှိသလောက်ကို ပြောလို့ ရတယ်ဗျာ။ လက်ဖျားမှာ ငွေသီးတဲ့အချိန်ဆိုပါတော့။ ပန်းကန်စက်မှာ တနှစ်ကျော်လောက်လုပ်ပြီး ကျနော် အလုပ်က ထွက်လိုက်တယ်။ ကိုယ်ပိုင်ကုမ္ပဏီတွေဘာတွေဖြစ်လာတယ်။ တစတစနဲ့ ခိုးသစ်တင်မဟုတ်ဘူး။ တရားဝင်ပါမစ်လိုင်းနဲ့ သွင်းလာတဲ့ သစ်တွေကအာစကျနော် ဈေးဖြတ်ပေးရတဲ့အဆင့်ကို ရောက်လာတယ်။ ဒီအလုပ်က ငွေရလွယ်တော့ သစ်ကုန်သည်တိုင်းလိုလို အပျော်အပါး တော်တော်များကြတယ်ဗျာ။ အဲဒီခေတ်က ရန်ကုန်မြို့မှာ မိန်းကလေးစားပွဲထိုးတွေ စပေါ် နေတဲ့အချိန်ဗျ။ မဆလပြုတ်ကာနီး၊ ခေတ်ပျက်ကာနီး အချိန်မို့ထင်ပါရဲ့ဗျာ။ သယ်န်းကျွန်းဘက်က အရှေ့ရွှာစားတော် ၂က်၊ တောင်ဥက္ကလာပက ဖြိုးစားတော်ဆက်တို့ဆိုတာ ကျနော် အမြဲတမ်း ကျက်စားနေခဲ့တဲ့ နေရာတွေပေါ့။

အရှေ့ရွှာမှာ တဆိုင်လုံးက ပန်းကန်တွေကို မူးမူးနဲ့ ရိုက်ခွဲပစ်ဖူးတယ်။ လျော်ခဲ့ရဖူးတယ်။ ဖြိုးက မိန်းမလှ တော်တော်များများနဲ့လည်း တွဲခဲ့ဖူးပါရဲ့။ လွယ်လွယ်ရ၊ လွယ်လွယ်သုံး၊ ထင်တိုင်းကြဲခဲ့တဲ့ ဘဝတွေပေါ့ဗျာ။ အခုနေပြန်တွေးတော့ အန္တရာယ်တွေကြားမှာ ကျနော် ပျော်မွေ့နေခဲ့တာကလား။

သစ်ကုန်သည်ဘဝနဲ့ ဘယ်လောက်များ နယ်စုံခဲ့သလဲဆိုရင် ပျဉ်းမနားတောင်ညိုဘက်အထိကို ကျနော်ရောက်ခဲ့တယ်။ တောင်ညိုဘက်က နယ်ကြမ်းတယ် ဆိုရမယ်ဗျ။ ရုပ်ရှင်မင်းသားကြီး ကျော်ဟိန်းတောင် သည်တနွေမျှော်ပါလေဦးဆိုတဲ့ ဇာတ်ကားလာရိုက်တုန်းက သစ်စက်ပိုင်ရှင် ကိုကျော်မြင့်တို့အုပ်စုနဲ့ ငြိပြီး ပျဉ်းမနားဘူတာ ရထားပေါ် မှာ အရိုက်ခံလိုက်ရဘူးတယ်လို့ ကြားဖူးတယ်။ ကျော်ဟိန်းကလည်း ကိုကျော်မြင့်တို့အုပ်စုနဲ့ ရန်ကုန်ကရဝိတ်ခန်းမမှာ ပြန်ဆုံတော့ မကျေပွဲနွှဲပြီး ပြန်ကြိတ်လိုက်သေးဆိုပဲ။

ကိုကျော်မြင့်တို့အုပ်စုနဲ့ ကျနော် တော်တော်ခင်ခဲ့တယ်ဗျ။ သူတို့တမျိုးလုံးကလည်း ကျော်မြင့်တွေ အများကြီးပါပဲ။ မတူးကျော်မြင့်တဲ့၊ နီလာကျော်မြင့်တဲ့။ ကျော်မြင့်တွေများလွန်းလို့ သူတို့မိန်းမနာမည်တွေနဲ့တွဲပြီး မှတ်ထားရတဲ့အထိ။ အော် ဒါနဲ့ ကိုကျော်မြင့်တို့က ဒေါက်တာရှန်ရှုဒင်နဲ့တောင် ဆွေမျိုးမကင်းကြဘူးလို့ပြောတယ်ဗျ။ ရောက်တဲ့နယ်တွေကလည်း စုံ၊ ပေါင်းတဲ့လူတွေကလည်း

စုံဆိုတော့ အဖြစ်ကလည်း စုံပါ့ဗျာ။ ပျဉ်းမနားဘက်မှာ အူကြောင်ကြောင်အဖြစ်တစ်ခု ကြုံခဲ့တာကို မှတ်မိနေသေးတယ်။

တစ်နေ့ မနက်ကိုးနာရီလောက် အချိန်လောက်ရှိပါလိမ့်မယ်။ သစ်လုပ်ငန်း တိုင်းမန်နေဂျာ ဦးအုံးကျော်၊ သစ်စက်တာဝန်ခံ ဦးထွန်းဦး၊ သစ်ကုန်သည် ငါးယောက်လောက်နဲ့အတူ ပျဉ်းမနားမြို့ထဲက နာမည်ကြီး လက်ဘက်ရည်ဆိုင်တစ်ခုမှာ ထိုင်သောက်နေကြတုန်းပေါ့။ ကျနော်တို့ခုနစ်ယောက် ဝိုင်းဖွဲ့နေတဲ့ဝိုင်းနဲ့ မလှမ်းမကမ်းကစားပွဲမှာ မျက်နှာစိမ်း လူတစ်ယောက်ထိုင်နေတယ်။ သူက ကျနော်တို့ဝိုင်းဘက်ကို လှမ်းကြည့်ရာကနေ ကျနော်နဲ့ မျက်လုံးချင်း ဆုံသွားတယ်။ နောက်သူ့စားပွဲကနေ ကျနော်ဆီတည့်တည့်လျှောက်လာပြီး လေသံတိုးတိုးလေးနဲ့ အစ်ကို ကျနော် လက်ဘက်ရည် တစ်ခွက်လောက် သောက်ချင်လို့ပါတဲ့။ သူ့ကိုကြည့်ရတာ စိတ်မနှံ့တဲ့ ဝေဒနာရှင်ပုံစံလည်း မပေါက်ဘူးဗျ။

အော် သစ်ကုန်သည်တယောက်အတွက် လက်ဘက်ရည်တစ်ခွက်ဟာ ဘာဆန်းသလဲဗျာ။ ရတာပေါ့။ ဒါနကြောင်းပေါ့။ ကျနော် စားပွဲထိုးကို 'ဟေ့ လက်ဘက်ရည်နဲ့ မုန့်အပြည့်အစုံနဲ့ ချပေးလိုက်ပါကွာ' လို့ လှမ်းအော်လိုက်တယ်။ အဲဒီလူက မုန့်နဲ့ လက်ဘက်ရည် လာချတဲ့စားပွဲကို ပြန်သွားပြီး အားရပါးရ လွေးနေတာနဲ့ ကျနော်လည်း ကျနော့်ဝိုင်းဘက်ကို အာရုံပြန်ရောက်သွားတယ်။ ခဏကြာတော့ ကျနော့်ပုခုံးကိုလာတို့လို့မော့ကြည့်တော့ စောစောက ပုဂ္ဂိုလ်ပါပဲ။ သူက လက်ညှိုးနဲ့ လက်ခလယ်ကို ပါးစပ်ဝမှာ တေ့ပြပြီး ကျနော် စီးကရက်သောက်ချင်လို့ပါ ဆရာတဲ့။

အော် ရပါတယ်ဗျာ။ ဒူးယားတပွဲ ချပေးလိုက်ပါဟေ့ဆိုပြီး ဝိုင်းဘက် ပြန်လှည့်နေလိုက်ပြန်တယ်။ နောက် သိပ်မကြာလိုက်ပြန်ဘူးဗျာ။ ကျနော့်လက်မောင်းကို လာတို့ပြန်လို့ သူ့ကို ကျနော်မေးဆတ်ပြီး ဘာလဲလို့ မေးလိုက်ပြန်တယ်။ သူက ကျနော့်ကို ခရီးစရိတ် ဆယ့်ငါးကျပ်လောက် မစပါဆရာတဲ့။ ကျနော်လည်း မထူးပါဘူးလေ၊ ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့လိုက်တာ အေးပါတယ်ဆိုပြီး အိပ်ကပ်ထဲက တစ်ဆယ်တန်တစ်ရွက်နဲ့ ငါးကျပ်တန်တစ်ရွက် ထုတ်ပေးလိုက်တယ်။ ဒီမှာတင် သူက ခပ်ငူငူ ဆက်ရပ်နေပြန်တယ်။ ကျနော့်ဝိုင်းက လူတွေလည်း ကျနော့်အဖြစ်ကို သတိပြုမိလာကြတော့ ဝိုင်းကြည့်နေကြတယ်။ အဲဒီအချိန်မှာ ရှေကိုယ်တော်က တိုးပေမယ့် အားကကြားလောက်တဲ့ လေသံနဲ့ မေးခွန်းတစ်ခုမေးသဗျာ။ 'အောကား ပြတဲ့နေရာသိရင် လမ်းညွှန်ပေးပါ' တဲ့။ ကျနော်လည်း ရုတ်တရက် ထိုင်ရာကထ၊ သူ့ရင်ဘတ်ကို ဆွဲကိုင်ပြီး ဆောင့်တွန်းပစ်လိုက်တာ ခွေကနဲ လဲသွားရောဆိုပါတော့။ တဝိုင်းလုံးဆူညံသွားပြီး တိုင်းသစ်တောဦးစီး ဦးအုန်းကျော်က ကိုသက်ခိုင် ခင်ဗျား တော်တော် အနေအထိုင် မတတ်တဲ့သူပါလား တဲ့။

ကိုင်း ကောင်းကြရောပေါ့ဗျာ။ အဲဒါ ကျနော်မှားသလား။

■

## အခန်း (၆၆)

# အင်းစိန် စီအိုင်ဒီနှင့် တပွဲတလမ်း

၁၉၉၂ ခုနှစ်ဝန်းကျင်၊ ပဲခူးတိုင်းမှာ ကျနော်သိပ်အရာရောက်နေတဲ့ အချိန်ပေါ့။ မထင်မှတ်ပဲ နောက်ကြောင်းမရှင်းတဲ့ ဇာတ်လမ်းတခုကနေ ကျနော်နဲ့ စီအိုင်ဒီ (အင်းစိန် မှူခင်းတပ်ဖွဲ့) ပွဲကြီးပွဲကောင်း ကြုံပြန်ပါရောဗျာ။ အမှန်အတိုင်း ဝန်ခံရရင် ကျနော်တကယ်ကျူးလွန်ခဲ့တဲ့အမှုကြီးတခုကို ကွင်းလုံး ကျွတ်လွတ်အောင် ကျနော် ဖယားဆွဲနိုင်ခဲ့ပါတယ်။

ဟုတ်ပါတယ်၊ သာမန်ရဲတပ်ဖွဲ့ ကိုင်တွယ်ဖြေရှင်းခြင်းမပြုနိုင်တဲ့ အမှုတွေကို စီအိုင်ဒီမှူခင်း တပ်ဖွဲ့ကို လွှဲပြောင်းစစ်ဆေးစေတတ်ပါတယ်။ အဲဒီအမှုမှာ ကျွန်တော့်လှည့်ကွက်ဟာ ပိရိလွန်းလို့ မှိုရှိုရဲ စစ်ဆေးတာ မပေါ်နိုင်တာကြောင့် စီအိုင်ဒီကို ရောက်သွားခြင်းပါပဲ။ ဇာတ်ရည်လည်အောင်တော့ သေချာပြောပြမှဖြစ်မယ်။ ဒီလိုဗျ။

ပဲခူးတိုင်းမှာ တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်နေတုန်း ပဲခူးမြို့ခံ ရှေ့နေဦးကျော်သိန်း၊ ဦးပုတို့နဲ့ ရင်းနှီးသွားတယ်။ ထုံးစံအတိုင်း သောက်ဝိုင်းစားဝိုင်းကနေ ဆိုပါတော့။ တနေ့တော့ သူတို့က ကျနော့်ကို 'ဆရာသက်၊ တကယ့်ခွင်ကြီးကြီးဆိုရင် စိတ်ဝင်စားသလား' တဲ့။ ကျနော်က ပြောပါအုံး လေဆိုတော့ သူတို့ ဘယ်ကာလက စုဆောင်းထားမှန်း မသိတဲ့ စာရင်းစာရွက်တထပ်ကြီးကို ပြတယ်။ အဲဒါကတော့ ဒုတိယကမ္ဘာစစ်အတွင်းက ပဲခူးတိုင်းအတွင်းမှာ ကျန်နေခဲ့တဲ့ စစ်ကြွင်းစစ်ကျန် သံထည် ပစ္စည်းတွေ အစုလိုက်အပြုံလိုက် ရှိတဲ့နေရာတွေရဲ့ စာရင်းပဲ။

ကျနော်က တရွက်လောက်ဖတ်ကြည့်ပြီး ဆောရီးလို့ စကားစဖြတ်ပစ်လိုက်တယ်။ ဟုတ်တယ်ဗျ။ သိုက်ဆရာတွေလို ပေါကြောင်ကြောင်သိုက်စာဖတ်ပြီး စိတ်ကူးယဉ်တဲ့အလုပ်မျိုးကို ကျနော် စိတ်မဝင်စားတာအမှန်။ ရှေ့နေဦးကျော်သိန်းက ငြိမ်နေပေမဲ့ ဦးပုကတော့ သူတို့အလုပ် ဘယ်လောက်ကြီးကျယ်တယ်ဆိုတာ ရှင်းပြနေသေးတယ်။ ဒုတိယကမ္ဘာစစ်မှာ ဂျပန်တွေဆုတ်တော့ ဘယ်မြို့ ဘယ်တံတားနားမှာ ဘယ်လောက်ကြီးတဲ့ ရတနာသေတ္တာကို မသယ်နိုင်လို့ ဘယ်လိုဘယ်ပုံ မြှုပ်နှံထားခဲ့တယ် ဆိုတာမျိုးတွေ အရှည်ကြီး ရှင်းပြနေတော့တယ်။

သူရှင်းပြလေ ကျနော်က စိတ်မဝင်စားလေပဲ။ ဒါနဲ့ ကျနော်က စကားပြတ်သွားစေတော့ဆိုပြီး လုံးဝစိတ်မဝင်စားတဲ့အကြောင်း ပြောလိုက်ရတယ်။ ဒီမှာတင် ဦးပုက ဆရာသက်စိတ်မဝင်စားရင်လည်း ကျနော်တို့က ပုတ်ပြတ် အလုပ်အပ်မယ်။ လို့တဲ့ ငွေသာပြောပါတဲ့။ ကဲ၊ ဒါဆို ကျနော်က ဘာလုပ်ပေးရမှာလဲဆိုတော့ သူတို့ စစ်ကြွင်းစစ်ကျန်ပစ္စည်း ရှာဖွေခွင့်အတွက် ပဲခူးတိုင်း တဝတက ခွင့်ပြုမိန့်လိုချင်သတဲ့။ ဟ၊ ဒီလိုင်းကတော့ ကျနော့်လိုင်းဖြစ်နေသဗျ။

အေးလေ၊ တိုင်းမှူး၊ တိုင်းအတွင်းရေးမှူး၊ ခဝတ၊ မဝတ၊ စည်ပင် ပဲခူးတတိုင်းလုံး ကျနော်မပတ်သက်ဖူးတဲ့သူမှ မရှိတာ။ ဒါနဲ့ သူတို့လိုချင်တဲ့အမိန့်စာကို တပတ်အတွင်း ရအောင်လည်း လုပ်ပေးလိုက်ရော ကျနော့်အိတ်ကပ်ထဲကို ဆယ့်ငါးသိန်းရောက်လာတယ်။ နောက်ပိုင်း သူတို့ အဲဒီအလုပ်တွေက ငွေဘယ်လောက်ဝင်တယ်ဆိုတာ ကျနော်တော့ အခုထိ မကြားမိသေးဘူး။

ဇာတ်လမ်းက မပြတ်ဘူးဗျာ။ သူတို့ စာရင်းစာရွက်ထဲက ပဲခူးတိုင်း လက်ပံတန်းဘက်မှာ စစ်ကြွင်းစစ်ကျန် သံထည်ရှိတဲ့ နေရာတခုကို စမ်းသပ်ပြီး ရှာဖွေတူးဖော်ဖို့ ကျနော့်ကို နားချပြန်တယ်။ ဆရာ့ဖာသာ တယောက်တည်း လုပ်ကြည့်ပါတဲ့။ ကျနော်တို့ကို ဝေစုပေးစရာ မလိုပါဘူးတဲ့။ ကျနော့်စိတ်ထဲမှာ ဒီအလုပ်က ဆယ့်ငါးသိန်းလောက် လွယ်လွယ်ရလိုက်တော့ လုပ်ဖူးတယ်ရှိအောင် လုပ်ကြည့်လိုက်အုံးမှဆိုပြီး၊ ဟသာ်တတဘက်ကမ်းက ကျုံလဟာဆိုတဲ့ရွာကို သွားလိုက်တယ်။ ကျနော့်အကျင့်အတိုင်း ခြေမြန်လက်မြန်လှုပ်ရှားလိုက်တာ အဲဒီရွာနဲ့ ရေဝတီမြစ်ကမ်းကြားမှာ မြှုပ်နေတဲ့ မီးရထား စက်ခေါင်းပျက်ကြီးတလုံးကို တွေ့ရောဆိုပါတော့။

တရားဝင်တူးမိန့်နဲ့သာ တူးနေတာ ဘယ်လိုဘယ်ပုံဆက်လုပ်ရမယ်ဆိုတာ ဘယ်သူမှ မသိကြဘူး။ ဒါနဲ့ ဒီပစ္စည်းအတွက် ကျသင့်ငွေကိုပေးချေဖို့ စုံစမ်းလိုက်တာ နှစ်လလောက်ကြာမှ ဒါဟာ မီးရထားဝန်ကြီးဌာနနဲ့ ဆိုင်တယ်ဆိုတဲ့အဖြေ ထွက်လာတယ်။ မီးရထားဌာနက တိုင်းအဆင့်အရာရှိတွေနဲ့ ညှိတာတောင် အဆုံးအဖြတ်မပေးနိုင်တာကြောင့် ဇာတ်လမ်းက ပေရှည်သထက်ရှည်လာတယ်။ ဆိုလိုတာက ရုံးစာတွေအပြန်အလှန်ပေးလိုက်၊ ပြန်လိုက် လုပ်နေတာ နောက်ထပ်သုံးလလောက် ထပ်ကြာသွားပြန်ရော။

မြန်မာပြည်ရုံးဌာနတွေမှာ လုပ်နေတဲ့ ကြိုးနီစံနစ်ဆိုလား၊ သိပ်စိတ်ညစ်ဖို့ ကောင်းတဲ့စံနစ်ဗျာ။ တိုင်းပြည်ကြီး တိုးတက်ကြီးပွားဖို့ထက် ကိုယ်အန္တရာယ်ကင်းကင်းနဲ့ လာဘ်ပေးလာဘ်ယူ လုပ်နိုင်ဖို့လောက်သာ စိတ်ကူးနေကြတာကလား။ ဒီလိုနဲ့ မိုးကျကာနီးလာတော့ ငွေကုန်ကြေးကျခံပြီး တူးဖော်ထားရတာတွေဟာ သဲထဲရေသွန်သလို ဖြစ်တော့မယ့်ကိန်းဆိုက်လာတယ်။

သိန်းငါးဆယ်လောက်တန်တဲ့ လုပ်ငန်းလေးကို မီးရထားဌာနမှာ အထက်အောက် စာပြန်နေတာ ခုနစ်စောင်လောက်ဖြစ်လာတော့ ဒီကိစ္စမှာ ဘာကြောင့်ကြန့်ကြာနေရတာလဲဆိုတဲ့ အဖြေကို ကျနော်သိလာတယ်။ တိုတိုပြောရရင် ဒီကိစ္စပြီးပြတ်ဖို့ ရုံးစာဆယ်စောင်တိတိ ထွက်လာတဲ့ နေရာမှာ နံပတ်ခုနစ်မြောက်စာကို ကျနော်ကိုယ်တိုင် ဖန်တီးလိုက်ရောဆိုပါတော့။

အော် တယ်လည်းနားဝေးပါလား။ ဖန်တီးတယ်ဆိုတာ အတုလုပ်လိုက်တာကို ပြောတာဗျ။ ကျနော်ဟာ ရုံးဌာနတွေမှာလည်း အတွေ့အကြုံများခဲ့လေတော့ အကြံအဖန်ရုံးစာတစောင်ကို ကောင်းကောင်းဖန်တီးနိုင်ခဲ့ပါတယ်။ လောဘကြောင့် မဟုတ်ဘူးဗျ။ စိတ်မရှည်လွန်းလို့၊ ဘာမှ မဟုတ်တဲ့ အလုပ်လေးကို ပေရှည်လွန်းလို့ စွတ်လုပ်ပစ်လိုက်တာ။ ကျနော့် ဖန်တီးချက်က သိပ်ပိရိလွန်းနေတော့ ဘယ်ဌာနကမှ မရိပ်မိလိုက်ဘူး။ ဒါနဲ့ အဲဒီ မီးရထားစက်ခေါင်းနဲ့ အလေးချိန်ညီတဲ့ သံထည်အလေးချိန်ကို့ အင်းစိန်သံမဏိစက်ရုံကို သွင်းလိုက်တယ်။ ပေးသွင်းပြီးကြောင်း ပြေစာတွေကို သိမ်းထားလိုက်တယ်။ စက်ခေါင်းကိုလား၊ ဖျက်ပြီးရောင်းစားလိုက်တာပေါ့ဗျာ။ဒါလည်း တရားဝင် မဟုတ်ဘူးဗျ။

အမှန်က မူရင်းသံထည်ကိုသွင်းရမှာကို ကျနော်တို့ခေတ်က လုပ်ထုံးလုပ်နည်းအတိုင်း သံမဏိစက်ရုံနဲ့ နားလည်မှုယူပြီး ခွင်ရိုက်လိုက်တာ။

ဒီကိစ္စကို မေ့မေ့ပျောက်ပျောက် ဖြစ်နေရာကနေ ခြောက်လလောက် ကြာတော့ သံမဏိစက်ရုံကနေ မီးရထားဌာနကို အဲဒီသံထည်တွေ လက်ခံရရှိပြီးပါပြီလို့ လောကွတ်ချော် စာပို့ရာကနေ ကျနော့်လက်ချက်ကို ရိပ်မိသွားကြရောဗျာ။

ပိုဆိုးသွားတာက ကျနော် ကြားဖြတ်ဖန်တီးလိုက်တဲ့ ရုံးစာပေါ်က လက်မှတ်ပိုင်ရှင် ညွှန်ကြားရေးမှူးဟာ ရုတ်တရက် ညွှန်ကြားရေးမှူးချုပ် တက်ဖြစ်သွားလို့ပါပဲဗျာ။ ဘယ်သူရှိရမလဲဗျာ၊ နောက်ပိုင်း မီးရထား ဒုတိယဝန်ကြီးတက်ဖြစ်လာတဲ့ သူရသောင်းလွင်ပေါ့။ သူ့လက်မှတ်ကို အကြံအဖန်လုပ်တယ် ဆိုတာလည်း သိရော၊ ယမ်းပုံမီးကျ ဒေါပွပြီး ဒီအမှုကို မပေါ်ပေါ်အောင်စစ်ဖို့ နည်းအမျိုးမျိုးနဲ့ ဖိအားပေးတော့တာပဲ။ အဲဒီမှာတင် လက်ပံတန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက စစ်တယ်၊ ပဲခူးတိုင်းရဲမှူးရုံးက စစ်တယ်၊ ဘယ်လိုစစ်စစ် မပေါ်ဘူးဆိုပါတော့။

ဘယ်ပေါ်မလဲဗျာ။ အမှုဖြစ်ပစ္စည်းကသံမဏိစက်ရုံ ရောက်ရုံမက အရည်ပါကျိုပြီး သွားပြီလေ။ အမှန်က ပဲခူးတိုင်းရဲမှူးရုံးကို ဒီအမှုရောက်တာ ကျနော်မသိလိုက်ဘူးဗျ။ ဒါကြောင့် စီအိုင်ဒီကို ရောက်သွားတာ။ စီအိုင်ဒီက ကျနော့်ကို လေးငါးကြိမ်ခေါ် စစ်ပေမယ့် ရုံးစာဆယ်စောင်မှာ ခြောက်စောင်မြောက်အထိ အမှန်။ နံပတ်ခုနစ်စာက အတု၊ ဒါပေမယ့် အဲဒီ အတုအပေါ်မှာ နောက်ထပ် ရုံးစာအစစ်သုံးစောင်က ထပ်ပြီး အတည်ပြုထားပြန်တော့ စီအိုင်ဒီလည်း ခေါင်းခြောက် နေပြန်ရော။ ခြောက်ရမယ်ဗျ။ စီအိုင်ဒီအမှုစစ်အရာရှိ သောင်းမြင့်က ကျနော့် ဇကို ကောင်းကောင်း သိနေတော့ သူ အကိုင်အတွယ်မတတ်ရင် ပဲခူးတိုင်းထဲမှာ သူပါ ကြယ်ကြွေသောည ဖြစ်သွားနိုင်တယ် ဆိုတာ သိနေတယ်ထင်ပါရဲ့။

နောက်ဆုံးတော့ စီအိုင်ဒီ ရဲမင်းကြီး ဦးမောင်မောင်သန်းကပါ ထပ်ပြီး ဖိအားပေးလိုက်တာ အမှုကို ခိုင်ခိုင်မာမာမတည်ဆောက်နိုင်သေးပဲ မလိမ့်တပတ်နဲ့ ဟသ်ာတ တဖက်ကမ်းက ကျုံလဟာ ရွာကို ခဏလိုက်ခဲ့ဖို့ ကျနော့်ကို ခေါ်သွားပါလေရော။ အမှုအခင်း ဖြစ်တဲ့နေရာမှာ စစ်ဆေး စရာလေး ရှိလို့ပါတဲ့။ မီးရထားပေါ်မှာ နှစ်ယောက်သား အတူတူသောက်စားပြီး အဲဒီရွာရဲစခန်းလည်း ရောက်ရော ကျနော့်ကို လက်ထပ်ခတ်လိုက်ပြီး၊ ကိုသက်ခိုင် ခင်ဗျားကို ကျနော် ဖမ်းလိုက်ပြီတဲ့။

ဘယ်လိုမှမျှော်လင့်မထားတော့ ကျနော်နည်းနည်းတော့ တုန်လှုပ်သွားတယ်။ နောက် စိတ်ကိုငြိမ်အောင် ထိန်းလိုက်တယ်။ ကုတ်တယ်လေ။ ပဲခူးတိုင်းဟာ ကျနော့်နယ်ပဲ။ ဒီကိစ္စကို ကျနော် အပြီးတိုင်ရှင်းနိုင်ရမယ်လို့ ယုံကြည်နေတုန်းပဲဗျ။ ပုဒ်မလား၊ ၆(၁) လေ။ ပြည်သူပိုင်ပစ္စည်း အလွဲသုံးစားလုပ်မှုပေါ့။ အမှန်က သက်သေခံပစ္စည်းမတင်နိုင်ပဲ ကျနော့်ကို ဖမ်းချုပ်လို့မရတာကို ကျနော်သိနေပါတယ်။ စီအိုင်ဒီအမှုစစ်အရာရှိ သောင်းမြင့်က ဖိအားဒဏ်မခံနိုင်လို့ ဇွတ်လုပ်ချလိုက်တာပါ။ ဒီအမှုနဲ့ပတ်သက်လို့ ကျနော်ကောင်းကောင်း လေ့လာပြီးနေပြီလေ။

အဲဒီ ကျုံလဟာအချုပ်မှာ ကျနော် တပတ်အချုပ်ခံခဲ့ရတယ်။ ဒါလည်း ပျင်းစရာတော့ မကောင်းပါဘူးဗျာ။ ငါးမြို့သောင်ရွာက လူသတ်မှုတခုမှာ တကယ်သတ်တဲ့ချာတိတ်က အဖမ်းမခံပဲ ဝမ်းကွဲညီအကိုနှစ်ယောက်က လူစားထိုးပြီး အဖမ်းခံတဲ့ကိစ္စကို ဝင်ရှင်းနေရသေးတယ်။ အဲဒီနယ်ဘက်က တော်တော်စရိုက်ကြမ်းတယ် ပြောရမယ်။ ဘာမှမဟုတ်တဲ့ကိစ္စလေးနဲ့ အသက်နှစ်ဆယ်ကျော်လေးတွေ လူသတ်မှုဖြစ်လာကြတာ။ ရဲကလည်း အမှုစစ်တာ ပညာသားပါပါ စစ်ဆေးတတ်ပုံမရဘူး။ အစားထိုးအဖမ်းခံတဲ့ ချာတိတ်တွေကို ထုထောင်းထားလိုက်တာ မြင်လို့တောင် မကောင်းဘူး။ မျက်နှာတွေစုတ်ပြတ်၊ ပါးစပ်ထဲက သွေးတွေအန်နဲ့ ရုပ်ပျက်ဆင်းပျက် ဖြစ်ကုန်ပြီဗျာ။

ကျနော်လည်း အမြင်မတော်ပါဘူးဆိုပြီး အမှုစစ်အရာရှိကို ဝင်ညှိပြီး ကြားဝင်လိုက်ရတယ်။ ဟုတ်ပါတယ်။ အသက်နှစ်ဆယ်ဝန်းကျင်ကလေးတွေဟာ ငယ်စိတ်ကလေးတွေနဲ့ ခံနိုင်ရည်ရှိမယ်ထင်ပြီး လူသတ်မှုကို လူစားထိုး အဖမ်းခံခဲ့ပမယ့် လူစားထိုးလို့ရလောက်တဲ့ ပြင်ဆင်မှု ဘာမှလုပ်မလာခဲ့ကြဘူးလေ။ ဒါမျိုးက ပိပိရိရိဇာတ်လမ်းတခု ဖန်တီးရပါတယ်။ ဒီဇာတ်လမ်းကို အမှုစစ်အရာရှိ လက်ခံလာအောင် ငွေနဲ့ကြေးနဲ့ညှိနှိုင်းရတာမျိုးပါ။ အော်၊ ကျနော် လူမသတ်ဖူးပါဘူးဗျာ။ အတွေ့အကြုံအရ သိနေတာပါ။

အခြေအနေအားလုံးကို လေ့လာလိုက်တော့ အသတ်ခံရတဲ့ဘက်က ငွေအားလူအား စွတ်လိုက်နေပုံရတယ်။ အစားထိုး အဖမ်းခံတဲ့ ချာတိတ်နှစ်ယောက်ကလည်း တကယ့် မအူမလည်လေးတွေ။ နောက်ဆုံးတော့ ဒီကလေးတွေကို မင်းတို့ အမှန်အတိုင်းဝန်ခံလိုက်ပါ။ တကယ်သတ်တဲ့ မင်းတို့ညီ တရားရုံးမှာ လွတ်အောင်လုပ်တဲ့နည်းတွေ အများကြီးပါဆိုတာကို နားဝင်သွားပြီး လူချင်းပြန်လဲလိုက်ကြတယ် ဆိုပါတော့။ သူများကိစ္စ ဝင်ရှုပ်တာတော့မဟုတ်ပါဘူးဗျာ။ သူတို့ခံစားနေရတာကို မကြည့်ရက်လို့ပါ။

တပတ်လောက်ကြာတော့ ကျနော် ရဲစခန်းအချုပ်ထဲကနေ လှုပ်ရှားလိုက်တာ ကျနော်အဖြစ်ကို ပဲခူးတိုင်း ရဲမင်းကြီးသိသွားတယ်။ ချက်ချင်း လက်ပံတန်းရဲစခန်းကို လွှဲရမယ်ဆိုပြီး အမိန့်ထွက်လာတယ်။ နောက် ကျနော့်အမှုတွဲကို ပဲခူးရဲတိုင်းမှူးရုံးကို ပို့ဖို့လည်းပါတယ်။ ဒါနဲ့ပဲ ကျနော်ဟာ ကျုံ့လဟာရဲစခန်းကနေ လက်ပံတန်း အချုပ်ကို ရောက်လာပါတော့တယ်။ ဒီလိုပဲ ဖြစ်ရမယ်လေ။ ဒါပေမဲ့ သောင်းမြင့်ကလည်း မခေဘူးဗျာ။ ကျနော့်အမှုတွဲကို တိုင်းရုံးက တောင်းတယ်လည်းဆိုရော မျက်ကလဲဆံပြာ လက်ပံတန်းကိုလိုက်လာတယ်။

ကျနော့်ကို လက်ပံတန်းမြို့နယ်တရားရုံးက အာမခံပေးမယ့်နေ့မှာ သောင်းမြင့်က တရားသူကြီးကို ခွင့်တောင်းပြီး အမှုတန်ပိုးကို ငါးသောင်းကနေ ငါးသိန်းဖြစ်အောင်ဖြည့်လိုက်တာ ကျနော့်အမှုဟာ ၆ (၁) ကနေ အပက (၃) အများပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေနဲ့ စွဲတင်နိုင် ဖို့အတွက် ဗဟိုဥပဒေရုံးကနေ အမိန့်ပြန်စောင့်ရတဲ့ အခြေအနေ ရောက်သွားပါတော့တယ်။ တိုက်ပွဲက ပြင်းထန်သွားပါပြီ။ အပက (၃) ဟာ သေဒဏ်နဲ့ ထောင်ဒဏ်အနှစ်နှစ်ဆယ်အထိ ထိုက်သင့်ပါတယ်။

ကျနော်အာမခံမရပဲ ၆ (၁) ကနေ အပက (၃) အတွက် ခွင့်ပြုမိန့်တောင်းတာကို ရဲမင်းကြီးလည်းသိရော နောက်နေ့မှာ တိုင်းအတွင်းခရီးစဉ်တခု အကြောင်းပြပြီး လက်ပံတန်းကို လိုက်လာခဲ့ပါတယ်။ စီအိုင်ဒီ အမှုလိုက် သောင်းမြင့်ကိုလည်း ပဲခူးတိုင်းထဲ ဝင်လာတာနဲ့ သတင်းပို့ရမယ်ဆိုပြီး ခပ်တင်းတင်း ပြန်လုပ်ပြန်ပါရော။ ကျနော့် ဆရာမမျက်နှာနဲ့ ထင်ပါရဲ့ဗျာ။

လက်ပံတန်းအချုပ်ထဲကို သူကိုယ်တိုင်လာပြီး ကျနော့်ကိုဝင်တွေ့ပါတယ်၊ မြို့နယ်ရဲတပ်မှူးလည်း ပါလာတယ်လေ။ ရဲမင်းကြီးက ကျနော့်ကိုတွေ့တွေ့ချင်း သက်ခိုင်နေကောင်းလားတဲ့။ ကျနော်လည်း စပ်ဖြဲဖြဲနဲ့ ကောင်းပါတယ်လို့ ဖြေလိုက်တော့ ကောင်းရင်လည်း ဆေးရုံတက်နေလိုက်တဲ့။ နောက်ပြီး မဝတ ဥက္ကဋ္ဌရော၊ မြို့နယ်ရဲတပ်ဖွဲ့မှူးကိုပါ သက်ခိုင်ဟာ တိုင်းမှူးလူဖြစ်လို့ လိုလေသေးမရှိ ဂရုစိုက်ဖို့ တဖွဖွ မှာသွားလေရဲ့။ ဒီလိုနဲ့ ကျနော် လက်ပံတန်းဆေးရုံကို ရောက်သွားရော ဆိုပါတော့။

အေးဗျာ၊ လူက ငယ်လည်းငယ်၊ ငွေလည်းရှိ၊ အဆက်အသွယ်ကလည်းကောင်းဆိုတော့ အချုပ်ထဲကနေ ဆေးရုံရောက်တာတောင် ကျနော် ချိုကြွနေတုန်းပဲ။ ဆေးရုံတက်နေတဲ့ အချုပ်ကျလူနာကို လက်ထိပ်ခတ်ရတဲ့ ထုံးစံရှိပေမယ့် ကျနော့်ကို ဘယ်သူမှ လက်ထိပ်မခတ်ရဲဘူး။ အစောင့်ရဲတောင် မထားပါဘူးဗျာ။ ဒါနဲ့ ကျုပ်လည်း စီအိုင်ဒီက မောင်တွေကို မကျေနပ်တဲ့ ခံစားချက်ရယ်၊

ကျားကိုလှောင်အိမ်ထဲထည့်ထားသလို ခံစားရတာရယ်ကြောင့် မိုးလင်းမိုးချုပ် လက်ပံတန်းမြို့ထဲ ထွက်ပြီး အရက်ချည်း လိုမ့်သောက်နေရော ဆိုပါတော့။

အေးဗျ၊ ကျနော် သစ်မှောင်ခိုလုပ်တုန်းက တွဲလာတဲ့ ကိုမြသိန်းက လက်ပံတန်းမှာ အရာ ရောက်စာရင်းထဲပါနေတော့ သူလာရင် အရက်ပုလင်း အမြဲပါလာတယ်။ ဆေးရုံမှာ ဆယ့်ငါးရက် လောက်ကြာတော့ မြို့နယ်ဆရာဝန်ကြီး လူနာတွေကို လှည့်ကြည့်နေတုန်း လူနာကုတင်အောက အံဒိုလေးထဲက အရက်ပုလင်း သံမန်သလင်းပေါ် ကျပြီး ကွဲလိုက်တာ ကျနော် အချုပ်ထဲပြန်ရောက်သွား ရော။ မြို့နယ်ဆရာဝန်ကြီးက ကျနော့်ကို ဆေးရုံမှာမထားရဲတော့တာပေါ့ဗျာ။ ကျနော် ဆေးရုံမှာ နေရတုန်း အထိတ်တလန့်ကိစ္စတခု ကြုံရသေးဗျာ။ တရက် ကျနော်မူးမူးနဲ့ ညတနာရီလောက်မှာ ကျနော် ဆေးရုံအိမ်သာထဲကို ရောက်သွားတယ်။ အိမ်သာတက်ဖို့မဟုတ်ဘူးဗျ။ အိမ်သာနဲ့ ရေချိုးခန်းက တွဲထားတော့ အချိန်မတော် တခွက်တဖလားချမယ့် အနားမှာ ရေပုလင်းမရှိတာနဲ့ ရေလိုက်ရှာရင်း ရောက်သွားတာ။ ဖြစ်ချင်တော့ အဲဒီနေ့က ရေမလာ မီးမလာတဲ့နေ့ ဖြစ်နေတယ်။

ကျနော် ညဦးပိုင်းက သောက်ထားတဲ့အရှိန်က မပြေသေးတဲ့အချိန် ရေပုံးတခုတွေ့တာနဲ့ စွတ်နှိုက်လိုက်တာ လူတယောက်ရဲ့ လက်မောင်းရင်းကနေပြတ်နေတဲ့ လက်ပြတ်ကြီးတဘက် ပါလာ သဗျ။ ရုတ်တရက်ဆိုတော့ သစ်သားချောင်းကြီးများလားလို့ သေချာကြည့်လေ၊ သွေးတွေခြောက်နေတဲ့ လက်မောင်းကြီးဟာ လရောင်မှိန်မှိန်မှာ ထင်ရှားလေပါပဲဗျာ။ ကျနော်လည်း လက်မောင်းပြတ်ကြီးကို ပြန်ပစ်ချပြီး ကုတင်ဘက်ကို အလန့်တကြားပြန်လစ်လာလိုက်တယ်။ ကုတင်ပေါ် မှာ ပက်လက်လှန်ရင်း ဘယ်အရပ်ကနေ ဒီလက်မောင်းကြီးက ရောက်နေပါလိမ့်ဆိုပြီး စဉ်းစားလိုက်တာ အရက်သောက်ချင် စိတ်တောင် ပျောက်သွားတယ်ဗျာ။ မနက်မိုးလင်းတော့မှ မသိမသာ စနည်းနာလိုက်တော့၊ အော် လက်ပံတန်းနဲ့ သိပ်မဝေးတဲ့ ရွာတခုကနေ ဓားခုတ်ခံရပြီးရောက်လာတဲ့ လူနာရဲ့လက်ကို ဖြတ်ထားတာ တဲ့ဗျား။

လက်ပံတန်းအချုပ်ထဲရောက်တော့ တကယ့်တောသားလူမိုက်တွေနဲ့ ဆုံရတော့တာပဲဗျာ။ ဆယ့်နှစ်နှစ်တောင်မပြည့်သေးတဲ့ ချာတိတ်ညီအကိုက နွားတရှဉ်းခိုးသတဲ့။ တယောက်ကလည်း ဘုရားရွှေပွတ်တဲ့ အမှုတဲ့။ ဒီလူက အမှုဖြစ်ပြီး အချုပ်ထဲ ရောက်နေတာတောင် အချုပ်ခန်းထဲကနေ လှမ်းမြင်နေရတဲ့ စေတီတဆူကိုလှမ်းကြည့်ပြီး ဒီဘုရားဆို ရွှေချိန်ဘယ်လောက်ရနိုင်တယ် တွက်နေတဲ့ လူပဲဗျာ၊ အံ့ရော။

ကျနော့်မှာ ထူးခြားတဲ့အာရုံတခု ရှိလေသလားတော့ မသိဘူးဗျာ။ လက်ပံတန်းအချုပ်ထဲ ပြန်ရောက်ပြီး သုံးလေးရက်လောက်နေတော့ ကျနော့်အာရုံထဲမှာ အချုပ်ခန်းတခုလုံးကို ဝတ်ဖြူစင် ကြယ်တွေနဲ့ ဘိုးတော်လိုလိုဗုဒ္ဓိုလ်တွေ လာဝိုင်းနေတာ အာရုံမှာ မြင်နေရတယ်။ ထူးဆန်းတာတော့ အမှန်ပဲဗျာ။ ဘိုးတော်တွေဟာ စက်ဝိုင်းပုံ အထပ်ထပ်လာဝိုင်းနေတာ သေချာတယ်။

ကျနော်လား၊ အချုပ်ထဲမှာလည်း သောက်တုန်းပါပဲဗျာ။ အချုပ်ခန်းထဲကို အရက်ခိုးသွင်းတာ အစပိုင်းတော့ လွယ်ပေမယ့် နေ့ဆက်ရက်ဆက်ဆိုသလို ဖြစ်လာတော့ တဖြည်းဖြည်း ခက်ခဲလာတယ် ဆိုပါတော့။ ကျနော်က အချုပ်ထမင်းဟင်း မစားဘူးလေ။ တပည့်ကျော် ထွန်းကြိုင်ဆိုတဲ့မောင်ကို အပြင်မှာ ချက်ခိုင်းပြီး လာလာပို့ခိုင်းတာ။ ထမင်းလာပို့ရင်း အရက် ခိုးသွင်းပေါ့။

နောက်ပိုင်း ရှာတာဖွေတာတွေလုပ်လာတော့ အရက်သွင်းမရတာနဲ့ ကျနော် တမျိုးကြံပြန် တယ်။ 'ဟေ့ကောင်ထွန်းကြိုင်၊ အရက်ကိုဆူအောင်ကျိုလိုက်ကွာ' လို့၊ 'ပြီးတော့ လက်ဖက်ခြောက် ခပ်ပါးပါးလေးခပ်ပြီး ပုလင်းထဲကိုထည့်၊ ပူနေတုန်း အချုပ်ခန်းစောင့်တဲ့ ရဲလက်ထဲကို ထည့်လိုက်ပေ တော့' လို့ သင်ပေးလိုက်တယ်။

ဟား ဟား ရောက်တာပေါ့ဗျာ၊ ကြိုချက်ထားတဲ့အရက်ပုလင်းဟာ ကျနော့်ဆီ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်တာပေါ့။ ထွန်းကြိုင် ပုလင်းလာပို့ရင် ကျနော်လှမ်းမြင်နေရတယ်လေ။ အဲဒီအချိန်မှာ အချုပ်ခန်းစောင့်တဲ့မောင်ကို လှမ်းပြီး ရေနွေးပုလင်း လှမ်းယူပေးပါဗျာဆိုပြီး အကြောင် ရိုက်ရတာပေါ့။ ပုလင်းက ပူနေတော့ စစ်ဖို့ဆေးဖို့တောင် သတိရဟန် မတူပါဘူးဗျာ။ ကျနော့်ဆီ တန်းရောက်လာ တာပါပဲ။

အော် နေဦး၊ အဲဒီအချိန်မှာ ကျနော်က ရိုးရိုးအချုပ်သားတွေနဲ့ တွဲမနေရတော့ဘူး။ သီးသန့် ဗွီအိုင်ပီ စပယ်ရှယ်သီးသန့်ခန်းနဲ့ဗျ။ ကျနော့်အခန်းဖော်က လက်ပံတန်းမြို့နယ် ပညာရေးမှူး ဆရာကြီး ဦးမြင့်လွင်တဲ့။ ဆရာဦးမြင့်လွင်က တကယ့်ပညာတတ် လူအေးလူကောင်းကြီးပါ။ ကျောင်းဆောင်တိုးချဲ့ တဲ့ စီမံကိန်းမှာ ကန်ထရိုက်လုပ်တဲ့ မောင်က ဆွဲထည့်လို့ အူလည်လည် အချုပ်ထဲရောက်နေတာပါဗျာ။ သူ့အမှုတွဲက ကိုကိုအောင်တဲ့။ မူဆလင် အာကျယ်ကုလား။ ကျနော် သူ့ကို ရန်ကုန်ကမာရွတ် အဝေးပြေးစီမံကိန်းမှာကတည်းက သိတယ်။ အလကား မလည်ရှုပ်ပါဗျာ။

နောက်တလလောက်ကြာတော့ ဇဟိုဥပဒေရုံးကနေ ကျနော့်ကို အပက (၃) နဲ့ စွဲချက်တင်ကြောင်း စာထွက်လာတယ်။ ဒါနဲ့ သာယာဝတီခရိုင်တရားရုံးကို ရောက်သွားရောဆိုပါတော့။ စီအိုင်ဒီဘက်က အမှုလိုက်အရာရှိဟာ သောင်းမြင့်မဟုတ်တော့ဘူး။ ဇီးဖြူကုန်းသား ရဲမှူး ဦးသောင်းကြီး တဲ့။ အမှုလိုက်ပြောင်းရတာလဲ ကျနော့်နောက်က ဝိတ်တွေကိုလန့်ပြီး ပို့ရှုပ်မကုန်အောင် ထိန်းတာ လည်း ပါပါတယ်။ အချုပ်ထဲမှာ သုံးလနဲ့ ဆယ့်ရှစ်ရက်နေပြီးတော့ ကျနော် အာမခံနဲ့ ပြန်ထွက်လာ တယ်။ နည်းကို သိချင်လို့လား။ ဘာနည်းမှ မဟုတ်ဘူး။ တိုင်းမှူးက ကျနော် ပျောက်နေတယ်ဆိုပြီး ခဏခဏမေးနေတော့ တဝတအတွင်းရေးမှူးနဲ့ ရဲမင်းကြီးညှိပြီး ဖိအားပေးလိုက်လို့။ တိုင်းမှူး ကိုယ်တိုင်ကတော့ ကျနော့်အဖြစ်ကို သိလိုက်ပုံမရဘူး။

အာမခံရရုံနဲ့ ဘယ်အပြီး လွတ်အုံးမလဲဗျ။ စီအိုင်ဒီ အမှုလိုက်အရာရှိ၊ ခရိုင်တရားသူကြီး၊ ခရိုင်ဥပဒေအရာရှိတွေနဲ့ ဇယားနိုင်အောင် ဆွဲရတာပေါ့။ စီအိုင်ဒီရဲမှူး ဦးသောင်းကြီးကတော့ ကျနော့်လို အသောက်သမားပဲဆိုတော့ မကြာခင် အဖွဲ့ကျသွားတယ်။ ဥပဒေအရာရှိ ဦးအောင်စိုးသန်း ကတော့ သူပိတ်သိမ်းချင်နေတဲ့ မုဒိန်းမှုတခုကို ကျနော်ကိုယ်တိုင် တိုင်းရဲမင်းကြီးရုံးမှာ လိုက်ပြီး ပိတ်လို့ရအောင် လှုပ်ရှားပေးလိုက်တာ ကျနော့်လက်ရည်ကို သဘောပေါက်သွားတယ်။

တရားသူကြီး ဦးကြည်ဖြူကတော့ သူ့အိမ်ဆောက်လက်စလေးကို တတ်အားသရွေ့ ကူညီလိုက်တာ ကိုသက်ခိုင်လိုလူမျိုးကို ထောင်ထဲထည့်ထားရင် တိုင်းပြည်အတွက် နစ်နာသတဲ့ဗျာ။ အမှုရင်ဆိုင်လို့ တနှစ်ဝန်းကျင်လောက်ကြာတော့ ကျနော်ဟာ သေဒဏ်ကနေ အနှစ်နှစ်ဆယ်အထိ ထိုက်သင့်တဲ့ အပက (၃) အမှုကနေ ကွင်းလုံးကျွတ် လွတ်လာရော ဆိုပါတော့။ ရင်ထိတ်မနေပါနဲ့ဗျာ။ ခရိုင်တရားရုံးက မလွှတ်နိုင်ရင် စစ်ခုံရုံးက ကျနော့်အမှုတွဲကို တောင်းယူပြီး တရားသေလွှတ်ပစ်ဖို့ပါ ပဲခူးတိုင်း စစ်ခုံရုံးအတွင်းရေးမှူး ဗိုလ်မှူးကြီးစိန်နဲ့ ကျနော် ဇယားဆက်ဆွဲထားပြီးသားပါ။

တနှစ်ကျော် သာယာဝတီကို ရုံးချိန်းသွားနေတော့ အလုပ်အကိုင်ပျက်၊ ငွေကုန်လူပမ်းဖြစ် တယ် ထင်နေလား။ မဖြစ်ဘူးဗျ။ လက်ပံတန်း စည်ပင်သာယာရုံးအောက ကွက်လပ်မှာ ဆိုင်ခန်း နှစ်ဆယ်ကျော်လောက် ခရီးသွားတန်လွှဲဆောက်လိုက်တာ သိန်းလေးငါးဆယ်တောင် မြတ်ခဲ့သေးတယ် ဆိုပါတော့။

အခုနေပြန်စဉ်းစားကြည့်တော့ ဒါတွေဟာ ခေတ်ကြီးကြောင့် ဖြစ်ချင်တိုင်းဖြစ်နေခဲ့တာ ကလား။

ကျနော်နဲ့ ပုဒ်မအတူတူ ဘယ်လိုက်ရမှန်းမသိတဲ့ ကန်ထရိုက်တာ ကိုကိုမောင်နဲ့ ဆရာကြီး ဦးမြင့်လွင်တို့ကတော့ အနှစ်နှစ်ဆယ် ကျသွားလေရဲ့။ တိုက်တိုက်ဆိုင်ဆိုင် ကိုကိုမောင်ကို အမိန့်ချမယ့်နေ့က ကျနော် တိုင်းမှူး ဗိုလ်ချုပ်အေးသောင် အခန်းထဲမှာ ရောက်နေသဗျာ။ တရားသူကြီးက အမိန့်ချကာနီး လှမ်းမေးတယ်ထင်ပါရဲ့။ ဗိုလ်ချုပ်အေးသောင်က တယ်လီဖုန်းထဲကနေ ချသာချ၊ အဲဒီကုလားကို အမြင့်ဆုံးပြစ်ဒဏ်ချ။ မှတ်လောက်သားလောက်အောင် ချလိုက်တဲ့။ ဘာပဲဖြစ်ဖြစ် ကျနော်စိတ်မကောင်းပါဘူးဗျာ။

■

## အခန်း (၆၇)

# မိန်းမဆိုးအာမုန်း

နံနက်ကိုးနာရီခန့် ရှိပြီဖြစ်သော်လည်း နှင်းမကွဲသေးချေ။ ကိုသက်ခိုင်ကို သူ့တဲပေါ်မှာ မတွေ့ရ။ ဖိုကြီးက ကိုအောင်ကြည်ကိုမေးမိတော့ အိပ်ဆောင်ဖွင့်၊ အလုပ်ဘုတ်ထုတ်ပြီးချိန် (၇) နာရီခန့်ကတည်းက စခန်းနှင့် တမိုင်ခန့်အကွာတွင်ရှိသော အပျိုကြီးကြည်ကြည်ဌေး၏ ဈေးဆိုင်ဘက်သို့ ထွက်သွားသည်ဆို၏။

ဖိုကြီးနောက်က ချောင်းကလေးဘေးမှာ မတ်တတ်ရပ်နေရင်း အပျိုကြီး ကြည်ကြည်ဌေးတို့ဆိုင်ရှိရာ တွင်းပြင်ကြီးဆီသို့ ကျနော်မျှော်ကြည့်လိုက်သည်။ ကြည်ကြည်ဌေးကား အသက်သုံးဆယ်ကျော် အရွယ်ဖြစ်၏။ ရဲဘက်စခန်းနှင့် သုံးမိုင်ခန့်အကွာရွာမှ ဖြစ်သည်။ လယ်တွင်းပြင်ကြီးမှ စပါးရိတ်သိမ်းပြီးချိန် စခန်းအနီးတွင် တဲငယ်လေးထိုးကာ နှစ်စဉ် ဈေးဆိုင် လာဖွင့်ထားခြင်းဖြစ်သည်။ တွင်းပြင်ကျယ်ကြီးကိုဖြတ်၍ သွားကြသော ရွာနီးချုပ်စပ်မှ ခရီးသွားများနှင့် အထူးသဖြင့် ရဲဘက်တို့မှာ ကြည်ကြည်ဌေးဆိုင်ကို အားပြုကြရသည်။ တောအရက်၊ အချိုရည်၊ အအေးဗူးတချို့၊ သားရေစာနှင့် ကြက်သွန်၊ ငြုပ်သီးစသည်တို့ ရနိုင်သည်။ အဆိုပါ အပျိုကြီးဆိုင်မှ တခုခုဝယ်ခြမ်းရန် ကိုသက်ခိုင် ထွက်သွားပုံရသည်။

ခဏအကြာ ကိုင်းပင်ရှည်များကြားက မြေလမ်းကလေးအတိုင်း ကိုသက်ခိုင် စခန်းဘက်သို့ လျှောက်လာနေသည်ကို မြင်ရသည်။ ကိုသက်ခိုင် မျက်နှာ ခပ်ရွှင်ရွှင် ဖြစ်နေသည်ကို ကျနော် သတိပြုမိသဖြင့်

'ပြုံးစိစိနဲ့ ဘာဖြစ်လာပြန်တာလဲဗျ။ အပျိုကြီးနဲ့ လေပေးဖြောင့်လာလို့လား'

'ပေါက်ပေါက်ရှာရှာဗျာ၊ အပျိုကြီးနဲ့ မဆိုင်ပါဘူး၊ လမ်းမှာ ထူးထူးဆန်းဆန်းတွေ့ခဲ့လို့ဗျ'

'ဘာတွေထူးဆန်းနေပြန်တာတုန်း'

'ငှက်နှစ်ကောင် တွေ့ခဲ့တယ်ဗျ'

'ငှက်နှစ်ကောင်တွေ့တာများ ပြုံးစရာလားဗျာ။ ငှက်တွေအများကြီး နေ့တိုင်းတွေ့နေရတာပဲ။

ဒီနေရာက ရေနက်ကွင်း အင်းကြီးလို ဖြစ်နေလို့ ငှက်တွေ တွေ့တွေ့နေရတာ ဘာဆန်းသလဲ'

'ပြောတာကိုဆုံးအောင် နားထောင်ပါအုံးဗျာ။ ခင်ဗျားက စွတ်တွန်းနေတာက အရင်'

'တွန်းတာမဟုတ်ဘူးလေ၊ခင်ဗျားပြောတာကိုက မရှင်းမရှင်းနဲ့၊ ဘယ်က ငှက်နှစ်ကောင်ကို ဘယ်လိုတွေ့လာလို့လဲ၊ ရှင်းစမ်းပါအုံးဗျာ'

'ကျနော်မနက်တုန်းက အိပ်ဆောင်ဖွင့်ပြီးတာနဲ့ ဝယ်စရာခြမ်းစရာလေးရှိလို့ အပျိုကြီးဆိုင်ဘက်ကို လျှောက်သွားတယ်ဗျ။ လမ်းမှာ နှင်းမကွဲသေးဘူး။ အပျိုကြီးဆိုင်နဲ့ ကျနော်တို့ စခန်းအလယ်လောက်ရောက်တော့ ကိုင်းပင်တွေကြားက မြေကွက်လပ်ထဲမှာ လူနှစ်ယောက် လမ်းလျှောက် နေသလိုလို ရိပ်ကနဲတွေ့လိုက်ရတယ်ဗျ။ ကျနော်က ဘယ့်နှယ် ဒီအချိန်ဒီနေရာမှာ ဘယ်က စုံတွဲလာပြီး လမ်းလျှောက်နေရသလဲလို့ တွေးလိုက်မိတယ်။ ဟုတ်တယ်လေ၊ လမ်းလျှောက်နေပုံက ချစ်သူစုံတွဲလမ်းလျှောက်နေပုံဗျ။ လားလား သေချာကြည့်လိုက်တော့မှ လူမဟုတ်ဘူးဗျ။ ငှက်နှစ်ကောင်ဖြစ်နေတယ်။ တကယ့်အကောင်ကြီးတွေဗျာ၊ ငှက်နှစ်ကောင်က လူအရပ်လောက်ရှိနေတော့ လူလို့ကျနော်ထင်နေတာ။ ကိုင်းပင်တွေကွယ်နေတော့ ကျနော်လှမ်းမြင်နေရပေမယ့် ငှက်တွေက ကျနော့်ကိုမမြင်ရဘူးလေ။ အေးဗျာ၊ တကယ့်ကို ချစ်သူနှစ်ယောက် စကားစမြည်ပြောရင်း ရင်ဘောင် တန်းလျှောက်နေတာဗျ။ သေချာကြည့်လေ ချစ်သူနှစ်ယောက် လမ်းလျှောက်နေပုံနဲ့ တူလေပဲဗျာ။ ကျနော့်တသက်နဲ့တကိုယ် ငှက်ကြီးနှစ်ကောင် ဒီလိုလမ်းလျှောက်နေတာကို မြင်ဖူးတာ ပထမဆုံးပဲဗျ'

'အော် ကိုသက်ခိုင်က ကြိုးကြာငှက်တွေကို မြင်ခဲ့တာကိုး '

'ဗျာ၊ အဲဒီငှက်တွေကို ကြိုးကြာငှက်လို့ခေါ်တာလား'

'ဟုတ်တယ်လေ၊ ကြိုးကြာ မောင်နှံမောင်နှံ တူယှဉ်တွဲလို့ ပျံဝဲခိုက်တွင်၊ ကြိုးကြာဖိုမှာ မြားဒဏ်သင့်၍ သေပွဲသို့ဝင်ဆိုတဲ့ အဆိုတော် အနိုင်သီချင်းထဲက ကြိုးကြာမောင်နှံပေါ့ဗျာ'

'အော် ကြိုးကြာတို့၊ အောက်ချင်းငှက်တို့ လွန်းကြင်ငှက်တို့ဆိုတာ တကောင်သေရင် တကောင်လိုက်သေတဲ့ အချစ်ကြီး ချစ်တတ်ကြတဲ့ ငှက်တွေကိုး၊ ကျနော်တွေခဲ့တဲ့ ပုံအတိုင်းဆို သီချင်းနဲ့ တကယ်ကို လိုက်ဖက်ပါသဗျာ'

'အေးလေဗျာ၊ ဒါကြောင့်လည်း အချစ်နဲ့ပတ်သက်ပြီး ဒီငှက်တွေကို တခမ်းတနားစာဖွဲ့ကြတယ် ထင်ပါရဲ့'

'အော် ငှက်တွေလို အဟိတ်တိရစ္ဆာန်တောင် ဒီလောက်ချစ်တတ်ကြသလားဗျာ၊ ဒါပေမဲ့ ချစ်နေတုန်းပဲ ဖြစ်မှာပါဗျာ၊ မုန်းပြီဆိုရင် ဒီငှက်နှစ်ကောင် ဘယ်လိုများနေမလဲလို့ တွေးမိတယ်၊ အထူးသဖြင့် တကောင်က ချစ်နေတုန်းဖြစ်ပေမယ့် ကျန်တကောင်က မချစ်တော့ရင် ဘယ်လိုနေကြမလဲ'

'ကြံကြံဖန်ဖန်ဗျာ။ ခင်ဗျားနဲ့တွေ့မှပဲ ကြိုးကြာမောင်နှံတောင် မုန်းခန်းကို သရုပ်ဆောင်ပြရမလို ဖြစ်နေပြီ'

'မဟုတ်ရပါဘူးဗျာ။ သူတို့မောင်နှံ မမုန်းကြစေချင်ပါဘူး၊ ဒါပေမယ့် အမုန်းဆိုတာပါလာရင် စိတ်မချမ်းမြေ့စရာတွေ ဖြစ်လာတတ်လွန်းလို့ပါ'

'ခင်ဗျားက ချစ်ခြင်းမုန်းခြင်း အတွေ့အကြုံတွေ တော်တော်များပုံရတယ်'

'လူပဲဗျ။ ချစ်တာမုန်းတာ မဆန်းလှပါဘူး၊ သို့သော် ကျွန်တော်ကြုံခဲ့တဲ့ အမုန်းဇာတ်လမ်းတခုကတော့ တော်တော်ဆန်းတယ် ဆိုရမယ်'

'အော် သက်ခိုင်ရဲ့ ချစ်ကိုယ်တွေ့လားဗျ'

'မဟုတ်ပါဘူးလေ၊ ကျနော်အခု စဉ်းစားနေတာက တယောက်က အသည်းနင့်အောင်ချစ်၊

တယောက်က မမြင့်ချင်အောင်မုန်း ဖြစ်နေခဲ့တဲ့ စုံတွဲတတွဲအကြောင်းပါ'

'အဲဒါ ဘာဆန်းသလဲဗျာ'

'ဆန်းတယ်ဗျ၊ သူတို့မုန်းတာက လင်ရယ်မယားရယ်ဖြစ်ပြီး သမီးတယောက်ရမှ အမုန်းတရား ဖြစ်လာတာ၊ ဒါလည်း တဖက်သတ်အမုန်း'

'ဘာတွေလဲဗျာ၊ နားထောင်နေရင်း ရှုပ်လာပြန်ပြီ'

'မရှုပ်ရပါဘူး၊ ကျနော်တွေ့ဖူးတဲ့ ဇနီးမောင်နှံက သိပ်ချစ်လွန်းလို့ လက်ထပ်ခဲ့ကြတယ်၊ သမီးတယောက်ရလာပြီးမှ နဖူးစာမင်ကျဲရုံမက၊ မယားက လင်ကို မုန်းလွန်းလို့ အသေသတ်ခိုင်းတဲ့ ဇာတ်လမ်းပါဗျာ'

'လင်ကို သတ်ခိုင်းသတဲ့လားဗျ၊ ဟုတ်မှလည်း လုပ်ပါဗျာ'

'ဟုတ်ပါသော်ကောဗျာ၊ ဘာကြောင့်ဟုတ်တယ်လို့ အသေအချာပြောနိုင်သလဲဆိုတော့ အဲဒီ မိန်းကလေးက သူ့ယောကျ်ားကို သတ်ပေးဖို့ လူငှားခံခဲ့ရတာဟာ ကျွန်တော်ကိုယ်တိုင် ဖြစ်နေလို့ပါပဲ'

'ဗျာ ခင်ဗျားက အဲဒီ အငှားလူသတ်တဲ့ အလုပ်မျိုးကို လုပ်ခဲ့ဖူးတာလားဗျ'

'အော် တယ်လည်း စိတ်လောတာကိုး၊ ကျနော်ကြေးစားလူသတ်သမား မဟုတ်ရပါဘူး၊ ဒီအလုပ်မျိုးကို လုပ်လည်း မလုပ်ခဲ့ဖူးပါဘူး၊ ဒါပေမယ့် သူတို့လင်မယား ဇာတ်လမ်းမှာတော့ အဓိက အခန်းက ကျွန်တော်ပါဝင်ခဲ့ပါတယ်၊ ဒါလည်း မဖြစ်သင့်တာ ဖြစ်ကုန်မှာ စိုးလို့ပါ'

'တော်တော်ထူးမယ်ထင်တယ်၊ အသေးစိတ် ပြောစမ်းပါအုံးဗျာ'

'အော် ဒီလိုပါ၊ အဲဒီမိန်းကလေးနာမည်က ခင်မာလာတဲ့။ သူ့ယောကျ်ားနာမည်က အောင်မင်း၊ ကျွန်တော်နဲ့တွေ့ကြတော့ သူတို့နှစ်ယောက်စလုံး အများဆုံးရှိလှ၊ နှစ်ဆယ့်ငါးနှစ် ဝန်းကျင် တွေပေါ့၊ ကျွန်တော်က အသက်သုံးဆယ်ကျော်ဆိုပါတော့'

ဤတွင် ကိုသက်ခိုင်သည် သူကြုံတွေ့ခဲ့ရသော ချစ်ခြင်းမုန်းခြင်း လွန်ဆွဲအားပြိုင်သည့် ကိုယ်တွေ့ဇာတ်လမ်းတခုကို အောက်ပါအတိုင်း ဖောက်သည်ချပြန်ပါသည်။

ပြောရရင် အောင်မင်းက တကယ့်လူပုံချောဗျ။ တရုတ်သွေး နည်းနည်းစပ်ပုံရတယ်။ အင်း ခင်မာလာလည်း မိန်းမချောလို့ပြောလို့ရပါတယ်။ သူတို့ဘယ်လိုအယ်ဖုံ ညားခဲ့ကြတယ်ဆိုတာ ကျနော်လည်း တိတိကျကျတော့ မသိဘူး။ သိသလောက်တော့ လင်းစဒေါင်းဂိတ်ဆုံးမှာ တွေ့ကြတယ်ဆိုပဲ။ ခင်မာလာက အောက်ဆီဂျင်စက်ရုံမှာလုပ်တုန်း၊ အောင်မင်းက ရှစ်ကားလိုင်းမှာ စပယ်ယာလုပ်ခဲ့တုန်း တွေ့တယ်လို့ တစွန်းတစကြားတာပဲ။ အော် ခင်မာလာက ဂျီတီအိုင်ဆင်းဗျ။ ကျွန်တော့် သူငယ်ချင်းချစ်စိန်နဲ့ တနှစ်တည်း။ ဟုတ်တယ်၊ ချစ်စိန်လည်း ကျွန်တော့်ကိုအားကျပြီး ဂျီတီအိုင်ကို ကျနော့်နောက်လေးနှစ်လောက်နောက်ကျပြီး တက်ရာက ခင်မာလာနဲ့ တတန်းတည်း နေခဲ့တာ။ အောင်မင်းကတော့ ရှစ်တန်းနဲ့ ကျောင်းထွက်ထားသတဲ့။ အဲဒီ ရှစ်တန်းကပဲ သူတို့ချစ်ခြင်းကို ကွေကွင်းစေခဲ့သလားတော့ မသိဘူး။ တွေ့စမြင်စက အရူးအမူးချစ်ကြ ကြိုက်ကြ၊ လက်ထပ်လိုက်ကြပြီးမှ လင်မယားဘဝရောက်တော့ ပညာအရည်အချင်းကွာဟမှုက ပြဿနာစလေသလားတော့ မပြောတတ်ဘူး။ ဒါလည်း ကျနော့်အတွေးပါလေ။ နောက်ပြီး အောင်မင်းက မူးရင် တော်တော်ကို သွေးဆိုးတာလည်း ပါနိုင်တယ်။ နောက်တခုက ခင်မာလာ ဖောက်ပြန်ချင်တာနဲ့လည်း ဆက်စပ်နိုင်တယ်။ ဒါကြောင့်လည်း ပြဿနာက ပိုရှုပ်ကုန်တာပေါ့ဗျာ။

ခင်မာလာက သန်လျင်ဘက်မှာနေတာဗျ။ သူ့မိဘတွေက သစ်စက်တွေဘာတွေနဲ့ တင့်တောင့်တင့်တယ်လို့ဆိုတယ်။ သူ့အစ်မတယောက် ကျောင်းဆရာမလုပ်တယ်။ ပညာရေး

အလေးပေးတဲ့ မိသားစု ဖြစ်ပုံရတယ်။ အောင်မင်းက ရှစ်တန်းဆိုတော့ ညားတာနဲ့ ခင်မာလာ့မိဘတွေက သိပ်ပြီး ကြည့်ရပုံမပေါ်ဘူး။ သမီးက မြတ်နိုးတယ်ဆိုလို့သာ လိုက်လျောခဲ့ရတဲ့ သဘောပေါ့။

အောင်မင်းက ရှစ်တန်းလည်းဖြစ်၊ ချို့ချို့ငဲ့ငဲ့လည်းဖြစ်ပြန်ဆိုတော့ လူရာဝင်အောင်ဆိုပြီး သမီးတယောက်လည်းရရော ခင်မာလာ့မိဘတွေ ငွေစိုက်ပြီး အောင်မင်းကို မလေးရှားကို ပို့သတဲ့ဗျ။ အင်း အောင်မင်း မလေးရှားရောက်နေတုန်း ခင်မာလာနဲ့ ခင်ဝင်း ဇာတ်လမ်းစတယ် ထင်ပါရဲ့ဗျာ။ ဒါကို တဆင့်စကားနဲ့ မလေးရှားရောက်နေတဲ့ အောင်မင်းကြားတော့ နဂိုကမှ ဇနီးနဲ့သမီးကို ခွဲမနေချင်တာ ပိုဆိုးကုန်တာပေါ့။ ပြန်လာဖို့အတွက် လေယာဉ်စားရိတ်ကို ခင်မာလာ့ဆီက လှမ်းတောင်းတယ်။ ခင်မာလာကလည်း သူ့ဇယားနဲ့သူ ဖြစ်နေလေတော့ မပို့ဘူး။ ဒီမှာတင် အောင်မင်းခမျာ မြန်မာပြည်ကို အောက်လမ်းကနေ ပြန်ဝင်လာရရောတဲ့ဗျာ။ တခါတခါ အောင်မင်းက ကြွေကြွေကွဲကွဲနဲ့ ကျနော့်ကို အကိုရာ ကျနော့်မိန်းမနဲ့သမီးကို ချစ်လွန်းလို့ မုန်တိုင်းကြားမှာ သက်စွန့်ဆံဖျား ပြန်လာခဲ့ရတာ၊ ကျနော်တို့လှေ မုန်တိုင်းမိသေးတယ်။ မသေလို့ပြန်ရောက်လာတာပါဗျာလို့ ပြောတတ်တယ်ဗျာ။

ရန်ကုန်ပြန်ရောက်တော့ ခင်မာလာက သိပ်မကြည်ဖြူတော့ဘူး ဆိုပါတော့။ အောင်မင်း မရှိတော့တဲ့နည်းကို ကြံရော။ မရှိတော့တဲ့နည်းဆိုတာ စားမယ့်ထမင်းထဲကို အဆိပ်ခတ်တာတဲ့။ ဟုတ်ပါတယ်၊ အောင်မင်းကိုယ်တိုင်ကို ကျနော့်ကို ပြန်ပြောပြတာပါ။ ကျနော်က မယုံလို့ အောင်မင်းရာ၊ မင်းဉစ္စာဟုတ်မှလည်း လုပ်ပါဆိုတော့ ကျနော် ထမင်းမစားခင် ထမင်းပန်းကန်ထဲမှာ မဲမဲအမှုန့်လေးတွေမြင်တယ်လို့ဆိုသဗျ။ နောက်တော့မှ သူက အစာအဆိပ်သင့်တာလည်း ဖြစ်နိုင်တာပဲလေလို့ လျှော့ချသဗျ။ ဟုတ်တယ် သူတို့လင်မယား မကွဲသေးဘူး။ အောင်မင်းကလည်း မူးတုန်းသာ ပြောတာ ခင်မာလာနဲ့ ကွဲရမှာကို သေမလောက်ကြောက်တာကိုး။ ခင်မာလာက အဆိပ်ခတ်တာ မအောင်မြင်လို့ ကျနော့်ကိုပါဆွဲထည့်ပြီး ဇယားခင်းတာ။ မိန်းမတွေ မုန်းပြီဆိုရင် တော်တော်ကြောက်ဖို့ကောင်းတာကလား။

တနေ့တော့ ကျနော့်အိမ်ကို ချစ်စိန်နဲ့ ခင်မာလာ ပေါက်ချလာတယ်။ မှတ်မှတ်ရရ ၁၉၉၄ ခုနှစ် နှစ်ဆန်းပိုင်းပဲ။ ဘာလို့မှတ်မိနေလဲဆိုတော့ အဲဒီတုန်းက ကျနော့်အိမ် လှိုင်မြို့နယ် မီးလောင်ရာမှာ ပါသွားလို့ အေးရိပ်မွန်တိုက်ခန်းကို ပြောင်းနေတဲ့အချိန်။ ဟုတ်တယ်ဗျ၊ အတွင်းပစ္စည်းတချို့ပဲ ပြန်ရလိုက်တယ်။ လှိုင် (၄) ရပ်ကွက်၊ (၅) ရပ်ကွက် ကုန်ပါရောလား။

ချစ်စိန်က ခင်မာလာနဲ့ မိတ်ဆက်ပေးတယ်ဗျ။ ခင်မာလာက ပြောတာဆိုတာ တော်တော်သွက်တယ်။ ချက်ချက်ချာချာ ရှိပါတယ်။ သူက ထူးထူးဆန်းဆန်း ကျနော်နဲ့ အလုပ်တွဲလုပ်ချင်လို့ဆိုပဲ။ ကျနော်ကလည်း အလုပ်ရှိရင် ပြောပါ့မယ်လို့ ပြောခိုင်းလိုက်ပြီး နောက်တပတ်လောက်ကြာတော့ ခင်မာလာက သူ့အကိုဝမ်းကွဲ ဝင်းမြင့်နဲ့ ကျနော့်ရုံးခန်းကို ပေါက်ချလာပြန်ရောဗျာ။ သူက ကမ်းရိုးတန်းသဘော်သားဆိုပဲ။ သူက ရခိုင်ဘက်ကို အရက်ဖြူ တင်ပို့နိုင်ရင် တွက်ခြေ အတော်ကိုက်သတဲ့။ အဲဒါ ကိုသက်ခိုင်လုပ်ပါလားတဲ့။ ကျနော်က စိတ်နည်းနည်း လေနေတဲ့ အချိန်ဆိုတော့ သူပြောနေတာကို ငြိမ်နားထောင်ပြီး၊ တခုခုလုပ်တော့မယ်လို့ ဆုံးဖြတ်မိတာနဲ့ အရက်ဖြူက ဘယ်ကရမှာလဲ မေးလိုက်တယ်။

ဝင်းမြင့်က ကိုသက်ခိုင် ဘာမှမပူနဲ့၊ အရက်စက်ရုံက ကျနော်နဲ့ခင်တယ်တဲ့။ ငွေကို ခေါက်ပြန်ပေးရုံပဲတဲ့။ တိုတိုပြောရရင် ကျနော်ခေါင်းငြိမ့်လိုက်ရော ဆိုပါတော့။ ဒီမှာတင် ခင်မာလာက ကိုသက်ခိုင်၊ မာလာ့အမျိုးသားကို တွဲပြီး အလုပ်သင်ပေးပါနော် တဲ့။

ဇာတ်လမ်းကတော့ စပြီ ဆိုပါတော့။

■

## အခန်း (၆၈)

# ပွဲတိုင်းကျော်

ဒါနဲ့ တောင်ဥက္ကလာ အရက်ချက်စက်ရုံကနေ အရက်ပီပါ အလုံးငါးဆယ်ကျော်ကို ရခိုင်ကိုပို့ဖို့ တောင်ကြီးသင်္ဘောပေါ် တက်ရောပေါ့ဗျာ။ အမှန်တော့ ဒီအလုပ်က သူတို့ဘာသာသူတို့ လုပ်ရင်လည်း ဖြစ်တဲ့အလုပ်ဗျ။ ဝင်းမြင့်က ခေါင်းမဆောင်ရဲတာရယ်၊ ခင်မာလာက အောင်မင်းကို ရန်ကုန်မှာ မရှိစေချင်တာရယ်ကြောင့် ကျနော်က ဒီဇာတ်လမ်းထဲ ပါလာရတယ် ဆိုပါတော့။

ကျနော်တို့ ရခိုင်ပို့မယ်ဆိုတာ တိတိကျကျပြောရရင် စစ်တွေကို ပို့ဖို့ပါ။ စစ်တွေမှာ ကျနော်နဲ့ ညီအကိုလိုနေတဲ့ ပြည်နယ်စစ်ဥပဒေအရာရှိ ဒုတိယဗိုလ်မှူးကြီး ကြီးစိန်ဆိုတာရှိနေတော့ အဆင်ပြေနိုင်တယ်ပေါ့ဗျာ။ သူကလည်း ကျနော့်လို အသောက်သမားစစ်စစ်ပဲဗျ။

ဒါနဲ့ပဲ ကျနော်ရယ်၊ ကိုမြင့်ဌေးနဲ့ အောင်မင်းတို့သုံးယောက်က ရန်ကုန်ကနေစစ်တွေကို လေယာဉ်နဲ့တက်လာတယ်၊ ဝင်းမြင့်ကသင်္ဘောသားဆိုတော့ တောင်ကြီးနဲ့အတူ ပါသွားတယ်။ ဒါနဲ့ စစ်တွေလေဆိပ်ကိုရောက်၊ နောက် ဝင်းမြင့်အသိတယောက်အိမ်မှာ တည်းကြတယ်။

ထူးထူးဆန်းဆန်း ကျနော်တို့တည်းခဲ့တဲ့အိမ်ကြီးဟာ တကယ့်အိမ်အိုကြီးဗျာ။ သူ့ရဲခြောက်တယ်လို့လည်း နာမည်ကြီးသတဲ့။ လူမနေတာကြာတော့ အိမ်ကြီးက သည်းထိတ်ရင်ဖို ရုပ်ရှင်တွေထဲက လို အိမ်နဲ့တူနေတယ်။ ဒီအိမ်ပိုင်ရှင် ညီအကိုအချင်းချင်း ပြန်ပြီးသတ်ကြဖြတ်ကြတယ် ဆိုတာလည်း သိုးသိုးသန့်သန့်ကြားရဲ့။ ဘယ်ကဘယ်လို အဆက်အသွယ်နဲ့ ဝင်းမြင့် သိကျွမ်းလာသလဲတော့ ကျနော်လည်း မမေးမိဘူး။

ဒီထက်ထူးခြားတာက အိမ်နောက်ခန်း သီးသန့်ခန်းတခုထဲမှာ တရုတ်သိုင်းကားထဲကလို လက်နက်မျိုးစုံ တွေ့ရတာပဲဗျာ။ ဟုတ်တယ်ဗျ၊ နံ့ချပ်ကူ၊ လှံတို၊ လှံရှည်၊ နှစ်ခွမှိန်း၊ ကင်ဒို၊ ဓားရှည်၊ ဓားတို။ ဓတ်တော့်ကိုမျိုးစုံအောင် ရှိတယ်။

အဲဒီအိမ်ကြီးကို ရောက်ရောက်ချင်း အဲဒီအခန်းကိုလည်း ရောက်ရော ကျနော်၊ ကိုမြင့်ဌေးနဲ့ အောင်မင်း အဲဒီလက်နက်တွေကို တအံ့တဩကြည့်မိကြသေးတယ်။ ကိုမြင့်ဌေးပုံစံက လက်နက်တွေနဲ့

ခပ်ကင်းကင်း နေချင်ပုံရတယ်။ စိတ်ဝင်စားဟန်မပြဘူး။ အောင်မင်းကတော့ ကင်ဒိုအတိုတချောင်း ဆွဲဖြုတ်ပြီး ခားအိမ်ထဲက ထုတ်ကြည့်နေတယ်။ ပြီးတော့ စကားတခွန်းပြောလိုက်သေးတယ်။ 'ကျနော် ဒါမျိုးကို သိပ် သဘောကျတယ်' တဲ့။ ကျနော်လား၊ ခားတွေကိုမကြည့်ပဲ လူတွေကို လိုက်ကြည့်နေ တာလေ။

အော်၊ ဘဝက သင်ကြားလိုက်တာပေါ့ဗျာ။ ငွေကြေးအလုပ်ကိစ္စနဲ့ ကိုယ်မရောက်ဖူးတဲ့ ဒေသကို အတူလာကြတဲ့ ခရီးသွားဖော်တွေ ဘယ်သူဘယ်စိတ်မျိုးရှိတယ်ဆိုတာ သိဖို့လိုတယ်မဟုတ် လား။ ခားကိုကြည့်နေတဲ့ အောင်မင်းမျက်လုံးတွေကို ကျနော်သိပ်မကြိုက်လှဘူး။ အန္တရာယ်တခုခုရဲ့ အရိပ်အငွေ့ကို ကျနော်ရနေသလိုလိုပါပဲ။

မှတ်မှတ်ရရ တညအိပ်ပြီး နောက်နေ့ညတော့ သင်္ကြန်အကြိုနေ့ပဲဗျာ။ ဟုတ်တယ်ဗျ၊ ကျနော်တို့ ရောက်သွားတော့ စစ်တွေမှာ သင်္ကြန်ရက်ကြီးဗျ။ ဟုတ်ပါတယ်၊ အရက်ဖြူ စစ်တွေကို ပို့တယ်ဆိုတာ သင်္ကြန်တွင်းမှာ ဖြန့်ဖို့ပါပဲ။ ဒီလိုနဲ့ စစ်တွေမှာ အရက်ဖြူ အကြီးအကျယ်ဖြန့်တဲ့ ကိုမောင်ဖြူရဲ့ဆိုင်ကို စုံစမ်းပြီး ရောက်သွားကြရော ဆိုပါတော့။ ကိုမောင်ဖြူက တော်တော် မွန်မွန် ရည်ရည် ရှိတယ်ဗျာ။ ကုန်သည်ပီသတယ် ပြောရမယ်။ ကျနော်တို့ကို လိုလေသေးမရှိ ညည့်ခံရှာပါ တယ်။ ညည့်ခံလိုက်တာမှ သူ့အိမ်မှာ ဝိုင်းဖွဲ့ညည့်ခံလိုက်တာ နေ့လည်တနာရီလောက်ကနေ ညနေ ခြောက်နာရီလောက် ဖြစ်သွားတယ်။ ကျနော်က စသောက်ကတည်းက အောင်မင်းကို အလွန်အကျွံ မသောက်ဖြစ်အောင် မျက်နှာရိပ် မျက်နှာကဲပြပြီး တားပါသေးတယ်။ ဒါပေမယ့် မရဘူးဗျာ။ တကယ့်ကို နွားငတ်ရေကျ သောက်တော့တာပဲ။

ခြောက်နာရီကျော်လောက်ကျတော့ ကိုမောင်ဖြူ့အိမ်ရှေ့ကို ရခိုင်ပတ်ခြောက်ဝိုင်းတဝိုင်း ရောက်လာပါလေရော။ ကြည့်ရတာ ကိုမောင်ဖြူ့မိတ်ဆွေ ဘော်ဒါဘော်ကျွတ်တွေ ထင်ပါရဲ့ဗျာ။ ပတ်ခြောက်ဝိုင်းဆိုတာလား။ ကြေးနောင်ဝိုင်းလိုလို ဗုံတိုတွေနဲ့ အရပ်တီးဝိုင်းကို ပြောတာပါဗျာ။ တီးတဲ့မောင်တွေရော ဆိုတဲ့မောင်တွေပါ တော်တော်မူးနေကြပါပြီ။ ဆိုလိုက်တာကလည်း ဒီတပုဒ်တည်း ပါပဲ။ ဘာတဲ့ 'အပရှိအပရှိ၊ အပရှိ ဆိုဒိုင်းလည်း၊ အိုးမကရောင်းရင် မရှုမရှု' တဲ့။ ကျန်တာတော့ ကျနော်လည်း မမှတ်မိတော့ဘူး။ ဒီတပိုဒ်ကတော့ ရယ်ချင်သလိုလို ဖြစ်မိလို့မှတ်မိနေတယ်။ အော်၊ ခင်ဗျားကလည်း တယ်နားဝေးတာပဲ၊ 'အဖျှီအဖျှီ ဆိုတိုင်းလည်း၊ အိုးမကောင်းရင် မယူမယူ' ပေါ့ဗျာ။

ခဏကြာတော့ အဲဒီတီးဝိုင်းဆိုဝိုင်းနဲ့ ကျနော်တို့ဝိုင်းက တဝိုင်းတည်း ဖြစ်သွားကြတယ်။ ကိုမောင်ဖြူက မိတ်ဆက်ပေးလို့ ဆိုပါတော့။ ဒါပေမဲ့ မူးနေတော့သိပ်လည်း သဲသဲကွဲကွဲ မှတ်မိကြပုံ မရပါဘူးဗျာ။ ဆိုလိုက် တီးလိုက် သောက်လိုက်နဲ့ ကြာတော့လည်း အမူးသမားထုံးစံ ဘာလိုင်းထရစ်ပြီး ဖောင်းဖြစ်ကြတော့တာပေါ့ဗျာ။ ဖြစ်တာကလည်း အရက်ဝိုင်းထဲက ငါးသေးသေးလေးတွေ ကြော် ထားတဲ့ အမြည်းပန်းကန်က ကျနော်တို့ဘက်ကို ရောက်နေတဲ့ ကိစ္စတဲ့ဗျာ။ ကြည့်ရတာ ကိုမောင်ဖြူက လူရင်းတွေကို ဂရုမစိုက်ပဲ ကျနော်တို့ ဧည့်သည်အဖွဲ့ကို လောကွတ်ပိုနေတယ်လို့ ယူဆသွားဟန် တူပါရဲ့။ တယောက်သောမောင်က 'ဟော့ကောင်ဖြူ မင်း ငါးကြော်ကို ခွေးကျွေးတောင် မစားဘူးကွ'ဆိုပြီး ထသောင်းကျန်းပါလေရော။ ခွေးကျွေးတောင်မစားဘူးဆိုတာ ကျနော်လည်း ရိပ်မိပါသောကောဗျာ။ ဒါပေမဲ့ မူးလို့ပြောတာ သိပ်အလေးမထားသင့်တာနဲ့ ကျနော်က နားမလည်သလို ငြိမ်နေလိုက်တယ်။

ဒီမှာတင် အောင်မင်းက တစခန်းထတော့တာပဲဗျာ။ ကိုသက်ခိုင် ခွေးကျွေးတောင် မစားတာ ကျနော်တို့ကစားနေတော့ ကျနော်တို့ ဘာဖြစ်သွားပြီလဲတဲ့။ ကျနော်က အောင်မင်းရာ ငြိမ်ငြိမ်နေစမ်း ပါ။ ပြဿနာ မဖြစ်ချင်စမ်းပါနဲ့၊ ဟိုက ကိုမောင်ဖြူကို ပြောနေတာ၊ ဒို့ကို ပြောနေတာမှမဟုတ်တာ

ဆိုပြီး ဖျောင်းဖျလေ အောင်မင်းက ထချမယ်ချည်း တကဲကဲလုပ်နေတာနဲ့ ဝိုင်းကိုမြန်မြန်သိမ်းပြီး ထပြန်ခဲ့ကြရော ဆိုပါတော့။

ဒါပေမယ့်ဗျာ၊ ပြဿနာက ဝိုင်းမှာမကျန်ခဲ့ပဲ ကျနော်တို့နဲ့ ကပ်ပါလာသဗျာ။ အပြန်လမ်းမှာ အောင်မင်းက ကျနော့်ကို ဂန်ဒူးစာရင်းသွင်းပြီး ဘလိုင်းရမ်းတော့တာပဲ။

တော်ပါတော့ တားလေ၊ ကိုယ်တော်က မိုက်သွေးပြချင်လေဖြစ်လာတော့ ကျနော်လည်း စိတ်ကပေါက်လာတာနဲ့ အောင်မင်း၊ မင်းအသားနာချင်ပြီထင်တယ်လို့ ပြန်ခံတွန်းလိုက်တာ လမ်းမပေါ်မှာတင် သူက ချလင့်တောင်းပါလေရော။

အောင်မင်းကတော့ ကျနော့်ကို သူ့ဇာတိကို စပြနေပြီပေါ့ဗျာ။ အမှန်တော့ အောင်မင်းဟာ သူ့အတန်းပညာအားနည်းချက်၊ အတွေ့အကြုံနည်းချက်တွေကို ပုံမမှန်တဲ့နည်းနဲ့ အမြဲပေါက်ကွဲနေတတ်တယ်ဆိုတာ ကျနော် ရိပ်မိသွားပါပြီ။ သူဟာ သူ့ကိုပစ်ပယ်လေမလားဆိုတဲ့ အတွေးနဲ့ နေရာတကာ လူတွင်ကျယ်လုပ်ချင်စိတ် ဖြစ်နေပုံပါပဲ။ သူ့ချလင့်ကို ကျနော်က ဘာဂရုမှမစိုက်သလိုနေတော့ သူက ပိုဆိုးလာတယ်။ ကိုမြင့်ဒွေးရော၊ ဝင်းမြင့်ရော လမ်းပေါ်မှာ ဝိုင်းဆွဲရတဲ့အထိ ဖြစ်ကုန်ရောဗျာ။

ကျနော်လား၊ ဘာမှမဖြစ်ဘူး။ ကျနော်က ဥာဏ်သမားလေ၊ ဝုန်းဝုန်းဒိုင်းဒိုင်း ဖြစ်ခဲ့တယ်။ ဒီလိုနဲ့ ကျနော်တို့တည်းတဲ့ အိမ်ကြီးပေါ် ရောက်လာရောဆိုပါတော့။ အောင်မင်းက မူးမူးနဲ့ အိမ်ပေါ်ကို အရင်ပြေးတက်သွားတယ်ဗျာ။ ဘာလုပ်တယ် ထင်သလဲ၊ လက်နက်မျိုးစုံထားတဲ့အခန်းကို ပြေးသွားတာဗျ။ ကျနော်တို့လည်း နောက်က ရောက်သွားရော အောင်မင်းက ကိုမြင့်ဒွေးကို ကိုမြင့်ဒွေး၊ ဓားတွေ ဘယ်ရောက်ကုန်ပြီလဲတဲ့။ ကျနော်ကတော့ ရယ်ချင်နေတယ်။

သူတို့ထက်မလည်ရင် ဒီအဖွဲ့မှာ ကျနော် ဘယ်ဝိုလ်လုပ်မလဲဗျာ။ အဲဒီနေ့မနက် အိမ်ပေါ်က ဆင်းကတည်းက၊ မသိမသာ နောက်ချန်နေရစ်ပြီး ရှိသမျှလက်နက် အမျိုးသုံးဆယ်လောက်ကို ကျနော့် အိပ်ခန်းထဲက ဘီဒိုတခုထဲထည့်ပြီး သော့ခတ်သိမ်းခဲ့ပြီးပါပကောဗျာ။ အကောင်းဆုံး ကာင်ဒိုတချောင်းကိုတော့ ခေါင်းအုံးအောက်မှာ အသာလေး ထိုးထည့်ထားခဲ့တယ်လေ။

အောင်မင်းက လက်နက်ရှာမရလေ၊ ပိုပြီးအော်ဟစ်လေ ဖြစ်နေတာနဲ့ အလစ်မှာ အောင်မင်း ရင်ဝကို အကျီပါ ပါအောင် ဆွဲကိုင်ပြီး ငြိမ်ငြိမ်နေစမ်းကွာလို့ ပြောပြောဆိုဆို ဆောင့်တွန်းပစ်လိုက်ရော။ ဘာသတိမှမရှိတဲ့ ငမူးဗျာ။ ဗလချင်းကလည်း ကွာနေတော့ ကျနော်တွန်းလိုက်တာနဲ့ နံရံကို ပြေးရိုက်မိတော့တာပဲ။ အမှန်က ကျနော် စိတ်ထိန်းနေတာပါ။ ပြဿနာဖြစ်ရမယ့် လူတွေ မဟုတ်ဘူးဆိုတာ အသိမပျောက်ပါဘူး။ သူ့ကိုဆောင့်တွန်းပြီး ကျနော်က ကျနော့်အခန်းရှိရာကို လျှောက်သွားလိုက်တယ်။ အောင်မင်းဟာ လဲရာကနေလူးလဲထပြီး အနားမှာရှိတဲ့ ကြွေရေနွေးကရားနဲ့ ကျနော့်ကို လှမ်းပေါက်ပြန်ပါတယ်။ ဘယ်ရမလဲဗျ၊ ကျနော်က အခန်းဆီကိုသာသွားနေတာ၊ နောက်စေ့က သူ့ကို သတိထားနေတာဆိုတော့ ကြိုသိနေတယ်လေ။ စပြီး အခန်းဘက်ကို လျှောက်ကတည်းက နောက်မှာ ကိုမြင့်ဒွေး ကြားကခံနေအောင် အကွက်ချထားပြီးသား။ ထင်တဲ့အတိုင်းပါပဲဗျာ၊ ကိုမြင့်ဒွေးနဖူးကို တည့်တည့်မှန်လိုက်တာ သုံးချက်ချုပ်ရတဲ့အထိ ဖြစ်ကုန်ပါလေရော။

ည ဆယ့်တစ်နာရီလောက်ကြီးမှာ ဆေးခန်းရအောင်ရှာ၊ ဒဏ်ရာကိုချုပ်ပြီး ဆေးထည့်ပြန်လာတဲ့အထိ အောင်မင်းက ရမ်းတာမရပ်ချင်ဘူး။ ကိုမြင့်ဒွေးကတော့ မနက်ဖြန် ပြန်တော့မယ်ချည်း ပြောနေပြီဗျာ။ အောင်မင်းက သူ့အခန်းထဲကနေ စွတ်အော်စွတ်ကြိမ်းနေချိန်မှာ ကျနော့်က ကျနော့်အခန်းထဲမှာ ပက်လက်လှန်ပြီး ခေါင်းအုံးအောက်ကဓားကို လက်နဲ့ဆုပ်ထားလိုက်ပါတယ်။ အသံတချက်တော့ ပေးလိုက်တယ်။ မင်းဘဝကို မင်းမသနားရင် ငါ့အခန်းထဲကို လာခဲ့ပေတော့၊ တံခါးဖွင့်ထားတယ်လို့။ ဘယ်ဝင်လာရဲမလဲဗျာ၊ ဝင်လာရင် အနာကြီးနာသွားမှာပေါ့။

အမှန်တော့ ခေါးအိပ်နဲ့ အောင်မင်းခေါင်းကို ရိုက်ဖွင့်လိုက်မယ် စိတ်ကူးမိသေးတယ်ဗျ။ မထော်ပါဘူးလေ၊ ငါလုပ်ရင်ခံရမဲ့ကောင်ဆိုတာ သေချာသိနေလို့ မလုပ်ဖြစ်တာပါ။ ကျနော်က နိုင်နေတာသေချာရင် ကျေနပ်နေတဲ့ကောင်ဗျ။

ဖိုက်တင်ပလေးပွဲ အတွေ့အကြုံတွေ ကျနော့်မှာ ကောင်းကောင်း ရှိခဲ့ပါတယ်။ သတိရလို့ ပြောရအုံးမယ်။ ကျနော် ရန်ပွဲတခုကို စနစ်တကျ ဖန်တီးခဲ့ဖူးတယ်ဗျ။ ၁၉၉၂ ဝန်းကျင်၊ ကျနော် သစ်ကုန်သည် ဘဝပေါ့။ ကျနော်နဲ့ငြိတဲ့သူက မအူကုန်းလမ်းကျယ် သစ်ဆိုင်က ရာဂျူးတဲ့။

ရာဂျူးကို ကျနော့်မိတ်ဆွေ ကိုသန်းဝင်းက မိတ်ဆက်ပေးတာဗျ။ နောက်ပိုင်း ကျနော့်ဂိုဒေါင်မှာ သစ်တွေရှိနေတော့ ရာဂျူးက ပွဲစားဝင်ဝင်လုပ်တယ်။ ဒီလိုဗျ၊ ကျနော်က သစ်တွေကို လက်လီရောင်းတာနည်းတယ်။ လက္ကားအံချိုကြီး၊ ကားအစင်းလိုက်ပဲ ရောင်းတယ်။ လေးငါးတန်စီ ခွဲမရောင်းဘူး၊ အလုပ်ရှုပ်လို့။ ဒီမှာတင် ရာဂျူးက ဟိုလိုက်စပ် ဒီလိုက်စပ်နဲ့ အရောင်းအဝယ်ဖြစ်အောင် လိုက်လုပ်ပေးတယ်ဆိုပါတော့။ လုပ်တိုင်းလည်း သူရသင့်တဲ့ပွဲခ ပေးတာပါပဲ။ ဖြစ်ချင်တော့ ရာဂျူးက ရန်ကုန်မှာ ကျနော်ရောင်းသမျှသစ်ကို သူသိသိမသိသိ သူ့အတွက် ပွဲခလိုချင်လာတယ်။

ကျနော်လည်း အကြိမ်ကြိမ် သူ့ကိုရှင်းပြပါတယ်။ ခင်ဗျားခေါ်လာတဲ့သူဆိုရင် ခင်ဗျားနဲ့ဆိုင်တယ်။ သူ့ဘာသာသူလာရင် ခင်ဗျားနဲ့ မဆိုင်တော့ဘူးလို့။ ဒါပေမဲ့ ရာဂျူးက လက်မခံတဲ့အပြင် သူ့ဆိုင်မှာ သုံးဖို့ဆိုပြီး ကျနော့်ဆီက သူဝယ်သွားတဲ့ သစ်ဖိုးကို ကျနော့်ဆီက ရရမယ့်ပွဲခဆိုပြီး လူမိုက်လုပ်ပါလေရော။

မိုက်ကြေးခွဲပုံကတော့ တော်တော်သင်းတယ် ဆိုရမယ်။ ကျနော့်တပည့် ညွန့်ရွှေကို သူ့ဆိုင်လွှတ်ပြီး သုံးလေးကြိမ်တောင်းတော့ မင်းဆရာလွှတ်လိုက်ဆိုပဲ။ ဒါနဲ့ ကျနော်ကိုယ်တိုင် လိုက်သွားလိုက်တော့ ရာဂျူးက အော်၊ ကိုသက်ခိုင် ထိုင်ပါတဲ့။ နောက်တော့ သူ့ငွေသိမ်းစားပွဲရဲ့အံဆွဲကို ဖွင့်ပြတယ်။ ဒီမှာတွေ့လား ပိုက်ဆံတွေတဲ့၊ ခင်ဗျားကို မပေးချင်လို့ကို မပေးပဲနေတာ၊ ခင်ဗျားထက်ပိုမိုက်လို့ မပေးတာဗျာတဲ့။

ဟား စိတ်ထဲမှာ ထောင်းကနဲ နေသွားတယ်ဗျာ။ နီးရာမှာရှိတဲ့ နှစ်တလက်မှတချောင်းဆွဲပြီး ရိုက်ပစ်လိုက်ဖို့တောင် စိတ်ပေါက်သွားတယ်။ ဒါပေမယ့် ဒီလိုလုပ်ရင် ကျနော်ခံသွားရမယ်ဗျ။ ဟုတ်တယ်လေ။ ရာဂျူးအဖေ ဦးခင်မောင်ဆိုတာ မအူကုန်း သစ်လောကမှာ တကယ့်ဒိတ်ဒိတ်ကြဲ၊ အဲဒီအချိန် ရာဂျူးဆိုင်ထဲမှာ ရာဂျူးတို့ညီအကိုတွေနဲ့ အလုပ်သမားတွေ တပြုံကြီးဆိုတော့ လက်တုန့်ပြန်လိုက်ရင် အချိန်နဲ့နေရာ မှားနေတယ်လေ။ ဒီတော့ ကျနော်ကောက်ကနဲ ထပြန်ခဲ့ရာ ဆိုပါတော့။ အေးပေါ့ဗျာ၊ ရာဂျူးဆိုတဲ့ကောင် ငါ့အယ်လောက် ဖရှိတယ်ဆိုတာ သိကြသေးတာပေါ့ဆိုတဲ့ အငြိုးအတေးနဲ့ပေါ့။

တကယ်ကို တပတ်တိတိ အိပ်မပျော်ဘူးဗျာ။ တွေးလေ၊ ရှက်လေ၊ ဒေါသထွက်လေပဲ။ တချိန်တည်းမှာပဲ အကောင်းဆုံး လက်တုန့်ပြန်ဖို့နည်းလမ်းကို ရှာရောဆိုပါတော့။ လေးငါးရက်နေတော့ ဗယားဆွဲပြီးသွားတယ်။ ဒါပေမယ့် တပတ်ပြည့်အောင်တော့ စောင့်လိုက်သေးတယ်၊ ဟုတ်တယ်၊ ဒီကောင် မေ့မေ့ပျောက်ပျောက်ဖြစ်ချိန်ကို ရောက်မှ ဖြစ်မယ်လေ။

ကျနော်ဆွဲတဲ့ ဗယားလား၊ ဒီလိုဗျ။ ရာဂျူးကို ကျနော့်နယ်ထဲမှာ ကျနော့်အုပ်စုနဲ့ ပြန်တွေ့ရအောင် အစီအစဉ်ဆွဲတာလေ။ ဟုတ်တယ်လေ၊ ဒါမှ သူလုပ်ခဲ့တာကို သူပြန်ပြီး တထပ်တည်း နောင်တရတော့မပေါ့။ ဗယားအတွက် ကျနော် လူသေချာရွေးတယ်။ ကားမောင်းဖို့ တရုတ်ဖူးလီကို ရွေးတယ်။ ဒီမောင်က တော်တော်ကို ကားမောင်းကျွမ်းကျင်တယ်။ ကျနော်နဲ့ ညနေတိုင်း ဖန်စီဗိုင်းချနေကျ။ ကျနော်အကူအညီတောင်းတော့ သူမငြင်းဘူး။

နောက်တယောက်က ကိုငွေစံ။ ကိုငွေစံကို သုံးရတာက သိပ်စကားပြော ကောင်းလို့။ ဘယ်လောက်စကားပြောကောင်းသလဲဆိုရင် ကမာရွတ်ချစ်တီးဘုရား ရေကန်ကြီးဘေးမှာ သီတင်းကျွတ်၊ တန်ဆောင်တိုင်ဆို ဗလာဇာတ်စင်ထိုး၊ ဇေခုနှစ်လီအဖွဲ့ဆိုပြီး ပရိသတ်သောင်းချီပြီး တဝါးဝါး ပွဲကျအောင် လုပ်နိုင်ခဲ့တာ သူဒါရိုက်တာပေါ့။

ကျနော့်စစ်ဆင်ရေးအတွက်ရှေ့တန်းနှစ်ယောက်ကတော့ သူတို့နဲ့ဆို လုံလောက်ပြီ။ ဒါနဲ့ ဖူးလီက ကားမောင်း၊ ငွေစံက ဘေးကထိုင်စီးပြီး ရာဂျူးဆိုင်ကိုသွား၊ ကျနော်ဆင်ပေးလိုက်တဲ့ ဇာတ်လမ်းကို မင်သေသေ ခင်းတော့တာပေါ့။ ဇာတ်လမ်းက ရိုးရိုးလေးပါဗျာ။ ဆရာသမားတယောက် ဟာ ဗွာနဆိုင်ရာ အရာရှိကြီးဖြစ်တဲ့အကြောင်း၊ သူ့အိမ်မှာ ခွဲတမ်းပါမစ်နဲ့ လျှောက်လို့ရထားတဲ့ ကျွန်းသစ်ခွဲသားတွေကို ဈေးပေါပေါနဲ့ ပြန်ရောင်းချင်တယ်ပေါ့။ ဆရာက အာမှနားမလည်တော့ ကျနော်တို့အတွက်ပါ ပွဲစားခလေး မြိုးမြိုးမြက်မြက်ချန်ပေးပါပေ့။ လိပ်စာလား၊ ကျနော်နေတဲ့မြို့နယ်ကို ပြောလို့ ဘယ်ဖြစ် မလဲဗျာ။ ကြို့ကုန်းအင်းစိန်ဘက်ကို လမ်းလွှဲပြောခိုင်းတာပေါ့။

ရာဂျူးကလည်း လောဘသားဆိုတော့ ဒီတချီ ခွင်ကောင်းတော့ကြုံပဟ ဆိုပြီး ဘုရားတောင် ဆုံးအောင်မရှိခိုးတော့ပဲ နဖူးမှာ ပြာသုတ်ပြီး လိုက်လာတော့တာပေါ့။ အော်၊ ရာဂျူးက ဟိန္ဒူလေ။ တိုတိုပြောရရင် ဖူးလီဟာ ကြို့ကုန်းကို မောင်းနေရာကနေ လှိုင်မြို့နယ်လည်း ရောက်ရော၊ ဘူတာရုံ လမ်းထဲ ချိုးဝင်လိုက်တော့ ကျနော်က ကြိုတင်စီမံထားတဲ့ နောက်တန်း လက်မရွံ့အဖွဲ့လက်ထဲကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာရော ဆိုပါတော့။ လမ်းအကွေ့မှာ ရာဂျူးက စိုးရိမ်တကြီးနဲ့ ရိပ်မိ သလိုလိုဖြစ်ပြီး ကားကို ရပ်ဖို့တားပေမယ့် နောက်ကျသွားပြီပေါ့ဗျာ။ ကျနော့်နောက်တန်းကလည်း တကယ့်ကို လူစုံတယ်ဗျာ။ နယ်ထိန်းရဲပါတယ်။ တကယ့်လက်မရွံ့ လူမိုက်လေးငါးယောက်ပါတယ်။ နယ်ထိန်းက ကျနော့်တပည့် ညွန့်ရွှေပါဗျာ။

ကျနော့်လူတွေက ကားဘေးမှာဝိုင်းလိုက်ပြီး ရာဂျူးကိုခေါ် ထုတ်လာတယ်။ ကျနော်က အထပ်သားရောင်းတဲ့ သန်းဝင်းရဲ့ဆိုင်အတွင်းဘက်မှာ ဂိုဏ်းခေါင်းဆောင်အိုက်တင်နဲ့ မိန့်မိန့်ကြီး ထိုင်နေတာပေါ့။ ရာဂျူးက ကျနော့်ကိုလည်းတွေ့ရော ဟာ၊ ဆရာ ကိုသက်ခိုင် နေကောင်းရဲ့လားတဲ့။ ကျနော်က ခပ်ပြုံးပြုံးပါပဲ။ အေး၊ ကောင်းတယ်ကွာ။ ဒါနဲ့လွှန်ခဲ့တဲ့တပတ်က မင်းပြောခဲ့တာလေး မြန်ပြီး တလုံးမကျန် ရွတ်စမ်းပါဆိုတော့ ဟာ ဆရာရယ်၊ ကျနော် နောက်လိုက်တာ ဆိုပဲ။ အေးပါ၊ အခုငါလည်း မင်းကို နောက်မလို့ပါ ဆိုပြီး လက်မရွံ့တယောက်ကိုလည်း အချက်ပြလိုက်ရော ရာဂျူးရဲ့ ခန္ဓာကိုယ်အနှံ့ လေးငါးချက် ဒူး၊ တံတောင်၊ လက်သီးတွေဝင်သွားရောပေါ့ဗျာ။

ကျနော် မရက်စက်ပါဘူးဗျာ။ နဂိုကတည်းက ထိုးရကြိတ်ရမယ့်အချက်ကို ကန့်သတ်ထားပြီး သားပါ။ ငါးချက်ထက် မပိုနဲ့လို့။ အထိုးရပ်သွားတော့ ကျနော်က ရာဂျူးကို မင်းအသား ဆက်အနာ မခံနဲ့တော့၊ ငါ့ပိုက်ဆံ သောင်းနှစ်ထောင်ကို အခုစားပွဲတင်လိုက်။ မင်းကို ပြန်ပို့ပေးမယ်လို့ လေအေးအေးနဲ့ ပြောလိုက်တယ်။ အောင်မယ်၊ ဘသားချောက ဒါဆို သူ့ဆိုင်လိုက်ယူပါဆိုပဲ။ ဟော့ကောင် ရာဂျူး၊ မင်းစကားဆက်မရှည်နဲ့တော့၊ ငါဆက်ပြီး မရက်စက်ချင်ဘူးလို့ သုံးလေးကြိမ် ပြောတာတောင် ဒီကောင်က ဆက်ပြီးခေါင်းမာနေတယ်ဗျာ။ ခေါင်းမာတော့ ဆက်နာတာပေါ့ဗျာ။ နောက်တချီ ထပ်ကြုံးခိုင်းလိုက်တာ၊ ပါးစပ်ထဲက သွေးတွေ အန်ကုန်တော့တာပေါ့။ ရာဂျူးက တော်တော် သန်သန်စွမ်းစွမ်း ဒီဝိုင်းဗျ။ တာဇံကားထဲက ဝက်စ်နီမူလာ ပုံစံ။ တကယ့်ကို ကြံ့ခိုင်တဲ့ပုံ။ ဒါပေမယ့်ဗျာ၊ ဝက်စနီမူလာ့အဖေလည်း လူအုပ်နဲ့ဆိုတော့ ခံနိုင်မှာမဟုတ်ပါဘူး။ ပါလာတဲ့ လက်စွပ် နှစ်ကွင်းကို အပေါင်ထားပြီး ဒဏ်ရာဒဏ်ချက်တွေနဲ့ ပြန်သွားရတယ်ဆိုပါတော့။ နောက်တော့ ဘေးကရပ်ကြည့်နေတဲ့ ကုလားလှဝင်းက မကြည့်ရက်လို့ ငွေစိုက်ပေးလိုက်တာ ပွဲပြီးရောဆိုပါတော့။

အဲဒီခေတ်က ငွေတသောင်းကျော်ဟာ တော်တော်တန်ဖိုးရှိသေးတယ်ဗျာ။ ပွဲလည်းပြီးရော ဂျင်ဝိုင်းသွားတယ်။ ဖင်ဆီဒိုင်းသောက်တယ်။ မကုန်ကုန်အောင် ဖြုန်းလိုက်ကြတာပေါ့။ အမယ် ဂျင်ဝိုင်းမှာ တောင် နောက်ထပ် ရှစ်သောင်းကျော် ထပ်နိုင်ပြီး တပတ်လောက် အသုံးခံသဗျ။

ရာဂျူးဇာတ်လမ်းက ဒီလိုပဲ ပြီးသွားတယ် ထင်လို့လား၊ မပြီးပါဘူးဗျာ။ နောက်တနှစ်လောက် ကြာတော့ ကျနော်ရယ်၊ ညွန့်ရွှေရယ်၊ ဖူးလီရယ် တာမွေ ၁၅၇ လမ်းထိပ်မှာ ရာဂျူးတို့အဖွဲ့နဲ့ ထိပ်တိုက် ပြန်တိုးခဲ့ကြသေးတယ်ဗျ။

ကျနော်တို့က ဆိုင်ထဲမှာ အအေးသောက်နေတုန်း ရာဂျူး ဘယ်ကဘယ်လို မြင်သွားတယ် မပြောတတ်ပါဘူး။ သူ့တပည့်နှစ်ယောက်နဲ့ နှစ်တလက်မဈောင်းတွေ ကိုယ်စီကိုင်ပြီး ဆိုင်အပြင်ကနေ ဝိုင်းထားတယ်။ ထိုင်နေရာကနေ ကျနော် ရာဂျူးကို ရိပ်ကနဲမြင်လိုက်တာနဲ့ ဖူးလီနဲ့ ညွန့်ရွှေကို မသိ မသာ အချက်ပြလိုက်ရတယ်။ ကျနော် ရာဂျူးကို လှမ်းကြည့်လိုက်တော့ သူက ကျနော့်ကို ပုဆိုးလှန်ပြ တယ်ဗျာ။ ကျနော်လည်း နည်းလမ်းသုံးသွယ်ကို စဉ်းစားတယ်ဗျ။

တစ်၊ ထွက်ပြေးခြင်း။ ဒီနည်းမဖြစ်နိုင်ဘူးဗျ။ ကားကျန်နေခဲ့မယ်။ ပြေးဖို့လမ်းတွေ ပိတ်ထားပြီးပြီ။

နှစ်၊ တောင်းပန်ခြင်း။ ဒါလည်း မဖြစ်နိုင်ဘူး။ ကိုယ့်အလှည့်တုန်းက သူတောင်းပန်တာကို လက်မှမခံခဲ့တာ။ သူ့အလှည့်မှာ လက်မခံဖို့ သေချာတယ်။

သုံး၊ ရင်ဆိုင်ခြင်း။ ဒီနည်းဟာ အကောင်းဆုံးပါပဲဆိုပြီး ထိုင်နေရာကနေ ထတဲ့ပြီး ဆိုင်ထဲက ဘာလီအအေးပုလင်း အကြီးနှစ်လုံးကိုပြေးဆွဲ၊ လက်တဘက်စီမှာကိုင်၊ ဆိုင်နံရံနဲ့ ပုလင်းဖင်ကို ရိုက်ခွဲပြီး ပုလင်းပြတ်နဲ့ ရာဂျူးကို ပြေးထိုးလိုက်ရောဗျာ။

မထင်မှတ်ပဲ ကျနော် ငွတ်ဝင်ထိုးလိုက်တာကို ရာဂျူးလည်းမြင်ရော ကြောက်အားလန့်အား နဲ့ နောက်ဆုတ်ပြေးလိုက်တာ ဓာတ်တိုင်တဝက်စာလောက် ရောက်သွားတယ်ဗျာ။ ဒါနဲ့ နောက်ကို လှည့်ကြည့်လိုက်တော့ ရာဂျူး တပည့်တကောင်က နှစ်တလက်မဈောင်းနဲ့ အလစ်ရိုက်မယ် လုပ်နေပြန် တာကြောင့် လာစမ်းကွာ၊ မင်းတို့ကပဲ မိုက်သလား၊ ငါကပဲ မိုက်သလားဆိုပြီး ဒီကောင်ကိုပါ ထပ်ပြီး လိုက်ထိုးပစ်လိုက်တယ်။ ပြေးတာပါပဲဗျာ။ ဒီကောင်တွေ သွေးရှိုပုံ မပေါ်ပါဘူး။ ရုန်းရင်းဆန်ခတ်ဖြစ်နေ တုန်း ဖူးလီနဲ့ညွန့်ရွှေက ကားပေါ်ပြန်ရောက်ပြီး အသင့်စက်နှိုးပြီးနေပြီလေ။ ဒါနဲ့ ရာဂျူးတို့လက်က လွတ်ခဲ့ရော ဆိုပါတော့။

အော် ပြောနေတာ အကြောင်းရှိတယ်ဗျ။ ဒီလောက်ဉာဏ်နီဉာဏ်နက်များတဲ့ ကျနော့်လို ကောင်ကို အောင်မင်းလိုချွတ်က လာဆွနေလို့ သနားနေတာလေ။ တညလုံး သောင်းကျန်းနေတဲ့ မောင် မနက်အမူးပြေတော့ ကျနော့်ကို ပြန်တောင်းပန်တာပါပဲ။ ကိုမြင့်ဋ္ဌေးကိုလည်း သူမှားတဲ့ အကြောင်း၊ ရန်ကုန်မပြန်ဖို့ ရှိခိုးတောင်းပန်တာတွေ လုပ်ပြန်ရောပေါ့ဗျာ။

အရက်ရောင်းတဲ့ကိစ္စဟာ လနဲ့ချီကြာမယ်ထင်ပေမယ့် အဆင်ပြေချင်တော့ တပတ်လောက်နဲ့ ပဲ ပွဲပြတ်သွားတယ်ဗျာ။ ဒါနဲ့ ကျနော်တို့ ရန်ကုန်ကိုပြန်ပြီး တပ်ခေါက်လာခဲ့တယ်။ ရသင့်ရထိုက်တဲ့ ဝေစုတွေခွဲပေးပြီး အောင်မင်းနဲ့တော့ ဒီတသက် ရေစက်ကုန်ပြီ ထင်လိုက်ပေမယ့် နဖူးစာက ကျန်နေ သေးဗျာ။

ဟုတ်တယ်ဗျ။ နောက်တခေါက် ရှမ်းပြည်မြောက်ပိုင်း လားရှိုးကို ဆောက်လုပ်ရေးစီမံကိန်း တခုနဲ့ သွားဖို့စီစဉ်နေတုန်း ခင်မာလာ ကျနော့်ရုံးခန်းကို ပေါက်ချလာပြန်ရောဗျာ။

■

## အခန်း (၆၉)

# မြင်းမိုရ်ကိုဖျက်ခြေ ပျက်ကြွေမဲ့ယောက်ျား

အောင်မင်းလည်း ခင်မာလာဘေးမှာ ခပ်ကုပ်ကုပ်ပုံစံနဲ့ ပါလာပြန်ပါတယ်။ ထုံးစံအတိုင်း အောင်မင်းကို အလုပ်လုပ်တတ်အောင် သင်ပေးဖို့ပါပဲ။ ဒီအချိန်တုန်းက ကျနော်ဟာ သူတို့အိမ်ထောင်ရေး ဇာတ်ရှုပ်ကို လုံးဝ မသိသေးပါဘူး။

ခင်မာလာ့မိဘတွေက အောင်မင်းကို လူရာဝင်စေချင်လို့ မလေးရှားလိုနေရာတောင် ပို့သေးတာ၊ အခုလာတဲ့ ကိစ္စကိုလည်း သွေးရိုးသားရိုးလို့သာ ထင်ခဲ့ပါတယ်။ ဒါပေမဲ့ ကုနော် လွယ်လွယ်တော့ ခေါင်းမညိတ်လိုက်ဘူးဗျ။

မာလာ၊ ညည်းယောက်ျားနဲ့ ငါနဲ့ အလုပ်လုပ်လို့ မဖြစ်လောက်ဘူး၊ စစ်တွေ တခေါက်သွားလိုက်တာတောင် ပြဿနာဖြစ်ခဲ့သေးတာ ညည်း အသိ။ အောင်မင်းက သွေးဆိုးလွန်းတယ်။ နောက် ကိုမြင့်ဆွေလည်း နဖူးကွဲထားတော့ ဘယ်လိုဆက်တွဲမလဲလို့ ငြင်းလိုက်ပါတယ်။ ခင်မာလာက မလျှော့ဘူးဗျ။ 'ကိုသက်ခိုင်ရယ်၊ အခု မောင်က ကိုသက်ခိုင်အကြောင်းကို သိသွားပြီဆိုတော့ သူမလုပ်ရဲတော့ပါဘူး။ ကိုမြင့်ဆွေနဲ့လည်း ညနေတိုင်း တွဲလျက်ပါပဲ' လို့ ပြောနေတုန်း အောင်မင်းက ဝင်ပြီး အော်အစ်ကိုက အစ်ကို့ညီ တခါတလေ ဆိုးမိတာကို ခွင့်မလွှတ်နိုင်ဘူးလားဗျာ တဲ့။ တကယ့်တုံးပါဗျာ။ လူမိန်းမဆင်တဲ့ ခွင်ထဲကို တည့်တည့် တိုးနေလေရဲ့။

ဒီတော့ ကျနော်က 'ပြီးခဲ့တာထားလိုက်ပါလေ၊ အခုသွားမဲ့ ရှမ်းပြည်မြောက်ပိုင်း လားရှိုး ဆိုတာ ကိုယ်လည်း တခါမှရောက်ဖူးတာ မဟုတ်ဘူး၊ အသိအကျွမ်းလည်း တယောက်မှရှိတာ မဟုတ်ဘူး၊ ဒီတော့ ပြဿနာရှာတတ်တဲ့သူ ပါမသွားတာ အကောင်းဆုံးမဟုတ်ဘူးလား' ဆိုတော့ လင်ရော မယားရော ဆက်ပြီးနားပူနေတာနဲ့ ကဲ ဒီလောက်တောင်လိုက်ချင်နေရင် မင်း ကိုမြင့်ဆွေနဲ့သာ ညှိပေတော့၊ ကိုယ်က လားရှိုးကို အလုပ်စနိုင်ဖို့၊ အလုပ်အခြေတည်ဖို့လောက်ပဲ သွားမှာ၊ ဟိုမှာ မင်းနဲ့ ကိုမြင့်ဆွေပဲ ကျန်ခဲ့မှာလို့လည်း မျက်နှာလွှဲလိုက်ရော၊ ကိုမြင့်ဆွေနဲ့ညှိတာ အဆင်ပြေတယ်ထင်ပါရဲ့၊ ကိုမြင့်ဆွေကိုယ်တိုင်က အောင်မင်းကို သူနိုင်အောင်ထိန်းနိုင်ပါတယ် ဆိုပြီး လားရှိုးကို အောင်မင်း

ပါလာပြန်ရောပေါ့။

ကျနော်တို့ လားရှိုးကိုသွားတာဟာ အလုပ်သမားဝန်ကြီးဌာနအတွက် လားရှိုးမှာ ညှိနှိုင်းသဘောတူညီချက်ထိုးဖို့ပါ။ ဟုတ်ပါတယ်။ ပဲခူးတိုင်းမှူး ဗိုလ်ချုပ်အေးသောင်ဟာ အလုပ်သမားဝန်ကြီးအဖြစ် ရန်ကုန်ကိုပြောင်းလာခဲ့ပါပြီ။ ဒီနေရာမှာ ကျနော် တခုသတိပြုမိတာက စစ်တိုင်းမှူးတွေ ဝန်ကြီးဖြစ်လာရင် မနေတတ်မထိုင်တတ် ဖြစ်လေ့ရှိကြတယ်ဆိုတဲ့ အချက်ပဲဗျာ။ တိုင်းမှူးဘဝတုန်းက ကိုယ်တပ်နဲ့ကိုယ်၊ ကိုယ့်တိုင်းမှာကိုယ် လုပ်ချင်ရာလုပ်နေရတဲ့ ဘဝကနေ ဝန်ကြီးချုပ်ရုံးက ခိုင်းသမျှ လိုက်လုပ်နေရတဲ့ဘဝမှာ တော်တော်ကို အံမကျတာတွေ တွေ့ရပါတယ်။ ကျနော်က သူ့ကိုယ်ရေးအရာရှိတင်မက ဝန်ကြီးမိသားစုတခုလုံးနဲ့ပါ ရင်းနှီးနေတော့ ဝန်ကြီးဘဝမှာ မလုပ်တတ်မကိုင်တတ်၊ ကမောက်ကမ ဖြစ်ရပ်တွေအားလုံးကို မြင်နေတွေ့နေရတာပေါ့ဗျာ။

မှတ်မိတာတခု ပြန်ပြောရရင် ကိုရီးယားနိုင်ငံက မြန်မာအလုပ်သမားတွေ လိုချင်ပါတယ်ဆိုလို့ ကိုရီးယားလူမျိုး အေးဂျင့်တယောက်ကို ဝန်ကြီးရုံးခန်းထဲကို ခေါ်သွားဖူးတယ်ဗျာ။ ဒီတုန်းက စကားပြန်အဖြစ် ကျနော်နဲ့ပါသွားတာက နိုင်ငံကျော်အဆိုတော်ကြီး ဒေါ်မာမာအေးရဲ့ ပထမအိမ်ထောင် ဦးတင့်လွင်ဗျ။ တင့်လွင်တူးလို့လည်း ခေါ်တယ်လို့ ကြားဖူးတယ်။ သူက ကေတီဦးကျော်တင့်ရဲ့ သားဗျ။ ပြင်သစ်၊ အင်္ဂလိပ်ဘာသာတွေ တော်တော် ကျွမ်းကျင်တယ်လို့ ဆိုပါတယ်။ ဟိုတုန်းက ဦးတင့်လွင် အရက်သိပ်သောက်တယ် ကြားဖူးပေမယ့် ကျနော်နဲ့တွေ့တော့ သူမသောက်တော့ပါဘူး။ ယတိပြတ် ဖြတ်လိုက်တယ်လို့ ပြောပါတယ်။

ဝန်ကြီးဟာ ကျနော်ခေါ်လာတဲ့ ကိုရီးယားအေးဂျင့်ကို အရေးတယူ ဆက်ဆံပါတယ်။ ညွှန်ကြားရေးမှူးချုပ် ဦးစံဒင်အပါအဝင် ညွှန်မှူးလေးငါးယောက်ကိုပါ ခေါ်ထားပြီး လက်ခံတွေ့ဆုံပါတယ်။ ကျနော်က အားလုံးနဲ့မိတ်ဆက်ပေးပြီး မြန်မာအလုပ်သမားတွေ ကိုရီးယားကိုပို့ဖို့ ဆက်ညှိနှိုင်းကြပါတယ်။ အလုပ်အမျိုးအစား၊ အလုပ်လုပ်ခွင့်ပါမစ်၊ အလုပ်ချိန် စတာတွေမှာ အားလုံးအဆင်ပြေပါတယ်။ ဒီမှာတင် ဝန်ကြီးက ကိုရီးယားအေးဂျင့်ကို ကျုပ်တို့ကလေးတွေကို အခြေခံလစာဘယ်လောက်ပေးမှာလဲဗျလို့ မေးလိုက်ပါတယ်။ တိုက်ရိုက်မဟုတ်ပါဘူး။ စကားပြန်ကတဆင့်ပါ။

ဒီတော့ ကိုရီးယားအေးဂျင့်က ချက်ခြင်းဆိုသလို အမေရိကန်ဒေါ်လာ တထောင့်နှစ်ရာပါလို့လည်း ဖြေလိုက်ရော၊ ဝန်ကြီးက သူ့စကားပြန်ကို ဗမာငွေ ဘယ်လောက်နဲ့ညီသလဲ မေးပြန်ပါတယ်။ ညွှန်မှူးတယောက်က ညီမျှတဲ့ ဗမာငွေကို အနီးဆုံးလည်း တွက်ပြလိုက်ရော၊ ဝန်ကြီးဟာ ရုတ်တရက်နှုတ်ဆိတ်သွားပါတယ်။ တမိနစ်ကျော်ကျော်လောက် ငြိမ်နေပြီးမှ ဒီလစာနဲ့ဆို အလုပ်သမားတွေပို့လို့ မဖြစ်ပါဘူးဗျာဆိုပြီး ပြောချလိုက်ပါတယ်။ ကိုရီးယားအေးဂျင့်ဟာ ဗမာစကားမတတ်ပေမယ့် ရိပ်မိပုံရပါတယ်။

ကျနော့်ကို ကပ်ပြီး ဝန်ကြီး ဘာပြောတာလဲလို့ မေးပါတယ်။ ကျနော်က Minister disagree your proposed salary လို့လည်း ခပ်တိုးတိုးဖြေလိုက်ရော သူကပျာပျာသလဲ ဒေါ်လာ တထောင့်ငါးရာအထိ တိုးပေးနိုင်ကြောင်း ဦးတင့်လွင်ကို ပြောခိုင်းပြန်ပါတယ်။

သေချာပြောကြည့်တော့မှ ကျနော်တို့ထင်နေတာနဲ့ ဝန်ကြီးတွေးနေတာ တလွဲတွေ ဖြစ်နေတာ သိရပါတော့တယ်။ သူက လစာများလွန်းနေလို့ မပို့နိုင်တာဆိုပဲ။ မြန်မာအလုပ်သမားတွေရမဲ့လစာ ဟာ ဝန်ကြီးလစာနီးပါးဖြစ်နေလို့ မပို့နိုင်တာတဲ့ဗျား။ အဲဒီလိုနဲ့ အဲဒီနေ့ ဆွေးနွေးပွဲအဆုံးမှာ ဝန်ကြီးက ဦးတင့်လွင်ကို ဒေါ်မာမာအေးဆိုခဲ့တဲ့ မေ့ကွက်ကိုရှာသီချင်းအကြောင်း သူ့ဇနီး ဝန်ကြီးကတော်ကို ပြောပြဖူးသေးတယ် ဆိုတာကို ရယ်မောပြောဆိုနှုတ်ဆက်ပြီး အလုပ်ဇယား ပျက်ခဲ့ရောဆိုပါတော့။ အမှန်တော့ မြန်မာအလုပ်သမား လစာများနေတာလေးကိုတောင် အဆင်ပြေအောင်

ဘယ်လိုညှိနှိုင်းရမယ်ဆိုတာ သူသိပုံမပေါ်ပါဘူး။ ဒါမှမဟုတ် မြန်မာအလုပ်သမားတွေ လုပ်ခအများကြီး မရစေနဲ့ဆိုပြီး မြန်မာအစိုးရက မှုမျှားချထားလေသလား မပြောတတ်တော့ပါဘူးဗျာ။ ကျနော်တော့ ဒီလောက်အူကြောင်ကြောင်နိုင်လိမ့်မယ်လို့ တွေးတောင် မတွေးမိခဲ့ဘူးဗျာ။

အော် အရေးထဲ ဒေါ်မာမာအေးသီချင်းအကြောင်း သိချင်နေပြန်ပြီ၊ ဒီလိုဗျ၊ ဒေါ်မာမာအေးရဲ့ မေ့ကွက်ကိုရှာသီချင်းဟာ သူ့ခေတ်နဲ့သူတုန်းက အရမ်းပေါက်ပြီး လူတိုင်းပါးစပ်ဖျားမှာ ရေပန်းစားခဲ့တာကြောင့် ဒီသီချင်းဟာ သူ့အမျိုးသား ဦးတင့်လွင် စိတ်ဆိုးပြီး အိမ်ပေါ်ကဆင်းသွားတုန်း ခံစားချက်နဲ့ရေးတာ၊ ဆိုတာတဲ့၊ နောက် ဒီသီချင်းကြားတော့ ဦးတင့်လွင် အိမ်ကိုပြန်လာတယ်၊ ဘာညာဆိုပြီး အရပ်ထဲမှာပြောကြတဲ့အထိပေါ့ဗျာ။ တကယ် ဟုတ်မဟုတ်တော့ ဦးတင့်လွင်ကို ကျနော် မမေးမိပါဘူး။

နောက်တကြိမ်က နိုင်ငံတော်အဆင့် အားကစားပွဲတခုရဲ့ ဆုပေးပွဲမှာဗျ။ ဝန်ကြီးတွေ တယောက်တလှည့် ဆုပေးနေကြတာ ကျနော့်ဝန်ကြီးအလှည့်လည်းရောက်ရော ခြေတုန်လက်တုန်တွေ ဖြစ်လို့၊ တီဗီကနေ တိုက်ရိုက်ထုတ်လွှင့်နေတာဆိုတော့ တော်တော်ကို အမြင်ရဆိုးတာတလား။

လားရှိုးစီမံကိန်းအတွက် စာချုပ်မူကြမ်း ဝန်ကြီးကို သွားပြတဲ့နေ့ကလည်း ဝန်ကြီးဟာ စာချုပ်ကို အစအဆုံးလည်းဖတ်ပြီးရော ကောက်ကာငင်ကာ ဟော့၊ ကိုသက်ခိုင်လေး၊ ကိုကျော်ဘတို့၊ ကိုသင့်တို့က သူတို့ဝန်ကြီးဌာနက အလုပ်ချပေးရင် ကန်ထရိုက်ကနေ ၁၀ ရာခိုင်နှုန်း ကော်မရှင်ပေးရတာ ကိုရင်သိသလားတဲ့။ ကြည့်၊ ကိုယ်ရေးအရာရှိ လုပ်ရမယ့်အလုပ်ကို သူကိုယ်တိုင် ဈေးစကားပြောသဗျာ။ ကျနော်ကလည်း သိပါတယ်ပေါ့။ ၁၀ ရာခိုင်နှုန်းဆိုတာ အလုပ်မပီမပြင်ဖြစ်တတ်လို့ အဘကို ၆ ရာခိုင်နှုန်း ကန်တော့ဖို့ ဆုံးဖြတ်ထားပြီးသားပါပေါ့ဗျာ။ အေးလေ၊ ဘာခက်တာမှတ်လို့။ သူက ကော်မရှင်ခပြော တော့ ကျနော်လည်း ကြိုတင်ငွေ ၄၀ ရာခိုင်နှုန်း ထုတ်ဖို့ တင်ပြပြီး သူ့ကို ၆ ရာခိုင်နှုန်း ခွဲပေးလိုက်တာပေါ့။

အေးဗျ၊ ဝန်ကြီးဖြစ်လာတဲ့ တိုင်းမှူးတွေ အိုးနင်းခွက်နင်း မနေတတ်မထိုင်တတ် ဖြစ်ကြတာတော့ သူတယောက်တည်း မဟုတ်ပါဘူးဗျာ။ ဗိုလ်ချုပ်လွန်းသိ ဝန်ကြီးဖြစ်လာကာစကလည်း သူ့သူငယ်ချင်း တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးလှအောင်ကို ဟေ့ကောင် လှအောင်၊ လျှပ်စစ်ဓာတ်အားတွေက ထရန်စဖော်မာက ထွက်တာမဟုတ်လား၊ ထရန်စဖော်မာကြီးကြီး တပ်လိုက်ရင် လျှပ်စစ်ဓာတ်အားများများ ထွက်တယ်မဟုတ်လားလို့ မေးဖူးသတဲ့။ တိုင်းမှူးလုပ်ပိုင်ခွင့်၊ တိုင်းမှူးဘဝကို ဒါကြောင့် မစွန့်လွှတ်ချင်ကြတာကိုးလို့ ကျနော် သဘောပေါက်လိုက်ပါတယ်။

ကျနော်တို့ လားရှိုးသွားကာနီးမှာ ဝန်ကြီးက တိုင်းမှူးဗိုလ်ချုပ်အေးကျော်ဆီကို လိုအပ်တဲ့ မိတ်ဆက်စာတွေ၊ ရုံးစာတွေ အပြည့်အစုံရေးပေးလိုက်ပါတယ်။ ဒီလိုနဲ့ ၁၉၉၅ ခုနှစ် နိုဝင်ဘာလထဲမှာ ကျနော်ရယ်၊ အောင်မင်းရယ်၊ ကိုမြင့်ဒွေးရယ် လေယာဉ်ခရီးနဲ့ လားရှိုးကို ရောက်ခဲ့ရောပေါ့ဗျာ။

ဒီမှာတင် ဝန်ကြီးဖြစ်သွားတဲ့ တိုင်းမှူးတွေအပေါ် လက်ရှိတိုင်းမှူးတွေ ဘယ်လိုသဘောထားတယ်ဆိုတာ သိရပြန်ရောဗျာ။ ဗိုလ်ချုပ်အေးကျော်ဟာ ကျနော်တို့ကို လက်ခံမတွေ့ပါဘူး။ တကယ်တော့ ဒါကို ကျနော် မျှော်လင့်ထားပြီးသားပါ။ ဘာကြောင့်လဲဆိုတော့ ဝန်ကြီး ဗိုလ်ချုပ်အေးသောင်ကသာ ဗိုလ်ချုပ်အေးကျော်ကို တပည့်လိုသဘောထားပြီး လိုတဲ့အကူအညီတောင်းပါလို့ မှာလိုက်ပေမယ့် ဗိုလ်ချုပ်အေးကျော်က အလုပ်သမားဝန်ကြီးကို အစာမကြေဘူးဆိုတာ အပြင်လောကမှာ သတင်းထွက်နေတာကိုး။

တိုင်းမှူးရုံးကနေ တိုင်းမှူးရဲ့ ကိုယ်ရေးအရာရှိနဲ့သာ ဆက်သွယ်ပါဆိုပြီး တယ်လီဖုန်းနံပါတ်ပေးလိုက်ပါတယ်။ အမှန်တော့လည်း ကျနော့်အကျင့်က ရှောင်နေမှန်းသိရင် ထပ်မဆက်ချင်ဘူးဗျာ။

ဒါနဲ့ ကိုယ့်အားကိုယ်ကိုးမှပဲ ဆုံးဖြတ်ပြီး အဆောက်အဦဆောက်မယ့် မြေနေရာကို သွားကြည့်ကြတယ်ဗျ။

ရပ်ကွက်ကိုတော့ ကျနော်မမှတ်မိတော့ဘူးဗျ။ မှတ်မိတာက လားရှိုးဆေးရုံအုပ်ကြီးလုပ်ခဲ့တဲ့ ကမ္ဘောဇခင်လှိုင်ရဲ့အိမ်နဲ့ ကားလမ်းပဲခြားတယ်ဗျာ။ နေရာကလည်း မြေပြန့်မဟုတ်ဘူး။ ကုန်းစောင်း ဆင်ခြေလျှော မြေနေရာကြီး ဖြစ်နေတယ်။ ဆင်ခြေလျှောအောက်ဘက်မှာတော့ ဘောလုံးကွင်းတကွင်း ရှိတယ်။ ဒီတော့ ဒီမြေနေရာကို ယန္တရားမသုံးပဲ အဆောက်အဦ ဆောက်လို့ မဖြစ်နိုင်ပါဘူး။ ဒါနဲ့ပဲ တိုင်းမှူးရဲ့ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးနေဝင်းကို မဆက်သွယ်ချင်ပဲ ဆက်ရပြန်ပါတယ်။ လေးငါးကြိမ် လောက်ဆက်ပြီးမှ ဖုန်းကိုင်သဗျာ။

ကျနော့်က စီမံကိန်းမြေနေရာရှင်းဖို့ မြေတူးစက်သုံးရက်လောက်ငှားနိုင်ဖို့ မဖြစ်မနေကူညီပါ လို့ အကြိမ်ကြိမ် တောင်းပန်ပေမယ့် လားရှိုးမှာ ရှိသမျှ မြေတူးစက်အားလုံး လားရှိုးအထွက်မှာ မိုးအကြီးအကျယ်ရွာ၊ တောင်တွေပြို လမ်းတွေ ပိတ်ကုန်လို့ မရနိုင်ဘူးလို့ အကြောင်းပြန်သဗျ။ မြေတူးစက်ရနိုင်ဖို့ နည်းလမ်းကတော့ကုန်သွားပါပြီ။ ရန်ကုန်လို မြို့ကြီးမှာဆိုရင် ပုဂ္ဂလိက ကုမ္ပဏီတွေ ဆီက ငှားလို့ရနိုင်ပေမယ့် လားရှိုးလိုနယ်မြို့မှာ အစိုးရဌာနဆိုင်ရာကမှ မကူညီရင် လမ်းဆုံးပြီပေါ့။

ကျနော်တခါမှ မရောက်ဖူးတဲ့မြို့မှာ အလုပ်တောင် မစရသေးဘူး၊ အခက်အခဲက စကြုံနေပြီ ပေါ့ဗျာ။ ဆင်ခြေလျှောတောင်စောင်းမှာ ပုံစံပါအတိုင်း ဆောက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ပုံစံထုတ်စဉ် တုန်းက မြေနေရာကို ကြိုတင်မလေ့လာမိခြင်းရဲ့ ကြီးစွာသော နောက်ဆက်တွဲ ပြဿနာပေါ့။ ဝန်ကြီးကို ပြန်တင်ပြလို့လည်း မဖြစ်ပါဘူး။ ဝန်ကြီးနဲ့ကျနော်က သိပ်ရင်းနှီးနေတော့ နည်းပညာကိစ္စတွေမှာ သူနားမလည်ပဲ စွတ်စွတ်တွန်းတတ်တာကို သိနေလို့ ပိုပြီး မပြောချင်ဘူးဗျာ။

နည်းပညာနဲ့ပတ်သတ်ရင် စစ်ဗိုလ်စစ်သားတော်တော်များများဟာ တကယ်တတ်တဲ့သူပြော တာကို နားဝင်တာနည်းတယ်။ သူတို့ကိုယ်သူတို့ အကုန်တတ်တယ်၊ သူတို့လုပ်တာမှန်သမျှ အမှန်ထင် တတ်တယ်ဗျ။ ရမ်းသမ်းပြောတာမဟုတ်ဘူးဗျာ။ တကယ့်ကို ကိုယ်တွေ့။ ကိုယ်တွေ့မှ ဝန်ကြီးက ကျနော့်ကို သေနတ်နဲ့ပစ်သတ်ပါ့မယ် လုပ်တဲ့အထိ တကယ့်ကိုယ်တွေ့။ အဲဒီပြဿနာက ဝန်ကြီးရဲ့သမီး လဲ့လဲ့နွယ်အေးနဲ့ ဗိုလ်ကြီးသန်းထွန်းအောင်တို့ကမွေးတဲ့ ကလေးပေါက်စလေးအတွက် ပုခက်ဆင်ပေးဖို့ ကျနော့်ကို အကူအညီတောင်းရာက စတာပါပဲဗျာ။ အော် ခင်ဗျားက ကလေးပုခက်လုပ်ပေးတာနဲ့ သေနတ်နဲ့ ထပစ်မယ်လုပ်တာ မဆီမဆိုင် ထင်နေတယ်ပေါ့။ ဆိုင်သမှ ဆိုင်ဆိုင် ဆိုင်ဆိုင်နဲ့တောင် နေသေးဗျာ။ ဒီလိုဗျ။

ကျနော့်ကို ကလေးပုခက်လုပ်ပေးဖို့ ဝန်ကြီးက လှမ်းပြီးဖုန်းဆက်တော့ ကျနော် သူနေတဲ့ ဇော်ဂျီလမ်းအိမ်ကို သွားလိုက်တယ်။ ဝန်ကြီးကတော်က ကျနော့်ကိုတွေ့တွေ့ချင်း ကိုသက်ခိုင်ရေ၊ မမတို့က ခေတ်ပေါ်စင်ကလေးတွေနဲ့ ကလေးပုခက်လေးတွေ မသုံးချင်ဘူး၊ လွှဲရတာ အားမရဘူး၊ နောက်ကလေးလည်း တော်တော်နဲ့မအိပ်ဘူးဆိုပဲ။ ဒါကြောင့် အပေါ်ထပ်ကြမ်းခင်းက ယက်မတန်းမှာ ပုခက်ဆင်ချင်သတဲ့။

ဇော်ဂျီလမ်းက ဝန်ကြီးနေတဲ့အိမ်က ရှေးအိမ်ကြီးဗျ။ အောက်ထပ်ကြမ်းခင်းနဲ့ အပေါ်ထပ် ယက်ဟာ ၁၆ ပေကျော်ကျော်အမြင့်ရှိတယ်။ ဒီလောက်ထုတ်တန်းအမြင့်ကြီးမှာ ပုခက်ဆင်ရင် အန္တရာယ်ကင်းဖို့လိုတယ်ဆိုတာ ကျနော် ကြိုတင်သိနေတယ်ဗျာ။ ဒါနဲ့ပဲ ကြမ်းခင်းနဲ့ ထုတ်တန်း အမြင့်ကိုတိုင်းပြီး ကျနော်ပြန်လာလိုက်တယ်။ နောက်တော့ ထုတ်တန်းယက်ကိုဖောက်ပြီး ၆ မူးလုံး သံကွင်းကို ဂဟေဆော်ထားတဲ့ ဒီဇိုင်းဆွဲပြီး ဝန်ကြီးဆီကို ပုံစံတင်ပြလိုက်တယ်။ ကြီးကျယ်တာ

မဟုတ်ဘူးဗျ။ ဒါမျိုးကပြဿနာဖြစ်တတ်လွန်းလို့။ ဒါနဲ့ကျနော်က ဂဟေ ဘာကြောင့်ဆော်သင့်တယ်။ ဘယ်လို ခိုင်မာမှုရှိတယ် ရှင်းပြတော့ ဝန်ကြီးက ကျနော့်ကို သေချာစိုက်ကြည့်ရင်း ခေါင်းရမ်းတယ်။

ကိုသက်ခိုင်ရာ၊ ကလေးပုခက်လေးလုပ်တာ ဂဟေတွေဘာတွေ လုပ်နေစရာ မလိုပါဘူး။ ကိုယ်ပြောပြမယ်။ ယက်ကို လွန်နဲ့ဖောက်လိုက်၊ ဘိုတူတလုံး စွပ်လိုက်၊ အဲဒီဘိုတူကို ယူပုံသံပြားနဲ့ ဆက်လိုက်၊ ယူပုံသံပြားရဲ့အောက်မှာ ဘိုတူပေါက် ဖောက်လိုက်။ အဲဒီပိုတူပေါက်မှာ ကြိုးထည့်လိုက် ဆိုပီး ဘိုတူဒီဇိုင်းထွင်တော့တာပဲဗျ။ ကျနော်လည်း ဘယ်လျှော့မလဲဗျ။ အဲဒါ ဘိုတူက အမြဲတန်း လှုပ်နေမယ့်ပုခက်မှာ ကြာရင် ပြုတ်ကျတတ်တယ်။ အန္တရာယ်မကင်းဘူးလို့ အထပ်ထပ်ရှင်းပြတာ လည်း လက်မခံဘူးဗျာ။

မောင်ရင် လျှာမရှည်နဲ့၊ ကိုယ်ခိုင်းတဲ့အတိုင်းသာ လုပ်တဲ့။ သူခိုင်းတဲ့အတိုင်း လုပ်လိုက်တာ ပုခက်ဆင်ပြီး ဆယ့်ငါးရက်လောက်လည်းရှိရော မနက်ကိုးနာရီလောက် ဗိုလ်ကြီးကျော်ဇော ကျနော့်အိမ်ကို ဖုန်းဆက်တော့တာပဲဗျာ။ ကိုသက်ခိုင်ရေ မိုးမီးလောင်ကုန်ပြီ၊ ပုခက်ပြုတ်ကျတာ ကံကောင်းလို့ ကလေးပါ အသက်မပျောက်တာတဲ့။ ဒါနဲ့ ချက်ချင်းပဲ ဇော်ဂျီလမ်းအိမ်ကိုပြေးရတာ ပေါ့ဗျာ။ ဝန်ကြီးကတော် ဒေါ်တင်တင်အေးကတော့ မျက်နှာမသာမယာနဲ့ ဘုရား၊ ဘုရား၊ ကိုသက်ခိုင် ရယ်၊ ကလေးငယ်လေးက တော်တော်ကံကြီးလို့၊ နတ်တွေသိကြားတွေ မတာပဲ။ သံချောင်းကြီးက ကလေးပေါ်ပြုတ်မကျတာပဲ ကံကောင်းလှပါပြီ ဆိုပြီး တဖွဖွ ဘုရားတနေတော့တာပေါ့ဗျာ။ ကျနော် လည်း ဘာပြောရမှန်း မသိတာနဲ့ ကျနော်လုပ်ထားတဲ့ပုံစံနဲ့ ပြန်တပ်ပေးရမလား အမကြီးခင်ဗျာလို့ မေးတော့ အဘကြီး ညနေပြန်လာမှပဲ လာတွေ့လိုက်ပါတဲ့။

ဒါနဲ့ ဝန်ကြီးပြန်ရောက်တဲ့အချိန် ညခုနစ်ကျော်လောက်ကျတော့ ဇော်ဂျီလမ်းအိမ်ကို သွားရပြန်တယ်။ ပြဿနာရှုပ်နိုင်တယ်ဆိုပြီး ကျနော်လည်း လေးငါးပက်လောက် ရဲဆေးတင် သွားလိုက်တယ်ဗျ။ ကျနော့်လက်သမားအဖွဲ့ ခြောက်ယောက်ခုနစ်ယောက်လည်း ပါတာပေါ့။

အိမ်ထဲလည်းဝင်လိုက်ရော ဝန်ကြီးဟာ ကျနော့်ကို အသင့်စောင့်နေပြီး စွတ်ကောတော့တာ ပါပဲဗျာ။ ဟေ့ကောင် သက်ခိုင်၊ ငါ ဘာအဆင့်ဆိုတာ မင်းမသိဘူးလား၊ ငါ့မြေးတခုခု ဖြစ်လို့ကတော့ ကွာ၊ မင်းကို လူ့ပြည်မှာ မထားဘူးဆိုပဲ။ အမှန်ပြောရရင် ဝန်ကြီးကို ကျနော်မကြောက်ပါဘူး။ အဲ၊ တပြိုင်နက်တည်းမှာ ပြဿနာလည်း မဖြစ်ချင်ဘူး။ နောက်တခုက အခုပြုတ်ကျတဲ့ ဒီဇိုင်းဟာ ကျနော့်ဒီဇိုင်းမှ မဟုတ်တာ။ သူလုပ်ခိုင်းသလို ကျနော် တသွေမတိမ်း လိုက်လုပ်ပေးခဲ့တာပဲလေ။ ဝန်ကြီး ဆက်တိုက်ကောနေတာကို နားထောင်နေပြီး သူလည်း စကားရပ်သွားရော၊ ကျနော်က ဗိုလ်ချုပ်ကြီးခင်ဗျာ၊ အခု ကျနော်လုပ်ပေးခဲ့တာ ဗိုလ်ချုပ်ကြီး ပြောတဲ့အတိုင်း လုပ်ပေးခဲ့တာပါ။ ကျနော့်သဘောနဲ့ကျနော် လုပ်ပေးခဲ့တာ မဟုတ်ပါဘူးလို့ အထွန့်လည်းတက်လိုက်ရော ဟေ့ကောင် ငါပေးတဲ့ ပုံစံက မမှားဘူး၊ မင်းသောက်သုံးမကျလို့ ဖြစ်ရတာ၊ မင်းတော်တော် လျှာရှည်တဲ့ကောင်၊ ဟေ့ကောင် ကျော်ဇော၊ ငါ့သေနတ်ပေးစမ်းကွာ၊ ဒီကောင့်ကို ပစ်သတ်မှအေးမယ်တဲ့။

ကျနော်ကလည်း ကျနော်ပဲဗျ။ သူက ဘာလိုင်းစွတ်ဟောက်လေ၊ နောက်ဆုတ်ချင်တဲ့စိတ် ပျောက်လေပဲဗျာ။ ပစ်ချင်လည်း ဗိုလ်ချုပ်ကြီးသဘောပဲ၊ ကျနော်ကတော့ ရှင်းပြသင့်တာရှင်းပြရမှာပဲလို့ ထပ်တွန့်လိုက်တာ ဟေ့ကောင် ကျော်ဇော၊ ငါပြောနေတာ မင်း မကြားဘူးလားဆိုပြီး သေနတ်ထပ် တောင်းပြန်တာပေါ့ဗျာ။ ဗိုလ်ကြီးကျော်ဇောလည်း ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေတုန်း ဝန်ကြီး ကတော် အိမ်ပေါ်ထပ်က ဆင်းလာပြီး ကဲ၊ တော်ပါတော့ ကိုသက်ခိုင်ရယ်။ အဘကြီး စိတ်ပြေ လောက်မှ ပြန်လာတော့နော်၊ အမကြီးလည်း ပြောပြထားလိုက်ပါ့မယ်။

ကလေးလည်း ဘာမှ ဖြစ်တာမှ မဟုတ်တာ၊ အဘကြီးလည်း စိတ်လျှော့လိုက်တော့၊ ကိုသက်ခိုင်လည်း ပြန်လိုက်တော့နော်တဲ့။ အေးဗျာ၊ ဝန်ကြီးကတော် အချိန်မီ ကယ်ပေလို့သာပေါ့။ ဇာတ်လမ်းဆက်ပြီး ပေရှည်နေရင် ကျနော့်နောက်မှာလည်း လက်မရွံ့တပ်သားတွေနဲ့ ဘာတွေ ဆက်ဖြစ်ကုန်မယ်ဆိုတာ တွေးတောင်မတွေးဝံ့စရာဗျာ။

ကျနော်လည်း အဲဒီရက်ကစပြီး ဝန်ကြီးအိမ်ဘက် ခြေဦးမလှည့်တော့ဘူးဆိုပါတော့။ နှစ်ပတ်လောက်ကြာတော့ ဝန်ကြီးက သူ့ဖာသာ ပြန်စဉ်းစားမိတယ်ထင်ပါရဲ့။ ကျနော့်အိမ်ကို ဖုန်းဆက်တယ်။ ဟော့၊ ကိုသက်ခိုင်လေး နေကောင်းလားတဲ့။ မောင်ရင့်အမကြီးကတောင် မောင့်ရင့်ကို မေးမေးနေတယ်၊ သွားလိုက်ပါအုံး ဆိုပဲ။ အော် ပြောဖို့မေ့နေတယ်၊ ရန်ကုန်ကိုရောက်ပြီး နှစ်နှစ်လောက်ကြာတော့ သူ ဒုတိယဗိုလ်ချုပ်ကြီး ဖြစ်လာတယ်ဗျ။

အေးလေ။ အဲဒီလို ပြဿနာတွေဖြစ်ဖူးလို့ အခု အဆောက်အဦအတွက် မြေတူးလုပ်ငန်းပြဿနာကို ဝန်ကြီးကို မပြောချင်တာပေါ့ဗျာ။ ကျနော် တပတ်လောက် နည်းမျိုးစုံအောင် ကြံဖန်စဉ်းစားပြီး အကောင်းဆုံးနည်းလမ်းတခုကို ရွေးလိုက်ပါတော့တယ်။ အဲဒီနည်းလမ်းကတော့ ဆင်ခြေလျှောတောင်စောင်းကို လူအားနဲ့ တူးဖြိုဖို့ပါပဲ။

အော် အောင်မင်းကိစ္စလား၊ အေးလေ၊ တောင်စောင်းကြီးကို လူအင်အားနဲ့ ဖြိုဖို့လုပ်တော့ ကျနော်တို့ လားရှိုးမှာ ပိုပြီး အနေကြာဖို့ဖြစ်လာတယ်။ အနေကြာလာတော့ ခင်မာလာရဲ့ အကြံအစည်ကို တစတစ ရိပ်မိလာတယ်ပေါ့ဗျာ။

ကျနော်တို့ရောက်ပြီး နှစ်ပတ်လောက်ကြာတော့ ခင်မာလာက ကျနော့်ကို ဖုန်းဆက်တယ်။ ကိုသက်ခိုင်၊ အစ်ကို့ကို ကျမ အကူအညီတခုတောင်းပါရစေတဲ့။ ဘာများတုန်းဆိုတော့ ကိုအောင်မင်းကို အဲဒီမြို့မှာ အိမ်ထောင်ရက်သားကျအောင် ဝိုင်းပြီး ဖန်တီးပေးပါတဲ့။

ကျနော်ကလည်း ညည်းငေါ့ကို နောက်နေတာလားလို့ တအံ့တဩမေးလိုက်မိတယ်။ ခင်မာလာက ခပ်အေးအေးပဲဗျ။ ကိုသက်ခိုင် ဘာမှမသိပါဘူး၊ ကျမတောင်းတဲ့ အကူအညီသာ ပေးနိုင်အောင် ကြိုးစားပေးပါတဲ့။

ဘာတွေလဲဗျာ၊ အောင်မင်းဆိုတဲ့ကောင်ကလည်း ရောက်တာတောင် သုံးရက်မပြည့်သေးဘူး။ အားတာနဲ့ နန်းစတော့ ခင်မာလာဆီချည်းပဲ ဖုန်းဆက်ဆက်နေတယ်။ ဘာတဲ့၊ 'လာ' 'လာ' 'လာ' မောင့်ကို သတိရရဲ့လား 'လာ' တဲ့။ ကျနော်က 'လာ' 'လာ' 'လာ' ဆိုတာ ဘာတုန်းကွ ဆိုတော့၊ အောင်မင်းက မာလာကို ကျနော်မလေးရှားကနေ ဖုန်းဆက်ရင် 'လာ' လို့ပဲ ခေါ်တာတဲ့၊ စင်္ကာပူမှာ လူတွေစကားပြောရင် လာ လာ လာ ထည့်ပြီးပြောကြတော့ ကျနော့်မိန်းမကို ပိုသတိရပြီး 'လာ'၊ 'လာ' လို့ ခေါ်ဖြစ်သွားတာတဲ့။ ကျနော်အလုပ်လုပ်ခဲ့တာက မလေးနဲ့စင်္ကာပူ နယ်စပ်နားမှာ တဲ့။ ကောင်းကြရော 'လာ' ပေါ့ဗျာ။

■

## အခန်း (၇၀)

# ခါချဉ်တကောင်ရဲ့မာန

ဆင်ခြေလျှောတောင်စောင်းကို လူအင်အားနဲ့ဖြိုမယ်လို့လည်း ကျနော်ပြောလိုက်ရော လားရှိုးမြို့နယ် အလုပ်သမားဦးစီးအရာရှိ ကိုကျော်ဦးရော၊ ကိုမြင့်ဒွေးကပါ ဟုတ်မှလည်းလုပ်ပါ ကိုသက်ခိုင်ရာတဲ့။ မှန်ပါတယ်၊ ဒီအလုပ်ဟာ လွယ်တဲ့အလုပ်မဟုတ်မှန်း ကျနော်သိပါတယ်။ ဒါပေမယ့် ကျနော့်မှာ တခြားရွေးစရာလမ်းမရှိတော့ပါဘူး။ နောက်တချက်က ဖြစ်နိုင်ခြေအားလုံးကို ကျနော် တွက်ဆထားပြီးသားပါ။ ဖြစ်ကိုဖြစ်ရမယ်လို့လည်း ကျနော် ယုံကြည်ထားပြီးသားပါ။

ကျနော့်အကျင့်ကိုက ခပ်ခက်ခက်ကို လုပ်ချင်တာကလား။

အခု ကျနော်တို့ဆောက်မယ့် အဆောက်အဦဟာ(Piling System) မဟုတ်ပါဘူး။ သာမန် အုတ်မြစ် မြေကာနံရံ (Foundation)မို့ ဒီတောင်စောင်းကို လူအားနဲ့ဖြိုဖို့ ကျနော်ဆုံးဖြတ် ခဲ့တာပါပဲ။ နောက်တချက်က လားရှိုး အလုပ်သမားခဟာ ရန်ကုန်နဲ့စာရင် ခေါက်ချိုးလောက်ကို သက်သာပါတယ်။ မြေတူးခကို နောက်မှ တွက်ချက်ပြီး ဝန်ကြီးရုံးတင်ပြီး တောင်းခံဖို့ ကျနော့်အတွက် အခက်အခဲ မရှိလောက်ပါဘူး။

ဒီတော့ တဆင့်ခံကန်ထရိုက် ကျော်ဒွေးကို ကျနော်လုပ်မယ့် အစီအစဉ် အသေးစိတ်ကို ရှင်းပြရပါတယ်။ ကိုမြင့်ဒွေးနဲ့ မြို့နယ်ဦးစီးအရာရှိပါ ဘေးမှာ စိတ်ဝင်တစားနားထောင်နေပါတယ်။ တကယ်တော့ အဆောက်အဦလုပ်ငန်းကို သူတို့အတွေ့အကြုံမရှိလို့ မဖြစ်နိုင်ဘူးထင်နေကြတာပါ။ ကျနော်လုပ်မယ့် အစီအစဉ်က ရှင်းရှင်းလေးပါ။ တံခါးရွက်တွေ၊ ကျည်းဘောင်တွေ ခွဲတာနဲ့ တပြိုင်နက် တောင်စောင်းကို စဖြိုပြီး အောက်ခြေအုတ်မြစ်လုပ်ငန်းကို စတင်ဖို့ပါပဲ။

ခင်ဗျား မြင်သာအောင် ပြောပြရရင် လုပ်ငန်းအစမှာ အဆောက်အဦရဲ့ တဝက်ဟာ နံရံ စောင်းထဲမှာ ရှိနေတယ်လို့ထင်ရပါလိမ့်မယ်။ တဝက်က ဖို့မြေပေါ် မှာ ကျနေပါမယ်။ ဒီတော့ တချို့ အုတ်မြစ်မြေတူး လုပ်ငန်းတွေဟာ မူလပုံစံထက် စာရင် အနက်ကြီးတူးရတာတော့ ရှိမယ်ဗျ။ ဒါလည်း

ရေပြင်ညီမျဉ်း (Level) ကို သေချာဂရုစိုက်ရုံပါ။ ဆောက်နေတုန်းတန်းလန်း မြေတူးလုပ်ငန်း ပြီးလာတာနဲ့ တစတစ အဆောက်အဦဟာ တောင်စောင်းထဲကနေ ထွက်လာပါလိမ့်မယ်ပေါ့ဗျာ။

ကျနော့်ရဲ့ မဟာစိတ်ကူးကြီးကို နာရီဝက်လောက်ရှင်းပြလိုက်တော့ ကျော်ဒွေး သဘောပေါက် သွားပါတယ်။ ဆရာ့ဘက်ကသာ မြေတူးတာ အချိန်မီပါစေ (Level) မမှားအောင် ကျနော် တာဝန်ယူပါတယ်ဆိုပဲ။ မြေတူးတဲ့လုပ်ငန်းကိုတော့ သီးခြား မြေတူးကန်ထရိုက်ကို အလုပ်အပ် လိုက်တာ အလုပ်စနိုင်ရော ဆိုပါတော့ဗျာ။ မြေတူးတဲ့ ပမာဏကို ပေတိုင်းပြီး ငွေရှင်းဖို့ အောင်မင်းကို သီးခြား တာဝန်ပေးလိုက်ပါတယ်။ ဒီလိုနဲ့ ဘယ်သူမှ တွေးထင်မထားတဲ့နည်းနဲ့ အဆောက်အဦ မြေနေရာ ဆင်ခြေလျော တောင်စောင်းကို လူအင်အားနဲ့ စဖြိုကြပါတော့တယ်။

အောင်မင်းလည်းဒေါ်ဖင်တွေကိုင်ပြီး မြေတူးအဖွဲ့တွေနဲ့အလုပ်ရှုပ်နေပါတော့တယ်။ ဒေါ်ဖင် ဆိုတာလား၊ အောင်မင်းက အဆောက်အဦပုံစံ (Drawing)တွေကို ဒေါ်ဖင်လို့ အသံထွက်သဗျ။ လုပ်ငန်းစတဲ့နေ့မှာ အောင်မင်းက ကျနော့်ကိုလည်း ဒေါ်ဖင်တွေပေးထားအုံး ဆိုတော့ ကျနော်လည်း သူဘာပြောမှန်း မသိဘူးပေါ့။ နောက်မှ ဒေါ်ဖင်ကို ကြည့်ပြီးလုပ်တော့ ပိုလွယ်တာပေါ့ဆိုလို့ ကျနော် လည်း သဘောပေါက်သွားတာ။ အဲဒါ အောင်မင်း အကျင့်တွေထဲက တခုပါပဲဗျာ။ Drawing ပါလို့ သေချာအသံထွက်ပြတော့လည်း လက်မခံဘူး၊ မလေးမှာနေခဲ့လို့ မလေးသံနဲ့ထွက်သလိုလို ခံတွန်း နေပြန်ရော။ သူက သူတတ်တယ်၊ သူလူရာဝင်တယ်ဆိုတာ ဇွတ်ပြချင်တဲ့ ဉာဉ်ရှိတယ်။ ပြောလိုက် လုပ်လိုက်ရင် တလွဲချည်းပဲ။ ခက်တာက ကျနော်က လူတန်းစား မခွဲတဲ့သူ၊ သူ့ကို ဖေးမတွဲခေါ်ဖို့ ဆုံးဖြတ်ထားသူဆိုတော့ နည်းနည်းတော့ အောင့်သက်သက် နိုင်သလိုလိုပဲဗျာ။

တလကျော်လောက်ကြာတော့လုပ်ငန်းအထိုင်ကျလာပါတယ်။ ခင်မာလာကလည်း အောင်မင်းကို လားရှိုးမှာအိမ်ထောင် မကျကျအောင် စီမံပေးဖို့ နားပူလျက်ပါပဲ။ ကျနော်ကတော့ ဒီအကူအညီမျိုးဟာ ပေးသင့်တဲ့ ကူအညီမဟုတ်လို့ 'အေးပါဟာ၊ သူ့ဖူးစာပါရင် ညားလိမ့်မပေါ့။ ငါတော့ ညည်းတို့ဇာတ်ရှုပ်ထဲမှာ ဝင်မပါပါရစေနဲ့' ဆိုပြီး ခေါင်းရှောင်လိုက်တာချည်းပါပဲ။ ဒါပေမယ့် ခင်မာလာ ဘာကြောင့် ဒီအကူအညီတောင်းတယ်ဆိုတာ ကျနော် သိချင်နေခဲ့ပါပြီ။ လုပ်ငန်း အထိုင်လည်းကျရော ကျနော်လည်း အတတ်ကောင်းတခု တတ်လာတယ်ဗျာ။ အဲဒါကတော့ ဘိန်းရှူ တာပဲ။

ဖြစ်ပုံက ဒီလို။ ကျနော်တို့တည်းတဲ့ တည်းခိုခန်းနာမည်က နယူးအေရှား ဆိုလားပဲဗျ။ အဲဒီမှာ ဝါးပိုးဝါးလိုဟာနဲ့ လုပ်ထားတဲ့ ဘိန်းပြောင်းကြီးတွေရှိဘယ်။ တချို့က အဲဒီဘိန်းပြောင်းနဲ့ စီးကရက်ထည့်ပြီးသောက်တာလည်း တွေ့နေရတယ်။ ကျနော့်စိတ်ထဲမှာ ဒီပြောင်းဟာ စီးကရက်တခု တည်း သောက်တာတော့ မဖြစ်နိုင်လောက်ဘူးလို့ တွေးမိပြီး ဆက်စပ်စုလိုက်တာ အဲဒါ ခပ်ပုံဆိုလား၊ ဂွမ်းပုံဆိုလား ထည့်ရှူတဲ့ ဘိန်းပြောင်း ဆိုပဲ။

အမှန်ပြောရရင် ကျနော်ဘိန်းအစိမ်းကိုလည်းစားဖူးတယ်။ အိုပီယမ်တင်ချာလို့ခေါ်တဲ့ ဘိန်းချေးကိုလည်း ဖင်စီဒိုင်းတို့၊ ကွန်မယ်သာဇင်တို့နဲ့ရောချဖူးတယ်။ ဒါကလည်း တခါတခါ ဖင်ဆီဒိုင်းက ဈေးသိပ်ကြီးတော့ ချမယ့်သူနဲ့ ဖင်ဆီဒိုင်း မလောက်မင ဖြစ်နေရင် အိုပီယမ်တင်ချာ လေးငါးစက်လောက်ရောလိုက်ရင် လုံလုံလောက်လောက် ဖြစ်သွားတတ်လို့လေ။ ဖင်ဆီဒိုင်းတို့၊ ကွန်မယ်သာဇင်တို့နဲ့ အဲဒါကိုရောလိုက်ရင် အာနီသင်ပြင်းသွားတော့ ဝေစုနည်းနည်းနဲ့ ရေချိန်ကိုက် တယ်ပေါ့ဗျာ။

ဘိန်းဆိုလို့ ကျနော် ဘိန်းဖြူကိုစီးကရက်ထဲကိုထည့်သောက်ဖူးသေးတယ်ဗျာ။ ၁၉၉၂- ခုနှစ်ဝန်းကျင်၊ ကျနော်ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းနဲ့ သောက်သောက်စားစား လူ့မင်းသားဘဝ၊

ဟန်ကျပန်ကျ ဖြစ်နေတဲ့ အချိန်ပေါ့။ တနေ့မှာ ကမာရွတ်ဘူတာရုံနားက ထုံးရုံလမ်းထဲက ထွန်းထွန်းတို့ အရက်ဆိုင်မှာ ဘားလားနဲ့ ဘီအီးအရက်ဖြူသောက်နေတုန်း၊ တပိုင်းကျော်လောက်လည်း ကုန်ရော၊ ထွန်းထွန်းက ခေပေါင်းဆေးလိပ်တလိပ်ကို ထောင်ပြပြီး ကိုသက်ခိုင်၊ နည်းနည်းလုပ်ကြည့်ပါလားတဲ့။ ကျနော်က ဘာမျိုးတုန်းဆိုတော့ 'ဖစ်ဖ်' ဆိုပဲ။ အဲဒီ ခေပေါင်းစီးကရက်ကို အထဲက ဆေးသားတွေကို ခါထုတ်၊ ဘိန်းဖြူနဲ့ သမပြီး ပြန်လိပ်ထားတာ သိသာပါတယ်။ စီးကရက်ထိပ်ကို လိမ်ပြီး ပြန်ပိတ်ထားတာမို့ သိသာတာပေါ့ဗျာ ။

ဘိန်းဖြူနဲ့ပါတ်ဖိုးကို နောက်ထပ် တဆင့်မြင့်သန့်စင်ထားလို့ 'ဖစ်ဖ်' လို့ခေါ်တာပေါ့။ အေးလေ၊ ထုံးရုံလမ်းဆိုတာ ကျနော်တို့ခေတ်က အရက်၊ ဖဲ၊ မိန်းမ၊ ဆေးခြောက်အပြင် မူးယစ်ဆေးဝါးမှန်သမျှ၊ မကောင်းတာမှန်သမျှ အကုန်ရတဲ့နေရာကလား။ အမှန်တော့ ထွန်းထွန်း ကျနော့်ကို ဖဲဒီဆေးလိပ် အလကားတိုက်တယ်ဆိုတာ ဘားလားနဲ့ညှိပြီး ကျနော့်ကို လိုင်းစသွင်းတာပါပဲ။

ကျနော်ဆိုတဲ့ကောင်ကလဲ ယောကျ်ားဆိုတာ စုံလေကောင်းလေပဲလို့ ခံယူထားသူ ဖြစ်လေတော့၊ ဘာမပြော ညာမပြောနဲ့ ဖောက်ဖွာလိုက်ရောပေါ့။ တလိပ်ကုန်သွား၊ နောက်တလိပ်ထပ်ပေးနဲ့ သုံးလိပ်လောက် ကုန်သွားပါလေရောဗျာ။

အရက်နဲ့ အပင်လိမ်နေလို့လားတော့ မသိဘူးဗျ။ သောက်တုန်းက ဘာမှမဖြစ်ပေမယ့် နောက်တနေ့မနက်လည်း မိုးလင်းရော ထူးထူးဆန်းဆန်း ကျနော်ဟာ နှစ်ကိုယ်ကွဲနေသဗျ။ သိပ်သေချာ တယ်ဗျာ၊ မနက်မိုးလင်းတာနဲ့ ကျနော်ဟာ နှစ်ကိုယ်ကွဲပြီး ကျနော့်ကိုယ်ကျနော် ကျနော့်စိတ်ထဲမှာ ပြန်မြင်နေရသလိုဖြစ်နေခဲ့ပါတယ်။

ဆန်းတော့ အဆန်းသား၊ ကျနော် ခါတိုင်းနေ့တွေလို လုပ်မြဲအလုပ်တွေ လုပ်နေပေမယ့် ရှေ့က ကျနော်လုပ်နေတာကို နောက်ကကျနော်က အသေးစိတ်လိုက်ကြည့်နေသလိုဖြစ်နေတယ်။ ဟေ့ကောင်၊ သတိနဲ့နေ၊ မင်းတခုခုဖြစ်နေတာဘေးက ရိပ်မိသွားလိမ့်မယ်။ မင်းလမ်းလျှောက်တာ ပုံမှန်သိပ်မဖြစ်ဘူး၊ ပြင်လျှောက်လိုက်။ ပတ်ဝန်းကျင်ကို သိပ်ဂရုမထားနဲ့ကွ။ ရိပ်မိကုန်လိမ့်မယ်တဲ့။ တနေကုန် အဲသလိုဖြစ်နေတော့တာပဲဗျာ။ နောက်နေ့ကျတော့ ပုံမှန် ပြန်ဖြစ်သွားတယ်။ ထပ်သောက်ချင် စိတ်ပြင်းပြင်းပြပြလည်း မပေါ်မိပါဘူး။ ဘိန်းဖြူတော့ ကျနော်မစွဲလိုက်ဖူးပေါ့ဗျာ။ ထားလိုက်ပါတော့ဗျာ၊ အတုယူဖို့မကောင်းတဲ့ အတတ်ကောင်းတွေပါလေ။

အခု လားရှိုးမှာ ခပ်ပုံဆိုတာတွေနေရတော့ ရှုဖူးတယ်ရှိအောင် ရှုကြည့်လိုက်အုံးမှဆိုပြီး မြို့ခံနီးစပ်တဲ့ အဆက်အသွယ်ကနေတဆင့် ခပ်ပုံဝယ်ခိုင်းလိုက်ရောဆိုပါတော့။ လားရှိုးက မူးယစ်ဆေးဝါး တော်တော်ပေါပုံရတယ်ဗျ။ မူးယစ်ဆေးဝါး အရောင်းအဝယ်ကိစ္စနဲ့ ရပ်ကွက်(၄)တို့ ရပ်ကွက်(၅)တို့မှာ သတ်တဲ့ဖြတ်တဲ့ သတင်းတွေလည်း ခဏခဏကြားကြားနေရတယ်။ ဒီတော့ခပ်ပုံကို ကိုယ်တိုင်တော့ဝယ်ဖို့ စိတ်မကူးဘူးဗျ။ ဟိုတယ်မှာရှိတဲ့ ဝန်ထမ်းကို အကူအညီတောင်းရတာပေါ့ဗျာ။ ထောင့်နှစ်ရာလောက်ပေးရတဲ့၊ အညာနှမ်းပျစ်နှစ်ခုစာလောက်ရှိတဲ့ ခပ်ပြားပြားအဝိုင်းလေးတဝိုင်းဆို နှစ်ရက်စာလောက် ရှုလို့ရတယ်ဗျာ။ သေချာမေးကြည့်တော့ ငှက်ပျောရွက်ကို ပါးပါးလေးဖြစ်အောင် ထုံးထားပြီး ဘိန်းသုတ်အခြောက်ခံထားတာလို့ဆိုသဗျ။ အဲဒီ ခပ်ပုံအပြားကနေ လက်မလောက်မရှိမရှိ အစလေးဖဲ့ပြီး ပြောင်းအဝလေးမှာတင်၊ နောက်တော့ မီးခြစ်နဲ့တေ့ပြီးညှိရင်း ရှုရတာပါ။

မြို့ခံလူတယောက်ကိုပဲ ရှုနည်းသင်ခိုင်းပြီး ဘိန်းရှုလိုက်တာ အမယ်တယ်လည်း ဇိမ်ကျသကိုး။ ထူးခြားချက်က ဘိန်းရှုပြီးရင် သိသိသာသာဗိုက်ဆာလာတယ်ဗျ။ ဘိန်းရှုပြီး ထမင်းစားရတာ ကျနော့်စိတ်ထဲပိုဝင်သလိုထင်မိတာပါပဲ။

မိုးရွာရင်လည်း မိုးရွာလို့ဆိုပြီး ဘိန်းပြောင်းလေးနဲ့မှုတ်လိုက်၊ အေးလွန်းတော့လည်း အေးလွန်းတယ်ဆိုပြီး ဘိန်းပြောင်းလေး ထုတ်လိုက်၊ ပူလွန်းတော့လည်း ပူလွန်းတယ်ဆိုပြီး ခပ်ပုံဝယ်ခိုင်းလိုက်နဲ့ ဖျက်စီးခြင်းငါးပါး ဆိုက်နေတော့တာပေါ့ဗျာ။ ကျနော်ဘယ်လောက်တောင် ဘိန်းရှုခဲ့သလဲဆိုရင် ကျနော့်အခန်းထဲက မျက်နှာကြက်မှာရှိတဲ့ အိမ်မြှောင်တွေတောင် ဘိန်းစွဲသွားတဲ့အထိဗျာ။ တကယ်ဗျ။ ညဘက်ခုနစ်နာရီဝန်းကျင် ကျနော်ဘိန်းရှူတာ နောက်ကျရင် အိမ်မြှောင်တွေက တကျွတ်ကျွတ်နဲ့ မနားတမ်း စုတ်ထိုးတော့တာပဲဗျ။ လူအရက်သမားတွေ နေညိုရင်လေပြိုတယ် ဆိုတာနဲ့ တူပါ့ဗျာ။ ဘိန်းငွေ့မရမချင်း စုတ်ထိုးသံမရပ်တော့ဘူး။ ကျနော်လေးငါးဖွာလောက် ရှိုက်လိုက်တော့မှ မောင်မင်းကြီးသားတွေ အသံတိတ်တော့သဗျ။ မယုံချင်လည်း နေပေတော့၊ တကယ့်ကို ကိုယ်တွေ့ဗျား။

အောင်မင်းကလည်း အားကျမခံ၊ သူလည်း ရှုကြည့်အုံးမယ်ဆိုပြီး တခါတခါတော့ ဝင်လုပ်လေရဲ့။ ကိုမြင့်ဋ္ဌေးကတော့ မလုပ်ဘူးဗျ။ ကျနော်ကတော့ ဘယ်သူ့ကိုမှ လုပ်ဖို့ အဖော်မစပ်ဘူး။ ဒါလည်း ကျနော့်မူပဲ။ ကျနော်က အရက်သောက်တာက အစ၊ တခြားမူးယစ်ဆေးဝါးသုံးတာ၊ ရှူတာအဆုံး ဘယ်တော့မှအဖော်မစပ်ဘူး။ နောက်တချက်၊ ကျနော့်အကျင့်တခုက ကျနော့်တပည့်တွေ၊ ကျနော့်ညီအကိုတွေနဲ့ ကျနော်ဘယ်တော့မှ အရက်အတူတူ မသောက်ဘူးဗျာ။

တလလောက်ကြာတော့ ကျနော် တာဝန်ယူဆောက်နေတဲ့ အဆောက်အဦဟာ ရှပ်လုံးပေါ် စ မြုလာပါတယ်။ ရန်ကုန်မှာကျန်ခဲ့တဲ့ အလုပ်တွေအတွက် ကိုမြင့်ဋ္ဌေးကို ရန်ကုန်ပြန်လွှတ်ရပါတယ်။

အောင်မင်းက သူလည်း ပြန်လိုက်ချင်တယ်ဆိုပြီး နားပူပေမယ့် အလုပ်ကလည်း မပြတ်၊ ခင်မာလာကလည်း အောင်မင်း ပြန်မလာအောင် ဖြစ်တဲ့ နည်းနဲ့ဆွဲထားပါလို့ ညွှန်ကြားချက်ရှိနေမြန်တော့ ကျနော့်မှာ ကြားညပ်နေမြန်ပါတယ်။ ကိုမြင့်ဋ္ဌေးကိုတော့ ရန်ကုန်ရောက်ရောက်ချင်း ခင်မာလာအကြောင်းကို သေချာစုံစမ်းပြီး အမြန်အကြောင်းပြန်ဖို့ မှာလိုက်ရပါတယ်။

ကိုမြင့်ဋ္ဌေးပြန်ရောက်ပြီး တပတ်လောက်အကြာမှာတော့ ကိုမြင့်ဋ္ဌေးဆီကရော၊ တခြားကျနော့်အဆက်အသွယ်တွေဆီကပါ ခင်မာလာနဲ့ အက်စ်ဘီက ခင်ဝင်းအကြောင်း အပြည့်အစုံ သိရပါတော့တယ်။

ခင်ဝင်းဟာအက်စ်ဘီကပြုတ်ပြီးတော့ ပတ်စပို့ပွဲစားလိုလို၊ နိုင်ငံခြားကို အလုပ်သမားပို့တဲ့ ပွဲစားလိုလိုဆိုတာလည်းပါပါတယ်။ ခင်မာလာက အောင်မင်း မလေးရှားမှာ ရှိနေတုန်း စကော်ပူကို ထွက်ဖို့ အဆက်အသွယ်ရှာရင်း ခင်ဝင်းနဲ့ ငြိသွားတာလို့ဆိုပါတယ်။ သတင်းက သိပ်သေချာလှပါတယ်။ အားလမ်းက ကျနော့်သူငယ်ချင်းရဲ့ ရုံးခန်းဘေးမှာ ခင်ဝင်းက စားပွဲတလုံးစာ ပြန်ငှားပြီး အလုပ်လုပ်နေတော့ အဲဒီ ရုံးခန်းပိုင်ရှင် ကျနော့်သူငယ်ချင်းကပေးတဲ့ သတင်းမို့ပါဗျာ။ ထပ်ပြီး အတည်ပြုနိုင်တဲ့အချက်က သူ့အကိုမေးကွဲ ဝင်းမြင့်ကပါ 'ခင်မာလာ ဘာတွေဖြစ်နေတယ်ဆိုတာ ကျနော်လည်း နားမလည်တော့ဘူး' ဆိုတဲ့ မှတ်ချက်ကြောင့်ပါပဲ။ ဒီတော့ ဒီတခေါက် ရန်ကုန်အပြန်မှာ ခင်မာလာ့ ဇာတ်ကြောင်းကို ခရေစေ့တွင်းကျသိအောင် စုံစမ်းဖို့ ဆုံးဖြတ်လိုက်ပါတယ်။

နောက်ထပ်ဆယ့်ငါးရက်လောက်အကြာမှာ ဝန်ကြီးက လားရှိုးလုပ်ငန်းစိတ်ချရပြီဆိုရင် ရန်ကုန်ကို ခဏဖြစ်ဖြစ် ပြန်လာခဲ့အုံးလို့ အခေါ်တော်ရှိတာနဲ့ အောင်မင်းတယောက်တည်းကို ထားခဲ့ပြီး ကျနော် ရန်ကုန်ကို ပြန်လာခဲ့ပါတယ်။

အောင်မင်းကို လွယ်လွယ်နဲ့တော့ ထားခဲ့လို့မရပါဘူး။ သူပါ ပြန်လိုက်မယ်တတွဲတဲလုပ်နေလို့ နောက်တခေါက်ပြန်လွှတ်ပါ့မယ်၊ ရန်ကုန်မှာ တပတ်ထက် မကြာစေရပါဘူးဆိုတဲ့ ကတိနဲ့ပါ။

ဒါတင် မကပါဘူးဗျာ၊ ခင်မာလာ့ကို ဖုန်းဆက်ပြီး ညည်းယောကျ်ားကို ဆက်နေဖို့ ပြောလိုက်အုံးဆိုပြီး စစ်ကူ တောင်းရပါသေးတယ်။

ကျနော် ရန်ကုန်ရောက်ပြီး နောက်နေ့မနက်မှာ ဝန်ကြီးကို သွားတွေ့ပြီး လုပ်ငန်းအခြေအနေ့ ဓာတ်ပုံ အထောက်အထားတွေနဲ့ ရှင်းပြလိုက်ပါတယ်။ ဝန်ကြီးရုံးက ထွက်တာနဲ့ ခင်မာလာကို တွေ့ဖို့ ချိန်းလိုက်ပါတယ်။ အဲဒီနေ့က ကျနော့်ရုံးကို အလံနီလူထွက် ကိုတင်ထွန်းလည်း ရောက်နေတော့ ခင်မာလာနဲ့ ချိန်းတဲ့နေရာကို ကိုတင်ထွန်းကိုပါ ခေါ်သွားလိုက်ပါတယ်။ တယောက်တည်းသွားလို့ မတော်ဘူးပါဘူးလေဆိုပြီး ကိုတင်ထွန်းကို အကျိုးအကြောင်း ပြောပြီး၊ အရက်တိုက်ပါ့မယ် ဆိုတဲ့ ကတိနဲ့ ခေါ်သွားလိုက်တာပါ။ ဟုတ်ပါတယ်။ ကိုတင်ထွန်းဟာ မြစ်ဝကျွန်းပေါ် ဇာတိ၊ အလံနီကွန်မြူနစ် ပါတီဝင် အဖြစ်ကနေ အလင်းဝင်လာတဲ့သူပါ။ သူမူးလာတဲ့အခါ သူ သခင်စိုးကြီးနဲ့ အနီးကပ်နေခဲ့တဲ့ အကြောင်း၊ သခင်စိုးကတော် ဒေါ် ခင်စုနဲ့ပါ ခင်မင်ရင်းနှီးတဲ့ ကြောင်းတွေပါလာတတ်ပါတယ်။

ကိုတင်ထွန်းဟာ ဗိသုကာကုန်ထုတ်သမဝါယမအသင်းမှာ အဝယ်တော်သဘောမျိုး လုပ်နေပြီး ကျနော့်ရုံးကို မကြာမကြာ ဝင်လာတတ်ပါတယ်။ အသောက်သမားချင်းလည်းတူ၊ တခါတခါ ကျနော်က သူ့ရဲ့ကွန်မြူနစ်ဓာတ်ပြားပေါင်း တရားတွေကိုနာ၊ တခါတခါ သူက ကျနော့်ရဲ့ ထော်လော် ကန့်လန့် အဘိဓမ္မာတရားတွေကိုနာနဲ့ မူးရင် စကားပြောရတာ အတိုင်အဖောက်ကို ညီလို့ဗျာ။

ဆူးလေမှာ ခင်မာလာနဲ့တွေ့တော့ သူက ကိုသက်ခိုင်၊ ကျမအေးအေးဆေးဆေး စကားပြော ချင်တယ်။ ပြည့်ပြည့်စုံစုံ ပြောမြမှ ဖြစ်မှာမို့ တဆိုင်ဆိုင်ရွေးပါလား၊ ကျမ ဒကာခံပါ့မယ်။ ကိုသက်ခိုင် လည်း အဖော်ပါလာတယ်ဆိုတော့ သောက်ရင်းစားရင်း နားထောင်တာ ပိုကောင်းတာပေါ့တဲ့။

ဘေးကပါလာတဲ့ ကိုတင်ထွန်းကတောင် ဘုမသိဘမသိ၊ ကိုယ့်တာသက်နဲ့တကိုယ် ညည်းလို အလိုက်သိတဲ့ မိန်းကလေးကို အသက်လေးဆယ်ကျော်အထိ စုစုပေါင်းတယောက်ပဲ တွေ့ဖူးသေးတယ် ဆိုပြီး နောက်နေသေးဗျ။ ဒါနဲ့ ကျနော်လည်း နေ့လည်ပိုင်းမှာ ကျနော်သောက်နေကျ အလုံစာတိုက်နဲ့ မျက်နှာချင်းဆိုင် ကမ္မလေးပေါ် က အရက်ဆိုင်လေးကို မောင်းသွားလိုက်တယ်။ ဟုတ်တယ်။ အဲဒီ ဆိုင်ဟာ ကျနော်နေ့လည်ဘက် အရက်သောက်ရင်၊ အလုပ်ကိစ္စ တိုင်ပင်ရင် ရောက်နေကျ ဆိုင်ပဲဗျာ။

ကျနော်တို့ရောက်သွားတော့ နေ့လည်တနာရီခွဲလောက်ပဲ ရှိပါသေးတယ်။ ခင်မာလာက ထမင်းပေါင်းတပွဲမှာ၊ ကျနော်တို့က ဝီစကီတလုံးနဲ့ ငါးရှဉ့်ခြောက်စပ်တပွဲ မှာလိုက်တယ်။ ကိုတင်ထွန်းက မင်းတို့ပြောချင်တာသာ ပြောကြပေတော့ ကိုယ်ကတော့ ဒါရှိနေရင် ပြီးပြီဆိုပြီး ဝီစကီပုလင်းကို လက်ညှိုးထိုးရင်း ခင်မာလာ ပြောချင်တာပြောလို့ရအောင် လမ်းစဖွင့်ပေးလိုက်ပါတယ်။

အံ့ဩဖို့ကောင်းတာက ကျနော်တို့ သောက်နေတာ ပုလင်းတဝက်ကျိုးတဲ့အထိ ခင်မာလာ က စကားတခွန်းမှ မဟတာပါပဲ၊ ကိုသက်ခိုင်တို့ သောက်ပါအုံး၊ အေးအေးဆေးဆေးတော့ မာလာပြော မှာပါ ဆိုပြီး ကျနော်တို့သောက်တာကိုဘေးက ခပ်အေးအေး၊ ခပ်ငူငူ ထိုင်ကြည့်နေပါတယ်။ တခုခုကို ချိန်ဆနေသလိုလို၊ စောင့်ဆိုင်းနေသလိုလိုလည်း ဖြစ်နေသဗျ။ ဒါနဲ့ ကျနော်လည်း နည်းနည်းမှန်လာ တာနဲ့

'ကဲ၊ ညည်းမပြောရင်လည်း ငါပြောမယ်၊ ညည်း ငါ့ကို လားရှိုးကို ဖုန်းဆက်ပြီး အောင်မင်းကို မိန်းမရှာပြီး ပေးစားလိုက်ပါ ဆိုတာဘာသဘောလဲ။ ငါလုံးလုံး နားမလည်ဘူး။ ညည်းတို့လင်မယား ဘာဖြစ်ကြတာလဲ။ အခုတခေါက် လားရှိုးပြန်သွားရင် အောင်မင်းကို ပြန်လွှတ်လိုက်တော့မယ်။ အလုပ်လည်း လက်စသတ်နေပြီလို့' ပြောချလိုက်ပါတယ်။

ဒီမှာတင် ခင်မာလာဟာ ကောက်ကာငင်ကာ ရှုံ့တရက်မျက်နှာပျက်သွားပါတော့တယ်။ ဟုတ်ပါတယ်။ ကျနော်ခင်မာလာ့မျက်နှာကို သေချာကြည့်ပြီး ပြောလိုက်လို့ သိလိုက်တာပါ။ ခင်မာလာ

ဟာ ကျနော့်စိတ်ထင် အသက်အစိတ်ဝန်းကျင်ပဲ ရှိအုံးမှာပါ။ သေချာကြည့်မိတော့ သူ့မျက်နှာပေါက်ဟာ ရုပ်ရှင်မင်းသမီး မေဝင်းမောင်နဲ့ တော်တော်ဆင်ပါတယ်။ သူ့မျက်လုံးမှာ မျက်ရည်စတွေဝဲလာပါတယ်။ စကားကိုမပွင့်တပွင့် စပြောပါတော့တယ်။

'ကိုသက်ခိုင် လားရှိုးမှာ ရှိကတည်းက တယ်လီဖုန်းဆက်ပြီး မာလာ အကူအညီ တောင်းတယ်ဆိုတာ ကိုအောင်မင်း ပြန်လာမှာ ကြောက်လို့ပါ' တဲ့။ ဒါနဲ့ ကျနော်ကလည်း

'ဟ၊ လင်နဲ့မယားပဲ၊ သမီးတယောက်တောင် ရနေပြီပဲဟာ၊ ဘာကိစ္စ ဒီလောက်ကြောက်နေရတာလဲ' ဆိုတော့ ကိုသက်ခိုင်ကတော့ ဘာမှသိမှာ မဟုတ်ဘူး။ မာလာတကယ်တော့ သူနဲ့ညားတာ မာလာဘက်က နှစ်သက်လို့ ညားခဲ့ရတာ မဟုတ်ဘူး။ သူအတင်းအဓမ္မကြံရာက ကိုယ်ဝန်ရပြီး မာလာလည်း အသက်ကငယ်၊ အတွေ့အကြုံကမရှိဆိုတော့ ဘာလုပ်ရမှန်းမသိတာနဲ့ မျက်စေ့မှိတ်ပြီး လက်ထပ်လိုက်ရတာတဲ့။

မာလာက ကွာပေးပါပြောတိုင်း အသင့်ဆောင်ထားတဲ့ ဓားမြှောင်တချောင်းနဲ့ သတ်မယ်ဖြတ်မယ်ချည်း လုပ်တော့တာပဲ။ မာလာသူ့ကို ကြောက်တယ်။ မလေးရှားကို ပို့တာလည်း ငွေကုန်ချင်ကုန်ပေ့စေ။ သူနဲ့ဝေးရင်ပြီးရောဆိုပြီး ပို့လိုက်တာပဲတဲ့။ ဒီတော့ လားရှိုးလိုနယ်မျိုးမှာ သူ့ရှုပ်သူ့ရှည်နဲ့ မိန်းမတယောက်ရအောင် ကိုသက်ခိုင် လုပ်ပေးနိုင်ကောင်းရဲ့ဆိုပြီး အကူအညီတောင်းတာပါတဲ့။

မာလာဟာ ပြောလည်းပြော၊ ငိုလည်းငို၊ နှပ်ချေး တရှုံ့ရှုံ့နဲ့ဖြစ်နေပါပြီ။ ဘေးကနားထောင်နေတဲ့ ကိုတင်ထွန်းကတောင် ဟ၊ သက်ခိုင်ဘာတွေလဲကွာ၊ မိန်းကလေးတယောက် ဒီဘဝမျိုး ဖြစ်ပျက်နေတာ မင်းနဲ့ ဘယ်လိုပတ်သက်နေသလဲ ထလုပ်နေလို့ ကျနော်လည်း လက်ကာပြလိုက်ပြီး ငြိမ်ခိုင်းလိုက်ရပါတယ်။ ဒါပေမယ့် ကိုတင်ထွန်းက ခင်မာလာ့ မျက်ရည်ဒဏ်ကို မခံနိုင်ရှာပါဘူး။

'ဒီမှာ သက်ခိုင်၊ ကိုယ်ကတော့ ဖိနှိပ်သူနဲ့ အဖိနှိပ်ခံ လူတန်းစားနှစ်ရပ်မှာ အဖိနှိပ်ခံရတဲ့ဘက်က အမြဲတန်းရပ်တည်ခဲ့တာ မောင်ရင်သိပါတယ်' ဆိုပြီး လင်မယားပြဿနာကို အနုပဋိလောမနည်းနဲ့ ခွဲခြမ်းစိတ်ဖြာဖို့ လုပ်နေပြန်ပါရောဗျာ။

ကိုတင်ထွန်းမူးလာရင် အဲသလိုဖောင်းတတ်လွန်းလို့ ကျနော်တို့ သောက်ဖော်စားဖက်တွေက တင်ဖောင်းလို့ခေါ်တတ်ပါတယ်။ အခုလည်း ဘုမသိဘမသိ လင်မယားကြားကို ဝင်ပြီးဖောင်းနေပြန်ပါပြီ။ မူးလည်း မူးနေပြီကိုး။ ဒီတော့ ကျနော်လည်း ကဲ၊ ကိုတင်ဖောင်း၊ ကျနော်ကိုယ်တိုင်လည်း လုံးစေ့ပတ်စေ့ မသိသေးဘူးဗျာ။ သူပြောတာဆုံးအောင် နားထောင်လိုက်ပါအုံး ဆိုပြီး ခင်မာလာ့ကို ညည်းပြောချင်တာ အကုန်သာပြောစမ်းဟာ၊ ညည်းတို့ ဇာတ်လမ်းကို ငါလည်း အခုထိ အရည်မလည်သေးဘူး ဆိုပြီး စကားစ လမ်းကြောင်းပေးလိုက်ပါတယ်။

ဒီမှာတင် ခင်မာလာဟာ ကိုတင်ထွန်း သူ့ဘက်က ပါလာတယ်ဆိုတာရိပ်မိတော့ အားတက်လာပုံရပြီး ဇာတ်စုံခင်းပါတော့တယ်။ အမှန်ပြောရရင် ခင်မာလာ တဖက်သတ်ပြောရုံနဲ့ ကျနော်မယုံနိုင်ပါဘူး။ ခင်ဝင်းနဲ့ ဇာတ်ရှုပ်ကိုလည်းကြားထားတော့ ပိုပြီး မယုံနိုင်စရာပါပဲ။ ခင်မာလာက အငိုတပိုင်းနဲ့ 'အောင်မင်းနဲ့ လင်းစဒေါင်းကားဂိတ်မှာ စပြီးဆုံမိတာကနေ အစချီပြီး လွှန်လွှန်ကျွံကျွံတွေဖြစ်ကုန်တာ၊ သူက ကလေးဖျက်တာတွေ ဘာတွေ နားမလည်ခဲ့တာ၊ အောင်မင်းက ဇွတ်ယူခိုင်းတာ၊ နောက်ဆုံးခေါင်းငြိမ့်လိုက်ရတာ၊ ညားပြီး ငါးလလောက်မှာ သမီးလေးမွေးတာ၊ ညားကတည်းက သန်လျင်မှာနေတော့ သူ့မိဘတွေကို အောင်မင်းမူးလာတိုင်း ဓားကြိမ်းကြိမ်းပြီး စော်ကားတာ၊ အိမ်ခွဲနေတော့လည်း မူးလာရင် အကြမ်းဖက်တာ၊ ကွာပေးပါပြောတိုင်း ပြဿနာဖန်တီးတာတွေ စုံလို့ဆိုပါတော့ဗျာ။ ခင်မာလာပြောတဲ့ အထဲမှာ ခပ်ကြမ်းကြမ်းနယ်တွေကို အလိမ်မာနဲ့ပို့၊ အဲဒီနယ်က လူဆိုးလူမိုက်တွေနဲ့ တွေ့ပြီး သူ့ဘာသာ ဇာတ်သိမ်းသွားအောင် ရည်ရွယ်တယ်ဆိုတာလဲ ပါသေးသဗျ။ ကျနော်လည်း

အော်၊ လက်စသတ်တော့ ခင်မာလာဟာ ကျနော် နယ်ဘက်မှာ အလုပ်သွားလုပ်ဖို့ ဖြစ်လာတိုင်း အောင်မင်းကို မပါပါအောင်ထည့်နေတာကို ဒါ့ကြောင့်ကိုးဆိုပြီး သက်ပြင်းချမိပါတော့တယ်။

တိုတိုပြောရရင် ခင်မာလာ ဖွင့်ပြောမှ ကျနော်လည်း ဓာတ်ရည်လည်သလိုလို ဖြစ်လာပါတော့တယ်။ သူပြောတာ မှန်တာ မမှန်တာအသာထား၊ ဒီလင်မယားဟာ ရှေ့ဆက်ပေါင်းသင်းလို့ မဖြစ်နိုင်တော့ဘူးဆိုတာ ကျနော် ရိပ်မိလိုက်ပါပြီ။ ဒီတော့ ကျနော်လည်း 'ငါ့ညီမရယ်၊ ယောကျ်ားနဲ့ မပေါင်းချင်တာကို ဒီလိုနည်းနဲ့ ဖြေရှင်းနေရင် ရှုပ်သထက် ပိုရှုပ်ကုန်တော့မပေါ့။ မိန်းကလေးတယောက်က သူ့လင်ယောကျ်ားကို မပေါင်းချင်တာဟာ တရားနည်းလမ်းကျရင် ကွာနိုင်တဲ့ နည်းလမ်းတွေ အများကြီးပါ'လို့ ခပ်ဆဆပြောလိုက်ပါတယ်။ ဒီမှာတင် ခင်မာလာက 'ကျမ နည်းမျိုးစုံနဲ့ ကြိုးစားပြီးပါပြီ ကိုသက်ခိုင်ရယ်။ နောက်ဆုံးတော့ မားကြိမ်းကြိမ်းပြီး ဇာတ်လမ်းဆုံးမသွားဘဲ အဖတ်တင်ပါတယ်'တဲ့။ နောက်တခုက ခင်မာလာ့မှာ အစ်မတစ်ယောက်နဲ့ ဆယ့်သုံးနှစ်လောက် မောင်လေးတယောက်ပဲရှိတော့ ပိုပြီး မခန့်မညား လုပ်စရာဖြစ်နေတယ်ဆိုတာလည်း ပါသေး။

တကယ်တော့ ခင်မာလာဟာ ကျနော်နဲ့ ကိုတင်ထွန်း မူးတဲ့အချိန်ကို အကွက်ချပြီး စောင့်နေခဲ့ပုံ ရပါတယ်။ ကျနော်လည်း မူးနေတဲ့ကြားက ဒါကိုသတိပြုမိနေပါပြီ၊ ဒီတော့ သူ့စိတ်ထဲမှာ ရှိသမျှကို အကုန်သိရအောင် ကြိုးစားဖော်ထုတ်ဖို့ စိတ်ကူးလိုက်ပါတော့တယ်။ ကဲ၊ ညည်းက မပေါင်းချင်တာနဲ့ ငါ့ကို အပူကပ်ပြီး အောင်မင်းကို မိန်းမရှာပေးလိုက်ပါဆိုရုံနဲ့ ဇာတ်လမ်းက ပြီးမှာလားဟလို့ မေးလိုက်တော့ ခင်မာလာက အော်၊ ကိုသက်ခိုင်ရယ်၊ တခြားလူအတွက်သာ မဖြစ်နိုင်ရင် နေရမယ်၊ ကိုသက်ခိုင် လုပ်မယ်ဆိုရင် ဖြစ်တယ်ဆိုတာ မာလာ သိပြီးသားပါတဲ့။

ကျနော်တို့မူးနေတာ သေချာတော့ ခင်မာလာဟာ ပိုပြီး တည်ငြိမ်အားတက်လာပုံရပါတယ်။ မူးနေကြတော့ သူပြောတာကို လက်ခံလွယ်မယ်လို့ ထင်လာပုံလည်းရပါတယ်။ ဒါကို ကျနော့် အသိစိတ်က သိနေပါတယ်။ ဒါနဲ့ ကျနော်လည်း ကဲ၊ ညည်းက ငါ့အကြောင်းကို ဒီလောက်သိနေတော့ ညည်းဖြစ်စေချင်တာက ဘာများတုန်း၊ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်း၊ အားနာစရာမလိုဘူး၊ ကြောက်စရာမလိုဘူး၊ စကားမှားလည်း ငါခွင့်လွှတ်တယ်၊ ညည်းပြောမှာသာ ပြောလို့ လမ်းကြောင်းထည်း ဖွင့်ပေးလိုက်ရော ခင်မာလာဟာ အရောင်တောက်လာတဲ့ မျက်လုံးတွေနဲ့ ကျမကြားဖူးတာက အဲဒီနယ်ဘက်မှာ လူတယောက်ကို ရှင်းပစ်ချင်ရင် လွယ်လွယ်လေးလို့ ပြောကြတာပဲတဲ့။

ဟား၊ ခင်မာလာ တယ်မလွယ်ပါလားဗျာ။ ကျနော်တောင် ရုတ်တရက် သူ့စိတ်ကူးကို လန့်သွားသဗျ။ ဒါပေမယ့် ကျနော်က ခပ်ထုံထုံ မျက်နှာပေးနဲ့ ပိုပြီး ရှင်းအောင်ပြောစမ်းပါဟာဆိုတော့ ခင်မာလာက အဲဒီမှာ ဒီလောက် သေနတ်တွေ၊ ကျည်ဆံတွေပေါပြီး မူးယစ်ဆေးဝါးလုပ်ငန်း လုပ်နေကြတာ လူတယောက်သတ်ချင်ရင် သူ့ဈေးနဲ့သူဆိုတာ ကျမသိထားတယ်တဲ့။

အောင်မယ်လေးဗျာ မိန်းမချောလေးတယောက်ပါးစပ်က လက်မရွံ့လူသတ်သမားငှားဖို့ တည်တည်ငြိမ်ငြိမ်ပြောနေတာ ကျနော့်နားတောင် ကျနော်မယုံနိုင်လောက်အောင်ပါပဲ။ ခင်မာလာက စကားဆက်သေးတယ်ဗျ။

ကိုသက်ခိုင်ရယ်၊ ငွေငါးသိန်းလောက်အကုန်ခံရင် သိပ်ခက်မယ် မထင်ပါဘူးတဲ့။ ကျမထည့်ထားတဲ့ ရှယ်ယာငါးသိန်းကို သုံးလိုက်ပါတဲ့ဗျာ။

ရော၊ ခင်မာလာ ကျနော့်ကို လူသတ်ဖို့ ငှားနေပါပြီကော။ တကယ်တမ်း ဝန်ခံရရင် အဲဒီတခဏမှာ ကျနော် အမူးပြေသလို ဖြစ်သွားပါတယ်။ တဆက်တည်းမှာပဲ အောင်မင်းရဲ့ ရှေ့ရေးကို တွေးမိတော့ တော်တော်ကို ရင်လေးသွားမိတော့တာပဲဗျို့။ ဘာတွေဘယ်လို ဖြစ်ကုန်ကြပြီလဲဗျာ။

ဘေးက ကိုတင်ထွန်းကို လှမ်းကြည့်လိုက်တော့ စာမေးပွဲခန်းထဲမှာ မေးခွန်းတပုဒ်မှ မဖြေနိုင်ပဲ ကြောင်တောင်တောင် ဖြစ်နေတဲ့ ကျောင်းသားတယောက်ရဲ့ ပုံစံနဲ့ပေါ့ဗျာ။

■

## အခန်း (၇၁)

# တော်ရာမှာ မပျော်သာတဲ့ မင်းခယောက်ျား

သမီးရည်းစားကြား၊ လင်မယားကြား၊ ညီအစ်ကိုမောင်နှမကြား၊ ကြားသုံးကြား မဝင်ကောင်းဘူးဆိုပေမယ့် ကျနော့်ဘဝပေးကုသိုလ်နဲ့ အောင်မင်းနဲ့ ခင်မာလာကြားကို တည့်တည့်ကြီး ကို ကျနေပြီပေါ့ဗျာ။ ဒီကိစ္စမှာ ကျနော့် ရပ်တည်ချက်က ရှင်းပါတယ်။ လင်ယောက်ျားကို မသေသေအောင်နည်းမျိုးစုံနဲ့ အကွက်ချနေတဲ့ ခင်မာလာကို ကျနော်မထောက်ခံနိုင်ပါဘူး။ ခင်ဝင်းနဲ့ ခင်မာလာ ဇာတ်ရှုပ်ကိုလည်း မေ့ထားလို့ မရပြန်ပါဘူး။

ခင်မာလာ့ နေရာမှာ ကျနော့် နှမဆိုရင်လည်း မရရအောင်ကွာပစ်နိုင်ဖို့ ကျနော် ကြိုးစားမှာတော့ သေချာပါတယ်။ ဒါပေမဲ့ ကျနော့်နှမက သူကိုယ်တိုင်လည်း ဖောက်ပြန်နေပြန်၊ သူ့ယောက်ျားကို နည်းမျိုးစုံနဲ့သတ်ပစ်ဖို့ ကြံစည်နေတာမျိုးကိုတော့ ကျနော်လက်မခံနိုင်ပါဘူး။

ခင်မာလာပြောသလောက် အောင်မင်းဆိုးမဆိုး မသေချာပေမဲ့ အောင်မင်းဟာ ခင်မာလာ့ကို ချစ်တာတော့ သေချာလှပါတယ်။ အချိန်ရှိသရွေ့ လာ လာ လာနဲ့ တလာတည်းလာနေတဲ့ အောင်မင်းပါ။ အခု ကျနော့်ရှေ့မှာ အောင်မင်းကို လက်စတုံးပေးဖို့ပြောနေတဲ့ ခင်မာလာဟာ အောင်မင်းကို လူရှေ့သူရှေ့မှာ တမောင်တည်းမောင်နေတဲ့ ခင်မာလာ ပါပဲ။ ဘယ်လိုကျိတ်ပြီး ရက်စက်ကြ၊ ဟန်ဆောင်နေကြတယ်ဆိုတာ တွေးတောင်မတွေးတတ်အောင်ပဲဗျာ။ ဒီမှာတင် ကျနော် ခင်မာလာ့ကို စကားတခု အပြတ်ပြောချလိုက်ပါတယ်။

ညည်း၊ အောင်မင်းကို ကွဲချင်တာတခုတည်းနဲ့ ဒီလို ဟိုကြံဒီကြံ လုပ်နေတာတွေကို ရပ်လိုက်ပါတော့။ မိန်းကလေးတယောက် ကြံကောင်းတဲ့ အလုပ်လည်း မဟုတ်ဘူး။ ညည်းပြောသလို အောင်မင်း ဆိုးဆိုး၊ မဆိုးဆိုး ညည်းဘက်က ဒီလောက် ကွဲချင်ကွာချင်နေမှတော့ ဒီအိမ်ထောင်ရေးဟာ ဘယ်လိုမှ အဖတ် ဆယ်နိုင်မှာမဟုတ်ဘူး။ ဒီတော့ ညည်းငါ့ကို အချိန်နည်းနည်းပေးပါ။ ညည်း လူသတ်စရာ မလိုပဲ ကွာလို့ရရပါစေ့မယ်၊ ဒီကတိကို ငါပေးတယ် ဆိုပြီး တာဝန်ခံလိုက်ရောပေါ့ဗျာ။ အပြစ်ပြောချင်လည်း ပြောတော့ဗျာ။ ဒီအတိုင်းဆက်လွှတ်ထားရင် တနည်းနည်းနဲ့ အောင်မင်း

သေမှာပဲ။ ခင်မာလာ ဒီလောက်ပြောနေပုံထောက်ရင် တခါက ထမင်းပန်းကန်ထဲကို အဆိပ်ခတ်တယ် ဆိုတာလည်း ဗေဒင်မေးစရာ မလိုတော့ဘူးပေါ့ဗျာ။

ကျနော့်ဆီက ကတိလည်းရရော ခင်မာလာက ကိုသက်ခိုင်ကို ကျမယုံပါတယ်၊ အချိန်စောင့် ဆိုလည်း စောင့်ပါ့မယ်။ သေချာပေါက် ကွာရှင်းနိုင်အောင်သာ ကြိုးစားပေးပါ ဆိုပြီး ပြန်သွားလေ ရဲ့ဗျာ။ မတတ်နိုင်တဲ့ အဆုံးမို့သာ ကျနော် ဒီအလုပ်မျိုးကို အာမခံလိုက်ရတယ်၊ စိတ်ချမ်းမြေ့စရာတော့ မဟုတ်လှဘူးဗျို့။

ခင်မာလာကို ကတိပေးလိုက်ပေမယ့် လားရှိုးကို ကျနော် မပြန်နိုင်သေးပါဘူး။ နောက်နေ့မှာ ဝန်ကြီးကတော်က ဇော်ဂျီလမ်းအိမ်မှာ ဖြုတ်နိုင်တပ်နိုင်တဲ့ ဘုရားခန်းတခု အမြန်လိုချင်တယ် ဆိုပြန်ပါ တယ်။ ကျနော်က နားမရှင်းလို့ ထပ်မေးတော့ အော် ဒီဝန်ကြီးအိမ်ဆိုတာ မမတို့ အပိုင်မဟုတ်ဘူးလေ။ ပြောင်းတဲ့ရွှေ့တဲ့အခါ ဖြုတ်သွားနိုင်အောင်ပေါ့တဲ့။ အော်၊ မမဆိုလို့ သတိရသေးဗျာ။ ကျနော်လည်း မင်းစိုးရာဇာခလေ့တွေ နားမလည်လေတော့ ပဲခူးမှာ တိုင်းမှူးကတော်ဘဝတုန်းက ဒေါ်တင်တင်အေး ကို အန်တီခေါ်မိလို့ အမျက်ခံရသေးဗျာ။

စစ်တပ်က အရာရှိကြီးတွေ ရာထူးအဆင့်ဆင့်ကြီးလာလေ၊ အခေါ်အဝေါ် အသုံးအနှုံးတွေ ထီးမှုနန်းဟန် ကြွင့်နင်းဆန်လာအောင် ဘယ်သူ့များစပြီး ထွင်လိုက်သလဲတော့ မသိပါဘူး။ ဒုတိယ ဗိုလ်မှူးကြီး ဖြစ်လာရင် အဘ၊ နောက်တဖြည်းဖြည်း အဆင့်မြင့်သွားလိုက်တာ အဘကြီးတဲ့။ ဦးနေဝင်း လက်ထက်ကဆို အဖေကြီးလို့တောင် ခေါ်ကြသေးဗျာ။ လူကြီးကတော်တွေလည်း အမ၊ မမ၊ အမကြီး တဲ့။ စိတ်ထဲမှာ အမှန်လေးစားလို့ ဘယ်လိုခေါ်ခေါ် ပြောစရာမရှိပေမယ့် ဒီလိုခေါ်ကို ခေါ်ရမယ် ဆိုတာကြီးက သိပ်တော့ မနိပ်လှဘူးဗျ။

အေးဗျာ၊ လူကြီးနဲ့ အကျွမ်းဝင်တယ်ဆိုတာ နေရာတကာတော့ မကောင်းလှဘူးဗျ။ သူတို့ ဗာဟီရတွေကလည်း အများသားကလား။ နောက်ပြီး သူတို့လုပ်ပုံကိုင်ပုံ၊ တွေးပုံခေါ်ပုံကလည်း နည်းနည်းတော့ ကြောင်တောင်တောင်နိုင်တယ်လို့ စိတ်ထဲထင်မိတော့တာပဲဗျာ။ အတင်းပြောတာ တော့မဟုတ်ရပါဘူးဗျာ။ ဝန်ကြီးကတော် ဒေါ်တင်တင်အေး ဘုရားရှိခိုးလို့ မေတ္တာပို့ရင် ဗိုလ်ချုပ်မှူး ကြီး နာမည်ကနေ၊ အစိုးရအဖွဲ့ဝင်ဗိုလ်ချုပ်တွေနာမည်တွေ၊ သူ့သားသမီး နာမည်တွေ စုံနေအောင်ကို အသံကျယ်ကျယ်ရွတ်ပြီး မေတ္တာပို့သဗျ။ အဲ၊ ထူးခြားတာက သူနဲ့မတည့်တဲ့ ဗိုလ်ချုပ်နာမည်မပါဘူး။ သူကြည့်မရတဲ့ ချွေးမ၊ သားမက်နာမည်တော့ မပါပြန်ဘူးဗျ။ မေ့နေတာတော့ ဟုတ်ဟန်မတူပါဘူးဗျာ။ တမင်ချန်ထားခဲ့တယ် ထင်ပါရဲ့။

ဘုရားစင်ပြီးတော့လည်း ကြက်ခြံလေးလုပ်ပါဦးတဲ့။ ဇယားကတော့ တယ်ရှုပ်ဗျာ။ ကြက်ခြံ လုပ်ခိုင်းတာလည်း ရာဇဝင်လေးနဲ့။ ဆေးကျောင်းတက်နေတဲ့ ဝန်ကြီးရဲ့ သားအငယ် ထွန်းနိုင်အေးက ကြက်မွေးတာ ဝါသနာပါသတဲ့။ မွေးထားတာကလည်း တိုက်ကြက်တွေ၊ တနေ့တော့ ဝန်ကြီးခြံထဲက တိုက်ကြက်နှစ်ကောင် ခွပ်လိုက်တာ ထူးထူးဆန်းဆန်း နှစ်ကောင်လုံးသေသွားတယ်ဆိုပဲ။ ဒါကို ဝန်ကြီး ကတော်က လုံခြုံရေးတပ်ဖွဲ့တာဝန်ပေါ့တယ်ဆိုပြီး သေတဲ့ ကြက်နှစ်ကောင်ကို မင်းတို့ချက်စား လိုက် ကြ။ ကြက်နှစ်ကောင်ဖိုးကို မင်းတို့အစောင့်တွေ စုပြီးလျော်ကြလို့ အမိန့်ချသတဲ့။ အစောင့် ရဲဘော် တွေကတော့ ဆရာရယ် ကြက်နှစ်ကောင်က ဖြောင်းကနဲ ဖြောင်းကနဲ နှစ်ချက် သုံးချက်ပဲ ခွပ်ရသေး တယ်၊ နှစ်ကောင်လုံးကြွသွားတာ ကျနော်တို့ ဘယ်လိုလုပ်တားမလဲ၊ လျော်ဆိုတော့လည်း လျော်လိုက် ကြရုံပေါ့ဗျာတဲ့။

ဘုရားစင်၊ ကြက်ခြံပြီးပြန်တော့ ဦးညွန့်ကိစ္စက ဝင်လာပြန်ရော။ ဦးညွန့်က အလုပ်သမား ညွှန်ကြားရေးမှူးရုံးက ဒုတိယညွှန်ကြားရေးမှူးပါ။ သူလည်း ခေသူတော့ မဟုတ်ဘူး။ ကူးသန်း

ရောင်းဝယ်ရေးဝန်ကြီးလုပ်ခဲ့တဲ့ ဗိုလ်ချုပ်ပြည့်စုံ ငယ်ငယ်တုန်းက သူ့မိဘများအိမ်မှာနေပြီး ကျောင်းတက်ခဲ့တယ်ဆိုပဲ။ သူက မိတ္ထီလာသားဗျ။ သူ မိတ္ထီလာအထက်တန်းကျောင်းမှာ နေခဲ့တုန်းက အခု ဒုတိယဗိုလ်ချုပ်မှူးကြီး ဖြစ်နေတဲ့ မောင်အေးနဲ့ တတန်းတည်းတဲ့။ တနေ့မောင်အေးကျောင်းပြေးတာကို ဦးညွန့်က ထန်းရေလေးထွေထွေနဲ့ ဟော့ကောင်၊ မောင်အေး။ မင်းကျောင်းပြေးတာ ငါသိတယ်ဆိုပြီး မောင်အေးနောက်ကျောကို ခြေထောက်နဲ့ကန်ခဲ့ဖူးသတဲ့။ ဒီတုန်းက မောင်အေး အကိုက မိတ္ထီလာတပ်မှာ အရာရှိတဲ့ဗျာ။ မောင်အေးလည်း ရောမအကောင်ကြီး ဖြစ်လာရော ဦးညွန့်လည်း မောင်အေးသူတို့ဌာနလာရင်၊ ဌာနပေါင်းစုံ အစည်းအဝေးတွေမှာ ဆိုရင် ကိုယ်ပျောက်အတတ်ကျင့်နေရသတဲ့။ ဒုဗိုလ်ချုပ်မှူးကြီးကတော့ ကိုညွန့်တယောက် ဒီဌာန ရောက်နေတယ်ဆိုလို့ မေးသတဲ့။ ဘာကြောင့်မေးသလဲဆိုတာတော့ မောင်အေးမှပဲသိတော့မယ်ဗျာ။ ဒါလည်း ဦးညွန့်က ကျနော့်ကို ရင်ဖွင့်လို့ သိရတာပါ။

အခု ဦးညွန့်ကျနော့်ကို နားပူတာက သူရာထူးတဆင့်တိုးချင်လို့တဲ့ဗျာ။ ရာထူးတိုးနိုင်ဖို့ သတ်မှတ်ထားတဲ့ လုပ်သက်တို့၊ ဘီအယ်ဘွဲ့တို့ ပြည့်စုံနေပါပြီ။ ခက်တာက သူ့လို အဆင့်တူ၊ အခြေအနေတူ သုံးယောက်ဖြစ်နေတဲ့ ကိစ္စပါပဲ။ နောက်သူ့ ဂျနီဗာမှာလုပ်တဲ့ ကမ္ဘာ့အလုပ်သမား ညီလာခံတို့ ဘာတို့လည်း သုံးကြိမ်လောက် တက်ဖူးပြီးသားပါ။ ဒါပေမယ့် သိတဲ့အတိုင်းပေါ့ဗျာ။ ဖြစ်ချင်တိုင်းဖြစ်နေတဲ့ ခေတ်ကြီးဆိုတော့ သူ ရာထူးတိုးဖို့ ဒီအတိုင်းထိုင်စောင့်နေလို့ မသေချာလှတာနဲ့ ကျနော့်ကို အပူကပ် တာပါပဲ။ သူ့အကြောင်းပြချက်ကလည်း ရာထူးကို မက်လို့ မဟုတ်ပါဘူး ဆိုပဲ၊ ပင်စင်ယူတဲ့အခါ ညွှန်မှူးရာထူးလေးနဲ့ဆိုတော့ ကလေးတွေအတွက် ဂုဏ်ရှိစေချင်လို့ပါတဲ့ဗျာ။ အော်၊ ကလေးတွေက ငယ်တယ်ဗျ။ ဒုတိယအိမ်ထောင်လေ။ ငယ်ဆို အငယ်ဆုံးလေးက ခြောက်နှစ်သာသာပဲ ရှိသေးတာ။ ထားလိုက်ပါလေ။

ကျနော်ကလည်း အညာသားချင်းဖြစ်နေတော့ စိတ်မြန်လက်မြန်ပဲ ဗိုလ်ကြီးကျော်ဇောကို တီး ခေါက်ကြည့်လိုက်ပါတယ်။ အန်ကယ် ဦးညွန့်ရာထူးတိုးချင်တယ်။ ဘာကန်တော့ရမလဲပေါ့ဗျာ။ ဒါနဲ့ ဗိုလ်ကြီးကျော်ဇောက အစ်မကြီးကို လှမ်းသတင်းပို့၊ အမိန့်နာခံလိုက်တော့ ငွေသားတဲ့ ခင်ဗျာ။ ဒါနဲ့ ဦးညွန့်ကို အန်ကယ်ကန်တော့မယ့် ပိုက်ဆံကို စက္ကူပါကင်ကောင်းကောင်းနဲ့ ထုတ်သာလာခဲ့ပေတော့ လို့ပြောလိုက်တော့ ဦးညွန့်ကဟာ ကိုသက်ခိုင်၊ ကျနော်ယူမလာရဲဘူး ဆိုသဗျာ။

ဦးညွန့် စိတ်ပူမယ်ဆိုရင်လည်း ပူလောက်ပါတယ်။ ဝန်ကြီးအိမ်ငွေသွားပို့တယ်ဆိုတာ အဝင်မတော်ရင် အလုပ်ပြုတ်ရုံမက ထောင်ပါတန်းကျသွားနိုင်တာမျိုးမဟုတ်လား။ ဒါနဲ့ ကျနော်လည်း သေချာအောင်ဆိုပြီး ဝန်ကြီးကတော်ဆီ တန်းဝင်လိုက်ပါတယ်။ အန်ကယ် ဦးညွန့်လာကန်တော့နိုင်မယ့်ရက်ကို သိချင်လို့ပါပေါ့ဗျာ။ နောက်အစ်မကြီး နှစ်သက်တဲ့ပစ္စည်းအမျိုးအစားရှိရင်လည်း သိပါရစေပေါ့။ ဒီမှာတင် အစ်မကြီးက ကိုသက်ခိုင်ရယ်၊ မမတို့မှာ ပစ္စည်းမျိုးစုံ လိုလေသေးမရှိ ပြည့်စုံနေပါပြီ။ လှူဖို့တန်းဖို့ ငွေသားဆိုရင် ပိုပြီး အဆင်ပြေတာပေါ့တဲ့။ ကဲ၊ ရှင်းရောပေါ့ဗျာ။

ဒါနဲ့ကျနော်လည်း ဦးညွန့်ကို ကဲ၊ အန်ကယ်၊ ဝန်ကြီးကတော် အဆင့်ဝတ်တဲ့ ကီမိုနိုလို နှစ်ထည်၊ ဝန်ကြီးအတွက် ပိုးလုံချည်နှစ်ထည် ကြားမှာ အန်ကယ်ကန်တော့မယ့် ငွေသားငါးသိန်းကို ညှပ်ပြီး ယူလာခဲ့ပေတော့လို့ဆိုတော့ ကိုသက်ခိုင်ပါ လိုက်ခဲ့အုံး လုပ်ပြန်ရော။

ဒါနဲ့ ညနေခြောက်နာရီလောက်လည်းကျရော ကျနော်နဲ့ ဦးညွန့်ဝန်ကြီးအိမ်ရောက် ရောပေါ့ဗျာ။ ဝန်ကြီးရှေ့လည်းရောက်ရော ငွေသားညှပ်ထားတဲ့ လက်ဆောင်ပါဆယ်ထုတ်ကို ဝန်ကြီးမောင်နှံရှေ့ချပြီး ဦးညွန့်က ထိုင်ကန်တော့ တော့တာပဲပေါ့။ အမှန်တော့ ဝန်ကြီးနဲ့ ဦးညွန့်ဟာ အသက်သိပ်မကွာလှပါဘူး။ ထိုင်သာကန်တော့လိုက်ပေတော့ဆိုပြီး ကျနော် သင်ထားတာပေါ့ဗျာ။

ဒါနဲ့ ဝန်ကြီးက ကိုညွန့်ကလေးတွေ ဘယ်အရွယ်ရောက်ကုန်ပြီလဲ ဘာညာ စကားစတာနဲ့ ကျနော်လည်း မယောင်မလည် အိမ်အပြင် ထွက်နေလိုက်ရတယ်။ ဟုတ်တယ်လေ၊ ရာထူးတိုးပေးပါဆိုတော့ ကျနော် ထိုင်နားထောင်နေလို့ ဘယ်သင့်ပါ့မလဲ။ မကြာပါဘူးဗျာ။ နောက်သုံးလလောက်နေတော့ ဦးညွန့် ညွန်မှူးဖြစ်တော့တာပါပဲ။

အော်၊ ဒါနဲ့ ဝန်ကြီးကတော် ကျနော့်ကိုပြောတဲ့ မမတို့မှာ ပစ္စည်းမျိုးစုံလိုလေသေး မရှိဘူးဆိုတာ အမှန်ပဲဗျ။ မျိုးစုံသလား မမေးနဲ့၊ ပေသုံးဆယ် ပေနှစ်ဆယ် အခန်းကျယ်ကြီးထဲမှာ လူတရပ်လောက်မြင့်တဲ့ ပစ္စည်းပုံကြီးကို တွေ့ခဲ့ရသဗျာ။ တီဗီ၊ အောက်စက်၊ ရေခဲသေတ္တာ၊ ကက်ဆက်တွေအပြင် ရောင်စုံစက္ကူမျိုးစုံနဲ့ ပါဆယ်ထုတ်ထားတဲ့ အမျိုးအမည်မသိရတဲ့ ပစ္စည်းတွေ နည်းနည်းနောနော မဟုတ်ပါလားဗျာ။ ဟာဗျာ၊ ဝန်ကြီးကတော်ကတော့ ဒါတွေကို တမင် ဘယ်ခေါ်ပြပါ့မလဲ။ အကြောင်းတိုက်ဆိုင်သွားလို့ မြင်ခဲ့ရတာပေါ့၊ ဒီလိုဗျ။ အဲဒီပစ္စည်းတွေကို ဝန်ကြီးရဲ့ ဇော်ဂျီလမ်းအိမ်မှာ ထားတာမဟုတ်ဘူးဗျ။ ဝင်ဒါမီယာထဲက ဗိုလ်ချုပ်ရွာထဲက အိမ်မှာထားတယ်။ ဗိုလ်ချုပ်ရွာကို ဝင်တာနဲ့ လုံခြုံရေးဂိတ်ကိုကျော်ရတယ်။

ကျော်ရဆို ဂိတ်နဲ့ မလှမ်းမကမ်းမှာ ဗိုလ်ချုပ်မှူးကြီး စောမောင်အိမ် ရှိတာကိုး။ မှတ်မှတ်ရရ အဝင်ဂိတ်နားမှာ စေတီလေးတဆူလည်း ရှိလေရဲ့။ ကျနော် ဗိုလ်ချုပ်ရွာထဲကို ဘယ်လောက်တောင် ရောက်သလဲဆိုရင် ဗိုလ်ချုပ်မှူးကြီး ကိုယ်ရံတော်တပ်ဖွဲ့က ဗိုလ်ကြီးသူရိန် (နောင် လှိုင်မြို့နယ် မဝတ ဥက္ကဋ္ဌ) ဗိုလ်ကြီးတင်အေးနဲ့တောင် သောက်ဖော်စားဘက် ဖြစ်သွားတဲ့အထိဗျ။ အော်၊ ဗိုလ်ကြီးတင်အေးဆိုတာ တခြားသူ မဟုတ်ဘူးဗျာ၊ ဗမာ့ဘောလုံး ရွှေခေတ်က မဟာဒူး၊ အေးမောင်ကြီး၊ အေးမောင်လေး၊ ဘပု၊ မျိုးဝင်းညွန့်တို့နဲ့အတူ မြန်မာ့လက်ရွေးစင်အဖြစ် နိုင်ငံတကာမှာလှည့်ပြီး ခြေစွမ်းပြခဲ့တဲ့ တင်အေးပေါ့ဗျာ။ တကယ်အားကစားသမား ပီသတယ်ဗျ။ ကျနော်နဲ့တွေ့တော့ ငါးဆယ်ဝန်းကျင် ဖြစ်နေပေမယ့် ကြံ့ခိုင်နေတုန်းပဲ။

အေးဗျာ၊ မကြာခင် ဗိုလ်ချုပ်မှူးကြီး စောမောင် ကျန်းမာရေးမကောင်းဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ ပြုတ်သွားတော့ ကိုတင်အေးကော၊ ကိုသူရိန်ပါ တပ်က ထွက်လိုက်ကြရတယ်။ နောက်ပိုင်း ကျနော် ဗိုလ်ကြီးတင်အေးနဲ့တွေ့တော့ ဗျို့ ကိုတင်အေးကြီး၊ ခင်ဗျားတို့ဘိုးတော် က စိတ်ရောဂါလိုလို ဘာလိုလိုဖြစ်တယ်ဆိုတာ ဟုတ်သလားဗျာလို့ စပ်စုလိုက်မိသေးတယ်။ ကျနော်မေးလိုက်တာ သူတော်တော်စိတ်ထိခိုက်သွားပုံရတယ်။ မဟုတ်ပါဘူး ညီလေးရာ၊ ကိုယ်တို့ ဗိုလ်ချုပ်က တကယ့် ဘုရားတရားနဲ့ စစ်သားစိတ် အပြည့်ရှိတဲ့သူပါ။ ကိုယ်က အနီးကပ်နေတာပါ။

သက်သက်မဲ့ ဒုက္ခပေးလိုက်ကြတာပါတဲ့ဗျာ။ ကျနော်လည်းအားနာတာနဲ့ အသေးစိတ်သိရအောင်မေးချင်ပေမယ့် ဆက်မမေးဖြစ်တော့ပါဘူးဗျာ။

အဲဒီ ဗိုလ်ချုပ်ရွာဆိုတာ ဗိုလ်ချုပ်တွေအတွက် မဆလခေတ်က နိုင်ငံတော်ဘဏ္ဍာနဲ့ အိမ်ကြီးတွေ ဆောက်ပေးထားတာပေါ့ဗျာ။ ထုံးစံအတိုင်း ဗိုလ်ချုပ်ကြီးအေးသောင်အိမ်လည်း ရှိလေရဲ့။ အဲဒီအိမ်ကို ကျနော် ရောက်သွားရတဲ့အကြောင်းက အဲဒီအိမ်မှာ လက်ဆောင်ပစ္စည်း မျိုးစုံသိုလှောင်ထားတဲ့ အခန်း သော့ပျက်သွားလို့တဲ့ဗျာ။

ဘဏ္ဍာတိုက်သော့ပျက်တယ်ဆိုတော့ ပူရှာကြတယ် ထင်ပါရဲ့။ ဝန်ကြီးကဆို ကိုသက်ခိုင် သေချာသွားဖြင့်ပေးလိုက်ပါအုံးတဲ့။ မောင်ရင့် အစ်မ ညညအိပ်တောင် မပျော်ဘူးဆိုပဲ။ သော့ဖြင့်ရတာလည်း စစ်ဆင်ရေးကျနေတာပဲဗျို့။ သော့ကို သွားစစ်ကြည့်တော့ အဆောက်အဦက ဆောက်ထားတာကြာလို့ ကျည်းဘောင်တွေချောင်ပြီး သော့ထစ်က သော့အိမ်နဲ့ မငြိတော့တာပေါ့။ အသစ်လဲရအောင်ကလည်း သော့မော်ဒယ်က သိပ်ဟောင်းနေလို့လဲ မရပြန်ဘူးဗျာ။

နောက်ဆုံးသော့ပြင်တဲ့ ကုလားကို မျက်နှာအဝတ်စည်းပြီးခေါ်လာ၊ သော့ဟောင်းကို ဖြုတ်၊ ချက်ချင်း မပြီးပြီးအောင် ပြန်ပြင်ခိုင်းလိုက်တာ သော့ကုလားကတောင် နောက်ဆို ဘယ်လောက် ပိုက်ဆံရရ အနဲခေါ်ရင် ကျနော် မလိုက်တော့ဘူး ညည်းယူတဲ့အထိ။

သော့ပြင်ပြီးတော့လည်း ကုလားက မပြန်ရသေးဘူးဗျာ။ ဝန်ကြီးရော၊ ဝန်ကြီးကတော်ပါ နှစ်ပါးစုံရောက်အောင် စောင့်ပြီးအစမ်းသပ်ခံရသေးတယ်။ ဝန်ကြီးကတော်က အပြင်မှာနေပြီး ဝန်ကြီးက အထဲကနေ အေးရေ၊ ဖွင့်ကြည့်ပါအုံးကွယ်၊ ပိတ်လိုက်ပြီနော်၊ ဟုတ်ပြီ၊ ပြန်ဖွင့်ကြည့်ပါ အုံးကွယ်။ နောက်တခါ ထပ်စမ်းကြည့်မယ်နော်တဲ့။ ဝန်ကြီးကတော်ကလည်း အဘကြီးရေ၊ ပိတ်လိုက် ပါအုံး၊ ပြန်ဖွင့်ပါနော်၊ ဟုတ်ပြီ၊ ပြန်ပိတ်လိုက်ပါအုံး အဘရယ်တဲ့။ သူတို့ကသာ အေးရေ၊ အဘရေ လုပ်နေ၊ ကျနော်ကတော့ ရင်မနေရတယ်။ မတော်တဆ မသေသပ်လို့ကတော့ ချောက်ကျကိန်းပဲလို့။ နတ်သိကြားမတယ်ပဲ ပြောကြပါစို့ဗျာ။ မဟာသော့ကြီးက ပြန်ကောင်းသွားသဗျ။

နောက်ပိုင်း အဲဒီအိမ်ကို ကျနော် အကြိမ်ပေါင်းမရေတွက်နိုင်အောင်ကို ရောက်ပါသဗျာ။ တအိမ်လုံး လက်ဆောင်ပစ္စည်းတွေ အပြည့်ပါပဲ။ ငါးပိငါးခြောက်လို အထုပ်အပိုးတွေလည်း မစားနိုင် မသောက်နိုင် ထည့်လှောင်ထားတဲ့ အခန်းလည်း ရှိသေးဗျ။ သူတို့က စနေ၊ တနင်္ဂနွေလို ရုံးပိတ်ရက်မှာ အဲဒီအိမ်ကို လာပြီး အနားယူကြတာလေ။ အနားယူရင်း ကြုံကြုံဖန်ဖန် အစားအသောက်တွေလည်း ဝယ်ခိုင်းသေးတယ်ဗျာ။

ပြောင်းဖူးပြုတ်၊ မြေပဲပြုတ်၊ စာကလေးခွေ၊ ငါးထန်းလျက်၊ မုန့်လက်ကောက်ကြော် စုံလို့ပဲ ဗျို့။ ဒါတွေက ပြောတော့သာ လွယ်တာ၊ တကယ်လျှောက်ဝယ်တော့ လွယ်လွယ်ဝယ်မရတတ်ဘူးလေ။ တရက် ကျနော် အဲဒီမုန့်တွေလျှောက်ဝယ်ရင်း ကုက္ကိုင်းလမ်းဆုံ အရက်ဆိုင်မှာ နေ့လည်ဘက်ကြီး ခွက်ပုန်းဝင်ချနေတုန်း အရင်ကတည်းက ခင်နေတဲ့ ရှပ်ရှင်သရုပ်ဆောင် ဦးသိုက်စိုးကြီးကို တွေ့တာနဲ့ လိုက်ခဲ့ဗျာလို့ ဇွတ်ခေါ်တော့ သူလည်း ခပ်ထွေထွေလေးနဲ့ လိုက်လာပါရောဗျာ။

ဗိုလ်ချုပ်ရွာက ဝန်ကြီးအိမ်ရောက်တော့ ဝန်ကြီးနားနေတဲ့ အခန်းထဲကို ကျနော် အစား အသောက် ဝင်ချပေးနေတုန်း ဦးသိုက်စိုးကြီးက ဝင်ချလာသဗျာ။ ဘယ်ပြောကောင်းမလဲဗျာ။ ဝန်ကြီး ကတော် အလန့်တကြားဖြစ်ပြီး ကိုသက်ခိုင်၊ ကိုသက်ခိုင် လို့ စွတ်အော်တော့တာပဲ။ ဝန်ကြီးလည်း လန့်သွားတာပါပဲ။ ဒါပေမယ့် ကြွေတော့ သိပ်မပျက်လိုက်ဘူး။

ခေါ်တင်တင်အေး ကျနော့်ကို ဘာမှ မပြောပေမယ့် ကိုကျော်ဇောကို ဖိကြိမ်းတော့တာ ပေါ့ဗျာ။ ကိုကျော်ဇောကတော့ ကိုသက်ခိုင်ရာ၊ ခင်ဗျားလုပ်လိုက်ရင် မိုး မီးနဲ့ရှို့တာမျိုးချည်းပဲတဲ့။ ဘွားတော် တော်တော် လန့်သွားတာဗျတဲ့။ အိမ်ထဲကို ဓားပြဝင်တိုက်ပြီ အောက်မေ့လို့တဲ့။ အမှန်တော့ ဦးသိုက်စိုးက တပ်ထဲကနေ ဗိုလ်ကြီးဘဝနဲ့ ထွက်ခဲ့တာတဲ့ဗျာ။ အခုဝန်ကြီးထက်တောင် သူက စီနီယာ ကျသေးသတဲ့။ ဦးသိုက်စိုးတို့၊ ဦးကျော်လီဆွေတို့အဖွဲ့ ပဲခူးကို လာပြီး ဖျော်ဖြေပွဲလုပ်ခဲ့တုန်းက ကျနော် လိုလေသေးမရှိ ဧည့်ခံခဲ့လို့ ရင်းနှီးနေခဲ့တာပါဗျာ။

ဒါလည်း လားရှိုးကို ကျနော်မပြန်နိုင်သေးပါဘူးဗျာ။ မရမ်းကုန်း ကုန်တင်ကုန်ချ ဧည့်ရိပ်သာ အသစ်ဖွင့်မယ်ဆိုလို့နေရပြန်ရော။ အေးလေ၊ ဒီအဆောက်အဦကလည်း ကျနော်ဆောက်ထားတာ ဆိုတော့ ဖွင့်ပွဲအတွက် တာဝန်ရှိပြန်သပေါ့။ ဝန်ကြီးကိုယ်တိုင်လာဖွင့်မယ်ဆိုတော့ ကြိုဆိုရေး၊ ဧည့်ခံရေးတွေပြင်ရဆင်ရပြန်တာပေါ့ဗျာ။ မဖွင့်ခင် တရက်မှာ ဗိုလ်ကြီးကျော်ဇောက အရေးတကြီး ဖုန်းဆက်လာတယ်။ ဖွင့်ပွဲမှာ ဝန်ကြီးမနက်စာ စားမယ်ဆိုပဲ။

ဒါတင်မကဘူးဗျာ။ ဝန်ကြီးက ဂျင်သောက်ချင်သတဲ့။ အဲဒါ အမှားအယွင်းမရှိအောင် ကိုသက်ခိုင် ကိုယ်တိုင်စီစဉ်ပါတဲ့။

ဒါက သိပ်အရေးမကြီးပါဘူးလေ။

ကျနော်က ဒီလိုင်းကိုကောင်းကောင်းကျွမ်းတာကလား။ ကင်းရောဘတ်(King Robert) ဂျင်တလုံးဝယ်ပြီး တော့နစ်ဝါးတား တဒါဇင်၊ သံပုရာခြမ်းပါးပါးလေးနဲ့အသင့်ပြင်ထားရတာပေါ့။ အဲဒီမနက် ဝန်ကြီးလည်း ရောက်လာရော ကျနော်ကိုယ်တိုင် ဂျင်တဆ၊ တော်နစ်သုံးဆ၊ သံပုရာခြမ်းအပိုင်းလေး ဖန်ခွက်နှုတ်ခမ်းချိတ်ပြီး အသေအချာ စပ်ပေးလိုက်တာပေါ့ဗျာ။ ကျနော့်အစပ်အဟပ်ပဲ တည့်သလား ဝန်ကြီးကပဲ မသောက်ရတာ ကြာလို့ပဲလားတော့ မပြောတတ်ဘူး။ တဂွတ်ဂွတ်နဲ့ချလိုက်တာ လေးငါးခွက်လောက် ဆက်တိုက် စပ်ပေးရသဗျာ။ ကျနော်လည်း စိတ်တော့အပူသားဗျာ။ ရေချိန်လွန်ပြီး စကားမှားကုန်ရင် ကျနော့်ခေါင်းပေါ် ကျမှာကိုး။ ဟုတ်တယ်လေ၊ ဂျင်နဲ့တောနစ်ဟာ သောက်ရတာ အဝင်ကောင်းသလောက် နောက်ပိုင်း အရှိန်တက်တတ်တာကိုး။

ကျနော်စိတ်ပူတာ မမှားပါဘူးဗျာ။ ဝန်ကြီးဟာ စားသောက်လည်းပြီးရော ကုန်တင်ကုန်ချ အလုပ်သမားတွေကို မိန့်ခွန်းချွေဖို့ လုပ်ပါလေရော။ ကျနော်လည်း ဘေးက ရင်တမမနဲ့ပေါ့ဗျာ။ ကြည့်ရတာ ဝန်ကြီးက ဟန်တော့ သိပ်မပျက်လှဘူး။ စကားပြောတာတော့ နည်းနည်းသွက်နေပြီ။ သွက်ဆို အရှိန်လေးနဲ့ကိုး။ ဝန်ကြီးက အလုပ်သမားတွေကို မိန့်ခွန်းချွေနေရင်း ဖြုန်းဆို အဆက်အစပ်မရှိပဲ မင်းတို့ခေါင်းက ဆံပင်ပုံတွေက ဒုံပစ်တွေပဲတဲ့။ ဒုံပစ်ဆိုတာရော သိကြလားတဲ့။

ဟာ၊ ပြဿနာပဲဗျာ။ အလုပ်သမားတွေကလည်း ဝန်ကြီးမေးတာ ဆိုတော့၊ ဟုတ်ကဲ့ သိပါတယ်တဲ့။ ဒါဆို ဘာလဲကွာလို့ဆက်မေးတော့ ခစ်ပုံပါတဲ့။ ကောင်းကြရောဗျာ။ တော်သေးတာပေါ့ဗျာ။ အဲဒီမှာတင် ရယ်မောပြီးဇာတ်လမ်းက တခန်းရပ်သွားလို့။

ဒီလိုနဲ့ ရန်ကုန်မှာ တပတ်ပဲကြာမယ်ဆိုပြီး လာလိုက်တာ နှစ်ပတ်ကြာသွားသဗျ။ ပြန်မယ့်အလုပ်မှာ လားရှိုးမြို့နယ်ဦးစီးအရာရှိဆီက ဖုန်းဝင်လာပြန်တယ်။ ကိုသက်ခိုင် အမြန်ပြန်လာတော့တဲ့။ ခင်ဗျားကို ဝ ငြိမ်းချမ်းရေးအဖွဲ့တွေက တွေ့ချင်လို့တဲ့။ ကျနော်က ဇဝေဇဝါနဲ့ဘာလဲဗျာ၊ ကျနော့်ကို ဝအဖွဲ့က တွေ့ချင်ရအောင် ဘယ်သူနဲ့မှ သိတာလည်း မဟုတ်ဘူးဆိုတော့ သိတာမသိတာ အသာထား၊ ခင်ဗျား မြန်မြန်သာ ပြန်လာခဲ့ပေတော့။ ခင်ဗျားကို ဝအဖွဲ့က ဗိုလ်မှူးကြီးကျောက်အိုက်နပ်က အရေးတကြီးတွေ့ချင်လို့ ကျနော့်ရုံးကို လာမေးမေးနေတာ သုံးလေးကြိမ်ရှိနေပြီတဲ့။ ဒါနဲ့ လားရှိုးကို တက်သုတ်ရိုက်ပြီး ပြန်ခဲ့ရပြန်ပါတယ်။

တကယ်တော့ဗျာ 'ဝ' ဆိုတာ ငယ်ငယ်တုန်းက ဖတ်စာအုပ်ထဲမှာ ပြည်ထောင်စုဖွားတိုင်းရင်းသားဆိုပြီး မြန်မာပြည် မြေပုံပေါ်မှာ ရိုးရာဝတ်စုံလေးတွေနဲ့ အရုပ်ကလေးတွေ ဆွဲပြီး ပြထားတုန်းက ကျနော်က ဒီ 'ဝ' က စာတလုံးတည်းပါလား၊ ပုံနှိပ်တာများ ကျန်ခဲ့သလားလို့ တောင်တွေးထင်ခဲ့ဖူးတဲ့ ဝ လူမျိုးတွေပေါ့။ အော် ဘဝေ၊ ဘဝ များစွာက 'ဝ' ဆိုတဲ့ လူမျိုးနဲ့ ရေစက်ပါခဲ့တယ် ထင်ပါရဲ့။

■

## အခန်း (၇၂)

# စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးပေါက်ထူချန်း

ကျွန်တော် လားရှိုးလေဆိပ်ကိုရောက်တော့ အောင်မင်းနဲ့ ကိုကိုနိုင် လာကြိုနေပါတယ်။ ကိုကိုနိုင်ဟာ လားရှိုးအလုပ်သမားဦးစီးဌာနက ကြီးကြပ်ရေးမှူးပါ။ ဘာပဲဖြစ်ဖြစ် အောင်မင်းကို တွေ့လိုက်တော့ ကျနော်သူ့ကို တော်တော်သနားသွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော် လေယာဉ်ပေါ်က ဆင်းလာလာချင်း သူမေးလိုက်တာက အစ်ကို 'လာ' နေကောင်းရဲ့လား၊ ကျနော့်ကို ဘာမှာလိုက်သေးလဲတဲ့။ အေးဗျာ၊ ရောက်ရောက်ချင်း အောင်မင်းရေ မင်းမိန်းမကတော့ မင်းကို သတ်ခိုင်းလိုက်လေရဲ့လို့တော့ ဘယ်ပြောလို့ဖြစ်ပါ့မလဲဗျာ။ ဒီတော့ ကျနော်လည်း အေးကွ၊ ခင်မာလာနေကောင်း ပါတယ်၊ ဒီမှာ လုပ်လက်စတွေ လက်စသတ်ပြီးတာနဲ့ မင်းနဲ့ငါ အတူပြန်လာကြဖို့မှာလိုက်တာပဲကွာဆိုပြီး လေပြေထိုးလိုက်ရပါတယ်။

တကယ်တော့လည်း အောင်မင်းပြဿနာဟာ ဖုတ်ပူမီးတိုက်ဖြေရှင်းရမယ့် ကိစ္စမဟုတ်တာ ကျနော်သိနေပါတယ်။ ကျနော် အချိန်ယူရပါလိမ့်မယ်။ ခေါင်းအေးအေးထားရပါလိမ့်မယ်။ တကယ်တမ်းလည်း အောင်မင်းဇာတ်လမ်းကိုရှင်းဖို့ ကျနော့်မှာ အချိန်မရပြန်ပါဘူး။ ဟုတ်ပါတယ်၊ နောက်တနေ့မနက် ကျနော့်လုပ်ငန်းခွင်ကို 'ဝ' ငြိမ်းချမ်းရေးတပ်ဖွဲ့ စကားပြန် ဦးမောင်ငယ်နဲ့ ကိုအောင်မြင့် ဝငြိမ်းချမ်းရေးက ကားတစီးနဲ့ ရောက်လာပါတယ်။ သူတို့ ဗိုလ်မှူးကြီး ကျောက်အိုက်နပ်က ညစာစားဖို့ဖိတ်ခိုင်းတယ်လို့ ဆိုပါတယ်။

တုံးတယ်လို့ပြောချင်လည်း ပြောတော့ဗျာ။ လားရှိုးရောက်ခါစက သောင်းကျန်းသူလို့ခေါ်ခေါ်နေခဲ့တဲ့ ဝ တပ်ဖွဲ့ဟာ ယူနီဖောင်းအပြည့်အစုံ၊ (UWSA) ဆိုတဲ့ တံဆိပ်တွေနဲ့ လက်နက်အပြည့်အစုံကိုင်ပြီး အကောင်းစားကားတွေနဲ့ ဥဒဟိုသွားလာနေတာကိုမြင်တော့ ကျနော့်စိတ်ထဲမတော့ တော်တော်ကို အံ့ဩမိတယ်ဗျ။

သိဘူးလေ၊ ကျနော့်စိတ်ထဲမှာ မြန်မာနိုင်ငံကြီးတခုလုံးကို မြန်မာ့တပ်မတော်ကြီးကပဲ ငြိမ်ဝပ်ပိပြားနေအောင် ထိန်းချုပ်ထားနိုင်တယ်လို့ထင်ခဲ့တာကိုး။ ကျနော့်ကိုလာခေါ်တဲ့ ဦးမောင်ငယ်ကို

ကျနော်မမြင်ဖူးပါဘူး။ သူ့အသားခပ်ညိုညိုပါ။ သူ့အသားအရေက ကျနော်တို့ အညာသားတွေနဲ့ မတိမ်းမယိမ်းပါပဲဗျာ။ အသားလတ်တဲ့ ထဲတောင်မပါပါဘူး။ ညိုတဲ့ အဆင့်ကျော်ပါတယ်။ ဒါလည်း ထူးခြားချက်တခုပဲဗျ။ ဝ တွေထဲမှာ တချို့က ဖြူပေမယ့် တချို့ ခပ်ညိုညိုတွေပဲဗျာ။ ကိုအောင်မြင့်ဟာ ကျနော်နဲ့ အသက်မတိမ်းမယိမ်းပါ။ သူ့ ခြေတဖက်ပြတ်နေပါတယ်။ ချိုင်းထောက်နဲ့ လမ်းလျှောက်ရ ပါတယ်။ သူလည်း ဝ တပ်ဖွဲ့ဝင်ပဲလား၊ ဘယ်လို ဝတပ်ဖွဲ့နဲ့ရင်းနှီးတာလဲ ကျနော်တော့ မမေးလိုက်မိဘူး။ သူနဲ့ခင်နေတာက ကျနော်တာဝန်ယူနေတဲ့ အဆောက်အဦအတွက် လိုအပ်တဲ့ ပစ္စည်းတွေ သွင်းနေလို့ ပေါ့ဗျာ။

ညစာစားဖို့ဖိတ်တာကို ကျနော်လက်ခံလိုက်တော့ ဦးမောင်ဝယ်ပဲ ပြန်သွားပြီး ကိုအောင်မြင့် ကျန်နေခဲ့ပါတယ်။ ဒါနဲ့ကျနော်က ဟော့၊ ကိုအောင်မြင့် နေပါအုံးဗျ၊ ဗိုလ်မှူးကြီးကျောက်အိုက်နပ် ဆိုတာက ဘယ်လိုလူမျိုးတုန်း၊ ကျနော့်ကို ဘာကြောင့် တွေ့ချင်ရတာတုန်းလို့ မေးလိုက်မိပါတယ်။ ဒီတော့ ကိုအောင်မြင့်က သူက ဦးပေါက်ယူချန်းရဲ့ ညာလက်ရုံးလေတဲ့။ ခက်နေတာက သူပြောတဲ့ ဦးပေါက်ယူချန်းကို အဲဒီတုန်းက ကျနော်မသိပါဘူး။ ဒါပေမယ့် အရေးပါတဲ့ ဝ ခေါင်းဆောင်တယောက် ဖြစ်မယ် ဆိုတာလောက်တော့ ကျနော် ရိပ်မိလိုက်ပါတယ်။ သူပြောတဲ့အထဲမှာ စိတ်ဝင်စားစရာ တချက်က ဝ တပ်ဖွဲ့တွေ အချင်းချင်း အုပ်စုကွဲတုန်းက ဗိုလ်မှူးကြီး ကျောက်အိုက်နပ်ဟာ မြင်းကုန်း နိုးဘေးမှာ ခြင်းကြားကြီးတလုံးကိုချိတ်ပြီး အယူအဆကွဲလွဲသူတွေရဲ့ခေါင်းတွေကို၊ အဲဒီခြင်းအပြည့် ရအောင် လိုက်ဖြတ်ခဲ့ဖူးတယ် ဆိုတာပါပဲ။ ကျနော်လေ့လာဖူးသလောက် ကိုအောင်မြင့်ပြောပြတဲ့ ဗိုလ်မှူးကြီး ကျောက်အိုက်နပ်ရဲ့ ဇာတ်လမ်းဟာ ဗမာပြည်ကွန်မြူနစ်ပါတီကနေ ဝ တပ်တွေ ခွဲထွက် တုန်းက အကြောင်းလို့ထင်ပါတယ်။ ဒါလည်းကျနော့်စိတ်ထင်ပါ။ မသေချာလှပါဘူး။

ဒီလိုနဲ့ အဲဒီည ရှစ်နာရီလောက်မှာ ကျနော်တို့ တည်းနေတဲ့ နယူးအေးရှ တည်းခိုခန်းကို လက်နက်အပြည့်ကိုင်ထားတဲ့ ဝ စစ်သား လေးယောက်ပါတဲ့ ကားတစီးရယ်၊ နောက် ဟိုင်းလတ် အလွတ်တစီးရယ် ရောက်လာပါတယ်။ အဲဒီဟိုင်းလတ်ပေါ်မှာ ဦးမောင်ဝယ်ပါလာပါတယ်။ ကျနော် လည်း ရှူးစမိုးနဲ့ အနောက်တိုင်းဝတ်စုံကို အသေသပ်ဆုံးဝတ်ပြီး လိုက်ခဲ့ရောပေါ့ဗျာ။ ကျနော့်စိတ်ထဲ ဘယ်လိုနေလဲ၊ ဟုတ်လား။ ဘယ်လိုမှ မနေပါဘူးဗျာ။ ကျနော့် ဝါသနာကိုက သည်းထိတ်ရင်ဖိုလေး တွေကို နှစ်သက်တတ်တာကလား။ ညစာစားဖို့ ဖိတ်ပါတယ်ဆိုနေမှ ကုပ်ချောင်းချောင်းပုံစံ သွားလို့ ဘယ်ဖြစ်ပါ့မလဲ။ ထုံးစံအတိုင်း အောင်မင်းရယ်၊ ကိုကျော်ဦးရယ်၊ ကိုကိုနိုင်ရယ်ပါလာကြသပေါ့ဗျာ။ အောင်မင်းကိုလည်း သတိလက်မလွတ်ဖို့ ကြိုတောင်းပန်ထားရသေးဗျာ။ ဒါနဲ့တင်စိတ်မချသေးလို့ ကိုကျော်ဦးရော၊ ကိုကိုနိုင့်ကိုပါ အောင်မင်းကို သေချာထိန်းဖို့ အောင်မင်းမသိအောင် စည်းဝါးရိုက် ရသေးဗျာ။

ဆောင်းရာသီမို့လား၊ လားရှိုးထုံးစံပဲလားတော့မပြောတတ်ဘူးဗျာ။ ညရှစ်နာရီကျော်ကျော် လောက်သာ ရှိသေးပေမယ့် လားရှိုးမြို့လယ်လမ်းတွေပေါ်မှာ လူသွားလူလာ၊ ကားအသွားအလာ တော်တော်ရှင်းနေပြီဗျ။ ဆယ့်ငါးမိနစ်သာသာလောက်လည်း မောင်းပြီးရော၊ မြို့အပြင်မှာရော အတွင်း မှာ ပါ သေနတ်ကိုင် ဝ စစ်သား နှစ်ဆယ်လောက် လုံခြုံရေးယူထားတဲ့ ခြံဝင်းကျယ်ကြီးတခုထဲကို ရောက်လာပါတယ်။ ခြံဝင်းထဲမှာ ကားဂိုဒေါင်နဲ့ အစောင့်တပ်ဖွဲ့ နေတယ်ထင်ရတဲ့ အဆောက်အဦ တွေပါ ရှိနေပါတယ်။ ကားပေါ်ကနေဆင်းပြီး ဦးမောင်ဝယ်ခေါ်ရာနောက်ကို ပေါ့ပေါ့ပါးပါး ပုံစံနဲ့ လိုက်သွားလိုက်တာ ဧည့်ခန်းထဲမှာ သားရေကျောကင် အကောင်းစားဝတ်ပြီး ထိုင်နေတဲ့ ခပ်ဝဝ၊ အသက် ငါးဆယ် ဝန်းကျင်လောက်ရှိမယ့် ပုဂ္ဂိုလ်ကြီးတယောက်က မတ်တတ်ရပ်ပြီးကြိုပါတယ်။ ပါးစပ်ကလည်း တရုတ် စကားလိုလိုတွေ ပြောပြီး ကြိုဆိုသဗျ။ သူပြောတဲ့ စကားကို ကျနော်နားမလည်ပေမယ့်

လှိုက်လှဲဖျူငြာတဲ့ အသံဆိုတာတော့ ခန့်မှန်းလို့ရပါတယ်။ တခန်းလုံး စေ့စေ့စပ်စပ် လိုက်ကြည့်လိုက်တော့ ဝ တပ် စစ်ဝတ်စုံနဲ့ လူလတ်ပိုင်း ခြောက်ယောက်လောက်လည်း တွေ့ရသဗျ။ ခပ်လှမ်းလှမ်းက ကုလားထိုင်တလုံးမှာ ကိုအောင်မြင့် ထိုင်နေပါတယ်။

ဒီမှာတင် ဦးမောင်ငယ်က ဒါဟာ ဗိုလ်မှူးကြီးကျောက်အိုက်နပ်ဖြစ်ပါတယ်။ အခုလို ညစာစားဖို့ဖိတ်တာကို လာရောက်တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါတယ်၊ ဒါက ဦးသက်ခိုင်ပါ ဘာညာ ဘာညာ ပြောပြီး မိတ်ဆက်ပေးတာပေါ့ဗျာ။ ဒါနဲ့လိပ်စာကပ်တွေ အပြန်အလှန်လဲရင်း ဦးကျောက်အိုက်နပ်ကိုကြည့်လိုက်တော့ သူလည်း အသားမဲတဲ့ 'ဝ'အမဲမျိုးပါပဲဗျာ။ ကျနော့်စိတ်ထဲတော့ တရုတ်စကားပြောနေတဲ့ အညာသားလိုပါလား တွေးမိသဗျ။ သူ စကားပြောနေပုံက တကယ့်ကို ရင်းရင်းနှီးနှီး ခင်ခင်မင်မင် ပြောနေတဲ့ပုံပါ။ ကျနော်လည်း ဖက်လှဲတကင်း ပြုံးပြပြီး ကျနော် သက်ခိုင် ပါ၊ အခုလို ညစာစားဖို့ ဖိတ်တာကို ဂုဏ်ယူမဆုံးပါဘူးလို့ ဗမာလိုပဲ ပြောချလိုက်ပါတယ်။ ဦးမောင်ငယ်က ဘာသာပြန်ပေးပါတယ်။ ကျန်တဲ့ ဝတပ် စစ်ဝတ်စုံနဲ့ ပုဂ္ဂိုလ်များကိုလည်း တလေးတစား နှုတ်ဆက်ရသပေါ့ဗျာ။ ဆေးမှူးတဲ့၊ ခရိုင်မှူးတဲ့၊ ရာထူးနာမည် အကုန်လုံးတော့ မမှတ်မိတော့ဘူးဗျို့။

ညှိခန်းထဲမှာထိုင်ရင်း အလ္လာပသလ္လာပပြောနေရင်းက သူ့ ဦးမောင်ငယ်ကနေတဆင့် မေးခွန်းတခု မေးလိုက်ပါတယ်။ 'တောင်စောင်းကို ပေါက်တူးနဲ့ဖြိုနေတဲ့သူ'ဟာ ကိုသက်ခိုင်လားတဲ့။ ဟား၊ ကျနော် ရိပ်မိလိုက်ပါပြီ။ ကျနော် လားရှိုးရောက်ကတည်းက ကျနော်တို့ ဘာလုပ်တယ်ဆိုတာ စောင့်ကြည့်နေခဲ့တာကိုး။ ကျနော်လည်း ယန္တရားရနိုင်ဖို့ နည်းလမ်းမရှိတဲ့အတွက် နောက်ဆုံးနည်းလမ်းကို သုံးရတဲ့အကြောင်း၊ အဆောက်အဦ အချိန်မီပြီးဖို့လိုကြောင်း၊ ကြာရှည်နေဖို့ အခက်အခဲရှိကြောင်းရှင်းပြလိုက်တော့ ဦးကျောက်အိုက်နပ်က ဒီလိုဆုံးဖြတ်ပြီးလုပ်ကိုင်တတ်တဲ့ ကျနော့် လုပ်ရည်ကိုင်ရည်ကို တော်တော်သဘောကျဆိုပဲ။

ဦးမောင်ငယ်ကို ကြားခံပြီး ကျနော်နဲ့ ဦးကျောက်အိုက်နပ် အပြန်အလှန်စကားပြောနေတာ ဆယ့်ငါးမိနစ်လောက်လည်းကြာရော ဘေးအခန်းထဲက ဝ စစ်သားတယောက်ထွက်လာပြီး ဦးကျောက်အိုက်နပ်ကို ကျနော်နားမလည်တဲ့ စကားနဲ့ပဲ သတင်းပို့ပါတယ်။ ဒီမှာတင် ဦးမောင်ငယ်က ဝ ရိုးရာ ညစာကို သုံးဆောင်ဖို့ အဆင့်သင့် ဖြစ်ပါပြီလို့ ပြောတော့မှ လက်စသတ်တော့ ထမင်းကျက်ပြီလို့ သတင်းပို့တယ်ဆိုတာ ရိပ်မိပါတော့တယ်။

ဒီလိုနဲ့ကျနော်တို့ဟာ ညှိခန်းဘေးမှာရှိတဲ့ အခန်းကျယ်ကြီးထဲကို ရောက်လာပြန်ပါတယ်။ ကျနော့်စိတ်ထဲမှာ ညစာစားပွဲဆိုတော့ ကြက်ကောင်လုံးကျော်တွေ၊ ငါးကင်တွေ၊ စပါယ်ရှယ်ဟင်းလျာတွေများ စားပွဲကြီးနဲ့အပြည့် တွေ့လေမလား ထင်မိပေမဲ့၊ ရာနှုန်းပြည့်ကို လွဲသဗျာ။ လူဆယ့်ငါးယောက်စာလောက် ဝိုင်းနိုင်တဲ့စားပွဲဝိုင်းကြီးပေါ်မှာ ငါးကြင်းမြီး ဖန်ခွက်ကြီးတွေ၊ လစ်ပိုပုလင်း အကာဒ်တွေနဲ့ အာမီရမ်ပုလင်း အလုံးနှစ်ဆယ်လောက် ချထားတာတွေ့ရသဗျ။ စားပွဲအလယ်မှာ သီဟိုဠ်စေ့ ပန်းကန်တွေတော့ ရှိသဗျ။

ကျနော်က ဦးကျောက်အိုက်နပ်နဲ့ ကပ်လျက်၊ ဦးမောင်ငယ်က သူ့ဘယ်ဘက်မှာ၊ ဆေးမှူးဆိုတဲ့ ပုဂ္ဂိုလ်တလည်း ကျနော်နဲ့ ကပ်လျက်ပဲဗျ။ ကိုကျော်ဦး၊ အောင်မင်းနဲ့ ကိုကိုနိုင်တို့လည်း ခပ်ကုပ်ကုပ်ပုံစံနဲ့ ဝင်ထိုင်နေကြလေရဲ့ဗျာ။ ထိုင်ပြီးတာနဲ့ ဝစစ်သားတယောက်က ဖန်ခွက်တွေအားလုံးထဲကို အာမီရမ်တွေ အပြည့်လိုက်ထည့်နေသဗျ။ ခွက်အားလုံးလည်း ပြည့်ရော ဦးကျောက်အိုက်နပ်ဟာ စကားပြန် ဦးမောင်ငယ်က တဆင့်

'ခင်မင်ရင်းနှီးမှု အထိမ်းအမှတ်နဲ့၊ အားလုံးညီညီညာညာ တခွက်လုံးမော့လိုက်ကြပါစို့' 'ကမ်ပေ့''ကမ်ပေ့' ဆိုပြီးလုပ်ပါလေရောဗျာ။ ဒီမှာတင် ကိုကိုနိုင်၊ အောင်မင်းနဲ့ ကျော်ဦးတို့ မျက်နှာတွေ

ရှုံ့မဲ့ပြီး ချောက်ကျကုန်ပါရောဗျ။ အေးလေ၊ ကျနော့်အတွေ့အကြုံအရ ငါးကြင်းမြီးဖန်ခွက်တလုံး အပြည့်ဟာ အရက်တစိတ်ကျော်ကျော်ရှိတယ်ဗျ၊ တော်ရုံအတွေ့အကြုံနဲ့ အာမိရမ် တစိတ်ကျော်ကျော်ကို တချက်တည်းမော့ဖို့ဆိုတာ လွယ်တဲ့အလုပ်တော့မဟုတ်ဘူးဗျ။ ကျနော့်အတွက်ကတော့ ဘာပြဿနာမှ မရှိတာသေချာသဗျ။ အရက်နဲ့ပတ်သက်ရင် ဝါရင့်ယမကာလုလင်ဆိုတော့ မိုက်လုံးကြီး၊ သောက်လုံးကြီးတဲ့နေရာမှာ မတူရင်မတုနဲ့လို့ကို စိန်ခေါ် သူအဆင့်၊ နံပတ်တစ်မှာ အမြဲစွဲခဲ့တာကလား။ သတိရတုန်း ပြောလိုက်ရအုံးမယ်၊ ကျနော်ဟာ အရက်သောက်တဲ့နေရာမှာ သေဒဏ်တို့၊ ထောင်ဒဏ် အနှစ်နှစ်ဆယ်တို့ ကျဖူးတဲ့ ရာဇဝင်လူမိုက်တွေကိုတောင် ဖြတ်ပိုင်းလှီးချ အောင်ပွဲရခဲ့ဖူးပါတယ်ဗျာ။

မှတ်မှတ်ရရ ကမာရွတ်ရှမ်းစုလမ်းထိပ်က ရွှေလမင်းစားသောက်ဆိုင်မှာပေါ့ဗျာ။ ရွှေလမင်းဆိုတာကလည်း တခေတ်တခါက လှိုင်မြို့နယ်မှာ နာမည်ကြီး သဟာယအရက်ဆိုင်ကို ဆိုင်နာမည် ပြောင်းပြီး သူ့သားမက် ဦးသောင်းတင်က ဆက်ဖွင့်ထားတာပေါ့ဗျာ။ စာရေးဆရာ သော်တာဆွေ၊ မိုးဝေ၊ သန်းဆွေ၊ မင်းရှင်တို့လို သူ့ခေတ်သူ့အခါက ထိပ်ထိပ်ကြဲ စာရေးဆရာကြီးတွေ စားကျက်ကျခဲ့တဲ့ဆိုင်ပေါ့ဗျာ။ ဒါနဲ့ စကားမစပ်ပြောရရင် ကိုသောင်းတင်က အရင်တုန်းက သဟာယမှာ စားပွဲထိုးတဲ့ဗျာ။ နောက်တော့ ဆိုင်ရှင့်သမီးနဲ့ညားပြီး ကိုယ်ပိုင်ဆိုင်တွေဘာတွေ ဖြစ်လာတာဆိုပဲ။ ဦးသောင်းတင်က တကယ် သူဌေးဖြစ်ထိုက်တဲ့သူဗျ။ အောက်သက်ကြေတယ်၊ ဆက်ဆံရေး ကောင်းတယ်ဗျာ။ ကိုသောင်းတင်ဆီကနေ နာမည်ကျော်စာရေးဆရာတွေ သူ့ဆိုင်လာသောက်တုန်းက ရှေးဟောင်းနှောင်းဖြစ်တွေအများကြီး ကြားခဲ့ဖူးတယ်ဗျ။ စာရေးဆရာ မိုးဝေဟာ သူ့ဆိုင်ကို မိုးလင်းကတည်းက ရောက်နေပြီး တခွက်ပြီး တခွက်သောက်ရင်း ဖောင်တိန်တချောင်း စာရွက်တထပ်ကြီးနဲ့ စာရေးနေတတ်တယ်တဲ့ဗျ။ ကိုသောင်းတင်အပြောအရတော့ ဆရာမိုးဝေဟာ စားပွဲမှာထိုင်နေရင်း သူ့ဖောင်တိန်ကနေ လျှို့ဂါသေနတ်သံ တဒိုင်းဒိုင်း ထွက်နေတော့တာပဲတဲ့။

အေးလေ၊ အဲဒီခေတ်က မိုးဝေရဲ့ တင်မောင်ဆွေနှင့် မိုးစန္ဒာ ဆိုတဲ့ အပစ်အခတ်ဦးစားပေး ဝတ္ထုတွေက တနိုင်ငံလုံး ဟိုးဟိုးကျော်ခဲ့တာကိုး။

နောက် ကိုသောင်းတင်ပြောတဲ့ အထဲမှာ ထူးထူးဆန်းဆန်းတခု ကျနော်မှတ်မိနေတာက အဲဒီစာရေးဆရာတွေနဲ့ အဖွဲ့ကျနေတဲ့ အကြားအမြင်ဆရာလိုလို၊ လက္ခဏာဆရာလိုလို၊ မိုက်ကယ်ဆိုတဲ့ ကုလားတယောက်အကြောင်း ပြောသေးတယ်ဗျ။ အဲဒီ မိုက်ကယ်ဆိုတဲ့လူရဲ့ လူတယောက်ရဲ့ရှေ့ဖြစ်ကို ဗေဒင်ဟောပုံဟောနည်းက တော်တော်ထူးတယ် ပြောရမယ်ဗျာ။ မိုက်ကယ်က လူတယောက် သူ့ရှေ့ဖြစ်ကို သိချင်ပြီဆိုရင် စာရွက်အဖြူတရွက်ကိုတောင်းပြီး အဲဒီ စာရွက်ပေါ် မှာ ဖောင်တိန်ထဲက မင်တွေကို ခါခါ ချသတဲ့။ သူ့စိတ်ကြိုက် မင်တွေခါချထားတဲ့စာရွက်ကို လက်နဲ့လုံးချေပြီး၊ ခဏအကြာ ပြန်ဖြည်လိုက်ရင် မင်စက်တွေက ရုပ်ပုံတွေဖြစ်ကုန်သတဲ့ဗျာ။ အဲဒီအရုပ်တွေက ငှက်ပုံ၊ နဂါးပုံ၊ ကျားပုံ၊ ရှူခင်းပုံတွေ ပေါ် သတဲ့ဗျာ။ အဲဒီ ပေါ် လာတဲ့ အရုပ်တွေကို ကြည့်ပြီး ရှေ့ဖြစ်ကိုဟောသတဲ့။ ၁၉၇၀ ဝန်းကျင်က အင်းလျားကန်မှာ ရေနစ်သေသွားခဲ့တဲ့ နိုင်ငံကျော် စာရေးဆရာသန်းဆွေကို ခင်ဗျား ကြားဖူးတယ် မဟုတ်လား။ အဲဒီ ကိုသန်းဆွေသေမယ့်နေ့ မနက်ဆယ်နာရီလောက်၊ သဟာယ ဘားမှာ ထိုင်သောက်ကြရင်း မိုက်ကယ့်ကို ဗေဒင်ဟောဖို့ ကိုသန်းဆွေက ပြောသတဲ့။ ဒါနဲ့ မိုက်ကယ်က ထုံးစံအတိုင်း စာရွက်ဖြူပေါ် မှင်တွေ ခါချပြီး လုံးထွေးထားရာကနေ ပြန်ဖြည်လည်းပြီးရော ဟော့ကောင် သန်းဆွေ၊ မင်းကို ငါမဟောချင်ဘူးပြောသတဲ့။ ကိုသန်းဆွေက မူးမူးနဲ့ ဇွတ်ဟောခိုင်းတယ်တဲ့။ မဟောချင်ပါဘူးလို့ ဘယ်လိုမှငြင်းလို့မရတဲ့အဆုံး မိုက်ကယ်ဟာ ကိုသန်းဆွေကို စိုက်ကြည့်ပြီး ခပ်လေးလေး အသံနဲ့ သန်းဆွေ၊ ဒီစာရွက်မှာ လူသေတယောက်ပုံပေါ် နေတယ်လို့ ပြောချလိုက်တယ်ဆိုပဲ။ ကိုသောင်းတင်ရော၊ ဘေးမှာ ထိုင်သောက်နေတဲ့ ဆရာသော်တာဆွေပါ မိုက်ကယ့် လက်ထဲက စာရွက်ကို

လှမ်းယူကြည့်လိုက်တော့ စာရွက်ပေါ်က မင်စက်တွေဟာ လူတယောက်ရဲ့ ခပ်မဲ့မဲ့ မျက်နှာနဲ့ တူသလိုလို ဖြစ်နေတယ်ဆိုပဲ။ အေးဗျာ၊ အဲဒီနေ့ အဲဒီဆိုင်ကထွက်သွားပြီး နေ့လည်နှစ်နာရီလောက် အင်းလျားကန်မှာ ကိုသန်းဆွေ ရေနစ်သေတာပဲတဲ့ဗျား။

အော်၊ မိုက်ကယ်၊ မိုက်တယ်လို့ပြောနေတာက ကိုသောင်းတင်ခေါ်တဲ့အတိုင်း လိုက်ခေါ်နေတာပါဗျာ။ အခုဆို အသက်တော်တော်ကြီးလောက်ရောပေါ့။ ကိုသောင်းတင်ပြောတာတော့ နောက်ပိုင်း သူ့ဆိုင်ကိုမိုက်ကယ်မလာတော့ဘူးဆိုပဲ။

ကျနော်ကလည်း အသောက်သမားဆိုတော့ ကိုသောင်းတင်နဲ့ တကာယ့်ကို မိတ်ရင်းဆွေရင်းလိုဖြစ်နေတော့တာပေါ့။ ကိုသောင်းတင်ကြည့်ရတာ ကျနော်ပေါင်းသင်းနေတဲ့ တပည့်ကျော်လူမိုက်တွေကို တော်တော်လန့်ပုံရတယ်ဗျာ။ ကိုသောင်းတင်က ကျနော့်ကို ဆရာရယ်၊ ဆရာသောက်ချင်ရင် ရုံးခန်းအထိ လာပို့ပေးပါ့မယ်။ ဆရာ့လက်မရွံ့အဖွဲ့တွေ ဆိုင်ထဲလာရင် ဘယ်သူမှမဝင်ရဲတော့လို့ပါဆရာ ဆိုပြီး ကြိုပြောထားဖူးသဗျ။ တနေ့ ကျနော် ရှမ်းစုရုံးခန်းမှာထိုင်နေတုန်း ဘယ်ကဘယ်လို ဆုံလာကြတယ်မပြောတတ်ဘူးဗျ၊ ကျော်ရှိန် (ကမာရွတ်)၊ စိုးအောင်၊ အာရကီး၊ သုံးယောက်သား ပေါက်ချလာပြီး အရက်တိုက်ပါလုပ်ပါလေရော။ ကျိကျတာက ကမာရွတ်ပါဗျာ။ စိုးအောင်နဲ့ အာရကီးက ဘာမှမပြောရှာပါဘူး။ ဒီမှာတင် ကျနော်က အရက်ဖိုးထုတ်ပေးလိုက်တော့ ကျော်ရှိန်က အစ်ကိုပါ လိုက်သောက်ရမယ် ထပ်ရစ် ပြန်ရောဗျာ။

ဒါဆိုလည်း ဒီရုံးခန်းမှာပဲ ထိုင်သောက်ကြမယ်၊ ကိုယ် အရက်ဝယ်ခိုင်းလိုက်မယ် ပြောတော့လည်း မရဘူးဗျာ။ အစ်ကိုပါ ကျနော်တို့နဲ့အတူ ဆိုင်ထဲမှာ ထိုင်သောက်ရမယ်လုပ်နေတာနဲ့ စိတ်မရှည်ပဲ ထလိုက်သွားလိုက်ရောဆိုပါတော့။

ကျနော့်ရုံးနားမှာ တခြားဆိုင်လည်းမရှိလေတော့ နီးနီးနားနား ကိုသောင်းတင်ရဲ့ ရွှေလမင်းဆိုင်ထဲကိုပဲ ဝင်သွားရတာပေါ့ဗျာ။ နားညည်းမခံချင်လို့သာ လိုက်လာရတယ်၊ ကိုသောင်းတင်ကို ကျနော် အားနာစရာ တော်တော်ကောင်းတာကလား။ ကျနော်ထင်ထားတဲ့ အတိုင်းပါပဲဗျာ။ ကျနော်တို့ လေးယောက်ဆိုင်ထဲ ဝင်လာလည်းတွေ့ရော၊ ကိုသောင်းတင်ဟာ သိသိသာသာကို မျက်စေ့မျက်နှာ ပျက်သွားပါတယ်။ လူမိုက်တွေက ကိုသောင်းတင့် မျက်နှာကို အဓိပ္ပာယ် မဖော်နိုင်ပေမယ့် ကျနော်ကတော့ ကောင်းကောင်းကြီး သိလိုက်ပါတယ်။ ကိုသက်ခိုင်ရာ၊ ဒီလောက် တောင်းပန်ထားတဲ့ကြားက ဒီလူမိုက်တွေနဲ့ ဆိုင်မှာလာသောက်ရလားပေါ့ဗျာ။

ကျနော်က လူတမျိုးဗျ။ ကိုယ့်ကို ကြောက်ပါတယ်ပြောရင် ထပ်ပြီးအနိုင်ကျင့်တာမျိုး ဘယ်တော့မှမလုပ်ဘူး။ အခုလည်း ကိုသောင်းတင့်ဆိုင်ကို ကျနော်ဒုက္ခလာပေးမိနေပြီဆိုတာ ချက်ချင်းသိလိုက်ပါတယ်။ ဒီတော့ ကျနော်ကိုယ်တိုင်ပဲ ကိုသောင်းတင်ဆီ တန်းတန်းမတ်မတ် လျှောက်သွားလိုက်ပြီး ဦးသောင်းတင်၊ ဒီတကြိမ် ခွင့်လွှတ်ပါ။ ဆယ်မိနစ်ထက် မကျော်စေရပါဘူး ဆိုပြီး မန္တလေးရမ်တလုံးချခိုင်းလိုက်ပါတယ်။ အမြည်းမလုပ်နဲ့၊ သံပုရာသီးတလုံးကို လေးခြမ်းခြမ်းပြီးသာ ချပေးဗျာ ပြောလိုက်တော့ ချက်ချင်းရောက်လာတယ်ဗျ။ ဒီတော့ ရမ်တလုံးကို ဖန်ခွက်လေးလုံးမှာ ခွဲထည့်လိုက်ပြီး ကဲ၊ သောက်ကြပေတော့ကွာ လို့လည်းပြောလိုက်ရော ရွှေကိုယ်တော် ကျော်ရှိန်က

ဟာ၊ အစ်ကိုကလည်း အမြည်းလေးဘာလေးတောင် မပါဘူးလားတဲ့။ ဒီမှာတင် ကျနော်က သူတို့ လေးယောက်စလုံးကို စေ့စေ့ကြည့်ပြီး ကိုယ်တခုပြောမယ်၊ လူဆိုးလူမိုက်ဆိုတာလည်း သစ္စာတရားတို့၊ နားလည်မှုတို့ ရှိရတယ်။ မင်းတို့ဆိုင်ရှင် ကိုသောင်းတင်နေရာမှာ နေကြည့်ပါအုံး။ တို့လို လူဆိုးစာရင်းဝင်တွေ ဆိုင်မှာလာထိုင်နေရင် တခြားဘယ်သူလာစားပါတော့မလဲ၊ မင်းတို့ အရက်တိုက်ပါဆို တိုက်တယ်၊ ကိုယ်တိုင်လိုက်သောက်ပါ ဆိုလို့ လိုက်သောက်တယ်၊ ဒီလောက်ဆို

ကျေနပ်သင့်တယ်၊ ဒီတော့ ဒီရမ်တလုံးကို လေးယောက်တဖြိုင်တည်း မော့လိုက်ကြရင် ကိုသောင်းတင်ကို ကူညီရာရောက်မယ်လို့ ပြောချလိုက်ပါတယ်။ စိုးအောင်ရော အာရကီးပါ ကျနော့်တရားကို နားဝင်ကြပါတယ်။ ဒါနဲ့ပဲ ကျနော်က ကျနော့်ဝေစု ဖန်ခွက်ကို တကျိုက်တည်း ဂွတ်ကနဲ မော့ပြီး ခွက်ကို စားပွဲပေါ် ဆောင့်ချလိုက်ပါတယ်။ ပြီးတော့မှ ရေတခွံနဲ့ သံပုရာသီးတစိပ် ယူစုပ်လိုက်ပါတယ်။

အမယ်၊ လူမိုက်ဆိုတာမျိုးက မခံချင်စိတ် ရှေ့တန်းတင်တတ်ကြတာကလား။ စိုးအောင်ကော၊ အာရကီးပါ ကျနော့်လို တချက်တည်းချနိုင်အောင် ကြိုးစားပမ်းစား လိုက်သောက်လိုက်ကြပါတယ်။ ကျော်ရှိန်တကောင်ပဲ နှစ်ခါမော့ရသဗျ။ ဒါတောင် ကျော်ရှိန်က ရှက်ရမ်းရမ်းသလိုလို ဘာလိုလိုနဲ့ ဒီတခွက်တည်းနဲ့တော့ ဘယ်ဝမလဲ အစ်ကိုရာတဲ့။

ကျနော်ကလည်း ဟာ၊ မဝသေးရင်လည်း ရတာပေါ့ကွာဆိုပြီး နောက်တလုံးထပ်မှာ၊ စောစောကအတိုင်းပဲ လေးခွက်ခွဲထည့်ပြီး တကျိုက်တည်းထပ်မော့ပြလိုက်ပြန်ပါတယ်။ ဒီမှာတင် ကျနော်က မတ်တတ်ထရပ်ပြီး၊ ကဲ၊ ဘက်တူရင်လူမရွေးတဲ့မောင်တွေပဲကွာ။ အသည်းကောင်းကောင်းနဲ့လက်စသတ်လိုက်ကြစို့လည်း ပြောလိုက်ရော စိုးအောင်ရော အာရကီးပါ အံကြိတ်ပြီး ဒုတိယခွက်ကို လက်စသတ်လိုက်ပါတယ်။ ကျနော့်လိုပဲ မတ်တတ်ထရပ်လိုက်ကြပြန်ပါတယ်။

ကျနော်တို့ သုံးယောက်လုံး ထပြန်ဖို့ အဆင်သင့်ဖြစ်နေတော့ ကျော်ရှိန်လည်း တချက်တည်းမော့ပြီး ထပြန်လိုက်ဖို့ ကြိုးစားပေမယ့် မအောင်မြင်ပါဘူး။ ဆိုင်အပြင်ထွက်လာကြတော့ ကျော်ရှိန် အရက်သီးနေပါပြီ။ ကျနော် နောက်ပြန်လှည့်ပြီး ဆိုင်ထဲက ကိုသောင်းတင်ကို လှမ်းကြည့်လိုက်တော့ သူက ကျနော့်ကို အလေးပြုနေသဗျာ။ ဒါကြောင့် အခု ဦးကျောက်အိုက်နပ်တို့ဝိုင်းမှာ ကျနော့်အတွက် လက်ရည်မီဖို့ မခက်လှ ပါဘူး။ ကျနော်တယောက်ပဲ ကမ်ပေ့ ဖြစ်အောင်လုပ်ပြီး တဝိုင်းလုံးရဲ့အာရုံကို ကျနော့်ဆီ ရောက်အောင်လုပ်လိုက်ရပါတယ်။ ကျနော့်အဖွဲ့သားတွေကတော့ တင့်ချလိုက်၊ ပြန်ချထားလိုက်ပေါ့ဗျာ။ ဒါနဲ့ နည်းနည်းလည်း ရေချိန်မှန်လောက်ရော ကျနော်တို့သောက်နေတဲ့ စားပွဲအလယ်ခေါင်ကို စတီးဇလုံ ကြီးတလုံး လာချသဗျာ။ ဒါနဲ့ကျနော်က ဘာများပါလိမ့်ဆိုပြီး လှမ်းကြည့်လိုက်တော့ အောင်မလေးဗျာ ဝက်စာတွေပါလား။ အသံသာထွက်အော်မိရင် သေနတ်နဲ့ပါ အပစ်ခံရမလားတော့ မသိဘူးဗျ။ တကယ့်ကို ဆန်ကွဲနဲ့ဟင်းရွက်တချို့ကို ခပ်ပျစ်ပျစ်၊ ဝက်စာကျိုထားတဲ့ တိုင်းပါပဲ။ သေချာကြည့်လိုက်တော့ အသားတချို့လည်း တွေ့ရသေးဗျာ။ အဲဒီ ဝက်စာလိုလို ဆန်ပြုတ်ခပ်ပျစ်ပျစ်တွေကို ပန်းကန်လုံးလေးမှာ ထည့်ပြီး တူတစုံစီနဲ့ လူတွေရှေ့လိုက်ချသဗျ။

အရက်ကို လက်ရည်မီအောင်သောက်နိုင်ပေမယ့် ဒီဆန်ပြုတ်ကိုတော့ မြင်တာနဲ့ ကျနော် အန်ချင်နေပါပြီ။ ဒါတင်ဘယ်ကမလဲဗျာ။ ဦးကျောက်အိုက်နပ်က ဒါဟာ ဝရိုးရာ ဆန်ပြုတ်ဖြစ်ပါတယ်၊ လေးစားအပ်တဲ့ ဂုဏ်သရေရှိ လူကြီးမင်းတွေကို ညှဉ့်ခံတဲ့အရာပါ ဆိုပြီး စကားပြန်ဦးမောင်ငယ်ကတဆင့် ထပြောနေပြန်တော့ ပိုပြီး ချောက်ကျတော့ တာပေါ့ဗျာ။ တိုတိုပြောရရင် အဲဒီဆန်ပြုတ်ပန်းကန်တလုံးစာကို ကျနော် အတင်းအံကြိတ်ပြီး သောက်ခဲ့ရတယ်ဗျာ။ ညဆယ်နာရီလောက် တည်းခိုခန်းကို ပြန်ပို့တော့ ကျနော့်စိတ်ထဲမှာ အောင်မင်းငြိမ်လှချည့်လားလို့ တွေးမိတာနဲ့

ဟေ့ကောင်၊ အောင်မင်း အသံတိတ်လှချည့်လား မေးလိုက်တော့

ဟာ၊ မတိတ်လို့မရဘူးလေ။ သူတို့က မူးမူးနဲ့ တရင်းတနှီးလှမ်းလာဖက်တာ ခါးကြားက ပစ္စတိုသေနတ်တွေက ကျနော့်နံကြားကို လာလာထောက်သလို ဖြစ်နေတယ်တဲ့ဗျား။

ဝရိုးရာ ညစာစားပွဲပြီးလို့ နောက်နှစ်ရက်မှာ ကိုအောင်မြင့်ကတဆင့် ကျနော့်ဆီကို ဝတပ်ဖွဲ့ရုံးကနေ ဖိတ်စာတစောင်ရောက်လာပြန်ပါတယ်။ ဖိတ်စာမှာတော့ ဝ အမျိုးသား ခရီးသွားလာရေး ကုမ္ပဏီ လေးနှစ်ပြည့် အခမ်းအနားတဲ့။ ဦးကျောက်အိုက်နပ်က ပို့ခိုင်းကြောင်း၊ မဖြစ်မနေ တက်ဖို့

အကြောင်းလည်း ပါသေးဗျာ။ အော်၊ တက်ဆိုလည်း တက်လိုက်ရမြန်တာပေါ့ဗျာ။ ထုံးစံအတိုင်း အောင်မင်းနဲ့ကိုကိုနိုင်လည်း ပါသပေါ့။ အဲ၊ ဒီတခေါက် ကိုကျော်ဦးတော့ ပါမလာဘူးဗျာ။

အခမ်းအနားက လားရှိုးမြို့တော်ခန်းမမှာ လုပ်တာဗျ။ ဟုတ်တယ်၊ သားအဖနှစ်ယောက် ထင်းစည်းချိုးနေတဲ့ ကျောက်တိုင်နားက မြို့တော်ခန်းမကို ပြောတာဗျ။ ခရီးသွားလာရေးကုမ္ပဏီတခု လေးနှစ်ပြည့် အခမ်းအနားလုပ်တယ်ဆိုတာ ဘာဆန်းသလဲလို့ တွေးတော့တွေးမိသာဗျာ။ တကယ် တမ်း အခမ်းအနားကို ကိုယ်တိုင်တက်တော့မှ တော်တော်ကြီးကျယ်တဲ့ အခမ်းအနား ဖြစ်နေသဗျ။ လားရှိုးမြို့တော်ခန်းမပတ်လည်မှာ လုံခြုံရေးနေရာယူထားလိုက်တာ အားလုံး ၀ စစ်သားတွေချည်းပဲ ဗျာ။ ကျနော့်စိတ်ထင် လေးငါးခြောက်ရာလောက်ကိုရှိမယ်။ အားလုံး ပျောက်ကြားဝတ်စုံ အသစ်တွေနဲ့ ချည်းပဲ။ ကိုင်ထားလိုက်ကြတာလည်း အေကေ မောင်းပြန်တွေချည်းပဲဗျာ။ ဗမာစစ်သားဆိုလို့ တကောင်တမြီးမှ မတွေ့ရလို့ ကျနော့်စိတ်ထဲမှာတော့ တော်တော်ကို ထူးဆန်းနေသဗျ။

ဦးကျောက်အိုက်နပ်ကိုယ်တိုင် ကျနော့်ကို ကြိုပြီး ခန်းမထိပ်ပိုင်းနေရာမှာ နေရာချထား ပေးပါတယ်။ ကျနော်လည်း စပ်စုချင်တာနဲ့ အောင်မင်းတို့ကို စားပွဲမှာထားခဲ့ပြီး ကြိုဆိုရေးလုပ်နေတဲ့ အဝင်ဝဘက်ကို ထွက်ခဲ့မိသဗျာ။ လာလိုက်တဲ့ ဧည့်သည်တွေ၊ ကားကြီး ကားငယ်တွေ မနည်းလှဘူးဗျ။ ယူလာလိုက်တဲ့ လက်ဆောင်တွေကလည်း တောင်ပုံရာပုံ ဖြစ်နေပြီဗျ။ အားလုံးလိုလိုဟာ တရုတ် မျက်နှာပေါက်တွေနဲ့ဗျာ။ ကျနော့်စိတ်ထဲမှာ တချို့တရုတ်တွေ ပုံစံက လားရှိုးနယ်ဘက်က မဟုတ် လောက်ဘူးလို့လည်း တွေးမိသေးသဗျ။

ကျနော်ငေးနေတုန်းမှာပဲ မြန်မာ့တပ်မတော် ရောက်လာတာပါပဲဗျာ။ ဟုတ်တယ်။ ဗမာ စစ်တပ် တီအီးကားနှစ်စီး ရောက်လာတယ်။ နောက်မကြာခင်မှာပဲ မာဇဒါဂျစ်တစီး နောက်က ပါလာလေရဲ့။ ဒီမှာတင် ကျနော့်နောက်နားက ဗမာသံတခွန်းထွက်လာတယ်။ ဗိုလ်ချုပ် အေးကျော် လာပြီတဲ့။ အော်၊ ဒီတော့မှ ကျနော့်ကို လက်ခံမတွေ့တဲ့ ဗိုလ်ချုပ် အေးကျော်၊ အလုပ်သမားဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးအေးသောင်ကို အစာမကြေတဲ့ ကိုရွှေဗိုလ်ချုပ်၊ နဖူးပြောင်ပြောင်နဲ့ ကိုယ်တော်ကို ကျနော်မြင်ရပါတော့တယ်။ တခုထူးခြားတာက ဗိုလ်ချုပ်အေးကျော်ကို တဖွဲ့ဖွဲ့လာနေတဲ့ ပရိသတ်က အိပ်ပြီး ဂရုစိုက်ကြပုံမရပါဘူး။ ကားတံခါးနားအထိသွားကြိုနေတဲ့သူတွေကို တွေ့ရပေမယ့် သူလည်း တခြားဧည့်သည်တွေလို တန်းစီဝင်လာနေရတာပါပဲ၊ အဲဒီအချိန်မှာ ဖြုန်းဆို ဘယ်ကဘယ်လို ထွက်လာမှန်းမသိရတဲ့ ဒိုင်း ဒိုင်း ဒိုင်း ဆိုပြီး တဖိုင်းဖိုင်း အသံတွေ ဆူညံသွားပါလေရောဗျာ။

ကျနော်လည်း ရုတ်တရက်ကြီး ဒီလောက်ဆူဆူညံညံ တဖိုင်းဖိုင်းသံတွေကြားတော့ လန့်သွား တာပေါ့ဗျာ။ ကျနော်တင်ဘယ်ကမလဲဗျာ၊ ဗိုလ်ချုပ်အေးကျော်လည်း မင်းလမ်း အလည်မှာ ခပ်တည် တည် လျှောက်နေရင်း ဆတ်ကနဲတွန့်ပြီး လန့်သွားတာပါပဲ။ လက်စသတ်တော့ တရုတ်ဗျောက်အိုးသံ ကိုး။ သိဘူးလေ၊ ဒီလောက် အသံကျယ်ပြီး ငါးမိနစ်လောက် နားကွဲမတတ်ဆူညံတဲ့ ဗျောက်အိုးအတွဲ လိုက်ပေါက်သံကို ကျနော်မှမကြားဘူးပဲ။

ဒီလိုနဲ့ အခမ်းအနား စကာနီးတော့ ကျနော်လည်း ကိုယ့်စားပွဲရှိရာ ပြန်လာလိုက်တော့ ဧည့်သည် ဆယ်ယောက်နီးပါး ကျနော်တို့ဝိုင်းမှာ ရောက်နေပြီဗျာ။ စားပွဲကြီးတွေက လူဆယ့်နှစ် ယောက်စာလောက် စားပွဲတွေဗျ။ ဒီမှာတင် ခပ်ကြောင်ကြောင် ထိုင်နေလို့မဖြစ်သေးပါဘူးလေ ဆိုပြီး ကျနော့်အိတ်ကပ်ထဲက လိပ်စာကဒ်လေးတွေကို ထုတ်ပြီးဝေလိုက်တော့ ကျနော့် ဘေးကပ်ရက်က ပုဂ္ဂိုလ်ကြီးက သူ့လိပ်စာကဒ်လေးပြန်ပေးသဗျာ။ မဖတ်တတ်တဲ့ တရုတ်စာတွေ ကြားထဲက ရှားရှား ပါးပါး အင်္ဂလိပ်စာလုံးလေးတကြောင်းတွေ့တာနဲ့ ဖတ်လိုက်တော့၊ လားလား ယူနန်ပြည်နယ် အုပ်ချုပ်

ရေးမှူး (Governor of Yunan State) ဆိုပဲ။ လက်စသတ်တော့ ဒီလောက် တောက်တောက်ပြောင်ပြောင် ညှော်သည်တွေဟာ တရုပ်ပြည်က လာကြသကိုးလို့ သိတော့သဗျာ။

အခမ်းအနားစတော့ တရုတ်သီချင်းတွေလိုလို ဝ သီချင်းတွေလိုလို သီဆိုဖျော်ဖြေကြသဗျာ။ သိပ်မကြာပါဘူး။ အခမ်းအနားမှူးက ရုတ်တရက် အခုအချိန်ကစပြီး ဝ တပ်မတော် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးပေါက်ယူချန်းက ကြွရောက်လာတဲ့ ညှော်ပရိသတ်ကြီးကို နှုတ်ခွန်းဆက် စကားပြောပါတော့မယ် ဆိုပြီး ကြေညာလိုက်ပါတော့တယ်။

ဟာ၊ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ဆိုပါလားဗျာ။ အဲဒီအချိန်မှာ ကျနော် အောင်မင်းကို လှမ်းကြည့်လိုက်တော့ အပိုးကို ကျိုးလို့၊ ခပ်ရှုံ့ရှုံ့ ပုံစံလေးနဲ့ပေါ့ဗျာ။

■

## အခန်း (၇၃)

# ဘာမထီ သက်ခိုင်

ဒါနဲ့ ကျနော်လည်း စစ်သေနာပတိချုပ်ကြီး ဆိုတာကို တော်တော်စိတ်ဝင်စားသွားတယ်ဗျ။ အေလေ၊ ညှော်ခံခန်းမထဲမှာ ထိုင်နေတဲ့ မြန်မာ့တပ်မတော်တိုင်းမှူးက ဗိုလ်ချုပ်အဆင့်ပဲရှိတာ၊ အခု စင်ပေါ် တက်လာမှာက စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးဆိုတော့ ကျနော့်အတွက်တော့ အဆန်းပဲလေ၊ စင်မြင့်ရဲ့ ညာဘက်ဒေါင့်ကနေတက်လာတဲ့ ဦးပေါက်ယူချန်းဟာ အသက်လေးဆယ်ကျော် ဝန်းကျင်ပဲ ရှိပါအုံးမယ်။ ဘောင်းဘီရှည်နဲ့ ရှပ်အကျႌအပြာရောင်လက်ရှည် ဝတ်ထားပါတယ်။ အရပ်အမောင်း ငါးပေငါးလက္ကလောက်ရှိမယ်မှန်းရပါတယ်။ အသားဖြူပါတယ်။ ဖြူတယ်ဆိုတာ တရုတ်တွေဖြူ သလိုတော့ မဟုတ်ဘူးဗျ။ ကိုယ်ခန္ဓာ အချိုးအစားက ခပ်ပြည့်ပြည့်လို့ ပြောနိုင်ပေမယ့် ဝဖီးနေတာ မျိုးလည်း မဟုတ်ပါဘူး။ သွက်လက်ပေါ့ပါးတဲ့ ပုံစံပါ။ သူ့လက်တဖက်မှာ ဝိုင်ခွက်ပုံစံ အရက်ခွက်ကို ကိုင်ထားပါတယ်။

သူက စင်မြင့်ရဲ့ ညာဘက်လည်းရောက်ရော စကားပြန်က မိုက်ခရိုဖုန်းကို တရိုတသေ ကမ်းပေးလိုက်တော့ တက်ကြွရွှင်လန်းတဲ့ အမူအယာနဲ့ စကားတွေပြောပါတော့တယ်။ ဘာတွေ ပြောမှန်း ကျနော်ဘယ်သိပါ့မလဲ။ စကားပြန်က ဘာသာပြန်တော့မှ အခုလို ဝ အမျိုးသား ခရီးသွားလာ ရေး ကုမ္ပဏီရဲ့ လေးနှစ်ပြည့် အခမ်းအနားကို တက်ရောက်လာတဲ့ ဂုဏ်သရေရှိ လူကြီးမင်းများကို အထူးကျေးဇူးတင်ရှိကြောင်း၊ ညီနောင်ရင်းချာတွေလို ရှေ့လျှောက်လက်တွဲသွားကြမယ်ဆိုတဲ့ အကြောင်း၊ တိုင်းမှူးကိုယ်တိုင် ကြွရောက်အားပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း၊ တည်ခင်းညှော်ခံ ထားတဲ့ စားသောက်ဖွယ်ရာတွေကို စတင်သုံးဆောင်နိုင်ပြီ ဆိုတဲ့ အကြောင်းတွေပါပဲဗျာ။ သူ့စကား လည်းဆုံးရော သူ့လက်ထဲက အရက်ခွက်ကို မြှောက်ပြီး ပရိသတ်တွေကိုပါ အရက်ခွက်တွေ မြှောက်ဖို့ တပျော်တပါး တပြိုင်နက် သောက်လိုက်ကြဖို့ ကမ်ပေ့ ကမ်ပေ့ ဆိုပြီး ညာညီလိုက်တော့ ကျနော် အပါအဝင် ပရိသတ်တွေလည်း အရက်ခွက် ကိုယ်စီမြှောက်ပြီး လိုက်သောက်ကြရတာပေါ့ဗျာ။ ဗိုလ်ချုပ်အေးကျော်လည်း အများနည်းတူ သေနာပတိကြီး စကားအတိုင်း လိုက်ပြီး ကမ်ပေ့နေတာကို

ကျနော် လှမ်းမြင်နေရပါတယ်။ စင်မြင့်ရဲ့ ဘယ်ဘက်မှာတော့ ဝ မိန်းမပျိုလေးတွေ ထင်ပါရဲ့၊ အယောက်နှစ်ဆယ်ကျော်လောက် တန်းစီ ရပ်နေကြပါတယ်။

အော်၊ ဒါနဲ့ အဲဒီနေ့က အခမ်းအနားမှူးလုပ်တဲ့၊ စကားပြန်ဟာ ကျနော့်မိတ်ဆွေဖြေတဖက် ဖြတ်နေတဲ့ ကိုအောင်မြင့်နဲ့ နာမည်တူပဲဗျ။ သူ့နာမည် ဦးအောင်မြင့်တဲ့။ ပိန်ပိန်ပါးပါး အသက် လေးဆယ် ဝန်းကျင်ပါပဲ။ သူ့ကိုကြည့်ရတာ ပညာတတ်ပုံပေါ် ပါတယ်။ ရန်ကုန် တရုတ်တန်းမှာ သူ့ကို လူသိတော်တော်များပါတယ်။ ဘယ်လိုလုပ် ဝအဖွဲ့နဲ့ ချိတ်မိပြီး နေရာရနေသလဲတော့ မပြော တတ်ဘူး။ သေချာတာက သူဘာသာပြန်တာကို နားထောင်ကြည့်ရတာ ဗမာစကားကို ကမ္ဘဝါ ဖတ်နိုင်တဲ့ အဆင့်မျိုးပဲဗျာ။ ဒါကြောင့်ထင်ပါရဲ့၊ နောက်ပိုင်း အမျိုးသားညီလာခံဆိုတာ ဖြစ်လာတော့ ဦးအောင်မြင့်ကို ဝ တိုင်းရင်းသား ကိုယ်စားလှယ် အဖြစ်နဲ့ တီဗီမှာ ကျနော် မြင်လိုက်မိပါတယ်။

အေးပေါ့ဗျာ၊ ဒါကို ကြည့်ရင် ခင်ဗျားလည်း ရိပ်မိလောက်ရောပေါ့။ ကိုယ်တော်ချောတွေက အပစ်အခတ်ရပ်ပြီး စီးပွားရေး စားကျက်တွေကို ဖြန့်ကျက်ကိုင်တွယ်နိုင်ဖို့ ဗမာရည်လည်တဲ့မောင်တွေ ကို လက်ရွေးစင်အနေနဲ့ ရွေးနေတာကလား။ နောက်ပိုင်းမှာတော့ ကျနော်ဟာ ဗိုလ်မှူးကြီးကျောက် အိုက်နပ်နဲ့ တကယ့်မိတ်ရင်းဆွေရင်းတွေလို ဖြစ်လာပါတယ်။ သူ ကျနော့်ကို ဘာသဘောကျမှန်း မသိပေမဲ့ ကျနော် သူ့ကိုသဘောကျတဲ့ အချက်ကတော့ သူ့ရဲ့ ပွင့်လင်းရိုးသားမှုပါပဲ။ စကားပြောတဲ့ နေရာမှာ တကယ့်ကို ရိုးသားပွင့်လင်းမှု အပြည့်ရှိတာကတော့ ငြင်းလို့မရတဲ့ အချက်ပါ။ ကျနော်သူ့အိမ် ကို အခေါက်ပေါင်းများစွာ ရောက်ပါတယ်။

ရန်ကုန်မှာ ကျနော်လုပ်နေတဲ့ အလုပ်အကြောင်း၊ ကျနော့်ဘဝအကြောင်းတွေကို စကား လက်ဆုံကျတဲ့အခါ မေးပါတယ်။ ကျနော့်ကို ဗိုလ်ချုပ်အောင်ဆန်းမွေးတဲ့ မြို့မှာ မွေးတယ်ဆိုတာကို သူတော်တော် အံ့ဩတဲ့ပုံ ပြပါတယ်။ ကျနော့် စိတ်ထဲမှာလည်း မိတ်ဆွေတိုးတယ်ဆိုတဲ့ အသိနဲ့ပဲ ဘာကိုမှ မခြွင်းမချန် ပြောပြခဲ့တာပါပဲ။ နောက်ဆုံးတော့ ဗိုလ်မှူးကြီး ကျောက်အိုက်နပ်ဟာ ရန်ကုန် တိုင်းအတွက် သူတို့ အဖွဲ့ရဲ့ စီးပွားရေးတာဝန်ခံနေရာမှာ တာဝန်ယူပေးဖို့ ကျနော့်ကို ပွင့်ပွင့် လင်းလင်း ပြောလာပါတော့တယ်။

အမှန်ကို ဝန်ခံရရင် အဲဒီအချိန်တုန်းက ငြိမ်းချမ်းရေးအဖွဲ့တွေကို အထူးအခွင့်အရေးမျိုးစုံ ပေးတာဟာ ခေတ်ဦးပဲ ရှိပါသေးတယ်။ အစိုးရနဲ့ငြိမ်းချမ်းရေးအဖွဲ့ဝင်တွေကြားမှာရှိနေတဲ့ အပေးအယူ အခြေအနေ အသေးစိတ်ကိုလည်း ကျနော် မသိသေးပါဘူး။ ရန်ကုန်မှာ ကျနော်က ဘာလုပ်ရမယ် ဆိုတာမေးတော့ ကျောက်စိမ်းအရိုင်းတုံးတွေကို မီးရထားတွဲလိုက်ပို့ပေးမယ့်အကြောင်း၊ အရည်အသွေး အလိုက်ရွေးကွက်ရှာပေးစေချင်ကြောင်းပြောလာပါတယ်။ နောက်တော့ သစ်ခုတ်လုပ်ခွင့် လုပ်ကွက်တွေ ရနိုင်ဖို့ အစိုးရဆီမှာ လျှောက်ထားချင်တာတွေလည်း ပါသေးဗျ။ ဒီ့အပြင် ကျနော့် မှတ်ပုံတင်နံပါတ်တွေ၊ ရန်ကုန်ရုံးခန်းလိပ်စာတွေ တောင်းပြီး ကျနော် ရန်ကုန်အပြန်မှာ ဦးမောင်ငယ်ကို ကွန်တော်နဲ့အတူ ထည့်လိုက်မယ် ပြောပါတယ်။ ဦးမောင်ငယ်ကို ထည့်တာလား။ ရန်ကုန်ထောက်လှမ်းရေးရုံးမှာ ကျနော့် ကို 'ဝငြိမ်းချမ်းရေး အဖွဲ့ရဲ့ ရန်ကုန်တိုင်း စီးပွားရေးတာဝန်ခံအဖြစ် တရားဝင် အကြောင်းကြားဖို့ ပေါ့ဗျာ။ ကျနော်လည်း မီးစင်ကြည့်ကဖို့ ဆုံးဖြတ်လိုက်ပြီး ရန်ကုန်ပြန်မယ့်ရက်ကို ပြောပါ့မယ်လို့ ကတိပေးလိုက်ပါတယ်။

ဒီကြားထဲမှာ အောင်မင်းကိစ္စကို ဘယ်လိုရှင်းရမယ်ဆိုတာ အချိန်ရတိုင်း အကြံထုတ်ရပါ သေးတယ်။ ဘာအကြံမှမထွက်တဲ့အဆုံး ခင်မာလာပေးတဲ့ နည်းအတိုင်း အောင်မင်းရာ၊ ပါးအို့နီလေး တွေနဲ့ ရှမ်းမလေးတွေ မင်းကို တော်တော် သဘောကျနေပုံရတယ်ဆိုပြီး အကဲစမ်းလိုက်တော့ သုံးလေး ရက်တောင်မကြာပါဘူးဗျာ၊ ကိုကိုနိုင်က မျက်စေ့မျက်နှာပျက်နဲ့ ကျနော့်ကို တိုင်ချက်ဖွင့်ပါလေရော။

အစ်ကို၊ အစ်ကို့လူကို ကြည့်ထိန်းအုံးလေ။ အစ်ကို့လူက ကျနော့်ကောင်မလေးကို အတင်းနသားပါရ လုပ်နေပြီတဲ့။ လားရှိုးဘက်မှာ ငွေကိုင်စာရေးလုပ်နေတဲ့ ကိုကိုနိုင့်ချာတိတ်မလေးကို ကျနော် ကောင်းကောင်း သိပါတယ်။ ကျနော်တင် သိတာမဟုတ်ပါဘူး။ လားရှိုးတမြို့လုံးလိုလို ကိုကိုနိုင်တို့စုံတွဲ အကြောင်း သိနေကြတာပါ။ မကြာခင် လက်ထပ်ဖို့လည်း ကျနော့်ကိုတောင် တိုင်ပင်ဖူးပါတယ်။ တကယ့် ရည်ရည်မွန်မွန် မိန်းမချောလေးပါ။

ကျနော်ကလည်း နားမရှင်းတာနဲ့ ဘာတုန်း ဟ၊ မင်းဟာ အရင်းမရှိအဖျားမရှိ၊ ငါ့လူက ဘာလုပ်နေလို့တုန်းဆိုတော့ ဟာ၊ အစ်ကို့လူ ကျနော့်ချာတိတ်မကို အတင်းလိုက်ကပ်ပြီး လက်ထပ်ပါရစေလုပ်နေလို့ ဆိုတော့မှ ကျနော်လည်း 'ဟေ' တလုံးပဲ အသံထွက်နိုင်ပြီး အောင်မင်းကို ပြောင်ဖွင့်မေးရပါတော့တယ်။ အောင်မင်းကလည်း ခပ်တည်တည်ပဲဗျာ။

'ဟုတ်တယ်အကိုရ၊ တကယ်တော့ ကိုနိုင့် ကောင်မလေးက တကယ်တမ်း ကျတော့ ကိုနိုင့်ကို တကယ်မေတ္တာရှိပုံမပေါ်ဘူး။ ကျနော်က ကိုနိုင်ထက် အစစအရာရာသာတာ အစ်ကိုလည်း သိနေတာပဲ။ အခု ကျနော်ဖွင့်ပြောတာကို လက်ခံမယ့် အနေအထားရောက်နေပြီ' ဆိုပဲ။

ကဲ၊ ကြည့်ပေတော့၊ အောင်မင်းလုပ်ပုံကတော့ ဒီလက်ကွက်၊ ဒီအချိုးချည်းပဲဗျာ။ ဒါနဲ့ ကျနော်လည်း ဇာတ်ပို့ရှုပ်မကုန်အောင် ကိုယ်တိုင်လေ့လာလိုက်တော့မှ အောင်မင်းတယောက် စိတ္တဇ ဆန်ဆန် လျှောက်လုပ်နေတာပေါ်လာပါတော့တယ်။ တကယ်တမ်းတော့ ကလေးမလေးက ညှိသည့် တယောက်အပေါ် ထားတဲ့ စိတ်ထက် မပိုရှာပါဘူး။ အောင်မင်းကသာ သူ့ပင်ကိုယ် အိမ်ထောင်ရေး အဆင်မပြေမှုကို နည်းလမ်းမမှန်တဲ့ ပုံစံနဲ့ထွက်ပေါက်ရှာနေတာပါ။ ကျနော့်မှာ ကိုယ်ပါ ကြံရာပါလို ဖြစ်နေတာကြောင့် အောင်မင်းကို ချော့မော့ပြီး တားရပြန်ပါတယ်။ ချော့တယ်ဆိုတာလည်း ထုံးစံအတိုင်း အရက်လေးနဲ့ပေါ့ဗျာ။ အောင်မင်းကို အချော့ကောင်းလိုက်တာ လားရှိုးမှာ မေ့မရတဲ့ နောင်ကိုန် ပွဲကြီးတပွဲ နွှဲမိပြန်ပါရောဗျာ။ နောင်ကိုန်ပွဲမှ တကယ့်ကို နှစ်ယောက်ချင်းစိန်ခေါ်ပြီး ခွေခွဲလာ ပရိသတ်တွေရှေ့မှာ ထိုးသတ်ကြသလိုပါပဲဗျာ။

ဒီလိုဗျ ကျနော်က အောင်မင်း စိတ်ပြေပါစေတော့ ဆိုပြီး ကျနော်တို့တည်းနေတဲ့ ဟိုတယ်နဲ့ မလှမ်းမကမ်းမှာ ရှိတဲ့ ဈေးလေးနားက ရှမ်းစားသောက်ဆိုင်လေးကိုခေါ် သွားမိသဗျ။ အဲဒီဆိုင်လေးက ကျနော် အမြဲတမ်း ခွက်ပုန်းချနေကျ ဆိုင်လေ။ ဟုတ်တယ်၊ လူအများနဲ့ စားကြသောက်ကြမယ်ဆိုရင် လားရှိုးဘက်နားက နာမည်ကြီး ဗမာထမင်းဆိုင်မှာ စားပေမဲ့ အချိန်မတော် အရက်သောက်ချင်ရင် ကဲဒီ ရှမ်းဆိုင်လေးကို သွားနေကျ။ ကျနော်သဘောအကျဆုံးက ကြွေခွက်သေးသေးလေးနဲ့ချပေးတဲ့ ရှမ်းအရက် ခပ်ပြင်းပြင်းပဲ။ တခွက်မှ တဆယ်လောက်ပဲပေးရတယ် ထင်တာပဲဗျာ။

အမြည်းကလည်း လိုသလောက် တတုံးနှစ်တုံးမှာစားလည်း ရတာမို့ ပိုသဘောကျတယ်။ ကျနော်က သောက်ရင်သိပ်အမြည်း စားတတ်တဲ့ အကျင့်မရှိဘူး မဟုတ်လား။ သွားနေကျလိုက်တာမှ ဆိုင်ရှင် အစ်မကြီးနဲ့ရော၊ ဆိုင်လာထိုင်နေကျ အရက်ချိုးတွေနဲ့ပါ ခင်မင်နေတယ် ဆိုပါတော့ဗျာ။

မှတ်မှတ်ရရ အောင်မင်းကိုခေါ် သွားမိတာ ညဆယ့်တစ်နာရီနီးပါးရှိနေပြီဗျ။ ဆိုင်တံခါး တခြမ်းတောင်ပိတ်နေပြီ။ ဆိုင်ရှင်အစ်မကြီးက ကျနော့်ကိုမြင်တော့ ဆိုင်မပိတ်သေးပဲ ကျနော်တို့မှာတဲ့ အရက်ကိုချပေးရှာပါတယ်။ ကျနော်တို့စားပွဲပေးမှာ ထိုင်သောက်နေတဲ့သူနာမည်က ကိုကျော်အေး တဲ့ဗျ။ အသက်လေးဆယ်ကျော်လောက်ရှိမယ်။ သူ တပ်က ထွက်လာတယ်လို့ ဆိုတယ်။ ရှမ်းပြည်နယ် သေနတ်ပစ် လက်ရွေးစင်ဟောင်းတဲ့။ သူလည်းဘဝကို ဘာနာကျည်းနေသလဲ မပြောတတ်ပါဘူးဗျာ။ ကျနော်နဲ့ ခင်မင်ရင်းနှီးတဲ့နေ့တွေမှာတော့ နေ့ရောညရော အရက်ချည်း ဖိသောက်နေတာ တွေ့တာပဲ။

ကျနော် ကိုကျော်အေးကို သေချာမှတ်မိနေတာက ကျနော်ငယ်ငယ်ကနေခဲ့တဲ့ အလယ်တန်းကျောင်းဘေး ကပ်လျက်မှာနေတဲ့ ကိုကျော်အေးနဲ့ နာမည်ရော၊ သေနတ်ပစ်ချန်ပီယံ ဖြစ်တာတွေပါ တူနေလို့ဗျ။ ဟုတ်တယ်၊ ကျနော်တို့ ကျောင်းဘေးက ကိုကျော်အေးကလည်း ကျွန်းဆွယ်အိုလံပစ်မှာ ရွှေတံဆိပ်ချိတ်ခဲ့တဲ့ ဘားမားသေနတ်ပစ် ချန်ပီယံ ကျော်အေးပဲဗျ။ နောက်ထပ်တူတာ တခုတောင်ရှိသေးဗျာ။ ကြည့်ရတာ နှစ်ယောက်စလုံး အိန္ဒိယသွေးပါတာလည်း တူတာပဲဗျ။ ဒါပေမယ့် ဘားမားကျော်အေးက အရပ်ခြောက်ပေကျော် ကလန်ကလားကြီးဗျ။ ဒီလားရှိုး ကိုကျော်အေးက ငါးပေငါးလက်မထက် မကျော်လောက်ဘူး။ သေနတ်ပစ်တဲ့ ကိုကျော်အေးလို့ စကြားလိုက်တာနဲ့ ဘားမားကျော်အေး သမီးလေးတယောက်တောင် သူ့ခြံဝင်းတံခါးကို ယီးလေးခိုစီးရင်း ဝင်းတံခါး အုတ်တိုင်ပြုတ်ကျပြီး ပိသေသွားတဲ့နေ့ကိုတောင် ကျနော်အမှတ်ရနေသေးတယ်ဗျ။ တော်တော် ကံဆိုးရှာတဲ့ ကလေးမလေးဗျာ။ အသက်က ရှိလှမှ ခြောက်နှစ်ဝန်းကျင်ပေါ့။ မိဘတွေ မျက်စေ့ရှေ့မှာတင် ဖြစ်သွားတော့ ကြေကွဲဝမ်းနည်းနေတဲ့ ကိုကျော်အေးမျက်နှာကို ကျနော့် မျက်စေ့ထဲက မထွက်ဘူး။ ထားလိုက်ပါတော့ဗျာ။

အခု လားရှိုးကိုကျော်အေး ဘေးခုံမှာ အရက်ထိုင်သောက်နေလို့ ဆယ့်ငါးမိနစ်တောင် မကြာလိုက်ပါဘူး၊ အောင်မင်း ဘယ်ကဘယ်လို သွားရန်စလိုက်သလဲ မသိဘူး။ ဆိုင်အတွင်းဘက်မှာထိုင်နေတဲ့ ဝိုင်းကနေ ခပ်တောင့်တောင့် မောင်တယောက် လျှောက်လာတယ်ဗျာ။ ဒီမောင်က အောင်မင်းမျက်နှာကို စိုက်ကြည့်ပြီး ယောကျ်ားပီပီ တယောက်ချင်း စာရင်းရှင်းလိုက်ရင်ကောင်းမယ် လုပ်ပါလေရောဗျာ။

တကယ်တော့ အောင်မင်း ဘာပြောလိုက်မှန်း၊ ဘာလုပ်လိုက်မှန်း ကျနော်မသိလိုက်တာ အမှန်ဗျ။ ဒါပေမယ့် ဒီမောင်လာပြီး စိန်ခေါ်ပုံက ရင့်ကျောကျောပုံ သိပ်ပေါက်နေတာနဲ့ ကျနော့်စိတ်ထဲမှာ ထောင်းကနဲ ဒေါသဖြစ်သွားတယ်။ ဒါနဲ့ ကျနော်က နေပါဦး၊ မင်းဥစ္စာ အသားလွှတ်စိန်ခေါ်နေရအောင် မင်းက လားရှိုးလူမိုက်လားလို့ အငေါ်တူးလိုက် မိရောဗျာ။ သူ့လည်း မလျှော့ဘူးဗျာ။

'ဟုတ်တယ်၊ ငါ လားရှိုးမှာ လူမိုက်ပဲ၊ လူမိုက်မှ ဘယ်သူမှ မော်မကြည့်ရဲတဲ့ လူမိုက်'တဲ့။

'မင်းပါ အသားမနာချင်ရင် ဝင်မရှုပ်နဲ့' ဆိုပဲ။ အော်၊ ဒီလိုကြေးလားဗျာ။ ရတာပေါ့ဗျာ၊ ကျနော်လည်း ဖြစ်ပုံပျက်ပုံကိုမေးမနေတော့ပဲ

'ကဲ၊ ငါဆိုတဲ့ကောင်ကလည်း မင်းလို လူမိုက်မျိုးကို ရှာနေတာကြာပြီ။ ဒီတော့ မင်းနဲ့ငါပဲ နှစ်ယောက်ချင်း စာရင်းရှင်းလိုက်တာပေါ့ကွာ' ဆိုပြီး နားရွက်တံတွေးပြန်ဆွတ်လိုက်ရောဗျာ။ ဒီမှာတင် ဆိုင်ကျဉ်းကျဉ်းလေးထဲက အလယ်လျှောက်လမ်းလေးမှာ ဒီမောင်နဲ့ ကျနော် မျက်နှာချင်းဆိုင် တွေ့ကြပါလေရော။ မျက်နှာချင်းဆိုင်ရပ်လိုက်မှ သူဟာ ကျနော့်လောက် အရပ်အမောင်း မရှိပေမယ့် တကယ့်ကို ကြံ့ခိုင်တဲ့ ပုံပေါ် တယ်ဆိုတာ သိသာလာပါတယ်။ ဒါပေမယ့် ကျနော် နောက်ဆုတ်ဖို့ မစဉ်းစားပါဘူး။ အဲဒီအချိန်မှာပဲ ဘေးခုံမှာ ထိုင်သောက်နေတဲ့ ကိုကျော်အေး ဆီက အသံထွက်လာတယ်ဗျ။

'ဟေ့ကောင် မြင့်အောင်၊ ရပ်လိုက်စမ်းတဲ့'

အော်၊ လက်စသတ်တော့ ကျနော်နဲ့ ရင်ဆိုင်နေတဲ့ လူမိုက်နာမည်က မြင့်အောင်တဲ့ဗျာ။ ဒါတင်မကသေးပါဘူးဗျာ။ ကိုကျော်အေးက သူ့အနွေးထည် ဘေးအိပ်ကပ်ထဲကနေ တစုံတခုကို ထုတ်ပြီး စားပွဲပေါ် ကို ပစ်တင်လိုက်ပါတယ်။ ဒေါက် ဆိုတဲ့ အသံလာရာကို လှမ်းကြည့်လိုက်တော့ လက်ကိုင်ဒင်မှာ ဒန်ရောင်နဲ့ ပစ္စတိုတလက်ကို လှမ်းမြင်လိုက် ရပါတယ်။ တချိန်တည်းမှာပဲ

'မင်းတို့ ရန်ပွဲကို ငါမတားဘူး၊ ဒါပေမယ့် အိမ်ရှင်နဲ့ ဧည့်သည် မတရားမဖြစ်ဖို့တော့ လိုတယ်၊ နောက်တချက် မင်းတို့ ဒီဆိုင်ထဲမှာ ထိုးဖို့ကြိတ်ဖို့ ငါခွင့်မပြုဘူး' တဲ့၊ သူပြောကာမှ မြင့်အောင် နောက်က လူမိုက်ပုံပေါက်နေတဲ့ အဖော်လေးငါးယောက်ကို ကျနော် သတိပြုမိပါတော့တယ်။

ဒီတော့ မြင့်အောင်ဆိုတဲ့ မောင်က 'ကြိုက်တဲ့နေရာသာ ရွေးလိုက်ဗျာ၊ ကျနော့်ဘက်က အဆင်သင့်ပဲ' တဲ့။ ကျနော်ကလည်း စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းရင်း 'ဒိုင်လူကြီးပါတော့ ပွဲ ပိုကောင်းတာပေါ့ဗျာ' လို့ ခပ်တင်းတင်း ပြန်တုန့်ပြန်လိုက်ပါတယ်။

ဒီလိုနဲ့ ဆိုင်ထဲက လူအုပ်ရော၊ ဆိုင်အပြင်လမ်းတလျှောက်က လူအုပ်ရော၊ စုစုပေါင်း ပရိသတ်ငါးဆယ်လောက်ဟာ ရှမ်းအရက်ဆိုင်လေးထဲကထွက်ပြီး ဟိုတယ်ဘက်ကို ပြန်သွားတဲ့လမ်း၊ လမ်းလေးဆုံတနေရာမှာ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြပါလေရောဗျာ။ အပြင်မှာ တော်တော်အေးနေပါပြီ။ သေချာပေါက်မှတ်မိနေတာကတော့ အဲဒီနေ့ဟာ ဒီဇင်ဘာလ (၂၅) ရက်နေ့ညာ ခရစ္စမတ်နေ့ပါပဲ။ အချိန်က သန်းခေါင်ယံ ၁၂ နာရီ ထိုးခါနီးနေပါပြီ။ ယေရှုခရစ်တော်ဟာ လူသားတွေရဲ့ ဒုက္ခကိုကယ်တင်ဖို့ မြေကမ္ဘာကိုရောက်လာတဲ့နေ့ရက်မှာ လူမိုက်နှစ်ယောက်က မိုက်ဂုဏ် ပြိုင်နေခဲ့ကြတဲ့ အဖြစ်ပေါ့ဗျာ။

လားရှိုး နယူးအေးရှား ဟိုတယ်မလှမ်းမကမ်းက လမ်းလေးဆုံမှာ၊ သူ့ဘက်ကိုယ့်ဘက် အားပေးနေတဲ့ ပရိသတ်တွေ အလယ်မှာ မြင့်အောင်နဲ့ကျနော် ရင်ဆိုင်တွေ့နေခဲ့ပါပြီ။ သူ့ဘက် ကိုယ့်ဘက်ပရိသတ်ဆိုတာ စကားအဖြစ်သာ ပြောရတယ်၊ တကယ်တမ်း ကျနော့်ပရိသတ်က ကျနော့် နောက်ဘက်ကနေ ခပ်ရှိန့်ရှိန့်လေးပါလာပြီး အစ်ကို၊ ဖြစ်ပါ့မလား တိုးတိုးလေး မေးနေတဲ့ အောင်မင်း တယောက်တည်းပါပဲ။

တကယ်တမ်းပြောရရင် ငယ်ငယ်တုန်းကတော့ ရန်ပွဲတွေမှာ နှစ်ယောက်ချင်း ရင်ဆိုင် လိုက်တာနဲ့ နောက်ကောက်ချည်းပဲ ကျနေခဲ့တဲ့ ကျနော်ဟာ အရွယ်ရောက်လာတာနဲ့ တဖြည်းဖြည်း လက်ရဲဇက်ရဲဖြစ်လာလိုက်တာ စိန်ခေါ်ပွဲတွေကို နောက်မတွန့်တမ်းနွှဲနိုင်တဲ့အဆင့်ကို ရောက်လာ သဗျာ။ ကျနော့်ကိုယ်ကျနော်လည်း ကုလီဇတ်စုံနဲ့ အလုပ်သမားကိုတောင် ကြောက်ခဲ့တဲ့ လူကြောက် ကလေး ဘဝကနေ လူမိုက်တပိုင်း ဖြစ်လာတာကို အံ့ဩလို့ မဆုံးဘူးဗျာ။ တခုပြောစရာရှိတာက ကျနော်တို့ခေတ်တုန်းက နာမည်ကြီးရုပ်ရှင်တွေကလည်း ဖိုက်တင်ပလေးအသားပေးတဲ့ ဇာတ်ကား တွေက အများသားလားဗျာ။ ဘာတဲ့၊ ညွန့်ဝင်းရဲ့ ဇန်ကိုလူလေးနဲ့သူဇာ၊ သမန်းကျားအဖွဲ့ရဲ့ သမန်းကျား၊ ကျော်ဟိန်းရဲ့ စိန်သို့မဟုတ်စိပ်၊ ဇော်ဝမ်း ကျော်ဟိန်းတွဲတဲ့ ဒို့နှစ်ယောက်နဲ့မိငြိမ်းချမ်း၊ မကွဲရာဓား အို၊ စုံလို့ပါပဲဗျာ။ တခါတခါ စဉ်းစားမိတာက ဒီရုပ်ရှင်တွေက ကျနော်တို့ကို လွှမ်းမိုးခဲ့လေသလားလို့။

စကားမစပ်ဗျာ၊ ကျနော့်မှာ လူမသိသူမသိ အကျင့်တခု ရှိတယ်။ အဲဒါကတော့ တခါတခါ ကျနော့်စိတ်မှာ မခံစားနိုင်တော့ရင် ဇွတ်အရဲကိုး အတင်းရှေ့တိုးလုပ်တတ်တဲ့ ဉာဉ်ပါပဲ။

ကျနော်ဇွတ်တိုးခဲ့တဲ့ မမေ့နိုင်စရာ အဖြစ်တွေ အများကြီး ရှိပါတယ်။ ခင်ဗျား သိသာအောင် ပြောရရင် ကျနော် ဆယ်တန်းအောင်ပြီး ကျနော့်ဇာတိမှိုက်ပင်ရွာကို အလည်ပြန်ခဲ့တဲ့ တခေါက်ပေါ့။ ရွာရောက်လို့ နှစ်ရက် သုံးရက်လောက်ကြာတော့ နေ့လည်ဘက်မှာ ကျနော်နဲ့ရွယ်တူ ပေါ်အေးဆိုတဲ့ ရွာက သူငယ်ချင်းတယောက်နဲ့ ရွာပြင် ထွက်လာကြတယ်။ အဲဒီအချိန်က ပဲနှမ်းတွေ ရိတ်ကာ သိမ်းကာနီး အချိန်ကြီးမို့ စိုက်ခင်းတိုင်းလိုလိုကို ငှားကိုင်း ဆူးခက်တွေနဲ့ ကာထားကြတယ်။ အထူးသဖြင့် လမ်းမနဲ့ နီးတဲ့ စိုက်ခင်းတွေပေါ့။ ကျနော်နဲ့ပေါ်အေးက တောကြက်ကို လောက်လေးခွနဲ့ ပစ်ရအောင် ထွက်လာ ကြတာလေ။ ယာခင်းတွေ တနေရာရောက်တော့ တောကြက်တကောင် ခုန်ဆွခုန်ဆွ

လုပ်နေတာ မြင်တာနဲ့ ပေါ်အေးက လေးခွနဲ့လည်း လှမ်းပစ်လိုက်ရော တောကြက်ကို ထိပေမယ့် ဖလူးဆို ရှုတ်တရက် ထပြန်သွားပြီး ခပ်လှမ်းလှမ်းက ယာခင်းထဲကို ပြုတ်ကျသွားပါလေရောဗျာ။

ဒါနဲ့ အဲဒီယာခင်းထဲ ဝင်နိုင်တဲ့အပေါက်ကိုရှာတော့ ထုံးစံအတိုင်း ဆူးခက်တွေ အထပ်ထပ် ကာထားတာ တွေက ရပါလေရော။ ပေါ်အေးကတော့ ကိုကြီး သက်ခိုင်၊ ထားလိုက်ပါတော့ဗျာတဲ့။ ပေါ်အေးက ရွာခံဆိုတော့ ပိုင်းတန်းတွေ၊ ခရိုးတွေ၊ ငှီးခက်တွေ အခိုင်အမာ ကာထားမှန်း ကြိုတင် သိနေပုံရလို့ ထားလိုက်ပါလို့ပြောတာပါ။ ကျနော် သေချာကြည့်လိုက်တော့လည်း ယာခင်းပင်မ ဝင်ပေါက်ကို ငှီးခက်ခပ်ထူထူကာထားပါတယ်။ ကျန်တဲ့နေရာတွေက တိုးဝင်ရအောင်လည်း စည်းရိုး တန်းအပင်တွေ ကြပ်နေလို့ ရှုတ်တရက်ဝင်လို့ မလွယ်ပြန်ပါဘူး။ ကျနော်ဟာ တောကြက်ကို မက်မော လွန်းတာမဟုတ်ပေမယ့် ပေါ်အေးပြောတဲ့ 'ထားလိုက်ပါတော့'ဆိုတဲ့ စကားကို လက်မခံချင်ဘူးဗျ။ အဲဒီအချိန်မှာပဲ ကျနော့်စိတ်မှာ ယာခင်းအဝိက ဝင်ပေါက်၊ ငှီးခက်တွေခပ်ထူထူ ပိတ်ဆို့ထားတဲ့ အတားအဆီးကို မရရအောင် ကျော်ဖြတ်ချင်စိတ်ပေါက်လာတယ်ဗျာ။

ကျနော်ဟာ ကျနော့်ရွယ်တူတွေနဲ့စာရင် အမြင့်ခုန်တဲ့နေရာမှာ အားသန်တယ်ပြောရပါမယ်။ လေးပေခွဲ ငါးပေလောက် အမြင့်ကို ကျနော်ကောင်းကောင်းခုန်နိုင်ပါတယ်။ အခု ငှီးခက်ပိုင်းတန်းဟာ ငါးပေထက် မကျော်ပါဘူး။ ဒါနဲ့ ခါးတောင်းမြှောင်အောင်ကျိုက်ပြီး ပေါ်အေး မင်းအသာနေ၊ ငါရ အောင်ကျော်မယ်လို့ပြောရင်း နောက်ကို လေးငါးလှမ်းဆုတ်ပြီး ငှီးခက်ပိုင်းတန်းကို လွှားတနဲ ကျော်ပစ် လိုက်မိတော့တယ်ဗျာ။

ငှီးခက်ပိုင်းတန်းအမြင့်ကို ကျနော် ကောင်းကောင်းလွတ်အောင် ကျော်နိုင်လိုက်ပါတယ်။ ဒါပေမယ့် ကျနော် 'အတွက်မှား'သွားခဲ့ပါတယ်။ တကယ်တော့ ငှီးခက်ပိုင်းတန်းဟာ ဝါးတလုံး ကြိုးတချောင်း ဖြတ်တန်းထားသလို မဟုတ်လေတော့ အမြင့်ကိုကျော်နိုင်ပေမယ့် အကျယ်ထု အထူကို ကျော်ဖို့ ခက်ပါတယ်။ လေထဲမှာ မြောက်တက်နေတုန်း မလွတ်လွတ်အောင် အားစိုက်ပေမယ့် မလွတ်ပါဘူး။ ကျနော့်ကိုယ်တခြမ်းဟာ ငှီးခက်ပိုင်းတန်းပေါ် ဖြတ်ကျသွားပါတော့တယ်။

အော်၊ ငှီးခက်တွေပေါ် ကျတယ် ဆိုမှတော့ ပန်းမွေ့ရာပေါ် ကျသလို ဘယ်ဟုတ်မလဲဗျာ။ ငှီးဆူးတွေ ကျနော့်ပေါင်မှာ စူးဝင်ကုန်တော့တာပေါ့။ ကျနော်လည်း ဒဏ်ရာကို စပ်စုမနေပဲ တောကြက်ကို ပြေးကောက်ပြီး၊ ခပ်ပါးပါးဖြစ်မယ်ထင်ရတဲ့ ပိုင်းတန်းနေရာကိုရွေးပြီး ပြန်ခုန် ထွက်လာခဲ့ပါတယ်။ အိမ်ပြန်ရောက်တော့ ကျနော့် အမေရဲ့ ညီမ၊ ကျနော့် အရီးလေး မစန်းတ ကျနော့် ပေါင်က ငှီးဆူးတွေကို ဇာဂနာနဲ့ ထွင်ပေးရင်း စုတ်တသတ်သတ်နဲ့ 'လူလေးရယ်၊ တကယ့် ဇွတ်တရွတ်ပါလား၊ မိုက်ချက်' တဲ့။

ဒါတင်ဘယ်ကမလဲဗျာ။ ငှီးခက်ဆူး စူးတဲ့ ဒဏ်ရာ ပျောက်သလောက် ရှိတော့ နာမည်ကျော် 'ဇာနည်'ကိုစီးဖို့ ကျနော်ကျိတ်ကြံပြန်ရော။ 'ဇာနည်'ဆိုတာ နတ်မောက် နယ်တရိုးမှာ ဟိုးတိုး ကျော်အောင် နာမည်ကြီးတဲ့ ပြိုင်မြင်းကြီးပေါ့ဗျာ။ ဆယ်တန်းတခါကျပြီး ရွာမှာ တောင်သူပြန်လုပ်နေတဲ့ ကျနော့်အစ်ကို ပိုင်တာလေ။ 'ဇာနည်'ပါတဲ့ မြင်းပွဲတွေမှာ လောင်းကြေး သိန်းသုံးလေးဆယ်ကျော် ထပ်ပြီးကို လောင်းကြတာတဲ့ဗျ။ ဇာနည့်အမွှေးက အုန်းခွံရောင်ဗျ၊ အရပ်ရော၊ ကြန်အင် လက္ခဏာ ဘာအပြစ်မှ ပြောစရာမရှိတဲ့ မြင်းကောင်းမြင်းသန့်ဆိုတာ ကျနော်လို မြင်းအကြောင်း နားမလည်တဲ့ သူတောင် သိသာတယ်ဗျ။ ဒါပေမယ့် မြင်းက တလက်ကိုင်၊ သူ့ကိုစီးတဲ့ ဂျော်ကီနဲ့ ကျနော့်အစ်ကိုက လွဲရင် ဘယ်သူမှ မစီးနိုင်လောက်အောင်ကို ကြမ်းတယ် ဆိုပဲ။ အဲသလို ဇာနည့်ကို လူစိမ်းဘယ်သူမှ မစီးနိုင်ဘူးဆိုလေ၊ ကျနော် အူယားလေပဲဗျာ။ ကျနော့်အစ်ကိုကို 'မင်းမြင်းကို ငါစီးကြည့်ချင်တယ်' ဆိုတော့ သူက ရယ်တယ်။ ဘယ်စီးလို့ဖြစ်မလဲကွာ ဆိုပြီး မြင်းကုန်းနှီးကို သိမ်းထားသဗျ။

ဒါနဲ့ ကျနော်က ပြိုင်ပွဲတွေမှာ ဇာနည်ကို စီးတဲ့ ဂျော်ကီ၊ ကျနော့် အရီးလေး မစိန်မေ ယောကျ်ား ကိုတုတ်ပြိုင်ကို ကပ်ရတယ်။ ကိုတုတ်ပြိုင်ကလည်း ခွင့်မပြုဘူး။ အဲ၊ ဒါပေမယ့် ခြွင်းချက် တခုတော့ ရှိတယ်ဗျာ။ 'သက်ခိုင်၊ မင်းဒီလောက်အားသန်နေရင် အရင်ဦးဆုံး စိန်ကျော်မောင့် မြင်းကို အရင်စီးကြည့်၊ စိန်ကျော်မောင့် မြင်းဟာ ဇာနည်ပြီးရင် ဒီနယ်မှာ ဗိုလ်ပဲ။ အေး၊ အဲဒီကောင်ကို မင်းနိုင်နိုင်နင်းနင်းစီးနိုင်ရင် ဇာနည်ကို ကုန်းနှီးတင်ပေးဖို့ ငါတာဝန် ထားပေတော့' တဲ့။

ကျနော်ကလည်း သွေးကြွနေတဲ့ကောင်မဟုတ်လား။ အဲဒီညနေပဲ စိန်ကျော်မောင့်ကို ပြောပြီး သူ့မြင်းကို စီးကြည့်ချင်တယ်ဆိုပြီး နားပူတာပေါ့ဗျာ။ စိန်ကျော်မောင်ဆိုတာ ကျနော်တို့နဲ့ ညီအစ်ကို ဝမ်းကွဲတွေပါ။ စိန်ကျော်မောင်လည်း ခေါင်းညိတ်လိုက်ရော၊ ကျနော်က မြင်းကျောပေါ်ကို ကုန်းနှီး ချက်ချင်းတင်၊ ခြေနင်းကွင်းကို ခြေမနဲ့ညှပ်ပြီး မြင်းပေါ်ကို လွှားကနဲတက်ပြီး ဒုန်းစိုင်း လိုက်ပါတော့ တယ်။ ဒါဟာ ကျနော့်ဘဝမှာ ပထမဆုံး မြင်းစီးဖူးတာတော့ မဟုတ်ဘူးဗျ။

ရန်ကုန်မှာနေတုန်းကလည်း ရပ်ကွက်ထဲမှာ မြင်းနို့လည်ရောင်းတဲ့ မြင်းတွေကို ပိုက်ဆံပေးပြီး ကျနော် စီးဖူးတယ်။ ဒါပေမယ့် အဲဒီမြင်းတွေက ခပ်ဖြေးဖြေး အသားကျ သွားတာကလား။ အခု စိန်ကျော်မောင့် မြင်းက သူ့နံဘေးကို ဖနောင့်နဲ့တချက်ပေါက်ရသေးတယ်၊ ကဆုန်စိုင်း ပြေးတော့တာပဲ ဗျာ ရွာအနောက်ဘက်အပေါက်ကနေ နှစ်မိုင်လောက်ဝေးတဲ့ ရွာလေးနားအထိကို ကျနော် ရောက် သွားသဗျာ။ မြင်းကျောပေါ်မှာ လွင့်ကနဲ လွင့်ကနဲ စီးလိုက်နေရင်း ပြုတ်ကျမကျန်ခဲ့အောင် ကျနော် သတိကြီးကြီးထားနိုင်ခဲ့ပါတယ်။ ရွာလေးကနေပြန်လှည့်လာပြီး ကျနော်တို့ရွာထဲကိုပြန်ဝင်၊ စိန်ကျော်မောင်တို့ ခြံဝိုင်းထဲရောက်လို့ မြင်းပေါ်ကလည်း ဆင်းရော ကိုတုတ်ပြိုင်က ဟာ၊ သက်ခိုင်၊ ဒါဆို မင်းဇာနည်ကို စီးလို့ရပြီတဲ့။

အေးပေါ့ဗျာ၊ နောက်တနေ့မနက်စောစော၊ ကျနော့်အစ်ကို အလစ်မှာ ဇာနည့်ကျောပေါ် ကုန်းနှီးတင်ပြီး ဇာနည်ကို ကျနော်စီးတော့တာပေါ့။ အမှန်အတိုင်းပြောရရင် ဇာနည့်ကျောပေါ်ကို ရောက်တာနဲ့ ကျနော့်အခြေအနေ မဟန်ဘူးဆိုတာ ရိပ်မိလိုက်ပါတယ်။ ဇာနည်ဟာ ကျနော် သူ့ ကျောပေါ်ကို ရောက်တာနဲ့ မြားတစင်းလွှတ်လိုက်သလို ဒုန်းစိုင်းပြေးတော့တာပါပဲ။ ခြံစည်းရိုး အကွေ့တွေ၊ လမ်းကွေ့တွေမှာ ရှုတ်တရက် လှစ်ကနဲ လှစ်ကနဲ ကွေ့ကွေ့ပစ်တယ်ဗျာ။

ကျနော့် လက်တဘက်သာ ကုန်းနှီးအစွန်းကို ကိုင်မထားနိုင်ခဲ့ရင် ခြံစည်းရိုး တခုခုပေါ်မှာ ကျနော်တင်ကျန်နေခဲ့မှာ အသေအချာပဲဗျာ။ ရင်ထဲမှာ ကြောက်စိတ် ပေါ်နေပေမယ့် အသိစိတ် လွတ်ထွက်မသွားအောင် သတိနဲ့ ဒုန်းစိုင်းစီးရင်း သုံးမိုင်လောက် အကွာအဝေးရှိတဲ့ ရွာအရှေ့ဘက်က ဇရက်တောဘက်ရောက်တော့ ပြန်ကွေ့လာတယ်။ တလမ်းလုံး ချိုင့်တွေ၊ ကျင်းတွေ၊ ကုန်းမြင့်တွေကို ကျော်လိုက်တိုင်း ပြုတ်မကျအောင် အတော်ကို သတိထားနေရတယ်ဗျာ။

မြင်းပြေးတဲ့ အရှိန်ကလည်း မြန်သလား မမေးနဲ့ဗျာ။ လေတဝူးဝူး တိုးသံကို နားထဲမှာ အကျယ်ကြီး ကြားနေရတယ်ဗျ။ မြင်းပေါ်က ကျလိုက်လို့ကတော့ မရှုမလှပဲဆိုတာ ခေါင်းထဲရောက် လာတယ်ဗျာ။ တကယ်တော့ ဇာနည်ဟာ သူ့ကျောပေါ်မှာ ရှိနေတဲ့ကျနော်ဟာ သူ့ကိုမနိုင်မှန်း သိနေဟန်တူပါတယ်။ ရွာလယ်လမ်းကို ပြန်ဝင်လာတော့ ကျနော့်စိတ် နည်းနည်းအေးသွားပါတယ်။ ဒါပေမယ့် ကျနော် အတွက်မှားပြန်ပါတယ်။ ကျနော့်အရီးလေး ခြံဝင်းထဲလည်း ရောက်ကာနီးရော ဇာနည်ဟာ ရပ်ဖို့ဇက်ကျိုးတံ့တာကို နားလည်ပုံမရပဲ၊ အိမ်ရှေ့ကွပ်ပျစ်ကို သစ်ကိုင်းခပ်တုတ်တုတ်တွေ တန်းကျဲပစ်ပြီး မိုးထားတဲ့ စင်ရှိရာကို တဟုန်ထိုး ပြေးဝင်သွားပါတော့တယ်။

စင်ပေါ်က သစ်ကိုင်းတွေဟာ ကျနော့်ရင်ဝနဲ့တည့်တည့်ကို တန်းနေတော့တာပဲဗျာ။ ကျနော့် မျက်လုံးတွေပြာပြီး ဘာလုပ်ရမယ်ဆိုတာ စဉ်းစားချိန်မရတော့ပဲ ဇာနည့်ဇက်ကြိုးကို ဆွဲလှည့်ပြီး

ခေါင်းကို ငုံ့လိုက်တာနဲ့ ဇာနည်ဟာ စင်ကို ဝင်တိုက်ချလိုက်တာ စင်ပြိုကျသွားပါတော့တယ်။ ကျနော် လား၊ မြေပေါ်ကို လွင့်စင်ကျသွားပြီး သစ်ကိုင်းစွန်းနဲ့ ထိုးမိတဲ့ ဒဏ်ကြောင့် လက်ကောက်ဝတ်ကနေ ချိုင်းနားအထိ ညာလက်မောင်းတခုလုံး စုတ်ပြတ်ကုန်တော့တာပေါ့။

ရှာခံ အေးပရိသတ်ကတော့ ကျနော် လူးလဲထလာတာကို တအံ့တဩ ငိုင်းကြည့်နေကြလေ ရဲ့ဗျာ။ အရီးလေးကတော့ ထုံးစံအတိုင်း ကုန်းနှီးတင်ပေးတဲ့ ကိုတုတ်မြိုင်ကို မအေရော၊ နှမရော စုံနေအောင်တုတ်တော့တာပေါ့။ ကျနော့်ကိုလည်း ကရုဏာဒေါသောထင်ပါ့၊ 'မသေကောင်း မပျောက် ကောင်း လူလေးရယ်၊ မျိုးနဲ့ရိုးနဲ့ကို မိုက်လုံးကြီးတဲ့ အမျိုးပါလား' ဆိုပြီးကောင်းချီးပေးသဗျ။

ဗျာ ကျနော့်အမျိုးထဲမှာ ဘယ်သူတွေ မိုက်လုံးကြီးသလဲ၊ ဟုတ်လား။ ဒါတော့ မသိဘူးလေ။ အရီးလေးကိုလည်းမမေးမိပါဘူးဗျာ။

အေးလေ၊ အခုလည်း ကျနော့်စိတ်ထဲ မခံစားနိုင်လွန်းတာနဲ့ လားရှိုးမြို့ ဆောင်းတညမှာ နိုင်နိုင် မနိုင်နိုင် နယ်ခံလူမိုက်တယောက်ကို ငွတ်ရင်ဆိုင်ဖို့ စိန်ခေါ်တာကို လက်ခံပြီး မိုက်လုံးကြီးနေပြန် ပြီပေါ့ဗျာ။ ကျနော်ဟာ မြင့်အောင်နဲ့ မျက်နှာချင်းဆိုင်ရပ်လိုက်ပြီးတော့ အပေါ်က အနွေးထည်နဲ့ ရှပ်အကျီကို ချွတ်ပြီး အောင်မင်းကို ပစ်ပေးလိုက်ပါတယ်။

ကျနော်မှာ အောက်ခံချိုင်းပြတ်စွပ်ကျယ်နဲ့ ဒူးဆစ်အထိမတင်ထားတဲ့ ဘောင်းဘီရှည်သာ ကျန်ပါတော့တယ်။ မြင့်အောင်လည်း အပေါ်အကျီချွတ်ပါတယ်။ သူ့ကိုယ်အပေါ်ပိုင်း ဗလာကျင်း နေပါတယ်။ ဒီတော့မှ သူဟာ ကျနော့်ထ⸍ ကြံ့ခိုင်တောင့်တင်းမှုန်း ပိုသိသာပါတယ်။ ဒါပေမယ့် ကျနော့်မှာ ကြောက်စိတ်တော့ မပေါ်မိဘူးဗျ။ ဘာကြောင့်မှန်းမသိဘူး၊ ဒီကောင့်ကို ကျနော် ဖြိုနိုင်မယ် လို့ ခိုင်ခိုင်မာမာကို ယုံကြည်နေတယ်ဗျာ။

ဒိုင်လူကြီးလုပ်တဲ့ ကိုကျော်အေးက ပစ္စတိုကို လက်တဘက်မှာ ကိုင်ထားရင်း ရန်သူတွေလို သဘောမထားကြဖို့၊ လဲရင် ထပ်မထိုးဖို့တို့ ပြောနေပေမယ့် ကျနော် သိပ်နားမဝင်လှဘူး။ ကျနော် အရေးတကြီးလေ့လာနေတာက မြင့်အောင်မှာ ဘာအားနည်းနေသလဲ၊ ဘယ်လို အနိုင်ရနိုင်မလဲဆိုတာ သာ ခေါင်းထဲရောက်နေပါတယ်။ သေချာတဲ့အချက်ကတော့ မြင့်အောင်ဟာ ကျနော်နဲ့စာရင် နည်းနည်း ပိုမူးနေတာပဲဗျာ။ ပုံစံကလည်း အသတ်အပုတ် ကျွမ်းကျင်ပြီး နွားသိုးကြိုးဖြတ် ထိုးမယ့်ကြိတ်မယ့်ပုံပါပဲ။ ကျနော် အတွက်မမှားပါဘူး။

'ကဲ၊ စ'ဆိုပြီး ကိုကျော်အေးလက်ရုပ်ပြီး နောက်ဆုတ်သွားတဲ့အချိန်မှာ မြင့်အောင်ရဲ့ဘယ်ခြေ ဟာ ဗိုးကနဲ ကျနော့်မျက်နှာဆီကို ရောက်လာပါသဗျာ။ သူ့ဘယ်ခြေကို ကျနော့် ညာလက်နဲ့ ဖြတ်ရိုက် ချလိုက်တော့ ဖြောင်းကနဲအသံထွက်သွားပြီး၊ ကျနော် နောက်ကို ခြေနှစ်လှမ်းစာလောက် ဆုတ်လိုက် ရပါတယ်။ တဆက်တည်းမှာပဲ မြင့်အောင်ရဲ့ဘယ်ခြေနဲ့ပဲ နောက်ထပ် တချက်ဆင့်ကန်ချက်က ဝင်လာ ပြန်တာမို့ ဘယ်လက်နဲ့ရိုက်ချပြီး ဘေးကို ရှောင်ထွက်လိုက်တော့ သူက နောက်ပြန်ဆုတ်သွားပါတယ်။

ချက်ချင်းဆိုသလို သူဟာ ခြေထောက်ကန်ချက်တွေနဲ့ တလကြမ်း တိုက်စစ်ဆင်ပြန်ပါတော့ တယ်။ ကျနော်ဟာ သူ့ကန်ချက်တွေကို ရှောင်နေရင်းက သူ့အားနည်းချက်ကို ရှုတ်တရက် တွေ့လိုက်ပါ တယ်။ ဟုတ်တယ်ဗျ။ သူ့အင်အားသုံးပြီး ငွတ်အတင်း နိုင်ချင်ဇောနဲ့ တိုက်နေတုန်းမှာ ကျနော်က ဉာဏ်ထုတ်နေတာ၊ သူ့အားနည်းချက်ကိုရှာနေတာလေ။ တကယ်တော့ မြင့်အောင်ဟာ သူကျွမ်းကျင် တဲ့ ခြေကန်ချက်တွေနဲ့ ပွဲသိမ်းနိုင်အောင် ညာခြေကို အားပြုပြီး ဘယ်ခြေနဲ့ ပုံသေတိုက်နေတဲ့ အချက်ပေါ့။ ဒီအချက်ကို အခွင့်အရေးအဖြစ် လျင်လျင်မြန်မြန်ပဲ ကျနော်အသုံးချလိုက်ပါတယ်။ သူနဲ့ မျက်နှာချင်း ဆိုင်ရပ်ရင်း သူ့ဘယ်ခြေ မြောက်အတက်မှာ ကျနော်ဟာ ကိုယ်ကို တခြမ်းစောင်း လိုက်ပြီး သူ့ကိုယ် ညာဘက်အခြမ်းကို ဝင်လိုက်ပါတယ်။ တချိန်တည်းမှာ သူ့ညာခြေတံကောက်ခွက်ကို

ကျနော့် ညာခြေ ဖနောင့်နဲ့ ခပ်ဆတ်ဆတ်ရိုက်ချလိုက်တာ မြင့်အောင်ဟာ ဘုန်းကနဲ ကတ္တရာလမ်းပေါ်
ပြုတ်ကျသွား
ပါတော့တယ်။ အခွင့်အရေးကို လက်လွှတ်ခံလို့ ဘယ်ဖြစ်မလဲဗျာ။ ပက်လက်လန်လဲကျနေတဲ့ သူ့ကိုယ်ပေါ် ကို ကျနော်တစောင်းဖြတ်လှဲပြီး သူ့လည်မျိုကို ကျနော် တံတောင်နဲ့ ဖိကြိတ်ထားလိုက်ပါတယ်။ အော်၊ ပြောဖို့ မေ့နေတယ်။ ဂျူဒိုတို့၊ ကရာတေးတို့လည်း ဟိုစပ်စပ် ဒီစပ်စပ် ကျနော် သင်ထားဖူးသေးသဗျ။ ဒါကြောင့် ပြိုင်ဘက်ကို ဂျူဒိုနည်းနဲ့ ကန့်လန့်ဖြတ်ချုပ်တာလောက်တော့ ကောင်းကောင်း လုပ်တတ် နေတယ်လေ။

ပရိသတ်ကတော့ ဟာကနဲ အသံတပြိုင်နက်ထွက်လာပါတယ်။ ကိုကျော်အေးဆီကလည်း 'ရပ်' 'ရပ်' ဆိုပြီး စိုးရိမ်တကြီး အော်သံထွက်လာပါတယ်။ ဒါနဲ့ ကျနော်လည်း မြင့်အောင်လည်ပင်းက ကျနော့်တံတောင်ကို ပြန်ခွာလိုက်ပြီး မတ်တပ်ပြန်ရပ်လိုက်ပါတယ်။ ပြီးတော့ မြင့်အောင်ကို ပြန်ထနိုင်ဖို့ လက်ကမ်းလိုက်ပါတယ်။ မြင့်အောင်ဟာ ကျနော့်လက်ကိုအားပြုပြီး ရုတ်တရက် မတ်တတ်ပြန်အထမှာ ညာခြေဖျားနဲ့ ကျနော့်ပေါင်ကြားကို ရုတ်တရက် ဝှစ်ကနဲဖြတ်ကန်လိုက်သဗျာ။ ဟား၊ ဟား၊ သူ့ကိုယ်သူ သိပ်လည်လှပြီ ထင်နေတာကိုး။ ဒီအကွက်မျိုးကို ကျနော်ကြိုတွက်ထားပြီးသားပါဗျာ။

အထူးသဖြင့် ရန်ပွဲတွေမှာ ရှုံးတဲ့သူက နိုင်ရင်ပြီးရော ရှုံးမဲမဲတတ်တဲ့ အကျင့်ရှိတယ်လေ။ ကျနော့်ခါးကို အသာလေးလှည့်ပြီး သူ့ခြေဖျားကို ကျနော့် ဒူးနဲ့ဆီးခံထားလိုက်တာ ဖြောင်းကနဲ အသံနဲ့အတူ မြင့်အောင် ထော့နင်းထော့နင်းနဲ့ နောက်ပြန်ဆုတ်သွားတော့တာပေါ့။ ကျနော်လည်း မှတ်လောက်သားလောက်ရှိအောင် ငိုက်နေတဲ့ သူ့မျက်နှာကို ဒူးစာဆက်ကျွေးမလို့ လုပ်တုန်း ကိုကျော်အေးက မြင့်အောင် နားထင်ကို သေနတ်နဲ့ထုတ်ချိန်ပြီး 'ဟော့ကောင်၊ မင်းမညစ်နဲ့၊ ပွဲပြီးပြီ' ဆိုတာနဲ့ ကိုယ်ရှိန်ပြန်သတ်ရသဗျာ။ ပွဲအစအဆုံး နှစ်မိနစ်တောင် မကြာလိုက်ဘူး ထင်ပါရဲ့ဗျာ။ အောင်မင်းကတော့ 'ဒါမှ ဒို့အစ်ကိုကွ' ဆိုပြီး ကျနော့်အင်္ကျီကို လေပေါ် ကို ပစ်တင် ဂုဏ်ပြုနေလေရဲ့။

ဒီရန်ပွဲပြီးလို့ နှစ်ပတ်လောက်ကြာတော့ ကျနော်နဲ့ အောင်မင်း ရန်ကုန်ကို ပြန်ဖို့စီစဉ်ရပါတော့တယ်။ မြင့်အောင်တို့ ရန်ကြောင့်မဟုတ်ပါဘူးဗျာ။ အောင်မင်း မူးပြီး ရမ်းချက်တွေက ကျနော်ပါ မခံစားနိုင်တော့လို့ ကြာရင် ကျနော့်လက်ချက်နဲ့ အောင်မင်းလည်း ကိုယ်ကျိုးနည်း၊ ကျနော်လည်း ခင်မာလာ့ ကြံရာပါဖြစ်တော့မယ်ဆိုတာ တွေးမိလို့ပါ။

ဘာဖြစ်လို့လဲ၊ ဟုတ်လား။ အောင်မင်းရဲ့ ခင်မာလာ အလွမ်းနာဟာ ပိုပို သည်းလာလိုက်တာ ကျနော့်ကိုပါ မချန်ပဲ၊ ဆက်ရမ်းလာလို့ အောင်မင်းနဲ့ ကျနော် တပွဲတလမ်း အကဲစမ်းခဲ့ကြရပြန်လို့ ပေါ့ဗျာ။ ဖြစ်ပုံက ဒီလိုဗျ။

■

## အခန်း (၇၄)

# နေဆီပျံမည့်ဝှက် (သို့) မုန်တိုင်းဇင်ယော်

နွေမိုးဆောင်း ရာသီစက်ဝန်းကား သူ့သဘောသူဆောင်ကာ လည်ပတ်မြဲပင်။ စခန်းခွဲဝန်းကျင် တမျှော်တခေါ် ကြည့်မဆုံးသော လယ်ကွင်းစိမ်းစိမ်းများပင် အဝါရင့်ရောင် ပြောင်းလာခဲ့ပါပြီ။ ထိုမှ တဆင့်တက်၍ စပါးရိတ်သိမ်းချိန် ရောက်လာသည်။ ရဲဘက်တို့ကား စိုက်ချိန်တန်လျှင် စိုက်၊ ရိတ်ချိန်တန်လျှင်ရိတ်၊ အလုပ်သံသရာလည်း လည်မြဲလည်လျက်ပင်တည်း။

သို့သော် စပါးရိတ်ချိန်ကား ခြောက်သွေ့ရာသီဖြစ်၍ စပါးစိုက်ချိန်နှင့် နှိုင်းစာလျှင် သက်တောင့်သက်သာလုပ်နိုင်သည့် အနေအထားဖြစ်၍ ရဲဘက်တို့ကားသီချင်းတကြော်ကြော်ဖြင့် ဇက်မပါ၊ နွားဗလာ၊ လက်ချည်းသက်သက် စပါးရိတ်ရင်းပြစ်မှုတွေကို ချွေးဖြင့် ပျော်ပျော်ကြီး ဆပ်နေကြလေသည်။ လယ်ကွင်းထဲတွင် စပါးရိတ်လိုက်၊ သူတို့ရိက္ခာအလို့ငှာ ကြွက်တွင်းတွေ လိုက်တူးလိုက်ဖြင့် လက်ရှိ အကျဉ်းသား ဘဝကိုပင် မေ့လျော့နေကြဟန်တကား။

ကောက်လှိုင်းပုံကြီးများကို စခန်းတာဝန်ခံ ဦးအေးနိုင် အိမ်နောက်မှာ တန်းစီပုံ ထားသည်။ မြည်စုံ လုံလောက်သောမြေဩဇာထည့်သွင်းစိုက်ပျိုးထားခြင်း မဟုတ်သော်ငြား သာမန် သဘာဝမြေဆီ မြေနှစ်ဖြင့်ပင် တဧကတင်း ၄၀ခန့်မျှတော့ ထွက်နိုင်သည်ဟု နိုင်ဝင်း ခန့်မှန်းသံ ကြားမိသည်။ စိုက်ပျိုးမြေကေအတိအကျကို ကျနော်မသိသော်ငြား ရိတ်သိမ်းထားသော ကောက်လှိုင်းပုံကြီးများမှာ စပါးတင်း ထောင်ချီထွက်မည်ဟု အလွယ်တကူခန့်မှန်းနိုင်သည်။ ထိုကောက်လှိုင်းပုံကြီးများရှိရာသို့ ဦးအေးနိုင် ညနေတိုင်းရောက်ရောက် လာတတ်သည်။ သူနှင့်အတူ ကိုသက်ခိုင်ရော၊ ကျနော်ပါ ပါသွားလေ့ရှိသည်။ စပါးအထွက်နှုန်း မည်မျှ ရှိမည်ကို လာရောက်ခန့်မှန်းနေပုံရသည်။

တခုသောညနေတွင် စခန်းတာဝန်ခံနှင့်အဖွဲ့ ကောက်လှိုင်းပုံကြီးများကို ကြည့်ရှုနေစဉ် ကိုသက်ခိုင်က ရုတ်တရက်ကောက်ခါငင်ခါ ဦးအေးနိုင်ကိုမေးလိုက်သည်။

'ခုအချိန် မိုးရွာရင် ဒီကောက်လှိုင်းတွေ ဘာဖြစ်သွားမလဲ ဆရာ'

ဦးအေးနိုင်က ရယ်မောလျက်

'ဟာ၊ ကိုသက်ခိုင်ကလဲ၊ နွေခေါင်ခေါင် ဘယ်ကမိုးက လာရွာရမှာလဲဗျာ'

'မဟုတ်ဘူး၊ ကျနော်မေးတာက မိုးရွာရင် ဒီကောက်လှိုင်းတွေ ဘာဖြစ်ကုန်မလဲ မေးတာပါ'

'ရေစိုပြီး အညှောင့်ပေါက်ကုန်မှာပေါ့'

'ဒါဆို စပါးကြိတ်လို့မရတော့ဘူးလား'

'ရတော့ရတယ်ဗျ၊ ဒါပေမယ့် မကောင်းတော့ဘူးပေါ့'

'ဒါဆိုရင် ဒီကောက်လှိုင်းတွေကို အမိုးအကာတခုခုနဲ့ ထားရင်ကောင်းမယ် ဆရာ'

'ဟာဗျာ၊ ဒီလောက်များတဲ့ ကောက်လှိုင်းပုံတွေကို ဘယ်လိုလုပ်အမိုးအကာနဲ့ထားနိုင်မလဲဗျ'

စခန်းတာဝန်ခံက စကားပြတ် လက်စတုံးပြောချလိုက်သော်ငြား ကိုသက်ခိုင်က လက်မလျှော့ချေ။

'ကျနော်ဆိုလိုတာက ဈေးပေါပေါ တာလပတ်လို အစမျိုးနဲ့ဖြစ်ဖြစ် ဖုံးအုပ်ထားနိုင်တာမျိုး စဉ်းစားစေချင်တာပါ'

ကျနော်က စကားမြန်မြန်ပြတ်ပါစေတော့ဟူသော ရည်ရွယ်ချက်ဖြင့် ကိုသက်ခိုင်ကို စခန်းတာဝန်ခံအနားမှ လက်တို့ပြီး ခေါ်လာရသည်။ သူ့တဲနားရောက်တာနီးမှာ ကျနော် စပ်စုလိုက်မိသည်။

'ကိုသက်ခိုင်ရယ်၊ ခင်ဗျားမလဲ ပူစရာမရှိ အပူရှာနေပြန်ပြီ၊ ဘာဖြစ်လို့လဲဗျ။ မိုးလေဝသဌာနက အချိန်အခါမဟုတ် မိုးရွာမယ်လို့ ရေဒီယိုက ကြေညာသလားဗျာ'

'မကြေညာပါဘူးဗျာ။ ဒါပေမယ့် ကျနော့်စိတ်ထဲမှာ မိုးငွေ့ရနေတယ်၊ တိတိကျကျပြောရရင် ကျနော့်နှာသီးအဝမှာ မိုးငွေ့လာရိုက်နေသလို ခံစားရတယ်'

'အော်၊ ခင်ဗျားက အကြားအမြင်တွေဘာတွေရနေပြီလားဗျာ'

'မနောက်စမ်းပါနဲ့ဗျာ၊ ကျနော့်စဉ်းစားပုံက တမျိုးဖြစ်နေတာနဲ့တူတယ်။ ခင်ဗျား စဉ်းစားကြည့်လေ၊ မိုးမရွာရင်တော့ ဟုတ်ပါပြီ၊ မိုးရွာရင် ဘယ်လိုလုပ်မလဲ ဆိုတာ အဖြေမရှိဘူး၊ မိုးဆိုတာမျိုးက တဆယ့်နှစ်ရာသီ ရွာတတ်တာမျိုးလေ၊ ဒီကောက်လှိုင်းပုံကြီးတွေ ရလာအောင် အကျဉ်းသားတွေ ချွေးတွေ၊ သွေးတွေ၊ အသက်တွေ ပေးထားရတာဗျာ။ ဘယ်နည်းနဲ့ဖြစ်ဖြစ် အကျိုးရှိ စေချင်တယ်၊ ရဲဘက်တွေအကျိုး၊ အကျဉ်းဦးစီးဌာနအကျိုး၊ တိုင်းပြည်အကျိုး တခုခု ရှိစေချင်တယ်၊ ယုတ်စွအဆုံး ထောင်ပိုင်အိတ်ကပ်ထဲပဲရောက်ရောက်၊ ထောင်မှူးအိတ်ကပ်ထဲပဲရောက်ရောက်၊ အရေးအကြီးဆုံး အချက်က အလဟဿ ဖြစ်မကုန်ဖို့လိုတယ်'

'အေးအေးဆေးဆေးနေစမ်းပါ ကိုသက်ခိုင်ရယ်၊ ခင်ဗျားဟာက ပူစရာမရှိ ကြံဖန်ပူသလို ဖြစ်နေတယ်'

သို့သော် ကိုသက်ခိုင်သည် လွယ်လွယ်နှင့်လက်မလျှော့ခဲ့ချေ။ တပ်ကြပ်ကြီး ဌေးအောင်၊ ဘောကြယ်ကြီး ဦးမြဖေ၊ တပ်ကြပ်ခင်မောင်ဌေးတို့ကို တာလပတ်စများ ရှာဖွေ စုဆောင်းထားရန် တတ်နိုင်သမျှ နားချစည်းရုံးခဲ့ပါသေးသည်။ သို့သော် စခန်းတာဝန်ခံကိုယ်တိုင် တုတ်တုတ်မလှုပ်သော ကိစ္စဖြစ်၍ မည်သို့မျှ အရာမရောက်ခဲ့ချေ။

ထိုသို့လျှင် ကောက်လှိုင်းပုံများ အမိုးအကာအောက်ရောက်ရေးကိစ္စမှာ ဤမျှနှင့်ပင် နိဂုံးတံခဲ့ရလေသည်။ သို့သော် အကြောင်းတိုက်ဆိုင်လေသည်လော၊ ကိုသက်ခိုင်ပင်အကြားအမြင်ရလေသလော ကျနော် မဝေခွဲနိုင်လင့်ကစား ကိုသက်ခိုင် သတိပေးပြီး ငါးရက်မြောက်နေ့ညနေတွင် ကြီးစွာသော မိုးကြီးရွာချ ပါလေတော့သည်။ ဆိုင်းမဆင့် ဗုံမဆင့် အငြိုးကြီးကြီးဖြင့် ရွာချလိုက်သော မိုးသည် တော်ရုံနှင့် စဲမည့် အရိပ်လက္ခဏာ မရှိချေ။

တဖြောင်းဖြောင်း ရွာချလိုက်သော သည်းထန်သည့် မိုးပေါက်များ အောက်တွင် စခန်းတာဝန်ခံ အပါအဝင် ဝန်ထမ်းများအားလုံးလိုလို ကောက်လှိုင်းပုံကြီးများ ရှိရာသို့ အပြေးအလွှားစုရုံးရောက်ရှိလာကြသည်။ ထုံးစံအတိုင်း ကိုသက်ခိုင်လည်း ရောက်လာသည်။ ရောက်သာ ရောက်လာကြသည်။ ကြိုတင်ပြင်ဆင်ထားမှု မရှိပါပဲလျက် ယခုအချိန်တွင်မှ မည်သူမျှ ဘာမျှတတ်နိုင်သည့်ကိစ္စ မဟုတ်ရကား ကောက်လှိုင်းပုံကြီး အောက်ခြေမှ အိုင်ထွန်းလာသော ရေများကို ဖောက်ထုတ်သော အလုပ်ကိုသာ စတီသဘော မင်းတိုင်းကျေလုပ်နေကြရလေသည်။ ဘာမှ မည်မည်ရရ လုပ်နိုင်ကြခြင်း မရှိပဲ အကျဉ်းဦးစီးဝန်ထမ်းများနှင့် တာဝန်ရှိ ရဲဘက်များ ဟိုပြေးဒီလွှား ပျာယာခတ်နေကြစဉ်

'တောက်'

ပြင်းထန်လွန်းသော ကိုသက်ခိုင်၏ တောက်ခေါက်သံကြောင့် သူနှင့် ကပ်လျက်ရပ်နေသော ကျနော်ပင် ရုတ်တရက်လန့်သွားသည်။ ပို၍ ထူးဆန်းသည်ကား စခန်းတာဝန်ခံ ဦးအေးနိုင်နှင့် အကျဉ်းဦးစီးဝန်ထမ်းများရှေ့တွင် ကိုသက်ခိုင်_'တောက်' ပြင်းပြင်းခေါက်လိုက်ခြင်းပင်တည်း။

တပ်ကြပ်ကြီး ဌေးအောင်လည်း အံ့တိတ်နေသည်။ မြင်းခြံထောင်မှ ပြောင်းလာသော တပ်ကြပ် ကိုခင်မောင်ဌေးကမူ 'ညွန့်ချုပ်ဆီ တိုင်လိုက်လို့ကတော့ကွာ၊ အကုန်ပြုတ်ပေါက်ပဲ'ဟု ခပ်ညစ်ညစ် အသံထွက်လာသည်။ ကိုသက်ခိုင်နှင့် အကျဉ်းဦးစီးဝန်ထမ်းတို့ကို ကြည့်ရသည်မှာ ကျောင်းသားများ ကျောင်းအုပ်ဆရာကြီးရှေ့ ရောက်နေသည့်ပုံစံ ဖြစ်နေသည်။

ကျနော် ကိုသက်ခိုင်ကို လှမ်းကြည့်လိုက်သောအခါ မိုးရေထဲက ကောက်လှိုင်းပုံကြီးများရှေ့တွင် တကိုယ်လုံး မိုးရေစိုရွှဲလျက်ကြွက်စုတ်ရေမွန်းသည့်ပုံစံဖြင့်ငူငူကြီးရပ်နေသည်။ ထောင်မှူးဦးအေးနိုင်ကား ကိုသက်ခိုင် တောက်ခေါက်သံကို မကြားသလိုလို ခပ်ငိုင်ငိုင် ရပ်နေလေသည်။တနာရီကျော်ခန့်မျှ မိုးရေထဲတွင် ရပ်နေပြီးနောက် ကိုသက်ခိုင် သူ့တဲဘက်သို့ ခြေလှမ်းကျဲကြီးများဖြင့် ပြန်ထွက်သွားသည်။ နာရီဝက်ခန့်အကြာတွင် ကျနော် ကိုသက်ခိုင် တဲရှိရာသို့ လိုက်သွားရာ သူ့ အနွေးထည် အပါးတထည် ဝတ်ထားပြီး ရေနွေးကြမ်း ထိုင်သောက်နေသည်။ ကျနော်က လေပြေကလေးဖြင့်

'ကိုယ့်ဆရာ၊ သတိလည်းထားအုံးလေ၊ ခင်ဗျားတို့ကျနော်တို့က အကျဉ်းသား ရဲဘက်တွေဗျ၊ တော်ကြာ ဒီကိစ္စဟာ အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်လာရင် ခင်ဗျားဘက်ကို ပြဿနာပြားဦးလှည့်လာအုံးမယ်နော'ဟု ချိန်ချိန်ဆဆ ပြောလိုက်ရာ သူ့ သက်ပြင်းရှည်ကြီးကို ဟင်းကနဲချလိုက်ရင်း

'ဟုတ်ပါတယ်။ လောကကြီးမှာ တခါတလေ ကြုံသိနေတာ တော်တော်ဒုက္ခကြီးတယ်။ ကျနော်ဖတ်ဖူးတဲ့ စာတပုဒ်မှာ မာကိုနီမပေါ်ခင် အနှစ်ငါးဆယ်လောက်က အင်္ဂလန်ပြည်သား၊ သားအဖနှစ်ယောက်ဟာ အဝေးက လွှင့်တဲ့အသံကို ဖမ်းလို့ရတဲ့နည်းကို တွေ့ရှိခဲ့ဖူးတယ်ဆိုပဲ။ နည်းကိုတွေ့ရုံတင်မကဘူး၊ မြို့နယ်ကောင်စီရုံးလို အများမြင်သာတဲ့ ရုံးရှေ့မှာတောင် လက်တွေ့စမ်းပြခဲ့သတဲ့။ လူတွေဟာ သိသိကြီး အသံလွှင့်တာကို ကြားရက်ကြီးနဲ့ အရူးတွေလို့ ဝိုင်းအော်တာ ခံခဲ့ရဖူးတယ်တဲ့။ နောက်ဆုံးတော့ အသံလွှင့်နည်းကို စတင်တီထွင်သူနာမည်စာရင်းဝင်ရမယ့် အဲဒီလယ်သမားဟာ သူ့တီထွင်မှုကို လုံးဝလှည့်မကြည့်တော့ပဲ ပစ်ထားလိုက်ပြီး သူမှတ်စုစာအုပ်မှာ ငါဟာ လက်ရှိခေတ်ရဲ့ အနှစ်ငါးဆယ် စောပြီး ရောက်နေတာ လို့ရေးထားခဲ့သတဲ့'

'ဟုတ်ရဲ့လားဗျ။ ခင်ဗျားဟာ ပေါက်ပေါက်ရှာရှာ လာပြန်ပြီ'

Stranger than science ဆိုတဲ့ စာအုပ်ကို ဘာသာပြန်ထားတာ ကျနော်ဖတ်ဖူးတယ်၊ အဲဒီ စာအုပ်မှာ သိပ္ပံပညာထက် ဆန်းကျယ်တာတွေကို ရှာဖွေစုဆောင်းပြီး ရေးပြထားတာ။ မူရင်းရေးသူရော၊ ဘာသာပြန်သူရော ကျနော်မေ့နေပြီ၊ သေချာတာတခုကတော့ အဲဒီစာအုပ်ရဲ့ ပထမဆုံးအခန်းက 'ဒေးဗစ်လင်း ဘယ်မှာလဲ' တဲ့။ အဲဒီအခန်းမှာအမေရိကန်ပြည် မြို့တမြို့က ဒေးဗစ်လင်းဆိုတဲ့

လူတယောက်ကို သူယောက်ဖက မြို့ထဲသွားဖို့ ကိစ္စတခုရှိလို့ သူ့အိမ်ရှေ့မှာ မြင်းလှည်းနဲ့စောင့်ပြီး လာခေါ်တယ်။ အဲဒီအချိန်မှာ ဒေးဗစ်ဇနီးက လျှော်ပြီးသား အဝတ်တွေကို လှန်းနေတယ်၊ ဒေးဗစ်လင်း ကလေးနှစ်ယောက်က အိမ်ရှေ့မြက်ခင်းမှာ ကစားနေကြတယ်။ ဒေးဗစ်လင်းဟာ မြင်းလှည်းရှိရာကို သူ့အိမ်ရှေ့မြက်ခင်းပြင်ပေါ်ကို ဖြတ်လျှောက်လာနေတုန်း ဗြုန်းဆိုသူ့ခန္ဓာကိုယ်ဟာ မီးထလောင်ပြီး ရုတ်ချည်း ပျောက်ကွယ်သွားခဲ့ဖူးတယ်လို့ ဆိုတယ်'

'ဟာဗျာ၊ မိုးကြိုးပစ်တာ မဖြစ်နိုင်ဘူးလားဗျ'

'တော်တော်ခက်ပါလားဗျာ၊ အဝတ်နေလှမ်းနေပါတယ် ဆိုကာမှ မိုးရွာချိန်ဖြစ်ပါ့မလားဗျ၊ အဲသလိုဖြစ်ပြီး ချက်ချင်းပဲ သူ့မိသားစုရော၊ သူ့ယောက်ဖပါ ဒေးဗစ်လင်း ပျောက်သွားတဲ့ နေရာကို ပြေးသွားပြီး ကြည့်လိုက်ကြတော့ ဒေးဗစ်လင်းရပ်နေခဲ့တဲ့ မြက်ခင်းပြင်မှာ လူတကိုယ်စာ ရပ်နိုင်လောက်တဲ့ မီးလောင်ရာ အဝိုင်းကွက်လေးတခုသာတွေ့သတဲ့။ အဲဒီ မီးလောင်ရာ မြက်ခင်းအဝိုင်းကွက်လေးထဲ ကနေ ဒေးဗစ်လင်းရဲ့ ညည်းညူသံသဲ့သဲ့ကိုလည်း ကြားနေရသတဲ့။ နောက်ပိုင်း အဲဒီမြို့က တာဝန်ရှိ သူတွေကိုယ်တိုင် မြေအောက်ဥမင်လိုဏ်ခေါင်းတွေ ရှိမရှိ လူအင်အား အမြောက်အမြားနဲ့ပိုင်းရှာ ပေးခဲ့ကြပေမယ့် နောက်ဆုံး လက်လျှော့လိုက်ရသတဲ့'

'ဟာ၊ တကယ့်ကို စိတ်ဝင်စားစရာပါလားဗျာ၊ ဆက်ပါဦးဗျ၊ နောက်ထပ် ဘာအကြောင်းတွေ ရေးထားသေးလဲဗျာ'

'ရော၊ ခင်ဗျားကို စာအုပ်ကြော်ငြာနေတာ မဟုတ်ဘူးဗျ။ ထပ်သိချင်ရင် အဲဒီ စာအုပ်ကို ရှာဖတ်ကြည့်ပေတော့။ စာအုပ်ကတော့ တော်တော်ရှားနေပြီ ထင်ပါရဲ့၊ ကျနော် ဆိုလိုချင်တာက လောကကြီးမှာ ကြုံသိနေတဲ့ ဒုက္ခနဲ့ အဖြေရှာမရတဲ့ ပဟေဠိတွေ ရှိနေသေးတယ် ဆိုတာကို ပြောချင်တာ'

'ခင်ဗျားပြောတဲ့ စာအုပ်ကို ရှာတော့ ရှာကြည့်အုံးမယ်ဗျာ။ ဒါနဲ့ အခု ကောက်လှိုင်းတွေ ရေစိုကုန်တဲ့ ပြဿနာကို ခင်ဗျား ဘယ်လို ဆက်လုပ်မတုန်း'

'ဘယ်လိုမှ ဆက်လုပ်လို့မရဘူး၊ ကျနော့်လုပ်ပိုင်ခွင့်လည်း မဟုတ်ဘူး၊ စောစောကတော့ ကြုံသိနေလျက်နဲ့ ဒီလို ဖြစ်ရလေခြင်းလို့ မခံစားနိုင်လွန်းလို့ တောက်ခေါက်လိုက်မိတာ။ အေးဗျာ၊ စိတ်ဆိုတာ လွှတ်ထားရင် မှားတတ်တာ များပါတယ်လေ၊ အောင်မင်းကိစ္စတုန်းကလည်း နောက်ဆုံး အဖြေကို သိနေလျက်နဲ့ ဒီလိုပဲ လက်ပိုက်ကြည့်ပြီးနေလိုက်ရတာ ပါပဲဗျာ'

'အော် ဟုတ်သားပဲ၊ အောင်မင်းကိစ္စက နောက်ဆုံးဘာဖြစ်သွားသလဲဗျ'

'သူ့သဘောသူဆောင်သွားတယ်လို့ပဲ ဆိုကြပါစို့ဗျာ'

'ဆောင်ပုံဆောင်နည်းလေး လင်းစမ်းပါအုံးဗျာ'

'အေးဗျာ၊ မိုးကလေးအေးအေးနဲ့ အောင်မင်းဇာတ်လမ်းလေး ရှေ့ဆက်လိုက်ကြတာပဲ ကောင်းပါလိမ့်မယ်။ ရေစိုနေတဲ့ ကောက်လှိုင်းပုံကြီးတွေအကြောင်းလည်း ခေါင်းထဲက ဖယ်ထုတ် ရင်းပေါ့' ဤသို့လျှင် ကိုသက်ခိုင်က သူ့ဇာတ်လမ်းရှည်ကြီးကို ရှေ့ဆက်ရန် အကြောင်းဖန် လာပြန် ပါသည်။

ရန်ကုန်ပြန်ခါနီးနေတော့ ကျနော်လည်း အောင်မင်းကိစ္စကိုခေါင်းထဲထည့်ရပြန်ရော။ ရန်ကုန် မှာ ခင်မာလာကို ကူညီပါ့မယ်လို့ ကျနော် ကတိပေးခဲ့တယ် မဟုတ်လား။ တကယ်တော့ ရန်ကုန်ကို ဒီအတိုင်းပြန်သွားရင် ခင်မာလာနဲ့ အောင်မင်းဇာတ်လမ်းဟာ ကျော်မကောင်း ကြားမကောင်း ဖြစ်တော့ မယ်ဆိုတာ ကျနော်သေချာပေါက် ကြိုတင်ခန့်မှန်း နိုင်ပါတယ်။ ဒီပုံစံအတိုင်း လက်မှိုင်ချရမယ့် အတူတူ ရှမ်းပလေးတချို့နဲ့ အကြံပေါင်းများစွာ မသိမသာ ချိတ်ဆက်ပေးခဲ့ပေမယ့် တွေ့တုန်း

ခဏစားပြီး မေ့ပစ်သဘောလောက်ပါပဲ၊ အောင်မင်းပုံကြည့်ရတာ တခြားဘယ်မိန်းမကိုမှ ခင်မှာလာ ထက် ပိုပြီး စွဲလမ်းပုံ မရပါဘူး။ နောက်တခုက သူ့သမီးလေး သံယောဇဉ်လည်း ပါကောင်းပါနိုင်ပါတယ်။

ဒါနဲ့ပဲ အချိန်ကလည်း သိပ်မရတော့ နောက်ဆုံးနည်းလမ်းအနေနဲ့ တဲ့တိုး ပြောတဲ့နည်းကို သုံးမယ်လို့ ဆုံးဖြတ်လိုက်ရပါတော့တယ်။ အခြားနည်းလမ်းမရှိလို့ ရွေးမဲ့သာရွေးရတယ်၊ တကယ်တော့ ဒီနည်းဟာ နည်းကောင်းတခု မဟုတ်တာတော့ သေချာတယ်ဗျာ။ ဘယ့်နှယ့်၊ သူများအိမ်ထောင်ရေးကို ဝင်ပြီး ဖြိုခွဲသလိုဖြစ်နေတာကလား။ ဒီတော့ တညနေ၊ ကျနော်တို့ ဆောက်လက်စတန်းလန်း အဆောက်အဦနဲ့ မလှမ်းမကမ်းက စားသောက်ဆိုင်မှာ သူနဲ့ ကျနော် နှစ်ယောက်တည်း အရက်ထိုင် သောက်နေကြတုန်း အောင်မင်း၊ မင်းပုံစံနဲ့ နောက်အိမ်ထောင်ပြုမယ် ဆိုရင် တကယ့်ဒိတ်ဒိတ်ကြဲ မိန်းမတွေ ရနိုင်တယ်ကွဆိုပြီး ကြံဖန် စကား စလိုက်မိပါတယ်။ ဒီတော့သူ ကျနော့်မိန်းမတွေ အများကြီး ကြုံဖူးပါတယ် အစ်ကိုရာတဲ့။ ဒါနဲ့ကျနော်လည်းအားတက်လာပြီး ဒါဆို မင်း နောက်အိမ်ထောင် ဆိုတာကို စိတ်မကူးမိဘူးလား၊ ကိုယ့်ကို တမျိုးတော့မထင်ပါနဲ့၊ ကိုယ်တို့မွေးခဲ့တဲ့ ရွာမှာဆို လင်ကွာ မယားကွာ ဆိုတာ ကြားတောင် မကြားဖူးတဲ့ အရာပါ၊ မင်းတို့ရန်ကုန်မှာက လင်ကွာ မယားကွာတွေ တယ်များ တာပဲ ဆိုပြီးငါးပယ်ထိုးလေးနဲ့ သွေးတိုးစမ်းကြည့်လိုက်ပါတယ်။

အောင်မင်းဟာ ဒီနေရာမှာ တော်တော်ပါးတယ်လို့ဆိုရပါမယ်၊ ကျနော့်ကို မျက်ထောင့်နီ ကြီးနဲ့ပြန်ကြည့်ပြီး 'ဘာလဲ အစ်ကိုက ကျနော့်ကို 'လာ'နဲ့ ကွဲစေချင်တာလား၊ ဘာသဘောလဲ' ဆိုပြီး ပြန်ပက်တာနဲ့ ကျနော်လည်း ရှေ့ဆက် မဟာရဲတော့ပဲ ငြိမ်နေလိုက်ရပါတယ်။

ကျနော်အဲသလို ပြောပြီးတဲ့နောက် အောင်မင်းဟာ သူ့အကြောင်းသူ ပြန်စဉ်းစားမိလေရော့ သလားတော့ မဆိုနိုင်ဘူး၊ သောက်တာ၊ ရမ်းတာပိုများလာပါတယ်။ လားရှိုးထောက်လှမ်းရေးက တပ်ကြပ်တယောက်နဲ့လည်း ငြိမလို ဖြစ်ပါသေးတယ်။ အမှန်တော့ အဲဒီအချိန်မှာ တနိုင်ငံလုံး မြန်ကြား ရေးရုံးအသစ်တွေ ဖွင့်တဲ့အချိန်။ တကယ်တော့ စာကြည့်တိုက်လိုလို၊ လူထုဆက်ဆံရေးရုံးလိုလိုသာ ဖွင့်ထားတာ။ တကယ်တော့ ထောက်လှမ်းရေးတွေ မသိမသာနေရာယူ ထားတာ။ အဲဒီ လားရှိုးမြန် ဆက်ရုံးက ထောက်လှမ်းရေးတပ်ကြပ်က ကျနော်တို့နဲ့ ဦးပေါက်ယူချမ်းအဖွဲ့ ဝင်ထွက်သွားလာနေတာ ကို စောင့်ကြည့်နေခဲ့တာ။ တနေ့ ကျနော့်တို့ အဆောက်အဦဆောက် နေတဲ့နေရာကိုလာပြီး တောင်မေး မြောက်မေး လျှောက်မေးနေတုန်း အောင်မင်းနဲ့ ငြိမလိုဖြစ်တာ။ ကျနော်က ဝန်ကြီးကိုယ်တိုင် ရေးပေး လိုက်တဲ့ ပုဂ္ဂိုလ်ရေးစာကို ထုတ်ပြလိုက်တော့ အဲဒီထောက်လှမ်းရေး ပါးစပ်ပိတ်သွားပါတယ်။

ကျနော်ကတော့ အောင်မင်းကိစ္စကို ထဲထဲဝင်ဝင်သိထားတော့ သူနေသာသလို နေပါစေ၊ ကျနော့်ကို လာပြီး ရမ်းရင်တောင် သည်းခံနေလိုက်ဖို့ ဆုံးဖြတ်ထားလိုက်ပါတော့တယ်။ ဖြစ်ချင် တော့ဗျာ၊ တညမှာ ရန်ကုန်ကနေ ကျနော့်ဆီကို လိုက်လည်တဲ့ ညီတော်မောင် သက်နိုင်နဲ့ အောင်မင်း သောက်ရင်း စားရင်း ငြိကြပါလေရော။ ငြိတာက ဟိုတယ်မှာ မဟုတ်ဘူးဗျ။ ကျနော်တို့ လက်စသတ် နေတဲ့ အဆောက်အဦထဲမှာ၊ ဘယ်ကဘယ်လို ငြိကြသလဲဆိုတာလည်း ကျနော် မပြောတတ်ပါဘူးဗျာ။

ကျနော်လည်း သူတို့ တယောက်တခွန်းစကားများနေတာ စကြားကတည်းက အပေါ်ထပ် ကို ယာယီလှေကားနဲ့တက်သွားပြီး အပေါ်ရောက်တာနဲ့ လှေခါးကို တွန်းချထားလိုက်ပါတယ်။ ဖုတ်တယ်လေ။ ကျနော့်ညီ သက်နိုင်ကလည်း သိပ်ပြောလို့ဆိုလို့ ကောင်းတာမှ မဟုတ်တာ။ အပေါ်ထပ်က ကုလားထိုင်မှာ ထိုင်နေရင်း သူတို့အပြန်အလှန် ကြိမ်းမောင်းနေရာက တဖြည်းဖြည်း ကျနော့်ကိုပါ ငါနဲ့ကိုင်တုတ်လာတဲ့အထိ ကျနော် အောက်မဆင်းဖြစ်ပါဘူး။ နောက်တော့ အောင်မင်းက ဓား တချောင်းကိုင်ပြီး ရမ်းပြန်ပါတယ်။ သက်နိုင်အတွက် စိတ်ပူပေမယ့် ကျနော် ဝင်ပါရင်မကောင်းဘူး၊ သူတို့ကိစ္စ သူတို့ဖာသာ ရှင်းပေ့စေဆိုတဲ့စိတ်နဲ့ ဘာတခွန်းမှ အသံမပေးပဲနေလိုက်တာ ပိုပိုဆိုးလာ

တယ်ဗျာ။ နောက်ဆုံး အဆောက်အဦအတွက် မြှုတင်းတံခါးတွေ ခွေတုန်းက စုပုံထားတဲ့ ရေပေါ် စာအပုံကြီးကို မီးရှို့ပြီး အဆောက်အဦးကိုပါ မီးတင်ရှို့မယ် လုပ်ပါလေရောဗျာ။

ရေပေါ် စာပုံကြီး မီးလောင်နေတာကို ကျနော်လှမ်းကြည့်နေပါသေးတယ်။ အောင်မင်းဟာ ဘေးက သစ်တိုသစ်စတွေပါပစ်ထည့်ပြီး တည်းခိုရိပ်သာကို မီးတိုက်ဖို့ပြင်ပါတော့တယ်။ အောင်မင်း ကြည့်ရတာ လူစိတ်ပျောက်နေပုံရတာမို့ မဖြစ်ချေဘူးဆိုပြီး အောက်ထပ်ကို ကျနော် ခုန်ဆင်းလိုက်ရပါတယ်။ တကယ်တော့ ကျနော်ခုန်ဆင်းတာဟာမီးမရှို့ဖြစ်အောင်တားဖို့ ခုန်ဆင်းလိုက်တာပါ။ ကျနော် မြေပေါ် ကို ဖုတ်ကနဲ ကျလာတာ အောင်မင်းမြင်တော့ဘယ်လိုစိတ်ကူးပေါက်သွားသလဲ မပြောတတ်ဘူးဗျာ။ ကျနော်ရှိရာကိုပြေးလာပြီး သူ့လက်ထဲက အသွားခြောက်လက္မကျော်လောက် ရှိတဲ့ ဓားမြှောင်နဲ့ ကျနော့်ကို ဝင်ထိုးပါလေရော။

သူလာနေတာကို ကျနော်လှမ်းမြင်နေပါတယ်။ ပါးစပ်ကလည်း မိုးမွှန်အောင် အော်ဟစ်ဆဲဆို နေတာကိုလည်းကြား၊ ဓားကိုလည်း မြင်လိုက်တော့ ကျနော်စိတ်ပေါက်သွားပါတယ်။ ချက်ချင်း ခြေနှစ်ဖက်ကို ကားပြီး သူ့ကို ရင်ဆိုင်လိုက်ပါတယ်။ ဒီလောက်တောင်ဖြစ်လှတာ ထိုးစမ်းကွာ ဆိုပြီး ရင်ကော့ပေးလိုက်တော့ သူက မူးမူးနဲ့ဇွတ်တိုးပြီး ထိုးပါတော့တယ်။ အမူးလွန်နေတော့ သူ့ဓားဟာ အားမပါလှပါဘူး။ တည့်တည့်ထိုးတာ ကျနော် လက်တဘက်မြှောက်ပြီး ဘေးကိုရှောင်ပေးလိုက်တော့ သူ့လက်ဟာ ကျနော့်ချိုင်းကြားကို ရောက်လာပါတယ်။ ချိုင်းကြားထဲက သူ့လက်ကို သေချာညှပ်ပြီး လိမ်ချိုးလိုက်တာ သူ့ဓားဟာ အောက်ကို လွတ်ကျသွားပါတော့တယ်။ ကျနော်လည်း စိတ်ပေါက်ပေါက်ရှိတာနဲ့ သူ့ဂုတ်ကနေကိုင်ပြီး မြေပေါ် မှာ တရှက်တိုက်ဆွဲ၊ ပြီးတော့ စောစောက သူရှို့ထားတဲ့ ရေပေါ် စာမီးပုံထဲကို တွန်းချပစ်လိုက်မိတော့တာပဲဗျာ။ သူ့ဆံပင်တွေရော၊ ဝတ်ထားတဲ့ နွေးထည်ပါမီးစွဲနေတုန်း စောစောက ဘယ်ချောင်မှာ ရှောင်နေမှန်းမသိတဲ့ ကိုကိုနိုင်က အောင်မင်းကို မီးပုံထဲကနေ ဝင်ဆွဲလိုက်လို့ မသေကောင်း မပျောက်ကောင်း ဆိုပါတော့ဗျာ။ ကျနော့်စိတ်ထဲတော့ သေလည်းအေးရော စိတ်ချဉ်ပေါက်မိတာ အမှန်ပဲဗျာ။

ဒီလိုသာ စခန်းဆက်သွားရင် အောင်မင်းဟာ ကျနော့်လက်ချက်နဲ့ တကြိမ်မဟုတ် တကြိမ် မဖြစ်သင့်တဲ့ပြဿနာမျိုးတွေ အကြီးအကျယ်တက်တော့မယ်ဆိုတာကိုစဉ်းစားမိတာနဲ့ သက်နိုင်ကို ချက်ချင်းရန်ကုန်ပြန်လွှတ်ပြီး နောက်တပတ်အကြာမှာ အောင်မင်းနဲ့ ရန်ကုန်ကို ပြန်ဆင်းလာခဲ့ပါတော့တယ်။ ဝ ငြိမ်းချမ်းရေးက ဦးမောင်ငယ်တို့လည်း ပါလာသပေါ့ဗျာ။ ရန်ကုန်ရောက်ပြီး နှစ်ရက်လောက်နေတော့ ဦးမောင်ငယ်တို့အဖွဲ့နဲ့ ကျနော်ဟာ မင်္ဂလာဒုံ ထောက်လှမ်းရေးအကွတပ်ကို ရောက်ခဲ့ပါတော့တယ်။ သေချာတာပေါ့ဗျာ။ လွန်ခဲ့တဲ့ ခြောက်နှစ်ဝန်းကျင်က ဆယ့်ခြောက်ရက်တာ ငရဲကျခဲ့တဲ့ ထောက်လှမ်းရေးအကူတပ်ပေါ့။ ကျနော့်ကို ဝငြိမ်းချမ်းရေး အဖွဲ့ရဲ့ရန်ကုန်တိုင်း စီးပွားရေး တာဝန်ခံအဖြစ် လွှဲပြောင်းပေးဖို့ တပ်မှူးနဲ့လာတွေ့ရတာပါပဲ။

အဲဒီအချိန်မှာ ထောက်လှမ်းရေးအကူ တပ်မှူးက ဗိုလ်မှူးသန်းထွန်း မဟုတ်တော့ဘူးဗျ။ ဗိုလ်မှူးသန်းကြိုင်ဖြစ်သွားပြီ။ ဗိုလ်မှူးသန်းထွန်းက ဗိုလ်မှူးကြီးတွေ ဘာတွေဖြစ်ပြီး လွန်ခဲ့တဲ့ နှစ်သန်းပေါင်း များစွာက ကျောက်ဖြစ်ရုပ်ကြွင်း ပရိုင်းမိတ်တွေကို ပုံတောင်ပုံညာဘက်မှာရှာဖွေပြီး လူသားအစ မြန်မာကလို့ သက်သေပြနိုင်အောင် ကြိုးပမ်းနေတာတီဗီတွေ သတင်းစာတွေမှာ တွေ့တွေ့ နေရတယ်။

ဗိုလ်မှူးသန်းကြိုင်က တလေးတစားကြိုဆိုငည့်ခံပြီး ကျနော့်မှာတပ်ပုံကပ်ထားတဲ့ ထောက်ခံစာ တစောင်ကို ထောက်လှမ်းရေးတံဆိပ်တုံးတွေ ထုပြီး ချက်ချင်း လုပ်ပေးလိုက်ပါတယ်။ ထောက်ခံစာ အတွက် ရုံးခန်းထဲမှာ သူတို့ အလုပ်ရှုပ်နေကြတုန်း ကျနော့်ရှေ့က ကော်ဖီခွက်ကိုကျော်ပြီး မြှုတင်း ပေါက်ကနေတဆင့် ဟိုးခပ်လှမ်းလှမ်းမှာရှိတဲ့၊ လတ်နက်တိုက်နဲ့ အချုပ်ခန်းတွဲလျက် အဆောက်အဦ

တွေဘာက်ကို ငေးပြီး အလွမ်းပြေ လှမ်းကြည့်လိုက်မိသေးတယ်ဗျ။ ဘယ်မေ့နိုင်ပါ့မလဲဗျာ၊ အချစ်လတ်လတ် ငရဲကျခဲ့တဲ့ နေရာမဟုတ်လား။

ဗိုလ်မှူးသန်းကြိုင်ကတော့ လွန်ခဲ့သော ၁၉၈၉ ခုနှစ်က ထောက်လှမ်းရေး အကျဉ်းသားဖြစ်ခဲ့ဖူးတဲ့ ဒီမိုကရေစီ ဘက်တော်သားတယောက်ဟာ အခုသူ့ရှေ့မှာ ဝငြိမ်းချမ်းရေးအဖွဲ့နဲ့ပေါင်းပြီး ရန်ကုန်တိုင်း စီးပွားရေးတာဝန်ခံဖြစ်နေတာကို ရိပ်မိပုံမပေါ်ပါဘူး။ အမှန်အတိုင်း ပြောရရင် ကျနော်ဟာ ကိုယ့်ကိုယ် ကို 'ငါဟာ ငွေနောက်ကို လိုက်နေတာ အလွန်အကျွံဖြစ်နေပြီလား'လို့ စဉ်းစားမိပြီး စိတ်ထဲမှာ သိပ် မလုံလှပါဘူး။ ရှက်သလိုလို၊ မဟုတ်တာ တခုခုလုပ်မိသလို ခံစားရပါတယ်။

သိပ်မကြာခင်မှာပဲ ဦးကျောက်အိုက်နပ်ကိုယ်တိုင် သူ့မိသားစုနဲ့အတူ ရန်ကုန်ကို ပေါက်ချလာပါတယ်။ သူ သမ္မတဟိုတယ်မှာ တည်းနေတော့ ကျနော်သွားတွေ့ပြီး သူ့မိသားစုကို ရန်ကုန်တိရိစ္ဆာန်ရုံ ငါးပြတိုက်ရှေ့က ဒေါ်လီဖင် စားသောက်ဆိုင်မှာ ညစာခေါ် ကျွေးပါတယ်။ အသက်ခြောက်နှစ်ကနေ ဆယ့်ငါးနှစ်လောက်အရွယ် သားသမီးလေးငါးယောက်ပါတဲ့ သူတို့မိသားစုဟာ ဘာဟန်ဆောင်မှုမှ မရှိပဲ စားကြသောက်ကြတာ တော်တော်ကို ပျော်စရာ မိသားစုပါပဲ။ မှတ်မိနေသေးတာက ဂဏန်းပြုတ်တွေ စားချင်တယ်ဆိုလို့ မှာကျွေးတော့ ထူးထူးဆန်းဆန်း သစ်သားစဉ်းတီတုံးလေးတွေနဲ့ သစ်သားတူလေးတစုံစီ ချပေးသဗျ။ တူဆိုတာ ထမင်းဟင်း ညှပ်စားတဲ့ တူမဟုတ်ဘူးဗျာ။ ဂဏန်းကို ထုခွဲလို့ရအောင် သစ်သားကို တင်းပုတ်ပုံစံလေး လုပ်ထားတာဗျ။ အဲဒီစဉ်းတီတုံးတွေနဲ့ တင်းပုပ်လေးတွေကို သုံးပြီး သူတို့မိသားစု ဂဏန်းထုလိုက်ကြတာ တဆိုင်လုံးကို ဆူညံနေတော့တာပဲဗျာ။ အဲဒီစားသောက်ဆိုင်မှာပဲ ဦးကျောက်အိုက်နပ်က သူယူလာတဲ့ ပစ္စည်းများတွေနဲ့ ကျောက်စိမ်းတွေကို ရန်ကုန်မှာ ရောင်းဖို့ ကျနော့်ကို အကူအညီ တောင်းလာပါတယ်။ ကျနော်လည်း ကျနော့်မှာရှိတဲ့ အဆက်အသွယ် တချို့နဲ့ အရောင်းအဝယ်ဖြစ်အောင် တိုက်ရိုက်ချိတ်ဆက်ပေးလိုက်ပါတယ်။ ဘာပွဲခမှ မယူလိုက်ပါဘူးဗျာ။ လားရှိုးမှာ ကျနော့်အပေါ် ကောင်းခဲ့တာတွေ ရှိတယ် မဟုတ်လား။

ဦးကျောက်အိုက်နပ်ကတော့ ငါးရက်လောက်နေပြီး လားရှိုးကို ပြန်သွားပါတယ်။ မပြန်ခင်မှာ စီးပွားရေး ခွင့်ကြီးကြီး ရအောင်ရှာဖို့၊ ဘယ်လောက်အကောင်ကြီးကြီး ဝင်ဖို့ထွက်ဖို့လိုရင်၊ ဘာမဆိုလိုတာရှိရင် အားမနာတမ်း ဖုန်းလှမ်းဆက်ဖို့ မှာသွားလေရဲ့ဗျာ။ ကျနော်ဟာ ကိုယ့်ဘဝကိုကိုယ် မကြာခဏပြန်ပြီး ဆန်းစစ်ကြည့်ခဲ့ဖူးပါတယ်။ အထူးသဖြင့် ကျနော် ဘယ်အရာကို မျှော်မှန်းပြီး ကြိုးစားရုန်းကန်နေသလဲ ဆိုတာကိုပါပဲ။ ကျနော်ဟာ အပေါ် ဆုံးမှာ ဘာရှိမှန်းမသိပဲ အမြင့်ကိုသာ ရောက်ချင်ဇောနဲ့ စွတ်တက်နေတဲ့သူလို ဖြစ်နေပါတယ်။ တဆင့်ပြီးတဆင့် ပိုပိုမြင့်တဲ့တန်းတွေကို ကျော်ပြီးရင်းကျော်နေတဲ့ တန်းမြင့်ခုန်သမားတယောက်လို ဖြစ်နေခဲ့ပါတယ်။ သေချာပေါက်ပြောနိုင်တာက ကျနော်ဟာ ငွေတခုတည်းကို လောဘဇောတိုက်နေခဲ့တာတော့ မဟုတ်ဘူး။ ခက်ခက်ခဲခဲ အလုပ်တွေကို လုပ်ပြချင်နေတာ၊ အခက်အခဲတွေကို ကျော်လွှားပြချင်နေတာဆိုတာ တဖြည်းဖြည်း ထင်ရှားလာပါတယ်။ ခက်တာက ကျနော်ဟာ အဆုံးမရှိတဲ့ လမ်းခရီးရှည်ကြီးကို လျှောက်နေမိသလိုပါပဲ။

ကျနော့်စရိုက်နဲ့ပတ်သက်လို့ ကျနော့်အသိမိတ်ဆွေတွေက မှတ်ချက်အမျိုးမျိုး ပေးခဲ့ကြဖူးပါတယ်။ ဆရာအတတ်သင်တုန်းက ချင်းတွင်းဆောင်တဆောင်တည်းနေခဲ့တဲ့ တွဲဖေးက ကိုတင်ဦးဆိုရင် 'သက်ခိုင် မင်းလိုကောင်မျိုး တိုင်းပြည်ခေါင်းဆောင်ဖြစ်လာရင် စောစောစီးစီး ပစ်သတ်ခံရမှာပဲ'တဲ့။ သူ့မှတ်ချက်အရ ကျနော်ဟာ နောက်လိုက်တွေ လှည့်မကြည့်ပဲ တယောက်တည်းသဘောနဲ့ ထင်တိုင်းကြဲတတ်လို့ ထင်ပါရဲ့ဗျာ။

ကျနော်ဆယ်တန်း အောင်ပြီးချိန်မှာ ကမာရွတ်ဘူတာရုံလမ်း ပပဝင်းဓာတ်ပုံတိုက်က မင်းသားကြီး ကောလိပ်ဂျင်နေဝင်းနဲ့ တော်တော်တူတဲ့ ဓာတ်ပုံဆိုင်ပိုင်ရှင် ဦးလေးကြီးကို ကျနော့်ဘဝ

ရှေ့ရေး ရည်မှန်းချက်တွေအကြောင်း စကားစပ်လို့ ပြောပြမိတော့ သူ့ ကျနော့် စကားအဆုံးမှာ

'ဟ သက်ခိုင်၊ မင်းပြောနေတဲ့ စကားတွေဟာ လက်ရှိ မင်းအသက်ထက် ဆယ်နှစ်လောက် ကြီးကျယ်နေတယ်'ဆိုပြီး မှတ်ချက်ချဖူးသေးသဗျ။ ကျနော့်ကို ချစ်ကြောက်ရှိသေနေတဲ့ ကျနော့်ညီ အရင်းတယောက်ရဲ့ မှတ်ချက်ကတော့ ကိုကြီးသက်ခိုင်၊ ဘာကိုမျှော်မှန်းပြီး ဘာတွေကို ဘယ်လိုလုပ် တယ်ဆိုတာ စဉ်းစားလို့ကို မရဘူး ဆိုပဲ။

နောက်တယောက်ရဲ့ မှတ်ချက်လည်း ရှိသေးသဗျာ။ သူကတော့ ဒုတိယဗိုလ်ချုပ်ကြီး အေးသောင်ရဲ့ ကိုယ်ရေးအရာရှိ ဗိုလကြီးကျော်ဇောပဲ။ သူ့ ကျနော်နဲ့သိပ်ရင်းနှီးနေတော့ ကျနော့် လုပ်ပုံကိုင်ပုံတွေကိုကြည့်ပြီး 'ကိုသက်ခိုင်၊ ခင်ဗျားဟာ ကျနော်တို့တပ်ထဲမှာ ဗိုလ်ဖြစ်လာရင် စောစော စီးစီးတိုက်ပွဲမှာကျရင်ကျ၊ မကျလို့ကတော့ ရင်ဘတ်ရော ကျောကုန်းမှာပါ တံဆိပ်မျိုးစုံချိတ်ရမဲ့ လူစားပဲ' တဲ့။

အခုလည်း ကျနော်ဟာ ဘဝမှာ အထိုက်အလျောက် ပြည့်စုံအောင်မြင်နေခဲ့ပါပြီ။ ကိုယ်ပိုင် ကားတွေ၊ခြံတွေ ရှိသင့်တာ ရှိနေပါပြီ။ ဒါပေမဲ့ ကျနော့်စိတ်ထဲမှာ ရှာဖွေထားသမျှနဲ့ အငြိမ့်သား ထိုင်ပြီး စည်းစိမ်ခံလိုက်မယ်ဆိုတဲ့ စိတ်ကူးမျိုး တခါမှ မပေါ်ခဲ့ပါဘူး။ ဘဝဆိုတဲ့ တိုက်ပွဲကို ရှေ့ဆက် တိုက်ဖို့သာ စိတ်စောနေသလိုပါပဲ။ အခု ငြိမ်းချမ်းရေးအဖွဲ့ရဲ့ ရန်ကုန်တိုင်း စီးပွားရေးကိုယ်စားလှယ် အဖြစ် ကျနော့်ကြံရည်ဖန်ရည်နဲ့ဆို လက်ဖျားငွေသီးပြီး ဒိတ်ဒိတ်ကြဲအဆင့်မှာ နေနိုင်တော့မှာ သေချာ ပေမဲ့ အချောင်ရတဲ့ နေရာလိုမျိုး ခံစားရတာကြောင့် သိပ်ပြီး အရသာမတွေ့လှသလိုပဲဗျာ။ ကျနော်ဟာ ရှုပ်ရှုပ်ထွေးထွေးဘဝမှာ ပြဿနာနဲ့ပျော်နေတတ်တဲ့ကောင် ထင်ပါရဲ့။

ဗျာ၊ အောင်မင်းကိစ္စလား။ ဟုတ်ပါရဲ့ဗျာ။ ကိုယ့်ကိုယ်ကိုဖော် မသူတော်လုပ်နေတာနဲ့ အောင်မင်း ဇာတ်လမ်းတောင် ဘယ်ရောက်သွားပါလိမ့်။ အောင်မင်းဇာတ်လမ်းက ညောင်ညိုပင် လမ်းခွဲကို ရောက်သွားပြီဗျ။ ဒီလို၊ ဒီလို။

■

## အခန်း (၇၅)

# တွေ့တွင်းနောက်ဆုံး အမှန်းမှတ်တိုင်

ကျနော်ရန်ကုန်ရောက်ပြီး နှစ်ပတ်လောက်အကြာ၊ တနေ့နေ့လည် နှစ်နာရီလောက်မှာ ကျနော့်ရုံးခန်းကို အောင်မင်းဟာ သူ့ယောက်ဖဝင်းမြင့်နဲ့အတူ ပေါက်ချလာပါတယ်။ မျက်စေ့မျက်နှာလည်း တော်တော်ပျက်နေရှာပါတယ်။ သူ့ကြည့်ရတာ ကျနော်နဲ့ နင်ပဲငဆ ဖြစ်ခဲ့တာတွေလည်း မေ့မေ့ပျောက်ပျောက်ပုံစံပါပဲ။

သူ့ ရုံးခန်းကို ရောက်ရောက်ချင်း ထိုင်တောင်မထိုင်သေးပဲအကိုု ကျနော့်ကို အရက်တိုက်စမ်းပါဗျာ ဆိုပြီးအချိန်မဟုတ်အခါမဟုတ် နားပူပါလေရော။ ကျနော်က ဟ မင်းဥစ္စာ နေ့ခင်းကြောင်တောင်ကြီး သောက်တော့ မလို့လားမေးတော့ ဘာမှပြန်မဖြေပဲ ငူငူကြီးထိုင်နေပါတယ်။ သူ့ယောက်ဖဝင်းမြင့်က ကျနော့်ကို ရုံးခန်းနောက် မသိမသာခေါ် ပြောလို့သိရတာက၊ အဲဒီနေ့ မွန်းတည့်ချိန်လောက်မှာ သူနဲ့အောင်မင်း ကိုခင်ဝင်းရုံးခန်းကို ရောက်သွားတော့ ခင်မာလာနဲ့ကိုခင်ဝင်းကို ရုံးခန်းထဲမှာ မတော်တရော် ပက်ပင်းတွေ့ခဲ့ရလို့ဆိုပဲ။ အောင်မင်းက တွေ့တွေ့ချင်း ဘာမပြောညာမပြော လှည့်ထွက်လာရာက ကျနော့်ရှမ်းစုရုံးခန်းကိုရောက်လာခဲ့တယ်လို့ ဆိုပါတယ်။ ပုံစံကို အကဲခတ်ရတာ ခင်မာလာဟာ ကျနော့်ကို အားကိုးနေလည်း အပိုပဲဆိုပြီး နောက်ဆုံးနည်းတွေသုံးပြီး ပြောင်စစ်ကြေညာဖို့တိုက်တော့မယ့် အခင်းအကျင်းလို့ထင်မိတာပါပဲ။

ကျနော်လည်း အောင်မင်းနဲ့ဖြစ်ခဲ့သမျှ မေ့ထားပြီး သူစိတ်ချမ်းသာပါစေတော့ ဆိုတဲ့စိတ်တခုနဲ့ပဲ ရွှေလမင်းဘားထဲ ခေါ် သွားပြီး ပြုစုလိုက်ပါတယ်။ အပြန်မှာ ကျနော်ကိုယ်တိုင် ကားပေါ် လိုက်တင်ပေးပြီး ဒီနေ့ မင်းအမေအိမ် တညလောက် ပြန်အိပ်ရင်ကောင်းမယ်၊ လင်မယား စိတ်ကတောက်ကဆဖြစ်တုန်း ခဏခွဲနေလိုက်တာ အကောင်းဆုံးပဲလို့ သေချာမှာလိုက်ပါတယ်။ အောင်မင်းဆိုတဲ့ မောင်ကတော့ဗျာ၊ သေချာမှာလိုက်ကာမှ ပြဿနာကို ရှာဖြစ်အောင် ရှာသေးတယ်ဗျာ။ အဲဒီညကျနော်အိမ်ပြန်ရောက်လို့ နာရီဝက်တောင် မရှိသေးပါဘူးဗျာ၊ သန်လျင်ကနေ ခင်မာလာ ဖုန်းဆက်လာပါလေရော။

'ကိုသက်ခိုင်၊ ကိုအောင်မင်းကို ဘယ်လောက်များ တိုက်လွှတ်လိုက်သလဲ၊ အခုအောင်မင်း အိမ်ရှေ့မှာ လာရမ်းနေလို့ ရဲက လာဖမ်းသွားပြီ'တဲ့။ ရော၊ အမှုက ကိုယ့်ဘက်ပြန်ပတ်လာပါပကောဗျာ။ နောက်နေ့မနက် အောင်မင်း ခံဝန်နဲ့ ပြန်ထွက်လာတော့မှ အကြောင်းစုံသိရတာက မနေ့ညက သူ့အမေ အိမ်မပြန်ပဲ ခင်မာလာငှားထားတဲ့ တောင်လုံးပြန်ရပ်ကွက်က အိမ်ကို သွားတော့ ခင်မာလာ သူ့မိဘတွေ ရှိတဲ့ သန်လျင်ကို ပြန်သွားတာသိရသတဲ့။ ဒါနဲ့ တောင်လုံးပြန်ကနေ သန်လျင်ကို ဆက်လိုက်သွားပြီး သူ့ယောက္ခမတွေအိမ်ရှေ့မှာ မြဲစည်းရိုးတွေရိုက်ချိုးပြီးရမ်းသတဲ့ဗျာ။ အောင်မင်းတပ်တဲ့ ရမ်းရခြင်း အကြောင်းရင်း ခေါင်းစဉ်ကတော့ သူနဲ့ခင်မာလာ မကွဲကွဲအောင် သူ့ယောက္ခမတွေက ပူးပေါင်း ကြံစည်မှုတဲ့။ နောက်တော့ ယောက္ခမတွေ အသည်းစွဲဖြစ်နေတဲ့ သူ့သမီးလေးကို သူနဲ့ ထည့်လိုက်ဖို့ လည်း အရေးဆိုသတဲ့။ အောင်မင်းပြောတာ ကျနော်နားထောင်ကြည့်တော့ ခင်မာလာ့ကို အောင်မင်း က တချက်မှ အပြစ်မဆိုတာကို သတိထားမိသဗျ။ အော်၊ လူတကာကိုလိုက်ရမ်းနေတဲ့ အောင်မင်း တယောက် ခင်မာလာဘက်ကို မရမ်းရဲပဲ ကုပ်နေပါရော့လား လို့ တွေးမိပါတယ်။

ကျနော်ကတော့ ပြဿနာဟာ လွယ်လွယ်နဲ့ ရှင်းလို့ရမဲ့အဆင့်မဟုတ်ဘူးဆိုတာ သိနေတာနဲ့ အောင်မင်းကို အကြံပေးတာ၊ ဆွေးနွေးတာ ဘာမှ မလုပ်တော့ပါဘူး။ သူပြောတာ ငြိမ်ပြီး နားထောင် နေလိုက်တာပါပဲ။ ဒါပေမယ့်ဗျာ၊ အောင်မင်းဟာ ကိုမြင့်ဒွေးနဲ့ အဖွဲ့ကျပြီး မိုးလင်းတာနဲ့ ကျနော့်ရုံးကို ရောက်ရောက်နေပါတော့တယ်။ တခါတခါမူးလာရင် ခင်ဝင်းကို အပြတ်ရှင်းမယ် ဆိုပြီး ကျနော့်ရှေ့မှာ မျက်ရည်တစမ်းတစမ်းနဲ့ ဓားကြိမ်းကြိမ်းနေပြန်ပါတယ်။ ကျနော့် လက်စွဲတော် လူ့မိုက်တွေကိုလည်း တဖက်လှည့် စည်းရုံးသလိုလို လျှောက်လုပ်နေပြန်ပါတယ်။ တကယ်တမ်း ပြောရရင် အောင်မင်းကို ကျနော်သနားမိပါတယ်။ သူခံစားနေရတဲ့ ဒုက္ခကိုလည်း ကိုယ်ချင်းစာနိုင်ပါတယ်။ မိသားစု မခွဲမခွာ နေလိုတဲ့ ဆန္ဒကို ကျနော် နားလည်နိုင်ပါတယ်။ ခက်နေတာက အမှားအမှန်ကို ဝေခွဲနိုင်တဲ့ ဉာဏ်ပညာ ချို့တဲ့မှုနဲ့ မတည်ငြိမ်တဲ့ သူ့စိတ်ပါပဲ။

တကယ်တော့ အဲဒီအချိန်မှာ ခင်မာလာနဲ့ခင်ဝင်းသတင်းဟာ ရန်ကုန်ပန်းဆိုးတန်းတဝိုက်မှာ မကြားဖူးသူ မရှိသလောက် ဖြစ်နေပါပြီ။ နိုင်ငံကူးလက်မှတ်ထုတ်ပေးတဲ့ နေရာတဝိုက်မှာ ပြောင်ပြောင် တင်းတင်း တွဲသွားတွဲလာ လုပ်နေကြပါပြီ။ ကျနော်ကိုယ်တိုင်တောင် နှစ်ကြိမ်လောက် သူတို့ နှစ်ယောက် တွဲလျက် မျက်နှာချင်းဆိုင် ဆုံခဲ့ပါသေးတယ်။ ခင်မာလာကတော့ ခင်ဝင်းကို ကျနော်နဲ့ ပြောင်ပြောင်ပဲ မိတ်ဆက်ပေးပါတယ်။ ကိုခင်ဝင်း ကမ်းပေးတဲ့ လက်ကို ဆွဲယူလှုပ်ရမ်းရင်း သူ့မျက်နှာကို လှမ်းကြည့်ပြီး ယောက်ျားတို့ တတ်အပ်သော အတတ်ပညာ ကိုယ်စီနဲ့ အသံတိတ်အမေးအဖြေ လုပ် လိုက် မိပါတယ်။ ကျနော့်စိတ်မှာ ကိုခင်ဝင်းက 'ရက်စ်' လို့ ဖြေတယ်လို့ အဓိပ္ပါယ်ထွက်ပါတယ်။ မှားချင်လည်း မှားပေမပေါ့။ သို့သော် ဒီဇာတ်လမ်းကြီးဟာ ကျနော့်အတွက် အဖြေထွက်နေခဲ့ပါပြီ။ သွေးထွက်သံယို ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် အရှက်တကွဲ အကျိုးနည်းဖြစ်၊ ဘယ်ဘက်ကတွက်တွက် စိတ်နှလုံးမချမ်းမြေ့စွာနဲ့ နိဂုံးချုပ်ဖို့သာ ရှိပါတော့တယ်။ ခင်မာလာဟာ နောက်ဆုတ်ဖို့ မစဉ်းစားတော့ တာလား၊ ဘယ်အရာကိုမဆို ကျော်ဖြတ်ရင်ဆိုင်တော့မယ်လို့ ဆုံးဖြတ်လေသလားတော့ မသိပါဘူး။ ကျနော့်ကို ကိုခင်ဝင်းနဲ့ မိတ်ဆက်ပေးပုံက 'ဒါ ကျွန်မနောက်ထပ်ယူမယ့် ယောက်ျားပဲ' လို့ အသိပေးတဲ့ ပုံစံဖြစ်နေပါတယ်။ ကျနော် ဘာများတတ်နိုင်မလဲဗျာ။

ခင်မာလာ ဒီလိုအချိုးချိုးလေ၊ အောင်မင်း ပိုပိုပေါက်ကွဲလေပေါ့ဗျာ။ ခင်မာလာက တောင်လုံးပြန်အိမ်မှာလည်း မနေတော့ပဲ သန်လျင်က သူ့မိဘတွေအိမ်ကို ပြောင်းနေပါတယ်။ အောင်မင်းကတော့ ခင်မာလာကို တွေ့ချင်ရင် ပန်းဆိုးတန်းတဝိုက်မှာ ယောင်လည်လည်နဲ့ လျှောက် လုပ်နေတာပါပဲ။ ထူးဆန်းတာက အောင်မင်းဟာ ခင်မာလာကို လူရှေ့သူရှေ့မှာ ပွဲမကြမ်းရဲဘူးဆိုတာ

ပါပဲ။ နောက်တချက်က ခင်မာလာ့မောင် ဝင်းမြင့်နဲ့အောင်မင်းက တတွဲတွဲလုပ်နေတာဆိုတော့ ဝင်းမြင့်က အလိမ္မာနဲ့ထိန်းနေတာလည်း ဖြစ်နိုင်ပါတယ်။ ဇာတ်လမ်းက ရှုပ်သထက်ရှုပ်လာတာကို ဝင်းမြင့်ကိုယ်တိုင် ကျနော့်ကို ဝန်ခံဖူးပါတယ်။ ကိုသက်ခိုင်ရာ၊ မာလာနဲ့ကျနော်က မောင်နှမဝမ်းကွဲသာပြောရတယ်။ ကျနော့်ဩဇာ မညောင်းဘူး။ မာလာက လုပ်လိုက်ရင် တဇွတ်ထိုးချည်းပဲ။ ကျနော်လည်း မပြောသာဘူး ဖြစ်နေတယ်။ ဒီကောင်မလေး ဘာတွေလျှောက်လုပ်နေတယ်ဆိုတာ ကျနော်လည်း မစဉ်းစားတတ်တော့ဘူးဆိုပဲ။

ဒီလိုနဲ့ ခင်မာလာက အောင်မင်းကို အတွေ့မခံ၊ အောင်မင်းကလည်း သန်လျင်မှာ မြေချုပ်ခံဝန်သဘောမျိုး လုပ်ထားရတော့ ယောက္ခမအိမ် သွားရမ်းဖို့ကလည်း မဖြစ်နိုင်၊ ခင်ဝင်းနဲ့ ခင်မာလာကလည်း နှစ်ယောက်တည်း နေချင်တယ်ဆိုတဲ့ ဇာတ်ကို ဆက်က။ နောက်ဆုံးတော့ အောင်မင်း ကျနော့်ရုံးမှာ နေ့ရောညရော လာမူးနေတာသာ အဖတ်တင်ပါတယ်။ နောက်ပိုင်းတော့ အောင်မင်း ခံယူချက်တမျိုး ပြောင်းလာပြန်ရော။ အဲဒါက သူ့သမီးလေးကို သူနဲ့ခေါ်ထားချင်တယ် ဆိုတာပဲဗျာ။ ခင်မာလာနဲ့ ကွဲချင် ကွဲပစေတော့။ လင်မယားကွဲရင် သမီးလေးရဲ့ အုပ်ထိန်းသူအဖြစ် သူ့လက်ထဲကို သူ့သမီး ရောက်အောင် လုပ်ပေးပါလို့ ကျနော့်ကို နားပူပြန်ပါတယ်။

တကယ်တော့ ဒါလည်း ဖြစ်နိုင်ချေအလွန်နည်းပါတယ်။ ထုံးစံအားဖြင့် သမီးမိန်းကလေးကို ထိန်းသိမ်းစောင့်ရှောက်ခွင့်ဟာ မိခင်သာ ရဖို့များပါတယ်။ ခင်မာလာ့ စာရိတ္တနဲ့ပတ်သက်လို့ အလွန်ခိုင်မာတိကျတဲ့ အထောက်အထားတွေ လိုပါတယ်။ ဒီလို အထောက်အထားရဖို့ ဆိုတာကလည်း မလွယ်ကူတဲ့ ကိစ္စပါ။ အခြေအနေအားလုံးကို အောင်မင်းကို ရှင်းပြတော့ သူက ခပ်ငူငူကြီး ငိုင်ဆင်းသွားပါတယ်။ လက်တွေ့အခြေအနေနဲ့ စဉ်းစားကြည့်ရင်လည်း လက်ရှိ စီးပွားရေးအနေအထား၊ အောင်မင်းရဲ့စရိုက်နဲ့ အောင်မင်းဟာ သူ့သမီးလေးကို လူတလုံး သူတလုံး ပြုစုပျိုးထောင်ဖို့ လွယ်ကူတဲ့ ကိစ္စတော့ မဟုတ်ပြန်ပါဘူး။

အားလုံးကို ခြုံငုံကြည့်လိုက်ရင် အောင်မင်းက ခင်ဝင်းနဲ့ခင်မာလာကို သတ်ရင်သတ်၊ ဒါမှမဟုတ် ခင်ဝင်းနဲ့ ခင်မာလာက အောင်မင်းကို လက်စတုံးရင်တုံး၊ ဒီနှစ်လမ်းပဲ ကျန်ပါတော့တယ်။ တခုသောနေ့မှာတော့ အောင်မင်းဟာ သူ့အမေနဲ့အတူ ကျနော့်ရုံးခန်းကို ရောက်လာပြန်ပါတယ်။ အောင်မင်းအမေက ပိန်ပိန်ပါးပါးနဲ့ စဉ်းစားတွေးတော တတ်ပုံ ရပါတယ်။ ဦးသက်ခိုင်ရယ်၊ ကျမသားကို ဒီကလေးမလေးနဲ့ တရားဝင်ကွာရှင်းနိုင်အောင် ကူညီပေးစေချင်ပါတယ်တဲ့။ ကျနော်လည်း ပြောမထွက်လို့သာနေရတာ၊ ဒီနည်းလမ်းဟာ နာကျင်မှုရှိပေမယ့် အကျအဆုံးအနည်းဆုံးလမ်းဆိုတာ သဘောပေါက်နေပါတယ်။ ဒါပေမယ့် အောင်မင်းစိတ်ကိုသိနေတဲ့ ကျနော်က အစ်မကြီးရယ် ကွာတာရှင်း တာကို ကျနော် လိုက်ကူညီပေးနိုင်ပါတယ်။ အစ်မကြီးသား စိတ်ပိုင်းဖြတ်နိုင်ဖို့သာ လိုရင်းပါ။ သူ့ကိုသာ ထပ်ပြီးမေးပါအုံးလို့ တိုတိုပဲ ပြန်ချည်လိုက်ရပါတယ်။ အောင်မင်းကတော့ ထုံးစံအတိုင်း ခေါင်းကြီး ငိုက်စိုက်နဲ့ပေါ့။

နောက်ဆုံး အောင်မင်းဟာ သူ့အမေနဲ့ ကျနော့်ရုံးခန်းကို သုံးလေးကြိမ်ပေါက်လာပြီးတဲ့နောက် အောင်မင်းဟာ အထိုက်အလျောက် တည်တည်ငြိမ်ငြိမ်ဖြစ်လာပါတယ်။

'အစ်ကို၊ ကျွန်တော့်အတွက် မိန်းမမရှားပါဘူး အကိုရာ၊ ကျနော် 'လာ့'ကို ကွာလိုက်တော့မယ်။ သမီးလေးကို နောက်ပိုင်းမှာ ကျနော်နဲ့ တင့်တောင့်တင့်တယ်ခေါ် ထားနိုင်ဖို့ ကျနော်ကြိုးစားမယ်။ အဲဒီအချိန်ကျလာရင် တရားရုံးကနေ စကားပြောမယ်တဲ့။

ကျနော်လည်း သက်ပြင်းရှည်ကြီးချပြီး ကူညီပေးမယ်လို့ ခေါင်းညိတ်လိုက်ပါတော့တယ်။ ကျနော့်စိတ်ထဲမှာလည်း တမျိုးကြီး ပါပဲဗျာ။ ဒီလိုကိစ္စမျိုးကူညီရတာ စိတ်ထဲမှာ တော်တော် မချမ်းမြေ

စရာ ကောင်းတာကလား။ သိပ်တော့ တက်တက်ကြွကြွ ရှိလှတယ် မဟုတ်ပါဘူး။ အဲဒီညမှာ ခင်မာလာ့ဆီ အကျိုးအကြောင်း ဖုန်းဆက်တော့ ခင်မာလာက မင်္ဂလာစုံတွဲ သိန်းထီပေါက်တဲ့ လေသံနဲ့ 'သေချာရဲ့လား ကိုသက်ခိုင်၊ ကျေးဇူးတင်လိုက်တာ ကိုသက်ခိုင်ရယ်၊ ကျမဘယ်နေ့ ဘယ်ရုံးကို လာခဲ့ရမလဲ'တဲ့။ ဝမ်းသာလုံးဆို့နေတဲ့ အသံဟာ တော်တော်ကို သိသာသဗျာ။

၁၉၉၅-ခုနှစ်၊ တခုသောလ၊ တခုသောနေ့မှာတော့ အောင်မင်းနဲ့ ခင်မာလာဟာ လှိုင်မြို့နယ် တရားရုံးမှာ ကွာရှင်းခဲ့ကြပါတော့တယ်။ အဲဒီနေ့က ခင်မာလာဟာ သူ့အမေ၊ သူ့အမ ကျောင်းဆရာမ တယောက်နဲ့အတူ ပါပလစ်ကာ ကားလေးနဲ့ လှိုင်မြို့နယ်တရားရုံးကို ရောက်လာပါတယ်။ အောင်မင်း ကတော့ ကျနော့်ကားပေါ်မှာ ပါလာပါတယ်။ အောင်မင်း အမေတော့ ပါမလာပါဘူး။ ကျနော်ရယ်၊ ကိုမြင့်ဆွေရယ်၊ ဘားလားရယ်လည်း ပါသပေါ့ဗျာ။

အော်၊ ဒါနဲ့ တမာရွှတ်တရားရုံးကို ရွေးလိုက်တာ ကျနော့် အစီအမံဗျ။ အဲဒီရုံးက ဥပဒေ အရာရှိ ဦးသန်းထွန်းတို့၊ တရားသူကြီး ဦးတင့်ဝေတို့ဆိုတာ ကျနော်နဲ့ မကင်းရာမကင်းကြောင်းတွေ၊ ကိုသန်းထွန်းဆို ဥပဒေ စာပေးစာယူ တက်တုန်းက စာမေးပွဲတွေမှာ ဘေးချင်းကပ် ကျခဲ့ကြတာ။ ကိုသန်းထွန်းကြည့်ရတာ စာမေးပွဲခန်းထဲသာ ဝင်လာခဲ့တာ၊ ဘာစာမှကျက်လာပုံမရဘူး။ ပထမနှစ် ကနေ နောက်ဆုံးနှစ်အထိ တော်တော်များများအဖြေလွှာတွေဟာ ကျနော့် ကောင်းမှုတွေချည်းပဲဗျာ။ သူ့ အခု လှိုင်တရားရုံးမှာ ဥပဒေအရာရှိ ဖြစ်နေတယ်လေ။ ဒါနဲ့ စကားမစပ် ကိုသန်းထွန်းဆိုတဲ့ မောင်ကလည်း တကယ့်အထုပ်ရှုပ်ဗျာ။

နေဦး၊ သူ့သာ အထုပ်ရှုပ်လို့သာ ပြောရတာ၊ သူ့ဇနီးက အလယ်တန်း ကျောင်းအုပ်ဆရာမ ကြီးဗျ။ သူ့သမီး တယောက်လည်း ဆေးကျောင်းတက်နေတယ်၊ တကယ့် တည်တည်တံ့တံ့ ဂုဏ် သရေရှိမိသားစုပါ။ သူတယောက်တည်း လျှောက်ဖောက်နေတယ် ထင်ပါရဲ့။ ကျောင်းပြီးတဲ့နောက်ပိုင်း သူနဲ့ကျနော် ကြုံကြားကြုံကြားဆုံမိကြတယ်။ ကျနော် ပဲခူးမှာကန်ထရိုက်နေတုန်း ကိုသန်းထွန်းက သူ့မိတ်ဆွေ ဥပဒေအရာရှိတယောက် ပဲခူးတိုင်းဘက်ကို ပြောင်းမိန့်ကျတော့ ပဲခူးတိုင်း၊ တိုင်းမင်းကြီး ဦးချစ်မောင်နဲ့ မိတ်ဆက်ပေးပါဆိုလို့ သူ့ကိုပဲခူးခေါ် သွားခဲ့ဖူးတယ်။ ပဲခူးကိုရောက်လာတဲ့ အချိန်က ညကြီးမင်းကြီးဆိုတော့ မနက်ကျမှပဲ တိုင်းမင်းကြီးဆီ ခေါ် သွားတော့မယ်ဆိုပြီး ကျနော်တို့စတည်းချတဲ့ ဇီဇဝါတည်းခိုခန်းမှာသူ့ကိုအခန်းတခန်းပေး၊ အိပ်ခိုင်းလိုက်တယ်။

ဒီမှာတင် မအိပ်ခင် သောက်ချင်လှချည့်ဆိုတာနဲ့ အနှိပ်ဖတ်ဆီခါနီးနီး တိုက်လိုက်တာ မူးလည်း လာရော နောက်ထပ်တမျိုး တိုးလာပြန်ပါလေရော။ ထုံးစံအတိုင်းပေါ့ဗျာ၊ မူးလာတော့ အဖော်မပါပဲ မအိပ်ရဲတော့ဘူးပေါ့။ ကျနော်ကလည်း နားအေးရင်ပြီးရော၊ ဇီဇဝါမှာ တည်းနေတဲ့ နတ်မိမယ်လေး တယောက်နဲ့ ချိတ်ပေးလိုက်တယ်။ ကျနော်က အဲဒီကိစ္စမျိုး မကင်းပေမယ့် မူးလာရင် လျှောက်အပင် လိမ်သလိုမျိုးတော့ မလုပ်တတ်ဘူးဗျ။ သူ့လိုင်းနဲ့သူ၊ သီးသီးခြားခြားလေး လုပ်တတ်တဲ့ အကျင့်ရှိတယ်။

ညဆယ့်နှစ်နာရီလောက် ကျနော့်အခန်းထဲ ပြန်ရောက်ပြီး အိပ်မယ်လို့ခေါင်းချကာရှိသေး၊ ကိုယ်တော်ချောက ကျနော့်အခန်းကို တဒုန်းဒုန်း လာထုသဗျာ။ ကျနော်က တံခါးဖွင့်ပေးပြီး ဘာများ သေရေးရှင်ရေး ဖြစ်လာသတုန်း မေးတော့၊ ကိုရွှေသန်းထွန်းက ဟော့ ကိုသက်ခိုင်၊ မောင်ရင်ကူညီမှ ဖြစ်မယ် လုပ်ပါအုန်းတဲ့။ ကျနော်ကလည်း မူးမူးနဲ့ အိပ်ချင်စိတ်လည်းများနေတော့ စိတ်တိုတိုနဲ့ ဘာ ကူညီရမှာလဲဗျာ လို့လည်းပြောလိုက်ရော၊ ကိုယ် ဒီကလေးမလေးကို မြင်မြင်ချင်း သံယောဇဉ် ဖြစ်သွား ပြီတဲ့။ အဲဒါ ကိုယ်တို့ လက်ထပ်လို့ရအောင် ဒီညပဲ မောင်ရင် ကူညီပါအုံးတဲ့။

ကဲ၊ ကြည့်ပေတော့ဗျာ။ ဘယ်လောက် အူကြောင်ကြောင်နိုင်တဲ့လူလဲလို့။ ဒါနဲ့ ကျနော် လည်း အိပ်ချင်စိတ်ပျောက်သွားပြီး ဒီမယ် ကိုသန်းထွန်း၊ ငှက်ကို ငှက်လိုသဘောထား၊ ခင်ဗျားကလေး

လေးလည်း မဟုတ်ဘူး။ ဟိုဟာခင်သလို ဒီဟာ ခင်သလို လာလုပ်မနေနဲ့လို့ ခပ်ဆတ်ဆတ် ပြန်ပြောတော့ သူ့မျက်နှာထားတည်တည်နဲ့ သက်ခိုင်ရာ၊ ချစ်ခြင်းမေတ္တာဆိုတဲ့ သဘောတရားကို မင်းမသိသေးတာပါ။ ကိုယ်အတည်ပြောနေတာပါ။ သူ့ကို ကိုယ်တကယ် အတည်လက်ထပ်ယူမှာပါတဲ့။ လုပ်ပြန်ရော။ ကြည့်၊ သူ့အသက်က လေးဆယ်ကျော်နေပြီ။ ကျနော့်ထက် ဆယ်နှစ်နီးပါးကြီးတယ်။ သူ့တွေ့ရာ မိန်းမနဲ့ ရှုပ်ခဲ့သမျှ ဇာတ်လမ်းတွေလည်း ကျနော်သိပြီးသားတွေချည်းပဲ။ ရှုပ်တာ ရှုပ်လို့ ရပါတယ်၊ တွေ့ရာမိန်းမ ဆိုင်းမဆင့်ဗုံမဆင့် ကောက်ယူမယ်လုပ်တာတော့ ကြောင်လွန်းတယ် ထင်လို့ပါဗျာ။

နာရီဝက်သာသာလောက် အမျိုးမျိုးအကြောင်းပြပြီး နားချလို့လည်း မရ၊ အချိန်မတော် ညတနာရီလောက်မှာ ဘယ်မှာလာပြီး တရားသူကြီးနဲ့သက်သေတွေ ခေါ် လို့ရမလဲဗျာ။ တော်တော့်ကို ဇွတ်အတင်းကိုးစားတဲ့သူ၊ နောက်ဆုံးတော့ ကျနော်လည်း မတတ်သာတဲ့အဆုံး ဒီလိုလုပ် ကိုသန်းထွန်းရာ၊ မနက်မိုးလင်းတာနဲ့ ခင်ဗျားတို့ လက်ထပ်နိုင်အောင် ကျနော် စီစဉ်ပေးမယ်။ ဒီည ခင်ဗျား ကျနော့်အခန်းမှာပဲ အိပ်လိုက်တော့။ ကျွန်တော်ကတော့ ခင်ဗျားကောင်မလေး သဘောထား တီးခေါက်ကြည့်ရအောင် ခင်ဗျားအခန်းထဲ ကျနော်ရွှေ့အိပ်မှဖြစ်မယ် လို့လည်း ပြောလိုက်ရော ကိုယ်တော်ချောက ဒါဖြင့်ရင်လည်း မောင်ရင့်အခန်းမှာပဲ မောင်ရင်အိပ်ပါတော့၊ မနက်ကျရင်သာစီစဉ်စရာရှိတာစီစဉ်ပေးပါတဲ့။ ကဲ၊ ကြည့်။

အခု အောင်မင်းတို့ကွာရှင်းမဲ့ ကိစ္စကို အဲဒီကိုသန်းထွန်းကို အပူကပ်ရတော့ပေါ့ဗျာ။ အရေးထဲ ကွာတာရှင်းတာကို ဝိုင်းကောင်းကောင်းလုပ်ပေးရမယ်ဆိုပြီး ကတိတောင်းနေသေးသဗျ။ တရားသူကြီးဦးတင့်ဝေရှေ့မှာ ကွာရှင်းစာချုပ်ကို လက်မှတ်ထိုးကြတော့ ခင်မာလာက တက်ကြွလန်းဆန်းနေသလောက် ကြက်ကြီးလည်လိမ်ထားသလို ဖြစ်နေတဲ့ အောင်မင်းပုံစံကို ကျနော့်မျက်စေ့ထဲက မထွက်ဘူးဗျာ။ ဂျာကင်အကျီအရောင်ခပ်ဖျော့ဖျော့လေး ဝတ်ထားတဲ့ အောင်မင်းဟာ ကျော့နေအောင် ပြင်ဆင်လာတဲ့ ခင်မာလာကို သံယောဇဉ်မကုန်တဲ့ မျက်လုံးတွေနဲ့ လှမ်းလှမ်းကြည့်နေလေရဲ့။

တရားသူကြီးဦးတင့်ဝေက ခင်ဗျားတို့ သေချာ စဉ်းစားဆုံးဖြတ်ပြီးကြပြီလား မေးတော့လည်း ခင်မာလာက ခပ်သွက်သွက်ပြန်ဖြေသလောက် အောင်မင်းကတော့ မပွင့်တပွင့်၊ မငြိမ့်ချင်ငြိမ့်ချင်နဲ့ ခေါင်းညိတ်ရှာလေရဲ့ဗျာ။ ဒီလိုနဲ့ သံသာလေကမ်းတိုင်၊ တူဖြိုင်လေကူးဖို့ ရည်ရွယ်ခဲ့ကြတဲ့ အောင်မင်းနဲ့ ခင်မာလာ ဇာတ်လမ်းဟာ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး နိဂုံးတိုင်ခဲ့ပါတော့တယ်။ နောက်တလလောက်ကြာတော့ လားရှိုး စီမံကိန်းလည်းပြီး၊ ခင်မာလာ ရသင့်ရထိုက်တာ ခွဲဝေပေးပြီးတဲ့နောက်ပိုင်း ခင်မာလာ့ကို ကျနော်မေ့မေ့ပျောက်ပျောက် ဖြစ်နေခဲ့ပါတယ်။ တနေ့ ကျနော့်သူငယ်ချင်း ချစ်စိန်တယောက် ရုံးကိုရောက်လာပြီး စကားမစပ်ပြောတော့မှ ခင်မာလာဟာ ကိုခင်ဝင်းနဲ့ မညားဘူးဆိုပဲ။ တတိယမြောက်ပုဂ္ဂိုလ် သဘော်သားတယောက်နဲ့ ညားပြီး စင်္ကာပူကို ထွက်သွားပြီတဲ့။ အော် မိန်းမ၊ မိန်းမလို့ပဲ ညည်းချင်းချရမလိုပါလားဗျာ။

ခင်မာလာကို နောက်ထပ်မတွေ့ရတော့ပေမယ့် အောင်မင်းနဲ့ကတော့ ရေစက်က မကုန်နိုင်ဘူး ထင်ပါရဲ့ဗျာ။ ခင်မာလာနဲ့ ကွာရှင်းပြီးတဲ့နေ့ကစပြီး ပျောက်သွားလိုက်တဲ့ အောင်မင်းဟာ နောက်နှစ်နှစ်ကျော်လောက်အကြာမှာ ဘုန်းကြီးလမ်းက ကျနော့်ရုံးခန်းကို မြှန်းဆိုပေါက်ချလာပြန်ပါတယ်။ ဒီတခါတော့ အောင်မင်းနဲ့ကျနော်ဟာ နောက်ဆုံးတွေ့ဆုံခြင်းပါပဲ၊ စိတ်မကောင်းစရာခွဲခွာခြင်းပါပဲ။ ကျနော်လည်း ကံကောင်းလို့ လူသတ်မှုမဖြစ်လိုက်တာပေါ့ဗျာ။ ဖြစ်ပုံကဒီလိုဗျာ။

အဲဒီနေ့ သူရောက်လာတော့ မနက်ဆယ်နာရီ ဝန်းကျင်။ ခပ်ကြော့ကြော့ ဝတ်စားဆင်ယင်ပြီး ရုံးထဲကို ပြုံးပြုံးရွှင်ရွှင် ဝင်လာတာပါပဲ။ ရောက်ရောက်ချင်း အစ်ကိုညီ သဘော်လိုက်နေတယ် အကိုရတဲ့။ ကျနော် နောက်မိန်းမ ယူတော့မယ်။ ဟိုမိန်းမနဲ့ပြတ်သွားတာ အစ်ကို့ကျေးဇူးပဲ

အာညာဆိုပြီး အသေးသုံးလေး ငွေသုံးသောင်းလောက် လုပ်ပါအုံးတဲ့။ တကယ်တော့ ငွေသုံးသောင်းဟာ ကျနော့် အတွက် မခက်လှပါဘူး။ ဖြစ်ချင်တော့ အဲဒီအချိန် ကျနော့်လက်ထဲမှာ ငွေသားမရှိတဲ့ အချိန်ဖြစ်နေ တယ်။ ဒါနဲ့ ဒီလိုလုပ်ပါ အောင်မင်းရာ၊ ငါ့ကို ငွေလာပို့မယ့်လူ ရှိပါတယ်။

နေ့လည်လောက် တခေါက်ပြန်လာလိုက် ဆိုတော့လည်း ကျနော်ဒီမှာပဲစောင့်မယ်တဲ့။ ဒီလိုဆို မင်းဒီမှာ ထိုင်စောင့်မယ့် အတူတူ၊ အောက်ထပ်ကဆိုင်မှာ ကြိုက်သလောက်သာ မှာစားထားလိုက်၊ သောက်ချင်တာမှာသောက်ပေတော့လို့ စေတနာရေစီးကမ်းပြိုလိုက်မိရောဗျာ။ ဆယ်နာရီလောက်မှာ အောက်ထပ်က ဆိုင်ကို ဆင်းသွားပြီးသောက်နေတဲ့ အောင်မင်းဟာ ကျနော့်ဆီလာသမျှ ညှိသည် တွေကို အောက်ထပ်ကနေဆီးကြိုပြီး ဒကာခံနေလိုက်တာ နေ့လည် တနာရီလောက်လည်းရောက်ရော အောက်ထပ် စားသောက်ဆိုင်က ဘီလ်ရောက်လာလို့ ကြည့်လိုက်တော့ တသောင်းခြောက်ထောင်တဲ့။ ဒီကြားထဲ ဘီလ်ယူလာတဲ့ ကျနော့် ရုံးဝန်ထမ်း ကျော်အေးက ဆရာ၊ ကိုအောင်မင်း တော်တော်များ နေပြီ။ ဆရာ့ကိုလည်း ပေါက်ကွဲနေတယ် တဲ့။

ဒီလိုဆိုလည်း မြန်မြန်ဇာတ်လမ်းသိမ်းလိုက်ရအောင် အောင်မင်းကိုခေါ် လိုက်တော့ကွာ။ ငွေလာယူခိုင်းလိုက်တော့လို့ ပြောလိုက်ရတာပေါ့။ ချက်ချင်းဆိုသလိုပါပဲဗျာ၊ အောင်မင်းဟာ လှေခါး ကနေဒယီးဒယိုင်နဲ့ ကျနော့်ကို မအေရော နှမပါကော်ဆဲပြီး ကြွမြန်းလာပါလေရော။ ကျနော်လည်း လက်ထဲမှာ အဆင်သင့်ကိုင်ထားတဲ့ ငွေသုံးသောင်းပါ စာအိတ်ကိုကိုင်ရင်း ဘာပြောရမှန်းမသိတော့ဘူး ဖြစ်သွားတယ်။

ရုံးခန်းမှာ တခြားညှိသည်တွေလည်းရောက်နေတော့ စိတ်ကို အတတ်နိုင်ဆုံးထိန်းပြီး ခပ်လှမ်းလှမ်းကနေလေအေးလေးနဲ့ အောင်မင်းရာ၊ ဘာဖြစ်လာပြန်တာတုန်းလို့ မေးလိုက်တာ စကားတောင်မဆုံးသေးဘူးဗျာ။ သူ့လက်ကို နောက်ကျောဘက်မှာထားပြီး ဖွက်ယူလာတဲ့ မန္တလေး ဘီယာ ပုလင်း နှစ်လုံးနဲ့ ကျနော့်မျက်နှာဆီကို ဝှီးကနဲ ဝှီးကနဲနေအောင် လှမ်းပစ်ထည့် လိုက်ပါလေရော။ ကျနော် ခေါင်းကိုငုံ့ပြီးရှောင်လိုက်တော့ ဘီယာပုလင်းတွေဟာ ကျနော့်နောက်က နံရံနဲ့ထိပြီး ဖောင်းကနဲ ဖောင်းကနဲ ကွဲကုန်ပါတော့တယ်။ ကျနော် စိတ်မထိန်းနိုင်တော့ပါဘူး။ ကောင်းစေလိုတဲ့စိတ်နဲ့ အကြိမ် ပေါင်းများစွာ သည်းခံခဲ့ပါပြီ။

သူတို့လင်မယားအကြား ဇာတ်ရှုပ်ထဲမှာလည်း မဖြစ်သင့်တာမဖြစ်ရအောင် မဝင်သင့်ပဲ ဝင်ရှင်းခဲ့ပြီးပါပြီ။ စိတ်သစ်လူသစ်နဲ့ ဘဝတခုကို ထူထောင်နေရမှအဲ ချိန်မှာ ဘာအချိုးမှမပြောင်း၊ သမီးလေးမျက်နှာလည်း မထောက်၊ ထင်တိုင်း ကြဲနေတဲ့ အောင်မင်းကို လည်မျိုပြေးညှစ်ပြီး ကျန်တဲ့ လက်တဘက်နဲ့ သူ့မျက်နှာကို အချက်ပေါင်းများစွာ ရက်ရက်စက်စက် ထိုးပစ်လိုက်မိပါတော့တယ်။ လက်သီးဒဏ်နဲ့ ကြမ်းပြင်ပေါ် ကို ပုံကနဲ လဲကျသွားတော့ သူ့မျက်နှာမှာ သွေးချင်းချင်းနီနေပါပြီ။ ဒါပေမယ့် ကျနော့်စိတ်က ဒေါသအရှိန်မပြေတာနဲ့ သေသွားလည်းအေးရောကွာ ဆိုပြီး သူ့အုတ်ဆက် ချက်ကောင်းကို ခြေဖမိုးနဲ့ အားကုန်ထည့်ပြီး ဖြတ်ကန်လိုက်တာ အောင်မင်းဟာ ကြက်ဝိုင်းမှာ ကြက်များ အမွှန်အခွပ်ခံရသလို ဆန့်ငင်ဆန့်ငင်နဲ့ အကြောဆွဲသလို ဖြစ်နေပါတော့တယ်။ ဇတ်ကနဲ ဇတ်ကနဲ တွန့်တွန့်ပြီး အသက်ငင်နေသလို ဖြစ်နေတော့ ကျနော်လည်း ဒီတခါတော့ လက်လွန်သွားပြီ ဆိုပြီး သတိပြန်ဝင်လာပါတယ်။

အမှန်တော့ အောင်မင်း ဒီလိုရမ်းကားတာ ထူးဆန်းတာမှ မဟုတ်တာ၊ ကျနော်ကသာ ရုံးမှာရောက်နေတဲ့ ညှိသည်တွေရှေ့မို့ ရှက်ရမ်းရမ်းမိတာလည်း ပါပါလိမ့်မယ်။ ကျနော့် ရုံးအဖွဲ့သား တွေ နာရီဝက်ကျော်ကျော်လောက် အောင်မင်းကို နှာနှပ်ပြီး ကားတစီးပေါ် တင်ပေးလိုက်ကြပါတယ်။ တနာရီကျော်လောက်ကြာတော့ အောင်မင်းဦးလေးဆိုတဲ့သူ ကျနော့်ရုံးကို ဖုန်းဆက်ပြီး အမှုဖွင့်မယ်

လက်စားချေမယ် လုပ်လာပြန်ပါတယ်။ ကျနော်လည်း ခင်ဗျားတူကို သေချာမေးဗျာ။ ဘယ်သူလွန်သလဲလို့၊ ကျနော် လွန်တယ်ထင်ရင် ကြိုက်တဲ့လမ်းကသာ တက်ခဲ့ပါတော့လို့ ပြောပြီးဖုန်းကို ဆောင့်ချပစ်လိုက်တယ်။

အေးဗျာ၊ အဲဒီနေ့ဟာ အောင်မင်းနဲ့ နောက်ဆုံးတွေ့ခြင်း နောက်ဆုံးခွဲခွာခြင်းပါပဲ။ ဒေါသတရားကြောင့် ဒီထက်စောပြီး ထောင်ထဲရောက်တော့မလို့ဗျာ။ အင်း ဒီအချိန်ဆို အောင်မင်း သမီးလေးတောင် အပျိုပေါက်ဖြစ်လောက်ပြီထင်ပါရဲ့။ အောင်မင်းနဲ့ ကျနော် အကြိမ်ပေါင်းများစွာ ဖိုက်တင်ပလေးခဲ့တာတွေကို လျှောက်ပြောနေတာဟာ ဂုဏ်ယူပြီးပြောနေတာတော့မဟုတ်ဘူးဗျာ။ အထူးသဖြင့် ကျနော်က ပြေပြေလည်လည် ဖြစ်နေချိန်၊ အောင်မင်းက ကမ္ဘာပျက်နေတဲ့ အချိန်မို့ ပြန်စဉ်းစားရင် စိတ်မကောင်းစရာတွေချည်းပါပဲ။ ကျနော့်ပင်ကိုယ်စိတ်ဟာ အားကြီးသူက အားနည်းသူတို့ နိုင်တိုင်းလုပ်တာကို လက်ခံသူမဟုတ်ပါဘူး။

နိုင်တိုင်းမလုပ်နဲ့ဆိုတာ ရှုပဗေဒ ပါမောက္ခ ဒေါက်တာမြင့်ဝေ ဆုံးမခဲ့တဲ့ စကားဗျ။ အဲဒီဆုံးမစကား ပြောခဲ့တဲ့နေ့က အဖြစ်အပျက်ကို ကျနော်ဘယ်တော့မှ မေ့မှာမဟုတ်ဘူး။ ကျနော် ဆယ်တန်း အောင်တဲ့နှစ်တုန်းက သမိုင်းကောလိပ်ထဲက အဆောင်တွေမှာ တက္ကသိုလ်တွေ မဖွင့်ခင် စက်မှုလုပ်အားပေးဆိုပြီး စခန်းသွင်းခဲ့ဖူးတယ်။ ကျနော်က မေခဆောင်မှာ ကျတယ်။ မေခဆောင်နဲ့ ကပ်လျက်က ဇွဲကပင်ဆောင်။ ကျနော်တို့အဆောင်မှူးက သချာဌာနမှူး ဒေါက်တာကျော်ညွှန့်နဲ့ ဒေါက်တာမြင့်ဝေ ပူးတွဲတာဝန်ကျတယ်။ ဇွဲကပင်အဆောင်မှူးက ဥပဒေဌာနမှူး ဒေါက်တာ တင်အောင်အေးပေါ့ဗျာ။ အဲဒီတုန်းက ပညာရေးဝန်ကြီးက ဗိုလ်မှူးကြီးကျော်ငြိမ်းဗျ။ ဖဆပလခေတ်က ဦးကျော်ငြိမ်းမဟုတ်ပါဘူးဗျာ။ ဒီဝန်ကြီးက စစ်ဗိုလ်ပါ။

တနေ့တော့ မေခဆောင်နဲ့ဇွဲကပင်ဆောင်၊ အဆောင်အလိုက် ဘောလုံးပြိုင်ပွဲကျင်းပရင်း ဘောသမားအချင်းချင်း ငြိကုန်ကြပြီး နှစ်ဘက်အဆောင်နေကျောင်းသားပရိသတ်တွေပါ ပါတဲ့ ရိုက်ပွဲကြီး ဖြစ်ပါလေရောဗျာ။ အဲဒီအချိန်မှာ ဒေါက်တာတင်အောင်အေးက ဥပဒေဒေါက်တာဘွဲ့ယူပြီး ပြန်လာတာမကြာသေးပဲ လျှမ်းလျှမ်းတောက်နေတဲ့ အချိန်၊ ပညာရေးဝန်ကြီးက တော်တော် မျက်နှာသာပေးနေတဲ့ အချိန်တဲ့။

မေခနဲ့ ဇွဲကပင်ဆောင် ဘောလုံးပွဲကနေစတဲ့ အဆောင်အချင်းချင်း ရိုက်ပွဲသတင်းကို ဒေါက်တာ တင်အောင်အေးက ပညာရေးဝန်ကြီးဆီကို ဦးအောင်အစီရင်ခံလိုက်တာ ပညာရေးဝန်ကြီးဟာ ဘာမှ မေးမြန်းစုံစမ်းမှုမလုပ်ပဲ ဘောလုံးပွဲတာဝန်ခံ ဒေါက်တာမြင့်ဝေကို ခေါ်ပြီး ပြင်းပြင်းထန်ထန်ကြိမ်းမောင်းပါလေရောတဲ့ဗျာ။ ဝန်ကြီးအကြိမ်းခံရာက ပြန်လာတဲ့ ဒေါက်တာမြင့်ဝေဟာ ကျနော်တို့မေခဆောင်က ကျောင်းသားတွေကို အဆောင်လှေကားရင်းမှာ လူစုခိုင်းပြီး မျက်ရည်စမ်းစမ်းနဲ့ဒါတပည့်တို့ သေချာမှတ်ထားပါ။ လောကကြီးမှာ ကိုယ်နိုင်တယ်ဆိုတိုင်း အားနည်းသူကို ဘယ်တော့မှ အနိုင်မကျင့်မိပါစေနဲ့တဲ့။ ဒီယဉ်ကျေးမှုထွန်းကားတဲ့ ဒီနိုင်ငံမှာ ဆရာ ဆက်မနေတော့ဘူးတဲ့။ ဒေါက်တာမြင့်ဝေ က တရှုတ်သွေး ပါတယ်ထင်တယ်၊ မျက်နှာတခုလုံး နီရဲပြီး စကားမဆက်နိုင်တော့ပဲ အခန်းထဲပြန်ဝင်သွားတာ ကျနော်အခုထိ တွေးလိုက်တိုင်း မျက်စေ့ထဲမှာ ပေါ်နေတုန်းပါပဲဗျာ။ အခု ဒေါက်တာမြင့်ဝေဟာ မြန်မာပြည်ထဲမှာပဲ ရှိနေလေသေးသလား၊ ပြည်ပနိုင်ငံတခုခုကိုပဲ ထွက်သွားလေရော့သလား မပြောတတ်ပါဘူးဗျာ။

ကျနော် လောလောဆယ်ပြေလည်နေတယ် ဆိုတာကလည်း ကျနော့်ဘဝ ကံတရားကြောင့်ထင်ပါရဲ့။ အော်ဒါနဲ့၊ ကျနော့် ကံတရားဆိုလို့ ကျနော်ဟာ တော်တော်ကို ကံကောင်းသူလို့ဆိုရမယ်ဗျ။ ကျနော့်မိတ်ဆွေ ကိုသန်းဝင်းကဆို ကျနော့်ကိုတွေ့တိုင်း 'ခင်ဗျားဟာ အတိတ်ကံတော်တော်ကြီးတဲ့လူ'

လို့ ခဏခဏပြောတတ်တယ်။ သူပြောမယ်ဆိုလည်း ပြောစရာပဲဗျာ။ ကျနော့်ဘဝမှာ ကံကောင်းခဲ့ပုံတွေများ၊ ပြောပြရင် ယုံနိုင်စရာတောင်မရှိဘူး။ ဗျာ၊ ခင်ဗျားက ကျနော့်ရဲ့ ထူးဆန်းလှတဲ့ ဘဝကံအကြောင်းတရားတွေကို သိချင်ပြန်ပြီလား။ ပြောတာပေါ့ဗျာ၊ အခုလောလောဆယ်တော့ အိပ်ဆောင်ပိတ်ခါနီးနေပြီ။ မနက်ပိုင်း ဘုတ်ဆင်းထွက်ပြီးချိန်မှာ ဆက်ပြောကြတာပေါ့ဗျာ။ ပြောမှာပါဗျာ၊ ဈေးမကိုင်ရပါဘူး၊ စိတ်ကိုလျှော့နော်။

■

# အပိုင်း (၄)

## သက်ခိုင်၏ မဆုံးသောနိဂုံး

## အခန်း (၇၆)

# သေခြင်းတရားနဲ့ ထွေခင်းကစားခဲ့

အငြိုးကြီးလေသော အခါမဟုတ်မိုးကြောင့် နောက်တနေ့နံနက်တွင် ရဲဘက်တို့ ဘုတ်ဆင်း မထွက်ရချေ။ အမိုးအကာမဲ့ ကောက်လှိုင်းပုံကြီးများလည်း မိုးရေအောက်တွင် ဒုက္ခရစရိယ ကျင့်လျက်ရှိလေသည်။ အဆောင်ကိုပိတ်ထား၍ ရဲဘက်အားလုံး အပြင်ထွက်ခွင့်မရသော်ငြား ကျွန်တော်ကား ရသမျှ အခွင့်အရေးလေးကို အိတ်သွန်ဖာမှောက် အသုံးပြုလျက် ကိုသက်ခိုင် တဲဘက်ကူးသွားခဲ့ရာ သူ့ဆက်၍ဟောလေသော 'သက်ခိုင်၏ဘဝကံတရား' ဇာတ်လမ်းကို အောက်ပါ အတိုင်း နာခွင့်ကြားခွင့်ကြုံခဲ့ပြန်ပါသည်။

ကျနော် ကံကောင်းတယ်ဆိုတာ ငွေရပေါက် အကြီးအကျယ်ကြုံခဲ့တာ၊ အသက်ဘေးက လွတ်ခဲ့တာတွေကို ဆိုလိုတာပါ။ ငွေရပေါက်ကြုံတာတော့ နောက်မှ ပြောတာပေါ့လေ။ အသက်ဘေး က လွတ်ခဲ့တာတွေ ပြောချင်တယ်ဗျာ။ လူတိုင်းလူတိုင်း သေဘေးတော့ကြောက်ကြတယ် မဟုတ်လား။ သေဘေးကလွတ်တာထက်ကံကောင်းတာ ရှိပါအုံးမလားဗျာ။ ပထမဆုံး ကျွန်တော် အသက်ဘေးက လွတ်ခဲ့တာကတော့ ခြောက်တန်းကျောင်းသား ဘဝ အညာသွားလည်တုန်း လှည်းမှောက်လို့ မသေခဲ့ တာပဲဗျာ။ ဟုတ်တယ်၊ နွေရာသီကျောင်းပိတ်ရက်မှာ အညာက ဆွေမျိုးတွေကလည်း တွေ့ချင်၊ အမေကလည်း အညာက ဆွေမျိုးတွေနဲ့ အဆက်ပြတ်ကုန်မှာစိုးတာနဲ့ ကျနော်တို့ ညီအစ်ကိုတတွေကို လူကြုံနဲ့ အညာအလည် လွှတ်လိုက်ရော ဆိုပါတော့။

အဲဒီခေတ်က နတ်မောက် ကြီးနီဖက်ကို ရန်ကုန်ကနေ တိုက်ရိုက် ရထားမရှိဘူးဗျ၊ ဖျဉ်းမနား ဘူတာမှာ ကြီးနီရထားကိုပြောင်းစီးရတယ်။ ကျွန်တော်တို့ရွာက သားမြားဘူတာမှာ ဆင်းပြီး တနာရီခွဲ လောက် လှည်းလမ်းခရီးဆက်ရတယ်။ ကြည့်လေရာ သဲပြင်ကြီးတွေဗျာ၊ တချို့ လှည်းလမ်းဘေး ဘယ်ညာမှာတော့ ခရိုးတွေ၊ ပိုင်းတန်းတွေ၊ သစ်ပင်ခပ်အုပ်အုပ်တွေ ရှိလေရဲ့။

ရွာရောက်တာနဲ့ ကျွန်တော်တို့ညီအကိုကတော့ ရွာပြင်ခရိုးတွေမှာ တင်းကြမ်းပေါက်နေတဲ့ ဩဇာပင်တွေကနေ ဩဇာသီးလျှောက်ခူးတော့တာပဲ။ ဟုတ်တယ်လေ၊ ရန်ကုန်မှာ ဩဇာသီးက

တယ်ဈေးကြီးတာကိုး။ တနေ့တော့ ကျွန်တော့်ဦးလေး ကိုသာဒွန်း တောထဲကို အိမ်ရှေ့ကွပ်ပျစ် အမိုးလုပ်ဖို့ တိုင်တွေ တန်းတွေလိုတာနဲ့ သစ်သွားခုတ်မယ်လုပ်တော့ ကျွန်တော်လည်း ထုံးစံအတိုင်း လိုက်ချင်လှချည့်ရဲ့ နားပူပြီး လိုက်သွားလိုက်တယ်။ ကျွန်တော်တို့ ရွာတဝိုက်ဟာ သဲပြင်ကြီးတွေချည်းပဲ ဆိုပေမဲ့လို့ တချို့နေရာတွေမှာတော့ သစ်ဝါးရှိတဲ့နေရာတွေ ရှိနေသေးတယ်ဗျ။

မနက်စောစော ခြောက်နာရီလောက် ရွာကထွက်သွားလိုက်တာ နေ့လည်တနာရီလောက် လည်းရှိရောလိုတဲ့ သစ်သား လူတဖက်မရှိတရှိလောက်တွေ လှည်းအပြည့်တင်ပြီး ပြန်လာကြရောဆိုပါ တော့။ သစ်သားမိုင်းတွေ၊ သစ်သားတိုင်တွေ လှည်းအပြည့်တင်လာတော့ ကျွန်တော်လည်း သစ်သား ပိုင်းတွေပေါ် မှာ မှောက်လျက်အိပ်ပြီးလိုက်လာရတယ်။ ပြစ်ချင်တော့ ရွာရောက်ခါနီး တတိုင်(နှစ်မိုင်) လောက် အလိုကျတော့ လှည်းလမ်းကျဉ်းကျဉ်းမှာ မျက်နှာချင်းဆိုင် လှည်းနှစ်စီး ဆုံမိကြပါလေရော။ ရှေ့ကလာနေတဲ့လှည်းပေါ် မှာ ဘုန်းတော်ကြီးတပါး ပါနေတာကြောင့် ဦးလေးကိုသာဒွန်းက လှည်းကို နောက်ပြန်ဆုတ်ပြီး လှည်းလမ်းဘေးက ကုန်းမြင့်မြင့်တခုပေါ် ကို မောင်းတင်ပြီး ရှောင်ပေးလိုက်ပါရော။

အဲဒီအချိန်မှာ နွေခေါင်ခေါင် ကုန်းအထက်မှာဘယ်လိုလုပ်ပြီး ရေလာတင်နေသလဲတော့ မပြောတတ်တော့ ဘူးဗျာ။ လှည်းလမ်းပေါ် က ချိုင့်ခွက်တခုမှာ နွမ်းရိုးခြောက်တွေကြားမှာ ရေအိုင် လေးဖြစ်နေလေရဲ့။ ရုတ်တရက် လှည်းရုန်းနေတဲ့ နွားဟာ နွမ်းရိုးခြောက်ကြားက ရေအိုင်မှာ သူ့အရိပ် ကိုလည်းမြင်ရော လှည်းကို ဘေးဆွဲချလိုက်ပါလေရော။

ပိုဆိုးချင်တော့ စောစောက ရှောင်ပေးလိုက်တဲ့ လှည်းပေါ် က ရှုတ်တရက်ရေဒီယို ဖွင့်လိုက် တဲ့ အသံကြောင့် နွားတွေက ပိုလန့်ကုန်ပြီး ထိန်းမရတော့တာကြောင့် သစ်သားပိုင်းတွေ အပြည့် တင်လာတဲ့ လှည်းဟာ လူနှစ်ရပ်စာလောက်မြင့်တဲ့ ကုန်းပေါ် ကနေ ဂျွမ်းထိုးမှောက်ခုန် ဖြစ်ပြီး လိမ့်ဆင်း သွားတော့တာပဲဗျို့။

ဘာဖြစ်ကုန်သလဲတော့ အတိအကျ မပြောတတ်တော့ဘူးဗျာ။ သတိရလို့ ငါဘယ်ရောက် နေသလဲ ကြည့်မိတော့ လှည်းက ပက်လက်လှန်နေပြီ။ ကျနော်က လှည်းအိမ် လက်ရမ်းတိုင်တွေ အောက်မှာ ရောက်နေလေရဲ့။ အားယူပြီး ကုန်းထကြည့်တော့လည်း လက်ရမ်းတိုင် အချွန်တွေက ကျနော့်ခါးရိုးအလည်ကို ကွက်တိလာထောက်နေတာနဲ့ လှုပ်လို့တောင် မရပါဘူးဗျာ။ ဦးလေး ကိုသာဒွန်းကတော့ လှည်းအောက်မှာ သစ်သားပိုင်းတွေ ပိပြီး ကျွန်တော် မရှုမလှ အသက်ပျောက်ပြီ လို့ ထင်နေသတဲ့။ သူက လှည်းဦးမှာဆိုတော့ ဘာမှမဖြစ်ခင် ခုန်ချနိုင်လိုက်သတဲ့လေ။

နောက်တော့မှ လှည်းလက်ရမ်း အောက်တည့်တည့်မှာ ညပ်နေတဲ့ ကျနော့်ကိုတွေ့ပြီး ဆွဲထုတ် ကြည့်တော့လည်း မရပြန်ဘူး။ သူတယောက်တည်း အားနဲ့ ပက်လက်လန်နေတဲ့ လှည်းကို ဘယ်မလို့ ရမှာလဲဗျာ။ ပါးစပ်ကလည်း 'ငါ့တူကြီး ငါ့တူကြီး ဘာဖြစ်သွားသေးတုန်း' တတွတ်တွတ် လုပ်နေလေရဲ့။ နာရီဝက် တနာရီနီးပါးရှိမှ နီးစပ်ရာယာခင်းက အသိတွေ အကူအညီတောင်းပြီး လှည်းကို မ၊ ကျနော့်ကိုဆွဲထုတ်၊ လှည်းကို ပြန်လှန်လုပ်ရတော့ပေါ့ဗျာ။ တကယ့်ကို သေကံမရောက် သက်မပျောက်ပါပဲ။

တကယ်တော့ ကျွန်တော့်အထက်က အစ်ကို ကိုပေါဟာ ကျွန်တော့်အဘိုး မောင်းတဲ့လှည်း ပေါ် ကအဆင်းမှာ နွားတွေ လန့်ရုန်းရာကနေ လှည်းနင်းမိလို့ ဆုံးခဲ့တာဗျ။ အဲဒီတုန်းက ကျွန်တော် နှစ်နှစ်သားကျော်ကျော် ကိုပေါက လေးနှစ်ဝန်းကျင်ပေါ့၊ တံကြီးပေလို့ ကျနော့်အစ်ကို ဇာတ်သိမ်းသလို မသိမ်းခဲ့တာပေါ့။ ကျွန်တော်ဟာ လှည်းနဲ့တင် အသက်ဘေးက လွတ်ဘူးတာမဟုတ်ဘူး။ ကားနဲ့လည်း အသက်ဘေးက လွတ်ဖူးသေးတယ်ဗျာ။ အဲဒါကတော့ ရှစ်တန်းကျောင်းသား ဘဝက ကျွန်တော့် အဖေနဲ့ ကီလီဈေးကနေ မနက်အစောကြီး ဒေါ့ဂျစ်အိမ်ရှည်နဲ့ ကုန်အပြည့်တင်ပြီး ပြန်လာတုန်းကပေါ့။

ကမာရွတ်ဈေးကြီးထဲက ကျွန်တော်တို့ဆိုင်က ကုန်စိမ်းရော ကုန်ခြောက်ပါ တင်ရောင်းတော့ ညအက်ကို ကီလီဒိုင်ကို ဆင်းပြီး မကြာခဏ ကုန်သွားတိုက်ရတယ်။ ကုန်တိုက်တယ် ဆိုတာ ဈေးသွား ဝယ်တာကို ပြောတာလေ။ အဖေကတော့ ကျွန်တော့်ကို အိပ်ရေးပျက်မှာစိုးလို့ ညအက်ကီလီ ဈေးကြီး ကို ကုန်သွားတိုက်ရင် မလိုက်စေချင်ဘူး။ ဒီတခါလည်း ကျနော်က စပ်စပ်စုစုဝါသနာပါလို့ ငွတ်အတင်း နားပူတာကြောင့် ခေါ် သွားဖြစ်တာပါပဲ။

အဲဒီနေ့က မနက်သုံးနာရီခွဲလောက် ကျနော်တို့ကုန်ကား ကီလီဈေးကနေ ပြန်ထွက်လာ တယ်။ ကြက်သွန်အိတ်၊ အာလူးအိတ်တွေ၊ ခရမ်းချဉ် သေတ္တာတွေ ထစီးလုံးအပြည့်အသိပ် ကြပ်ညပ်နေ အောင် တင်လာတယ်။ ကျနော်ကတော့ ထုံးစံအတိုင်း ကုန်စိမ်းကုန်ခြောက်အိတ်တွေ၊ သေတ္တာတွေ ကြားမှာ အိပ်ပျော်ပြီးလိုက်လာတာပေါ့။ ငိမ်လေးနဲ့နှပ်ပြီး လိုက်လာတဲ့ ကျနော်ဟာ 'သက်ခိုင်' 'သက်ခိုင်' ဆိုတဲ့ အဖေရဲ့ စိုးရိမ်တကြီး အော်နိုးသံကြောင့် လန့်နိုးလာတော့ အိပ်ချစ်မူးတူးနဲ့ 'ဗျာ'လို့လည်း ပြန်ထူးလိုက်ရော၊ အဖေက တုန်လှုပ်နေတဲ့ အသံနဲ့ 'ငါ့သား ဖြည်းဖြည်းလေး ဆင်းလာခဲ့'တဲ့။ ကျနော်လည်း ဘုမသိ ဘမသိ ဒေါ့ဂျစ်ကား ဘေးကနေ ခေါင်းပြူထွက်လိုက်တယ်။ အဖေ ကမ်းပေးတဲ့ လက်ကိုဆွဲလိုက်ပြီး အောက်ရောက်တော့မှ ကားကို သေချာကြည့်လိုက်တော့ 'အောင်မယ်လေး၊ သား လား ကျနော်တို့ ကုန်တင်ထားတဲ့ ဒေါ့ဂျစ်ကားဟာ ချောက်ကမ်းပါး ဘက်မှာ ဘီးနှစ်လုံး၊ ပလက်ဖောင်းပေါ်မှာ ဘီးနှစ်လုံး တင်ပြီး ဆပ်ကပ်ထဲမှာ ကားကို ကြိုးတန်းပေါ် တင်ထားသလို လှုပ်လှုပ် လှုပ်လှုပ် ဖြစ်နေတာ တွေ့ရသဗျ။ တကယ့်ကို အသည်းယား စရာပါပဲဗျာ။

နောက်မှ အဖေပြောပြလို့ သိရတာက ကားဒရိုင်ဘာ အိပ်ငိုက်သွားတာကြောင့် ကားက ချောက်ဆီကို ထိုးဆင်း သွားတာတဲ့။ အဖေက ဒရိုင်ဘာဘေးမှာ ထိုင်လိုက်လာတော့ သတိရှိရှိ နဲ့ ဒရိုင်ဘာကို ဘေးတွန်းဖယ်ပြီး စတီယာရင်ကို ဆွဲလှည့်၊ ဘရိတ်ကို လှမ်းနင်းလိုက်နိုင်လို့ဆိုပဲ။ ကီလီ လမ်းကနေအထွက် အလုံဘက်ကို ချိုးမယ့်ဆဲဆဲ၊ လမ်းဘေးမှာ ချောက်ကြီးရှိတယ်။ ချောက် (ချောက်) ဆိုပေမယ့် ချောင်းကျယ်ကြီးဗျ။ လှိုင်းလေကြီးတဲ့အခါ လှေသမ္ဗာန် အကြီးကြီးတွေ ဝင်ခိုတဲ့နေရာတဲ့။ ဒါပေမယ့် ရေမရှိချိန်က များနေတော့ ရောမချောက်ကြီးလို ဖြစ်နေတာ၊ အဲဒီနားမှာ ဖြစ်ခဲ့တာပေါ့ဗျာ။

ဘယ်လောက်တောင် သည်းထိတ်ရင်ဖို ဖြစ်စရာကောင်းသလဲဆိုရင် ချောက်နှုတ်ခမ်း၊ ကားပေါ်က ပစ္စည်းတွေကို သယ်ချရဲတဲ့ အလုပ်သမားတောင် ရှာမရဘူးဗျာ။ အေးလေ၊ ဘယ်ချ ရဲပါ့မလဲ၊ ကားက ဒီအတိုင်းကြည့်နေတာတောင် လှုပ်နေတုန်း။ တချက်လေး တန်ချက်လွဲတာနဲ့ ချောက်ထဲကို လိမ့်ဆင်းသွားတော့မှာလေ၊ နောက်ဆုံးတော့ ကရိန်းကားနဲ့ ဆွဲတင်မှ ရတော့တယ်ဗျာ။ အဲဒီတကြိမ်မှာလည်း ကျနော်ဟာ သေဘေးက လွတ်ခဲ့ပြန်ရော၊ ကားနဲ့ သေရမယ့် ကံဇာတာ ကျွန်တော့်မှာ ပါမလာဘူးထင်ပါရဲ့။

ဪ၊ အဲဒီနှစ်ကြိမ်တည်းနဲ့ ယာဉ်ရထားနဲ့သေရမဲ့ ဇာတာပါမလာဘူးလို့ ပြောတာ မဟုတ်ရ ပါဘူး။ သဘော်ပေါ် က ပြုတ်ကျပြီးသေရမယ့် ဘေးကလည်း လွတ်ခဲ့ဖူးသေးလို့ဗျ။ အဲဒီအဖြစ်ကတော့ မတော်တဆမှု မဟုတ်ဘူး၊ ကျနော်ကိုယ်တိုင်ကကို သေဘေးကို မကြောက်ပဲ မိုက်မိုက်မဲမဲ သေတွင်းကို ခုန်ဆင်းခဲ့တာ။

ကျနော် ဘိုကလေး ဆရာအတက်သင်တက်နေတုန်း ကျောင်းပိတ်ရက်တခု အိမ်အပြန်ပေါ့။ ရန်ကုန်ဘိုကလေး သဘော်ဟာ မနက်ငါးနာရီဝန်းကျင်လောက် မြင်းကကုန်းမှာ ခဏရပ်နေတုန်း ကျနော်က ဗိုက်ဆာတယ်ဆိုပြီး သဘော်ပေါ် ကဆင်း၊ မုန့်ဟင်းခါးဆိုင်မှာ ဝင်စားနေတုန်း သဘော်ပြန် ထွက်တော့မဲ့ ဥသြဆွဲရောဗျာ။ အမှန်က ဥသြသံ ကြားကြားချင်း ပြန်ပြေးရင် မီလောက်တယ်ဗျ။ ခက်တာက မုန့်ဟင်းခါးသည်က ကျွန်တော်ပေးတဲ့ ငါးကျပ်တန်ကိုလျှောက်ပြီး အကြွေအမ်းနေတာကို

စောင့်နေတာနဲ့ သဘော်က ကမ်းကနေ ခွာပါလေရော။

ကျနော် ဘောတံတားထိပ်ကရောက်တော့ သဘော်ဟာ ဘောတံတားထိပ်ကနေ တလံကျော်သာသာလောက် ကွာနေပြီဗျ။ မြင်းကကုန်းကနေ ရန်ကုန်ကို ဒီသဘော်မမီလည်း နောက်သဘော်နဲ့လိုက်နိုင်တာကို ခေါင်းထဲမှာ မစဉ်းစားမိတဲ့ ဖွတ်တရွတ်သမား ကျွန်တော်ဟာ ဘောတံတားထိပ်ကနေ နောက်ခြေနှစ်လှမ်းလောက်ဆုတ်ပြီး ကမ်းကခွာစပြုနေတဲ့ သဘော်ပေါ်ကို လွှားကနဲ ခုန်လိုက်ပါလေရောဗျား။ ကမ်းကခွာနေတဲ့ သဘော်ပေါ်ကို တလံကျော်သာသာကနေ ခုန်ကူးတယ်ဆိုတာ တကယ်မိုက်မဲတဲ့ အလုပ်ဗျ။ သဘော်က ငြိမ်နေတာမှ မဟုတ်ပဲ၊ ကျနော် ခုန်မယ်လုပ်တုန်းက မီလောက်ပေမဲ့ နောက်ဆုတ်ချိန်ရယ် ခုန်နေချိန်ရယ် ပေါင်းလိုက်တော့ ကျနော့်အတွက်လွဲသွားပြီး ခြေတဖက်ပဲ သဘော်နံကို နင်းမိတော့တယ်။ ကံက ကြီးချင်ပြန်တော့ သဘော်နံပေါ်ကို ခြေတဖက်နင်းရင်း နောက်လန်နေတဲ့ ကျနော့်ဆီကို လက်တဖက်ရောက်လာလို့ ဆွဲတက်လိုက်တာ သေတွင်းက လွတ်ခဲ့ပြန်ရောဗျာ။ သဘော်နဲ့ဘောတံတားကြား ကျလို့ကတော့ ကျွန်တော်မှ ရေမကူးတတ်တာ သေဖို့ပဲ ရှိတာပေါ့။

သေဘေးက လက်မတင်လွတ်ခဲ့တာတွေကို လျှောက်ပြောနေရင်တော့ ကုန်နိုင်မယ်တောင် မထင်ပါဘူးဗျာ။ လေးတန်းကျောင်းသားဘဝက ကျောင်းပြေးပြီး မြို့ပတ်ရထားလိုက်စီးတုန်းက ရထားပေါ်က ပြုတ်ကျတာတောင် မသေခဲ့တာ၊ သူဌေးပေါက်စဘဝ ရောက်ခါစက ဂျစ်ကားကို ကိုယ်တိုင်မောင်းပြီး မင်္ဂလာဒုံဖက်ကိုအသွား နာမည်ကြီး ကိုးလောင်းကွေ့မှာ စလစ်ဖြစ်ပြီး ကားတပတ်လည်သွားတာတောင် လမ်းဘေးချောက်ထဲ ထိုးမကျလို့ မသေခဲ့တာ၊ လူလည်လူရှုပ်ဘဝနဲ့ ထင်တိုင်းကြဲနေတဲ့ ဘဝမှာ အချိန်မတော်ည သန်းခေါင်ကျော် တစ်နာရီလောက်မှာ မူးမူးနဲ့ မောင်းလာလိုက်တာ ချောင်းဝကျောင်းနားက မြောင်းကြီးထဲကို ကားရောလူပါ ထိုးဆင်းသွားတာတောင် မသေခဲ့တာ၊ သေဒဏ်နဲ့ တသက်တကျွန်း ဖြစ်ဒဏ်ထိုက်တဲ့ အများပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေ ပုဒ်မ (၃)နဲ့ တရားစွဲခံရရာက လွတ်ခဲ့တာ၊ နိုင်ငံရေးပုဒ်မ ၁၇(၁)၊ ၅(ည)တွေကနေ လွတ်လာခဲ့တာ၊ အို စုံလို့ပါပဲဗျာ။ တခါတခါ ကျနော်ဟာ လူ့လောကကြီးထဲကို ရောက်လာပြီး လုပ်စရာအလုပ်တွေ အစုံအလင် ဆုံးခန်းတိုင် မလုပ်ရသေးလို့ မသေနိုင်ခဲ့သေးတာများလား စဉ်းစားမိပါရဲ့ဗျာ၊ ဥပမာ အခု ကျနော်လုပ်နေတဲ့ မင်္ဂတရား၊ ဗိုလ်တရား ရှာတာမျိုးက အစပေါ့။

ကိုယ်သေဘေးလွတ်တာတွေပြောကာမှ သေခြင်းတရားအကြောင်း ပြောချင်စိတ် ပေါက်လာတယ်ဗျာ။ ကျနော့် ဘဝထဲမှာ အမေဟာ ရောဂါဝေဒနာနဲ့ ကွယ်လွန်ခဲ့ပေမယ့် ကျနော့်အစ်ကိုနဲ့ အဖေဟာ ဘယ်လိုမှ တွေးထင်မထားတဲ့ အကြောင်းတွေနဲ့ရုတ်တရက် ကွယ်လွန်ခဲ့ကြတာကလား။ သေခြင်းတရားဆိုတာ တော်တော်ထူးဆန်းတာဗျ။ တချို့ မျက်စိအောက်မှာတင် မြန်းဆို သေကုန်တယ်၊ တချို့ မျှော်လင့်ချက်မရှိတော့ပါဘူးဆိုတဲ့ ခြေအနေမှာ နှစ်နဲ့ချီပြီး အသက်မထွက်ပြန်ဘူး။ ကျနော်က ငယ်ငယ်တုန်းက ကမာရွတ်ဈေးကြီးမှာ ကြီးပြင်းခဲ့တာဆိုတော့ ကျနော် သေချာကြုံဖူးခဲ့တဲ့ သေခြင်းတရားတွေဟာ အဲဒီနားတဝိုက်က ဖြစ်နေတယ်။ ကျနော့် စိတ်ထဲမှာ တုန်လှုပ်သွားဖူးတဲ့ အဖြစ်က ကမာရွတ်ဈေးကြီးရှေ့က ဇေယျဝတီဘုန်းကြီးကျောင်း အုတ်တံတိုင်းကြီး ပြိုကျတုန်းကပေါ့ဗျာ။ မှတ်မိသလောက်ဆိုရင် ၁၉၇၅ ဝန်းကျင်၊ ကျွန်တော် ဆယ်တန်းကျောင်းသားဘဝလောက်ကပေါ့။

အဲဒီ ဇေယျဝတီကျောင်း အုတ်တံတိုင်းကြီးဟာ ကမာရွတ်ဈေးရှေ့တည့်တည့် ကားလမ်းဘေးမှာ ရှိနေတာဆိုတော့ အဲဒီ အုတ်တံတိုင်းကြီးဘေးမှာ မနက်ပိုင်းဆို ပွဲကျဈေးသည်တွေ ဈေးရောင်းနေ့ကတာလေ။ တကယ်တော့ အုတ်တံတိုင်းကြီး ခပ်ယိုင်ယိုင်ဖြစ်နေတာကြာပါပြီ၊ ကျနော်လည်း မြင်တွေ့နေတာပါပဲ၊ ဘယ်သူမှလဲ ဒီအုတ်တံတိုင်းကြီး ဝုန်းကနဲ ပြိုကျမယ်ဆိုတာ တွေးမိကြဟန် မတူပါဘူး။

ဖြစ်ချင်တော့ တနေ့မနက် ကိုးနာရီလောက်မှာ ဈေးစည်နေတုန်း၊ အဲဒီအုတ်တံတိုင်းကြီးအားမှာ ပျံကျဈေးသည်တွေရော၊ ဈေးဝယ်တွေပါ စည်ကားနေတုန်း ပြိုကျပါလေရောဗျာ။ ဈေးရောင်းဈေးဝယ် ဆယ်ယောက်လောက်ဟာ ဘာမှန်းမသိလိုက်ပဲ အုတ်နံရံကြီးအောက်ရောက်ပြီး အသက်ပျောက်ကုန်ကြတော့တာပေါ့ဗျာ။ ကျနော်လည်း အုတ်တံတိုင်း ပြိုတယ်ကြားလို့ ဈေးထဲကနေ ပြေးကြည့်လိုက်တော့ ဆယ့်ငါးပေလောက်ရှိတဲ့ အခန်းပေါင်း လေးခန်းလောက် ပြိုကျတာကလား၊ ဝိုင်းကြည့်နေတဲ့လူတွေကသာ ဘယ်သူပိနေတယ် ဘယ်သူပါသွားပြီ စွတ်အော်နေပေမယ့် ကယ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။

အော်၊ ဒီအုတ်တံတိုင်းကြီးပေးမှာ ဈေးရောင်းနေတဲ့သူမှန်သမျှ ကျနော်အကုန်သိနေတယ်ဗျာ။ အမျိုးသမီးတယောက်ဆို ကိုယ်ဝန်နေ့စေ့လစေ့ကြီးနဲ့၊ အဲဒီမနက်ကတောင် အဲဒီ အုတ်တံတိုင်းကြီးအားကို ကျနော် ရောက်ခဲ့သေးတာပဲ၊ ကျနော့်စိတ်ထဲမှာ သေခြင်းတရားကို အထိတ်တလန့်စဖြစ်မိတာ အဲဒါ ပထမဆုံးအကြိမ်ပေါ့။

ဇေယျဝတီဘုန်းကြီးကျောင်းဆိုလို့ သေခြင်းတရားနဲ့ပတ်သက်ပြီး ကျနော်စပ်စပ်စုစုလိုက်လုပ်ခဲ့ဖူးတာ အမှတ်ရသေးတယ်ဗျာ။ ကျနော်သွား စပ်စုတာက အဲဒီ ဇေယျဝတီဘုန်းကြီးကျောင်းက ကျောင်းထိုင်ဆရာတော် ပျံလွန်တော်မူတဲ့ ဈာပနဗျ။ ထူးဆန်းတာတခုက အဲဒီ ဆရာတော် ဦးဥက္ကဋ္ဌဟာ ပျံလွန်မယ့်နေ့မှာ နေ့ဆွမ်းဘုဉ်းပေးပြီး သဒ္ဒကာတွေကို နောက်ဆုံး တရားတွေဘာတွေ ဟောခဲ့သေးဆိုပဲ။ အော်၊ လူသေလူဖြစ်ဟောတဲ့ ဦးဥက္ကဋ္ဌ မဟုတ်ဘူးဗျ။ ဒီဆရာတော်က တခြားပါ။ ဘာတွေဟောခဲ့တယ်ဆိုတာ ကျနော်လည်း ငါးတန်းကျောင်းသားအရွယ်လောက်ပဲ ရှိသေးတော့ မပြောတတ်ဘူး။ သေချာတာကတော့ အကျင့်သီလပြည့်စုံတယ်ဆိုပြီး အဲဒီဆရာတော်ကို အဲဒီဇေယျဝတီ ကျောင်းမှာပဲ သူသက်ရှိထင်ရှား ကိုယ်ခန္ဓာ အချိုးအစားအတိုင်း ကျောက်ရုပ်ထု ထုထားတာတော့ အခုထက်ထိ မှတ်မိနေသေးတယ်။

အဲဒီ ဆရာတော်ရဲ့ ဘုန်းကြီးပျံက တော်တော်ကို စည်ကားတာကလား။ ကျနော်လည်း ငယ်ဉ်ကျူးတယ်ဆိုတာ အဲဒီတော့မှ သေချာမြင်ဖူးတာဗျ။ မှတ်မိဆို ငယ်ဉ်လာကျူးတာက ရုပ်ရှင်မင်းသမီးကြီး ဒေါ်ကြည်ကြည်ဌေးလေဗျာ။ ဒါနဲ့ ဘုန်းတော်ကြီးအလောင်းကို မီးရှို့မယ့်နေ့ ရောက်လာပါလေရော။ နည်းနည်းနောနော ကားတန်းကြီးလားဗျာ။

ဘုန်းတော်ကြီးအလောင်းကို တင်ထားတဲ့ ပြာသာဒ်ပုံလောင်တိုက်တင်ထားတဲ့ကားပါဆို ကားအစီးရေငါးဆယ်လောက်ကို ရှိမယ်ထင်ပါရဲ့။ ထီးဖြူမိုးတဲ့ နတ်သားတွေလည်း ပါသေးသဗျာ။ ဆရာတော်ကို သင်္ဂြိုဟ်မယ့် နေရာက ကြံတောသုသာန်မှာဆိုတော့ ကျနော်လည်း ကြံတောအထိ လိုက်သွားတယ်။ ဘယ်ကလာ၊ ဘုန်းတော်ကြီး ဈာပနကို လိုက်ဖို့တာ ဟုတ်ရမှာလဲ။ လမ်းတလျှောက်မှာ ပိုက်ဆံကြဲလို့ လိုက်လုရင်း ပါသွားတာဗျ။

လိုက်ရမယ်ဗျ။ ကြဲတဲ့ပိုက်ဆံတွေက ကျပ်တန်တွေချည်းပဲ။ အဲဒီခေတ်က တကျပ်ဟာ တော်တော် တန်ဘိုးရှိတာကလား။ အဲဒီနေ့က ကျနော် တယောက်တည်း လုတာတောင် အကြွေရော ကျပ်တန်ပါပေါင်းရင် ခြောက်ကျပ်လောက်ရခဲ့တယ်ထင်ပါရဲ့။

ကြံတောသုသာန်လည်းရောက်ရော ပရိသတ်တွေ ပိုက်ဆံလိုက်လုတဲ့ ကလေးတွေ အကုန်နီးပါး ပြန်ပေမယ့် ကျနော်က မပြန်ဘူး။ ဖြစ်ပုံက ဒီဘုန်းတော်ကြီး အလောင်းကို မီးရှို့တာကို ကိုယ်တိုင်မြင်ချင်လို့ကျန်နေခဲ့တာ။ ကျနော့်စိတ်ထဲမှာ ဒီဆရာတော်ဟာ ဘုန်းတန်ခိုးရှိတယ်လို့ သူပြော ငါပြော ပြောနေကြတော့ သူ့ကိုမီးရှို့ရင် လောင်မှ လောင်ပါ့မလား၊ မီးတောက်ထဲကနေ ဆရာတော် ပြန်ထလာမလား ကလေးအတွေးတွေနဲ့ပေါ့ဗျာ။

ဆရာတော့်အလောင်းကို သနပ်ခါးထင်းပုံကြီးပေါ် ကိုတင်၊ ခါတ်ဆီတွေလောင်းပြီး မီးစရှို့လိုက်တော့ မီးတောက်ကြီးဟာ ဟုန်းဆိုအထက်ကို တက်သွားလိုက်တာ ခပ်မြင့်မြင့်မှာ အမိုးလိုလုပ်ထားတဲ့ ပိတ်စကြီးဟာ အပေါက်ကြီးဖြစ်သွားသဗျ။ မီးညွန့်တက်ရိုက်လိုက်တာလေ။ တာဝန်ခံ မီးသင်္ဂြိုဟ်တဲ့ လူတွေကတော့ ခပ်ဝေးဝေးမှာနေကြဖို့ အော်ဟစ်သတိပေးပေမဲ့ ကျနော်ကတော့ စိတ်ဝင်တစားတတ်နိုင်သလောက် ရှေ့တိုးပြီး ဆက်ကြည့်တာပါပဲ။

မီးစရှို့ပြီး ဆယ်မိနစ်လောက်လည်းရှိရော မီးတောက်တွေကြားမှာ ဆရာတော့်အလောင်းဟာ ပက်လက်ကနေ ထထိုင်သလို ဖြစ်လာတယ်ဗျာ။ ကျနော်လည်း ရုတ်တရက်ဆိုတော့ လန့်သွားတယ်။ လန့်သာလန့်တယ်၊ ကျနော်ကတော့ သေချာကြည့်နေလိုက်တာ ဆရာတော့်ပေါင်ကနေ ထွက်လာတဲ့ အဆီတွေ တဖျစ်ဖျစ်မီးလောင်တာတောင် မြင်နေရတယ်။ အဲဒီအချိန်မှာ ဝါးလုံးရှည်ကိုင်ထားတဲ့ လူနှစ်ယောက်က ထထိုင်သလို ဖြစ်နေတဲ့ ဆရာတော့် အလောင်းကြီးကို ဝုန်းဆို ပစ်ထိုးလိုက်ကြသဗျာ။ လက်စသတ်တော့ မီးအပူရှိန်ကြောင့် အကြောတွေရှုန်းပြီး ထထိုင်သလို ဖြစ်လာတာကိုး။

အမယ်၊ ဝါးလုံးနဲ့ လှမ်းထိုးတာတောင် တော်တော်အားစိုက်ပြီး ထိုးနေကြရတဲ့ ပုံပဲဗျ။ နေဦး၊ အလောင်းကို မီးရှို့လို့ ထွက်လာတဲ့ အနံ့က ဘယ်လိုအနံ့ကြီးမှန်း မသိဘူးဗျာ။

နောက်တနေ့ ဘုန်းတော်ကြီးချာပန မီးသင်္ဂြိုဟ်တာကို ကျနော်အစအဆုံး သွားကြည့်ခဲ့တဲ့အကြောင်း အမေသိသွားတော့ ဆူလိုက်တာဗျာ၊ 'သက်ခိုင်ရယ်၊ လူသေကောင် အညှော်ဟာ အနာရှိတဲ့သူ ခံမိရင် အနာရင်းပြီး သေတတ်တယ်သားရဲ့' ဆိုတော့မှ ကျနော်လည်း တော်တော်လန့်သွားတယ်။

စပ်စုတဲ့ဘဝမှာတော့ ခွေးရူးပြန်ရောဂါနဲ့ သေတဲ့အလောင်းကိုလည်း အခေါင်းထဲထည့်ထားပြီး လေးရက်လောက် အကြာမှာ ဖွင့်ကြည့်တာကိုလည်း မမေ့နိုင်စရာ မြင်ခဲ့ဖူးတယ်။ သေတာက ကျနော့်ညီတဝမ်းကွဲ မောင်ကြည်ဝင်းတဲ့။ ဆင်မလိုက်သင်္ဘောကျင်းမှာ အလုပ်လုပ်တဲ့ ဦးလေးကိုကျော်နိုင်ရဲ့ သားအကြီးဆုံးပေါ့။ ကြည်ဝင်းသေတော့ ကိုးနှစ်သားလောက် ရှိပြီဗျ။ ကျနော်က ရှစ်တန်းကျောင်းသားလောက်ပေါ့။ လမ်းထဲကခွေးသားအုပ်မတကောင်က ကြည်ဝင်းကို ကိုက်လိုက်ရာကနေ လေးငါးရက်နေတော့ ကြည်ဝင်း ခွေးရူးပြန်တော့ပဲဗျာ။ အစကတော့ ဘယ်သူမှ ခွေးရူးပြန်မှန်းမသိကြဘူး။ အပမှီသလိုလို၊ အဖျားကြီးသလိုလို တယောက်တခွန်းလျှောက်ပြောကြတာပါပဲ။ ကယောင်ကတမ်းတွေ ဘာပြောသလဲ မမေးနဲ့ဗျာ။ တောင်တခွန်း မြောက်တခွန်း ပြောလိုပြော၊ အလန့်တကြား ထအော်လိုအော်၊ မီးရောင်တို့၊ ရေတို့မြင်ရင် ပိုဆိုးတယ်ဗျာ။ ကျနော် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရတာက ကြည်ဝင်းဟာ ဆုံးခါနီးဆဲဆဲမှာ ကျနော့်ကို 'ကိုကြီးသက်ခိုင်' 'ကိုကြီးသက်ခိုင်' တဖွဖွခေါ်ပြီး ကျနော်သူ့ကို ကျောပိုးထားရင် ခဏ ငြိမ်ငြိမ်သွားသဗျာ။ အရပ်ထဲက သူပြောငါပြောတွေ လျှောက်လုပ်နေလိုက်တာ ဆေးရုံတောင် မရောက်လိုက်ရှာပါဘူးဗျာ။ သန်းခေါင်ကျော် သုံးနာရီလောက်မှာ ဆုံးရှာတာပါပဲ။

ဖြစ်ချင်တော့ ကြည်ဝင်းဆုံးတဲ့ အချိန်မှာ ဦးလေး ကိုကျော်နိုင်တို့ လင်မယား စကားများပြီး သူ့မိန်းမ မစောကြည်က ခနောင်တိုဘက်ကို ထွက်သွားတဲ့ အချိန်ဖြစ်နေသဗျာ။ သူ့အမေကို လိုက်ခေါ်ဖို့အတွက် အလောင်းကို ငါးရက်ထားမယ် လုပ်ကြပါလေရော။ ခွေးရူးပြန်ရောဂါနဲ့သေလို့ပဲလား၊ ရာသီဥတုပူလို့ပဲလားတော့မပြောတတ်ပါဘူးဗျာ။ အခေါင်းအောက်မှာ ကျောက်ဖရုံသီးထားတဲ့ကြားက လေးရက်မြောက်တဲ့နေ့မှာ တလမ်းလုံးမခံနိုင်အောင် အပုပ်နံ့ထွက်လာပါလေရော။ ဒီတော့ ရပ်ကွက်ထဲက နားလည်တတ်သိတဲ့လူတွေက အခေါင်းဖွင့်ပြီး ပါးစပ်ထဲကို မီးခြစ်ကျောက် ကညှပ်ရတယ်၊ ရေနံဆီလောင်းရတယ် အကြံပေးကြတာနဲ့ လိုက်လုပ်ကြရောဆိုပါတော့။ အခေါင်းလည်းဖွင့်ရော ကျနော်လည်း ရစ်သီရစ်သီလုပ်နေရာကနေ မရဲတရဲ တချက်လှမ်း ကြည့်မိလိုက်သဗျာ။

အောင်မယ်လေး၊ မောင်ကြည်ဝင်းရဲ့ မျက်လုံးနှစ်လုံးဟာ ရေနွေးကြမ်း ပန်းကန်လောက်တွေ ဖြစ်နေပြီဗျာ။ သူ့အမေမစောကြည်ဆို တချက်ကြည့်ပြီး နောက်ကို ခြေလှမ်းသုံးလှမ်းလောက် ဆုတ်သွားသဗျ။ အော်၊ အမိနဲ့သား ဆိုပေမဲ့ သေလို့ ရုပ်ပျက်ဆင်းပျက် ဖြစ်တဲ့အခါ ဒီလိုဖြစ်တတ်ပါက လားလို့သာ သံဝေဂရမိတော့ပါပဲ။ ဒါတင် ဘယ်ကမလဲ၊ ကမာရွတ်ဈေးကြီးထဲမှာ ကိုမြင့်သိန်း အသတ်ခံရတုန်းကလည်း ကျနော် လိုက်စပ်စုခဲ့သေးတာပဲ။

အဲဒီအဖြစ်ဟာ ၁၉၈၂ ဝန်းကျင်မှာ ဖြစ်ခဲ့တာဗျ။

ကိုမြင့်သိန်းဆိုတာ ကမာရွတ်ဈေးကြီးထဲမှာ အင်္ဂလိပ်ဆေးမျိုးစုံရောင်းတယ်ဗျ။ သူက အသက် လေးဆယ်ဝန်းကျင်လောက် ရှိမယ်။ သူနဲ့မယားညီအစ်ကို ကိုမြင့်ဦးဆိုတာက ကျနော်နဲ့တော် တော်ကို ရင်းနှီးတယ်ဗျာ။ ကိုမြင့်ဦးအဖေက ကမာရွတ်ဈေးကြီးထဲမှာ ကုန်ခြောက်ဆိုင်အကြီးကြီး ဖွင့်ထားတယ်။ သူတို့က တရုတ်လူမျိုးတွေဗျ။

ကိုမြင့်ဦးရဲ့ စိတ်ဓာတ်နဲ့ခံယူချက်ကလည်း နည်းနည်းဆန်းတယ်ဆိုရမယ်။ သူ့ ဆယ်တန်းနဲ့ ကျောင်းထွက်ထားပြီး သူ့မိရိုးဖလာ ကုန်စုံဆိုင်အလုပ်ကို သိပ်စိတ်ဝင်စားပုံ မရဘူး။ ကျနော်နဲ့အတူ သစ်ကုန်သည် လိုက်လုပ်ဖူးတယ်။ ကန်ထရိုက်တိုက်တွေ လိုက်ဆောက်ဖူးတယ်။ အဲဒီနယ်တွေက သူ့အတွက် စိမ်းနေလေတော့ ဟိုစပ်ဒီစပ် ကျွမ်းဝင်နှံ့စပ်ပြီး ပညာလေး မတောက်တခေါက်တတ်တဲ့ ကျနော့်ကို အထင်ကြီးနေပုံရတယ်။

အဲဒီနေ့ မနက်ခုနစ်နာရီလောက်က ကိုမြင့်သိန်းဟာ သူ့မိန်းမ မမြမြကို စက်ဘီးလေးနဲ့ ခါတိုင်းလိုပဲ သုခလမ်းကနေ ကမာရွတ်ဈေးထဲကို လိုက်ပို့တယ်။ ကိုမြင့်သိန်းက စက်ဘီးကို ဝါသနာပါ လို့ သာစီးနေတာ၊ သူ့စီးပွားရေးက ကားစီးနိုင်တဲ့ အခြေအနေဗျ။ ဖြစ်ချင်တော့ ကမာရွတ်ဈေး အဝင်အဝမှာ ဝက်သားတင်တဲ့ ကားနဲ့ တိုက်မိမလို ဖြစ်သွားပါလေရော။ ဒီမှာတင် ကိုမြင့်သိန်းက ဝက်သားကား မောင်းတဲ့လူကို ဆဲလိုက်မိသတဲ့ဗျာ။ ဆဲလိုက်တော့ ဝက်သားကား ယာဉ်မောင်းကလည်း ကားထဲက ထွက်ပြီး တယောက်တခွန်း ဆဲကြဆိုကြ၊ ကြိမ်းကြမောင်းကြပေါ့ဗျာ။ ဒါနဲ့ ဘေးလူတွေက ဝိုင်းဖျန်ဖြေ လိုက်တော့ နှစ်ဖက်လုံး ငြိမ်သွားကြရောတဲ့။ ပွဲပြီးသွားပြီထင်ခဲ့ပေမဲ့ တကယ်တမ်းကျတော့ ပွဲက မပြီးဘူးဗျာ။ တနာရီသာသာလောက်အကြာမှာ ဝက်သားကားယာဉ်မောင်းဟာ ဆင်မလိုက် ဝက်သတ်ရုံက လူမိုက်တွေကို ခေါ်လာတယ်။ ကိုမြင့်သိန်းထိုင်နေတဲ့ ဈေးဆိုင်ရှေ့ရောက်လာပြီး ဝက်သတ်တဲ့ ဓားနဲ့ ဆိုင်ပေါ် တက်ထိုးလိုက်တာ ကိုမြင့်သိန်းတယောက် ပွဲချင်းပြီးပါလေရော။

ကိုမြင့်သိန်းသေတဲ့ အချိန် ကျနော်ဈေးထဲမှာ မရှိပါဘူး။ ပတ်သက်လာပုံက ကိုမြင့်သိန်း နာရေးအတွက် လိုအပ်တာ လိုက်လုပ်ဖို့ ကိုမြင့်ဦးက ကျနော့်ကို အကူအညီတောင်းတာနဲ့ ရေခဲတိုက် ကနေ အလောင်းထုတ်တာ အလောင်းပြင်တာပွေလုပ်ဖို့ လိုက်သွားရတယ်ဆိုပါတော့။ ဒီမှာ အခက် အခဲရှိနေတာက လူသတ်မှုဖြစ်နေတော့ ဆရာဝန်စစ်ချက်ယူတာ၊ ရင်ခွဲစစ်ဆေးတာတွေက ဟိုဝင် ဒီထွက်ကိစ္စတွေ ရှိနေတော့ အသုဘချမယ့်အချိန်မီအောင် လူလည်ကျနော့်ကို မရမက လာခေါ် နေ တာပေါ့ဗျာ။

ဒီတော့ ကျွန်တော်ဆိုတဲ့ကောင်ကလည်း ဆရာသာတင်ရင် မောင်မငြင်းဆိုတဲ့ အထဲမှာ ပါလေတော့ အသုဘချမယ့်နေ့ မနက်ရှစ်နာရီလောက်ကတည်းက ရန်ကုန်ဆေးရုံကြီး ရေခဲတိုက်ကို ရောက်နေခဲ့တယ်။ တယောက်တည်းတော့ ဘယ်ဟုတ်မလဲဗျ။ ကိုမြင့်ဦးရယ်၊ သူ့အပေါင်းအသင်းတွေ ထဲက ကိုမြသိန်း၊ မှုံကြီးနဲ့ ကိုကျော်ဦးတို့လည်း ပါတယ်။

အော် မေ့နေလို့၊ နာမည်ကြီးဖဲသမားကျော်ဦးက ကိုမြင့်ဦး ယောက်ဖဗျ။ ကိုကျော်ဦးညီမ ဝါဝါ့ကို ကိုမြင့်ဦးက ယူထားတာ။ စုစုပေါင်း မသာကိုယ်စားလှယ်ငါးယောက်ဟာ အလောင်းကို

သွားမထုတ်ခင် မနက်ဖက်ကြီး နီးရာအရက်ရတဲ့ စားသောက်ဆိုင်တဆိုင်ဝင်ပြီး ရဲဆေးတင်လိုက်ရသေးတယ်ဗျ။

ထင်ထားသလိုပါပဲဗျာ။ အချိန်မီအလောင်းပြင်နိုင်ဖို့ အလောင်းကို လွယ်လွယ်နဲ့ထုတ်မရဘူးဖြစ်နေတယ်။ ဆရာဝန်ဆေးစာ အတည်မဖြစ်သေးလို့ ထုတ်မရသေးတာတဲ့။ ဒါနဲ့ပဲ မြန်မာပြည် ဓလေ့ထုံးစံအတိုင်း ဖောဖောသီသီ ရေထုတ်ပြီး ကမ်းလှမ်းလိုက်တော့ အဆင်ပြေသွားရော ဆိုပါတော့။ တကယ်တမ်း ကိုမြင့်သိန်းအလောင်းကို သွားကြည့်ကြတော့ အကုန်လုံး အရက်မူးနေတာတောင် တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေကြတယ်ဗျာ။ တခုတော့ရှိတယ်။ သူတို့က ကိုမြင့်သိန်းနဲ့ သိပ်ရင်းနှီးနေလို့ပဲလား၊ ကျနော်က ကိုမြင့်သိန်းနဲ့ သိပ်မရင်းနှီးလို့ပဲလားတော့ မဆိုနိုင်ဘူး။ ကျနော့်စိတ်ထဲတော့ ကြောက်စိတ် သိပ်မရှိသလိုပဲ။

အလောင်းထားတဲ့ အအေးခန်းထဲကို ကျနော်ဦးဆောင်ပြီးဝင်သွားတော့ ကိုမြင့်သိန်းအလောင်းဟာ သံမံတလင်းပေါ် မှာ ပက်လက်ကြီးဗျ။ ဘယ်ဖက်ရင်အုံအောက်မှာလည်း ဓားဒဏ်ရာအကြီးကြီးကိုမြင်နေရတယ်။ ဓားဝင်ထားတဲ့ ဒဏ်ရာဟာ ခပ်စောင်းစောင်းပုံစံဗျ။ အရှည်ခြောက်လက္မလောက်ရှိမယ်။ ထိုးလိုက်တဲ့ဓားဟာ အပြားကြီးထင်ပါရဲ့။ အအေးခန်းစောင့် ဝန်ထမ်းက အလောင်းကို သယ်ခါနီး မလိုက်တဲ့အခါ အလောင်းဟာ မှောက်ခုံဖြစ်သွားပြီး နောက်ကျောမှာ ပေါက်ထွက်နေတဲ့ ခြောက်လက္မကျော် ဒဏ်ရာကြီးကိုမြင်ရပြန်ရော။ အအေးခန်းထဲမှာမို့ထင်ပါရဲ့၊ သွေးတော့ ထွက်မနေတော့ဘူးဗျ။

အဲဒီအချိန်မှာ ဆေးစာရှက်ခဏစောင့်ပါအုံးလို့ ပြောတာနဲ့ ကျနော်လည်း ခပ်မူးမူးဆိုတော့ အအေးခန်းထဲက တခြားအလောင်းတွေကို လျှောက်ကြည့်နေလိုက်မိတယ်။ တနေရာမှာထူးထူးခြားခြား မိန်းမအလောင်းတလောင်း တွေ့ရသဗျာ။ အဲဒီမိန်းမအလောင်းက ထုံးစံအတိုင်း အဝတ်အစားမရှိဘူး။ ထူးဆန်းတာက အဲဒီ အမျိုးသမီးအလောင်းရဲ့ ဒူးခေါင်းလောက်နားမှာ မွေးကင်းစကလေးလေးအလောင်းတလောင်း ကပ်လျက်တွေ့ရသဗျာ။

ကျနော်လည်း နားမလည်နိုင်လို့ စပ်စုလိုက်တော့မှ ဒီအမျိုးသမီးဟာ ကိုယ်ဝန်ဆောင်ဆိုပဲ။ နေ့ခင်းလယ်ခင်းကြီး ကားတိုက်ခံရတာတဲ့။ ဆိုးလိုက်တဲ့ အဖြစ်ပါလားဗျာ။ ကျနော့်ရင်ထဲ တော်တော်နင့်သွားသဗျ။ ကျနော်လည်း အလောင်းတွေ တလောင်းပြီးတလောင်း လျှောက်စပ်စုပြီး သေခြင်းတရားဆိုတာ ဘယ်လိုဟာကြီးပါလိမ့်၊ လူတွေရဲ့သေမဲ့နေ့ဟာ အဆင်သင့် ကြိုတင်သတ်မှတ်ထားပြီးသားလား၊ သေမဲ့အကြောင်းအရာဟာလည်း ဒီအတိုင်းဖြစ်ရမယ်လို့ ပြဋ္ဌာန်းပြီးသားလား၊ အဲဒါတွေကို ကျော်လွှားလွှတ်မြောက်နိုင်တဲ့ နည်းလမ်းကော ရှိလေသလား၊ တောင်တောင်အီအီ လျှောက်စဉ်းစားနေပါတယ်။ မတ်တပ်ရပ် စဉ်းစားရင်း၊ တောင်လျှောက်မြောက်လျှောက် ညောင်းလာတာနဲ့ အအေးတိုက်ထဲမှာ တွေ့တဲ့ ကျောက်ခုံလေးတခုပေါ် ဘက်လက်လှန်ပြီး နဖူးပေါ် လက်တင်ထားလိုက်တာ ဘယ်လိုလုပ် အိပ်ပျော်သွားမှန်း မသိလိုက်ပါဘူးဗျာ။ ကိုမြင့်ဦး အလန့်တကြား လာနှိုးတော့မှ နိုးတော့တယ်။ ကိုမြင့်ဦးကတော့ မျက်စိမျက်နှာပျက်ပြီး 'သက်ခိုင်ရာ၊ ဒီမှာလာပြီး အိပ်ပျော်နေရသလား၊ အံ့ရော'တဲ့။

ကဲ၊ သေဘေးကလွတ်တဲ့အကြောင်းကတော့ ဒီလောက်နဲ့ရပ်ကြအုံးစို့။ ငွေရပေါက်ကြုံခဲ့တဲ့ ကံကောင်းခြင်း နေ့ရက်များဆီ လှည့်လိုက်ကြအုံးစို့ဗျာ။ အော်၊ စီးပွားရေးသမားဆိုမှတော့ ငွေရတာ အဆန်းမဟုတ်ပေမယ့် လက်ထဲမှာ ခြူးတပြားမှ မကပ်တဲ့အချိန်မှာ မျှော်လင့်မထားပဲ ငွေရတာမျိုးမှ ကံထူးတယ်လို့ ပြောနိုင်တာဗျ။ ဒီလိုလေ။

■

## အခန်း (၇၇)

# ဆုံရ မမေ့တယ် ဘုံဘ၀ တကွေ့ဝယ်

ကျနော်ဆိုတဲ့ကောင်ကလည်း လူ့မှုန်းသိစကတည်းက အဖေ့ဆိုင်က ပိုက်ဆံကို နည်းမျိုးစုံသုံးပြီး ခိုးလာဘုံးလာတဲ့ ကောင်ဆိုတော့ ငွေတန်ဘိုးကို သိပ်နားလည်ခဲ့တာ မဟုတ်ပါဘူးဗျာ။ အဲ၊ နေဦးဗျ။ ပိုက်ဆံဆိုတာ ကိုယ့်မှာ မရှိရင် တော်တော်မျက်နှာငယ်ရတယ်ဆိုတာ ကလေးဘ၀ကတည်းက သိခဲ့ရတဲ့ အတွေ့အကြုံတခု ရှိသေးတယ်။

ကျနော့်စိတ်ထင် ကျနော် လေးငါးတန်းလောက်က ထင်ပါရဲ့။ အညာကိုပြန်မဲ့ ဧည့်သည်တွေကို ရန်ကုန် ဘူတာကြီး လိုက်ပို့ပြီး ကျနော့်အစ်ကိုနဲ့ ကျနော် အိမ်ကိုအပြန်မှာပေါ့။ ဘယ်ကဘယ်လို ချွဲရှည်ပြီးရောက်သွားတယ်တောင် မမှတ်မိတော့ပါဘူးဗျာ။ ကျနော်တို့ညီအစ်ကိုဟာ ရန်ကုန်ဘူတာကြီးနားက ရုပ်ရှင်ရုံတွေဘက်ကို ရောက်သွားကြတယ်။ နေပူကြီးထဲမှာ လမ်းလျှောက်နေတာ ကြာလာတော့ ရေငတ်လာတယ်။ ဒါနဲ့ပဲ ရုပ်ရှင်ရုံအောက်က ဘာလီပုံးလေးမှာ ရေစစ်တခုချိတ်ပြီး ရေခဲရေရောင်းတဲ့ဆိုင်လေးမှာ ရေခဲရေ မှာသောက်လိုက်တယ်။ ရေခဲရေက တခွက်ငါးပြားဗျ။ ကျနော်လည်း ရေသိပ်ငတ်နေတော့ နှစ်ခွက်ဆင့် သောက်ချလိုက်တယ်။ ကျနော့်အစ်ကိုလည်း ကျနော့်လိုပဲ ရေငတ်လွန်းတယ်ထင်ပါ့၊ သူလည်း နှစ်ခွက်ဆင့် သောက်ချလိုက်တယ်။ ရေခဲရေ နှစ်ခွက်စီလည်း သောက်ပြီးရော ကျနော့်အစ်ကိုက 'ဟေ့ကောင် သက်ခိုင်၊ မင်း ပိုက်ဆံပေးလိုက်' တဲ့။ ဟာ၊ သေပါတော့ဗျာ။ ကျနော်ကလည်း သူ့မှာ ပိုက်ဆံကျန်သေးတယ်ထင်ပြီး သူ့အားကိုးနဲ့သောက်ချလိုက်တာဗျ။ တကယ်တော့ အိပ်ကပ်ထဲက ပိုက်ဆံတချို့ဟာ အချဉ်ထုတ်ဝယ်စားလိုက်၊ မားလီးမုန့်ဝယ်စားလိုက်နဲ့ ကုန်နေပြီဗျ။

ကျနော်လည်း ရုတ်တရက် ထိတ်ကနဲဖြစ်သွားပြီး 'ကိုကြီး၊ မင်းနောက်မနေနဲ့။ ငါ့မှာ ပိုက်ဆံမရှိတော့ဘူး၊ မင်းပေးလိုက်'လို့ ပြန်တွန်းရတော့တာပေါ့။ ဒါပေမဲ့ ဖြစ်ချင်တော့ သူလည်း ကျနော့်အားကိုးနဲ့ သောက်ချလိုက်တာပဲတဲ့ဗျာ။ ရေခဲရေသည်က ပိုက်ဆံတောင်းလေ၊ ကျနော်တို့ညီအစ်ကိုက ဗျာကြောင်ကြောင်ဖြစ်လေဆိုတော့ နောက်ဆုံး ရေခဲရေသည် မိန်းမကြီးက 'အသက်ကလေးတွေ

ကြည့်တော့ လက်တောက်လောက်ကလေးတွေ၊ အခုကတည်းက လိမ်တတ်နေပြီ၊ လိမ်စရာမရှိ ရေခဲရေသည်ကို လာလိမ်ရတယ်လို့'ဆိုပြီး လူကြားသူကြား အော်ပါလေရောဗျာ။

အေးဗျာ၊ ပေးစရာမှမရှိတာ ဘယ်လိုလုပ်တတ်နိုင်မတုန်းဗျာ။ ပြောလည်း ခံရုံရှိတော့တာပေါ့။ ဒါပေမယ့် ကျနော့်စိတ်ထဲမှာ အဲဒီရေခဲရေသည် အမျိုးသမီးကြီး ပြောလိုက်တဲ့ စကားကို အခုထိ နားထဲက မထွက်ဘူးဗျာ။ ကိုယ့်မှာလည်း ငွေတကယ် မပါတော့ မပေးနိုင်၊ လူလိမ်လို့ အပြောခံရတာကိုလည်း ရှက်၊ ထူပူပြီး အဲဒီနေ့က ဘယ်လိုလုပ် အိမ်ပြန်ရောက်လာ မှန်းတောင် မပြောတတ်တော့ပါဘူးဗျာ။

ဒါပေမယ့် နောက်တနေ့မနက်မှာတော့ အဲဒီရေခဲရေဆိုင်ကို ရောက်အောင်သွားပြီး ရေခဲရေသည် အဒေါ်ကြီးကို 'ရော့၊ ဒီမှာ မနေ့က ကျနော်တို့ ညီအစ်ကို သောက်သွားတဲ့ ရေခဲရေဘိုး'ဆိုပြီး ပိုက်ဆံ ပြားနှစ်ဆယ်ပေးဖြစ်အောင် ပြန်ပေးလိုက်တော့ အဲဒီအမျိုးသမီးကြီး ပါးစပ်အဟောင်းသားဖြစ်ကျန်ခဲ့တာ မှတ်မိနေသေးတယ်။ ကျနော်လည်း အဲဒီအဖြစ်မျိုးကြုံပြီးကတည်းက စားသောက်ဆိုင်တို့၊ ဈေးဆိုင်တို့ ဝင်မယ်ဆိုရင် အိတ်ကပ်ပြန်ပြန်စမ်းတတ်တဲ့ အကျင့် ခုထက်ထိပါလာရော ဆိုပါတော့ဗျာ။ မလုပ်နဲ့ဆရာရေ့၊ ဒါမျိုးနဲ့ အရှက်ကွဲခဲ့ဖူးပြီလေ။

ပိုက်ဆံအကြောင်းပြောလို့ ရယ်စရာတခုတောင် သတိရမိသေးဗျာ။ ကျနော်အဖေ့ဆိုင်က ပိုက်ဆံခိုးသုံးနေတဲ့အချိန် သုံးလေးတန်းကျောင်းသား ဘဝပေါ့။ ကမာရွတ်ဈေးကြီးအတွင်းထဲမှာ ဈေးဆိုင်ခန်းတွေ စနစ်တကျချမပေးခင် အဖေ့ဆိုင်က လိပ်ပြာတောင်အေးမှာဗျ၊ ကျားကျောင်းနဲ့ ဗေယျဝတီကျောင်း နံရံနှစ်ခုဆုံရာနဲ့ တည့်တည့် မျက်နှာချင်းဆိုင် လမ်းတဖက်မှာကုန်သွယ်ရေး လိပ်ပြာတောင်ရှိတယ်။ ဆိုင်ဆိုပေမယ့် တဲကြီးလိုထိုးတာပေါ့ဗျာ။ ကျနော်က ဈေးစည်နေတုန်းအချိန် အဖေ့အလစ်မှာ ပိုက်ဆံအကြွေတွေ လက်တဆုပ်စာ နှိုက်ပြီး ဈေးဆိုင်တဲကြီး နောက်ကိုသွား၊ လက်ထဲက အကြွေတွေကို ကြွက်တွင်းတခုထဲ ထည့်ထားလိုက်သဗျာ။

ကျနော့်အကြံက ဈေးကွဲပြီး ကျောင်းအသွားမှာဖြစ်ဖြစ်၊ ကျောင်းပြန်တော့ဖြစ်ဖြစ် ပြန်နှိုက်ယူမယ်ပေါ့ဗျာ။ ဖြစ်ချင်တော့ အဲဒီနေ့က လူမလစ်တော့ ကျနော်လည်း ကြွက်တွင်းထဲက ပိုက်ဆံကို မနက်ပိုင်းမှာ နှိုက်မယူလိုက်မိဘူးဗျာ။ ဒါနဲ့ ညနေကျောင်းပြန်လာမှ မှောင်ရီပျိုးနေချိန် အဖေ့အလစ်မှာ ကြွက်တွင်းရှိရာသွားပြီး ထားခဲ့တဲ့ ပိုက်ဆံပြန်နှိုက်တော့တာပေါ့ဗျာ။ မမြင်မစမ်းနဲ့ စွတ်နှိုက်လိုက်တာ၊ ဟာ၊ လက်ထဲမှာ ပျော့ပျော့စိစိတွေ ကိုင်မိတော့မှ ဘာများတုန်းဟလို့ စဉ်းစားချိန်တောင် မရပါဘူးဗျာ။ အနံ့ဆိုးကြီးက နှာခေါင်းထဲတန်းဝင်လာတော့တာပဲ။ ဘယ်ကောင်က ကြံကြံဖန်ဖန် ကြွက်တွင်းဝမှာ ဖင်သရမ်းသွားသလဲ မသိပါဘူးဗျာ။ ကျနော် စမ်းမိတဲ့ မစင်ပုံက နည်းနည်းနောနော အပုံကြီး မဟုတ်ပါလား။ ကျနော့်မှာ ပိုက်ဆံလေးငါးကျပ် ဆုံးမှာလည်းကြောက်၊ လက်မှာလည်း ချေးပေနေပြီ။ အနံ့ကလည်း ဆိုးသလား မမေးနဲ့၊ အေးဗျာ၊ လက်ဘက်ရည်တခွက် ပြားနှစ်ဆယ်ခေတ်မှာ ဒီလောက်ငွေကို အဆုံးခံလို့မဖြစ်ချေဘူးဆိုပြီး ဆက်နှိုက်ရတော့တာပေါ့။ တံဆိုးချက်ကတော့ဗျာ၊ လက်မှာ ချေးပေနေရက်နဲ့ ဇောကပ်ပြီး ဆက်နှိုက်လိုက်တာ ဘယ်အချိန်က စိတ်တိုပြီး ချောင်းနေမှန်းမသိတဲ့ တွင်းထဲကကြွက်က ကျနော့်လက်ကို ကိုက်လိုက်ပါလေရော။ ကျနော့်မှာဗျာ၊ ချေးပေတာကတမျိုး၊ ကြွက်ကိုက်တဲ့ ဒဏ်ရာတဘက်နဲ့ လက်ကိုဆေးရ ပိုက်ဆံတွေကို ဆေးရ၊ ဒဏ်ရာကို ဓာတ်ဆီထည့်ရနဲ့ တော်တော့်ကို ဗျာများခဲ့ရတာကလား။ အင်း၊ ပိုက်ဆံငါးကျပ်လောက်နဲ့ ခံရတဲ့ ဒုက္ခမသေးလှဘူးဗျ။

ဒါပေမဲ့ တဖြည်းဖြည်း စီးပွားရေးလောကထဲ ရောက်လာတော့ ငွေရှာနည်းမျိုးစုံကို ကျနော်သိလာတယ်။ ကျနော်ဘယ်လောက် ငွေရှာတတ်လာသလဲဆိုရင် ဆရာသော်တာဆွေလို ပုဂ္ဂိုလ်

ကတောင်၊ 'ဟော့ကောင် သက်ခိုင်၊ မင်းလိုကောင်မျိုးတွေရှိနေရင် မြန်မာပြည်ကြီးဘယ်တော့မှ မဆင်းရဲဘူးကွ' ဆိုပြီး မှတ်ချက်ပေးတဲ့ အထိပဲဗျာ။ မိုးကုတ်မြမောင်လို ပုဂ္ဂိုလ်မျိုးနဲ့ တွဲသောက်ခဲ့တဲ့ ဆရာက ဒီလိုပြောလိုက်တော့ ကျနော်လန့်သွားတယ်ဗျ။

ဟုတ်တယ်၊ ဆရာသော်တာဆွေနဲ့ ကျနော်တော်တော်ကို ရင်းနှီးခဲ့တယ်။ တိတိကျကျပြောရရင် သူမကွယ်လွန်ခင် လေးလလောက်အထိ ကျနော်နဲ့ အရက်တွဲသောက်ခဲ့တယ်။ ဆရာသော်တာဆွေနဲ့ ကျနော့်ဇာတ်လမ်း သိချင်လို့လား။ ဆရာသော်တာဆွေနဲ့ ကျနော် တရင်းတနှီးနေခဲ့တာ ၁၉၈၉ ဝန်းကျင်ဗျ။ ခင်မာလာအကြောင်း ပြောတုန်းက ကျနော်နဲ့တွဲခဲ့တဲ့ အလံနီလူထွက်ကိုတင်ထွန်းကို မှတ်မိတယ်မဟုတ်လား၊ သူပေါ့ဗျ။ ဆရာသော်တာဆွေကို ကျနော့် ရုံးခန်းကို ခေါ်ချလာတာလေ။ ဘယ်မှာ ဘယ်လိုဆုံပြီး ခေါ်လာမှန်းတော့ ကျနော်လည်း မမြောတတ်ဘူး။

ဆရာသော်တာဆွေက ကျနော့်ရုံးခန်းမှာ တနာရီကျော်လောက်ထိုင်ပြီး ကျနော့် အလုပ်အကြောင်းပြောတာ၊ ဌာနဆိုင်ရာတွေကို ဖုန်းဆက်တာတွေ ထိုင်ကြည့်ပြီး စောစောက မှတ်ချက်ကို ချတော့တာပဲဗျာ။ ဆရာ့မှတ်ချက်ကြောင့် ကျနော်က ပြာပြာသလဲ ဟာ၊ မလုပ်ပါနဲ့ ဆရာရယ်၊ ကျနော် ဘာကောင်မှ မဟုတ်ရပါဘူး ရှင်းပြလည်း မရဘူးဗျာ။

ဟော့ကောင် သက်ခိုင်၊ ငါလည်း မိုးကုတ်မြမောင်လို ကောင်မျိုးနဲ့ပေါင်းလာတာ။ ငါအခုလောက် စောင့်ကြည့်လိုက်ရင် မင်းလက်ရည်ကို ငါသိပြီဆိုပြ. ၼွတ်လုပ်နေလို့ ဘာမှမပြောပဲ ငြိမ်နေလိုက်ရတယ်ဗျာ။ နောက်ပိုင်းမှာ ဆရာသော်တာဆွေက နေ့လည် တနာရီလောက်ဆို အချိန်မှန်လိုလိုဖုန်းဆက်တတ်တယ်။

ဟော့ကောင် သက်ခိုင်၊ အားရင် အိမ်လာခဲ့ကွာ။ ရမ်နဲ့ဘဲကင်တခြမ်း ဆွဲခဲ့တဲ့။ ကျနော်က ဆရာ့ကို သူ့စာတွေကြောင့် လေးစားရင်းစွဲလည်းရှိ၊ သောက်ဖော်လည်းရဆိုတော့ သူခေါ် တိုင်းမောင်မငြင်း ပေါ့ဗျာ။ သူနေတဲ့ ပြည်ထောင်စုရိပ်သာက တိုက်ခန်းကို တရက်ခြားနှစ်ရက်ခြားဆိုသလိုခဏခဏရောက်နေတယ်။ နေဦး၊ သူ့အတွက် ရမ်နဲ့ဘဲကင် ဝယ်လာခိုင်းလို့ တမျိုးမထင်လိုက်နဲ့လိုက်အုံး။ ကျနော်နဲ့ ဆရာသော်တာဆွေတွေ့တော့ သူက သူ့သားမက်အိမ်မှာ လိုက်နေတဲ့အချိန်။ သူ့သားမက်က ဗိုလ်မှူးကြီးဘဝင်းတဲ့။ ဆရာ့စာတွေထဲမှာ တွေ့တွေ့နေရတဲ့ သူ့သမီးကြီး (ဒေါ်)ဒင်ဘယ်ဆွေရဲ့ ယောက်ျားဗျ။

ဗိုလ်မှူးကြီး ဘဝင်းလည်း အသောက်သမားပါပဲဗျာ။ အသောက်သမားမှ ဘီအီးဒီစီလို့ခေါ်တဲ့ အရက်ဖြူကို စွဲစွဲလန်းလန်း သောက်တဲ့ ယမကာလုလင်ပဲ။ သိတာပေါ့ဗျ။ ဆရာသော်တာဆွေ့ဆီသွားရင် သူ့အိမ်ရှေ့ခန်းမှာပုလင်းထောင်နေတာ အခေါက်တိုင်းလို တွေ့နေရတာပဲ။ ကျနော်ကတော့ (ဒေါ်)ဒင်ဘယ်ဆွေကို မဆွေလို့ပဲခေါ် ပါတယ်။ အဲဒီအချိန်မှာ ဗိုလ်မှူးကြီး ဘဝင်းက အကောက်ခွန်မှာ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ဆိုလား ဖြစ်နေပြီဗျ။

ဆရာသော်တာဆွေ့အိပ်ခန်းထဲမှာ နိုင်ငံခြားအရက်ပုလင်းတွေ အများကြီးရှိတယ်။ အများကြီးမှ တကယ့်အများကြီးဗျ။ ပုလင်းအရွယ်မျိုးစုံ၊ တံဆိပ်မျိုးစုံ၊ သူကတော့ သက်ခိုင်၊ အဲဒီအခန်းထောင့်က အရက်မျိုးစုံကို မင်းကြိုက်တဲ့ တံဆိပ်၊ ကြိုက်သလောက်သာ သောက်ပေတော့၊ ငါကတော့ ရမ်ပဲတဲ့။ ဟဲ ကြည့်၊ အရက်သမားများ သူ့အကြိုက်နဲ့သူဗျ။ နောက်တော့ ကျနော်ယူလာတဲ့ ဘဲကင်ကို အသားထွင်ပြီး သူ့အခန်းထဲမှာ အသင့်ရှိတဲ့ ပြုပ်ဆုံလေးထဲ ထည့်၊ ဖြည်းဖြည်းချင်းထောင်း၊ ပါးစပ်ထဲထည့်ပြီး မြုံ့နေလေရဲ့ဗျာ။ ဟုတ်တယ်၊ ကျနော်နဲ့ ဆရာသော်တာဆွေ တွေ့တော့ သူ့အသက် ခုနှစ်ဆယ်ကျော်နေပြီ။ ပြုပ်ဆုံဘေးနားက ဖန်ခွက်ထဲမှာ သူ့သွားတုအံကပ်ကို ဖြုတ်ပြီးရေစိမ်ထားလေရဲ့။ ပထမဆုံး စတွေ့တဲ့နေ့ကတော့ ကျနော်လည်း သူ့အခန်းထောင့်က ကိုးရိုးယားဂျင်ဆင်အရက် ရောမ

ပုလင်းကြီးကို ရွှေးလိုက်ပြီး နွားငတ်ရေကျ သောက်ပစ်လိုက်တယ်။ အဲဒီ အရက်ပုလင်းကြီးဟာ ကျနော့် စိတ်ထင် သုံးလီတာဝန်းကျင်လောက် ဆန့်မယ်ထင်ပါရဲ့။ တညနေတည်း တဝက်ကျော်ကျော် ဖြို လိုက်တာလည်း ဆရာသော်တာဆွေ မြင်ရော၊ နိုင်ငံကျော် စာရေးဆရာ၊ မြန်မာအရက်သမားတွေရဲ့ ဘိုးအေကြီးက အလန့်တကြားနဲ့ ဟာ၊ သက်ခိုင်၊ မင်းဥစ္စာ အသောက်ကြမ်းလှချည့်လား၊ အရက်ကို ဘယ်အချိန်တွေ သောက်တုန်းတဲ့။ ကျနော်က နေ့ညမရွေး ကြုံရင်ကြုံသလိုသောက်ပြီး မကြုံရင် တွေ့အောင်လိုက်ရှာ သောက်တဲ့အကြောင်း ပြောလိုက်တော့ ဆရာသော်တာဆွေက ခေါင်းတငြိမ့်ငြိမ့်နဲ့ မဟုတ်သေးဘူး သက်ခိုင် ဆိုပြီး သူ့အရက်သောက်ပုံကို ရှင်းသဗျာ။

'မင်းသောက်ပုံသောက်နည်းက မြန်မြန်မာလကီးယားမယ့်နည်းကွ၊ ငါဆို မနက်ပိုင်းလုံးဝ မသောက်ဘူး၊ မနက်ဘက် ငါကိုယ်တိုင်ဈေးဝယ်ထွက်တယ်။ စားစရာ၊ မြည်းစရာကို ကိုယ်တိုင် ကြော်လှော်ပြီး နေ့လည်ပိုင်းရောက်မှ၊ တိတိကျကျ ပြောရရင် ဆယ့်နှစ်နာရီကျော်မှ စသောက်တယ်။ ညနေသုံးနာရီလောက်မှာ တရေးတမောအိပ်တယ်။ ညခုနှစ်နာရီလောက် ထပြီး စာရေးတယ်။ ကိုးနာရီလောက်မှာ ပြန်သောက်တယ်၊ အိပ်တယ်' ဆိုပဲ။ ဒါလည်း သူငယ်စဉ်ဘဝက အကျင့်ထင် ပါတယ်။ ကျနော်နဲ့တွေ့တဲ့ အချိန်မှာတော့ စာရေးတာ တော်တော်ကျဲသွားပါပြီ။ ကျနော်ညဘက်တွေ ရောက်ရင်လည်း အချိန်မတော်သောက်တာပါပဲ။

အချိန်မတော် အလာကောင်းလို့ ဆရာသော်တာဆွေ့ ပြေးမလေးတွေကတောင် အငေါ် တူးတာ ခံရဖူးသဗျာ။ ဒါကလည်း ကျနော့်ကြောင့် မဟုတ်ဘူး။ ကျနော့်သူငယ်ချင်း မရမ်းကုန်းမြို့နယ် အလုပ်သမားဦးစီးဌာနက မြို့နယ်အရာရှိ ကိုဇော်မင်း ဂျီကျလို့ ဖြစ်ရတဲ့ ဇာတ်လမ်း။ တနေ့ ကိုဇော်မင်း က ညဘက်ခုနှစ်နာရီခွဲလောက်မှာ မရမ်းကုန်း ဘုရင့်နောင်ပွဲရုံတန်းက အရက်ဆိုင်တဆိုင်မှာ သောက် နေကြတုန်း မြိုးစားကြီး စာရေးဆရာ သော်တာဆွေကို တွေ့ချင်ပါတယ်ဆိုပြီး ဂျီကျပါလေရော။ ကျနော်က ခင်ဗျား နားပူတာ အချိန်မတော်ကြီး၊ ဆရာသော်တာဆွေက အသက်တော်တော်ကြီးနေပြီ၊ ညဘက်သိပ်ညဥ့်နက်မှ သွားလည်တာ မကောင်းပါဘူးလို့ အတန်တန် နားချပါရက်နဲ့ နားမဝင်တာနဲ့ ဆရာ့ကို လှမ်းဖုန်းဆက်ပြီးလာပါရစေဆိုတော့ ဆရာကလည်း လာခဲ့လေကွာတဲ့။ ဒါနဲ့ ကျနော်ကိုယ် တိုင် ကားမောင်းပြီး မြည်ထောင်စုရိပ်သာကို ချီတက်သွားပါလေရော။ ဖြစ်ချင်တော့ လမ်းကြုံပါတယ် လေ၊ သမီးနဲ့ ဇနီးပါ ဆရာသော်တာဆွေနဲ့ မိတ်ဆက်ပေးလိုက်မှဆိုပြီး သူတို့ကိုပါ အပါခေါ် လာမိသဗျာ။ တကယ်တော့ ကိုဇော်မင်းကို ခေါ် လာမိတာရော၊ ဇနီးနဲ့ သမီးကို ခေါ် လာမိတာပါ ကျနော့် မဟာ အမှားပါပဲ။

ဆရာ့အိမ်ရောက်တော့ ကိုးနာရီကျော်နေပြီ။ ဆရာ့အခန်းရောက်တော့ ထုံးစံအတိုင်း ဗိုလ်ဘဝင်းလည်း အဖြူတပုလင်းနဲ့ အိမ်ရှေ့ခန်းမှာ ဆက်ရက်မင်းစည်းစိမ်ယူနေလေရဲ့။ ဒါနဲ့ ကျနော် လည်း မဆွေကို နှုတ်ဆက်ပြီး မိသားစုရော၊ ကိုဇော်မင်းကိုပါခေါ် ပြီး နောက်ဘက်က ဆရာ့အခန်းထဲ ဝင်သွားလိုက်တယ်။ ကိုဇော်မင်းဆိုတဲ့ မောင်ကတော့ဗျာ၊ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းတော့ တာပဲ။ သူမူးလည်း အတော်မူးနေပြီဗျ။ ကျနော်မိတ်ဆက်ပေးတာတောင် မစောင့်တော့ပဲ ဆရာ သော်တာဆွေ့ကို လက်ညှိုးထိုးပြီး 'နေပါဦး၊ ခင်ဗျားက ဘယ်သူတုန်း၊ ဘာအလုပ်လုပ်သလဲ' တဲ့။ သေပါတော့ဗျာ၊ လက်စသတ်တော့ သူက စာဖတ်တယ်သာဆိုတယ် ရွှေသွေးနဲ့တေဇ ဖတ်တဲ့ လူစား ထင်ပါရဲ့။ လူ အထင်ကြီးအောင် ဆရာသော်တာဆွေကို တွေ့ချင်တယ်ဆိုပြီး မူးမူးနဲ့ တမင်ဂျီကျတာ ဖုံးမရအောင် ပေါ် လာပါတော့တယ်။

ကျနော်က ကိုဇော်မင်း နေဦး၊ နေဦးလို့ တားတာတောင် တားမရပဲ စွတ်ပြီး တင်နေတော့ ဆရာသော်တာဆွေဟာ ကိုဇော်မင်းမေးတဲ့ မေးခွန်း သုံးလေးကြိမ်လည်း ထပ်လာရော ရှုတ်တရက်

ဒေါကန်လာပုံရတယ်။

'ဟေ့ကောင်၊ သက်ခိုင်၊ မင်းဘယ်က ကလေကချေကို ခေါ်လာတာလဲ' တဲ့။ နောက်ပြီး ကိုဇော်မင်းမျက်နှာကို စေ့စေ့ကြည့်ပြီး

'ဟေ့ကောင်၊ ကြင်ဆွေ ဆိုတဲ့ကောင်က ဦးနေဝင်းလိုလူကိုတောင် သောက်ဂရုစိုက်ခဲ့တဲ့ကောင် မဟုတ်ဘူး' ဆိုပြီး ထချဲပါလေရောဗျာ။ ဟုတ်တယ်၊ သူ့နာမည်အရင်းက ဦးကြင်ဆွေ တဲ့ဗျ။

ကျနော်မိန်းမနဲ့ ရှစ်နှစ်အရွယ်ကျနော့်သမီးဟာ မျက်လုံးလေးတွေ ကြောင်တောင်တောင်နဲ့ ထိုင်ရမလို ထရမလို ဖြစ်ကုန်ကြတော့ပေါ့ဗျာ။ ဟုတ်တယ်ဗျ၊ ဆရာသော်တာဆွေက ရာဇဝင်နဲ့လူ။ သူ့ကို မဆလ လက်ထက်တုန်းက ဆိုဗီယက်နဲ့တခြားနိုင်ငံအချို့ကို စာရေးဆရာကိုယ်စားလှယ်အဖွဲ့တွေ စေလွှတ်တုန်းက သူ့ကို ဦးနေဝင်းကိုယ်တိုင်က လိုက်သွားပါဆိုပြီး ထည့်လိုက်ဖူးတယ်။ ဒါပေမယ့် ဆရာသော်တာဆွေက ဝတ်စရာအဝတ်အစားနဲ့ မိန်းမအတွက် အိမ်သုံးစရိတ် မထားခဲ့နိုင်လို့ မလိုက်နိုင်ပါဘူး ငြင်းဖူးတာကို သူကိုယ်တိုင် ကျနော့်ဘဝဇာတ်ကြောင်းမှာ ဖွင့်ရေးခဲ့ဖူးတယ်ဗျ။ နောက်ပိုင်း ဦးနေဝင်းကိုယ်တိုင်က ဆရာသော်တာဆွေအတွက် အဝတ်အစားရော၊ သူ့ဇနီးအတွက် အသုံးစားရိတ်ပါ သူသောက်နေတဲ့ အရက်ဆိုင်ကို လူလွှတ်ပြီး ထုတ်ပေးမှ အဲဒီနိုင်ငံခြားခရီးစဉ်ကို လိုက်သွားသတဲ့ဗျာ။

ကျနော်လည်း ဘယ်လိုမှ မနေသာတော့ပဲ ကိုဇော်မင်းကို 'ဟေ့လူ၊ ခင်ဗျား ဒီလို ဆက်လုပ်နေရင် ကျနော်သည်းမခံတော့ဘူး။ ဒါ ခင်ဗျားတွေ့ချင်တယ်ဆိုတဲ့ ဆရာသော်တာဆွေပဲ။ ခင်ဗျား ရစ်တာမရပ်ရင် ကျနော့်ကို အဆိုးမဆိုနဲ့။ ကျနော် ဘယ်လိုကောင်ဆိုတာ ခင်ဗျားအသိဆုံး'ဆိုပြီး ခပ်ကြမ်းကြမ်းကိုင်တော့မယ် ဟန်ပြလိုက်တော့ ကိုဇော်မင်း ငြိမ်ကျသွားပြီး ဆရာရယ် ကျနော်မှားပါတယ်ဆိုပြီး ဆရာသော်တာဆွေ့ကို ထိုင်ကန်တော့နေပြန်ရောဗျာ။

မငြိမ်လို့မရဘူးလေ။ သူ့ဝန်ကြီးနဲ့ကျနော်က အဆမတန် ရင်းနှီးနေတာ ကျနော်ဒုက္ခပေးရင် သူဂျောပြုတ်သွားမှာပေါ့။ ခက်တယ်ဗျ။ အမူးသမားတချို့ဟာ ဒီလိုပဲ။ ရမ်းကားလိုက်၊ အော်ဟစ်လိုက်၊ ကြိမ်းလိုက်မောင်းလိုက်၊ ငိုလိုက် ရယ်လိုက် ဖြစ်တတ်ကြတာကလား။

နောက်ဆုံးတော့ ဆရာသော်တာ့ဆွေ အခန်းထဲက အရက်တလုံးဖွင့်ပြီး ထပ်သောက်လိုက်ကြတာ ညဆယ့်တစ်နာရီလောက် ဖြစ်သွားပါလေရော။ ဒီတော့မှ အိမ်ရှင်တွေကို သတိရပြီး ပြန်ကြမှ သင့်မယ်ဆိုပြီး ဆရာ့အခန်းထဲကထွက်၊ မဆွေကို ကျနော်တို့ ပြန်ပါအုံးမယ်လို့လည်း နှုတ်ဆက်ရော၊ ဆရာ့မြေးမလေး၊ မဆွေရဲ့သမီး ကိုးနှစ်လောက်ကလေးမလေးက ကျနော်တို့ကို တော်တော်မြင်မြင်းကပ်နေပြီထင်ပါ့။ ပြန်သင့်တာကြာလှပြီတဲ့။

ကျနော်တို့ကလည်း အလိုက်မသိတဲ့ အထဲပါနေတော့ ကလေးပြောတာ ကျနော့်စိတ်ထဲ ဘယ်လိုမှ မနေပေမဲ့ ကျနော့်သမီးကတော့ မျက်နှာပျက်သွားရှာပါတယ်။ မိန်းမလုပ်သူတော့ ရှင်ဟာ အချိန်မတော် လူကြီးကို သွားဒုက္ခပေးတာပဲ ဆိုပြီး အပြန်လမ်းမှာ တဖျစ်တောက်တောက်နဲ့ပေါ့ဗျာ။

နောက်တပတ်ကျော်လောက်နေတော့ ထူးထူးဆန်းဆန်း မဆွေကိုယ်တိုင် ကျနော့်ကို ဖုန်းဆက်ပါတယ်။ 'ကိုသက်ခိုင်၊ ဖေဖေ့ကျန်းမာရေးဟာ အားရစရာမရှိတော့ဘူးလို့ ဆရာဝန်ကြီးက ပြောတယ်။ ခက်တာက ဖေဖေဟာ တခြားဘယ်သူလာလာ၊ ဘယ်စာရေးဆရာလာလာ အရက်မသောက်တော့ပေမယ့် ကိုသက်ခိုင်လာရင် သောက်သောက်နေတယ်။ အခုလည်း နေမကောင်းတဲ့ကြားက ကိုသက်ခိုင်ကို မေးမေးနေတယ်။ အဲဒါ ကိုသက်ခိုင် နားလည်ပေးစေချင်ပါတယ်'တဲ့။ အေးဗျာ။ ကျနော်လည်း နားလည်ပေးတဲ့အနေနဲ့ ဆရာသော်တာဆွေ ဖုန်းဆက်လာတိုင်း 'အလုပ်များနေလို့ပါ ဆရာ' ဆိုပြီး အလိမ္မာနဲ့ ရှောင်ရပါတော့တယ်။

ဆရာ့အိမ်ကို ကျနော်မရောက်တာ လေးငါးလလောက်အကြာမှာ ဆရာ့နာရေးသတင်း သတင်းစာတွေမှာ ပါလာပါတယ်။ ဆရာ့အသုဘမြေကျတဲ့နေ့က ကြံအောသုသာန်မှာ မဆွေနဲ့တွေ့တော့ 'အော်၊ ကိုသက်ခိုင် ဖေဖေ့ဆီမလာတာ တော်တော်ကြာ သွားပြီနော်'တဲ့။ ဘာပဲဖြစ်ဖြစ် ဆရာသော်တာဆွေဟာ ကျနော်မမေ့နိုင်တဲ့ ပုဂ္ဂိုလ်ကျော်ပါပဲ။ သူမဆုံးခင် လေးငါးလလောက်အထိ သူ့အခန်းလေးထဲမှာ တွဲသောက်ခဲ့ကြပါတယ်။ ကျနော်နဲ့နှစ်ယောက်တည်း သောက်တဲ့နေ့တွေမှာ ဆုံးသွားရှာပြီ ဖြစ်တဲ့ သူ့ဇနီး 'မေ' ဟင်းချက်ကောင်းတဲ့အကြောင်း၊ သူ့အပေါ် နားလည်မှုရှိတဲ့ ကြောင်း မမောတမ်း ပြောပြောနေခဲ့ဖူးတယ်။ ရုပ်ရှင်မင်းသမီး မြင့်မြင့်ခိုင်ရဲ့ ဓာတ်ပုံကိုထုတ်ပြပြီး သက်ခိုင်၊ မင်း ငါ့မိန်းမ မေ့ကို မမြင်ဖူးရင် သူ့ပုံသာ ကြည့်ပေတော့၊ တထေရာတည်း ချွတ်စွပ်ကွ ဆိုပြီး အတည်လိုလို နောက်သလိုလို ပြောခဲ့ဘူးတယ်။ သူရေးထားခဲ့ပြီး စက်မတင်ဖြစ်သေးတဲ့စာတချို့ကို သက်ခိုင်၊ မင်းထုတ်ချင်တယ်ဆိုရင် ပိုက်ဆံတပြားမှမပေးပဲ ထုတ်ကွာလို့လည်း ပြောခဲ့ဘူးတယ်။ ဆရာနဲ့ကျနော်၊ ဆရာနဲ့ကျနော့်မိသားစု ဓာတ်ပုံတွဲရိုက်ဖြစ်ခဲ့တာတွေ တော်တော်များများ မမေ့နိုင်စရာတွေအဖြစ် ကျန်ခဲ့ပါတယ်။ အင်း နောက်တခေါက် ကျနော့်မိန်းမ ညီ့တွေ့လာမှ ဆရာသော်တာဆွေနဲ့ တွဲရိုက်ထားတဲ့ဓာတ်ပုံတွေ ယူလာခိုင်းပြီး ခင်ဗျားကို ပြရဦးမယ်ဗျာ။

အော်၊ ကျနော်ရင်းနှီးခဲ့တာ ဆရာသော်တာဆွေ တယောက်တည်းတော့ မဟုတ်ဘူးဗျ။ ဆရာအောင်သင်း၊ ဆရာမြသန်းတင့်၊ လယ်တွင်းသားစောချစ်တို့နဲ့လည်း တရင်းတနှီး ဆုံခဲ့ဖူးသေးတယ်ဗျာ။ ၁၉၈၇-ခုနှစ် ပတ်ဝန်းကျင်မှာပေါ့။ လှိုင်မြစ်ကမ်းထိပ်မှာ ရှိတဲ့ အထပ်သားစက်ရုံအမှတ်(၂)မှာ စာပေဟောပြောပွဲလုပ်တုန်း ကပေါ့။ စာပေဟောပြောပွဲကို ဦးစီးဦးဆောင်လုပ်တာက အဲဒီ စက်ရုံကမန်နေဂျာ ဦးခင်မောင်ရင်ဗျ။ သူ ကမာရွတ်ဈေးထဲက ကိုမြင့်ဦးတို့နဲ့ ရင်းနှီးရာက ကျနော်နဲ့ပါ ရင်းနှီးနေတယ်။

အော်၊ ဦးခင်မောင်ရင်က ဥပမိရုပ်ကောင်းတယ်ဗျ။ မြို့နယ်တရားသူကြီးတွေ ဘာတွေလုပ်ဖူးတယ်။ သူတို့စက်ရုံစာပေဟောပြောပွဲ လုပ်မယ်ဆိုတော့ ဦးခင်မောင်ရင် ကျနော့်အိမ် ပေါက်ချလာပြီး 'ဆရာသက်၊ ကျနော်တို့ စက်ရုံစာပေဟောပြောပွဲအတွက် ဖိတ်ထားတဲ့ စာရေးဆရာတွေကို ဆရာ့အိမ်မှာ ညှိခံပေးပါ။ ညှိခံစားရိတ်ကျနော်တို့ထုတ်ပေးမှာပါ' တဲ့။

ကြည့်ရတာ ကျနော် စာတိုပေစ ဖတ်တယ်ဆိုတဲ့အကြောင်း ကိုမြင့်ဦးတို့ဆီကသိပြီး အကူအညီလာတောင်းပုံရပါတယ်။ ကျနော်ကလည်း စာရေးဆရာတွေနဲ့ ဆုံချင်နေတဲ့ကောင်ဆိုတော့ ဖိုးကျိုင်းတုတ်ဖြစ်ပြီး လွယ်လွယ်ပဲ တာဝန်ယူလိုက်တယ်။ စာရေးဆရာတွေကို ညှိခံတာ ဘာခက်တဲ့လုပ်လဲဗျာ။ အော်၊ ဆရာအောင်သင်းကို ဟောပြောပွဲအတွက် သွားဖိတ်တော့ သွားတဲ့သူလေးငါးယောက်ထဲမှာ ဆရာအောင်သင်းက ကျနော့်ကို မေးဆတ်ပြီး 'နေပါဦး၊မောင်ရင့်နာမည်က သက်ခိုင်တဲ့လား၊ မောင်ရင် ဘာလုပ်သတုန်း'တဲ့။ အဲဒီအချိန်က ကျနော် ရန်ကုန်ပြည်လမ်းမှာ တာဝန်ကျနေချိန်မို့ 'ကျနော် အဝေးပြေးလမ်း စိမံကိန်းမှာလုပ်ပါတယ်'လည်း ဖြေလိုက်ရော ဆရာအောင်သင်းက

'အင်း၊ ဒီခေတ်မှာတော့ မောင်ရင်တို့ အစားသာဆုံးပဲ၊ ကျုပ်တို့တော့ ဖာခေါင်းထက်ဆိုးတဲ့ အလုပ်လုပ်နေရတယ်' တဲ့။ ကျနော်လည်း တအံ့တသြနဲ့ 'ဆရာက ဘာများလုပ်နေလို့တုန်း' ဆိုတော့ 'ကျူရှင်ပြနေတာလေ'တဲ့။

ကျနော်က လျှာရှည်ပြီး ဆရာက ဘာလို့ ဖာခေါင်းထက် ပိုဆိုးရတာလဲ မေးမိတော့ 'ဟ၊ ဖာခေါင်းက ပြစ်မှုထင်ရှားရင် ထောင်ခြောက်လပဲ၊ ကိုယ်တို့က ပြစ်မှုထင်ရှားရင် ထောင်ဒဏ်သုံးနှစ် ဒဏ်ငွေ သုံးသောင်း'တဲ့။ သူပြောမှ အဲဒီခေတ်မှာ ကျူရှင်ဆရာတွေ တရားမဝင်စာပြရင် ပြစ်ဒဏ်သုံးနှစ်၊ သုံးသောင်းချထားတာ သတိရမိပါတော့တယ်။

စာပေဟောပြောပွဲလုပ်မယ့်နေ့လည်းရောက်ရော ကျနော်ဟာ အင်းစိန်လမ်းမကြီး၊ ပဏ္ဍိတယမ်းနားက နာမည်ကြီးစားသောက်ဆိုင် သုံးခြောက်ကိုးကနေ ကုန်းဘောင်ကြော်၊ သီဟိုဠ်စေ့ကြော်၊ ဆယ့်နှစ်မျိုးဟင်းချို၊ ကိုက်လန်ကြော်စတဲ့ အမြည်းအစုံအလင် ကြိုတင်ဝယ်ထားရတာပေါ့ဗျာ။ အရက်ကတော့ ရမ်နှစ်ဒါဇင်လောက် ဦးခင်မောင်ရင် လာပို့ထားလေရဲ့။ ညှော်ခံတာကတော့ ကျနော်နေတဲ့ ဘူတာရုံလမ်းက ကျနော့်ယောက္ခမ အိမ်မှာပေါ့။ အဲဒီနေ့က ဆရာလယ်တွင်းသားစောချစ်ဟာ ညနေလေးနာရီလောက်ကတည်းက ပီရိယကောင်းပြီး အစောကြီးပေါက်ချလာတယ်။

အဲဒီခေတ် အဲဒီအချိန်မှာ ဆရာ လယ်တွင်းသား စောချစ်ဟာ 'ပန်းမြိုင်လယ်က ဥယျာဉ်မှူး' ဆိုတဲ့ စာအုပ်နဲ့ စာပေဗိမာန်ဆုရော၊ အမျိုးသားစာပေဆုပါရပြီး လျှမ်းလျှမ်းတောက်နေချိန်ပေါ့။ စာရေးဆရာတွေကို ညှော်ခံတာဟာ ဘာမှ ဆန်းလှတယ် မဟုတ်ပေမယ့် တကယ့်နိုင်ငံကျော် စာရေးဆရာကြီးကို တွေ့တွေ့ချင်း အရက်ပုလင်းချပြီး 'ကဲ၊ ဆရာရေ့၊ ဒါအရက်ပုလင်းပဲ။ စိတ်ရှိလက်ရှိ သာသောက်ပါဗျာ'လို့ ကျနော့်ပါးစပ်က ပြောမထွက်ဘူးဖြစ်နေတယ်။

အေးလေ၊ အချိန်ကလည်း လေးနာရီဝန်းကျင်ပဲ ရှိသေးတယ်။ ဆရာလယ်တွင်းသား စောချစ်ကလည်း စာတွေသာ အနုအလှရေးနေတာ။ လူပုံစံက တကယ့် ထွားထွားကျိုင်းကျိုင်း၊ ဥပဓိရုပ်ပင်မောင်းအပြည့်နဲ့ဆိုတော့ ကျနော်က မလန့်ပေမယ့် အားနာသလိုလို ခပ်တွန့်တွန့်ဖြစ်နေတယ်။

ဒါနဲ့ စိတ်ကူးပေါက်သလို ယဉ်ကျေးမှုအရ ရေနွေးကြမ်းအိုးတလုံးချပြီး လက်ဖက်သုတ်တပန်းကန်နဲ့ မိတ်ဆက်စကားပြောဖို့ အားယူလိုက်ရတယ်။ နောက်တော့ ကျနော်လည်း စကားမရှိစကားရှာပြီး စာအကြောင်းပေအကြောင်း တောင်တလုံး မြောက်တလုံး လျှောက်မေး လျှောက်ပြောလုပ်ရတော့တာပေါ့။ ဆရာလယ်တွင်းသားဟာ ကျနော်မေးနေပြောနေတာကို ဝတ်ကျေတန်းကျေ ပြန်ဖြေ၊ ပြန်ပြောနေပေမယ့် စိတ်မပါသလိုလို ဟန်ပန်ဖြစ်နေတာရယ်။

ရေနွေးကြမ်းပန်းကန်နဲ့ လက်ဖက်သုတ်ကို လက်နဲ့တောင်မတို့တာကြောင့် လူကဲခတ် မညံ့တဲ့ ကျနော်ဟာ တခုခုမှားနေပြီဆိုတာ သဘောပေါက်လိုက်ပါတယ်။ ဒါနဲ့ ကျနော်လည်း မထူးပါ ဘူးလေဆိုပြီး 'ဆရာ၊ အခု ဆရာနဲ့ ကျနော် စကားပြောနေရတာ ခြောက်ကပ်ကပ်နဲ့ မစိုပြေဘူး ဖြစ်နေတယ်။ အာသွက်လျှာသွက်ကလေး ဖြစ်သွားအောင် နည်းနည်းလောက် လုပ်လိုက်ကြရင် ကောင်းမယ်ဆရာ' လို့လည်း စကားဦးသန်းလိုက်ရော၊ ဆရာလယ်တွင်းသား စောချစ်ရဲ့ မျက်နှာဟာ မြူမှောင်ဝေကင်းတဲ့ ဗိုးလမင်းကြီးလို ဝင်းပလာပြီး 'ဟာ၊ ရှိလားဆရာ၊ ကောင်းတာပေါ့' တဲ့။

အမယ်၊ သူတောင် ကျနော့်ကို ဆရာတဲ့၊ ဟုတ်တော့နေပါပြီ။

ဒီလိုနဲ့ ရမ်ပုလင်းတလုံးဖွင့်ပြီး ဖန်ခွက်နဲ့ဆော်ဒါပုလင်းတွေချပေးလိုက်တာ ဆရာလယ်တွင်းသားဟာ ချက်ချင်းဆိုသလို သူကိုယ်တိုင် လက်လေးလုံးလောက်ထွဲ့ဆည့်ပြီး ရေငတ်နေတဲ့ပုံစံနဲ့ ဂျိုက်ကနဲသောက်ချလိုက်ပါရော။ အဲ၊ နောက်ပိုင်းတော့ သူနဲ့ကျနော် လေပေးဖြောင့်လာတယ်။ ကျနော်နဲ့သူ ပြောဖြစ်တာတော့ အစုံပဲဗျ။ အဲဒီတုန်းက ဆရာလယ်တွင်းသားစောချစ်ဟာ လမ်းစဉ်ပါတီလူငယ်ရေးရာမှာ ဝင်လုပ်နေတယ်။ သူ့မိခင်ဌာနကတော့ ပြည်ထဲရေးဝန်ကြီးဌာန (ယခု အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)မှာဆိုပဲ။

အော်၊ မေ့နေလို့၊ အဲဒီနေ့က ကျနော် အရက်မသောက်ဘူးဗျ။ ခါးနာနေတာနဲ့ အရက်ကို တပတ်လောက် မသောက်ပဲ နားထားတဲ့အချိန်။ အဲဒီနေ့က ဆရာလယ်တွင်းသားစောချစ်နဲ့ ပြောဖြစ်တဲ့ အကြောင်းထဲမှာ ကျနော်က သူရေးတဲ့စာတွေကို ဝေဖန်တာလည်း ပါတယ်။ ကျနော် သူရေးတဲ့ စာတွေဖတ်ပြီး စိတ်ထဲမှာခံစားနေရတာကို ထုတ်ပြောဖြစ်ပါတယ်။ 'ဆရာရေ၊ စိတ်တော့မရှိပါနဲ့ဗျာ။

ကျနော် ဆရာရေးတဲ့စာတွေကို ဖတ်ပြီး ဆရာ့စာတွေကို တစုံတခုက ဇက်ခွံ့ထားသလို ခံစားရပါတယ်လို့ ပြောလိုက်မိသဗျာ။ ကျနော်သုံးလိုက်တဲ့ ဇက်ခွံ့ဆိုတဲ့ အသုံးအနှုန်းကိုလည်းကြားရော ဆရာလယ်တွင်းသားဟာ 'ဟ၊ ခင်ဗျား စကားလုံးက အဆန်းပါလား၊ ဆက်ပါဦး' တဲ့။

အမှန်တော့ သူ နားမလည်ချင်ယောင်ဆောင်တာ ဖြစ်ပါလိမ့်မယ်။ ကျနော်ဆိုလိုတာက သူရေးတဲ့ စာတွေမှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို သာသာထိုးထိုးထောက်ခံနေတဲ့ အရေးအသားမျိုးတွေ လွှန်ကဲနေတာကြောင့် သူ့စာတွေဟာ ဇက်ခွံ့ခံထားရတဲ့ မြင်းတကောင်လို ထင်သလောက် ခရီးမရောက်ဘူးလို့ ကျနော်ဆိုလိုတာပါ။ အော် ခင်ဗျားကလည်း ဒုံးဝေးရန်ကော၊ ဇက်ခွံ့တယ် ဆိုတာ မြင်းတွေရဲ့ ပါးစပ်ထောင့်မှာ သစ်သားတုံးလေးထည့်ပြီး အာဒေါက်ထည့်ထားတာကို ပြောတာဗျ။ အာဒေါက်ကို ဇက်ကြိုးနဲ့တွဲထားတော့ ဇက်ကြိုးကို ဆတ်ကနဲဆွဲလိုက်တိုင်း အာဒေါက်ကပါးစပ်ဘေးထောင့်ကို ဆွဲဖြဲသလို ဖြစ်ပြီး မြင်းဟာ ထင်တိုင်း မပြေးနိုင်တော့ဘူး။

တချို့သိပ်ဆိုးတဲ့ မြင်းတွေဆို သံနဲ့ လုပ်ထားတဲ့ အာဒေါက်တောင် ထည့်ထားကြသေးဗျ။ ကျနော့်အမေးကို ဆရာလယ်တွင်းသားက 'အော်၊ ကိုသက်ခိုင်ရယ်၊ ကျနော်ဟာ ကျောင်းသားဘဝကတည်းက တင်းကြပ်တဲ့ စည်းကမ်းတွေနဲ့ နေလာခဲ့ရတာဟာ ကျနော့်စာတွေမှာ လာပေါ်နေတာဖြစ်ပါလိမ့်မယ်။ တစုံတယောက်၊ အဖွဲ့တခုခုက ကျနော့်ကို ဇက်ခွံ့ထားတာ မရှိရိုးအမှန်ပါ' တဲ့။ ပေယ်တိုးလေးတိုးပြီးပြောသဗျ။

ဒီမှာတင် ကျနော်လည်း စကားလမ်းကြောင်း ပြောင်းမှပါပဲလေဆိုပြီး ကျနော့် စာအုပ်စင်ပေါ်က ဆရာဇော်ဂျီ ဘာသာပြန်ထားတဲ့ 'ကမ္ဘာ့နိုဗယ်ဆုရ စာရေးဆရာများ၏ မိုးကြယ်မို့လားနှင့် လမ်းသစ် ဝတ္ထုတိုများ'ဆိုတဲ့ စာအုပ်ကို ဆွဲထုတ်လိုက်တယ်။ အဲဒီစာအုပ်ဟာ ဆရာဇော်ဂျီရဲ့ လက်ရာတွေအနက်က အကောင်းဆုံး စာရင်းမှာ ပါနိုင်တယ်ဗျ။

ကျနော် သိသလောက် အဲဒီစာအုပ်နဲ့ ဆရာဇော်ဂျီဟာ အမျိုးသားစာပေဆုတောင် ရခဲ့ဖူးတယ် ထင်ပါတယ်။ ၁၉၇၇ ခုနှစ် ဝန်းကျင်က ထုတ်ခဲ့တာပါ။ အဲဒီစာအုပ်ထဲမှာ အမေရိကန်ပြည်ထောင်စုရဲ့ စာရေးဆရာ အကျော်အမော် ဝီလျံဖော့ကနား (WILLIAM FAULKNER) ရေးတဲ့ (A-ROSE FOR EMILY) ဆိုတဲ့ဝတ္ထုတိုကို ဆရာဇော်ဂျီက 'ဇာတိပုညဂုဏ်မာန' ဆိုတဲ့ အမည်နဲ့ ဘာသာပြန်ထားတာ ပါတယ်ဗျ။ အဲဒီ ဝတ္ထုတိုမှာ ကျနော့်စိတ်ထဲ ဘဝင်မကျတဲ့ အချက်တချက်တွေ့တာနဲ့ ဆရာလယ်တွင်းသားကို မေးမလို့ စာအုပ်ကို ဆွဲထုတ်လိုက်တာဗျ။ ဟုတ်ပါတယ်၊ ဆရာဇော်ဂျီဟာ တကယ့်ကဝိတဆူပါ။ ကျနော့်စိတ်ထဲ ဘဝင်မကျတာ မှန်ချင်မှမှန်ပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် စိတ်ထဲရှိတာကို နိုင်ငံကျော် စာရေးဆရာကြီးနဲ့ ဆုံတုန်း မေးကြည့်လိုက်မှဆိုပြီး စိတ်ကူးပေါ် လာလို့ပါ။

ဒီလိုဗျ။ ဆရာဇော်ဂျီဟာ အဲဒီ ဝတ္ထုတိုထဲက ဇာတ်ကောင် အမယ်အို အင်မလီရဲ့ မာန်မာနကြီးပုံကို ရေးဖွဲ့ပြနေရာကနေ 'ထို့ကြောင့် အင်မလီ၏ ဝင်းမှ အပုပ်နံ့ ထွက်လာစဉ်သောအခါ မည်သူမျှ အံ့ဩခြင်း မဖြစ်ကြချေ'လို့ ရေးထားသဗျ။ ကျနော့်ကို စိတ်စနောင့်စနင်းဖြစ်အောင်လုပ်တာ အဲဒီ 'အပုပ်နံ့' ဆိုတဲ့ စကားလုံးပဲဗျ။ အဲဒီအခန်းမှာ ဆရာဇော်ဂျီရေးထားတာက လူသေကောင်အပုပ်နံ့ကို ဆိုလိုပေမယ့် ရုတ်တရက်ဆိုရင် အမယ်အို အင်မလီရဲ့ ကိုယ်ကျင့်တရား အပုပ်နံ့လို့ ထင်စရာဖြစ်နေတယ်။ ခင်ဗျားလည်းသိတဲ့အတိုင်းပဲလေ။ မြန်မာစာမှာ 'အပုပ်နံ့' ဆိုတာ ရင်းမြစ်အနက်ကောဆင့်ပွားအနက်ပါ ရှိတာမဟုတ်လား။ ခွေးသေကောင်ကနံ့တဲ့ အပုပ်နံ့က ရင်းမြစ်အနက်ဗျာ။ 'ဒီကောင်မအပုပ်နံ့ကတော့ တရပ်ကွက်လုံး ဖုံ့နေပြီ'ဆိုတာမျိုးက ဆင့်ပွားအနက်မဟုတ်လား။

'အဲဒီ စာလုံးနဲ့ ပတ်သက်လို့ ကျနော့်စိတ်ထဲမှာ ဆရာဇော်ဂျီဟာ တခြားစကားလုံး တလုံးလုံးကို ပြောင်းသုံးရင်ကောင်းမယ်ထင်လို့ပါ ဆရာ'လို့ ကျနော်လည်း ပြောလိုက်ရော ဆရာလယ်တွင်းသား

တာ ကျနော့်ကို အကြာကြီး စိုက်ကြည့်နေပါတယ်။ ကျနော့်အမေးနဲ့ ပတ်သက်လို့ ဘာမှ ပြန်မဖြေခဲ့ပါဘူး။ 'ကိုသက်ခိုင် စာများများ ဖတ်တာကောင်းတယ်ဗျာ၊ စာဖတ်သူဟာ တနေ့မှာ သဘာဝခေါင်းဆောင် ဖြစ်လာတတ်ပါတယ်'ဆိုပြီး စကားလွှဲလိုက်သဗျ။

နေဦးဗျ၊ နောက်ပိုင်း အဲဒီဝတ္ထုကို အကြိမ်ကြိမ် ဖတ်ပြန်ကြည့်ပြီး အဲဒီစကားလုံးနေရာမှာ တခြား စကားလုံးသုံးဖို့ ကျနော့် ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားကြည့်တော့လည်း သူ့ထက် ကောင်းမွန်အံ့တင့်တဲ့ စကားလုံး ရှာမရပြန်ဘူးဗျ။ ဆရာလယ်တွင်းသားကလည်း ကျနော်လေကန်နေတာကို နားထောင်လိုက်၊ ပြန်ပြောလိုက်နဲ့ တနာရီသာသာအတွင်းမှာ ရမ်တလုံးပြောင်အောင် သောက် လိုက်ပြီဗျာ။ ဒီလိုနဲ့ ညနေ ခြောက်နာရီသာသာလောက်မှာ ဆရာအောင်သင်း ရောက်ချလာတယ်။ ထုံးစံအတိုင်း လွယ်အိတ်တလုံး လွယ်လို့ပေါ့။

အော်၊ ကျနော်ကကောင်းတဲ့အကြောင်း ပြောမလို့လုပ်နေတာ စကားတွေဘေးချော်ပြီး တရေးဆရာတွေအကြောင်း ရောက်သွားပြန်ပြီ။ ဟုတ်ပါ့ဗျာ၊ ကျနော်စကားပြောလိုက်ရင် ဒီလိုချည်းပဲ။ တောရောက်လိုက် တောင်ရောက်လိုက်နဲ့။ စိတ်ရှည်ရှည်နဲ့သာ သည်းခံပြီး နားထောင်ပါတော့ဗျာ။ ဆရာအောင်သင်းက ရောက်ရောက်ချင်း 'ဖိုးသက်ခိုင်ရေ့၊ သုံးနှစ်သုံးသောင်း ဖာခေါင်းထက် ဆိုးတဲ့ အလုပ်လုပ်နေရလို့ နည်းနည်းနောက်ကျသွားတယ်။ ခွင့်လွှတ်ကွာ'တဲ့။

■

အခန်း (၇၈)

# မျှော်လင့်ချက်မဲ့တဲ့ နေ့တွေလည်းရှိ

တကယ်တမ်းပြောရရင် ဆရာဦးအောင်သင်းရဲ့ စာပေသြဇာကို ကျနော်နည်းနည်းတော့ လန့်တယ်ဗျ။ သူက မေမြို့စစ်တက္ကသိုလ် မြန်မာစာဌာနမှာ နည်းပြဆရာ လုပ်ခဲ့ဖူးသတဲ့။ ဆရာအောင်သင်းဟာ စာအရေးအသားထက် စာပေဝေဖန်ရေးမှာ အားကောင်းတယ်။ တခါကဆို 'အောင်သင်း ဘာပြောပြော' ဆိုပြီး မဂ္ဂဇင်းတခုမှာ ရေးလိုက်ရာကနေမဂ္ဂဇင်း စာမျက်နှာတွေမှာ အပြန်အလှန်ရေးကြ၊ အော်ကြနဲ့ ရောမစာပေတိုက်ပွဲကြီး တခုလိုဖြစ်ပြီး စာပေလှုကြမ်းမင်းသားလို့တောင် အမည်တွင်သွားခဲ့ဖူးသေးတယ်ဗျ။ နောက်ပိုင်းတော့ စာပေဝေဖန်ရေးတွေ၊ လူငယ်မြှင့်တင်ရေးတွေဘက်ကို ရောက်သွားတယ်။ သူဟောတဲ့ စာပေဟောပြောပွဲတွေကို ကျနော် ရှစ်တန်းကျောင်းသားဘဝလောက်ကတည်းက ကျနော်တို့ကျောင်းမှာ လာဟောလို့ နားထောင်ခဲ့ဖူးတယ်။ တော်တော်အပြောအဟော ကောင်းတာကလား။ သူဟောတာ ပြောတာ ချက်ကျလက်ကျ ဖြစ်လွန်းလို့ ကျနော်ကြိုက်တယ်။

သူက စကားပြောတဲ့နေရာမှာ တကယ့်ကို ပါရဂူမြောက်ကျွမ်းကျင်တာဗျ။ စကားကြီးဆယ်ခွန်းထဲမှာ ဆရာအောင်သင်း အကျွမ်းကျင်ဆုံးကတော့ ကောက်ပင်ရိတ်လှိုးပြောနည်းလို့ထင်တာပဲဗျ။ ကျနော်သတိထားမိသလောက် သူ စကားပြောရင် တဘက်လူကို နလံမထူနိုင်အောင် ဖြတ်ပိုင်းလှိုးချ အောင်ပွဲရအောင် ပြောတတ်တယ်။ ခုလဲ ကြည့်လေ၊ ဝိုင်းမှာ ထိုင်တောင် မထိုင်သေးဘူး၊ သူနဲ့ ဆရာမောင်သာရ ခွန်းကြီးခွန်းငယ် ဖြစ်လာတာကို စားမြုံ့ပြန်နေလေရဲ့။

အေးဗျ၊ အဲဒီခေတ် အဲဒီအချိန်တုန်းက ဆရာမောင်သာရကလည်း စာပေအသိုင်းအဝိုင်းမှာ သူ့ခေတ်နဲ့ သူ့တွင်ကျယ်နေတဲ့ အချိန်ဗျ။ ကျနော်လည်း ဆရာမောင်သာရ ရေးသမျှစာအုပ်ကို မဖတ်ဖူးတဲ့စာအုပ် မရှိသလောက်ပါပဲ။ ဆရာမောင်သာရရဲ့ စာပေသြဇာဟာ ကျနော်တို့အပေါ်မှာ တော်တော်ကြီးခဲ့တယ် ဆိုပါစို့။ အေးလေဗျာ၊ သြဇာကြီးဆို သူရေးတဲ့စာအုပ်ကို မဖတ်ခင် စာအုပ်နာမည်ကြားရ ကတည်းက စိတ်ထဲမှာ သရိုးသရီဖြစ်ကြရတာကလား။ ကြည့်လေ၊ 'ထမိန်ကျွတ်၍

လွှတ်လိုက်သည်'၊ 'စီးပလေစေ မောင်မသုတ်နဲ့'၊ 'ခါးတကယ်မတို့ခင်က ယားတယ်လို့တွန့်' 'နောက်ဆုံးကျတော့ ကျော်ဟိန်းက ကျော်ဟိန်းပါပဲ'။ ကဲ၊ အဲဒါ သူ့စာအုပ် နာမည်တွေဗျ။

ဆရာအောင်သင်းနဲ့ ဆရာမောင်သာရ မြို့ထဲတနေရာမှာ ဆုံမိကြတော့ ဘယ်တဘယ်လို ငြိကြသလဲ မပြောတတ်ဘူးဗျ။ ဆရာမောင်သာရက 'ဆင်သွားရင် လမ်းဖြစ်တယ်'လို့ ပြောတာကို ဆရာအောင်သင်းက 'ခင်ဗျား ဆင်ကအကန်းကြီး'လို့ ပြန်ပက်ခဲ့သတဲ့။ သဘောကတော့ ဆင်ကန်းတောတိုး ဖြစ်နေတာကို ဆိုလိုတယ် ထင်ပါရဲ့ဗျာ။ ဆရာအောင်သင်းက သူနဲ့ဆရာမောင်သာရ အချေအတင်ပြောခဲ့တာကို အားရပါးရပြောနေပေမယ့် ကျနော်ကတော့ ဘေးကနေ ငြိမ်ပြီး အကွက်ချောင်းနေတယ်ဗျာ။ ဟုတ်တယ်လေ၊ ရှိန်တာလန့်တာက တခြား၊ ဒီလို နိုင်ငံကျော်ပုဂ္ဂိုလ်နဲ့ တွေ့တုန်း ကိုယ့်စိတ်ထဲမရှင်းတာ မေးဖို့ သူ့အလစ်အငိုက်ကို စောင့်နေတယ်ဆိုပါတော့။

ဆရာအောင်သင်းကတော့ ဆရာလယ်တွင်းသားလောက် အရက်သောက်တာ မကြမ်းဘူးဗျ။ အမြည်းလေး စားလိုက် တခွက်မော့လိုက်နဲ့ ပုံမှန်လေးသွားနေတယ်။ ဒီလိုနဲ့ ညခုနစ်နာရီခွဲဝန်းကျင်လောက်မှာ ဟောပြောပွဲစဖို့ အချိန်ကျနေတာနဲ့ ဆရာလယ်တွင်းသားက ပွဲဦးထွက် သူပဲတာဝန်ယူလိုက်ပါ့မယ်၊ ဆရာအောင်သင်း အရှိန်ရအောင် အေးအေးဆေးဆေး သောက်ပါစေဆိုပြီး ဟောပြောပွဲရှိရာ ထွက်သွားသဗျ။ အရက်ဝိုင်းမှာ ဆရာအောင်သင်းနဲ့ကျနော် နှစ်ယောက်တည်း ကျန်ခဲ့ပါလေရော။

အဲဒီအချိန်မှာ ဆရာအောင်သင်းက အမြည်းပန်းကန်တွေ လျှောက်ကြည့်ပြီး ကိုက်လန်ကြော် တဖတ်ကို တူနဲ့ညှပ်ပြီး စားလိုက်တယ်။ ပြီးတော့ 'ဟေ့ ဖိုးသက်ခိုင်၊ ဒါက ဘာတုန်းကွ၊ ကန်စွန်းရွက်လည်း မဟုတ်ပါလား'တဲ့။ ဒါနဲ့ ကျနော်လည်း ဟာ၊ ဆရာ ဒါ ကိုက်လန်လို့ ခေါ်တယ်။ အရက်နဲ့တော့ တော်တော်လိုက်တယ်ဆရာ လို့လည်းပြောလိုက်ရော 'အေးကွ၊ ကိုက်လန်ဆိုတာ ကိုယ်တခါမှ မစားဖူးဘူး' ဆိုပဲ။ ဒါနဲ့ ကျနော်လည်း အကွက်ကောင်း ဆိုက်ပြီ ဆိုပြီး 'ဒါနဲ့ဆရာ၊ ဆရာနဲ့ကျနော် နှစ်ယောက်တည်းရှိတုန်း ကျနော့်စိတ်ထဲ ပြောချင်တာလေး ပြောပါရစေ'ဆိုတော့ ဆရာကလည်း 'အေး၊ ပြောလေကွာ' တဲ့။

အမှန်က ကျနော့်စိတ်ထဲမှာ မရှင်းမလင်းဖြစ်နေတာက သမိုင်းကိစ္စဗျ။ အဲဒီခေတ်တုန်းက သမိုင်းပြုစုရေး ကော်မရှင်ဆိုပြီး နိုင်ငံတော်က ကမကထပြုပြီး လုပ်နေတာရှိတယ်။ ကျနော့်စိတ်ထဲ သမိုင်းဆိုတာ အစိုးရက ပြုစုမှတော့ ဘယ်မှာလာပြီး အမှန်တရားပေါ်တော့မလဲ။ သမိုင်းကို ပြုစုရမှာက သမိုင်းပညာရှင်တွေရဲ့ အလုပ်လို့ပဲ ကျနော် ရိုးရိုးသားသား နားလည်တယ်။ ခင်ဗျား စဉ်းစားကြည့်လေ၊ ဘုရင်က မှန်နန်းဆောင်မှာနေရာပေးပြီး သမိုင်း(ရာဇဝင်) ရေးခိုင်းသတဲ့။

အမှီအခိုမကင်းတဲ့ သမိုင်းဆရာဟာ ဘယ်လိုလုပ် သမိုင်းအမှန်ကို ပြုစုမလဲဗျာ။

ဒီတော့ ကျနော်က ဆရာအောင်သင်းကို 'ဆရာ၊ ကျနော်သမိုင်းကို အယုံအကြည်မရှိဘူး' လို့ စွတ်တင်ပစ်လိုက်ရောဗျာ။ ဒီတော့ ဆရာအောင်သင်းက အာမေဋိတ်သံနဲ့ 'ဟော၊ ဒါဆို မင်းက သီပေါမင်းပါတော်မူတာကို မယုံဘူးလား' တဲ့။

ကဲ၊ ကြည့်။ မေးသူကို နလံမထူနိုင်အောင် ပြန်ခွပ်လိုက်တာပဲဗျ။

ဒါပေမဲ့ ကျနော်ပြောတာကတခြား ဆရာအောင်သင်း ကျနော့်ကို ထောက်လက်သီးပေးသလို ပြန်ဖြေတာက တခြား ဖြစ်နေတယ်ဗျ။ ဒါနဲ့ ကျနော်က သမိုင်းကော်မရှင်ဖွဲ့တဲ့ ကိစ္စကို ပြောပြပြီး အဲဒါကြောင့် ကျနော်မယုံကြည်နိုင်တဲ့အကြောင်း ပြန်ရှင်းတော့ သူက 'မင်းက သမိုင်းပြုစုတဲ့လူတွေကို မယုံတာပဲ။ သမိုင်းကို မယုံတာမှ မဟုတ်တာ'တဲ့။

ကျနော်လည်း ဟောတဲ့ပြောတဲ့နေရာမှာ၊ စကားနိုင်လုတဲ့နေရာမှာ တခေတ်မှာတယောက် ဆိုသလို နာမည်ကြီးခဲ့တဲ့ ပုဂ္ဂိုလ်နဲ့ ဆက်ဖြီးဖြင်းမလို့လုပ်နေတုန်း ကိုမြင့်ဦး ဝင်လာပြီး ဆရာမြသန်းတင့် က ကျနော့်အိမ် မဝင်နိုင်တော့ပဲ ဟောပြောပွဲဆီကို သွားပြီ၊ အရက်ဝိုင်းကို အထပ်သားစက်ရုံ ညွှိရိပ်သာကို ရွှေ့ခဲ့ပါ ပြောတာနဲ့ စကားပြတ်သွားရောဗျာ။

ကျနော်လည်း ဝင်းကြည်ဆိုတဲ့ ကျနော့်တပည့်ကျော်တယောက်ကို အမြည်းတွေ အရက်တွေ အထပ်သား ညွှိရိပ်သာထဲ စနစ်တကျ ရွှေ့ပြောင်းဖို့မှာခဲ့ပြီး ဆရာအောင်သင်းကို ကားပေါ် တင်ပြီး ဟောပြောပွဲဆီ လိုက်ပို့လိုက်ရရော ဆိုပါတော့။

ကျနော်ရောက်သွားတော့ ဆရာ လယ်တွင်းသားစောချစ်က တရုပ်သိုင်းဝတ္ထုတွေအကြောင်း ကနေ မျက်မှောက်ခေတ်စာပေအကြောင်း ဆက်စပ်ပြီးဟောနေလေရဲ့။ ကျနော်လည်း ညွှိခံရေးကို တာဝန်ယူထားတော့ ဟောပြောပွဲကို သေချာတော့ နားမထောင်လိုက်ရပါဘူး။ ကျနော့်အမြင်ပြောရရင် ဆရာလယ်တွင်းသားစောချစ်က သူ့စာတွေ ဘယ်လိုကောင်းကောင်း မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အာဘော်က မလွတ်ပါဘူး။ ဆရာမြသန်းတင့်ကတော့ အတည်ငြိမ်ဆုံးနဲ့ သူယုံကြည်ရာကို စွဲစွဲမြဲမြဲ ဆက်ပြီး စွဲကိုင်ထားတဲ့ ပုံစံလို့ ကျနော့်စိတ်ထဲ အကဲရမိတာပါပဲ။

ဆရာ မြသန်းတင့်က သူ့ရဲ့နာမည်ကျော် ဓားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်မည် ဆိုတဲ့ ဝတ္ထုဖြစ်လာပုံ၊ သူရေးဖွဲ့ခဲ့ပုံတွေကို လူတန်းစားအမြင်တွေပါ ထည့်ပြီးဟောတယ်။ နောက်ဆုံး ပိတ် ဆရာကတော့ ထုံးစံအတိုင်း ဆရာအောင်သင်းပေါ့၊ ဆရာအောင်သင်းကတော့ 'သရက်ထောင် ဖောက်ခဲ့စဉ်က' ဆိုတဲ့ ဆောင်းပါးနဲ့ စာရေးဆရာဖြစ်လာပေမယ့် မဆလအစိုးရကို ထိခိုက်မဲ့ အချက် တွေကိုတော့ လိမ်လိမ် မာမာ ပါးပါးနပ်နပ် ရှောင်လွှဲပြောသွားတာပါပဲ။ ခံစားသိနဲ့ ကြံဆသိ၊ ကြောင်မှာ ကြောင်ကျူူ ကေးရှင်း ရှိသလို လူမှာ အက်ကျူးကေးရှင်းရှိတယ်ဆိုတာတွေ ဟောတော့တာပါပဲ။ တကယ်တမ်းလည်း ဆရာအောင်သင်းဟာ ဟောတဲ့ပြောတဲ့နေရာမှာ အချက်ကျကျ ပြောတတ်တာ တော့ ပြိုင်စံရှားပဲဗျ။ ပရိသတ်တဝါးဝါး တဟားဟား လက်ခုပ်သံတဖြောင်းဖြောင်းနဲ့ ပွဲကိုဆူအောင် လုပ်နိုင်တာကတော့ ဆရာအောင်သင်းပဲဗျာ။

ညဆယ့်တစ်နာရီလောက် ဟောပြောပွဲလည်းပြီးရော သောက်ပွဲဆက်ကြပြန်ရောဗျ။ ကျနော်ကတော့ အထပ်သားစက်ရုံထဲမှာ ကိုယ့်အိမ်လို လူတွင်ကျယ်လုပ်လို့ မတော်ချေဘူးဆိုပြီး ခပ်ကုတ်ကုတ်ပဲနေပြီး ပြန်ပို့ဖို့သာ စောင့်နေလိုက်တော့တယ်။

ထူးခြားတာက ဆရာမြသန်းတင့်ဗျ။ လူလုံးလူဖန်သေးသေး၊ မျက်မှန်ထူထူနဲ့ စကားဟဟ မပြောလှဘူး။ ခပ်အေးအေး ပုံစံပဲ။ တကယ့်ကို ဂန္တဝင်စာပေတွေကို ရေးခဲ့တဲ့ ဆရာမြသန်းတင့် ဆိုတာ သူမှ ဟုတ်မှလေစလို့တောင် ထင်စရာပါပဲ။ အဲဒီညက ကျနော်နဲ့ဆရာမြသန်းတင့် စကား မပြောဖြစ်ခဲ့ပါဘူး။ ဒါပေမယ့် အဲဒီညကတွေ့ခဲ့တဲ့ စာရေးဆရာသုံးယောက်မှာ ဆရာမြသန်းတင့်ကို ကျနော်အလေးစားဆုံးပါပဲ။

ရေချိန်ကိုက်လာလို့ထင်ပါရဲ့၊ ဆရာအောင်သင်းဟာ အဆိုတော်ရုပ်ရှင်မင်းသား မြတ်လေးရဲ့ တပြားမလေး ဂိုယာရမ် သီချင်းကို အကျယ်ကြီးဟစ်နေလေရဲ့။ ဆရာလယ်တွင်းသားကလည်း ဘေးက နေရောပြီး သံယောင်လိုက်နေတယ်။

အဲဒီအချိန်မှာ ဖြူနီးဆို ကုတ်အင်္ကျီ အမည်းကြီးဝတ်ထားတဲ့ လူတယောက် ဝင်ချလာပါရော ဗျာ။ ထူးထူးဆန်းဆန်း ဒီလူဟာအရက်တော်တော်မူးနေပြီး အာလေးလျှာလေးသံကြီးနဲ့ အင်္ဂလိပ် ကဗျာတပုဒ်ကို ရွတ်ရင်းဝင်ချလာတာဗျ။ ဒါကိုမြင်လိုက်ကြားလိုက်တဲ့ ဆရာအောင်သင်းဟာ ရုတ်တရက် မျက်နှာထား တည်သွားပြီး မတ်တတ် ထရပ်လိုက်တယ်၊ ပြီးတော့

'ဟေ့ကောင်၊ မင်းဘာကောင်တုန်း၊ ဘယ်က ကောင်တုန်း'တဲ့။ ကျနော်လည်း ရုတ်တရက်ဆိုတော့ ကြောင်သွားတယ်။ အမှန်ပြောရရင် သူ့ကို ကျနော်လည်း မမြင်ဖူးဘူးဗျာ။ အဝတ်အစား ဝတ်ထားတာကလည်း ကုတ်အင်္ကျီအစုတ်၊ ဥပမိရှပ် ကလည်း တော်တော်ညံ့ဆိုတော့ ဒီလူ ဘယ်ကလဲ၊ ဘာလို့ ဝင်လာတာပါလိမ့်ဆိုပြီး စဉ်းစားနေတုန်း ဦးခင်မောင်ရင် ပြာပြာသလဲ ဝင်လာပြီး

'ဟာ၊ ဆရာတို့နဲ့ မိတ်ဆက်ပေးဖို့ မေ့နေတယ်။ သူ့ အမှတ် (၁၀)အထပ်သား စက်ရုံမှူး ဦးကျော်မြင့်သိန်းပါ'တဲ့။ ကောင်းကြရောပေါ့ဗျာ။ သူ့စက်ရုံကလုပ်တဲ့ စာပေဟောပြောပွဲကို လာဟောတဲ့ စာရေးဆရာတွေက စက်ရုံမှူးကို ဆီးဟောက်မိနေတာပေါ့။ ခက်တာက ဧည့်ခံကြိုဆိုရေး တာဝန်ယူထားတဲ့ ကျနော်တောင် စက်ရုံမှူး ဥပမိရှပ်ညံ့တာ ကြားဖူးနားဝရှိပေမယ့် လူကိုယ်တိုင်တော့ မမြင်ဘူးခဲ့ဘူးဗျာ။ နောက်ပိုင်းမှ သိရတာက စက်ရုံမှူး ဦးကျော်မြင့်သိန်းဟာ စာပေကို ဝါသနာထုံတဲ့ စာသမားပေသမား။ ဒီဟောပြောပွဲမှာ ဒီဆရာတွေကို ဖိတ်ပါဆိုတာလည်း သူကိုယ်တိုင် စီမံခန့်ခွဲခဲ့တာ ဆိုပဲ။

စက်ရုံမှူးပါလို့လည်း မိတ်ဆက်ပေးလိုက်ရော ဆရာအောင်သင်းလည်း စပ်ဖြဲဖြဲ မျက်နှာပေးနဲ့ 'အော် ဖြစ်မှဖြစ်ရလေဗျာ။ စောစောစီးစီး မိတ်ဆက်ပေးထားမှပေါ့' တဲ့။ နောက်တော့ ဆက်ပြောသေးတယ်၊ 'နေအုံးဗျ၊ စောစောက ခင်ဗျား ရွတ်လိုက်တဲ့ ကဗျာဟာ တကယ့်ဂန္ထဝင်ကဗျာ၊ ခင်ဗျားရွတ်ပုံဆိုပုံ ဒွာန်ကရိုဏ်း မကျဘူး။ ကျနော်ရွတ်ပြမယ်၊ နားထောင်'ဆိုပြီး စောစောက ဦးကျော်မြင့်သိန်း ဝင်လာရင်း ရွတ်ခဲ့တဲ့ အင်္ဂလိပ်ကဗျာကို အသံနေအသံထားနဲ့ ရွတ်ပါလေရောဗျာ။ ကျနော်ဆိုတဲ့ကောင်ကလည်း ကဗျာဆိုရင် မြန်မာကဗျာတောင် သိပ်နားရည်ဝလှတာမဟုတ်တော့ ဘယ်သူရေးတယ် ဘယ်လိုဂန္ထဝင်မြောက်တယ် ဆိုတာ မပြောတတ်ပါဘူးဗျာ။ ဒါပေမယ့် ဆရာအောင်သင်းရဲ့ ကဗျာရွတ်ဟန် ကဗျာရွတ်သံဟာ ကဝိတဆူဟန် ပေါက်နေတာတော့ အမှန်ပဲဗျ။

ကျနော်ကတော့ သူတို့သောက်နေတဲ့ ဝိုင်းကို အကဲခတ်ပြီး လိုတဲ့အရက် အချိန်မီရောက်အောင် ကြည်ဝင်းကိုကားနဲ့ ကျနော့်အိမ်လွှတ်လွှတ်ပြီး ရမ်ပုလင်းရော ဆော်ဒါပုလင်းပါ သုံးခေါက်လောက် ယူခိုင်းလိုက်ရတယ်။

အင်း၊ ကျနော်လည်း နေရာတကာ အရာရာနဲ့အကြောင်းကြောင်းချည်း ပြောရမလိုပဲဗျာ။ အဲဒီညက စာရေးဆရာအဖွဲ့ကို ဧည့်ခံရာကနေ ကားနဲ့လူနင်းသတ်မိသလို ဖြစ်တော့မလို့ဗျ။ ဖြစ်ပုံက အဲဒီည ဆယ့်နှစ်နာရီလောက်လည်းရှိရော စာရေးဆရာတွေကို ပြန်ပို့ဖို့ စီစဉ်ကြတဲ့ အချိန်ပေါ့။ အချိန်က တော်တော်နောက်ကျနေပြီဆိုတော့ စာရေးဆရာတွေကို ကားတစီးတည်း စုတင်ပြီး လိုက်ပို့လို့ မဖြစ်တော့ဘူးဗျ။ ဒါနဲ့ တယောက်တစီးစီ နေအိမ်တွေအရောက် ပြန်ပို့ကြဖို့ တာဝန်ခွဲလိုက်တာ ကျနော်က ဆရာအောင်သင်းကိုပြန်ပို့ဖို့ တာဝန်ကျတယ်ဗျာ။ ဆရာအောင်သင်းကို ကားပေါ် တွဲမတင်ရပေမဲ့ သောက်တာ တော်တော်များနေတော့ ခြေလှမ်း မမှန်ချင်တော့ဘူး။

ကိုမြင့်ဦးက ဆရာအောင်သင်းနဲ့ ကားနောက်ခန်းမှာ ထိုင်ပြီး ကားကို ကျနော် မောင်းမယ်ပေါ့ဗျာ။ ဒါပေမယ့် ကျနော် ကားထဲဝင်ထိုင်လိုက်ပြီး ကားစတီယာရင်ကို ကိုင်ရင်း ကျနော့်စိတ်ထဲ စနိုးစနောင့်ဖြစ်လာသလို ခံစားရတယ်။ ဆရာအောင်သင်းကလည်း ကိုမြင့်ဦးကို ဘာတွေပြောမှန်းမသိ ဝူးဝူးဝါးဝါးတွေပြောနေရာကနေ 'ဟေ့ကောင်၊ သက်ခိုင်မောင်းလေကွာ' တဲ့။ ဒါပေမယ့် ကျနော့်စိတ်ထဲမှာ တစုံတခုက သတိပေးနေသလို ထူးထူးဆန်းဆန်း ခံစားရတာနဲ့ မမောင်းသေးပဲ ခပ်ငူငူ စဉ်းစားနေမိတယ်။

အဲဒီအချိန်မှာ ကျနော့်ခေါင်းထဲကို ဝင်းကြည်အကြောင်း ဝင်လာတယ်ဗျ။ ဟုတ်တယ်၊ တပည့်ကျော် ဝင်းကြည် ဆိုတဲ့ကောင်က တကယ့်အရက်ကျူး။ အဲဒီနေ့က စာရေးဆရာတွေ ဧည့်ခံမှာမို့ ဝင်းကြည်ကို ပွဲပြီးမှသောက်ပါကွာလို့ ချော့မော့တောင်းပန်ထားတာ အခုပွဲပြီးတော့ ဒီကောင် ဘယ်

ရောက်နေသလဲ ကျနော်စဉ်းစားနေတာ။ ဒါနဲ့ကျနော်က ကားနောက်ခန်းက ကိုမြင့်ဦးကို ဝင်းကြည် ဘယ်ရောက်နေသလဲ' မေးလိုက်မိတယ်။ သူလည်း မသိဘူးတဲ့။ ဒါနဲ့ကျနော် ကားပေါ်ကဆင်းပြီး ညှိရိပ်သာပေါ် ပြန်တက်ပြီး ရှာတယ်၊ မတွေ့ဘူး။ ဒါနဲ့ ဟိုရှာဒီရှာလုပ်ရင်း စိတ်ထဲမှာ သိပ်မသင်္ကာတာနဲ့ ကျနော့်ကားအောက်ကို ငုံ့ကြည့်လိုက်မိတယ်။ ဟာ၊ တကယ့်လူမိုက်ပါပဲဗျာ။ ဝင်းကြည်ဟာ ကျနော့်ကားအောက်တည့်တည့်မှာ ဝမ်းလျားထိုးကြီး အိပ်ပျော်နေသဗျ။

အေးပေါ့ဗျာ၊ ကျနော်သာ ကားပေါ် က ဆင်းမရှာမိရင် ဝင်းကြည်ဟာ ကားဘီးနဲ့ အကြိတ်ခံရဖို့ သေချာပေါက်ပေါ့ဗျာ။ ကြည့်ရတာ စာရေးဆရာတွေအတွက် အိမ်ကို သွားသွားယူခိုင်းနေတဲ့ အရက်ပုလင်းတွေထဲကနေ လမ်းမှာ ကြားဖြတ်ပြီး မော့လာတာ ရေချိန်လွန်သွားတယ် ထင်ပါရဲ့။ ကျနော်က ဝင်းကြည်ခြေထောက်ကို ဆွဲပြီးနှိုးရင်း ထွက်ခဲ့ဖို့အော်တော့မှ ဗလုံးဗထွေးအသံနဲ့ ကားအောက်က ထွက်လာလေရဲ့။ ကျနော်က 'ဟေ့ကောင်၊ ငါ့ကို ထောင်ထဲထည့်နေတာလား' လုပ်တော့ 'မဟုတ်ဘူးလေ ဆရာရယ်၊ ဆရာပြန်ထွက်ရင် ကျနော် မကျန်ခဲ့အောင် ကားနားမှာ စောင့်နေတာပါ'တဲ့။ ကျနော့်မှာ စိတ်ဆိုးရအခက်၊ ဒေါသဖြစ်ရအခက်နဲ့ ဘာပြောရမှန်းတောင် မသိတော့ဘူး။ ဒါနဲ့ ကျနော်လည်း အဲဒီညက ကားမမောင်းတော့ပဲ ကိုမြင့်ဦးကို ကားမောင်းဖို့ပြောပြီး နောက်ခန်းမှာ ဝင်ထိုင်လိုက်တယ်။ ဆရာအောင်သင်းကတော့ ကျနော်တို့အဖြစ်ကို ဘာမှ မသိတော့ပါဘူး၊ ဇက်ကျိုးနေပါပြီ။ ကျနော့်ပေါင်ပေါ် မှာ ခေါင်းတင်ပြီး အိပ်နေရင်းက 'သက်ခိုင်၊ မင်းကိုတော့ မမေ့ဘူးကွ၊ ငါ့ကို ကိုက်လန်စားဖူးအောင် ကျွေးတဲ့ကောင်' လို့ တတွတ်တွတ် လုပ်နေလေရဲ့။

စာရေးဆရာတွေ အကြောင်း စကားကောင်းနေလိုက်တာ ကံကောင်းတဲ့ အကြောင်းတောင် စကားစ ပြတ်သွားတယ်။ ဟုတ်ပြီ၊ ကံကောင်းတဲ့ဘက် ပြန်လှည့်ဦးမှ။ ကျနော်ကံကောင်းတယ်ဆိုတာ မီးလောင်တာနဲ့ ပတ်သက်နေတယ်။

ကျနော်တို့နေတဲ့ လှိုင်မြို့နယ်ကတော့ဗျာ၊ နွေရာသီရောက်လို့ အဆိုတော် ကိုထွန်းရွှေ ဆိုတဲ့ 'ရန်သူမီးကို အစဉ်အမြဲ သတိမြုပါ' ဆိုတဲ့ သီချင်းကို လမ်းပေါ် မှာ လော်စပီကာနဲ့ လိုက်အော်လို့ မဆုံးခင် မီးစလောင်တတ်တဲ့ မြို့နယ်ဗျ။

မီးဟော့ ဆိုတာနဲ့လောင်ပြီးသား ဆိုတဲ့ မြို့နယ်ပါပဲဗျာ။ အဲဒီခေတ် အဲဒီအချိန်ကတော့ မီးလောင်တဲ့နေရာမှာတော့ နှစ်တိုင်းလိုလို တံခွန်စိုက်ဆု ချိတ်နေကျပါပဲ။ မတော်တဆလောင်တယ်၊ မတော်တဆ မလောင်ရင် လောင်အောင်ရှို့တယ်။ ၁၉၇၄ ခန်းကျင်လောက်က ကျနော်တို့နေတဲ့ (၅)ရပ်ကွက်မှာ ရှို့မီး အကြီးအကျယ် လောင်ဖူးတယ်ဗျ။

သေချာပေါက်မှတ်မိနေတာက အဲဒီအချိန်က လှိုင်ဈေးကြီး မီးလောင်ပြီးကာစအချိန်။ တမြို့နယ်လုံး မီးလန့်နေတဲ့အချိန်။ မီးလန့်နေလို့ မီးကင်းတွေဘာတွေ ပိုချပြီး သတိနဲ့နေနေကြရင်းက ထလောင်တာပါပဲဗျာ။ စလောင်တာက သမဝါယမဆိုင်ဗျ။ ရှို့တဲ့သူ ဆိုင်တာဝန်ခံ။ သမဝါယမဆိုင်က လောင်တာဆိုတော့ သက်ဆိုင်ရာက စစ်တာဆေးတာ၊ ဖမ်းတာဆီးတာတွေလုပ်တာပေါ့ဗျာ။ အစကတော့ ဆိုင်ထဲက ဝါယာရှော့ဖြစ်ပြီး လောင်သလိုလို ဘာလိုလို အသံထွက်ပေမယ့် သမဥက္ကဋ္ဌ ဦးထွန်းလှအောင်တို့ ဆိုင်တာဝန်ခံ ဦးစိုးနိုင်တို့ကို တလကျော်လောက် ဖမ်းထားပြီးလည်းစစ်လိုက်ရော အမှုမှန် ပေါ် လာတော့တာပါပဲ။ ဦးထွန်းလှအောင်နဲ့တော့ မဆိုင်ဘူးဗျ။ သူခမျာ စစ်ကြောရေးမှာ တော်တော် ထုထောင်းခံလိုက်ရတယ်လို့ သူကိုယ်တိုင်ပြောပြဖူးတယ်။ နောက်ဆုံးတော့ ဝါယာရှော့ဖြစ်တယ်ထင်ရအောင် စနစ်တကျ မီးရှို့တာက ဆိုင်တာဝန်ခံဦးစိုးနိုင်ဆိုတာ ပေါ် လာတယ်။ တကယ့် ဥာဏ်ကြီးရှင်ပဲဗျာ။

သမဝါယမဆိုင်နဲ့ ပတ်သက်တဲ့ စာရင်းစာအုပ်တွေကို ဓာတ်ဆီ အပြည့်ထည့်ထားတဲ့ ဇလုံကြီး တခုနားမှာ စုပုံပြီး အဲဒီဇလုံပေါ်မှာ လေးဆယ်ဝပ်မီးလုံးတလုံးကို မထိတထိ ထားခဲ့လို့ဖြစ်တာတဲ့။ ညဘက်ရောက်လို့ ညစောင့်လုံခြုံရေးက မီးဖွင့်လိုက်တော့ မီးလုံးက တဖြည်းဖြည်းပူလာပြီး မနက် နှစ်နာရီ တရပ်ကွက်လုံးက လူတွေ အိပ်မောကျနေတုန်း ဝုန်းကနဲ ထလောင်တဲ့ အဖြစ်ပါပဲဗျာ။ အဲဒီနေ့က လောင်တဲ့ မီးကတော့ သမဝါယမဆိုင်တင်မကဘူး။ ငါးရပ်ကွက် တကွက်လုံး ပြောင်အောင် လောင်တာပဲဗျို့။ အဲဒီဆိုင်တာဝန်ခံ ဦးစိုးနိုင်က အရောင်းတာဝန်ခံ အမျိုးသမီးနဲ့လည်း ဘာလိုလို ဇာတ်လမ်းရှိသေးသတဲ့။ အမှုကို တရားရုံးတင်ပြီးတော့ ဦးစိုးနိုင်လည်း ထောင်ဆယ်နှစ်ဆိုလား ကျသွား လေရဲ့။ ဒါပေမယ့် လွတ်ငြိမ်းချမ်းသာခွင့်တခုနဲ့တိုးပြီး ငါးနှစ်လောက်အကြာမှာ လွတ်လာတယ်။ လွတ်လာပြီး မကြာခင် အဆုတ်ကင်ဆာလိုလို၊ အဆုတ်နာလိုလို ရောဂါနဲ့ သေတာပါပဲ။ တချို့ပြော တော့ ထောက်လှမ်းရေးက စစ်ကြောရေးမှာ ထုထောင်းထားတဲ့ ဒဏ်တွေလို့လည်း ပြောကြသဗျ။

အဲသလို မီးလောင်တဲ့အကြိမ်ပေါင်းများစွာထဲက တကြိမ်မှာတော့ ကျနော်လည်း မီးဘေး ဒုက္ခသည် ဘဝ ရောက်ခဲ့ရရောဗျာ။ ၁၉၉၃ မှာ ကျနော်နေတဲ့ ယောက္ခမအိမ် မီးထဲပါ သွားတယ်။ မီးလောင်တော့ ကျနော်က ဘားလမ်းတရားရုံး သက်သာဆိုင်မှာ အရက်ထိုင်သောက်နေတဲ့အချိန်။ ကျနော့်ဇနီးကလည်း အသုဘတခုလိုက်ပို့နေတော့ အတွင်းပစ္စည်းတွေပါ ဘာတခုမှ မရလိုက်တော့ဘူး ဆိုပါတော့။ အမှန်တော့ လှိုင်မြို့နယ်မှာ မီးလောင်နေတယ်ဆိုတာ ကျနော် အစောကြီး သိနေတာဗျ။ လှိုင်မြို့နယ်မှာ မီးလောင်တာ အဆန်းမှ မဟုတ်တာ၊ ကိုယ့်အိမ်တော့ မပါလောက်ပါဘူး ဆိုပြီး ပန်းဘဲတန်းရဲစခန်းက ရဲအုပ်ဦးချစ်မြိုင်နဲ့ ထိုင်သောက် နေရာက မထဖြစ်တာ။ လောင်နေတဲ့ မီးက ကျနော့်အိမ်နား ရောက်နေပြီဆိုလို့ ကသောကမျော ပြန်ပြေးလိုက်တော့ အိမ်နေရာမှာ တိုင်ငုတ်ပဲ ကျန်တော့တယ် ဆိုပါတော့။

အဲဒီမီးလောင်မှုပြီး မကြာခင် ရက်တရက်မှာပေါ့။

အဲဒီနေ့က ရှမ်းစုရုံးခန်းကို ကျနော် မနက်ရှစ်နာရီလောက်ကတည်းက ရောက်နေတယ်။ လက်ထဲမှာ ငွေပြတ်နေပြီး ဘာကြံရမှန်းကို မသိလို့ ရုံးခန်းခေါင်းရင်းဘက်က မြေကွက်လပ်မှာ ဒရင်းဘတ်ခင်းခိုင်းပြီး ပက်လက်လှန်နေလိုက်တယ်။ အကြံအိုက်လွန်းလို့ ရုံးစောင့်ဦးတင်ရွှေကို မြေဖြူခဲ တခဲ ယူခိုင်းလိုက်ပြီး ရုံးခန်းခေါင်းရင်းဘက် အပြင်နံရံမှာ 'မျှော်လင့်ချက်မဲ့တဲ့ နေ့တွေလည်းရှိ' ဆိုပြီး စာတကြောင်းတောင် ရေးထားလိုက်မိတယ်။ ရေးယုံတင် မကဘူး၊ အဲဒီစာကြောင်းနဲ့ ကျနော့်ပုံကို တွဲပြီး ဦးတင်ရွှေကို ဓာတ်ပုံပါ ရိုက်ခိုင်းထားမိသေးဗျာ။

တကယ်တော့ အဲဒီနေ့ဟာ မျှော်လင့်ချက်မမဲ့ခဲ့ပါဘူး။ မနက်ကိုးနာရီလောက်ကျတော့ ဒွေးစိုးတို့ ညီအစ်ကို ပေါက်ချလာတယ်။ ဒီကောင်တွေ ညီအစ်ကိုက တကယ့်ဖိုးတွမ်တီးတွေ။ အော်၊ ကျနော်သူများကို ဖိုးတွမ်တီးလို့ မတရား မပြောပါဘူးဗျာ။ သူတို့ စီးပွားရေးခွင်တချို့မှာ လိမ့်နေပတ် နေတာတွေ ကျနော်အကုန်သိနေလို့ပါ။ ဒွေးစိုးအစ်ကိုနာမည်က မြင့်စိုးတဲ့။ စီးပွားရေးလောကထဲမှာ တော့ သူတို့ကိုယ်သူတို့ မိတ်ဆက်ထားတာ ဗိုလ်ကြီးဒွေးစိုးနဲ့ ဗိုလ်မှူးမြင့်စိုးပေါ့။ အဲဒီမတိုင်ခင် လွန်ခဲ့တဲ့ ခြောက်လလောက်က ဒီမောင်တွေညီအစ်ကိုနဲ့ ရန်ကုန်သစ်လုပ်ငန်းရုံးချုပ်မှာ ကျနော်သိခဲ့တာဗျ။

အဲဒီတုန်းက နာမည်ကြီးသစ်ပွဲစား ကိုလှမြင့်ဆိုတဲ့ ညီအစ်ကိုနဲ့ ငွေပေးငွေယူကိစ္စ အလုံ သစ်တော ရုံးရှေ့မှာ ပြဿနာဖြစ်နေတုန်း သိခဲ့တာ။ ကျနော်က ကိုလှမြင့်နဲ့ခင်နေတော့ 'ခင်ဗျားတို့ ပြဿနာ ကျနော့်ရုံးမှာလိုက်ရှင်းကြပါ၊ လမ်းဘေး လက်ဘက်ရည်ဆိုင်မှာ လူမြင်မကော်ပါဘူး' ဆိုပြီး ကျနော် ကိုယ်တိုင် သူတို့သုံးယောက်လုံးကို ပင့်လာခဲ့တာ။ အမှန်တော့ သူတို့ပြဿနာကို ကျနော်

စိတ်ဝင်စား တာလဲပါတယ်။ နောက်တချက်က သူတို့ညီအစ်ကိုဟာ တပ်မတော် အရာရှိတွေ မဟုတ်လောက်ဘူးဆိုတာ ကျနော့်စိတ်ထဲက အလိုလိုသိနေသလိုပဲ။

ဒါနဲ့ ကျနော့်ရုံးခန်းမှာ စာရင်းရှင်းကြတော့လည်း ထိုးမယ်ကြိတ်မယ်တွေဖြစ်လာကြလို့ ကျနော်ပဲဝင်ထိန်းပြီး ပြေလည်အောင် ဝင်ရှင်းပေးလိုက်တယ်။ အဲဒီကစပြီး သူတို့ညီအစ်ကို ကျနော့်ကို အစ်ကို၊ အစ်ကိုနဲ့ အဖွဲ့စကျတော့တာပဲ။ အမှန်က သူတို့ညီအစ်ကိုဟာ နဝတအစိုးရတက်လာပြီး တည်ဆောက်ပြုပြင်မြန်ပြည်တခွင်ဆိုတဲ့ စီမံကိန်းတွေနဲ့ လုပ်စားနေကြတာဗျ။ သူတို့ စားကျက်က ကချင်ပြည်နယ်ဘက်မှာ။ ကချင်ပြည်နယ်က တည်ဆောက်ရေး စီမံကိန်းနဲ့ ပတ်သက်တဲ့ သစ်ပါမစ်တွေ ရန်ကုန်ယူလာပြီး ပြန်ဖျောနေကြတာ။ ကချင်ပြည်နယ်မှာ သူတို့ ဘယ်လို အဆက်အသွယ် ရှိသလဲတော့ မသိဘူး။ ရန်ကုန်မှာတော့ နဝတရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းတင်နဲ့လုပ်စားနေကြတာဗျ။ ဒါတာ သေချာတယ်။ ကျနော်ကိုယ်တိုင် သံသယရှိလို့ ဗိုလ်မှူးကြီးသန်းတင်ရဲ့အိမ်ကို ပါမစ်လက်မှတ်ထိုးဖို့ ဒွေးစိုးနဲ့ လိုက်သွားခဲ့ဖူးတယ်။ ကျနော်အကဲခတ်မိသလောက်တော့ ဗိုလ်မှူးကြီးသန်းတင်ဟာ ဒွေးစိုးယူလာတဲ့ လျှောက်လွှာတွေကို ကချင်ပြည်နယ်ကတင်ပြတဲ့ လျှောက်လွှာမှန်မမှန် စစ်ဆေးပြီး လက်မှတ်ထိုးပေးတာဟာ လိုင်းကြေး ကျေနပ်လောက်အောင်ရလို့ ထိုးပေးလိုက်တာပါပဲ။ ဟုတ်တယ်၊ အဲဒီလို လိုင်းကြေးမဝင်တဲ့ လျှောက်လွှာဟာ လေးငါးလကြာနေတတ်တယ်။ တခါတခါဆို ပြန်တောင် ကျမလာတတ်တာမျိုးပါ ရှိတယ်။

ဒွေးစိုးတို့ညီအစ်ကို အဲဒီနေ့မနက်ကလာတာ တကယ်တော့ ကောင်းသောလာခြင်း မဟုတ်ဘူး။ ကျနော့်တပည့်လေးတယောက်ကို အချုပ်ထဲထည့်ချင်လို့ ကျနော့်ကို လာပြီးစည်းရုံးတာ။တပည့်ဆိုတာက အောင်ချိုတဲ့။ မြန်မာမလေးတယောက်နဲ့ အိမ်ထောင်ကျနေတဲ့ ဟိန္ဒူကုလားလေး။ အသက်နှစ်ဆယ်ကျော်လောက်ရှိမယ်ထင်ပါရဲ့။ သူ့ကို ကျနော် အင်းစိန်ထောင်ထဲမှာ သိခဲ့တာဗျ။ ထောင်ထဲမှာ နေတုန်း တရက်မှာ ဂီတနက်သန် ကိုစောငြိမ်းရဲ့ 'ချစ်ပြုံးနှင်းဆီ' သီချင်းကို အသံကောင်းကောင်း၊ အထူးအလိုမှ်မှန်မှန်နဲ့ ဆိုနေသံ ကြားလို့ သေချာသွားကြည့်တော့ ကုလားလေး အောင်ချိုဖြစ်နေတယ်။ ကျနော်က ထောင်ထဲမှာပျင်းရင် အောင်ချိုကို ခေါ် ခေါ်ပြီး ချစ်ပြုံးနှင်းဆီ သီချင်းဆိုခိုင်းရာက သူကလည်း ကျနော့်ကို ဆရာသမားတယောက်လို ခင်နေခဲ့တာ။ ထောင်အပြင်ကို ရောက်တော့လည်း ကျနော့်ရုံးကို ဝင်ထွက်နေတာမို့ အခင်အမင်မပျက်ရှိနေခဲ့တယ်။ အဲဒီ အောင်ချိုက ပဲခူးကဝဘက်က လယ်ထွန်စက်ဟောင်းတခုနဲ့ ပတ်သက်ပြီး ရောင်းမှားဝယ်မှားဖြစ်ရာက အမှုဖွင့်ခံရပြီး ရှောင်နေရတဲ့ အချိန် ဒွေးစိုးတို့ ညီအစ်ကို ရောက်ချလာတာပဲ။

အမှန်က အောင်ချို ဝယ်လိုက်တဲ့ လယ်ထွန်စက်အဟောင်းဖျက်ထားတဲ့ သံတိုသံစတွေကို ဒွေးစိုးတို့အသိမိတ်ဆွေ ပိုင်တဲ့ကားနဲ့ ငှားတင်လာတာဆိုတော့ ရဲက ကားကို သိမ်းထားတယ်။ သိမ်းထားတဲ့ ရဲကလည်း ပဲခူးတိုင်း ရဲ။ အောင်ချိုဟာ ကျနော့်တပည့်ဖြစ်နေမှန်း ကဝရဲစခန်းက သိနေတော့ ဘာမှမလုပ်ရဲဘူး။ အေးလေ၊ တိုင်းရဲမင်းကြီးနဲ့ကျနော်က အဆမတန်ခင်နေတာကလား။

ဒီမှာတင် ရဲက အောင်ချို့ကို ဖမ်းမိမှ ကားကို ပြန်ထုတ်ပေးမယ်ဆိုပြီး အကြပ်ကိုင်တယ်။ တော့ ကားပိုင်ရှင်က ဒွေးစိုးတို့ညီအစ်ကိုကို အပူကပ်တယ်။ ဒွေးစိုးတို့ညီအစ်ကိုက အောင်ချို့ကို ဖမ်းနိုင်အောင် ကျနော့်ကို အကူအညီတောင်းဖို့အတွက် ရောက်လာကြတာလေ။

ဒီမောင်တွေ ကျနော့်ကို ဒီအတိုင်းအမှုကိစ္စ မပြောရဲဘူးဗျ။ အစ်ကို ၊ တခုခု စားရအောင်ဆို ဘူတာရုံလမ်းနားက နဂါးနီစားသောက်ဆိုင်ကိုခေါ် သွားတာနဲ့ ကျနော်လည်း ညစ်နေတဲ့ အချိန်ဆိုတော့ လွယ်လွယ်ပဲ ခေါင်းငြိမ့်ပြီး လိုက်သွားလိုက်တယ်။

တကယ်တော့ ဒွေးစိုးတို့ညီအစ်ကို ကျနော့်ကို မလှန်ရဲပါဘူး။ မလှန်ရဲတဲ့ အကြောင်းလည်း ရှိပါတယ်။ ကိုလှမြင့်နဲ့ပြဿနာဖြစ်ပြီးတဲ့နောက် သူတို့ညီအစ်ကို ကျနော့်ရုံးခန်းကို မကြာမကြာ ပေါက်ချ လာတတ်တယ်။ ကျနော့်ရုံးက ကျနော့်တပည့်တွေရော၊ ရုံးကို လာလည်တဲ့ ဧည့်သည်တွေက ရော သူတို့ညီအစ်ကိုကို ဗိုလ်ကြီး၊ ဗိုလ်မှူးလို့ပဲ ခေါ်ကြတယ်။ ကျနော်ကတော့ ကိုဒွေးစိုး၊ ကိုမြင့်စိုးပဲ ခေါ် တယ်။ ဒါကို သူတို့က သိပ်ကျေနပ်ပုံမပေါ် ဘူး။ ဒါနဲ့ ကျနော်လည်း နဂါးမှန်းသိအောင် အကြောင်း တော့ ပြလိုက်အုံးမှဆိုပြီး အကွက်ချောင်းနေလိုက်တာ မကြာပါဘူးဗျာ၊ သူတို့ဗိုလ်မဟုတ်တဲ့အကြောင်း သက်သေပြလိုက်နိုင်တော့တာပါပဲ။

ဖြစ်ချင်တော့ တနေ့သူတို့ညီအစ်ကို ရောက်လာပြီး ကျနော်နဲ့ အရက်သောက်ရအောင် အဖော်ညှို လာတယ်ဗျ။ ကျနော်ကလည်း ညနေသုံးနာရီလောက်ဖြစ်နေတော့ ရုံးမှာပဲ ချလိုက်ကြရ အောင်ဆိုပြီး ဦးလှရွှေကို အမြည်းအတွက် ဘဲကင်ဝယ်ခိုင်းလိုက်တယ်။ အရက်က ဝယ်စရာမလိုဘူးဗျ။ ကျနော့်တပည့်တွေလာပို့ထားတဲ့ အာမီရမ် နှစ်လုံး ရှိနေတယ်လေ။ ဒါနဲ့ ကျနော်လည်း ရုံးနောက် ခန်းထဲက အာမီရမ်တလုံးကို ယူလာပြီး ဒွေးစိုးလက်ထဲကိုထည့်လိုက်တယ်။

'ကဲ ကိုဒွေးစိုး ဖွင့်ဗျာ'လို့လည်း ပြောလိုက်ရော ဒွေးစိုးဟာ စားပွဲပေါ်က ကြက်သွန်လှီး တဲ့ ဓားလေးကို ယူပြီး အာမီရမ်ပုလင်းထိပ်က ချိတ်တွေကို တတောက်တောက်နဲ့ ခွာနေတယ်။ ဒွေးစိုး ပုလင်းထိပ်က ချိတ်ကို ခွာနေတာလည်း မြင်ရော ကျနော်တကျန်တဲ့ အာမီရမ်တလုံးကို ချက်ချင်း ဆွဲထုတ်လာလိုက်တယ်။ ပုလင်းကို လက်မှာကိုင်ပုလင်းအဝကို အောက်ဘက် လေးဆယ့်ငါးဒီဂရီ လောက် လှည့်ထားပြီး ပုလင်းဖင်ကို ကျန်တဲ့ လက်တဘက်က လက်ဖနောင့်နဲ့ ခပ်ဆတ်ဆတ် ရိုက်ချပြ လိုက်တာ အာမီရမ်ပုလင်းဟာ ဖောင်းကနဲလည်း ပွင့်ထွက်သွားရော ဒွေးစိုးရော မြင့်စိုးပါ မျက်နှာမှာ သွေးမရှိတော့ဘူး။ သူတို့နှစ်ယောက်လုံး ကျနော့်မျက်နှာကို ငြိုင်တူလှမ်းကြည့်လိုက်ကြတယ်။ သူတို့ကြည့်တဲ့ မျက်လုံးတွေထဲမှာ 'ကျနော်တို့ကို နားလည်ပေးပါဗျာ' ဆိုတဲ့ အဓိပ္ပါယ်ပေါက်နေလေရဲ့။ ကျနော်လည်း မျက်လုံးနဲ့ပြန်ကြည့်ပြီး အဖြေပေးလိုက်ပါတယ်။ 'မင်းတို့ဖာသာ ကိုယ့်အလုပ် ကိုယ်လုပ် ကြ၊ ငါဟာ မင်းတို့ ထင်သလို အချဉ်မဟုတ်ဘူး'လို့။

အေးလေ၊ အာမီရမ်ပုလင်းတောင် မဖွင့်တတ်ပဲ ဘယ်လိုလုပ် ဗိုလ်ဖြစ်နိုင်တော့မလဲဗျာ။ အာမီရမ်ပုလင်းကို စစ်သားတိုင်းဖွင့်တတ်တယ်ဗျ။ ရှေ့တန်းစစ်မြေပြင်မှာ အာမီရမ်ပုလင်းအဝကို ဓားလေးနဲ့ တတောက်တောက်ရုပ်နေလို့မှ မရတာ။ အဲဒီနေ့ကစပြီး သူတို့လည်း အပိုးကျိုးသွားရော ဆိုပါတော့။

နဂါးနီစားသောက်ဆိုင်ကို ကျနော်တို့ရောက်တော့ မနက်ကိုးနာရီလောက်ပဲ ရှိဦးမယ်။ ဆိုင်ပိုင်ရှင်က ဦးကျော်မြင့်တဲ့။ သူက တရုတ်။ ကျနော့်လိုပဲ အင်းစိန် ဂျီတီအိုင်ဆင်း။ ကျနော်ရော ကျနော့်လုပ်ဖော်ကိုင်ဖက်တွေပါ နဂါးနီမှာ သောက်နေကျဆိုတော့ ဦးကျော်မြင့်နဲ့ မျက်မှန်းတန်းမိနေ တယ် ဆိုပါတော့။ ဒွေးစိုးတို့ညီအစ်ကိုက အကြံနဲ့ဆိုတော့ မှာလိုက်တဲ့ စားစရာတွေ၊ စားပွဲအပြည့်ပါပဲ ဗျာ။ ကျနော့်ကို ဘာအရက်သောက်မလဲမေးတော့ Black Label ချခိုင်းလိုက်တယ်။ ဖန်ခွက်တွေထဲ လည်း အရက်ငှဲ့ပြီးရော ဒွေးစိုးက ကျနော့်ကို ဘယ်လောက်ခင်ကြောင်း၊ ကျနော်နဲ့ သိကျွမ်းရတာ ဘယ် လောက်တန်ဖိုးရှိကြောင်း၊ ကျနော့်ကို ဘယ်လောက် အားကိုးကြောင်း စကားတွေ ဖောင်ဖွဲ့ပြီး လျှောက် ပြောနေတော့တာပဲဗျာ။ ကျနော်ကတော့ ဘာမှ ခွန်းတုန့်မပြန်ပဲ မျက်နှာထားတည်တည်နဲ့ပဲ အသာငြိမ်ပြီး နားထောင်နေလိုက်တယ်။ ငြိမ်ပြီးနားထောင်ရုံပေါ့ဗျာ။

သူတို့ ခွင်ဆင်ပြီး ကျနော့်ကို တခုခု ဂျင်းထည့်တော့မယ်ဆိုတာ ကျနော် ရိပ်မိနေပြီပဲ။

အဲဒီအချိန်မှာ ဖြူနီးဆို လက်ဖွေ့ထီရောင်းတဲ့ ထီရောင်းသမားတယောက် ဆိုင်ထဲကို ဝင်ချလာသဗျ။ သူ့တဆိုင်လုံးကို လှည့်အကဲခတ်လိုက်ပြီး ဌေးစိုးအနားကို ကပ်သွားတယ်။ ပြီးတော့ 'ဆရာ၊ ထီထိုးပါဦး၊ ထီဖွင့်နေပြီ'တဲ့။

ဌေးစိုးဟာ စိန်ကျောင်းကျောက်ကောင်း ရောင်းနေတဲ့နေရာ ထီသည်လာရှုပ်နေတယ် ထင်သွားဟန်တူပါရဲ့။ ထီသည်ကို လှည့်တောင်မကြည့်ပဲ လက်နဲ့နောက်ပြန်တွန်းလိုက်သဗျ။ ဌေးစိုးက လက်နောက်ပြန်တွန်းလိုက်ပေမယ့် ထီသည်က လက်မလျှော့ဘူး။ မြင့်စိုးရှေ့က စားပွဲပေါ် ကို ထီစာအုပ်တွေထိုး တင်လိုက်ပြီး 'ထီက ဖွင့်နေပြီ ဆရာ'လို့ လုပ်ပြန်ရောဗျာ။ မြင့်စိုးဟာ ဌေးစိုးနဲ့စာရင် စိတ်ပိုဆတ်တယ်ဗျ။ ထီစာအုပ်တွေကို လက်မှာ လုံးချေဆုပ်ကိုင်ပြီး ပြန်ပေးရင်းက ထီသည်ရဲ့ရင်ဘတ်ကို ဆောင့်တွန်းလိုက်တယ်။ ရုတ်တရက် အတွန်းခံလိုက်ရတော့ ထီရောင်းသမားဟာ နောက်ကို ခြေနှစ်လှမ်းလောက်ဆုတ်သွားတယ်။

ဒီတော့ ကျနော်လည်း ထီရောင်းသမားကို သေချာလှမ်းကြည့်လိုက်တယ်။ အော်၊ ဥပမိရုပ်ကတော့ နုံရှာတယ်ဗျာ။ ဘာပဲဖြစ်ဖြစ် ဌေးစိုးတို့ညီအစ်ကိုလုပ်ပုံကို ကျနော်သဘောမကျလှဘူး။ မဝယ်ချင်ရင် အေးအေးဆေးဆေးပြောလည်း ရတာပဲ။ ကျနော်ထီရောင်းသမားကို တော်တော် သနားသွားတယ်ဗျာ။ ဒါနဲ့ ကျနော်က ထီရောင်းသမားကို 'ကဲ၊ ဒီဘက်လာစမ်းပါဗျာ'လို့လည်း ခေါ် လိုက်ရော ထီသည်ဟာ မျက်နှာငီးရွက်လောက်ပဲ ရှိတော့တယ်။ အမှန်က ကျနော် စိတ်ပျက်လက်ပျက်ဖြစ်နေတဲ့ နေ့မို့ ကျနော့်မျက်နှာထားတင်းနေတာကို သူလန့်နေပုံရပါတယ်။ ဒါကြောင့်လည်း ဆိုင်ထဲကို ဝင်လာကတည်းက ကျနော့်ဆီကို လာမရောင်းပဲ ဌေးစိုးတို့ ညီအစ်ကိုကို သွားရောင်းတယ် ထင်ပါရဲ့။ ဒါကိုရိပ်မိတဲ့ ကျနော်က တင်းနေတဲ့ မျက်နှာထားကို အတတ်နိုင်ဆုံး ပြင်လိုက်ရင်း

'လာပါဗျာ၊ ခင်ဗျား ဒီလောက်ရောင်းချင်နေရင်· ကျနော် ဝယ်လိုက်ပါ့မယ်။ ဒါပေမယ့် ကျနော် ထီထိုးတဲ့ အလုပ်ကို အယုံအကြည်မရှိဘူး။ ဝါသနာလည်း မပါဘူး။ အခု ဝယ်မှာကကိုယ့်ဆရာကို သနားလို့ ဝယ်မှာ' လို့ပြောလိုက်တယ်။ ဒီမှာတင် သူ့ ကျနော့်အနားကို မရွံ့မရဲ ကပ်လာပြီး ထီစာအုပ်သုံးလေးအုပ်ကို ကျနော့်ရှေ့က စားပွဲပေါ် ကိုလှမ်းတင်လိုက်တယ်။ ကျနော်လည်း 'ခင်ဗျား ထီလက်မှတ်ဖိုး ဘယ်လောက်တုန်း' လို့မေးလိုက်တယ်။ ထီရောင်းသမားဟာ တုန်တုန်ရီရီလေသံနဲ့ ပြန်ဖြေရှာပါတယ်။ 'တရာသုံးဆယ့်ငါးကျပ်ပါ ဆရာ'တဲ့။

■

## အခန်း (၇၉)

# ဘုရားဖြစ်မဲ့ အုတ်နီခဲ

ဒါနဲ့ ကျနော်လည်း အိတ်ကတ်ထဲက ပိုက်ဆံထုတ်လိုက်ပြီး 'ရော့ဗျာ တရာသုံးဆယ့်ငါးကျပ်တွေ ဘာတွေ လုပ်မနေပါနဲ့၊ ဒီမှာ တရာ့လေးဆယ်' လို့ပြောရင်း ထီသည်ကို ငွေထုတ်ရှင်းလိုက်ပါတယ်။ ထီရောင်းသမားကတော့ ဝမ်းသာအားရနဲ့ 'ကျေးဇူးတင်ပါတယ် ဆရာ၊ သိန်းထီဆုကြီး ပေါက်ပါစေဗျာ၊ ဒါနဲ့ ဆရာ့လိပ်စာလေး မ,စပါ ဆရာ၊ ပေါက်နေရင် အကြောင်းကြားလို့ရတာပေါ့'တဲ့။ အမှန်တကယ်က ကျနော်ထီလက်မှတ်ဝယ်လိုက်တာ ထီပေါက်ချင်လို့ မဟုတ်ဘူးဗျ။ သူ့ကြည့်ရတာ စိတ်မချမ်းသာလွန်းလို့။ အဲဒီနေ့က သူ့ခမျာ ထီဖွင့်နေပြီဆိုတော့ ထီလက်မှတ်တွေ သူ့လက်ထဲကျန်မှာ ဖိုရိမ်နေဟန်လည်းတူပါရဲ့။ နောက်တခုက ဒွေးစိုးတို့ညီအစ်ကို သူ့ကို ဆက်ဆံတာ ရင့်သီးလွန်းတယ် ထင်တာလည်းပါတယ်။ ဒါကြောင့် ကျနော်က 'ကဲပါဗျာ၊ ဆရာသမား သွားစရာရှိတာ သွားပါတော့၊ ကျနော့်ဖာသာပဲ ထီပေါက်စဉ် ဝယ်တိုက်လိုက်ပါ့မယ်' ဆိုပြီး စကားဖြတ်လိုက်ရပါတယ်။

ထီသည် ဝတ်စားဆင်ယင်ထားတာက အကျီအစုတ်၊ ဥပမိရှပ်ကလည်း မွဲမွဲခြောက်ခြောက်ဆိုတော့ ကျနော့်စိတ်ထဲ သနားသွားမိတာ အမှန်ပဲ။ အဲဒီလို သနားတတ်တဲ့ ကျနော့်အကျင့်ကြောင့် ပြဿနာ ကြုံရပေါင်းလည်း မနည်းဘူး။ ကျနော့်အကျင့်ကလည်း ခက်တယ်ဗျာ။ ကျနော့်ရှေ့မှာ ဒုက္ခရောက်နေတာတွေ့ရင် သူတို့ဒုက္ခကို လမ်းဆုံးအောင် လျှောက်စဉ်းစားနေတတ်တဲ့ အကျင့်ဗျ။ ရန်ကုန်မြို့ကြီးမှာလည်း တောင်းရမ်းနည်းက တယ်စုံသကိုး၊ တချို့ မီးဖွားပြီးကာစ မိန်းမတွေက တကိုယ်လုံး နနွင်းတွေဝါထိန်ပြီး မွေးကင်းစကလေးလေးကို ပလက်ဖောင်းပေါ် ချတောင်းတာက တမျိုး၊ တချို့ကလေးတွေက ဖွဲပြာဖန်းကို ခေါင်းမှာရွက်ပြီး မီးပွိုင့်တွေမှာ ကားအရပ် ကျမဖွဲပြာလေး ဝယ်သွားပေးပါဆိုတာမျိုးလည်း ရှိသေး။ ကျနော်ကတော့ အဲဒီသူတောင်းစားတွေတွေ့ရင်လည်း သိသိကြီးနဲ့ကို မျက်နှာလွဲသွားရမှာ ဝန်လေးတတ်တဲ့ လူစားဗျ။ ဘယ့်နှယ့်၊ ဖွဲပြာတွေ ကားပေါ် တင်လာလို့ဖြစ်မှ မဖြစ်တာ၊ ငွေပေးပြီး အိမ်ပြန်ခိုင်းရတာပေါ့။

အထူးသဖြင့် စားတုန်းသောက်တုန်းအချိန်မှာ မစားနိုင် မသောက်နိုင် ချို့တဲ့သူတွေကိုမြင်ရင် ကျနော် စားမဝင်တော့ဘူး။ မြေနီကုန်း လေဟာပြင်မှာဆို စားသောက်ဆိုင်တွေကို ထိုင်ကို မထိုင်ဘူး။ ဟုတ်တယ်လေ၊ ကျနော်တို့ဝိုင်းဖွဲ့စားနေတုန်း တောင်းတဲ့ရမ်းတဲ့ ကလေးတွေက 'အစ်ကိုကြီးတို့ စားပြီးသား အကျန်လေးတွေ ကျနော်တို့ကို ပေးပါ'တဲ့။ ကျနော်တော့ ကျနော်စားမယ့် ပန်းကန်ထဲက အစားအသောက်တွေကို သွန်ထည့်ပေးလိုက်တော့တာပဲ။ ကျနော်နဲ့ ပါလာတဲ့ အပေါင်းအသင်းတွေက တော့ ကျနော့်အကျင့်ကို တော်တော် စိတ်ပျက်ကြတယ်ဗျာ။ မတတ်နိုင်ဘူးဗျာ၊ ကျနော်ကတော့ အဲဒါမျိုးကြုံ လာရင် မျိုလို့ကို မကျဘူး။ သနားမိလို့ကြုံရတဲ့ ဇာတ်လမ်းတွေကတော့ ပြောမဆုံးပေါင် တောသုံးထောင်ပဲဗျာ။

ကျနော် ငါးတန်းကျောင်းသားလောက်တုန်းက ကျနော့်အဖေ့ဆိုင်မှာ ဈေးကူရောင်းပေး တုန်းမှာ ကြုံရတာလေး နားထောင်ပါအုံး။ ကျနော်တို့ဆိုင်က အမြဲလာဝယ်နေ့ ကုလားမကြီးတယောက် ပေါ့ဗျာ။ သူကလစ်ရင် လစ်သလို အာလူးတွေ ကြက်သွန်တွေ အလစ်သုတ်တတ်တယ်။ ခဏခဏ ကျနော်ကိုယ်တိုင်တွေက နေပေမယ့် သူ့ခမျာ မရှိရှာလို့ပဲဆိုပြီး ကျနော်က မမြင်ချင်ယောင်ဆောင် ဆောင် နေလိုက်တယ်ဗျ။ ခက်တာက သူကျနော် မမြင်ချင်ယောင်တာကို သိလို့လား။ မမြင်ဘူးထင်လို့ လား တော့ မသိဘူး။ တဖြည်းဖြည်း လက်ရဲလာပုံရတယ်။ နည်းနည်းချင်း သူ့ခြင်းထဲကို ယက်ယက်ပြီး ထည့်ရာကနေ အများကြီး ယက်ထည့်လာတယ်။ နောက်ဆုံးတော့ ကျနော့်မှာ သူ့အစားရင်ပူလွန်းလို့ သူ အာလူးတွေ ယက်ထည့်နေတုန်း သူ့ အနားသွားပြီး 'အဒေါ်ကြီး တော်ပါတော့၊ ကျနော်မြင်တာက အရေးမကြီးဘူး။ ကျနော့် အဖေ အမေ မြင်ရင် အဒေါ်ကြီး အရှက်ကွဲလိမ့်မယ်။ ကျနော်တောင်းပန်ပါ တယ်' ပြောလိုက်တော့မှ ရပ်တော့သဗျာ။

ဇာတ်လမ်းက ဒီမှာတင် မရပ်ဘူးဗျာ။ နောက်သုံးလေးရက်နေတော့ သူကြက်သွန်နှိုက်ယူ နေတာကို အဖေလည်းတွေ့ရော အဲဒီကုလားမကြီးက 'ရှင့်သားက နည်းနည်းယူရင် ရတယ် ဆိုလို့ ယူတာပါ' ဆိုပြီး မြားဦးကို ကျနော့်ဘက် လှည့်လိုက်တာ အဖေက 'တော်တော် အားကိုးရတဲ့ကောင်၊ သူ့ခိုးအားပေး' ဆိုပြီး တနေကုန် ဆူလို့မပြီးတော့ဘူးဗျာ။

ကျနော့်အိမ်ထောင်ကျပြီးကာစကလည်း ကြုံရပုံလေး ရှိသေးဗျ။ ကျနော့်အိမ်အောက်ထပ် ကျနော့်ယောက္ခမဖွင့်ထားတဲ့ လက်ဖက်ရည်ဆိုင်မှာပေါ့။ အဲဒီနေ့က မနက်ကိုးနာရီလောက် အလုပ် သွားကာနီးမှ မိုးက သည်းကြီးမည်းကြီး ရွာလာတာနဲ့ လက်ဖက်ရည်ဆိုင် စားပွဲခုံတခုမှာ ထိုင်နေတုန်း အသက်ခြောက်ဆယ်ကျော် အဖွားကြီးတယောက် ကျနော့်ဆီ တန်းတန်းမတ်မတ် ရောက်လာပြီး 'သားရယ်၊ အဖွားကို ငွေငါးကျပ်လောက် မ,စပါ၊ အဖွားတို့ သူတောင်းစားမျိုးရိုးလည်း မဟုတ်ရပါဘူး၊ ဒုက္ခရောက်လွန်းလို့ပါ၊ စားစရာမရှိလို့ပါ' တဲ့။ ဒီမှာတင် ကျနော်လည်း သနားသွားတာနဲ့ 'ကဲ၊ အဖွား ထိုင်ပါဦး'ဆိုပြီး လက်ဖက်ရည်ကော၊ မုန့်ကော ထကြွေးလိုက်တယ်။ နောက်တော့ မိုးစိုနေတဲ့ သူ့ အဝတ်အစားတွေ ကြည့်ပြီး သူ့ကျန်းမာရေးကို စိုးရိမ်တာနဲ့ 'ကဲ၊ အဖွား၊ ဘယ်လိုမှ စိတ်မရှိပါနဲ့၊ ဒီနေ့ မိုးက အရမ်းသည်းနေပြီ။ ဒီအချိန်ဆို အိမ်ပြန်ပြီး အဝတ်အစားလဲ နားနေမှ ဖြစ်မယ်။ ဒီတော့ အဖွား အိမ်ပြန်မှ ဖြစ်မယ်။ နောက်နေ့ တောင်းတာ မတောင်းတာတော့ အဖွားသဘောပါ။ အဖွား တနေ့တောင်းတဲ့ နေ့တွက် ဘယ်လောက်ရသလဲ ကျနော့်ကို ပြောပါ'လို့ မေးလိုက်မိတယ်ဗျာ။

ဒီတော့ သူက တုန်တုန်ရီရီနဲ့ ခဏစဉ်းစားပြီး 'ငါးဆယ်မျိုးတရာမျိုးတော့ ရတတ်ပါတယ် သားရယ်'တဲ့။ ကျနော်လည်း ဟန်ကျပြီဆိုပြီး ကိုယ့်စိတ်ကူးနဲ့ကိုယ် ဆက်တွန်းလိုက်တယ်။ 'ကဲ၊ ဒီလိုလုပ်ပါ အဖွားရယ်၊ ဒီနေ့ တနေ့စာ တောင်းလို့ရမဲ့ဝင်ငွေကို ကျနော်ပေးပါ့မယ်။ ဒီနေ့တော့ ဒီကနေပြန်ရင် ဘယ်ကိုမှ လျှောက်မတောင်းတော့ပါဘူး ဆိုတဲ့ ကတိကိုတော့ ကျနော့်ကိုပေးပါ'လည်း

ပြောလိုက်ရော 'စိတ်ချပါသားရယ် အဖွားအခု ဒီကနေအိမ်ကို တန်းပြန်ပါ့မယ်။ အဖွားကတိ ပေးပါတယ်။ ငါ့သား ဘုန်းကြီးပါစေ သက်ရှည်ပါစေ'တဲ့။ ဒီမှာတင် ကျနော်လည်း ပိုက်ဆံရာတန် တရွက်ထုတ်ပေးလိုက်တော့တယ်ဗျာ။

တကယ်ဆို အဲဒီနေ့ကျနော်ပြုလိုက်တဲ့ ဒါနအတွက် ကျနော်တော်တော် စိတ်ချမ်းသာနေခဲ့တာဗျ။ ဒါပေမယ့် ကျနော် ကံမကောင်းခဲ့ပါဘူး။ အဲဒီနေ့ ကျနော် ရှမ်းစုလမ်းရုံးခန်းကို ရောက်ပြီး လုပ်လက်စ အလုပ်တချို့ လက်စသိမ်း၊ ညနေသုံးနာရီလောက် ရွှေလမင်းစားတော်ဆက်ထဲမှာ ဝိုင်းဖွဲ့နေတုန်း ကျနော့်နောက်ကျောဘက်ကနေ အသံတခု ကြားရပါလေရောဗျာ။ ဘာတဲ့ 'အဖွားကို ငွေငါးကျပ်လောက် မစကြပါ'တဲ့။ ကျနော်လှည့်ကြည့်လိုက်တော့ မနက်ပိုင်းက ကျနော်နဲ့ ဆုံလိုက်တဲ့ အဖွားအိုပါပဲ။ အဝတ်အစားတောင် လဲမထားသေးပါဘူး။ သေလိုက်ပါတော့ဗျာ။ ဒီမှာတင် ကျနော်လည်း ကျနော့်ဆီကိုရောက်မလာပါစေနဲ့လို့ ဆုတောင်းပေမယ့် ဆုတောင်းမပြည့်ပြန်ပါဘူး။ ကျနော့်ဝိုင်း၊ ကျနော့် ရှေ့တည့်တည့် ရောက်လာပြန်လို့ ကျနော်က သူ့မျက်နှာကို သေချာကြည့်ပြီး စိတ်မသက်မသာလေသံနဲ့ 'အဖွား၊ အိမ်မပြန်သေးဘူးလား အဖွားရယ်' လို့လည်း ပြောလိုက်ရော အဖွားအိုဟာ ဆိုင်ထဲက ချာကနဲ လှည့်ထွက် သွားပါတော့တယ်။ ကဲ၊ စဉ်းစားသာ ကြည့်ပေတော့ဗျာ။ ခင်ဗျားသာ ကျနော့်နေရာမှာဆိုရင် စိတ်ထဲ ဘယ်လိုနေမတုန်း။ ခက်တာက ကျနော် ကိုယ်က မရှင်းမရှင်း ကတိတွေ ဘာတွေ တောင်းမိတာပဲ မှားနေခဲ့သလားလို့။

ဒါတင်ပဲလား မဟုတ်သေးဘူး။ ကိုယ့်ကိုယ်ကို လူငယ်မြှင့်တင်ရေးသမားလိုလို လုပ်ခဲ့ဖူးတာလည်း ရှိသေးတယ်။ ကျနော့်နဲ့ ကျနော့်ဇနီး မညားခင်အင်းလျားကန်မှာ ချိန်းတွေ့တုန်းကပေါ့။ အေးအေးဆေးဆေးရှိမယ့် သစ်ပင်ကြီး တပင်အောက် ထိုင်မယ်ကြံကာရှိသေး အသက် ရှစ်နှစ်ကိုးနှစ်ဝန်းကျင် ဇူဇကာ ပုဏ္ဏားလက်သစ်ကလေး နှစ်ကောင်ပေါ်လာပြီး 'အစ်ကိုကြီး ထမင်းမစားရသေးလို့ ပိုက်ဆံဆယ်ပြားလောက်'တဲ့။ သူတို့လည်း ကုလားလေးတွေပဲဗျ။

အေးဗျာ၊ ကျောင်းဆရာလုပ်နေတဲ့ကောင်ဆိုတော့ ကျနော်လည်း ဒီကောင်လေးတွေ တောင်းစားနေတာကို စိတ်ထဲမှာ သိပ်ဘဝင်မကျလှဘူးဆိုပါတော့။ ဒါနဲ့ ကျနော်လည်း အရစ်ရှည်လိုက်မိတယ်။ 'နေပါဦးကွ၊ မင်းတို့ကြည့်ရတာ သူတောင်းစားရုပ်လည်း မပေါက်ပါဘူး၊ မင်းတို့လို ရွယ်တူတွေ ဇီးထုတ်ရောင်း၊ စီးကရက်ရောင်းနေတာ မတွေ့ဘူးလား။ သူတို့လို လုပ်ချင်စိတ် မရှိဘူးလား' ဆိုတော့ သူတို့က မျက်လုံးလေးတွေ ကလယ်ကလယ်နဲ့ 'လုပ်ချင်တာပေါ့ အကိုရာ။ အရင်းမှ မရှိတာ'တဲ့။

ကျနော်လည်း ဟန်ကျပြီဆိုပြီး 'ဒါဆို အရင်းရှိရင် မင်းတို့ တကယ်လုပ်မလား'လည်း မေးလိုက်ရော 'လုပ်မှာပေါ့'တဲ့။ တိုတိုပြောရရင် ကျနော်လည်း စီးကရက်တဗူး ဘယ်လောက်၊ မီးခြစ်တဗူးဘယ်လောက်၊ သူတို့နဲ့မေးမြန်း စုံစမ်းပြီး စုစုပေါင်း ငွေတရာ့ငါးဆယ်လောက်ကို ထုတ်ပေးခဲ့ရာဆိုပါတော့ဗျာ။ ဒါတင်ဘယ်ကမလဲ၊ သေချာမှာခဲ့ရသေးတယ်။ နောက်တခါ ငါလာရင် မင်းတို့ တောင်းစားနေတာ မမြင်ချင်ဘူးနော်လို့။ မညားသေးတဲ့ ကျနော့်ဇနီးလောင်း ရည်းစားကတော့ ကျနော့်ကို စိတ်မနှံ့တဲ့သူတယောက်လို ကြည့်နေလေရဲ့။

ထုံးစံအတိုင်း ဒီတခါလည်း ကျနော်ကံမကောင်းပြန်ပါဘူး။ ငါးမိနစ်ခဲ့တာ ကလေးနှစ်ယောက်တော့ တောင်းစားတဲ့ ဘဝက လွတ်သွားပြီလို့ စိတ်ချမ်းသာနေလိုက်တာ နောက်တပတ်လောက်နေတော့ ထုံးစံအတိုင်း အဲဒီနေရာမှာ အဲဒီပုံစံမျိုးအတိုင်း ရွှေကိုယ်တော်လေးတွေနဲ့ ပြန်ဆုံရပြန်တာပါပဲ။ ဒီတခါကတော့ ကျနော် ဘာမှမပြောလိုက်နိုင်တော့ပါဘူး။ 'ထမင်းမစားရသေးလို့ ပိုက်ဆံဆယ်ပြားလောက်' ပြောလို့တောင် မဆုံးသေးဘူး။ ကျနော့်မျက်နှာကို သေချာကြည့်ပြီး တချိုးတည်း လစ်တော့တာပဲဗျ။

ဒီလို ဇာတ်လမ်းတွေ လျှောက်ပြောရင် ကုန်နိုင်မယ်မထင်ပါဘူးဗျာ။ တခါတခါ ကျနော့် မျက်နှာကို ကျနော် မှန်ထဲပြန်ကြည့်ရင်း အလှူခံ မျက်စိကျလောက်တဲ့ ဘုရားဒကာရုပ်များပေါက် နေသလား တွေးမိပါရဲ့။ တခါကလည်း စိတ်မနှံ့တဲ့ တရုတ်မကြီးတယောက်နဲ့ ရှမ်းစုလမ်းထိပ်မှာပဲ ဆုံသေးတယ်။ အဲဒီတရုတ်မကြီးကတွေ့တဲ့ လူတိုင်းကို 'တကျပ်လောက်၊ တကျပ်လောက်' ဆိုပြီး တောင်းလေ့ရှိသဗျ။ ကျနော်က သူ့အကြောင်းသာ ကြားဖူးနေတာ၊ တခါမှတော့ အတောင်းမခံရဖူးဘူး။ တနေ့တော့ ရုံးရှိရာကို ခြေလျင်လျှောက်ပြီး လာရာကနေ အဲဒီ တရုတ်မကြီးနဲ့ ပက်ပင်းတိုးပြီး 'တကျပ် လောက်' လုပ်ပါလေရော။ မနေတတ်မထိုင်တတ် ကျနော်ကလည်း သူတောင်းတယ်ဆိုတာနဲ့ အိတ်ကပ် ထဲ လက်အရင်ရောက်ပြီး ငါးကျပ်တန်တရွက် ထုတ်ပေးလိုက်ပြီး ခပ်မြန်မြန် ထွက်လာလိုက်တယ်။ အဲ၊ စက်ကွင်းက မလွတ်ပြန်ဘူးဗျာ။ နောက်ကနေ အဲဒီတရုတ်မကြီးက 'ဟဲ့ အကောင်နှင့်ပိုက်ဆံ အစုတ်ကြီးကို ငါက ဘာလုပ်ရမလဲ၊ အသစ်ချက်ချင်း ပြန်လဲပေး' တဲ့။ ဘယ်ဘက်ကမှ မလွတ်ပါလားဗျာ။ ကျနော်လည်း မကြားချင်ယောင်ဆောင်ပြီး ဆက်လျှောက်လာလိုက်ရတယ်။ ဖြော်၊ ဖြစ်ရပုံများဗျာ။

ကျနော်ကလည်း ကိုယ့်ကိုယ်ကို လည်လှပြီအောက်မေ့နေတာ၊ တခါတခါ ကျနော့်စေတနာကပဲ လူရယ်စရာ ဖြစ်နေတယ်ထင်ပါရဲ့။ ကျနော့် တပည့်ကျော် တယောက် ထူးထူးဆန်းဆန်း တပတ်ရိုက် တာ ခံရဖူးသေးတယ်ဗျာ။ ကျနော့်ရုံးမှာ ပစ္စည်းအတင်အချ တာဝန်ယူနေတဲ့ စိုးနိုင်ဆိုတဲ့ မောင်ပေါ့ဗျာ။ တနေ့မနက် အစောကြီး အိမ်ကို ငိုကြီးချက်မနဲ့ပေါက်ချလာတယ်။ 'ဆရာရယ်၊ ကျနော့်အမေဆုံးပြီ၊ ကယ်ပါဦး'တဲ့။ တကယ်တော့ စိုးနိုင်ဆိုတဲ့မောင်ဟာ နေ့ရောညရော သောက်စားပြီး အနေအထိုင် သိပ်စည်းကမ်းရှိလှတဲ့ ကောင်တော့ မဟုတ်ဘူး။ ကျနော်ဆိုတဲ့ ကောင်ကလဲ အမေဆိုတဲ့ စကားနဲ့ သူ့ငိုသံကို ကြားလိုက်ကတည်းက ဘာမှဆက်မမေးတော့ပဲ ငွေတသောင်းထုတ်ပေး၊ 'လောလောဆယ် ဒီငွေနဲ့ကြည့်သုံးထား၊ ရက်လည်တော့ လာခဲ့အုံးမယ်။ ဒီကြားထဲ လိုတာရှိရင် ဖုန်းဆက်လိုက်' ဆိုပြီး မှာလိုက်ရတာပေါ့ဗျာ။

ဖြစ်ချင်တော့ အဲဒီရက်ပိုင်းက ကျနော်တော်တော် အလုပ်ရှုပ်နေတဲ့ အချိန်ဗျ။ စိုးနိုင်ပြန်သွားပြီး ကိုယ့်အလုပ်နဲ့ကိုယ် ချာလပတ်ရမ်းနေရာက စိုးနိုင်အမေ ရက်လည်ကိစ္စဟာ ရက်လည်တဲ့နေ့မှာပဲ ဘယ်သူမှ သတိမပေးပဲ ကျနော့် ခေါင်းထဲကို ရောက်လာသဗျာ။ ဒါနဲ့ကျနော်လည်း တပည့်ကျော် အမေရက်လည်တော့ မသွားလို့မဖြစ်ချေဘူးဆိုပြီး ရုံးမှာရှိတဲ့ ဝန်ထမ်းတွေ ကားပေါ် တင်ပြီး စိုးနိုင်နေ တယ်ဆိုတဲ့ ဒဂုံမြို့သစ်ကို ကားမောင်းထွက်ခဲ့ရာဗျ။ သူပေးထားတဲ့ လိပ်စာအတိုင်း ရှာလိုက်ရတာဗျာ။ မြို့သစ်တည်ကာစဆိုတော့ ဘယ်မေးမေး ယောင်ဝါးဝါးချည်းပဲ။ ကျနော့်ကလည်း နာရေးကိစ္စမို့ မတွေ့မနေဆိုတဲ့စိတ်နဲ့ ရှာလိုက်တာ စိုးနိုင်နေတဲ့ လမ်းရော စိုးနိုင်ကိုပါသိတဲ့ အသိတယောက်နဲ့ တိုးပါလေရော။

ဒီလူက စိုးနိုင်တို့လမ်းကို လိုက်ပြရင်း 'ဆရာ ဒီလောက် အရေးတကြီး ဘာကိစ္စများရှိလို့တုန်း' တဲ့။ ကျနော်လည်း သူ့ကို တအံ့တဩပြန်ကြည့်ပြီး 'မင်းက စိုးနိုင်နဲ့ ခင်တယ်ဆိုတော့ စိုးနိုင့် အမေဆုံးတာ မသိဘူးလား' လို့ မေးလိုက်ရတယ်။ ဒီတော့ သူ့ အလန့်တကြားနဲ့ 'ဟာ၊ ဆရာ တခုခုတော့ မှားနေပြီ၊ စိုးနိုင်အမေဆုံးတာ ငါးနှစ်လောက် ရှိပြီ'တဲ့။ ကျနော်ဆိုတဲ့ကောင်က ဒါတောင် မလျှော့ချင်သေးဘူး၊

'မင်းဥစ္စာ သေချာမှလည်း လုပ်ပါကွာ။ ဘယ်သူက ကြုံကြုံဖန်ဖန် အမေမဆုံးပဲ ဆုံးပါတယ် လိမ်ပါ့မလဲ၊ သူ့ယောက္ခမတွေ ဘာတွေ ဆုံးတာများ ဖြစ်နေမလား'ဆိုတော့ ဒီမောင်က ဘာမှ ဆက် မပြောတော့ပဲ စိုးနိုင်အိမ်အထိ ကျနော်တို့အုပ်စုကို ခေါ် သွားပါတော့တယ်။ စိုးနိုင်အိမ်မှာ ဘာနာရေးမှ မရှိပါဘူး။ ဗိုးနိုင်လည်း မရှိပါဘူး။ ဒီ့ထက်ပြည့်စုံအောင်ပြောရရင် အဲဒီနေ့က စိုးနိုင်တို့လမ်းထဲမှာ နာရေးရှိတဲ့ အိမ်လည်း မတွေ့ရပါဘူး။

ပါလာတဲ့ ကျနော့်တပည့်တွေကတော့ ကျနော့်ကို သနားစရာသတ္တဝါလို ကြည့်ပြီး 'ဆရာ၊ ဒီတခါတော့ ညံ့သွားပြီ' တဲ့။ အမှန်အတိုင်း စိတ်ထဲရှိတာပြောရရင် ကျနော့်ကိုယ်ကျနော် သနားစရာလို့ မတွေးမိပါဘူး။ ဒါပေမဲ့ စိတ်ထဲ မကောင်းတာတော့ အမှန်ပါပဲ။ သူ့အရင် တပည့်ကျော်တယောက်လည်း သူ့သား ကိုးနှစ်သားလေး သံစူးပြီး မေးခိုင်ပိုးဝင်တာ သုံးရက်ပဲ ခံတယ်။ ဆုံးသွားပါပြီဆိုပြီး ငွေလိမ်တောင်းတာတို့ မသိပဲ ကူညီခဲ့ဖူးပါတယ်။ သားကိုသေပါတယ်ပြောပြီး ငွေတောင်းတာ ထားပါတော့။ အခုကိစ္စက သေသွားတဲ့ အမေကို နာမည်ထပ်ဖျက်အောင်လုပ်တာမို့ စိတ်ထဲ အောင့်သက်သက် ခံစားရတယ်ဗျာ။ ဒါနဲ့ပဲ ကားပေါ်မှာပါလာတဲ့ တပည့်တွေကို 'မင်းတို့လည်း လိမ်မယ်ဆိုရင် ကြည့်လိမ်ကြကွာ'ဆိုပြီး ကျနော် ကြားဖူးတဲ့ ပသီပုံပြင်တပုဒ်ကို ပြောပြဖြစ်ခဲ့ပါတယ်။

ရှေးခေတ်အီရတ်နိုင်ငံက သူဌေးကြီးတယောက်အကြောင်းပေါ့။ အဲဒီသူဌေးကြီးဟာ မရှိဆင်းရဲသားတွေကို စာနာထောက်ထား တတ်သတဲ့ဗျာ။ သူ့မှာ ပြိုင်ဘက်ကင်းတဲ့ မြင်းကောင်းတစီးလည်း ရှိသတဲ့။ တခြားသော သူဌေးတွေက သူ့မြင်းရဲ့ ကျော်စောလှတဲ့ သတင်းကြောင့် တန်ဘိုးငွေ အဆမတန်ပေးပြီး ပြန်ရောင်းဖို့ ကမ်းလှမ်းကြသတဲ့။

ဘယ်လောက်ဈေးပေးပေး မရောင်းတာကြောင့် မြင်းလာဝယ်တဲ့ သူဌေးတယောက်က 'ခင်ဗျား ဒီလောက်တောင် မရောင်းချင်တဲ့ မြင်းကို ကျုပ်မရရအောင် ယူပြမယ်'လို့ ကြိမ်းဝါးပြီး ပြန်သွားပါသတဲ့။

ဒီလိုနဲ့ ရက်အတန်ကြာလာတော့ မြင်းပိုင်ရှင် သူဌေးဟာ သူ့မြင်းကိုစီးပြီး ဒမတ်စကတ်မြို့ဘက်ကို ခရီးထွက်လာတော့ လမ်းမှာ လဲနေတဲ့ သူတောင်းစားတယောက်ကို တွေ့ရပါလေရော။ ဒါနဲ့ သူဌေးဟာ မြင်းကိုရပ်ပြီး သူတောင်းစားကို အကျိုးအကြောင်းမေးတော့ အစာမစားရတာ သုံးရက်တောင် ရှိပါပြီလို့ ဖြေသတဲ့။ ဒီတော့ သူဌေးက ငွေစတချို့ထုတ်ပေးပြီး 'ရော့၊ ဒီငွေနဲ့ မင်းအစားဝယ်စားပေတော့' လို့လည်းပြောရော သူတောင်းစားက 'ထမင်းသုံးရက် မစားရတဲ့သူဟာ ဘယ်လိုလုပ် ထမင်းရောင်းတဲ့ ဆိုင်ကို လျှောက်သွားနိုင်မလဲ'လို့ အတွန့်တက်ပြန်တော့၊ သူဌေးကြီးကလည်း 'မင်းပြောတာ မှန်သားပဲ၊ ဒါဆို မြင်းပေါ် ကို တက်' လို့ ဆိုပြန်သတဲ့။

ဒီအခါမှာလည်း သူတောင်းစားက ထမင်းသုံးရက်မစားရတဲ့ သူက ဘယ်လိုလုပ် မြင်းပေါ်တက်နိုင်မှာလဲဆိုပြန်တော့ သူဌေးက မင်းပြောတာ မှန်တာပဲလို့ပြောရင်း မြင်းပေါ်ကဆင်း၊ သူတောင်းစားကိုပွေ့ချီပြီး သူတောင်းစားကို မြင်းပေါ် လည်း တင်လိုက်ရော သူတောင်းစားဟာ ပကတိလူကောင်းတယောက်လို မြင်းကို ကဆုန်စိုင်းစီးပြီး 'ကဲ၊ သူဌေး၊ အခု ခင်ဗျားဘာတတ်နိုင်သေးလဲ၊ ခင်ဗျားမြင်းကို ကျနော်ရပြီ' လို့ ပြောပြောဆိုဆို ရုတ်ခြည်း ထွက်သွားပါလေရောတဲ့။

ရုတ်တရက် မှင်တက်မိသွားတဲ့ မြင်းပိုင်ရှင် သူဌေးဟာ လက်စသတ်တော့ ဒီလူဟာ တကယ့်သူတောင်းစားမဟုတ်ပဲ သူ့မြင်းကိုလာဝယ်တုန်းက ကြိမ်းဝါးသွားတဲ့ မြင်းဝယ်သူဆိုတာ သိလိုက်တာနဲ့ ချက်ချင်း သတိပြန်ဝင်လာပြီး မြင်းစီးပြီးထွက်သွားတဲ့ အယောင်ဆောင် သူတောင်းစားကို လက်ပြတားလိုက်ရင်း 'အင်း၊ ဟုတ်ပါပြီ၊ အလာဟ်အရှင် အလိုတော် ရှိရင်လည်း မင်းငါ့မြင်းကို အပိုင်သာ ယူသွားပါတော့၊ ဒါပေမယ့် ငါ့မြင်းကို မင်းဘယ်လို ယူသွားတယ်ဆိုတာဘယ်သူ့ကိုမှ မပြောပါဘူးဆိုတဲ့ကတိကိုတော့ ပေးပါ'လို့ ဆိုသတဲ့။

ဒီတော့ အယောင်ဆောင်သူတောင်းစားဟာ ထူးဆန်းလှတဲ့ သူဌေးရဲ့စကားကြောင့် မြင်းကို ခဏရပ်ပြီး 'ဘာကြောင့် ကျုပ်က သူတပါးကို ပြန်မပြောခိုင်းတာလဲ၊ ခင်ဗျားမြင်းကိုဆုံးရှုံးရမှာ မနှမြောဘူးလား'ဆိုတော့ သူဌေးက 'ငါ့မြင်းကို နှမြောတာထက် လောကကြီး ပျက်စီးသွားမှာ ငါပိုပြီး နှမြောလို့' ဆိုပဲဗျာ။

သူတောင်းစားလည်း တအံ့တသြနဲ့ 'ခင်ဗျား မြင်းကို ယူသွားရုံနဲ့ လောကကြီး ပျက်စီးရရောလားဗျာ'လို့ မေးပြန်တော့ သူဌေးက 'မင်းစဉ်းစားကြည့်ပေါ့၊ မရှိဆင်းရဲသားတွေကို ကူညီစောင့်ရှောက်ဖို့ အလာဟ် အရှင်က သင်ကြားဆုံးမထားတယ်၊ မင်းက သူတောင်းစား ယောင်ဆောင်ပြီး ငါ့မြင်းကို ယူသွားတယ်၊ အဲဒီအကြောင်းကို မင်းက လူတကာကို လျှောက်ပြောတော့ ဒုက္ခရောက်နေတဲ့သူကို ဘယ်သူမှ ကူညီချင်တော့မှာမဟုတ်ဘူး၊ ဒုက္ခရောက်သူတွေ ကူကယ်ရာမဲ့ပြီဆိုရင် လောကကြီး ပျက်စီးပြီပေါ့' လို့ ဖြေတယ်တဲ့ဗျာ။

ပုံပြင်ဆုံးတော့ သူတောင်းစားလည်း သတိတရားရပြီး မြင်းကိုပြန်ပေးပြီး သူဌေးကို တောင်းပန်တာပေါ့။ ကျနော်ပြောတဲ့ ပုံပြင်ကို နားထောင်နေတဲ့ ကားပေါ်က တပည့်တွေ တယောက်မှ တုတ်တုတ် မလှုပ်တော့ပါဘူး။ ဟုတ်ပါတယ်။ ကျနော်အလိမ်ခံရတာကိုဝမ်းမနည်းလှပေမယ့် ဒီလိမ်နည်းကို ကျနော် မနှစ်မြို့ဘူးဗျာ။ ကျနော်ကိုယ်တိုင် ရည်ရွယ်ချက်ကြီး တခုနဲ့ မလိမ်လည်ခဲ့ဖူးပေမဲ့ လုပ်ရင်းကိုင်ရင်း လိမ်သလို ဖြစ်သွားရတာ၊ တခါတခါ မလွှဲသာမရှောင်သာ လိမ်လိုက်ရတဲ့ အဖြစ်တွေ ရှိခဲ့ပါတယ်။ ကျနော့်စိတ်က လိမ်ရမယ်ဆိုရင်တောင် မရှိဆင်းရဲသားတွေအပေါ် လိမ်လည်လိုတဲ့ စိတ်အလျဉ်းမရှိခဲ့ဘူးဗျာ။ ကျနော့်အမေနာမည် သုံးပြီး လိမ်ဖို့ဆိုတာကတော့ ဝေလာဝေးဗျာ။

ကျနော်ဟာ သူခိုးတယောက်ဖြစ်ခဲ့ရင် မြန်မာရာဇဝင်ထဲက တောက်ပြားလို၊ ခားပြဖြစ်ခဲ့ရင်တောင် ရုပ်ရှင်ထဲကဗိုလ်အောင်ဒင်၊ တောပုန်းကြီး စံပဲ၊ ရော်ဘင်ဟုဒ် တို့လိုပဲ ဖြစ်ချင်ပါတယ်။ ကျနော့်ဘဝစာမျက်နှာတွေကို အခုပြန်လှန်နေတော့ ဇာတ်လမ်းဆုံးတဲ့အခါ ဒီအချက်ဟာ ပိုမိုပေါ်လွင်လာကောင်းပါရဲ့။ ကျနော် လှုပ်ရှားဖြတ်ကျော်ခဲ့တဲ့ မြန်မာ့စီးပွားရေးလောကဟာ ပုံမှန်လည်ပတ်နေတဲ့ ယန္တရားကြီးတခုလိုပါပဲ။ အခြေအနေအားလုံးဟာ ရှုတ်တရက် ပြောင်းလဲနေတတ်တဲ့ သဘောရှိပါတယ်။ အစိုးရရာထူးအပြောင်းအလဲ၊ ဈေးကွက်အပြောင်းအလဲတွေဟာ မျှော်မှန်းထားသလို မဖြစ်ပဲ ကပြောင်းကပြန် ဖြစ်တာမျိုး ကြုံရတဲ့အခါ ပေးထားတဲ့ ကတိတွေပျက်ပြီး ကြွေးရှင်ကို ရှောင်နေရတာ၊ အကြောင်းအမျိုးမျိုးပြပြီး လိမ်ရတာတွေ သေချာပေါက် ရှိခဲ့တာပေါ့။ ဒါပေမယ့် ကျနော် မရှိဆင်းရဲသားတွေကို မလိမ်ဘူး။ သူတို့ငွေ မမျှော်လင့်ပဲ လာပြီးကြားညပ်နေရင်တောင် သီးခြား ဖယ်ထုတ်ပြီး ရှင်းပေးတတ်ပါတယ်။

ခင်ဗျား စဉ်းစားကြည့်လေ၊ တခါတလေ ဘယ်လိုမှ ရောင်းမထွက်တဲ့ ကားတို့၊ အိမ်တို့ကို ရောင်းသူက သိန်းရာဂဏန်းဈေးကြီးတင်ပြီး သုံးလဆိုင်းလောက်နဲ့ ငွတ်အတင်း ရောင်းချင်ကြတယ်။ ကိုယ်က အရင်းအနှီး ကြီးကြီးမားမား လိုနေတဲ့အချိန်၊ တခြားလုပ်ငန်းမှာ သေချာပေါက် အမြတ်အစွန်း ရမယ်မျှော်လင့်ပြီ လက်ခံမိတယ်။ တကယ်တော့ ထင်သလိုဖြစ်မလာတဲ့အခါ သူ့ငွေကို အချိန်မီ ပြန်ဆပ်နိုင်ဖို့ စောစောက ဘုံးလေးလဆိုင်းပြီး အရောင်းထိုင်းပစ္စည်း ထုတ်မဲ့လူမျိုး ထပ်ရှာရပြန်ရော။ ဒီလိုလုပ်ရာက နှစ်ဆင့်သုံးဆင့်လည်း လွဲရော လူလိမ် ဖြစ်တော့တာပါပဲ။ ကျနော်ဟာ လူလိမ်တယောက်လို့ အများ မြင်စရာထင်စရာ ဖြစ်ကောင်းဖြစ်ခဲ့ပါလိမ့်မယ်။ သို့သော် ကျနော်ဟာ လိမ်မိရင် မျက်နှာမထားတတ်လောက်အောင် မျက်စိမျက်နှာပျက်တတ်ပါတယ်။ 'ငါလိမ်နိုင်လိုက်ပြီကွ'လို့ ဘယ်သောအခါကမှ ကျေနပ်အားရခြင်း မရှိခဲ့ပါဘူး။ အပြစ်ကြီးတခု ကျူးလွန်ခဲ့တယ်လို့ပဲ အမြဲခံစားရပါတယ်။

အင်း၊ အဲဒီ ဗုဒ်သိုလ်က စေတနာတွေကြောင့်လားတော့ မဆိုနိုင်ဘူး။ ကျနော် ထီလက်မှတ် ဝယ်လိုက်ပြီး လေးရက်လောက်ကြာတော့ ကျနော့်ရုံးခန်းကို နဂါးနီစားသောက်ဆိုင်မှာ တွေ့ခဲ့တဲ့ ထီရောင်းသမား ပေါက်ချလာသဗျ။ ပေါက်ချလာပုံကလည်း အမောတကော ပုံစံ။ 'ရှာလိုက်ရတာ ဆရာရယ်၊ ဆရာ့ကို ကျနော် ရှာနေတာ လေးရက်ရှိပြီ'တဲ့။ သူ့ ကျနော် ထိုင်ခိုင်းတာတောင် မထိုင်သေးပဲ

'ဆရာ့ ထီလက်မှတ်တွေ ဘယ်မလဲ"တဲ့။ သူပြောကာမှ ကျနော်လည်း ထီလက်မှတ်တွေ ဘယ်နား ထားမိပါလိမ့်ဆိုပြီး တော်တော် ပြန်စဉ်းစားယူရတာကလား။ သူ့အပြောအရ အဲဒီနေ့က သူထွက်သွားပြီး တနာရီလောက်အကြာမှာ ကျနော် ထီပေါက်နေတာ သူသိနေပြီ ဆိုပဲ။ ဆိုင်ကို ပြန်လာရှာတော့လည်း မတွေ့၊ လိပ်စာလည်း ပေးမထားခဲ့တော့ ဘယ်လိုမှ ရှာမရတဲ့အဆုံး နဂါးနီစားသောက်ဆိုင်ပိုင်ရှင် ဦးကျော်မြင့်ကို လှူပုံပန်း မေးပြီး ရှာလာရတာ လေးရက်မြောက်မှ တွေ့သတဲ့။

အတိုချုပ်ရရင် မျှော်လင့်ချက်မဲ့တဲ့နေ့တွေလို့ ကျနော်ထင်ခဲ့တဲ့ အဲဒီနေ့မှာ ကျနော် ထီတသိန်း ဆု ပေါက်ခဲ့ပါတယ်။ ကားတစီးကို သုံးသိန်းကျော်လောက်ပဲ ရှိတဲ့ ချိန်၊ လက်ထဲမှာလည်း ခြူးတပြားမှ မကပ်တဲ့ ချိန်ဆိုတော့ တော်တော်အသုံးဝင်တယ် ဆိုရမယ်ဗျ။ ထီရောင်းသမားက ထီလက်မှတ်ကို ရောင်းချင်ရင် သူရောင်းပေးပါ့မယ်ဆိုလို့ ရောင်းခိုင်းလိုက်တာ အပိုငွေ သုံးသောင်းတောင် ရသေးဗျ။ ထီရောင်းတဲ့သူကို အော်နာသဘောမျိုး ငွေငါးထောင်ထုတ်ပေးပြီးကျန်တာကို လျှောက်သုံးပစ်လိုက်တာ ပါပဲ။ ဘာမှ မယ်မယ်ရရတော့ မဖြစ်လိုက်ပါဘူး။ ထင်တိုင်းလုပ်လို့ဖြစ်မယ်ဆိုတဲ့ စိတ်တွေ မကုန်သေးတဲ့ အချိန်ပေါ့ဗျာ။ တွင်းတူးပြီး မိုက်နေတုန်း အချိန်ပေါ့။ ဟုတ်တယ်။ ကျနော်ဟာ ဘဝတလျှောက်လုံး ထိုလို ငွေကို ရေလိုလေလို သုံးဖြုန်းနေခဲ့တယ်။ ငွေရမယ်ဆိုရင် ဘယ်လောက်ခက်ခဲတဲ့ အလုပ်ဖြစ်ပါစေ၊ ကျနော် ရှင်းနိုင်တယ်လို့ ယုံကြည်နေခဲ့တယ်။

တကယ်တော့ လောကကြီးဟာ ကျနော်ထင်ထားသလို မဟုတ်ပါဘူး။ ကံကောင်းပါတယ်ဆိုတဲ့ အချိန်တွေ ကြုံခဲ့ရသလို ကံဆိုးတဲ့အခါကျတော့ လူ့ငှားပြီး သတ်ခိုင်းတာမျိုးလည်း ကြုံခဲ့ရဖူးပါရဲ့ဗျာ။ သေချာတာပေါ့ဗျာ။ ကျနော့်ကို သတ်ခိုင်းတာပေါ့။ အဆိုးထဲက အကောင်းလို့ ပြောရမယ်ထင်ပါရဲ့။ ကျနော်ဟာ သူတပါးလက်ချက်နဲ့ သေရမဲ့ ကံဇာတာ ပါမလာပြန်ဘူးဗျ။ ဟုတ်ပါတယ်။ ကျနော့်ကို မသေသေအောင် စနစ်တကျ လူ့ငှား၊ အကွက်ချပြီး သတ်ခိုင်းတာ ကြုံရဖူးပါတယ်။ ဖြည်းဖြည်း ပြောတာပေါ့ဗျာ။ ဝက်ပါဆန်တဲ့ ဘဝကို တညတည်း၊ တလတည်းတော့ ဘယ်လိုအဆုံးသတ်နိုင်ပါ့မလဲ။ တထောင့်တညတော့ မကြာလောက်ပါဘူး။ အာခြောက်လိုက်တာဗျာ။ ကွမ်းတယာလောက် စားပါရ စေနော်။

■

အခန်း (၈၀)

# စခန်းမြေ၊ ဟိုတခိုမှာလ

စခန်းတာဝန်ခံ ထောင်မှူး ဦးအေးနိုင်တယောက် မျောက်မီးခဲကိုင်မိသလို ဂဏှာမငြိမ် ယောက်ယက်ခတ်လျက်ရှိလေသည်။ အကြောင်းကား မန္တလေးလူဝင်မှုကြီးကြပ်ရေးမှာ တာဝန်ထမ်းဆောင်နေသော သူ့ဇနီး၊ ခွင့်ရက်ရှည်ယူကာ စခန်းခွဲသို့ လာရောက်မည်ဆိုသော ဖုန်းသတင်းကြောင့် ပင်တည်း။ မောင်တရွာ မယ်တမြို့ အလုပ်တာဝန်အရ ခွဲခွာနေကြရသူတို့၏ ဘဝကို ကိုယ်ချင်းစာနိုင်လျှင်ကား ဦးအေးနိုင်ပျာယာခတ်နေခြင်းကို အဆိုးဆိုသာမည် မဟုတ်ပါ။

ဇနီးသည်နှင့်ခွဲခွာနေရသည်မှာ နှစ်နှစ်ကျော်ခန့်ရှိပြီဟု ရဲဘက်ဘီဘီစီမှ ဆိုပါသည်။ သူ့ဇနီး လတ်လတ်ထွေး မီးဖွားစဉ်ကပင် သူအနားမှာ မရှိခဲ့ဟု သိရသည်။ တီတီတာတာ ပြောနေတတ်နေပြီဖြစ်သော သမီးငယ်ကို တွေ့လိုစိတ် စောနေခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ရန်ကုန်ဘူတာကြီးသို့ သွားရောက်ကြိုရာတွင် လိုက်ပါမည့် ရဲဘက်တွေကို ဆန်ခါတင်ရွေးထုတ်နေရာ စခန်းခွဲတခုလုံး လှုပ်လှုပ်ရွရွဖြစ်နေကြသည်။ ကိုသက်ခိုင် ရဲဘက်စခန်း အပြင်ထွက်သည်မှာ မဆန်းလှသော်လည်း အခြားအကျဉ်းကျရဲဘက်များအဖို့ကား ကြုံတောင့်ကြုံခဲ အခွင့်အရေးတည်း။ ထို့ကြောင့် ထောင်မှူးနှင့်အတူ လိုက်ပါလိုသော ရဲဘက်အရေအတွက် များလှသည်ဖြစ်ရာ ထောင်မှူးနှင့်အတူ အပြင်ထွက်ခွင့်ရရေးအတွက် တိုးတိုးတမျိုးကျယ်ကျယ်တဖုံ လိုင်းဝင်နေကြသည်။ ထောင်မှူးလက်စွဲတော် ကုလားခေါ် မျိုးဇော်ဦးတို့ မျက်နှာပန်းပွင့်ချိန်ပင်။

တစခန်းလုံး လှုပ်လှုပ်ရွရွဖြစ်နေကြချိန် ငြိမ်ချက်သားကောင်းနေသော ကိုသက်ခိုင်ကို၊ ဗဆောင်ပေါ်မှာ မတွေ့ရသဖြင့် သူ့တဲဘက်ဆီ ကျနော် ကူးသွားလိုက်သည်။ ကိုသက်ခိုင်တယောက် သူ့တဲပေါ်မှာ ဘောပင်တချောင်းကို လက်က ကိုင်ကာ စာရွက်တွေပေါ်မှာ လေးထောင့်ကွက်တွေ၊ ဗဟိုင်းတွေ လျှောက်ခြစ်နေသည်ကို တွေ့ရသဖြင့် ကျနော် စပ်စုလိုက်သည်။

'ဘာတွေလဲဗျ။ အင်းကွက်တွေ ချနေတာလား'

'ပေါက်ပေါက်ရှာရှာဗျာ၊ ပွဲစဉ်ဇယား ဆွဲနေတာဗျ'

'ဟ၊ ဘာပွဲစဉ်တုန်းဗျာ'

'ဩော်၊ ဒီနေ့ ဘိုးတော် အပြင်သွားတာနဲ့ ပိုက်ကျော်ခြင်း ပြိုင်ပွဲ စမယ်လေ၊ ရဲဘက်တွေ စိတ်ပြေလက်ပျောက်ပေါ့'

'ဩော်၊ ခင်ဗျားဗျာ၊ အလုပ်မရှိ အလုပ်ရှာလို့'

'ကိုမင်းဒင်၊ ခင်ဗျား အကျဉ်းသားတွေကို ကိုယ်ချင်းမစာလို့ အလုပ်မရှိအလုပ်ရှာတယ် ထင်တာပါ၊ ခင်ဗျား စဉ်းစားကြည့်၊ အကျဉ်းကျနေတဲ့ သူသူကိုယ်ကိုယ် အပြင်ထွက်ချင်ကြတဲ့ သူချည်းပဲဗျ။ ဒီစခန်းထဲက အကျဉ်းကျရဲဘက်ခြင်း အတူတူ အပြင်ထွက်ခွင့်ရတဲ့ ရဲဘက်ကို ကြည့်ပြီး စခန်းမှာ ငေါင်တောင်တောင်ကျန်ခဲ့တဲ့ ရဲဘက်တွေ စိတ်ထဲ ဘယ်လိုနေမလဲ။ ထွက်ခွင့်ရဖို့ကလည်း မလွယ်၊ ထွက်ခွင့်ရပြန်တော့လည်း ငွေကုန်ကြေးကျ ဒီလောက်များတာ တတ်နိုင်ဦးမှ၊ ဒီတော့ မထွက်နိုင်တဲ့ ရဲဘက်တွေ အာရုံအပြောင်းအလဲ ဖြစ်ပါစေတော့ပေါ့ဗျာ'

ကိုသက်ခိုင်ပြောမှ ကျနော်စဉ်းစားမိသည်။ ကျနော့်ဇနီးသည် ညည့်တွေ့လာသွားသည်မှာ မကြာသေးသော်လည်း ကျနော်ကိုယ်တိုင် အခြားသူများ စခန်းအပြင်ထွက်ခွင့်ရသည်ကို ငေးရင်း အပြင်ထွက်ချင်စိတ်ပေါ်မိသည်ကား အမှန်။ ကိုသက်ခိုင်က ကျနော် ငိုင်သွားသည်ကို သတိပြုမိဟန်တူသည်။

'ဘာလဲဗျ၊ ခင်ဗျားကော အပြင်ထွက်ချင်လို့လား၊ ဘိုးတော်ကို ပြောပေးမယ်လေ'

'နေပါစေဗျာ၊ ဒီလောက်များတဲ့ လိုင်းကြေး ကျနော်မတတ်နိုင်ပါဘူး။ ထွက်တော့ ထွက်ချင်တာပေါ့ဗျာ'

'အေးဗျ၊ ဒီတခေါက်ပေါက်ဈေးက တသောင်းတဲ့၊ ခင်ဗျားထွက်ချင်လည်း ဒီလောက် လူအများကြီးနဲ့ လိုက်မသွားနဲ့ဗျာ။

ကျနော် ထွက်တဲ့နေ့မှာ ခင်ဗျားကို တိုင်ကယ်ချိတ်ပြီး ခေါ်သွားပေးပါ့မယ်၊ ခုတခေါက်က လိုက်သွားတဲ့ မောင်တွေလည်း သွားချင်ရာ သွားနိုင်မှာမဟုတ်ဘူး။ ပြန်လာရင်လည်း ထောင်မှူးမိန်းမ ထမိ(ထမိန်)သေတ္တာ ထမ်းပြန်လာရမှာ'

ကိုသက်ခိုင် စကားကြောင့် ကျနော့် အပြင်ထွက်ချင်စိတ်သည် ရုတ်ခြည်း ငုတ်လျှိုးပျောက်ကွယ်သွားခဲ့ပြန်ပါသည်။ ကိုသက်ခိုင် ရောက်စကသော် တရက်စခန်းအပြင် ထွက်ကြေးသည် ဒီဇယ်ပေပါ တလုံး (ကာလပေါက်ဈေး ခြောက်သောင်းကျပ်ခန့်)အထိ မြင့်တက်သွားဖူးရာ စခန်းခွဲ(၁)တွင် အမြင့်ဆုံးဈေးဖြစ်၍ ကိုသက်ခိုင် မှတပါး အခြားသူတို့ မတတ်နိုင်သော ကြေးပင်။ နောက်ပိုင်း စခန်းတာဝန်ခံနှင့် မည်သို့ အပေးအယူ တည့်သည်မသိ။ ကိုသက်ခိုင် စခန်းအပြင် ထွက်သောအကြိမ် မြောက်များစွာ ရှိခဲ့သော်လည်း ဒီဇယ်ပေပါတို့ကိုမူ စခန်းခွဲတွင်မတွေ့ရချေ။ စခန်းအပြင်ထွက်သည့် ဈေးနှုန်းကား ပုံမှန်အားဖြင့် ကြမ်းခင်းဈေး တရက်လျှင် ကျပ်တသောင်းခန့်ဖြစ်သည်။ ထွက်ခွင့်ပေးသည့် အကြောင်းကား စခန်းခွဲအတွက် လိုအပ်သည့် မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပေါက်တူး၊ ဂေါ်ပြား၊ တူရွင်း၊ ဒန်းပြား စသည့် စခန်းအသုံးအဆောင် ဝယ်စရာခြမ်းစရာတို့ကို သွားရောက်ဝယ်ယူခြင်းဟူ၍ ခေါင်းစဉ်တပ်ခြင်းဖြစ်သည်။

ထို့ပြင် ထောင်ပိုင်ထောင်မှူး ပါးစပ်ထဲက တွေ့သမျှလျှောက်မှာသည့် ပစ္စည်းပစ္စယများကိုလည်း အပြန်တွင် ဝယ်ယူလာကြရသည်။ မှာသမျှမပါမဲ့၊ မေ့လျော့ လွဲချော်ခဲ့ လျှင်ကား နောက်တကြိမ် အပြင်ထွက်ခွင့် အပြီးကုန်ဆုံးမည့်အပြင် အပြစ်မရှိ အပြစ်ရှာ၍ ခြေကျင်းနှင့်ပင် ပြန်ညားသွားနိုင်သည်။

စခန်းက ထွက်ချိန်တွင် အကျဉ်းဦးစီးဝန်ထမ်းနှင့် အတူထွက်ကြခြင်းဖြစ်ပြီး စခန်းနှင့် အတန်ငယ်ဝေးသော မြို့ငယ်လေးကို ရောက်မှ လူချင်းခွဲကာ ပြန်ဆုံမည့်အချိန်ကို အချိန်းအချက်လုပ်ကာ အကျဉ်း

သားက သူသွားလိုရာသွား၊ ထောင်ဝန်ထမ်းက သူ့လမ်းသူသွားကြခြင်းသာ ဖြစ်သည်။

ထိုသို့ထွက်ခွင့်ရခြင်းသည် တရားဝင်ဟူ၍တော့ မထင်မှတ်ပါလေနှင့်။ ပြင်ပတွင် ပြဿနာတစုံတရာ ဖြစ်ပေါ်ခဲ့သော် ထိုအကျဉ်းသားသည် ရဲဘက်စခန်းမှ ထွက်ပြေးကာ ပြစ်မှုကျူးလွန်ခြင်းသာဖြစ်ကြောင်း ထင်ရှားစေရန် အဆိုပါ အကျဉ်းသားကို ရဲဘက်ပြေးစာရင်းသွင်းရန်၊ အကျဉ်းဦးစီးဝန်ထမ်းဘက်မှ ကိုယ်လွတ်ရုန်းနိုင်ရန် အစစ ကြိုတင်စီစဉ်ပြီးဖြစ်ကြောင်း ကျနော့်ကို ကိုသက်ခိုင်ပြောပြဖူးသည်။ တခါတရံ အလွန်ဖယားနိုင်လှသော ရဲဘက်အကျဉ်းသားတို့၏ ပြောင်မြောက်လှသော လှည့်ကွက်များကြောင့် မလည်မဝယ်ထောင်ဝန်ထမ်းများပါ အလုပ်ပြုတ်ကိန်း ကြုံသွားတတ်သည်လည်းရှိသည် ဆိုပါ၏။ ထို့ကြောင့် စခန်းအပြင်ထွက်ခွင့်အတွက် အကျဉ်းသား ရွေးရသည်မှာ အချက်အလက်ပေါင်း များစွာကို စိစစ်ကြရသည်။ ရာဇဝင်လူဆိုးက စခန်းအပြင်ထွက်ကာ ရာဇဝတ်မှု ထပ်မံကျူးလွန်ပြီး ရဲဘက်စခန်းအတွင်း ဟန်မပျက်ပြန်နေပါက၊ သူကျူးလွန်ခဲ့သာပြစ်မှုကို မည်သို့မျှ ဖော်ထုတ်နိုင်ရန်အကြောင်း မရှိချေ။ ထို့ကြောင့် စခန်းအပြင်ထွက်ခွင့်ကား အမှန်တော့ ထွက်ခွင့်ရသူ ရဲဘက်ရော၊ ဝန်ထမ်းအတွက်ပါ အလွန်အန္တရာယ်ကြီးလှချေသည်။

ကျနော်တို့ စခန်းခွဲ (၁) တည်ရှိရာနေရာကား ရေနက်ကွင်းကြီးကို တူးမြောင်းများဖြင့် ရေထွက်ပေါက်များ ဖောက်ကာ ကုန်းမြေဖြစ်အောင် ဖန်တီးထားခြင်းဖြစ်သည်။ စခန်းခွဲနှင့် ကပ်လျက်ကား တူးမြောင်းအမှတ် (၁၆) ဖြစ်၏။ အဆိုပါတူးမြောင်းမှ အရှေ့စူးစူးသို့ တမိုင်ကျော်ခန့် အကွာတွင် တူးမြောင်း အမှတ် (၂) နှင့် ပေါင်းဆုံသွားသည်။ တူးမြောင်း အမှတ်(၂) အတိုင်း နှစ်မိုင်ခန့် ခရီးနှင်သော် ပင်မစခန်းသို့ ရောက်သည်။ ပင်မစခန်းသည် အဝေးပြေး လမ်းမကြီးနှင့် ကပ်လျက်တည်ရှိသည်။ ထို့ကြောင့် အပြင်ထွက်မည့် ထောင်ဝန်ထမ်း၊ ညှိတွေ့လာသူများနှင့် ညအကျဉ်းသားပါ ပင်မစခန်းကို မဖြစ်မနေဖြတ်ကျော်ရသည်။ ခြွင်းချက်အားဖြင့်ကား နွေရာသီတွင် ရေနက်ကွင်းတခုလုံး ခြောက်သွေ့နေသည်ဖြစ်ရာ စခန်းခွဲ(၁)မှ တောင်ဘက်စူးစူး အဝေးပြေးလမ်းမကြီးပေါ် သို့ ကုန်းလမ်းပေါက်သည်။

ကျနော်သည် ကိုသက်ခိုင်တဲပေါ်မှနေ၍ မလှမ်းမကမ်းရှိ တူးမြောင်း အမှတ်(၁၆) ဘက်ဆီသို့ ငေးနေရင်း ဦးအေးနိုင်ခရီးစဉ်နှင့် ပတ်သက်၍ ကျနော့်ခေါင်းထဲမှာ မရှင်းသော ကိစ္စတခုကို မေးခွန်းထုတ်မိပြန်သည်။

'နေပါဦးဗျ၊ ပင်မစခန်းမှာ အကျဉ်းဦးစီး ရုံးချုပ်က ညွှန်မှူး ရောက်နေတယ်ဆို၊ ဦးအေးနိုင်က ဘယ်လိုလုပ်ပြီး ရန်ကုန်ကို သွားမလဲဗျာ'

'ဒီတခေါက်တော့ ဦးအေးနိုင်လည်း ရဲဘက်တွေနဲ့ ဘဝတူပဲဗျ။ သူလည်း သူ့မိန်းမကို ကြိုရမှာမို့ နိုးထွက်ရမှာ၊ ပင်မစခန်းကို မဖြတ်ရဲဘူး၊ လေကြောင်းအရန် ငါးမွေးကန်နားက တူးမြောင်းကနေ လှေနဲ့လမ်းမကြီးပေါ် တက်မှာလေ'

'ဟ၊ လေကြောင်းအရန်ငါးကန်နားက တူးမြောင်းထဲမှာ ဘယ်က လှေ ရှိလို့ လမ်းမကြီးပေါ် ရောက်မလဲဗျ'

'ကျနော်တို့စခန်းက လှေကို အဲဒီတူးမြောင်းထဲ ရောက်အောင် ပို့မယ်လေ'

'ဗျာ၊ ကျနော်နားမရှင်းဘူးဗျ။ ဒီကနေ လေကြောင်းအရန်တူးမြောင်းကို ရောက်ဖို့ ဗွက်တောကို တမိုင်လောက်ဖြတ်ရမှာ မဟုတ်လား'

'ခင်ဗျားဗျာ၊ အီဂျစ်မှာ ပိရမစ်ကြီးတွေ ဘယ်လိုတည်ဆောက်ခဲ့သလဲ၊ အုပ်ချုပ်သူတွေ ရက်ရက်စက်စက် အာဏာပြပြီး ဆောက်ခဲ့တာပဲ မဟုတ်လား၊ အခုလည်း စခန်းကလှေကို အဲဒီတူးမြောင်းထဲ ရောက်အောင် အလုပ်ကြမ်းဘုတ်ထဲက ရဲဘက်နှစ်ဆယ်ကျော် မနက်ငါးနာရီလောက်ထပြီး ဗွက်တောကို ဖြတ်ထမ်းရမှာဗျို့၊ လှေက ဦးအေးနိုင် ပြန်လာတဲ့အထိ အဲဒီတူးမြောင်းထဲမှာ

စောင့်နေမယ်၊ အပြန်ကျ တော့ လှေကို မနက်ကပို့ထားတဲ့ အဖွဲ့ကပဲ စခန်းအထိပြန်ထမ်းလာရမယ်။ ရှင်းပြီလား'

'ဩော်'

ကျနော့်နှုတ်မှ ဩော် တလုံးသာထွက်နိုင်ပါတော့သည်။ ရဲဘက်အကျဉ်းစခန်း၏ လက်ရှိအခြေအနေကား အမေက ငါ့ကိုနိုင်၊ ငါက ကြက်မကြီးနိုင် ဟူသော စကားအတိုင်း ကြီးနိုင်ငယ်ညှဉ်းနိုင်ရာစား ရပ်ဝန်းဒေသပေတည်း။ အကျဉ်းဦးစီးဌာန ရဲဘက်စခန်းမှ ထောင်မှူးတပွင့်ဟူသော ရာထူးမှာ စစ်တပ်မှ တပ်ကြပ်ကြီးအဆင့် အသွင်ပြောင်းလာလျှင် ရနိုင်သော ရာထူးမျှသာဖြစ်သည်။ တပ်မှ ဗိုလ်ကြီးပြောင်းလာလျှင်ကား ထောင်ပိုင်အဆင့်။ ထောင်မှူးတပွင့်သည် ထောင်ပိုင်ကို ပထွေးထက်ပင်ကြောက်ရသည်။ ထို့အတူ အကျဉ်းဦးစီး အခြားအဆင့်ဝန်ထမ်းသည် တပွင့်နှင့် ထောင်မှူးကို သေမလောက်ကြောက်ရသည်။ ထိုနည်းနှင်နှင်ပင် အကျဉ်းသားရဲဘက်သည် ထောင်ဝန်ထမ်းကို အသက်ရှုရဲမျှဝံ့လောက်အောင် ကြောက်ရပြန်လေသည်။

အမှန်တော့ ရဲဘက်စခန်း အကျဉ်းဦးစီး အောက်ခြေဝန်ထမ်းများနှင့် အကျဉ်းသားများ၏ ဘဝမှာ ထွေထွေထူးထူးကွာခြားလှသည်တော့မဟုတ်။ စခန်းတာဝန်ခံ ဦးအေးနိုင်ပင်လျှင် အကျဉ်းသားများအိပ်ဆောင်နှင့် အရည်အသွေး မကွာလှသော ဝန်ထမ်းအိမ်ရာမှာ နေကြရသည်။ မသဒ္ဓါရေစာကြောင့်ပေလော မဆိုနိုင်၊ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းအတော်များများမှာ လူမွဲလူတောင် ပြောင်လှသည်တော့မဟုတ်ချေ။ အခြားဝန်ထမ်းများကဲ့သို့ လူတောသူတော ကောင်းကောင်းမတိုးနိုင်သည်မှာ ထင်ရှားလှသည်။ သေချာလှသောအချက်မှာ မည်သည့်ထောင်ဝန်ထမ်းမျှ အရှုပ်ထဲသို့ ဌာနယူနီဖောင်းဖြင့် မသွားရဲခြင်းပင်။

အကျဉ်းသားများ ညှော်တွေ့၊ ထောင်ဝင်စာလာတွေ့ရာတွင် ပေးခဲ့သော ကော်ဖီမစ်၊ ငါးပိကြော်စသည့်စားသောက်ဖွယ်ရာများမှာ ထောင်ဝန်ထမ်းများအတွက် အဓိကအားထားရာ ရိက္ခာ ဖြစ်သည်။ ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ရဲဘက်တယောက်အနေဖြင့် ညှော်တွေ့အပြန်မှာ ထားခဲ့သည့် အစားအစာ တချို့ကို သက်ဆိုင်ရာ ထောင်ဝန်ထမ်းတို့ကို ခွဲဝေပေးရခြင်းကား ထောင်ယဉ်ကျေးမှု ဖြစ်နေချေပြီ။

ထောင်ဝန်ထမ်းများအတွက် အဓိကအပိုဝင်ငွေကား အကျဉ်းသားတို့၏ သက်သာခွင့်ကို နားလည်မှုဖြင့် လိုက်လျောရာက ရသောငွေတည်း။ အကျဉ်းသားတို့နေထိုင်မကောင်း၍ အလုပ်မဆင်းနိုင်လျှင် လာဘ်ထိုးရသည်။ အလုပ်သက်သာလိုလျှင် ငွေပေးရသည်။ ညှော်တွေ့ချိန်ကြာကြာတွေ့လိုလျှင် ငွေကုန်ရသည်။ နေရာကောင်းကောင်းမှာ သက်တောင့်သက်သာ အိပ်လိုလျှင် ငွေကုန်ရသည်။ အတို ချုပ်ရလျှင် နေရာတကာ ငွေကုန်ပေါက်ချည်းသာ ဖြစ်သည်။ ငွေကုန်ပေါက်သည် ထောင်ဝန်ထမ်းများအတွက်သာ မဟုတ်။ အကျဉ်းသားအချင်းချင်း လုပ်ပိုင်ခွင့်ရှိသော နှစ်ကြီးအကျဉ်းသားကလည်း ငွေရပေါက် ဖန်တီးသည်လည်း ရှိသေးသည်။

ဦးအေးနိုင် စခန်းမှထွက်ခွာသွားချိန်တွင် ကိုသက်ခိုင်တယောက် သူ့တဲနှင့် မလှမ်းမကမ်းမှ ရိုးပြတ်တွင်းမှာ ပိုက်ကျော်ခြင်းဝိုင်းဖြင့် အလုပ်ရှုပ်နေသည်။ ရဲဘက်များကို လေးယောက်ပါသော အသင်းရှစ်သင်းခွဲကာ၊ ရှုံးထွက်ပွဲများ ဆက်တိုက်လုပ်ပေးသည့်အပြင် သူကိုယ်တိုင်ပါ စစ်ပြေးသန်းအောင် တို့နှင့် တွဲကာ လူငယ်ရဲဘက်တွေကြားမှာ ဝင်ခတ်နေသည်။ ဆုကြေးကား ပထမ စူပါကော်ဖီမစ် သုံးထုပ်၊ ဒုတိယ နှစ်ထုပ်၊ တတိယ တထုပ် ဖြစ်သည်။ ကိုသက်ခိုင်၏ တာဝန်ပေးမှုကြောင့် ကျနော်လည်း ပိုက်ကျော်ခြင်း ဒိုင်ဖြစ်နေရသည်။ ကျန် ရဲဘက်များကား တွင်း လေးဘက်လေးတန်မှ ပရိသတ်များအဖြစ် နေပူကျဲကျဲမှာ တက်ရောက်အားပေးလျက် ရှိကြလေသည်။

ကိုသက်ခိုင်ကား အလုပ်တခုကို လုပ်မည်ဟု ဆုံးဖြတ်လျှင် အင်တိုက်အားတိုက် စိတ်ပါလက်ပါ လုပ်လိုသော အကျင့်စရိုက် ရှိသူတည်း။ အမှန်တော့ သူပါဝင်သော အသင်းမှာ ခြေရည်သိပ်ရှိလှသည် မဟုတ်လှသော်လည်း ကိုသက်ခိုင်၏ တက်ကြွသော လှုပ်ရှားဟန်၊ အားပါသော အမိန့်ပေးသံတို့ကြောင့်လော မဆိုနိုင်။ နိုင်ပွဲဆက်နေသည်။

'ဟေ့ကောင်၊ စိတ်ကို ငြိမ်ငြိမ်ထား၊ နိုင်ကို နိုင်ရမယ်'

'ဆယ်၊ ဆယ်၊ ရအောင်ဆယ်'

'အသာလေး မြောက်အောင် ခတ်တင်ထား'

'ဟုတ်ပြီ၊ ရိုက်ချလိုက်'

'ကောင်းလိုက်တဲ့ ကန်ချက်ကွာ၊ နောက်တချက်လောက် လုပ်လိုက်ပါဦး'

'တမှတ်ပဲလိုတော့တယ်နော်၊ မလျှန်နိုင်ဘူးလို့ ထင်နေတဲ့ ကောင်တွေကို ပညာပေးလိုက်ပါအုံးကွာ'

ရှိုးပြတ်ကွင်း၊ ဟင်းလင်းပြင်အားကစားရုံကြီးမှ ပိုက်ကျော်ခြင်းဝိုင်းမှာ ကိုသက်ခိုင် သူ့လူတွေကို အားပေးသံဖြင့်သာ ဖုံးလွှမ်းနေသည်။ ကျနော်ကား လူငယ်တယောက်လို ဖျတ်လတ်သွက်လက်နေဆဲဖြစ်သည့် ကိုသက်ခိုင်ကို ကြည့်ကာ သံဝေဂပွားနေမိလေသည်။ ကိုသက်ခိုင်ကား သူ့ဘဝအတိတ်ကို မေ့နေယောင်တကား။ တချိန်ကသော် သူကျွမ်းကျင်ရာ စီးပွားရေးလုပ်ငန်းများတွင် ဤဟန်ပန်နှင့်ပင် အားတက်သရော လုပ်ကိုင်နေခဲ့ပေလိမ့်မည်။ ယခုသော်ကား ဘဝရေခန်းက အကျဉ်းသား ရဲဘက်များအကြားတွင် လောကဓံ၏ ရိုက်ပုတ်မှုကို မေ့ပျော့ပျော်ပင် ရင်ဆိုင်ဖြတ်ကျော် နေပုံရလေသည်။

မွန်းတည့်ချိန် ပိုက်ကျော်ခြင်းဝိုင်း ဗိုလ်လုပွဲ စခါနီးတွင် ပင်မစခန်းမှ ဝန်ထမ်းတဦး ရောက်လာကာ ကိုသက်ခိုင်ကို ထောင်ပိုင်ကြီး အခေါ် လွှတ်သည် ဆိုသဖြင့် ချွေးတလုံးလုံးဖြစ်နေသော ကိုသက်ခိုင် အပေါ် အင်္ကျီတထည်ကောက်စွပ်ကာ ချက်ချင်းလိုက်ပါသွားသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ကိုသက်ခိုင် ထွက်သွားပြီး တနာရီကျော်ကျော်ခန့်တွင် လေ့စီးဧည့်သည်တဦး စခန်းခွဲသို့ ရောက်လာပြန်သည်။ အဆိုပါ ဧည့်သည်ကား အသက်သုံးဆယ်ကျော်ခန့်ရှိပြီး မွန်ရည်သော ရုပ်ရည်ရှိသည့် လူငယ်တဦးဖြစ်သည်။ အရပ်အမောင်းကောင်း၍ အနည်းငယ် ပိန်သွယ်သည်။

ကိုသက်ခိုင်ကို တွေ့လိုသော ဧည့်သည်ဟုဆိုသည်။ စခန်းခွဲယာယီတာဝန်ခံအဖြစ် ကျန်ခဲ့သော ဘေးကြယ်ကြီးလမ်းညွှန်မှုဖြင့် ထိုလူငယ်သည် ကျနော်ရှိရာသို့ ရောက်လာလေရာ ကျနော်က ကိုသက်ခိုင့် တဲပေါ်သို့ ခေါ်သွားလိုက်ရသည်။ သူ့ ကျနော် နှုတ်ဆက်သည်ကိုပင် မစောင့်ပဲ၊ တမောတကော ဆိုသည်။

'ကိုသက်ခိုင် နဲ့တွေ့ချင်လို့ဗျာ'

'ဟာ၊ ကိုသက်ခိုင် ထောင်ပိုင်ကြီးခေါ် လို့ ပင်မစခန်းကို ထွက်သွားတယ်လေ၊ ပင်မစခန်းမှာ မတွေ့ခဲ့ဘူးလားဗျာ' သူ့ စိတ်ရှုပ်ထွေးသွားသော အမူအရာဖြင့်

'အင်း၊ ကျနော့်အစ်ကိုကတော့ ရဲဘက်ရောက်တာတောင် အလုပ်က ရှုပ်နေတုန်းပါပဲလားဗျာ'

'အော်၊ ခင်ဗျားက ကိုသက်ခိုင် ညီလားဗျ'

'ဟုတ်ပါတယ်၊ ကျနော် သက်မြိုင် ပါ၊ သူ့ညီအလတ်ပါ'

ကိုသက်ခိုင့်ညီဟုပြောကာမှ ကျနော်သူ့ကို အကဲခတ်ကြည့်ရာ မျက်ခုံးမျက်လုံး မျက်နှာကျ ကိုသက်ခိုင်နှင့် အတော်ဆင်သည်ကို သတိပြုမိသဖြင့် စကားကို အလိုက်သင့် ရောချလိုက်ရသည်။

'ဪ၊ ကိုသက်ခိုင်ကတော့ သူတို့ ညီအစ်ကိုခြောက်ယောက်တောင် ရှိတယ်လို့တော့ ပြောဖူးသားဗျာ'

'ဒါနဲ့ ကိုသက်ခိုင် ဘယ်အချိန် ပြန်လာမလဲ သိသလားဗျာ၊ စောစောက အရာခံကြီးပြောတော့ အစ်ကိုက ဦးမင်းဒင်နဲ့ အတွဲများတယ်ဆိုတော့ ဦးမင်းဒင်ကိုများ တခုခု မှာခဲ့သလားလို့ပါ'

'ကျနော်တော့ စောစောပြန်ရောက်မယ် မထင်ဘူး ကိုသက်မြိုင်၊ ထောင်ပိုင်ကြီး အခေါ် ခိုင်းတာက ကိုသက်ခိုင့် ညည့်သည်တွေ ကားသုံးလေးစီးနဲ့လာပြီး ကိုသက်ခိုင်ကို အပြင်ခဏ ခေါ် သွားချင်တယ် ဆိုလို့ လာခေါ် တာတဲ့ဗျ၊ သူရန်ကုန်ကို လိုက်သွားမယ်ထင်တယ်' လူငယ်သည် ကွင်းပြင်ကျယ်ကြီးဘက်သို့ ခပ်ငေးငေးကြည့်ရင်း

'အေးဗျာ၊ ဦးမင်းဒင် ကျနော့်ကို စာရွက်လေးတရွက်လောက်ပေးပါလား၊ ကျနော် စာရေးထားခဲ့ချင်လို့ပါ'

ကျနော်က ကိုသက်ခိုင့်တဲအတွင်းမှ ဗလာစာအုပ်တအုပ်ကို သူ့ရှေ့သို့ထိုးပေးလိုက်ရာ သူရေးနေသော စာများကို ကျနော် လှမ်းမြင်နေရသည်။

အစ်ကိုသက်ခိုင်၊

ကျနော် စခန်းခွဲကို လိုက်လာခဲ့ပါတယ်။ အစ်ကိုအပြင်သွားတယ်ဆိုလို့ မစောင့်တော့ပဲ ပြန်သွားပါတယ်။ မနက်ဖြန် ကျနော်တာဝန်ကျရာ နယ်ကို ပြန်ရမှာမို့ နှုတ်ဆက် ကန်တော့ခဲ့ပါတယ်။

ဘယ်နေရာ ဘယ်ဘဝရောက်ရောက် ကျနော်ဟာ အစ်ကို့ညီ ဖြစ်ရခြင်းအပေါ် ဘယ်သော အခါမှ သိမ်ငယ်စိတ်မဖြစ်ပေါ် ခဲ့ပါဘူး။

သက်မြိုင်

(၂၉ /၇ /၂၀၀၄ )

ထိုနေ့က အိပ်ဆောင်ပိတ်ချိန် မိုးကြီးစုံးစုံးချုပ်မှ ကိုသက်ခိုင် ပြန်ရောက်သဖြင့် နောက်တနေ့မနက် သူ့ညီရေးခဲ့သော စာပါသည့် ဗလာစာအုပ်လေးကို ကိုသက်ခိုင့် လက်ထဲထည့် လိုက်ရသည်။ ကိုသက်ခိုင်သည် စာကိုဖတ်ရင်း ခပ်ငူငူ ခပ်ငိုင်ငိုင် ဖြစ်သွားလေသည်။ နှုတ်မှလည်း တီးတိုးရေရွတ်သံ ထွက်ပေါ် လာသည်။

'အေးဗျာ၊ ကျနော့်ညီ သက်မြိုင်လာမယ်မှန်းသိရင် ကျနော်လိုက်သွားဖြစ်မှာ မဟုတ်ဘူးဗျာ။ ကျနော့်ညီကို ကျနော် မတွေ့ရတာ လေးငါးနှစ်လောက် ရှိရောမယ်'

'အင်း၊ ခင်ဗျားညီကြည့်ရတာ လူရည်သန့်ပဲ၊ အစိုးရဝန်ထမ်း ထင်ပါရဲ့'

'ဟုတ်ပါတယ်၊ ကျနော်တို့မိသားစုထဲက တယောက်တည်းသော အစိုးရ ဝန်ထမ်းပေါ့၊ ကျနော်တို့ ညီအစ်ကိုမောင်နှမတွေထဲမှာ ကျနော်မျှော်လင့်ချက်အထားဆုံး ညီပေါ့၊ တခြား ညီအစ်ကို မောင်နှမတွေက အဖေဆုံးပြီးတဲ့နောက် ပညာရေးကို သိပ်စိတ်မဝင်စားကြတော့ဘူး၊ အစ်ကို အကြီးဆုံးဆို နတ်မောက်ကိုပြန်ပြီး အမေ့အမွေ ယာတွေချောင်းတွေ ပြန်လုပ်နေတယ်၊ ကျန်တဲ့ ညီအစ်ကို မောင်နှမတွေကလည်း အိမ်ထောင်တွေကျပြီး ပညာရေး တဝက်တပျက်နဲ့ စီးပွားရေးဘက် ခြေဦးလှည့်ကုန်ကြတယ်'

'ဒါနဲ့ ခင်ဗျားညီက ဘယ်ဌာနကလဲဗျာ'

'အင်း၊ ( ) က မြို့နယ်ဦးစီးမှူးလေ'

'ခင်ဗျားညီ စာထဲမှာ ဘယ်နေရာ ဘယ်ဘဝရောက်ရောက် ကျနော်ဟာ အစ်ကိုညီ ဖြစ်ရခြင်း အပေါ် ဘယ်သောအခါမှ သိမ်ငယ်စိတ် မဖြစ်ပေါ် ခဲ့ပါဘူးဆိုတာ ဘာသဘောလဲဗျ၊ နည်းနည်းတော့ ထူးဆန်းနေသလိုပဲ'

'အေးဗျာ၊ ကျနော်လည်း ဒီစာကြောင်းကိုဖတ်ပြီး စိတ်မကောင်းဖြစ်ရတယ်၊ အမှန်တော့ ကျနော်ဟာ ကျနော့်ညီနဲ့အတူ ကျနော်ယုံကြည်ရာတွေကိုလက်တွဲပြီးလုပ်ဖို့ ဆုံးဖြတ်ခဲ့ဖူးပါတယ်၊ ကျနော့်ညီကို ကျနော်နဲ့ ပုံတူနီးပါးဖြစ်အောင် ကျနော် လေ့ကျင့်ပျိုးထောင်ပေးခဲ့ဖူးပါတယ်။ ဒါပေမယ့်ဗျာ၊ ထင်တိုင်းမဖြစ်တဲ့လောကကြီးမှာ ကျနော့်ညီဟာ ကျနော့်လုပ်ပုံကိုင်ပုံတွေကို စိတ်အပျက်ကြီးပျက်တယ်ထင်ပါရဲ့၊ ကျနော့်ကို လုံးဝကျောခိုင်းပြီး သူယုံကြည်ရာလမ်းကို ရွေးသွားခဲ့တာပါပဲ'

'ခင်ဗျားက ဘယ်လိုများ ပျိုးထောင်ခဲ့တာလဲဗျ'

'တကယ်တော့ ကျနော့်ညီဟာ ခုနှစ်တန်းလောက်အထိ ပညာရေးမှာ အားရစရာ မရှိလှဘူးဗျ၊ တနေ့ကျနော်က သူ့ကျောင်းစာအုပ်တွေကို လျှောက်လှန်ကြည့်ရာက လက်ရေးတွေက ပဲပင်ပေါက်လိုဖြစ်နေတာတွေ့တာနဲ့ လက်ရေးလှစာအုပ်ဝယ်ပြီး လက်ရေးပြန်ကျင့်ခိုင်းရာက ကျနော်ဟာ သူ့ကို ကျနော့်စိတ်တိုင်းကျ ဖြစ်လာအောင် ပုံစံ စသွင်းမိတော့တာပါပဲ၊ အကောင်းဆုံး ကျူရှင်ဆရာတွေနဲ့ အပ်တယ်၊ ကိုယ်ခံပညာမျိုးစုံသင်ခိုင်းတယ်၊ ဗဟုသုတ အလို့ငှာ စာမျိုးစုံကို ဖတ်ခိုင်းတယ်၊ အိုဗျာ၊ မိန်းမကိစ္စက လွဲလို့ ယောက်ျားတို့တာတ်အပ်တယ်လို့ ကျနော်ယူဆတဲ့ ပညာမျိုးစုံကို သင်ယူလိုက်စားဖို့ ကျနော် စံနစ်တကျ ကြပ်မတ်ပြီး ပုံသွင်းခဲ့ပါတယ်'

'ခင်ဗျားညီကကော ခင်ဗျား ပုံသွင်းသလို လိုက်နိုင်ရဲ့လားဗျာ'

'ကောင်းလိုက်တဲ့ မေးခွန်းဗျာ၊ ရှုတ်တရက်ကြည့်ရင် သက်မြိုင်ဟာ ကျနော့် လမ်းညွှန်ချက်တွေကို လိုက်နာနိုင်ခဲ့တယ်လို့ ထင်မှတ်စရာပါပဲ၊ သာမာန်ဉာဏ်ရည်နဲ့ ခပ်အေးအေး ခပ်ကုပ်ကုပ် နေတတ်တဲ့ သက်မြိုင်ဟာ ဂျူဒိုမှာ ခါးပတ်အညိုအဆင့် ရှိခဲ့တယ်၊ ဆယ်တန်းမှာ ဂုဏ်ထူးနှစ်ခုပါခဲ့တယ်၊ အဲဒီခေတ်က မြန်မာစာထူးချွန်သူတွေကို ပေးလေ့ရှိတဲ့ မြန်မာစာကျူရှင်ဆရာ ဆရာဒိုးရဲ့ ရွှေတံဆိပ်ရခဲ့တယ်၊ အင်္ဂလိပ်စာမှာ ယူမေးနီးယား သမ္မတဟောင်း ချောင်ရှက်စကူးရဲ့ အတ္ထုပ္ပတ္တိကို ဘာသာစမ်းပြန်ခဲ့ဖူးတယ်၊ စစ်တုရင်မှာ ရုရှ စစ်တုရင် အကျော်အမော် အနာတိုလီ ကားပေါ့ နဲ့တောင် ထိုးခဲ့ဖူးလေရဲ့ဗျာ'

'ဗျာ၊ ခင်ဗျားညီက အနာတိုလီကားပေါ့နဲ့ တကယ်ထိုးဖူးသလား'

'ဩော်၊ ခက်ပါလား၊ ဘော်ဘီဖစ်ရှာနဲ့ စပတ်စကီတို့လို ကျနော့်ညီက အနာတိုလီနဲ့ တယောက်ချင်းထိုးဖူးတာတော့ ဘယ်ဟုတ်မလဲဗျာ၊ သူ မြန်မာပြည်လာလည်တုန်း စစ်တုရင် ဝါသနာရှင် အယောက်ငါးဆယ်ကို ရွေးပြီး တပြိုင်နက် ထိုးခဲ့ဖူးတာကို ပြောတာပါ'

'ဟာ၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားညီက အလာကြီးပါလား'

'ဝေဖန်တာ မစောနဲ့အုံးဗျာ၊ ရှုတ်တရက်ကြည့်ရင် ကျနော့် ပျိုးထောင်မှုဟာ အောင်မြင်သယောင် ထင်ရပေမယ့် သူ့အတွင်းစိတ်မှာ ကြီးစွာသော ပင်ပန်းဆင်းရဲမှု ဖြစ်နေတာကို ကျနော် မမြင်နိုင်ခဲ့ဘူး။ သူ ဒုတိယနှစ်လည်း ရောက်ရော၊ ကျနော့်ကို လုံးဝမကြည့်ချင်တဲ့ ဝေဒနာတမျိုး စိတ်ရောဂါဆန်ဆန် စွဲကပ်လာပါတော့တယ်၊ ရောဂါသည်းတဲ့ အချိန်တွေဆို ကျနော့်အသံကြားတာနဲ့ ကျနော့်မျက်နှာကို မြင်တာနဲ့ စိတ္တဇဝေဒနာ ဝေဒနာရှင်တယောက်လို အော်ဟစ် ဆန့်ကျင်တော့တာပါပဲဗျာ၊ အဲဒီနှစ်မှာ သူ စာမေးပွဲ မဝင်နိုင်ခဲ့ဘူး၊ ကျနော့်မှာ စိတ်မကောင်းခြင်းကြီးစွာဖြစ်လွန်းလို့ မျက်ရည်ကျရတဲ့ အထိပါပဲ။ တကယ်တော့ သက်မြိုင်ဟာ ကျနော် အချစ်ဆုံးညီပါ။

တလကျော်လောက် ဆေးဝါးကုသမှုခံယူလို့ အကောင်းပကတိပြန်ဖြစ်သွားပေမယ့် ကျနော့်အပေါ် နာကြည်းတဲ့ စိတ်ကတော့ လုံးဝပျောက်မသွားတော့ပါဘူး၊ ဓာတုဗေဒ ဂုဏ်ထူးတန်းကျောင်းပြီးတဲ့နောက် ကျနော် မယူပါနဲ့ တားခဲ့တဲ့ မိန်းမကိုလက်ထပ်တယ်၊ ကျနော် ဝင်ပြီး မလုပ်စေချင်တဲ့ အစိုးရအလုပ်မှာ ဝင်လုပ်တယ်၊ အိုး၊ ဘာဆိုဘာမှ ကျနော့်စကားကို နားမဝင်တော့တဲ့ အထိပါပဲ၊ အလုပ်ကိစ္စတွေ အရေးကြီးလို့ ကျနော်လုပ်နေတဲ့ စီမံကိန်းတချို့မှာ ဝင်ပြီးလုပ်ပေးဖို့ နားချကြည့်ပေ

မဲ့ ခဏာပါပဲ။ သူ့ရဲ့ မသိစိတ်မှာ သူ့ဘဝကို အတင်းပုံသွင်းခဲ့တဲ့ ကျနော့်ကို အတော်နာကြည်းသွားပုံပါပဲ၊ ဟော၊ အခု ဘာစိတ်ကူးပေါက်ပြီး ရောက်လာလေသလဲတော့ မဆိုနိုင်ဘူး၊ သူရေးသွားတာကို ဖတ်ပြီး စိတ်မကောင်းဘူးဗျာ။ ဘာပဲဖြစ်ဖြစ်ဗျာ၊ သူဖြစ်ချင်တဲ့ အစိုးရအရာရှိဘဝမှာ သူပျော်ရွှင်နေတယ် ဆိုရင်ကျနော် ဖြေသာပါတယ်လေ'

'ဒါနဲ့ ခင်ဗျား ညွှံသည်တွေနဲ့ ရန်ကုန်လိုက်သွားတယ် ဆို'

ကိုသက်ခိုင် ပြောနေပုံမှာ စိတ်ဆင်းရဲခြင်းကြီးစွာ ခံစားနေရပုံပေါ် သဖြင့် ကျနော်က သူစိတ်ပြေ လိုပြေငြား စကားလမ်းကြောင်း လွှဲလိုက်ရသည်။

'ဟုတ်တယ်ဗျာ၊ ကျနော် အပြင်မှာ ရှိတုန်းက အမွေဆိုင်ခြံကြီးတခုကို အမှုမပြီးပြတ်သေးပဲ ဝယ်ထားလိုက်တာ စာချုပ်မှာ ပိုင်ရှင်သုံးဦး စာရင်းထဲမှာ ကျနော့်နာမည်က ပထမပိုင်ရှင် နာမည် ပေါက်နေတဲ့ ကိစ္စပေါ့ဗျာ၊ လက်ပြောင်းပြီး ဝယ်ချင်တဲ့ အုပ်စုက ကျနော့်ဆီက ကိုယ်စားလှယ်လွှဲစာ ပေးနိုင်မလား ခေါ် မေးတာပါ'

'အမွေမှု ဆိုတာ တော်တော်ရှုပ်တယ်လို့တော့ ကြားဖူးတယ်ဗျ'

'ရှုပ်သလားတော့မမေးနဲ့တော့ဗျာ၊ မြန်မာပြည်မှာ အကြာဆုံးတရားမမှုပါပဲ၊ အမှုဖြစ်စဉ် မှတ်တမ်းကို ကြည့်ရင် ဒီအမှုဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်ကျော်က စဖြစ်ခဲ့တယ်၊ ဒီအမှုမှာ ဒေါက်တာမောင်မောင် (နိုင်ငံတော် သမ္မတဟောင်း)၊ ဂျပန်ခေတ် နိုင်ငံတော် အဓိပတိ ဒေါက်တာ ဘမော်ရဲ့ အကိုအရင်း ဝတ်လုံတော်ရ ဒေါက်တာဘဟန်လို ပုဂ္ဂိုလ်မျိုးတွေအထိ ပါဝင်ပတ်သက်ခဲ့ပါ တယ်'

'ဒါဆိုလဲ ခင်ဗျား ဝင်ပါတဲ့ အဲဒီအမှုအကြောင်းလေး လုပ်စမ်းပါဦးဗျ'

'ဩော်၊ ခက်ပါလား၊ ဒီအမှုတခုတည်းအကြောင်း ကွက်ပြီးပြောလို့တော့ မဖြစ်ဘူးဗျ၊ ကျနော် ပြောခဲ့ဖူးတဲ့အကြောင်းတွေ ဆက်ပြောနေရင်း သူ့နေရာနဲ့သူ ရောက်လာပါလိမ့်မယ်ဗျာ'

'ဒါဆိုလည်း ပြောသာပြောဗျာ၊ ဒီနေ့ ဦးအေးနိုင်လည်း သူ့မိန်းမရောက်နေပြီ ဆိုတော့'

'ဘာလဲဗျ၊ ခင်ဗျား စကားက'

'ဩော်၊ သူ့မိန်းမရောက်နေလို့ ထောင်မှူး စိတ်ကောင်းဝင်နေချိန်ဆိုတော့ ခင်ဗျားရဲ့ ဇာတ်လမ်း ရှည်ကြီးကိုအေးအေးဆေးဆေး နားထောင်ချိန် ရတာပေါ့ဗျာ'

ကျနော်က ရယ်ကျဲကျဲနှင့် ပြောလိုက်ရာ ကိုသက်ခိုင်သည် တဲဘက်ကပ်လျက်က တူးမြောင်းကြီး ၏ အဆုံး၌ ရှိနေသောစိမ်းညို့နေသော ငှက်ပျောတောအုပ်ရှိရာသို့ လှမ်းမျှော်ကြည့်လိုက်ရင်း သူ၏ ဇာတ်လမ်းကို ဆက်ပါသည်။

'တကယ်တော့ဗျာ၊ ကျနော် အန်တီဆယ်နဲ့အတူ ထိုင်းနိုင်ငံကို ထွက်လာခဲ့တဲ့ ကာလတွေဟာ ကျနော့်ဘဝရဲ့ အအောင်မြင်ဆုံးကာလတွေဖြစ်သလို အခုကြုံတွေ့နေရတဲ့ ကံဆိုးမိုးမှောင်ကျရခြင်းရဲ့ အစအဦး ခြေလှမ်းတွေဆိုပါတော့'

■

## အခန်း (၈၁)

# ဖော်ကောင် သက်ခိုင်

အေးဗျာ၊ ကျနော်ဆိုတဲ့ကောင်ကလည်း ကိုယ့်တိုင်းပြည်ထဲမှာကိုယ် လူလည်ကျနေနိုင်လေတော့ နိုင်ငံခြားတို့ ဘာတို့ထွက်ဖို့ဆိုတာ အိပ်မက်တောင်မမက်မိတာ အမှန်ပါဗျာ။ အင်း၊ တခုတော့ရှိတာပေါ့။ နိုင်ငံခြားမှာ အလုပ်ထွက်လုပ်တာမျိုးမဟုတ်ပဲ ပြည့်ပြည့်စုံစုံ အခြေအနေမျိုးနဲ့ လုပ်ငန်းရှင်သူဌေးတယောက်လို စတိုင်ကျကျ 'ကမ္ဘာပေါ်မှာ လျှောက်ပါလို့ နှံ့သလောက်လည်မှာ' ဆိုတာမျိုးတော့ စိတ်ဝင်စားသဗျ။ ဟုတ်တယ်ဗျာ။ ကျနော် သွားချင်တဲ့ နေရာတွေ တော်တော်များများ ရှိလေရဲ့။ ဥပမာဗျာ၊ အီဂျစ်မှာရှိတဲ့ ဗုဒ္ဓမပေါ်ထွန်းမီ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးထောင်ကျော်က ပိရမစ်တို့၊ စဖင့်ရုပ်တုကြီးတို့လို အထင်ကရ အဆောက်အဦးတွေကို ရောက်ဖူးချင်တယ်။

အမေရိကန်မှာရှိတဲ့ လေဘာတီရုပ်တုကြီး ရှေ့မှာ ရပ်ပြီး 'ဟယ်လို၊ ဒေါ်လေဘာတီ၊ မိုင်နိမ်းအစ်သက်ခိုင်၊ အိုင်ဝပ်စ် ဘွန်းအင် နတ်မောက်။ နောင်း အိုင် အမ် စတင်းဒင်း အင်ဖရန့်အော့ဖ် ယူ' လို့ အော်ဟစ်နှုတ်ဆက်လိုက်မယ် ဆိုတဲ့ စိတ်ကူးမျိုးတွေပေါ့။ နောက် ဆွစ်ဇာလန်၊ အာဖရိကနဲ့ မော်ရိုကိုတို့လည်း ရောက်ဖူးချင်ပါတယ်။ ဒါပေမယ့် အဲဒီနိုင်ငံတွေမှာ အောက်ကျနောက်ကျ သွားနေရတာမျိုးတော့ ကျနော် စိတ်မကူးမိဘူးဗျာ။

အဲဒီတုန်းက ဘန်ကောက်သွားမယ်ဆိုတဲ့ ကိစ္စကလည်း အကြောင်းတိုက်ဆိုင်လို့ သွားဖြစ်ခဲ့တာပါ။ တိုက်ဆိုင်တာကလည်း သာမန်တိုက်ဆိုင်မှုမျိုးတော့ မဟုတ်ဘူးဗျာ။ ကျနော်ပြောဖူးတဲ့ မြန်မာ့အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များ အသင်းအတွက် အဆောက်အဦကိစ္စ ပုံစံဒီဇိုင်းစဆွဲနေတုန်းအချိန်ပေါ့။ ပုံစံကို ဆွဲပေးတဲ့ အာခီတက်က ကိုညွန့်ဝင်းလေးတဲ့။ သူ ရန်ကုန်စက်မှုတက္ကသိုလ်ကနေ အာခီတက်ဘွဲ့ရတာ။ ကျနော့်ညီဝမ်းကွဲ ဗိုလ်ကံနဲ့ ကျောင်းနေဖက်ပေါ့။ ကိုညွန့်ဝင်းလေးက ခပ်ပျော့ပျော့သမားပါပဲ။ စိတ်ရင်းအင်မတန် ကောင်းရှာပါတယ်။

သူ့ယောက္ခမက ကျနော်တို့ငယ်ငယ်တုန်းက စွဲစွဲလန်းလန်း ဖတ်ခဲ့ရတဲ့ ကျူးဘားသမ္မတ ဖီဒယ်ကတ်စထရိုရဲ့ ကမ္ဘာကျော်လျှောက်လဲချက်များကို ဘာသာပြန်ခဲ့တဲ့ နာမည်ကျော်ရှေ့နေကြီး ဦးကိုယု

ပေါ့ဗျာ။ ဦးကိုယုရေးတဲ့ တခြားနာမည်ကျော်စာအုပ်တွေလည်း အများကြီးဗျ။ ဥပမာ တရားခံဖြစ်သွားသော ရှေ့နေ၊ တရားခံနှင့် သူ၏ ချစ်သူတို့ ဘာတို့ပေါ့ဗျာ။ ဦးကိုယုဟာ ဆင်စွယ်ရွှာလူသတ်မှုနဲ့ နာမည်ဆိုးတွင်ခဲ့တဲ့ အလံနီကွန်မြူနစ်ပါတီက သခင်စိုးတို့လို အမှုမျိုးကို လိုက်ခဲ့တဲ့ တကယ့်နိုင်ငံကျော် ရှေ့နေကြီးပေါ့။ ကျနော့်စိတ်ထင် နိုင်ငံတော်ပုန်ကန်မှုနဲ့ သေဒဏ်ကျခံသွားရတဲ့ ဗိုလ်ကြီး အုန်းကျော်မြင့် အမှုကိုလည်း သူလိုက်ခဲ့တယ် ထင်ပါရဲ့။ မောင်သစ်ဆိုတဲ့ ကလောင်နာမည်နဲ့လည်း စာတွေ တော်တော်များများ ရေးခဲ့ဖူးပါတယ်။ သမိုင်းလမ်းဆုံနားက ကိုညွန့်ဝင်းလေးရဲ့အိမ်ကို ခဏခဏ ရောက်နေတော့ ဦးကိုယုနဲ့လည်း ကျနော်မျက်မှန်းတန်းမိ နေတယ်လေ။ ဦးကိုယု ကြည့်ရတာ တရုတ်သွေး စပ်ပုံရတယ်ဗျ။ ထားလိုက်ပါဗျာ။ ဦးကိုယုအကြောင်း ဆက်ပြောရင် တနေကုန်လောက်တယ်။

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းအဆောက်အဦ အကောင်အထည်ဖော်ဖို့ စေတနာဆောက်လုပ်ရေး ဆိုတဲ့ သီးခြား ကုမ္ပဏီလေးဖွဲ့တော့ ရွှေကမ္ဘာစီးပွားရေး လုပ်ငန်းစုက ဦးလှကြည်က ဥက္ကဋ္ဌ၊ ကျနော်က အတွင်းရေးမှူးပေါ့။ ဒီတော့ ကျနော်ဟာ ဦးလှကြည် ရုံးထိုင်တဲ့ ရွှေကမ္ဘာဘက်ကို ခြေဦးတည့်နေခဲ့လေတော့ အန်တီဆယ်နဲ့ ခဏ ခဏဆုံနေရာက တနေ့တော့ အန်တီဆယ်က 'ဟော့၊ ကိုသက်ခိုင်။ တို့အိမ်လာခဲ့ပါဦး၊ တိုင်ပင်စရာ ရှိလို့' တဲ့။

ဒါနဲ့ ကျနော်လည်း အန်တီဆယ်တို့အိမ် ရောက်သွားရာ အန်တီဆယ်က သူ့မိတ်ဆွေ တောင်ကိုးရီးယား လုပ်ငန်းရှင်တယောက် မြန်မာပြည်လာပြီး စီးပွားရေးလုပ်ရာကနေ သိန်းသုံးရာကျော် အလိမ်ခံရပြီး ကိုယ့်ကိုယ်ကို သတ်သေမယ်လုပ်နေလို့ မင်းတတ်နိုင်ရင် ကူညီပါဦး လုပ်ပါလေရော။ ဖြစ်ကြောင်းကုန်စင် သေချာမေးတော့မှ အဲဒီတောင်ကိုးရီးယားဟာ မြန်မာပြည်ထဲမှာ စီးပွားရေးလုပ်ဖို့ ငွေအရင်းအနှီးကို ဆောက်လုပ်ရေးပစ္စည်းတွေ သွင်းပြီး ယူလာသတဲ့။ သူသွင်းလာတဲ့ ပစ္စည်းတွေလည်း ရန်ကုန်ဆိပ်ကမ်းရောက်ရော၊ ဘယ်လို ပွဲစားမျိုးနဲ့ ချိတ်မိလေသလဲတော့ မဆိုတတ်ဘူး၊ စရံငွေအနည်းအကျဉ်းပေးပြီး ကျန်တာကို သုံးလဆိုင်းနဲ့ ရောင်းလိုက်သတဲ့ဗျာ။ နောက်ပိုင်းတော့ ဝယ်သွားတဲ့ ကုန်သည်ကို ဘယ်လိုမှ ဆက်သွယ်လို့ မရတော့တာနဲ့ ကိုယ့်ကိုယ်ကို သတ်သေမယ် ဖြစ်တော့တာပဲ ပေါ့ဗျာ။

အမှန်တော့ ဒီလိုကိစ္စမျိုးက အဲဒီခေတ်မှာ သိပ်မဆန်းလှဘူးဗျ။ မြန်မာပြည်တွင်းမှာ ရင်းနှီးမြှုပ်နှံဖို့ နိုင်ငံခြားငွေတွေ ယူလာလို့မှ မရတာ။ ယူလာရင်လည်း အစိုးရ တရားဝင်ပေါက်ဈေး ခြောက်ကျပ်ကျော်ကျော်နဲ့ ညှားသွားမယ်လေ။ ဒီတော့ ပစ္စည်းတွေသွင်းလာပြီး ပြည်တွင်းရောက်မှ ငွေဖြစ်အောင် ဖန်တီးရတာမျိုးပေါ့။ ဒီအခြေအနေမျိုးမှာ ခွင်(ဂွင်)သမားတချို့က အဲဒီပြည်ပက သွင်းလာတဲ့ ပစ္စည်းတွေကို ရောင်းသူမက်လောက်အောင် ဈေးအမြင့်ပေးပြီး ဝယ်တယ်။ အမှန်က ဈေးအမြင့်ပေးပြီး ဝယ်ထားတာကို အစိုးရဌာနဆိုင်ရာ တချို့မှာ အပေးအယူလုပ်ပြီး သွင်းတာတို့၊ တခြား အမြတ်အစွန်းများများရမယ့် ပစ္စည်း၊ တိုက်ခန်း၊ ကား စတာတွေနဲ့ အဆင့်ဆင့် ဖလှယ်ကြတာပေါ့ဗျာ။

ဒီလိုအလုပ်မျိုးတွေကို ကျနော်ကိုယ်တိုင်လည်း အကြိမ်တော်တော်များများ လုပ်ခဲ့ဖူးပါတယ်။ ခက်တာက တချို့ကပစ္စည်းအဆင့်ဆင့် ဖလှယ်ဖို့သာလုပ်ကြပေမဲ့ တချို့ကျတော့ တမင် ခွင်(ဂွင်) ဆင်ပြီး အပျောက်ရိုက်လိုက်ကြတာလဲ ရှိတယ်ဗျာ။ ဒါနဲ့ ကျနော်က အဲဒီအလုပ်ကိစ္စအတွက် ချုပ်ထားတဲ့စာချုပ်ကို တောင်းဖတ်ကြည့်လိုက်တော့ 'ဝယ်သူ' နေရာမှာ လက်မှတ်ထိုးတာက 'ဦးသန်းဋ္ဌေး' တဲ့ဗျား။ ဟား၊ ကောင်းကြရောဗျာ။ ကျနော် သန်းဋ္ဌေးကို ကောင်းကောင်း သိတာပေါ့။ သန်းဋ္ဌေးဟာ တကယ်ခွင်(ဂွင်)သမားပါ။ သန်းဋ္ဌေးဟာ ဆယ်တန်းတောင်မအောင်ပေမယ့် သူက အာအိုင်တီဆင်းပါလို့ အမြဲပြောပြီး ခွင်ရိုက်တတ်တဲ့မောင်။ ဒီလိုပုံစံနဲ့တော့ သန်းဋ္ဌေးဆီက ငွေကို ပြန်ရစရာ လမ်းမမြင်

တော့ပါဘူး။ တခုတော့ ရှိတာပေါ့ဗျာ။ ကျနော့် ဇ၊ လုပ်ရည်ကိုင်ရည်ကို သန်းဒွေးကောင်းကောင်း သိနေတာကြောင့် ကျနော် ဌတ်အတင်း ဝင်ပါရင်တော့ ပြန်အန်ထွက်နိုင်ပါတယ်။

ဟုတ်ပါတယ်။ သန်းဒွေးနဲ့ ကျနော့်ကြားမှာ ပတ်သက်မှုတွေ အများကြီးရှိခဲ့ပါတယ်။ သူဟာ ကျနော့်လောက် လက်ရည်မရှိပေမယ့် မှင်မောင်းကောင်းလွန်းလို့ ရှတ်တရက် ယုံကြည်လက်ခံသူများ ပါတယ်။ ကျနော်ကိုယ်တိုင် သူ့ခွင်(ဂွင်)ချတာတွေမှာ ဝင်ပြီး နှုတ်၏စောင်မခြင်း၊ လက်၏ စောင်မခြင်း တွေ လုပ်ပေးခဲ့ဖူးပါတယ်။ အဲသလို ဝင်ပြီး ကူညီစောင်မပေးတာကလည်း အဆင့်ဆင့် ဖလှယ်တဲ့နေရာ မှာ အကျိုးအမြတ်ရှိရာ ရှိကြောင်းအတွက်ပါ။ အပျောက်ရိုက်ပစ် လိုက်ဖို့တော့ ကျနော် ဘယ်သော အခါကမှ အားမပေးခဲ့ပါဘူးဗျာ။

ဒီတော့ ကျနော်လည်း အန်တီဆယ့်မိတ်ဆွေ ကိုးရီးယားလူမျိုး မစ္စတာလီကို လှမ်းခေါ် ခိုင်းပြီး ဖြစ်ပုံပျက်ပုံ အသေးစိတ်မေးမြန်းပြီး သိပ်စိတ်မပူဖို့အကြောင်း၊ တပတ်အတွင်း ကျနော် ဖြေရှင်းပေး ပါ့မယ်လို့ ကတိခံခဲ့ရောဆိုပါတော့ဗျာ။

ကျနော် ကတိခံခဲ့တာဟာ အကြောင်းရှိပါတယ်။ အန်တီဆယ့်မိတ်ဆွေ ကိုးရီးယားဟာ မျက်စိ သူငယ်နဲ့ မြန်မာပြည်ကို ရောက်လာပုံရပါတယ်။ ဒီငွေကိစ္စနဲ့ ကိုယ့်ကိုယ်ကို သတ်သေတော့မယ့်အဖြစ် ကိုတော့ ဘယ်သူကိုမှ ကျနော် မကြုံစေချင်ပါဘူး။ ဒါနဲ့ပဲ သန်းဒွေးရှိမယ့်နေရာကို စနည်းနာရပါတော့ တယ်။ ခွင်(ဂွင်)သမားဆိုတာက ရုံးခန်းတို့ဘာတို့ အခြေတကျ အချိန်ကြာကြာ ရှိတတ်တာမှ မဟုတ်ဘူး လေဗျာ။ သိပ်မကြာပါဘူးဗျာ။ တာမွေဘက်မှာ သန်းဒွေး ရုံးခန်းအသစ်နဲ့ ဟန်ကျပန်ကျဖြစ်နေတဲ့ အကြောင်း သတင်းရပါတော့တယ်။ သန်းဒွေးဟာ အဲဒီ ကိုးရီးယားတင် ခွင်(ဂွင်)ရိုက်ထားတာ မဟုတ်ဘဲ အဲသလို ခွင်(ဂွင်)မျိုးတွေချည်း လေးငါးခြောက်ခုလောက် ရိုက်ထားနိုင်တယ်ဆိုတဲ့ သတင်းပါ ရလာပါ တယ်။ ဟန်ကျပြီပေါ့ဗျာ။ တယောက်တည်းကို ခွင်ရိုက်ထားတာဆိုရင် ပြန်အန်ထွက်ဖို့ ခက်မယ် မဟုတ်လား။

ကျနော်လည်း အချိန်ကြာကြာဆွဲမနေတော့ပဲ ကျနော့်တပည့်ကျော်တွေကို လွှတ်ပြီး သန်းဒွေးရဲ့ ရုံးခန်းတည်နေရာ၊ သန်းဒွေး ဝင်တဲ့ထွက်တဲ့အချိန်၊ သန်းဒွေးကို သေချာပေါက်တွေ့နိုင်မယ့် အချိန်တွေ ကို ထောက်လှမ်းခိုင်းလိုက်ပါတယ်။ သုံးရက်လောက်နေတော့ သန်းဒွေး သေချာပေါက်ရှိနိုင်တဲ့ အချိန်ကို ကျနော်သိလာပါတော့တယ်။ ဪ၊ သူ့ရုံးခန်း ဖုန်းနံပတ်တော့ သိတာပေါ့ဗျ။ ကျနော် ဖုန်းနဲ့ဆက်လို့ မဖြစ်ဘူးလေ။ ကျနော်ပါလာတော့မယ်ဆိုတာ သူသတင်းအစအနရတာနဲ့ ကိုယ်ယောင်ဖျောက်သွား နိုင်တယ်လေ။

ကျနော်သတ်မှတ်တဲ့ ယ-ရက်မှာတော့ ကျနော် မနက်အစောကြီး အိပ်ရာထ၊ ကျနော် စိတ်အချရဆုံး လက်မရှိ့ထောင်ထွက်တယောက်ကို သူ့အိမ်ကနေ သွားနှိုး၊ အကျိုးအကြောင်း ရှင်းပြပြီး လိုလိုမယ်မယ် ပစ္စည်းပါထည့်ခဲ့ဖို့ ပြောရတော့တာပေါ့ဗျာ။ သူ့ ကြည့်မြင်တိုင်မှာ နေတယ်။ သူ့နာမည်က ပေါက်ပေါက်တဲ့။ ထောင်ထဲကို အကြိမ်ကြိမ် ဝင်ထွက်နေတဲ့ လူမိုက်ပေါ့။ ဪ၊ ခင်ဗျားတော်တော်ခက် ပါလား။ သန်းဒွေးဆိုတဲ့မောင်ဟာ ခွင်(ဂွင်)ရိုက်ပြီးရင် ထိတ်ထိတ်ကြဲ လူမိုက်တွေနဲ့ အကာအကွယ် ယူတတ်တာ ကျနော်သိနေတယ်လေ။ အရေးထဲ ပေါက်ပေါက်လုံချည်အစိမ်းနဲ့ အကျီအဖြူဝတ်ပြီး ရင်ပတ်မှာ ရင်ထိုးလေးတခုထိုးလာလို့ သေချာကြည့်လိုက်တော့ သူ့ရင်ပတ်က တံဆိပ်ဟာ မြည် ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးတံဆိပ် ဖြစ်နေသဗျာ။ ကျနော်က ပော့ကောင်၊ ပြဿနာ သွားရှင်းမဲ့ ကိစ္စကို မင်းဟာက ယူနီဖောင်းကြီး ဖြစ်နေပါလား ပြောမိတော့ အစ်ကိုမသိပါဘူး အစ်ကိုရာ၊ ကျနော်က ကြံ့ခိုင်ဖွံ့ဖြိုးရေးကတဲ့။ ဟာ၊ မင်းဥစ္စာ အသင်းတံဆိပ်ကြီးတပ်လာတော့ မတော်တလျော် ဖြစ်မနေ ဘူးလား ဆိုတော့ အစ်ကိုမသိသေးလို့ပါ။ ဒီတံဆိပ်ပါရင် ရှင်းရတာလွယ်သတဲ့ဗျာ။ ဘာတွေဘယ်လို

ရှင်းရလွယ်သလဲတော့ ကျနော်လည်း ဆက်မမေးမိတော့ဘူး။ လက်စသတ်တော့ သူ့အိမ်မှာ ဖွင့်ထားတဲ့ အရက်ပုန်းဆိုင်လည်း အဲဒီအသင်းကြီးကောင်းမှု ထင်ပါရဲ့ဗျာ။

ကျနော်ဘာမှ ထပ်မပြောနေတော့ပဲ သူ့ကိုကားပေါ် တင်ပြီး တာမွေဘက်ကို ထွက်လာခဲ့တယ်။ တကယ်တော့ သူ့ကို ခေါ် လာတာဟာ သန်းဌေးနောက်က လူမိုက်တွေ မငြိမ်ရင် ထိန်းဖို့လောက်ပါပဲ။ တကယ်တမ်း သန်းဌေးကို တယောက်ချင်း ကျနော်ကိုယ်တိုင် ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးသားပါ။ ကျနော် သန်းဌေးရုံးခန်းရှေ့ကိုရောက်တော့ ပေါက်ပေါက်ကို ကားထဲမှာ စောင့်ခိုင်းပြီး ရုံးပေါ် ကိုလည်း တက်သွားလိုက်ရော သန်းဌေးရဲ့ လက်စွဲတော် မူဆလင်အဘိုးကြီးနဲ့ တန်းတိုးတော့တာပဲ။ အဲဒီ အဘိုးကြီးက အသက်ငါးဆယ်ကျော်လောက်ရှိမယ်။ သန်းဌေးက ဘိုလိုမပြောတတ်တော့ ဘိုလို့မှတ်နေအောင်ပြော တတ်တဲ့ အဲဒီ ဘိုးတော်ကို မန်နေဂျာခန့်၊ လက်သပ်မွေးထားတာဆိုပါတော့။ အဘိုးကြီးက ကျနော့်ကို လည်းတွေ့ရော 'ထိုင်ပါဆရာ၊ ဆရာ ဦးသန်းဌေး ပတ္တမြားအရောင်းအဝယ် ကိစ္စတခု ညှိသည်နဲ့ စကားပြောနေလို့ပါ' တဲ့။ ကျနော့် စိတ်ထဲက ရယ်ချင်သွားပေမယ့် ညှိခန်းစားပွဲမှာ အသာလေးငြိမ်ပြီး ထိုင်နေလိုက်ပါတယ်။ အမယ်၊ သန်းဌေးဟာ တကယ့်ကို ခွင်(ဂွင်)ကောင်းမိနေပုံရတယ်ဗျ။ သူ့ရုံးခန်း အပြင်အဆင်က တယ်လဲ အဆင့်မြင့်ပြီးခန့်ငြားနေတာကိုး။ တရုတ်ကြွေပန်းအိုးကြီးတွေထဲမှာ ဝါးပင် ခပ်ရှည်ရှည်တွေ စိုက်ထားတာမျိုးတွေလည်း ရှိလေရဲ့။

ခဏကြာတော့ အခန်းထဲက ညှိသည်တယောက်ထွက်လာတာနဲ့ ကျနော်လည်း မန်နေဂျာ အဘိုးကြီးကို ဘေးကိုတွန်းဖယ်ပြီး သန်းဌေးအခန်းထဲကို ဝင်လိုက်ပါတယ်။ သန်းဌေးဟာ ကျနော့်ကို ရုတ်တရက်မြင်လိုက်တော့ တအံ့တဩဖြစ်သွားပုံ ရသဗျ။ နောက်မှ ဣန္ဒြေဆည်လိုက်ပြီး 'ဟာ၊ ကိုသက်ခိုင် ထိုင်လေဗျာ' တဲ့။ ဒီတော့ ကျနော်လည်း 'ကိုသန်းဌေး၊ ခင်ဗျား ကြည့်ရတာ တော်တော် အဆင်ပြေနေပုံရတယ်။ ဝမ်းသာတယ်ဗျာ။ စကားနည်းနည်းပြောရအောင် အပြင်ကို ခဏလိုက်ခဲ့ပါ' လို့ လေသံအေးအေးနဲ့ ပြောလိုက်ရပါတယ်။ အပြင် ခေါ် မထုတ်လို့ မဖြစ်ဘူးလေ။ အခုလာရင်းကိစ္စက အပြေတခု မဖြစ်မနေထုတ်ရမှာဆိုတော့ မင်း ဘာလဲ၊ ငါဘာလဲ ခွန်းကြီးခွန်းငယ်တွေ ပါလာတတ်လေ တော့ သက်ကွင်းကို ရှောင်တတ်ဖို့ လိုပါတယ်။ ပြောနေရင်းတောင် အခန်းအပြင်ဘက်က မန်နေဂျာကြီး အချက်ပေးလိုက်လို့ ထင်ပါရဲ့၊ သန်းဌေးတပည့်ကျော်တချို့ ဘယ်ကဘယ်လို ရောက်လာမှန်းမသိပဲ 'ဆရာ အခု တွေ့နေတဲ့ ညှိသည်က ဘယ်ကတုန်း' ဘာညာဆိုတာတွေ အခန်းထဲကနေ ကြားနေရပြီဗျ။

အစပိုင်းတော့ ခပ်အင်အင်လုပ်နေရာကနေ သန်းဌေးဟာ 'ရတယ်လေ၊ အပြင်မှာ သွားပြော ချင်ရင်လည်း ပြောကြတာပေါ့' ဆိုပြီး လိုက်လာပါလေရော။ မနက်ကိုးနာရီလောက်ပဲ ရှိသေးပေမယ့် ကျနော် သူ့ကို သူ့ရုံးနဲ့ မလှမ်းမကမ်းက ဘီယာဆိုင်တခုကို ခေါ် သွားလိုက်တယ်။ သူ့ အခြေအနေ အကဲခတ်နေတော့ စောစောစီးစီး မသောက်တတ်ပါဘူးဆိုပြီး ငြင်းသဗျာ။ ကျနော်ကတော့ ဘီယာ နှစ်ခွက်လောက်မှာလိုက်ပြီး 'ကဲ၊ ကိုသန်းဌေး။ ခင်ဗျား မစ္စတာလီကိုသိသလား' လို့လည်းမေးလိုက်ရော သူ့ လေသံခပ်အေးအေးနဲ့ပဲ 'သိတယ်လေ၊ သူနဲ့လုပ်ထားတဲ့ အရောင်းအဝယ် ကိစ္စလေးတွေတောင် မပြတ်သေးဘူးဗျာ' တဲ့။ အမှန်တော့ သန်းဌေးဟာ ဟန်မပျက် ကျနော့်ကို ပြန်တွန်းဖို့ နောက်တလှမ်း ဆုတ်တာကို မြွေမြွေချင်း ခြေမြင်လိုက်ပါပြီ။ ဒါနဲ့ကျွန်တော်လည်း အချိန်ဆွဲမနေတော့ပဲ 'ကိုသန်းဌေး၊ တိုတိုပဲ ပြောကြပါစို့ဗျာ။ မစ္စတာလီဟာ ကျနော်နဲ့ ပတ်သက်နေတယ်၊ ဒီတော့ သူနဲ့ပတ်သက်တဲ့ ငွေလက်ကျန်ကို မဖြစ်မနေ ရှင်းပေးမှဖြစ်မယ်' လို့လည်း ပြောလိုက်ရော သန်းဌေးဟာ ရုတ်တရက် ငိုင်သွားပါတယ်။ နောက်တော့ အသံ ခပ်လေးလေးနဲ့ 'ကိုသက်ခိုင်ရာ၊ ကိုယ်နဲ့မဆိုင်တဲ့ အလုပ်ကို ဝင်မပါရင် ကောင်းမယ်ဗျာ' တဲ့။

သူပြောသလိုပဲ ကျနော်နဲ့မဆိုင်သလို ဖြစ်နေတာလည်း အမှန်တရားဆိုတော့ ကျနော့်သူ့ကို တရားချရပါတော့တယ်။

'ခင်ဗျားအခု မိထားတဲ့ ခွင်တွေလည်း မနည်းလှဘူးဆိုတာ ကျနော် သိထားပြီးပါပြီဗျာ။ အခုကိစ္စက အန်တီဆယ့်မိတ်ဆွေ ဖြစ်နေတယ်။ ကျနော်ကလည်း အန်တီဆယ်တို့ အမျိုးသမီးအသင်းနဲ့ ပတ်သက်နေတယ်။ ဒီတော့ ခင်ဗျားဒီတခွင်ကို လျှော်ပေးပါ။ ခင်ဗျား နောက်တခွင်ခွင်ကို ရိုက်ချင်တယ်ဆိုရင် ကျနော်ကိုယ်တိုင် ဝင်ကူညီပေးပါ့မယ်။ မစ္စတာလီလည်း ကိုယ့်ကိုယ်ကို သတ်သေမယ့်အဝရောက်နေတာမျိုးက မလုပ်ကောင်းပါဘူး။ မစားကောင်းတဲ့စာရင်းထဲ ထည့်ပေးစေချင်တယ်' လို့လည်း ပြောလိုက်ရော သန်းဒွေးဟာ ရုတ်တရက် ခပ်တင်းတင်း မျက်နှာနဲ့ 'ကျနော် မရှင်းဘူးဆိုရင် ခင်ဗျား ဘာလုပ်မလဲ' တဲ့။

ရော၊ ခါတ်သိချင်း အကဲလာစမ်းနေတယ်ဗျာ။ ဒီတော့ ကျနော်လည်း ချက်ချင်းဆိုသလို 'ခင်ဗျား မစ္စတာလီကိစ္စကို အေးအေးဆေးဆေး ပြန်ဖြည်မပေးဘူးဆိုရင် ကျန်တဲ့ ခွင်(ဂွင်)အားလုံးကို ကျနော် လိုက်ဖျက်ပစ် ရပါလိမ့်မယ်။ အရေးကြီးဆုံး နောက်တချက်က၊ ခင်ဗျား ဒီဆိုင်ထဲက အပြင်ထွက်လို့ ရမယ်မထင်ပါနဲ့'လို့ အလုံးကြီး သုံးလိုက်ရပါတော့တယ်။ အမှန်တော့ သန်းဒွေးလည်း ညံ့လှတယ်တော့ မဟုတ်ဘူးဗျ။ သူ့လူမိုက်အုပ်စုလည်း ဆိုင်မလှမ်းမကမ်းမှာ မယောင်မလည်လုပ်နေတာကို လှမ်းမြင်နေရတယ်လေ။ ကျနော်လည်း လာမယ့်ဘေးပြေးတွေ့လိုက်မယ် ဆုံးဖြတ်ထားတာကြောင့် သိပ်တော့ စိတ်မလှုပ်ရှားမိဘူးဗျာ။ လူတယောက် သေမလိုဖြစ်နေတာကို ခွ(ဂွ)ကောင်းထိုင်မိနေတဲ့ လူလည်တယောက်ကို လျစ်လျူရှုနိုင်မယ် ဆိုရင် ကျနော်လည်း စားပွဲပေါ်က ဘီယာပုလင်းနဲ့ သူ့ခေါင်းကို ရိုက်ခွဲပစ်လိုက်ဖို့ ဝန်မလေးတာ အမှန်။

သန်းဒွေးဟာ အချိန်တော်တော်ကြာအောင် အသံတိတ်နေပြီးမှ ကျနော်လူမိုက်အားကိုးတွက်ထိုးလုပ်တတ်တဲ့ ဉာဉ်ကို သတိရသွားတယ် ထင်ပါ့ဗျာ။ အကြာကြီး တုတ်တုတ်တောင် မလှုပ်ပဲစဉ်းစားအပြီးမှာ 'ကောင်းပြီလေ၊ ဒီတခွင်တော့ ကျနော်ပြန်ဖြည်ပေးလိုက်ပါတော့မယ်' ဆိုပြီး ခေါင်းငြိမ့်တာနဲ့ ပွဲပြီးသွားရော ဆိုပါတော့ဗျာ။ စာချုပ်တွေ ဘာတွေ မလိုပါဘူးဗျာ။ ခွင်သမားလောကမှာ စာချုပ်ထက် အချင်းချင်း နှုတ်ကတိက ပိုပြီး အရာရောက်ပါတယ်။

နောက်နှစ်ရက်ကြာတော့ ဝင်ဒါမီယာက (Comfort) ဟိုတယ်မှာ သန်းဒွေးဟာ သူ့လူမိုက်တပြုံကြီးနဲ့အတူ ငွေသေတ္တာ နှစ်လုံးသယ်လာပြီး မစ္စတာလီကို အကြွေးဆပ်ပါတော့တယ်။ အရေးထဲဗျာ၊ သန်းဒွေးနောက်က လူမိုက်တွေကို ကြည့်ပြီး မစ္စတာလီဟာ ငွေထုပ်တွေကို ရေတောင်မရေရဲတော့ပဲ ခြေတုန်လက်တုန်နဲ့ 'မစ္စတာသန်းဒွေးကို ကျနော် ယုံကြည်ပါတယ်' လုပ်နေလို့ သန်းဒွေးကတောင် ကျနော့်ကို 'ကိုသက်ခိုင်ကသာ ဝင်ရှုပ်နေတာ၊ ကာယကံရှင်က ကျနော့်ကို ယုံတာတွေ့ပြီလား' ဆိုပြီး စကားနာထိုးနေသေးဗျာ။ တော်တော်ခက်တဲ့ လောကကြီးပါလား။ ကျနော်တော့ မစ္စတာလီကို နားရင်းထမရိုက်မိအောင် စိတ်ကိုတော်တော်ထိန်းလိုက်ရသဗျ။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စအပေါ် သန်းဒွေးရဲ့ လိုက်လျောမှုကို ကျနော် ကျေးဇူးတင်မိပါတယ်။ ကျနော့်ကတိအတိုင်း နောက်ပိုင်းမှာ သူအခက်အခဲတွေ့ချိန်မှာ ကျနော် သူ့ကို ပြန်ကူညီနိုင်ပါတယ်။ ဩော်၊ အလားတူ ခွင်တခု ဆိုပါတော့ဗျာ။

မစ္စတာလီရဲ့ပြဿနာလည်း ပြေလည်သွားရော အန်တီဆယ်ဟာ ကျနော့်အပေါ် တော်တော်ယုံကြည်အားကိုး လာခဲ့ပါတယ်။ သူမကြာခဏ ဘန်ကောက်သွားမှာမို့ ဘန်ကောက်က အဆောက်အဦတွေ လိုက်လေ့လာဖို့ ခေါ်ပါတော့တယ်။ အမျိုးသမီးစွမ်းဆောင်ရှင်အသင်းအနေနဲ့လည်း ကျနော်ဟာ မရှိမဖြစ်စာရင်းမှာပါနေတာကြောင့် ဘန်ကောက်ကို လိုက်သွားဖို့ တညီတညွတ်တည်း သဘောတူကြပါတယ်။ မရှိမဖြစ်စာရင်းဝင်ရတာလဲအကြောင်း ရှိပါသဗျာ။

အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များ အသင်းအဆောက်အဦဟာ ဒဂုံမြို့နယ်ကောင်စီရုံးကြီးကို ဖျက်ပြီးဆောက်မှာဆိုတော့ အဆောက်အဦ ဟောင်းထဲက ရှိရှိသမျှ အစိုးရဌာနတွေ ဖယ်ရှားရွှေ့ပြောင်းပေးနေရတဲ့ အချိန်ပေါ့ဗျာ။ အဲဒီ အဆောက်အဦဟောင်းမှာ မြို့နယ်သမဝါယမဦးစီးရုံးပါ ရှိနေလို့ အချိန်မီဖယ်ပါလို့လည်း ကျနော်က စာထုတ်ရော ဦးစီးမှူး အမျိုးသမီးဟာ သမဝါယမဝန်ကြီးနဲ့ အမျိုးတော်လို့ ဆိုလား၊ နေရာ အစားမရရင် မဖယ်နိုင်ပါဘူး ဆိုပြီး ဂျစ်တီးဂျစ်ကပ် လုပ်နေပါလေရောဗျာ။ အဲသလို ဂျစ်တီးဂျစ်ကပ်လုပ်နေတဲ့အကြောင်း အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းရဲ့ အတွင်းရေးမှူး ဒေါ်မြင့်မြင့်ရီ ကိုလည်း ပြောလိုက်ရော နှစ်ရက်တောင် မကြာဘူး။ သမဝန်ကြီးနဲ့ အမျိုးတော်ပါတယ်ဆိုတဲ့ မြို့နယ်ဦးစီးဟာ ရုံးဟောင်းကြီးကနေ အသာတကြည်ဖယ်ပေးမယ် ဖြစ်လာပြန်ရောဗျာ။ ဒီတော့ ကျနော်လည်း အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းဟာ ဘယ်လိုအားကိုးနဲ့များ ချဲလိုက်ပါလိမ့်၊ ဘယ်ခလုပ်ကိုများ နှိပ်လိုက်ပါ လိမ့်လို့ တအံ့တဩဖြစ်မိပါရဲ့ဗျာ။ ဒါပေမယ့် မကြာလှပါဘူး။ အဲဒီမိန်းခလုတ်ကို မကြာမတင် တခု သောနေ့မှာ ကျနော်သိလာပါတော့တယ်။

အဲဒီနေ့က နေ့လည်တနာရီလောက်မှာ စေတနာဆောက်လုပ်ရေး ဥက္ကဋ္ဌ ဦးလှကြည်ဟာ ကျနော့်ဆီကို ရွှေကမ္ဘာအုပ်စု ရုံးခန်းကို လာခဲ့ဖို့အရေးတကြီး ဖုန်းဆက်လာပါတယ်။ ကျနော်လည်း ရွှေဘုံသာလမ်းက ရွှေကမ္ဘာအုပ်စု ရုံးခန်းလည်းရောက်ရော ဒီနေ့ စေတနာဆောက်လုပ်ရေးအဖွဲ့ ငွေစာရင်းထဲက သိန်းတရာကို အရေးတကြီး ပုဂ္ဂိုလ်တယောက် ဆီကို လွှဲပေးရမှာမို့ အတွင်းရေးမှူးဖြစ်တဲ့ ကျနော်ကိုယ်တိုင်လိုက်ခဲ့ဖို့လိုကြောင်း ပြောပါတော့တယ်။ ကျနော်လည်း ကျနော်တာဝန်ယူနေတဲ့ စီမံကိန်းမှာ သိန်းတရာဆိုတာ ဘာမှပြောပလောက်တဲ့ငွေလည်းမဟုတ်၊ ဦးလှကြည်လိုလူမျိုးက မဟုတ်တာ လုပ်မယ့်သူ မဟုတ်လေတော့ ဘယ်သူ့ကိုပေးမယ်၊ ဘာကြောင့်ပေးမယ်ဆိုတာ မမေးတော့ပဲ သူခေါ်တဲ့နောက်ကို လိုက်သွားရောပေါ့ဗျာ။ သူ ကျနော့်ကို ဗိုလ်အောင်ကျော်လမ်းက ရိုးမဘဏ်ကို ခေါ်သွားတာဗျ။ အဲဒီဘဏ်ကနေ သိန်းတရာကိုထုတ်တယ်။ နောက်တော့ သိမ်ဖြူလမ်းက ယူနီဗာဆယ်ဘဏ်ကို အဲဒီငွေတွေ သယ်သွားတယ်။

ယူနီဗာဆယ်ဘဏ်လည်းရောက်ရော ဘဏ်ပိုင်ရှင် စာရင်းထဲမှာပါတဲ့ အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်စိန်စိန်က အဆင်သင့်စောင့်နေလေရဲ့။ ထူးခြားတာက ဒေါ်စိန်စိန်ဟာ နည်းနည်းတော့ ပြာယိပြာယာဖြစ်နေတဲ့ပုံပဲဗျ။ ဒီထက်ထူးခြားတာက ဦးလှကြည် ကားပေါ်မှာပါလာတဲ့ငွေတွေကို ဘဏ်ထဲကိုလည်းသယ်ပြီးရော ဘဏ်ကို ပိတ်လိုက်ပါတယ်။ ဘဏ်ပိတ်ချိန်နီး နေပေမယ့် ပိတ်ချိန်တော့ မဟုတ်သေးဘူးဗျာ။ ဘဏ်လည်းပိတ်ပြီးရော ငွေရေတွက်တဲ့ စက်တွေနဲ့ ငွေသိန်းတရာကို ရေတော့တာပါပဲ။ ဖြစ်ချင်တော့ ရိုးမဘဏ်က ယူလာတဲ့ တထောင်တန် ငွေစက္ကူတွေကို စက်နဲ့ ရေလိုက်တာ တထောင်တန်လေးငါးအုပ်ဟာ တရွက်နှစ်ရွက် လျော့နေလို့ ဦးလှကြည်က ရိုးမဘဏ်ကို လှမ်းဆူနေသေးသဗျ။ ဩော်၊ ဦးလှကြည်က ရိုးမဘဏ်က အဓိက အစုရှယ်ယာဝင်လေ။ သူ့ စက်ာပူသူဌေး ဆပ့်ချ်ပန်းနဲ့အဖွဲ့ပေါ့။ ဆပ်ချ်ပန်းက မြန်မာပြည်ပေါက် ထင်ပါရဲ့ဗျာ။ မြန်မာနာမည်လည်း ရှိလေရဲ့။ ကျနော်တော့ မမှတ်မိတော့ဘူးဗျ။

အဲဒီနေ့က လျှို့ဝှက်ငွေစာရင်းတခုထဲကို အဲဒီငွေတွေ လွှဲပေးခဲ့ရ တာပေါ့ဗျာ။ ကျနော်လည်း ငွေလွှဲနေချိန်မှာ ဘဏ်စာရင်းနံပတ်တွေ အမည်တွေကို မသိမသာ စပ်စုလိုက်တာ ဘယ်သူ့ကို လွှဲပေးရတယ်ဆိုတာ သိလာတော့တာပါပဲ။ အဲဒီနေ့က လွှဲပေးလိုက်တဲ့ငွေဟာ- နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)၊ ထောက်လှမ်းရေး ညွှန်ကြားရေးမှူး၊ ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့ ဇနီး ဒေါ်ခင်ဝင်းရွှေ အတွက်ပေါ့ဗျာ။ အင်းလေ၊ သူ့မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ

အသင်းရဲ့ နာယကကြီး မဟုတ်လား။ နေဦးဗျ၊ သေချာ ပြန်စဉ်းစားတော့မှ အဲဒီနေ့က လာဘ်ပေးတဲ့ ကိစ္စမှာ ဦးလှကြည်ရော၊ ဒေါ် စိန်စိန်ပါ ဘာမှမဆိုင်ဘူးဗျ။ သူတို့က ဘဏ်လုပ်ငန်း လုပ်နေတဲ့သူတွေဆိုတော့ သူတို့အလုပ် သူတို့လုပ်နေကြတာပဲ မဟုတ်လား။ ကျနော့်ကုမ္ပဏီနာမည်နဲ့ရတဲ့ လုပ်ငန်းအတွက် ကျနော်ကိုယ်တိုင်လာပြီး လျှို့ဝှက်ငွေစာရင်းကို လာသွင်းပေးနေတာကိုက ကျနော်ဟာ လာဘ်ပေးသူ တရားခံ နံပါတ်တစ်ပါပဲ။

သိပ်တော့ မအံ့သြပါနဲ့ဗျာ။ ခေတ်ကြီးက တကယ်ကို ပျက်နေပြီဗျ။ ထောက်လှမ်းရေး အဖွဲ့ကြီးဟာ လာဘ်ပေးလာဘ်ယူ ကင်းတယ် ဘာညာဆိုတဲ့ သတင်းတွေ ကျနော် ဖန်တရာတေအောင် ကြားခဲ့ဖူးပါပြီ။ တကယ်တော့ ကျနော်တို့ နိုင်ငံမှာ လာဘ်ပေး လာဘ်ယူဆိုတာ မဆလခေတ်တုန်းကတောင် တိတ်တိတ်ပုန်း မသိမသာ လုပ်ခဲ့ကြတာကလား။ အခု နဝတ ခေတ်ကြီးလည်း ရောက်ရော နေရာတကာမှာ စစ်သားတွေနေရာယူ၊ နိုင်ငံတည်ဆောက်ရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ ခွင်(ဂွင်)တွေ တများ၊ အဲဒီစစ်သားတွေက ငွေများများမကိုင်ဖူး၊ စည်းစိမ် ဆိုတာမျိုးကိုလည်း ကောင်းကောင်းမခံစားဖူး လေတော့ စစ်ဗိုလ်စစ်သားတွေ အကျင့်ပျက်ကုန်ကြရော ပေါ့ဗျာ။ စစ်တပ်အုပ်ချုပ်တဲ့ ခေတ်၊ ရာထူးကြီးကြီးမှန်သမျှ စစ်ဗိုလ်တွေချည်းဆိုတော့ အောက်လက်ငယ်သား အရာထမ်းတွေလည်း ဘာသားနဲ့ထုထားတာ မို့လို့လဲဗျာ။ အရှိးရရ အရင်းရရ ကိုက်ကြလေသတည်းပေါ့။

တဆက်တည်းဆိုသလို ကျနော်တို့လို စီးပွားရေးသမားတွေကလည်း အလုပ်ကောင်းကောင်း ရချင်တယ်။ ကိစ္စ မြန်မြန်ပြတ်ချင်တယ်ဆိုပြီး ငွေကို ပုံအောပြီး လာဘ်ပေးလာဘ်ယူလုပ်ကြရာက ဖျက်စီးခြင်းငါးပါးဆိုက်တော့တာပဲဆိုကြပါစို့။ ပျက်စီးခြင်းငါးပါး ဆိုက်ပုံများ အသုဘ မီးသင်္ဂြိုဟ်တဲ့ နေရာမှာတောင် လာဘ်ပေးလာဘ်ယူမကင်းတော့ဘူးဗျ။ မယုံမရှိနဲ့ ကိုယ်တွေ့ဗျာ။

ကျနော်နဲ့ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတယောက်ရဲ့အမေ နာရေးတုန်းကပေါ့။ အသုဘချတဲ့နေ့ မီးသင်္ဂြိုဟ်စက်ထဲကို အလောင်းသွင်းခါနီးပေါ့။ သိပ်ခင်မင်တဲ့ မိတ်ဆွေဖြစ်နေတော့ ကျနော်လည်း သူ့အနားမှာ အားပေးရင်း ရပ်နေမိတယ်။ အသုဘလာပို့တဲ့သူတွေ၊ မိသားစု အရင်းအချာတွေကို နောက်ဆုံးအနေနဲ့ အလောင်းထည့်ထားတဲ့ခေါင်းကို ဖွင့်ပြပြီး ပြန်ပိတ်လိုက်တယ်ဗျ။ နောက်တော့ မီးသင်္ဂြိုဟ်စက် ဝန်ထမ်းတယောက်က ဟဲ၊ ဟဲ၊ သက်ဆိုင်တဲ့ လူနှစ်ယောက်လောက် ဝင်လိုက်ခဲ့ပါ။ မဆိုင်တဲ့သူတွေ ဝင်လို့မရပါဘူး ဆိုပြီး မီးသင်္ဂြိုဟ်စက်ရှိတဲ့အခန်းထဲကို အခေါင်းကြီးသွင်းလိုက်ရောဗျာ။

ကျနော့်သူငယ်ချင်းဆိုတဲ့ မောင်ကလည်း အမေဆုံးလို့ စိတ်ထိခိုက်ပြီး အူကြောင်ကြောင် ဖြစ်နေတယ်ထင်ပါရဲ့။ အူလည်လည် လုပ်ပြီး ရပ်နေတာနဲ့ ကျနော်က သူ့လက်ကိုဆွဲပြီး မီးသင်္ဂြိုဟ်ခန်းထဲကို ဝင်လိုက်ရရောဗျာ။ အမှန်တော့ ကျနော်လည်း မီးသင်္ဂြိုဟ်စက်ယဉ်ကျေးမှုကို သိလို့မဟုတ်ဘူးဗျာ။ သူငယ်ချင်းအမေ နာရေးလည်းဖြစ်ပြန်၊ မီးမသင်္ဂြိုဟ်ခင် သက်ဆိုင်တဲ့သူနှစ်ယောက်ခေါ် တာ ဘာကြောင့်များပါလိမ့်ဆိုပြီး သိချင်စိတ်နဲ့ ဝင်လိုက်သွားမိတာဗျ။

မီးသင်္ဂြိုဟ်ခန်းထဲလည်း ရောက်ရော ဝန်ထမ်းတယောက်က ကဲ၊ အလောင်းကို ထပ်ပြီး ဖွင့်ပြီး ထပ်ကြည့်ချင်သေးသလား၊ ထုံးစံအတိုင်းလုပ်ပါတဲ့။ ဟာ၊ ကျနော်လည်း အတွေ့အကြုံမရှိသေးတာကြောင့် သူပြောတဲ့ ထုံးစံအတိုင်းဆိုတာ သဘောမပေါက်ဘူးဗျာ။ ကျနော့်သူငယ်ချင်းကလည်း တုတ်တုတ်မလှုပ်ဘူး။ ဒီမှာတင် မီးသင်္ဂြိုဟ်စက် ဝန်ထမ်းတယောက်ဟာ ကျနော့်သူငယ်ချင်းရဲ့အမေ အလောင်းထည့်ထားတဲ့ အခေါင်းကြီးကို သံတူရွင်း ခပ်ရှည်ရှည်တချောင်းနဲ့ ဝုန်းဒိုင်းဆို ရိုက်ခွဲတော့တာပဲဗျို့။ ဒီတော့မှ ကျနော်လည်း ဩော်၊ လက်စသတ်တော့ ထုံးစံအတိုင်းဆိုတာ ငွေတောင်းနေတာကိုးလို့ သဘောပေါက်ပါတော့တယ်။ ဒါနဲ့ ကျနော်လည်း ကပျာကယာ အိတ်ကပ်ထဲက ငွေနှစ်ရာထုတ်ပြီး ကျနော့်သူငယ်ချင်းအမေပါဗျာ။ နောက်ဆုံးခရီးကို ချောချောမွေ့မွေ့ ဖြစ်ပါစေလို့ ပြောတော့မှ၊

စောစောက မီးသဂြိုဟ်စက်ဝန်ထမ်းက မျက်နှာထားချက်ချင်းပြောင်းသွားပြီး ညင်ညင်သာသာ ဆက်စခန်းသွားပါတော့တယ်။

ကျနော့်သူငယ်ချင်းဆို မီးသဂြိုဟ်စက်ကလည်းထွက်ရော အမေ့အတွက်ဝိုလည်းငို၊ ကြံကြံဖန်ဖန် လာဘ်ပေးလာဘ်ယူလုပ်တဲ့ ဝန်ထမ်းတွေကိုလည်း ဆဲ။ မျက်ရည်တွေ၊ နှပ်ချေးတွေ ညှစ်ရင်း သုတ်ရင်း၊ ငါ ချင်းကို မိုးမွှန်နေတော့တာပဲဗျို့။

အမယ်၊ မီးသဂြိုဟ်စက်ယဉ်ကျေးမှုကလည်းအရှုပ်သားဗျာ။ နောက်ပိုင်း ကျနော်လေ့လာလို့ ရသလောက် မီးသဂြိုဟ်စက်ထဲကို ညင်ညင်သာသာ ထည့်ပေးဖို့အတွက်တင် ငွေကုန်တာ မဟုတ်ဘူးတဲ့ဗျ။ အလောင်းကို တလောင်းတည်း ပြာကျအောင် ရှို့ပေးဖို့လည်း ငွေပေးရသတဲ့။ ဒီလိုဗျ။ မီးသဂြိုဟ်စက်က အက်ဖ်အိုဆိုတဲ့ လောင်စာဆီတမျိုးနဲ့ ရှို့တာဆိုတော့ အက်ဖ်အို အကုန်သက်သာအောင် ချွေတာတဲ့အနေနဲ့ အလောင်းတလောင်းချင်းကို ပြာကျတဲ့အထိ မီးမရှို့ဘူးဆိုပဲ။ အသုဘရှင်ရှေ့မှာ အမြင်ကောင်းအောင် ဟန်ပြသဘောမျိုး ရှို့ပြပြီး တဝက်တပျက်နဲ့ သုံးလေးငါးလောင်း စုထားပြီးမှ စုပေါင်းပြီး ရှို့တာဆိုပဲ။ နောက်ထပ် သိရတာက အသုဘရှင် ဝင်လိုက်မလာရင် အလောင်းမှာ ဝတ်ပေးထားတဲ့ အဝတ်တွေ အကုန်ခွာသတဲ့ဗျာ။ ဂဏှာဟီ မှတ်ပေတော့ဗျား။

ဩော်၊ ကျနော့်သူငယ်ချင်းအမေ ကိစ္စမှ မဟုတ်ပါဘူးဗျာ။ ကျနော့်အမေဆုံးတုန်းကလည်း ကြုံရပြန်တာပါပဲ။ ကျနော်ကတော့ ကံကောင်းတယ် ပြောရမယ်ထင်တယ်။ ဖြစ်ပုံက ဒီလို။ ကျနော်က စီးပွားရေးအက် လုံးပန်းနေရတော့ အိမ်မှာ ထမင်းပြန်စားတာ နည်းတယ်ဗျ။ ဆင်ရေတွင်း မှတ်တိုင် အလွန်က ဝါးခယ်မထမင်းဆိုင်မှာ မကြာမကြာ ကျနော် ထမင်းစားလေ့ရှိတယ်။ တနေ့ ကျနော် အဲဒီဆိုင်မှာ ညစာထမင်းစားနေတုန်း ရွှေဆွဲကြိုး အကြီးကြီးဆွဲထားတဲ့ ခပ်ဝဝ လူတယောက်နဲ့ ဘောလုံးပွဲအကြောင်း စကားပြောဖြစ်ကြပါရော။ ကျနော်လည်း သူ့နာမည်၊ သူ့အလုပ်အကိုင် မမေးမိပါဘူးဗျာ။ တပိုင်းစီ စားနေရာကနေလှမ်းပြောနေကြတာပါ။ ဒီလိုနဲ့ စားလည်းပြီးရော ကျနော်က သူစားတဲ့ ထမင်းဘိုးပါ ရှေ့ရှင်းပေးလိုက်ပြီး လမ်းခွဲသွားကြရောဆိုပါတော့။ အဲဒီလူကိုကြည့်ပြီး ရောမဆွဲကြိုးကြီး ကို ဘာကြောင့် ဆွဲထားပါလိမ့် ဆိုပြီးတွေးမိတာက လွဲလို့ ကျနော်လည်း ဘာမှ မစပ်စုမိပါဘူးဗျာ။

ဒီလိုနဲ့ နောက်လေးငါးလလောက်ကြာတော့ ကျနော့်အမေဆုံးပါလေရော။ အမေ့အသုဘ ပြေကျဖို့ အစစအရာရာ ကျနော်ပဲ လိုက်လုပ်ရတာဆိုတော့ ကြံတောကို ရောက်ရတာပေါ့ဗျာ။ မီးသဂြိုဟ်စက်ထဲ မရောက်ခင် အသုဘရှုပြင်ဆင်ဖို့ အခန်းကလည်း ဗွီအိုင်ပီရှယ်နဲ့ ရိုးရိုးသာမာန် ခွဲထားသေးတယ်ဆိုတော့ လိုင်းဝင်ဖို့ ဟိုစုံစမ်း ဒီစုံစမ်း လုပ်ရပြန်ရော။ ဒီမှာတင် သီးသန့်ရှယ်ခန်း ရဖို့အတွက် သုဿန် အရာရှိ တာဝန်ခံခွဲမှူးကို တွေ့ရမယ်တဲ့ဗျာ။ ကျနော်လည်း လက်လှမ်းမီရာစုံစမ်းပြီး တာဝန်ခံအရာရှိဆိုတဲ့ ပုဂ္ဂိုလ်အခန်းထဲလည်း ရောက်ရော၊ အရာရှိစားပွဲမှာ မိန့်မိန့်ကြီးထိုင်နေတဲ့ ပုဂ္ဂိုလ်က တခြားသူ မဟုတ်ပါပဲလားဗျာ။ ကျနော်နဲ့ ဝါးခယ်မထမင်းဆိုင်မှာ ဘောလုံးပွဲအကြောင်း လေကန်ပြီး ထမင်းတနပ်ဘိုး ရှင်းပေးခဲ့ဖူးတဲ့ ရောမဆွဲကြိုးကြီးနဲ့ ပုဂ္ဂိုလ်ဖြစ်နေသဗျာ။ မောင်မင်းကြီးသားကောင်းမှုနဲ့ ငွေကုန်ကြေးကျ မများလှပဲ တကယ့်ရှယ်ဆိုတဲ့ ဗွီအိုင်ပီ အသုဘအခန်းကျယ်ကြီးရော၊ ရောမပန်းခွေတွေနဲ့ရော အမေ့ရုပ်ကလာပ်ကို ပြင်နိုင်ခဲ့တယ်ဗျို့။ မြန်မာပြည်မှာ အရာရောက်တဲ့ အသိမိတ်ဆွေ မရှိ၊ ငွေ မရှိလို့ကတော့ သေလမ်းတောင် မဖြောင့်ဘူးဗျို့။

ဩော်၊ ကျနော်က မီးသဂြိုဟ်စက်အကြောင်းတို့၊ သင်္ချိုင်းအကြောင်းတို့ ဘယ်လိုလုပ် သိနေတာလဲ၊ ဟုတ်လား။

ကျနော်ကလည်း ကြုံလိုက်မှဖြင့် ပေါက်ပေါက်ရှာရှာချည်းပဲ မဟုတ်လား။ ကြံတောအကြောင်း ကျနော် တော်တော်သိတယ်ဗျ။ သိရတဲ့အကြောင်းကလည်း ကျနော့် ကျောင်းနေဖက် သူငယ်ချင်း အေးလွင်ရဲ့

ညိုဝမ်းကွဲ တယောက်ကြံတောသုသာန်ထဲက မိန်းကလေးတယောက်ကို ခိုးပြေးတုန်းကပေါ့။ အေးလွင် ညီနာမည်က မြင့်လွင်တဲ့။ အသက်ကရှိလှ နှစ်ဆယ်ပေါ့။ သူ့မိဘတွေက သဖေဘ့တောသုသာန်ကို သွားတဲ့ လမ်းထိပ်မှာ သံဖြူလုပ်ငန်း လုပ်တယ်။ အဲဒီတုန်းက ကျနော် ကျောင်းဆရာဘဝဗျ။

တနေ့တော့ အေးလွင်က ကျနော့်အိမ်ကို အရေးတကြီးအမောတကော ပေါက်ချလာပြီး 'ဟေ့ကောင် သက်ခိုင်၊ ငါ့ညီမိန်းမခိုးလာလို့ မင်းလိုက်ပြီး ကူညီပါဦး' တဲ့။ ကျနော်လည်း သူပြောတာ ဘူးလုံးနားမထွင်းဖြစ်နေတာနဲ့ 'ဟ၊ မင်းညီခိုးတဲ့ မိန်းမက ငါ့ကြီးတော်ဖြစ်နေလို့လား၊ ငါနဲ့ဘာဆိုင်လို့တုန်း' ဆိုတော့ 'မဟုတ်ဘူးကွ၊ သူ ခိုးလာတဲ့ မိန်းကလေးက ကြံတောသုသာန်ထဲက' လို့ လုပ်ပြန်ရော။ ကျနော်က 'ဟေ့ကောင်ရာ၊ ခေတ်တွေ ပြောင်းကုန်ပါပြီ။ ကြံတော သုသာန်ထဲနေလည်း လူပါပဲ။ ဂုဏ်အဆင့်အတန်းတွေဘာတွေ လုပ်မနေပါနဲ့'ဆိုတော့ အေးလွင်က 'အေးကွာ၊ ငါ့ဦးလေး သူ့အဖေကတော့ သဘောမတူဘူး။ ငါ့အဒေါ်ကတော့ သူ့သားမျက်နှာငယ်မှာ စိတ်ဆင်းရဲမှာစိုးလို့ အခြေအနေသွားကြည့် ပေးစေချင်သတဲ့၊ ကြံတောထဲကို ငါတယောက်တည်းလည်း မသွားရဲဘူး၊ ပိုဆိုးတာက ကောင်မလေး အစ်ကိုတွေက ကြံတောသုသာန်ထဲမှာ လူမိုက်တွေ'တဲ့။

ဒီလိုနဲ့ ကျနော်လည်း အေးလွင်ခေါ် ရာ ပါသွားရော ဆိုပါတော့ဗျာ။ အေးလွင့်အဒေါ် ပေးလိုက်တဲ့ မမြင်ဖူးသေးတဲ့ ချွေးမလောင်းလေးအတွက် ထမိန်ထုပ်လေးကို အေးလွင်နဲ့ ကျနော် တယောက်တလှည့် ဆွဲရင်းပေါ့။ ကြံတောလည်းရောက်ရော အေးလွင့်ညီ မြင့်လွင်ရှိမယ့်နေရာကို ဟိုမေးဒီမေး လျှောက်မေးရတော့တာပေါ့။ မေးရတာလည်း ခပ်ကြောက်ကြောက်ဗျာ။ ကြံတောဆိုတဲ့ နေရာက ခံဝိုင်း၊ အရက်ပုန်း၊ ဘိန်းဖြူ ဘိန်းမဲ အကုန်ရတဲ့ နေရာဆိုတော့ ကျနော်တို့ကို ဟိုထင်ဒီထင်ဖြစ်မှာ ကြောက်ရတယ်လေ။

ကံကောင်းချင်တော့ ကြံတောထက် သဘောကောင်းတဲ့ လမ်းညွှန်သူတယောက်နဲ့ တွေ့ပြီး ဟိုနားက ခွက်ကုန်း၊ ဒီဘက်က စဏ္ဍာလကုန်း ဘာညာဆိုပြီး လမ်းညွှန်လိုက်တာ မြင့်လွင် ရှိနေတဲ့ တဲကိုရောက်ရော ဆိုပါတော့။ တဲရှေ့လည်းရောက်ရော မယောင်မလည် ဖြတ်လျှောက်နေတုန်း မျက်နှာထားခပ်တင်းတင်းနဲ့ အသက်သုံးဆယ်လောက်ရှိတဲ့ လူတယောက်ထွက်လာပြီး 'ဘာကိစ္စလဲ' တဲ့။ ကျနော်လည်း မျက်နှာချိုလေးနဲ့ 'ခြော်၊ ကျနော့် ညီလေး တယောက် မိန်းမခိုးသွားတယ်ဆိုလို့ မိဘာဖသားပီပီ ပြန်အပ်ရအောင် တိုင်ပင်ချင်လို့ လာရှာတာပါ ခင်ဗျာ'လို့လည်း ပြောလိုက်ရော 'အဲဒါ ကျုပ်ညီမပဲ၊ တဲထဲမှာ ရှိတယ်'ဆိုပြီး လမ်းမဘက် ထွက်သွားပါလေရော။

တဲအပြင်ကနေ အေးလွင်က အသံပြုလိုက်တော့ မောင်မင်းကြီးသား မောင်မြင့်လွင် ထွက်လာပါလေရော။ မြင့်လွင်က စိုးရိမ်ကြောက်လန့်နေတဲ့မျက်နှာနဲ့ 'ကိုကြီးရာ၊ ကျနော်တို့ချစ်ခြင်းကိုမခွဲပါနဲ့၊ ကျနော် သူ့ကို တကယ်နှစ်နှစ်ကာကာ မေတ္တာရှိတာပါ'တဲ့။ အေးလွင်က ဘာမှ ပြန်မပြောနိုင်တာနဲ့ ကျနော်လည်း 'ဟေ့ကောင်၊ အလွမ်းသယ်မနေနဲ့။ မခွဲချင်လို့ ထမိန်ထုပ်ထမ်းပြီးလာပို့တာ။ ဘာပဲဖြစ်ဖြစ် မင်းအမျိုးသမီးကို ငါတို့ မြင်ချင်တယ်။ ဒါမှ မင်းအမေကို အကျိုးအကြောင်းပြန်ပြောနိုင်မှာ'ဆိုပြီး ဖင်တွန်းရတော့တာပေါ့ဗျာ။ ဒီတော့ မြင့်လွင်ဆိုတဲ့ ငတုံးက တဲထဲ ဝင်ကြည့်လေတဲ့။ ဒါနဲ့ ကျနော်လည်း 'မင်းကွာ၊ ဗို့က မျက်နှာပြောင်တိုက်ပြီး နွားပွဲစားလိုဝင်ကြည့်လို့ ဘယ်ကောင်းပါ့မလဲ၊ ဒီလိုလုပ်၊ မင်းအမျိုးသမီးကို အဝတ်အစားလဲပြီး ကြံတောအပြင်ဘက်ကို လမ်းလျှောက်ထွက်ခဲ့၊ တို့က အဝေးကပဲ အခြေအနေ မယောင်မလည်ကြည့်လိုက်မယ်'ဆိုတော့မှ ကိုယ်တော်ချောက ဒါဆို အစ်ကိုတို့ မီးသင်္ဂြိုဟ်စက်နားက စောင့်နေ၊ ကျနော်တို့ ထွက်လာခဲ့မယ်ဆိုပြီး တဲထဲ ပြန်ဝင်သွားရောဗျာ။

အေးလေ၊ ကျနော်တို့လည်း သူပြောသလို မီးသင်္ဂြိုဟ်စက်နားက သွားစောင့်ရတော့တာပေါ့။ အရေးထဲ ဖြစ်ချင်တော့ဗျာ၊ မိုးကခပ်ဖွဲဖွဲရွာချလိုက်တော့ အေးလွင်နဲ့ကျနော်တကိုယ်လုံး စိုပြီး ကြွက်စုပ်

ပုံစံနဲ့ မီးသဂြိုဟ်စက်ပေးမှာ ရပ်နေတာကို ကျနော့်ကျောင်းက ဆရာ၊ ဆရာမတသိုက် အသုဘလာပို့တာနဲ့ တိုးပါလေရော။ အသုဘခေါင်းပေါ် တင်တဲ့ ထမင်းထုပ်တွေ၊ ပန်းခွေတွေ စွန့်ပစ်တဲ့နေရာမှာ ခပ်ကုပ်ကုပ်ထိုင်နေတဲ့ ကျနော်တို့ကိုကြည့်ပြီး မြူးတူးပြုံတဲဖြစ်ကုန်တော့တာပါပဲဗျာ။ ဘယ်လိုလုပ်ရှင်းပြမလဲဗျာ။ ထင်ချင်သလိုသာ ထင်ပေတော့ပေါ့။

နာရီဝက်လောက်နေတော့မှ မြင့်လွင်တို့အတွဲ ပေါက်ချလာတယ်ဗျ။ ကျနော်လည်း ခပ်လှမ်းလှမ်းကနေ အကဲခတ်ကြည့်ရတော့တာပေါ့။ အောင်မယ်လေးဗျာ၊ မြင့်လွင့် ချာတိတ်မက ခြေတဖက်ဆာတာဆာတာနဲ့ပါလားဗျာ။ ကြံတောက ခွက်ကုန်းမှာနေတာကတော့ ထားပါတော့၊ ခြေတဖက်ဆာတာဆာတာ ဖြစ်နေတော့ မြင့်လွင့်အမေကို ကျနော် ဘယ်လို ပြန်ပြောရပါ့မလဲပေါ့။ နောက်ဆုံးတော့ ဉာဏ်ကြီးရှင် ကျနော်လည်း ဘာမှ အကြံမပေးတတ်တော့ပဲ၊ အေးလွင်ရေ၊ မင်း အဒေါ်ကိုမင်းသာကြည့်ပြောလိုက်ပေတော့။ ငါလည်း မဆုံးဖြတ်တတ်တော့ဘူးဆိုပြီး သူ့အရှုပ်ထုပ်ကိုသူ့ခေါင်းပေါ် ပြန်တင်ပေးလိုက်ရတာပေါ့ဗျာ။ အေးလေ၊ ကျနော်ဘယ်လိုရှင်းတတ်မလဲဗျာ။ တဖက်ကကြည့်တော့ မိန်းကလေး တယောက်နစ်နာနေပြီ၊ ပေါင်းပါသင်းပါဖြစ်တဲ့ ဆိုပြန်တော့ ရှေ့ရေးကမအေး၊ ဘယ်ဘက်က ကြည့်ကြည့်ကြားညပ်မယ့် အပေါက်ကြီးပဲ မဟုတ်လား။ တကယ် မေတ္တာစစ်မေတ္တာမှန်ဆိုရင်လည်း သူ့သဘောသူ ဆောင်ပေတော့ပေါ့ဗျာ။

ကြံတောဇာတ်လမ်းက ဒါတင်မကသေးဘူးဗျ။ ကျနော့်ယောက္ခထီးကြီး ဆုံးတုန်းကလည်းငိုအားထက် ရယ်အားသန်ဆိုသလို ကြုံခဲ့ရဖူးတယ်။ ကျနော့် ယောက္ခထီးကြီးက ဖျားလို့ ဆေးရုံတင်ရာကနေ ရှတ်တရက်မမျှော်လင့်ပဲ ဆုံးသွားတာဗျာ။ ဟုတ်တယ်၊ ဒီနေ့ညနေလိုတင်ပြီး နောက်နေ့ညနေကောက်ကာငင်ကာ ဆုံးသွားရှာတာပဲ။ ကျနော်လည်း သားမက်တို့ဝတ္တရားရှိသည့်အတိုင်း လိုအပ်သည်များကို လိုက်လုပ်ရတာပေါ့ဗျာ။ ဖြစ်ချင်တော့ ကလေးမြို့မှာနေတဲ့ သူ့ညီမများက သူတို့အစ်ကိုအလောင်း မီးသဂြိုဟ်အမီလာမယ်ဆိုသဗျ။ သူတို့လေယာဉ်ဆိုက်မယ့် နေ့နဲ့အချိန်ကလည်း အသုဘချမယ့်နေ့၊ အချိန်နဲ့ တိုက်နေပြန်ပါရော။ ဒါနဲ့ ကျနော့်မှာ ညနေ သုံးနာရီခွဲလောက်အထိ ယောက္ခထီးကြီးအလောင်းကို မီးသဂြိုဟ်စက်ထဲ မသွင်းနိုင်ပဲ သုဿန်ဝန်ထမ်းနဲ့ နားလည်မှု ယူပြီး အသုဘပို့တဲ့သူတွေ ပြန်ကုန်တဲ့အထိ အလောင်းဘေးမှာ ရပ်စောင့်နေရတာပေါ့ဗျာ။

အဲဒီမှာတင်ဗျာ၊ အသက်သုံးဆယ်ကျော် အမျိုးသမီးတယောက် အူယားဖားယား ပြေးလာပြီးအလောင်းပေါ် မှောက်နာအပ်ပြီး အမလေး အမေရဲ့ သမီးကို မစောင့်တော့ဘူးလားလို့ ပြောပြောဆိုဆိုအသံကျယ်ကြီးနဲ့ ငိုပါလေရောဗျာ။ ကျနော်လည်း ကြောင်အမ်းအမ်းနဲ့ ဘယ့်နှယ့် ငါ့ယောက္ခထီးကြီးကသေကာမှ မိန်းမဘဝ ပြောင်းသွားရပါလိမ့်ပေါ့။

ဪ၊ ကျနော်က ဘယ်လိုလုပ်တားမလဲဗျ။ ကျနော်က အဲဒီမိန်းမကို ရှတ်တရက်ဆိုတော့ယောက္ခထီးကြီး ညီမလား ဘာလား မှတ်တာပေါ့။ တမိနစ်ကျော်ကျော်လောက် ရှိမှ ငိုချင်း ချနေတဲ့အမဟာ အလောင်းထိပ်မှာ ကပ်ထားတဲ့ စက္ကူကဒ်ပြားက စာကို ရှတ်တရက် ဖတ်မိပြီး 'ဟင်၊ ဦးကြည်တဲ့၊ အမေ့အလောင်း မဟုတ်ဘူး'ဆိုပြီး ရှက်ကိုးရှက်ကန်းနဲ့ ထွက်သွားရောဗျာ။ တကယ်ပါပဲဗျာ။ အလောင်းဘေးနားမှာ အသင့်အနေအထား ရှိနေတဲ့ ကျနော့် ဇနီးဘက်က ဆွေတော်မျိုးတော်တွေလည်း မျက်ရည်တွေကြားထဲကနေ ဣန္ဒြေမဆည်နိုင်ကြတော့ပဲ ပြုံးစိစိဖြစ်ကုန် ကြတော့တာပဲဗျို့။

ကဲ၊ ဒီလောက်ပေါက်ပေါက်ရှာရှာတွေ ကြုံရမှတော့ ကြံတောအကြောင်း၊ သုဿန်အကြောင်း၊ မီးသဂြိုဟ်စက်အကြောင်း ကျနော်သိနေတာ ဘာဆန်းသလဲဗျာ။ ဪ၊ ဘန်ကောက်သွားတဲ့ကြောင်းပြောပါ့မယ်ဆိုကာမှ ကြံတောဘက်ရောက်နေပြန်ပြီဗျာ။ ဘန်ကောက်ဘက် လှည့်လိုက်ကြဦး စို့နော်။

■

## အခန်း (၈၂)

# နတ်မိမယ်တို့ ပျော်စံရာ

ဘန်ကောက်သွားဖို့ဆိုတာလည်း သိပ်ခက်လှတယ် မဟုတ်ပါဘူး။ နိုင်ငံကူးလက်မှတ်က လိုလို မယ်မယ် သုံးနိုင်အောင်ဆိုပြီး ကြိုလုပ်ထားတာ အဆင်သင့်ရှိပါတယ်။ သွားကာနီးမှ ကြည့်လိုက်တော့ သက်တမ်းကုန်နေလို့ သက်တမ်းတိုးရမယ် ဆိုတော့လည်း အန်တီဆယ်ဟာ အထူးတပ်ဖွဲ့ အက်စ်ဘီက ဗိုလ်မှူးကြီး ဗဟိန်းနဲ့ သိပ်ရင်းနှီးနေတော့ ဗိုလ်မှူးကြီးဗဟိန်း ရုံးခန်းကို တခေါက်သွားလိုက်ရုံနဲ့ ချက်ချင်းပြီးရော ဆိုပါတော့။ အန်တီဆယ်နဲ့ ဗိုလ်မှူးကြီးဗဟိန်းက ရင်းနှီးဆို အဲဒီရက်ပိုင်းတွေတုန်းက ဗိုလ်မှူးကြီးဗဟိန်းရဲ့သမီး မင်္ဂလာဆောင်မှာ သတို့သမီး ဝတ်ဖို့ စိန်ထည်တချို့ အန်တီဆယ်သွားပို့တော့ ကျနော်ပါသွားသေးတယ်လေ။ အဲဒီ စိန်ထည်တွေကို ဝယ်လေသလား၊ ငှားလေသလားတော့ ကျနော် လည်း သေချာမသိဘူးဗျ။

ခရီးထွက်ဖို့ သုံးလေးရက်လောက်အလိုမှာ အန်တီဆယ်ဟာ ကျနော့်ကို အကူအညီတခု တောင်းလာပြန်ပါတယ်။ အဲဒါကတော့ တရုတ်ပြည်ကနေ သူတင်သွင်းလာတဲ့ ဘီလပ်မြေတွေ ထား စရာနေရာမရှိလို့ ဂိုဒေါင်ရှာပေးပါဦးတဲ့။ အေးဗျ၊ ထူးထူးဆန်းဆန်းက အဲဒီအချိန်က မြန်မာတပြည်လုံး က လုပ်ငန်းရှင်တွေ ဈေးသက်သာတယ်၊ အမြတ်ကျန်တယ်ဆိုပြီး တရုတ် ဘီလပ်မြေတွေအပြိုင် အဆိုင်သွင်းလိုက်ကြတာ ဘီလပ်မြေထားစရာဂိုဒေါင်တောင် ရန်ကုန်မှာ ရှာမရတဲ့အထိဖြစ်နေတဲ့ အချိန်ဗျ။ အမှန်တော့ အန်တီဆယ်ဟာ ဆောက်လုပ်ရေးဝန်ကြီး ဦးစောထွန်းနဲ့ညှိပြီး ဘီလပ်မြေ သွင်းလာတာပါ။ ဘီလပ်မြေတွေ ရန်ကုန်ဆိပ်ကမ်းရောက်မှ ဘာအဆင်မပြေဖြစ်တယ် မပြောတတ်ဘူး။ ကျနော့်ကို ထားစရာဂိုဒေါင် အပူတပြင်း ရှာခိုင်းတော့တာပါပဲ။ အင်းလေ၊ ဘီလပ်မြေအိတ်တွေ သိုလှောင်စရာ မရှိလို့ သင်္ဘောပေါ်မှာ ဆက်ထားရင် ရက်လွန်ကြေးနဲ့ မွဲသွားမှာပေါ့။

ဒါနဲ့ ကျနော်လည်း ဘီလပ်မြေအိတ်တွေကို ကျနော့်ဆောက်လုပ်ရေး လုပ်ငန်းခွင်တခုထဲမှာ ယာယီဂိုဒေါင်တလုံးဆောက်ပြီး လက်ခံထားလိုက်ရပါတယ်။ တကယ်တော့ အန်တီဆယ်ဟာ စီးပွားရေး ဇာကွက်မြင်တယ်လို့ ဆိုရပါလိမ့်မယ်။ ဟုတ်တယ်လေ၊ မကြာခင် ဆောက်တော့မယ့် မြန်မာ့အမျိုးသမီး

စီးပွားရေး စွမ်းဆောင်ရှင်များအသင်းအတွက် လိုအပ်တဲ့ ဘီလပ်မြေက အိတ်ရေသိန်းချီနေတာ မဟုတ်လား။ ဒါကြောင့် သူ့ ကျနော့်ကို မင်းလိုတဲ့နေရာမှာ သုံးချင်ရင်လည်း သုံးလိုက်လို့တောင် လိမ်လိမ်မာမာ စကားဦးသမ်းထားသေးဗျာ။ အဲဒီ အနက်တီဆယ် အပ်ထားခဲ့တဲ့ ဘီလပ်မြေအိတ်လေးထောင်ဟာ ကျနော့် အောင်မြင်မှုတွေကို မြေမြှုပ်သင်္ဂြိုဟ်ရာမှာသုံးတဲ့ ဘီလပ်မြေတွေ ဖြစ်လာပါတော့တယ်။

ဘယ်လိုဖြစ်သွားတာတုန်း ဟုတ်လား။ အဲဒါကို မပြောခင် ကျနော့် ကုမ္ပဏီ ဖွဲ့စည်းပုံလေးကို ပြောထားမှ ဇာတ်ရည်လည်မယ် ထင်ပါရဲ့။ ကျနော့်ကုမ္ပဏီမှာ ကျနော်က မန်းနေဂျင်း ဒါရိုက်တာပေါ့။ ဒါရိုက်တာအဖွဲ့ဝင်သုံးယောက် ရှိလေရဲ့။ ဦးလှမြင့် ဆိုတာ လက်ပံတန်းဇာတိ။ အထက်တန်း ကျောင်းဆရာ လူထွက်၊ သူက ရဟတ်ယာဉ် ပျက်ကျပြီး ကွယ်လွန်သွားရှာတဲ့ နဝတ-အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးရဲ့ ညီအရင်း။ ကိုလှမြင့်ဟာ ကျနော့်ထက် လေးငါးခြောက်နှစ်လောက် ကြီးပါလိမ့်မယ်။ သူဟာ ဘီအီးဒီတက်နေ့တည်းက ဖဲဝါသနာကြီးလွန်းလို့ စာမေးပွဲတဘုန်းဘုန်း ကျနေခဲ့သတဲ့။

ကျနော်တို့ လှိုင်မြို့နယ်ကနာမည်ကြီးဖဲသမား ကျော်ဦးနဲ့ အဖွဲ့တွေပေါ့ဗျာ။ အမှန်တော့ ကိုလှမြင့်ကို ကုမ္ပဏီထဲမှာ နာမည်ထည့်ထားတာဟာ လိုလိုမယ်မယ် ဝိတ်သုံးရအောင်သာ ထည့်ထားတာ၊ သူ့အစုရှယ်ယာငွေ တပြားမှ မပါပါဘူး။ ကိုလှမြင့်ရဲ့ ထူးခြားချက်က ဒီလူဟာ အလုပ်တခုကို ဘယ်တော့မှ စွဲစွဲမြဲမြဲ မလုပ်တတ်ဘူး။ သူ့အားသန်တာက အမှုပွဲစားပဲ။ ဘယ်ပြဿနာဆို ဘယ်လောက်ပေး၊ သူ့အကိုနာမည်ပြောပြီး လိုက်ရှင်းမယ်။ ဘယ်ပါမစ်လိုချင်ရင် ဘယ်လောက်ပေး၊ သူ့အကိုနာမည်နဲ့ လိုက်လုပ်ပေးမယ်။ ကျနော်က သူ့ကို ဣန္ဒြေရရ ခွင်ကြီးကြီး တခွင်နှစ်ခွင်ဖန်ပြီး နေဖို့ပြောလည်း နားမဝင်ဘူးဗျ။ ခက်တာက သူဟာ အရက်သောက်ရင် ဘီအီးအရက်ဖြူကလွဲလို့ကျန်တဲ့ အရက်ကို မျိုမကျဘူးထင်ပါရဲ့။ ဘီအီးမှ ဘီအီး။ ဘယ်လောက်ကောင်းတဲ့ အရက်တိုက်တိုက် မသောက်ဘူး။ ပိုဆိုးတာက ကိုလှမြင့်ဟာ အဝတ်အစား ပိုသိဖတ်သီနဲ့ လူရိုသေရှင်ရိုသေဖြစ်အောင် မနေတတ်ဘူးဗျာ။

ကိုလှမြင့် ဘီအီးကြိုက်ပုံနဲ့ ဝတ်ပုံစားပုံ၊ လုပ်ပုံကိုင်ပုံ ဟန်မကျပုံများ ကြုံတုန်း ပြောလိုက်ရဦးမယ်။ ထိုင်ဝမ်ကလာတဲ့ စီးပွားရေးအဖွဲ့တဖွဲ့နဲ့ ကုန်းမြင့်သာယာ ရှေ့တည့်တည့်က စားသောက်ဆိုင်မှာ လုပ်ငန်းကိစ္စ ညှိတုန်းကပေါ့ဗျာ။ ဟုတ်တယ်ဗျ။ ထိုင်ဝမ်သံရုံးသာ ဗမာပြည်မှာ မရှိတာ ထိုင်ဝမ်က စီးပွားရေးလုပ်ငန်းရှင်တချို့တော့ သူ့နည်းသူ့ဟန်နဲ့ လာနေကြတာပါပဲ။ အဲဒီပွဲမှာ ထိုင်ဝမ်ဘက်က ရင်းနှီးမြှုပ်နှံဖို့ကမ်းလှမ်းမှာဆိုတော့ ကိုလှမြင့်ကို ကျနော်က 'ခင်ဗျား ည ရှစ်နာရီတိတိ အရောက်လာပါ။ ထိုင်ဝမ်ဧည့်သည်တွေကို အတွင်းရေးမှူး(၂) ရဲ့ ညီအရင်းကိုယ်တိုင်ပါလိမ့်မယ်'လို့ ကျနော်ပြောထားတဲ့အကြောင်း အာပေါက်မတတ်ပြောထားခဲ့တယ်ဗျာ။ ပြောခဲ့တုန်းကတော့ ခေါင်းလေးတငြိမ့်ငြိမ့်ပါပဲ။ ချိန်းထားတဲ့နေ့မှာ ထိုင်ဝမ်အဖွဲ့ ဧည့်သည်ခုနစ်ယောက်လောက်နဲ့ ကျနော်တို့အဖွဲ့သုံးလေးယောက် စုစုပေါင်း ဆယ်ယောက်လောက်ဟာ စားစရာသောက်စရာတွေမှာပြီး ကိုလှမြင့်ကို ညရှစ်နာရီကတည်းက ထိုင်စောင့်လိုက်တာ ကိုယ်တော်ချောက ပေါ်မလာဘူးဗျို့။ ကျနော်လည်း ဧည့်သည်တွေကို ကိုလှမြင့် လာမှာသေချာတဲ့အကြောင်း၊ သည်းခံစောင့်ဖို့ မျက်နှာပူပူနဲ့ ထိုင်ဝမ်ဧည့်သည်တွေကို တောင်းပန်ထား ရတာပေါ့ဗျာ။

ဆယ်နာရီလည်း ထိုးကာနီးရော ကိုတော်ချောက ဖုန်းဆက်လာသဗျ။ သူ့ကို စစ်တပ်လုံခြုံရေးက မသင်္ကာလို့ ဖမ်းထားလို့ ဆိုပဲ။ ကောင်းဗျာ။ ကျနော်လည်း ဖမ်းထားတဲ့နေရာကို မေးလိုက်တော့ ကျနော်တို့ထိုင်နေတဲ့ စားသောက်ဆိုင်နဲ့ ရှေ့တည့်တည့်က ကုန်းမြင့်သာယာ လုံခြုံရေးဂိတ်မှာတဲ့ဗျာ။ ကျနော်လည်း ဆိုင်အမြင်ထွက် ကားလမ်းကူးပြီး လုံခြုံရေးဂိတ်ကို အကျိုးအကြောင်း မေးတော့

ကိုလှမြင့်ဟာ မူးမူးနဲ့ ကုန်းမြင့်သာယာက လုံခြုံရေးဂိတ်ကို ကျနော်တို့နဲ့ ချိန်းထားတဲ့ စားသောက်ဆိုင် မှတ်ပြီး ဝင်သွားရာက ပြဿနာစတာတဲ့ဗျာ။ သူ့ကို ဖမ်းပြီး စစ်လားဆေးလားလုပ်တော့ သူဟာ ဗိုလ်ချုပ်ကြီးတင်ဦးရဲ့ ညီပါလို့ ဖြေရှင်းချက်လည်းပေးရော သူ့ပုံစံကို ကြည့်ပြီး ဗိုပြီး မယုံသင်္ကာ ဖြစ်တော့တာပေါ့ဗျာ။

အေးလေ၊ ပါးစပ်က ဘီအီးနံ့တထောင်းထောင်းထပြီး ဝတ်ထားတဲ့ အင်္ကျီကလည်း ကြေမွ စွန်းထင်းနေလေတော့ မယုံတဲ့သူ အပြစ်တော့ မဟုတ်ဘူးဗျို့။ နောက်ဆုံးတော့ ဗိုလ်ချုပ်ကြီးတင်ဦးရဲ့ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးစိုးနိုင်ကို လှမ်းဆက်မှပဲ ကိစ္စပြီးသွားရော ဆိုပါစို့။ ဒါမျိုးက ဒီတပွဲတင် မကပါဘူး။ တကယ့်ပွဲကြီးပွဲကောင်း တည်လိုက်ရင် ကိုလှမြင့်က ဒီအချိုးချည်း ချိုးသဗျ။ ကျနော်က ခွင်(ဂွင်)ကြီးကြီး ဖန်မယ်လုပ်လိုက်၊ သူ့ပေါက်ကရလုပ်လိုက်နဲ့ပါပဲ။ ကျနော် အလုပ်မဖြစ်အောင် တမင်တကာ ဒီအချိုးချိုးနေတာတော့ မဟုတ်ဘူးဗျ။ အားမနာတမ်းပြောရရင် ကိုလှမြင့်ဟာ ကလေ ကချေ စိတ် မကုန်ဘူးဗျ။ တကယ်ဆို ကိုတေဇတို့ ရသွားတဲ့ ဆိုဗီယက်ကနေမြန်မာပြည်ကို လက်နက် သွင်းဖို့ ကိစ္စမျိုးမှာ ကျနော်တို့အုပ်စု ရနိုင်တာပေါ့။ ဟုတ်တယ်၊ ရုရှကို လက်နက်ဝယ်ဖို့ စပြီးသွားတာ ဗိုလ်ချုပ်ကြီးတင်ဦးပဲ။ အဲဒီအချိန်က ရုရှစစ်သံမှူးကြီးဟာဗိုလ်မှူးကြီး သာဝင်းဗျ။ အော် ဗိုလ်မှူးကြီး သာဝင်းနဲ့လည်း ချိတ်ဖို့မခက်ပါဘူးဗျာ။ သူ့သားမက်တယောက်လုံးကျနော့် ကုမ္ပဏီမှာ ရှိနေတယ်လေ။

ဟုတ်ပါတယ်။ ဒါရိုက်တာအဖွဲ့ဝင် နောက်တယောက်က ကိုမြင့်ဋ္ဌေးပေါ့ဗျာ။ ကိုမြင့်ဋ္ဌေးနဲ့ ကျနော်က ထောင်ထဲမှာ သိလာတာဗျာ။ သူ့ ပြည်တွင်းရေကြောင်းမှာ လက်မှတ်စစ်လုပ်ရင်း အမှုဖြစ်ပြီး ထောင်ကျလာတာ ဆိုပါတော့။ တနင်္သာရီတိုင်း မြိတ်ဝပ်ပိပြားရေး ဥက္ကဋ္ဌလုပ်ခဲ့တဲ့ ဗိုလ်မှူးကြီးသာဝင်းဟာ သူ့ယောက္ခမပေါ့ဗျာ။ ဘယ်လိုဘယ်ပုံ အမှုဖြစ်လာသလဲတော့ မမေးမိတော့ပါဘူးဗျာ။ အမှုတွဲတွေက ဆယ်ယောက်ကျော်ဆိုတော့ ဗိုလ်မှူးကြီးသာဝင်းလည်း မကယ်နိုင်ဘူးထင်ပါရဲ့။ ကိုမြင့်ဋ္ဌေးဟာ ပြည်တွင်းသင်္ဘောလက်မှတ်စစ်ဘဝကနေ တဝတ ဥက္ကဋ္ဌသမီးနဲ့ ဖူးစာဆုံလို့မှ မကြာခင် ထောင်ကျခဲ့ တာဆိုတော့ ထောင်ကအထွက်မှာ သူ့ယောက္ခမ အသိုင်းအဝိုင်းကြားမှာ မျက်နှာငယ် နေရတဲ့အချိန် ကျနော့်ဆီပေါက်ချလာပြီး အလုပ်တောင်းရာက ကျနော့်ကုမ္ပဏီမှာ ဒါရိုက်တာ ဖြစ်လာတော့တာပါပဲ ဗျာ။ သူ့ရှယ်ယာလား၊ တပြားမှ မပါကြောင်းပါဗျာ။ ကျနော့်ဆင်လုံးတွင်ထုံးတွေနဲ့ ဒါရိုက်တာဖြစ်လာ တယ် ပြောကြပါစို့ဗျာ။

အင်း၊ နောက်ဆုံးတယောက်ကတော့ နောက်ပိုင်းမှာ ကျနော်နဲ့ ပဟာရန်သူတော် ဖြစ်လာမယ့် မစ္စတာကူးမားပါပဲဗျာ။ သူ့ ဒလမြို့နယ်ဘက်က ဇာတိလို့ပြောတယ်။ ဟိန္ဒူဘာသာဝင်ပါ။ မြန်မာပြည် ပေါက် စစ်စစ်ဖြစ်ပေမယ့် သူ့နာမည်ကို မစ္စတာတပ်ခေါ်မှ ကြိုက်သဗျ။ သူ့ သင်္ဘောသားအဖြစ် အချိန်တော်တော်ကြာ လုပ်ခဲ့ဖူးတယ် ဆိုပါတယ်။ သင်္ဘောအင်ဂျင်နီယာ Chief အဆင့်နဲ့ လုပ်နေရာက မြန်မာပြည်မှာ အိုးမကွာ အိမ်မကွာ စီးပွားရေးလုပ်ချင်တယ်ဆိုပြီး ကျနော့်ရုံးက မန်နေဂျာဦးဝင်းဖေက တဆင့် မိတ်ဆက်ပေးရာက ကျနော့် ကုမ္ပဏီထဲကို ရောက်လာတဲ့သူပါ။

ကုမ္ပဏီအစုရှယ်ယာဝင်ငွေအဖြစ် သူ့ငွေ သိန်းသုံးဆယ်ပါပါတယ်။ ဒီငွေသိန်းသုံးဆယ်ဟာ လည်း ကျနော့်လက်ထဲကို ထည့်တာမဟုတ်ပါဘူး။ သူက ကုမ္ပဏီထဲကို ဝင်လာတော့မယ့်အချိန်မှာ ထမ်းငါးဆယ်ကို ရုံးခန်းပြောင်းမယ့်အချိန်နဲ့ တိုက်ဆိုင်နေတာကြောင့် ရုံးခန်းပြောင်းစားရိတ်ကို သူ့ ကျခံတာနဲ့ ဒါကို အစုရှယ်ယာဝင်ငွေအဖြစ် သတ်မှတ်ပေးခဲ့တာပါ။ တကယ်တော့ မစ္စတာကူးမားဟာ စိတ်ဓာတ်နူးညံ့ပြီး လူတော်တယောက်လို့ သတ်မှတ်လို့ရပါတယ်။ ဥပဓိရုပ်လည်းကောင်းပါတယ်။ ကျနော်သူ့ကို ကုမ္ပဏီထဲမှာ ပါဝင်ခွင့်ပေးလိုက်တာဟာ ထင်ရာစိုင်းတတ်လွန်းတဲ့ ကျနော့်အတွက်

အထိန်းအကွပ်လေး ဖြစ်လိုဖြစ်ငြားဆိုတဲ့ ရည်ရွယ်ချက်ပါပါတယ်။ ဒါပေမယ့် မစ္စတာကူးမားရဲ့ ကြီးစွာသော အားနည်းချက်ဟာ သူတပါးစကားကို ယုံလွယ်လက်ခံတတ်ခြင်းနဲ့ ကျနော့်အပေါ် လွှမ်းမိုးချုပ်ကိုင်ဖို့ မူလကတည်းက ရည်ရွယ်ထားခြင်းပါပဲ။ တကယ်တော့ အဲဒီအချိန်မှာ မြန်မာပြည် စီးပွားရေးလောကဟာ အလွန်တရာ ရှုပ်ထွေးဆန်းပြားလွန်းတာကြောင့် ကျနော်လို နေရာမျိုးစုံမှာ ကျင်လည်ကျက်စားခဲ့တဲ့၊ ခေတ်နဲ့အညီ ဖျံကျနေတဲ့သူ တယောက်ကို လွှမ်းမိုးချုပ်ကိုင်ချင်တာဟာ ခေတ်ကာလက အခြေအနေမပေးဘူးလို့ ပြောရပါလိမ့်မယ်။

ဒီလိုနဲ့ ၁၉၉၆-ခုနှစ် ဖေဖော်ဝါရီလမှာ ကျနော်ဟာ ထိုင်းနိုင်ငံကို အန်တီဆယ်နဲ့ အတူထွက်ခွာလာခဲ့ပါတယ်။ အန်တီဆယ်ကတော့ စိန်အရောင်းအဝယ်နဲ့လာတာလို့ သူ့စကားအရ သိရပါတယ်။ စိန်တွေကို ဘယ်လိုသယ်တယ်၊ ဘယ်လိုရောင်းတယ်ဆိုတာ ကျနော်မသိပါဘူး။ မှတ်မှတ်ရရ လေဆိပ်ကို ကျနော့်ဒါရိုက်တာအဖွဲ့တွေ လိုက်ပို့တော့ ကျနော်လည်စည်း စည်းမထားတာနဲ့ မစ္စတာကူးမားဟာ အဆင်သင့်ယူလာတဲ့ အနီရောင်လည်စီးတခုကို လေဆိပ်အိမ်သာထဲမှာ သူကိုယ်တိုင် ကျနော့်ကို စည်းနှောင်ပေးခဲ့ပါတယ်။ တကယ်တော့ အဲဒီ လည်စည်းဟာ သေဒဏ်ပေးခံရမယ့် တရားခံတယောက်ရဲ့ လည်ပင်းကို စွပ်လိုက်တဲ့ ကြိုးကွင်း ဆိုတာ နောက်ပိုင်းမှာ ကျနော်သိလာခဲ့ပါတယ်။

လေယာဉ်ပေါ်မှာတော့ ကော်ဖီခွက်ထဲကို ပြုပ်ကောင်းမှုန့် မှားထည့်ပြီး သောက်မိတာကလွဲလို့ ဘာမှ ထူးထူးခြားခြား မရှိလှပဲ နတ်မိမယ်တို့ပျော်စံရာလို့ ခေါ်ဝေါ်သမုတ်ကြတဲ့ ဘန်ကောက်မြို့တော်ကို ရောက်လာခဲ့ပါတော့တယ်။

ကျနော်တည်းခိုတဲ့ ဟိုတယ်က တည်နေရာကို ကျနော်ပြန်မပြောတတ်တဲ့ Manurah Hotel ပါပဲ။ မွန်ရာဇဝင်ထဲက မနူဟာဘုရင်ရဲ့ နာမည်မှားလားလို့ ကျနော်တွေးမိပါတယ်။ ကျနော်ရောက်တဲ့ အချိန်ဟာ Manurah Hotel ဖွင့်လှစ်တဲ့ ဆယ်နှစ်ပြည့်တဲ့ ချိန်နဲ့ တိုက်ဆိုင်နေတာကြောင့် ဟိုတယ်အဝင်ဝမှာ Ten year anniversary ဆိုတဲ့ စာတမ်းကြီးကို ချိတ်ဆွဲထားတာ တွေ့နေရပါတယ်။

ကျနော်ဟိုတယ်ကိုရောက်တော့ ညမိုးချုပ် ခုနစ်နာရီလောက်ဖြစ်နေပါပြီ။ အန်တီဆယ်ကတော့ လေဆိပ်မှာ လာကြိုတဲ့ ဘန်ကောက်က စိန်ကုန်သည် မာလဝါရီကုလားကြီးရဲ့ အိမ်မှာ တည်းလေရဲ့ဗျာ။ ဟိုတယ်ခန်းထဲရောက်တော့ အပြင်ဘက်ကို ပြူတင်းပေါက်ကနေ ကြည့်လိုက်တာ ဟိုတယ်ဘေးမှာ ရေမကွန်ကရစ်တိုင်ကြီးတွေ တွေ့သဗျ။ စပ်စုကြည့်တော့ မိုးပျံမီးရထားလမ်းအတွက်ဆိုပဲ။ ဟိုတယ်ခန်းထဲမှာ ကျနော်အရင်ဆုံး စရှာတာကတော့ အရက်ပုလင်းပါပဲ။ ဟုတ်တယ်လေ။ တယောက်တည်း ပေါင်တောင်တောင် ယောင်ချာချာနဲ့ ဆိုတော့ အရက်သောက်ဖို့ပဲ ရှိတော့တာကိုး။ အခန်းထဲက ရေခဲသေတ္တာထဲမှာ အရက်မျိုးစုံ ရှိနေတာကြောင့် စျေးအသက်သာဆုံး အရက်ကိုရွေးလိုက်ရပါတယ်။ ပုလင်းလိုက်ဖြစ်နေတာကြောင့် ဟိုတယ်ဝန်ထမ်းကို ခေါ်ပြီး လေးပက်လောက်မှာလိုက်တာ စျေးကတယ်ကြီးသကိုး။ နောက်ပိုင်း ရက်တွေမှာတော့ ဒီအရက်မျိုးကို ဟိုတယ်မှာယူတဲ့ လေးပက်ဘိုးပေးရင် တပုလင်းလုံး အပြင်မှာ ဝယ်လို့ရနိုင်တာကို သိလာတာကြောင့် ပုလင်းလိုက် ဝယ်ထားပါတော့တယ်။

တကယ်တော့ အဲဒီကာလမှာ ကျနော်သောက်ချင်စားချင်စိတ် သိပ်မရှိလှပါဘူး။ အမေဆုံးတာကလည်း မကြာသေးတော့ ညညဆို အမေ့ကို အိပ်မက်မက်နေတာကြောင့် စိတ်ပြေလိုပြေငြား သောက်နေတာလည်းပါပါတယ်။ ကျနော်ဆိုတဲ့လူလည်ကလည်း ဟိုတယ်က ကျွေးတဲ့ မနက်စာဘူဖေးကို ကြိုက်သလောက် စားနိုင်မှန်းလည်း မသိ၊ အပြင်မှာလည်း ထွက်ပြီးဝယ်မစားတတ်ဆိုတော့ ထမင်းစားချိန်ဆို အန်တီဆယ်တည်းတဲ့ မာလဝါရီကုလားကြီးအိမ် သွားစားရပါတယ်။ မာလဝါရီကုလားကြီးအိမ်က ဟိုတယ်နဲ့ သိပ်မဝေးလှပါဘူး။ နှစ်ရက်လောက်နေ့လည်စာရော ညစာပါ ကုလားကြီး အိမ်သွားစားနေတော့ အန်တီဆယ်က မြင်ပြင်းကပ်လာတယ် ထင်ပါ့ဗျာ။

'ကိုသက်ခိုင်၊ ခင်ဗျားဗျာ၊ ယောက်ျားဆိုတာ စုံမှပေါ့၊ သွားစရာလည်စရာ ရှိတာတွေ လျှောက် ည်ပေါ့၊ ပက်ပုန်းတို့ ဘာတို့ သွားကြည့်ပေါ့' ဆိုပဲဗျာ။ အော်၊ အန်တီဆယ်က မန္တလေးသူဆိုတော့ ကားပြောရင် ကျနော်နဲ့ ခင်ဗျားနဲ့ ပြောတတ်ပါတယ်။ အင်း၊ မြင်းကို ချို(ကျို)တပ်ပေးနေသလိုပါပဲဗျာ။ နဲ့ကျနော်လည်း ဒီလိုနေလို့ဖြင့် မသင့်ချေဘူး။ ကိုယ်တိုင်လမ်းရှာပြီး ထွက်လည်မှ သင့်ပေတော့မယ် ို စိတ်ကူးပြီး နောက်နေ့မှာ ပက်ပုန်းဘက်ကို အငှားကားနဲ့ ထွက်ခဲ့ပါတော့တယ်။ နေအုံးဗျ။ ပက်ပုန်း ိုတာ ဘာဘာညာညာ အစုံရတဲ့ နေရာဆိုပေမယ့် တယောက်တည်း ကျဲဖို့ကျတော့ ဖွဲ့ဦးထွက် ုံစဥ့်ဖြစ်နေတာကြောင့် စိတ်က သိပ်မရဲလှဘူး။ ဟိုလျှောက်ကြည့် ဒီလျှောက်ပေးနဲ့ နှစ်ညလောက် ဖျိန်ကုန်သွားပြန်ပါတယ်။

ဘန်ကောက်ရောက်လို့ လေးရက်မြောက်တဲ့နေ့ညမှာတော့ သိကြားမင်းဟာ မာတလိ တ်သားကို ဒရိုင်ဘာယောင်ဆောင်စေပြီး ကျနော့်ဆီကို လွှတ်လိုက်ပါတော့တယ်။ ဖြစ်ပုံကတော့ ဒီညက ကိုးနာရီလောက်မှာ ဟိုတယ်ခန်းထဲက ဖုန်းသံမြည်လာလို့ ကောက်ကိုင်လိုက်တော့ 'ဟယ်လို၊ ှယ်ချင်းလား'တဲ့၊ ဘိုသံနဲ့ နှုတ်ဆက်သဗျ။ ကျနော်လည်း ဟုတ်ကဲ့ ပြောပါဆိုပြီး စကားပြန်လိုက်တော့ နာမည်က တိုနီဆိုပဲ။ သူက ဟိုတယ်ရှေ့မှာ တက္ကစီမောင်းပါသတဲ့။ သူက ကျနော်တယောက်တည်း ိုတယ်ကို ဝင်လိုက်ထွက်လိုက်လုပ်နေတာကိုသတိပြုမိပြီးဆက်တာ ဖြစ်နိုင်ပါတယ်။ ဖုန်းထဲကနေ ငါးခွန်းလည်း အချီအချ ပြောပြီးရော သူနဲ့ကျနော် ဟိုတယ်ညှော်ခန်းမှာ မျက်နှာချင်းဆိုင် စကား ြာ ဖြစ်ပါတော့တယ်။ ဘန်ကောက်ဟာ သိပ်ပျော်စရာကောင်းတဲ့အကြောင်း၊ နတ်မိမယ်လေးတွေ ါကြောင်း၊ ညဘက်ရှခင်းတွေ၊ လည်စရာပတ်စရာတွေကို ဈေးသက်သက်သာသာနဲ့ သူလိုက်ပို့ပေးနိုင် ကြောင်း ဆွယ်တော့တာပဲဗျို့။ အော်၊ ကျနော် ဘာပြောစရာလိုသေးလဲဗျာ။ ကျနော်လိုအပ်နေတာ လည်း သူလိုလူမျိုးမဟုတ်လား။

တိုနီဟာ ကျနော်နဲ့ အသက်မတိမ်းမယိမ်း သုံးဆယ်ကျော်လောက်ပါပဲ။ သဘောကောင်းပုံ ါတယ်။ ကျနော်လည်း ဟိုတယ်ခန်းထဲပြန်၊ အဝတ်အစားလဲပြီး တိုနီခေါ် ရာနောက်ကို သူ့ကားရှေ့ နေကနေ မိန့်မိန့်ကြီးထိုင်ပြီး ကောက်ကောက်ပါအောင် လိုက်ခဲ့ရောဆိုပါတော့ဗျာ။ အော်၊ သူခေါ် ားတာလည်း ပက်ပုန်းပဲဗျ။ ဆိုင်တဆိုင်ထဲဝင်ပြီး ဘီယာတပုလင်းကို သုံးဆယ့်ငါးကျပ်နဲ့ ဝယ်သောက် ိုက်တော့ အဝတ်အစားမလုံ့တလုံဝတ်ပြီး တိုင်ပတ်ကနေတဲ့ ထိုင်းဖျိုဖြူတွေကို တွေ့ရတော့တာပါပဲ။ က်စသတ်တော့ တိုနီဟာ ကျနော့်ကို တကယ့်တောသား ထင်နေပုံ ရပါတယ်။ အဝတ်အစားမပါတဲ့ ိမတွေကိုတော့ ရုပ်ရှင်တွေထဲမှာတော အမြင်မှာပါ တွေ့ဖူးနေတာကြောင့် ကျနော့် စိတ်ထဲ တယ်ပြီး ူးဆန်းလှဘူးဗျာ။ ကျနော်ပြောပြီးပါပြီကော။ ကျနော်က သူတော်စင်ကြီး မဟုတ်ပါဘူးဆိုဗျာ။ ်ိအချိန်မှာ ကျနော့်စိတ်ဟာ ဘယ်က ဘယ်လို အတွေးချော်သွားသလဲ မဆိုတတ်ဘူး။ ကျနော် သက် ၁၉-နှစ်သားမှာ တက်ခဲ့ဖူးတဲ့ ဘိုကလေးဆရာအတတ်သင်ဆီကို ရောက်သွားသဗျာ။ ိမဆိုင် မထင်လိုက်ပါနဲ့။ ဆိုင်ပါတယ်။

၁၉၇၇ ခုနှစ် ဘိုကလေး ဆရာအတတ်သင် ကျနော်တက်ခဲ့တုန်းကပေါ့။ သင်တန်းသားဦးရေ ါးရာကျော်လောက်ထဲမှာ ကျနော်လို ၁၉၊ ၂၀ ချာတိတ်တွေရော၊ အိမ်ထောင်ရှင်တွေရော၊ လူပျို ူလွတ်တွေပါ ပါတာကြောင့် ကျောင်းဖွင့်လို့ လေးငါးလလောက်လည်းကြာရော အတွဲလေးတွေ ိုယ်စီနဲ့ ချိတ်မိကုန်ကြရောပေါ့ဗျာ။

အဲ၊ ကျနော်ကတော့ အတွဲမရှာနိုင်သေးတာကြောင့် ခြွင်းချက်ဆိုပါတော့။ ဒီလိုနဲ့ အဲသလို င်တန်းဖွင့်ပြီး လေးငါးလကြာတဲ့ တခုသောနေ့မှာပေါ့။ သင်တန်းသားတွေ နံနက်တိုင်း မဖြစ်မနေ ွားပြီး စုဝေးရတဲ့ စုဝေးခန်းမကြီးထဲမှာ ညဘက်ရုပ်ရှင်ပြမယ်လို့ ထူးထူးဆန်းဆန်း ကြေညာသဗျ။

ဘာဇာတ်ကားများ ပြမှာပါလိမ့် မေးမိတော့ ဘယ်သူမှ မဖြေနိုင်ဘူး၊ အားလုံးယောင်ဝါးဝါးပဲ။ ရိုပ်ဖမ်းသံဖမ်းတော့ ကျန်းမာရေးပညာပေး ရုပ်ရှင်လိုလို ဘာလိုလို ပြောကြသေရဲ့ဗျာ။ ကျနော်အပါအဝင် သင်တန်းသား အားလုံးဟာ ပွဲတော်နေတာကြောင့် ရုပ်ရှင်ဟော့ ဆိုတာနဲ့ ဘယ်သူမှ ရှိက်ပြီးမလာခိုင်းရပဲ စုံစုံညီညီရောက်လာကြပါတော့တယ်။ ရုပ်ရှင်ပိတ်ကားက စုဝေးခန်းမကြီးရဲ့ စင်မြင့်နောက်ခံမှာ ကပ်ထားတာပေါ့ဗျာ။

အော်၊ သတိရတုန်း ကြွားရဦးမယ်။ ဆရာအတတ်သင် ကျောင်းသားဘဝမှာ ကျနော်က စာဂျပိုး မဟုတ်လား။ ဘိုကလေး ဆရာအတတ်သင်မှာ ပြုလုပ်နေ့ကျ ပြည်ထောင်စုနေ့၊ အမျိုးသားနေ့၊ အာဇာနည်နေ့ စတဲ့ နေ့ကြီးရက်ကြီးတွေအတွက် အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွေမှာ အကြိမ်တိုင်းလိုလို ကျနော် ဆုချိတ်ခဲ့လေတော့ ခုံဖိနပ်ကို တဂေါက်ဂေါက်မြည်အောင်စီးပြီး အောက်ခံစွပ်ကျယ်၊ အပေါ်က တိုက်ပုံအကျီနဲ့ လက်ဝဲသမား ဂိုက်ဖမ်းပြီး ဆုတက်တက်ယူခဲ့တဲ့ စင်မြင့်ကြီးပေါ့ဗျာ။

ညခုနစ်နာရီခွဲလောက်မှာ ရုပ်ရှင်စပြတော့ ကာတွန်းကားဗျ။ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ရေတွင်းရေကန် သန့်ရှင်းရေးနဲ့ ရောဂါရစေတဲ့ ပိုးမွှားတွေ ပေါက်ပွားပုံတွေကို ပြတာပါပဲ။ ဘာပဲပြြစ်ဖြစ်ဗျာ၊ ကြည့်ရတာ ကောင်းပါတယ်။ ဗဟုသုတလည်း ရစရာပါပဲ။ သို့သော် အဲဒီအခန်းတွေပြပြီးလို့ တနာရီဝန်းကျင်လောက်လည်းရောက်ရော ရုတ်တရက် ပိတ်ကားပေါ်မှာ ကိုယ်တုံးလုံးတီး ယောကျ်ားတယောက်ပုံ ဘွားကနဲ ပေါ်လာပါတော့တယ်။ သင်တန်းသား အထီးများက အသာလေး ငြိမ်နေပေမဲ့ သင်တန်းသူများကတော့ ဟာ ဟင် ဖြစ်ကုန်ကြပါတော့တယ်။ ဒါတင်ဘယ်ကမလဲဗျာ။ ကိုယ်တုံးလုံးမိန်းမပုံထပ်ပေါ်လာပြန်ပါတယ်။ သင်တန်းသူတွေလည်း နောက်လှည့်တဲ့သူလှည့်၊ မျက်နှာကိုလက်ဝါးနဲ့ အုပ်သူအုပ်၊ ဆူညံနေပေမယ့် ရုပ်ရှင်ကတော့ ပြမြဲပြလျက်ပါပဲဗျာ။ ဟော့လူ၊ တလွဲတွေလျှောက်မတွေးနဲ့လေ။ အဲဒါ ခင်ဗျားထင်နေသလို အပြာကား ပြနေတာ မဟုတ်ပါဘူး။ သင်တန်းသားတွေအတွက် လိင်ပညာပေး၊ ကာလသားရောဂါ ပညာပေးကား ပြနေတာဗျ။

အစပိုင်းတော့ ယောကျ်ားမိန်းမသဘာဝ ဘယ်လို ဆက်ဆံကြတယ် ဆိုတာမျိုးကနေ ဘယ်လိုရောဂါ ရကြတယ်။ ရောဂါ လက္ခဏာက ဘယ်လိုဆိုတာ ရောဂါသည်တွေရဲ့ လိင်အင်္ဂါ အစိတ်အပိုင်းတွေကို အသေးစိတ်အနီးကပ် ရိုက်ပြလိုက်တာ မကြည့်ရက် မမြင်ရက်စရာတွေချည်းပါပဲဗျာ။ ရုပ်ရှင်ပြပြီး နောက်ပိုင်းရက်တွေမှာ သင်တန်းသားအထီးတွေလည်း အမတွေကို မကြည့်ချင်၊ သင်တန်းသားအမတွေကလည်း သင်တန်းသား အထီးတွေကို မမြင်ချင်လောက်အောင် ဖြစ်ကုန်ကြတော့တာပဲဗျာ။ သမီးရည်းစား အတွဲတွေ၊ ချိတ်တိတ်တိတ် ဖြစ်နေတဲ့ သူတွေတောင်ခပ်တန်းတန်း ဖြစ်ကုန်ကြဆိုပဲ။ အော်၊ တလဝန်းကျင်ပေါ့ဗျာ။ အမြဲတမ်းတော့ ဘယ်စိတ်ကုန်ကြပါ့မလဲ၊ ကာမဘုံသား ဆုံလည်နွားလို့ဆိုတယ် မဟုတ်လား။

တိုနီက ပက်ပုန်းခေါ် သွားပြီး ထိုင်းမတွေ မလုံ့တလုံဝတ်ပြီးတိုင်ပတ်နေတာကို ပြတော့ ကျနော့်စိတ်က ဘိုကလေးဆရာအတတ်သင်ပြန်ရောက်ပြီး ရယ်ချင်သလိုလို ပုံစံဖြစ်နေတာကို ဘေးက ကြည့်နေတဲ့ တိုနီက ကျနော်ဟာ ဒီဆေးလောက်နဲ့ မတိုးလောက်ဘူး ဆိုတာ သဘောပေါက်တယ်ထင်ပါ့ဗျာ။ ဘီယာတောင်ကုန်အောင် မသောက်တော့ပဲ လာကွာ၊ နောက်တနေရာ သွားကြမယ်ဆိုတာနဲ့ ကျနော်လည်း ဖဝါးခြေထပ် ထပ်ချပ်မကွာ တိုနီနဲ့လိုက်ခဲ့ရ ပြန်ပါတယ်။

အမယ်၊ ဒီတခါ ခေါ် သွားတာကတော့ အဆန်းသားဗျာ။ FUCKING SHOW ဆိုပဲ။ အော်၊ အဓိပ္ပာယ်တော့ သိတာပေါ့ဗျာ။ ဘယ်လိုရှိုးမျိုးတုန်း ဆိုတာတော့ မသိတာအမှန်ပါဗျာ။ ကျနော်ကလည်း ကြိုတင်ကာကွယ်တဲ့ အနေနဲ့ ဟော့ တိုနီ ဝင်ခသိပ်များနေရင် မကြည့်ချင်ဘူးနော် ပြောလိုက်တော့ တိုနီက မပူပါနဲ့ကွာ။ သူများတွေ ဘတ်တဆောင်ပေးရတဲ့ နေရာကို မင်းကို ငါးရာနဲ့ပို့မယ်

ဆိုတာနဲ့ ဘယ်နေရာမှန်းပြောမပြတတ်တဲ့နေရာကို တိုနီ့ကျေးဇူးနဲ့ ရောက်ခဲ့ပြန်ရောဗျာ။ ကျနော် အဲဒီ ရှိုးပွဲကို ရောက်သွားတော့ ညဆယ်နာရီကျော်ကျော်လောက် ရှိနေပြီဗျ။

အဲဒီရှိုးပွဲလုပ်တဲ့နေရာဟာ အပြင်ဝင်ပေါက်ကနေကြည့်ရင် သိပ်မသိသာလှပေမယ့် အထဲ ဝင်လိုက်တော့မှ ရောမ ခန်းမကြီး ဖြစ်နေသဗျာ။ ခန်းမကြီးထဲမှာ စင်မြင့်တခုလည်း ရှိလေရဲ့။ ထူးထူး ခြားခြား တွေ့မိတာကတော့ စင်မြင့် အရှေ့ပိုင်းက ခပ်မြင့်မြင့်နေရာမှာ ကြိုးတန်းပြီး ရောင်စုံဘောလုံး လေးတွေ ချိတ်ထားလေရဲ့။ စင်ပေါ်မှာ မိန်းကလေးတွေက ကိုယ်တုံးလုံး ချွတ်လျှောက်ပြနေတာကို ကျနော်လည်း ဘာစိတ်ညာစိတ်မှ မဖြစ်ပဲ အသာငြိမ် ကြည့်နေလိုက်တာ ဆယ့်ငါးမိနစ်လောက်ကြာ တော့ အထူးအစီအစဉ်တွေ တင်ဆက်ပါတော့မယ်ဆိုတဲ့ ကြေညာသံထွက်လာသဗျ။ အော်၊ လုံးစေ့ ပတ်စေ့တော့ ကြေညာနေတာကို ဘယ်နားလည်မလဲဗျာ။ ဒီလိုပဲ ရိပ်ဖမ်းသံဖမ်းပေါ့။

ဒီမှာတင် ခပ်ဖြောင့်ဖြောင့်ခပ်ငယ်ငယ် ထိုင်းမျိုးဖြူတယောက် စင်ပေါ်တက်လာပြီး ဝတ်လစ် စလစ်နဲ့ ကော့ကော်ကန်ကားလုပ်ပြတော့သဗျ။ အဲ၊ အဲဒီ ကော့ကော်ကန်ကားလည်း ကျနော့် စိတ်ထဲ သိပ်ဆန်းလှတယ် မထင်ပါဘူး။ ဒါပေမယ့်ဗျာ၊ အဲဒီမိန်းမပျိုဟာ ရုတ်တရက် ထိုင်ချလိုက်ရင်း လက် နှစ်ဖက်ကို အနောက်ကိုထောက်လိုက်ပြီး သူ့ခါးကို ညွှစ်သလိုလို မြင်လိုက်ရတဲ့ အချိန်နဲ့ တပြိုင်တည်း လိုလို စင်မြင့်ရှေ့က ကြိုးတန်းပေါ်မှာ ချိတ်ဆွဲထားတဲ့ ဘောလုံးတလုံးဟာ 'ဖောင်း' ကနဲ ပေါက်သွား လိုက်တာ ကျနော် လန့်တောင်သွားသဗျာ။ သေချာ ကြည့်လိုက်တော့မှအဲဒီ မိန်းကလေးရဲ့ မတော် တရော်နေရာမှာ ထိုးသွင်းထားတဲ့ ဖန်ချောင်းလိုလို ပြောင်းဝကနေ ပန်းပွားလေးတွေ တပ်ထားတဲ့ မြှားလေးတွေ ထွက်လာတာကိုး။ အောင်မလေး၊ ထူးပါဆန်းပါပေ့ဗျား။ ဒီမှာတင် မရိုးသေးဘူးထဲက ကြိုက်တဲ့ ဘောလုံးအရောင်တွေကို ပြောခိုင်းပြီး သူက ခါးကော့လိုက်၊ ပစ်ပြလိုက် လုပ်လိုက်တာ ဘောလုံးတွေ တဖောင်းဖောင်း ပေါက်ကုန်တော့တာပဲဗျို့။ တယ်လဲ ချိန်သားကိုက်သကိုး။ ဘယ်ကာလ ကများ ဘယ်လောက်ကြာကြာ လေ့ကျင့်ထားပါလိမ့်ဗျာ။

ဒါတင်ဘယ်ဟုတ်ဦးမလဲဗျာ။ မတော်တရော်နေရာနဲ့ ဘီယာပုလင်းတွေဖောက်ပြ၊ နောက် ဆော်ဒါပုလင်းထဲက ဆော်ဒါတွေကို မတော်တရော်နေရာထဲထည့်ပြီး နောက်တော့ ပြန်ညှစ် ထုတ်လိုက်တာ အရောင်တွေနဲ့ပြန်ထွက်လာ ပြန်ရော။ အင်း ကြည့်ရတာ ဗဟုသုတတော့ ရပါရဲ့။ မြန်မာလူမျိုး၊ တောကျကျ ကျနော်လိုကောင်မျိုးအတွက်တော့တယ်ပြီး သတိစရာတော့ မဟုတ်လှ ဘူးဗျို့။

အဲသလို မဟုတ်တမ်းတရား၊ ကြံကြံဖန်ဖန်၊ ညစ်ညစ်ပတ်ပတ်တွေ လျှောက်လုပ်ပြနေလိုက်တာ တနာရီနီးပါး ရှိမယ် ထင်တယ်ဗျာ။ ဒီလောက်တင် ပြီးပြီ မှတ်တယ်။ နောက်ဆုံး အထူးခြားဆုံး အစီ အစဉ် တင်ဆက်ပါတော့မယ် လုပ်ပြန်ရောဗျာ။ ကျနော့်စိတ်ထဲမတော့ ကြည့်ပြီးတာတွေတောင် ဆန်းလှပြီထင်နေတာ ဒီ့ထက်ဆန်းတာ ဘာများပါလိမ့်ဆိုပြီး ဆက်ကြည့်နေလိုက်တော့ ခပ်ဖြောင့်ဖြောင့် လူငယ်တယောက် ကိုယ်တုံးလုံး တက်လာပြီး ဟန်ရေးပြပြန်သဗျ။ မကြာပါဘူးဗျာ၊ ထိုင်းမလေး တယောက် ထိုနည်းလည်းကောင်း တက်လာပြီးဟန်ရေးပြပြန်တာပါပဲ။ ဟန်ရေးလည်းပြပြီးကြရော ဟန်ရေးထက်ပိုတာ ဆက်လုပ်ကြရောဆိုပါတော့ဗျာ။ လူပုံအလယ် တော်တော်ကို မျက်နှာပြောင်တိုက် တဲ့ အစီအစဉ် ပါလားဗျာ။ ဘာလုပ်ကြတယ် ဆိုတာတော့ ခင်ဗျားဘာသာ ဆက်ပြီး စဉ်းစားပေတော့ ဗျာ။ ကျနော်တော့ ပြောမထွက် တော့ဘူးဗျို့။ အင်း၊ ကြည့်နေရင်းနဲ့ နားထင် နားရင်းတွေတောင် ပူလာတော့တာပဲဗျာ။

ဘာတုန်းဗျ၊ ခင်ဗျားကြည့်ပုံက ကျနော်က မရိုးမသားစိတ်တွေ ဖြစ်နေတယ် ထင်လို့လား။ အဲဒီရှိုးပွဲအခန်းထဲမှာ ကျနော်တယောက်တည်းဗျ။ တိုနီက အပြင်မှာကျန်နေခဲ့တာ။ အမှန် ပြောရရင်

ဘာစိတ်မှ မပေါ် တဲ့အမြင် ကြည့်နေရင်း နည်းနည်းတော့ လန့်လာသလိုပဲဗျာ။ 'ဗျာ'၊ ဘာလို့ ငြိမ်ကြည့်နေသတုန်း၊ ဟုတ်လား။ ခက်ပါလား။ ကျနော်က ဘာမှန်းမသိသေးတော့ သူတို့ ဘာကို ရည်ရွယ်တယ်၊ ဘာကိုဆိုလိုတယ်ဆိုတာ သိချင်လို့ အစအဆုံးကြည့် နေတာပေါ့ဗျာ။ အစအဆုံးမကြည့်ပဲ ကိုယ်မကျွမ်းကျင်တဲ့ နေရာမှာ ထင်မြင်ချက် မပေး ကောင်းဘူးလေ။

အော်၊ ဇာတ်လမ်းကို နားမလည်ပဲ၊ ဘာမှ မသိပဲ၊ ထင်ရာမြင်ရာ စွတ်မပြောရဘူးဆိုတာ ကျနော့်မှာ သင်ခန်းစာရှိဖူးတယ်ဗျ။ ပထမအကြိမ် သင်ခန်းစာက မင်္ဂလာဒုံရုပ်ရှင်ရုံမှာ ရခဲ့တဲ့ သင်ခန်းစာပါပဲ။ ကျနော် ကျောင်းဆရာလုပ်နေတဲ့ ၁၉၈၀ ဝန်းကျင်နှစ်တွေတုန်းက မင်္ဂလာဒုံ တိုင်းခန်းမမှာ ရုံမတင်ရသေးတဲ့ ရုပ်ရှင်ကားအသစ်တွေ ပြတယ်ဗျ။ ဟုတ်တယ်။ တပ်တွင်း မိသားစုတွေအနေနဲ့ ရန်ကုန်မြို့လယ်ခေါင်ရုပ်ရှင်ရုံမှာ ဈေးကြီးပေးပြီး ဝယ်မကြည့်နိုင်ကြတာကြောင့် အထူးအခွင့်အရေးအနေနဲ့ ပြတယ်ထင်ပါရဲ့ဗျာ။ ဒါပေမယ့် တပ်တွင်းမိသားစု တင်မဟုတ်ပါဘူး။ ဘယ်သူလာကြည့်ကြည့် ကြည့်လို့ရပါတယ်။

တနေ့တော့ ရှစ်ဆယ့်ရှစ်အရေးအခင်းမှာ ပေါင်ကြားထဲက ပုဆိုးကို ထုတ်ခြင်းခတ် ကျည်ဆံဝင်ပြီး ကံကောင်းလို့ မသေခဲ့တဲ့ ကျနော့်လုပ်ဖော်ကိုင်ဖက် ကျောင်းဆရာ ကိုတင်မြင့်နဲ့ အဲဒီရုပ်ရှင်ရုံမှာ ဒါရိုက်တာဝင်းဖေရဲ့ နှင်းဆီနီအိပ်မက် ဇာတ်ကား၊ ရုံတင်တာနဲ့ သွားကြည့်ဖြစ်ကြတယ်ဗျာ။ ဖြစ်ချင်တော့ ကိုတင်မြင့်နဲ့အတူ အူလည်လည်ချာတိတ်တကောင် ပါလာသဗျာ။ ဒီချာတိတ်က ငါးတန်းလောက်နဲ့ ကျောင်းထွက်ပြီး လက်သမားလေးဘာလေး လိုက်လုပ်နေတာတဲ့ဗျာ။ ဒီကောင့်နာမည်က ကုလားတဲ့ဗျ။ တကယ့်ကုလားမဟုတ်ပါဘူးဗျာ။ အသားမဲလို့ ကုလားလို့ ခေါ်ကြတာပါ။ သူ့အကို အောင်တင်တို့၊ မောင်မောင်တင်တို့လည်း ကျနော်နဲ့ အသက်မတိမ်းမယိမ်း ကျနော့်သူငယ်ချင်းတွေပါပဲ။

မင်္ဂလာဒုံတိုင်းခန်းမထဲကို ကျနော်တို့ရောက်တော့ ရုပ်ရှင်ကပြနေပြီဗျ။ ကျနော်တို့ သုံးယောက်လည်း မှောင်ထဲမှာ ကိုယ့်နေရာကိုယ် ကြိုးစားရှာပြီး ပိတ်ကားပေါ်က ရုပ်ရှင်ကို ကြည့်လိုက်တော့ ဇာတ်လမ်းက ဆယ်မိနစ်စာလောက် ကျော်သွားပြီထင်ပါရဲ့။ ကျနော်လည်း ဇာတ်ကား အဆက်အစပ်ကို ကိုယ့်ဖာသာကိုယ် တွေးယူပြီး ဆက်ကြည့် နေလိုက်ပါတယ်။ ဇာတ်ကားက အိမ်ထောင်ရေးဇာတ်ကားဗျ။ စကားပြောခန်းတွေတော့ များတယ်။ ဒါရိုက်တာဝင်းဖေရဲ့ ရိုက်ချက်တွေ၊ စကားပြောတွေဆိုတော့ တရုံလုံးက ပရိသတ်ဟာ တုတ်တုတ်တောင် မလှုပ်ပဲ အသက်ရှူသံတောင် ကြားရလောက်အောင် စိတ်ဝင်တစားကြည့်နေတဲ့ အချိန်ပေါ့ဗျာ။ အဲဒီကားမှာ မေယုအတယ်ဒမီရတဲ့ အခန်းတွေမှာ စကားပြောပိုင်လွန်းလို့ ပရိသတ်က ပို့ပြီး ငြိမ်သက်နေကြသဗျ။ ကျနော်နဲ့ ကိုတင်မြင့်ကြားမှာ ထိုင်နေတဲ့ ကုလားကို ငဲ့ကြည့်လိုက်တော့ သူလည်း တုတ်တုတ်မလှုပ်ဘူးဗျ။ ကျနော့်စိတ်ထဲမှာ အော်၊ ကုလားလည်း ဒီလို အိမ်ထောင်ရေးအသားပေး ဇာတ်ကားတွေ ကြည့်တတ်သားပဲလို့ တွေးပြီး အထင်ကြီးနေမိသဗျ။

ဒါပေမယ့်ဗျာ၊ ရုပ်ရှင်ကားပြလို့ မိနစ်လေးဆယ်သာသာလောက်လည်း ရောက်ရော ကျနော့်ဘေးမှာ တချိန်လုံးငြိမ်ပြီး ရုပ်ရှင်ကြည့်နေတဲ့ ကုလားဟာ ဆက်ပြီးသည်းမခံနိုင်တော့တဲ့ အသံကျယ်ကြီးနဲ့ ဘာတွေ ပြနေတာလဲကွာဆိုပြီး ထအော်လိုက်တာ တရုံလုံးကို ဟိန်းထွက်သွားတော့တာပဲဗျာ။ သူ့ အသံကျယ်ကြီးကိုလည်းကြားရော ရုံထဲက ငြိမ်သက်စွာ အားပေးနေတဲ့ ပရိသတ်ဟာ အကြီးအကျယ် ပေါက်ကွဲပြီး ဟေ့၊ ဘယ်က အရူးလဲကွ။ မကြည့်တတ်ရင် ရုံထဲကထွက်ဆိုပြီး တခဲနက်မေတ္တာပို့ကြပါ လေရောဗျာ။ ကျနော်နဲ့ ကိုတင်မြင့်ဗျာ၊ ခေါင်းတောင်မဖော်ရဲဘူး။ အသာလေးကုပ်နေလိုက်ရတယ်။ ရုပ်ရှင်ပြီးလို့ ရုံပြင်ရောက်တော့မှ ကုလားရာ မင်းဘာဖြစ်လို့ ထအော်ရသလဲ

မေးမိတော့၊ ဟ၊ ဆရာတို့ကလည်း ဒီဇာတ်ကားက စကားတွေချည်းပြောနေတာ၊ လက်သီးထိုးခန်း၊ သေနတ်ပစ်ခန်း တွေလည်း တခန်းမှမပါပဲ လူတွေငြိမ်နေတာများ ကျနော် အံ့ဩလွန်းလို့တဲ့။ အော်၊ လက်စသတ်တော့ ကိုရွှေကုလားက ရုပ်ရှင်မှန်ရင် လက်သီးထိုးရမယ်၊ သေနတ်ပစ်ရမယ် အသေ တွက်ထားပေသကိုး။

ဒါတင်ဘယ်ဟုတ်သေးလဲဗျာ။ နောက်တကြိမ် အလားတူအဖြစ်မျိုး ကြုံခဲ့ဖူးသေးသဗျ။ ဒါလည်း ရုပ်ရှင်ရုံထဲမှာပါပဲ။ ဒီတခါပါလာတဲ့အဖော်က မောင်မောင်သန့်တဲ့။ သူက ကျနော် ကျိတ်အိုင်တက်တုန်းက သူငယ်ချင်းပါပဲ။ ကျနော်နဲ့စာရင် ငါးနှစ်ခြောက်နှစ်လောက် ငယ်ပါတယ်။ နှစ်ယောက်သား မြေနီကုန်း ညဈေးတန်းမှာ မူးနေအောင်သောက်ပြီး၊ ကိုယ်တော်ချောက အိမ်မပြန်ချင်သေးပါဘူး ရုပ်ရှင်ကြည့်ကြရအောင် နားပူတာနဲ့ ရတနာပုံရုပ်ရှင်ရုံထဲဝင်ပြီး ရုပ်ရှင်ကြည့်ဖြစ်ပါလေရော။ အဲဒီကားက အကယ်ဒမီမောင်တင်ဦးရဲ့ မမစိမ်း ဆိုတဲ့ကားဗျာ။ မင်းသားက ဇင်ဝိုင်း၊ မင်းသမီးက ခင်သန်းနုဆိုတာတော့ မှတ်မိနေတယ်။ ကျနော်တို့ဝင်သွားတော့ ထုံးစံအတိုင်း ရုပ်ရှင်ပြနေပါပြီ။ ရုပ်ရှင်က အချစ်ဇာတ်လမ်း ဖြစ်ပေမယ့် မောင်တင်ဦးရဲ့ လက်ရာဆိုတော့ ပရိသတ်က ငြိမ်ပြီး အာရုံကျနေတုန်း မောင်မောင်သန့်ဆိုတဲ့မောင်က မူးမူးနဲ့ 'ဘာတွေလဲကွာ၊ စကားများနေတာနဲ့ အချိန်ကုန်တယ်' ဆိုပြီး အသံကျယ်ကြီးနဲ့ ထအော် မြန်တာကြောင့် တရုံလုံး ဝိုင်းပြီး မေတ္တာပို့လိုက်ကြတာ သောက်ထားတဲ့ အရက်တောင် ဘယ်ရောက်သွားမှန်း မသိပါဘူးဗျာ။

အေးလေ၊ ကျနော်လည်း အဲသလို အတွေ့အကြုံမျိုး နှစ်ကြိမ်နှစ်ခါရှိထားလေတော့၊ ဘာမှန်း သေချာမသိသေးတဲ့ အဲဒီ ရှိုးပွဲကို ပွဲပြီးတဲ့အထိ အသံမထွက်ပဲ ငြိမ်ငြိမ်လေး ကြည့်နေလိုက်တယ်လေ။ အဲဒီရှိုးပွဲခေါ်မလား၊ ဟိုဒင်းပွဲခေါ်မလား၊ အဲဒီကနေအပြန်လမ်းမှာ တိုနီက 'ဘယ်နှယ့်လဲ၊ ကောင်းရဲ့လား' မေးတော့ ကျနော်လည်း အလိုက်သင့် တခါမှ မကြည့်ဖူးပါကြောင်း၊ ကောင်းလှပါကြောင်းလည်း ပြန်ပြောလိုက်ရော တိုနီက ဒီ့ထက်ကောင်းတာ ရှိသေးသတဲ့ဗျား။ အော်၊ သက်ခိုင်ပဲဗျာ။ အဖော်ကောင်း ဖုံ ငရဲပြည်ကို သုံးခေါက်လောက် အသွားအပြန်လုပ်ချင်တဲ့ ကောင်မို့ နောက်ညရှစ်နာရီလောက်မှာ ပိုရှိုထူးဆန်းသော နေရာကို တိုနီနဲ့အတူ ချီတက်ခဲ့ကြပြန်ပါတယ်။ ဘန်ကောက်မြို့ကိုအခုမှ တခေါက် ရောက်ဖူးတဲ့ ကျနော့်အဖို့ တိုနီဘယ်ကနေဘယ်ကို မောင်းနေတာဆိုတာ မသိပဲ နာရီဝက်လောက် အကြာမှာ တခုသော အဆောက်အဦကြီးထဲကို ရောက်ခဲ့ပြန်သဗျ။

ကျနော်တို့ရောက်သွားတာ အဲဒီအဆောက်အဦရဲ့ ဒုတိယထပ်ထင်ပါရဲ့။ ဝင်ကြေးပေးစရာ မလိုသေးတာနဲ့ တိုနီပါဝင်လိုက်သဗျ။ အထဲလည်းရောက်ရော အခန်းကျယ်အလွတ်ကြီးတခုထဲမှာ သီချင်းတီးလုံး အသံခပ်တိုးတိုး ကြားနေ ရတယ်ဗျာ။ အဲဒီခန်းမကျယ်ကြီးထဲကနေ တဆစ်ချိုးလည်းကွေ့ လိုက်ရော ဟိုက် ရှားလပတ်၊ မှန်အလုံပိတ်ထားတဲ့ အခန်းထဲမှာ လှပျိုမြှုလေးတွေပါလားဗျာ။ အဲဒီ မှန်လုံခန်းထဲမှာ အဝါရောင် ဝမ်းဆက်ဆင်တူဝတ်စုံတွေနဲ့ ထိုင်းမလေးတွေ အယောက်တရာလောက်ကို ရှိမယ်ထင်ပါရဲ့ဗျာ။ အခန်းထဲမှာ လှေခါးထစ်ပုံစံလုပ်ထားပြီး ထိုင်းမလေးတွေဟာ ထိုင်ရင်းတသွယ်၊ ရပ်ရင်းတဖုံ နည်းမျိုးစုံနဲ့ အလှပြနေကြလေရဲ့ဗျာ။ နေဦး၊ မှန်ခန်းအပြင်မှာ ကျနော်နဲ့ တိုနီတင် မဟုတ်ဘူးဗျ။ မျက်နှာဖြူ ပုရိသ ပရိသတ်ဆယ်ယောက်လောက်လည်း မှန်ခန်းထဲကို နွားပွဲမှာ နွား ရွေးသလို စိတ်ဝင်တစား ရှုစားနေကြလေရဲ့ဗျာ။ နောက်တော့ လူမိုက်ရုပ်ပေါက်နေတဲ့ ဝန်ထမ်း တော်တော်များများလည်း အသင့်အနေအထားနဲ့ တွေ့နေရတယ်။

မြို့ရောက်တောသား ကျနော်လည်း အူကြောင်ကြောင်နဲ့ကြည့်နေလိုက်တာ အေးက တိုနီက လက်တို့ပြီး မင်းကြိုက်တာရွေး၊ ခေါ်လာတရာပဲ ဆိုတော့မှ အရိပ်အကဲနားလည်တော့သဗျာ။ ကျနော် သိလိုက်ပါပြီ။ ဒီနေရာကို ဝင်လာပြီးမှ မဝယ်ချင်သေးဘူး ပြောပြီး ပြန်ထွက်လာလို့ရတဲ့ နေရာမျိုး

ဟုတ်ဟန်မတူပါဘူး။ ကျနော်လည်း ဟန်မပျက် ချော်လဲရောထိုင်ပြီး မြန်မာ့သတ္တိကိုပြဖို့ မှန်ခန်းထဲမှာ ရှိနေတဲ့ မိန်းကလေးတွေထဲက တယောက်ယောက်ကို ရွေးရပါတော့တယ်။

အင်း၊ အဝတ်အစားကြောင့်လား၊ လိမ်းချယ်ထားတဲ့ မိတ်ကပ်တွေကြောင့်လား၊ ကျနော်ကပဲ တုံးလွန်းနေသလားလို့ မပြောတတ်တော့ဘူးဗျို့။ ကျနော့်မျက်စေ့ထဲတော့ မှန်ခန်းထဲက ထိုင်းဗျိုဖြူ အားလုံးဟာ အားလုံးလှနေတော့တာပါပဲ။

ဩော်၊ ဒါကြောင့်လည်း နတ်မိမယ်တို့ ပျော်စံရာလို့ ခေါ်ဝေါ်သမှု ပြုကြတယ်ထင်ပါရဲ့။ ဆယ့်ငါး မိနစ်လောက်လည်း သေသေချာချာ စေ့စေ့စပ်စပ်ကြည့်ပြီးရော ကျနော်ဟာ အလှဆုံးလို့ ထင်ရတဲ့ မိန်းမပျိုလေးကို ရွေးလိုက်ပါတော့တယ်။ ရွေးပြီးတော့ ငေါ်လာတစ်ရာကို ကောင်တာမှာ သွားရှင်းလိုက်တဲ့အခါ ကျနော်နဲ့ ထိုင်းမလေးကို အဲဒီအဆောက်အဦရဲ့ ခြောက်ထပ်မြောက်အခန်းကို လူမိုက်ရုပ်ပေါက်နေတဲ့ ထိုင်းတယောက်က လိုက်ပို့ပါလေရောဗျာ။ ဘုရားစူးပါစေ့ဗျာ။ အဲဒီစိတ်နဲ့ လျှောက်လုပ်နေတာမဟုတ်ရပါဘူး။ ပေါက်တဲ့ နဖူးထူးမှ မထူးတော့တာ။ ခြောက်ထပ်မြောက်က တခုသော အခန်းထဲလည်း ရောက်ရော အဲဒီထိုင်းမလေးက ဘာမပြောညာမပြော သူ့အဝတ်အစားတွေကို ချွတ်လည်းချွတ်ချလိုက်ရော လူပါးပုလင်းထိမှန်း သိတော့တာပဲဗျာ။ လက်စသတ်တော့ မယ်မင်းကြီး မတွေက မှန်ခန်းထဲမှာ မီးစုန်းခတ်ပါတဲ့ မီးရောင်ထိုးထားလို့၊ မျက်နှာတခုတည်းကွက်ပြီး အလှချယ် ထားလို့ ပြိုင်သူရှုံး နှုန်းဖက်မတူအောင် လှနေကြတာကိုး။ သူ့ကိုသေချာ ကြည့်လိုက်တော့မှ မွဲခြောက် ခြောက် အသားအရည်နဲ့၊ ကျနော့်စိတ်ထဲ ဝဲခြောက်တွေလိုလိုတောင် ဖါသေး ထင်ပါရဲ့ဗျာ။

ဘယ်နှယ့်ဗျာ၊ ရန်ကုန်မှာ သူ့ထက် အဆရာထောင်သာတဲ့ ဒိတ်ဆိုတဲ့ မိန်းမလှတွေနဲ့ တွဲလာ တာဆိုတော့ တော်တော်ကို စိတ်ကုန်စရာပါပဲဗျာ။ နောက်ဆုံးတော့ သူရေချိုးပေးတာ နှိပ်နယ်ပေးတာ ဘာညာသာရကာတွေ ဆက်သာလုပ်နေရတယ် စိတ်ထဲမှာတော့ ဖွယ်တယ်တယ် ပါပဲဗျာ။ ဘာဗျ။ ကွန်ဒုံးပါလား။ ကျနော် အဲသလောက် မတုံးပါဘူးဗျာ။ ပေါက်ပေါက်ရှာရှာတွေ လျှောက်မမေးနဲ့လေ ဗျာ။ တခါတလေ အလိုက်သိစမ်းပါဗျ။ နောက်နေ့တွေမှာတော့ နတ်မောက်သားလူလည်တယောက် ကိုနှိ့အကူအညီ မလိုတော့ပါဘူး။ ကိုယ့်အစွမ်းကိုယ့်အစနဲ့ပဲ ဘန်ကောက်နဲ့ မလှမ်းမကမ်းက ပတ်တယားဆိုတဲ့ ကမ်းခြေကို ရောက်ခဲ့ပြန်ပါတယ်။ ပတ်တယားဆိုတဲ့ ကမ်းခြေဟာလည်း ကျနော်လို တောသားအဖို့ နတ်ဘုံနတ်နန်းလိုပါပဲဗျာ။ ဖြစ်ချင်တော့ ပေါက်ပေါက်ရှာရှာ ကြုံရပြန်ရောဗျို့။ ကျနော် က တည်းခိုခန်းတခုမှာ အခန်းငှားပြီး တခုခုသောက်ရအောင် ကမ်းခြေဖက်ကို လျှောက်လာတော့ ထိုင်းငနဲတကောင်က ကျနော့်ကိုလမ်းပြ 'Guide'လိုသလား မေးပါလေရောဗျာ။ အသက်က ခပ်ငယ် ငယ်ပါဗျာ။ ရှိလှ နှစ်ဆယ်ကျော်ပေါ့။

ကျနော်လည်း အဆင့်သင့်လေခြင်းဆိုပြီး တနေ့ကိုသုံးရာနှုန်းနဲ့ ဈေးတည့်ရာကနေ အတူတူ သောက်ဖြစ်စားဖြစ်ရော ဆိုပါတော့။ နှစ်ယောက်စလုံး လက်ရည်ညီညီသောက်လိုက်ကြတာ ညနေ ခြောက်နာရီဝန်းကျင်လောက်လည်း ရှိရော၊ သူက ကျနော့်ကို ဘယ်မှာတည်းသလဲ၊ အခန်းကိုပြန်ကြ မယ်၊ သူပါလိုက်ခဲ့မယ်ဆိုတာနဲ့ ပြန်လာခဲ့ကြရောဗျာ။ အခန်းထဲလည်း ရောက်ရော သူ့အမူအရာက နည်းနည်း ထူးခြားလာတယ်ဗျ။ ကျနော့်မတော်ရာကို တောင်ကိုင်မြောက်ကိုင်လုပ်ပါလေရော။ ကျနော် က ဒီကောင်မူးနေလို့ ဖြစ်မှာပါလို့ တွေးနေတုန်း သူ့အပေါ် အကျီကိုလည်း ချွတ်လိုက်ရော ကျနော် မျက်လုံးပြူးရတော့တာပဲဗျို့။ လား၊ လား၊ သူ့ ရင်ပတ်က ရင်သားတွေဟာ ယောကျ်ားတန်မယ့် တော်တော်ကြီးနေတာပါကလား။ သေချာကြည့်လေ ဂုံညင်းဒိုးသာသာလောက် ဝိုင်းစက်နေတဲ့ သူ့ ရင်သားတွေက ထင်ရှားလေပဲဗျာ။ သောက်ကျိုးနည်း၊ လက်စသတ်တော့ ဒီမောင် မိန်းမရှာ 'ဂေး'ပဲ။ ဂေးအခွင့်အရေးတို့ ဘာတို့လည်း ကျနော်ကြားဘူးပေမယ့် ဒါမျိုးတော့ မနှစ်မြို့လှဘူးဗျာ။ ဒါနဲ့ကျနော်

လည်း သူမဟုတ်တမ်းတရား မလုပ်နိုင်ခင် သူ့ရင်ဘတ်ကိုဆောင့်တွန်းပြီး အခန်းအပြင်ထွက်ခိုင်းလိုက်ရပါတော့တယ်။

ပတ်တယားမှာ တညအိပ်၊ ဘန်ကောက်ကိုပြန်လာခဲ့ပြီး နောက်တရက်မှာ အာယုဒ္ဓယဘက်ကို တက္ကစီတစီး ပုတ်ပြတ်ငှားပြီး ခြေဦးလှည့်ခဲ့ပြန်ပါတယ်။ ငွေရေးကြေးရေးလား၊ ဘာမှပူစရာမရှိတဲ့ နှိန်ပေါ့ဗျာ။ အာယုဒ္ဓယကို ရောက်တော့ လူတိုင်းသိပြီးတဲ့အတိုင်း ရှေးမြန်မာဘုရင်တွေ တိုက်ပွဲဖြစ်တုန်းက ဖျက်စွမ်းပြီထားတဲ့ ဘုရားပျက်တွေ စေတီပျက်တွေပဲတွေ့ရတာပါပဲ။

ထူးခြားတာက အဝင်လမ်းမကြီးရဲ့ ညာဘက်က နန်းတော်လိုလို၊ ဘုန်းကြီးကျောင်းလိုလို အဆောက်အဦတွေက ပြန်ပြီး မွမ်းမံထားပေမယ့် လက်ဝဲဘက် တလျှောက်က ဘုရားဆင်းတုတော်တွေရော၊ စေတီတွေပါ မီးတိုက် ရိုက်ချိုးဖျက်ဆီးထား တာကို နောင်လာနောင်သားများကြည့်ရှုနိုင်ရန် ရှေးမူမပျက် ထိန်းသိမ်းထားကြလေရဲ့ဗျာ။ အင်း၊ စစ်ဆိုရင် ဘယ်စစ်မှ မကောင်းတာ သွားသတိရမိသဗျ။ စစ်ဆိုတာမျိုးဟာ ရန်ငြိုးရန်စတွေ၊ ပြာပုံတွေ၊ မျက်ရည်တွေကိုပဲ ချန်ထားခဲ့တတ်ကြတာမျိုးမဟုတ်လား။

ဘန်ကောက်မှာ နောက်ထပ်နေတဲ့ နှစ်ရက်မှာတော့၊ အန်တီဆယ်နဲ့အတူ မြဘုရားဖူး၊ ဆောက်လက်စဘိုင်ယုတ် ဟိုတယ် ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို အန်တီဆယ့် အဆက်အသွယ်နဲ့ ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့်လုပ်ရုံက လွဲလို့ဘာမှ ကျနော် မလေ့လာဖြစ်ခဲ့ပါဘူး။

စုစုပေါင်းကိုးရက်လောက်ကြာတော့ အန်တီဆယ်က နက်ဖြန်ပြန်မယ်လို့ ဖုန်း ဆက်လာပါတယ်။ ဒါနဲ့ကျနော်လည်း အိပ်ကပ်ထဲက လက်ကျန်ငွေကို ဝယ်စရာရှိတာ ဝယ်၊ ဖြုန်းစရာ ရှိတာဖြုန်းပြီး နောက်နေ့မနက်မှာ လေဆိပ်ကိုထွက်ဖို့အဆင့်သင့်ဖြစ်နေတုန်း အန်တီဆယ်ဆီက ဖုန်းဝင်လာပြန်ပါတယ်။ လေယာဉ်ခရီးစဉ် ဖျက်သိမ်းသတဲ့ဗျာ။ အေးဗျာ၊ အဲဒါမှ ချောက်ကျတာပါပဲဗျို့။ ပါလာသမျှ ပိုက်ဆံ သူ့ဒွေးသုံး သုံးလိုက်ပြီဆိုတော့ နောက်ထပ်နေရမဲ့ တရက်အတွက် ကျနော့် အိတ်ကပ်ထဲမှာ ဘတ်အကြွေတွေပဲ ကျန်တော့တယ်လေ။

အန်တီဆယ့်ဆီ သွားတောင်းရင်ရပေမယ့် ကိုယ့်အပြစ်နဲ့ကိုယ် တရက်စာတော့ ဒုက္ခခံလိုက်မဟဲ့ ဆိုပြီး မနက်စာကို ဟိုတယ်မှာစား၊ နေ့လည်စာကို ဘတ်အကြွေ လေးဆယ်နဲ့ ကွတ်တီယို(ထိုင်းမုန့်ဟင်းခါး) ဝယ်စားပြီး ဟိုတယ်ဘက် လမ်းလျှောက်ပြန်လာတော့ ကိုရွှေတိုနီက မိုးပျံ တံတားတိုင်ကြီးအောက်ကနေ ကျနော့်ကို လှမ်းခေါ် သဗျာ။ တနင်္ဂနွေနေ့မို့ သူကားမထွက်ပဲ နားတာကြောင့် ကျုပ်ကို ဘီယာ အတင်းတိုက်ပြီး ဧည့်ခံသဗျ။ ညစာလား။ တိုနီကောင်းမှုနဲ့ပဲ မန္တရာဟိုတယ်ရဲ့နောက်ဘက်မှာရှိတဲ့ သူ့အပေါင်းအသင်း ကားဒရိုင်ဘာတွေ သောက်ပွဲစားပွဲ လုပ်နေတဲ့နေရာကို ခွတ်ခေါ် ပြီး ဧည့်ခံပြန်တာကြောင့် ညစာ ကိစ္စငြိမ်းပြန်ရောဗျာ။ အလကားတော့ စားခဲ့သောက်ခဲ့တာ မဟုတ်ပါဘူးဗျာ။ သူတို့ ဝါသနာပါတဲ့ လက္ခဏာလေးဘာလေး ကြည့်ပေးရင်းပေါ့။

ဗျာ၊ ကျနော်လက္ခဏာ ကြည့်တတ်သလား။ ကြုံကြုံဖန်ဖန်ဗျာ။ အာယုလေခ၊ ဉာဏလေခ၊ ဟဒယလေခ တို့ ဘာတို့လောက်သာ နည်းနည်းပါးပါး ကြည့်တတ်ပြီး ဥပမိရှုပ်ကြည့် ဖြီးရဖြန်းရတာပေါ့။ ဒီလူမျိုးက တယ်လည်း ဒါမျိုးကို အထုံဝါသနာကြီးသကိုး။ လျှောက်ဖြီးနေတာကိုပဲ ညတစ်နာရီထိုးတဲ့အထိ ဟိုလူက လက်ဝါးလာဖြန့်လိုက်၊ ဒီလူက လက်ဝါးလက်ဖြန့်လိုက်နဲ့ ဗေဒင်ဆရာ လက်မလည်ဘူး။ အော်၊ ထိုင်းလို ဘယ်ပြော တတ်မလဲဗျ။ ဘိုလိုတတ်သလောက် ပြောတာကို တိုနီက ဘာသာပြန်ပေါ့။

နောက်တနေ့နေ့လည်မှာ ကျနော် ဘန်ကောက်ကနေ ရန်ကုန်ကို ပြန်ခဲ့ပါတယ်။ ရန်ကုန်မှာ ကျနော့်လည်ပင်းကို စွပ်မယ့် ကြိုးကွင်းက အဆင့်သင့် စောင့်ကြိုနေပါတယ်။ ဟုတ်ပါတယ်။ ကျနော့် အောင်မြင်မှုတွေကို ပြည်ဖုံးကားချမဲ့ ကြိုးမိန့်ဆိုပါတော့။

■

## အခန်း (၈၃)

# ပျံလေတဲ့ငှက်ခါး

ဘန်ကောက်က ပြန်ရောက်ပြီး နောက်နေ့မှာ ကျနော်ရုံးတက်တော့ ထူးထူးဆန်းဆန်း မန်နေဂျာ ဦးဝင်းဖေ တယောက် ရုံးမတက်ဘူးဗျ။ ဟုတ်တယ်ဗျာ။ ကျနော့်ဝန်ထမ်းတွေထဲမှာ ဦးဝင်းဖေ ဆိုတဲ့ ပုဂ္ဂိုလ်က နည်းနည်းတော့ ဆန်းတယ်ပြောရမယ်။ ဦးဝင်းဖေဟာ အသက်ခြောက်ဆယ် ကျော်နေပါပြီ။ သူ့သားအကြီးဆုံးတောင် ရန်ကုန်စည်ပင်သာယာရေး ကော်မီတီမှာ အရာရှိ အဆင့်ဖြစ်နေပြီလို့ဆိုပါတယ်။ နေဦးဗျ၊ သူ့သားအလတ်ကောင်လည်း မြန်မာ့အသံမှာ လုပ်တယ်လို့ပြောဖူးတယ်။ ဦးဝင်းဖေဟာ ဝန်ထမ်းဘဝက ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံးမှာ အလုပ်လုပ်ခဲ့ဖူးသတဲ့။ သူဟာ အရွယ်ကောင်းတုန်းက ကျနော့်လို ခပ်ရှုပ်ရှုပ် ခပ်ပွေပွေ ထင်ပါရဲ့။ အခုလည်း ပထမဇနီး ဆုံးသွားပြီးတဲ့နောက် ဒုတိယအိမ်ထောင်နဲ့ နေရာကနေ အိမ်မှာနေရတာ ပျင်းလှချည့်ရဲ့၊ လစာဘယ်လောက်ပဲ ရရ အလုပ်တခု လက်ဆုပ်လက်ကိုင်ပြချင်လို့ပါ ဆိုပြီး မစ္စတာ စီကူးမားအဆက်အသွယ်နဲ့ ကျနော့်ရုံးခန်းကို ရောက်လာရော ဆိုပါတော့ဗျာ။

ဦးဝင်းဖေရဲ့ အကောင်းဆုံး အရည်အချင်းကတော့ ပါးရည်နပ်ရည်ရှိခြင်းနဲ့ ကျနော့်အထာကို ကောင်းကောင်းနပ်ခြင်း ပါပဲဗျာ။ အဲ၊ နောက်တချက်က သူဟာ အိမ်မှာ ထိုင်မနေချင်တဲ့သူမို့ ရုံးတက်ဘလွန်မှန်ပါတယ်။ ကျနော်ဆိုတဲ့ ကောင်ကလဲ ဆိုးချင်သလောက်ဆိုး မိုက်ချင်သလောက်မိုက် အလိုက်သိရင် တော်ပြီဆိုတဲ့ လူစားမျိုးဆိုတော့ ဦးဝင်းဖေလို လူမျိုးကို သူနဲ့ သင့်တော်ရာမှာသုံးနိုင်တယ်လို့ ယုံကြည်တာကြောင့် လက်ခံထားတဲ့ သဘောလည်း ပါပါတယ်။ ဦးဝင်းဖေရဲ့ အဆိုးဆုံး အချက်ကတော့ အသက်ခြောက်ဆယ်သာ ကျော်တယ်၊ မိန်းမကိစ္စ မကင်းချင်သေးဘူးဗျာ။ ကျနော် လစ်ရင် လစ်သလို အဲဒီကိစ္စမျိုးတွေ ရှုပ်တတ်တယ်။ နောက်တချက်က တကယ့်ကို အပေါင်းအသင်းစုံတဲ့လူဗျာ။ သတင်းစာဆရာကြီးဦးသာဘန်းတို့၊ မြန်မာသံအဆိုတော် ကေတုဝင်းထွဋ်တို့လည်း တခါတခါ ရုံးကိုပေါ်လာတတ်လေရဲ့။ ဦးဝင်းဖေနဲ့အတွဲဆုံးကတော့ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကနေ အငြိမ်းစားယူလာတဲ့ ဦးချစ်ဝေ ဆိုတဲ့ ပုဂ္ဂိုလ်ဗျ။ ဦးချစ်ဝေလည်း အသက်ခြောက်ဆယ်ကျော် မူဆလင်အဘိုးကြီးပဲ

ဗျ။ သူကြည့်ရတာ မူဆလင်ပုံ မပေါက်ပါဘူးဗျာ။ တကယ့် ဗမာရုပ်ပါပဲ။ အဲဒီဦးချစ်ဝေကတော့ တကယ့်ကို လူအေးဗျာ။ သူဟာ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှာ ဆရာဦးသော်ကောင်းတို့၊ ဆရာဇော်ဂျီတို့နဲ့ အလုပ်တွဲလုပ်ခဲ့ဖူးသတဲ့။ ဩော်၊ ခင်ဗျား မှတ်မိလား။ ကျနော့်ကို ဆူးလေဘုရားလမ်းက ဒေါ်ရိတ်ကြီး အသုပ်စုံဆိုင်မှာ ရုပ်ရှင်မင်းသားကြီးမြတ်လေးနဲ့ မိတ်ဆက်ပေးတဲ့ ဦးချစ်ဝေဆိုတာ သူပေါ့ဗျ။

တခါတခါလောကကြီးက အဆန်းသားဗျာ။ ဦးချစ်ဝေလို ခပ်အေးအေးခပ်ကုပ်ကုပ်နေတတ်သူနဲ့ ဦးဝင်းဖေလို ခပ်ရှုပ်ရှုပ်အဘိုးကြီးနှစ်ယောက် နှစ်ပေါင်းများစွာ အချစ်ဆုံးသူငယ်ချင်းတွေအဖြစ် တွဲနေနိုင်တာ ကျနော့်ဖြင့် အံ့ဩလို့ မဆုံးဘူး။ တကယ်ဆို ဦးဝင်းဖေက မူးလာပြီဆိုရင် ရစ်စရာလူ လျှောက်ရှာတတ်တဲ့လူမျိုးဗျ။ ကျနော်ကလည်း အသောက်သမားဆိုတော့ သူတို့နဲ့ တွဲသောက်ဖူးတဲ့ အကြိမ်ပေါင်း မနည်းတာမို့ ဦးဝင်းဖေစရိုက်ကို ကျနော်ကောင်းကောင်း သိနေတယ်။ သူက မူးလာရင် ကျနော့်ကိုသာ နတ်နေကိုင်းအနေနဲ့ ချန်ထားတာ၊ ကျန်တဲ့သူ အကုန်ရစ်ပဲ။ သူရစ်တာ အခံရဆုံးကတော့ ထုံးစံအတိုင်း ဦးချစ်ဝေပေါ့ဗျာ။ ဦးဝင်းဖေက မူးလာတာနဲ့ ဦးချစ်ဝေကို သူကိုးကွယ်တဲ့ ဘာသာပါ မချန် စွတ်ရစ်တတ်တဲ့သူဗျ။ တခါတခါများ ဦးချစ်ဝေခမျာ ဦးဝင်းဖေရစ်လို့ မျက်ရည်ကျရတာမျိုးတောင် ရှိလေရဲ့။ သူတို့နှစ်ယောက်က မတည့်လည်း တရက်နှစ်ရက်ပဲဗျာ။ လူကြီးတွေသာဆိုတယ်၊ ကလေးတွေလို ခုစိတ်ကောက်လိုက်၊ အခုပြန်ခေါ်လိုက်နဲ့ ဘေးက အမြင်မတော်လို့ ဝင်ပြီးဖြန်ဖြေမိတဲ့သူသာ မျက်နှာပျက်ကျန်ရစ်ရော ဆိုတဲ့ အတွဲပါပဲဗျာ။

အမယ်၊ သတိရတုန်းမို့ပြောရဦးမယ်။ ဦးဝင်းဖေ အပေါင်းအသင်းစုံတဲ့နေရာမှာ သူအသက်နှစ်ဆယ်ကျော်လောက်က ဆရာကြီး သခင်ကိုယ်တော်မှိုင်းကိုတောင် အလုပ်ရှာပေးဖို့ နားပူခဲ့ဖူးသတဲ့ဗျာ။ ကျနော်လည်း မယုံတဝက် ယုံတဝက်နဲ့ 'ဆရာဖေ၊ ဟုတ်မှလည်းလုပ်ပါဗျာ' လို့လည်း ပြောမိရော၊ နောက်နေ့မှာ ဦးဝင်းဖေဟာ သူ့မှတ်စုစာအုပ်ကြားထဲမှာ တရိုတသေ သိမ်းထားတဲ့ ဗလာစာရွက်လေး တရွက်ပေါ်မှာ ရေးထားတဲ့ စာလေးတစောင် ယူလာပြသဗျာ။

'ရော့၊ ဆရာသက်၊ ဖတ်ကြည့်ပါ' ဆိုလို့ ကျနော်ဖတ်ကြည့်လိုက်တော့ လူတယောက်ဆီကို ဆရာသခင်ကိုယ်တော်မှိုင်းဆိုတဲ့ လက်မှတ်နဲ့ အလုပ်တနေရာ ကူညီရှာဖွေပေးဖို့ အကူအညီတောင်းတဲ့ စာဗျ။ လက်ရေးက ခပ်ရှည်မျောမျော၊ ဖောင်တိန်မင်အပြာနဲ့ ရေးထားတာဗျာ။ ကျနော်လည်း ဦးဝင်းဖေ လို လူရှုပ်တယောက်ကို တနိုင်ငံလုံး ကလေးစားရတဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းလို လူမျိုးက ထောက်ခံစာ ရေးပေးတယ်ဆိုတာ အံ့ဩလွန်းလို့

'ဟား၊ ဆရာဖေ၊ ဒီစာဟာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရေးတာလား' ဆိုတော့ သူ က တည်တည်ငြိမ်ငြိမ်ပဲ

'ဟုတ်တယ်၊ ဆရာသက်ရ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ရေကျော်ဘက်မှာ နေဖူးတယ်။ ကျနော်ကလည်း ရေကျော်သားဆိုတော့ ကျနော့်ဦးလေးတယောက်အဆက်အသွယ်နဲ့ ဆရာကြီးဆီက နေ ထောက်ခံစာရအောင် တောင်းခဲ့ဖူးတာ၊ ဆရာသက် မယုံရင် ဆရာကြီး လက်ရေးမြင်ဖူးတဲ့သူ တယောက်ယောက်ကို ပြကြည့်ပေတော့'တဲ့ဗျာ။ အမယ်၊ ဒီစာကို ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရေးပေးလိုက်တာ မှန်ပါတယ်ဆိုတဲ့အကြောင်း ဦးချစ်ဝေကလည်း ထောက်ခံသဗျာ။ ကျနော် သေချာအောင် အခေါက်ပေါင်းများစွာ ပြန်ဖတ်ကြည့်တော့ ထူးခြားချက်တခုက အဲဒီစာဟာ အလုပ်တခုခန့်ပေးဖို့ရေးထားပေမယ့် သာမန်သူလိုငါလိုလူရေးထားတာမျိုးမဟုတ်ပဲ နဘေတွေကာရန်တွေ ပါနေသဗျာ။ ကျနော်လည်း အဲဒီစာလေးကို တရိုတသေသိမ်းထားရင်း၊ ကဗျာအတိုအစတွေ တောင်စပ်

မြောက်စပ်လုပ်နေတဲ့ ဂျီတီအိုင်ဆင်း၊ ကျနော့်တူတော်မောင် မျိုးမင်းနိုင် လိုချင်လှချည့်ရဲ့ဆိုလို့ ပေးလိုက်ရသဗျာ။

အဲဒီ ဦးဝင်းဖေက ရှီးမပျက်စဖူး အပျက်ထူးနေတာကြောင့် တခုခုတော့ ထူးနေပြီလို့ ထင်လိုက်မိပါတယ်။ နေ့လည်ထမင်းစားချိန်လည်း ရောက်ရော ကိုမြင့်ဒွေးက 'ဆရာသက်၊ ဒါအန်တီဆယ့် ဘီလပ်မြေတွေ ရောင်းထားတဲ့ စာရင်း'ဆိုပြီး စာရွက်တရွက် လာထိုးပေးသဗျ။ ကျနော်လည်း ဖတ်တရက်ဆိုတော့ ကိုယ့်နားကို မယုံနိုင်အောင် ဖြစ်သွားသဗျာ။ ဒါနဲ့ ကိုမြင့်ဒွေးကို သေချာထိုင်ခိုင်းပြီး အကျိုးအကြောင်း မေးလိုက်တော့ မစ္စတာ စီကူးမားရဲ့ ဆုံးဖြတ်ချက်နဲ့ အန်တီဆယ် အပ်ထားတဲ့ ဘီလပ်မြေတွေကို ရောင်းပစ်လိုက်ကြပြီတဲ့ဗျာ။

ကျနော့်စိတ်ထဲမှာ ကမ္ဘာမြေကြီးနဲ့ မိုးကောင်းကင် ဇောက်ထိုးမိုးမျှော် ကပြောင်းကပြန် ဖြစ်ကုန်တယ်လို့ကို ခံစားလိုက်ရပါတော့တယ်။ ဒီပြဿနာဟာ မီးခိုးကြွက်လျှောက်သလို နောက်ဆက်တွဲ ပြဿနာတွေ တပြုံကြီး ပေါ် လာတော့မယ်ဆိုတာ ချက်ချင်း သိလိုက်တယ်ဗျာ။ ကျနော်က စီကူးမားကို ချက်ချင်းခေါ် လိုက်ပြီး

'ခင်ဗျား ဘာကြောင့် ဒီလိုလုပ်လိုက်ရတာလဲ'လို့လည်း သေချာမေးရော၊ သူ့ အတိတ်မေ့သလိုလို၊ ထိလက်မှတ် ပျောက်သလိုလို ယောင်ဝါးဝါး လုပ်နေပါလေရောဗျာ။ သူ့အကြောင်းပြချက်က အဲဒီ ဘီလပ်မြေအိတ်တွေရောင်းပြီး ကုမ္ပဏီမှာ လိုအပ်တာတွေ ဝယ်လိုက်ခြမ်းလိုက်ပြီး တချို့ကို ကုမ္ပဏီပေးရန်ရှိတဲ့ အကြွေးတွေ ဆပ်လိုက်ဆိုပဲ။ ကျနော် ဒေါသထွက်လွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး။ ကျနော် ရန်ကုန်မှာမရှိတုန်း စီကူးမားပါဝါပြချင်ဇောနဲ့ ဘီလပ်မြေအိတ်တွေ ထုတ်ရောင်းလိုက်ရင် ဒုက္ခလို့ တွေးပူမိတာကြောင့် 'ဒီဘီလပ်မြေတွေဟာ ကျနော်တို့ပိုင်တာ မဟုတ်ဘူးနော်။ အန်တီဆယ် ခဏ အပ်ထားတာပါ' လို့ ဖုန်းအကြိမ်ကြိမ် ဆက်ခဲ့ပါသဗျာ။ အဲဒီကြားထဲကကို ကိုယ်တော်ချောက ရောင်းဖြစ်အောင် ရောင်းလိုက်သတဲ့ဗျာ။

အင်း၊ ကြိုဟ်ဆိုးကတော့ အဖော်အပေါင်းနဲ့ ဝင်ပြီပေါ့ဗျာ။ ဒီလူဘာကြောင့် ဒီလိုလုပ်ခဲ့တယ်ဆိုတာ ဒီနေ့အထိ ကျနော့်အဖြေရှာလို့ မရသေးဘူးဗျာ။ တကယ်ဆို ကုမ္ပဏီမှာ အကြွေးပူဆိုလို့ ထူးထူးခြားခြား ရှိလှတယ်လည်း မဟုတ်၊ ကျနော် ဘန်ကောက်ကိုသွားတာလည်း ခဏတဖြုတ်ပြောလို့ ရတဲ့ ဆယ်ရက်ပါပဲဗျာ။ ကျနော် ကောက်ချက်ဆွဲလို့ရတဲ့ အချက်ကတော့ စီကူးမားဟာ ကျနော် လူရာဝင်နေတာကို မရှုစိမ့်နိုင်လွန်းလို့ ကျနော်ကို သိက္ခာကျရာကျကြောင်း တချက်တည်း နောက်ကောက်ကျအောင် အလဲထိုးလိုက်တာဆိုတဲ့ အချက်ပါပဲ။ ခန့်မှန်းကြည့်ရတာ ကျနော် နောက်ကောက်ကျသွားရင် ကျနော့်နေရာကို သူဝင်နိုင်မယ်လို့ ယုံကြည်မျှော်လင့်ပုံပါပဲ။ တကယ်တော့ သူဒီလိုလုပ်လိုက်တာဟာ ဘယ်ဘက်ကကြည့်ကြည့် ဘာကောင်းကွက်မှမရှိပဲ၊ သူ့ဘဝ နစ်မွန်းဖို့အတွက် သူကိုယ်တိုင် ဖော်လိုက်တဲ့ ဆေးပါပဲ။ ဒါတင်ဘယ်ကမလဲ။ သူနဲ့ကျနော် ကမ္ဘာရန် ဖြစ်လာအောင် ဖန်တီးခဲ့တဲ့ လုပ်ရပ်တခုပါပဲ။

စီကူးမားကြည့်ရတာ သူလုပ်လိုက်တဲ့ အလုပ်ရဲ့နောက်ဆက်တွဲကို မှန်မှန်ကန်ကန် ခန့်မှန်းတတ်ပုံ မရပါဘူး။ သူလုပ်တဲ့ အလုပ်ဟာ မမှားဘူးဆိုတဲ့ မျက်နှာပေးနဲ့ ခပ်အေးအေးပါပဲ။ အမှန်တော့ မျက်ကန်းတစ္ဆေမကြောက်ဆိုတာ ဒီနေရာမှာ သုံးရမယ့် စကားပါပဲဗျာ။ အဲဒီအချိန်က မြန်မာပြည် စီးပွားရေးဈေးကွက်ရဲ့ အထာကို သူသိတယ်ဆိုတာဟာ မှုကြိုအဆင့်လောက်ပဲ ရှိပါလိမ့်မယ်။ တကယ်တော့ စီးပွားရေးလောကမှာ ယုံကြည်မှုဟာ အသက်တမျှအရေးကြီးပါတယ်။ ယုံကြည်မှု ပျက်ပြားသွားရင် ဘာအလုပ်မှ ဆက်လုပ်လို့မရတတ်တာမျိုးပါ။ ကြိုလ်ဆိုး ဝင်ပြီပေါ့ဗျာ။ မှန်ရာကို ပြောရရင် ဒီပြဿနာကို ကျနော်ဘယ်လိုရှင်းရမလဲဆိုတာ ကျနော် မသိတော့ပါဘူး။ ဒီနေရာမှာ ခင်ဗျား သေချာ

သိထားဖို့က ကျနော်ဟာ လူလည်ဆိုပေမယ့် လူလိမ်စာရင်းမှာ မပါပါဘူး။ မျက်နှာပြောင်ပြောင်နဲ့ လိမ်ရဲတဲ့စာရင်းမှာ ကျနော်မပါပါဘူး။ ကျနော်လည်း စိတ်ကို အတတ်နိုင်ဆုံး ငြိမ်အောင်ရင်း အကောင်းဆုံးဖြေရှင်းနိုင်မယ့် နည်းလမ်းကို စဉ်းစားနေတုန်း သုံးရက်မြောက်တဲ့နေမှာတော့ မနက်ကိုးနာရီလောက်မှာ အန်တီဆယ့်ဆီက ဖုန်းဆက်လာပါတယ်။ ဆက်တဲ့ အကြောင်းကတော့ သူ့ဘိလပ်မြေတွေကို ဆောက်လုပ်ရေးဝန်ကြီးက ဝယ်ဖို့သဘောတူလိုက်တာကြောင့် သူ့ဘိလပ်မြေတွေကို ချက်ချင်းသယ်မယ်ဆိုတဲ့ အကြောင်းပါပဲ။ ပြဿနာက စပါပြီ။ ကျနော်လည်း ဘိလပ်မြေသယ်တဲ့ကားတွေ မလွှတ်ပါနဲ့ဦး။ ကျနော် ရှင်းပြစရာရှိလို့၊ အန်တီဆယ့်အိမ်ကို ကျနော် အခုချက်ချင်း လာခဲ့ပါမယ်ဆိုတာတောင် ဆေးမမီတော့ပါဘူး။ အန်တီဆယ်က မင်းရှင်းပြတာနောက်မှ ရှင်းပြတော့၊ အခုပဲ ဘိလပ်မြေသယ်မဲ့ကားတွေ လွှတ်လိုက်ပြီတဲ့ဗျာ။ ဂိုဒေါင်လိပ်စာလား။ သိတာပေါ့ဗျာ။ အခု ပြန်သယ်မယ့်ကားတွေဟာ ဘိလပ်မြေလာပို့တုန်းက ကားတွေပဲလေ။

မနက်ဆယ်နာရီလောက် အန်တီဆယ့်အိမ်ရောက်သွားတော့ အန်တီဆယ်ဟာ ဘိလပ်မြေတွေ ရောင်းထားပြီးကြောင်း၊ ဘန်ကောက်သွားနေတဲ့ရက်တွေမှာ ရောင်းလိုက်တဲ့အကြောင်း၊ အကြောင်းစုံကို သိပြီးနေပါပြီ။

ဘိလပ်မြေသွားသယ်တဲ့ သူ့မန်နေဂျာက သတင်းပို့ထားပြီ ပေါ့ဗျာ။ ကျနော်လည်း အိမ်ထဲဝင်လိုက်ရော အညာသူအန်တီဆယ်ရဲ့မျက်နှာဟာ ဒေါသဖြစ်တာထက် စိတ်မကောင်းဖြစ်နေတာ အတော်သိသာပါတယ်။ ကျနော့်မျက်နှာကိုလည်း မြင်ရော အန်တီဆယ်က မင်းကွာ၊ မင်းဒီလိုလုပ်လိမ့်လို့ ငါ အိပ်မက်တောင် မမက်ခဲ့ဘူးတဲ့။ နိုင်ငံကျော်လူလည်ကြီး ကျနော်လည်း ဘာစကားပြောရမှန်းကို မသိတော့ပါဘူးဗျာ။ ခေါင်းကို ငိုက်စိုက်ချပြီး ဒီကိစ္စကို ရက်ပိုင်းအတွင်း ကျနော်ပြေလည်အောင် ဖြေရှင်းပေးပါ့မယ်ဆိုတဲ့ ကတိနဲ့ ကျနော် ပြန်လာခဲ့ရပါတော့တယ်။ ကျနော့် ကြိုးပမ်းအားထုတ်မှု မှန်သမျှ သဲထဲရေသွန်ဘဝရောက်သွားခဲ့ပါပြီ။ နောက်ဆက်တွဲဖြစ်ပေါ် လာမယ့် ဂယက်မျိုးစုံကိုလည်း ကျနော် မှန်းဆလို့ ရသွားပါပြီ။

ကျနော်ထင်ထားတဲ့အတိုင်းပါပဲ။ နောက်တနေ့မှာ အန်တီဆယ်ဟာ ကျနော်တို့ ဘိလပ်မြေပြဿနာကို ရှေ့ကမ္ဘာ ဦးလှကြည်ကို အသိပေးလိုက်ပါတော့တယ်။ ဘိလပ်မြေအိတ်ပြဿနာကို ဖြေရှင်းဖို့ အန်တီဆယ့်အိမ်မှာ အန်ကယ် ဦးလှကြည်၊ စီကူးမားနဲ့ ကျနော်တို့ ဆုံကြတဲ့အခါ အန်ကယ် ဦးလှကြည်ဟာ ဒီလိုကိစ္စမျိုးဖြစ်ခဲ့တယ်ဆိုတာ မယုံကြည်နိုင်တဲ့ မျက်နှာပေးနဲ့ပါပဲဗျာ။ ဒီပြဿနာဟာ ကျနော် လုံးဝမသိပဲ ဖြစ်သွားရတဲ့ ကိစ္စပါလို့ လူအများရှေ့မှာ ဖွင့်ဟနေလို့ ပြီးမယ့်ကိစ္စမဟုတ်သလို အဲသလို အကြောင်းပြချက်မျိုးလည်း ပေးချင်စိတ် မရှိတော့ပါဘူး။ ကျနော်လည်း ဘယ်လို စကားလုံးမျိုးနဲ့မှ မဖြေရှင်းတတ်တော့တာကြောင့် အန်ကယ်ဦးလှကြည်ရေးပေးသမျှ စာချုပ်တွေမှာ လက်မှတ်ထိုးပေးလိုက်တော့တယ်ဗျာ။

ဘိလပ်မြေအိုးရှင်းပေးလိုက်ရင် ကိစ္စရှင်းသွားမယ်လို့ ခင်ဗျား ထင်နေမှာပေါ့။ မရှင်းဘူးဗျ။ ကျနော်နဲ့ အန်တီဆယ့်ကိစ္စဟာ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှာ တော်တော်လေး ဂယက်ရိုက်သွားတယ်။ အဲဒီဂယက်ကြောင့် ကျနော်လည်း ဘယ်သူ့ကိုမှ မျက်နှာချင်းဆိုင်ချင်စိတ် မရှိတော့ဘူးဗျာ။ ဒီကိစ္စဖြစ်ပြီး တပတ်လောက် အကြာမှာတော့ ဆုံးဖြတ်ချက်တခုကို ကျနော် ယတိပြတ်ချလိုက်ပါတော့တယ်။ အဲဒါကတော့ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းက တာဝန်ယူတည်ဆောက်နေတဲ့ MWEA TOWER စီမံကိန်းကနေ အပြီးတိုင် နုတ်ထွက်လိုက်ဖို့ပါပဲ။

တကယ်တော့ ကျနော့်ကို နုတ်ထွက်ဖို့ ဘယ်သူမှ ဖိအားမပေးပါဘူး။ ကျနော့်ကို ဖိအားပေးလို့လည်း မရပါဘူး။ ဒါပေမယ့် ကျနော် အဲဒီစီမံကိန်းမှာ လူတကာဝိုင်းကြည့်နေတဲ့ သံသယ မျက်လုံး

ကြားမှာ အလုပ်ဆက်လုပ်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ လုပ်ချင် စိတ်လည်း မရှိတော့ပါဘူး။

အေးဗျာ။ အရိုးသားဆုံးပြောရရင် မြန်မာပြည်စီးပွားရေးလောကမှာ လက်ဖြောင့်သေနတ်သမား တယောက်လို ကျင်လည်ခဲ့ရတဲ့ ကျနော့် ဘဝကို ကျနော်ငြီးငွေ့လှပါပြီ။ ဒါကြောင့် ကျနော့်ကိုယ်စွမ်းကိုယ်စနဲ့ အေးအေးဆေးဆေးတည်ငြိမ်စွာ လုပ်ကိုင်နိုင်မယ့် လမ်းကြောင်းတခုပေါ် ရောက်အောင် ကျနော် နှစ်ပေါင်းများစွာ ရှန်းကန်ခဲ့ရပါတယ်။ အခုတော့ စီးပွားရေး လောကမှာ ရှိတဲ့လူတွေရဲ့ ကြည်အားထားမှု ရလာအောင် အပတ်တကုပ်အားထုတ်ခဲ့တာတွေဟာ ရုတ်ခြည်း ပြိုလဲ ပျက်စီးတော့မယ့် အခြေအနေကို ဆိုက်လာနေပါပြီ။

ကျနော်ဟာ ပြတ်သားတဲ့ လမ်းကြောင်းတခုကို ရွေးချယ်ရပါတော့တယ်။ ကုမ္ပဏီဒါရိုက်တာတွေ့ အရေးပေါ် အစည်းအဝေးတခု ချက်ချင်းခေါ် လိုက်ပါတယ်။ အဲဒီနေ့က ဒါရိုက်တာအဖွဲ့ဝင်အားလုံး မျက်နှာစုံညီရှိနေချိန်မှာ ကျနော်က အန်တီဆယ့် ဘီလပ်မြေအိတ်ပြဿနာကို ရှင်းပြပြီး ကုမ္ပဏီဟာ သိက္ခာတပြားသားမှ မရှိတော့အောင် ကျဆင်းနေပြီမို့ ဒါရိုက်တာအဖွဲ့ဝင်တွေအနေနဲ့ ကျနော် ချပြတဲ့ လမ်းနှစ်သွယ်အနက် တခုခုကို ပြတ်ပြတ်သားသား ရွေးချယ်ကြဖို့ တောင်းဆိုရပါတော့တယ်။ ကျနော့် ချပြတဲ့ လမ်းနှစ်သွယ်ကတော့ (၁)ဒီကုမ္ပဏီကနေ ကျနော် တပြားတချပ်မှ အကျိုးခံစားခွင့် မယူတော့ပဲ နှုတ်ထွက်မယ်။ ကုမ္ပဏီရဲ့ ကောင်းမွေဆိုးမွေ အားလုံးကို ကျန်ရစ်တဲ့ ဒါရိုက်တာအဖွဲ့ဝင်တွေက လက်ခံ ဖြေရှင်းပါ။ (၂) ဒါမှမဟုတ် လက်ရှိ ဒါရိုက်တာ အဖွဲ့ဝင်အားလုံး ဘာအကျိုးအမြတ်မှ လက်မခံတော့ပဲ နှုတ်ထွက်ပေးကြပါ။ ကုမ္ပဏီရဲ့ ကောင်းမွေ ဆိုးမွေအားလုံးကို ကျနော် တာဝန်ယူဖြေရှင်းမယ် ဆိုတာပါပဲ။

ဒါရိုက်တာအဖွဲ့ဝင်တွေအားလုံး တုတ်တုတ်တောင် မလှုပ်တော့ပါဘူး။ ခင်ဗျား စိတ်ထဲမှာ ကျနော် ရမ်းကားလွန်းတယ်လို့ ထင်နိုင်စရာ ရှိပါတယ်။ တကယ်တော့ ဒီပြဿနာ ပေါ် လာရတာဟာ စီကူးမားတယောက်တည်းရဲ့ လက်ချက်မဟုတ်ပဲ နောက်ကွယ်က မသိမသာ အားပေး အားမြှောက်လုပ်တဲ့ အပေါင်းအပါတွေ ရှိနေနိုင်တာကြောင့်၊ ကျနော့်ကို ဒုက္ခလည်းပေးချင်၊ ပေးလည်းမပေးတတ်လို့ ကိုယ့်ရှူးကိုယ်ပတ်ဖြစ်ကုန်ကြတဲ့ ဒါရိုက်တာအဖွဲ့ဝင်တွေကိုပါ စိန်ခေါ် လိုက်ခြင်းပါပဲ။ ဖြစ်ချင်တော့ အဲဒီအချိန်က ကျနော့်တို့ကုမ္ပဏီရဲ့ ပိုင်ဆိုင်မှုအားလုံးနီးပါးဟာ MWEA စီမံကိန်း အတွက် မူလ ဆောက်အဦဟောင်းကနေ ပြောင်းရွှေ့ရတဲ့ ရုံးတွေအတွက် ယာယီ အစားထိုးအဆောက်အဦးတွေ ...တရ အိမ်ရာ နောက်ဘက်မှာ ဆောက်ပေးထားတဲ့ လုပ်ငန်းခေါင်းစဉ်အောက်မှာ ရောက်နေတဲ့ အချိန်ပါ။ ကုမ္ပဏီလက်ကျန်ငွေ တပြားမှ မရှိပဲ ဒီအထုပ်ရှုပ်ကြီးကို တာဝန်ယူဖြေရှင်းနိုင်တဲ့ သူရဲကောင်း ...ပေါ် မလာဘူး ဆိုပါတော့။

ကျနော်ကလည်း ခပ်ပြတ်ပြတ်ပါပဲ။ အားလုံး ထွက်ရင်ထွက်၊ မထွက်ရင် ကျနော်ထွက်မယ် ...ပြီး အချေအတင် ဖြစ်နေချိန်မှာ လူတတ်ကြီး မစ္စတာ စီကူးမားဟာ နောက်ဆုံးပေါ် လက်နက်ဆန်း ...ခုကို ထုတ်သုံးလိုက်ပါတော့တယ်။ အဲဒီလက်နက်ကတော့ အစည်းအဝေးခန်းထဲမှာ ယောကျ်ား ...မှာကြီး တန်မယ့် နှပ်ချေးတရှုံ့ရှုံ့နဲ့ ငိုချလိုက်တာပါပဲဗျာ။ အပြင်ဘန်းအမြင်အရ ကျနော်ဟာ ...ခြိမ်းတမ်းခက်ထန်သူ၊ ပြတ်သားသူ၊ ရက်စက်သူအဖြစ် မြင်ကောင်း မြင်နိုင်ပေမဲ့ ကျနော့်အတွင်း ...စိတ်ဟာ ပျော့ညံ့တယ်ဆိုရပါမယ်။ ဒေါ်လူတွေ အမြင်မှာ ကျနော့်ကို ခံနိုင်ရည်ကောင်းလွန်းသူလို့ ...ပေမဲ့ လူတွေမမြင်ရာမှာ ခံစားကြေကွဲနေတတ်တဲ့ သူမျိုးပါ။ မင်းဘာလဲ ငါဘာလဲ ဆိုတဲ့ ပွဲမျိုးမှာ ...ကော့ပြီး အသက်စွန့်ရဲတဲ့ ကျနော်ဟာ တဖက်သူ မျက်ရည်ကျပြီး တောင်းပန်တိုးလျှိုးတာကို ...နိုင်ရည်ရှိသူမဟုတ်ပြန်ပါဘူး။

ကျနော့်ဒေါသဟာ စီကူးမားမျက်ရည်ကြောင့် ရုတ်ခြည်းပျောက်ကွယ် သွားခဲ့ပြန်ပါတယ်။

နောက်ဆုံးတော့ ဒါရိုက်တာအဖွဲ့ဝင်တွေ ပိုနေမြဲ ကျားနေမြဲ အတိုင်းထားပြီး ကုမ္ပဏီတခုလုံးကို ကျနော့်စိတ်ကြိုက် စီမံဖန်တီးနိုင်ကြောင်း တညီတညွတ်တည်း သဘောတူကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ရပါတော့တယ်။

ရှုတ်တရက်ကြည့်ရင် အဲဒီနေ့က ပွဲဟာ ကျနော် အနိုင်ရလိုက်တယ်လို့ ထင်စရာရှိပေမယ့် တကယ်တမ်းကျတော့ ရန်သူကို ရန်သူလို သတ်မှတ်ပြီး မြွေငယ်၊ မီးသေးအကြွင်းအကျန် ချန်မထား ကောင်းဘူးဆိုတဲ့ လောကနီတိကို ကျနော်မလိုက်နာခဲ့တဲ့အတွက် နောက်ပိုင်းမှာ ကျနော်ကောင်း ကောင်းကြီး အထိနာခဲ့ရပါတယ်။ ရာဇဝင်နဲ့ချိပြီး ပြောရရင် ကမ္ဘာကျော် စစ်သူကြီးဟန်နီဗော မှားခဲ့တဲ့ အမှားမျိုးပေါ့ဗျာ။ ဟန်နီဗောဟာ ရောမကို သိမ်းဖို့အလုပ် တောင်တန်းကြီးကို ဂူနဝင်မြောက် စစ်ချီ နည်းတွေနဲ့ ဖြတ်ကျော်ပြီး ရောမနယ်စွန်နယ်ဖျားတွေကို သုံးနှစ်သုံးမိုး တစချင်း အမှည့်ခြွေ ခြွေထား နိုင်ခဲ့သတဲ့ဗျာ။ ဟန်နီဗောဟာ သူ့ရဲ့ နာမည်ကျော် နဂါးပတ်စစ်ဆင်နည်းနဲ့ အင်အားချင်း အဆမတန် ကွာခြားတဲ့ ရောမစစ်တပ်ကို အနိုင်ရလိုက်ချိန်မှာ သောင်းဂဏန်းနဲ့ချီရှိနေတဲ့ နှစ်ဘက်စစ် သည်တွေရဲ့ အလောင်းတွေကြားက တောင်ကမူလေးပေါ် ကနေ ရောမမြို့ကြီးဆီကို လှမ်းမျှော်ကြည့်ရင်း ငူငူကြီး ရပ်နေခဲ့သတဲ့ဗျာ။

အဲဒီ အချိန်မှာ သူ့ညီမဟာဗောက အကိုဖြစ်သူ ဟန်နီဗောကို အကို ဒီအချိန်ဟာ ရောမကို အပြီးတိုင် ဝင်သိမ်းဖို့ အကောင်းဆုံးအချိန်ပါပဲလို့ဆိုတဲ့အခါ ဟန်နီဗောက ဘာမှပြန်မဖြေပဲ ခပ်မဆိတ် နေတာကြောင့် မဟာဗောဟာ သူ့အကိုကို စိတ်ပျက်ပျက်နဲ့ စကားတခွန်း ပြောလိုက်သတဲ့ဗျာ။ အဲဒီ စကားကတော့ 'ငါ့အကိုဟာ အောင်ပွဲကို ဘယ်လိုရအောင် တိုက်ရမယ်ဆိုတာ သူမတူအောင် သိပေမဲ့ အောင်ပွဲရဲ့ အသီးအပွင့်ကို မခံစားတတ်ယောင်တကား' တဲ့ဗျာ။ နောက်ဆုံးတော့ ဟန်နီဗောဟာ ရောမစစ်တပ်ကြီးကို အကြီးအကျယ်ရှုံးပြီး အီရတ်နိုင်ငံဘက်ကို ဆယ့်ကိုးနှစ်လောက် တိမ်းရှောင် နေရာက ရောမထောက်လှမ်းရေးတွေ သိသွားလို့ ဖမ်းဖို့အလာမှာ အဆိပ်သောက်သေလိုက်ရတဲ့ ဘဝမျိုးနဲ့ ကြုံသွားခဲ့ရ ရှာသတဲ့ဗျာ။ ကျနော်လည်း စီကူးမားနဲ့ နောက်လိုက်တွေကို အပြီးချေမှုန်းသင့်ပါ လျက် တွန့်ဆုတ်တွေဝေခဲ့မှုကြောင့် နောက်ဆုံးမှာ ဒုက္ခလှလှ ကြုံခဲ့ရတော့တာပါပဲ။

ဒါတွေဟာ နောက်ပိုင်းမှာ ထင်ရှားလာပါလိမ့်မယ်။ ဇာတ်လမ်းကို ဆုံးအောင်သာ နားထောင်ပါ တော့ဗျာ။ ဒါရိုက်တာအဖွဲ့ အစည်းအဝေးလည်းပြီးရော နောက်နေ့မှာ ကျနော် အန်ကယ်ဦးလှကြည်နဲ့ သွားတွေ့ခဲ့ပါတယ်။ အန်တီဆယ့်ကို ကျနော်တို့ပေးရန်ရှိတဲ့ ဘီလပ်မြေဘိုးတွေကို MWEA TOWER စီမံကိန်းမှာ ကျနော်တို့ ကုမ္ပဏီစိုက်ထုတ်ကုန်ကျထားတဲ့ ငွေကြေးတွေနဲ့ ခုနှိမ်ပြီး ပေးနိုင်ဖို့အတွက် အဲဒီစီမံကိန်း အစုရှယ်ယာစာရင်းကနေ ကျနော်တို့ ကုမ္ပဏီနှုတ်ထွက်ပေးကြောင်းပြောလိုက်တော့ အန်ကယ်ဦးလှကြည်ဟာ တော်တော် စိတ်ထိခိုက်သွားပုံရပါတယ်။ သူ့မျက်မှန်ကိုကျော်ပြီး ကျနော့်ကို ကရုဏာသက်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေပါတယ်။

အတိုချုပ်ရရင် MWEA TOWER နဲ့ပတ်သက်တဲ့ ငွေစာရင်းတွေနဲ့ ကိုညွန့်ဝင်းလေး ဆွဲထားတဲ့ အဆောက်အဦ ဒီဇိုင်းပုံစံတွေကို အန်ကယ်ဦးလှကြည်လက်ထဲကို အပ်ခဲ့ပါတော့တယ်။ ကျနော် မရှိတော့တဲ့အခါ လုပ်ငန်းပိုအဆင်ပြေပါစေတော့ဆိုပြီး ကျနော့်လက်စွဲ စာရင်းကိုင် ဦးသောင်းထိုက်ဆိုတဲ့ ပုဂ္ဂိုလ်ကိုပါ ချန်ထားခဲ့ပြီး အဲဒီစီမံကိန်းကနေ အပြီးအပိုင် နှုတ်ထွက်လိုက်ပါတော့တယ်။
ဪ၊ ဒီလို အဖြစ်မျိုးတွေကြောင့်ပဲ ထင်ပါရဲ့။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ကိုစိန်သောင်း ဆိုတဲ့ မိတ်ဆွေတယောက်က ကျနော့်အဖြစ်တွေကို ကြည့်ပြီး 'ကိုသက်ခိုင်ရာ၊ ခင်ဗျားဘဝဟာ ငှက်ခါးပျံသလို၊ ခေါက်လျှာငှက် ပျံသလိုပါပဲလား'လို့ မှတ်ချက်ချဖူးသဗျာ။ ငှက်ခါးနဲ့ ခေါက်လျှာငှက် ဘယ်လိုပျံတယ်

ဆိုတာ ကျနော် သေချာမမြင်ဖူးပေမယ့် အဲဒီဌက်တွေဟာ ဟိုး အမြင့်ဆုံးမှာ ပျံလိုက်၊ ဒေါင်လိုက်ထိုး ဆင်းပြီး အောက်ဆုံးမှာ ပျံလိုက်လုပ်တတ်တဲ့ ငှက်မျိုးထင်ပါရဲ့။

တော်တော်သောကကြီးရတဲ့ ကာလတွေပါပဲဗျာ။ လုပ်ငန်းလွှဲပြောင်းတာဟာ တနေ့တရက်တည်း လုပ်လို့ရတဲ့ကိစ္စမဟုတ်လေတော့ အစုရှယ်ယာဝင်အဖြစ်က နုတ်ထွက်ပြီးတဲ့ နောက်ပိုင်းမှာလည်း သုံးလလောက်နီးပါး အန်ကယ်ဦးလှကြည်ရဲ့ရုံးခန်းကို မျက်နှာပူပူနဲ့ ဝင်ထွက်နေရပြန်ပါတယ်။

အမှန်ပြောရရင် ကျနော် တော်တော်ခံစားရပါတယ်။ ရှက်တဲ့စိတ်၊ ခံပြင်းနာကျည်းစိတ်တွေကြောင့် သုံးလဝန်းကျင်လောက် စိတ်လေပြီး နှုတ်ခမ်းမွှေး မုတ်ဆိတ်မွှေးတွေတောင် မရိတ်ပဲထားလို့ အမြဲတမ်း ကျော့နေအောင်နေတတ်တဲ့ ကျနော့်ပုံစံဟာ ညှင်းသိုးသိုးနဲ့ အပ္ပသည်ရုပ် ပေါက်လာပါတော့တယ်။

ဩော်၊ စိတ်ဒုက္ခရောက်ရတဲ့အခါမို့ ငယ်ငယ်တုန်းက ကျနော် သောကကြုံရတဲ့အခါ အမေကျနော့်ကို အားပေးတာကို သတိရမိတယ်ဗျာ။ ကျနော် ခြောက်တန်းကျောင်းသားလောက်တုန်းကပေါ့။ စာအုပ်ဆိုင်က စာအုပ်တအုပ် ငှားဖတ်ရာကနေ စာအုပ်က ရေတိုင်ကီထဲပြုတ်ကျပြီး စုတ်ပြကုန်တာကြောင့် လျော်ရမယ့်အခြေအနေ ဖြစ်လာရောဗျာ။ အဲဒီအချိန်က စာအုပ်တန်ဖိုးက ဆယ့်ငါးကျပ်လောက်ဆိုတော့ ကျနော်ကြံရာမရတာနဲ့ ကျောင်းကအပြန် အမေခူးထားတဲ့ထမင်းကို မစားနိုင်ပဲ စောင်ခေါင်းမြီးခြုံပြီး အိပ်နေလိုက်တော့ အမေကကျနော့်ကို ငါ့သား နေမကောင်းဘူးလားတဲ့။ အမေလေးငါးကြိမ်မေးမှ ကျနော်က စာအုပ်အငှားဆိုင်က စာအုပ်ရေစိုလို့ ပြန်လျော်ရမယ့်ကိစ္စကို အမေ့ကိုပြောပြတော့ အမေက အားရပါးရရယ်ပြီး အမလေး ငါ့သားရယ်၊ ဒီကိစ္စကို အမေရှင်းပေးမှာပေါ့တဲ့။ နောက်ပြီး မှတ်မှတ်ရရစကားတခွန်း ပြောသေးတယ်။ ငါ့သား လောကကြီးမှာ သိပ်ပြီး ပူပင်သောကများပါနဲ့၊ ပါးရာက ပေါက်ထွက်သွားလိမ့်မယ်။ ဘယ်သောအခါမှ စိတ်ဓာတ်မကျပါနဲ့တဲ့ဗျာ။

နောက်ပိုင်း အိမ်ထောင်ကျပြီးတဲ့အခါမှာလည်း ကျနော်စိတ်ညစ်ညူးစရာ အကြီးအကျယ်ကြုံရတဲ့အခါတိုင်း အမေ့ဆီ ခဏခဏ သွားလေ့ရှိပါတယ်။ တကယ်တော့ သောကကင်းဝေးနေနိုင်ရေးအတွက် ကျနော်ဖတ်မှတ်လေ့လာဖူးတဲ့ စာအုပ်တွေ၊ အကြောင်းအရာတွေ အများကြီးပါ။ ခက်တာက ကျနော့်တရားကို ကျနော်မကျဘူးဗျ။ အမေဟာ ပညာသာမတတ်တယ်၊ လောကကြီးကို ရှုမြင်ရာမှာ ဖြိုးရှင်းလွန်းလို့ အမေ့တရား၊ အမေ့ရဲ့ လောကအမြင်ကို အမေ့အရိပ်အာဝါသအောက်မှာ အမေမြေသိမ့်တဲ့အသံကို ကြားချင်လွန်းလို့ပေါ့ဗျာ။ ကျနော်က စာတွေလည်း အများကြီးဖတ်၊ တွေးတဲ့အတွေးကလည်း သိပ်ဉာဏ်များတဲ့ကောင်ဆိုတော့ ကိုယ့်တရား ကိုယ်မကျတာ ဆန်းလှတယ်တော့ မဟုတ်ပါဘူးလေ။ အခုတော့ အမေ့ဆီသွားရအောင် အမေလည်း မရှိရှာတော့တာကြောင့် စိတ်သောက ပိုရောက်သလိုပဲဗျာ။

အန်ကယ်ဦးလှကြည်ဟာ ကျနော် စိတ်ဆင်းရဲခြင်းကြီးစွာ ဖြစ်နေတာကို မမြင်ရက်ဘူးထင်ပါရဲ့။ တနေ့မှာ ညနေရုံးဆင်းချိန် သူ့ရုံးခန်းကိုလာခဲ့ဖို့ ဖုန်းဆက်ခေါ်ပြီး ကျနော့်သောကပြေရာပြေကြောင်း တရားရေအေး တိုက်ကျွေးပါတော့တယ်။ သူဟောတဲ့တရားက သူ့ဘဝအကြောင်းမှယ်၊ ပုံပြင်လေးတပုဒ်ရယ်ပါသဗျာ။ သူ့တရားဟာ ရိုးရိုးလေးဆိုပေမယ့် ကျနော်နှစ်ခြိုက်လွန်းတာကြောင့် အခုထက်ထိ မှတ်မိနေပါသေးတယ်။

မြန်မာ့ဆိုရှယ်လစ်စဉ်ပါတီခေတ် ၁၉၇၇၊ ၇၈ ပတ်ဝန်းကျင်က အန်ကယ်ဦးလှကြည်ဟာ ဟိုလမ်းက ရွှေဈေးကွက်မှာ အရောင်းအဝယ်လုပ်နေခဲ့သတဲ့ဗျ။ အဲဒီအချိန်မှာ အစိုးရက စီးပွားရေးကို နိုင်အောင်မထိန်းချုပ်တတ်လေတော့ နာမည်ကြီးကုန်သည်မှန်သမျှ ဇူဇကာစစ်ဆင်ရေးဆိုပြီး ဖမ်းပါလေရောတဲ့ဗျာ။ ဇူဇကာစစ်ဆင်ရေးထဲမှာ အန်ကယ်ဦးလှကြည်ပါ ပါသွားရောတဲ့ဗျ။ အစိုးရက ဖမ်းမဲ့သာ

ဖမ်းတယ်၊ စွဲတင်စရာ ပုဒ်မရှာမရလေတော့ ဦးလှကြည်လက်ဝယ်မှာ ရေနံဆီတပုံးတွေ့တဲ့အမှုနဲ့ တရားစွဲခံရသတဲ့။ တသက်နဲ့တကိုယ် အချုပ်တို့၊ ထောင်တို့ အိပ်မက်တောင်မမက်ဖူးတဲ့ အန်ကယ်ဟာ နာမည်ကြီးရှေ့ကုန်သည်ဘဝကနေ ထောင်ထဲရောက်သွားရတာကြောင့် စိတ်ဓာတ်အကြီးအကျယ်ကျပြီး ဆောက်တည်ရာမရဖြစ်ခဲ့ရသတဲ့။

မှတ်မှတ်ရရ နောက်ဆုံးနေ့ အမိန့်ချမယ့်ရက်မှာ အန်ကယ် ဦးလှကြည်ဟာ ရာဘာ ဖိနပ်စုတ်လေးတရံကို ဖင်ခုထိုင်ရင်း တရားသူကြီးရဲ့အမိန့်ကို နားထောင်လိုက်တော့ ပြစ်မှုထင်ရှားတဲ့တွက် ထောင်ဒဏ် (၇) နှစ် အချခံရရောတဲ့ဗျာ။ ဒီလိုနဲ့ အင်းစိန်ထောင်ထဲမှာ အကျဉ်းသားဘဝနဲ့ရှိနေတုန်း ဘဝတူအကျဉ်းသား ကုလားအဘိုးကြီးတယောက်က သူ့ကို လောကကြီးမှာဖြစ်သမျှအကြောင်း အကောင်းချည်းပဲမှတ်ပါလို့ သင်ခန်းစာယူထိုက်တဲ့ ပုံပြင်တပုဒ်ပြောပြပြီး သူ့သောကကို ပြေစေခဲ့သတဲ့ဗျာ။ အဲဒီ ပုံပြင်ကတော့

'ဟိုးရှေးရှေးတုန်းက တိုင်းပြည်တပြည်မှာ တောလိုက်ဝါသနာအင်မတန်ကြီးတဲ့ ဘုရင်ကြီးတပါးရှိသတဲ့။ အဲဒီဘုရင်ရဲ့ သက်တော်ရှည်အမတ်ကြီးတွေထဲမှာ ဖြစ်လာသမျှအကြောင်း အကောင်းချည်းပဲလို့ခံယူထားတဲ့ အမတ်ကြီးတပါးလည်းရှိသတဲ့ဗျာ။ တနေ့တော့ ဘုရင်ကြီးဟာ တောလည်သွားရာက သားကောင်နဲ့ အနီးကပ်တွေ့ပြီး အဲဒီသားကောင်ကို သံလျက်နဲ့သတ်မဟဲ့ဆိုတဲ့စိတ်နဲ့ လက်ထဲက သံလျက်ကို အလျင်စလိုချွတ်လိုက်တာ သူ့သံလျက်နဲ့ပဲ သူ့လက်ညှိုးတချောင်းကို တိကနဲနေအောင် ဖြတ်မိပါလေရောတဲ့။ အဲဒီအခါ ဘုရင်ကြီးဟာ လက်ညှိုးပြတ်ရတဲ့ ဒုက္ခအပြင်၊ လက်ညှိုးပြတ်တာကို အတိတ်နိမိတ်ကောက်ပြီး ရှေ့ဆက်ဖြစ်လာမယ့် ကြမ္မာဆိုးတွေအတွက်ပါ တွေးတောပူပင်လာပါသတဲ့။

နောက်ဆုံးတော့ ဘုရင်ကြီးဟာ သူ့ပညာရှိအမတ်တွေကို ဆင့်ခေါ် စည်းဝေးပြီး သူ့လက်ညှိုးပြတ်ရခြင်းရဲ့နောက်ဆက်တွဲ အတိတ်နိမိတ်ကို ကောက်စေတဲ့အခါ အခြားသောအမတ်များက အမိပ္ပာယ်အယူအဆအမျိုးမျိုးနဲ့ ရှေ့ဆက်ဖြစ်လတ္တံ့သော ကံကြမ္မာမျိုးစုံကို လျှောက်တင်ကြပေမယ့် စောစောကပြောခဲ့တဲ့အမတ်ကြီးကတော့ သူ့ထုံးစံအတိုင်း ဘုရင်ကြီးလက်ညှိုးပြတ်ရခြင်းဟာ ကောင်းဖို့ဖြစ်လာတာပါလို့ လျှောက်တင်သတဲ့ဗျာ။ အဲသလို လျှောက်တင်တာကိုလည်းကြားရော ဘုရင်ကြီးဟာ ဒေါသူပုန်ထပြီး ကောင်းဖို့ဖြစ်လာတယ်လို့ မှတ်ချက်ချချင်လှတဲ့အမတ်ကြီးကို ထောင်သွင်း အကျဉ်းချစေသတဲ့ဗျာ။

သိပ်ကာလမကြာခင်မှာပဲ ဘုရင်ကြီးဟာ သူ့ဝါသနာကို မစွန့်လွှတ်နိုင်တာကြောင့် တောကစားထွက်ပြန်တဲ့ခါ တယောက်တည်း မျက်စေ့လည်လမ်းမှားပြီး ဘီလူးစောင့်တဲ့သစ်ပင်တပင်အရိပ်မှာ အပန်းဖြေလိုက်မိသတဲ့။ အဲဒီအခါ သစ်ပင်စောင့်တဲ့ဘီလူးက ဝုန်းဆိုပေါ် လာပြီး သူ့အရိပ်မှာလာခိုလို့ သူစားခွင့်ရှိတဲ့အတွက် ဘုရင်ကြီးကို စားမယ်လုပ်ရောတဲ့ဗျာ။

ဘုရင်ကြီးဟာ သူဟာ ပြည့်ရှင်မင်းဖြစ်ကြောင်းပြောပြပြီး အမျိုးမျိုးသော အပေးအယူလုပ်ပေမယ့် ဘီလူးကနားမဝင်ပဲ ဘုရင်ကြီးကို သတ်စားဖို့ ပြင်ဆင်ပါလေရောတဲ့။ ဘုရင်ကြီးလည်း ဒီတခါတော့ အယူခံမရှိပဲ ကိုယ်ကျိုးတော့နည်းပါပြီဆိုပြီး၊ ဘီလူးစားမယ့်အချိန်ကို မျက်လုံးစုံမှိတ်ရင်း ရင်တမမနဲ့ စောင့်နေရတော့သတဲ့ဗျ။ ဘုရင်ကြီးကို စားအံ့ဆဲဆဲဘီလူးဟာ ချက်ချင်းမစားသေးပဲ ဘုရင်ကြီးရဲ့ ခန္ဓာကိုယ်အနှံ့ကို လျှောက်စစ်ဆေးနေရာက ဘုရင်ကြီးရဲ့ လက်ညှိုးတချောင်း ပြတ်နေတာလည်းတွေ့ရောဟာ၊ လက်စသတ်တော့ မင်းကဒုက္ခိတပဲ၊ ဒါဆို အထက်အမိန့်အရ ငါဟာ ဒုက္ခိတကိုစားခွင့်မရှိဘူးဆိုပြီး ဘုရင်ကြီးကို လွှတ်လိုက်ရောတဲ့ဗျာ။ ဒီတော့မှ ဘုရင်ကြီးဟာ သူ့ပညာရှိ အမတ်ကြီးပြောတဲ့ ကောင်းဖို့ဖြစ်လာတယ်မှတ်ပါဆိုတဲ့ လျှောက်တင်ချက်ကိုသတိရပြီး အမတ်ကြီးကို အကျဉ်းချထားရာကနေ ပြန်ထုတ်ပြီး အကြီးအကျယ် သူကောင်းပြုတာနဲ့ ဇာတ်လမ်းဆုံးရော ဆိုပါတော့ဗျာ။

သူ့တရားကြောင့် ကျနော်စိတ်သက်သာရာရခဲ့ပါတယ်။ ဒါဟာလည်း သူ့တရားကြောင့်ဆိုတာထက် သူ့စေတနာကြောင့် သက်သာရာရခဲ့တယ်ဆိုရင် ပိုမှန်ပါလိမ့်မယ်။ ဆိုလိုတာက ဖြစ်ခဲ့တဲ့ကိစ္စမှာ ကျနော်အမှန်တကယ် ဘယ်လိုခံစားရတယ်ဆိုတာ သူသိတယ်ဆိုတဲ့အချက်ကို ကျနော် ကျေနပ်မိခြင်းပါပဲ။ အချိန်အကြာကြီး စိတ်လေနေလို့ မဖြစ်ပြန်တာကြောင့် အလုပ်တွေဘက်ကို ခြေဦးလှည့်ရပြန်ပါတယ်။ တကယ်တော့ကံကြမ္မာ (သို့မဟုတ်)ဘုရားသခင်ဟာ ကျနော့်ကို ဆုလာဘ်တွေဖန်တီးပေးထားဟန်တူပါတယ်။ ဒါပေမဲ့ အဲဒီဆုလာဘ်တွေဟာ ကျနော့်လုံ့လဝီရိယ၊ သွေး၊ ချွေးနဲ့ မထိတွေ့သေးသရွေ့ အသက်ဝင်မလာတတ်တာတော့ အံ့ဩစွာတွေ့ရှိရပါတယ်။

MWEA TOWER စီမံကိန်းက ကျနော်နုတ်ထွက်ပြီး လေးလလောက်အကြာမှာ လှိုင်မြို့နယ် အဖိုးရမူလတန်းကျောင်း အမှတ် -၂ ကို ဖြိုဖျက်ပြီး ရှစ်ခန်းတွဲခြောက်ထပ်ဆောက်ဖို့ အိုးအိမ်ဦးစီးဌာနက လေလံတခု ကျနော်အောင်ခဲ့ပြန်ပါတယ်။ ဒီလေလံပွဲမှာ မြန်မာပြည်ထုံးစံအတိုင်း စစ်ဘက်နယ်ဘက်က အာဏာတွေ၊ ရာထူးတွေ၊ ဝိတ်တွေယှဉ်ပြိုင်ကြရတာပါပဲ။ လက်ရည်သိပ်မြင့်စရာမလိုတဲ့ပွဲမို့ ဒုတိယဗိုလ်ချုပ်ကြီး အေးသောင်ရဲ့သားတော်မောင် ထွန်းနိုင်အေးကိုထုတ်သုံးလိုက်တာ အခက်အခဲသိပ်မရှိလှပဲ လေလံအောင်ခဲ့ရာဆိုပါတော့။ ဘာပဲဖြစ်ဖြစ် အဲဒီစီမံကိန်းဟာ အမြတ်အစွန်းအနေနဲ့ သိန်းလေးငါးရာရနိုင်တာမို့ ယိုင်နဲ့နေတဲ့ကုမ္ပဏီကို ပြန်လည်တည့်မတ်လာအောင် ထိန်းထားနိုင်ခဲ့ပြန်ပါတယ်။ အဲဒီ အဆောက်အဦ အောက်ခြေအုတ်မြစ်လုပ်ငန်းပြီးချိန်မှာ ကျနော့်လုပ်ငန်းခွင်ရုံးကို စနေမောင်မောင်လို့ သူ့ကိုယ်သူနာမည်ပေးထားတဲ့ မင်းကြိုင်ရောက်လာပြီး မန္တလေးမှာ ခွင်(ဂွင်)ကြီးတခွင်ရှိတာကြောင့် ကျနော်ကိုယ်တိုင်မန္တလေးကိုဆင်းပြီး အကွက်ချရင် သေချာပေါက်အဆင်ပြေမှာမို့ လိုက်ခဲ့ဖို့ ဖွတ်ခေါ် ပါတော့တယ်။

မင်းကြိုင်ဆိုတာ စိန်ဂွန်းဈေးကြီးစီမံကိန်းမှာ အကြီးအကျယ် ရှုပ်ရှုပ်ပွေပွေလုပ်ခဲ့တာမို့ ကျနော်လိုက်သွားဖို့ စိတ်ကူးမရှိပါဘူးဗျာ။ ဒါပေမဲ့ ဖြစ်ချင်တော့ ကျနော်နဲ့ လူမသိသူမသိတွဲနေတဲ့ ခင်ငြိမ်းအေးဆိုတဲ့ချာတိတ်မဟာ ဘယ်လို ဘယ်ပုံစိတ်ကူးပေါက်သလဲမပြောတတ်တော့ပါဘူး။ ကျနော့်အိမ်ပေါ် ကို ရုတ်တရက်ပေါက်ချလာရာက အိမ်ကမချောနဲ့တည့်တည့်တိုးပြီး ခွန်းကြီးခွန်းငယ်စကားတွေများပြီး ဖယားတွေ ရှုပ်ကုန်ပါရောဗျာ။ အေးဗျာ၊ ကျနော်ပွေခဲ့ရှုပ်ခဲ့တာတွေကို အချိန်ရတဲ့အခါ အသေးစိတ်ပြောပြပါဦးမယ်။

လွှမ်းလို့စာစီတာတော့ မဟုတ်ရပါဘူး။ ကျနော့်ဘဝအမှားကုရှေ့ဆိုတဲ့ ခေါင်းစဉ်မျိုးနဲ့ပေါ့။ အဲဒီအမျိုးသမီးပြဿနာလည်း မမျှော်လင့်ပဲကြုံရော ကျနော်လည်း ဘေးပတ်ဝန်းကျင်ကို မျက်နှာပူပူနဲ့ အိမ်မပြန်ရမယ့်နည်းလမ်းကို ရှာရာက မင်းကြိုင်ပြောတဲ့ မန္တလေးကခွင်ဆိုတဲ့ကိစ္စကို သတိရမိတာနဲ့ မန္တလေးကိုခရီးထွက်ဖို့ အကြောင်းဖန်လာပါတော့တယ်။ တကယ်တော့ မန္တလေးကို ကျနော်သွားခဲ့တာဟာ သေတွင်းထဲကို ခုန်ဆင်းလိုက်သလိုဖြစ်ခဲ့တယ်ဆိုတာ နောက်တနှစ်ကျော်အကြာမှာ ကျနော်သိခဲ့ရပါတယ်။ ဟုတ်ပါတယ်။ ကျနော့်ကိုလူမိုက်ဌားပြီး အသေသတ်ခိုင်းတဲ့ မုဆိုးတပိုင်းမိန်းမရိုင်းဟာ အဲဒီမန္တလေးမှာနေလေရဲ့။ သူ့နာမည်က ဒေါ် စက်ကြည်တဲ့။ သူ့မှတ်ပုံတင်မှာ ငါန်းဝွန်ဇာတီလို့ ရေးထားပါတယ်။

ဗျာ၊ သူနဲ့ကျနော်ငြိလို့ ပြဿနာဖြစ်တာလို့ ခင်ဗျားထင်နေသလား။ မဟုတ်ဘူးဗျ။ သူ့အသက်ငါးဆယ်ကျော်နေတဲ့ အဖွားကြီးပါဗျာ။ ကျနော်က သုံးဆယ်ကျော်ပဲရှိသေးတာ။ ကျနော် ဆိုတဲ့ကောင်က ငွေနဲ့အခွင့်အရေးအတွက် ဘယ်သောအခါမှ အမယ်ကြီးအိုကို ကြံမဲ့အစားထဲတော့ မပါပါဘူးဗျာ။ အင်း ကျနော်တွဲခဲ့သမျှ အမျိုးသမီးအားလုံးဟာ ညွှန့်ပေ့၊ ချောပေ့၊ လှပေ့ဆိုတာတွေချည်းပါပဲ။

ဩော်၊ မကြွားရပါဘူးဗျာ။ ခိုင်ခိုင်လုံလုံဖြစ်အောင် ကျနော်ပြောပြပါ့မယ်။ ခင်ဗျား စိတ်ရှည်ရှည် နားထောင်ဖို့ အဓိကပါလေ။

■

## အခန်း (၈၄)

# အောင်ကျော်ချမ်းအေး မန္တလေး

ဒီလိုနဲ့ ကျနော်ဟာ စနေမောင်မောင်၊ မင်းမင်းထွန်းတို့နဲ့အတူ ရတနာပုံရွှေမြို့တော်ကြီးဆီကို အမြန်ရထားနဲ့ ခရီးနှင်ခဲ့ရောဆိုပါတော့ဗျာ။ မင်းမင်းထွန်းဆိုတာ အဆိုတော် တင့်တင့်ထွန်းအကိုပေါ့ဗျာ။ သူ့လက်ငုတ်လက်ရင်းအလုပ်ကတော့ ကားပွဲစားဗျ။ နအဖ အစိုးရခေတ်မှာ ခွင်တွေဝွက်တွေပေါ်လာတော့ BOA ဆိုတဲ့ ကုမ္ပဏီတခု ထောင်ဖူးတယ်။ ကျနော်ပြောဖူးတဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့အမ ဒေါ်ကြည်လွင်ရဲ့သား တပ်ကြပ်အငြိမ်းစား ဇွေးအောင်နဲ့တွဲပြီး စိန်ဂွန်းဈေးစီမံကိန်းရဲ့ ပွဲဦးထွက်အခန်းတွေမှာပါဖူးတာကလွဲလို့ သူ့ကုမ္ပဏီမှာ တခြားအလုပ် မည်မည်ရရတော့မတွေ့မိဘူးဗျ။ အခုလည်း မင်းကြိုင်ခေါ် စနေမောင်မောင်က သူနဲ့အတွဲဆိုတော့ ပါလာတာထင်ပါရဲ့။ ကျနော်လည်း အလုပ်က ဘယ်ဆီနေမှန်းမသိသေးလေတော့ သူ့စားရိတ်နဲ့သူလိုက်လာတာကို ဘာမှ ပြောစရာမရှိပါဘူးဗျာ။

ဪ၊ ဒါနဲ့ အခုတခေါက် မန္တလေးရောက်တာ ပထမဆုံးအခေါက်တော့မဟုတ်ဘူးဗျ။ ကျနော် ဆရာအတတ်သင်ကျောင်းသားဘဝက မန္တလေးကိုရောက်ဖူးသေးတယ်။ ကျနော်ရဲ့ ပုဂံအန္တယ်သွေး ကြောင့်ပေလားတော့မသိဘူးဗျ။ ကျနော်ငယ်ငယ်လေးကတည်းက မြန်မာနိုင်ငံရဲ့ရှေးဟောင်းမြို့တွေကို တော်တော် စိတ်ဝင်စားတယ်။

ကျနော် ဆယ်တန်းအောင်တဲ့နှစ်က နတ်မောက်ကိုပြန်ရင်း ပုဂံကိုရောက်ဖူးချင်တာနဲ့ လွယ်အိတ်တလုံးလွယ်ပြီး ပုဂံဘက်ကိုခရီးထွက်ခဲ့ဖူးတယ်။ အဲ၊ မန္တလေးကိုရောက်ခဲ့ဖူးတာတော့ ကိုယ့်စားရိတ်နဲ့ကိုယ်မဟုတ်ဘူးဗျာ။ အစိုးရစားရိတ်နဲ့ဆိုပါတော့။ ဟုတ်တယ်ဗျ။ ကျနော် ဘိုကလေးမှာ ဆရာအတတ်သင်တက်နေတုန်း (၁၉၇၇) ခုနှစ်က တနိုင်ငံလုံးမှာရှိတဲ့ ဆရာအတတ်သင် ကျောင်းပေါင်းစုံ ပါဝင်ဆင်နွှဲခဲ့ကြတဲ့ 'ကျောင်းပေါင်းစုံ ဘက်စုံပညာပြိုင်ပွဲ' ဆိုတာ ကျင်းပခဲ့ဖူးတယ်။

အင်းလေ၊ ကျောင်းဆရာတွေဆိုတာ ဘက်စုံထူးချွန်တဲ့တပည့်တွေ မွေးထုတ်ပေးနိုင်ရမှာဆိုတော့ ဘက်စုံပညာပြိုင်ပွဲဆိုတာ လုပ်သင့်လုပ်ထိုက်တဲ့ပြိုင်ပွဲကြီးတခုပါပဲ။ အဲဒီပြိုင်ပွဲမှာ ယှဉ်ပြိုင်ရ

မယ့် ပြိုင်ပွဲအမျိုးအစားကတော့ အတော်စုံသဗျ။ မှတ်မိသလောက် ပြေးခုန်ပစ်၊ ဘောလီဘော၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ဆိုကရေးတီး၊ ကြက်တောင်ပြိုင်ပွဲတွေ ပါသဗျာ။ အေးပေါ့ဗျာ၊ ကျနော်လည်း ချာတိတ်ဘဝမှာ ဆရာအတတ်သင်ကို ရောက်နေခဲ့လေတော့ အဲဒီပြိုင်ပွဲကျင်းပဖို့ လူရွေးမယ်လည်းကြားရော ပြိုင်ပွဲတခုခုမှာတော့ ပါမှဖြစ်မယ်ဆိုပြီး လူရွေးပွဲမှန်သမျှ ဟိုစပ်စပ်ဒီစပ်စပ် လျှောက်ပြိုင်ရတော့တာပေါ့ဗျာ။ အေးလေ၊ တကျောင်းလုံးမှာရှိတဲ့ သင်တန်းသား ခုနစ်ရာလောက်ထဲကနေ လက်ရွေးစင်သုံးဆယ်ကျော်ရွေးမှာဆိုတော့ လက်ရွေးစင်စာရင်းမှာပါချင်ဇောနဲ့ ကျားကုပ်ကျားခဲလို့ လထုတ်ခဲ့ရတာပေါ့။ ပထမဆုံး ကျနော်အားသန်တာက စားပွဲတင်တင်းနစ်ဗျ။ အမှန်က စားပွဲတင်းနစ်ဆိုတာ ဆရာအတတ်သင်ရောက်မှ တွေ့ဖူးတာကလား။ လေးငါးလ ကစားသက်နဲ့ ဘယ်တိုးနိုင်ပါ့မလဲ။ အုပ်စုအဆင့်နဲ့တင် ပြုတ်တာပါပဲဗျာ။ ဒါနဲ့ကြက်တောင်ဝင်ရိုက်ပြန်တော့လည်း ထိုနည်းလည်းကောင်းပဲဗျာ။

ဘောလီဘောအသင်းမှာပါဖို့ကတော့ စိတ်ကူးတောင်ထည့်လို့မရဘူးဗျာ။ ဆရာအတတ်သင်လာတက်တဲ့ သင်တန်းသားတွေထဲမှာ တိုင်းနဲ့ပြည်နယ် လက်ရွေးစင်တွေရော၊ မြို့နယ်အဆင့်လက်ရွေးစင်တွေပါ ရိုက်သတ်လို့မကုန်ဘူးဗျာ။ ဆိုကရေးတီးထဲပါဖို့ဆိုတာကလည်း မောင်မယ်သစ်လွင်ကြိုဆိုပွဲတုန်းက ဘာမှဟုတ်တိပတ်တိတတ်တာမဟုတ်ပဲ စင်တင်ပြဖြတ် ဒါရိုက်တာလိုလိုဆရာကြီးဝင်လုပ်ခဲ့ပေမဲ့ တကယ့်စည်းဝါးနရီနဲ့ စနစ်တကျတတ်တာမှ မဟုတ်တာ၊ ဘယ်မှာလာ အရွေးခံရပါ့မလဲဗျာ။

ဒီနေရာမှာ ကျနော့်အားနည်းချက်က အထင်းသားပေါ် လာတယ်ဗျ။ ကျနော်ဟာ တောင်စပ်စပ် မြောက်စပ်စပ် မလုပ်တတ်တာ မကစားတတ်တာ မရှိသလောက်ဆိုပေမယ့် ဘယ်အားကစားမှ ထူးထူးချွန်ချွန် မရှိဘူးဗျာ။ ဘောလုံး၊ ဘော်လီဘော၊ ကြက်တောင်၊ တင်းနစ်၊ ပြေးခုန်ပစ်မှာပါတဲ့ သံပြားဝိုင်းပစ်၊ လှံတံပစ်ဆိုတာတွေ ကျနော်အားလုံးတတ်တယ်။ ဆိုးနေတာက အဲဒီကစားနည်းတွေထဲက ဘယ်မှာမှ မထူးချွန်တာပဲဗျာ။ နောက်ဆုံးလူရွေးပွဲဖြစ်တဲ့ အထွေထွေဗဟုသုတပြိုင်ပွဲအတွက် တကျောင်းလုံးမှာ တယောက်တည်းရွေးမယ့် လူရွေးပွဲကိုဝင်ပြိုင်လိုက်တာကဲဆိုးချင်တော့ ကျနော့်ထက် စာဖျပိုးကျတဲ့ ပန်းတနော်သူ အေးအေးသန့်ဆိုတဲ့ဆရာမက ပထမရပြီး ကျနော်ကဒုတိယပဲ ချိတ်ပြန်တော့ မျှော်လင့်ချက်ကုန်ရောဆိုပါတော့ဗျာ။

ဒီလိုနဲ့ မန္တလေးရွှေမြို့တော်မှာကျင်းပမယ့် ဘက်စုံပညာပြိုင်ပွဲကြီးကို လိုက်ပါနိုင်ဖို့ ကျနော့်အိပ်မက်တွေပျက်ပြယ်ကာနီးမှာ ကံကောင်းချင်ပြန်တော့ ပထမရတဲ့ အေးအေးသန့်က ကောက်ကာငင်ကာ နမိုးနီးယားဖြစ်တယ်ဆိုလား ကျန်းမာရေးမကောင်းတာနဲ့ ဒုတိယရတဲ့ ကျနော်က ဖိုးကံကောင်းဖြစ်ပြီး မန္တလေးပြိုင်ပွဲကို ပါလာခဲ့ရောဆိုပါတော့ဗျာ။ ဘိုကလေးကနေ မန္တလေးကိုသွားရတဲ့ခရီးကတော့ သင်္ဘောတတန်၊ ကားတတန်၊ မီးရထားတတန်နဲ့ဆိုတော့ တော်တော်တော့ ပျော်စရာအကောင်းသားဗျာ။ မှတ်မိသေးတယ်ဗျာ၊ ကျနော်တို့ပြိုင်ပွဲဝင်မယ့် သင်တန်းသားတွေကိုအုပ်ချုပ်ဖို့ လိုက်လာကြတာက ကထိက ဦးမြင့်မောင်နဲ့ ဆရာဦးဘစန်းဗျ။ ဆရာဦးမြင့်မောင်က စာအုပ်ကြီးသမားဆိုတော့ သင်္ဘော၊ ကား၊ မီးရထားအဆင်းအတက်တွေမှာ အုပ်စုအလိုက် အမှတ်စဉ် တစ်၊ နှစ်၊ သုံးဆိုပြီး ဆင်းပါ၊ တက်ပါလို့ သင်ထားတယ်။ လူပျိုကြီးဆရာ ဦးဘစန်းကတော့ သင်တန်းသားတွေနဲ့ တရှန်းရှန်း အရောတဝင်နေတဲ့ဆရာမို့ 'ဟေ့ကောင်တွေ၊ အဆင်မြေသလိုသာ တက်ကြဆင်းကြကွာ' လို့ မှာထားပြန်ရော။ ကျနော်တို့လား၊ ဆရာဦးဘစန်းစကားကို မြေဝယ်မကျနားထောင်ပြီး ကားတွေရထားတွေပေါ် က အဆင်းဆို ပြူတင်းပေါက်ကနေချည်းခုန်တက် ခုန်ဆင်းပေါ့ဗျာ။

အမှန်က ကျနော်ဟာ အသက်ကလည်းငယ်သေးတော့ မန္တလေးရောက်ချင်လို့သာ လျှောက်လုပ်နေတာ ပြိုင်ပွဲဝင်ဖို့လည်းအရွေးခံရရော ပြိုင်ပွဲမှာ ထူးထူးချွန်ချွန်ဖြစ်ချင်စိတ်တော့ မရှိလှဘူးဗျ။ ကျနော့်စိတ်ထဲမှာ ပြိုင်ပွဲနဲ့ပတ်သက်လို့ သိပ်လေးလေးနက်နက်လည်းမထားခဲ့ဘူး။ မထားဆို ကျနော်ဝင်ရမယ့်ပြိုင်ပွဲက တခြားအားကစားသမားတွေ၊ ဆိုကရေးတီးပြိုင်ပွဲဝင်မယ့်သူတွေလို လှူစုံတက်စုံ အပူတပြင်း လေ့ကျင့်နေရတာမျိုးမှမဟုတ်ပဲ။ အခန်းထဲ တယောက်တည်းအောင်းပြီး စာဖတ်နေရတာမျိုးဆိုတော့ ကျနော်ဝင်ပြိုင်ရတဲ့ တနေ့ကလွဲလို့ အချိန်ရတာနဲ့ မန္တလေးမြို့ထဲလျှောက်လည်တော့တာပါပဲ။ ဘယ်လောက်တောင် အလည်လွန်နေသလဲဆိုရင် နောက်ဆုံးဆုပေးပွဲညက စင်မြင့်ပေါ်ကနေ ကျနော့်နာမည် အကြိမ်ကြိမ်အော်ခေါ်နေတာတောင် ကျနော်ပေါ်မလာတာကြောင့် ဆရာဦးဘစန်းက တဖျစ်တောက်တောက်လုပ်တဲ့အထိဗျာ။ ဪ၊ ခင်ဗျားက ကျနော်ပထမရတယ် အောက်မေ့လို့လား။ မဟုတ်ပါဘူးဗျာ။ ကျောင်းပေါင်း ဆယ့်ခြောက်ကျောင်းက ပြိုင်ပွဲဝင် ဆယ့်ခြောက်ယောက်ထဲမှာ နောက်ဆုံးဆန်ကာတင်ခြောက်ယောက်ထဲမှာ ကျနော့်နာမည်ပါနေတာပါဗျာ။

အင်း၊ ဘာမှမဖတ်မမှတ်ပဲ နောက်ဆုံးဆန်ကာတင်စာရင်းဝင်တယ်ကြားတော့မှ ငါသာစာနည်းနည်းကျက်လိုက်ရင် ငါ့ကျောင်းနာမည်တောင်းရမှာလို့တော့ နောင်တရမိသလိုလိုဖြစ်တာတော့ အမှန်ပဲဗျာ။ ကျနော်တို့ကျောင်းကလည်း ညံ့တော့မညံ့ဘူးဗျာ။ အဲဒီနှစ်က ဘက်စုံပညာပြိုင်ပွဲမှာ ကျနော်တို့ကျောင်းဟာ ဘောလီဘောပြိုင်ပွဲအတွက် ရွှေတံဆိပ်ရခဲ့သဗျာ။ နောက်ဆုံးဖိုင်နယ်က အိမ်ရှင် မန္တလေးဆရာအတတ်သင်နဲ့ဆိုတော့ တကယ့်ပွဲကြီးပွဲကောင်းပါပဲ။ ဒါတင် ဘယ်ကအုံးမလဲ။ မောင်မယ်သစ်လွင်ကြို့ဆိုပွဲမှာ ကျနော်ပါးစပ်ဆိုင်းတီးသမျှ လိုက်တီးပေးခဲ့တဲ့ ခရမ်းမြို့နယ်က ကိုအောင်မြိုင်ဟာ အတီးပြိုင်ပွဲမှာ အပြောင်မြောက်ဆုံး စန္ဒယားလက်စွမ်းနဲ့ ရွှေတံဆိပ်ချိတ်ခဲ့သေးတာပေါ့။

အင်း၊ အခုတခေါက်လည်း အိမ်ကမချော ဗျစ်တောက်ဗျစ်တောက်လုပ်တာ၊ ကင်ပေတိုင်စစ်စစ်နေတာမခံနိုင်လွန်းလို့သာ မန္တလေးကိုထွက်လာတာ အလုပ်နဲ့ပတ်သက်လို့ ဘာတခုမှ ကျနော်ရေရေရာရာမသိဘူးဗျာ။ ဒါနဲ့ တည်းခိုတဲ့ဟိုတယ်မှာ အိပ်လိုက်စားလိုက်လုပ်နေလိုက်တာ လေးငါးရက်လောက်ကြာမှ စနေမောင်မောင်ပြောတဲ့အလုပ်ခွင်ဆိုတာ နည်းနည်းချင်းရိပ်စားမိလာပါတော့တယ်။ အမှန်က အဲဒီခွင်ဆိုတာ မန္တလေးတက်သေးအင်း အိပ်ရာစီမံကိန်းဆိုပဲဗျ။ အမှန်တော့ အဲဒီစီမံကိန်းကို ကျနော်တို့ဆီသယ်လာတဲ့မောင်က မန္တလေးမှာ ရွှေခြည်ထိုးလုပ်ငန်းလုပ်တဲ့ ကိုသိန်းထွန်းဆိုတဲ့မောင်ပဲဗျာ။ သူနေတာက ဦးဘသာလမ်း ရှမ်းပွဲရပ်တဲ့။ ရွှေခြည်ဦးကုမ္ပဏီနှင့် ပြည့်ဆောက်လုပ်ရေးဆိုပြီး အလုပ်လုပ်နေသတဲ့။

တကယ်တော့ ရွှေခြည်ထိုးလုပ်ငန်းနဲ့ ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်း ဘာမှတော့မဆိုင်လှဘူးဗျာ။ သူ့ရွှေခြည်ထိုးလုပ်ငန်းကို တိုင်းမှူးတို့ဘာတို့ကလည်း သူတို့နိုင်ငံခြားသား ဧည့်သည်တချို့ အလည်အပတ်လာတဲ့အခါ ရွှေခြည်ထိုးအလုပ်ရုံတွေ ဘာတွေ လိုက်ပြရာက အချိတ်အဆက်မိသွားတယ်ထင်ပါရဲ့၊ တည်ဆောက်မြို့ပြင် မြန်ပြည်တခွင်ခေတ်မှာ ဆောက်လုပ်ရေးလုပ်ငန်းတွေလည်း ခေတ်ကောင်းရော၊ ဆောက်လုပ်ရေးဘက်ကို ခေတ်နဲ့အညီ လှည့်ခဲ့ကြတာပေါ့ဗျာ။ ခေတ်ကိုက စီးပွားရေးသမားမှန်ရင် ကန်ထရိုက် ထဖြစ်ကုန်ကြတဲ့ခေတ်ကိုး။ ဆရာဝန်တွေတောင် ကန်ထရိုက်ဖြစ်ကုန်တဲ့ခေတ်ပေါ့ဗျာ။

ဘာတဲ့၊ စာရေးဆရာကြီး မောင်သာရရဲ့ ယုန်နဲ့အတူပြေး၊ ခွေးနဲ့အတူလိုက်ဆိုတာမျိုးထင်ပါ့။ အဲဒီ ကိုသိန်းထွန်းကို တက်သေးအင်းစီမံကိန်းချပေးမယ်ဆိုပြီး မန္တလေးစည်ပင်သာယာရေး ကော်မီတီက ခေါ် ညှိနှိုင်းတော့ ရွှေခြည်ထိုးသမား ကိုသိန်းထွန်းလည်း ဘာမှ မလုပ်တတ်မကိုင်တတ်ဖြစ်နေရာကနေ စနေမောင်မောင်တို့နဲ့ ချိတ်မိတာပေါ့ဗျာ။ စနေမောင်မောင်တို့ကလည်း လေလုံးထွားထွားနဲ့

ငွေရလွယ်မယ့်လမ်းကိုသာ လိုက်ရှာနေကြတာ၊ တကယ်တမ်း မိုးထဲရေထဲမှာ စနစ်တကျလုပ်ရမယ်ဟော့ လည်းဆိုရော ကျနော့်ဆီရောက်လာတော့တာပါပဲ။

အမယ်၊ ဒီစီမံကိန်းက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေးကို တိုင်းခန်းလှည့်လည်တုန်းက လမ်းညွှန်ခဲ့တာဆိုပဲ။ ဒီလိုကိစ္စမျိုးမှာ ကျနော်ကဆရာကြီးဆိုတော့ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မီတီနဲ့ သုံးကြိမ်လောက်လည်း တွေ့ဆုံညှိနှိုင်းပြီးရော တက်သေးအင်း အိမ်ရာစီမံကိန်းအတွက် လုပ်ငန်းသဘောတူစာချုပ်ကို ၁၉၉၆ ခုနှစ်၊ ဩဂုတ်လမှာ ချုပ်နိုင်ရောပေါ့ဗျာ။ အော် အဲဒီတုန်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မီတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) က ဗိုလ်မှူးကြီး စိန်ဝင်းအောင် ပေါ့။ ကျနော်တို့ တက်သေးအင်းစီမံကိန်းအပြီးမှာ လာအိုသံအမတ်ကြီးအဖြစ် လွှင့်သွားရတဲ့ ပုဂ္ဂိုလ်ပေါ့ဗျာ။

အမယ်၊ သူ့တပ်ထဲမှာတုန်းက နာမည်ကြီးလက်ဝှေ့သမားဆိုပဲ။ တကယ်တော့ တက်သေးအင်း အိမ်ရာစီမံကိန်းဆိုတာ အဲဒီတက်သေးအင်း ပတ်ဝန်းကျင်မှာရှိနေတဲ့ တဲအိမ်တွေကိုဖျက်ပြီး ဆယ်ခန်းတွဲ သုံးထပ်တိုက်တွေဆောက်ပေးတဲ့ စီမံကိန်းပါဗျာ။ ကျနော်တို့ငွေစိုက်ပြီး အဲဒီတိုက်ခန်းတွေ ဆောက်ပေးပြီး မန္တလေးစည်ပင်သာယာက ကျနော်တို့ကို အဲဒီစီမံကိန်းနယ်မြေထဲမှာ မြေကွက်တွေပြန်ပေးတဲ့ စနစ်ပေါ့။ စီမံကိန်းလည်း စရော၊ အဲဒီတက်သေးအင်းတဝိုက်ကအိမ်တွေ ဖျက်ရတော့တာပဲဗျို့။

အင်း၊ အဲဒီနေရာတဝိုက်က အင်းဘေးမှာရှိတာဆိုတော့ ခြံလေးဝန်းလေးတွေနဲ့ ကြက်သွန်မိတ်တို့၊ နံနံပင်တို့ စိုက်တဲ့စိုက်ခင်းလေးတွေပါ ဖျက်ပစ်ရတာပေါ့ဗျာ။ မူလနေထိုင်သူတွေအတွက်တော့ ကောင်းတာရောဆိုးတာရော ဒွန်တွဲနေတာပါပဲ။ မူလကတည်းက ခြံနဲ့ဝင်းနဲ့ ကာလတန်ကြေး သိန်းရာချီတန်တဲ့အိမ်တွေကို ဖျက်ပေးလိုက်ရတဲ့သူတွေအတွက်တော့ ခွက်ပျောက်တာပဲဗျို့။ အဲ၊ တဲစုတ်နဲ့ နေခဲ့တဲ့သူတွေအတွက်တော့ ထီပေါက်ကိန်းပေါ့ဗျာ။ တိုက်ခန်းတွေကို စည်ပင်သာယာက အလကား တော့ ပြန်မပေးပါဘူး။ မြေညီထပ် ငါးသိန်း၊ ပထမထပ် လေးသိန်း၊ အပေါ်ဆုံးထပ် သုံးသိန်းကို လေးရစ်ခွဲသွင်းရတာမျိုးပေါ့။

နေဦးဗျ။ တက်သေးအင်းဝန်းကျင်က တဲအိမ်တွေကို ဖယ်ရှားရှင်းလင်းတော့ အဲဒီမှာ ဗလီတခု ရှိနေတာကြောင့် ညှိရနှိုင်းရတာရှိသေးတယ်ဗျာ။ အိမ်တွေ၊ တဲတွေသာ ရှင်းပြီးသွားတယ်၊ အဲဒီ ဗလီကြီး က ထီးထီးကြီးကျန်နေတာမို့ ကျနော်တို့က မြေထိုးမြေညှိတဲ့ ဘူဒိုဇာကြီးတွေနဲ့ လုပ်ငန်းလည်းစရော ဗလီဆရာတွေလည်း မျက်နှာငယ်လေးတွေနဲ့ ဖြစ်ကုန်ကြရောပေါ့ဗျာ။ သူတို့လည်း သိပ်တော့မျက်နှာ မကောင်းရှာကြဘူး။ ညှိတယ်နှိုင်းတယ်ဆိုတာလည်း စည်ပင်သာယာနဲ့ ညှိတာပါ။ ကျနော်တို့နဲ့ တိုက်ရိုက်တော့ မသက်ဆိုင်လှဘူးဗျ။

ဗလီဆရာတွေကြည့်ရတာ ဖြစ်သင့်တာထက် ပိုပြီးမျက်နှာပျက်နေကြတာကြောင့် ဘာကြောင့် များပါလိမ့်ဆိုပြီး စပ်စုလိုက်တော့ ကျနော်တို့မရောက်ခင် နှစ်နှစ်သုံးနှစ်လောက်က ဗလီတွေ မူဆလင် ရပ်ကွက်တွေနဲ့ပတ်သတ်လို့ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် လက်စွမ်းပြခဲ့ဖူးတဲ့အကြောင်း ပေါ်လာသဗျာ။ မန္တလေးမှာ ပုလင်းဝင်းဆိုတဲ့ မူဆလင်ရပ်ကွက်ကိုအိမ်ရာစီမံကိန်းအတွက် မြေနေရာရှင်းတုန်းကတဲ့ဗျာ။ အဲဒီပုလင်းဝင်းထဲက မူလနေထိုင်သူတွေကို ဖယ်ရှားပေးဖို့ တိုင်းမှူးက သုံးကြိမ် အမိန့်စာထုတ်ပြီးတာ တောင် မဖယ်ကြဘူးတဲ့။ မဖယ်တဲ့ပြင် သူတို့အားကိုးရမယ်ထင်တဲ့ ဘာသာတူ ဆော်ဒီအာရေဗျလို နိုင်ငံမျိုးအထိ တိုင်ကြတောကြ၊ စာတင်ကြတယ်ဆိုပဲ။ အဲဒါနဲ့ ပုလင်းဝင်းပြဿနာဟာ အချိန်အတော် ကြာ မရှင်းနိုင်ပဲဖြစ်နေရာက ဘယ်ကဘယ်လို အမိန့်ရတယ်တော့မပြောတတ်ဘူး၊ တနေ့ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်ဟာ ပုလင်းဝင်းကို စစ်တပ်နဲ့ နေ့လည် သုံးနာရီလောက်မှာ ဝိုင်းထားလိုက်ပါလေရောတဲ့ ဗျာ။

ပုလင်းဝင်းကို ဝိုင်းထားတဲ့စစ်တပ်က အသံချဲ့စက်သုံးပြီး အဲဒီဧရိယာထဲမှာရှိနေတဲ့လူတွေ အားလုံး လူချည်းသက်သက်ထွက်ခွာသွားကြဖို့ အမိန့်ပေးသတဲ့။ ဒီလိုနဲ့ ထွက်တဲ့သူတွေလည်းထွက်၊ ပေကပ်နေတဲ့သူတွေကနေဖြစ်နေတုန်း ညနေခြောက်နာရီခွဲလောက် မှောင်ရီပျိုးစအချိန်လည်းရောက် ရော ပုလင်းဝင်းထဲကို ဘူဒိုဇာတွေအတင်းမောင်းဝင်ပြီး ရှိရှိသမျှတဲတွေကော အိမ်တွေပါ ကြိတ်ပစ် လိုက်ရောတဲ့ဗျာ။ ကြိတ်တာမှ ဘူဒိုဇာတစီးစီပေါ် မှာ အသင့်အနေအထားနဲ့ လက်နက်ကိုင်စစ်သားတွေ တက်ထိုင်ပြီး ကြိတ်တာတဲ့ဗျာ။ အဲဒီတော့မှ အထဲမှာရှိနေတဲ့လူတွေလည်း အသက်လုပြီး လက်လွတ် ခွက်ကျွတ် ထွက်ပြေးကြရသတဲ့ဗျာ။ ဘယ်သူမှန်တယ်မှားတယ်၊ တရားတယ် မတရားတယ်ဆိုတာ ခင်ဗျားဖာသာ ဆက်စဉ်းစားပေတော့။ ကျနော်ကတော့ ကြားဖူးတာ ပြန်ပြောပြတာပဲ။ အတိအကျ မှန်တယ်လို့ ကျနော်မပြောဘူးနော်။ ဒါပေမဲ့ ကျနော့်ကိုပြန်ပြောပြတာတော့ အဲဒီရှင်းလင်းရေးမှာ ကိုယ်တိုင်ပါဝင်ခဲ့တဲ့ တပ်ကြပ်ကြီးတယောက်ပဲဗျာ။ နောက်ဆုံးတော့ ဘယ်လိုညှိနှိုင်းလိုက်ကြတယ်တော့ မပြောတတ်ဘူး။ တက်သေးအင်း အိမ်ရာစီမံကိန်းဧရိယာထဲမှာရှိနေတဲ့ အဲဒီဗလီဟာ မူလအနေ အထားအတိုင်း တည်ရှိခွင့်ရသွားခဲ့ပါတယ်။

တက်သေးအင်းဆိုတာက မန္တလေး၊ စစ်ကိုင်းလမ်းမကြီးရဲ့အနောက်ဘက်၊ အဲဒီတုန်းက အသစ် ဖောက်နေတဲ့ မန္တလေးမြို့ပတ် ရှစ်လမ်းသွားလမ်းမကြီးရဲ့ အရှေ့ဘက်၊ ကျောက်ဆစ်တန်းကနေ အမရပူရမြို့ဝင်အထိ နှစ်မိုင်နီးပါးရှည်တဲ့ ရေပြင်ကြီးဗျ။ မန္တလေးတမြို့လုံးက ရေဆိုးတွေကိုထုတ်တဲ့ မြောင်းဟာ အဲဒီတက်သေးအင်းဘေးမှာရှိတာကြောင့် တော်တော်တော့ အနံ့အသက်ဆိုးတဲ့နေရာပဲ ဗျာ။ အဲဒီတက်သေးအင်းမှာ တက်သေးအင်းမယ်တော်ကြီး နတ်နန်းဆိုတာလည်း ရှိသေးဗျာ။ အဲဒီ နတ်နန်းက ပုဂံခေတ်ကတည်းက ရှိခဲ့တာဆိုပဲ။ တက်သေးအင်း နာမည်တွင်လာပုံကို စပ်စုကြည့်တော့ ဘိုးတော်ဘုရား ဗဒုံမင်းလက်ထက်က ရခိုင်ပြည်ကနေ မန္တလေးကို မဟာမြတ်မုနိဘုရားကြီး ပင့်ဆောင် လာရာမှာ အဲဒီအင်းထဲရောက်တော့ လှော်တက်တွေကိုသိမ်းတာကြောင့် တက်သိမ်းအင်းလို့ခေါ် ရာ ကနေ ကာလရွေ့လျောလာပြီး တက်သေးအင်းလို့ ခေါ် တာလို့ဆိုသဗျ။ အဲဒီတက်သေးအင်း စီမံကိန်း စတင်ချိန်မှာ မန္တလေးနဲ့ရန်ကုန် စွယ်တော်စေတီနှစ်ဆူ အပြိုင်တည်နေကြတဲ့အချိန်ပေါ့။ အစိုးရ မင်းများက ဘယ်လိုစိတ်ကူးပေါက်သလဲတော့ မပြောတတ်ဘူး။ မန္တလေးဟာ ရန်ကုန်နဲ့ တန်းယှဉ်နိုင်တဲ့ မြို့ဖြစ်လာအောင် စီမံကိန်းချကြတယ်ဆိုပဲ။ ဥပမာ ရန်ကုန်မှာ ကန်တော်ကြီးရှိရင် မန္တလေးမှာ ကန်တော်ကြီး ရှိရမယ်။ ရန်ကုန်မှာ စွယ်တော်စေတီရှိရင် မန္တလေးမှာလည်း စွယ်တော်စေတီရှိရမယ် ဆိုတာမျိုးပေါ့ဗျာ။

ဪ၊ နောက်ပိုင်းမှာ တက်သေးအင်းကို ကန်တော်ကြီးလို့ နာမည်ပြောင်းလိုက်ကြတယ်ဆိုပဲ။ အင်း၊ စွယ်တော်ဆိုတာက တကယ့် မူလစွယ်တော်အစစ်တော့ မဟုတ်ပါဘူး။ ဆင်စွယ်ကို စွယ်တော် ပုံစံထုပြီး တရုပ်ပြည်မှာရှိနေတဲ့ စွယ်တော်အစစ်နဲ့ အတူထားလိုက်တာ စွယ်တော်ပွားဖြစ်လာတယ်ဆိုပဲ။ ရန်ကုန်နဲ့မန္တလေးမှာတည်တဲ့ စွယ်တော်စေတီတွေမှာ ဌာပနာတဲ့ စွယ်တော်ဆိုတာ အဲဒီစွယ်တော်ပွား တွေပါပဲဗျာ။

မန္တလေးစည်ပင်သာယာနဲ့ အလုပ်လုပ်နေချိန်ဆိုတော့ စွယ်တော်စေတီတည်ဆောက်ရေးမှာ တာဝန်ယူနေတဲ့ တိုင်းမှူး၊ ဗိုလ်မှူး၊ ဗိုလ်ချုပ်တွေနဲ့ ခင်မင်ရင်းနှီးလာတာပေါ့ဗျာ။ မန္တလေးစွယ်တော် စေတီဌာပနာသွင်းတဲ့အခါ ရန်ကုန်စွယ်တော်ဌာပနာ သွင်းပုံသွင်းနည်းနဲ့ တထပ်တည်းတူအောင်လုပ်ရ မယ်ဆိုတဲ့ ညွှန်ကြားချက်ထွက်လာတော့ စွယ်တော်စေတီတည်ဆောက်ရေးမှာ အဓိကတာဝန်ယူနေတဲ့ ဗိုလ်မှူးကြီးစံလင်းက ကျနော့်ကိုအကူအညီတောင်းတာကြောင့် ရန်ကုန်စွယ်တော်စေတီ ဌာပနာ ပိတ်ပွဲကို ကျနော်လိုက်ခဲ့ရပြန်ရောဗျာ။ အမှန်က ရန်ကုန်စွယ်တော်စေတီဟာ အရင်တည်တာကြောင့်

ဌာပနာပိတ်ပွဲ အရင်လုပ်တာပါ။ ဒါကို ပုံတူကူးပြီး မန္တလေးစွယ်တော် ဌာပနာပိတ်ပွဲလုပ်မှာကြောင့် ရန်ကုန်ဌာပနာပိတ်ပွဲကို ဗီဒီယိုရိုက်ပြီး အသေးစိတ်မှတ်တမ်းတင်ဖို့ကိစ္စပေါ့။ ကျနော်လည်း ဗိုလ်မှူးကြီး စံလင်းရဲ့ပါဝါနဲ့ ရင်ဘတ်မှာ အရေးကြီးပုဂ္ဂိုလ်ရင်ထိုးအနီတခု ချိတ်ပြီး ရန်ကုန်ကငှားထားတဲ့ ဗီဒီယို ကင်မရာမင်း မှတ်တမ်းရိုက်ယူနိုင်အောင် ဌာပနာပိတ်ပွဲမှာ အနီးကပ် လိုက်လံကြီးကြပ်သလိုလို ဘာလိုလိုနဲ့ ဆရာကြီးလျှောက်လုပ်ရတာပေါ့ဗျာ။

ကျနော်မြင်သလောက်တော့ ဌာပနာသွင်းတယ်ဆိုတာ အလှူရှင်တွေလှူထားတဲ့ ကျောက်မျက်ရတနာတွေ၊ ကြေး၊ ငွေဆင်းတု၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်လိုအရာတွေကို နေ့နံအလိုက် ဟိုနေရာ ဒီနေရာ လျှောက်စီချပြီး တခုတည်းသောအပေါက်ကို အင်္ဂတေအသေကိုင်လိုက်တာပါပဲ။ ရန်ကုန် စွယ်တော်စေတီပိတ်ပွဲမှာ မင်းသားကြီးကတော့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်ပေါ့ဗျာ။ သူ့လက်စွဲတော်ကတော့ အများသိကြပြီးဖြစ်တဲ့အတိုင်း တိမ်ကြားအဖွဲ့က ဘိုးတော်သန်းလှပေါ့။ စဉ်းစား ဖို့ တခုကောင်းတာက ထေရဝါဒ ဗုဒ္ဓသာသနာ နေလိုလလို ထွန်းကားပါတယ်ဆိုတဲ့ ကျနော်တို့နိုင်ငံမှာ ဘိုးတော်သန်းလှလို ပုဂ္ဂိုလ်မျိုးကို နိုင်ငံတော်အကြီးအကဲ ရေမြေ့ရှင်တွေက ဘာကြောင့်ဦးတိုက်ကြ၊ အားကိုးကြသလဲဆိုတာပဲဗျာ။ ကျနော်နဲ့ဆရာဒကာလိုရင်းနှီးနေတဲ့ တိပိဋကဓရဆရာတော် ဦးသုမင်္ဂလ ဆိုရင် ကျနော်နဲ့တွေ့တိုင်းလိုလို 'ဒကာကြီးရေ၊ ဘုန်းကြီးတို့တော့ နိုင်ငံတော်ဘာသာရေး အခမ်းအနား ဆိုရင် ဘိုးတော်သန်းလှပြောသမျှ လိုက်လုပ်နေရတာပဲဟေ့'လို့တောင် မိန့်ဖူးတဲ့အထိပါပဲဗျာ။

ကြားဖြတ်ပြီး ရယ်စရာပြောရအုံးမယ်ဗျ။ ရန်ကုန်စွယ်တော်ပိတ်ပွဲကို မှတ်တမ်းအတိအကျရယူဖို့ မန္တလေးဗျူဟာမှူး ဗိုလ်မှူးကြီးသန်းထွန်းလည်း ဗိုလ်မှူးကြီးစံလင်းနဲ့အတူ ပါလာသေးသဗျ။ တက်သေးအင်း စီမံကိန်းက ကိုသိန်းထွန်းလည်း ရန်ကုန်ရောက်နေလေတော့ မင်းမင်းထွန်းက သူ့အိမ်မှာ မင်းပေါင်းစုံညီ၊ ထမင်းဖိတ်ကျွေးချင်လှပါချည့်ရဲ့လုပ်တာကြောင့် သူ့အိမ်ကိုသွားရတဲ့နေ့ပေါ့။ ကျွေးမယ့် အိမ်က ချက်တာပြုတ်တာမပြီးခင် ဖိတ်ကြားထားတဲ့ စားသုံးသူဧည့်သည်တော်တွေက ကြိုရောက်နေ သဗျာ။ ချက်ပြုတ်မပြီးသေးဘူးဆိုတော့ အားလုံး မျက်နှာပူပူနဲ့ သည်းခံပြီး ထိုင်စောင့်နေကြတာ ပေါ့ဗျာ။ တနာရီကျော်လောက် ထိုင်စောင့်လည်းပြီးရော ထမင်းရော၊ ဟင်းမျိုးစုံပါ စားပွဲပေါ်ကို ရောက်လာပြီး ဝင်ရောက်သုံးဆောင်ကြဖို့ အလှူရှင်မင်းမင်းထွန်းက ကြွပါကြွပါလို့လည်း ခေါ်လိုက် ရော မင်းမင်းထွန်းရဲ့ ငါးနှစ်သားအရွယ် ရွှေကိုယ်တော်လေးဟာ ရှတ်တရက်အသံပြုကြီးနဲ့ ငါ့ိုးမ သားတွေ၊ ငါစားဖို့ ချက်ထားတဲ့ဟင်းတွေ ဝင်စားနေကြပြီဆိုပြီး ထအော်လိုက်တာ ဘယ်သူမှ ထမင်းဟင်းတွေကို မနှိုက်ရဲလောက်အောင် ဖြစ်ကုန်ကြရောဗျာ။ ပထမတော့ ကျနော်လည်း မင်းမင်းထွန်းသား ဆိုးလိုက်တာလို့ ထင်မိပေမယ့် နောက်ပိုင်းသေချာပြန်စဉ်းစားကြည့်တော့ ဆဲတာကလွဲရင် ကျန်တာအမှန်တရားပဲဗျာ။ ကလေးဆိုတော့ သူ့ရင်ထဲ မချိတင်ကဲ ဖြစ်ရတယ်ထင်ပါရဲ့။

ရန်ကုန်စွယ်တော်ပိတ်ပွဲမှာ ဗိုလ်မှူးကြီးစံလင်းကို လိုက်ပြီးကူညီခဲ့တာ အချည်းနှီးတော့ မဖြစ်ဘူးဗျို့။ သူ့ကိုလိုက်ကူညီပြီး မန္တလေးကိုပြန်ရောက်လို့မှမကြာခင် မူဆလင်အဓိကရုဏ်း တခုကြားထဲမှာ ညပ်ပြီး ကံကောင်းလို့ ထောင်မကျတယ်။ ဗိုလ်မှူးကြီးစံလင်း ကယ်ပေလို့သာပေါ့ဗျာ။ ဖြစ်ပုံက ဒီလိုဗျ။ ကျနော်ရယ်၊ ကျနော့်တပည့်ကျော်တွေဖြစ်တဲ့ လှစိုးအောင်နဲ့ ကျော်အေးရယ်၊ သုံးယောက်သား မန္တလေးမြို့ထဲကို ညဘက်ကြီး ကိုးနာရီဝန်းကျင်လောက်မှာ လျှောက်လည်နေတုန်း ၈၄ လမ်းအပေါ် ၃၅ လမ်းနဲ့ ၃၆ လမ်းကြားလည်းရောက်ရော လူတွေရုံးစုရုံးစုဖြစ်နေတာကို တွေ့တာနဲ့ ထုံးစံအတိုင်း ဝင်ပြီးစပ်စုကြရောပေါ့ဗျာ။ ပြဿနာက ဘယ်ကဘယ်လိုစဖြစ်တယ်တော့ မပြောတတ် ဘူးဗျာ။ ကျနော်တို့လည်း လူအုပ်ကြီးနားရောက်သွားရော လူအုပ်ကြီးဟာ အဲဒီလမ်းထဲကဈေးဆိုင် ခန်းတွေကို ရိုက်ချိုးဖျက်ဆီးနေကြတော့ပဲဗျာ။ လက်စသတ်တော့ မူဆလင်တွေပိုင်တဲ့ ဆိုင်ခန်းတွေကိုး။

ဖို့ကဲ့ချိုးဖျက်ဆီးလိုက်တာမှ မော်တော်ဆိုင်ကယ်တွေ၊ စက်ဘီးတွေ၊ ပလပ်စတစ်လိမ်တွေ၊ ပိတ်လိမ်တွေ အားလုံးလိုလို အဖိုးတန်ပစ္စည်းတွေချည်းပဲဗျာ။ ဈေးဆိုင်ခန်းထဲက ပိုင်ရှင်မူဆလင်တွေကို ရိုက်တာနှက် တာတော့ မတွေ့ရဘူးဗျ။ ကြည့်ရတာ အခြေအနေကို ကြိုတင်ရိပ်စားမိပြီး ခပ်စောစောကတည်းက ရှောင်သွားကြပုံပဲ။

ကျနော်တို့လည်း ကြည့်ကောင်းကောင်းနဲ့ လျှောက်ကြည့်နေလိုက်တာ ပွဲကကြမ်းသထက် ကြမ်းလာပြီး ဆိုင်ခန်းတွေကိုမီးရှို့မယ် ဘာညာ ဖြစ်လာပါလေရောဗျာ။ ကျနော့်စိတ်ထင် အဲဒီလို ရှုန်းရင်းဆန်ခတ်ဖြစ်နေတာ နှစ်နာရီဝန်းကျင်လောက်အကြာမှာ အဲဒီဇရိယာရဲ့ အရှေ့အနောက်၊ တောင်မြောက်ကို စစ်ကားတွေရောက်လာပြီး ပိတ်ဆို့ထားလိုက်ပါလေရော။ မန္တလေးမြို့မှာ လမ်းတွေ ဖောက်ထားပုံက အရှေ့အနောက်၊ တောင်မြောက် ဖြောင့်ဖြောင့်ကြီးဖောက်ထားလေတော့ အရေး အကြောင်းဖြစ်လာရင် လေးဘက်လေးတန်က ပိတ်ဆို့ဖမ်းဆီးလို့ အင်မတန်လွယ်တာကလား။ အဓိကရုဏ်းထဲမှာ တပျော်တပါး ဝင်ပြီးဆင်နွှဲနေကြတဲ့ မန္တလေးသားများကတော့ ဟိုအိမ်ကြားဝင်၊ ဒီအိမ်ကြားဝင်၊ ဟိုအိမ်ပေါ်တက်၊ ဒီအိမ်ပေါ်တက်လုပ်လိုက်ကြတာ အားလုံးလိုလို ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ချိန်မှာ ရန်ကုန်သားလူလည်သုံးယောက်က လမ်းကြားလေးတခုထဲမှာ ပိတ်မိ နေပါရောဗျာ။

အားပတ်ဝန်းကျင်မှာ ရှိရှိသမျှအိမ်တွေကလည်း တံခါးတွေပိတ်၊ မီးတွေပိတ် ဖြစ်ကုန်ကြတာ ကြောင့် အားကိုးစရာရှာမရတော့ပဲ စစ်သားတွေရှိတဲ့နေရာဆီကို ချောင်းချောင်းကြည့်ရင်း လွတ်လမ်း ရှာနေလိုက်တာ ညဆယ့်နှစ်နာရီထိုးခါနီးလာတော့ စစ်သားတွေ တလမ်းဝင်တလမ်းထွက် ရှင်းလင်း တော့မယ့် အခြေအနေရောက်လာရောဗျာ။ သိတာပေါ့ဗျ။ စစ်ဗိုလ်တွေက အသံကျယ်ကြီးနဲ့ အမိန့်ပေး နေတာ အတိုင်းသားကြားနေရတာကလား။ ကြားနေရတဲ့အသံတွေထဲမှာ လမ်းဘေးမှာတွေ့သမျှ လူတွေကို ကားပေါ်ကို အတင်းဆွဲတင်နေတဲ့ အသံတွေလည်း ပါသဗျ။ ဒါနဲ့ ကျနော်လည်း ဒီအတိုင်း နေလို့မဖြစ်ချေဘူးဆိုပြီး အကောင်းဆုံးဖြစ်မယ့်နည်းလမ်းကို ရွေးလိုက်ရပါတော့တယ်။ အဲဒီနည်း ကတော့ လမ်းကြားလေးထဲကနေ သုံးယောက်သား လမ်းမကြီးအလယ်ခေါင်တည့်တည့်ကို ကူးသွားပြီး စစ်ကားတွေ၊ စစ်သားတွေရှိရာကို ခပ်တည်တည်လျှောက်သွားလိုက်တာပါပဲဗျာ။ ဟုတ်တယ်လေ။ ကျနော်တို့ ဒီရှုန်းရင်းဆန်ခတ်မှုမှာ လုံးလုံးမပတ်သက်တဲ့ ညေ့သည်တွေပဲ။ သူတို့ကိုမျက်နှာချင်းဆိုင် တွေ့ပြီး ဖြေရှင်းလိုက်တာ အကောင်းဆုံးပဲမဟုတ်လား။ တော်ကြာ လမ်းကြားထဲလာဖမ်းမှ အပြစ်ရှိလို့ ပုန်းနေတယ်ဆိုပြီး ရှင်းရခက်မယ်လေ။ ကျနော်တို့သုံးယောက် လမ်းလယ်ခေါင်လည်းရောက်ရော စစ်သားတယောက်က မအေနဲ့ကိုင်တုတ်ပြီး မေတ္တာပို့သံကြားလိုက်ရတော့တာပဲဗျာ။ ဟေ့ကောင်တွေ၊ အကုန်လက်မြှောက်ထားစမ်းဆိုတာလည်း ပါသေးဗျ။

ကျနော်က လက်မြှောက်စရာအကြောင်းမှ မရှိတာ၊ ဖုံမှန်အတိုင်း သူတို့ရှိရာ ဆက်လျှောက် နေလိုက်တော့ ငါ ချင်း မိုးမွှန်အောင်ဆဲသံတွေ ထွက်လာတဲ့အပြင် ဗိုလ်ကြီးတယောက်က ကျနော်တို့ ရှိရာကိုပြေးလာနေရင်း အဲဒီကောင်တွေ အကုန်ဖမ်းတွာ။ အကုန်ကားပေါ်တင်ကွာလို့ အမိန့်ပေးပါ လေရော။ ကျနော်တို့လည်း ဘာမှတောင်ရှင်းမပြနိုင်ခင် စစ်ကားပေါ်ဆွဲတင်ခံရမယ့်ဆဲဆဲမှာ စစ်ကားနားက လမ်းဘေးမှာ ငုတ်တုတ်ထိုင်နေတဲ့လူတယောက်ဆီက အသံထွက်လာသဗျာ။

'ဟေ့လူ၊ ကိုသက်ခိုင် ခင်ဗျားဘယ်လျှောက်သွားနေတာတုန်းဗျ။ ဒီမှာပြဿနာဖြစ်နေတာ ခင်ဗျားမသိဘူးလား' တဲ့။ ဒါနဲ့ ကျနော်လည်း အသံလာရာကိုသေချာကြည့်လိုက်တော့ အောင်မယ် လေး မောင်မင်းကြီးသား ဗိုလ်မှူးကြီးစံလင်းပါလားဗျာ။ ကျနော်လည်း ဝမ်းသာအားရ 'ထမင်း ထွက်စားရင်း လမ်းမှာပိတ်မိနေလို့ဗျာ'လို့ ပြောလိုက်တော့မှ သူ့အရာရှိတယောက်ကို ကျနော်တို့တည်း

တဲ့ ဟိုတယ်အထိ လိုက်ပို့နိုင်းသဗျာ။ နောက်ပိုင်းမှာသိရတာက အဲဒီညက ဖမ်းမိသမျှမောင်တွေကို အစစ်အဆေးမရှိ ထောင်ဒဏ်သုံးနှစ်စီ ချီးမြှင့်တယ်ဆိုပဲ။ တက်သေးအင်းကောင်းမှုနဲ့ စောစောစီးစီး ထောင်ကျကိန်းကြုံတော့မလို့ ကံသီလို့ဆိုပါတော့ဗျာ။

ကျနော်တို့ အကောင်အထည်ဖော်တာကို တက်သေးအင်းမယ်တော်ကြီးကပဲ မကြိုက် လေရော့သလား မပြောတတ်တော့ပါဘူးဗျာ။ စီမံကိန်းစပြီး နှစ်လကျော်လောက်လည်းကြာရော မြန်မာ တနိုင်ငံလုံးသာမက အာရှတိုက်တခုလုံး စီးပွားပျက်ကပ်ဖြစ်တော့မဲ့ အရိပ်အယောင်တွေပေါ်လာ တော့တာပဲဗျာ။ အဲဒီစီးပွားပျက်ကပ်ကြီးကို တီထွင်ဖန်တီးလိုက်သူကတော့ အမေရိကန်သူဌေးကြီး ဂျော့ဆိုရော့လို့ ကင်ပွန်းတပ်ကြသဗျ။ စီးပွားပျက်ကပ်ဖြစ်ပုံက အိမ်မြေအရောင်းအဝယ်ဈေးကွက် လုံးဝပျက်သွားတာပေါ့ဗျာ။ ဂျော့ဆိုရော့လုပ်တာ ဟုတ်မဟုတ်မပြောတတ်ပေမယ့် ကျနော်ကိုယ်တိုင် သိလိုက်တာက အဲဒီစီးပွားပျက်ကပ်မဖြစ်ခင် မြန်မာပြည် အိမ်မြေအရောင်းအဝယ်ဈေးကွက်မှာ တော်တော်အလုပ်ဖြစ်လိုက်ကြတာ ဆိုတာပဲဗျာ။ ဟုတ်တယ်၊ တောင်ဒဂုံ မြောက်ဒဂုံလိုနေရာမျိုး တွေက အဆောက်အဦမဆောက်ရသေးတဲ့ မြေကွက်လပ်တွေ တော်တော်များများကို အရောင်း အဝယ် ဖြစ်တာဗျာ။ မြေတာကွက်ကို ဆယ်သိန်းဝန်းကျင်နဲ့ ဒီနေ့ဝယ်ထားပြီး နောက်နေ့မြန်ရောင်းရင် ငါးသောင်း တသိန်းအထိ မြတ်ကြသဗျာ။

ရောင်းရဝယ်ရတာလည်း လွယ်သလားမမေးနဲ့၊ ဝယ်တဲ့ရောင်းတဲ့သူအားလုံး အရပ်ကတိ စာချုပ်တွေ ချုပ်လိုက်ကြ၊ မြေဂရံကိုလက်လွှဲလိုက်ကြနဲ့ တကယ့်ကိုပွဲတော်ကြီးကိုဖြစ်လို့ပေါ့။ မကြာပါ ဘူးဗျာ။ ခြောက်လဝန်းကျင်လောက်လည်းရှိရော နေ့ချင်းညချင်း ရုတ်တရက်ဝယ်သူမရှိတော့တဲ့ အခြေအနေဆိုက်သွားတော့တာပဲ။ မြေကွက်တွေ အရောင်းအဝယ်ဖြစ်သလို တိုက်ခန်းအိမ်ခန်းတွေ လည်း ထိုနည်းလည်းကောင်း ပွဲကောင်းပြီး အလားတူ ပွဲသိမ်းကြရောပေါ့ဗျာ။

ကျနော် ဉာဏ်မီသလောက် စဉ်းစားကြည့်တော့ ငွေကြေးအမြောက်အများ တတ်နိုင်သူ တဦးတဖွဲ့က ဒီလိုဈေးကွက်တခု အရောင်းအဝယ်ဖြစ်လာအောင် အယောင်ပြဖန်တီးပြီး အလံရှူး လုပ်တာမျိုးဖြစ်နိုင်တယ်ဗျာ။ အဲဒီ အခြေအနေကိုနားမလည်တဲ့ပြည်တွင်းက ငွေရှင်ကြေးရှင်အပါအဝင် လက်ထဲမှာ ငွေလေးကြေးလေးစုမိဆောင်းမိတဲ့သူတွေက မြေကွက်တွေ အတင်းနင်းကန်ပြီး လိုက်ဝယ် လာကြတဲ့အခါ မူလဈေးကွက်ဖန်တီးသူက အသာလေးနောက်ဆုတ်နေလိုက်တော့ လက်ထဲက ငွေတွေ အစား မြေကွက်တွေဈေးကြီးမိပြီး ကျန်ခဲ့တော့တာပဲပေါ့ဗျာ။

သေချာစဉ်းစားကြည့်ရင် ရွှေ့လိုက်တဲ့ အကွက်က ရိုးရိုးရှင်းရှင်းပါပဲ။ ကျနော်ကြား သလောက် ဒီမြေကွက်စီးပွားပျက်ကပ်ဟာ ထိုင်းနိုင်ငံမှာလည်း အတော်ဆိုးဆိုးဝါးဝါး ခံလိုက်ကြရ တယ်ဆိုပဲ။ တချို့ထိုင်းအိမ်မြေဈေးကွက်သူဌေးတွေဆို စီးပွားပျက်ကပ်ဒဏ်ကိုမခံနိုင်ကြလို့ ဒေဝါလီ ခံရတဲ့သူတွေ ဒုန်ဒေးရှိသလို ကိုယ့်ကိုယ်ကို သေကြောင်းကြံသွားကြတာတောင် တော်တော်များဆိုပဲ။

တိတိကျကျပြောရရင် အဲဒီစီးပွားပျက်ကပ်ဟာ ၁၉၉၇ ခုနှစ်မှာ ဖြစ်ခဲ့တာဗျ။ ဒါပေမဲ့ မြန်မာပြည်မှာ ၁၉၉၆ နှစ်ကုန်ပိုင်းလောက်မှာ အခြေအနေပျက်စပြုလာတာကို သတိထားကြည့်ရင် သိနိုင်တယ်ဗျာ။ အထူးသဖြင့် ကျနော်တို့တာဝန်ယူတည်ဆောက်နေတဲ့ တက်သေးအင်း အိမ်ရာ စီမံကိန်းမှာ မြေကွက်ကိုဝယ်သူမရှိတော့တဲ့ အခြေအနေရောက်လာတယ်။

အော်၊ စီမံကိန်းတခုကို တာဝန်ယူတည်ဆောက်တယ်ဆိုတာလည်း လုပ်ငန်းအစအဆုံး ဘယ်သူမှ ငွေအကုန်စိုက်ထုတ်ပြီး မရင်းနှီးနိုင်ကြဘူးလေ။ မြေကွက်ဖော်တာ၊ အုတ်မြစ်လုပ်ငန်း စတာလောက်အတွက်သာ ငွေရင်းနိုင်ကြတာကလား။ အဲဒီလုပ်ငန်းတွေပြီးတာနဲ့ ကိုယ့်အတွက်ရမယ့် မြေကွက်တွေကို ကြိုတင်အရောင်းအဝယ်လုပ်ပြီး လုပ်ငန်းအပြီးသတ်အောင်လုပ်ကြရတာပါပဲ။ ဒါက

လည်း ကျနော်တို့တဖွဲ့တည်းမဟုတ်ပါဘူး။ တနိုင်ငံလုံးက ကန်ထရိုက်မှန်သမျှ ဒီအတိုင်းချည်းပါပဲ။ ကျနော်တို့အတွက်ရတဲ့မြေကွက်တွေကို ကြိုရောင်းလို့လည်း မရရောအဲဒီစီမံကိန်းလည်း အုတ်မြစ်လုပ်ငန်းအဆင့်မှာတင် ထိုးရပ်သွားရောပေါ့ဗျာ။ မှတ်မှတ်ရရ အဲဒီစီမံကိန်း ထိုးရပ်သွားတာ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလပဲဗျာ။

အဲသလိုပြဿနာမျိုး မန္တလေးမှာစဖြစ်နေပေမယ့် တနိုင်ငံလုံးအနေနဲ့တော့ မသိသာလှသေးဘူးဗျာ။ မြေကွက်အရောင်းအဝယ် အေးတယ်၊ အလုပ်ဖြစ်တာနည်းတယ်ဆိုတာလောက်သာ သတိပြုမိသေးတဲ့အချိန်ပေါ့။ ကိုယ်ရည်သွေးတယ်လို့ မထင်လိုက်ပါနဲ့ဗျာ။ မန္တလေးက အခြေအနေကိုကြည့်ပြီး ဒီအရိပ်လက္ခဏာဟာ တတိုင်းပြည်လုံးကို အနှေးနဲ့အမြန် ကူးစက်တောက်လောင်တော့မယ်ဆိုတာကို ကျနော် သုံးလကျော်လောက် ကြိုတင်ပြီးခန့်မှန်းမိသဗျ။ ဒါနဲ့ ကျနော့်လုပ်ဖော်ကိုင်ဖက်တွေကို ဒါဟာ စီးပွားပျက်ကပ်တခုရဲ့ အရိပ်လက္ခဏာပဲ။ တတ်နိုင်တဲ့ဘက်က ကြိုတင်ပြင်ဆင်မှုတွေလုပ်ကြဖို့ ကျနော်ကသတိပေးတော့ သူတို့က ကျနော့်ကိုအရူးတယောက်လို ပြန်ကြည့်တာပေါ့ဗျာ။ ဒါကို အများက သာမန်ဖြစ်ရိုးဖြစ်စဉ်လို့သုံးသပ်ကြပေမယ့် ကျနော်ကတော့ ထူးခြားဖြစ်စဉ်လို့ခံစားရတယ်ဗျာ။

အင်း၊ အဲဒီအချိန်မှာ ဒေါ်စက်ကြည်ဆိုတာကို စတွေ့တာပါပဲ။ ကျနော်နဲ့တော့ တိုက်ရိုက်စသိကျွမ်းတာမဟုတ်ပါဘူး။ ရွှေခြည်ဦး ကိုသိန်းထွန်းကတဆင့် စနေ မောင်မောင်တို့နဲ့အဖွဲ့ကျရာကနေ ကျနော်နဲ့သိလာတာပါပဲ။ သူ့အသက် ငါးဆယ်လောက်ရှိပါပြီ။ ငါန်းငွန်ဇာတိလို့ဆိုပါတယ်။ လုပ်ငန်းတချုပ်တွေချုပ်ရာက မှတ်ပုံတင်ထဲမှာတွေ့မိတာတော့ သူ့အဖေ နာမည်က ဦးစိန်မော်တဲ့။ သူနေတဲ့ လိပ်စာက (၃၉) လမ်းနဲ့ (၈၀) လမ်း (၈၁) လမ်းကြားတဲ့ဗျာ။ အသက်ငါးဆယ်ဝန်းကျင်အရွယ် သူ့ပုံက ဖြူဖြူနုနုပါပဲ။ သူ့ရှိတဲ့ယောက်ျားကြီးကို မေမြို့ဘက်က ခြံတခြံမှာပို့ထားပြီး သူက ဘာသာရေးလုပ်သလိုလို၊ ဘာလိုလိုနဲ့ ယောဂီထဘီ အမြဲဝတ်လေ့ရှိတယ်။ပုံစံကြည့်ရတာတော့ ရက်စက်ကြမ်းကြုတ်မယ်လို့ တချက်မှ ထင်ရက်စရာမရှိဘူးဗျာ။ စီမံကိန်း အစပိုင်းမှာ ဒေါ်စက်ကြည်နဲ့ကျနော် ဘာမှပတ်သက်ခဲ့တာမဟုတ်လေတော့ သူ့အကြောင်းကို နောက်မှ ပြောကြတာပေါ့။ အခုဆက်ပြောနေရင် စကားလမ်းကြောင်းလွဲကုန်ပါလိမ့်မယ်။

ကျနော်လည်း ထိုးရပ်သွားတဲ့စီမံကိန်းကို ပြန်ပြီးအဖတ်ဆယ်နိုင်အောင် နည်းလမ်းမျိုးစုံရှာဖွေကြံဆရပါတော့တယ်။ ဟုတ်ပါတယ်။ စီမံကိန်းဟာ အချိန်ဇယားတခုနဲ့ပြီးစီးရမယ့် လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်ထားပြီးသားပါ။ အချိန်ဇယားအတိုင်းမဝင်ရင် ပြဿနာမျိုးစုံတက်လာနိုင်ပါတယ်။ မန္တလေး စည်ပင်သာယာရေးကော်မီတီက တာဝန်ရှိပုဂ္ဂိုလ်တွေကလည်း အမိန့်ပေးတတ်တာကလွဲလို့ အခြေအနေကို မှန်မှန်ကန်ကန်အကဲခတ်တာမဟုတ်လေတော့ သတ်မှတ်လုပ်ငန်းကို သတ်မှတ်ရက်အမီပြီးစီးအောင် အမိန့်စာတွေ နင်းကန်ထုတ်တော့တာပေါ့ဗျာ။ မန္တလေးစည်ပင်က အမိန့်စာထုတ်လိုက်၊ ကျနော်တို့က အခက်အခဲကိုရှင်းပြပြီး အသနားခံလိုက်၊ သုံးကြိမ်လောက်လည်း လုပ်ပြီးရော မန္တလေးစည်ပင်သာယာရေး ကော်မီတီဟာ ကျနော်တို့ငွေအရင်းအနှီးနဲ့ စိုက်ထုတ်ဆောင်ရွက်နေတဲ့ တက်သေးအင်းစီမံကိန်းကို သိမ်းယူလိုက်ပြီဆိုတဲ့အကြောင်း အမိန့်စာထွက်လာပါလေရောဗျာ။

အင်း၊ ရန်ကုန်မှာ အဆင်မပြေလို့ မန္တလေးကိုလာမိပါတယ်။ ဆီပူအိုးထဲကနေ မီးပုံထဲခုန်ချမိသလိုဖြစ်တော့တာပေါ့ဗျာ။ လုပ်ငန်းလည်း အဆင်မပြေဖြစ်ရော ငွေတပြားမှမစိုက်ထားတဲ့ စနေမောင်မောင်တို့ မင်းမင်းထွန်းတို့လည်း ကိုယ်ပျောက်အတတ် ကျင့်ကုန်ကြတာပေါ့ဗျာ။ ခက်တာက ကျနော်က လူ့အားရောငွေအားပါ စိုက်ထုတ်ထားလေတော့ အဆုံးခံလိုက်လို့ ဘယ်ဖြစ်ပါ့မလဲ။

ဒါအပြင် တချို့ဆောက်လုပ်ရေးပစ္စည်းတွေ အကြွေးဝယ်ထားမိလို့ ကြွေးပူတွေကတာဘက်ပေါ့ ဗျာ။ ဘာပဲဖြစ်ဖြစ် ကျနော်ဟာ ဘယ်ပြဿနာမျိုးကိုမဆို လွယ်လွယ်နဲ့ လက်မလျှော့တတ်တဲ့အကျင့် ရှိတယ်။ ပြဿနာ ဖြေရှင်းနိုင်မယ့်နည်းလမ်းကို ဆီလိုအပေါက်ရှာတတ်တဲ့ အကျင့်ရှိတယ်ဆိုပါတော့။

ဒီတော့ ကျနော်လည်း ကြံရာမရတဲ့အဆုံး ဖြစ်လာလတ္တံ့သော စီးပွားပျက်ကပ်နဲ့ပတ်သက်လို့ နိုင်ငံတော်အစိုးရအနေနဲ့ ကူညီကုစားပေးသင့်တယ်ဆိုတဲ့အကြောင်း စာရှည်ကြီးတစောင်ရေးပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေအပါအဝင် နိုင်ငံတော်အကြီးအကဲအားလုံး၊ ဝန်ကြီးအားလုံးဆီကိုလိပ်မူပြီး ပို့ချလိုက်ရောဆိုပါတော့ဗျာ။ အမှန်တော့ ရွေးစရာလမ်းမရှိတော့လို့ ကျနော်ရမ်းလိုက်တာဗျ။ ကံမကောင်းအကြောင်းမလှရင် နှစ်အကန့်အသတ်မရှိ ထောင်နန်းစံသွားနိုင်တယ်လေ။ ကျနော်က သာမန်အသနားခံစာ ရေးယုံတင်မဟုတ်ဘူး။ နိုင်ငံတခုမှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေ အကြပ်အတည်းကြုံရတဲ့အခါ နိုင်ငံတော်အစိုးရအနေနဲ့ ဘယ်လိုဘယ်ပုံ ကူညီပံ့ပိုးသင့်တယ်ဆိုတာကို 'အမေရိကန်သံရုံး၊ ပြန်ကြားရေးဌာနကထုတ်တဲ့ အိုင်ယာကော့ကာ' ဆိုတဲ့ ခရိုင်စလာကားကုမ္ပဏီ အကြီးအကဲရဲ့ အတ္ထုပ္ပတ္တိစာအုပ်ကြီးကိုပါ စာတစောင်ချင်းစီမှာ ပူးတွဲပေးလိုက်တာဗျ။ ဘာလို့ ကူညီသင့်သလဲဆိုတော့ ကုမ္ပဏီတွေဒေဝါလီခံရင် အဲဒီကုမ္ပဏီမှာရှိတဲ့အလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်ကုန်မယ်။ နောက်တခါ ဆင့်ကဲဆင့်ကဲ ဈေးကွက်ပျက်ရာကနေ တနိုင်ငံလုံးရဲ့စီးပွားရေးစံနစ်ကြီး တခုလုံးကို ထိခိုက်နိုင်လို့ပေါ့ဗျာ။ နိုင်ငံတော်အကြီးအကဲအားလုံးဆီကို တစောင်တအုပ်ပူးတွဲပို့မှာမို့ အိုင်ယာကော့ကာစာအုပ် အုပ်ရေသုံးဆယ်လောက်ရဖို့ လမ်း ၃၀ တဝိုက်မှာ ရှာလိုက်ရတာဗျာ။

ကျနော်ရေးတင်လိုက်တဲ့စာဟာ ရိုးရှင်းပေမယ့် အဲဒီခေတ်မှာတော့ အစိုးရအဖွဲ့အတွက် တော်တော်ထူးဆန်းနေတယ်ဆိုရပါလိမ့်မယ်။ ကျနော်ရေးထားတဲ့အကြောင်းတွေထဲမှာ ကျနော်ဟာ မန္တလေး တက်သေးအင်းစီမံကိန်းကို တာဝန်ယူဆောင်ရွက်နေတယ်။ မမျှော်လင့်ပဲ မြေကွက်အရောင်း အဝယ်မရှိတော့တာကြောင့် အခက်အခဲကြုံတယ်။ ဒီအခက်အခဲဟာ ကျနော်တယောက်တည်း ဖြစ်ပေါ်နေတာမဟုတ်ပဲ မကြာခင် တနိုင်ငံလုံးကို ကူးစက်လာမယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ကျနော့်အကြပ်အတည်းကို ကူညီသင့်တယ်။ ထို့အတူ မကြာခင်အကြပ်အတည်းဖြစ်လာမယ့် ပုဂ္ဂလိက ကုမ္ပဏီတွေကိုလည်း ကူညီဖို့အဆင်သင့်ရှိနေသင့်တယ်ပေါ့ဗျာ။

အော်၊ အစိုးရအဖွဲ့ဝင်၊ ဝန်ကြီးတွေကို အဲဒီစာအုပ်တအုပ်လုံး ထိုင်ဖတ်ခိုင်းလို့တော့ဘယ်ရမလဲဗျာ။ အဲဒီစာအုပ်ထဲက ကျနော်ရည်ညွှန်းလိုတဲ့အခန်းတွေကို အမှတ်အသားပြပြီး ဖတ်ဖို့ ညွှန်းရတာပေါ့။ ကျနော်ညွှန်းလိုက်တဲ့အခန်းတွေက အခန်း (၁၄) နစ်နေသော လှေပေါ်ဝယ်၊ အခန်း (၁၇) အစိုးရထံ ချဉ်းကပ်ခြင်း၊ အခန်း (၁၈) ခရိုက်စလာအား ကယ်တင်သင့်ပါသလော၊ အခန်း (၁၉) ကွန်ဂရက်တွင် အစစ်ခံခြင်း၊ အခန်း (၂၀) အညီအမျှစွန့်လွှတ်ကြ၊ အခန်း (၂၁) ဘဏ်များမှ ငွေချေးခြင်းဆိုတဲ့ အခန်းတွေပေါ့ဗျာ။

အင်း၊ ကျနော် အခုမှ သေချာပြန်စဉ်းစားကြည့်မိတော့ ကျနော်ပြုစုပြီး တင်ပြလိုက်တဲ့ စာတမ်းဟာ မြန်မာနိုင်ငံအုပ်ချုပ်သူတွေရဲ့ လက်ရှိအခြေအနေနဲ့ နည်းနည်းတော့ အလှမ်းဝေးနေ သလိုပဲဗျာ။ တကယ်တော့ ကျနော့်စာထက် စိတ်ဝင်စားဖို့ကောင်းတာက အဲဒီစာနဲ့အတူ ပူးတွဲပြီး ပို့လိုက်တဲ့ အိုင်ယာကော့ကာအကြောင်းဗျ။ သူ့အကြောင်း ခင်ဗျားသိသွားရင် တကယ့်ကို လေးစား အားကျသွားနိုင်လောက်တယ်။ ကျနော်တော့ အိုင်ယာကော့ကာကို လေးစားအားကျသူစာရင်းထဲမှာ ထိပ်ဆုံးက ထည့်ထားတယ်။ သူ့အကြောင်း စေ့စေ့ငှငှသိချင်ရင်တော့ မြန်မာနိုင်ငံမှာရုံးစိုက်တဲ့ အမေရိကန်နိုင်ငံ ပြန်ကြားရေးဌာနကနေ ၁၉၉၅ ခုနှစ်မှာထုတ်တဲ့ အိုင်ယာကော့ကာ၏ ကိုယ်ရေး ဖြစ်စဉ်မှတ်တမ်းဆိုတဲ့ စာအုပ်ကို ရှာဖတ်ပေတော့ဗျာ။ မူရင်းရေးသူ အယ်လ်အိုင်ယာကော့ကာနဲ့

ယျံ့ နိဗ္ဗာန်၊ မြန်မာဘာသာကိုပြန်ဆိုတာက 'မဟာမိ'တဲ့ဗျ။ မဟာမိဆိုတာ နာမည်ကျော် ဘာသာပြန် ဇွန်မာစာရေးဆရာတယောက် ဖြစ်နိုင်ပါတယ်။ ကလောင်နာမည် ပြောင်းထားပုံရပါတယ်။ ကျနော် ဆီးသလောက် အိုင်ယာကော့ကာအကြောင်း ခင်ဗျားကိုပြောပြမယ်ဗျာ။ ကျနော်ပြောပြနိုင်တာကလည်း ဆဲ့်တအုပ်ကို အကြိမ်ပေါင်းများစွာ ဖတ်ခဲ့ဘူးလို့ပါ။ အိုင်ယာကော့ကာဟာ တကယ့်ကိုစိတ်ဝင်စားစရာ ကောင်းလွန်းတဲ့ ပုဂ္ဂိုလ်ကြီးဗျ။ ခင်ဗျားကော သူ့အကြောင်းကြားဖူးလား။ မကြားဖူးရင် ကြုံတုန်း ဗျားယောင်ပါဗျာ။

■

## အခန်း (၈၂)

# သက်ခိုင်ရဲ့ အိုင်ယာတော့တာ

လွှသမားများ လွှဆွဲနေကြသည်။
ခွေးများ စိုရွှဲနေသည်။
စားစရာကို နွေးထားပါ။
စားစရာအသီးများ နွာထားပါ။
နွဲပျော်စရာ တို့တောရွာ။
စပါးရွှေဝါ အားထားစရာ။
စပယ်ပန်းများ မွှေးကြူ၏။
ပျံလွှားများ ပျံနေကြသည်။

အထက်ပါ သူငယ်တန်းဖတ်စာကိုရွတ်ဆိုလျက် စာအံနေသံသည် ကျောင်းစာသင်ခန်းတခု အတွင်းမှ ထွက်ပေါ်လာခြင်းမဟုတ်ပါ။ ကိုသက်ခိုင်၏ တဲငယ်အတွင်းမှ နှစ်ရှည် ရဲဘက်အကျဉ်းသား လင်းကြည်၏ စာအံနေသံဖြစ်ပါသည်။ လင်းကြည်စာအံနေသည့် အဓိကအကြောင်းမှာလည်း ကိုသက်ခိုင်၏ အားထုတ်ချက်တရပ်ပင်ဖြစ်ပါသည်။

လင်းကြည်ကား ရိုက်မှုဖြင့် ထောင်ဒဏ် ၁၃နှစ်နှစ်ကျလာသူဖြစ်၏။ သူ့အသက်ကား ၂၄ နှစ်ရှိပြီ။ သူကား ဖတဆိုးဟုဆိုသည်။ ငယ်စဉ်ဘဝကို မည်သို့ကျော်ဖြတ်လာသည်ကို အသေးစိတ် မသိသော်ငြား သေချာသည့်အချက်မှာ လင်းကြည် စာရေးစာဖတ် မတတ်ခြင်းပေတည်း။ ရဲဘက် အကျဉ်းစခန်းပင်ဖြစ်သော်လည်း အလုပ်ဘုတ်ခွဲခြင်း၊ အလှည့်ကျ ကင်းချိန်သတ်မှတ်ခြင်း စသည်တို့၌ ရေးတတ်ဖတ်တတ်ရှိမှုတော့ လိုအပ်သည်ဖြစ်ရာ စာမတတ်သောလင်းကြည်မှာ လူအများအံ့ဩစရာ၊ လှောင်ပြောင်စရာဘဝ ရောက်ရရှာသည်။

လင်းကြည်တယောက် ထောင်ထဲရောက်ရခြင်း တရားခံကား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မီတီ၏ ဂဠုန်စီမံချက်ဖြစ်သည်။ ၁၉၉၀ ကျော်ကာလများက ရန်ကုန်မြို့လယ်မှ လမ်းဘေး

ဈေးသည်များကိုဖမ်းဆီးသည့် စည်ပင်ရဲများဖြင့် ဖွဲ့စည်းထားသော ဂဠုန်အမည်ရှိ စစ်ဆင်ရေးကို ပြုလုပ်ခဲ့ကြဘူးသည်။

လင်းကြည်၏အမေကား လမ်းမတော်သံဈေးတွင် ပန်းရောင်းသည်ဆို၏။ လမ်းဘေးဖျံကျ ဈေးသည်ဖြစ်၍ ဂဠုန်စစ်ဆင်ရေးတွင် လိုက်တမ်းပြေးတမ်းကစားကာ အသက်မွေးဝမ်းကျောင်းရင်း တကြိမ်တွင်မရှောင်နိုင်မတိမ်းနိုင် အဖမ်းခံရတော့သည်။ အဖမ်းခံရချိန်တွင် မိခင်ကိုဝိုင်းကူနေသော လင်းကြည်သည်လည်း အနီးအပါးတွင်ရှိနေသည်ဖြစ်ရာ အရင်းပြုတ်မည့်အရေးကြောင့် ဖမ်းဆီးသည့် ဂဠုန်တို့ကို ရှိခိုးဦးတင် တောင်းပန်သော်ငြား အဆင်မပြေရာမှ စည်ပင်ရဲဂဠုန်တို့ကို တွေ့ရာတုတ်တိုဖြင့် ရိုက်မိတော့သည်ဆိုပါသည်။ လင်းကြည်ကား အရပ်အမောင်းကောင်းကောင်းနှင့် တောင့်တင်းကြံ့ခိုင် သူဖြစ်ရကား သူ့တုတ်စာမိသူ စည်ပင်ရဲနှစ်ဦးမှာ အတွင်းလူနာဘဝရောက်ရသည်မှ လင်းကြည် ထောင်ဒဏ်ခုနစ်နှစ် ထိုက်သင့်လာခြင်းဖြစ်သတည်း။

စာမတတ်သောလင်းကြည်တွင် သဘာဝတရားကြီးကပေးအပ်သော လက်ဆောင်ပေလော မသိ။ ထူးခြားသောအချက်ကား သူကြည့်ဖူးသော ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်လမ်းတို့ကို ခရေစေ့တွင်းကျ အများ နားစိုက်ထောင်ချင်လောက်အောင် သိုင်းဝိုင်းဖွဲ့နွဲ့ကာ ပြောပြတတ်ခြင်းပေတည်း။

ကျနော်တို့ရဲဘက်ရောက်ချိန်တွင် အဆိုပါ လင်းကြည်တယောက် ရဲဘက်နေသား နှစ်နှစ်ကျော် ခန့်ရှိနေလေပြီ။ ကျနော်တို့ရဲဘက်သို့ ကိုသက်ခိုင်ရောက်လာပြီးနောက် တခုသောနေ့တွင် လင်းကြည် ၏ အိမ်မှလူကြုံပေးလိုက်သောစာတစောင်ကို ကိုသက်ခိုင်ထံယူလာပြီး ဖတ်ပြခိုင်းရာ ကိုသက်ခိုင်က လင်းကြည်ကိုအံ့ဩတကြီး မေးလိုက်သည်။

'ဟာကွာ၊ မင်း ဒီအသက်အရွယ်အထိ စာမဖတ်တတ်သေးဘူးလား'

လင်းကြည်ကား စကားပြန်မရ။ ကိုသက်ခိုင့်ရှေ့မှာ ခေါင်းငိုက်စိုက်ချလျက် တုံးဏှိဘာဝေ လုပ်နေသည်။ ကိုသက်ခိုင်သည် အတန်ကြာမျှငြိမ်သက်နေလိုက်ပြီး လင်းကြည်အား မေးခွန်းထုတ် လိုက်သည်။

'ဒါဆို မင်းဥစ္စာ တသက်လုံး မင်းဖတ်ချင်တဲ့စာကို သူများလျှောက်ဖတ်ခိုင်းနေတော့မလားကွာ'

လင်းကြည်ကား တုတ်တုတ်မျှမလှုပ်ပြန်။ ကိုသက်ခိုင်ကပင် ဆက်၍

'မင်းကိုယ်တိုင် ကိုယ်ဖတ်ချင်တဲ့စာကို ကိုယ်တိုင်မဖတ်တတ်ချင်ဘူးလားကွာ' ဟူသော အမေးအဆုံးတွင်မူ လင်းကြည်ထံမှ စကားသံပြန်ထွက်လာသည်။

'ကျနော် အခုနေစာသင်ရင် တတ်ပါတော့မလား ဆရာကြီးရယ်'

'ဟား တတ်တာပေါ့ကွာ။ စာရေးစာဖတ်ဆိုတာ သိပ်ခက်ခဲတဲ့အလုပ်မှမဟုတ်တာ'

'ဘယ်သူက ကျနော့်ကို စိတ်ရှည်လက်ရှည်သင်ပေးမလဲ ဆရာကြီးရယ်။ ပိုဆိုးတာက ကျနော်က တနေကုန် ဘုတ်ထဲ ဆင်းနေရတာလေ'

'ဟေ့ကောင်၊ မင်းသာ တကယ်စာတတ်ချင်စိတ် ရှိပါစေ၊ ငါကြည့်စီစဉ်မယ်။ ငါကိုယ်တိုင် မင်းကို စာသင်မယ်၊ လောကမှာ အောင်မြင်အောင် အားထုတ်မယ်ဆိုတဲ့ စိတ်ဓာတ်ရှိဖို့သာ ပဓာနပါ'

'ဒါဆို ကျနော်စာသင်ချင်တာပေါ့ ဆရာကြီးရာ'

'ဟုတ်ပြီ။ မင်းကို ငါစာသင်မယ်။ မင်းဘက်ကလည်း တကယ်တတ်ချင်စိတ်နဲ့ အားထုတ်ပါကွာ၊ မင်း စာတတ်ကို တတ်စေရမယ်လို့ ငါအာမခံပါတယ်'

ထိုမှသည် လင်းကြည်တယောက် ညဘက်အိပ်ချိန်မတိုင်မီ ကိုသက်ခိုင်ခြင်ထောင်နားတွင် ကိုသက်ခိုင်၏ အသုံးလုံးသင်တန်းကို စတင်တက်ရောက်ဖြစ်ပါတော့သည်။ အချို့နေ့များတွင် နေ့လည်ပိုင်း၌ လင်းကြည်ကိုစာသင်နိုင်ရေးအတွက် အဆောင်သန့်ရှင်းရေးဘုတ်တွင် တာဝန်ပေးရန်

စခန်းတာဝန်ခံ ဦးအေးနိုင်ကို ကိုသက်ခိုင်အကူအညီတောင်းရာ ဦးအေးနိုင်ကလည်း သဘောတူ လိုက်လျောပေးသဖြင့် သင်ကြားရေးမှာ ထင်သည်ထက် အဆင်ပြေလေတော့သည်။

ကိုသက်ခိုင်က သူ့ဇနီးကို သူငယ်တန်းဖတ်စာ၊ ဂဏန်းသင်္ချာစာအုပ်များမှာပြီး စနစ်တကျ သင်လေရာ တလခွဲခန့်အကြာတွင် လင်းကြည်စာတတ်ပြီဆိုသည့်သတင်းမှာ ရဲဘက်စခန်းတခုလုံးတွင် နောက်ဆုံးပေါ် သတင်းထူး ဖြစ်လာတော့သည်။ ဤနေရာတွင် လင်းကြည်၏စိတ်ပါဝင်စားမှုနှင့် ဇွဲနပဲကား အသိအမှတ်ပြုလောက်သည်။ မည်သူ့ကိုမျှ ဆတ်ဆတ်ထိမခံသော လင်းကြည်သည် ကိုသက်ခိုင်၏ အအော်အငေါက်အကြိမ်းအမောင်းဒဏ်ကို မျက်ရည်ပေါက်ပေါက်ကျသည်အထိ တင်းခံကာ စာအံခဲ့လေသည်။ အလုပ်တခုကို ဇောကပ်လုပ်တတ်သော ကိုသက်ခိုင်အကျင့်ကြောင့် လင်းကြည်ခမျာ နားရင်းအုပ်ခံရသည့်အကြိမ်ပေါင်းလည်း မနည်း။ အငေါက်ခံရသည်လည်း မရေတွက်နိုင်ခဲ့ချ။ အများက လင်းကြည်စာတတ်ပြီဆိုသော်ငြား ကိုသက်ခိုင်ကား သူ့တပည့်ကျော်ကို အချို့စာလုံးများကို ဂျောင်းဂျောင်းမြေးမဖတ်တတ်သေး၍ အားရကျေနပ်ဟန်မပြ။ သူငယ်တန်းဖတ်စာပြီးလျှင် ပထမတန်း၊ ဒုတိယတန်းဖတ်စာတွေကို ဆက်သင်ရန်စီမံနေပြန်သည်။

ရဲဘက်တို့ ဘုတ်ဆင်းချိန်ဖြစ်၍ အဆောင်ပေါ်မှာ တယောက်တည်းကျန်နေခဲ့သော ကျနော်သည် ဖျင်းဖျင်းရှိသည်နှင့် အဆောင်ရှေ့ကရေကန်ငယ်ကို ကွေ့ပတ်ကာ ကိုသက်ခိုင့်တဲရှိရာသို့ ကျနော်အလာ တဲပေါ်မှ လင်းကြည်၏စာအံသံကို ကျနော်ကြားနေခဲ့ရခြင်းဖြစ်ပါသည်။ ကျနော် တဲအတွင်းသို့ ရောက်သော် လင်းကြည်တယောက်တည်းသာရှိပြီး ကိုသက်ခိုင်ကိုမတွေ့ရသည်နှင့်

'လင်းကြည်၊ မင်းရဲ့ပါမောက္ခကြီး ဘယ်သွားသတုန်းကွ'ဟု မေးလိုက်ရာ လင်းကြည်က

'ဟာ၊ ဦးမင်းဒင်၊ ဆရာကြီးက ထောင်မှူးအခန်းဘေးကအဆောင်မှာ မြေပုံတွေဆွဲနေတယ်ဗျ'

'မင်းကြည့်ရတာ မျက်နှာလည်းမကောင်းလှပါလား၊ ဘာဖြစ်ပြန်သတုန်း'

ကျနော့်အမေးကို လင်းကြည်က ရုတ်ချည်းပြန်မဖြေပဲ အတန်ကြာငြိမ်နေပြီးမှ မပွင့်တပွင့်ဖြင့်

'အခုလေးတင်ပဲ နားရင်းလေးငါးချက် အရိုက်ခံလိုက်ရတယ်လေ'

'ဟ၊ ဘယ်လိုဖြစ်တာတုန်းကွ၊ စာမရလို့လား'

'မဟုတ်ဘူးဗျ။ ကျနော် လေးဂွတချောင်းနဲ့ ငှက်ပစ်နေတာတွေ့လို့'

'ကောင်းကွာ'

ကျနော်လည်း ပြောပြောဆိုဆို တဲအတွင်းမှထွက်ကာ ခပ်လှမ်းလှမ်းတွင်ရှိသော ထောင်မှူးအိမ်ဘက်ထွက်ခဲ့ပြန်သည်။ ထောင်မှူးအိမ်ကား ခြေတံရှည်အိမ် နှစ်ခန်းတွဲဖြစ်၏။

ကိုသက်ခိုင်ကား ထောင်မှူးအိမ်ခန်းနှင့် ကပ်လျက်အခန်းတွင်းရှိ အလုပ်စားပွဲတခုပေါ်တွင် ကွန်ပါ ခဲတံပေတံများနှင့် တယောက်တည်းအလုပ်ရှုပ်နေလေသည်။ အဆိုပါအခန်းကား စခန်းခွဲ (၁) သို့ အခြား အကျဉ်းဦးစီးအရာရှိများလာရောက်သည့်အခါ တည်းခိုလေ့ရှိသော အခန်းဖြစ်သည်။ ခံ့ခံ့ညားညားမဟုတ်သော်ငြား အခန်းမှာ သန့်ရှင်းသပ်ယပ်သည်။

ကိုသက်ခိုင်သည် သူ့ထုံးစံအတိုင်း အကောင်းစားတံဆိပ်အဝတ်အစားများနှင့် သေသပ်ကျနစွာ ဝတ်ဆင်ထားလေရာ သူ့ကြည့်ရသည်မှာ အပြစ်ကျအကျဉ်းသားနှင့်မတူပဲ အရာရှိတယောက် ရုံးတက်နေပုံနှင့် တူနေလေသည်။ ကျနော်တက်လာသည်ကို ကိုသက်ခိုင်မော့မကြည့်ပဲ လုပ်လက်စအလုပ်ကိုသာအာရုံစိုက်နေသည်။ ကျနော်က သူ့စားပွဲပေါ်ရှိ လယ်တီဒီပနီပေါင်းချုပ် စာအုပ်ကြီးကို တောင်လှန်မြောက်လှန် လုပ်ရင်း

'ကိုယ့်ဆရာ၊ ဘာတွေများ အလုပ်ရှုပ်နေပြန်သတုန်း'ဟု ကျနော်က အသံပြုမှ မော့ကြည့်သည်။

'လာမယ့်နှစ်အတွက် စိုက်ပျိုးရေးစီမံချက်တွေပေါ့ဗျာ။ လယ်ကွက်မြေပုံတွေပါ တွဲတင်ရမယ်

ဆိုလို့ဆိုပါအုံးဗျ။ ဘာကိစ္စထူးပြန်လို့တုန်း'

'မထူးပါဘူးဗျာ။ နေ့ခင်းဘက်အဆောင်ပေါ်မှာ တယောက်တည်းဖြစ်နေလို့ပါ၊ ဒါနဲ့ အခု ခင်ဗျားတဲမှာ မအိပ်ပဲဒီမှာ လာအိပ်နေသလား'

'အေးဗျာ၊ အလုပ်ဇောကပ်နေတာနဲ့ ဒီမှာအိပ်ဖြစ်နေတာ လေးငါးညရှိပြီ'

ထိုစဉ် အသက်သုံးဆယ်ဝန်းကျင် ညှိုသည်လင်မယားနှစ်ယောက် ကိုသက်ခိုင်နှင့်ကျနော်ရှိရာ အခန်းပေါ်သို့ လှေခါးထစ်များအတိုင်းတက်လာနေသည်ကို တွေ့ရပါသည်။ အနီးသို့ရောက်လျှင် ဇနီးသည်မိန်းမပျိုသည် ကိုသက်ခိုင်ကို တရိုတသေ ပုံစံဖြင့်

'ဆရာ၊ ကျွန်မမောင်လေးကို တဆိတ်လောက် သက်သက်သာသာဖြစ်အောင် ကြည့်ရှုပေးပါ ဆရာ'

ကိုသက်ခိုင်သည် စကားတခွန်းမျှပြန်မပြောပဲ ထိုမိန်းမပျိုကိုသာ စိုက်ကြည့်နေလေသည်။ ထိုအမျိုးသမီးသည် ပိုမိုရိုကျိုးသော လေသံဖြင့်

'ကျွန်မမောင်လေးက တခါမှ ထောင်မကျဖူးပါဘူး ဆရာရယ်၊ အခုဖြစ်တဲ့အမှုကလည်း လူငယ်အချင်းချင်း လက်ဖက်ရည်ဆိုင်မှာ ရန်ဖြစ်ကြတာပါ။ သူနေရမယ့်ခြောက်လမှာ အစစအရာရာ အဆင်ပြေအောင် ဆရာ့ဆီကို အပ်ထားချင်ပါတယ်။ ကျသင့်တဲ့လိုင်းကြေးသာ ပြောပါဆရာ'

မိန်းမပျိုကိုစိုက်ကြည့်နေသော ကိုသက်ခိုင်၏နှုတ်ခမ်းအစုံသည် ပြုံးမယောင်ယောင် ဖြစ်သွားလေရာ တခုခုတော့လွဲနေပြီဟု ကျနော်စိတ်မှာထင်လိုက်သည်။ ကိုသက်ခိုင်က ခပ်ပြုံးပြုံးပင် မေးခွန်း ထုတ်လိုက်သည်။

'ဒါနဲ့ ခင်ဗျားမောင်နာမည်က ဘယ်သူတဲ့တုန်းဗျာ'

'သက်နိုင်ဦးပါ ဆရာ'

'အင်း၊ အသက်နှစ်ဆယ်တောင် မပြည့်သေးတဲ့ချာတိတ်လေးပဲ။ ကျနော့်တွေ့လိုက်ပါတယ်'

'ဟုတ်ပါတယ်ဆရာ'

'ဒါနဲ့ ခင်ဗျားတို့က ဘာအလုပ်လုပ်ကြသတုန်းဗျာ'

'ကျမတို့က ဆင်မလိုက်နားမှာ လမ်းဘေးဓာတ်ဆီဆိုင် ဖွင့်ထားပါတယ်ဆရာ။ ဆရာလမ်းကြုံ ရင် ဓာတ်ဆီ ဝင်ထည့်ပါဆရာ'

'ဒါနဲ့ ဆရာ ဆရာနဲ့၊ ခင်ဗျားက ကျနော့်ကို ဘာထင်နေလို့တုန်း'

'ဆရာက ဒီရဲဘက်စခန်းက တာဝန်ခံထောင်မှူးမဟုတ်လား၊ ဆရာ့အိမ်ကို ပင်မစခန်းက လမ်းညွှန် လိုက်တာပါ ဆရာ'

'လက်စသတ်တော့ ခင်ဗျား လူမှားနေတာကိုး။ ကျနော်ထောင်မှူး မဟုတ်ပါဘူးဗျာ၊ ကျနော်က ရဲဘက်အကျဉ်းသားပါ'

'ရှင်'

'ဗျာ'

တအံ့တသြ အလန့်တကြားရေရွတ်လိုက်သောအသံတို့မှာ အဆိုပါမိန်းမပျိုနှင့် ခင်ပွန်းထံမှ တပြိုင်တည်းထွက်ပေါ်လာခြင်းဖြစ်လေရာ ကျနော်ပါ ရောယောင်၍ပြုံးမိသွားသည်။

'မဗျာပါနဲ့ဗျာ။ ကျနော်အကျဉ်းသားပါပဲ။ ဒါပေမယ့် ခင်ဗျားမောင်ကိစ္စကို အကြံပေးရရင် လိုင်းကြေးဝင်ဖို့ သိပ်မလောပါနဲ့။ တပတ်တန်သည် နှစ်ပတ်တန်သည်စောင့်လိုက်ရင် ငွေအများကြီး မပေးရဘူးပေါ့၊ ပူပူလောလောဆိုရင်မလိုအပ်ပဲ ငွေကုန်နေပါ့မယ်။ တခုရှိသေးတာက ခင်ဗျားတို့ မောင်ဟာ ဒီစခန်းခွဲမှာ သေချာပေါက်နေရမယ်ဆိုတာ မပြောနိုင်သေးဘူး။ အခုရောက်လာတဲ့ ရဲဘက်

ထွဲကနေ စခန်းခွဲ (၂)ကို ထပ်ပြောင်းဖို့ရှိသေးတယ်။ ပြောင်းတဲ့ထဲပါသွားရင် နှစ်ခါကုန်ဖြစ်တော့မ ယ်'

မိန်းမပျိုထံမှ ဘာသံမှထပ်မကြားရတော့ချိန်တွင် ခင်ပွန်းသည်ဖြစ်သူသည် လာရင်းကိစ္စထက် ယက်ခိုင်ကို ပိုမိုစိတ်ဝင်စားဟန်ဖြင့်

'ဆရာက အကျဉ်းသားသာပြောတယ်။ နေရထိုင်ရတာ တော်တော်အဆင်ပြေတဲ့ပုံပဲ ဆရာ၊ ဒ့လိုသာ နေရရင်ကျနော်တောင် ထောင်ကျလိုက်ချင်တယ်ဆရာရယ်'ဟု ပြောလိုက်ရာ ကိုသက်ခိုင် ည် မျက်နှာတချက်တည်လိုက်ရင်း

'အော်၊ ဒါကခင်ဗျား ကျနော့်အပြင်ပန်းကို ကြည့်ပြောတာပါလေ။ ကျနော့်ရင်ထဲကသောကကို င်ဗျားဘယ်မြင်နိုင်ပါ့မလဲ။ ဆုမတောင်းကောင်းပါဘူး။ ဖြစ်ချင်ဖို့ကောင်းတဲ့ ဘဝမဟုတ်ပါဘူးဗျာ'

အဆိုပါလင်မယားနှစ်ယောက် ကိုသက်ခိုင်ကိုနှုတ်ဆက်ပြန်သွားချိန်တွင် ကျနော်တို့ စ်ယောက် တိတ်ဆိတ်စွာကျန်ရစ်နေခဲ့သည်။ ကိုသက်ခိုင်သည် အိမ်ရှေ့က လှေငယ်ဆိုက်ရာ ချောင်းစပ်ကိုငေးကြည့်နေ၏။ ပျင်းရိခြောက်ကပ်လျက်ရှိသော အခြေအနေဖြစ်၍ ကျနော်ကပင် ကားမရှိ စကားရှာလိုက်ရပါသည်။

'ကိုသက်ခိုင် ခင်ဗျားက ရဲဘက်သာရောက်လာတာ ရုပ်ခံတော့ ကျန်သေးတယ်ဗျ'

'ရုပ်ခံတင်မကပါဘူးဗျာ။ ကျနော့်မှာ ပြင်းပြတဲ့စိတ်ဓာတ်အခံပါ ကျန်ပါသေးတယ်။ ခင်ဗျား စောင့်ကြည့်ပါလေ၊ ဒီလိုဘဝမျိုးကနေလွတ်မြောက်အောင် ကျနော်လုပ်ပြပါ့မယ်။ ဘဝမှာအတက် အကျကြုံရတာ ကျနော်တယောက်တည်းမဟုတ်ပါဘူး။ ခင်ဗျားကို ကျနော်ပြောမယ်ဆိုတဲ့ ဖို့ဒ် တော်တော်ကားကုမ္ပဏီဥက္ကဋ္ဌ အိုင်ယာကော့ကာလိုလူမျိုးတောင် ကြုံခဲ့ဖူးတာပါပဲ'

'ဟာ၊ ဟုတ်ပြီ။ ဒီနေ့ ကျနော့်စိတ်ထဲမှာ တစခန်းလုံးခြောက်ကပ်ကပ်ဖြစ်နေသလို ခံစား နေရတာ၊ ခင်ဗျားရဲ့အိုင်ယာကော့ကာအကြောင်း နားထောင်စမ်းပါရစေဗျာ။ ကျနော် ခင်ဗျားသောက် ဖို့ကော်ဖီမစ် ဖျော်လိုက်ပါ့မယ်'

ကျနော်ကပြောပြောဆိုဆို အနီးနားရှိဓာတ်ဗူးထဲမှ ရေနွေးနှင့်ရောစပ်ရန် စူပါကော်ဖီမှုန့်ထုပ်ကို ကြည့်နေစဉ်မှာပင် ကိုသက်ခိုင်သည် 'တကယ်တော့ အိုင်ယာကော့ကာဟာ ၁၉၈၀ ဝန်းကျင်က အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးသူရဲကောင်းတယောက်ပေါ့ဗျာ'ဟု အစချီလျက် သူအားကျသော အိုင်ယာကော့ကာ၏ ဇာတ်ကြောင်းကို ခင်းပါလေတော့သည်။

အိုင်ယာကော့ကာဟာ သူ့ဘဝဖြစ်စဉ်နဲ့ သူကျော်လွှားရုန်းကန်ရင်ဆိုင်ခဲ့ပုံတွေကို အမေရိကန် ပြည်ထောင်စုတလွှားမှာရှိတဲ့ တက္ကသိုလ်ကြီးတွေမှာ ဟောပြောခဲ့တယ်ဗျ။ အိုင်ယာကော့ကာဟာ ဖက်သစ်စလူငယ်တွေကို ပညာပေးစေ့ဆော်လိုတာကြောင့် သူ့ရဲ့အတ္ထုပ္ပတ္တိစာအုပ်ကို ရေးတယ်။ ဖျက်မှောက်ခေတ် အမေရိကန်ပြည်ထောင်စုမှာ ရှင်သန်လှုပ်ရှားနေကြတဲ့ စီးပွားရေးလုပ်ငန်းကြီးတွေရဲ့ စိတ်ဝင်စားဖွယ် သည်းထိတ်ရင်ဖို ယှဉ်ပြိုင်ရတဲ့ လက်တွေ့သာဓကတွေကို နားလည်စေချင်လို့ ရေးတယ် လို့ ဆိုသဗျာ။

အိုင်ယာကော့ကာရဲ့အဖေ နီကိုလာ အိုင်ယာကော့ကာဟာ အသက် ၁၂ နှစ်သား အရွယ် ၁၉၁၂ ခုနှစ်မှာ အမေရိကန်ပြည်ထောင်စုကို ရောက်ခဲ့သတဲ့ဗျ။ သူက မူလဇာတိကတော့ အီတလီနိုင်ငံ၊ နေဘယ်မြို့နားက ကန်ပန်နီးယားမြို့နယ်၊ စန်မာကိုမြို့တဲ့ဗျာ။

နောက်တော့ အမေရိကန်နိုင်ငံသားအဖြစ်ခံယူပြီး အီတလီကိုပြန်တယ်။ သူ့အမေနဲ့ ဇနီး အင်တွိုင်းနက်ကိုပါ ထပ်ခေါ်လာပြန်တယ်။ သူတို့မိသားစုဟာ ပင်ဆယ်လ်ဗေးနီးယားပြည်နယ်၊ ဘယ်လင်တောင်းမှာ အခြေချခဲ့ကြတယ်။ အဲဒီ အယ်လင်တောင်းမှာပဲ အိုင်ယာကော့ကာ ကျောင်းနေ

ခဲ့တယ်။ အိုင်ယာကော့ကာလည်း ကျနော့်လိုပါပဲဗျာ။ တနယ်တကျေးကပြောင်းရွှေ့လာပြီး ကျောင်းသားဘဝကို ဖြတ်ကျော်ခဲ့ရသူတွေရဲ့ထုံးစံအတိုင်း အနှိမ်ခံရ၊ အဆင့်အတန်းအခွဲခံရနဲ့ စိတ်ပျက်အားလျော့စရာတွေ ကြုံခဲ့ရတာပါပဲ။

သူ့ ပင်ကိုယ်အရည်အချင်းတွေကြောင့် သူဟာ ခြောက်တန်းကျောင်းသားဘဝမှာ ကျောင်းသားခေါင်းဆောင်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့တယ်။ သူဟာ သူ့ပြိုင်ဘက်ကို နှစ်မဲအကွာနဲ့ ရှုံးနိမ့်ခဲ့တယ်။ သူ့မဲပေါင်းနှစ်ဆယ်ရပြီး သူ့ပြိုင်ဘက်က နှစ်ဆယ့်နှစ်မဲရတယ်။ တကယ်တော့ သူ့အတန်းမှာ မဲပေးရတဲ့ကျောင်းသားဦးရေ စုစုပေါင်းက ၃၈ ယောက်ပဲရှိတာမို့ ကလိမ်ကကျစ် အကျခံရတာ၊ မဲခိုးခံရတာပေါ့ဗျာ။ သူ့သူငယ်ချင်းတယောက်က ဒါကိုထောက်ပြလို့ အတန်းပိုင်ဆရာမကို တိုင်ပေမယ့် ဆရာမက နောက်ဆက်တွဲပြဿနာတွေ ရှုပ်ကုန်မှာစိုးတာကြောင့် ဘယ်လိုမှ အရေးတယူ မလုပ်ခဲ့ဘူးတဲ့ဗျာ။ ဒါကြောင့် ကလေးအရွယ် အိုင်ယာကော့ကာရဲ့ခေါင်းထဲမှာ လူ့ဘဝကြီးဟာ အရာရာတရားမျှတမှုမရှိနိုင်ဘူးဆိုတဲ့အစွဲတခု ဖြစ်ကျန်ရစ်ခဲ့သတဲ့။ ဒါပေမဲ့ အိုင်ယာကော့ကာဟာ စိတ်မပျက်ဇွဲမလျော့ပဲ ဆက်ပြီးအားထုတ်တာကြောင့် ခုနစ်တန်းနဲ့ ရှစ်တန်းတွေမှာ ကျောင်းသားခေါင်းဆောင်ဖြစ်လာခဲ့ပြန်တယ်။ ကိုးတန်းကျောင်းသားဘဝရောက်ပြန်တော့ ဘဝင်မြင့်ပြီး ကျောင်းသားထုနဲ့ ကင်းကွာခဲ့တာကြောင့် ခေါင်းဆောင်ဘဝက ပြုတ်ပြန်ရောတဲ့ဗျာ။

အိုင်ယာကော့ကာရဲ့အဖေက အိုင်ယာကော့ကာကို ဆိုဆုံးမခဲ့တဲ့အချက်တွေဟာ မှတ်သားစရာတော့အကောင်းသားဗျာ။ အိုင်ယာကော့ကာ အောင်မြင်ကြီးပွားခဲ့ရတဲ့ အကြောင်းရင်းတွေထဲမှာ သူ့အဖေရဲ့ ဒဿနတွေလည်း ရောမြွမ်းနေဟန်ရှိသဗျ။ သူက အီတာလျံနွယ်ဖွားမို့ ကျောင်းတက်တဲ့ခါ ကျောင်းနေဘက်တွေတင်မက ဆရာ၊ ဆရာမတွေကပါ မကြားတကြားနှိမ်တာခံရတဲ့အခါ သူ့အဖေရဲ့ ဩဝါဒက

'ငါ့သား၊ မင်းထက်ခွန်အားဗလကြီးတဲ့ လူနဲ့ရင်ဆိုင်ရတဲ့ခါ လက်သီးချင်းယှဉ်ပြီးမထိုးလေနဲ့။ မင်းနာမှာပဲ။ ဦးနှောက်သုံးပြီး အနိုင်ယူပါတဲ့' ဗျာ။

သူ့အဖေဟာ အရာရာကိုအစွမ်းကုန်ကြိုးစားပြီး အမြင့်ဆုံးရောက်အောင် ရည်မှန်းချက်ထားဖို့ သူ့ကို စိတ်ဓာတ်စစ်ဆင်ရေးတခုလုပ်ခဲ့တာလည်း မှတ်သားစရာပဲဗျ။ အဲဒါကတော့ သူကျောင်းသားဘဝက ကျောင်းသားဦးရေ (၉၀၀) လောက်ရှိတဲ့ထဲမှာ အဆင့် (၁၂) ရတဲ့အကြောင်း သူ့အဖေကို ဝမ်းပမ်းတသာပြောပြတော့ သူ့အဖေက 'မင်းဘာကြောင့် ပထမမရသလဲ' ဆိုပြီး အငေါ်တူးသတဲ့ဗျာ။

အိုင်ယာကော့ကာရဲ့အဖေဟာ အိုင်ယာကော့ကာကို တသက်လုံးမမေ့နိုင်တဲ့ စီးပွားရေး ဥပဒေသနှစ်ခုကို သင်ပေးခဲ့သတဲ့။ ပထမ ဥပဒေသကတော့ မိမိငွေအရင်းအနှီးကြီးမားတဲ့ အလုပ် မလုပ်ဖို့တဲ့ဗျ။ အရင်းအနှီးများများလိုလို့ ဘဏ်တိုက်ငွေချေးရတဲ့ခါ ဘဏ်တိုးပိပြီး ဘဏ်လက်ထဲကို ကိုယ့်လုပ်ငန်း ထိုးအပ်သွားရတတ်လို့တဲ့ဗျာ။ နောက်ဥပဒေကတော့ စီးပွားရေးအကျဉ်းအကြပ်နဲ့ ရင်ဆိုင်ရတဲ့အခါ အစားအသောက်လုပ်ငန်းကို လုပ်ပါလို့ဆိုသဗျ။ စားသောက်ကုန်လုပ်ငန်းဟာ ဘယ်တော့မှ မတိမ်ကောနိုင်ဘူးဆိုပဲ။ အိုင်ယာကော့ကာအဖေဟာ သူ့ဩဝါဒနဲ့အညီ သူကိုယ်တိုင် စားသောက်ဆိုင်တဆိုင်ဖွင့်ပြီး အမေရိကန်နိုင်ငံမှာဖြစ်ခဲ့တဲ့ ၁၉၃၀ ပြည့်နှစ်၊ စီးပွားပျက်ကပ်ကို ရင်ဆိုင်နိုင်ခဲ့သတဲ့။

အိုင်ယာကော့ကာဟာ ၁၉၅၂ ခုနှစ်မှာ ဖို့ဒ်ကုမ္ပဏီကနေထွက်ပြီး အစားအသောက်ကိုယ်စားလှယ်လုပ်ငန်းလုပ်ဖို့တောင် စိတ်ကူးခဲ့သေးဆိုပဲ။ သူဟာ စားသောက်ဆိုင်ဆယ်ဆိုင်ကို အချက်အချာကျတဲ့ လူစည်ကားရာ မြို့လယ်ကားဂိတ်တွေမှာဖွင့်ပြီး အစားအသောက်တွေကို ဗဟိုကနေရာက စုစည်းဝယ်ယူချက်ပြုတ်စီမံ၊ နောက်မှ ဆိုင်တွေကိုလိုက်ဖြန့်ဖို့ စီမံချက်ရေးဆွဲခဲ့ဖူးသတဲ့။ သူအဲသလို

ကြီးစိတ်ကူးချိန်မှာ အခုသိပ်နာမည်ကြီးနေတဲ့ မက်ဒေါနယ်စားသောက်ဆိုင်လုပ်ငန်းဟာ အိပ်မက်တောင် မက်ပုံမရသေးဘူးတဲ့ဗျာ။

အိုင်ယာကော့ကာ တက္ကသိုလ်ဒုတိယနှစ်ရောက်တော့ ပုလဲဆိပ်ကမ်းကို ဂျပန်တွေက ဗုံးကြဲတာကြောင့် အမေရိကန်လူငယ်အများစုဟာ အမိနိုင်ငံကြီးကိုကာကွယ်ဖို့ စစ်ထဲကိုအလုံးအရင်း ဝင်ကြသတဲ့။ အဲဒီအခါမှာ အိုင်ယာကော့ကာဟာ တိုက်လေယာဉ်တစီးကို ကိုယ်တိုင်မောင်းပြီး ဖက်ဆစ်ဟစ်တလာနဲ့ နောက်လိုက်တွေရှိတဲ့နေရာကို ဗုံးမိုးရွာချချင်တဲ့စိတ်နဲ့ စစ်ထဲဝင်ဖို့ စာရင်းပေးခဲ့မယ့် ငယ်ငယ်ကဖျားနာထားတဲ့ဒဏ်ကြောင့် ဆေးမအောင်လို့ စစ်သားမဖြစ်လိုက်ရပြန်ပါဘူး။

အိုင်ယာကော့ကာဟာ စစ်ထဲဝင်ခွင့်မရလိုက်တာကြောင့် စိတ်ပျက်ပျက်နဲ့ အင်ဂျင်နီယာဘာသာရပ်ကို အပတ်တကုတ်လေ့လာလိုက်တာ အယ်လင်တောင်းမြို့နားက လေဟိုင်း စက်မှုတက္ကသိုလ်ကို ထူးချွန်စွာဝင်ခွင့်ရခဲ့တယ်။ သူဟာ လေဟိုင်းတက္ကသိုလ်ကနေ စက်မှုဆိုင်ရာဘာသာရပ်ကို ဂုဏ်ထူးနဲ့အောင်ခဲ့တယ်။

အမယ်၊ စကားမစပ် သူ့ဆရာတယောက်အကြောင်း သတိရလို့ပြောရအုံးမယ်။ သူ လေဟိုင်းတက္ကသိုလ်မှာတက်နေတဲ့အချိန်၊ သူ့ရဲ့ရူပဗေဒပါမောက္ခ ဘာ့ဂ်မင်ဟာ စာသင်နေရင်း ခဏခဏ ပျောက်ပျောက်သွားတတ်သတဲ့။ အဲဒီလိုပျောက်သွားတာဟာ တကယ်တော့ နယူးယောက်ကိုသွားပြီး မင်ဟက်တန်စီမံကိန်းကို အကောင်အထည်ဖော်နေခဲ့တာဆိုပဲ။ အော်၊ မင်ဟက်တန်စီမံကိန်းဟာ အမေရိကန်ရဲ့အနုမြူဗုံးထုတ်လုပ်ဖို့ ထိပ်တန်းလျှို့ဝှက်စီမံချက်တဲ့ဗျား။

လေဟိုင်းတက္ကသိုလ်မှာ လေးနှစ်ပညာသင်ပြီး ဖို့ဒ်ကုမ္ပဏီမှာ အလုပ်ဝင်မဲ့ဆဲဆဲ အိုင်ယာကော့ကာဟာ မမျှော်လင့်ပဲ ပရင်တန်တက္ကသိုလ်ကနေ စက်မှုဆိုင်ရာမဟာဘွဲ့အတွက် ပညာသင်ဆုရခဲ့ပြန်ရောတဲ့ဗျာ။ သူဟာ အလုပ်ဝင်ရမလား၊ မဟာဘွဲ့အတွက် ပရင့်စတန်ကိုပဲတက်ရမလား၊ ဝေခွဲမရဲဖြစ်နေတဲ့ချိန်မှာ ဖို့ဒ်ကုမ္ပဏီရဲ့တာဝန်ရှိသူက မဟာဘွဲ့အတွက် ပရင်တန်ကိုသာသွားပါ။ အိုင်ယာကော့ကာအတွက် အလုပ်တနေရာ အဆင်သင့်ချန်ထားပါ့မယ်လို့ကတိပေးတာကြောင့် အိုင်ယာကော့ကာဟာ ပရင့်စတန် တက္ကသိုလ်ကျောင်းသားဖြစ်လာခဲ့ပြန်တယ်။

ပရင့်စတန်ကနေ မဟာသိပ္ပံဘွဲ့ရတဲ့ ၁၉၄၆ ခုနှစ်မှာ အိုင်ယာကော့ကာဟာ ဒက်ထရွိုက်မြို့မှာ ရုံးချုပ်အမြစ်အခြေစိုက်ထားတဲ့ ဖို့ဒ်မော်တော်ကားကုမ္ပဏီမှာ အလုပ်သင်အင်ဂျင်နီယာဖြစ်လာခဲတယ်။ သူအလုပ်ဝင်ကာနီးအချိန်မှာ သူ့ခံယူချက်ကတော့

'ကျွန်ုပ်အား သဘောတရားနှင့် နားမချပါနှင့်။ ကျွန်ုပ်သည် အသက်နှစ်ဆယ့်ငါးနှစ်ပြည့်ချိန်တွင် တနှစ်လျှင် ဒေါ်လာတသောင်းဝင်ငွေရှိနေရမည်။ ထို့နောက် သန်းကြွယ်သူဌေးဘဝကို ခံယူနိုင်အောင် ကြိုးစားမည်။ ကျွန်ုပ်အတွက် တက္ကသိုလ်ဘွဲ့အဆောင်အယောင်များသည် တန်ဖိုးမရှိ။ ငွေသာလျှင် ပဓာနပဲဖြစ်သည်' ဆိုပဲဗျာ။ အိုင်ယာကော့ကာဟာ ၁၉၅၆ မှာ ချက်စ်တာမြို့၊ စိန့်ရောဘတ်ဘုရားကျောင်းမှာ မေရီနဲ့လက်ထပ်ခဲ့တယ်။ သူဟာ တဖြည်းဖြည်းနဲ့ မော်တော်ကား စီးပွားရေးလုပ်ငန်းရဲ့ စီမံခန့်ခွဲရေး၊ ထုတ်လုပ်ရေး၊ ရောင်းဝယ်ရေး ကဏ္ဍတွေကို ကျွမ်းလာရာကနေ ၁၉၇၀ ခုနှစ်မှာ ဖို့ဒ်ကုမ္ပဏီရဲ့ ဒုတိယဥက္ကဋ္ဌဖြစ်လာပါရောတဲ့ဗျာ။ သူ့လုပ်ဖော်ကိုင်ဖက်ဟောင်းတွေထဲမှာ အမေရိကန်ကာကွယ်ရေးဝန်ကြီးဟောင်း မက်နာရာမာတောင် ပါခဲ့တယ်ဆိုပဲဗျ။

၁၉၇၀ ဒီဇင်ဘာမှာ အိုင်ယာကော့ကာဟာ ဖို့ဒ်ကုမ္ပဏီရဲ့ဥက္ကဋ္ဌရာထူးကိုရလာခဲ့တယ်။ သူ ဖို့ဒ်ကုမ္ပဏီရဲ့ဥက္ကဋ္ဌရာထူးကိုရတော့ အီတလီက သူ့ဆွေမျိုးတွေဟာ အိုင်ယာကော့ကာရဲ့ရုံးခန်းကို အလည်ရောက်ကြတဲ့ခါ အိုင်ယာကော့ကာတယောက် အရှင်လတ်လတ် နတ်ဘုံနတ်နန်းကိုရောက်သွားတယ်လို့တောင် တအံ့တသြချီးမွမ်းခဲ့ကြရသတဲ့။

တကယ်တော့ အိုင်ယာကော့ကာဟာ စက်မှုအင်ဂျင်နီယာတယောက်မီမီ မော်တော်ကား ပုံစံသစ်တီထွင်တဲ့နေရာမှာ သူမတူအောင်ထူးချွန်တယ်ဆိုပဲ။ အိုင်ယာကော့ကာဟာ မော်တော်ကား လောကကို ဒိုးလိုမွှေရေလိုနှောက်လာနိုင်ခဲ့တယ်။ ဒါကြောင့်ပဲ သူဟာ ဖို့ဒ်ကုမ္ပဏီအတွက် နာမည်ကျော် မတ်စတန်း (Mustang) ဆိုတဲ့ကားတစီးကို ပုံစံထုတ်ပေးနိုင်ခဲ့ပြီး မတ်စတင်းရဲ့ ဖခင်ဖြစ်လာတယ်ဆိုပဲ။

Mustang မတ်(စ်)တန်းဆိုတာ အမေရိကန်ပေါက် မြင်းရိုင်းတမျိုးရဲ့နာမည်တဲ့ဗျ။ ကျယ်ပြန့်တဲ့ မြေပြန့်လွင်ပြင်များတွင် ကျက်စားပြီး အမေရိကန်ဗီဇသတ္တိကို ဖော်ညွှန်းတယ်ပေါ့ဗျာ။ လူငယ်ကြိုက် ဆွဲဆောင်နိုင်တဲ့ ကားတစ်စင်းဖြစ်အောင် အချက်သုံးချက်ရှိသတဲ့ဗျ။ တစ်၊ ပုံစံမြူးကြွ ဆန်းကြယ်ရမယ်။ နှစ်၊ စျေးသက်သာရမယ်။ သုံး၊ တောင့်တင်းကြံ့ခိုင်ပြီး စက်စွမ်းအားကောင်းရမယ်ဆိုပဲ။ မော်တော်ကား ပေါ်က မတ်စတန်း မြင်းပြေးနေပုံတံဆိပ်ဟာ လက်ျာရစ်ပြေးနေတဲ့ပုံဖြစ်နေပြီး အမေရိကန်မြင်းပြိုင် ကွင်းတွေရဲ့ မြင်းပြေးလမ်းကြောင်းဟာ လက်ဝဲရစ်ဖြစ်နေလို့ လူအများက မြင်းပြောင်းပြန်ပြေးနေတယ် ဆိုပြီးဝေဖန်ကြပေမယ့် ကော့ကာကတော့ မြင်းရိုင်းမို့ စိတ်ထင်ရာပြေးတာပါဗျာလို့ ဖြေရှင်းချက်ပေးခဲ့သတဲ့။

တကယ်တမ်း မတ်စတန်းစျေးကွက်ထဲရောက်တဲ့အခါ အိုင်ယာကော့ကာ မျှော်မှန်းသလို မတ်စတန်းဟာ လမ်းမှန်ကိုဦးတည်ပြီး အရှိန်နှင့် ဒုန်းစိုင်းပြေးသလို အောင်မြင်ခဲ့သတဲ့ဗျ။ အမှန်က မတ်စတန်းကို နာမည်ပေးဖို့ရွေးကြတုန်းက ကူးဂါး၊ ဒါမှမဟုတ် တိုရင်နိုဆိုပြီး ဒဲဒီအမည်နှစ်ခုထဲက တခုခုရွေးဖို့စီစဉ်ခဲ့ကြတယ်။ နောက်တော့ တိုရင်နိုဆိုတဲ့ အီတလီနာမည်ကိုရွေးဖို့ ဆုံးဖြတ်လိုက်ကြ တယ်။ ဖြစ်ချင်တော့ အဲဒီအချိန်မှာ ဖို့ဒ်ရဲ့အကြီးအကဲ ဟင်နရီဖို့ဒ်ဟာ အီတလီသူ တခုလပ်မိန်းမ တယောက်နှင့်တွဲခုတ်နေလေတော့ ကားအသစ်ကို အီတလီနာမည်ကြီးမပေးအောင် ဟင်နရီဖို့ဒ် ဆွေမျိုးသားချင်းတွေက ဝိုင်းဖျက်ကြတာနဲ့ မတ်စတန်းလို့ဖြစ်လာသတဲ့ဗျား။

၁၉၆၄ မတ်လမှာ မတ်စတန်းကားကို ထုတ်လုပ်ပြီးစီးတယ်။ ဧပြီလ တစ်ရက်နေ့မှာ ကား စရောင်းတော့ ဝယ်သူတွေကြိတ်ကြိတ်တိုးလွန်းလို့ ပရိသတ်ကိုမထိန်းနိုင်တော့ပဲ အရောင်းပြခန်းကို ပိတ်လိုက်ရတဲ့ထိ ဆိုပဲ။ တကမ္ဘာလုံးမှာရှိတဲ့ ဖို့ဒ်ကားအရောင်းပြခန်းကို လူဦးရေ လေးသန်းလာကြည့် ခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့သတဲ့ဗျ။ အိုင်ယာကော့ကာရဲ့အားထုတ်မှုကြောင့် မတ်စတန်းဟာ ထင်တာ ထက် အဆပေါင်းများစွာအောင်မြင်ခဲ့ရုံမက နောက်ဆက်တွဲထုတ်လုပ်တဲ့ (Mark) မတ်ခ် (၃) နဲ့ မတ်ခ် (၄) ပါ ဆက်တိုက်အောင်မြင်ခဲ့ပြန်ရောတဲ့။

အိုင်ယာကော့ကာဟာ ရှင်သန်တက်ကြွပြီး သည်းထိတ်ရင်ဖို စိတ်လှုပ်ရှားဖွယ်အလုပ်တွေကို နှစ်ခြိုက်တတ်တာကြောင့် အသက်လေးဆယ်ကျော်အရွယ်မှာ ဖို့ဒ်ကုမ္ပဏီရဲ့ဥက္ကဋ္ဌဖြစ်လာပြီး နောက် ထပ် ရှေ့ဆက်တက်စရာမရှိအောင် ဖြစ်လာခဲ့တယ်။ ဒါပေမဲ့ဗျာ လောကမှာ အတက်ရှိရင်အကျရှိတာ ထုံးစံပဲမဟုတ်လား။ အိုင်ယာကော့ကာဟာ သူ့အသက် (၅၄) နှစ်ပြည့်ကာနီး ၁၉၇၈ ခုနှစ်၊ ဇူလိုင်လမှာ ဖို့ဒ် မော်တော်ကားကုမ္ပဏီရဲ့ဥက္ကဋ္ဌအဖြစ်မှ ဖယ်ရှားခံလိုက်ရတယ်။ သူဟာ ဖို့ဒ်မော်တော်ကား ကုမ္ပဏီမှာ (၃၂)နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဥက္ကဋ္ဌရာထူးမှာ (၈) နှစ် တာဝန်ထမ်းခဲ့သတဲ့ဗျာ။ ဘယ်ကုမ္ပဏီမှာမှအလုပ်မလုပ်ခဲ့ဖူးတဲ့ အိုင်ယာကော့ကာဟာ ဖြုန်းစားကြီး ရာထူးကနေရှုတ်တရက် ဖယ်ရှားခံလိုက်ရတော့ အလုပ်လက်မယ့်ဖြစ်သွားပါလေရောတဲ့ဗျာ။ ရာထူးကလည်း အဖြုတ်ခံရရော အိုင်ယာ ကော့ကာဟာ လုပ်ငန်းခွင်စည်းကမ်းအရ နောက်ထပ်အလုပ်ရှာမရမချင်း သုံးလရုံးထိုင်နိုင်ဖို့ ကုန်လှောင်ရုံအဟောင်းလေးတခုထဲမှာ နေရာပေးခံရတယ်။

အိုင်ယာကော့ကာဟာ စားပွဲတလုံးနဲ့ တယ်လီဖုန်းတလုံးသာရှိတဲ့ သူ့အိမ်နိမ့်နိမ့်စံ ကုန်လှောင်ရုံလေးကို တမနက်သာရောက်သွားခဲ့ပြီး စိတ်ဆင်းရဲခြင်းကြီးစွာနဲ့ ပြန်ထွက်သွားခဲ့ရသတဲ့။ နောက်ပိုင်းတော့ စိတ်ဓာတ်အကြီးအကျယ်ကျပြီး နေ့ရောညပါ အရက်ချည်း ဖိသောက်နေမိသေးသတဲ့ဗျာ။ သူဟာ သူ့ဘဝကို ဘယ်လောက်နာကျည်းခဲ့သလဲဆိုရင် သူ့ကိုယ်သူပဲ သတ်သေရမလား၊ သူ့ကို ဒီဘဝရောက်အောင်တွန်းပို့လိုက်တဲ့ ဟယ်နရီဖို့ဒ်ကိုပဲ သွားသတ်ရမလား ဝေခွဲမရအောင်ဖြစ်ခဲ့သတဲ့။

အိုင်ယာကော့ကာ အလုပ်ကဖယ်ရှားခံရတာဟာ ကုမ္ပဏီအကြီးအကဲ ဟင်နရီဖို့ဒ်နဲ့ငြိလို့တဲ့ဗျာ။ ဒီနေရာမှာ ဟင်နရီဖို့ဒ်အပေါ် အိုင်ယာကော့ကာရဲ့အမြင်လေးကို ထည့်ပြောမှဖြစ်မယ်ဗျ။ ဟင်နရီရဲ့စရိုက်ဟာ သူ့ကိုယှဉ်ပြိုင်လာဝံ့သူမှန်သမျှအပေါ် သည်းမခံတတ်ဘူးတဲ့။ ဝိုလ်မထားတဲ့ကောရာဇ်မင်းပမာ ကျင့်ကြံတတ်သတဲ့။ ဖို့ဒ်ကုမ္ပဏီမှာအလုပ်တည်မြဲချင်ရင် ပလ္လင်ရိပ်ကိုမနင်းနှင့်လို့တောင် ပညတ်ချက်ရှိခဲ့တယ်လို့လည်းဆိုကြတယ်။ ဟင်နရီကိုရှောင် အိုအောင်မဆင်းရဲလို့လည်း ပြောစမှတ်ပြုကြသတဲ့။

နတ်ဒ်ဆင်ဆိုတဲ့ ဖို့ဒ်ကုမ္ပဏီထိပ်တန်းအရာရှိတယောက်ဆို ဟင်နရီ့အခန်းထဲကို တံခါးမခေါက်ပဲဝင်မိလို့ အလုပ်ဖြုတ်ခံရဖူးတယ်ဆိုပဲ။ အလုပ်ဖြုတ်ရခြင်းအကြောင်းရင်းကိုတော့ တံခါးမခေါက်တဲ့အပြစ်လို့ထုတ်မပြောပဲ ပရိယာယ်ဆင်ပြီး တမျိုးအကြောင်းပြသတဲ့ဗျ။

အိုင်ယာကော့ကာဟာ ဖို့ဒ်ကုမ္ပဏီရုံးချုပ်ကို မှန်နန်းဆောင်နဲ့ တင်စားခေါ်ဝေါ်ခဲ့တယ်။ မှန်နန်းဆောင်မှာ ရုံးထိုင်ရတော့ ဟင်နရီနဲ့အနီးကပ်နေလာရတယ်။ ဟင်နရီဟာ ကမ္ဘာပေါ်မှာ တန်ဖိုးအကြီးမားဆုံး စာရင်းမှာပါနေတယ်။ ဒါပေမယ့် ဟင်နရီဟာ တည်ငြိမ်သူမဟုတ်ဘူးဆိုတာ သူနဲ့တွေ့ဖူးသူတိုင်း အံ့သြကြမယ်ဆိုပဲ။ အဖြေကတော့ ဟင်နရီဟာ သူ့တသက်တာမှာ ဘယ်အလုပ်ကိုမှ ဆင်းဆင်းရဲရဲ အပန်းတကြီးမလုပ်ခဲ့ဖူးဘူးတဲ့။ ဒါဟာ ကောင်းမွေခံလူချမ်းသာ စည်းစိမ်ရှင်တွေရဲ့ သားသမီးအသိုင်းအဝိုင်းမှာ ကြုံတွေ့ပြအကြောင်းတရားပဲပေါ့ဗျာ။ ပန်းခင်းသောလမ်းကိုလျှောက်ပြီး ဖခင်သေတဲ့အခါခံစားရမယ့် စည်းစိမ်ဥစ္စာပမာဏကိုသာတွက်နေကြတာ မမှတာပဲမဟုတ်လား အိုင်ယာကော့ကာကတော့ ဟင်နရီဟာ မိမိပင်ကိုယ်အရည်အချင်း၊ ပင်ကိုယ်စွမ်းရည်တခုတလေမှမရှိတဲ့ သူလို့ သတ်မှတ်တယ်။ ဖို့ဒ်ကုမ္ပဏီက ဝန်ထမ်းကြီးငယ်မှန်သမျှ ဟင်နရီကြားလိုတဲ့စကားကိုသာ ရွေးပြီး ရွှေနားတော်သွင်းကြရတာပဲတဲ့။

ဟင်နရီငယ်ငယ်က ဟင်နရီကိုပြန်ပေးတွေ ခိုးယူသွားမှာကို အဘိုးဖြစ်သူက အစိုးရိမ်ကြီးလွန်းတာမို့ မြေးဖြစ်သူဟင်နရီကို အမြဲတမ်း သက်တော်စောင့်တွေနဲ့နေစေပြီး အိမ်ဝင်းတံခါးကို လုံခြုံအောင် အမြဲသော့ခတ်ထားလေ့ရှိတယ်။ ဒါကြောင့် ဟင်နရီ့စိတ်မှာ လူတိုင်းဟာ သူ့ကိုလုပ်ကြံနှိပ်စက်မဲ့သူတွေလို့ သံသယစိတ်စွဲကြီးနေတာကြောင့် ဘယ်သူ့ကိုမှ မယုံတတ်ဘူးတဲ့ဗျာ။

မှန်နန်းဆောင်ကို ဘုရင်မင်းမြတ်စိုးစံတော်မူရာနန်းတော်လို့ တင်စားမယ်ဆိုရင် ဟင်နရီဟာ ဘုရင်မင်းတရားကြီးပါပဲတဲ့။ ဟင်နရီဝင်လာတာနဲ့ မင်းတရားကြီးကြွချီလာပြီဆိုတဲ့သတင်းစကား တမဟုတ်ချင်းပျံ့နှံ့သွားပြီး စီမံရေးဌာနအကြီးအကဲတွေဟာ ဟင်နရီမြင်လိုမြင်ငြား ပြူတင်းပေါက်ဝတွေကနေရပ်ပြီး ကြိုလေ့ရှိကြတယ်။ တံကောင်းလို့ ဟင်နရီကပြန်နှုတ်ဆက်တတ်တာလည်း ကြုံရတတ်တယ်။ ဟင်နရီအစည်းအဝေးခန်းထဲဝင်လာရင်လည်း ချက်ချင်းတိတ်ဆိတ်သွားတော့ ဟင်နရီဟာ ကုမ္ပဏီအရာရှိကြီးငယ် အားလုံးရဲ့သက်ဦးဆံပိုင်ဖြစ်နေတယ်။ နဂါးမျက်စောင်းအကြောင်းမရွေး၊ ထုတ်ပစ်ဆိုရင် ပြစ်ဒဏ်စီရင်ခံရသူဟာ ထွက်ရတာပဲ။ အဲဒီတချက်လွှတ်အမိန့်ကို ခုခံချေပခွင့်မရှိပဲ ဘဝကြွေလွင့်ပျက်စီးရတာပဲတဲ့။

ဟင်နရီဟာ အသေးအဖွဲ့တွေကို ပိုစိတ်ဝင်စားပြီး လူတယောက်ကိုအတဲဖြတ်ရာမှာ အတွင်းသရုပ်ဖြစ်တဲ့ အရည်အချင်း၊ အတွေ့အကြုံ စွမ်းဆောင်ရည် စသည်များကို အလေးမပေးတတ်ဘူးတဲ့ဗျ။ အပြင်သဏ္ဍာန် ဝတ်စားဆင်ယင်မှု၊ ကိုယ်ဟန်အမူအရာ၊ အပြင်အဆင်တွေကို အလေးပေးတတ်ပြန်သတဲ့။ တခါတုန်းက ဟင်နရီဟာ အိုင်ယာကော့ကာကိုခေါ်ပြီး အုပ်ချုပ်ရေးမှူးတယောက်ကို အလုပ်ဖြုတ်ခိုင်းတော့ အိုင်ယာကော့ကာက ဘာကြောင့်ဖြုတ်သလဲမေးတာကို ဟင်နရီဖြေတဲ့ အဖြေက 'ဒီကောင့် ကြည့်ရတာ ခပ်ကြောင်ကြောင်ဖြစ်နေတယ်။ နေတာထိုင်တာ ပျော့တိပျော့ဖတ်နဲ့ အခြောက်ပုံပေါက်နေပြီး သူဝတ်ထားတဲ့ဘောင်းဘီကလည်း ကြပ်နေတာပဲ' တဲ့ဗျာ။

အဲသလို အမူအကျင့်စရိုက်ရှိတဲ့ ဟင်နရီဖို့ဒ်နဲ့ လမ်းသစ်ထွင်သမား အိုင်ယာကော့ကာတို့ ကွဲကြပြကြတာဟာ သိပ်ဆန်းလှတယ်တော့မဟုတ်ပါဘူး။ အိုင်ယာကော့ကာ အလုပ်ဖြုတ်တော့ အဆက်အသွယ်လုပ်သူ နည်းသွားတယ်။ တချို့ကလည်း ရှောင်နေကြတယ်။ အိုင်ယာကော့ကာနဲ့ နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ်လောက် သောကြာနေ့တိုင်း ဖဲအတူကစားလေ့ရှိတဲ့ မိတ်ဆွေတယောက်ဆို အိုင်ယာကော့ကာလည်း အလုပ်ဖြုတ်ရော အဆက်အသွယ်ဖြတ်သွားလိုက်တာ သူ့ဇနီးမေရီကွယ်လွန်တာတောင် ရောက်မလာတော့ဘူးတဲ့ဗျာ။ ဒီတော့ အိုင်ယာကော့ကာဟာ သူ့အဖေပြောခဲ့ဖူးတဲ့ 'မင်းသေတဲ့အခါ မင်းအသုဘမှာ မိတ်ဆွေစစ်မိတ်ဆွေမှန် ငါးယောက် သတင်းလာမေးရင် မင်း လူဖြစ်ရကျိုးနပ်ပြီမှတ်' ဆိုတဲ့ စကားကို သတိရမိသတဲ့။

ဒါပေမယ့် လူတယောက်ရဲ့ဘဝမှာ ဒုက္ခတွင်းထဲကနေ အလင်းရောင်ကိုရတတ်သလို နောက်ရက်သတ္တပတ်အနည်းငယ်အကြာမှာ ခရိုင်စလာမော်တော်ကား ကုမ္ပဏီရဲ့ဥက္ကဋ္ဌရာထူးကို ရခဲ့ပြန်ပါတယ်။ အိုင်ယာကော့ကာဟာ ခရိုင်စလာရဲ့ဥက္ကဋ္ဌရာထူးကို ၁၉၇၈ ခုနှစ်၊ နိုဝင်ဘာလမှာ လက်ခံခဲ့တယ်။ ခရိုင်စလာမော်တော်ကားကုမ္ပဏီရဲ့ ဥက္ကဋ္ဌနေရာကို သူရလိုက်တာဟာကံကောင်းတယ်လို့ လုံးလုံးမဆိုသာဘူးဗျ။ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်မှာ ခရိုင်စလာကုမ္ပဏီဟာ စီမံခန့်ခွဲမှုအမှားတွေကြောင့် လုံးဝပြိုလဲတော့မယ့် အခြေအနေကို ရောက်နေပြီတဲ့ဗျာ။ ခရိုင်စလာကို သူရောက်ပြီး တနှစ်အကြာမှာ ခရိုင်စလာဟာ ဒေဝါလီခံရလုနီးနီးတောင်ဖြစ်ခဲ့သတဲ့။ ဖို့ဒ်ကုမ္ပဏီကနေ အဖြုတ်ခံရတာဆိုးလှပြီထင်နေတဲ့ အိုင်ယာကော့ကာဟာ သေချင်တဲ့ကျား တောပြောင်းဆိုသလို ခရိုင်စလာမှာလည်း လျော်ရင်းနှစ်မလို ဖြစ်ခဲ့ပြန်သတဲ့။

အိုင်ယာကော့ကာဟာ ခရိုင်စလာရဲ့ ဥက္ကဋ္ဌရာထူးကို လက်ခံရာမှာ ကုမ္ပဏီတခုလုံး သူ့သဘောအတိုင်း ပြင်ဆင်ဖွဲ့စည်းခွင့်ကိုပါရခဲ့တယ်။ အိုင်ယာကော့ကာဟာ အင်္ဂလန်ဝန်ကြီးချုပ် ဝင်စတန်ချာချီရဲ့စတိုင် ဆေးပြင်းလိပ်သောက်လေ့ရှိတာမို့ ခရိုင်စလာရဲ့အစည်းအဝေးခန်းမထဲမှာ ဆေးလိပ်မသောက်ရဆိုတဲ့စည်းကမ်းကို ပြန်ဖြင်ပေးခဲ့ကြရတယ်။ တကယ်တော့ အဲဒီအချိန်မှာ ခရိုင်စလာဟာ အမည်ခံလောက်သာကျန်ပြီး အခြေအနေအားလုံးဟာ ဝါးအစည်းပြေသလိုဖြစ်နေခဲ့တယ်လို့ ဆိုပါတယ်။

ခရိုင်စလာကုမ္ပဏီရဲ့ အုပ်ချုပ်မှုဒါရိုက်တာတွေဟာ ကုမ္ပဏီရဲ့လုပ်ငန်းအဝဝ လုပ်ကိုင်ဆောင်ရွက်ပုံနဲ့ လုပ်ငန်းတိုးတက်မှုအခြေအနေတွေကို အမှန်အတိုင်းမသိကြဘူးဆိုပဲ။ အမှာစာမရှိပဲ ကားတွေအများကြီး စွတ်ထုတ်ထားကြတယ်။ ရောင်းမစွံတဲ့ကားတွေ စုပုံနေတယ်။ ကားဝယ်လိုသူရဲ့အကြိုက်ကို ခန့်မှန်းပြီး ပေးပို့မှာကြားတဲ့အမှာစာတွေအတိုင်း မထုတ်လုပ်ဘူး။ အလုပ်ရုံတနေရာတည်းမှာ ထိုင်နေတဲ့ ဝုံမန်နေဂျာတဦးရဲ့စိတ်ကူးအတိုင်း ကားတွေကို ထုတ်လုပ်နေတယ်။ ရုံးစည်းကမ်းဆိုတာလည်း နားမလည်ကြတော့ပဲ အိုင်ယာကော့ကာရှေ့မှာတောင် ကော်ဖီခွက်ကိုင်ပြီး ဟိုလျှောက်ဒီလျှောက်

လုပ်နေကြတဲ့ထိတဲ့ဗျာ။ ခရိုင်စလာမှာ စိတ်ဓာတ်ကျဆင်းမှု၊ လျှို့ဝှက်သတင်းပေါက်ကြားမှုတွေရဲ့ အကျိုးဆက်အဖြစ် နှစ်စဉ် အကြီးအကျယ်အရှုံးပေါ် နေပြီလို့ဆိုပါတယ်။

ခရိုင်စလာရဲ့အခြေအနေဟာ ဆိုးဝါးလွန်းတာကြောင့် အိုင်ယာကော့ကာက အုပ်ချုပ်ရေး အကြီးအကဲတွေကိုခေါ် ပြီး 'ဒီလောက်အတွေ့အကြုံတွေများပြီး ထူးချွန်ပြောင်မြောက်တဲ့ စီးပွားရေး ပညာရှင်တွေဖြစ်ကြတဲ့ လူကြီးမင်းတို့ဟာ စီမံခန့်ခွဲရေးကဏ္ဍက မပြည့်မစုံတင်ပြတဲ့စီမံချက်များကို ခစ်ဆေးပဲ ဘယ်လိုအကောင်အထည်ဖော်ကြပါသလဲ။ ကုမ္ပဏီရဲ့ ဆိုးဝါးနေတဲ့လုပ်ငန်းအခြေအနေ၊ စီးပွားရေးအခြေအနေနဲ့ပတ်သက်လို့ သတင်းမရကြဘူးလား' လို့တောင် မေးမိတဲ့အထိပါပဲတဲ့ဗျာ။

ဒီတော့ အိုင်ယာကော့ကာဟာ ခရိုင်စလာကုမ္ပဏီမှာ ရှံ့ခါအမြိုက်ရှင်းတဲ့အလုပ်ကို လုပ်ရပါ တော့တယ်။ အကျင့်ဟောင်းတွေ အရိုးစွဲနေတာကြောင့် ပြန်ပြင်ပုံသွင်းလို့ မရလောက်အောင်ဖြစ်နေတဲ့ အတွက် ခရိုင်စလာရဲ့ ဒုတိယဥက္ကဋ္ဌ ၃၅ ဦးကနေ ၃၃ ဦး အလုပ်ထုတ်ပစ်ရတယ်။ အကြောင်းအမျိုးမျိုး ကြောင့် ချောင်ထိုးခံရသူတွေ ပြန်ခန့်ရတယ်။

ခရိုင်စလာအတွက် အိုင်ယာကော့ကာလုပ်ခဲ့ရတဲ့ အခက်ခဲဆုံးအလုပ်ကတော့ ခရိုင်စလာကို ပြန်လည်ထူထောင်ဖို့အတွက် အလုပ်သမား ၇၀၀၀ ကျော်ကို အလုပ်ကနေ ရပ်စဲခဲ့ရတာပဲတဲ့ဗျာ။ အဲဒီရပ်စဲမှုကြောင့် ခရိုင်စလာဟာ တနှစ်ကို ဒေါ်လာသန်း ၂၀၀ ကျော် သက်သာခဲ့ပါတယ်။ ဒီလို ပြုပြင်ပြောင်းလဲမှုတွေလုပ်နေရုံနဲ့ မပြီးပြန်ဘူး။ စီးပွားရေးလောကမှာ ရေစီးကြောင်းနဲ့ အမီပြေးနိုင်မှ တော်ကာ ကျမယ်ဆိုတာ အိုင်ယာကော့ကာ ကောင်းကောင်းသဘောပေါက်ပါတယ်။ ရပ်နေရင် အနင်းခံရမယ် မဟုတ်လား။ ဒါကြောင့် အိုင်ယာကော့ကာဟာ ဝယ်သူနှစ်သက်မယ့် မော်တော်ကားအသစ်တစီးကို ထပ်ထုတ်နိုင်ဖို့ အားသွန်ခွန်စိုက် လုံးပန်းရပြန်ပါတယ်။ တကယ်တော့ ကားအသစ်တစီး ထပ်ထုတ် ဖို့ဆိုတာ ငွေရင်းငွေနှီး အမြောက်အများလိုပြန်လေတော့ ဒေဝါလီခံရလုဆဲဆဲ အခြေအနေ ငွေ ရပေါက်ကို ကြံဆရပြန်ပါတယ်။ ဒါကြောင့် မြင်မကောင်းအောင် စုပုံနေတဲ့ကားတွေကို အစွံထုတ်ဖို့ နည်းလမ်းရှာပြီး လျှော့ဈေးနဲ့ထုတ်ပစ်ရပါတော့တယ်။ ဒါပေမဲ့ မလုံလောက်ပါဘူး။ ဒီကြားထဲမှာ ကုမ္ပဏီကခနပေးရန်ရှိတဲ့ အကြွေးရှင်တွေကလည်း ခရိုင်စလာပြိုလဲတော့မယ်ဆိုတဲ့ မီဒီယာသတင်း တွေကြောင့် ထပ်မံစောင့်ဆိုင်းဖို့ စိတ်မရှည်ကြတော့ပါဘူး။

အိုင်ယာကော့ကာဟာ အကြပ်အတည်းကိုရင်ဆိုင်နေရင်းကနေ ခရိုင်စလာဟာ မကြာမီ ကာလမှာ ပြန်ပြီးရှင်သန်ဆန်းသစ်လာမှာ မြေကြီးလက်ခတ်မလွဲလို့ ယုံကြည်နေခဲ့ပါတယ်။ ဒါပေမဲ့ ထုခရိုင်စလာမှာအလုပ်ဝင်ပြီး လအနည်းငယ်အကြာ ၁၉၇၈ အီရန်အရေးအခင်းကြောင့် ဓာတ်ဆီ ဈေးနှုန်း နှစ်ဆမကမြင့်တက်သွားတဲ့အပြင် အမေရိကန်မှာ အနှစ်ငါးဆယ်အတွင်း တခါမှမကြုံဖူးတဲ့ စီးပွားပျက်ကပ်ကို ကြုံရပြန်တယ်။ အိုင်ယာကော့ကာဟာ ပေါက်တဲ့နဖူးမထူးတော့ဆိုသလို လုပ်သင့် တာကိုသာ တစိုက်မတ်မတ်လုပ်ခဲ့တယ်။ အရှုံးပေးလက်မြှောက်ပြီး လက်ရှိရာထူးကနေထွက်ဖို့ စိတ်ကူးထဲတောင် မထည့်ခဲ့ဘူးတဲ့ဗျာ။

အိုင်ယာကော့ကာဟာ ဖို့ဒ်ကုမ္ပဏီမှာ ဘဏ္ဍာရေးဌာနကို တာဝန်ယူနေတဲ့ ဂရင်းဝေါလို လူမျိုးကို ရအောင် ခေါ် ထုတ်နိုင်ခဲ့တယ်။ ခရိုင်စလာက လူဟောင်း ဟဲလ်စပါးလစ်ရှ်ကို ကုန်ပစ္စည်း ထုတ်လုပ်မှု စီမံကိန်းဌာနမှာ ရာထူးတိုးပေးခဲ့တယ်။ ကုမ္ပဏီရဲ့ဖွဲ့စည်းပုံကို သူ့သဘောကျပြင်ဆင်ပြီးချိန်မှာ အိုင်ယာ ကော့ကာဟာ ငွေရင်းငွေနှီးရနိုင်မဲ့နည်းကို အခြားနည်းလမ်းမျိုးစုံနဲ့လည်း ကြိုးပမ်းခဲ့ပါ သေးတယ်။ ၁၉၇၉ ကနေ ၁၉၈၀ အတွင်း ကုမ္ပဏီကို ကျားကန်ပေးမယ့် ငွေရင်းနှီးမြှုပ်နှံသူတွေနဲ့ အကြိမ်ပေါင်း တစ်ရာကျော် တွေ့ဆုံညှိနှိုင်းခဲ့တယ်။ တကယ်တမ်း နဖူးတွေ့ဒူးတွေ့တွေ့မှ ယူအများစုဟာ လူလိမ် လူညာတွေဖြစ်နေတယ်ဆိုပဲ။

အိုင်ယာကော့ကာဟာ လောင်စာဆီဈေးကောင်းလို့ ချမ်းသာလာကြတဲ့ အာရပ်တွေနဲ့ ဆက်သွယ်ပေးမယ့် ကြားပွဲစားတွေနဲ့လည်း ကြိုးစားကြည့်ခဲ့တယ်။ အာရပ်အဖွဲ့တဖွဲ့နဲ့ဆိုရင် အကြိမ်ပေါင်း ၁၅၆ ကြိမ်တောင် ဆွေးနွေးခဲ့တယ်။ အာရပ်အဖွဲ့တွေနဲ့ ဆက်သွယ်ပေးမယ့် ယုံကြည်လောက်တဲ့ ဝေ့စပ်သူ ၁၂ ယောက်လောက်ဟာလည်း အဆုံးမတော့ အဖျားရှူး သွားကြတာပါပဲတဲ့ဗျာ။ နောက်ဆုံးငွေအရင်းအနှီးရနိုင်ဖို့ အိုင်ယာကော့ကာ တွေ့ဆုံဆွေးနွေးခဲ့တဲ့သူတွေထဲမှာ ကမ္ဘာ့နာမည်အကြီးဆုံးလက်နက်ကုန်သည်ကြီးဖြစ်တဲ့ ဆော်ဒီအာရေဗျသူဌေးကြီး အက်ဒနန် ခါရှော့ဂီ တောင်ပါသေးတယ်တဲ့ဗျာ။ ခါရှော့ဂီဟာ လောင်စာဆီအရောင်းအဝယ်ကနေ ချမ်းသာလာသူလို့ဆိုပါတယ်။ သူဟာ အမေရိကန်တက္ကသိုလ်မှာပညာသင်ခဲ့ပြီး ဆက်ဆံရေး ပြေပြစ်ပါးနပ်သူဖြစ်ကြောင်း အိုင်ယာကော့ကာက မှတ်ချက်ပြုပါတယ်။ ဒါပေမယ့် ခါရှော့ဂီနဲ့ဆွေးနွေးမှုဟာ နောက်ဆုံးမှာ အကောင်အထည် မပေါ်ခဲ့ပြန်ပါဘူး။ ဒါနဲ့ ခရိုင်စလာကို ဖော့(စ်)ဝက်ဂွန်ကားကုမ္ပဏီနဲ့ ဖက်စပ်လုပ်ကိုင်ဖို့ ဆက်ပြီးညှိနှိုင်းကြိုးပမ်းပြန်ပါတယ်။ အောင်မြင်မလိုလိုဖြစ်ပြီး စတော့ရှယ်ယာဈေးကွက်မှာတောင် ရှယ်ယာဈေးတွေ (၁၁) ဒေါ်လာ ကနေ (၁၄) ဒေါ်လာအထိ မြင့်တက်သွားခဲ့ပေမဲ့ နောက်ဆုံးတော့ အဆင်မပြေပြန်ပါဘူး။

အိုင်ယာကော့ကာဟာ နည်းအမျိုးမျိုးနဲ့ကြိုးပမ်းလို့ မအောင်မြင်တဲ့အဆုံးမှာတော့ ခရိုင်စလာဟာ လျော်နေရင်း စုံးစုံးမြုပ်နစ်တော့မှာမို့ နောက်ဆုံးနည်းလမ်းအနေနဲ့ ချေးငွေရနိုင်ဖို့ အမေရိကန်အစိုးရကို ချဉ်းကပ်ရပါတော့တယ်။ ရုတ်တရက်ကြည့်ရင် အိုင်ယာကော့ကာရွေးချယ်လိုက်တဲ့ နည်းလမ်းဟာ လွတ်လပ်တဲ့စီးပွားရေးစနစ်နဲ့ အံမကျလှတဲ့အမြင် ပြောင်းပြန်ဖြစ်နေပါတယ်။ အရင်းရှင်စီးပွားရေးရဲ့ဥပဒေသကိုက ကြံခိုင်သူ အနိုင်ရစတမ်းမဟုတ်လား။ တကယ်တော့ စီးပွားရေးအဖွဲ့အစည်းကြီးတွေဟာ ကိုယ့်ငွေပင်ငွေရင်းကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ရှာရပြီး အစိုးရရဲ့ ကြိုးကိုင်မှုကနေ လွတ်အောင်ကြိုးပမ်းရတာပါ။ ဒါပေမဲ့ ခရိုင်စလာဟာ လျော်ရင်းနစ်နေတဲ့အတွက် ကိုယ့်အားကိုယ်ကိုးပြီး မရပ်တည်နိုင်တော့ပါဘူး။ မလွဲမရှောင်သာ အခြေအနေကိုရောက်နေလို့ အစိုးရဆီ ငွတ်မိုတ်ချဉ်းကပ်ရတာပါပဲတဲ့ဗျာ။

ဗို့ဒ်မှာလုပ်ခဲ့တုန်းကတော့ အိုင်ယာကော့ကာဟာ စီးပွားရေးလုပ်ငန်းတွေမှာ အစိုးရက ဝင်မစွက်ဖက်အောင် ချုပ်ကိုင်ချယ်လှယ်မှုကို ဆန့်ကျင်တိုက်ဖျက်ဖို့ ဝါရှင်တန်က ပြည်ထောင်စုအစိုးရနဲ့ ညှိနှိုင်းခဲ့ဖူးပါတယ်။ အခုတော့ အစိုးရဆီက အကူအညီတောင်းဖို့ သွားတွေ့ရတာကြောင့် အခြေအနေနှစ်ခုဟာ မိုးနဲ့မြေလို ကွာနေခဲ့ပါတော့တယ်။ အစိုးရအကြီးအကဲတွေက အိုင်ယာကော့ကာကို 'ဘာကြောင့် ဒီနည်းလမ်းကို ရွေးရပါသလဲ' လို့ မေးခွန်းထုတ်ကြတော့ အိုင်ယာကော့ကာက 'အားကိုးစရာ နည်းလမ်းမရှိတော့လို့' ပြေလိုက်သတဲ့ဗျာ။

တိုက်တိုက်ဆိုင်ဆိုင် ၁၉၇၉ မှာ အမေရိကန်သမ္မတ ဂျင်မီကာတာက မီလာကို ဘဏ္ဍာရေးဝန်ကြီးခန့်လိုက်တော့ ခရိုင်စလာကို ဒေဝါလီခံသင့်တယ်လို့ပြောခဲ့ဖူးတဲ့ ဝန်ကြီးမီလာဟာ ကူညီထောက်ပံ့ဖို့ သဘောတူလာပါတယ်။ စီးပွားရေးနာလန်ထလာအောင် ကြံဆရေးဆွဲထားတဲ့ စီမံချက်တင်ပြနိုင်ရင် အာမခံနဲ့ငွေထုတ်ချေးဖို့စဉ်းစားမယ်လို့ ပြောလာပါတယ်။ ဒီမှာတင် ခရိုင်စလာအတွက် အစိုးရက ငွေထုတ်ချေးမယ့်အစီအစဉ်ကို အမေရိကန်စီးပွားရေးလောက တခုလုံးကဆန့်ကျင်ကြပါလေ ရောတဲ့ဗျာ။

အမေရိကန် အမျိုးသားရေးထုတ်ကုန်အသင်းကြီးကဆို ညီလာခံတခုကျင်းပပြီး ကန့်ကွက်ကြောင်း ဆုံးဖြတ်ချက်ချခဲ့ကြတယ်။ တချို့ကလည်း ခရိုင်စလာကိုငွေထုတ်ချေးမယ့် အစီအစဉ်ကို ထောက်ခံကြတယ်။ ဒီတော့ အိုင်ယာကော့ကာဟာ အစိုးရနဲ့ပြည်သူတွေအကြား သဘောတရားတွေကို ငြင်းခုံဆွေးနွေးနေချိန်မှာ ခရိုင်စလာဟာ ပြိုကွဲပျက်စီးနေပြီဖြစ်တဲ့ကြောင်း၊ လက်တွေ့ဖြေရှင်းဖို့သာ

အရေးကြီးနေချိန်ဖြစ်ကြောင်း၊ လွတ်လပ်တဲ့ စီးပွားရေးစနစ်ရဲ့အနှစ်သာရဟာ ယှဉ်ပြိုင်ခြင်းပဲဖြစ်တယ်။ အခုလည်း ယှဉ်ပြိုင်နိုင်ဖို့ ခရိုင်စလာ ငွေလိုနေတယ်။ ယှဉ်ပြိုင်မှုရှိနေအောင် အစိုးရကထောက်ပံ့သင့်တယ်။

ခရိုင်စလာပြိုကွဲသွားရင် အလုပ်သမားပေါင်းမြောက်များစွာ အလုပ်လက်မဲ့ဖြစ်မယ်။ ကားငယ်ဈေးကွက်မှာ ဂျပန်ပြည်လုပ်ကားတွေတင်သွင်းရမှာမို့ ပိအေးနှစ်ခါနာဖြစ်မယ်လို့ လူသိရှင်ကြား မီဒီယာမျိုးစုံကနေပြန်လှန်ချေပ၊ ထောက်ပြရပါတော့တယ်။ နောက်ဆုံးမှာတော့ ခရိုင်စလာကို ငွေထုတ်ချေးသင့်မသင့် အမေရိကန်ကွန်ဂရက်မှာ အိုင်ယာကော့ကာ ကိုယ်တိုင်အစစ်ဆေးခံရပါတော့တယ်။ အိုင်ယာကော့ကာဟာ အပြစ်ကျူးလွန်တဲ့တရားခံတယောက်လို နာရီပေါင်းများစွာကြာအောင် အစစ်ခံရပါတယ်။ လွှတ်တော်ကြားနာရေးကော်မီတီဝင်တွေရှေ့မှာ မေးသမျှမေးခွန်းတွေကို ပြေလည်အောင် ဖြတ်ထိုးဉာဏ်နဲ့ တာဝန်ယူဖြေဆိုရပါတယ်။

မရပ်မနား တရစပ်မေးလာသမျှ မေးခွန်းတွေကို လက်တန်းဖြေရတာပါ။ အစစ်ခံချက်တွေကို တနယ်ဇင်းတွေမှာ ချက်ချင်းဖော်ပြကြပါတယ်။ ရုပ်မြင်သံကြားတွေကနေ တိုက်ရိုက်ထုတ်လွှင့်ကြလေတော့ ကာတွန်းတွေနဲ့သရော်ကြပြန်ပါတယ်။ အိုင်ယာကော့ကာရဲ့ ဇနီးနဲ့သမီးတွေကို ဈေးတို့ကျောင်းတို့မှာ ပြောင်လှောင်ခံရတဲ့အထိပါပဲတဲ့ဗျာ။ ကံကောင်းထောက်မစွာ ဒက်ထရွိုက်မြို့တော်ဝန် ကိုးလ်မင်းဟာ ခရိုင်စလာဘက်မှ ရပ်တည်အစစ်ခံခဲ့ပါတယ်။ ခရိုင်စလာကို ငွေထုတ်ချေးဖို့ သမ္မတကျင်မီကာတာကိုတောင် သူကိုယ်တိုင်သွားပြောပေးခဲ့သတဲ့ဗျာ။

အိုင်ယာကော့ကာ ကြုံတွေ့ခံစားခဲ့ရတဲ့အကြပ်အတည်းတွေကတော့ တနေကုန်ပြောရင်တောင် မကုန်လောက်ပါဘူး။ သူ့ဇနီး မေရီကလည်း ဆီးချိုကြောင့် အသည်းအသန်ဖြစ်ပြီး ဆေးရုံတင်ရတယ်။ သူလည်း ချေးငွေရနိုင်ဖို့အတွက် ထိုင်ရတဲ့စည်းအဝေးတွေများလွန်းပြီး ဝါရှင်တန်ကို တပတ်နှစ်ခေါက်သွားရတာကြောင့် အိုင်ယာကော့ကာ မူးလဲတဲ့အထိဖြစ်ခဲ့တယ်။ ကုန်ကုန်ပြောရရင် အိုင်ယာကော့ကာဟာ သူ့ကိုယ်သူ ရူးသွားမလားလို့တောင်ထင်ခဲ့သတဲ့ဗျာ။ ဒီလိုနဲ့ အိုင်ယာကော့ကာ ကိုယ်တိုင် ဂျင်မီကာတာကိုသွားတွေ့တဲ့အခါ သမ္မတဂျင်မီကာတာအနေနဲ့ ခရိုင်စလာကို ငွေထုတ်ချေးဖို့ ထောက်ခံကြောင်း ပြောလာပါရောတဲ့ဗျာ။

ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုသလို နောက်ဆုံးမှာ ခရိုင်စလာကို ငွေထုတ်ချေးမယ့် ချေးငွေဥပဒေကြမ်းကို အောက်လွှတ်တော်မှာ ၂၇၁ မဲ၊ ၁၄၆ မဲ၊ အထက်လွှတ်တော်မှာ ၅၃ မဲ၊ ၄၄ မဲနဲ့အနိုင်ရပြီး အတည်ပြုနိုင်ခဲ့ပါတော့တယ်။ အဲဒီဥပဒေဟာ ပြည်ထောင်စုအစိုးရအနေနဲ့ ငွေချေးဘုတ်အဖွဲ့တခု ဖွဲ့စည်းပြီး (၂) နှစ်အတွင်း ခရိုင်စလာကို ဒေါ်လာသန်း (၁၅၀၀) ထုတ်ချေးဖို့ပါပဲ။ ချေးငွေအားလုံးကို ၁၉၉၀ ပြည့်နှစ်မှာ ပြန်လည်ပေးဆပ်ဖို့နဲ့ ခရိုင်စလာကို ပြုပြင်ဖွဲ့စည်းရန်ဆိုတဲ့ အချက်တွေ ပါပါတယ်။

အဆိုးဝါးဆုံးအခြေအနေကနေ ခရိုင်စလာကိုကယ်တင်ဖို့ ဓာတ်ဆီစားသက်သာတဲ့ ရှေ့ယက်ကားဟာ မျှော်လင့်ချက်ရောင်ခြည်ဖြစ်တယ်လို့ အိုင်ယာကော့ကာကဆိုပါတယ်။ အဲဒီအချိန်မှာ အိုင်ယာကော့ကာဟာ ပုံစံအသစ် ကားတစီးကိုထုတ်ဖို့ စိုင်းပြင်းထားမှုဟာ အတော်ခရီးရောက်နေပြီလို့ ဆိုပါတယ်။ တိုတိုနဲ့လိုရင်းပြောရရင် အိုင်ယာကော့ကာဟာ (K)ကေလို့အမည်ရတဲ့ ကားသစ်တစီးကို ထုတ်လုပ်နိုင်ခဲ့ပြီး ခရိုင်စလာကို ကယ်တင်နိုင်ခဲ့ပါတော့တယ်။ ၁၉၈၃ မှာ ခရိုင်စလာ အခြေအနေပြန်လည်တည့်မတ်လာခဲ့သလို သူ့ချစ်ဇနီးမေရီလည်း ကွယ်လွန်ခဲ့တယ်။

ခရိုင်စလာဟာ အစိုးရဆီမှာ တင်နေတဲ့ကြွေးအားလုံးကို ၁၉၈၃ ခုနှစ်၊ ဇူလိုင်လမှာ ပေးဆပ်မယ်လို့ ကြေညာနိုင်ခဲ့တယ်။ အဲဒီနေ့ဟာ ဖို့ဒ်ကုမ္ပဏီက သူထွက်ခဲ့တဲ့ ငါးနှစ်မြောက်နေ့ပါပဲတဲ့ဗျာ။

အဲဒီနေ့မှာ သူပြောခဲ့တဲ့စကားကတော့ 'ဒီနေ့ဟာ ကျနော်တို့သုံးနှစ်တိတိ ရှုန်းကန်လှုပ်ရှားခဲ့ရတဲ့ ဆင်းရဲဒုက္ခအပေါင်းမှလွတ်မြောက်တဲ့အတွက် အဆင်းရဲခံရကျိုးလည်းနပ်ခဲ့ပါတယ်။ ကျနော်တို့ဟာ ရှေးဆန်ဆန် ငွေချေးခဲ့ပါတယ်။ ယခုချေးငွေအားလုံးကို စည်းကမ်းတကျ ပြန်ဆပ်ခြင်းဖြစ်ပါတယ်။ ဝါရှင်တန်မှ တာဝန်ရှိပုဂ္ဂိုလ်များဟာ ငွေချေးတဲ့အတွေ့အကြုံများသာရှိကြပါတယ်။ ပြန်ဆပ်တဲ့ငွေကို လက်ခံတဲ့အတွေ့အကြုံတော့မရှိကြလို့ အထိတ်တလန့်ဖြစ်ပြီးမူးမေ့သွားရင် ကုသဖို့ဆရာဝန်ခေါ်ထားရင် ကောင်းပါလိမ့်မယ်'တဲ့ဗျာ။ တကယ်လည်း အဲဒီတနေ့တည်းမှာတင် မတာချက်လက်မှတ်ကြီး တစောင်နဲ့ သူပြန်လည်ပေးဆပ်တဲ့ ငွေပမာဏဟာ ဒေါ်လာသန်းပေါင်း ရှစ်ရာကျော်ရှိခဲ့ပါတယ်။

အမေရိကန်သမ္မတ ဂျင်မီကာတာဟာ သမတရာထူးစွန့်လွှတ်ပြီးတဲ့အချိန် အိုင်ယာကော့ကာနဲ့ ပြန်ဆုံတဲ့အခါ သူ့သမ္မတသက်တမ်းကာလမှာရရှိခဲ့သည့် အောင်မြင်မှုတွေအနက် ခရိုင်စလာ အရေးအခင်းဟာ ထင်ရှားမှန်ကန်တဲ့အကြောင်း လေးလေးနက်နက် မှတ်ချက်ပြုခဲ့ပါတယ်တဲ့ဗျာ။ အိုင်ယာကော့ကာဟာ တကယ့်ယောက်ျားကောင်းတယောက်ရဲ့ ဇွဲနပဲနဲ့ ခရိုင်စလာကို အကြပ်အတည်း မျိုးစုံကြားထဲကနေ ကယ်တင်နိုင်ခဲ့တယ်။ သူဟာ အမေရိကန်ရဲ့ အကျော်ကြားဆုံး စီးပွားရေး သူရဲကောင်းဖြစ်လာခဲ့တယ်။ နောက်ဆုံးမှာ အိုင်ယာကော့ကာဟာ သမ္မတလောင်းအဆင့်အထိ တက်လှမ်းနိုင်သတဲ့ဗျ။ နောက်ဆုံး မှတ်သားစရာတခုကတော့ ခရိုင်စလာမှာ သူအောင်မြင်ပြီး တခုသော ညှိခံပွဲတခုမှာ သူ့ကိုအလုပ်ဖြုတ်ခဲ့တဲ့ ဖို့ဒ်ကုမ္ပဏီဥက္ကဋ္ဌ ဟင်နရီဖို့ဒ်နဲ့ပြန်ဆုံမိကြတဲ့ခါ ဟင်နရီဖို့ဒ်ဟာ အိုင်ယာကော့ကာကို မျက်နှာချင်းမဆိုင်ရဲပဲ ညှိခံပွဲကနေထွက်ပြေးသွားရတဲ့အထိ အောင်နိုင်ခဲ့တယ် ဆိုတာပါပဲဗျာ။

အော်၊ ခင်ဗျားကြည့်ရတာ ကျနော်အိုင်ယာကော့ကာ့အကြောင်း လက်တန်းပြောနိုင်နေတာကို အံ့ဩနေပုံရတယ်။ မထူးဆန်းပါဘူးဗျာ။ အိုင်ယာကော့ကာဟာ ခရိုင်စလာကို ကယ်တင်နိုင်ဖို့ အမေရိကန်အစိုးရကို ချဉ်းကပ်တော့ သူ့ဘက်ကမှန်ကြောင်း ကွန်ဂရက်မှာအစစ်ခံတော့ မြားနဲ့ ဆက်တိုက်ပစ်သလို တရစပ် မရပ်မနားမေးလာတဲ့မေးခွန်းတွေကို လက်တန်းပြန်ဖြေခဲ့ရတယ်မဟုတ် လား။ ဒီတော့ ကျနော်လည်း အစိုးရအဖွဲ့တဖွဲ့လုံးဆီကို အကြံပြုစာပို့ထားတဲ့ကိစ္စနဲ့ပတ်သက်ပြီး အစစ်ခံရမယ်ဆိုရင် ဒိုးဒိုးဒေါက်ဒေါက် ဖြေနိုင်အောင်ပြောနိုင်အောင် အိုင်ယာကော့ကာ့အကြောင်း အာဂုံဆောင်ထားရတော့တာပေါ့ဗျာ။

ကျနော့်စိတ်ထင် ကျနော်ဟာ အိုင်ယာကော့ကာရဲ့စာအုပ်ကို အခေါက်ပေါင်းတရာကျော် လောက် ဖတ်ခဲ့တယ်ထင်ပါရဲ့။ တကယ်တမ်းစဉ်းစားကြည့်ရင် ကျနော့်အကြံပြုချက်စာတမ်းဟာ အစိုးရကို ဆရာလုပ်သလိုဖြစ်နေတဲ့ပြင် ကျနော့်ဆိုလိုချက်ကိုသဘောပေါက်မယ့် ဝန်ကြီးတယောက် တလေရှိဖို့ဆိုတာ လှူ့ပြည်ကအပ်တစင်း ဗြဟ္မာ့ပြည်ကအပ်တစင်း ဆုံနိုင်းသလိုပါပဲဗျာ။ ဒါပေမဲ့ ကျနော်လည်း အိုင်ယာကော့ကာလိုပဲ တခြားရွေးစရာနည်းလမ်းမရှိတော့ပါဘူး။ လာမယ့်ဘေး ပြေးတွေ့ရုံသာရှိပါတော့တယ်။ ကျနော့်လက်ထဲမှာ ငွေတပြားမှမကျန်တော့တဲ့အပြင် အကြွေးတွေ လည်း လည်ပင်းနစ်နေတဲ့ အခြေအနေမဟုတ်လား။

တခါတခါမှာ ကြပ်တည်းကျဉ်းမြောင်းလှတဲ့အခြေအနေကနေ မျှော်လင့်ချက်ရောင်ခြည် သမ်းလာတတ်၊ တွေ့လာတတ်တယ်လို့ ကျနော်ပြောဖူးတာ ခင်ဗျားမှတ်မိတယ်နော်။ အစိုးရဆီ စာတမ်း ရေးတင်လိုက်ပြီး တလကျော်အကြာမှာတော့ ကံကြမ္မာဟာ ကျနော့်ဘက်ကို ထူးဆန်းစွာမျက်နှာသာ ပေးလာပြန်ပါတယ်။ ဟုတ်တယ်ဗျ အစိုးရအဖွဲ့ဝင် ဝန်ကြီးတပါးက ကျနော်နဲ့တွေ့ချင်တယ်ဆိုပဲ။

၉

## အခန်း (၈၆)

# သေရွာပြန် နိဒါန်း

ဝဿန်ကာလ မိုးအခါသမယဖြစ်သောကြောင့် ရဲဘက်စခန်းတခွင်တပြင်လုံး အုံ့မှိုင်းပြာရီကာ၊ မြူမယောင်ထင်မှား ပြိုမှာလေလားမိုးရဲ့ဟူသောတေးစာသားကို သတိရချင်စရာ ကောင်းလှပါတော့သည်။ မိုးရာသီကာလ အကျဉ်းသမားတယောက်၏ဘဝတား အလွန်ပျင်းရိခြောက်ကပ် ငြီးငွေ့ဖွယ်ကောင်းလေစွ။ ကိုသက်ခိုင်နှင့်ကျနော် မဆုံဖြစ်ခဲ့သည်မှာ အတန်ကြာလေပြီ။ မဆုံဖြစ်ခြင်းအကြောင်းရင်းကား ကိုသက်ခိုင် ပင်မစခန်းသို့ပြောင်းရွှေ့သွားသောကြောင့်ပင်။ ထောင်ပိုင်ကြီး အခေါ်တော်ရှိသောကြောင့် ကိုသက်ခိုင် ပင်မစခန်းသို့ ရောက်သွားရခြင်းဖြစ်လေသည်၊ ကျနော့်စိတ်ထဲတွင် စခန်းခွဲ၌ ကိုသက်ခိုင်မရှိလေသောကြောင့် ပို၍ခြောက်ကပ်ငြီးငွေ့သယောင် ခံစားနေရသည်။

နေ့လည် သုံးနာရီခန့်ဘုတ်ဆင်းချိန်ဖြစ်၍ အဆောင်ပေါ်တွင်လည်း ရဲဘက်ရောဝန်ထမ်းပါ တယောက်မှမရှိသည်နှင့် ဖုန်းမောင်တယောက်တည်းရယ်ဖြစ်နေစဉ်မှာပင် ဖိုကြီးတာဝန်ခံ ကိုအောင်ကြည်တယောက် အဆောင်ပေါ်သို့ မျှစ်ခမောက်တလုံးဆောင်းလျက် ပေါက်ချလာပါသည်။

'ဆရာသမား၊ ပင်မစခန်းကို ရိက္ခာသွားသယ်စရာရှိတယ်၊ လိုက်ခဲ့ပါလား၊ ကျနော် ထောင်မှူးကို အဖော်တယောက်ခေါ်သွားမယ်လို့ ပြောထားပြီးသားဗျ'ဟု အဖော်ညှိလေရာ ပျင်းနေတုန်း ငိုချင်လျက်လက်တို့ဖြစ်နေသည်နှင့်

'ဟာ၊ အတော်ပဲဗျာ၊ ကိုသက်ခိုင်နဲ့မတွေ့ရတာလည်း ကြာပြီ၊ ဒီအတိုင်းအဆောင်ပေါ်မှာ ဆက်နေရရင် ပျင်းလို့သေတဲ့မသာဖြစ်တော့မယ်ဗျာ'ဟု ပြောပြောဆိုဆို ခမောက်တလုံးကိုဆောင်းကာ ကိုအောင်ကြည်လှော်သော လှေဦးတွင်ထိုင်လျက် ပင်မစခန်းရှိရာသို့ မိုးတဖွဲဖွဲကြားမှာ ထွက်ခွာလာခဲ့တော့သည်။

ပင်မစခန်းသည် စခန်းခွဲ (၁)နှင့် နှစ်မိုင်ခွဲသာသာခန့်ဝေးလေသည်။ လှေသည် စိမ်းညို့နေသော ဇက်ပျောပင်တန်းများနှင့် ကပ်လျက်ချောင်းငယ်ကလေးအတိုင်း မိုးတဖွဲဖွဲကြားမှာ တရွေ့ရွေ့သွားနေသည်။ အမှန်စင်စစ် ကျနော်တို့လှေဖြင့် ခရီးနှင်လျက်ရှိသောချောင်းသည် ချောင်းဟုဆိုရသော်ငြား

ချောင်းမဟုတ်ချေ။ အကျဉ်းဦးစီးဌာန ရေနက်ကွင်းစီမံကိန်းအတွက် ရေနက်ကွင်းကြီးထဲမှ ရေများကို ဆင်သေချောင်းထဲသို့ လွှဲနိုင်ရန် မြေတူးစက်ကြီးများဖြင့် တူးထားသော တူးမြောင်းသာဖြစ်ပါသည်။ တူးမြောင်းအတိုင်း တမိုင်ခန့်လျှော်မိလျှင် ငှက်ပျောပင်အုပ်တန်းအတိုင်း ဘယ်ဘက်သို့ ချိုးကွေ့ရမြန်သည်။ ငှက်ပျောပင်တို့ကား ဧရာမလယ်ကွက်ကြီးကို တာတမံတုပ်ထားသည့် မြောင်းဘောင်ကြီးပေါ်တွင် စိုက်ထားခြင်းဖြစ်လေ၏။

လှေဦးသည် ချောင်းပြည့်မတတ် အလေ့ကျပေါက်နေသော ကန်စွန်းနွယ်နှင့် ကိုင်းမြက်ရှည်များကို ခပ်ဖွဖွထိုးခွဲကာ ခရီးနှင်နေချိန်တွင်၊ ချောင်းငယ်ထဲကရေပြင်ပေါ်သို့ တဖွဲဖွဲကျနေသည့် မိုးရေစက်များကိုငေးကြည့်ရင်း ခပ်မဆိတ်လိုက်ပါလာသော ကျနော်သည် ကိုအောင်ကြည့်အမေးကြောင့် သတိပြန်ဝင်လာသည်။

'ဆရာသက်ခိုင်က မလွတ်သေးဘူးလားဗျ'

'အယူခံတင်ထားတယ်လို့တော့ ပြောတာပဲဗျ။ သူကလည်း အယူခံကို တော်တော်မျှော်လင့်ထားပုံရတယ်'

'အေးဗျာ၊ ဆရာသက်ခိုင်လိုလူမျိုး ထောင်ကျလာတာ ကျနော့်စိတ်ထဲမှာ ထူးဆန်းနေသလားလို့၊ တော်တော်ပေါက်ရောက်တဲ့သူပဲဗျာ၊ အခုလည်း ထောင်ပိုင်ကြီးက သူ့ကိုလက်မလွှတ်ချင်ဘူးထင်တယ်'

'လူကတော့ လူတော်ပဲဗျ။ ဘယ်နေရာမှ ရှော်လာသတုန်း ကျနော်လည်းမပြောတတ်ဘူး' ကိုအောင်ကြည်နှင့်ကျနော် စကားတပြောပြောနှင့် ခရီးနှင်လာရာ တနာရီသာသာလောက်တွင် ပင်မစခန်းသို့ ရောက်လာကြသည်။

ပင်မစခန်းတွင် ကိုသက်ခိုင်မရှိပြန်ချေ။ ပင်မစခန်းမှ ထောင်ပိုင်ကြီးစားဖိုဆောင်ကို တာဝန်ယူနေသော ရဲဘက်မောင်ဝင်းကိုမေးသည့်အခါ ကိုသက်ခိုင်တယောက် လေကြောင်းအရန်ငါးကန်သို့ လုပ်အားပေးရဲဘက်အဖွဲ့နှင့် လိုက်ပါသွားသည်ဆိုပါ၏။ တာဝန်အရလိုက်ပါသွားခြင်းတော့ မဟုတ်ပါလေ။ ထုံးစံအတိုင်း သူ့သဘောနှင့်သူ ထောင်ပိုင်ကြီးကိုခွင့်တောင်း၍ လိုက်သွားသည်ဟုသိရသည်။ ညနေငါးနာရီဘုတ်သိမ်းချိန်ရောက်မှ ကိုသက်ခိုင်တယောက် ရဲဘက်အဖွဲ့၏ထိပ်ဆုံးမှာ ရွှံ့အလူးလူးဖြင့် ပြန်ရောက်လာလေသည်။ ကျနော်က သူ့ကိုတွေ့လျှင်တွေ့ချင်းပင်

'ဟော့လူ ကိုသက်ခိုင်၊ ခင်ဗျားကြည့်ရတာ ကျွဲလူးအိုင်ထဲကတက်လာတဲ့ ကျွဲလိုဖြစ်နေပါလားဗျာ'

'အင်း၊ အိုင်ထဲကတက်လာတာတော့ မှန်တယ်ဗျာ။ မိုးက လိုမ့်ရွာနေတော့ ဗွက်ထူထူ ရွှံ့ထူထူမှာ တဘိုင်းဘိုင်းလဲနေတာနဲ့ ကျွဲပုံပေါက်နေတာပဲဗျာ'

'ဘယ်လိုဖြစ်လို့ တဘိုင်းဘိုင်းလဲနေသတုန်းဗျာ'

'အမယ်၊ ခင်ဗျား မကြုံဖူးသေးလို့ဖြစ်မယ်။ မိုးသည်းနေချိန်မှာ ကန်သင်းရိုးပေါ် လမ်းလျှောက်နည်းကလည်း ပညာတခုဗျ။ ကျနော်က လယ်ထဲချောင်းထဲ ဆင်းဖူးတဲ့ကောင်မဟုတ်တော့ လေးငါးလှမ်းလှမ်းပြီးတာနဲ့ တခါလဲတော့တာပဲဗျို့' -

'ရုံးခန်းနဲ့ဘာနဲ့ အငြိမ်နေလို့ရရက်သားနဲ့ ခင်ဗျားမို့ ဒုက္ခရှာပလေဗျာ။ ကဲ၊ ခင်ဗျား ဗွက်လူးလာတာက အကြောင်းမဟုတ်ဘူး၊ ကျနော်က စခန်းခွဲကိုပြန်ရမှာ။ အခုငါးနာရီထိုးနေပြီ။ ကျနော်က ခင်ဗျားနဲ့တွေ့ရမလားလို့ ကိုအောင်ကြည်နဲ့ ရိက္ခာလာထုတ်ရင်း လိုက်လာတာဗျ။ စခန်းခွဲကို အချိန်မီပြန်ရမှာ၊ ခုတော့ အချိန်မရှိတော့ဘူး'

'နေပါဦးဗျာ၊ ခင်ဗျားဒီည ဒီမှာအိပ်လို့ရအောင် ထောင်ပိုင်ကြီးကို ကျနော်ပြောလိုက်ပါ့မယ်။ ကိုအောင်ကြည်ကတော့ မပြန်လို့မဖြစ်ဘူး။ သူမပြန်ရင်တော့ စခန်းခွဲတခုလုံး ထမင်းငတ်ကုန်မယ်'

ပြောပြောဆိုဆို ကိုသက်ခိုင်သည် ရွှံ့အလူးလူးဖြင့်ပင် ထောင်ပိုင်ကြီးအိမ်ဘက်သို့ လျှောက်သွားပြီး ငါးမိနစ်ခန့်အကြာမှာပင် ပြန်ရောက်လာသည်။

'အိုကေတယ် ဆရာ၊ ကိုအောင်ကြည်ကို ဆန်အိတ်တွေနဲ့ ပြန်လွှတ်လိုက်တော့မယ်၊ ခင်ဗျား ကတော့ မနက်မှပဲ အိတ်တွေနဲ့ပြန်တော့ဗျာ၊ ရော့၊ ဒါထောင်ပိုင်ကြီးရဲ့စာ၊ ဦးအေးနိုင်ဆီကို ကိုအောင်ကြည်နဲ့ လူကြုံပေးလိုက်ပေတော့၊ ကျနော် ချောင်းထဲဆင်းလိုက်အုံးမယ်ဗျာ'

ထောင်ဇယားနိုင်သော ကိုသက်ခိုင်ကား ကျနော့်ကို စာရွက်တရွက်ထိုးပေးရင်း ထောင်ပိုင်ကြီး အိမ်ရှေ့က ချောင်းထဲသို့ဆင်းကာ ရေချိုးနေလေသည်။ ကျနော်က ကိုအောင်ကြည့်ကို ထောင်ပိုင်ကြီး ရေးပေးသောစာရွက်ကိုပေးပြီး ကိုသက်ခိုင်ကိုစောင့်ရင်း ရဲဘက်မောင်ဝင်းတို့နှင့် စကားပြောရင်း ကျန်နေခဲ့သည်။ မောင်ဝင်းနှင့်သန်းထွန်းအောင်ကား ထောင်ပိုင်ကြီး၏ ဝေယျာဝစ္စကိုတာဝန်ယူပေးရသော လိုင်းသမားများဖြစ်၏။ နှစ်ယောက်စလုံး ချဲမှုနှင့်ထောင်ကျကာ ရဲဘက်သို့ရောက်လာကြသူများ ဖြစ်သည်။ အငြိမ်နေနိုင်ရေးအတွက် ထောင်ပိုင်ကြီးကိုလိုင်းဝင်ထားရသည်။ လိုင်းကြေး ငါးသောင်းခန့် အပြင် ထောင်ပိုင်ကြီး နေ့စဉ်စားသောက်ရေးတာဝန်နှင့် အခြားလိုအပ်ချက်များကို အိပ်စိုက်တာဝန်ယူကြရသည်။ လစဉ်ကုန်ကျငွေကား တလလျှင် တယောက်နှစ်သောင်းခန့်ဆို၏။

နာရီဝက်ခန့်အကြာတွင် ကိုသက်ခိုင်ပြန်ရောက်လာရာ သူ့ပုံစံမှာ သပ်သပ်ရပ်ရပ်ပုံ ပြန်ပေါက်လာသည်။ ထောင်ပိုင်ကြီးအတွက် အစားအသောက်ချက်ပြုတ်သော ဖိုကြီးမှာ ညစာစားပြီးသည့်အခါ သူ့အိပ်ရာဖြစ်သော ထောင်မှူးရုံးခန်းမှာ သူနှင့်ကျနော် စကားပြောဖြစ်ကြတော့သည်။

'ဒါနဲ့ ကိုသက်ခိုင် ခင်ဗျားက အငြိမ်နေလို့ရလျက်သားနဲ့ ဘာကြောင့်လုပ်အားပေးလိုက်သွားရတာတုန်း'

'ကျနော်က တသက်လုံး ဂွင်(ခွင်) တွေ ဂွက်တွေနဲ့ချည်း နပန်းလုံးလာတဲ့ကောင်ဆိုတော့ ရဲဘက်ရောက်တုန်းတကယ့်အောက်ခြေက ရဲဘက်တွေဘဝကို အတွင်းကျကျသိချင်လို့ လိုက်သွားတာဗျာ။ အင်း၊ ရဲဘက်မှာလည်း ခွင်မလွတ်ပါဘူးဗျာ'

'ဘာခွင်တွေတုန်းဗျ'

'ကျနော်က လုပ်အားပေးဆိုတော့ ရိုးရိုးတန်းတန်းလုပ်အားပေး အောက်မေ့လို့ လိုက်သွားတာ လက်စသတ်တော့ အကျဉ်းဦးစီးကော လေကြောင်းအရန်ကပါ နှစ်ဖက်စလုံးခွင်ရိုက်ကြတာကိုး'

'သေချာရှင်းစမ်းပါအုံးဗျာ'

'ဒီလိုဗျ။ အခုအကျဉ်းဦးစီးက ကျနော်နဲ့အတူလိုက်လာတဲ့ လုပ်အားပေးရဲဘက် တစ်ရာကျော်ဟာ လေကြောင်းအရန်ကို အလကားလုပ်အားပေးသွားကြတာမဟုတ်ဘူး။ နေ့တွက်နဲ့ ငှားတာဗျ။ ရဲဘက်တွေသိမသိတော့ ကျနော်မပြောတတ်ဘူး။ လေကြောင်းအရန်က ငါးကန်တွေမှာ ဒိုက်ရှင်းတာ၊ မြောင်းသစ်ပြန်တင်တာတွေလုပ်ဖို့ ရဲဘက်က အကျဉ်းသားတွေကို ဈေးပေါပေါနဲ့ငှားတာဗျာ။ တိုတိုပြောရရင် ဌာနနှစ်ခုညှိပြီး ခွင်ရိုက်ကြတာပေါ့။ အကျဉ်းဦးစီးက အလုပ်သမားငှားခရတယ်။ လေကြောင်းအရန်က ဈေးပေါပေါနဲ့ အလုပ်သမားငှားထားတာကို သူတို့ဌာနကိုပြန်တင်တော့ အပြင်အလုပ်သမားဈေးနဲ့ ပြန်တင်တယ်။ သေချာတာကတော့ ရဲဘက်တွေတပြားမှမရပဲ ပြစ်မှုကြွေးကို ချွေးနဲ့ဆပ်ကြရတာပေါ့ဗျာ။ အမှန်က အကျဉ်းဦးစီးဌာနရဲ့အလုပ်မဟုတ်ပဲ အခြားပြင်ပအလုပ်တွေ ထွက်လုပ်ကြရရင် ရဲဘက်ဟာ အဲဒီငွေကို ရပိုင်ခွင့်ရှိတယ်ဗျ။ ဒါကြောင့် ရဲဘက်မှာလည်း ခွင်မကင်းဘူး ပြောတာပေါ့ဗျာ'

'ခင်ဗျားဥစ္စာ သေချာမှလည်း လုပ်ပါဗျာ'

'အော်၊ သေချာဆို ရဲဘက်ဦးရေစာရင်းနဲ့ နေ့တွက်လုပ်အားခကို ကျနော်ကိုယ်တိုင်တွက်ပေးနေရတာပဲဗျာ။ အခု ရဲဘက်အယောက်တစ်ရာကျော် လုပ်အားပေးထွက်တယ်ဆိုတော့ လေကြောင်းအရန်ကပေးတဲ့ တယောက်သုံးရာနှုန်းနဲ့ဆို ထောင်ပိုင်ကြီးအနေနဲ့ တနေ့ကို သုံးသောင်းကျော်ကိုက်တယ်ဆိုပါတော့။ လေကြောင်းအရန်ဘက်ကလည်း အပြင်မှာ အလုပ်သမားတယောက်ငှားရင် နေ့တွက် ငါးရာလောက်ပေးမှရမယ်ဆိုတော့ သူတို့လည်း တရက်ကို နှစ်သောင်းကျော် အိတ်ကပ်ထဲရောက်တယ်လေ။ နှစ်ဦးနှစ်ဖက်စလုံး ခွင်ကိုတည့်လို့ဗျာ'

ကိုသက်ခိုင်တယောက် ရဲဘက်လုပ်အားပေးခွင်အကြောင်း ဇာတ်စုံခင်းနေချိန်တွင် ကျနော် စိတ်ရောက်နေသည်မှာ သူဆက်ပြောပြမည့် သူ့ဘဝဇာတ်ကြောင်းသာဖြစ်လေရာ သူ့ကို စကားစဖြတ်လိုက်ရသည်။

'ကဲပါဗျာ၊ ရဲဘက်စခန်းရောက်နေတာ ရဲဘက်တွေအကြောင်းတော့ မကြားချင်တော့ပါဘူး၊ ခင်ဗျားရဲ့ မဆုံးနိုင်သေးတဲ့ ဇာတ်ထုပ်ရှည်ကြီးကိုသာ ရှေ့ဆက်ပါတော့ဗျာ'

'ဩ၊ ခင်ဗျားက ကျနော့်ဘဝဇာတ်ရှပ်ကြီးကို နားမငြီးသေးပဲကိုး။ ဒီလိုဖြင့် တနာရီလောက်တော့ စောင့်ပေအုံးဗျာ၊ အခု ကိုးနာရီထိုးနေပြီဆိုတော့ ကျနော့်ညလေ့ကျင့်ခန်းလေး ဆင်းစရာရှိသေးသဗျာ'

ပြောပြောဆိုဆိုပင် ကိုသက်ခိုင်သည် အခန်းမီးကိုပိတ်ကာ တင်ပလ္လင်ခွေထိုင်ရင်း အသံတိတ်ဘုရားရှိခိုးကာ ဘယ်လက်ပေါ် ညာလက်ထပ်လျက် တရားထိုင်နေတော့ရာ ကျနော်လည်း သူ့နှင့် မလှမ်းမကမ်းမှာရှိနေသော စာအုပ်ပုံကြီးကို ပြတင်းကြားက လရောင်မှိန်မှိန်ဖြင့် လှန်လှောနေလိုက်ပါသည်။

စင်စစ် ကိုသက်ခိုင်သည် သူ့စာအုပ်များကို အတော်တန်ဖိုးထားဟန်ရှိပြီး စာအုပ်တို့ကား မျိုးစုံလှသည်။ မောင်သုတအမည်ခံ ဗိုလ်မှူးဘသောင်း၏ မြန်မာစာပေပညာရှင်များသမိုင်း၊ မြန်မာစာ မြှင့်ချင်လွန်းလို့၊ မိုးကုတ်ဆရာတော် ဘုရားကြီး၏ တဘဝသာသနာ၊ ဆက်မားဆက်မွန်၏ ဝတ္ထုတိုများ၊ လယ်တီပဏ္ဍိတဦးမောင်ကြီး၏ စာပေါင်းချုပ်၊ ညိုမြ၏ ကုန်းဘောင်ရှာပုံတော်၊ ဇော်ဂျီ၏ ပလေးတိုးနီဒါန်း၊ လူထုဒေါ် အမာ၏ ပြည်သူချစ်သောအနုပညာရှင်များ စသည်ဖြင့် စာအုပ်မျိုးစုံကို တွေ့နေရပေရာ ရဲဘက်စခန်းလိုနေရာမျိုးနှင့် အပ်စပ်လှသည်ဟု ကျနော်မထင်ချေ။ ပင်မစခန်းအဝင်ကင်းတဲဆီမှ ဆယ်နာရီကင်းသံချောင်းခေါက်လိုက်ချိန်တွင် ကိုသက်ခိုင်တယောက် တရားထိုင်ရာမှ ထလိုက်ပြီး

'ကဲ၊ ကိုယ့်လူ ဆယ်နာရီထိုးပြီဆိုတော့ မီးပိတ်ချိန်မို့ ဖွင့်လည်းလာမှာမဟုတ်တော့ဘူး၊ မှောင်ထဲမှာပဲ ပြောကြတာပေါ့ဗျာ'

'အင်း မှောင်ထဲမှာပဲ ကောင်းပါတယ်ဗျာ။ ဒါနဲ့စကားမစပ် ခင်ဗျား ညတိုင်းညတိုင်း တရားထိုင်တော့ ဘာတွေထူးသတုန်းဗျ'

'ခင်ဗျားကို လိပ်ပတ်လည်အောင် ရှင်းပြနေရင် မိုးစင်စင်လင်းသွားလိမ့်မယ်ဗျာ။ တိုတိုပြောရရင် ကျနော်တို့ ခန္ဓာကိုယ်ဟာ အမှုန်အလင်းတွေနဲ့ဖွဲ့စည်းထားတယ်။ အဲဒီအမှုန်အလင်းတွေဟာ မြင်မှု၊ ကြားမှု၊ နံမှု၊ တွေးတောမှုတွေ တနေ့လုံးကြုံတွေ့နေတာကြောင့် ဝရုန်းသုန်းကား ရှုန်းရင်းဆန်ခတ်ဖြစ်နေတယ်ဗျာ။ အဲဒါတွေကို နေရာတကျပြန်ဖြစ်အောင် လေ့ကျင့်ခန်းလုပ်ပြီး ပြန်စီတယ်လို့သာ မှတ်ပေတော့ဗျာ။ ကဲ၊ ခင်ဗျားက တရားနာမှာလား၊ ကျနော့်ဘဝဇာတ်ကြောင်းကို ရှေ့ဆက်ရမှာလား၊ အာရုံတွေမများနဲ့လေ'

'ဟုတ်ပါပြီဗျာ၊ ခင်ဗျားဇာတ်ကြောင်းကိုသာ ဆက်ပြီးကြားပါရစေ။ ခင်ဗျား နောက်ဆုံးပြောခဲ့တာက အမေရိကန် ကားသူဌေးကြီး အိုင်ယာကော့ကာ အကြောင်းမဟုတ်လား။ ခင်ဗျားအစိုးရအဖွဲ့လုံးဆီကို စာတမ်းတင်ပြီးမကြာခင်မှာ ဝန်ကြီးတယောက်က ခင်ဗျားကိုတွေ့ချင်တယ်ဆိုလား'

ကျနော်က ကိုသက်ခိုင်ဇာတ်လမ်းဆက်နိုင်ရန် အစဖော်ပေးလိုက်ရာ သူရှေ့ဆက်ပြောပြသောဗ္ဗာဝခရီးဝက်ပါအကြောင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျနော့်ကိုတွေ့ချင်တယ်ဆိုတဲ့ဝန်ကြီးကတော့ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်လွှန်းမောင်ပါပဲ။ ဟုတ်တာပေါ့ဗျာ။ ၂၀၀၁ ခုနှစ်ဝန်းကျင်က ဗိုလ်ချုပ်ကြီးတင်ဦးနဲ့အတူ ကရင်ပြည်နယ်ဘက်မှာ ရဟတ်ယာဉ်ပျက်ကျရင်း ကွယ်လွန်သွားတဲ့သူပေါ့။ သူဟာ ကျနော်တင်တဲ့အကြံပေးစာနဲ့ အိုင်ယာကော့ကာရဲ့အတ္ထုပ္ပတ္တိကိုဖတ်မိလို့ ကျနော့်ကိုတွေ့ချင်တာလားဆိုတာတော့ သေချာပေါက် ကျနော် မပြောနိုင်ပါဘူး။

ဩော်၊ ဒီလောက်အခက်အခဲတွေ တပုံတပင်ကြီးကြုံနေရချိန်မှာ အစိုးရအဖွဲ့ဆီကို စာလေးတစောင်ရေးတင်ပြီး အိပ်လိုက်စားလိုက် ထိုင်စောင့်နေတယ်များ ခင်ဗျားထင်နေသလားဗျာ။ ဘယ်စောင့်နေပါ့မလဲ။ အိုင်ယာကော့ကာဟာ ခရိုင်စလာကိုကယ်တင်ဖို့ အစိုးရကိုချဉ်းကပ်နေခဲ့သလို ကျနော်လည်း အခက်အခဲကြားကရုန်းထွက်နိုင်အောင် နည်းလမ်းမျိုးစုံ ရှာဖွေကြိုးပမ်းနေခဲ့ရတာပါပဲ။

အင်း၊ လောကကြီးမှာ ထန်းသမားစားဖို့ ထန်းပင်ကနေ ထန်းနို့ထွက်ပေးရတယ်ဆိုတာ ခင်ဗျားကြားဖူးတယ်မဟုတ်လား။ ကျနော်လိုလူလည်းအဖို့ ဇာတာပြန်တက်လာပြန်တယ်ဆိုရမယ်ထင်ပါ့ဗျာ။ ကံကောင်းချင်တော့ ထူးထူးဆန်းဆန်း ရှမ်းအပစ်ရပ် ငြိမ်းချမ်းရေးအဖွဲ့တခုက ကျနော့်ကို သူတို့လိုချင်တဲ့ လုပ်ငန်းတခုအတွက် ငွေထုတ်ပေးနိုင်ကြောင်း ကမ်းလှမ်းလာခဲ့ပါတယ်။

အဲဒီ အပစ်ရပ်အဖွဲ့ရဲ့နာမည်ကို ကျနော်တိတိကျကျမသိဘူးဗျ။ သူတို့ကုမ္ပဏီနာမည်ကတော့ (Pan tai)တဲ့ဗျာ။ မြန်မာလိုအသံထွက်ရင် ပန်းတိုင်လို့ထွက်နိုင်တယ်ထင်ပါရဲ့။ ကျနော်က အဲဒီအဖွဲ့ကို တိုက်ရိုက်မသိပါဘူး။ တခုပြောဖို့မေ့နေတယ်ဗျာ။ ကျနော်ကျောင်းဆရာဘဝတုန်းက မြို့နယ်ပညာရေးမှူးဖြစ်ခဲ့တဲ့ ဆရာကြီးဦးဘခိုင်ဟာ ကျနော့်ရုံးမှာ အချိန်ပိုင်းအကြံပေးသဘောမျိုး ဝင်လုပ်နေပါတယ်။ အဲဒီပန်းတိုင် (Pan Tai )အဖွဲ့ကို ဆရာကြီး ဦးဘခိုင်ရဲ့ယောက်ဖ အန်ကယ်ဦးအောင်ကြည် ခေါ်လာတာပါပဲ။ အမှန်က အန်ကယ်ဦးအောင်ကြည်လည်း ခေတ်ပျက်ကြီးမှာ အလုပ်ပွဲစားဝင်လုပ်တယ်ဆိုပါတော့။ သူ့ကို ခင်မင်လေးစားရင်းစွဲရှိနေတဲ့ ရှမ်းအမျိုးသား စိုင်းအောင်နိုင်ဆိုတဲ့လူငယ်တယောက်ဟာ ရှမ်းအပစ်ရပ်ငြိမ်းချမ်းရေးအဖွဲ့တဖွဲ့မှာ အရာရောက်တဲ့သူဖြစ်နေတယ်။ သူတို့ စကားစပ်မိကြရင်း ရန်ကုန်မြို့ပေါ်မှာ ခွင်ကောင်းကောင်းရှိရင် ငွေထုတ်ပေးနိုင်တဲ့အကြောင်း အန်ကယ်ဦးအောင်ကြည်ကို ပြောရာက အဲဒီခွင်ဟာ ကျနော့်ဆီရောက်လာတော့တာပါပဲ။ အမှန်က အန်ကယ်ဦးအောင်ကြည်ဟာ သူ့ယောက်ဖရှိရာ ကျနော့်ရုံးခန်းကို မကြာမကြာဝင်ထွက်နေရာက ကျနော့်လက်ရည်ကိုအကဲခတ်မိပြီး အဲဒီအလုပ်ခွင်ကို စဉ်းစားမိခဲ့ပုံရပါတယ်။

ဒါနဲ့ အန်ကယ်ဦးအောင်ကြည်ဟာ ကျနော်ဖန်တီးပေးနိုင်တဲ့ ရန်ကုန်က အလုပ်ခွင်သုံးလေးခုကို ကျနော့်ရုံးမှာလာလှေလာပြီး စိုင်းအောင်နိုင်ကိုပြန်ရှင်းပြရာက တပတ်လောက်အကြာမှာ နှစ်ဘက်သဘောတူစာချုပ်ချုပ်ဖို့အဆင့်ကို ရောက်လာပါတော့တယ်။ ကိုအောင်နိုင်ရွေးလိုက်တဲ့အလုပ်တော့ မဟာဗန္ဓုလလမ်းနဲ့ ပန်းဆိုးတန်းလမ်းထောင့်က အဆောက်အဦးဟောင်းကြီးကို ခေတ်မီအဆောက်အဦးအဖြစ် ပြန်ဆောက်လုပ်ဖို့ပါပဲ။ အဲဒီနေရာဟာ ဆူးလေဘုရားနားက တကယ်အကွက်ကောင်းတဲ့နေရာ။ တိကျူးမားဆိုတဲ့ အဆောက်အဦကြီးပဲဗျ။

ဟား ဟား၊ ခင်ဗျားက ကျနော့်ကို နေအေးလိမ်နည်းထဲကလို အကွက်ချပြီးလိမ်မယ်ထင်နေလို့လား။ မဟုတ်ရပါဘူးဗျာ။ အဲဒီအချိန်က ရန်ကုန်မြို့ထဲက အဆောက်အဦဟောင်းတွေကို ပြန်ဖျက်ပြီး အသစ်ဆောက်နေကြတဲ့အချိန်မို့ နေရာကောင်းကောင်းတွေမှာ ဆောက်ခွင့်ရအောင် ကျနော်ကြိုတင်စီမံထားတာတွေရှိတယ်ဗျ။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မီတီနဲ့ ကျနော်ညှိနှိုင်းဖူးတာတောင် လေးငါးနေရာရှိသဗျာ။ ဥပမာ သိမ်ကြီးဈေးစီရုံ ရန်ကင်းဈေးတို့ ဘာတို့ပေါ့ဗျာ။ အမှန်က အဆောက်အဦးအဟောင်းနေရာကောင်း တော်တော်များများဟာ အစိုးရရုံး တခုခုတွဲပက်ဖွင့်ထားတာများသဗျ။ အဲဒါတွေကို အသစ်ပြန်ဆောက်ချင်ရင် လက်ရှိနေတဲ့သူတွေ သဘောတူဖို့လည်းလိုတယ်။ တချို့အထင်ကရနေရာတွေမှာတော့ အစိုးရက ဇွတ်လုပ်ပစ်တာတွေလည်းရှိသပေါ့ဗျာ။

ကျနော်ဆိုတဲ့ကောင်က အဲသလို ဇွတ်အတင်းအဓမ္မလုပ်တာကိုတော့ သိပ်အားမပေးချင်လှဘူး။ ဒါကြောင့် တီကျူးမားအဆောက်အဦးကြီးကို ပြန်ဆောက်ခွင့်ရအောင် လက်ရှိနေတဲ့သူတွေနဲ့ ညှိနှိုင်းထားတာရှိတယ်။ လက်ရှိနေတဲ့သူ ဆယ့်နှစ်ဦးလောက်မှာ ကိုးယောက်လောက်ကစာချုပ်စာတမ်းတွေနဲ့ သဘောတူထားပြီးသားဆိုပါတော့ဗျာ။ ဒီလိုနဲ့ အဲဒီတီကျူးမားဆိုတဲ့ အဆောက်အဦးဟောင်းကြီးကို ဖြိုဖျက်ပြီး အသစ်ပြန်တည်ဆောက်ဖို့ကိစ္စအတွက် ကျနော်ဟာ ရက်ပေါင်းကိုးဆယ်အတွင်း ဆောင်ရွက်ပေးပါ့မယ်ဆိုတဲ့ကတိနဲ့ ကိုအောင်နိုင်နဲ့ကျနော် လုပ်ငန်းကတိစာချုပ် ချုပ်ဖြစ်ရောဗျာ။ စာချုပ်စည်းကမ်းအရ လုပ်ငန်းစရံငွေအဖြစ် စိုင်းအောင်နိုင်က ကျနော့်ကို စရံငွေသိန်းလေးရာ့ငါးဆယ် ထုတ်ပေးရတဲ့အတွက် ကျနော်ဟာ နစ်နေတဲ့လှေပေါ်ကနေ အသက်ကယ်လှေပေါ် ပြန်ရောက်သွားပြန်ပါရောဗျား။ ကျနော်ပြောတယ်မဟုတ်လား။ ထန်းသမားအတွက် ထန်းနို့ကတော့ထွက်နေမှာပဲလို့။

အဲဒီတီကျူးမားစီမံကိန်းဟာ နောက်ဆုံးတော့ အဲဒီအဆောက်အဦရဲ့ အမွေဆက်ခံခွင့်ရှိသူ ဦးအောင်မြင့် ဆိုတဲ့ပုဂ္ဂိုလ်တယောက်တည်းနဲ့တော့ ညှိနှိုင်းလို့မရဘူး။ အားလုံးနဲ့ ညှိနှိုင်းနိုင်မှ ဆိုတော့ အဲဒီ စီမံကိန်းကို နောက်ဆုံးမှာ ကျနော်လက်လျှော့ခဲ့ရပါတယ်။ ဒါကြောင့် ကိုအောင်နိုင်ဆီက ယူထားတဲ့ငွေကို တက်သေးအင်းစီမံကိန်းကရတဲ့ မြေကွက်တွေရောင်းပြီး ပြန်ဆပ်ခဲ့ရတယ်။ ဟုတ်တယ်လေ။ ကိုအောင်နိုင်ထုတ်ပေးတဲ့ စရံငွေရယ် ဗိုလ်မှူးချုပ်လွန်းမောင်ကောင်းမှုရယ်ကြောင့် တက်သေး အင်းစီမံကိန်းမှာ ကျနော် အလုပ်ပြန်လုပ်ခွင့်ရခဲ့တာကိုး။

ကိုအောင်နိုင်အတွက် တီကျူးမားစီမံကိန်းကို ကြိုးပမ်းနေတုန်းမှာပဲ ဗိုလ်မှူးချုပ်လွန်းမောင်က ကျနော့်ကို အခေါ်တော်ရှိတာလေဗျာ။ သူက မန္တလေးဘက်ကို ခရီးစဉ်တခုလှည့်နေတုန်း ကျနော့်ကို တွေ့ချင်တဲ့အကြောင်း မန္တလေးစည်ပင်သာယာရေးကော်မတီကတဆင့် အကြောင်းကြားလာတာဗျ။ ဒါနဲ့ မန္တလေးကိုတက်သွားလိုက်ပြီး သူနဲ့တွေ့လိုက်ရောပေါ့ဗျာ။ သူဟာ တက်သေးအင်းစီမံကိန်း ဝင်းကြီးထဲမှာပဲ အစည်းအဝေးတခုလုပ်ပြီး ကျနော့်ကိုလက်ခံတွေ့ဆုံပါတယ်။ အခြားအခြားသောကန်ထရိုက်တွေကို စီမံကိန်းနဲ့ပတ်သက်တဲ့ အကြောင်းအရာတော်တော်များများ မေးမြန်းပြောဆိုပြီးတဲ့နောက်မှာတော့၊ ကဲ၊ ကိုသက်ခိုင်ဆိုတာ ဘယ်သူတုန်းဆိုပြီး မင်းသားကိုပွဲထုတ်တော့တာပါပဲဗျာ။ ဒါကြောင့် ကျနော်လည်းထိုင်နေရာက ထပြီး ကျနော်သက်ခိုင်ပါလို့လည်းဆိုလိုက်ရော သူ ကျနော့်ကို သေချာစိုက်ကြည့်နေလိုက်တာ အတော်ကြာသဗျ။ သူ ကျနော့်ကိုကြည့်နေတုန်းမှာ ကျနော့်စိတ်ထဲရောက်နေတာကတော့ အိုင်ယာကော့ကာအကြောင်းပဲဗျာ။

ဝန်ကြီးက ကျနော့်ကို ဘာကြောင့်များ အိုင်ယာကော့ကာအကြောင်း ရေးကြီးခွင်ကျယ်လုပ်ပြီး စာတစောင်ပေတဖွဲ့ရေးတင်ရသလဲမေးလာရင် ကျနော့်ဘက်က သေချာရှင်းနိုင်ရမယ်မဟုတ်လား။ ဒါပေမဲ့ဗျာ သူ ကျနော့်ကိုမေးလိုက်တဲ့မေးခွန်းက ကိုသက်ခိုင်အဆောက်အဦးတွေမှာ (Chute) ဆိုတာ ဘာတုန်းသိသလားတဲ့။ ရော မျှော်လင့်တာတခြား မေးတာတခြားတော့ဖြစ်ကုန်ပြီဗျာ။ ဒါပေမဲ့

ကျနော်လည်း လေသံခပ်အေးအေးနဲ့ (Chute) ဆိုတာ အထပ်မြင့်အဆောက်အဦးတွေမှာ ထည့်သွင်း တည်ဆောက်ရတဲ့ သန့်ရှင်းရေးစံနစ်ပါလို့ ဖြေလိုက်တော့ ဒီစီမံကိန်းမှာ ဘာကြောင့် (Chute) ကို မထည့်သလဲတဲ့။ ဒီတော့ ကျနော်က ဝန်ကြီးခင်ဗျာ၊ အခုစီမံကိန်းအဆောက်အဦးတွေဟာ သုံးထပ်ပဲ မြင့်ပါတယ်။ (Chute System) ကို ခြောက်ထပ်ထက်မြင့်တဲ့ စီမံကိန်းတွေမှာပဲ သုံးသင့်ပါတယ်လို့လည်း ဖြေလိုက်ရော၊ ကဲ တဲ ဟုတ်ပါပြီ။ ခင်ဗျားတို့ဆီကနေ မန္တလေးစည်ပင်သာယာရေးကော်မတီက သိမ်းထားတဲ့လုပ်ငန်းတွေကို ခင်ဗျားကို ပြန်ချပေးလိုက်ပါပြီ။ သတ်မှတ်ချိန်အမီ ပြီးအောင်သာ အားထုတ်ပါတဲ့ဗျာ။ ကျနော်လည်း ဝန်ကြီးကို နောက်ထပ်အမှားအယွင်းမရှိအောင် အားထုတ်ပါ့မယ် ဘာညာ ကျေးဇူးတင်စကားပြန်ပြောရင်း အမလေး၊ ကျေးဇူးကြီးပါပေ့ဗျာလို့ စိတ်ထဲကရေရွတ်ပြီး သက်ပြင်းချနိုင်တာပေါ့ဗျာ။

ကျနော့်စိတ်ထဲမှာ ဝန်ကြီးနဲ့ငါ အမေးအဖြေကလည်း ဘာမှအဆက်အစပ်မရှိပါလားဆိုတာ မှိုးခံစားမိပေမယ့် သေချာပြန်စဉ်းစားကြည့်တော့ လူပုံအလယ်မှာ ကျနော်ဟာ အဆောက်အဦးနဲ့ ပတ်သက်ပြီး တတ်ကျွမ်းနားလည်မှုရှိမရှိ ထင်ရှားအောင်လုပ်ပြီးမှ စီမံကိန်းကို ပြန်ချပေးလိုက်ပုံရတယ် ဆိုတာ ရေးရေးပေါ် လာပါတော့တယ်။ ကျနော် မန္တလေးစည်ပင်သာယာရေးကော်မီတီနဲ့ အလုပ် လုပ်နေတုန်း တခုသတိထားမိတာက အရာရှိ တော်တော်များများဟာ စစ်တပ်က အရာရှိတွေချည်း လိုလိုဖြစ်နေတာပဲဗျ။ လုပ်ငန်းအကြောင်းကိုလည်း သိပ်နားလည်ကြပုံမရပါဘူး။ မြို့တော်ဝန်က ဗိုလ်မှူးကြီး စိန်ဝင်းအောင်၊ အတွင်းရေးမှူးက ဒုတိယဗိုလ်မှူးကြီးသောင်းတင် အဆောက်အဦး ဌာနမှာဆို ဗိုလ်မှူးလှသိန်း၊ ပစ္စည်းဝယ်ယူရေးမှာဆို ဗိုလ်မှူးစိုးမြင့်၊ နောက်ကျန်တဲ့ အရာရှိတွေကလည်း ဗိုလ်မှူး၊ ဗိုလ်ကြီးတွေချည်းပဲဗျ။ သူတို့ဟာ သူတို့တာဝန်ယူနေတဲ့ အလုပ်နဲ့ပတ်သက်ပြီး နားမလည် ကြဘူးဆိုတာ ကျနော်ရမ်းသန်းပြောတာမဟုတ်ဘူး။ ကိုယ်တွေ့ပဲဗျာ။ ဘယ်လောက်တောင်နားမလည် ဘူးလဲဆိုရင် နိုင်ငံခြားကပစ္စည်းတွေကို အယ်လ်စီ (Letter of Credit) ဖွင့်ပြီး ဝယ်ရတယ်ဆိုတာတောင် နားလည်ကြပုံမရတဲ့အထိဗျာ။ မယုံမရှိနဲ့ဗျာ အဖြစ်တခုလို။

ကျနော် တက်သေးအင်းစီမံကိန်းကို ပြန်စပြီးမကြာခင်မှာပဲ မန္တလေးစည်ပင်က ပစ္စည်းပို့ဆောင် ရေးတာဝန်ခံ ဦးကျော်ဆိုတဲ့ပုဂ္ဂိုလ်နဲ့ ရင်းနှီးသွားခဲ့ဖူးတယ်။ တနေ့တော့ အန်ကယ်ဦးကျော်က ကျနော့် ကို အကူအညီတခုတောင်းတယ်ဗျ။ မန္တလေးစည်ပင်သာယာရေးကော်မီတီအတွက် အယ်လ်စီ (Letter of Credit) ဖွင့်ပြီးဝယ်ထားတဲ့ ကတ္တရာပေပါ ငါးထောင်ကျော်တင်လာတဲ့သင်္ဘော်ဟာ ရန်ကုန်ဆိပ်ကမ်း ကို အချိန်မီကပ်ခွင့်မရတဲ့တွက် ပင်လယ်ထဲမှာကျောက်ချပြီး ရပ်ထားတဲ့နေရာကနေ မန္တလေးအရောက် သယ်ပေးဖို့ပါပဲ။ သူ့အသက်ကြီးနေပြီဆိုတော့ ပင်လယ်ဝအထိ မသွားနိုင်တာလည်းပါပါတယ်။

သင်္ဘော်ပေါ် ကပစ္စည်းတွေကို စာချုပ်စည်းကမ်းအတိုင်း အချိန်မီမချနိုင်ရင် စာချုပ်စည်းကမ်း အတိုင်း လျော်ရမဲ့ငွေမနည်းလှဘူးလေ။ ဒါနဲ့ ကျနော်လည်း ရန်ကုန်မြစ်ဝပင်လယ်ထဲအထိ စက်လှေငယ် လေးတစင်းနဲ့ အဲဒီပစ္စည်းတွေကို အချိန်မီချနိုင်အောင်သွားလေ့လာ၊ နောက်တော့ စက်လှေတွေငှားပြီး ပစ္စည်းတွေချ၊ နောက်တော့ မန္တလေးကိုပို့လိုက်ရောဆိုပါတော့ဗျာ။

မန္တလေးဂေါဝိန်ဆိပ်ကမ်းလည်းရောက်ရော စာရွက်စာတမ်းအပြည့်အစုံနဲ့ မန္တလေးစည်ပင် သာယာရေးကော်မတီကို အပ်တာပေါ့ဗျာ။ ထူးဆန်းတာက မန္တလေးစည်ပင်သာယာရေးကော်မတီဟာ အဲဒီကတ္တရာပေပါတွေဟာ သူတို့ပစ္စည်းမဟုတ်ပါဘူးလို့ ငြင်းနေပါလေရောဗျာ။ ကျနော်က သေချာစစ်ဆေးပါအုံးလို့ အကြိမ်ကြိမ်ပြောပေမယ့် လက်မခံတာကြောင့် ကဲ ဒီလိုဆိုရင်လည်း ဒီပစ္စည်း တွေဟာ မန္တလေးစည်ပင်သာယာရေးပိုင် ပစ္စည်းတွေမဟုတ်တဲ့အကြောင်း စာတစောင်ထုတ်ပေးပါ ဆိုတော့ ချက်ချင်းဆိုသလို ရုံးစာတစောင်ရေးပေးသဗျာ။

ကျနော်ရိုပ်မိလိုက်ပါပြီ။ အဲဒီပစ္စည်းတွေဟာ မန္တလေးစည်ပင်သာယာရေးကော်မတီအတွက် ဝယ်လာတဲ့ပစ္စည်းတွေမှန်ပေမယ့် ဘယ်လိုအခွင့်အာဏာရှိတဲ့သူက ဘယ်နည်းနဲ့ဝယ်လိုက်တယ်ဆိုတာ မသိကြတာပါပဲ။ ကျနော် သေချာပေါက်သတိပြုမိတာကတော့ ဒီကိစ္စဟာ တချိန်မှာ ပြဿနာပေါ် လာနိုင်တယ်ဆိုတာကိုပါပဲ။ ဒါနဲ့ ကျနော်လည်း မန္တလေးဂေါဝိန်ဆိပ်ကမ်းက မြေကွက်လပ်တခုမှာပဲ ကတ္တရာပုံးတွေကိုချပြီး အစောင့်တယောက်ချထား လိုက်ရပါတော့တယ်။ ကျနော်ထင်ထားသလိုပါပဲ။ နောက်နှစ်လလောက်ကြာတဲ့အခါ မန္တလေးစည်ပင်သာယာရေး ကော်မတီဟာ ကျနော့်ဆီကို အသည်းအသန်ဖုန်းလှမ်းဆက်ပြီး ကတ္တရာပုံးတွေဘယ်မတုန်း လုပ်ပါလေရောဗျာ။ အင်း သိမ်းထားမိလို့သာ တော်သေးတာပေါ့ဗျာ။

ကျနော်မန္တလေးမှာရှိနေတုန်း ထူးထူးဆန်းဆန်းတွေကြားရသိရတာလည်း ရှိသေးသဗျာ။ အန်ကယ်ဦးကျော်ဆီက ကျနော်သိရတာတခုကတော့ အတော်ထူးတယ်ဆိုရမယ်ဗျာ။ ထူးဆန်းဆိုသက်ဆိုင်ရာအာဏာပိုင်တွေက မန္တလေးမဟာမြတ်မုနိဘုရားကြီးရဲ့ဗိုက်ကို ဖောက်ကြတယ်ဆိုပဲဗျာ။ တော်ရုံတန်ရုံအာဏာပိုင်ဆို ကြံတောင်မကြံစည်ရဲတဲ့ကိစ္စဗျာ။ အဲဒီကိစ္စမှာ ဗိုလ်ချုပ်ကြီး မောင်အေးကိုယ်တိုင် အမိန့်ပေးသလိုလို၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က သူ့တပ်က လူယုံတော်တွေနဲ့ ညဖက်မှာလျှို့ဝှက်ဖောက်ကြသလိုလို ပြောသဗျာ။ အန်ကယ်ဦးကျော်အပြောအရ ဘုရားကြီးဗိုက်ဖောက်တဲ့သတင်းကို မြို့ပေါ် ကသံဃာတော်ကြီးတွေသိသွားပြီး မဟာမြတ်မုနိဘုရားကြီးကို မျက်နှာသစ်တော်ရေကပ်ဖို့ တာဝန်ယူထားတဲ့ ရေတော် ဆရာတော်ကိုလည်း ခေါ် စစ်တယ်ဆိုလား။ ရေတော် ဆရာတော်ကိုယ်တိုင်က အဲဒီအဖြစ်ဟာအမှန်ပဲလို့ အစစ်ခံတယ်ဆိုပဲ။ အဲဒီအစစ်ခံချက်ကို ကက်ဆက်နဲ့အသံသွင်းထားတယ်လို့လည်း ဆိုသဗျ။ ကက်ဆက်ခွေထဲကအသံတော့ ကျနော်နားမထောင်ခဲ့ရ ပါဘူး။ အင်း ဘုရားကြီးဗိုက်ကိုဖောက်တဲ့ရည်ရွယ်ချက်က အထဲမှာရှိတဲ့ ရှေးဟောင်းအစီအရင်တွေကြောင့်လိုလို၊ အဖိုးတန် ကျောက်မျက်ရတနာတွေကြောင့်လိုလို ဆိုသဗျ။ ကျနော်ကလည်း ခင်ဗျားကို ဒီကိစ္စသေချာတယ်လို့ မဆိုလိုပါဘူးဗျာ။ ဘုရားကြီးဆိုလို့ စကားမစပ်ပြောရအုံးမယ်။ မဟာမြတ်မုနိဘုရားကြီးရဲ့ဝမ်းဗိုက်တော်ကို ဖောက်မဖောက်မသေချာပေမယ့် မဟာမြတ်မုနိဘုရားကြီးရဲ့ ဂန္ဓကုဋိတိုက်၊ တိုင်လုံးကြီးတွေပေါ် မှာကပ်ထားတဲ့ အလှူ့ရှင်နာမည်တွေရေးထိုးထားတဲ့ ကျောက်ပြားကြီးတွေဟာ ထူးထူးဆန်းဆန်း အလှူ့ရှင်နာမည် ခဏခဏပြောင်းတာကတော့ ကိုယ်တွေ့ပဲဗျ။

အဲဒီတိုင်လုံးကြီးတွေရဲ့အလှူ့ရှင်တွေကတော့ ဗိုလ်ချုပ်မှူးကြီးကနေ တိုင်းမှူးတွေ ဝန်ကြီးတွေနာမည်တွေချည်းပဲဗျာ။ အဲဒီအလှူ့ရှင်တွေ ပြုတ်သွားတာနဲ့ အဲဒီကျောက်ပြားတွေကို ခွာပစ်လိုက်ကြရောဗျာ။ ဗိုလ်ချုပ်မှူးကြီးစောမောင်ပြုတ်သွားတော့ အဲဒီနေရာမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နာမည်ရောက်လာတယ်။ တခြားသောဝန်ကြီးတွေပြုတ်တဲ့အခါလည်း ထိုနည်းလည်းကောင်းပဲဗျ။ ကျနော်မန္တလေးမှာရှိနေတုန်းမှာပဲ ဗိုလ်ချုပ်ကျော်ဘ၊ ဗိုလ်ချုပ်ထွန်းကြည်တို့အဖွဲ့ပြုတ်တော့ ချက်ချင်းဆိုသလိုအဲဒီအလှူ့ရှင်နာမည်ထွင်းထားတဲ့ ကျောက်ပြားတွေအသစ်လဲကပ်နေတာ ကျနော့်မျက်မြင်ပဲဗျာ။ ကဲကြည့်၊ တကယ့်ကို အနိစ္စသဘောပါပဲဗျာ။ မန္တလေးမှာ ကျနော့်ရှိနေတုန်းကြုံခဲ့ရတဲ့ နောက်ထူးဆန်းတာတခုကတော့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးအကြောင်းပဲဗျ။

ကျနော်က မန္တလေးမှာအနေကြာလာတော့ မေမြို့ဘက်ကို ခဏခဏရောက်နေတယ်။ တခေါက်မှာတော့ မေမြို့အတက် ဖွဲကောက်ရေတံခွန်နားမှာ အရွယ်အစားတော်တော်ကြီးတဲ့ စကျင်ကျောက်နဲ့ထုထားတဲ့ ကျောက်ဆင်းတု ကိုယ်တော်ကြီးတဆူ လမ်းဘေးမှာ ပက်လက်အနေအထားနဲ့လျောင်းတော်မူနေသဗျာ။ မြစ်ပုံက အဲဒီဆင်းတုတော်ကြီးကို ကားနဲ့ပင့်ဆောင်လာတုန်း ကားမှောက်ပြီး အဲသလို ဖြစ်နေတာဆိုပဲ။ နောက်တလကျော်လောက်အကြာ မေမြို့ကို ထပ်သွားပြန်တော့ အဲဒီဆင်းတု

တော်ကြီးဟာ ယာယီစံကျောင်းတွေ ဘာတွေနဲ့ဖြစ်နေပါလေရော။ ဒါနဲ့ ကျနော်လည်း ဘယ်လို ဘယ်ပုံဖြစ်သလဲ စပ်စုလိုက်တော့ ဇာတ်လမ်းစုံက ဒီလိုပါတဲ့ဗျာ။ အဲဒီဘုရားဆင်းတုတော်ကြီးဟာ တရုတ်ပြည်မှာ ကိုးကွယ်ဖို့ မန္တလေးကျောက်ဆစ်တန်းမှာ အော်ဒါပေးပြီး ထုခိုင်းခဲ့တာဆိုပဲ။ အော်ဒါ ပေးပြီးထုခိုင်းတာက ထိုင်လျက်ရုပ်ပွားတော် အငယ်နှစ်ဆူ၊ အကြီးတဆူတဲ့။ ပထမအသေးနှစ်ဆူကို မန္တလေးလားရှိုးလမ်းကနေ တရုတ်ပြည်ကိုပင့်ဆောင်သွားတာတော့ ဘာအခက်အခဲမှမရှိပဲ အဆင်ပြေ ချောမွေ့ခဲ့သတဲ့ဗျ။

အကြီးဆုံးအဆူကို ပင့်ဆောင်ရာမှာတော့ ပွေးကောက်ရေတံခွန်လမ်းခွဲနားလည်း ရောက်ရော ရုပ်ပွားတော် ရင်ခွင်ထဲမှာ အိပ်လျက်လိုက်လာတဲ့ ယာဉ်နောက်လိုက်ကို တစုံတယောက်က 'ထ၊ ထ၊ အရှေ့သွားအိပ်။ အန္တရာယ်များတယ်' ဆိုပြီး ပြောသံကြားရတာနဲ့ ယာဉ်နောက်လိုက်လည်း ကား ရှေ့ခန်းကို ပြောင်းအိပ်လိုက်ရောတဲ့။ သူကား ရှေ့ခန်းကိုပြောင်းအိပ်ပြီး မကြာခင် ကားဟာ နှစ်ပတ်လောက်လည်ပြီး မှောက်သွားရောတဲ့ဗျာ။ အမယ် ကားက နှစ်ပတ်လည်ပြီး အတည့်အတိုင်း ပြန်ကျနေပြန်ရောတဲ့ဗျ။ ရုပ်ပွားတော်ကြီးကတော့ ပက်လက်အနေအထားအတိုင်း မြေခရတယ် ဆိုပါတယ်။

အဲဒီမြေခနေတဲ့ ရုပ်ပွားတော်ကို ဝန်ချီစက်တွေနဲ့ အကြိမ်ကြိမ်မပြီး ကားပေါ် ကိုပြန်တင်ဖို့ ကြိုးစားကြပေမယ့် မအောင်မြင်ဘူးတဲ့ဗျ။ ဒါအပြင် အဲသလိုကရိန်းတွေနဲ့ ကားပေါ်ပြန်တင်ဖို့ကြိုးစား နေကြတုန်းမှာ အဲဒီနေရာနဲ့မလှမ်းမကမ်း တောင်ကုန်းခပ်မြင့်မြင့်ရှိရာနေရာကို ကောင်းကင်ကနေ အလင်းတန်းတခု ထိုးကျလာတယ်လို့လည်းဆိုသဗျ။ အဲဒီအလင်းတန်း ထိုးကျလာတာကို အမိအရရိုက် ထားတဲ့ဓာတ်ပုံတွေကိုလည်း ကျနော်မြင်ခဲ့ရသေးသဗျာ။ အဲဒီဆင်းတုတော်ကြီးကို အလင်းတန်းထိုးကျ တဲ့ကုန်းမြင့်မှာ တည်ထားကိုးကွယ်ပါ့မယ်ဆိုတဲ့အဓိဋ္ဌာန်နဲ့ မကြတဲ့အခါမတော့ ရုပ်ပွားတော်ကြီးကို အောင်အောင်မြင်မြင် မယူနိုင်ကြသတဲ့။

အဲဒီကာလမှာပဲ ခရီးသွားတွေက ဆင်းတုတော်ကြီးရဲ့ရင်ခွင်တော်ထဲကို အလှူငွေတွေ ထည့်ဝင်သွားကြရာက အနီးနားက ရွာလူကြီးတွေရဲ့ကောင်းမှုနဲ့ ယာယီစံကျောင်းတော်သီ ရွှေ့ပြောင်း နိုင်ခဲ့ကြသတဲ့။ ဆင်းတုတော်အတွက် ကျသင့်ငွေကိုတော့ အလှူခံရတာက တဝက်၊ ဆင်းတုတော် ထုဆစ်တဲ့မိသားစုက တဝက်ကျခံလိုက်ကြပြီး မူလပိုင်ရှင်ကို လျော်ပေးခဲ့ကြတယ်ဆိုပဲ။

ယာယီစံကျောင်းတော်ကိုရောက်ပြီးမှလည်း အဲဒီဘုရားကြီးကို ကျနော်အကြိမ်ကြိမ် ဝင်ဖူး ဖြစ်ခဲ့ပါတယ်။ သေချာပေါက် ထူးဆန်းတာတခုကတော့ ဆင်းတုတော်ကြီးရဲ့မျက်နှာတော်ဟာ ရံခါ ပြုံးတော်မူတာပဲဗျာ။ အလင်းအမှောင်ကြောင့် ပြောင်းလေသလားစဉ်းစားမိပေမယ့် တနေရာတည်း ကနေ တချိန်တည်းမှာ ရိုက်ထားတာတောင် တချို့ပုံတော်တွေဟာ သိသိသာသာ ပြုံးတော်မူနေတာကို တွေ့ရပါတယ်။

ယာယီစံကျောင်းတော်ကို ပင့်တာက ၁၉၉၇ ခုနှစ်၊ လက်ရှိအခိုင်အခန့် ဆောက်ထားတဲ့နေရာ ဂန္ဓကုဋီတိုက်ကိုတော့ ၁၉၉၉ ကမှ ရွှေ့ပြောင်းနိုင်ခဲ့ကြသတဲ့ဗျာ။ ဘုရားရဲ့ဘွဲ့တော်အပြည့်အစုံက မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားဆိုပေမယ့် လူတွေအခု အလွယ်ခေါ်ကြတာကတော့ ပြည်တော်ချစ်ဘုရားဆိုပဲ။ ဩော်၊ ကိုယ့်ပြည်ကိုကိုယ်ချစ်လို့ နိုင်ငံခြားမကြွတာကြောင့် ခေါ်ကြတာ လေဗျာ။

တက်သေးအင်းစီမံကိန်းကိုပြန်စတဲ့အချိန်မှာ ကျနော်က ရန်ကုန်မှာ တီကျူးမား အဆောက်အဦကိစ္စနဲ့ အလုပ်များနေတာကြောင့် တက်သေးအင်းစီမံကိန်းအတွက် လုပ်ငန်းတာဝန်ခံ တယောက် ခန့်လိုက်ရပါတယ်။ အဲဒီမောင်ကတော့ လှစိုးအောင်ပါပဲ။

လှစိုးအောင်ဟာ ကျနော့်တပည့်တယောက်ရဲ့အဆက်အသွယ်နဲ့ ကျနော့်ရုံးကို ရောက်လာခဲ့တဲ့ သူပါ။ လှစိုးအောင်ဟာ စကားပြောတဲ့နေရာမှာတော့ တော်တော်လည်ရည်ပတ်ရည်ရှိပါတယ်။ ဥပမိရုပ် ကတော့ သိပ်မကောင်းလှပါဘူး။ သူ့မျက်ခုံးအပေါ်မှာ ကန့်လန့်ဖြတ် ဓားခုတ်ရာကြီးတခုရှိပါတယ်။ နောက် သူဟာ အင်းစိန်ထောင်မှာ နှစ်ရှည်အကျဉ်းသားအဖြစ် ထောင်ကျခဲ့ဖူးသလိုလိုပြောရဲ့။ ကျနော်လည်း ဓားဒဏ်ရာနဲ့ ထောင်ကျဖူးတာကိုထည့်မတွက်ပဲ သူ့ကို အလုပ်ခန့်လိုက်ပါတော့တယ်။ မန္တလေးကိုရောက်ပြီးမကြာခင်မှာ အခေါ်အပြောကောင်းတဲ့ လှစိုးအောင်ဟာ ဒေါ်စက်ကြည်ကို အမေစက်၊ အမေစက်နဲ့ ဝင်လိုးရင်းကနေ အဖွဲ့ကျသွားကြရော ဆိုပါတော့ဗျာ။

ဟုတ်ပါတယ်။ ဒေါ်စက်ကြည်နဲ့ကျနော်ဟာ စီမံကိန်းရပ်ထားစဉ်က အဆက်အသွယ်ပြတ်နေခဲ့ ပေမယ့် လုပ်ငန်းပြန်စတဲ့ခါ လိုအပ်တဲ့ဆောက်လုပ်ရေးပစ္စည်းတွေသွင်းတာ၊ တခါတရံ အလုပ်သမားခ လိုအပ်ရင် ဝင်ပြီး စိုက်ရှင်းပေးတာနဲ့ ကျနော့်အလုပ်ထဲမှာ တန္ဒယ်ငင် တစင်ပါဖြစ်နေခဲ့ပါတယ်။

အခုနေသေချာပြန်စဉ်းစားကြည့်ရင် တက်သေးအင်းစီမံကိန်းဟာ ကျနော့်ကို ကောင်းကျိုး တစက်မှမပေးခဲ့ဘူးလို့ ဆိုရမယ်ဗျာ။ စီမံကိန်းလည်းပြီးရော အဲဒီစီမံကိန်းကို တာဝန်ယူတည်ဆောက် ခဲ့တဲ့ ကန်ထရိုက်အားလုံးကို အထူးစုံစမ်းစစ်ဆေးရေးကနေ ခေါ်စစ်ပါတော့တယ်။ ခေါ်ပြီး အစစ်ခံရတဲ့ အထဲမှာ ကျနော်နဲ့အတူ စနေမောင်မောင်၊ ရွှေခြည်ဦး ကိုသိန်းထွန်း၊ မင်းမင်းထွန်း၊ ကိုမန်းညိုတို့လည်း ပါသပေါ့ဗျာ။ အမှန်အတိုင်းပြောရရင် ခေါ်စစ်လိုက်၊ ပြန်လွှတ်လိုက် သုံးလေးကြိမ်လုပ်နေတာတောင် ဘာအမှုနဲ့ ဘယ်သူ့ကိုအမှုရှာချင်တာလဲဆိုတာ မသိခဲ့ရဘူးဗျာ။ ဖြစ်ချင်တော့ ငါးကြိမ်မြောက် ကျနော့် ကိုခေါ်စစ်ချိန်မှာ စစ်ဆေးရေးအရာရှိက ကျနော့်ကိုစစ်ဆေးနေရင်းတန်းလန်းနဲ့ အထက်အရာရှိ ခေါ်တယ်ဆိုတာကြောင့် ကျနော့်ကိုစစ်ကြောရေးခန်းထဲမှာ တယောက်တည်းထားခဲ့ပြီး အပြင်ကို ထွက်သွားပါလေရောဗျာ။

ဒီမှာတင် စပ်စပ်စုစုလုပ်တတ်တဲ့ကျနော်ဟာ ကျနော့်ကိုစစ်ကြောနေတဲ့အရာရှိရဲ့စားပွဲပေါ်က အမှုတွဲဖိုင်ကြီးတွေဆီကို မျက်စိရောက်သွားပါလေရော။ ဒီမှာတင် ရှေ့နောက်ဝဲယာကို အကဲခတ်ရင်း အဲဒီ အမှုတွဲဖိုင်ထူကြီးတွေရဲ့ အဖုံးတွေကို မသိမသာလှန်ဖတ်ကြည့်လိုက်တော့ လားလား၊ ဗိုလ်ချုပ် ထွန်းကြည်၏ လာဘ်ပေးလာဘ်ယူမှုများကို စစ်ဆေးဖော်ထုတ်ချက်များ၊ ဗိုလ်ချုပ် မြင့်အောင်၏ လာဘ်ပေးလာဘ်ယူမှုများကို စစ်ဆေးဖော်ထုတ်ချက်များဆိုပြီး ပြုတ်သွားတဲ့ ဗိုလ်ချုပ်ကြီး လေးငါး ခြောက်ယောက်လောက်ရဲ့ အမှုတွဲတွေဖြစ်နေတာကို တွေ့ရပါလေရောဗျာ။

လက်စသတ်တော့ ကျနော့်တို့တက်သေးအင်းစီမံကိန်းကို အဲဒီဗိုလ်ချုပ်ကြီးတွေနဲ့ ဘယ်လိုပတ် သက်သလဲဆိုတာသိချင်လို့ စစ်ဆေးနေတာပဲ။ ကျနော်တို့စိတ်ထဲမှာ ဗိုလ်ချုပ်လွန်းမောင်နဲ့ မန္တလေး မြို့တော်ဝန် ဗိုလ်မှူးကြီးစိန်ဝင်းအောင်နဲ့ပတ်သက်တဲ့အမှုတွေကို စစ်တယ်ထင်ပြီး မြို့တော်ဝန်ကြီး ကတော်ကို စိန်တဆင်စာပေးရတာတွေ ဗိုလ်ချုပ်လွန်းမောင်ကို ဂေါက်သီးအိတ် လက်ဆောင်ပေးရတာ တွေ မဆီမဆိုင်ပေါ်ကုန်တော့တာပဲဗျို့။ ကျနော်က စဖော်တာတော့ဘယ်ဟုတ်မလဲဗျာ။ စနေ မောင်မောင်တို့၊ မင်းမင်းထွန်းတို့က လုပ်ငန်းအစမှာပါနေခဲ့တော့ လုပ်ငန်းအဆုံးမှာ သူတို့နဲ့ဘာမှ မဆိုင်တော့ဘူးဆိုပြီး လျှောက်ဖော်တာပေါ့ဗျာ။ အမှန်တော့ ဗိုလ်မှူးကြီး စိန်ဝင်းအောင်မိန်းမကို စိန်တဆင်စာဖိုးပေးရတယ်ဆိုတာ လုပ်ငန်းကုန်ကျစားရိတ်နဲ့ပတ်သက်လို့ ကိုသိန်းထွန်းတင်တဲ့စာရင်း ထဲမှာ ပါနေခဲ့တာဗျ။ ကိုသိန်းထွန်းက သူကိုယ်တိုင်ပေးခဲ့ပါတယ်ဆိုပေမဲ့ မြို့တော်ဝန်ကတော်လက် ထဲရောက်မရောက်တော့ ကျနော်လည်းမသိခဲ့ရပါဘူး။ နောက်ဆုံးတော့ ကျနော်တို့ဟာ ဘာအမှုနဲ့မှ စွဲချက်အတင်မခံရပေမယ့် မြို့တော်ဝန် ဗိုလ်မှူးကြီးစိန်ဝင်းအောင်ကတော့ လာအိုနိုင်ငံဆိုင်ရာ မြန်မာ သံအမင်္ကြီးအနေနဲ့ လွင့်သွားပါတော့တယ်။

ရန်ကုန်မှာ အလုပ်ရှုပ်နေတဲ့ကျနော်ဟာ မန္တလေးဘက်ကိုလှည့်မကြည့်နိုင်တော့ပဲ လှစိုးအောင်နဲ့ပဲ လွှဲထားလိုက်တဲ့ချိန်မှာ လှစိုးအောင်ဟာ ဒေါ်စက်ကြည်နဲ့တွဲပြီး ထင်ရာစိုင်းနေခဲ့တာကို နောက်ကျမှ သိရပါတော့တယ်။ တကယ်တော့ လှစိုးအောင်ကို ကျနော်အလုပ်ခန့်မိတာဟာ ကိုယ့်သေတွင်းကို ကိုယ်တူးမိသလိုဖြစ်ခဲ့တယ်ဆိုတာ အချိန်အတော်ကြီးနောက်ကျမှ ကျနော်သိလာရပါတော့တယ်။ ဟုတ်ပါတယ်၊ တက်သေးအင်းအိမ်ရာစီမံကိန်းက စလိုက်တဲ့ဇာတ်လမ်းဟာ ကျနော့်ကို သေရွာပို့ခဲ့တာပေါ့ဗျာ။

အင်း၊ ကျနော်ဟာ သူတပါးလက်ချက်နဲ့သေရမယ့် ဥပစ္ဆေဒကကံတော့ မပါဘူးထင်ပါရဲ့။ သေရွာက ပြန်လာနိုင်ခဲ့ပြန်ပါတယ်။ ဇာတ်လမ်းကို ပြည့်ပြည့်စုံစုံပြောရမယ်ဆိုရင် ကျနော်ရဲ့သေရွာပြန်ဇာတ်လမ်းထဲမှာ လက်ရှိမြန်မာပြည်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒိတ်ဒိတ်ကြဲ သူဌေးကြီးစာရင်းဝင်နေတဲ့ မောင်ဝိတ်လည်းပါတယ်လို့ ဆိုရမယ်ဗျာ။

ဟုတ်ပါတယ်၊ ရွှေတိဂုံဘုရားပေါ်က နေရာအတော်များများမှာ ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသအမှူးထား၍ မောင်ဝိတ်မိသားစုကောင်းမှုဆိုပြီး အလှူရှင်နာမည်တွေရေးထိုးလှူဒါန်းခဲ့တဲ့ နိုင်ငံကျော်သူဌေး မောင်ဝိတ်ပေါ့ဗျာ။

ဩော်၊ ခင်ဗျားက မောင်ဝိတ်အကြောင်းသိချင်ပြန်ပြီလား။ တကယ်တော့ မောင်ဝိတ်ဟာ ကျနော်နဲ့တွေ့စဉ်က အသက်သုံးဆယ်တောင်မပြည့်သေးတဲ့ တကယ့်လူငယ်လေးဗျ။

■

## အခန်း (၈၇)

# ရာဇဝင်ထဲက မောင်ဝိတ်

ကျနော်နဲ့မောင်ဝိတ် စပြီးသိကျွမ်းတဲ့ချိန်က မောင်ဝိတ်ဟာ အင်းလျားကန်ရှေ့ ပြည်လမ်းနဲ့ ကန်လမ်းထောင့်မှာ (MYANMAR HONLEONG) ဆိုတဲ့ ရောမကုမ္ပဏီကြီးတခု ဖွင့်ထားတဲ့အချိန် ပေါ့ဗျာ။ အမှန်က သူရုံးဖွင့်ထားတဲ့အဆောက်အဦကြီးဟာ အရင်က ဂျင်ဝိုင်းတွေဘာတွေ ဖွင့်ခဲ့ဖူး တယ်ဗျ။ မှတ်မှတ်ရရပြောရရင် နာမည်ကြီးအဆိုတော် ခင်မောင်တိုးတို့အဖွဲ့တောင် အဲဒီခြံဝင်းကြီးထဲမှာ ခရမ်းပြာဆိုတဲ့နာမည်နဲ့ စားသောက်ဆိုင်ခပ်သေးသေးလေးတခု ဖွင့်ခဲ့ဖူးသေးတယ်ဗျ။ အဲဒီတုန်းက သူတို့တီးဝိုင်းနာမည်ဟာ လိဝစ္စီဆိုတဲ့နာမည်နဲ့ တော်တော်နာမည်ကြီးနေတဲ့ အချိန်ပေါ့ဗျာ။

မောင်ဝိတ်ဟာ အဲဒီအဆောက်အဦကြီးကို ဝယ်လိုက်လေသလား၊ ငှားလေသလားတော့ အတိအကျမပြောတတ်ဘူး။ အတွင်းရောအပြင်ပါ ခမ်းခမ်းနားနားပြင်ဆင်မွမ်းမံပြီး ကုမ္ပဏီဖွင့်ထား တာပဲဗျ။ ရုံးခန်းတွေထဲမှာ ပြင်ဆင်ထားတဲ့ပရိဘောဂတွေကလည်း တကယ့်ကိုဈေးကြီးပေးရတဲ့ ထိပ်တန်းပစ္စည်းတွေချည်းပဲဗျာ။

နေဦးဗျ၊ (HONLEONG)ဆိုတဲ့ကုမ္ပဏီဟာ အင်ဒိုနီးရှားတို့စကာ်ပူတို့မှာလည်း ရုံးခွဲတွေ ဖွင့်ထားနိုင်တဲ့ထိ အင်ပါယာကြီးကြီးမားမားရှိတဲ့ ကုမ္ပဏီတဲ့ဗျာ။ ကြားရသလောက်တော့ အဲဒီကုမ္ပဏီ က အရာရောက်သူတွေနဲ့မောင်ဝိတ်ဟာ ဂေါက်သီးကစားရာကနေ အဆက်အသွယ်ဖြစ်သွားကြတယ် ဆိုပဲ။ ဟုတ်တယ်၊ မောင်ဝိတ်ဟာ ဂေါက်သီးကို ကျွမ်းကျွမ်းကျင်ကျင်ကစားတတ်တယ်ဗျ။ ကျွမ်းကျင်ဆို သူက ပူထရာဂေါက်သီးပြိုင်ပွဲမှာတောင် မြန်မာနိုင်ငံလက်ရွေးစင်အဖြစ်နဲ့ ကစားခဲ့ဖူးတယ်တဲ့ဗျာ။ ကျနော်နဲ့သူ ဂေါက်သီးကစားခဲ့တုန်းကကျနော်ဟာ (Beginner)အဖြစ် ဂေါက်သီးကိုးကျင်းကို အချက် သုံးဆယ်ကျော်ရိုက်နေရချိန်မှာ သူ့ရဲ့ အလျှော့ပေးရိုက်ချက် (Handicap) က (Four) တဲ့ဗျာ။ မောင်ဝိတ် က ဂေါက်သီးကစားနည်းမှာ ကျွမ်းကျင်တာလည်းမပြောနဲ့လေ။ သူဂေါက်သီးစကစားတုန်းက ဂေါက်ရိုက်ဒုတ်တဲ့ဟာ သူ့အရပ်နဲ့မလွတ်သေးဘူးဆိုပဲ။ ဘယ်လိုသိသလဲဆိုတော့ ကျနော်ဂေါက်သီးရိုက်

သင်ဖို့ ဆရာ(Pro)တယောက်ငှားတော့ တိုက်တိုက်ဆိုင်ဆိုင် အဲဒီပုဂ္ဂိုလ်ဟာ မောင်ဝိတ်ရဲ့ဆရာဟောင်းတယောက် ဖြစ်နေလို့ပေါ့ဗျာ။

အမှန်က မောင်ဝိတ်နဲ့ကျနော်ပတ်သက်ခဲ့တာဟာ ၁၉၉၇ ဝန်းကျင်မှာဖြစ်ခဲ့တဲ့ စီးပွား ပျက်ကပ်ကြောင့်လို့ပြောမယ်ဆိုရင် ပြောလို့ရတယ်ဗျ။ ကြွားတယ်လို့တော့ မထင်လိုက်ပါနဲ့ဗျာ။ တခါတခါ ကျနော့်မှာ ရှေ့ဖြစ်ကို အတတ်ဟောနိုင်တဲ့စွမ်းအင်တခု ပါလာသလိုပဲဗျ။ ဒြော်၊ အမြဲတမ်းသိနေမှတော့ အကြားအမြင်ဆရာ လုပ်စားတော့မှာပေါ့ဗျာ။ ဒါကြောင့် တခါတခါလို့ပြောတာပေါ့ဗျ။ တချို့ကိစ္စတွေမှာ ဒီလိုကြိုသိကြိုမြင်တာဟာ ကျနော့်ပင်ကိုယ်စွမ်းရည်ကြောင့် ဖြစ်နိုင်သလို၊ ကျနော်က စာစုံဖတ်ပြီး ကမ္ဘာ့အရေး၊ မြန်မာ့အရေး၊ ဟိုအရေးဒီအရေးတွေကို အမြဲတမ်းလိုလို စပ်စပ်စုစု မျက်စေ့ဒေါက်ထောက်ကြည့်နေခဲ့လို့လည်း ဖြစ်နိုင်ပါတယ်ဗျာ။ အင်း၊ သတိရတုန်းမို့ ကျနော့်ရှေ့ဖြစ်ကို ကြိုမြင်ခဲ့တဲ့ အဖြစ်အပျက်လေး တခုကိုပြောပြလိုက်ဦးမယ်ဗျာ။

၁၉၉၈ ခုနှစ်၊ သင်္ကြန်ရက်မတိုင်မီ တရက်ကပေါ့ဗျာ။ ကျနော်ဟာ မြဝတီဘက်ကို အရေးကြီးကိစ္စတခုနဲ့ ခရီးသွားကာနီး၊ ကျနော့်စိတ်ထဲမှာ ထူးထူးဆန်းဆန်းခံစားမှုတခုပေါ် လာသဗျာ။ အဲဒါကတော့ ကျနော်စီးနေတဲ့ကားဟာ အက်ဆီးဒင့်တခုဖြစ်တော့မယ်ဆိုပြီး တယောက်ယောက်က လာသတိပေးနေသလိုပဲဗျာ။ ခက်တာက ကျနော်မြဝတီကိုခရီးသွားမှာက လိုင်းကားနဲ့ဆိုတော့ မဆီမဆိုင်သလိုဖြစ်နေပြန်ရော။ ဒါနဲ့ ကျနော်လည်း ဟုတ်သော်ရှိ မဟုတ်သော်ရှိ လိုလိုမယ်မယ် ကာကွယ်ထားလိုက်တာကောင်းပါတယ်လေဆိုပြီး ကျနော့်ဇနီးကို ကိုယ်ခရီးသွားမှာ လေးငါးရက်ပဲကြာမှာမို့ အိမ်ရှေ့ကကားကို ဘယ်သူမှမစီးပါစေနဲ့။ ယုတ်စွအဆုံး အခုရပ်ထားတဲ့နေရာကနေ ကားကို တလက်မမှ မရွှေ့ပါစေနဲ့ဆိုပြီး မှာထားခဲ့မိသဗျာ။ ကျနော့်မိန်းမဟာ ကျနော်က ကားကို သူများစီးမှာကြောက်လို့ ဥစ္စာခြောက်တယ်လို့ ထင်ပုံရပါတယ်။ 'ရှင်သွားမှာသာ သွားစမ်းပါ။ ရှင့်ကားကို ဘယ်သူမှမစီးပါဘူး' ဆိုပြီး အငေါ် တူးသဗျ။ ဒါနဲ့ ကျနော်လည်း ရှင်းပြလိုက်တာကောင်းပါတယ်လေဆိုပြီး၊ မဟုတ်ဘူးကွ၊ ငါ့စိတ်ထဲမှာ ကားနဲ့ပတ်သက်တဲ့ အက်ဆီးဒင့်တခုခုဖြစ်တယ်လို့ ခံစားနေရတယ်။ ဒါကြောင့် ကားကို တလက်မမှမရွှေ့ပါနဲ့လို့ မင်းကိုမှာနေတာဆိုတဲ့ကြောင်း ပြောပြလိုက်ပါတော့တယ်။ ဒါပေမယ့် မိန်းမကတော့ သိပ်အယုံအကြည်မရှိတဲ့ မျက်နှာပေးနဲ့ပါပဲဗျာ။

ဒါနဲ့ အဲဒီညနေမှာ ကျနော်မြဝတီကိုခရီးထွက်လာလိုက်တာ နောက်တရက် မြဝတီကိုရောက်လို့ အထုပ်အပိုးတောင်မပြည်ရသေးဘူး၊ ရန်ကုန်အိမ်ကနေ တယ်လီဖုန်းဝင်လာပါလေရောဗျာ။ ဖုန်းထဲကနေကြားရတဲ့သတင်းကတော့ ကျနော့်သမီးနဲ့ကျနော့်တူတော်မောင် လေးနှစ်သားလေး ကားအက်ဆီးဒင့်ဖြစ်လို့ အင်းစိန်ဆေးရုံ အရေးပေါ် ဌာနကိုရောက်နေပြီဆိုတဲ့ သတင်းပါပဲ။ ဒါနဲ့ အခြေအနေဘယ်လိုတုန်းလို့ မေးလိုက်တော့ ကျနော့်သမီးက မျက်နှာတခြမ်းစုတ်ပြတ်သွားပြီး၊ တူတော်မောင်ကလေးငယ်ကတော့ နားရွက်တဖက်ထိပ်နားက ပြတ်သွားသတဲ့။ မသေကောင်း မပျောက်ကောင်းဗျာ။ ကျနော်လည်း စိတ်တိုတိုနဲ့ မင်းကွာ ငါသေသေချာချာမှာထားရက်နဲ့ ဖြစ်ရတယ်လို့၊ မင်းတော်တော် သောက်သုံးမကျတဲ့မိန်းမ ဘာညာဆူပစ်လိုက်တော့ သူကကားကို ကားလမ်းမကြီးပေါ် ထုတ်မောင်းတာမဟုတ်ဘူးတဲ့။

ကျနော့်အိမ်နောက်ဘက် အေးရိပ်မွန်အိမ်ရာထဲက ရပ်ကွက်လမ်းကြားလေးထဲကို မောင်းသွားရင်း ပက်ပင်းဆီ အအေးပုလင်းတွေတင်လာတဲ့ကားက လမ်းကြားလေးထဲကနေ ရှုတ်တရက်ထွက်လာပြီး ကျနော့်ကားနံဘေးကို ဝင်ဆောင့်တာတဲ့ဗျား။ ပိုဆိုးတာက ကားဟာ ခုတ်တိုင်ငါးတိုင်ပြည့်အောင်တောင် မမောင်းရသေးဘူးဆိုပဲ။ နောက်ပိုင်းတော့ သမီးမျက်နှာနဲ့ တူတော်မောင့်နားရွက်ကို မိမွေး

တိုင်းဖမွေးတိုင်းပြန်ဖြစ်အောင် ဒေါက်တာသက်ထားဝေနဲ့ကုလိုက်ရတာ သိန်းနှစ်ဆယ်ကျော်လောက် ထွက်သွားသပေါ့။ ငွေကုန်ရုံနဲ့ပြီးဆုံးသွားတာကိုပဲ ကံကြီးလှတယ်ဆိုရမယ်ဗျာ။

သမီးအကြောင်းပြောရင်းနဲ့ သတိရလာတာတခုရှိသေးတယ်ဗျ။ ကျနော်ဟာ သမီးမမွေးခင် ကတည်းက သမီးကိုကြိုတွေ့ဖူးတယ်ဆိုရင် ယုံနိုင်စရာတော့မရှိလှဘူးပေါ့။ ဒါပေမဲ့ သမီးကို သူ့အမေ ကိုယ်ဝန်လွယ်ထားချိန်က သူ့ဗိုက်က တခြားသူဗိုက်တွေထက်ပိုကြီးနေတာကြောင့် ယောကျ်ားလေးမွေး မှာပါလို့ ကြိုတင်မှန်းဆနေကြချိန်ပေါ့ဗျာ။ အဲဒီတုန်းက ကိုယ်ဝန်ဆောင်တွေကို အာလ်ထရာ ဆောင်းတွေဘာတွေ ရိုက်ပြီးသားလား၊ သမီးလား ကြိုတင်သိအောင်လုပ်တာတွေက ခေတ်မစားသေး ဘူးလေ။ တနေ့ ကျနော်ညဘက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေတုန်းမှာ ကျနော့်ခြေထောက်ကို တစုံ တယောက်ကကိုင်ပြီး နှိုးသလိုလိုခံစားရတာကြောင့် မျက်လုံးဖွင့်ကြည့်လိုက်တော့ ခုနစ်နှစ်သမီးအရွယ် ဂျပန်ဆံတောက်နဲ့ ကလေးလေးတယောက်က ဖေဖေဘယ်လျှောက်သွားနေတာတုန်း၊ အိမ်မှာနေတယ် ကို မရှိပါလားဆိုပြီး မြည်တွန်တောက်တီးနေသဗျာ။ ကျနော်လည်း ကြောင်အမ်းအမ်းနဲ့ ညည်းက ဘယ်သူတုန်း မေးလိုက်တော့ သူကရယ်မောပြီး ဖေဖေ့သမီးလေတဲ့ဗျာ။

ကျနော်လည်း အိပ်ရာကလန့်နိုးပြီး ဘယ်နှယ့်အိပ်မက်ပါလိမ့်လို့ စိတ်ထဲမှာတွေးမိပေမယ့် ဘယ်သူ့ကိုမှတော့ အဲဒီအိပ်မက်အကြောင်းမပြောဖြစ်ခဲ့ပါဘူး။ သမီးကိုမွေးပြီးလို့ ခုနစ်နှစ်သမီးအရွယ် ရောက်ချိန်မှာ ကျနော်အလုပ်ကိစ္စမျိုးစုံနဲ့ အိမ်ပြန်မကပ်တဲ့ရက်တွေများနေတုန်း အိမ်ပြန်ရောက်တဲ့ရက် မှာ သမီးက ကျနော့်ကိုအိမ်ရှေ့ထွက်ကြိုတော့ ဒီပုံစံနဲ့ ချွတ်စွတ်တူတဲ့ကလေးကို ငါဘယ်မှာမြင်ဖူးပါလိမ့် စဉ်းစားမိတော့မှ သူမမွေးခင်က အိပ်မက်အကြောင်း ခေါင်းထဲပြန်ရောက်လာသဗျာ။ ကဲပါလေ၊ ခင်ဗျား ယုံတာမယုံတာထားလိုက်ပါတော့၊ ကျနော့်ဇာတ်လမ်းကို ရှေ့ဆက်ရအောင်။

၁၉၉၇ ဝန်းကျင်မှာ စီးပွားပျက်ကပ်ဆိုက်တော့ ကျနော့်စီးပွားရေးလုပ်ငန်းတွေ အကြီးအကျယ် ချောက်ကျတော့မယ်ဆိုတာ ကျနော်ကြိုသိနေတယ်ဗျ။ မှတ်မှတ်ရရ ကျနော့်လုပ်ဖော်ကိုင်ဖက်တွေကို ဒုက္ခအကြပ်အတည်းတခု ရောက်တော့မယ့်အကြောင်း ပြောပြတော့လည်း သူတို့က တုံဏှိဘာဝေပါပဲ။ အဲဒီတုန်းက အာရှနိုင်ငံတော်တော်များများလည်း စီးပွားပျက်ကပ်ကြုံတော့မယ့် အရိပ်အယောင်တွေ ပေါ်နေတော့ သတင်းစာတွေ၊ ရေဒီယိုတွေကနေ သတင်းတွေနားထောင်ပြီး ကျနော်အကြောက်လွန် နေတာလို့ ထင်ကြဟန်တူပါရဲ့ဗျာ။

ကျနော်ကတော့ ဘာပဲဖြစ်ဖြစ် ကြိုတင်ကာကွယ်မှုတွေလုပ်သင့်တယ်ထင်တာနဲ့ စီးပွား ပျက်ကပ် ကျနော်တို့ကုမ္ပဏီကိုဝင်ဆောင့်လာရင် ခံသာအောင် နည်းမျိုးစုံနဲ့ကြံဖန်ခွင်ချဖို့ လုံးပန်း ပါတော့တယ်။ အဲဒီအချိန်ဟာ မန္တလေးတက်သေးအင်းစိမ်ကိန်းပြီးကာစမို့ မတော်တဆစီးပွား ပျက်ကပ်နဲ့ကြုံလာရင် တောင့်ခံထားနိုင်အောင် ခွင်ကောင်းကောင်းတခွင်တော့ ကြိုကြိုတင်တင်ရိုက် ထားမှဖြစ်မယ်လို့ စိတ်ကူးနေတဲ့အချိန်ပေါ့ဗျာ။

မန္တလေးက စီမံကိန်းလက်စသတ်နေချိန်မှာ မန္တလေးကျွဲဆည်ကန်ရပ်က တိုင်းလူဝင်မှုကြီးကြပ် ရေးရုံးနေရာကို အဆောက်အဦးတွေဆောက်ချင်တဲ့ သတင်းတခုဝင်လာသဗျာ။ အပေးအယူကတော့ မြေကွက်ကို နှစ်ပိုင်းပိုင်းပြီး တပိုင်းပေါ်မှာ ဝန်ထမ်းအိမ်ရာတွေဆောက်ချင်တယ်။ ကျန်တဲ့မြေတဝက်ကို တော့ ကန်ထရိုက်ကရမယ်ပေါ့ဗျာ။ ကျနော်လည်း ကျွဲဆည်ကန်က မြေဈေးနဲ့ အဆောက်အဦးအတွက် ကုန်ကျစားရိတ်တွေ တွက်ချက်ကြည့်လိုက်တော့ အမြတ်အစွန်းက မက်လောက်စရာဖြစ်နေတာနဲ့ အဲဒီအလုပ်ကို ရအောင်လိုက်မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ကံကောင်းချင်တော့ အဆက်အသွယ်က သိပ်တောင်ခက်ခက်ခဲခဲ မရှာလိုက်ရပါဘူး။ ကျနော့်ရန်ကုန်ရုံးခန်းကို ဝင်ထွက်နေတဲ့ ကိုမောင်တင်ဆိုတဲ့

သူဟာ ပြည်သူ့အင်အားဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးညီပုရဲ့ ကိုယ်ရေးအရာရှိ ဖြစ်နေတာကြောင့် သူကနေတဆင့် လုပ်ငန်းလုပ်ခွင့်ရနိုင်ဖို့ အခွင့်အလမ်းပေါ် လာပါတော့တယ်။

ဪ၊ အဲဒီခေတ်က အလုပ်ရတယ်ဆိုတာ အလကားတော့ ဘယ်ရမလဲဗျာ။ ဒီလိုပဲ ပိုင်ရာဆိုင်ရာတွေကို ဝင်ရထွက်ရတာပေါ့။ ဝင်ရထွက်ရတယ်ဆိုတာ လာဘ်ပေးလာဘ်ယူလုပ်ရတာကို ပြောတာဗျ။ အပေးအယူကိစ္စကလည်း မျိုးစုံပါ့ဗျာ။ ဘယ်ရွှေ့ဘယ်မျှပေးမယ်ဆိုတာ နှုတ်ကတိတမျိုး၊ ငွေသားတချို့၊ လက်ဆောင်ပစ္စည်းနဲ့တသွယ်၊ ထုံးစံအတိုင်း ဝင်ရထွက်ရတာပေါ့။ အဆင့်ဆင့် ဝင်လိုက်ထွက်လိုက်တာ နောက်ဆုံးမှာ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အား ဦးစီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်လှအိမ်တောင် ရောက်သွားသေးဗျာ။ သူ့အိမ်သွားတော့ မန္တလေးတိုင်း ဦးစီးမှူး ဗိုလ်ကြီးဝင်းဇော်နဲ့ဗျ။ တိုင်းဦးစီးမှူးက ဝန်ကြီးကိုကန်တော့ချင်လို့ဆိုတဲ့ ခေါင်းစဉ်နဲ့ပေါ့ဗျာ။ တကယ်တမ်းက ကျနော့်အလုပ်အတွက် ခွင့်ပြုမိန့်သွားတောင်းတာပါ။ ကန်တော့ဖို့လိုအပ်တဲ့ပစ္စည်း လေးငါးသိန်းဖိုးတော့ ကျနော့်အိတ်စိုက်ပေါ့။

ဝန်ကြီးအိမ်ရှေ့ရောက်တော့ ဗိုလ်ကြီးဝင်းဇော်ဟာ ပါလာတဲ့ လက်ဆောင်ပစ္စည်းထုပ်ကြီးတွေကို သူကိုယ်တိုင်သယ်ချ၊ ကျနော့်ကို ကားပေါ် မှာစောင့်ခိုင်းပြီး ဝန်ကြီးအိမ်ထဲကို ဝင်သွားပါလေရောဗျာ။ အခြေအနေကြည့်ပြီး ကျနော့်ကိုလှမ်းခေါ် လိုက်မယ်ဆိုပေမဲ့ နာရီဝက်သာသာလောက်မှာ ကိုယ်တော်ချောက မှိုရတဲ့မျက်နှာနဲ့ထွက်လာပြီး ကိုသက်ခိုင်၊ ခင်ဗျားတင်ပြတဲ့စီမံချက်ကို ဝန်ကြီးက လက်ခံလိုက်ပြီ၊ ခင်ဗျား ဝင်တွေ့စရာမလိုတော့ဘူးလို့ ဝမ်းသာအားရပြောလာပါတယ်။

ဝန်ကြီးမျက်နှာကြည့်ရဖို့က အရေးမကြီးပါဘူးဗျာ။ အလုပ်အဆင်ပြေဖို့သာ အဓိကမဟုတ်လား။ ဝန်ကြီးသဘောကောင်းလိုက်ပုံများ ကွျဲဆည်ကန်ကမြေကွက်မှာ မြေအပေးအယူနဲ့ စီမံကိန်းအပြင် ချမ်းမြသာစည်ရပ်ကမြေကွက်လပ်မှာလည်း အခန်းပေးအခန်းယူစံနစ်နဲ့ ရှစ်ခန်းတွဲ လေးထပ်တလုံးပါဆောက်ခွင့်ပြုလိုက်သေးဗျာ။ ဒီလိုနဲ့ မန္တလေးတိုင်းထဲမှာ နောက်ထပ်ခွင်တခု ချိတ်မိပြန်ရောဆိုပါတော့။ ဒါပေမဲ့ဗျာ၊ အဲဒီစီမံကိန်းကို အစအဆုံးအကောင်အထည်ဖော်ရမှာမို့ ကျနော့်မှာ ငွေအလုံအလောက်မရှိပြန်ဘူးဗျ။

ကျနော်ရမယ့် မြေကွက်ဆိုတာကလည်း စီမံကိန်းကို သူတို့ဘက်စိတ်ချရတဲ့ အနေအထားအထိ အကောင်အထည် ဖော်ပြနိုင်ရမယ်မဟုတ်လား။ ဒါနဲ့ ငွေပင်ငွေရင်းရနိုင်မယ့်နည်းလမ်းကို အပူတပြင်းရှာရပြန်ပါတယ်။ အဲဒီအချိန်ဟာ ရန်ကုန်က အလုပ်ပွဲစားတော်တော်များများ မောင်ဝိတ်ကို ချဉ်းကပ်နေကြတဲ့အချိန်ပေါ့။ ဖြစ်ပုံက အဲဒီအချိန်ဟာ ပုဂ္ဂလိကအဆောက်အဦလုပ်ငန်း တော်တော်များများ အကြပ်အတည်းတွေ့နေကြတဲ့ချိန်မို့ ဆောက်လုပ်ရေးပစ္စည်းတွေဟာ ဝယ်သူမရှိလောက်အောင် ဖြစ်တာကြောင့် မောင်ဝိတ်ဟာ သူ့လက်ထဲမှာပုံနေတဲ့ ဆောက်လုပ်ရေးပစ္စည်းတွေကို ရောင်းထုတ်ချင်နေတဲ့ချိန်ဗျ။ ဒီသတင်းဟာ ရန်ကုန်စီးပွားရေးလောကထဲကနေ တဆင့်စကားတဆင့်နားနဲ့ ကျနော့်ဆီရောက်လာတာပါပဲ။

ဒီသတင်းကြောင့် ကုန်သည်တချို့နဲ့ အလုပ်ပွဲစားတော်တော်များများဟာ မောင်ဝိတ်လက်ထဲမှာ ရှိနေတဲ့သံချောင်းတွေ ဘိလပ်မြေတွေကို အကြွေးစံနစ်နဲ့ဝယ်ခွင့်ရအောင် လုံးပန်းနေကြတာပေါ့ဗျာ။ ရောင်းအားကျနေတဲ့အချိန်မှာ ဘာကြောင့် အကြွေးဝယ်ချင်ကြသလဲဆိုတော့ မောင်ဝိတ်ဆီက ဘိလပ်မြေနဲ့သံချောင်းတွေရလာရင် တိုက်ခန်း၊ ကား၊ ခြံမြေတွေနဲ့ အလဲအထပ်လုပ်ပြီး စီးပွားပျက်ကပ်ကို ကျော်လွှားနိုင်ဖို့ပေါ့ဗျာ။

မောင်ဝိတ်ဆီကိုချဉ်းကပ်ကြတဲ့သူတွေဟာ ဆယ်ဂဏန်းဝန်းကျင်လောက်ရှိပေမယ့် အလုပ်လုပ်ရာမှာ စေ့စပ်သေချာလှတဲ့မောင်ဝိတ်ကို ယုံကြည်အောင် ဘယ်သူမှ အားမထုတ်နိုင်ခဲ့ကြပါဘူး။

မောင်ဝိတ်ကလည်း လူလည်ပဲဗျာ။ ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းတွေကပ်ဆိုက်နေတာကို သူသိတာပေါ့။ ဒါကြောင့် သူ့ပစ္စည်းတွေကိုအကြွေးယူပြီး မသေချာမရေရာ ငွေလျှော်လုပ်ကြည့်မယ့် ဇာတ်လမ်းထဲမှာ ဘယ်ကြားအညပ်ခံပါ့မလဲ။ ဒါနဲ့ပဲ မောင်ဝိတ်ဆီကနေ ပွဲစားတော်တော်များများ တပ်ခေါက်ပြန်လာကြရတာချည်းပါပဲ။ တခြားလူတွေမအောင်မြင်တဲ့ကိစ္စကို ပိုပြီးစိတ်ဝင်စားတတ်တဲ့ ကျနော်ဟာ မောင်ဝိတ်ကိုသွားတွေ့ပြီး အလုပ်ဖြစ်အောင်ညှိနှိုင်းဖို့ စိတ်ပိုင်းဖြတ်လိုက်ပါတယ်။ မောင်ဝိတ်နဲ့ပတ်သက်ရာပတ်သက်ကြောင်း လူတွေကတဆင့် မောင်ဝိတ်ရဲ့စရိုက်သဘာဝကို တပတ်လောက်လေ့လာပြီးတဲ့အချိန်မှာတော့ ကျနော်နဲ့မောင်ဝိတ်ဟာ သူ့ကုမ္ပဏီရုံးခန်းမှာ မျက်နှာချင်းဆိုင်မိကြပါတော့တယ်။

အသက်သုံးဆယ်ဝန်းကျင်လောက်သာရှိသေးတဲ့ နာမည်ကျော်သူဌေးမောင်ဝိတ်ဟာ သာမန်ဇရပ်အမောင်းသာရှိပေမယ့် အားကစားသမားပုံပေါက်ပါတယ်။ ရုပ်ရည်သန့်ပါတယ်။ မြောက်ပြောတယ်တော့ မထင်လိုက်ပါနဲ့။ ကျနော့်စိတ်ထဲမှာ မောင်ဝိတ်ဟာ ကိုးရိုးယားမင်းသားတယောက်နဲ့ တူနေသလိုပဲဗျာ။ ဟုတ်ပါတယ်၊ မောင်ဝိတ်ဟာ လူချောစာရင်းဝင်တယ်လို့ဆိုနိုင်ပါတယ်။ မောင်ဝိတ်နဲ့ ကျနော်အပြန်အလှန် လိပ်စာကဒ်တွေပေးပြီး မိတ်ဆက်ပြီးချိန်မှာတော့ အလုပ်စကား စပြောဖြစ်ပါတော့တယ်။ ကျနော်လည်း လိုရင်းတိုရှင်းပဲ ခင်ဗျားဆီကဘီလပ်မြေနဲ့ သံချောင်း ဒေါ်လာတသိန်းဘိုးလောက်ဝယ်ချင်တယ်လို့ စကားစလိုက်ပါတော့တယ်။ ဒီတော့ သူက ကိုသက်ခိုင် ဘယ်လိုငွေချေမှာလဲဆိုပြီး တဲ့တိုးပဲပြန်မေးလာပါတယ်။ ကျနော်ကတော့ ခပ်အေးအေးလေသံနဲ့ သုံးလဆိုင်းအကြွေးစံနစ်နဲ့ဝယ်ချင်တာပါလို့ ပြန်ဖြေလိုက်တော့ သူက ခင်ဗျားက ကျနော့်ကို ဘာအာမခံချက်ပေးမှာလဲတဲ့။ ဒီမေးခွန်းဟာ ကျနော်မျှော်လင့်ထားပြီးသားမေးခွန်းဖြစ်တာကြောင့် ကိုမောင်ဝိတ် ဘယ်လိုအာမခံချက်မျိုးလိုချင်တာလဲလို့ ပြန်မေးလိုက်ပါတယ်။ ဒီမှာတင် မောင်ဝိတ်ဟာ ရုတ်တရက်နှုတ်ဆိတ်သွားပြီး တော်တော်ကြာမှ ကိုသက်ခိုင်ပေးနိုင်တဲ့ အာမခံအမျိုးအစားတွေကိုသာ ပြောကြည့်ပါ။ ကျနော်လက်ခံနိုင်တယ်ဆိုရင် လက်ခံပါ့မယ်လို့ တုန့်ပြန်လာပါတယ်။

ကျနော်လည်း ခပ်အေးအေးလေသံနဲ့ 'အမှန်အတိုင်းပြောရရင် ကျနော် ဘာအာမခံမှမပေးချင်ဘူး။ ကျနော့်နှုတ်ကတိတလုံးကိုပဲ အာမခံအဖြစ်ထားချင်ပါတယ်။ ဒါပေမဲ့ ခင်ဗျားနဲ့ကျနော်ဟာ အခုမှသိကျွမ်းကြတာမို့ ကျနော့်ကမ်းလှမ်းချက်ကို ခင်ဗျားလက်မခံနိုင်ဘူးဆိုတာလည်း ကျနော် သဘောပေါက်နေတယ်။ ဒီတော့ ကျနော်ဝယ်မယ့်ပစ္စည်းတွေအတွက် အရောင်းအဝယ်စာချုပ်ကို ဌာနဆိုင်ရာအမည်နဲ့ ဝယ်ပါ့မယ်။ စာချုပ်ကိုလည်း အဲဒီဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်ကပဲ လက်မှတ်ရေးထိုးပြီး ဝယ်ပါ့မယ်၊ အခုအချိန်ဟာ နိုင်ငံခြားငွေတန်ဖိုး အပြောင်းအလဲမြန်နေချိန်မို့ အရောင်းအဝယ်စာချုပ်မှာ အမေရိကန်ဒေါ်လာနဲ့ပေးချေမှာပါ'လို့ ပြောချလိုက်ပါတော့တယ်။ ကျနော့်ကမ်းလှမ်းချက်ကို စိတ်ဝင်စားသွားတဲ့မောင်ဝိတ်ရဲ့မျက်လုံးတွေဟာ အရောင်တောက်လာပါတယ်။ ကျနော့်စိတ်ထဲမှာ ဒီပွဲအောင်မြင်တော့မယ်ဆိုတာ ကြိုသိလိုက်ပါပြီ။ သူက ကိုသက်ခိုင် ဘယ်ဌာနနဲ့ ချုပ်ပေးနိုင်သလဲဆိုတော့ ကျနော်က ခပ်အေးအေးပဲ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဦးစီးဌာနပါလို့ ပြန်ဖြေတော့ သူက ဘယ်အဆင့်ရှိတဲ့ပုဂ္ဂိုလ်က လက်မှတ်ထိုးမှာလဲဆိုလာပြန်ပါတယ်။ ဒီတော့ ကျနော်က ကိုမောင်ဝိတ်အနေနဲ့ ဘယ်အဆင့်လောက်ရှိတဲ့သူဆိုရင် ယုံကြည်လက်ခံနိုင်မလဲမေးလိုက်တဲ့အခါ သူက ခဏစဉ်းစားပြီး ညွှန်ကြားရေးမှူးချုပ်အဆင့်လောက်ဆို ကျနော်လက်ခံပါတယ်လို့ ဖြေသဗျာ။

ကျနော်လည်း တမိနစ်သာသာလောက်ငြိမ်နေလိုက်ပြီးမှ စာချုပ်ကို ဘယ်နေရာမှာ ချုပ်ချင်ပါသလဲလို့ အထွန့်တက်လိုက်ပြန်ပါတယ်။ အမှန်တော့ ငြိမ်နေလိုက်တာဟာ စဉ်းစားချင်ယောင်ဆောင်လိုက်တာပေါ့ဗျာ။ သူမေးမယ့်မေးခွန်းတွေ သူလက်ခံနိုင်လောက်တဲ့ အခြေအနေတွေအားလုံးကို

ကျနော်ကြိုတွက်ခဲ့ပြီးသားမို့ ကျနော့်အကွက်ထဲကို တန်းဝင်လာတာကြောင့် ချက်ချင်းအဖြေမပေးပဲ မူလိုက်တာပေါ့ဗျာ။

သိပ်ပြီးစေ့စပ်သေချာလှပါတယ်ဆိုတဲ့ မောင်ဝိတ်ဟာ ရုတ်တရက် အိပ်ယာကလန့်နိုးသလို အမူအရာနဲ့ အေးဗျာ၊ ကိုသက်ခိုင်ပြောမှ စာချုပ်ချုပ်မယ့်နေရာအကြောင်း စဉ်းစားမိတော့တယ်။ ဌာနဆိုင်ရာကဝယ်မှာဆိုတော့ အရောင်းအဝယ်စာချုပ်ကို အဲဒီဌာနရဲ့ ညွှန်ကြားရေးမှူးချုပ်ရုံးခန်းမှာပဲ ချုပ်ကြတာ ပိုပြီးသဘာဝကျမယ်ထင်ပါတယ်လို့ ဆိုသဗျာ။ အဲဒီအခါမှာ ကျနော်က ခင်ဗျားတောင်းဆိုတဲ့တိုင်း ဖြစ်ရစေမယ်ဗျာ။ အရောင်းအဝယ်ဖြစ်ပြီလို့သာ သဘောထားလိုက်ပေတော့ဆိုပြီး ပြောပြောဆိုဆို ကျနော်ဝယ်ချင်တဲ့ပစ္စည်းစာရင်းစာရွက်ကို သူ့ရှေ့ထိုးပေးလိုက်ပြီး စာချုပ်ကို ခင်ဗျားရေးမလား။ ကျနော်ရေးရမလား မေးလိုက်ပါတော့တယ်။

ပုဂ္ဂလိကကုန်သည်တွေ ကပ်ဆိုက်နေချိန်မှာ သူ့ပစ္စည်းတွေကို သူ့စိတ်ကြိုက်ဈေးနဲ့ ဌာနဆိုင်ရာတခုကို ဒေါ်လာတသိန်းကျော်ဘိုး ရောင်းရတော့မယ်ဆိုတဲ့အတွေးကြောင့် ပျော်ရွှင်သွားတဲ့ မောင်ဝိတ်ရဲ့ အမူအရာဟာ ဖုံးဖိလို့မရအောင်ပေါ်လွင်နေပါတယ်။ သူနဲ့ကျနော် လက်ဆွဲနှုတ်ဆက်ပြီး သူ့ရုံးခန်းက အပြန်မှာတော့ ကျနော့်ကားပေါ်မှာ အဆင်သင့်စောင့်ခိုင်းထားတဲ့ တပ်ကြပ်ကြီးမောင်တင်နဲ့ ကျနော်ဟာ လူဝင်မှုကြီးကြပ်ရေး ပြည်သူ့အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးခန်းကို ဆက်ပြီး ချီတက်ခဲ့ပါတော့တယ်။ စစ်ဆင်ရေးအောင်မြင်မှုကို ညွှန်ချုပ်ဆီသတင်းပို့ဖို့ပေါ့ဗျာ။

ဟုတ်တယ်ဗျာ။ ဒီပစ္စည်းတွေကို ဒေါ်လာနဲ့ချေပြီး ဌာနဆိုင်ရာအဖွဲ့အစည်းတခုခုကနေ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိသူတယောက်က အရောင်းအဝယ်စာချုပ်မှာ လက်မှတ်ထိုးနိုင်မယ်ဆိုရင် မောင်ဝိတ်ဟာ သူ့ပစ္စည်းတွေကို သုံးလဆိုင်း အကြွေးစံနစ်နဲ့ရောင်းနိုင်မယ်ဆိုတာ ကျနော်ကျိန်းသေပေါက် ကြိုတင်တွက်ဆထားပြီးသားမို့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးညီပုကို တပ်ကြပ်ကြီးမောင်တင်ကတဆင့် ကြိုတင် စည်းဝါးကိုက်ထားခဲ့ပြီးပါပြီ။

ဒါကြောင့် မောင်ဝိတ်နဲ့ညှိနှိုင်း ဆွေးနွေးဖို့သွားကတည်းက ကိုမောင်တင့်ကို ကားထဲမှာ ကြိုပြီးခေါ်လာတာပေါ့။ ဒီလိုနဲ့ နောက်သုံးရက်အကြာမှာ မောင်ဝိတ်နဲ့ဗိုလ်မှူးကြီးညီပုတို့ဟာ ကျနော်ကိုယ်တိုင်ရေးထားတဲ့ ဘိလပ်မြေနဲ့သံချောင်းကာလတန်ဖိုး စုစုပေါင်း ဒေါ်လာတသိန်းခြောက်သောင်းကျော်ဖိုး အရောင်းအဝယ်စာချုပ်တခုကို ရန်ကုန်မြို့၊ ကမ်းနားလမ်းက ခြောက်ထပ်ရုံးကြီးမှာရှိတဲ့ ညွှန်ကြားရေးမှူးချုပ်ရုံးခန်းမှာ ချုပ်ဆိုဖြစ်ခဲ့ကြပါတော့တယ်။ တကယ်တော့ အဲဒီနေ့မှာ မောင်ဝိတ်သိမသွားတဲ့ အခြားစာချုပ်တစောင်လည်း ချုပ်ဖြစ်ခဲ့ကြပါသေးတယ်။ အဲဒီစာချုပ်တစောင်ကတော့ မောင်ဝိတ်ဆီကဝယ်ယူလိုက်တဲ့ ဘိလပ်မြေနဲ့ သံချောင်းတွေအားလုံးရဲ့ အရပ်ရပ်ပိုင်ဆိုင်ခွင့်ဟာ ကျနော်ဖြစ်တယ်ဆိုတဲ့ စာချုပ်ပဲ။

ဒီနေရာမှာမှတ်မှတ်သားသားပြောချင်တာက ဗိုလ်မှူးကြီးညီပုဟာ တကယ့်လူရိုးလူကောင်းဆိုတဲ့အချက်ပါပဲ။ သူဟာ သူ့ရဲကောင်းမှတ်တမ်းဝင်တံဆိပ်ကို နှစ်ကြိမ်တိုင်တိုင်ရခဲ့ဖူးသူပါ။ ဗိုလ်ချုပ်ကြီးခင်ညွှန့်နဲ့လည်း အတော့်ကို တရင်းတနှီးရှိတယ်လို့သိရပါတယ်။ ကျနော့်ကိစ္စမှာ သူဝင်ပါဖြစ်တာဟာ သူ့တပည့်ကျော် ကိုမောင်တင်အလှော်ကောင်းလို့ ရိုးရိုးသားသားဝင်ပြီးကူညီခဲ့တာပါ။ သူ့အတွက် (ဂါ) ရတာလေး ဘာလေးတော့ရှိသပေါ့ဗျာ။ (ဂါ) ရတဲ့တန်ဖိုးကလည်း သူလက်မှတ်ရေးထိုးခဲ့တဲ့စာချုပ် တန်ဖိုးနဲ့နှိုင်းယှဉ်ရင် အစွန်းထွက်တောင်မရှိပါဘူးဗျာ။ ဩော် (ဂါ) ဆိုတာလား။ စီးပွားလောကမှာ အစိုးရအရာရှိကြီးတွေကို ဂါရဝပြုတဲ့အနေနဲ့ ပေးရကမ်းရတာကို (ဂါ) လို့ အတိုကောက်ခေါ်ဝေါ်သမှု ပြုကြခြင်းပါဗျာ။

အရောင်းအဝယ်ဖြစ်ပြီးတဲ့နောက် မောင်ဝိတ်နဲ့ကျနော်ဟာ အဆမတန်ရင်းနှီးလာပါတယ်။ ပိုပြီးရင်းနှီးစရာအကြောင်းဖန်လာတာကတော့ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး မျိုးမင်းကြောင့်ပါပဲ။ သူက ဂေါက်သီးရိုက်တတ်ကာစမို့ ဂေါက်သီးရိုက်တာကို အသည်းအသန်စွဲလန်းနေချိန်မို့ ကျနော်နဲ့တွေ့တဲ့တရက်မှာ ဖိတ်ခေါ် ဂေါက်သီးပြိုင်ပွဲလေးတခု လုပ်ပေးဖို့ နားပူလာပါတယ်။ ဒါနဲ့ ဂေါက်သီးအကြောင်း ဘာမှနားမလည်တဲ့ကျနော်ဟာ မောင်ဝိတ်ကို ထပ်ဆင့် နားပူတာကြောင့် မောင်ဝိတ်က ဘယ်သူတွေဝင်ပြီးရိုက်မှာတုန်းမေးပြန်လို့ ဗိုလ်မှူးကြီး မျိုးမင်းကိုပြန်မေးတဲ့အခါ တပ်မတော် ထောက်လှမ်းရေး ဒုတိယညွှန်ကြားမှူးချုပ်အပါအဝင် ထောက်လှမ်းရေး အရာရှိအတော်များများပါမယ်ဆိုတာ သိရပါတယ်။ မောင်ဝိတ်ကို အဲဒီအကျိုးအကြောင်းပြန်ပြောတော့ မောင်ဝိတ်က စိတ်ပါလက်ပါအမူအရာနဲ့ ကိုသက်ခိုင်၊ ခင်ဗျားကိုယ်တိုင်ကြည့်စီစဉ်လိုက်ဗျာ။ ငွေကုန်ချင်သလောက် ကုန်ပေ့စေဆိုပဲ။ သူလည်း မီးစိမ်းပြလိုက်ရော ကျနော်ဟာ ရန်ကုန်တိုင်းဦးစီးမှူး ဗိုလ်ကြီးသန့်စင်နဲ့ညှိပြီး ဖိတ်ခေါ် ဂေါက်သီးရိုက်ပွဲအတွက် ပြင်ဆင်စရာရှိတာတွေကို ပြင်ဆင်ရပါတော့တယ်။ အဲဒီပွဲဟာ မောင်ဝိတ်နဲ့သက်ခိုင် တာဝန်ယူကျင်းပပေးတာလို့ ဗိုလ်မှူးကြီးမျိုးမင်းက မောင်းထုလိုက်တာကြောင့် တပ်မတော်ထောက်လှမ်းရေးအရာရှိ တော်တော်များများဟာ ကိုသက်ခိုင်ကိုပါ ပြိုင်ပွဲထဲမှာပါဖြစ်အောင်ပါပါစေလို့ ပွဲတောင်းလာတာကြောင့် ကျနော်ချောက်ကျပေါက် တိုးပါတော့တယ်။

ဘာကြောင့်လဲ၊ ဟုတ်လား။ ဩော်၊ ကျုပ်လိုတောသားက ဘယ်မှာလာ ဂေါက်သီးရိုက်တတ်ပါ့မလဲဗျာ။ ကျနော်ဂေါက်သီးမရိုက်တတ်ပါဘူးလို့ ငြင်းလို့လည်း မသင့်တော်ပြန်တာကြောင့် ပွဲမစခင် သုံးရက်လောက်အလိုမှာ ဂေါက်သီးအိတ် တအိတ်ဝယ်၊ ဒညင်းကုန်း ဂေါက်ကွင်းမှာ ပရိုတယောက်ငှားပြီး ခါတော်မီဂေါက်သီးသမားဖြစ်အောင် ဂေါက်တံကို ဘယ်လိုကိုင်ရတယ်၊ ခြေကို ဘယ်လိုထားရတယ်၊ ဂေါက်သီးကို ဘယ်လိုရိုက်ရတယ်ဆိုတာ လက်ပူတိုက်သင်ရပါတော့တယ်။ အဲဒီသုံးရက်အတွင်းမှာပဲ ဂေါက်သီးအားကစားနည်းနဲ့ပတ်သက်တဲ့ အခေါ် အဝေါ် တွေကို ရေးမှတ်ပြီး ကျက်ရတာက အလုပ်တခုဗျာ။

ဒီလိုနဲ့ ဖိတ်ခေါ် ဂေါက်သီးရိုက်ပွဲလုပ်တဲ့နေ့မှာ ကျနော်ဟာ တကယ့် ဂေါက်သီးသမားကြီး တယောက်အိုက်တင်နဲ့ မင်္ဂလာဒုံဂေါက်ကွင်းကို ရောက်လာခဲ့ပါတော့တယ်။ ဖိတ်ခေါ် ပြိုင်ပွဲမှာဝင်ကစားတဲ့ ထောက်လှမ်းရေးအရာရှိတွေကတော့ အယောက်သုံးဆယ်နီးပါးလောက်ကို ရှိမယ်ဗျာ။ ကျနော် မှတ်မိသလောက်တော့ ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ဒုတိယ ဗိုလ်မှူးကြီးမျိုးမင်း၊ ဂေါက်သီးသူရဲလို့ နာမည်ကြီးတဲ့ ဗိုလ်မှူးငွေထွန်း၊ ရန်ကုန်တိုင်း ဦးစီးမှူး ဗိုလ်ကြီးသန့်စင်တို့ပါပဲ။ လက်စသတ်တော့ အစိုးရဌာနဆိုင်ရာအားလုံးလိုလိုမှာ ထောက်လှမ်းရေးအရာရှိတွေ ခန့်ထားတာပါလားဗျာ။

ဂေါက်သီးပွဲလည်း စမယ်လုပ်ရော တယောက်ချင်းစီရဲ့ (Handicap) အကျော့ပေးရိုက်ချက်တွေကို မေးပါတော့တယ်။ မောင်ဝိတ်က (Handicap)လေးလို့ဖြေချိန်မှာ ကျနော်က (Beginner) လို့ ဖြေရတော့တာပေါ့ဗျာ။ ဟုတ်တယ်လေ။ ကျနော်ဟာ အဲဒီနေ့ကမှ ဂေါက်ကွင်းထဲကိုဆင်းဖူးတဲ့ တကယ့်အသစ်စက်စက်ဂေါက်သီးသမားမဟုတ်လား။ တဖွဲ့ကို ငါးယောက်ခြောက်ယောက်နှုန်းနဲ့ လူစုခွဲလိုက်ကြတာ ကျနော်ကတော့ ဗိုလ်မှူးကြီး တင်ဌေးတို့အဖွဲ့နဲ့ တဖွဲ့တည်းကျသဗျာ။ ဒီလူ့ကြည့်ရတာ အရပ်ကပုရတဲ့ထဲ စိတ်ကလည်း ခပ်တိုတိုလူစားထဲကဖြစ်မယ်လို့ ခန့်မှန်းရပါတယ်။ သူ့ဘေးက နေဖျာယာခတ်နေတဲ့ သူ့တပည့်ကျော်တွေကိုကြည့်ပြီး အင်း သူ့ပါဝါကလည်း သေးဟန်မတူဘူးလို့ တွေးမိသေးဗျာ။

နှစ်ရက်လောက် အပူတပြင်း လေ့ကျင့်ထားတာကြောင့် ဂေါက်ကွင်းထဲကိုဆင်းပြီးကျင်းအမှတ် (၁)တီခုံပေါ်မှာ မသိသာလှပေမယ့် သုံးကျင်းမြောက်လောက်မှာတော့ ကျနော်ဂေါက်သီးမရိုက်တတ်ဘူးဆိုတာ ပေါ်လွင်လာဟန်တူပါတယ်။ ဂေါက်သီးကို ဂေါက်ရိုက်တံနဲ့ရိုက်အပြီးမှာ ဖျိုင်းပျံသလို ခြေကားရားလက်ကားရားဖြစ်နေတဲ့ ကျနော့်ပုံစံကြောင့်ထင်ပါရဲ့။ ဗိုလ်မှူးကြီးတင်ဒွေးက ကိုသက်ခိုင် ကြည့်ရတာ ဂေါက်သီးကစားတာမကြာသေးဘူးထင်တယ်လို့ စစ်ကြောလာပါတော့တယ်။ ကျနော်လည်း ခပ်တိုတိုပဲ ဟုတ်ကဲ့ခင်ဗျလို့သာ ပြန်ဖြေလိုက်ပေမယ့် စိတ်ထဲမှာတော့ ကျိတ်ရယ်နေမိတာပါပဲဗျာ။ ဂေါက်သီးမရိုက်တတ်တဲ့ကျနော်ဟာ အဲဒီနေ့က ဆုတဆုတော့ ချိတ်ခဲ့လေရဲ့ဗျာ။ အဲဒီဆုကတော့ အကောင်းဆုံးအရှုံးသမား (Best looser) ဆိုပဲ။ ဗိုလ်မှူးချုပ်ဘုန်းဆွေကိုတော့ အထူးလက်ဆောင်အနေနဲ့ သုံးသိန်းခွဲလောက်တန်တဲ့ အကောင်းစား တံဆိပ်ဂေါက်ရိုက်တံတချောင်း ပေးရတာပေါ့ဗျာ။

နောက်ပိုင်းမှာတော့ ကျနော်ဟာ ဂေါက်သီးကစားနည်းကို တော်တော်စိတ်ဝင်စားလာပါတယ်။ အချိန်မရတဲ့ကြားထဲက တောင်ဥက္ကလာပ ဂေါက်ကွင်း၊ မင်္ဂလာဒုံ ဂေါက်ကွင်း၊ ဒညင်းကုန်း ဂေါက်ကွင်း၊ သံလျင်ဂေါက်ကွင်းတွေကို ကြုံရင်ကြုံသလို လျှောက်ရိုက်နေပါတော့တယ်။ အဓိကတွဲဖက်ကတော့ ဗိုလ်မှူးကြီး မျိုးမင်းပေါ့ဗျာ။ ဒီလူက တမျိုးဗျ။ သူ့ကိုနိုင်အောင်ရိုက်တာ မကြိုက်ဘူးဗျ။ ကျနော့်မှာ သူ့ကိုနိုင်နိုင်လည်း သိသိသာသာတမျိုး၊ မသိမသာတသွယ် အရှုံးချည်းပေးရတာပဲ။ ဘာပဲဖြစ်ဖြစ် ဂေါက်သီးကစားနည်းဟာ ကျနော်လိုလူလည်အဖို့ မဖြစ်မနေတတ်မြောက်ထားရမယ့် အင်္ဂါရပ်သ တဆယ့်ရှစ်ရပ်ထဲမှာပါတယ်လို့တော့ဆိုရမယ်။ ဟုတ်တယ်ဗျာ၊ ဘယ်သူဌေး၊ ဘယ်အရာရှိမဆိုဂေါက်ကွင်းထဲမှာ ကလေးတွေလိုဖြစ်ကုန်ကြတာမို့ အလုပ်ကိစ္စဆွေးနွေးစရာရှိရင် ပွင့်ပွင့်လင်းလင်းပြောနိုင်လို့ပေါ့ဗျာ။

နေဦးဗျာ၊ ကျနော် အဲဒီဌာနနဲ့အလုပ်လုပ်နေတုန်းမှာ နောက်ထပ်တရင်းတနှီးဖြစ်ခဲ့သူ တယောက်ရှိသေးတယ်။ သူကတော့ ဗိုလ်မှူးကြီးမောင်အောင်ပဲ။ သူဟာ စစ်ခွေးတွေကို လေ့ကျင့်ရတဲ့ တပ်မှာတာဝန်ယူခဲ့ဖူးတာကြောင့် စစ်ခွေးမောင်အောင်လို့လည်းခေါ်ကြသတဲ့ဗျာ။ သူလည်း ဗိုလ်မှူးကြီး ညီပုလို ညွှန်ကြားရေးမှူးချုပ်ပဲဗျာ။ ခင်ဗျားနားရှင်းသွားအောင်ပြောရရင် လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဦးစီးဌာန ဝန်ကြီးရဲ့လက်အောက်မှာ ဦးစီးဌာနနှစ်ခုရှိတာကြောင့် ညွှန်ကြားရေးမှူးချုပ်လည်း နှစ်ယောက်ရှိသဗျ။ ဗိုလ်မှူးကြီးမောင်အောင်က လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ပေါ့ဗျာ။ သူဟာ အသက်ခြောက်ဆယ်နားကို နီးနေပါပြီ။ ဒါပေမဲ့ အကောင်းစား နေကာမျက်မှန်တလက်ကို အမြဲတမ်းတပ်ထားပြီး လူလတ်ပိုင်းပုံ ဇွတ်ဖမ်းထားတတ်လေရဲ့ဗျာ။ ထူးခြားတာက သူနဲ့ကျနော် စတင်သိကျွမ်းတာဟာ ရန်ကုန်မှာ မဟုတ်ပဲ မန္တလေးမှာ သိကြတာဗျ။ ကျနော်က ကျွဲဆည်ကန်မှာရှိတဲ့ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဦးစီးဌာန အဆောက်အဦတွေကို အပူတပြင်းဆောက်နေချိန်မှာ ညွှန်ချုပ်ကြီး မိသားစုလာမယ်ဆိုတဲ့သတင်းကို တိုင်းဦးစီးမှူးဆီက နေရသဗျာ။

ဒီမှာတင် တိုင်းဦးစီးမှူးက လိုအပ်တဲ့ကြိုဆိုညှိခံမှုတွေလုပ်ပေးပါဦးဆိုတာနဲ့ ကျနော်လည်း ခေါင်းငြိမ့်လိုက်ပြီး နောက်နှစ်ရက်လောက်အကြာမှာတော့ ဗိုလ်မှူးကြီးမောင်အောင်ဟာ ရန်ကုန်ကနေ သူ့ကိုယ်ပိုင် နောက်ဆုံးပေါ် လင်ကရူဆာကားကြီးကို သူကိုယ်တိုင်မောင်းပြီး မန္တလေးကိုရောက်လာပါလေရောဗျာ။ သူတယောက်တည်းမဟုတ်ဘူးဗျ။ သူ့မိသားစုပါပါလာတယ်။ သူ့မိသားစုဆိုတာက သူ့မိန်းမနဲ့သူ့သားပေါ့ဗျာ။ သူ့အမျိုးသမီးက တပ်မတော်သူနာပြုတပ်ဖွဲ့က ဗိုလ်ကြီးတဲ့ဗျာ။ နာမည်ကတော့ ဒေါ်မွှေးမွှေး ထင်ပါရဲ့။ ဘာကြောင့်လဲဆိုတော့ ဗိုလ်မှူးကြီးမောင်အောင်က သူ့မိန်းမကို မွှေးရေ၊ မွှေးရေလို့ခေါ်နေသံကြားလို့ပေါ့ဗျာ။ ဗိုလ်ကြီးဒေါ်မွှေးမွှေးဟာ အသက်လေးဆယ်ကျော် လောက်သာရှိပါလိမ့်အုံးမယ်။ သူ့သားကတော့ အသက်ဆယ့်ခုနစ်နှစ်လောက်ရှိတဲ့ ခပ်ဝဝ ဖက်တီးလေးပါ။

သူ့ကိုကြိုဆိုညှော်ခံရင်း သူပြောနေတဲ့အကြောင်းတွေကို ဆက်စပ်ကြည့်လိုက်တော့ ဒေါ်မွှေးမွှေး ဟာ ဗိုလ်မှူးကြီးမောင်အောင်ရဲ့ ဒုတိယအိမ်ထောင်ဖြစ်ပုံရပါတယ်။ ပထမအိမ်ထောင်နဲ့ရတဲ့ ဗိုလ်မှူးကြီးမောင်အောင်ရဲ့သမီးအကြီးဟာ မေမြို့မှာနေပါတယ်။ ဗိုလ်မှူးကြီးမောင်အောင်ဟာ မန္တလေးကနေ သူ့သမီးအကြီးနေတဲ့ မေမြို့ကိုသွားမယ်လို့လည်း သိရသဗျ။

ဗိုလ်မှူးကြီးမောင်အောင်ဟာ ကျနော့်ကိုတွေ့တွေ့ချင်း ယုံကြည်အားကိုးဟန်တူပါရဲ့။ မေမြို့ကို သူ့မိသားစုနဲ့အတူလိုက်ခဲ့ဖို့ ကျနော့်ကိုခေါ်ပါတော့တယ်။ ကျနော်လည်း ငြင်းဖို့မသင့်တာက တကြောင်း၊ လုပ်လက်စအလုပ်တွေတော်တော်များများ လက်စသတ်နေချိန်ဖြစ်တာက တကြောင်းကြောင့် မေမြို့ကိုလိုက်သွားဖြစ်ပါတော့တယ်။ ဗိုလ်မှူးကြီးမောင်အောင်ဟာ သူ့ကားကို သူကိုယ်တိုင်မောင်းချင်တဲ့ဝါသနာအခံ ရှိပုံရသဗျာ။ မန္တလေးကနေမေမြို့ကိုလည်း သူကိုယ်တိုင်မောင်းသဗျ။ သူက ဒရိုင်ဘာနေရာမှာမောင်းနေတော့ ကျနော်က သူ့ဘေးမှာတလမ်းလုံးစကားတပြောပြောနဲ့ လိုက်လာရတာပေါ့ဗျာ။

မေမြို့-မန္တလေးလမ်းတလျှောက် သူနဲ့ကျနော်စကားလက်ဆုံကျရင်း တဖြည်းဖြည်းသိလာရတာကတော့ သူတို့မိသားစုမေမြို့ကိုလာတာဟာ သူ့သားပြဿနာကြောင့်ဆိုတာ ကျနော်သိလာရပါတယ်။ လက်စသတ်တော့ သူ့သားဟာ အဲဒီတုန်းက လမ်းသူရဲဂိုဏ်းလိုလို၊ လူဆိုးဂိုဏ်းလိုလို နာမည်သိပ်ကြီးနေတဲ့ စကော်ပီယံဂိုဏ်းဝင်တဲ့ဗျာ။ ဗိုလ်မှူးကြီးမောင်အောင်ကတော့ ကျနော့်ကို အဲဒီအကြောင်းတိုက်ရိုက်တဲ့တိုး ဘယ်ပြောပါ့မလဲဗျာ။ သူပြောနေတဲ့စကားတွေကို တစချင်းဆက်စပ်ပြီး အဓိပ္ပာယ်ဖော်ကြည့်ရတာပေါ့။ အဲဒီစကော်ပီယံဂိုဏ်းဟာ မဆလ ခေတ်ခေါင်းဆောင်ကြီး ဦးနေဝင်းရဲ့မြေးတွေဦးဆောင်ပြီး ဖွဲ့ထားတာဆိုတာလောက်တော့ ခင်ဗျားလည်းသိပြီးသားပါ။

ဒါထက်ထူးတဲ့အကြောင်းက အဲဒီစကော်ပီယံဂိုဏ်းထဲမှာ နအဖ အစိုးရအဖွဲ့ဝင် လူကြီးတွေရဲ့သားတွေပါပါနေသတဲ့ဗျ။ အဲဒီအချိန်ဟာ စကော်ပီယံဂိုဏ်းဟာ သူတို့နဲ့ ဆန့်ကျင်ဘက်ပြိုင်ဘက် လူငယ်အုပ်စုတွေကို ရန်ကုန်လိုမြို့ပေါ်မှာတောင် သတ်တဲ့ဖြတ်တဲ့အထိ လက်ရဲဇက်ရဲဖြစ်နေကြသတဲ့ဗျာ။ ကျနော်ကြားဖူးတဲ့ သတင်းတပုဒ်အရဆိုရင် စကော်ပီယံဂိုဏ်းသားတွေဟာ သူတို့နဲ့မတည့်တဲ့အုပ်စုက လူငယ်တယောက်စီးလာတဲ့ကားနောက်ကို သူတို့ ကားတွေနဲ့ဝိုင်းလိုက်ပြီး အတင်းရပ်ခိုင်းသတဲ့ဗျ။ အဲဒီကားလည်းရပ်သွားရော စကော်ပီယံအုပ်စုဟာ သူတို့ကားဆယ်စီးလောက်က ကားမီးတွေကို စောစောကရပ်သွားတဲ့ကားဆီကို စုပြုံထိုးလိုက်ကြပြီး ကားထဲကလူငယ်ကို ဇွတ်အတင်း လမ်းမပေါ် ဆွဲထုတ်ပြီး နေရာမှာတင် ပွဲချင်းပြီးရိုက်သတ်ခဲ့ကြဖူးသတဲ့ဗျာ။ ဒီသတင်းဟာ မှန်မမှန်၊ ကျနော်အတည်မပြုနိုင်ပေမယ့် ရန်ကုန်မြို့ကလူတော်တော်များများ ပါးစပ်ဖျားမှာရေပန်းစားခဲ့တဲ့ သတင်းပါပဲဗျာ။

အဲဒီလိုသောင်းကျန်းနေတဲ့ စကော်ပီယံတွေကို ဖြိုခွဲနှိမ်နင်းဖို့အတွက် ထောက်လှမ်းရေးက စီမံချက်ရေးဆွဲနေချိန်မှာ စကော်ပီယံဂိုဏ်းသားတွေထဲက လက်ရှိလူကြီးသားသမီးတွေပါမလာအောင် တိုးတိုးတိတ်တိတ် ကြိုတင်အသိပေးခဲ့ကြသတဲ့ဗျ။ ဒါကြောင့် ဗိုလ်မှူးကြီး မောင်အောင်နဲ့သူ့ဇနီးဟာ သူ့သားကိုခေါ်၊ မေမြို့ကိုတက်လာပြီး စကော်ပီယံဂိုဏ်းကိုနှိပ်ကွပ်ရာမှာ သူတို့သားပါမသွားအောင် စီစဉ်ကြတာပေါ့ဗျာ။

ကျနော့်မျက်စေ့ထဲမှာလည်း အဲဒီချာတိတ်ဟာ တကယ့်ဂျိဂျောင်ချာတိတ်ပါဗျာ။ စားသောက်ဆိုင်မှာ စားသောက်နေတုန်း အိမ်သာတက်ချင်တယ်ဆိုလို့ အိမ်သာလိုက်ပြတော့လည်း အဲသလိုအိမ်သာမျိုးမှာ မတက်နိုင်ပါဘူးဆိုလို့ သူတို့တည်းတဲ့ ဟိုတယ်ကို ပြန်ပို့ရသေးဗျာ။ အင်း၊ တဦးတည်းသောသားလည်းဖြစ်ပြန်၊ နွားအိုနောက်ကျသားလေးလည်း ဖြစ်ပြန်ဆိုတော့ အတော်ချစ်ရှာကြ

ထင်ပါရဲ့ဗျာ။ ဒါကြောင့်လည်းထင်ပါရဲ့၊ ဗိုလ်မှူးကြီးမောင်အောင်နဲ့သူ့ဇနီးဟာ သားတော်မောင်ရတက်ဇောနဲ့ ပေဒင်တွေမေး၊ နတ်ကတော်တွေကိုမေးတာတွေကိုလည်း လျှောက်လုပ်ခဲ့ကြသေးသတဲ့ဗျာ။ အကြားအမြင်ဆိုလား၊ ခေါင်းစွဲဆိုလား ရှေ့ဖြစ်ဟောတဲ့ဆရာမတယောက်ဆီကိုလည်း ရောက်ခဲ့သေးသတဲ့။ အဲဒီပေဒင်ဆရာမဟာ ဘိုးမင်းခေါင်ဝင်ပူးပြီး သူတို့ကို ရှေ့ဖြစ်တွေ ဟောခဲ့တယ်ဆိုပဲ။ ဗိုလ်မှူးကြီးမောင်အောင်ဟာ ဘိုးမင်းခေါင်ကိုတော့ အတော်ကိုယုံကြည်အားထားပုံရတယ်ဗျာ။ သူပြောတာကတော့ ကိုသက်ခိုင် ဒါမျိုးကမယုံလို့မရဘူးဗျ။ ပေဒင်ဆရာမဟာ မိန်းမကြီးတန်မယ့် ဘိုးမင်းခေါင်လည်းဝင်စီးရော သူ့အသံက တကယ့်အဘိုးကြီးအသံပေါက်သွားရောဗျာတဲ့။ ကျနော့်စိတ်ထဲမှာတော့ အသံပြောင်းသွားရုံနဲ့ ဘိုးမင်းခေါင်အစစ်လို့ တထစ်ချမယူသင့်ဘူးထင်တာပဲဗျာ။

မေမြို့လည်းရောက်ရော ဗိုလ်မှူးကြီးမောင်အောင်ဟာ သူ့သားတော်မောင်ကို အရင်အိမ်ထောင်နဲ့ရတဲ့ သူ့သမီးကြီးအိမ်မှာထားခဲ့ဖို့စီစဉ်ပေမယ့် သားတော်မောင်အရှုပ်ထုပ်က သူများအိမ်မှာမနေချင်ဘူးလုပ်ပြန်တာကြောင့် မေမြို့မှာ ကိုယ်ပိုင်အိမ်တလုံးဝယ်ချင်တယ်၊ ကိုသက်ခိုင်ကူညီပါဦးလုပ်ပါလေရောဗျာ။ ကျနော်ဆိုတဲ့ကောင်ကလည်း မေမြို့မှာ အသိအကျွမ်းမရှိလေတော့ မန္တလေးကဒေါ် စက်ကြည်ကိုလှမ်းခေါ်ပြီး ထပ်ဆင့်အကူအညီတောင်းရပြန်ပါတယ်။ ဒေါ် စက်ကြည်ရဲ့ အဟောကောင်းအပြောကောင်းမှာ ဗိုလ်မှူးကြီးမောင်အောင် မျောသွားတယ်ထင်ပါရဲ့ဗျာ။ ဒေါ် စက်ကြည်ရဲ့တူမယောကျ်ား၊ သဘော်သားတယောက်ဆောက်ထားတဲ့ မေမြို့ကအိမ်ကို ဝယ်ပါမယ်လို့သဘောတူလိုက်သဗျာ။ ဒါပေမဲ့ အိမ်အရောင်းအဝယ်စာချုပ်ချုပ်ပြီး ငွေချေမယ့်အဆင့်မှာ ဗိုလ်မှူးကြီးမောင်အောင်ဟာ အရေးတကြီးထွက်လာတာကြောင့် သူ့လက်ထဲမှာ ငွေအဆင်သင့်မဖြစ်တဲ့အတွက် အိမ်ဖိုးစရံငွေထုတ်ပေးဖို့ကိစ္စဟာ ကျနော့်ခေါင်းပေါ် ရောက်လာပြန်ပါတယ်။ ဒီလိုနဲ့ အိမ်ဖိုး သိန်းတရာ့သုံးဆယ်မှာ ကျနော်က စရံငွေအဖြစ် သိန်းရှစ်ဆယ်ကို အိတ်ထဲက စိုက်ပေးထားလိုက်ရပြန်ပါတယ်။

ဩော်၊ စရံငွေက များလှချည့်လား၊ ဟုတ်လား။ မများဘူးဗျ။ ဗိုလ်မှူးကြီးမောင်အောင်က ငွေမကြေခင် အိမ်ပေါ် တက်နေချင်တာလေ။ တက်နေချင်ရုံတင်မကဘူး၊ သူ့သားတော်မောင်အလိုကျ မူလအိမ်ပုံစံကို ဖျက်တာတွေ၊ တိုးချဲ့တာတွေ လုပ်ချင်တာကိုးဗျ။

ဟုတ်တယ်ဗျာ။ အိမ်အရောင်းအဝယ်စာချုပ်ချုပ်ပြီး နှစ်ရက်အကြာမှာ ဗိုလ်မှူးကြီးမောင်အောင်ဟာ မေမြို့က သူ့အသိအမျိုးသမီး အင်ဂျင်နီယာတယောက်ကိုခေါ် ပြီး သူလိုချင်တဲ့ပုံစံဖြစ်အောင် ဖျက်တာတွေ၊ ပြင်တာတွေ လုပ်တော့တာပဲဗျာ။ အဲဒီအမျိုးသမီးက ဒီဇိုင်းသာ ထုတ်ပေးရုံထုတ်ပေးတာမို့ ဆောက်လုပ်ရေး အလုပ်သမားတွေလိုပြန်တာကြောင့် မန္တလေးက ကျနော့်အဖွဲ့ကိုလှမ်းခေါ် ရပြန်ပါတယ်။

အေးပေါ့ဗျာ၊ သားကိုချစ်တဲ့ဇောနဲ့ ညွန့်ချုပ်ရုံးခန်းကို တပတ်လောက်ပိတ်ထားပြီး မေမြို့ကိုတရားဝင်ခရီးစဉ်တခုပြုပြီး ထွက်လာခဲ့တဲ့သူ့ခမျာ ဘာလုပ်လုပ် ကမန်းကတန်းချည်းဖြစ်နေတာပေါ့ဗျာ။ ဒီကြားထဲ ရယ်စရာတခုကြုံရသေးဗျာ။ ကြုံရပုံက စောစောကပြောတဲ့ ဗိုလ်မှူးကြီးမောင်အောင်မေမြို့ကအိမ်ကိုပြင်ဆောက်နေတဲ့ ချိန်ပေါ့။ ညနေ ငါးနာရီလောက်မှာ အလုပ်သမားတွေ အလုပ်သိမ်းချိန်မို့ ဗိုလ်မှူးကြီးမောင်အောင်နဲ့ ကျနော်လိုအပ်သည်များကို လိုက်လံစစ်ဆေးနေချိန်မှာ အဲဒီအိမ်ရှေ့ကို အမူးသမားတယောက်ရောက်လာပြီး ခြံထဲက ကျနော်တို့အဖွဲ့ကို လမ်းမပေါ် ကနေ လှမ်းချလင့်လုပ်ပါလေရောဗျာ။ ချလင့်လုပ်ရတဲ့အကြောင်းရင်းကတော့ ကိုရွှေခနဲ့ဟာ သူ့ဖာသူ မူးမူးနဲ့ စက်ဘီးစီးလာတာ ခြံရှေ့လည်းရောက်ရော စက်ဘီးလဲကျပြီး စက်ဘီးပေါ် ကနေ ဘိုင်းကနဲပစ်ကျတာကို မကျေနပ် လို့တဲ့ဗျာ။

ကျနော်လည်း ဗိုလ်မှူးကြီးမောင်အောင်လို ဂုဏ်သရေရှိညည်သည်တယောက်ရှေ့မှာ ဒီလို အဖြစ်မျိုး မဖြစ်သင့်ပေဘူးလို့ တွေးမိတာနဲ့ ရှေ့ကိုယ်တော်ကိုချော့မော့ပြီး အိမ်ပြန်လွှတ်လိုက်ဖို့ ခြံပြင်ကို ထွက်သွားတော့ ဗိုလ်မှူးကြီးမောင်အောင်ကပါ နောက်ကလိုက်လာပါတော့တယ်။

အမယ် ကိုယ်တော်က မူးသာမူးနေတယ်၊ ကျနော်လည်း ခြံပြင်ထွက်လာရော သူ့ကိုရန်ပြုမယ့် သူလို့ ထင်ဟန်တူပါရဲ့။ ဟော့ကောင် မင်းဘာကောင်တုန်း၊ ငါဘာကောင်ဆိုတာကော မင်းသိသလား လုပ်ပါလေရောဗျာ။ ကျနော်က သူ့ကိုလေပြေလေးနဲ့ ကျနော့်အိမ်မှာ ရန်ကုန်ကညည်သည်တွေရောက် နေလို့ပါဗျာ။ အိမ်ကို အေးအေးဆေးဆေးပြန်လိုက်ပါလို့ ပြောနေချိန်မှာ ဗိုလ်မှူးကြီးမောင်အောင်က လည်း ကျနော့်နောက်မှာ ကပ်လျက်ရပ်နေသဗျ။ ဒါပေမဲ့ ကိုယ်တော်က ကျနော်ကိုကျော်ပြီး ဗိုလ်မှူးကြီးမောင်အောင်ကို ဆက်ရမ်းပြန်ပါတယ်။ အဲဒီရန်ကုန်ကကောင်ဆိုတာ ဘာကောင်တုန်းကွ၊ ငါဘာကောင်လဲဆိုတာ ဒီကောင်သိသလားတဲ့။ ကျနော်လည်း ဒီအတိုင်းတော့မဖြစ်ချေဘူးဆိုပြီး ကဲ ဆရာသမား ဘာကောင်ဆိုတာသိပါရစေဗျာလို့လည်း မေးလိုက်ရော သူ့ခုနှစ်သံချိတင်ပြီး

'အေး၊ မင်းမသိသေးရင် သေတဲ့အထိမှတ်လိုက်ပေတော့၊ ငါက မေမြို့ လဝက ခရိုင်ဦးစီးမှူးကွ' ဆိုပြီး အော်ပါလေရောဗျာ။ ကျနော့်စိတ်ထဲမှာ ဒီလူတော့ ဒီနေ့ကံဆိုးရှာပြီဆိုပြီး တွေးရင်း ဗိုလ်မှူးကြီး မောင်အောင်ကို ဘယ်နှယ့်လုပ်ကြမလဲဆိုတဲ့ မျက်နှာပေးနဲ့လှမ်းကြည့်လိုက်တော့ သူက ဘာမှမပြောပါ နဲ့ ဆိုတဲ့အမူအရာနဲ့ ကျနော့်ကိုလက်ဝါးကာပြတာကြောင့် ငြိမ်နေလိုက်ပါတယ်။ ဒီမှာတင် ဗိုလ်မှူးကြီး မောင်အောင်က ကျနော့်ကို ကိုသက်ခိုင် ခင်ဗျားတပည့်တွေနဲ့ ကားပေါ် တင်ပြီး သူ့အိမ်ပြန်ပို့လိုက်ပါဗျာ လို့ ခပ်အေးအေးပြောပါတယ်။ ဒါနဲ့ပဲ ကိုယ်တော်ချောကို ကျနော့်ကားပေါ် မရရအောင်တင်ပြီး သူ့အိမ် ပြန်ပို့လိုက်ရတာပေါ့ဗျာ။

နောက်တနေ့မနက် အမူးလည်းပြေတော့ သူမနေ့တရမ်းခဲ့တာဟာ သူ့ဌာနက ညွှန်ကြားရေးမှူး ချုပ်လို့လည်းသိရော ရုံးတောင်မတက်ရဲတော့ပဲ အိမ်မှာ သုံးရက်လောက် ကြောင်တောင်တောင်ဖြစ် နေတယ်ဆိုပဲ။ နောက်ပိုင်းတော့ သူ့ကို ဗိုလ်မှူးကြီးမောင်အောင်က ရုံးကိုခေါ်ပြီး နောက်တကြိမ် ဒီအဖြစ်မျိုး မဖြစ်ဖို့ ကတိဝန်ခံချက် ထိုးခိုင်းရုံနဲ့တင် ကိစ္စပြတ်သွားတယ်ကြားသဗျာ။ တကယ့်ကို တော်တော်ညံ့တဲ့ လဝက ခရိုင်မှူးပါပဲဗျာ။ ကိုယ့်ဌာနက ညွှန်ချုပ်ကို ဖြူသလားမဲသလား မသိလောက် အောင် မူးရသလား။ ညွှန်ချုပ်ရောက်နေတယ်ဆိုတာလောက်တောင် သတင်းမကြားတာ ကျနော်ဖြင့် အံ့ဩလို့ မဆုံးဘူး။ ဒီနေရာမှာ ဗိုလ်မှူးကြီးမောင်အောင်ရဲ့ သည်းခံမှုကိုတော့ လေးစားမိပါရဲ့။

တိုက်တိုက်ဆိုင်ဆိုင်ဆိုရမလားတော့ မသိဘူးဗျာ။ သူမေမြို့ရောက်ပြီး တပတ်လောက်အကြာ မှာ သူ့လက်ကိုင်ဖုန်းထဲကို ဗိုလ်ချုပ်ခင်ညွန့်ကိုယ်တိုင်လှမ်းဆက်တဲ့ ဖုန်းတခုဝင်လာသဗျာ။ အဲဒီဖုန်း ဝင်လာချိန်မှာ ကျနော်က ဗိုလ်မှူးကြီးမောင်အောင်ဘေးနားမှာရပ်နေတဲ့ အချိန်ပေါ့ဗျာ။ သူ့ တရို တသေလေသံနဲ့ ဟုတ်ကဲ့ခင်ဗျ။ ဟုတ်ကဲ့ခင်ဗျဆိုပြီး 'ခင်ဗျ' ချင်းထပ်နေတာကြောင့် ထူးပါတယ်လို့ စိတ်ထဲကတွေးနေတုန်း မကြာခင် သူပြန်ပြောချက်အရ သူ့ကို ဒုတိယဝန်ကြီးအဖြစ်ခန့်လိုက်တဲ့ ဖုန်း သတင်းဖြစ်နေတာကို သိလိုက်ရပါတယ်။

ဗိုလ်မှူးကြီးမောင်အောင်ဟာ ဗိုလ်ချုပ်ခင်ညွန့်ဆီကနေ ဒုတိယဝန်ကြီးခန့်လိုက်တယ်ဆိုတဲ့ ဖုန်းသတင်းရပြီးတဲ့နောက်မှာတော့ စကားစပ်မိတိုင်း ဗိုလ်ချုပ်ခင်ညွန့်ကောင်းကြောင်း တဖွဖွပြောတော့ တာပဲဗျာ။ ဘာတဲ့ တကယ်တော့ ဗိုလ်ချုပ်ခင်ညွန့်ဟာ ဗိုလ်ချုပ်အောင်ဆန်းလို ကိုယ်ကျိုးမဖက်ပဲ တိုင်းပြည်အကျိုးကိုသာကြည့်တတ်တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်တယ်ဆိုတာလည်း ပါသေးဗျာ။ ကျနော်သိ သလောက် ဗိုလ်မှူးကြီးမောင်အောင် ရာထူးတိုးတာဟာ ရခိုင်နဲ့ ဘင်္ဂလားဒေ့ရှ်နယ်စပ်က ရိုဟင်ဂျာ

ပြဿနာကို ဟသ်ာစီမံချက်တို့ ဘာတို့လုပ်ပြီး အချိန်အတော်ကြာကြာ ကိုင်တွယ်ဖြေရှင်းလာတဲ့ အတွေ့အကြုံကြောင့်ဆိုတာပါပဲ။ နအဖ အဖွဲ့ထဲမှာ ဒီပြဿနာကို ဘုမသိဘမသိဝင်ကိုင်တတ်တဲ့သူ မရှိဘူးလို့လည်း ကြားရသဗျာ။ သူဟာ ဒုတိယဝန်ကြီးသာဖြစ်သွားတယ်၊ မျက်နှာဖြူဘိုစာတော့ သိပ်ကျွမ်းကျွမ်းကျင်ကျင် မပြောတတ်တာတော့ ကျနော်သတိထားမိသဗျာ။ သတိထားမိဆို မြန်မာ နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးက သူ့ဆီကိုဖုန်းဆက်တုန်း ကျနော်က သူ့ဘေးနားမှာ ရှိနေတာကြောင့်ပေါ့ဗျာ။

ကျနော့်နားထဲမှာတော့ သူပြန်ပြောတဲ့စကားအခွန်း နှစ်ဆယ်လောက်ဟာ (Yes)တွေချည်း ထပ်နေသလိုပဲဗျာ။ အင်း ဗိုလ်မှူးကြီးမောင်အောင်အတွက်ကတော့ သူ့သားလည်း ဘေးကင်းရာ ရောက်အောင် အချိန်မီလုပ်နိုင်၊ ဒုတိယဝန်ကြီးအဖြစ်လည်းရာထူးတိုးဆိုတော့ သူ့အတွက်တော့ စုတ်ရောလာဘ်ပါ ဝင်နေတဲ့ကိန်းပေါ့ဗျာ။ ကျနော့်အတွက်ကတော့ ဗိုလ်မှူးကြီးမောင်အောင်ရဲ့ မေမြို့ ခရီးဟာ အကုသိုလ်ဝင်သလိုဖြစ်ခဲ့ပါတယ်။ သူရန်ကုန်ပြန်သွားပြီး တပတ်လောက်အကြာမှာ မေမြို့က အိမ်ကို မဝယ်ချင်တော့ပါဘူးလုပ်ပြန်တာကြောင့် ကျနော့်စရံငွေတွေ ဆုံးမလိုဖြစ်လာပါတော့တယ်။ ဒါကြောင့် အဲဒီအိမ်ကို ကျနော်ကပဲပြန်ဝယ်လိုက်ပြီး ကျန်ငွေကို ရက်ချိန်းတခုပေးပြီးချေဖို့ စာချုပ် အသစ်တစောင် ချုပ်လိုက်ရတော့တာပေါ့ဗျာ။ အိမ်ကိုလည်း နေမယ့်သူမရှိတာကြောင့် ဒေါ်စက်ကြည် လက်ထဲကိုပဲ အပ်ထားရတော့တယ်။

ခင်ဗျားကတော့ ယုံချင်မှယုံချင်ပေလိမ့်မယ်။ ကျနော် မောင်ဝိတ်ဆီက ပစ္စည်းတွေကို ဝယ်လိုက် တုန်းက အပြောင်ရိုက် အပြတ်ရှင်းလိုက်မယ်ဆိုတဲ့စိတ်ကူးမျိုး လုံးဝမရှိခဲ့တာအမှန်ပါ။ မောင်ဝိတ်ဆီက ဝယ်လိုက်တဲ့ပစ္စည်းတွေထဲက တချို့ကို ကျနော့်လုပ်ငန်းမှာသုံးပြီး ကျန်တာတွေကို ဈေးကွက်ထဲမှာ ပြန်ချရောင်းပြီး ငွေလှည့်ကစားဖို့လောက်သာ ကျနော်ရည်ရွယ်ခဲ့ရိုးအမှန်ပါ။ ဗိုလ်မှူးကြီးညီပုပြဿနာ တစုံတရာတက်ပါစေတော့လို့လည်း စိတ်ကူးထဲမှာတောင်မရှိခဲ့ရိုးအမှန်ပါပဲ။ ဒါကြောင့်လည်း မောင် ဝိတ်နဲ့ကျနော် စာချုပ်ချုပ်အပြီး တလကျော်လောက်မှာ ကျနော်ဟာ သူ့ပစ္စည်းဖိုးငွေ သုံးချိုးတချိုး လောက်ကို ပြန်လည်ပေးဆပ်နိုင်ခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်မှာ ဘီလပ်မြေနဲ့သံချောင်းတွေ ရောင်းရငွေကို ဒေါ်လာတွေဝယ်ပြီး ပြန်ချေတာပေါ့ဗျာ။ ကျနော် ဒေါ်လာအဝယ်ကြမ်းလွန်းလို့ တခါတခါ ဒေါ်လာဈေးကွက်တောင် ကမောက်ကမဖြစ်သွားသေးဗျာ။ မောင်ဝိတ်ဟာ ကျနော့်ကို အယုံကြီးယုံခဲ့တာကြောင့် နောက်ထပ် ဘီလပ်မြေနဲ့သံချောင်းလိုအပ်ရင် ဘာစာချုပ်မှမလိုပဲ ထပ်ပေးပါ့မယ်လို့တောင် ကမ်းလှမ်းလာတဲ့ အထိပါပဲဗျာ။ ဒါပေမယ့် မထင်မှတ်တာတွေဖြစ်လာခဲ့ပါတယ်။ အဲဒီလိုမထင်မှတ်တာတွေ ဖြစ်လာ ရခြင်းဟာလည်း ကံကြမ္မာနဲ့ ကျနော့်အမှားတဝက်စီကြောင့် ဖြစ်ရတယ်လို့ဆိုရပါလိမ့်မယ်။ ရှင်းအောင် ပြောရရင် ဒီလိုဗျ။

ကျနော့်အမှားကတော့ ကျနော်ဟာ မန္တလေးလူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဦးစီးဌာန ကရတဲ့ ကန်ထရိုက်လုပ်ငန်းနှစ်ခုအနက် ကွဲဆည်ကန်ကအလုပ်ကိုသာ ကျနော့်ကုမ္ပဏီနာမည်နဲ့ စာချုပ် ချုပ်ခဲ့ပြီး ချမ်းမြသာစည်က ရှစ်ခန်းတွဲလေးထပ်တိုက်ကို ဒေါ်စက်ကြည်ရဲ့နာမည်နဲ့ ချုပ်ခွင့်ပြုလိုက်မိခြင်း ပါပဲ။ ဒါ့အပြင် နောက်ထပ်အမှားတခုကတော့ မောင်ဝိတ်ဆီကဝယ်ထားတဲ့ သံချောင်းနဲ့ဘီလပ်မြေ တော်တော်များများကို မန္တလေးဈေးကွက်မှာရောင်းနိုင်အောင် သူ့လက်ထဲကိုလွှဲပေးမိခြင်းပါပဲ။

ဒေါ်လေး၊ ကျနော်ဆိုတဲ့ကောင်ကလည်း လူမသေငွေမရှား၊ ရှာမယ်၊ သုံးမယ်၊ အဆင့်အတန်း မြင့်မြင့်နေမယ်၊ တုန်ရင်ပြန်ရှာနိုင်တယ်လို့ ခပ်လွယ်လွယ်ခပ်ပေါ့ပေါ့တွေး နေခဲ့တဲ့ အချိန်ကိုး။ မန္တလေး သူ့ လေသံနဲ့ စကားချိုချို ပြောတတ်ပါတယ်။ သူ့အသက်က ငါးဆယ်စွန်းစွန်းလောက်သာရှိသေးပေမယ့်

သူ့ကိုယ်သူ အမေစက်၊ အမေစက်လို့ နာမ်စားသုံးတတ်ပါတယ်။ ကျနော်နဲ့မတွေ့ခင် နှစ်နှစ်လောက်ကစပြီး ယောဂီထမိန်ကလွဲလို့ တခြားအရောင်တွေ မဝတ်ဘူးလို့ဆိုပါတယ်။ ယောဂီဝတ်စုံဝတ်ထားပေမဲ့ ဘယ် ဘာသာရေးမှ ထူးထူးခြားခြားလုပ်တာမတွေ့ပါဘူးဗျာ။ ကျောက်မျက်အရောင်းအဝယ်လိုလို၊ ပွဲစားလိုလို လုပ်နေတာ ပါပဲ။ ကျနော်နဲ့တွေ့တော့ ကျနော့်လုပ်ငန်းခွင်ထဲကို ဆောက်လုပ်ရေးပစ္စည်းတွေသွင်းပါတယ်။ တခါတခါ ငွေလေးငါးဆယ်သိန်းလိုအပ်ရင် ခေတ္တခဏစိုက်ထုတ်ပေးတတ်တာမျိုးတွေလည်း ရှိသဗျာ။ သူ့မှာ အိမ်ထောင်ရှိတယ်ဗျ။ သူတို့ အိမ်ထောင်ရေးဇာတ်လမ်းက နည်းနည်းတော့ အူကြောင်ကြောင် နိုင်တယ်ထင်တယ်ဗျာ။

ဒေါ်စက်ကြည်ယောက်ျားက တကယ့်နုံနုံအအ၊ ရိုးရိုးသားသား တောသားကြီးပုံစံဗျာ။ သူတို့ အိမ်ထောင်သက် အနှစ် နှစ်ဆယ်ကျော်လောက်ရှိပြီတဲ့။ သားသမီးမထွန်းကားဘူးဗျ။ အဲ၊ ဒေါ်စက်ကြည်ဟာ ယောဂီထမိန်စဝတ်တဲ့ လွန်ခဲ့တဲ့နှစ်နှစ်လောက်ကစပြီး သူ့ယောက်ျားကို မပေါင်းနိုင်တော့ပါဘူးဆိုပြီး အိမ်ပေါ်ကမောင်းချပြီး မန္တလေးမြို့လမ်းပေါ်က မြေတခြမ်းမှာသွားနေခိုင်းသဗျ။ သိတာပေါ့ဗျာ။ အဲဒီခြံထဲကို ဒေါ်စက်ကြည်ဝင်ထွက်နေတာ ကျနော်လည်း ပါပါသွားတာပဲ။ ဒေါ်စက်ကြည်ယောက်ျားကလည်း အသက်ငါးဆယ်ကျော်လောက်ပါပဲ။ တကယ့်ကို ခပ်ကုပ်ကုပ်နေတတ်တဲ့လူကြီးဗျာ။ ဒါမှမဟုတ် ဒေါ်စက်ကြည်ကိုကြောက်ရတာလည်း ဖြစ်နိုင်ပါရဲ့။

အင်း၊ ဒေါ်စက်ကြည်ကလည်း သူ့ကိုယ်သူ ဇတ်ဇတ်ကြဲမိန်းမဆိုပြီး နောက်ကြောင်းလေးတွေ ဇာတ်စုံခင်းဖူးသဗျာ။ သူဟာ သူနဲ့လုပ်ဖော်ကိုင်ဖက်တယောက်ကို စီးပွားရေးကိစ္စကားများရာက သတ်ဖို့ဖြတ်ဖို့ကြံဖူးတယ်လို့ ကျနော့်ကို ခဏခဏပြောသဗျာ။ အဲဒီလူရဲ့အိမ်ထဲကို ဓာတ်ဆီပုံးတွေ တိတ်တဆိတ်သွားထားပြီး အဝေးကနေ မီးဒုတ်နဲ့ ပစ်သွင်းဖူးဆိုလားဗျာ။

ကျနော်ကလည်း လူမိုက်တွေကြားထဲမှာကြီးလာတဲ့ကောင်မို့ သတ်တာဖြတ်တာကို သိပ်အထင်ကြီးလှတဲ့ကောင်မဟုတ်လေတော့ သူ့စကားကို လုံးလုံးစိတ်မဝင်စားမိဘူး။ ဒါပေမဲ့ သူရဲ့ဒုတိယပစ်မှတ်ဟာ ကျနော်ဖြစ်လာမယ်ဆိုတာ ကျနော်အိပ်မက်တောင်မမက်ခဲ့ပါဘူး။ နောက်ပိုင်းမှာတော့ ဒေါ်စက်ကြည်ရဲ့ဇာတိရုပ်ဟာ ထင်ထင်ရှားရှားပေါ်လာခဲ့ပါတော့တယ်။ တိတိကျကျပြောရမယ်ဆိုရင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးတွေကို အုပ်စုလိုက်အနားပေးလိုက်တဲ့အချိန် ၁၉၉၈ ခုနှစ် နှောင်းပိုင်းပေါ့ဗျာ။ အခုမှ ပြန်စဉ်းစားကြည့်မိတော့ အဲဒီ ၁၉၉၈ ခုနှစ်ဟာ ကျနော့်ဘဝရဲ့ဇာတာစန်းလာဂ် အတက်ဆုံးနှစ်ဖြစ်သလို ဇာတာအနိမ့်ဆုံးကိုရောက်ပြီး သေတွင်းကို ကျခဲ့တဲ့နှစ်ပါပဲဗျာ။

■

## အခန်း (၈၈)

# ဘဝတခု ဖျက်သုဉ်းခြင်း

ကျနော်ဟာ လုပ်ငန်းကိုင်ငန်းတွေအဆင်ပြေနေချိန်မှာ သောက်စားမူးယစ်ပြီး ဘဝမေ့နေခဲ့သူတော့ မဟုတ်ပါဘူး။ အဆင်ပြေနေချိန်မှာ လူ့ရေးတန်းရေးလေးလုပ်ဦးမယဆိုပြီး ကျနော့် အစ်ကိုကြီးက မွေးတဲ့သားတွေကို ရွာပြန်ပြီး ခမ်းခမ်းနားနားအလှူပေးခဲ့ပါသေးတယ်။ ကျနော့်အထက် အစ်ကိုဟာ ဆယ်တန်းနှစ်ခါကျပြီးကတည်းက ရွာမှာရှိတဲ့ အမေ့အမွေ၊ ယာတွေနဲ့ ရွာပြန်ပြီး တောင်သူ လုပ်နေခဲ့ပါတယ်။ အဖေရှိတုန်းကတော့ ကျနော့်အစ်ကိုဟာ ဆယ်တန်းစာမေးပွဲကျလိုက်၊ ရွာပြန်မြေး လိုက်လုပ်နေတာကို အဖေကကြည့်မရဘူးထင်ပါရဲ့။ ဖိကုပ်နုတ်ပြည်တင်တာကို တောမှာပြန်ပျော်ချင် တဲ့ တောနွားဆိုပြီး ခဏခဏကြိမ်းမောင်းသဗျာ။

အေးဗျာ၊ ကျနော်ဟာ ဗုဒ္ဓဘာသာဝင်ဖြစ်လေတော့ သာသနာ့အမွေခံတာတို့ဘာတို့ကို စောင့်လေမျိုးနွယ်ဆိုသလို အစဉ်အလာမပျက်လုပ်သင့်တယ်မဟုတ်လား။ ညီအစ်ကို မောင်နှမခုနှစ်ယောက်အနက် ကျန်ခြောက်ယောက်မှာသာ သားတွေထွန်းကားပေမယ့် ကျနော့်မှာက တဦးတည်းသောသမီးဖြစ်နေခဲ့တာကိုး။

အလှူအတွက် ကျနော့်ဇာတိ မှိုက်ပင်ရွာကိုပြန်ရောက်တော့ ကျနော်နှစ်ပေါင်းသုံးဆယ်နီးပါးကင်းကွာခဲ့တဲ့ ကျနော့်ဇာတိမြေဟာ တယ်ပြီး ထူးထူးခြားခြားအပြောင်းအလဲမရှိလှပါဘူး။ ရွာမီးလောင်လို့ ရွာကို နည်းနည်းထပ်ချဲ့ထားတာကလွဲရင် ဒီရွာခရိုး၊ ဒီယာကွင်းနဲ့ ဒီဝင်း၊ ဒီဝိုင်းတွေပါပဲ။ ရွာအပြင်က နှမ်းခင်းပြောင်းခင်း ပဲခင်းတွေရဲ့ရှုခင်းတွေကလည်း ကျနော်ငယ်ငယ်ကလိုပါပဲ။ ရွာမှာလုပ်တဲ့ ကျနော့်အစ်ကိုအလှူကို ကျနော်တို့ညီအစ်ကို မောင်နှမအားလုံးစုံစုံညီညီ ရောက်နေကြတော့ တရွာလုံးဟာ အမျိုးလိုဖြစ်နေကြတာမို့ ထွက်ကြိုလိုက်ကြတာ တကယ့် မျောက်ပွဲနဲ့တောင်တူနေသေးဗျာ။

ကျနော့်အဖေရဲ့ ကြီးဒေါ်၊ ဖွားရွှေနွဲ့ကတော့ တုန်ချိတုန်ချိနဲ့ လမ်းလျှောက်နိုင်ပါသေးတယ်။ ကျနော်တို့ သူ့အိမ်သွားမလည်ခင် ကျနော်တို့တည်းတဲ့အိမ်ကို တောင်ဝှေးတချောင်းနဲ့ပေါက်ချလာပြီး၊

ဟဲ့ ဘယ်မတုန်း၊ အောင်မြ သားသမီးတွေ၊ အမလေး တကယ့်မြို့ကြီးသူ မြို့ကြီးသားပုံစံတွေပါလား။ ဓာတ်ရှင်ထဲက မင်းသားမင်းသမီးတွေကျနေတာပဲတော့၊ အောင်မြရေ လာကြည့်လှည့်ပါအုံးဟဲ့ ဆိုပြီး ငိုချင်းချတော့တာပါပဲဗျာ။ ဘိုကျော်ဆိုတဲ့ ကျနော့်ညီဝမ်းကွဲတယောက်ကတော့ ကျနော့်အဝတ်အစားတွေကိုကြည့်ပြီး ကိုကြီးသက်ခိုင်ဝတ်တဲ့ပုဆိုးမျိုးတော့ ကျုပ်ကဝယ်ဝတ်ဖြစ်အောင် ဝယ်ဝတ်အုံးမှာဆိုပဲ။ ရွာမှာ ကျနော်တို့ ညီအစ်ကိုမောင်နှမတတွေရဲ့ပုံစံဟာ လူထူးလူဆန်းပုံပေါက်နေတယ်ထင်ပါရဲ့။

နေလောင်ထားတဲ့ကျောပြောင်ကြီးတွေပေါ်မှာ ပုဆိုးကြမ်းတထည်တင်ပြီး နေထွက်နေဝင်တောင်သူအလုပ်လုပ်နေကြရတဲ့ ကျနော့်ရွာသားတွေကို ကျနော်မြင်ရတော့ ကျနော်ဟာ ဒီရွာနဲ့ကင်းကွာပြီး မြို့ကြီးပြကြီးကိုရောက်နေခဲ့တဲ့အတွက် ဝမ်းသာသလိုလို ဝမ်းနည်းသလိုလိုခံစားရတာတော့ အမှန်ပါပဲဗျာ။

ရှင်လောင်းလှည့်ပြီး ဆံချတဲ့နေ့မှာ ကျနော့်အဖေငယ်ငယ်ကစာသင်ခဲ့တဲ့ တောကျောင်းဘုန်းကြီးကျောင်းဖက်ကို ရောက်ခဲ့ပါသေးတယ်။ အဖေ့ကိုစာသင်ပေးခဲ့တဲ့ တောကျောင်းဘုန်းကြီးဦးချစ်လှကတော့ ပျံလွန်တော်မူသွားရှာပါပြီ။ အခုကျောင်းထိုင်နေတာက ကျနော်တို့နဲ့ဆွေမျိုးမကင်းတဲ့ တောထွက်ဘုန်းကြီးတပါးပါပဲ။ ကျနော်ငယ်ငယ်က ကျော်လွှားကစားခဲ့ဘူးတဲ့ ကျောင်းရှေ့က လူတဖက်သာသာလောက်ရှိပြီး ဆယ့်ငါးပေလောက်ရှည်တဲ့ အင်ကြင်း ကျောက်တုံးရှည်ကြီးကိုတော့ မတွေ့မိတော့ဘူးဗျ။ ဘယ်များရောက်သွားသတုန်းလို့ စနည်းနာကြည့်လိုက်တော့ တရုတ်ပြည်ဖက်ကို ပို့မယ့် ကုန်သည်တယောက်က လာဝယ်လို့ ဖြတ်ပိုင်းပြီး ရောင်းလိုက်ကြသတဲ့ဗျ။ အဲဒီ အင်ကြင်းကျောက်တုံးရှည်ကြီးအကြောင်းခေါင်းထဲဝင်လာမှ ကျနော်ဆယ်တန်းအောင်ပြီးကာစ ရွာပြန်ရောက်တုန်း၊ နတ်မောက်ကိုအသွားလမ်းမှာတွေ့ခဲ့တဲ့ အင်းကြင်းကျောက်တောကြီးကို ဖျတ်ကနဲ သတိရမိလိုက်ပါတယ်။

ဘုန်းကြီးကျောင်းလို အစောင့်အရှောက်ရှိနေတဲ့နေရာက အင်းကြင်းကျောက်တုံးကြီးတောင်လာဝယ်သေးတာ၊ တောထဲတောင်ထဲမှာ ပိုင်ရှင်မဲ့လိုဖြစ်နေတဲ့ အင်းကြင်းကျောက်ငုတ်တိုတွေကို ကုန်သည်တွေက ဘယ်မှာလာအလွတ်ပေးပါတော့မလဲ။ ကျနော်ဖတ်ဖူးတဲ့ နိုင်ငံတခုပျက်သုဉ်းခြင်းဆိုတဲ့ စာအုပ်မှာ ဒုတိယကမ္ဘာစစ်အပြီး ပါလက်စတိုင်းနယ်မြေကို ပြန်ရောက်လာတဲ့ ဂျူးတွေဟာ ပါလက်စတိုင်းမှာ တွေ့တွေ့သမျှရှေးဟောင်းပစ္စည်းတွေကို တန်ဘိုးကြီးကြီးပေး၊ မရအရစုဆောင်းပြီး ပါလက်စတိုင်းနယ်မြေဟာ သူတို့နယ်မြေဖြစ်ခဲ့တဲ့အကြောင်း သက်သေပြတဲ့နေရာမှာ သုံးခဲ့ကြတာကို သတိရမိပြန်ပါတယ်။

ကျနော်တို့လူ့၊ ျူးဟာ ရှေးဟောင်းပစ္စည်းတန်ဘိုး၊ သမိုင်းတန်ဖိုးကို အခြားလူမျိုးတွေလောက် မသိကြတာလား။ ဝမ်းရေးပြေလည်ဖို့သာ အဓိကဆိုတဲ့စိတ်နဲ့ သူခိုးနွားကောင်းမသိဖြစ်နေကြရော့သလား မစဉ်းစားတတ်တော့ပါဘူး။ အင်း၊ တရုတ်စနက်က ကျုပ်တို့ရွာကိုလည်း ချမ်းသာမပေးပါလား။ တကယ်တော့ တရုတ်တင်မဟုတ်ပါဘူးဗျာ။ တကယ့်ကို တန်ဖိုးထားအပ်ပြီး သမိုင်းမှတ်တမ်းမှာ အရေးပါလှတဲ့ မြန်မာ့ရှေးဟောင်းပစ္စည်းအတော်များများဟာ နည်းမျိုးစုံနဲ့ ကမ္ဘာအနှံ့ကိုရောက်ကုန်ပြီဆိုတာ ကျနော်သိနေကြားနေတာကြာပါပြီ။ ဒီလိုသာဆိုရင်ဖြင့် 'ငါတို့လူမျိုးဟာ သမိုင်းထဲကနေ တဖြည်းဖြည်း ပျောက်ကွယ်သွားရတော့မယ့်လူမျိုးပါကလား'လို့ ပူပန်မိရုံအပြင် ကျနော်လည်း ဘာမှ မတတ်နိုင်ပါဘူးဗျာ။

ရွာမှာ ငါးရက်လောက်နေပြီးတော့ ဆွေမျိုးတွေတောင် အားလုံးစုံအောင်နှုတ်မဆက်ရခင်မှာ ရန်ကုန်ကအလုပ်တွေသံယောဇဉ်ကြောင့် ပြန်လာခဲ့ရပေမယ့် ဆွေမျိုးသားချင်းတွေကတော့ မျက်ရည်စက်လက်နဲ့ ကျန်ရစ်ခဲ့ကြလေရဲ့။

ကျနော်ရွာအလှူကပြန်ရောက်လို့ တပတ်အလောက်အကြာမှာ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဦးစီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်လှအပါအဝင် ဝန်ကြီး ရှစ်ယောက်တွဲ ပြုတ်တဲ့အကြောင်း သတင်းစာတွေမှာပါလာခဲ့ပါတယ်။ ပြုတ်သွားတဲ့ဝန်ကြီးတွေရဲ့ ခွင့်ပြုမိန့်နဲ့ ဆောက် လုပ်နေကြတဲ့ ဆောက်လုပ်ရေးလုပ်ငန်းအပါအဝင် လုပ်ငန်းအားလုံးကို ပြန်သိမ်းမယ်ဆိုတဲ့ သတင်း တွေလည်း ထွက်လာပါတယ်။

အင်း၊ လောကကြီးမှာ တက်ကြွားကြွကြွ၊ ရှိလွန်းကလည်း၊ လျှောကျနောက်ဆုံးရှိချေ၏လို့ ဆိုကြတာမျှား တယ်မှန်သကိုး။ ရွာပြန်ပြီး အလှူပေးလို့ပြန်လာကာစရှိသေး၊ ဒုက္ခမျိုးစုံက အဆင်သင့် စောင့်ကြိုနေတာတော့ပဲဗျာ။ ဟုတ်တယ်လေ၊ ဒေါ်စက်ကြည်စနက်ကြောင့် မောင်ဝိတ်ငွေတွေလည်း အပြည့်ပြန်မဆပ်နိုင်ရုံမက၊ မီးခိုးကြွက်လျှောက်ဆိုသလို ဗိုလ်မှူးကြီးမောင်အောင်ကောင်းမှုကြောင့် မေမြို့က အိမ်ဖိုးစရံလည်းဆုံးတော့မဲ့အပြင် လက်ရှိလုပ်ကိုင်နေတဲ့ စီမံကိန်းတွေပါ အသိမ်းခံရမယ့် အခြေအနေကိုရောက်သွားခဲ့ပါပြီ။ အဲဒီနှစ်မှာ ဒုက္ခရောက်တာ ကျနော်တယောက်တည်းတော့မဟုတ် ပါဘူးဗျာ။ နအဖ ဝန်ကြီးတွေလည်း အစုလိုက်အပြုံလိုက်ကို ပြုတ်ကြတာပဲလေ။ မှတ်မိသလောက် တော့ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဘ၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်မင်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးသောင်တို့အပါအဝင် တခြား၊ ဒုတိယ ဗိုလ်ချုပ်ကြီး၊ ဝန်ကြီးတွေလည်း အပြုံလိုက်ပါသွားကြသဗျ။

ပြုတ်သွားတဲ့သူအားလုံးကို ပုဒ်မတပ်တာကတော့ လာဘ်ပေးလာဘ်ယူမှုဆိုပေမယ့် တကယ့် တကယ်က သူတို့အာဏာတည်မြဲရေးအတွက် အချင်းချင်း အုပ်စုဖွဲ့ရန်စောင်ကြရာကနေ အင်အားကြီး တဲ့အဖွဲ့က အင်အားနည်းတဲ့အဖွဲ့ကို နှိပ်ကွပ်လိုက်တာပါပဲဗျာ။ ကျနော်သိသလောက် ဗိုလ်ချုပ် ထွန်းကြည်ဟာ သူတို့အုပ်စုထဲမှာ အစွာဆုံး အထက်ဆုံးလို့ဆိုကြသဗျာ။ အပင်လဲတော့ အကိုင်း ကင်းဖြစ်ဆိုတဲ့ စကားပုံအတိုင်းပေါ့ဗျာ။ ဗိုလ်ချုပ် ထွန်းကြည်ပြုတ်တော့ သူထူထောင်ထားတဲ့ ဂရုဏာ ဖောင်ဒေးရှင်းဆိုတာလည်း ပျက်ကရောဗျ။ စီးပွားကူးသန်းနဲ့ဖက်စပ်လုပ်ထားတဲ့ ဟိုတယ်ကြီးတွေ အဆောက်အဦကြီးတွေပါ ထိုးရပ်ကုန်ပြီး အားလုံးဆုံးရှုံးကြတာပေါ့ဗျာ။ တခြားဝန်ကြီးဌာနတွေမှာလည်း ဒီလိုနည်းလည်းကောင်းပါပဲ။ ဝန်ကြီးပြုတ်တဲ့ဌာနမှန်သမျှ ဝန်ကြီးနဲ့လုပ်ထားတဲ့လုပ်ငန်းမှန်သမျှ အားလုံး ရပ်ဆိုင်းကုန်ကြတဲ့အထဲမှာ ကျနော်လည်း ဘာသားနဲ့ထုတာတဲ့ကောင်မို့ကျန်နေမလဲဗျာ။

ဒုတိယဗိုလ်ချုပ်ကြီး မောင်လှလည်း ပြုတ်ကရော ကျနော့်ဆောက်လက်စ မန္တလေးလဝက ဆောက်လုပ်ရေးလုပ်ငန်းတွေလည်း နိဋ္ဌိတံတော့တာပါပဲ။ ဒီကြားထဲမှာ ကျွန်ဝယ်ရာအဆစ်ပါဆိုသလို အဲဒီဝန်ကြီး၊ ဗိုလ်ချုပ်ကြီးတွေရဲ့ လူယုံတပည့်တွေ၊ ဝန်ထမ်းတွေလည်း ထောင်ကျတဲ့သူကျ အလုပ်ပြုတ် တဲ့သူ ပြုတ်ဖြစ်ကုန်ကြတာပါပဲ။ မှတ်မှတ်ရရ ကျနော်နဲ့အလုပ်အတူလုပ်နေတဲ့ မန္တလေးတိုင်း လူဝင်မှု ကြီးကြပ်ရေးဌာနက တိုင်းဦးစီးမှူး ဗိုလ်ကြီးဝင်းဇော်လည်းပြုတ်တဲ့အထဲ ပါသွားသေးဗျာ။

အမှန်တော့ လုပ်ငန်းရှင်တော်တော်များများဟာ ဌာနတခုရဲ့ အမြင့်ဆုံးလုပ်ပိုင်ခွင့်ရှိသူ ဝန်ကြီးရဲ့ခွင့်ပြုမိန့်နဲ့ စီမံကိန်းလုပ်ငန်းတွေလုပ်နေကြပေမယ့် သူတို့ရပ်ချင်တဲ့အခါကျတော့ အဲဒီလုပ်ငန်း တွေဟာ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုချက်မရှိတာကြောင့် သိမ်းယူရပါတယ်လို့ အကြောင်းပြသဗျာ။ ကံဆိုးချင်တော့ လုပ်ငန်းကိုပြန်သိမ်းပါတယ်ဆိုတဲ့ အမိန့်ထွက်လာတော့မှ အချိန်မှာ ကျနော်တာဝန်ယူနေတဲ့စီမံကိန်းဟာ အဆောက်အဦလုပ်ငန်းတွေသာမက ရေမီးအပြင် လမ်းလုပ်ငန်းတွေပါ ပြီးစီးနေတဲ့အချိန်မို့ ရှိရှိသမျှအသိမ်းခံရတဲ့သဘောပါပဲ။ ကျနော်ရမယ့်မြေနေရာကို အပစ်ရပ်အဖွဲ့တခုက သိန်းတထောင့် နှစ်ရာနဲ့ဝယ်ဖို့ ကမ်းလှမ်းနေတာကို ဈေးညှိနေတုန်းပေါ့။ ဘာပဲ ပြောပြောဗျာ။ အာမခံချက်ရှိတဲ့ စီးပွားရေးစနစ် အုပ်ချုပ်ရေးစနစ် ကျနော်တို့နိုင်ငံမှာ ရှိစေချင်လှပါတယ်။

ရှိလည်းရှိသင့်ပါတယ်။ ဒီလိုစံနစ်မျိုးသာရှိရင် ကျနော့်မှာရှိနေတဲ့ မေွးရာပါအရည်အချင်းတချို့ကို နိုင်ငံတကာနဲ့ယှဉ်ပြိုင်တဲ့နေရာမှာ ဝင်နွှဲပြလိုက်ချင်ပါရဲ့။ ဒီစံနစ်ကြီးရှိနေသေးသမျှ ဒီအဖြစ်တွေ ဆက်ကြုံနေရအုံးမှာမို့ ဒီစနစ်ကြီးချုပ်ငြိမ်းစေချင်တာတော့ အမှန်ပဲဗျာ။

ကျနော်တို့လူမျိုး မညံ့တဲ့အကြောင်း ကျနော့်မိတ်ဆွေတယောက်ပြောဖူးတဲ့စကားတခွန်းတောင် သတိရမိသေးဗျာ။ ဘာတဲ့။ တကယ့်ဈေးကွက်စီးပွားရေးသာ ဖွင့်ပေးကြည့်ပါလား၊ ကမ္ဘာကျော်ကွန်ပြူတာသူဌေးကြီး ဘီလ်ဂိတ်လိုလူမျိုးရဲ့ဉာဏ်ရည်ကို မြန်မာပြည်က ချဲဒိုင်ကတောင် အသာလေး ကျော်တက်သွားနိုင်တယ် ဆိုပဲ။

ကျနော့်လုပ်ငန်းတွေလည်း ဘယ်နေ့အသိမ်းခံရမလဲဆိုပြီး ရင်တမမဖြစ်နေချိန်မှာ ဝန်ကြီးရုံးက ကျနော့်ဆီကို ဖိတ်စာတစောင်ပို့လာပါတယ်။ ဝန်ကြီးရုံးမှာ ကျနော့်အသိအကျွမ်းတွေရှိနေတာကြောင့်တကြောင်း၊ မန္တလေးလုပ်ငန်းခွင်ကို ခေတ္တရပ်ထားပါဆိုတဲ့စာက ကြုံထွက်နေတာက တကြောင်းကြောင့် အဲဒီအစည်းအဝေးဟာ ကျနော့်လုပ်ငန်းတွေကို အပြီးတိုင် ပြန်သိမ်းဖို့ဆိုတာ ကျနော်ကြိုတွက်မိနေပါပြီ။

ပိုဆိုးတာက နောက်တက်လာတဲ့ဝန်ကြီးအသစ်ဟာ တဇောက်ကန်း ကြောင်တောင်တောင်နိုင်တယ်လို့ နာမည်ကြီးနေတဲ့ ဦးစောထွန်းဖြစ်နေတာပါပဲ။ ဦးစောထွန်းဟာ တပ်မတော်ထောက်လှမ်းရေးကနေ ဗိုလ်မှူးအဆင့်နဲ့ အနားယူခဲ့တယ်လို့ဆိုပါတယ်။ ရေတပ်ထောက်လှမ်းရေး ဗိုလ်ကြီးဘဝတုန်းက ပြည်ပြေးအဖွဲ့ဝင် ဖုံးခွဲတဲ့တရားခံကို သံလျှက်စွန်းမှာ ဖမ်းတုန်းက ဒဏ်ရာအကြီးအကျယ်ရခဲ့လို့ အင်္ဂလန်ကိုတောင် ဆေးသွားကု ခဲ့ရဘူးတယ်လို့လည်း ကြားဘူးတယ်ဗျာ။

အရှိအတိုင်းဝန်ခံရရင် ငွေရေးကြေးရေးအကြပ်အတည်းတွေကို အကြိမ်ကြိမ်ရင်ဆိုင်ခဲ့ရတဲ့ကျနော်ဟာ စိတ်ရောလူပါ အတော့်ကို ခြေကုန်လက်ပန်းကျနေပါပြီ။ ရှိရှိသမျှ ပုံအောပြီး လုပ်ကိုင်ထားတဲ့ လုပ်ငန်းအားလုံးအသိမ်းခံရမှာကို ကျနော်တုန်လှုပ်ခြောက်ခြားနေတာ အမှန်ပါပဲ။ ဝန်ကြီးရုံးအစည်းအဝေးမို့ မတက်မနေတက်ရမှာကြောင့် အဲဒီနေ့က ဂဏှာမငြိမ်ဖြစ်နေတဲ့စိတ်ကို ထိန်းနိုင်လိုထိန်းနိုင်ငြား ဘလက်လေဘယ်တလုံးကို တဝက်လောက်သောက်ထားရုံတင်မက ကျန်တဝက်ကို ကားပေါ်မှာတင်ပြီး ဝန်ကြီးများရုံးကိုထွက်လာခဲ့ပါတော့တယ်။ အစည်းအဝေးက နေ့လည် တနာရီဆိုပေမဲ့ကျနော်သောက်နေခဲ့တာက မွန်းတည့် ဆယ့်နှစ်နာရီပေါ့ဗျာ။ လမ်း(၅၀)မှာရှိတဲ့ ကျနော့် ရုံးခန်းကနေဝန်ကြီးရုံးအသွား ကားပေါ်မှာလည်း တငွတ်ငွတ် ထပ်သောက်သွားလိုက်သေးဗျာ။ ကျနော့်ဒရိုင်ဘာနဲ့တပည့်ကျော် ကုလားလေးရာဂျူးကတော့ ကျနော့်သောကကို ကိုယ်ချင်းစာဟန် တူပါရဲ့။ စိုးရိမ်တကြီးမျက်နှာတွေနဲ့ ကြည့်နေကြသပေါ့ဗျာ။ ကျနော့်စိတ်ထဲမှာ ဒီလောက်ဖြစ်ချင်လှတဲ့ပြဿနာတွေ ဖြစ်ချင်သလောက်သာ ဖြစ်လိုက်စမ်းကွာ၊ ဘာမဆို ရင်ဆိုင်လိုက်တော့မယ်ဆိုတဲ့ သတ္တိကို ကြံဖန်မွေးနေရတာပေါ့။

အစည်းအဝေးခန်းထဲကို ကျနော်ရောက်တော့ ဝန်ကြီးအပါအဝင် အစည်းအဝေးတက်မယ့်သူတွေ အားလုံးလူစုံတက်ကုံ အဲဆင်သင့်အနေအထားနဲ့စောင့်နေကြပါပြီ။ ခပ်ဗျားမြင်သာအောင်ပြောရရင် အဲဒီအစည်းအဝေးဟာ အစည်းအဝေးနဲ့မတူပဲ သေဒဏ်ကျခံရမယ့် တရားခံတယောက်ကို တရားသူကြီးနဲ့ဂျူရီအဖွဲ့က အမိန့်ချဖို့ ထိုင်စောင့်နေတဲ့ပုံမျိုးပေါက်နေတာပါပဲ။ ရေချိန်ကိုက်နေတဲ့ကျနော်ဟာ အတတ်နိုင်ဆုံး ဣန္ဒြေထိန်းရင်း အစည်းအဝေးခန်းထဲက ကျနော့်အတွက်သတ်မှတ်ထားတဲ့ ကုလားထိုင်မှာ ဝင်ထိုင်ပြီး မကြာခင် အစည်းအဝေးစပါတော့တယ်။

ပထမဆုံးအစီအစဉ်အနေနဲ့ ရုံးအဖွဲ့မှူးက ကျနော့်ကို ဝန်ကြီးအပါအဝင် အစည်းအဝေးတက်လာတဲ့အရာရှိကြီးတွေနဲ့ မိတ်ဆက်ပေးပါတယ်။ ဝန်ကြီး ဦးစောထွန်းဟာ အသားဖြူဖြူ အရပ်

အမောင်း အနေတော်လောက်ရှိပြီး သူ့မျက်နှာဟာ သူ့မှာရှိသလောက်အာဏာကို အစွမ်းကုန်သုံးလိုက်မယ်ဟဲ့ ဆိုတဲ့ ရုပ်မျိုးပေါက်နေတယ်လို့ ကျနော်ခံစားမိလိုက်ပါတယ်။ အသစ်စက်စက် ဒုဝန်ကြီးဗိုလ်မှူးကြီးမောင်အောင်ကတော့ မျက်နှာမသာမယာနဲ့ ကျနော့်ကို ဒိုးကြောင်ခိုးဝှက် လှမ်းလှမ်းကြည့်နေတာပေါ့ဗျာ။ ကျနော်နဲ့ ဝေါက်သီးရိုက်ဖက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး မျိုးမင်းကတော့ ကျနော်နဲ့တကြိမ်မှမတွေ့ဖူးတဲ့အိုက်တင်နဲ့ ရှူးချင်ယောင်ဆောင်နေတာပေါ့ဗျာ။ အစည်းအဝေးခန်းထဲမှာ ဗိုလ်မှူးကြီး ညီပုကိုမတွေ့ရပါဘူး။ အဲဒီအစည်းအဝေးမှာ ကျနော် မသိသေးတဲ့ မျက်နှာစိမ်းနှစ်ယောက်ကို တွေ့ရပါတယ်။ မိတ်ဆက်ပေးလို့ မှတ်ထားလိုက်မိတာကတော့ ဗဟိုဥပဒေရုံး ဥပဒေအကြံပေးအရာရှိ ဦးဖေအောင်နဲ့ ညွှန်ကြားရေးမှူးချုပ်အသစ် ဗိုလ်မှူးကြီးမောင်ဌေးတို့ပါပဲ။

မကြာခင် ဝန်ကြီးအမှာစကားပြောတဲ့အခါ သူပြောနေပုံက အစည်းအဝေးမှာပြောနေပုံနဲ့မတူပဲ လမ်းဘေးလက်ဖက်ရည်ဆိုင်မှာ ပြောသလိုပုံစံပေါက်နေပါတယ်။ ကြည့်လေ။ စပြောကတည်းက ဦးသက်ခိုင်ဆိုတော့ အသက်တော်တော်ကြီးနေပြီမှတ်တာ၊ အခုတော့ ခပ်ငယ်ငယ်ပဲ ရှိပါသေးလားလို့ စကားစလိုက်ပြီး ကိုသက်ခိုင် ခင်ဗျား ကျနော့်အကြောင်းကြားဖူးသလားတဲ့ဗျာ။

သောက်ထားတဲ့အရှိန်လေးနဲ့ ခပ်ထွေထွေဖြစ်နေတဲ့ ကျနော်လည်း သေမယ့်အတူတူ အငေါ်တူးလိုက်အုံးမဟ ဆိုတဲ့ စိတ်ကူးက ရုတ်တရက်ဝင်လာတာကြောင့်၊ ဟုတ်ကဲ့ ကျနော်ဝန်ကြီးအကြောင်းကောင်းကောင်းကြားဘူးပါတယ်လို့ ပြန်ဖြေလိုက်ပါတယ်။ ဒီမှာတင် သူ့တအံ့တသြမျက်နှာနဲ့၊ ဩခင်ဗျားက ကျနော့်ကိုကြိုသိနေပါလား၊ လုပ်စမ်းပါအုံးဗျ။ ဘာတွေများ သိထားသတုန်းတဲ့။ ဒီတော့ကျနော်က သူ့မျက်နှာကို စေ့စေ့ပြန်ကြည့်လိုက်ရင်း ဝန်ကြီးဟာ တပ်မတော်မှာ တာဝန် ထမ်းကတည်းက သူရဲကောင်းစာရင်းဝင်ခဲ့တယ်ဆိုတာ ကျနော်ကြားဖူးနေပါတယ်လို့လည်း ဖြေလိုက်ရော ဦးစောထွန်းရဲ့မျက်နှာဟာ ဖိုးလမင်းကြီးလို ပြည့်ရွှန်းဝင်းပသွားတော့တာပါပဲ။

သူ့ ပြုံးပြုံးပြုံးမျက်နှာပေးနဲ့၊ ကိုသက်ခိုင် ခင်ဗျားကြားထားတဲ့ သတင်းလေး ပြည့်ပြည့်စုံစုံ လုပ်စမ်းပါအုံးဗျ။ ကျနော့်အကြောင်း သတင်းတွေထဲမှာပြုတ်သွားတဲ့ ဝန်ကြီးတွေလို နန္ဒာလှိုင်တို့ ဘာတို့နဲ့တွဲတဲ့ သတင်းလေးဘာလေးများမပါဘူးလားဆိုပြီး မဏ္ဍပ်တိုင်တက်ပြန်ပါတော့တယ်။

ကျနော်လည်း ဒီလောက် အမြှောက်ကြိုက်လှတဲ့ဝန်ကြီး ဆက်တွန်းလိုက်အုံးမှပဲဆိုပြီး၊ ဟုတ်ကဲ့အဲသလို အညီအဟောက်သတင်းတွေတော့ မကြားမိပါဘူး။ ပြည်ပြေးဗိုးခွဲတရားခံဖမ်းတဲ့ကိစ္စမှာ ဝန်ကြီးဗိုလ်မှူးဘဝနဲ့ စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့တာ၊ ဒဏ်ရာအပြင်းအထန်ရခဲ့တာ၊ နိုင်ငံခြားအထိဆေးသွား ကုရတဲ့အကြောင်းတွေ ကျနော် တော်တော်များများသိနေပါတယ်လို့ ဖြေလိုက်တော့သူကပြုံးဖြီးဖြီး မျက်နှာပေးနဲ့ ဩ၊ အပြင်က လူတွေလည်း ဒီအကြောင်းသိနေကြသကိုးတဲ့ဗျာ။

သိပ်မကြာလိုက်ပါဘူးဗျာ။ ဝန်ကြီး ဦးစောထွန်းဟာ သူ့ကိုယ်သူ ဂုဏ်တင်လို့လည်းပြီးရော တခြားသူတွေမကောင်းကြောင်း ဖော်ထုတ်ဖို့ကြိုးစားပါတော့တယ်။ ကိုသက်ခိုင် ခင်ဗျားက ကျနော့်အကြောင်းတောင် ဒီလောက်သိနေရင် ခင်ဗျားမိတ်ဆွေကြီးတွေဖြစ်တဲ့ ကိုအောင် (ဗိုလ်မှူးကြီးမောင်အောင်ကို ဆိုလိုသည်။) ကိုညီပုတို့ ကိုမျိုးမင်းတို့အကြောင်းဆို ပိုသိမှာပေါ့ဆိုပြီး မြှားဦးကိုတခြားသူတွေဖက် လှည့်လိုက်ပါတော့တယ်။

တကယ်တော့ ကျနော်ဟာ ကျနော့်ကိစ္စမှာ ဘယ်သူ့ကိုမှဆွဲမထည့်ဖို့ ဆုံးဖြတ်ထားပြီးဖြစ်တာမို့ ဘာတခွန်းမှ စကားမပြန်ပဲ ငြိမ်နေလိုက်ချိန်မှာ ဗိုလ်မှူးကြီးမောင်အောင်က၊ ဝန်ကြီးခင်ဗျာ၊ သူ့ကို ကိုညီပုမိတ်ဆက်ပေးလို့ တကြိမ်ပဲဆုံဘူးပါတယ်။ ကျနော်နဲ့ ဘာမှမပတ်သက်ပါဘူးဆိုပြီး အလန့်တကြား ထလုပ်ပါတော့တယ်။ ဒီတော့ ဦးစောထွန်းက ခပ်မာမာမျက်နှာပေးနဲ့ ခင်ဗျား အသာနေစမ်းပါ ကိုအောင်ရာ၊ ကျနော် ခင်ဗျားကိုမေးနေတာမဟုတ်ပါဘူးလို့ ခပ်ငေါက်ငေါက်

လှမ်းပြောလိုက်တော့ ဒုဝန်ကြီးခမျာ ငြိမ်သွားရှာသဗျ။ ကျနော့်စိတ်ထဲမှာ ဟ ဘယ်လိုတုန်း တပ်မတော်မှာ ဗိုလ်မှူးကြီးအဆင့်နဲ့ နေလာခဲ့သူက ဗိုလ်မှူးအဆင့်ရှိတဲ့ပုဂ္ဂိုလ် ဝန်ကြီးဖြစ်လာတော့ အသေကြောက်နေရတာပါပဲလားလို့ တွေးမိလိုက်သဗျ။

ဒုတိယဗိုလ်မှူးကြီး မျိုးမင်းကတော့ သူပိုင်တဲ့ သံလျင်ကအိမ်ကို လက်စသတ်တဲ့နေရာမှာ အလုပ်သမားရှာမရလို့ ကျနော့်ကို တန်ရာတန်ကြေးပေးပြီး အလုပ်အပ်ခဲ့တာကလွဲရင် ဘာမှမပတ်သက်ပါဘူးလို့ ငါးဖယ်တိုးလေးနဲ့ ရှောင်သဗျာ။ သူတို့နဲ့ပတ်သက်ပြီး ဘာတခွန်းမှ ကျနော် စကားမပြန်တော့ပါဘူး။ ဒါ ကျနော့်အကျင့်ပဲဗျ။ အမှုတခုဖြစ်လို့ အမှုတွဲတွေပါလာရင် ပိုပြီးစိတ်ညစ်ရတာပဲ အဖတ်တင်တာပါပဲဗျာ။ လျှောက်ဖော်နေရင်လည်း ကိုယ်ကလွတ်မှာမဟုတ်ပဲ တရားခံတွေ ထပ်တိုးလာတာသာ အဖတ်တင်မှာမဟုတ်လား။

အတိုချုပ်ရရင် အဲဒီနေ့အစည်းအဝေးကနေ မန္တလေးမှာ ကျနော်လုပ်နေတဲ့လုပ်ငန်းတွေအားလုံးကို ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုချက်မရှိတာကြောင့် ဝန်ကြီးဌာနက အပြီးတိုင် သိမ်းယူလိုက်တဲ့အကြောင်း၊ ဆောက်လုပ်ပြီးခဲ့တဲ့ အဆောက်အဦတွေနဲ့ပတ်သက်ပြီး ဘယ်လိုဆက်လက်ဆောင်ရွက်မယ်ဆိုတာကို အကြောင်းကြားမယ်ဆိုတဲ့ အကြောင်း၊ ကျနော့်ကို တရားဝင်အသိပေးလိုက်ပါတော့တယ်။ ဘယ်လောက် တရားလက်လွတ်နိုင်တဲ့ကိစ္စဆိုတာ ခင်ဗျားသာစဉ်းစားကြည့်ပါတော့။

နောက်ဆက်တွဲပြဿနာတွေကို ဆက်တိုက်ရှင်းရတော့မှာမို့ ကျနော့်အတွက် ဒုက္ခနဲ့လှလှတွေ့ကြုံပြီပေါ့ဗျာ။ အဆိုးတကာ့အဆိုးဆုံးက မန္တလေးကလုပ်ငန်းတွေအပြီးမှာ ရန်ကုန်ဖက်ကို ခြေဦးလှည့်ပြီး အလုပ်အကိုင်နေရာချမယ့် ဆိုပြီး ကချင်ငြိမ်းချမ်းရေးအဖွဲ့ဆီက ဆောက်လုပ်ရေးပါမစ်တခုကို ကျနော်ဝယ်ထားမိလို့ပါပဲဗျာ။ ဟုတ်ပါတယ်။ ရန်ကုန် ၅၁ လမ်း ၅၂ လမ်းကြားမှာ ခြောက်ထပ်ရှစ်ခန်းတွဲ အဆောက်အဦဆောက်ဖို့အတွက် မြေနေရာတောင် အဆင်သင့်ရှင်းထားပြီးပါပြီ။ အဲဒီအလုပ်ကို ကချင်အပစ်ရပ်အဖွဲ့ ဦးဇခုန်တိန်ယိန်းဆီက ဝယ်ထားလိုက်မိတာပေါ့။ အလုပ်ကို ဝယ်လိုက်တဲ့အချိန်မှာ ပွဲစားလုပ်တဲ့ ဟိန္ဒူကုလား မင်းသစ်နဲ့မူဆလင်ကုလားလေး ဇော်ဝင်းတို့ကတဆင့်ဝယ်လိုက်တာမို့ ဦးဇခုန်တိန်ယိန်းကိုတော့ ကျနော်ကိုယ်တိုင်မဆုံလိုက်ရပါဘူး။

အဲဒီစီမံကိန်းက ရန်ကုန်ပုဇွန်တောင်မြို့နယ် ၅၁ လမ်းနဲ့ ၅၂ လမ်းကြားက အဆောက်အဦနှစ်လုံးကို ရှစ်ခန်းတွဲ ခြောက်ထပ်ဆောက်ဖို့ပါပဲ။ ပါမစ်တန်ဖိုး သိန်းတရာ့ငါးဆယ်ကျရာမှာ သိန်းလေးဆယ် စရံငွေပေးပြီးပါပြီ။ အခုလို အလုပ်တွေ အားလုံးရပ်လိုက်ချိန်မှာ ကျန်ငွေကို ကျနော်ဘယ်လိုရှာပေးနိုင်ပါ့မလဲဗျာ။ တခြားခွင်(ဂွင်)ရှာရိုက်ရအောင်ကလည်း တနိုင်ငံလုံး စီးပွားပျက်ကပ်ဒဏ်ကြောင့် နလံမထူ နိုင်အောင်ဖြစ်နေတဲ့အချိန်ကို ရောက်နေပါပြီ။

ပြဿနာက ဒီမှာတင်မရပ်ပြန်ပါဘူး။ မောင်ဝိတ်ဆီကနေ သုံးလဆိုင်းနဲ့အကြွေးယူထားတဲ့ ဘိလပ်မြေနဲ့သံချောင်းပိုးတွေ တတ်နိုင်သလောက်ချေဖို့ မန္တလေးကိုပို့ထားတဲ့ပစ္စည်း ရောင်းရငွေတွေကို ဒေါ်စက်ကြည်ဆီ ဖုန်းဆက်ပြီးပြန်တောင်းတဲ့အခါ ဒေါ်စက်ကြည်က အတိတ်မေ့သလိုလို ရွှေပျောက်သလိုလို ရှူးကြောင်ကြောင်လုပ်နေပြန်ပါတယ်။ ဒါနဲ့ ကျနော်လည်း ဒေါ်စက်ကြည်ကို လူကိုယ်တိုင်တွေ့ပြီး စာရင်းရှင်းနိုင်အောင် မန္တလေးကိုတက်သွားပေမယ့် မန္တလေးကိုရောက်တော့လည်း ဒေါ်စက်ကြည်ကို မတွေ့ရပြန်ပါဘူး။ အလုပ်ကိစ္စတခုနဲ့ မေမြို့ကိုတက်သွားတယ်လို့ ကြားရတာကြောင့် မေမြို့ကိုတက်လိုက် သွားရပြန်ပြီး မေမြို့တခွင် ပြုပြစ်ငအောင်ရှာလိုက်မှ ဟိုတယ်တခုမှာ ဒေါ်စက်ကြည်ကို မျက်လုံးမှာ ပတ်တီးစီးလျက်တွေ့ရပါတော့တယ်။ သူ့အပြောအရတော့ မျက်စိကိုအကောင်

တကောင်ကိုက်လို့ဆိုပေမယ့် ဒီအကွက်မျိုးတွေ ရှိနေပြီဖြစ်တဲ့ ကျနော့်အတွက်ကတော့ ဒါဟာ ကလေးကစားကွက်နဲ့ ရုပ်ရှင်ရိုက်နေတယ်ဆိုတာ ချက်ချင်းသိလိုက်ပါတယ်။

ဒါကြောင့် မောင်ဝိတ်ဆီက ဝယ်ပြီးပို့ထားတဲ့ပစ္စည်းတွေ ငွေစာရင်းရှင်းဖို့ ခပ်တင်းတင်း ပြောတဲ့အခါ ညောင်နာနာလေသံနဲ့ အမေစက်နေကောင်းမှ မောင်လှဦးနဲ့စာရင်းတွေလုပ်ပြီး ပို့ခိုင်းလိုက်မယ်လို့ ထမင်းရည်ပူလျှာလွှဲပါတော့တယ်။ ထူးဆန်းတာတခုကတော့ ဒေါ်စက်ကြည်နဲ့ အတူ ကျနော့်တပည့်ကျော် လှစိုးအောင်နဲ့ နောင့်နောင့်ဆိုတဲ့ချာတိတ်မလေးကို တွေ့ရတာပါပဲ။ ကြည့်ရတာ ဒေါ်စက်ကြည်ဟာ ကျနော့်ကိုခံတွန်းနိုင်ဖို့ ကျနော့်တပည့်ကျော်ကို လက်သပ်မွေးထားခဲ့ပုံရပါတယ်။

အဲဒီအချိန်က ကျနော်လှစိုးအောင်ကို အလုပ်ကနေ ထုတ်ပစ်ထားခဲ့ပြီးပါပြီ။ ထုတ်ပစ်ရတဲ့ ကိစ္စကလည်း နောင့်နောင့်ကိစ္စပါပဲ။ နောင့်နောင့်ဟာ ကျနော်နဲ့လှစိုးအောင် မန္တလေးကိုတက်လာတဲ့ အခေါက်တုန်းက တည်းခိုခန်းမှာဆုံခဲ့တဲ့ လိုင်းကလေးပါ။ တွေ့တွေ့ချင်း ကျနော့်ကိုပစ်မှတ်ထားပြီး ဝင်လုံးတာမို့ ကျနော်နဲ့လည်း ဟိုကိစ္စဒီကိစ္စမကင်းလှဘူးပေါ့ဗျာ။

နောက်ပိုင်း ကျနော်က ခပ်ခွာခွာဆက်ဆံတဲ့အခါ နောင့်နောင့်ဟာ လှစိုးအောင်ဖက်ကို မြားဦးလှည့်သွားပါတော့တယ်။ နောင့်နောင့်နဲ့လည်းတွဲခွင့်ရရော လှစိုးအောင်ဟာ အရှူးကို အမဲသား ကျွေးမိသလို နောင့်နောင့်ကို တန်းတန်းစွဲဖြစ်သွားပါတော့တယ်။ အမှန်တော့ လှစိုးအောင်အသက်ဟာ ငယ်လှတဲ့ အရွယ်မဟုတ်တော့ပါဘူး။ သူ့သမီးတောင် အိမ်ထောင်ကျနေပါပြီ။ သူ့မိန်းမ လှမမာက ကျနော့်အိမ်ကို လာလာပြီးမကြာမကြာငိုချင်းချတတ်လို့ လှစိုးအောင်ကို နောင့်နောင့်နဲ့ပတ်သက်ပြီး အလွန်အကျွံ စွဲစွဲလမ်းလမ်းမဖြစ်ဖို့ ကျနော်အကြိမ်ကြိမ်သတိပေးခဲ့ပေမယ့် ကိုသာဆိုးပါပဲဗျာ။

နောက်ဆုံးတော့ ဟော့ကောင်လှစိုးအောင် နောင့်နောင့်ဘယ်လိုဟာမျိုးဆိုတာ ငါရှင်းပြစရာ လိုသေးသလား။ ငါနဲ့ဘယ်လိုပတ်သက်တယ်ဆိုတာလည်း မင်းမျက်မြင်။ မင်းက နောင့်နောင့်ကို အချစ်ရေ၊ မိန်းမရေဆိုပြီး ရူးကြောင်ကြောင်လုပ်နေ၊ သွားလေရာ နောင့်နောင့်၊ စားလေရာ နောင့်နောင့် ငါက ဘယ်လိုမျက်နှာထားပြီး မင်းနဲ့အလုပ်ဆက်လုပ်မလဲ ပြောင်ဖွင့်ပေးတော့ ကျနော်တို့ နှစ်ယောက်က ဖူးစာထင်ပါရဲ့ ဆရာသမားရယ်တဲ့။ ကဲ ကောင်းကြရောပေါ့ဗျာ။

လှစိုးအောင်ဟာ နောင့်နောင့်ကို စားလေရာသွားလေရာ ခေါ်သွားရုံနဲ့တော့ အလုပ်ထုတ်စရာအကြောင်းဘယ်ရှိမလဲဗျာ။ ခက်တာက မန္တလေးမှာ လှစိုးအောင်နဲ့လွှဲထားတဲ့အလုပ်တွေမှာ နောင့်နောင့်ဩဇာ ပါလာပါတယ်။ အလုပ်တခုမှာ မိန်းမတယောက်ရဲ့ဩဇာပါလာရင် တယ်ပြီး လုပ်ရကိုင်ရ အဆင်မပြေတတ်ဘူးဗျာ။ ဒါအပြင် မန္တလေးစည်ပင်သာယာလို နေရာမျိုးကို လုပ်ငန်းကိစ္စ ရုံးကိစ္စတွေအတွက်သွားတဲ့အခါ နောင့်နောင့်နဲ့အတူ ချိတက်နေပြန်ပါရော။ ခက်တာက နောင့်နောင့် ဘာလဲဆိုတာ မန္တလေးမှာ မသိသူမရှိသလောက်ဖြစ်နေတာကြောင့် ကျနော်တို့အဖွဲ့ဟာ ကြင်ခက် ကုမ္ပဏီလို့နံမည်ပြောင်းရမလို ဖြစ်လာပါတော့တယ်။ ကြက်ကလေးကို ခင်တဲ့ ကြင်ခက်ပေါ့ဗျာ။ ခင်ဗျားကလည်း နားဝေးလိုက်တာ။

မေမြို့မှာ ဒေါ်စက်ကြည်နဲ့တွေ့ပြီး လက်ချည်းဗလာပြန်လာရတဲ့ကျနော့်ကို ရန်ကုန်မှာ အမှုတခုက အဆင်သင့်ဆီးကြိုနေလေရဲ့ဗျာ။ အဲဒီအမှုကတော့ ဦးဇခုန်တိန်ယိန်းတို့အဖွဲ့က လုပ်ငန်းပါမစ်ရောင်းထားတဲ့ ကျန်ငွေရလိုမှုပါပဲ။ ဒီနေရာမှာ ထူးဆန်းတဲ့ ကျနော်တို့တိုင်းပြည်ရဲ့ဥပဒေအကြောင်းကို ပြောရအုံးမယ်။ ကျနော်တို့တိုင်းပြည်မှာ ဥပဒေနှစ်မျိုးရှိနေတာကလား။ အဲဒါကတော့ လိုရင်တမျိုး မလိုရင်တမျိုး စုစုပေါင်းဥပဒေနှစ်မျိုးပေါ့ဗျာ။

ကြည့်လေ။ အခုကျနော့်ကို အမှုဖွင့်ထားတာက ပုဒ်မ (၄၀၆)တဲ့။ တကယ်တော့ တပိုင်းတစ

ဆောင်ရွက်ထားခြင်းဟာ ဥပဒေမှာ ဒိုင်းအဖြစ်သာသုံးနိုင်ပြီး ဓားအဖြစ်မသုံးနိုင်ပါဘူး။ ခင်ဗျားနားလည်လွယ်အောင်ပြောရရင် ကျနော်နဲ့ ကချင်ငြိမ်းချမ်းရေးအဖွဲ့ဟာ လုပ်ငန်းတခုကို အရောင်းအဝယ်လုပ်ထားတယ်။ စရံငွေ သုံးပုံတပုံ ပေးထားတယ်။ ဒါဟာ တပိုင်းတစ ဆောင်ရွက်ထားခြင်းဖြစ်တာမို့ သူဟာ ကျနော့်ကို ရာဇဝတ်ကြောင်းအရ တရားစွဲခွင့်မရှိပါဘူး။ သူတို့ဖက်က စွဲချင်တယ်ဆိုရင်လည်း ကျန်ငွေအပြေရလို့မှု တရားမကြောင်း အရသာ စွဲခွင့်ရှိပါတယ်။ ဒါပေမဲ့ဗျာ။ ဖြစ်ချင်တိုင်းဖြစ်နေတဲ့ ကျနော်တို့တိုင်းပြည်မှာတော့ ကျနော့်အမှုကို (၄၀၆) တပ်သတဲ့ဗျာ။ ရဲစခန်းတို့၊ ဥပဒေရုံးတို့ကို စနည်းနာလိုက်တော့လည်း ငြိမ်းချမ်းရေးအဖွဲ့တွေနဲ့ဖြစ်တဲ့အမှုမို့ အဲဒီပုဒ်မနဲ့စွဲဖို့ အထက်က ညွှန်ကြားထားလို့ပါတဲ့ဗျာ။ ကောင်းကြရောပေါ့ဗျာ။ ဇာတ်လမ်းကို အတိုချုပ်ရရင် ကျနော်ပုဇွန်တောင်အချုပ်ထဲရောက်တော့တာပေါ့။

တကယ်တော့ အဲဒီအချိန်မှာ ကျနော်ဟာ အချုပ်တို့ထောင်တို့ဆိုတာကို သိပ်တော့ ဂရုမစိုက်လှတော့ပါဘူး။ ဝင်တဲ့ရက်ရှိရင်ထွက်တဲ့ရက်ရှိရမယ်ဆိုတဲ့ လူမိုက်အတွေးနဲ့ပဲ လွတ်လမ်းကို ရှာရတော့တာပေါ့ဗျာ။ အင်းစိန်ထောင်လိုနေရာမျိုးမှာတောင် နေတတ်အောင်နေလာဘူးတာမို့ ပုဇွန်တောင်အချုပ်မှာလည်း ကျနော်ဟာ အချုပ်ထဲရောက်ရောက်ချင်း၊ ဆရာကြီးနေရာ ရတာပါပဲဗျာ။

အဲဒီအချုပ်ထဲမှာ နီတွတ်ကျော် (ယခု အမေရိကန်ပြည်ထောင်စုတွင် ရောက်ရှိနေသည်)ဆိုတဲ့ လူငယ်တယောက်ကို တွေ့ခဲ့တယ်ဗျ။ သူဟာ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသား သမဂ္ဂကဆိုပဲ။ သူဟာ ၁၉၈၈ ခုနှစ် အရေးအခင်းအပြီးမှာ တောခိုခဲ့ဘူးပြီး တောခိုရာက ပြည်တွင်းကိုပြန်ရောက်လာပေမယ့် လှုပ်ရှားမှုတွေဆက်လုပ်လို့ ထောင်ခုနှစ်နှစ်ကျခဲ့သတဲ့။ သူက သရက်ထောင်မှာနေခဲ့ရတာဆိုတော့ ကျနော့်မိတ်ဆွေကြီး ဦးဇော်မျိုးဝင်းနဲ့တောင်ဆုံခဲ့သေးဆိုပဲ။ နီတွတ်ကျော်ဟာ ထောင်ဇာတာပါရှာတယ် ထင်ပါရဲ့ဗျာ။ ထောင်က လွတ်လို့မှ တလမပြည့်သေးခင် သူ့အပေါင်းအသင်းတယောက်ရဲ့ တက္ကစီကို ညဖက်ဆွဲရင်း လမ်းဖြတ်ကူးသူတယောက်ကို ကားတိုက်မိရာက လူသေမှုဖြစ်ပြန်တာမို့ ပုဇွန်တောင်အချုပ်ထဲ ရောက်နေပြန်တာပဲဗျာ။

အချုပ်ထဲရောက်လည်း အလုပ်က နားရတယ်မရှိပြန်ဘူးဗျ။ လာလိုက်တဲ့ညီ့သည်တွေ အပေါင်းအသင်းတွေရော နယ်ဖက်စစ်ဖက် မိတ်ဆွေတွေရောစုံလို့ပေါ့ဗျာ။ ကျနော်နဲ့ အလုပ်လုပ်ထားတဲ့ ညီ့သည်တွေပေါ့။ ပုဇွန်တောင်ရဲစခန်းကဆို ကျနော့်ကိုအချုပ်ထဲကနေ ထုတ်လိုက်သွင်းလိုက်လုပ်နေရတာ စိတ်မရှည်တော့ဘူးထင်ပါရဲ့။ မိုးလင်းမိုးချုပ် ညီ့သည်တွေတွေ့နိုင်အောင် သီးခြားစားပွဲတလုံးချပေးပြီး ညီ့တွေ့ခိုင်းတော့တာပဲဗျာ။ ခင်ဗျားရိပ်မိမှာပါ။ ဒါမျိုးက အဝင်အထွက်တတ်ရင်မြို့ထဲတောင် လျှောက်လည်လို့ရသေးတာပဲဗျာ။

ဒီမှာတင် ကျနော်ဟာ ငါ အချုပ်ထဲမှာ ကြာကြာနေလို့မဖြစ်ချေဘူး။ ဖြစ်တဲ့နည်းနဲ့ ထွက်မှလို့ စိတ်ကူးမိတာကြောင့် အလုပ်ပွဲစား မင်းသစ်နဲ့ ဇော်ဝင်းကို မရရအောင်ခေါ် ခိုင်းပြီး မင်းတို့ ဘာဖြစ်ချင်တာလဲ ပြောဆိုတော့ သူတို့က ကျန်ငွေပေးနိုင်ရင်ပေး မပေးနိုင်ရင် လုပ်ငန်းကိုပြန်အပ် ဖို့ပြောလာပါတယ်။ အဲဒီအချိန်မှာ အထွေထွေအကြပ်အတည်းဆိုက်နေတဲ့ ကျနော်ဟာ ကျန်ငွေကို ချက်တရက်ပေးနိုင်တဲ့ အခြေအနေမရှိတာကြောင့် လုပ်ငန်းပြန်အပ်ဖို့လမ်းကို သာရွေးလိုက်ရပါတော့တယ်။

တကယ်တော့ လုပ်ငန်းပြန်အပ်တယ်ဆိုတာ ကျနော့်အဖို့ မိအေးနှစ်ခါနာတဲ့ဇာတ်လမ်းပါပဲ။ ဟုတ်တယ်လေ။ အဲဒီလုပ်ငန်းကို ဒီအဆင့်ရောက်ဖို့ ကျနော့်အိတ်ကပ်ထဲကငွေ သိန်းရာချီပြီး ကျနော်စိုက်ထားပြီးတဲ့အချိန်လေ။ ဘာပဲဖြစ်ဖြစ် ကျနော်အပြင်ရောက်ဖို့သာ အဓိကကျတာမို့ မျက်စိမှိတ်ပြီး လုပ်ငန်းကို ပြန်အပ်တဲ့အကြောင်း လက်မှတ်ထိုးပေးလိုက်တာကြောင့် အချုပ်ထဲမှာ နှစ်ပတ်နေပြီး ကျနော်ကွင်းလုံးကျွတ် လွတ်လာပါတော့တယ်။

ကျနော်ဟာ ဘဝကို ဘယ်တုန်းကမှ အရှုံးပေးလက်မြှောက်ပို့ စိတ်ကူးခဲ့တဲ့သူမဟုတ်ပေမယ့် လောကဓံကတော့ ကျနော့်ကို ကောင်းကောင်းကြီး အကဲစမ်းနေပါပြီ။ ဒီအခြေအနေအတိုင်းဆိုရင် မောင်ဝိတ်ကို ငွေတချို့တဝက်ပြန်ဆပ်နိုင်ကောင်းရဲ့ဆိုတဲ့ စိတ်ကူးဟာလည်း ဒေါ် စက်ကြည့်လှည့်တွက် ကြောင့် လွယ်လွယ်နဲ့ ပြန်ရမယ့်နည်းလမ်းမမြင်ပါဘူး။ မန္တလေးက အဆောက်အဦတွေမှာ ရှိသမျှ ငွေပုံအောပြီး ထည့်ထားခဲ့တာဟာလည်း ရေထဲခဲပစ်သလို ပလုံတောင်အသံမမြည်ပဲ ဆုံးရှုံးကုန်ပါပြီ။ နောက်ဆုံးခံစစ်စည်းအဖြစ် မျှော်လင့်ထားခဲ့တဲ့ (၅၁)လမ်း (၅၂)လမ်း စီမံကိန်းကလည်း သူများ လက်ထဲကို ပြန်ထည့်လိုက်ရပြန်တာကြောင့် ကျနော်ဟာ မျောက်သစ်ကိုင်းလက်လွတ်ဆိုတဲ့ ဘဝမျိုးကို ရောက်ခဲ့ရပါတော့တယ်။ ဒါပေမဲ့ ထူးဆန်းတာက ကျနော့်စိတ်ဓာတ်ဟာ ကြာရှည်ယိမ်းယိုင်မသွားခဲ့ဘူး ဗျာ။ တနေ့နေ့ တချိန်မှာ ပြန်ပြီးနလံထူလာအောင်ကြိုးပမ်းနိုင်အုံးမယ်လို့ ကိုယ့်ကိုယ်ကို ခိုင်ခိုင်မာမာ ယုံကြည်နေတုန်းပါပဲ။

ဒါကလည်း တဖြည်းဖြည်း အကျင့်ဖြစ်လာတယ်ထင်ပါရဲ့ဗျာ။ ကျနော် ကျောင်းဆရာဘဝတုန်း ကဆို ငွေခြောက်ထောင်အကြွေးတင်နေတာကို အိပ်လို့မပျော်တဲ့အထိ ဖြစ်ခဲ့ဘူးတယ်ဗျာ။ ဟုတ် ပါတယ်။ ကျနော် ကျောင်းဆရာဘဝက ကိုယ်ပိုင်ကျူရှင်တခုထောင်ထားပြီး မှတ်စုစာအုပ်တွေရိုက် ရောင်းတဲ့အလုပ်ကို လုပ်ခဲ့တုန်းကပေါ့။ အဲဒီတုန်းက အလယ်တန်းပြ ကျောင်းဆရာတယောက်ရဲ့ လစာဟာ နှစ်ရာ့ငါးဆယ်လောက်သာရတာမို့ စာအုပ်ရိုက်ဖို့အတွက် လိုတဲ့ငွေကို ညီတော်မောင် သက်နိုင်ဆီက ချေးရငှားရတာပေါ့ဗျာ။ စာအုပ်တွေလည်းရိုက်ပြီးရော ငါ ဒီအကြွေးကိုဆပ်မှ ဆပ်နိုင်ပါ့ မလားဆိုပြီး တွေးတွေးပူလိုက်တာ ညညဆိုအိပ်မပျော်တော့ဘူးဗျာ။ မပျော်ပျော်အောင် စောင်ကို ခေါင်းမြီးခြုံပြီးအိပ်တော့လည်း အဲဒီအကြွေးခြောက်ထောင်အကြောင်း ခေါင်းထဲရောက်လာတာနဲ့ ခေါင်းမြီးခြုံထားတဲ့စောင်ကို လန့်လန့်ခွာမိတဲ့အထိပါပဲ။ ကျနော့်ကျောင်းသုံးသင်ခန်းစာ စာအုပ်တွေ ဟာ အုပ်ရေ ငါးထောင်လောက်ရိုက်ရတဲ့အထိ အောင်မြင်ခဲ့တာကြောင့် ပူပင်သောကဆိုတာ အချိန် တန်တော့လည်း သူ့နည်းသူ့ဟန်နဲ့ ကျော်ဖြတ်ကုန်ဆုံးသွားတာမျိုးပါလားဆိုတာ ကျနော်သဘောပေါက် ခဲ့ဘူးတယ်ဗျ။ အဲဒီအဖြစ်နောက်ပိုင်းမှာ ကျနော်ဟာ သိပ်အပူအပင်မကြီးတော့ဘူးဗျာ။

ကျနော်အချုပ်က လွတ်လာပြီးတပတ်လောက်ကြာတော့ ကျနော့်ရုံးခန်းကို ဖုန်းအောင်နဲ့ မြသောင်းဆိုတဲ့ ပုဂ္ဂိုလ်နှစ်ယောက်ရောက်လာပါတယ်။ အကြောင်းကတော့ မြန်မာပြည်မှာ ဘယ်သူမှ မရှင်းနိုင်တဲ့ အမှုတခု၊ ကျနော့်လက်ထဲကို အပ်ချင်လို့ပါတဲ့ဗျာ။ ဖုန်းအောင်နဲ့ကျနော်ဟာ လူချင်း အဲဒီတုန်းကမှ၊ သေချာတွေ့ဘူးကြပေမယ့် တယောက်အကြောင်းတယောက် အပြန်အလှန်သိထား ကြတာတော့ ရှိသဗျာ။ အဲဒါကလည်း ဇာတ်လမ်းလေးတခုဆိုပါတော့။

၁၉၉၄ ဝန်းကျင် မြန်မာပြည်မှာ ချဲဒိုင်တွေ အကြီးအကျယ်ခေတ်စားခဲ့တဲ့ကာလ၊ ဖုန်းအောင် ဟာ ချဲအောဒိုင်အဖြစ် လျှမ်းလျှမ်းတောက် အောင်မြင်နေတဲ့အချိန်ပေါ့။ အမှန်က မြန်မာပြည်မှာ ချဲကို အောဒိုင်ကိုင်တယ်ဆိုတာ ဘာငွေပင် ငွေရင်းမှမလိုဘူးဗျ။ လက်ခွဲဒိုင်လေးတွေကို လိုက်စုပြီး ပေါက်ရင်လျော်မယ် မိုရင်စားမယ်ဆိုတဲ့သဘောမျိုးပါပဲ။ အရပ်ထဲမှာတော့ ဒိုင်ချုပ်ဟာ ဘယ်ရွှေ ဘယ်မျှ ချမ်းသာတယ်၊ ဘယ်လောက်အရာရောက်တယ်ဆိုတာ မိုးတလုံးလေတလုံး လျှောက်ပြော ကြတာရှိပေမယ့် ရေဆုံးရေဖျားလိုက်ကြည့်ရင် အားလုံးလိုလိုဟာ အလံရှူးနဲ့ အာဝါလားတွေချည်းပါပဲ။

ဖုန်းအောင်နဲ့ပတ်သက်ခဲ့ဘူးတာက ကမာရွတ်ဘူတာရုံလမ်းထိပ်မှာ အထပ်သားခနီ အရောင်း ဆိုင်ဖွင့်ထားတဲ့ သန်းဝင်းဆိုတဲ့မောင် လက်ခွဲချဲဒိုင်ကိုင်ရာက စတာပဲဗျာ။ ကျနော်ဟာ ကိုယ်ပိုင် ဖွံ့ဖြိုးရေးနဲ့ အဆင်ပြေနေချိန်မှာ အလောင်းအစားကို သိပ်စိတ်မဝင်စားလှပေမယ့် သူ့ဆိုင်ကို ဝင်ထွက်

သွားလာနေကျမို့ တနိုင်ငံလုံး အုံးအုံးကျွက်ကျွက်ဖြစ်နေတဲ့ ချဲဆိုတာ ဘယ်လိုဟာမျိုးပါလိမ့်ဆိုပြီး ကျနော့်ဝသီအတိုင်း စပ်စုလိုက်မိပြန်ပါရောဗျာ။

လက်စသတ်တော့ ချဲထီဆိုတာ ထိုင်းနိုင်ငံမှာဖွင့်တဲ့ အောင်ဘာလေထီကို ရေဒီယိုကနေ ဝမ်ထိနိမ် အစချီ ထိုင်းဘာသာနဲ့ နောက်ဆုံးဂဏန်း သုံးလုံးကြေညာတာကို နားထောင်ပြီး ဒိုင်ခံလိုက်၊ ထိုးလိုက်လုပ်နေကြတာကလား။ မြန်မာပြည်မှာဖွင့်တဲ့ အောင်ဘာလေထီကို ဘယ်ဂဏန်းထွက်မယ်ဆိုတာ တွက်တဲ့ချက်တဲ့သူမရှိပေမယ့် ထိုင်းချဲထီကိုတော့ တွက်ချက်ပြီးထိုးကြသဗျာ။ အဲသလိုတွက်နိုင်ဖို့လည်း အတိတ်စိမ်းတွေကိုဖော်ပြတဲ့ ချိုင်းဆိုတာတွေလည်း ရှိသေး။ ချိုင်းဆိုတာ ဂဏန်းတွေ ရုပ်ပုံတွေရောထားတဲ့စာရွက်ပါဗျာ။ အမယ်၊ ချိုင်းအမျိုးကလည်း စုံပဲ့ဗျာ။ ဘာတဲ့၊ ဘိုမ ချိုင်း၊ အောချိုင်း၊ တောင်ကျော်ချိုင်း၊ ဘာချိုင်းညာချိုင်းနဲ့ ရေတွက်လို့မကုန်နိုင်တဲ့ ချိုင်းတွေပါပဲဗျာ။

ဒီလောက်တနိုင်ငံလုံး အုံးအုံးကြွက်ကြွက် ထိုးလိုက်ကြ လျော်လိုက်ကြ စားလိုက်ကြဖြစ်နေတဲ့ ချဲဆိုတာကို ဒိုင်ကိုင်တဲ့သူတွေဟာ ဘယ်လိုအတွေ့အကြုံတွေ ကျွမ်းကျင်မှုတွေနဲ့ လုပ်နေကြသလဲဆိုတာကိုလည်း ကျနော်သိချင်စိတ်ပေါက်လာပြန်သဗျာ။ ဒါနဲ့ ကျနော်လည်း သန်းဝင်းရဲ့သူငယ်ချင်း ခင်မောင်ဝင်းဆိုတဲ့မောင်ကို ဇနပါဦး ခင်ဗျားတို့ချဲဒိုင်ကိုင်နေတာတော့ ဟုတ်ပါပြီ။ ချဲထီ ဘယ်လိုဖွင့်တယ်ဆိုတာကော သိပါရစေဗျာလို့ မေးမိပါတယ်။ အဲဒီတုန်းက ရုပ်မြင်သံကြားမှာ နိုင်ငံပေါင်းစုံက အစီအစဉ်တွေကိုဖမ်းယူနိုင်တဲ့ စလောင်းတွေ ခေတ်မစားသေးဘူးဗျ။ ဒီမှာတင် ခင်မောင်ဝင်းကဟာ ဆရာသမား ခေတ်နောက်ကျနေပြီ၊ ချဲထီဖွင့်မယ့်နေ့မှာ ထိုင်းဘုရင့်မိသားစုက ချဲထီဖွင့်တဲ့ အခမ်းအနားကိုတက်ရောက်ပြီး သူတို့သဘောနဲ့သူတို့ တယောက်ဂဏန်းတလုံးစီ ပေးလိုက်ကြတာဆိုပဲ။ ဒီတော့ ကျနော်က၊ ဟာ ဒါဆို ချဲထီဂဏန်းတွေဟာ ထိုင်းဘုရင့်မိသားစုကြိုသိပြီးသား ဂဏန်းတွေဖြစ်မနေဘူးလားဗျာလို့လည်း မေးလိုက်ရော အေးလေ သူတို့သိပြီးသားတွေဗျတဲ့။ ဒါကြောင့် မြန်မာနိုင်ငံကို ထိုင်းအိမ်ရှေ့မင်းသမီး သီရိဒုံလာတုန်းက ချဲဂဏန်းရအောင် တောင်းကြတာပေါ့ဗျာတဲ့။

ကျနော့်စိတ်ထဲမှာ ခင်မောင်ဝင်းပြောတာကို သိပ်တော့ အယုံအကြည်မရှိလှပါဘူး။ ချဲထီ ဘယ်လိုဖွင့်တယ်ဆိုတာ ကျနော်သေချာမသိပေမယ့် သူပြောသလိုမျိုး မဟုတ်နိုင်ဘူးဆိုတာလည်း ကျနော်သိနေပါတယ်။ ခက်တာက ကိုယ်တိုင်လည်း ဘာမှသေချာနားမလည်တဲ့ကိစ္စဆိုတော့ အသာလေး ငြိမ်နေလိုက်ရပါတယ်။ အင်းလေ၊ အဲဒီလို ခပ်တုံးတုံးလူတွေရှိနေလို့လည်း လောကကြီးမှာ လူလည်တွေ စားသာနေကြတာပေါ့ဗျာ။

ဒီလိုနဲ့ ချဲဖွင့်ဖို့ သုံးလေးရက်လောက်အလိုမှာ သန်းဝင်းဆိုင်ထဲကို ကျနော်ဝင်သွားတော့ အသက်လေးဆယ်ဝန်းကျင် ပုဂ္ဂိုလ်တယောက် ဆိုင်ထဲက ပက်လက်ကုလားထိုင်ပေါ်မှာ မိန့်မိန့်ကြီးထိုင်နေတာကို တွေ့ရပါရော။ သန်းဝင်းမိတ်ဆက်ပေးတာကတော့ အဲဒီပုဂ္ဂိုလ်ဟာ သူတို့ရဲ့ဒိုင်ချုပ်ကြီး သူဌေး ကိုဖုန်းအောင်ဆိုပဲ။ ကုန်ဈေးတန်းလမ်းမှာနေတဲ့ သူဌေးဆိုတာလည်း ပါသေးဗျာ။ လောကကြီးမှာ မြွေမြွေချင်း ခြေမြင်တယ်ဆိုတဲ့စကားဟာ တယ်မှန်သဗျ။ သူနဲ့ကျနော် လက်ဆွဲနှုတ်ဆက်နေတုန်းမှာပဲ သူ့မျက်လုံးတွေကို အကဲခတ်လိုက်တော့ ဒီလူဟာ ကျားပဲဆိုတာ ကျနော်ချက်ချင်း သိလိုက်ပါတယ်။ သူ့မျက်လုံးတွေထဲက မရိုးမသားမှုတွေကို ကျနော်ချက်ချင်း အဓိပ္ပါယ်ဖော်လိုက်နိုင်ပါတယ်။ သူလည်း မခေဘူးဗျ။ ကျနော့်ကို သိရတာဝမ်းသာပါတယ်ဆိုတာလောက်နဲ့ပဲ စကားကို တိုတိုဖြတ်သွားသဗျ။

ဒါနဲ့ ဖုန်းအောင်လည်းပြန်သွားရော ကျနော်က ကိုသန်းဝင်းကိုခေါ်ပြီး ခင်ဗျား ကိုဖုန်းအောင်ကို ချဲရောင်းရတဲ့ငွေတွေကို ဘယ်လိုအာမခံချက်နဲ့ အပ်သလဲလို့ မေးလိုက်မိပါတယ်။ ဒီတော့ သူက ကိုသက်ခိုင်ရာ သိန်းထောင်နဲ့ချီပြီး အလျော်အစားလုပ်နေတဲ့ အောဒိုင်ဗျ။ ကျနော်က ဘာအာမခံချက်

တောင်းရမှာတုန်းတဲ့။ ဒီမှာတင် ကျနော်ဟာ ကိုသန်းဝင်းအတွက်ရော ထိုးသားတွေ အတွက်ပါ မဆီမဆိုင် စိတ်ပူသွားမိပါတော့တယ်။ လက်စသတ်တော့ ချဲဒိုင်ဆိုတာ နံမည်ကြီးဖို့ပဲ လိုတာကလား။ လျော်နိုင်တာမလျော်နိုင်တာက ချဲဂဏန်းဖွင့်ပြီးမှ မီးစင်ကြည့် ကကြတာပါကလား ဆိုတာ သေချာသဘောပေါက်ပါတော့တယ်။ ဒီမှာတင် ကျနော့်ရဲ့ လူလည်လုပ်ချင်စိတ်ကလည်း ခေါင်းထောင်လာတယ်ထင်ပါရဲ့။ ဒါကြောင့် ခင်ဗျား ဒီအပတ် ကိုဖုန်းအောင်ကို ဘယ်လောက် အပ်မှာတုန်းလို့ ဆက်မေးလိုက်မိပါတယ်။

ဒီတော့ သူက သိန်းတရာကျော်လောက်တော့ ရှိမယ်ဆိုပါတယ်။ ဒီမှာတင် ကျနော်က ဒီလို ဆိုရင်ဗျာ။ အခုအပတ်ဖွင့်မယ့်ချဲကို ခင်ဗျားကိုယ်တိုင်သာ ကိုင်လိုက်ပေတော့။ ခင်ဗျားစိတ်မပူရအောင် အာမခံချက်အဖြစ် ကျနော်က ခင်ဗျားကို သိန်းတရာငွေသားချည်းပဲ လက်ထဲကိုထည့်ထားမယ်။ ရှုံးတာမြတ်တာ ခင်ဗျားနဲ့ကျနော် တယောက်တဝက်ဆိုရင် ခင်ဗျားသဘောတူသလားလို့လည်း မေးလိုက်ရော ကိုသန်းဝင်းဟာ တချက်တည်း ငိုင်ဆင်းသွားပြီး မပွင့်တပွင့်လေသံနဲ့ ကိုသက်ခိုင် တကယ် ပြောတာလားဗျာတဲ့။ ကျနော်လည်း သူ့မေးခွန်းကို ဘာမှပြန်မဖြေမနေတော့ပဲ အိမ်ပြန်ပြီး ဖနီးသည်ဆီက ငွေသိန်းတရာကို ကိုသန်းဝင်းရှေ့မှာ ပုံချပေးလိုက်တယ်။

ကဲ၊ ခင်ဗျားဖက်ကသာ ပြတ်ပြတ်သားသား ဆုံးဖြတ်ပေတော့။ ကျနော့်ဖက်က အဆင်သင့် ဖြစ်ပြီလို့လည်း ပြောလိုက်ရော သူက ကျနော်တရက်လောက် စဉ်းစားပါရစေလို့ဆိုပါတယ်။ အင်း စဉ်းစားတယ်ဆိုတာ မှားတဲ့အလုပ်မဟုတ်တာကြောင့် ခင်ဗျားဆုံးဖြတ်ပြီးရင်သာ ကျနော့်ကို အကြောင်း ပြန်ပါလို့ မှာခဲ့ပြီး ကျနော်အသာလေးငြိမ်ပြန်လာခဲ့ပါတယ်။ ကိုသန်းဝင်းအေးမှာ ခြံရှိနေတဲ့ ဘော်ဒါ ဘော်ကျွတ်တွေကတော့ လုပ်သင့်တယ်။ မလုပ်သင့်ဘူး အသံမျိုးစုံထွက်ပြီး ကျန်ခဲ့လေရဲ့ဗျာ။ အော် နေဦး၊ ကျနော်ပြန်ခါနီးမှာ သန်းဝင်းဆီက မှတ်မှတ်ရရ နှစ်ရာတန်ချဲတကွက်ကို ထင်ရာမြင်ရာ ဂဏန်းတခုနဲ့ ထိုးခဲ့မိသေးတယ်ဗျ။

နောက်တရက်မှာလည်း သန်းဝင်းဟာ ဆုံးဖြတ်ချက်မချနိုင်ရှာပါဘူးထင်ပါရဲ့။ ကျနော့်ကို ဘာအကြောင်းမှမပြန်ခဲ့ပါဘူး။ ကျနော့်ဖက်ကတော့ ချဲဖွင့်မယ့်ရက် ဖုန်းအောင်ဆီကို သူ ငွေသွား မအပ်ခင်အချိန်အထိ ဖုန်းဆက်ခဲ့ပါသေးတယ်။ နောက်ဆုံးတော့ သန်းဝင်းဟာ ကိုဖုန်းအောင်ဆီကို ချဲဖိုးငွေတွေ သွားအပ်ခဲ့တယ်လို့ ဆိုပါတယ်။ ကျနော်လည်း သူ့ထိုက်နဲ့ သူ့ကံရှိပါစေတော့ဆိုပြီး အဲဒီကိစ္စကို ခေါင်းထဲကထုတ်ပစ်လိုက်ပေမယ့် ချဲဖွင့်ပြီး နောက်တနေ့မနက်အစောကြီးမှာ သန်းဝင်း တယောက် ကျနော့်အိမ်ကိုပေါက်ချလာပါတယ်။ သူ့ကြည့်ရတာ စုတ်တီးစုတ်ဖွားပုံစံနဲ့မို့ မျက်နှာတောင် သစ်ခဲ့ပုံမရပါဘူး။

သူလာရတဲ့အကြောင်းရင်းက သူ့ဆီမှာ ကျနော်ထိုးခဲ့တဲ့ ချဲနှစ်ရာကွက်က တွတ်ပေါက်လို့ အလျော်လာပေးတာတဲ့ဗျာ။ ထူးထူးဆန်းဆန်း ဖုန်းအောင်ကို သူအပ်ခဲ့တဲ့ငွေ သိန်းနှစ်ရာထဲမှာ လျော်ရတာဆိုလို့ ကျနော့်အတွက် ငွေနှစ်ထောင်ပဲရှိသတဲ့ဗျာ။ သူကျနော့်ကို ငွေနှစ်ထောင် ထုတ်ပေး ရင်း စိတ်မကောင်းခြင်းကြီးစွာဖြစ်နေတဲ့ လေသံနဲ့ အေးဗျာ၊ ကိုသက်ခိုင်စကားကို နားမထောင်မိတာ ကျနော့်အမှားပါပဲတဲ့။

သူမှားရင် သူခံတော့ပေါ့ဗျာ။ ဒါမျိုးက နောင်တရပြီး ထိုင်ညည်းလို့ပြီးသွားတဲ့ ကိစ္စမျိုးမှ မဟုတ်ပဲ။ နောက်ပိုင်းမှာ ကျနော်သိရတာကတော့ ဖုန်းအောင်ဆိုတဲ့မောင်ကလည်း ခေသူမဟုတ်လို့ ဆိုရမယ်ဗျာ။ ကျနော်သန်းဝင်းကို ငွေသိန်းတရာချပေးပြီး အရှုံးအမြတ်တယောက်တဝက်ခွဲမယ်လို့ စည်းရုံးတဲ့ သတင်းကို သန်းဝင်းတပည့်တချို့ဆီကနေ ရသွားတာကြောင့် ဖုန်းအောင်ဟာသန်းဝင်းကို သူ့အိမ် ချက်ချင်းခေါ်ပြီး (Yamaha)တံဆိပ် အသစ်စက်စက် မော်တော်ဆိုင်ကယ်တစီးကို စောင်ခြုံထား

ရာကနေ လှုပ်ပြခဲ့သတဲ့။ ပြီးတော့ ဒီဆိုင်ကယ်ဟာ ဒီအပတ်ရှုံးသည်ဖြစ်စေ မြတ်သည်ဖြစ်စေ သန်းဝင်းကို လက်ဆောင်ပေးဖို့ ဝယ်ထားတာဆိုတာလည်း ပြောသေးတယ်ဆိုပဲဗျ။ ဒီတော့ သန်းဝင်းဆိုတဲ့မောင်ကလည်း ခပ်တုံးတုံးမို့ ခေါင်းငြိမ့်ပြန်လာပြီး ချဲဖိုးတွေ အကုန်ထိုးအပ်လိုက်တာတဲ့ဗျာ။

အော်၊ မော်တော်ဆိုင်ကယ်လား။ တကယ်တမ်း သန်းဝင်းကို ဘယ်ပေးပါ့မလဲဗျာ။ တောင်ပြောမြောက်ပြောနဲ့ ကိစ္စပြီးသွားတာပေါ့။ အမယ်၊ ဒါတောင် သန်းဝင်းဟာ ကျနေ့ဘ်ဆီက ပြန်ခါနီးမှာ ကိုသက်ခိုင် ခင်ဗျားက ချဲကို တော်တော်ကျွမ်းကျင်တာပဲဗျ။ အမှန်က ကိုသက်ခိုင်ထိုးတဲ့တကွက်တည်းကို ရုံပြီးအောလိုက်ရင် တချက်တည်း ကိစ္စပြတ်မှာ၊ ဆိုပြီးလုပ်နေသေးဗျာ။ အမှန်က ကျနေ့ဘ်ဟာ ချဲအကြောင်းဘာမှနားမလည်ပဲ ထင်ရာမြင်ရာ စွတ်ထိုးခဲ့လို့တွတ်ဝင်တာကို သက်သက်မယ့် အထင်ကြီးနေတာကလား၊ ကောင်းကြရောပေါ့ဗျာ ။

အဲဒီနောက်ပိုင်း ကိုဖုန်းအောင်နဲ့ ငါးနှစ်နီးပါး မဆုံဖြစ်တော့ရာကနေ အခု ဖြုန်းဆို ကျနေ့ဘ်ရှေ့ကို ဒေါ်ကြည်ကြည်ရဲ့ အမှုတွဲကြီးနဲ့အတူ ပေါက်ချလာတာပါပဲဗျာ။

■

## အခန်း (၈၉)

# ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ဒေါ်ကြည်ကြည်

ရဲဘက်စခန်းထုံးစံကား ညကိုးနာရီတွင် အိပ်ချိန်သတ်မှတ်သဖြင့် စခန်းမီးအားလုံးပိတ်သည်။ နံနက်ငါးနာရီခွဲတွင် အိပ်ယာထ သံချောင်းခေါက်၍ ဘုရားဝတ်ပြုချိန်ဖြစ်သည်။ နံနက်ခြောက်နာရီတွင် နံနက်စောစာစားချိန်ဖြစ်၏။ ဘုတ်ဆင်းချိန်ကား နံနက်ခုနစ်နာရီ၊ ခေတ္တဘုတ်သိမ်း၍ ထမင်းစားချိန်ကား နံနက်ဆယ့်တစ်နာရီဖြစ်လေသည်။ နေ့လည် တစ်နာရီအထိ အဆောင်ပေါ်တွင်နားနေနိုင်ပြီး နေ့လည်တစ်နာရီမှ ညနေငါးနာရီအထိဘုတ်ဆင်းကြရသည်။ ခြောက်နာရီတွင် ညစာစားပြီး ညကိုးနာရီတွင် အိပ်ယာဝင်ကြရသည်။ ထိုသည်ကား ရဲဘက်စခန်း၏ တနေ့တာ သံသရာဖြစ်လင့်ကစား သီးခြားအဆောင်တွင် နေခွင့်ရသော ကိုသက်ခိုင်မှာမူ ထိုသံသရာနှင့် ကင်းလွတ်နေလေသည်။

ကိုသက်ခိုင်၊ ထောင်ပိုင်ကြီးကို မည်သို့သတင်းပို့သည်မသိ။ ကျနော် ကိုသက်ခိုင်နှင့် တညတာ အတူအိပ်ခွင့်ရခဲ့သည်။ ထိုညက ကိုသက်ခိုင်သည် ညကိုးနာရီထိုးပြီးသည့်တိုင်၊ ဖယောင်းတိုင်မီး မှိန်မှိန်အောက်တွင် ဖိုင်ထူထူကြီးတဖိုင်ထဲမှ စာရွက်များကို စိတ်ဝင်တစားသဲသဲမည်းမည်း ဖတ်ရှုလျက် ရှိလေသည်။ ကျနော်ကား အိပ်ချင်စိတ်မရှိသေးသည်နှင့် ကိုသက်ခိုင်ကို နားပူလိုက်မိသည်။

'အေးဗျာ၊ မီးပိတ်ထားကာမှ အိပ်ကာနီး ကော်ဖီမစ်ကလေးသောက်ချင်စိတ် ပေါ်လာတယ်'

ကိုသက်ခိုင်က စာဖတ်မပျက်ပဲ

'ခင်ဗျားကတော့ လုပ်ပြီ၊ ခင်ဗျားက အိပ်ကာနီး ကော်ဖီမစ်သောက်နေကျလားဗျ'

'ဟုတ်တယ်ဗျာ'

'ဒါဆိုလည်း နည်းလမ်းတော့ရှိတယ်၊ မိန်းချထားတာမို့ လျှပ်စစ်မီးပလပ်ကို သုံးလို့တော့ မဖြစ်ဘူး၊ နံရံပေါ်က အိပ်ကြီးထဲက ကျွတ်ကျွတ်အိတ် သန့်သန့်တလုံးယူလိုက်ပါဗျာ'ဟုဆိုသဖြင့် ကျနော်က ကိုသက်ခိုင်ပြောသလို ပြောသည့်အတိုင်း ကျွတ်ကျွတ်အိတ်ငယ်တခုကို ယူပေးလိုက်ရာ ကိုသက်ခိုင်သည် ကော်ဖီမစ်နှစ်ထုပ်ကိုဖွင့်လျက် ဖန်ခွက်တခုတွင် ရေအနေတော်ထည့်ကာ သမအောင် မွှေနေလေသည်။ ခဏအကြာတွင် ထိုရေစိမ်းနှင့် သမအောင်မွှေထား သည်ကော်ဖီမစ်များကို ကျနော်

ပေးသည့် ကျွတ်ကျွတ်အိတ်တွင်ထည့်ကာ ဖယောင်းတိုင်မီးပေါ် တွင် ကျွတ်ကျွတ်အိတ်ကို တင်လိုက်သဖြင့်၊ ကျနော်က အလန့်တကြားနှင့်

'ဟေ့လူ၊ ကျွတ်ကျွတ်အိတ်ကို မီးလောင်သွားမှာပေါ့ဗျ'ဟု သတိပေးလိုက်သော်လည်း ကိုသက်ခိုင်ကား ခပ်အေးအေးလေသံနှင့်

'ဟုတ်တယ်၊ ဖယောင်းတိုင်မီးတောက် အပေါ် ခပ်လှမ်းလှမ်းကတင်ထားရင် မီးလောင်သွားမယ်၊ ဒါပေမဲ့ အခု ကျနော်လုပ်သလို ဖယောင်းတိုင်မီးတောက်နဲ့ အိတ်ကို သေသေချာချာထိထားရင် မလောင်ဘူး၊ မကြာခင် ကော်ဖီမစ်ဆူလာလိမ့်မယ်။ အပူရှိန်အပူမြှတ်သဘောပေါ့ဗျာ၊ ထောင် သဘာရင့်သူတိုင်း လုပ်တတ်ပါတယ်၊ သိပ်ဆန်းတဲ့အလုပ်မဟုတ်ပါဘူး'

ကျနော်က တအံ့တဩဖြစ်နေသော်လည်း ကိုသက်ခိုင်ပြောသကဲ့သို့ပင် ဆယ်မိနစ်ခန့်အကြာတွင် ကျွတ်ကျွတ်အိတ်ထဲက ကော်ဖီမစ်သည် ဆူလာလေ၏။ နှစ်ယောက်သား ကော်ဖီမစ်ခွက် ကိုယ်စီနှင့် တငုံချင်း သောက်နေကြချိန်တွင် ကျနော်က သူ့ကိုစကား စလိုက်မိသည်။

'ခင်ဗျားဖတ်နေတဲ့ ဖိုင်အထူကြီးက ဘာတွေတုန်းဗျ'

'အမှုတွဲတွေလေ'

'ခင်ဗျား အမှုတွဲတွေကလည်း များလှချည့်လား၊ ရဲဘက်တောင် ရောက်နေပြီ၊ အမှုတွဲက ဖတ်နေရတုန်းလား'

'အခုဖတ်နေတာ ဖိုင်တခုပဲရှိသေးတယ်၊ အမှန်က အဲဒီအမှုနဲ့ပတ်သက်တဲ့ ဖိုင်တွဲပေါင်း ငါးဆယ်နီးပါး ကျနော့်ဆီမှာရှိတယ်၊ တဖိုင်စီမှာ အမှုစီရင်ချက်၊ တရားရုံး မှတ်တမ်း၊ တင်ပြလွှာ၊ အားလုံးပေါင်းရင် စာရွက်ရေ သောင်းချီရှိနိုင်တယ်ဗျာ၊ အခုအမှုက ကျနော်ထောင်ကျလာတဲ့အမှု မဟုတ်ဘူး၊'

'ဒီလောက်တောင် အမှုဖိုင်တွဲတွေများရအောင် ဘယ်လောက်ကြီးကျယ်တဲ့ အမှုမို့လို့လဲဗျာ'

'တနိုင်ငံလုံးနီးပါးသိနေကြတဲ့ နိုင်ငံကျော် တရားမမှုကြီးဆိုပါတော့'

'သေချာ ရှင်းစမ်းပါအုံးဗျာ'

'ဒီမယ် ကိုမင်းဒင်၊ နေရာတကာ မစပ်စုပါနဲ့လားဗျာ၊ လောကကြီးမှာ တချို့ကိစ္စတွေဟာ မသိပဲနေတာ ပိုကောင်းတာမျိုးရှိတတ်တယ်၊ အမှန်ပြောရရင် ဒီအမှုမျိုးဟာ မသိတာအကောင်းဆုံးပဲ၊ ခင်ဗျားသိလာရင် ခေါင်းခြောက်တာသာ အဖတ်တင်မယ်၊ လောဘစိတ်ဝင်လာမယ်၊ ခင်ဗျားသိလို့လည်း ဘာမှအကြောင်းထူးပြီး ကောင်းကွက်ပေါ် လာစရာ မမြင်ဘူးဗျာ'

'ခက်တာပဲဗျာ၊ ခင်ဗျားက မသိချင်ပါနဲ့ဆိုကာမှ ကျနော်က ပိုသိချင်လာပြီ၊ ခင်ဗျားကိုယ်တိုင်ပဲ ခင်ဗျား ဘဝအပြည့်အစုံကိုပြောပြမယ်လို့ ကတိပေးခဲ့တယ်မဟုတ်လား'

'ခင်ဗျား အကြွပ်ကိုင်နေရင်လည်း ကျနော်ကပြောပြဖို့ ဝန်မလေးပါဘူးဗျာ၊ ဒါပေမဲ့ ဒီအမှုတွဲအကြောင်းမပြောခင် ခင်ဗျားကို ပသိပုံပြင်ထဲက ကိုယ်နဲ့မဆိုင်တာကိုစပ်စုလို့ ကျောနဲ့ရင်ဘတ်မှာပြာသုတ်ပြီး ညတိုင်း ငိုရတဲ့ဇာတ်လမ်းတိုလေးတခုကိုတော့ ကြိုတင်ပြောပြထားချင်တယ်'

'ဒါဆိုလည်း ပြောဗျာ၊ အိပ်ယာဝင်ပုံပြင်လို့ပဲ သဘောထားလိုက်ပါ့မယ်'

'ဒီလိုဗျ၊ တခါတုန်းက အီရတ်နိုင်ငံဘဂ္ဂဒက်မြို့မှာ တောင်းရမ်းစားသောက်နေတဲ့ သူတောင်းစားတယောက်ရှိသတဲ့။ အဲဒီသူတောင်းစားဟာ မြို့ပြင်မှာနေတဲ့သူဖြစ်လေတော့ မြို့ထဲမှာ လှည့်လည်တောင်းရမ်းရင်း နေဝင်မိုးချုပ်ဖြစ်သွားတာကြောင့် တညဉ့်တာ တည်းခိုစရာနေရာ ရှာသတဲ့၊ ဒီမှာတင် အိမ်တအိမ်က မီးရောင်ကိုတွေ့တာနဲ့ ဝင်သွားပြီး အကျိုးအကြောင်းရှင်းပြ၊ တညဉ့်တာ တည်းခိုခွင့်တောင်းလေတော့ အိမ်ပိုင်ရှင်က ခင်ဗျားတည်းခိုချင်တယ်ဆိုရင် ခွင့်ပြုနိုင်ပါတယ်၊ သို့သော် ကိုယ်နဲ့မဆိုင်တာကို မစပ်စုပါဘူးဆိုတဲ့ ကတိကိုတော့ပေးရမယ်လို့ ဆိုသတဲ့ဗျာ။

တည၌တာ တည်းခိုဖို့သာအရေးကြီးနေတဲ့ သူတောင်းစားဟာ ခပ်လွယ်လွယ်ပဲ တောင်းတဲ့ ကတိကိုပေးလိုက်ပြီး အိမ်ထဲကိုဝင်မယ်အလုပ်မှာ အိမ်ရှင်ဟာ ဘယ်ဖက်မျက်လုံးတလုံး ကွယ်နေတာကို သတိထားလိုက်မိသတဲ့။ အိမ်ထဲရောက်တော့လည်း နောက်ထပ် ဘယ်ဖက်မျက်လုံးကွယ်နေတဲ့ လူ ခြောက်ယောက်ကိုလည်း ထပ်တွေ့ပြန်ရောတဲ့ဗျာ။ ထူးခြားတာက အဲဒီအိမ်မှာ မိန်းမတယောက်မှ မတွေ့ရပဲ မျက်စိတဖက်လပ်အားလုံးဟာ ယောကျ်ားတွေချည်းပဲတဲ့ဗျာ။ သူတောင်းစားလည်း ဒီလူ ခုနစ်ယောက်စလုံး ဘာကြောင့် ဘယ်ဖက်မျက်စိကွယ်နေရသလဲဆိုတာ သိချင်ပေမယ့် မစပ်စုပါဘူးဆို တဲ့ကတိကြောင့် ဘာမှ မမေးလိုက်ပါဘူးတဲ့။

အိမ်ရှင်တွေဟာ ဧည့်သည်သူတောင်းစားကို စားကောင်းသောက်ဖွယ်တွေနဲ့ သေချာဧည့်ခံတဲ့ အပြင် အိပ်ယာနေရာကိုလည်း သေချာပြင်ဆင်ပေးပြီး ညဆယ်နာရီလောက်မှာ အိပ်ယာဝင် စေပါသတဲ့။ သူတောင်းစားလည်း မောမောပန်းပန်းနဲ့လာတာမို့ အစားအသောက်ကောင်းတွေ စား၊ အိပ်ယာ သန့်သန့်မှာအိပ်ရတာကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေချိန်၊ ညသန်းခေါင်ယံမှာ ငိုသံတွေကြားရလို့ လန့်နိုးလာသတဲ့။ ဒါနဲ့ အိပ်ယာကထပြီး ငိုသံတွေကြားနေရတဲ့ အိမ်ရှေ့ခန်းမ ကျယ်ကြီးဖက်ကို လျှောက်လာလိုက်တော့ အိမ်ရှင် ရေမန်ကန်းခုနစ်ယောက်ဟာ မီးပုံကြီးတခုဘေးမှာ ဝိုင်းထိုင်နေကြရင်း မီးဖိုထဲကပြာတွေကို ရင်ဘတ်နဲ့ကျောကုန်းမှာ သုတ်ရင်း ရင်ကောကျောပါ လက်သီးနဲ့ ထုထုပြီး ငိုနေကြတာကို တွေ့ရသတဲ့ဗျာ။

ဧည့်သည်သူတောင်းစားဟာ အံ့ဩလွန်းလို့ ငေးကြည့်နေရာကနေ ဘာကြောင့်များ ဒီလို ရင်ဘတ်နဲ့ကျောကို ပြာသုတ်ပြီး ထုနှက်ငိုကြွေးနေကြသလဲဆိုတာ သိချင်စိတ်ပေါ်လာတာကြောင့် မီးပုံနားကို လျှောက်သွားပြီး ပထမဆုံးတွေ့ခဲ့တဲ့ ရေမန်ကန်းကို

'ဟေ့လူ ဘာကြောင့် ဒီလိုငိုနေကြတာလဲဗျ' လို့ မေးလိုက်တော့ အမေးခံရသူဟာ မစပ်စု စေချင်တဲ့အမူအယာနဲ့ ခေါင်းကို ယမ်းပြလိုက်သတဲ့၊ ဒီမှာတင် သူတောင်းစားဟာ သိချင်စိတ်ပိုဖြစ် လာပြီး၊ နောက်တယောက်ကို မေးပြန်တော့လည်း အလားတူအမူအယာနဲ့ ခေါင်းယမ်းတာပါပဲတဲ့ဗျာ။ ဒါပေမဲ့ သူတောင်းစားဟာ လက်မလျှော့ပဲ ကျန်တဲ့ရေမန်ကန်းတွေကိုပါ တယောက်ပြီးတယောက် ဆက်တိုက်မေးလိုက်တာ နောက်ဆုံးခုနစ်ယောက်မြောက်လူကိုလည်း မေးလိုက်ရော ကျန်တဲ့သူခြောက် ယောက်ပါ ဝုန်းကနဲထလာကြပြီး သူတောင်းစားကို သိုးရေတာထည်နဲ့ အုပ်၊ ကြိုးအထပ်ထပ်နဲ့ တုပ်နှောင် ပြီး အိမ်ရှေ့မှာ ပစ်ထားလိုက်ကြပါရောတဲ့။

နောက်တနေ့မနက် ဝေလီဝေလင်းမှာ ရောမင်္ဂက်စွန်ကြီးတကောင်ဟာ အဲဒီသိုးရေထုပ်ကြီးကို အစာအမှတ်နဲ့ သုတ်သွားပြီး ဘယ်နေရာမှန်းမသိတဲ့ တောင်ထိပ်အမြင့်ကြီးဆီကို ချီသွားပါရောတဲ့။ အဲဒီတောင်ထိပ်မှာ ငှက်စွန်ကြီးဟာ သိုးရေထုပ်ကိုချပြီး ချည်ထားတဲ့ကြိုးတွေကို နှုတ်သီးနဲ့ဖြည်လိုက်တဲ့ အခါ အထဲမှာရှိနေတဲ့သူတောင်းစားက အသံပေးခြောက်လှန့်လိုက်တာကြောင့် လန့်ပျံသွားရောတဲ့ ဗျာ။ ဒီမှာတင် သူတောင်းစားဟာ တောင်ထိပ်ပေါ်မှာ ဟိုဟိုဒီဒီ လိုက်လံကြည့်ရှုတဲ့အခါ တနေရာ အရောက်မှာတော့ အလွန်တရာကြီးကျယ်ခမ်းနားလွန်းလှတဲ့ နန်းတော်ဆောင်ကြီးတခုကို တွေ့ရသတဲ့။ အဲဒီနန်းတော်ဆီကို လျှောက်အသွားမှာ နန်းဆောင်ကြီးထဲက နတ်သမီးတမျှချောမောလှပတဲ့ မိန်းမပျို အယောက် သုံးဆယ်ထွက်လာပြီး 'မောင်တော် ရောက်လာမယ်ဆိုတာကြိုသိနေလို့ ဧည့်ခံဖို့ အဆင် သင့်ဖြစ်နေကြောင်းပါ'လို့ ဆိုကြသတဲ့ဗျာ။

နောက်တော့ မိန်းမပျိုသုံးဆယ်ဟာသူတောင်းစားကို နန်းတော်ထဲမှာ၊ ကောင်းပေ့ ညွန့်ပေ့ဆို တဲ့ ဗိုင်အရက် အစားအသောက်အပြင် ကြည်မငြီးနိုင်တဲ့ အကတွေနဲ့ဖျော်ဖြေပြီး၊ ညအချိန်အရောက် မှာတော့ မိန်းမပျို အယောက်သုံးဆယ်ထဲက အနှစ်သက်ဆုံးတယောက်နဲ့ အိပ်ယာဝင်စေပါသတဲ့။

ဒီလိုနဲ့ သူတောင်းစားဟာ နတ်ဘုံနဲ့တူတဲ့နေရာမှာ မိန်းမချောလေးတညတယောက်နဲ့ ဇိမ်ကျနေလိုက်တာ ရက်ပေါင်းသုံးဆယ်ပြည့်တဲ့နေ့မှာ မိန်းမချောလေးတွေက ထူးထူးဆန်းဆန်း စကားဆိုလာပါသတဲ့။

သူတို့ပြောတာကတော့ ကျမတို့ဟာ ဒီနေရာမှာ ရက်ပေါင်းသုံးဆယ်သာ တာဝန်ကျပါတယ်၊ ဒီ ကနေ့မှာ ကျမတို့ နေရင်းဒေသကိုပြန်ရပါလိမ့်မယ်၊ ခုနစ်ရက်မြောက်တဲ့နေ့မှာတော့ နောက်ထပ် မိန်းမပျိုအသစ်သုံးဆယ် ထပ်ရောက်လာပြီး မောင်တော်ကို အခုလိုနည်းအတိုင်း ဆက်လက်ပြုစုကြပါလိမ့်မယ်၊ ဒါကြောင့် မောင်တော်ဟာ ဒီနန်းတော်ကြီးထဲမှာ ခုနစ်ရက်တိတိ တကိုယ်တည်း ကျန်နေခဲ့ရပါမယ်၊ အဲဒီအခါ မပျင်းမရိရလေအောင် စိတ်ဝင်စားဖွယ်အတိနဲ့ပြည့်နေတဲ့ အခန်းခုနစ်ခန်းရဲ့ သော့ခုနစ်ချောင်းကို မောင်တော့်ထံမှာ အပ်ထားခဲ့ပါ့မယ်။ မောင်တော်ဟာ ပျင်းရိတယ်လို့ခံစားရချိန်မှာ အခန်းခြောက်ခန်းကို ဖွင့်ကြည့်နိုင်ပေမယ့် နောက်ဆုံး ခုနစ်ခန်းမြောက်အခန်းကိုတော့ ဘယ်သောအခါမှ မဖွင့်မိပါစေနဲ့၊ တကယ်လို့ နံပါတ်ခုနစ်အခန်းကိုဖွင့်ကြည့်မိခဲ့ရင် လက်ရှိခံစားနေရတဲ့ စည်းစိမ်တွေအားလုံး ပျောက်ပျက်ကုန်ဆုံးကုန်ပါလိမ့်မယ်၊ မောင်တော် နောင်တကြီးစွာရရပါလိမ့်မယ်လို့ သတိ အတန်တန်ပေးပြီး ခရီးထွက်သွားကြပါလေရောတဲ့။

အဲသလိုနဲ့ တကိုယ်တည်း အထီးကျန်ဖြစ်နေတဲ့ သူတောင်းစားဟာ လက်ရှိခံစားနေရတဲ့ နတ်စည်းစိမ်လေးပျောက်သွားရင် ခက်ရချည့်ရဲ့ဆိုပြီး အခန်းခုနစ်ခန်းကို တခန်းမှ ဖွင့်မကြည့်တော့ပါဘူးလို့ ဆုံးဖြတ်ထားပေမယ့် ညနေစောင်းလေ၊ သူနေ့စဥ်ခံစားခဲ့ရတဲ့စည်းစိမ်တွေကို သတိရပြီး အထီးကျန်စိတ်ပေါ်လာလေ၊ ဖြစ်လာတာကြောင့် ခုနစ်ခန်းတောင်ရှိတာပဲ၊ တခန်းဖွင့်ကြည့်တာတော့ ဘာမှ ပြဿနာမပေါ်လောက်ပါဘူးဆိုပြီး ပထမဆုံးအခန်းကို ဖွင့်ကြည့်မိပါလေရောတဲ့။

အခန်းကိုလည်းဖွင့်လိုက်ရော အခန်းထဲမှာ အလွန်သေးငယ်တဲ့ လူလေးတွေလှုပ်ရှားသွားလာနေတဲ့ ကမ္ဘာငယ်လေးတခုကို တွေ့ရဆိုပဲ၊ လယ်ထွန်တဲ့သူက လယ်ထွန်၊ ကောက်စိုက်သူတွေက ကောက်စိုက်၊ ပျိုးနှုတ်သူက နှုတ်၊ သစ်ပင်ပန်းမာလ်တွေကလည်း သူတို့သဘာဝ ဖူးပွင့်နေကြ၊ ကျေးငှက်သာရကာတွေကလည်း ဘာသာဘာဝ တွန်ကျူးနေကြတာကို တအံ့တဩတွေ့ရပါသတဲ့။

သူတောင်းစားဟာ ထူးဆန်းလွန်းလှတဲ့ အခန်းထဲကမြင်ကွင်းကို စိတ်ဝင်စားလွန်းတာကြောင့် အဲဒီတညကို ဘယ်လို ကုန်ဆုံးသွားတယ်ဆိုတာတောင်မသိလိုက်ပဲ နောက်တနေ့ညနေ့ကျပြန်တော့ ပထမအခန်းတောင် ဒီလောက်အံ့ဩစရာကောင်းတာ နောက်အခန်းဆို ဒီထက်ထူးဆန်းအံ့းမှာပဲဆိုပြီး ထပ်ဖွင့်ကြည့်ပြန်တော့ ပထမအခန်းထက် အံ့ဩစရာတွေ တွေ့ပြန်ရောပေါ့ဗျာ။ ဒါနဲ့ စပ်စုချင်တဲ့ စိတ်ကထိန်းမရတော့ပဲ တနေ့ကို တခန်းဆက်တိုက်ဖွင့်သွားလိုက်တာ ခြောက်ခုမြောက်အခန်းကို ဖွင့်ပြီးချိန်မှာတော့ နောက်ဆုံးအခန်းကို မဖွင့်ပါလေနဲ့ဆိုတဲ့ မိန်းမပျိုတွေရဲ့သတိပေးစကားကို ကြားယောင်ပြီး ဖွင့်မကြည့်ဘို့ ဆုံးဖြတ်လိုက်ပြန်ပါသတဲ့။

ဒီလိုနဲ့ သူတောင်းစားဟာ နောက်ဆုံးအခန်းကိုဖွင့်မကြည့်ဖြစ်အောင် အားတင်းနေရင်းကြားက နောက်ဆုံး မိန်းမပျိုအသစ်တွေရောက်လာခါနီး၊ နာရီပိုင်းလောက်ပဲလိုတဲ့အချိန်ကို ရောက်လာပါတော့တယ်။ မိန်းမပျိုတွေရောက်လာကာနီးလေ ဖွင့်ကြည့်ချင်တဲ့စိတ်ဟာ ပြင်းထန်လာလေပါပဲတဲ့။ သူတောင်းစားဟာ ဖွင့်ကြည့်ချင်တဲ့စိတ်ကို ဘယ်လိုမှ တားဆီးထိန်းချုပ်လို့မရတဲ့အဆုံး၊ ငါဖွင့်ကြည့်နေတုန်း သူတို့ရောက်လာကြမှာဆိုတော့ ဘာမှမဖြစ်လောက်ပါဘူးလေလို့တွေးပြီး နောက်ဆုံးနံပါတ်ခုနစ်အခန်းကို ဖွင့်လိုက်ပါလေရောတဲ့ဗျာ။

ဖွင့်ပြီးလို့ အခန်းထဲလည်းကြည့်လိုက်ရော ကျောက်သားနဲ့ ထုထားတဲ့ မြင်းကြီးတကောင်နဲ့ ကြာပွတ်တချောင်းသာတွေ့ရပြီး ဘာမှအံ့ဩစရာမရှိဘူးဆိုပဲ။ ဒါနဲ့ သူတောင်းစားဟာ ဘယ်နှယ့်ကျန်တဲ့ခြောက်ခန်းကတော့ အံ့ဩထူးဆန်းစရာတွေရှိလျက်နဲ့ ဒီအခန်းကျမှ ကျောက်မြင်းကြီး

တကောင်နဲ့ ကြာပွတ်ပဲတွေ့ရသတုန်းဆိုပြီး ကျောက်မြင်းကြီးကို တောင်ကိုင် မြောက်ကိုင်လုပ်ရာက တက်စီးကြည့်ချင်စိတ်ပေါ် လာပြီး ကြာပွတ်ကိုကိုင်ရင်း ကျောက်မြင်းကြီးကျောပေါ် ကို တက်လိုက်ပါလေရောတဲ့ဗျာ။ ရွှေကိုယ်တော်ဟာ ကျောက်မြင်းကြီးပေါ် လည်းရောက်ရော စိတ်ရှုးပေါက်ပြီး သူ့ညာဘက်လက်မှာ ကိုင်ထားတဲ့ကြာပွတ်နဲ့ မြင်းရဲ့ညာဖက်တင်ပါးကို၊ ခတ်ဆတ်ဆတ်ရိုက် လိုက်မိပါသတဲ့။ ဒီမှာတင် ကျောက်မြင်းကြီးဟာ ထူးဆန်းစွာအသက်ဝင်လာပြီး အမြီးကို ရှုတ်တရက် ခပ်ပြင်းပြင်း၊ ရမ်းလိုက်တာကြောင့် သူတောင်းစားရဲ့ ဘယ်ဖက်မျက်စိကို အမြီးဖျားနဲ့ တည့်တည့် ဖြောင်းကနဲနေအောင် ရိုက်မိပြီး မျက်စိထဲမှာ ကြယ်တွေလတွေပွင့်သွားရုံမက လောကကြီးကိုပါ မေ့သွားရောတဲ့ဗျာ။

သူတောင်းစားဟာ သတိပြန်ရလို့ မျက်စိကိုဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ သူလာခဲ့တဲ့ဘဏ္ဍာဒက်မြို့ထဲက အိမ်ရှေ့ကိုရောက်နေပြီး၊ ဧရမန်ကန်းခုနှစ်ယောက်က သူ့ကို ဘယ့်နှယ့်ရှိစဆိုတဲ့မျက်နှာပေးတွေနဲ့ အပေါ် စီးကမိုးပြီး ဂရုဏာကြည့်၊ ကြည့်နေတာကိုတွေ့လိုက်ရပါသတဲ့။ အဲဒီနေ့ကစပြီး ဘဏ္ဍာဒက်မြို့က အိမ်ကြီးမှာ ညသန်းခေါင်အချိန်ရောက်တိုင်း ကျောနဲ့ရင်ဘတ်ကို ပြာသုတ်ပြီး ထုနှက်ငိုကြွေးသူ စုစုပေါင်းရှစ်ယောက်ဖြစ်လာပါရောတဲ့ဗျာ’

‘ကဲ၊ ခင်ဗျားကော ကျောမှာပြာသုတ်ပြီး ရင်ပတ်စည်တီးဖြစ်ချင်သေးသလားဗျ’

ကိုသက်ခိုင့်အမေးကြောင့် သူ့ပုံပြင်မှာ အာရုံနှစ်နေသောကျနော် သတိပြန်ဝင်လာသည်။

‘ခင်ဗျားပြောတဲ့ပုံပြင်က တထောင့်တညထဲက ပုံပြင်ပဲဗျ၊ ခင်ဗျားအမှုတွဲကို နားထောင်ရုံနဲ့တော့ ရင်ဘတ်နဲ့ကျောကို ပြာသုတ်ပြီး မထုရလောက်ပါဘူးထင်ပါတယ်’

‘ဟုတ်ပါပြီ၊ ကျနော်က ဥပမာပေးတဲ့သဘောပါ၊ ခင်ဗျားနားထောင်ချင်သပဆိုရင်လည်း ကျနော့်ဖက်ကပြောပြဖို့ ဝန်မလေးပါဘူး၊ ခင်ဗျားကို သိုးရေနဲ့ထုပ်ပြီး ရဲဘက်စခန်းရှေ့ ပစ်ချမထားဘူးဆိုတာလည်း စိတ်ချပါ၊ ဒါပေမဲ့ ခင်ဗျားကို အဲဒီအမှုတွဲအကြောင်းမပြောခင် ခင်ဗျားကိုယ်တိုင် ဖတ်သင့်တဲ့အမှုတွဲတွေတော့ ရှိတယ်၊ ဒါတွေကိုအရင်ဖတ်မှ ကျနော်ပြောမယ့်အမှုအခြေအနေကို ခင်ဗျားနားလည်နိုင်မယ်၊ ရော့၊ ဒီမှတ်တမ်းနဲ့ စီရင်ချက်လေးခုဟာ ကျနော့်မှာ အပိုကူးထားတာရှိတာကြောင့် ခင်ဗျား အပြီးယူထားလိုက်ပေတော့၊ အဥပထမဆုံး တရားရုံးနေ့စဉ်မှတ်တမ်းကို အရင်ဖတ်ကြည့်လိုက်ပါဗျာ’

ပြောပြောဆိုဆို ကိုသက်ခိုင်က သူ့ရှေ့မလှမ်းမကမ်းတွင်ရှိနေသော စာရွက်ဖိုင်များကို ကျနော့်လက်ထဲသို့ကမ်းပေးလာလေရာ သူညွှန်ပြသော ပထမဆုံးစာရွက်များဖြစ်သည့်တရားရုံး နေ့စဉ်မှတ်တမ်းတခုကို ဖတ်ကြည့်မိလိုက်သည်။ (အဆိုပါ တရားရုံး နေ့စဉ်မှတ်တမ်းနှင့် အခြားဖိုင်နှစ်ခု၊ စုစုပေါင်းအမှုတွဲလေးဖိုင်မှာ ယနေ့တိုင် ကျနော့်လက်တွင်ရှိနေရာ မူရင်းအတိုင်း ကူးယူဖော်ပြလိုက်ပါသည်။)

ရန်ကုန်တိုင်း တရားရုံး

တရားရုံး နေ့စဉ်မှတ်တမ်း

၁၉၇၇ တရားမကြီး ၃၂၉

ဒေါ်ကြည်ကြည် ဦးကိုကိုကြီးပါ (၇)

၈-၈-၂၀၀၂ အမှုခေါ်။

တရားလို၏အခွင့်ရကိုယ်စားလှယ် ဦးမင်းဟန်လာသည်။ တရားလိုရှေ့နေကိုယ်စား အထက်တန်းရှေ့နေ ဦးတင်ထွန်းလာသည်။ တရားပြိုင် (၇)နှင့် တရားရုံးချုပ်ရှေ့နေ ဦးစံလှလာသည်။ ပစ္စည်းထိန်းအရာရှိ ဦးဝင်းစိန်လာသည်။

အမွေပုံပစ္စည်းတခုဖြစ်သော ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅/အီး၊ မြေကွက်အမှတ် ၄၅/ ဒီဟုခေါ်သော မြေကွက်နှင့်အဆောက်အဦအား ဦးသက်ခိုင်ပါ (၃)ဦးသို့ တန်ဖိုးကျပ်သိန်း (၃၆၀)ဖြင့် ရောင်းချရန် ဤတိုင်းတရားရုံးမှချမှတ်ထားသော (၄-၁၀-၂၀၀၀)ရက်စွဲပါ ပစ္စည်းရောင်းချရန်အမိန့် (Sale Order)တည်နေသည့် အခြေအနေ၌ တရားလို ဒေါ်ကြည်ကြည်က ဦးစွာ ဝယ်ယူခွင့်ပြုရန် လျှောက်ထားခဲ့ရာ လက်ခံရန်မဖြစ်နိုင်၍ ပယ်ကြောင်း ချမှတ်သော ဤတိုင်းတရားရုံး၏ (၂၅-၂-၂၀၀၂)ရက်စွဲပါ အမိန့်ကိုအခြေခံပြီး အောက်ပါ အတိုင်း ဆက်လက်ဆောင်ရွက်ရန် အမိန့်ချမှတ်လိုက်သည်

အမိန့်

ဤတိုင်းတရားရုံးက ချမှတ်ထားသော (၂၅-၂-၂၀၀၂)ရက်စွဲပါ အမိန့်တွင် အတည်ဖြစ်နေသည့် (၄-၁၀-၂၀၀၀)ရက်စွဲပါ ရောင်းချရန်အမိန့်နှင့်အညီ ပစ္စည်းထိန်းအား အောက်ပါအတိုင်း ညွှန်ကြားသည့် အချက်လည်း ပါဝင်ချမှတ်ထားသည်။

(က) တရားရုံးအမိန့်အရ ဝယ်ခွင့်ရသူ ဦးသက်ခိုင်ပါ (၃)ဦးအား ပစ္စည်းထိန်းမှ တဆင့်အရောင်းတန်ဖိုး ငွေကျပ်သိန်း (၃၆၀)ကို တရားရုံး ဘီးလစ်သို့ နည်းလမ်းတကျပေးချေစေရန်။

(ခ) ထိုသို့ပေးချေပြီးပါက ဝယ်ယူခွင့်ရသူ ဦးသက်ခိုင်ပါ(၃)ဦးအား တရားရုံးအမိန့်အရ ဝယ်ခွင့်ရသည့် အချင်းဖြစ်မြေနှင့်အဆောက်အဦကို အရောင်းလက်မှတ် ထုတ်ပေးခြင်း၊ ပစ္စည်း လက်ရောက်အပ်ပေးခြင်း ဆောင်ရွက်နိုင်ရန် မြေပေါ် ငှားရမ်း ရုံးဖွင့်အသုံးပြုလျက်ရှိသူ မြန်မာ့ရုပ်ရှင်လုပ်ငန်း (မော်ကွန်း ရုပ်ရှင်)နှင့် ညှိနှိုင်းတိုင်းတာ သတ်မှတ်တင်ပြရန်။

(ဂ) ထိုသို့ချမှတ်ခဲ့သော တိုင်းတရားရုံး၏ တရားလို ဒေါ်ကြည်ကြည် (အခွင့်ရကိုယ်စားလှယ် ဦးမင်းဟန်)က တရားရုံးချုပ် တရားမပြင်ဆင်မှု အမှတ် ၉၈/၂၀၀၂ တွင် ပြင်ဆင်မှုလျှောက်ထားရာ တရားရုံးချုပ်မှ (၈-၇-၂၀၀၂)ရက်စွဲပါ အမိန့်ပြင်ဆင်မှုကို ပယ်ခဲ့ပြီးဖြစ်ကြောင်းလည်း တွေ့ရသည်။ အချင်းဖြစ်မြေနှင့် အဆောက်အဦဝယ်ခွင့်ရသူ ဦးသက်ခိုင်ပါ (၃)ဦးက တန်ဖိုးငွေကျပ်သိန်း (၃၆၀)ကို (၁-၃-၂၀၀၂)နေ့တွင် တရားရုံး ဘီးလစ်ထံပြေကျေအောင်ပေးချေပြီးဖြစ်ကြောင်း တွေ့ရသည့်အပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မီတီ (မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန)ဌာနမှူးကလည်း ၎င်းရုံး၏ (၃-၇-၂၀၀၂)ရက်စွဲပါ စာအမှတ် ရကစ/ မြို့ပြမြေ / (စီမံ)၂၀၀၂ (၂၂၂၆)ဖြင့် အချင်းဖြစ် ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅/အီး၊ မြေကွက် အမှတ် ၄၅/ဒီ၊ ဧရိယာ (၃.၄၀၄) ဧက မြေကွက်အား ၎င်းဌာနမှ တိုင်းတာပြီးဖြစ်ကြောင်း၊ တရားဝင် မြေတိုင်းမြေပုံ ပူးတွဲ လျက်ပေးပို့ပြန်ကြားလာကြောင်းလည်း တွေ့ရသည်။ အဆိုပါ ရန်ကုန်မြို့တော်စည်ပင်၏ မြေတိုင်း မြေပုံတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ လွှဲအပ်ရမည့် မြေအစိတ်အပိုင်းမှာ အဝါရောင်ပြထားသော ဧရိယာ (၀.၂၉၀)ဧကဖြစ်ကြောင်း ဖော်ပြပါရှိသည်။ ယင်းမြေတိုင်း မြေပုံအပေါ် မြန်မာ့ရုပ်ရှင် လုပ်ငန်းမှ သဘောတူကြောင်းလည်း ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်ငန်း (ရုံးချုပ်)၏ (၂၆-၇-၂၀၀၂) ရက်စွဲပါ စာအမှတ် ၁-၄/၃-၈-၄/ ၂၀၀၂ (၂၃၉၀)ဖြင့် ပြန်ကြားစာပေးပို့လာကြောင်းလည်း တွေ့ရ သည် ထို့ကြောင့် အချင်းဖြစ်မြေကွက်ကို တန်ဖိုးကျပ်သိန်း (၃၆၀)ဖြင့်ဦးသက်ခိုင်ပါ (၃)ဦးအား ရောင်းချခြင်းကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၉၂ အရအတည်ပြုကြောင်းနှင့် မြို့တော်

စည်ပင် သာယာရေးကော်မီတီမှ ပေးပို့သော မြေတိုင်းမြေပုံပါ အတိုင်း အမိန့် ၂၁ နည်း ၉၄ အရ အရောင်းလက်မှတ် (Sale Certificate) ထုတ်ပေးရန် အမိန့်ချမှတ်လိုက်သည်။

× × × × ×

(အောင်ငွေ)

တိုင်းတရားသူကြီး

ရန်ကုန်တိုင်းတရားရုံး

ကိုသက်ခိုင်ဖတ်စေသော အထက်ပါ တရားရုံးနေ့စဉ်မှတ်တမ်းကိုဖတ်အပြီးတွင် ကျနော်က

'အော်၊ လက်စသတ်တော့ ခင်ဗျားဟာ ရန်ကုန်မြို့ ဗဟန်းမြို့နယ်လိုနေရာမျိုးမှာတောင် မြေနှစ်ဧကကျော်ဝယ်နိုင်တဲ့ တကယ့်သူဌေးကြီးပါလားဗျာ၊ ဒါပေမဲ့ ဒီလိုနေရာမျိုးမှာ နှစ်ဧကကျော်ကို ကျပ်သိန်း သုံးရာခြောက်ဆယ်နဲ့ အရောင်းအဝယ်လုပ်တယ်ဆိုတာတော့ သွေးရိုးသားရိုးမဖြစ်နိုင်ဘူးဆိုတာ ကျနော်လိုတောသားတောင် သိနေတယ်ဗျာ'

'အေးပေါ့ဗျာ၊ သွေးရိုးသားရိုးအမှုမဟုတ်လို့လဲ မြန်မာပြည်မှာ သက်တမ်းအရှည်ကြာဆုံး အမှုဖြစ်ခဲ့တာပေါ့'

'ဘယ်နှစ်နှစ်တောင် ကြာခဲ့လို့လဲဗျာ'

'အခု လက်ရှိအခြေအနေအထိ ၄၆ နှစ်ကျော် ကြာခဲ့ပြီဆိုပါတော့'

'ဟာ၊ ကြာလှချည့်လား၊ ဒီအတိုင်းဆို ကျနော်တို့တသက်တောင် ကျော်နေပါရော့လားဗျာ၊ ဒါနဲ့ အဲဒီမြေကွက်က အမှန်တကယ်ကာလပေါက်ဈေး ဘယ်လောက်တန်သတုန်းဗျ'

'အမှန်အတိုင်းပြောရရင် အဲဒီမြေကွက်ဟာ ကာလပေါက်ဈေး သိန်းပေါင်း တသောင်းခွဲ လောက်တန်မယ်ဗျာ'

'ဟာ တန်လှချည့်လားဗျ။ ခင်ဗျားကတော့ ဒီတကွက်တည်းနဲ့ သူဌေးဖြစ်ပြန်ပြီပေါ့ဗျာ'

'ဟော့လူ သိပ်မလောနဲ့ဗျ၊ ကျနော်က အဲဒီအမှုမှာ ငွေစိုက်ထုတ်သူမဟုတ်ဘူး၊ ကြားဝင်စေ့စပ်ညှိနှိုင်းသူသာဖြစ်တယ်၊ အဲဒီအမှု ကျနော့်လက်ထဲရောက်လာချိန်ဟာ ကျနော့်လက်ထဲမှာ ခြုံးတပြားတောင်မကပ်ပဲ ဘကြိုင် ဘိုင်ကျနေတဲ့အချိန်လေဗျာ'

'ခင်ဗျားက ကြားဝင်ညှိနှိုင်းသူလို့သာပြောတယ် တရားရုံးအမိန့်မှာ ခင်ဗျားနာမည်က ထိပ်ဆုံးက ပါလားဗျာ'

'အဲဒါကြောင့် ခင်ဗျားကို ဒီအမှုအကြောင်းမစပ်စုပါနဲ့လို့ ပြောတာပေါ့ဗျာ၊ တကယ်တော့ ဒီအမှုကို လူအများကြီး စိတ်ဝင်စားခဲ့ကြတယ်။ ပတ်သက်ခဲ့ကြတယ်၊ ရတနာသိုက်တခုလို ထင်မှတ်ပြီး လောဘနောက်လိုက်ကြလို့ ငွေကုန်လူပန်းဖြစ်ခဲ့ကြရတဲ့သူတွေ ထောင်ချီရှိနိုင်တယ်ဗျာ'

'သိန်းပေါင်း တသောင်းခွဲကျော်ဆိုတော့ ကျနော်တောင် တော်တော်စိတ်ဝင်စားလာပြီ'

'အင်း၊ ခင်ဗျား စိတ်ဝင်စားလာရင် ကျောနဲ့ရင်ဘတ်မှာ ပြာသုတ်ပြီး ငိုရမယ့်ကိန်းနီးလာပြီလို့သာ မှတ်ပေတော့၊ ဒီအမှုဟာ ခင်ဗျားထင်ထားတာထက် အများကြီးရှုပ်ထွေးတယ်။ နက်ရှိုင်းတယ်၊ ကြားတယ်လို့ခင်ဗျား ထင်ချင်ထင်ပေတော့၊ ဒီအမှုကို ဒီအခြေအနေအထိရှင်းနိုင်တာဟာ တခြားနိုင်ငံမှာသာဆိုရင် ဥပဒေရေးရာ၊ လူမှုဆက်ဆံရေးပညာတို့နဲ့ပတ်သက်တဲ့ ဒေါက်တာဘွဲ့တခုတောင် ရလောက်တယ်ထင်ပါရဲ့'

'ဟာ၊ ဆိုလှချည့်လား'

'အပိုဆိုတာ မဟုတ်ပါဘူးဗျာ၊ ဒီအမှုရဲ့ဖြစ်ပွားပုံက ထူးခြားနေတဲ့အပြင် အမှုမှာပါဝင်ကြတဲ့ အမွေဆိုင်တွေ၊ ရှေ့နေတွေဟာ လောဘသားတွေချည်းဖြစ်နေတာကြောင့် တကယ့်ကို ဆူးလှည်းနဲ့ ဇာတ်လှေတိုက်မိကြတဲ့ အထုပ်ရှုပ်ကြီးဖြစ်နေလို့ပါ။ ခင်ဗျားရိတ်ပတ်လည်လောက်အောင် ကျနော် တတ်နိုင်သလောက် ဖြေးဖြေးချင်း ရှင်းပြပါ့မယ်၊ ရှင်းမပြခင် ဒီအမှုမှာ ကျနော်က ဒေါက်တာဘွဲ့ ရလောက်ပါတယ်ဆိုတဲ့စကားကို ခင်ဗျားလက်ခံလာနိုင်အောင် အမှုရဲ့နောက်ဆုံးအခြေအနေကို ခင်ဗျားသိဖို့လိုလိမ့်မယ်၊ တကယ်တော့ ကျနော်ဟာ ဥပဒေဘွဲ့ကို စာပေးစာယူနဲ့ရခဲ့ပေမယ့် ကျနော့်မှာ တရားရုံးအတွေ့အကြုံဘာမှ မရှိဘူး၊ တရားရုံး လုပ်ထုံးလုပ်နည်းတွေကိုလည်း ကျနော်ဘာမှမသိဘူး၊ တရားရုံးချုပ် ရှေ့နေဖြစ်လာဖို့ ချိန်ဘာ (Chamber) လည်း မဆင်းခဲ့ဘူးပါဘူး၊ အဲဒီဇာတ်ရှုပ်ကြီးထဲကို ဝင်သွားပြီးမှ တရားမမှုနဲ့ပတ်သက်လို့ ပါရဂူမြောက်တတ်လာအောင် မုဆိုးစိုင်သင်ဆိုသလို အဲဒီ အမှုကြီးက ကျနော့်ကို သင်ကြားခဲ့တယ်ဆိုပါတော့၊  ဒါ့အပြင် အလုပ်တခုကို အောင်မြင်အောင် လုပ်မယ်ဆိုတဲ့ ကျနော့်အမှုအကျင့်နဲ့ ကျနော့်ဘဝပေးကုသိုလ်ကံကြောင့်လို့ဆိုရင်လည်း ရနိုင်ပါတယ်၊ အဲ နောက်တချက်က ကျနော်ဟာ အဲဒီအမှုကို နောက်ဆုံး ကောက်ရိုးတမျှင်အနေနဲ့ဆွဲကိုင်ပြီး မဖြစ်ဖြစ်အောင်လုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ကြောင့်လည်း အောင်မြင်သွားတာဖြစ်နိုင်ပါတယ်၊ အခုတော့ ခင်ဗျားလက်ထဲက အခွန်တံဆိပ်ခေါင်းဖိုး နှစ်ဆယ့်ငါးသိန်းကျော်ဆောင်ထားတဲ့ စာချုပ်မိတ္တူတွေကို ဖတ်ကြည့်လိုက်ပါအုံး။ အဲဒီစာချုပ်တွေဟာ ရန်ကုန်တိုင်းတရားရုံးကနေ စောစောက နေ့စဉ်မှတ်တမ်း ထွက်အပြီး ငါးရက်အကြာမှာ တရားရုံးဘီးလစ်က ထုတ်ပေးခဲ့တဲ့ အရောင်းသက်သေခံ လက်မှတ် ပါပဲဗျာ'

(ကိုသက်ခိုင် ဖတ်စေသော အရောင်းသက်သေခံလက်မှတ် မူရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။)

တရားမပုံစံ (၁၀၄)

အရောင်းလက်မှတ်အတွက်၊ ရောင်းဈေးကျပ် ၃၆၀၀၀၀၀၀/- (ကျပ် သိန်းသုံးရာခြောက်ဆယ် တိတိ)အပေါ် တွင် တံဆိပ်ခေါင်းခွန် ကျပ် ၂၅၂၀၀၀၀ /-(ကျပ် နှစ်ဆယ့်ငါးသိန်း နှစ်သောင်း တိတိ) ထမ်းဆောင်သည်။

မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ရောင်းကြောင်း လက်မှတ်စာ
(တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၁၊ နည်း ဥပဒေ ၉၄)
ရန်ကုန်တိုင်းတရားရုံး

၁၉၇၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၃၂၉

ဒေါ်ကြည်ကြည်နှင့်

(၁)ဦးကိုကိုကြီး (ခ)ဟယ်ရီဝိန် ၎င်းကိုယ်တိုင်နှင့် ကွယ်လွန်သူ ဂျိမ်းဝိန်၏ တရားဝင်ကိုယ်စားလှယ်)
(၂) ဒေါ်ဒေစီဝိန်
(၃) ဒေါ်အဲမာအင်ဒရူး
(၄) ဒေါ်မြင့်မြင့်ရီ
(၅) ဒေါ်အင်မာ(ခ)ဒေါ်မြမြသန်း

(၆) ဒေါ်ဆွေဆွေမြင့်
(၇) ဦးမင်းဆွေ
(၅/၆/၇ တရားပြိုင်တို့သည် ကွယ်လွန်သူ ဒေါ်သန်းမေ ၏ တရားဝင်ကိုယ်စားလှယ်များ ဖြစ်ကြသည်)
(၇- တရားပြိုင်ဦးမင်းဆွေ ကိုယ်တိုင်နှင့် ကျန်၁/၂/၃/၄/၅/၆ တို့၏ အခွင့်ရ ကိုယ်စားလှယ်)

တိုက်(၂၇) အခန်း(၄)
လှိုင်မြင့်မိုရ်အိမ်ယာ၊
ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့၊ ရန်ကုန်တိုင်း

အမှတ် - ၃/ဒီ၊ သံလွင်ဥယျာဉ်ခြံလမ်း
ဘိုကုန်းရပ်၊ မော်လမြိုင်မြို့
မွန်ပြည်နယ်

ဤအမှုတွင် ဒီကရီအတည်ပြုရာ၊ အောက်ခြေ၌ ဖော်ပြထားသော ပစ္စည်းများကို ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ (၄)ရက်နေ့တွင် တရားရုံး၏ရောင်းချရန် ချမှတ်သော အမိန့်အရ ရောင်းချသည့်အခါ၊ အောက်အမည်ပါသူများသည် ဝယ်သူများဖြစ်ကြပါသည်။

၁။ ဦးသက်ခိုင် (ဘ) မန်နေးဂျင်းဒါရိုက်တာ (---)ကုမ္ပဏီလီမိတက် အခန်းတိုက်၊ အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
၂။ ဦးကြီးစိန် (ဘ) ဦးကျင်ဝမ်း ၁၂/လမတ (နိုင်) ၀၂၈၅၇၀ မန်နေးဂျင်းဒါရိုက်တာ။ Golden Shell ကုမ္ပဏီလီမိတက် အမှတ် (၁၇/၁၈)ဗဟိုစည်အိမ်ယာဝင်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
၃။ ဦးလှမောင်ရွှေ (ဘ)ဦးကျော်ရွှေ ၉/သစန (နိုင်)၀၀၃၈၈၆ မန်နေးဂျင်းဒါရိုက်တာ၊ ရွှေမိသားစုထရေးဒင်းကုမ္ပဏီလီမိတက် အမှတ် ၆၆၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

× × × × ×
(အောင်ငွေ)
တိုင်းတရားသူကြီး
ရန်ကုန်တိုင်း တရားရုံး

ထို့ပြင်၊ ၎င်းရောင်းချခြင်းကို ဤရုံးတော်က အတည်ပြုပြီးကြောင်း၊ သက်သေခံစာရေးပေးသည်။ ၂၀၀၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

× × × × ×
(အောင်ငွေ )
တိုင်းတရားသူကြီး၊
ရန်ကုန်တိုင်း တရားရုံး၊

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅/အီး၊ မြေကွက်အမှတ် ၄၅/ဒီ [ဧရိယာ (၃.၄၀၄ )ဧကရှိ မြေကွက်အနက် မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ လွှဲအပ်ရမည့် အစိတ်အပိုင်း (၀.၂၉၀)ဧကကို ချန်လှပ်၍ ကျန်မြေအစိတ်အပိုင်း]ဧရိယာ (၃.၁၁၄ )ဧကရှိမြေကွက်။

အထက်ပါ အရောင်းသက်သေခံလက်မှတ်ကို ကျနော်ဖတ်ပြီးသည့်အခါ ကျနော့်ခေါင်းထဲသို့ ဒေါ်ကြည်ကြည် ဝင်ရောက်လာလေသည်။

'နေပါဦး၊ ကိုသက်ခိုင်ရ၊ တရားလိုကတော့ ဒေါ်ကြည်ကြည်တယောက်တည်းဖြစ်နေပြီး တရားပြိုင်တွေက များလှချည့်လား၊ ဘယ်လိုကြောင့်တုန်း'

'အင်း၊ တကယ်တော့ ဒေါ်ကြည်ကြည်ဟာ အခုခင်ဗျားနဲ့ကျနော် စကားပြောနေချိန်အထိ သက်ရှိထင်ရှားရှိနေလို့ပေါ့ဗျာ၊ တရားပြိုင်စာရင်းမှာ လူနာမည်တွေများနေတာကတော့ ဦးထင်ဝိန်က ကွယ်လွန်သွားပြီဖြစ်လို့ သူ့ရဲ့သားသမီးမြေးမြစ်တွေပေါ့'

'အော်၊ ဒါဆို ခင်ဗျားကိုယ်တိုင် ဒေါ်ကြည်ကြည်နဲ့ တွေ့ဖူးတယ်ပေါ့'

'တွေ့ဖူးလိုက်သမှ အကြိမ်ပေါင်းတောင် မရေတွက်နိုင်ပါဘူးဗျာ'

'ဒါဆို ဒေါ်ကြည်ကြည်အကြောင်း သိချင်လှသဗျာ'

'ဒေါ်ကြည်ကြည်ဟာ အခု အသက်ရှစ်ဆယ့်ခြောက်နှစ်လောက်ရှိပါပြီဗျာ၊ သူ့လက်ရှိ ရုပ်ရည်ကို ဆက်စပ်ခန့်မှန်းရရင် သူဟာ နုပျိုစဉ်က မိန်းမချောမိန်းမလှတယောက် စာရင်းဝင်ခဲ့ဟန်တူပါရဲ့။ အရပ်မြင့်မြင့် အသားဖြူဖြူ မင်းကတော်ရုပ်ရှိနေတုန်းပါပဲဗျာ၊ အခုထက်ထိတောင် ဒေါ်ကြည်ကြည်ဟာ နှုတ်ခမ်းနီဆိုးတုန်း၊ မျက်ခုံးမွှေး ဆွဲတုန်းပါဗျာ။

ဒေါ်ကြည်ကြည်နဲ့ ဦးထင်ဝိန်ဟာ ၁၉၄၅ ဝန်းကျင်မှာ တွေ့ခဲ့ကြဟန်တူပါတယ်။ ဦးထင်ဝိန်ဟာ ဒေါ်ကြည်ကြည်ကို အပျော်မယားသဘောမျိုးထားခဲ့တယ်ဆိုတာလည်း သေချာတဲ့အချက်ပါပဲ။ အဲဒီတုန်းက ဒေါ်ကြည်ကြည်ဟာ တခုလပ် သို့မဟုတ် မုဆိုးမဖြစ်ဟန်ရှိတယ်။ ဘာကြောင့်လည်းဆိုတော့ ဦးထင်ဝိန်နဲ့ရတာမဟုတ်တဲ့ သားသမီးသုံးယောက်ရှိနေပြီး သူတို့က ကျနော့်အသက်ထက်တောင် ကြီးနေလို့ပဲဗျာ။ ဒေါ်ကြည်ကြည်ဟာ ဦးထင်ဝိန်နဲ့သားသမီးမရခဲ့ဘူးဆိုတာ တရားရုံးမှတ်တမ်းတွေကို လေ့လာရင်သိနိုင်ပါတယ်။ ဦးထင်ဝိန်ဟာ မော်လမြိုင်ဇာတိ ဂျူးကပြားလို့ဆိုပါတယ်။ ဦးထင်ဝိန်ဟာ သင်္ဘောကိုယ်စားလှယ်အလုပ်၊ မိုင်းလုပ်ငန်း ကန်ထရိုက်စတာတွေလုပ်ခဲ့ပြီး အတော်ကို ကြွယ်ဝချမ်းသာတယ်ဆိုတာသိရတယ်။

အခုလက်ရှိမှာတော့ ဒေါ်ကြည်ကြည်နဲ့ သူ့သားသမီးမြေးမြစ်တွေဟာ ဘာ အလုပ်မှ မယ်မယ်ရရလုပ်ကိုင်တာမတွေ့ရပါဘူး၊ တသက်လုံး ဒီအမွေဆိုင်အမှုက ရလာတဲ့ဝေစုပေါ် မှာသာ မှီခိုစားသောက်ခဲ့ကြတာပါ။ ငွေရှင်ကြေးရှင်လောဘသား တော်တော်များများက ဒေါ်ကြည် ကြည်ရဲ့ အမွေစုစာရင်းကိုကြည့်ပြီး အမှုပြီးလေနီးနီး၊ ရတနာပုံဆိုက်နီးနီးနဲ့ ဒေါ်ကြည်ကြည်ကို ထောက် ပံ့ကြ၊ အမှုထဲမှာ ဝင်ပါလိုက်ကြ၊ ရှိတဲ့ ငွေကုန်သွားလိုက်ကြ၊ နောက်တယောက် ဝင်လာလိုက်ကြနဲ့၊ ဂျာအေး သူ့အမေရိုက်သလိုဖြစ်နေတာကြောင့် အမှုက ပိုရှည်သထက်ရှည် ကြာသထက် ကြာနေရောဆိုပါ တော့၊ ပိုဆိုးတာက တရားလိုနဲ့ တရားပြိုင်တွေဟာ တဖောင်းစေးနဲ့မျက်ချေးလို မျက်နှာချင်း ဆိုင်လို့မရပဲ ကမ္ဘာ့ရန်တွေဖြစ်နေတာကြောင့် ဒီအမှုဟာ ရှင်းလို့မရနိုင်အောင် ရှုပ်တုန်တာပေါ့ဗျာ၊ ဒီကြားထဲမှာ ဒေါ်ကြည်ကြည်နာမည်ကြီးချင်တော့ ဒေါ်ကြည်ကြည်ရဲ့အမှုတွဲ စီရင်ထုံးကြောင့် 'မယား ငယ်ဆိုတဲ့ စကားအစား မယားပြိုင်'ခေါ် ဝေါ် သုံးစွဲဖို့ တရားရုံးစီရင်ထုံး ထွက်ခဲ့တာကြောင့်ပါပဲဗျာ။

'အော်၊ ဒါဆို မယားပြိုင်အစ ဒေါ်ကြည်ကြည်ကလို့ ဆိုရမှာပေါ့'

'ဟုတ်ပါ့ဗျာ၊ မြန်မာနိုင်ငံမှာ မယားပြိုင်ဆိုတဲ့ စကားလုံးပေါ်လာတာဟာ ဒေါ်ကြည်ကြည့် အပ္ပကြောင့်ပါပဲ၊ သေချာရှင်းပြရရင် ဒီလိုဗျ'

■

## အခန်း (၄၀)

# မယားပြိုင်ဟု ခေါ်တွင်စေရမည်

အဲဒီ စီရင်ထုံးထွက်လာခဲ့တဲ့အမှုကတော့ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဒေါ်ကြည်ကြည်ဆိုတဲ့ အမှုပါပဲဗျာ။ စီရင်ထုံးဆိုတာ ခင်ဗျားနားလည်လွယ်အောင်ပြောရရင် နောင်အလားတူအမှုမျိုးတွေမှာ ယက်သေ အကိုးအကားပြုနိုင်အောင် တရားရုံးချုပ်ကထူးခြားပြီး စံနမူနာထားလောက်တဲ့အမှုတွေကို နှစ်အလိုက်စုစည်းပြီး ပုံနှိပ်စာအုပ် (စီရင်ထုံးတွေ)အဖြစ် မှတ်တမ်းတင်ထားတာကို ဆိုလိုတာပေါ့ဗျာ။

မယားပြိုင်ဆိုတဲ့စကားဟာ တရားရုံးဆုံးဖြတ်ချက်ဗျ။ အဲဒီဆုံးဖြတ်ချက်ကိုလည်း နိုင်ငံတော် သမတဟောင်း ဒေါက်တာမောင်မောင်ကိုယ်တိုင် စီရင်ချက်ချလိုက်တာတဲ့ဗျာ။ အဲဒီစီရင်ချက် ချပြီး၊ နောက်တနေ့ထုတ် သတင်းစာတိုင်းလိုလိုမှာ မယားပြိုင်ဆိုတဲ့စကားလုံးကြီး ပြူးတူးပြဲတဲလည်း ပါလာရော၊ အဲဒီတုန်းက ဥက္ကာကြီး ဦးနေဝင်းရဲ့ဇနီး ဒေါ်ခင်မေသန်းကတောင် ဒေါက်တာမောင်မောင် ဆီကို တယ်လီဖုန်းဆက်ပြီး ကိုမောင်မောင် ရှင်ဘာတွေလျှောက်လုပ်နေတာတုန်းလို့ ကြိမ်းဘူးသေး သတဲ့ဗျာ။ ဟုတ်တယ်လေ။ အဲဒီအချိန်က သူက ဦးနေဝင်းရဲ့ မယားငယ်နေရာမှာရှိနေသကိုး။ ဦးနေဝင်းရဲ့ပထမအိမ်ထောင်က ဒေါ်တင်တင်တဲ့ဗျ။ ဒေါ်ခင်မေသန်းဟာ ဦးနေဝင်းနဲ့မယူခင် (ဒေါက်တာ)ဦးတောင်ကြီးဆိုတဲ့သူနဲ့ အရင်အိမ်ထောင်ရှိခဲ့တယ်ဆိုတာလည်း ကြားဘူးသဗျာ၊ မဆလ ခေါင်းဆောင်ကြီး ဦးနေဝင်းဟာ တရားဝင် ပွဲတက်မယားလေးယောက်တောင်ရှိခဲ့ဆိုပဲ။ သူတို့ကတော့ ဒေါ်တင်တင်၊ ဒေါ်ခင်မေသန်း၊ ရတနာနတ်မယ်၊ ဒေါ်နီနီမြင့်တို့ပါပဲတဲ့ဗျာ။

အမှန်တော့ အဲဒီစီရင်ချက်ဟာ နိုင်ငံခြားသားဘာသာကွဲတွေနဲ့လက်ထပ်မိတဲ့ မြန်မာအမျိုး သမီးတွေရဲ့အခွင့်အရေးကို ကာကွယ်တဲ့အနေနဲ့ ပြဋ္ဌာန်းခဲ့ပေမယ့် လူတွေရဲ့နားမှာ တမျိုးကြီးဖြစ်နေ တာကြောင့် အဓိပ္ပါယ်တလွဲ ဖွင့်ကြပြန်တာပါရဲ့ဗျာ။

အမှုအနေအထားဟာ ရှုပ်ချက်ကတော့ ကမ်းကုန်တယ်ဆိုရမယ်ဗျာ။ ဘာကြောင့်လည်းဆို တော့ ဒေါ်ကြည်ကြည်ဟာ အမှုစဖြစ်တာနဲ့ သူငှားလိုက်တဲ့ရှေ့နေဟာ ဂျပန်ခေတ် နန်းရင်းဝန်ဟောင်း

ဒေါက်တာဘမော်ရဲ့ အကိုအရင်း၊ လက်ရှိ မြန်မာနိုင်ငံမှာ အကျော်ကြားဆုံး အင်္ဂလိပ်မြန်မာအဘိဓာန် ကျမ်းပြုဆရာကြီး၊ တကယ့် ဒိတ်ဒိတ်ကြဲ နိုင်ငံကျော်ရှေ့နေကြီး ဒေါက်တာ ဘဟန်တဲ့ဗျာ။

အားပေးဗျာ၊ အမှုမှာပါတဲ့ ဝေစုကလည်းများ၊ တဖက်နဲ့တဖက် အာဃာတကြီးကြီးနဲ့ သူ့ထက်ငါ အပြိုင်အဆိုင် နာမည်ကြီးရှေ့နေတွေ အပြိုင်အဆိုင်ငှားကြတယ်ထင်ပါရဲ့၊ ကျနော့်စိတ်ထင် မစ္စမေရီဝိန် ငှားတဲ့ရှေ့နေကြီး ဦးကျော်မြင့်ဆိုတာလည်း နိုင်ငံတော်တရားသူကြီးချုပ်ဖြစ်ခဲ့ဘူးတဲ့ ဦးကျော်မြင့်များ ဖြစ်လေမလားပဲ။ ဘာကြောင့်လည်းဆိုတော့ နှစ်ဖက်ရှေ့နေတွေဟာ ဒိတ်ဒိတ်ကြဲတွေ ဖြစ်နေတာက တကြောင်း၊ အမှုက တနိုင်ငံလုံးဟိုးလေးတကျော် ဖြစ်နေတာကတကြောင်းကြောင့် ထင်ပါရဲ့၊ နိုင်ငံတော် တရားသူကြီးချုပ်၊ (နိုင်ငံတော်သမ္မတဟောင်း)ဒေါက်တာ မောင်မောင်ဟာ ဒီအမှုကို အပြီးသတ် စီရင်ချက်ချရာမှာ သူ့တယောက်တည်းမဆုံးဖြတ်ပဲ၊ ရုံးသဟာယအဖြစ် ကျမ်းပြုရှေ့နေကြီး ဒေါက်တာ မောင်နဲ့ လက်ထောက်ရှေ့နေချုပ် ဦးလှသင်းတို့ပါ ဖိတ်ကြားအကြံပြုစေပြီးမှ အမိန့်ချမှတ်ခဲ့တာကို တွေ့သဗျာ၊ ဒေါက်တာမောင်မောင်ကိုယ်တိုင် ချမှတ်ခဲ့တဲ့အမိန့်ကတော့ စာစာက ကျနော် ခင်ဗျားကို ပေးထားတဲ့ဖိုင်တွေထဲက နံပတ်သုံးမြောက်ဖိုင်ပေါ့ဗျာ၊ ဖတ်ကြည့်လိုက်ပါအုံး။

(ထိုစဉ်က နိုင်ငံတော်တရားသူကြီးချုပ်၊ (နောင် သမ္မတဖြစ်လာခဲ့သူ)ဒေါက်တာမောင်မောင် ကိုယ်တိုင် ဒေါက်တာ ငမောင်နှင့်၊ နိုင်ငံတော်လက်ထောက်ရှေ့နေချုပ် ဦးလှသင်းတို့ကို ရုံးသဟာယ လူကြီးများအဖြစ်ဖိတ်ခေါ်လျက် စီရင်ချမှတ်ခဲ့သော 'ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဒေါ်ကြည်ကြည် စီရင်ထုံးမူရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။)

နိုင်ငံတော်တရားရုံးချုပ်

၁၉၇၀ ခုနှစ်၊ အခွင့်ထူးတရားမ အယူခံမှုအမှတ် ၇-၈

၁၉၆၇ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၁၀၄ တွင်၊ နိုင်ငံတော်တရားရုံးချုပ်ရုံးတော်၏၊ ချမှတ်သောအယူခံဝင်မှု

| | |
|---|---|
| ဒေါ်ကြည်ကြည်နှင့် | မစ္စစ်မေရီဝိန်-ပါ (၉) |
| မစ္စစ်မေရီဝိန်-ပါ ၇ | ဒေါ်ကြည်ကြည်ပါ- ၃ |
| အယူခံတရားလို။ | အယူခံတရားခံ။ |

| | |
|---|---|
| အယူခံတရားလိုအတွက် | ဦးမောင်မောင်၊ |
| အယူခံတရားခံအတွက် | ဦးကျော်မြင့်၊ |

ရုံးသဟာယ ဒေါက်တာငမောင်၊ ဦးလှသင်း(လက်ထောက်ရှေ့နေချုပ်)၊

'စီရင်ချက်'

နေ့စွဲ။ ရန်ကုန်မြို့၊ ၁၉၇၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့

ဒေါ်ကြည်ကြည်က မိမိသည် ဦးထင်ဝိန်၏တရားဝင် မယားတယောက်ဖြစ်ခဲ့ပါသောကြောင့်၊ ဦးထင်ဝိန်ကွယ်လွန်ပြီးနောက်၊ ကျန်ရစ်သောအမွေပုံကို ဦးထင်ဝိန်၏ ပထမမယား မစ္စစ် မေရီဝိန်နှင့် အချိုးကျ ခွဲဝေရရှိထိုက်ပါသည်ဟု၊ ရန်ကုန်မြို့တရားမရုံးတွင် တရားစွဲဆိုခဲ့လေသည်။ ဦးထင်ဝိန်နှင့်

မစ္စစ် မေရီဝိန်တို့သည် ခရစ်ယာန်ဘာသာကိုကိုးကွယ်ကြသော မြန်မာလူမျိုးများဖြစ်ကြ၍ ဒေါ်ကြည်ကြည်သည် မြန်မာဗုဒ္ဓဘာသာဝင်တဦးဖြစ်သည်။

မစ္စစ်မေရီဝိန်တို့က အမှုတွင်ခုခံချေပရာ၌ ၎င်းနှင့် ဦးထင်ဝိန်တို့သည် ခရစ်ယာန်လက်ထပ်ထိမ်းမြားခြင်း အက်ဥပဒေ (Chirstian Marriage Act)အရ ထိမ်းမြားခဲ့ခြင်းဖြစ်ပါသည်။ ယင်းဥဒေအရ တလင်တမယားသာရှိရသဖြင့် ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်ကို တရားဝင်မယားအဖြစ် ထိမ်းမြားခြင်းမပြုနိုင်ပါ။ ဒေါ်ကြည်ကြည်သည် အမွေရနိုင်သောတရားဝင်မယားမဟုတ်ခဲ့ပါဟု ပြွက်ဆိုကြသည်။

မူလရုံးက ကောက်ချက်အရပ်ရပ်ထုတ်နှုတ်စစ်ဆေး၍ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လင်မယားအရာမြောက်စေမည့် ပေါင်းဖက်နေထိုင်မှုမျိုးဖြင့် နေထိုင်ခဲ့ကြောင်းထင်ရှားသည်။ ထို့ကြောင့် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေပုဒ်မ ၂၀ အရ တရားဝင်လင်မယား အရာမြောက်ခဲ့သည်။ ထို့ကြောင့် ဦးထင်ဝိန်ရေးသားခဲ့သော သေတမ်းစာပျက်ပြယ်၍ ၎င်း၏အမွေပုံကို ဒေါ်ကြည်ကြည်ပါ တရားဝင်မယားတဦးအနေဖြင့် ခွဲဝေရထိုက်သည်ဟု ဒီဂရီချမှတ်ခဲ့သည်။

မစ္စစ်မေရီဝိန်တို့က ဤရုံးသို့အယူခံဝင်ရာ အယူခံကိုကြားနာသော တဦးထိုင်တရားသူကြီးက ဦးထင်ဝိန်နှင့်ဒေါ်ကြည်ကြည်တို့သည် လင်မယားအဖြစ် အတူတကွပေါင်းသင်းနေထိုင်ခဲ့ကြောင်းကို အထင်အရှားတွေ့၏။ ယင်းသို့ပေါင်းသင်းခြင်းသည် အထက်တွင်ရည်ညွှန်းထားသော အက်ဥပဒေတွင် အကျုံးဝင်သော ပေါင်းသင်းခြင်းဖြစ်သည်ဟူ၍လည်း တွေ့ရှိ၏။ သို့ရာတွင် ဒေါ်ကြည်ကြည်သည် 'မယားငယ်'အဆင့်သာ ရှိခဲ့သည်။ အမွေပုံကိုစုံစမ်းစေပြီးနောက် ဒေါ်ကြည်ကြည်က ငါးပုံ နှစ်ပုံ၊ မစ္စစ်မေရီဝိန်က ငါးပုံ သုံးပုံရထိုက်သည်ဟု ဆုံးဖြတ်ခဲ့သည်။

ထိုဆုံးဖြတ်ချက်မှ ဒေါ်ကြည်ကြည်ကလည်းကောင်း၊ မစ္စစ် မေရီဝိန်တို့ကလည်းကောင်း၊ အခွင့်ထူးတောင်းခံ၍ အယူခံတင်လာကြသည်။ ဒေါ်ကြည်ကြည်က လည်းကောင်းအား 'မယားငယ်'သတ်မှတ်သည်ကို မကျေနပ်၊ မစ္စစ် မေရီဝိန်တို့က ဒေါ်ကြည်ကြည်သည် အမွေရထိုက်သည်ဟု ဆုံးဖြတ်သည်ကိုပင် မကျေနပ်။ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေကို အများပြည် သူသိကျွမ်းခြင်း၊ သုံးစွဲခြင်း၊ ယင်းဥပဒေနှင့်ပတ်သက်၍ စီရင်ထုံးပြုထားခြင်း နည်းပါးသေးသည်ဖြစ်၍ စုံညီခုံဖြင့် နိုင်ငံတော်ရှေ့နေချုပ်နှင့် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေကျမ်းပြုပါရဂူ ဒေါက်တာမောင်တို့အား ရုံးသဟာယအဖြစ်ဖိတ်ကြားပြီးနောက် အခွင့်ထူးအယူခံများကို ကြားနာခဲ့ကြခြင်းဖြစ်သည်။ နှစ်ဖက်အပြိုင်တင်သောအယူခံများတွင် ပြဿနာများထပ်တူဖြစ်ကြ၍ တပေါင်းတည်းကြားနာကာ ဤစီရင်ချက်တရပ်တည်းဖြင့် ဆုံးဖြတ်သည်။

ဒေါ်ကြည်ကြည်၏ရှေ့နေကြီး ဦးမောင်မောင်က အထူးဥပဒေတရပ်ပြဋ္ဌာန်းခဲ့ခြင်း၏ ရည်ရွယ်ချက်သည် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားနှင့်ပေါင်းဖက်နေထိုင်သော ဗုဒ္ဓဘာသာဝင် မိန်းမများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရန်ဖြစ်ပါသည်။ မူလရုံးနှင့် ပထမအယူခံရုံးတို့က ဒေါ်ကြည်ကြည်သည် ယင်းအထူး ဥပဒေအရ ဦးထင်ဝိန်၏မယားဖြစ်သည်ဟု တထပ်တည်းဆုံးဖြတ်ခဲ့ကြပါလျက် ပထမအယူခံကို ဆုံးဖြတ်သော တရားသူကြီးကတဆင့်တက်၍ မယားဖြစ်စေကာမူ မယားငယ်သာဖြစ်သည်ဟု ဆုံးဖြတ်ခြင်းသည် အထူးဥပဒေဖြင့်ပေးသော အခွင့်အရေးမှထုတ်နှုတ်ရာ အထူးဥပဒေ၏ ရည်ရွယ်ချက်ကို ဆန့်ကျင်ရာရောက်ပါသည်။ ထို့ကြောင့် မှားယွင်းပါသည်ဟု တင်ပြသည်။

ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်နှင့် တအိုးတအိမ်ထူ၍ အထင်အရှားလင်မယားအဖြစ် နေထိုင်သွားလာခြင်း၊ မိတ်ကောင်းဆွေကောင်းများကို ဧည့်ခံခြင်း၊ ဦးထင်ဝိန်က လည်းကောင်းတို့အတူနေရာအိမ်နှင့် အိမ်ရှိတယ်လီဖုန်းတို့ကိုလည်းကောင်း၏ လုပ်ငန်းနှင့်ပတ်သက်သော လိပ်စာ၊ တယ်လီဖုန်းဖြင့် သုံးခြင်း၊ ဦးထင်ဝိန် နောက်ဆုံးမမာမကျန်းဖြစ်စဉ်ကလည်း ဒေါ်ကြည်ကြည်ကပင် ဆေးရုံတင်ပြုစုခြင်း စသည့်ထင်ရှားခိုင်လုံသော အထောက်အထားများရှိသဖြင့် မူလရုံးနှင့် ပထမအယူခံရုံးတို့က ဒေါ်ကြည်ကြည်သည်မယားဖြစ်သည်ဟု အကြောင်းခြင်းရာအားဖြင့် တသဘောတည်း ဆုံးဖြတ်ထားခြင်းသည် မှန်ကန်ပါသည်ဟုလည်း ဦးမောင်မောင်ကတင်ပြသည်။

မစ္စစ်မေရီဝိန်၏ ရှေ့နေကြီး ဦးကျော်မြင့်က ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်နှင့်အတူနေခဲ့သည်ကို မငြင်း။ သို့ရာတွင် ဒေါ်ကြည်ကြည်အား ဦးထင်ဝိန်က မယားအဖြစ် အသိအမှတ်ပြုခဲ့ပါလျှင် ဒေါ်ကြည်ကြည်အား ထိုက်သင့်သော အမွေကိုပေးရန် သေတမ်းစာတွင် ရေးသားခဲ့မည်ဖြစ်ပါသည်။ ဒေါ်ကြည်ကြည်အားရန်ကုန်မြို့တွင် တိုက်ခန်းငယ်၌ ထားပါသည်။ ဦးထင်ဝိန်တွင် တိုက်တာအိမ်မြေရှိပါလျက် မယားနှင့်ထိုက်သောနေရာတွင် ဒေါ်ကြည်ကြည်ကို မထားပါ။ မော်တော်ကားတစီးကိုပင် ဒေါ်ကြည်ကြည်အား ရောင်းချလိုက်သေးသည်ဟု အထောက်အထားရှိပါသည်။ မယားသာဆိုလျှင် ကားကို မရောင်းပဲပေးဖို့ရှိပါသည်။ ထိုအကြောင်းခြင်းရာအရ ဒေါ်ကြည်ကြည်သည် မယားမဟုတ်၊ အပျော်ထားသည့် မိန်းမ (Mistress)မျှသာ ဖြစ်ပါသည်။

၁၉၅၄ ခုနှစ်၊ အက်ဥပဒေသည် ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ပေါင်းဖက်နေထိုင်သော ဟိန္ဒူ၊ အစ္စလာမ်၊ ဘာသာဝင် ယောကျ်ားများနှင့်သက်ဆိုင်စေရန် မူလကရည်ရွယ်ခဲ့ပါသည်။ ခရစ်ယာန်ယောကျ်ားများကို ဥပဒေရေးဆွဲစဉ်က ထည့်သွင်းစဉ်းစားခဲ့ဟန်မတူပါဟု ဦးကျော်မြင့်ကတင်ပြသည်။

ဒေါက်တာမောင်က မယားကြီး၊ မယားငယ်ခွဲခြားခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်မညီပါ။ ရှေးဓမ္မသတ် စကားရပ်အချို့ကို အင်္ဂလိပ်ဘာသာပြန်ဆိုရာတွင် လွဲမှားခဲ့သဖြင့် အတွေးအခေါ်ရှုပ်ထွေးခဲ့ခြင်းဖြစ်ပါသည်။ ဓမ္မသတ်တို့တွင် မယားကြီး၊ ဇော်ပြောင် (သို့မဟုတ် အပြောင်)ကျွန်မစသည်ဖြင့်ပါသော်လည်း မယားအရာရောက်သောမိန်းမသည် မယားပြိုင်သာဖြစ်ပါသည်။ တန်းတူရည်တူ လင့်အမွေကို ဆက်ခံပိုင်ခွင့်ရှိပါသည်။ ယင်းမယားတို့ကို ပထမ မယား၊ ဒုတိယမယားစသည်ဖြင့် ခေါ်ဝေါ်ခြင်းက မယားကြီးမယားငယ်ဟု ခေါ်ဝေါ်ခြင်းထက် တိကျရှင်းလင်းပါသည်။

၁၉၅၄ ခုနှစ်၊ အက်ဥပဒေသည် ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ပေါင်းဖက်နေထိုင်သော ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားဟူသမျှနှင့်သက်ဆိုင်ပါသည်။ ခရစ်ယာန်ယောကျ်ားလည်း ပါဝင်ပါသည်၊ ခြွင်းချက်မရှိပါ။ ယင်းဥပဒေတွင် ခေါ်ဝေါ်သုံးစွဲမှု တိကျပြည့်စုံခြင်းမရှိသည်ကို တွေ့ရပါသည်။ ပုဒ်မ ၂၄ တွင် 'ဗုဒ္ဓဘာသာ ဓမ္မသတ်အတိုင်းဆုံးဖြတ်ရမည်။ 'ပုဒ်မ ၂၅ တွင် ဗုဒ္ဓဘာသာ ဓမ္မသတ်၏ဆုံးဖြတ်ချက်များသည်'စသည်ဖြင့် သုံးစွဲထားပါသည်။ အမှန်မှာ ဗုဒ္ဓဘာသာဝင်တို့၏ အိမ်ထောင်ရေးကိစ္စတို့နှင့်သက်ဆိုင်သော မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသည် ဓမ္မသတ်များချည်းမဟုတ်ပါ။ ဓမ္မသတ်တို့မှ ညီညွတ်သောအနှစ်သာရတို့ကို ထုတ်နှုတ်၍ ခေတ်နှင့်အညီ စီရင်အသုံးပြုခြင်း၊ ပြုပြင်ကျင့်သုံးခြင်းဖြင့် အမြဲတိုးတက်လျက်ရှိသော ထုံးတမ်းဓလေ့ ဥပဒေဖြစ်ပါသည် စသည်ဖြင့် အကျယ်တဝင့်ကျမ်းကိုးဖြင့် တင်ပြသည်။

လက်ထောက်နိုင်ငံတော် ရှေ့နေချုပ်ဦးလှသင်းက ၁၉၅၄ ခုနှစ်၊ အက်ဥပဒေသည် ဗုဒ္ဓဘာသာဝင်အမျိုးသမီးတို့၏ အိမ်ထောင်ရေးရပိုင်ခွင့်တို့ကို ကာကွယ်စောင့်ရှောက်ရန် အထူးပြဋ္ဌာန်းရသော ဥပဒေဖြစ်ပါသည်။ ယင်းဥပဒေတွင် အတိအလင်းပါရှိသည့်အတိုင်း၊ ယင်း ဥပဒေတွင် အကြုံးဝင်သော ထိမ်းမြားခြင်းတို့သည် အခြားဥပဒေများ၊ ဓလေ့ထုံးတမ်းများကိုလွှမ်းမိုးပါသည်။ ထိုသို့ လွှမ်းမိုး

ခြင်းသာမရှိခဲ့ပါမူ ခရစ်ယာန်ဘာသာဝင် ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်အား တရားဝင်ထိမ်းမြား နိုင်မည်မဟုတ်ပါ။ မယားလက်ရှိနှင့် ဥပဒေအရ အတည်မဖြစ်နိုင်သောထိမ်းမြားခြင်းကို ပြုလျှင် ရာဇသတ်ပုဒ်မ ၄၉၄ အရ ပြစ်မှုကျူးလွန်ရာပင်ရောက်ပါသည်။ သို့ရာတွင် ၁၉၅၄ အက်ဥပဒေက တည်ဆဲဥပဒေဓလေ့ထုံးတမ်းတို့ကို လွှမ်းမိုးသဖြင့် ခရစ်ယာန်ဘာသာဝင် ဦးထင်ဝိန်နှင့် ဗုဒ္ဓဘာသာဝင် ဒေါ်ကြည်ကြည်တို့ ပေါင်းသင်းနေထိုင်ခြင်းသည် ၎င်းတို့အား တရားဝင်ထိမ်းမြားထားသည့် လင် မယားဖြစ်စေပါသည်။ ထိမ်းမြားခြင်းတရားဝင်သဖြင့် ဦးထင်ဝိန်အား ပြစ်မှုမမြောက်ပဲ အထူးဥပဒေဖြင့် ဖန်တီးလိုက်သော လင်မယားဘဝဖြစ်သဖြင့် မယားကြီးမယားငယ်ဟု အဆင့်အတန်းခွဲ၍မရပါ။ မယား၏ အခွင့်အရေးအပြည့်အဝကို ဒေါ်ကြည်ကြည်ရရန်ဖြစ်ပါသည်။

အထူးဥပဒေသည် ခရစ်ယာန်ဘာသာဝင်ယောကျ်ားများကို ခြွင်းချက်မပြုပါဟု ဦးလှသင်းက တင်ပြသည်။ ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားများနှင့်ပေါင်းဖက်နေထိုင်ကြသော ဗုဒ္ဓဘာသာ ဝင်မိန်းမများ၏ ရသင့်ရထိုက်သောအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ၁၉၅၄ ခုနှစ်တွင်မှသာ အထူးအက်ဥပဒေပြဋ္ဌာန်းခဲ့သည်မဟုတ်။ ၁၉၃၉ ခုနှစ်ကတည်းကပင် အထူး အက် ဥပဒေပြုလုပ်ခဲ့ရသည်။ (Buddish Women's Special Marriage and Succession Act of 1939) ယခင်ဥပဒေမပြည့်စုံ၍ ၁၉၅၄ ခုနှစ်၊ အက်ဥပဒေကြမ်းကိုရေးဆွဲခဲ့ရာတွင် ဥပဒေကြမ်းစိစစ်ရေး ပါလီမန် ကော်မီတီက အောက်ပါကဲ့သို့ ပါလီမန်သို့တင်ပြခဲ့လေသည်။

၁၉၃၉ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေ၏ ရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားနှင့် အိမ်ထောင်ပြုကြသည့် ဗုဒ္ဓဘာသာဝင်မိန်းမ အတွက် လင်မယားကွာရှင်းရေး၊ ပစ္စည်းခွဲဝေရေး၊ သားသမီးထိန်းသိမ်းရေးနှင့် အမွေဆက်ခံရေး စသည့် လူမှုရေးရာအရေးများတွင် တရားမျှတသည့် အခွင့်အရေးများပေးရန် ရည်ရွယ်ချက်ပင်ဖြစ်လေသည်။ သို့သော် အဆိုပါအက်ဥပဒေရည်ရွယ်ချက် ကောင်းပင်ကောင်းမြားသော်လည်း ဥပဒေအချက်အလက် များ ပြည့်စုံခြင်းမရှိသဖြင့် ဗုဒ္ဓဘာသာဝင်မိန်းမတို့မှာ အက်ဥပဒေ၏ အကျိုးအာနိသင်ကို ခံစားခွင့် မရရှိခဲ့ကြပေ။

( ၁၉၅၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့စွဲပါ၊ မြန်မာနိုင်ငံပြန်တမ်း၊ ပြည်သူ့လွှတ်တော် ညီလာခံ မှတ်တမ်း၊ စာတွဲ - ၄- အစည်းအဝေး ၃၁၊ စာ-၂ ၅ ၆ ၇ ။)

ဤအမှုနှင့်ဆီလျော်သော ယင်းဥပဒေပုဒ်မတို့သည် အောက်ပါတို့ဖြစ်သည်။

၄။ အခြားတည်ဆဲ တရားဥပဒေများတွင်သော်လည်းကောင်း၊ တရားဥပဒေကဲ့သို့ အာဏာရှိ သော ဓလေ့ထုံးစံများတွင်သော်လည်းကောင်း၊ မည်သို့ပင် ဆန့်ကျင်လျက်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ထိုမိန်းမ၏ ဗုဒ္ဓဘာသာဝင်မဟုတ်သော လင်ယောကျ်ား တိုင်းအပေါ်၌ အာဏာသက်ရောက်ရမည်။

၂၀။ (၁)ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတဦးနှင့် ဗုဒ္ဓဘာသာဝင်မိန်းမတဦးတို့ ပေါင်းဖက်နေထိုင်ပြုမူကြပုံသည် အကယ်၍ ထိုသူနှစ်ဦးလုံး ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ခဲ့ သော် ဗုဒ္ဓဘာသာဓမ္မသတ်အရ လင်မယားအရာမြောက်မည့် ပေါင်းဖက်နေထိုင် *ပြုမူကြပုံမျိုးဖြစ်လျှင် ထိုသူတို့သည် ထိုသို့ပေါင်းဖက်စကပင် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည်။ ထိုသူတို့သည် အထူးဥပဒေအရ ထိမ်းမြားခဲ့ကြသည်ဟုလည်း မှတ်ယူရမည်။*

၂၅။ (၁)လင်မယား ကွာရှင်းမှုကိစ္စ၊ ပစ္စည်း ခွဲဝေမှုကိစ္စ၊ သားသမီး ထိန်းသိမ်းမှုကိစ္စတို့ဆိုင်ရာ ဗုဒ္ဓဘာသာဓမ္မသတ်၏ ပြဋ္ဌာန်းချက်များသည် ဤအက်ဥပဒေအရ ထိမ်းမြားကြသူတို့အပေါ် သို့၊

သို့တည်းမဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့အပေါ် သို့၊ ထိုသူတို့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ အာဏာသက်ရောက်ရမည်။

၂၆။ ဤအက်ဥပဒေအရ ထိမ်းမြားကြသူတို့၏ သို့တည်းမဟုတ်၊ ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့၏ အမွေဆက်ခံမှုနှင့်စပ်လျဉ်းသည့်ကိစ္စအားလုံးကို ထိုသူတို့နှင့် ထိုသူတို့၏ မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးချည်းဖြစ်ပါသကဲ့သို့ ဗုဒ္ဓဘာသာဓမ္မသတ်အတိုင်းဆုံးဖြတ်ရမည်။

ဤအမှုတွင် ဒေါ်ကြည်ကြည်သည် ပုဒ်မ ၂၀ (၁)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဦးထင်ဝိန်နှင့် ပေါင်းဖက်နေထိုင်ခဲ့သည်ဟု မူလရုံးနှင့်ပထမအယူခံရုံးတို့က တသဘောတည်းတွေ့ရှိပြီး၍၊ ၎င်းတို့နှစ်ဦးသည် အထူးဥပဒေအရ ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရန်သာရှိသည်။ တနည်းဆိုသော် ၎င်းတို့အား ဥပဒေအာနိသင်ဖြင့် (By operation of law)ထိမ်းမြားပြီးသော တရားဝင်လင်မယားအဖြစ်သို့ ပို့ဆောင်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏အမွေဆက်ခံမှုကို မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရသာ ဆုံးဖြတ်ရန်ဖြစ်လာတော့သည်။

ဤနေရာတွင် ပထမအယူခံကိုဆုံးဖြတ်ခဲ့သော ဤရုံးတရားသူကြီးသည် အက်ဥပဒေက အတိအလင်းပြဋ္ဌာန်းထားခြင်းကိုကျော်၍ ရှေးစီရင်ထုံးအချို့ကိုကြည့်မိကာ ဒေါ်ကြည်ကြည်သည် မယားငယ်မျှသာဖြစ်ရမည်ဟုဆုံးဖြတ်ခဲ့ခြင်းဖြင့် အထူးအက်ဥပဒေ၏ရည်ရွယ်ချက်စေတနာကို မျက်ခြေပြတ်ခဲ့လေသည်။ အထူးအက်ဥပဒေက ဗုဒ္ဓဘာသာဝင်အမျိုးသမီးများကို မယားငယ်များဖြစ်အောင် ပြဋ္ဌာန်းပေးသည်မဟုတ်။ ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားများ၏အငယ်အနှောင်းသဖွယ် သို့မဟုတ် ရှေးဓမ္မသတ်အဆို 'တော်ပြောင်၊ ကျွန်မ၊ သဖွယ်နေရသော ဗုဒ္ဓဘာသာဝင်အမျိုးသမီးများအား ယင်းဘဝမှလွတ်မြောက်၍ တရားဝင်မယားအဖြစ်သို့ရောက်စေအောင်' ပို့ဆောင်ပေးခြင်းဖြစ်၏။ ယင်းသို့ပို့ဆောင်ရာတွင် အခြားဓလေ့ထုံးတမ်းဥပဒေများ၊ အခြားဥပဒေများက မည်သို့ပင် ဆိုစေ၊ ဖော်ပြသည့်နည်း ပေါင်းဖက်နေထိုင်ကြလျှင် တရားဝင်ထိမ်းမြားခြင်းဖြစ်သည်ဟု မှတ်ယူရမည်၊ အမွေဆက်ခံခွင့်စသည့်အခွင့်အရေးများကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ရရှိစေရမည်၊ ဟု အထူးဥပဒေက လွှမ်းခြုံ၍ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

အထူးဥပဒေပုဒ်မ ၂၀ (၁) တွင် 'လင်မယားအရာမြောက်မည့် ပေါင်းဖက်နေထိုင်ခြင်း' ရှိလျှင် ယင်းဥပဒေအရ ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည်ဆိုသည်။ 'လင်မယား'ဆိုသော 'စကားရပ်'၊ 'ထိမ်းမြား'ဆိုသော စကားရပ်တို့သည် 'မယားငယ်'ဘဝနှင့် အပ်စပ်သည်မဟုတ်။ ပုဒ်မ ၁၅ တွင် မှတ်ပုံတင်အရာရှိရှေ့၌ ထိမ်းမြားကြပုံကို သတ်မှတ်ရာ' ကျွန်ုပ်တို့သည် တရားဝင်လင်မယားအဖြစ် ပေါင်းဖက်ပါမည်'ဟု ပြောဆိုရမည်ဆိုထားသည်။ တရားဝင်မယားသည် 'မယားငယ်' မဟုတ်နိုင်ချေ။ 'မယားငယ်'ကို ထိမ်းမြားသည်ဟု ဆိုလေ့မရှိ။

၁၉၃၉ ခုနှစ်၊ ဥပဒေကို အင်္ဂလိပ်လိုပြဋ္ဌာန်းထားရာလည်း ထိမ်းမြားသည်၊ (Marry)ဟုလည်းကောင်း၊ တရားဝင်မယားသို့မဟုတ် လင်(Lawful wife or husband)ဟုလည်းကောင်း၊ ခေါ် ဝေါ် သုံးစွဲထားသည်။ 'မယားငယ်'ဆိုသည့်စကားသည် တိကျရှင်းလင်းခြင်းမရှိ၍ ယင်းစကားကို အင်္ဂလိပ်လို ပြန်ဆိုသောအခါ (Lesser wife, inferior wife )စသည်ဖြင့် ပိုမိုရှုပ်ထွေးစေကာ၊ ရှေးစီ ရင်ထုံးတို့ ချွတ်ချော်ခဲ့ခြင်းဖြစ်သည်။ အမှန်မှာ မယားအဖြစ်သို့ တရားဝင်ရောက်သော ဗုဒ္ဓဘာသာဝင်အမျိုးသမီးသည် အခြားတရားဝင်မယားနှင့် မယားပြိုင်အဖြစ် တန်းတူရည်တူ လင့်အမွေကိုခံယူထိုက်သည်။ ယင်းသို့မယားများကို ပထမမယား၊ ဒုတိယမယားစသည်ဖြင့် ရည်ညွှန်းခြင်းက ပို၍

တိကျမှန်ကန်ပေလိမ့်မည်။ မယားကြီးမယားငယ်ဟု ခေါ်ဝေါ်သည်နှင့် အဆင့်အတန်းကွာခြင်း အခွင့်အရေးခြားနားခြင်း သဘောများယွင်းစွာဝင်လာနိုင်သည်။

ဒေါ်လှအုန်းနှင့် မညွန့် (၁၉၃၇ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ ၄၁၀)တွင် မယားပြိုင်နှစ်ယောက်၏ အမွေဆက်ခံမှုကို တိကျစွာဖော်ပြထားသည်။ စော၍ ထိမ်းမြားသောမယားဟူ၍ အချိန်အားဖြင့် ခြားနားစေကာမူ ဒုတိယမယားသည် မယားငယ် (lesser wife, junior wife)မဟုတ်၊ ဟူ၍ ရှင်းလင်းပြထားသည်။

အထက်ဖော်ပြပါ စီရင်ထုံးထက်စောသော မသိန်းရင်နှင့် မောင်သာခွန်း (Vol.2. Rgn .62) စီရင်ထုံးတွင်လည်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ယောကျ်ားတယောက်သည် မယားနှစ်ယောက်သို့မဟုတ်၊ ထို့ထက်ပို၍ ထိမ်းမြားယူနိုင်သည်။ လင်မယားတို့သည် လင်နှင့်အတူနေသူ၊ မနေသူမခွဲ၊ လင့်အမွေကို တန်းတူဆက်ခံကြသည်ဟု ညွှန်ပြထားသည်။

၁၉၅၄ ခုနှစ်၊ အထူးအက်ဥပဒေသည် ဗုဒ္ဓဘာသာဝင်မိန်းမကို တရားဝင်ထိမ်းမြားပြီးသည့် မယားအဖြစ် အသိအမှတ်ပြု၏။ အခြားတရားဝင်မယားများရှိနေလျှင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ တန်းတူရည်တူ လင့်အမွေကိုဆက်ခံနိုင်ခွင့်ရှိသည့် တရားဝင်မယားပြိုင်အဖြစ်ကို ပေး၏။ အထူးဥပဒေက ပေးသောအခွင့်အရေးကို တရားရုံးက နှုတ်ပယ်၍မရ။ လင်ဖြစ်သူ၏ သေတမ်းစာဖြင့် ဖျက်၍မရ၊ အပြည့်အဝ ခံစားရမည်သာဖြစ်သည်။ မူလအမှုတွင် ဒေါ်ကြည်ကြည်က မိမိသည် မယားပြိုင် (co. wife)ဖြစ်၍ မစ္စစ်မေရီဝိန်နှင့် တန်းတူဦးထင်ဝိန်၏အမွေကို ခံစားခွင့်ရှိကြောင်း စွဲဆိုခဲ့ခြင်းဖြစ်သည်။ မစ္စစ်မေရီဝိန်တို့ကလည်း ဒေါ်ကြည်ကြည်သည် မယားမဟုတ်၊ လုံးဝအမွေဆက်ခံခွင့်မရှိသော တော်ပြောင်အဆင့် (Mistresss)မျှသာဖြစ်ကြောင်း ချေပခဲ့ကြသည်။ အမွေပုံ၏ ငါးပုံနှစ်ပုံသာရထိုက်သော 'မယားငယ်'ဖြစ်သည်ဟု မချေခဲ့ကြချေ။

အထောက်အထားများအရ ဒေါ်ကြည်ကြည်သည် ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအရ ဦးထင်ဝိန်၏ တရားဝင်မယားအဖြစ်သို့ရောက်ခဲ့ပြီးသည်ဟု မူလရုံးနှင့်ပထမအယူခံရုံးတို့က တသဘောတည်းတွေ့ရှိခဲ့သည်။ ကျွန်ုပ်တို့ကလည်း ထိုသို့ပင်မြင်တွေ့ဆုံးဖြတ်သည်။ ထို့ကြောင့် ပထမအယူခံရုံးက လွဲချော်၍ ဒေါ်ကြည်ကြည်သည် 'မယားငယ်' ဖြစ်သည်ဟု ဆုံးဖြတ်ထားခြင်းကို ပယ်ဖျက်ရပေမည်။

အလျဉ်းသင့်သဖြင့် ၁၉၅၄ ခုနှစ်၊ အက်ဥပဒေတွင် 'ဗုဒ္ဓဘာသာဓမ္မသတ်'ကိုသာ ညွှန်းထားခြင်းသည် အခေါ်အဝေါ်လွဲမှား၍ ဥပဒေရေးဆွဲရာ အနည်းငယ်ချွတ်ယွင်းခဲ့ခြင်းဖြစ်သည်ဟု မှတ်ချက်ပြုလိုသည်။ အက်ဥပဒေက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ (Burmese Customary Law)ကို ရည်ညွှန်းခြင်းဖြစ်ပေသည်။ ယင်းဥပဒေသည် ဓမ္မသတ်တို့မှ အဓိကအားဖြင့်သက်ဆင်းသည်ဟုဆိုကြသော်လည်း မြန်မာ့သမိုင်း၊ ယဉ်ကျေးမှု၊ လူနေမှုတို့မှ အားယူကာ အစဉ်ရှင်သန်ကြီးထွားလျက်ရှိသော ဥပဒေဖြစ်ပေသည်။ ထို့ကြောင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသည် ဓမ္မသတ်ထက်ကြီး၏၊ ကျယ်ဝန်း၏၊ ထို့ပြင် ဗုဒ္ဓဘာသာဓမ္မသတ်ဟု ခေါ်ဝေါ်ခြင်းသည်လည်း မှားယွင်းပေသည်။

မြန်မာအိမ်ထောင်ရေးကိစ္စတို့နှင့်သက်ဆိုင်သော ဓလေ့ထုံးတမ်းဥပဒေသည် ဘာသာရေးဥပဒေ မဟုတ်ချေ။ (Law and Custom in Burma and the Burmese Family by Dr.Maung Maung , The Hague, 1963.)(ဦးမြစိန်ရေး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ။)

၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုဥပဒေသည်လည်း ဘာသာရေးကိစ္စမဟုတ်၊ အိမ်ထောင်ရေးလူမှုရေးကိစ္စဖြစ်သည်။ သိမ်မွေ့မျှတသောမူတို့ကိုဆောင်သော အိမ်ထောင်ရေးဆိုင်ရာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၏ အကျိုးသက်ရောက်မှုကို အက်ဥပဒေဖြင့်

ကျယ်ပြန့်စေခြင်းဖြစ်သည်။ ဥပဒေကြမ်းကို စိစစ်သောကော်မီတီက အစီရင်ခံခဲ့ရာ၌ ထိုအချက်ကို အောက်ပါကဲ့သို့ ဖော်ပြခဲ့သည်။

'(ကော်မီတီက)ဆွေးနွေးစဉ်းစားရာတွင် ဥပဒေကြမ်းနှင့်သက်ဆိုင်သည့် တည်ဆဲ အက်ဥပဒေများ၊ ဘာသာရေးတရား ဥပဒေများ၊ ဓလေ့ထုံးစံများနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကိုးကားကြပါသည်။ ဤဥပဒေကြမ်းသည် ဘာသာရေးကိစ္စများနှင့်မသက်ဆိုင်သည့်အပြင် ဖွဲ့စည်းအုပ်ချုပ်ပုံအဖြစ် အခြေခံဥပဒေအရခွင့်ပြုသည့် ဘာသာရေးအခွင့်အရေးများကိုလည်း ထိခိုက်ခြင်းမရှိသည့် လူမှုရေးရာကိစ္စများနှင့်သာသက်ဆိုင်သော ဥပဒေကြမ်းတရပ်ဖြစ်သည်ဟု ကော်မီတီကယူဆပါသည်။ ကော်မီတီသည် ဥပဒေကျမ်းနှင့်စပ်လျဉ်း၍ နိုင်ငံအချို့တွင် ဆောင်ရွက်လိုက်နာပုံများနှင့် အထူးသဖြင့် မြန်မာနိုင်ငံတွင် ဘာသာရေးဓလေ့ထုံးစံကွဲခြားမှုကြောင့် ဖြစ်ပေါ်လာသော လူမှုရေးရာပြဿနာများကို ဆွေးနွေးစဉ်းစားကြပါသည်။'

အိမ်ထောင်ရေးကိစ္စသည် အဓိကအားဖြင့် လူမှုရေးကိစ္စဖြစ်သဖြင့် နိုင်ငံ၏လူအများလက်ခံကျင့်သုံးသော အိမ်ထောင်ရေးဓလေ့ထုံးတမ်းတို့ကို နိုင်ငံတွင်အိုးအိမ်စိုက်ထူနေသူအများနှင့်သက်ဆိုင်သော ဥပဒေအာဏာသက်ဝင်စေအောင်၊ လိုအပ်သော ဥပဒေများပြုစုပြဋ္ဌာန်းပေးရန် သင့်မသင့်ကို ဥပဒေပြုအာဏာပိုင်တို့က လေးနက်စွာစဉ်းစားသင့်သည်။

အိမ်ထောင်ရေးနှင့် ဘာသာရေးရောနှောရှုပ်ထွေးခြင်း၊ ကိုယ်ရေးဥပဒေ (Personal law)စသည်တို့သည် ခေတ်နှင့်မလျော်တော့ပြီ။

အခွင့်ထူးအယူခံများအနက် မစ္စစ် မေရီဝိန်၏အယူခံကို ပယ်သည်။ ဒေါ်ကြည်ကြည်၏ အယူခံကို စားရိတ်နှင့်တကွခွင့်ပြု၍ ပထမအယူခံရုံး၏ဆုံးဖြတ်စီရင်ချက်ကို ပယ်ဖျက်သည်။ ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏တရားဝင်မယားအဖြစ် ၄င်းကျန်ရစ်သောအမွေပုံမှ မစ္စစ် မေရီဝိန်နှင့် ခွဲဝေရပိုင်ခွင့်ရှိသည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဒေါ်ကြည်ကြည်၏ဝေစုသည် ဦးထင်ဝိန်နှင့်ပေါင်းသင်းစဉ်ကရရှိခဲ့သော လက်ထက်ပွားပစ္စည်းမှ ထက်ဝက်၊ မပေါင်းသင်းမီ၊ မစ္စစ်မေရီဝိန်နှင့် ဦးထင်ဝိန်တို့၏ လက်ထက်ပွားပစ္စည်းမှ သုံးပုံတပုံတို့ဖြစ်သည်။

မူလရုံးက မည်သည့်ပစ္စည်းတို့သည် ဦးထင်ဝိန်မယားနှစ်ယောက်နှင့် ပေါင်းသင်းစဉ်ကရသောလက်ထက်ပွားဖြစ်သည်။ မည်သည့်ပစ္စည်းသည် မစ္စစ် မေရီဝိန်တဦးတည်းနှင့်ပေါင်းသင်းစဉ်ကရသော လက်ထက်ပွားဖြစ်သည်ဟု ပဏာမဒီဂရီတွင်ဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဖြစ်၍ ယင်းဆုံးဖြတ်ချက်ကို ပယ်ဖျက်သည်။ ယင်းသို့ဆုံးဖြတ်နိုင်ရန်လိုအပ်သလို စာရင်းရှင်းလင်း စုံစမ်းစေရဦးမည်ဖြစ်သည်။

ဤရုံးရှေ့နေခ ၁၇၀ိ/-အယူခံ ၂ မှုကို တပေါင်းတည်းကြားနာသဖြင့် စားရိတ်တရပ်သာခွင့်ပြုသည်။ ရုံးအဆင့်ဆင့် တရားစားရိတ်တို့ကို အမွေပုံမှထုတ်ယူနိုင်သည်။

ရုံးသဟာယအဖြစ် လိုက်ပါဆောင်ရွက်ကာ ရုံးအားကူညီကြသော ရှေ့နေကြီးဒေါက်တာ ဧမောင်နှင့် လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်းတို့အား အထူးကျေးဇူးဥပကာရတင်ရှိကြောင်း မှတ်တမ်းတင်သည်။

| | | |
|---|---|---|
| ပုံ/ - သက်ဖေ | ပုံ/-ကျော်ဇံဦး | ပုံ/-ဒေါက်တာမောင်မောင် |
| တရားသူကြီး | တရားသူကြီး | တရားသူကြီးချုပ် |

ခင်ဗျားစိတ်ထဲမှာတော့ ဒေါက်တာမောင်မောင်လိုပုဂ္ဂိုလ်မျိုးက ရုံးသဟာယတွေကိုဖိတ်ပြီးချမှတ်လိုက်တဲ့စီရင်ချက်မို့ တခါတည်း ဇာတ်လမ်းပြတ်ပြီလို့ထင်မှာအမှန်ပဲ၊ ဒါပေမဲ့ အမွေပစ္စည်းစာရင်းပေ့ဟာ ရှုပ်ထွေးများပြောင်လှတာကြောင့် အချိန်အများကြီးကြာသွားပြန်တယ်။ အမွေပုံပစ္စည်း

တွေထဲမှာလည်း ဘဏ်လက်ကျန်စာရင်း၊ လုပ်ငန်းလည်ပတ်ငွေ၊ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်း၊ မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်း၊ ဦးထင်ဝိန်နဲ့ မစွစ် မေရီဝိန်တို့ရဲ့လက်ထက်ပွား၊ ဦးထင်ဝိန်နဲ့ ဒေါ်ကြည်ကြည်တို့ရဲ့ လက်ထက်ပွားဆိုတာတွေပါလာပြန်တော့ ဇာတ်လမ်းက မသန်းဖြစ်နေတာပေါ့ဗျာ။ နောက်ဆုံးတော့ တဖြည်းဖြည်းချင်း စာရင်းရှင်းပြီးခွဲယူလိုက်ကြတာ အခုနောက်ဆုံးမှာတော့ မော်ကွန်းရုပ်ရှင်နဲ့ မော်လမြိုင်စမ်းကြီးရပ်က ခြံမြေသာကျန်တော့တယ်ဆိုပါတော့။

အဲဒီကျန်နေတယ်ဆိုတာကလည်း အဲဒီမြေတွေဟာ အစိုးရက ယာယီမြေသိမ်းစာရင်းထဲမှာ ပါနေတာကြောင့် အစိုးရလက်ထဲကမြေကို လက်ရောက်ပြန်ယူနိုင်တဲ့ လူစွမ်းကောင်းပေါ်မလာလို့ပေါ့ဗျာ။

ဟုတ်တယ်၊ ဝဟန်းသာသနာ့ရိပ်သာလမ်း အမှတ် ၃၅ (အေ)ဆိုတဲ့မြေကွက်ဟာ အဦးဆုံး ဆောက်လုပ်ရေး ဝန်ကြီးဌာနကယာယီသိမ်းပြီး မြို့ရွာနဲ့ အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနကို လွှဲတယ်။ နောက်တခါ မြို့ရွာနဲ့ အိုးအိမ်ဦးစီးဌာနက မြန်မာ့ရုပ်ရှင်လုပ်ငန်းကို အငှားချထားပြန်တယ်။ အဆိုးဆုံးကတော့ ဒီမြေကွက်ဟာ ကမ္ဘာရန်တရားလို၊ တရားပြိုင်တွေ တရားရုံးမှာရင်ဆိုင်တွေ့နေကြတာလည်း ပါတာပေါ့ဗျာ။

ဒီတော့ တော်ရုံလူဟာ ဒီအဆင့်တွေကို ဖြတ်ကျော်နိုင်ဖို့မလွယ်လှပေဘူးဗျာ။ အဲဒီအချိန်မှာ ကျနော့်လက်ထဲကို အမှုတွဲဖိုင်ကြီးရောက်လာတာကြောင့် ကျနော်လည်း အဲဒီဇာတ်ရှုပ်ထဲကို အတွင်းကျကျ ပါဝင်ပတ်သက်လာပါတော့တယ်။ အမှန်တော့ အဲဒီအမှုတွဲကိုယူလာတဲ့ ကိုဖုန်းအောင်နဲ့ ကိုမြသောင်းနှစ်ယောက်အနက်ကို ဖုန်းအောင်ဟာ အကွက်သမားသက်သက်ဖြစ်ပေမယ့် မြသောင်းကတော့ သူ့မှာရှိစုမယ့်ငွေလေးနဲ့ ဒေါ်ကြည်ကြည့်အမှုပြီးလိုပြီးငြား အကုန်ခံပြီးပါပြီ။ ဒေါ်ကြည်ကြည်နေဖို့အိမ်၊ လစဉ် စားသောက်စားရိတ်တွေလည်း နှစ်နဲ့ချီထောက်ခဲ့ပြီးပြီမို့ ခြေကုန်လက်ပန်းကျဖြီး ကျနော့်ဆီ အမှုတွဲနဲ့အတူရောက်လာကြတယ်ဆိုပါစို့။

ဒီနေရာမှာ မြသောင်းအကြောင်းက စိတ်ဝင်စားစရာကောင်းတယ်ဆိုရမယ်ဗျာ။ မြသောင်းဟာ အခြေခံပညာ ခြောက်တန်းလောက်သာတတ်ပေမယ့် သူ့မိန်းမက အလယ်တန်းပြဆရာမဗျ။ သူ့ထက် အသက်ငါးနှစ်ခြောက်နှစ်လောက် ကြီးမယ်ထင်ရတယ်၊ မြသောင်းနဲ့ကျနော် ရင်းနှီးလာတော့ သူက ကျနော့်ထက် အသက်ငယ်တာတကြောင်း၊ မြသောင်းလို့ခေါ်တာ ရင့်သီးသလိုဖြစ်နေတာကြောင့် အဆိုတော် ဂျက်မြသောင်းခေတ်စားနေချိန်မို့ သူ့ကိုကျနော်က နောက်ပိုင်းမှာ ဂျက်လို့ပဲ ခေါ်ပါတယ်။ သူကတော့ ကျနော့်ကို အစ်ကိုကြီးလို့ခေါ်သဗျ။ ဟုတ်ပါတယ်၊ မြသောင်းနဲ့ကျနော် စသိတဲ့အချိန်မှာ မြသောင်းဟာ အသက်သုံးဆယ်စွန်းစွန်းလောက်သာ ရှိပါလိမ့်အုံးမယ်။ အရပ်အမောင်းက ကျနော်နဲ့မတိမ်းမယိမ်း ငါးပေ ဆယ်လက်မလောက်ရှိပြီး ကျနော့်ထက်သန်မာထွားကြိုင်းတဲ့ ခန္ဓာကိုယ်ပိုင်ရှင်ပါ။

သူလုပ်တဲ့အလုပ်ကလည်း တကယ့်ကို သက်စွန့်ဆံဖျားလို့ဆိုရမယ်။ ဘာကြောင့်လည်းဆိုတော့ သူဟာအဖွဲ့ဝင် သုံးဆယ်လောက်ပါတဲ့ ဆီခိုးဂိုဏ်းခေါင်းဆောင်ဖြစ်နေလို့ပါပဲ။ တကယ်တော့ ဆီခိုးဂိုဏ်းလို့သာ နာမည်တပ်ထားပေမယ့် သူတပါးပစ္စည်းကို ပိုင်ရှင်မသိအောင် ခိုးယူတဲ့အလုပ်တော့ မဟုတ်ဘူးဗျာ။

ဒီလိုဗျာ၊ ရန်ကုန်ပင်လယ်ဝမှာ အကြောင်းအမျိုးမျိုးနဲ့ ရပ်နားထားရတဲ့ နိုင်ငံတကာက ပင်လယ်ကူး သင်္ဘောကြီးတွေရှိတယ်။ အဲဒီပင်လယ်ကူးသင်္ဘောတွေကလူတွေဟာ သင်္ဘောပေါ်က လောင်စာဆီတွေကိုရောင်းချင်ကြတယ်။ ဒါပေမဲ့ ပင်လယ်ကူးသင်္ဘောတွေပေါ်က တရားမဝင်ဆီတွေ

ကို ဥပဒေအရ အရောင်းအဝယ်လုပ်လို့မရတာကြောင့် ဆီဒိုးဂိုဏ်းတွေက သင်္ဘောကြီးတွေပေါ်က လူတွေနဲ့ညှိပြီး ညဖက်မှာတရားမဝင် အရောင်းအဝယ်လုပ်ကြတယ်ဆိုပါတော့။

ဆီဒိုးလှေဂိုဏ်းရဲ့အလုပ်ဟာ ညသန်းကောင်ယံ အချိန်တွေမှာသာ လုပ်ရတဲ့အလုပ်မျိုးတဲ့ဗျာ။ အထူးသဖြင့် မိုးလေထန်တဲ့ညတွေမှာဆို ဆိပ်ကမ်းရဲတို့၊ ကမ်းစောင့်တပ်တို့ကို ရှောင်ရတိမ်းရလွယ်တယ်လို့ဆိုပါတယ်။ ညဆယ့်တစ်နာရီလောက်မှာ ဆီတင်မယ့် စက်တပ်လှေငယ်လေးတွေနဲ့ ပင်လယ်ဝကို အဖွဲ့လိုက်သွားကြတယ်။ သင်္ဘောကြီးတွေဆီရောက်တော့ သင်္ဘောကြီးတွေပေါ်ကနေ ဆီထုတ်ပိုက်ကိုချပေးပြီး ဂါလံဘယ်လောက်ချရောင်းတယ်ဆိုတာကို စက်နဲ့မှတ်ပြီး ငွေချေကြတာတဲ့။ မြန်မာပြည်ထုံးစံအတိုင်း သက်ဆိုင်ရာ ရဲတွေ၊ စစ်တပ်တွေ၊ ထောက်လှမ်းရေးတွေကို ဖေးကမ်းထားပေမယ့် အထူးအဖွဲ့တို့ဘာတို့နဲ့ဆုံလာရင် ရှင်းရတဲ့ပြဿနာဟာမသေးလှပါဘူး။ ကံမကောင်းအကြောင်းမလှလို့ အမှုဖွင့်ခံရရင် အနည်းဆုံး အနှစ်နှစ်ဆယ်ပေါ့ဗျာ။

ဂျက်ဟာ အဲဒီအလုပ်ကနေ ပုံမှန်လိုလို ငြိုးငြိုးမြက်မြက်လေးရနေရာကနေ ကိုဖုန်းအောင်စကားကိုနားယောင်ပြီး ဒေါ်ကြည်ကြည်အမှုတွဲနဲ့ လာပတ်သက်ခဲ့တာန်ရှိပါတယ်။ တကယ်တော့ ဂျက်ဟာ တကယ့်လူကောင်းပါ။ သူ့တပည့်အားလုံးလိုလို ဂျက်ကို အကိုကြီးတယောက်လို ခင်မင်လေးစားကြပါတယ်။ ခေါင်းဆောင်မီသတဲ့စိတ်ရှိတယ်လို့ ဆိုရပါမယ်။ ကျနော်ကိုယ်တိုင် ငွေကြေးခက်ခဲတဲ့အခါမှာ ကျနော့်ပါးစပ်က အကူအညီဖွင့်မတောင်းခင်ပေးတတ်တာမို့ ဂျက်ရဲ့စိတ်ရင်းကောင်းကြောင်း ကိုယ်တွေ့လို့ပြောနိုင်ပါတယ်။ ရန်ကုန်ဆိပ်ကမ်းသာလမ်းက ဘယ်ဟိုတယ်၊ ဘယ်စားသောက်ဆိုင်မှာမဆို မြသောင်းနာမည်နဲ့ ဘီလ်ဖွင့်ပြီး စားလို့ရတယ်ဗျာ။ တိတိကျကျပြောရရင် ကျနော်ဘဝပျက်နေချိန်မှာ မြသောင်းနဲ့ကျနော်ပတ်သတ်ခဲ့တာမို့ သူ့ဆီက ငွေရေးကြေးရေးအကူအညီတွေ ယူခဲ့ဘူးပါတယ်။ ဒါပေမဲ့ဗျာ၊ တကယ့်ကို စိတ်သဘောထားကောင်းမွန်ပြီး အပေါင်းအသင်းမိတ်ဆွေအင်မတန်ပေါများတဲ့ ဂျက်ခေါ် မြသောင်းဟာ လူ့လောကကြီးကို အသက်သုံးဆယ်ကျော်အရွယ်မှာ စွန့်ခွာသွားခဲ့ရရှာတယ်။

အင်း၊ သူလူ့လောကကြီးကိုကျောခိုင်းသွားရတဲ့ကိစ္စဟာ ကျနော်နဲ့သက်ဆိုင်တယ်လို့ပြောရင်လည်း ရနိုင်ပြန်ရောဗျာ။ ဖြစ်ပုံက မြသောင်းနဲ့ကျနော်ရင်းနှီးပြီး နှစ်နှစ်ကျော်လောက်အကြာမှာပေါ့။ ညနေလေးနာရီခွဲလောက်မှာ ကျနော်ဟာ နွယ်ခွေက ကျနော်ပိုင်ခြံထဲကိုရောက်နေတုန်း ဂျက်ဆီကနေ ကျနော့်လက်ကိုင်ဖုန်းထဲကို ဖုန်းဝင်လာပါတယ်။ အကိုကြီး ဘယ်ရောက်နေသတုန်းတဲ့။ ဒီတော့ ကျနော်လည်း ကိုယ်၊ မင်္ဂလာဒုံနွယ်ခွေက ကိုယ့်ခြံကိုရောက်နေတယ်ဆိုတော့ ဒါဆိုလည်း မြန်မြန်ပြန်ခဲ့ဗျာ၊ ကျနော်အစ်ကိုကြီးနဲ့ အရက်သောက်ချင်လို့တဲ့။ ဒီတော့ ကျနော်လည်း အခု မင်းကဘယ်က နေဆက်နေတာတုန်းဆိုတော့ သူက ဆိပ်ကမ်းသာလမ်းမှာတဲ့၊ ဒါဆို ကိုယ်အခုပြန်ခဲ့မယ်ဆိုပြီး သူနဲ့ ကျနော် ဘုန်းကြီးလမ်းက ကျနော့်ရုံးခန်းမှာဆုံကြဖို့ ချိန်းလိုက်ပါတယ်။

ဒါနဲ့ ကျနော်လည်း နွယ်ခွေခြံကနေ ဘုန်းကြီးလမ်းရုံးခန်းကိုပြန်လာတုန်း လှိုင်မြို့နယ်မှာနေတဲ့ ကိုကြည်ဝင်းဆိုတဲ့ပုဂ္ဂိုလ်က အရေးတကြီးတိုင်ပင်စရာရှိလို့ လမ်းကြုံခဏဝင်တွေ့ပါအုံးဆိုပြီး ဖုန်းဝင်လာပြန်တာနဲ့ ကိုကြည်ဝင်းနဲ့ဝင်တွေ့နေလိုက်တာ နာရီဝက်လောက် အချိန်ကုန်သွားပြန်ပါတယ်။ ကျနော်ဘုန်းကြီးလမ်း ရုံးခန်းကိုရောက်တော့ ညနေခြောက်နာရီခွဲလောက်ရှိပါပြီ။ ကျနော်အနားယူနေရင်း ဂျက်အလာကိုမျှော်နေတုန်းမှာ ရုံးဖုန်းကအသံမြည်လာတာနဲ့ ဂျက်ဆက်တယ်ထင်ပြီး ကောက်ကိုင်လိုက်ချိန်မှာတော့ သက်ခိုင်ရှိလား၊ သက်ခိုင်ရှိလားဆိုတဲ့ ဦးဇော်မျိုးဝင်းရဲ့ ထိတ်ထိတ်ပြာပြာအသံကို ကြားလိုက်ရပါတယ်။

တခါတခါ ဦးဇော်ဟာ အထိတ်တလန့်လုပ်သလိုမျိုး နောက်ပြောင်တတ်တာကြောင့်၊ ဦးဇော် ကျနော်သက်ခိုင်ပဲ။ ဘာတွေ အလန့်တကြားဖြစ်စရာရှိပြန်ပြီတုန်းလို့ ပြန်မေးလိုက်တော့ သက်ခိုင်၊ ဒါနောက်စရာမဟုတ်ဘူး၊ မင်း ဂျက်သတင်းကြားပြီးပြီလားတဲ့။ ဒီတော့ ကျနော်က ဂျက်နဲ့ကျနော် အရက်သောက်ဖို့ ရုံးခန်းမှာချိန်းထားတယ်၊ မကြာခင် သူရောက်လာလိမ့်မယ်။ ခင်ဗျားပါ သောက်ချင် ရင် လာခဲ့လို့ပြောလိုက်တော့ ဦးဇော်ဟာ ငိုသံပါကြီးနဲ့ သက်ခိုင်၊ မင်းစိတ်ခိုင်ခိုင်ထား၊ စောစောလေးက တင် ဂျက်နဲ့ငါ ဆိပ်ကမ်းသာလမ်းမှာတွေ့တယ်။ မင်းနဲ့အရက်သောက်ဖို့ မင်းရုံးခန်းမှာချိန်းထားတယ် ပြောပြီး ထွက်သွားလိုက်တာ အခုဆယ့်ကိုးလမ်းထိပ်မှာ ကားတိုက်ခံရလို့ဆုံးပြီတဲ့။

ဦးဇော်စကားအဆုံးမှာ ကျနော်ဟာ နားတွေထဲက လေထွက်သလို အူတနဲလည်းဖြစ်သွားပြီး ရုတ်တရက် ငိုင်သွားပါတော့တယ်။ ဒါနဲ့စိတ်ကို အတတ်နိုင်ဆုံး ငြိမ်အောင်ထိန်းရင်း ဦးဇော်ရာ သေချာရဲ့လား။ စောစောက တနာရီကျော်လောက်ကမှ ကျနော်နဲ့စကားပြောခဲ့သေးတယ်လို့ ပြန်မေး လိုက်တော့ သေချာပါတယ် သက်ခိုင်ရာ။ ငါနဲ့လမ်းမခွဲခင် မင်းနဲ့ ဘုန်းကြီးလမ်းမှာ ချိန်းထားတယ်လို့ ပြောသွားတယ်။သူက ဆယ့်ကိုးလမ်းထိပ်က ဆီကုန်သည်ဆီမှာ ငွေဝင်ယူပြီး မင်းဆီသွားမယ်ပြော တယ်။ သူက တက္ကစီငှားပြီးအသွား၊ ဆယ့်ကိုးလမ်းရောက်လို့ တက္ကစီပေါ်ကအဆင်း လမ်းဖြတ်အကူး မှာ နောက်ကားတစီးက ဝင်တိုက်သွားတဲ့အကြောင်း၊ သူ့တပည့်လေးငါးယောက်ငါ့ကို ဖုန်းဆက် အကြောင်းကြားပြီးပြီတဲ့ဗျာ။

လောကကြီးဟာ နေ့မြင်ညပျောက်ဆိုတာ တယ်မှန်တဲ့စကားပါကလား၊ ဦးဇော်မျိုးဝင်းဖုန်းချပြီး ဆက်တိုက်ဆိုသလို ဂျက်မိန်းမ ဆရာမဆီကနေ ဂျက်ဆုံးပြီဆိုတဲ့အကြောင်း ဖုန်းဝင်လာပြန်ပါတယ်။ ကျနော်အပေါ် သိပ်ကောင်းခဲ့လွန်းခဲ့တဲ့ ဂျက်တယောက် လူလောကကြီးက မထင်မှတ်တဲ့အကြောင်းနဲ့ ရုတ်တရက် ထွက်ခွာသွားခဲ့ပြီဆိုတာ သေချာသွားပါပြီ။ ဂျက်မှာ ဆယ့်နှစ်နှစ်အရွယ်နဲ့ ကိုးနှစ်အရွယ် သားနှစ် ယောက်ကျန်ခဲ့ပါတယ်။ အဲဒီနေ့က ဂျက်အလောင်းကို ဆေးရုံမှာသွားကြည့်၊ အလုံက သူ့အိမ်ကိုသွားပြီး သူ့မိန်းမကို အားပေးနဲ့ စိတ်မချမ်းမသာနဲ့ ညရှစ်နာရီလောက်မှာ အိမ်မပြန်ပဲ ဘုန်းကြီးလမ်းရုံးခန်းကို ပြန်ခဲ့တော့ ထပ်ပြီး စိတ်မချမ်းသာစရာ ကြုံရပြန်ပါတယ်။

ဖြစ်ပုံက ကျနော်လည်း ရုံးခန်းပြန်ရောက်ရော ဂျက်နဲ့တွဲခုတ်နေတဲ့ မိုးမိုးဆိုတဲ့ကလေးမလေးက ဂျက်နဲ့ချိန်းထားတယ်ဆိုပြီး ကျနော့်ရုံးခန်းကိုရောက်နေတာပါပဲ။ ကျနော့်ကိုတွေ့တွေ့ချင်း ဦးသက်ခိုင်၊ အစ်ကိုမလာသေးဘူးလား၊ ကျမနဲ့ ဒီညချိန်းထားတယ်လို့ ဆီးမေးပါတော့တယ်။ ဂျက်ဆုံးတဲ့သတင်းကို သူမသိသေးပါဘူး။ ဒီတော့ ကျနော်ကိုယ်တိုင် မိုးမိုးကို ဂျက်ကားတိုက်ခံရလို့ ဆုံးပြီဆိုတဲ့အကြောင်း စိတ်ခိုင်ခိုင်ထားဖို့ သတိပေးရင်း အဖြစ်မှန်ကိုပြောပြရပါတော့တယ်။

မိုးမိုးဟာ ဆိပ်ကြီးခနောင်တို ဖက်က ဒလပျော်ဘွယ်ကြီးရွာဇာတိပါ။ အမှန်ပြောရရင် မိုးမိုးဟာ စားသောက်ဆိုင်တခုမှာလုပ်တဲ့ မိန်းခလေးမို့ ဂျက်အဲဒီဆိုင်မှာသွားထိုင်ရာ ကငြိကြတယ်ထင်ပါရဲ့ဗျာ။ သူ့မိဘတွေလည်း သိပ်ပြီး ဆင်းဆင်းရဲရဲမဟုတ်လေတော့ ဘာကြောင့်များလိုင်းလိုဖြစ်နေရသလဲ ကျနော်မစဉ်းစားတတ်ပါဘူး။ ဒါပေမဲ့ ဂျက်ဟာ မိုးမိုးကို တော်တော်စွဲလန်းဟန်ရှိပါတယ်။ တခါတုန်းက ဂျက်နဲ့ကျနော် အရက်အတူသောက်နေကြတုန်း မိုးမိုးနဲ့တွဲနေတာကို သူ့တပည့်တွေနဲ့ သူ့မိန်းမက အကြီးအကျယ် ဟန့်တားတဲ့အကြောင်း စကားစပ်မိတော့ ဂျက်က အစ်ကိုကြီးရာ သူဖာသာ လိုင်းမက လို့ ဖာဖြစ်နေအုံးတော့ ကျနော်ကတော့ မိုးမိုးကို ချစ်တယ်ဆိုပဲဗျ။

ဂျက်ဟာ မှန်သောစကားကိုဆိုခဲ့ဟန်ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဂျက်ရဲ့အလောင်းကို မီးသဂြိုဟ်တဲ့နေ့က အဖြစ်အပျက်ကြောင့်ပါ။ အဲဒီနေ့က ရေဝေးသုသာန်မှာ ဂျက်ကိုသဂြိုဟ်မှာမို့ မိုးမိုးလိုက်လာရင်၊ ဂျက်ရဲ့ ကျန်ရစ်တဲ့မိသားစုနဲ့ မဖြစ်သင့်တာတွေဖြစ်မှာစိုးတာကြောင့် ကျနော်က

မိုးမိုး၊ ညည်းမလိုက်သင့်ဘူးထင်ပါတယ်ဆိုပြီး အမျိုးမျိုးနားချပေမယ့် မရတဲ့အဆုံး ရှဥ့်လည်းလျှောက်သာ၊ မျှားလည်းစွဲသာ သဘောမျိုးနဲ့ မိုးမိုးကို သီးသန့်ကားတစီး စီစဉ်ပေးလိုက်ရပါတော့တယ်။

မိုးမိုးဟာ ရေဝေးသုသာန်က ဂျက်အလောင်းကိုပြင်ဆင်ထားတဲ့ ခန်းမကျယ်ကြီးထဲကို ရောမနှင်းဆီပန်းအနီ ပန်းစည်းကြီးကိုကိုင်ရင်း ဣန္ဒြေရရ တလှမ်းချင်းဝင်လာခဲ့ပါတယ်။ ဘေးမှာရှိနေတဲ့ ဂျက်မိသားစုနဲ့ပရိသတ်ကိုလည်း ရှိတယ်လို့တောင် ဂရုမထားတဲ့ပုံစံနဲ့ပေါ့ဗျာ။ သူဟာ ဂျက်ရဲ့အလောင်းထည့်ထားတဲ့အခေါင်းပေါ် ကို နှင်းဆီပန်းစည်းကြီးတင်ပြီး သုံးကြိမ်ကန်တော့ပြီးတာနဲ့ ပြန်ထွက်လာပါတယ်။

ကျနော်လည်း မလှမ်းမကမ်းကနေ မသိမသာ သူ့နောက်ကလိုက်သွားပြီး ကားတွေရပ်ထားတဲ့ ကားပါကင်အရောက်မှာ ကျနော်က မိုးမိုးဝင်နိုင်အောင် ကားတံခါးကို ကြိုဖွင့်ပေးလိုက်ပါတယ်။ မိုးမိုးလည်း ကားပေါ် ဝင်ထိုင်ပြီးရော ကျနော်က ကားတံခါးကို အသာလေးပြန်ပိတ်ပြီး နောက်ပြန်လှည့်အထွက်မှာ မျှော်လင့်မထားတဲ့ ထူးထူးဆန်းဆန်းအဖြစ်တခုကို ကြုံလိုက်ရပါတော့တယ်။

■

## အခန်း (၉၁)

# ကမ္ဘာခြားလေသူများ

အဖြစ်ကတော့ ကျနော်ဟာ မိုးမိုးရှိနေတဲ့ကားနောက်ခန်းတံခါးကိုပိတ်ပြီး ပြန်လှည့်အထွက် ခြေလှမ်း နှစ်လှမ်းလောက်လည်း လှမ်းပြီးရော ဝုန်းတနဲ့အသံကြားလို့ နောက်လှည့်ကြည့်လိုက်တော့ ကျနော်ပိတ်ပေးခဲ့တဲ့ ကားတံခါးမှန်ချပ်ဟာ တစစီကွဲကြေသွားတာကို မြင်လိုက်ရလို့ပါပဲဗျာ။ ကျနော် တံခါးပိတ်တဲ့ဒါဏ်ကြောင့် ကားမှန်ကွဲရအောင်ကလည်း ငြင်ငြင်သာသာပိတ်ခဲ့တာမို့ ဖြစ်နိုင်စရာ အကြောင်းမရှိပါဘူး။

ဒါနဲ့ ကားဆီကိုပြန်လျှောက်သွားပြီး မိုးမိုး ဘယ်လိုဖြစ်တာတုန်းမေးတော့ တယောက်ယောက် က ကားမှန်ကို ထိုးခွဲလိုက်တဲ့အသံကြားရပြီး မှန်ကွဲသွားတာတဲ့ဗျာ။ မိုးမိုးကတော့ အစ်ကိုရေ အမျှ အမျှ အမျှဆိုပြီး ရှိုက်ကြီးတငင် ငိုကြွေးနေလေရဲ့ဗျာ။ ကဲပါလေ၊ ကျနော်တို့ဗုဒ္ဓဘာသာမှာ သေပြီးသူရဲ့ နောက်ဆက်တွဲကိစ္စတွေနဲ့ပတ်သက်လို့ ကျနော့်အနေနဲ့ အစွဲအလန်း အယုံအကြည်မရှိလှပေမယ့် အဲဒီနေ့ကဖြစ်ရပ်ဟာ ထူးဆန်းတာတော့အမှန်ပဲဗျာ။

အထူးအဆန်းဆိုလို့ ကျနော်ကြားဘူးကြုံဘူးတဲ့ အထူးအဆန်းတွေအကြောင်း ပြောရဦး မယ်ဗျာ။ တခါတခါ လောကကြီးမှာ သာမန်ဆင်ခြင်တုံတရားနဲ့ ထောက်လှမ်းလို့မလွယ်ကူတဲ့ ထူးဆန်း မှုတွေက အများသားကလား။ ဥပမာ ထောင်လန့်တဲ့ကိစ္စမျိုးဆိုပါတော့။ ထောင်လန့်တယ်ဆိုတာ ထောင်သားတွေ အိပ်မောကျနေချိန် ညသန်းခေါင်ကျော်မှာ ထောင်သားတယောက်က ရုတ်တရက် အသံနက်ကြီးနဲ့ ထအော်တယ်။ တခါတခါ ဟေး ဆိုတဲ့အသံပြာကြီးနဲ့ ထအော်တယ်။ သူ့အော်သံကို ကြားတဲ့ ဘေးက အကျဉ်းသားကလည်း သူ့အသံအတိုင်း လိုက်အော်ပြန်တယ်။ ဒီလိုနဲ့ တယောက်ပြီး တယောက်၊ တခန်းပြီး တခန်း၊ အသံနက်ကြီးကူးသွားလိုက်တာ တဆောင်လုံးကနေ ထောင်တခု လုံး အသံနက်ကြီး ပြိုင်တူ အော်ကုန်ကြရောတဲ့ဗျာ။

တခါတရံမှာတော့ ပထမဆုံး သူရဲအစီးခံရသလိုဖြစ်တဲ့သူဟာ နံရံတွေ၊ မျက်နှာကျက်ထုတ် တန်းတွေပေါ် အထိတွယ်ကပ်ပြီး တက်နိုင်တယ်လို့လည်းဆိုကြသဗျ။ အဲသလို ထောင်လန့်မှုကို

ထောင်အာဏာပိုင်တွေက တော်တော်စိုးရိမ်ကြတာကြောင့် အရင်ဆုံး အသံနက်ကြီးနဲ့ စအော်သူကို ဝိုင်းရိုက်ကြဖို့ တန်းစီးတွေကို ကြိုပြီးအမိန့်ပေးထားသတဲ့ဗျာ။ တိုက်ဆိုင်မှုလေလားတော့ မပြောတတ်ဘူး၊ ထောင်လန့်တဲ့ရက်ဟာ ထောင်မှာ အသားဟင်း အထူးသဖြင့် အမဲသားဟင်းကျွေးတဲ့နေ့တွေမှာ ဖြစ်တတ်သတဲ့။

ထောင်လန့်တာကို ကျနော်ကိုယ်တိုင်ကြုံဘူးတာမဟုတ်ပေမယ့် ထောင်မင်းသား ထောင်သက်ရှည်အကျဉ်းသားတော်တော်များနဲ့ နေခဲ့ဘူးလို့ သူတို့အပြောအရသိရတာပါပဲ။ ထူးဆန်းတာက ကျနော်ကြားသမျှ ထောင်လန့်တယ်ဆိုတဲ့အကြောင်းအားလုံးလိုလိုဟာ တထပ်တည်းဖြစ်နေသဗျာ။ နောက်တခုက ဘိုးတော်ကိစ္စ၊ တချို့ဘိုးတော်တွေဟာ ထောင်ထဲရောက်တာတောင် အစွမ်းပြနိုင်နေကြသေးတာလည်း ကြားဘူးတယ်။ တခါတုန်းက အင်းစိန်ထောင်ထဲကိုရောက်နေတဲ့ ဘိုးတော်ချစ်ဟာ ထောင်သားလေးငါးယောက်ကို စုခိုင်းလိုက်ပြီး 'မင်းတို့စားချင်တဲ့ အစားအစာ တယောက်တမျိုးစီ ပြောကြကွာ'လို့ဆိုသတဲ့။ ဒီမှာတင် ထောင်သားတွေလည်း သူ့တို့စိတ်ထဲရှိရာ ဒန်ပေါက်ထမင်း၊ ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ ထမင်းကြော် စတာတွေလျှောက်ပြောလိုက်တော့ ဘိုးတော်ချစ်ဟာ ထောင်သားတွေမျက်စိရှေ့မှာတင် သူ့လက်ကို လေထဲမှာဝှေ့ယမ်းလိုက်ပြီး စောစောက စားစရာတွေကို တထုပ်ချင်း လေထဲကနေ ယူပေးသတဲ့။ ဒီလိုမျိုးနည်းလမ်းနဲ့ အစွမ်းပြတာကို အိန္ဒိယနိုင်ငံက ဆိုင်းဘာဘာဆိုတဲ့ပုဂ္ဂိုလ်လည်းလုပ်ပြနိုင်လို့ အိန္ဒိယဝန်ကြီးချုပ် အင်ဒီယာဂန္ဒီတောင် ဆိုင်းဘာဘာကို ယုံကြည်သတဲ့ဗျား။ အဲဒါကို ပြန်ပြောပြတာကတော့ တကယ့်ထောင် သမ္ဘာ၊ ကျနော့်မိတ်ရင်းဆွေရင်း နွားလေးခေါ် စိုးအောင်ပဲဗျ။

နေဦး။ ဘိုးတော်ချစ် အပြင်မှာလက်စွမ်းပြတာကို မြင်ဘူးတဲ့သူရှိသေးတယ်။ အဲဒါက လှိုင်မြို့နယ်ရဲတပ်ဖွဲ့က တပ်ကြပ်ကြီးထွန်းထွန်း ကိုယ်တိုင်ကြုံခဲ့ရတာကို ကျနော့်ကိုပြန်ပြီး ဖောက်သည်ချဘူးသဗျ။ တနေ့တော့ ဘိုးတော်ချစ်ကို ဖိုးတွမ်တီးအမှုနဲ့ လှိုင်စခန်းကဖမ်းပြီး စစ်ကြောရေးလုပ်တယ်။ ဘိုးတော်ချစ်က သူ့မလိမ်တဲ့အကြောင်း အလိမ်ခံရသူကသာ စည်းဖောက်လို့ ဒီပြဿနာဖြစ်ရတာ၊ သူ့ပညာကို အားလုံးရှေ့မှာ ပြပါ့မယ်ဆိုသတဲ့ဗျာ။

ပထမဆုံးအနေနဲ့ နယ်ထိန်းရဲအရာရှိ ဦးသန်းထွန်းရဲ့အိပ်ကပ်ထဲက တဆယ်တန် ငွေစက္ကူတရွက်ကို တောင်းယူလိုက်တယ်။ ပြီးတော့ အဲဒီငွေစက္ကူရဲ့နံပါတ်ကို မှတ်ထားခိုင်းတယ်။ နံပါတ်လည်း မှတ်ပြီးရော၊ အဲဒီငွေစက္ကူကို ကျနော်ကိုယ်တိုင်မီးရှို့ရင် နောက်အမှုတခုထပ် တိုးလိမ့်မယ်။ ဒါကြောင့် ဆရာကိုယ်တိုင်ပဲ မီးရှို့လိုက်ပါလို့ဆိုသတဲ့ဗျာ။ ဦးသန်းထွန်းလည်း ရဲစခန်းထဲမှာဆိုတော့ အမြင်လူတွေ မသိလောက်ပါဘူးဆိုပြီး အဲဒီငွေစက္ကူကိုမီးရှို့လိုက်တော့ ပြာဖြစ်သွားရောဆိုပါတော့ဗျာ။

အဲဒီပြာတွေကို ဘိုးတော်ချစ်က ရဲမှူးဦးသန်းထွန်းလက်ထဲကနေ လှမ်းယူလိုက်ပြီး လက်သီးဆုပ်ထဲထည့် ဆုပ်လိုက်တယ်။ လက်သီးဆုပ်ကို ဆီမန်းမန်းသလို ပွစိပွစိလျှောက်ရွတ်နေရင်း ချက်ချင်းဆိုသလို ရော့ဆိုပြီး ဦးသန်းထွန်းလက်ထဲကို စက္ကူလုံးလေးတလုံး ပြန်ထည့်ပေးလို့ ဖွင့်ကြည့် လိုက်တော့ စောစောကမီးရှို့ထားတဲ့ တဆယ်တန်ငွေစက္ကူဟာ အကောင်းပကတိပြန်ဖြစ်နေသတဲ့ဗျာ။လူလိမ်လူကောက်တွေကို စစ်ကြောနေတဲ့ရဲတွေပဲဗျာ။ ဒီလောက်နဲ့တော့ မယုံနိုင်ပြန်သေးဘူးဆိုကြတာကြောင့် ဘိုးတော်ချစ်က သေနတ်တလက် ကိုင်ခွင့်ပေးပါလို့ဆိုပြန်သတဲ့။ ဒီတော့ ဦးသန်းထွန်းက ခင်ဗျားကို သေနတ်ထုတ်ပေးလိုက်ရင် ကျနော်ထောင်ကျသွားမှာပေါ့၊ ဒါကြောင့် မပေးနိုင်ဘူးလို့ ငြင်းသတဲ့။ နောက်ဆုံး သေနတ်ကို လက်ထဲမပေးနိုင်ရင်လည်း ဆရာကိုယ်တိုင် သေနတ်ကိုကိုင်ထားပြီး ကျနော့်ကို သေနတ်နဲ့ထိတယ်ဆိုရင် ထိခွင့်ပြုပါဆိုလို့ ဦးသန်းထွန်းက သဘောတူလိုက်သတဲ့။

ဦးသန်းထွန်းဟာ ခါးမှာချိတ်ထားတဲ့သေနတ်ကို ထုတ်၊ သေနတ်ဒင်ပက်အပိုင်းကို ကိုင်ထားပြီး သေနတ်ပြောင်းဝကို ဘိုးတော်ချစ်ကို ကိုင်ခွင့်လည်းပြုလိုက်ရော ဘိုးတော်ချစ်ဟာ သေနတ်ကိုလက်နဲ့ ထိတယ်ဆိုရုံ ထိလိုက်ပြီး ကဲ၊ ဆရာ့သေနတ်ထဲမှာ ကျည်ဆံတတောင့်ပဲရှိတယ်။ ဟုတ်ပြီလား၊ အဲဒီ ကျည်ဆံကလည်း နံပါတ်သုံးမြောက်အပေါက်မှာရှိနေတယ်။ ဒါကြောင့် ဆရာအဲဒီသေနတ်နဲ့ကျနော့်ကို ပစ်မယ်ဆိုရင် သုံးချက်ပစ်မှ ကျည်ထွက်လာမယ်။ ဒါဆို ယုံပြီလားလို့မေးလို့ ဦးသန်းထွန်းက သေနတ် ကိုဖွင့်ပြီး စစ်ကြည့်လိုက်တော့ ဘိုးတော်ချစ်ပြောသလို ကျည်ဆံတတောင့်ဟာ နံပါတ်သုံးမြောက် အပေါက်မှာ ရှိနေသတဲ့ဗျ။ ဒါပေမဲ့ မယုံနိုင်ပြန်ဘူးဆိုလို့ နောက်တကြိမ် သေနတ်ကိုလက်နဲ့ထိခွင့် တောင်းပြီး ထိရုံထိလိုက်ပြန်ရောတဲ့ဗျာ။ ဒီတခါတော့ ဘိုးတော်ချစ်က ဆရာ့သေနတ်ထဲမှာ ကျည်ဆံ မရှိတော့ပါဘူး။ ဖွင့်ကြည့်ပါအုံးဆိုလို့ ဖွင့်ကြည့်ပြန်တော့ ဘိုးတော်ချစ်ပြောသလို ကျည်ဆံက ဘယ်ရောက်သွားမှန်း မသိတော့ဘူးတဲ့ဗျာ။ ဦးသန်းထွန်းလည်း မျက်ကလဲဆန်ပြာနဲ့ဟာ ဘိုးတော် ဒီလိုတော့ မလုပ်ပါနဲ့၊ ကျည်ဆံပြန်ရှာမတွေ့ရင် ကျနော်ပြဿနာတက်လိမ့်မယ်ဆိုတာကြောင့် ဘိုးတော် ချစ်က ခပ်အေးအေးပဲ မလှမ်းမကမ်းကအမှိုက်ခြင်းကို ညွှန်ပြပြီး ငှက်ပျောခွံကြားထဲမှာ ဆရာ့ကျည်ဆံ ရှိပါတယ်လို့ ပြောသတဲ့ဗျာ။

အဲဒီဘိုးတော်ချစ်ဟာ ကျနော်နဲ့ ကျောင်းဆရာအတူလုပ်ခဲ့ဖူးတဲ့ ဘုန်းမြင့်ဦးဆိုတဲ့မောင်ကိုလည်း အစွမ်းပြခဲ့ဘူးသေးသတဲ့ဗျ။ ဘုန်းမြင့်ဦးဟာ ကျောင်းဆရာသာလုပ်နေခဲ့တာ တကယ် ပေါင်းရသင်း ရခက်တဲ့ လူစားထဲမှာပါတယ်။ ၁၉၈၈ အရေးအခင်းတုန်းက ကြံတောသုဿန်မှာ လူသတ်အလောင်း ဖျောက်တဲ့အမှုကြောင့် ထောင်ခုနှစ်နှစ်ကျခဲ့သေးတယ်။ တော်ရုံတန်ရုံကိစ္စကို ယုံလွယ်တဲ့သူတော့ မဟုတ်ဘူးဗျာ။

တနေ့တော့ သူနဲ့ဘိုးတော်ချစ် ကြည့်မြင်တိုင်ညဈေးက ဘုန်းမြင့်ဦးမိန်းမဈေးဆိုင်မှာ ဆုံမိ ကြသတဲ့၊ ဒီမှာတင် ဘိုးတော်ချစ်က ဘုန်းမြင့်ဦးကို မင်းမိန်းမဈေးရောင်းထားတဲ့ ငွေအားလုံးပေါင်းဟာ ဘယ်ရွေ့ဘယ်မျှရှိတယ်ဆိုပြီး ပြားဂဏန်းကအစ တိတိကျကျပြောသတဲ့၊ ဘုန်းမြင့်ဦးက ဘိုးတော် ဆိုတာ လူလိမ်လောက်သာတွက်ထားတာမို့ သူကိုယ်တိုင် သူ့မိန်းမပိုက်ဆံပုံးထဲကငွေတွေကို ရေတွက် ကြည့်လိုက်တော့ ဘိုးတော်ချစ်ပြောတဲ့အတိုင်း အတိအကျဖြစ်နေသတဲ့ဗျ။ ဒါတင်မကသေးဘူး။ ဘိုး တော်ချစ်က ဘုန်းမြင့်ဦးကို မင်းကြည့်ရတာ ငါ့ကိုယုံကြည်တဲ့ပုံမရဘူးလို့ပြောနေရင်း လမ်းပေါ်က ကျောက်ခဲစလေးတစကို ကောက်လိုက်ပြီး ဘုန်းမြင့်ဦးပါးစပ်ထဲကို ပစ်ထည့်လိုက်တာကြောင့် ဝါးကြည့် လိုက်တဲ့အခါ အဲဒီကျောက်ခဲဟာ ထန်းလျက်ခဲဖြစ်နေသတဲ့ဗျား။

ထူးထူးဆန်းဆန်းကိစ္စတွေနဲ့ပတ်သက်လို့ ဆရာဦးဆန်းလွင်ရေးတဲ့ ရတနာသုံးပါးကို ယုံကြည်၊ ကိုးကွယ် ဆည်းကပ်လာသူတယောက်အကြောင်းဆိုတဲ့ စာအုပ်မှာဖတ်ဖူးတာတခုလည်း ရှိသေးဗျာ။ ဆရာဦးဆန်းလွင်နဲ့ သူ့မိတ်ဆွေဟာ ဘိုးတော်တယောက်အိမ်ကိုသွားလည်ပြီး အပြန်မှာ သူတို့စီးလာတဲ့ မော်တော်ကားက ဓာတ်ဆီကုန်နေတာနဲ့ကြုံသတဲ့၊ ဒီမှာတင် ဘိုးတော်က ဒီကိစ္စလွယ်ပါတယ်လို့ ပြောပြောဆိုဆို ဘာလီပုံးတခုနဲ့ ရေအပြည့်ခပ်လာခိုင်းပြီး ဘာလီပုံးထဲကို တံထွေးနှစ်ချက်လောက် ထွေးထည့်လိုက်တယ်။ နောက်တော့ ကဲ၊ အဲဒါ ဓာတ်ဆီပဲ၊ ကားထဲကိုထည့်လိုက်တော့ဆိုလို့ ထည့် ကြည့်လိုက်တော့ တကယ်ပဲ ဓာတ်ဆီတွေဖြစ်နေသတဲ့ဗျ။ အပြည့်အစုံသိချင်ရင်တော့ ခင်ဗျားကိုယ်တိုင် အဲဒီစာအုပ်ကို ရှာဖတ်ပေတော့ဗျာ။ ရှေးဘဝ နောက်ဘဝတွေနဲ့ပါတ်သက်ပြီး ယုံရခက်ခဲတဲ့ကိစ္စရပ် တော်တော်များများလည်း ပါလေရဲ့။

အော်၊ ကျနော်က ကြားဘူးဖတ်ဘူးတာတွေပြောနေလို့ ကိုယ်တွေ့မရှိဘူးထင်နေသလား။ ကျနော်ကိုယ်တိုင်လည်း ကြုံခဲ့ဖူးတာရှိပါသဗျာ။ အဲဒါကတော့ ပုဏ္ဏကတိုက်တဲ့ဖြစ်ရပ်ပေါ့။ ပုဏ္ဏကဆို

တာ ဘီလူးရဲ့နာမည်ဖြစ်တာကြောင့် ဘီလူးတိုက်တယ်ဆိုပါတော့ဗျာ။ ပုဏ္ဏက တိုက်တဲ့အဖြစ်ကို မကြာသေးခင်က မြေနီကုန်းအဝိုင်း မီးပွိုင့်နားက ရွှေမြေဆိုတဲ့တီဗီအရောင်းဆိုင်တခုမှာဖြစ်ခဲ့သေးတယ် တဲ့ဗျာ။ အရပ်စကားကတော့ တီဗီတွေထဲက သွေးတွေထွက်လာသလိုလို လက်တွေထွက်လာသလိုလို ပြောကြပေမယ့် တကယ်တမ်း ပုဏ္ဏကအတိုက်ခံရတယ်ဆိုတာ အတိုက်ခံရတဲ့ အဆောက်အဦ ခေါင်မိုးပေါ်ကို ခဲတွေကျတာဆိုတာတော့ လူတော်တော်များ ပြောကြတာတွေကြပါတယ်။

မြေနီကုန်းပုဏ္ဏကအတိုက်ခံရတာက သက္ကရာဇ် ၂၀၀၀ လောက်ကဆိုပေမယ့် ကိုယ်တိုင်ကြုံခဲ့ရတဲ့ပုဏ္ဏက ဇာတ်လမ်းကတော့ ကျနော့်အသက် နှစ်ဆယ့်ငါးနှစ်အရွယ် ၁၉၈၄ ခုနှစ်ဝန်းကျင်ကပေါ့။ အဲဒီတုန်းက ကျနော်ကျောင်းဆရာဘဝဗျ။

အဲဒီနေ့က ကျနော်ဟာ ဘူတာရုံလမ်းထိပ်အင်းစိန်လမ်းမကြီးမှာ ကျနော့်သူငယ်ချင်း ကျော်မင်းလေးဖွင့်ထားတဲ့ ရှမ်းရိုးမစားသောက်ဆိုင်ကနေ ညဆယ်နာရီလောက် အရက်ကလေးခပ်ထွေထွေနဲ့ ပြန်လာတဲ့အချိန်ပေါ့။ ကမာရွတ်ဘူတာရုံလမ်းအတိုင်း ကျနော့်အိမ်ရှိရာ ငါးရပ်ကွက်ဖက်ကို ခြေလျှင်လျှောက်ပြီးပြန်အလာ ကမာရွတ်ဘူတာရုံအနားလည်းရောက်ရော လူတွေရုန်းစုရုန်းစုနဲ့ ဖြစ်နေကြတာကိုတွေ့လို့ စပ်စုလိုက်တော့ ကမာရွတ်ဘူတာ ရထားလက်မှတ်ရောင်းတဲ့ အဆောက်အဦလေးကို ပုဏ္ဏက တိုက်နေသတဲ့ဗျာ။

ကျနော်လည်း အရက်အရှိန်လေးနဲ့ လူတွင်ကျယ်လုပ်ပြီး ပေါက်ပေါက်ရှာရှာဗျာ၊ ဘယ်က ပုဏ္ဏကလာပြီး ဘာကြောင့် တိုက်ရမှာတုန်း၊ ဒါမျိုး ကျုပ်အယုံအကြည် မရှိပါဘူးဆိုပြီး ပုဏ္ဏက အတိုက်ခံနေရတဲ့ ရထားလက်မှတ်ရုံလေးထဲကို ဝင်သွားလိုက်ပါရော။

တကယ်တော့ ကမာရွတ်ဘူတာရထားလက်မှတ်ရုံဟာ ကျနော့်သူငယ်ချင်း တရုပ်မောင်မောင်ရဲ့အိမ်နဲ့ ကပ်လျက်နီးပါးရှိနေတာမို့ ဝန်ထမ်းတွေနဲ့ မျက်မှန်းတန်းမိနေပါတယ်။ ကျနော်လည်း လက်မှတ်ရုံထဲရောက်သွားရော ဝန်ထမ်းလေးယောက်လောက်ဟာ မျက်နှာမှာ သွေးမရှိတော့သလို ဖြူဖတ်ဖြူရော်ဖြစ်နေကြသဗျာ။ အဲဒီအခန်းလေးဟာ အလျားပေ နှစ်ဆယ် အနံ ဆယ့်ငါးပေထက် မပိုတဲ့ အခန်းကျဉ်းလေးဗျ။ ကျနော်လည်း အခန်းထဲဝင်လိုက်ရော အခန်းခေါင်းမိုးပေါ်ကို ခဲကျသံတွေကြားလိုက်ရတဲ့အပြင် အခန်းထဲကစားပွဲတွေပေါ်ကိုလည်း ခဲတွေကျလာသဗျ။

ကျနော်လည်း သေချာစပ်စုချင်တဲ့ဇောနဲ့ စားပွဲပေါ်က ခဲတလုံးကိုယူကြည့်လိုက်တော့ အမယ် ကျလာတဲ့ခဲက မီးရထားဇလီဖားတုံးခင်းတဲ့ လိပ်သည်းကျောက် ဝီးစေ့သာသာအခဲလေးတွေဖြစ်နေသဗျာ။ ဒီမှာတင် မယုံကြည်တဲ့စိတ်ကဲနေတဲ့ ကျနော်ဟာ လက်မှတ်ရောင်းဝန်ထမ်းတွေဖက်လှည့်ပြီး ခင်ဗျားတို့ မကြောက်ကြနဲ့ဗျာ။ တယောက်ယောက်က လှမ်းပစ်နေတာလည်း ဖြစ်နိုင်တာပဲ။ ဒါကြောင့် အခန်းတံခါးတွေကို အားလုံးပိတ်လိုက်ဗျာဆိုတော့ ဝန်ထမ်းတွေလည်း တုန်တုန်ယင်ယင်နဲ့ ရှိရှိသမျှ တံခါးတွေကို လိုက်ပိတ်လိုက်ကြပါလေရော။ တံခါးအားလုံး ပိတ်ဆို၊ လက်မှတ်ရောင်းတဲ့ အပေါက်သေးသေးလေးကအစ စာအုပ်ထူထူတအုပ်နဲ့ ကျနော်ကိုယ်တိုင် ပိတ်လိုက်သေးသဗျ။

တံခါးတွေပိတ်ပြီးတာနဲ့ ကျနော်ဟာ ကိုယ့်ကိုယ်ကိုယုံကြည်စိတ်အပြည့်နဲ့ ကဲ။ ဘယ်မလဲ၊ ကိုရွှေပုဏ္ဏက တိုက်ချင်ရင် စမ်းလိုက်ပါအုံးလို့ စိန်ခေါ် လိုက်ပါတော့တယ်။ မယုံရင် ပုံပြင်သာမှတ်ပေတော့ ဆရာရေ့။ ကျနော့်စိန်ခေါ် သံတောင်မဆုံးသေးခင်မှာ အခန်းထဲက စားပွဲတွေပေါ်ကို စောစောကပြောတဲ့ ကျောက်ခဲလေးတွေ သယ်လုံးနီးပါး တဒေါက်ဒေါက် ထပ်ကျလာပြန်ရောဗျာ။ ကျသမျှ အဲဒ်ကျောက်ခဲတချို့ဟာ မျက်နှာကျက်မှာတပ်ထားတဲ့ ပန်ကာကိုပါမှန်ပြီး လူတွေကိုပါ ထိကုန်သဗျ။ ဒီတော့ လက်မှတ်ရောင်းဝန်ထမ်းတွေလည်း မျက်နှာငယ်လေးတွေနဲ့ ဘယ်လိုလုပ်

ကြမတုန်း ဆရာတဲ့။ ကျနော်လည်း ဆရာမနိုင် နှစ်ဆောင်ပြိုင်ဖြစ်နေတဲ့ဇာတ်လမ်းမို့ အေးဗျ။ ထူးဆန်းတာတော့ အမှန်ပဲလို့ စကားကိုလျှော့ချပြီး ခပ်ကုပ်ကုပ်ပြန်ခဲ့ရပါတော့တယ်။

ကျနော့်အယူအဆအရ ပရလောကဆိုတာ အမှန်တကယ်ရှိတယ်လို့ ယုံကြည်ပါတယ်။ ကျနော်ကိုယ်တိုင် သမထတို့၊ ဝိပဿနာတို့ အထိုက်အလျောက် လေ့ကျင့်ခဲ့ဖူးလေတော့ သုံးဆယ့်တဘုံမှာ သူ့ရဲ့တစ္ဆေဆိုတာ လက်ခံရမလိုဖြစ်ခဲ့ပါတယ်။ တကယ်တော့ဗျာ။ အခြားဘုံတခုခုက သတ္တဝါ တချို့ဟာ အခြေအနေတရပ်ရပ်မှာ လူ့လောကကို လွှမ်းမိုးနှောင့်ယှက်နိုင်ဟန်တူပါရဲ့။ တချို့အပြောအရ ဘိုးတော်တို့ ဘာတို့ဟာ တစ္ဆေသူရဲကို အောက်လမ်းနည်းနဲ့ မွေးထားနိုင်ကြတာကြောင့် စေလိုရာစေနိုင်ကြတယ်ဆိုပါတယ်။ ဒါပေမဲ့ ထူးခြားတာတခုက သူတို့ယူခိုင်းတဲ့ ဒန်ပေါက်၊ ခေါက်ဆွဲ၊ ဓာတ်ဆီတို့ အတွက် တန်ရာတန်ကြေးကို သတ်မှတ်ချိန်တခုမှာ အဲဒီဆိုင်တွေဆီသွားပြီးတနည်းနည်းနဲ့ ငွေပေးချေကြရသတဲ့။ ကျနော်ကိုယ်တိုင် သမထတို့၊ ဝိပဿနာတို့ကို အားထုတ်ခဲ့တုန်းက ရုက္ခစိုး ဆိုတာကို ကိုယ်တိုင် ကြုံတွေ့ခဲ့ရဘူးသေးသဗျာ။

ရုက္ခစိုးဆိုတာ သစ်ပင်စောင့်တဲ့နတ်လို့ ပြောရမယ်ထင်ပါရဲ့။ ကျနော် ရုက္ခစိုးနဲ့ သုံးလေးကြိမ်လောက်ကြုံခဲ့ဘူးပါတယ်။ ပထမဆုံးအကြိမ်ကတော့ ကျနော်လည်း အုံ့သြတာပေါ့။ ပင်မစခန်းက ကျနော်နေတဲ့အဆောင်ဘေးမှာ အတော်ကြီးတဲ့သစ်ပင်ကြီး တပင်ရှိတယ်ဗျ။ ဟော ဟိုမှာခင်ဗျား လှမ်းမြင်နေရတဲ့ အပင်ကြီးပေါ့ဗျာ။ ကျနော့်ကိုလာဆက်သွယ်တဲ့ ရုက္ခစိုးဟာ အဲဒီသစ်ပင်ကြီးမှာ စံမြန်းတယ်ထင်ပါရဲ့။

ကျနော့်ရဲ့ သမာဓိလေ့ကျင့်ခန်းတွေ တစတစ ရင့်လာနေတဲ့နေ့တွေထဲက တနေ့ပေါ့ဗျာ။ ထုံးစံအတိုင်း လေ့ကျင့်ခန်းဖြုတ်ပြီး အိပ်ရာဝင်တဲ့အချိန်ပေါ့။ အိပ်ပျော်သလိုမပျော်သလို ဖြစ်နေတုန်း၊ ကျနော့်အာရုံထဲမှာ တယ်လီဗေးရှင်းဖန်သားပြင်ပေါ် မှာ အရုပ်တွေမပေါ် ခင် တွေ့ရတဲ့အမှုန်လေးတွေ ထင်လာတယ်။ အမှုန်ကွက်ကလေးက ရှည်မျှောမျှောဗျ။ အဲဒီမှာ ကျနော့်စိတ်ထဲမှာ သူဆိုလိုတာကို အလိုလိုနားလည်လာတယ်။ အသံကြားရတာမဟုတ်ဘူး။ စိတ်ချင်းဆက်ပြီး သူနဲ့ကိုယ် အပြန်အလှန်နားလည်နေတဲ့ ပုံစံ။သူ့ရဲ့ပထမဆုံး စကားတချို့ကို ကျနော်နားမလည်လိုက်ဘူး။ နောက်စကားလုံးက သူဟာ ရုက္ခစိုးပါတဲ့။ ကျနော်ကလည်း ချက်ချင်းဆိုသလို ကျနော်ဘာလုပ်ရမလဲလို့ ပြန်မေးလိုက်တယ်။ သူက မင်းဘာလိုချင်သလဲတဲ့။ ဘုရားစူးစေ့ဗျာ။ ကျနော်ဟာ ငွေတွေကြေးတွေ အထုပ်ရှုပ်တွေကို တော်တော်ကို စိတ်ကုန်နေတော့ ဘာမှမလို ချင်ဘူးဗျာလို့ စိတ်ထဲက ပြန်ပြောဖြစ်တယ်။ သူက ဆက်ပြောသေးတယ်။ ဒါပေမဲ့ ကျနော်မသဲကွဲဘူး၊ ကျနော့်စိတ်ထဲ သိပ်မယုံတာလဲပါမယ်ထင်ရဲ့။ သူပျောက်သွားတယ်။

ဒါပေမဲ့ ကိုယ်တော်ချောက လက်မလျှော့ဘူးဗျ။ နောက်နှစ်ရက်လောက်ကြာတော့ ထပ်ပေါ်လာပြန်ရော။ မင်းက ငါ့ကိုမယုံဘူးလားတဲ့။ ကျနော်ကလည်း စိတ်ထဲမှာ ခပ်ပေါက်ပေါက်နဲ့ ကဲ မယုံဘူးဗျာ။ ခင်ဗျားက ဘာတွေရအောင် လုပ်ပေးမှာလည်း။ ရာခိုင်နှုန်းဘယ်လောက် ပေးရမှာလဲလို့ အငေါ် တူးလိုက်တယ်။ ဆက်ပြီး မယုံဘူးဗျာ။ ခင်ဗျား ရအောင်လုပ်ပေးနိုင်ရင် တွမ်တီးပါ ဆင့်ယူလို့၊ စွတ်တွန်းလိုက်တယ်။ သူပျောက်သွားပြန်ရော။ နောက်နေ့ကျတော့ ပေါ် လာပြန်ရော။ မင်းငါ့ကို မယုံရင် မင်းလက် ငါ့ကိုပေးတဲ့။ အသက်ကြီးမှဗျာ။ ကျနော့်ကို လက်မပေးတတ်ဘူးထင်နေရော့သလား။ ကျနော်က လက်ကိုလှမ်းပေးလိုက်တော့၊ မင်းငါနဲ့ လိုက်ခဲ့ဆိုပြီးခေါ် လိုက်တော့ ကျနော်ဟာ လေပေါ် မှာ ပေ ၂၀ အမြင့်လောက်ကနေ သူ့နောက်ပါသွားတော့တာပဲ။ သူခေါ် သွားတဲ့နေရာဟာ လှိုင်မြို့နယ်က ကျနော်နေတဲ့အိမ်နားကိုဗျ။ လေထဲမှာ မြင့်သွားလိုက်နိမ့်သွားလိုက်နဲ့ ခေါ် သွားရာက ကျနော့်အိမ်နဲ့မလှမ်းမကမ်းက အိမ်တလုံးရဲ့ရှေ့နားကိုရောက်တော့ မြေပြင်ပေါ် ကို ဆင်းလိုက်ကြတယ်။

လေထီးခုန်ဆင်းတာနဲ့တောင် တူသေးဗျာ။ မြေပေါ်ကျကျချင်း မြေထောက်လေး၊ လေးငါးလှမ်းယက်လို့။

အဲဒီအိမ်ကို ကျနော်သိတယ်ဗျ။ ကျနော်နဲ့ကျောင်းနေဘက် မဝင်းကြည်တို့နေတဲ့ အိမ်။ သူ့အဖေက ဦးတင်ခ၊ ဦးတင်ခဆိုတာ ကျုပ်တို့ခေတ်နာမည်ကြီး၊ တောင်သူလယ်သမားအကြိုက် အဆိုတော် ဟသ်ာတ အောင်တင်ဝင်းရဲ့ အစ်ကိုအရင်း။ ဟိုတုန်းက အဲဒီအိမ်မှာ ပြည်သူ့ဆိုင်ဖွင့်တယ်။

ကိုရွှေရက္ခစိုးက အဲဒီအိမ်ထဲကို လက်ညှိုးထိုးပြီး မင်းကြိုက်တာဝင်ယူတော့တဲ့။ အိမ်ထဲမှာ မီးလင်းနေတယ်။ အမျိုးသမီးတယောက်က အိမ်ထဲကထွက်လာပြီး ဒေါဖက်ကိုကပ်ပေးတယ်။ ကျနော်ကလည်း ဟ သူများပစ္စည်း ကျုပ်မလိုချင်ဘူး။ ပိုင်ရှင်ရှိတာတော့မလုပ်ပါနဲ့လို့ ငြင်းလိုက်တော့ သူပျောက်သွားရော။ ကျနော်လည်း ရဲဘက်က ကုတင်ပေါ် ပြန်ရောက်လာရောဗျာ။

လားလား မနက်မိုးလင်းလို့ ကျနော်ပြန်စဉ်းစားမိတော့မှ အဲဒီနေရာမှာ မီးလောင်သွားခဲ့လို့ မဝင်းကြည်တို့ အိမ်မရှိတော့ဘူး။ အောင်ချမ်းသာ ကျောင်းတိုက်ပိုင်ဖြစ်ပြီး စေတီခပ်ကြီးကြီးတဆူတည်ထားတာ သွားသတိရတော့တယ်။ တော်တော်ဆိုးတဲ့ ရက္ခစိုးဗျာ။ ဘယ့်နှယ် ဌာပနာတိုက် သွားဖောက်ခိုင်းနေရတယ်လို့။ ကျနော့်စိတ်ထဲတော့ ဒီလိုပဲထင်လိုက်တယ်ဗျာ။

နောက်တကြိမ် ဘိုးတော်ဇာတ်လမ်းကတော့ အင်းစိန်ထောင်ထဲကို ၅ (ည)နဲ့ရောက်တုန်းက ပေါ့။ အဲဒါက ဒုတိယအကြိမ် ၅ (ည)။ မြို့နယ်ရဲမှူးက ကျနော်ဟာ သာမန်ရဲနဲ့အချင်းများတာကို စစ်တပ်ကို ဖုန်းဆက်ရာက လက်နက်အပြည့်အစုံနဲ့ရောက်လာပြီး ကျနော့်ကိုဖမ်းတော့တာပဲ။ မြို့နယ်ရဲမှူးက ကျုပ်ရှိနေရင် သူကမြို့နယ်ကိုအုပ်ချုပ်လို့မရပါဘူးလို့ မစလိုက်တော့ ၅ (ည)ဖြစ်ပြီး အင်းစိန်တောရရောက်ခဲ့တာပဲ။ ခေတ်ပျက်ကြီးထဲမှာ ထောင်ထဲကို ၅ (ည)နဲ့ရောက်လာတော့ အကျဉ်းသားအချင်းချင်း အားပေးကြပါတယ်။ အနည်းဆုံးတော့ ၅ နှစ်ပဲ။ ကိုင်းကြီးကြီးမှာနားဘို့တော့ သေချာမြို့ကြိုတင်ပြီး လိုင်းလေးဘာလေး ဝင်ထားပေါ့တဲ့။

ကျနော့်မိသားစုကလည်း တိုလိုက်ဒီလိုက် ကျနော့်ကိုဆွဲထည့်တဲ့ရဲမှူးကလည်း မကျကျအောင် နေရာအနှံ့သတင်းပို့ပြီး ပြစ်ဒဏ်မကြီးကြီးအောင် ဆွဲဆန့်။ ဒါနဲ့ စစ်ခုံရုံးရောက်သွားပါလေရော။ သိတဲ့အတိုင်းပဲဗျာ။ ၁၉၉၀ ဝန်းကျင်စစ်ခုံရုံး။ စဉ်းစားသာကြည့်ပေတော့။ လွတ်ဖို့ကတော့ လမ်းဘယ်မမြင် ဇာတ်လမ်းပဲပေါ့ဗျာ။ ချုပ်ရက်နှစ်လလောက်ရှိတော့ ကျနော့်မိန်းမက ရှင်ဒီနေ့လွတ်မယ်လို့ စာတိုလေးတစောင် ထောင်ဝန်ထမ်းနဲ့ပို့လိုက်တယ်။ ကျနော်လည်း ယုံရခက်၊ မယုံရခက်နဲ့ လွတ်လိမ့်နိုးမျှော်လိုက်တာ ညနေခြောက်နာရီထိုးပြီး ထောင်ပိတ်သွားတဲ့အထိပေါ့ဗျာ။

ကျနော်လည်း စိတ်မာတ်ကျကျနဲ့ သံတိုင်ကိုခေါင်းပေးပြီး ဘက်လက်လှန်၊ မျက်စိမှိတ်နေလိုက်တယ်။ ဘိုးတော်တယောက် ပေါ်လာသဗျာ။

'မင်းက ငါ့ကို မယုံဘူးလား။ မင်းလွတ်မှာပါ'တဲ့။

ကျနော်ကလည်း စိတ်ချဉ်ချဉ်နဲ့ ပြန်တွန်းတယ်။

'ခင်ဗျားကသာ လွတ်နေ။ ထောင်က ပိတ်သွားပြီ'

'ကဲ မင်းမယုံရင် ငါခေါ်ပြမယ်။ မင်းလက်ပေး'တဲ့။ ကျနော် သူ့ကိုလက်လှမ်းပေးလိုက်တော့ သူက ဆွဲခေါ်တယ်။ ကျနော်ဟာ သံတိုင်တွေနံရံတွေကိုကျော်ပြီး အပြင်ရောက်သွားတယ်။ မင်းယုံပြီလားတဲ့။ ကျနော်က ငါတော့ လွတ်ကြောင်ကြောင်သွားပြီထင်တယ်ဆိုပြီး မျက်လုံးဖွင့်ကြည့်လိုက်တော့ ဦးကိုဆိုတဲ့မူဆလင် နှစ်ရှည်အကျဉ်းသားက အပေါ် အဖြူ အောက်အဖြူဝမ်းဆက်နဲ့ ကျနော့်ကို လက်လှမ်းပေးရင်း အစ်ကိုကြီးအိမ်ပြန်လို့ရပြီတဲ့။ ကဲ ခင်ဗျားယုံလား။

ခင်ဗျားဘာမှ တွေးမနေနဲ့တော့။ အဲဒီလိုအဖြစ်မျိုးကို ကျနော်ပြောတဲ့ အနာဂါမ် ဆရာသက်ကြီးရဲ့ အာနာပါနသိမှုဖြင့် ဝိပဿနာရှုပွားနည်းဆိုတဲ့ ကျနော့်လက်စွဲစာအုပ်မှာ ရှင်းပြထားတယ်။ ကျနော်ဖတ်ပြမယ်။ နား‌ထောင်ကြည့်ပါဗျာ။

'တခါတံရံ သမ္မာဒေဝနတ်တွေ ရုက္ခစိုးတွေနှင့်တွေ့ရတတ်၏။ စကားပြောရတတ်၏။ သို့ရာတွင်တွေ့တုန်းအခါက မိမိစိတ်မှာ မထူးဆန်း၊ လူချင်းတွေ့ရသကဲ့သို့ပင်ရှိတတ်၏။ သူတို့ကလည်း ကြောက်လန့်အောင်မလုပ်နိုင်။ တချို့ကမူကား အားပေး၍သွားကြ၏။ အချို့မှာ မိမိကအလိုရှိလျှင် လာတတ်၏။ မေးလျှင်လည်း ပြန်ကြားဖြေဆိုတတ်၏တဲ့ဗျာ။ (အပြည့်အစုံကို ဖြစ်ပျက်ရှုပုံတော်ခရီးသည်တွင် ဖတ်ရှုနိုင်ပါသည်။)

ကဲပါလေ၊ ဘိုးတော်နဲ့တစ္ဆေသူရဲတွေအကြောင်း ခဏထားပြီး ဒေါ်ကြည်ကြည် အမှုကိစ္စအကြောင်း ဆက်လိုက်ကြရအောင်။

■

အခန်း (၄၂)

# သပွတ်အူထဲက သက်ခိုင်

ဂျက်ဆုံးသွားပြီးတဲ့နောက်ပိုင်း ဒေါ်ကြည်ကြည့်အမှုကို စိတ်ဝင်စားလှုပါချည့်ရဲ့ဆိုပြီး ကျနော့် အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသူကတော့ ကျော်နိုင်စိုးဆိုတဲ့ လူငယ်တယောက်ပါပဲ။ ကျော်နိုင်စိုးဟာ ရန်ကုန်စက်မှုတက္ကသိုလ်ကနေ ဘီအီးဘွဲ့ရခဲ့တဲ့သူပါ။

အသက် သုံးဆယ်ဝန်းကျင်ပါပဲ။ တရုပ်မြန်မာ ကပြား၊ သူ့မိဘတွေက ဘုရင့်နောင်ပွဲရုံတန်းက ကုန်သည်တွေပါ။ တကယ်တော့ ကျော်နိုင်စိုး ဒီအမှုကိုစိတ်ပါလာအောင် ဆွဲဆောင်ခဲ့သူဟာ ကိုဖုန်းအောင်ပဲဆိုတာ နောက်ပိုင်းမှာ ကျနော်သိလာခဲ့ပါတယ်။ ကျော်နိုင်စိုးဟာ လူငယ်ခေတ်ပညာတတ်မို့ ဒီအလုပ်ကို လုပ်သင့်တယ်မလုပ်သင့်ဘူးလို့ ကျနော်မပြောသာပါဘူး။ ပိုဆိုးတာက အဲဒီအချိန်မှာ ကျနော်ဟာ ချို့ချို့တဲ့တဲ့ဖြစ်နေသူမို့ ငွေကြေးစိုက်ထုတ်မယ့်သူ လိုနေတာအမှန်ပါပဲ။

ကျော်နိုင်စိုးဟာ ကျနော်နဲ့လာတွေ့ပြီး ဒေါ်ကြည်ကြည့်အမှုဟာ ကျနော်လက်ရည်နဲ့ဆိုရင် သေချာပေါက်ပြီးပြတ်နိုင်တယ်လို့ သူယုံကြည်သတဲ့ဗျာ။ ဒီတော့ သူ့ငွေစိုက်ထုတ်မယ်၊ ကျနော်က ကျွမ်းကျင်မှုကို ရင်းရမယ်။ အကျိုးအမြတ်ရဲ့ နှစ်ဆယ့်ငါးရာခိုင်နှုန်းကို ကျနော်ခံစားစေရမယ်ဆိုတဲ့ နှုတ်ကတိနဲ့ အလုပ်ဆက်လုပ်ဖြစ်ကြရော ဆိုပါတော့ဗျာ။

တကယ်တမ်း အလုပ်လုပ်တဲ့အခါကျတော့ ကျော်နိုင်စိုးဟာ ငွေရင်းငွေနှီးကိုထင်သလောက် တလုံးတခဲတည်းမထုတ်နိုင်တာကြောင့် ကျနော်ထင်တိုင်းမပေါက်ခဲ့ပြန်ပါဘူး။ ကျော်နိုင်စိုးက ငွေတခါ ထုတ်ရင် ဆယ်သိန်းထက်မပိုပါဘူး။ ဒေါ်ကြည်ကြည့် မိသားစုတပြုံတမကြီးကို ထောက်ပံ့ရ၊ ဌာနဆိုင်ရာတွေမှာ ဝင်ရထွက်ရမို့ အကျိုးအမြတ်က ဘယ်ဆီနေမှန်းမသိသေးပေမယ့် တကယ့်ကို ငွေကုန်လူပမ်း အလုပ်ပါပဲ။ ဒါပေမဲ့ ကျနော့်ဖက်က တတ်နိုင်သမျှ အဆင့်တော်တော်များကို လုပ်နိုင်ခဲ့ပါတယ်။ ကျော်နိုင်စိုးနဲ့ အတူတွဲလုပ်ပြီး ခြောက်လလောက်အကြာမှာ တရားလို ဒေါ်ကြည်ကြည်ရဲ့ လွှဲစာတစောင်တည်းကိုသုံးပြီး ကျနော့်ရဲ့ ကျွမ်းကျင်မှုတွေကိုပေါင်းစပ်လိုက်တော့ အမှတ် ၃၅ (အေ)မြေကွက်အတွက် ငှားရမ်းခပေးချေခြင်းကို ရပ်ဆိုင်းစေဆိုတဲ့ ရုံးအမိန့်စာထွက်လာတဲ့အဆင့်ကို ရောက်လာ

ပါတော့တယ်။ ဆိုလိုတာက အဲဒီမြေကွက်ဟာ အစိုးရရဲ့ ယာယီမြေသိမ်းစာရင်းကနေ ပယ်ဖျက်လိုက်ပြီ ဆိုတဲ့သဘောပါပဲ။ ဒီအဆင့်ကိုရောက်ဖို့အတွက် မြို့ရွာနဲ့အိုးအိမ်ဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတွေကို မြေတိုအောင် အခေါက်ခေါက်အခါခါ ပေးကမ်း ဝင်ထွက်ပြီး၊ ခေါင်းထဲမှာ မီးထပွင့်မတတ် အကြံဉာဏ်တွေထုတ်၊ လုံ့လဉဿဟပြုခဲ့ရတယ် ဆိုပါတော့။

အဲဒီ မြေကွက်ကို အစိုးရရဲ့ မြေသိမ်းစာရင်းကနေ ပယ်ဖျက်တဲ့အကြောင်း မြို့ရွာနဲ့အိုးအိမ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးထားပြီး အခြားဌာနဆိုင်ရာ (၈)ခုကို ဖြန့်ဝေရမှာမို့ စုစုပေါင်း မိတ္တူကိုးစောင်ရှိတဲ့ ရုံးစာအားလုံးဟာ ကျနော့်လက်ထဲကို ရောက်လာပါတော့တယ်။

အဲဒီနေ့ညနေမှာပဲ စာအိတ် ကိုးအိတ်ကို ကျနော်က ရုံးစားပွဲမှာသိမ်းထားပြီး ရှေ့ဆက်လုပ်ရမယ့် အစီအစဉ်တွေအတွက် ကျော်နိုင်စိုးနဲ့တိုင်ပင်နိုင်ဖို့လှမ်းခေါ်လိုက်တော့ နာရီဝက်လောက်အတွင်း ရောက်လာပါတယ်။ ကျနော်က စာအိတ်တွေကိုထုတ်ပြပြီး ဒေါ်ကြည်ကြည်အမှုတွဲဟာ မကြာခင် ဇာတ်သိမ်းခန်းကို ရောက်လာတော့မယ်ဆိုတဲ့အကြောင်း ဝမ်းသာအားရကြွေကြော်လိုက်ပါတယ်။ ကျော်နိုင်စိုးဟာ စာအိတ်တွေထဲက စာတွေကိုဖွင့်ဖတ်ပြီး ကတုန်ကယင်တောင်ဖြစ်နေရှာသဗျာ။ ကျနော်ကတော့ သူ့ခမျာဝမ်းသာရှာလို့ဖြစ်နေတယ်လို့ ထင်ခဲ့မိပေမဲ့ ကျနော့်အထင်ဟာ အမှားကြီးမှားနေတယ်ဆိုတာ နောက်တနေ့မှာ သိလိုက်ရပါတော့တယ်။

ဖြစ်ပုံကတော့ ကျော်နိုင်စိုးဟာ နောက်တနေ့ နေ့လည် ကျနော်ရုံးမှာမရှိတုန်း ရုံးစောင့်အဖြစ် ကျန်ခဲ့တဲ့ ကျနော့်တူတော်မောင်ကို အယုံသွင်းပြီး အစိုးရရဲ့ယာယီမြေသိမ်းအမိန့် ပယ်ဖျက်ကြောင်း ရုံးစာတွေကို အပျောက်ရိုက်သွားလို့ပါပဲဗျာ။

အင်း၊ လောကကြီးမှာ လောဘစိတ်ဆိုတာ တယ်ကြောက်စရာကောင်းသကိုး။ ကျနော်လည်း ရှုတ်တရက်ဆိုတော့ ပျာယာခတ်သွားပြီး ကျော်နိုင်စိုးဆီကို ဖုန်းဆက်၊ ပြန်မပေးရင် တရားစွဲမယ် အာညာ လျှောက်ပြောမိပေမယ့် တကယ်တမ်း တရားဥပဒေအရပြောကြကြေးဆိုရင် ဒီအမှုဟာ ကျနော်နဲ့လားလားမှ မပတ်သတ်ဘူးဆိုတာ တဖြည်းဖြည်းတွေးမိလာပါတယ်။ ကျော်နိုင်စိုးကတော့ အသာစီးရနေတဲ့လေသံနဲ့ ကြိုက်တဲ့လမ်းကတာက်ခဲ့ပေတော့လို့ ကျနော့်ကိုတုန့်ပြန်ခဲ့ပါတယ်။

နောက်ပိုင်းမှာ ဆက်ပြီးသိလာရတာက ကျော်နိုင်စိုးရဲ့နောက်ကွယ်ကနေ ကြိုးကိုင်နေသူဟာ ကျနော့်မိတ်ဆွေ ရှေ့နေကြီး ဦးဇော်မျိုးဝင်းဆိုတာပါပဲ။ အဲဒီမြေကွက်နဲ့ပတ်သက်လို့ အစိုးရလက်ထဲက စွန့်လွှတ်တဲ့အဆင့်ကိုရောက်တာနဲ့ ပွဲပြီးပြီ၊ သက်ခိုင်ကိုဖယ်လိုက်တော့လို့ ကျော်နိုင်စိုးကို တိတိကျကျ လမ်းညွှန်ခဲ့တယ်လို့ ဆိုပါတယ်။

ဒါပေမဲ့ဗျာ။ လောကကြီးမှာ ဆရာဟာ ဆရာပါပဲ။ လူစွမ်းလူစဆိုတာ အခက်အခဲတွေကြုံမှ ပေါ်လာတတ်တဲ့ ပါရမီတမျိုးထင်ပါရဲ့။ ကျော်နိုင်စိုး ကျနော့်ဆီကနေ စာအိတ်ကိုးအိတ်ယူသွားပြီး (၃၆) နာရီအကြာမှာ အလားတူ မူရင်းစာအိတ်ကိုးအိတ်ဟာ ကျနော့်လက်ထဲကို ထပ်ပြီးရောက်လာပါတော့တယ်။

ခင်ဗျား သိပ်အံ့ဩသွားသလား။ ရိုးရိုးလေးပါဗျာ။ ဒီစာအိတ်တွေကို ကျော်နိုင်စိုးဆီက ပြန်မရနိုင်တာ သေချာနေတာကြောင့် ဘယ်နေရာကနေ ထပ်ရနိုင်မလဲ၊ ခေါင်းအေးအေးနဲ့စဉ်း စားလိုက်တဲ့အခါမှာတော့ ဒီစာရွက်ကိုထုတ်ပေးလိုက်တဲ့ မြို့ရွာနဲ့ အိုးအိမ်ညွှန်ကြားရေးမှူးချုပ်ကို ပြေးမြင်လိုက်ပါတယ်။

ဒီတော့ ကျနော်လည်း အဲဒီစာရဲ့မူရင်းအပါအဝင် အခြားရုံးတွေကိုဖြန့်ဝေရမယ့် မိတ္တူတွေ ပျောက်ဆုံးသွားပါတယ်ဆိုတဲ့အကြောင်း လျှောက်လွှာတစောင်ရေးပြီး ညွှန်ချုပ်ရဲ့ ကိုယ်ရေးအရာရှိဆီ ကျနော်တတ်ကျွမ်းတဲ့ လူမှုဆက်ဆံရေးပညာနဲ့ ဝင်လိုက်ထွက်လိုက်တဲ့အခါမှာတော့ ကိုယ်ရေးအရာရှိ

က ဒါလေးများ ဘာလျှောက်လွှာမှမလိုပါဘူးဗျာ၊ အသစ်ထပ်ထုတ်ပေးမှဖြစ်မယ်ဆိုပြီး ကျော်နိုင်စိုး ယူသွားခဲ့တဲ့စာအိတ်ကိုး အိတ်ကိုအသစ်ပြန်ရိုက်ပေးလိုက်ပါလေရောဗျာ။ သမင် ဆယ်လှမ်း၊ ကျား တလှမ်းလို့ဆိုတဲ့စကားကို ခင်ဗျားကြားဖူးတယ်မဟုတ်လား။ နောက်ပိုင်းတော့ ကျနော်နဲ့ ကျော်နိုင်စိုးဟာ စာအိတ် ကိုးအိတ်ကိုယ်စီနဲ့ တယောက်ခြေလှမ်းတယောက်၊ အကဲခတ်နေလိုက်ကြတာ သုံးလလောက် ကြာသွားချိန်မှာတော့ ကျနော်ဟာ ဇော်ဝင်းဦးဆိုတဲ့မောင်နဲ့ မိတ်ဆွေတယောက်ကနေတဆင့် ရင်းနှီး လာပါတော့တယ် ။

အဲဒီကိုဇော်ဝင်းဦးဟာ ဒေါ်ကြည်ကြည်အမှုကို စိတ်မဝင်စားပေမယ့်သူနဲ့ပတ်သက်တဲ့ အဆက် အသွယ်တွေကနေတဆင့် ဒေါ်ကြည်ကြည့်အမှုကြီး ဇာတ်သိမ်းနိုင်ဖို့အကြောင်း ကံ၊ မမျှော်လင့်ပဲ ဖန်လာပါတော့တယ်။

ဒီနေရာမှာ ဇော်ဝင်းဦးအကြောင်းကလည်း စိတ်ဝင်စားစရာကောင်းပြန်ရောဗျာ။ ဇော်ဝင်းဦးရဲ့ အဖေဟာ ဆယ်တန်းစာမေးပွဲအတွက် တစ်ကြိုမေးခွန်းနဲ့အဖြေတွေ စာအုပ်ရိုက်ရောင်းပြီး နိုင်ငံကျော် နေတဲ့ ကုံကော်ရွှေပြည် ဦးသန်းထွန်းပေါ့ဗျာ။ ဇော်ဝင်းဦးဟာ ကျနော့်ထက် သုံးနှစ်လောက်ငယ်ပါ တယ်။ စကားမစပ်ပြောရရင် သူဟာ ကိုင်ဇာရဲ့နာမည်ကြီးသီချင်း ကစ္ဆပနဒီလှိုင်းသံကိုရေးတဲ့ သီချင်းရေးဆရာ မောင်မောင်ဈာန်ဆိုတဲ့မောင်နဲ့ ငယ်သူငယ်ချင်းဗျာ။ နောက်ပိုင်းမှာတော့ ကျနော်နဲ့ မောင်မောင်ဈာန် လည်း အတော်ခင်မင်သွားခဲ့ကြပါတယ်။ သူက ရခိုင်သွေးဗျ။ တကိုယ်တည်း လူပျိုကြီး။ သူ့အဓိက အလုပ်ကတော့ ဇော်ဝင်းဦးသားသမီးတွေကို သူငယ်ချင်းသံယောဇဉ်နဲ့ ဝေယျာဝစ္စလိုက်လုပ်ပေးနေ ရှာသဗျ။

ဇော်ဝင်းဦးရဲ့စရိုက်ဟာ ကျနော်နဲ့ နည်းနည်းဆင်တယ်လို့ပြောရမယ်။ သူကလည်း အကွက် သမားပါပဲ။ သူ့နေရာတော်တော်များများမှာ ကာယခွန်အားကိုမသုံးပဲ ခေါင်းသုံးတတ်တဲ့အကျင့်ရှိတာ ကို ကျနော်သတိပြုမိတယ်။ သူ့ခွင်(ဂွင်)နဲ့သူ့လိုင်းမှာတော့ သူလည်း ဆရာတဆူ ပါရဂူလို့ဆိုရမယ်ထင်ပါ ရဲ့။ အဆက်အသွယ် တော်တော်ကောင်းပြီး မထင်မှတ်ထားတဲ့ အကွက်လေးတွေ ရွှေ့တဲ့နေရာမှာ နာမည် တလုံးနဲ့လူ ဆိုပါတော့။

ဇော်ဝင်းဦးနဲ့ကျနော်တွေ့ချိန်မှာ ကျနော်ဟာ ဘဝပျက်နေချိန်မို့ သူ ကျနော့်ကိုကူညီခဲ့တာတွေ ကို သတိတရပြောပြချင်ပါတယ်။ မှတ်မှတ်ရရတခုကတော့ ပဲတီစိမ်းအရောင်း အဝယ်စာချုပ်တခုကို မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နဲ့ချိတ်ပြီး ပြည်ပကိုပို့ဖို့ ခွင်(ဂွင်)တခုရိုက်ခဲ့တဲ့ ကိစ္စပဲဗျာ။

မှန်ရာကိုဝန်ခံရရင် ကျနော်ဟာ ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေမှာသာ လူလည်ဖြစ်နေပေမယ့် ပြည်ပပို့ကုန်အဆင့်မှာတော့ ကျနော်ဟာ ကကြီးခခွေးအဆင့်တောင်မရှိသေးဘူးလို့ ဆိုရပါမယ် အဲဒီ အချိန်မှာ ဇော်ဝင်းဦးဟာ အိတ်စ်ပို့ (Export) လိုင်းမှာ ဆရာကြီးတဆူဖြစ်နေချိန်ပေါ့။

ပထမဆုံးအနေနဲ့ သူက ကျနော့်ကို ကလကတ္တားကနေ ရန်ကုန်မှာ ရုံးခွဲလာဖွင့်ထားတဲ့ အိန္ဒိယ လူမျိုး ပဲကုန်သည် တယောက်ဆီခေါ် သွားပြီး ပဲတီစိမ်းရောင်းစရာရှိတဲ့ ကုန်သည်ကိုခေါ် လာပါပြီလို့ မိတ် ဆက်ပေးပါလေရာ။ တကယ်တော့ ကျနော့်ဆီမှာပဲဆိုလို့ အိမ်မှာ ပြုတ်စားစရာပဲတောင် မရှိပါဘူး ဗျာ။

အဲဒီပဲကုန်သည်ဟာ ဇော်ဝင်းဦးကို ဘယ်လောက်ယုံသလဲတော့ မပြောတတ်ဘူး။ ဈေးစကား အနည်းအကျဉ်းပြောပြီး ကျနော့်ကုမ္ပဏီနာမည်နဲ့ ပဲတီစိမ်းအရောင်းအဝယ်စာချုပ်တစောင် ချုပ် ပေးလိုက်ပါ တော့တယ်။ စာချုပ်ချုပ်ပြီး တပတ်လောက်အကြာမှာ အဲဒီ ပဲတီစမ်းအရောင်းအဝယ် အတွက် အိန္ဒိယဘဏ် တခုကနေ အမေရိကန်ဒေါ် လာ နှစ်သိန်းကျော်တန်ဖိုးရှိတဲ့ အကြိုငွေချေလွှာ အယ်လ်စီ (Letter of Credit)တစောင် ရောက်လာပါတော့တယ်။ ဒီမှာတင် ဇော်ဝင်းဦးရဲ့အစီအမံ

အတိုင်း မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်ကို သွား၊ အဲဒီ အယ်လ်စီကိုပြပြီး ကြိုတင်ငွေထုတ်ပေးဖို့ ညှိနှိုင်းကြရောဆိုပါတော့ ညှိနှိုင်းတယ်ဆိုတာကလည်း အခေါက်ခေါက်အခါခါသွားနေရတာကြောင့် ကျနော်ဟာ ဦးပိုင် အကြောင်းကို တစတစ ခရေစေ့တွင်းကျသိလာရပါတော့တယ်။

တကယ်တော့ ဦးပိုင်လီမိတက်ဆိုတာ တပ်မတော်သားတွေရဲ့ လစဉ်စုဆောင်းငွေတွေနဲ့ စစ်တပ်ရဲ့ အခွင့်ထူးကိုသုံးပြီး ထင်ရာစိုင်းနေတဲ့ မာဖီးယားဂိုဏ်းအကြီးစားပါလားဗျာ။ ဟုတ်တယ်ဗျ။ ပဲ၊ နှမ်းအပါအဝင် ပြည်ပကိုပို့မဲ့ ပို့ကုန်သွင်းကုန် ၈၀ ရာခိုင်နှုန်းနီးပါးကို အုပ်စုဖွဲ့ပြီး လက်ဝါးကြီး အုပ်ထားကြတာကလား။

ခင်ဗျားနားလည်လွယ်အောင် ရှင်းပြရရင် ပြည်ပကို ပဲ၊ နှမ်း ပို့ချင်တဲ့သူဟာ ပြည်ပဝယ်လက်ကို အရင်ရှာရတယ်။ အဲဒီပြည်ပဝယ်လက်ကထုတ်ပေးတဲ့ အယ်လ်စီကိုပြလိုက်ရင် ဦးပိုင်က ငွေထုတ်ပေးတယ်။ ဒါပေမဲ့ အဲဒီငွေထုတ်ပေးတဲ့အချိန်မှာ ဝယ်လက်ကိုရှာလာတဲ့ရောင်းသူဟာ ရောင်းသူ မဟုတ်တော့ဘူး။ ဦးပိုင်လီမိတက်ကို ပစ္စည်းပေးသွင်းသူဖြစ်သွားပြီ။ ဦးပိုင်က ရောင်းသူဖြစ်သွားတာ ပေါ့ဗျာ။ ဒါပေမဲ့ ထူးဆန်းတာက အယ်လ်စီမှာပါတဲ့ ငွေတန်ဖိုး ၈၀ ရာခိုင်နှုန်းကို မြန်မာကျပ်ငွေနဲ့ ကြိုတင်ငွေအဖြစ် ထုတ်ပေးသတဲ့ဗျာ။ တချို့ပုဂ္ဂိုလ်တွေဆို ကြိုတင်ငွေ မြန်မာကျပ် သိန်းပေါင်း သောင်းချီပြီး ထုတ်နိုင်ကြသတဲ့။ အယ်လ်စီမှာပါတဲ့ နိုင်ငံခြားဒေါ်လာတွေကတော့ ဦးပိုင်စာရင်းထဲရောက်သွားရောပေါ့ဗျာ။

မြန်မာငွေ သိန်းပေါင်းသောင်းချီပြီးထုတ်ပေးတာကလည်း သူ့အကွက်နဲ့သူပါပဲဗျာ။ သူတို့အုပ်စုထဲကလူတွေဆိုရင် ဘာအာမခံချက်မှမရှိပဲ အသားလွတ်ထုတ်ပေးသတဲ့။ သူတို့အုပ်စုထဲကမဟုတ်ရင် ပဲရောက်မှ ငွေချေမယ်တဲ့။ ပဲကိုလိုက်ကြည့်ပြီး ဂိုဒေါင်ကိုချိတ်ပိတ်ထားမယ်တဲ့ဆိုပြီး အကြောင်း အမျိုးမျိုးပြ ရစ်တာပေါ့ဗျာ။

အမှန်တော့ ဦးပိုင်မှာ ထင်တိုင်းကြနေနိုင်တဲ့အုပ်စုဟာ လူဦးရေ ခြောက်ယောက်ထက်မပို ဘူးဗျာ။ ကျနော်သိသလောက် ဒုတိယဗိုလ်ချုပ်မှူးကြီး ကျော်ထောက်နောက်ခံနဲ့ဝင်လာတဲ့ ဦးစိုင်း ဘဉာဏ်၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်ရဲ့ လူယုံမောင်မောင်သိန်းနဲ့ ဘယ်သူ့နောက်ကနေ ရပ်ပေးထား မှန်းမသိရတဲ့ ကိုခိုင်စိုးဆိုတဲ့ပုဂ္ဂိုလ်တွေဟာ ဦးပိုင်ရဲ့ဂိုဏ်းဝင်တွေပါပဲ။

ကျနော် ရမ်းပြောနေတာမဟုတ်ဘူးဗျ။ ကျနော်ဦးပိုင်နဲ့ ဆက်သွယ်နေတုန်းမှာပဲ ဦးပိုင်ဉက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်ပြုတ်သွားပြီး ဒုတိယဗိုလ်ချုပ်ကြီး တင်အေးတက်လာတယ်။ ရာထူး အပြောင်းအလဲလုပ်လုပ်ချင်း အကြွေးစာရင်းတွေချုပ်လိုက်တာ ဦးစိုင်းဘဉာဏ်၊ ခိုင်စိုးနဲ့ မောင်မောင် သိန်း တို့ဟာ ဦးပိုင်ကိုပြန်ဆပ်ရမယ့်ကြွေး သိန်းပေါင်းသောင်းချီပြီး ကိုယ်စီရှိကြသတဲ့ဗျား။ သေချာ ပေါက် သိတာပေါ့ဗျ။ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးရဲ့ တူအရင်း ထောက်လှမ်းရေး ဗိုလ်မှူး မြတ်နိုးဟာ ကျနော့် မိတ်ဆွေအရင်းကြီးပဲ။ ဒါတင်ဘယ်ဟုတ်အုံးမလဲ၊ ဗိုလ်မှူးမြတ်နိုးရဲ့ဆရာ ထောက်လှမ်းရေး (ဂျီဝမ်း) ဗိုလ်မှူးကြီးမျိုးလွင်နဲ့ကျနော်က ကာရာအိုကေ ဆိုဘာက်တွေမို့ပေါ့ဗျာ။

အစမှာတော့ အားလုံးပဲ ထောင်ကျကုန်တော့မလိုလို၊ ခိုင်စိုးတောင် ပြည်ပကိုထွက်ပြေး သလိုလိုကြားရပေမယ့် နောက်ပိုင်းတော့ ဉက္ကဋ္ဌလက်သစ် ဒုတိယဗိုလ်ချုပ်ကြီးလည်း ဦးပိုင်သင်ခန်းစာ ကို သဘောပေါက်သွားဟန်တူပါရဲ့။ ဘာသံမှမကြားရပဲ မီးကိုရေနဲ့ငြိမ်းလိုက်သလို ငြိမ်သွားတော့တာ ပါပဲဗျာ။ တကယ်တော့ ဦးပိုင်လီမိတက်ဟာ တပ်မတော်သားတွေရဲ့ ချွေးနည်းစာတွေကို လက်ဝါးကြီး အုပ်ပြီး အုပ်စုဖွဲ့ ထင်တိုင်းကြနေတဲ့အဖွဲ့ကြီးပါပဲဗျာ။

နေဦးဗျ။ ဗိုလ်မှူးကြီးမျိုးလွင်နဲ့ ဗိုလ်မှူးမြတ်နိုးတို့အကြောင်း စကားစပ်မိလို့ ပြောစရာတခု ရှိသေးတယ်၊ ဇော်ဝင်းဦး ကျနော့်ကိုလိုက်ကူညီနေတာ အကြောင်းမဲ့တော့ မဟုတ်ဘူး။ အတုန့်

အလှည့်လို့ ပြောလို့ရတယ်ဗျာ။ ဖြစ်ပုံက ဇော်ဝင်းဦး ညီမတယောက်ဟာ၊ ခာတ်ဆီ၊ ဒီဇယ်ဆီတင်တဲ့ ဆယ်ဘီးကားကြီးတွေထောင်ပြီး အစိုးရခာတ်ဆီ၊ ဒီဇယ်တွေကို သယ်ပို့ပေးနေတဲ့ လုပ်ငန်းလုပ်သဗျ။ တနေ့တော့ အဲဒီ၊ ဒီဇယ်ကားတစီးဟာ တောင်ဥက္ကလာပဖက်မှာ ကျောင်းဆင်းချိန် သူက ဆိုက္ကားတစီးနဲ့ ပြန်လာတဲ့ မောင်နှမနှစ်ယောက်ကိုတက်ကြိတ်မိလို့ ညီမဖြစ်သူ ခြောက်တန်းကျောင်းသူက ကားဘီး အောက်ရောက်သွားပြီး ပွဲချင်းပြီးတယ်၊ အစ်ကိုဖြစ်တဲ့ ရှစ်တန်းကျောင်းသားကတော့ လက်ကျိုးသွား သတဲ့ ဗျာ။ အဲဒီအမှုဟာ ရန်ကုန်မြို့မှာ ဟိုးလေးတကျော်ကျော်ဖြစ်သွားတဲ့ အပြင်ထောက်လှမ်းရေးက အမှုကိုဝင်ကိုင်တာကြောင့် အမှုဟာ ရှင်းမရအောင်ဖြစ်သွားခဲ့သဗျာ။

တကယ်တော့ တော်တော်ကိုစိတ်မကောင်းစရာပါပဲ။ မိဘဖြစ်သူတွေလည်း ရင်ကျိုးရှာကြ မယ်ဆိုတာ ကိုယ်ချင်းစာမိပါရဲ့။ ဖြစ်ချင်တော့ အဲဒီအမှုဟာ ဇော်ဝင်းဦးကနေတဆင့် ကျနော့်ဆီကို ရောက်လာပါတော့တယ်။ ရောက်လာရတဲ့အကြောင်းကတော့ အဲဒီအချိန်တုန်းက ရန်ကုန်တိုင်း ပညာ ရေးကိစ္စတွေအတွက် ထောက်လှမ်းရေးတာဝန်ယူထားတဲ့သူဟာ ဗိုလ်မှူးကြီး မျိုးလွင်ဖြစ်နေသဗျ။ တကယ်တော့ ဗိုလ်မှူးကြီးမျိုးလွင်ဟာ လှိုင်မြို့နယ်မှာရှိတဲ့ သူ့အငယ်လေးဆီကိုလာနေရင်း ကျနော်နဲ့ အဆမတန် ခင်နေခဲ့တာကြာပါပြီ။ ရန်ကုန်မြို့ကနာမည်ကြီး ကာရာအိုကေဆိုင်မှန်သမျှ သူနဲ့ကျနော် မရောက်ဘူးတဲ့ဆိုင်ဆိုလို့ မရှိသလောက်ပါပဲ။ သူက အဆိုဝါသနာအိုးဗျ။ စန္ဒယားတို့ ဘာတို့လည်း မတောက်တခေါက် တီးတတ်ဟန်ရှိတယ်။ ကာရာအိုကေဆိုင်တွေမှာဆို မိုက်ခရိုဖုန်းကို လက်က မလွှတ်တမ်းကိုင်ပြီး ထားနေတတ်ကြတာကြောင့် ကျနော်နဲ့သူ့ကို မိုက်ခဲလို့ နာမည်ပေးကြလေရဲ့။

ဖြစ်ချင်တော့ အဲဒီဗိုလ်မှူးကြီးမျိုးလွင်ဟာ ဗိုလ်မှူးမြတ်နိုးနဲ့ တဌာနတည်း ဆရာတပည့်အရင်း ဖြစ်နေပြီး ကားတိုက်မှုကိစ္စက ကလေးတွေရဲ့အမေဟာ ဗိုလ်မှူးမြတ်နိုးရဲ့ အစ်မအရင်းဖြစ်နေသတဲ့ဗျာ။ ဒါကြောင့် ဇော်ဝင်းဦးက ကျနော်ကို အဲဒီအမှုကျေအေးပြီးပြတ်နိုင်အောင် နားပူပါတော့တယ်။ အမှန်ပြောရရင် ဒီကိစ္စဟာ ကားသမားရဲ့ပေါ့ဆမှုဆိုတာ ထင်ရှားပါတယ်။ ကျောင်းဆင်းချိန်မှာ တိုက်မိတယ်ဆိုတာလည်း ပိုပြီးမဖြစ်သင့်တဲ့ကိစ္စပါပဲ။ ဒါပေမဲ့ တကယ်တမ်း ရုံးတင်စစ်ဆေးလို့ အဖြစ် ရှိကြောင်း ပေါ်ပေါက်အုံးတော့၊ ထပ်ပြီး အကြောင်းထူးလာစရာမရှိပါဘူး။ အခုလည်း ဗိုလ်မှူးကြီး မျိုးလွင်ကိုယ်တိုင် ဝင်ကိုင်နေတာမို့ ယာဥ်မောင်းဟာ ပြစ်ဒဏ်ကြီးကြီးကျဖို့ သေချာနေတဲ့အပြင် ကားပိုင်ရှင်တွေပါ လုပ်ငန်းထိခိုက်သွားနိုင်ပါတယ်။ ဇော်ဝင်းဦးတို့ဖက်က အမှုကြေအေးမယ်ဆိုရင် ထိုက်ထိုက်တန်တန် နစ်နာကြေးပေးလျော်ပါ့မယ်ဆိုတဲ့ ကတိစကားကြောင့် ကျနော်လည်း မလွှဲသာ မရှောင်သာ အဲဒီအမှုထဲမှာ စေ့စပ်ညှိနှိုင်းသူအဖြစ် ဝင်ပါလာရပါတော့တယ်။

ပထမဆုံးအနေနဲ့ စားသောက်ဆိုင်တခုမှာ ဗိုလ်မှူးကြီးမျိုးလွင်ကို အကျိုးအကြောင်းရှင်းပြ တော့ သူက ကိုမြတ်နိုးနဲ့တိုင်ပင်လိုက်ပါလို့ မီးစိမ်းပြသဗျာ။ ဒါနဲ့ ဗိုလ်မှူးမြတ်နိုးအိမ်ကိုလိုက်သွားပြီး ကြေရာကြေကြောင်း ရှေ့မျက်နှာနောက်ထားပြီး ပြောရပါတော့တယ်။ ကိုမြတ်နိုးက စာသမား ပေသမားဗျ။ တကယ့်ကို စိတ်ရင်းတည်ငြိမ် အေးဆေးတဲ့သူပါ။ ထောက်လှမ်းရေး ဗိုလ်မှူးဆိုပေမယ့် အရာရှိလိုင်းခန်းမှာပဲနေတာမို့ ပြည့်ပြည့်စုံစုံဘဝမျိုး မဟုတ်ရှာပါဘူး။ ကျနော်နဲ့တွေ့တိုင်းလိုလို သူ့ကိုယ်သူ မုန့်ရှောင်ဝါးလို့ နာမည်တပ်သဗျာ။ မုန့်ရှောင်ဝါးဆိုတာ မြန်မာ့အသံကလာတဲ့ တရုပ်ကား ဇာတ်လမ်းတွဲတခုထဲက ဇာတ်ကောင်ရဲ့နာမည်ဗျ။ အဲဒီ မုန့်ရှောင်ဝါးဟာ ထမင်းဟင်းချက်တဲ့စားတော်ကဲ ဘဝကနေ သူနဲ့ရုပ်ချင်းတူတဲ့ဘုရင်နေရာမှာ ဇာတ်လမ်းသဘောအရ အစားထိုးဝင်ဟန်ဆောင်ရတဲ့ အခါ သူက လုပ်ချင်တာက စားတော်ကဲ၊ လုပ်နေရတာက ဘုရင်အလုပ်မို့ အကုန်အလွဲလွဲအချော်ချော် ဖြစ်ပြီး ဘုရင်ဘဝမှာ မပျော်ပိုက်တဲ့သူပေါ့ဗျာ။

အမှန်တော့ ကိုမြတ်နိုးဟာ ထောက်လှမ်းရေးအရာရှိအဖြစ်လုပ်နေရပေမယ့် သူ့ဝါသနာပါရာ အလုပ်မဟုတ်တဲ့အကြောင်း အသောလေးနဲ့ပြောနေခဲ့တာပေါ့ဗျာ။ ကိုမြတ်နိုး အဲသလိုလူမျိုးဖြစ်တာကြောင့် ကျနော်ဟာ သူ့တူမအမှုကို ဝင်သာပြောနေရတယ်။ မျက်နှာဘယ်ထားရမှန်းမသိတာ အမှန်ပဲဗျ။ အမှုအကြောင်း ကျနော်ပြောပြလို့ ကျနော်နဲ့ အဲဒီအမှုပတ်သက်နေတာကို ကိုမြတ်နိုးသိသွားတဲ့အခါ သက်ပြင်းရှည်ကြီး ကိုချရင်း ဒီလိုပတ်သက်နေရင်လဲ ကိုသက်ခိုင်ကိုယ်တိုင် ကျနော့်အစ်မအိမ်ကို လိုက်သွားပြီး နားချလိုက်ပါဗျာ၊ ကျနော်လည်း ကျနော့်အစ်မကို ကြေရာကြေကြောင်း ကြိုပြောထားပေးပါ့မယ်၊ ဒါပေမဲ့ တခု သတိထားဖို့က ငွေရေးကြေးရေးကိုတော့ ရှေ့တန်းတင်မပြောပါလေနဲ့တဲ့။ ကျနော်လည်း ဇော်ဝင်းဦးရဲ့ ယောက်ဖ ကိုမြတ်သူနဲ့အတူ ကိုမြတ်နိုးလမ်းညွှန်ချက်အတိုင်း ကားအတိုက်ခံရတဲ့ ကလေးတွေရဲ့အမေ ကိုမြတ်နိုးအစ်မအိမ်ကို ရောက်ခဲ့ပါတော့တယ်။

သူ့အစ်မအိမ်ရောက်တော့ ကိုမြတ်နိုးဖုန်းဆက်ထားတာကြောင့် ကျနော်တို့ကို ကလေးတွေရဲ့အဖေက ကောင်းကောင်းမွန်မွန် စကားလက်ခံပြောရှာပါတယ်။ အမေလုပ်သူကတော့ စိတ်သောကကြီးစွာရောက်နေပုံနဲ့ ကျနော်တို့ကို စကားဟဟမပြောပါဘူး။ ပိုပြီးစိတ်မကောင်းစရာ ကိုယ်ချင်းစာစရာဖြစ်လာတာက ကလေးတွေရဲ့အမေဟာ ကျနော့်လိုပဲ ဆရာအတတ်သင်ဆင်း အလယ်တန်းပြကျောင်းဆရာမဖြစ်နေပြီ။ ကလေးတွေရဲ့အဖေဟာ ကျနော်နဲ့ အင်းစိန် ဂျီတီအိုင်က တနှစ်တည်းဆင်းတွေဖြစ်နေကြသဗျာ။

တိုတိုပြောရရင် ကိုမြတ်နိုးရဲ့နားချမှုကြောင့် ကားတိုက်ခံရတဲ့ ကလေးတွေရဲ့မိဘတွေဟာ အမှုကိုကြေအေးဖို့ သဘောတူခဲ့ပါတယ်။ သဘောတူစဉ်က ငွေအကြောင်းကြေးအကြောင်း တလုံးတပါဒမှ မပြောခဲ့ရပါဘူး။ ကလေးတွေ ရက်လည်တဲ့နေ့မှာတော့ ငွေဆယ်သိန်း ကူငွေအဖြစ် ပို့ပေးဖို့ ကိုမြတ်သူကို လွှတ်လိုက်ရပါတယ်။ အေးဗျာ။ ကျနော်တို့လူမျိုးဟာ တကယ့်ကို ခွင့်လွှတ်နိုင်အားကြီးမားတဲ့ လူမျိုးပါလားဆိုတာ သိလိုက်ရတဲ့အပြင် ကိုယ်တိုင်သာ ကလေးတွေ မိဘနေရာမှာရှိနေခဲ့ရင် ဒီလို ခွင့်လွှတ်နိုင်ပါ့မလားဆိုတာ ကိုယ့်ကိုယ်ကို ပြန်ပြီး မေးခွန်းထုတ်မိတဲ့အထိပါပဲ။အဲဒီနောက်ပိုင်းတော့ ဇော်ဝင်းဦးရဲ့ အသိုင်းအဝိုင်းကြားမှာ ကျနော်ဟာ အရာရောက်သူတယောက် ဖြစ်လာပါတော့တယ်။ အထူးသဖြင့် ဇော်ဝင်းဦးရဲ့ အိမ်ထောင်ရေးကိစ္စမှာပေါ့။

ဇော်ဝင်းဦးရဲ့အိမ်ထောင်ရေးကတော့ အတော့်ကို ရှုပ်ရှုပ်ထွေးထွေးနိုင်တယ်ပြောရမယ်ဗျာ။ သူများအိမ်ထောင်ရေးဝင်ပြီး စပ်စုတာမဟုတ်ရပါဘူးဗျာ။ ကျနော့်ဘဝပေးကံအတိုင်း သူတို့လင်မယားအကြားမှာ ကြားဝင်ညပ်မိတာပါ။

ဇော်ဝင်းဦးရဲ့မိန်းမနာမည်က မီးမီးတဲ့။ ကျနော်နဲ့စပြီး ခင်မင်ချိန်တုန်းက သူတို့မှာ ငါးနှစ်အရွယ်သားတယောက်နဲ့ သုံးနှစ်ကျော်အရွယ် သမီးတယောက်ရှိလေရဲ့။ ဇော်ဝင်းဦးနဲ့မီးမီးဟာ ဘန်ကောက်မှာတွေ့ကြပြီး ချက်ချင်းဆိုသလို လက်ထပ်ခဲ့ကြသတဲ့ဗျာ။ ဒါကြောင့်မို့ထင်ပါရဲ့။ ဇော်ဝင်းဦးဟာ သားရေးသမီးရေး အိမ်ထောင်ရေးဖက်ကို သိပ်စိတ်ဝင်စားဟန်မပြသလို မီးမီးကလည်း တကယ့်တငွတ်ထိုးတယူသန်ပဲဗျာ။ ဇော်ဝင်းဦးက ငွေရှာဖို့တခုသာ ခေါင်းထဲရောက်နေသလို မီးမီးကလည်း အိမ်ထောင်ရေးရာကိစ္စတွေကို ချဲဂဏန်းလောက်တောင် စိတ်ဝင်စားဟန်မပြပါဘူး။

တနေ့တော့ ဇော်ဝင်းဦးတို့လင်မယားဆီက ငါးမိနစ်လောက်စီခြားပြီး ဖုန်းဝင်လာပါတယ်၊ ဖုန်းဆက်ရတဲ့အကြောင်းကတော့ အကြောင်းအရာထပ်တူဖြစ်နေပါတယ်။ သူတို့လင်မယား ကွာရှင်းချင်လို့ သက်သေအဖြစ် မြို့နယ်တရားရုံးကိုလိုက်ခဲ့ပေးပါတဲ့ဗျာ။ လင်မယားကြားမှာ ကွဲမယ်ကွာမယ်ဖြစ်ကြတာဟာ ကျနော့်အတွက် အဆန်းမဟုတ်လှတာကြောင့် သူတို့လင်မယားကို တနေရာစီမှာသွားတွေ့ပြီး အကျိုးအကြောင်းမေးလိုက်တော့ တယောက်တသံစီထွက်လာသဗျ။

မီးမီးစကားအရ ဇော်ဝင်းဦးဖောက်ပြန်နေတာ ကြာပြီဖြစ်ကြောင်း ဇော်ဝင်းဦးဟာ အပေါ်ယံကြည့်ရင် လူကောင်းထင်ရပေမယ့် လူမဆန်တဲ့စိတ်ရှိတဲ့အကြောင်း ဇော်ဝင်းဦးအပေါ် သူအမြင်မကြည်လင်တာကို ဇာတ်စုံခင်းပါတယ်။ အလားတူပါပဲ၊ ဇော်ဝင်းဦးနဲ့တွေ့ပြန်တော့ မီးမီးဖောက်ပြန်နေတဲ့ အကြောင်း၊ သူ့အပေါ် လင်သားတယောက်အနေနဲ့ စိတ်ထားမရှိကြောင်း၊ မစွဲလမ်းသင့်တဲ့သူကို စွဲလမ်းနေကြောင်း စွဲချက်တွေ ပြန်တင်ပြန်ပါတယ်။

ဒါနဲ့ ကျနော်လည်း ဥာဏ်မီသလောက်စေ့စပ်ပေးတဲ့အနေနဲ့ ဒါဆိုလည်း မင်းတို့လင်မယား ခဏခွဲနေကြည့်လိုက်ကြဆိုပြီး အလွယ်ဆုံးပြန်ပေါင်းထုတ်တဲ့နည်းကို အကြံပြုလိုက်ရပါတယ်။ ဟုတ်တယ်လေ။ ကွဲမယ်ကွာမယ်ဆိုတဲ့ လင်မယားတော်တော်များများဟာ ခွဲနေပြီး တလတောင်မပြည့်ခင် လင်မယားသံယောဇဉ် သားသမီးသံယောဇဉ်နဲ့ ပြန်ပေါင်းသွားတတ်ကြတာပဲ မဟုတ်လား။

ဒါပေမဲ့ဗျာ၊ ဇော်ဝင်းဦးတို့လင်မယားကိစ္စမှာတော့ အဲဒီအယူအဆဟာ မှားနေသဗျာ။ ကျနော့်ရဲ့ရွှေဉာဏ်တော် စူးရောက်ချက်အတိုင်း သူတို့လင်မယားခွဲနေလိုက်ကြတဲ့အချိန်မှာ ဇော်ဝင်းဦးဟာ စုစုရွှေဆိုတဲ့ လေယာဉ်မယ်တယောက်နဲ့ တွဲခုတ်နေပြီး မီးမီးကတော့ နာမည်ကျော်အဆိုတော် ခိုင်ထူးနဲ့ ဒွိယံ၊ ဒွိယံကိုယ်စီ တွဲခုတ်နေကြသဗျာ။

ဘယ်ကလာ နားစွန်နားဖျားကြားရမှာလဲဗျာ။ ကျနော့်မျက်စိနဲ့ တတ်အပ်ကိုမြင်ပါတယ်။ မြင်မှာပေါ့ဗျာ။ ဇော်ဝင်းဦးကိုယ်တိုင်က ကျနော့်ကို စုစုရွှေနဲ့ မိတ်ဆက်ပေးတယ်။ မီးမီးကိုယ်တိုင်က ကျနော့်ကို ခိုင်ထူးနဲ့ အသီးသီးမိတ်ဆက်ပေးကြသကိုး။ တကယ်ဆို ခိုင်ထူးကလည်း လက်ရှိအိမ်ထောင်နဲ့ဗျာ။ ကျနော်တော့ သူတို့လင်မယားကို ထူးထွေတည့်အံ့ရာသော်ဆိုတဲ့စာရင်းထဲမှာ ထည့်လိုက်ရပါတော့တယ်။

နောက်ထပ်တလကျော်အကြာမှာလည်း သူတို့လင်မယား တရားဝင်ကွာရှင်းနိုင်ဖို့ ကျနော့်ကို နားပူကြပြန်ပါတယ်။ လင်ကွာမယားကွာကိစ္စဆို အောင်မင်းကိစ္စပြီးကတည်းက စိတ်ပျက်သွားခဲ့တာကြောင့် ကျနော် မသိချင်ယောင်ဆောင်နေလိုက်ပေမယ့် သူတို့လင်မယားဟာ သူတို့အစီအစဉ်နဲ့သူတို့ ကြည့်မြင်တိုင်မြို့နယ် တရားရုံးမှာ ကွာရှင်းလိုက်ကြပါတော့တယ်။

သူတို့လင်မယားမကွာရှင်းခင်လေးမှာ ဇော်ဝင်းဦးကို ကလေးတွေမျက်နှာကြည့်ဖို့၊ မီးမီးကို ယောကျ်ားနဲ့အပြိုင် အရွဲ့မတိုက်ဖို့ အတန်တန်နားချပေမယ့် အချည်းနှီးပါပဲဗျာ။ တကယ်တော့ လင်မယားဆိုတာ ဘယ်လိုတရားရုံးမှာပဲ ကွာထား၊ ကွာထား၊ ပြန်ပေါင်းချင်ရင် အလွယ်လေးပါဗျာ။ ဒါပေမဲ့ သူတို့ရေစက်ကုန်ကြပြီလို့သာ ကျနော်သဘောပိုက်လိုက်ရပါတော့တယ်။

ဇာတ်လမ်းက ဒီမှာတင်မရပ်သေးဘူးဗျ။ ဇော်ဝင်းဦးဟာ မီးမီးနဲ့ကွာရှင်းထားတဲ့စာချုပ်ကိုပြပြီး စုစုရွှေနဲ့လက်ထပ်ပေးဖို့ ကျနော့်ကို နားပူပြန်ပါတယ်။ အဲသလို အပူတပြင်းနားပူရတဲ့အကြောင်းရင်းကလည်း ဇော်ဝင်းဦးနဲ့စုစုရွှေဟာ ပုဂံညောင်ဦးဖက်ကို အလည်သွားကြရင်း ကားမှောက်ရာကနေ စုစုရွှေရဲ့ တင်ပဆုံရိုးကျိုးသွားတာကြောင့် အာရှတော်ဝင်ဆေးရုံမှာ တင်လိုက်ရလို့ပါပဲ။

တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ချင်တော့ စုစုရွှေ အာရှတော်ဝင်ဆေးရုံကိုရောက်နေချိန်မှာ ဇော်ဝင်းဦးရဲ့သမီး အငယ်လေးကလည်း သွေးလွန်တုပ်ကွေးကြောင့် အာရှတော်ဝင်နဲ့ မလှမ်းမကမ်းက ဆာကူရာ ဆေးရုံမှာ ရောက်နေပြန်ရောဗျာ။ ကျနော့်မှာ နှစ်ဖက်စလုံးနဲ့ တရင်းတနှီးဖြစ်နေတာကြောင့် ဇော်ဝင်းဦးသမီးရှိရာ ဆာကူရာကို ပြေးလိုက်၊ စုစုရွှေရှိရာ အာရှတော်ဝင်ဆေးရုံကို ပြေးလိုက်နဲ့ မိသားစုနှစ်ခုကြားမှာ ကြားညှပ်သလိုဖြစ်နေပြန်ပါတော့တယ်။

ခက်နေတာက စုစုရွှေဆေးရုံတက်နေရတော့ အိမ်ကိုမပြန်နိုင်တာကြောင့် စုစုရွှေမိဘများက လူပျောက်တိုင်သလိုလို အသံထွက်နေပြန်တာပါပဲ။ ဒါကြောင့် ဇော်ဝင်းဦးက သူနဲ့စုစုရွှေကို ဆေးရုံ

ငွေထုတ်ပေးခဲ့ရလို့ပါပဲ။ ဇာတ်လမ်းကတော့ ခပ်ရှုပ်ရှုပ်ဆိုရမယ်။ ကိုသက်တင်နဲ့ဇော်ဝင်းဦးဟာ တကြိမ်တခါမှ မသိကျွမ်းခဲ့ဘူးကြတဲ့သူတွေပါ။ ကျနော်ဟာ ဇော်ဝင်းဦးနဲ့လူရင်းဖြစ်နေသလို ကိုသက်တင်နဲ့လည်း အဆမတန်ခင်မင်ရင်းနှီးနေတဲ့ နှစ်ဖက်သိ၊ အလယ်လူနေရာက ရောက်နေသူပေါ့ဗျာ။ တကယ်တော့ ဒီကိစ္စကိုဖန်တီးတဲ့ ကျနော်တို့သုံးယောက်စလုံး လူလည်စာရင်းဝင်တွေချည်းပါပဲ။ အမှန်က ကိုသက်တင်ထုတ်ပေးတဲ့ လိုင်ပြို့နယ်ကန်လမ်းထဲက အိမ်ခြံမြေစာချုပ်ဟာ မူရင်းဖြစ်ပေမယ့် ကိုသက်တင်လက်ဝယ်မှာ ရှိတာမဟုတ်ဘူးဗျာ။ ပိုင်ဆိုင်မှု အရှုပ်အရှင်းကြောင့် တရားမရုံးရောက်ပြီး အမှုဖြစ်နေတဲ့စာချုပ်တွေပါ။

အာရှမနေဘဏ် ဒုတိယဥက္ကဋ္ဌ ကိုအိုက်ထွန်းနဲ့ကျနော်ရော ဇော်ဝင်းဦးပါ အဆမတန်ရင်းနှီးနေတာက တကြောင်း၊ ဦးအိုက်ထွန်းရဲ့ ဘဏ်ရှေ့နေတွေနဲ့ ကျနော် ရင်းနှီးလွန်းတာကတကြောင်းကြောင့် ဇော်ဝင်းဦးဟာ သူ့မင်္ဂလာကိစ္စအတွက် ကျပ်သိန်းထောင့်နှစ်ရာကို အာရှမနေဘဏ်က ချေးယူနိုင်ခဲ့ပါတယ်။ အဲဒီချေးငွေဟာ အခုခင်ဗျားနဲ့ကျနော် စကားပြောနေတဲ့အချိန်အထိ မရှင်းရသေးပါဘူးဗျာ။ အဲဒီငွေ သိန်းထောင့်နှစ်ရာထဲမှာ ကျနော်ယူသုံးထားတဲ့ သိန်းတရာ့ငါးဆယ်လည်း ရှိသေးဗျ။

အော်၊ ဦးပိုင်လီမိတက်ကိစ္စလား၊ နောက်ဆုံးတော့ ဦးပိုင်မှာ လူကြီးအပြောင်းအလဲကြောင့် ကျနော့်အယ်လ်စီကို ဦးပိုင်က မဝယ်ဖြစ်ပါဘူး။ ဒါနဲ့ ဇော်ဝင်းဦးရဲ့မိတ်ဆွေ ကိုလှသန်းဆိုတဲ့ ပဲကုန်သည်တယောက်ကို သိန်းနှစ်ဆယ်အမြတ်နဲ့ လက်လွှဲရောင်းလိုက်ရပါတယ်။

ဪ၊ ကိုသက်တင်ဆိုလို့ တခုသတိရမိတာရှိသေးတယ်။ ဇော်ဝင်းဦးရယ် ကျနော်ရယ် သက်တင်ရယ် သုံးယောက်ပေါင်းပြီး နောက်ထပ်အကြံအဖန်တပွဲ ရိုက်ဘူးသေးတယ်ဗျ။ အဲဒီပွဲဟာ ဇော်ဝင်းဦးရဲ့ လှလှပပ အမြောက်ကန်တင်ချက်တခုပါပဲ။ ဒါပေမဲ့ ကျနော်လူရွေးမှားတာကြောင့် ဘောလုံးဟာ ဂိုးပေါက်နဲ့ လွဲချော်သွားခဲ့တယ်ဆိုပါတော့။ ဖြစ်ပုံက ဒီလိုဗျ။

ဇော်ဝင်းဦးဟာ မြန်မာပြည်က စူပါကော်ဖီမစ်ပိုင်ရှင် ဇော်ဝင်းတို့၊ ထွန်းထွန်းဝင်းတို့ညီအစ်ကိုနဲ့ ခင်မင်ရင်းနှီးနေရာက ဇော်ဝင်းတို့ညီအစ်ကို၊ မရှင်းနိုင်အောင်ဖြစ်နေတဲ့ ပြဿနာတခုရှိနေတယ်လို့ ပြောလာပါတယ်။ တဆက်တည်း ဒီပြဿနာကိုဝင်ရှင်းပေးဖို့နဲ့ ကုန်ချင်သလောက်ကုန်ပါစေ၊ ပြဿနာရှင်းသွားဖို့ အဓိကပါပဲလို့ဆိုလာပြန်သဗျ။

ကျနော်ကလည်း ငွေရေးကြေးရေး အကြပ်အတည်းဆိုက်နေချိန်ဆိုတော့ လူသတ်တာနဲ့ ဘိန်းရောင်းတာကလွဲလို့ ငွေရမယ်ဆိုရင်၊ ဘယ်လိုအလုပ်မျိုးမဆို လုပ်မယ်ဟဲ့ဆိုတဲ့စိတ်မျိုး ပေါ်နေချိန်မှာမို့ တိုင်း၍ယက်သည့်ကပ္ပလာ မိုးရွာတာနဲ့ အဆင်သင့်ဆိုပါတော့။ စူပါကော်ဖီမစ်ရဲ့ ပြဿနာကတော့ သွင်းကုန်လျှောက်လွှာမှာ ကော်ဖီမစ်ကုန်ကြမ်းတွေလို့ ဖော်ပြထားပြီး ကွန်တိန်နာအတွင်းပိုင်းထဲမှာ မော်တော်ကားအင်ဂျင်တွေ တရားမဝင်သွင်းလာတာကြောင့် ကွန်တိန်နာပုံးတွေကို ဖွင့်စစ်တဲ့အခါ အင်ဂျင်တွေတွေ့သွားပြီး ထောက်လှမ်းရေးက ဝင်ပါလာတဲ့ဇာတ်လမ်းပါပဲ။

အကဲခတ်ရသလောက် စူပါကော်ဖီမစ်အဖွဲ့ဟာ ဒီနည်းလမ်းနဲ့အကြိမ်ပေါင်းများစွာ တရားမဝင်ပစ္စည်းတွေကိုသွင်းခဲ့ပြီး ဖြစ်ဟန်တူပါတယ်။ ဒီတကြိမ်မှာ ကံမကောင်းအကြောင်းမလှစွာ ဖြစ်ရတယ်ထင်ပါရဲ့။ ဒါနဲ့ကျနော်လည်း စူပါကော်ဖီမစ်က ဇော်ဝင်းတို့ညီအကိုကို ရုံးခန်းထဲခေါ် တွေ့ပြီး ဒီပြဿနာကိုပြေလည်ဖို့ လတ်တလောကုန်ကျငွေ စုစုပေါင်း သိန်းတရာ့ငါးဆယ်ကုန်မယ်လို့ ခန့်မှန်းတဲ့အကြောင်း၊ လိုတာပိုတာ စာရင်းနဲ့ပြန်အပ်မယ့် အကြောင်း၊ ညှိတဲ့အခါ ဇော်ဝင်းတို့ညီအကိုတွေက ချက်ချင်းသဘောတူပြီး သိန်းတရာ့ငါးဆယ်ကို ဂုံနီအိတ်သုံးအိတ်နဲ့ အဲဒီညနေမှာပဲ ကျနော့်အိမ်လာပို့သဗျာ။ အမှန်တော့ အဲဒီငွေတွေလာပို့တာဟာ ကျနော့်ကိုယုံလို့ဆိုတာထက် ဇော်ဝင်းဦးကိုယုံလို့

လာပို့တာဖြစ်ဖို့များပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျနော်နဲ့ စူပါကော်ဖီမစ်အုပ်စုက တခါမှ မြင်ဖူး တွေ့ဖူးကြတာမှမဟုတ်ကပဲ။

ငွေလည်း လက်ထဲရောက်ရော ကျနော်လက်လှမ်းမှီရာ အဆက်အသွယ်တွေနဲ့ တီးခေါက်ကြည့်လိုက်တော့ အဲဒီအမှုကိုကိုင်နေတဲ့သူဟာ တပ်မတော်ရေငထောက်လှမ်းရေး အမှတ် (၁၄)က ဗိုလ်မှူး သောင်းကျော်ရှိန်းဆိုတာ သိလာရပါတယ်။ ဒါနဲ့ ကျနော့်ကျောင်းနေဖက် သူငယ်ချင်း ဗိုလ်မှူးခင်ဇော်ကို သောင်းကျော်ရှိန်းဆီ လိုင်းဝင်ပေးဖို့ အပူကပ်ရပါတော့တယ်။ ခင်ဇော်ဟာ၊ ကျနော်က ငွေယူသွားပါဆိုပေမဲ့ သူ့ဓာတ်ဆီဖိုးနဲ့သူ သောင်းကျော်ရှိန်းနဲ့ဆက်သွယ်နိုင်ဖို့ ကြိုးစားပေမယ့် ရုတ်တရက်ကြီးဆိုတော့ သူလည်း လုပ်ရကိုင်ရခက်နေဟန်တူပါရဲ့၊ လေးငါးရက်လောက် ကြာသွားပါတယ်။

အဲဒီအချိန်မှာပဲ ကျနော့်ခေါင်းထဲမှာ သက်တင်ကို ပြေးသတိရမိပါတယ်။ တခါတုန်းက သက်တင်ဟာ ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြည်မင်းနဲ့ သူတို့ဆွေမျိုးနီးစပ်တော်သလိုလို ပြောဘူးတာကိုး၊ ဒါနဲ့ သက်တင်ကိုအိမ်ခေါ် လိုက်ပြီး အကျိုးအကြောင်း ရှင်းပြ၊ လုပ်နိုင်မလုပ်နိုင်မေးတော့ ကိုယ်တော်ချောက ခပ်ပေါ့ပေါ့ခပ်အေးအေး သူလုပ်နိုင်ပါတယ်ဆိုတဲ့လေသံနဲ့ တာဝန်ယူလိုက်ပါလေရောဗျာ။

ဒီတော့ ကျနော်ဟာ သိန်းငါးဆယ်ထည့်ထားတဲ့ ငွေအိတ်တအိတ်၊ သက်တင်နဲ့ထည့်ပေးလိုက်ပြီး လိုအပ်တာ ထပ်ပေးနိုင်ကြောင်း၊ အထူးမှာချင်တာကတော့ စူပါကော်ဖီမစ်ကို ဘာအကြောင်းနဲ့မှ ကိုယ်တိုင်ဆက်သွယ်ပြီး ငွေစကားမပြောမိဖို့ သေချာပြောလိုက်ပါတယ် ။ ဒါပေမဲ့ ဒီနေရာမှာ ကျနော် လူကဲခတ်အတော်ညံ့တယ်လို့ ပြောရမယ်ဗျာ။ သက်တင်ဟာ ကျနော့်ဆီက ပြန်သွားပြီးပြီးချင်းမှာပဲ စူပါကော်မီမစ်ဆီကို ဖုန်းဆက်ပြီးနောက်ထပ် သိန်းငါးဆယ် ထပ်တောင်းပြန်သတဲ့။ စူပါကော်ဖီမစ်ဖက်ကလည်း ငယ်ထိပ် မြွေပေါက်ခံနေရတဲ့အချိန်ဆိုတော့ သူတောင်းတဲ့ငွေကို ထပ်ထုတ်ပေးလိုက်သတဲ့ဗျ။ ကျနော်ကတော့ အခြေအနေကိုရိပ်မိသွားပါပြီ။ သက်တင်ဟာ ငွေမြင်ရင် ငမ်းငမ်းတက်ဖြစ်တတ်တာကို ကျနော်သတိမပြုမိတာ ကျနော့်အမှားပါပဲ။

နောက်ပိုင်းတော့ သက်တင်ဟာ စူပါကော်ဖီမစ်ဇော်ဝင်းတို့ညီအစ်ကိုကို ဗိုလ်ချုပ်ကြည်မင်းအိမ် ခေါ် သွားမလိုလို၊ ညွန်ချုပ်အိမ် ခေါ် သွားမလိုလိုနဲ့နောက်ဆုံးတော့ အဖျားရှူးသွားရော ဆိုပါတော့ဗျာ။ တချိန်တည်းမှာပဲ ဗိုလ်မှူးခင်ဇော်ရဲ့အဆက်အသွယ်နဲ့ သောင်းကျော်ရှိန်းဆီကို ဝင်နေတဲ့ လိုင်းဖက်ကလည်း ကျနော်ကိုယ်တိုင် သောင်းကျော်ရှိန်းနဲ့တွေ့နိုင်ဖို့ မီးစိမ်းပြလာတာကြောင့် ကုန်သင့်ကုန်ထိုက်တာတွေအတွက် ဇော်ဝင်းတို့ပေးထားတဲ့ ကြိုတင်ငွေထဲကနေ ထုတ်သုံးလိုက်ရပြန် ပါတယ်။

ဒါပေမဲ့ဗျာ၊ သောင်းကျော်ရှိန်းနဲ့ကျနော် တွေ့တော့မယ့်ဆဲဆဲမှာ ဇော်ဝင်းတို့ဖက်က သက်တင်လုပ်ရပ်ကို အယုံအကြည်မရှိတော့တာကြောင့် ဆက်မလုပ်ချင်တော့ဘူးလို့ အကြောင်းကြားလာပါတယ်။ တိုတိုနဲ့နိဂုံးချုပ်ရရင် အဲဒီအလုပ်ဟာ လုပ်ငန်းတဝက်တပျက်နဲ့ရပ်သွားခဲ့တာကြောင့်၊ ကုန်ကျငွေကို စာရင်းရှင်းလိုက်တဲ့အခါ သိန်းခုနှစ်ဆယ်ကျော် ပြန်မပေးနိုင်တော့ပဲ၊ နာမည်ပျက်တာသာ အဖတ်တင်ကျန်ခဲ့ရောဆိုပါတော့။

တကယ်တော့ဗျာ။ ကျနော်ဟာ သက်တင်လုပ်သလို ငွေလက်ထဲရောက်ပြီးရောဆိုတဲ့ လူစားမျိုးတော့မဟုတ်ဘူးဗျာ။ သူတို့ဖြစ်ချင်တာကို ထိထိရောက်ရောက်လုပ်ပေးမယ်။ ကျနော်လိုချင်တဲ့ ငွေကြေးအတိုင်းအတာကို ရအောင်တောင်းမယ်ဆိုတဲ့ ရိုးရှင်းတဲ့အတွေးနဲ့လုပ်ခဲ့ပေမယ့် အဖော်ရွေးမှားခဲ့တာကြောင့် သိက္ခာကျစရာဖြစ်ပြီး ဇာတ်သိမ်းခဲ့ရတော့တာပေါ့။

ဇော်ဝင်းဦးရဲ့ နောက်ထပ်အကောင်းဆုံး တန်ချက်တခုကတော့ ကျနော့်ကို ဒေါ်ကြည်ကြည်အမှုကို စိတ်ဝင်စားပါတယ်ဆိုတဲ့ ဦးလှမောင်ရွှေ ဦးကြီးစိန်တို့နဲ့ ဆုံတွေ့ပေးခဲ့ခြင်းပါပဲ။ ဒီတခါတော့

ကျနော်ဟာ ဇော်ဝင်းဦးကန်တင်ပေးတဲ့ ဘောလုံးကို ဂိုးတိုင်ထဲအရောက် ပိုင်ပိုင်နိုင်နိုင်ကန်သွင်းပြီး ခြေစွမ်းပြနိုင်ခဲ့တယ်လို့ ဆိုရပါမယ်။

ကိုလှမောင်ရွှေနဲ့ဦးကြီးစိန်တို့ ဒေါ်ကြည်ကြည်အမှုကို စိတ်ဝင်စားတယ်ဆိုတာ ကျော်နိုင်စိုး စိတ်ဝင်စားသလို လူငယ်တယောက် စိတ်ကစားသလိုမျိုးမဟုတ်ဘူးဗျ။ သူတို့မှာ လုံလောက်တဲ့ ငွေကြေးကျောထောက်နောက်ခံရှိတယ်။ ဘယ်လောက် ကုန်နိုင်တယ်၊ ဘယ်လောက် မြတ်နိုင်တယ်၊ အချိန်ကာလ ဘယ်လောက်ကြာမယ်ဆိုတာတွေကို ကြိုတင်တွက်ချက်ထားပြီးသူတွေဖြစ်တဲ့အပြင် အဲဒီအမှုအတွက် ဦးဇင်ဦးဆိုတဲ့ ဗဟိုတရားရုံးချုပ်ရှေ့နေတယောက်ကိုပါ ကြိုတင်ငှားထားကြသဗျာ။

ကျနော်နဲ့တွေ့ချိန်မှာ ကိုလှမောင်ရွှေဟာ အသက်လေးဆယ်ကျော်ဖြစ်တာကြောင့် ကျနော့်ထက် လေးငါးနှစ်လောက် ပိုကြီးပါလိမ့်မယ်။ ဦးကြီးစိန်ကတော့ ငါးဆယ်ကျော်လောက် မှန်းရပါတယ်။ အဲဒီတုန်းက ကိုလှမောင်ရွှေတို့ ရွှေမိသားစု ကုမ္ပဏီလီမိတက်ဟာ ဂျပန်ကနေ ကားတွေ တင်သွင်းတဲ့လုပ်ငန်းအပြင် ငါးပုဇွန်ကန်တွေ မွေးမြူတဲ့လုပ်ငန်းတွေကို လုပ်ကိုင်နေတဲ့အချိန်ပေါ့။ ဦးကြီးစိန်ကတော့ ဆပ်ပြာမှုန့်၊ ခေါက်ဆွဲ၊ ဂျုံစက်ရုံတွေထောင်ထားတယ်လို့ သိရပါတယ်။ အမှန်က ကျနော် သူတို့လုပ်ငန်းတွေကို စိတ်မဝင်စားလှပါဘူး။ အဲဒီအချိန်မှာ ကျနော်လိုနေတာက ဒေါ်ကြည်ကြည့်အမှုကို ကျနော်ချတဲ့အကွက်အတိုင်း ငွေကြေး တောင့်တောင့်တင်းတင်းနဲ့လုပ်နိုင်မယ့် လုပ်ငန်းပါ့တနာပါပဲ။ သူတို့နဲ့ နှစ်ဖက်သဘောတူ လုပ်ငန်းစာချုပ်မချုပ်ခင်မှာပဲ ကိုလှမောင်ရွှေနဲ့ဦးကြီးစိန်ဟာ ကျနော် လိုချင်တဲ့အချက်တွေနဲ့ ပြည့်စုံတဲ့သူတွေဆိုတာ သိလာရပါတယ်။

ဟုတ်ပါတယ်။ ကျနော်မှာ အကွက်ရှိပြီးသားပါ။ ဘယ်လောက်ရှုပ်ထွေးတဲ့ အမှုဖြစ်ပါစေ။ ပိုင်ပိုင်နိုင်နိုင်ဗျူဟာချနိုင်ရင် မပြီးပြတ်နိုင်တဲ့အမှုမရှိဘူးလို့ ကျနော်ခံယူထားတယ်။ ကျနော်ချထားတဲ့အကွက်ဟာ အင်မတန်ရိုးရှင်းပါတယ်။ အဲဒါကတော့ အမွေဆိုင်အားလုံးနဲ့ တရားရုံးပြင်ပမှာ မြေကွက်အရောင်းအဝယ်ညှိနိုင်းပြီး တရားရုံးရှေ့မှာ စုံညီစွာသဘောတူခိုင်းလိုက်ဖို့ပါပဲ။ ပိုပြီးအဆင်ပြေချင်တော့ ဦးလှမောင်ရွှေနဲ့ဦးကြီးစိန်တို့ရဲ့ရှေ့နေ ဦးဇင်ဦးဟာ သူ့သဘောနဲ့သူစီမံချက်မချပဲ ကျနော်ချထားတဲ့ ဗျူဟာကွက်အတိုင်းလမ်းဆက်လျှောက်ဖို့ သဘောတူသဗျာ။ ကျနော်ချတဲ့ဗျူဟာဟာ ရိုးရှင်းလွယ်ကူပေမယ့် တကယ်တမ်း အကောင်အထည်ဖော်တဲ့အခါ လွယ်ကူလှတဲ့အလုပ်တော့မဟုတ်ပါဘူး။ ကြည့်လေ၊ ဒီအမှုမှာပါတဲ့ကာယကံရှင်ဆိုလို့ ဒေါ်ကြည်ကြည်တယောက်သာ၊ သက်ရှိထင်ရှားကျန်တော့ပေမယ့် ကျန်အမွေသည်အားလုံးလိုလိုဟာ ဒီအမှုနဲ့ တသက်လုံးထိုင်စားနေတာ အံ့ခွနေကြပြီ မဟုတ်လား။ ညှိနှိုင်းရမယ့်သူတွေကလည်း တကယ့်ကို လက်ပေါက်ကပ်ပြီး အမှုအကြောင်း နောကြေနေတဲ့သူတွေချည်းပါပဲ။

အဲဒီအမှုမှာ အဓိက ညှိနှိုင်းရမယ့်အဖွဲ့ (၃) ဖွဲ့ရှိတယ်ဗျာ။ အဖွဲ့လို့ပြောရတာက အမွေသည်တွေအပြင် သူတို့ နောက်ကွယ်ကရှေ့နေတွေကိုလည်း တန်ရာတန်ကြေးခံစားရအောင် ညှိနှိုင်းရသေးတယ်ဗျ။ ပထမဆုံး ညှိနှိုင်းခဲ့ရတဲ့အဖွဲ့ကတော့ ဒေါ်ကြည်ကြည့်နဲ့ သူ့ရှေ့နေအဖွဲ့ပါပဲ။ အဲဒီတုန်းက ဒေါ်ကြည်ကြည်ရဲ့ရှေ့နေတွေဟာ ဦးအောင်သိန်းနဲ့ဦးစံလှဗျ။ နှစ်ယောက်စလုံး ဗဟိုတရားရုံးရှေ့နေတွေချည်းပါပဲ။

အဲ၊ သူတို့နှစ်ယောက်ကတော့ ညှိရနှိုင်းရတာ သိပ်လက်ပေါက်မကပ်လှဘူး။ ခက်နေတာက ဒေါ်ကြည်ကြည်ရဲ့နောက်အိမ်ထောင် ဦးမင်းဟန်ဗျ။ ဦးမင်းဟန်ဟာ ဒေါ်ကြည်ကြည့်ကိုယ်စား ရုံးချိန်းတွေမှာ အမြဲရောက်နေတဲ့ တရားဝင်ကိုယ်စားလှယ်ပါပဲ။ ဒေါ်ကြည်ကြည်ဟာ ယောကျ်ား ဘယ်နှစ်ယောက်ယူခဲ့တယ်ဆိုတာ သေချာမသိရပေမယ့် အဲ ဒီတုန်းက နောက်ဆုံးယောကျ်ားဟာ ဒေါ်ကြည်ကြည့်သားအကြီးဆုံးနဲ့ အသက်ချင်းမတိမ်းမယိမ်းပဲ ရှိပါလိမ့်မယ်။

ဒီလူက ဒေါ်ကြည်ကြည်ကို ချစ်တာမချစ်တာထက် အကွက်ကောင်း၊ ခွကောင်းမို့ တက်ထိုင်နေတယ်ဆိုတာ သိသာလှပါတယ် သေချာပါတယ်။ အဲဒီအချိန်မှာ ဒေါ်ကြည်ကြည်က အသက်ရှစ်ဆယ်ကျော်ရှိနေပေမယ့် ဦးမင်းဟန်က အသက်ငါးဆယ်ကျော်ရုံလေးပဲ ရှိသေးလို့ပေါ့ဗျာ။ ဖြစ်နိုင်မဖြစ်နိုင် ခင်ဗျားကိုယ်တိုင်သာ ကိုယ်ချင်းစာကြည့်ပေတော့။ ညီကြန္နိုင်းကြရင်းနဲ့ ရှေ့ကိုယ်တော်ကကာယကံရှင် ဒေါ်ကြည်ကြည့်ထက်လောဘပိုကြီးနေတာမို့ သူ့ကိုဘေးဖယ်ပြီး ဒေါ်ကြည်ကြည်ကိုယ်တိုင်နဲ့ပဲ မဖြစ်ဖြစ်အောင်ညှိလိုက်ရပါတော့တယ်။

ဒေါ်ကြည်ကြည်ကတော့ ထုံးစံအတိုင်းပါပဲ။ ငွေသာရမယ်ဆိုရင် ဘယ်လို စာချုပ်မျိုးကိုမဆိုလက်မှတ်ထိုးဖို့ ဖောင်တိန်ကိုင်စောင့်နေတဲ့သူပါပဲ။ တိုတိုပြောရရင် မကြာခင်မှာ ကျနော်ဟာ ဒေါ်ကြည်ကြည်တို့အုပ်စုနဲ့ သဘောတူစာချုပ်တစောင် ချုပ်ဆိုနိုင်ခဲ့ပါတော့တယ်။ စာချုပ်ရဲ့သဘောကတရားရုံးရှေ့ရောက်နေတဲ့ အမှတ် ၃၅ (အေ) မြေကွက်ကို သိန်းသုံးရာ့ငါးဆယ်နဲ့ရောင်းချဖို့ သဘောတူတယ်ဆိုတာလောက်ပါပဲ။

နေဦး၊ အဲဒီ ငွေသိန်းသုံးရာ့ခြောက်ဆယ်တည်းနဲ့ တကယ်တမ်း ရောင်းကြဝယ်ကြတာမဟုတ်ဘူးနော်။ အပြင်မှာ တရားမဝင်ပေးရတဲ့ အပိုဆောင်းငွေရှိသေးတယ်။ တကယ်တမ်း ဈေးမှန်ရေးလိုက်ရင်အရောင်းအဝယ်ခွန်အတွက် အစိုးရကိုဆောင်ရမယ့်အခွန်က မနည်းလှဘူးမဟုတ်လား။ ဒါနဲ့ အပိုပေးရမယ့်ဆောင်းငွေထဲက စရံငွေခပ်ပါးပါးကို လက်ငင်းချပေးပြီး ကျန်ငွေကို တရားရုံးရှေ့မှာ ကိုယ်တိုင်လာပြီး သဘောတူညီချက်ပေးတဲ့အခါ ပေးချေဖို့သဘောတူခဲ့ကြပါတယ်။ ဟုတ်တယ်လေ။ အပိုဆောင်းငွေ အကုန်လုံးပေးလိုက်မှတော့ ရေထဲခဲကျသလို ပလုံတောင်အသံမပြည်ပဲ ဆုံးကုန်ဖော့မပေါ့။ နောက်တချက် ကျနော်ချည်နှောင်ထားတာကတော့ မြေကွက်အရောင်းအဝယ်အတွက် တရားရုံးရှေ့မှာ သဘောတူညီချက်ပေးတဲ့အခါ ဘယ်တရားဝင်ကိုယ်စားလှယ်ကိုမှလက်မခံပဲ ကာယကံရှင်ဒေါ်ကြည်ကြည်ကိုယ်တိုင် လာရောက်သဘောတူတင်ပြပေးရမယ်ဆိုတဲ့ အချက်ပါပဲ။ ဒီအချက်ဟာနောင်မှာ အမှုပြီးဆုံးရေးအတွက် အဓိကအချက်တရပ် ဖြစ်လာခဲ့ပါတယ်။

နောက်တဖွဲ့ကတော့ မော်လမြိုင်မှာနေကြတဲ့ အမွေဆိုင်အုပ်စုပဲဗျာ။ အဲဒီအထဲမှာ အမေရိကန်နိုင်ငံကိုရောက်နေတဲ့သူတွေလည်း ပါကြသေးဗျာ။ အဲဒီအမွေဆိုင်တွေဟာ အမေရိကန်နိုင်ငံသားတွေဖြစ်နေကြတာကြောင့် မြေကွက်နဲ့ပတ်သက်လို့ တရားဝင်ပိုင်ဆိုင်ခွင့်မရှိကြပေမယ့် အမွေပုံကို သူတို့နှစ်သက်ရာလူတဦးဦးကို ပေးပိုင်ခွင့်ရှိနေတာမို့ သူတို့ကိုလည်း ပစ်ပယ်ထားလို့မရပြန်ဘူး။ အခြေအနေအရပ်ရပ်ကိုစုံစမ်းလိုက်တော့ ကွယ်လွန်သူ ဦးထင်ဝိန်ရဲ့မြေး မင်းဆွေဆိုတဲ့သူလက်ထဲမှာ အမွေဆက်ခံခွင့် ကိုယ်စားလှယ်လွှဲစာတွေ အဆင်သင့်ရှိနေတာမို့ မင်းဆွေနဲ့ ဆက်ညှိရပြန်ပါတယ်။ မင်းဆွေရဲ့လက်ထဲက ကိုယ်စားလှယ်လွှဲစာတွေကို စစ်ဆေးကြည့်လိုက်တော့ ဦးဇင်ဦးကိုယ်တိုင်က အစစ်အမှန်ဖြစ်ကြောင်း အတည်ပြုတာကြောင့် သူတို့အုပ်စုကိုလည်း ဒေါ်ကြည်ကြည်နဲ့ အလားတူစာချုပ်တစောင် ထပ်ချုပ်နိုင်ရောဆိုပါတော့။

စုစုပေါင်း အဖွဲ့သုံးဖွဲ့ထဲမှာ အခက်ဆုံးကတော့ ဦးထင်ဝိန်ရဲ့သားအကြီးဆုံး ကွယ်လွန်သူဦးဂျိန်းစ်ဝိန်ရဲ့ကိုယ်စားလှယ် လွှဲစာကိုကိုင်ထားတဲ့ ထွေးထွေးဝင်းနဲ့ သူ့ရှေ့နေဦးရဲထွန်းပါပဲဗျာ။ ဦးရဲထွန်းဟာ အသက်ခြောက်ဆယ်ကျော် ဗဟိုတရားရုံးချုပ်ရှေ့နေဖြစ်ပြီး ကိုယ်တပိုင်းသေနေပေမယ့်ဒေါသကြီးတဲ့နေရာမှာတော့ ပြိုင်စံရှားပဲဗျာ။ အရက်ကလည်း သောက်သလားမမေးနဲ့။ ဦးရဲထွန်းကိုယ်တပိုင်း ေသရတဲ့ကိစ္စကလည်း အဲဒီအရက်ကြောင့်ပဲတဲ့ဗျ။

သွားလေသူ မဆလ ဥက္ကဋ္ဌကြီး ဦးနေဝင်းရဲ့တူတွေနဲ့ သူငယ်ချင်းတွေဆိုပဲ။ တနေ့ ဦးနေဝင်းရဲ့တူတော်မောင်တွေနဲ့ အရက်ဝိုင်းဖွဲ့ကြပြီး အိမ်ပြန်အရောက်မှာ အမူးလွန်ပြီးလှေခါးပေါ်က ချော်ကျ

ရာကနေ ကိုယ်တပိုင်းသေသွားရတာတဲ့ဗျာ။ ဦးရဲထွန်းဟာ ကိုယ်တပိုင်းသေနေတာကြောင့် တရားရုံးချိန်းတွေကိုလာတဲ့အခါ လူနာတွန်းလှည်းနဲ့ သူ့ကိုပွေ့ချီမဲ့ ချာတိတ်လေးရှိမှ လာလို့ရတာဗျ။ သူ့ကိုပွေ့တင်ပွေ့ချလုပ်ပေးနေတဲ့ အောင်နိုင်ဆိုတဲ့ ချာတိတ်ကလေးခမျာမှာလည်း လူရှေ့မရှောင် သူရှေ့မရှောင် အော်ကြီးဟစ်ကျယ် အဆော်အငေါက်ခံရတာကြောင့် မျက်နှာသာမရရှာပါဘူး။

အစပိုင်းမှာ ကျနော်ဟာ ထွေးထွေးဝင်းနဲ့ သူ့ရှေ့နေဦးရဲထွန်းကို ဘယ်လိုမှအနားကပ်လို့မရခဲ့ဘူးဗျာ။ သူတို့က ဒေါ်ကြည်ကြည်တို့ မင်းဆွေတို့နဲ့စာရင် ချောင်ချောင်လည်လည်ရှိပြီး အထိုက်အလျောက်ပညာတတ်ကြတာမို့ နည်းနည်းတော့သိက္ခာရှိတယ်ဆိုရမယ်။ ငွေရမယ်ဆိုတာ တခုတည်းနဲ့ ခေါ်ရာလိုက်မယ့်သူတွေမဟုတ်ကြဘူး။ ဒီနေရာမှာ ကျနော့်အားသာချက်တခုက အဲဒီအရောင်းအဝယ်လုပ်မယ့်မြေကွက်ကို အစိုးရက ယာယီသိမ်းဆည်းခြင်းမှ ပယ်ဖျက်တဲ့အထိ ဒေါ်ကြည်ကြည့်နာမည်တခြမ်းထဲနဲ့ ကျနော်လုပ်ဆောင်နိုင်ခဲ့တဲ့ အချက်ပါပဲ။ ဒီအချက်ကိုတော့ ဦးရဲထွန်းအုပ်စုက ကျနော်ကိုကွယ်ရာမှာ အမှတ်ပေးကြတယ်ဆိုလေရဲ့။

ဒီလိုနဲ့ ကျနော်ဟာ အရက်ကြိုက်တတ်တဲ့ ဦးရဲထွန်းကို အရက်နဲ့စည်းရုံးဖို့ နည်းလမ်းရှာရပါတော့တယ်။ တနေ့ညနေမှာ ရန်ကုန်မြို့က အကောင်းဆုံးစားသောက်ဆိုင်တခုကိုရွေးပြီး ဦးရဲထွန်းနဲ့ ညစာစားဖို့ဖိတ်လိုက်တော့ အိုးတော်က ဆိုက်ဆိုက်မြိုက်မြိုက်ကြွလာသဗျာ။ ဒီမှာတင် သောက်ကြစားကြရင်း အမှုအကြောင်းတိုင်ပင်ကြတော့ အရက်ရှိန်လေးနဲ့ ဦးရဲထွန်းကလည်း သူတသက်လုံးလိုက်လာတဲ့အမှုမို့ သူ့အတွက်မြိုးမြိုးမြက်မြက်လေးလိုချင်တဲ့အကြောင်း တစွန်းတစအသံထွက်လာပါတော့တယ်။

အေးဗျာ။ အမှုကလည်း ကမ္ဘာတုန်ကျယ်သရွေ့ဝယ်ဆိုတဲ့ ဇာတ်လမ်းဖြစ်နေလေတော့ အဲဒီအမှုကိုလိုက်တဲ့ရှေ့နေတွေတောင် အမှုထဲကမြေကွက်ကို သူတို့ပါအမွေဆိုင်လိုလို စိတ်ပေါက်နေကြပြီဗျ။ ခက်နေတာက ဦးရဲထွန်းဆိုလိုတဲ့ မြိုးမြိုးမြက်မြက်ကလေးဆိုတဲ့ပမာဏဟာ ကာယကံရှင်ဒေါ်ကြည်ကြည်ရမဲ့ ဝေစုထက်များနေတာပါပဲ။ ဒီအမှုထဲမှာ ဦးရဲထွန်းဟာ ခေါင်းအမာဆုံး၊ စကားပြောရတာ လက်ပေါက်အကပ်ဆုံးဖြစ်နေလေတော့ သူနဲ့အဆင်မပြေလို့လည်း မဖြစ်ပြန်ဘူး။

ဒီလိုနဲ့ ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုတဲ့ စိတ်မွေးပြီး ဦးရဲထွန်းနဲ့ အကြိမ်ပေါင်းများစွာ၊ အရက်ဆိုင်ပေါင်းများစွာမှာ ဆွေးနွေးသောက်စားပြီးချိန်မှာတော့ ဦးရဲထွန်းနဲ့ကျနော် ပြောမနာဆိုမနာအဆင့်ကိုရောက်လာပါတော့တယ်။ ဦးရဲထွန်းရဲ့ဝေစုနဲ့ပတ်သက်လို့ နောက်ဆုံးမှာ သဘောတူညီချက်ရလာခဲ့ပါတယ်။ နောက်ပိုင်းတော့ သူ့လက်စွဲတော် အောင်နိုင်ဆိုတဲ့ချာတိတ်ကလေး ရှာပြန်ပြေးတာတောင် ကျနော့်အဆက်အသွယ်နဲ့ လိုက်ခေါ်ပေးရတဲ့အထိ ကျနော်ဟာ ဦးရဲထွန်းရဲ့ အရာရောက်သူဖြစ်လာပါတယ်။

ဒါပေမဲ့ ဦးရဲထွန်းတယောက်တည်း သဘောတူလို့ပြီးပြတ်တဲ့ကိစ္စမဟုတ်တာကြောင့် သူ့အမှုသည် ထွေးထွေးဝင်းရဲ့သဘောတူညီချက်ရအောင် လုံးပန်းရပြန်ပါတယ်။ ဦးရဲထွန်းရဲ့ အရည်အချင်းကတော့ သူ့အမှုသည်နဲ့ ကျနော်တွေ့စရာမလိုပဲ သူကြားဝင်ပြီး သဘောတူညီချက်ရအောင် စွမ်းဆောင်နိုင်ခြင်းပါပဲ။

ဒီလိုနဲ့ အဲဒီမြေကွက်ကို တရားရုံးရှေ့မှာ နှစ်ဖက်အမွေဆိုင်အားလုံးရဲ့ သဘောတူညီချက်နဲ့ အရောင်းအဝယ်ပြုလိုကြောင်း တင်ပြမယ့်နေ့ကိုရောက်လာပါတော့တယ်။ အဖွဲ့သုံးဖွဲ့အနက် မော်လမြိုင်က မင်းဆွေနဲ့ ရန်ကုန်က ထွေးထွေးဝင်းတို့အဖွဲ့အနေနဲ့ ပူပင်စရာမရှိပေမယ့် ဒေါ်ကြည်ကြည်အုပ်စုဟာ ထင်သလောက်မလွယ်နိုင်ဘူးဆိုတာ ကျနော်ကြိုတင်ခန့်မှန်းမိနေတာကြောင့် အဲဒီရုံးချိန်းမှာ ဒေါ်ကြည်ကြည်ကို ရုံးရှေ့အရောက်ခေါ်လာဖို့အတွက် ကျနော်ကိုယ်တိုင် တာဝန်ယူလိုက်ရပါတယ်။

ကျနော်ထင်ထားတဲ့ အတိုင်းပါပဲ။ ဒေါ်ကြည်ကြည်ရုံးရှေ့လာရမယ့်နေ့မှာ ကျနော်ဒေါ်ကြည်ကြည့်အိမ် ရောက်သွားတော့ အဲဒီမှာ ကျော်နိုင်စိုးကြိုရောက်နေပါပြီ။ အေးလေ၊ ကျော်နိုင်စိုးကလည်း ဒီအမှုမှာ ရှိစုမယ့်စုငွေလေး ပုံအောထားတဲ့သူဆိုတော့ အဲဒီနေ့ရုံးချိန်းမှာ ဒေါ်ကြည်ကြည်ကိုယ်တိုင် ရုံးရှေ့ သဘောတူညီချက်ပေးလိုက်ရင် ကျော်နိုင်စိုး လုံးလုံးဘေးရောက်ပြီမဟုတ်လား။

ကျော်နိုင်စိုးက ကျနော့်ကို သူငွေကုန်ခံထားတဲ့အမှုမို့ ဒေါ်ကြည်ကြည့်ကို တရားရုံးရှေ့ မထည့်နိုင်ဘူးလို့ ဆိုပါတယ်။ ဒေါ်ကြည်ကြည်ကတော့ ကျနော်တို့နှစ်ယောက်ကို ဘယ်ကောင် လူစွာတုန်းဆိုတာ ခပ်လှမ်းလှမ်းက အကဲခတ်နေပုံရပါတယ်။

ကျော်နိုင်စိုးဟာ ကျနော့်လက်ရည်ကိုသိနေသူပီပီ လက်လျော့မယ့်အရိပ်အယောင် မမြင်ရပါ ဘူး။ တရားရုံးရှေ့ကို ဒေါ်ကြည်ကြည်ရောက်ရမယ့်အချိန်ဟာ နံနက်ဆယ်နာရီဆိုပေမယ့် ကိုးနာရီ သာသာအထိ ကျနော်နဲ့ကျော်နိုင်စိုးဇာတ်လမ်းဟာ ရှင်းလို့မပြီးသေးပါဘူး။ တရားရုံးရှေ့ကို ဒေါ်ကြည် ကြည်ရောက်မလာခဲ့ရင် ကျနော်တို့ ခဲလေသမျှ သဲရေကျဖြစ်ရပါတော့မယ်။

ကျနော်က ဒေါ်ကြည်ကြည့်ကို တကယ်လို့ တရားရုံးရှေ့မလိုက်နိုင်တော့ဘူးဆိုရင် ကျနော်တို့ ပေးထားတဲ့စရံကို နစ်နာကြေးနဲ့တကွ ချက်ချင်းပြန်ပေးဖို့၊ ဒါကို ကျော်နိုင်စိုးစိုက်ပေးနိုင်ရင် ပေးဖို့၊ ဒါမှမဟုတ် ကျော်နိုင်စိုး ကုန်ကျထားတဲ့ငွေတွေအတွက် ဒေါ်ကြည်ကြည့်အနေနဲ့ သီးခြားဖြေရှင်းဖို့ တရားနည်းလမ်းတကျ ဆွေးနွေးပေမယ့် အဖြေထွက်မလာတာကြောင့် ကျနော်ဟာ နောက်ဆုံး နည်းလမ်းကို သုံးလိုက်ရပါတော့တယ်။

အဲဒီနည်းကတော့ လူမိုက်နည်းပါပဲ။ ဒေါ်ကြည်ကြည်ကို ရုံးရှေ့ခေါ်ရာမှာ သွေးရိုးသားရိုး နည်းနဲ့ အဆင်မပြေလောက်ဘူးလို့ ကြိုတင်တွက်ဆထားတဲ့ကျနော်ဟာ ကျနော့်လက်စွဲတော် လူမိုက် ဘားလားနဲ့ သူ့အုပ်စုကို အဆင်သင့်ခေါ်လာခဲ့ပါတယ်။ ဘယ်လိုမှ အေးအေးဆေးဆေး ညှိနှိုင်းလို့ အဆင်မပြေတဲ့အဆုံး ကျနော်ဟာ ကျနော့်ခပ်လှမ်းလှမ်းမှာ အဆင်သင့်စောင့်နေတဲ့ ဘားလားကို မျက်နှာရိပ်ပြလိုက်ရပါတော့တယ်။

ကျနော့်မျက်နှာရိပ်မျက်နှာကဲကို ကြည့်နေတဲ့ဘားလားဟာ ကျနော်အချက်ပြလိုက်တာနဲ့ ကျော်နိုင်စိုးရှိရာကို ပြေးသွားပြီး ကျော်နိုင်စိုးရဲ့ကော်လံနှစ်ဖက်ကို ခပ်တင်းတင်းဆွဲကိုင်လိုက် ရှံမက အုတ်နံရံနဲ့ပါ လေးငါးချက် ဆောင့်တွန်းပစ်လိုက်ပါတယ်။ ဘားလားနောက်က လူမိုက်နှစ်ယောက်က လည်း ဒေါ်ကြည်ကြည့်ကို ကဲ၊ အမေကြီး ဒီထက်ပြဿနာပိုမရှုပ်ချင်ရင် ကားပေါ်ကို မြန်မြန်တက် လိုက်ပါလို့လည်းဆိုရော ဒေါ်ကြည်ကြည်ဟာ မျက်ကလဲဆန်ပြာနဲ့ အေးပါ သားတို့ရယ်၊ မင်းတို့ချင်း အဆင်ပြေရင်ပြီးပါရော။ အမေသားတို့ခေါ်ရာကိုလိုက်ပါမယ်ဆိုပြီး ကားပေါ်ရောက်လာရော ဆိုပါ တော့ဗျာ။

ကျနော်နဲ့ဒေါ်ကြည်ကြည် တရားရုံးပေါ်ကိုရောက်လာတော့ တရားခွင်စနေပါပြီ။ တိုင်း တရားသူကြီး ဦးအောင်ငွေက အမှုအကြောင်း ရှင်းလင်းပြောပြပြီးတဲ့အပြင် အချင်းဖြစ်မြေကွက်ကို အမွေဆိုင်အားလုံးရဲ့ သဘောတူညီချက်နဲ့ ရောင်းချလိုကြောင်း ဦးရဲထွန်းကတောင် ရုံးတော်ကိုတင်ပြ နေပါပြီ။ ဒေါ်ကြည်ကြည့်အလှည့်ရောက်ဖို့ နှစ်မိနစ်လောက်အလိုမှာ ဒေါ်ကြည်ကြည့်ကို ရုံးရှေ့ အရောက် ကျနော်ခေါ်လာနိုင်ခဲ့တယ်ဆိုပါတော့။ နောက်ထပ် ငါးမိနစ်လောက်သာ နောက်ကျရင် ကျနော့်စစ်ဆင်ရေးဟာ အဲဒီနေ့မှာတင် ဆုံးရှုံးမှုနဲ့ နိဂုံးချုပ်ခဲ့မှာပါပဲ။

အော်၊ အမေအရွယ်အဖွားကြီးကို အကြမ်းဖက်တဲ့နည်းနဲ့ခေါ်လာလို့ ကျနော့်ကို ရက်စက် တယ်လို့ဆိုချင်သလား။ ကျနော်ရှင်းပြပါရစေအုံး။ အမှန်တော့ ဒေါ်ကြည်ကြည်နဲ့ နောက်ဆုံးစာချုပ် မချုပ်ဆိုခင်မှာ ဒေါ်ကြည်ကြည်အတွက် အကောင်းဆုံးနည်းလမ်းတခုကို ရွေးချယ်နိုင်ဖို့ ကျနော်နား

ချခဲ့ပါသေးတယ်။ ကျနော်နားချသလိုသာ ဒေါ်ကြည်ကြည်လိုက်နာခဲ့ရင် ကျော်နိုင်စိုးနဲ့ပြဿနာပါ ပြေလည်နိုင်စရာရှိပါတယ်။ အဲဒီနည်းလမ်းကတော့ ဒေါ်ကြည်ကြည်ရသင့်ရထိုက်တဲ့ အပိုဆောင်းငွေထဲက ရာခိုင်နှုန်းတချို့ကို အဲဒီမြေကွက် လုပ်ငန်းရှယ်ယာအဖြစ်ဝင်ထားပြီး အမှုပြီးဆုံးတဲ့အခါ အမြတ်ဝေစုကို အချိုးကျခွဲဝေယူဖို့ပါပဲ။ ဒီနည်းဟာ လက်ထဲကို ငွေသားအားလုံးချက်ချင်း ရောက်မလာနိုင်ပေမဲ့ အမှုပြီးဆုံးတဲ့တနေ့ ရလာမဲ့အကျိုးအမြတ်ဟာ လျော်နိုင်စားနိုင်လောက်တဲ့ ငွေကြေးဖြစ်မှာမို့ပါ။ ဒါပေမဲ့ လက်ထဲငွေရောက်ဖို့သာ အဓိကဖြစ်နေတဲ့ ဒေါ်ကြည်ကြည်နဲ့ သားသမီးမြေးမြစ်တွေဟာ ကျနော့်စကားကို နားမဝင်ခဲ့ကြပါဘူး။ ငွေသာပေးမယ်ဆိုရင် ဘယ်စာချုပ်မဆိုလက်မှတ်ထိုးမယ်၊ နောင်ခါလာနောင်ခါရှင်း၊ လွယ်လွယ်ရ လွယ်လွယ်သုံးမယ်ဟဲ့ဆိုတဲ့ စိတ်သာရှိနေခဲ့ကြတာကလား။

နောက်ဆုံးတော့အဲဒီနေ့ရုံးချိန်းမှာ အမွေဆိုင်မြေကွက်ကိုအမွေဆိုင်အားလုံးက တန်ဘိုးငွေ ကျပ်သိန်း သုံးရာ့ခြောက်ဆယ်နဲ့ ဦးသက်ခိုင်၊ ဦးလှမောင်ရွှေ၊ ဦးကြီးစိန်တို့သုံးဦးကိုရောင်းချဖို့ သဘောတူညီကြောင်း စုံညီလက်မှတ်ရေးထိုး လိုက်ကြပါတော့တယ်။ အမွေဆိုင်အားလုံး တရားရုံးက အထွက်မှာ ကျနော်တို့ဘက်ကပေးချေရမယ့် အပိုဆောင်းငွေလက်ကျန်အားလုံး လက်ထဲကို ကတိမပျက် ပေးအပ်ခဲ့ပါတယ်။ ကျနော့်ရဲ့အားထုတ်မှု ကိုလှမောင်ရွှေတို့ရဲ့ မနည်းစွာကြွယ်ဝမှုတွေ ကြောင့် မြန်မာကျော်အမှုကြီးကို အဆုံးသတ်နိုင်ဖို့အရေးကြီးတဲ့ ခြေလှမ်းတလှမ်းကို လှမ်းနိုင်ခဲ့ပြီဆိုကြ ပါစို့။ ဒါပေမဲ့ဗျာ။

■

## အခန်း (၉၃)

# ညစ်သမျှကို

အဲဒီ ဒါပေမဲ့ဆိုတာကတော့ ဒေါ်ကြည်ကြည်ဟာ တရားရုံးမှာ အရောင်းအဝယ် သဘောတူညီချက် လက်မှတ်ရေးထိုးပြီး အပိုဆောင်းငွေတွေ လက်ခံပြီးလို့ နှစ်ပတ်မကြာခင်မှာ သူ့ရဲ့ ရုံးရှေ့သဘောတူညီချက်ကို ပြန်လည် ရုပ်သိမ်းပါတယ်ဆိုတဲ့အကြောင်း သူကနေကျ ကကွက်အတိုင်းက လိုက်လို့ပေါ့ဗျာ။ ဒေါ်ကြည်ကြည်ဟာ သူကိုယ်တိုင် သဘောတူညီချက်ကို ပြန်ရုတ်သိမ်းတဲ့အပြင် အဲဒီမြေကွက်ကို ကျနော်တို့လိုပဲတန်ဖိုးငွေ သိန်း(၃၆၀)နဲ့ ဦးစွာ ဝယ်ယူခွင့်ပြုပေးဖို့ပါ တရားရုံးကို ဦးတိုက်လျှောက်ထားသတဲ့ ခင်ဗျာ။ ကျန်တဲ့တဖက် အမွေဆိုင်တွေကတော့ အခြေအနေကို စောင့်ကြည့်အကဲခတ်ပြီး ခပ်မဆိတ်နေကြလေရဲ့။

ဒါပေမဲ့ဗျာ။ ဒေါ်ကြည်ကြည်ရွှေ့မယ့် အကွက်ကို ကျနော်ကြိုမြင်ထားပြီးသားပါ။ အမွေဆိုင် ပစ္စည်းအတွက် စုံညီသဘောတူညီချက်တရပ် ရုံးရှေ့မှာကိုယ်တိုင်ပေးပြီးရင် လွယ်လွယ်နဲ့ ပြန်ပြီးမရုပ်သိမ်းနိုင်ဘူးဆိုတာ ကျွမ်းကျင်သူ ဥပဒေ ပညာရှင်တွေနဲ့ ညှိနှိုင်းပြီးသားမို့ ဒေါ်ကြည်ကြည့်ကို ကျနော်ချည်ခဲ့တဲ့ ကြိုးဟာ လွယ်လွယ်နဲ့တော့ ပြည်လို့ မရနိုင်ပါဘူး။

တရားရုံးထုံးစံအတိုင်း အမှုကို လက်ခံပြီးကြားနာတာ၊ လျှောက်လဲချက်ကို နားထောင်တာတွေကြောင့် အချိန်အတော်ကြာသွားတာတခုကိုတော့ ကျနော်တို့ စိတ်ရှည်ခဲ့ရပါတယ်။ ဒီလိုနဲ့ ဒေါ်ကြည်ကြည်ရဲ့ ပြင်ဆင်မှုအယူခံကို တိုင်းတရားရုံးကနေ ပယ်၊ တိုင်းတရားရုံး အမိန့်ကို ဒေါ်ကြည်ကြည်က မကျေနပ်လို့ ဗဟိုတရားရုံးကိုထပ်တက်၊ ဗဟိုတရားရုံးက ထပ်ပြီး ပယ်ချနဲ့ အချိန်လေးငါးလတော့ ကုန်သွားပြန်ရောဆိုပါတော့။

နောက်ဆုံးတော့ အမှုဟာ တိုင်းတရားရုံးကို ပြန်ရောက်လာပြီး ကျနော်တို့အဖွဲ့ရဲ့ အရောင်းအဝယ် သဘောတူညီချက်ကို ပြန်လည် အတည်ပြုပေးလိုက်ပါတော့တယ်။ ။

(အဆိုပါ စီရင်ချက်မှုရင်း၏ မိတ္တူမှာ အောက်ပါအတိုင်းဖြစ်ပါသည်။)

ဒေါ်ကြည်ကြည်
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးမင်းဟန်)

(၁) ဦးကိုကိုကြီး(ခ)ဦးဟယ်ရီဝိန်
(ကိုယ်တိုင်)နှင့် ကွယ်လွန်သူ ဦး
ကျိမ်းဝိန်၏တရားဝင်ကိုယ်စားလှယ်)
(၂) ဒေါ်ဒေစီဝိန်
(၃) မစ္စစ်အဲမာအင်ဒရူး
(၄) ဒေါ်မြင့်မြင့်ရီ
(၅) ဒေါ်အင်မာ(ခ)ဒေါ်မြမြသန်း
(၆) ဒေါ်ဆွေဆွေမြင့်
(၇) ဦးမင်းဆွေ (ကိုယ်တိုင်နှင့် ၅/၆
တို့၏အခွင့်ရကိုယ်စားလှယ်၊
(ကွယ်လွန်သူ ဒေါ်သန်းမေ၏
တရားဝင်ကိုယ်စားလှယ်များ)
(တရားပြိုင်)

(တရားလို)

တရားလိုအတွက်　　တရားရုံးချုပ်ရှေ့နေ ဦးအောင်သိန်း
တရားပြိုင်အတွက်(၁/၂/၃/၄)　　တရားရုံးချုပ်ရှေ့နေ ဦးရဲထွန်း
(၅/၆/၇)　　တရားရုံးချုပ်ရှေ့နေ ဦးစံလှ

အမိန့်

၂၀၀၂ ခုနှစ်၊ဖေဖော်ဝါရီလ(၂၅) ရက်

ယခင် ရန်ကုန်မြို့တရားမရုံး၊ တရားမကြီးမှုအမှတ်- ၅၄၅/၉၂ တွင် မြန်မာ ဗုဒ္ဓဘာသာဝင် အမျိုးသမီးဖြစ်သူ ဒေါ်ကြည်ကြည်က ကွယ်လွန်သူခရစ်ယာန် ဘာသာဝင် မြန်မာအမျိုးသား ဦးထင်ဝိန်၏ တရားဝင်ဇနီးတဦးအဖြစ်၊ ကွယ်လွန်သူ ဦးထင်ဝိန်ကျန်ရစ် သော အမွေပုံ ပစ္စည်းများတွင် ဦးထင်ဝိန်၏ ပထမဇနီး မြန်မာခရစ်ယာန် အမျိုးသမီး မစ္စစ် မေရီဝိန်နှင့် ထက်ဝက်ခံစားထိုက်ကြောင်း၊ အမွေပုံ ပစ္စည်းစီမံခန့်ခွဲပေးရန် မစ္စစ် မေရီဝိန်အပြင် ဦးထင်ဝိန်နှင့် မစ္စစ် မေရီဝိန်တို့၏ သားသမီးများ အပါအဝင်(၉) ဦးတို့အပေါ် တရားစွဲဆိုရာ တရား... ...ကြည်ကြည်သည် ဦးထင်ဝိန်နှင့် ယခင် အိမ်ထောင် မစ္စစ်မေရီဝိန်တို့၏ လက်ထက်ပွားပစ္စည်းတွင် သုံးပုံတပုံနှင့် ၎င်းနှင့်ဦးထင်းဝိန်တို့ လက်ထက်ပွား ပစ္စည်းတွင် ထက်ဝက်ရထိုက်ကြောင်း (၃၀၊၁၁၊၆၇) ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီချမှတ်ခဲ့သည်။

ယင်းစီရင်ချက်နှင့်ဒီကရီအပေါ် မစ္စစ်မေရီဝိန်တို့က မကြေနပ်၍ဒေါ်ကြည်ကြည် အပေါ် ယခင် နိုင်ငံတော်တရားရုံးချုပ် တရားမပထမအယူခံမှုအမှတ်- ၁၀၄/၆၇ တွင် အယူ ခံတင်ရာ တရားရုံးချုပ်က မူလရုံးစီရင်ချက်နှင့် အမိန့်ဒီကရီကို ပယ်ဖျက်ပြီး တရားလို ဒေါ်ကြည်ကြည်၏ဝေစု ငါးပုံနှစ်ပုံ ဖြစ်ကြောင်း ဆုံးဖြတ်၍ ပဏာမဒီကရီပြင်ဆင်ချမှတ်သည်။

ယင်းစီရင်ချက်အပေါ် ဒေါ်ကြည်ကြည်နှင့် မစ္စစ်မေရီဝိန်တို့က မကျေနပ်၍ နိုင်ငံတော်တရားရုံးချုပ် တရားမ အထူးအယူခံမှုအမှတ် -၇/၇၀ နှင့် ၈/၇၀ တို့တွင် အပြန်အလှန် အယူခံခဲ့ကြရာ တရားရုံးချုပ်တရားသူကြီး (၃)ဦး ပါဝင်သော စုံညီခုံရုံးက မစ္စစ်မေရီဝိန်၏ အယူခံကိုပယ်၍ ဒေါ်ကြည်ကြည်၏ အယူခံကို ခွင့်ပြုလျက် တရားရုံး၏ စီရင်ချက်နှင့် ဒီဂရီကို ပယ်ဖျက်ပြီး မူလရန်ကုန်မြို့တော်တရားမရုံး တရားသူကြီးချုပ်၏ စီရင်ချက်နှင့် ဒီဂရီကို ပြန်လည် အတည်ပြုကြောင်း (၂၄-၅-၇၁)တွင် အမိန့်ချမှတ်ခဲ့သည်။

ထိုသို့ချမှတ်ခဲ့သော ပဏာမဒီဂရီကို အပြီးသတ် ဒီကရီချမှတ်နိုင်ရန်အတွက် ကော်မရှင်နာ ခန့်အပ်စာရင်း ကောက်ယူခြင်း၊ ပစ္စည်းထိန်းခန့်အပ်ဆောင်ရွက်ခြင်းဖြင့် ဆောင်ရွက်ခဲ့ရာ တရားစီရင်ရေး စနစ်များ၊ ခေတ်များပြောင်းလဲခဲ့သည့်အတွက် ယခင်ရန်ကုန်တိုင်း တရားရုံး၊ တရားမကြီးမှုအမှတ်-၄၃/၇၃ နှင့် တဖန် တရားမကြီးမှုအမှတ်- ၅၆/၇၆အဖြစ် ပြောင်းလဲခဲ့ပြီး ယခုလက်ရှိ ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်- ၃၂၆/၇၇) ဖြစ်လာသောအမှုဖြစ်သည်။ အမွေဆိုင် ပစ္စည်းအချို့ကို ရောင်းချပြီးလည်း ဖြစ်သည်။

အမွေပုံပစ္စည်းရောင်းချခြင်းကိစ္စနှင့် ပစ္စည်းထိန်းခန့်ထားခြင်း ကိစ္စများနှင့် စပ်လျဉ်း ပြီးယခင် ဗဟိုတရားရုံးပြင်ဆင်မှုအမှတ်-၁၂၃/၈၅ နှင့် ၁၂၄/၈၅ တို့တွင်လည်းကောင်း၊ ဗဟိုတရားရုံး တရားမ ပြင်ဆင်မှုအမှတ်-၂၂၄/၈၇ နှင့် ၂၂၅/၈၇ တို့တွင်လည်း တက်ရောက်ခဲ့ကြသည်။ အမွေဆိုင်ပစ္စည်း တခုဖြစ်သော ဗဟန်းမြို့နယ် ၊သာသနာရိပ်သာလမ်း၊ အမှတ် - ၃၅ဟု ခေါ်တွင်သော မြန်မာ့ရုပ်ရှင် လုပ်ငန်း(မော်ကွန်းရုပ်ရှင်)လက်ရှိမြေနှင့် အဆောက်အဦအား တန်ဖိုး ကျပ်သိန်းလေးဆယ်သတ်မှတ်၍ ဒေါ်ကြည်ကြည်အား အမ်းယူခွင့်ပြုကြောင်း၊ တိုင်းတရားရုံးက (၁၅-၅-၉၁ )နေ့စွဲပါ နေ့စဉ်မှတ်တမ်း အမိန့်ချမှတ်သဖြင့် ယင်း အမိန့်အပေါ် ဦးဂျိမ်းစ်ဝိန်တို့က မကျေနပ်၍ တရားရုံးချုပ် တရား ပြင်ဆင်မှု အမှတ်-၃၅၆/ ၉၁ တွင်တင်သွင်းသည်။ တရားရုံးချုပ်က မူလတိုင်းတရားရုံး အမိန့်ကို ပယ်ဖျက်၍ ယင်းမြေ နှင့် အဆောက်အဦကို ပြည်သူပိုင်သိမ်းဆည်းခြင်း ရှိမရှိစုံစမ်းပြီးမှ နည်းလမ်းတကျရောင်းချရန်ညွှန်ကြားသည့် အမိန့်ချမှတ်ပေးခဲ့ကြောင်းလည်း တွေ့ရှိရသည်။ ထို့ပြင် ယင်းပြဿနာများကို၊ တရားရုံးချုပ်၊ တရားမ ပြင်ဆင်မှုအမှတ်- ၂၂၅/၉၂ နှင့် ၂၂၆/၉၂ တို့တွင်လည်းကောင်း၊ တရားလို ဒေါ်ကြည်ကြည်တင်သွင်းသော တရားမ အထူးအယူခံခွင့်လျှောက်ထားမှု အမှတ် ၄၆/၉၃ တွင်လည်းကောင်း၊ တရားမ ပြင်ဆင်မှုအမှတ်-၁၄၁/၉၄ တွင်လည်းကောင်း၊ တရားရုံးချုပ်အမိန့်များကို အတည်ပြုဆုံးဖြတ်ပေးခဲ့ပြီးဖြစ်ကြောင်းလည်း တွေ့ရှိရသည်။

အမှုကို ဆက်လက်ဆောင်ရွက်ခဲ့ရာ အမွေဆိုင်တဦးဖြစ်သူ(၅) တရားပြိုင် ဒေါ်သန်းမေ(၂၄-၅-၉၉) နေ့၌ ကွယ်လွန်သွားရာ ၄င်း၏သားရင်းသမီးရင်းများဖြစ်ကြသောဒေါ်ခင်မာ (၁)ဒေါ်မြမြသန်း၊ ဒေါ်ဆွေဆွေမြင့်နှင့် ဦးမင်းဆွေ တို့သုံးဦးအား တရားမကျင့်ထုံးဥပဒေ အမိန့်- ၂၂၊ နည်းဥပဒေ-၄(၁) အရတရားဝင် ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းရန် (၁၇- ၃-၂၀၀၀ )ရက်စွဲပါ အမိန့်ချမှတ်ပေးခဲ့ပြီး အမှုကို ဆက်လက်ဆောင်ရွက်ရာ အမွေပုံပစ္စည်းများအနက် တခုဖြစ်သော ဗဟန်းမြို့နယ်၊ သာသနာရိပ်သာလမ်း၊ အမှတ်-၃၅(အေ)ဟု ခေါ်တွင်သောမြေဥပစာကို ပစ္စည်းထိန်းထံမှာ တရားရုံး အမိန့်အရ ရောင်းချရန်ဆက်လက် ဆောင်ရွက်ခဲ့သည်။

ဤအမှုတွင် အဓိကဆောင်ရွက်ရန် ကျန်သည့်ကိစ္စမှာ အမွေဆိုင်များအကြားဒီကရီ အရ အမွေဝေစုအချိုးကျအတိုင်း ခွဲဝေခံစားကြရန်အတွက် အောက်ဖော်ပြပါ ရောင်းချခွဲဝေ ရန်ကျန်နေသော အမွေပစ္စည်း (၂) ရပ်ကို ရောင်းချထုခွဲပြီး ခွဲဝေခံစားကြစေရန် အဓိကဖြစ်သည်။

(က)၊ အမှတ်-၃၅ (အေ)၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်ဟုခေါ်သော အဆောက်အဦ နှင့် ယင်းအဆောက်အဦ တည်ရှိရာမြေကွက်။ (မြေပေါ်တွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း(မော်ကွန်းရုပ်ရှင်ရုံ တည်ရှိနေသည်။)

(ခ)၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ စမ်းကြီးရပ်ရှိခြံမြေ။

၄င်းပစ္စည်း (၂)ရပ်တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ စမ်းကြီးရပ်ရှိခြံမြေမှာ အကြိမ်ကြိမ် လေလံတင် ရောင်းချခဲ့သော်လည်း ဝယ်သူမရှိ၍ အောင်မြင်ခြင်းမရှိခဲ့ပေ။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်-၃၅ (အေ)ဟု ခေါ်သော မြေနှင့်အဆောက်အဦ ထုခွဲရောင်းချရေးကို ဆောင်ရွက်ခဲ့ရာ (၇-၇-၂၀၀၀)နေ့ရုံးချိန်း၌ တရားလို ဒေါ်ကြည်ကြည် ကိုယ်တိုင် ရုံးရှေ့လာရောက်ပြီး အချင်းဖြစ်မြေနှင့် အဆောက်အဦကို ဦးသက်ခိုင်၊ ဦးလှမောင်ရွှေနှင့် ဦးကြီးစိန်ဆိုသူတို့ သုံးဦးအား တန်ဖိုးကျပ်သိန်း (၃၆၀)ဖြင့် ရောင်းချရန်ပစ္စည်းထိန်းမှ တဆင့်တင်ပြလာခြင်းကို လက်ခံ သဘောတူကြောင်း စာဖြင့် တင်ပြခဲ့သည်။ အလားတူ တရားပြိုင် (၁) မှ (၄)တို့၏ အခွင့်ရကိုယ်စားလှယ်ကလည်း လက်ခံသဘောတူကြောင်း၊ စာဖြင့် တင်ပြသည်။ ကွယ်လွန်သူ အမွေဆိုင်တရားပြိုင် ဦးချာလီဝိန်၏ ဇနီးဒေါ်သန်းမေ (ကွယ်လွန်)၏ တရားဝင်ကိုယ်စားလှယ်ဦးမင်းဆွေ (၅/၆/၇) တရားပြိုင်တို့ကလည်း အလားတူ သဘောတူကြောင်း တင်ပြသည်။ ယင်းသို့ အချင်းဖြစ်မြေနှင့် အဆောက်အဦကို ဦးသက်ခိုင်ပါ (၃)ဦးအား ရောင်းချရန် အမွေဆိုင် နှစ်ဖက် အမှုသည်အားလုံး သဘောတူတင်ပြချက်ကို (၁၀-၇-၂၀၀၀)နေ့ရုံးချိန်းရက်၌ နှစ်ဖက်အမှုသည်များနှင့် ရှေ့နေများအား ရှင်းလင်းပြောကြားရာ အထူးတင်ပြရန်မရှိကြောင်း သဘောတူကြောင်း ထပ်မံတင်ပြကြသည်။

ထိုသို့နှစ်ဖက်အမွေဆိုင်အမှုသည်အားလုံး သဘောတူတင်ပြချက်အရ အချင်းဖြစ် မြေနှင့် အဆောက်အဦကို ဦးသက်ခိုင်ပါ (၃)ဦးတို့အားတန်ဖိုးကျပ်သိန်း(၃၆၀)ဖြင့် ရောင်းချရန်ကိစ္စကို ဆုံးဖြတ်ပေးရန် စိစစ်ရာ အချင်းဖြစ်ခြံမြေနှင့် အဆောက်အဦကို အိုးအိမ်ဦးစီးဌာနမှ နိုင်ငံပိုင်သိမ်းယူမည့် အခြေအနေနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း (မော်ကွန်းရုပ်ရှင်)သို့ အငှားချထားခြင်းကိစ္စတို့ကို တရားရုံးချုပ်၏ တရားမပြင်ဆင်မှုအမှတ်- ၃၅၆/၉၁(တရားမ အထူးအယူခံမှု အမှတ် -၄၆/၉၃ ဖြင့် အတည်ပြု ထားသောအမိန့်) အမိန့်ပါ နိုင်ငံပိုင်သိမ်းဆည်းခြင်းရှိမရှိ တရားရုံးမှ စုံစမ်းစစ်ဆေးပြီး နည်းလမ်းတကျ ရောင်းချရန် ညွှန်ကြားချက်နှင့် အညီစုံစမ်းမှုပြုလုပ်တင်ပြစေခဲ့သည်။ (၂၇-၇-၂၀၀၀) ရုံးချိန်းရက်၌ ပစ္စည်းထိန်းက မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အချင်းဖြစ်မြေနှင့်အဆောက်အဦကို ယာယီ သိမ်းစာရင်းမှ ပယ်ဖျက်ပြီးကြောင်း ပိုင်ရှင်သို့ပြန်ပေးသည့်နေ့မှ စ၍ ဌားရမ်းခကို ရပ်စဲလိုက်ကြောင်း ဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (အိမ်ယာအုပ်ချုပ်ရေးဌာန)၏ (၁၆-၆-၉၉)ရက်စွဲပါ စာအမှတ် - အခယ/ရန်ကုန်ယာယီသိမ်း/၉၉ (၈၄၄) စာပူးတွဲတင်ပြလာသည်။

ဤတွင်အချင်းဖြစ်ခြံမြေနှင့်အဆောက်အဦထုခွဲရောင်းချရေးအတွက်(၁၃-၉-၂၀၀၀)နေ့ရုံးချိန်း ရက်တွင် တရားရုံးမှ တရားခွင်ရှေ့တွင် နှစ်ဖက်အမှုသည် ရှေ့နေအားလုံးကို ရှင်းလင်းပြောကြားပြီး တရားရုံးရှေ့တင်ပြလိုသည်ကို နောက်ဆုံးတင်ပြရန် (၂-၁၀-၂၀၀၀)နေ့သို့ ရုံးချိန်းပေး၍ခွင့်ပြုခဲ့သည်။ ထိုနေ့(၁၃-၉-၂၀၀)နေ့တွင်လည်းကောင်း၊ ရွှေ့ချိန်းသော (၂-၁၀-၂၀၀၀)နေ့တွင်လည်းကောင်း တရားလို ဒေါ်ကြည်ကြည်နှင့်တရားပြိုင် အမွေဆိုင် အမှုသည်အားလုံးက ၄င်းတို့ (၇-၇-၂၀၀၀) နှင့် (၁၃-၇-၂၀၀)နေ့များတွင် သဘောတူ တင်ပြခဲ့ကြပြီးဖြစ်သည့်အတိုင်း ဦးသက်ခိုင်ပါ (၃)ဦးတို့အား တန်ဖိုးကျပ်သိန်း(၃၆၀)ဖြင့် ရောင်းချရန် သဘောတူကြောင်းနှင့် ကြားတွင် တင်ပြခဲ့သော အခြား လျှောက်လွှာအားလုံးကို ရုပ်သိမ်းပါကြောင်းဖြင့် တရားလိုဒေါ်ကြည်ကြည်က ထပ်မံအတည်ပြု တင်ပြ သည်။

ထို့ကြောင့် နှစ်ဖက်အမွေဆိုင်အမှုသည်အားလုံး တညီတညွတ်တည်း သဘောတူ တင်ပြခဲ့ကြသည့်အတိုင်း (၄-၁၀-၂၀၀၀)နေ့တွင် တရားရုံးက -

'ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်-၃၅ (ဓ) မြေနှင့် အဆောက်အဦကို တန်ဖိုးကျပ် သိန်း (၃၆၀) ဖြင့် ဦးသက်ခိုင် ဦးလှမောင်ရွှေနှင့် ဦးကြီးစိန်တို့ သုံးဦး အားရောင်းချရန် ပစ္စည်းထိန်းအရာရှိက တရားရုံး ကိုယ်စားမြေပေါ်တွင် လက်ရှိဌားရမ်းအသုံးပြုလျက်ရှိသူ မြန်မာ့ ရုပ်ရှင်လုပ်ငန်း(မော်ကွန်းရုပ်ရှင်)နှင့် ညှိနှိုင်းပြီး၊ ညှိနှိုင်း ကွင်းဆင်း သဘောတူညီမှုအတိုင်း ရောင်းချခွင့်ပြုကြောင်း' ရောင်းချသည့်အမိန့်(Sale Order)ကို တိတိကျကျချမှတ်ပေးခဲ့သည်။

ထိုသို့ အမိန့်ချပြီးနောက် မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် ညှိနှိုင်းမှုအခြေအနေကို တင်ပြရန် ပစ္စည်းထိန်းအားညွှန်ကြားပြီး အမှုကိုရွှေ့ချိန်းခဲ့ရာ ကြားရုံးချိန်းရက်များ၌ တရားလိုဒေါ်ကြည်ကြည်က ထိုသို့ ပစ္စည်းရောင်းချခြင်းအားကန့်ကွက်တင်ပြသည့်စာများ အမျိုးမျိုး၊ အကြိမ်ကြိမ်တင်ပြလာသဖြင့် တရားရုံးက (၁၇-၁-၂၀၀၂)နေ့ရုံးချိန်းတွင်လည်းကောင်း၊ (၂၁-၅-၂၀၀၁)နေ့ရုံးချိန်းတွင် လည်းကောင်း၊ (၁၀-၉-၂၀၀၁)နေ့ရုံးချိန်းတွင်လည်းကောင်း၊ တရားရုံးက ပစ္စည်းရောင်းချရန် အပြီးအပြတ် ချမှတ်ထားပြီးသော (၄-၁၀-၂၀၀၀)နေ့စွဲပါ အမိန့်မှာ အတည်ဖြစ်လျက်ရှိရာ ယင်းအမိန့်ကို ဆန့်ကျင်ရာ ရောက်သော တင်ပြချက်များကို တရားရုံးမှ လက်ခံ၍မရကြောင်း၊ မိမိတည်ဆဲအမိန့်ကို ဆန့်ကျင်ပြီး လက်ခံဆုံးဖြတ်ပေးခွင့်လည်း မရှိတော့ကြောင်း၊ ယင်းအမိန့်တည်နေသမျှ အမိန့်အတိုင်း အကောင်အထည်ဖော်ရန်သာ ရှိတော့ကြောင်း နှစ်ဖက်အမွေဆိုင်အားလုံးနှင့်ရှေ့နေအားလုံးသို့ ရှင်းလင်းညွှန်ကြားခဲ့ပြီးဖြစ်သည်။ ဤတွင်တရားလိုဒေါ်ကြည်ကြည်က တရားရုံးမှချမှတ်ထားသော (၄-၁၀-၂၀၀၀)အမိန့်အပေါ် အယူခံခြင်းမပြုပဲ ယင်းရောင်းချရန်အမိန့်ကို တရားမ ကျင့်ထုံးဥပဒေအမိန့်-၄၇၊ နည်းဥပဒေ-၁ အရပြန်လည်သုံးသပ်ပေးရန် လျှောက်ထားလာပြန်သည်။ ဤရုံးမှ တရားမ အထွေထွေမှုအမှတ် - ၂၀/၂၀၀၁ ဖြင့် နှစ်ဖက်ကြားနာပြီး လျှောက်ထားသူ ဒေါ်ကြည်ကြည်ကိုယ်တိုင်အပါအဝင် နှစ်ဖက်အမွေဆိုင် အမှုသည်အားလုံး တသဘောတည်း သဘောတူတင်ပြကြသည့်အတိုင်း တရားရုံးက ရောင်းချရန်ချမှတ်ထားသော အမိန့်ဖြစ်ခြင်းကြောင့် ပြန်လည်သုံးသပ်ရန် အကြောင်းမပေါ်ပေါက်သဖြင့် ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားမှုကို(၂-၅-၂၀၀၁) ရက်စွဲပါ အမိန့်ဖြင့် ပလပ်ခဲ့သည်။ ယင်းအမိန့်ကို ဒေါ်ကြည်ကြည်က မကျေနပ်သဖြင့် တရားရုံးချုပ် တရားမပြင်ဆင်မှုအမှတ်(၉၄/၂၀၀၁)တွင် ပြင်ဆင်ရန်လျှောက်ထားရာ တရားရုံးချုပ်၏ (၁၃-၈-၂၀၀၁)ရက်စွဲပါ အမိန့်အရပလပ်ခံခဲ့ရပြီးလည်း ဖြစ်သည်။

ထို့နောက် (၂၁--၂၀၀၁) ရုံးချိန်းရက်၌ တရားရုံးအမိန့်အရ ပစ္စည်းဝယ်ခွင့်ရသူ ဦးသက်ခိုင်ပါ (၃)ဦးတို့၏ ၎င်းတို့အား(၄-၁၀-၂၀၀၀)အမိန့်နှင့်အညီ အရောင်းတန်ဖိုး ငွေပေးသွင်း၍ အရောင်းသက်သေခံလက်မှတ်ထုတ်ပေးပါရန်၊ ၎င်းတို့(၃)ဦးအချင်းချင်း မြေအရောင်းအဝယ်လုပ်ငန်း သဘောတူစာချုပ်တစ်စောင်ပူးတွဲတင်ပြချက်ကို ပစ္စည်းထိန်းမှ အစီရင်ခံတင်ပြလာသည်။ ယင်းအပေါ် (၂၅-၁-၂၀၀၂) ရုံးချိန်းရက်၌ တရားလို ဒေါ်ကြည်ကြည်မှ ကန့်ကွက်စာတင်ပြပြီး တဆက်တည်း ၎င်းအား အမွေဆိုင်တဦးအနေဖြင့် အချင်းဖြစ်မြေနှင့် အဆောက်အဦကို တန်ဖိုးကျပ်သိန်း (၃၆၀)ဖြင့် ဦးစားပေး ဝယ်ယူခွင့်ပြုရန်လည်းတပါတည်း လျှောက်ထားတင်ပြလာသည်။ ယင်းအပေါ် တရားပြိုင်တို့မှ ကန့်ကွက်တင်ပြသဖြင့် အဆုံးအဖြတ်အမိန့်ချမှတ်ပေးရန် လိုအပ်လာပြန်သည်။ ဦးစွာဝယ်ယူခွင့်ပြုရန် ဒေါ်ကြည်ကြည်၏ရှေ့နေက ဦးမြတ်ကျော်နှင့် ဦးသိန်းမောင်ပါ- ၅[၁၉၈၄ခုနှစ်၊ မတစ၊ စာ-၃၀၂(၃၀၃)] အမှုစီရင်ထုံးကို ကိုးကား၍တင်ပြသည်။

ဤမှုနှစ်ပေါင်း (၄၀)ကျော်ခန့်အကြောင်းကြောင်းကြောင့် ကြန့်ကြာခဲ့ရပြီးသော အမွေမှုတွင် နောက်ဆုံး ရောင်းချရန်ကျန်သည့်အမွေပုံပစ္စည်းကို ဥပဒေလုပ်ထုံးနှင့်အညီ အမြန်ထုခွဲရောင်းချပြီး အမွေဆိုင်နှစ်ဖက်အမှုသည်များ ဒီကရီအချိုးဝေစုအတိုင်း မြန်မြန်ခွဲ ဝေခံစားခွင့်ရကြစေရန်နှင့် အမှုပြီးပြတ်စေခြင်းငှာ၊ တရားရုံးက ဥပဒေဘောင်အတွင်းမှအား ထုတ်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ အထက်တွင် အသေးစိတ်လေ့လာဖော်ပြထားသော အမှု ဖြစ်စဉ်အရ နောက်ဆုံးတရားလို ဒေါ်ကြည်ကြည် အပါအဝင် နှစ်ဖက်အမွေဆိုင်အမှုသည် အားလုံး၏(၇-၇-၂၀၀၀)၊ (၁၀-၇-၂၀၀၀)၊ ၁၃-၉-၂၀၀၀)နှင့် (၂-၁၀-၂၀၀၀)နေ့ ရုံးချိန်းရက်များတွင် အကြိမ်ကြိမ်သဘောတူကြောင်းတင်ပြချက်များအရ တရားရုံးက အချင်းဖြစ် ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်-၃၅(အေ)ဟုခေါ်သော မြေနှင့် အဆောက်အဦကို တန်ဖိုးကျပ်သိန်း(၃၆၀) ဖြင့် ဦးသက်ခိုင်၊ ဦးလှမောင်ရွှေနှင့် ဦးကြီးစိန်တို့(၃)ဦးအား လက်ရှိ ငှားရမ်းအသုံးပြုနေသူ အစိုးရဌာနအဖွဲ့အစည်းဖြစ်သော မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် ရှင်းလင်းညှိနှိုင်းချက်အတိုင်း ရောင်းချရန် (၄-၁၀-၂၀၀၀) နေ့စွဲပါ အမိန့်ချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်းလည်း တွေ့ရပေလိမ့်မည်။

ယင်းအမိန့်အပေါ် ပြန်လည်သုံးသပ်ပေးရန် ဒေါ်ကြည်ကြည်က လျှောက်ထားခဲ့ရာတွင်လည်း တရားရုံးချုပ် တရားမပြင်ဆင်မှုအမှတ်-၉၄/၂၀၀၁ တွင်ချမှတ်သော(၁၃-၈-၂၀၀၁) နေ့စွဲပါ အမိန့်တိုင်အောင် ပလပ်ခံခဲ့ရပြီး ယင်းအမိန့်အရ တိုင်းတရားရုံး၏ ရောင်းချရန်အမိန့်သည် ယနေ့တိုင် နောက်ဆုံးအခြေအနေအထိ အတည်ဖြစ်နေကြောင်း ထင်ရှားနေသည်။ ယင်းအမိန့်ကို ဆန့်ကျင်ရာရောက်သော လျှောက်လွှာများ၊ တင်ပြချက်များဖြစ်လျှင် မည်သည့် အမှုသည်၏ တင်ပြချက်ကိုမျှ လက်ခံခွင့်ပြုရန် မဖြစ်နိုင်၊ တရားရုံး အနေဖြင့် လက်ခံခွင့်ပြု၍လည်း မရတော့ကြောင်း အကြိမ်ကြိမ်ညွှန်ပြခဲ့ရပြီးလည်း ဖြစ်သည်။ ထို့ကြောင့် တရားရုံးအနေဖြင့် အချင်းဖြစ် မြေနှင့်အဆောက်အဦကို ရောင်းချရန် အပြီးအပြတ် ချမှတ်ပြီးဖြစ်သော (၄-၁၀-၂၀၀၁)ရက်စွဲပါ အမိန့်တည်ဆဲဖြစ်သည့်အတိုင်း ယင်းအမိန့်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်မှတပါး အခြားမရှိချေ။

ဦးစွာဝယ်ယူပိုင်ခွင့်(Pre-emption) အခွင့်အရေးဆိုသည်မှာ မိဘဘိုးဘွားတို့ထံမှဆင်းသက်လာသော အမွေပုံ ပစ္စည်းကို အမွေဆိုင်တဦးက သူတစိမ်းထက် တန်ဖိုးချင်းတူလျှင် ဦးစွာဝယ်ယူပိုင်ခွင့်ရှိကြောင်း၊ သူတစိမ်းသို့ရောင်းချပြီး ဖြစ်လျှင်လည်း ၎င်း၏ဝေစုကို ပြန်လည်ရောင်းချပေးရန် ဝယ်ယူသူအားတောင်းဆိုနိုင်ကြောင်း ပြဆိုထားသည့် အခွင့်အရေးဖြစ်ကြောင်း အငြင်းပွားစရာ မရှိချေ။ ဦးမြတ်ကျော်နှင့် ဦးသိန်းမောင်ပါ- ၅[၁၉၈၄ခုနှစ်၊ မတစ၊ စာ-၃၀၂(၃၀၃)] စီရင်ထုံးတွင်လည်း ယင်းအချက်ကိုပင် ထုံးဖွဲ့ထားခြင်း ဖြစ်သည်၊ ထိုသို့ဦးစွာဝယ်ယူပိုင်ခွင့် အခွင့်အရေးကို အမွေပုံ ပစ္စည်းအား တရားရုံးမှရောင်း ချဆောင်ရွက်ရာတွင် ဦးစွာတောင်းခံရန် လိုအပ်သည်။ ယခုအမှုတွင် တရားလို ဒေါ်ကြည်ကြည်က အချင်းဖြစ်မြေနှင့်အဆောက်အဦရောင်းချရန်တရားရုံးမှ ရှင်းလင်းဆောင်ရွက်စဉ် တလျှောက်လုံး၌ လည်းကောင်း၊ ဦးသက်ခိုင်ပါ (၃)ဦးအားတန်ဖိုးကျပ်သိန်း(၃၆၀)ဖြင့် ရောင်းချရန် တရားရုံးမှ အကြိမ်ကြိမ် ချပြခဲ့ရာတွင်လည်းကောင်း အကြိမ်ကြိမ်အခွင့်အရေး ရခဲ့ပါလျက် ဦးစွာဝယ်ယူခွင့်တောင်းခံလာခြင်း အလျဉ်းမရှိပဲ သဘောတူကြောင်း အကြိမ်ကြိမ်တင်ပြခဲ့သူဖြစ်သည်။ (၁၃-၉-၂၀၀၁)နေ့ ရုံးချိန်းရက်၌ တရားရုံးရှေ့တင်ပြခဲ့စဉ် တရားလိုဒေါ်ကြည်ကြည်က ထိုသို့ရောင်းချရန် သဘောတူကြောင်းအပြင် အခြားတင်ပြခဲ့သည့် ဆန့်ကျင် လျှောက်လွှာများအားလုံးကို ပြန်လည်ရုပ်သိမ်းကြောင်းပင် တင်ပြခဲ့သူဖြစ်သည်။

ထို့သို့ တရားရုံးရှေ့ အတိအလင်းတင်ပြခဲ့၍ တရားရုံးမှ(၄-၁၀-၂၀၀၀)နေ့တွင် ဦးသက်ခိုင်ပါ (၃)ဦးအား ရောင်းချရန် အမိန့်(Sale Order)ချမှတ်ပေးခဲ့ပြီး တရားရုံးချုပ်တိုင်အောင် အတည်ဖြစ်ပြီး

ဖြစ်ရာ ယခုကျမှ မိမိအား ဦးစားပေး ဝယ်ယူခွင့်ပြုရန်တင်ပြလာခြင်းမှာ လက်ခံခွင့်ပြုရန် မဖြစ်နိုင်တော့ချေ။

အထက်တွင်အကျယ်တဝင့် လေ့လာစိစစ်သုံးသပ်ပြီးဖြစ်သည့်အတိုင်းတရားရုံးက ချမှတ်ထား၍ တရားဥပဒေအရ အတည်ဖြစ်နေသော (၄-၁၀-၂၀၀၀)ရက်စွဲပါ 'ရောင်းချရန် အမိန့်'(Sale Order) အတိုင်းတရားရုံးမှ ဆက်လက် ဆောင်ရွက်ရန်သာရှိသည်။ ထိုသို့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဆိုပါ အတည်ဖြစ်နေသည့် ရောင်းချမိန့် (Sale Order) အရဆိုလျှင် တရားလိုနှင့် တရားပြိုင် အမွေဆိုင်အမှုသည် အားလုံး၏ အချိုးဝေစုအတိုင်း ခွဲဝေခံစားခွင့်မှာ အရောင်းတန်ဖိုးငွေ ကျပ်သိန်း (၃၆၀)ဖြစ်သည်။ တရားရုံးအမိန့်အရ ဝယ်ယူခွင့်ရသူတို့မှ ငွေပေးသွင်းခြင်း၊ ပစ္စည်းလက်ရောက်ရရန် တောင်းဆိုခြင်း၊ ထိုသို့လက်ရောက်ရရန်အတွက် လက်ရှိငှားရမ်းအသုံးပြုသူ အစိုးရဌာနတခုဖြစ်သော မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့မှာ နှစ်ဖက်အမှုသည်အမွေဆိုင်များနှင့် တိုက်ရိုက် မသက်ဆိုင်တော့ချေ။ တနည်းဆိုလျှင် နှစ်ဖက်အမှုသည်တို့၏ရောင်းကြေး ငွေကျပ်သိန်း (၃၆၀)ရပိုင်ခွင့်အပေါ် အကျိုးသက်ရောက်စေရန်လည်း မဟုတ်တော့ပေ။ လက်ရှိငှားရမ်းအသုံးပြုနေသူ မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် ညှိနှိုင်းတိုင်းတာပြီး ဝယ်ခွင့်ရသူ ဦးသက်ခိုင်တို့ အဖွဲ့အား လက်ရောက်ပေးအပ်ရန် မြေအတိုင်းအတာပမာဏနှင့်စပ်လျဉ်း၍ အမွေဆိုင်နှစ်ဖက်အမှုသည်တို့အပေါ် ထိခိုက်နစ်နာစေရန် အကြောင်းမရှိ ဝယ်ခွင့်ရသူများ အပေါ်တွင်သာ အကျိုးသက်ရောက်စရာ ရှိသည့်ကိစ္စဖြစ်ကြောင်း သုံးသပ်မြင်တွေ့ရပေလိမ့်မည်။ ယင်းမြေ အတိုင်းအတာ ဆောင်ရွက်ချက်ကြောင်း အရောင်းတန်ဖိုး ကျပ်သိန်း(၃၆၀)အပေါ် အပြောင်းအလဲဖြစ်စေရန်အကြောင်းမရှိ၊အမွေဆိုင်နှစ်ဖက်အမှုသည်များ ခံစားခွင့်ရမည့် အရောင်းတန်ဖိုးငွေကို ထိခိုက်စရာအကြောင်းလည်း မရှိကြောင်းမြင်သာသည်။

အထက်ပါ အကြောင်းများကြောင့် တရားလိုဒေါ်ကြည်ကြည်၏ ဦးစွာဝယ်ယူခွင့်ပြုရန် လျှောက်လွှာကို ပယ်လိုက်သည်။

တရားရုံးက ချမှတ်ထား၍ တရားဥပဒေအရအတည်ဖြစ်နေသော (၄-၁၀-၂၀၀၀) ရက်စွဲပါ ရောင်းချရန်အမိန့် (Sale Order)နှင့်အညီပစ္စည်းထိန်းက -

(က)၊ တရားရုံးအမိန့်အရ ဝယ်ခွင့်ရသူ ဦးသက်ခိုင်ပါ (၃)ဦးအား ပစ္စည်းထိန်းမှ တဆင့် အရောင်းတန်ဖိုးငွေ ကျပ်သိန်း(၃၆၀)ကို တရားရုံး ဘီးလစ်သို့ နည်းလမ်းတကျ ပေးချေစေရန်။

(ခ)၊ ထိုသို့ ပေးချေပြီးပါက ဝယ်ခွင့်ရသူ ဦးသက်ခိုင်ပါ (၃)ဦးအား တရားရုံးအမိန့်အရ ၄င်းတို့ ဝယ်ခွင့်ရသည့် အချင်းဖြစ်မြေနှင့် အဆောက်အဦကို တရားရုံးမှ အရောင်း လက်မှတ်ထုတ်ပေးခြင်း။ ပစ္စည်းလက်ရောက်ပေးအပ်ခြင်း ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိငှားရမ်းရုံးဖွင့်အသုံးပြုနေသူ မြန်မာရုပ်ရှင်လုပ်ငန်း (မော်ကွန်းရုပ်ရှင်)နှင့် ပစ္စည်းထိန်းမှတဆင့် ညှိနှိုင်းတိုင်းတာ သတ်မှတ်ဆောင်ရွက်စေရန်။

(ဂ)၊ ထိုသို့ ညှိနှိုင်းသတ်မှတ်တိုင်းတာချက် အတိအကျကို တရားရုံးသို့ပစ္စည်းထိန်းမှ တင်ပြရန်။ ညွှန်ကြားသည့်အမိန့် ချမှတ်လိုက်သည်။

အမိန့်အတွက် စားရိတ်သတ်မှတ်ခြင်းမပြု။

× × × × ×

အောင်ငွေ

တိုင်းတရားသူကြီး

ရန်ကုန်တိုင်း တရားရုံး

တရားရုံးအမိန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနဲ့ ပိုင်ဆိုင်မှုကိစ္စတွေ ရှင်းသွားချိန်မှာတော့ အဲဒီမြေကွက်ကို လက်ရှိအသုံးပြုနေတဲ့ မြန်ကြားရေး ဝန်ကြီးဌာနမြန်မာရွှေ့ပြောင်း လုပ်ငန်းရဲ့ အခန်းကဏ္ဍကို ရောက်လာပါရောဗျာ။

ဒီမှာတင် မြန်ကြားရေးဝန်ကြီးဌာနက အရာရောက်တဲ့သူကို ဝင်ပို့ထွက်ဖို့ လမ်းကြောင်း ရှာလိုက်တော့ မြေနီကုန်းမှာ ကားပွဲစားလုပ်နေတဲ့ ဦးခင်မောင်ထွေးဆိုသူနဲ့ ချိတ်မိတယ်ဗျ။ သူ့ မြန်ကြား ရေးဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်ရဲ့ ယောက်ဖပါပဲ။ မြေနီကုန်း ပဒုမ္မာပန်းခြံနောက်က လမ်းတလမ်း မှာနေပါတယ်။

ဦးခင်မောင်ထွေးဟာ ကားပွဲစားပီသပါတယ်။ လုပ်ငန်းကိစ္စလည်း ညှိရော သူ့အတွက် ဘယ်လောက် သူ့အမ ဝန်ကြီးကတော်အတွက် ဘယ်လောက်၊ ဝန်ကြီးအတွက် ဘယ် လောက်ပေးနိုင် သတုန်း စညှိပါတော့တယ်။ ငွေကြေးပမာဏ ညှိတာနှိုင်းတာလည်း အဆင်ပြေရော ကျနော့်ကို မြန်ကြားရေး ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နဲ့ တွေ့ပေးဖို့ သဘောတူလိုက်ပါတယ်။ ငွေထုတ်ပေးမယ့် သူတွေက ဦးကြီးစိန်နဲ့ ကိုလှမောင်ရွှေဆိုတော့ သူတို့ကို မြန်အသိပေး ရတာပေါ့ဗျာ။ ဒီတော့ဝန်ကြီးကို သူတို့လည်း တွေ့ချင်တယ် လုပ်မြန်ပါရော။ ခက်တာက ဝန်ကြီးဟာ ကျနော်အပါအဝင် နောက်ထပ် အဖော်တယောက် စုစုပေါင်း နှစ်ယောက်ပဲတွေ့ခွင့်ပြု မယ် ပြောထားတာကြောင့် နောက်ဆုံးတော့ ကျနော် ချန်နေရစ်ပြီး ဦးကြီးစိန်နဲ့ ဦးလှ မောင်ရွှေတို့ကိုပဲ ဝန်ကြီးနဲ့ တွေ့နိုင်ဖို့ စီစဉ်လိုက်ရပါတော့တယ်။

စီစဉ်တယ်ဆိုတာ ဝန်ကြီးကို ကန်တော့ဖို့ ငွေကိစ္စပြင်ဆင်ရတာပေါ့ဗျာ။ ဦးခင်မောင်ထွေးနဲ့ စည်းဝါး ကိုက်ထားချက်အရ သိန်းခုနှစ်ဆယ်တန် ချက်လက်မှတ်နှစ်စောင်ကို ထုတ်ယူမယ့်သူ နာမည် မရေးပဲ (Blank Check)အဖြစ် ကြိုတင်ရေးယူသွားရပါတယ်။ ဝန်ကြီးနဲ့ ဝန်ကြီးကတော် အတွက်ပေါ့ ဗျာ။ ဦးခင်မောင်ထွေးအတွက် သိန်းသုံးဆယ်ကတော့ ဝန်ကြီးနဲ့တွေ့ ပြီးပြန်ထွက်အလာမှာ ငွေသားနဲ့ ရှင်းဖို့ သဘောတူထားကြပါတယ်။

အင်း၊ ဝန်ကြီးနဲ့ ဝန်ကြီးကတော်ကလည်း လင်မယားဆိုပြီးတအိမ်တည်းသာနေကြတာ စီးပွား ရေးက၊ တစီးပွား စီများလား မဆိုနိုင်ပါဘူးဗျာ။ ဝန်ကြီးအိမ်ကို သွားတဲ့ကိစ္စဟာ ဦးခင်မောင်ထွေးရဲ့ စီမံခန့်ခွဲမှုပိုင်နိုင်မှုကြောင့် ဘာမှ အထစ်အငေါ့မရှိပဲ အဆင်ပြေခဲ့ပါတယ်။ ဝန်ကြီးဟာ တရားရုံးရဲ့ ဆုံးဖြတ်ချက်ကို ဘာမှ ကန့်ကွက်စရာ မရှိပါဘူးတဲ့ဗျာ။ အမှန်တော့ နိုင်ငံတခုမှာ စီရင်ခွင့်အပြည့်အဝ ရှိတဲ့ တရား ရုံးတခုက ဆုံးဖြတ်ပြီးရင် ဝန်ကြီးမကလို့ သမ္မတပဲ ဖြစ်ဖြစ် လိုက်နာရမှာပါဗျာ။ အခုတော့ ကျနော်တို့နိုင်ငံမှာ တရားရုံးအထက်မှာရှိနေတဲ့ ပုဂ္ဂိုလ်တွေက အများသားကလား။ ဝန်ကြီးအဆင့် ပြေလည်တော့ မြန်မာ့ရုပ်ရှင်လုပ်ငန်းဦး ဆောင်ညွှန်ကြားရေးမှူးဆီ ဝင်ဖို့ ထွက်ဖို့ ကိစ္စကို ကျနော်ပဲ တာဝန်ယူ ခဲ့ရပါတယ်။ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူးက ဗိုလ်မှူးကြီး ဘိုကြည်တဲ့ဗျာ။ ဗိုလ်မှူးကြီး ဘိုကြည်ဟာ တကယ်လက်ပေါက်ကတ်တဲ့ လူညစ်ဗျ။

ကျနော့်တယောက်တည်းသဘောနဲ့ လူညစ်လို့ ပြောရတာ မဟုတ်ပါဘူး။ ကျနော်သူနဲ့ ဝင် မတွေ့ခင် သူ့ဌာနမှာ သူ့အကြောင်း ကြိုတင်စုံစမ်းကြည့်တော့ တကယ့်အရာရှိဆိုး အဖြစ်နာမည်ကျော် သလို ကိုယ်တိုင်ကြုံတဲ့အခါမှာလည်း တကယ် ဂဂျီဂကြောင်နိုင်တယ်ဆိုတာ ကိုယ်တွေ့ပဲဗျာ။

ကျနော်ဟာ ဝန်ကြီးအိမ်နဲ့ တိုက်ရိုက်ပတ်သက်လာတာမို့ သိသိသာသာကြီး အာဏာမပြပေ မယ့် ရစ်တာကတော့ ရစ်တာပဲဗျာ။ ကျနော်ကြားထားသလောက် ဗိုလ်မှူးကြီးဘိုကြည် ဟာ သူ့ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်ကို အသေကြောက်ရတယ်ဆိုပဲ။ ဝန်ကြီးက ဟေ့ကောင်၊ ဘိုကြည်လို့ခေါ် လိုက်ရင် ဗျာဆိုပြီး ပျာပျာသလဲနဲ့နေစရာတောင် မရှိဘူးလို့ ဦးခင်မောင်ထွေးက ဆိုသဗျာ။

အေးလေ၊ သူ့ ဝန်ကြီးကို အသေကြောက်ရတော့ သူ့အောက်က ဝန်ထမ်းတွေကိုလည်း သူ့ကို အသေကြောက်အောင် လုပ်ထားတာထင်ပါ့ဗျာ။ အမှန်က ကျနော့်ကို ရစ်တာ သူ့အမှားဗျ။ ကျနော့် စိတ်ထဲမှာ ရှိနေတာက ဒေါ်ကြည်ကြည် အမွေဆိုင်ခြံနဲ့ ပတ်သက်လို့ တောင့်တောင့်တင်းတင်း ငွေရှင်ကြေးရှင်တွေ နောက်မှာ ရှိနေတုန်း ဗိုလ်မှူးကြီးအိုကြည် ရသင့်ရထိုက်တာ ရပါစေတော့လို့ စေတနာထားနေတာကို သူ့ ထပ်ရစ်နေလို့ပေါ့။ ကျနော် ပြောပြမယ်။

ဗိုလ်မှူးကြီးအိုကြည်နဲ့ ကျနော်တွေ့တဲ့အချိန်မှာ မော်ကွန်းရုပ်ရှင်ခြံ၊ ခြံအမှတ် ၃၅ အေ ကို မူလပိုင်ရှင်လက်ထဲကို လွှဲပြောင်းပေးရတော့မှာမို့ ဗိုလ်မှူးကြီးတို့ဖက်က လိုချင်တာကိုသာ ပြောပါ။ မဖြစ်ဖြစ်အောင် ကျနော့်ပါ့တနာတွေနဲ့ညှိပြီး လုပ်ပေးပါမယ်။ ဒီကိစ္စမှာ ကျနော်ဟာ ငွေရှင်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီပွဲကို ကျနော်ဖန်တီးထားတာပါလို့ ပြောတော့ သူ့ ညွှန်ကြားရေးမှူးချုပ် အဆင့်နေနိုင်မယ့် အိမ်တလုံးနဲ့ ဝန်ထမ်းအိမ်ရာ နှစ်လုံးဆောက်ပေးဖို့ ပြောပါတယ်။ ဒီတော့ ကျနော်က ညွှန်ကြားရေးမှူးချုပ်အိမ်ကို ဘယ်မှာဆောက်ချင်ပါသတုန်းမေးတော့ သူ့ မော်ကွန်းရုပ်ရှင်ခြံထဲမှာပဲ ဆောက်ချင်သတဲ့ဗျာ။ အဲဒီတော့ ရှေ့ရေးကို ကြိုတွေးထားတဲ့ ကျနော်က ဗိုလ်မှူးကြီးခင်ဗျာ၊ဝန်ထမ်း အိမ်ရာအတွက် ဘာမှ မပူပင်ပါနဲ့။ ညွှန်ကြားရေးမှူးချုပ်အိမ်ကို ဗိုလ်မှူးကြီးပိုင်တဲ့ မြေကွက်တနေရာမှာ ဆောက်ပေးပါ့မယ်။ အဲဒီအိမ်အတွက် တရားဝင်စာရင်းထဲမှာလည်း မထည့်ပါဘူးဆိုတော့သူ့ မျက် မှောင်ကြီး ကျုံ့လိုက်ပြီး မလိုပါဘူးဗျာ။ ကျနော်တို့ဌာနမှာ ကျနော် ညွှန်ကြားရေးမှူးချုပ် ရာထူးကနေ ထွက်သွားရင်လည်း နောက်တက်လာတဲ့ ညွှန်ချုပ်တွေနေနိုင်အောင် ဌာနဆိုင်ရာ မြေပေါ် မှာပဲဆောက် ဗျာလို့ ဆိုပါတယ်။

သူပြောတာက နားထောင်လို့တော့ ကောင်းပါလေ့ဗျာ။ ဒီခေတ်ကြီးထဲမှာ သူ့အတွက် ဝေစု မပါတဲ့ အလုပ်ကို သူနဲ့ ရေရှည်အဆင်ပြေအောင် ဘယ်လိုလုပ် ရှေ့ဆက်စခန်းသွားမတုန်းလို့ တွေးမိ တဲ့ ကျနော်က သူ့ဝေစုကို မပါပါအောင် ထည့်နေရတာပေါ့ဗျာ။ ဒါနဲ့ကျနော်က လက် မလျှော့သေးပဲ ဒီလိုလုပ်ပါ ဗိုလ်မှူးကြီးဟာ ဗိုလ်မှူးကြီး အိမ်မဆောက်ချင်ရင်လည်း အခု ဗိုလ်မှူးကြီးတောင်းဆိုတဲ့ အချက်တွေအပြင် သီးခြားတိုက်ခန်းတခု ဝယ်ပေးဖို့ ကျနော် တာဝန်ယူပါရစေလို့ ပြောတော့လည်း နေပါစေတဲ့ဗျာ။

အမှန်က သူဟာ ဒီမြေကွက်နဲ့ပတ်သက်ပြီး သူ့အတွက် အလုံဖက်က တိုက်ခန်းတခန်း လိုချင် နေတယ်ဆိုတာ ဦးခင်မောင်ထွေးကြိုပြောပြလို့ ကျနော်သိနှင့်နေပြီးပါပြီ။ ဒါကြောင့်လည်း ကျနော် လုပ်ပေးနိုင်တုန်း အစစအဆင်ပြေအောင် ကျနော်သူ့ကိုတွန်းနေတာပေါ့ဗျာ။

ကျနော့်တွက်ဆချက်ဟာ ကွက်တိမှန်ခဲ့ပါတယ်။ အဲဒီမြေကွက်ကို သေချာပေါက်လက်လွှဲ ပေးရတော့မယ်ဆိုတဲ့ အချိန်မှာ ဗိုလ်မှူးကြီး အိုကြည်ဟာ လွတ်တဲ့ငါးကြီးလေခြင်းဆိုပြီး လုပ်ငန်းနှောင့် နှေးအောင် နည်းမျိုးစုံနဲ့ ရစ်ပါတော့တယ်။ ရစ်ရတဲ့အကြောင်းရင်းကို ရှာလိုက်တော့ သူဟာ တဖြည်း ဖြည်းနဲ့ သူ့ဝေစု မပါတာကို ပြန်ပြီး သတိမူမိသွားလို့သာ ဖြစ်နိုင်ပါတယ်။ ကြည့်လေ။ညွှန်ကြားရေး မှူးချုပ် အမိုးလုပ်ငန်းစတော့မယ့်အချိန်မှာ ခေါင်မိုးကို ဖိုင်ဘာပြားနဲ့မိုးပါ့မယ် ဆိုတာကို လက်မခံပဲ ရိုးရိုးသွပ်နဲ့သာ မိုးပါလို့ ဌတ်လုပ်သဗျာ။ ကျနော်က ဗိုလ်မှူးကြီး ခင်ဗျာ၊ အခုဒိုင်းမျှားတင်ထားတဲ့ ခေါင်ချိုးဟာ ရိုးရိုးသွပ်မိုးဖို့ လုပ်ထားတာမဟုတ်လို့ ဖိုင်ဘာပြားမိုးမှ သင့်တော်ပါမယ်ပြောလည်း မရဘူးဗျ။ ဒါနဲ့ ကျနော်လည်း နားအေးပြီးရောဆိုပြီး ရိုးရိုးသွပ်လည်း မိုးလိုက်ရော အိမ်ကြီးဟာ ဘာရုပ်မှ မပေါက်ပဲ ရုပ်ပျက်သွားပါတော့တယ်။ ပုံပျက်နေတဲ့ အိမ်ကြီးကို မြင်တော့မှ ရှေ့ကိုယ်တော်က ကျနော်ကို အရေးတကြီးလှမ်းခေါ်ပြီး ကိုသက်ခိုင် ခင်ဗျားပြောတဲ့ ဖိုင်ဘာသာမိုးတော့ဗျာတဲ့။ ကြည့်၊ လုပ်ပုံက ကျနော့်မှာ သွပ်ဖိုးတွေ အပိုကုန် အလုပ်သမားခတွေကုန်နဲ့ ငွေကုန်လူပန်း ဖြစ်တာပေါ့ဗျာ။

ဒီလောက်နဲ့တင် မပြီးသေးဘူးဗျ။ ဆေးသုတ်တဲ့ အဆင့်လည်းရောက်ရော သူ့အိမ်ကြီးကို အနီရောင်ရဲရဲ သုတ်ချင်ပြန်သတဲ့။ ကျနော်လည်း ဗိုလ်မှူးကြီးခင်ဗျာ။ အနီရောင်နဲ့ မသင့်တော်ပါဘူး။ တခြားအရောင် ခပ်ဖျော့ဖျော့ တခုကို ရွေးစေချင်ပါတယ်လို့ ဆေးဆိုင်က ကတ်တလောက်ကို ယူသွားပြတော့လည်း အနီမှ အနီပဲတဲ့ဗျာ။ ကျနော့်မိန်းမက တရုတ်မဗျ။ တရုတ်အယူအဆမှာ အနီရောင်က မင်္ဂလာရှိတယ်။ ဒါကြောင့် အနီရောင်ပဲ သုတ်မယ်တဲ့ဗျာ။ ဒါနဲ့ ကျနော်လည်း ငြင်းနေအပိုပဲဆိုပြီး ရဲတောက်နေတဲ့ အနီတကာ့ အနီဆုံး သုတ်ဆေးပုံးတွေမှာပြီး သုတ်ခိုင်းလိုက်တာ တအိမ်လုံး ရဲပဒေါင်းခတ်သွားတော့တာပေါ့။ ဒီတော့ အဲဒီ အိမ်နီကြီးကို လမ်းသွားလမ်းလာတွေလည်း မြင်ရော တိုးတိုးတမျိုး ကျယ်ကျယ်တမျိုး နှာခေါင်းရှုံ့ကြပါလေရောဗျာ။ ဒီအိမ်ကို ကျနော်ဆောက်မှန်းသိတဲ့ ကျနော့်မိတ်ဆွေ တချို့ကတောင် ကျနော့်ဆီကို ဖုန်းလှမ်းဆက်ပြီး ဗျို့အိမ်နီကြီးကို ဆောက်တဲ့အင်ဂျင်နီယာကြီး။ ကျနော်တို့ အဲသလို အိမ်မျိုးဆောက်ချင်လို့ပါခင်ဗျာ ဆိုပြီး လှမ်းလှမ်းနောက်ကြတဲ့ အထိပါပဲဗျာ။

ဒီအသံတွေကို သူလည်း ကြားတယ်ထင်ပါရဲ့။ တပတ်လောက်ကြာတော့ကျနော့်ကို ခေါ်ပြန်ပြီး ကိုသက်ခိုင် ဒီအနီကြီးက သိပ်မကောင်းဘူးထင်တယ်။ အနီနည်းနည်းဖျော့လိုက်ရင် ကောင်းမယ်ထင်တယ်ဗျ လုပ်ပြန်ရော။ ကျနော်လည်း ဘာမှပြောမနေတော့ပဲ နည်းနည်းဖျော့တာ ထပ်သုတ်ပေးလိုက်တော့လည်း အနီက အနီပါပဲဗျာ။ ဘာမှ ထူးမလာပါဘူး။ ဒီလိုနဲ့သူဟာ အနီတမျိုးတည်းကို ဖျော့ခိုင်းလိုက် ရင့်ခိုင်းလိုက်နဲ့ ကျနော့်စိတ်ထင် ငါးကြိမ် လောက်ရှိမယ်ထင်သဗျာ။ နောက်ဆုံးတော့ ဘယ်လိုမှ မတင့်တယ်တဲ့အဆုံးကျမှ၊ ကိုသက်ခိုင် ခင်ဗျားကြိုက်တဲ့အရောင်သာ သုတ်ပေးတော့ဗျာတဲ့။ ကြည့်လုပ်ပုံက အစကတည်းက သင့်တော်ပါတယ်ပြောတာကို နားမထောင်ပဲ သူထင်တိုင်းကြပြီး အဆင်မပြေတော့မှ ကိုသက်ခိုင်ကြိုက်တဲ့အရောင်လုပ်ပါတဲ့။ ပြောတော့သာလွယ်တာ အောက်ခံအရောင် အရင့်ကို အပေါ်က အရောင်နု ထပ်သုတ်ဖို့ဆိုတာ အောက်ခံဆေးတွေဘာတွေ အထပ်ထပ်ပြန်လိုက်ရတာမို့ တော်တော်လက်ဝင် တဲ့ အလုပ်ဗျာ။

နောက်ဆုံးတော့ အဲဒီအိမ်ကို ကျနော့်စိတ်ကြိုက် ပီတောက်ခြောက်ရောင်သုတ်ပေးလိုက်မှ ဘိုကြည်လည်း ပါးစပ် ပိတ်သွားပါတော့တယ်။ ဒီလိုလူမျိုးက အမျိုးသားညီလာခံမှာ ကြိုဆို ညှိခံရေးကော်မီတီဥက္ကဋ္ဌတဲ့ဗျာ။ ဘယ်လို ဦးနှောက်နဲ့ ဒီတာဝန်ကို ထမ်းနေပါလိမ့်လို့ တွေးမိသဗျာ။

ဘိုကြည်ရစ်တာ ဒီလောက်နဲ့တင် ဘယ်ပြီးအုံးမလဲ။ ကျနော်ပြောခဲ့တာ အကင်းပဲ ရှိသေးဗျာ။ သူ့အိမ်ဟောင်းကနေ ကျနော်တို့ဆောက်ပေးတဲ့ အိမ်အသစ်ကိုပြောင်းတော့လည်း ရစ်။ တရားရုံးဆုံးဖြတ်ချက်နဲ့ အဲဒီမြေကွက် ကျနော်တို့ လက်ထဲကို လွှဲပေးရတော့မယ့် အချိန်မှာလည်း ရစ်။ ကျနော်တို့ တရားဝင်ပိုင်ဆိုင်မှုရှိပြီးပြီမို့ ခြစည်းရိုးခတ်တော့လည်း ရစ်။ တကယ့်ကို ဂျပန်မှူလီပါပဲဗျာ။ ခက်တာက သူ့အတွက် ဝေစုမရသေးလို့ ရစ်နေပေမယ့် အချိန်တွေဟာ ကျော်လွန် သွားခဲ့ပါပြီ။ ကျနော့်သဘောနဲ့ကျနော် သူ့အတွက်ဖန်တီးပေးလို့ရတဲ့အချိန် မဟုတ်တော့ပါဘူး။ သူသဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ၊ အဲဒီမြေကွက်ကို ကျနော်တို့လက်ထဲ လွှဲပေးရတော့မှာပါပဲ။ သူမတန်တဆ ရစ်လာရင်လည်း ဝန်ကြီးအိမ်အထိ ပေါက်ရောက်နေတဲ့ ဦးကြီးစိန်တို့ကို သူဘယ်လိုလုပ်ကျော်မလဲဗျာ။ ဒီတော့သူ့ သူ့ဝေစုမရတဲ့အတူတူ ရစ်လို့ရတာ အကုန် ရစ်လျှောက်လုပ်သမျှ ကျနော်တယောက်တည်း ဒိုင်ခံရှင်းခဲ့ရတာပေါ့ဗျာ။ ဘိုကြည်ကျနော့်ကို ဘယ်လောက်ရစ်သလဲဆိုတာ သိချင်ရင် နိုင်ငံကျော် ဂီတပညာရှင်ကြီး ဂီတလုလင်မောင်ကိုကို(ဦးကိုကို)နဲ့ သူ့သား ကိုမြတ်သူကိုသာ၊ လူချင်းတွေ့ရင် မေးသာကြည့်ပေတော့ဗျာ။ သူတို့သိတာပေါ့ဗျ။ သူတို့ သားအဖဟာ ကျနော်တို့ ဝယ်လိုက်တဲ့ မြေကွက်ထဲက အဆောက်အဦဟောင်းတခုမှာ အသံသွင်းစတူဒီယို ဖွင့်ထားတယ်လေ။

အော်၊ ကိုမြတ်သူဆိုတာ ဝင်းဦးရဲ့ မှုန်ချေရည် ရုပ်ရှင်ဇာတ်ကားထဲမှာ ကလေးဇာတ်ဆောင် မောင်မြတ်သူအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တဲ့ သူပေါ့။ အဲဒီ အမွေဆိုင်မြေကွက်ကြီးကို ရန်ကုန် စီးပွားရေးလောကသားတိုင်းလိုလို စိတ်ဝင်စားခဲ့ကြ ပါတယ်။ အမှုပြီးခါနီးမှာ ဗိုလ်ချုပ်ခင်ညွန့်သမက်၊ ကိုတွတ်တောင် မြေတကွက်ဝယ်ချင်တယ်ဆိုပြီး လာကြည့်ဖူးသေးဗျာ။ သူနဲ့အတူ သူ့ဇနီး ဗိုလ်ချုပ် ခင်ညွန့်သမီးပါ လာသဗျ။

မော်ကွန်းရုပ်ရှင်ခြံကိစ္စမှာ ကျနော်မမေ့နိုင်တဲ့အဖြစ်တခုကတော့ နိုင်ငံကျော်စာရေးဆရာကြီး ဆရာသိန်းဖေမြင့် ဇနီး ဒေါ်ခင်ကြည်ကြည် နဲ့ တွေ့ခဲ့ရခြင်းပါပဲ။ ဆရာ့အိမ်ဟာ မော်ကွန်း ရုပ်ရှင်ခြံနဲ့ ကပ်လျက်ပါ။ အဲဒီအချိန်မှာ ဆရာက ကွယ်လွန်သွားခဲ့ပါပြီ။ ဆရာ့ဇနီးဒေါ်ခင်ကြည်ကြည်နဲ့ ကျနော် မျက်မှန်းတန်းမိရာက ခင်မင်သွားပြီး ဆရာဦးသိန်းဖေမြင့်ရဲ့ အိပ်ခန်းစာရေးတဲ့အခန်းတွေကို လိုက်ပြခဲ့ ဘူးပါတယ်။ အန်တီဒေါ်ခင်ကြည်ကြည့်ကို ကျနော် အကောင်းဆုံးကူညီနိုင်ခဲ့တာ တခုကတော့ ကားဝင် လို့မရတဲ့ သူတို့ခြံအဝင်ပေါက်ကို ကားဝင်နိုင်အောင် မော်ကွန်းရုပ်ရှင်ရဲ့ ခြံစည်းရိုးကို ငါးပေနီးပါး နောက်ဆုတ်ပေးခဲ့ခြင်းပါပဲ။ ကျနော်ရဲ့ အခမဲ့ကူညီမှုကြောင့် ပြောမပြတတ်အောင် ကျေးဇူးတင်တဲ့ အကြောင်း အန်တီ ဒေါ်ခင်ကြည်ကြည်က တဖွဖွပြောရှာလေရဲ့ဗျာ။

အော်၊ အဲဒီ ဦးသိန်းဖေမြင့်ရဲ့ ဇနီး ဒေါ်ခင်ကြည်ကြည်ဟာ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲမှာ ပါဝင်ခဲ့တဲ့ အလံနီ ဒေါ်ခင်ကြည်ကြည် ပေါ့ဗျာ။ ကျနော်စိတ်ထဲမှာ ရှိခဲ့တာကတော့ တိုင်းပြည်အကျိုး အတွက် တဖက်တလမ်းက ပါဝင်ခဲ့တဲ့ ဇနီးမောင်နှံကို ကျနော်တတ်နိုင်သလောက်၊ လေးစားကျေးဇူး ဆပ်တဲ့ သဘောပါပဲဗျာ။

အဲဒီ မြေကွက်ကိစ္စတွေနဲ့ အလုပ်ရှုပ်နေတဲ့ကျနော်ဟာ၊ ကျနေ့်လုပ်ဖော်ကိုင်ဖက်ကြီး ဒေါ်စက် ကြည်ဖက်ကို ခြေဦးမလှည့် နိုင်ပြန်ပါဘူး။ ဒေါ်စက်ကြည်မလိမ့်တပတ်လုပ်သွား တဲ့ငွေတွေကိစ္စကိုလည်း အချိန်ရတဲ့အခါ အေးအေးဆေးဆေး ဖြေရှင်းယူမယ်၊ ကျနေ့် လက်ထဲကနေ ဒေါ်စက်ကြည်ပြေး မလွတ်ပါဘူးလို့ စိတ်ဒုံးဒုံးချနေချိန်မှာ အတိတ်ရဲ့ အရိပ်တချွေဟာ ကျနေ့်ကိုသေရွာ၊ ဆွဲခေါ်ဖို့ မျှော်လင့်မထားတဲ့တနေ့မှာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါတော့တယ်။

■

## အခန်း (၉၄)

# သေရွာပြန်သက်ခိုင်

လူတယောက်ဟာ မွေးတဲ့နေ့ရှိရင် သေတဲ့နေ့ရှိရမယ်ဆိုတာ ဆန်းကျယ်လှတဲ့အလုပ်တော့ မဟုတ်ပေဘူးဗျာ။ ဒါပေမဲ့ အကာလမရဏလို့ခေါ် တဲ့ သူတပါးလက်ချက်နဲ့ မတော်တဆမှုနဲ့ သေဆုံးရတာမျိုးကိုတော့ လူတိုင်းလိုလို စိုးရိမ်ကြပါလိမ့်မယ်။ ကျနော့် ဘဝမှာ ကျနော်ကို အခြားသူ တယောက်က မုန်းတီးစိတ်နဲ့ ကြိုတင်သတ်ဖြတ်ခံရလိမ့်မယ်ဆိုတာ အိပ်မက်တောင် မမက်ခဲ့ဘူးပါဘူး။ ဘာကြောင့်လည်းဆိုတော့ ကျနော်လုပ်ကိုင်နေတဲ့ လုပ်ငန်းတွေဟာ အသက်ကိုရင်းပြီး လုပ်ရတဲ့ လုပ်ငန်းတွေမှ မဟုတ်တာကလား။ လောကကြီးမှာ မထင်မှတ်တာတွေဖြစ်လာတတ်တာဟာ ဓမ္မတာ တရားမို့ ကျနော်ဟာ အဲဒီမမျှော်လင့်တဲ့အဖြစ်ကို ၁၉၉၈ ခုနှစ်မှာ ကိုယ်တိုင်ကြုံတွေ့ ခံစားခဲ့ရ ပါတော့တယ်။

မှတ်မှတ်ရရ ပြောရရင် အဲဒီနေ့ဟာ ၁၉၉၈ ခုနှစ်ရဲ့ နေရောင်တောက်ပနေသော နေ့တနေ့ပါပဲ။ ကျနော် အိပ်ယာထပြီး ရုံးမသွားခင်မှာ ဇနီးသည် ပြင်ဆင်ပေးတဲ့ မနက်စာကို ပုံမှန် အတိုင်းစားပြီး အိမ်ရှေ့က ကျနော့်ကားရှိရာကို လှေခါးအတိုင်း ဆင်းလာခဲ့ပါတယ်။ စကားမစပ်ကျနော်ဟာ အညာသား စိတ်မပျောက်ဘူးဗျ။ မနက်ပိုင်းဆို စားတော်ပဲပြုတ်လေးနဲ့ ထမင်းကြော်လေး စားလိုက်ရမှ ပြည့်စုံတယ်လို့ထင်တတ်သူပါ။

အဲဒီနေ့က ကျနော်ဟာ ပုဆိုးနဲ့တိုက်ပုံကို ဝတ်ထားခဲ့ပါတယ်။ ကျနော်နေတဲ့ အခန်းဟာ အေးရိပ်မွန်အိမ်ရာ ပထမထပ်မှာမို့ လှေခါးကအဆင်းတလျှောက်၊ ဂုဏ်တော်ကိုးပါးကို ရွတ်လာခဲ့ပါတယ်။ အဲဒီ ဂုဏ်တော်ကို ရွတ်တာကလည်း ကျနော်ဟာ ဘာသာရေးကို နက်နက်နဲနဲ လေ့လာလိုက်စားခဲ့သူ မဟုတ်လေတော့ ဒီဂုဏ်တော်ရွတ်ရင် အန္တရာယ်ကင်းတယ်၊ ဆိုတာနဲ့ နေ့တိုင်းလိုလို ရွတ်နေမိတာဆိုပါတော့။ ဒီလိုရွတ်လို့လည်း အကျိုးရှိမရှိသာ မသေချာတာ အကျိုးတော့ ယုတ်ဖို့အကြောင်း မရှိပါဘူး။ ဂုဏ်တော်ဆိုတာ ဘုရားရှင်ရဲ့ ဂုဏ်ထူးဝိသေသတွေ မဟုတ်လား။

နောက်တခုက ကျနော်လှေခါးက ဆင်းနေတုန်းမှာ ကျနော့်ကား ရပ်ထားတဲ့နေရာကို လှမ်းကြည့်လိုက်တော့ ကျနော့်ယောက်ဖ အေးဟန်ရယ် ဒရိုင်ဘာ ဝင်းနိုင်ဦးရယ် ကျနော့်ကို ရပ်စောင့်နေ

တာကို တွေ့ရပါတယ်။ ဒါဟာ ခါတိုင်းလိုမြင်ကွင်းပါပဲ။

ထူးခြားတာက သူတို့နဲ့ မလှမ်းမကမ်းမှာ ဒေါ်ကြည်ကြည်ရဲ့ သားအကြီး ဘုန်းမြင့်ဆိုသူ မတ်တတ်ရပ်နေတာပါပဲ။ ဟုတ်ပါတယ်၊ အဲဒီတုန်းက ဒေါ်ကြည်ကြည်အမှုကို လက်ခံထားချိန်မို့ ဒေါ်ကြည်ကြည်နဲ့ ပတ်သက်တဲ့ သားသမီးမြေးမြစ်တွေဟာ ကျနော့်ဆီကို ဈေးဘိုးသဘောမျိုး လာပြီး တောင်းနေတတ်တာ တရက်ခြားနှစ်ရက်ခြားမို့ သိပ်မဆန်းလှပါဘူး။

သူ့နောက်မှာ အရက်သမားလိုညှင်းသိုးသိုးပုံစံနဲ့ အသက်နှစ်ဆယ်ကျော် အရွယ်ချာတိတ် တယောက် ငုတ်တုတ်ထိုင်နေတာကိုလည်း တွေ့ရပြန်ပါတယ်။ ကျနော့်စိတ်ထဲမှာ ဒီချာတိတ်ဟာ ကိုဘုန်းမြင့်နဲ့အဖော်ပါလာတာလို့ စိတ်ထဲမှာ ထင်လိုက်ပါတယ်။ အဲဒီချာတိတ်ကို မြင်လိုက်တော့ အဝတ်အစား ခပ်နွမ်းနွမ်းဖြစ်နေပြီး ညတုန်းက အရက်သောက်တာများထားတဲ့ ပုံစံမို့ ကျနော့်စိတ်ထဲမှာ သနားသလိုလိုဖြစ်သွားပြီး တခုခုအကူအညီတောင်းရင်၊ ပေးလိုက်အုံးမှ ဆိုတဲ့ စိတ်လည်း ပေါ်လာခဲ့ မိပါတယ်။ အရက်သမားချင်း ကိုယ်ချင်းစာစိတ် ခေါ် မလားမသိဘူးဗျာ။ သေချာတဲ့အချက်ကတော့ ကျနော်ဟာ အဲဒီလူငယ်အပေါ်မှာ စေတနာမေတ္တာစိတ် ကြီးပြီးပေါ်မိတဲ့အချက်ပါပဲ။

ဒီလိုနဲ့ ကျနော်လည်းလှေခါးထစ်တွေပေါ်ကနေ လမ်းမပေါ်ရောက်လာတော့ ကိုဘုန်းမြင့်က ကျနော့်ကို ဆရာလို့ လှမ်းခေါ်ရင်း စားရေးသောက်ရေးကြပ်တည်းလို့ သူငွေလိုတဲ့အကြောင်း ပြောပါ တော့တယ်။ ကျနော်ကလည်း သူတောင်းတဲ့ငွေဟာ သိပ်မများလှတာကြောင့် ငွေထုတ်ပေးဖို့ အိတ်ကပ် ထဲကို လက်နှိုက်လိုက်ပါတယ်။ အဲဒီ ခဏလေးမှာပဲ မမျှော်လင့်တဲ့အဖြစ်တခု ဖြစ်ပျက်ခဲ့ပါတော့တယ်။ အဲဒါကတော့ ကျနော့် ဝမ်းဗိုက်အောက်ပိုင်းကို ဒုန်းကနဲ တစုံတခုနဲ့ တွန်းထိုးထိုးလိုက်သလို ခံစားလိုက် ရပြီး လူဟာ တပတ်ချာလည် လည်သွားပါတော့တယ်။ ထူးခြားတာကတော့ အဲဒီလို တွန်းတိုး လိုက်တဲ့ အတွက် စူးရှတဲ့ဝေဒနာကို မခံစားရပဲ ခပ်တုံးတုံးအရာတခုနဲ့ တွန်းထုတ်လိုက်သလို ဖြစ်နေတာပါပဲ။ ကျနော့်စိတ်ထဲမှာ အသိတယောက်ယောက်က ခပ်ကြမ်းကြမ်းနောက်ပြောင်လိုက်တာလို့ပဲ အောက်မေ့ ပြီး ဘေးဘီကို ကြည့်လိုက်တော့ စောစောက ကိုဘုန်းမြင့် နောက်မှာထိုင်နေတဲ့ ညှင်းသိုးသိုးချာတိတ် ဟာ တစုံတခုကို လက်ကကိုင်ရင်း ဘုရင့်နောင်လမ်းမပေါ် ကို ထွက် ပြေးသွားတာတွေ့လိုက်ရပါတယ်။

ဒီမှာတင် ကျနော့်ဒရိုင်ဘာ ဝင်းနိုင်ဦးက ဓားနဲ့ထိုးသွားတာ၊ ဓားနဲ့ထိုးသွားတာဆိုပြီး အော် လိုက်တဲ့ အသံကြောင့် ကျနော်ဟာ ကျနော့်ဗိုက်ကို လက်နဲ့စမ်းလိုက်မိတော့ စူးကနဲ ဝေဒနာကို ခံစားလိုက်ရပါတော့တယ်။

သေချာသွားပါပြီ ကျနော်ဟာ တစုံတခုနဲ့ ဝမ်းဗိုက်ကို အထိုးခံလိုက်ရပါပြီ။ ကျနော့်ဗိုက်ကို ကျနော့်လက်နဲ့ အုပ်ထားလိုက်မိပါတယ်။ ကျနော့်ဒဏ်ရာကို လှန်မကြည့်နိုင်ခင်မှာ ယောက်ဖတော် အေးဟန်နဲ့ ဝင်းနိုင်ဦးဟာ ကားကိုစက်နှိုးပြီး စောစောက ချာတိတ်နောက်ကို လိုက် ဖို့ပြင်ပါတော့တယ်။ ဘုရင့်နောင် လမ်းမပေါ် ကို လှမ်းကြည့်လိုက်တော့ အဲဒီချာတိတ်ဟာ ခပ်လှမ်းလှမ်းမှာ ရပ်စောင့်နေတဲ့ ပစ်ကတ်ကားတစီးပေါ် ကို ကသုတ်ကရက် တက်သွားတာ တွေ့လိုက်ရ ပေမယ့် ကျနော်က ဟော့ကောင် တွေ မလိုက်နဲ့။ နောက်မှ ငါကြည့်ရှင်းမယ်။ ဆေးရုံကိုမောင်းဆိုပြီး ကားပေါ် ကို တက်ထိုင် လိုက်ပါတော့ တယ်။ ကားပေါ် ရောက်လို့ ကျနော့်ဝမ်းဗိုက်က ဒဏ်ရာ ကို အကျႌတွေဖယ်ပြီး အသာလေးကြည့်လိုက် တော့ ချက်ရဲ့ညာဖက်အောက်နားမှာ သွေးစို့နေပြီး တလက်မကျော်ကျော် အရွယ်ရှိတဲ့ ဓားဒဏ်ရာ တခုကို တွေ့ရပါ တော့တယ်။

မနက်ဆယ်နာရီလောက်မှာ ကျနော်ဟာ ရန်ကုန် ပြည်သူ့ဆေးရုံကြီး အရေးပေါ် လူနာဌာနကို ရောက်သွားခဲ့ပါတယ်။ ဆေးရုံရောက်တော့ ထုံးစံအတိုင်း ကျနော့်ဒဏ်ရာကို ကြည့်ပြီး ရာဇဝတ်မှု ဖြစ်တာကြောင့် ရဲကစစ်ဆေးပြီးမှ ဆေးကုလို့ရမယ်ဆိုပါတယ်။

မှခင်းရဲအလာကို စောင့်လိုက်တာ မွန်းတည့်ဆယ့်နှစ်နာရီလောက်ကျမှ လှိုင်မြို့နယ်၊ ပိတောက်ချောင်းရဲစခန်းက တပ်ကြပ်တင်ဌွေးရောက်လာပြီး ကျနော့်ကို စစ်ချက်ယူပါတော့တယ်။ စစ်ချက်ယူတယ်သာပြောရတယ်။ ကျနော်ရုံးသွားမယ့်အချိန် အိမ်ပေါ်က ဆင်းအလာ အမည်မသိတဲ့ လူတယောက်က အိမ်ရှေ့မှာစောင့်ပြီး ဓားနဲ့ထိုးသွားတယ် ဆိုတာလောက်ကိုပဲ ကျနော် ပြောပြနိုင်ပါတယ်။

ရဲက စစ်ဆေးပြီးတော့မှ ကျနော့်ဒဏ်ရာကို တာဝန်ကျ ဆရာဝန်တယောက် လာကြည့်ပါတယ်။ သူကြည့်ပုံ ကြည့်နည်းကလည်း ကျနော့်ဒဏ်ရာထဲကို ခပ်ရွယ်ရွယ် ကပ်ကျေးတလက်ရဲ့ အဖျားနဲ့ တဖြည်းဖြည်းချင်းထိုးထည့်ပြီး ကျနော့်ကို နာသလားလို့ မေးတယ်ဗျာ။ ကျနော့်ဒဏ်ရာဟာ ပြောပလောက်အောင်မကြီးလှပါဘူး။ ဆီးခုံညာဖက်နားမှာ လက်တဆစ် သာသာလောက်ပဲ ရှိမယ် ထင်ပါတယ်။ ဒါပေမဲ့ သူ့ဒဏ်ရာထဲကို ကပ်ကြေးနဲ့ထိုးထည့်ပြီး မွှေနေတော့ နာတော့နာတာပေါ့ဗျာ။ ဒါပေမယ့် ငါယောက်ျားပဲဆိုတဲ့ စိတ်နဲ့တင်းခံထားပြီး နာတယ်ဆိုတာ သူသိအောင် ခေါင်းငြိမ့်ပြလိုက်ရတာပေါ့ဗျာ။

တင်းမခံလို့လည်း မဖြစ်ဘူးဗျ။ ကျနော့်ဘေးမှာ ကျနော့်လုပ်ဖော်ကိုင်ဖက်တွေ၊ ကျနော့်မိသားစုတွေ၊ အားလုံးဝိုင်းပြီး ကျနော့်ကို စိုးရိမ်တကြီးကြည့်နေကြတာကြောင့် ကျနော့်စိတ်ကို တင်းခံထားရတာပေါ့။ အဲဒီအချိန်မှာ ကျနော့်မိသားစုတွေနဲ့ ကျနော့်ရုံးအဖွဲ့ သားတွေ ကျနော့်သတင်းကြားတာကြောင့်လူစုံတက်စုံ ရောက်နေခဲ့ကြပါပြီ။ အမှန်တော့ ကျနော်ဟာ ကျနော့်ဒဏ်ရာဆီကို စိတ်မရောက်ပဲ ကျနော့်ကို ဘယ်လိုကောင်မျိုးက ဒီလိုလုပ်ရဲသလဲ၊ ဘာကြောင့် ဒီလိုလုပ်လိုက်သလဲဆိုတဲ့ အဖြေကိုသာတွေးနေမိတာပါ။

အဲဒီဆရာဝန်က ကျနော့်ကို ခွဲစိတ်ခန်းဝင်ရမယ် ခွဲစိတ်ဆရာဝန်ကြီးလာအောင်စောင့်ပါလို့ ပြောပြီး စောင့်ခိုင်းလိုက်တာ ညနေသုံးနာရီလောက်မှ ကျနော်ခွဲစိတ်ခန်းထဲကို ရောက်ပါတော့တယ်။ လူနာတင် တွန်းလှည်းပေါ်မှာ ဘက်လက်အနေအထားနဲ့ရှိနေတဲ့ ကျနော်ဟာ သတိကောင်းကောင်းရနေပါတယ်။ ခွဲစိတ်ခန်းထဲလည်းရောက်ရော ခွဲစိတ်ခန်းအဝင်နဲ့ ကပ်လျက်အခန်းလေးတခုထဲမှာ ကျနော့်ကို စပြီးခွဲစိတ်ဖို့ ပြင်ပါတော့တယ်။ ထုံဆေးလို့ထင်ရတဲ့ ဖြန်းဆေးတမျိုးနဲ့ ကျနော့်ဒဏ်ရာနားတဝိုက်ကို ဖျန်းပြီး ခဏအကြာမှာ ကျနော့်ဒဏ်ရာကို ဓားနဲ့ ငါးမွှမ်းသလို တရှပ်ရှပ် လှီးပါတော့တယ်။ သုံးချက်လောက် မွှန်းအပြီးမှာတော့ ကျနော်က ခွဲစိတ်ဆရာဝန်ကို လက်ကာပြလိုက်ပြီး၊ ဟာ၊ ဆရာ အရမ်းနာတယ်၊ ကျနော်မခံနိုင်ဘူး ပြောလိုက်တော့ ဆရာဝန်ဟာ ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားပြီး ခင်ဗျား ကျနော်ခွဲနေတာကို ကောင်းကောင်းသိနေသလားတဲ့။ ဒီတော့ကျနော်က ဟာ၊ ကောင်းကောင်း သိတာပေါ့ ဆရာရယ်။ လူကောင်းပကတိကို ဓားနဲ့မွှန်းနေသလိုကို သိနေတယ် ဆရာလို့လည်း ပြောလိုက်ရော ဆရာဝန်ဟာ ဘေးက သူနာပြုကို လှမ်းပြီး ဒီအတိုင်းဆို သူ့ကို မေ့ဆေးပေးမှ ဖြစ်မယ်လို့ စိုးရိမ်တကြီးလေသံနဲ့ ပြောသံကြားလိုက်ပါတယ်။

ချက်ချင်းဆိုသလို ကျနော့်ကို အထူးခွဲစိတ်ခန်းလို့ထင်ရတဲ့ အတွင်းခန်းတခုထဲကို တွန်းခေါ်လာကြပြန်ပါတယ်။ အဲဒီ အခန်းထဲလည်းရောက်ရော ကျနော့်ကို အရက်သောက်တတ်သလား ဆေးလိပ်သောက်တတ်သလား မေးနေရင်း ကျနော့်မျက်နှာကို မေ့ဆေးပေးတဲ့ ခွက်နဲ့အုပ်လိုက်ပြီး နာမည်ဘယ်လိုခေါ် သလဲမေးတော့ သက်ခိုင်လို့ဖြေလိုက်ပါတယ်။ နောက်တခါ အသက်ဘယ်လောက်ရှိပြီလဲလို့ မေးပြန်တာကြောင့် ပြန်ဖြေမလို့လုပ်နေတုန်းမှာပဲ ကျနော်ဟာ လောကကြီးနဲ့ အဆက်ပြတ်သွားပါတော့တယ်။

နောက်ပိုင်းခွဲစိတ်ဆရာဝန်ရဲ့ ပြောပြချက်အရ ကျနော့်ဓားဒဏ်ရာဟာ ဝမ်းဗိုက်ထဲက ကလီစာတွေကို ပလပ်စတာစ်အိတ်လို ထုတ်ပိုးထားတဲ့ အမြှေးပါးအိတ်ပေါက်သွားတာကြောင့် အသေးစား

ခွဲစိတ်မှုနဲ့ မလုံလောက်ပဲ အကြီးစား ခွဲစိတ်မှုလုပ်ရတယ်လို့ဆိုပါတယ်။ ပထမ ဆုံးစဝင်ခဲ့တဲ့ အခန်းက ဆရာဝန်ဟာ ကျနော့်ကို အသေးစား ခွဲစိတ်မှုနဲ့တင် လုံလောက်မယ်လို့ ထင်ခဲ့သတဲ့ဗျာ။ အကြီးစား အသေးစားပြဿနာကြောင့် ရလိုက်တဲ့ အမြတ်ကတော့ ကျနော့် ရင်ခေါင်းကနေ ချက်အောက်ပိုင်း အထိ ဆယ့်သုံးချက်၊ ဆီးခုံဘေးဖက်မှာ ခုနှစ်ချက် ချုပ်ရတဲ့ ချုပ်ရာနှစ်ခု ကျန်ခဲ့တာပဲဗျာ။

ကျနော်သတိပြန်ရလာတော့ ကျနော်ဟာ ခွဲစိတ်ခန်းထဲမှာရှိနေခဲ့တုန်းမို့ဘာတွေ များဖြစ် ကုန်ပြီလဲ ဆိုတဲ့အတွေးနဲ့ ကျနော့်ကျောအောက်ကိုလက်ထိုးပြီး စမ်းလိုက်မိတော့ ချွဲကျိကျိအရည်တွေ ကို ကျနော်စမ်းမိပါတယ်။ အမှန်က အဲဒါတွေ ကျနော့်ကို ခွဲစိတ်တုန်းကထွက်နေတဲ့ သွေးတွေပေါ့ဗျာ။

ကျနော့်ကို ခွဲစိတ်ခန်းအပြင်ကို ထုတ်လာတော့ ကျနော်သတိကောင်းကောင်း ရနေပါပြီ။ လူနာတင်လှည်းပေါ်မှာ ဘာက်လက်အနေအထားနဲ့ ခွဲစိတ်ခန်းပြင်ပကို ရောက်ချိန်မှာတော့ ရင်တမမ စောင့်နေကြတဲ့ သူတွေကို လက်မတဖက်ထောင်ပြပြီး ကျနော် မသေနိုင်သေးဘူး ဆိုတာကို အချက်ပြ လိုက်ပါတယ်။

ခွဲစိတ်ပြီး ပထမညမှာ ဘာမှထူးထူးခြားခြား မခံစားရပေမယ့် နောက်တညမှာတော့ ကျနော် ဟာ သေရွာနဲ့ လက်တကမ်းကိုရောက်ခဲ့ပါတော့တယ်။ ကျနော်စဉ်းစားမိတာက ကျနော်ဟာ ခွဲစိတ်ပြီး ပထမညမှာ အဲဒီအဖြစ်မျိုး မဖြစ်ပဲ ဘာကြောင့် တညကျော်လွန်ပြီးမှ ဖြစ်ရ သလဲဆိုတာ အခုထက်ထိ စဉ်းစားလို့ မရပါဘူး။ ဖြစ်ပုံက ဒီလိုဗျ။

ခွဲစိတ်ပြီး နောက်တနေ့ညမှာ ကျနော်ဟာ အဖျားနည်းနည်းတက်သလို ချမ်းစိမ့်စိမ့်ခံစားရပါ တယ်။ နောက်တော့ ဘေးနားမှာ စောင့်ကြည့်နေတဲ့ ကျနော့်ဇနီးပေးတဲ့ ညဆေးတခွက်စာလည်း သောက်ပြီးရော ကျနော်ဟာ ရုတ်တရက် မေ့မျောသွားသလို ခံစားလိုက်ရပြီး လောကကြီးနဲ့ အဆက် ပြတ်သွားပြန်ပါတော့တယ်။

ကျနော်သတိရလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ ကျနော်ဟာ မြစ်ကမ်းနားတခုရဲ့သဲသောင် ပြင်မှာ ရောက်နေသဗျာ။ ကျနော်လည်း တောင်ကြည့်မြောက်ကြည့်လုပ်လိုက်တော့ကျနော့် ရှေ့က တည့်တည့် မလှမ်းမကမ်းမှာ အဆောက်အဦကြီးတွေ အတန်းလိုက်ဆောက်ထားတာကို တွေ့ရသဗျ။ မြင်သာအောင် ပြောရရင် မြို့ကြီးတမြို့ရဲ့ မြစ်ကမ်းနားဘေးတလျှောက်မှာ တိုက်ခန်းမြင့်မြင့်ကြီးတွေ တန်းစီဆောက်ထားသလိုပါပဲဗျာ တခြားတဖက်ကို ကြည့်လိုက်တော့ ရေပြင်ကြီးဟာ မျက်စိတဆုံး ဖြစ်နေတာ တွေ့ရပါတယ်။ ကမ်းနားတလျှောက်မှာ လူသူလေ့ငယ်သဘော် ဘာတခုမှကို၊ မတွေ့ရပဲ ကျနော် တယောက်တည်း ဖြစ်နေသဗျာ။ ကျနော်လည်း ငါဘယ်နေရာ ရောက်နေတာပါလိမ့်လို့ စဉ်းစားနေတုန်းမှာပဲ ကမ်းနားတလျှောက်က အဆောက်အဦတွေဟာ ရုတ်တရက်ဆိုသလို မီးဟုန်း ဟုန်းထလောင်ပါတော့တယ်။ဒီမှာတင် မီးအရှိန်အပူဒဏ်ကြောင့် ကျနော်ဟာ နောက်ကို တလှမ်းချင်း ဆုတ်သွားလိုက်တာ ရေစပ်ကို ရောက်သွားပါတော့တယ်၊ တဖြည်းဖြည်း ပူလွန်းမက ပူလာတာကြောင့် မီးတောက်တွေကိုလှမ်းကြည့်ရင်း ရေစပ်ကနေ ရေထဲကို နောက်ပြန် တရွေ့ရွေ့ ဆင်းဆင်းသွားလိုက် တာ ကျနော့်ခါးလည်လောက်နက်တဲ့ နေရာကို ရောက်လာပါတော့တယ်။ ဒီအချိန်မှာပဲ ကျနော့် ကျောဖက်က ပူပါတယ်ဆိုပြီး ရေပြင်ဖက်ကို လှည့်ကြည့်လိုက်တော့ လား လား ရေပြင်ကြီး တခုလုံး လည်း မီးတွေလောင်လို့ဗျာ။

ကျနော်ဟာ ရှေ့မှာလည်းမီး နောက်မှာလည်းမီးနဲ့ ရောမ မီးလောင်ကွင်းကြီးနှစ်ခုရဲ့ အလယ်မှာ ရောက်နေပြီး ရှေ့တိုးလို့ မရ၊ နောက်ဆုတ်လို့ မရနဲ့ ပြေးပေါက်မရှိ ပိတ်မိ နေပြီပေါ့ဗျာ။ အဲဒီအချိန်မှာ ကျနော်ဟာ မီးဘေးကနေ လွတ်လိုလွတ်ငြား ပုန်းအောင်း ပြေးလွှားစရာနေရာတခုကို အသည်းအသန် ရှာရပါတော့တယ်။ ကမ်းနားဖက်က အဆောက်အဦတန်းကြီးကို မီးလောင်နေတဲ့ မီးတောက်မီးလျှံတွေရဲ့

အောက်ခြေကို လှမ်းကြည့်လိုက်တော့ ပိန်းပိန်းပိတ်အောင် မဲမှောင်နေတာကို တွေ့ရသဗျာ။ ကျနော် လည်း မဲမှောင်နေတဲ့နေရာကို စူးစူးစိုက်စိုက် ကြည့်နေတုန်းမှာ မြုန်းဆို ရှုတ်တရက် အဲဒီအမှောင်ထု ထဲကနေအလင်းတန်းလေးတခု ပေါ်လာတာကို တွေ့လိုက်ရသဗျာ။ ကျနော်ဟာ အလင်းတန်းလေး ရှိရာကို ကသောကမျော ပြေးသွားလိုက်တော့ အဲဒီအလင်းတန်းဟာ လိုဏ်ဂူတခုထဲက ထွက်လာနေတဲ့ အလင်းတန်းဖြစ်နေတာ ကြောင့် ကျနော်ဟာ အဲဒီလိုဏ်ဂူထဲကို တိုးဝင်ပြေးသွားလိုက်ပါတော့တယ်။ လိုဏ်ခေါင်းဟာ ဝင်ခါစက ကျဉ်းတယ်လို့ထင်ရပေမယ့် တဖြည်းဖြည်း ကျယ်သထက်ကျယ်လာပါ တယ်။ သေဘေးက လွတ်ချင်ဇောနဲ့ လိုဏ်ခေါင်းတလျှောက်မနားတမ်းပြေးထွက်လာလိုက်တာ အချိန် ဘယ်လောက်ကြာသွားမှန်းတောင် သတိမပြုလိုက်မိချိန်မှာပဲ ကျနော်ဟာ လိုဏ်ခေါင်းရဲ့အခြား တဖက် ကို ရောက်လာပါတော့တယ်။ အဲဒီလိုဏ်ခေါင်း အပြင်ကနေ ကျနော်ပြေးလာခဲ့တဲ့ ကမ်းနားဖက်ကို လှမ်းကြည့်လိုက်တော့ မီးတွေ ဆက်ပြီးလောင်နေ တုန်းပါပဲ။ ဟင်းကနဲ သက်ပြင်းတချက်ကို အသံ ကျယ်ကြီးနဲ့ချလိုက်တဲ့ အချိန်မှာ ကျနော်ဟာ ဆေးရုံကုတင်ပေါ်ကို ပြန်ရောက်နေပြီဆိုတာ သတိပြုမိ လိုက်ပါတယ်။ ကျနော့်ဘေးမှာစောင့်နေတဲ့ ကျနော့်ဇနီးက ကျနော့်သက်ပြင်းချသံကြီးကြောင့် ကိုသက် ခိုင် ကိုသက်ခိုင်၊ ရှင် သတိရရဲ့လား သတိရရဲ့လားဆိုတဲ့ ဆက်တိုက်မေးသံကို ကြားရပါတော့တယ်။ ကျနော်သေရွာက ပြန်ခဲ့ပါပြီ။

အော်၊ လက်တဆစ်လောက် ဒဏ်ရာလေးက ဘယ်လိုလုပ်သေနိုင်မလဲလို့ ခင်ဗျား ထင်ချင် ထင်ပေမပေါ့။ အဖြစ်မှန်က ဓားနဲ့ထိုးခဲ့သူဟာ ဝက်သတ်ရုံမှာ အလုပ်လုပ်ခဲ့ဘူးပြီး စနစ်တကျ လေ့ကျင့် ထားတဲ့ သူပါ။ သူထိုးလိုက်တဲ့ နေရာကလည်း တကယ့်ချက်ကောင်းပါပဲ။ ဒါပေမယ့် ကျနော့်ကံကြီးလွန်း လှတယ်ထင်ပါရဲ့။ သူ့ရဲ့ ထိုးချက်ဟာ ကျနော့် ဆီးအိမ်ကို တည့်တည့်ချိန်ထိုးခဲ့ပေမယ့် သေကံ မရောက် တဲ့ ကျနော်ဟာ ကျနော့် ခါးပုံစကို ထိုးမိခဲ့တာပေါ့ဗျာ။

ဟုတ်တယ်၊ ကျနော်ဓားထိုးခံရပြီး အမှုကိစ္စအတွက် မှုခင်းဆရာဝန်ကြီးကို သွားတွေ့တော့ အခင်းဖြစ်တဲ့နေ့တုန်းက ကျနော် ဝတ်ထားခဲ့တဲ့ အဝတ်အစားတွေကို ထုတ်ပြတဲ့အခါ ဓားထိုးချက်ဟာ ကျနော့်ပုဆိုးခါးပုံစကို ထိုးမိတယ်ဆိုတာ သိရပါတော့တယ်။ မှုခင်းဆရာဝန်ကြီးကတောင် ခင်ဗျား တော်တော်ကံ ကောင်းတဲ့သူ၊ အမှန်က နေရာမှာတင် ပွဲချင်းပြီး သေသွားနိုင်တယ်တဲ့ဗျာ။ ဓားထိုးချက် ဟာ ကျနော့်တိုက်ပုံ၊ ရှပ်အင်္ကျီ၊ အတွင်းခံစွပ်ကျယ်နဲ့ ပုဆိုးတွေအထိ စုစုပေါင်း ရှစ်ထပ်တိတိ ထိုးဖောက် သွားခဲ့ပါတယ်ဗျာ။

လှိုင်မြို့နယ် ဗိုလ်တောက်ချောင်း ရဲစခန်းက အမှုလိုက်ပုံကတော့မှတ်သားလောက် ပါပေတယ်။ ကျနော့်ကို ဓားနဲ့ထိုးသွားတဲ့ တရားခံကို အမြန်ဆုံးမိအောင် ယကြာချေတဲ့အနေနဲ့ စခန်းရှေ့မှာ ငှက်ပျောပင်စိုက်ပြီး စုံစမ်းနေပါသတဲ့ဗျာ။ တကယ်တော့ ကျနော့်ကိစ္စမှာရဲကို ကျနော်အားမကိုးလှ ပါဘူး။အထင်လည်း မကြီးလှပါဘူး။ ဘာကြောင့်လည်းဆိုတော့ ဒီကိစ္စကို ကျနော်ကိုယ်တိုင် ဖော်ထုတ် နိုင်မယ်လို့ ယုံကြည်နေလို့ပါပဲ။ တကယ်တော့ ကျနော့်အမှုတရားခံအဖြစ် ဖြစ်နိုင်ချေရှိသူဟာ နှစ်ယောက်ပဲ ရှိပါတယ်။ အဲဒါကတော့ မောင်ဝိတ်နဲ့ဒေါ်စက်ကြည်ပါပဲ။

ဆေးရုံပေါ်မှာ ဆယ့်ကိုးရက်နေခဲ့ရချိန်အတွင်း ကျနော့်စိတ်ထဲမှာ စဉ်းစားမိတဲ့အချက်ကတော့ ဝဋ်ကြွေးကြမ္မာဆိုတဲ့ ကိစ္စရပ်အကြောင်းပါပဲ။ ကျနော်ဟာ ဘာကြောင့်များသူတပါး လက်ချက်နဲ့ သေလုမျောပါးခံစားခဲ့ရသလဲ၊ ငါဘယ် ဘဝတုန်းက သူတပါးကို သေလုမျောပါးဖြစ် အောင်လုပ်ခဲ့ဘူး သလဲ၊ ဒီဘဝမှာငါဘာတွေလုပ်ခဲ့ဘူးသလဲ ဆိုတာ တောင်တောင်အီအီ လျှောက်စဉ်းစားတော့ ကျနော် ငယ်ငယ်က အဖြစ်အပျက်တခုကို ပြေးသတိရမိသဗျာ။

အဲဒီတုန်းက ကျနော်ဆယ်နှစ်သားအရွယ်ပဲ ရှိပါလိမ့်မယ်။ အဖေ့ဈေးဆိုင်မှာ ညပက်ဆို ကြွက်တွေ သိပ်သောင်းကျန်းတာကြောင့် ကြွက်နှိမ်နင်းရေးလုပ်ခဲ့ဘူးတယ်ဗျ။ ဖဲထီးသံချောင်းကို အဖျားမှာ ချွန်မြနေအောင်လုပ်၊ လက်မနဲ့လက်ညှိုးကြားမှာ သားရေပင် ခပ်ကြီးကြီး ညှပ်ပြီး ကြွက်ပစ်တာတွေ လုပ်ခဲ့ဘူးတယ်။ နေ့လည်ဖက်ကျောင်းအားချိန်ဆို ကြွက်တွေကိုပစ်တဲ့အခါ လက်တည့်နေအောင် သစ်ပင်တပင်မှာ စက္ကူဝိုင်းပုံတခုထွင်းပြီး ဖဲထီးသံချောင်း အပစ်ကျင့်တယ်ဗျာ။

ဖြစ်ချင်တော့ တနေ့ကျနော်၊ သစ်ပင်က စက်ဝိုင်းဆီကို ဖဲထီးသံချောင်းအပစ်ကျင့်နေတုန်း မြုန်းဆို ခွေးတကောင်ဟာသစ်ပင်နားကို ဖြတ်ပြေးလာတာနဲ့ ကျနော် ဖဲထီးသံချောင်းပစ်နေချိန်နဲ့ အချိန်ကိုက်ဖြစ်ပြီး အဲဒီခွေးရဲ့ ဗိုက်ကို ဖဲထီးသံချောင်းစိုက်ဝင်သွားပါလေရောဗျာ။ အဲဒီခွေးဟာ ကြောက်လန့်တကြား အော်ဟစ်ပြီးထွက်ပြေးသွားတာကြောင့် သူ့ကိုယ်မှာစိုက်ဝင်သွားခဲ့တဲ့ ကျနော့် ဖဲထီးသံချောင်းကို လိုက်နှုတ်ပေးလို့ မရတော့ပါဘူး။ နောက်ပိုင်းတော့ အဲဒီခွေးဟာ သေသလား ရှင်သလားမသိရပဲ ပျောက်ကွယ်သွားပါတော့တယ်။ အဲဒီဝဋ်ကြွေးကြောင့် ကျနော်အခုလို ဖြစ်ရတာ မှန်ရင်တော့ ဝဋ်ဆိုတာ နောက်ဘဝမကူးဘူးဆိုတာ သေချာပေါက် မှန်ပါတယ်ဗျာ။

ကျနော်ဆေးရုံတက်နေတုန်းကာလမှာ တိုက်ဆိုင်မှုတခုကတော့ ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့ အမေလည်း ဆေးရုံတက်နေတဲ့အချိန်ပဲဗျ။ ရေချိုးခန်းထဲမှာချော်လဲတာကြောင့် ဆေးရုံကို ရောက်လာတာတဲ့။ ဆေးရုံသတင်းအရတော့ ဗိုလ်ချုပ်ခင်ညွန့် အမေဟာ ဆေးရုံကို ရောက်လာတဲ့ ဗိုလ်ချုပ်ခင်ညွန့်ကို အတွေ့မခံခဲ့ဘူးဆိုပဲ။ ကျနော့်စိတ်ထင် ဗိုလ်ချုပ်ခင်ညွန့်ရဲ့အမေဟာ သူ့သားမက် ဒေါက်တာ သန်းငြိမ်းကို ဗိုလ်ခင်ညွန့်ကိုယ်တိုင် ထောင်ထဲ ထည့်ထားတဲ့ကိစ္စကို မကျေနပ်လို့ အတွေ့မခံတာ ဖြစ်နိုင်ပါတယ်။ အမေဖြစ်သူအတွေ့မခံတာကြောင့် အခြွေအရံပေါင်းများစွာနဲ့ ဆေးရုံကိုရောက်လာတဲ့ ဗိုလ်ခင်ညွန့်ဟာ ဒီအတိုင်း လက်လျှော့ပြီး ပြန်သွားရတယ်လို့ဆိုသဗျ။

အော်၊ ဗိုလ်ခင်ညွန့်အကြောင်းဆိုလို့ ဗိုလ်ခင်ညွန့်လည်း တိုင်းပြည်အပေါ်မှာသာ ထင်သလို အုပ်ချုပ်ချယ်လှယ်နေတာ သူ့မိသားစုအပေါ်မှာတော့ ဩဇာမညောင်းလှဘူးလို့ ကြားဘူးသဗျ။ ဖြစ်ပုံက ကျနော့်ရဲ့ဆရာအရင်း မရမ်းကုန်းမဟာဂန္ဓာရုံတိုက်က တိပိဋကဓရဆရာတော် ဦးသုမင်္ဂလလင်္ကာရ၊ ဗိုလ်ချုပ်ခင်ညွန့်အိမ်ကို ဆွမ်းစားကြွတုန်းကတဲ့ဗျာ။ အဲဒီနေ့က ဗိုလ်ချုပ်ခင်ညွန့်ရဲ့အိမ်မှာ အာရုဏ်ဆွမ်းကပ်တာမို့ ပင့်ဖိတ်ထားတဲ့သံဃာတော်တွေကို ဆွမ်းကပ်ချိန်မှာ မိသားစုဝိုင်းပြီး ဆွမ်းကပ်ကြရအောင် အိမ်မှာ ညအိပ်ရောက်နေကြတဲ့ သူ့သားသမီးတွေ သားမက်တွေချွေးမတွေကို ဗိုလ်ချုပ်ခင်ညွန့်ရော၊ သူ့ဇနီး ဒေါ်ခင်ဝင်းရွှေကပါ ထပ်တလဲလဲနှိုးခဲ့ကြပေမယ့် ဘယ်သားဘယ်သမီး၊ ဘယ်သားမက်၊ ဘယ်ချွေးမမှ ထွက်မလာကြပါဘူးတဲ့ဗျာ။ ဒါအပြင် ဆွမ်းကပ်ပြီးလို့ တရားနာကြရမယ့်အချိန်မှာ နိဗ္ဗာန်ဆော် ဗိုလ်ခင်ညွန့်က တရားနာကြွကြဖို့ဖိတ်တော့လည်း တို့နည်းလည်းကောင်း တယောက်မှ ထွက်မလာဘူးတဲ့ဗျာ။ အဲဒီအိမ်ကို ဆွမ်းစားပြီးအပြန် ဆရာတော်က အင်း၊ ဗိုလ်ခင်ညွန့်လည်း တိုင်းပြည်အပေါ်မှာသာ ဩဇာရှိတာ၊ မိသားစုအပေါ်မှာတော့ ဩဇာမရှိရှာဘူးလို့ မိန့်သတဲ့ဗျာ။ အဲဒီသတင်းဟာ သေချာတာပေါ့ဗျာ။ ဘာကြောင့်လည်းဆိုတော့ အဲဒီနေ့က ဆွမ်းစား ကြွသွားတဲ့ ကိုယ်တော်တွေထဲက တပါးဟာကျနော့်ဇနီးရဲ့ မောင်ဝမ်းကွဲ ဦးပဥ္ဇင်းပဲဗျ။

ကျနော်ဓားထိုးခံရတဲ့သတင်းဟာ ရန်ကုန်မြို့လူမိုက်လောကနဲ့ စီးပွားရေးသမားတွေလောကမှာ တောမီးလို ပျံ့နှံ့သွားခဲ့ပါတယ်။ ကျနော်ဟာ စီးပွားရေးကျဆင်းပြီး မြူကာပြာကာကျနေချိန်မို့ ကျနော့် အမှုရဲ့ လက်သည် တရားခံကိုကျနော့်စိတ်ရှိလက်ရှိ ငွေကုန်ကြေးကျခံပြီး စုံစမ်းထောက်လှမ်းနိုင်ချိန် မဟုတ်တာကြောင့် တရားခံပေါ် ပေါက်ရေးကို စိတ်ရှည်လက်ရှည် စောင့်စားရင်း အခွင့်အခါကောင်း ကိုသာ မျှော်ရပါတော့တယ်။ ရန်ကုန်လူမိုက်လောကထဲမှာတော့ ကျနော့်အမှုနဲ့ ပတ်သက်လို့ တိတိ

ကျကျ သတင်းပေးနိုင်ရင် ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်မယ်ဆိုတဲ့အကြောင်း သတင်းလွှင့်ထားလိုက်ရပါတယ်။

ဒီလိုနဲ့ ကျနော်ဆေးရုံက ဆင်းပြီး တလကျော်လောက်အကြာမှာ ကျနော့်အိမ်ကို တယ်လီဖုန်းဝင်လာပါတယ်။ အဲဒီအချိန်အိမ်မှာ ကျနော့်ဇနီးသည် ရှိနေချိန်မို့ တယ်လီဖုန်းကောက်ကိုင်လိုက်တော့ တဖက်က ကိုသက်ခိုင် ရှိပါသလားလို့မေးသတဲ့။ ဇနီးသည်က ကျမ ကိုသက်ခိုင်ရဲ့ ဇနီးပါလို့ ပြောလိုက်တော့ သူ့အစ်မကြီးရဲ့ယောက်ျားကို ဓားနဲ့ ထိုးသွားတဲ့ တရားခံကိုသိချင်ရင် အင်းစိန်အာလိမ်ငါးဆင့်ဘုရားကို လာခဲ့ပါ။ ရဲကို အကြောင်းမကြားပါနဲ့လို့ ပြောသတဲ့ဗျ။ အဲဒီအချိန်မှာ ကျနော်က ခရီးလွန်နေချိန်မို့ ဇနီးသည်ဟာ လှိုင်၊ ဗိုတောက်ချောင်းစခန်းက နယ်ထိန်းတပ်ကြပ် တင်ထွေးကို အကူအညီတောင်း၊ အဖော်အဖြစ်ခေါ်ပြီး သူတို့ချိန်းဆိုတဲ့နေရာကို သွားခဲ့ကြပါတယ်။

အာလိန်ငါးဆင့်ဘုရားလည်းရောက်ရော အသားမဲမဲ အရပ်မြင့်မြင့် အသက်လေးဆယ်ဝန်းကျင်ရှိတဲ့ လူတယောက်က အသင့်စောင့်နေသတဲ့။ သူ့ ကျနော့်ရုံးက အဖော်တယောက်ခေါ်လာနိုင်တယ်ဆိုထားတာကြောင့် အတူခေါ်လာတဲ့ နယ်ထိန်းတပ်ကြပ် တင်ထွေးကို ကျနော့်ရုံးဝန်ထမ်းလို့ ထင်မှတ်နေပုံရပါတယ်။ သူ့ အာလိန်ငါးဆင့်နားမှာ လူရှုပ်တယ်၊ ပန်းခြံထဲက လူရှင်းတဲ့စားသောက်ဆိုင်တခုကို သွားရအောင်ဆိုပြီး သူတို့အတွက် ဘေးကင်းမယ်ထင်တဲ့ နောက်ထပ်နေရာတခုကို ခေါ်သွားပြန်ပါတယ်။

အဲဒီမှာ ကျနော့်ဇနီးက အအေးမှာတိုက်ရင်း စကားပြောဖြစ်ကြတော့ ကျနော့်အကြောင်း စကားစပ်မိတဲ့အခါမှာ အဲဒီသူ့ အစ်မကြီးရဲ့ယောက်ျားဟာ ရဲအောင်နဲ့တော်တော်ဆင်တယ်ဆိုတဲ့ စကား တခွန်းပါလာတယ်။ နောက်တော့ ကျနော့်ကို ဓားနဲ့ထိုးသွားတဲ့ ချာတိတ်ဟာ ဘာမှ မက်လောက်စရာ မရပါဘူး။ ကျနော်သာဆိုရင် ဒီလိုအလုပ်မျိုးကိုမလုပ်ပါဘူးလို့ ဆိုပါတယ်။ ဒါတင်မကသေးဘူးဗျာ။ ကျနော့်ကို လုပ်ကြံဖို့စီစဉ်သူကို သူတို့သေချာ သိတဲ့အကြောင်း၊ သူတို့လက်တုန့်ပြန်ပေးနိုင်ကြောင်း၊ သူတို့ကို ငွေဘယ်လောက်ထောက်ပံ့နိုင်သလဲဆိုတာပါ ဆွေးနွေးလာတယ်လို့ဆိုပါတယ်။ ကျနော့်ဇနီး လည်း ငွေရေးကြေးရေးကိစ္စကို ကျမယောက်ျားနဲ့ တိုင်ပင်ရအုံးမယ်ဆိုပြီး စကားဖြတ်ပြန်လာခဲ့လို့ ဇာတ်လမ်းက ဒီမှာတင် တစခန်းရပ်သွားပြန်ပါတယ်။ ဗိုတောက်ချောင်း ရဲစခန်းကလည်း ဒီလောက် သဲလွန်စနဲ့ အမှုမှန်ပေါ်ပေါက်အောင် စွမ်းဆောင်နိုင်တာမျိုးမရှိခဲ့ပါဘူးဗျာ။

ကျနော် ခရီးထွက်ရာကပြန်လာတော့ ဇနီးသည်က အကျိုးအကြောင်းပြန်ပြောပြတာကို နားထောင်မိတဲ့အခါ ကျနော့်အမှုရဲ့ လက်သည်တရားခံကို မှန်းဆလို့ရနေခဲ့ပါပြီ။ အဲဒါက အချက်နှစ်ချက်ကြောင့်ပါ။ ကျနော့်ကို ရဲအောင်နဲ့တူပါတယ်ဆိုတာ ဒေါ်စက်ကြည်ပြောခဲ့ဘူးတဲ့ စကားပါ။ နောက်တချက်ကတော့ ဒေါ်စက်ကြည်ရဲ့လက်စွဲတော်ဖြစ်နေတဲ့ လှစိုးအောင်ဟာ အင်းစိန်သားဖြစ်ပြီး အင်းစိန်လူမိုက်တွေနဲ့ အဖွဲ့ကျနိုင်တယ်ဆိုတဲ့ အချက်ပါပဲ။

အစပိုင်းမှာ ကျနော့်ကိုလုပ်ကြံသူစာရင်းမှာမောင်ဝိတ်ကို နံပါတ်တစ်စာရင်းထည့်ခဲ့ပေမဲ့ စောစောက ပြောတဲ့အချက်တွေကြောင့် မောင်ဝိတ် မဖြစ်နိုင်တော့ဘူးဆိုတာ သေချာသွားပါပြီ။ မောင်ဝိတ်လို လူမျိုးက ခိုင်းစေတဲ့ လူမိုက်ဟာ လမ်းဘေးမှာချိန်းတာတို့၊ ငွေထပ်တောင်းတဲ့ ကိစ္စမျိုးတို့ မလုပ်နိုင်ပါဘူး။ မောင်ဝိတ်ဟာ သုံးမကုန်ဖြုန်း မကုန်ချမ်းသာနေတဲ့ သူပဲဗျာ။ ဒါပေမယ့် ဒေါ်စက်ကြည်နဲ့ လှစိုးအောင်ကို ကျနော်သံသယရှိယုံနဲ့တော့ ခိုင်လုံတယ်လို့ မဆိုနိုင်ပြန်ပါဘူး။ ကျနော်ဟာ ကျနော့်ဘဝမှာ မျှော်မှန်းမထားတဲ့ လူဆိုးလူမိုက်တွေနဲ့ ပတ်သက်ခဲ့ရလေတိုင်း မကြာခဏသတိရမိတဲ့

ဇာတ်လမ်း လေးတခုရှိလေရဲ့ဗျာ။ အဲဒီဇာတ်လမ်းလေးဟာ သာမန်ကာတွန်းရုပ်ပြလေးပါ။ အိန္ဒိယ ရုပ်ရှင်တခုကို ကျောရိုးယူပြီးရေးဆွဲထားတဲ့ ဇာတ်လမ်းလည်း ဖြစ်နိုင်ပါတယ်။

ရုပ်ပြကာတွန်းဇာတ်လမ်းလေးဆိုပေမယ့် လူ့ဘဝကြီးမှာ မျှော်မှန်းသလို ဖြစ်မလာတတ်တဲ့ သဘောကို လှစ်ဟပြတဲ့ဇာတ်လမ်းလေးမို့ ကျနော်အင်မတန် နှစ်ခြိုက်ခဲ့ပါတယ်။ အဲဒီ ရုပ်ပြဇာတ်လမ်းကို ရေးဆွဲသူက ကာတွန်းကျော်ဆန်းပေါ့။ ဇာတ်လမ်းနာမည်က ချိန်းမိလေသောနေ့ တဲ့ဗျာ။

အဲဒီဇာတ်လမ်းကတော့ တခါတုန်းက နယ်မြို့တမြို့မှာ တင်ထွေးနဲ့အုံ့မောင်ဆိုတဲ့ ကျောင်းနေဖက်သူငယ်ချင်း နှစ်ယောက်ရှိသတဲ့ဗျ။ အင်မတန် ချစ်ကြတဲ့သူငယ်ချင်းတွေဆိုပေမယ့် အကျင့်စရိုက်ကတော့ တခြားစီလို့ဆိုရမယ်။ တင်ထွေးက ရိုးသားအေးဆေးစွာနေတတ်သလောက် အုံ့မောင်ကတော့ နေရာတကာမှာ မလိမ့်တပတ်နဲ့ ကလိန်ကကျစ်သမားလို့ဆိုပါတယ်။ တနေ့တော့ ကျောင်းစကားရည်လုပွဲ တခုမှာ 'ရိုးသားမှုဖြင့်သာဘဝကို အောင်မြင်မှု ရအောင်တည်ဆောက်နိုင်သည်။'ဆိုတဲ့ ခေါင်းစဉ်နဲ့ စကားရည်လုပွဲတခု ကျင်းပတော့ တင်ထွေးက အဆိုကို ထောက်ခံတဲ့ဖက်၊ အုံ့မောင်က အဆိုကို ကန့်ကွက်တဲ့ဖက်က အပြန်အလှန်စကားစစ်ထိုးလိုက်ကြတာ 'ရိုးသားမှုဖြင့် ဘဝကို တည်ဆောက်နိုင်တယ်'လို့ ယုံကြည်တဲ့ တင်ထွေးတို့ဖက်က အနိုင်ရသွားတယ်တဲ့ဗျာ။

စကားရည်လုပွဲပြီးလို့ ကျောင်းအပြန်မှာ သူငယ်ချင်းနှစ်ယောက်ဆုံမိတော့ အုံ့မောင်က တင်ထွေးကို မင်း ဒီနေ့ပြောခဲ့တာတွေဟာ တကယ့်ယုံကြည်ချက်နဲ့ ပြောခဲ့တာလား၊ ဒါမှမဟုတ် စကားရည်လုပွဲမှာ လူကြားကောင်းရုံ ပြောခဲ့တာလားမေးတော့ တင်ထွေးက ခပ်အေးအေးပဲ သူတကယ် ယုံကြည်တဲ့အကြောင်း ပြောသတဲ့။

ဒီမှာတင် အုံ့မောင်က ဒီလိုဆိုရင်လည်း မင်းနဲ့ငါ အလောင်းအစားတခုလုပ်ကြရအောင်၊ ငါက လောကကြီးကို ငါယုံကြည်သလို လှုလည်လုပ်ပြီး ကျင်လည်သွားမယ်။ မင်းကတော့ မင်းယုံကြည်သလို ရိုးရိုးသားသားလုပ်ပေတော့၊ ဒီနေ့က စပြီး အနှစ်နှစ်ဆယ်တင်းတင်း ပြည့်တဲ့နေ့မှာ မင်းနဲ့ ပြန်ဆုံကြမယ်။ အဲဒီအချိန်မှာ မင်းနဲ့ငါ ဘယ်သူ လောကကြီးမှာ အောင်ပွဲရနေတယ်ဆိုတာ နှိုင်းယှဉ်ကြည့်ကြတာပေါ့လို့ဆိုတာကြောင့် တင်ထွေးလည်း အုံ့မောင်ရဲ့စိန်ခေါ်မှုကို လက်ခံလိုက်သတဲ့။ နောက်အနှစ်နှစ်ဆယ်တင်းတင်းပြည့်ချိန်မှာ သူတို့တွေ့ဆုံကြဖို့ ချိန်းဆိုလိုက်တဲ့နေရာကတော့ ရန်ကုန်မြို့ တန်တော်ကြီးပန်းခြံမှာရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ရှေ့မှာပါပဲ။

သူတို့နှစ်ယောက်ဟာ သူတို့ယုံကြည်သလို ဘဝကို ဖြတ်သန်းခဲ့ကြတယ်။ မကြာခင် တင်ထွေး ဆယ်တန်းအောင်ပြီး တက္ကသိုလ်ကို ရောက်လာတယ်။ မိဘက ဆင်းရဲချို့တဲ့သူမို့ အလုပ်တဖက်နဲ့ ကျောင်းတက်ရတဲ့အပြင် မိခင်လူမမာကြီးကိုပါ ပြုစုနေခဲ့ရသတဲ့ဗျာ။ အုံ့မောင်ကတော့ ဆယ်တန်း မအောင်ပဲ ရန်ကုန်မြို့ကိုရောက်လာပြီး ရန်ကုန်မြို့ ဒုစရိုက်လောကမှာ ကျင်လည်နေခဲ့တယ်။ လူဆိုးလူမိုက်လောကမှာ နာမည်တလုံးရလာတယ် ဆိုပါတော့။

တချိန်မှာတော့ စိတ်ကူးယဉ်သလို ဖြစ်မလာတတ်တဲ့လောကကြီးမှာ တင်ထွေးဘဝအတွက် အလှည့်အပြောင်းတခု ကြုံလိုက်ရပါတော့တယ်။ အဲဒါကတော့ သူ့မိခင်ကြီး အသည်းအသန်နာမကျန်း ဖြစ်နေချိန်ဟာ သူ့အတွက် ကျောင်းလခသွင်းရမယ့်အချိန်နဲ့လည်း တိုင်ဆိုင်နေခဲ့ပါသတဲ့။ အဲဒီအချိန်မှာ သူလုပ်နေတဲ့ရုံးက ငွေတချို့ကို ခဏလက်လှည့်သုံးလိုက်ဖို့ စဉ်းစားမိတာကြောင့် အဲဒီငွေတွေကိုယူပြီး မိခင်အတွက် ဆေးဝယ်ဖို့အလာ ဘတ်စ်ကားပေါ်မှာ ရှိသမျှငွေတွေ ခါးပိုက်နှိုက်ခံလိုက်ရပါလေရောတဲ့။ ငယ်ထိပ်မြွေပေါက်သလို ဖြစ်သွားတဲ့ တင်ထွေးဟာ သူ့ငွေတွေ ခါးပိုက်နှိုက်ခံရမှန်းလည်းသိရော ကြံရာမရဖြစ်ပြီး ဘာလုပ်ရ မှန်းမသိရာက ဘတ်စ်ကားထဲက ခပ်လှမ်းလှမ်းမှာ ရှိနေတဲ့ ကုလားအဘိုးကြီး အိတ်ကပ်ထဲကို မျက်စိရောက်သွားသတဲ့။

ဘဝပဲဖြစ်ဖြစ် အမေနေကောင်းဖို့ အရေးကြီးတယ်ဆိုတဲ့စိတ်နဲ့ အဲဒီကုလားအဘိုးကြီး အိတ်ကပ်ထဲက ငွေကို နှိုက်ယူမိလိုက်တာကြောင့် တင်ထွေးတယောက်ခါးပိုက်နှိုက်မှု၊ အစိုးရငွေအလွဲသုံးစားမှုတွေနဲ့ ထောင်ကျပါလေရောတဲ့ဗျာ။ တင်ထွေး ထောင်ကျနေချိန်မှာ သူ့မိခင်ဆုံးပြန်တော့ တင်ထွေးဟာ သူယုံကြည်သူရွေးချယ်ခဲ့တဲ့ ဘဝလမ်းကို အကြီးအကျယ် သံသယရှိစ ပြုလာတယ်၊ ဒီမှာတင် ထောင်ထဲက လူဆိုးလူမိုက်တွေနဲ့ ပေါင်းမိရာက ထောင်ကလည်း လွတ်ရော နာမည်ကြီး ဓားပြဂိုဏ်းခေါင်းဆောင် ဖြစ်လာရောတဲ့ဗျူ။

လူဆိုးလူမိုက်လောကမှာ လူလိမ်အဖြစ်ကျင်လည်နေတဲ့ အုံ့မောင်ကတော့ တနေ့မှာ မိန်းမပျိုလေးတယောက်ကို ရုပ်ရှင်မင်းသမီးဖြစ်အောင် လုပ်ပေးမယ်လို့ လုပ်ဇာတ်တခုခင်းခဲ့တယ်။ အဲဒီ မိန်းခလေးရဲ့ ရွှေဆွဲကြိုးကို အပျောက်ရိုက်ပြီး ရောင်းနေချိန်မှာ တနေ့တော့ ရန်ကုန်မြို့ တနေရာမှာ အဲဒီမိန်းကလေးနဲ့ မမျှော်လင့်ပဲ မျက်နှာချင်းဆိုင် ဆုံမိသွားပါလေရောတဲ့။ အဲဒီ မိန်းကလေးဟာ အုံ့မောင်ကိုလည်း မြင်ရော ကျမဆွဲကြိုးကို လိမ်သွားတဲ့ သူပါပဲလို့ အော်ရင်းနောက်ကလိုက်လို့ အုံ့မောင်ဟာ လူအုပ်ဘေးက လွတ်အောင်ရှောင်ရင်း အခြေအနေကို အကဲခတ်နေတုန်းမှာပဲ မိန်းကလေးနဲ့ အတူပါလာတဲ့ မိခင်အိုကြီးဟာ ကားတိုက်ခံလိုက်ရတာကို အုံ့မောင်မြင်လိုက်ရတော့ နောင်တအကြီးအကျယ်ရပြီး ရဲတပ်ဖွဲ့ထဲကို သာမန်ရဲသားအဖြစ် ဝင်ရောက်ခဲ့သတဲ့၊ ရဲတပ်ဖွဲ့မှာ အမှုထမ်းရာက အုံ့မောင်ဟာ လူဆိုးလူမိုက်လောကမှာ ကျင်လည်ခဲ့တာကြောင့် အမှုတော်တော်များများကို ဖော်ထုတ်နိုင်တာမို့ ရာထူးအဆင့်ဆင့် တက်ရာကနေ နောက်ဆုံး ရဲအရာရှိဖြစ်လာခဲ့သတဲ့။

ဇာတ်လမ်းကို အတိုချုံ့ရရင် သူတို့ချိန်းဆိုထားတဲ့ အနှစ်နှစ်ဆယ်ပြည့်မြောက်သောနေ့မှာ တင်ထွေးနဲ့အုံ့မောင်ဟာ ဓားပြဗိုလ်ကြီးနဲ့ ရဲအရာရှိအဖြစ် သူတို့ချိန်းခဲ့တဲ့ ကန်တော်ကြီး ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ရှေ့မှာ ဆုံမိကြရောတဲ့ဗျာ။

အဲဒီအချိန်မှာ ဓားပြဗိုလ်တင်ထွေးဟာ ဖြစ်မှုပေါင်းမြောက်များစွာကို ကျူးလွန်ထားတာကြောင့် ရဲအရာရှိအုံ့မောင်က အထက်အမိန့်အရ ဖမ်းဆီးရမှာမို့ တင်ထွေးကို အသာတကြည် အဖမ်းခံပြီး တရားဥပဒေအဆုံးအဖြတ်ကို နာခံဖို့၊ ငယ်ငယ်က မျှော်မှန်းခဲ့တဲ့ လူရိုးလူကောင်းဘဝကို ပြန်လည်ထူထောင်ဖို့ အတန်တန်နားချသတဲ့ဗျ။ ဒါပေမယ့် ဓားပြဗိုလ်တင်ထွေးဟာ အုံ့မောင်ပြောတဲ့ စကားတွေဟာ သူငယ်ငယ်က စကားရည်လုပွဲမှာ ပြောခဲ့ဘူးတဲ့ စကားတွေ ဖြစ်နေတာကြောင့် နားမဝင်တော့ပဲ သူပုန်းကွယ်နေတဲ့ သစ်ပင်နောက်ကနေ ထွက်လာပြီး အုံ့မောင်ကို သေနတ်နဲ့ ထိုးချိန်လိုက်သတဲ့။ အဲဒီတခဏမှာပဲ အုံ့မောင်နဲ့ အတူပါလာတဲ့ ရဲတပ်ဖွဲ့ရဲ့လက်ချက်နဲ့ ဓားပြဗိုလ်တင်ထွေး အသက်ပျောက် ရောတဲ့ဗျာ။ နောက်ဆုံးတင်ထွေး ကိုင်ထားတဲ့ သေနတ်ကို စစ်ဆေးကြည့်လိုက်တဲ့ အခါမှတော့ သေနတ်ထဲမှာ ကျည်ဆံတတောင့်မှ ထည့်မထားခဲ့ဘူးတဲ့ဗျ။

ဇာတ်လမ်းကတော့ ဆန်းလှတယ် မဟုတ်ပေမယ့် ကျနော့်စိတ်ထဲမှာ လူ့လောကကြီးဟာ မျှော်မှန်းသလို ဖြစ်မလာတတ်ဘူးဆိုတဲ့ အစွဲတခုတော့ကျန်ခဲ့လေရဲ့ဗျာ။ အခုလည်း ရှိသမျှ စည်းစိမ်ပြုတ်တဲ့အပြင်၊ အသက်ကိုပါ ရန်ရှာခံခဲ့ရတဲ့ ကျနော်ဟာ ခံပြင်းနာကျည်းလွန်း တာကြောင့် လူဆိုးလူမိုက်လောကဖက်ကို ခြေဦးလှည့်မိပြန်ပါတော့တယ်။ ရုပ်ပြဇာတ်လမ်းထဲက တင်ထွေးလို ဓားပြတိုက်ဖို့တော့ မဟုတ်ရပါဘူးဗျာ။ ကျနော့်အသက်ကို ရန်ရှာခဲ့တဲ့ မူလလက်သည် တရားခံကို ရှာဖွေဖို့ပါပဲ။ အဲဒီအချိန်မှာ ကျနော်ဆက်သွယ်မိတဲ့သူတော့ ရန်ကုန်မြို့လူမိုက်လောကမှာ နာမည်တလုံးနဲ့ တန်ခိုးထွားနေတဲ့ အလုံမြို့နယ်က စိုးမြတ်ပါပဲ။

စိုးမြတ်ဟာ ၁၉၈၈ ခုနှစ်အရေးအခင်းမှာ လူသတ်ခေါင်းဖြတ်တဲ့အမှုနဲ့ ထောင်ထဲကို စရောက်ခဲ့တယ်လို့ဆိုပါတယ်။

■

အခန်း (၉၅)

# စိုးမြတ်နဲ့ သက်ခိုင်

'နဂါးလေး ဝင်းအောင်ဆိုတာ ကိုသက်ခိုင်သိသလားဗျ'

ပင်မစခန်းဘေးမှ ဖြတ်သန်းစီးဆင်းသွားသော ချောင်းငယ်သည် စခန်းအပြင်ဖက်က ကတ္တရာလမ်းမကြီးနှင့် ကပ်လျက် ချောင်းငယ်တခုနှင့် ဆုံသည်။ထိုမှသည် ကတ္တရာလမ်းမကြီးကိုအောက်မှ ဖြတ်ကာ လယ်ကွင်းများဘေးက ချောင်းငယ်မှာ အဆုံးသတ်သည်။ စင်စစ် ထိုချောင်းငယ်များကား ရေနုတ်ကွင်းစီမံကိန်းအတွက် မြေတူးစက်ကြီးများဖြင့် တူးဖော်ထားသော တူးမြောင်းငယ်များ ဖြစ်သည်ဟုဆိုပါသည်။

ချောင်းငယ်နှင့်ကတ္တရာလမ်းမကြီး ဆုံရာတွင် ရေကျော်တံတား (culvert)တည်ဆောက် ထားသည်ဖြစ်၍ ယင်းတို့ဆုံရာတဖက်တချက်စီမှာ အုတ်ခုံရှည်နှစ်ခုရှိ၏။ ထိုအုတ်ခုံတခုပေါ်တွင် ကိုသက်ခိုင်နှင့် ကျနော်တခုသော ညနေမှာ အတူထိုင်ဖြစ်ကြရင်း ကျနော်က ကိုသက်ခိုင်ကို မေးခွန်းထုတ်လိုက်ခြင်း ဖြစ်သည်။ ကတ္တရာလမ်းမပေါ်တွင် ဖြတ်တောင်း ဖြတ်တောင်း ဖြတ်မောင်းနေသော ကားများကို တွေ့နေရသည်။

ကိုသက်ခိုင်သည် ပါးစပ်ထဲမှာ ကွမ်းကိုတမြုံ့မြုံ့ဝါးနေရင်း ကျနော့်ကို ခေါင်းငြိမ့်ပြသည်။ ကိုသက်ခိုင်သည် ကွမ်းယာကိုကောင်းစွာစားတတ်သူမဟုတ်ကြောင်း သူကွမ်းစားနေပုံကို ကြည့်လျှင် သိသာပါသည်။ ကိုသက်ခိုင်တယောက် ပင်မစခန်းအပြင် ကတ္တရာလမ်းမကြီးပေါ်သို့ထွက်လေတိုင်း ကိုသိန်းငွေ၏ ကွမ်းယာဆိုင်မှာ အမြဲတမ်းလိုလို ကွမ်းယာဝယ်စားတတ်သည်။ ကိုသိန်းငွေကား ဖျာပုံဇာတိ၊လူသတ်မှုဖြင့် ထောင်ဒဏ်နှစ်ရှည်ကျခံရသူဖြစ်လေရာ ထောင်ပိုင်ကြီး၏ ကောင်းမှုကြောင့် လမ်းမပေါ်မှာ သီးသန့်တဲကြီးတလုံးဖြင့် ကွမ်းယာအပါအဝင် အကျဉ်းသားတို့အသုံးအဆောင် စုံစီနဖာအရောင်းဆိုင် ဖွင့်ထားသူဖြစ်သည်။

'နဂါးလေးဝင်းအောင်ကို လူချင်းတော့ မသိဘူးဗျ၊ နာမည်တော့ကြားဘူးပါတယ်၊ ဘာဖြစ်လို့ပါလိမ့်'

ကိုသက်ခိုင်က ပါးစပ်ထဲမှ ကွမ်းဖတ်များကို နောက်ဖက်က ချောင်းငယ်ထဲသို့ လှည့်ထွေးလိုက်ရင်း ကျနော့်အမေးကို ခပ်အေးအေးလေသံဖြင့် တုံ့ပြန်ပါသည်။

'အဲဒီ နဂါးလေးဝင်းအောင်ဆိုတာ ကျနော်တို့ရဲဘက်စခန်းမှာ နေသွားဘူးတယ်တဲ့ဗျ။ သူဟာ ရန်ကုန်မြို့က နာမည်ကြီး လူမိုက်စိုးမြတ်ကို သတ်ခဲ့တဲ့သူလို့ပြောကြတယ်'

'ပြောကြတာတော့ ကြားဘူးတယ်၊ဒါပေမယ့် နဂါးလေးဝင်းအောင်စိုးမြတ်ကိုသတ်ဖို့ နောက်ကွယ်က ကြိုးကိုင်ခဲ့တဲ့ သူကိုတော့ သိတဲ့သူရှားမယ်ထင်တယ်'

'ဗျာ၊ ကျနော်သိသလောက်တော့ နဂါးလေးဝင်းအောင်ဟာ ထောင်ထဲမှာ စိုးမြတ်က သူ့ကို နှိပ်စက်ညှင်းပန်းခဲ့ဘူးတာကြောင့် သတ်တယ်လို့ ပြောင့်ချက်ပေးတာကိုတော့ မှုခင်း သတင်းထဲမှာ ဖတ်မိတယ်ဗျ'

'ဒါက တမင်ဖန်တီးထားတဲ့ လံကြုပ်ဇာတ်လမ်းဖြစ်ဖို့များပါတယ်။ ခင်ဗျားဗျာ၊ထောင်ထဲမှာ အနိုင်ကျင့်တာကို ပြန်ပြီးလက်စားချေကြစတမ်းဆိုရင် တနိုင်ငံလုံးမှာ နေ့တိုင်း လူသတ်မှု ရာချီဖြစ်နေတော့မပေါ့'

'နေပါဦး၊ ကိုသက်ခိုင်ရာ၊ခင်ဗျားက နဂါးလေးဝင်းအောင်ကို နာမည်သာကြားဘူးပြီး အဲဒီအမှုအကြောင်း ဘယ်လိုလုပ်သိနေတာတုန်း'

'သိဆို၊ အသတ်ခံရတဲ့ စိုးမြတ်နဲ့ ကျနော်ဟာ တကယ့်လူရင်းတွေပဲ'

'အော်၊ ခင်ဗျားက စိုးမြတ်ကို သိသကိုး'

'သိပါသော်ကောဗျာ၊ သိသမျှ သိ၊ သိ၊ သိ နဲ့ကို နေသေးတယ်'

'ဟုတ်ရဲ့လားဗျာ၊ စိုးမြတ်နဲ့ခင်ဗျားဟာ သက်တူရွယ်တူ တခေတ်တည်းပေါက်တွေလည်း မဟုတ်လောက်ဘူး'

'မှန်ပါတယ်၊ စိုးမြတ်ဟာ ကျနော့်ထက် ဆယ်နှစ်ကျော်ငယ်တာကြောင့် ကျနော်ငယ်စဉ်က ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ လူမိုက်စာရင်းမှာတော့မပါခဲ့ပါဘူး၊ လွန်ခဲ့တဲ့ လေးငါးနှစ်ကတော့ ကျနော်ဟာ လူမိုက်လောကထဲကို တကျော့ပြန် ထပ်ရောက်ခဲ့တာကြောင့် စိုးမြတ်နဲ့တရင်း တနှီးအဖွဲ့ကျခဲ့ပါတယ်၊ တိတိကျကျပြောရရင် ကျနော့်အသက်ကို ရန်ရှာသွားတဲ့လက်သည် တရားခံကိုရှာဖို့ ကြိုးစားရာက နေပေါ့'

'ဒါဆိုလည်း ခင်ဗျားသိတဲ့ လူမိုက်စိုးမြတ်အကြောင်းလေး ဇာတ်စုံခင်းစမ်းပါအုံးဗျာ'

'အင်း၊ လူအတော်များများဟာ အများထက်ထူးခြားတဲ့ လူဆိုးလူမိုက်အကြောင်းကိုလည်း စပ်စုချင်တာပါပဲကလား၊ ခင်ဗျား သိချင်သပဆိုရင် ကျနော်သိတဲ့စိုးမြတ်အကြောင်းကို ပြောပြပါ့မယ်၊ ဒါပေမဲ့ အလကားတော့မရဘူးဗျ၊ ကိုသိန်းငွေဆိုင်က ကွမ်းယာသုံးဆယ်ဖိုးတော့ လာဘ်သဘောမျိုး တင်မှ ဖြစ်မယ်'

'အရေးထဲ ဈေးကိုင်နေပြန်ပါပြီ၊ ကဲပါဗျာ၊ ကျွေးဆိုလည်းကျွေးရတာပေါ့၊ ကျနော်အခုပဲ သွားဝယ်လိုက်ပါမယ်၊ တကတည်းဗျာ၊ အရေးထဲ ဒီကွမ်းယာက တမျောင့်'

'ကဲပါဗျာ၊ ပြောပြီးမှပဲ ဆရာသမားကန်တော့တဲ့ ကွမ်းယာကို စားပါတော့မယ်၊ ခင်ဗျား သိချင်နေတဲ့ စိုးမြတ်အကြောင်းက ဒီလိုဗျ'

ဤသို့လျှင် ရန်ကုန်နှင့်ရောဝတီတိုင်းသွား ကတ္တရာလမ်းမကြီး၏ လမ်းဘေးအုတ်ခုံပေါ်တွင် ကိုသက်ခိုင်ပြောပြခဲ့သော အလုံလူမိုက်စိုးမြတ်၏ ဇာတ်ကြောင်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

စိုးမြတ်နဲ့ ကျနော် စပြီးသိတာက ထောင်ထဲမှာဗျ။ ဟုတ်တယ်၊ ၁၉၉၃ ဝန်းကျင်၊ ဒုတိယအကြိမ်မြောက် အင်းစိန်ထောင်ကို နိုင်ငံရေးပုဒ်မငါးညနဲ့ ရောက်တုန်းကပေါ့ဗျာ။ အဲဒီ အချိန်မှာ

ဘားလားက ကျနော့်အမှုတွဲ၊ ကျနော်နဲ့တရပ်ကွက်တည်းသား နွားကြီးနွားလေး ညီအစ်ကိုမျိုးအောင် စိုးအောင်တို့က ထောင်ထဲမှာတန်ဒိုးထွားနေချိန်ပေါ့။ ကျနော်ထောင်ထဲ ရောက်ပြီး မကြာခင်မှာ စိုးအောင်၊ မျိုးအောင်ညီအကိုနှစ်ယောက်လုံးက ကျနော့်ကို ဆရာ၊ ဆရာခေါ်ပြီး ဆရာတင်ကြတာကြောင့် ထောင်ထဲမှာ ကျနော်ဟာ တစတစ အရာရောက်လာပါတယ်။

ဒီလိုနဲ့ထောင်ထဲမှာ တလလောက်ကြာတော့ စိုးအောင်က ခြင်းလုံးတလုံးကို လိုင်းနဲ့ သွင်းလာလိုက်ရာကနေ၊ တနေ့ထောင်ထဲက အဆောင်ပေါ်မှာနေ့လည်ပိုင်း ပိုက်ကျော် ခြင်းဝိုင်း လုပ်ဖြစ်ကြပါလေရော။ အဲဒီဝိုင်းမှာ ဝင်ခတ်ကြတဲ့ သူတွေကတော့ စိုးမြတ်၊ တင်ဌေး၊ ဦးကို၊ စိုးအောင်၊ မျိုးအောင် ဘားလား တို့လို တကယ့် လူမိုက်ထိပ်သီးတွေပဲပေါ့ဗျာ။ အဲဒီနေ့မှာ ကျနော် စိုးမြတ်ကို စတွေ့တာပါပဲ။

နေဦးဗျ။ ကျနော်မေ့နေတာ တခုရှိသေးတယ်။ တကယ်တော့ စိုးမြတ်မျက်နှာကို ကျနော် မြင်ဘူးတာက ကျနော့်ဘဝမှာ ပထဆုံးအချုပ်ထဲရောက်ဘူးတဲ့ လက်နှိပ်စက်အမှုကြောင့် ဘားလမ်းအချုပ်မှာရှိနေတုန်းကဗျ။

ဟုတ်တယ်။ အဲဒီတုန်းက ကျနော်တို့အမှုကို စွဲမတင်နိုင်ခင် ရီမာန်ယူပြီး ဘားလမ်းအချုပ်မှာ ထားတုန်း အရေးအခင်း ခေါင်းဖြတ်မှုနဲ့ တရားရင်ဆိုင်နေရတဲ့ စိုးမြတ်ကို ရုံးထုတ်လာတယ်။ အဲဒီအချိန်မှာ သားရေ ဂျာကင်အကောင်းစားနဲ့ ရုံးထွက်လာတဲ့ စိုးမြတ်ကို ကျနော်ခပ်လှမ်းလှမ်းက မြင်ဘူးလိုက်သေးတယ်။ မှတ်မှတ်ရရ ပြောရရင် အဲဒီတုန်းက ဘားလမ်း အချုပ်ထဲမှာ နိုင်ငံကျော် လူ့ရှင်တော်ကိုဇာဂနာနဲ့ အရိုင်းတို့လည်း ရှိနေကြသဗျာ။ လူချင်း အနီးကပ်တရင်း တနှီးတွေ့တာကတော့ စောစောကပြောခဲ့တဲ့ ထောင်တွင်း ပိုက်ကျော်ခြင်း ဝိုင်းကျမှပေါ့ဗျာ။

စိုးမြတ်ရဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံဟာ ယောကျ်ားပီသပြီး အတော့်ကို ကြံ့ခိုင်ပါတယ်။ အရပ်မြင့်မြီး အသားလတ်ပါတယ်။ ရုပ်ရည်ကလည်း လူပုံချောစာရင်းဝင်တယ် ဆိုနိုင်ပါတယ်။ ထူးခြားတာက သူ့ကိုယ်ပေါ်မှာထိုးတာတဲ့ ဆေးမှင်ကြောင်တွေဟာ တခြားလူတွေထိုး ထားသလို အနက်ရောင် မဟုတ်ပဲ အနီရောင် ဖြစ်နေတာပါပဲ။ သူ့နောက်ကျောက ဆေးနီ နဲ့ထိုးထားတဲ့ နဂါးနဲ့စာမရိုက်ပုံဟာ တကယ့်ကို လက်ရာမြောက်လှပါတယ်။

ထောင်ထဲမှာ လူမိုက်တွေခတ်တဲ့ ခြင်းဝိုင်းဆိုတော့ ခပ်ကြမ်းကြမ်း အစွမ်းပြကြရာကနေ တကြိမ်မှာတော့ စိုးမြတ်ရဲ့ ခြေဖျားဟာ ကျနော့်မေးစေ့ကို ခတ်မိပါတော့တယ်။ ကျနော်က ဘာမှ ထူးခြားဟန်မပြပေမယ့် ဘေးနားမှာ ရှိနေတဲ့ စိုးအောင်ဟာ စိုးမြတ်ကို ရုတ်တရက် ဟော့ကောင် စိုးမြတ် ဒါငါတို့ဆရာနော်။ မင်းကြည့်လုပ်လို့ သတိပေးသလိုလို ကြိမ်းသလိုလို ပြောလိုက်ပါတယ်။ စိုးမြတ်ကတော့ ကျနော့်ကို၊ ကန်တော့အစ်ကို၊ ကန်တော့ဆိုပြီး ပျာပျာသလဲ တောင်းပန်ရှာပါတယ်။ နောက်ပိုင်းမှ သိရတာကတော့ စိုးအောင်ဟာ စိုးမြတ်ကို တယောက်ချင်း ခွန်အားအရ မယှဉ်သာ ပေမဲ့ သူ့အကို မျိုးအောင်ရော၊ နောက်လိုက်နောက်ပါတွေပါ အုပ်စုအင်အားချင်းယှဉ်ကြရင် စိုးမြတ်တို့ ဖက်က မယှဉ်နိုင်ဘူးဆိုပဲဗျ။ ဒါ့အပြင် စိုးအောင်ရဲ့မိုက်ဂုဏ်နဲ့ အုပ်စုကလည်း ထောင်တွင်းမှာ မသေးလှဘူးဗျ။ တကယ်တော့ နွားကြီးနွားလေးတို့က ထောင်သဘာ၊ ထောင်သက်ပိုရင့်ပြီး စိုးမြတ်က ၁၉၈၈ နောက်ပိုင်းမှ နာမည်ထွက်လာတာကိုး။

ဒီမှာတင် စိုးမြတ်ဟာ ကျနော့်ကို သတိပြုမိသွားပုံရပါတယ်။ နောက်ပိုင်းမှာ စိုးမြတ်နဲ့ စိုးအောင်တို့ ထောင်တွင်းဘိန်းဖြူ အရောင်းအဝယ်လုပ်တဲ့ ကိစ္စတခုမှာ ကျနော်ဝင်ရှင်း ပေးလိုက်တာ အဆင်ပြေ သွားတဲ့အတွက် စိုးမြတ်ဟာ ကျနော့် အရည်အချင်းကို အသိအမှတ်ပြုလာပုံရပါတယ်။

မကြာခင်ကျနော်ထောင်က ပြန်လွတ်လာလို့ စိုးမြတ်နဲ့ အဆက်အသွယ်ပြတ်သွားပေမယ့် သူ့သတင်းတွေကိုတော့ အဆက်မပြတ်ကြားနေရပါတယ်။ အများအားဖြင့်တော့ ထောင်ထဲမှာ

စိုးမြတ်တန်ခိုးကြီးနေတဲ့ အကြောင်းတွေပါပဲ။ တချို့ရုံးချိန်းရက်တွေမှာ စိုးမြတ် သူ့အိမ်ပြန်ဝင်လို့ရတဲ့ အထိ အကျဉ်းဦးစီးဝန်ထမ်းတွေနဲ့ ပြေလည်တယ်လို့တောင် ကြားရပါတယ်။ ဒီလိုနဲ့ဆယ်နှစ်နီးပါး အဆက်အသွယ်ပြတ်နေတဲ့ စိုးမြတ်နဲ့ကျနော်ဟာ ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးရဲ့ညီ ကိုလှမြင့် လုပ်လိုက်တဲ့ အထုပ်ရှုပ်တခုကြောင့် ပြန်တွေ့ဖြစ်ကြပါတော့တယ်။

ဖြစ်ပုံက ကိုလှမြင့်ဖဲလိမ်ရိုက်တဲ့ အမှုက စတာပါပဲ။ ပြဿနာ မဖြစ်ခင် နှစ်ရက်လောက်က ကိုလှမြင့် ကျနော့်ရုံးခန်းကို ပေါက်ချလာပြီးအရေးတကြီး ငွေသုံးသိန်းလောက်လိုလို့ ထုတ်ပေးစမ်းပါဆိုတာနဲ့ ထုတ်ပေးလိုက်ပါတယ်။ နောက်တနေ့မနက်ကျတော့ ကိုလှမြင့် ပြန်ရောက်လာပြီး သူယူထားတဲ့ ငွေကိုပြန်ပေးရင်း တခုခုလိုက်စားဖို့ ပြောတယ်ဗျ။ ကျနော့်ဆီက ယူသွားတဲ့ငွေနဲ့ သူဖဲရိုက်တာ နိုင်လာပြီဆိုတာ ကျနော်သိလိုက်ပါပြီ။ ကိုလှမြင့်ကတော့ သူဖဲလိမ်ရိုက်လာတာကို နောက်ကြောင်းအေးမယ်လို့တွက်ဆပုံရပါတယ်။ ကျနော်ကတော့ ဒါမျိုးကို သိပ်အားမပေးချင်လှတာနဲ့ ဘာမှ လိုက်မစားတော့ပါဘူးဗျာဆိုပြီး ငြင်းလိုက်ပါတယ်။

ကျနော်ငြင်းလိုက်တာ မှန်တယ်ပြောရမယ်ဗျာ။ ကိုလှမြင့်လာသွားပြီး နောက်တနေ့မှာတော့ ကျနော့်ရုံးပေါ် ကို နေကာမျက်မှန်အနက်တပ်ပြီး ကောင်းဘွိုင်ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းထားတဲ့ အရပ်မြင့်မြင့် ခပ်တောင့်တောင့် ပုဂ္ဂိုလ်တယောက် ရောက်လာပါတော့တယ်။ သူတော့ စိုးမြတ်ပါပဲဗျာ။ သူလုပ်လာတဲ့ အိုက်တင်ကတော့ ရုပ်ရှင်ဇာတ်ကား တခုခုထဲက အတုခိုးလာတဲ့ ပုံစံထင်ပါရဲ့။ သူဟာ ကျနော့်မန်နေဂျာဆီကို ကျနော်နဲ့တွေ့ဖို့ ခွင့်တောင်းပြီးဝင်လာတာပါ။

သူ ကျနော့်ကိုတွေ့တွေ့ချင်း အစ်ကို၊ ကျနော့်ကို မှတ်မိလားတဲ့ဗျာ။ သူ့ပုံစံဟာ ဘာမှ မှားစရာ မရှိတာမို့ မှတ်မိပါတယ်လို့ ဖြေလိုက်ရပါတယ်။ အမှန်တော့ စိုးမြတ်ကျနော့်ဆီ မလာခင် နာရီပိုင်းလောက်မှာ ကိုလှမြင့် ဖဲလိမ်တာကို ခံလိုက်ရတဲ့မောင်တွေက စိုးမြတ်ကို အကူအညီတောင်းကြတာကြောင့် ပြဿနာထဲမှာ စိုးမြတ်ပါလာပြီဆိုတာ ကျနော်သတင်းကြိုရထားပြီးသားပါ။ ဒါပေမယ့် ဒီလောက်မြန်မြန်ဆန်ဆန် ကျနော့်ဆီရောက်လာလိမ့်မယ်လို့တော့ ကျနော်မထင်ခဲ့ပါဘူး။ စိုးမြတ်ဟာ သူ့လူတွေ ဖဲလိမ်ခံရတဲ့အကြောင်း လိမ်သွားတဲ့ ကိုလှမြင့်ဟာ ကျနော်နဲ့ ရင်းနှီးတယ်လို့ ကြားတာကြောင့် မဖြစ်သင့်တာ မဖြစ်အောင် ကြားဝင်ဖြေရှင်းပေးဖို့ ပြောလာပါတယ်။

အော်၊ ထောင်ထဲက အမှုတင်မက အပြင်မှာပါ အမှုလိုက်ရှင်းနေရသလို ဖြစ်နေပါလားဗျာ။ ကျနော်လည်း စိုးမြတ်ကို လုံးဝတာဝန်မခံလိုက်ပေမဲ့ အတတ်နိုင်ဆုံး နားချပေးပါ့မယ်။ တရက် စောင့်ပါ၊ တရက်ကျော်လို့ အကြောင်းမပြန်နိုင်ရင် ကိုယ်လုပ်စရာရှိတာ ဆက်လုပ်ပါလို့ ပြောလိုက်ရပါတယ်။

ကိုလှမြင့်ဟာ ဖဲသာလိမ်ရိုက်တတ်တာ လူမိုက်ပြဿနာကျတော့ မရှင်းနိုင်ဘူးဗျာ။ သူ့မှာလည်း ပြန်ပေးစရာ ငွေမရှိဘူးဆိုပြီး ကြံရာမရဖြစ်နေတာကြောင့် ကျနော်ကပဲ စိုးမြတ်ကို ရက်နည်းနည်း ထပ်စောင့်ဖို့ ညှိနှိုင်းပေးလိုက်တာ နောက်ဆုံးမှာ အဆင်ပြေသွားပါတယ်။ အဲဒီနေ့ကနေစပြီး စိုးမြတ်ဟာ ကျနော့်ရုံးကို မကြာမကြာပေါက်လာတော့တာပါပဲ။ သူ့အိမ်ကိုလည်း ဖွတ်အတင်း အလည်ခေါ်တာကြောင့် လိုက်သွားဖြစ်ပါတယ်။ စိုးမြတ် အိမ်က အလုံသစ်တောဝင်းနားမှာပါ။ လမ်းနာမည်တို့ အိမ်နံပါတ်တို့တော့ မမှတ်မိတော့ဘူးဗျာ။

သူ့အိမ်မှာ ခွေးအကြီးကြီးတကောင် မွေးထားတယ်ဗျ။ ထောင်မှူးသမီးလို့ ပြောတဲ့ သူ့မိန်းမ ခပ်ငယ်ငယ်လေးကိုလည်း တွေ့ရပါတယ်။ ဒီကလေးမလေးဟာ သရက်ထောင်က ထောင်မှူးရဲ့သမီးတဲ့ဗျာ။ စိုးမြတ် သရက်ထောင်မှာရှိနေခဲ့တုန်းက ငြိခဲ့ကြတာလို့ ပြောကြပါတယ်။ စိုးမြတ်ဟာ ဗိုလ်လုပ်ချင်စိတ် သိပ်များနေတယ်ဆိုတာ မကြာခင်ကျနော် အမှတ်မထင် သိလာရပါတယ်။ သိပုံကတော့ တခါမှာ ကျနော်ဟာ စိုးမြတ်အိမ်ကိုရောက်နေတုန်း ကျနော့်အသိ ဗိုလ်မှူးကြီး တယောက်ဆီက ဖုန်းဝင်လာပါ

တယ်။ ကျနော်နဲ့ ဗိုလ်မှူးကြီး အပြန်အလှန်စကားပြောနေကြတာကို စိုးမြတ်ဟာ နား ကလောတယ် ထင်ပါရဲ့ဗျာ။ တယ်လီဖုန်းပြောနေတာကို နားထောင်နေတဲ့ စိုးမြတ်ဟာ တအောင့်နား ထောင်နေပြီး သူ့ဘေးနားမှာရှိတဲ့ သူမွေးထားတဲ့ခွေးကို ရုတ်တရက်ဘာအကြောင်းမှမရှိပဲ၊ အဆက် မပြတ် ထရိုက်ပါတော့တယ်။

အရိုက်ခံရတဲ့ခွေးကလည်း နာတော့အော်တာပေါ့ဗျာ။ ခွေးအော်သံကြောင့် ဖုန်းပြောနေတဲ့ ကျနော်ဟာ တော်တော်ကသိကအောက် ဖြစ်သွားပါတယ်။ ကျနော်လည်း တယ်လီဖုန်းပြောနေရင်း သဘောပေါက်လိုက်တာကတော့ စိုးမြတ်ဟာ ဗိုလ်လုပ်ချင်စိတ် များနေပြီး ဖုန်းထဲက ဗိုလ်မှူးကြီးကို လည်း သူ့လူမထင်ဘူးဆိုတာ လူမိုက်နည်းနဲ့ ပြလိုက်တယ်ဆိုတာ ကျနော်သဘောပေါက်လိုက်ပါတယ်။ စိုးမြတ်ဟာ ကျနော့်ကို သူ့အတိုင်ပင်ခံလိုလို တပည့်လိုလို မွေးချင်စိတ်ရှိပုံရပါတယ်။ ကျနော့် အားလပ်နေတဲ့ ရက်တွေမှာ သူလွှမ်းမိုးထားတဲ့ ဒုစရိုက်လောကကို လိုက်ပြပါတော့တယ်။

လှိုင်မြို့နယ် ဘောလုံးကွင်းနားမှာ သွင်းတဲ့ဇာတ်ပွဲတွေနဲ့ ဆူးလေဘုရားပွဲတော်က ဇာတ်ပွဲတွေကို ခေါ်သွားခဲ့ဘူးပါတယ်။ ဘယ်ကလာ ပွဲကြည့်ဖို့ ခေါ်တာဟုတ်မလဲဗျာ။ အဲဒီပွဲတွေမှာ လူဆိုး လူမိုက်တွေ ဦးစီးတဲ့ လပ်ကီးဆဲဗင်း ဝိုင်း၊ အရုပ်ဘောလုံးလှည့်တဲ့ လောင်းကစားဝိုင်း၊ စတဲ့ လမ်းဘေး လောင်းကစားဝိုင်းတွေကို လှည့်ပြီး လူမိုက်ကြေး၊ ဆက်ကြေး လျှောက်ကောက်တာဗျ။ နောက်တော့ ကျနော့်အိမ်နဲ့ မလှမ်းမကမ်းက ဂျင်နေဝင်း ထောင်ထားတဲ့ ဂျင်ဝိုင်းမှာ စိုးမြတ်က လုံခြုံရေးတာဝန် ယူထားတာကြောင့် အဲဒီဝိုင်းကိုလည်း စိုးမြတ် ကောင်းမှုနဲ့ရောက်ခဲ့သပေါ့ဗျာ။

ကျနော့်ဖက်ကလည်း စိုးမြတ်ကို ညီအရင်းအချာတယောက်လို စိတ်ထဲမှာ သတ်မှတ်ခဲ့တာကြောင့် ကျနော့်ရဲ့ ဆရာအရင်း မရမ်းကုန်း မဟာဂန္ဓာရုံကျောင်းတိုက်က တိပိဋကဓရဆရာတော် ဦးသုမင်္ဂလလင်္ကာရဆီကိုတောင် ခေါ်သွားဖြစ်ခဲ့ပါသေးတယ်။ ဆရာတော်ဟာ အစိုးရကောင်းမှုနဲ့ အင်းစိန်နဲ့ ဗန်းမော်ထောင်မှာနေခဲ့ဘူးတာကြောင့် စိုးမြတ်ကို ကောင်းကောင်းမှတ်မိနေပြီး ထောင် အကြောင်းတွေ သတိတရ မေးရှာပါတယ်။ ဆရာတော်ပြောတာကတော့ သူ့ကို သက်ဆိုင်ရာတွေက မေးမြန်းစစ်ကြောစဉ်မှာ အမှန်ကို ဝန်မခံရင် အကြမ်းနည်းနဲ့ ညှင်းပန်းနှိပ်စက်မယ်။ အစိုးရဆိုတာ ဘာမဆိုလုပ်လို့ရတယ်ဆိုတဲ့ အကြောင်းတွေပါပဲ။

အဲဒီတုန်းက ဆရာတော်ဟာ လူဝတ်ကြောင်အဝတ်ကိုသာဝတ်ထားခဲ့ပေမယ့် ရဟန်းသိက္ခာကို ဆက်လက်စောင့်စည်းနေခဲ့တယ်၊ ထောင်ထဲမှာ နေစဉ်ကာလတလျှောက် အာနာပါနနဲ့ သာနေထိုင် ခဲ့တယ်ဆိုတဲ့ အကြောင်းတွေကိုလည်း ပြောခဲ့ပါတယ်။

အဲဒီတုန်းက စိုးမြတ်နဲ့အနီးကပ်ရှိနေတဲ့ သူတွေကတော့ ကြိုးသိန်းဝင်း၊ တောင်ဥက္ကလာ စိုးသိန်း ဒေါ်နဲ့ ရှည်ကြီးတို့ပါပဲ။ အမှန်က ကျနော်စိုးမြတ်ဆီကို ဝင်ထွက်နေတာဟာ သူ့ကိုအားကျ အထင်ကြီး နေလို့ ကပ်နေတာ မဟုတ်ဘူးဗျ။ ကျနော့်မှာ အကြံရှိတယ်။ ကျနော့်အကြံကတော့ ကျနော့်ကို ကသေသတ်ဖို့စီစဉ်ခဲ့တဲ့ လက်သည်တရားခံကို ထိထိမိမိ ဖော်ထုတ်နိုင်ဖို့ပါပဲ။

သိပ်မကြာလိုက်ပါဘူး။ တနေ့ စိုးမြတ်နဲ့ကျနော် ကားတစီးထဲပေါ်မှာ အတူရှိနေတုန်း ကျနော့် လက်ကိုင်ဖုန်းထဲကို နံပါတ်စိမ်းတခုနဲ့ လူစိမ်းတယောက် ဖုန်းဆက်လာပါတယ်။ ကျနော့်ကို ကိုသက်ခိုင် လားလို့ စမေးတယ်။ ပြီးတော့ ကျနော့်ကို ဓားနဲ့ ထိုးသွားသူကို သူဖော်ထုတ်ပေးနိုင်ကြောင်း ပြောလာ ပါတယ်။ အဲဒီသူဟာ ကျနော်ခရီးသွားနေတုန်း ကျနော့် ဇနီးသည်နဲ့ အဆက်အသွယ် လုပ်ခဲ့တဲ့သူ ဖြစ်နိုင်ပါတယ်။

ကျနော်က တယ်လီဖုန်းကို စကားမပြတ်အောင် ပြောနေတုန်း စိုးမြတ်ကိုလှမ်းကြည့်လိုက် တော့ စိုးမြတ်က ခေါင်းငြိမ့်ပြရင်း ကျနော့်တယ်လီဖုန်းကို လှမ်းယူလိုက်ပြီး၊ ကျနော် ကိုသက်ခိုင့်ညီပါ၊

လိုအပ်တာ ကျနော်တို့ဖက်က အားလုံး လုပ်ပေးမှာပါ၊ အစ်ကိုကျေနပ်လောက်အောင် ကျေးဇူးဆပ်မှာပါဆိုပြီး စကားသုံးလေးခွန်းလည်းပြော ပြီးရော စိုးမြတ်ဟာ ရုတ်တရက်တစုံတခုကို သတိရသွားတဲ့ဟန်နဲ့၊ ဟေ့ကောင် ကျော်နိုင် ငါပါကွ စိုးမြတ်ပါ။ မင်း အင်းစိန်က ကျော်နိုင်ပါကွာ မင်းအသံကို ငါကောင်းကောင်း မှတ်မိတယ် ငါမင်းနဲ့ အခုချက်ချင်း တွေ့ချင်တယ်လို့ ပြောလိုက်ပါတော့တယ်။

ဒါပေမယ့် ဟိုဖက်က ဘာမှ စကားပြန်မပေးပဲ ဖုန်းချသွားတာကြောင့် စကားဆက်ပြောလို့မရတော့ဘူးပေါ့ဗျာ။ ကျနော့်ကိစ္စကို စိုးမြတ်ဝင်ပါပြီး ဖြေရှင်းတော့မယ်ဆိုတဲ့ သတင်းကြောင့်ထင်ပါရဲ့။ နောက်တနေ့မှာ ကျနော့်အိမ်ကို ညွှန့်သည်တယောက် ရောက်လာပါတော့တယ်။ အဲဒီ ညွှန့်သည်ကတော့ ဗဟန်းက လူသတ်မှုနဲ့ထောင်ကျဘူးတဲ့ ထင်ကျော်ပါပဲ။ သူဟာ ထောင်ထဲမှာ ကျနော့် ကျေးဇူးမကင်းတဲ့အပြင် ကျနော့်စိတ်နေသဘောထားကို ကောင်းကောင်းသိနေတဲ့သူပါ။ ဒါကြောင့် ကျနော့်သတင်းကို ကြားကြားချင်း ကျနော်အိမ်ကို ပေါက်ချလာတာပါပဲ။

ဖြစ်မှဖြစ်ရလေ အစ်ကိုရာ။ ဒီကိစ္စကို ကျနော်သိနေတာကြာပြီဗျ။ သူတို့ထိုးလိုက်တဲ့ လူဟာ ရုပ်ရှင်မင်းသားနဲ့ တူသလိုလို ကမာရွတ်မှာနေသလိုလို ပြောကြပေမယ့် အစ်ကိုလို့ကျနော် မထင်ခဲ့ဘူး။ မနေ့ကမှ စိုးမြတ်ကြီးနဲ့ ကျော်နိုင် တယ်လီဖုန်းထဲမှာ ဆုံပြီး ကျော်နိုင့် အသံကို စိုးမြတ်မှတ်မိသွားရာက သေချာစုံစမ်းလိုက်တော့မှ ခံလိုက်ရတာ အစ်ကိုမှန်း သိတော့တာတဲ့ဗျာ။

ဒီတော့ ကျော်နိုင်နဲ့ ကျနော့်ကို သူဆုံပေးနိုင်တဲ့အကြောင်း စိုးမြတ်တို့ ဝင်မပါပါစေနဲ့လို့ ကျနော့်ကို တောင်းပန်ပါတော့တယ်။ ဒါပေမယ့် စိုးမြတ်ကို ကျနော်တားဖို့ အချိန်မမှီတော့ပါဘူး။ ကျနော့်အမှုလက်သည်ဟာ ကျော်နိုင်လို့သိပြီးတာနဲ့ နောက်တနေ့ညနေမှာ စိုးမြတ်ဟာ ဆယ့်ငါးယောက်လောက် ရှိမယ့် သူ့လူမိုက်အဖွဲ့ကို ကားပေါ် တင်ပြီး ကျော်နိုင်နဲ့ တွေ့ဖို့ စီစဉ်ပါတော့တယ်။ စိုးမြတ်ရဲ့အဖွဲ့မှာ ဒုတ်ဓားလက်နက် အပြည့်အစုံနဲ့ပေါ့ဗျာ။ စိုးမြတ်ဆီမှာကတော့ ခြေသလုံးမှာ ကားကျွတ်နဲ့ပတ်ထားတဲ့ ဓားနှစ်လက်ရယ်၊ ခပ်ဝေးဝေးကနေ ဓားတတ်ပြီးပစ်လို့ရတဲ့ နိုင်ငံခြားလုပ်ဒူးလေးပုံစံ လက်နက်ဆန်းတခု ပါလာတာလည်း တွေ့လိုက်ရသဗျာ။

အမှန်က အဲဒီနေ့က ကျော်နိုင်တို့အဖွဲ့နဲ့ ဆုံဖို့သွားကြတာ ကားနှစ်စီးဗျ။ တစီးက ကျနော့်ကိုယ်ပိုင်ကား တစီးက အငှားကားပစ်ကပ်ပေါ့။ အဲဒီအငှားကားကလည်း လူဆိုးလူမိုက်တွေနဲ့ တွဲနေကျကားထင်ပါရဲ့။ စိုးမြတ်ဟာ ဒီနေရာမှာ လူလည် လူမိုက်လို့ပြောလို့ရမယ် ထင်ပါတယ်။ ကျော်နိုင်တို့ရှိရာ အင်းစိန်ကို မရောက်ခင် ကျနော့်အိမ်နားက ပီတောက်ချောင်း ရဲစခန်းကိုရောက်တော့ စခန်းထဲဝင်ပြီး ကျနော့်ကို ဓားနဲ့ထိုးသွားတဲ့ တရားခံရဲ့သတင်းရလို့ ရဲစခန်းတာဝန်ရှိသူတွေ နောက်ကလိုက်ခဲ့ဖို့ဝင်ပြီး အကြောင်းကြားခဲ့ပါသေးတယ်။ နောက်မှသိရတာက စိုးမြတ်ဟာ လှိုင်မြို့နယ်၊ အပေါ် စခန်းလို့ခေါ်တဲ့ အင်းစိန် လမ်းမကြီးပေါ် ကရဲစခန်းကိုလည်း ဖုန်းဆက်အကြောင်းကြားထားခဲ့ပြီးပြီလို့ သိရပြန်ပါတယ်။

နောက် အင်းစိန်စခန်းကိုလည်း အကြောင်းကြားသေးသဗျ။ နောက်ဆုံးတော့ အင်းစိန်ဂုံးကျော်တံတားကြီးနားမှာ ကျော်နိုင်တို့အဖွဲ့နဲ့ စိုးမြတ်ခေါင်းဆောင်တဲ့ ကျနော်တို့အဖွဲ့ ဆုံမိကြပါတော့တယ်။ စိုးမြတ်ဟာ ကျော်နိုင့်ကို ငယ်နိုင်ဖြစ်ဟန်တူပါတယ်။ ကျော်နိုင်နဲ့တွေ့ပြီး ချက်ချင်းဆိုသလိုကဲ၊ စီစဉ်တာကတော့ မင်းဆိုတာ ဟုတ်ပါပြီ ငါ့အကိုကို ဓားနဲ့ ကိုယ်တိုင်ထိုးတဲ့ ချာတိတ် ဘယ်မတုန်းလို့လည်း မေးလိုက်ရော ကျော်နိုင်ဟာ စိုးမြတ်နားကို ကပ်ပြီး တစုံတခု ပြောလိုက်ပါတယ်။

စိုးမြတ်ဟာ ရုတ်တရက် ပစ်ကပ်ကားပေါ် တက်ထိုင်လိုက်ပြီး ခပ်လှမ်းလှမ်းက တဲအိမ်စုစုနဲ့ရပ်ကွက်ထဲကို မောင်းခိုင်းပြီး ဝင်သွားပါတော့တယ်။ သူနဲ့အတူ သူ့တပည့်ကျော် ငါးယောက်လောက်လည်း ပါသွားတာပေါ့ဗျာ။ ဆယ်မိနစ်တောင် မပြည့်ခင်မှာ ကားပြန် ရောက်လာလို့ကြည့်လိုက်တော့

ကျနော့်ကို ဓားနဲ့ထိုးသွားတဲ့ လူငယ်ဟာ ခေါင်းမှာ သွေးသံရဲရဲနဲ့ ကားပေါ်မှာ ပါလာတာကို တွေ့လိုက်ရပါတယ်။ သေချာပါတယ်။ ဒီချာတိတ်ဟာ ကျနော့်ကို သေရွာပို့ခဲ့တဲ့ ချာတိတ်ပါပဲ။

မကြာခင် စိုးမြတ်တပည့်တယောက်က စောစောက ချာတိတ်နဲ့အတူ ကျနော့် အိမ်ရှေ့ကို ပါလာတယ်ဆိုတဲ့ နောက်ထပ်ချာတိတ်တကောင်ကို ရိုက်နှက်ပြီး ခေါ်လာပြန်ပါတယ်။ စိုးမြတ်တို့ ဇတ်ကြမ်းတိုက်ပြီး ခေါ်လာတဲ့ အထဲက ခေါင်းမှာ သွေးသံရဲရဲနဲ့ ပါလာတဲ့ ချာတိတ်ဟာ ကျနော့်ကို ဓားနဲ့ထိုးသွားတဲ့ချာတိတ်ဆိုတာ ကျနော် သေချာမှတ်မိနေပါတယ်။ ချာတိတ်ဟာ ကားနောက်ခန်းမှာ ထိုင်နေရင်း ကားရှေ့ခန်းက ကျနော့်ကိုလည်း မြင်ရော ရုတ်တရက် သူသေရတော့မယ်လို့ သွေးပျက်သွားဟန်တူပါရဲ့။ သူ့မျက်နှာဟာ သွေးဆုတ်သွားသလို ဖြူဖတ်ဖြူရော် ဖြစ်သွားပါတော့တယ်။

နောက်ဆုံးတော့ စိုးမြတ်နဲ့ကျော်နိုင်နှစ်ယောက် တောင်ဥက္ကလာဖက်က စားသောက်ဆိုင်တခုမှာ ထိုင်ကြရင်း အကျိုးအကြောင်း သေချာမေးတော့မှ ဒီကိစ္စရဲ့ လက်သည်တရားခံ ဟာ ဒေါ်စက်ကြည်နဲ့ လှစိုးအောင်ဆိုတာ တိတိကျကျ ပေါ်လာပါတော့တယ်။ ကျော်နိုင်က ဒေါ်စက်ကြည် သူ့ကို ငွေငါးသိန်းနဲ့ငှားပုံ၊ ဒေါ်စက်ကြည်နဲ့တွေ့ဖို့ လှစိုးအောင်ကခေါ် လာပုံကအစကျနော် မသေတာကြောင့် ကျန်ငွေအကြေမပေးလို့ ဒေါ်စက်ကြည်ကို ဓားကြိမ်းကြိမ်းရပုံအထိ အသေးစိတ် ဖော်ကောင်လုပ်ပါတော့တယ်။ ကျော်နိုင်ဟာ ကျနော့်မျက်နှာကို မရဲတရဲလှမ်းကြည့်ရင်း သူကို နားလည်ပေးဖို့ တောင်းပန်စကား ဆိုပါတော့တယ်။

ကျနော်လည်း သူတောင်းပန်တာကို ကြေအေးတဲ့ပုံစံနဲ့ ဖြစ်ပြီးတာတွေ ပြီးပါစေတော့ဗျာ။ အခုအကြောင်းစုံသိရတာလည်း ခင်ဗျားကျေးဇူးကြောင့် သိရတာမို့ ဒေါ်စက်ကြည်တို့ကို ခင်ဗျားရှေ့မှာ ဆုံနိုင်အောင်သာ ကျနော့်ကို ကူညီပါလို့ ပြန်ပြောလိုက်ပါတယ်။ ဒီတော့ သူ့ အံ့ဩတဲ့အမူအရာနဲ့ ဇစ်ကိုက လက်သည်ကိုသိနေပြီပဲဟာ ဘာကြောင့်ဆုံချင်သေးတာတုန်းလို့မေးတော့ ကျနော်လည်း ကိုယ်တိုင် လက်စားချေရမှ ဒီကိစ္စကို ကျနော် ကျေနပ်နိုင်မှာပါလို့ ပြောလိုက်ပါတယ်။

နောက်ဆုံးတော့ လူမိုက်တွေပီပီ ကျနော့်ခံစားချက်ကို နားလည်ကြတယ်ထင်ပါရဲ့။ ကျနော့်ကိစ္စဟာ သူတို့ကြောင့်ဖြစ်ရတာမို့ သူတို့ကိုယ်တိုင် ဝင်ရှင်းပေးပါ့မယ်လို့ ဆိုလာပါတယ်။ ဒါပေမယ့် ကျနော် လက်မခံခဲ့ပါဘူး။ ကျနော့်ကိစ္စကို ကျနော်ကိုယ်တိုင် ကျနော့်လက်နဲ့ ဖြေရှင်းချင်စိတ်သာ ရှိနေခဲ့ပါတယ်။ ကျနော့်စိတ်ထဲမှာ ဒေါ်စက်ကြည်နဲ့ လှစိုးအောင်ကို ကျနော်ကိုယ်တိုင် ဓားနဲ့ အချက်ပေါင်းများစွာ စိတ်ရှိလက်ရှိ ထိုးခုတ်သတ်ဖြတ်ပစ်လိုက်ချင်တဲ့ စိတ်သာပေါ်နေခဲ့ပါတယ်။ ဒါပေမယ့်ဗျာ။

အဲဒီတခဏမှာပဲ ကျနော်ဟာ ကျနော့်စိတ်ကို အထပ်ထပ် ပြန်လည်ဆန်းစစ်ရပါတော့တယ်။ ကျနော့်အသက် ကိုရန်ရှာခဲ့တဲ့သူတွေကို ကျနော်သတ်ရမှာ ဝန်မလေးလှပါဘူး။ ကျနော်ဟာ တုံးတိုက်တိုက် ကျားကိုက်ကိုက် လူမိုက်တွေ လက်ဖျားခါလောက်အောင် ဇွတ်တရွတ်နိုင်ခဲ့သူမို့ သေမှာကိုဘယ်တုန်းကမှ ကြောက်ခဲ့သူ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျနော်သတ်ရမယ့်အဓိက လက်သည် တရားခံဟာ အသက်ငါးဆယ်ကျော် မိန်းမကြီးတယောက်ဖြစ်နေတာကတော့ ကျနော့်ကို အကြီးအကျယ်တွေဝေစေပါတော့တယ်။

ဟုတ်ပါတယ်။ ယောက်ျားကောင်းတယောက်ဟာ မိန်းမတယောက်ကို ဓားနဲ့အချက်ပေါင်းထိုးခုတ်ပစ်လိုက်တယ်ဆိုတဲ့ သတင်းမျိုးဟာ လူကြားလို့တော့ မကောင်းလှဘူး မဟုတ်လား။ ကျနော်ဟာ လူမှန်းမသိအောင် မူးနေလျက်က အသိတရားပြန်ဝင်သလို ဖြစ်လာတာကြောင့် စိုးမြတ်နဲ့ ကျော်နိုင်တို့အဖွဲ့ကို လက်ကာပြလိုက်ပြီး နေပေ့စေတော့ကွာ၊ ကိုယ့်ကိစ္စကို ဒီအတိုင်းသာ ရှိပါစေတော့၊ မိန်းမတယောက်ကို သတ်ပစ်ရမှာ တော်တော်ရာဇဝင်ရိုင်းပါတယ်လို့ ပြောလိုက်ပါတော့တယ်။

အဲဒီညက အဖြစ်ကိုနိဂုံးချုပ်ရရင် စိုးမြတ်ဟာ ကျနော့်ကို သိပ်ပြီးသွေးမရှိတဲ့ လူတယောက် အဖြစ်မြင်သွားခဲ့ပြီး လူစုခွဲလိုက်ကြပါတော့တယ်။

ဒါပေမယ့် တရားကို နတ်စောင့်တယ်စကားဟာ တကယ်မှန်ကန်ခဲ့ပါတယ်။ အဲဒီညက အဖြစ် အပျက်ပြီးတဲ့နောက် နောက်တလလောက်အကြာမှာ ကျော်နိုင်ဟာ မူးယစ်ဆေးဝါးကိစ္စ ကြောင့် သူ့လူတွေနဲ့အချင်းချင်း စကားများကြရင်း အသတ်ခံလိုက်ရတဲ့ သတင်းကို ကျနော်ကြားရပါတော့တယ်။

ကျော်နိုင်ကို သတ်တဲ့သူတော့ ကျနော်နဲ့တွဲဖက်လူမိုက် စိုးအောင်ဒေါ် နွားလေးကို သတ်ခဲ့တဲ့ ဌေးအောင်ဆိုတဲ့ ချာတိတ်ပါပဲ။ ကျော်နိုင်ဟာ မူးယစ်ဆေးဝါးကို အရောင်းအဝယ် လုပ်ရုံမက ကိုယ်တိုင် လည်း သုံးစွဲနေခဲ့တယ်လို့ ဆိုပါတယ်။ ဆေးပြတ်နေတဲ့ အချိန်မှာ ကျော်နိုင်ဟာ ဓားတချောင်းဆွဲပြီး ဌေးအောင်ရဲ့အိမ်ကို သွားရမ်းတော့ အဲဒီချာတိတ်က အိမ်မှာ မရှိတဲ့အချိန်မို့ သူတို့လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ စောင့်နေခဲ့သတဲ့။ အဲဒီချာတိတ် ရောက်လာပြီး သူ့ကို ငှက်ကြီးတောင်နဲ့အပိုင်း၊ သူလည်း ရှောင်ရင်းတိမ်းရင်း ဓားနဲ့ ပြန်ဘက်လိုက်သတဲ့ဗျ။ အမြေကတော့ နေရာမှာတင် နှစ်ယောက် စလုံး ပွဲချင်းပြီးတာပါပဲတဲ့ဗျာ။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ ကျနော့် အစ်ကိုကြီးလိုနေတဲ့ အင်းစိန်စီ အိုင်ဒီမှာ တာဝန်ထမ်းနေတဲ့ ရဲမှူးဦးသောင်းကြီးကလည်း အအေးတိုက်ထဲမှာ ရှိုက်ထားတဲ့ ကျော်နိုင့်ရဲ့ အလောင်း ဓာတ်ပုံကို ကျနော့်ဆီ ယူလာပြခဲ့ပါတယ်။ ဟုတ်ပါတယ်။ ကျနော့်အမှု ကိစ္စနဲ့ပတ်သက်ပြီး ကျနော် လက်လှမ်းမီသမျှနေရာတွေကို စုံစမ်းထောက်လှမ်းစေခဲ့တာပေါ့ ဗျာ။

လှစိုးအောင်နဲ့ ဒေါ် စက်ကြည် သတင်းကတော့ ဒီနေ့အထိဘာမှ မကြားရတော့ပါဘူး။ ကြား လည်း မကြားချင်တော့ပါဘူးဗျာ။

ဒေါ် စက်ကြည် ကိစ္စနဲ့ပတ်သက်ပြီး အမှုတွဲလို့ ဆိုတဲ့ ကားပေါ် ပါလာတဲ့ချာတိတ်တွေကိုလည်း နောက်တနေ့မှာ ဗိုတောက်ချောင်း ရဲစခန်းကနေ ပြန်လွှတ်ပေးလိုက်တယ်လို့ သိရပါတယ်။ ဒီလိုနဲ့ နောက်ထပ် လေးလလောက်အကြာ တခုသောနေ့ နံနက်စောစောမှာတော့ စိုးမြတ် နဲ့ပတ်သက်တဲ့ သတင်းတပုဒ်ကျနော့်ဆီကိုရောက်လာပါတယ်။ ကျနော် အမူးလွန်ပြီး ဘုန်းကြီးလမ်းရုံးခန်းမှာ အိပ်ပျော် သွားလိုက်တာ မနက်ခြောက်နာရီ ကျော်ကျော်လောက်မှာ ဖုန်းသံမြည်လာသဗျာ။ ကျနော်က ဖုန်းကို ကောက်ကိုင်လိုက်တော့ ရွှေနေဦးဇော်မျိုးဝင်း အသံဖြစ်နေသဗျ။ ကျနော်လည်း အိပ်မှုန်စုံမွှားနဲ့ စောစောစီးစီး ဘာကိစ္စရှိလို့လဲဗျာလို့လည်း မေးလိုက်ရော ဟော့ကောင် သက်ခိုင် မင်း စိုးမြတ်ကြီးကို အပြတ်ရှင်းလိုက်ပြီ မဟုတ်လားတဲ့။

ကျနော်က ပေါက်ပေါက်ရှာရှာဗျာ။ ညက မူးနေလို့ အိပ်မပြန်တာဗျ။ စိုးမြတ်က ဘာဖြစ်လို့ တုန်းလို့ မေးလိုက်တော့ မင်းမသိချင်ယောင်ဆောင်မနေနဲ့၊ မင်းအကွက်တွေ ငါကောင်းကောင်းသိ တယ်။ မင်းရုံးခန်းနားမှာ စိုးမြတ် သေနေပြီတဲ့ဗျာ။

နောက်မှ အကြောင်းစုံကို စုံစမ်းလိုက်တော့ စိုးမြတ်ဟာ ကျနော့်ရုံးနဲ့မဝေးလှတဲ့ ဘုန်းကြီးလမ်း၊ စံပြရုံနဲ့မလှမ်းမကမ်းက ညလုံးပေါက်ဖွင့်တဲ့ မုန့်ဟင်းခါးဆိုင်တခု ရှေ့မှာ ဓားဒဏ်ရာတွေနဲ့ အသတ်ခံ လိုက်ရတယ်ဆိုတာ အတည်ပြုနိုင်ပါတော့တယ်။

စိုးမြတ်သေတဲ့ သတင်းဟာ ရန်ကုန်လူမိုက်လောကကို တော်တော်ဂယက်ရိုက်သွား စေခဲ့ပါတယ်။ သူ့ကိုသတ်တဲ့ တရားခံတွေကတော့ မှုခင်းသတင်းတွေမှာ ဖော်ပြချက်အရ နဂါးလေးဝင်းအောင်နဲ့ ကျနော်အမည်မမှတ်မိတော့တဲ့သူ တယောက်လို့ဆိုပါတယ်။ သတ်ရတဲ့အကြောင်းရင်းကတော့ စိုးမြတ် ဟာ ထောင်ထဲတုန်းက သူတို့ကို ရက်ရက်စက်စက် ညှင်းပန်းနှိပ်စက်တာကြောင့် အစစ်ခံတယ် ဆိုပါ တယ်။ သာမန်အားဖြင့်ကြည့်ရင် ဒီဖြောင့်ချက်ဟာ ယုတ္တိရှိသယောင် ထင်ရပေမယ့် တကယ်တမ်း

အဖြစ်က ဒီလိုမဟုတ်ပါဘူး။ ခင်ဗျားစဉ်းစားကြည့်လေ၊ ထောင်ထဲမှာ အနိုင်ကျင့်တာကို လက်စားချေချင်ရင် ထောင်ထဲမှာ နည်းလမ်းမျိုးစုံရှိနေတာပဲဗျာ။ အပြင်ရောက်အောင် စောင့်နေစရာ မှမလိုပဲ။

ကျနော့်စိတ်ထဲမှာ ဒီကိစ္စဟာ ကန့်လန့်ကာနောက်ကွယ်က တယောက်ယောက်က ကြိုးကိုင်နေတာ ဖြစ်ရမယ်လို့တွက်မိတာကြောင့် ကျနော်လက်လှမ်းမီတဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေကို လှမ်းထောက်လိုက်တဲ့အခါမှာတော့ အဖြစ်မှန်ကို သိလာရပါတော့တယ်။ အဖြစ်မှန်ကို သိတဲ့သူလည်း တော်တော်ရှားမယ်ထင်ပါတယ်။

ဒီဇာတ်လမ်းဟာ စိုးမြတ်ရမ်းကားခဲ့တဲ့ ဇာတ်လမ်းလေးတခုကနေ စတာဗျ။ စိုးမြတ်ဟာ ရန်ကုန်က နာမည်ကြီးဂျင်ဒိုင် ဂျင်နေဝင်းဆီမှာ လုံခြုံရေးတာဝန်ခံ လုပ်နေတဲ့အချိန်ပေါ့။ တနေ့တော့ စိုးမြတ်နဲ့ဂျင်နေဝင်း၊ ငွေပေးငွေယူကိစ္စတခု အဆင်မပြေဖြစ်ကြရာကနေ စိုးမြတ်ဟာ ကမာရွတ်ချောင်းဝဘုန်းကြီးကျောင်းနားမှာ ရှိတဲ့ ဂျင်နေဝင်းအိမ်ကို ညဆယ်နာရီလောက်မှာ ကိုယ်တုံးလုံးတီးကြီးနဲ့ ဆိုင်ကယ်စီးရောက်လာပြီး ဂျင်နေဝင်းအိမ်ထဲက ရှိရှိသမျှ ပရိဘောဂတွေ တီဗီတွေ အားလုံးကို ရစရာမရှိအောင် ရိုက်ခွဲလိုက်သတဲ့ဗျာ။ အဲဒီလို ရိုက်ခွဲပြီးနောက်နေ့မှာ စိုးမြတ်နဲ့ကျနော်တွေ့တော့ စိုးမြတ်ဟာ ခပ်ကြွားကြွားလေသံနဲ့ ကျနော်လက်စွမ်းပြလိုက်တာ အစ်ကိုကြားပြီးပြီလားလို့ ပြောခဲ့သေးတယ်ဗျ။

အဲဒီလို လက်စွမ်းပြပြီး တလလောက်အကြာမှာ စိုးမြတ်အသတ်ခံရတာပါပဲ။ စိုးမြတ်အသတ်မခံရခင် တပတ်လောက်မှာ ဂျင်နေဝင်းက စိုးမြတ်ကို စစ်ပြေငြိမ်းတဲ့ သဘောနဲ့ စိန်လက်စွပ်တကွင်းတောင် လက်ဆောင်ပေးခဲ့သေးသတဲ့ဗျ။ ဇာတ်လမ်းက အားလုံးကို ဆက်စပ်ကြည့်လိုက်ရင် ရှင်းနေတာပဲဗျာ။ စိုးမြတ်ကို အယုံသွင်း ချော့မော့ပြီး လက်စတုံးလိုက်တာဟာ ဂျင်နေဝင်းပါပဲ။ ထပ်ပြီးသေချာတာက အဲဒီအသတ်ခံရမယ့်ညမှာ ကိုင်ထားတဲ့ စိုးမြတ်ရဲ့ လက်ကိုင်ဖုန်းဟာလည်း ဂျင်နေဝင်း ပေးထားတဲ့ဖုန်းပါပဲ။ စိုးမြတ်ရဲ့အနီးကပ် တပည့်ကျော်တွေပြောပြချက်အရ အဲဒီည ဆယ့်နှစ်နာရီလောက်မှာ ဖုန်းတလုံးဝင်လာပြီး အလုပ်ကိစ္စတခုအရေးကြီးတာကြောင့် ဘုန်းကြီးလမ်းက မုန့်ဟင်းခါး ဆိုင်ကို မနက်လေးနာရီမှာ တယောက်တည်းလာခဲ့ဖို့ ဖုန်းဆက်ခဲ့တယ်လို့ ဆိုပါတယ်။ စိုးမြတ်အိမ်က ထွက်သွားတော့ မနက်သုံးနာရီလောက် ရှိပါပြီ။ လေးနာရီလောက်မှာ စိုးမြတ်ဟာ ချိန်းတဲ့ မုန့်ဟင်းခါးဆိုင်ကိုရောက်လာပြီး သူစားဖို့ မုန့်ဟင်းခါး တပွဲမှာ သတဲ့ဗျာ။ သူထိုင်နေတဲ့ခုံကတော့ ပလက်ဖောင်းပေါ်က စည်ပင်သာယာက စိုက်ထားတဲ့ အုတ်ပန်း ခုံလေးတခုနဲ့ ကပ်လျက်နေရာလို့ ဆိုပါတယ်။

သူမှာထားတဲ့ မုန့်ဟင်းခါးပွဲရောက်လာပြီး မုန့်ဟင်းခါးကို တဇွန်းခပ်စားနေချိန်မှာ တယ်လီဖုန်းဝင်လာပြန်သတဲ့ဗျာ။ ဒီတော့ စိုးမြတ်ဟာ အားနေတဲ့ လက်တဖက်နဲ့ ဖုန်းကို ကိုင်ပြီး စကားပြောနေချိန်မှာရုတ်တရက်နဂါးလေးဝင်းအောင်နဲ့ သူ့အဖော်ရောက်လာပြီးဝင်းအောင်က စိုးမြတ်ရဲ့လည်ပင်းဘေးက ညှပ်ရိုးထဲကို ဓားနဲ့အားကုန်ထိုးထည့်လိုက်သတဲ့ဗျ။ သူ့အဖော်ဟတော့ စိုးမြတ်ရဲ့ဘေးနံကြားကို လေးငါးချက်ဆင့် ထိုးပစ်လိုက်သတဲ့ဗျာ။ နာမည်ကြီး လူမိုက်စိုးမြတ်ဟာ ဘာမှလှုပ်ရှားချိန်မရလိုက်ပဲ လမ်းဘေးပန်းစိုက်ခုံမှာ လဲကျပြီး အသက်ပျောက်သွားခဲ့ရတာပါပဲ။

စိုးမြတ်ကို လက်စသိမ်းရာမှာ ကြိုးကိုင်တဲ့သူရှိနေတာ သိပ်သေချာနေပါတယ်။ ကြိုးကိုင်သူဟာ ရန်ကုန်တိုင်းရဲတပ်ဖွဲ့နဲ့ပါ ပလဲနံပ သင့်ပုံရပါတယ်။ သတင်းထုတ်ပြန်ဖို့ ဇာတ်ညွှန်းကိုပါ ကြိုတင်ရေးထားပုံရပါတယ်။

ကျနော့်ရဲ့အဆက်အသွယ် အသိမိတ်ဆွေတချို့ဆီက ကြားရတဲ့သတင်းတွေကို ပေါင်းစပ်လိုက်ရင် စိုးမြတ်ကို အပြတ်ရှင်းခဲ့တဲ့သူဟာ ဂျင်နေဝင်းပါပဲ။ အဲဒီအချက်ကို သေချာစေတာကတော့ ဂျင်ဝိုင်းတွေမှာ အပေါင်လိုက်ခံနေတဲ့ ဟန်စိန်နဲ့ ဂျင်နေဝင်းတို့ စကားအချီအချများရာက ပေါ်ပေါက်လာတယ်ဆိုရပါမယ်။

ဟန်စိန်ခေါ် ကြောင်လီးပူဟာ ဂျင်ဝိုင်းတကာမှာ အပေါင်ခံနေတဲ့သူပါ။ အပေါင်ခံတယ်ဆိုတာကတော့ဗျာ။ ဂျင်ဝိုင်းမှာ လာကစားတဲ့သူတွေထဲက ရှုံးနေသူတွေဟာ သူတို့မှာပါလာတဲ့ ဆွဲကြိုးတွေ လက်စွပ်လက်ကောက်တွေကို ငွေလိုတာနဲ့ ပေါင်တတ်ကြတယ်။ တခါတရံ စီးလာတဲ့ ကားတောင်ပေါင်ကြသဗျ။ ဒါကို ဟန်စိန်က အတိုးယူပြီး အပေါင်ခံတာကြောင့် ဟန်စိန်ဟာ ဂျင်ဝိုင်းတကာကို ရောက်နေတယ်ပေါ့ဗျာ။ စိုးမြတ်သေပြီးလို့ မကြာခင်မှာ ဂျင်နေဝင်းနဲ့ ကြောင်လီးပူ ဟန်စိန် ကတောက်ကဆဖြစ်ကြတော့ ဂျင်နေဝင်းက ဟန်စိန့်ကို အေး၊ စိုးမြတ်ကိုတော့ ငါကိုယ်တိုင်ရှင်းပြီးပြီ၊ ဒီတခါမင်းအလှည့်ပဲ၊ သတိသာ ကြပ်ကြပ်ထားပေတော့လို့ ကြိမ်းသတဲ့ဗျာ။ ဟန်စိန်ဟာ ဂျင်နေဝင်းကို ဘယ်လောက်လန့်သွား သလဲဆိုတော့ ဂျင်နေဝင်း ကြိမ်းပြီးနောက်ပိုင်း ဆယ်ရက်လောက် အိမ်ပြင်မထွက်ရဲဘူးဆိုပဲဗျ။

တချို့ကလည်း စိုးမြတ်ကို အပြတ်ရှင်းတာဟာ ကျနော့်လက်ချက်လို့ တွေးကြသူတွေရှိပါတယ်။ အထူးသဖြင့် ရှေ့နေဦးဇော်မျိုးဝင်းပေါ့။ သူက ကျနော့်လုပ်ရည်ကိုင်ရည်နဲ့ စိတ်ဓာတ်ကို သိနေသူမို့ ကျနော့်လက်ချက်လို့ ထင်နေဟန်ရှိပါတယ်။ ဒါကလည်း နောက်ခံအကြောင်းတခု ရှိလေရဲ့။

ဖြစ်ပုံက ဒေါ်စက်ကြည်ကိစ္စမှာ လက်လျော့ခဲ့တဲ့ ကျနော့်ကို သွေးမရှိတဲ့သူလို့ စိုးမြတ်တထစ်ချ မှတ်ယူသွားပုံရပါတယ်။ နောက်ပိုင်းမှာ ကျနော့်ကို ဆက်ဆံပုံ အချိုးပြောင်းသွားခဲ့ပါတယ်။ အဓိက အချက်ကတော့ သူ့ရဲ့မိုက်ကြေး၊ ဆက်ကြေးတောင်းပုံတွေကို ကျနော် ပြောင်ပြောင်တင်းတင်း ဝေဖန်ခဲ့လို့ပါပဲ။

တကယ်တော့ ကျနော်ဟာ သူ့ကို လူမိုက်သက်တမ်းရှည်ရှည်နဲ့ အချိန်ကြာကြာဝိုလ်လုပ်နေနိုင်အောင် အကြံပြုခဲ့တာပါ။ ကျနော်သူ့ကို နားချခဲ့တာက နိုင်ငံတကာမှာရှိတဲ့ ကမ္ဘာကျော် မာဖီးယားတို့၊ ယာကူဇာတို့လို ဂိုဏ်းမျိုးတွေဟာ အမှန်အမှားကို သေချာစိစစ်ပြီးမှ ဒုစရိုက်မှုကို ကျူးလွန်ကြတဲ့အကြောင်း၊ နေရာတကာ လမ်းဘေးဝိုင်းကအစ လူမိုက်ဂုဏ်နဲ့ လျှောက်မလုပ်သင့်တဲ့အကြောင်းတွေပါပဲ။ ဒါပေမယ့် စိုးမြတ်ဟာ ကျနော့်စကားကို နားမဝင်ခဲ့ပါဘူး။ သူက လျှမ်းလျှမ်းတောက်နေတဲ့အချိန်ဆိုတော့ ဘယ်ခွေးမှ လူမထင်တဲ့ အခြေအနေကို ရောက်နေခဲ့ပါပြီ။

စိုးမြတ် ဘယ်လောက်များ တန်ခိုးထွားသလဲဆိုရင် အလုံမြို့နယ်က ကြံ့ခိုင်ဖွံ့ဖြိုးရေးရုံးအသစ်တည်ဆောက်ဖို့အတွက် သက်ဆိုင်ရာက စိုးမြတ်နာမည်နဲ့ ကန်ထရိုက်ချပေးသတဲ့ဗျာ။ ထောက်လှမ်းရေးတို့ အက်စ်ဘီတို့စတဲ့ အဖွဲ့တွေကလည်း စိုးမြတ်ရဲ့ လုပ်ရပ်တော်တော်များများကို မသိကျိုးကျွံပြုနေခဲ့ကြပါတယ်။

စိုးမြတ်မသေခင် သုံးလလောက်မှာ ကျနော်၊ စိုးမြတ်၊ ကြိုးသိန်းဝင်းနဲ့ အရှည်ကြီးတို့လေးယောက်သား အလုံဖက်က အအေးဆိုင်တခုမှာဆုံပြီး အလုပ်အကြောင်းပြောနေကြတုန်း မဖြစ်စလောက် ငွေရေးကြေးရေး ကိစ္စတခုကနေ ကျနော်နဲ့ စိုးမြတ်အချေအတင် စကားများကြပါတယ်။

စိုးမြတ်ဟာ သူ့တပည့်တွေရှေ့မှာ ကျနော့်ကို နှိပ်ကွပ်ပြချင်ဟန်တူပါတယ်။ ဘာမှမယ်မယ်ရရ အကြောင်းမရှိပဲ ကျနော့်မျက်နှာကို လက်သီးနဲ့လှမ်းထိုးလိုက်ပါတယ်။ ရုတ်တရက်မို့ ရှောင်လိုက်ပေမယ့် သူ့လက်သီးဟာ ကျနော့် နှုတ်ခမ်းဘေးကို ရှပ်ထိသွားတာကြောင့် သွေးစို့သွားခဲ့ပါတယ်။ လူရှေ့မှာ အစော်ကားခံလိုက်ရတဲ့ ကျနော်ဟာ စိုးမြတ်ကို ခပ်စိမ်းစိမ်းပြန်ကြည့်ရင်း စိတ်ထဲမှာ ခိုင်မြဲတဲ့ သန္နိဋ္ဌာန်တခုချလိုက်ပါတော့တယ်။ အဲဒါကတော့ ကျနော် ကိုယ်တိုင်စိုးမြတ်ကို အပြတ်ရှင်းဖို့ပါပဲ။ အဲဒီနေ့က ကျနော်အပြန်မှာတော့ အရှည်ကြီးနဲ့ ကြိုးသိန်းဝင်းဟာ ကျနော့်နောက်က လိုက်လာပြီး အစ်ကို၊ ကျနော်တို့ကိုပါ တလွဲမထင်ပါနဲ့၊ ဒီနေ့ဖြစ်တာ စိုးမြတ်လွန်တယ်ဆိုတာ ကျနော်တို့ သိတယ်လို့ လေပြေထိုးကြရှာပါတယ်။

ဘာပဲဖြစ်ဖြစ် အသက်ကြီးနေတဲ့ မိန်းမတယောက်ကို နားလည်ခွင့်လွှတ်ခဲ့တာကြောင့် ကျနော့်ကို လူပျော့လူညံ့လို့ထင်သွားခဲ့တဲ့ လူမိုက်စိုးမြတ်ကို ကျနော်ဘယ်လောက် လက်ယဉ်တယ်၊ သွေးနီတယ်ဆိုတာ လက်တွေ့ပြဖို့ ကျနော်ဆုံးဖြတ်ခဲ့ပါတယ်။

ကျနော်နဲ့ စိုးမြတ်သတင်းဟာ ဦးဇော်မျိုးဝင်းဆီကို ရောက်သွားတာကြောင့် ဦးဇော်မျိုးဝင်းက ကျနော့်ကို ဖုန်းဆက်ပြီး ဟော့ကောင်၊ သက်ခိုင် မပိုင်ရင်မလုပ်နဲ့နော်၊ စိုးမြတ်က မင်း ထက်ပိုပြီးလျှင်တယ်လို့တောင် သတိပေးခဲ့ဘူးပါတယ်။ တကယ်တော့ လူမိုက်လောကမှာ အကောင်ကြီးရင် အားနည်းနည်းပိုစိုက်ရုံပဲဆိုတဲ့စကားကို ကျနော်သဘောကျတယ်။ ကျနော့်အတွက်တော့ အကောင်ကြီးလေ၊ ကြိုက်လေပဲဗျာ။ ကျနော်ဟာ စိုးမြတ်ကို အပြတ်ရှင်းနိုင်ဖို့ အသေးစိတ် အကွက်ချခဲ့ဘူးတာတော့ အမှန်ပါပဲ။ ဒါပေမယ့် ကျနော်ဘာမှ လက်တွေ့ အကောင်အထည် မဖော်ရသေးခင်မှာပဲ စိုးမြတ်ကို အပြတ်ရှင်းသူပေါ် လာခဲ့တာပါ။ တိုက်တိုက်ဆိုင်ဆိုင် ကျနော့်ကို သံသယဖြစ်ဖို့ ရှိလာတာကတော့ စိုးမြတ်ဟာ ဘုန်းကြီးလမ်းမှာရှိတဲ့ ကျနော့်ရုံးခန်းနဲ့ မလှမ်းမကမ်းမှာ အသတ်ခံခဲ့ရလို့ပါပဲ။

စိုးမြတ်ရဲ့ နောက်ဆုံးအားထုတ်ချက်နဲ့ အကောင်းဆုံးကြိုးပမ်းချက်တခုကတော့ သူ့မိန်းမ ဆယ်တန်းကျောင်းသူကို ဆယ်တန်းအောင်ဖို့ ကြိုးစားခဲ့ခြင်းပါပဲ။ သူမသေခင် လပိုင်းအလိုမှာ သူ့မိန်းမ ဆယ်တန်းအောင်ခဲ့ပါတယ်။

■

## အခန်း (၄၆)

# ယစ်ထုပ် သက်ခိုင်

ကျနော်သည် ကုန်သွယ်လယ်ယာကဲ့သို့သော အစိုးရဌာနတွင် အမှုထမ်းခဲ့ဖူးသူဖြစ်သည့်အတွက် အသောက်အစား ကင်းလှသူမဟုတ်။ ရဲဘက်စခန်းတွင်နေထိုင်ခဲ့ရသော တနှစ်ခွဲခန့် ကာလအတွင်း အရက်သေစာသောက်စားခြင်း ကင်းခဲ့သော်လည်း ရဲဘက်စခန်းသို့မရောက်မီနှင့် ရဲဘက်မှပြန်လည်လွတ်မြောက်လာပြီးကာလများတွင် အခါအားလျော်စွာကြုံရသော သောက်ဝိုင်းစားဝိုင်းတို့နှင့်မူ မကင်းနိုင်ခဲ့ချေ။ သို့သော် ထိုအရက်ဝိုင်းများနှင့်ကြုံဆုံလေတိုင်း ကိုသက်ခိုင်ပြောပြခဲ့သော အရက်သမားဇာတ်လမ်းကို ကျနော် သတိရနေမြဲဖြစ်ပါသည်။ ၎င်းဇာတ်လမ်းမှာ ကျနော် ကိုသက်ခိုင်နှင့် အတူရှိနေစဉ်ကာလ၊ စခန်းခွဲအမှတ် (၁) တွင် ပြောပြခဲ့သော ဇာတ်လမ်းဖြစ်၍ ထိုသို့ ပြောဖြစ်ခဲ့သော အကြောင်းရင်းနောက်ခံမှာ ကျနော်မှတ်မိသမျှ အောက်ပါအတိုင်း ဖြစ်လေသည်။

အချိန်ကား မှုပြင်းအိုက်စပ်သောနွေတညဖြစ်ပြီး ရဲဘက်အားလုံးအိပ်ယာဝင်နေချိန် ညဆယ့်တစ်နာရီခန့်ဖြစ်ပါသည်။ ပုံမှန်အားဖြင့် ထိုအချိန်သည် ကိုသက်ခိုင် တရားထိုင်နေသောအချိန်ဖြစ်၍ တရားရှုမှတ်နေသော ကိုသက်ခိုင်၏ပုံရိပ်ကို အဖြူရောင် ခြင်ထောင်ခပ်ပါးပါးတွင် မြင်ရလျက်ရှိပါသည်။ ထိုစဉ် မလှမ်းမကမ်းမှ ဝုန်းဗိုင်းဟူသော အသံနှင့်အတူ အော်သံတခု ထွက်ပေါ်လာပါသည်။

'မျိုးကိုကွ၊ မျိုးကို၊ ဘယ်ကောင့်ကိုမှ လူမထင်ဘူး၊ မိုက်တဲ့ကောင်ရှိရင် ထွက်ခဲ့ကွာ၊ ထောင်မှူးလည်း ဒီးပဲ'

ရုတ်တရက်အော်သံကြောင့် ကျနော်ဆတ်ကနဲ အိပ်ယာမှ ထအကြည့်တွင် အိပ်ဆောင်လျှောက်လမ်းတွင် ခေါက်တုန့်ခေါက်ပြန်လျှောက်ကာ ဆဲဆိုကြိမ်းမောင်းနေသော မျိုးကိုအမည်ရှိအကျဉ်းသားကို တွေ့လိုက်ရပါသည်။ မျိုးကို၏ အမည်အပြည့်အစုံမှာ မျိုးကိုကိုဖြစ်၍ အသက်နှစ်ဆယ်ခန့်သာ ရှိသေးကာ မုဒိန်းမှုဖြင့် ဖြစ်ဒဏ်ကျလာသူဖြစ်ပြီး ထို့နေ့က အရက်အလွန်အကျွံ မူးနေပုံရလေသည်။

မျိုးကို၏ ကျယ်လောင်စွာအော်ဟစ်ဆဲဆိုသံများကြောင့် ရဲဘက်များအားလုံးလိုလို နိုးကုန်ပြီး ထထိုင်ကုန်ကြလေရာ ကျနော်သည် ကိုသက်ခိုင် တစ်ုံတရာဝင်ရောက်ဟန့်တားလိမ့်နိုး၊ စောင့်မျှော်မိသော်လည်း ကိုသက်ခိုင်ကား တုတ်တုတ်မျှမလှုပ်ပဲ သူ့တရားကို သူ ဆက်မှတ်နေမြဲဖြစ်သည်ကို တွေ့ရလေ၏။

မကြာပါချေ။ အိပ်ဆောင်တံခါး သော့ဖွင့်သံနှင့်အတူ ထောင်မှူးဦးအေးနိုင်ရောက်လာကာ အခြေအနေ မေးမြန်းစစ်ကြောပါတော့သည်။ အဓိကစစ်ကြောသော အကြောင်းရင်းကား အရက်ကို မည်သူက မည်သို့ခိုးသွင်းလာသည်၊ မည်သူတို့ အတူသောက်ကြသည်ဟူသော အချက်ဖြစ်၏။ ရဲဘက်တော်တော်များများကို စစ်မေးပြီးသည့်တိုင် အဖြေထွက်မလာသောကြောင့် ထောင်မှူးဦးအေးနိုင်မှာ ပို၍ဒေါသပေါက်ကွဲလာလေသည်။ ထူးခြားချက်ကား ထောင်မှူးသည် အရက်ကိစ္စနှင့်ပါတ်သက်၍ ကိုသက်ခိုင်ကို မေးမြန်းမှု မရှိခြင်းပင်။ ပေါက်ကွဲလာသောဒေါသကို ထိန်းချုပ်နိုင်စွမ်းမရှိတော့သည့် ထောင်မှူးသည် မျိုးကိုအား ခြေကျင်းခတ်စေပြီး လက်ကိုပါ ကြိုးနှင့်နောက်ပြန်တုပ်ကာ စိတ်ရှိလက်ရှိ ထိုးကြိတ်ရိုက်နှက်ပါတော့သည်။

ထောင်မှူးလက်ချက်ကြောင့် ပါးစပ်မှ သွေးအံထွက်လာချိန်အထိ အာဂမျိုးကိုကား အသံတိတ် မသွားချေ။ ထောင်မှူးကား ပိုလို့ဒေါသထွက်လာဟန်ရှိကာ

'ဟေ့ကောင်နိုင်ဝင်း၊ ငါ့အိမ်ပေါ်က သေနတ်သွားယူစမ်းကွာ၊ ဒီလိုကောင်မျိုးတွေကို မနိုင်ရင် ငါထောင်မှူးမလုပ်တော့ဘူးကွ'

ဆိုပါလေ၏။ သေနတ်ယူခိုင်းသော ထောင်မှူးအမိန့်ကြောင့် ရဲဘက်နိုင်ဝင်း ဘာလုပ်ရမည်မသိ အူကြောင်ကြောင်ဖြစ်နေချိန်တွင် ကိုသက်ခိုင်တယောက် ခြင်ထောင်ထဲမှ ထွက်လာပြီး နိုင်ဝင်းကိုခေါင်းယမ်းပြသည်ကို ကျနော်မြင်လိုက်ရလေသည်။ နိုင်ဝင်းသည် ထောင်မှူးအမိန့်ကို ဘာမှမကြားသယောင် ထောင်မှူးဘေးတွင် ငူငူကြီး ရပ်နေလေ၏။

နောက်ဆုံးတွင်ကား မျိုးကိုကိုအား ခြေကျင်းခတ်ကာ အဆောင်အပြင် ထုတ်ထားလိုက်ပြီး နောက်တနေ့တွင် ပင်မစခန်းသို့ပြန်ပို့ရန် အမိန့်ချလိုက်လေသည်။ ထိုညကဖြစ်ရပ်နှင့် ပါတ်သက်၍ ကိုသက်ခိုင်အပြုအမူအပေါ် အားမရလှသည်နှင့် နောက် တနေ့မနက်၊ ဖိုကြီးဘေးတွင် ကိုသက်ခိုင်အား ရင်ဖွင့်မိပါသည်။

'ကိုသက်ခိုင်၊ မနေ့က မျိုးကိုကိုကိစ္စမှာ ခင်ဗျားနေစိမ့်နိုင်လွန်းသလားလို့ဗျာ'

ကျနော့်အမေးဆုံးသည်နှင့် ကိုသက်ခိုင်က ကျနော်ကို ခပ်စိမ်းစိမ်းပြန်ကြည့်လိုက်ရင်း

'ခင်ဗျားမသိပဲနဲ့ အပြစ်တင်မစောနဲ့အုံးဗျ၊ အမှန်က ကျနော်ဝင်ရှင်းကာမှ ပို၍ရှုပ်သွားမယ်ဆိုတာသိလို့ ငြိမ်နေတာ။ ဒါကြောင့် မျိုးကို ဇာတ်လမ်းဒီလောက်နဲ့ ရပ်သွားတာ'

'ဒါ့ထက် ဘာဆိုးအုံးမလဲဗျာ။ ခြေကျင်း တလအခတ်ခံခဲ့ရပြီ၊ နောက်တန်းကို ပြန်ပို့ခဲ့ရပြီ'

'ခင်ဗျားမသိပဲနဲ့ လျှောက်မဝေဖန်နဲ့ဗျာ၊ ခင်ဗျားကောင်က အရက်တင် မူးနေတာမဟုတ်ဘူး၊ မူးယစ်ဆေးဝါးတမျိုးပါ ရောချထားတာ၊ အမှန်က ဆေးကြောင်တာဗျ၊ နှစ်ပင်လိမ်တယ်လို့ခေါ်တယ်။ ဒါကြောင့် ဘယ်လောက်ရိုက်ရိုက် မနာပဲ တောင့်ခံနေနိုင်တာပေါ့ဗျာ'

'ဟုတ်ရဲ့လားဗျာ၊ ခင်ဗျားဥစ္စာသေချာလို့လား'

'သေချာတာပေါ့ဗျ။ ဒီနေ့ သူ့မိဘတွေညည့်တွေ့လာတော့ သူ့အမှာညီ မျိုးညီညီပါ လာတယ်။ ကျနော့်တဲပေါ် မှာ တွေ့ကြတာမို့ ဒီအမှာညီအကို မှုပျက်နေတာ ကျနော်သတိထားမိတယ်။ အမှန်က မျိုးကိုတို့ညီအစ်ကိုဟာ မူဒိန်းမှုကိုလည်း အတူတူ ကျူးလွန်ခဲ့ ကြပုံရတယ်။ ကျနော့်အတွေးမမှားဘူးဆို

ရင် ဖြစ်မှုကို နှစ်ယောက်ကျူးလွန်ပြီး တယောက်တည်း ဝန်ခံခဲ့တဲ့ သဘောပဲ။ ဒီနေ့ သူ့ညီက သူ့အတွက် ဆေးတခုခု ယူလာခဲ့ပေးပုံရတယ်။ ကဲ ရှင်းပြီလား'

'အော် ခင်ဗျားက အရက်တို့ ဆေးတို့အကြောင်း တယ်လည်း ကျွမ်းကျင်နေပါလား၊ ခင်ဗျား ကိုယ်တိုင်ကော လုပ်ခဲ့ဖူးသလားဗျာ'

'လုပ်ခဲ့ဘူးသမှ ဟိုဘက်တောင်လွန်သေးဗျာ၊ တကယ်တော့ ကျနော်ကိုယ်တိုင် အရက်နဲ့ မူးယစ်ဆေးဝါးကို သုံးခဲ့ဘူးတာကြောင့် ကိုယ်ချင်းစာတာရယ်၊ ကိုယ်သုံးတုန်းက သုံးခဲ့ပြီး အခုလို ရဲဘက်စခန်းရောက်ခါမှ သူတော်ကောင်းကြီးလုပ်ပြီး ဘယ်သူ့ကိုမှ တရားမပြချင်တာရယ်ကြောင့် မနေ့ညက နှုတ်ဆိတ်နေခဲ့တာပေါ့ဗျာ'

'ဒါဆိုလည်း ခင်ဗျားရဲ့ အရက်သမားနဲ့ ဘိန်းစားဇာတ်လမ်းလေး လုပ်ပါအုံးဗျာ'

ဤသို့လျှင် ကျနော်၏တောင်းဆိုမှုကြောင့် ကိုသက်ခိုင်ဆက်ခဲ့သော အရက်သမားဘဝ ဇာတ်လမ်းကား။

တကယ်တော့ ကျနော်ဟာ လူငယ်ဘဝမှာ အရက်ကိုမုန်းသူလို့ ဆိုရပါမယ်။ ကျနော့်အဖေ အရက်သောက်တတ်တာကို မကျေနပ်လွန်းလို့ အရက်ဆိုတာခွေးတောင်မသောက်ဘူးလို့ ပြန်ပြောမိတဲ့ အထိဗျာ။ တကယ်တော့ ဝစီပေဒထိတိုင်းရှ ဆိုတာ တယ်မှန်သဗျာ။ အရက်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ခဲ့တဲ့ ကျနော်ဟာ အရွယ်ရောက်လာတော့ အရက်သမားဖြစ်လာသဗျ။

ကျနော့်အဖေဟာ အရက်ကို စွဲစွဲလန်းလန်း ပုံမှန်သောက်ပေမယ့် စည်းစံနစ်နဲ့ သောက်သုံး သူလို့ ဆိုရမယ်။ မနက်ပိုင်းမှာ ဈေးဆိုင်ထွက်တယ်။ ဆယ့်တစ်နာရီလောက်ဈေးသိမ်းရင် သူကိုယ်တိုင် မိသားစု စားဖို့သောက်ဖို့ ချက်ပြုတ်ကျွေးမွေးတယ်။ အဲ သားသမီးတွေ စားသောက်ပြီးလို့ နေ့လည် တစ်နာရီဝန်းကျင်မှာ တခွက်တဖလားမော့ပြီး နေ့လည်ခင်းအိပ်တယ်။ ညနေလေးနာရီလောက် အိပ်ယာကပြန်ထပြီး ဈေးဆိုင်သွားသိမ်းတယ်။ ညဘက်ခုနှစ်နှစ်နာရီလောက်မှာ တပိုင်းလောက် သောက်တယ်။ မနက်လေးနာရီခွဲလောက် ကီလီလမ်းပွဲရုံကို ဈေးကြိုထွက်တယ်။ ဒါအဖေ့ရဲ့ နေ့စဉ်ပုံမှန်အလုပ်ပဲ။

အဖေက အရက်သောက်ပေမယ့် မျက်နှာသိပ်တည်လွန်းတာကြောင့် အဖေအရက်သောက် တယ်ဆိုတာ ဘေးလူတွေ သိပ်မသိကြဘူး။ အဖေက နဂိုကတည်းက အနေတည်တယ်။ အရက်မူးရင် လည်း ရမ်းတာ၊ အော်တာဟစ်တာ လုပ်လေ့လုပ်ထ မရှိဘူး။

ဒီတော့ ကျနော်တို့ညီအကိုတတွေဟာ အဖေရှိစဉ်တုန်းက အရက်ဆို ပုလင်းတောင် ကိုင်မကြည့်ရဲခဲ့ကြဘူးဗျ။ အဲ အရက်ဆိုင်နဲ့ ပထမဆုံးရင်းနှီးခဲ့တာကတော့ ကျနော်တို့အိမ်ဘေးက သဘော်သားကိုလှမြင့်နဲ့ အတူတူသွားခဲ့တဲ့ ကမာရွတ်ဘူတာရုံနားက အစိုးရအရက်ဆိုင်ပေါ့။ အဲဒီကုန်သွယ်ရေးအရက်ဆိုင်ဟာ ကျနော့်သူငယ်ချင်း မောင်မောင်တို့အိမ်နဲ့ မျက်နှာချင်းဆိုင်ဗျ။ အဲဒီဆိုင်မှာ အရက်ကို ကောင်တာမှာရောင်းတယ်။ တပက်ကို သုံးဆယ့်ငါးပြားဆိုလားပဲ။ အရက်နံမည် ကတော့ ဘီအီးတဲ့။ အရက်သောက်ချင်တဲ့သူက သူသောက်ချင်သလောက်ပမာဏကို ကောင်တာမှာ ဝယ်ရတယ်။ တပက်၊ နှစ်ပက်၊ သုံးပက် လိုသလောက်ရောင်းပေးတယ်။ ဘယ်လောက်ဝယ်ဝယ် ဝယ်လို့ရတယ်။ အဲ အဲဒီ အရက်ကောင်တာမှာ အရက်ထည့်ဖို့ ပုလင်းခွံပါမလာရင်တော့ အမြည်းဆိုင် တွေကနေ ပုလင်းငှားလို့ရတယ်ဗျာ။ အဲဒီဆိုင်ထဲကို ရောက်ဖူးတာကတော့ ကိုလှမြင့်နဲ့ အဖော်ပါသွား ရာက စတာပဲ။ ရောက်တဲ့နေ့က ဘယ်သောက်ဖြစ်မလဲဗျာ။ စပ်စုချင်လို့ အဖော်အဖြစ် လိုက်သွား တာပေါ့။ အဲဒီတုန်းက ကျနော့်အဖေဆုံးပြီးကာစ ကျနော့်အသက် ဆယ့်ခွန်နှစ်နှစ်အရွယ်ပါ။

ကျနော် အရက်စသောက်တတ်တာက ဆရာအတတ်သင်မှာ ပဲခူးတိုင်း ဘောလုံးလက်ရွေးစင် ဦးသောင်းနဲ့ တွဲမိရာကနေ စတာပဲဗျာ။ အရက်မှ မသောက်တတ်ရင် ဂန်ဒူးလိုလို အပြောခံရတာကြောင့် မခံချင်စိတ်ကနေ စသောက်ဖြစ်ရောဆိုပါတော့။ ဒါပေမယ့် စသောက်ခါစမှာတော့ စွဲစွဲလန်းလန်း မဖြစ်ခဲ့ဘူးဗျ။ နောက် ကျောင်းဆရာဘဝရောက်လာတော့ ကြုံကြားကြုံကြား ခွက်ပုန်းသောက်တတ်လာရောဆိုပါတော့။

အရက်ကိုမူးအောင်သောက်ခဲ့တဲ့ ပထမဆုံးနေ့ကိုတော့ ကျနော် မှတ်မိနေသေးတယ်ဗျာ။ ကျောင်းဆရာဘဝလခထုတ်တဲ့ ရက်တရက်မှာပေါ့။ ကျနော်ရယ်၊ ကိုမိုးမြင့်ရယ် နှစ်ယောက်သား နေ့လည်ဘက်ကြီး အုတ်ကျင်းဘူတာရုံလမ်းက ဘီအီးဆိုင်တဆိုင်မှာ သောက်ဖြစ်ကြ တယ်။ ရေနွေးကြမ်းပန်းကန်နဲ့ နှစ်လုံးလောက်စီသောက်ပြီးချိန်မှာ ခုံပေါ်ကပုလင်းရော ပန်းကန်တွေပါ လှုပ်ကုန်တာနဲ့ ဘယ့်နှယ်၊ ရေနွေးကြမ်းနှစ်ပန်းကန်လောက်သောက်ရုံနဲ့ မူးရသတုန်းဆိုပြီး ကိုမိုးမြင့်ကိုပြောလှူ ခုံပေါ်ကပုလင်းတွေ ပန်းကန်တွေလှုပ်နေတယ်ထင်တယ်လို့ ပြောတော့ သူကလည်း အေးဟုတ်တယ်ဗျ၊ လှုပ်နေတယ်။ ကျနော်တို့မူးနေတာတော့ မဟုတ်လောက်ဘူးလို့ ပြောသဗျာ။ ဒီမှာတင် အမြင်တအသံတွေ ဆူညံဆူညံကြားရမှ၊ လက်စသတ်တော့ လျှင်လှုပ်သွားတာကိုး။ အင်း မိုက်ယုံကြီးမဲ့ အရက်သမား အသစ်စက်စက်တယောက်ကို ကမ္ဘာမြေကြီးက တုန်ဟီးပြီး သတိပေးတယ်ထင်ပါရဲ့။

ကျနော် ကျောင်းဆရာဘဝကနေ အင်းစိန်ဂျိုဘီအိုင်ကို တရားမဝင်ခိုးတက်တော့ အပေါင်းအသင်း ပိုစုံလာတယ်။ အလုပ်တဘက် ကျောင်းတဘက် ပင်ပန်းတဲ့ဒါဏ်ကို ခံနိုင်လိုခံနိုင်ငြား အရက်ကို ခပ်စိတ်စိတ်သောက်တတ်လာတယ်ဗျ။ တခါတခါ ဂျိုဘီအိုင်မှာ အတန်းမရှိတဲ့ရက်တွေဆို ကျနော်တို့ ဂျိုဘီအိုင်သူငယ်ချင်းတစုဟာ ရွှေတိဂုံဘုရားသွားမယ်ဆိုရင်သာ ငြင်းကြတာ၊ အရက်ဆိုင်ဟော့ဆိုတာနဲ့ ဘတ်စ်ကားပေါ်ရောက်ပြီးသားဆိုတဲ့ အထဲက သူငယ်ချင်းတွေဗျာ။ ကျနော်တို့ သူငယ်ချင်းအုပ်စုမှာ အားလုံးလိုလိုဟာ အရက်ကြိုက်ကြတယ်ဆိုရမယ်။ မောင်မောင်သန်း၊ စိန်မြင့် (ယခု အေအီး၊ ဆောက်လုပ်ရေး၊ ကိုသိန်းနိုင် (ယခု အေအီး ဆောက်လုပ်ရေး)၊ ဇော်ရှင်း (သင်္ဘောသားဘဝဖြင့် ကွယ်လွန်)၊ တရှတ်စံလွင် အားလုံးလိုလို အရက်ဟော့ဆိုတာနဲ့ တန့်ကွက်မဲမရှိ သောက်လုံးညီကြသဗျာ။

အဲ အရက်ဆိုင်ကိုသွားရာမှာတော့ ကျနော်က ဆရာကြီးပဲ။ ကျနော်တို့အရက်သောက်တဲ့နေ့ဆို အင်းစိန်ကနေ ကမာရွတ် သဖော့တောလမ်းထဲက အရက်ဆိုင်ကို ချီတက်လေ့ရှိတယ်။ အဲဒီသဖော့တော အရက်ဆိုင်ဆိုတာ သဖော့တောသုသာန်နဲ့ ကပ်လျက်ပဲ။ လာရတဲ့အကြောင်းရင်းကတော့ ကျနော်က နယ်ခံ နယ်မြေကျွမ်းကျင်သူဖြစ်တာရယ်၊ ကျနော်တို့ကြိုက်တတ်တဲ့ ငါးရှဉ့်၊ အမဲသားကြော်၊ လက်ဖက်သုပ်၊ မြင်းခွာရွက်သုပ်စတဲ့ အမြည်းကောင်းကောင်းတွေ ရတတ်လို့ပေါ့ဗျာ။ အဲဒီသဖော့တောအရက်ဆိုင်က ကမာရွတ်ဘူတာရုံနားကနေ ပြောင်းဖွင့်တဲ့ဆိုင်ဗျ။ အဲဒီအရက်ဆိုင်မှာ အစိုးရဈေးနဲ့ ဝယ်လို့ရတယ်။ ကျနော်တို့ထိုင်နေကျ အမြည်းဆိုင်ကတော့ ရန်ကုန်တိုင်း ဘောလုံးလက်ရွေးစင် ဘောလုံးသမား ကိုလှကြိုင်ရဲ့ မိန်းမဆိုင်ပဲ။

အရက်သမားတွေ အရက်သောက်ရတဲ့ အကြောင်းပြချက်ကတော့ မျိုးစုံပါပဲဗျာ။ တချို့က အရက်ကလေးသောက်ထားရင် အတွေးအခေါ် ကွန့်မြူးတယ် ထင်ကြတယ်။ တချို့ကလည်း ဆေးဝါးအဖြစ်အသုံးဝင်တယ်ပြောကြတယ်။ တချို့ကတော့ အပေါင်းအသင်းဆန့်တယ်ဆိုပဲ။ ကျနော် အရက်စသောက်တုန်းကလည်း ထုံးစံအတိုင်း အေးလူတွေက ဝိုင်းဝန်းမြှောက်ပင့်ခဲ့ကြတာပဲ။ ဘာတဲ့ သက်ခိုင်က သောက်ထားရင် စကားလုံးတွေမြင့်လာတယ်။ အတွေးအခေါ်တွေ ပီပြင်လာတယ်။

သက်ခိုင်ဟာ ဘယ်လောက်သောက်သောက် ဟန်မပျက်ဘူး၊ ညက သောက်ထားတယ်လို့တောင် မထင်ရဘူး၊ စုံလို့ပေါ့ဗျာ။

ကျနော် ကျောင်းဆရာအလုပ်ကထွက်ပြီး ဆင်မလိုက်သဘော်ကျင်းက ရေကြောင်းအိမ်ရာ စီမံကိန်းကိုလည်းရောက်ရော ကျနော့်အရက်အင်ပါယာက တစတစ ပိုကျယ်ပြန့်လာတယ်ဗျာ။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ဆိုတော့ အေအီးကအစ ပန်းရံ၊ လက်သမားအဆုံး အားလုံး သောက်ကြသကိုး။ လုပ်ငန်းခွင်ကို ပစ္စည်းသွင်းတဲ့ကန်ထရိုက်တွေ ငွေထုတ်တဲ့ရက်ဆို အရက်ဝိုင်းရှိတယ်။ ပုတ်ပြတ်ပန်းရန်လက်သမားခေါင်းဆောင်တွေ ငွေရှင်းတဲ့နေ့ဆို အရက်ဝိုင်းရှိတယ်။ တခြား နေ့တွေမှာ အေအီးနဲ့ အက်စ်အေအီးက ဒကာခံတယ်။ ဒီတော့ အရက်နဲ့လွတ်တဲ့နေ့ဆိုလို့ မရှိသလောက်ဖြစ်လာ ပါရော။ ဆိုင်တလည်းစုံလာသလား မမေးနဲ့၊ အင်းလျားလိပ်ကနေ လမ်းဘေး အရက်ဆိုင်တွေ အထိ ပါတယ်။

အမှန်အတိုင်းပြောရရင် ဘယ်အရက်တွေ ဘယ်လောက်ကောင်းတယ်ဆိုဆို ကျနော် အကြိုက်ဆုံးအရက်ကတော့ ဘီအီးသန့်သန့်ပဲဗျ။ ဘီအီးက ညဘက်သောက်ထားရင် မနက်ဘက်မှာ ခေါင်းမကိုက်ဘူး၊ ဝမ်းမှန်တယ် ထင်တာပဲဗျာ။ သောက်သုံးသူများလာလို့လား ကုန်ကြမ်း ပြတ်လို့လားတော့ မသိဘူးဗျာ။ နောက်ပိုင်းမှာ ဘီအီးအစစ်က မရှိသလောက်ရှားလာတယ်။ သူ့နေရာမှာ ဒီဝမ်းဆိုတဲ့ ကုန်သွယ်ရေးအရက်တမျိုးပေါ် လာတယ်။ ဒီဝမ်းက အမှန်တော့ အရက်ဆီဗျ။ ဒီဝမ်းတလုံးကို ရေကျက်အေး သုံးလုံးလောက်ရောရတယ်။ တခါက ကျနော် ဒီဝမ်းအဆီတွေကို ဖန်ခွက်ထဲမှာ ထည့်ပြီး မီးခြစ်နဲ့ခြစ်ကြည့်တော့ ပြာလဲ့လဲ့အရောင်လေးတွေ တောက်လာသဗျ။ ကျနော်လည်း မီးတောက်ကလေးကို ဘေးဖက်က မှုတ် မှုတ်ပြီး အောက်ကအရက်ကိုသောက်ကြည့်မိတော့ အားလာ့းလား ပူလိုက်တဲ့အဖြစ်ဗျာ။ နောက်တနေ့မနက်မှာ အာခေါင်တွေ ကွဲကုန်အထိ။

အရက်ရှားတဲ့ပြဿနာကြောင့် ကျနော့်မိတ်ဆွေအရက်သမားတချို့ စောစောစီးစီး လူ့လောကကနေ ထွက်သွားရတာလည်း ကြုံဘူးသေးဗျာ။ အဲဒီလူနာမည်က ကိုသန်းညွန့်တဲ့၊ သူက အရင်တုန်းက သွားစိုက်ဆိုင်ဖွင့်ထားတဲ့ သွားစိုက်ဆရာ။ နောက်ပိုင်း သွားစိုက်တဲ့အလုပ်က အဆင်မပြေဘူးထင်ပါရဲ့။ သွားစိုက်ဆိုင်နောက်ခန်းလေးမှာ သူ့မိန်းမက အရက်ပုန်းဆိုင်ဖွင့်တယ်။ အဲ ကိုသန်းညွန့်ကိုယ်တိုင်ကလည်း ယမကာလုလင်ဆိုတော့ သူ့ကိုယ်တိုင်လည်း သောက်သုံးသူပေါ့ဗျာ။ ကိုသန်းညွန့်မိန်းမ မမြင့်ရဲ့လက်ရာအမြည်းက ကျနော်တို့အသည်းစွဲမို့ ကျနော်တို့ ကိုသန်းညွန့်ဆိုင်ကို ခြေဦးလှည့်နေတဲ့ အချိန်ပေါ့။

တရက်တော့ ကိုသန်းညွန့်ဟာ သူ့ဆိုင်မှာရောင်းဖို့ ဘီအီးဝယ်မရ သူ့ကိုယ်တိုင်လည်း သောက်စရာပြတ်တာကြောင့် ဘီအီးရနိုင်တယ်ဆိုတဲ့ အုတ်ကျင်းဖက်ကို ခြေစကြာဖြန့်ပြီး လိုက်သောက်သတဲ့။ အဲဒီမှာတင် အရက်အဆိပ်မိပြီး ကိုသန်းညွန့်အပါအဝင် သောက်ဖော်သောက်ဖက် နှစ်ယောက် လောက်ပါ နေရာတင် ပွဲချင်းပြီး သေသတဲ့ဗျ။ ကံကောင်းလို့ ကိုသန်းညွန့်နဲ့ အဖော်လိုက်သွားတဲ့ ဟန်ညွန့်ဆိုတဲ့ မောင်နဲ့ နောက်တယောက်ကတော့ ရန်ကုန်ဆေးရုံကြီးကို ရောက်သွားရောဗျာ။

ဒီနေရာမှာ အရက်အဆိပ်မိတဲ့လူနာကို ကုတဲ့ကုထုံးကလည်း စိတ်ဝင်စားစရာပါပဲ။ တာဝန်ကျဆရာဝန်ကြီးက အရက်အဆိပ်မိတဲ့လူနာတွေကို နိုင်ငံခြားအရက်ကောင်းကောင်း တလုံးစီဝယ်ခိုင်းပြီး၊ လက်နှစ်လုံးလောက်စီကို ဖန်ခွက်ထဲထည့် တနာရီခြား သောက်ခိုင်းသတဲ့ဗျာ။

ဆရာဝန်ကြီးရှင်းပြတာတော့ အရက်အဆိပ်သင့်သူတွေရဲ့ ခန္ဓာကိုယ်ထဲက အရက်တွေကို နောက်ထပ်သောက်တဲ့ အရက်အကောင်းစားတွေက အချိန်တိုတိုအတွင်း တွန်းထုတ်တဲ့နည်းလို့ ဆိုသဗျ။ အေးဗျာ၊ အရက်တွေက အဆိပ်သင့်ဆို တရားမဝင်အရက်ချက်တဲ့သူတွေက အရက်ထဲကို ဘေးဖြစ်စေတဲ့အရာတွေ ရောကြတာကိုး။ ကျနော်ကြားဘူးသလောက် တောအရက်ထဲမှာ သားရေ

ဖိနပ်တို့၊ ဖားပြုတ်တို့ ထည့်ကြတယ်ဆိုတာလည်း ကြားဘူးတယ်။ အဆိုးဆုံးကတော့ အရက်ပုလင်းတွေ ဈေးကွက်ထဲမပို့ခင် နာရီပိုင်းအလိုမှာ ပိုးသတ်ဆေး (အင်ဒရင်း) ကိုနှီးဖျားမှာဆွတ်ပြီး ပုလင်းထဲကို ထည့်ကြသတဲ့။ ဒါကြောင့်လည်း အစိုးရအရက်ဖြတ်လပ်တဲ့ အချိန်မှာ အရက်အဆိပ်သင့် သူတွေများလာတာ ဆန်းလှတယ်တော့ မဟုတ်ပါဘူး။

အရက်ကြောင့်ဖြစ်ရတဲ့ ကျနော့်အထက်တန်းကျောင်းတုန်းက ဓာတုဗေဒဆရာ ဦးစောထွန်းဦး ရဲ့အဖြစ်ကလည်း ရင်နာစရာပါပဲ။ ဆရာဦးစောထွန်းဦးဟာ ကရင်လူမျိုးပညာတတ်လို့ ပြောလို့ရတယ်။ သူ့လက်မောင်းရင်းမှာ (Saw Tun Oo- B.A,B.ed, B.L, B.E.S) ဆိုတဲ့ စာလုံးတွေကို ဆေးမှင်နဲ့ထိုး ထားတာ တွေ့ဖူးတယ်ဗျ။ ကျနော်နဲ့ အထက်တန်းကျောင်းမှာ တွေ့ခဲ့ရစဉ်က ဆရာဟာ တာကယ့်ကို စည်းကမ်းကြီးတဲ့ ကျောင်းဆရာတယောက်ပါ။ လပတ်စာမေးပွဲတခုမှာ ကျနော် ခပ်ပေ့ါပေ့ါ ဖြေမိလို့ ကျနော့်ကို ရုံးခန်းထဲခေါ်ပြီး သတိပေးခဲ့ဘူးပါတယ်။

နောက်ပိုင်းတော့ ဆရာဦးစောထွန်းဦးဟာ အရက်ကို အတော်စွဲစွဲလမ်းလမ်းသောက်ခဲ့တယ်လို့ သတင်းတွေကြားရပါတယ်။ ကျောင်းပိတ်ရက်၊ ကျောင်းရုံးခန်းထဲမှာ အရက်ဝိုင်းဖွဲ့ခဲ့မိလို့ ဌာနဆိုင်ရာ စစ်ဆေးမှုတွေဘာတွေ အလုပ်ခံရတယ်လို့လည်း ကြားရပါတယ်။ ကျနော်နဲ့ တိုက်တိုက်ဆိုင်ဆိုင် ဆုံမိတာကတော့ ကမာရွတ် ဈေးကြီးထဲမှာပါပဲ။ အဲဒီအချိန်မှာ ဆရာက ပင်စင်ယူပြီးထားချိန်၊ ကျနော် က ကိုယ်ပိုင်ကုမ္ပဏီနဲ့ဘာနဲ့ ဖြစ်နေချိန်ပေ့ါ။ ကျနော့်အစ်မရှိတဲ့ ကမာရွတ်ဈေးထဲကို ဝင်လည်ရင်း မမျှော်လင့်ပဲ ဆရာဦးစောထွန်းဦးကို သားငါးတန်းထဲမှာ တွေ့မိပါလေရော။ ဆရာက မနက်စာချက်ဖို့ ကြက်သားနဲ့ကုလားပဲခြမ်းတွေ ဝယ်နေတုန်း ဖြုန်းဆိုတွေ့လိုက်ရတော့ ဟော့ကောင်၊ သက်ခိုင် မင်းကြီး ပွားနေပြီကြားတယ်၊ အလုပ်တွေ အဆင်ပြေရဲ့လားဆိုပြီး ဝမ်းသာအယ်လဲ နှုတ်ဆက်ရှာပါတယ်။ ကျနော်လည်း တွေ့တုန်းတွေ့ခိုက် ဆရာ့ကို ပြုစုချင်စိတ်ပေါ် လာတာနဲ့ ဆရာ့ကို ပြန်တွေ့ရတာ ဝမ်းသာပါတယ်၊ တွေ့တုန်းတွေ့ခိုက် ဆရာ့ကို တခုခု ပြုစုပါရစေဆိုတော့ ဆရာက မင်း ငါ့ကို ပြုစု ချင်ရင် အရက်သာတိုက်တဲ့ဗျာ။

ကျနော့်အနေနဲ့ မနက်ဘက်ကြီးမှာ ဆရာ့ကို အရက်နဲ့ မပြုစုချင်ပေမယ့် ဆရာအာသီသရှိနေ တာက အရက်မို့ မငြင်းသာတာနဲ့ ဈေးနားက အရက်ပုန်းဆိုင်တဆိုင်မှာ လိုက်တိုက်ဖြစ်ပါတယ်။ အမှန်တော့ ဆရာ့ကို ကျနော် ဆိုင်ကြီးကနားကြီးမှာ ညှိခံနိုင်ပါတယ်။ ဆရာက မင်း ငါ့နောက်က လိုက်ခဲ့ဆိုပြီး သူမော့နေကျဆိုင်ကို ခေါ် လာခဲ့တာကြောင့် အရက်ပုန်းဆိုင်ထဲကို ရောက်သွားခဲ့တာပါ။ ဆရာဟာ အမြည်းစားတာမတွေ့ရပဲ အရက်ဖြူကိုသာ လေးငါးခွက် ဆက်တိုက်ဆင့်ချနေရင်း ကျောင်း ဆရာဘဝက ရှေးဟောင်းနှောင်းဖြစ်တွေကို မနားတမ်းပြောနေပါတယ်။ ပြောနေရင်းက ဟော့ကောင်၊ သက်ခိုင်၊ စောထွန်းဦးဘာကောင်ဆိုတာ မင်းသိတယ်နော်။ မသိသေးရင် ဒီမှာကြည့်ဆိုပြီး သူ့ပညာ အရည်အချင်းတွေကို ဆေးမှင်ထိုးထားတဲ့ သူ့လက်မောင်းရင်းကို လှန်ပြနေပါတယ်။ ဒါက ဆရာရဲ့ မမေ့နိုင်စရာကောင်းတဲ့ ဆရာအမြဲတမ်းလုပ်နေကျ အပြုအမူပါ။ ကျနော့်စိတ်ထဲမှာတော့ ဆရာဟာ ငယ်စဉ်က ပညာကို အပတ်တကုတ်ကြိုးစားခဲ့တယ်။ ပညာကို တန်ဘိုးထားခဲ့ဟန်တူတယ်လို့ တွေးမိတာ ပါပဲ။

အဲဒီနေ့က ဆရာဟာ ကျနော်ပြုစုတာကို ကျေကျေနပ်နပ်သောက်သုံးရင်း မနက်စာချက်ချိန် ကျော်သွားတာကြောင့် ဆရာကတော်ကိုယ်တိုင် အရက်ဆိုင်ကို လိုက်လာပါတော့တယ်။ ဆရာကတော် ကိုလည်း ဆရာမြင်ရော ဟော့ကောင်၊ သက်ခိုင် ငါ့အစ်မကြီးလိုက်လာပြီ၊ ဝိုင်းသိမ်းမှဖြစ်မယ်ဆိုပြီး ဆရာကတော့်နောက်ကို ကျောင်းသားလေးတယောက်လို ခပ်ကုပ်ကုပ်လိုက်သွားပါတော့တယ်။ ဆရာတို့အိမ်က ကမာရွတ်ဈေးကြီးနဲ့ သိပ်မဝေးလှတဲ့ ဆင်ရေတွင်းမှတ်တိုင်နားမှာပါ။

အဲဒါဟာ ဆရာဦးစောထွန်းဦးကို နောက်ဆုံးအကြိမ်အဖြစ် ကျနော်တွေ့ဆုံလိုက်ရခြင်းပါပဲ။ ဘာကြောင့်လည်းဆိုတော့ ဆရာဟာ ကျနော်နဲ့တွေ့ပြီး လေးငါးလအကြာ ဆင်ရေတွင်းမှတ်တိုင်နားမှာ လမ်းဖြတ်ကူးရင်း ကားအတိုက်ခံရပြီး နေရာမှာတင် ပွဲချင်းပြီးသေဆုံးခဲ့ရလို့ပါပဲ။ ပိုပြီး စိတ်မကောင်းဖြစ်စရာက ဆရာ့ကိုတိုက်တဲ့ ကားမောင်းသူဟာ ဆရာ့တပည့်အရင်း၊ လှိုင်မြို့နယ်၊ အမှတ် (၁) အထက်တန်းကျောင်းထွက်ဖြစ်ပြီး ဆရာကားတိုက်ခံရချိန်မှာ ဆရာဟာ ထုံးစံအတိုင်း အရက် အလွန်အကျွံသောက်ထားပါသတဲ့။ အရက်မူးမူးနဲ့ ကားလမ်းဖြတ်ကူးရင်းဖြစ်ရတာမို့ အရက်နဲ့ပတ်သက်တဲ့ သင်ခန်းစာတခုလို့ ဆိုပါတော့။

ဆရာဦးစောထွန်းဦးလို ကားမတော်တဆမှုနဲ့မဟုတ်ပေမဲ့ အရက်ကို နောက်ဆုံးထွက်သက်အထိ ခုံခုံမင်မင် သောက်သွားသူ နောက်တယောက်ကတော့ ကျနော့်ဦးလေးတဝမ်းကွဲ ဦးဆက်မှိုပါပဲ။ ဦးဆက်မှိုဟာ ကျနော့်အဖေရဲ့ ညီတဝမ်းကွဲပါ။ မှိုက်ပင်ရွာက သူကြီးဦးချစ်ခိုင်ရဲ့သားပေါ့။ ညီအစ်ကိုတွေထဲမှာ ဦးလေးဦးဆက်မှိုကို အဖေက တော်တော်ချစ်ပုံရသလို ဦးဆက်မှိုကလည်း အဖေ့ကို လေးစားကြည်ညိုပုံရပါတယ်။

ဦးဆက်မှိုဟာ သူ့ခေတ်သူ့အခါက အလွန်ဝင်ငွေကောင်းတဲ့ မြန်မာ့သစ်လုပ်ငန်း ကော်ပိုရေးရှင်းမှာ လုပ်ခဲ့တာမို့ ဝင်ငွေတော်တော်ကောင်းသလို အသောက်အစားလွန်ကဲတယ်လို့ ပြောရပါမယ်။ နေ့တိုင်းလိုလို သူ့အိမ်မှာ အရက်ဝိုင်း ရှိပါတယ်။ ဒေါ်လေးဒေါ်အုန်းကြည်ကလည်း ဦးဆက်မှို ကောင်းကောင်းသောက်နိုင်အောင် အမြည်းပေါင်းစုံ တနေ့တမျိုး မရိုးရအောင် ပါရမီဖြည့်ခဲ့ရှာပါတယ်။

ဦးလေး ဦးဆက်မှိုဟာ တူတွေတူမတွေကြားမှာ အထိုက်အလျောက် ပညာရေးမျှော်မှန်းချက်ရှိတဲ့ ကျနော့်ကို အချစ်ပိုခဲ့ပါတယ်။ ကျနော်မှတ်မိနေတာတခုက အဖေဆုံးပြီးနောက်ပိုင်း သူတာဝန်ကျရာ ဂွတ္တလစ် သစ်ဆိုင်ဖက်ကိုရောက်တဲ့အခါ ငါ့တူ၊ သက်ခိုင်။ လျှောက်လွှာတစောင်ရေးလိုက်ကွာလို့ ပြောပြီး အဲဒီလျှောက်လွှာကို သူကိုယ်တိုင် ထောက်ခံချက်ပေး၊ သူကိုယ်တိုင် ပွဲစားနဲ့တဆင့် ဖြန့်ရောင်းပေးပြီး အမြတ်ငွေကို အိမ်မှာ မိသားစုလိုတာသုံးဖို့ ကျနော့်အိပ်ကပ်ထဲ ထည့်ပေးခဲ့ဘူးပါတယ်။ ကျနော်မှတ်မိသလောက် အဲသလိုထည့်ပေးတာဟာ နှစ်ကြိမ်သုံးကြိမ်လောက် ရှိမယ်ထင်ပါတယ်။

အရက်ကို နေ့ရောညပါသောက်ခဲ့တဲ့ ဦးလေးဆက်မှိုဟာ သောက်သက်ကြာလာတာကြောင့် အသည်းရောဂါ စွဲကပ်လာလို့ တောင်ဥက္ကလာပဆေးရုံကို တင်လိုက်ရပါတယ်။ ဆေးရုံကို ကျနော်လိုက်သွားပြီး ဦးလေးဆက်မှိုကို သွားတွေ့တော့ ဦးလေးဆက်မှိုက ခပ်ဖြုံးဖြုံးပါပဲ။ ငါ့တူ၊ ဦးလေးဗိုက်ကို ကြည့်ပါအုံးကွ၊ ဗိုက်ကြီးသည်နဲ့ မတူဘူးလားတဲ့ဗျာ။ ဟုတ်ပါတယ်၊ သူ့ရဲ့ အနေတော်ခန္ဓာကိုယ်နဲ့စာရင် သူ့ဗိုက်ကြီးဟာ အဆမတန်ကြီးနေပါပြီ။ သူနာပြုဆရာမတယောက် အပြောအရ ဦးလေးဆက်မှိုရဲ့ဗိုက်ဟာ လက်မငါးဆယ်ကျော်နေပြီး အသည်းမကောင်းတော့ဘူး၊ ကြာကြာမခံတော့ဘူးလို့ဆိုပါတယ်။

ဦးလေးဟာ ဆေးရုံပေါ်မှာ တလကျော်လောက်တက်နေပေမယ့် အခြေအနေက တိုးတက်မှုရှိမလာပဲ တရက်ထက်တရက် ပိုဆိုးလာပါတယ်။ အဲဒီအချိန်မှာ ဒေါ်လေးအုန်းကြည်က ဖုန်းဆက်ပြီး မင်းဦးလေးက မင်းကိုအရေးတကြီး တွေ့ချင်နေတယ်လို့ ဖုန်းဆက်တာကြောင့် ကျနော် ဆေးရုံကို လိုက်သွားတော့ ဦးလေးရှိရာ အခန်းထဲလည်းရောက်ရော သေလုမျောပါးဖြစ်နေတဲ့ ဦးလေး ဟာ အခန်းထဲမှာ ကျနော်တယောက်တည်းထားခဲ့ဖို့ ခြေဟန်လက်ဟန်ပြပြီး၊ တခြားလူတွေကို အပြင်ထွက်ခိုင်းလိုက်ပါတယ်။

ဦးလေးဆက်မှိုနဲ့ကျနော် နှစ်ယောက်တည်း အခန်းထဲမှာကျန်ခဲ့ချိန်မှာ ဦးလေးက သူ့အနားကိုတိုးခိုင်းပြီး လေသံသဲ့သဲ့နဲ့ ပြောတာကတော့၊ သက်ခိုင်ဦးလေး ကြာကြာမနေရတော့ဘူးဆိုတာ

သိတယ်။ မင်းအစ်မတွေကို စောင့်ရှောက်ပါ။ နောက်ဆုံး ငါ့ဆန္ဒတခုကို လိုက်လျောပါတဲ့ဗျာ။ ဒီတော့ ကျနော်လည်း ဦးလေးရဲ့ဆန္ဒကို ပြောပါဆိုတော့ နောက်ဆုံးအနေနဲ့ အရက်တခွက် သောက်သွားချင်သတဲ့ဗျား။

ကျနော်လည်း ရုတ်တရက် ဘာပြန်ပြောရမှန်းမသိပေမယ့် အရိုးပေါ် အရေတင်ပြီး ဗိုက်ပူကြီးနဲ့ ကုတင်ပေါ်မှာ ပက်လက်ဖြစ်နေတဲ့ ဦးလေးဆက်မှိုရဲ့အခြေအနေကိုကြည့်ရတာ နောက်ဆုံးအချိန် ရောက်နေပြီလို့ သိလိုက်တာကြောင့် သူ့အလိုကို လိုက်လျောဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါနဲ့ အခန်းအပြင်ထွက်ပြီး ဦးလေးကြိုက်တတ်တဲ့ မော့စ်ဝီစကီတလုံးဝယ်၊ တိုက်ပုံအကျီထဲထည့်ပြီး ပြန်ဝင်လာလိုက် ပါတယ်။ ကျနော်ကိုယ်တိုင် ဖန်ခွက်နဲ့ ငှဲ့တိုက်တဲ့ အရက်တစိတ်လောက်ကို အားရပါးရ သောက်ပြီးတာနဲ့ ဦးလေးဆက်မှိုဟာ အိပ်ပျော်သွားပါတော့တယ်။ အဲဒီနေ့ည ဆယ်နာရီလောက်မှာပဲ ဦးလေးဆက်မှို ကွယ်လွန်ခဲ့ရှာပါတယ်။

အရက်ဇိုကာကိုရေးမယ်ဆိုရင် ကျနော့်ငယ်ဆရာ၊ ဆရာဦးသိန်းမောင်အကြောင်း ထည့်ပြောမှ ပြည့်စုံပေလိမ့်မယ်။ ဆရာဦးသိန်းမောင်ဟာ ကျနော်မူလတန်းတုန်းက ဆရာပေါ့။ ကျနော် သုံးတန်းကျောင်းသားလောက်တုန်းက ဆရာဟာ ကဗျာတပုဒ်ကို ကျနော့်နံမည်နဲ့ရေးပြီး ကျောင်းနံရံကပ်စာစောင်မှာ တင်ပေးခဲ့ဘူးတာကို အခုထက်ထိ သတိရနေတုန်းပဲဗျာ။ ဘာကြောင့်လည်းဆိုတော့ အဲဒီဘဆိုတဲ့ ကဗျာလေးကြောင့် ကျနော်ဟာ တနေ့မှာ ဆရာ့လို စာတွေကို ကိုယ်တိုင် ရေးတတ်အောင် ကြိုးစားမယ်ဆိုတဲ့စိတ် ပေါ် လာခဲ့လို့ပါပဲ။ ဆရာတာဝန်ကျနေခဲ့တဲ့ ကမာရွတ်အထက (၁) ဟာ ကျနော့်လုပ်ငန်းခွင်နဲ့ နီးနေတာမို့ ဆရာနဲ့ပြန်ဆုံဖြစ်ခဲ့တယ်။ ဆရာ ကျနော့်ရုံးကို လာလည်တိုင်း ကျနော်တို့ သောက်ပိုင်းစားပိုင်းနဲ့ကြုံနေတာမို့ ဆရာလည်း တပည့်နဲ့အတူ လက်ရေတပြင်တည်းကြရင်း တစတစ ဆရာ အရက်စွဲလာပါရောဗျာ။

ဆရာ အရက်မစွဲခင်တုန်းက တကယ့်ကို အရှယ်နဲ့မလိုက်အောင် ဖျတ်ဖျတ်လတ်လတ်ရှိခဲ့တယ်ဗျ။ ဆရာက အသက်ငါးဆယ်နီးပါး ကျနော်က လေးဆယ်မပြည့်သေးတဲ့ အရွယ်မှာတောင် ဆရာ့ကို ကြက်တောင်နိုင်အောင် ကျနော်မရိုက်နိုင်ခဲ့ဘူး။ အသက်ငါးဆယ်နီးပါးအရွယ်အထိ အရက်မသောက်ခဲ့တဲ့ဆရာဟာ တပည့်ကောင်းမှုကြောင့် နေ့တိုင်းလိုလို အရက်သောက်ဖြစ်ပြီး နောက်ပိုင်းမှာ အရက်သမားလုံးလုံး ဖြစ်လာပါတော့တယ်။ ဖြစ်ဆို ကျနော့်ရုံးခန်းမှာ အရက်က နေ့စဉ် (၂၄) နာရီ ရနိုင်တာကိုး။ ရတာလည်း မပြောနဲ့ဗျ။ နတ်မောက်မှာနေတဲ့ ကျနော့်အကိုက ညီတော်မောင် အရက်ကောင်းကောင်း အန္တရာယ်ကင်းစွာ သောက်သုံးပါစေတော့ဆိုတဲ့ မဟာစေတနာနဲ့ ထန်းလျက်အရက်ကို ကိုယ်တိုင်ချက်ပြီး ဂါလံပုံးနဲ့ အမြဲတမ်းလိုလို ပို့ထားသကိုး။ ဒါကိုအမေသိတော့ တဲ့ ဗျ်သား၊ မင်းက ညီလုပ်သူကို အရက်သောက်တာ မတားမြစ်တဲ့အပြင် ကိုယ်တိုင်ချက်ပို့တယ်ဆိုတော့ လူကြားလို့မတော်ပါဘူးကွယ်လို့ တဗျစ်တောက်တောက်ဆူသတဲ့ဗျာ။

မကြာသေးမီ သတင်းအရတော့ ဆရာဦးသိန်းမောင်ဟာ အရက် မသောက်ရမနေနိုင်ဖြစ်ရာက လေဖြန်းသလိုလိုဖြစ်သွားပြီး ကျနော့်ဇနီးကတောင် ဆရာ့အတွက် စပါးကြီးသည်းခြေ ရှာပေးလိုက်ရသေးသတဲ့ဗျာ။

အရက်အကြောင်းပြောရရင် တထောင့်တညပုံပြင်ထက်တောင် ရှည်အုံးမယ်ဗျာ။ မိသားစုတားဆီးနေတဲ့ကြားက အရက်ကို ထူးထူးဆန်းဆန်း လျှို့ဝှက်စွာ ဖွက်ပြီးသောက်တတ်တဲ့ လူတယောက်အကြောင်းလည်း ရှိသေးသဗျ။ အဲဒီသူကတော့ ကျနော့်ရုံးတာဝန်ခံ မန်နေဂျာဦးဝင်းပေရဲ့ မိတ်ဆွေပဲ။ နာမည်တော့ ကျနော်မေ့နေပြီ။

သူဟာ အရက်ကြောင့် ကျန်းမာရေးအခြေအနေ ထိခိုက်လာတာမို့ သူ့မိသားစုက ဆရာဝန်တွေဘာတွေနဲ့ပြ၊ အရက်ကို အိမ်ပေါ်မတင်နိုင်အောင် ပိတ်ဆို့တားဆီးထားတဲ့ကြားက သူက ပုံမှန်မူးနေမြဲမို့ သူ့အိမ်သားတွေဟာ ဘယ်နေရာမှာ အရက်ပုလင်းကိုဖွက်ပြီး သောက်သလဲလို့ မရအရ စုံစမ်းခဲ့ကြသတဲ့။ အိမ်တအိမ်လုံး အရက်ပုလင်းထားနိုင်တဲ့ နေရာမှန်သမျှ ပိုက်စိတ်တိုက်ရှာကြပေမယ့် ဘယ်လိုမှ ရှာမတွေ့ဘူးဆိုပဲ။ ဘယ် ရှာတွေ့ပါ့မလဲဗျာ။ ကိုယ်တော်ချောက အရက်ကို ဘုရားစင်ပေါ်က ဘုရားပန်းအိုးထဲမှာ ဖွက်ထားပြီး ညအချိန် ဘုရားဝတ်ပြုသလိုလိုနဲ့ တအိမ်လုံးကြားအောင် ဘုရားရှိခိုးသံကျယ်ကျယ်အော်ပြီး သောက်တာကိုး။ အဲဒီဆရာသမားလည်း နောက်ဆုံးတော့ အရက်အလွန်အကျွံသောက်ပြီး တရားရုံးတခုရဲ့ ရုံးချိန်းမှာ ရုံးရှေ့သေးပန်းတဲ့အမှုနဲ့ ထောင်ခြောက်လ ကျသွားသတဲ့ဗျာ။

အမှန်တော့ အရက်ကြောင့် ဘဝပျက်ခဲ့ရတဲ့သူတွေ ကျနော့်မျက်စိရှေ့မှာတင် မနည်းလှပါဘူး။ ကျနော်တို့ အိမ်ချင်းကပ်လျက် ကိုအေးသောင်လည်း အရက်ကြောင့် သူ့အဖေကိုသူ ပြန်သတ်မိလို့ ထောင်ဆယ်နှစ်ကျတယ်။ နောက်တော့ ထောင်ထဲမှာပဲ ကွယ်လွန်သွားရှာတယ်။ ကျနော့်လက်ရင်းတပည့်ထဲက အရက်ကြောင့်ဘဝပျက်ခဲ့တဲ့ နောက်တယောက်ကတော့ ခင်ဇော်ဝင်းဆိုတဲ့ ဆရာဝန်ပေါက်စလေးပဲ။ ဟုတ်တယ် ဒေါက်တာခင်ဇော်ဝင်းပေါ့။

ခင်ဇော်ဝင်းတို့အိမ်က ကျနော်တို့အိမ်နဲ့ မလှမ်းမကမ်းမှာ။ ခင်ဇော်ဝင်းအဖေက ဦးဝေလာ၊ သူက ရပ်ကွက်သမဝါယမလူကြီး၊ သူ့အမေ ဒေါ်ခင်စန်းက ပဲပြုတ်ရောင်းတယ်။ ခင်ဇော်ဝင်း ဆယ်တန်းအောင်တော့ ဂုဏ်ထူးလေးဘာသာပါလို့ ဆေးတက္ကသိုလ်တက်ခွင့်ရပေမဲ့ ကျောင်းတွေမဖွင့်သေးတာကြောင့် သူ့အဖေ ဦးဝေလာက သူ့သားကို ကျနော့်ရုံးခန်းမှာ ဗဟုသုတ ရအောင်၊ လက်တို လက်တောင်းအဖြစ် လာအပ်ထားတယ်ဗျာ။ ကျနော့်ဆီလည်း ရောက်ရော ခင်ဇော်ဝင်းဟာ ကျနော့်ကို အတုမြင်အတတ်သင်တယ်ထင်ပါရဲ့။ ပျက်စီးခြင်းငါးပါး ဆိုက်ပါလေရောဗျာ။ သူပျက်စီးသွားပုံကို ကျနော်သတိတရ ရှိနေသေးတယ်ဗျ။ တနေ့ ကျနော့်ဇယ်လေးတယောက်နဲ့ ကုန်ဈေးတန်းလမ်းက နှင်းဆီတည်းခိုခန်းမှာ ဘာညာဘာညာလုပ်ခဲ့တဲ့ နေ့ကပေါ့။

အဲဒီနေ့က ခင်ဇော်ဝင်းကိုအဖော်ခေါ်ခဲ့ပြီး တည်းခိုခန်းရဲ့ဧည့်ခန်းထဲမှာ စောင့်ခိုင်းထားခဲ့ချိန်၊ ကျနော်က အခန်းထဲမှာ အရက်လေးသောက်လိုက်၊ လောကစည်းစိမ်ခံလိုက် လုပ်နေခဲ့ပြီး ပြန်ထွက်လာတော့ ခင်ဇော်ဝင်းကိုမတွေ့ရပါဘူး။ တည်းခိုခန်း တာဝန်ရှိသူကိုမေးလိုက်တော့ သူလည်းဆရာ့လိုပဲ ကြုံတုန်းဝင်ပြီး လှုပ်ရှားနေတယ်ဆိုပဲ။ ကျနော်လည်း ရှိပါစေတော့ဆိုပြီး ခဏထိုင်စောင့်နေရာက ခင်ဇော်ဝင်း သူ့ကိစ္စပြီးလို့ ပြန်ထွက်လာချိန်မှာ ကျသင့်ငွေအရပ်ရပ်ဘောက်ချာကို ကြည့်လိုက်တော့ ဆရာဖြစ်တဲ့ကျနော့်အတွက် ကျသင့်ငွေက လေးရာကျော်ဖြစ်ပြီး တပည့်ကျော် ခင်ဇော်ဝင်းအတွက် ထောင့်နှစ်ရာကျော် ကျနေသဗျာ။ ကောင်းကြရောပေါ့ဗျာ။

ကျနော်လည်း တအံ့တသြနဲ့ ဟေ့ကောင်။ ခင်ဇော်ဝင်း ဘာတွေကြောင့် ဒီလောက်အကုန်အကျ များရသတုန်းဆိုတော့ သူက နှစ်ယောက် ဆက်တိုက်ဆွဲတယ်။ ဘီယာလေးပုလင်းသောက်တယ်။ လစ်ပိုတကပ် (ဆယ်ပုလင်း) သောက်တယ်ဆိုပဲဗျာ။ အဲဒီအချိန်က ၁၉၈၉ ဝန်းကျင်မို့ တည်းခိုခန်းမှာ တကြိမ်လှုပ်ရှားရင် တယောက်ကို နှစ်ရာ့ငါးဆယ်၊ ဘီယာတလုံးငါးဆယ်၊ လစ်ပိုတပုလင်း အစိတ်ပဲ ရှိတာကြောင့် ခင်ဇော်ဝင်း ထင်တိုင်းကြတာပေါ့ဗျာ။

ဒါပေမယ့်ဗျာ။ ခင်ဇော်ဝင်းဟာ ကျနော်နဲ့ခွဲပြီး ကျောင်းပြန်တက်ချိန်မှာတော့ အရက်စွဲသွားခဲ့ပါပြီ။ နောက်ဆုံး ဆေးကျောင်းပြီးလို့ သင်္ဃန်းကျွန်း စံပြဆေးရုံမှာ တာဝန်ကျတော့လည်း နေ့ရောညပါ သောက်တာကြောင့် သူ့ရဲ့ ဆရာဝန်လက်မှတ် ဆ/မလည်း ပြုတ်သွားခဲ့သတဲ့ဗျာ။ ခင်ဇော်ဝင်းဟာ

မနက်မိုးလင်းတာနဲ့ အရက်နဲ့ မျက်နှာသစ်တဲ့အဆင့်အထိ ရောက်သွားခဲ့သတဲ့ဗျ။ အော်၊ အရက်နဲ့ မျက်နှာသစ်တယ်ဆိုတာ အရက်တွေနဲ့ မျက်နှာကိုဆေးတာတော့ ဘယ်ဟုတ်မလဲဗျာ။ မျက်နှာ မသစ်ခင် အရက်တခွက်တဖလားသောက်တာကို ပြောတာဗျ။ ဟုတ်တယ်။ အရက်စွဲနေတဲ့ အရက်သမားဟာ မနက်စောစောဘ ရေနွေးထိရမှာ ကြောက်တတ်တာထုံးစံပဲ။ ဒါလည်း ကျနော့်ကိုယ်တွေ့။ အခု ကျနော်နဲ့ ခင်ဗျား စကားပြောနေချိန်မှာ ခင်ဇော်ဝင်းဟာ လူ့လောကမှာ ရှိမှရှိပါသေးလေစ မပြောတတ်တော့ပါဘူး။ ပြန်ပြီး စဉ်းစားကြည့်ရင် ဒါတွေဟာ ကျနော့်တာဝန် မကင်းလှဘူးပေါ့။ ခင်ဇော်ဝင်းလိုပဲ ကျနော်တို့ရပ်ကွက်ထဲက ဝင်းမော်ဆိုတဲ့ ဆေးကျောင်းသားတယောက်လည်း အရက်စွဲသွားရာကနေ ဆရာဝန် မဖြစ်လိုက်မြန်ပါဘူး။ ခင်ဇော်ဝင်းနောက်ပိုင်း၊ ကျနော့်လက်စွဲတော် အဖြစ် အလုပ်လုပ်ခဲ့ဘူးတဲ့ ဒုတ်စာခေါ် ထွန်းဇော်မင်းနဲ့၊ ဇော်ဦးတို့နှစ်ယောက်စလုံးလည်း အရက်ကြောင့် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြပါပြီ။ သူတို့ကြည့်ရတာ ကျနော်သောက်လုံးကြီးပုံကို အင်မတန် အားကျကြတယ်ထင်ပါရဲ့။ အတုယူမှားကြတာပေါ့ဗျာ။ ဒါတွေကို သေချာပြန်တွေးရင် ကျနော့်စိတ်ထဲမှာ မကောင်းတာတော့ အမှန်ပဲဗျ။ တာဝန်မကင်းသလိုလည်း ခံစားရတယ်ဗျာ။

ဆေးရုံနဲ့ အရက်ပုလင်းဇာတ်လမ်း နောက်တခု ကြုံဘူးတာ ရှိသေးတယ်ဗျာ။ အဲဒီပုဂ္ဂိုလ်ကတော့ ပဲခူးတိုင်း တဝတအတွင်းရေးမှူးဟောင်း ဒုတိယဗိုလ်မှူးကြီး ကြီးစိန်ပါပဲ။ ဗိုလ်ကြီးစိန်လည်း အရက်ကို အလွန်အကျွံသောက်တဲ့စာရင်းထဲမှာ ပါပါတယ်။ ထူးဆန်းတာက သူသောက်တဲ့အရက် အတိုင်းအတာဟာ မများလှဘူးဗျ။ နည်းနည်းသောက်ပြီး များများမူးတတ်တဲ့ လူစားထဲမှာပါတယ်။ ထူးခြားချက်က သူမူးလာရင် ကချင်ခုန်ချင်စိတ်ပေါ် လာတတ်တယ်။

ပဲခူးမြို့သစ်ဖွင့်ပွဲညကဆို အမူးလွန်ပြီး လူအုပ်ကြားထဲမှာ ထကလို့ တိုင်းမှူးငေါက်တာတောင် ခံရတယ် ကြားမိသဗျ။ တနေ့တော့ ဗိုလ်ကြီးစိန် အရက်ဖြတ်ဖို့ဆိုပြီး ရန်ကုန်က တပ်မတော်ဆေးရုံ အမှတ် (၂) ကို ရောက်လာပါတယ်။ ကျနော်လည်း မိတ်ဆွေတို့ ဓတ္တရားအတိုင်း ကော်ဒင်းပေ့ဆိုတဲ့ စားသောက်ဖွယ်ရာ ခါတ်စာတွေကို ပို့တာပေါ့ဗျာ။ ဒါပေမယ့် ဆရာသမားက ဆရာဝန်နဲ့ သူနာပြုမိန်းမ ဒေါ်ဌေးဌေးအလစ်မှာ ကျနော့်နားကို တိုးတိုးကပ်ပြီးမှာတာက နောက်တခေါက်ကျရင် ထမင်းချိုင့်ထဲမှာ အရက်တပိုင်းထည့်ခဲ့ပါတဲ့ဗျား။

အင်း၊ အမှန်တော့ ကျနော်လည်း သူ့လိုပါပဲဗျာ။ ကျနော်ထောင်ထဲမဝင်ခင် နှစ်နှစ်လောက်မှာ ဆေးရုံတက်ပြီး အရက်ဖြတ်ရတဲ့အချိန်ကိုရောက်လာပါတော့တယ်။ ဒီနေရာမှာ ကျနော် အရက်သောက်တဲ့အကျင့်ကို ပြောပြချင်တယ်ဗျ။

ကျနော်က အရက်ကို အစမလုပ်ပဲ မသောက်ပဲနေမယ်ဆိုရင် နေနိုင်တဲ့လူစားမျိုးဗျ။ အရက်မသောက်ပဲ နှစ်လတန်သည် သုံးလတန်သည် ကျနော်နေခဲ့ဘူးပါတယ်။ ဒါပေမဲ့ စသောက်မိလို့ နှစ်ရက်လောက်အကြာမှာတော့ နေ့ရောညပါ နှစ်ဆယ့်လေးနာရီ၊ အကာလိကော၊ သောက်ဖြစ်ရောဗျာ။

အရက်သောက်တဲ့နေ့တွေမှာ မနက်တိုင်းလိုလို တခွက်တဖလားမော့ပြီးမှ တခုခုစားလို့ စားဝင်တယ်။ မဟုတ်လို့ကတော့ လေတွေချည်း အန်ထွက်ပြီး ဘာအစားမှ မျိုမကျဘူးဗျာ။

ကျနော်ဟာ အရက်ပုလင်းကို အိမ်မှာလည်း ဝယ်ထားတယ်၊ ရုံးခန်းမှာလည်း ဆောင်ထားတယ်။ ကားပေါ်မှာလည်း အဆင်သင့်ရှိတယ်။ ကျနော့်စိတ်ထဲမှာ ဖြစ်နေတာက ကခုခု ပြင်းပြင်းထန်ထန် စိတ်လှုပ်ရှားစရာရှိရင် အရက်ကလေး သုံးပက်လောက်မော့လိုက်မှ နေသာထိုင်သာ ရှိသွားတယ်လို့ ထင်နေခဲ့တာကလား။

အရက်သမားဘဝများ တယ်သနားစရာ ကောင်းသဗျာ။ နယ်ဖက်ကို ခရီးထွက်တဲ့အခါ၊ ဘယ်ဆိုင်မှာ အရက်ရသတုန်း မေးရမြန်းရ၊ လျှောက်ရှာရတာ၊ အလုပ်တခုဗျ။ တကယ်တော့

အရက်သမားဆိုတာ စိတ်ရောဂါဝေဒနာရှင် တမျိုးပါပဲ။ သူတို့ခန္ဓာကိုယ်ထဲမှာ သာမန်သွေးနဲ့ လည်ပတ်နေတာ မဟုတ်တော့ပဲ၊ အရက်ရောထားတဲ့သွေးနဲ့ လည်ပတ်နေကြတာမို့ ပုံမှန်စိတ် မရှိတော့ပါဘူး။ ဒါကြောင့် အရက်စွဲသူတွေဟာ အရက်မရှိရင် အသက်မရှင်ချင်ဘူးဆိုတဲ့အထိ ဖြစ်ကုန်ကြတာပါပဲ။

ကျနော်အရက်ဖြတ်ဖို့ တက်ရတဲ့ဆေးရုံက လမ်းသစ်လမ်းမှာရှိတဲ့ (GREEN CROSS) ပုဂ္ဂလိက ဆေးရုံပါပဲ။ အဲဒီဆေးရုံပိုင်ရှင်က ဇော်ဝင်းဦးရဲ့ ကျောင်းနေဖက် သူငယ်ချင်းပါ။ ဆေးရုံကိုရောက်တော့ ကျွမ်းကျင်သူဆရာဝန်ကြီးဟာ ထုံးစံအတိုင်း အရက်ဖြတ်စေတဲ့ စားဆေးထိုးဆေးတွေ အစုံအလင် ပေးပေမယ့် ကျနော့်စိတ်မှာ မခံသာတာကြောင့် တပည့်ကျော် ကုလားလေးရာဂျားကို အရက်ပုလင်း ဝယ်ပေးဖို့နားပူလိုက်ပါတော့တယ်။ တပည့်ကျော်ရာဂျားကလည်း ကျနော့်ဝနီးရော၊ တာဝန်ကျ ဆရာ ဝန်တွေပါ မသိအောင် လူမိုက်အားပေး ဝယ်ပေးရှာသဗျာ။ နှစ်ရက်လောက်နေတော့ ကျနော်ခွက်ပုန်း ချနေတာကို ဆရာဝန်ကြီးသိသွားတာကြောင့် ကိုသက်ခိုင်၊ ခင်ဗျားဗျာ၊ အရက်ဖြတ်ချင်တယ်ဆိုပြီး ဆေးရုံကိုရောက်လာတာဟာ ဘာမှအဓိပ္ပါယ်မရှိဘူး။ အခုခင်ဗျားက ဆေးရုံပေါ်မှာ အရက်ခိုးသောက် တယ်။ ဒါဟာ ကျနော်တို့ဆရာဝန်တွေကို သက်သက်မဲ့ အလုပ်ရှုပ်အောင် လုပ်နေတာပဲဗျ၊ ခင်ဗျား လည်း ငွေကုန်၊ ကျနော်တို့လည်း ပင်ပန်း၊ ဘယ်သူ့အတွက်မှ အကျိုးမရှိတဲ့အလုပ်ဆိုပြီး မြည်တွန် တောက်တီးပါလေရောဗျာ။ ဒီမှာတင် ကျနော်ဟာ ကျနော့်ခံစားချက်အမှန်ကို ဖွင့်ပြောရပါ တော့တယ်။ အဲဒါကတော့ ဆရာပေးတဲ့ ထိုးဆေးစားဆေးနဲ့ ကျနော် အိပ်မပျော်ဘူးဆိုတဲ့ အကြောင်း ပါပဲ။ တဆက်တည်းဆိုသလို ကျနော်အိပ်ပျော်မယ်ဆိုရင် အရက်ခိုးသောက်တာကို ရပ်ပါ့မယ်ဆိုတဲ့ ကတိ ကိုလည်း ပေးလိုက်ပါတယ်။

ဒီတော့ ဆရာဝန်ကြီးက ခင်ဗျားကတိအတိုင်းသာ တည်ပါစေ၊ အိပ်ပ့်ပျော်ဖို့ ကျနော် လုံးဝ တာဝန်ယူပါတယ်ဆိုပြီး တာဝန်ကျ လက်ထောက်ဆရာဝန်တယောက်ကို ညဘက်အိပ်ချိန်မှာ ကျနော် အိပ်မပျော်မချင်း အိပ်ဆေးတလုံးပြီးတလုံးဆက်ထိုးပေးဖို့ ညွှန်ကြားပါတော့တယ်။ ကျနော်ဟာ အလွန်အကျွံ အရက်စွဲနေခဲ့သူ ဖြစ်ဟန်ရှိပါတယ်။ ပထမဆုံးညမှာ ဗိုင်ယာဇီပင်လို အိပ်ပျော်စေတဲ့ ထိုးဆေးသုံးလုံးအထိ ထိုးမှအိပ်ပျော်ခဲ့ပါတယ်။

အရက်ဖြတ်ဖို့အတွက် ကျနော်ဆေးရုံတက်ခဲ့ရတာဟာ အဲဒီတကြိမ်တည်းတင်မဟုတ်ပါဘူး။ သုံးကြိမ်တိတိ တက်ခဲ့ဘူးပါတယ်။ အဲဒီ ဂရင်းခရော့ဆေးရုံမှာ နှစ်ကြိမ်၊ ဒေါက်တာသိန်းဌေးဖေရဲ့ ကမာရွတ်လှိုင်းပေါက်နားက မေတ္တာရွှေရည်ဆေးခန်းမှာ တကြိမ် စုစုပေါင်း သုံးကြိမ်ပေါ့ဗျာ။

ဒီတော့ အရက်နဲ့ပတ်သက်လို့ ခင်ဗျားကို သောက်ပါလို့လည်း ကျနော်မပြောချင်ဘူး၊ ထို့အတူ မသောက်ပါနဲ့လို့လည်း မတားဘူး၊ တခုသတိချပ်ဖို့ကတော့ အရက်သောက်တာဟာ အလမ္ပာယ်ဆရာ မြွေနဲ့ကစားသလို အချိန်မရွေး ကိုယ်ကျိုးနည်းတတ်တယ်ဆိုတဲ့ အချက်ပါပဲဗျာ။

ကျနော်ဟာ အရက်သမားတင် မဟုတ်ဘူး၊ ဘိန်းစားလည်း ဖြစ်ခဲ့ဘူးပါတယ်။ ဘိန်းစားတယ် ဆိုတာ မူးယစ်ဆေးဝါးမျိုးစုံကို သုံးဘူးတယ်လို့ပြောတာပါ။ ကျနော်ဟာ ဘိန်းဖြူကို အကြောထဲ ထိုးသွင်းတာကလွဲရင် ကျန်တဲ့ ဆေးခြောက်၊ ဖင်စီဒိုင်း၊ ကွန်မယ်သာဇင်၊ ဘိန်းဖြူ ပန်းသီးတွဲ၊ အိုပီယမ်တင်ချာ၊ ဘိန်းမဲ စတဲ့ မူးယစ်စေတတ်တဲ့အရာ တော်တော်များများကို သုံးစွဲခဲ့ဘူးတယ်ဗျာ။

မူးယစ်ဆေးဝါးကိုတော့ အရက်လို စွဲစွဲလန်းလန်းမဖြစ်ခဲ့ပေမယ့် ယောက်ျားဆိုတာစုံမှ ဆိုတဲ့ ဆရာကြီး ရွှေဥဒေါင်းရဲ့စကားကို တလွဲအဓိပ္ပါယ်ဖွင့်ပြီး တောင်စမ်းမြောက်စမ်းလုပ်ခဲ့တာဆိုပါတော့။ ကျနော်တို့ရွာ မှိုက်ပင်မှာ ဘိန်းကောဆေးခြောက်ပါ ပေါတယ်ဗျာ။ ဆေးခြောက်ပင်တွေကတော့ အလေ့ကျပေါက်နေလိုက်ကြတာ တောတောင်ထနေတဲ့အထိ ဆိုပဲ။ ဘိန်းကတော့ ရှမ်းပြည်ဘက်က

လာပုံရပါတယ်။ ကျနော့်ဦးလေး ဦးသာဒွန်းတောင် ဘိန်းစွဲဘူးတယ်လို့ ကြားဘူးတယ်ဗျ။ ဆေးခြောက်ကို ရွာကကာလသားတွေကတော့ ကြက်သားဟင်းထဲမှာ အပျော်သဘောမျိုး ချက်စားကြတယ်လို့ ကြားဘူးပါတယ်။ ကျနော်ဟာ အသက်သုံးလေးနှစ်သားကတည်းက ရန်ကုန်မြို့ကိုရောက်လာခဲ့တာမို့ ရွာက မူးယစ်ဆေးဝါးနဲ့တော့ ဘာမှမပတ်သက်ခဲ့ပါဘူး။

ရန်ကုန်ရောက်တော့ ကျနော်တို့နေတဲ့ရပ်ကွက်မှာ ဆေးခြောက်သမား များတယ်ဗျ။ ဆေးခြောက်မှာ မျက်ကျဉ်း မျက်ကျယ်ဆိုပြီး နှစ်မျိုးရှိတယ်။ မျက်ကျဉ်းဟာ သာမန်ဆေးခြောက်မို့ ထူးထူးခြားခြားပြောစရာမရှိပေမဲ့ မျက်ကျယ်ကတော့ လေးငါးခြောက်ဖွာလောက်ဖွာပြီးရင် ရေအိုင် သေးသေးလေးကို ရေပြောင်းကြီးလိုလို ထင်လာတတ်သဗျ။ ဒါကြောင့် ဆေးခြောက်သမားအများစုဟာ မျက်ကျယ်ကို သိပ်မကြိုက်ကြဘူး။

ဆေးခြောက်ကို အများအားဖြင့် ငွေစပါယ်တို့ နှင်းဆီတို့စတဲ့ ဆေးပေါ့လိပ်တွေထဲကို ထည့်ပြီး သောက်ကြပါတယ်။ ဆေးပေါ့လိပ်ရဲ့အောက်ခြေက ဖင်စီခံကိုအသာလေးချွတ်ပြီး အတွင်းပိုင်းက ဆေး သားတွေကိုထုတ်တယ်။ နောက်တော့ ဆေးခြောက်နဲ့ သမအောင်ရောပြီး စောစောကချွတ်ထားတဲ့ ဖင်စီခံအပေါက်ကနေ အသာလေးပြန်ထည့်သောက်ကြတာပေါ့ဗျာ။ ကျနော်က စီးကရက်ကို မက်မက်မောမော ငါးနှစ်လောက် သောက်ဘူးရာက ဆေးခြောက်သမား တချို့နဲ့ တွေ့ပြီး လေးငါး ဆယ်ကြိမ်လောက် ဆေးခြောက်သောက်ဘူးတယ်။ ခံစားမှုကတော့ တမျိုးပဲဗျ။ ရီဝေဝေဖြစ်တယ်။ အသံဩလာတယ်။ သီချင်းဆိုလို့ ကောင်းတယ်။ ထမင်းစားဝင်တယ်။ အိပ်ပျော် တယ်။ တခုသတိထားဖို့ကတော့ ဆေးသမားတော်တော်များများဟာ အသားအရေခမ်းခြောက်လာပြီး ပုံစံက နုပ်ပါစ ခပ်မွဲမွဲပင် ဆိုတာမျိုးတော့ ဖြစ်လာတတ်တယ်။ ကျနော်က အလွန်အကျွံမလုပ်ခဲ့တော့ အဲဒီအဆင့်တော့ မရောက်ခဲ့ပါဘူး။

ကျနော်တို့ခေတ်က ကွန်မယ်သာဇင်တို့ ဖင်ဆီဒိုင်းတို့ သိပ်ပေါတဲ့ခေတ်ဗျ။ သမဝါယမဆိုင်တွေမှာတောင် အလွယ်တကူဝယ်လို့ရတယ်။ တပုလင်းကို လေးငါးကျပ်ထက်မပိုဘူး။ ကွန်မယ်သာဇင်က မြန်မာ့ဆေးဝါးစက်ရုံက ထွက်ပေမယ့် ဖင်ဆီဒိုင်းကတော့ အိန္ဒိယကသွင်းလာတာပါ။ အဲဒီဆေးနှစ်မျိုးလုံးကို ချောင်းဆိုးပျောက်ဆေးအဖြစ်နဲ့ တင်ရောင်းတာဖြစ်ပေမယ့် လူငယ် တော်တော်များများ မူးယစ်ဆေးအဖြစ် သုံးစွဲလာကြတာကြောင့် ထုံးစံအတိုင်း တဖြည်းဖြည်း ဈေးတက်လာပါလေရော။

ကွန်မယ်သာဇင်နဲ့ ဖင်ဆီဒိုင်းကို ကြိုက်တာရွေးပါဆိုရင် ကျနော်ပိုကြိုက်တာကတော့ ဖင်ဆီဒိုင်းပဲဗျာ။ ဖင်ဆီဒိုင်းက တက်တာမြန်တယ်။ ခံစားမှု ပိုကောင်းတယ်၊ ကိုမယ်သာဇင်က အတက်ကြမ်းတယ် ထင်တာပဲဗျာ။ ကျနော့်ဘဝမှာ ဖင်ဆီဒိုင်းဆိုတာကို စပြီးသောက်ဘူးတာကတော့ ရဲမြင့်ဆိုတဲ့ ကျနော့်သူငယ်ချင်း တယောက်ကြောင့်ပဲ။ ဖြစ်ပုံက သူ့မိတ်ဆွေ တယောက်ဟာ ကျနော့်အိမ်ဘေးက သူနာပြုဆရာ မဒေါ်ခင်ဝင်းရဲ့ညီမ မခင်အေးနဲ့ကြိုက်နေတာကို မခင်အေးဖက်က သဘောမတူတာကြောင့် မခင်အေးကိုခိုးဖို့ စီစဉ်ကြရာကစတာပါပဲ။

မခင်အေးတို့အိမ်က ကျနော်တို့အိမ်နဲ့ ကပ်လျက်ဗျ။ ကျနော်တို့အိမ် ထမင်းစားခန်းရဲ့ ပြတင်းပေါက်ဟာ သူတို့အိပ်ခန်းရဲ့ ပြူတင်းပေါက်နဲ့ တန်းနေတယ်။ အိမ်နှစ်လုံးကလည်း ခြောက်ပေ တောင်မကွာတာကြောင့် အဲဒီပြတင်းပေါက်တွေကနေတဆင့် မခင်အေးကိုခိုးဖို့ ဇယားချတာပေါ့ဗျာ။ အဲဒီအချိန်က ကျနော်က အသက်နှစ်ဆယ်ကျော်အရွယ် ကျောင်းဆရာဘဝပေါ့။

အဲဒီနေ့က ရဲမြင့်နဲ့ သူ့သူငယ်ချင်းဟာ ညကိုးနာရီလောက်ကတည်းက ကျနော့်အိမ် ရောက်နေတာကြောင့် ကျနော်လည်း ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်ချပြီး ဧည့်ခံထားရတာပေါ့။

ဒါပေမယ့် ရဲမြင့်ဟာ ရေနွေးကြမ်းကို အရင်မသောက်သေးပဲ သူ့အကျီထဲမှာပါလာတဲ့ ပုလင်းလေး တလုံးကို ထုတ်ပြီး ရေနွေးကြမ်းပန်းကန်ထဲကို တဝက်သာသာလောက် ထည့်လိုက်တယ်။ ပြီးတော့ သူက ဂွပ်ကနဲ သောက်ချလိုက်ပြီး ကျနော့်အတွက်ပါ နောက်ထပ်ငှဲ့ပေးရင်း ရော့ဗျာ၊ ဒါဟာ လူငယ်တွေရဲ့ အသည်းစွဲလို့ ဆိုသဗျ။ ကျနော်လည်း ဘာမှမေးမနေတော့ပဲ ဘာများပါလိမ့်ဆိုပြီး သောက်ချလိုက်တော့ အမယ် အရသာက ချိုသလိုနဲ့ ခံစားမှုက ပူရှိန်းရှိန်းဗျ။ သောက်ပြီး ဆယ်မိနစ် လောက်အကြာမှာတော့ တဖြည်းဖြည်း ရီဝေဝေဖြစ်လာပြီး ပြောကောင်းဆိုကောင်း ဖြစ်လာပါတော့ တယ်။ မူးယစ်ဆေးဝါး တော်တော်များများရဲ့သဘောဟာ စိတ်ကူးယဉ်သမျှ လက်တွေ့ဖြစ်နေသလိုပဲ ဗျာ။ ဖင်ဆီဒိုင်းသောက်ပြီးရင် စိတ်ထဲမှာ လောကကြီးဟာ မဖြစ်နိုင်တာ မရှိတော့သလိုပဲ။ ဘာပဲစိတ်ကူး၊ စိတ်ကူး အားလုံး အဆင်ပြေနေသလိုပဲဗျာ။

နောက်ပိုင်းတော့ ကျနော်ဟာ ဖင်ဆီဒိုင်းကို ရံဖန်ရံခါ သုံးစွဲတတ်လာပါတယ်။ သုံးတတ်ဆို အဲဒီအချိန်က ဖင်ဆီဒိုင်းသုံးတဲ့ လူငယ်အင်အားစုက လက်ညှိုးထိုးမလွဲအောင် ဖြစ်နေတဲ့အချိန်ကိုး။ ကျနော့်ထက်အသက်ကြီးတဲ့ ကမာရွတ် ဘူတာရုံလမ်းထိပ်က ကိုငွေစံတို့လို လူမျိုးတောင် ဖင်ဆီဒိုင်း မဟာမိတ်အဖွဲ့မှာ ပါနေသေးသဗျ။ ကိုငွေစံ ကျနော့်ကို ဖင်ဆီဒိုင်းသောက်ဖို့ ဆွယ်ခဲ့တာ ကျနော်မှတ်မိ နေသေးတယ်။ အဲဒီနေ့မှာ သူက ကျနော့်ကို ဒီနေ့ဆရာသမား ထူးခြားတဲ့ခံစားမှု ရစေရမယ်ဆိုတဲ့ ကတိနဲ့ ကျနော့်ဆီက ငွေနှစ်ဆယ်တောင်းပြီး ဖင်ဆီဒိုင်းတလုံးဝယ်တယ်။ ပြီးတော့ကျနော့်ကို တဝက်ချလိုက်တဲ့။ အမှန်က ကိုငွေစံဟာ ကျနော်ဖင်ဆီဒိုင်း သောက်တတ်နေပြီ ဆိုတာ မသိသေးပါ ဘူး။ ကျနော်က ကိုငွေစံ့လက်ထဲက ဖင်ဆီဒိုင်းပုလင်းကို အသာလေးယူပြီး အကုန်မော့သောက် လိုက်တော့ ဟ၊ ဆရာသမား တကျပ်ဖိုးလုံး မလုပ်နဲ့လေ၊ ငါးမူးဆို အနေတော်ပဲ ထင်တယ်တဲ့ဗျာ။ တကျပ်ဆိုတာ တပုလင်းကိုပြောတာပါ။ ငါးမူးဆိုတာ ပုလင်းတဝက်ကို ဆိုလိုပါတယ်။ ကိုငွေစံနဲ့ တွေ့ချိန်မှာ ကျနော်ဟာ ဖင်ဆီဒိုင်းကို တကျပ်အဆင့်ရောက်နေတော့ ကိုငွေစံကတောင် ဆရာသမား ကတော့ တကယ့်ကို ခေတ်နဲ့အမီ လိုက်နိုင်သူပါပဲလို့ ချီးကျူးသေးဗျာ။

နောက်ပိုင်းတော့ ကျနော်ဟာ ညနေတိုင်းလိုလို ဖင်ဆီဒိုင်း သောက်ဖြစ်လာတယ်။ အမြဲတမ်း သောက်ဖော်တွေကတော့ ဘူတာရုံလမ်းထိပ် ကုန်စုံဆိုင်က ဖူးလီနဲ့ အိမ်ဆောက်ပစ္စည်းတွေရောင်းနေ တဲ့ ကျော်မင်းလေးတို့ပါပဲ။ ကျနော်နဲ့ကျော်မင်းလေးက ဖင်ဆီဒိုင်းဖိုးစိုက်။ ဖူးလီက သူ့အိမ်က ကားစိုက် ပေါ့။ အဲ၊ ဖူးလီတို့အိမ်မှာ ဖင်ဆီဒိုင်းရောင်းတယ်ဗျ။ ညနေတိုင်းလိုလို ဖင်ဆီဒိုင်း တယောက်တလုံး သောက်ပြီး ဖူးလီရဲ့ကားနဲ့ အင်းယားကန်စောင်းကို သွားထိုင်ကြတယ်။ ညနေရှုခင်း၊ အင်းလျား ရေပြင် ကျယ်ကြီးနဲ့ ဖင်ဆီဒိုင်း၊ တယ်လည်းပြည့်စုံတဲ့ ဘဝပန်းချီကား တချပ်ပါပဲဗျာ။ ဖင်ဆီဒိုင်း အာနိသင် နည်းနည်းကျသွားမယ်ဆိုရင် ရေနွေးကြမ်းလေး ထပ်သောက်လိုက်တာနဲ့ ပြန်တက်လာ တာကလည်း သတိရစရာတခုပါပဲ။

နောက်ပိုင်းတော့ ဖင်ဆီဒိုင်းဈေးဟာ တလုံးကို ခုနှစ်ရာလောက်အထိ ဖြစ်လာတာကြောင့် ဈေးသက်သာတဲ့ ကွန်မယ်သာဇင်ဖက်ကို လှည့်ကြရတယ်။ ကွန်မယ်သာဇင် လုံလုံလောက်လောက် မရတဲ့အချိန်မှာ ကွန်မယ်သာဇင်တပုလင်းကို အိုပီအမ်တင်ချာ နည်းနည်းရောပြီး သောက်ကြတယ်။ အိုပီယမ်တင်ချာရောထားတဲ့ ကွန်မယ်သာဇင်ကတော့ သောက်ပြီးရင် လည်ချောင်းထဲကို တုတ် တချောင်းနဲ့ အထိုးခံထားရသလို တစ်ဆို့ဆို့ကြီးဖြစ်နေတာကြောင့် မရှိမဖြစ်လို့သာ သုံးနေရတယ်၊ သိပ်တော့မကြိုက်လှဘူးဗျ။

တကြိမ်မှာတော့ သံခဲဆိုတဲ့ သူငယ်ချင်းတယောက်က သူအရောင်းအဝယ်လုပ်နေတဲ့ ဘိန်းမဲတွေကို စမ်းသုံးကြည့်ပါလားဆိုလို့ စားကြည့်မိသေးတယ်။ သူ့ဖီလင်ကလည်း ဖင်ဆီဗိုင်းတို့ ကွန်မယ်သာဇင်တို့နဲ့ မရိုးရင်းစွဲပါပဲ။ အဝင်ဆိုးတာ အတက်ကြမ်းတာတော့ ရှိသပေါ့ဗျာ။

ဒီလိုနဲ့ ကျနော်ဟာ ဖင်ဆီဗိုင်းအပါအဝင် မူးယစ်ဆေးဝါးတော်တော်များများကို အရက်နဲ့ပါ တွဲပြီး ချတက်လာတယ်။ အဲဒါကို နှစ်ပင်လိမ်တယ်လို့ ခေါ်တယ်။ နှစ်ပင်လိမ်ရတဲ့ အကြောင်းရင်းက အရက်ဟာ ရေနွေးကြမ်းထက် ဖင်ဆီဗိုင်းရဲ့သတ္တိကို မြန်မြန်ပြန်ခေါ်ပေးနိုင်တာကြောင့်ပဲဗျာ။ ဟုတ်တယ်။ မူးယစ်ဆေးဝါးတော်တော်များများဟာ ခံစားမှုပြန်ကျသွားတဲ့အခါ တော်တော် ကသိကအောက်နိုင်တဲ့ ခံစားမှုမျိုးဖြစ်တတ်တာကြောင့် ပြန်ခေါ်နိုင်မှ အဆင်ပြေတယ်ဗျာ။

မှတ်မှတ်ရရ ဘူတာရုံလမ်းထိပ်ကို အဆိုတော်လွှမ်းမိုးလာတဲ့ညက လွှမ်းမိုးနဲ့ကျနော် ဆုံမိတော့ လွှမ်းမိုးဟာ အရက်တော်တော်များများ သောက်လာပုံရတယ်၊ သူမူးနေပြီ။ သူက ကျနော့်ကို ကိုသက်ခိုင်၊ ဆေးခြောက်လေးဘာလေး မရနိုင်ဘူးလားဆိုတာနဲ့ နီးစပ်ရာက ဆေးခြောက်ထည့်ထားတဲ့ ဆေးလိပ်တလိပ် ယူပေးလိုက်တော့ လေးငါးခြောက်ဖွာလောက် အားရပါးရ ရှိုက်၊ ရှိုက်ပြီး သောက်သဗျာ။ နောက်ပိုင်းစင်ပေါ်ကို ခပ်တည်တည်တက်သွားပြီး သူ့ရဲ့ အကောင်းဆုံး လက်ရွေးစင် သီချင်းတွေဆို ဆယ်ပုဒ်လောက် မနားတမ်းဟစ်သွားလိုက်တာ ကျနော်ကြုံဘူးသလောက် လွှမ်းမိုးရဲ့ အကောင်းဆုံး ညတညပါပဲဗျာ။ လက်စသတ်တော့ အဆိုတော်တွေ အနုပညာသမားတွေလည်း မူးယစ်ဆေးဝါးနဲ့ မကင်းနိုင်ကြပဲကိုး။

လွှမ်းမိုးကိုအားကျတာနဲ့ အရက်နဲ့ဖင်ဆီဗိုင်း နှစ်ပင်လိမ်ထားချိန်မှာ ကျနော်လည်း စင်မြင့်ပေါ် တက်ပြီး သီချင်းတွေ ဟဲဘူးသေးတယ်ဗျာ။ အဲဒါလည်း ကမာရွတ်ဘူတာရုံလမ်းထိပ်က ဧခုနှစ်လီ အဖွဲ့ရဲ့ စင်မြင့်မှာပါပဲ။ တကယ်လည်း အာရှင်းရှင်း၊ အသံအောင်အောင်နဲ့ ဆိုနိုင်တာကလား။ လက်ခုပ် သံတဖြောင်းဖြောင်း ချီးမြှင့်နေတဲ့ လူဦးရေ လေးငါးထောင်လောက်ရှိတဲ့ ပရိသတ်ကြီးဟာ ကျနော် နှစ်ပင်လိမ်ထားတာကို သိကြဟန်မတူပါဘူး။

နိဂုံးချုပ် ပြောချင်တာကတော့ ဖင်ဆီဗိုင်းသောက်ထားရင် မျက်နှာမှာ အဆီပြန်နေတတ်တယ်။ ဝမ်းချုပ်တတ်တယ်။ ဒါကြောင့် ဝမ်းမှန်မှန် နှုတ်ပေးဖို့လိုတယ်။ ဖင်ဆီဗိုင်းသောက်ပြီး ပြန်ကျချိန်မှာ သိပ်စိတ်တိုတတ်တယ်။ ရန်များတယ်။ ဒီအချက်တွေကိုတော့ သတိထားပေါ့ဗျာ။ ဘာပဲဖြစ်ဖြစ် ဘယ်မူးယစ်ဆေးဝါးကိုမှ မလုပ်ပဲနေတာ အကောင်းဆုံးလို့သတိပေးချင်တယ်။

■

## အခန်း (၉၇)

# သက်ခိုင်ရဲ့ ကုဏ္ဍာလိနီ

ဆိတ်ကွယ်ရာအရပ်တွင် ယောကျ်ားတို့အုပ်စုဖွဲ့မိပါက မိန်းမများ၏အကြောင်းကို တီးတိုးစကားဆိုလေ့ရှိကြသည့်နည်းတူ မိန်းမတို့ အုပ်စုဖွဲ့မိပါကလည်း ယောကျ်ားတို့၏အကြောင်း ပြောဖြစ်ကြသည်မှာ ဖြစ်မြဲဓမ္မတာ ကိစ္စတရပ်ဟုဆိုသော် ရနိုင်ကောင်းမည်ထင်ပါ၏။

ယခုလည်း ကျနော်တို့ရဲဘက်အကျဉ်းသားတစု အုပ်စုဖွဲ့မိနေလေရာ စကားလက်ဆုံ ကျနေသည့် အကြောင်းအရာကား မိန်းမတို့၏အကြောင်းဖြစ်လေသည်။ ထိုအကျဉ်းသားအုပ်စုကား မျက်နှာကြီး အကျဉ်းသားအုပ်စုဖြစ်၏။ ထိုသူတို့ကား စစ်ကိုင်းဇာတိ၊ အများပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ (၃) အရ ထောင်ဒဏ်ဆယ်နှစ်ကျခံရသော ကိုဌေး၊ ကိုဌေးနှင့်အမှုတူ ဟသာ်တသားမူဆလင် ကိုတင်ဝင်း၊ လူသတ်မှုဖြင့် ထောင်ဒဏ် ခုနစ်နှစ်ကျလာသော ဖိုကြီးတာဝန်ခံ ကိုအောင်ကြည်၊ ကျနော်နှင့် ကိုသက်ခိုင်တို့ဖြစ်လေသည်။

ဝိုင်းဖွဲ့မိရာနေရာမှာ ပင်မစခန်းအကျဉ်းသား သက်သာချောင်ချိရေးဆိုင်ဖြစ်၏။ သက်သာချောင်ချိရေးဆိုင်ဟု ဆိုသော်ငြား ထူးထူးထွေထွေပစ္စည်းများ ရောင်းချသောဆိုင်မဟုတ်ပဲ လက်ဖက်ရည်ကော်ဖီမစ်နှင့် ကွမ်းယာလောက်သာ ရနိုင်လောက်သောဆိုင်ဖြစ်ပါသည်။

ကျနော်တို့ပြောဖြစ်သော အကြောင်းအရာမှာလည်း ပြင်ပလောကနှင့် အဆက်ပြတ်နေသူများပီပီ ဖိုမကိစ္စအကြောင်းများသာဖြစ်လေ၏။ ကိုသက်ခိုင်ကား စကားဝိုင်းကို စိတ်ဝင်စားဟန်မရှိပဲ ခပ်လှမ်းလှမ်း မြေလမ်းမကြီးပေါ်တွင် နေပူကျဲကျဲ၌ ကျောက်ခဲစီနေကြသော အကျဉ်းသားအုပ်စုရှိရာသို့ လှမ်းမျှော်ကြည့်နေလေသည်။

စကားဝိုင်းထဲတွင် အာပေါင်အာရင်းသန်သန်နှင့် အရွှန်းအဖောက်ဆုံးကား ကိုအောင်ကြည်ဖြစ်၏။ သူရဲဘက်စခန်းတွင် ရှိနေစဉ်အတွင်း ကြုံတွေ့ရသော အကျဉ်းသားများနှင့် ရဲဘက်စခန်းသို့ ရံဖန်ရံခါ လာရောက်လေ့ရှိသော ဈေးသည်မိန်းမပျိုတို့၏ အချစ်ရေး၊ သူကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ဖိုမကိစ္စတို့ကို ပါးစပ်မှ တံထွေးစင်အောင် ပြောလျက်ရှိရာ ကျနော်တို့ တဝါးဝါး သဘောကျလျက်ရှိကြ

သည်။ ကိုအောင်ကြည်၏အဆိုကို သူ့ကိုယ်တွေ့ဖြင့် ထောက်ခံဆွေးနွေးသူကား ကိုဒွေးဖြစ်၏။ ကိုဒွေးသည်လည်း ဖိုမကိစ္စမှာ ဝ မသေးလှ။ ရဲဘက်စခန်းတာဝန်ကျ အကျဉ်းဦးစီးဝန်ထမ်းများထဲမှ အိမ်ထောင်ရေး ဖောက်ပြန်မှုများကိုပါ ခရေစေ့တွင်းကျ သိနေသူဖြစ်လေသည်။

ထိုစဉ် ကျနော်က စကားဝိုင်းဘေးတွင် နှုတ်ဆိတ်နေသော ကိုသက်ခိုင်ကို ဝိုင်းထဲရောက်အောင် ဆွဲသွင်းနိုင်ရန် အားထုတ်လိုက်ပါသည်။

'ဟေ့လူ၊ ကိုသက်ခိုင် ခင်ဗျားအတွေ့အကြုံလေးဘာလေး လုပ်အုံးလေဗျာ၊ ခင်ဗျားပြောတော့ မိန်းမလှလေးတွေအများကြီးနဲ့ တွဲခုတ်ခဲ့ဘူးတယ်ဆို'

ကျနော်စကားသံကြောင့် ကိုသက်ခိုင်တယောက် သတိပြန်ဝင်လာသည့် ပုံစံဖြင့်

'ပြီးခဲ့တာတွေ ပြီးခဲ့ပါပြီဗျာ၊ ပြန်ပြီးရေရွှုးနေလဲ အကျိုးရှိစရာမမြင်လှပါဘူး'

'ဘယ်ဟုတ်မလဲဗျာ၊ ခင်ဗျားလည်း ရဟန္တာမှ မဟုတ်တာ၊ ဖိုမကိစ္စမကင်းနိုင်သေးလို့ ခင်ဗျားဇနီးသည့်တွေ့လာမယ့်ရက်ကို လည်ပင်းရှည်ရှည်နဲ့ မျှော်နေတုန်းမဟုတ်လား'

'ဟုတ်ပါပြီ၊ ကျနော်လည်း သာမန်လူသားပါပဲ၊ ဆိုလိုတာက ခင်ဗျားတို့ပြောနေတာတွေဟာ သူတပါးအိမ်ထောင်ရေး အတင်းအဖျင်းတွေဖြစ်နေတာကြောင့် ဝင်မပြောချင်တာပါ'

'ဒါဆိုလည်း ခင်ဗျားရဲ့ရွှေဉာဏ်တော်နဲ့ ဖိုမကိစ္စ၊ ဗဟုသုတရစရာတွေကို ပြောပေါ့ဗျာ'

'အော်၊ ဒီလိုလား၊ ဒါဆိုလည်း ပြောတာပေါ့ဗျာ၊ တဲ ကျနော်နားထောင်နေသလောက် အခုဒီမှာရှိတဲ့သူ အားလုံးလိုလိုဟာ ဖိုမကိစ္စ တော်တော်ကျွမ်းကျင်ကြတဲ့ပုံပဲ၊ ကျနော်မေးခွန်းတခု မေးပါရစေ။ ယောကျ်ားနဲ့မိန်းမ ဖိုမဆက်ဆံရေးမှာ အထွဋ်အထိပ်ရောက်ပါတယ်ဆိုတဲ့ အခြေအနေမှာ ဘယ်နေရာက ခံစားမှု ဖော်ပြသလဲဗျာ'

ကိုသက်ခိုင်၏အမေးကြောင့် စကားဝိုင်းထဲမှလူအားလုံး ရုတ်တရက် နှုတ်ဆိတ်ကုန်ကြပါသည်။ အတန်ကြာမှ ကိုဒွေးထံမှ စကားသံထွက်လာ၏။

'ကျနော့်ကိုယ်တွေ့အရတော့ ဒူးခေါင်းမှာ ခံစားရတယ်ထင်တယ်ဗျာ'ဟု အဖြေပေးလေရာ ကိုသက်ခိုင်က ခေါင်းကိုယမ်း၍ ပယ်ချလိုက်သောကြောင့် မူဆလင် ကိုတင်ဝင်းက

'ကျနော်ကတော့ ခါးတဝိုက်ဖြစ်မယ်ထင်တယ်'ဟု ဆိုပြန်ပါလေသည်။ ယင်းအဖြေကိုလည်း ကိုသက်ခိုင် ခေါင်းခါပြန်ပါသည်။ ထို့နောက်တွင် ဖိုကြီးတာဝန်ခံကိုအောင်ကြည်က

'ဒါဆိုရင်တော့ ကျနော်ခံစားဖူးတာကတော့ ရင်ညွန့်မှာပဲဗျ' ဟု ထပ်ကွန့်ပြန်ပါသည်။

သူ့အဖြေသည်လည်း မမှန်ပြန်ချေ။ ထိုတွင်မှ ကိုသက်ခိုင်က ခပ်အေးအေးလေသံဖြင့်

'မသိကြရင်လည်း သေချာမှတ်ထားကြပေရော့ဗျာ။ ယောကျ်ားမိန်းမ ဖိုမကိစ္စဆက်ဆံရာမှာ အထွဋ်အထိပ်ရောက်တဲ့အခါ ခံစားမှုဟာ ငယ်ထိပ်တည့်တည့်က ဖော်ပြသဗျ။ အဲဒီအချိန်မှာ နှစ်ယောက်စလုံးရဲ့ ငယ်ထိပ်တည့်တည့်ကနေ တပြိုင်နက်တည်း အခိုးတွေထွက်သွားသလို ရှိန်းကနဲဖြစ်သွားတတ်တယ်။ ဒီခံစားချက်ဟာ အမှတ်တမဲ့ မဟုတ်ဘူး၊ သိသာတဲ့ ခံစားချက်ဖြစ်တယ်။ ဒါက ကျနော့်ကိုယ်တွေ့ပါပဲ။ ဖြစ်နိုင်တာက အဲဒီအခြေအနေမှာ လူ့ခန္ဓာကိုယ်ထဲက ကုဏ္ဍလိနီနဲ့ ချက္ကရတွေ နိုးထလာပြီး စွမ်းအင်တမျိုးပေါ် ပေါက်လာတာ ဖြစ်နိုင်ပါတယ်၊ ကုဏ္ဍလိနီဆိုတာ ခန္ဓာကိုယ်မှာရှိတဲ့မြီးညှောင့်ရိုးထိပ် စအိုအနီးမှာ စပရိန်ကိုဖိထားသလို ဝပ်နေတယ်တဲ့ဗျ။ ဒီလိုဖိထားတဲ့နေရာကို ချက္ကရလို့ခေါ်တယ်၊ ကုဏ္ဍလိနီနဲ့ချက္ကရတွေဟာ ယောဂလို လေ့ကျင့်ခန်းတွေ လေ့ကျင့်မှုကြောင့်လည်း ဖြစ်နိုင်သလို ရှေးပဝေဘဝများက ပါရမီအရှိန်ကြောင့်လည်း ဖြစ်နိုင် တယ်လို့ယူဆရတယ်၊ ကျနော်ကတော့ အဲဒီကုဏ္ဍလိနီနဲ့ချက္ကရနိုး ထလာတာကို ကာမဂုဏ်ကိစ္စခံစားနေတုန်းမှာ ကိုယ်တွေ့ကြုံဘူးတယ်၊ နောက်တခါ ကိုယ်တိုင်သမထ လေ့ကျင့်ခန်းတွေ ပြင်းပြင်းထန်ထန်လုပ်စဉ်ကလည်း ကုဏ္ဍလိနီနဲ့

ချက္ကရတွေ နိုးထလာသလို ကြုံဘူးတယ်ဗျာ။ အသေးစိတ်ကို နှိုက်နှိုက်ချွတ်ချွတ်မမေးပါနဲ့တော့။ ဒါကို အများနားလည်အောင် ရှင်းပြရရင် တော်တော်ရှုပ်ထွေးလိမ့်မယ်ဗျာ'

ကိုသက်ခိုင်စကားအဆုံးတွင် ဗိုမကိစ္စ ကျွမ်းကျင်လှပါသည်ဆိုကြသော စကားဝိုင်းရှိပုဂ္ဂိုလ်အားလုံးလိုလိုငြိမ်သက်သွားကြကာ အတွေးကိုယ်စီနှင့် ဖြစ်ကုန်ကြပါလေ၏။ ထိုနေ့စကားဝိုင်းကအပြန် ကျနော်က ကိုသက်ခိုင်ကို နားပူမိပြန်သည်။

ဒီနေ့ခင်ဗျားပြောမှ ကျနော်သတိထားမိတာက ခင်ဗျားဟာ ခင်ဗျားဘဝအကြောင်းကို ပြောနေခဲ့ပေမဲ့ ခင်ဗျားရဲ့ ဇနီးအကြောင်း ခင်ဗျားတွဲခဲ့တဲ့ မိန်းမလှလေးတွေအကြောင်းတော့ မပါသေးတာ သတိထားမိသဗျ'

'အမှန်ပြောရင် အဲဒီအကြောင်းတွေကို ကျနော်ပြောချင်စိတ်မရှိဘူးဗျာ၊ တစ်အချက် ကိုယ်ရည်သွေးရာရောက်မယ်၊ နှစ်အချက် သူတပါးကို နစ်နာစရာဖြစ်မယ်၊ ဒါကြောင့်မပြောချင်တာပဲဗျာ'

'နစ်နာစရာမဖြစ်အောင် နာမည်လွှဲပြီးပြောလို့ရတာပဲဗျာ၊ ခင်ဗျားတခုသတိပြုဖို့က လူ့လောကကြီးထဲက လူတယောက်ရဲ့ အကြောင်းပြောမယ်ဆိုရင် မိန်းမကိစ္စမပါရင်ဘယ်မှာလာ ပြည့်စုံပါ့မလဲဗျ'

'အင်း၊ ခင်ဗျားပြောတာလည်း မှားတယ်လို့မဆိုနိုင်ပြန်ပါဘူး၊ ခင်ဗျား နားထောင်ချင်သပဆိုရင်လည်း ကျနော်နဲ့ မိန်းမလှလေးတွေအကြောင်း ပြောပြရတာပေ့ါဗျာ။ တခုသေချာ သတိချပ်ဖို့ကတော့ ဒီအကြောင်းတွေဟာ ကိုယ်ရည်သွေးခြင်းမဟုတ်ဘူး၊ ကြွားဝါလိုခြင်းမဟုတ်ဘူး၊ အတုယူမမှားကြစေချင်ဘူးဗျာ။ အဲဒီဖြစ်ရပ်တွေကို နားထောင်ပြီး ဆင်ခြင်သင့်တာ ဆင်ခြင်နိုင်ကြအောင်သာ ကျနော် ရည်ရွယ်ပါတယ်'

ထိုနေ့က ကျနော်၏တိုက်တွန်းမှုကြောင့် ကိုသက်ခိုင်တယောက် သူကြုံတွေ့ခဲ့ရသော လောကီသားတိုင်း မကင်းနိုင်လေသည့် နှလုံးသားရေးရာများကို သူမှတ်မိသလောက် ပြန်ပြောင်းပြောပြခဲ့ပါသည်။

(ဤနေရာတွင် အလျဉ်းသင့်သည်ဖြစ်၍ ကိုသက်ခိုင်နှင့် မိန်းမလှလေးများအကြောင်းမဖော်ပြမီ ကိုသက်ခိုင် ပြောပြခဲ့သော ကုဏ္ဍလိနီနှင့် ချက္ကရတို့အကြောင်းရေးသားထားသည့် စာရေးဆရာ မောင်ကျောက်တိုင်၏ ကုဏ္ဍလိနီအမည်ရှိ စာအုပ်တအုပ်ကိုမမျှော်လင့်ပဲ ကျနော်ဖတ်ရှုမိခဲ့ရာ ထိုစာအုပ်မှ သင့်နိုးသည်ဟုထင်ရသောအခန်းတချို့ကို ဗဟုသုတအလို့ငှာ အောက်တွင် ဖော်ပြလိုက်ပါသည်။ ထိုစာအုပ်မှာ ၂၀၀၉ ခုနှစ်တွင် ပညာရွှေတောင် စာအုပ်တိုက်မှ ဖြန့်ချိခဲ့ခြင်းဖြစ်ပါသည်။)

(၁)

ကုဏ္ဍလိနီနဲ့ချက္ကရဆိုတာတွေကို စာနယ်ဇင်းတွေမှာမကြာခဏဆိုသလိုတွေ့နေရတော့ ကုဏ္ဍလိနီဆိုတာ ဘာတုန်း၊ ချက္ကရဆိုတာ ဘာတုန်းလို့ သိချင်လာကြတယ်။

ဒါကြောင့် စာအုပ်တွေကို ရှာဖတ်တဲ့အခါမှာလည်း သိပ်မတွေ့ရဘူး၊ ရှားတယ်။ ဦးစံဝင်း ရေးသားတဲ့ ကုဏ္ဍလိနီစာအုပ်ကလည်း အရှားသား၊ ဒီတော့ ကုဏ္ဍလိနီဆိုတာဘာလဲလို့ စပြီး ပြောပါ့မယ်။

အိန္ဒိယရှေးဟောင်းစာပေကျမ်းဂန်တွေမှာ ကုဏ္ဍလိနီအကြောင်းရေးထားတဲ့ ကျမ်းတွေရှိပါတယ်။ သိပ်တော့မများပါဘူး။ အကျော်ကြားဆုံးကျမ်းကတော့ ဆချက္ကရရူပံနဲ့ ပဒူကပဥ္စက သတ္တတကျမ်းတွေပါပဲ။ ဒီနှစ်ကျမ်းကို ဆာအာသာအဗ်လွန်ဆိုတဲ့ ပုဂ္ဂိုလ်က အင်္ဂလိပ်လို SERPENT POWER

ဆိုပြီး ဘာသာပြန်ထားတာ ၁၉၂၇ ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။ ကုဏ္ဍလိနီဆိုသည်မှာ လူ့ကိုယ်တွင်းရှိ စွမ်းအင်တရပ်ဖြစ်တယ်။ ဒီကိုယ်တွင်းရှိ ဇီဝစွမ်းအင်နှစ်မျိုးကို ပေါင်းစပ်ပေးလိုက်ရင် လူ့ဦးနှောက်ကြီး ပွင့်သွားမယ်။ လူတွေရဲ့ဦးနှောက်ထဲမှာရှိတဲ့ ကလာပ်စည်းတွေရဲ့ ဆယ်ပုံတစ်ပုံသာ အသုံးပြုနိုင်တယ်။ ကျန်တဲ့ဆယ်ပုံကိုးပုံကို အသုံးမပြုနိုင်ဘူး။

ကုဏ္ဍလိနီရဲ့ စွမ်းအင်နဲ့ လူ့စိတ်သမာဓိ စွမ်းအင်နှစ်ရပ် ပေါင်းစပ်လိုက်ရင် အသုံးမချရသေးတဲ့၊ မပွင့်သေးတဲ့ လူ့ဦးနှောက် ဆယ်ပုံကိုးပုံကို အသုံးပြုနိုင်မှာဖြစ်တယ်။ ကမ္ဘာပေါ်မှာ ပေါ်ပေါက်ခဲ့တဲ့ ဉာဏ်ကြီးရှင်တွေ၊ သိပ္ပံပညာရှင်တွေ၊ သိဒ္ဓိရှင်တွေဟာ ဒီကျန်တဲ့ ကိုးပုံပွင့်သွားလို့ ထိတ်ထိတ်ကြဖြစ်သွားတာပါ။ ကုဏ္ဍလိနီပွင့်သွားလို့ ထိတ်ထိတ်ကြတွေ ကျော်စွာတွေ ဖြစ်သွားတာပါ။

ဒီတော့ ကုဏ္ဍလိနီဆိုတာ ဉာဏ်ပိုင်း၊ စိတ်ပိုင်း၊ နာမ်ပိုင်းဆိုင်ရာတွေကို ထိပ်ဆုံးရောက်အောင်ပို့နိုင်တဲ့ လူ့ကိုယ်ခန္ဓာထဲရှိ လူတိုင်းမှာရှိနေတဲ့ စွမ်းအင်ကြီးပါပဲ။

ဒါပေမယ့် နှစ်ပေါင်းတစ်ရာကျော်အတွင်းမှာ ကုဏ္ဍလိနီနိုးထပြီး တန်ခိုးပြနိုင်သူ မရှိတော့ ကုဏ္ဍလိနီဆိုတာဟုတ်မှဟုတ်ပါရဲ့လား။ မမြင်နိုင်မတွေ့နိုင်ပဲ စိတ်ကူးနဲ့ပြောနေတာလားလို့ သံသယတွေဝင်လာတယ်။ မူရင်းတိုင်းပြည်ဖြစ်တဲ့ အိန္ဒိယမှာတောင် ခေတ်ပညာတတ်တွေက အယူသီးမှုလိုလို ထင်လာကြတယ်။ အနောက်နိုင်ငံကဆိုရင်တော့ လုံးဝအယုံအကြည်မရှိဘူး။ သိပ္ပံပညာရှင်တွေကဆိုရင်လည်း သိပ္ပံပညာနဲ့ မအပ်စပ်ဘူးလို့ သဘောထားကြတယ်။

ဒီလို မယုံသင်္ကာဖြစ်နေတဲ့ ကုဏ္ဍလိနီကို ဆေးသိပ္ပံပညာနဲ့ ဝေဖန်ဆန်းစစ်သုတေသနပြုပေးတဲ့ ဒေါက်တာရေလီဆိုတဲ့ပုဂ္ဂိုလ် အိန္ဒိယမှာ ပေါ်လာတယ်။ သူဟာ ဘုံဘေဆေးတက္ကသိုလ်က အောင်လာတဲ့ ဆရာဝန်တဦးပါ။ ဘုံဘေဆေးတက္ကသိုလ် စာတမ်းဖတ်ပွဲမှာ ကုဏ္ဍလိနီကို ခန္ဓာဗေဒနဲ့ ဇီဝကမ္မဗေဒပညာနဲ့ နှိုင်းယှဉ်လေ့လာတဲ့ စာတမ်းကို သိပ္ပံပညာရှင်များရှေ့မှာ တင်ပြခဲ့တယ်။ အဲဒီစာတမ်းကို ပရိသတ်က စိတ်ဝင်စားကြလို့ ဖြည့်ရေးပြီး ကျမ်းအဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့တာဖြစ်တယ်။စာအုပ်နာမည်က (MY STERIOUS KUNDALINI)။

ရှေးကျမ်းဂန်များနဲ့ ရှေးစကားအစဉ်အလာမှာရှိနေတဲ့ ကဏ္ဍလိနီဟာ လူ့ခန္ဓာကိုယ်တွင်းမှာ ရှိနေရင် အယ်နေရာမှာ ရှိတာလဲ။ သိပ္ပံဝေါဟာရအရ ဘယ်လိုခေါ်သလဲဆိုတာကို ဆန်းစစ်ပြသထားတဲ့ ကျမ်းဖြစ်ပါတယ်။ ဒီကျမ်းဟာ သိပ္ပံပညာရှုထောင့်ကအမြင်နဲ့ ကုဏ္ဍလိနီကို ပထမဆုံး ရေးသားတဲ့ ကျမ်းပါပဲ။

ဒေါက်တာရေလီက ကုဏ္ဍလိနီတည်နေရာဟာ လူ့ခန္ဓာကိုယ်အတွင်းရှိ AUTONOMIC NERVOUSE မှာ အကျုံးဝင်တဲ့ PARA SYMPATHETIC NERVOUSE SYSTEM မှာ တည်တယ်။ ဒီအာရုံကြောကို VAGUS လို့ ခေါ်ပြီး လက်ဝဲ VAGUS နဲ့လက်ယာ VAGUS ဆိုပြီး နှစ်ခုရှိတဲ့အနက် လက်ယာ VAGUS ကြောမှာ ကုဏ္ဍလိနီရှိနေတယ်လို့ဆိုတယ်။ ဒီအာရုံကြောတွေဟာ ဦးခေါင်းအတွင်းပိုင်းမှာရှိပြီး ဂလင်းတွေနဲ့ ဆက်စပ်နေတယ်လို့ ဒေါက်တာ ရေလီက သူရှာဖွေသုတေသန လုပ်ထားတာကို တင်ပြတယ်။

ဒါပေမဲ့ ဒေါက်တာရေလီရဲ့ လျှို့ဝှက်နက်နဲသော ကုဏ္ဍလိနီ စာအုပ်မှာ နိဒါန်းရေးထားတဲ့ ဆာအာသာ အဗ်လွန်က ဒေါက်တာရေလီတင်ပြတဲ့ လက်ယာဘက် VAGUS NERVOUSE မှာ ကုဏ္ဍလိနီ တည်ရှိနေတယ်ဆိုတာ လက်မခံဘူး။ ကုဏ္ဍလိနီဟာ ရုပ်စွမ်းအင်သက်သက် မဟုတ်ဘူး။ ပေးဂတ်စ်အာရုံကြောနဲ့ ဆက်စပ်နေတာကိုတော့ လက်ခံပါတယ်။ ဒါပေမဲ့ သူဟာ ဆေးပညာရှင်မဟုတ်လို့ အတိအကျဘယ်နေရာမှာဆိုတာတော့ မပြောနိုင်ဘူး။ ရှေ့ဆက် လေ့လာကြရမှာပဲလို့

ရေးသားခဲ့တယ်။ ဒီဝေဖန်ချက်ကို သူ့စာအုပ်မှာ နိဒါန်းအဖြစ် ထည့်သွင်းဖော်ပြခဲ့တဲ့ ဒေါက်တာရေလီရဲ့ အမှန်တရားဖော်ထုတ်ရေး စေတနာဟာ လေးစားလောက်ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသွားတော့ ကုဏ္ဍလိနီအကြောင်းလေ့လာတဲ့ ပုဂ္ဂိုလ်နှစ်ဦး ပေါ်လာတယ်။ တစ်ဦးက ဂျပန်လူမျိုး သမားတော်ကြီး ဒေါက်တာမိုတိုယာမပါ။ သူဟာ စိတ်တန်ခိုးအကြောင်း ယောဂကျင့်စဉ်အကြောင်း၊ ကုဏ္ဍလိနီတွေအကြောင်းကို စာတွေ့လက်တွေ့ သိပ္ပံနည်းကျ စမ်းသပ်သုတေသနပြုတယ်။ သူ့တွေ့ရှိချက်တွေကို စာတမ်းတွေရေး၊ ဟောပြောပို့ချမှုတွေလုပ်တယ်။ အိန္ဒိယမှာ ဒေါက်တာမိုတိုယာမရဲ့ ဟောပြောပွဲတွေမှာ ဟိန္ဒူဓေတ်ပညာတတ်တွေ၊ ယောဂီတွေ တက်ရောက်နားထောင်ကြတယ်။ ကုဏ္ဍလိနီဆိုတာရှိတယ်။ ကုဏ္ဍလိနီတွေ နိုးကြားလာရင် သမာဓိတွေတက်လာတယ်။ အမြင့်ဆုံးသမာဓိကို ကုဏ္ဍလိနီနိုးလာမှ ရနိုင်တယ်လို့ဆိုပါတယ်။ ဟိန္ဒူပညာရပ်တွေ သဘောတရားတွေကို ခေတ်ပညာတတ် ဟိန္ဒူတွေထက်တောင် ဒေါက်တာမိုတိုယာမက နားလည်ပေတယ်လို့ သုတေသီတွေက မှတ်ချက်ချရတယ်။

နောက်တဦးကတော့ ဟိန္ဒူဘာသာဝင်တဦးဖြစ်တဲ့ ဂိုပီကရစ္စနားပါပဲ။ သူဟာ ကက်ရှ်မီးယားပြည်နယ် ဆာရင်နာဂမြို့တော်နဲ့ မလှမ်းမကမ်းမှာရှိတဲ့ နစ်စဟက်မြို့မှာ နေပါတယ်။ သူဟာ သာမန်ခေတ်ပညာတတ်ဖြစ်ပြီး အရွယ်ရောက်တဲ့အခါမှာ အစိုးရဝန်ထမ်းအဖြစ် ဆောင်ရွက်တယ်။ သူဟာ ဘာသာရေးဂိုဏ်းဂဏတွေမှာ မပါဝင်ပဲ သာမန်လူတဦးအဖြစ် ယောဂကျင့်စဉ်တွေကို နေ့စဉ်မှန်မှန်ကျင့်တယ်။ ဘယ်ဆရာဒူး၊ ဘယ်ရသေ့ဆီကိုမှ တပည့်မခံခဲ့ဘူး။ မိမိဘာသာရေးရဲ့ ရိုးရာယုံကြည်ချက်အတိုင်းသာ နေ့စဉ်ဆောင်ရွက်ရတဲ့ ကိစ္စတရပ်အဖြစ် လုပ်ခဲ့တာ ဖြစ်တယ်။ ဂိုပီရဲ့ ယောဂကျင့်စဉ်ကတော့ ရာဇယောဂကျင့်စဉ်ဖြစ်တယ်။ ဒီယောဂကျင့်စဉ်ဟာ အာသနတွေ၊ မုဒြာတွေဆိုတဲ့ ခြေထောက် ကိုယ်နေဟန်ထားတွေကို ပဓာနမထားပဲ စိတ်တည်ငြိမ်မှု သက်သက်ကို ပဓာနထားကျင့်ရတဲ့ ကျင့်စဉ်ပါ။ ဒီလိုနဲ့ နှစ်ပေါင်းအတော်ကြာပြီး ၁၉၃၇ ခုနှစ်မှာ ကုဏ္ဍလိနီ စတင်နိုးကြားလာတယ်။ အဲဒီတုန်းက သူ့အသက်က ၃၄ နှစ်ပါ။

ရာဇယောဂကျင့်စဉ်ကို နေ့စဉ်မှန်မှန် နာရီအနည်းငယ်ကျင့်တော့ မကြာခင်မှာ အလင်းစက်အလင်းဝန်းတခုကို နှာရောင်ပေါ်မှာ တွေ့ရတယ်။ မျက်စိမှိတ်ရင်းနဲ့ တွေ့ရတာပါ။ မျက်စိရှေ့ အထက်နားမှာ မြင်ရတာမို့ နှာရောင်ပေါ်လို့ဆိုတာပါ။ နှာရောင်ပေါ်မှာကျရောက်နေတဲ့ အလင်းစက်ကို မျက်စိဖွင့်ကြည့်ပြီးတော့ မြင်ရတာမျိုး မဟုတ်ဘူး။ ဒီလိုမြင်ရအောင် ကသိုဏ်းဝန်းခေါ်တဲ့ ရုပ်ဝတ္ထုပစ္စည်းတွေကိုလည်း အာရုံပြုတာမဟုတ်ဘူး။ စိတ်ကို ငြိမ်ငြိမ်ကလေးထားနိုင်အောင် ကျင့်ရင်းရလာတဲ့ အလင်းဝန်းပါ။ ဒီလို အလင်းဝန်းကလေးကိုကြည့်တဲ့ ကျင့်စဉ်ကို (၁၇) နှစ်ကျင့်တဲ့အခါမှာ ကုဏ္ဍလိနီနိုးသွားတာပါ။

ကုဏ္ဍလိနီ စတင်နိုးလာတဲ့အခါ ကျောမြောင်းရိုးအောက်ခြေ မြီးညှောင့်ရိုးနားက အလင်းရောင်တွေဟာ အလွန်တောက်ပလာတယ်။ ဒီအလင်းဟာ သာမန်မီးညွန့်မီးတောက်လို ပါးပါးကလေး မဟုတ်ဘူး။ ပြဒါးကို လုံနဲ့ဖိုထိုးတဲ့အခါ ပြဒါးတွေအရည်ပျော်ပြီး အလင်းရောင်တွေထွက်လာသလို အလင်းရောင်တွေဟာ အထက်တက်လာတယ်။ ဦးခေါင်းတွင်း ရောက်လာတော့ အလွန်ထွန်းလင်းဖြာဝေတဲ့ အလင်းမာတ်ကြီးဖြစ်သွားပြီး သူဟာအလင်းသမုဒ္ဒရာထဲ ရောက်သွားသလို ဖြစ်သွားတယ်လို့ ဂိုပီက ပြောတယ်။

ဂိုပီအဆိုအရ ကုဏ္ဍလိနီဟာ ရှေးဟောင်းကျမ်းဂန်များမှာ ပါတဲ့အတိုင်း မြီးညှောင့်ရိုးနားမှာ တည်ရှိနေတာဖြစ်တယ်။ အဲဒီနေရာက ချက္ကရကို မူလချက္ကရလို့ခေါ်တယ်။ အဲဒီမူလချက္ကရကနေပြီး ကျောမြောင်းရိုးတစ်လျှောက်ရှိတဲ့ ချက္ကရတွေအတိုင်း အထက်ကို တက်သွားလိုက်တာ နောက်ဆုံး

ယ်ထိပ်မှာရှိတဲ့ ပရာမနချက္ကရဆီအထိ ရောက်သွားတယ်လို့ဆိုတယ်။ ဂိုပီက သူဟာ ကုဏ္ဍလိနီ နိုးနေပါပြီ၊ အဲဒါကို ပညာရှင်တွေ ယောဂီတွေက လာရောက်စစ်ဆေးစမ်းသပ်ကြည့်ဖို့ ဖိတ်ခေါ်တဲ့ အခါမှာ ဆွာမိကြီးတွေ၊ ဆာဒူးတွေ၊ ယောဂီရသေ့တွေသာမက ခေတ်ပညာတတ်တွေ၊ သိပ္ပံပညာရှင် တွေပါ လာရောက် စမ်းသပ်စစ်ဆေးကြည့်တယ်။ အိန္ဒိယအစိုးရ တာဝန်ရှိပုဂ္ဂိုလ်တွေကလည်း လာရောက်စစ်ဆေး လေ့လာကြတယ်။ ကုဏ္ဍလိနီဆိုတာ ရှိတယ်လို့သာ ကြားဖူးပြီးတော့ တခါမှ လက်တွေ့မစမ်းသပ်ခဲ့ရတဲ့ ပညာရှင်တွေက ဂိုပီကရစ္စနားကို စမ်းသပ်လေ့လာစရာ အရာဝတ္ထုတစ်ခု အဖြစ် လေ့လာကြတယ်။

အိန္ဒိယအစိုးရကလည်း KUNDALINI INSTITUTE အဖြစ်ဌာနတခု တည်ထောင်ပြီး သိပ္ပံပစ္စည်းတွေနဲ့ လေ့လာတယ်။ ကုဏ္ဍလိနီမဂ္ဂဇင်းကိုလည်း အချိန်မှန်ထုတ်ဝေပြီး လေ့လာတွေ့ရှိချက် တွေကို ထုတ်ဖော်ရေးသားခဲ့တယ်။ တကမ္ဘာလုံးမှာရှိတဲ့ စိတ်ပညာရှင်၊ ပရစိတ်ပညာရှင်တွေလည်း ရောက်လာတယ်။ ဒီမှာရုပ်ဝါဒီများဖြစ်တဲ့ တချို့တိုင်းပြည်တွေက ပုဂ္ဂိုလ်တွေလည်းပါဝင်တယ်။ ရုရှနဲ့ ချက်ကိုစလိုဗက်ကတော့ ထိပ်ဆုံးကပါတယ်။ ဒီလို ကမ္ဘာအရပ်ရပ်က သိပ္ပံပညာရှင်တွေက သိပ္ပံ စက်ကိရိယာတွေနဲ့ စမ်းသပ်တိုင်းထွာကြည့်တဲ့အခါ ဂိုပီမှာ အလွန်ထူးခြားတဲ့စွမ်းအင်တွေ ရှိနေတာကို တွေ့ရတယ်။ သိပ္ပံပညာမှာ မတွေ့ရသေးတဲ့ ရုပ်ခန္ဓာအတွင်းက ဇီဝစွမ်းအားတွေပဲလို့ မှတ်ချက်ချတယ်။ ကုဏ္ဍလိနီလို့ နာမည်မတပ်ရဲကလေးပါပဲ။

အဲဒီနောက်ကိုလည်း သိပ္ပံပညာရှင်တွေ၊ သမားတော် ဒေါက်တာဘွဲ့ရ ပုဂ္ဂိုလ်ကြီးတွေဟာ ကုဏ္ဍလိနီကို လေ့လာကြည့်တယ်။ လက်တွေ့ကျင့်တယ်။ ဒီလိုလေ့လာရင်း ကုဏ္ဍလိနီနိုးကြားသွားတဲ့ သူကတော့အမေရိက က ဒေါက်တာဂိုင်းပါပဲ။ ဒေါက်တာဂိုင်းက နိုးကြားလာဘဲ့ ကုဏ္ဍလိနီနဲ့ ရောဂါ တွေကို ကုသတဲ့ သူ့နည်းကို ဂိုင်းကုထုံးနည်းလို့ နာမည်ကျော်လာတယ်။

နှစ်ဆယ်ရာစု ကုန်ခါနီးမှာအရင်က ယုံမှားသံသယဖြစ်ရတဲ့ ကုဏ္ဍလိနီဟာ တကယ်ရှိတယ်။ လူ့ခန္ဓာကိုယ်ထဲမှာ ရှိပြီး အံ့မခန်းစွမ်းအင်တွေ ရှိတယ်ဆိုတာကို ရှေးဟောင်းကျမ်းဂန်၊ သိပ္ပံကျမ်းဂန်များ အရလည်းကောင်း၊ လက်တွေ့ကုဏ္ဍလိနီ နိုးလာသူတွေကို သိပ္ပံကိရိယာတွေရဲ့ စမ်းသပ်ချက်အရလည်း ကောင်း သက်သေထူပြနိုင်ပြီဖြစ်တယ်။

(၂)

'ကုဏ္ဍလိနီနိုးကြားနေပြီ၊ လာရောက်စမ်းသပ်စစ်ဆေး ကြည့်ကြပါ' လို့ အတိအလင်းပြောရဲ သူ ကြေညာရဲသူတော့ ဂိုပီကရစ္စနားပါပဲ။

သူဟာ ယောဂီပုဂ္ဂိုလ်မဟုတ်ဘူး။ ဆာဒူးဆွာမိတပါးပါးကို ဆရာတင်ပြီး တရားအားထုတ်နေ သူလည်းမဟုတ်ဘူး သာမန်ခေတ်ပညာတတ် ဝန်ထမ်းတဦးသာဖြစ်ပါတယ်။ အဆောက်အဦနဲ့ လမ်းတံတား ဆောက်လုပ်ရေးဌာနက ရုံးဝန်ထမ်းတဦးပါ။

သူဟာ ဟိန္ဒူဘာသာဝင်ပီပီ နေ့စဉ်ဘုရားရှစ်ခိုးတယ်၊ ယောဂကျင့်စဉ်ကျင့်တယ်။ ဂီယတရီမန္တာန်ကို ရွတ်တယ်။ သူကျင့်နိုင်သလောက်ကို ရှုံးမသွားမိ မနက်အစောကြီးထပြီး ပီပီပြင်ပြင် လေးလေးနက်နက်ကျင့်တယ်။ အိမ်ထောင်ရှိတယ်။ ဇနီးသားသမီးတွေရှိတယ်။ မိဘကို လုပ်ကျွေးတယ်။ တကယ့် သာမန်လူသားတဦးပါ။ နဂိုက စိတ်တန်ခိုးလည်း မရှိပါ။ ရိုးရိုးယောဂကျင့်စဉ် (၁၇) နှစ် ကျင့်လာလိုက်တာ အသက် (၃၄) နှစ်မှာထူးခြားလာတယ်။

သူ့အသက် (၃၄) နှစ်မှာ ကုဏ္ဍလိနီ စတင်နိုးကြားလာတယ်။ စစ်ကြီးမဖြစ်မီ ၁၉၃၇ ခုနှစ်၊ ဒီဇင်ဘာလမှာပေါ့။ ထူးခြားတဲ့ အာရုံတွေရတယ်။ အာရုံထူးတွေရတယ်။ ခန္ဓာကိုယ်မှာလည်း

ထူးခြားတဲ့ လက္ခဏာတွေပေါ်တယ်။ ဒါတွေဟာ ကုဏ္ဍလိနီ နိုးတာလို့ မသိဘူး။ ဒီလိုစတင်နိုး ကြားလာလိုက်တာ သုံးလလောက်ဆက်တိုက်ဖြစ်တော့ ဒါဟာ ရိုးရိုးမဟုတ်ဘူး။ ကမ္မဋ္ဌာန်းအာရုံ မဟုတ်ဘူးဆိုတာလောက်တော့ သိတယ်။ ဒီတော့ ယောဂကျင့်စဉ်ဆရာတွေ ဆာဒူးတွေ၊ ကျမ်းတတ် ပုဂ္ဂိုလ်တွေကို စုံစမ်းမေးမြန်းတော့မှ ကုဏ္ဍလိနီနိုးကြားတာ ဖြစ်နိုင်တယ်လို့ တွက်မိလာတယ်။

ဒီလို ကုဏ္ဍလိနီ နိုးကြားမှုကြောင့် ရုပ်ခန္ဓာမှာ ဝေဒနာတွေအမျိုးမျိုး ပေါ်ပေါက်လာတယ်။ ဝမ်းဗိုက်ထဲက အပူလုံးကြီးက ငယ်ထိပ်အထိဆောင့်လာတယ်။ မြီးညှောင့်ရိုးက အပူလှိုင်းက လေးအထက်ကို တက်လာတယ်။ ဦးခေါင်း မူးနောက်လာတယ်။ တကိုယ်လုံး နာကျင်လာတယ်။ နားထဲကလည်း လေတွေတဝေါဝေါ ထွက်လာတယ်။ အစာမစားနိုင်ဘူး။ အာရုံကြောတွေဟာ တောင့်တင်းလာတယ်။ တခါတရံ တကိုယ်လုံး တောင့်တောင့်ကြီးဖြစ်လာတယ်။ တခါတရံ မတ်တတ်ပင်မရပ်နိုင်ပဲ လဲလျောင်းနေရတယ်။ လှုပ်လိုက်ရင်နာလို့ မလှုပ်မယှက် အသာလေးနေရတယ်။ တကိုယ်လုံးမှာ ပုရွက်ဆိတ်တွေ ပြေးနေသလို ဖြစ်နေတယ်။ ကလာပ်စည်းတွေအားလုံး ဆူဝေလာတယ်လို့ ထင်ရတယ်။ ဆေးရုံတင်ရလောက်အောင်တော့ မဖြစ်ဘူး။

ဒါပေမယ့် စိတ်ကတော့ကြည်လင်နေတယ်။ ထက်မြက်နေတယ်။ သတိကလည်း ခါတိုင်းထက် ပိုပြီးကောင်းနေတယ်။ ခေါင်းတခုလုံးလည်း လင်းနေတယ်။ ခေါင်းပတ်လည်တပေလောက်လည်း အလင်းဝန်း ထွက်နေတယ်။ ခန္ဓာကိုယ်ကြီးတခုလုံးမှာလည်း အလင်းရောင်တွေ ထွက်နေတယ်။ အလင်းစီးကြောင်းတွေ ပြေးနေတယ်။ မျက်စိမှိတ်ထားရင် အလွန်တောက်ပတဲ့ အလင်းရည်တွေဟာ ရေတံခွန်လို အမြဲစီးဆင်းသွန်းလောင်းနေတာကို တွေ့ရတယ်။ ဒီတော့ ဂိုပီကရစ္စနားဟာ သူ့ကိုယ်သူဘာဖြစ်နေတယ်ဆိုတာလည်း သိရတယ်။ သတိကလည်း ကောင်းနေတယ်ဆိုတော့ ရူးသွပ်တာတော့ မဟုတ်ဘူး။ ဒါပေမယ့် ရောဂါမရှိပဲ ခန္ဓာကိုယ်တခုလုံး နာကျင်မှုလောင်ကိုက်ခဲပြီး ပြောင်းဆန်နေတယ်ဆိုတာကို တွေ့ရတော့ သူ့ကိုယ်သူ ဘာဖြစ်လို့ ဘာဖြစ်မှန်းမသိအောင် ဖြစ်နေတယ်။

ဒီလို ခန္ဓာကိုယ်မှာ ဝေဒနာတွေ ခံစားနေရတာက တောက်လျှောက်ကြီး မဟုတ်ဘူး။ နာရီဝက်လောက် ဖြစ်ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ ပြန်ပေါ်လာလိုက်နဲ့ သုံးလကျော်ကြာသွားတယ်။ ဒီတော့ ဒီအတွေ့အကြုံတွေကို ပြန်လှန်သုံးသပ်ကြည့်တယ်။ တတ်သိနားလည်တဲ့ ပုဂ္ဂိုလ်တွေဆီ မေးမြန်းစုံစမ်းကြည့်မိတယ်။ နောက်ဆုံးကျတော့ ဒါဟာ ကုဏ္ဍလိနီ နိုးလာတာကြောင့် ဖြစ်ပေါ်တဲ့ လက္ခဏာတွေပဲလို့ ကောက်ချက်ချလိုက်တယ်။ နောက်ထပ် နှစ်ပေါင်း (၂၅) နှစ် အထိ ဒီဝေဒနာတွေကို ခံစားရင်း ဆက်ကျင့်လိုက်တော့ဝေဒနာတွေ လျော့ပါးသွားတယ်။ အသိဉာဏ်တွေ တိုးတက်ထက်မြက်လာတယ်။ ခန္ဓာကိုယ်ဟာလည်း နဂိုနဲ့မတူတော့ပဲ နူးညံ့သိမ်မွေ့လာတယ်။ အကြားအာရုံ၊ အမြင်အာရုံ၊ အထိအာရုံတွေလည်း သိသိသာသာကြီး တိုးတက်ပြောင်းလဲလာတယ်။ မှတ်ဉာဏ်တွေလည်း ကောင်းလာတယ်။ မသင်ဘူး၊ မပြောဘူးတဲ့ ဘာသာစကားတွေကိုလည်း တတ်လာတယ်။ အဲဒီ မသင်ဘူး၊ မကြားဘူးတဲ့ ဘာသာစကား (၁၅) မျိုးလောက်နဲ့ ကဗျာတွေပင် သီကုံးရေးသားလာနိုင်တယ်။

ဒီတော့မှ သူဟာ ကုဏ္ဍလိနီနိုးကြားနေပါပြီ၊ လာရောက်စမ်းသပ်ကြပါလို့ ကြေညာလိုက်တယ်။ ဒီတော့မှ အိန္ဒိယမှာရှိတဲ့ ယောဂကျင့်စဉ်ဆရာကြီးတွေ၊ ဆွာမိကြီးတွေ၊ စိတ်ပညာရှင်တွေ၊ သိပ္ပံပညာရှင်တွေက စိတ်ဝင်စားလာပြီး ဂိုပီကရစ္စနားကို လာရောက်လေ့လာကြတယ်။ လေ့လာရသလောက် မှန်ကန်ကြောင်း သတင်းစကားတွေ ထွက်ပေါ်လာတော့မှ အိန္ဒိယအစိုးရ တာဝန်ရှိသူတွေက လာရောက်လေ့လာစုံစမ်းကြည့်ကြတယ်။

ဂိုပီကရစ္စနားကို လေ့လာခဲ့ကြတဲ့ အစိုးရကိုယ်စားလှယ်များရဲ့ ထောက်ခံချက်အရ အစိုးရက ကုဏ္ဍလိနီ သုတေသနဌာန KUNDALINI RESEARCH INSTITUTE တည်ထောင်ပြီး ကုဏ္ဍလိနီ စွမ်းအင်ကို သိပ္ပံပညာဖြင့် ယှဉ်ပြီးလေ့လာကြတယ်။ ဒီကုဏ္ဍလိနီ သုတေသနဌာနက ကုဏ္ဍလိနီ သုတေသနစာစောင်တွေကို မှန်မှန်ထုတ်ဝေတယ်။ ထပ်မံတွေ့ရှိရတဲ့ ကုဏ္ဍလိနီ သုတေသန အချက်အလက်တွေကို ရေးသားဖြန့်ချီတာပါ။

ဒီလို အစိုးရနဲ့ သိပ္ပံပညာရှင်တွေက အသိအမှတ်ပြုပြီး သုတေသနလုပ်နေပြီဆိုတဲ့သတင်းဟာ နိုင်ငံတကာကို ပျံ့သွားတယ်။ ပထမဦးဆုံး ကုဏ္ဍလိနီကို စိတ်ဝင်စားတဲ့တိုင်းပြည်ကတော့ ဂျာမဏီပါပဲ၊ အဲဒီအချိန်မှာပဲ သိပ္ပံနည်းကျ ယောဂကျင့်စဉ်လေ့လာမှု ကမ္ဘာ့ညီလာခံကြီးကို နယူးဒေလီမှာ ကျင်းပပြီး နိုင်ငံတကာက သိပ္ပံပညာရှင်တွေ တက်ရောက်ဆွေးနွေးကြတယ်။ ယောဂကျင့်စဉ်တွေကို သင်ကြားလာနိုင်တဲ့ နိုင်ငံတကာယောဂကျင့်စဉ် တက္ကသိုလ်ကြီးဖွင့်လှစ်ဖို့ ဆုံးဖြတ်ကြတယ်။

သိပ္ပံနည်းကျ ယောဂကျင့်စဉ် ကမ္ဘာ့ညီလာခံကို တက်ရောက်သူ ပညာရှင်တွေထဲမှာ ဂျာမဏီက ရူပဗေဒနဲ့ အာကာသ ရူပဗေဒပညာရှင် ဒေါက်တာ ကားလ်ဖရက်ဒရစ်ဗွန်ဝေ ဆက်ကာ ပါဝင်တယ်။ သူဟာ ကမ္ဘာကျော် MAXPLANCK INSTITUTE က သိပ္ပံပညာရှင်ပါ။ သူ ဦးဆောင်ဆော်ဩပြီး INTERNATIONAL KUNDALINI RESEARCH FOUNDATION ကိုဂိုပီကရစ္စနားနေတဲ့ ကက်ရှ်မီးယားမှာ တည်ထောင်တယ်။ ဂိုပီကရစ္စနားကို သိပ္ပံစက်ကိရိယာတွေ သိပ္ပံပညာရှင်တွေနဲ့ စမ်းသပ်သုတေသနပြုတယ်။ EEG လို ဦးနှောက်မှထွက်လာသော လျှပ်စစ်ဓာတ်ကို စမ်းသပ်တဲ့ ကိရိယာနဲ့ စမ်းသပ်တယ်။ ဂိုပီကရစ္စနားခေါင်းမှာ အီလက်ထရုတ်ခေါ် လျှပ်စစ်ကြိုးများဖြင့် နေ့ညမပြတ် ရက်ရှည်လများ လေ့လာတယ်။ ဦးနှောက်ကထွက်လာတဲ့ လျှပ်စစ်ဓာတ်လှိုင်း လေးမျိုးအနက် စိတ်တည်ငြိမ်ပြီး သမာဓိကောင်းနေလျှင် အယ်လ်ဖာဓာတ်လှိုင်းထွက်တယ်။ ဒီအယ်လ်ဖာဓာတ်လှိုင်း ဘယ်အချိန် ထွက်သလဲ၊ ဘယ်လောက်ကြာကြာ ထွက်သလဲ၊ စကားပြောနေ စဉ်၊ အစားစားနေစဉ်၊ အိပ်နေစဉ်၊ အပေါ့အပါးသွားနေစဉ် ထွက်သလားဆိုတာကို တိုင်းတာပါ။ အဖြေကတော့ ဂိုပီကရစ္စနား စကားပြောနေစဉ်ဖြစ်စေ၊ တရားထိုင်နေစဉ်ဖြစ်စေ၊ အစာစား နေစဉ် ဖြစ်စေ၊ အယ်လ်ဖာလှိုင်း အစဉ်ထွက်နေတယ်လို့ တွေ့ရတယ်။

နောက်တမျိုးကတော့ ECG ဆိုတဲ့ နှလုံးခုန်မှုကို တိုင်းတာဖြစ်တယ်။ ဂိုပီခရစ္စနားဟာ အမြဲပင် နှလုံးခုန်အား မှန်နေတာတွေ့ရတယ်။ သွေးတိုးလည်း တိုင်းတယ်၊သွေးတိုးကလည်း ပုံမှန်ပဲ။ နှလုံးခုန်မှုနဲ့ သွေးတိုးမှုနှစ်မျိုးစလုံးမှာ သာမန်ရှိနေကျထက် အနည်းငယ်လျော့နည်းနေတာ တွေ့ရတယ်။ လက်မှာ သွေးခုန်နှုန်းကလည်း တမိနစ်မှာ (၆၀) နှုန်းပဲရှိတယ်။ ဒါကလည်း သာမန်သွေးခုန်နှုန်းထက် လျော့နည်းနေတယ်ဆိုတာ ပြနေတယ်။

နောက်ထပ် အသက်ရှူနှုန်းကိုလည်း တိုင်းတယ်။ အသက်ရှူနှုန်းဟာလည်း သာမန်ထက် လျော့နည်းတယ်။ သိပ္ပံစကားနဲ့ပြောရရင်တော့ အောက်စီဂျင်အသုံးပြုမှု လျော့နည်းနေတယ်လို့ ဆိုတယ်။ ခန္ဓာကိုယ် အရေပြားတင်းမာမှုကို တိုင်းတယ်။ သမာဓိရလာတဲ့အခါ အရေပြားတင်းမာမှု ဖြစ်ပေါ်တယ်။ ဂိုပီကရစ္စနားမှာ အချိန်မရွေး အရေပြားတင်းမာမှု ရှိနေတယ်လို့ SKIN SCANER နဲ့ တိုင်းတဲ့အခါမှာ အဖြေထွက်တယ်။

ဒီလို စက်ကိရိယာတွေနဲ့သာမက ဂိုပီကရစ္စနားစားသောက်တဲ့ အစားအစာနဲ့ အရည်တွေရဲ့ အလေးချိန်ကိုလည်း တိုင်းတယ်။ သူဟာ သာမန်လူတွေထက် ခြောက်ဆလောက်ပိုပြီး စားသောက်တယ်လို့ တွေ့ရတယ်။ နောက်တခါ အိပ်ချိန်ကိုလည်း မှတ်သားတယ်။ REM လို့ခေါ်တဲ့ အိပ်မပျော်မိငိုက်မြည်းနေစဉ်မှာ မျက်လုံးလှုပ်ရှားမှုကို အီလက်ထရွန်နစ်ကိရိယာနဲ့ တိုင်းတယ်။

ဒီလို ကိရိယာမျိုးစုံ၊ နည်းမျိုးစုံနဲ့ နှစ်ရှည်လများ ဂိုပီကရစ္စနားကို တိုင်းတာ၊ လေ့လာ၊ သုတေသနပြုပြီးနောက်တွင် ကောက်ချက်ချလိုက်တယ်။ ကောက်ချက်ကတော့ ဂိုပီကရစ္စနားရဲ့ အတွေ့အကြုံနဲ့ ခန္ဓာကိုယ်သဘာဝက သာမန်ဖြစ်ရိုးဖြစ်စဉ် မဟုတ်။ တမူထူးခြားတဲ့စွမ်းအင် (သို့မဟုတ်) ကုဏ္ဍလိနီစွမ်းအင် ဖြစ်နိုင်တယ်လို့ဖြစ်တယ်။ ဒီလို သုတေသနပြု စမ်းသပ်မှုတွေ အကြောင်းကို တိုင်းမ် မဂ္ဂဇင်း ၁၉၇၄ ခုနှစ် မတ်လမှာ ထုတ်ဖော်ရေးသားလိုက်တော့ တကမ္ဘာလုံး ပြန့်သွားတယ်။ အဲဒီနောက်တော့ နိုင်ငံတကာမှာရှိတဲ့ စိတ်ပညာရှင်တွေ၊ ပရစိတ်ပညာရှင်တွေ၊ သိပ္ပံပညာရှင်တွေဟာ ဂိုပီကရစ္စနားဆီ တဖွဲဖွဲရောက်လာကြ၊ စုံစမ်းမေးမြန်းကြ၊ သုတေသနပြုကြနဲ့ အတောမသတ်အောင်ဖြစ်သွားတယ်။ ဂိုပီကရစ္စနားလည်း ကမ္ဘာကျော်သွားတယ်။

ဒီအကြောင်းအရာတွေကို ဂိုပီကရစ္စနားက စာအုပ်လေးငါးအုပ်ရေးတော့ ပိုပြီးကျော်ကြားသွားတာပေါ့။ ကုဏ္ဍလိနီဟာ ရှိသလိုလို မရှိသလိုလို ဖြစ်နေရာက သိပ္ပံပညာရှင်များကိုယ် တိုင်က ရှိကြောင်းဝန်ခံရတဲ့အရာ ဖြစ်လာတယ်။ ဒီလိုနိုင်ငံတကာက သိပ္ပံပညာရှင်တွေ လာရောက်လေ့လာကြတဲ့အထဲမှာ ရုပ်ဝါဒီများဖြစ်ကြတဲ့ ရုရှား၊ ပိုလန်၊ ရွှေမေးနီးယား၊ ဘူဂေးရီးယားစတဲ့ ထိုစဉ်က ဆိုရှယ်လစ်နိုင်ငံ သိပ္ပံပညာရှင်များလည်း ပါဝင်တယ်။ ထိုစဉ်က ဆိုဗီယက်လို့ခေါ်တဲ့ ရုရှားနိုင်ငံက ပါမောက္ခ လိုဗင်နေ့ ရိုစတိုစကီက ဒီလိုမှတ်ချက်ချတယ်။

'ရုပ်ခန္ဓာကိုယ်ပေါ်မှာသက်ရောက်တဲ့ ကုဏ္ဍလိနီရဲ့ အစွမ်းသက်ရောက်မှု အသေးစိတ်ရယ်။ ပထမဆုံးသက်ရှိထင်ရှားရှိသူကို ဆေးကုခန်းတွေ့ရှိချက် မှတ်ချက်ရယ်တွေကို ပေါင်းခြုံသုံးသပ်ရင် ဒီလို ကုဏ္ဍလိနီ စွမ်းအင်သက်ရောက်မှုဟာ ရုပ်ခန္ဓာရော နာမ်ပိုင်းကိုပါ အပြန်အလှန်ဆက်စပ်ပြီး တဆက်တည်း ဖြစ်ပေါ်စေတယ်ဆိုတာတွေ့ရတယ်'

■

အခန်း ၄၈

# ကာမဘုံသား ဆုံလည်နွား

ကျနော့်ဘဝရဲ့အချစ်ရေးကို ပြောရရင် လေးတန်းကျောင်းသားဘဝမှာ ခင်အေးသန်းကို ရည်းစားစာ ပေးမိတာကြောင့် ကျနော့်စိတ်မှာ ရခဲ့တဲ့ဒဏ်ရာဟာ တသက်လုံး သေရာပါခဲ့တဲ့ ဒါဏ်ရာလို့ ဆိုနိုင်ပါတယ်။ ငယ်လည်းငယ်၊ အရှက်ကြီးလည်း ရှက်ခဲ့ရတာမို့ ခင်အေးသန်းတို့ အိပ်ရှေ့ကနေ လမ်းဖြတ်လျှောက်ရတိုင်း တစ္ဆေခြောက်သလို ခံစားခဲ့ရပါတယ်။ အဲဒီအချိန်ကစပြီး မိန်းခလေးတွေနဲ့ ပတ်သက်တဲ့ နာကျည်းခံပြင်းမှုတခုဟာ ကျနော့်မသိစိတ်မှာ တွယ်ကပ်ခိုအောင်းခဲ့ဟန်ရှိပါတယ်။ ဒါကြောင့်ပဲ ထင်ပါရဲ့၊ တမိုးအောက်မှာ တယောက်တည်းချစ်မယ်ဆိုတဲ့စိတ်မျိုး ကွယ်ပျောက်ခဲ့ပြီး ကျနော့်ဘဝ အထိုက်အလျောက် အောင်မြင်လာချိန်မှာတော့ ကွယ်ရာမှာခြေများတတ်သူ ဖြစ်လာပါတော့တယ်။

ဟုတ်တယ်။ ကျနော်က အထိုက်အလျောက် အနေတည်တာကြောင့် ကျနော်မိန်းမကိစ္စ မကင်းဘူးဆိုတာ လူသိနည်းတယ်။ စိန့်ဂျွန်းဈေးစိမ်ကိန်းတုန်းက တွဲခဲ့တဲ့ ဦးဘရင်တို့ စနေမောင်မောင်တို့တောင် ကျနော့်ရှေ့မှာ မိန်းမကိစ္စတွေကို ပြောခဲတယ်။ ဦးဘရင်ကဆို ဟော့ကောင် စနေမောင်မောင်၊ ကိုသက်ခိုင်ရှေ့မှာ ပေါက်ကရတွေ လျှောက်မပြောနဲ့၊ သူက တည်တည် တန့်တန့်နေတဲ့သူ ဆိုပဲဗျာ။

ကလေးဘဝကနေ တဖြည်းဖြည်းအရွယ်ရောက်လာတဲ့ ကျနော်ဟာ ဆန့်ကျင်ဖက်လိင်ကို စိတ်ဝင်စားရမှန်း သဘာဝတရားအရ သိလာခဲ့ပါတယ်။

ကျနော့်ဘဝမှာ ပထမဆုံး စပြီးစိတ်ဝင်စားမိတာကတော့ လှလှမြင့်ပါပဲ။ လှလှမြင့်ဟာ ကျနော်နဲ့ရွယ်တူ ခုနှစ်တန်း တက်နေချိန်ပေါ့။ နေအုံးဗျ။ အဲသလို စိတ်ဝင်စားတယ်ဆိုတာကလည်း အခုနေ ပြန်တွေးကြည့်လို့ ရေးရေးပေါ် လာတာပါ။ သိပ်အစွဲအလမ်းကြီးကြီး ချစ်တယ်တို့ လွမ်းတယ်တို့ဆိုတာတွေ ကျနော် နားမလည်သေးတဲ့ အချိန်ကိုး။

လှလှမြင့်က ဒေါ်တင်မြသမီး၊ ဒေါ်တင်မြက ပဲပြုတ်ရောင်းတဲ့ ဘကြီးဦးညွန့်မောင်ရဲ့ သမီးပေါ့။ အေးပေါ့ဗျာ။ လှလှမြင့်က ဦးညွန့်မောင်မြေးပေါ့ဗျ။ ငယ်ငယ်တုန်းကမို့လားတော့ မပြောတတ်ဘူး။ ကျနော့်မျက်စေ့ထဲမှာ လှလှမြင့်ဟာ ဘယ်အချိန်ကြည့်ကြည့် လှနေတာပါပဲဗျာ။ တကယ်တမ်း အပျိုဖော်ဝင်လာတော့လည်း အမေတူသမီးလှလှမြင့်ဟာ မိန်းမချောစာရင်း ဝင်ခဲ့ပါတယ်။

အမယ်၊ လှလှမြင့်တို့အမေ ဒေါ်တင်မြကလည်း နောက်ကြောင်းအချစ်ဇာတ်လမ်းလေးနဲ့ဗျ။ လှလှမြင့်တို့အဖေဖြစ်လာမဲ့ ဦးလှမောင်နဲ့ ဒေါ်တင်မြ ကြိုက်နေကြတော့ဘကြီး ဦးညွန့်မောင်တို့ဘက်က သဘောမတူပဲ တခြားတယောက်နဲ့ ပေးစားမယ်လုပ်တာကြောင့် ဒေါ်တင်မြဟာ ခနောင်တိုချောင်းထဲကို ခုန်ချပြီး ကိုယ့်ကိုယ်ကို သတ်သေဖို့ ကြိုးစားခဲ့ဘူးသတဲ့။ အချိန်မီကယ်လိုက်နိုင် တော့အသက်မသေပဲ ဦးလှမောင်နဲ့ပေးစား၊ ညားကြလေသတည်းပေါ့ဗျာ။ အင်း သဘောမတူမယ်ဆို လည်းမတူချင်စရာပါပဲ။ ဒေါ်တင်မြက ချောသလောက် ဦးလှမောင်က မွဲခြောက်ခြောက်နဲ့ဗျာ။ ဦးလှမောင်က ဆိုက်ကားနင်းတဲ့ ဆိုက်ကားဆရာဗျ။

ကျနော်လှလှမြင့်ကို စိတ်ဝင်စားတာဟာ သိပ်မကြာလိုက်ဘူးဗျ။ တဖြည်းဖြည်း သူ့အပေါ် စိတ်ဝင်စားမှု နည်းနည်းလာတယ်။ အကြောင်းကတော့ လှလှမြင့် ရည်းစားများတဲ့ကိစ္စကြောင့်ပါပဲ။ လှလှမြင့်ဟာ ကျနော့်သူငယ်ချင်း ဖိုးအေးနဲ့လည်း ဘာလိုလို၊ ငြိမ်းမောင်ဆိုတဲ့ အသက်ခပ်ကြီးကြီး လူတယောက်နဲ့လည်း ဘာလိုလိုဆိုတော့ တဖြည်းဖြည်း စိတ်ကုန်လာတယ် ဆိုရမယ်။ အော် ကျနော်နဲ့ လှလှမြင့်က ဘာမှမဖြစ်ခဲ့ပါဘူးဗျာ။ ကျနော့်ဘက်ကသာ စိတ်ကူးပဲရှိက်နေတာပါလေ။

လှလှမြင့်ဟာ အသက်နှစ်ဆယ်အရွယ် ရည်းစားလေးငါးယောက်လည်း ထားပြီးရောသူ့အိမ်က သူ့ကိုကြည့်ရတာ သိပ်မဟန်လှဘူးလို့ စဉ်းစားမိတယ် ထင်ပါရဲ့။ တိုက်ကြီးဘက်က ကိုဝင်းမြင့်ဆိုတဲ့ တောသားလယ်သမားတယောက်နဲ့ အိမ်ထောင်ချပေးလိုက်ပါတော့တယ်။ နောက်ပိုင်း လှလှမြင့်ကလေးသုံးယောက်လောက်ရပြီး ကျနော်နဲ့ပြန်တွေ့တော့ လှလှမြင့်ဟာ တသားမွေးတသွေးလှဆိုသလိုကျနော့်မျက်စိထဲမှာ လှနေတုန်းပါပဲဗျာ။ အိမ်ထောင်ရေးဖူးစာကတော့ သူ့အမေနဲ့ တူတယ်ထင်ပါရဲ့။ သူ့ယောက်ျား ကိုဝင်းမြင့်ကလည်း သိပ်ပြီး ခန့်ခန့်ငြားငြားရုပ်ရည် မရှိရှာပါဘူး။ ဘာပဲဖြစ်ဖြစ်ဗျာ။ သားမှတ်မှတ် မယားမှတ်မှတ်ပေါင်းပြီး ရိုးရိုးကုပ်ကုပ် ရှာဖွေကျွေးမွေးတဲ့ အိမ်ထောင်ဘက်တယောက်ကိုရတာတော့ လှလှမြင့်အတွက် ကံကောင်းတယ်ဆိုရမှာပါပဲဗျာ။

ကျနော်စိတ်ဝင်စားခဲ့တဲ့ နောက်တယောက်ကတော့ အေးအေးစန်းတဲ့။ ကျနော်ရှစ်တန်းတက်တဲ့နှစ်ကပေါ့။ အေးအေးစန်းတို့မိသားစု ကျနော်တို့လမ်းထဲကိုပြောင်းလာကြတော့ ကျနော်နဲ့ မတိမ်းမယိမ်းအရွယ်မို့ ဒီမိန်းကလေးလည်း မိန်းမချောပဲဆိုပြီး ကျနော်စိတ်ဝင်စားသွားပါတယ်။

အေးအေးစန်းရဲ့အကို စန်းမြင့်က ကျနော်နဲ့ တတန်းတည်းဆိုတော့ ကျနော့်သူငယ်ချင်း ဖြစ်သွားတယ်ဗျာ။ အေးအေးစန်းအောက်ကကောင်က ဆန်နီတဲ့။ ဒီကောင်လည်း မကြာခင် ကျနော်နဲ့ အဖွဲ့ကျသွားပါတယ်။ အေးအေးစန်းတို့အဖေ ဦးဘရီက အဲဒီတုန်းက လေးဘီးကားမောင်းတယ်။ အမယ် သူကလည်း ဇမသေးဘူး။ မိန်းမနှစ်ယောက်ယူပြီး တအိမ်တည်းထားသဗျာ။ ကျနော်တို့အမြင်မှာတော့ ဦးဘရီဟာ တကယ့်ကမ္ဘာ့အံ့ဖွယ် ဖြစ်နေတာပေါ့ဗျာ။

ဒီလိုနဲ့ သိပ်မကြာခင်မှာ ကျနော်အေးအေးစန်းကို ရည်းစားစာပေးဖြစ်ပါတော့တယ်။ ရည်းစားစာပေးဖို့လည်း တော်တော် စဉ်းစားယူရသေးသဗျ။ ဘာကြောင့်တုန်းဆိုတော့ ကျနော် လေးတန်းကျောင်းသားဘဝက ခင်အေးသန်းကို စာပေးခဲ့တဲ့ကိစ္စဟာ တရပ်ကွက်လုံး ပွက်လောရိုက်သွားဘူးတာကိုး။

ဒါကြောင့် ဒီတခါစာပေးရင် လူကြုံပါးလို့တော့ မဖြစ်ချေဘူးဆိုပြီး အေးအေးစန်းညကျောင်း အပြန်မှာ

စောင့်ပြီး ကျနော့်ရဲ့ မေတ္တာသဝဏ်လွှာကို ကမ်းရတာပေါ့ဗျာ။ မေးသာပေးရတယ်။ ပြဿနာများ တက်လေမလားဆိုပြီး ကြောက်စိတ်နဲ့ ရင်တွေ တဒိန်းဒိန်း ခုန်ခဲ့တာပေါ့ဗျာ။ ဟုတ်တယ်ဗျ။ အေးအေးစန်းအမေ ဒေါ်မြင့်မြင့်ကလည်း နှုတ်ကြမ်းအာကြမ်းဆိုတာ သူတို့ပြောင်းလာကတည်းက ကျနော် သတိထားမိနေတယ်။

အမယ် ဒီတခါတော့ အဆင်ပြေတယ် ဆိုရမယ်ဗျာ။ ကျနော်စာပေးပြီး သုံးရက်လောက် အကြာမှာ အေးအေးစန်းဟာ ကျနော့်ကို ညကျောင်းအပြန်မှာပဲ စောင့်ပါလို့ လူကြုံနဲ့ပြောပြီး အဲဒီည သူ့ကိုစောင့်နေလိုက်တော့ ကျနော့်ကို စာလေးတစောင်ပြန်ပေးသဗျ။

စာထဲမှာရေးထားတာကတော့ အစ်ကိုနဲ့ထပ်တူပါပဲ ဘာညာဘာညာပေါ့ဗျာ။ အေးအေးစန်း ရဲ့ ပြန်စာကိုရတော့ ကျနော်ဟာ ငါလိုလူ ဇမ္ဗူမှာရှိသေးရဲ့လားလို့တောင် သွေးနားထင်ရောက်ပြီး ဘဝင်မြင့်သွားပါတော့တယ်။ ဟုတ်တယ်လေ။ အေးအေးစန်းလို တရပ်ကွက်လုံးမှာ အချောဆုံး အလှဆုံးဆိုတဲ့ မိန်းကလေးတယောက်က ကျနော့်အချစ်ကို လက်ခံလိုက်ပြီမဟုတ်လား။ အဲဒီတုန်းက တော့ ကျနော်ဟာ ကမ္ဘာပေါ်မှာ အပျော်ဆုံးလူပေါ့ဗျာ။

အေးအေးစန်းနဲ့ပတ်သက်လို့ မှတ်မှတ်ရရဖြစ်စရာလေးလည်း ရှိသေးသဗျ။ သူနဲ့ကျနော် ကြိုက်ပြီး တလလောက်ကြာတော့ ကျနော့်သူငယ်ချင်းတွေက၊ ဟေ့ကောင် မင်းအေးအေးစန်းကို ဘာလုပ်ပြီးပြီလဲလို့ မေးလာတော့ ကျနော်လည်း အရွယ်မှမရောက်သေးတာ ဘာလုပ်ရမှာလဲဆိုတော့၊ မင်းတော်တော်တုံးတဲ့ကောင်ပဲကွ။ သမီးရည်းစားဆိုတာ ဖက်တော့ နမ်းဖူးရတယ်ကွဆိုပဲ။

ကျနော်လည်း ဟာကွာ မဟုတ်တာတွေ ငါမလုပ်ချင်ပါဘူးဆိုပြီး အတန်တန်ပယ်ချခဲ့ပေမယ့် တုံးလို့ အကြိမ်ကြိမ်အပြောခံရတာကို မခံစားနိုင်တဲ့ကျနော်ဟာ အေးအေးစန်းရဲ့ပါးကို နမ်းခွင့်ရဖို့ အကွက်ချပါတော့တယ်။ သူငယ်ချင်းတွေကိုလည်း မင်းတို့ဒီလောက်တောင်အထင်သေးနေတာ မင်းတို့ရှေ့မှာတင် အေးအေးစန်းကို ငါနမ်းပြမယ်ကွလို့ ကြေညာလိုက်ပါရောဗျာ။

ကျနော့်သူငယ်ချင်းတွေကလည်း မယုံဘူးကွ၊ ငါတို့ကိုယ်တိုင် မျက်စိနဲ့တပ်အပ်မြင်မှ ယုံမယ်လုပ်ပြန်တာကြောင့် ဒါဆိုလည်း မင်းတို့ဖာသာ ကြိုက်တဲ့နည်းနဲ့ စောင့်သာကြည့်ပေတော့ ငါတော့ ဒီည အေးအေးစန်းကို မဖြစ်ဖြစ်တဲ့နည်းနဲ့ နမ်းပြမယ်ဆိုပြီး ခပ်တင်းတင်း စိန်ခေါ်လိုက်ရပါ တော့တယ်။

အေးအေးစန်း ညကျောင်းပြန်တာက ညကိုးနာရီ အချိန်ပါ။ သူ့အပြန်ကို သူ့မောင်ဆန်နီဆို တဲ့မောင်က လာလာကြိုနေကျဗျ။ ဒီတော့ ကျနော်လည်း ဆန်နီပါနေလို့တော့ မဖြစ်ချေဘူးဆိုပြီး အဲဒီညမှာ ဆန်နီ့ကို ပထုတ်ဖို့ သူငယ်ချင်းတွေကို စည်းဝါးရိုက်လိုက်ရပါတယ်။ ဆန်နီဆိုတဲ့ကောင်က လည်း အပေါင်းအသင်းခင်တတ်တဲ့ကောင်ဆိုတော့ ဟိုဟာလေး ဒီဟာလေး နည်းနည်းပါးပါး ဝယ်ကျွေး မယ်ဆိုတာကို ယုံပြီး သူ့အစ်မ ကိုယ်ရံတော်အလုပ်ကို မေ့နေရောပေါ့ဗျာ။

အဲဒီညက ကျနော်စောင့်နေကျ လမ်းကွေ့လေးမှာ အေးအေးစန်းနဲ့လည်း ဆုံရော ကျနော် ဟာ တုန်တုန်ယင်ယင် အသံကြီးနဲ့ အေး အေး စန်းလို့ ခေါ်လိုက်မိသဗျာ။ အေးအေးစန်းလည်း ကြောင်ကြောင်အမ်းအမ်း အမူအရာနဲ့ ပြန်ဖြေတာက ဘာတုန်းတဲ့။

ဒီမှာတင် ကျနော်လည်း သတ္တိကို အမြင့်ဆုံးအနေအထားရောက်အောင် မွေး၊ သူ့နားကို ပိုတိုးကပ်သွားလိုက်ပြီး သူ့ပါးပြင်ကို ရွှတ်ကနဲနေအောင် နမ်းလိုက်တော့တာပါပဲဗျာ။

အဲဒီအချိန်မှာ ခပ်လှမ်းလှမ်းက ချောင်းနေတဲ့ ကျနော့်သူငယ်ချင်းတွေဆီက ချွီးချွီးချွတ်ချွတ် အသံတွေထွက်လာပါတယ်။ သူတို့ တုံးလို့ထင်ထားတဲ့ ကျနော်က လက်တွေ့အောင်ပွဲခံလိုက်ပြီလို့ သူတို့ လက်ခံသွားကြပုံရပါတယ်။

ဒါပေမဲ့၊ ဒါပေမဲ့ဗျာ။ ကျနော်ကံမကောင်းပြန်ပါဘူး။ ကျနော်က အေးအေးစန်းရဲ့ပါးပြင်ကို သေချာချိန်ဆပြီး နမ်းလိုက်ပေမယ့် တကယ်တမ်း နမ်းမိတာကတော့ သူ့ဆံထုံးရဲ့အောက်က ဆံပင်တွေကိုပါပဲ။ ဒါကို ခပ်လှမ်းလှမ်းက ချောင်းနေတဲ့ ကျနော့်သူငယ်ချင်းတစု မသိလိုက်ပေမယ့် ကာယကံရှင် ကျနော်ကတော့ လွဲပဟာဆိုတာ ချက်ချင်းသိလိုက်ပါတယ်။ အော် သူငယ်ချင်းတွေကိုတော့ ရင်ကော့ပြီး ကဲ မင်းတို့တွေ့ပြီလား ငါဘယ်လိုကောင်ဆိုတာဆိုပြီး မှင်နဲ့မောင်းနဲ့ လုပ်ရတာပေါ့ဗျာ။

အမှန်တော့ဗျာ။ အဲဒီတုန်းက ကျနော်ဟာ ကိုးတန်းကျောင်းသားအရွယ်ဆိုတော့ အေးအေးစန်းနဲ့ အိမ်ထောင်ပြုဖို့တို့၊ လက်ထပ်ဖို့တို့ဆိုတဲ့ ဘာညာဘာညာစိတ်ကူးတွေမရှိတာတော့ အမှန်ပဲဗျာ။ သူ့မျက်နှာကို မြင်ချင်တယ်။ သူ့အသံကို ကြားချင်တယ်။ အဲသလို မြင်ရကြားရရင် စိတ်ထဲပြည့်စုံသွားသလို ပျော်ရွှင်သလိုခံစားရတယ်။ ဒါလောက်ပါပဲဗျာ။

ဒါပေမယ့်ဗျာ။ ကျနော့်အပျော်ဟာ သိပ်ပြီး မတာရှည်လိုက်ပါဘူး။ အေးအေးစန်းဟာ ကျနော်နဲ့ကြိုက်ပြီး လေးငါးလအကြာမှာ ဘယ်လိုမှ မျှော်လင့်မထားတဲ့ သူတို့အိမ်နဲ့ မျက်နှာချင်းဆိုင်က မျိုးချစ်ဆိုတဲ့ ရွှေကိုယ်တော်နဲ့ လိုက်ပြေးသွားပါလေရောဗျာ။ ဟာ၊ သက်ခိုင်ရည်းစား အေးအေးစန်း မျိုးချစ်နဲ့ လိုက်ပြေးသွားပြီဆိုတဲ့သတင်းက တရပ်ကွက်လုံး ဟိုးဟိုးကျော် သွားပြန်ရောပေါ့ဗျာ။ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ချင်တော့ အဲဒီအချိန်က မြန်မာသံအဆိုတော် မင်းအောင်ရဲ့ သူများနဲ့ညားတဲ့ ငါ့ရည်းစားဆိုတဲ့ ကက်ဆက်ခွေက ပေါက်နေတဲ့အချိန်ဆိုတော့ ပိုဆိုးသဗျာ။ အဲဒီသီချင်းသံကြားရင် ဒါဟာ ငါ့ကို စောင်းဆိုနေတာပဲလို့တောင် ထင်မိတဲ့အထိဗျ။

အင်း အေးအေးစန်းကတော့ အပျော်ဆိုက်နေတယ်ထင်ပါ့ဗျာ။ ကျနော်တို့အိမ်ကို ဖိတ်စာလာပို့တာတောင် သူကိုယ်တိုင် ပြုံးစိစိနဲ့ဗျ။ သူ့မင်္ဂလာဆောင်နေ့မှာတော့ ကျနော်လည်း မင်္ဂလာဆောင်ကို အိမ်ကလွှတ်တာကြောင့် ရှေ့မျက်နှာနောက်ထားပြီး သွားလိုက်ရတာပေါ့ဗျာ။

ငယ်ငယ်ကအကြောင်းတွေပြောနေတာမို့ ကျနော်ငါးရုံ့နှစ်ကောင်ဖမ်းတဲ့ အကြောင်းလေးကိုလည်း ပြောပြရအုံးမယ်။ ကျနော် ဆရာအတတ်သင် တက်တုန်းကပေါ့ဗျာ။ အဲဒီတုန်းက ကျနော့်အသက်က ဆယ့်ကိုးနှစ်လောက်သာရှိသေးပေမယ့် သင်တန်းလာတက်တဲ့ သင်တန်းသားအများစုက အိမ်ထောင်သည်တွေ အရွယ်ရောက်ပြီးတဲ့ လူတွေများသဗျ။ အရွယ်ရောက် ပြီး အတွေ့အကြုံရှိတဲ့ သူတွေမို့ ဖိုမကိစ္စတွေကို အကျွမ်းတဝင်ရှိနေကြပေမယ့် ရည်းစားရယ်လို့တောင် မယ်မယ်ရရ မထားဘူးတဲ့ ကျနော်ဟာ ကြာလာတော့ နည်းနည်းကြောင်တောင်တောင်နိုင်လာတယ် ထင်တာနဲ့ သူများတကာလို ဒွိယံဒွိယံ အဖော်သဟဲလေးတယောက်လောက် ထားလိုက်ဖို့ စိတ်ကူးမိသဗျ။

အဲဒီတုန်းက ကျနော်ဟာ ဆရာအတတ်သင်ရဲ့ စာစောင်တွေ၊ စာပေပြိုင်ပွဲတွေမှာ လက်စွမ်းပြနေတဲ့ အချိန်ပေါ့ ။လူပုံကတော့ ပိန်ရှည်ရှည် မွဲခြောက်ခြောက် စာဂျပိုးပုံပါပဲဗျာ။ တကျောင်းလုံးက သင်တန်းသူတွေထဲကနေ ဘယ်ဟာလေးဟာ အလှပဂေးဖြစ်မလဲဆိုပြီး စပ်စုလိုက်တော့ အိမ်မဲသူ နန့်မြင့်မြင့်သန်းကို ကျနော်မျက်စိကျသွားသဗျ။ သူကလေးကတော့ ကျနော်နဲ့အသက်မတိမ်းမယိမ်း ထင်ပါရဲ့။ မျက်နှာအနေအထား ကိုယ်လုံးကိုယ်ပေါက်ကအစ ဘာမှအပြစ်ပြောစရာ မရှိပါဘူး။ ဒါနဲ့ နန့်မြင့်မြင့်သန်းကိုပဲ ချစ်ခွင့်ပန်မဟဲ့ဆိုပြီး သူနဲ့နီးစပ်နိုင်မယ့်နည်းလမ်းကို ရှာရတော့တာပေါ့ဗျာ။ ခက်တာက သူ့ စာအကြောင်းပေအကြောင်း သိပ်စိတ်ဝင်စားဟန်မပြပဲ ဆရာအတတ်သင် အမျိုးသမီး လက်ရွေး စင်ဘောလီဘောအသင်းမှာ ပါနေတာမို့ သူနဲ့နီးစပ်ဖို့ လမ်းဘယ် မမြင်ဖြစ် နေပြန်ရောဗျာ။ နောက်ဆုံးတော့ ရင်ထဲက အချစ်စိတ်ကို မမြိုသိပ်နိုင်တော့ဘူး ဆိုပါတော့။ စာလေးတစောင်ရေးပြီး အသက်ကြီးကြီး သင်တန်းသူ အပျိုကြီးမဆွေကတဆင့် အချစ် သဝဏ်လွှာပါးလိုက်ပါရောဗျာ။

မဆွေပြန်ပြောတာကတော့ မင်းစာကို ယူထားလိုက်တယ်ဆိုပဲဗျ။ ကျနော်လည်း တနေ့ အဖြေပေးနိုး၊ တနေ့အဖြေပေးနိုးနဲ့ စောင့်လိုက်တာ ဆယ့်ငါးရက်လောက်သာ ကြာသွားတယ်၊ ဘာပြန်စာမှမလာဘူးဗျာ။ ကျောင်းဆင်းကျောင်းတက်ချိန်တွေမှာ မဆုံဆုံအောင် ကြိုးစားပြီး သွမျက်နှာရိပ်မျက်နှာကဲကို အကဲခတ်တော့လည်း ပုံမှန်အနေအထားပဲဗျ။

ဒီလိုနဲ့ တလနီးပါးရှိလာတော့ ကျနော်လည်း စိတ်ဓာတ်ကျချင်ချင်ဖြစ်လာတော့သဗျ။ ကဲ။ တကြိမ်နဲ့မအောင်မြင်တော့လည်း နှစ်ကြိမ်ကြိုးစားကြည့်တာပေါ့ဆိုပြီး ဒုတိယမ္ပိစာလွှာကို မဆွေနဲ့ပဲ ပါးလိုက်ပြန်တော့ ယူထားလိုက်တယ် ဆိုပြန်ရောဗျာ။ နောက်ထပ် နှစ်ပတ်လောက် ဆက်စောင့်ပြီး ဘာမှ အကြောင်းမထူးပြန်တာမို့ နန့်မြင့်မြင့်သန်းဟာဖြင့် ငါ့ကို နှစ်သက်ဟန် မရှိတော့ပါဘူးလို့ စိတ်ဒုန်ဒုန်းချပြီး တခြားတယောက်ကို ကြံအုံးမဟဆိုတဲ့ စိတ်ကူးပေါ် လာပြန်ပါတော့တယ်။

ကျနော် ဒုတိယမြောက်ရွေးလိုက်တဲ့ သူကတော့ အင်္ဂပူသူ နော်အယ်နီဆိုတဲ့ သင်တန်းသူ ပေါ့ဗျာ။ သူက ကျနော့်ထက်တော့ တနှစ်နှစ်နှစ်ပိုကြီးမယ် ထင်ရသဗျ။ မျက်နှာက ရှက်ကြမ်းရေကျို ဆိုပေမယ့် ကိုယ်လုံးကိုယ်ပေါက်ကတော့ တကျောင်းလုံးမှာ ပြိုင်စံရှားပါပဲဗျာ။ အသားအရေကလည်း ရေကြည်သောက်ရင် မြင်ရမလောက်ပင် လည်တိုင်သေးပြီး နဘေးကြည့်က သာလို့ယဉ် ဆိုတာမျိုး ပေါ့ဗျာ။

ကျနော်လည်း ဒီတခါတော့ စာလွှာကို လူကြုံမပေးတော့ပါဘူးဆိုပြီး သူတက်နေတဲ့ အတန်းခွဲထဲကို စောစောသွားပြီး သူထိုင်တဲ့ စာရေးခုံထဲမှာ ထည့်ထားခဲ့လိုက်သဗျ။ မကြာပါဘူးဗျာ။ တပတ်လောက်နေတော့ နော်အယ်နီက လူကြုံတယောက်ကနေတဆင့် စာအုပ်လေးတအုပ် ပေးခိုင်း လိုက်လို့ ဖွင့်ကြည့်လိုက်တော့ ကျနော်သူ့ကိုပေးလိုက်တဲ့ စာလွှာလေးထဲက ကျနော့်လက်ရေးတွေ အကြားမှာ သူ့လက်ရေးနဲ့ စာသားလေးတချို့ရေးထားတာ တွေ့ရသဗျာ။ စာရှက်ရှားလို့တော့ ဟုတ်ဟန် မတူပါဘူးဗျာ။ အရှက်အကြောက်ကြီးတယ်ထင်ပါ့။ သူရေးထားတဲ့ အဓိပ္ပါယ်က ဘဝရည်မှန်းချက်တခုနဲ့ သင်တန်းကို လာတက်နေချိန်မှာ အပျော်တွေကို မစဉ်းစားသင့်ဘူးထင်တဲ့ အကြောင်း၊ သူ့ကို တကယ်မေတ္တာရှိတာ ဟုတ်မဟုတ်သေချာအောင် စဉ်းစားစေလိုကြောင်းပေါ့ဗျာ။

ကျနော်လည်း သိပ်ခပ်တုံးတုံးကောင် မဟုတ်လေတော့ ဒီလောက်ပြန်စာဆို ရှေ့ခရီးဆက်လို့ ရပြီဟဆိုပြီး ဝမ်းသာလုံး ဆို့နေလို့မှ မကြာလိုက်ပါဘူးဗျာ။ အဖျိုကြီးမဆွေဆီကနေတဆင့် နန့်မြင့်မြင့် သန်း အကြောင်းပြန်လိုက်တဲ့ စာတစောင် ရောက်လာပြန်ပါရောဗျာ။

အော်၊ ဘယ်လိုလုပ်ကြမလဲ အရပ်ကတို့ရယ်သာ အော်ငိုလိုက်ချင်တာပဲဗျာ။ ဒီလောက် ကျောင်းကျဉ်းကျဉ်းလေးထဲမှာ ဒီမင်းသမီးနှစ်လက်နဲ့ ကျနော်ဘယ်လိုနှစ်ပါးသွားမလဲဗျ။ တကယ် တမ်းလည်း ကျနော့်စိတ်ထဲမှာ မရိုးမသားစိတ်မျိုး မရှိခဲ့ပါဘူး။ အခုဟာက မျှော်လင့်ချက်မရှိလောက် တော့ဘူးထင်ပြီး နောက်ခြေတလှမ်း ထပ်လှမ်းလိုက်တာ အလှမ်းမတော်သလို ဖြစ်သွားပါပကော။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ တပတ်လောက်အကြာမှာတော့ ကျနော် ငါးရုံ့နှစ်ကောင် ဖမ်းတဲ့ ဇာတ်လမ်းဟာ သင်တန်းသူတွေရဲ့ တယောက်စကားတယောက်နားနဲ့ တကျောင်းလုံး ဟိုးလေး တကျော်ကျော် ဖြစ်ကုန်ပါလေရောဗျာ။

အဆိုးဆုံးက နန့်မြင့်မြင့်သန်းနဲ့ နော်အယ်နီဟာ တစ်ဆောင်တည်း တစ်ကုတင်တည်း အိပ်ကြတာဆိုပဲ။ တနေ့ ညဘက်အိပ်ရာအဝင်မှာ နှစ်ဦးသား သူတို့အချစ်ရေးအကြောင်း စကား စပ်မိရာက နှစ်ယောက်စလုံးကို သဝဏ်လွှာပါးသူဟာ ကျနော်ပါပဲလို့ ဗူးပေါ် သလို ပေါ် သွား သတဲ့ဗျာ။

နော်အယ်နီကတော့ မျက်နှာထားနည်းနည်း တင်းသွားတာကလွဲလို့ သိပ်မထူးခြားပေမယ့် နန့်မြင့်မြင့်သန်းကတော့ ကျနော့်ကို စိတ်နာရှာတဲ့ထင်ပါရဲ့။ အမှတ်တရစာလေးတစောင် လှမ်းပို့လိုက်

သေးဗျာ။ သူရေးထားတာ တကိုးရဲ့ကဗျာလေးထင်ပါရဲ့။

ကိုယ့်ကိုယ်ကို မပြုနိုင်ကျောက်ဆောင်၊
မငြိမ်းနိုင်မီးရှူးတန်ဆောင်၊
ယောင်ယောင်မှားမှား မထောင်လွှားနှင့်။
ဘဝလေဆိုး ဝင်တိုးခတ်ပုတ်၊
ဟုတ်ကနဲ မီးငြိမ်းသွားနိုင်တယ်တဲ့ဗျာ။

ဒီလိုနဲ့ပဲ ဆရာအတတ်သင် သင်တန်းသားဘဝ တနှစ်ပတ်လုံး ဖုန်းမောင်တယောက်တည်းရယ် ဖြစ်ခဲ့ရောပေါ့ဗျာ။

ကြာပြီဆိုတော့ မေ့လောက်ပါပြီပေါ့။ အခုဆိုသူတို့လည်း အိမ်ထောင်ရက်သားကျပြီး သားတွေသမီးတွေနဲ့ ဖြစ်ကုန်ကြလောက်ရောပေါ့။ အော် ဒါနဲ့ နော်အယ်နီကို နောက်ဆုံးအနေနဲ့ သင်တန်းပြီးလို့ ရန်ကုန်အပြန်သင်္ဘောဆိပ်မှာ ဆုံလိုက်သေးတယ်ဗျာ။ ကျနော် သူ့ကိုမျက်နှာချင်းဆိုင် တွေ့ပြီး စိတ်ထဲမှာ ဘယ်လိုမှ မထားပါနဲ့ဆရာမရယ်လို့ တောင်းပန်တော့ သူက ရီရီမောမောနဲ့ ပြီးတာတွေပြီးခဲ့ပါပြီဆရာ ဆိုပြီး ပြန်ဖြေခဲ့သေးဗျာ။

ကျနော့်အိမ်ထောင်မကျခင်မှာ စိတ်ဝင်စားမိတဲ့ မိန်းကလေး လေးငါးယောက်လောက်တော့ ရှိမယ်ထင်ပါရဲ့။ ကျနော်တို့အိမ်နောက်က မာနခပ်ကြီးကြီး၊ ဘီးဆံပတ်ကြီးနဲ့ မအေးဝင်းဆိုတဲ့ အပျိုကြီး ကိုလည်း စိတ်ကစားမိသေးရဲ့။ ဒါပေမယ့် နှုတ်ကြမ်းအာကြမ်းမို့ မစရဲတာနဲ့ ဘာမှ မဘာမှ လိုက်ရဘူး ဆိုပါတော့။

နောက်တယောက်က ကျနော်နဲ့တနှစ်တည်း ပုသိမ်ဆရာအတတ်သင်ကဆင်းတဲ့ နှင်းနှင်း ဆိုတဲ့ ကျောင်းဆရာမတယောက်နဲ့ အရှုးအမူးတွဲဖြစ်လေသေးရဲ့။ သူ့ရုပ်က ရှက်ကြမ်းရည် ကျိုဆိုပေမယ့် သူနေပုံထိုင်ပုံက တကယ့်ကို တည်ငြိမ်ရင့်ကျက်တာကြောင့် ဘဝခရီးဖော်အဖြစ် လက်တွဲ ဖို့ပါ ဆုံးဖြတ်ခဲ့ဘူးပါတယ်။ ဒါပေမယ့်ဗျာ။ တနေ့ သူနဲ့ချိန်းတဲ့ ကမာရွတ်ဘုရားတာရဲ့ ပလက်ဖောင်းပေါ် မှာ အတူရပ်နေကြတုန်း မြွန်းဆို ကျနော်ထက်အသက်လေးငါးနှစ်လောက်ကြီးမယ့် လူတယောက်ပေါ် လာ ပြီး နှင်းနှင်းကို နှင်းဆီပန်းနီနီရဲရဲတပွင့် လာပေးပါလေရောဗျာ။ နှင်းနှင်းကတော့ မျက်ရည်စက်လက်နဲ့ နှင်းဆီပန်းကိုလှမ်းယူပြီး ခပ်လှမ်းလှမ်းကို လွှင့်ပစ်လိုက်ပါတယ်။

နောက်ပိုင်း ကျနော်စုံစမ်းကြည့်တော့ အဲဒီလူဟာ နှင်းနှင်းရဲ့ရည်းစားဟောင်း ပိုက်တင်လို့ ဆိုသဗျာ။ ဒီမှာတင် ကျနော်လည်း နှင်းနှင်းကို စိတ်ကုန်သွားပြန်ပါတယ်။ အင်း၊ သူနဲ့ကျနော်နှစ်ယောက် သား မြေနီကုန်းက ရတနာပုံရုပ်ရှင်ရုံမှာ ရုပ်ရှင်အတူကြည့်ခဲ့ကြတုန်းက သူကျနော့်ကို ပြန်ပြောဘူးတဲ့ စကားတခွန်းကိုတော့ အမှတ်ရနေသေးတယ်။ ကျနော်က နှင်းရယ်။ မင်းပြောတဲ့ ချစ်တယ်၊ ချစ်တယ် ဆိုတဲ့စကားကို အချိန်တိုင်းကြားနေချင်တယ်ဆိုတော့ သူက ဘာပြန်ပြောသလဲသိလား။ အမြဲကြားနေ ချင်ရင် နှင်းအသံကို ကက်ဆက်ခွေနဲ့သွင်းထားပေါ့ မောင်ရယ်တဲ့။

ကျနော့်အိမ်ထောင်မကျခင် နောက်ဆုံးတွဲခဲ့တဲ့ မိန်းကလေးကတော့၊ နွယ်တဲ့ဗျာ။ နွယ်က ကျနော်ကျောင်းဆရာလုပ်ခဲ့တဲ့ အလက (၈) ဘေးမှာနေပါတယ်။ သူက ကိုးတန်းကျောင်းသူ၊ ကျနော်က အလယ်တန်းပြ ကျောင်းဆရာပေါ့။ ကျနော့်အသက်က နှစ်ဆယ့်ငါးနှစ်ဝန်းကျင်၊ သူ့ဆယ့်ခြောက်နှစ်အရွယ်အပျိုပေါက်ဆိုတော့ ဆယ်နှစ်နီးပါးအသက်ကွာပါတယ်။

နွယ်နဲ့ကျနော်ဟာ ကျနော်မင်္ဂလာမဆောင်ခင်နေ့အထိ တွေ့ဖြစ်ခဲ့ကြပါသေးတယ်။ တွေ့ဖြစ်တဲ့နေရာက နွယ်တို့ပိုင်တဲ့ ငါးမွေးကန်ကြီးရဲ့ ကန်ဘောင်မှာပေါ့။ ဆောင်းတွင်း အခါကြီးမို့

ကန်ဘောင်ရိုးပေါ်က ငှက်ပျောပင်တွေကို နှင်းစက်တွေတပေါက်ပေါက်ကျနေတဲ့အချိန် ကျနော်နဲ့နွယ် နောက်ဆုံးတွေ့ခဲ့ကြရတဲ့ ညဟာ၊ ဘဝမှာမမေ့နိုင်စရာပါပဲ။

အဲဒီညက ကျနော့်ရင်ခွင်ထဲမှာ နွယ်ဟာ ရှိုက်ကြီးတငင်ငိုကြွေးနေခဲ့ပါတယ်။ ကျနော်လည်း ဘာလုပ်ရမှန်း၊ ဘာပြောရမှန်း မသိတော့ပါဘူး။ အဲဒီညက နွယ်ဟာ ထူးထူးဆန်းဆန်း ကတိတခု တောင်းခဲ့လေရဲ့။ အဲဒီကတိကတော့ အဲဒီနေ့ကစပြီး ဆယ်နှစ်တိတိပြည့်တဲ့နေ့မှာ သူ့ရင်ခွင်ထဲကို ပြန်လာခဲ့ဖို့ပါပဲ။ အဲဒီကတိကို ကျနော်ဘယ်လို ပေးနိုင်ပါ့မလဲ။ နောက်ဆုံး ကြံရာမရတာနဲ့ကျနော်ဟာ အနီးနားမှာရှိနေတဲ့ ဓားတချောင်းကိုယူပြီး ကျနော့်လက်ဖျံကို ထိုးစိုက်လိုက်မိတော့တာပါပဲ။ ကျနော့်ရဲ့ မလည်ရှုပ် ဇာတ်လမ်းတခုပေါ့ဗျာ။ နွယ်ကတော့ အခုအချိန်အထိ အိမ်ထောင်မပြုသေးပဲ ကျနော့်ကို စောင့်မျှော်နေတုန်းပါပဲ။ ကျနော်ကလွဲရင် ဘယ်သူနဲ့မှ အိမ်ထောင်မပြုတော့ပါဘူးလို့လည်း စကား လက်ဆောင်လူကြုံပါးတတ်ပါတယ်။

ကျနော့်အသက် (၂၆) နှစ်အရွယ်၊ ၁၉၈၄ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့မှာ ကျနော် သက်ဝေကို လက်ထပ်ခဲ့ပါတယ်။ ဒီတုန်းက သက်ဝေဟာ ၂၃ နှစ်အရွယ်ပေါ့။ သက်ဝေဟာ ကျနော်တို့လမ်းထဲမှာနေပြီး ပထဝီအဓိကနဲ့ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှာတက်နေတုန်း ကျနော်နဲ့ ရည်ငံပြီး ရည်းစားဘဝသက်တမ်းသုံးနှစ်ကျော်ကြာခဲ့ပါတယ်။ ကျနော်အိမ်ထောင်ပြုတော့မယ်ဆိုတော့ အမေဟာ လှိုက်လှဲစွာထောက်ခံခြင်း၊ ပြင်းထန်စွာကန့်ကွက်ခြင်း အလျဉ်းမရှိခဲ့ဘဲ ငါ့သား ဆုံးဖြတ်တာ အမေဘာမှ ပြောစရာမရှိပါဘူးလို့သာ ဆိုပါတယ်။ ကျနော်မိန်းမတောင်းတဲ့နေ့က လှိုင်မြို့နယ်ပညာရေး မှူး ဆရာကြီးဦးဘခိုင်နဲ့ လက်ထောက်ပညာရေးမှူးဆရာ ဦးလှအောင်တို့ ပါလာခဲ့ပါတယ်။

ကျနော့်ဘဝမှာ သက်ဝေနဲ့လက်ထပ်ခဲ့ခြင်းဟာ၊ မိခင်နဲ့တူသောမယားကို ရခဲ့ခြင်းပါပဲ။ သက်ဝေ ဟာ ကျနော့်ကို အစ်ကိုလို၊ လင်ယောက်ျားလို၊ လိုလေသေးမရှိ ပြုစုယုယခဲ့ပါတယ်။

မကြာခင် သမီးလေးမွေးလာတော့ သက်ဝေဟာ သမီးကို မျှော်မှန်းချက် ကြီးရှာခဲ့ပါတယ်။ သက်ဝေဘယ်လောက်တောင် သမီးကို ဂရုစိုက်သလဲဆိုရင် သမီးသုံးနှစ်အရွယ် မူကြိုတက်တဲ့အချိန် ကနေ သမီးမဟာဘွဲ့အတွက် စာမေးပွဲဖြေချိန်အထိ နေ့စဉ်မပြတ် ကျောင်းပို့ ကျောင်းကြိုလုပ်ခဲ့တဲ့အထိ ပါပဲ။ ကျနော်ကတောင် မနေနိုင်လွန်းလို့ မင်းကွာ၊ မင်းသမီးက အရွယ်ရောက်နေပြီ၊ ရည်းစားသနာ တွဲစရာရှိရင် မင်းက ကန့်လန့်ကန့်လန့် ဖြစ်နေတော့မှာပေါ့ဆိုတော့ သက်ဝေက သမီးကြိုက်ရင် ကျမရှေ့မှာ တွဲပါစေတဲ့ဗျာ။

ကျနော့်ဘဝမှာ မိခင်နဲ့တူသောဇနီးကို ရခဲ့ပေမယ့် ကျနော်ဟာ အိမ်ထောင်ရေးဖောက်ပြန် တဲ့သူ ဖြစ်လာခဲ့ပါတယ်။ သက်ဝေနဲ့ပတ်သက်လို့ ဘဝတလျှောက်လုံးမှာ ကျနော်ဘက်က သိတတ်ခဲ့ တာဆိုလို့ သက်ဝေတယောက် အူလမ်းကြောင်းမှာ သန္ဓေတည်ပြီး ဗဟိုအမျိုးသမီးဆေးရုံကြီးကို တက်ခဲ့ရတဲ့အချိန် တကြိမ်သာရှိခဲ့ဘူးပါတယ်။ အဲဒီတုန်းက သမီးက (၈)လသာသာပဲ ရှိပါလိမ့်အုံးမယ်။

သက်ဝေဆေးရုံတက်နေတဲ့အချိန်၊ ဗဟိုအမျိုးသမီးဆေးရုံကြီးရဲ့ ခွဲစိတ်ခန်းတွေမှာ အသည်း ရောင်အသားဝါပိုး ပျံ့နှံ့နေတာကြောင့် ခွဲစိတ်သမျှလူနာအားလုံးနီးပါး ဆုံးပါးနေကြတဲ့ အချိန်ပါ။ သက်ဝေအတွက် မျှော်လင့်ချက်မရှိတော့ဘူးလို့ ထင်နေကြချိန်မှာ ကျနော်သက်ဝေကို လိုလေသေးမရှိ ပြုစုခဲ့ပါတယ်။ သက်ဝေကို ခွဲစိတ်တော့မယ့်အချိန်မှာ တာဝန်ကျဆရာဝန်ကြီးက ခွဲစိတ်ခန်းကိုဖျန်းဖို့ အသည်းရောင်အသားဝါပိုးသတ်ဆေး မရရအောင်ရှာဝယ်ခဲ့ပါဆို့တော့ အဲဒီအချိန်က အဲဒီဆေးဟာ တမြို့လုံးတနိုင်ငံလုံးမှာ ရှာမရအောင် ဖြစ်နေခဲ့ပါတယ်။ နောက်ဆုံးတော့ ကျနော့် အဆက်အသွယ်တွေ နဲ့ ကျနော်ရှာနိုင်ခဲ့တာကြောင့် သက်ဝေကံကောင်းခဲ့တယ် ဆိုရပါမယ်။ အဲဒီတုန်းက သက်ဝေဟာ လူ့လောကကြီးမှာ သူမနေရတော့ဘူးလို့ ထင်ခဲ့ဟန်ရှိပါရဲ့။ ဆေးရုံမှာ တလကျော် တက်နေတုန်း

ကယောင်ကတမ်းနဲ့ ဖိနပ်အသစ်လှလှလေးတရံ စီးချင်တယ်လို့တောင် ပူစာတာကြောင့် ကျနော်ဟာ သူလိုချင်တဲ့ ဖိနပ်လှလှလေးကို မဖြစ်မနေရှာဝယ်ပေးခဲ့ရပါသေးတယ်။ နောက်ဆုံးတော့ သက်ဝေဟာ သေတွင်းက လွတ်လာခဲ့ပါတယ်။

ကျနော့်တဘဝလုံးမှာ အဲဒီတချိန်သာ သက်ဝေအတွက် ကျနော်တာဝန်ကျေခဲ့ပေမယ့် နောက်ပိုင်း ကျနော်ဆေးရုံအကြိမ်ကြိမ်တက်ရတဲ့အခါမှာတော့ သက်ဝေဟာ ကျနော့်အနားက တဖဝါးမခွာ ပြုစုပေးခဲ့ပါတယ်။ ကျနော် ဆေးရုံတက်နေရတဲ့အချိန်တွေဆို သက်ဝေဟာ ဆေးရုံကို စားအိမ်သောက်အိမ်လို သဘောထားခဲ့တဲ့အထိပါပဲ။

ကျနော့်ရဲ့ကောင်းကွက်လို့ ပြောရမလားတော့ မသိဘူး။ ကျနော်ဟာ ကျနော်ရှာဖွေလို့ ရသမျှ ငွေအားလုံးကို သက်ဝေလက်ထဲကို အပ်ပါတယ်။ ကျနော်အလုပ်အတွက်ငွေလိုရင်သာ သက်ဝေဆီက ပြန်တောင်းလေ့ရှိပါတယ်။ တကယ်တော့သက်ဝေဟာ စာရင်းကိုင်သက်သက်ပါပဲ။ ကျနော်ရှာတဲ့ငွေအားလုံးနီးပါး ကျနော်ပြန်တောင်းခဲ့တာပါပဲ။ သက်ဝေဟာ ကျနော်မသိပဲ ငွေကိုမသုံးတတ်ပဲ ကျနော့်သဘောတူညီချက်နဲ့သာ သုံးခဲ့တာချည်းပါပဲ။ သက်ဝေဟာ ဘွဲ့ရပညာတတ်ဖြစ်ပေမယ့် သူ့ဘဝတခုလုံးကို အိမ်ထောင်ထိန်းသိမ်းခြင်းနဲ့သာ ကုန်လွန်ခဲ့ပါတယ်။ အင်း၊ သူက အိမ်မှာကုပ်နေလေ ကျနော်က အပြင်မှာ ထင်တိုင်းကြဲလေပေါ့ဗျာ။

ကျနော်မိန်းမကိစ္စ ခြေပုန်းခုတ်ရာက သက်ဝေအကြီးအကျယ် စိတ်မချမ်းမမြေ့ဖြစ်ရတဲ့ အဖြစ်အပျက်တခုကတော့ တော်တော် ရုပ်ပျက်ဆင်းပျက်နိုင်တယ် ပြောရမယ်ဗျာ။ ကျနော် လွင်မာဦးဆိုတဲ့ အင်းစိန်ဖော့ကန်ဖက်က အမျိုးသမီးတယောက်နဲ့ တွဲခဲ့တုန်းကပေါ့။

လွင်မာဦးဟာ ခြောက်ထပ်ရုံးမှာရှိတဲ့ လူဝင်မှုကြီးကြပ်ရေးမှာ အလုပ်လုပ်ရာက ကျနော်နဲ့ ပတ်သက်ခဲ့တာပေါ့ဗျာ။ လွင်မာဦးရဲ့ ခန္ဓာကိုယ်အချိုးအဆစ်ဟာ တော်တော်ကိုလှတယ်လို့ ပြောနိုင်ပါတယ်။ သူ့ကို ကျနော်ချဉ်းကပ်စဉ်တုန်းက ကျနော့်မှာ အိမ်ထောင်ရှိမှန်း မသိခဲ့ပါဘူး။ တနေ့တော့ ကျနော်ဟာ ရှမ်းစု (၁)လမ်းက ရုံးခန်းမှာ လွင်မာဦးကိုခေါ် တွေ့ရင်း ထင်တိုင်းကြဲနေလိုက်တာ အဲဒီနေ့က လွင်မာဦး၊ အိမ်မပြန်ဖြစ်တော့တဲ့ အခြေအနေ ဆိုက်သွားပါလေရော။

ကျနော်ဟာ အဲဒီနေ့က အရက်နဲ့ဖင်စီဗိုင်း နှစ်ပင်လိမ်ထားတာကြောင့် တော်တော်မူးနေပါပြီ။ ဒါပေမယ့် ကျနော်အိမ်ပြန်မအိပ်လို့ နောက်နေ့မနက်မှာ သက်ဝေလိုက်လာရင် ဒုက္ခလို့ တွေးမိပြီး ရုံးရှေ့ခြံတံခါးကို အသေပိတ်ထားဖို့ ကိုတင်ရွှေကြီးကို မှာထားလိုက်ပါတယ်။

တညလုံးနီးပါး ဖြစ်ချင်တိုင်းဖြစ်နေတဲ့ ကျနော်ဟာ မနက်သုံးနာရီလောက်မှ အိပ်ပျော်သွားခဲ့ပါတယ်။ ဘယ်ပုံဘယ်နည်း ရှိခဲ့ကြလေသနည်းဆိုတော့ ကိုယ်ချင်းသာစာကြည့်ပေတော့ဗျာ။ မနက်ခြောက်နာရီလောက်မှာတော့ ဝုန်းဒိုင်းဆိုတဲ့အသံတွေကြောင့် ကျနော်လန့်နိုးလာပါတယ်။ ဝုန်းဒိုင်းဆိုတဲ့ အသံဟာ ကျနော်တို့အခန်းတံခါးကို သက်ဝေအကြမ်းနည်းနဲ့ ဖွင့်လိုက်တဲ့အသံပါ။ ဆက်တိုက်ဆိုသလို သက်ဝေဟာ လွင်မာဦးကို ကုတင်ပေါ် ကနေဆွဲချပြီး ပါးကိုဘယ်ပြန်ညာ ပြန်ရိုက် လိုက်တာတွေ့လိုက်ရပါတယ်။ ဇာတ်လမ်းကတော့ ရှုပ်ကုန်ပါပြီ။ အရေးထဲမှာ အစောင့် ကိုတင်ရွှေကြီးလည်း ဘယ်ရောက်နေမှန်းမသိတော့ပါဘူး။

ကျနော်ဟာ ပြဿနာကို ပြေလည်အောင် ဖြေရှင်းနိုင်ဖို့ ဉာဏ်နီဉာဏ်နက်တွေ ထုတ်ရပါတော့တယ်။ အဲဒီအချိန်မှာ ကျနော် ရုတ်တရက်သတိရလိုက်တာကတော့ ကျနော့်မိတ်ဆွေကြီးတယောက် ပြောဘူးခဲ့တဲ့ စကားတခွန်းပါပဲ။ ကိုသက်ခိုင်၊ မတော်တဆ ကိုယ်ရှုပ်တာကို မိန်းမ လက်ဖူးလက်ကြပ်မိလို့ကတော့ ဘယ်တော့မှ အမှန်အတိုင်းဝန်မခံလေနဲ့ဆိုတဲ့ စကားပါပဲ။ သူ ဆက်ပြောတာရှိသေးတယ်။ တကယ်လို့ ခင်ဗျားဝန်ခံမိရင် ကောင်းကျိုးထက် ဆိုးကျိုးသာပိုဖို့ရှိတယ်။ ဘယ်မိန်းမမှ

ကိုယ့်ယောက်ျားဖောက်ပြန်တဲ့အကြောင်း ဝန်ခံတာကို ကြားချင်စိတ်မရှိဘူးတဲ့ဗျာ။ ဒါနဲ့ ကျနော်လည်း အတတ်နိုင်ဆုံး စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားရင်း သက်ဝေ၊ မင်းထိုင်ပါအုံး။ ကိုယ်တို့က ဘာဖြစ်နေလို့တုန်းဆိုပြီး ပြောင်ပြောင်းဖို့အစချီလိုက်ပါတော့တယ်။ ဒီမှာတင် သက်ဝေဟာ ငိုသံပါကြီးနဲ့ အော်၊ ကိုသက်ခိုင်ရယ်၊ ရှင်တခြားမိန်းမနဲ့ အိပ်ယာပေါ်မှာ ထပ်လျက်တွေ့တာကို ဘာဖြစ်နေသတုန်း ပြောစရာလိုသေးသလားတဲ့ဗျာ။ ဘေးမှာရှိတဲ့လွင်မာဦးကတော့ ခပ်မဆိတ်ပါပဲ။

ကျနော်လည်း မထူးတော့ပါဘူးဆိုပြီး၊ အေး၊ ညက အမူးလွန်ပြီး အိပ်ပျော်သွားတာ။ လွင်မာဦးရောက်လာတာတောင် မသိလိုက်ဘူး။ သူ ကိုယ့်ဘေးမှာဝင်အိပ်နေတာလည်း ကိုယ်မသိ လိုက်ဘူးဆိုပြီး ပြောင်လိမ်လိုက်ရပါတော့တယ်။ ကျနော့်စကားဟာ ယုတ္တိမတန်ပေမယ့် သက်ဝေဟာ ခဏငြိမ်ကျသွားရှာပါတယ်။ နောက် အတော်ကြာမှ သူ့လက်ထဲက ပိုက်ဆံအိပ်ကို ဆွဲဖွင့်ရင်း ကဲ၊ ဒါဆိုလည်း ငါ့ညီမ ပြီးခဲ့တဲ့ညအတွက် ဘယ်လောက်ကျသတုန်းဆိုပြီး ငွေတွေကိုရေတွက်နေသဗျ။ ဒီတော့ လွင်မာဦးလည်း ပြာပြာသလဲနဲ့ ကျမ အဲဒီအစားထဲက မဟုတ်ပါဘူးဆိုပြီး လေသံတိုးတိုးနဲ့ ဆိုပါတယ်။

နောက်ဆုံးတော့ အဲဒီနေ့က ဇာတ်လမ်းဟာ သက်ဝေက လွင်မာဦးကို လေသံအေးအေးနဲ့ ငါ့ညီမရုပ်ရည်နဲ့ သူတပါးအိမ်ထောင်ရေးကို မဖျက်ဆီးသင့်ဘူး၊ ကိုယ့်ဖာသာ လင်ကောင်းသားကောင်း ရနိုင်ပါတယ်ဆိုတဲ့ ဆုံးမစကားနဲ့ အဆုံးသတ်သွားခဲ့တယ်ဆိုပါတော့။ဘာဖြစ်ဖြစ် ဇွတ်ငြင်းပါဆိုတဲ့ ဆောင်ပုဒ်လေးကို နားဝင်ပြီး အတုခိုးတော့ မမှားပါလေနဲ့။ ကံမကောင်းရင် လင်မယားကွဲကိန်း ကြုံနိုင်ပါတယ်ဗျာ။ ခြံခုန်ဘူးနေတဲ့ကျနော်ဟာ အဲဒီဇာတ်လမ်းနဲ့တင် ရပ်မနေခဲ့ပြန်ပါဘူး။ ရန်ကုန် တက္ကသိုလ်မှာ ရူပဗေဒအဓိကနဲ့ ဂုဏ်ထူးတန်းတက်နေတဲ့ ငြိမ်းငြိမ်းဆိုတဲ့ချာတိတ်မလေးနဲ့လည်း တွဲခုတ်ဖြစ်ခဲ့ပါသေးတယ်။ ကျနော်အိမ်ထောင်ရှိမှန်းမသိတဲ့ ငြိမ်းငြိမ်းဟာ အိမ်ကိုဇွတ်လိုက်လာရာက သက်ဝေရောသမီးနဲ့ပါတွေ့ပြီး ပွက်လောရိုက်ကုန်တဲ့ဇာတ်လမ်းလည်း ရှိခဲ့သေးဗျာ။

နောက်ထပ်အရှုပ်ဇာတ်လမ်းတခုကတော့ ကျနော်နဲ့ ကျောင်းဆရာဘဝတုန်းက အလုပ် အတူလုပ်ဘူးတဲ့ ဘုန်းမြင့်ဦးရဲ့ညီမ မာလာသန်းနဲ့ ဇာတ်လမ်းပဲဗျာ။ အမှန်က မာလာသန်းနဲ့ ဇာတ်လမ်း က မထင်မှတ်ပဲဖြစ်သွားခဲ့တာပါ။ ကျနော် ကျောင်းဆရာအလုပ်ကထွက်ပြီး ဟန်ကျပန်ကျ ဖြစ်နေချိန် မှာ ဘုရင့်နောင်ဈေးစီမံကိန်းတုန်းက သိကျွမ်းခဲ့တဲ့ ဗိုလ်မှူးကြီးအောင်နိုင်ထွန်းရယ်၊ မာလာသန်းနဲ့ ဆရာမဒေါ်ခင်မျိုးလှိုင်တို့ကို မြေနီကုန်းညဈေးမှာဖိတ်ပြီး ညစာကျွေးတဲ့ညကပေါ့။ အဲဒီညက ကျနော်နဲ့ အတူဒုတ်စာလည်း ပါလာသဗျ။

ဖြစ်ချင်တော့ ညစာစားနေတာမပြီးခင်မှာ ဒုတ်စာကချိန်းထားတဲ့ ကိစ္စတခုရှိတယ်ဆိုပြီး အပြင်ထွက်သွားတယ်။ နောက်တော့ ဗိုလ်မှူးကြီးအောင်နိုင်ထွန်းကို စစ်ရုံးကလှမ်းခေါ်လို့ ထွက်သွား ပြန်တယ်။ နောက်ဆုံးဒေါ်ခင်မျိုးလှိုင်လည်း သူ့အိမ်သော့ သူ့ဆီကိုပါလာလို့ သူ့သား အိမ်ထဲဝင်လို့ မရမှာကို စိတ်ပူပြီး ပြန်သွားပြန်တာကြောင့် နောက်ဆုံးမှာ ကျနော်နဲ့မာလာသန်း နှစ်ယောက်တည်း ကျန်ခဲ့ရောဆိုပါတော့။ အဲဒီညစာစားဝိုင်းမှာ အရက်ကလေးလည်းပါပြန်တာကြောင့် ကျနော် ခပ်ထွေ ထွေ ဖြစ်နေရာက အပြန်လမ်းမှာ မာလာသန်းနဲ့ငြိကြရောပေါ့ဗျာ။ မာလာသန်းဟာ အသက်သုံးဆယ် ကျော် အပျိုကြီးပါ။

နောက်တနေ့မှာ မာလာသန်းကကျနော့်ကို ကိုသက်ခိုင်ညကပြောတာ အတည်ဖြစ်တယ် နော်ဆိုတဲ့ စကားကနေ ကျနော်နဲ့ ဇာတ်လမ်းဆက်ကြရာက သက်ဝေသိသွားတဲ့ အချိန်မှာတော့ ယမ်းပုံမီးကျပြန်ပါတော့တယ်။

တိုတိုပြောရရင် သက်ဝေဟာ ကျနော့်ဖောက်ပြန်မှုတွေကို အကြိမ်ပေါင်းများစွာ သည်းခံခဲ့ရှာပါတယ်။ တကယ်တော့ ကျနော်ဟာ အသိဥာဏ်နဲ့ လက်တွေ့ဘဝ တထပ်တည်းကျအောင် ပြုမူနေထိုင်မှု မရှိခဲ့တဲ့ သူတယောက်ပါပဲ။ ကျနော်ကွယ်ရာမှာ တိတ်တိတ်ပုန်းရှုပ်နေခဲ့တာဟာ သိုသိပ်လွန်းလို့ တော်ရုံလူ မရိပ်မိခဲ့ပါဘူး။

မိန်းမတွေအကြောင်းကို ပြောမယ်ဆိုရင် ကျနော်သတိတရရှိတဲ့ မိန်းမတယောက်အကြောင်းကို ပြောချင်သေးတယ်။ သူ့နာမည်က ဆူဇန်တဲ့။ ကျနော်နဲ့ သူတွေ့တာကတော့ သခင်မြပန်းခြံထဲက WESTERN PARK စားသောက်ဆိုင် ညစာစားပွဲတခုမှာ တွေ့ကြတာဗျ။

ကျနော်ကလည်း အဲဒီအချိန်မှာ မိန်းမကျမ်းတော်တော်ကျေနေပြီဆိုတော့ သူနဲ့ကျနော် မျက်ရိပ်မျက်ကဲပြရာက စငြိသွားတယ်လို့ပဲ တိုတိုပြောကြပါစို့ဗျာ။

တကယ်တမ်းပြောရရင် သူဟာ ကျနော်နဲ့မတွေ့ခင်ကတည်းက လိုင်းသာသာအမျိုးသမီးပါ။ ဒါပေမယ့် အိခြေကြီးတယ်၊ အနေတည်တယ်ဆိုတော့ တော်ရုံတန်ရုံလူက သူ့ကိုလာမစရဲကြဘူးဗျာ။ ကျနော်နဲ့တော့ မြွေမြွေခြင်းခြေမြင်ပြီး ငြိခဲ့ကြတာဆိုပါတော့။ ကျနော်နဲ့ဆူဇန် တွေ့ကြဆုံကြပုံက ထူးတယ်လို့မဆိုသာပေမယ့် ထူးခြားတာက ဆူဇန်ရဲ့အလှဗျ။ တကယ်ပါပဲဗျာ။ အကြောစိမ်းစိမ်းမြရှိန်းလဲ့လဲ့၊ ရှယ်လည်းရှယ်မှု ညိုလည်းညိုဆင်း အလှချင်းဆိုင် တုပြိုင်ဖက်ကင်း ဝင်းပပလှတဲ့သူဇာဆိုပြီး စာဖွဲ့ခဲ့ကြတာ ဆူဇန်လို မိန်းမမျိုးတွေကြောင့် ဖြစ်မယ်ဗျ။

အရပ်အမောင်း အသားအရည် မျက်နှာကျ တစက်မှ အပြစ်ပြောစရာကိုမရှိအောင် လှတဲ့မိန်းမဗျာ။ ပိုတယ်မထင်လိုက်ပါနဲ့ဗျာ။ ကျနော်က သူတကာထက် သူ့ကို နီးနီးကပ်ကပ် ငွေ့ကြုံဘူးလို့ကို ပြောနေတာဗျ။ မြင်သူတိုင်းက လှည့်ကြည့်ကြမယ် ဝိုင်းရယ်၊ သာမန်အလှထက်တွေထက် တော့ထူးမယ် ဝိုင်းရယ်ဆိုတာ ဆူဇန့်ကိုများ ညွှန်းဆိုရော့သလား ထင်မိတဲ့အထိပါပဲ။ ဟော ကြည့်ခင်ဗျားပုံကြည့်ရတာ ကျနော်ဆူဇန်ကို အညွှန်းကြီး ညွှန်းနေလို့ မြင်ပြင်းကပ်တဲ့ပုံ ပေါ်နေပါလား။ အဲဒါ ခင်ဗျား ဆူဇန့်ကို မမြင်ဘူးသေးလို့ဗျ။ တကယ်တမ်း ဆူဇန့်ကိုမြင်ဘူးတဲ့သူတိုင်းလိုလို တန်းတန်းစွဲသွားကြတာပဲဗျာ။ မယုံမရှိနဲ့ ကျနော့်မိတ်ဆွေရင်းတွေထဲက မကြီးမငယ်အရွယ်တွေတောင် ဆူဇန်ရဲ့အလှမှာ ယစ်မူးခဲ့ကြဖူးသေးဗျာ။

ပထမဆုံး ဆူဇန့်ကို အရူးအမူးဖြစ်လှချည့်ရဲ့ဆိုပြီး ကျနော့်ကို ချော့ချော့မော့မော့နဲ့ နားပူနားဆာလုပ်တာကတော့ အကိုကြီးဦးသိန်းအောင်ပါပဲဗျာ။ အဲဒီအချိန်တုန်းက သူဟာ အသက်ငါးဆယ့်ငါးနှစ်လောက်ရှိပြီး သူ့သားသမီးတွေတောင် အိမ်ထောင်ကျနိုင်တဲ့ အရွယ်ရောက်ကုန်ပါပြီ။ သူက ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှာ အချိန်ပိုင်းနည်းပြတွေ ဘာတွေလုပ်ခဲ့ဘူးတယ်။ နောက်မြန်မာ့စီးပွားရေးဘဏ် မြို့နယ်မန်နေဂျာဘဝကနေ အငြိမ်းစားယူပြီး နောင်ရိုးဆိုတဲ့နာမည်နဲ့ အုတ်သဲကျောက်ရောင်းဝယ်ရေး လုပ်တယ်ပေါ့ဗျာ။ ကျနော့်ဆောက်လုပ်ရေးလုပ်ငန်းတွေအတွက် အုတ်သဲကျောက်တွေသွင်းရင်း ကျနော်နဲ့ ညီအစ်ကိုလို ခင်မင်သွားကြတာပေါ့ဗျာ။ သူက အရပ်မြင့်မြင့် မဲမဲဝဝဖက်တီးကြီးဗျ။

သူ ဆူဇန့်ကို စပြီးစွဲလန်းသွားပုံက ဒီလိုဗျ။ တနေ့ အုတ်ကျင်းဘူတာရုံလမ်းထိပ်က ဆင်ဖြူတော်စားတော်ဆက်မှာ ညစာစားပွဲလေးတခုလုပ်တော့ ကျနော်ရယ်၊ အရဏ်ဦးကိုဇော်ဝင်းရယ်။ မဆလခေတ်က အလုပ်သမား ဒုတိယဝန်ကြီးဟောင်းဦးကျော်ခိုင်ရယ်၊ အစ်ကိုကြီး ဦးသိန်းအောင်ရယ် ဆုံမိကြရောဗျာ။

အဲဒီပွဲမှာ ကျနော်က ကျနော့်အဆက်သစ်ကလေး ဆူဇန့်ကို ပွဲထုတ်ဖို့ဆိုပြီး ခေါ် လာမိသဗျာ။ ဆူဇန်ဝင်လာခါစက မသိမသာလှမ်းကြည့်ပြီး အကဲခတ်ကြပေမယ့် ညစာစားပွဲစလို့ အရှိန်ရ

လာတဲ့အခါမှာတော့ ကျနော်တို့ဝိုင်းက မောင်မင်းကြီးသားတွေဟာ ဆူဇန်အလှမှာ ယစ်မူးကုန်ကြပါလေရောဗျာ။

အိန္ဒြေမဆောင်နိုင်ဆုံးကတော့ အစ်ကိုကြီး ဦးသိန်းအောင်ပါပဲ။ စားသောက်နေရင်းတန်းလန်းကနေ စားပွဲအောက်ကနေ သူ့ခြေထောက်နဲ့ ကျနော့်ခြေထောက်ကို အသာလှမ်းတို့ပြီး ညီလေးဒါလေးက ဘယ်ကတုန်းတဲ့။ အမှန်က အစ်ကိုကြီး ဦးသိန်းအောင်ဟာ မိန်းမကိစ္စကိုစိတ်ဝင်တစားရှိတဲ့သူမျိုးမဟုတ်ဘူးဗျ။ တကယ့်ကို လူကြီးလူကောင်းတယောက်လို တည်တည်ငြိမ်ငြိမ်နေတဲ့သူ။ ကျနော်လည်း သူ့ကို နောက်မှရှင်းပြတော့မယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ အသာလေးမျက်ရိပ်ပြလိုက်ရပါတယ်။ သူတင်မကဘူးဗျာ။ အသက်ခုနစ်ဆယ်ကျော်ရှိနေတဲ့ ဗိုလ်မှူးကြီးဟောင်းကျော်ခိုင်လည်း ဆူဇန့်စက်ကွင်းကမလွတ်ရှာဘူး။ စားပွဲပေါ် မှာရှိနေတဲ့အမြည်းတွေထဲက အသားတုံးတွေကိုရွေးပြီး ဆူဇန့်ပန်းကန်ထဲကို ကိုယ်တိုင်ထည့်ပေးရင်း ရှေ့သမီးစား၊ လူဆိုတာ အသားစားမှအားရှိတယ် နွားနဲ့ကျားကိုကြည့်နွားက အရွက်စားတော့ ကျားလောက် အားမရှိဘူး။ သမီးအသားများများစားဆိုပြီး လူကြီးပိုးနည်းလေးနဲ့ လောကွတ်ချော်နေပါတယ်။ ဒီဝိုင်းမှာ အိန္ဒြေရနေတာကတော့ အရှုဏ်ဦးကိုဇော်ဝင်းပါပဲ။ ကိုဇော်ဝင်းက လက်ရည်သိပ်မညံ့လှသူမို့ ဆူဇန့်ကို ကျိတ်ကြဲနေတယ်ဆိုတာ ကျနော်သဘောပေါက်နေပါတယ်။

နောက်နှစ်ရက်လောက်ကြာတော့ ကျနော့်ရုံးခန်းကို အစ်ကိုကြီးဦးသိန်းအောင်ပေါက်ချလာပြီး ကဲညီလေး ဆူဇန့်ဖုန်းနံပါတ်လေးလုပ်ပါအုံးကွာ။ မင်းကလည်း ဒါမျိုးကျတော့ တယောက်တည်းကျိတ်စားနေသတဲ့ဗျ။ ကျနော်ကလည်း နှမြောစရာမဟုတ်ပေမယ့် ဒီအလုပ်မျိုးကို အားမပေးချင်တာနဲ့ အေးအေးနေပါ အစ်ကိုကြီးရာ။ ဒါမျိုးက အရှောင်အတိမ်းလိုတယ်။ ကျမ်းကျေဖို့လိုတယ်လို့လည်း ပြောမိရော သူက အောင်မယ်၊ မင်းအစ်ကိုကြီးက မင်းမမွေးခင်ကတည်းက တက္ကသိုလ်မှာ ကျူတာလုပ်လာတာပါကွ၊ ပေးမှာသာပေးစမ်းပါဆိုပြီး ဇွတ်လုပ်နေတာကြောင့် နောက်ဆုံးတော့ ဆူဇန်ရဲ့ဖုန်းနံပတ်ကို ပေးလိုက်ပါတော့တယ်။

ပေးလိုက်တာပေါ့ဗျာ။ ဆူဇန်က ကျနော်နဲ့သာတွဲနေတာ ကျနော့်ကွယ်ရာမှာ သူရိုက် နေတဲ့ ခွင်တွေကို ကျနော်ရိပ်မိနေတာကြာပါပြီ။ ဒါမျိုးကို တန်းတန်းစွဲနေရင် ကျနော်ခံသွားရမှာပေါ့။ ဖြစ်ချင်တော့ ဦးသိန်းအောင်ဟာ ကျနော်ပေးတဲ့ဖုန်းနံပါတ်နဲ့ ဆူဇန့်ကိုဆက်သွယ်လို့မရတာကြောင့် ဆူဇန်နဲ့ မဖြစ်မနေ မရရအောင်ဆုံပေးဖို့ နားပူပြန်ပါတယ်။ အမယ် ဘယ်လောက်ကုန်ကုန်ဆိုတာတောင်ပါသေးဗျာ။

တကယ်တော့ ဆူဇန်ဟာ ကြေးကြီးတဲ့လိုင်းထဲက အစားမျိုးမို့ အစ်ကိုကြီးဦးသိန်းအောင်လို မအူမလည် ပုဂ္ဂိုလ်မျိုးနဲ့ မဆုံစေချင်တာတော့ အမှန်ပါပဲ။ သိနေတာပေါ့ဗျာ။ ဆူဇန်နဲ့ကျနော် တွဲနေတုန်း ဆူဇန်လုပ်ကွက်တွေ ရိုက်ကွက်တွေကို ကျနော့်ကို သူ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောထားတာကိုး။ ဘယ်လိုမှနားချမရတဲ့အဆုံးမှာတော့ ကျနော်ပဲခူးဖက်ကိုသွားတဲ့တရက်မှာ အစ်ကိုကြီး ဦးသိန်းအောင်ကို ပဲခူးလိုက်ခဲ့ဖို့မှာပြီး၊ ကျနော်က ဆူဇန်ကိုတင်၊ အရင်ကြိုထွက်လာလိုက်ပါတယ်။

ပဲခူးရောက်တော့ တည်းနေကျ ဇီဇဝါတည်းခိုခန်းမှာ တည်းနေတုန်း နောက်တနေ့မှာ အစ်ကိုကြီး ဦးသိန်းအောင် ရောက်လာပါတော့တယ်။ ကျနော်လည်း ကြာကြာအချိန်ဆွဲမနေတော့ပဲ ဆူဇန့်ကို ကဲ၊ မင်းတတ်တဲ့ပညာနဲ့ မီးစင်ကြည့်ပြီးသာ ကပေတော့၊ ငါ့အစ်ကိုကြီးကတော့ မင်းမှမင်းပဲ ဖြစ်နေပြီလို့မှာခဲ့ပြီး အလုပ်ကိစ္စတခုအကြောင်းပြပြီး အပြင်ကို ရှောင်ထွက်လာလိုက်ပါတော့တယ်။

ညကိုးနာရီလောက် ကျနော်ဇီဇဝါကိုပြန်ရောက်တော့ ဆူဇန်ဟာ အစ်ကိုကြီးဦးသိန်းအောင် အခန်းမှာပဲ ရှိနေပါသေးတယ်။ ကျနော်ပြန်ရောက်လာတာလည်းသိရော အစ်ကိုကြီးဦးသိန်းအောင်

ဟာ မှိုရတဲ့မျက်နှာကြီးနဲ့ထွက်လာပြီး ညီလေးရေ။ ဒီညတော့ ညီမလေးကို အကိုကြီး အခန်းမှာပဲ သိပ်လိုက်တော့မယ်။ မင်းဘာစားပြီးပြီတုန်းတဲ့။ကျနော်က ဘာမှ မစားချင်ပါဘူးဗျာ။ အစ်ကိုကြီးအဆင်ပြေရင်ပြီးတာပါပဲလို့ပြန်ဖြေရင်း စိတ်ထဲမှာတော့ အင်း လေ့နဲ့ရေနဲ့တော့ငြိကုန်ပြီလို့ တွေးလိုက်မိပါတယ်။

နောက်တနေ့မနက် သူတို့အခန်းထဲက မနက်စာစားဖို့အပြင်ထွက်လာချိန်မှာတော့၊ အစ်ကိုကြီးဦးသိန်းအောင်က ညီလေးရာ မင်္ဂလာဦးညမှာတောင် ဒီလောက်ရင်မခုန်ခဲ့ဘူးဆိုပဲ။ ဒီတော့ ကျနော်က အစ်ကိုကြီးရင်ခုန်တာကိစ္စမရှိဘူး။ အစ်မကြီးမယုသိရင် ကျနော်ပါမကောင်းဘူးဖြစ်နေမယ်နော်။ ဖြတ်ချိန်တန်ရင် ဖြတ်လိုက်ပါလို့မှာပေမယ့် မရပါဘူးဗျာ။ ပဲခူးက ပြန်လာပြီးနောက် ဆယ့်ငါးရက်လောက်ကြာတော့ ကျနော့်ဆီဖုန်းဝင်လာပြန်ပါလေရော။ ကိစ္စကတော့ အခန်းသန့်သန့် လေး တခန်းလောက် တလကို ငါးသောင်းခြောက်သောင်းလောက်နဲ့ ငှားချင်သတဲ့ဗျာ။

ဒီမှာတင် ဆူဇန့်အလှနဲ့ အညှအခရာတွေမှာ အစ်ကိုကြီးဦးသိန်းအောင် မျောသွားပြီဆိုတာ ကျနော်သိလိုက်ပါပြီ။ ကျနော်ဘယ်လိုတားတားမရတော့ပါဘူး။ ကျနော်က အခန်းကိစ္စကို စိတ်မဝင်စားသလိုနေခဲ့ပေမယ့် အစ်ကိုကြီးဦးသိန်းအောင်ဟာ သူ့အစီအစဉ်နဲ့သူ ဆူဇန့်ကို ကြို့ကုန်း အာအိုင်တီနောက်မှာ အခန်းလေးတခန်းငှားပြီး ထားလိုက်ပါရောဗျာ။

ဒီကိစ္စမျိုးက နောက်ကြောင်းမရှင်းနိုင်ရင် တော်တော်အရှင်းရခက်တဲ့ ကိစ္စမျိုးမဟုတ်လား။ မကြာခင် ဆူဇန့်ကိစ္စ မမယုနားကို ပေါက်သွားတယ်ထင်ပါ့ဗျာ။ ဆူဇန့်ကိုအိမ်ငှားပေးပြီး သိပ်မကြာခင်မှာ အကိုကြီးဦးသိန်းအောင်တယောက် ကျနော့်အိမ်ကို မနက်အစောကြီးပေါက်ချလာပြီး ညီလေးရေအိမ်မှာတော့ မိုးမီးလောင်ကုန်ပြီဟေ့။ အဲဒါ မင်းကူညီမှဖြစ်မယ်။ ဆူဇန်ဟာ မင်းနဲ့ပတ်သက်တာပါဆိုတာ၊ အိမ်ကိုလိုက်လာပြီး မင်းမမယုကို ရှင်းပြစမ်းပါအုံး။ ညညဆိုမအိပ်ဘဲ တငိုငို တရိရိလုပ်နေတာသုံးရက်ရှိနေပြီတဲ့။ ကောင်းပါလေ့ဗျာ။ အစကတည်းက ကျနော်တားခဲ့သားပဲလို့ ကျနော်သူ့ကို ဖြစ်တောက်ဖြစ်တောက်လုပ်ရင်း မမယုဆီလိုက်သွားပြီး လံကြုပ်ဇာတ်လမ်းတခုနဲ့ ပြေလည်အောင် ရှင်းရတော့တာပေါ့ဗျာ။

ဒါလည်း ကိစ္စက ရှင်းလို့ မပြီး မပြီးနိုင်ပြန်ဘူးဗျာ။ နောက်တလလောက်ကြာတော့ ဆူဇန်ဟာ သူ့ငှားပေးတဲ့အခန်းရှင်ဆီကနေ စပေါ် ငွေတွေပြန်ယူပြီး ဘယ်ထွက်သွားမှန်းမသိလို့ လိုက်ရှာပေးပါအုန်းဖြစ်ပြန်ရောဗျ။ ကျနော်လည်း ဒီအခြေအနေဆိုတော်လောက်ပြီလို့ ထင်တာကြောင့် ကဲအစ်ကိုကြီးဇာတ်လမ်း ဒီမှာတင် ရပ်လိုက်တာအကောင်းဆုံးပဲလို့ ဇွတ်အတင်း ဖြတ်လိုက်ရပါတော့တယ်။ ဒါတောင် သူက ညီလေးရာ ပါသွားတဲ့စပေါ် ငွေကမဖြစ်စလောက်ပါ။ အစ်ကိုကြီးက သူ့ကို သံယောဇဉ်ရှိနေတာပါဆိုပြီး လာသေးဗျ။

ဆူဇန့်အလှကို ယစ်မူးကြတဲ့ဇာတ်လမ်းက ဦးသိန်းအောင်တယောက်တည်းတင် မဟုတ်ပါဘူးဗျာ။ ဆူဇန်နဲ့စတွေ့တဲ့ညက ဘာမှမဖြစ်သလို ဣန္ဒြေကြီးတခွဲသားနဲ့ အိုက်တင်ခံနေခဲ့တဲ့ အရှေ့ဦးကိုဇော်ဝင်းလည်း ဆူဇန့်ကို မရရအောင်ရှာပြီး စခန်းသွားလိုက်သေးတယ်ဆိုတာ ဆူဇန် ပြန်ပြောပြတာကြောင့် ကျနော်သိလိုက်ရပါတယ်။ နောက်တယောက်ကတော့ လှိုင်မှာမြို့နယ်မှူးလုပ်သွားတဲ့ ရဲမှူးဦးအုန်းမြင့်ဗျာ။ သူကလည်း ကျနော့်ရုံးခန်းကိုလာရင်း ဆူဇန့်ကို မျက်စိကျသွားပြန်ပါတယ်။ ဇွတ်အတင်းဆုံပေးဖို့ နားပူပြန်ပါတယ်။ မတတ်သာတဲ့အဆုံး သူ့ကိုယ်လည်း ပဲခူးကိုပဲခေါ် သွားပြီး အစ်ကိုကြီး ဦးသိန်းအောင်ဇာတ်လမ်းအတိုင်း စီစဉ်ပေးလိုက်ရပြန်ပါတယ်။

ကဲဒီလောက်ဆို ဆူဇန်ဘယ်လောက်စွဲလန်းဖို့ကောင်းတယ်ဆိုတာ ခင်ဗျားလက်ခံလောက်ပြီထင်ပါတယ်။။ အော် ဆူဇန်က ဘယ်လိုကြေးကြီးတာတုန်း ဟုတ်လား။ သူ့ကိုစိတ်ဝင်စားတဲ့ အကောင်

ကြီးကြီးတွေကို တလဘာယ်လောက်ဆိုတဲ့နှုန်းတဲ့ ကြေးသတ်မှတ်ပြီး အပိုင်ဖမ်းထားတာပေါ့ဗျာ။ ဘယ်သူ့ကို ဘယ်ရက်တွေ့မယ်။ ဘယ်အချိန်တွေ့မယ်ဆိုပြီး အကန့်ခွဲထားရတာတော့ရှိတာပေါ့။ သိတယ်လေ။ ကျနော်က ဆူဇန်နဲ့တွဲတဲ့နေရာမှာ တကယ့်မိတ်ဆွေအပေါင်းအသင်းတယောက်လို ပေါင်းခဲ့တာကလား။

မိန်းမကိစ္စဆိုလို့ ဆောင်ကြာမြိုင်ဇာတ်လမ်းတွေ ပြန်သတိရသေးဗျ။ တကယ်တော့ကျနော်ဟာ တောသားစိတ် သိပ်မပျောက်တာကြောင့် ဆောင်ကြာမြိုင် (အဇ္ဇာအိမ်) လို့ ကြားလိုက်တာနဲ့ နားထင် နားရင်းတွေ ပူသွားတတ်တဲ့လူစားပါဗျာ။ ကိုမြင့်ဦး၊ ကိုမြသိန်းတို့အဆွယ်ကောင်းလို့ အဇ္ဇာအိမ်ကို ပထမဆုံးရောက်ဖူးတဲ့နေ့ကဆို မျက်နှာကို ဘယ်နေရာသွားထားရမှန်းမသိတာကြောင့် လက်ထဲပါလာတဲ့ စာအုပ်တအုပ်ကို ဖတ်နေလိုက်တာပါပဲ။ ပထမဆုံးနေ့မို့ ဘာမှ မဘာလိုက်ရပါဘူးဗျာ။ အဲဒီအိမ်က မိန်းခလေးတွေကတော့၊ စာတအုပ်နဲ့ မျက်နှာကိုကွယ်ထားတဲ့ကျနော့်ကိုကြည့်ပြီး ဒီ့အစ်ကိုကြီးက သိပ်ရှက်တတ်တာပဲ ဆိုကြသဗျာ။

နောက်ပိုင်းတော့ အဲဒီဆောင်ကြာမြိုင်ကိစ္စတွေမှာ ကျနော်ဟာ ဆရာတဆူဖြစ်လာပြန်ပါတယ်။ ဖြစ်ဆို အစိုးရအရာရှိကြီး အတော်တော်များများဟာ ကုပ်ကမြင်းတွေမို့ အင်းလျားလမ်းက ထိပ်ထိပ်ကြဲ ဆောင်ကြာမြိုင် ထင်းရှူးတောကို ပို့ပေးရတဲ့အကြိမ်ပေါင်း မနည်းလှပဲကိုး။

ကျနော်တို့ခေတ်က အဲဒီထင်းရှူးတောဟာ ရန်ကုန်မျက်နှာကြီးပိုင်းမှာ မသိသူမရှိလောက်အောင် နာမည်ကြီးတဲ့နေရာပါပဲဗျာ။ တကယ့်အမိကရ အင်းလျားလမ်းလို နေရာမျိုးရဲ့ ငရာမတိုက်အိမ်ကြီးတခုနောက်မှာ ဖွင့်ထားတာပေါ့။ အဲဒီအိမ်ကို လမ်းလျှောက်ပြီး ဝင်လို့မရပါဘူး။ ကိုယ်ပိုင်ကားနဲ့သာ ဝင်နိုင်ပါတယ်။ ကျနော်ဆို အဝင်အထွက်များလွန်းလို့ အဲဒီဇိမ်ခန်းပိုင်ရှင် ကိုတင်မောင်လွင်နဲ့ရော၊ ဂိတ်စောင့်တွေနဲ့ပါ ရင်းနှီးနေတဲ့အထိပါပဲ။

ပြောနေရင်း မိန်းမကိစ္စနဲ့ပတ်သက်လို့ ရီစရာတခု သတိရမိသေးတယ်။ တနေ့မှာ ကျနော့်သူငယ်ချင်း ဖင်စီဒိုင်းသောက်ဘက် ဖူးလီဟာ ဆေးတောင့်လေးတတောင့် ဝယ်လာပြီး၊ အင်္ဂလိပ်လိုရေးထားတဲ့ ဆေးအညွှန်းကို လာဖတ်ခိုင်းသဗျ။ လက်စသတ်တော့ သူဝယ်လာတဲ့ဆေးဟာ ယောက်ျားတွေရဲ့ ဟိုဒင်းဟိုဟာကို သာမန်ထက်ကြီးထွားစေတဲ့ ဆေးပဲ။ ဆေးနံမည်က ခွေးကိုးကောင် (Nine dogs) ဆိုလားဗျာ။ အဲဒီဆေးအညွှန်းမှာ ရေးထားတာက ဟိုဒင်းမပြုမီ ဆယ့်ငါးမိနစ်ခန့် ကြိုတင်သုတ်လိမ်းပါဆိုလို့ ကျနော်လည်း ဘာသာပြန်ပေးလိုက်ရော ဖူးလီဟာ အင်းယားလမ်းက ခေမရဇ္ဇစားသောက်ဆိုင်ကိုဝင်သွားပြီး အိမ်သာမှာ ဆေးအညွှန်းအတိုင်း လိုက်နာခဲ့တယ်ထင်ပါရဲ့။ ချက်ချင်းဆိုသလို ထွက်လာပြီး၊ ကဲ ဆရာသမား အင်းစိန်စော်ဘွားကြီးကုန်းဖက်က လှူပ်ရှားနေကျအိမ်ကို သွားကြစို့ဆိုပြီး သူ့ကားနဲ့ ထွက်ခဲ့ကြရောဆိုပါတော့။

ဖြစ်ချင်တော့ ဖူးလီလှုပ်ရှားနေကျအိမ်မှာ အမြဲရှိနေတဲ့ကောင်မလေးကို ကျန်းမာရေးအကြောင်းပြချက်နဲ့ တာဝန်မထမ်းနိုင်ဘူးတဲ့ဗျာ။ ဒီမှာတင် ဖူးလီဟာ အဲဒီအိမ်ထဲကနေ မျက်စိပျက်မျက်နှာပျက်နဲ့ထွက်လာပြီး စောစောက ဆေးအညွှန်းမှာ မသုံးဖြစ်ခဲ့ရင် ဘာဆက်လုပ်ရမယ်လို့ ရေးထားတာတွေ့သလဲ၊ ကျနော့်ကို ပျာပျာသလဲမေးပါလေရော။ ကျနော်လည်း မင်းဖတ်ခိုင်းတဲ့ ဆေးညွှန်းကို လွှင့်ပစ်လိုက်ပြီလေ၊ ဘာဆက်ရေးထားတယ်ဆိုတာ ငါဘယ်လိုလုပ်သိပါ့မလဲဆိုတော့ ဖူးလီဟာ အထိတ်တလန့်ဖြစ်သွားတဲ့ မျက်နှာနဲ့ဟာ၊ ဒုက္ခတော့ ရောက်ပြီထင်ပါရဲ့တဲ့ဗျာ။ အမှန်က ဒါမျိုးဟာ ရေဆေးပစ်လိုက်ရင်၊ ဒါမှမဟုတ် အချိန်အတော်ကြာရင် သူ့ဖာသာပျယ်သွားတတ်တာကို ကျနော်သိပြီးသားပါ။ ဒါပေမယ့် ကျနော်ဖူးလီကို နောက်ချင်ပြောင်ချင်တာကြောင့်၊ အင်း၊ ကြားဘူးတာတော့ ဒါမျိုးဟာ အသုံးမပြုဖြစ်ရင် အဆမတန်ကြီးလာပြီး အက်ကွဲလာတာတွေ ဖြစ်တတ်တယ်လို့တော့

ကြားဘူးတယ်လို့ ပြောလိုက်ရောဗျာ။ ဒီမှာတင် ကိုယ်တော်ချောဟာ၊ အဆမတန်ကြောက်လန့်ပြီး ကိုသက်ခိုင်သိနေတဲ့ ဘိတခုခုကို အမြန်ဆုံးရောက်အောင်ကူညီပါ လုပ်ပါလေရော။ ကျနော်လည်း ဒါဆို ရွှေတိဂုံအရှေ့မုဒ်က ပိဋကတ်တိုက်နားမှာ ကိုယ်တွေ့ဘူးတဲ့ နေရာတခုရှိလေရဲ့။ အဲဒီနေရာသာ မောင်းပေတော့လို့လည်း ပြောလိုက်ရော မောင်မင်းကြီးသားဟာ ကားကို ကမ္ဘာ့စံချိန်ကျိုးအောင်၊ ကျနော်ညွှန်တဲ့နေရာဆီ မောင်းပါတော့တယ်။

ကျနော်ပြောတဲ့နေရာလည်းရောက်ရော လမ်းဘေးမှာ အဝှာဆွယ်နေတဲ့ မိန်းကလေး ခေါင်း တယောက်ရှိရာကို လက်ညှိုးထိုးပြပြီး၊ ကဲ၊ ကိုရင့်ဖာသာ ဈေးညှိ၊ လွှပ်ရှားပေတော့လို့ နတ်လမ်းညွှန် လိုက်ပေမယ့် ကိုယ်တော်ချောက မပြောရဲဘူးတဲ့ဗျာ။ ကျနော်လည်း စပ်စုချင်တဲ့ဝါသနာကြောင့် သူတပါးကောင်းကျိုး သယ်ပိုးလိုက်မယဆိုတဲ့စိတ်နဲ့ အဝှာဆွယ်လေးဆီ လျှောက်သွားလိုက်တော့၊ အဲဒီမိန်းမက ဗမာမလေးတွေ၊ ကရင်မလေးတွေ၊ တရုတ်မလေးတွေ။ မူဆလင် မလေးတွေအားလုံး ရနိုင်တယ်လို့ နှစ်ကိုယ်ကြားလေးဆိုသဗျ။ ဒါနဲ့ ကျနော်လည်း ဘယ်ဈေးတုန်းဆိုတော့ တစ်ရှော့ကို ခုနှစ်ဆယ့်ငါးကျပ်တဲ့။ အဲဒီနေ့က စိတ်ထဲမှာ ခပ်ရှင်ရှင်ဖြစ်နေတဲ့ကျနော်ဟာ၊ မင်းကိုယ်တိုင်ကို စိတ်ဝင်စားတယ်ဆိုရင်ကော ဘယ်လောက်တုန်းလို့ ပါးစပ်ဆော့လိုက်မိသဗျာ။ အဲဒီ မိန်းခလေးက မျက်နှာတချက်တင်းသွားပြီး ကျမက တစ်ရာ့ငါးဆယ်တန်ဆိုပဲ။ ကျနော်လည်း စပ်စုချင်စိတ် ပေါ် လာ ပြန်တာကြောင့် ကဲ၊ တစ်ရာ့ငါးဆယ်က ဟုတ်ပါပြီ။ ဘယ်မှာလှုပ်ရှားရမှာတုန်းလို့ မေးလိုက်တော့ သူက ကျမနောက်ကလိုက်ခဲ့ဆိုပြီး လမ်းမကြီးရဲ့ဘေးမှာရှိတဲ့ ကိုင်းမြက်တောကြီးဆီကို ဦးဆောင်ခေါ် သွားပါတော့တယ်။

သူခေါ် ရာလိုက်သွားနေတဲ့ ကျနော့်စိတ်ထဲမှာ ဒီကိုင်းမြက်တောကြီးရဲ့ အလွန်၊ အခြား တဖက်မှာ လုံခြုံစိတ်ချရတဲ့ အိမ် (သို့မဟုတ်) တဲတလုံးရှိလေရဲ့လို့ တွေးနေမိသဗျ။ ဒါပေမယ့်ဗျာ။ ရှေ့ကသွားနေတဲ့ မယ်မင်းကြီးမဟာ ကိုင်းတောအတွင်းတနေရာလည်းရောက်ရော သူ့ထမိန်ကို ခြေဖျားကနေ ရင်ညွှန့်အထိမတင်လိုက်ပြီး မြေကြီးပေါ် ကို ဘက်လက်လှန်လှဲချရင်း၊ ကဲ၊ လှုပ်ရှားပေ တော့တဲ့ဗျား။

ကျနော်ဟာ ရှက်လည်းရှက်၊ ရီလည်းရီချင်နဲ့ သူ့ကိုမြေကြီးပေါ် ကနေ ကမန်းကတန်း ဆွဲထူလိုက်ရင်း တော်ပါတော့၊ အစ်မရယ်။ ဒီလိုပုံကြီးနဲ့တော့ မလှုပ်ရှားဝံ့ကြောင်းပါဆိုပြီး တောင်း တောင်းပန်ပန်နဲ့ကားထဲမှာကျန်ခဲ့တဲ့ ဖူးလီကိုခေါ် ပြီး လူစားထိုးပေးလိုက်ရပါတယ်။ ယောင်ရမ်းပြီး အားတော့ မကျလိုက်ပါနဲ့ဗျာ။ ခုခေတ်မှာ ကုရာနတ္ထိဆေးမရှိတဲ့ရောဂါတွေ ပေါ် နေပြီနော်။

ကဲပါဗျာ။ ကျနော်ရှုပ်ခဲ့တဲ့ ဇာတ်လမ်းတွေကုန်အောင်သာ လျှောက်ပြောနေရင် မိုးမဆုံးမြေ မဆုံးဖြစ်နေပါလိမ့်မယ်။ အဲ၊ နောက်ဆုံးမှာ ကျနော်ဟာ မြန်မာနိုင်ငံအမျိုးသမီးလက်ရွေးစင် ဂေါက်သီး သမား၊ မိန်းကလေးတယောက်နဲ့လည်း ဇာတ်လမ်းရှိခဲ့သေးတယ်ဗျ။ ထားလိုက်ပါတော့ဗျာ။ ဒါတွေဟာ အထင်ကြီးစရာတွေမဟုတ်ပါဘူး။

ခင်ဗျားလည်း စခန်းခွဲ (၁) ကို ပြန်ဖို့ပြင်တော့ဗျာ။ သိပ်ရက်တွေများနေရင် ထောင်ပိုင်ကြီးကို အခွင့်အရေး သိပ်ယူရာကျသွားပါလိမ့်မယ်။

■

## အခန်း (၉၉)

# တရုတ်သံအမတ်ကြီး လျှန်တုန်းနှင့်သက်ခိုင်

ပင်မစခန်းရှေ့မလှမ်းမကမ်းတွင် ရေတသွင်သွင်စီးနေသော ချောင်းငယ်တခုရှိလေ၏။ ချောင်းအကျယ်ကား ပေးငါးဆယ်ထက်မပို။ မိုးတွင်းအခါဖြစ်သဖြင့် ချောင်းတွင်းမှရေမှာ ကြည်လင်စိမ်းလဲ့လျက်ရှိသည်။ ထိုချောင်းငယ်တွင် ညနေတိုင်းလိုလို ကိုသက်ခိုင် ရေဆင်းချိုးလေ့ရှိပါသည်။ ရေဆင်းချိုးသည်ဟုဆိုရခြင်းမှာ စွယ်စုံရကိုသက်ခိုင်တယောက် ကျွမ်းကျွမ်းကျင်ကျင် ရေမကူးတတ်ခြင်းကြောင့်ဖြစ်ပါသည်။ သူရေချိုးနေပုံကိုကြည့်ပါ။ ချောင်းစပ်မှဆယ်ပေခန့်အကွာ၊ ခါးလည် ကျော်ကျော်ရေအနက်လောက်အထိသာ ဆင်းပြီး၊ ရေထဲသို့ခေါင်းငုံလိုက်၊ ဗူးဝါးဗူးဝါးပြန်ပေါ်လာလိုက်၊ လက်နှစ်ဖက်ကို ယက်ကန်ယက်ကန်လုပ်လိုက်နှင့် သူရေမကူးတတ်ကြောင်း အဝေးကပင်မြင်နိုင်၊ သိနိုင်လေသည်။

ကျနော်က သူရေချိုးနေသည်ကို ချောင်းစပ်မှထိုင်ကြည့်နေရင်း

'ဘယ့်နှယ်လဲဗျ ကိုသက်ခိုင်၊ ဘာမှမတတ်တာမရှိတဲ့ဆရာကြီးက ရေထဲကျတော့ ယက်ကန်ယက်ကန်နဲ့ပါလားဗျာ'ဟု အရွှန်းဖောက်လိုက်ရာ၊ ကိုသက်ခိုင်က ရီရီမောမောနှင့်ပင်

'အေးဗျာ၊ အဲဒါတော့ ကျနော့်ညံ့ချက်တခုပါပဲ၊ ကျနော့်ကိုမွေးတဲ့ရွာမှာက မြစ်တို့ချောင်းတို့နဲ့ မနီးလှပဲကိုး။ ကျနော်ကြီးပြင်းတဲ့ လှိုင်မြို့နယ်ကတော့ လှိုင်မြစ်နဲ့လည်းနီးတယ်၊ အင်းလျားကန်နဲ့လည်း သိပ်မဝေးလှဘူးဗျ၊ ဒါပေမယ့် ရေကူးတာတော့ ကျနော်မတတ်ခဲ့ဘူးဗျာ၊'

'ဒါဆို ခင်ဗျားငယ်ငယ်က ရေကူးမသင်ခဲ့ဘူးပေါ့'

'အော်၊ သင်တော့ သင်ခဲ့ပါသော်ကောဗျာ၊ ခက်တာက ကျနော့်ပင်ကိုယ်ဗီဇအရ ရေကိုကြောက်တတ်တဲ့ စိတ်ပါလာတယ်ထင်ပါရဲ့။ ဘယ်လောက်သင်သင် ဆယ်ပေထက် ပိုမကူးတတ်ခဲ့ဘူး၊ တခုဖြစ်နိုင်တာက ကျနော်တို့နေခဲ့တဲ့ ရပ်ကွက်ဟာ လှိုင်မြစ်နဲ့ရော အင်းလျားကန်နဲ့ပါ နီးနေလေတော့ ရေနစ်သေတဲ့မသာတွေ သတင်းတွေကို ခဏခဏကြားနေရတာက ကျနော်ရေမကူးတတ်အောင် ကျနော့်စိတ်ကို ပိတ်ဆို့တားဆီးခဲ့လေရော့သလားပဲ'

'အော်၊ ခင်ဗျားငယ်ငယ်တုန်းက လှိုင်မြို့နယ်မှာ ရေနစ်သေတဲ့မသာ အဲသလောက်များ သလားဗျ'

'များပြီကောဗျာ၊ အင်းလျားကန်မှာဆို သကြၤန်ရက်တွေမှာ နစ်တိုင်းလိုလို ငါးလောင်းခြောက်လောင်း အောက်မလျော့ဘူး၊ ဒီကြားထဲ လစဉ်လိုလို လှိုင်မြစ်ထဲမှာ ရေနစ်သေတဲ့ မသာတွေရှိသေးဗျ၊ စကားမစပ် မြန်မာနိုင်ငံရေကူးချန်ပီယံ တင်မောင်နီဆိုတဲ့ပုဂ္ဂိုလ်တောင် အင်းလျားကန်ထဲကို ဒိုင်ဗင်ထိုးချရင်း သေသွားခဲ့ဘူးတယ်တဲ့၊ ကျနော့်စိတ်ထဲမှာစွဲထင်နေတဲ့ ရေနစ်တဲ့ အကြောင်းတခုကတော့ တော်တော်ရင်နင့်စရာကောင်းတယ်ဗျာ၊ ရေနစ်တဲ့ကလေးက အသက်ငါးနှစ်အရွယ် မူဆလင်ကုလားလေးဗျ၊အမှန်က အဲဒီကလေးဟာ ရေသွားကူးရင်း ရေနစ်တာမဟုတ်ပဲ ရေမကူးပဲ ရေနစ် သေရရှာတာဗျာ'

'ကြံကြံဖန်ဖန်ဗျာ၊ ရေမကူးပဲ ရေနစ်သေရတယ်လို့'

'အဲဒါ အမှန်ပဲဗျာ။ ရေမကူးပဲ ရေနစ်သေရတာမို့ ရင်နင့်စရာလို့ ပြောတာပေါ့၊ ဖြစ်ပုံက အဲဒီကလေးလေးရဲ့အဖေ ကုလားအဘိုးကြီးက ဝမ်းစာရေးအတွက် အချိန်ရရင်ရသလို ပိုက်ကွန်လေး တဖုံနဲ့ ငါးရှာထွက်လေ့ရှိတယ်။ ကလေးက အဖေကိုခင်နေတော့ အဲသလို ငါးရှာထွက်တဲ့အချိန်မှာ သူ့အဖေနောက်က လိုက်ချင်တယ်။ ဒါပေမယ့် အဖေလုပ်သူ မလိုက်စေချင်တာကြောင့် ကြိမ်းမောင်းပြီး ချန်ထားခဲ့တယ်။ နောက်တော့ ဖအေလုပ်သူဟာ လှိုင်မြို့နယ် (၂) ရပ်ကွက်ထဲက အက်စစ်စက်ရုံဘက် ကို ငါးရှာထွက်သွားပါလေရောဗျာ။ ဒီမှာတင် အဲဒီငါးနှစ်သားကလေးလေးဟာ သူ့အဖေရှိမယ်ထင်တဲ့ နေရာကို စမ်းတဝါးဝါးနဲ့ နောက်ကလိုက်သွားသတဲ့ဗျာ။

အမှန်တော့ အဲဒီကလေးရောက်သွားတဲ့နေရာဟာ သူ့အဖေကွန်ပစ်နေတဲ့နေရာနဲ့ မလှမ်းမကမ်းဆိုပေမယ့် သားအဖချင်းမဆုံလိုက်ကြဘူး။ ဖြစ်ချင်တော့ အဲဒီကလေးဟာ သူ့အဖေသွား နေကျလမ်းအတိုင်း အက်စစ်စက်ရုံနားက ချောင်းကိုလည်းရောက်ရော ချောင်းကျော်တံတားပေါ် ကနေ မကူးပဲ တံတားအောက်က ရွံ့တောထဲကနေ ကူးသတဲ့ဗျာ။ ရွံ့တောကိုလည်းဖြတ်ကူးရော တနေရာ အရောက်မှာ အဲဒီကလေးဟာ ခါးလည်လောက်အထိ ရွံ့ဗွက်ထဲကို နစ်ပါလေရော။ တကယ်တော့ အဲဒီအက်စစ်စက်ရုံဝန်းကျင်တဝိုက်ဟာ လူသွားလူလာ တော်တော်ပြတ်တဲ့နေရာဗျ။ ရွံ့ဗွက်ထဲမှာနစ်နေ ခဲ့တဲ့ ကလေးဟာ ငိုယိုပြီး အသံကုန်အော်ဟစ် အကူအညီတောင်းရှာခဲ့ပေမယ့် ဘယ်သူမှ သူ့အသံကို ကြားခဲ့ရဟန်မတူပါဘူး။ နောက်ဆုံးတော့ ညနေငါးနာရီကျော်ကျော်မှာ ဒီရေလည်းတက်လာရော ကလေးဟာ အရှင်လတ်လတ် ငရဲကျသလိုဖြစ်ပြီး ရေနစ်ရောပေါ့ဗျာ။ ကလေးပျောက်လို့ တညလုံး လိုလိုလိုက်ရှာကြပေမယ့် မတွေ့ကြဘူး။ နောက်တနေ့မနက် ဒီရေကျသွားချိန်မှာ ခါးလည်အထိ နွံထဲနစ်ပြီး မတ်တတ်သေနေတဲ့ကလေးငယ်ရဲ့အလောင်းကို တွေ့ရတော့တာပါပဲဗျာ'

' ဟာ၊ အဖြစ်ဆိုးလှချည်လားဗျာ'

ကျနော်နှင့် ကိုသက်ခိုင်စကားကောင်းနေစဉ် ထောင်ပိုင်ကြီးဦးကျော်သင်းမမျှော်လင့်ပဲ ကျနော်တို့အနားရှိ ချောင်းကျော်တံတားပေါ် သို့ရောက်လာရာ ကျနော်က ရဲဘက်ထုံးစံအတိုင်း ပုံစံရပ်ကာ အရိုအသေပြုလိုက်ရပါသည်။ ထောင်ပိုင်ကြီးဦးကျော်သင်းကား မကြာသေးမီက တပ်မတော် ဗိုလ်ကြီးဘဝမှ အကျဉ်းဦးစီးဌာနသို့ ကူးပြောင်းတာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး စိတ်သဘောထား နူးညံ့ပျော့ပျောင်းသူဖြစ်၏။ ကိုသက်ခိုင် ရေချိုးဆင်းနေရာ ချောင်းငယ်မှာ သူ့အိမ်နှင့် မဝေးလှသည်ဖြစ် ရာ ကိုသက်ခိုင်ကို တစုံတရာပြောရန်ရှိမည်ဟု ခန့်မှန်းရပါသည်။ ထိုစဉ် ကိုသက်ခိုင်ကပင် စတင်၍ ထောင်ပိုင်ကြီးကို စကားစလိုက်ပါသည်။

'ထောင်ပိုင်ကြီး၊ လမ်းမကြီးဘေးမှာဆောက်မယ့် သက်သာဆိုင်ခန်းတွေနဲ့ ဓာတ်တိုင်အသစ်တွေအတွက် ပုံစံတွေဆွဲပြီးနေပါပြီ၊ ကျနော်အဝတ်အစားလဲပြီးတာနဲ့ လာပို့ပေးပါ့မယ်' ဟုဆိုလိုက်ရာ ထောင်ပိုင်ကြီး ဦးကျော်သင်းကား ခပ်အေးအေး ပုံစံဖြင့်ပင်

'အေးဗျာ၊ ကိုသက်ခိုင်ဆွဲပြီးထားတာတွေကို အကျဉ်းဦးစီးက အမြန်တင်ခိုင်းနေတယ်ဗျာ၊ ရေချိုးပြီးရင်သာ ကျနော့်ဆီ ပို့ပေးပါအုံး' ဟုဆိုလျက် သူ့အိမ်ရှိရာသို့ ပြန်လှည့်ထွက်သွားလေ၏။ ကိုသက်ခိုင်နှင့်ကျနော် စတည်းချရာအခန်းတွင်းသို့ ပြန်ရောက်လျှင်ရောက်ချင်းပင် ကိုသက်ခိုင်က

'ကဲ၊ ကိုမင်းဒင်ရာ၊ ကျနော် (Drawing) ဆွဲထားတဲ့ စာရွက်လေးတွေ ဝိုင်းကူရှာပေးပါအုံး' ဟု ပြောပြောဆိုဆို မျက်နှာသုတ်ပုဝါတခုဖြင့် တကိုယ်လုံးကရေစက်တွေကိုသုတ်ရင်း အကျီအမြန်လဲနေလေရာ ကျနော်လည်း ကိုသက်ခိုင်စားပွဲပေါ်က ဈေးဆိုင်နှင့် ဓာတ်တိုင်များ၊ အသစ်တည်ဆောက်စိုက်ထူခြင်းနှင့် ပတ်သက်သည့် ပုံစံများကို ကမန်းကတန်းရှာဖွေနေစဉ် ဖိုင်ထူထူတခုထဲမှ ဓာတ်ပုံတပုံ ထွက်ကျလာသဖြင့် အမှတ်မထင်ကောက်ကြည့်လိုက်မိလေ၏။ ထိုဓာတ်ပုံကား ကိုသက်ခိုင်နှင့် နိုင်ငံခြားသံတမန်အရာရှိကြီးတဦး တွဲလျက်ရိုက်ကူးထားသော ဓာတ်ပုံဖြစ်နေသဖြင့် ကျနော်က တအံ့တဩနှင့်

'ဟာ၊ ကိုသက်ခိုင် ဒါက ဘယ်သူတုန်းဗျ။ ဘယ်မှာရိုက်ထားတာတုန်း' ဟု မေးလိုက်ရာ ကိုသက်ခိုင်က ဓာတ်ပုံကို လှမ်းကြည့်လိုက်ရင်း

'အော်၊ အဲဒါ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး လျှန်တုန်းလေဗျာ၊ တရုပ်မြန်မာ သံတမန်ထူထောင်ခြင်း နှစ်ငါးဆယ်မြောက်နေ့တုန်းက ယဉ်ကျေးမှုကဇာတ်ရုံမှာ ရိုက်ထားတာ၊ ကဲအခု လျှန်တုန်းက အရေးမကြီးဘူး၊ ဗိုလ်ကျော်သင်းက ပိုအရေးကြီးတယ်၊ ပေး ပုံစံတွေ၊ ကျနော် ထောင်ပိုင်ကြီးဆီ လစ်လိုက်အုံးမယ်' ဟုဆိုကာ ကမန်းကတန်းထွက်သွားလေရာ ကျနော်တယောက်တည်း ဓါတ်ပုံတပုံနှင့်အတူ ကိုသက်ခိုင်၏ အခန်းထဲတွင် ငေါင်စင်းစင်း ကျန်နေခဲ့ ပါလေ၏။ ကိုသက်ခိုင်ကား မည်သို့သော လူစားမျိုးပေနည်း။ ဓါတ်ပုံထဲတွင် ကိုသက်ခိုင်သည် အနောက်တိုင်းဝတ်စုံကို သေသပ်ကျနစွာ ဝတ်ဆင်ထားပြီး တရုတ်သံအမတ်ကြီး ကိုယ်တိုင်က ကိုသက်ခိုင်ကို လှိုက်လှဲစွာ လက်ဆွဲနှုတ်ဆက်လျက်ရှိလေသည်။ နာရီဝက်ခန့်အကြာတွင် ကိုသက်ခိုင် ပြန်ရောက်လာလေရာ ကျနော်လည်း သိချင်စိတ်ကို မမြိုသိပ်နိုင်သည်နှင့် မေးလိုက်ရပြန်သည်။

'ခင်ဗျားက အစိုးရဝန်ထမ်းလည်းမဟုတ်ပဲနဲ့ တရုတ်သံအမက်ကြီးနဲ့ ဘယ်လိုပတ်သက်တာတုန်းဗျာ၊ ဒီလို သံအမတ်ကြီးက အရေးတယူဆက်ဆံခံနေရတဲ့ ဘဝကနေ အခုလို ရဲဘက်စခန်းကို ဘယ်လိုရောက်လာသတုန်း၊ ခင်ဗျားဘဝကတော့ တကယ့်ကို ပဥ္စာဆန်နေတော့တာပဲဗျာ'

'ဟ၊ တရုတ်သံအမတ်ကြီးနဲ့ ခင်မင်တဲ့သူဟာ ရဲဘက်တို့၊ အကျဉ်းစခန်းတို့ မရောက်ရဘူးဆိုပြီး ဘယ်ဘုရားက ဟောသတုန်း။ ဘဝဆိုတာ ခေါက်ရှာငှက်ပျံသလို နိမ့်တုံမြင့်တုံပါပဲဗျာ'

'ကဲ၊ နိမ့်တုံမြင့်တုံဆိုရင်လည်း အဲဒီ နိမ့်ပုံမြင့်ပုံကို သေချာဇာတ်ကြောင်းပြန်စမ်းပါဗျာ၊

'ဒါဆိုလည်း ကော်ဖီမစ်လေးတထုပ် ဖျော်လိုက်ဗျာ။ ညစာမစားခင် တရုတ်များနှင့် သက်ခိုင်ဆိုတဲ့ ဇာတ်လမ်းလေး ဆက်လိုက်ကြတာပေါ့။ အဲဒီဓာတ်ပုံဟာ ၂၀၀၀ ခုနှစ်တုန်းက ရန်ကုန်မြို့ ယဉ်ကျေးမှု ကဇာတ်ရုံမှာ လုပ်ခဲ့တဲ့ တရုတ်မြန်မာ နှစ်ငါးဆယ်ပြည့် ရွှေရတုအခမ်းအနားမှာ ရိုက်ထားတာဗျ။ အဲဒီအခမ်းအနားကို ကျနော့်ကုမ္ပဏီကနေ တာဝန်ယူ တင်ဆက်ခဲ့တယ်ဆိုပါတော့။

မှတ်မှတ်ရရ ကျနော်ဘဝပျက်နေတဲ့ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှာ တရုတ်သံအမတ်ကြီး လျှန်တုန်းကိုရော မြန်မာနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ပါ တွေ့ခွင့်ရခဲ့တယ်။ တကယ်တော့ တရုတ်လူမျိုးတွေဟာ ကျနော်တို့နဲ့ အိမ်နီးချင်းနိုင်ငံတခုကနေ ကျနော်တို့နိုင်ငံကို ရေကြည်ရာမြက်နုရာ

ဆိုသလို လာပြီးစီးပွားရှာနေကြတဲ့ သီးခြားလူမျိုးပါကလားဆိုတာ ကျနော် သေသေချာချာသိလိုက်ရတာကတော့ တရုတ်ဗမာ အဓိကရုဏ်းကြောင့်ပဲဆိုပါတော့' ဤသို့လျှင် ကိုသက်ခိုင် ဆက်လက်ပြောပြသော တရုတ်များနှင့် ကိုသက်ခိုင်ဇာတ်လမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အဲဒီ တရုတ်ဗမာအရေးအခင်းကို ကျနော်ကိုယ်တိုင် ကြုံခဲ့တာပေါ့။ တရုတ်ဗမာအရေးအခင်းဟာ ၁၉၆၇၊ ၆၈ ဝန်းကျင်ဖြစ်မယ်။ အဲဒီတုန်းက ကျနော့်အသက်ဟာ ရှစ်နှစ်ကျော်ကိုးနှစ်သားလောက်ပဲရှိလိမ့်အုံးမယ်။ မှတ်မှတ်ရရပြောရရင် ကမာရွတ်ဈေးကြီးရဲ့ စာအုပ်စာရေးကိရိယာအရောင်းဆိုင်လိပ်ပြာတောင်ဆိုင်ကြီးရဲ့ဘေးမှာ ကျနော့်အဖေ ကုန်စိမ်းကုန်ခြောက်ဆိုင်ကြီး ဖွင့်ခဲ့တုန်းကပေါ့။ ကျနော့်စိတ်ထဲမှာ ထူးထူးခြားခြားမှတ်မိနေတာကတော့ တရုတ်ဗမာအရေးအခင်း ဖြစ်နေချိန်မှာ ညမထွက်ရနေဝင်မီးငြိမ်းအမိန့်ကို အသံချဲ့စက်တပ်ထားတဲ့ အချုပ်ကားကြီးတွေနဲ့ လျှောက်အော်တာပဲ ဗျ။ မည်သူမဆို ညနေခြောက်နာရီမှ၊ နံနက်ခြောက်နာရီအထိ မိမိတို့နေအိမ်ပြင်ပသို့မထွက်ကြရန် အမိန့်ထုတ်ပြန်လိုက်သည်၊ ပုံ၊ ဘမောင်၊ (၁) ရာဘက်တရားသူကြီး အင်းစိန်ခရိုင်ဆိုလားပဲဗျ။ ညမထွက်ရဘူးဆိုတော့ ညဘက်ဆိုလမ်းမပေါ်မှာ လူမပြောနဲ့ ခွေးတောင်မမြင်ရတဲ့အထိ ခြောက်ကပ်တိတ်ဆိတ်နေတာပေါ့ဗျာ။

အရပ်ထဲက တီးတိုးစကားတွေကို ကြားခဲ့မိတာကတော့ အဲဒီတရုတ်ဗမာအဓိကရုဏ်းဖြစ်ခဲ့ရတာဟာ ရန်ကုန် ဗဟန်း၊ နန်ယန်ကျောင်းက တရုပ်ကျောင်းသားတွေက ဗမာကျောင်းဆရာမကို မုဒိမ်းကျင့်လို့ဆိုလား၊ အဲဒီကျောင်းသားတွေက တရုတ်နီခေါင်းဆောင်ကြီး မော်စီတုန်းရဲ့ဓာတ်ပုံ ရင်ထိုးထိုးကြလို့ဆိုလားပဲဗျ။ ကျနော်လည်း ကလေးအရွယ်ဆိုတော့ ဂဃနဏတော့ ဘယ်သိပါ့မလဲဗျာ။ နောက်ပိုင်း အသက်အရွယ်ရလာ၊ စာတွေဖတ်မိမှ အဲဒီအရေးအခင်းဟာ မြန်မာနိုင်ငံမှာ ဆန်ပြတ်လပ်မှုပြဿနာကြောင့် ဦးနေဝင်းက တရုတ်ဗမာအရေးအခင်းကို ဖန်တီးခဲ့တယ်ဆိုတာ သိလာတာပေါ့ဗျာ။ ဘာကြောင့် အဓိကရုဏ်းဖြစ်ဖြစ်၊ ကလေးဘဝဆိုတော့ တရုတ်ဗမာအရေးအခင်းမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်စရာတခုတော့ကျန်ခဲ့သဗျ။ အဲဒါကတော့ အရေးအခင်းကာလမှာ ဆန်တွေ တပြည်ငါးကျပ်ကျော် အထိ ဖြစ်သွားပြီး ဝယ်လို့မရတော့ ကျနော့်အဖေက ခေါက်ဆွဲကြော်ပြီး ကျွေးတယ်။ ကျနော့်စိတ်ထဲမှာ ဆန်ဝယ်မရတာကို၊ ဝမ်းသာသလိုလိုဗျ၊ ခေါက်ဆွဲကြော်က ထမင်းထက်ပိုကောင်းတယ်လို့ စိတ်ထဲမှာ ထင်မိခဲ့တာကိုး။

တရုတ်ဗမာအဓိကရုဏ်းလို့သာ ပြောတာပါဗျာ၊ တရုတ်နဲ့ဗမာ ဘတပြန်ကျွားတပြန်ရိုက်ကြနှက်ကြ၊ သတ်ကြဖြတ်ကြတဲ့ပွဲမျိုးတော့ မဟုတ်ပါဘူး။ လမ်းပေါ်မှာတွေ့တဲ့တရုပ်တွေကို ဗမာတွေက လိုက်ရိုက်ကြ၊ တရုတ်တွေနေတဲ့ အိမ်တွေကိုဝင်ရှာပြီး တွေ့တာနဲ့ လမ်းမပေါ် ဆွဲထုတ်ပြီး ရိုက်ကြနှက်ကြ၊ အိမ်တွေကိုမီးရှို့ကြတာပဲဗျာ။ တရုတ်မိသားစု တော်တော်များများကိုတော့ ရင်းနှီးရာ ဗမာအိမ်တွေက ခေါ်ပြီးဖွက်ထားပေးကြလို့ သက်သာရာရကြသတဲ့ဗျာ။ အဲ နေဦး၊ ဗမာ လူမျိုးတော်တော်များများလည်း လမ်းမတွေပေါ် ထွက်ပြီး မော်စီတုန်းကျဆုံးပါစေဆိုတဲ့ ကြွေးကြော်သံတွေအော်ကြ၊ မော်စီတုန်းဓာတ်ပုံတွေ မီးရှို့ကြတာလည်း လုပ်သေးတယ်။ ထူးထူးခြားခြားမှတ်မိတာကတော့ မော်စီတုန်းဆိုတဲ့ စာတန်းကပ်ထားတဲ့ အခေါင်းပုံသေတ္တာကြီးကို မီးရှို့ကြတာလည်း မြင်ဘူးသေးတယ်ဗျ။ အင်း၊ မြင်ကွင်းကတော့ ဗမာလူအုပ်ကြီးဟာ၊ ရှေ့ကနေ ထင်တိုင်းကြ၊ တရုတ်အိမ်တွေ့သမျှဖျက်ဆီး၊ မီးရှို့ ကြတာကို နောက်က မီးသတ်ကားတွေက အဆင်သင့်လိုက်ပြီး မီးငြိမ်းနဲ့မြင်ရတာ စိတ်ထဲမှာတမျိုးကြီးပါပဲဗျာ။ ဟာ အဲဒီအရေးအခင်းမှာ တရုတ်တွေ တော်တော်အထိနာကြတယ်ဗျ။ ကျနော့်မျက်ပ်ရှေ့မှာတင် တရုတ်ဆိုင်နှစ်ဆိုင် အဖျက်ခံရတာကို တွေ့ခဲ့ဘူးတယ်။ တဆိုင်က ကျနော့်အဖေနဲ့ အရမ်းရင်းနှီးတဲ့ ထောင်ကဲဆိုင်ပဲ။ အဲဒီထောင်ကဲကြီးက ကမာရွတ်ဈေးထဲမှာ ဆီချက်ခေါက်ဆွဲဆိုင် ဖွင့်ထားတာဗျ။ အရေးအခင်း

လည်းဖြစ်ရော လမ်းမပေါ် မှာ ကြွေးကြော်သံတွေနဲ့ အော်ဟစ်နေတဲ့လူတအုပ်ဟာ ကမာရွတ်ဈေးကြီးထဲကို ပြေးဝင်လာကြပြီး ဒီဆိုင်ဟာ တရုတ်ဆိုင်ပဲကွ၊ ဖျက်ကြ၊ ဖျက်ကြလို့ အော်ကြရင်း ထောင်ကဲဆိုင်တခုလုံးကို ရစရာမရှိအောင် ရိုက်ချိုးဖျက်ဆီးတော့တာပဲဗျ။ ဈေးထဲက ထောင်ကဲဆိုင်ကို ဖျက်အပြီးဆက်တိုက်အဖျက်ခံရတဲ့ဆိုင်ကတော့ ဈေးဘေးက တရုတ်ဦးအေးမောင် လက်ဖက်ရည်ဆိုင်ပဲဗျာ။ ဦးအေးမောင်ဆိုင်က စားပွဲကြီးတွေဟာ စကျင်ကျောက်နဲ့လုပ်ထားတဲ့ ရှေးဟောင်းကျောက်စားပွဲကြီးတွေမို့ တော်တော်နဲ့မကျိုးနိုင်လို့ အကြိမ်ကြိမ် ထုနှက်ရိုက်ချိုးရတာကို အခုထိ မျက်စိထဲက မထွက်သေးဘူးဗျာ။

အမယ်၊ ထူးထူးဆန်းဆန်း တရုတ် ဗမာအရေးအခင်းမှာ ရှေ့တန်းကပါလာတဲ့သူတွေဟာ ကုလားဒိန်တွေဖြစ်နေသဗျာ။ သူတို့ကြည့်ရတာ အင်အားကြီးတဲ့ဘက်ကို ပြေးကပ်ကြတယ်ထင်ပါရဲ့။ ဒါမှမဟုတ် ဖဆပလ လက်ထက်က ကုလားဗမာအဓိကရုဏ်းမှာ တရုတ်တွေက ဗမာတွေနဲ့ပေါင်းခဲ့တာကြောင့် လက်စားပြန်ချေကြတာလားတော့ မဆိုနိုင်ဘူး။ ကမာရွတ် ဈေးကြီးရဲ့ဘေး၊ ကုန်မာကိုဒေါင်နားမှာ ကုလားဒိန်တယောက်က တရုတ်တယောက်ကို မှိန်းနဲ့ထိုးလိုက်တယ်ဆိုတဲ့ သတင်းလည်း ကြားလိုက်မိသေးဗျာ။

ဒီကြားထဲမှာ အခွင့်အရေးသမားတွေကလည်း တမျှောင့်ဗျ။ ကျနော်တို့ဈေးဆိုင်နဲ့ မလှမ်းမကမ်း၊ ဓာတ်တိုင်နားမှာ လူတယောက်ကို လူအုပ်ကြီးကဝိုင်းရိုက်နေလို့ ကျနော်သွားပြီး စပ်စုလိုက်တော့ အရိုက်ခံရတဲ့သူဟာ တရုတ်အိမ်တအိမ်က အဝတ်အစားတွေကိုယူပြီး ဝတ်လာတဲ့အပြင် အဝတ်ထုတ်ကြီးပါ ထမ်းချလာလို့တဲ့ဗျာ။ လူအုပ်ကြီးဟာ သူ့ကိုယ်ပေါ် က အဝတ်အစားတွေကို ဆွဲချွတ်၊ ပါလာတဲ့အဝတ်ထုပ်ကြီးကို မီးရှို့နဲ့ တကယ့်ကို ရုန်းရင်းဆန်ခတ်မြင်ကွင်းတခုပါပဲဗျာ။

တရုတ်ဗမာအရေးအခင်းအပြီး နှစ်ပေါင်းသုံးဆယ်ကျော်အကြာမှာတော့ ကျနော်ဟာ ထိုင်းမြန်မာ တင်းမာမှုပြဿနာကြောင့် မြန်မာနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ အနီးကပ်ဆုံတွေဖို့ အကြောင်းဖန်လာပြန်ပါတယ်။

မှတ်မှတ်ရရပြောရရင် မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံအကြားဆက်ဆံရေး တော်တော်တင်းမာနေတဲ့ ၂၀၀၀ ပြည့်နှစ်ပေါ့ ဗျာ။ အဲဒီအချိန်မှာ ထိုင်း မြန်မာနယ်စပ် နေရာတော်တော်များများမှာ ထိုးစစ်လားခံစစ်လားတော့ မပြောတတ်ဘူး။ မြန်မာ့တပ်မတော်ဟာ ရှေ့တန်းစစ်မြေပြင်မှာ ကတုတ် ကျင်းတွေအဆင်သင့်အနေအထားတူးထားတာကို မြန်မာ့အသံရုပ်မြင်သံကြားမှာ တွေ့တွေ့နေရတယ်ဗျ။

အတည်မပြုနိုင်တဲ့သတင်းတွေအရ ထိုင်းလေတပ်က လက်ဦးမှုရယူပြီး မြန်မာဘက်ကိုစပြီးနှိပ်ကွပ်ခဲ့တယ်လို့လည်း ဆိုသဗျ။ မြန်မာကတော့ထုံးစံအတိုင်း ရှေးရိုးနည်းနဲ့ ဘန်ကောက်မြို့တော်အထိ မြေပြင်စစ်ဆင်ရေးဆင်နွှဲပြီး သိမ်းပိုက်ဖို့ စိတ်ကူးနေတဲ့အချိန် ထင်ပါရဲ့ဗျာ။ အဲဒီအချိန်မှာ အဲဒီ ထိုင်း မြန်မာစစ်ပွဲအရေးနဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်ခင်ညွန့်ကိုတွေ့ရဖို့ အကြောင်းဖန်လာခဲ့တာပါပဲ။

တနေ့တော့ အိန္ဒိယပဲကုန်သည်တယောက်က အစိုးရကိုငွေလှူချင်တယ်လို့ ကျနော့်ဆီ ဖုန်းဆက်လာပါတယ်။ အမှန်တော့ဗျာ၊ ကုန်သည်စီးပွားရေးသမားက အစိုးရကို ငွေလှူချင်တယ်ဆိုတာ လာဘ်ပေးနည်းတမျိုးမို့ ခွင်တခုခုရှိတာ သေချာပါတယ်။ ဒါနဲ့ ကျနော်လည်း ထောက်လှမ်းရေး ဗိုလ်မှူးကြီးမျိုးလွင်ကို ဖုန်းဆက်ပြီးအကျိုးအကြောင်းပြောပြလိုက်တော့ နောက်နှစ်ရက်အကြာ၊ ရန်ကုန်အင်းလျားလမ်းက တပ်မတော်ညွှန့်ခန်းမမှာ အလှူငွေလက်ခံပွဲရှိတယ်ဆိုတာ သိရတာကြောင့် အဲဒီ ပဲကုန်သည်ကို ပြန်ပြောလိုက်တော့ သူက သူတို့ကိုယ်စား ကျနော်က အလှူငွေသွားထည့်ပေးဖို့ အကူအညီ တောင်းလာတာကြောင့် အဲဒီပွဲကို ကျနော်ရောက်ခဲ့ရောဆိုပါတော့ဗျာ။ တပ်မတော်ညွှန့်ခန်းမကို ကျနော်ရောက်တော့ နေ့လည်နှစ်နာရီခွဲလောက် ရှိနေပါပြီ။ ညွှန့်ခန်းမဟာ လူ

နှစ်ရပ်နီးပါးရှိတဲ့ မှန်ကြီးတွေအပြည့် ကာထားတာကြောင့် အတွင်းအပြင် ဒိုးယိုပေါက်မြင်နေရတဲ့ ခန်းမကြီးပါ။ ကျနော်ခန်းမထဲကိုရောက်တဲ့အချိန်မှာ နိုင်ငံသိ မျက်နှာကြီး သူဌေးအုပ်စုထဲက လူတော်တော်များများရောက်နေတာကို တွေ့ရသဗျာ။ မှတ်မိသလောက်ပြောရရင် ယုဇနဦးဌေးမြင့်၊ ရွှေကမ္ဘာအုပ်စု၊ အာရှမနဦးအိုက်ထွန်း၊ မောင်ဝိတ်တို့ပေါ့ဗျာ။ သုံးနာရီလောက်မှာ အလှူငွေပေးအပ်ပွဲ စတင်တဲ့အခါ ခန်းမကြီးတခုလုံးကို ရောမခန်းဆီးလိုက်ကာကြီးတွေနဲ့ ပိတ်လိုက်တာကြောင့် ညှိခန်းမကြီးဟာ သီးခြားကမ္ဘာတခုလို ဖြစ်သွားပါတော့တယ်။

လိုက်ကာလည်းပိတ်ပြီးရော သိပ်မကြာလိုက်ပါဘူး၊ မောင်မင်းကြီးသား အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့် ရောက်လာပြီး ညှိခန်းညာဘက် ခပ်ကျကျနေရာမှာ နေရာယူတော့ ကျနော်အပါအဝင် အခမ်းအနားတက်ရောက်သူအားလုံး မတ်တပ်ရပ် အရိုအသေပြုကြရသဗျာ။ ဗိုလ်ချုပ်ခင်ညွန့်ဟာ အရပ်အမောင်းမကောင်းလှပေမယ့် တက်တက်ကြွကြွဟန်တော့ အပြည့်ရှိနေသဗျ။ သူ့ကိုကြည့်ရတာ အခြားအစည်းအဝေးတနေရာရာက ပြန်ရောက်လာတဲ့ပုံပါပဲ။ ဘာကြောင့်လည်းဆိုတော့ အဲဒီအချိန်မှာ သူဟာ အလှူငွေလက်ခံမဲ့ ခန်းမထဲကို လူသာရောက်လာတယ်။ စိတ်က တခြားတနေရာမှာ ကျန်နေခဲ့ပုံပဲ။ သူလုပ်နေပုံကို ကြည့်လေ။ သူ့အတွက်သတ်မှတ်ထားတဲ့ ကုလားထိုင်နေရာမှာထိုင်ရင်း ခန်းမကြီးအပြည့်ရောက်နေတဲ့ ပရိသတ်ကိုတောင် သတိထားမိပုံမရပဲ သူ့ရင်ဘတ်က ရွှေရောင်လေထီးရင်ထိုးကို လက်နဲ့စမ်းစမ်းကြည့်နေတယ်ဗျာ။ သူဟာ သူ့ယူနီဖောင်း ရှပ်အကျီကို အပေါ်ပိုင်း ကြယ်သီးနှစ်လုံးအထိ ဖြုတ်လိုက်ရင်း သူ့နောက်ခပ်လှမ်းလှမ်းမှာ ရပ်နေတဲ့ သူ့တပည့်ကျော်တွေထဲကတယောက်ကို ဟေ့ကောင်၊လာအုံး ဆိုပြီး လှမ်းခေါ် လိုက်သံ ကြားသဗျ။ လက်စသတ်တော့ သူ့လေထီးရင်ထိုးရဲ့ ချိတ် (ဂျိတ်) က သူ့ရင်ဘတ်ကိုထောက်နေတာကြောင့် နေမထိထိုင်မသာ ဖြစ်နေဟန်တူသဗျာ။ သူ့နောက်ခပ်လှမ်းလှမ်းမှာ အဆင်သင့်ရပ်နေတဲ့ ဒုတိယဗိုလ်မှူးကြီးတယောက်က ခပ်သုတ်သုတ် သူ့ဆီ လျှောက်လာနေတုန်းမှာပဲ လက်ကာပြလိုက်ပြီး ဟေ့ကောင်နေတော့ ရပြီ ဖြစ်ပြန်ရောဗျာ။ ဒါကြောင့် ကျနော်ပြောတာပေါ့၊ သူ့ကိုကြည့်ရတာ အလှူငွေလက်ခံပွဲကို မတက်မဖြစ်လို့သာ ရောက်လာတယ်၊ စိတ်နဲ့ကိုယ်နဲ့ ကပ်ဟန်မရှိဘူးလို့။

အခမ်းအနားစလို့ အဖွင့်မိန့်ခွန်းပြောတော့လည်း တောင်တလုံးမြောက်တလုံးပါပဲဗျာ။ ဘာတဲ့၊ ဒီနေ့ ဒီအခမ်းအနား ပြုလုပ်ရခြင်းအကြောင်းရင်းကတော့ ကျနော့်သမီးနဲ့သားမက်ရဲ့ တိုက်တွန်းအားပေးမှုကြောင့်ပါပဲတဲ့ဗျာ။ ဟုတ်တယ်၊ သူ့အပြောအရ လွန်ခဲ့တဲ့ သုံးရက်လောက်က သူ့သမီးနဲ့ သူ့သားမက်ဟာ ထိုင်းနိုင်ငံနဲ့ စစ်မက်ပြင်ဆင်နေတဲ့ ရှေ့တန်းရောက် မြန်မာ့တပ်မတော်သားတွေအတွက် ကုန်သည်လုပ်ငန်းရှင်တွေက အလှူငွေထည့်ချင်ကြတဲ့အကြောင်း စကားစပ်မိရာက ဒီအလှူပွဲဖြစ်လာရတယ် ဆိုပဲ။

နောက်တော့ ဒီစစ်မီး စတင်ဖြစ်ပွားလာရခြင်းဟာ SSA သောင်းကျန်းသူ ရှုက်ဆစ်ကြောင့် ဖြစ်ရတာလို့ သူကဆိုပါတယ်။ ထိုင်းအစိုးရဟာ ဘိန်းမှောင်ခိုသောင်းကျန်းသူတွေကို ကြားခံအဖြစ် အသုံးချပြီး မြန်မာ့ပြည်တွင်းရေးကို စွက်ဖက်ဖို့၊ မြန်မာပိုင်နယ်နမိတ်ကို ကျူးကျော်ဖို့ ကြံစားတယ်ဆိုပဲ။ ဒါကြောင့် မြန်မာ့တပ်မတော်အနေနဲ့ ထိထိရောက်ရောက် လက်တုန့်ပြန်ရမယ်၊ အဲဒီတုန်းက ထိုင်းဝန်ကြီးချုပ် သက်ဆင် ရှီနာဝပ်အကြောင်းကိုလည်း သူကောင်းကောင်းသိ တယ်ဆိုတာတွေလည်း ပါသေးသဗျ။

သူဆက်ပြောတာကတော့ မြန်မာ့တပ်မတော်ဟာ ထိုင်းနိုင်ငံကို ရာဇဝင်နဲ့ချီပြီး သမိုင်းတလျှောက် အနိုင်ရခဲ့တာချည်းပဲ၊ ရာဇဝင်ထဲမှာဆို မြန်မာဟာ ထိုင်းကို ဝါးရင်းဒုတ်နဲ့တောင် တက်သိမ်းနိုင်ခဲ့ဘူးတာမို့ အလောင်းဘုရားစိတ်ဓာတ်ဖြင့် အောင်ရမည်ဆိုတဲ့ ကြွေးကြော်သံနဲ့ ရင်ဆိုင်တိုက်ပွဲဝင်ဖို့

အဆင်သင့်ဖြစ်နေပြီတဲ့ဗျာ။ ကျနော်လည်း မြန်မာလူမျိုးဆိုတော့ အလောင်းဘုရားတို့ ဝါးရင်းဒုတ်တို့ အကြောင်းကြားတဲ့အခါ စိတ်ဓာတ်တက်မိသလိုလို ရှိပေမယ့် ထိုင်းလေတပ်က အက်ဖ် ၁၆ တိုက်လေယာဉ် အစင်းရေတော်တော်များများရှိနေတာကို သတိရမိချိန်မှာတော့၊ ဟုတ်ကော၊ ဟုတ်ပါ့မလား ဆိုတဲ့ အတွေးဝင်လာတာတော့ အမှန်ပဲဗျာ။

ဒီလိုနဲ့ တနာရီနီးပါးအကြာ သူ့မိန့်ခွန်းကို လက်စသတ်ပြီးချိန်မှာတော့ အလှူငွေပေးအပ်ပွဲ စပါတော့ တယ်။ ထုံးစံအတိုင်း ဘယ်ပုဂ္ဂိုလ်၊ ဘယ်ကုမ္ပဏီက ဘယ်လောက်လှူပါတယ်ကြေညာပြီး စက္ကူရောင်စုံ လှလှလေးတွေကပ်ထားတဲ့ ကဒ်ထူစက္ကူပုံးလေးတွေကို ဗိုလ်ချုပ်ခင်ညွန့်လက်ထဲကို ထည့်ပြီး လှူကြတန်းကြရော ဆိုပါတော့ဗျာ။ ထူးဆန်းတာက အဲဒီစက္ကူပုံးတွေထဲမှာ ငွေတပြားမှ မပါတာပါပဲ။ ဟုတ်တယ်ဗျ။ အဲဒါသေချာတယ်။ ကျနော် အဲဒီအခမ်းအနားကို ရောက်ရောက်ခြင်း၊ လှူဒိုင်းလိုက်တဲ့ ဒေါ်လာငွေတသောင်းကို အလှူငွေလက်ခံနေတဲ့ ဗိုလ်မှူးကြီးဆီသွားပို့တော့ အလှူရှင် နာမည်နဲ့ အလှူငွေ ပမာဏကိုသာ တောင်းထားလိုက်ပြီး ငွေကို နောက်မှချေပါလို့ ပြောခဲ့တာကိုး။

အဲဒီပွဲပြီးလို့ မကြာခင် တရုတ်သံအမတ်ကြီးနဲ့တွေ့ဖို့ ဖြစ်လာတာက အင်းယားကန်ဘေးက ကြက်ကျွန်း (ယခု မြကျွန်းသာ) မှာ မီးထွန်းပွဲတခု လုပ်နေတာကို သွားကြည့်မိရာကနေ စတာပဲဗျာ။ အဲဒီမီးထွန်းပွဲက တရုတ်နိုင်ငံကလာလုပ်တဲ့ပွဲဗျ။ မီးလုံးမျိုးစုံနဲ့ ပုလင်းခွံမျိုးစုံကို အရုပ်တွေ ပန်းချီကားတွေအဖြစ် ပုံဖော်ပြီး လူတွေစိတ်ဝင်တစားဖြစ်အောင် လုပ်ထားတာပါပဲ။ ဝင်ကြေးပေးပြီး ကြည့်ရပါ တယ်။

ဖြစ်ချင်တော့ ကျနော်က သူတို့ဖန်တီးထားတာတွေကို စိတ်ဝင်တစားကြည့်နေတုန်း တရုတ် မီးထွန်းပွဲတာဝန်ရှိ သူတယောက်ဟာ ဒီမီးထွန်းပွဲပြပွဲအပေါ် ကျနော့်အနေနဲ့ဘယ်လိုများ သဘောထား ပါသလဲဆိုပြီး စကားပြန်တယောက်ကနေတဆင့် လာမေးပါလေရောဗျ။ ကျနော်လည်း ပေါ့ပေါ့ပါးပါး သဘောထားနဲ့ ဘယ်လိုနေရာတွေ နှစ်သက်တယ်၊ ဘယ်နေရာတွေမှာ လိုအပ်ချက်ရှိတယ်ဆိုတာတွေကို လေကြောရှည်မိသဗျာ။

ဒီမှာတင် ရှေ့ကိုယ်တော်က ကျနော့်ဆွေးနွေးချက်ကို သဘောအကျကြီး ကျသွားတယ်ထင် ပါ့၊ သူ့ထက်အဆင့်မြင့်တဲ့ တရုတ်ကြီးတယောက်ကို ခေါ်ထုတ်လာပြီး ကျနော်နဲ့ မိတ်ဆက်ပေးပြန်ပါ တယ်။ ဒါကလည်း အဲဒီတရုတ်ကြီးထုတ်ပေးတဲ့ လိပ်စာကဒ်ကို ကြည့်ပြီးသိတာပါ။ လိပ်စာကဒ်မှာ အင်္ဂလိပ်လိုရေးထားတာက ဇီချွမ်ပြည်နယ် ကွန်မြူနစ်ပါတီ အလုပ်အမှုဆောင်ဆိုပဲဗျာ။

ကျနော့်စိတ်ထဲမှာ မီးထွန်းပွဲပြပွဲလာလုပ်တာနဲ့ ကွန်မြူနစ်ပါတီနဲ့ ဘာဆိုင်သလဲလို့တွေး လိုက်မိတယ်။ နောက်ပိုင်းမှ သိလာရတာကတော့ တရုတ်ပြည်ကနေ ပြည်ပကိုထွက်ခွာပြီး စီးပွားရှာမယ့် အဖွဲ့တိုင်းလိုလိုမှာ တရုတ်ကွန်မြူနစ်ပါတီက တာဝန်ရှိပုဂ္ဂိုလ်တဦးဦး အမြဲတမ်း ခေါင်းဆောင်အဖြစ် ပါလာရတယ်ဆိုပဲဗျ။

နောက်တနေ့မှာတော့ အဲဒီကွန်မြူနစ်ပါတီဝင် တာဝန်ရှိသူဟာ ကျနော့်ကို သူတို့တည်းခိုတဲ့ ဟိုတယ်မှာဖိတ်ပြီး နေ့လည်စာ ကျွေးရာက မြန်မာတနိုင်ငံလုံးအနှံ့ အခုလို မီးထွန်းပွဲကွေ့ပြလုပ်ပြီး အခကြေးငွေယူပြသတဲ့လုပ်ငန်းကို လုပ်ချင်တဲ့အကြောင်း နားပူလာပြန်ပါတယ်။ အမှန်ဆို အဲဒီအချိန်က ကျနော့်အိတ်ထဲမှာ ချူးတပြားမှမကပ်ပဲ ဘိုင်ကျနေတဲ့အချိန်မို့ သူကျနော့်ကို ဘာကြောင့် အထင်တကြီး နားပူသလဲဆိုတာတော့ စဉ်းစားလို့မရဘူးဗျာ။ နောက်သူဆက်ပြောတာက သူတို့မှာ ဒီလိုမီးထွန်းပွဲတင် မကဘူး။ ဆပ်ကပ်အဖွဲ့တခုလည်း ရှိသေးတယ်ဆိုပဲ။ တကယ်လို့ ကျနော်နဲ့ညှိနှိုင်းမှုအဆင်ပြေရင် ဇီချွမ်မှာ ကျန်ခဲ့တဲ့ ဆပ်ကပ်အဖွဲ့ကို လှမ်းခေါ်လိုက်ရုံပဲ ဆိုသဗျ။

ကျနော့်စိတ်ထဲမှာ တွေးလိုက်မိတာကတော့ ကွန်မြူနစ်တရုတ်ပြည်ကြီးဟာ အိမ်နီးနားချင်းတိုင်းပြည်တွေနဲ့ ကမ္ဘာအနှံ့မှာ နည်းလမ်းပေါင်းစုံနဲ့ ငွေရှာဖို့ စိုင်းပြင်းနေပြီဆိုတဲ့ အချက်ပါပဲ။ (ကိုသက်ခိုင်ပြောပြချက်အရ အချိန်ကာလအားဖြင့် ၂၀၀၀ ပြည့်နှစ်ဖြစ်သည်ဆိုသည့်အချက်ကို သတိပြုစေလိုပါသည်။) ကျနော်လည်း တရုတ်အဖွဲ့ရဲ့ ကမ်းလှမ်းချက်မှာ ငွေပင်ငွေရင်းစိုက်ထုတ်ရမယ့် အချက် မပါလေတော့ သူတို့တောင်းဆိုတာကို အလွယ်တကူပဲ ခေါင်းငြိမ့်ခဲ့တာကြောင့် နှစ်ဘက်သဘောတူစာချုပ် ချုပ်ပြီးလို့ နှစ်ပတ်လောက်အကြာမှာ ဇီချွမ်ပြည်နယ်က ဆပ်ကပ်အဖွဲ့ဟာ ရန်ကုန်လေဆိပ်ကို ရောက်လာပါတော့တယ်။

ဒီမှာတင် တရုတ်အဖွဲ့ နေရေးထိုင်ရေး၊ ကဇာတ်ရုံ ငှားရမ်းရေးတွေအတွက် တရုတ်သံရုံးကို လေးငါးကြိမ် ဝင်ထွက်လိုက်တော့ တရုတ်နိုင်ငံခြားရေးဌာနက ရုံးအဖွဲ့မှူး ဒေါ်ရွှယဉ်ဆိုတဲ့ အမျိုးသမီးနဲ့ မျက်မှန်းတန်းမိလာရာက သူဟာ တရုတ်သံအမတ်ကြီးကို ဘယ်လိုဘယ်ပုံသတင်းပို့လိုက်တယ် မဆိုနိုင်ဘူး၊ တရုတ်သံအမတ်ကြီးက ကျနော့်ကိုတွေ့ချင်တဲ့အကြောင်း တရားဝင် ရုံးစာတစောင် ပို့လာပါတယ်။

အဲဒီဖိတ်စာကြောင့် ကျနော်လည်း တရုတ်သံရုံးကို ရောက်သွားရော တရုတ်သံအမတ်ကြီး လျန်တုန်းဟာ ကျနော့်ကို ဖျူဖျူငှာငှာကြိုဆိုရင်း ကျနော်ဖိတ်ခေါ်ထားတဲ့ တရုတ်ဆပ်ကပ်အဖွဲ့ကို ယဉ်ကျေးမှုကဇာတ်ရုံမှာ တင်ဆက်နိုင်အောင် စီစဉ်ပေးလို့ကြောင်း၊ တဆက်တည်းဆိုသလို အဲဒီဖျော်ဖြေပွဲကို တရုတ်မြန်မာ၊ သံတမန်ဆက်ဆံရေး အနှစ်ငါးဆယ်ပြည့် အထိမ်းအမှတ်အဖြစ် တင်ဆက်လိုကြောင်း ပြောလာပါတယ်။ စကားပြန်ကတော့ ဒေါ်ရွှယဉ်ပေါ့ဗျာ။

ဒေါ်ရွှယဉ်ဟာ တရုတ်ပြည်ပေါက် တရုတ်လူမျိုးစစ်စစ်ဖြစ်ပေမယ့် မြန်မာစကားကို လက်ဖျား ခါလောက်အောင်ပြောတတ်ပြီး သူ့ပုံစံဟာ ဂျိန်းစ်ဘွန်းရုပ်ရှင်ထဲက ထောက်လှမ်းရေးအမျိုးသမီးကြီးပုံ ပေါက်နေတယ်လို့ ထင်မိပါတယ်။ တကယ်တော့ တရုတ်သံအမတ်ကြီးဟာ ကျနော်ခေါ်လာတဲ့ ဆပ်ကပ်အဖွဲ့ကိုအသုံးချပြီး အရင်းမစိုက်လှေထိုးလိုက်တဲ့ ဇာတ်လမ်းကို ဆင်လိုက်တာပေါ့ဗျာ။ ကျနော်လည်း ဘာတတ်နိုင်မှာလဲဗျ။ ဟုတ်ကဲ့၊ ကောင်းပါတယ်၊ သဘောတူပါတယ်ဆိုပြီး ခေါင်းငြိမ့် လိုက်ရတော့တာ ပေါ့။ အဲဒီဆပ်ကပ်အဖွဲ့ကို ရန်ကုန်ယဉ်ကျေးမှုဇာတ်ရုံမှာ တင်ဆက်တဲ့နေ့မှာတော့ မြန်မာစစ်ခေါင်း ဆောင်ကြီးများဟာ လျန်တုန်းရဲ့ရိုက်ချက်ကို ဘာမှမသိရှာဘဲ တရုတ်မြန်မာ သံတမန်ဆက်ဆံရေး အနှစ်ငါးဆယ်ပြည့်အတွက် တရုတ်နိုင်ငံဘက်က၊ တကူးတက စီစဉ်ပေးကြရှာတယ်ထင်ပြီး မင်းပရိသတ် အစုံအညီတက်ရောက်လာပါတော့တယ်။

အဲဒီပွဲတုန်းက မှတ်မှတ်ရရ အက်စ်ဘီအကြီးအကဲ ဗိုလ်မှူးကြီးဗဟိန်း၊ အဆိုတော်အယ်ခွန်းရီရဲ့ခင်ပွန်း ဗိုလ်မှူးကြီးသောင်းထိုက်နဲ့ ကိုမောင်မောင်ကျော့ဇနီး မို့မို့မြင့်အောင်တို့ကလည်း မေတ္တာလက်မှတ် ပူစာကြပြန်လို့၊ လေးငါးဆယ်စောင်စီ ပို့လိုက်ရသေးဗျ။ အဲဒီနေ့က ပွဲဟာ မင်းပေါင်းစုံတယ်လို့ ပြောလို့ရတယ်ဗျ။ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်ကလွဲရင် ကျန်တဲ့အတွင်းရေးမှူး (၂)၊ အတွင်းရေးမှူး (၃) အပါအဝင် ဝန်ကြီးအားလုံးလိုလိုတက် ရောက်ကြပါ တယ်။ ကျနော့်စိတ်ထဲမှ လန့်နေတာက ဒီအချိန်သာ တယောက်ယောက်ကဗုံးခွဲလိုက်ရင် အားလုံးရှုပ်ကုန်မယ်ဆိုတာပါပဲ။ ဟုတ်တယ်လေ။ တရုတ်မြန်မာနှစ်ငါးဆယ် သံတမန်ဆက်သွယ်ခြင်း အနှစ်ငါးဆယ်ပြည့်ဆိုလို့သာ၊ နားစွန်နားဖျားနဲ့ စွတ်လာနေကြတာ လုံခြုံရေး တင်းတင်းကြပ်ကြပ် ချထားတာလည်း မတွေ့ရဘူးဗျ။

အဲဒီနေ့က ကျနော်တအံ့တသြဖြစ်ရတာကတော့ မြန်မာ့ရုပ်မြင်သံကြားက ဝန်ထမ်းတွေရဲ့ အရည်အချင်းပဲဗျာ။ ကျနော်ဟာ ဝန်ကြီးအဖွဲ့နဲ့ တရုတ်သံအမတ်ကြီးလျန်တုန်းကို နှုတ်ဆက်ပြီးချိန်မှာ ဝန်ကြီးတွေနဲ့ ရောထိုင်နေချင်စိတ်မရှိဘဲ ခန်းမအပြင်ထွက်နေတော့ မြန်မာ့ရုပ်မြင်သံကြား ဝန်ထမ်း

တယောက် ဒီပွဲကို တာဝန်ယူတင်ဆက်တာ ဆရာလားဆိုပြီး မိတ်ဆက်လို့ ဟုတ်ပါတယ်လို့ ပြန်ဖြေလိုက်ပါတယ်။ ဒီမှာတင်သူတို့က ဒါဆို ဆရာသမား ကျနော်တို့အတွက် လက်ဖက်ရည်ဖိုးလေး ဘာလေးလုပ်ပါအုံးတဲ့။ ကျနော်လည်း ငွေနှစ်သောင်းထုတ်ပေးလိုက်ရော ဆရာ့အနေနဲ့ ဘယ်ရုပ်ပုံတွေ ဘယ်စာသားတွေ ပါချင်သလဲမေးလို့ ကျနော့်စိတ်ထဲရှိတာတွေ ဖြေလိုက်တယ်ဗျ။ ကျနော့်ဖြေပြီးလို့ ဆယ်မိနစ်တောင် မကြာလိုက်ပါဘူးဗျာ။ ကျနော်ပြောပြတဲ့ ရိုက်ကွက်တွေ၊ ရုပ်ပုံ၊ စာသားတွေဟာ မြန်မာ့ရုပ်မြင်သံကြားကနေ ကြေညာနေလျက်သား ဖြစ်နေပါတော့တယ်။ ကျနော်ပြောချင်တာက လက်ဖက်ရည်ဖိုး နှစ်သောင်းမဟုတ်ဘူးဗျ။ သူတို့ရဲ့ လုပ်ငန်းကျွမ်းကျင်မှုကို ကျနော်အံ့ဩနေခဲ့တာ။

တရုတ်ဆပ်ကပ်အဖွဲ့ဟာ ရန်ကုန်မြို့ ယဉ်ကျေးမှုကဇာတ်ရုံမှာလည်း ဖျော်ဖြေပြီးရော မြန်မာပြည်အနှံ့ တောက်လျှောက်ဖျော်ဖြေတင်ဆက်ဖို့ စီစဉ်တဲ့အခါ ပထမဆုံးရွေးခဲ့တဲ့ မြို့ကတော့ မန္တလေးပါပဲ။ မန္တလေးအကြောင်း သိနေတဲ့ကျနော်ဟာ သက်ဆိုင်ရာတွေရဲ့ ထောက်ခံချက် အပြည့်အစုံကို ကြိုတင်ပြင်ဆင်ယူဆောင်သွားခဲ့ပါတယ်။ အဲဒီတရုတ်ဆပ်ကပ်အဖွဲ့နဲ့ မီးထွန်းပွဲပြပွဲကို မန္တလေးမှာ လက်ခံကျင်းပပေးဖို့ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းတင်ဆီကနေ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်ဆီပေးတဲ့ ထောက်ခံစာကိုပါ ရအောင်ယူသွားခဲ့ပေမဲ့ မန္တလေးနဲ့ကျနော်ဟာ ကံမစပ်ဘူး ထင်ပါရဲ့။ ဗိုလ်ချုပ်ရဲမြင့်က အဲဒီထောက်ခံစာကိုဖတ်ပြီး ကျနော်တို့ကို လူကိုယ်တိုင်တွေ့ချင်တယ် ဆိုပြန်ပါတယ်။

မန္တလေးနန်းတော်ဝင်းထဲက ဗိုလ်ချုပ်ရဲမြင့်အိမ်ကို ကျနော်ရောက်သွားချိန်ဟာ ညနေ ခြောက်နာရီလောက်ရှိပါပြီ။ ဒီနေရာမှာ ဗဟုသုတရစရာတခုက အဲဒီအချိန်ဟာ တနိုင်ငံလုံးမှာ ရှိတဲ့ တိုင်းမှူးအသီးသီး အကန်တော့ခံချိန်ဆိုပဲ။ ကျနော့်လိုပဲ တိုင်းမှူးနဲ့တွေ့ဆုံဖို့ စောင့်ဆိုင်းနေကြတဲ့ သူတွေ ဆယ့်ငါးယောက်လောက်၊ ကားကြီးကားငယ်၊ လက်ဆောင်ပစ္စည်း အသွယ်သွယ်နဲ့ ရောက်နေ ကြပါတယ်။

ကျနော့်အလှည့်ရောက်လို့ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်ရှေ့ကို ရောက်ချိန်မှာတော့ သူမိန့်ကြားတဲ့ ပဏာမစကားဟာ မှတ်သားလောက်စရာပါပဲ။ သူဟာကျနော်ပေးတဲ့ လက်ဆောင်ထုပ်ကြီးကို လှမ်း ယူရင်း ကိုယ်က ယမမင်းနဲ့တူတယ်။ ဆုတော့ ပေးလို့မရဘူး၊ အပြစ်ကိုတော့ ကြိုက်သလောက် ပေးနိုင်သတဲ့ဗျာ။ ဒီစကား စပြောကတည်းက ကျနော့်အလုပ် အဆင်မပြေလောက်ဘူးဆိုတာကို ကျနော်သဘောပေါက်လိုက်ပါတယ်။ နောက် သူပြောတာက ဒါဟာ တရုတ်နိုင်ငံနဲ့ ပတ်သက်နေတဲ့ အတွက် အထက်ကို အမိန့်ထပ်တောင်းရအုံးမယ်ဆိုပြီး ကျနော်တို့ပွဲကို ကျင်းပဖို့ လတ်တလော ခွင့်မပြုပါဘူးတဲ့ဗျာ။

နောက်ဆုံးတော့ မျှော်လင့်ချက်ကြီးတခွဲသားနဲ့ မန္တလေးဘောလုံးကွင်းတကွင်းမှာ မီးလုံး ပေါင်းသိန်းသောင်းချီပြီး ပြင်ဆင်ထားတဲ့ မီးထွန်းပွဲလည်းပျက်၊ တရုတ်ဆပ်ကပ်သမားတွေလည်း စားစရိတ်ပြုတ်ပြီး မကြာခင် ပြည်ကြီးပြန်သွားကြရပါတော့တယ်။

■

အခန်း (၁၀၀)

# မောင်ဝိတ်နှင့် အတုံ့အလှည့်

ထိုနေ့ကား ကျနော် စခန်းခွဲသို့ ပြန်ရမည့်နေ့ဖြစ်ပါသည်။ ကိုသက်ခိုင်ကား ပင်မစခန်းတွင် သက်သာဈေးဆိုင်ခန်းများ ဆောက်လုပ်ရေး၊ စခန်းအတွက် လျှပ်စစ်ထရန်စဖော်မာ ရရှိရေးတို့အတွက် အလုပ်မအားလပ်သည့်ကြားက ကျနော့်ကို ပင်မစခန်းသို့လိုက်ပို့မည်ဟု ဆိုသည်။

မိုးအကုန် ဆောင်းအကူးဖြစ်သော်ငြား ကုန်းလမ်းဖုန်ဖုန်၊ မရှိသေးသောကြောင့် ပင်မစခန်းမှ စခန်းခွဲသို့ပြန်ရန်မှာ ရေလမ်းတခုတည်းကိုသာ အားကိုးရာရှိသည်။ ကျနော်နှင့်ကိုသက်ခိုင်တို့ နှစ်ယောက် စခန်းဘေးက ချောင်းကိုဖြတ်ကျော်ဆောက်လုပ်ထားသော သစ်သားတံတားပေါ်တွင် အတူထိုင်နေကြရင်း ပင်မစခန်းမှ စခန်းခွဲသို့ ထွက်ခွာမည့် ရိက္ခာတင်သောလှေငယ်ကို စောင့်နေကြချိန်တွင် ကျနော် က စကားစလိုက်မိသည်။

'ဒါနဲ့ ကိုသက်ခိုင်၊ ဒေါ်ကြည်ကြည့်အမှုက မပြီးသေးဘူးလားဗျ။ အဲဒီအမှုပြီးရင် ခင်ဗျားဝေစု တွေအများကြီးရမှာနော်'

ကျနော့်အမေးအဆုံးတွင် ကိုသက်ခိုင်က ကျနော့်ကိုစေ့စေ့ကြည့်လျက်

'ခင်ဗျားကြည့်ရတာ ဒေါ်ကြည်ကြည်ရဲ့ အမွေမှုကြီးကို စိတ်စွဲနေပုံရတယ်၊ ဒါကြောင့် ကျနော် ပြောတာပေ့ါဗျာ။ တချို့နေရာတွေမှာ မသိသင့်တာကို မသိချင်ပါနဲ့လို့'

'အော်၊ ကိုသက်ခိုင်ရယ်၊ ကျနော်လည်း လူထဲကလူမို့ အဲသလောက်ငွေအများကြီးနဲ့ ပတ်သက်တဲ့အမှုအကြောင်းကို ဘယ်လိုလုပ် လွယ်လွယ်မေ့ဖျောက်ပစ်နိုင်ပ့ါမလဲ။ နောက်တော့ ခင်ဗျားပြောသလိုဆို ခင်ဗျားနဲ့မောင်ဝိတ်ဟာ စာရင်းရှင်းစရာတွေကျန်သေးတယ် မဟုတ်လား'

'ဟုတ်ပါရဲ့ဗျာ။ ခင်ဗျားပြောမှ မောင်ဝိတ်အကြောင်း ခေါင်းထဲပြန်ရောက်လာတယ်။ ဒေါ်ကြည်ကြည့်အမှုက မပြီးသေးဘူးဗျ။ တိုင်းတရားရုံး အမိန့်အတည်ဖြစ်ပြီးတဲ့အပြင် အဲဒီမြေကွက်ပါ ကျနော်တို့လက်ထဲကိုရောက်ပေမဲ့ တရားမမှုသဘောအရ နောက်ဆက်တွဲ ဆုံးဖြတ်ချက်တွေကို စောင့်နေရသေးတယ်။ အဲဒီအမှုပြီးပြတ်ရင်တော့ မောင်ဝိတ်နဲ့ စာရင်းရှင်းနိုင်ကောင်းပါရဲ့၊ နေဦးဗျ။

မောင်ဝိတ်နဲ့ပတ်သက်လို့ သူ့ငွေတွေသာ ပြန်မဆပ်နိုင်သေးတာ သူ့အတွက် ကျနော်တတ်နိုင်သလောက် ကျေးဇူးဆပ်ခဲ့တာလေးတွေတော့ ရှိပါသေးတယ်'

'အမယ်လေးဗျာ၊ ခင်ဗျားလက်ထဲ ခြူးတပြားတောင် မကပ်တဲ့အချိန်မှာ ခင်ဗျားက ဘယ်လိုများ မောင်ဝိတ်လိုလူမျိုးကို ကျေးဇူးဆပ်ခဲ့တာလဲဗျ'

'အော်၊ ခြသေ့်နဲ့ ကြွက်ပုံပြင်လိုပေါ့ဗျာ။ ခြသေ့်က ကြွက်ကိုဖမ်းမိတော့ ကြွက်က ကျေးဇူးဆပ်ပါ့မယ်ဆိုတာ ရယ်စရာပေါ့။ တကယ်တမ်း ခြသေ့်ပိုက်ကွန်မှာ ဖမ်းမိနေတော့ ကြွက်က အသုံးတည့်တဲ့သဘောဆိုပါတော့'

'ဒါဆိုလည်း ဘယ်ပုံဘယ်နည်း ကျေးဇူးဆပ်ဖူးတယ်ဆိုတာလေး လင်းစမ်းပါအုံးဗျာ'

ကျနော့်တောင်းဆိုချက်ကြောင့် ကိုသက်ခိုင်ဆက်ခဲ့သော မောင်ဝိတ်နှင့် အတုန့်အလှည့် ဇာတ်လမ်းမှာ အောက်ပါအတိုင်းဖြစ်လေသည်။

ကျနော်နဲ့မောင်ဝိတ် ခင်မင်ရင်းနှီးနေချိန်ဟာ မောင်ဝိတ်ဘဝမှာ ဆေးစက်ကျရာ အရုပ်ထင်နေတဲ့အချိန်ပေါ့။ ဒါကြောင့် ကျနော့်ဆီက ရစရာရှိတဲ့အကြွေးလောက်ကို မောင်ဝိတ်မမှုဘူးလို့ ပြောနိုင်ပါတယ်။ သူဟာ အဲဒီအချိန်က ပြည်ပက သံရိုင်းတုံးတွေတင်သွင်းပြီး သံမဏိစက်ရုံမှာ ကုန်ချောပြန်ထုတ်တဲ့ လုပ်ငန်းအပြင် ပဲမျိုးစုံ ပြည်ပပို့တာ၊ အဆောက်အဦဆောက် လုပ်တဲ့လုပ်ငန်းတွေ လုပ်တာကြောင့် လျှမ်းလျှမ်းတောက် အောင်မြင်နေချိန်ပေါ့။ ကျနော်က ကျနော်ပေးစရာရှိတဲ့ငွေအတွက် အချိန်ဆိုင်းပေးဖို့၊ တချိန်ချိန်မှာ တနည်းနည်းနဲ့ ပြန်ဆပ်ပါ့မယ်ဆိုတဲ့ကတိကြောင့် မောင်ဝိတ်ဟာ ကျနော့်ကို ဘာပြဿနာမှ မရှာခဲ့ဘူးဆိုပါတော့။ ဒါပေမယ့် ကျနော်နဲ့သူ အခေါ် အပြောမပျက်တာကြောင့် သူတိုင်ပင်စရာရှိတဲ့အခါ ကျနော့်ကို လှမ်းခေါ် တတ်ပါတယ်။

တနေ့တော့ ကျနော်ဆီကို အရေးတကြီးလေသံနဲ့ မောင်ဝိတ် ဖုန်းဆက်လာပါတယ်။ ဒါနဲ့ ကျနော်၊ မောင်ဝိတ်ရုံးခန်းရှိတဲ့ သံလွင်လမ်းကို ရောက်သွားတော့ သူက ကျနော့်ကို အပြင် ခေါ် ထုတ်သွားပါတယ်။ သူ့ရုံးနဲ့မလှမ်းမကမ်း တက္ကသိုလ်ရိပ်သာလမ်းပေါ် က စားသောက်ဆိုင်တခုကိုရောက်ရော အအေးခန်းတပ်ထားတဲ့ သီးသန့်ခန်းတခု ယူလိုက်ပြီး ကိုသက်ခိုင် စားချင်တာမှာဗျာလို့ဆိုပါတယ်။ ကျနော်ဟာ အဆာပြေစားစရာတချို့ မှာလိုက်ရင်း မောင်ဝိတ်ရဲ့မျက်နှာကို အကဲခတ်လိုက်မိပါတယ်။ မောင်ဝိတ်ဟာ လှုပ်ရှားနေတဲ့သူ့စိတ်ကို ကြွခြေဆည်နေပေမယ့် အအေးခန်းထဲမှာ ချွေးပြန်နေတာကြောင့် သူ့စိတ်လှုပ်ရှားနေတာ သိသာလှပါတယ်။ တချက်တချက် လေပူတွေကို ဟူးကနဲ မှုတ်ထုတ်လိုက်ရင်း စိတ်ကို ဖြေလျှော့နေပုံပါပဲ။ သူဟာ မှာထားတဲ့စားစရာတွေ လာချအောင်တောင် မစောင့်တော့ပဲ ကျနော့်ကို စကားစလိုက်ပါတယ်။

'ကိုသက်ခိုင်၊ ကျနော်တော့ တော်တော်အကြပ်ရိုက်နေပြီဗျာ။ အကြံလေးဘာလေး ထုတ်စမ်းပါအုံး' တဲ့။ ကျနော်လည်း အကြံပေးဖို့၊ ခင်ဗျား ဘာဖြစ်တယ်ဆိုတာ အရင်ပြောအုံးလေ၊ ဆိုတော့ သူက သူ့အကျႌအိပ်ကပ်ထဲက အကြိမ်ပေါင်းများစွာ ဖတ်ထားတာကြောင့် နွမ်းကြေနေဟန်ရှိတဲ့ စာတစောင်ကို ထုတ်ပြပါတော့တယ်။ အဲဒီစာရွက်ကို ကျနော်ဖတ်ကြည့်လိုက်တော့ အမျိုးသမီး တရားရုံးချုပ် ရှေ့နေတယောက်ရဲ့ နို့တစ်စာဖြစ်နေပါတယ်။ နို့တစ်စာမှာပါတဲ့ အကြောင်းအရာအပြည့်အစုံကို အတိအကျမမှတ်မိတော့ပေမယ့် လိုရင်းကတော့ အမျိုးသမီးတယောက်နဲ့ အတူနေခဲ့ပြီး မှုလက်ထပ်ဖို့ ငြင်းဆန်တာကြောင့် ပြေလည်အောင် ငွေကြေးအတိုင်းအတာတခုနဲ့ ဖြေရှင်းဖို့၊ ဖြေရှင်းမပေးဘူးဆိုရင် တရားဥပဒေရ ဆက်လက်အရေးယူသွားမယ်ဆိုတဲ့ အကြောင်းပါပဲ။

ဒါနဲ့ ကျနော်က မောင်ဝိတ်ကို နေစမ်းပါအုံးဗျ။ ခင်ဗျားက အဲဒီမိန်းကလေးနဲ့ ဒီစာထဲမှာရေးထားသလိုကော အတူနေခဲ့ကြသလားလို့ မေးလိုက်တော့ မောင်ဝိတ်က၊ ကျနော့်မိတ်ဆွေ

အရင်းက ကျနော့်ကို ဂျောက်ချခဲ့တာပေါ့ဗျာ။ အဲဒီမိန်းခလေးနဲ့ အတူနေဘူးတာဟာ၊ အခု နောက်ကွယ်ကနေ မြှောက်ပေးနေတဲ့ ကျနော့်သူငယ်ချင်းနဲ့ပါ အတူတူသုံးယောက် နေခဲ့ဘူးတာပါပဲတဲ့။

ဘာပဲဖြစ်ဖြစ် ဒီကိစ္စဟာ အမျိုးသမီးတယောက်ရဲ့ဘဝ ဖြစ်နေတာမို့ သူပြောတာကိုတော့ အယုံအကြည် မရှိလှပါဘူး။ သူက စကားဆက်ပြန်ပါတယ်။ အေးဗျာ၊ တကယ့်အချိန်ကောင်းမှာ ကျနော့်ကို လက်စတုံးအောင် ဖန်တီးလိုက်တာပါပဲ၊ ကျနော် မင်္ဂလာဆောင်ကာနီးကြီးမှာဗျာလို့လည်း ဆိုပါတယ်။ ဟုတ်ပါတယ်။ အဲဒီအချိန်က သူဟာ ရန်ကုန်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းရဲ့ တူမနဲ့ မင်္ဂလာ ဆောင်တော့မယ့် သတင်းတွေ ထွက်နေချိန်ပါပဲ။ တကယ်တော့ မောင်ဝိတ်ဟာ တိုင်းသိပြည်သိ သူဌေးကြီးဖြစ်နေတာကြောင့် ငွေရလိုမှုတခုနဲ့ ဒီအကွက်ကိုဖန်တီးတာလည်း ဖြစ်နိုင်ချေတရပ်ပါပဲ။ ဒီကိစ္စကို မောင်ဝိတ်မဖြေရှင်းနိုင်ရင် သူ့ဘဝဟာ ရေစုန်မျောဖို့သေချာနေပါပြီ။ သူဟာ တကယ့် သာသနာ့ဒါယကာကြီးတယောက်အနေနဲ့ ရွှေတိဂုံဘုရားရဲ့နေရာအနှံ့မှာ၊ တိပိဋကဓရ မင်းကွန်း ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ အမှူးထား၍ မောင်ဝိတ်မိသားစု ကောင်းမှုဆိုပြီး လှူဒါန်း ထားတဲ့ ကမ္ပည်းစာတွေကိုလည်း ကျနော့်မျက်စိထဲမှာ ပြေးမြင်လာပါတယ်။ ဒါနဲ့ ကျနော်လည်း ကိုမောင်ဝိတ် ဘယ်လိုရှင်းမယ်လို့ စိတ်ကူးထားသလဲမေးလိုက်တော့ သူက ကျနော် သူတို့တောင်းတဲ့ ငွေကိုပေးလိုက်ရင် ကျနော်ဘဝတခုလုံး ပျက်ပြီပေါ့။ တောင်းတိုင်းသာပေးနေရရင် အကြိမ်ကြိမ် တောင်းလာခဲ့ရင် ကျနော်သေပြီပေါ့ဗျာလို့ ဆိုပါတယ်။

ဒီတော့ကျနော်လည်း ခင်ဗျားလိုတာထက်၊ စိတ်ပူမနေပါနဲ့တော့၊ ပြဿနာတခုအတွက် အဖြေတခု အမြဲတမ်းရှိတတ်ပါတယ်။ ဒါပေမယ့်ခင်ဗျားပြောသလို ဒီမိန်းခလေးဟာ ခင်ဗျားတို့ နှစ်ယောက်စလုံးနဲ့ အမှန်တကယ်ပတ်သက်နေခဲ့တာ၊ ဟုတ်မဟုတ်ဆိုတာတော့ ကျနော် သေချာပေါက် သိရမှ ဖြစ်လိမ့်မယ်၊ မိကောင်းဖခင်တယောက်ရဲ့ သားသမီးဖြစ်နေရင်တော့ သိပ်မကောင်းလှဘူးဗျလို့ ပြောလိုက်တော့ မောင်ဝိတ်က ဒီအချက်ကို ခင်ဗျားကြိုက်သလိုသာ စုံစမ်းပါ။ အဖြေမှန်ပေါ် လာရင်သာ ကျနော့်ကိစ္စကို ပြေလည်အောင်ကူညီပေးပါလို့ ဆိုပါတယ်။

ဒီတော့ ကျနော်လည်း မောင်ဝိတ်ကို ခင်ဗျားစိတ်အေးအေးသာ ထားပါလေ၊ ခင်ဗျားပြောသလို မိန်းကလေးရဲ့အကျင့်စာရိတ္တ မရိုးသားရင် ခင်ဗျားကိစ္စပြေလည်ပြီလို့သာ မှတ်လိုက်ပေတော့လို့ ယတိပြတ် ပြောချလိုက်ပါတော့တယ်။ ဘာလို့သူ့ကို အဲသလို ယတိပြတ်ပြောနိုင်တာလည်းဆိုတော့ စောစောက မောင်ဝိတ်ဆီပို့လိုက်တဲ့ နို့တစ်စာမှာ လက်မှတ်ထိုးထားတဲ့ အမျိုးသမီး ရှေ့နေကို ကျနော်ကောင်းကောင်းသိနေလို့ပါပဲ။ အဲဒီအမျိုးသမီး တရားရုံးချုပ်ရှေ့နေဟာ ခွင်ကြီးကြီးတွေကို ခွင်ချပြီး ကိုင်တတ်တဲ့အကြောင်း ကျနော်တစွန်းတစ သိထားနေခဲ့ပါတယ်။

အဲဒီနေ့က မောင်ဝိတ်ကို ကတိပေးခဲ့ပြီး နောက်ဆယ်ရက်အကြာမှာ ကျနော့်လက်စွဲတော် တပည့်ကျော်ဇော်ဦးဟာ အဲဒီမိန်းကလေးရဲ့အိမ်ကို ဝင်ထွက်နိုင်ခဲ့ပြီး၊ သူ့မိဘတွေနဲ့ပါ ရင်းနှီးတဲ့ အခြေအနေရောက်လာပါတယ်။ ဒါကတော့ နည်းလမ်းရှာပြီး ကြံရဖန်ရတာပေါ့ဗျာ။ သူ့သမီးကိစ္စအတွက် လာပါတယ်လို့တော့ ဘယ်ပြောလို့ ဖြစ်ပါ့မလဲ။ ကျနော့်တပည့်ကျော်ဇော်ဦးဟာ မျက်နှာကြီးသားသမီးတွေ ဝင်ထွက်နေတဲ့ နိုက်ကလပ်တွေမှာ ကျင်လည်နေတဲ့သူပါ။ နောက်ဆုံးတော့ အဲဒီမိန်းကလေးမိဘတွေဟာ မောင်ဝိတ်နဲ့ဖြစ်တဲ့ပြဿနာကို သိပုံမရဘူးဆိုတာ သေချာလာပါတယ်။ နောက်ဆုံးတော့ မောင်ဝိတ်ပြောခဲ့သလို မောင်ဝိတ်ရဲ့လူရင်း သူငယ်ချင်းဟာ အဲဒီမိန်းခလေးနံမည်ကို သုံးပြီး တရားရုံးချုပ် ရှေ့နေကို နို့တစ်ပို့ခိုင်းတဲ့ကိစ္စဟာ ဗူးပေါ် သလို ပေါ် လာပါတော့တယ်။ ဒီမှာတင် တပည့်ကျော် ဇော်ဦးရဲ့အစွမ်းနဲ့ မောင်ဝိတ်ရဲ့ပြဿနာကို ပြေလည်အောင် ဖြေရှင်းနိုင်ခဲ့ပါတော့တယ်။

ကျနော့်ကို မောင်ဝိတ်အကူအညီတောင်းခဲ့တာဟာ ဒီတကြိမ်တည်းတင် မဟုတ်ပါဘူး။ သူဝယ်ထားတဲ့ ခြံမြေတခုနဲ့ ပတ်သက်ပြီး အရှုပ်ထုပ်တခုကို ဖြေရှင်းဖို့ အကူအညီတောင်းခဲ့ပါသေးတယ်။ သူပြောတာကတော့ သူဟာ ကိုးမိုင်ဘက်က ခြံတခုကို တရားဝင်စာချုပ်တခုနဲ့ အပြီးအပိုင်ဝယ်ယူထားခဲ့ရာက နောက်ပိုင်း ပိုင်ဆိုင်မှုအရှုပ်အထွေးဖြစ်ပြီး ဗဟိုတရားရုံးချုပ်အထိ အဆင့်ဆင့် အနိုင်ရခဲ့တယ်လို့ ဆိုပါတယ်။ နောက်ဆုံးတော့ အထူးစုံညီတရားရုံးကနေ မောင်ဝိတ်ကို တရားရှုံးအဖြစ်၊ ထူးဆန်းစွာ အဆုံးအဖြတ်ပေးလိုက်တယ်တဲ့ဗျ။ ဒီကိစ္စဖြစ်တုန်းက ကျနော်ဟာ ဒေါ်ကြည်ကြည်ရဲ့ အမှုလို ရှုပ်ထွေးသိမ်မွေ့လှတဲ့ အမှုမျိုးကို ဝင်ရောက်ဖြေရှင်းနေချိန်မို့ ဒီသတင်းကို မောင်ဝိတ်ကြားပြီး ကျနော့်ကို အကူအညီတောင်းခဲ့ဟန် ရှိပါတယ်။ ကျနော်ဟာ မောင်ဝိတ်ရဲ့အကြွေးတွေကို မဆပ်နိုင်ခင် ကျနော်တတ်နိုင်တဲ့ဘက်က ကူညီဖို့ ဆုံးဖြတ်ထားတာကြောင့် မောင်ဝိတ်ရဲ့ အမှုတွဲနံပါတ်ကို သိနိုင်အောင် တရားရုံးစီရင်ချက် မိတ္တူတစောင်တောင်းယူပြီး သူ့အမှုတခုလုံးကို လေ့လာနိုင်အောင် စီစဉ်ခဲ့ပါတယ်။ သာမန်လူတယောက်အဖို့ မလွယ်ကူလှပေမယ့် ကျနော်ကတော့ ကျနော်မိတ်ဆွေ တရားရုံးဝန်ထမ်းတယောက်ရဲ့ အကူအညီနဲ့ ဗဟိုတရားရုံး အမှုမှတ်တမ်းဌာနမှာ သိမ်းထားတဲ့ မောင်ဝိတ်ရဲ့ အမှုမှတ်တမ်းဖိုင် အထူကြီးကို တရားမဝင်တဲ့နည်းနဲ့ အပြင်ကို ထုတ်လာနိုင်ခဲ့ပါတယ်။

ကျနော့်လက်ထဲ ကိုရောက်လာတဲ့ အမှုမှတ်တမ်းကြီးကို သေချာဖတ်ကြည့်လိုက်တော့၊ လားလား၊ မောင်ဝိတ် ဝယ်လိုက်တဲ့ခြံကြီးဟာ ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ပတ်သက်နေတာကလားဗျာ။ ဟုတ်ပါတယ်။ အမှုမှာ တရားလို၊ တရားပြိုင်အနေနဲ့ အကြိမ်ကြိမ်ဖော်ပြထားတဲ့ နာမည်က ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးစိုင်းညွန့်လွင် (ယခု ထောင်ဒဏ်နှစ်ရှည်ကျခံနေရသူ)တဲ့ဗျာ။ ဦးစိုင်းညွန့်လွင်ကို ကျနော်မမြင်ဘူးသေးပေမယ့် သူ့နာမည်ကို ကျနော် ရင်းနှီးနေပါပြီ။ ဒါက လည်း ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့နဲ့ပတ်သက်လို့ ရေဒီယိုတွေ၊ သတင်းဌာနတွေကတဆင့် ဆိုပါတော့။ မောင်ဝိတ်ရဲ့ အမှုတွဲအနေအထားကို လေ့လာလိုက်တော့၊ အဲဒီမြေကွက်ရဲ့ ပိုင်ဆိုင်မှုအနေအထားဟာ တော်တော်ရှုပ်ထွေးနေတာ တွေ့ရပါတယ်။ ကျနော် ဉာဏ်မီသလောက်ဆိုရင် ဗဟိုတရားရုံးနဲ့ အောက်ရုံးအဆင့်ဆင့်ရဲ့ ဆုံးဖြတ်ချက်တွေအရ မောင်ဝိတ်ကို အနိုင်ပေးခဲ့တာဟာ အမှုသွား အမှုလာအရ မှားတယ်လို့မဆိုနိုင်ပါဘူး။ ထူးဆန်းတာက အောက်ရုံးအဆင့်ဆင့်သာမက ဗဟိုတရားရုံးကပါ အနိုင်ပေးခဲ့တဲ့အမှုဟာ နောက်ဆုံးစုံညီခုံရုံးမှာ ရှုံးနိမ့်သွားခဲ့တဲ့အချက်ပါပဲ။ ဒီနေရာမှာ ကျနော်စဉ်းစားမိတာက ဒီအမှုရဲ့နောက်ကွယ်မှာ မြှုပ်ကွက်တခုခု ကြီးကြီးမားမား ရှိရမယ်လို့ ထင်မိတာကြောင့် နောက်ကွယ်ကအကြောင်းကို ကျနော့်နည်း ကျနော့်ဟန်နဲ့ စုံစမ်းလိုက်တဲ့အခါ အဲဒီစုံညီခုံရုံး စီရင်ချက်အတွက် ဖိအားပေးခဲ့သူကတော့ အတွင်းရေးမှူး (၂) ဗိုလ်ချုပ်ကြီးတင်ဦး ဖြစ်နေတယ်ဆိုတာ သိလိုက်ရပါတယ်။ ဖိအားပေးခဲ့တဲ့ အကြောင်းရင်းကလည်း အဲဒီ ခြံမြေကိစ္စကနေ မီးခိုးကြွက်လျှောက်ဆိုသလို ရှမ်းပြည်နယ်ခွဲထွက်ရေးအထိ ပြဿနာကြီးသွားနိုင်လို့လည်း ဖြစ်နိုင်ပေလရဲ့ဗျာ။

အဲဒီအကြောင်းကို ဖွင့်ဟခဲ့သူကတော့ တရားပြိုင် ဦးစိုင်းညွန့်လွင်ကိုယ်တိုင်ပါပဲ။ ဟုတ်ပါတယ်။ ကျနော်ဟာ ကျနော့်ပေါင်းသင်းဆက်ဆံရေးအတတ်ပညာနဲ့ ကိုစိုင်းညွန့်လွင်ကို တရင်းတနှီးဖြစ်လာအောင် ကြိုးပမ်းနိုင်ခဲ့ပါတယ်။

တကယ်တော့ အဲဒီကိုးမိုင်ခြံကြီးဟာ ရှမ်းရွာလို့ခေါ်တဲ့နေရာပါ။ ဟိုခေတ်ဟိုအခါက တောခေါင်ခေါင်ဖြစ်ခဲ့ဟန်ရှိတာကြောင့် ပိုင်ဆိုင်မှု စာရွက်စာတမ်း မခိုင်မာလှပါဘူး။ အဲဒီခြံထဲမှာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ရုံးဖွင့်ထားပြီး သူတို့ပါတီတံဆိပ်တွေ၊ အလံလေးတွေနဲ့ ရှမ်းရိုးရာ အဝတ်အစားတချို့ တင်ရောင်းနေတာတွေ့ရပါတယ်။ ဒါကလည်း ကိုစိုင်းညွန့်လွင်ကိုယ်တိုင် သူတို့ခြံထဲ၊

ကျနော့်ကို ခေါ် သွားဖူးလို့ပါ။ အဲဒီခြံထဲကို ကိုစိုင်းညွန့်လွင် မိတ်ဆက်ပေးတာကြောင့် ကျနော်တို့ ခေတ်က နာမည်ကြီးရုပ်ရှင် သမန်းကျားဇာတ်ကားမှာ မင်းသား ဝင်းလှိုင်၊ သမန်းကျား ကိုမြင့်တို့နဲ့ တွဲဖက်သရုပ်ဆောင်ခဲ့တဲ့ ရှမ်းတိုင်းရင်းသား ရုပ်ရှင်သရုပ်ဆောင် စိုင်းဝဏ္ဏနဲ့လည်း ရင်းနှီးခွင့်ရခဲ့ပါသေးတယ်။ ကိုစိုင်းညွန့်လွင်ဟာ ကျနော်နဲ့ မောင်ဝိတ်ပတ်သက်နေတာကို မသိရှာပါဘူး။ ကိုစိုင်းညွန့်လွင်ဟာ ကျနော်နဲ့ အသက်ချင်းသိပ်မကွာလှတဲ့ လူရိုးလူအေး၊ လူကောင်းတယောက်ဖြစ်ပြီး နိုင်ငံရေးက လွဲရင် ဘာကိုမှ နားလည်ဟန်ရှိသူ မဟုတ်ပါဘူး။

မောင်ဝိတ်ဟာ ကျနော်တရားရုံးချုပ် မှတ်တမ်းဌာနကနေယူလာတဲ့ အမှုတွဲမှတ်တမ်းကြီးကို မြင်တော့ တော်တော်အံ့ဩသွားပါတယ်။ ငွေကုန်ချင်သလောက်ကုန်ပါစေ၊ ဒီအမှုကို ပြန်ပြီး အနိုင်ရအောင်လုပ်ပါလို့ ဆိုလာပါတယ်။ ဒါပေမယ့် ကျနော်မောင်ဝိတ်ကို ဆက်ပြီး မကူညီနိုင်ခဲ့တော့ပါဘူး။ ဘာကြောင့်လည်းဆိုတော့ အဲဒီနေ့ညမှာပဲ ကိုစိုင်းညွန့်လွင်ဟာ ကျနော့်ရုံးခန်းကိုရောက်လာတာကြောင့် နှစ်သစ်ကူးညအဖြစ် ကိုစိုင်းညွန့်လွင်ကို အရက်တိုက်ရာက စကားလက်ဆုံကျကြရင်း ကိုစိုင်းညွန့်လွင်ရဲ့ စိတ်ဓာတ်နဲ့ ဘဝအခြေအနေအပြည့်အစုံကို သိလိုက်ရလို့ပါပဲ။ ကိုစိုင်းညွန့်လွင်ဟာ နိုင်ငံရေးကို ယုံကြည်ချက်တခုနဲ့ တစိုက်မတ်မတ်လုပ်နေပေမယ့် ဥစ္စာဓနပြည့်စုံသူ မဟုတ်ရှာပါဘူး။ သူရဲ့ စားဝတ်နေရေးအတွက် ငွေလိုအပ်ကြောင်း သူတို့ ရှမ်းရွာခြံနဲ့ပတ်သက်လို့ ကိုသက်ခိုင် စိတ်တိုင်းကျ စီမံနိုင်တဲ့အကြောင်း၊ ရှမ်းရွာမှာနေထိုင်သူအားလုံး သူ့ကို ယုံကြည်ကိုးစားကြတာကြောင့် သူ့စကားတခွန်းနဲ့တင် ပြီးနိုင်ကြောင်းတွေ ပြောပြခဲ့လို့ပါပဲ။

ကျနော်ဟာ ကိုစိုင်းညွန့်လွင်ကို အကြံတခုနဲ့ ချဉ်းကပ်နေခဲ့တာမို့ သူကျနော့်အပေါ် ယုံကြည်မှုရှိနေတာကို သိလိုက်ရတဲ့အခါ ကျနော်အတော်တုန်လှုပ် ချောက်ခြားသွားပါတယ်။ အဲဒီခြံမြေ အမှုကိုလည်း ဆက်လုပ်ချင်စိတ် မရှိတော့ပါဘူး။ တကယ်တော့ အဲဒီအမှုကို ကျနော်ဝင်လိုက်ရင် အမှုအခြေအနေဟာ တမျိုးတမည် ပြောင်းလဲသွားနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒါမျိုးဟာ မစားအပ်တဲ့ အသီးလို့ ကျနော်မှတ်ယူခဲ့ပြီး အဲဒီအမှုကို လက်ရှောင်ခဲ့ပါတယ်။

ဗမာပြည်ကြီးအကြောင်း၊ စီးပွားရေးလောကကြီးအကြောင်း အထိုက်အလျောက်နောကြေနေတဲ့ ကျနော်ဟာ မောင်ဝိတ်ကို တန်ဘိုးကြီးတဲ့စကားတခွန်း လက်ဆောင်ပါးခဲ့ပါသေးတယ်။

အဲဒီစကားကတော့၊ ကိုမောင်ဝိတ်၊ မြန်မာနိုင်ငံစီးပွားရေးဟာ ပုံမမှန်တဲ့ စီးပွားရေးစံနစ်ဖြစ်တယ်။ ခင်ဗျားဟာ အသက်ငယ်ငယ်နဲ့ စီးပွားရေးလောကမှာ အများကြီးအောင်မြင်နေသူမို့ မကြာခင် ဒုက္ခရောက်သွားနိုင်တယ်၊ ဒီအချက်ကို ခင်ဗျား သတိကြီးစွာထားစေချင်တယ်၊ ဗမာပြည်က သူဌေးတော်တော်များဟာ အကြောင်းပြချက် ခိုင်ခိုင်မာမာမရှိပဲ ကျဆုံးသွားတတ်တယ်ဆိုတဲ့ စကားပါပဲ။ ကျနော့်စကားကြောင့် မောင်ဝိတ်ဟာ ခပ်လှောင်လှောင်ရယ်မောလိုက်ပြီး၊ ဒီမယ်ကိုသက်ခိုင်၊ မြန်မာ့ရုပ်မြင်သံကြားကလွှင့်တဲ့ တရားသူကြီး ပေါင်ချိန်ဇာတ်လမ်းတွဲကို ခင်ဗျားကြည့်ဘူးတယ်မဟုတ်လား။ ခွေးခေါင်းဓားစက်၊ နဂါးခေါင်း ဓားစက်၊ ကျားခေါင်း ဓားစက်တွေရှိတဲ့အနက် ဘယ်လို ဓားစက်မျိုးမှ မောင်ဝိတ်ကို သတ်လို့မရဘူးမှတ်လိုက်ပါလို့ ပြန်ပြောခဲ့ပါတယ်။ (ကိုသက်ခိုင် သတိပေးစကားပြောအပြီး နောင်ခုနှစ်နှစ်ခန့်အကြာတွင် မောင်ဝိတ်သည် မူးယစ်ဆေးဝါးမှုဖြင့် ထောင်ဒဏ်ဆယ်နှစ်ကျခံခဲ့ရကာ ယခုပုသိမ်ထောင်တွင် ရောက်ရှိနေသည်။)

ကျနော်မောင်ဝိတ်ကိစ္စတွေ လိုက်ရှင်းနေတဲ့တချိန်တည်းမှာပဲ ကျနော်ဟာ စီကူးမား တရားစွဲတဲ့ အမှုကိုလည်း လိုက်ရှင်းနေရပါတယ်။ စီကူးမား ကျနော့်ကို တရားစွဲတဲ့ အမှုခေါင်းစဉ်က ကုမ္ပဏီ ဆိုင်းဘုတ်ကို နံမည်ပြောင်းတဲ့အမှုတဲ့ဗျာ။ တကယ်တော့ ကုမ္ပဏီရဲ့ရှယ်ယာ ကိုးဆယ်ရာခိုင်နှုန်းဟာ ကျနော်ပိုင်တာမို့ ဘယ်လိုနည်းနဲ့မှ တရားမစွဲနိုင်ပေမယ့် တရားဥပဒေ မရှိတော့သလိုဖြစ်နေတဲ့

ကျနော်တို့နိုင်ငံမှာ ကျနော်ဟာ တရားခံဖြစ်ခဲ့ရပါတယ်။ ကျနော့်ကို တပ်ထားတဲ့ ပုဒ်မတွေကတော့ ၄၀၇၊ ၄၀၉ တဲ့ဗျာ။ ရဲစခန်းက ကျနော့်အမှုကို မြို့နယ်အဆင့် ဥပဒေအကြံပြုချက် ရယူတဲ့အခါ ဖြစ်မှုမမြောက်ကြောင်း ပယ်ချခဲ့ပြီး၊ နောက်ခရိုင်အဆင့်ကို တင်တဲ့အခါမှာတော့ တရားစွဲတင်သင့်ကြောင်း ဆုံးဖြတ်ပြန်တာမို့ ကျနော် အချုပ်နှစ်ပတ် ကျခဲ့ပြန်ပါတယ်။ ရီမာန်ပြည့်တဲ့နေ့မှာတော့ ကျနော် အာမခံနဲ့ ပြန်လွတ်လာပါတယ်။

ငွေရှာနည်းသိထားတဲ့ကျနော်ဟာ စီကူးမားနဲ့ဖြစ်တဲ့အမှုကို နှစ်ဘက်ကြေလည်ဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်။ ပထမဆုံးစီကူးမားဘက်က နစ်နာကြေး သိန်းသုံးဆယ်လိုချင်တယ်ဆိုတာကြောင့် ဦးဝင်းဖေကတဆင့် ငွေသိန်းသုံးဆယ်ကို သွားပို့တဲ့အခါ သိန်းလေးဆယ်ဖြစ်လာပါတယ်။ သိန်းလေးဆယ်ကို သဘောတူလိုက်တော့ သိန်းငါးဆယ်ဖြစ်လာပြန်ပါတယ်။ နောက်ပိုင်း သိန်းခြောက်ဆယ်၊ သိန်းခုနစ်ဆယ်၊ သိန်းရှစ်ဆယ်ကနေ သိန်းတရာအထိ လိုက်လျှော့ခဲ့တာတောင် စီကူးမားဖက်က ခေါင်းမာနေတာမို့ သူ့ကိုပေးမယ့်ငွေတွေကို တရားရုံးအဆင့်ဆင့်မှာပဲသုံးပြီး အမှုပြီးပြတ်အောင် စီစဉ်ရပါတော့တယ်။

နောက်ဆုံးတော့ ပုဇွန်တောင်မြို့နယ်တရားရုံးကနေ ကျနော့်အမှုကို အပြီးအပြတ် လွှတ်လိုက်တာကြောင့် စီကူးမားဟာ ခရိုင်အဆင့်ကို အယူခံတက်ပြန်ပါတယ်။ ခရိုင်အဆင့်မှာလဲ အောက်ရုံးအဆင့်ကအမိန့်ကို အတည်ပြုတာကြောင့် စီကူးမားဟာ ဗဟိုတရားရုံးအဆင့်ကို အယူခံတက်ပါတော့တယ်။

ကျနော်ဟာ စီကူးမားအမှုအတွက် တရားရေးဝန်ထမ်းပေါင်းများစွာနဲ့ ဩဇာအာဏာရှိသူတော်တော်များများကို ချဉ်းကပ် အကူအညီတောင်းခဲ့ရပါတယ်။ အဲဒီအထဲမှာ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုရဲ့သား ကျော်စွာမြင့်အဆက်အသွယ်နဲ့ နိုင်ငံတော်တရားသူကြီးအဖွဲ့ဝင် ဦးတင်အေး၊ မဆလ ဗိုလ်ချုပ်ကြီးဦးနေဝင်းရဲ့ တူတော်မောင် ကိုသီဟတို့လည်း ပါလေရဲ့ဗျာ။ အဲဒီအမှုနဲ့ပတ်သက်လို့ ကျနော် နောက်ဆုံး အကူအညီတောင်းခဲ့တဲ့သူကတော့ ဒုတိယတရားသူကြီးချုပ် ဗိုလ်ချုပ်သိန်းစိုး (နောင် ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ) ပါပဲ။

ဗိုလ်ချုပ်သိန်းစိုးအိမ်ကို ဆယ်သိန်းလောက်တန်တဲ့ ဂေါက်သီးအိတ်တစုံနဲ့ ကျနော်ရောက်သွားချိန်ဟာ ညခုနစ်နာရီသာသာမို့ ဗိုလ်ချုပ်သိန်းစိုးဟာ ကိုးရီးယားကားကို စိတ်ဝင်တစားကြည့်နေတာကြောင့် ကျနော့်အမှုကို စိတ်ဝင်စားဟန် မပြခဲ့ပါဘူး။ အောက်ရုံးကလွှတ်ပြီးသားအမှုကို ကိုယ်တို့ဘာမှ ထပ်ပြီး ပြင်ဆင်စရာမရှိဘူး၊ စိတ်အေးအေးသာနေပါလေဆိုတဲ့ စကားတခွန်းနဲ့ ကျနော်ပြန်လာပေမယ့် အဲဒီနေ့က သူ့အပြုအမူကြောင့် ကျနော်စိတ်မအေးခဲ့ရပါဘူး။

ကျနော် စိတ်မအေးတဲ့ အတိုင်းပါပဲ၊ မကြာခင်မှာ ကျနော့်ကို ထောင်ဒဏ်ငါးနှစ် ကျခံစေရန်ဆိုပြီး ကျနော့်မျက်ကွယ်မှာ ဗဟိုတရားရုံးက အမိန့်ချလိုက်ပါတော့တယ်။ အဲဒီအချိန်မှာ ကျနော်ဟာ အပြင်မှာလွတ်လပ်သူဖြစ်နေပေမယ့် တရားဥပဒေအရ ထောင်ကျတယောက်ဖြစ်သွားခဲ့ပါပြီ။ ကျနော် ကိုယ်တိုင် တရားရုံးတခုခုကို သတင်းပို့ပြီး ထောင်ထဲကို ဝင်ရတော့မှာပါ။ အမှန်ပြောရရင် ကျနော်ဟာ ထောင်ဆိုတဲ့အရာကို အတော်စိတ်ကုန်ခဲ့ပါပြီ။ ထောင်ထဲကို ပြန်ဝင်ချင်စိတ် လုံးလုံးမရှိတော့ပါဘူး။ ကျနော့်အမှုအတွက် ဗဟိုတရားရုံးရဲ့အမိန့်ကို အယူခံချင်တယ်ဆိုရင်လည်း ပြစ်ဒဏ်ကျ အကျဉ်းသားဘဝနဲ့ ထောင်ထဲကသာ အယူခံခွင့်ရှိပါတော့တယ်။

အဲဒီအချိန်မှာ၊ ကျနော်အကြိမ်ကြိမ် တောင်းပန်တိုးလျှိုး ညှိနှိုင်းခဲ့ပါလျက်နဲ့ ကျနော့်ကို ထောင်မကျကျအောင်ဖန်တီးခဲ့တဲ့ စီကူးမားကို လက်စတုံးပစ်လိုက်ဖို့ စိတ်ကူးပေါ် လာပါတော့တယ်။ ကျနော့်စိတ်ကူးကတော့ စီကူးမားရဲ့ ခြေတွေ လက်တွေ ဖြတ်တောက်ပြီး မသေမရှင် လုပ်ထားဖို့ပါပဲ။

စိတ်ထဲမှာ အရှုံးမီးဝိုင်းသလို၊ ခံစားနေရတဲ့ ကျနော်ဟာ အဲဒီလိုစိတ်တွေ အကြိမ်ကြိမ်ဖြစ်ခဲ့ပြီးမှ ကိုယ့်အသက်ကို ရန်ရှာခဲ့သူကိုတောင် ခွင့်လွှတ်စိတ် မွေးနိုင်ခဲ့တာကို ပြန်သတိရရင်း အတတ်နိုင်ဆုံး စိတ်ကို ထိန်းချုပ်နေရပါတယ်။ နောက်ပိုင်း ကျနော် စိတ်မထိန်းနိုင်တဲ့အဆုံး ကျနော့်နည်းကျနော်ဟန်နဲ့ စီကူးမားကိုအကွက်ချ ဒုက္ခပေးလိုက်တာ စီကူးမားဟာ မူးယစ်ဆေးဝါးအမှုနဲ့ ကျနော့်အရင် ထောင်ထဲကိုရောက်သွားပါတော့တယ်။ အသေးစိတ်တော့ မမေးပါနဲ့တော့ဗျာ။ ဒုစရိုက်လောကမှာ ကျင်လည်ခဲ့တဲ့ကျနော့်အဖို့ လူတယောက်ကို ထောင်ထဲသွင်းတဲ့အလုပ်ဟာ ထမင်းစားရေသောက်ကိစ္စလို့ဆိုနိုင်ပါတယ်။ အခုနေ ပြန်စဉ်းစားကြည့်ရင် စိတ်မကောင်းစရာပါပဲဗျာ။ တကယ်တော့ စီကူးမားဟာ ကိုယ်ပိုင်ဆင်ခြင်တုံတရားမရှိပဲ အပေါင်းအသင်းတွေ သောက်ဖော်စားဘက်တွေက မြှောက်ပင့်ပေးတာကို အဟုတ်ထင်ပြီး ကျနော့်ကို တန်းယှဉ်ခဲ့တာပါ။ နောက်ဆုံးတော့ သူ ဒုက္ခရောက်စေချင်တဲ့ ကျနော် ထောင်ထဲမရောက်ခင် သူက အရင် ထောင်ထဲရောက်သွားရတာပါပဲ။

စီကူးမား ထောင်ထဲရောက်သွားချိန်မှာ ကျနော်ဟာ ပြည်ပနိုင်ငံတခုကို တိမ်းရှောင်ဖို့ မြဝတီဘက်ကို၊ တပည့်ကျော် ကုလားလေးရာဂျားနဲ့ ရောက်ခဲ့ပါတယ်။ တိတိကျကျပြောရရင် ၂၀၀၂ ခုနှစ်ပေါ့။ မြဝတီနဲ့ မဲဆောက် ဆက်သွယ်ထားတဲ့ နယ်စပ်တံတားကြီးအနားမှာ အိမ်တလုံးငှားပြီး အဆက်အသွယ် ရှာနေခဲ့ပါတယ်။ အဲဒီတုန်းက မဲဆောက်ကို ရှစ်လေးလုံး အရေးတော်ပုံကတည်းက ရောက်နေခဲ့တဲ့ ကိုကျော်ထက်ကိုဆက်သွယ်ပြီး မဲဆောက်မှာ အခြေချဖို့ကြိုးစားခဲ့ပေမဲ့ နိုင်ငံရေးကလွဲပြီး ဘာမှ နားမလည်ရှာတဲ့ ကိုကျော်ထက်ဆီက ဘာအကူအညီမှ မရခဲ့ပါဘူး။ ဒါလည်း သူ့ကို အပြစ်တင်လို့ မရပြန်ဘူးဗျ။ ကျနော့်ဘဝ ဇာတ်ကြောင်းစုံကို ကျနော်ဖွင့်မှ မပြောခဲ့တာကိုး။

မြဝတီမြို့မှာ ရှိနေခိုက် ကျနော်ဟာ တုန်လှုပ်ခြောက်ခြားတဲ့စိတ်နဲ့ အရက်ကို နေ့ရောညပါ သောက်နေခဲ့တာကြောင့် တစတစ ကျန်းမာရေးကိုပါ ထိခိုက်လာပါတော့တယ်။ စီကူးမားကို နာကျည်းတဲ့စိတ်၊ ထောင်ထဲဝင်ရမှာ စိုးရိမ်တဲ့ စိတ်တွေကြောင့် ညညဆို အိပ်လို့ မပျော်တော့ပါဘူး။ ဒီလိုနဲ့ ကျနော့်အယူခံရက်ဟာ တဖြည်းဖြည်းကုန်ဆုံးလာတာကြောင့် နောက်ဆုံးတော့ ဆုံးဖြတ်ချက်တခုကို ချလိုက်ရပါတော့တယ်။ အဲဒီဆုံးဖြတ်ချက်က ထောင်ထဲကိုဝင်ပြီး ထောင်ထဲကနေ အယူခံဝင်ဖို့ပါပဲ။ ဟုတ်ပါတယ်။ စိတ်ပမ်း လူပမ်းတဲ့ဒဏ်ကြောင့် ကျနော့်ကျန်းမာရေးဟာ ဆိုးဆိုးရွားရွား ကျဆင်းနေပါပြီ။ တကယ်လို့ သေရမယ်ဆိုရင် သက်ဝေရဲ့လက်ထဲမှာပဲ သေတော့မယ်ဆိုတဲ့ စိတ်တခုဟာလည်း ကျနော့်ကို ရန်ကုန်ပြန်ဖြစ်အောင်၊ ထောင်ထဲကနေ အယူခံပြန်ဝင်ဖြစ်အောင် လှုံ့ဆော်မှုတခု ဖြစ်ခဲ့ပါတယ်။

ကျနော်ဟာ ဖန်ခွက်၊ အရက်တပုလင်း၊ ကြက်မောက်သီးတတွဲနဲ့ အတူ ပုတ်ပြတ်စီးလုံးငှားကားတစီးနဲ့ ရန်ကုန်ဘက်ကို ပြန်ခဲ့ပါတော့တယ်။ လနဲ့ချီပြီး အိပ်မပျော်ခဲ့တဲ့ကျနော်ဟာ ဝေဒနာ သက်သာလိုသက်သာငြား အရက်ကိုပဲ အဖော်ပြုနေခဲ့ရတဲ့အပြင် ဘာအစာမှ စားချင်စိတ်မရှိ တော့တာကြောင့် အရက်လေးတငုံသောက်လိုက် ကြက်မောက်သီး တလုံးနှစ်လုံးစားလိုက်နဲ့ အင်းစိန်ထောင်ရှိရာ ရန်ကုန်မြို့ကို ခရီးနှင်နေခဲ့ပါတယ်။ ကျန်းမာရေးအတွက် ထမင်းတနပ်တလေ စားလိုစားငြား ကျနော့် တပည့်ကျော် ရာဂျားက လမ်းမှာတွေ့တဲ့ ထမင်းဆိုင်တခုမှာ ပြင်ဆင်ပေးတော့လည်း ထမင်းပွဲကို မြင်တာနဲ့ ထိုးအန်တော့တာပါပဲဗျာ။ ဒါကြောင့် အရက်နှစ်ခွက်လောက်သောက်ပြီး ထမင်းလေးငါးလုပ်လောက်ကြိုးစား စားလိုက်ရပါတယ်။ ရာဂျားကတော့ ကျနော် ရန်ကုန်မရောက်ခင် အသက်ထွက်သွားတော့မလားဆိုပြီး စိုးရိမ်နေရှာဟန် တူပါတယ်။

အဲဒီခရီးမှာ ထူးထူးဆန်းဆန်းတခု ကြုံရတာကတော့ ရက်ပေါင်းများစွာ အိပ်မပျော်ခဲ့တဲ့ ကျနော်ဟာ ရုတ်တရက် ငိုက်မြည်းသလိုဖြစ်သွားပြီး ဗြဟ္မာ့ ဘုံက ဆင်းလာသူတွေ နေကြတယ်ဆိုတဲ့ ရွာကြီးတရွာဆီကို ရောက်သွားသလို ခံစားခဲ့ရတာပါပဲ။ သေချာပြောရရင် အဲဒီရွာကြီးဟာ ကျနော်

ရောက်ခဲ့ဘူးတဲ့ ရွာကြီးတရွာလို့ စိတ်ထဲက 'ထင်မိပါတယ်။ အဲဒီရွာကြီးရဲ့ ရွာလည်လမ်းမကြီးမှာ ကျနော်နဲ့ဆွေမျိုးတော်စပ်ခဲ့တဲ့ လူတချို့က ကျနော့်ကို ကြိုဆိုနေကြလေရဲ့။ ဒီမှာတင် ရုပ်ရှင်နောက်ကြောင်းစကားပြောသံလိုလို ကြားရပြီး ဒီရွာက လူတွေဟာ ပြဟ္မာ့ဘုံက ဆင်းလာကြတဲ့အကြောင်း စားရေးသောက်ရေး မပူပင်ရပဲ ထောပတ်နဲ့ ဆီအိုးတွေဟာ မြေကြီးထဲက အလိုလိုထွက်လာတဲ့ အရပ်ဖြစ်ကြောင်း၊ လောဘဒေါသ နည်းသူတွေဖြစ်ကြတဲ့ အကြောင်း၊ ဒီရွာမှာ နေထိုင်သူတွေအားလုံး အသက်ရှည်ကြကြောင်း၊ စကားသံတွေ ကြားနေပါတယ်။ ကျနော်ကတော့ ကျနော် စိတ်ဖောက်ပြန်သွားပြီလို့ ထင်မိတာပါပဲ။ (အပြည့်အစုံကို၊ မင်းဒင်၏ ဖြစ်ပျက်ရှာပုံတော်ခရီးသည်တွင် ဖတ်ရှုနိုင်ပါသည်။)

ကျနော်ရန်ကုန်ကိုရောက်တော့ ဇနီးသည်ရဲ့အစီအစဉ်နဲ့ အရက်စွဲနေတဲ့ရောဂါကို ကုဖို့ ဒေါက်တာသိန်းဌေးဖေရဲ့ဆေးခန်းမှာ လေးရက်ကြာ ဆေးကုသမှု ခံယူခဲ့ရပါသေးတယ်။ ဘယ်လိုခေတ်မီဆေးဝါးမျိုးစုံနဲ့ ကုသပေမယ့် စိတ်ဒဏ်ရာ အကြီးအကျယ်ခံစားနေရတဲ့ ကျနော်ဟာ တူးထူးထွေထွေ မသက်သာခဲ့ပါဘူး။ ဒီလိုနဲ့ ဆေးရုံကဆင်းအပြီး နောက်တရက်မှာတော့ ကျနော်ဟာ လှိုင်မြို့နယ်တရားရုံးကို သတင်းပို့ပြီး ထောင်ထဲဝင်ဖို့ စီစဉ်လိုက်ပါတော့တယ်။ ဖြစ်ချင်တော့ မြို့နယ်တရားသူကြီး ဦးတင့်ဝေဟာ ကျနော့်မိတ်ဆွေအရင်းကြီး ဖြစ်နေပြန်ပါတယ်။ ကျနော် ထောင်ထဲဝင်တော့မဲ့ အချိန်မှာ အထူးအဆန်းအဖြစ် ရောက်လာကြတဲ့ ပရိသတ်ကလည်း မနည်းလှပါဘူး။ ဒီလိုနဲ့ ကျနော်ဟာ ကျနော့်ဇနီးသက်ဝေစီစဉ်ပေးတဲ့ ထောင်အသုံးအဆောင် အဝတ်အစား၊ အစားအသောက် အိတ်ကြီးနဲ့အတူ အင်းစိန်ထောင်ထဲကို ကိုယ်ပိုင်ကားနဲ့ ကိုယ်တိုင်ဝင်ခဲ့ပါတော့တယ်။

ကျနော်ဟာ အင်းစိန်ထောင်ထဲမှာ ဆယ့်လေးရက်သာ နေခဲ့ရပေမဲ့ အဲဒီရက်တွေဟာ ငရဲကျတဲ့ရက်တွေလိုပါပဲ။ အရက်စွဲတဲ့ဒဏ်ကြောင့် ညညဆို လုံးလုံးအိပ်မပျော်တော့ပါဘူး။ သက်ဝေကတော့ ထောင်ဝန်ထမ်းတွေကတဆင့် အိပ်ဆေးတွေ မရရအောင်သွင်းပေးရှာပါတယ်။ အဲဒီတုန်းက ကျနော့်ပုံစံဟာ ရုပ်ပျက်ဆင်းပျက်နိုင်လှတာကြောင့် ထောင်ဝန်ထမ်းတချို့က ဒီပုံအတိုင်းဆို ထောင်ထဲမှာ အသက်ပျောက်မယ့်ပုံပဲလို့ ကောက်ချက်ချကြတဲ့ အထိပါပဲ။ အကျဉ်းသားတချို့ဆို ကျနော့်ကို ရူးနေတယ်လို့တောင် ထင်ကြဟန်တူပါရဲ့။ နောက်တော့ ကျနော့်ဆန္ဒအတိုင်း ရဲဘက်ကိုထွက်နိုင်ဖို့ သက်ဝေဖန်တီးနိုင်တာကြောင့် ကျနော်ဟာ အင်းစိန်ထောင်ကနေ ဒီရဲဘက်စခန်းကို ရောက်လာခဲ့တာပါပဲ။

တိုတိုပြောရရင် ကျနော်ဟာ ရဲဘက်စခန်းကိုရောက်ပြီး တလကျော်လောက်အကြာမှာ ဖြစ်ပျက်ဆိုတဲ့အရာကို ရှာပုံတော် ဖွင့်ခဲ့ပါတယ်၊ အထိုက်အလျောက် သိမြင်သိအပ်တဲ့ အရာတချို့ကို သိမြင်ခဲ့တယ်။ ဘာသာတရားနဲ့ပတ်သက်လို့ အခြေခံအဆင့်ကို ပိုင်ပိုင်နိုင်နိုင် သိမြင်တဲ့အဆင့်ကို ရောက်ခဲ့ပြီး လူ့လောကကြီးရဲ့ သဘာဝတရားကို နားလည်ခဲ့တယ်ဆိုပါတော့။ ခင်ဗျားကို နောက်ဆုံး ပြောချင်တာကတော့ ကျနော်ဟာ ဒီရဲဘက်စခန်းမှာ ကြာကြာ ရှိမနေနိုင်တော့ဘူးဆိုတဲ့ အချက်ပါပဲ။ ကျနော့်နားထဲမှာ ကျနော့်ကို အနှောင်အဖွဲ့ကနေ လွှတ်ပေးလိုက်ကြ၊ လွှတ်လပ်ခွင့်ပေးလိုက်ကြ ဆိုတဲ့အသံတွေ ဒီရက်ပိုင်းမှာ ခပ်စိပ်စိပ် ကြားနေရတယ်ဗျာ။ ဒီအသံတွေဟာ ကျနော့်စိတ်မှာ စွဲမိစွဲရာ ကြားနေတာလား၊ ကျနော့်ရဲ့ သမထ၊ ဝိပဿနာအစွမ်းတွေကြောင့်လား သေချာမပြောနိုင်ပေမယ့် ကျနော့်အတွေ့အကြုံအရ ဒီလိုအဖြစ်မျိုး ကြုံပြီးရင် ကျနော့်ဘဝဟာ တဆစ်ချိုး ပြောင်းသွားတတ်တာတော့ သေချာတဲ့ အချက်ပါပဲ။

တဆက်တည်း ကျနော်ပြောရရင် ခင်ဗျားနဲ့အတူ အကျဉ်းသားတော်တော်များများဟာ လည်း ဒီစခန်းမှာ ကျနော်မရှိတော့တဲ့နောက်ပိုင်း မကြာခင်၊ ပြစ်ဒဏ်ကာလမဆုံးခင်၊ လွတ်မြောက်ကြပါလိမ့်

မယ်။ အခု ကျနော်ပြောတာတွေကို ချက်ချင်း မယုံလိုက်ပါနဲ့အုံး။ မကြာခင်အချိန် ကိုယ်တွေ့ကြုံမှသာ ယုံကြည်ပါတော့ဗျာ။ ကဲ၊ နောက်အချိန်၊ ဘယ်နေရာ ဘယ်အချိန်မှာဖြစ်ဖြစ် ကျနော့်ကိုတွေ့ခဲ့ရင် မိတ်ရင်းဆွေရင်းတယောက်လို ဆက်ဆံဖို့ ကျနော်နောက်ဆုံး မှာခဲ့ချင်ပါတယ်။ ကဲ၊ စကားကောင်းနေလိုက်ကြတာ ဟိုမှာ ကိုအောင်ကြည်ရဲ့ ရိက္ခာလှေ လာနေပြီ။ သွားကြစို့ဗျာ။

■

## အခန်း (၁၀၁)

# မဆုံးသောနိဂုံး

ထိုနေ့က စခန်းခွဲ (၁) သို့ ကျနော်နှင့်ကိုသက်ခိုင် ရောက်သွားချိန်ကား ညနေလေးနာရီခန့်ဖြစ်သည်။ ကိုသက်ခိုင်တယောက် စခန်းတာဝန်ခံ ထောင်မှူးဦးအေးနိုင်နှင့် ခဏမျှသွားတွေ့အပြီး အဆောင်ပေါ်သို့ ရောက်လာသည်။ ထူးခြားသည်ကား ကိုသက်ခိုင်သည် သူ့တပည့်ဟောင်း မြင့်လွင်တို့ညီအကို အပါအဝင် ရဲဘက်အကျဉ်းသားအတော်များများကို လိုက်လံနှုတ်ဆက်နေခြင်းဖြစ်၏။ သူ့ဟန်ပန်အမူအရာမှာ ခရီးရှည်တခုကို ထွက်ခွာကာနီး၊ ကျန်နေရစ်မည့် မိတ်ဆွေများကို လိုက်လံနှုတ်ဆက်နေပုံနှင့် တူနေလေသည်။

ညနေငါးနာရီသာသာ မှောင်ရီပျိုးစအချိန်တွင် ကိုသက်ခိုင်တယောက် လှေငယ်တစင်းကို ကိုယ်တိုင်လှော်ကာ စခန်းခွဲ (၁)မှ ပြန်လည်ထွက်ခွာသွားသည်ကို ခပ်ဝေးဝေး ရောက်သည်အထိ ကျနော် ငေးကြည့်နေမိခဲ့သည်။ ထိုနေ့ကား ကိုသက်ခိုင်နှင့်ကျနော်၊ လောကငရဲ ရဲဘက်အကျဉ်းစခန်းတွင် နောက်ဆုံး အကြိမ်အဖြစ်၊ တွေ့ဆုံခဲ့ရသောနေ့ဖြစ်ကြောင်း ကျနော်ထိုစဉ်က သတိမထားမိခဲ့ချေ။

ဤမျှ လျင်လျင်မြန်မြန် ကျနော်တို့ကွဲကွာသွားကြမည်ဟု ကျနော် မထင်မှတ်ခဲ့လင့်ကစား နောက်ရက်များတွင် ကိုသက်ခိုင်၏သတင်းမှာ ထိုနေ့ကစ၍ ပင်မစခန်းတွင် အစအနပျောက်ကွယ်သွားခဲ့လေသည်။ အကျဉ်းသားအချို့၏ တီးတိုးဆိုစကားများအရ ကိုသက်ခိုင်တယောက် ရဲဘက်စခန်းမှ ထွက်ပြေးလွတ်မြောက်သွားသည် ဟူ၍လည်းကောင်း၊ အယူခံမှုအနိုင်ရသွားသောကြောင့် လွတ်မြောက်သွားသည် ဟူ၍လည်းကောင်း အမျိုးမျိုးထင်ကြေးပေးကြသော်လည်း တိကျရေရာသော အဖြေကိုမူ မည်သူမျှ မပေးနိုင်ခဲ့ချေ။ ဤသည်မှာလည်း ရဲဘက်စခန်း၏ထုံးစံ ဖြစ်ဟန်ရှိလေ၏။

တိုက်ဆိုင်မှုပေလောဟု မဆိုနိုင် ရဲဘက်စခန်းမှ ကိုသက်ခိုင် ပျောက်ကွယ်သွားခဲ့ပြီးနောက် လေးလခန့်အကြာတွင် ကျနော်နှင့်အတူ ရဲဘက်အကျဉ်းသားတချို့ ကိုသက်ခိုင် နိမိတ်ဖတ်ခဲ့သည့်အတိုင်း လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ဖြင့် လွတ်မြောက်လာခဲ့ကြလေသည်။ ကျနော်ကား ဇာတိ ဟသ်ာတမြို့တွင် တလခန့်သာ နေထိုင်ခဲ့ပြီး ထောင်ထွက် အလုပ်လက်မဲ့တယောက်အပေါ် ပတ်ဝန်း

ကျင်၏ အကြည့်စိမ်းစိမ်းကို မခံနိုင်သည့်အလျောက် ရေကြည်ရာမြက်နုရာရှာရင်း ဟသ်ာတမှ ရန်ကုန်၊ ရန်ကုန်မှ ဘန်ကောက်၊ ဘန်ကောက်မှသည် ဖူးခက်မြို့သို့ ရောက်ရှိလာခဲ့သည်။ ဖူးခက်မြို့တွင် မြန်မာ ရွှေ့ပြောင်းအလုပ်သမားများအတွက် မြန်မာစျေးဆိုင်တခု ဖွင့်ခဲ့ပြီး အားလပ်ချိန်များတွင် ကွန်ပျူတာတလုံးဖြင့် ရဲဘက်စခန်းအကြောင်းကို အခြေခံပြီး ကိုသက်ခိုင့်ဘဝအကြောင်းကို ရေးနေခဲ့သည်မှာ နှစ်နှစ်ကျော်မျှရှိခဲ့ချေပြီ။

ကျနော်သည် ကိုသက်ခိုင်၏ဘဝအကြောင်းကို ရေးနေသူဖြစ်၍ ကိုသက်ခိုင်ကို ရံခါသတိရလင့်ကစား ကိုသက်ခိုင်နှင့် ပြန်လည်တွေ့ဆုံရန်မူ အိပ်မက်မျှပင် မမက်ခဲ့ဘူးချေ။ သို့သော် ဆန်းကျယ်လှသော ကံတရားကြောင့် ကျနော်နှင့်ကိုသက်ခိုင် ပြန်လည်ဆုံတွေ့နိုင်ရန် အကြောင်းဖန်လာခဲ့ပါသည်။

***၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ။***

ဖူးခက်မှာနေသောကျနော်သည် နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရေး၊ သံရုံးအခွန်ဆောင်ရေး ကိစ္စတို့အတွက် ဘန်ကောက်သို့ တနှစ်လျှင် တကြိမ်နှစ်ကြိမ်မျှ ရောက်လေ့ရှိသည်။ ထိုနေ့က ကျနော် ဘန်ကောက်ရှိ မြန်မာသံရုံးတွင် နိုင်ငံကူးလက်မှတ် သက်တမ်းတိုးပြီးအပြန် စီးလုံဖက်သို့ ခြေဦးလှည့်ခဲ့မိသည်။ အကြောင်းမှာ ကျနော်ဘန်ကောက်သို့ရောက်တိုင်း စီးလုံ၊ ပန်လမ်း (Pan Road)ရှိ 'ရမ်' ဟုခေါ်သော မြန်မာဂေါ် ရခါးလူမျိုးပိုင် ချစ်တီးထမင်းဆိုင်တွင် နေ့လည်စာစားရန် ဖြစ်၏။ ကျနော် ဆိုင်တွင်းသို့ ဝင်သွားချိန်တွင် ဆိုင်ထောင့်တနေရာ ဆိုင်အဝင်ဝကို နောက်ကျောပေး လျက် ထမင်းစားနေသည့် လူတယောက်ကိုတွေ့မိရာ၊ ကျနော့်စိတ်ထဲတွင် ထိုသို့သော ခန္ဓာကိုယ် အချိုးအဆစ်ကို တရင်းတနှီး တွေ့ဖူးနေသည်ဟု ထင်မှတ်မိသောကြောင့် သူ့ကိုမြင်သာအောင် ဘေးတိုက်ခပ်လှမ်းလှမ်းက စားပွဲတွင် ဝင်ထိုင်ကာ မသိမသာ အကဲခတ်လိုက်မိသည်။ ထိုခဏ၌ ပင် ကျနော်သည် ဟာကနဲ ပါးစပ်မှ အသံထွက်သွားကာ မယုံကြည်နိုင်စိတ်ဖြင့် အသေအချာ ထပ်မံကြည့် လိုက်သည့်အခါ ထိုသူကား ကိုသက်ခိုင်ဖြစ်ကြောင်း သေချာလေသတည်း။ ကျနော်လည်း ဝမ်းသာအားရနှင့်

'ဟိတ်၊ ကိုသက်ခိုင်၊ ဆုံမှ ဆုံတတ်ပလေဗျာ၊ ခင်ဗျား ဘယ်လိုပျောက်သွားတာတုန်းဗျ။ ခင်ဗျား ဘန်ကောက်မှာနေတာလား၊ အခု ဘာတွေလုပ်နေသတုန်း၊ အဆင်ကောပြေရဲ့လား'

ကျနော့်နှုတ်မှ မေးခွန်းပေါင်းများစွာ ထွက်ပေါ်သွားခဲ့ပါသည်။ ကိုသက်ခိုင်သည်လည်း ကျနော့်ကို မမျှော်လင့်ပဲ မျှော်မှန်းမထားသည့်နေရာတွင် ပြန်လည်ဆုံတွေ့လိုက်ရသဖြင့် ဝမ်းသာအားရ ဖြစ်သွားသည့် မျက်နှာဖြင့်

'ဟား၊ တွေ့မှ တွေ့တတ်ပလေဗျာ၊ ဒါကြောင့်လည်း တခါတလေ၊ လောကကြီးဟာ ထူးဆန်း အံ့ဩစရာတွေနဲ့ ပြည့်နေတတ်တာကိုး၊ ခင်ဗျားမေးခွန်းတွေကလည်း များလိုက်တာ။ ခင်ဗျား ကျနော့်အကြောင်းတွေကို ဘလော့စာမျက်နှာတွေမှာ ရေးနေတာလဲ တွေ့မိသဗျာ။ တချို့အခန်းတွေမှာ ကျနော့်ကို လူစွမ်းကောင်းကြီးတယောက်လို ရေးနေတာကိုတော့ ကျနော် သဘောမတွေ့လှဘူးဗျာ။ ကဲ၊ လာ၊ ဒီမှာအတူထိုင်ရင်း စကားပြောကြတာပေ့ါ။ ခင်ဗျား နေ့လည်စာအတွက် ကျနော်ဒကာခံပါ့ မယ်ဗျာ'

ထိုသို့လျှင် ကျနော်နှင့်ကိုသက်ခိုင် ဘန်ကောက်မြို့ရှိ ချစ်တီးထမင်းဆိုင်တွင် နေ့လည်စာ စားရင်း ကိုသက်ခိုင် ပြန်ပြောပြသည့် ဇာတ်ကြောင်း၏ နိဂုံးပိုင်းကို ကျနော် သိရှိနားထောင်ခွင့် ရခဲ့ပြန်ပါသည်။

ခင်ဗျားသိပ်သိချင်နေတဲ့၊ ဘယ်လိုပုံစံနဲ့ ရဲဘက်စခန်းကနေ ထွက်ခဲ့တယ်ဆိုတာကို ကျနော်ပြော

ပြပါ့မယ်။ တကယ်တော့ ကျနော်ဟာ အယူခံနိုင်ပြီး ရဲဘက်က ပြန်လွတ်လာတာ မဟုတ်ခဲ့ပါဘူး။ ကျနော့်သဘောနဲ့ကျနော် ရဲဘက်စခန်းကနေ ထွက်လာခဲ့တာပါ။ ထွက်လာတယ်ဆိုတဲ့ အသုံးအနှုန်းကို သုံးရတာကလည်း ကြောက်လန့်တကြား ထွက်ပြေးတိမ်းရှောင်လာတာမဟုတ်ပဲ ကျနော်ဟာ အိမ်ခြေရရ၊ အေးအေးဆေးဆေး၊ တည်တည်ငြိမ်ငြိမ်နဲ့ ရဲဘက်စခန်းကနေ ထွက်လာခဲ့လို့ပါပဲ။ အကြောင်းစုံကတော့ ဒီလိုပါဗျာ။ ခင်ဗျား ပင်မစခန်းကို နောက်ဆုံးအခေါက် ရောက်မလာခင် တပတ်လောက်မှာ ကျနော်ဟာ ရဲဘက်စခန်းကနေ ရန်ကုန်ကို နေ့တိုင်းနီးပါး ရောက်နေခဲ့ပါတယ်။ ကျနော့်ကို ရဲဘက်စခန်းကနေ လာခေါ်တဲ့သူကတော့ ဗိုလ်မှူးနေဝင်းပါပဲ။ သူဟာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဗိုလ်မှူးညီစိုးနဲ့ ညီအကိုလို ခင်မင်နေကြတာကြောင့် ကျနော့်ကို ခေါ်ထုတ်နိုင်တာပေါ့။

ကျနော် ရန်ကုန်ကို နေ့တိုင်းနီးပါး သွားနေခဲ့ရတဲ့အကြောင်းကတော့ ဒေါ်ကြည်ကြည်ရဲ့ မြေ အမွေကို အဆုံးသတ်နိုင်ဖို့ပါပဲ။ နောက်ဆုံး တရားရုံးရဲ့ အတည်ပြုမိန့်အတွက် အချိန်ထပ်စောင့်ရအုံး မှာဖြစ်ပေမဲ့ ကျနော့်ဘဝ အခြေအနေအရ စောင့်နိုင်တဲ့ အနေအထား မရှိတော့ပါဘူး။ ကျနော် ထောင်ထဲရောက်နေစဉ်မှာ တသက်လုံး ယောကျ်ားအားကိုးနဲ့ နေလာခဲ့တဲ့ ဇနီးသည်ကလည်း ဘာမှ မလုပ်တတ်မကိုင်တတ်မို့ လက်ထဲမှာရှိတဲ့ ခြေစောင့်လက်စောင့် အဖိုးတန်ပစ္စည်းမှန်သမျှ ကုန် သလောက်ရှိသွားခဲ့ပါပြီ။ ဒါ့အပြင် ကျနော့်သမီးလည်း နည်းပညာ တက္ကသိုလ် နောက်ဆုံးနှစ်ကို ရောက်နေပြီမို့ သူ့အနာဂတ်အတွက်ပါ ပူပင်စရာဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် ကျနော်ဟာ ဦးကြီးစိန်နဲ့ ကိုလှမောင်ရွှေတို့ကို တွေ့ပြီး လက်ရှိအခြေအနေမှာပဲ လုပ်ငန်းစာချုပ်အရ ကျနော့်အတွက် ထိုက်သင့် တဲ့ ဝေစုကိုပေးဖို့ တောင်းဆိုခဲ့ပါတယ်။ သူတို့လည်း အမှုတန်းလန်းကြီးနဲ့မို့ ကျနော့်တောင်းဆိုချက်ကို လိုက်လျောဖို့ အခက်အခဲရှိနေတာကြောင့် ကျနော်ဟာ နောက်ဆုံးလမ်းတခုကို ရွေးလိုက်ရပါတော့ တယ်။ အဲဒီလမ်းကတော့ မော်ကွန်းရုပ်ရှင်ရဲ့ မြေကို လက်ရှိအနေအထားအတိုင်း လက်လွှဲဝယ်ယူနိုင်မဲ့ သူကို ရှာဖွေခဲ့ခြင်းပါပဲ။ (မှတ်ချက် ။ ။ နောက်ဆုံးသိရှိရသော သတင်းအရ အမှတ် ၃၅ (အေ) သာသနာ့ရိပ်သာလမ်းရှိ မြေကွက်ကို နိုင်ငံကျော်သူဌေးကြီးတဦးက အပြီးအပိုင်ဝယ်ယူပြီး ခေတ်မီ ဟိုတယ်တခု တည်ဆောက်ထားသည်ဟု ဆိုပါသည်။)

ကျနော်ဟာ ဗိုလ်မှူးနေဝင်းအဆက်အသွယ်နဲ့ သမဝါယမဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးနဲ့ တွေ့ဆုံခွင့်ရခဲ့ပြီး အဲဒီမြေကွက် အရောင်းအဝယ်အတွက် ညှိနှိုင်းခဲ့ပါတယ်။ ကျနော့်ရည် ရွယ်ချက်က တော့ အဲဒီအရောင်းအဝယ်လုပ်တဲ့ ငွေပမာဏထဲကနေ ဦးကြီးစိန်နဲ့ ဦးလှမောင်ရွှေတို့ရဲ့ဝေစုကို ပြန်အမ်းလိုက်ဖို့ပါပဲ။ ဒါပေမဲ့ ကျနော့်ခြေလှမ်းတွေဟာ သိပ်ကျဲသွားခဲ့တယ်ထင်ပါရဲ့။ ကျနော် ရန်ကုန်ကို နေ့တိုင်းနီးပါး ရောက်နေတယ်ဆိုတဲ့သတင်းဟာ ကျနော့်မိတ်ဆွေတွေကော၊ ရန်သူတွေဆီကိုပါ ရောက် သွားခဲ့တာကြောင့် ကျနော့်သတင်းဟာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးအထိ ပေါက်ကြား သွားတယ်လို့ နောက်ပိုင်းမှာသိရပါတယ်။

ခင်ဗျားကို ပင်မစခန်းကနေ စခန်းခွဲ (၁) ကို ကျနော်ကိုယ်တိုင် လိုက်ပို့ပြီး နောက်တနေ့မှာပေါ့။ ကျနော်ဟာ ပုံမှန်အတိုင်း မနက်စောစောစားပြီး ကျနော့်အခန်းထဲမှာ စာဖတ်နေတုန်း၊ ဖြူန်းဆို ရဲဘက် မောင်ဝင်းရောက်လာပါတယ်။ သူက အလန့်တကြားနဲ့ ဆရာသက်၊ ပြဿနာတော့တက်ပြီ ထင်တယ်။ ညွှန်ချုပ်ရုံးကနေ ထောင်ပိုင်ကြီးဆီကို ကိုသက်ခိုင်နာမည်နဲ့ ဖုန်းဝင်လာတယ်ဗျ။ ကျနော်ကိုယ်တိုင် ထောင်ပိုင်ကြီးအတွက် ထမင်းပွဲသွားပို့ရင်း ကြားလာခဲ့တာ။ အဲဒါ ထောင်ပိုင်ကြီးက ထောင်မှူး ကိုစံမောင်ကိုခေါ်ပြီး ကိုသက်ခိုင်ရဲ့ အိပ်ယာလိပ်ကို သိမ်းခိုင်း၊ ကိုသက်ခိုင်ကို အဆောင်ထဲ ပြန်ထည့် ထားဖို့ ပြောသံကြားတယ်လို့ ဆိုပါတယ်။ အဲဒီအချိန်အထိ ကျနော့်ကို ဘယ်ထောင်မှူးမှ အကြောင်း တစုံတရာ လာပြောတာ မရှိသေးဘူးဗျ။ ကြည့်ရတာ အထက်အမိန့်ဆိုပေမဲ့ ထောင်မှူး ကိုစံမောင်နဲ့

ကျနော်ဟာ အဆမတန် ခင်မင်နေသူမို့ ကျနော်လိုလူမျိုးကို ရုတ်တရက်အရေးယူရမှာကို လက်တွန့်နေပုံရတယ်လို့ ထင်ရပါတယ်။ ကျနော်လည်း ဒါမျိုးကိစ္စကို ချက်ချင်းရှင်းလိုက်တာ ပိုကောင်းပါတယ်လို့ ဆုံးဖြတ်ပြီး သတင်းအတိအကျသိနိုင်ဖို့ ထောင်ပိုင်ကြီး အိမ်ပေါ် ကိုတက်သွားပါတော့တယ်။

ကျနော်ထောင်ပိုင်ကြီးအိမ်ပေါ် ရောက်သွားတော့ ထောင်ပိုင်ကြီးဟာ ထမင်းစားခန်းထဲမှာ မနက်စာ စားနေပါတယ်။ ကျနော်က ရောက်မဆိုက်ပဲ ထောင်ပိုင်ကြီးခင်ဗျာ၊ ကျနော်အတွက် ကိစ္စတခုခု၊ ပြဿနာတခုခုများ ပေါ် နေသလားလို့ လာမေးတာပါဆိုတော့ ထောင်ပိုင်ကြီးဟာ စိတ်အနှောင့်အယှက်ဖြစ်စရာ တစုံတခုရှိနေတဲ့လေသံနဲ့ အေးဗျာ။ ဘယ်လိုဖြစ်ကြသလဲ ကိုသက်ခိုင်၊ ကိုသက်ခိုင် ရန်ကုန်ကို ရောက်နေတဲ့အကြောင်း ညွှန်ချုပ်ဦးဇော်ဝင်းကိုယ်တိုင် ဖုန်းဆက်တယ်ဗျ။ ကျနော်ထမင်းစားလိုက်အုံးမယ်ဗျာ။ ပြီးမှ တခုခုလုပ်ဖို့ စဉ်းစားတာပေါ့လို့ လေသံခပ်အေးအေးနဲ့ ပြောပါတယ်။

အဲဒီခဏမှာပဲ ကျနော်ဟာ ကျနော့်အခြေအနေကို ရိပ်မိလိုက်ပါပြီ။ အဲဒီရိပ်မိခြင်း ရဲ့ နောက်ဆက်တွဲကတော့ အဲဒီတခဏဟာ ကျနော့်ဘဝကို အကြီးအကျယ် ပြောင်းလဲသွားစေခဲ့တာပါပဲ။ ကျနော်ရဲ့ဦးနှောက်ဟာ အလိုအလျောက် ဆုံးဖြတ်ချက်တခုကို ချပြီး ဖြစ်သွားတာကြောင့် ကျနော်ဟာ ထောင်ပိုင်ကြီးအိမ်ပေါ် ကနေ အဆင်းမှာ ပင်မရဲဘက်စခန်းရဲ့ အပြင်ဘက်ကို ပုံမှန်ခြေလှမ်းအတိုင်း လျှောက်ရင်း ထွက်လာခဲ့ပါတော့တယ်။

ပင်မစခန်းရဲ့ လုံခြုံရေးဂိတ်ကို ဖြတ်ကျော်တော့လည်း အမြဲတမ်းလိုလို အစစ်အဆေးမရှိ ဝင်ထွက်နေတဲ့ ကျနော့်ကို၊ အဲဒီနေ့က တာဝန်ကျနေတဲ့ တပ်ကြပ်ကြီးမောင်ဌေးဟာ ငေးကြည့်ရင်း ခေါင်းငြိမ့်နှုတ်ဆက်နေလေရဲ့။ စခန်းအပြင်ကိုရောက်တော့ ကိုသိန်းငွေရဲ့ ကုန်စုံဆိုင်ရှိရာကို လျှောက်သွားပြီး ဗျို့ ကိုသိန်းငွေ၊ ကွမ်းယာ လေးငါးရာလောက် လုပ်ပါအုံးလို့ အော်လိုက်တော့ သူတို့ မိသားစုဝိုင်းဖွဲ့ထမင်းစားနေကြတာကြောင့် ကျနော်ဟာ ဆိုင်ရှေ့မှာ ရပ်စောင့်နေရပါတယ်။ အဲသလို ရပ်စောင့်နေတုန်း ရုတ်တရက် စက်ဘီးကယ်ရီတစီး ကိုသိန်းငွေဆိုင်အရှေ့က ဖြတ်သွားတာကို တွေ့လိုက်တာကြောင့် ချက်ချင်းဆိုသလို လှမ်းတားပြီး ရန်ကုန်ကားဂိတ်ရှိရာကို နင်းခိုင်းလိုက်ပါတော့တယ်။ ပင်မစခန်းရှေ့နဲ့ ရန်ကုန်ကားဂိတ်ဟာ ငါးမိနစ်သာသာ စက်ဘီးနင်းရတဲ့ ခရီးတိုလေးပါ။ ရန်ကုန်ကားဂိတ်ကို ကျနော်ရောက်ပြီး မကြာခင်မှာ ရန်ကုန်ဘက်ကိုဦးတည်နေတဲ့ ခရီးသည်တင် ဘတ်စ်ကားတစီး ဆိုက်လာတာကြောင့် ကွန္ဒြေမပျက် ကျနော်တက်လိုက်သွားလိုက်တာ နောက်ထပ် နှစ်နာရီသာသာမှာ လှိုင်သာယာ အဝေးပြေးကားဂိတ်ကို ရောက်လာပါတော့တယ်။ ကျနော်ရဲဘက် စခန်းကနေ အပြီးတိုင် ထွက်လာခဲ့ပါပြီ။

ထူးခြားတာက အဲဒီအချိန်က ကျနော့်စိတ်ထဲမှာ ဘာမှ ထူးထူးခြားခြား ခံစားချက်မရှိခဲ့တာပါပဲ။ ကားပေါ် မှာ လိုက်ပါလာစဉ်တလျှောက်လုံး ကျနော်အဖော်ပြုလာတာကတော့ အာနပါနပါပဲ။ ဟုတ်ပါတယ်။ ကျနော်ဟာ ဝင်လေထွက်လေကို သတိနဲ့မှတ်ရင်း လိုက်ပါလာခဲ့ပါတယ်။ လှိုင်သာယာ ကားဂိတ်ကနေ ကျနော့်အိမ်ကိုဖုန်းဆက်တော့ ကျနော့်ဇနီးသက်ဝေ အိမ်မှာမရှိပါဘူး။ ဒါနဲ့ ကျနော် သက်တင်ကို အရေးတကြီးတွေ့ချင်တဲ့အကြောင်း ဖုန်းဆက်ပြီး လိုင်းကားတစီးနဲ့ ကျနော့်အိမ်ရှိရာ အေးရိပ်မွန်အိမ်ယာကို ရောက်လာပါတော့တယ်။

မကြာခင် ကိုသက်တင်ရောက်လာပြီး အကိုအပြီးထွက်လာတာလားလို့ စိုးရိမ်တကြီးမေးတဲ့ အခါ ကျနော်က ခပ်အေးအေးအမူအယာနဲ့ ခေါင်းငြိမ့်ပြလိုက်ပါတယ်။ ရဲဘက်စခန်းကထွက်လာတဲ့ ကျနော့်အနေနဲ့ ဘာမှခံစားမှုမရှိတဲ့အတွက် ခင်ဗျား မအံ့ဩပါနဲ့။

ကျနော်ဟာ ထောင်နဲ့ရဲဘက်ကို ရောက်လာတာဟာ လောကကြီးရဲ့လှည့်ဖျား၊ မှားယွင်းမှုလို့ ခံယူထားတာမို့ ပြစ်ဒဏ်ရက်မပြည့်ခင်မှာ ကျနော် လွတ်မြောက်ရမယ်ဆိုတာ ယတိပြတ် သန္နိဋ္ဌာန်ချ

ထားတာကြောင့်ပေါ့ဗျာ။ ကျနော်ဟာ ကျနော့်ကိုချမှတ်ခဲ့တဲ့ ပြစ်မှုကို ဘယ်တုန်းကမှ မကျူးလွန်ခဲ့ဘူး ဆိုတာ သေချာတဲ့အချက်ပါ။ ကုမ္ပဏီတခုရဲ့ ရှယ်ယာ ကိုးဆယ်ရာခိုင်နှုန်းကို ပိုင်ထားသူတဦးကို ကျန်၊ ဘယ်ရှယ်ယာဝင်ကမှ တရားမစွဲနိုင်ပါဘူး။ ကျနော်ဟာ ရန်ကုန် သာကေတဘက်မှာ တပတ် လောက်နေပြီး ရန်ကုန်ကနေ ထားဝယ်မြို့ကို ထွက်ခဲ့ပါတယ်။ ထားဝယ်မြို့ကနေ ကော့သောင်းကို ရှပ်ပြေးယာဉ်မော်တော်တစီးနဲ့ ရောက်ခဲ့ပြန်ပြီး ကော့သောင်းကနေ ရနောင်းကို ရောက်ခဲ့ပါတယ်။ ကော့သောင်းဖက်ကနေ ရနောင်းဖက်ကိုကူးလာတဲ့ စက်လှေငယ်တစီးပေါ်ကနေ ရနောင်းမြို့ကို လှမ်း မြင်ရချိန်မှာ ဆိပ်ကမ်းဘောတံတားကကြိုနေတဲ့ ကိုသက်တင်ကို တွေ့ရပါတယ်။ သူကတော့ ရန်ကုန် ကနေ လေယာဉ်နဲ့လာပြီး ကျနော့်ကို ကြိုနေခဲ့တာပါပဲ။

မြန်မာပြည်ထဲမှာ ထင်တိုင်းကြဲနေနိုင်ခဲ့တဲ့ ကျနော်ဟာ ကြီးကောင်ကြီးမားအရွယ်ကျမှ ကျနော် ဘယ်တုန်းကမှ အထင်မကြီးခဲ့တဲ့ နိုင်ငံတခုဆီကို ထွက်ခွာလာခဲ့ရပါပြီ။ ကျနော့်အတွက် အခိုင်အမာ ထောက်ကန်စရာ နေရာတခု ရှိကောင်းပါရဲ့ဆိုတဲ့ ယုံကြည်စိတ်နဲ့ပေါ့။

ကျနော်ခံယူထားတာက ကျနော့်ဘဝကို ကျနော်ပိုင်ပါတယ်။ ကျနော် မကျူးလွန်တဲ့ပြစ်မှု အတွက် ဘယ်လိုပြစ်ဒဏ်မျိုးမှ ကျနော်ကျခံစရာ အကြောင်းမရှိပါဘူး။ မြန်မာပြည်ရဲ့ ထောင်တွေ၊ ရဲဘက်အကျဉ်းစခန်းတွေထဲမှာ အပြစ်မဲ့ အကျဉ်းသားတွေ ထောင်ချီပြီး ရှိပါလိမ့်မယ်။ သူတို့ဟာ မတတ်သာမလွှန်သာလို့ ထောင်ထဲရောက်နေကြပေမယ့် လွတ်မြောက်ချင်စိတ်ကတော့ ကျနော်နဲ့ ထပ်တူ ဖြစ်ကြပါလိမ့်မယ်။

ကျနော် အမြဲတမ်းဖတ်နေတဲ့ စာအုပ်တအုပ်ရှိတယ်။ အဲဒီစာအုပ်ကတော့ ပြင်သစ်စာရေး ဆရာ Henri Charriere ရဲ့ Papilon & Vanco ဆိုတဲ့စာအုပ်ပဲ။ မြန်မာပြည်မှာတော့ အဲဒီစာအုပ်ကို လေသူရဲတဦးက ပါပီလွန်နဲ့ဗင်ကိုဆိုပြီး ဘာသာပြန်ထားတယ်။ ကျနော်ဟာ အဲဒီစာအုပ် ကို အကြိမ်ပေါင်းများစွာ ဖတ်ခဲ့တယ်။ ထောင်မကျခင်ကလည်း ဖတ်ခဲ့တယ်။ ထောင်ထဲကထွက်လာပြီး တော့လည်း ဖတ်တယ်။ ဘယ်တော့ဖတ်ဖတ် ဘယ်နှစ်ကြိမ်ဖတ်ဖတ် ကျနော့်အတွက် မငြီးငွေ့နိုင်တဲ့ စာအုပ်တအုပ်ပါပဲ။ အဲသလို အချိန်ရတိုင်း အဲဒီစာအုပ်ကို ဖတ်ရတာကတော့ အဲဒီဝတ္ထုရဲ့ဇာတ်ကောင် ပါပီလွန်ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့စိတ်ဓာတ်ကို လေးစားအားကျလွန်းလို့ပါပဲ။

ပါပီလွန်ဟာ ပြင်းထန်တဲ့ လောကဓံရဲ့ရိုက်ချက်ကို ခံစားခဲ့ရတယ်။ သူ့ဘဝကို သူ့ခြေ၊ သူ့လက်ပေါ်မှာ ပြန်လည်ရပ်တည်ဖို့ နှစ်ပေါင်းသုံးဆယ်လုံးလုံး ပြန်ပြီးကြိုးစားခဲ့ရတယ်။ သူဟာ ပြင်သစ်မြေအောက်လောက က ရဲသတင်းပေးတယောက်ကို သတ်မှုနဲ့ ထောင်ဒဏ်တသက်တကျွန်း ချခံခဲ့ရပေမဲ့ မတရားမှုကို ခေါင်းငုံ့မခံတတ်တဲ့ ပါပီလွန်ဟာ ထောင်ထဲကို ရောက်နေစဉ်ကာလ တလျှောက်လုံး ထွက်ပြေးလွတ်မြောက်ရေးအတွက်သာ အစဉ်တစိုက် ရုန်းကုန်ကြိုးစားနေခဲ့တယ်။ သာမန်လူတွေအဖို့ ပြန်လမ်းမရှိတဲ့ ထောင်မျိုးစုံကို အပို့ခံရပေမဲ့ ဘယ်ထောင်ရောက်ရောက်၊ ဘယ်ကျွန်းရောက်ရောက် လွတ်မြောက်ဖို့ကြိုးစားခဲ့တယ်။ နောက်ဆုံးတော့ ပါပီလွန်ဟာ သူ့ကိုပြစ်ဒဏ် ချမှတ်ပြီး အနှစ်သုံးဆယ်အကြာ ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရဲ့ တခုသောတရားရုံးမှာ အမှုကို ပြန်လည် စစ်ဆေးစေနိုင်ခဲ့ပြီး လွတ်လပ်တဲ့ လူသားတယောက်ရဲ့ဘဝကို ပြန်လည်ရရှိခဲ့တယ်။

ခင်ဗျားရဲ့အမြင်အရ ကျနော်ဟာ ရဲဘက်စခန်းကိုရောက်ပြီး ရက်ပိုင်းအတွင်းမှာ ထွက်ပြေးနိုင် ပါလျက်နဲ့ တနှစ်နီးပါးကြာအောင် ဘာကြောင့် ဒုက္ခခံနေခဲ့သလဲလို့ မေးစရာရှိပါလိမ့်မယ်။ ဒီအတွက် အဖြေကတော့ တကယ့်ကို ရိုးရိုး ရှင်းရှင်းလေးပါ။ ကျနော့်ဘဝမှာ မခံစားနိုင်လွန်းတာကြောင့် စီကူးမားဆိုတဲ့ ကျနော့်မဟာရန်သူတော်ကို တမင်အကွက်ဆင်ပြီး ထောင်ထဲကို ခြောက်လကြာ ထည့်မိ

တဲ့အတွက် ကိုယ့်ကိုယ်ကို ဒဏ်ခတ်ခဲ့ခြင်းပါပဲ။ အဲဒီအတွက် ကျနော်ရခဲ့တဲ့ အကျိုးအမြင့် လူသာမန်တွေ ရှာဖွေတွေ့ရှိခဲ့လှတဲ့ ဖြစ်ပျက်ဆိုတဲ့အရာကို ရှာဖွေတွေ့ရှိခဲ့ခြင်းပါပဲ။

ခေတ်တွေ စနစ်တွေပြောင်းပြီး ကျနော့်ကို စွဲချက်တင်၊ ထောင်ချခဲ့တဲ့ အမှုအတွက် တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးနိုင်တဲ့ ဥပဒေတရပ် ရှိလာတဲ့တချိန်၊ တရားရုံးတရုံးရဲ့ရှေ့မှောက်မှာ ကျနော့်အမှုကို ပြန်ပြီးရင်ဆိုင်နိုင်အောင် ကျနော့်ဇာတိနိုင်ငံကို ပြန်ဖြစ်အောင် ပြန်အုံးမှာပါ။

မြန်မာပြည်ကြီးမှာ မှန်ကန်တဲ့တရားရေးစနစ် ကွယ်ပျောက်နေတာ ကြာခဲ့ပါပြီ။ မြန်မာပြည်ရဲ့ တရားရုံး ဥပဒေရုံးအဆင့်ဆင့်ဟာ မျက်ကန်းလမ်းလျှောက်သလို၊ စားရိတ်မျှပေး တရားရေး ဖြစ်နေတဲ့ အချိန်ပါ၊ နေရာတိုင်းလိုလိုမှာ ငွေများ တရားနိုင်နေချိန်မို့ ကျနော်ဟာ ဝရမ်းပြေးဘဝနဲ့ ရှိနေပါဦးမယ်။ မကြာခင်အချိန်မှာ ကျနော်ဟာ ပုံမှန်ဘဝတခုကို တည်တည်ငြိမ်ငြိမ်နဲ့ ပြန်လည် ရပ်တည်နိုင်အောင် မဆုတ်မနစ် အချိန်ပြည့် အားထုတ်နေမှာပါပဲ။ ကျနော့်အမှုကို တရားရုံးတခုမှာ ပြန်လည်ရင်ဆိုင်ပြီး ကွင်းလုံးကျွတ် အနိုင်ရပြီးတဲ့တနေ့မှာ ခင်ဗျားစာရေးတာကို အားကျပြီး ကျနော့် ဝရမ်းပြေးဘဝ ပြည်ပအတွေ့အကြုံတွေကို သက်ခိုင်ရဲ့သက်ခိုင်ဆိုတဲ့ စာတအုပ် ရေးပြချင်ပါသေးရဲ့ဗျာ။

**ချမ်းသာကိုယ်စိတ်မြဲပါစေ။**
**လေးစားမှုများဖြင့်**

**မင်းဒင်။**

# မင်းဒင်

# ဖြစ်ပျက်ရှာပုံတော်ခရီးသည်

## မကြာမီထွက်ရှိလာပါတော့မည်